# စိတ်ခေတ်ပြုပြင်ပြောင်းလဲရေး
# တရားဒေသနာတော်
## (ဒုတိယအကြိမ်)



**ဖားအောက်တောရဆရာတော်**

ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက် - ၁၃၇၅-ခုနှစ်၊ (၂၀၁၃-ခုနှစ်)

ဖားအောက်တောရစာစဉ် အမှတ် (၁)

# စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးတရားဒေသနာတော်

(ဒုတိယအကြိမ် ပြင်ဆင်ဖြည့်စွက် - ၂၀၁၃-ခုနှစ်)

**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ♦ | ၁၀၃၆/၂၀၀၃ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ♦ | ၂၁/၂၀၀၄ (၁) |
| ထုတ်ဝေသည့်ကာလ | ♦ | ၂၀၀၄-ခုနှစ်၊ ဖေဖော်ဝါရီလ |
| | ♦ | ၂၀၁၄-ခုနှစ်၊ စက်တင်ဘာလ |
| အုပ်ရေ | ♦ | ၂၀၀၀ |
| မျက်နှာဖုံးဒီဇိုင်းနှင့် အတွင်းစာစီ | ♦ | ဖားအောက်တောရကွန်ပျူတာအဖွဲ့ |
| အတွင်းစာသားနှင့် မျက်နှာဖုံးပုံနှိပ်သူ | ♦ | ဒေါ်စန်းစန်းလွင်၊ (မြ - ၀၈၁၂၁)<br>ပညာဉာဏ်ရောင်ပုံနှိပ်တိုက်<br>အမှတ် (၃၀/၃၂)၊ ကွက်သစ်လမ်း၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | ♦ | ဦးအောင်ပြုံး (ဗုဒ္ဓစာပေ)<br>အမှတ် (၃၂)၊ ကွက်သစ်လမ်း၊ ရေကျော်၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၁-၂၉၃၈၄၇ |
| တန်ဖိုး | ♦ | |

စာအုပ်ကတ်တလောက်အညွှန်း

၂၉၄. ၃

ဖားအောက်တောရဆရာတော်။

စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးတရားဒေသနာတော် (ဒုတိယအကြိမ်)

ဗုဒ္ဓစာပေ၊ ၂၀၁၄။

၆၆၁-စာ၊ ၂၅ စင်တီ × ၁၈ စင်တီ

(၁) စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးတရားဒေသနာတော် (ဒုတိယအကြိမ်)

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊**

**သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။**

**သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊**

**တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။**

ဒါနအားလုံးကို ဓမ္မဒါနက အောင်နိုင်၏။

အရသာအားလုံးကို တရားအရသာက အောင်နိုင်၏။

မွေ့လျော်ဖွယ်အားလုံးကို တရား၌ မွေ့လျော်ခြင်းက အောင်နိုင်၏။

ဒုက္ခအားလုံးကို တဏှာကုန်ခြင်းက အောင်နိုင်၏။

**စိရံ တိဋ္ဌတု သဒ္ဓမ္မော၊ ဓမ္မေ ဟောန္တု သဂါရဝါ။**

ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည်

အဓွန့်ရှည်စွာ တည်ပါစေသတည်း။

သဒ္ဓမ္မသုံးဖြာ၌ ရိုသေလေးစားခြင်း ရှိကြပါစေကုန်သတည်း။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးတရားဒေသနာတော်

## မာတိကာ

**အကြောင်းအရာ** **စာမျက်နှာ**

**နိဒါနကထာ – အကြောင်းပြစာတမ်းလွှာ** ........ ၁
စိတ်ဓာတ်၏ စွမ်းအင် ........ ၁
ဒုတိယအကြိမ် ပြင်ဆင်ရိုက်နှိပ်ခြင်း၏ နိဒါနကထာ - အကြောင်းပြစာတမ်းလွှာ ........ ၃
ဘုရားရှင်၏ တရားအနှစ်ချုပ် ........ ၃
သီသပါဝနသုတ္တန် ........ ၃
ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ ........ ၅
ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအရ အကြောင်းသမုဒယသစ္စာနှင့် အကျိုးဒုက္ခသစ္စာ ........ ၅
နာနာက္ခဏိကကမ္မ၏ စွမ်းအင် ........ ၇
အကြောင်းပြချက် ........ ၈
ရှေးရှေးအတတ်ပညာနှင့် နောက်နောက်အတတ်ပညာ ........ ၈
လေးမျိုး လေးလီသော ကံများ (ကမ္မစတုက္က) ........ ၉
အကျိုးပေးရာ အချိန်ကာလနှင့် စပ်၍ ကံ (၄)မျိုး ........ ၉
ပုဏ္ဏသီဟသူဌေး ........ ၁၁
ကာကဝလိယသူဌေး ........ ၁၃
သုမနမာလာကာရပန်းသည် ........ ၁၃
ပါကဒါနပရိယာယ = အကျိုးပေးရာ အလှည့်အကြိမ် အစဉ်အားဖြင့် ကံ (၄)မျိုး ........ ၂၀
သောဏကာယနသုတ္တန် ........ ၂၃
ကံကို ကုန်စေတတ်သည့် အရိယမဂ်စေတနာတို့၏ စွမ်းအား ........ ၂၈
တမ္ဗဒါဌိက လူသတ်သမားကြီး ........ ၃၀
အာဒိတ္တပရိယာယသုတ္တန် ........ ၃၄
အဿကဇာတ်တော် ........ ၄၁
ပြီးသေနှင့် မဲ့သေ (အဘယသုတ္တန်) ........ ၄၄
ယင်းကံ (၄)မျိုးတို့၏ စွမ်းအား ........ ၅၅
ရူပါဝစရကုသိုလ်စျာန် (၅)မျိုး (ပဉ္စကနည်း) ........ ၅၅

ရူပါဝစရကုသိုလ်ဈာန် (၄)မျိုး (စတုက္ကနည်း) ........................ ၅၆
အရူပါဝစရကုသိုလ်ဈာန် (၄)မျိုး ........................ ၅၆
ရူပါဝစရဈာန်နှင့် လျော်ညီသည့် ရူပါဝစရဘုံ (၁၆)ဘုံ ........................ ၅၇
အရူပါဝစရဈာန်နှင့် လျော်ညီသည့် အရူပဘုံ (၄)ဘုံ ........................ ၅၈
အကျိုးပေးရာဘုံဌာန၏ အစွမ်းဖြင့် ကံ (၄)မျိုး ........................ ၅၈
ဈာန်လမ်းက သံသရာရှည်လျားလှသည်ဟူသော စွပ်စွဲချက် ........................ ၅၉
နာမည်ကျော် ဥပကကြီး........................ ၅၉
သဟမ္ပတိဗြဟ္မာကြီး ........................ ၆၀
ယင်္ဂိကာရဗြဟ္မာကြီး ........................ ၆၁
ထောက်ရာတည်ရာကို ပေးစွမ်းနိုင်သော ဉာဏ်အမြင် ........................ ၆၃
ကိစ္စနှင့်စပ်၍ ကံ (၄)မျိုး........................ ၆၄
ဥပပီဠကကံနှင့် ဥပဃာတကကံ ........................ ၆၆
တစ်နည်း — ကံလေးမျိုး အယူအဆ........................ ၆၇
ဗုဒ္ဓဝိသယနှင့် သာဝကဝိသယ = ဘုရားအရာနှင့် သာဝကအရာ ........................ ၆၉
ကမ္မန္တရ - ဝိပါကန္တရ........................ ၇၀
သမုဒယသစ္စာဖြစ်သည့် အနုလောမပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော် ........................ ၇၂
အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့၏ အထောက်အပံ့ကို ရရှိနေကြသော သင်္ခါရနှင့် ကံ ........................ ၇၂
အဝိဇ္ဇာ၏ အဓိပ္ပာယ်........................ ၇၃
သင်္ခါရနှင့် ကမ္မဘဝ = ကံ ........................ ၇၆
သမင်္ဂီတာ = သမင်္ဂီ (၅)ပါး ........................ ၇၈
ဒုတိယဇလဉာဏ်တော်........................ ၈၀
သမ္ပတ္တိနှင့် ဝိပတ္တိ........................ ၈၃
(က) အုပ်စု ကံ (၄)မျိုး ........................ ၈၄
(ခ) အုပ်စု ကံ (၄)မျိုး........................ ၈၈
ခေတ္တရပ်နား၍ စဉ်းစားကြည့်ပါ ........................ ၉၀
ဥပမာဆောင်၍ ထင်ရှားအောင် ပြဆိုပုံ ........................ ၉၂
ဥပမာနှင့် ဥပမေယျ နှီးနှော၍ ပြဆိုပုံ ........................ ၉၃
(ဂ) အုပ်စု ကံ (၄)မျိုး........................ ၉၃
ဒီပမင်း၏ ဝတ္ထု........................ ၉၄
(ဃ) အုပ်စု ကံ (၄)မျိုး ........................ ၉၆
မဟာသောဏမထေရ်မြတ်ကြီး၏ ဝတ္ထု........................ ၉၈
ဝတ္တဗ္ဗကနိဂြောဓမထေရ်မြတ်ကြီး၏ ဝတ္ထု ........................ ၁၀၄
စူဠသုဓမ္မမထေရ် ........................ ၁၁၀

တိပိဋကဓရ စူဠနာဂမထေရ် . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁၁
အဗ္ဘုတောပမာ = မဖြစ်ဖူးသော ဥပမာ . . . . . . . . . . . . . . . . . . . . . . . . . ၁၁၂
ပဋိသမ္ဘိဒါမဂ်ပါဠိတော်နည်း . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁၃
(၁) အဟောသိ ကမ္မံ အဟောသိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . . . ၁၁၃
(၂) အဟောသိ ကမ္မံ နာဟောသိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . . . ၁၁၃
(၃) အဟောသိ ကမ္မံ အတ္ထိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . . . . . . ၁၁၄
(၄) အဟောသိ ကမ္မံ နတ္ထိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . . . . . . ၁၁၄
(၅) အဟောသိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . . . ၁၁၅
(၆) အဟောသိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . ၁၁၅
(၁) အတ္ထိ ကမ္မံ အတ္ထိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . . . . . . . . ၁၁၅
(၂) အတ္ထိ ကမ္မံ နတ္ထိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . . . . . . . . ၁၁၅
(၃) အတ္ထိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . . . . . ၁၁၆
(၄) အတ္ထိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . . . ၁၁၆
(၁) ဘဝိဿတိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . . . ၁၁၆
(၂) ဘဝိဿတိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော . . . . . . . . . . . . . . . . . . ၁၁၇
မျိုးစေ့နှင့် အသီး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၁၇
**ကံဆန်းကြယ်ပုံအပိုင်း** - **(ပထမဂဒ္ဒုလဗဒ္ဓသုတ္တန်ပိုင်း)** . . . . . . . . . . . . . . . ၁၁၉
အစမထင် သံသရာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၁
သံသရာခရီးကို ရှည်လျားအောင်လုပ်နေသူ . . . . . . . . . . . . . . . . . . . . . . ၁၂၂
အဝိဇ္ဇာနှင့် တဏှာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၂
ဒါပေမဲ့ဆိုတဲ့ ကွက်လပ်ကလေး . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၅
မဟာသမုဒ္ဒရာရေ ခန်းခြောက်ချိန် . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၆
မြင်းမိုရ်တောင်မင်း ပြာဖြစ်ချိန် . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၇
ကမ္ဘာ မီးလောင်ချိန် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၈
ကမ္ဘာပျက်ပုံ တည်ပုံ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၉
ကမ္ဘာဦးကာလ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၂၉
ဆုတ်ကပ်နှင့် တက်ကပ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၀
မီး - ရေ - လေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၀
ဖြဟ္မာ့ပြည်က ဆီးကြိုနေပါတယ် . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၁
မလွဲမရှောင်သာ အားထုတ်လို့ ရတဲ့ချာန်ရဲ့ စွမ်းအင် . . . . . . . . . . . . . . . . . . ၁၃၁
သတ္တဝါတို့ရဲ့ အမြဲနေထိုင်ရာ အိုးအိမ် . . . . . . . . . . . . . . . . . . . . . . . . ၁၃၂
သတ္တဝါတို့ရဲ့ စိတ်ဓာတ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၂
တောက်ဆွဲခံနေရသော ဘဝ . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၃

သက္ကာယဒိဋ္ဌိတောက်ကြီးဆိုတာက ဘာလဲ? . . . . . . . . . . . . . . . . . . . . . . . . ၁၃၄
တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်၏ . . . . . . . . . . . . . . . . . . . . . . . . ၁၃၄
သက္ကာယဒိဋ္ဌိ (၂၀) . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃၉
ပုထုဇန်ငမိုက်သား၏ ဘဝ . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄၀
ရူပက္ခန္ဓာ၌ စွဲလမ်းပုံ = သက္ကာယဒိဋ္ဌိ ဖြစ်ပုံ (၄)မျိုး . . . . . . . . . . . . . . . . . . . . ၁၄၂
သဘောပေါက်ရန် ထပ်မံ ရှင်းလင်းချက် . . . . . . . . . . . . . . . . . . . . . . . . ၁၄၃
ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄)မျိုး . . . . . . . . . . . . . . . . . . . . . . . ၁၄၄
သဘောပေါက်နိုင်ရန် ပုံစံများ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄၄
သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄)မျိုး . . . . . . . . . . . . . . . . . . . . . . . ၁၄၅
သဘောပေါက်နိုင်ရန် ပုံစံများ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄၅
သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄)မျိုး . . . . . . . . . . . . . . . . . . . . . . . ၁၄၆
သဘောပေါက်နိုင်ရန် ပုံစံများ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄၆
ပုံစံ တစ်ခု . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၄၉
ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄)မျိုး . . . . . . . . . . . . . . . . . . . . . . ၁၄၉
သဘောပေါက်လွယ်ရန် ပုံစံများ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၀
ခန္ဓာ (၅)ပါးလုံးအပေါ်၌ စွဲယူမှု . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၀
သဿတဒိဋ္ဌိနှင့် ဉစ္ဆေဒဒိဋ္ဌိ . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၁
မရေရာသော သက္ကာယဒိဋ္ဌိ . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၂
မဂ်ကို တားနိုင်သည် . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၃
ဥပ္ပတ္တိက္ကမ - ပဟာနက္ကမ - ဒေသနာက္ကမ . . . . . . . . . . . . . . . . . . . . . . ၁၅၄
ဒိဋ္ဌိ၏ သဘောတရား . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၆
“မရှိသည်ကို အရှိ” ပြုလုပ်တတ်ပုံ . . . . . . . . . . . . . . . . . . . . . . . . . ၁၅၆
“ရှိသည်ကို မရှိ” ပြုလုပ်တတ်ပုံ . . . . . . . . . . . . . . . . . . . . . . . . . ၁၅၆
“မဟုတ်သည်ကို အဟုတ်” ပြုလုပ်တတ်ပုံ . . . . . . . . . . . . . . . . . . . . . . . ၁၅၆
“ဟုတ်သည်ကို မဟုတ်” ပြုလုပ်တတ်ပုံ . . . . . . . . . . . . . . . . . . . . . . . ၁၅၇
နိယတမိစ္ဆာဒိဋ္ဌိသမား . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၇
နိယတမိစ္ဆာဒိဋ္ဌိအဆင့်သို့ ရောက်ရှိသွားပုံ . . . . . . . . . . . . . . . . . . . . . . ၁၅၈
နတ္ထိကဒိဋ္ဌိသမားကြီး နန္ဒက . . . . . . . . . . . . . . . . . . . . . . . . . . . ၁၅၉
တိုက်တွန်းပါရစေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆၁
မလွဲချော်နိုင်သော ကျင့်စဉ် . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆၁
မိစ္ဆာဒိဋ္ဌိသမားရရှိနိုင်တဲ့အပြစ် . . . . . . . . . . . . . . . . . . . . . . . . . ၁၆၂
သမ္မာဒိဋ္ဌိအယူဝါဒသမား ရရှိတဲ့အကျိုး . . . . . . . . . . . . . . . . . . . . . . . ၁၆၆
နှစ်ဖက်လုံး၌ အရှုံးမထွက်ပုံ . . . . . . . . . . . . . . . . . . . . . . . . . . . ၁၆၉

ဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ပုံ ............................ ၁၇၀
ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရန် နည်းလမ်း ..................... ၁၇၁
**ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် (ရှေ့ပိုင်း) တရားဒေသနာတော်** ................. ၁၇၅
တောက်ဆွဲခံနေရသော ဘဝ .................................. ၁၇၆
တိုင်ငုတ်မှာ သို့မဟုတ် ချည်တိုင်မှာ ကြိုးချည်ခံထားရတဲ့ဘဝ ............... ၁၇၇
ပညာမျက်စိကာဏ်းနေတဲ့ ပုထုဇန်ငမိုက်သားရဲ့အမြင် ..................... ၁၇၈
ပုထုဇန်ငမိုက်သားရဲ့ ဣရိယာပုထ်လေးပါး.......................... ၁၈၀
အဝိဇ္ဇာနီဝရဏနှင့် တဏှာသံယောဇဉ်ကြိုး .......................... ၁၈၀
မိမိတို့ရဲ့ စိတ်ကို မကြာခဏ ဆင်ခြင်ပေးပါ ........................ ၁၈၂
စိတ်ဓာတ်တွေ ညစ်နွမ်းရင် သတ္တဝါတွေ ညစ်နွမ်းကြရတယ် ................ ၁၈၂
လည်ပင်းမှာဆွဲထားတဲ့ သက္ကာယဒိဋ္ဌိတောက်ကြီး ........................ ၁၈၃
ဥပမာနှင့် ဥပမေယျ ........................................ ၁၈၄
စရဏ ပန်းချီကားချပ် ...................................... ၁၈၆
စရဏပန်းချီကားချပ်ထက် ပိုပြီးဆန်းကြယ်တဲ့စိတ် ..................... ၁၈၇
တိရစ္ဆာန်တွေဆန်းကြယ်တာထက် ပိုဆန်းကြယ်တဲ့စိတ်.................... ၁၈၉
စိတ်ဆန်းကြယ်လို့ သတ္တဝါတွေ ဆန်းကြယ်တယ် ....................... ၁၉၀
ကံနှင့် ယောနိ - ယောနိနှင့် သတ္တဝါဆန်းကြယ်မှု....................... ၁၉၁
နံပါတ် (၁) — သဟဇာတဓမ္မ (= အတူဖြစ်သောတရား)တို့၏ ဆန်းကြယ်မှုကြောင့်
    ကံဆန်းကြယ်တယ် ...................................... ၁၉၃
အဝိဇ္ဇာ, တဏှာ, ဥပါဒါန်အုပ်စု.................................. ၁၉၄
လောဘဒိဋ္ဌိအုပ်စု စိတ်စေတသိက် အလုံး (၂၀) ....................... ၁၉၆
သင်္ခါရနှင့် ကံ (ကမ္မဘဝ) ................................... ၁၉၇
ကာမာဝစရကုသိုလ်သင်္ခါရတရား (၃၄)လုံး ......................... ၁၉၈
သမထပိုင်း ကုသိုလ်သင်္ခါရ .................................. ၂၀၀
ဝိပဿနာပိုင်း ကုသိုလ်သင်္ခါရ.................................. ၂၀၁
ကံဟူသည်မှာ............................................ ၂၀၃
ဈာန်ကံတရားတို့၏ အကျိုးကွာခြားပုံ............................. ၂၀၄
အကုသိုလ်သင်္ခါရကံတွေရဲ့ စွမ်းအင်နှင့် အကျိုး........................ ၂၀၅
သုရာပါနကံ၏ အကျိုး...................................... ၂၀၆
နားလည်သဘောပေါက်နိုင်တဲ့ ပုံစံများ............................. ၂၀၇
သုမေဓာရှင်ရသေ့နှင့် သုမိတ္တာအမျိုးသမီး .......................... ၂၀၈
နံပါတ် (၂) — တည်ရာဘုံ ဆန်းကြယ်ရင်လည်း ကံတွေ ဆန်းကြယ်ကြတယ် ....... ၂၁၀
နံပါတ် (၃) — မှီရာဝတ္ထုရုပ် ဆန်းကြယ်ရင်လည်း ကံဆန်းကြယ်တယ် .......... ၂၁၁

နံပါတ် (၄) — ဒွါရတွေ ဆန်းကြယ်ရင်လည်း ကံတွေ ဆန်းကြယ်ပြန်တယ် . . . . . . . . . ၂၁၂
နံပါတ် (၅) — အာရုံတွေ ဆန်းကြယ်ရင်လည်း ကံတွေ ဆန်းကြယ်ကြပြန်တယ် . . . . . . ၂၁၃
နံပါတ် (၆) — လိင်-သညာ-ဝေါဟာရ စသည်တို့ ကွဲပြားရင်လည်း ကံတွေက
ဆန်းကြယ်ကြပြန်တယ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၁၅
လှည်းနားစောင့်ကဲ့သို့ ကံက သတ္တဝါတွေကို ဖွဲ့ချည်ထားတယ် . . . . . . . . . . . . . . . ၂၁၇
ကံကြောင့် ရရှိတဲ့ ကောင်းကျိုး ဆိုးပြစ် . . . . . . . . . . . . . . . . . . . . . . . . . . ၂၁၉
ထူးဆန်းတဲ့ သတင်းသုံးခု ဘုရားရှင်ထံတော်သို့ ရောက်ရှိလာခြင်း၁၈၉ . . . . . . . . . . . ၂၂၀
လည်ပင်းမှာ မီးကရွတ်ခွေ စွပ်မိတဲ့ကျီး . . . . . . . . . . . . . . . . . . . . . . . . . ၂၂၁
သဲအိုး လည်ပင်းဆွဲ၍ ရေထဲအနှစ်ခံရတဲ့ အမျိုးသမီး . . . . . . . . . . . . . . . . . . . ၂၂၁
ဂူအတွင်း၌ ကျောက်တုံးဖြင့် ပိတ်ဆို့ခံရတဲ့ ရဟန်း . . . . . . . . . . . . . . . . . . . . ၂၂၂
ပန်းချီကားချပ်ကို ရေးဆွဲနေချိန် . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၂၃
ပုထုဇန်ငမိုက်သား ရေးဆွဲနိုင်တဲ့ ပန်းချီကားချပ် . . . . . . . . . . . . . . . . . . . . . ၂၂၅
**အကျိုးပေးဆန်းကြယ်ပုံအပိုင်း (စူဠကမ္မဝိဘင်္ဂသုတ္တန်ပိုင်း)** . . . . . . . . . . . . ၂၂၉
ကံသာလျှင် အမွေခံရှိကြတယ် . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၃၁
တောဒေယျပုဏ္ဏားကြီး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၃၂
တောဒေယျပုဏ္ဏားကြီးရဲ့ ဆုံးမစကား . . . . . . . . . . . . . . . . . . . . . . . . . ၂၃၃
ဘုရားရှင်နှင့် သုဘလုလင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၃၄
ဘာကြောင့် သတ္တဝါတွေဟာ ယုတ်ညံ့ကြရသလဲ မြင့်မြတ်ကြရသလဲ? . . . . . . . . . . . ၂၃၆
ပြဿနာ (၁၄)ချက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၃၇
ဘုရားရှင်၏ အဖြေ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၃၉
အသက်တိုရခြင်း၏ အကြောင်းရင်း . . . . . . . . . . . . . . . . . . . . . . . . . . ၂၄၀
တတိယပါရာဇိကပါဠိတော်၌ လာရှိကြသည့် ရဟန်းတော် (၅၀၀) . . . . . . . . . . . . . ၂၄၄
အကြောင်းပြချက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၄၅
လုပ်ငန်းကိစ္စ၏ အစွမ်းဖြင့် ကံ (၄)မျိုး . . . . . . . . . . . . . . . . . . . . . . . . . ၂၅၀
ဇနကကံ = ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ဖြစ်စေတတ်သောကံ . . . . . . . . . . ၂၅၀
သမ္ပတ္တိစက် (၄)ပါး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၅၀
ဝိပတ္တိစက် (၄)ပါး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၅၁
ဥပပီဠကကံ = ကပ်၍ ညှဉ်းပန်းနှိပ်စက်တတ်သောကံ . . . . . . . . . . . . . . . . . . ၂၅၁
ဥပစ္ဆေဒကကံ = အခြားကံ၏ အကျိုးကို ကပ်၍ ဖြတ်တတ်သောကံ . . . . . . . . . . . . ၂၅၃
ဥပတ္ထမ္ဘကကံ = အားပေးထောက်ပံ့တတ်သောကံ . . . . . . . . . . . . . . . . . . . . ၂၅၅
ဇနကကံနှင့် ဥပတ္ထမ္ဘကကံ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၅၅
ဒါနချင်း မတူညီတဲ့အတွက် အကျိုးပေး မတူညီပုံ . . . . . . . . . . . . . . . . . . . . ၂၅၇
သီလရှိမှသာ တောင်းတဲ့ဆု ပြည့်နိုင်တယ် . . . . . . . . . . . . . . . . . . . . . . . ၂၅၈

သန္နိဋ္ဌာနစေတနာနှင့် ပုဗ္ဗ + အပရစေတနာ . . . . . . . . ၂၅၉
အသက်ရှည်ရခြင်း၏အကြောင်း . . . . . . . . ၂၆၀
အသက်ရှည်စေတဲ့ ဥပတ္ထမ္ဘကကံ . . . . . . . . ၂၆၅
အဋ္ဌကထာ၏ ရှင်းလင်းချက် . . . . . . . . ၂၆၅
အတွေ့အကြုံတစ်ရပ် . . . . . . . . ၂၆၆
စည်းစိမ်ဥစ္စာတွေရဲ့ တိုးတက်မှု . . . . . . . . ၂၆၇
ရာထူးဌာနန္တရနှင့် အသက်ရှည်ရမှု . . . . . . . . ၂၆၈
ဇာဏုသောဏိပုဏ္ဏားကြီးရဲ့ မေးခွန်း . . . . . . . . ၂၇၀
ဘုရားရှင်၏ အဖြေ . . . . . . . . ၂၇၀
ပြိတ္တာဘဝတစ်မျိုးသာ . . . . . . . . ၂၇၂
ပုဏ္ဏားကြီးရဲ့ ထပ်ဆင့်မေးခွန်းများ . . . . . . . . ၂၇၂
ဒါနရဲ့စွမ်းအင် . . . . . . . . ၂၇၅
သေသူနှင့် ရှင်သူ . . . . . . . . ၂၇၇
အရှင်ဗာကုလမထေရ်ထုံး . . . . . . . . ၂၇၈
အနာရောဂါထူပြောရခြင်း . . . . . . . . ၂၈၁
ပူတိဂတ္တတိဿမထေရ် . . . . . . . . ၂၈၃
ပူတိဂတ္တတိဿမထေရ်မြတ်ကြီး၏ အတိတ်ဇာတ်ကြောင်း . . . . . . . . ၂၈၅
အနာရောဂါ ကင်းရှင်းရခြင်း . . . . . . . . ၂၈၈
စဉ်းစားဝေဖန်ကြည့်ပါ . . . . . . . . ၂၈၉
ဖြူစင်အောင် ဖွပ်လျှော်တဲ့နည်းလမ်း . . . . . . . . ၂၈၉
အကျည်းတန် အရုပ်ဆိုးရခြင်း၏အကြောင်း . . . . . . . . ၂၉၀
နာမည်ကျော် ပဉ္စပါပီ . . . . . . . . ၂၉၄
ရုပ်ရည်ချောမောလှပတင့်တယ်ရခြင်း၏အကြောင်း . . . . . . . . ၂၉၇
အရှင်သုဘူတိမထေရ် . . . . . . . . ၃၀၀
နောက်ဆုံးဘဝ ရဟန်းပြုတော်မူခြင်း . . . . . . . . ၃၀၂
အခြွေအရံ နည်းပါးရခြင်း . . . . . . . . ၃၀၅
ကာလိင်္ဂမင်း၏ မိဖုရားခေါင်ကြီးတစ်ဦး . . . . . . . . ၃၀၉
ပုဏ္ဏားပျက်တစ်ဦး . . . . . . . . ၃၁၀
အခြွေအရံ များပြားရခြင်း . . . . . . . . ၃၁၀
အရှင်ဥရုဝေလကဿပမထေရ် . . . . . . . . ၃၁၃
မလ္လိကာမိဖုရားကြီး၏ အမေး (၄)ထွေ . . . . . . . . ၃၁၆
ဘုရားရှင်၏ အဖြေ (၄)ရပ် . . . . . . . . ၃၁၇
အမှတ် (၁) မေးခွန်း၏ အဖြေ . . . . . . . . ၃၁၇

အမှတ် (၂) မေးခွန်း၏ အဖြေ ................................ ၃၁၈
အမှတ် (၃) မေးခွန်း၏ အဖြေ ................................ ၃၁၉
အမှတ် (၄) မေးခွန်း၏ အဖြေ ................................ ၃၂၁
စည်းစိမ်ဥစ္စာ နည်းပါးရခြင်း = ဆင်းရဲရခြင်း ................................ ၃၂၂
စည်းစိမ်များပြားရခြင်း ................................ ၃၂၆
ပဥ္စသီလသမာဒါနိယမထေရ် ................................ ၃၂၈
အောင်မြင်သော ပါရမီမျိုးစေ့တစ်ခု ................................ ၃၂၈
ဝိဇ္ဇာမျိုးစေ့ကောင်း ................................ ၃၂၉
တရားတော်၏ နက်နဲမှု ................................ ၃၃၀
ခေတ္တရပ်နားကြည့်ပါ ................................ ၃၃၂
စရဏမျိုးစေ့ကောင်း ................................ ၃၃၂
ဝိဇ္ဇာမျိုးစေ့ - စရဏမျိုးစေ့ နှစ်ဖက်ရတရား ................................ ၃၃၆
သူ့ရဲ့ စဉ်းစားခန်း ................................ ၃၃၉
အလွန်ရနိုင်ခဲသော အကျိုးထူး ................................ ၃၄၁
အကျိုးထူး (၃)ရပ် ................................ ၃၄၂
အဆင့်အတန်းအမြင့်မားဆုံးသော ဉာဏ်ပညာ ................................ ၃၄၃
အလွန်ရနိုင်ခဲသော အကျိုးထူးတစ်ရပ် ................................ ၃၄၇
ပဋိသမ္ဘိဒါဉာဏ်တို့ သန့်ရှင်းရန် အကြောင်းအင်္ဂါငါးရပ် ................................ ၃၄၉
အမျိုးယုတ်ညံ့ခြင်း ................................ ၃၅၁
ဒုဋ္ဌကုမာရမင်းသား ................................ ၃၅၆
အရှင်သုနီတအလောင်းရဲ့ မာန်မာန ................................ ၃၅၈
သုနီတ၏ ရဲရင့်သော လျှောက်ထားချက် ................................ ၃၆၁
အမျိုးမြတ်သူ ဖြစ်ရခြင်း ................................ ၃၆၆
စဏ္ဍာလီအမယ်အို ................................ ၃၆၇
သာကီဝင်မင်းသား (၆)ဦး ................................ ၃၆၉
အရှင်ဘဒ္ဒိယမထေရ်မြတ် ................................ ၃၇၁
ပညာဉာဏ်နည်းပါးတဲ့ပုဂ္ဂိုလ်ဖြစ်ရခြင်း ................................ ၃၇၂
ကလျာဏမိတ္တအရေးကြီးပုံ ................................ ၃၇၇
ပညာဉာဏ်ကြီးမားတဲ့ပုဂ္ဂိုလ်ဖြစ်ရခြင်း ................................ ၃၈၁
သမာဓိကို ထူထောင်ပါ ................................ ၃၈၃
ဓာတ်ကမ္မဋ္ဌာန်းအရေးကြီးပုံ ................................ ၃၈၄
နာမ်တရားများကို ပရမတ်သို့ ဆိုက်အောင် ရှုလိုပါက ................................ ၃၈၆
ပရိညာ (၃)ပါး ................................ ၃၈၇

အပရိဇာနနသုတ္တန်ရဲ့ ဆိုလိုရင်း . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၈၇
ဗုဒ္ဓသာသနာတော်က ပေးအပ်တဲ့ စွမ်းအင်ကြီးမားတဲ့ ဉာဏ်ပညာ . . . . . . . . . . . . . . ၃၉၀
ဝိပဿနာဇောတွေကလည်း ပဋိသန္ဓေအကျိုးကိုပေးပုံ . . . . . . . . . . . . . . . . . . . . . ၃၉၄
ဝိပဿနာဉာဏ်ပေါ်၌ နှစ်သက်မြတ်နိုးမှု . . . . . . . . . . . . . . . . . . . . . . . . . ၃၉၇
တရားပုဒ်အစုတွေ ပေါလောပေါ်နေပါတယ် . . . . . . . . . . . . . . . . . . . . . . . . ၃၉၈
ဓမ္မကထိကရဟန်းတော် ဟောကြားတဲ့တရားကို နာကြားရလျှင် . . . . . . . . . . . . . . . ၄၀၁
ဓမ္မကထိကနတ်သား ဟောကြားတဲ့တရားကို နာကြားရလျှင် . . . . . . . . . . . . . . . . . ၄၀၁
သီတင်းသုံးဖော်နတ်သားတစ်ဦးဦးနှင့် တွေ့ရလျှင် . . . . . . . . . . . . . . . . . . . . . ၄၀၂
**ဥဿဒကိတ္တနကထာပိုင်း** . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၀၇
မီးများတော့ မီးနိုင်, ရေများတော့ ရေနိုင် . . . . . . . . . . . . . . . . . . . . . . . . ၄၀၉
အမှတ် (၁) ပုဂ္ဂိုလ်အမျိုးအစား . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၁၂
ဂူထပါဏဇာတ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၁၆
အမှတ် (၂) ပုဂ္ဂိုလ်အမျိုးအစား . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၁၉
စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပုံ နည်းစနစ်ကောင်းများ . . . . . . . . . . . . . . . . . . . ၄၂၂
အမှတ် (၃) ပုဂ္ဂိုလ်အမျိုးအစား . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၂၆
အမှတ် (၄) ပုဂ္ဂိုလ်အမျိုးအစား . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၂၈
အမှတ် (၅) ပုဂ္ဂိုလ်အမျိုးအစား . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၂၉
အမှတ် (၆) ပုဂ္ဂိုလ်အမျိုးအစား . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၃၁
အမှတ် (၇) ပုဂ္ဂိုလ် အမျိုးအစား . . . . . . . . . . . . . . . . . . . . . . . . . . . ၄၃၂
အမှတ် (၈) ပုဂ္ဂိုလ် အမျိုးအစား . . . . . . . . . . . . . . . . . . . . . . . . . . . ၄၃၃
ဥမ္မာဒန္တီ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၃၄
မင်းကုသနှင့် ပဘာဝတီ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၃၈
ဇမ္ဗုကမထေရ်အလောင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၄၄
အမှတ် (၁) - ဆဲရေးခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၄၆
အမှတ် (၂) - ဆဲရေးခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၄၆
အမှတ် (၃) - ဆဲရေးခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၄၆
အမှတ် (၄) - ဆဲရေးခြင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၄၇
မယ်မင်းကြီးမ သုဘဒ္ဒါ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၅၃
မယ်မင်းကြီးမသုဘဒ္ဒါ ရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ် . . . . . . . . . . . . . . . . . ၄၅၇
သတိပြုသင့်တဲ့အချက်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၆၁
ကဏ္ဏမုဏ္ဍပြိတ္တာအမျိုးသမီး . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၆၃
မစင်တွင်းမှာ နစ်မြုပ်နေရသူ . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၆၆
ကောက်ကျစ်စဉ်းလဲတဲ့ ကျေးရွာတရားသူကြီး . . . . . . . . . . . . . . . . . . . . . . . ၄၆၇

ဣသိဒါသီရဟန္တာထေရီမ၏ သံဝေဂရဖွယ်ဇာတ်လမ်း . . . . . . . . . . . . . . . . . . . . ၄၆၈
အရှင်ဒေဝဒတ်အလောင်းရဲ့ ပန်းချီကားချပ်များ . . . . . . . . . . . . . . . . . . . . . . . . . ၄၇၀
နန္ဒိယမျှောက်မင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၇၁
စူဠဓမ္မပါလသတို့သား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၇၁
ခန္တိဝါဒီရသေ့ကြီး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၇၂
မဟာကပိမျှောက်မင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၇၃
အမ္ဗပါလီ ရဟန္တာထေရီမ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၇၆
ကပိလရဟန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၇၈
ဝါသနာဘာဂီ ဆက်တိုင်းမှီ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၈၂
အရှင်ကောကာလိက၏ လောဘ . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၈၂
အရှင်ကောကာလိကရဲ့ အကြံ . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၈၄
အရှင်ကောကာလိက၏ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ဇာတ်လမ်း . . . . . . . . . . . . ၄၈၇
သာကီဝင်မင်းသား အရှင်ဥပနန္ဒ၏ လောဘ . . . . . . . . . . . . . . . . . . . . . . . ၄၈၈
ဝါသနာဓာတ်ငွေ့ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၉၀
ထုလ္လနန္ဒာဘိက္ခုနီမ၏ လောဘ . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၉၂
ရသတဏှာရဲ့ စွမ်းအား . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၉၃
ပျားလူးမြက်အပေါ်မှာ တွယ်တာတပ်မက်တဲ့ လောဘ . . . . . . . . . . . . . . . . . . . ၄၉၆
ကုသိုလ်အကူအညီရလျှင် အပါယ်မချနိုင်ပုံ . . . . . . . . . . . . . . . . . . . . . . . ၄၉၈
သုမေဓာ ရှင်ရသေ့ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၉၈
သုမိတ္တာအမျိုးကောင်းသမီး၏ လောဘ . . . . . . . . . . . . . . . . . . . . . . . . . ၅၀၂
အဂ္ဂသာဝက, မဟာသာဝကကြီးများ . . . . . . . . . . . . . . . . . . . . . . . . . . . ၅၀၃
အရှင်မဟာကဿပအလောင်းအလျာနှင့် မယ်ဘဒ္ဒါအလောင်းအလျာ . . . . . . . . . . . . ၅၀၃
နကုလပိတာနှင့် နကုလမာတာ . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၀၅
ဥပနိဿယပစ္စည်း၏ စွမ်းအင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၀၇
မဟာပဒုမပစ္စေကဗုဒ္ဓအလောင်း . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၀၉
ရေးဆွဲလိုက်တဲ့ ပန်းချီကားချပ်များ . . . . . . . . . . . . . . . . . . . . . . . . . . . ၅၁၁
အနောဇာဒေဝီ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၁၆
**ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် (နောက်ပိုင်း)** . . . . . . . . . . . . . . . . . . . . . . . ၅၂၁
မဟာသတိပဋ္ဌာနသုတ္တန် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၂၃
ကာယာနုပဿနာ အာနာပါနပဗ္ဗ . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၂၃
အာနာပါန - သမထပိုင်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၂၃
ဝိပဿနာပိုင်း ပထမအဆင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၂၄
ဝိပဿနာပိုင်း ဒုတိယအဆင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၂၄

ဝိပဿနာပိုင်း တတိယအဆင့် ............................ ၅၂၄
ဝိပဿနာပိုင်း စတုတ္ထအဆင့် ............................ ၅၂၄
ဒေသနာတော်နိဂုံး ............................ ၅၂၄
အာနာပါန - သမထပိုင်း ............................ ၅၂၄
ဝိပဿနာပိုင်း ပထမအဆင့်............................ ၅၂၆
ဝိပဿနာပိုင်း ဒုတိယအဆင့် ............................ ၅၂၆
ဝိပဿနာပိုင်း တတိယအဆင့် ............................ ၅၂၆
ဝိပဿနာပိုင်း စတုတ္ထအဆင့် ............................ ၅၂၆
ဒေသနာတော်နိဂုံး ............................ ၅၂၇
ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် (နောက်ပိုင်း) ............................ ၅၂၇
တေပရိဝဋ္ဋဓမ္မဒေသနာ ............................ ၅၃၀
သမာဓိကို ထူထောင်ပါ ............................ ၅၃၅
ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်တဲ့ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ.............. ၅၃၈
အာနာပါနကျင့်စဉ်အကျဉ်း ............................ ၅၄၀
အာနာပါန သမထပိုင်း ............................ ၅၄၀
အနုပုဗ္ဗနိရောဓသုတ္တန်............................ ၅၄၁
သဗ္ဗကာယ အယူအဆ ............................ ၅၄၆
အခက်အခဲ (၄)ရပ်............................ ၅၄၇
နိမိတ်ဆိုတာ ဘာလဲ?............................ ၅၅၁
နိမိတ်ကို မကစားပါနှင့် ............................ ၅၅၃
နိမိတ်အမျိုးမျိုး ............................ ၅၅၃
ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်............................ ၅၅၅
အချို့ယောဂီများ၌ ဖြစ်တတ်ပုံ သဘာဝတစ်ခု............................ ၅၅၅
ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၏ မိန့်ဆိုချက်............................ ၅၅၇
ပထမစျာန်သမာဓိ ............................ ၅၅၉
ဘဝင်စိတ်ဆိုတာ ဘာလဲ? ဘဝင်မနောအကြည်ဆိုတာ ဘာလဲ? .............. ၅၆၁
စျာန်အင်္ဂါငါးပါး ............................ ၅၆၃
ဒုတိယစျာန်သမာဓိ............................ ၅၆၅
တတိယစျာန်သမာဓိ ............................ ၅၆၆
စတုတ္ထစျာန်သမာဓိ............................ ၅၆၇
အာနာပါနကျင့်စဉ် ဝိပဿနာပိုင်း ပထမအဆင့် ............................ ၅၆၉
ကာယ၏အဓိပ္ပာယ် ဖွင့်ဆိုချက် ............................ ၅၆၉
ခေတ်ကမ္မဋ္ဌာန်းအကျဉ်းနည်း ............................ ၅၇၀

ခြုံငုံ၍ တစ်ကိုယ်လုံးကို ကြည့်ပါ . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၇၁
အဖြူပြင်နှင့် အကြည်ပြင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၇၂
ရုပ်ကလာပ်အမှုန်များ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၇၃
ဥပါဒါရုပ်များကို သိမ်းဆည်းပုံ . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၇၄
နာမ်တရားများကို သိမ်းဆည်းပုံ. . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၇၄
အဇ္ဈတ္တနှင့် ဗဟိဒ္ဓ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၇၅
ဝိပဿနာပိုင်း ဒုတိယအဆင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၇၆
သမုဒယ, ဝယ, သမုဒယဝယ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၇၆
နာနာက္ခဏိကကမ္မသတ္တိ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၈၁
အကြောင်းပြချက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၈၁
ဝယဓမ္မာနုပဿီ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၈၆
အနုပ္ပါဒနိရောဓ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၈၇
ဥပ္ပါဒနိရောဓ - အနုပ္ပါဒနိရောဓ . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၈၇
ဓမ္မဋ္ဌိတိဉာဏ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၉၀
အကြောင်းတရားများ . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၉၁
ကိလေသဝဋ္ဋ - ကမ္မဝဋ္ဋ - ဝိပါကဝဋ္ဋ. . . . . . . . . . . . . . . . . . . . . . . . . . . . ၅၉၃
သစ္စာဒေသနာတော်နည်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၅၉၄
ကူဋာဂါရသုတ္တန်တရားတော် ကောက်နုတ်ချက် . . . . . . . . . . . . . . . . . . . . . ၅၉၅
အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာတွေကို သိမ်းဆည်းခြင်း . . . . . . . . . . . . . . . . . ၅၉၈
ဝိပဿနာပိုင်း. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၀၀
ဝိပဿနာပိုင်း တတိယအဆင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၀၀
အာနာပါန - ပထမစတုက္က . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၀၂
အာနာပါန - ဒုတိယစတုက္က . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၀၄
အာနာပါန - တတိယစတုက္က . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၀၈
အာနာပါန - စတုတ္ထစတုက္က . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၁၂
အနိစ္စဆိုတာ ဘာလဲ? . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၁၃
အကျိုးဂုဏ်အင် အာနိသင် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၁၇
အရေးကြီးလှသော ဖြတ်ထုံးတစ်ခု . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၁၇
ဝိပဿနာပိုင်း စတုတ္ထအဆင့် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၁၉
တရားဒေသနာတော်နိဂုံး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၆၂၁
မှတ်သားဖွယ်ရာ အက္ခရာစဉ်အညွှန်း. . . . . . . . . . . . . . . . . . . . . . . . . . . ၆၂၃

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# နိဒါနကထာ – အကြောင်းပြစာတမ်းလွှာ

## စိတ်ဓာတ်၏ စွမ်းအင်

**စိတ္တေန နီယတိ လောကော၊ စိတ္တေန ပရိကဿတိ။**
**စိတ္တဿ ဧကဓမ္မဿ၊ သဗ္ဗေဝ ဝသမန္ဝဂူ။**[၁]

စိတ်သည် လောကကို ဆောင်အပ်၏။ စိတ်သည် လောကကို ဆွဲငင်အပ်၏။ စိတ်၏ အလို-နိုင်ငံသို့ လိုက်ပါနေကြသော သတ္တဝါအားလုံးတို့သည်ပင် စိတ်ဟုဆိုအပ်သော တစ်ခုသောတရား၏ အလိုသို့ အစဉ်လိုက်ပါကြရကုန်၏။

လောကီကုသိုလ်စေတနာ အကုသိုလ်စေတနာတို့နှင့် ယှဉ်တွဲလျက်ရှိသော ကုသိုလ်ဝိညာဏ် အကုသိုလ်ဝိညာဏ်ကို ဘဝသစ်ကို တည်ထောင်ဖန်တီးပေးနိုင်သည့် စွမ်းအင်ရှိခြင်းကြောင့် **အဘိသင်္ခါရဝိညာဏ်**ဟု ခေါ်ဆို၏။ ထိုအဘိသင်္ခါရဝိညာဏ်ဟု ခေါ်ဆိုအပ်သော စိတ်သည် သတ္တလောကဟု ခေါ်ဆိုအပ်သည့် သတ္တဝါအပေါင်းကို ထိုထိုဘုံဘဝသို့ ရောက်အောင်လည်း ဆွဲဆောင်သွားနိုင်သည့် စွမ်းအား ရှိ၏၊ ထိုထိုဘုံဘဝမှ မလွတ်အောင်လည်း ဆွဲငင်ထားနိုင်သည့် စွမ်းအား ရှိ၏။

လောဘ ဒေါသ မောဟ စသည့် အကုသိုလ်တရားတို့နှင့် ပေါင်းစပ်မိသော ထိုစိတ်ကား ညစ်နွမ်းလျက် ရှိ၏။ အလောဘ အဒေါသ အမောဟ စသည့် အကောင်းဓာတ်တို့နှင့် ပေါင်းစပ်-မိသော ထိုစိတ်ကား ဖြူစင်လျက် ရှိ၏။ သမထ-ဝိပဿနာဘာဝနာဟူသော ရေစင်ရေကောင်းတို့ဖြင့် ဆေးကြောသုတ်သင်၍ထားအပ်သော ထိုစိတ်ကား အလွန်ဖြူစင်လျက် ရှိ၏။ ညစ်နွမ်းနေသော စိတ်ဓာတ်က သတ္တလောကဟု ခေါ်ဆိုအပ်သည့် သတ္တဝါအပေါင်းကို အပါယ်လေးဘုံသို့ ရောက်-အောင်လည်း ဆွဲဆောင်သွားနိုင်၏၊ အပါယ်လေးဘုံမှ မလွတ်နိုင်အောင်လည်း ဆွဲငင်ထားနိုင်၏။ သံသရာဝဋ်ကို ရည်ရွယ်တောင့်တ၍ ပြုစုပျိုးထောင်ထားအပ်သော ဝဋ္ဋနိဿိတဖြစ်သည့် ဒါန သီလ သမထ ဝိပဿနာ အစဖြာသည့် **မဟာကုသိုလ်, ဈာန်ကုသိုလ်**-ဟု ခေါ်ဆိုအပ်သည့် ဖြူစင်သော

[၁] သံ၊၁၊၃၆။

စိတ်ဓာတ်ကလည်း သတ္တလောကဟု ခေါ်ဆိုအပ်သည့် သတ္တဝါအပေါင်းကို လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တည်းဟူသော ထိုထိုဘုံဘဝသို့ ရောက်အောင် ဆွဲဆောင်သွားနိုင်၏၊ ထိုထိုဘုံဘဝမှ မလွတ်အောင်လည်း ဆွဲငင်ထားနိုင်၏။

သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဝိဝဋ္ဋသဘောကို ရည်ရွယ်၍ ပြုစုပျိုးထောင်ထား- အပ်သော သမထကုသိုလ် ဝိပဿနာကုသိုလ် မဂ်ကုသိုလ်တည်းဟူသော အလွန်ဖြူစင်သော စိတ်- ဓာတ်ကလည်း ထို အလွန်ဖြူစင်သော စိတ်ဓာတ်နှင့် ပြည့်စုံနေသည့် သတ္တလောကဟု ခေါ်ဆို- အပ်သည့် သတ္တဝါအပေါင်းကို နိဗ္ဗာန်သို့ ရောက်သည်တိုင်အောင် ဆွဲဆောင်သွားနိုင်၏၊ နိဗ္ဗာန်အာရုံမှ မလျှောကျအောင်လည်း ဆွဲငင်ထားနိုင်၏၊ ညစ်နွမ်းနေသော စိတ်အစဉ်ကိုလည်း ဖြူစင်စေနိုင်၏။ အရဟတ္တမဂ်ကုသိုလ်ကဲ့သို့သော အလွန်ဖြူစင်သော စိတ်ဓာတ်က ကိလေသာအညစ်အကြေး- ဟူသမျှကို အပြီးတိုင် စင်ကြယ်အောင် ဆေးကြောသုတ်သင်ပေးနိုင်၏။ ညစ်နွမ်းသော စိတ်ဓာတ်က ဆင်းရဲဒုက္ခ အဝဝကို ရွက်ဆောင်ပေးသကဲ့သို့ ဖြူစင်သော စိတ်ဓာတ်ကလည်း လူ့ချမ်းသာ နတ်- ချမ်းသာ ဗြဟ္မာ့ချမ်းသာ နိဗ္ဗာန်ချမ်းသာဆိုသည့် ချမ်းသာသုခ အဝဝကို ရွက်ဆောင်ပေးနိုင်၏။

ထိုကဲ့သို့သော စိတ်ဓာတ်၏ စွမ်းအင်များကို သဘောပေါက်နိုင်ရန် ညစ်နွမ်းနေသော စိတ်- ဓာတ်များကို ဖြူစင်အောင် ပြုပြင်ပြောင်းလဲနိုင်ရန် ရည်ရွယ်တောင့်တ၍ (၁၃၅၄-ခု မှ ၁၃၅၅-ခု) သို့ ကူးပြောင်းသည့် အတာကူးသည့် သင်္ကြန်ရက်များကို ဗဟိုထား၍ (၈)ရက်တိုင်တိုင် **စိတ်ဓာတ်- ပြုပြင်ပြောင်းလဲရေးတရားတော်**ကို ဟောကြားပေးခဲ့၏။ ထိုတရားခွေများကို နာယူရသူ ယောဂီ သူတော်စင်တို့က စာအုပ်အဖြစ် ဖတ်ရှုလိုကြောင်းကို အကြိမ်ကြိမ် လျှောက်ထား တောင်းပန်ကြသဖြင့် ထိုတရားခွေများမှ စာအုပ်အဖြစ်သို့ ရောက်ရှိလာခြင်း ဖြစ်သည်။ "လိုတိုး ပိုလျှော့"စနစ်ကို အသုံးပြု- ကာ တရားသားများကို တည်းဖြတ်သုတ်သင် ပြင်ဆင်လျက် စာအုပ်အသွင်သို့ ပြောင်းလဲကာ စာရှု- သူတို့၏ လက်ဝယ်သို့ ရောက်ရှိအောင် ပို့ဆောင်လိုက်ပါသည်။

ဤကျမ်းစာငယ်ကို ဖတ်ရှုရသူ သူတော်ကောင်း အပေါင်းတို့သည်လည်း ညစ်နွမ်းနေသော မိမိတို့၏ စိတ်ဓာတ်များကို ဖြူစင်အောင် ပြုပြင်ပြောင်းလဲနိုင်ကြပါစေဟု ဆန္ဒပြုအပ်ပါသတည်း။

ဖားအောက်တောရဆရာတော်
စိတ္တလတောင်ကျောင်း၊
ဖားအောက်တောရစကြံကျောင်းတိုက်၊
မော်လမြိုင်မြို့နယ်။
သာသနာတော်နှစ် - ၂၅၄၂-ခု၊
ကောဇာသက္ကရာဇ် - ၁၃၆၀-ပြည့်နှစ်၊
နတ်တော်လပြည့်နေ့။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ဒုတိယအကြိမ် ပြင်ဆင်ရိုက်နှိပ်ခြင်း၏
# နိဒါနကထာ – အကြောင်းပြစာတမ်းလွှာ

## ဘုရားရှင်၏ တရားအနှစ်ချုပ်

ပိဋကတ်သုံးပုံ၌ ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမထားတော်မူခဲ့သည့် တရားတော်များ အားလုံးတို့သည် အရိယသစ္စာလေးရပ် တရားမြတ်တို့ကို ဦးတိုက်လျက် ရှိကြ၏။ ကျွတ်ထိုက်သသူ ဝေနေယျကြာ သတ္တဝါတို့၏ အတွင်းသဘောဓာတ်ခံ အလိုအကြိုက် စရိုက်ဝါသနာသို့ လိုက်၍လည်းကောင်း, ဣန္ဒြေအနုအရင့်သို့ လိုက်၍လည်းကောင်း အရိယသစ္စာလေးရပ် တရားမြတ်တို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ရေးအတွက် ဒေသနာတော်ကို နည်းမျိုးစုံတို့ဖြင့် တန်ဆာဆင်ကာ ဟောကြားပြသ ဆိုဆုံးမထားတော်မူခဲ့၏။ ယင်းတရားတော် အားလုံးတို့ကို အကျဉ်းချုပ်လိုက်ပါက အရိယသစ္စာလေးရပ် တရားမြတ်တို့သာ ဖြစ်ကြပေသည်။ ဤကဲ့သို့သော သဘောတရားကို သစ္စသံယုတ်ပါဠိတော် သီသပါဝနသုတ္တန်တွင် ဘုရားရှင်က ဤသို့ ဟောကြားထားတော်မူခဲ့၏. . . ။

## သီသပါဝနသုတ္တန်

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ယင်းတိုက်တော၌ သီတင်းသုံး စံနေတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် အနည်းငယ်သော ယင်းတိုက်ရွက်တို့ကို တစ်ဖက်သော လက်တော်ဖြင့် ကိုင်ယူတော်မူကာ တစ်ဖက်သော လက်ဝါးပြင်တော်ထက်သို့ တင်ထားတော်မူလျက် ရဟန်းတော်တို့ကို ဤသို့ မေးမြန်းတော်မူလိုက်၏. . . ။

“ချစ်သားရဟန်းတို့ . . . ငါဘုရား ယခု မေးတော်မူမည့် ထိုအကြောင်းအရာကို အဘယ်သို့ မှတ်ထင် ယူဆကြကုန်သနည်း၊ ငါဘုရားရှင်၏ လက်ဝါးပြင်တော်ထက်၌ တင်ထားအပ်ကုန်သော အနည်းငယ်သော ယင်းတိုက်ရွက်တို့နှင့် ယင်းတိုက်တော တစ်တောလုံးအတွင်းဝယ် ယင်းတိုက်ပင်တို့၏ အထက်၌ တည်ရှိနေကြကုန်သော ယင်းတိုက်ရွက်တို့သည် အဘယ်ယင်းတိုက်ရွက်တို့က ပို၍ များပြားကြပါသနည်း”– ဟု ရဟန်းတော်တို့ကို မေးမြန်းတော်မူလိုက်၏။

"မြတ်စွာဘုရား . . . ဘုရားရှင်၏ တစ်ဖက်သော လက်တော်ဖြင့် ကိုင်ယူတော်မူကာ တစ်ဖက်သော လက်ဝါးပြင်တော်ထက်သို့ တင်ထားတော်မူအပ်ကုန်သော ယင်းတိုက်ရွက်တို့သည်ကား အလွန့်အလွန် နည်းပါးလှပါကုန်၏၊ စင်စစ်သော်ကား ယင်းတိုက်တော တစ်တောလုံးအတွင်းဝယ် ယင်းတိုက်ပင်တို့၏ အထက်၌ တည်ရှိနေကြကုန်သော ယင်းတိုက်ရွက်တို့ကသာ အလွန့်အလွန် များပြားလှကြပါကုန်၏" – ဟု ပြန်လည် လျှောက်ထားတော်မူကြကုန်၏။

"ချစ်သားရဟန်းတို့ . . . ဤဥပမာအတူပင် ငါဘုရားရှင်သည် ထူးသော ဉာဏ်တော်မြတ်ဖြင့် ထိုးထွင်းသိမြင်၍ ဟောကြားတော်မမူအပ်သေးသော တရားသည်သာလျှင် များပြားလှ၏၊ အဘယ့်ကြောင့် ထိုတရားကို ငါဘုရားရှင်သည် ဟောကြားတော်မမူအပ်ပါသနည်းဟူမူ . . .

ချစ်သားရဟန်းတို့ . . . ထိုတရားသည် (လူ+နတ်+နိဗ္ဗာန် သုံးတန်သော ချမ်းသာသုခတည်းဟူသော) အကျိုးစီးပွားနှင့် မစပ်၊ အရိယမဂ်တည်းဟူသော အကျင့်မြတ်၏ အစ မဟုတ်၊ သံသရာဝဋ်ဆင်းရဲဒုက္ခမှ ငြီးငွေ့ရန်, တွယ်တာတပ်မက်မှု ကင်းပြတ်ရုပ်သိမ်း ချုပ်ငြိမ်းရန်, ထူးသော သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် အရိယသစ္စာလေးရပ် တရားမြတ်တို့ကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ရန်, တဏှာမှ ထွက်မြောက်ရန် မဖြစ်။ ထို့ကြောင့် ထိုတရားကို ငါဘုရားရှင်သည် ဟောကြားတော်မမူအပ်ပေ။

ချစ်သားရဟန်းတို့ . . . အဘယ်တရားမျိုးကို ငါဘုရားရှင်သည် ဟောကြားတော်မူအပ်သနည်းဟူမူ . . .

၁။ ဤကား ဒုက္ခဖြစ်သည့် အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာတရားတည်း'ဟု ငါဘုရားရှင်သည် ဟောကြားတော်မူအပ်၏၊

၂။ ဤကား ဒုက္ခဖြစ်ကြောင်းဖြစ်သည့် အရိယာတို့၏ အမှန်တရား 'ဒုက္ခသမုဒယအရိယသစ္စာတရားတည်း'ဟု ငါဘုရားရှင်သည် ဟောကြားတော်မူအပ်၏၊

၃။ ဤကား ဒုက္ခချုပ်ရာဖြစ်သည့် အရိယာတို့၏ အမှန်တရား 'ဒုက္ခနိရောဓအရိယသစ္စာတရားတည်း'ဟု ငါဘုရားရှင်သည် ဟောကြားတော်မူအပ်၏၊

၄။ ဤကား ဒုက္ခချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းအကျင့်ဖြစ်သည့် 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ (= မဂ္ဂအရိယသစ္စာ)တရားတည်း'ဟု ငါဘုရားရှင်သည် ဟောကြားတော်မူအပ်၏။

ချစ်သားရဟန်းတို့ . . . အဘယ့်ကြောင့် ထိုတရားတော်ကို ငါဘုရားရှင်သည် ဟောကြားတော်မူအပ်ပါသနည်းဟူမူ – ချစ်သားရဟန်းတို့ . . . အရိယသစ္စာလေးရပ် တရားမြတ်တည်းဟူသော ထိုတရားတော်သည် (လူ+နတ်+နိဗ္ဗာန်သုံးတန်သော ချမ်းသာသုခတည်းဟူသော) အကျိုးစီးပွားနှင့် စပ်၏၊ အရိယမဂ်တည်းဟူသော အကျင့်မြတ်၏ အစ ဖြစ်၏၊ ထိုတရားတော်သည် သံသရာဝဋ်ဆင်းရဲဒုက္ခမှ ငြီးငွေ့ရန်, တွယ်တာတပ်မက်မှု ကင်းပြတ် ရုပ်သိမ်း ချုပ်ငြိမ်းရန်, ထူးသော သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် အရိယသစ္စာလေးရပ် တရားမြတ်တို့ကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ရန်, တဏှာမှ ထွက်မြောက်ရန် ဖြစ်၏၊ ထို့ကြောင့် ထိုတရားတော်ကို ငါဘုရားရှင်သည် ဟောကြားတော်-

မူအပ်ပါပေ၏။

ချစ်သားရဟန်းတို့ . . . ထို့ကြောင့် ဤသာသနာတော်၌ သင်ချစ်သားတို့သည် . . .

၁။ ဤကား ဒုက္ခဖြစ်သည့် အရိယာတို့၏ အမှန်တရား 'ဒုက္ခအရိယသစ္စာတရားတည်း'ဟု သိအောင် ကြိုးစားအားထုတ်ကြပါ။

၂။ ဤကား ဒုက္ခဖြစ်ကြောင်းဖြစ်သည့် အရိယာတို့၏ အမှန်တရား 'သမုဒယအရိယသစ္စာတရားတည်း'ဟု သိအောင် ကြိုးစားအားထုတ်ကြပါ။

၃။ ဤကား ဒုက္ခချုပ်ရာဖြစ်သည့် အရိယာတို့၏ အမှန်တရား 'ဒုက္ခနိရောဓအရိယသစ္စာတရားတည်း'ဟု သိအောင် ကြိုးစားအားထုတ်ကြပါ။

၄။ ဤကား ဒုက္ခချုပ်ရာ (နိဗ္ဗာန်)သို့ ရောက်ကြောင်းကျင့်စဉ်ဖြစ်သည့် 'ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ (= မဂ္ဂအရိယသစ္စာ)တရား'တည်းဟု သိအောင် ကြိုးစားအားထုတ်ကြပါ"ဟု မိန့်ကြားတော်မူ၏။[၂]

## ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ

ဤအထက်ပါ သီသပါဝနသုတ္တန်၌ ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမ ထားတော်မူခဲ့သည့် အတိုင်း ဘုရားရှင်၏ တရားတော်များကို အကျဉ်းချုပ်လိုက်ပါက အရိယသစ္စာလေးရပ် တရားမြတ်တို့သာ ဖြစ်ကြ၏။ ထိုအရိယသစ္စာလေးရပ် တရားမြတ်တို့ကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အရိယမဂ္ဂသမ္မာဒိဋ္ဌိဉာဏ်တို့ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် အရဟတ္တဖိုလ် နိဗ္ဗာန်ကို လိုလားတောင့်တကြကုန်သော သူတော်ကောင်းမှန်သမျှတို့သည် ကြိုးပမ်းကြရတော့မည်သာ ဖြစ်ပေသည်။ ထိုသို့ ကြိုးပမ်းရာ၌ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓစသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်ရှိနေကြသည့် ဒုက္ခသစ္စာအမည်ရသည့် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတို့ကို ရှေးဦးစွာ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးပမ်းကြရမည် ဖြစ်ပေသည်။ ထို့နောင် သမုဒယသစ္စာအမည်ရသည့် ကြောင်း-ကျိုး ဆက်နွှယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးပမ်းကြရမည် ဖြစ်ပေသည်။ ထိုသို့ ကြိုးပမ်းရာ၌ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို အကျဉ်းချုပ်လိုက်ပါက အကြောင်းသမုဒယသစ္စာတရားနှင့် အကျိုးဒုက္ခသစ္စာတရားတို့သာ ဖြစ်ကြပေသည်။

## ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအရ အကြောင်းသမုဒယသစ္စာနှင့် အကျိုးဒုက္ခသစ္စာ

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို အကြောင်းနှင့် အကျိုး နှစ်မျိုး ခွဲခြားလိုက်ပါက အကြောင်း သမုဒယသစ္စာတရားနှင့် အကျိုးဒုက္ခသစ္စာတရားတို့သာ ရှိကြပေသည်။ ယင်းပဋိစ္စသမုပ္ပါဒ်အင်္ဂါရပ်-

[၂] သံ၊ ၂၊၃၈၃။ သုတ္တန်နံပါတ်-၁၁၀၁။

တို့တွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကား သမုဒယသစ္စာတရားစုတို့တည်း။ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကား ဒုက္ခသစ္စာတရားစုတို့တည်း။ ဤသို့ ဆိုလိုရင်း အကျဉ်းချုပ်ကို မှတ်သားထားပါ။

**အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။**
**ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ။**[၃]

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီးကို ကိုးကား၍ ဖွင့်ဆိုထားတော်မူကြသော အထက်ပါ အဋ္ဌကထာ အဖွင့်များနှင့် အညီ —

၁။ ကမ္မဘဝကို ထူထောင်ခဲ့စဉ် အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ - တည်းဟူသော အတိတ်အကြောင်းတရားငါးပါး သမုဒယသစ္စာတရားကြောင့် ဤပစ္စုပ္ပန်ဘဝ၌ ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော ပစ္စုပ္ပန်အကျိုး-တရားငါးပါး ဒုက္ခသစ္စာတရားသည် ထင်ရှားဖြစ်ပေါ်လာရ၏။

၂။ ဤပစ္စုပ္ပန်ဘဝ၌ ပြုစုပျိုးထောင်လိုက်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-တည်းဟူသော ပစ္စုပ္ပန်အကြောင်းတရားငါးပါး သမုဒယသစ္စာတရားကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော အနာဂတ်အကျိုးတရားငါးပါး ဒုက္ခသစ္စာတရားသည် ထင်ရှားဖြစ်ပေါ် လာပေလတ္တံ့။ ဤသို့လည်း မှတ်သားထားပါ။

မျက်စိအမြင်ရှိသော ယောကျ်ားသည် ရူပါရုံအမျိုးမျိုးတို့ကို စက္ခုဝိညာဏ်ဖြင့် မြင်တွေ့ရသကဲ့သို့ အလားတူပင် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်အမြင်နှင့် ပြည့်စုံသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုးတရားဖြစ်ပုံ, ပစ္စုပ္ပန်အကြောင်းတရားကြောင့် အနာ-ဂတ်အကျိုးတရားဖြစ်ပုံဟူသော အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားကို ဝိပဿနာသမ္မာဒိဋ္ဌိတည်းဟူသော ပစ္စက္ခဉာဏ်ဖြင့် မျက်မှောက်ပြု၍ သိမြင်နိုင်ကြောင်းကို နိဒါနဝဂ္ဂသံယုတ်ပါဠိတော် **ဥပနိသသုတ္တန်** အဋ္ဌကထာ ဋီကာ[၄] ဣတိဝုတ်ပါဠိတော် **အာသဝက္ခယသုတ္တန်** အဋ္ဌကထာ[၅]တို့က ဖွင့်ဆိုထားပေသည်။

ဘုရားရှင်ကလည်း သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ပုံကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် မသိပါက မမြင်ပါက အာသဝေါတရားတို့၏ ကုန်ခန်းကြောင်း အရိယမဂ်ကို မရရှိနိုင်ကြောင်းကို သစ္စသံယုတ်ပါဠိတော် အာသဝက္ခယသုတ္တန်နှင့် ဣတိဝုတ်ပါဠိတော် အာသဝက္ခယသုတ္တန်[၆]တို့၌ ဟောကြားထားတော်မူလျက် ရှိ၏။ ထိုကြောင့် အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် မျက်မှောက်ပြု၍ သိမြင်အပ်သော နိဗ္ဗာန်တရားတော်မြတ်ကြီးကို အလိုရှိကုန်သော သူတော်ကောင်းအပေါင်းတို့သည် သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ပုံကို, တစ်နည်း — ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာကို

---

[၃] အဘိ၊ဋ္ဌ၊၂၊၁၈၂။ ဝိသုဒ္ဓိ၊၂၊၂၁၄။ [၄] သံ၊ဋ္ဌ၊၂၊၄၈-၅၂။ သံ၊ဋီ၊၂၊၆၃-၆၈။ [၅] ဣတိဝုတ်၊ဋ္ဌ၊၃၁၀။
[၆] သံ၊၃၊၃၈၀။ ဣတိဝုတ်ပါဠိတော်၊၂၆၅-၂၆၆။

ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာဟု ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးပမ်းလေရာသည်။ ယင်းသို့လျှင် ပစ္စက္ခဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်း-ဖောက်သိမြင်ပြီးသောအခါ အဒိဋ္ဌဖြစ်သော အတိတ် အနာဂတ်တရားတို့၌ **အန္ဝယဉာဏ်**ဖြင့် ရှုပါလေ။

ဤ **"စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေး"** ကျမ်းစာငယ်၌ကား သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ပုံ အပိုင်းကို ခန္ဓဝဂ္ဂသံယုတ်ပါဠိတော်၌ လာရှိသော ဂဒ္ဒုလဗဒ္ဓသုတ္တန် နှစ်ခုတို့ကို အခြေတည်ကာ ရှင်းလင်းတင်ပြထားပါသည်။ ထိုကျမ်းစာငယ်ကို ဖတ်ရှုရာ၌ ကံနှင့် ပတ်သက်သည့် အကြောင်းအရာ အချို့တို့ကို နားလည်သဘောပေါက်ထားပါက ယင်းကျမ်းစာငယ်၏ ဆိုလိုရင်း သဘောတရားကို ပိုမိုနက်ရှိုင်းစွာ နားလည်သဘောပေါက်နိုင်မည် ဖြစ်ပေသည်။ ထိုကြောင့် ကံအကြောင်းအရာ တစ်စိတ်တစ်ဒေသကို ရှေးဦးစွာ ရှင်းလင်းတင်ပြပေအံ့။

## နာနာက္ခဏိကကမ္မ၏ စွမ်းအင်

ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ ပဋိသန္ဓေခန္ဓာငါးပါးစသည့် ဝိပါကဝဋ္ဋတရားတို့၏ အကြောင်းရင်း ဖြစ်ကြကုန်သော အတိတ်အကြောင်းတရားငါးပါးတို့တွင် ကမ္မဘဝ = ကံလည်း တစ်ခုအပါအဝင် ဖြစ်၏။ ယင်းကံမှာ နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့် ဝိပါက်ခန္ဓာတို့အား ကျေးဇူးပြုပေးနိုင်သော ကံအကြောင်းတရားပင် ဖြစ်သည်။ အကျိုးဝိပါက်တရားတို့နှင့် အကြောင်းကံတရားတို့မှာ ဖြစ်ပေါ်-ခဲ့သော အချိန်ကာလ မတူညီကြသဖြင့် နာနာက္ခဏိကကမ္မပစ္စယ = ပစ္စုပ္ပန်အကျိုးတရား၏ ဖြစ်ရာ ခဏမှ မတူကွဲပြားသောခဏ၌ဖြစ်သော ကံပစ္စည်းအကြောင်းတရားဟု ဆိုသည်။ ယင်းကံ-အကြောင်းတရားမှာ မည်သည့်ကာလက ဖြစ်ခဲ့ပါသနည်းဟု မေးရန် ရှိ၏။

အဖြေမှာ အောက်ပါအတိုင်း ဖြစ်၏။ —

**ကမ္မပစ္စည်းဟူသည်**[၃] . . . တစ်ကမ္ဘာမက များပြားလှစွာကုန်သော ကမ္ဘာပေါင်း ကုဋေတို့၏-သော်လည်း အထက်၌ ပြုစုပျိုးထောင်အပ်ခဲ့ပြီးသော မိမိ၏ အကျိုးကို ဖြစ်စေခြင်းငှာ စွမ်းနိုင်သော နာနာက္ခဏိကကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုတတ်သော အကြောင်းပစ္စည်းတရားတည်းဟု ဆိုလို၏။

---

[၃] **ကမ္မပစ္စယေနာ**တိ အနေကာနမ္ပိ ကပ္ပကောဋီနံ မတ္ထကေ အတ္တနော ဖလံ ဥပ္ပါဒေတုံ သမတ္ထေန နာနာက္ခဏိက-ကမ္မပစ္စယေနာတိ အတ္ထော။ ကုသလာကုသလဉှိ ကမ္မံ အတ္တနော ပဝတ္တိက္ခဏေ ဖလံ န ဒေတိ။ ယဒိ ဒဒေယျ၊ ယံ မနုဿော ဒေဝလောကူပဂံ ကုသလကမ္မံ ကရောတိ၊ တဿာနုဘာဝေန တသ္မိံယေဝ ခဏေ ဒေဝေါ ဘဝေယျ။ ယသ္မိံ ပန ခဏေ တံ ကတံ၊ တတော အညသ္မိံ ခဏေ အဝိဇ္ဇမာနမ္ပိ ကေဝလံ ကဋတ္တာယေဝ ဒိဋ္ဌေဝ ဓမ္မေ ဥပပဇ္ဇေ ဝါ အပရေ ဝါ ပရိယာယေ အဝသေသပစ္စယသမာယောဂေ သတိ ဖလံ ဥပ္ပါဒေတိ နိရုဒ္ဓါပိ ပုရိမ-သိပ္ပါဒိကိရိယာ ဝိယ ကာလန္တရေ ပစ္ဆိမသိပ္ပါဒိကိရိယာယ။ တသ္မာ နာနာက္ခဏိကကမ္မပစ္စယောတိ ဝုစ္စတိ။
(အဘိ၊ဋ္ဌ၊၃၊၃၇၄။ ပဋ္ဌာနအဋ္ဌကထာ။)

## အကြောင်းပြချက် ...

ကုသိုလ်ကံ အကုသိုလ်ကံသည် မိမိ၏ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ဖြစ်ပေါ်နေဆဲခဏ၌ အကျိုးဝိပါက်ကို ပေးနိုင်သည့် ဖြစ်စေနိုင်သည့် စွမ်းအားကား မရှိသေးပေ။ ကုသိုလ်ကံ အကုသိုလ်ကံသည် မိမိ၏ ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ဖြစ်ပေါ်နေဆဲခဏ၌ အကယ်၍ အကျိုးပေးငြားအံ့။ လူသားတစ်ဦးသည် နတ်ပြည်သို့ ကပ်ရောက်ကြောင်းဖြစ်သော အကြင်ကုသိုလ်ကံကို ပြုစုပျိုးထောင်၏၊ ထိုကုသိုလ်ကံ၏ အာနုဘော်ကြောင့် ထိုကံကို ပြုစုပျိုးထောင်ဆဲခဏ၌ပင် နတ်သားသည် ဖြစ်လေရာ၏၊ သို့သော် ဖြစ်ကား မဖြစ်ခဲ့ပေ။ အလျော်အားဖြင့် ဆိုရမူ . . . အကြင်ခဏ၌ ထိုကံကို ပြုစုပျိုးထောင်ပြီး ဖြစ်၏။ ထိုကံကို ပြုစုပျိုးထောင်ဆဲခဏမှ အခြားတစ်ပါးသော ခဏ၌ ယင်းကံသည် ဥပါဒ်-ဌီ-ဘင် အနေအားဖြင့် ထင်ရှားမရှိပါသော်လည်း သက်သက် ကံကို ပြုအပ်ပြီးသည်၏ အဖြစ်ကြောင့်သာလျှင် —

၁။ ထိုကံသည် ဒိဋ္ဌဓမ္မဝေဒနီယကံ ဖြစ်အံ့ — မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စုပ္ပန်ဘဝ၌သော်လည်းကောင်း,

၂။ ထိုကံသည် ဥပပဇ္ဇဝေဒနီယကံ ဖြစ်အံ့ — ကပ်၍ဖြစ်ရာ ဒုတိယဘဝ၌သော်လည်းကောင်း, (ပထမအနာဂတ်ဘဝဟု ဆိုလိုသည်)

၃။ ထိုကံသည် အပရာပရိယဝေဒနီယကံ ဖြစ်အံ့ — ဒိဋ္ဌဓမ္မဘဝ ဥပပဇ္ဇဘဝမှ အခြားသော တတိယဘဝမှ စ၍ အဆက်ဆက် ရောက်ထိုက်သောဘဝ၌သော်လည်းကောင်း, ကုသိုလ်ကံ ဖြစ်အံ့ — **ဂတိသမ္ပတ္တိ ဥပဓိသမ္ပတ္တိ ကာလသမ္ပတ္တိ ပယောဂသမ္ပတ္တိ,** အကုသိုလ်ကံ ဖြစ်အံ့ — **ဂတိဝိပတ္တိ, ဥပဓိဝိပတ္တိ, ကာလဝိပတ္တိ, ပယောဂဝိပတ္တိ**-တည်းဟူသော ကြွင်းသော အကြောင်းတရားတို့နှင့် ပေါင်းဆုံခြင်းသည် ထင်ရှားရှိလတ်သော် အကျိုးဝိပါက်ကို ဖြစ်စေနိုင်၏။[၈]

အဘယ်ကဲ့သို့နည်းဟူမူ — ရှေးရှေး သင်ယူအပ်သော အတတ်သင်ယူမှုသည် နောက်နောက် အတတ်သင်ယူမှုအား အခြေခံ အကြောင်းအထောက်အပံ့အဖြစ်ဖြင့် ကျေးဇူးပြုရာ၌ ကာလချင်း မတူဘဲ ကာလတစ်ပါးသို့ ဆိုက်ရောက်မှ ကာလတစ်ပါး၌ ကျေးဇူးပြုသကဲ့သို့ ကံဟူသော စေတနာသည်လည်း ကံကို ပြုစုပျိုးထောင်ရာခဏ၌ အကျိုးတရားကို ဖြစ်ပေါ်လာအောင် ကျေးဇူးမပြုဘဲ နောက်နောက်ခဏသို့ ရောက်ရှိပါမှသာလျှင် ကျေးဇူးပြု၏။ ထိုကြောင့် နာနာက္ခဏိက = အကျိုးပေးရာခဏမှ အသီးအသီးဖြစ်သော (ကွဲပြားသော) ခဏ၌ ဖြစ်သော စေတနာဟု ခေါ်ဆိုရသည်။ ဤကား ပဋ္ဌာန်းအဋ္ဌကထာ၏ အဆုံးအဖြတ်တည်း။

## ရှေးရှေးအတတ်ပညာနှင့် နောက်နောက်အတတ်ပညာ

ခေတ်တွင် ထင်ရှားသော ဥပမာတစ်ခုကား ကွန်ပျူတာအတတ်ပညာတည်း။ ရှေးရှေး ကွန်ပျူတာအတတ်ပညာက နောက်နောက်သော ကွန်ပျူတာအတတ်ပညာအား ရှေးနှင့်နောက် ဆက်စပ်-

---

[၈] အဘိ၊ဋ္ဌ၊၂၊၄၂၁။ - ကြည့်ပါ။

လျက် ရှေးရှေး အတွေ့အကြုံက နောက်နောက် အတွေ့အကြုံအား အဆင့်မြင့်သထက် မြင့်အောင် ကျေးဇူးပြုပေးသကဲ့သို့ မှတ်ပါ။ ဤဥပမာ၌ ရှေးရှေး အတတ်ပညာနှင့် နောက်နောက် အတတ်ပညာ, ရှေးရှေး ကျွမ်းကျင်မှုနှင့် နောက်နောက် ကျွမ်းကျင်မှုတို့မှာ ကာလချင်း မတူဘဲ ကွဲပြားလျက် ရှိကြ၏။ ကာလကွဲပြားနေသော ရှေးရှေး အတတ်ပညာက ကာလကွဲပြားနေသော နောက်နောက် အတတ်-ပညာအား ကျေးဇူးပြုပေးသကဲ့သို့ အလားတူပင် ရှေးအတိတ်က ထူထောင်ခဲ့သော ကံက ကာလ တစ်ပါးသို့ ရောက်ရှိပါမှ အကျိုးကို ဖြစ်စေနိုင်သော စွမ်းအင်များ ကိန်းဝပ်လာနိုင်ပေသည်။ စပါး-မျိုးစေ့တို့မည်သည် စိုက်လျှင် စိုက်ချင်း ကြဲချလိုက်လျှင် ကြဲချလိုက်ချင်း ချက်ချင်း အသီးကို မဖြစ်-စေနိုင်၊ ရင့်ကျက်ဖို့ရန် အချိန်အနည်းငယ် စောင့်ဆိုင်းရ၏။ နွားနို့တို့မည်သည် ညှစ်လျှင် ညှစ်ချင်း ချက်ချင်း ထောပတ် မဖြစ်နိုင်၊ အချိန်အနည်းငယ်ကား စောင့်ဆိုင်းရသေး၏။ အလားတူပင် ကံတို့ မည်သည် ထူထောင်လျှင် ထူထောင်ချင်း ချက်ချင်း အကျိုးကို မဖြစ်စေနိုင်၊ ယင်းကံ၏ ရင့်ကျက်လာ-ဖို့ရန် အချိန်ကာလကိုကား စောင့်ဆိုင်းရသေး၏။ ကာလတစ်ပါးသို့ ရောက်ရှိပါမှသာလျှင် အကျိုး-တရားကို ဖြစ်စေနိုင်သော စွမ်းအင် တည်ရှိလာပေသည်။ ပစ္စုပ္ပန်ဘဝမှာပင် လက်ငင်းဒိဋ္ဌ အကျိုး-ပေးတတ်သည့် ဒိဋ္ဌဓမ္မဝေဒနီယကံသည်ပင် အချိန်အနည်းငယ်ကား စောင့်ဆိုင်းရသေး၏။ အကြောင်း = ကံနှင့် အကျိုး = ဝိပါက်တို့မှာ စိတ္တက္ခဏပေါင်း များစွာ ကွာခြားလျက် ရှိကြ၏။ ထိုအခါကျမှသာလျှင် ယင်းကံမှာ အကျိုးတရားကို ဖြစ်စေဖို့ရန် ရင့်ကျက်လာနိုင်ပေသည်။

အဘိသင်္ခါရဝိညာဏ်ဟု ခေါ်ဆိုအပ်သော စိတ်ဓာတ်က သတ္တလောကဟု ခေါ်ဆိုအပ်သည့် သတ္တဝါအပေါင်းကို ထိုထိုဘုံဘဝသို့ ရောက်အောင်လည်း ဆွဲဆောင်သွားနိုင်သည့် စွမ်းအား ရှိ၏။ ထိုထိုဘုံဘဝမှ မလွတ်အောင်လည်း ဆွဲငင်ထားနိုင်သည့် စွမ်းအား ရှိ၏။ ယင်းစွမ်းအင်ကို ပိုမို နက်ရှိုင်းစွာ နားလည်သဘောပေါက်စေရန်အတွက် ကံအကြောင်းကို ရှေးဦးစွာ ရှင်းလင်းတင်ပြ-နေရခြင်း ဖြစ်ပါသည်။

## လေးမျိုး လေးလီသော ကံများ (ကမ္မစတုက္က)

### အကျိုးပေးရာ အချိန်ကာလနှင့် စပ်၍ ကံ (၄) မျိုး

၁။ **ဒိဋ္ဌဓမ္မဝေဒနီယကံ** = မျက်မှောက်သော ကိုယ်၏အဖြစ်၌ အကျိုးပေးသောကံ,

၂။ **ဥပပဇ္ဇဝေဒနီယကံ** = ရှေးဦးစွာ ကပ်ရောက်ထိုက်သော ပထမအနာဂတ်ဘဝ၌ အကျိုးပေး-သောကံ,

၃။ **အပရာပရိယဝေဒနီယကံ** = ဒုတိယအနာဂတ်ဘဝမှ စ၍ အနာဂတ်ဘဝအဆက်ဆက်တို့၌ အကျိုးပေးသောကံ,

၄။ **အဟောသိကံ =** ကံဖြစ်ပြီးသော်လည်း အကျိုးမပေးတော့သောကံ,

ဤသို့လျှင် အကျိုးပေးရာ အချိန်ကာလ၏ အစွမ်းဖြင့် ကံလေးမျိုး ရှိပေသည်။

**၁။ ဒိဋ္ဌဓမ္မဝေဒနီယကံ** = မျက်မှောက်သော ကိုယ်၏ အဖြစ်၌ ခံစားအပ်သော အကျိုးရှိသော ကာမာဝစရကံ — ကာမဇောဝီထိစိတ်အစဉ်တစ်ခုဝယ် ဇောခုနစ်ကြိမ်တို့အနက် ကာမာဝစရ ကုသိုလ်ဇောပင်ဖြစ်စေ, အကုသိုလ်ဇောပင်ဖြစ်စေ ပထမဇောစေတနာသည် **ဒိဋ္ဌဓမ္မဝေဒနီယကံ** မည်၏။ ထိုကံသည် ဤမျက်မှောက်သော ခန္ဓာကိုယ်အတ္တဘော၌ပင်လျှင် အကျိုးပေး၏။ ထိုသို့ ပစ္စုပ္ပန်အတ္တဘော၌ အကျိုးပေးဖို့ရန် မစွမ်းနိုင်သော်ကား ယင်းကံသည် ဖြစ်ပြီးသာဖြစ်၍ ကံ၏ အကျိုးတရားမူကား ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ မဟုတ်သဖြင့် **အဟောသိကံ** ဖြစ်သွားပေသည်။[၉]

ဤ **ဒိဋ္ဌဓမ္မဝေဒနီယ ကာမာဝစရကံ**သည် ဆန့်ကျင်ဘက်ကံတို့၏ အလွှမ်းမိုး အဖိစီးမခံရမှ သာလျှင် အကျိုးပေးတတ်၏။ အကယ်၍ ဆန့်ကျင်ဘက်ကံတို့က လွှမ်းမိုးဖိစီးထားလျှင်လည်း အကျိုး မပေးနိုင်။ တစ်ဖန် ထူးကဲသော အကြောင်းတရားဖြင့် လွန်လွန်ကဲကဲ ရရှိသော အထောက်အပံ့- ကောင်းကို ရရှိပါမှသာလျှင်လည်း အကျိုးပေးတတ်ပြန်၏။ ဥပမာ — သူဌေး မောင်ပုဏ္ဏ, သူဌေး ကာကဝလိယ, သုမနပန်းသည် စသည်တို့ ပြုစုပျိုးထောင်သည့် ကုသိုလ်ကံမျိုး ဖြစ်သည်။ ထိုကံမှာ ထူးကဲသော အကြောင်းအထောက်အပံ့ကောင်းများ ရှိခဲ့၏။

၁။ **ခမ္မိကတာ** = လှူဖွယ်ဝတ္ထု ပစ္စည်းစု၏ တရားသောနည်းလမ်းဖြင့် ရှာဖွေရရှိအပ်သည့် လှူဖွယ် ဝတ္ထု ပစ္စည်းစု ဖြစ်ခြင်း,

၂။ **စေတနာမဟတ္တံ** = ရတနာသုံးတန် ကံ-ကံ၏အကျိုးတရားတို့အပေါ်၌ အလွန်သက်ဝင် ယုံကြည်သော သဒ္ဓါတရား၏ အထောက်အပံ့ကို ရရှိနေသော ပေးလှူကြောင်းဖြစ်သော စိတ်စေတနာ၏ မလှူမီ, လှူဆဲ, လှူပြီး ကာလသုံးမျိုးတို့၌ အလွန်အားကောင်းခြင်း,

၃။ **ဝတ္ထုသမ္ပတ္တိ** = အလှူခံပုဂ္ဂိုလ်၏ အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်ဖြစ်ခြင်း သို့မဟုတ် အနာဂါမ် အရိယာသူတော်ကောင်း ဖြစ်ခြင်းတည်းဟူသော ဝတ္ထု၏ ပြည့်စုံခြင်း,

၄။ **ဂုဏာတိရေကတာ** = ယင်းအာသဝေါကင်းကွာတော်မူသော အလှူခံ ရဟန္တာအရှင်မြတ်၏ သို့မဟုတ် အနာဂါမ်သူတော်ကောင်း၏ နိရောဓသမာပတ်မှ ထတော်မူစ ဖြစ်ခြင်းတည်းဟူ- သော လွန်ကဲသောဂုဏ် ရှိခြင်း,

ဤကဲ့သို့သော ထူးကဲသော အကြောင်းတရားတို့ဖြင့် ရရှိအပ်သော လွန်ကဲသော အထောက်- အပံ့ကောင်းကို ရရှိပါမှသာလျှင် ယင်းဒိဋ္ဌဓမ္မဝေဒနီယကံသည် အကျိုးပေးနိုင်ပြန်၏။ တစ်ဖန် —

၁။ **ဥပဓိသမ္ပတ္တိ** = ဥပဓိရုပ်၏ ပြည့်စုံခြင်း မချို့တဲ့ခြင်း,

၂။ **ပယောဂသမ္ပတ္တိ** = ဒါန သီလ စသည့် ကောင်းမှုကုသိုလ်တို့ကို ကြိုးစားအားထုတ်မှု လုံ့လ ပယောဂ၏ ပြည့်စုံခြင်း,

၃။ **ကာလသမ္ပတ္တိ** = မင်းကောင်း မင်းမြတ်တို့ စိုးအုပ်ရာ သူတော်ကောင်း သူမြတ်လောင်းတို့ ပွင့်ထွန်းပေါ်ပေါက်ရာ အခါကောင်း ခေတ်ကောင်းနှင့် ကြုံခြင်း,

---

[၉] ဝိသုဒ္ဓိ၊ ၂၊ ၂၃၆။

၄။ **ဂတိသမ္ပတ္တိ** = လူ့ရွာ နတ်ရွာတည်းဟူသော ဂတိကောင်းနှင့် ပြည့်စုံခြင်း —

ဤကဲ့သို့သော သမ္ပတ္တိစက်ကောင်းကို အမှီရပါမှ ကုသိုလ်ကံတို့က အကျိုးပေးခွင့်သာ၏။ ဆန့်ကျင်ဘက် ဝိပတ္တိစက်လေးမျိုးတို့၏ အထောက်အပံ့ကောင်းကို ရရှိပြန်ပါက ကုသိုလ်ကံတို့က အကျိုးပေးခွင့် မသာဘဲ အကုသိုလ်ကံတို့ကသာ အကျိုးပေးခွင့် သာသွားတတ်ကြပြန်၏။

ယင်းကဲ့သို့ ဆန့်ကျင်ဘက် အကြောင်းတရားတို့၏ လွှမ်းမိုးဖိစီးမှုကို မခံရသဖြင့် ထူးကဲသော အကြောင်းတရားတို့၏ အထောက်အပံ့ကောင်းကို ရရှိထားသည့်အတွက် အားကောင်းခြင်းသို့ ရောက်ရှိလာသော **ဒိဋ္ဌဓမ္မဝေဒနီယကံ**သည် ရှေးရှေးဘဝက အလားတူပင် ပြုစုပျိုးထောင်ခဲ့ဖူးသော ကုသိုလ်အဘိသင်္ခါရကံတရား၏ အထောက်အပံ့ကောင်းကို ရရှိသောအခါ အလွန်အကဲ အား- ကောင်းခြင်းသို့ ရောက်ရှိလာ၏။ ယင်းကဲ့သို့သော အထောက်အပံ့ကောင်းကို ရရှိနေသည့် ပထမ- ဇောစေတနာတည်းဟူသော ဒိဋ္ဌဓမ္မဝေဒနီယကံကသာလျှင် မျက်မှောက်သော ကိုယ်၏အဖြစ်၌ အကျိုးပေးတတ်ပေသည်။[၁၀]

## ပုဏ္ဏသီဟသူဌေး

ဂေါတမဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူရာ အချိန်ကာလဝယ် ရာဇဂြိုဟ်ပြည်၌ သုမန သူဌေးကြီးကို မှီခို၍ နေထိုင်ရသည့် "ပုဏ္ဏသီဟ" အမည်ရှိသည့် အလုပ်သမားတစ်ဦး ရှိလေသည်။ ဥတ္တရာအမည်ရှိသည့် ဇနီးသည်တစ်ဦးလည်း ရှိ၏။ မိခင်နှင့် နာမည်ချင်း တူညီသည့် ဥတ္တရာအမည် ရှိသည့် သမီးတစ်ဦးလည်း ရှိပေသည်။ တစ်နေ့တွင် မောင်ပုဏ္ဏသည် နက္ခတ်ပွဲသဘင်သို့ မသွား- ရောက်ဘဲ လယ်တောသို့ ဆင်းကာ လယ်ထွန်လျက် ရှိ၏။

ထိုနေ့တွင် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် နိရောဓသမာပတ်ကို ဝင်စားတော်မူပြီး- နောက် နိရောဓသမာပတ်မှ ထတော်မူကာ ထိုနေ့တွင် မိမိ ချီးမြှောက်သင့်သည့် ပုဂ္ဂိုလ်ကို ဆင်ခြင် ကြည့်တော်မူလတ်သောအခါ ပုဏ္ဏ သူဆင်းရဲသည် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ ဉာဏ်ကွန်ရက်တွင် ထင်၍ လာပေသည်။ ဆက်လက်၍ ဆင်ခြင်ကြည့်ရှုတော်မူလိုက်သောအခါ မောင်ပုဏ္ဏ၏ သန္တာန်ဝယ် သူဌေးဖြစ်ထိုက်သည့် ရှေးကောင်းမှု ကုသိုလ်ကံ၏ အားကြီးသော အထောက်အပံ့ကောင်းကိုလည်း တွေ့မြင်တော်မူလေသည်။ သို့အတွက် ဆွမ်းခံချိန်၌ သပိတ် သင်္ကန်းကို ယူဆောင်တော်မူကာ မောင်ပုဏ္ဏ လယ်ထွန်ရာအရပ်သို့ ကြွရောက်တော်မူလေသည်။

---

[၁၀] မဟာဋီ၊ ၂၊၃၇၆။

အပရာပိ ဣမဿိံ ဌာနေ စတသော **ဒက္ခိဏာဝိသုဒ္ဓိယော** ဂဟိတာ — ပစ္စယာနံ ဓမ္မိကတာ စေတနာမဟတ္တံ ဝတ္ထုသမ္ပတ္တိ ဂုဏာတိရေကတာတိ။ တတ္ထ ဓမ္မေန သမေန ဥပ္ပန္နာ ပစ္စယာ **'ဓမ္မိကာ'** နာမ။ သဒ္ဒဟိတွာ ဩကပ္ပေတွာ ဒဒတော ပန **'စေတနာမဟတ္တံ'** နာမ ဟောတိ။ ခီဏာသဝဘာဝေါ **'ဝတ္ထုသမ္ပတ္တိ'** နာမ။ ခီဏာသဝဿေဝ နိရောဓာ ဝုဋ္ဌိတဘာဝေါ **'ဂုဏာတိရေကတာ'** နာမ။ ဣမာနိ စတ္တာရိ သမောဓာနေတွာ ဒါတုံ သက္ကောန္တဿ ကာမာဝစရံ ကုသလံ ဣမသ္မိံယေဝ အတ္တဘာဝေ ဝိပါကံ ဒေတိ။ ပုဏ္ဏကသေဋ္ဌိကာကဝလိယသုမနမာလာကာရာဒီနံ ဝိယ။

(အဘိ၊ဋ္ဌ၊၁၊၂၀၆။)

မောင်ပုဏ္ဏကလည်း တံပူနှင့် မျက်နှာသစ်တော်ရေများကို ဝမ်းမြောက်ဝမ်းသာဖြင့် ဆက်ကပ်လှူဒါန်း ပူဇော်လေသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည်လည်း မျက်နှာတော်ကို သစ်တော်မူပြီးသောအခါ ဆွမ်းခံခရီးသို့ ကြွတော်မူလေသည်။ မောင်ပုဏ္ဏကလည်း အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး- သည် သူ့ကို ချီးမြှောက်တော်မူလိုသည့်အတွက် မလာစဖူး လယ်တောသို့ ကြွလာတော်မူသည်ဟု ခန့်မှန်းမိသဖြင့် သူ့အတွက် အိမ်ရှင်မက ထမင်းလာပို့သောအခါ လမ်းခုလတ် တစ်နေရာတွင် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးနှင့် ဆုံစည်းမိကာ သူ့အတွက် ယူဆောင်လာသည့် စားဖွယ် သောက်ဖွယ်တို့ကို မထေရ်မြတ်ကြီးအား လှူဒါန်းပူဇော်မည်ဆိုလျှင် ကောင်းလေစွဟု စိတ်အကြံ- အစည် ဖြစ်ပေါ်နေပေသည်။

အိမ်ရှင်မ,ဖြစ်သူ ဥတ္တရာကလည်း မောင်ပုဏ္ဏအတွက် ထမင်းဟင်းများကို သယ်ဆောင်ကာ လယ်တောသို့အလာ လမ်းခုလတ် တစ်နေရာတွင် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးနှင့် တွေ့ဆုံမိလေရာ ဝမ်းမြောက်ဝမ်းသာဖြင့် ဆွမ်းအားလုံးကို အရှင်သာရိပုတ္တရာ၏ သပိတ်တော် အတွင်းသို့ လောင်းလှူပူဇော်လေသည်။ လှူဒါန်းပြီးသောအခါ၌လည်း "ဤသို့သဘောရှိသည့် ဆင်းဆင်းရဲရဲ အသက်ရှင်ရခြင်းမှ လွတ်မြောက်ရပါလို၏ဘုရား"ဟု ဆုတောင်းစကား လျှောက်ထား လိုက်လေသည်။ မထေရ်မြတ်ကြီးကလည်း "သင်၏ အလိုဆန္ဒ ပြည့်ဝပါစေ"ဟု ထိုအမျိုးသမီးအား ဝမ်းမြောက်ဖွယ် အနုမောဒနာစကားကို မိန့်ကြားတော်မူ၍ ထိုအရပ်မှပင် ကျောင်းတော်သို့ ပြန်ကြွတော်မူလေသည်။

ဥတ္တရာအမျိုးသမီးကလည်း တစ်ဖန် မိမိအိမ်သို့ ပြန်ကာ မောင်ပုဏ္ဏအတွက် ထမင်းဟင်းများကို ချက်ကာ လယ်တောသို့ ပြန်လာပြီးနောက် မောင်ပုဏ္ဏအား ထမင်းအစာကို ကျွေးမွေးလေသည်။ မောင်ပုဏ္ဏကလည်း သူ့အတွက် သယ်ဆောင်လာသည့် ထမင်းဟင်းများကို အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးအား ဆက်ကပ်လှူဒါန်း ပူဇော်လိုက်ကြောင်း သတင်းကောင်းကို ကြားသိရသည့်အခါ အလွန်ဝမ်းမြောက်ကြည်နူးနေသည့် ပီတိပန်းတို့ဖြင့် တစ်ကိုယ်လုံး ပြည့်လျှမ်းလျက် ရှိနေပေသည်။

ဤကဲ့သို့သော အင်္ဂါရပ်တွေနှင့် ပြည့်စုံညီညွတ်နေသည့်အတွက်ကြောင့်လည်းကောင်း, ရှေးရှေး အတိတ်ဘဝများက သူဌေးဖြစ်ထိုက်သည့် ကောင်းမှုကုသိုလ်ကံတို့ကလည်း အားကြီးသောမှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနေသည့်အတွက်ကြောင့်လည်းကောင်း အရှင်သာရိပုတ္တရာ အား ဆွမ်းတစ်နပ်စာ ဆက်ကပ်လှူဒါန်း ပူဇော်ရသည့် ပထမဇောကုသိုလ်စေတနာကံတို့က ဒိဋ္ဌဓမ္မ မျက်မှောက်သော ကိုယ်၏အဖြစ်မှာပင် သူဌေးဖြစ်ဖို့ရန် အကျိုးပေးလေတော့သည်။ မိမိ လယ်ထွန်- ရာ လယ်ခင်းအတွင်းရှိ ထွန်စာခဲများသည် ရွှေတုံး ရွှေခဲများ ဖြစ်သွားကြလေသည်။ ဗိမ္ဗိသာရမင်းကြီး- ကလည်း ဓနသေဋ္ဌိအမည်ရှိသည့် သူဌေးဘွဲ့ထူးကို ချီးမြှင့်ပေးသနားတော်မူသည်။ သူဌေးဘွဲ့ရ မင်္ဂလာပွဲသဘင် ဆင်ယင်ကျင်းပလတ်သော် (၇)ရက်ပတ်လုံး မြတ်စွာဘုရားအမှူးရှိသော ရဟန်း သံဃာတော်အား ကြီးစွာသော အလှူဒါနကို ပေးလှူလေသည်။ (၇)ရက်မြောက်သောနေ့၌ ဘုရားရှင်

ထံတော်မှ ဒါနအနုမောဒနာတရားအဆုံးတွင် သစ္စာလေးပါးနှင့် စပ်သည့် တရားစကားတော်များကို နာကြားခွင့် ရရှိကြသည့်အတွက် မောင်ပုဏ္ဏနှင့်တကွ ဇနီးဥတ္တရာ, သမီးဥတ္တရာ, အားလုံးပေါင်း သားအမိ သားအဖ (၃)ယောက်စလုံး သောတာပတ္တိဖိုလ်၌ တည်ကြလေကုန်သည်။[၁၁]

## ကာကဝလိယသူဌေး

အရှင်မဟာကဿပကိုယ်တော်မြတ်ကြီးသည် (၇)ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားတော်မူခဲ့၏။ (၇)ရက်မြောက်သောနေ့၌ နိရောဓသမာပတ်မှ ထတော်မူကာ ဆင်းရဲနွမ်းပါးသောသူကို ချီးမြှောက်တော်မူလိုသည့်အတွက် အလွန်ဆင်းရဲနွမ်းပါးသည့် ကာကဝလိယ၏ အိမ်တံခါးဝ၌ ဆွမ်းရပ်တော်မူ၏။ ထို ကာကဝလိယ၏ အိမ်ရှင်မ ဖြစ်သူသည် အရှင်မဟာကဿပမထေရ်မြတ်ကြီးကို ဆွမ်းရပ်တော်မူနေသည်ကို တွေ့မြင်ရသည့်အခါ အိမ်ရှင်ယောကျ်ားအတွက် အသင့်ချက်ပြုတ်ထားသော ဆားမပါသည့် ယာဂုကို မထေရ်မြတ်၏ သပိတ်တော်၌ လောင်းလှူပူဇော်လိုက်လေသည်။ မထေရ်မြတ်ကြီးသည်လည်း ထိုယာဂုဆွမ်းကို ကျောင်းတော်သို့ ယူဆောင်သွားတော်မူကာ ဘုရားရှင်၏ လက်တော်၌ တည်ထားကာ ပူဇော်ဆက်ကပ်လေသည်။ ဘုရားရှင်သည် ကျောင်းရှိ ရဟန်းသံဃာတော်အားလုံး လောက်ငအောင် အဓိဋ္ဌာန်ပြုတော်မူ၏။ အရှင်မဟာကဿပမထေရ်မြတ်၏ တစ်လုံး-တည်းသော သပိတ်တော်ဖြင့် ဆောင်ယူလာသော ယာဂုဆွမ်းသည် ဘုရားရှင်နှင့် တကွ သံဃာတော်အားလုံး လောက်ငသွားပေသည်။ ကာကဝလိယသည်လည်း ဤကောင်းမှုကုသိုလ်ကံ၏ ပဌမဇော-စေတနာစွမ်းအားကြောင့် (၇)ရက်မြောက်သောနေ့၌ သူဌေးရာထူးကို ရရှိခဲ့ပေသည်။[၁၂]

## သုမနမာလာကာရပန်းသည်

သုမနပန်းသည်ကား — နေ့စဉ် နေ့စဉ် ဗိမ္ဗိသာရမင်းကြီးအား ပန်းခြင်း (၈)ခြင်းတို့ကို ဆက်သရ၏။ ဗိမ္ဗိသာရမင်းကြီးထံမှ နေ့စဉ် နေ့စဉ် အသပြာ (၈)ကျပ်တို့ကို ရရှိပေသည်။ တစ်နေ့တွင် ပန်းတို့ကို သယ်ဆောင်ကာ မြို့တွင်းသို့အဝင် ဘုရားရှင်၏ တင့်တယ်စံပယ်တော်မူသော လွန်မြတ်-သော အသရေတော်ကို ဖူးမြော်ခွင့် ရရှိခဲ့၏။ ထိုနေ့တွင် ဘုရားရှင်သည် ရဟန်းသံဃာတော်အပေါင်း ခြံရံတော်မူလျက် ရောင်ခြည်တော် ခြောက်သွယ်တို့ကို ကွန့်မြူးစံပယ်ကာ ကြီးမြတ်တော်မူသော ဘုရားရှင်၏ တန်ခိုးရှိန်စော် အာနုဘော်ဖြင့်လည်းကောင်း, ဘုရားရှင်တို့၏ တင့်တယ်စံပယ်တော်မူခြင်း အသရေတော်ဖြင့်လည်းကောင်း မြို့တွင်းသို့ ဆွမ်းခံရန်အလို့ငှာ ကြွဝင်တော်မူလာ၏။ ဘုရားရှင်သည် တစ်ခါတစ်ရံ ရောင်ခြည်တော် ခြောက်သွယ်တို့ကို သင်္ကန်းတော်ဖြင့် ဖုံးအုပ်တော်မူကာ မထင်ရှားသော ဆွမ်းခံကိုယ်တော်တစ်ပါးအသွင်အဖြစ် ကြွဝင်တော်မူတတ်၏။ သို့သော် တစ်ခါတစ်ရံတွင်မူကား ယခုကဲ့သို့ ရောင်ခြည်တော် ခြောက်သွယ်တို့ကို လွှတ်တော်မူကာ တင့်တယ်စံပယ်တော်မူသော ဘုရားရှင်တို့၏ လွန်မြတ်သော အသရေတော်ဖြင့် ကြွဝင်တော်မူလေသည်။ သုမနပန်းသည်ကား ဘုရားရှင်၏ အဖိုးမဖြတ်နိုင်သော ရတနာအတုံးအခဲကြီးနှင့် တူညီနေသည့် ခန္ဓာကိုယ်အတ္တဘောကို ဖူးမြင်ရသည့်အခါ ဘုရားရှင်အား မိမိ သယ်ဆောင်ယူလာသည့် ပန်းတို့ဖြင့် ပူဇော်ရန်

[၁၁] အံ၊ဋ္ဌ၊၁၊၃၄၂-၃၄၅။
[၁၂] ဝိသုဒ္ဓိ၊၂၃၃။

စဉ်းစားဆင်ခြင်မိလေသည်။ သို့သော် ဗိမ္ဗိသာရမင်းအား အမြဲဆက်သနေရသည့် ပန်းများဖြစ်ကြသဖြင့် မင်းပြစ်မင်းဒဏ် ခံရမည်ကိုလည်း တစ်ဖက်က စိုးရိမ်နေမိသည်။ နောက်ဆုံးတွင် မင်းပြစ်မင်းဒဏ် သင့်ခဲ့လျှင်လည်း ထိုအပြစ်ကို ခံယူမည်ဟု ဆုံးဖြတ်ချက်ချပြီးနောက် မိမိ၏ အသက်ကို ဘုရားရှင်အား စွန့်လွှတ်လှူဒါန်းကာ ပန်းတို့ကို ဘုရားရှင်အား လှူဒါန်းပူဇော်လေသည်။ ဤအလှူဒါနသည် သူ့အတွက် ကမ္ဘာကုဋေပေါင်း များစွာတို့ကာလပတ်လုံး လူ နတ် နိဗ္ဗာန် သုံးတန်သော အကျိုးစီးပွားအလို့ငှာ ချမ်းသာအလို့ငှာ ဖြစ်ပေလိမ့်မည်ဟူသော ကံ-ကံ၏အကျိုးတရားကို သက်ဝင်ယုံကြည်နေသည့် ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ကလည်း ထိုအချိန်အခါတွင် သူ့သန္တာန်၌ ထင်ရှားတည်ရှိနေပေသည်။ ဤပန်းများကို ဘုရားရှင်အား သူ၏ လှူဒါန်းပူဇော်ပုံကို အဋ္ဌကထာက ဤကဲ့သို့ ရှင်းလင်းတင်ပြထားပေသည်။

သုမနပန်းသည်သည် “သူ၏ စိတ်ဓာတ်သည် နောက်သို့တစ်ဖန် တွန့်ဆုတ်မသွားမီမှာပဲ လှူဒါန်းပူဇော်ရန် ဆုံးဖြတ်ချက်ချကာ” ဝမ်းမြောက်ဝမ်းသာ တက်ကြွနေသော စိတ်ဓာတ်ဖြင့် ရှေးဦးစွာ ပန်းနှစ်ဆုပ်တို့ကို ဘုရားရှင်၏ ဦးထိပ်တော်ထက်၌ ပစ်လွှတ်ကာ လှူဒါန်းပူဇော်လေသည်။ ထိုပန်းနှစ်ဆုပ်တို့ကား ဘုရားရှင်၏ ဦးထိပ်တော်ထက်၌ မျက်နှာကျက်ကဲ့သို့ တည်ရှိနေကြလေသည်။ အခြားပန်းနှစ်ဆုပ်တို့ကို ထပ်မံကာ ပစ်လှူပြီးတော့ ပူဇော်ပြန်လေသည်။ ထိုပန်းနှစ်ဆုပ်တို့ကား ဘုရားရှင်၏ လက်ျာတော်နံပါး၌ သက်ဆင်းကာ ပန်းများဖြင့် ဖုံးလွှမ်းထားသကဲ့သို့ တည်ရှိနေကြလေ-သည်။ တစ်ဖန် အခြားပန်းနှစ်ဆုပ်တို့ကို ပစ်လွှတ်ကာ ပူဇော်ပြန်လေသည်။ ထိုပန်းနှစ်ဆုပ်တို့ကား ဘုရားရှင်၏ နောက်ကျောဘက်၌ သက်ဆင်းကာ ပန်းများဖြင့် ဖုံးလွှမ်းထားသကဲ့သို့ တည်ရှိနေကြလေသည်။

ဘုရားရှင်သည် ငွေပြားဖြင့် ခြံရံထားသကဲ့သို့ ဖြစ်တော်မူကာ ဆွမ်းခံကြွသွားတော်မူလေသည်။ ပန်းတို့ကား စိတ်မရှိကြသည့် အရာဝတ္ထုတို့ဖြစ်ကြသော်လည်း စိတ်ရှိကြသည့် အရာဝတ္ထုတို့ကဲ့သို့ ပြိုကွဲပျက်စီးမှု ပြန့်ကျဲမှုမရှိဘဲ ဘုရားရှင် ကြွတော်မူရာအရပ်သို့ တစ်ပါတည်း လိုက်ပါကာ ဘုရားရှင် ရပ်တည်တော်မူလျှင် ပန်းတွေကလည်း ရပ်တည်နေကြ၏။ ဘုရားရှင် ကြွသွားတော်မူလျှင် ပန်းတွေကလည်း တစ်ပါတည်း လိုက်ပါသွားကြ၏။

ဘုရားရှင်၏ ခန္ဓာကိုယ်မှလည်း အထောင်အသောင်းမကသော လျှပ်စစ်လျှပ်ပန်းနွယ်တို့ကဲ့သို့ ရောင်ခြည်တော်များသည် အရှေ့မှလည်းကောင်း, အနောက်မှလည်းကောင်း, တောင်ဘက်မှလည်း-ကောင်း, မြောက်ဘက်မှလည်းကောင်း, ဦးခေါင်းတော်ထက်မှလည်းကောင်း အဆက်မပြတ် တဖျပ်-ဖျပ် တောက်ပလျက် ထွက်ပေါ်လာကြ၏။ ထွက်ပေါ်လာတိုင်းကုန်သော ရောင်ခြည်တော်တို့သည်လည်း ထွက်ပေါ်လာတိုင်း ထွက်ပေါ်လာတိုင်းကုန်သော နေရာတို့၌ ပျောက်ပျက်မသွားကြကုန်ဘဲ အားလုံး တပေါင်းတစ်စုတည်း ဖြစ်ကာ ထန်းလုံးပမာဏခန့် အစုအပုံ ဖြစ်ပြီးလျှင် ဘုရားရှင်ကို သုံးကြိမ်တိုင်တိုင် လက်ျာရစ် လှည့်လည်တော်မူကာ ဘုရားရှင် မျက်နှာတော်မူရာ အရှေ့ဘက်အရပ်သို့သာလျှင် ပြေးသွားကြကုန်၏။

ဤမြင်ကွင်းကို ဖူးမြော်ကြရသည့် မြို့သူမြို့သားတို့ကား ကြည်နူးဝမ်းမြောက်လျက် ရှိကြကုန်၏။ တစ်မြို့လုံးကား ချောက်ချားသွားလေသည်။ ဘုရားရှင်အား ဆွမ်းမလှူလိုသည့်ပုဂ္ဂိုလ်ကား မရှိသလောက် ဖြစ်သွားပေသည်။ သုမနပန်းသည်၏ တစ်ကိုယ်လုံး၌ အမျိုးမျိုးသော နှစ်သက်ဝမ်းမြောက်ခြင်းပီတိတို့ဖြင့် ပြည့်ဖြိုးလျက် ရှိနေပေသည်။ ထိုပန်းတို့သည် ဘုရားရှင် ကျောင်းတော်သို့ ပြန်ကြွတော်မူသောအခါ ဂန္ဓကုဋီကျောင်းတော်၏ အဝင်ဝ တံခါးတွင်ပင် တည်ရှိကျန်ရစ်ကြလေ-သည်။ ထိုသုမနပန်းသည်ကား နောင်တစ်ချိန်တွင် ပစ္စေကဗောဓိဉာဏ်တော်မြတ်ကို ရရှိမည့် ပစ္စေကဗုဒ္ဓဘုရားအလောင်းတော်တစ်ဦးပင် ဖြစ်ပေသည်။

ဗိမ္ဗိသာရမင်းကြီးကလည်း သုမနပန်းသည်၏ အသက်ကို စွန့်လွှတ်ကာ ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်မှုကို ကြည်နူးဝမ်းမြောက်တော်မူလှသဖြင့် — ဆင် ရှစ်စီး, မြင်း ရှစ်စီး, ကျွန်ယောက်ျား ရှစ်ယောက်, ကျွန်မိန်းမ ရှစ်ယောက်, ကြီးကျယ်မြင့်မြတ်သော အဝတ်တန်ဆာ ရှစ်စုံ, ကဟာပဏ ကျပ်ရှစ်ထောင်, ဤအလုံးစုံကို မင်းနန်းတော်မှ ထုတ်ဆောင်ကာ အမျိုးသမီး ရှစ်ဦး, ရွာကြီး ရှစ်ရွာ - အားလုံးပေါင်း သဗ္ဗဋ္ဌက = အားလုံး ရှစ်မျိုးစီရှိသည့် အလှူဒါနကို သုမနပန်းသည်အား ပေးလှူလိုက်လေသည်။[၃၃]

ဤဖော်ပြခဲ့သော ကာကဝလိယဝတ္ထု, သုမနပန်းသည် ဝတ္ထုတို့၌ ဒိဋ္ဌဓမ္မဝေဒနီယကံက ယခုမျက်မှောက်ဘဝမှာပင် အကျိုးပေးသည်ဟု ဆိုရသော်လည်း ထိုဒိဋ္ဌဓမ္မဝေဒနီယကံကို ထိုကဲ့သို့ အကျိုးပေးနိုင်လောက်အောင် အတိတ်က ယခုလို သူဌေးဖြစ်နိုင်လောက်သည့် ပြုစုပျိုးထောင်ခဲ့သော ကုသိုလ်ကံ တစ်ခုခုက အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးပါမှသာလျှင် ယင်းဒိဋ္ဌဓမ္မဝေဒနီယကံက မျက်မှောက်ဘဝမှာ အကျိုးပေးနိုင်သည်ဟု မှတ်သားပါလေ။ ယင်းဒိဋ္ဌဓမ္မဝေဒနီယကံသည် ကံကို ထူထောင်ရာ ဤပစ္စုပ္ပန်ဘဝ၌ ဒိဋ္ဌဓမ္မအကျိုးကို မပေးခဲ့သော် အဟောသိကံအရာ၌ တည်ရှိသွားပေသည်။ ဒိဋ္ဌဓမ္မဝေဒနီယကံအကြောင်းကို ဤတွင် ရပ်နားကာ ဥပပဇ္ဇဝေဒနီယကံအကြောင်းကို ဆက်လက်ပြီး တင်ပြပေအံ့။

၂။ **ဥပပဇ္ဇဝေဒနီယကံ** = ကပ်ရောက်ထိုက်သော အခြားမဲ့သော ကိုယ်၏အဖြစ်၌ (= ပထမ အနာဂတ်ဘဝ၌) ခံစားအပ်သော အကျိုးရှိသော ကံ — ကုသိုလ်ရေးဘက်၌လည်း ဒါန သီလ သမထ ဝိပဿနာစသော ထိုထို ကုသိုလ်ရေးကိစ္စကို ပြီးစီးစေတတ်သော, အကုသိုလ်ရေးဘက်၌-လည်း ထိုထို ပါဏာတိပါတစသော အမှုကို ပြီးစီးစေတတ်သော ကာမဇော (၇)တန်တို့အနက် သတ္တမဇောနှင့် ယှဉ်သော စေတနာသည် ဥပပဇ္ဇဝေဒနီယကံ မည်၏။ ထိုဥပပဇ္ဇဝေဒနီယကံသည် ပစ္စုပ္ပန်အတ္တဘော၏ အခြားမဲ့ဖြစ်သော ပထမအနာဂတ်အတ္တဘော၌ အကျိုးကို ပေးတတ်၏။ ထိုသို့ အကျိုးကို ပေးခြင်းငှာ မစွမ်းနိုင်ခဲ့သော် ယင်းကံသည် အဟောသိကံ မည်၏။[၃၄]

ကာမဇောဝီထိ တစ်ခုအတွင်းရှိ ဇော (၇)တန်တို့အနက် သတ္တမဇောစေတနာကား ရှေးရှေး ဇော (၆)တန်တို့၏ အာသေဝနပစ္စယသတ္တိဖြင့် အားပေးထောက်ပံ့မှု အထောက်အပံ့ကောင်းကို

---

[၃၃] ဓမ္မပဒ။၁၊၃၀၆-၃၀၉။ [၃၄] ဝိသုဒ္ဓိ၊၂၊၂၃၅-၂၃၆။

ရရှိသည့်အတွက် အလွန်အားကောင်းသော ဇောစိတ် ဖြစ်၏။ အကယ်၍ ရှေးရှေးဘဝက ပြုစုပျိုး-ထောင်ခဲ့သော ကံ၏ အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အထောက်အပံ့ကောင်းကိုလည်းကောင်း, ဤဘဝတွင် ရှေးရှေးသော အချိန်ကာလများက ပြုစုပျိုးထောင်ခဲ့သော ကံ၏ အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အထောက်အပံ့ကောင်းကို လည်းကောင်း ရရှိခဲ့သော် ယင်းဥပပဇ္ဇဝေဒနီယကံသည် ပို၍ အရှိန်အဝါသတ္တိ အားကောင်းလာ၏။ သို့အတွက် ယင်းသတ္တမဇောစေတနာက ရှေးဦးစွာ ကပ်ရောက်ထိုက်သော ပထမအနာဂတ်ဘဝတွင် ထိုက်သင့်သည့် အကျိုးတရားကို ဖြစ်စေနိုင်ခြင်း ဖြစ်ပေသည်။[၁၅]

ဒါနစသည့် ကောင်းမှုကုသိုလ် တစ်ခုကို ပြုစုပျိုးထောင်ရာ၌လည်းကောင်း, ပါဏာတိပါတ စသည့် အကုသိုလ်မှု တစ်ခုခုကို ပြုစုပျိုးထောင်ရာ၌လည်းကောင်း ယင်းကဲ့သို့သော သတ္တမဇော-ပေါင်းကား များစွာ ရှိပေသည်။ အလားတူပင် ထိုထိုကောင်းမှု သို့မဟုတ် မကောင်းမှုကို မပြုမီ ပြုဆဲ ပြုပြီးကာလတို့၌လည်း ထိုကဲ့သို့သော သတ္တမဇောပေါင်းကား များစွာပင် ရှိပေသည်။ ယင်း ဇောတို့၏ စွမ်းအင်မှာ ကပ်ရောက်ဆဲ ပထမအနာဂတ်ဘဝမှာပင် ထိုက်သင့်ရာ ကောင်းကျိုး သို့မဟုတ် မကောင်းကျိုးများကို ဖြစ်စေကြမည်သာ ဖြစ်ပေသည်။ ဤအရာတွင် — ဝိပဿနာကုသိုလ် ကံက ဒုတိယဘဝတွင် (= ပထမ အနာဂတ်ဘဝတွင်) အကျိုးပေးပုံ ထုံးတစ်ရပ်ကို အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ် သောတာနုဂတသုတ္တန်တွင် ဘုရားရှင်က ဟောကြားထားတော်မူခဲ့ပေသည်။ ထိုသုတ္တန် ပထမစာပိုဒ်၏ ဆိုလိုရင်းမှာ ဤသို့ ဖြစ်၏ —

ရဟန်းတော်တစ်ပါးသည် ဘုရားရှင်၏ တရားတော်များကို သင်သိ (= အာဂမသုတ) ကျင့်သိ (= အဓိဂမသုတ)တို့ဖြင့် အသိကြီး သိအောင် ကြိုးစားအားထုတ်ထားတော်မူပေ၏။ အထူးသဖြင့် ဒုက္ခသစ္စာအမည်ရသည့် — အတိတ် အနာဂတ် ပစ္စုပ္ပန် အဇ္ဈတ္တ ဗဟိဒ္ဓ သြဠာရိက (= အကြမ်း) သုခုမ (= အနု) ဟီန (= အယုတ်) ပဏီတ (= အမြတ်) ဒူရ (= အဝေး) သန္တိက (= အနီး)ဟူသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေသည့် ဥပါဒါနက္ခန္ဓာငါးပါး = ရုပ်နာမ်တရားတို့ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရောက်သည်အထိ သင်သိ ကျင့်သိဟူသည့် အသိနှစ်မျိုးတို့ဖြင့် အသိကြီး သိထားပြီး ဖြစ်၏။ သမုဒယသစ္စာအမည်ရသည့် ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်တရား-တို့ကိုလည်း သင်သိ ကျင့်သိအနေဖြင့် သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်-သိမြင်ထားပြီး ဖြစ်၏။ အကြောင်းတရားနှင့် တကွသော ယင်းရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၏ အနိစ္စ အခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာတို့ကိုလည်း သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် ပိုင်ပိုင်နိုင်နိုင် ထိုးထွင်းသိမြင်ထားပြီး ဖြစ်၏။ သို့သော် ထိုရဟန်းတော်၏ ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲ-လျက်ရှိသော သတိမှာ အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်ဟူသည့် ထိုမှာဘက်ကမ်းသို့ လှမ်းတက်-နိုင်လောက်အောင် အားမကောင်းသေးသဖြင့် အရိယာအဖြစ်သို့ အရောက်ပို့ဆောင်ပေးနိုင်သည့် သတိကား ကင်းမဲ့လျက် ရှိ၏။ ယင်းသို့ သတိကင်းမဲ့လျက် ကွယ်လွန်သွားခဲ့သော် နတ်ရွာသုဂတိ တစ်ဘုံဘုံသို့ ဆိုက်ရောက်သွားနိုင်၏။ ရှေးရှေးသော ဝိပဿနာဇောတို့၏ အားကြီးသော မှီရာ

[၁၅] မဟာဋီ၊၂၊၃၇၇။

ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါ သတ္တိထူးကို ဆက်ခံရသော သင်္ခါရုပေက္ခာ-ဉာဏ်ကဲ့သို့သော ဝိပဿနာသတ္တမဇောကံက နတ်ရွာသုဂတိပဋိသန္ဓေသို့ အရောက်ပို့ဆောင်ပေး-လိုက်ခြင်း ဖြစ်၏။ ရဟန်းဘဝ သေခါနီးကာလတွင် ဝိပဿနာရှုပွားနေခိုက် ထိုရဟန်းတော်မှာ ပျံလွန်တော်မူသွားသည်ဖြစ်ရာ ထိုရဟန်းတော်၏ ရဟန်းဘဝ သေခါနီးကာလတွင် နောက်ဆုံး ဖြစ်ပေါ်သွားခဲ့ကြသော မရဏာသန္နဇောတို့ကလည်း ဝိပဿနာကုသိုလ်ဇောတို့သာ ဖြစ်ကြ၏။ ယင်းမရဏာသန္နဝိပဿနာဇောတို့ကလည်း သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာကို ထိုးထွင်းသိမြင်လျက် ရှိကြ၏။ ယင်း-ကဲ့သို့သော အခြင်းအရာတစ်မျိုးမျိုးကို ထိုးထွင်းသိမြင်လျက် ပျံလွန်တော်မူသွားသည်ဖြစ်ရာ နတ်သား ဘဝတွင် တည်ရှိသော ပဋိသန္ဓေစိတ်နှင့် အိမ်ရှင်ဘဝင်စိတ်တို့ကလည်း ထိုအတိတ်ဘဝ မရဏာသန္န-ဇော၏ အာရုံဖြစ်သော ရုပ်နာမ်ဓမ္မ = သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာတို့တွင် တစ်မျိုးမျိုးသော အခြင်းအရာကို ဆက်လက်ကာ ထိုးထွင်းသိမြင်လျက်-ပင် ရှိကြ၏။ ထို့ကြောင့် နတ်သားအသစ်ဖြစ်သော ထိုသတ္တဝါ၏ သန္တာန်ဝယ် အနိစ္စတရား ဒုက္ခ-တရား အနတ္တတရား ဖြစ်ကြသည့် ယင်း ရုပ်နာမ်ဓမ္မ = သင်္ခါရတရားပုဒ်အစုတို့သည် — "ရေမျက်နှာ-ပြင်ပေါ်တွင် ဘူးတောင်းများ ပေါလော ပေါလော ပေါ်နေသကဲ့သို့" ပေါလောပေါ်ကာ ထင်ရှားနေ ကြပေသည်။ ထိုအခါ နတ်သားအသစ်က ဝိပဿနာတရားကို ဆက်လက်ကာ ရှုပွားခဲ့သော် ဝိပဿ-နာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော သင်္ခါရတရားတို့၏ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တ အခြင်းအရာတို့ကို အဖန်ဖန် အထပ်ထပ် အမှတ်ရတတ်သော သတိ၏ ဖြစ်ပေါ်လာခြင်းက နှံ့နှေး သေး၏၊ အကယ်စင်စစ်မှာမူ နတ်သားအသစ်ဖြစ်သော ထိုသတ္တဝါသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဟူသည့် တရားထူး တရားမြတ်ကို လျင်လျင်မြန်မြန်ကြီး ရရှိပေသည်။ — ဤကား သောတာ-နုဂတသုတ္တန်ဝယ် လာရှိသော ပထမစာပိုဒ်၏ ဆိုလိုရင်းတည်း။

ရှေးရှေးသော ဝိပဿနာကံတို့၏ အထောက်အပံ့ကောင်းကိုရရှိသည့် ဝိပဿနာသတ္တမဇော ကုသိုလ်ကံ တစ်ခုခုက အကျိုးပေးသွားသော ထုံးတစ်ရပ်ပင် ဖြစ်ပေသည်။ အကျယ်ကို ဤကျမ်းစာ စာမျက်နှာ (၃၉၂-၄၀၃)တို့မှာ ကြည့်ပါ။

**၃။ အပရာပရိယဝေဒနီယကံ** = ဤအတ္တဘောနှင့် ရှေးဦးစွာသော အနာဂတ်အတ္တဘောမှ တစ်ပါးသော အနာဂတ်အတ္တဘော အဆက်ဆက် အပြန်ပြန်၌ ခံစားအပ်သော အကျိုးရှိသော ကံ — ကာမဇော (၇)တန်တို့တွင် ပထမဇောနှင့် သတ္တမဇောတို့၏ အကြား၌ တည်ရှိသော အလယ်-ဇော ငါးချက်နှင့် ယှဉ်သော စေတနာသည် အပရာပရိယဝေဒနီယကံ မည်၏။

ထိုအပရာပရိယဝေဒနီယကံသည် နောင်အနာဂတ်ဝယ် အကြင်အခါ၌ အကျိုးပေးဖို့ရန် အခွင့်ကို ရရှိ၏။ ထိုအခါ၌ အကျိုးကို ပေး၏။ အနာဂတ်သံသရာ၏ မပြတ်မစဲဖြစ်ခြင်းသည် ထင်ရှား ရှိလတ်သော် အဟောသိကံမည်သည် မဖြစ်စကောင်းပေ။[၁၆]

---

[၁၆] တံ အနာဂတေ ယဒါ ဩကာသံ လဘတိ၊ တဒါ ဝိပါကံ ဒေတိ။ သတိ သံသာရပ္ပဝတ္တိယာ အဟောသိကမ္မံ နာမ န ဟောတိ။ (ဝိသုဒ္ဓိ၊၂၊၂၃၆။)

ဤအထက်ပါ အဋ္ဌကထာ စကားရပ်ဖြင့် အနာဂတ် သံသရာခရီး၏ မပြတ်မစဲဖြစ်ခြင်း သဘော တရားသည် ထင်ရှားမရှိလတ်သော် ဤအပရာပရိယဝေဒနီယကံသည် နောက်ထပ် အကျိုးပေးဖို့ရန် အခါအခွင့်၏ လုံးဝ မရှိတော့ခြင်းကြောင့် အဟောသိကံ အဖို့အစု၌ တည်သွားပေသည်။ ဤကဲ့သို့- သော သဘောတရားကို ယင်းအဋ္ဌကထာစကားရပ်က ထင်ရှားပြနေပေသည်။[၁၇]

**၄။ အဟောသိကံ** = (၄-၁) **အဟောသိ ကမ္မံ နာဟောသိ ကမ္မဝိပါကော။**
(၄-၂) **အဟောသိ ကမ္မံ နတ္ထိ ကမ္မဝိပါကော။**
(၄-၃) **အဟောသိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော။**
(၄-၄) **အတ္ထိ ကမ္မံ နတ္ထိ ကမ္မဝိပါကော။**
(၄-၅) **အတ္ထိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော။**
(၄-၆) **ဘဝိဿတိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော။**

(၄-၁) ကံကား ဖြစ်ပြီး ဖြစ်၏။ အကျိုးကား ဖြစ်ပြီး မဟုတ်။
(၄-၂) ကံကား ဖြစ်ပြီး ဖြစ်၏။ အကျိုးကား ဖြစ်ဆဲ မဟုတ်။
(၄-၃) ကံကား ဖြစ်ပြီး ဖြစ်၏။ အကျိုးကား ဖြစ်လတ္တံ့ မဟုတ်။
(၄-၄) ကံကား ဖြစ်ဆဲ ဖြစ်၏။ အကျိုးကား ဖြစ်ဆဲ မဟုတ်။
(၄-၅) ကံကား ဖြစ်ဆဲ ဖြစ်၏။ အကျိုးကား ဖြစ်လတ္တံ့ မဟုတ်။
(၄-၆) ကံကား ဖြစ်လတ္တံ့ ဖြစ်၏။ အကျိုးကား ဖြစ်လတ္တံ့ မဟုတ်။

ဤသို့လျှင် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီးတွင် အဟောသိကံ (၆)မျိုးကို ရှင်းပြထားတော်မူ ပေသည်။[၁၈] ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကလည်း[၁၉] ဤသို့ ရှင်းလင်းတင်ပြထားတော်မူပေသည်။

(၄-၁) **ကံကား ဖြစ်ပြီး ဖြစ်၏။ အကျိုးကား ဖြစ်ပြီးမဟုတ်သော အဟောသိကံ —**

အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံတို့တွင် ဒိဋ္ဌဓမ္မဝေဒနီယကံ = မျက်မှောက်သော အတိတ်ဘဝ ကိုယ်၏အဖြစ်၌ ခံစားထိုက်သော အကျိုးရှိသော ကံနှင့် ဥပပဇ္ဇ- ဝေဒနီယကံ = ထိုအတိတ်ဘဝမှ ထောက်ရှုခဲ့သော် ပထမအနာဂတ်ဖြစ်သည့် အတိတ်ဘဝတစ်ခုဝယ် ခံစားထိုက်သော အကျိုးတရားရှိသော ကံ — ဤကံနှစ်မျိုးတို့ကား အကြောင်းတရား ချို့တဲ့သဖြင့် အကျိုးမပေးနိုင်ခဲ့ရကား ဖြစ်ပြီးသာ ဖြစ်၍ အကျိုးမပေးခဲ့သော ကံများ ဖြစ်ကြ၏။ အလားတူပင် အတိတ်ဘဝထိုထိုတို့၌ပင် ပြုစုပျိုးထောင်ခဲ့သော အကျိုးမပေးနိုင်ခဲ့သော ကံသည်လည်းကောင်း၊ အတိတ်ဘဝ၌ပင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသော ရဟန္တာအရှင်မြတ်၏ အတိတ်ဘဝထိုထို၌ပင် ပြုစုပျိုးထောင်ခဲ့သော ဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံတို့သည် လည်းကောင်း အကျိုးပေးခြင်းသဘော မရှိတော့ရကား အဟောသိကံ = ကံကား ဖြစ်ပြီးသာ ဖြစ်၍ အကျိုးကား ဖြစ်ပြီးမဟုတ်သဖြင့် အကျိုးမပေးခဲ့သော ကံ = အဟောသိကံ မည်ပေသည်။

---
[၁၇] မဟာဋီ၊၂၃၇၇။ [၁၈] ပဋိသံ၊၂၇၃။ [၁၉] ပဋိသံ၊ဋ္ဌ၊၂၁၇၅-၁၇၆။

### (၄-၂) ကံကား ဖြစ်ပြီး ဖြစ်၏။ အကျိုးကား ဖြစ်ဆဲမဟုတ်သော အဟောသိကံ —

အတိတ်ဘဝ၌ပင် ပြုစုပျိုးထောင်ခဲ့သော ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် ဥပပဇ္ဇဝေဒနီယကံသည် အတိတ်ဘဝ၌ပင် အကျိုးပေးဖို့ရန် အချိန်ကာလကို လွန်ခဲ့ပြီးဖြစ်၍ အကျိုးမပေးခဲ့ပေ။ ယင်းကံမျိုး-သည်လည်းကောင်း, ပစ္စုပ္ပန်ဘဝ၌ပင် ပရိနိဗ္ဗာန်စံလွန်တော်မူသော ရဟန္တာအရှင်မြတ်၏ အကျိုး မပေးရသေးသော ကံအားလုံးသည်လည်းကောင်း, ကံကား ဖြစ်ပြီးဖြစ်သော်လည်း အကျိုးကား ဖြစ်ဆဲမဟုတ်သော အဟောသိကံ မည်ပေသည်။

### (၄-၃) ကံကား ဖြစ်ပြီး ဖြစ်၏။ အကျိုးကား ဖြစ်လတ္တံ့ မဟုတ်သော အဟောသိကံ —

အတိတ်ဘဝ၌ပင် ပြုစုပျိုးထောင်ခဲ့သော ဒိဋ္ဌဓမ္မဝေဒနီယကံနှင့် ဥပပဇ္ဇဝေဒနီယကံတို့သည် အကြောင်းချို့တဲ့သဖြင့် အကျိုးမပေးနိုင်ခဲ့ရကား အကျိုးပေးရမည့် အချိန်ကာလကို ကျော်လွန်သွားသဖြင့် အကျိုးမပေးခဲ့ပေ။ ယင်းကံမျိုးသည်လည်းကောင်း, အနာဂတ်ဘဝ တစ်ခုခု၌ ပရိနိဗ္ဗာန် စံလွန်တော်မူလတ္တံ့သော ရဟန္တာအရှင်မြတ်၏ မရင့်ကျက်သေးသဖြင့် အကျိုးမပေးရသေးသော ကံအားလုံးတို့သည်လည်းကောင်း ကံကား ဖြစ်ပြီးဖြစ်သော်လည်း အကျိုးကား ဖြစ်လတ္တံ့ မဟုတ်သော အဟောသိကံ မည်ပေသည်။

### (၄-၄) ကံကား ဖြစ်ဆဲ ဖြစ်၏။ အကျိုးကား ဖြစ်ဆဲမဟုတ်သော အဟောသိကံ —

ပစ္စုပ္ပန်ဘဝတွင်ပင် ပြုစုပျိုးထောင်လိုက်သော ဒိဋ္ဌဓမ္မဝေဒနီယကံသည် အကြောင်းချို့တဲ့သဖြင့် ဤပစ္စုပ္ပန်ဘဝ၌ပင် အကျိုးမပေးနိုင်ရကား **အဟောသိကံ** ဖြစ်သွားပေသည်။ ယင်းကဲ့သို့ အကျိုး မပေးနိုင်သော ကံသည်လည်းကောင်း, မျက်မှောက်ဘဝ၌ပင် ပရိနိဗ္ဗာန်စံလွန်တော်မူသော ရဟန္တာ အရှင်မြတ်၏ ပစ္စုပ္ပန်ဘဝ၌ အကျိုးပေးနိုင်သည့် စွမ်းအင်ရှိသော ကံအားလုံးသည်လည်းကောင်း အကျိုးမပေးတော့ရကား . . . ကံကား ဖြစ်ဆဲ တည်ရှိဆဲ ဖြစ်သော်လည်း အကျိုးကား ဖြစ်ဆဲ မဟုတ်သော အဟောသိကံ မည်ပေသည်။ ကံတစ်ခုကို ပြုစုပျိုးထောင်ရာ၌ ဇောဝီထိပေါင်းကား များစွာ ဖြစ်နိုင်ပေသည်။ ယင်းဇောဝီထိ အသီးအသီး၌ ပထမဇောပေါင်း အသီးအသီး ရှိလေရာ အကျိုးမပေးသော အကျိုးမပေးနိုင်သော ပထမဇောပေါင်းလည်း များစွာပင် ရှိလေရာသည်။ အကျိုး ပေးနိုင်သော ပထမဇောပေါင်းကား အနည်းငယ်သာ ရှိတန်လေရာသည်။ ထို့ကြောင့် အကျိုးမပေး နိုင်သော ဒိဋ္ဌဓမ္မဝေဒနီယကံ အမည်ရသည့် ပထမဇောစေတနာများစွာတို့ကား အဟောသိကံများ ဖြစ်ကြပေသည်။

### (၄-၅) ကံကား ဖြစ်ဆဲ ဖြစ်၏။ အကျိုးကား ဖြစ်လတ္တံ့ မဟုတ်သော အဟောသိကံ —

ပစ္စုပ္ပန်ဘဝတွင်ပင် ပြုစုပျိုးထောင်လိုက်သော ဥပပဇ္ဇဝေဒနီယကံသည် အကြောင်းချို့တဲ့သဖြင့် လာမည့် ပထမအနာဂတ်ဘဝတွင် အကျိုးမပေးနိုင်ရကား အဟောသိကံ ဖြစ်သွားပေသည်။ ဤ ပစ္စုပ္ပန်ဘဝ၌ ပြုစုပျိုးထောင်လိုက်သော အပရာပရိယဝေဒနီယကံသည် ထင်ရှားရှိနေဆဲ ကံတစ်ခုပင် ဖြစ်၏။ သို့သော် ထိုကံကို ထူထောင်ထားသော သူတော်ကောင်းသည် အနာဂတ်ဘဝတစ်ခုခုတွင်

ပရိနိဗ္ဗာန်စံလွန်တော်မူမည် ဖြစ်အံ့၊ အကျိုးမပေးရသေးသော ယင်းအပရာပရိယဝေဒနီယကံသည် အကျိုးပေးဖို့ရန် အခွင့်မသာ ဖြစ်သွားပေမည်။ ယင်းအပရာပရိယဝေဒနီယကံသည် ဖြစ်ဆဲ ဖြစ်သော်လည်း အကျိုးပေးခွင့် မရနိုင်သော အဟောသိကံ ဖြစ်ပေသည်။ ထိုကြောင့် ဤ ဥပပဇ္ဇ-ဝေဒနီယကံ အပရာပရိယဝေဒနီယကံ နှစ်မျိုးလုံးသည် ကံကား ဖြစ်ဆဲ ဖြစ်သော်လည်း အကျိုးကား ဖြစ်လတ္တံ့ မဟုတ်သော အဟောသိကံ မည်၏။

(၄-၆) **ကံကား ဖြစ်လတ္တံ့ ဖြစ်၏။ အကျိုးကား ဖြစ်လတ္တံ့ မဟုတ်သော အဟောသိကံ** —

အနာဂတ်ဘဝ၌ ထူထောင်လတ္တံ့သော ကံသည် အကြောင်းချို့တဲ့သဖြင့် အနာဂတ်ဘဝ၌ အကျိုးမပေးနိုင်၊ ထိုကဲ့သို့သော ကံမျိုးသည်လည်းကောင်း, အနာဂတ်ဘဝ၌ ပရိနိဗ္ဗာန်စံလွန်တော်မူ-လတ္တံ့သော ရဟန္တာအရှင်မြတ်၏ အကျိုးမပေးရသေးသော အနာဂတ်ဘဝ၌ပင် ထူထောင်လတ္တံ့-သော ကံအားလုံးသည်လည်းကောင်း အကျိုးပေးခွင့်ကို မရရှိနိုင်တော့သည့်အတွက် ကံကား ဖြစ်လတ္တံ့ ဖြစ်သော်လည်း အကျိုးကား ဖြစ်လတ္တံ့ မဟုတ်သော အဟောသိကံ မည်၏။

## ပါကဒါနပရိယာယ = အကျိုးပေးရာ အလှည့်အကြိမ် အစဉ်အားဖြင့် ကံ (၄) မျိုး

အကျိုးပေးရာ အလှည့်အကြိမ် အစဉ်အားဖြင့် ကံ (၄)မျိုး ရှိပေသည်။ ယင်းကံတို့မှာ ဤသို့ ဖြစ်၏။

၁။ ဂရုကကံ = ကြီးလေးသောကံ,

၂။ ဗဟုလကံ = (အာစိဏ္ဏကံ) = အကြိမ်များစွာ ပြုအပ် မှီဝဲအပ်ပြီးသောကံ,

၃။ အာသန္နကံ = သေခါနီး၌ ပြုအပ် အောက်မေ့အပ်သောကံ,

၄။ ကဋတ္တာကံ = ပြုအပ်ပြီးကာမျှသာ ဖြစ်သောကံ —

ဤသို့လျှင် အကျိုးပေးရာ အလှည့်အကြိမ် အစဉ်အားဖြင့် ကံသည် လေးမျိုး ပြားပြန်၏။

**၁။ ဂရုကကံ** = ကြီးလေးသောကံ[၂၀]

ထိုကံလေးမျိုးတို့တွင် ကုသိုလ်သည်မူလည်းဖြစ်စေ၊ အကုသိုလ်သည်မူလည်းဖြစ်စေ၊ ဂရုကကံ အဂရုကကံ = ကြီးလေးသောကံ မကြီးလေးသောကံတို့တွင် အကုသိုလ်အရာ၌ —

၁။ အမိကို သတ်ခြင်း = (မာတုဃာတကကံ),

၂။ အဖကို သတ်ခြင်း = (ပိတုဃာတကကံ),

၃။ ရဟန္တာပုဂ္ဂိုလ်ကို သတ်ခြင်း = (အရဟန္တဃာတကကံ),

၄။ သက်တော်ထင်ရှား ဘုရားရှင်အား သွေးစိမ်းတည်စေသောကံ = (လောဟိတုပ္ပါဒကကံ),

---

[၂၀] တတ္ထ ကုသလံ ဝါ ဟောတု အကုသလံ ဝါ၊ ဂရုကာဂရုကေသု **ယံ ဂရုကံ** မာတုဃာတာဒိကမ္မံ ဝါ မဟဂ္ဂတကမ္မံ ဝါ၊ တဒေဝ ပဌမံ ဝိပစ္စတိ။ (ဝိသုဒ္ဓိ၊၂၊၂၃၆။)

**ယံ ဂရုကန္တိ** ယံ အကုသလံ မဟာသာဝဇ္ဇံ၊ ကုသလံ မဟာနုဘာဝံ ကမ္မံ။ (မဟာဋီ၊၂၊၃၇၇။)

၅။ (သိမ်အတွင်းဝယ် သံဃာကို နှစ်ခြမ်းခွဲကာ ကံဆောင်သည့်) သံဃာသင်းခွဲသည့်ကံ = (သံဃ-ဘေဒကကံ),

၆။ ဤပဉ္စာနန္တရိယကံများနှင့် သေသည့်တိုင်အောင် မစွန့်လွှတ်သော ကံ-ကံ၏အကျိုးတရားကို လုံးဝပစ်ပယ်ထားသော ခိုင်မြဲနေသည့် မှားယွင်းသော ခံယူချက် = (နိယတမိစ္ဆာဒိဋ္ဌိကံ) —

ဤကံ (၆)မျိုးတို့ကား အကုသိုလ်အရာ၌ အလွန်ကြီးလေးသော အကုသိုလ်ဂရုကကံတို့ ဖြစ်-ကြ၏။

ကုသိုလ်အရာ၌လည်း အာနုဘော်ကြီးသော မဟဂ္ဂုတ်ကံ = ဈာန်ကုသိုလ်များသည် ရှိကြ၏။ ယင်းကံတို့ကား ဂရုကကံတို့တည်း။ အကုသိုလ်အရာ၌ အလွန်အပြစ်ကြီးသော ယင်းဂရုကကံတို့က သာလျှင် ရှေးဦးစွာ အကျိုးပေး၏။ ကုသိုလ်အရာ၌လည်း အလွန်အာနုဘော်ကြီးသော ယင်း ဂရုကကံ အမည်ရသော မဟဂ္ဂုတ်ကံကသာလျှင် ရှေးဦးစွာ အကျိုးပေး၏၊ အကျိုးကို ဖြစ်စေ၏။

ဥပမာ — အဇာတသတ်မင်း၏ သောတာပန် အရိယာသူတော်ကောင်းဖြစ်သော ဖခမည်းတော် ဗိမ္ဗိသာရမင်းအား သတ်ဖြတ်ခဲ့သော ပိတုဃာတကကံက အဇာတသတ်မင်းကို သေသည်၏ အခြားမဲ့၌ လောဟကုမ္ဘီငရဲသို့ ရောက်အောင် ပို့ဆောင်ပေးခဲ့၏။ အရှင်ဒေဝဒတ်၏ သံဃာသင်းခွဲ-ခဲ့သော သံဃဘေဒကကံက အရှင်ဒေဝဒတ်ကို သေသည်၏ အခြားမဲ့၌ အဝီစိငရဲသို့ ရောက်အောင် ပို့ဆောင်ပေးခဲ့၏။ အရှင်ဒေဝဒတ်ကား အရှင်အာနန္ဒာ အစရှိသည့် သာကီဝင်မင်းသားတို့နှင့်အတူ သာသနာဘောင်သို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုတော်မူခဲ့၏။ ထိုပထမဝါတွင် ရဟန်းတရားများကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တော်မူလေရာ လောကီဈာန်သမာပတ် (၈)ပါးနှင့် တကွ လောကီအဘိညာဏ် (၅)ပါးတို့ကိုပါ ရရှိတော်မူခဲ့လေသည်။ သို့သော် ငှက်ပျောပင် သီးခြင်းသည် ငှက်ပျောပင် သေခြင်း၏ အကြောင်းတရားတစ်ခု ဖြစ်သကဲ့သို့, ဝါးပင် သီးခြင်းသည် ဝါးပင် သေခြင်း-၏ အကြောင်းတရားတစ်ခု ဖြစ်သကဲ့သို့, ကျူပင် သီးခြင်းသည် ကျူပင် သေခြင်း၏ အကြောင်းတစ်ခု ဖြစ်သကဲ့သို့, အဿတိုရ်မြင်းမ ကိုယ်ဝန်ရခြင်းသည် အဿတိုရ်မြင်းမ သေရခြင်း၏ အကြောင်းရင်း တစ်ခု ဖြစ်သကဲ့သို့ အလားတူပင် အရှင်ဒေဝဒတ်၏ ဈာန်အဘိညာဏ်တို့ကို အကြောင်းပြုကာ ရရှိအပ်သည့် လာဘ်ပူဇော်သက္ကာရဟူသမျှသည် အရှင်ဒေဝဒတ် ငရဲသို့ ရောက်ရခြင်း၏ အားကြီး-သော အထောက်အပံ့ကောင်းတစ်ခု ဖြစ်သွားရပေသည်။ သူရရှိခဲ့သော ဈာန်တရားတည်းဟူသော ဂရုကကံတို့က ပြဟ္မာ့ပြည်သို့ ရောက်အောင် ပို့ဆောင်နိုင်စွမ်း မရှိကြတော့သည့်အတွက် အဟောသိ-ကံအရာ၌ တည်ရှိသွားကြပေသည်။

သို့သော် ကမ္ဘာပေါင်း နှစ်အသင်္ချေတို့တိုင်တိုင် ပစ္စေကဗောဓိဉာဏ်တော်မြတ်ကို ရရှိရေး အတွက် ပါရမီမျိုးစေ့ကောင်းတို့ကို ထူထောင်ထားပြီးသူ ဖြစ်တော်မူခြင်းကြောင့် နောင်အနာဂတ်တွင် ကမ္ဘာတစ်သိန်းအထက်၌ ပစ္စေကဗောဓိဉာဏ်တော်မြတ်ကို ရရှိတော်မူမည့် ပစ္စေကဗုဒ္ဓဘုရား အလောင်းတော်တစ်ဦး ဖြစ်ပေသည်။ ထိုအခါတွင် သူရရှိထားခဲ့သော ဈာန်အဘိညာဏ်တို့က ပစ္စေကဗောဓိဉာဏ်တော်မြတ်ကို ရရှိရေးအတွက် ပါရမီမျိုးစေ့ကောင်း အထောက်အပံ့ကောင်း

တို့ကား ဖြစ်နိုင်ပေသည်။[၂၁]

အရှင်ဒေဝဒတ်၏ တပည့်ကျော်တစ်ဦး ဖြစ်ခဲ့ဖူးသည့် နာမည်ကျော် အဇာတသတ်ဘုရင်-သည်ကား နောက်ပိုင်းကာလတွင် ဘုရားရှင်၏ထံတော်မှ သာမညဖလသုတ္တန်ဒေသနာတော်ကို နာကြားခွင့် ရရှိသည့်အခါ အလွန်ကြီးမားသော အကျိုးအာနိသင်များကို ရရှိခဲ့၏။ ဖခမည်းတော်ဖြစ်-သည့် ဗိမ္ဗိသာရမင်းကြီးကို သတ်ဖြတ်ခဲ့သည့် အချိန်အခါမှ စ၍ အိပ်မပျော်သည့် ရောဂါဝေဒနာကို ခံစားခဲ့ရ၏။ သို့သော် ချိုမြိန်ကောင်းမြတ်လှသည့် အနှစ်သာရ ပြည့်ဝစုံညီနေသည့် သာမညဖလ-သုတ္တန်ဒေသနာတော်ကို နာကြားရပြီးသည့် အချိန်အခါမှ စ၍ အိပ်မပျော်သည့်ရောဂါ ကင်းပျောက်ကာ အိပ်ပျော်ခြင်းသို့ သက်ရောက်ခဲ့၏။ ရတနာသုံးပါးတို့အပေါ်၌ အလွန်ကြီးမားသော ပူဇော်သက္ကာရအမှုကို ပြုစုခဲ့၏။ ပုထုဇန်လူသားအပေါင်းတွင် ပုထုဇန်သဒ္ဓါတရားနှင့် တိုင်းတာ နှိုင်းစာကြည့်ပါက အဇာတသတ်မင်းလောက် ဘုရားရှင်အပေါ်၌ ကြည်ညိုလေးစားသည့် ပုထုဇန် လူသား-ကား မရှိ ဖြစ်ခဲ့၏။ ဤကဲ့သို့သော ကုသိုလ်ကံတို့က အထောက်အပံ့ ပြုလိုက်ကြသဖြင့် ဖခမည်းတော်ကို သတ်ခဲ့သည့် အကုသိုလ် ဂရုကကံက အဝီစိငရဲသို့ ရောက်အောင် မပို့ဆောင်တော့ဘဲ အဝီစိငရဲ၏ အခြံအရံဖြစ်သည့် လောဟကုမ္ဘိငရဲငယ်သို့သာ ရောက်အောင် ပို့ဆောင်ခဲ့လေသည်။ သို့သော် အဇာတသတ်ဘုရင်သည်ကား ယင်း လောဟကုမ္ဘိငရဲမှ ကျွတ်လာလွတ်လာသောအခါ ပစ္စေက-ဗောဓိဉာဏ်တော်မြတ်ကို ရရှိရေးအတွက် ဆုထူးပန်ထွာကာ ပစ္စေကဗုဒ္ဓဘုရားရှင် ဖြစ်ရေးအတွက် ပါရမီတို့ကို ဖြည့်ကျင့်ဆည်းပူးတော်မူမည် ဖြစ်သည့်အတွက် နောင်အနာဂတ် တစ်ချိန်ချိန်ဝယ် ပစ္စေကဗောဓိဉာဏ်တော်မြတ်ကို ရရှိတော်မူမည် ဖြစ်ပေသည်။[၂၂]

၂။ **ဗဟုလကံ** = (အာစိဏ္ဏကံ) = အကြိမ်များစွာ ပြုအပ်, အကြိမ်များစွာ မှီဝဲအပ်ပြီးသော = အမြဲမပြတ် လေ့ကျက်အပ်သောကံ[၂၃]

အကြိမ်များစွာ ပြုအပ်, အကြိမ်များစွာ မှီဝဲအပ်သော ဗဟုလကံ၊ အကြိမ်များစွာ မပြုအပ်, အကြိမ်များစွာ မမှီဝဲအပ်သော အဗဟုလကံတို့တွင်လည်း ဂရုကကံ တစ်ခုခု မရှိခဲ့သော် ထို **ဗဟုလကံ = (အာစိဏ္ဏကံ)**ကသာလျှင် ရှေးဦးစွာ အကျိုးကို ဖြစ်စေ၏ = ရှေးဦးစွာ အကျိုးပေး၏။ ယင်း ဗဟုလကံမှာ ကောင်းသော အကျင့်ကို ဖြစ်စေတတ်သည့် သုသီလျကုသိုလ်ကံလည်း ရှိ၏။ မကောင်းသော အကျင့်ကို ဖြစ်စေတတ်သည့် ဒုဿီလျအကုသိုလ်ကံလည်း ရှိ၏။ ယင်းကံနှစ်မျိုးတို့ကို မဟာဋီကာ ဆရာတော်က ဤသို့ ထပ်ဆင့်ကာ ဖွင့်ဆိုထား၏ —

**ဗဟုလန္တိ** ယံ ဗဟုလံ အဘိဏှသော ကတံ သမာသေဝိတံ။[၂၄]

ဗဟုလကံဟူသည် အမြဲမပြတ် ပြုစုပျိုးထောင်အပ်သော ကောင်းစွာ မှီဝဲအပ်သောကံ ဖြစ်၏။

---

[၂၁] အံ၊၁၊၃၈၄။ [၂၂] ဒီ၊ဋ္ဌ၊၁၊၂၁၁။

[၂၃] တထာ ဗဟုလာဗဟုလေသုပိ **ယံ ဗဟုလံ** ဟောတိ သုသီလျံ ဝါ ဒုဿီလျံ ဝါ၊ တဒေဝ ပဌမံ ဝိပစ္စတိ။ (ဝိသုဒ္ဓိ၊၂၊၂၃၆။ စာပိုဒ်၊၆၈၆။)

[၂၄] မဟာဋီ၊၂၊၃၇၇။ စာပိုဒ်၊၆၈၆။

ကုသိုလ်အရာ၌ အမြဲမပြတ် မှီဝဲထားအပ် ပြုစုပျိုးထောင်ထားအပ် ပွားများထားအပ်သည့် — ဒါနကံ သီလကံ သမထဘာဝနာကံ ဝိပဿနာဘာဝနာကံများ ဖြစ်ကြ၏။ အနာထပိဏ် ကျောင်းဒါယကာ, ဝိသာခါ ကျောင်းအစ်မတို့ကဲ့သို့ နေ့စဉ် ဒါနဝတ်တည်ကာ ပြုစုပျိုးထောင်ထားသည့် ဒါနကံမျိုး, ပဉ္စသီလသမာဒါနိယမထေရ်အလောင်းအလျာကဲ့သို့ ပဒုမုတ္တရဘုရားရှင်၏ သာသနာတော်အတွင်း၌ နှစ်ပေါင်းတစ်သိန်းတို့ကာလပတ်လုံး[၂၅] သီလကို မကျိုး မပေါက် မပြောက် မကျားအောင် အမြဲတမ်း ထိန်းသိမ်းစောင့်ရှောက်ထားအပ်သည့် သီလကံမျိုး, သောတာနုဂတသုတ္တန်[၂၆]၌ လာရှိသော ရဟန်း-တော်တို့ကဲ့သို့ ဘုရားရှင်၏ တရားတော်များကို အာဂမသုတခေါ်သည့် သင်သိအနေဖြင့်လည်း-ကောင်း, အဓိဂမသုတခေါ်သည့် ကျင့်သိအနေဖြင့်လည်းကောင်း သေခါနီးကာလသို့တိုင်အောင် အမြဲမပြတ် အောင်အောင်မြင်မြင် ပွားများထားအပ်သည့် ဘာဝနာကံမျိုး — ဤကဲ့သို့သော ကောင်းမှု ကုသိုလ်ကံများကို ဗဟုလ - သုသီလျကုသိုလ်ကံဟု ခေါ်ဆိုပေသည်။

အကုသိုလ်အရာ၌လည်း — နေ့စဉ် သားငါးတို့ကို သတ်ဖြတ်ကာ ရောင်းချ အသက်မွေးသည့် ပါဏာတိပါတအကုသိုလ်ကံ, နေ့စဉ် မူးယစ်ဆေးဝါးတို့ကို မသုံးစွဲရ မနေနိုင်လောက်အောင် သုံးစွဲ-နေသည့် သုရာပါနကံ – ဤကဲ့သို့သော မကောင်းမှု အကုသိုလ်ကံများကို ဗဟုလ - ဒုသီလျ အကုသိုလ်ကံဟု ခေါ်ဆိုပေသည်။

ယင်းကဲ့သို့ အမြဲမပြတ် ပြုစုပျိုးထောင်ထားအပ်သည့် မှီဝဲထားအပ်သည့် သုသီလျကုသိုလ်ကံပင် ဖြစ်ချင်ဖြစ်ပါစေ၊ ဒုသီလျအကုသိုလ်ကံပင် ဖြစ်ချင်ဖြစ်ပါစေ၊ ဂရုကကံ တစ်ခုခု မရှိခဲ့လျှင် ယင်း **ဗဟုလကံ = (အာစိဏ္ဏကံ)**ကသာလျှင် ရှေးဦးစွာ အကျိုးကို ဖြစ်စေ၏။ ရှေးဦးစွာ အကျိုးပေး၏။

ဤဗဟုလကံများစွာတို့တွင် သမထဘာဝနာကံ, ဝိပဿနာဘာဝနာကံ, အရိယမဂ်စေတနာကံ-တို့ကား ကုသိုလ်အရာ၌ အလွန် အစွမ်းထက်မြက်ကြပေသည်။ အကြိမ်များစွာ လေ့လာသင့်သော, အကြိမ်များစွာ လိုက်နာပြုကျင့်သင့်လှသော ကံများ ဖြစ်ကြ၏။ ဤတွင် အလျဉ်းသင့်သဖြင့် အင်္ဂုတ္တိုရ် ပါဠိတော် စတုက္ကနိပါတ်၌ လာရှိသည့် သောဏကာယနသုတ္တန်ကို တင်ပြအပ်ပါသည်။

## သောဏကာယနသုတ္တန်[၂၇]

တစ်ချိန်တွင် သိခါမောဂ္ဂလာန်ပုဏ္ဏားကြီးသည် ဘုရားရှင်၏ထံတော်သို့ ချဉ်းကပ်ကာ ဘုရားရှင် နှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် နှုတ်ဆက်စကားများကို ပြောဆို၏။ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် နှုတ်ဆက်စကားများကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်တင့်လျောက်ပတ်သည့် တစ်ခု-သော နေရာ၌ ထိုင်လျက် မြတ်စွာဘုရားအား ဤသို့ လျှောက်ထား၏။

အသျှင်ဂေါတမ . . . ယခင့်ယခင်နေ့တို့၌ သောဏကာယနလုလင်သည် တပည့်တော်၏ထံသို့ ချဉ်းကပ်ကာ — "ရဟန်းဂေါတမသည် ကံအားလုံးတို့ကို မပြုရဟု ပညတ်တော်မူ၏။ ကံအားလုံးတို့ကို မပြုရဟု ပညတ်သူသည် သတ္တလောက၏ ပြတ်စဲခြင်း = ဥစ္ဆေဒဝါဒကို ပြောဆိုရာ ရောက်၏။

[၂၅] အပဒါန၊၁၊၈၄-၈၆။ [၂၆] အံ၊၁၊၅၀၄-၅၀၇။ စာပိုဒ်၊၁၉၁။ [၂၇] အံ၊၁၊၅၅၅။

အသျှင်ဂေါတမ . . . ဤသတ္တလောကသည် ကံဟူသော မှန်ကန်သည့် သစ္စာသဘော ရှိ၏။ ကံကို အားထုတ်ခြင်းကြောင့်သာ ဤသတ္တလောကသည် တည်ရှိနေပါ၏”ဟု တပည့်တော်အား ဤစကားကို ပြောဆိုလာပါသည်ဟု ဘုရားရှင်အား လျှောက်ထားတော်မူလေသည်။ ထိုအခါ ဘုရားရှင်က ဤသို့ မိန့်ကြားတော်မူလေသည် —

ဒကာတော် ပုဏ္ဏား . . . သောဏကာယနလုလင်ကို မြင်ဖူးသည်မျှကိုလည်း ငါဘုရားရှင်သည် မသိစဖူးပါ။ ဤသို့သဘောရှိသော စကားမျိုးကို ပြောဟောသည်ဟူသည်ကား အဘယ်မှာလျှင် ဖြစ်နိုင်ပါအံ့နည်း။ ဒကာတော် ပုဏ္ဏား . . . ငါဘုရားရှင်ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် ထိုးထွင်း မျက်မှောက်ပြုကာ ထိုးထွင်းသိမြင်တော်မူ၍ ငါဘုရားရှင် ဟောကြားတော်မူအပ်သော ကံတို့သည်ကား ဤလေးမျိုးတို့တည်း။

အဘယ်လေးမျိုးတို့နည်းဟူမူ —

၁။ ဒကာတော် ပုဏ္ဏား . . . မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့် (ကဏှ-ကဏှဝိပါက)ကံသည် ရှိ၏။

၂။ ဒကာတော် ပုဏ္ဏား . . . ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် (သုက္က-သုက္ကဝိပါက)ကံသည် ရှိ၏။

၃။ ဒကာတော် ပုဏ္ဏား . . . မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသည့် (ကဏှသုက္က-ကဏှသုက္ကဝိပါက)ကံသည် ရှိ၏။

၄။ ဒကာတော် ပုဏ္ဏား . . . မမည်းညစ်မဖြူစင်၍ မမည်းညစ်မဖြူစင်သော အကျိုးရှိသည့်ကံကုန်ဆုံးရန်ဖြစ်သော (အကဏှအသုက္က-အကဏှအသုက္ကဝိပါက)ကံသည် ရှိ၏။

၁။ ဒကာတော် ပုဏ္ဏား . . . မည်းညစ်၍ မည်းညစ်သော အကျိုးရှိသည့် (ကဏှ-ကဏှဝိပါက) ကံဟူသည် အဘယ်နည်း?— ဒကာတော် ပုဏ္ဏား . . . ဤလောက၌ အချို့သောသူသည် အပြစ်ရှိသော (သူ့အသက်သတ်ခြင်း စသော) ကာယသင်္ခါရကို ပြုစီရင်၏၊ အပြစ်ရှိသော (မုသားပြောခြင်း စသော) ဝစီသင်္ခါရကို ပြုစီရင်၏။ အပြစ်ရှိသော (အဘိဇ္ဈာ = သူတစ်ပါးပစ္စည်းကို မတရားယူရန် ရှေးရှုကြံစည်ခြင်း စသော) မနောသင်္ခါရကို ပြုစီရင်၏။ ထိုသူသည် အပြစ်ရှိသော ကာယသင်္ခါရကို ပြုစီရင်သောကြောင့်, အပြစ်ရှိသော ဝစီသင်္ခါရကို ပြုစီရင်သောကြောင့်, အပြစ်ရှိသော မနောသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်ရှိသော လောက၌ ဖြစ်ရ၏။ အပြစ်ရှိသော လောက၌ ဖြစ်လတ်သော် ထိုသူ့ကို အပြစ်ရှိသော တွေ့ထိခြင်း = ဖဿတို့သည် တွေ့ထိကုန်၏။ အပြစ်ရှိသော တွေ့ထိခြင်း = ဖဿတို့ဖြင့် တွေ့ထိလတ်သော် ထိုသူသည် ငရဲ၌ဖြစ်သော သတ္တဝါတို့ကဲ့သို့ အပြစ်ရှိသော စင်စစ်ဆင်းရဲသည့် ဒုက္ခဝေဒနာကို ခံစားရ၏။ ဒကာတော် ပုဏ္ဏား . . . ဤကံမျိုးကို မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော (ကဏှ-ကဏှဝိပါက)ကံဟု ဆိုအပ်၏။

၂။ ဒကာတော် ပုဏ္ဏအား . . . ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် (သုက္က-သုက္ကဝိပါက)ကံဟူသည် အဘယ်နည်း?— ဒကာတော် ပုဏ္ဏအား . . . ဤလောက၌ အချို့သော သူသည် (သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းစသော) အပြစ်မရှိသော ကာယသင်္ခါရကို ပြုစီရင်၏။ (မုသားစကား ပြောကြားခြင်းမှ ရှောင်ကြဉ်ခြင်းစသော) အပြစ်မရှိသော ဝစီသင်္ခါရကို ပြုစီရင်၏။ (အနဘိဇ္ဈာ= သူတစ်ပါးပစ္စည်းကို မတရားယူရန် ရှေးရှုမကြံစည်ခြင်းစသော) အပြစ်မရှိသော မနောသင်္ခါရကို ပြုစီရင်၏။ ထိုသူသည် အပြစ်မရှိသော ကာယသင်္ခါရကို ပြုစီရင်သောကြောင့်, အပြစ်မရှိသော ဝစီသင်္ခါရကို ပြုစီသောကြောင့်, အပြစ်မရှိသော မနောသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်မရှိသော လောက၌ ဖြစ်ရ၏။ အပြစ်မရှိသော လောက၌ ဖြစ်လတ်သော် ထိုသူကို အပြစ်မရှိသော တွေ့ထိခြင်း = ဖဿတို့သည် တွေ့ထိကုန်၏။ အပြစ်မရှိသော တွေ့ထိခြင်း = ဖဿတို့ဖြင့် တွေ့ထိလတ်သော် ထိုသူသည် သုဘကိဏှဗြဟ္မာတို့ကဲ့သို့ အပြစ်မရှိသော စင်စစ်ချမ်းသာသည့် သုခဝေဒနာ ကို ခံစားရ၏။ ဒကာတော် ပုဏ္ဏအား . . . ဤကံကို ဖြူစင်၍ ဖြူစင်သော အကျိုးရှိသည့် (သုက္က-သုက္ကဝိပါက)ကံဟု ဆိုအပ်၏။

၃။ ဒကာတော် ပုဏ္ဏအား . . . မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသည့် (ကဏှသုက္က-ကဏှသုက္ကဝိပါက)ကံဟူသည် အဘယ်နည်း? — ဒကာတော် ပုဏ္ဏအား . . . ဤလောက၌ အချို့သောသူသည် အပြစ်ရှိ မရှိ ရောနှောသော ကာယသင်္ခါရကို ပြုစီရင်၏။ အပြစ်ရှိ မရှိ ရောနှောသော ဝစီသင်္ခါရကို ပြုစီရင်၏။ အပြစ်ရှိ မရှိ ရောနှောသော မနောသင်္ခါရကို ပြုစီရင်၏။ ထိုသူသည် အပြစ်ရှိ မရှိ ရောနှောသော ကာယသင်္ခါရကို ပြုစီရင်သောကြောင့်, အပြစ်ရှိ မရှိ ရောနှောသော ဝစီသင်္ခါရကို ပြုစီရင်သောကြောင့်, အပြစ်ရှိ မရှိ ရောနှောသော မနောသင်္ခါရကို ပြုစီရင်သောကြောင့် အပြစ်ရှိ မရှိ ရောနှောသော လောက၌ ဖြစ်ရ၏။ အပြစ်ရှိ မရှိ ရောနှောသော လောက၌ ဖြစ်လတ်သော် ထိုသူကို အပြစ်ရှိ မရှိ ရောနှောသော တွေ့ထိခြင်း = ဖဿတို့သည် တွေ့ထိကုန်၏။ အပြစ်ရှိ မရှိ ရောနှောသော တွေ့ထိခြင်း = ဖဿတို့ဖြင့် တွေ့ထိလတ်သော် ထိုသူသည် လူ, အချို့သော နတ်, အချို့သော ဝေမာနိကပြိတ္တာတို့ကဲ့သို့ ချမ်းသာ ဆင်းရဲ ပြိုးပြွမ်း ရောနှောသော ဝေဒနာကို ခံစားရ၏။ ဒကာတော် ပုဏ္ဏအား . . . ဤကံကို မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသော (ကဏှသုက္က-ကဏှသုက္ကဝိပါက)ကံဟု ဆိုအပ်၏။

၄။ ဒကာတော် ပုဏ္ဏအား . . . မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့် ကံကုန်ဆုံးရန်ဖြစ်သော (အကဏှအသုက္က-အကဏှအသုက္ကဝိပါက)ကံဟူသည် အဘယ်နည်း?— ဒကာတော် ပုဏ္ဏအား . . . ထိုကံတို့တွင် မည်းညစ်၍ မည်းညစ်သော အကျိုးရှိသော ကံကို ပယ်ရှားရန် စေ့ဆော်ခြင်း = အရိယမဂ်စေတနာ, ဖြူစင်၍ ဖြူစင်သော အကျိုးရှိသော ကံကို ပယ်ရှားရန် စေ့ဆော်ခြင်း = အရိယမဂ်စေတနာ, မည်းညစ်ဖြူစင်၍ မည်းညစ်ဖြူစင်သော အကျိုးရှိသော ကံကို ပယ်ရှားရန် စေ့ဆော်ခြင်း အရိယမဂ်စေတနာကို မမည်းညစ် မဖြူစင်၍ မမည်းညစ် မဖြူစင်သော အကျိုးရှိသည့်ကံ ကုန်ဆုံးရန် ဖြစ်ပေါ်လာသော (အကဏှအသုက္က-အကဏှအသုက္ကဝိပါက)ကံဟု ဆိုအပ်၏။

ဒကာတော် ပုဏ္ဏား . . . ငါဘုရားရှင်ကိုယ်တော်တိုင် ထူးသောဉာဏ်ဖြင့် ထိုးထွင်းမျက်မှောက် ပြုကာ ထိုးထွင်းသိမြင်တော်မူ၍ ငါဘုရားရှင် ဟောကြားတော်မူအပ်သော ကံတို့သည်ကား ဤ လေးမျိုးတို့တည်းဟု ဘုရားရှင်က မိန့်ကြားတော်မူလိုက်လေသည်။[၂၈]

ဤသုတ္တန်ဝယ် ဘုရားရှင်သည် (၄)မျိုးသော ကံတို့ကို ဟောကြားထားတော်မူ၏။ ထိုတွင် —

၁။ ကဏှ = မည်းညစ်သော ကံဟူသည် လောဘ, ဒေါသ, မောဟ စသည့် အကယ်စင်စစ် မည်းညစ်သော ကိလေသာအညစ်အကြေးတို့ကို အခြေခံလျက် ဖြစ်ပေါ်လာကြကုန်သော ကာယ-ဒုစရိုက် (၃)ပါး, ဝစီဒုစရိုက် (၄)ပါး, မနောဒုစရိုက် (၃)ပါးဟူသည့် အကုသိုလ်ကမ္မပထတရား (၁၀)ပါး တည်းဟူသော အကုသိုလ်ကံကို မည်းညစ်သောကံဟု ဆိုလိုပေသည်။ ကဏှဝိပါက = မည်းညစ်သော အကျိုးဟူသည် အပါယ်လေးဘုံတို့၌ ဖြစ်ပေါ်စေသော မည်းညစ်သော အကျိုး တရားကို ဆိုလိုပေသည်။

၂။ သုက္က = ဖြူစင်သော ကံဟူသည် အလောဘ, အဒေါသ, အမောဟ စသည့် အကယ်စင်စစ် ဖြူစင်သော ကုသိုလ်တရားတို့ကို အခြေခံလျက် ဖြစ်ပေါ်လာကြကုန်သော ကာယသုစရိုက် (၃)ပါး, ဝစီသုစရိုက် (၄)ပါး, မနောသုစရိုက် (၃)ပါးဟူသည့် ကုသိုလ်ကမ္မပထတရား (၁၀)ပါးတည်းဟူသော ကုသိုလ်ကံကို ဖြူစင်သောကံဟု ဆိုလိုပေသည်။ သုက္ကဝိပါက = ဖြူစင်သော အကျိုးတရားဟူသည် သုဘကိဏှာပြဟ္မာ့ပြည်ကဲ့သို့သော ဖြူစင်သော လားရာသုဂတိ၌ ဖြစ်ပေါ်စေသော ဖြူစင်သော အကျိုးတရားကို ဆိုလိုပေသည်။

၃။ ကဏှသုက္က = အမည်းအဖြူ ရောနှောနေသော အပြစ်ရှိ မရှိ ရောပြွမ်းလျက်ရှိသော ကံဟူသည် အကုသိုလ်နှင့် ကုသိုလ်ကို ရောရောနှောနှော ပြုသောကံတည်း။ ဥပမာ — သူ့အသက်ကို သတ်၍ ရရှိသော ပစ္စည်းကို လှူခြင်း၊ သူ့ပစ္စည်းကို မတရားရအောင် ယူ၍ လာဘ်ပေး လာဘ်ယူ ပြုလုပ်၍ ရရှိသော ပစ္စည်းကို လှူခြင်း၊ သူ့သားမယားတွေကို ဖျက်ဆီး၍ ရရှိသော ပစ္စည်းကို လှူခြင်း၊ မုသားပြော၍ ကုန်းတိုက်၍ ကြမ်းတမ်းသော စကားကို ပြောဆို၍ ကွက်စိပ်ဆရာကဲ့သို့ ပြိန်ဖျင်းသော စကားကို ပြောကြား၍ ရရှိသည့် ပစ္စည်းကို လှူခြင်း စသည်ဖြင့် အကုသိုလ်နှင့် ကုသိုလ်ကို အရောရော အနှောနှော ပြုလုပ်ကာ ထူထောင်ထားသော ကံများ ဖြစ်ကြ၏။ ယင်းကဲ့သို့ ရောရောနှောနှော ထူထောင်ထားသည့် ကံတို့က အကျိုးပေးသည့်အခါမှာ အကုသိုလ်ကံကြောင့် တိရစ္ဆာန်အမျိုးအနွယ်၌ ဖြစ်ရ၏။ ကုသိုလ်ကံကြောင့် ထိုတိရစ္ဆာန်ဘဝဝယ် မင်္ဂလာဆင်တော်, မင်္ဂလာ မြင်းတော် စသည်တို့ဖြစ်ကာ ထိုဆင်ဘဝ, မြင်းဘဝတို့၌ အခြားအခြားသော ဆင်တို့ မြင်းတို့ထက် အဆင့်မြင့်သောနေရာ အစားအစာတို့ကို ချမ်းချမ်းသာသာ သုံးဆောင်ခံစားရပေသည်။ အရောရော အနှောနှောသော ကံကြောင့် အရောရော အနှောနှောသော အကျိုးတရားကို ရရှိပေသည်။ အလား တူပင် ကုသိုလ်ကံကြောင့် ထိုကံက ပစ်တင်လိုက်သဖြင့် မင်းမျိုးမင်းနွယ်၌ လူဖြစ်လာရပြန်၏။ သို့သော် အကုသိုလ်ကံ၏ စွမ်းအားကြောင့် ပဋိသန္ဓေနှင့် စုတိအကြား အချိန်ကာလဟူသော =

[၂၈] အံ၊၁၊၅၅၅။

ပဝတ္တိအခါ၌ မင်းပြစ် မင်းဒဏ်သင့်ခြင်း စသည်ဖြင့် ဆင်းရဲဒုက္ခ အဝဝကို ခံစားရပြန်၏။ အရောရော အနှောနှောသော ကံကြောင့် အရောရော အနှောနှောသော အကျိုးတရားကို ရရှိခြင်း ဖြစ်ပေသည်။ ဤ၌ အင်္ဂုတ္တရ အဋ္ဌကထာ[၂၉]က အရောရော အနှောနှောသော ကံကို ထူထောင်မိသဖြင့် အရောရော အနှောနှောသော အကျိုးတရားကို ခံစားရသူတို့ စာရင်းတွင် လူသားသတ္တဝါ, အချို့သော နတ်, အချို့သော ဝေမာနိကပြိတ္တာတို့ကိုပါ ထည့်သွင်းကာ ဖွင့်ဆိုထား၏။ လူသားတို့ကား ယေဘုယျ အားဖြင့် လောကဓံ လေပြင်းမုန်တိုင်းတို့၏ တိုက်ခတ်မှုဒဏ်ချက်ကို ခံနေရသည့် သတ္တဝါတို့ ဖြစ်ခြင်း ကြောင့် ရံခါ သုခဝေဒနာကို ရံခါ ဒုက္ခဝေဒနာကို ခံစားကြရ၏။ အချို့သော နတ်ဟူသည်မှာ ကာမာဝစရနတ်တို့ကို ဆိုလိုသည်။ ထိုနတ်တို့သည်လည်း မိမိတို့ထက် တန်ခိုးဂုဏ်ရှိန်ဂုဏ်ဝါ ကြီးမား ကြသည့် နတ်တို့ကို တွေ့မြင်ရသည့်အခါ နေရာမှ ထပေးရခြင်း အပေါ်ရုံတဘက်ကို အောက်ချရခြင်း လက်အုပ်ချီရခြင်း စသည်တို့ကို ပြုလုပ်ရသည့်အတွက် ရံခါအားဖြင့် ဒုက္ခဝေဒနာကိုလည်း ခံစားရ၏။ ရံခါ နတ်စည်းစိမ်တို့ကို ခံစားနေရသည့်အခါ သုခဝေဒနာကိုလည်း ခံစားရပေသည်။ တန်ခိုးကြီးမား-သော နတ်တို့ လာသောအခါ တန်ခိုးငယ်သော နတ်တွေက နောက်သို့ ဆုတ်ခွာပေးရသည်မှာ နတ်တို့၏ ဓမ္မတာတစ်ခု ဖြစ်ပေသည်။ အချို့သော ဝေမာနိကပြိတ္တာဟူသည်မှာ "နေ့စံ-ညခံ"ဟူသည့် ဝေမာနိကပြိတ္တာများကို ဆိုလိုပေသည်။ ထိုပြိတ္တာတို့ကား နေ့အခါ၌ နတ်စည်းစိမ်တမျှ ကြီးမားသော စည်းစိမ်ချမ်းသာကို ခံစားကြရ၏။ မိမိတို့ ပြုစုပျိုးထောင်ခဲ့သည့် ကုသိုလ်ကံ၏ အကျိုးကို ခံစားကြ-ရခြင်း ဖြစ်ပေသည်။ သို့သော် ညဥ့်အခါ၌ကား မိမိတို့ ပြုစုပျိုးထောင်ခဲ့သည့် အကုသိုလ်ကံ၏ စွမ်းအားကြောင့် ကံနှင့်လျော်ညီသည့် ဆင်းရဲဒုက္ခ အဝဝကို ခံစားကြရပေသည်။ နဂါး ဂဠုန် ဆင် မြင်း စသော သတ္တဝါတို့သည်ကား လူသားတို့ကဲ့သို့ပင် အရောရော အနှောနှောသော ကုသိုလ်ကံ အကုသိုလ်ကံတို့၏ စွမ်းအားကြောင့် အရောရော အနှောနှောသော သုခ ဒုက္ခတို့ကို ခံစားကြရ ပေသည်။

၄။ အကဏှ-အသုက္က = မမည်းမဖြူသောကံဟူသည်ကား အရိယမဂ်ဉာဏ် (၄)ပါးတို့နှင့် ယှဥ်တွဲကာ အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အာရုံယူကာ ဖြစ်ပေါ်လာ-ကြသည့် အရိယမဂ်စေတနာတို့ကို ဆိုလိုပေသည်။ အကယ်၍ ဤအရိယမဂ်စေတနာသည် မည်းညစ်သောကံ ဖြစ်ငြားအံ့။ မည်းညစ်သော အကျိုးတရားကို ပေးလေရာ၏၊ ဖြစ်ပေါ်စေလေ-ရာ၏။ အကယ်၍ ဤအရိယမဂ်စေတနာသည် ဖြူစင်သောကံ ဖြစ်ငြားအံ့။ ဖြူစင်သော အကျိုး တရားကို ပေးလေရာ၏၊ ဖြစ်ပေါ်စေလေရာ၏။ သို့သော် မည်းညစ်သော အကျိုးတရားကိုလည်း ဤအရိယမဂ်စေတနာက အကျိုးမပေးနိုင်ပေ၊ ဖြူစင်သော အကျိုးတရားကိုလည်း ဤအရိယမဂ် စေတနာက အကျိုးမပေးနိုင်ပေ။ ထိုကဲ့သို့ မည်းညစ်သော အကျိုးတရား ဖြူစင်သော အကျိုးတရား တို့ကို မပေးတတ်သည့်အတွက်ကြောင့် ဤအရိယမဂ်စေတနာကို — အကဏှအသုက္က-အကဏှ-အသုက္ကဝိပါကကံဟု ဆိုလိုပေသည်။[၃၀]

---

[၂၉, ၃၀] အံ၊ ၂၊၃၉၀။

## ကံကို ကုန်စေတတ်သည့် အရိယမဂ်စေတနာတို့၏ စွမ်းအား

ခန္ဓာတို့နှင့် ခန္ဓာတို့ကို, တစ်နည်း — အတိတ်ခန္ဓာနှင့် ပစ္စုပ္ပန်ခန္ဓာကို, ပစ္စုပ္ပန်ခန္ဓာနှင့် အနာဂတ်ခန္ဓာကို ယှဉ်စပ်နှောင်ဖွဲ့ပေးတတ်သောကြောင့်လည်းကောင်း, အကျိုးတရားနှင့် အကျိုးကို ဖြစ်စေတတ်သည့် ကံကို ယှဉ်စပ်နှောင်ဖွဲ့ပေးတတ်သောကြောင့်လည်းကောင်း, သံသရာဝဋ်ဆင်းရဲဒုက္ခနှင့် သတ္တဝါတို့ကို ယှဉ်စပ်နှောင်ဖွဲ့ပေးတတ်သောကြောင့်လည်းကောင်း ရူပဘုံကို, တစ်နည်း — ရူပဈာန်ကို တွယ်တာတပ်မက်တတ်သည့် ရူပရာဂစသော (၁၀)မျိုးကုန်သော တရားတို့ကို သံယောဇဉ်တို့ဟူ၍ ခေါ်ဆိုအပ်ကုန်၏။

၁။ ရူပဘုံကို, တစ်နည်း — ရူပဈာန်ကို တွယ်တာတပ်မက်ခြင်း = ရူပရာဂသံယောဇဉ်,

၂။ အရူပဘုံကို, တစ်နည်း — အရူပဈာန်ကို တွယ်တာတပ်မက်ခြင်း = အရူပရာဂသံယောဇဉ်,

၃။ စိတ်ဓာတ်တက်ကြွထောင်လွှားခြင်း = မာနသံယောဇဉ်,

၄။ စိတ်ပျံ့လွင့်ခြင်း = ဥဒ္ဓစ္စသံယောဇဉ်,

၅။ သစ္စာလေးပါး အမှန်တရားကို မသိမှု ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ အသက်ကောင် လိပ်ပြာကောင် ဝိညာဉ်ကောင် အတ္တကောင် စသည်ဖြင့် အသိမှားမှု = အဝိဇ္ဇာ (= မောဟ)သံယောဇဉ် —

ဤ (၅)မျိုးကုန်သော သံယောဇဉ်တရားတို့ကား အထက်ဖြစ်ကုန်သော ရူပဘုံ, အရူပဘုံတို့၌ ဖြစ်ကြကုန်သော ခန္ဓာစသည်တို့နှင့် ယှဉ်စပ်နှောင်ဖွဲ့ပေးတတ်သောကြောင့် **ဥဒ္ဓံဘာဂိယသံယောဇဉ်** မည်ကုန်၏။

၁။ ခန္ဓာငါးပါးတို့အပေါ်၌ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာဟု လောက၌ ခေါ်ဝေါ်သုံးစွဲသည့်အတိုင်း စွဲလမ်းယုံကြည်ခြင်း = လောကသမညာအတ္တစွဲ, မိစ္ဆာဒိဋ္ဌိအယူရှိသူတို့ စွဲလမ်းယုံကြည်အပ်သည့် အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင် ရှိ၏ ဟူသော စွဲလမ်းယုံကြည်ခြင်း အတ္တစွဲ — ဤအတ္တစွဲ (၂)မျိုး၌ အမှားမှား အယွင်းယွင်း စွဲလမ်းယုံကြည်ခြင်း = သက္ကာယဒိဋ္ဌိသံယောဇဉ်,

၂။ ဘုရားရတနာ တရားရတနာ သံဃာရတနာ သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ် ဟူသည့် သိက္ခာသုံးရပ် အကျင့်မြတ်၊ အတိတ်ခန္ဓာ အနာဂတ်ခန္ဓာ အတိတ်အနာဂတ်ခန္ဓာ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတည်းဟူသော ကံ-ကံ၏အကျိုးတရား — ဤ (၈) ဌာနတို့၌ သို့လောသို့လော = ဟုတ်လေသလော မဟုတ်လေသလောဟု တွေးတောယုံမှားခြင်း = သံသယရှိခြင်း = ဝိစိကိစ္ဆာသံယောဇဉ်,

၃။ နွားအကျင့် ခွေးအကျင့် စသည်တို့ကို ကျင့်ခြင်းဖြင့် ကိလေသာတို့မှ စင်ကြယ်နိုင်၏၊ သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်နိုင်၏ဟု မှားသောအားဖြင့် သုံးသပ်ခြင်း = သီလဗ္ဗတ-ပရာမာသသံယောဇဉ်,

၄။ ကာမ (၁၁)ဘုံ = ကာမဘဝ၌ တွယ်တာတပ်မက်ခြင်း, ကာမ (၁၁)ဘုံအတွင်းရှိ သက်ရှိ သက်မဲ့ ကာမဝတ္ထု အစုစုတို့အပေါ်၌ တွယ်တာတပ်မက်ခြင်း ကာမရာဂသံယောဇဉ်,

၅။ စိတ်ဓာတ် ကြမ်းတမ်းခက်ထန်တင်းမာခြင်း ဒေါသကြီးခြင်း = ပဋိဃသံယောဇဉ်,

ဤသံယောဇဉ် (၅)ပါးတို့ကား အောက်အဖို့ဟု ခေါ်ဆိုအပ်သည့် ကာမ (၁၁)ဘုံအတွင်း၌ ဖြစ်ပေါ်ကြကုန်သော ခန္ဓာငါးပါး စသည်တို့နှင့် ယှဉ်စပ်နှောင်ဖွဲ့ပေးတတ်သောကြောင့် **အဓော-ဘာဂိယသံယောဇဉ်** မည်ကုန်၏။[၃၀]

၁။ သောတာပတ္တိအရိယမဂ်စေတနာကံသည် သက္ကာယဒိဋ္ဌိသံယောဇဉ်, ဝိစိကိစ္ဆာသံယောဇဉ်, သီလဗ္ဗတပရာမာသသံယောဇဉ်, အပါယ်သို့ ရောက်ရှိစေတတ်သည့် စွမ်းအားရှိသည့် ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ် — ဤသံယောဇဉ်ငါးပါးတို့ကို ပယ်သတ်နိုင်၏။ ယင်းအကုသိုလ်ကံ-တို့ကို ကုန်စေနိုင်သည့် အရိယမဂ်စေတနာကံ ဖြစ်သည်။ ထို့ကြောင့် သောတာပန် အရိယာသူတော်-ကောင်းသည် အပါယ်သံသရာမှ ကွင်းလုံးကျွတ် လွတ်မြောက်သွားပြီ ဖြစ်ပေသည်။

၂။ သကဒါဂါမိအရိယမဂ်စေတနာကံသည် ရုန့်ရင်းကြမ်းတမ်းကုန်သော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်တို့ကို ပယ်သတ်နိုင်၏။ ယင်းအကုသိုလ်ကံတို့ကို ကုန်စေနိုင်၏။ ဤသကဒါဂါမ် အရိယာသူတော်ကောင်းသည် အကယ်၍ လူ့ဘုံကဲ့သို့သော ကာမဘုံကို ပြန်လည်ကာ ပဋိသန္ဓေ-အားဖြင့် လာရောက်ခဲ့မည်ဆိုလျှင် တစ်ကြိမ်လောက်သာ တစ်ဖန် ပြန်ပြီးတော့ ပဋိသန္ဓေနေခွင့် ရှိ၏။ တစ်ကြိမ်ထက် ပိုလွန်၍ လူ့ပြည် လူ့လောက၌ ပဋိသန္ဓေအားဖြင့် လာရောက်တည်နေခွင့် မရှိပေ။ သကဒါဂါမ် မဖြစ်မီ အချိန်ကာလက ထူထောင်ထားခဲ့သည့် လူ့ပြည်သို့ ပဋိသန္ဓေအားဖြင့် တစ်ကြိမ်ထက် ပိုလွန်၍ ကပ်ရောက်ထိုက်သည့် ကုသိုလ်ကံဟူသမျှကိုလည်းကောင်း, တစ်ကြိမ်ထက် ပိုလွန်သော လူ့ဘဝ၌ ပဝတ္တိအခါ ခံစားထိုက်သည့် ဒုက္ခဝေဒနာကို ဖြစ်စေနိုင်သည့် အကုသိုလ်ကံ မှန်သမျှကိုလည်းကောင်း ကုန်ခန်းစေပေသည်။

၃။ အနာဂါမိအရိယမဂ်စေတနာကံသည် သိမ်မွေ့နူးညံ့ကုန်သော ကာမရာဂသံယောဇဉ်, ပဋိဃသံယောဇဉ်တို့ကို ပယ်သတ်နိုင်၏။ အနာဂါမ် လူအရိယာသူတော်ကောင်းအတွက် (၁၀)ပါး သီလကား နိစ္စထာဝရသီလ ဖြစ်၏။ သက်ရှိ သက်မဲ့ ကာမဝတ္ထု အစုစုတို့အပေါ်၌ တွယ်တာ တပ်မက်မှု အကုသိုလ်ကံကို ယင်းအနာဂါမိအရိယမဂ်စေတနာကံက ကုန်ခန်းစေသည်။ အနာဂါမ် အရိယာသူတော်ကောင်းသည် ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ဖန် ပြန်လာခြင်းသဘော မရှိပေ။ ကာမဘုံသို့ ပဋိသန္ဓေအားဖြင့် တစ်ဖန် ကပ်ရောက်ထိုက်သည့် အနာဂါမ် မဖြစ်မီက ထူထောင်ထား-ခဲ့သည့် ကုသိုလ်ကံမှန်သမျှကို ယင်းအနာဂါမိအရိယမဂ်စေတနာကံက ကုန်ခန်းစေသောကြောင့် ဖြစ်သည်။

---

[၃၀] ဝိသုဒ္ဓိ၊၂၊၃၂၂။

၄။ အရဟတ္တအရိယမဂ်စေတနာသည် ရူပရာဂသံယောဇဉ်, အရူပရာဂ သံယောဇဉ်, ဥဒ္ဓစ္စ သံယောဇဉ်, မာနသံယောဇဉ်, အဝိဇ္ဇာသံယောဇဉ်တည်းဟူသော ဥဒ္ဓံဘာဂိယသံယောဇဉ် (၅)မျိုး-တို့ကို ပယ်သတ်လိုက်၏။ ရှေးရှေး အရိယမဂ်တရားတို့က မပယ်ရှားရသေးသည့် ကြွင်းကျန်နေသေး-သည့် အရဟတ္တမဂ်သို့ မဆိုက်ရောက်မီ ပြုစုပျိုးထောင်ခဲ့သည့် အနာဂတ်ဘဝသစ်ကို ဖြစ်စေနိုင်သော စွမ်းအားရှိသည့် ကုသိုလ်ကံ အကုသိုလ်ကံ မှန်သမျှကို ယင်းအရဟတ္တအရိယမဂ်စေတနာကံက ကုန်ခန်းစေသည်။ သို့အတွက် ရဟန္တာအရှင်မြတ်၏ ရဟန္တာမဖြစ်မီ ပြုစုပျိုးထောင်ခဲ့သည့် ရှေးရှေး အရိယမဂ်စေတနာကံတို့က မပယ်ရှားရသေးသည့် နောင်အနာဂတ်ဘဝသစ်ကို ဖြစ်စေနိုင်သော စွမ်းအားရှိသည့် ကုသိုလ်ကံ အကုသိုလ်ကံ မှန်သမျှသည် ကံဖြစ်ပြီးသာဖြစ်၍ အကျိုးမပေးတော့သည့် အဟောသိကံအရာ၌ တည်ရှိသွားပေသည်။ ထို့ကြောင့် ရဟန္တာအရှင်မြတ်သည် ပရိနိဗ္ဗာန-စုတိ၏ နောက်တွင် ခန္ဓာငါးပါးတို့၏ နောက်ထပ်တစ်ဖန် အသစ်ဖြစ်ပေါ်ခြင်း အလျဉ်းမရှိတော့-သည့်အတွက်ကြောင့် သံသရာဝဋ်ဆင်းရဲဒုက္ခ အဝဝမှ အပြီးတိုင် ကွင်းလုံးကျွတ် လွတ်မြောက်သွားပြီ ဖြစ်ပေသည်။[၃၂]

အာစိဏ္ဏကံအကြောင်းကို ရှင်းလင်းတင်ပြပြီးနောက် အာသန္နကံအကြောင်းကို ဆက်လက်ကာ ဆွေးနွေးတင်ပြအပ်ပါသည်။

**၃။ အာသန္နကံ** = သေခါနီး၌ ပြုအပ် အောက်မေ့အပ်သော ကံ[၃၃]

သေခါနီးကာလ၌ အဖန်တလဲလဲ အောက်မေ့အပ်သော ကံသည် အာသန္နကံ မည်၏။ သေခါနီး ကာလ၌ ကပ်၍ ပြုအပ်သော ကံ၏ အာသန္နကံ မည်မှုသည်ကား ဆိုဖွယ်ရာပင် မရှိတော့ပေ။ ယင်းသေခါနီးကာလ မရဏာသန္နအခါ၌ ပြုအပ် အောက်မေ့အပ်သော ကံကို နီးကပ်သော သေခြင်း တရားရှိသော သတ္တဝါသည် အဖန်တလဲလဲ အောက်မေ့ခြင်းငှာ စွမ်းနိုင်ပါမူကား ထိုကံကသာလျှင် အကျိုးကို ဖြစ်စေ၏။ သေခါနီးကာလ မရဏာသန္နအခါဝယ် မရဏာသန္နဇော၏ အာရုံအဖြစ် ထင်ထင်ရှားရှား ပေါ်နေသော ကံမျိုးဖြစ်သဖြင့် မရဏာသန္နဇောက ယင်းကံကို အဖန်တလဲလဲ အောက်မေ့နိုင်ခြင်း ဖြစ်၏။

## တမ္ဗဒါဌိက လူသတ်သမားကြီး

တမ္ဗဒါဌိကသည် ခိုးသားဓားပြလည်း ပြုလုပ်ခဲ့ဖူး၏၊ ရာဇဂြိုဟ်ထောင်အတွင်း၌ မင်းပြစ်မင်းဒဏ် သင့်ကြသည့် ခိုးသားဓားပြစသည့် တရားခံတို့ကိုလည်း နှစ်ပေါင်းငါးဆယ်တိုင်တိုင် လည်ဖြတ်ကာ သတ်ခဲ့ဖူး၏။ နှစ်ပေါင်း ငါးဆယ်တိုင်တိုင် ထောင်အတွင်း၌ တရားခံတို့ကို သတ်ဖြတ်ခြင်း လုပ်ငန်း-

---

[၃၂] ဝိသုဒ္ဓိ၊၂၊၃၂၆။

[၃၃] **ယဒါသန္နံ** နာမ မရဏကာလေ အနုဿရိတကမ္မံ။ ယဉှိ အာသန္နမရဏော အနုဿရိတုံ သက္ကောတိ၊ တေနေဝ ဥပပဇ္ဇတိ။ (ဝိသုဒ္ဓိ၊၂၊၂၃၆။)

**မရဏကာလေ အနုဿရိတ**န္တိ ပရိဗျတ္တဘာဝေန မရဏာသ အာသန္နကာလေ အနုဿရိတံ။ အာသန္နကာလေ ကတေ ဝတ္တဗ္ဗမေဝ နတ္ထီတိ ဟိ ဝုတ္တံ။ (မဟာဋီ၊၂၊၃၇၇။)

ရပ်ကို လုပ်ဆောင်ပြီးနောက် အသက်အရွယ် အိုမင်းရင့်ရော်လာသောအခါ ဓားတစ်ချက်တည်းဖြင့် တရားခံတို့၏ လည်ပင်းကို ဖြတ်တောက်ခြင်းငှာ မစွမ်းနိုင်ဘဲ နှစ်ချက် သုံးချက် ခုတ်ဖြတ်ပါမှ ရနိုင်သည့် အခြေအနေ ရှိလာ၏။ ထိုအခါတွင် ထိုလုပ်ငန်းရပ်မှ အနားယူလိုက်၏။

တမ္ဗဒါဌိကသည် ထောင်အတွင်း၌ မင်းအမှုတော်ကို ထမ်းရွက်စဉ် စင်ကြယ်သော အဝတ်ဖြူကို ဝတ်ဆင်ခြင်း, ဆီဦးထောပတ်ဖြင့် ရောစပ်ကာ စီမံထားသည့် နို့ဃနာယာဂုကို သောက်ခြင်း, မြတ်လေးပန်းတို့ကို ပန်ဆင်ခြင်း, နံ့သာပျောင်းတို့ကို လိမ်းကျံခြင်း, ဤလုပ်ငန်းရပ် လေးခုတို့ကို ပြုလုပ်ခွင့် မရရှိခဲ့ပေ၊ ဥပဒေအရ တားမြစ်ခံရခြင်း ဖြစ်၏။ သို့သော် အနားယူသောနေ့တွင်ကား အိမ်ရှင်မအား ဆီဦးထောပတ်ဖြင့် ရောစပ်ကာ စီမံပြုလုပ်ထားသည့် နို့ဃနာယာဂုကို ချက်ပြုတ်ခိုင်း၏။ စင်ကြယ်သော အဝတ်ဖြူနှင့် မြတ်လေးပန်း, နံ့သာပျောင်းတို့ကို ယူဆောင်ကာ မြစ်ဆိပ်သို့ သွားကာ ရေချိုးခဲ့၏။ ရေချိုးပြီးနောက် ဝတ်ဖြူစင်ကြယ်ကို ဝတ်ရုံကာ နံ့သာပျောင်းတို့ကို လိမ်းကျံ-ပြီးနောက် မြတ်လေးပန်းတို့ကို ပန်ဆင်ကာ အိမ်သို့ ပြန်လာခဲ့ပြီးလျှင် နို့ဃနာယာဂုကို သောက်သုံးရန် ထိုင်နေခဲ့၏။ နို့ဃနာယာဂုကို သူ၏ရှေ့တွင် ချထားခဲ့ပြီးနောက် လက်ဆေးရန် ရေကို ဆောင်ယူကြကုန်၏။

ထိုအချိန်အခါတွင် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးသည် နိရောဓသမာပတ်မှ ထတော်မူပြီးနောက် — "ယနေ့ ငါသည် ဘယ်အရပ်သို့ သွားသင့်ပါသနည်း"ဟု မိမိ ဆွမ်းခံသွားရမည့် အရပ်ဒေသကို ဉာဏ်တော်မြတ်ဖြင့် လှမ်းမျှော်ကာ ကြည့်ရှုတော်မူလေသော် တမ္ဗဒါဌိက၏ အိမ်၌ အသင့်ပြင်ထားသော နို့ဃနာယာဂုကို တွေ့မြင်တော်မူသောအခါ — "ငါ၏ ချီးမြှောက်မှုကို ဤယောကျ်ားသည် ပြုလုပ်နိုင်လတ္တံ့လော"ဟု စူးစမ်းဆင်ခြင်တော်မူလတ်သော် — "ဤယောကျ်ား-သည် ငါ့ကို ဖူးတွေ့ရသည့်အခါ ငါ၏ ချီးမြှောက်မှုကို ပြုနိုင်စွမ်းရှိပေလိမ့်မည်၊ ဤအမျိုးကောင်းသားသည် ကောင်းမှုကုသိုလ်ကို ပြုပြီးနောက် ကြီးကျယ်သော စည်းစိမ်ချမ်းသာကိုလည်း ရရှိပါလိမ့်မည်"-ဟု သိရှိတော်မူသည့်အတွက် သင်္ကန်းကို ဝတ်ရုံတော်မူကာ သပိတ်ကို ယူဆောင်တော်မူပြီးလျှင် ထိုတမ္ဗဒါဌိက၏ အိမ်တံခါးဝ၌ ရပ်တည်တော်မူကာ မိမိကိုယ်ကို တမ္ဗဒါဌိက မြင်အောင် ထင်ရှားပြတော်မူလေသည်။

ထိုတမ္ဗဒါဌိကသည် မထေရ်မြတ်ကို မြင်သောအခါ ကြည်ညိုသော စိတ်ထားရှိသည်ဖြစ်၍ ဤသို့ စဉ်းစား၏ — "ငါသည် ရှည်မြင့်စွာသော အချိန်ကာလပတ်လုံး ထောင်အတွင်း၌ ခိုးသားဓားပြတရားခံများကို သတ်ဖြတ်ခြင်းဟူသည့် လုပ်ငန်းရပ်ကို ပြုလုပ်ခဲ့၏။ များစွာကုန်သော လူသား-တို့ကို သတ်ဖြတ်ခဲ့၏၊ ယခုအခါ၌ ငါ၏ အိမ်မှာ နို့ဃနာယာဂုကို စီမံထားပြီး ဖြစ်၏၊ မထေရ်မြတ်ကြီးသည်လည်း ကြွလာတော်မူကာ ငါ၏ အိမ်တံခါးဝ၌ ရပ်တည်တော်မူလျက် ရှိ၏၊ ယခုအခါ၌ ငါသည် အရှင်မြတ်အား လှူဖွယ်ဝတ္ထုကို ပေးလှူဖို့ရန် သင့်တင့်လှပေ၏။" ဤသို့ ကြံစည်စဉ်းစားပြီးနောက် မိမိ၏ ရှေ့တွင် တည်ထားအပ်သော နို့ဃနာယာဂုကို ဖယ်ရှားကာ မထေရ်မြတ်ထံသို့ ချဉ်းကပ်ပြီးလျှင် ရိုသေစွာ ရှိခိုးဦးချလျက် အိမ်အတွင်းသို့ ကြွတော်မူပါရန် ပင့်ဖိတ်လျှောက်ထားပြီးလျှင် ထိုင်၍ သီတင်း

သုံးတော်မူစေကာ နို့ယနာယာဂုဆွမ်းကို သပိတ်တော်တွင် လောင်းထည့်ကာ ဆီဦးထောပတ်အသစ်ကို သွန်းလောင်းပြီးလျှင် ယင်းနို့ယနာယာဂုဆွမ်းကို မထေရ်မြတ်ကြီးအား ဆက်ကပ်လှူဒါန်းပူဇော်၏။ ထိုနောင် မထေရ်မြတ်ကြီးကို ယပ်လေခတ်ပေးတော်မူလျက် တည်နေ၏။ ထိုအခါ၌ ထိုတမ္ဗဒါဌိက၏ သန္တာန်ဝယ် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ရှေး၌ မရရှိဖူးသေးသည့်အတွက် နို့ယနာယာဂုကို သောက်သုံးလိုသော အားကောင်းသော အလိုအဇ္ဈာသယသည် ထင်ရှားဖြစ်ပေါ်နေ၏။ ယင်းအဇ္ဈာသယဓာတ်ကို အရှင်သာရိပုတ္တရာကိုယ်တော်မြတ်က သိရှိတော်မူသည်ဖြစ်၍ – "ဥပါသကာ . . . သင်သည် မိမိအတွက် နို့ယနာယာဂုကို သွားသောက်ချေ"ဟု ခွင့်ပြုတော်မူလိုက်၏။ ထိုတမ္ဗဒါဌိကသည် အခြားသူတစ်ယောက်၏လက်ဝယ် ယပ်တောင်ကို ပေးခဲ့ပြီးနောက် နို့ယနာယာဂုကို သင့်တင့်သော တစ်နေရာတွင် သွားကာ သောက်သုံးခဲ့လေသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးကလည်း ယပ်လေခတ်ပေးနေသည့် ယောကျ်ားကို – "သွားပေတော့ . . . တမ္ဗဒါဌိက ဥပါသကာကိုသာလျှင် ယပ်လေခတ်ပေးပေတော့"ဟု မိန့်ကြားတော်မူလိုက်၏။ ထိုတမ္ဗဒါဌိကသည် ယပ်လေခတ်ပေးခြင်းကို ခံယူလျက် နို့ယနာယာဂုကို ဝမ်းဗိုက်ပြည့်အောင် အားရပါးရ သောက်သုံးပြီးနောက် မထေရ်မြတ်ကြီးထံသို့ တစ်ဖန် ပြန်လာကာ မထေရ်မြတ်ကြီးအား ယပ်လေခတ်ပေးလျက် တည်နေပေ၏။ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ မထေရ်မြတ်ကြီး၏ သပိတ်တော်ကိုယူကာ ရေဆေးပေးလေ၏။ ထို့နောက် အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးသည် ဝမ်းမြောက်ဖွယ် အနုမောဒနာတရားစကားကို စတင်ကာ ဟောကြားတော်မူ၏။ သို့သော် တမ္ဗဒါဌိကသည် မိမိ၏ စိတ်ကို မထေရ်မြတ်၏ တရားဒေသနာတော်နောက်သို့ အစဉ်လိုက်ပါမှုကို ပြုလုပ်ရန် မစွမ်းနိုင်ဖြစ်နေ၏။ မထေရ်မြတ်ကြီးကလည်း တမ္ဗဒါဌိက၏ အခြေအနေကို ကောင်းစွာ သတိပြုမိလေသဖြင့် –"ဥပါသကာ . . . အဘယ့်ကြောင့် သင့်၏ စိတ်သည် တရားဒေသနာတော်နောက်သို့ အစဉ်လိုက်ပါဖို့ရန် မစွမ်းနိုင်ဖြစ်နေပါသနည်း"ဟု မေးမြန်းတော်မူလိုက်၏။ "အရှင်ဘုရား . . . တပည့်တော်သည် ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ရုန့်ရင်းကြမ်းတမ်းသည့်အမှုကို ပြုလုပ်ခဲ့ရပါ၏။ များစွာကုန်သော လူတို့ကို သတ်ခဲ့ရပါ၏။ ထိုတပည့်တော်သည် မိမိ၏ မကောင်းမှုကို အစဉ်တစိုက် အမှတ်ရနေသည့်အတွက် စိတ်ကို အရှင်ဘုရား၏ တရားဒေသနာတော်နောက်သို့ အစဉ်လိုက်ပါမှုကို ပြုလုပ်ရန် မစွမ်းနိုင်ဖြစ်နေပါသည် အရှင်ဘုရား"ဟု ပြန်လည်လျှောက်ထား၏။ ထိုအခါ မထေရ်မြတ်က သူ၏ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးမှ ဖြစ်တော့မည်ဟု သဘောပိုက်ကာ "သင်သည် မိမိ၏ စိတ်အလိုအတိုင်း အဘယ်မည်သော အမှုကို ပြုလုပ်ခဲ့ဖူးပါသနည်း? အခြားသူတို့က ခိုင်းစေသည့်အတွက်ကြောင့် ပြုလုပ်ခဲ့ရပါသလား?"ဟု မေးမြန်းတော်မူလိုက်၏။ ထိုအခါ တမ္ဗဒါဌိကက "တပည့်တော်ကို သက်ဆိုင်ရာ အာဏာရှိကြသည့် မင်းစိုးရာဇာတို့က ခိုင်းစေသဖြင့် ပြုလုပ်ခဲ့ရပါသည် အရှင်ဘုရား"ဟု ပြန်လည်ကာ လျှောက်ထားလေသည်။ "ဥပါသကာ . . . ဒီလိုဆိုလျှင် သင့်မှာ အဘယ်မည်သော အကုသိုလ် ဖြစ်နိုင်မလဲ?"ဟု မိန့်ကြားတော်မူလိုက်၏။ ထိုအခါ ပညာနုံ့နည်းသည့် တမ္ဗဒါဌိက ဥပါသကာကို မထေရ်မြတ်ကြီးသည် ဤသို့ မိန့်ကြားတော်မူလတ်သော် – "ဩော် – ငါ့မှာ အကုသိုလ် မရှိပါလား"ဟု အမှတ်သညာ ရှိသည့်အတွက် ဒီလိုဆိုလျှင် – "အရှင်ဘုရား . . . တရားတော်ကို ဆက်လက် ဟောကြားတော်မူပါ"ဟု လျှောက်ထားလေသည်။ မထေရ်မြတ်ကြီးလည်း

ဝမ်းမြောက်ဖွယ် တရားစကားတော်ကို ဟောကြားတော်မူစဉ် သစ္စာလေးပါးနှင့် စပ်သည့် တရားစကားများကိုပါ ထည့်သွင်းကာ ဟောကြားပေးတော်မူလေသည်။ တရားနာယူစဉ်ပင် တရားတော်၏ နောက်သို့ ဉာဏ်ကို စေလွှတ်ကာ ရှုပွားနိုင်သည့်အတွက် သောတာပတ္တိမဂ်ဉာဏ်၏ အနီးအပါးရှိ အနုလောမိကခန္တိ အမည်ရသည့် သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်ရောက်သည့်တိုင်အောင် ဝိပဿနာဘာဝနာကို စီးဖြန်းနိုင်ခဲ့လေသည်။ မထေရ်မြတ်ကြီးသည်လည်း တရားစကားတော်ကို ဟောကြားတော်မူပြီးနောက် ကျောင်းတော်သို့ ပြန်လည်ကာ ကြွသွားတော်မူလေသည်။

တမ္ဗဒါဌိကသည်လည်း မထေရ်မြတ်ကြီး၏ နောက်တော်မှ လိုက်ပါကာ ပို့ဆောင်ပေးလေသည်။ မထေရ်မြတ်ကြီးအား ရှိခိုးဝပ်ချပြီးနောက် သင့်တော်သော လမ်းခုလတ် တစ်နေရာမှ အိမ်သို့ တစ်ဖန်ပြန်လာခဲ့လေသည်။ အိမ်သို့ လှည့်အပြန် အတိတ်ဘဝတစ်ခုက ရန်ငြိုးရှိခဲ့ဖူးသော ဘီလူးမတစ်ဦးက နွားမ အယောင်ဆောင်ကာ သို့မဟုတ် နွားမကိုယ်အတွင်းသို့ ဝင်ပူးကာ ဝှေ့သတ်သဖြင့် ကွယ်လွန်ကာ တုသိတာနတ်ပြည်တွင် နတ်သား ဖြစ်ခဲ့လေသည်။[၃၄]

ဤဝတ္ထုတွင် တမ္ဗဒါဌိကသည် နှစ်ပေါင်း ငါးဆယ်ကျော် အဒိန္နာဒါန, ပါဏာတိပါတ စသည့် မည်းညစ်သည့် မကောင်းမှု အကုသိုလ်ကံတို့ကို ပြုစုပျိုးထောင်ခဲ့၏။ သို့သော် သေခါနီးကာလတွင် ပြုစုပျိုးထောင်ခဲ့သော ဒါနကုသိုလ်ကံနှင့် ဝိပဿနာကုသိုလ်ကံတို့က ထုတ်ဆောင်ကယ်တင်လိုက်သဖြင့် မည်းညစ်သည့် အကုသိုလ်ကံတို့ကြောင့် ငရဲသို့ မရောက်တော့ဘဲ ဖြူစင်သည့် ကုသိုလ်ကံတို့ကြောင့် နတ်ရွာသုဂတိသို့ ရောက်ရှိသွားရပေသည်။ ထို့ကြောင့် ပုထုဇန်လူသားများအတွက် သေခါနီးကာလ၌ နှလုံးသွင်းဖြောင့်မတ်မှုကား အလွန့်အလွန် အရေးကြီးလှသော အချိန်ကာလဖြစ်ပေသည်။ အမည်းကံများက အမည်းနယ်မြေသို့ ရောက်အောင် ပို့ဆောင်တတ်သလို အဖြူကံများကလည်း အဖြူနယ်မြေသို့ ရောက်အောင် ပို့ဆောင်တတ်ပေသည်။ သို့သော် မဖြူမမည်းကံတို့ကလည်း မဖြူမမည်းသည့် နယ်မြေသို့ ရောက်အောင် ပို့ဆောင်ကြပြန်သည်။ ယင်းသဘောတရားများကို နားလည်သဘောပေါက်နိုင်ရန် အောက်တွင် ဆက်လက်ဖော်ပြမည့် **အာဒိတ္တပရိယာယသုတ္တန်**ကို ဆက်လက်ပြီး ဖတ်ရှုကြည့်ပါ။

အာဒိတ္တပရိယာယသုတ္တန်ကို ဖတ်ရှုပါက ကြိုတင်သိထားသင့်သော အချက်နှစ်ချက် ရှိနေ၏။

၁။ **အနုဗျဉ္ဇနဂ္ဂါဟ** = ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို လှသည် သို့မဟုတ် မလှဟု စွဲယူခြင်း,

၂။ **နိမိတ္တဂ္ဂါဟ** = ခန္ဓာကိုယ် တစ်ခုလုံးကို ယောက်ျားဟု မိန်းမဟု သားဟု သမီးဟု စသည်ဖြင့်လည်းကောင်း, လှသည် သို့မဟုတ် မလှဟုလည်းကောင်း စွဲယူခြင်းတည်း။

တစ်ဖန် **ဂါဟ** အကြောင်းကိုလည်း သိထားသင့်၏။ တဏှာဂ္ဂါဟ, မာနဂ္ဂါဟ, ဒိဋ္ဌိဂ္ဂါဟဟု ဂါဟ သုံးမျိုး ရှိနေပေသည်။ "ငါ့ဟာ ငါ့ဟာ"ဟု စွဲယူမှုကား တဏှာဂ္ဂါဟ = တဏှာဖြင့် စွဲယူခြင်းတည်း။ "ငါ ငါ"ဟု ထောင်လွှားတက်ကြွကာ စွဲယူခြင်းကား မာနဂ္ဂါဟ = မာနဖြင့် စွဲယူခြင်းတည်း။

---

[၃၄] ဓမ္မပဒဋ္ဌ၊၁၊၄၀၆။

" ငါ၏ အတ္တ, ငါ၏ အသက်"ဟု စွဲယူခြင်းကား ဒိဋ္ဌိဂ္ဂါဟ = ဒိဋ္ဌိဖြင့် စွဲယူခြင်းတည်း။

ပုဂ္ဂိုလ်တစ်ယောက်ကို မြင်လိုက်သောအခါ "မျက်လုံးက လှ၏, မျက်နှာက လှ၏, လက်ခြေက လှ၏" ဤသို့ စသည်ဖြင့် ခန္ဓာကိုယ်၏ ကိုယ်အင်္ဂါ အစိတ်အပိုင်း တစ်ခုခုကို နှစ်သက်သာယာမှုဖြင့် စွဲယူခြင်းသည်ကား အနုဗျဉ္ဇနဂ္ဂါဟတည်း။ ပုဂ္ဂိုလ်တစ်ယောက်ကို တွေ့မြင်လိုက်သောအခါ ယောကျ်ားပဲ မိန်းမပဲ သားပဲ သမီးပဲ အဖိုးကြီးပဲ အဖွားကြီးပဲ စသည်ဖြင့် စွဲယူခြင်း, လှ၏ စသည်ဖြင့် နှစ်သက်သာယာမှုဖြင့် စွဲယူခြင်းသည်ကား နိမိတ္တဂ္ဂါဟတည်း။ ဤသို့ စွဲယူသောအခါ အမည်းကံများ ဖြစ်ပေါ်လာပုံကိုလည်းကောင်း, ယင်းအမည်းကံတို့က စင်စစ်မည်းညစ်သော အကျိုးတရားများကို ဖြစ်ပေါ်စေပုံကိုလည်းကောင်း, မဖြူမမည်းကံတို့ကို ပြုစုပျိုးထောင်ခဲ့လျှင် မဖြူမမည်းနယ်မြေသို့ ယင်းမဖြူမမည်းကံတို့က ပို့ဆောင်နိုင်ပုံကိုလည်းကောင်း, ယင်းမဖြူမမည်းကံတို့ကို ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ပြုစုပျိုးထောင်ရမည်ကိုလည်းကောင်း ဤအာဒိတ္တပရိယာယသုတ္တန်တွင် ဘုရားရှင်က ဟောကြားထားတော်မူပေသည်။

## အာဒိတ္တပရိယာယသုတ္တန်

ချစ်သားရဟန်းတို့ . . . သင်ချစ်သားတို့အား အာဒိတ္တပရိယာယမည်သော တရားဒေသနာတော်ကို ငါဘုရားရှင် ဟောကြားပေးတော်မူပေအံ့— ထိုတရားဒေသနာတော်ကို နာယူကြကုန်လော့။ ချစ်သားရဟန်းတို့ . . . **အာဒိတ္တပရိယာယ**မည်သော တရားဒေသနာတော်ဟူသည် အဘယ်နည်း?

ချစ်သားရဟန်းတို့ . . . လောလောပူသော ရဲရဲညီသော တပြောင်ပြောင်တောက်ပလျက်ရှိသော မီးတောက်မီးလျှံနှင့် တကွသော သံချောင်းဖြင့် မျက်စိကို ထုတ်ချင်းပေါက်အောင် ထိုးဖောက်လိုက်ခြင်းသည် မြတ်သေး၏၊ စက္ခုဝိညာဏ်ဖြင့် သိမြင်အပ်ကုန်သော အဆင်း = ရူပါရုံတို့၌ မျက်လုံး မျက်ခုံး မျက်နှာစသည်ဖြင့် အမှတ်လက္ခဏာယ်ကို စွဲယူခြင်း, ယောကျ်ား မိန်းမ စသည်ဖြင့် သဏ္ဌာန် နိမိတ်ကို စွဲယူခြင်းသည် မမြတ်သည်သာလျှင်တည်း။

ချစ်သားရဟန်းတို့ . . . ထိုကဲ့သို့ စွဲယူသောအခါ၌ သင်ချစ်သားတို့၏ သန္တာန်၌ ဖြစ်ပေါ်တည်နေဆဲဖြစ်သော နောင်တစ်ဖန် ဘဝသစ်ဟူသော အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သော စွမ်းအားရှိသော ကမ္မဝိညာဏ်ဟု ခေါ်ဆိုအပ်သော စိတ်အစဉ်သည် မျက်လုံး မျက်ခုံး မျက်နှာ စသော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုအပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော စိတ်အစဉ်သော်မူလည်း ဖြစ်ပေါ်တည်နေလေရာ၏။ ယောကျ်ား မိန်းမ လှ-မလှ စသော သဏ္ဌာန် နိမိတ်အပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော စိတ်အစဉ်သည်သော်မူလည်း ဖြစ်ပေါ်တည်နေလေရာ၏၊ ထိုကဲ့သို့ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော ထိုအချိန်အခါမျိုး၌ အကယ်၍များ သေသွားငြားအံ့ — ထိုကဲ့သို့ သေသွားခဲ့သည်ရှိသော် ငရဲသို့သော်မူလည်းဖြစ်စေ, တိရစ္ဆာန်မျိုးသို့သော်မူလည်းဖြစ်စေ လားရာ "ဂတိ" နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာ "ဂတိ"သို့ ရောက်ရှိရာသည်ဟူသော ဤအကြောင်း-

တရားသည် ထင်ရှားတည်ရှိနေ၏။ ချစ်သားရဟန်းတို့ . . . ဤကဲ့သို့သော အပြစ်ကို သိမြင်တော်မူ-သည်ဖြစ်၍ ငါဘုရားရှင်သည် ဤကဲ့သို့ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။[၃၅]

ချစ်သားရဟန်းတို့ . . . ရဲရဲညီသော တပြောင်ပြောင်တောက်ပလျက်ရှိသော မီးတောက် မီးလျှံနှင့် တကွသော ချွန်ထက်လှသော သံချွန်ဖြင့် နားကို ထုတ်ချင်းပေါက်အောင် ထိုးဖောက်လိုက်-ခြင်းသည် မြတ်သေး၏။ သောတဝိညာဏ်ဖြင့် ကြားသိအပ်ကုန်သော အသံ = သဒ္ဒါရုံတို့၌ ပြောဟန် ဆိုဟန် မျက်နှာအမူအရာ စသည့် အမှတ်လက္ခဏာငယ်ကို စွဲယူခြင်းသည်လည်းကောင်း, ယောကျ်ား အသံ မိန်းမအသံ လှ-မလှ ကောင်း-မကောင်း စသည်ဖြင့် သဏ္ဍာန် နိမိတ်ကို စွဲယူခြင်းသည် လည်းကောင်း မမြတ်သည်သာလျှင်တည်း။

ချစ်သားရဟန်းတို့ . . . ထိုကဲ့သို့ စွဲယူသောအခါ၌ သင်ချစ်သားတို့၏ သန္တာန်၌ ဖြစ်ပေါ် တည်နေဆဲဖြစ်သော နောင်တစ်ဖန် ဘဝသစ်ဟူသော အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သော စွမ်းအားရှိသော ကမ္မဝိညာဏ်ဟု ခေါ်ဆိုအပ်သော စိတ်အစဉ်သည် မျက်လုံး မျက်ခုံး မျက်နှာစသော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုအပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော စိတ်အစဉ်သော်မူလည်း ဖြစ်ပေါ်တည်နေလေရာ၏။ ယောကျ်ား မိန်းမ လှ-မလှ ကောင်း-မကောင်း စသော သဏ္ဍာန် နိမိတ်အပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော စိတ်-အစဉ်သည်သော်မူလည်း ဖြစ်ပေါ်တည်နေလေရာ၏။ ထိုကဲ့သို့ နှစ်သက်သာယာမှုဖြင့် ရစ်ပတ် နှောင်ဖွဲ့၍ တည်နေသော ထိုအချိန်အခါမျိုး၌ အကယ်၍များ သေသွားငြားအံ့ — ထိုကဲ့သို့ သေသွား ခဲ့သည်ရှိသော် ငရဲသို့သော်မူလည်းဖြစ်စေ, တိရစ္ဆာန်မျိုးသို့သော်မူလည်းဖြစ်စေ လားရာ “ဂတိ” နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာ “ဂတိ”သို့ ရောက်ရှိရာသည်ဟူသော ဤအကြောင်းတရား သည် ထင်ရှားတည်ရှိနေ၏။ ချစ်သားရဟန်းတို့ . . . ဤကဲ့သို့သော အပြစ်ကို သိမြင်တော်မူသည် ဖြစ်၍ ငါဘုရားရှင်သည် ဤကဲ့သို့ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ချစ်သားရဟန်းတို့ . . . ရဲရဲညီသော တပြောင်ပြောင်တောက်ပလျက်ရှိသော မီးတောက် မီးလျှံနှင့် တကွသော လက်သည်းလှီးဓားငယ်ဖြင့် နှာခေါင်းကို ထိုးဖောက်လိုက်ခြင်းသည် မြတ်သေး-၏။ ဃာနဝိညာဏ်ဖြင့် နမ်းရှူသိအပ်ကုန်သော အနံ့ = ဂန္ဓာရုံတို့၌ မျက်လုံးအနံ့ မျက်ခုံးအနံ့ မျက်နှာအနံ့ စသည်ဖြင့် အမှတ်လက္ခဏာငယ်ကို စွဲယူလိုက်ခြင်းသည်လည်းကောင်း, ယောကျ်ားအနံ့

[၃၅] **မှတ်ချက်** — သတ္တဝါတို့ကား မိမိတို့၏ ဘဝင်စိတ်ဖြင့်သာ သေရိုးဓမ္မတာ ရှိကြ၏။ သို့သော် မရဏာသန္နဇောဟု ခေါ်ဆိုအပ်သော ဘဝတစ်ခုတွင် သေခါနီးကာလ နောက်ဆုံး ဖြစ်ပေါ်သွားသော ဇောဝီထိစိတ်အစဉ်တွင် ပါဝင် သော ဇောစိတ်တို့ကား အကယ်၍ ထိုကဲ့သို့သော မျက်လုံး, မျက်ခုံး, မျက်နှာစသော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုအပေါ်၌သော်လည်းကောင်း၊ ယောကျ်ား, မိန်းမ, သား, သမီး စသည့် ခန္ဓာကိုယ် တစ်ခုလုံးအပေါ်၌သော် လည်းကောင်း နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော တဏှာလောဘ ဦးဆောင်သည့် ဇောဝီထိ စိတ်အစဉ်တို့ ဖြစ်ခဲ့ပါမူ ထိုဇောဝီထိ၏အဆုံးတွင် နောက်ဆုံးဘဝင်ဟု ခေါ်ဆိုအပ်သော စုတိစိတ်ဖြစ်ခဲ့သော် ထိုကဲ့သို့သော သတ္တဝါအတွက် ငရဲနှင့် တိရစ္ဆာန်ဟု ခေါ်ဆိုအပ်သည့် အပါယ်ဘုံတည်းဟူသော လားရာ “ဂတိ” တစ်မျိုးမျိုးသာ ထင်ရှားရှိကြောင်းကို ဟောကြားတော်မူကာ ကိလေသာတို့၏ အပြစ်ကို ညွှန်ပြတော်မူလိုရင်း ဖြစ်ပေသည်။ (သံ၊၄၊၁၊၅၀-၅၁။ စာပိုဒ်၊၂၃၅။)

မိန်းမအနံ့ လှ-မလှ ကောင်း-မကောင်း စသည်ဖြင့် သဏ္ဍာန် နိမိတ်ကို စွဲယူလိုက်ခြင်းသည်လည်း-ကောင်း မမြတ်သည်သာလျှင်တည်း။

ချစ်သားရဟန်းတို့ . . . ထိုကဲ့သို့ စွဲယူသောအခါ၌ သင်ချစ်သားတို့၏ သန္တာန်၌ ဖြစ်ပေါ်တည်နေဆဲဖြစ်သော နောင်တစ်ဖန် ဘဝသစ်ဟူသော အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သော စွမ်းအားရှိသော ကမ္မဝိညာဏ်ဟု ခေါ်ဆိုအပ်သော စိတ်အစဉ်သည် မျက်လုံး, မျက်ခုံး, မျက်နှာ စသော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုအပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော စိတ်အစဉ်သော်မှုလည်း ဖြစ်ပေါ်တည်နေလေရာ၏။ ယောက်ျား မိန်းမ လှ-မလှ ကောင်း-မကောင်း စသော သဏ္ဍာန် နိမိတ်အပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော စိတ်အစဉ်သည်သော်မှုလည်း ဖြစ်ပေါ်တည်နေလေရာ၏။ ထိုကဲ့သို့ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော ထိုအချိန်အခါမျိုး၌ အကယ်၍များ သေသွားငြားအံ့ — ထိုကဲ့သို့ သေသွားခဲ့သည်ရှိသော် ငရဲသို့သော်မှုလည်းဖြစ်စေ, တိရစ္ဆာန်မျိုးသို့သော်မှုလည်းဖြစ်စေ လားရာ "ဂတိ" နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာ "ဂတိ"သို့ ရောက်ရှိရာသည်ဟူသော ဤအကြောင်းတရားသည် ထင်ရှားတည်ရှိနေ၏။ ချစ်သားရဟန်းတို့ . . . ဤကဲ့သို့သော အပြစ်ကို သိမြင်တော်မူသည်ဖြစ်၍ ငါဘုရားရှင်သည် ဤကဲ့သို့ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ချစ်သားရဟန်းတို့ . . . ရဲရဲညီသော တပြောင်ပြောင်တောက်ပလျက်ရှိသော မီးတောက်မီးလျှံနှင့် တကွသော ထက်မြက်လှစွာသော သင်တုန်းဓားဖြင့် လျှာကို လှီးဖြတ်လိုက်ခြင်းသည် မြတ်လှသေး၏။ ဇိဝှာဝိညာဏ်ဖြင့် လျက်သိအပ်ကုန်သော အရသာ = ရသာရုံတို့၌ အသည်း အမြစ် အရိုး အသား စသည်ဖြင့် အမှတ်လက္ခဏာယ်ကို စွဲယူလိုက်ခြင်းသည်လည်းကောင်း, ကြက်သား ဝက်သား စသည်ဖြင့် သဏ္ဍာန် နိမိတ်ကို စွဲယူလိုက်ခြင်းသည်လည်းကောင်း မမြတ်သည်သာ-လျှင်တည်း။

ချစ်သားရဟန်းတို့ . . . ထိုကဲ့သို့ စွဲယူသောအခါ၌ သင်ချစ်သားတို့၏ သန္တာန်၌ ဖြစ်ပေါ်တည်နေဆဲဖြစ်သော နောင်တစ်ဖန် ဘဝသစ်ဟူသော အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သော စွမ်းအားရှိသော ကမ္မဝိညာဏ်ဟု ခေါ်ဆိုအပ်သော စိတ်အစဉ်သည် အသည်း, အမြစ်, အရိုး, အသား စသော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုအပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော စိတ်အစဉ်သော်မှုလည်း ဖြစ်ပေါ်တည်နေလေရာ၏။ ကြက်, ဝက် ကောင်း-မကောင်း စသော သဏ္ဍာန် နိမိတ်အပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော စိတ်အစဉ်သည်သော်မှုလည်း ဖြစ်ပေါ်တည်နေလေရာ၏။ ထိုကဲ့သို့ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော ထိုအချိန်အခါမျိုး၌ အကယ်၍များ သေသွားငြားအံ့ — ထိုကဲ့သို့ သေသွား-ခဲ့သည်ရှိသော် ငရဲသို့သော်မှုလည်းဖြစ်စေ, တိရစ္ဆာန်မျိုးသို့သော်မှုလည်းဖြစ်စေ လားရာ "ဂတိ" နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာ "ဂတိ"သို့ ရောက်ရှိရာသည်ဟူသော ဤအကြောင်းတရားသည် ထင်ရှားတည်ရှိနေ၏။ ချစ်သားရဟန်းတို့ . . . ဤကဲ့သို့သော အပြစ်ကို သိမြင်တော်မူသည်

ဖြစ်၍ ငါဘုရားရှင်သည် ဤကဲ့သို့ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ချစ်သားရဟန်းတို့ . . . ရဲရဲညီသော တပြောင်ပြောင်တောက်ပလျက်ရှိသော မီးတောက် မီးလျှံနှင့် တကွသော ထက်မြက်လှစွာသော လှံဖြင့် ခန္ဓာကိုယ်ကို ထိုးဆွလိုက်ခြင်းသည် မြတ်လှသေး-၏။ ကာယဝိညာဏ်ဖြင့် ထိသိအပ်ကုန်သော အတွေ့အထိ = ဖောဋ္ဌဗ္ဗာရုံတို့၌ မျက်လုံး မျက်ခုံး မျက်နှာ စသော အမှတ်လက္ခဏာငယ်ကို စွဲယူလိုက်ခြင်းသည်လည်းကောင်း ယောက်ျား မိန်းမ လှ-မလှ စသည့် သဏ္ဌာန် နိမိတ်ကို စွဲယူလိုက်ခြင်းသည်လည်းကောင်း မမြတ်သည်သာလျှင်တည်း။

ချစ်သားရဟန်းတို့ . . . ထိုကဲ့သို့ စွဲယူသောအခါ၌ သင်ချစ်သားတို့၏ သန္တာန်၌ ဖြစ်ပေါ် တည်နေဆဲဖြစ်သော နောင်တစ်ဖန် ဘဝသစ်ဟူသော အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သော စွမ်းအားရှိသော ကမ္မဝိညာဏ်ဟု ခေါ်ဆိုအပ်သော စိတ်အစဉ်သည် မျက်လုံး မျက်ခုံး မျက်နှာ စသော ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုအပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည် နေသော စိတ်အစဉ်သည်သော်မူလည်း ဖြစ်ပေါ်တည်နေလေရာ၏။ ယောက်ျား မိန်းမ လှ-မလှ စသော သဏ္ဌာန် နိမိတ်အပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသော စိတ်-အစဉ်သည်သော်မူလည်း ဖြစ်ပေါ်တည်နေလေရာ၏။ ထိုကဲ့သို့ နှစ်သက်သာယာမှုဖြင့် ရစ်ပတ် နှောင်ဖွဲ့၍ တည်နေသော ထိုအချိန်အခါမျိုး၌ အကယ်၍များ သေသွားငြားအံ့ — ထိုကဲ့သို့ သေသွားခဲ့သည်ရှိသော် ငရဲသို့သော်မူလည်းဖြစ်စေ, တိရစ္ဆာန်မျိုးသို့သော်မူလည်းဖြစ်စေ လားရာ "ဂတိ" နှစ်မျိုးတို့တွင် တစ်မျိုးမျိုးသော လားရာ "ဂတိ"သို့ ရောက်ရှိရာသည်ဟူသော ဤအကြောင်း တရားသည် ထင်ရှားတည်ရှိနေ၏။ ချစ်သားရဟန်းတို့ . . . ဤကဲ့သို့သော အပြစ်ကို သိမြင်တော်-မူသည်ဖြစ်၍ ငါဘုရားရှင်သည် ဤကဲ့သို့ ဟောကြားတော်မူခြင်း ဖြစ်ပေသည်။

ချစ်သားရဟန်းတို့ . . . အိပ်ပျော်နေခြင်းသည် မြတ်လှသေး၏။ ချစ်သားရဟန်းတို့ . . . အမှန်အားဖြင့်သော်ကား အိပ်ပျော်နေခြင်းကို အသက်ရှင်နေသူတို့၏ မြုံနေခြင်း သဘောတရားဟူ၍ ငါဘုရားရှင် ဟောကြားတော်မူ၏၊ အသက်ရှင်နေသူတို့၏ အကျိုးမရှိခြင်းသဘောတရားဟူ၍ ငါဘုရားရှင် ဟောကြားတော်မူပါပေ၏၊ အသက်ရှင်နေသူတို့၏ တွေဝေနေခြင်းသဘောတရားဟူ၍ ငါဘုရားရှင် ဟောကြားတော်မူ၏။ အကြင်သို့ သဘောရှိသော အကြံအစည်တို့၏အလိုသို့ လိုက်ပါ-သောသူသည် သံဃာကို သင်းခွဲလေရာ၏။ ထိုသို့သဘောရှိသော အကြံအစည်တို့ကို (အိပ်ပျော်နေ-သောအချိန်၌) မကြံစည်လေရာ။ ချစ်သားရဟန်းတို့ . . . (အိပ်မပျော်ကြကုန်သေးသော) အသက်-ရှင်နေသူတို့၏ (ဤကဲ့သို့သော သံဃာသင်းခွဲရန် ကြံစည်ခြင်းဟူသော) အပြစ်ကို သိမြင်တော်မူသည် ဖြစ်၍ ဤကဲ့သို့ ငါဘုရား ဟောကြားတော်မူခြင်း ဖြစ်ပေသည်။[၃၆]

---

[၃၆] **မှတ်ချက်** — အိပ်မက် မမက်ဘဲ အိပ်မောကျနေသောသူ၏သန္တာန်၌ ဘဝင်စိတ်တို့ကား ဆက်တိုက်ဖြစ်နေကြ၏။ ယင်းဘဝင်စိတ်တို့ကား အတိတ်ဘဝ သေခါနီးကာလ မရဏာသန္နဇောက အာရုံယူခဲ့သည့် ကံ, ကမ္မနိမိတ်, ဂတိ-နိမိတ်တည်းဟူသော အာရုံသုံးမျိုးတို့တွင် တစ်မျိုးမျိုးကို အာရုံယူလျက် ရှိ၏။ ယင်းစိတ်ကား အကျိုးဝိပါက်စိတ် သက်သက်သာ ဖြစ်ရုံမက နောက်ထပ် ယင်းစိတ်ကြောင့် မည်သည့်အကျိုးတစ်စုံတစ်ရာမျှ ဖြစ်ပေါ်မလာနိုင်သော ဝိပါက်စိတ်တစ်မျိုးသာ ဖြစ်၏။ ယင်းစိတ် ဆက်တိုက်ဖြစ်နေချိန်တွင် ပစ္စုပ္ပန်အာရုံမှန်သမျှကို လုံးဝ မသိရှိသည့်

ချစ်သားရဟန်းတို့ . . . ငါဘုရားရှင် ဟောကြားပြသ ဆိုဆုံးမထားတော်မူအပ်ကုန်သော ထိုတရားတော်တို့၌ (အာဂမသုတဟု ခေါ်ဆိုအပ်သော သင်သိ, အဓိဂမသုတဟုခေါ်ဆိုအပ်သော ကျင့်သိ ဤအသိနှစ်မျိုးရှိသော) အကြားအမြင် ဗဟုသုတရှိသော အရိယာဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝကသည် ဤသို့ ဆင်ခြင်၏ – လောလောပူသော ရဲရဲညီသော တပြောင်ပြောင် တောက်ပလျက်ရှိသော မီးတောက်မီးလျှံနှင့် တကွသော သံချောင်းဖြင့် မျက်စိကို ထိုးဖောက်လိုက်ခြင်းကို ထားလိုက်ဘိဦး –

၁။ "စက္ခုအကြည်ဓာတ်သည် အနိစ္စတည်း၊

၂။ အဆင်း = ရူပါရုံတို့သည် အနိစ္စတို့တည်း၊

၃။ စက္ခုဝိညာဏ်သည် အနိစ္စတည်း၊

၄။ (စက္ခုဝိညာဏ်နှင့် ယှဉ်တွဲဖြစ်သည့်) စက္ခုသမ္ဖဿသည် အနိစ္စတည်း၊

၅။ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဝေဒနာ/ဒုက္ခဝေဒနာ/ဥပေက္ခာဝေဒနာသည်လည်း အနိစ္စတည်း"ဟု ဤသဘောတရားကိုသာ ယခုအခါ၌ ငါသည် နှလုံးသွင်းနေပေတော့အံ့။[၇၇]

---

အတွက် သံဃာသင်းခွဲဖို့ရန် ကြံစည်စိတ်ကူးမှု လုံးဝမဖြစ်နိုင်ပေ။ ကံကြီး (၅)ပါးတို့တွင် အကြီးလေးဆုံးသော အပြစ်ရှိသည့် သံဃဘေဒကကံကို ပုံစံထုတ်၍ ပြခြင်းမျှသာ ဖြစ်၏။ ထိုဘဝင်စိတ်များ ဆက်တိုက်ဖြစ်နေချိန်တွင် မည်သည့်အကုသိုလ် အမည်းကံလည်း မဖြစ်, မည်သည့်ကုသိုလ် အဖြူကံလည်း မဖြစ်, မည်သည့်အမည်းအဖြူ ရောသောကံလည်း မဖြစ်, မည်သည့်မမည်းမဖြူသော ကံလည်း မဖြစ်။ သို့အတွက် ယင်းဘဝင်စိတ်ကို အသီးဆိုသည့် အကျိုးတစ်စုံတစ်ရာကို ဖြစ်ပေါ်စေနိုင်သည့် စွမ်းအား မရှိခြင်းကြောင့် အသက်ရှင်နေသူတို့၏ အမြဲဓာတ်တစ်မျိုးဟု ဘုရားရှင်က ဟောကြားတော်မူခြင်း ဖြစ်ပေသည်။ အကယ်၍ သံဃာသင်းခွဲဖို့ရန် ကြံစည်မိပါက, ကြံစည်သည့် အတိုင်းလည်း သံဃာကို သင်းခွဲမိပါက အရှင်ဒေဝဒတ်ကဲ့သို့ ငရဲ၌ ခံစားရမည့် ဆင်းရဲဒုက္ခတွေကား အလွန့်အလွန် ပြင်းထန်လှပေသည်၊ ရှည်လျားလှပေသည်။ အလားတူပင် အာရုံငါးပါး ကာမဂုဏ်တရားတွေအပေါ်၌ နှစ်သက်သာယာမှုဖြင့် ရစ်ပတ်နှောင်ဖွဲ့၍ တည်နေသည့် ထိုအချိန်အခါမျိုး၌ အကယ်၍များ သေသွားခဲ့လျှင်လည်း ငရဲ၌ ခံစားရမည့် ဆင်းရဲဒုက္ခတွေကား အလွန့်အလွန် ကြီးကျယ်လှပေသည်။ ထို့ကြောင့် ဘုရားရှင်က ထိုကဲ့သို့သော ဆင်းရဲဒုက္ခများကို မကျရောက်စေလိုသည့် မဟာကရုဏာတော်ဖြင့် ထိုဆင်းရဲဒုက္ခ အဝဝတို့မှ လွတ်ရာလွတ်ကြောင်း နည်းလမ်းကောင်းဖြစ်သည့် မဖြူမမည်းကံတို့ကို ထူထောင်ရန် ဆက်လက်ကာ တိုက်တွန်းထားတော်မူပေသည်။

[၇၇] **မှတ်ချက်** – ဤအရာတွင် – စူဠရာဟုလောဝါဒသုတ္တန်တွင်ကား – စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒနာဂတံ သညာဂတံ သင်္ခါရဂတံ ဝိညာဏဂတံ (မ၊၃၊၃၂၅။ စာပိုဒ်၊၄၁၇။) စသည်ဖြင့် ဟောကြားထားတော်မူပေသည်။ ထို့ကြောင့် စက္ခုသမ္ဖဿကို အကြောင်းခံကာ ဖြစ်ပေါ်လာကြသည့် စက္ခုဒွါရဝီထိ, ရူပါရုံကိုပင် ဆက်လက်ကာ အာရုံ ယူနေကြသည့် မနောဒွါရဝီထိတို့၏အတွင်း၌ တည်ရှိကြကုန်သော စိတ္တက္ခဏတိုင်းနှင့် ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟူသည့် နာမ်တရားအားလုံးကို လက္ခဏာယာဉ် သုံးတန်တင်ကာ ဝိပဿနာရှုရမည်ဟု မှတ်သားပါ။ ထိုသို့ရှုရာ၌ စက္ခုအကြည်ဓာတ် စသည့် ထိုထိုဒွါရကိုလည်းကောင်း, ရူပါရုံစသည့် ထိုထိုသက်ဆိုင်ရာအာရုံကိုလည်းကောင်း ရှေးဦးစွာ ရှုပြီးပါမှ ပူးတွဲသိမ်းဆည်းပြီးပါမှ ယင်းနာမ်တရားတို့ကို ဝိပဿနာရှုရန် ဘုရားရှင်၏ ညွှန်ကြားနေတော်မူသော နည်းစနစ်ကို လိုက်နာပြုကျင့်ပါ။ နာမ်တရားတို့ကို ရှုပွားသိမ်းဆည်းရာ၌ ဝိညာဏ်, ဖဿ, ဝေဒနာဟူသော နာမ်တရားတို့ကို ဦးတည်ကာ ရှုပွားသုံးသပ်ရန် ဘုရားရှင်၏ ညွှန်ကြားတော်မူနေသော နည်းစနစ်ကိုလည်း ရိုသေစွာ ဦးထိပ်ရွက်ပန်ဆင်လျက် လိုက်နာပြုကျင့်ပါ။ ကြွင်းကျန်ကုန်သော ဒွါရတို့၌လည်း နည်းတူ မှတ်သားပါ။

ရဲရဲညိသော တပြောင်ပြောင်တောက်ပလျက်ရှိသော မီးတောက်မီးလျှံနှင့် တကွသော ထက်မြက်လှစွာသော သံချွန်ဖြင့် နားကို ထုတ်ချင်းပေါက်အောင် ထိုးဖောက်လိုက်ခြင်းကို ထားလိုက်ဘိဦး—

၁။ "သောတအကြည်ဓာတ်သည် အနိစ္စတည်း၊

၂။ အသံ = သဒ္ဒါရုံတို့သည် အနိစ္စတို့တည်း၊

၃။ သောတဝိညာဏ်သည် အနိစ္စတည်း၊

၄။ သောတသမ္ဖဿသည် အနိစ္စတည်း၊

၅။ သောတသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှု သုခဝေဒနာ/ဒုက္ခဝေဒနာ/ဥပေက္ခာဝေဒနာသည်လည်း အနိစ္စတည်း" ဤသဘောတရားကိုသာ ယခုအခါ၌ ငါသည် နှလုံးသွင်းနေပေတော့အံ့။

ရဲရဲညိသော တပြောင်ပြောင်တောက်ပလျက်ရှိသော မီးတောက်မီးလျှံနှင့် တကွသော ထက်မြက်လှစွာသော လက်သည်းလှီးဓားငယ်ဖြင့် နှာခေါင်းကို ထိုးဖောက်လိုက်ခြင်းကို ထားလိုက်ဘိဦး —

၁။ "ဃာနအကြည်ဓာတ်သည် အနိစ္စတည်း၊

၂။ အနံ့ = ဂန္ဓာရုံတို့သည် အနိစ္စတို့တည်း၊

၃။ ဃာနဝိညာဏ်သည် အနိစ္စတည်း၊

၄။ ဃာနသမ္ဖဿသည် အနိစ္စတည်း၊

၅။ ဃာနသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှု သုခဝေဒနာ/ဒုက္ခဝေဒနာ/ဥပေက္ခာဝေဒနာသည်လည်း အနိစ္စတည်း"ဟု ဤသဘောတရားကိုသာ ယခုအခါ၌ ငါသည် နှလုံးသွင်းနေပေတော့အံ့။

ရဲရဲညိသော တပြောင်ပြောင်တောက်ပလျက်ရှိသော မီးတောက်မီးလျှံနှင့် တကွသော ထက်မြက်လှစွာသော သင်တုန်းဓားဖြင့် လျှာကို လှီးဖြတ်လိုက်ခြင်းကို ထားလိုက်ဘိဦး —

၁။ "ဇိဝှာအကြည်ဓာတ်သည် အနိစ္စတည်း၊

၂။ အရသာ = ရသာရုံတို့သည် အနိစ္စတို့တည်း၊

၃။ ဇိဝှာဝိညာဏ်သည် အနိစ္စတည်း၊

၄။ ဇိဝှာသမ္ဖဿသည် အနိစ္စတည်း၊

၅။ ဇိဝှာသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဝေဒနာ/ဒုက္ခဝေဒနာ/ဥပေက္ခာဝေဒနာသည်လည်း အနိစ္စတည်း"ဟု ဤသဘောတရားကိုသာ ယခုအခါ၌ ငါသည် နှလုံးသွင်းနေပေတော့အံ့။

ရဲရဲညိသော တပြောင်ပြောင်တောက်ပလျက်ရှိသော မီးတောက်မီးလျှံနှင့် တကွသော ထက်မြက်လှစွာသော လှံဖြင့် ကိုယ်ကို ထုတ်ချင်းပေါက်အောင် ထိုးဆွလိုက်ခြင်းကို ထားလိုက်ဘိဦး —

၁။ "ကာယအကြည်ဓာတ်သည် အနိစ္စတည်း၊

၂။ အတွေ့အထိ = ဖောဋ္ဌဗ္ဗာရုံတို့သည် အနိစ္စတို့တည်း၊

၃။ ကာယဝိညာဏ်သည် အနိစ္စတည်း၊

၄။ ကာယသမ္ဖဿသည် အနိစ္စတည်း၊

၅။ ကာယသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဝေဒနာ/ဒုက္ခဝေဒနာ/ဥပေက္ခာဝေဒနာသည်လည်း အနိစ္စတည်း" ဟု ဤသဘောတရားကိုသာ ယခုအခါ၌ ငါသည် နှလုံးသွင်းနေပေတော့အံ့။

အိပ်ပျော်နေခြင်းကို ထားလိုက်ဘိဦး —

၁။ "စိတ်သည် = မနသည်/မနောဒွါရသည် အနိစ္စတည်း၊

၂။ ဓမ္မသဘောတရားတို့သည် = ဓမ္မာရုံတို့သည် အနိစ္စတို့တည်း၊

၃။ မနောဝိညာဏ်သည် အနိစ္စတည်း၊

၄။ မနောသမ္ဖဿသည် အနိစ္စတည်း၊

၅။ မနောသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသော ခံစားမှု သုခဝေဒနာ/ဒုက္ခဝေဒနာ/ဥပေက္ခာဝေဒနာသည်လည်း အနိစ္စတည်း"ဟု ဤသဘောတရားကိုသာ ယခုအခါ၌ ငါသည် နှလုံးသွင်းနေပေတော့အံ့—ဟု ဆင်ခြင်၏။

ချစ်သားရဟန်းတို့ . . . (ဝိပဿနာဉာဏ်ဖြင့်/ဝိပဿနာဉာဏ် အရိယမဂ်ဉာဏ်တို့ဖြင့်) ဤသို့ ထိုးထွင်းသိမြင်လျက်ရှိသော အရိယာဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝကသည်/ငါဘုရားရှင်၏ အရိယာဖြစ်သော တပည့်သာဝကသည် စက္ခုအကြည်ဓာတ်၌လည်း ငြီးငွေ့တော့၏၊ အဆင်း = ရူပါရုံတို့၌လည်း ငြီးငွေ့တော့၏၊ စက္ခုဝိညာဏ်၌လည်း ငြီးငွေ့တော့၏၊ စက္ခုသမ္ဖဿ၌လည်း ငြီးငွေ့တော့၏၊ စက္ခုသမ္ဖဿဟူသော အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် သုခဝေဒနာ/ဒုက္ခဝေဒနာ/ဥပေက္ခာဝေဒနာ၌လည်း ငြီးငွေ့တော့၏။ ပ ။ မနောသမ္ဖဿဟူသောအကြောင်းကြောင့် ဖြစ်ပေါ်လာသည့် ခံစားမှု သုခဝေဒနာ/ဒုက္ခဝေဒနာ/ဥပေက္ခာဝေဒနာ၌လည်း ငြီးငွေ့တော့၏။ ငြီးငွေ့သော် စွဲလမ်းတပ်မက်မှု ကင်းပြတ်တော့၏၊ စွဲလမ်းတပ်မက်မှု ကင်းပြတ်ခြင်းကြောင့် (ကိလေသာမှ) လွတ်မြောက်တော့၏။ (ကိလေသာမှ) လွတ်မြောက်ခဲ့သော် (ကိလေသာမှ) "လွတ်မြောက်ရပေပြီ"ဟု (ပစ္စဝေက္ခဏာ)ဉာဏ်အမြင်သည် ဖြစ်ပေါ်လာ၏။ "ငါ့မှာ ပဋိသန္ဓေတည်နေရမှု ဇာတိတရားသည် ကုန်ဆုံးခဲ့လေပြီ၊ အရိယမဂ်တည်းဟူသော အကျင့်မြတ်ကို ကျင့်သုံး၍ ပြီးလေပြီ၊ အရိယမဂ်ဉာဏ် ရရှိရေးအတွက် နောက်ထပ်တစ်ဖန် ပြုလုပ်ဖွယ် လုပ်ငန်းကိစ္စရပ်သည် မရှိတော့ပြီ"—ဟု သိ၏။ ချစ်သားရဟန်းတို့ . . . ဤကား အာဒိတ္တပရိယာယမည်သော တရားဒေသနာတော်ပင်တည်းဟု မိန့်ကြားတော်မူလေ၏။[၃၈]

---

[၃၈] သံ၊၂၊၃၇၇-၃၇၉။

ဤသုတ္တန်၌ ဘုရားရှင်သည် တရားနာပရိသတ်ဖြစ်ကြကုန်သော ရဟန်းပရိသတ် ဦးဆောင်-သည့် ပရိသတ် (၄)ပါးတို့အား — သက်ရှိသက်မဲ့ ဝတ္ထုအာရုံကာမဂုဏ်တို့အပေါ်၌ တွယ်တာမက်မောမှု တဏှာလောဘက သေခါနီးကာလ မရဏာသန္နဇောေ၏ နေရာကို အရယူသွားခဲ့လျှင် ငရဲနှင့် တိရစ္ဆာန် (၂)မျိုးသော ဂတိတို့တွင် တစ်မျိုးမျိုးသော ဂတိသို့ ကျိန်းသေကေန် လားရောက်နိုင်-ကြောင်းကို သွန်သင်ဆုံးမထားတော်မူ၏။ အပါယ်လေးဘုံတို့တွင် ငရဲဆင်းရဲဒုက္ခကား အကြီးမားဆုံး ဖြစ်၏။ တိရစ္ဆာန်ဘဝ ဆင်းရဲဒုက္ခကား အပေါ့ပါးဆုံး ဖြစ်၏။ အကြီးမားဆုံးနှင့် အပေါ့ပါးဆုံးသော ဆင်းရဲဒုက္ခတို့ကို ဟောပြတော်မူလိုက်လျှင် အသူရကာယ်ဘုံနှင့် ပြိတ္တာဘုံတို့၌ ဖြစ်ကုန်သော ဆင်းရဲ-ဒုက္ခတို့ကိုလည်း သိမ်းကျုံးကာ ယူရပေသည်။ သို့အတွက် ဤသုတ္တန်၌ အပါယ်ဝဋ်ဆင်းရဲဒုက္ခအားလုံး ပါဝင်သည်ဟု မှတ်ပါ။

တစ်ဖန် ဤသုတ္တန်ကို နာယူနေကြကုန်သော ပရိသတ်တို့ကို ထိုကဲ့သို့သော ဆင်းရဲဒုက္ခ အဝဝမှ လွတ်မြောက်ကြောင်း ဧကန်ဖြစ်သည့် ကျင့်စဉ်ကိုလည်း ဆက်လက်ကာ ညွှန်ကြားထားတော်မူ၏။ ဤသုတ္တန်၌ အာယတန (၁၂)ပါး ဒေသနာတော်နည်းအားဖြင့်, တစ်နည်း — ဓာတ် (၁၈)ပါး ဒေသနာ-တော်နည်းအားဖြင့် ဝိပဿနာရှုကွက်ကို ညွှန်ကြားပြသထားတော်မူ၏။ တရားနာပရိသတ် ဖြစ်တော်မူကြကုန်သော ထိုရဟန်းတော်တို့ကား ဒုက္ခသစ္စာအမည်ရသည့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်စသော (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်ရှိနေကြသည့် ဥပါဒါနက္ခန္ဓာငါးပါး = ရုပ်တရား နာမ်-တရားတို့ကိုလည်း နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် ထိုးထွင်းသိမြင်ထားပြီး ဖြစ်တော်မူကြ၏။ သမုဒယ-သစ္စာအမည်ရသည့် ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကိုလည်း ပစ္စယ-ပရိဂ္ဂဟဉာဏ်ဖြင့် ထိုးထွင်းသိမြင်ထားပြီး ဖြစ်တော်မူကြ၏။ ယင်းဒုက္ခသစ္စာ, သမုဒယသစ္စာ အမည်ရကြသည့် သင်္ခါရတရားတို့ကို အနိစ္စ, ဒုက္ခ, အနတ္တဟူသည့် လက္ခဏာယာဉ် (၃)တန်သို့ တင်ကာ ဝိပဿနာရှုနေဆဲ ရဟန်းတော်တို့လည်း ဖြစ်ကြ၏။ ထိုကဲ့သို့သော တရားနာပရိသတ်တို့အား မဖြုံမညည်းသည့် အရဟတ္တဖိုလ် အထွတ်တပ်ထားသည့် လေးပါးသော အရိယမဂ်စေတနာကံတို့ကို ထူထောင်ပုံ နည်းစနစ်ကို ဟောကြားပြသထားတော်မူပေသည်။ ထိုကျင့်စဉ်အတိုင်း အောင်မြင်စွာ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ကြကုန်သော သူတော်ကောင်းတို့သည်ကား သံသရာဝဋ်-ဆင်းရဲဒုက္ခအားလုံးမှ အပြီးတိုင် ကွင်းလုံးကျွတ် လွတ်မြောက်သွားပုံကို ဖော်ပြလျက် ဒေသနာတော်-ကို အဆုံးသတ်ထားတော်မူပေသည်။

## အဿကဇာတ်တော်

မိမိ၏ ရူပါရုံ = ရုပ်အဆင်းအပေါ်၌ တွယ်တာမက်မောမှု တဏှာတရားက မရဏာသန္နဇောေ၏ နေရာကို အပိုင်စီးသွားနိုင်သည့်အတွက် သေသည်၏ အခြားမဲ့၌ တိရစ္ဆာန်ဘဝသို့ ရောက်ရှိသွားရ-သော ထုံးဟောင်းတစ်ခုသည်ကား အဿကဇာတ်တော်၌ လာရှိပေသည်။

တစ်ချိန်တွင် ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတိုက်တော်၌ သီတင်းသုံးစံနေ-တော်မူဆဲ ဖြစ်ပေ၏။ ထိုအချိန်တွင် ရဟန်းတော် တစ်ပါးသည် လူ့ဘဝက အိမ်ရှင်မဟောင်းက

ဖြားယောင်းသွေးဆောင်နေသည့်အတွက် သာသနာတော်၌ ဆက်လက်နေထိုင်ရန် မပျော်မွေ့နိုင် ဖြစ်နေ၏။ ထိုအကြောင်းကို ဘုရားရှင် သိရှိတော်မူသောအခါ ထိုရဟန်းငယ်နှင့် ထိုအိမ်ရှင်မဟောင်း တို့၏ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ဇာတ်လမ်းကို ပြန်ပြောင်းကာ ဟောပြတော်မူလေသည်။

လွန်ခဲ့သော အတိတ်ဘဝတစ်ခုတွင် ကာသိတိုင်း ပါဋလိမြို့၌ အဿက အမည်ရှိသည့် ဘုရင်-သည် တိုင်းပြည်အုပ်ချုပ် မင်းပြုလုပ်ခဲ့လေသည်။ ထို အဿကဘုရင်ကား သာသနာတော်၌ ငြီးငွေ့-နေသည့် ရဟန်းတော်ပင် ဖြစ်ပေသည်။ ထိုအဿကဘုရင်မှာ ဥပရီအမည်ရှိသည့် အလွန်ချောမော တင့်တယ်လှပသည့် လူတို့၏ ရုပ်ရည်အဆင်းကို ကျော်လွှားလွန်မြောက်ကာ နတ်တို့၏ ရုပ်အဆင်းကို မမှီတမီရှိသည့် မိဖုရားခေါင်ကြီးတစ်ဦး ရှိခဲ့လေသည်။ ထိုဥပရီမိဖုရားသည် တစ်နေ့တွင် ကွယ်လွန်-သွားခဲ့၏။ အဿကဘုရင်ကား မိဖုရား ကွယ်လွန်သည့်အတွက် သောက အကြီးအကျယ်ရောက်ကာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ဖြစ်နေ၏။ ထိုဥပရီရဲ့ အလောင်းကို ခေါင်းတစ်ခုတွင် ထည့်ကာ အပေါ်က ဆီများလောင်းလျက် မိမိ၏ ကုဋင် ညောင်စောင်းအောက်တွင် ထားကာ အစာမစားဘဲ ငိုကြွေးမြည်-တမ်းပြီးတော့ အိပ်စက်နေလေသည်။ ယခုလို အစာပြတ် ရေပြတ် ငိုကြွေးနေသည်မှာ (၇)ရက် လွန်မြောက်သွားခဲ့၏။ မိဘကို အစထား၍ မျိုးကြီးမတ်ရာ ဆွေမျိုးသားချင်း တစ်စုတို့က ဘယ်လိုပင် ဆိုဆုံးမသော်လည်း ဆုံးမ၍ မရနိုင်၊ ဖျောင်းဖျ၍ မရနိုင် ဖြစ်နေ၏။ ထိုအချိန်တွင် ဘုရားအလောင်း-တော်သည် ဈာန်သမာပတ် (၈)ပါး, လောကီအဘိညာဏ် (၅)ပါးတို့ကို ရရှိတော်မူသည့် ရသေ့ကြီး တစ်ဦး ဖြစ်တော်မူကာ ဟိမဝန္တာအရပ်တွင် သီတင်းသုံး နေထိုင်တော်မူနေ၏။ ဘုရားလောင်း ရသေ့ကြီးသည် ဒိဗ္ဗစက္ခုအဘိညာဏ် ဉာဏ်တော်မြတ်ဖြင့် ဇမ္ဗူဒိပ်ကျွန်းကို လှမ်းမျှော်ကြည့်ရှုတော်မူ-သောအခါ အဿကဘုရင်ကြီး ငိုကြွေးမြည်တမ်းနေသည်ကို တွေ့မြင်တော်မူ၍ ကယ်တင်တော်-မူလိုသည့်အတွက် ဈာန်အဘိညာဏ်တန်ခိုးဖြင့် ကောင်းကင်သို့ ပျံတက်တော်မူကာ ဘုရင့်ဥယျာဉ်-တော်သို့ ကြွမြန်းတော်မူခဲ့လေသည်။

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ အလောင်းအလျာဖြစ်သည့် ပုဏ္ဏားလုလင်တစ်ဦးသည် ဥယျာဉ်တော်အတွင်းသို့ ရောက်ရှိလာသောအခါ ဘုရားအလောင်းတော်ရသေ့အား ရိုသေစွာ ရှိခိုး ပြီးနောက် ဝမ်းမြောက်ဖွယ် နှုတ်ဆက်စကားများ ပြောကြားလေသည်။ ထို့နောင် အဿကဘုရင်၏ ဝမ်းနည်းကြေကွဲနေသည့် အကြောင်းအရာတို့ကိုလည်း အလောင်းတော် ရှင်ရသေ့အား တင်ပြ လျှောက်ထားလေသည်။ ထိုအခါ ဘုရားအလောင်းတော် ရှင်ရသေ့က ဥပရီမိဖုရား ရောက်ရှိသွားရာ အရပ်ကို ပြောပြနိုင်ကြောင်းကိုလည်းကောင်း, ဥပရီမိဖုရားနှင့် အဿကဘုရင်တို့ တစ်ဦးနှင့် တစ်ဦး စကား ပြောဆိုနိုင်ရန် စီမံပေးနိုင်ပါကြောင်းကိုလည်းကောင်း ပုဏ္ဏားလုလင်ငယ်အား ပြောကြား လိုက်လေသည်။ ထိုသတင်းကို ပုဏ္ဏားလုလင်က အဿကဘုရင်ထံသို့ သယ်ဆောင်ကာ အဿက ဘုရင်အား တင်ပြလျှောက်ထားလေသည်။ အဿကဘုရင်သည် ဥပရီမိဖုရားနှင့် ပြန်လည်တွေ့ဆုံ ရမည့် သတင်းကောင်းကို ကြားသိရသည့်အတွက် ဥယျာဉ်တော်သို့ သွားရောက်ကာ ရှင်ရသေ့အား ရှိခိုးဝပ်ချလေသည်။

"အရှင်ဘုရား . . . အရှင်ဘုရားတို့သည် ဥပရိမိဖုရား ဖြစ်ရာအရပ်ကို သိရှိတော်မူကြပါ-သလား"ဟု ဤကဲ့သို့ မေးမြန်းလျှောက်ထားတော်မူလေသည်။ ထိုအခါတွင် ရှင်ရသေ့က ဥပရိမိဖုရားသည် လူ့ဘဝတွင် ရှိစဉ်အခါက ကောင်းမှုကုသိုလ်ကို မပြုလုပ်ခဲ့ဖူးဘဲ မိမိ၏ ရုပ်အဆင်းကိုသာ မက်မက်မောမောဖြင့် အလှတပြင်ပြင် နေထိုင်ခဲ့သည့်အတွက် ယခုအခါတွင် ဤဥယျာဉ်-တော်အတွင်းမှာပင် နွားချေးပိုးမ ဖြစ်နေသည်ဟု မိန့်ကြားတော်မူလေသည်။ ထိုအခါ အဿကဘုရင်က မယုံကြည်သဖြင့် ယုံကြည်သွားအောင် ဘုရားအလောင်းတော် ရှင်ရသေ့က မိမိ၏ တန်ခိုးအဘိညာဏ်ဖြင့် ဥပရိနွားချေးပိုးမနှင့် သူ၏ ကြင်ယာတော်အသစ်ဖြစ်သည့် နွားချေးပိုးထီး နှစ်ဦးတို့ကို ရှေ့တော်မှောက်သို့ ဆိုက်ရောက်လာရန် အမိဌာန်တော်မူလိုက်လေသည်။ နွားချေးပိုး ဇနီးမောင်နှံနှစ်ဦးတို့လည်း ရှေ့တော်သို့ ဆိုက်ရောက်လာခဲ့ကြပေသည်။

ထိုအခါတွင် ဘုရားအလောင်းတော် ရှင်ရသေ့က လူ့ဘာသာစကားဖြင့် စကားပြောနိုင်အောင် ထပ်မံကာ အမိဌာန်တော်မူလေသည်။ ထိုအခါတွင် ဥပရိနွားချေးပိုးမသည် လူ့ဘာသာစကားဖြင့် စကားပြောဆိုလာပေသည်။ ဘုရားအလောင်းတော် ရသေ့ကြီးက မေးမြန်းတော်မူသဖြင့် – သူသည် လူ့ဘဝတုန်းက ဥပရိမိဖုရားဖြစ်ကြောင်းကို တင်ပြလျှောက်ထားတော်မူလေသည်။ ထိုအခါတွင် အလောင်းတော် ရှင်ရသေ့က – "အဿကဘုရင်နှင့် ကြင်ယာတော် အသစ်ဖြစ်သည့် နွားချေးပိုးဖို နှစ်ဦးတို့တွင် မည်သူ့ကို ပို၍ ချစ်မြတ်နိုးပါနည်း"ဟု ထပ်မံကာ မေးမြန်းတော်မူလိုက်၏။ ထိုအခါတွင် ဥပရိက – "အရှင်ဘုရား . . . ထိုအဿကဘုရင်ဟာ ရှေ့ဘဝတုန်းက အိမ်ရှင်ယောကျ်ား ဖြစ်ခဲ့တာတော့ မှန်ပါတယ်၊ တပည့်တော်ဟာ ဒီဥယျာဉ်တော်အတွင်းမှာပဲ သူနှင့်အတူ အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိဆိုသည့် အာရုံငါးပါး ကာမဂုဏ်တရားတွေကို သုံးဆောင်ခံစားကာ လှည့်လည်ခဲ့ပါတယ်၊ ဒါပေမဲ့ ယခုအခါမှာတော့ ဘဝချင်းက ကွာခြားသွားပြီ ဖြစ်ပါတယ်၊ ဒီလို ဘဝချင်းက ကွာခြားသွားပြီ ဖြစ်သည့်အတွက် အဿကဘုရင်ဟာ တပည့်တော်အတွက် ဘာလုပ်တော့မှာလဲ၊ ယခုအခါမှာ တပည့်တော်ဟာ အဿကဘုရင်ကို သတ်ပြီးတော့ သူ့ရဲ့ လည်ချောင်းသွေးဖြင့် တပည့်တော်ရဲ့ ကြင်ယာတော်အသစ်ဖြစ်သည့် နွားချေးပိုးဖိုရဲ့ ခြေထောက်ကို ဆေးကြောပေးချင်ပါတယ်" စသည်ဖြင့် လူ့ဘာသာစကားဖြင့် အများကြားအောင် လျှောက်ထားခဲ့လေသည်။ ဤဥပရိနွားချေးပိုးမ၏ ဟောကြားလိုက်သည့် တရားကို နာကြားရသည့်အတွက် အဿကဘုရင်၏ သန္တာန်၌ ဥပရိမိဖုရားအပေါ်၌ စားမဝင် အိပ်မပျော်နိုင်အောင် အစွဲကြီးစွဲ အလွမ်းကြီးလွမ်းနေသည့် သောကပရိဒေဝတရားတို့သည် နေခြည်ထိပျောက် နှင်းရည်ပေါက်ကဲ့သို့ သွေ့ခြောက်ပျက်ပြယ်သွားခဲ့ကြပေသည်။

ဤဇာတ်ဒေသနာတော်အဆုံး၌ ဘုရားရှင်က သစ္စာလေးပါးနှင့် စပ်သော တရားစကားတော်တို့ကို ဆက်လက်ကာ ဟောပြတော်မူသောအခါ သာသနာတော်မှာ ငြီးငွေ့နေသည့် ရဟန်းတော်သည် သောတာပတ္တိမဂ်ဖိုလ်၌ တည်ရှိသွားတော်မူခဲ့လေသည်။[၃၉]

---

[၃၉] ဇာတကဋ္ဌ၊ ၂၊၁၄၂-၁၄၄။

မိမိ၏ ရုပ်အဆင်းအပေါ်၌ နှစ်သက်မြတ်နိုးမှု တဏှာတရားက မရဏာသန္နဇော၏ နေရာကို အရယူသွားနိုင်သဖြင့် သေသည်၏ အခြားမဲ့၌ တိရစ္ဆာန်ဘဝသို့ ရောက်ရှိသွားရသော ထုံးဟောင်း တစ်ခုပင် ဖြစ်ပေသည်။ အလှတပြင်ပြင် မှန်တကြည့်ကြည့်ဖြင့် အချိန်ဖြုန်းနေကြသည့်သူတို့ သတိပြု-သင့်သော အကြောင်းအရာတစ်ခုပင် ဖြစ်ပေသည်။ ထို့ကြောင့် ဘုရားရှင်သည် အင်္ဂုတ္တိုရ်ပါဠိတော်တွင် ဤသို့ ဟောကြားထားတော်မူခဲ့ပေသည်။ –

"ချစ်သားရဟန်းတို့ . . . ဖြစ်သင့်ဖြစ်ရာ နှိုင်းခိုင်းဖွယ်ရာ လောကဥပမာသည်ကား – ဤ ဇမ္ဗူဒိပ်ကျွန်းအပြင်ဝယ် မွေ့လျော်ဖွယ်ကောင်းသော အာရာမ် ဥယျာဉ်, မွေ့လျော်ဖွယ်ကောင်းသော တောအုပ် အာရာမ်ရှိရာ အရပ်, မွေ့လျော်ဖွယ်ကောင်းသော မြေပြင် အာရာမ်ရှိရာ အရပ်, မွေ့လျော် ဖွယ်ကောင်းသော ရေကန် အာရာမ်ရှိရာ အရပ်သည်ကား အနည်းငယ်မျှသာ ဖြစ်၏။ တကယ် စင်စစ်အားဖြင့်သော်ကား မညီညာသည့် မြေအာရာမ်, မညီညာသည့် မြစ်ချောင်း, မညီညာသည့် ဆူးငြောင့်ခလုတ်ရှိရာအရပ်, မညီညာသည့် တောတောင်ရှိရာအရပ်ဟူသည့် မွေ့လျော်ဖွယ်မကောင်း သည့် အရပ်ကသာလျှင် အလွန့်အလွန် သာလွန်၍ များပြားလှ၏။

ချစ်သားရဟန်းတို့ . . . ဤဥပမာအတူသာလျှင် ကွယ်လွန်သွားကြပြီးသည့် လူသားသတ္တဝါ တို့သည် သေပြီးနောက် လူ့ပြည်၌ တစ်ဖန် လူသား ပြန်ဖြစ်ကြကုန်သော သတ္တဝါတို့သည် ။ ပ ။ သေပြီးနောက် နတ်ပြည် နတ်လောကတို့၌ နတ်သား နတ်သမီး ဖြစ်ကြကုန်သော သတ္တဝါတို့သည် အလွန့်အလွန် နည်းပါးကြကုန်၏။ ကွယ်လွန်သွားကြပြီးနောက် ငရဲသို့ ရောက်ရှိသွားကြကုန်သော သတ္တဝါ ။ ပ ။ တိရစ္ဆာန်ဘုံဘဝသို့ ရောက်ရှိသွားကြကုန်သော သတ္တဝါ ။ ပ ။ ပြိတ္တာဘုံဘဝသို့ ရောက်ရှိသွားကြကုန်သော သတ္တဝါတို့ကသာလျှင် အလွန့်အလွန် များပြားကြကုန်၏"ဟု မိန့်ကြား တော်မူ၏။[၄၀]

တစ်ဖန် တဏှာ လောဘ ဦးဆောင်နေသည့် အကုသိုလ်တရားတို့က မရဏာသန္နဇော၏ နေရာကို အရယူသွားကြသည့်အတွက် အပါယ်သို့ ရောက်ကြရသည်သာ မဟုတ်သေး၊ ဒေါသ ဦးဆောင်နေသည့် အကုသိုလ်တရားတို့က အကယ်၍ မရဏာသန္နဇော၏ နေရာကို ယူသွားကြ-ခဲ့မည်ဆိုလျှင်လည်း အပါယ်သို့ ရောက်နိုင်ကြောင်းကို ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော် စတုက္ကနိပါတ် အဘယသုတ္တန်တွင် ဤသို့ ဟောကြားထားတော်မူပြန်ပေသည်။

## ပြီးသေနှင့် မဲ့သေ (အဘယသုတ္တန်)

တစ်ချိန်တွင် ဇာဏုသောဏိပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်ထံတော်သို့ ချဉ်းကပ်ကာ ဘုရားရှင်နှင့်အတူ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားများကို ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက် ပြောဆို၏။ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားများကို ပြောဆိုပြီးဆုံးစေပြီးနောက် သင့်တင့် လျောက်ပတ်သော တစ်ခုသောနေရာ၌ ထိုင်ကာ မြတ်စွာဘုရားအား ဤစကားကို လျှောက်ထား လေ၏။ –

[၄၀] အံ၊၁၊၃၉။

အရှင်ဂေါတမ . . . "သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ မကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ မရောက်သောသူမည်သည် မရှိနိုင်"ဟု တပည့်တော်-သည် ဤကဲ့သို့ ပြောဆိုတတ်သည့် ဝါဒ ရှိပါသည်၊ ဤကဲ့သို့သော အယူအဆ ရှိပါသည်ဟု လျှောက်-ထား၏။

ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ ကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်သောသူလည်း ရှိပါ၏။ ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ မကြောက်ရွံ့-သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ မရောက်သောသူလည်း ရှိပါ၏။

ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ ကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်သောသူဟူသည် အဘယ်နည်း? — ဒကာတော် ပုဏ္ဏား . . . ဤလောက၌ အချို့သောသူသည် သက်ရှိသက်မဲ့ ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ မကင်းသော တပ်မက်မှု = ရာဂ ရှိ၏၊ မကင်းသော လိုလားတောင့်တမှု = ဆန္ဒ ရှိ၏၊ မကင်းသော ချစ်မြတ်နိုးခြင်း = ပေမ ရှိ၏၊ မကင်းသော မွတ်သိပ်ခြင်း = ပိပါသ ရှိ၏၊ မကင်းသော ပူပန်ခြင်း = ပရိဠာဟ ရှိ၏၊ မကင်းသော တွယ်တာမှု = တဏှာ ရှိ၏၊ ထိုသူ့ထံသို့ ပြင်းထန်သော အနာရောဂါ တစ်မျိုးမျိုးသည် ကျရောက်လာ၏၊ ပြင်းထန်သော အနာရောဂါ တစ်မျိုးမျိုးသည် ကျရောက်လာသူအား "ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့သည် ငါ့ကို ဧကန် စွန့်ကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်-ဖွယ်ရာ ကာမဂုဏ်တို့ကို စွန့်ရတော့မည်"ဟု စိတ်အကြံအစည်သည် ဖြစ်ပေါ်လာ၏။ ထိုသူသည် စိုးရိမ်ပူဆွေး၏၊ ပင်ပန်းဆင်းရဲ၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာတွေဝေခြင်းသို့ ရောက်ရှိ၏။ ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ ကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်သောသူဟူသည် ဤသူပင် တည်း။ (၁)

ဒကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား ဤလောက၌ အချို့သောသူသည် မိမိ-ကိုယ်၌ မကင်းသော တပ်မက်မှု = ရာဂ ရှိ၏၊ မကင်းသော လိုလားတောင့်တမှု = ဆန္ဒ ရှိ၏၊ မကင်းသော ချစ်မြတ်နိုးခြင်း = ပေမ ရှိ၏၊ မကင်းသော မွတ်သိပ်ခြင်း = ပိပါသ ရှိ၏၊ မကင်းသော ပူပန်ခြင်း = ပရိဠာဟ ရှိ၏၊ မကင်းသော တွယ်တာမှု = တဏှာ ရှိ၏။ ထိုသူ့ထံသို့ ပြင်းထန်သော အနာရောဂါ တစ်မျိုးမျိုးသည် ကျရောက်လာ၏။ ပြင်းထန်သော အနာရောဂါ တစ်မျိုးမျိုး ကျရောက်-လာသူအား "ချစ်ခင်ဖွယ်ရာ ဤခန္ဓာကိုယ်သည် ငါ့ကို ဧကန် စွန့်ခွာသွားလိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာ ဤခန္ဓာကိုယ်ကို စွန့်ခွာသွားရတော့မည်"ဟု စိတ်အကြံအစည်သည် ဖြစ်ပေါ်လာ၏။ ထိုသူသည် စိုးရိမ်ပူဆွေး၏၊ ပင်ပန်းဆင်းရဲ၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်ရှိ၏။ ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ ကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်သောသူဟူသည် ဤသူပင်တည်း။ (၂)

ဒကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား ဤလောက၌ အချို့သောသူသည် (အားကိုးလောက်သည့်) ကောင်းမှုကို မပြုလုပ်ရသေး၊ ကုသိုလ်ကို မပြုလုပ်ရသေး၊ ကြောက်မက်ဖွယ် အပါယ်ဘေးမှ တားမြစ်ရေးကို မပြုလုပ်ရသေး၊ မကောင်းမှုကို ပြုထားပြီး ဖြစ်နေ၏၊ ရက်စက် ကြမ်းကြုတ်မှုကို ပြုထားပြီး ဖြစ်နေ၏၊ ညစ်နွမ်းမှု အကုသိုလ်ကို ပြုထားပြီး ဖြစ်နေ၏၊ ထိုသူ့ထံသို့ ပြင်းထန်သော အနာရောဂါတစ်မျိုးမျိုးသည် ကျရောက်လာ၏၊ ပြင်းထန်သော အနာရောဂါ တစ်မျိုးမျိုး ကျရောက်လာသူအား "ငါသည် ကောင်းမှုကို မပြုခဲ့မိလေစွတကား၊ ကုသိုလ်ကို မပြုခဲ့မိ လေစွတကား၊ ကြောက်မက်ဖွယ်ဘေးမှ တားမြစ်ရေးကို မပြုခဲ့မိလေစွတကား၊ မကောင်းမှုကို ပြုခဲ့မိ ပြီတကား၊ ရက်စက်ကြမ်းကြုတ်မှုကို ပြုခဲ့မိပြီတကား၊ ညစ်နွမ်းမှု အကုသိုလ်ကို ပြုခဲ့မိပြီတကား၊ အို အချင်းတို့ . . . ကောင်းမှုကို မပြုလုပ်ရသေးသော ကုသိုလ်ကို မပြုလုပ်ရသေးသော ကြောက်-မက်ဖွယ် အပါယ်ဘေးမှ တားမြစ်ရေးကို မပြုလုပ်ရသေးသော မကောင်းမှုကို ပြုထားပြီးဖြစ်နေသော ရက်စက်ကြမ်းကြုတ်မှုကို ပြုထားပြီး ဖြစ်နေသော ညစ်နွမ်းမှု အကုသိုလ်ကို ပြုထားပြီးဖြစ်နေသော ပုဂ္ဂိုလ်တစ်ဦး၏ လားရောက်ရာ "ဂတိ"ဟူသမျှသို့ ဘဝနောင်ခါ ငါသည် လားရောက်ရပေတော့ အံ့တကား"— ဟု ဤသို့သော စိတ်အကြံအစည်သည် ဖြစ်ပေါ်လာ၏။ ထိုသူသည် စိုးရိမ်ပူဆွေး၏၊ ပင်ပန်းဆင်းရဲ၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာတွေဝေခြင်းသို့ ရောက်ရှိ၏။ ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ ကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်သောသူဟူသည် ဤသူပင်တည်း။ (၃)

ဒကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား ဤလောက၌ အချို့သောသူသည် သူတော်ကောင်းတရား၌ (= ဝိစိကိစ္ဆာဖြစ်ရာ ၈-ဌာနတို့၌) ယုံမှားသံသယ ရှိ၏၊ မဝေခွဲနိုင်၊ ဆုံးဖြတ်-ချက်ချနိုင်ခြင်းသို့ မရောက်ရှိနိုင်။ ထိုသူ့ထံသို့ ပြင်းထန်သော အနာရောဂါတစ်မျိုးမျိုးသည် ကျရောက် လာ၏။ ပြင်းထန်သော အနာရောဂါတစ်မျိုးမျိုးဖြင့် ကျရောက်သူအား — "စင်စစ် ငါသည် သူတော်-ကောင်းတရား၌ ယုံမှားသံသယ ရှိခဲ့လေစွတကား၊ မဝေခွဲနိုင်ခဲ့လေစွတကား၊ ဆုံးဖြတ်ချက်မချနိုင်ခဲ့ လေစွတကား"ဟု စိတ်အကြံအစည်သည် ဖြစ်ပေါ်လာ၏။ ထိုသူသည် စိုးရိမ်ပူဆွေး၏၊ ပင်ပန်း ဆင်းရဲ၏၊ ငိုကြွေး၏၊ ရင်ဘတ်စည်တီး မြည်တမ်း၏၊ ပြင်းစွာ တွေဝေခြင်းသို့ ရောက်ရှိ၏။ ဒကာ-တော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ ကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်သောသူဟူသည် ဤသူပင်တည်း။ (၄)

ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်း တရားမှ ကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်သောသူတို့ဟူသည် ဤပုဂ္ဂိုလ် (၄)မျိုးတို့ ပင်တည်း။

ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်း-တရားမှ မကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ မရောက်သောသူဟူသည် အဘယ်နည်း? ဒကာတော် ပုဏ္ဏား . . . ဤလောက၌ အချို့သောသူသည် ကာမဂုဏ်တို့၌ တပ်မက်ခြင်း = ရာဂ

ကင်း၏၊ လိုလားတောင့်တခြင်း = ဆန္ဒ ကင်း၏၊ ချစ်မြတ်နိုးခြင်း = ပေမ ကင်း၏၊ မွတ်သိပ်ခြင်း = ပိပါသ ကင်း၏၊ ပူပန်ခြင်း = ပရိဠာဟ ကင်း၏၊ တွယ်တာခြင်း = တဏှာ ကင်း၏။ ထိုသူ့ထံသို့ ပြင်းထန်သော အနာရောဂါတစ်မျိုးမျိုးသည် ကျရောက်လာ၏၊ ပြင်းထန်သော အနာရောဂါတစ်မျိုး- မျိုး ကျရောက်လာသူအား "ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့သည် ငါ့ကို ဧကန် စွန့်ခွာသွားကြလိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာ ကာမဂုဏ်တို့ကို စွန့်ခွာသွားရတော့မည်"ဟု စိတ်အကြံအစည် မဖြစ်ပေ။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေ- ခြင်းသို့ မရောက်။ ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ မကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ မရောက်သောသူဟူသည် ဤသူ- ပင်တည်း။ (၁)

ဒကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား ဤလောက၌ အချို့သောသူသည် မိမိ ခန္ဓာကိုယ်၌ တပ်မက်ခြင်း = ရာဂ ကင်း၏၊ လိုလားတောင့်တခြင်း = ဆန္ဒ ကင်း၏၊ ချစ်မြတ်နိုးခြင်း = ပေမ ကင်း၏၊ မွတ်သိပ်ခြင်း = ပိပါသ ကင်း၏၊ ပူပန်ခြင်း = ပရိဠာဟ ကင်း၏၊ တွယ်တာခြင်း = တဏှာ ကင်း၏။ ထိုသူ့ထံသို့ ပြင်းထန်သော အနာရောဂါတစ်မျိုးမျိုးသည် ကျရောက်လာ၏၊ ပြင်းထန်သော အနာရောဂါတစ်မျိုးမျိုး ကျရောက်လာသူအား "ချစ်ခင်ဖွယ်ရာ ဤခန္ဓာကိုယ်သည် ငါ့ကို ဧကန် စွန့်ခွာသွားလိမ့်မည်၊ ငါသည်လည်း ချစ်ခင်ဖွယ်ရာ ဤခန္ဓာကိုယ်ကို စွန့်ခွာသွားရ- တော့မည်"ဟု စိတ်အကြံအစည် မဖြစ်။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာတွေဝေခြင်းသို့ မရောက်၊ ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ မကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင်တည်း။ (၂)

ဒကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား ဤလောက၌ အချို့သောသူသည် မကောင်းမှုကို မပြုလုပ်၊ ရက်စက်ကြမ်းကြုတ်မှုကို မပြုလုပ်၊ ညစ်နွမ်းမှု အကုသိုလ်ကို မပြုလုပ်၊ ကောင်းမှုကို ပြုလုပ်ထားပြီး ဖြစ်၏၊ ကုသိုလ်ကို ပြုလုပ်ထားပြီး ဖြစ်၏၊ ကြောက်မက်ဖွယ်ဘေးမှ တားမြစ်ရေးကို ပြုလုပ်ထားပြီး ဖြစ်၏။ ထိုသူ့ထံသို့ ပြင်းထန်သော အနာရောဂါတစ်မျိုးမျိုးသည် ကျရောက်လာ၏၊ ပြင်းထန်သော အနာရောဂါတစ်မျိုးမျိုး ကျရောက်လာသူအား "ငါသည် မကောင်းမှုကို မပြုလုပ်ခဲ့၊ ရက်စက်ကြမ်းကြုတ်မှုကို မပြုလုပ်ခဲ့၊ ညစ်နွမ်းမှု အကုသိုလ်ကို မပြုလုပ်ခဲ့၊ ကောင်းမှုကို ပြုလုပ်ထားပြီးပြီ၊ ကုသိုလ်ကို ပြုလုပ်ထားပြီးပြီ၊ ကြောက်မက်ဖွယ်ဘေးမှ တားမြစ်ရေးကို ပြုလုပ်ထားပြီးပြီ။

အို အချင်းတို့ . . . စင်စစ် မကောင်းမှုကို မပြုလုပ်ထားသော, ရက်စက်ကြမ်းကြုတ်မှုကို မပြုလုပ်ထားသော, ညစ်နွမ်းမှု အကုသိုလ်ကို မပြုလုပ်ထားသော, ကောင်းမှုကို ပြုလုပ်ထားပြီးသော, ကုသိုလ်ကို ပြုလုပ်ထားပြီးသော, ကြောက်မက်ဖွယ်ဘေးမှ တားမြစ်ရေးကို ပြုလုပ်ထားပြီးသော သူတို့၏ လားရောက်ရာ "ဂတိ"ဟူသမျှသို့ ဘဝနောင်အခါ ငါသည် လားရောက်ရပေတော့အံ့-

တကား”ဟု စိတ်အကြံအစည်သည် ဖြစ်ပေါ်လာ၏။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာတွေဝေခြင်းသို့ မရောက်၊ ဒကာတော် ပုဏ္ဏား . . . သေခြင်း သဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ မကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင်တည်း။ (၃)

ဒကာတော် ပုဏ္ဏား . . . နောက်တစ်မျိုးသော်ကား ဤလောက၌ အချို့သောသူသည် သူတော်ကောင်းတရား၌ ယုံမှားသံသယ မရှိ၊ ဝေခွဲနိုင်၏၊ (မှန်ပါသည်ဟု) ဆုံးဖြတ်ချက်ချနိုင်၏။ ထိုသူ့ထံသို့ ပြင်းထန်သော အနာရောဂါတစ်မျိုးမျိုးသည် ကျရောက်လာ၏။ ပြင်းထန်သော အနာရောဂါတစ်မျိုး-မျိုး ကျရောက်လာသူအား “ငါသည် စင်စစ်သူတော်ကောင်းတရား၌ ယုံမှားသံသယ မရှိ၊ ဝေခွဲနိုင်၏၊ (မှန်ပါသည်ဟု) ဆုံးဖြတ်ချက်ချနိုင်၏”ဟု စိတ်အကြံအစည်သည် ဖြစ်ပေါ်လာ၏။ ထိုသူသည် မစိုးရိမ်၊ မပင်ပန်း၊ မငိုကြွေး၊ ရင်ဘတ်စည်တီး မမြည်တမ်း၊ ပြင်းစွာ တွေဝေခြင်းသို့ မရောက်၊ ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ မကြောက်ရွံ့သော ထိတ်လန့်တုန်လှုပ်ခြင်းသို့ မရောက်သောသူဟူသည် ဤသူပင်တည်း။ (၄)

ဒကာတော် ပုဏ္ဏား . . . သေခြင်းသဘောတရား ထင်ရှားရှိသည် ဖြစ်ပါလျက် သေခြင်းတရားမှ မကြောက်ရွံ့သော, ထိတ်လန့်တုန်လှုပ်ခြင်းသို့ မရောက်သောသူတို့ဟူသည် ဤပုဂ္ဂိုလ် (၄)မျိုးတို့ပင်တည်းဟု မိန့်ကြားတော်မူ၏။

အသျှင်ဂေါတမ . . . တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွတကား၊ အသျှင်-ဂေါတမ . . . တရားတော်သည် အလွန်နှစ်သက်ဖွယ် ရှိပါပေစွတကား၊ အသျှင်ဂေါတမ . . . နှိုင်းခိုင်းဖွယ်ရာ လောကဥပမာသည်ကား — မှောက်ထားသည့် အရာဝတ္ထုကို လှန်၍ ပြလိုက်ဘိ-သကဲ့သို့, ဖုံးလွှမ်းထားသည့် အရာဝတ္ထုကို ဖွင့်လှစ်ကာ ပြလိုက်ဘိသကဲ့သို့, မျက်စိလည် လမ်းမှား၍ နေသောသူကို လမ်းမှန်ကို ပြောပြလိုက်ဘိသကဲ့သို့, မျက်စိအမြင်ရှိသူတို့သည် အဆင်းရူပါရုံအမျိုးမျိုးတို့ကို တွေ့မြင်ကြကုန်လတ္တံ့ဟု အမိုက်မှောင်ထဲ၌ မီးရှူးတန်ဆောင်ကို ကိုင်ဆောင်ကာ ပြလိုက်ဘိသကဲ့သို့ — ဤအတူပင် အသျှင်ဂေါတမသည် များစွာသော အကြောင်းပရိယာယ်တို့ဖြင့် တရားတော်ကို ဟောကြားပြသ ဆိုဆုံးမပေးတော်မူအပ်ပါပေ၏။ အသျှင်ဂေါတမ . . . ထိုတပည့်တော်သည် အသျှင်ဂေါတမကို ကိုးကွယ်အားထားရာဟူ၍ ယုံကြည်သိမှတ် ဆည်းကပ်ပါ၏။ တရားတော်ကိုလည်း ယုံကြည်သိမှတ် ဆည်းကပ်ပါ၏၊ သံဃာတော်ကိုလည်း ယုံကြည်သိမှတ် ဆည်းကပ်ပါ၏၊ အသျှင်ဂေါတမသည် တပည့်တော်ကို ယနေ့မှ စ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ခြင်းသို့ရောက်သော ဥပါသကာ ဒါယကာဟူ၍ အသိအမှတ်ပြုတော်မူပါ မြတ်စွာဘုရား” ဟု လျှောက်ထားလေ၏။[၃၁]

ဤသုတ္တန်တွင် ဘုရားရှင်သည် မဲ့ပြီးသေရသည့် ပုဂ္ဂိုလ် (၄)မျိုးနှင့် ပြုံးပြီးသေရသည့် ပုဂ္ဂိုလ် (၄)မျိုးတို့ကို ခွဲခြားကာ ဟောကြားထားတော်မူ၏။ မဲ့ပြီးသေရသည့် ပုဂ္ဂိုလ် (၄)မျိုးတို့တွင် ပထမ

[၃၁] အံ၊၁၊၄၉၃။ စာပိုဒ်၊၁၈၄။

ပုဂ္ဂိုလ်ကား သေခါနီးကာလတွင် မိမိ ပိုင်ဆိုင်နေသည့် သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့နှင့် မခွဲရက် မခွာနိုင်သူ ဖြစ်၏။ ဒုတိယပုဂ္ဂိုလ်ကား မိမိ အလွန်ချစ်မြတ်နိုးနေသည့် မိမိ ခန္ဓာကိုယ်နှင့် မခွဲရက် မခွာနိုင်သူ ဖြစ်၏။ တကယ်လက်တွေ့ ခွဲရတော့မည့်အခါ ငိုပွဲဆင်ကာ မဲ့ပြီးသေရသူ ဖြစ်၏။ စိတ်မချမ်းသာမှု ဒေါသဦးဆောင်သည့် အကုသိုလ်ဇောတို့က မရဏာသန္နဇော၏ နေရာကို အရယူသွားကြ၏။ တတိယပုဂ္ဂိုလ်ကား အကုသိုလ် ဒုစရိုက်အမျိုးမျိုးကို ဘဝတစ်လျှောက်တွင် ရင်ဝယ်ပိုက်ထွေးထားသူ ဖြစ်၏။ ထိုအကုသိုလ်ကံတို့၏ စွမ်းအားကြောင့် သေခါနီးကာလတွင် အပါယ်ငရဲ စသည့် မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာအစစ်ဖြစ်ပေသော ဂတိ-နိမိတ်များ ထင်လာကာ သေပွဲဝင်သွားရရှာသူ ဖြစ်၏။

စတုတ္ထပုဂ္ဂိုလ်ကား သီလ, သမာဓိ, ပညာဟု ခေါ်ဆိုအပ်သည့် သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို တကယ်လက်တွေ့ အောင်အောင်မြင်မြင် မကျင့်ခဲ့သူ ဖြစ်၏။ ဘုရားရတနာ၌လည်း မယုံကြည်, တရားရတနာ၌လည်း မယုံကြည်, သံဃာရတနာ၌လည်း မယုံကြည်သူ ဖြစ်၏။ နိဗ္ဗာန်သို့ ရောက်ကြောင်းကျင့်စဉ်ဟု ခေါ်ဆိုအပ်သည့် သီလ, သမာဓိ, ပညာသိက္ခာသုံးရပ် အကျင့်မြတ်ဖြင့် သိမ်းကျုံးရေတွက်ထားအပ်သည့် မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရားတို့အပေါ်၌လည်း မယုံကြည်သူ ဖြစ်၏။ ဘုရားရှင် ဟောကြားထားတော်မူအပ်သော ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတို့သည် ဘုရားရှင်-သာ သိနိုင်သည်၊ တပည့်သာဝကတွေ မသိနိုင်ဟု လက်ခံထားသူ ဖြစ်၏။ တစ်ဖန် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဟူသည့် အတိတ်အကြောင်းတရားငါးပါး သမုဒယသစ္စာတရားတွေကြောင့် ဤပစ္စုပ္ပန်တွင် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသည့် အကျိုးခန္ဓာငါးပါး ဒုက္ခသစ္စာတရားတွေ ထင်ရှားဖြစ်ပုံ၊ ဤပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်လိုက်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဟူသည့် ပစ္စုပ္ပန်အကြောင်းတရားငါးပါး သမုဒယသစ္စာတရားတွေကြောင့် နောင်အနာဂတ်တွင် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသည့် အကျိုးခန္ဓာငါးပါး ဒုက္ခသစ္စာတရားတွေ ထင်ရှားဖြစ်ပုံ ဟူသည့် ကြောင်း-ကျိုး ဆက်နွှယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘော တရားတို့ အပေါ်၌လည်း ယုံမှားသံသယ ရှိနေ၏၊ မယုံကြည်သူ ဖြစ်နေ၏၊ အကြောင်းကား အတိတ်ခန္ဓာငါးပါး ထင်ရှားရှိမှု, အနာဂတ်ခန္ဓာငါးပါး ထင်ရှားရှိမှု, အတိတ်ခန္ဓာ အနာဂတ်ခန္ဓာ နှစ်မျိုးလုံး ထင်ရှားတည်ရှိမှုအပေါ်၌လည်း ယုံမှားသံသယတွေ တစ်ပုံကြီး ရှိနေသောကြောင့် ဖြစ်၏။

အတိတ် အနာဂတ်ကို သာဝကတို့၏ ဝိပဿနာဉာဏ်ဖြင့် ရှုမရနိုင်ဟု ယုံကြည်လက်ခံထား၏။ သို့အတွက် သေခါနီးကာလဝယ် အားကိုးထိုက်သည့် ဘုရားရှင် ဟောကြားထားတော်မူသည့်အတိုင်း တကယ်မှန်ကန်တိကျနေသည့် အားကိုးထိုက်သည့် သမထကျင့်စဉ် ဝိပဿနာကျင့်စဉ်တွေကား ထိုသူ၏ စိတ်အစဉ်တွင် ဖြစ်ပေါ်၍ မလာနိုင်တော့ပေ။ ထိုအခါတွင် အားကိုးထိုက်သည့် ကောင်းမှုကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာရမည့် ကောင်းသောနိမိတ်တို့လည်း မပေါ်လာကြသဖြင့် အားကိုးထိုက်သည့် တရားလက်ကိုင် မရှိဖြစ်ကာ ဘဝကို အဆုံးသတ်သွားရသူ ဖြစ်ပေသည်။ ထိုပုဂ္ဂိုလ် (၄)မျိုးတို့ လားရာဂတိကား အပါယ်သံသရာခရီးသာ ရှိနေပေသည်။ မဲ့သေ သေကြရသည့် သူတို့၏ သွားရာလမ်းပင် ဖြစ်ပေသည်။

သို့သော် ပြီးသေ သေကြရသည့် ပုဂ္ဂိုလ် (၄)မျိုးတို့တွင် ပထမပုဂ္ဂိုလ်ကား မိမိ ပိုင်ဆိုင်နေသည့် သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့အပေါ်၌ သေခါနီးကာလဝယ် တပ်မက်တွယ်တာမှု မရှိသူ ဖြစ်၏။ ဒုတိယပုဂ္ဂိုလ်ကား မိမိ၏ ခန္ဓာအိမ်အပေါ်၌ တွယ်တာတပ်မက်မှု မရှိသူ ဖြစ်၏။ ထိုပုဂ္ဂိုလ် နှစ်ဦးတို့ကား ထိုကဲ့သို့သော တွယ်တာတပ်မက်မှုများ ကင်းရှင်းရေးအတွက် သမထဘာဝနာ ဝိပဿ-နာဘာဝနာကျင့်စဉ်တို့ကို အောင်အောင်မြင်မြင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ထားကြသူများ ဖြစ်ကြ၏။ တတိယပုဂ္ဂိုလ်ကား ဘဝတစ်လျှောက်တွင် သီလကျင့်စဉ်ကို ဖြူဖြူစင်စင် ဖြည့်ကျင့်ထားရုံတွင်သာမက တကယ်တမ်း အားကိုးထိုက်သည့် သမထ-ဝိပဿနာဘာဝနာကျင့်စဉ်တွေကို အောင်အောင်မြင်မြင် ဖြည့်ကျင့်ထားသည့်အတွက် ထိုကောင်းမှုကုသိုလ်ကံတို့၏ စွမ်းအားကြောင့် နတ်ရွာသုဂတိကဲ့သို့သော ကောင်းသော ဂတိနိမိတ်များ ထင်လာကာ ဘဝကို အဆုံးသတ်သွားရသူ ဖြစ်ပေသည်။ စတုတ္ထပုဂ္ဂိုလ်သည်ကား သစ္စာလေးပါးကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ဖြင့် ထိုးထွင်းသိမြင်ထားပြီးသူသော်လည်း ဖြစ်၏၊ အရိယမဂ္ဂသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ထိုးထွင်းသိမြင်ထားပြီးသူသော်-လည်း ဖြစ်၏။ ထို့ကြောင့် ရတနာသုံးတန် ကံ-ကံ၏ အကျိုးတရား စသည်တို့အပေါ်၌ လုံးဝ သံသယမရှိသူ ဖြစ်၏။ အရိယသစ္စာလေးရပ် တရားမြတ်တို့အပေါ်၌လည်း လုံးဝ သံသယမရှိသူ ဖြစ်၏။ သောတာနုဂတသုတ္တန်[၆၂]၌ လာရှိသော ရဟန်းတော်တို့ကဲ့သို့ သေခါနီးကာလဝယ် မိမိ၏ တရားဘာဝနာကိုသာ ပွားများအားထုတ်လျက် ဘဝကို အဆုံးသတ်သွားသူ ဖြစ်ပေသည်။ ပြီးသေ သေလိုပါက အတုလိုက်ကာ လိုက်နာပြုကျင့်ရမည့် နည်းစနစ်ကောင်းများပင် ဖြစ်ကြပေသည်။ အာသန္နကံအကြောင်းကို တင်ပြပြီးနောက် ကဋတ္တာကံအကြောင်းကို ဆက်လက်ပြီး တင်ပြပေအံ့။

**၄။ ကဋတ္တာကံ** = ပြုအပ်ပြီးကာမျှသာဖြစ်သောကံ[၆၃]

ဂရုကကံ ဗဟုလကံ အာသန္နကံ သုံးမျိုးတို့မှ လွတ်သော, အဖန်ဖန် အထပ်ထပ် ရအပ်သော အာသေဝနပစ္စည်းရှိသော, ဤဘဝ၌ ဖြစ်စေ ရှေးရှေး ဘဝများစွာ၌ ဖြစ်စေ ပြုအပ်သော ပြုအပ်-ကာမျှဖြစ်သော ကံသည် ကဋတ္တာကံမည်၏။ အထက်ပါ ဂရုကကံစသော ကံသုံးမျိုးတို့သည် မရှိလတ်သော် ဤကဋတ္တာကံက ပဋိသန္ဓေအကျိုးကို ငင်၏၊ ပဋိသန္ဓေအကျိုးကို ဖြစ်စေ၏။

ဤအရာတွင် မဟာဋီကာဆရာတော်[၆၄]သည် ဤသို့လည်း ဆက်လက် ရှင်းပြထားတော်မူ၏-ဂရုကကံ ဗဟုလကံ အာသန္နကံ ကဋတ္တာကံဟူသော ဤကမ္မစတုက္ကကို ပဋိသန္ဓေအကျိုးကို ပေးတတ်သော ဇနကကံ၏ အစွမ်းဖြင့် ဖွင့်ဆိုခြင်း ဖြစ်၏။ ထို့ကြောင့် ဤအုပ်စုတွင် ဒိဋ္ဌဓမ္မဝေဒနီယကံ မပါဝင်ပေ။

---

[၆၂] အံ၊၁၊၅၀၄-၅၀၅။

[၆၃] ဧတေဟိ ပန တီဟိ မုတ္တံ ပုနပ္ပုနံ လဒ္ဓါသေဝနံ **ကဋတ္တာ ဝါ ပန ကမ္မံ** နာမ ဟောတိ၊ တေသံ အဘာဝေ တံ ပဋိသန္ဓိံ အာကဍ္ဎတိ။ (ဝိသုဒ္ဓိ၊၂၊၂၃၆။)

ပဋိသန္ဓိဇနကဝသေန ဟိ ဂရုကာဒိကမ္မစတုက္ကံ ဝုတ္တံ။ (မဟာဋီ၊၂၊၃၇၇။)

[၆၄] မဟာဋီ၊၂၊၃၇၇-၃၇၉။

ဤကံလေးမျိုးတို့တွင် ဂရုကကံကား ရှေးဦးစွာ အကျိုးပေးတတ်၏။ ထိုကြောင့် ယင်းကံကို ဂရုကကံဟု ခေါ်ဆိုခြင်း ဖြစ်၏။ ဂရုကကံ မရှိခဲ့သော် ဗဟုလကံက အကျိုးပေးတတ်၏။ ယင်း ဗဟုလကံလည်း ထင်ရှားမရှိခဲ့သော် အာသန္နကံက အကျိုးပေးတတ်၏။ ယင်းအာသန္နကံ မရှိခဲ့သော် ကဋတ္တာကံက အကျိုးပေးတတ်၏။ ကဋတ္တာကံဟူသည် ရှေးရှေးဘဝတွေက ပြုစုပျိုးထောင်ခဲ့သော ကံတည်း။ ဗဟုလကံ, အာသန္နကံ, ရှေးရှေးဘဝများက ပြုစုပျိုးထောင်ခဲ့သော ပုဗ္ဗေကတကံခေါ် ကဋတ္တာကံတို့တွင် အားကြီးသောကံ, အားမကြီးသောကံတို့ကိုလည်း ခွဲခြားသိသင့်သည်။ ယုတ်ညံ့ သထက် ယုတ်ညံ့သောကံလည်း ရှိ၏။ ယုတ်ညံ့သထက် ယုတ်ညံ့သောကံထက် ကောင်းသောကံ လည်း ရှိ၏။ ကောင်းသထက် ကောင်းသောကံလည်း ရှိ၏။ ကောင်းသထက် ကောင်းသောကံထက် ယုတ်ညံ့သောကံလည်း ရှိ၏။ အကြိမ်များသထက် များသောကံလည်း ရှိ၏။ ကြီးကျယ်သထက် ကြီးကျယ်သောကံလည်း ရှိ၏။ ပြဓာန်းသထက် ပြဓာန်းသောကံလည်း ရှိ၏။ နည်းပါးသထက် နည်းပါးသောကံလည်း ရှိ၏။ ဤသို့ စသည်ဖြင့် စွမ်းအင်အမျိုးမျိုးရှိသော ကံများ ရှိကြ၏။ စွမ်းအင် ကြီးမားသောကံက အလျင်အကျိုးပေးတတ်၏။

ပုဂ္ဂိုလ်တစ်ယောက်သည် မကောင်းမှု အကုသိုလ်ကံ တစ်ခုခုကို လွန်ကျူးထားခဲ့၏။ ယင်း အကုသိုလ်ကံကို အကြိမ်များစွာ အမှတ်ရနေ၏။ အမှတ်ရတိုင်းလည်း စိတ်မချမ်းသာမှု စိတ်နှလုံး မသာယာမှုကို ဖြစ်စေပြန်၏။ ထိုကဲ့သို့ စိတ်မချမ်းသာမှု, စိတ်နှလုံးမသာယာမှုကို အမှတ်ရတိုင်း ဖြစ်စေသော သူ၏ သန္တာန်ဝယ် ထိုကံက အနာဂတ်တွင် အကျိုးပေးဖို့ရန် စွမ်းအင်များသည် တဖြည်း-ဖြည်း ကြီးထွားလာ၏။ ယင်းကဲ့သို့ ကြီးထွားလာသော စွမ်းအင်ကို ဖျက်ဆီးပစ်နိုင်သော ဆန့်ကျင်-ဘက် အကြောင်းတရားမှာ အရိယမဂ်တည်းဟူသော အကြောင်းတရားပင် ဖြစ်၏။ သို့သော် ထိုသူ-ကား အရိယမဂ်တည်းဟူသော စွမ်းအင်ကြီးမားသော ဆန့်ကျင်ဘက် အကြောင်းတရားဟူသည့် အရိယမဂ်ကုသိုလ်ကံကိုလည်း ရရှိအောင် အားမထုတ်နိုင်သေး ဖြစ်နေ၏။ (ပဌမပါရာဇိကသိက္ခာ-ပုဒ်၌ လာရှိသော အရှင်သုဒိန္နမထေရ်ကဲ့သို့ ဖြစ်နေ၏။) ဤသို့လျှင် ထိုကံက အကျိုးပေးဖို့ရန် စွမ်းအင်ကို ဖျက်ဆီးပစ်နိုင်သည့် အရိယမဂ်ကဲ့သို့သော ဆန့်ကျင်ဘက် အကြောင်းတရား၏ မပြည့်စုံ-သေးသည့်အတွက် မိမိ အားထုတ်ထားပြီး လွန်ကျူးထားပြီးဖြစ်သည့် ထိုမကောင်းမှု အကုသိုလ်ကံမှာ နောင်တစ်ချိန်တွင် အကျိုးကို ဖြစ်စေနိုင်သည့် စွမ်းအားရှိသော အကျိုးရှိသော ကံအရာ၌ တည်နေ-၏။ ယင်းကံက ရှေးဦးစွာ အကျိုးပေးတတ်ပေသည်။

တစ်ဖန် ပုဂ္ဂိုလ်တစ်ယောက်၏ သန္တာန်ဝယ် အတိတ်သံသရာအဆက်ဆက်က ပြုစုပျိုးထောင်-ထားခဲ့သည့် အနာဂတ်ဘဝအဆက်ဆက်၌ ခံစားထိုက်သော အကျိုးရှိသော အပရာပရိယအမည်ရ-သည့် ကံများလည်း ရှိကြ၏။ ယင်းကံတို့၏ စွမ်းအင်များကား မကုန်ဆုံးသေး ဖြစ်နေ၏။ ဆက်လက် အကျိုးပေးဖို့ရန် စွမ်းအင်များကား ကြွင်းကျန်နေသေး၏။ (အပဒါန်ပါဠိတော်[၅၇]၌ လာရှိသော ပဉ္စ-သီလသမာဒါနိယမထေရ် အလောင်းအလျာ၏ လွန်ခဲ့သော တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက် က ပွင့်ထွန်းတော်မူခဲ့သော အနောမဒဿီဘုရားရှင်၏ သာသနာတော်အတွင်း၌ အနှစ်တစ်သိန်းတို့

[၅၇] အပဒါန၊၁၊၈၄-၈၆။

ကာလပတ်လုံး မကျိုး မပေါက် မပြောက် မကျားအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့သော သီလကံမျိုး ဖြစ်၏။) ယင်း အပရာပရိယ ကံကြွင်းကံကျန်၏ အကျိုးပေးဖို့ရန် စွမ်းအင်ကား မကုန်ဆုံးသေးသည့် အတွက် ထိုပုဂ္ဂိုလ်၏ ရုပ်နာမ်သန္တာန်အစဉ်ဝယ် ယင်းအပရာပရိယကံကပင် ရှေးဦးစွာ အကျိုးပေး-ဖို့ရန် ညွတ်စေအပ်သော ထူးခြားမှု ရှိနေ၏။ (ပဉ္စသီလသမာဒါနိယမထေရ် အလောင်းအလျာ၏ အပရာပရိယသီလကံက အနောမဒဿီဘုရားရှင်၏ သာသနာတော်မှသည် ဂေါတမဘုရားရှင်၏ သာသနာတော်သို့တိုင်အောင် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး ဘဝဆက်တိုင်း အဆက်မပြတ် ဆက်တိုက် အကျိုးပေးသည့် ကံမျိုး ဖြစ်၏။) ယင်းကဲ့သို့ ရုပ်နာမ်သန္တာန်အစဉ်ဝယ် ယင်း အပရာပရိယကံက အကျိုးပေးဖို့ရန် ညွတ်စေအပ်သော ထူးခြားမှု ရှိနေသည့်အတွက်ကြောင့် ယင်း အပရာပရိယကံသည် ကုသိုလ်ကံ ဖြစ်ပါက —

၁။ **ကာလသမ္ပတ္တိ** = သူတော်သူမြတ် မင်းကောင်းမင်းမြတ်တို့ ပေါ်ထွန်းရာ အချိန်ကာလကောင်း နှင့် ကြုံကြိုက် ပြည့်စုံခြင်း,

၂။ **ဂတိသမ္ပတ္တိ** = လူ့ပြည် နတ်ပြည်တည်းဟူသော ဂတိကောင်း၌ လူဖြစ်ရခြင်း သို့မဟုတ် နတ်ဖြစ်ရခြင်းဟူသော ကောင်းသောဂတိနှင့် ပြည့်စုံခြင်း,

၃။ **ပယောဂသမ္ပတ္တိ** = သီလ, သမာဓိ, ပညာဟူသော ကျင့်စဉ်ကောင်းတို့ကို စွမ်းစွမ်းတမံ ကျင့်ခြင်း ဟူသော လုံ့လပယောဂကောင်းနှင့် ပြည့်စုံခြင်း,

၄။ **ဥပဓိသမ္ပတ္တိ** = အင်္ဂါခြေလက် မချို့တဲ့ခြင်းဟူသော ဥပဓိရုပ်ရည်ကောင်းနှင့် ပြည့်စုံခြင်း -

ဟူသော သမ္ပတ္တိစက်လေးပါးနှင့် ပြည့်စုံပါက ယင်းသမ္ပတ္တိစက်လေးပါးတည်းဟူသော ထိုထို အကြောင်းတရားတို့က စုစည်းထားအပ်သော စွမ်းအားရှိသော ယင်းအပရာပရိယကုသိုလ်ကံသည် ရှေးဦးစွာ အကျိုးပေးတတ်၏။

အကယ်၍ ယင်းအပရာပရိယကံမှာ အကုသိုလ်ကံ ဖြစ်ပါက —

၁။ **ကာလဝိပတ္တိ** = မသူတော်တို့ ထွန်းကားရာ မကောင်းသောလူ မကောင်းသောမင်းတို့ ထွန်းကားရာ ပျက်စီးသောကာလနှင့် ကြုံကြိုက်နေခြင်း,

၂။ **ဂတိဝိပတ္တိ** = အပါယ်လေးဘုံ တစ်ဘုံဘုံဟူသော မကောင်းသောဂတိနှင့် ပြည့်စုံနေခြင်း,

၃။ **ပယောဂဝိပတ္တိ** = သူ့အသက်သတ်ခြင်းစသည့် ဒုစရိုက်အမျိုးမျိုးတို့ကို လွန်ကျူးနေသဖြင့် ပျက်စီးသော ပယောဂရှိခြင်း,

၄။ **ဥပဓိဝိပတ္တိ** = ခြေလက်အင်္ဂါချို့တဲ့ခြင်းဟူသည့် ပျက်စီးသော ဥပဓိရှိခြင်း —

ဤဝိပတ္တိစက်တို့၏ အထောက်အပံ့ကို ရရှိနေပါက — ယင်းအပရာပရိယအကုသိုလ်ကံမှာ ရုပ်နာမ်သန္တာန်အစဉ်ဝယ် အကျိုးပေးဖို့ရန် ညွတ်စေအပ်သော ထူးခြားမှု ရှိနေသည့်အတွက်ကြောင့် ထိုထို ဝိပတ္တိအကြောင်းတရားတို့ကလည်း ဝိုင်းဝန်းကာ စုစည်းပေးလိုက်သောအခါ မကောင်းကျိုးကို

ဆက်တိုက် အကျိုးပေးဖို့ရန် စွမ်းအင်များ ကြီးထွားလာ၏။ ယင်းကဲ့သို့သော အပရာပရိယအကုသိုလ်ကံကလည်း ရှေးဦးစွာ အကျိုးပေးတတ်ပေသည်။ (ဓမ္မရုစိမထေရ် အလောင်းအလျာ[၇၆]ဖြစ်သည့် အမျိုးကောင်းသား၏ လွန်ခဲ့သော လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က ဒီပင်္ကရာဘုရားရှင်၏ သာသနာအတွင်း၌ လွန်ကျူးခဲ့မိသော အမိကို သတ်ခဲ့ဖူးသည့် ပါဏာတိပါတ အပရာပရိယကံမျိုး ဖြစ်၏။)

**မဟာနာရဒကဿပ**ဇာတ်တော်[၇၇]၌ လာရှိသော ဝိဒေဟမင်း, အလာတစစ်သူကြီး, ဗီဇကကျွန်, ရုစာမင်းသမီးတို့ကား ဤအရာ၌ ညွှန်ပြထိုက်သော သက်သေသာဓကတို့တည်း။ ထို့ကြောင့် ဘုရားရှင်သည် မဟာကမ္မဝိဘင်္ဂသုတ္တန်၌ ဤသို့ ဟောကြားထားတော်မူခဲ့၏ . . . ။

"အာနန္ဒာ . . . ထိုလေးယောက်သော သမဏ ဗြာဟ္မဏတို့တွင် အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏။ ကာမတို့၌ မှားယွင်းဖောက်ပြန်သော အကျင့်ကို ကျင့်လေ့ရှိ၏။ မုသားစကား ပြောကြားလေ့ရှိ၏။ ကုန်းစကားကို ပြောကြားလေ့ရှိ၏။ ကြမ်းတမ်းသော စကားကို ပြောကြားလေ့ရှိ၏။ ပြိန်ဖျင်းသော စကားကို ပြောကြားလေ့ရှိ၏။ သူတစ်ပါးပစ္စည်းဥစ္စာကို မတရားသောနည်းလမ်းဖြင့် ရယူလိုသည့် အဘိဇ္ဈာတရား များပြားလေ့ရှိ၏။ သူတစ်ပါးတို့ကို ဖျက်ဆီးလို သေကြေပျက်စီးစေလိုသော စိတ်ထား ရှိ၏။ မှားသော အယူရှိ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ချမ်းသာကင်းရာ မကောင်းမှုပြုသူတို့၏ လားရောက်ရာ ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာ ငရဲသို့ ကပ်ရောက်ရ၏။ ရှေး၌လည်း ထိုပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာ၏အကြောင်းဖြစ်သော ထိုယုတ်မာသော ကံကို ပြု၏။ နောက်၌လည်း ထိုပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာ၏အကြောင်းဖြစ်သော ထိုယုတ်မာသော ကံကို ပြု၏။ သေခါနီးကာလ၌လည်း ထိုပုဂ္ဂိုလ်သည် မှားယွင်းသောအယူကို ပြည့်ပြည့်စုံစုံ ဆောက်တည်၏။ ထိုပုဂ္ဂိုလ်သည် ထိုယုတ်မာသော ကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ချမ်းသာကင်းရာ မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာ ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာ ငရဲသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏။ ပ ။ မှားယွင်းသော အယူရှိ၏၊ ထိုကံ၏ အကျိုးကို မျက်မှောက်ဘဝ၌လည်းကောင်း, ဒုတိယဘဝ၌လည်းကောင်း, တစ်ပါးသော ထိုထိုဘဝ၌လည်းကောင်း ခံစားရ၏။ (၁)

အာနန္ဒာ . . . ထိုလေးယောက်သော သမဏ ဗြာဟ္မဏတို့တွင် အကြင်ပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏။ ပ ။ မှားသော အယူရှိ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ကောင်းမှုပြုသူ သုစရိုက်သမားတို့၏ လားရောက်ရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏၊ ရှေး၌လည်း ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၏ အကြောင်းဖြစ်သော ထိုကောင်းသော ကံကို ပြု၏၊ နောက်၌လည်း ထိုပုဂ္ဂိုလ်သည် သုခဝေဒနာ၏

[၇၆] အပဒါန်၊၂၆၈-၇၀။

[၇၇] ဇာတက၊၂၊၂၅၇-၂၇၅။

အကြောင်းဖြစ်သော ထိုကောင်းသော ကံကို ပြု၏၊ သေခါနီးကာလ၌လည်း ထိုပုဂ္ဂိုလ်သည် မှန်သော အယူကို ပြည့်ပြည့်စုံစုံ ဆောက်တည်၏၊ ထိုပုဂ္ဂိုလ်သည် ထိုကောင်းသော ကံကြောင့် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ကောင်းမှုပြုသူ သုစရိုက်သမားတို့၏ လားရောက်ရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏၊ ထိုပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သူ့အသက်ကို သတ်လေ့ရှိ၏၊ မပေးသည်ကို ယူလေ့ရှိ၏။ ပ ။ မှားယွင်းသော အယူကို ယူလေ့ရှိ၏၊ ထိုကံ၏ အကျိုးကို မျက်မှောက် ဘဝ၌လည်းကောင်း, ဒုတိယဘဝ၌လည်းကောင်း, တစ်ပါးသော ထိုထိုဘဝ၌လည်းကောင်း ခံစား ရ၏။ (၂)

အာနန္ဒာ . . . ထိုလေးယောက်သော သမဏ ဗြာဟ္မဏတို့တွင် အကြင်ပုဂ္ဂိုလ်သည် ဤ လူ့ပြည်၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ပ ။ မှန်သော အယူကို ယူလေ့ရှိ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ကောင်းမှုပြုသူ သုစရိုက်သမားတို့၏ လားရောက်ရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏၊ ရှေး၌လည်း ထိုပုဂ္ဂိုလ်-သည် သုခဝေဒနာ၏ အကြောင်းဖြစ်သော ထိုကောင်းသော ကံကို ပြု၏၊ နောက်၌လည်း ထိုပုဂ္ဂိုလ်-သည် သုခဝေဒနာ၏ အကြောင်းဖြစ်သော ထိုကောင်းသော ကံကို ပြု၏၊ သေခါနီးကာလ၌လည်း ထိုပုဂ္ဂိုလ်သည် ကောင်းသော အယူကို ပြည့်ပြည့်စုံစုံ ဆောက်တည်၏၊ ထိုပုဂ္ဂိုလ်သည် ထိုကောင်း-သော ကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ကောင်းမှုပြုသူ သုစရိုက်သမား တို့၏ လားရောက်ရာ နတ်ပြည်လောကသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ သူ့-အသက်သတ်ခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်လေ့ရှိ၏။ ပ ။ မှန်သော အယူရှိ၏၊ ထိုကံ၏ အကျိုးကို မျက်မှောက်ဘဝ၌လည်းကောင်း, ဒုတိယဘဝ၌လည်းကောင်း, တစ်ပါးသော ထိုထိုဘဝ၌လည်းကောင်း ခံစားရ၏။ (၃)

အာနန္ဒာ . . . ထိုလေးယောက်သော သမဏ ဗြာဟ္မဏတို့တွင် အကြင်ပုဂ္ဂိုလ်သည် ဤ လူ့ပြည်၌ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ပ ။ မှန်သော အယူရှိ၏၊ ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက်ကာလ၌ ချမ်းသာကင်းရာ မကောင်း-မှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာ ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာ ငရဲသို့ ကပ်-ရောက်ရ၏။ ရှေး၌လည်း ထိုပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ထိုယုတ်မာသော ကံကို ပြု၏။ နောက်၌လည်း ထိုပုဂ္ဂိုလ်သည် ဒုက္ခဝေဒနာ၏ အကြောင်းဖြစ်သော ထိုယုတ်မာသော ကံကို ပြု၏။ သေခါနီးကာလ၌လည်း ထိုပုဂ္ဂိုလ်သည် မှားယွင်းသော အယူကို ပြည့်ပြည့်စုံစုံ ဆောက် တည်၏၊ ထိုပုဂ္ဂိုလ်သည် ထိုမကောင်းသော ကံကြောင့် ကိုယ်ခန္ဓာပျက်စီး၍ သေပြီးသည်မှ နောက် ကာလ၌ ချမ်းသာကင်းရာ မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာ ဖရိုဖရဲ ပြိုကွဲပျက်စီး လျက် ကျရောက်ရာ ငရဲသို့ ကပ်ရောက်ရ၏။ ထိုပုဂ္ဂိုလ်သည် ဤလူ့ပြည်၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်၏၊ မပေးသည်ကို ယူခြင်းမှ ရှောင်ကြဉ်၏။ ပ ။ မှန်သော အယူရှိ၏၊ ထိုကံ၏ အကျိုးကို မျက်မှောက်ဘဝ၌လည်းကောင်း, ဒုတိယဘဝ၌လည်းကောင်း, တစ်ပါးသော ထိုထိုဘဝ၌လည်း-ကောင်း ခံစားရ၏။ (၄)

အာနန္ဒာ . . . ဤသို့လျှင် အကြောင်းမမှန်ဘဲ အကြောင်းမမှန်ကို ပြတတ်သော ကံလည်း ရှိ၏၊ အကြောင်းမမှန်ဘဲ အကြောင်းမှန်ကို ပြတတ်သော ကံလည်း ရှိ၏၊ အကြောင်းလည်း မှန်လျက် အကြောင်းမှန်ကို ပြတတ်သော ကံလည်း ရှိ၏၊ အကြောင်းမှန်လျက် အကြောင်းမမှန်ကို ပြတတ်-သော ကံလည်း ရှိ၏–ဟု (မိန့်တော်မူ၏)။[၄၈]

## ယင်းကံ (၄) မျိုးတို့၏ စွမ်းအား

ယင်းကံ (၄)မျိုးတို့တွင် ဂရုကကံကား ရှေးဦးစွာ အကျိုးပေးသည်ဟု ဆိုသဖြင့် အကုသိုလ် ဂရုကကံများရှိခဲ့လျှင် ယင်းကံတို့က ရှေးဦးစွာ အကျိုးပေးကြမည် ဖြစ်၏။ အကယ်၍ အကုသိုလ် ဂရုကကံတို့က ထင်ရှားမရှိခဲ့ကြလျှင် ကုသိုလ်ဂရုကကံတို့က ရှေးဦးစွာ အကျိုးပေးကြမည် ဖြစ်၏။ ကုသိုလ်ဂရုကကံတို့ကား ဈာန်ကုသိုလ်ကံတို့ပင် ဖြစ်ကြ၏။ သို့သော် ထိုဈာန်တို့ကိုကား ယောဂါဝစရ-ပုဂ္ဂိုလ်သည် သေသည့်တိုင်အောင် မလျှောကျအောင် ပွားများထားရမည် ဖြစ်ပေသည်။ အကယ်၍ အကြောင်းတစ်ခုခုကြောင့် မသေမီ စပ်ကြားကာလဝယ် အရှင်ဒေဝဒတ်ကဲ့သို့ ရရှိထားပြီးဈာန်တို့က လျှောကျသွားခဲ့ကြပါမူ ယင်းဈာန်တို့ကား သေသည်၏ အခြားမဲ့၌ ပြဟ္မာပဋိသန္ဓေဟူသော အကျိုးကို မပေးနိုင်ကြတော့ပေ။ သို့သော် ယောဂါဝစရပုဂ္ဂိုလ်က ယင်းဈာန်များကို သေသည့်တိုင်အောင် မလျှောကျအောင် မိမိ ရရှိထားသည့် ဈာန်များကို ထိန်းသိမ်းစောင့်ရှောက်နိုင်ပါမူကား ဈာန်နှင့် လျော်ညီသည့် ပြဟ္မာပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်ပေသည်။ ယင်းဈာန်တို့မှာ ပဉ္စကနည်းအရ ရူပါဝစရကုသိုလ်ဈာန် (၅)မျိုး, စတုက္ကနည်းအရ ရူပါဝစရကုသိုလ်ဈာန် (၄)မျိုးနှင့် အရူပါဝစရကုသိုလ် ဈာန် (၄)မျိုးတို့ ရှိကြပေသည်။

## ရူပါဝစရကုသိုလ်ဈာန် (၅) မျိုး (ပဉ္စကနည်း)

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ (၅)ပါးရှိသော ပထမဈာန်၊

၂။ ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ (၄)ပါးရှိသော ဒုတိယဈာန်၊

၃။ ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ (၃)ပါးရှိသော တတိယဈာန်၊

၄။ သုခ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ (၂)ပါးရှိသော စတုတ္ထဈာန်၊

၅။ ဥပေက္ခာ, ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ (၂)ပါးရှိသော ပဉ္စမဈာန်၊

---

[၄၈] မ၊၃၊၂၅၇-၂၅၈။

[**မှတ်ချက်** — သဂြိုဟ်ကျမ်း၌ကား ဂရုကကံ အာသန္နကံ အာစိဏ္ဏကံ ကဋတ္တာကံဟု အာသန္နကံကို နံပါတ် (၂), အာစိဏ္ဏကံကို နံပါတ် (၃)အရာ၌ ထားသည်။ ဝိသုဒ္ဓိမဂ်၌ကား အာစိဏ္ဏကံကို နံပါတ် (၂), အာသန္နကံကို နံပါတ် (၃)အရာ၌ ထားသည်။ အားလုံး အသင့်ယုတ္တိ ရှိသည်ချည်းပင် ဖြစ်သည်။]

## ရူပါဝစရကုသိုလ်စျာန် (၄) မျိုး (စတုက္ကနည်း)

၁။ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော စျာန်အင်္ဂါ (၅)ပါးရှိသော ပထမစျာန်၊

၂။ ပီတိ, သုခ, ဧကဂ္ဂတာ-ဟူသော စျာန်အင်္ဂါ (၃)ပါးရှိသော ဒုတိယစျာန်၊

၃။ သုခ, ဧကဂ္ဂတာ-ဟူသော စျာန်အင်္ဂါ (၂)ပါးရှိသော တတိယစျာန်၊

၄။ ဥပေက္ခာ, ဧကဂ္ဂတာ-ဟူသော စျာန်အင်္ဂါ (၂)ပါးရှိသော စတုတ္ထစျာန်၊

(ဤနည်း၌ ဝိတက်, ဝိစာရ စျာန်အင်္ဂါ (၂)ပါးတို့ကို ပြိုင်တူ ဖြုတ်သည်။)

## အရူပါဝစရကုသိုလ်စျာန် (၄) မျိုး

၁။ ဥပေက္ခာ, ဧကဂ္ဂတာ-ဟူသော စျာန်အင်္ဂါ (၂)ပါးရှိသော အာကာသာနဉ္စာယတနစျာန်၊

၂။ ဥပေက္ခာ, ဧကဂ္ဂတာ-ဟူသော စျာန်အင်္ဂါ (၂)ပါးရှိသော ဝိညာဏဉ္စာယတနစျာန်၊

၃။ ဥပေက္ခာ, ဧကဂ္ဂတာ-ဟူသော စျာန်အင်္ဂါ (၂)ပါးရှိသော အာကိဉ္စညာယတနစျာန်၊

၄။ ဥပေက္ခာ, ဧကဂ္ဂတာ-ဟူသော စျာန်အင်္ဂါ (၂)ပါးရှိသော နေဝသညာနာသညာယတနစျာန်၊

ဤသို့လျှင် ပဉ္စကနည်းအရ စျာန်ကုသိုလ် (၉)မျိုး ရှိပေသည်။ စတုက္ကနည်းအရ စျာန်ကုသိုလ် (၈)မျိုး ရှိပေသည်။

ထိုစျာန်များကို ပွားများအားထုတ်ရာ၌ —

၁။ စျာန်ကုသိုလ်များကို လိုလားတောင့်တသည့် ဆန္ဒဓာတ်၊

၂။ စျာန်ကုသိုလ်များကို ရရှိရေးအတွက် ကြိုးစားအားထုတ်သည့် ဝီရိယဓာတ်၊

၃။ စျာန်ကုသိုလ်များကို ရရှိရေးအတွက် ဦးဆောင်သည့် စိတ်ဓာတ်၊

၄။ စျာန်ကုသိုလ်များကို ရရှိရေးအတွက် ပညာစွမ်းအားဟူသည့် ဝီမံသဓာတ်၊

ဤဖော်ပြပါ ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ-တည်းဟူသော ထိုထိုဘာဝနာလုပ်ငန်းရပ်တို့ကို ပြီးစီးအောင်မြင်စေကြောင်း တရားများဖြစ်ကြသည့် ဣဒ္ဓိပါဒ် (၄)ပါးတို့ ရှိကြ၏။ ယင်းဣဒ္ဓိပါဒ် (၄)ပါးတို့က စွမ်းအင် အားမကောင်းလျှင် ပျော့ညံ့နေလျှင် စျာန်ကို ရကာမတ္တ = ရကာမျှသဘောလောက်သာ ရှိခဲ့လျှင် ယင်းစျာန်မှာ တန်ခိုးအာနိသင်နည်းပါးသော ပရိတ္တစျာန် ဖြစ်၏။ အကယ်၍ ယင်းဣဒ္ဓိပါဒ် (၄)ပါးတို့က အလတ်တန်းစားဖြစ်လျှင် ယင်းစျာန်မှာ အလယ်အလတ်တန်းစား မဇ္ဈိမစျာန် ဖြစ်၏။ အကယ်၍ ယင်းဣဒ္ဓိပါဒ် (၄)ပါးတို့က အထက်တန်းစားဖြစ်လျှင် စျာန်ကို နိုင်နိုင်နင်းနင်း ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ သေသည့်တိုင်အောင် ပွားများထားလျှင် ယင်းစျာန်မှာ အမြတ်စား ပဏီတ-စျာန် ဖြစ်၏။ ယင်းဣဒ္ဓိပါဒ် (၄)ပါးတို့မှာ စျာန်မတိုင်မီ ဥပစာရသမာဓိ စသည်တို့နှင့်လည်း အတူယှဉ်တွဲကာ ဖြစ်ပေါ်ကြ၏၊ စျာန်သမာဓိတို့နှင့်လည်း အတူယှဉ်တွဲကာ ဖြစ်ပေါ်ကြပေသည်။ စျာန်သမာဓိတို့နှင့် ယှဉ်တွဲနေသည့် ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတို့က ညံ့ဖျင်းနေလျှင် ပရိတ္တစျာန် ဖြစ်၏၊

အလယ်အလတ်တန်းစားဖြစ်လျှင် မဇ္ဈိမစျာန် ဖြစ်၏၊ အမြတ်စားဖြစ်လျှင် ပဏီတစျာန် ဖြစ်၏။

## ရူပါဝစရစျာန်နှင့် လျော်ညီသည့် ရူပါဝစရဘုံ (၁၆) ဘုံ

၁။ ပထမစျာန်ကုသိုလ်ကို —

(က) ပရိတ္တစျာန်ဖြစ်အောင် ပွားများထားခြင်းကြောင့် ဗြဟ္မပါရိသဇ္ဇာဗြဟ္မာဘုံ၌ ဖြစ်၏။

(ခ) မဇ္ဈိမစျာန်ဖြစ်အောင် ပွားများထားခြင်းကြောင့် ဗြဟ္မပုရောဟိတာဗြဟ္မာဘုံ၌ ဖြစ်၏။

(ဂ) ပဏီတစျာန်ဖြစ်အောင် ပွားများထားခြင်းကြောင့် မဟာဗြဟ္မာဘုံ၌ ဖြစ်၏။

[ဤ (၃)ဘုံကား ပထမစျာန် (၃)ဘုံတည်း။]

၂။ ပဉ္စကနည်းအရ ဒုတိယစျာန်နှင့် တတိယစျာန်ကို စတုက္ကနည်းအရ ဒုတိယစျာန်ကို —

(က) ပရိတ္တစျာန်ဖြစ်အောင် ပွားများထားခြင်းကြောင့် ပရိတ္တာဘာဗြဟ္မာဘုံ၌ ဖြစ်၏။

(ခ) မဇ္ဈိမစျာန်ဖြစ်အောင် ပွားများထားခြင်းကြောင့် အပ္ပမာဏာဘာဗြဟ္မာဘုံ၌ ဖြစ်၏။

(ဂ) ပဏီတစျာန်ဖြစ်အောင် ပွားများထားခြင်းကြောင့် အာဘဿရာဗြဟ္မာဘုံ၌ ဖြစ်၏။

[ဤ (၃)ဘုံကား ဒုတိယစျာန် (၃)ဘုံတည်း။]

၃။ ပဉ္စကနည်းအရ စတုတ္ထစျာန်ကို, စတုက္ကနည်းအရ တတိယစျာန်ကို—

(က) ပရိတ္တစျာန်ဖြစ်အောင် ပွားများထားခြင်းကြောင့် ပရိတ္တသုဘာဗြဟ္မာဘုံ၌ ဖြစ်၏။

(ခ) မဇ္ဈိမစျာန်ဖြစ်အောင် ပွားများထားခြင်းကြောင့် အပ္ပမာဏသုဘာဗြဟ္မာဘုံ၌ ဖြစ်၏။

(ဂ) ပဏီတစျာန်ဖြစ်အောင် ပွားများထားခြင်းကြောင့် သုဘကိဏှာဗြဟ္မာဘုံ၌ ဖြစ်၏။

[ဤ (၃)ဘုံကား  တတိယစျာန် (၃)ဘုံတည်း။]

၄။ ပဉ္စကနည်းအရ ပဉ္စမစျာန်ကို, စတုက္ကနည်းအရ စတုတ္ထစျာန်ကို ပွားများအားထုတ်ထားခြင်းကြောင့် (ပဏီတစျာန်ဖြစ်အောင် ပွားများအားထုတ်ထားခြင်းကြောင့်) ဝေဟပ္ဖလ = ဝေဟပ္ဖိုလ်ဗြဟ္မာဘုံ၌ ဖြစ်၏။

၅။ ယင်းစျာန်ကိုပင် အခြေခံကာ နာမ်တရားများကို ရွံရှာစက်ဆုပ်သည့် နာမဝိရာဂသညာဘာဝနာကို ဆက်လက် ပွားများအားထုတ်ထားခြင်းကြောင့် အသညသတ်ဗြဟ္မာဘုံ၌ ဖြစ်၏။

၆။ အနာဂါမ်အရိယာသူတော်ကောင်းတို့သည်ကား များသောအားဖြင့် ယင်းစတုတ္ထစျာန်ကုသိုလ်ကြောင့် အဝိဟာ, အတပ္ပာ, သုဒဿာ, သုဒဿီ, အကနိဋ္ဌာ-ဟူသော သုဒ္ဓါဝါသ (၅)ဘုံတို့တွင် တစ်ဘုံဘုံ၌ ဖြစ်ကြကုန်၏။

[ဤ (၇)ဘုံကား ရူပါဝစရစတုတ္ထစျာန် (၇)ဘုံတည်း။]

## အရူပါဝစရစျာန်နှင့် လျော်ညီသည့် အရူပဘုံ (၄) ဘုံ

၁။ အာကာသာနဉ္စာယတနစျာန်ကို ပွားများထားခြင်းကြောင့် အာကာသာနဉ္စာယတနဘုံ၌ ဖြစ်၏။
၂။ ဝိညာဏဉ္စာယတနစျာန်ကို ပွားများထားခြင်းကြောင့် ဝိညာဏဉ္စာယတနဘုံ၌ ဖြစ်၏။
၃။ အာကိဉ္စညာယတနစျာန်ကို ပွားများထားခြင်းကြောင့် အာကိဉ္စညာယတနဘုံ၌ ဖြစ်၏။
၄။ နေဝသညာနာသညာယတနစျာန်ကို ပွားများထားခြင်းကြောင့် နေဝသညာနာသညာယတန-ဘုံ၌ ဖြစ်၏။

ဤရူပါဝစရစျာန်, အရူပါဝစရစျာန်တို့ကို နီဝရဏကိလေသာ အညစ်အကြေးတို့မှ ကင်းဝေးနေသည့်အတွက်ကြောင့် မြင့်မြတ်သည်၏အဖြစ်သို့ ရောက်ရှိနေသော စျာန်စိတ်များ ဖြစ်ကြခြင်း-ကြောင့် မဟဂ္ဂတ = မဟဂ္ဂုတ်စိတ်ဟု ခေါ်ဆိုပေသည်။ ယင်းစျာန်စိတ်တို့ကား ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ စျာန်နှင့် တူညီနေသည့် အကျိုးတရားကိုသာ ဖြစ်စေတတ်ပေသည်။

## အကျိုးပေးရာဘုံဌာန၏ အစွမ်းဖြင့် ကံ (၄) မျိုး

၁။ အကုသိုလ်ကံ,
၂။ ကာမာဝစရကုသိုလ်ကံ,
၃။ ရူပါဝစရကုသိုလ်ကံ,
၄။ အရူပါဝစရကုသိုလ်ကံ,

၁။ ဤသို့လျှင် အကျိုးပေးရာ ဘုံဌာန၏ အစွမ်းဖြင့် ကံ (၄)မျိုး ရှိပေသည်။ ယေဘုယျ = များသောအားဖြင့် အကုသိုလ်ကံတို့သည် အပါယ်လေးဘုံ၌ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ပေးတတ်၏။ အနည်းငယ်အားဖြင့်ကား လူ့ဘုံ နတ်ဘုံ စသည့် ထိုထိုဘုံတို့၌လည်း ပဝတ္တိအခါ မကောင်းကျိုးများကို ပေးတတ်ပေသည် ဖြစ်စေတတ်ပေသည်။

၂။ ကာမာဝစရကုသိုလ်ကံသည် ယေဘုယျ = များသောအားဖြင့် ကာမသုဂတိ (၇)ဘုံ၌ ထိုက်သင့်သလို ကောင်းမွန်သည့် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ပေးတတ်၏။ အနည်းငယ်-အားဖြင့်ကား တိရစ္ဆာန်ဘုံ, ဝေမာနိက ပြိတ္တာဘုံ စသည်တို့၌လည်း ပဝတ္တိအခါ ကောင်းကျိုးချမ်းသာ-များကို ဖြစ်စေတတ်၏။ မင်္ဂလာဆင်တော် ဖြစ်ရခြင်း, မင်္ဂလာမြင်းတော် ဖြစ်ရခြင်း, ဝေမာနိက-ပြိတ္တာဘဝ၌ နေ့အခါ နတ်စည်းစိမ်တမျှ ချမ်းသာသည့် စည်းစိမ်ချမ်းသာတို့ကို ခံစံရခြင်း စသည့် အကျိုးတရားတို့ကို ဖြစ်စေတတ်၏။ ဤကာမာဝစရကံကို အရာကျယ်သောကြောင့် မဟာကုသလ = မဟာကုသိုလ်ဟုလည်း ခေါ်ဆိုပေသည်။ စျာန်သို့ မဆိုက်ရောက်မီ သမထဘာဝနာစိတ်အမျိုးမျိုးတို့ကား ဤကာမာဝစရ မဟာကုသိုလ်ကံများပင် ဖြစ်ကြ၏။ အလားတူပင် အရိယမဂ်သို့ မဆိုက်-ရောက်မီ ဝိပဿနာဘာဝနာကံ အဆင့်ဆင့်တို့သည်လည်း ဤကာမာဝစရ မဟာကုသိုလ်ကံတို့ပင် ဖြစ်ကြ၏။ ဒါနမှု သီလမှု မှန်သမျှတို့သည်လည်း ဤကာမာဝစရ မဟာကုသိုလ်ကံတို့ပင် ဖြစ်ကြ၏။ ရဟန်းတော်တို့ လိုက်နာပြုကျင့်အပ်သည့် သီလကြီး (၄)ပါးတို့ကို စောင့်စည်းမှုတို့မှာလည်း ပုထုဇန်နှင့် သေက္ခအရိယာသူတော်ကောင်းတို့အဖို့ ဤကာမာဝစရ မဟာကုသိုလ်ကံတို့ပင် ဖြစ်ကြ၏။ သို့သော်

ရဟန္တာအရှင်မြတ်တို့၏ ဒါနမှု သီလမှု စျာန်သို့ မဆိုက်ရောက်မီ သမထဘာဝနာမှု, အရဟတ္တဖလ-သမာပတ်သို့ မဆိုက်ရောက်မီ ဝိပဿနာဘာဝနာမှု စသည်တို့ကား မဟာကြိယာဇောစိတ်အစဉ်တို့ ဖြစ်ကြ၏။ သို့အတွက် ဤကာမာဝစရကုသိုလ်ကံသည် အရာကျယ်ပေသည်။ သံသရာမှ ထွက်-မြောက်ရေးအတွက် ဖြည့်ကျင့်လိုက်နာရမည့် ဆည်းပူးစုဆောင်းရမည့် ကုသိုလ်တစ်ခုလည်း ဖြစ်ပေသည်။

၃။ ရူပါဝစရကုသိုလ်ကံကား အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ယေဘုယျ = များသောအားဖြင့် စျာန်နှင့် လျော်ညီသည့် ရူပါဝစရဘုံ တစ်ဘုံဘုံ၌ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။ အနည်းငယ်အားဖြင့်ကား ကာမသုဂတိဘုံ စသည်တို့၌ ဝိပဿနာ၏ အခြေပါဒကစျာန် စသည်တို့-လည်း ဖြစ်နိုင်ကြပေသည်။ အရိယမဂ်ဉာဏ် အရိယဖိုလ်ဉာဏ် ရရှိရေးအတွက် ဝိပဿနာဉာဏ်၏ အရှုခံအာရုံ နာမ်တရားတို့လည်း ဖြစ်နိုင်ကြပေသည်။

၄။ အရူပါဝစရကုသိုလ်ကံကား အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ယေဘုယျ = များသော-အားဖြင့် စျာန်နှင့် လျော်ညီသည့် အရူပါဝစရဘုံ တစ်ဘုံဘုံ၌ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ဖြစ်စေ၏။ အနည်းငယ်အားဖြင့်ကား ကာမသုဂတိဘုံ စသည်တို့၌ ဝိပဿနာ၏ အခြေပါဒကစျာန် စသည်တို့လည်း ဖြစ်နိုင်ကြပေသည်။ အရိယမဂ်ဉာဏ် အရိယဖိုလ်ဉာဏ် ရရှိရေးအတွက် ဝိပဿနာ-ဉာဏ်၏ အရှုခံအာရုံ နာမ်တရားတို့လည်း ဖြစ်နိုင်ကြပေသည်။

## စျာန်လမ်းက သံသရာရှည်လျားလှသည်ဟူသော စွပ်စွဲချက်

အချို့ပုဂ္ဂိုလ်များက စျာန်လမ်းက သံသရာခရီး ရှည်လွန်းလှသည်ဟု စျာန်ကုသိုလ်များကို အပြစ်ဖို့လိုကြ၏။ မိမိတို့က သံသရာခရီးကို ရှည်လျားစေလိုပါက သံသရာခရီးမှာ မိမိတို့၏ ဆန္ဒအတိုင်း အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့က ပံ့သွင်းပေးလိုက်သည့်အခါ သံသရာခရီးမှာ ရှည်လျား-သွားမည် ဖြစ်ပါသည်။ သို့သော် မိမိတို့က သံသရာခရီးကို တိုစေလိုပါက သံသရာခရီးမှာ တိုသွား-မည်သာ ဖြစ်ပေသည်။ ဘုရားရှင် လက်ထက်တော်အခါက နာမည်ကျော် အဂ္ဂသာဝက မဟာ-သာဝကကြီးများကို စံထားကြည့်ပါ။ ထိုသူတော်ကောင်းကြီးတို့ကား လောကီစျာန်သမာပတ်အမျိုးမျိုး, အဘိညာဉ်အမျိုးမျိုးတို့ကိုလည်း ရရှိတော်မူခဲ့ကြ၏။ အရဟတ္တဖိုလ် နိဗ္ဗာန်ပန်းကိုလည်း အရဆွတ်ခူးနိုင်ခဲ့ကြ၏။ ဧတဒဂ်ဘွဲ့ထူးအမျိုးမျိုးကိုလည်း ဆင်မြန်းတော်မူခဲ့ကြ၏။ သို့သော် ထိုသူတော်-ကောင်းကြီးတို့ကား သံသရာခရီးအဆုံးသို့ ကြွမြန်းသွားတော်မူကြပြီး ဖြစ်ကြပေသည်။

## နာမည်ကျော် ဥပကကြီး

ဤအရာတွင် နာမည်ကျော် ဥပကကြီးမှာ စံထားထိုက်သော သက်သေသာဓကတစ်ခု ဖြစ်ပေ-သည်။ အားလုံးသိထားပြီး ဖြစ်ကြသည့်အတိုင်း ဥပကကြီးသည် ပါရမီရင့်ညောင်းလာသော တစ်နေ့-တွင် ဒေါ်ဆာဝါ (= ဒေါ်စာပါ)နှင့် သားငယ်တစ်ဦးကို စွန့်ခွာထားခဲ့ကာ ဇေတဝန်ကျောင်းတိုက်တော်သို့ ရောက်ရှိလာခဲ့၏။ ဘုရားရှင်၏ထံတော်မှ ရှင်ရဟန်းပြုခွင့်ကို ရရှိသောအခါ ရဟန်းတော်

များထံသို့ သွားရောက်ကာ ရှင်ရဟန်းပြုခဲ့၏။ ရဟန်းပြုပြီးနောက် ရဟန်းတရားများကို (= ဖြူစင်သော သီလကို အခြေခံကာ သမထ-ဝိပဿနာဘာဝနာတို့ကို) အပြင်းအထန် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တော်မူလေရာ မကြာမီ အချိန်ကာလအတွင်းမှာပင် အနာဂါမိမဂ်ဖိုလ်သို့ ဆိုက်ရောက်သွားတော်မူခဲ့လေသည်။

ဒေါ်ဆာဝါသည်လည်း သားငယ်ကို အဖိုးအဖွားတို့အား အပ်နှံပြီးလျှင် ဥပကကြီးနောက်သို့ နောက်ယောင်ခံကာ လိုက်ပါလာသောအခါ ဇေတဝန်ကျောင်းတိုက်တော်သို့ အရောက်တွင် ဥပကကြီး ရှင်ရဟန်းပြုတော်မူသွားပြီဟူသော သတင်းကောင်းကို ကြားသိရသည့်အတွက် ဘိက္ခုနီကျောင်းတိုက်သို့ သွားကာ ဒေါ်ဆာဝါကလည်း ဘိက္ခုနီ ရဟန်းမ ပြုလုပ်လိုက်ပေသည်။ ဘိက္ခုနီ ရဟန်းမ ပြုတော်မူပြီးနောက် ရဟန်းတရားများကို (= ဖြူစင်သော သီလကို အခြေခံကာ သမထ-ဝိပဿနာဘာဝနာတို့ကို) အပြင်းအထန် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တော်မူလေရာ မကြာမီ အချိန်ကာလအတွင်းမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားတော်မူခဲ့လေသည်။

အရှင်ဥပကကြီးသည် အနာဂါမိမဂ်ဖိုလ်သို့ ဆိုက်ရောက်တော်မူပြီးနောက် မကြာမီ အချိန်ကာလအတွင်းမှာပင် ပျံလွန်တော်မူကာ သုဒ္ဓါဝါသ (၅)ဘုံတို့တွင် အဝင်အပါဖြစ်သည့် အဝိဟာပြဟ္မာ့ဘုံသို့ ရောက်ရှိသွားတော်မူခဲ့လေသည်။ ထိုအဝိဟာပြဟ္မာ့ပြည်၌ သမထ-ဝိပဿနာဘာဝနာတို့ကို ဆက်လက်ကာ အပြင်းအထန် ကြိုးစားအားထုတ်တော်မူလေရာ မကြာမီ အချိန်ကာလအတွင်းမှာပင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူကာ ပရိနိဗ္ဗာန်စံတော်မူခဲ့လေသည်။[၄၉] သို့အတွက် မိမိက သံသရာခရီးကို မရှည်လိုပါက သံသရာခရီးမှာ တိုသွားမည်သာ ဖြစ်ပေသည်။ သို့သော် မိမိက သံသရာခရီးကို ဆက်လက်ကာ ချီတက်လိုသေးပါလျှင် သံသရာခရီးမှာ ရှည်လျားနေဦးမည်သာ ဖြစ်ပေသည်။ သဟမ္ပတိပြဟ္မာကြီးနှင့် ယဋိကာရပြဟ္မာကြီးတို့၏ ထုံးကို ဖတ်ရှုကြည့်ပါ။

## သဟမ္ပတိပြဟ္မာကြီး

သဟမ္ပတိပြဟ္မာကြီးကား ကဿပဘုရားရှင်၏ လက်ထက်တော်အခါက သဟကအမည်ရှိသော ရဟန်းတော်တစ်ပါး ဖြစ်ခဲ့၏။ ဖြူစင်သော သီလကို အခြေခံကာ သမထ-ဝိပဿနာဘာဝနာတွေကို အပြင်းအထန် ကြိုးစားအားထုတ်တော်မူခဲ့သည့်အတွက် အနာဂါမိမဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်တော်မူခဲ့၏။ သို့သော် ထိုရဟန်းတော်ကား အနာဂါမ်အရိယာသူတော်ကောင်းတို့၏ ဓမ္မတာအတိုင်း ဈာန်သမာပတ် (၈)ပါးတို့ကို လွယ်လွယ်ကူကူပင် ရရှိထားခဲ့သည်မှန်သော်လည်း ရူပါဝစရပထမဈာန်ဘုံ (၃)ဘုံတို့အနက် မဟာပြဟ္မာဘုံကို သူ၏ အနာဂတ်ခရီးတွင် တစ်ထောက်နားခိုမည့် နေရာတစ်ခုအဖြစ် သတ်မှတ်ကာ ပထမဈာန်ကို အမြတ်စား ပွားများထားခဲ့၏။ ထို့ကြောင့် ရဟန်းဘဝမှ ပျံလွန်တော်မူသွားသောအခါ မဟာပြဟ္မာဘုံ၌ သဟမ္ပတိအမည်ရှိသော ပြဟ္မာကြီးတစ်ဦး ဖြစ်လာခဲ့ပေသည်။ ဘုရားရှင်အား တရားဟောတော်မူပါရန် ဘုရားရှင်၏ ထံတော်သို့ လာရောက်ကာ လျှောက်ထားတောင်းပန်သော ပြဟ္မာကြီးတစ်ဦးပင် ဖြစ်ပေသည်။[၅၀]

[၄၉] မ၊၃၊၂၉၆။ [၅၀] သံ၊၃၊၂၀၃။ စာပိုဒ်၊၅၂၇။

## ဃဋီကာရဗြဟ္မာကြီး

ကဿပဘုရားရှင်၏ လက်ထက်တော် အချိန်အခါက မျက်မမြင် မိဘနှစ်ပါးကိုလည်းကောင်း, ကဿပဘုရားရှင်ကိုလည်းကောင်း — အိုးဖုတ်သည့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းရပ်ကို ပြုလုပ်ကာ အိုးထိန်းသည်ဘဝအနေဖြင့် ပြုစုလုပ်ကျွေးနေသည့် ဥပဋ္ဌာက = အလုပ်အကျွေး ဥပါသကာ ဒါယကာကြီးတစ်ဦး ဖြစ်ခဲ့၏။ အနာဂါမ်အရိယာသူတော်ကောင်းကြီးလည်း ဖြစ်ခဲ့၏။ ဘုရား-အလောင်းတော် ဇောတိပါလလုလင်၏ မိတ်ကောင်း ဆွေကောင်းကြီးတစ်ဦးလည်း ဖြစ်ခဲ့၏။ ဇောတိပါလလုလင်ကို ကဿပဘုရားရှင်၏ ထံတော်သို့ ရောက်အောင် ပို့ဆောင်ခဲ့သူ, ရဟန်းဘဝသို့ ရောက်အောင် ဆွဲဆောင်ခဲ့သူလည်း ဖြစ်၏။

ကဿပဘုရားရှင်၏ ဂန္ဓကုဋိကျောင်းတော် မိုးယိုသောအခါ သူ၏ အိမ်တွင် မိုးထားသော အမိုးများကို ကဿပဘုရားရှင်က ခွာယူရန် ခိုင်းစေတော်မူလိုက်သောအခါ ရဟန်းတော်များက သူ၏ အိမ်သို့ သွားရောက်ကာ အိမ်အမိုးများကို ခွာယူကာ ဘုရားရှင်၏ ဂန္ဓကုဋိကျောင်းတော်ကို မိုးပေးခဲ့ကြ၏။ ထိုသတင်းကောင်းကို ကြားသိရသောအခါ ဃဋီကာရအိုးထိန်းသည်၏သန္တာန်၌ — ငါ့အား ကဿပဘုရားရှင်သည် အလွန့်အလွန် အကျွမ်းဝင်တော်မူပါပေစွဟု ဆင်ခြင်မိသောအခါ လခွဲကာလပတ်လုံး နှစ်သက်ဝမ်းမြောက်မှု ပီတိ သုခတရားတို့သည် ထင်ရှားဖြစ်ပေါ်ခဲ့ကြ၏။ မျက်မမြင် မိဘနှစ်ပါးတို့၏သန္တာန်၌ (၇)ရက်ပတ်လုံး နှစ်သက်ဝမ်းမြောက်မှု ပီတိ သုခတရားတို့သည် ထင်ရှားဖြစ်ပေါ်ခဲ့ကြ၏။ မျက်မမြင် မိဘနှစ်ပါးတို့၏သန္တာန်၌ — "တစ်လောကလုံး၌ အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူသော ဘုရားရှင်သည် ငါတို့၏ အိမ်အမိုးကို ခွာယူကာ ဂန္ဓကုဋိကျောင်း-တော်ကို မိုးခဲ့လေပြီပေါ့"–ဟု စဉ်းစားဆင်ခြင်မိသောအခါ အလွန်အားကောင်းသော နှစ်သက်ဝမ်းမြောက်မှု ပီတိ သုခ (= သောမနဿ)တရားတို့သည် ထင်ရှားဖြစ်ပေါ်ခဲ့ကြ၏။ ထိုကဲ့သို့သော နှစ်သက်ဝမ်းမြောက်မှု ပီတိ သုခ ပြဓာန်းသည့် ကုသိုလ်စေတနာတို့၏ စွမ်းအားကြောင့် ထိုအိမ်သည် အမိုးမရှိသော်လည်း မိုးရွာသောအခါ မိုးမစိုသည့် အိမ်တစ်လုံး ဖြစ်ခဲ့၏။ မိုးရွာသွန်းနေသောအခါ ပကတိသော တံစက်မြိတ်ရေကျရာအရပ်၏ အတွင်း၌ မိုးရေပေါက် တစ်ပေါက်မျှ မကျရောက်ပေ။ မိုးရေပေါက်သာ မကျရောက်သေးသည် မဟုတ်သေး၊ ပကတိသော နေပူ လေပူတို့သည်လည်း ထိုအိမ်အတွင်းသို့ မကျရောက် မတွေ့ထိကြကုန်၊ ပကတိသော အပူအအေးဥတု၏ ပျံ့နှံ့ခြင်းသည်-သာလျှင် တည်ရှိနေပေသည်။

နောက်ပိုင်း ဃဋီကာရမိသားစုတို့ ကွယ်လွန်ပြီးနောက် သူတို့နေထိုင်ရာ ဝေဂဠိဂ်ရွာကြီး ပျက်စီးသွားသောအခါ၌လည်း ထိုအိမ်ရာသည် မိုးမစိုသော အိမ်ရာတစ်ခု ဖြစ်ခဲ့ပေသည်။ ယင်းကဲ့သို့သော မိုးမစိုခြင်းဟူသော အကျိုးအာနိသင်, လေပူ နေပူ မထိခြင်းဟူသော အကျိုးအာနိသင်သည် တစ်ကမ္ဘာပတ်လုံး တည်ရှိမည့် အကျိုးအာနိသံသ တစ်ခုပင် ဖြစ်ပေသည်။ ဃဋီကာရ အိုးထိန်းသည်-ကြီးသည် ကွယ်လွန်သွားသောအခါ သုဒ္ဓါဝါသ (၅)ဘုံတို့တွင် အမြင့်ဆုံးဘုံဖြစ်သည့် အကနိဋ္ဌ-ဗြဟ္မာ့ပြည်သို့ လားရောက်ရပေ၏။ အကနိဋ္ဌဗြဟ္မာ့ပြည်မှာ နေထိုင်စဉ် မိတ်ဆွေဟောင်း ဖြစ်ခဲ့ဖူး

သည့် ဘုရားအလောင်းတော်၏ တောထွက်တော်မူမည့် နေ့အချိန်အခါကို အမြဲတမ်း စောင့်မျှော်-ကြည့်ရှုလျက် ရှိပေ၏။ တစ်ချိန်တွင် အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် တောထွက်တော်မူသော အခါ အနောမာသောင်ကမ်းတွင် ပရိက္ခရာ (၈)ပါးတို့ကို ဖြဟ္မာ့ပြည်မှ ဆင်းသက်ကာ လှူဒါန်းပူဇော်ခဲ့၏။ ဃဋီကာရဖြဟ္မာကြီး လှူဒါန်းပူဇော်သည့် အဝတ်သင်္ကန်းတော်တို့ကို ဝတ်ရုံဆင်မြန်းပြီးနောက် မိမိ၏ မူလဝတ်လဲတော်အစုံကို ကိုင်ကာ – "ငါသည် ဘုရားစင်စစ် ဧကန်ဖြစ်မည် မှန်ပါက ဤဝတ်-လဲတော်အစုံသည် မြေသို့ မကျရောက်ပါစေသတည်း"–ဟု အဓိဋ္ဌာန်တော်မူကာ ကောင်းကင်သို့ မြှောက်ပစ်လိုက်တော်မူ၏။ ထိုဝတ်လဲတော်အစုံတို့သည် မြေပေါ်သို့ ပြန်မကျဘဲ ကောင်းကင်၌ ရပ်တည်နေကြလေသည်။ ယင်းဝတ်လဲတော်အစုံတို့ကို ဃဋီကာရဖြဟ္မာကြီးက ယူဆောင်ကာ အကနိဋ္ဌဖြဟ္မာ့ပြည်၌ ဒုဿစေတီတော်ကြီး တစ်ဆူကို တည်ထားကိုးကွယ်တော်မူလေသည်။[၅၁]

ဤဃဋီကာရဖြဟ္မာကြီးကား – "**အကနိဋ္ဌ တုမရ**"ဟူသော စည်းကမ်းဥပဒေသအတိုင်း နောက်ဆုံးဘဝရှိသည့် ပစ္ဆိမဘဝိကပုဂ္ဂိုလ်တို့၏သာ တည်ရာဘုံဌာနဖြစ်သည့် အကနိဋ္ဌဖြဟ္မာ့ပြည်၌ အနာဂါမ်ဖြစ်နေသည့်အတွက် ထိုဘုံ၌ပင် တစ်နေ့တွင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ပရိနိဗ္ဗာန် ကျိန်းသေ ဝင်စံရမည့် သူတော်ကောင်းတစ်ဦး ဖြစ်ပေသည်။ အခြားအခြား ဘုံဌာနသို့လည်းကောင်း, ထိုအကနိဋ္ဌဘုံသို့လည်းကောင်း နောက်ထပ်တစ်ဖန် ပဋိသန္ဓေအားဖြင့် ကပ်ရောက်တည်နေခွင့် လုံးဝ မရှိသူ ဖြစ်ပေသည်။ သံသရာခရီးရှည်သည်ဟု ဆိုရသော်လည်း ကောင်းသော ရှည်ခြင်းသာ ဖြစ်ပေသည်။

သဟမ္ပတိဖြဟ္မာကြီးကား မဟာဖြဟ္မာဘုံ၌ ပဋိသန္ဓေနေရသူဖြစ်သော်လည်း အောက်ကာမဘုံ-သို့ကား နောက်ထပ်တစ်ဖန် ပြန်လည်ဖြစ်ခြင်းသဘော မရှိသူ ဖြစ်ပေသည်။ အကယ်၍ ဖြစ်ခဲ့လျှင် မဟာဖြဟ္မာဘုံ၌လည်းကောင်း, အထက်အထက် ဖြဟ္မာဘုံတို့၌လည်းကောင်း ဖြစ်ခွင့် အနည်းငယ်-ကား ရှိကောင်း ရှိနိုင်ပေသည်။ သို့သော် တစ်ချိန်ချိန်တွင် ကျိန်းသေဧကန် ဖြဟ္မာ့ပြည်၌သာ ပရိနိဗ္ဗာန် ဝင်စံရမည့် သူတော်ကောင်းတစ်ဦး ဖြစ်ပေသည်။ ကောင်းမွန်သည့် ကျိန်းသေ ပရိနိဗ္ဗာန်စံရမည့် ရှည်လျားသော သံသရာခရီးသာ ဖြစ်ပေသည်။

အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးသည် ဈာန်သမထကို ဝိပဿနာ၏ အခြေပါဒကဈာန် အဖြစ် သမာဓိကို ထူထောင်ပြီးနောက် ဝိပဿနာဘာဝနာကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်လေရာ သောတာပတ္တိမဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်ခဲ့သည် ဖြစ်ငြားအံ့။ ထိုသူတော်ကောင်း-သည် မိမိ ရရှိထားသည့် မိမိ နှစ်ခြိုက်သည့် ဈာန်တစ်ခုခုကို ပဏီတဈာန် ဖြစ်အောင် ပွားများထား-သည်လည်း ဖြစ်ငြားအံ့။ သေခါနီးကာလ၌လည်း ယင်းဈာန်ကို နှလုံးသွင်းနိုင်ခဲ့သည်, ယင်းဈာန်-သမာဓိကို ပြန်လည်ထူထောင်နိုင်ခဲ့သည် ဖြစ်ငြားအံ့။ ထို သူတော်ကောင်းသည် သေသည်၏ အခြားမဲ့၌ ယင်းဈာန်နှင့် လျော်ညီသည့် ဖြဟ္မာ့ပြည်သို့ ရောက်ရှိသွားနိုင်၏။ ဖြဟ္မာ့ပြည်သို့ ရောက်ရှိသွားသော သောတာပန်ဖြဟ္မာသည် ဖြဟ္မာ့ပြည်မှ အောက်ကာမဘုံသို့ နောက်ထပ်တစ်ဖန် ပဋိသန္ဓေ-အားဖြင့် ပြန်လာခြင်းသဘော မရှိပေ။ ဈာနအနာဂါမိပုဂ္ဂိုလ်ဟု ခေါ်ဆိုပေသည်။ ထိုသူတော်ကောင်း

---

[၅၁] မ၊၂၊၂၃၆-၂၄၄။ မဋ္ဌ၊၃၊၁၉၃-၁၉၉။ ဓာပိုဒ်၊၂၈၂-၂၉၂။

သည် (၇)ဘဝအတွင်း တစ်ခုခုသော ဘဝ၌ ပြဟ္မာ့ပြည်မှာသာလျှင် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကာ ပရိနိဗ္ဗာန်စံရမည့် သူတော်ကောင်း ဖြစ်ပေသည်။

ထို့ကြောင့် — “ပြဟ္မာ့ပြည်ဟာ သံသရာခရီး ရှည်လွန်းလှသည်”ဟု ကြောက်ဖွယ် မလိုပါ။ မိမိဘက်က သစ္စာလေးပါးတို့ကို မဂ်ဉာဏ်ဖိုလ်ဉာဏ် ဆိုက်ရောက်သည်အထိ ထိုးထွင်းသိထားပြီး ဖြစ်ဖို့သာ လိုအပ်ပါသည်။ အကယ်၍ သစ္စာလေးရပ် တရားမြတ်တို့ကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အရိယမဂ္ဂသမ္မာဒိဋ္ဌိဉာဏ်တို့ဖြင့် ထိုးထွင်းမသိရသေးဘဲ — အာဋ္ဌာရရသေ့, ဥဒကရသေ့, အဇိတရသေ့ခေါ် ကာဠဒေဝိလရသေ့ကြီးတို့ကဲ့သို့ အရူပပြဟ္မာ့ဘုံ တစ်ဘုံဘုံသို့ ရောက်ရှိသွားခဲ့ပါမူကား **“မဟာဇာနီယ** = အရှုံးကြီး ရှုံးကြသူတို့” စာရင်းတွင် ပါဝင်သွားမည် ဖြစ်ပေသည်။

## ထောက်ရာတည်ရာကို ပေးစွမ်းနိုင်သော ဉာဏ်အမြင်

**ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နော နာမ ဟောတိ။**[၁၂]

အထက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ ဖွင့်ဆိုချက်အရ အပါယ်သံသရာဘေးမှ လွတ်မြောက်လိုသော ယောဂါဝစရပုဂ္ဂိုလ်သည် —

၁။ ဒုက္ခသစ္စာ အမည်ရသည့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ . . . စသည့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်ရှိနေကြသည့် ဥပါဒါနက္ခန္ဓာ (၅)ပါး = ရုပ်တရား, နာမ်တရားတို့ကို ပရမတ်သို့ ဉာဏ်အမြင် ဆိုက်ရောက်သည်အထိ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခြင်းဟူသော နာမရူပပရိစ္ဆေဒဉာဏ်၊

၂။ သမုဒယသစ္စာ အမည်ရသည့် ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခြင်းဟူသော ပစ္စယပရိဂ္ဂဟဉာဏ်၊ ဤဉာဏ် (၂)ပါးတို့ကို ရရှိအောင် ရှေးဦးစွာ ကြိုးစားအားထုတ်ပါ။

တစ်နည်းဆိုရသော် အတိတ်ဘဝ တစ်ခုခုက ပြုစုပျိုးထောင်ခဲ့သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-တည်းဟူသော သမုဒယသစ္စာတရားများ ထင်ရှားဖြစ်ခြင်းကြောင့် = ထင်ရှားတည်ရှိနေခြင်းကြောင့် ဤပစ္စုပ္ပန်ဘဝတွင် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော အကျိုးဒုက္ခသစ္စာတရားများ ထင်ရှားဖြစ်ပေါ်ပုံကိုလည်းကောင်း၊ ဤပစ္စုပ္ပန်ဘဝတွင် ပြုစုပျိုးထောင်လိုက်သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-တည်းဟူသော သမုဒယသစ္စာတရားများ ထင်ရှားဖြစ်ခြင်းကြောင့် = ထင်ရှားတည်ရှိနေခြင်းကြောင့် နောင်အနာဂတ်ဘဝတွင် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော အကျိုးဒုက္ခသစ္စာတရားများ ထင်ရှားဖြစ်ပေါ်ပုံကိုလည်းကောင်း သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ခြင်းဟူသော ပစ္စယပရိဂ္ဂဟဉာဏ်၊ ဤဉာဏ် (၂)ပါးတို့ကို ရရှိအောင် ရှေးဦးစွာ ကြိုးစားအားထုတ်ပါ။

---

[၁၂] ဝိသုဒ္ဓိ၊ ၂၊၂၄၀။ စာပိုဒ်၊၆၉၁။

ဤဉာဏ်အမြင် (၂)မျိုးနှင့် ပြည့်စုံနေသော ဝိပဿနာဘာဝနာကို စီးဖြန်းလျက်ရှိသော ဝိပဿကပုဂ္ဂိုလ်သည် ဘုရားရှင်၏ သာသနာတော်၌ သက်သာရာကို ရရှိသော ထောက်ရာတည်ရာကို ရရှိသော ကောင်းရာသုဂတိဟူသော လားရာဂတိ မြဲသော သောတာပန်အငယ်စား = သောတာပန်ညီထွေး = စူဠသောတာပန် မည်၏။[53]

အကယ်၍ မိမိသည်လည်း စူဠသောတာပန်အဆင့်သို့ ရောက်ရှိသွားပါက အပါယ်သံသရာမှ တစ်ထောက်နားခွင့်ကို ရရှိသွားပြီ ဖြစ်ပါသည်။ ထိုထက် တစ်ဆင့်တက်၍ ယင်းဒုက္ခသစ္စာတရား, သမုဒယသစ္စာတရားဟူသည့် သင်္ခါရတရားတို့ကို လက္ခဏာယာဉ် (၃)တန်သို့ တင်ကာ ဝိပဿနာ ရှုပွားနိုင်သဖြင့် ဥဒယဗ္ဗယဉာဏ်သို့တိုင်အောင် ဆိုက်ရောက်ခဲ့လျှင်သော်လည်းကောင်း, ထို့ထက်အလွန် မိမိက ကြိုးစားအားထုတ်နိုင်သည့်အတွက် ယင်းသင်္ခါရတရားတို့၏ အပျက်သက်သက်ကို အာရုံယူကာ လက္ခဏာယာဉ် (၃)တန်သို့ တင်လျက် ဝိပဿနာရှုပွားနိုင်သဖြင့် သင်္ခါရုပေက္ခာဉာဏ်သို့ တိုင်အောင် ဆိုက်ရောက်ခဲ့လျှင်လည်းကောင်း အတိုင်းထက်အလွန် တံခွန်နှင့်ဘုရား ဖြစ်ချေသည်။ သောတာနုဂတသုတ္တန်[54]၌ လာရှိကြသည့် ရဟန်းတော်တို့ကဲ့သို့ နတ်ရွာသုဂတိခရီးက ထိုသူတော်ကောင်းကို ဆီးကြိုနေမည်သာ ဖြစ်ပေသည်။ ထိုနတ်ပြည် နတ်လောက၌ ထိုနတ်သားအသစ်၏ သန္တာန်ဝယ် တရားပုဒ်အစုတို့သည် ရေပေါ်တွင် ဗူးတောင်းများ ပေါ်လော ပေါ်လော ပေါ်နေသကဲ့သို့ ထင်ရှားနေမည်သာ ဖြစ်ပေသည်။ ထိုအခါတွင် ဆက်လက်၍ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလိုက်ပါက အရိယမဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျှင်လျှင်မြန်မြန်ကြီး ရရှိနိုင်ပေသည်။ ဘုရားရှင်၏ သာသနာတော်က ဘုရားရှင်၏ အဆုံးအမ သာသနာတော်ကို ယုံကြည်စွာ လိုက်နာပြုကျင့်လျက်ရှိသော သူတော်ကောင်းတစ်ဦးအတွက် ပေးအပ်နေသည့် ခိုင်လုံသော အာမခံချက်ပင် ဖြစ်ပေသည်။

## ကိစ္စနှင့်စပ်၍ ကံ (၄) မျိုး

၁။ ဇနကကံ = ဝိပါက် ကဋတ္တာရုပ်ကို ဖြစ်စေတတ်သောကံ၊

၂။ ဥပတ္ထမ္ဘကကံ = အခြားကံ၏ အကျိုးကို အရှည်ခိုင်ခံ့ တည်တံ့အောင် အားပေးထောက်ပံ့တတ်သောကံ၊

၃။ ဥပပီဠကကံ = အခြားကံ၏ အကျိုးကို ကပ်၍ ညှဉ်းဆဲနှိပ်စက်တတ်သောကံ၊

၄။ ဥပဃာတကကံ = အခြားကံ၏ အကျိုးကို ကပ်၍ ဖြတ်တတ်သောကံ၊

ဤသို့လျှင် ကိစ္စနှင့်စပ်သဖြင့် ကံလေးမျိုး ရှိ၏။

**၁။ ဇနကကံ** = ဝိပါက် ကဋတ္တာရုပ်ကို ဖြစ်စေတတ်သောကံ[55]

ထိုကံလေးမျိုးတို့တွင် ဇနကကံမည်သည် ကုသိုလ်လည်း ဖြစ်နိုင်၏၊ အကုသိုလ်လည်း ဖြစ်နိုင်-

---

[53] ဝိသုဒ္ဓိ၊၂၊၂၄၀။ စာပိုဒ်၊၆၉၁။ [54] အံ၊၁၊၅၀၅။ စာပိုဒ်၊၁၉၁။

[55] တတ္ထ **ဇနကံ** နာမ ကုသလမ္ပိ ဟောတိ အကုသလမ္ပိ။ တံ ပဋိသန္ဓိယမ္ပိ ပဝတ္တေပိ ရူပါရူပဝိပါကက္ခန္ဓေ ဇနေတိ။ (ဝိသုဒ္ဓိ၊၂၊၂၃၆။)

၏။ ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ကဋတ္တာရုပ် = ဝိပါက်ကမ္မဇရုပ်တရားများနှင့် ဝိပါက်နာမ်တရားတို့ကို ထိုဇနကကံက ဖြစ်စေတတ်၏။ ဝိပါက်ကမ္မဇရုပ်တရားဟူရာ၌ ကမ္မဇရုပ်များနှင့် ကမ္မပစ္စယ-ဥတုဇရုပ်များကို ဆိုလိုသည်။ ကမ္မပစ္စယဥတုဇရုပ်တရားဟူသည် — နတ်သား နတ်သမီးတို့၏ ဘုံဗိမာန် ဥယျာဉ် ပဒေသာပင် စသည်နှင့် စကြဝတေးမင်းတို့၏ စကြာရတနာ စသည်တို့ကဲ့သို့သော ကံလျှင် အကြောင်းရင်းခံရှိသော ဥတုဇရုပ်များတည်း။

၂။ **ဥပတ္ထမ္ဘကကံ** = အခြားကံ၏ အကျိုးကို အရှည်ခိုင်ခံ့ တည်တံ့အောင် အားပေးထောက်ပံ့တတ်-သောကံ[၅၆]

ဥပတ္ထမ္ဘကကံသည်လည်း ကုသိုလ်လည်း ဖြစ်နိုင်၏၊ အကုသိုလ်လည်း ဖြစ်နိုင်၏။ ယင်းဥပတ္ထမ္ဘ-ကကံကား ပဋိသန္ဓေဝိပါက် စသည့် အကျိုးဝိပါက်တရားကို မိမိကိုယ်တိုင်က တိုက်ရိုက်ဖြစ်စေခြင်းငှာ မစွမ်းနိုင်။ အခြားတစ်ပါးသော ဇနကကံ စသည်က ပဋိသန္ဓေအကျိုးကို ပေးခဲ့သော်, ပဝတ္တိအကျိုး ဝိပါက်တရားများကို ဖြစ်စေခဲ့သော် ဖြစ်ဆဲဖြစ်သော ချမ်းသာသုခသန္တာန်အစဉ်ကို, ဆင်းရဲဒုက္ခသန္တာန် အစဉ်ကို တစ်နည်းဆိုရသော် နာမ်ရုပ်အစဉ်ကို ကြာမြင့်သည်ထက် ကြာမြင့်စွာ ဖြစ်ပေါ်နေအောင် အားပေးထောက်ပံ့ထား၏။ ကိုယ်တိုင်က အကျိုးမပေးနိုင်သော်လည်း တစ်ပါးသောကံက အကျိုး-ပေးခွင့်ရလာအောင်, အကျိုးပေးခွင့်ရနေပြန်လျှင်လည်း အကျိုးပေးသန်လေအောင်, အကျိုးပေးသည့် အခါမှာလည်း ထိုအကျိုးတရားများ ကြာရှည်စွာ ဖွံ့ဖြိုးတိုးတက်လေအောင် ကုသိုလ်အရာမှာဖြစ်စေ, အကုသိုလ်အရာမှာဖြစ်စေ လျော်စွာ အားပေးထောက်ပံ့ ကူညီတတ်သောကံဟု ဆိုလိုသည်။ ကုသိုလ် ဇနကကံ၏ အကျိုးတရားကို ကုသိုလ် ဥပတ္ထမ္ဘကကံက, အကုသိုလ် ဇနကကံ၏ အကျိုးတရားကို အကုသိုလ် ဥပတ္ထမ္ဘကကံက အားပေးထောက်ပံ့သည်ဟု ဆိုလိုသည်။

၃။ **ဥပပီဠကကံ** = အခြားကံ၏ အကျိုးကို ကပ်၍ ညှဉ်းဆဲနှိပ်စက်တတ်သောကံ[၅၇]

ဤဥပပီဠကကံမှာလည်း ကုသိုလ်ကံ အကုသိုလ်ကံ နှစ်မျိုးလုံးပင် ဖြစ်နိုင်၏။ အခြားသော ဇနကကံ စသော ကံက ပဋိသန္ဓေအကျိုးကို ပေးခဲ့သော်, ပဝတ္တိအကျိုးဝိပါက်ကို ဖြစ်စေခဲ့သော် ဖြစ်ဆဲဖြစ်သော ချမ်းသာသုခသန္တာန်အစဉ် ဆင်းရဲဒုက္ခသန္တာန်အစဉ်ကို တစ်နည်းဆိုသော် ဖြစ်ဆဲ ဖြစ်သော နာမ်ရုပ်အစဉ်ကို ညှဉ်းဆဲတတ် နှိပ်စက်တတ်သော, ကြာမြင့်စွာသော ကာလပတ်လုံး ဆက်လက်ဖြစ်စေခြင်းငှာ ခွင့်မပေးတတ်သော ကံသည် ဥပပီဠကကံတည်း။ ဖြစ်ပေါ်ဆဲဖြစ်သော သုခဒုက္ခသန္တာန်အစဉ်၌ ထိုသုခဒုက္ခအစဉ်သန္တတိကို, တစ်နည်း — ရုပ်နာမ်အစဉ်သန္တတိကို တဖြည်း-ဖြည်း ဆုတ်ယုတ်စေတတ်သော ကံတည်း။ တစ်ပါးသော ကံကို အကျိုးပေးခွင့် မရလေအောင်,

[၅၆] **ဥပတ္ထမ္ဘကံ** ပန ဝိပါကံ ဇနေတုံ န သက္ကောတိ၊ အညေန ကမ္မေန ဒိန္နာယ ပဋိသန္ဓိယာ ဇနိတေ ဝိပါကေ ဥပ္ပဇ္ဇမာနကသုခဒုက္ခံ ဥပတ္ထမ္ဘေတိ၊ အဒ္ဓါနံ ပဝတ္တေတိ။ (ဝိသုဒ္ဓိ၊၂၊၂၃၆။)

သုခဒုက္ခသန္တာနဿ နာမရူပပ္ပဗန္ဓဿ ဝါ စိရတရပ္ပဝတ္တိဟေတုဘူတံ ဥပတ္ထမ္ဘကံ။ (မဟာဋီ၊၂၊၃၇၉။)

[၅၇] **ဥပပီဠကံ** အညေန ကမ္မေန ဒိန္နာယ ပဋိသန္ဓိယာ ဇနိတေ ဝိပါကေ ဥပ္ပဇ္ဇမာနကသုခဒုက္ခံ ပီဠေတိ ဗာဓတိ၊ အဒ္ဓါနံ ပဝတ္တိတုံ န ဒေတိ။ (ဝိသုဒ္ဓိ၊၂၊၂၃၆။)

ဥပပီဠကံ သုခဒုက္ခပ္ပဗန္ဓေ ပဝတ္တမာနေ သဏိကံ သဏိကံ တံ ဟာပေတိ။ (မဟာဋီ၊၂၊၃၇၉။)

အခွင့်ရ၍ အကျိုးပေးနေသော ကံကိုလည်း အကျိုးပေး မထက်သန်လေအောင်, ရပြီးသော အကျိုးတရားကိုလည်း မဖွံ့ဖြိုးလေအောင် ကပ်၍ နှိပ်စက်တတ်သော ကံဟုလိုသည်။

**၄။ ဥပဃာတကကံ** = အခြားကံ၏ အကျိုးကို ကပ်၍ ဖြတ်တတ်သောကံ[၁၈]

ဥပဃာတကကံသည်လည်း ကုသိုလ်လည်း ဖြစ်နိုင်၏၊ အကုသိုလ်လည်း ဖြစ်နိုင်၏။ ယင်းကံသည် မိမိကိုယ်တိုင်က ကုသိုလ်လည်း ဖြစ်နိုင် အကုသိုလ်လည်း ဖြစ်နိုင်သဖြင့် မိမိမှ တစ်ပါးသော အခြားအားနည်းသော ကံကို သတ်တတ်၏။ ကံကို သတ်တတ်၏ဟူသည်မှာလည်း ထိုကံ၏ အကျိုးဝိပါက်ကို တားမြစ်ခြင်းပင်တည်း။

သို့အတွက် ဥပဃာတကကံသည် အခြားတစ်ပါးသော အားနည်းသော ကံကို သတ်၍ ထိုကံ၏ အကျိုးဝိပါက်ကို တားမြစ်၍ မိမိ၏ အကျိုးဝိပါက်၏ ဖြစ်ခွင့်ကို ပြုလုပ်တတ်၏။ ဤသို့လျှင် ဥပဃာတကကံသည် မိမိ၏ အကျိုးဝိပါက်၏ ဖြစ်ခွင့်ကို ပြုလုပ်သည်ရှိသော် ထိုဝိပါက်တရားကို ဖြစ်ပေါ်လာစေသည်မည်၏ဟူ၍ ဆိုအပ်ပေသည်။ နှိပ်စက်ရုံတွင် မကဘဲ တစ်ပါးသော အားနည်းနေသော ကံကို လုံးဝ အကျိုးမပေးနိုင်အောင်, ပေးပြီးသော အကျိုးများကိုလည်း ပြတ်သွားအောင် သတ်ဖြတ်သော ကံကို “ဥပဃာတက”ကံဟု ခေါ်ဆိုသည် ဟူလိုသည်။

## ဥပပီဠကကံနှင့် ဥပဃာတကကံ

ယင်းကံနှစ်မျိုးတို့၏ ထူးခြားမှုကို မဟာဋီကာတွင် ဤသို့လည်း ဆက်လက်၍ ဖော်ပြထား၏ - ဥပပီဠကကံကား အခြားသောကံ၏ အကျိုးဝိပါက်ကို ဖြတ်နိုင်၏။ မိမိမူကား မိမိ၏ အကျိုးဝိပါက်ကို မဖြစ်စေနိုင်။ ဥပဃာတကကံကား အားနည်းသော ကံတစ်ပါးကို ဖြတ်တောက်၍ မိမိ၏ အကျိုးဝိပါက်ကို ဖြစ်စေနိုင်၏။ ဤကား အထူးတည်း။[၁၉]

များပြားသော အနာရောဂါ ရှိမှု အနာရောဂါ ထူပြောမှု စသည်ကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားကို အနီး၌ ချထားခြင်း အနီး၌ ကျရောက်စေခြင်းဖြင့် အခြားသောကံက ပေးနေသော အကျိုးတရားကို နှိပ်စက်တတ်သော ကံသည် ဥပပီဠကကံ မည်၏။ (အခြားကံက ပေးနေသော အကျိုးတရားကို နှိပ်စက်တတ်သော ဥပပီဠကကံဟူသည် အနာရောဂါ ထူပြောခြင်းစသည်ကို ဖြစ်ပေါ်စေတတ်သော အကြောင်းတရားကို ထိုအခြားကံ၏ အကျိုးတရားအနီး၌ ကျရောက်စေခြင်း ချထားခြင်းပင် ဖြစ်သည်ဟု ဆိုလိုသည်။) ထို့အတူပင် အခြားကံက ပေးနေသော အကျိုးတရားကို ပင်လျှင် ကပ်၍ ဖြတ်တတ်သောကံသည် ဥပဃာတကကံ မည်၏။ ဤသို့ ယူဆရာ၌ အကြောင်းမှာ ဤသို့ ဖြစ်၏။ — အခြားကံတစ်ပါးကို သတ်ဖြတ်၍ မိမိ၏ အကျိုးဝိပါက်အား အကျိုးပေးခွင့်ကို

---

[၁၈] **ဥပဃာတကံ** ပန သယံ ကုသလမ္ပိ အကုသလမ္ပိ သမာနံ အညံ ဒုဗ္ဗလကမ္မံ ဃာတေတွာ တဿ ဝိပါကံ ပဋိဗာဟိတွာ အတ္တနော ဝိပါကဿ ဩကာသံ ကရောတိ။ ဧဝံ ပန ကမ္မေန ကတေ ဩကာသေ တံ ဝိပါကံ ဥပ္ပန္နံ နာမ ဝုစ္စတိ။ (ဝိသုဒ္ဓိ၊ ၂၊၂၃၆။)

[၁၉] မဟာဋီ၊ ၂၊၃၇၇။

ပြုခြင်းဖြင့် အကျိုးကို ဖြစ်စေရန် ရင့်ကျက်လာခြင်း, အကျိုးပေးခြင်း သဘောတရားသည် ဥပ-ဃာတကကံ၌ ရှိသည်ဖြစ်ခဲ့သော် ဥပဃာတကကံ အမည်မရနိုင်ဘဲ ဇနကကံမည်သည်သာ ဖြစ်ပေ-ရာသည်။ ဇနကကံစသည့် အမည်ရမှုကို အကျိုးဝိပါက်ကို အစွဲပြု၍သာ အလိုရှိအပ်ပေသည် = အကျိုးဝိပါက်ကို အစွဲပြု၍ ဇနကကံစသည် အမည်ရမှုကို အလိုရှိအပ်ပေသည်၊ ကံကို အစွဲပြု၍ အလိုမရှိအပ်ပေ။ သို့အတွက် ဥပဃာတကကံဟူသည် အခြားအကျိုးပေးနေသော ကံတစ်ပါးကို မသတ်ဘဲ ထိုကံတစ်ပါး၏ အကျိုးဝိပါက်ကိုသာ ကပ်၍ ဖြတ်တတ် သတ်တတ်သောကံ ဖြစ်သည်ဟု ယူဆလျှင် သင့်မြတ်သကဲ့သို့ ထင်မြင်မိပေသည်။ စူးစမ်းဆင်ခြင်ပါလေ။ . . . ဤကား မဟာဋီကာ ဆရာတော်၏ မိန့်မှာချက်ပင် ဖြစ်သည်။[၆၀]

## တစ်နည်း — ကံလေးမျိုး အယူအဆ

**၁။ ဇနကကံ** — ပဋိသန္ဓေအခါ၌သော်လည်းကောင်း, ပဝတ္တိအခါ၌သော်လည်းကောင်း ဣဋ္ဌ ဖြစ်သော ကုသလဝိပါက် နာမ်ခန္ဓာနှင့် ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်ကံသည် **ဇနကကံ** မည်၏။ ပဋိသန္ဓေအခါ၌သော်လည်းကောင်း, ပဝတ္တိအခါ၌သော်လည်းကောင်း အနိဋ္ဌ ဖြစ်သော အကုသလဝိပါက် နာမ်ခန္ဓာနှင့် ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော အကုသိုလ်ကံသည် **ဇနကကံ** မည်၏။ (ကဋတ္တာရုပ် = ကမ္မဇရုပ်)

**၂။ ဥပတ္ထမ္ဘကကံ** — ကုသိုလ်ကံတစ်ခုကို ပြုပြီးခဲ့သော် ထိုကံသည် အခြားတစ်ပါးသော ကုသိုလ်ဇနကကံက ဖြစ်စေအပ်သော အလိုရှိအပ် ကောင်းမြတ်သော သုဂတိပဋိသန္ဓေကဲ့သို့ ဣဋ္ဌ ဖြစ်သော အကျိုးတရားကို နှိပ်စက်တတ် ဖြတ်တတ်သော အကြောင်းတရား မဖြစ်ခြင်းဖြင့်လည်း-ကောင်း, ဇနကကံ၏ အကျိုးတရားကို တိုးပွားစေတတ်သော အကြောင်းတရား ဖြစ်ခြင်းဖြင့်လည်း-ကောင်း ဇနကကံ၏ အစွမ်းအာနုဘော်အား လျော်စွာ ထက်ဝန်းကျင် မွေးမြူအပ် ပြုစုအပ် ပွားစေ-အပ်သည်ဖြစ်၍ သာ၍ ရှည်မြင့်စွာဖြစ်သော ဝိပါက်ခန္ဓာအစဉ်ကို ဖြစ်ပေါ်လာစေ၏။ ထိုကံမျိုးသည် **ဥပတ္ထမ္ဘကကံ** မည်၏။ (ဤကား ကုသိုလ်က ကုသိုလ်ကို ထောက်ပံ့ပုံတည်း။)[၆၁]

အကယ်၍ အကုသိုလ်ကံတစ်ခုကို ပြုပြီးခဲ့သော် ထိုကံသည် အခြားတစ်ပါးသော အကုသိုလ် ဇနကကံတစ်ခုက ဖြစ်စေအပ်သော အလိုမရှိအပ် မကောင်းမြတ်၍ အနိဋ္ဌစင်စစ်ဖြစ်သော (အပါယ် ဒုဂ္ဂတိပဋိသန္ဓေကဲ့သို့သော) အကျိုးတရားကို နှိပ်စက်တတ် ဖြတ်တတ်သော အကြောင်းတရား မဖြစ် ခြင်းဖြင့်လည်းကောင်း အကုသိုလ်ဇနကကံ၏ အစွမ်းအာနုဘော်အား လျော်စွာ ထက်ဝန်းကျင် မွေးမြူအပ် ပြုစုအပ် ပွားစေအပ်သည်ဖြစ်၍ သာ၍ ရှည်မြင့်သော အနိဋ္ဌအကျိုးဝိပါက်ခန္ဓာအစဉ်-သည် ဖြစ်ပေါ်လာ၏။ ထိုကံမျိုးသည် **ဥပတ္ထမ္ဘကကံ** မည်၏။ (အကုသိုလ်ကံတစ်ခုက အကုသိုလ်ကံ တစ်ခု၏ အကျိုးတရားကို ထောက်ပံ့ပုံတည်း။)[၆၂]

---

[၆၀, ၆၁, ၆၂] မဟာဋီ၊ ၂၊၃၇၉။

**၃။ ဥပပီဠကကံ** – ကုသိုလ်ဇနကကံသည် ဖြစ်စေအပ်သော ဣဋ္ဌဖြစ်သော ကုသိုလ်၏ အကျိုးတရားကို ယင်းကုသိုလ်ကံနှင့် တိုက်ရိုက်ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်ကံတစ်ခုက အနာရောဂါ ထူပြောခြင်း စသည့် အကြောင်းတရားဖြစ်ကာ နှိပ်စက်၏။ (ကုသိုလ်ဇနကကံကြောင့် လူ့ဘဝ လူ့ခန္ဓာအစဉ်ကဲ့သို့သော ဣဋ္ဌဖြစ်သော ဝိပါက်ခန္ဓာအစဉ်ကို ရရှိ၏၊ ကောင်းကျိုးတည်း။ အခြား အကုသိုလ်ကံတစ်ခုကြောင့် ထိုလူ့ဘဝ၌ အနာရောဂါ ထူပြောရပြန်၏။ ယင်းသို့ဖြစ်သော် ထို အကုသိုလ်ကံက မူလကုသိုလ် ဇနကကံ၏ အကျိုးတရားကို နှိပ်စက်သည် မည်၏။) ထိုနှိပ်စက်သော အကုသိုလ်ကံသည် **ဥပပီဠကကံ** မည်၏။ ယင်းအကုသိုလ်ကံသည် အတိတ်အကုသိုလ်ကံလည်း ဖြစ်နိုင်၏၊ ပစ္စုပ္ပန်အကုသိုလ်ကံလည်း ဖြစ်နိုင်၏။

အကုသိုလ်ဇနကကံသည် ဖြစ်စေအပ်သော အနိဋ္ဌဖြစ်သော အကုသိုလ်၏ အကျိုးတရားကို ယင်းကံနှင့် တိုက်ရိုက် ဆန့်ကျင်ဘက်ဖြစ်သော ကုသိုလ်ကံတစ်ခုက ဓာတ်ညီညွတ်မှု စသည်ကို ဖြစ်စေတတ်သော အကြောင်းတရားဖြစ်ကာ နှိပ်စက်၏။ (အတိတ်အကုသိုလ် ဇနကကံတစ်ခုကြောင့် အနာရောဂါ ထူပြောနေ၏။ မကျန်းမမာ ဖြစ်နေ၏။ အတိတ်ကုသိုလ်ကံ တစ်ခုကြောင့်ဖြစ်စေ, သို့မဟုတ် ပစ္စုပ္ပန်တွင် ဒိဋ္ဌဓမ္မအကျိုးပေးနိုင်သော ဘာဝနာပွားများအားထုတ်ခြင်း စသော ကုသိုလ်ကံ တစ်ခုကြောင့်ဖြစ်စေ ဓာတ်ညီညွတ်မှု စသည်ကို ရရှိလာ၏၊ တစ်ဖန်ပြန်၍ ကျန်းမာလာ၏။) ထိုကုသိုလ်ကံမျိုးသည် အကုသိုလ်ကံ၏ အကျိုးတရားကို ကပ်၍ နှိပ်စက်တတ်သော **ဥပပီဠကကံ** မည်၏။[၆၃]

**၄။ ဥပဃာတကကံ** – အကြင်ကံသည် ကုသိုလ်ဇနကကံ၏ စွမ်းအင်သတ္တိနှင့် စပ်သဖြင့် သာ၍ ရှည်မြင့်သော ဝိပါက်ရုပ်နာမ်သန္တာန်အစဉ် ဖြစ်ထိုက်သည်လည်းဖြစ်သော ကောင်းကျိုးကို သော်လည်း ဖြတ်တတ်သော အကြောင်းတရားဖြစ်ခြင်းဖြင့် ကပ်၍ သတ်တတ် ဖြတ်တတ်၏၊ ထိုကံသည် **ဥပဃာတကကံ** မည်၏။

အကြင်ကံသည် အကုသိုလ်ဇနကကံ၏ စွမ်းအင်သတ္တိနှင့် စပ်သဖြင့် သာ၍ရှည်မြင့်သော ဝိပါက်ရုပ်နာမ်သန္တာန်အစဉ် ဖြစ်ထိုက်သည်လည်းဖြစ်သော မကောင်းကျိုးကိုသော်လည်း ဖြတ်တတ်သော အကြောင်းတရားဖြစ်ခြင်းဖြင့် ကပ်၍ သတ်တတ် ဖြတ်တတ်၏၊ ထိုကံသည် **ဥပဃာတကကံ** မည်၏။ (ဇနကကံတစ်ခု၏ အကျိုးဖြစ်သော ဝိပါက်ရုပ်နာမ်သန္တာန်အစဉ်ကို ကပ်၍ ဖြတ်တတ် သတ်တတ်သောကံသည် ဥပဃာတကကံ မည်၏။)[၆၄]

ကံကို သတ်ခြင်း ဖြတ်ခြင်းမည်သည် ထိုကံ၏ အကျိုးဝိပါက်ကို တားမြစ်ခြင်းပင်တည်း။ ထိုသို့ တားမြစ်ခြင်းသည်လည်း တားမြစ်သောကံဟူသော မိမိ၏ အကျိုးဝိပါက်ကို ဖြစ်ပေါ်လာအောင် အခွင့်အလမ်းကို ပြုလုပ်ခြင်းပင်တည်း။

---

[၆၃, ၆၄] မဟာဋီ၊ ၂၃၈၀။

## ဗုဒ္ဓဝိသယနှင့် သာဝကဝိသယ = ဘုရားအရာနှင့် သာဝကအရာ[၆၅]

ဒိဋ္ဌဓမ္မဝေဒနီယကံမှ စ၍ ဤဥပဃာတကကံတိုင်အောင် ဖော်ပြခဲ့သော ဤ (၁၂)မျိုးသော ကံတို့၏ —

၁။ **ကမ္မန္တရ** = ကံတို့၏ အားရှိသည်၏အဖြစ်, အားမရှိသည်၏အဖြစ်ဟု ဆိုအပ်သော ထူးထွေ ကွဲပြားမှုသည်လည်းကောင်း,

၂။ **ဝိပါကန္တရ** = အကျိုးဝိပါက်တရားတို့၏ ယုတ်ညံ့သည်၏အဖြစ်, မြင့်မြတ်သည်၏အဖြစ်, မည်းညစ်သည်၏အဖြစ်, ဖြူစင်သည်၏အဖြစ် စသော ထူးထွေကွဲပြားမှုသည်လည်းကောင်း,

ဤ (၂)မျိုးသော သဘောတရားသည် သဗ္ဗညုတဉာဏ်နှင့် ထူးကြီးကို ခံယူတော်မူကြကုန်သော ရှင်တော်မြတ်ဘုရားတို့၏ ကံအထူး အကျိုးဝိပါက် အထူးကို သိတော်မူတတ်သော ကမ္မဝိပါကဉာဏ်တော်မြတ်အားသာလျှင် မဖောက်မပြန် ဟုတ်မှန်တိုင်းသော သဘော ဟုတ်မှန်တိုင်းသော မိမိကိစ္စအားဖြင့် ထင်ရှားပေသည်။ သာဝကတို့နှင့် မဆက်ဆံပေ။ ထိုကမ္မဝိပါကဉာဏ်တော်သည် သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့နှင့်သာ သီးသန့်သက်ဆိုင်သည့် အာဝေဏိကဂုဏ်တော်တစ်ပါးလည်း ဖြစ်၏။ သာဝကတို့နှင့် မဆက်ဆံဘဲ သမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့နှင့်သာ ဆက်ဆံသည့် အသာဓာရဏဉာဏ်တော်တစ်ပါးလည်း ဖြစ်၏။ ဤကမ္မန္တရ, ဝိပါကန္တရကား ထိုအာဝေဏိက အသာဓာရဏဖြစ်တော်မူသော ကမ္မဝိပါကဉာဏ်တော်၏သာလျှင် ကျက်စားရာအာရုံဖြစ်သောကြောင့် ကမ္မန္တရ ဝိပါကန္တရတို့ကို အကြွင်းအကျန်မရှိ ကုန်စင်အောင်သိမှုသည် သာဝကတို့နှင့် မဆက်ဆံသည့် သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်တို့၏ အရာသာ ဖြစ်၏။

သို့သော် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလျက်ရှိသော ဝိပဿကပုဂ္ဂိုလ်သည် ကံတို့၏ အားရှိသည်၏အဖြစ် အားမရှိသည်၏အဖြစ်ဟု ဆိုအပ်သော ကံတို့၏ ထူးထွေကွဲပြားမှု ကမ္မန္တရကို လည်းကောင်း၊ အကျိုးဝိပါက်တရားတို့၏ ယုတ်ညံ့သည်၏အဖြစ်, မြင့်မြတ်သည်၏အဖြစ်, မည်းညစ်သည်၏အဖြစ်, ဖြူစင်သည်၏အဖြစ် စသော ဝိပါက်တရားတို့၏ ထူးထွေကွဲပြားမှု ဝိပါကန္တရကို လည်းကောင်း ဧကဒေသ = တစ်စိတ်တစ်ဒေသအားဖြင့် သိသင့်၏၊ သိထိုက်၏၊ သိရမည် ဖြစ်၏။ ယင်းကမ္မန္တရ ဝိပါကန္တရတို့ကို အကြွင်းအကျန်မရှိ ကုန်စင်အောင် သိခြင်းငှာကား သာဝကတို့သည် မစွမ်းနိုင်ကုန်။ သာဝကတို့၏အရာ မဟုတ်သောကြောင့် ဖြစ်၏။

---

[၆၅] ဣတိ ဣမေသံ ဒွါဒသန္နံ ကမ္မာနံ ကမ္မန္တရဉ္စေဝ ဝိပါကန္တရဉ္စ ဗုဒ္ဓါနံ ကမ္မဝိပါကဉာဏဿေဝ ယာထာဝသရသတော ပါကဋံ ဟောတိ၊ အသာဓာရဏံ သာဝကေဟိ။ ဝိပဿကေန ပန ကမ္မန္တရဉ္စ ဝိပါကန္တရဉ္စ ဧကဒေသတော ဇာနိတဗ္ဗံ။ တသ္မာ အယံ မုခမတ္တဒဿနေန ကမ္မဝိသေသော ပကာသိတောတိ။ (ဝိသုဒ္ဓိ၊၂၊၂၃၇။)

ဗုဒ္ဓါဝေဏိကတာယ အသာဓာရဏဿေဝ ဉာဏဿ ဂေါစရဘာဝတော ကမ္မန္တရာဒိ **"အသာဓာရဏံ သာဝကေဟိ"**တိ ဝုတ္တံ။ **ဧကဒေသတော ဇာနိတဗ္ဗံ** အနဝသေသတော ဇာနိတုံ န သက္ကာ အဝိသယတ္တာ။ သဗ္ဗေန သဗ္ဗံ အဇာနနေ ပစ္စယပရိဂ္ဂဟော န ပရိပူရတီတိ။ (မဟာဋီ၊၂၊၃၈၀။)

ထို **ကမ္မန္တရ ဝိပါကန္တရ**တို့ကို အချင်းခပ်သိမ်း လုံးလုံးမသိခဲ့သော်မူ အကြောင်းတရားတို့ကို သိမ်းဆည်းတတ် ပိုင်းခြားယူတတ်သော **ပစ္စယပရိဂ္ဂဟဉာဏ်**သည် မပြည့်စုံပေ။ ထိုကြောင့် အရိပ်-အမြွက်မျှကို ပြသဖြင့် ဤကံအထူးကို (ကမ္မန္တရ ဝိပါကန္တရကို) အဋ္ဌကထာဆရာတော်သည် ထင်ရှား ပြတော်မူ၏ဟု မှတ်ပါ။[66]

ဤအထက်ပါ အဋ္ဌကထာ ဋီကာတို့၏ ဖွင့်ဆိုချက်များနှင့် အညီ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းလျက်ရှိသော ယောဂါဝစရပုဂ္ဂိုလ်သည် ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိရေးအတွက် ကံနှင့် ကံ၏ အကျိုးတရားကိုကား တစ်စိတ်တစ်ဒေသအားဖြင့် သိအောင် ရှုပွားရတော့မည် ဖြစ်၏။ ယင်းသို့ ရှုရာ၌ အတိတ်ကံကြောင့်သာ ပစ္စုပ္ပန်၌ ပဋိသန္ဓေဝိပါက် နာမ်ရုပ်စသော အကျိုးဝိပါက်တရားများ-သည် ထင်ရှားဖြစ်ပေါ်လာကြသဖြင့်, ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်လိုက်သော (ဥပပဇ္ဇဝေဒနီယ)ကံ-ကြောင့် သို့မဟုတ် အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ခဲ့သော အပရာပရိယဝေဒနီယကံကြောင့် နောင်အနာဂတ်၌လည်း (သံသရာခရီး မဆုံးသေးသူတို့အဖို့) ပဋိသန္ဓေဝိပါက် နာမ်ရုပ်စသော အကျိုး တရားများသည် ဖြစ်ပေါ်လာကြမည်ဖြစ်သဖြင့် ကံနှင့် ကံ၏အကျိုးကို (ကမ္မန္တရ ဝိပါကန္တရကို) တစ်စိတ်တစ်ဒေသ သိလိုပါက, သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်လိုပါက အတိတ်နှင့် အနာဂတ်မှာ မလွဲမရှောင်သာ ရှုပွားရတော့မည်သာဟု မှတ်ပါ။ အတိတ်ဘဝက ထူထောင်ခဲ့သော အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဟူသော အတိတ်အကြောင်းတရားငါးပါး ဟူသည် အတိတ်ခန္ဓာငါးပါးကို အစွဲပြု၍ = အမှီပြု၍ ဖြစ်ပေါ်လာသော အတိတ်ခန္ဓာငါးပါး၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်၏။ အလားတူပင် ပစ္စုပ္ပန်အကြောင်းတရားငါးပါးဟူသည်မှာလည်း ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကိုပင် အစွဲပြု၍ = အမှီပြု၍ ဖြစ်ပေါ်လာသော ပစ္စုပ္ပန်ခန္ဓာငါးပါး၏ အစိတ်-အပိုင်းတစ်ခုသာ ဖြစ်၏။ အနာဂတ်အကျိုးတရားငါးပါးဟူသည်လည်း အနာဂတ်ခန္ဓာငါးပါးတို့၏ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်၏။ သို့အတွက် အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုး-တရားဖြစ်ပုံ, ပစ္စုပ္ပန်အကြောင်းတရားကြောင့် အနာဂတ်အကျိုးတရားဖြစ်ပုံတို့ကို ဟုတ်တိုင်းမှန်စွာ ယထာဘူတဉာဏ်ဖြင့် သိမြင်လိုသော ယောဂါဝစရပုဂ္ဂိုလ်သူမြတ်သည် အတိတ်ခန္ဓာငါးပါး အနာ-ဂတ်ခန္ဓာငါးပါးတို့ကိုကား မလွဲမရှောင်သာ သိမ်းဆည်းရှုပွားရတော့မည်သာ ဖြစ်ပေသည်။

## ကမ္မန္တရ – ဝိပါကန္တရ[67]

**ကမ္မန္တရ**ဟူသည် ကံတို့၏ ထူးထွေကွဲပြားမှု = အားရှိသောကံ အားမရှိသောကံစသည့် ကံ အမျိုးမျိုးတည်း။ **ဝိပါကန္တရ**ဟူသည် အကျိုးတရားတို့၏ ထူးထွေကွဲပြားမှု = ယုတ်ညံ့သော အကျိုး တရား မွန်မြတ်သော အကျိုးတရားစသည့် အကျိုးအမျိုးမျိုးတည်း။ တစ်နည်းဆိုသော် ဇနကကံ ဥပတ္ထမ္ဘကကံ ဥပပီဠကကံ ဥပဃာတကကံဟူသော ကံအမျိုးမျိုးသည် **ကမ္မန္တရ**တည်း။ ယင်းကံ အမျိုးမျိုးတို့၏ ဆိုင်ရာ အကျိုးအမျိုးမျိုးသည် **ဝိပါကန္တရ**တည်း။

---

[66] ဝိသုဒ္ဓိ၊၂၊၂၃၇။ မဟာဋီ၊၂၊၃၈၀။

[67] **ကမ္မန္တရန္တိ** ကမ္မဝိသေသော ကမ္မာနံ ဗလာဗလဘေဒေါ။ **ဝိပါကန္တရန္တိ** ဝိပါကဝိသေသော၊ တဿ ဟီနပဏီတ-တာဒိဘေဒေါ။ (မဟာဋီ၊၂၊၃၇၉။)

သတ္တဝါ တစ်ဦးတစ်ဦးမှာပင် ကံအမျိုးမျိုးရှိနိုင်၍ ယင်းကံ၏ အကျိုးတရားတို့လည်း အမျိုးမျိုးပင် ရှိနိုင်သည်။ ဘုရားရှင်၏ ဝိပါက်တော် (၁၂)ပါးကိုပင် ပုံစံထား၍ ကြည့်ပါ။ ဝိပါက်တော် တစ်မျိုး တစ်မျိုးအတွက် သီးသန့်ကံ တစ်မျိုးစီ ရှိ၏။ ဦးခေါင်းတော်ခဲရသည့် ဝိပါက်တော်အတွက် ကံတစ်မျိုး, ခါးတော်နာရသည့် ဝိပါက်တော်အတွက် ကံတစ်မျိုး, ဝမ်းတော်လားရသည့် ဝိပါက်တော်အတွက် ကံတစ်မျိုး ဤသို့ စသည်ဖြင့် ဆိုင်ရာဆိုင်ရာ ဝိပါက်တော်နှင့် ဆိုင်ရာဆိုင်ရာ ကံကား အသီးအသီးပင် ရှိ၏။[၆၈]

အလားတူပင် သတ္တဝါ တစ်ဦးတစ်ဦးအဖို့ ဘဝတစ်လျှောက်ဝယ် တွေ့ကြုံခံစားရသည့် ဣဋ္ဌာရုံ-လည်း အမျိုးမျိုး ရှိ၏။ အနိဋ္ဌာရုံလည်း အမျိုးမျိုး ရှိ၏။ ဣဋ္ဌာရုံနှင့် တွေ့ကြုံရသည့်အခါ ဖြစ်ပေါ်သွားကြသော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့ကား ကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာကြ-ရသည့် ကုသလဝိပါက်တို့တည်း။ အနိဋ္ဌာရုံနှင့် တွေ့ကြုံရသည့်အခါ ဖြစ်ပေါ်သွားကြသော ပဉ္စ-ဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့ကား အကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာကြရသည့် အကုသလဝိပါက်တို့တည်း။

ဣဋ္ဌာရုံမှာ ဘဝတစ်လျှောက်ဝယ် အမျိုးမျိုးရှိသဖြင့် ကုသလဝိပါက်လည်း အမျိုးမျိုးပင် ရှိရ၏၊ အနိဋ္ဌာရုံမှာလည်း အမျိုးမျိုးပင် ရှိနိုင်သဖြင့် အကုသလဝိပါက်လည်း အမျိုးမျိုးပင် ရှိနိုင်၏။ ကုသလ ဝိပါက် အမည်ရသော ကောင်းကျိုးအမျိုးမျိုးကို တွေ့ကြုံခံစားရလျှင် ယင်းကုသလဝိပါက်အမျိုးမျိုး၏ အကြောင်းရင်းကံမှာလည်း အမျိုးမျိုးပင် ရှိနိုင်၏။ အလားတူပင် အကုသလဝိပါက်အမျိုးမျိုးကို တွေ့ကြုံခံစားရလျှင် ယင်း၏ အကြောင်းရင်း အကုသိုလ်ကံမှာလည်း အမျိုးမျိုးပင် ရှိနိုင်၏။

ဘဝတစ်လျှောက်တွင် တွေ့ကြုံခဲ့ရသည့် တွေ့ကြုံဆဲဖြစ်သည့် တွေ့ကြုံလတ္တံ့ဖြစ်သည့် ထို များစွာကုန်သော ကံနှင့် ကံ၏အကျိုးတရားတို့ကိုကား (ကမ္မန္တရ ဝိပါကန္တရတို့ကိုကား) သာဝကများ-သည် ကုန်စင်အောင် မသိနိုင်ပေ။ အတိတ် အနာဂတ်တို့၌လည်း နည်းတူပင် ဖြစ်၏။ သို့သော် ဘုရားရှင်ကား အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးလုံး၌ပင် ကံနှင့် ကံ၏အကျိုးတရားတို့ကို အကြွင်းအကျန်မရှိ အကုန်အစင် သိမြင်တော်မူ၏။ သို့သော် သာဝကများသည် ကံအမျိုးမျိုးနှင့် ကံ၏အကျိုးအမျိုးမျိုးကို ကုန်စင်အောင် မသိနိုင်သော်လည်း တစ်စိတ်တစ်ဒေသ တချို့တစ်ဝက်-မျှကိုကား သိရှိရမည် ဖြစ်သည်။ ကံ-ကံ၏အကျိုးတရားကို လုံးလုံးမသိခဲ့လျှင်ကား ပစ္စယပရိဂ္ဂဟ-ဉာဏ် မပြည့်စုံနိုင်။ သို့အတွက် ပဋိသန္ဓေခန္ဓာငါးပါးစသည့် အချို့အချို့သော အကျိုးဝိပါက်ခန္ဓာတို့ကို ဖြစ်ပေါ်စေတတ်သည့် အကြောင်းတရားတို့ကိုကား ပစ္စယပရိဂ္ဂဟဉာဏ်ကို ရရှိရေးအတွက် သိရှိ-အောင် ကြိုးပမ်းရတော့မည်သာဟု သန္နိဋ္ဌာန်ကျ မုချပုံသေ မှတ်သားနာယူလေရာ၏။

ထိုသို့ ကြိုးပမ်းရာ၌ အနုလောမပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော်ကို အကျဉ်းချုပ်အနေဖြင့် ရှေးဦးစွာ သိထားသင့်ပေသည်။ ယင်းအနုလောမပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော်ကိုပင် အင်္ဂုတ္တိုရ် တိကနိပါတ် တိတ္ထာယတနသုတ္တန်၌ သမုဒယသစ္စာဟူသော အမည်ဖြင့် ဘုရားရှင်က ဤသို့

[၆၈] အပဒါန၊၁၊၃၄၆-၃၅၀။

ဟောကြားထားတော်မူခဲ့၏။

## သမုဒယသစ္စာဖြစ်သည့် အနုလောမပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော်

"ရဟန်းတို့ . . . ဒုက္ခဖြစ်ကြောင်း သမုဒယအရိယသစ္စာတရားဟူသည် အဘယ်နည်း . . .

၁။ အဝိဇ္ဇာ ဖြစ်ခြင်းကြောင့် သင်္ခါရတို့ ဖြစ်ကုန်၏။

၂။ သင်္ခါရတို့ ဖြစ်ခြင်းကြောင့် ဝိညာဏ် ဖြစ်၏။

၃။ ဝိညာဏ် ဖြစ်ခြင်းကြောင့် နာမ်ရုပ် ဖြစ်၏။

၄။ နာမ်ရုပ် ဖြစ်ခြင်းကြောင့် သဠာယတန ဖြစ်၏။

၅။ သဠာယတန ဖြစ်ခြင်းကြောင့် ဖဿ ဖြစ်၏။

၆။ ဖဿ ဖြစ်ခြင်းကြောင့် ဝေဒနာ ဖြစ်၏။

၇။ ဝေဒနာ ဖြစ်ခြင်းကြောင့် တဏှာ ဖြစ်၏။

၈။ တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်၏။

၉။ ဥပါဒါန် ဖြစ်ခြင်းကြောင့် ဘဝ (ဥပပတ္တိဘဝ+ကမ္မဘဝ) ဖြစ်၏။

၁၀။ ဘဝ (ကမ္မဘဝ) ဖြစ်ခြင်းကြောင့် ဇာတိ ဖြစ်၏။

၁၁။ ဇာတိ ဖြစ်ခြင်းကြောင့် ဇရာ မရဏ ဖြစ်၏၊ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ-တို့သည် ဖြစ်ပေါ်လာကြကုန်၏။

ဤသို့လျှင် ချမ်းသာမဖက် သက်သက်သော ဒုက္ခတုံး ဒုက္ခအစုအပုံ၏ ဖြစ်ကြောင်းတရားသည်, တစ်နည်း — ဒုက္ခတုံး ဒုက္ခအစုအပုံ၏ ဖြစ်ခြင်းသည် ထင်ရှားဖြစ်ပေ၏။ ရဟန်းတို့ . . . ဤ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့၏ ဖြစ်စဉ်ကို ဒုက္ခဖြစ်ကြောင်း သမုဒယ-အရိယသစ္စာတရားဟူ၍ ခေါ်ဆိုအပ်၏။"

ဤ **တိတ္ထာယတနသုတ္တန်**၌ အကြောင်းတရားနှင့် အကျိုးတရားတို့၏ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့၏ ဖြစ်စဉ်အားလုံးကို သမုဒယသစ္စာဟု ဘုရားရှင်က ဟောကြား-ထားတော်မူပေသည်။

## အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့၏ အထောက်အပံ့ကို ရရှိနေကြသော သင်္ခါရနှင့် ကံ

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့၏ အားပေးထောက်ပံ့မှုကို ရရှိနေကြသော သင်္ခါရ, ကံတို့က-သာလျှင် ဘဝသစ်ဟူသော ဥပါဒါနက္ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတို့ကို ဖြစ်ပေါ်စေနိုင်ကြကုန်၏။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့၏ အားပေးထောက်ပံ့မှုကို မရရှိကြသော သင်္ခါရ, ကံတို့ကား ဘဝသစ်ဟူသော ဥပါဒါနက္ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတို့ကို မဖြစ်ပေါ်စေနိုင်ကြကုန်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကား သမုဒယသစ္စာတရားစုတို့တည်း။ ဥပါဒါနက္ခန္ဓာငါးပါး

= ရုပ်တရား နာမ်တရားတို့ကား ဒုက္ခသစ္စာတရားစုတို့တည်း။ ဤတွင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့၏ အဓိပ္ပာယ်များကို ရှေးဦးစွာ ရှင်းလင်းတင်ပြအပ်ပါသည်။

## အဝိဇ္ဇာ၏ အဓိပ္ပာယ်

ပါဠိတော်ကြီးများ၌[၆၉] အရိယသစ္စာလေးပါးတို့ကို မသိမှုသဘောကို အဝိဇ္ဇာဟု ဘုရားရှင်က ဟောကြားထားတော်မူခဲ့၏။

အရိယသစ္စာတရား (၄)ပါးကို မသိမှုကို အဝိဇ္ဇာဟု ခေါ်ဆိုလျှင် ယင်း အဝိဇ္ဇာ (= မောဟ)သည် အဘယ်အရာကို သိရှိနေပါသနည်းဟု မေးရန် ရှိ၏။ အဖြေကို အဋ္ဌကထာကြီးများက[၇၀] ဤသို့ ဖွင့်ဆိုထားတော်မူကြ၏ . . . ။

"ပရမတ္ထအားဖြင့် တကယ်ထင်ရှားရှိနေသည့် သိသင့်သိထိုက်သည့် ခန္ဓာငါးပါး ဒုက္ခသစ္စာ-တရားစသည့် သစ္စာလေးရပ် တရားမြတ်တို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက် မသိမမြင်ဘဲ, ရုပ်တရား နာမ်တရားဟု ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် မသိမမြင်-ဘဲ, အကြောင်းတရား အကျိုးတရားဟု မသိမမြင်ဘဲ, ယင်း ရုပ်-နာမ် ကြောင်း-ကျိုး (= သင်္ခါရ) တရားစုတို့ကို အနိစ္စတရားအစုအပုံ ဒုက္ခတရားအစုအပုံ အနတ္တတရားအစုအပုံဟု မသိမမြင်ဘဲ ပြောင်းပြန်လှန်ကာ မသိသင့် မသိထိုက်သည့် မမြင်သင့် မမြင်ထိုက်သည့် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ စသည်ဖြင့် အသိမှားနေမှုသဘော၊ ယင်းခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို နိစ္စ သုခ သုဘဟုလည်းကောင်း, ယင်းခန္ဓာငါးပါး ရုပ်နာမ်တရားစုတို့တွင် ခန္ဓာတစ်ပါးပါးကို သို့မဟုတ် ခန္ဓာအများစုကို အသက်ကောင်, လိပ်ပြာကောင်, ဝိညာဉ်ကောင်, အတ္တကောင်ဟုလည်းကောင်း အသိမှားနေမှုသဘောကို အဝိဇ္ဇာ (= မောဟ)ဟု ခေါ်ဆိုကြောင်း"ကို ရှင်းလင်းတင်ပြထားတော်မူကြ၏။ ယင်းအသိမှားမှု အဝိဇ္ဇာကို အခြေတည်ကာ အမျိုးသားဘဝ အမျိုးသမီးဘဝ လူ့ဘဝ နတ်-ဘဝ ဗြဟ္မာဘဝစသည့် ထိုထိုဘဝတို့ကို တွယ်တာမက်မောမှု **တဏှာ**တရား ထင်ရှားဖြစ်ပေါ်လာ၏။

တစ်ဖန် ဥပါဒါန် (၄)ပါးတို့တွင် သတ္တဝါအများစုတို့၌ အမျိုးသားဘဝ အမျိုးသမီးဘဝစသည့် သက်ရှိသက်မဲ့ လိုချင်စရာ ကာမဝတ္ထု အစုစုတို့အပေါ်ကို စွဲလမ်းမှု **ကာမုပါဒါန်**ကား အဖြစ်များကြ၏၊ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့ကား အဖြစ်နည်းကြ၏။

သို့အတွက် အဋ္ဌကထာကြီးများက ကာမုပါဒါန်ကိုပင် ရည်ညွှန်းကာ **ဥပါဒါန်**ကို ဤသို့ ဖွင့်ဆို-ထားတော်မူကြ၏ . . . ။

---

[၆၉] အဘိ၊၂၁၄၂။ သံ၊၃၊၃၇၆။

[၇၀] ပရမတ္ထတော အဝိဇ္ဇမာနေသု ဣတ္ထိပုရိသာဒီသု ဇဝတိ၊ ဝိဇ္ဇမာနေသုပိ ခန္ဓာဒီသု န ဇဝတီတိ **အဝိဇ္ဇာ**။ (အဘိ၊ဋ္ဌ၊၂၊၁၂၇။ ဝိသုဒ္ဓိ၊၂၊၁၅၇။)

"ဘုရားရှင်သည် ဝိဘင်းပါဠိတော်တွင်[၃၀] 'သက်ရှိသက်မဲ့ လိုချင်စရာ ကာမဝတ္ထု အစုစုတို့အပေါ်၌ လိုလားတောင့်တမှု, ငြိကပ်တွယ်တာမှု, နှစ်သက်မြတ်နိုးမှု, မက်မောမှု, ငြိကပ်တတ်သည့်အစိုခာတ်, အစေးခာတ်, ပူပန်မှု, တွေဝေမိန်းမောမှု, မျိုမတတ် စွဲလမ်းမှုကို ကာမုပါဒါန်'ဟု ဟောကြားထားတော်မူခဲ့၏။ ယင်းသို့ ဟောကြားထားတော်မူသောကြောင့် အကျဉ်းအားဖြင့် ခိုင်မြဲနေသောတဏှာကိုပင် **ကာမုပါဒါန်**ဟု ဆိုလို၏။ ခိုင်မြဲနေသော တဏှာဟူသည် ရှေးရှေးတဏှာ၏ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန် အဝါသတ္တိတို့ကို ဆက်ခံရသည့် နောက်နောက်သောတဏှာတည်း။ ယင်းသို့ ခိုင်မြဲနေသည့် နောက်နောက်သော တဏှာသည်ပင် ကာမုပါဒါန်မည်၏။ ယင်းကာမုပါဒါန်ကား သတ္တဝါအများစုတို့၌ အဖြစ်များကြ၏။" သို့အတွက် အတိတ်အကြောင်းတရား ပစ္စုပ္ပန်အကြောင်းတရား စသည်တို့ကို ဖော်ပြရာ၌ ယင်းကာမုပါဒါန်ကိုပင် ဦးစားပေးကာ ဖော်ပြထားပါသည်။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန် သုံးပါးတို့ကား ကိလေသဝဋ်တရား သုံးပါးတို့တည်း။ ယင်းအဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့၏ အထောက်အပံ့ကို ရရှိသော သင်္ခါရ, ကံတို့ကသာလျှင် ဘဝသစ်ဟူသော ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-တည်းဟူသော အကျိုးခန္ဓာငါးပါး ဒုက္ခသစ္စာ-တရားကို ဖြစ်စေနိုင်၏။ သင်္ခါရ, ကံတို့ကား ကမ္မဝဋ်တည်း။ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကား အကျိုးဝိပါကဝဋ်တည်း။

အနုလောမပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ဝယ် အတိတ်အကြောင်းတရားပိုင်း၌ အဝိဇ္ဇာနှင့် သင်္ခါရကိုသာ တိုက်ရိုက် ဟောကြားထားတော်မူ၏။ ယင်းသို့ ဟောကြားတော်မူရာဝယ် အဝိဇ္ဇာကား ကိလေသဝဋ်တည်း။ အဝိဇ္ဇာတည်းဟူသော ကိလေသဝဋ်ကို ဟောကြားတော်မူလိုက်လျှင် အဝိဇ္ဇာနှင့် ကိလေသဝဋ်ချင်း တူညီနေကြသည့် တဏှာနှင့် ဥပါဒါန်တို့ကိုလည်း သိမ်းကျုံးယူရ၏။ အလားတူပင် ကမ္မဝဋ်ပိုင်း၌ သင်္ခါရဟူသော ကမ္မဝဋ်ကို တိုက်ရိုက် ဟောကြားတော်မူလိုက်လျှင် ကမ္မဝဋ်ချင်း တူညီနေသည့် ကမ္မဘဝ (= ကံ)ကိုလည်း သိမ်းကျုံးယူရ၏။ သို့အတွက် အဝိဇ္ဇာနှင့် သင်္ခါရကို တိုက်ရိုက် ဟောကြားတော်မူလိုက်လျှင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-တည်းဟူသော အတိတ်အကြောင်းတရား ငါးပါးစလုံးကိုပင် သိမ်းကျုံးကာ ကောက်ယူရပေသည်။ ဤအတိတ်အကြောင်း-တရားငါးပါးကား အတိတ်အကြောင်းတစ်လွှာတည်း။ သမုဒယအရိယသစ္စာတရားစုတည်း။

တစ်ဖန် ယင်းအတိတ်အကြောင်းတရားငါးပါးကြောင့် ထင်ရှားဖြစ်ပေါ်လာရသည့် ပစ္စုပ္ပန်အကျိုးတရားပိုင်းတွင် ပဋိသန္ဓေအခိုက် ဖြစ်ပေါ်နေကြသော ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-တည်းဟူသော အကျိုးတရားငါးပါးကို ပဓာနထားကာ ဟောကြားထားတော်မူ၏။

---

[၃၀] "တတ္ထ ကတမံ ကာမုပါဒါနံ? ယော ကာမေသု ကာမစ္ဆန္ဒော ကာမရာဂေါ ကာမနန္ဒီ ကာမတဏှာ ကာမသ္နေဟော ကာမပရိဠာဟော ကာမမုစ္ဆာ ကာမဇ္ဈောသာနံ — ဣဒံ ဝုစ္စတိ ကာမုပါဒါန"န္တိ အာဂတတ္တာ သင်္ခေပတော တဏှာဒဠှတ္တံ ဝုတ္တံ။ တဏှာဒဠှတ္တံ နာမ ပုရိမတဏှာဥပနိဿယပစ္စယေန ဒဠှသမ္ဘူတာ ဥတ္တရတဏှာ ဧဝ။

ယေဘုယျေန စ အာလယရာမတာယ ပဇာယ ပါကဋံ ကာမုပါဒါနံ၊ န ဣတရာနိ။ (အဘိ၊ဋ္ဌ၊၂၊၁၇၂-၁၇၃။ ဝိသုဒ္ဓိ၊၂၊၂၀၄-၂၀၅။ စာပိုဒ်၊၆၄၅။) (အဘိ၊၂၊၃၈၉။ စာပိုဒ်၊၉၃၈။)

ယင်းပဋိသန္ဓေအခိုက် ထင်ရှားဖြစ်ပေါ်နေကြသည့် ဝိပါကဝဋ်ရှတရားငါးပါးတို့ကို တိုက်ရိုက်ဟောကြားတော်မူလိုက်လျှင် ယင်းအတိတ်အကြောင်းတရားငါးပါးကြောင့်ပင် ဘဝတစ်လျှောက်ဝယ် ထင်ရှားဖြစ်ပေါ်နေကြသည့် ဝိပါကဝဋ်ရှချင်း တူညီနေကြသည့် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-တည်းဟူသော အကျိုးဝိပါက်တရားတို့ကိုလည်း သိမ်းကျုံးကာ ကောက်ယူရပေသည်။ ဤအကျိုးတရားငါးပါးကား ပစ္စုပ္ပန်အကျိုးတစ်လွှာတည်း။ ဒုက္ခအရိယသစ္စာတရားတည်း။

ဤပစ္စုပ္ပန်အကျိုးတရား ခန္ဓာငါးပါးတို့ကို အမှီပြု၍ နှလုံးသွင်းမှားမှု အယောနိသောမနသိကာရကို အကြောင်းခံကာ သို့မဟုတ် နှလုံးသွင်းမှန်မှု ယောနိသောမနသိကာရကို အကြောင်းခံကာ နောင်အနာဂတ်ဘဝအတွက် ရည်မျှော်ကာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-တည်းဟူသော ပစ္စုပ္ပန် အကြောင်းတရားငါးပါး သမုဒယအရိယသစ္စာတရားကို ထပ်မံကာ ထူထောင်ကြပြန်၏။ ဤအကြောင်းတရားငါးပါးကား ပစ္စုပ္ပန်အကြောင်းတစ်လွှာတည်း။ ယင်းပစ္စုပ္ပန်အကြောင်းတရားပိုင်းတွင် ကိလေသဝဋ်ပိုင်းကို ဟောကြားတော်မူရာဝယ် တဏှာနှင့် ဥပါဒါန်ကိုသာ တိုက်ရိုက်ဟောကြားထားတော်မူ၏။ တဏှာနှင့် ဥပါဒါန်ဟူသော ကိလေသဝဋ်ကို ဟောကြားတော်မူလိုက်လျှင် ကိလေသဝဋ်ရှချင်း တူညီနေသည့် အဝိဇ္ဇာကိုလည်း ထည့်သွင်းကာ ကောက်ယူရပေသည်။

အဝိဇ္ဇာကို အမှီရမှသာလျှင် တဏှာ, ဥပါဒါန်တို့ကား ဖြစ်နိုင်ခွင့် ရှိကြပေသည်။ တစ်ဖန် ကမ္မဝဋ်ပိုင်းတွင် ကမ္မဘဝ (= ကံ)ကိုသာ တိုက်ရိုက် ဟောကြားထားတော်မူ၏။ ယင်းသို့ ကမ္မဘဝ (= ကံ)ကို တိုက်ရိုက်ဟောကြားတော်မူလိုက်လျှင် ကမ္မဝဋ်ရှချင်း တူညီနေသည့် သင်္ခါရကိုလည်း သိမ်းကျုံးကာ ကောက်ယူရပေသည်။ သို့အတွက် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဟု ပစ္စုပ္ပန် အကြောင်းတရားငါးပါး = ပစ္စုပ္ပန်အကြောင်းတစ်လွှာ ဖြစ်ပေသည်။

တစ်ဖန် ယင်းပစ္စုပ္ပန်အကြောင်းတရားငါးပါးကြောင့် (သံသရာခရီး မဆုံးသေးသူတို့အတွက်) အနာဂတ်ဘဝတွင် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-တည်းဟူသော အကျိုးခန္ဓာငါးပါး ဒုက္ခသစ္စာတရား ထင်ရှားဖြစ်ပေါ်လာရပြန်၏။ ယင်းအနာဂတ်အကျိုးတရားပိုင်းတွင် ဥပပတ္တိဘဝနှင့် ဇာတိကို ပဓာနထားကာ ဟောကြားထားတော်မူ၏။ ဇာတိကား အနာဂတ် ပဋိသန္ဓေ အခိုက် ထင်ရှားဖြစ်ပေါ်လာသည့် ခန္ဓာငါးပါးတို့ပင်တည်း။[၃၂] ဥပပတ္တိဘဝဟူသည်ကား ထိုကံကြောင့် တစ်နည်း — အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဟူသော ထိုပစ္စုပ္ပန်အကြောင်းတရားငါးပါးကြောင့် အနာဂတ်ဘဝတစ်လျှောက်တွင် ဖြစ်ပေါ်နေသော ဝိပါကဝဋ်ရှဖြစ်သည့် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဟူသော အကျိုးဝိပါက်ခန္ဓာငါးပါး = ဒုက္ခသစ္စာတရားစုတို့ပင်တည်း၊ အနာဂတ်အကျိုးတစ်လွှာတည်း။

ဤသို့လျှင် အနုလောမပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော်၌ အတိတ်အကြောင်းတစ်လွှာ, ပစ္စုပ္ပန်အကျိုးတစ်လွှာ, ပစ္စုပ္ပန်အကြောင်းတစ်လွှာ, အနာဂတ်အကျိုးတစ်လွှာဟု အလွှာ (၄)ပါး ရှိပေသည်။ တစ်လွှာတစ်လွှာ၌ အခြင်းအရာငါးပါးစီ ရှိသဖြင့် အလွှာ (၄)လွှာ၌ အခြင်းအရာ (၂၀)

[၃၂] တဒဘိနိဗ္ဗတ္တာ ခန္ဓာ ဥပပတ္တိဘဝေါ။ (အဘိ၊ဋ္ဌ၊၂၊၁၇၆။ ဝိသုဒ္ဓိ၊၂၊၂၀၉။စာပိုဒ်၆၅၀။)

ရှိပေသည်။ တစ်ဖန် အတိတ်အခွန့်ကာလ, ပစ္စုပ္ပန်အခွန့်ကာလ, အနာဂတ်အခွန့်ကာလဟု အခွန့်ကာလ (၃)ပါး ရှိပေသည်။

တစ်ဖန် အတိတ်အကြောင်းတရားငါးပါးနှင့် ပစ္စုပ္ပန်အကျိုးတရားငါးပါးတို့၏ အကြားတွင် (= သင်္ခါရနှင့် ဝိညာဏ်အကြားတွင်) အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်စပ်နေသည့် အစပ်တစ်ခု၊ ပစ္စုပ္ပန်အကျိုးတရားငါးပါးနှင့် အနာဂတ်ဘဝကို, တစ်နည်း — အနာဂတ်အကျိုးတရားငါးပါးကို ဖြစ်ပေါ်စေနိုင်သည့် ပစ္စုပ္ပန်အကြောင်းတရားငါးပါးတို့၏ အကြားတွင် (= ဝေဒနာနှင့် တဏှာအကြားတွင်) အကျိုးတရားတို့ကို စွဲမှီ၍ အကြောင်းတရားများ ထပ်မံ ဖြစ်ပေါ်လာကြရသဖြင့် အကျိုးတရားနှင့် အကြောင်းတရားတို့ ဆက်စပ်နေသည့် အစပ်တစ်ခု၊ နောင်အနာဂတ်ဘဝအတွက် ပြုစုပျိုးထောင်ထားသည့် ပစ္စုပ္ပန်အကြောင်းတရားငါးပါးနှင့် အနာဂတ်အကျိုးတရားငါးပါးတို့၏ အကြားတွင် (= ကမ္မဘဝ = ကံနှင့် ဥပပတ္တိဘဝ = ဇာတိအကြားတွင်) အကြောင်းတရားနှင့် အကျိုးတရားတို့ ဆက်စပ်နေသည့် အစပ်တစ်ခု — ဤသို့လျှင် အစပ် (၃)ခု ရှိပေသည်။[၃၃]

အနုလောမပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော်ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်အောင် တကယ်လက်တွေ့ ရှုပွားရာ သိမ်းဆည်းရာ၌ ဤဖော်ပြပါ အလွှာ (၄)ပါး, အခွန့်ကာလ (၃)ပါး, အစပ် (၃)ပါး, အခြင်းအရာ (၂၀)တို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိအောင် မြင်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမည်ဟု မှတ်သားနာယူပါလေ။

## သင်္ခါရနှင့် ကမ္မဘဝ = ကံ

ထိုထိုကုသိုလ်သင်္ခါရ သို့မဟုတ် ထိုထိုအကုသိုလ်သင်္ခါရတို့ကို ပြုစုပျိုးထောင်ရာ၌ ကုသိုလ်ဇောဝီထိပေါင်း သို့မဟုတ် အကုသိုလ်ဇောဝီထိပေါင်း များစွာ ဖြစ်ပေါ်လာကြပေသည်။ ကုသိုလ်ဇောဝီထိစိတ္တက္ခဏတိုင်း၌ ပါဝင်တည်ရှိကြသော ကုသိုလ်နာမ်တရားစုတို့ကား ကုသိုလ်သင်္ခါရတရားစုတို့တည်း။ ထိုဇောစိတ္တက္ခဏတိုင်း၌ တည်ရှိကြကုန်သော စိတ်စေတသိက် = နာမ်တရားစုတို့သည် လူ့ချမ်းသာ နတ်ချမ်းသာ စသည့် ထိုထိုကောင်းကျိုးချမ်းသာ အဝဝကို ဖြစ်ပေါ်လာအောင် ပြုပြင်ပေးတတ်သောကြောင့် ကုသိုလ်သင်္ခါရတရားစုတို့ဟု ခေါ်ဆိုပေသည်။ အလားတူပင် အကုသိုလ်ဇောဝီထိစိတ္တက္ခဏတိုင်း၌ ပါဝင်တည်ရှိကြသော အကုသိုလ်နာမ်တရားစုတို့ကား အကုသိုလ်သင်္ခါရတရားစုတို့တည်း။ ထိုဇောစိတ္တက္ခဏတိုင်း၌ တည်ရှိကြကုန်သော စိတ်စေတသိက် = နာမ်တရားစုတို့သည် အပါယ်ဝဋ်ဆင်းရဲဒုက္ခစသည့် ထိုထိုမကောင်းကျိုး အဝဝကို ဖြစ်ပေါ်လာအောင် ပြုပြင်ပေးတတ်သောကြောင့် အကုသိုလ်သင်္ခါရတရားစုတို့ဟု ခေါ်ဆိုပေသည်။ သို့သော် ယင်းကုသိုလ်သင်္ခါရ သို့မဟုတ် အကုသိုလ်သင်္ခါရတရားစုတို့ကား အနိစ္စတရားစုတို့သာ ဖြစ်ကြကုန်၏။ ဖြစ်ပြီး-

---

[၃၃] **တိသန္ဓိန္တိ** တယော သန္ဓယော အဿာတိ တိသန္ဓိ၊ တံ တိသန္ဓိံ။ အတီတဟေတုပစ္စုပ္ပန္နဖလာနမန္တရာ ဧကော ဟေတုဖလသန္ဓိ၊ ပစ္စုပ္ပန္နဖလအနာဂတဟေတူနမန္တရာ ဧကော ဖလဟေတုသန္ဓိ၊ ပစ္စုပ္ပန္နဟေတုအနာဂတဖလာနမန္တရာ ဧကော ဟေတုဖလသန္ဓိ။ (ပဋိသံ၊ဋ္ဌ၊၁၊၂၂၅။)

နောက် ရုပ်ချည်းပင် ချုပ်ပျောက် ပျက်စီးသွားကြရ၏။ သင်္ခါရတရားတို့၏ ဓမ္မတာပင်တည်း။ ယင်း သင်္ခါရတရားတို့ကို ဖြစ်ပေါ်လာအောင် ပြုပြင်ပေးရသည့် မှီရာဝတ္ထုရုပ်, အာရုံရုပ်, ဖဿ, ယောနိ-သောမနသိကာရ သို့မဟုတ် အယောနိသောမနသိကာရစသည့် အကြောင်းတရားတို့ကိုယ်တိုင်က အနိစ္စတရားတွေသာ ဖြစ်ကြခြင်းကြောင့် အကျိုးသင်္ခါရတရားတို့လည်း အနိစ္စတရားတို့သာ ဖြစ်ကြ-ရ၏။ သို့သော် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကို အမှီပြုကာ ပြုစုပျိုးထောင်ထားသည့် ယင်းသင်္ခါရ-တရားတို့သည် မိမိတို့ ချုပ်ပျက်သွားသောအခါ ကုသိုလ်သင်္ခါရတရားကလည်း အနာဂတ်ဘဝသစ် စသည့် ထိုထိုကောင်းကျိုးချမ်းသာ အဝဝကို, အကုသိုလ်သင်္ခါရတရားကလည်း ထိုထိုမကောင်းကျိုး ဆင်းရဲဒုက္ခ အဝဝကို ဖြစ်ပေါ်စေနိုင်သည့် စွမ်းအင်ကမ္မသတ္တိကို (ပဋ္ဌာန်းဒေသနာတော်နည်းအရ နာနာက္ခဏိကကမ္မသတ္တိကို) ရုပ်နာမ်အစဉ်တွင် မြှုပ်နှံပြီးမှ ချုပ်ပျက်သွားကြ၏။ ပဋ္ဌာန်းဒေသနာတော် နည်းအရ ယင်းကမ္မသတ္တိကိုပင် **“ကံ”**ဟု ခေါ်ဆိုပေသည်။

အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းနေသည့် ဤပစ္စယပရိဂ္ဂဟဉာဏ်ပိုင်း၌ကား ယင်းနာနာက္ခဏိက ကမ္မပစ္စယသတ္တိနှင့် ဝိပါက်နာမ်ရုပ်တို့၏ အကြောင်းနှင့်အကျိုး ဆက်နွယ်မှု သဘောကို ဉာဏ်ဖြင့် မြင်အောင်ကြည့်၍ အကြောင်းတရား အကျိုးတရားတို့ကို သိမ်းဆည်းရ၏။ သို့သော် ဝိပဿနာရှုရာ၌ကား ယင်းကမ္မသတ္တိကို လက္ခဏာယာဉ်သုံးချက်တင်၍ ဝိပဿနာ မရှု-ကောင်းသဖြင့် ဝိပဿနာရှု၍ ရကောင်းသော သင်္ခါရနှင့် ကမ္မဘဝ = ကံတို့၏ အထူးကိုလည်း မှတ်သားထားသင့်၏။

၁။ ထိုထိုကုသိုလ်ဖြစ်ကြောင်းအမှု အကုသိုလ်ဖြစ်ကြောင်းအမှုတို့ကို ပြုလုပ်ရာ၌ အထမမြောက်မီ ရှေးအဖို့၌ဖြစ်သော စေတနာသည် သင်္ခါရမည်၏၊ အထမြောက်သော မုဉ္စစေတနာသည် သို့မဟုတ် သန္နိဋ္ဌာနစေတနာသည် ကမ္မဘဝမည်၏။

၂။ တစ်နည်း — ထိုထိုကောင်းမှု မကောင်းမှုတို့ကို ပြုလုပ်နေစဉ် အချိန်ကာလများအတွင်း၌ ဖြစ်ပေါ်နေကြသော ဝီထိစိတ်အစဉ်များစွာတို့တွင် ဝီထိအသီးအသီး၌ ပါရှိသော ဇော (၇)ကြိမ် တို့အနက် ရှေးဇော (၆)ကြိမ်တို့နှင့် ယှဉ်သော စေတနာသည် သင်္ခါရမည်၏။ သတ္တမဇောနှင့် ယှဉ်သော စေတနာသည် ကမ္မဘဝမည်၏။

၃။ တစ်နည်း — ထိုဇောအသီးအသီးဟူသော ဇောစိတ္တက္ခဏတိုင်း ဇောစိတ္တက္ခဏတိုင်း၌ ပါရှိသော ကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာနှင့် ယှဉ်သော စိတ်စေတသိက် သမ္ပယုတ်-တရားဟူသမျှသည် သင်္ခါရမည်၏၊ ကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာဟူသမျှ သည် ကမ္မဘဝမည်၏။ ဤကား သင်္ခါရနှင့် ကမ္မဘဝ အထူးတည်း။[၃၄]

ဤသတ်မှတ်ချက်အရ — ထိုထိုကောင်းမှု သို့မဟုတ် မကောင်းမှုကို မပြုမီ, ပြုဆဲ, ပြုပြီးကာလ တို့၌ ဖြစ်ပြီး ဖြစ်ဆဲ ဖြစ်လတ္တံ့ ဝီထိစိတ်အစဉ်တို့ကို နာမ်တုံး နာမ်ခဲဟူသော နာမ်ဃန အသီးအသီး ပြိုအောင် ဉာဏ်ဖြင့် ဖြိုခွဲဖျက်ဆီးလျက် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းနိုင်လျှင်

[၃၄] အဘိ၊ဌ၊၂၊၁၈၂-၁၈၃။

ဝိပဿနာရှုနိုင်လျှင်ကား သင်္ခါရနှင့် ကမ္မဘဝ နှစ်မျိုးလုံး ပါဝင်ပြီးပင် ဖြစ်တော့သည်။ ဤသင်္ခါရနှင့် ကမ္မဘဝတို့ကိုကား ဝိပဿနာရှုကောင်း၏။

သင်္ခါရ, ကံတို့က အကျိုးတရားကို ဖြစ်စေသည့်အပိုင်း၌ သမ္ပတ္တိလေးပါး, ဝိပတ္တိလေးပါး သမ္မဂ္ဂီငါးပါး အကြောင်းအရာတို့ကိုလည်း သိထားသင့်ပေသည်။ ရှေးဦးစွာ သမဂ္ဂီငါးပါးအကြောင်းကို အကျဉ်းချုပ်ကာ ရှင်းလင်းတင်ပြအပ်ပါသည်။

## သမင်္ဂိတာ = သမင်္ဂီ (၅) ပါး

ဂတိ-ဥပဓိ-ကာလ-ပယောဂတို့နှင့် ပေါင်းဆုံမိသော ကံသည် ဆိုက်ရောက်ရာ အကျိုးကို ဖြစ်စေရာ၌ သမင်္ဂိတာ = သမင်္ဂီ (၅)ပါးအကြောင်းကိုလည်း သိထားသင့်သဖြင့် ဤ၌ သမင်္ဂီ (၅)ပါး အကြောင်းကို သမ္မောဟဝိနောဒနီအဋ္ဌကထာ, ဥပရိပဏ္ဏာသအဋ္ဌကထာ, အင်္ဂုတ္တရအဋ္ဌကထာ[၃၅]တို့၌ လာရှိသည့်အတိုင်း အကျဉ်းချုပ်ကာ တင်ပြအပ်ပါသည်။

ကောင်းမှု မကောင်းမှု ပြုသောအခါ ထိုအမှုကိစ္စကို ပြီးစီးစေတတ်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာဟူသော သန္နိဋ္ဌာနစေတနာ မဖြစ်မီ မတိုင်မီ ရှေးအဖို့၌ အားထုတ်ကြောင်း ကုသိုလ်စေတနာ အကုသိုလ်စေတနာတို့သည် **အာယူဟနသမင်္ဂိတာ**မည်၏။

ကောင်းမှု မကောင်းမှု ပြုသောအခါ ထိုအမှုကိစ္စကို ပြီးစီးစေတတ်သော ကုသိုလ်စေတနာ အကုသိုလ်စေတနာဟူသော သန္နိဋ္ဌာနစေတနာတို့သည် **စေတနာသမင်္ဂိတာ**မည်၏။

တစ်နည်း — ကောင်းမှု ပြုသောအခါ ထိုအမှုကိစ္စကို ပြီးစီးစေတတ်သော ကုသိုလ်စေတနာ, မကောင်းမှု ပြုသောအခါ ထိုအမှုကိစ္စကို ပြီးစီးစေတတ်သော အကုသိုလ်စေတနာတို့ အသီးအသီး ဖြစ်ကြလေသည်။

ထိုကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာတို့၏ သန္တတိပစ္စုပ္ပန်အနေအားဖြင့် ထင်ရှားရှိခိုက်ကို အာယူဟနသမင်္ဂိတာ = အာယူဟနသမင်္ဂီ = အားထုတ်ကြောင်း ကုသိုလ်သင်္ခါရတရားစု သို့မဟုတ် အားထုတ်ကြောင်း အကုသိုလ်သင်္ခါရတရားစုနှင့် ပြည့်စုံနေခြင်းဟု ခေါ်ဆို၍ ထိုစေတနာ တို့၏ ခဏပစ္စုပ္ပန်အနေအားဖြင့် ထင်ရှားရှိခိုက်ကို စေတနာသမင်္ဂိတာ = စေတနာသမင်္ဂီ = စေ့ဆော် ပြုလုပ်မှုနှင့် ပြည့်စုံနေခြင်းဟု အသီးအသီး ခေါ်ဆိုလေသည်။

ထိုကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာတို့သည် ဥပါဒ်-ဌီ-ဘင် = ဖြစ်-တည်- ပျက်ဟူသော ခဏငယ်သုံးချက် အသက်စေ့၍ ချုပ်ပျောက်သွားကြသောအခါ အခြားဝိပါက်ဝိညာဏ် များကဲ့သို့ ဤရုပ်နာမ်ခန္ဓာသန္တာန်အစဉ်၌ အဆက်ပြတ် အစပြတ် ချုပ်ပျောက်သွားကြသည် မဟုတ်- ဘဲ အကြောင်းအခွင့် ညီညွတ်ပြည့်စုံလျှင် အကျိုးဝိပါက်ဝိညာဏ်စိတ် တရားလုံး တစ်ခုအနေဖြင့် အကျိုးဝိပါက်ရုပ် တရားလုံး တစ်ခုအနေဖြင့် ထင်ရှားဖြစ်ပေါ်လာစေနိုင်သော သတ္တိထူးကို ဤ ရုပ်နာမ်သန္တာန်အစဉ်၌ မြှုပ်နှံပြီးမှ ထားရှိခဲ့ပြီးမှ ချုပ်ပျောက်သွားကြလေသည်။

---

[၃၅] အဘိ၊ဋ္ဌ၊၂၊၄၃၉-၄၂၀။ မ၊ဋ္ဌ၊၄၊၈၇။ အံ၊ဋ္ဌ၊၁၊၃၆၄။

ထိုအမူအရာ သတ္တိထူးကား ဤရုပ်နာမ်ခန္ဓာအစဉ်၌ အဟောသိကံ မဖြစ်သေးသမျှကာလ-ပတ်လုံး, ရဟန္တာအဖြစ်နှင့် ပရိနိဗ္ဗာန်မစံရသေးသမျှကာလပတ်လုံး ငုပ်ကိန်းလိုက်ပါလျက် ရှိချေ-သည်။ ထိုအမူအရာ သတ္တိထူးနှင့် ပြည့်စုံနေခြင်းကို **ကမ္မသမင်္ဂီတာ** = ကံအမူအရာသတ္တိထူး = ကမ္မသတ္တိထူးနှင့် ပြည့်စုံခြင်းဟု ခေါ်ဆို၏။ အတိုကောက်အားဖြင့် **"ကံ"**ဟု ခေါ်ဆိုပေသည်။

ဤအဖွင့်များအရ **အာယူဟနသမင်္ဂီတာ**နှင့် **စေတနာသမင်္ဂီတာ**ဟူသော သမင်္ဂီနှစ်မျိုးကို **သင်္ခါရ**ဟု ခေါ်ဆို၍ **ကမ္မသမင်္ဂီတာ**ကို **ကမ္မဘဝ** သို့မဟုတ် **ကံ**ဟု ခေါ်ဆိုသည်မှတ်ပါ။

သံသရာခရီး ဆက်ရန်ရှိနေသေးသော ပုထုဇန်နှင့် သေက္ခသတ္တဝါတို့အဖို့ ဘဝတစ်ခုခုကို ရည်-ရွယ်တောင့်တ၍ မိမိတို့ ပြုစုပျိုးထောင်ထားခဲ့သော ကုသိုလ်ကံ သို့မဟုတ် အကုသိုလ်ကံတို့သည် အကျိုးပေးခွင့်သာ၍ အကျိုးပေးရန် အချိန်တန်သောအခါ သေခါနီးကာလ၌ ဒွါရ (၆)ပါးတို့တွင် ဆိုင်ရာ ဒွါရတစ်ခုခု၌ အကျိုးပေးတော့မည့် ကံ၏ စွမ်းအင်ကမ္မသတ္တိထူးကြောင့် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်ဟူသော နိမိတ် (၃)မျိုးတို့တွင် တစ်မျိုးမျိုးသည် ထင်လာမြဲ ဓမ္မတာ ဖြစ်ပေသည်။ အရဟတ္တ ဖိုလ်သို့ မရောက်သေးသမျှကာလပတ်လုံး ထိုထိုသတ္တဝါတို့ ထိုထိုဘုံဘဝမှ စုတေ၍ ထိုထိုဘုံဘဝသို့ ရောက်တော့မည့်ဆဲဆဲတွင် ဖြစ်ရိုးဓမ္မတာကြီးတစ်ခုပင် ဖြစ်၏။ ထိုထင်လာတိုင်းသော အာရုံကို အခြားမဲ့ နောက်ဘဝ၌ လိုက်ပါထင်မြင်နိုင်လောက်အောင် = နောင်လာမည့် အနာဂတ်ဘဝသစ် ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်တို့၏ အာရုံဖြစ်နိုင်လောက်အောင် အားရှိစွာယူပြီးမှ ဤဘဝက စုတိစိတ် ကျမြဲ ဖြစ်မြဲ ဓမ္မတာ ဖြစ်သည်။ ထိုသို့ ကံ, ကမ္မနိမိတ်, ဂတိနိမိတ် (၃)မျိုးတို့တွင် တစ်မျိုးမျိုးထင်မှုနှင့် ပြည့်စုံခြင်းကို **ဥပဋ္ဌာနသမင်္ဂီတာ**ဟု ခေါ်ဆို၏။

ထိုနောက် ဤဘဝမှ စုတေ၍ ထိုသက်ရောက်သင့်ရာ ဘုံဘဝ၌ ပဋိသန္ဓေဝိပါက်ဝိညာဏ်-စိတ်သည် ဖြစ်ပေါ်လာ၏။ (ခန္ဓာငါးပါးရှိသည့် ပဉ္စဝေါကာရဘုံဝယ် ဝိပါက်ဝိညာဏ်နှင့် အတူ ကမ္မဇရုပ်များလည်း ဖြစ်ပေါ်လာကြ၏။) ပဋိသန္ဓေအခါ၏ နောက်ပိုင်းကာလဖြစ်သော ပဝတ္တိအခါ၌-လည်း ထိုကံ၏ အကျိုးဖြစ်သော ဝိပါက်ဝိညာဏ်စိတ်များသည် အခြားအခြားသော ဝီထိစိတ်တို့ မဖြစ်သောအခါ၌ ဘဝအယဉ် စိတ်အစဉ်မပြတ်ရန် ဘဝ၏အကြောင်းအဖြစ် တည်နေမှုဟူသော ဘဝင်ကိစ္စလုပ်ငန်းရပ်ကို ဆောင်ရွက်လျက် ထပ်တလဲလဲ ဖြစ်ပွားကြလေသည်။ ထိုသို့ ပဋိသန္ဓေ-ဝိပါက်ဝိညာဏ် ပဝတ္တိဝိပါက်ဝိညာဏ်တို့ ဖြစ်ပွားပြည့်စုံလာကြသည်ကို **ဝိပါကသမင်္ဂီတာ** = အကျိုး-ဝိပါက်နှင့် ပြည့်စုံခြင်းဟု ခေါ်ဆိုအပ်ပေသည်။

ကံသည် အကျိုးဝိပါက်ကို ဖြစ်စေရာ၌ ဂတိ, ဥပဓိ, ကာလ, ပယောဂဟူသော အကြောင်းတို့နှင့် ပေါင်းဆုံမိမှသာလျှင် အကျိုးကို ဖြစ်စေနိုင်၏။ ဤအကြောင်းကို ကျယ်ပြန့်နက်ရှိုင်းစွာ သဘောပေါက် နားလည်နိုင်ရန် **ကမ္မန္တရ ဝိပါကန္တရ ဇာနနဉာဏ** = ကံ၏ ထူးထွေကွဲပြားမှု အကျိုးဝိပါက်၏ ထူးထွေကွဲပြားမှုကို သိတတ်သော ဉာဏ်တော်တည်းဟူသော ဒုတိယဗလဉာဏ်တော်အကြောင်းကို ဆက်လက်၍ ဖတ်ရှုကြည့်ပါ။

## ဒုတိယဗလဉာဏ်တော်[၂၆]

ထိုဉာဏ်တို့တွင် အဘယ်ဉာဏ်သည် အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်ထားအပ်ကုန်သော ကံတို့၏ ဟုတ်မှန်သော အကြောင်းအားဖြင့် ဖြစ်ပေါ်လာသော အကျိုးဝိပါက်ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိမြင်တော်မူသော ဉာဏ်တော်သည် ဖြစ်လေသနည်း? ဤလောက၌ ဘုရားရှင်သည် ဤသို့ ကွဲကွဲပြားပြား သိတော်မူ၏။

(က-၁) အချို့ကုန်သော ယုတ်မာကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုးထောင်ခဲ့ပြီးကုန်သော) အကုသိုလ်ကံတို့သည် (လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်ကဲ့သို့သော) ကောင်းသော ပြည့်စုံသော ဂတိ (= ဂတိသမ္ပတ္တိ)သည် တားမြစ်အပ်ကုန်သည်ဖြစ်ကုန်လတ်သော် အကျိုးမပေးကုန်၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(က-၂) အချို့ကုန်သော ယုတ်မာကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုးထောင်ခဲ့ပြီးကုန်သော) အကုသိုလ်ကံတို့သည် လှပသော ရုပ်အဆင်းတည်းဟူသော ပြည့်စုံသော ဥပဓိ (= ဥပဓိသမ္ပတ္တိ)သည် တားမြစ်အပ်ကုန်သည်ဖြစ်ကုန်လတ်သော် အကျိုးမပေးကုန်၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(က-၃) အချို့ကုန်သော ယုတ်မာကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုးထောင်ခဲ့ပြီးကုန်သော) အကုသိုလ်ကံတို့သည် မင်းကောင်းမင်းမြတ်, သူတော်သူမြတ်တို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာကာလတည်းဟူသော ပြည့်စုံသော ကာလ (= ကာလသမ္ပတ္တိ)သည် တားမြစ်အပ်ကုန်သည်ဖြစ်ကုန်လတ်သော် အကျိုးမပေးကုန်၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(က-၄) အချို့ကုန်သော ယုတ်မာကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုးထောင်ခဲ့ပြီးကုန်သော) အကုသိုလ်ကံတို့သည် ကောင်းသော လုံ့လပယောဂ = ကောင်းသော ကြိုးစားအားထုတ်ခြင်းတည်းဟူသော ပြည့်စုံသော ပယောဂ (= ပယောဂသမ္ပတ္တိ)သည် တားမြစ်အပ်ကုန်သည်ဖြစ်ကုန်လတ်သော် အကျိုးမပေးကုန်၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(ခ-၁) အချို့ကုန်သော ယုတ်မာကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုးထောင်ခဲ့ပြီးကုန်သော) အကုသိုလ်ကံတို့သည် အပါယ် (၄)ဘုံတည်းဟူသော ပျက်စီးသော ဂတိ (= ဂတိဝိပတ္တိ)သို့ ရှေးရှုရောက်၍ = ပျက်စီးသောဂတိ (= ဂတိဝိပတ္တိ)ကို အစွဲပြု၍ အကျိုးပေးကြကုန်၏၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

---

[၂၆] (က) တတ္ထ ကတမံ တထာဂတဿ အတီတာနာဂတပစ္စုပ္ပန္နာနံ ကမ္မသမာဒါနာနံ ဌာနသော ဟေတုသော ဝိပါကံ ယထာဘူတံ ဉာဏံ? ဣဓ တထာဂတော ပဇာနာတိ – အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ဂတိသမ္ပတ္တိပဋိဗာဠှာနိ န ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ဥပဓိသမ္ပတ္တိပဋိဗာဠှာနိ န ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ကာလသမ္ပတ္တိပဋိဗာဠှာနိ န ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ပယောဂသမ္ပတ္တိပဋိဗာဠှာနိ န ဝိပစ္စန္တိ။ (အဘိ၊၂၃၅၁။)

(ခ-၂) အချို့ကုန်သော ယုတ်မာကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) အကုသိုလ်ကံတို့သည် မလှပသော ရုပ်အဆင်းတည်းဟူသော ပျက်စီးသော ဥပဓိ (= ဥပဓိဝိပတ္တိ)သို့ ရှေးရှုရောက်၍ = ပျက်စီးသော ဥပဓိ (= ဥပဓိဝိပတ္တိ)ကို အစွဲပြု၍ အကျိုးပေးကြကုန်၏၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(ခ-၃) အချို့ကုန်သော ယုတ်မာကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) အကုသိုလ်ကံတို့သည် မကောင်းသော မင်း, မကောင်းသော လူတို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာကာလတည်းဟူသော ပျက်စီးသော ကာလ (= ကာလဝိပတ္တိ)သို့ ရှေးရှုရောက်၍ = ပျက်စီးသော ကာလ (= ကာလဝိပတ္တိ)ကို အစွဲပြု၍ အကျိုးပေးကြကုန်၏၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(ခ-၄) အချို့ကုန်သော ယုတ်မာကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) အကုသိုလ်ကံတို့သည် လုံ့လပယောဂ ချို့တဲ့ခြင်းတည်းဟူသော ပျက်စီးသော ပယောဂ (= ပယောဂဝိပတ္တိ)သို့ ရှေးရှုရောက်၍ = ပျက်စီးသော ပယောဂ (= ပယောဂဝိပတ္တိ)ကို အစွဲပြု၍ အကျိုးပေးကြကုန်၏၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။[၇၇]

(ဂ-၁) အချို့ကုန်သော ကောင်းကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) ကုသိုလ်ကံတို့သည် အပါယ် (၄)ဘုံတည်းဟူသော ပျက်စီးသော ဂတိ (= ဂတိဝိပတ္တိ)သည် တားမြစ်အပ်ကုန်သည်ဖြစ်ကုန်လတ်သော် အကျိုးမပေးကုန်၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(ဂ-၂) အချို့ကုန်သော ကောင်းကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) ကုသိုလ်ကံတို့သည် မလှပသော ရုပ်အဆင်းတည်းဟူသော ပျက်စီး-သော ဥပဓိ (= ဥပဓိဝိပတ္တိ)သည် တားမြစ်အပ်ကုန်သည်ဖြစ်ကုန်လတ်သော် အကျိုးမပေး-ကုန်၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(ဂ-၃) အချို့ကုန်သော ကောင်းကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) ကုသိုလ်ကံတို့သည် မကောင်းသော မင်း, မကောင်းသော လူတို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာကာလတည်းဟူသော ပျက်စီးသော ကာလ (= ကာလဝိပတ္တိ)သည် တားမြစ်အပ်ကုန်သည် ဖြစ်ကုန်လတ်သော် အကျိုးမပေးကုန်၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(ဂ-၄) အချို့ကုန်သော ကောင်းကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) ကုသိုလ်ကံတို့သည် လုံ့လပယောဂ ချို့တဲ့ခြင်းတည်းဟူသော ပျက်စီး-သော ပယောဂ (= ပယောဂဝိပတ္တိ)သည် တားမြစ်အပ်ကုန်သည်ဖြစ်ကုန်လတ်သော် အကျိုး

[၇၇] (ခ) အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ဂတိဝိပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ဥပဓိဝိပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ကာလဝိပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ပါပကာနိ ကမ္မသမာဒါနာနိ ပယောဂဝိပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။ (အဘိ၊၄၊၂၃၅၁။)

မပေးကုန်၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။[၃၈]

(ဃ-၁) အချို့ကုန်သော ကောင်းကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) ကုသိုလ်ကံတို့သည် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်ကဲ့သို့သော ကောင်းသော ပြည့်စုံသော ဂတိ (= ဂတိသမ္ပတ္တိ)သို့ ရှေးရှုရောက်၍ = ပြည့်စုံသော ဂတိ (= ဂတိသမ္ပတ္တိ)ကို အစွဲပြု၍ အကျိုးပေးကြကုန်၏၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(ဃ-၂) အချို့ကုန်သော ကောင်းကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) ကုသိုလ်ကံတို့သည် လှပသော ရုပ်အဆင်းတည်းဟူသော ပြည့်စုံ-သော ဥပဓိ (= ဥပဓိသမ္ပတ္တိ)သို့ ရှေးရှုရောက်၍ = ပြည့်စုံသော ဥပဓိ (= ဥပဓိသမ္ပတ္တိ)ကို အစွဲပြု၍ အကျိုးပေးကြကုန်၏၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(ဃ-၃) အချို့ကုန်သော ကောင်းကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) ကုသိုလ်ကံတို့သည် မင်းကောင်းမင်းမြတ်၊ သူတော်သူမြတ်တို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာကာလတည်းဟူသော ပြည့်စုံသော ကာလ (= ကာလသမ္ပတ္တိ)သို့ ရှေးရှုရောက်၍ = ပြည့်စုံသော ကာလ (= ကာလသမ္ပတ္တိ)ကို အစွဲပြု၍ အကျိုးပေးကြကုန်၏၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။

(ဃ-၄) အချို့ကုန်သော ကောင်းကုန်သော အကြင် ဆောက်တည်ထားအပ်ကုန်သော (= ပြုစုပျိုး-ထောင်ခဲ့ပြီးကုန်သော) ကုသိုလ်ကံတို့သည် ကောင်းသော လုံ့လပယောဂ = ကောင်းသော ကြိုးစားအားထုတ်ခြင်းတည်းဟူသော ပြည့်စုံသော ပယောဂ (= ပယောဂသမ္ပတ္တိ)သို့ ရှေးရှု-ရောက်၍ = ပြည့်စုံသော ပယောဂ (= ပယောဂသမ္ပတ္တိ)ကို အစွဲပြု၍ အကျိုးပေးကြကုန်၏၊ ထိုကံမျိုးတို့သည် ရှိကြကုန်၏။[၃၉]

ထိုဉာဏ်တို့တွင် ဤဆိုအပ်ပြီးသော အကြင်ပညာသည် အကြင် ကွဲကွဲပြားပြား သိခြင်း 'ပညာ'၊ အပြားအားဖြင့် သိခြင်းသဘော 'ပဇာနနာ'၊ (အနိစ္စ စသည်ကို) စိစစ်ခြင်းသဘော 'ဝိစယ'၊ အပြား-အားဖြင့် စိစစ်ခြင်းသဘော 'ပဝိစယ'၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ (အနိစ္စ စသည်ကို) ကောင်းစွာ မှတ်ခြင်းသဘော 'သလ္လက္ခဏာ'၊ ကပ်၍ မှတ်ခြင်းသဘော 'ဥပ-

[၃၈] (ဂ) အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ဂတိဝိပတ္တိပဋိဗာဠှာနိ န ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ဥပဓိဝိပတ္တိပဋိဗာဠှာနိ န ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ကာလ-ဝိပတ္တိပဋိဗာဠှာနိ န ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ပယောဂဝိပတ္တိပဋိဗာဠှာနိ န ဝိပစ္စန္တိ။ (အဘိ၊၂၃၅၁။)

[၃၉] (ဃ) "အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ဂတိသမ္ပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ဥပဓိသမ္ပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ကာလသမ္ပတ္တိံ အာဂမ္မ ဝိပစ္စန္တိ။ အတ္ထေကစ္စာနိ ကလျာဏာနိ ကမ္မသမာဒါနာနိ ပယောဂသမ္ပတ္တိံ အာဂမ္မ ဝိပစ္စန္တီ"တိ။ ယာ တတ္ထ ပညာ ပဇာနနာ။ ပ ။ အမောဟော ဓမ္မဝိစယော သမ္မာဒိဋ္ဌိ -- ဣဒံ တထာဂတဿ အတီတာနာဂတပစ္စုပ္ပန္နာနံ ကမ္မသမာဒါနာနံ ဌာနသော ဟေတုသော ဝိပါကံ ယထာဘူတံ ဉာဏံ။ (အဘိ၊၂၃၅၁-၃၅၂။)

လက္ခဏာ'၊ ရှေးရှုကပ်၍ မှတ်ခြင်းသဘော 'ပစ္စုပလက္ခဏာ'၊ အသိဉာဏ်ရှိသူ၏အဖြစ် 'ပဏ္ဍိစ္စ'၊ ကျွမ်းကျင် (လိမ္မာ)သူ၏အဖြစ် 'ကောသလ္လ'၊ သိမ်မွေ့သူ၏အဖြစ် 'နေပုည'၊ (အနိစ္စ စသည်ကို) ဝေဖန်တတ်သူ (ထင်ရှားပြတတ်သူ)၏အဖြစ် 'ဝေဘဗျာ'၊ (အနိစ္စ စသည်ကို) ကြံစည်ခြင်းသဘော 'စိန္တာ'၊ နှိုင်းချိန်ခြင်းသဘော 'ဥပပရိက္ခာ'၊ မြေကြီးနှင့် တူသောသဘော, တစ်နည်း – ဟုတ်မှန်သော အနက်၌ မွေ့လျော်တတ်သောသဘော 'ဘူရီ'၊ ကိလေသာတို့ကို ညှဉ်းဆဲနှိပ်စက်တတ်သောသဘော 'မေဓာ'၊ ထိုးထွင်း၍ သိမှု၌ ညွှတ်စေတတ်သောသဘော 'ပရိဏာယိကာ'၊ အထူးထူးရှုမြင်တတ်သော သဘော 'ဝိပဿနာ'၊ ကောင်းစွာ ကွဲကွဲပြားပြား သိတတ်သောသဘော 'သမ္ပဇည'၊ (လမ်းမှားသို့ ပြေးသွားနေသော စိတ်ကို လမ်းမှန်သို့ရောက်ရန် ထိုးနှင်တတ်သဖြင့်) နှင်တံ (တုတ်တံဖျာ)နှင့် တူသောသဘော 'ပတောဒ'၊ ပညာဟူသော အစိုးတရ ကွဲကွဲပြားပြား သိမှု 'ပညိန္ဒြေ'၊ မတုန်မလှုပ် ကွဲကွဲပြားပြား သိမှု 'ပညာဗိုလ်'၊ (ကိလေသာတို့ကို ဖြတ်တတ်သော) ကွဲကွဲပြားပြား သိမှုလက်နက် 'ပညာသတ္ထ'၊ (မိမိ ဖြစ်ရာပုဂ္ဂိုလ်ကို မြင့်တက်စေတတ်သော) ကွဲကွဲပြားပြား သိမှုပြာသာဒ် 'ပညာ-ပါသာဒ'၊ ကွဲကွဲပြားပြား သိမှုပညာအလင်းရောင် 'ပညာအာလောက'၊ ကွဲကွဲပြားပြား သိမှုပညာ-အရောင် 'ပညာဩဘာသ'၊ ကွဲကွဲပြားပြား သိမှုတန်ဆောင် 'ပညာပဇ္ဇောတ'၊ (ဖြစ်နိုင်ခဲ ရနိုင်ခဲ၍ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော) ကွဲကွဲပြားပြား သိမှုရတနာ 'ပညာရတနာ'၊ မတွေမဝေ သိမှု 'အမောဟ'၊ (သစ္စာလေးပါး)တရားတို့ကို စိစစ်ခြင်းသဘော 'ဓမ္မဝိစယ'၊ ကောင်းမွန်မှန်ကန်စွာ သိမြင်မှု 'သမ္မာဒိဋ္ဌိ'သည် (ရှိ၏)။ ဤသမ္မာဒိဋ္ဌိသည် အတိတ်, အနာဂတ်, ပစ္စုပ္ပန်ဖြစ်ကုန်သော ဆောက်တည်ထားအပ်ကုန်သော ကံတို့၏ ဟုတ်မှန်သော အကြောင်းအားဖြင့် ဖြစ်ပေါ်လာသော အကျိုးဝိပါက်ကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သိသောဉာဏ်တည်း။[၈၀]

## သမ္ပတ္တိနှင့် ဝိပတ္တိ

၁။ **ဂတိသမ္ပတ္တိ**ဟူသည် လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တည်းဟူသော ပြည့်စုံသော ဂတိတည်း။ **ဂတိဝိပတ္တိ**ဟူသည် အပါယ် (၄)ဘုံတည်းဟူသော ဖောက်ပြန်ပျက်စီးသော ဂတိတည်း။

၂။ **ဥပဓိသမ္ပတ္တိ**ဟူသည် ရုပ်အဆင်း လှပတင့်တယ်ခြင်းတည်းဟူသော ခန္ဓာကိုယ်အတ္တဘော၏ ပြည့်စုံခြင်းတည်း။ **ဥပဓိဝိပတ္တိ**ဟူသည် ရုပ်အဆင်း မလှပခြင်း, အကျည်းတန် အရုပ်ဆိုးခြင်း, ယုတ်ညံ့သော ခန္ဓာကိုယ်အတ္တဘောရှိခြင်း, ခြေလက်အင်္ဂါချို့တဲ့ခြင်းတည်း။

၃။ **ကာလသမ္ပတ္တိ**ဟူသည် မဟာသုဒဿနစကြာမင်း အစရှိသော မင်းကောင်းမင်းမြတ်တို့၏ ဖြစ်ထွန်းရာ အချိန်အခါကာလ, ကမ္ဘာဦးသူ လူအစရှိသော သူတော်သူမြတ်တို့၏ ဖြစ်ထွန်း ပေါ်ပေါက်ရာ အချိန်ကာလ, ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်တော်မူရာ အချိန်ကာလဟု ဆိုအပ်သော ပြည့်စုံသော ကာလတည်း။ **ကာလဝိပတ္တိ**ဟူသည် မကောင်းသော မင်း, မကောင်း သော လူတို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာကာလဟုဆိုအပ်သော ပျက်စီးသော ကာလတည်း။

၄။ **ပယောဂသမ္ပတ္တိ**ဟူသည် ကောင်းမွန်မှန်ကန်သော ကာယပယောဂ = ကိုယ်ဖြင့် ကြိုးစားအား-

[၈၀] အဘိ၊၂၊၃၅၂။

ထုတ်မှု, ဝစီပယောဂ = နှုတ်ဖြင့် ကြိုးစားအားထုတ်မှု ပြောဆိုမှု, မနောပယောဂ = စိတ်ဖြင့် ကြိုးစားအားထုတ်မှု ကြံစည်မှုတည်း။ **ပယောဂဝိပတ္တိ**ဟူသည် မှားယွင်းသော ကြိုးစားအားထုတ်မှု မိစ္ဆာပယောဂတည်း။ ကိုယ်ဖြင့် မပြုသင့်သည်ကို ပြုမှု, နှုတ်ဖြင့် မပြောသင့်သည်ကို ပြောဆိုမှု, စိတ်ဖြင့် မကြံစည်သင့်သည်ကို ကြံစည်မှုတည်း။[၈၁]

ပြုစုပျိုးထောင်ခဲ့ပြီးကုန်သော ဆောက်တည်ထားအပ်ကုန်သော အကုသိုလ်ကံတို့သည် **ဝိပတ္တိ** တရား (၄)ပါးကို အမှီရခဲ့သော် အကျိုးပေးရန် အခွင့်သာလာတတ်ကုန်၏။ **သမ္ပတ္တိ** (၄)ပါးတို့နှင့် တွေ့ကြုံခိုက် အကျိုးပေးရန် အခါအခွင့်မသင့် ဖြစ်တတ်ကြကုန်၏။ ပြုစုပျိုးထောင်ခဲ့ပြီးကုန်သော ဆောက်တည်ထားအပ်ကုန်သော ကုသိုလ်ကံတို့သည် **သမ္ပတ္တိ** (၄)ပါးတို့နှင့် တွေ့ကြုံခိုက် အကျိုးပေး တတ်ကြကုန်၏။ **ဝိပတ္တိ**တရား (၄)ပါးတို့နှင့် တွေ့ကြုံခိုက် အကျိုးမပေးနိုင် ရှိတတ်ကြကုန်၏။

ယင်းကံတို့ကို (က-ခ-ဂ-ဃ)ဟု (၄)အုပ်စုခွဲ၍ အထက်၌ တင်ပြထား၏။ အုပ်စု တစ်ခုတစ်ခု၌ ကံ (၄)မျိုးစီ ရှိသဖြင့် အားလုံးပေါင်းသော် ကံ (၁၆)မျိုး ရှိ၏။ အကျယ်မှာ အောက်ပါအတိုင်း ဖြစ်၏။ —

## (က) အုပ်စု ကံ (၄) မျိုး

၁။ ထိုတွင် အချို့သော ပုဂ္ဂိုလ်၏သန္တာန်ဝယ် များစွာကုန်သော မကောင်းမှု အကုသိုလ်ကံ-တို့သည် ရှိကြကုန်၏။

ထိုမကောင်းမှု အကုသိုလ်ကံတို့သည် ပျက်စီးသော ဂတိ = ဂတိဝိပတ္တိ၌ တည်နေသော ပုဂ္ဂိုလ်၏ သန္တာန်၌ အကျိုးပေးကုန်ရာ၏။ [= ထိုပုဂ္ဂိုလ်သည် အပါယ် (၄)ဘုံ၌ ရောက်ရှိနေခဲ့သော် ထို အကုသိုလ်ကံတို့သည် အကျိုးပေးနိုင်ကုန်ရာ၏။] ထိုသို့ပင် အကျိုးပေးနိုင်ပါကုန်သော်လည်း ထို ပုဂ္ဂိုလ်သည် တစ်ခုသော ကောင်းမှုကုသိုလ်ကံကြောင့် ဂတိသမ္ပတ္တိဖြစ်သော လူ့ပြည်, နတ်ပြည်, ဗြဟ္မာ့ပြည်တို့၌ ဖြစ်နေရ၏။ ထိုကဲ့သို့သော ဂတိသမ္ပတ္တိအရပ်၌လည်း အကုသိုလ်၏ အကျိုးပေးဖို့ရန် အလှည့်အကြိမ်သည် မရှိ ဖြစ်ခဲ့၏။ အကယ်စင်စစ်မှာမူ ကုသိုလ်ကံ၏သာလျှင် အကျိုးပေးဖို့ရန် အလှည့်အကြိမ် ဖြစ်နေ၏။ ဤသို့လျှင် ထိုပုဂ္ဂိုလ်၏ ထိုအကုသိုလ်ကံတို့သည် ပြည့်စုံသော ဂတိ တည်းဟူသော **ဂတိသမ္ပတ္တိ**က တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးကုန် = အကျိုးပေးဖို့ရန် မရင့်ကျက်သေးကုန်။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၈၂]

၂။ အခြားတစ်ယောက်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်း များစွာကုန်သော မကောင်းမှု အကု-သိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုမကောင်းမှု အကုသိုလ်ကံတို့သည် ရုပ်အဆင်း မလှပခြင်း, အကျည်းတန် အရုပ်ဆိုးခြင်း, ယုတ်ညံ့သော ခန္ဓာကိုယ်အတ္တဘောရှိခြင်းတည်းဟူသော ပျက်စီးသော ဥပဓိ၌ တည်သော ပုဂ္ဂိုလ်၏သန္တာန်၌ အကျိုးပေးကုန်ရာ၏။ ထိုသို့ပင် အကျိုးပေးနိုင်ကုန်သော်လည်း ထိုပုဂ္ဂိုလ်သည် တစ်ခုသော ကောင်းမှုကုသိုလ်ကံကြောင့် ရုပ်အဆင်း၏ လှပတင့်တယ်ခြင်း ပြည့်စုံ-

[၈၁, ၈၂] အဘိ၊၄၊၂၊၂၄၁။

သော ခန္ဓာကိုယ်အတ္တဘောရှိခြင်းတည်းဟူသော ဥပဓိသမ္ပတ္တိ၌ တည်သည်၊ ကောင်းသော ပုံ-သဏ္ဌာန်ရှိသော ကိုယ်အင်္ဂါကြီးငယ် ရှိသည်၊ အလွန်အဆင်းလှပသည်၊ ရှုချင်စဖွယ် တင့်တယ်သည်၊ ပြဟ္မာ၏ အတ္တဘောနှင့် တူသော အတ္တဘောရှိသည် ဖြစ်လေ၏။ ကျွန်မ၏ ဝမ်းဝယ် ပဋိသန္ဓေ-အားဖြင့် ဖြစ်ပွားလာရသော ကျွန်သည် အကယ်၍မူလည်း ဖြစ်စေဦးတော့၊ ဤသို့ ကျွန်မ၏သားပင် ဖြစ်ရသော်လည်း ဤမျှလောက် လှပတင့်တယ်သော ခန္ဓာကိုယ်အတ္တဘောရှိသူသည် ညစ်ပေသော အလုပ် အောက်တန်းကျသော အသက်မွေးဝမ်းကျောင်းအလုပ်အား မလျော်မလျောက်ပတ်၊ ဤသို့ နှလုံးပိုက်၍ ဆင်ထိန်း မြင်းထိန်း နွားကျောင်းသား အစရှိသူတို့၏ အမှုလုပ်ငန်းရပ်တို့ကို ထိုဥပဓိ-သမ္ပတ္တိနှင့် ပြည့်စုံနေသူကို မပြုစေကြကုန်။

သိမ်မွေ့သော အဝတ်တို့ကို ဝတ်စေ၍ ဘဏ္ဍာစိုးအရာစသည့် ရာထူးဌာနန္တရတို့၌ ထားကြ-ကုန်၏။ အကယ်၍ အမျိုးသမီးဖြစ်အံ့၊ ဤသို့ အမျိုးသမီးဖြစ်လတ်သော် ဆင်စာ ထမင်းချက်ခြင်း အစရှိသည့် အမှုလုပ်ငန်းရပ်တို့ကို မပြုစေကုန်၊ အဝတ်တန်ဆာကို ပေး၍ အိမ်ရာစောင့်ကိုသော်-လည်း ထိုအမျိုးသမီးကို ပြုကြကုန်၏ = အိမ်ကို ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် တာဝန်ပေးကြ ကုန်၏။ သာမဒေဝီကဲ့သို့ အကျွမ်းဝင်သူတို့၏ အရာဌာန၌သော်လည်း ထားကြကုန်၏။

ချဲ့၍ ဆိုဦးအံ့ . . . ဘာတိကမင်း၏ လက်ထက်၌ နွားသားကို စားကုန်သော များစွာကုန်သော လူတို့ကို ဖမ်းယူ၍ ဘာတိကမင်းအား ပြုကြကုန်၏ = ဘာတိကမင်းထံသို့ ခေါ်ဆောင်လာကြကုန်၏။ ဘာတိကမင်းက မှူးကြီးမတ်ရာတို့ကို "ထိုနွားသားစားသူတို့ကို ဒဏ်ပေးခြင်းငှာ စွမ်းနိုင်ကြပါကုန်-သလော"ဟု မေးမြန်းလတ်သော် မစွမ်းနိုင်ပါကုန်ဟု သံတော်ဦးတင်ကြကုန်၏။ ထိုအခါ၌ ထိုနွားသား စားသူတို့ကို မင်းရင်ပြင်တော်၌ အမှိုက်သရိုက်သုတ်သင်သူ အလုပ်သမားတို့အဖြစ် ပြုလုပ်ကြကုန်၏။ ထိုနွားသားစားသူ အလုပ်သမားတို့၏ တစ်ဦးသော သမီးသည် အလွန် အဆင်းလှ၏၊ ရှုချင်စဖွယ် ရှိ၏၊ စိတ်ကြည်လင်ခြင်းကို ဖြစ်စေတတ်၏ = ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်၏။ ထိုသတို့သမီးကို မြင်ရ၍ ဘာတိကမင်းသည် နန်းတော်အတွင်းသို့ ဆောင်ယူ၍ အကျွမ်းဝင်သူတို့၏ အရာဌာန၌ ထား၏။ ထိုသတို့သမီး၏ ဆွေမျိုးသားချင်းတို့သည်လည်း ထိုသတို့သမီး၏ အာနုဘော်ကြောင့် = **ဥပဓိသမ္ပတ္တိ**နှင့် ပြည့်စုံအောင် တည်ထောင်ဖန်ဆင်းပေးလိုက်သော ကံပိုင်ရှင် ထိုသတို့သမီး၏ တန်ခိုးကြောင့် ချမ်းသာစွာ အသက်မွေးကြရကုန်၏။ မှန်ပေသည် . . . ထိုကဲ့သို့ ရှုအပ်သော ထိုမျှလောက် လှပတင့်တယ်သော ခန္ဓာကိုယ်အတ္တဘော၌ မကောင်းမှု အကုသိုလ်ကံတို့သည် အကျိုး ပေးခြင်းငှာ မစွမ်းနိုင်ကုန်၊ ဤသို့လျှင် **ဥပဓိသမ္ပတ္တိ**သည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကုသိုလ် ကံတို့သည် အကျိုးမပေးနိုင်ကုန်။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၈၇]

**ဥပဒေသ** — အထက်ပါ ပါဠိတော် အဋ္ဌကထာတို့၏ မိန့်ဆိုတော်မူချက်နှင့် ဖွင့်ဆိုတော်မူချက်-အရ . . . တစ်ခုသော ကောင်းမှုကုသိုလ်ကံကြောင့် ဥပဓိသမ္ပတ္တိနှင့် ပြည့်စုံရခြင်းတည်းဟူသော အကျိုးတရားမှာ ကံကို ပြုစုပျိုးထောင်ခဲ့သူ ကံပိုင်ရှင်နှင့်သာ သက်ဆိုင်၍ အခြားအခြားသော ပဝတ္တိကောင်းကျိုးများမှာ ကံပိုင်ရှင်လည်း ရယူခံစားနိုင်၏၊ ကံပိုင်ရှင်နှင့် နီးစပ်ရာ ပုဂ္ဂိုလ်တို့လည်း

[၈၇] အဘိ၊ဋ္ဌ၊၂၄၂၁-၄၂၂။

ရယူခံစားနိုင်ကြ၏ဟု မှတ်ပါ။ ထိုကံကြောင့် ကံပိုင်ရှင်သည်လည်း ပဝတ္တိကောင်းကျိုးချမ်းသာများကို ခံစားနိုင်၏၊ ကံပိုင်ရှင်နှင့် နီးစပ်ရာ ပုဂ္ဂိုလ်တို့သည်လည်း ပဝတ္တိကောင်းကျိုးချမ်းသာများကို ခံစားနိုင်-ကြ၏ဟု ဆိုလိုသည်။

၃။ သတ္တဝါတစ်ဦး၏သန္တာန်ဝယ် များစွာကုန်သော မကောင်းမှု အကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုမကောင်းမှု အကုသိုလ်ကံတို့သည် ပျက်စီးသော ကာလဝိပတ္တိ၌ တည်သော ပုဂ္ဂိုလ်၏ သန္တာန်၌ = မကောင်းသောမင်း, မကောင်းသော လူတို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာ ကာလဝိပတ္တိ၌ လူဖြစ်လာရသော ပုဂ္ဂိုလ်၏သန္တာန်၌ အကျိုးပေးနိုင်ကုန်လေရာ၏။ ထိုသို့ပင် အကျိုးပေးနိုင်ကုန်-သော်လည်း ထိုသူသည် တစ်ခုသော ကောင်းမှုကုသိုလ်ကံကြောင့် ကမ္ဘာဦး၌ ဖြစ်ကြကုန်သော လူတို့၏သော်လည်းကောင်း, စကြဝတေးမင်း၏သော်လည်းကောင်း, ဘုရားရှင်တို့၏သော်လည်း-ကောင်း ပွင့်ထွန်းပေါ်ပေါက်တော်မူရာအခါဟူသော မင်းကောင်းမင်းမြတ်, သူတော်သူမြတ်တို့၏ ခေတ်အခါကာလ၌ လူလာဖြစ်ရ၏။ ထိုကဲ့သို့သော ပြည့်စုံသော ကာလသမ္ပတ္တိ၌လည်း လူဖြစ်လာ-ရသော ပုဂ္ဂိုလ်အား အကုသိုလ်ကံ၏ အကျိုးပေးခြင်းငှာ အခါအခွင့်သည် မရှိ ဖြစ်နေ၏။ စင်စစ်မှာမူ ကုသိုလ်ကံ၏သာလျှင် အကျိုးပေးဖို့ရန် အခါအခွင့်သည် ဖြစ်ပေါ်နေ၏။ ဤသို့လျှင် **ကာလသမ္ပတ္တိ**-သည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကုသိုလ်ကံတို့သည် အကျိုးမပေးနိုင်ကုန်။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၈၄]

၄။ အခြားပုဂ္ဂိုလ်တစ်ယောက်၏သန္တာန်၌လည်း အတိတ်ဘဝထိုထိုက ဆောက်တည်ကျင့်သုံး-ခဲ့သည့်, လွန်ကျူးခဲ့မိသည့် အကုသိုလ်ကံများစွာပင် ရှိနေကြပြန်သည်။ ယင်းအကုသိုလ်ကံတို့သည် ပယောဂစက် ချို့တဲ့ခဲ့မည်ဆိုလျှင် အကျိုးပေးကြမှာ သေချာ၏။ ပယောဂစက် ချို့တဲ့ခြင်းဆိုသည်မှာ ဒုစရိုက်အမျိုးမျိုးတွေကို အဖိုးအခမယူဘဲနှင့်ဖြစ်စေ, အဖိုးအခယူ၍ပင်ဖြစ်စေ လက်သွက်သွက်နှင့်, အာသွက်လျှာသွက်နှင့် မြိန်ရေရှက်ရေ လွန်ကျူးနေခြင်းကို ပြောဆိုလိုရင်းဖြစ်သည်။

ဤကဲ့သို့ ဒုစရိုက်မျိုးစုံကို မိတ်ဆွေဖွဲ့ထားသည့် မကောင်းသော အကျင့်များမှာ ရပ်တည်-နေသည့်သူကို ပယောဂဝိပတ္တိ (= ပျက်စီးနေသည့် ပယောဂ)၌ ရပ်နေသည့်ပုဂ္ဂိုလ်ဟု ခေါ်ဆို-ပေသည်။ ယခုကဲ့သို့ ပယောဂစက် ပျက်စီးနေသည့် ပယောဂဝိပတ္တိမှာ ရပ်တည်နေခဲ့မည်ဆိုလျှင် အတိတ်ဘဝထိုထိုက ထူထောင်ခဲ့ကြသည့် အကုသိုလ်ကံတို့သည် မကောင်းကျိုးတို့ကို အကျိုးပေး-ကြဖို့ရန် သေချာသလောက် ဖြစ်နေ၏။

သို့သော် အတိတ်ဘဝက စုဆောင်းရှာဖွေခဲ့သည့်, ပြုစုပျိုးထောင်ခဲ့သည့် စရဏမျိုးစေ့ဟု ခေါ်ဆိုသည့် ကောင်းမှုကုသိုလ်ကံတစ်ခုက မြောက်တင်ပေးလိုက်သည့်အတွက် ဘုရားအစရှိကုန်-သော အရိယာသူတော်ကောင်းများ, မိတ်ကောင်းဆွေကောင်း မိကောင်းဘကောင်းများနှင့် ဤဘဝ-တွင် လာရောက်ကာ ဆုံဆည်းမိသည့်အတွက် သီလကျင့်စဉ်များကို တကယ်လက်တွေ့ ဖြူဖြူစင်စင် ဖြည့်ကျင့်ပြန်၏။ သမာဓိကျင့်စဉ်များကို တကယ်လက်တွေ့ အောင်အောင်မြင်မြင် ပြုစုပျိုးထောင်

[၈၄] အဘိ၊၄၊၂၄၂၂။

ပြန်၏။ ဝိပဿနာဘာဝနာကျင့်စဉ်များကိုလည်း တကယ်လက်တွေ့ အောင်အောင်မြင်မြင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ပြန်၏။ ဤကဲ့သို့သော ကောင်းမှုကုသိုလ်ကံအမျိုးမျိုးတို့ကို ပြုစုပျိုး-ထောင်ပြန်၏။ ယင်းကဲ့သို့ ပြုစုပျိုးထောင်နေခြင်းသည် ပယောဂသမ္ပတ္တိ (= ကောင်းမှုကုသိုလ်များကို ကြိုးစားအားထုတ်ခြင်း) လုံ့လပယောဂဟုခေါ်ဆိုသည့် သမ္ပတ္တိစက်နှင့် ပြည့်စုံနေခြင်းဖြစ်၏။ ဤသို့-လျှင် ကာယကံစင်ကြယ်မှု, ဝစီကံစင်ကြယ်မှု, မနောကံစင်ကြယ်မှုများကို ပြည့်ပြည့်စုံစုံ ဆောက်တည် ကျင့်သုံးပြန်၏။

ဤကဲ့သို့ ပယောဂသမ္ပတ္တိစက်နှင့် ပြည့်စုံနေသည့် နေရာဌာနမျိုး၌ အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ခဲ့ကြသည့် အကုသိုလ်ကံတို့သည် အကျိုးပေးဖို့ရန် အခါအခွင့်ကို မရနိုင်ဖြစ်နေကြ၏။ **"ဧကန္တံ ကုသလဿေဝ ဩကာသော** = စင်စစ် ကုသိုလ်ကံက အကျိုးပေးဖို့ရန် အခွင့်အလမ်းကသာ ပွင့်လန်းလျက် ရှိနေ၏။" — ဤနည်းအားဖြင့် ပယောဂသမ္ပတ္တိစက်က အချက်ကျကျ ချက်ပိုင်ပိုင် တားမြစ်ထားသည့်အတွက် အကုသိုလ်ကံတို့သည် အကျိုးမပေးနိုင် ဖြစ်နေကြ၏။[၈၅]

ဤအရာဝယ် မူလဋီကာဆရာတော်က ဤသို့ ဆက်လက် ရှင်းပြထား၏ —

**"ဧကန္တံ ကုသလဿေဝ ဩကာသော** = စင်စစ် ကုသိုလ်ကံက အကျိုးပေးဖို့ရန် အခွင့်အလမ်း-ကသာ ပွင့်လန်းလျက် ရှိနေ၏"ဟူသော ဤစကားကို — အချို့သော ရန်သူသည် ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်တည်းဟူသော သုစရိုက်တရားတို့ကို ဖြည့်ကျင့်ခြင်း သမထ-ဝိပဿနာ ဘာဝနာတို့ကို အပတ်တကုတ် ကြိုးစားအားထုတ်ခြင်းတည်းဟူသော ကောင်းမွန်ပြည့်စုံသော ပယောဂသမ္ပတ္တိ၌ တည်နေသော (အရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီး, မဟာတိဿ ကိုယ်တော်မြတ်ကြီး, ခဒိရဝနိယရေဝတ ခန္တိဝါဒီရသေ့ကြီးစသည့် သူတော်ကောင်းကြီးတို့ကဲ့သို့သော) သူတော်ကောင်း တစ်ဦးကို အကယ်၍မူလည်း နှိပ်စက်ညှဉ်းဆဲအံ့၊ သတ်ဖြတ်အံ့၊ ထိုသို့ပင် နှိပ်စက်ညှဉ်းဆဲခံရပါ-သော်လည်း ထိုနှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ခြင်းသည် နှိပ်စက်ညှဉ်းဆဲ သတ်ဖြတ်သော ရန်သူ၏ သာလျှင် မနာလိုခြင်း အစရှိသော အကြောင်းရှိခြင်းဟူသော ဖောက်ဖောက်ပြန်ပြန် စွဲယူထားခြင်း-ကြောင့် = ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်လိုသော ရန်သူ၏သန္တာန်၌ ဖြစ်ပေါ်နေသော မနာလိုခြင်း ကိလေသာတရား စသည်လျှင် အကြောင်းရင်းခံရှိသော ဖောက်ဖောက်ပြန်ပြန် မှားမှားယွင်းယွင်း အထင်လွဲ အမြင်လွဲ စွဲယူထားသော စိတ်ဓာတ်ကြောင့်သာလျှင် ဖြစ်ပေါ်လာရ၏။ ကာယသုစရိုက် စသည်နှင့် ပြည့်စုံခြင်းတည်းဟူသော ထိုပယောဂသမ္ပတ္တိသည် သဘာဝအားဖြင့် = ဓမ္မတာအားဖြင့် ကောင်းမြတ်သော ချမ်းသာသော အကျိုး၏သာလျှင် အကြောင်းတရား ဖြစ်၏။ မကောင်းသော အကျိုး, ဆင်းရဲသော အကျိုး၏ အကြောင်းတရား မဟုတ်ပေ။ — ဤကဲ့သို့သော အနက်အဓိပ္ပာယ်ကို ရည်ရွယ်တော်မူ၍ အဋ္ဌကထာဆရာတော်က ဖွင့်ဆိုသွားတော်မူခြင်း ဖြစ်၏။[၈၆]

[၈၅] အဘိ၊ဌ၊၂၊၄၂၂။ [၈၆] မူလဋီ၊၂၊၂၁၀။

## (ခ) အုပ်စု ကံ (၄) မျိုး

၁။ အခြားတစ်ယောက်သော သတ္တဝါ၏သန္တာန်၌လည်း များစွာကုန်သော မကောင်းမှု အကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုမကောင်းမှု အကုသိုလ်ကံတို့သည် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် တည်းဟူသော **ဂတိသမ္ပတ္တိ**၌ တည်နေသော ထိုသတ္တဝါ၏သန္တာန်၌ အကျိုးမပေးနိုင်ကုန်သေးရာ။ ထိုသို့ပင် အကျိုးမပေးနိုင်ကုန်သေးသော်လည်း ထိုသတ္တဝါသည် တစ်ခုသော မကောင်းမှု အကုသိုလ်ကံကြောင့် အပါယ် (၄)ဘုံတည်းဟူသော ပျက်စီးသော ဂတိ = **ဂတိဝိပတ္တိ**၌ပင်လျှင် ပဋိသန္ဓေအားဖြင့် ဖြစ်ရလေ၏။ ထို**ဂတိဝိပတ္တိ**တည်းဟူသော အပါယ်ဘုံ၌ ထိုသတ္တဝါ၏ မကောင်းမှု အကုသိုလ်ကံတို့သည် အလှည့်ကျ အလှည့်ကျအားဖြင့် မကောင်းကျိုးကို ပေးကြကုန်၏၊ တစ်ရံတစ်ခါ၌ ငရဲ၌ ဖြစ်စေကြကုန်၏၊ တစ်ရံတစ်ခါ၌ တိရစ္ဆာန်တို့၏ ပေါင်းဆုံရာဌာန တိရစ္ဆာန်ဘုံဘဝ၌ ဖြစ်စေကြကုန်၏၊ တစ်ရံတစ်ခါ၌ ပြိတ္တာတို့၏ နယ်မြေ ပြိတ္တာဘုံဘဝ၌ ဖြစ်စေကြကုန်၏။ ရှည်မြင့်စွာသော အချိန်ကာလဖြင့်လည်း အပါယ်မှ ဦးခေါင်းကို မြောက်ချီခြင်းငှာ မပေးကုန်။ ဤသို့လျှင် **ဂတိသမ္ပတ္တိ**သည် တားမြစ်အပ်ကုန်သည်၏အဖြစ်ကြောင့် အကျိုးကို ပေးခြင်းငှာ မစွမ်းနိုင် ဖြစ်နေကြကုန်သော အကုသိုလ်ကံတို့သည် **ဂတိဝိပတ္တိ**သို့ ရှေးရှုရောက်၍ **ဂတိဝိပတ္တိ**ကို အစွဲပြု၍ အကျိုးပေးကြကုန်၏။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၈၇]

၂။ အခြားတစ်ယောက်သော သတ္တဝါ၏သန္တာန်၌လည်း များစွာကုန်သော မကောင်းမှု အကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုမကောင်းမှု အကုသိုလ်ကံတို့သည် ဥပဓိရုပ်ရည်၏ ပြည့်စုံခြင်း **ဥပဓိသမ္ပတ္တိ**၌ တည်နေသော ပုဂ္ဂိုလ်၏သန္တာန်၌ အကျိုးမပေးနိုင်ကုန်ရာ၊ ထိုသို့ပင် အကျိုးမပေးနိုင်ကုန်သော်လည်း ထိုသတ္တဝါသည် တစ်ခုသော မကောင်းမှု အကုသိုလ်ကံကြောင့် ဥပဓိ၏ ပျက်စီးခြင်း **ဥပဓိဝိပတ္တိ**၌သာလျှင် တည်နေရ၏၊ မလှပသော အဆင်း ရှိ၏၊ မလှပသော ရုပ်ရည် ရှိ၏၊ မလှပသော ပုံသဏ္ဌာန် ရှိ၏၊ စက်ဆုပ်ဖွယ် ရှိ၏၊ တစ္ဆေမြေဘုတ်နှင့် တူ၏။ ထိုသတ္တဝါသည် အကယ်၍ ကျွန်မ၏ ဝမ်း၌ ဖြစ်လာရသော အိမ်ပေါက်ကျွန် ဖြစ်ငြားအံ့ — "ဒီအလုပ်တွေဟာ သင်းနှင့် တန်ကုန်၏"ဟု ကြံ၍ ညစ်ပေသော အလုပ်အားလုံးတို့ကို ထိုသူကို ပြုစေကြကုန်၏၊ အယုတ်ဆုံးအားဖြင့် ပန်းမှိုက်သွန် ဘင်ကျုံးလုပ်ငန်းကို အစပြု၍ ညစ်ပေသော အလုပ်မှန်သမျှကို ပြုစေကြကုန်၏။ အကယ်၍ အမျိုးသမီးဖြစ်အံ့ — "ဒီအလုပ်တွေဟာ သင်းနှင့် တန်ကုန်၏"ဟု နှလုံးပိုက်၍ ဆင်စာ ထမင်းချက်ခြင်း အစရှိကုန်သော ညစ်ပေသော လုပ်ငန်းရပ်တို့ကို ထိုအမျိုးသမီးကို ပြုစေကြကုန်၏။ အမျိုးကောင်းအိမ်၌ ဖြစ်ရပြန်ပါကလည်း ထိုအမျိုးကောင်းအိမ်၌ လူဖြစ်လာရသူကိုလည်း အခွန်အတုတ်ကို ကောက်ခံကြကုန်သော အမြတ်တော်ခွန်ဌာနမှ အရာရှိအမှုထမ်း မင်းချင်း ယောကျ်ားတို့သည် အိမ်ကျွန်မဟု မှတ်ထင်၍ နှောင်ဖွဲ့သွားကြကုန်၏၊ **ကောတလဝါပီရွာ**၌ သူကြွယ်ကြီး၏ အိမ်ရှင်မကဲ့သို့ မှတ်ပါ။ ဤသို့လျှင် **ဥပဓိသမ္ပတ္တိ**သည် တားမြစ်အပ်ကုန်သည်၏အဖြစ်ကြောင့် အကျိုးပေးဖို့ရန် မစွမ်းနိုင်ကြကုန်သော ကံတို့သည် ဥပဓိဝိပတ္တိသို့ ရှေးရှုရောက်၍ **ဥပဓိဝိပတ္တိ**ကို အစွဲပြု၍ အကျိုးပေးကြကုန်၏။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၈၈]

---

[၈၇] အဘိ၊ဋ္ဌ၊၂၄၂၂။ [၈၈] အဘိ၊ဋ္ဌ၊၂၄၂၂-၄၂၃။

၃။ အခြားတစ်ယောက်သော သတ္တဝါ၏သန္တာန်၌လည်း များစွာကုန်သော မကောင်းမှု အကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုမကောင်းမှု အကုသိုလ်ကံတို့သည် စကြဝတေးမင်းကဲ့သို့သော မင်းကောင်းမင်းမြတ်တို့၏ ဖြစ်ထွန်းရာကာလ, ကမ္ဘာဦးကာလ, ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်တော်မူရာ သူတော်သူမြတ်တို့ ဖြစ်ထွန်းရာကာလစသော ပြည့်စုံသောကာလဟူသော **ကာလသမ္ပတ္တိ**၌ လူဖြစ်လာရသော ပုဂ္ဂိုလ်၏သန္တာန်၌ အကျိုးမပေးနိုင်ကုန်ရာ။ ထိုသို့ပင် အကျိုးမပေးနိုင်ကုန်သေးသော်လည်း ထိုသတ္တဝါသည် တစ်ခုသော မကောင်းမှု အကုသိုလ်ကံကြောင့် (တစ်နည်းအားဖြင့် ဆိုရသော် အကုသိုလ်ကံအမျိုးမျိုးတို့ ရှေ့နောက်ဝယ် ခြံရံထားသည့် အလွန်ယုတ်ညံ့သည့် ဉာဏ်မပါသည့် ဒွိဟိတ်ဩမကကုသိုလ်ကံကြောင့်) ပျက်စီးသော ကာလတည်းဟူသော **ကာလဝိပတ္တိ**၌ မကောင်းသောမင်း, မကောင်းသောလူတို့ ဖြစ်ထွန်းရာ အချိန်ကာလ၌ အဖတ်အကာဖြစ်သော အဆီဩဇာ မရှိသော ဆယ်နှစ်တမ်း၌ လူဖြစ်လာရ၏၊ ယင်းကဲ့သို့သော ဆယ်နှစ်တမ်းကာလ၌ နွားနို့, ဆီဦး, ထောပတ်, ရက်တက်ရည်, ဒိန်ခဲဟူသော နွားမှဖြစ်သော အရသာ (၅)မျိုးတို့သည် ပြတ်ကုန်၏။ လူးထမင်းသည် အမြတ်ဆုံးဘောဇဉ် ဖြစ်နေ၏၊ လူ့လောက၌ အကယ်၍ လူပင် ဖြစ်လာရပါသော်လည်း သမင်သားကောင်တို့နှင့် တူသော အသက်မွေးရခြင်း ရှိနေ၏၊ ဤသို့သဘောရှိသော **ကာလဝိပတ္တိ**အခါ၌ ကုသိုလ်ကံ၏ အကျိုးပေးဖို့ရန် အခါအခွင့်ကား မရှိ ဖြစ်နေ၏၊ စင်စစ် အကုသိုလ်၏သာလျှင် အကျိုးပေးဖို့ရန် အခွင့်အလမ်းသည် ပွင့်လန်းလျက် ရှိနေပေ၏။ ဤသို့လျှင် **ကာလသမ္ပတ္တိ** သည် တားမြစ်အပ်ကုန်သည်၏အဖြစ်ကြောင့် အကျိုးကို ပေးခြင်းငှာ မစွမ်းနိုင် ဖြစ်နေကြကုန်သော အကုသိုလ်ကံတို့သည် **ကာလဝိပတ္တိ**သို့ ရှေးရှုရောက်၍ **ကာလဝိပတ္တိ**ကို အစွဲပြု၍ အကျိုးပေးကြကုန်၏။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၇၉]

၄။ အခြားတစ်ယောက်သော သတ္တဝါ၏သန္တာန်၌လည်း များစွာကုန်သော မကောင်းမှု အကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုမကောင်းမှု အကုသိုလ်ကံတို့သည် ပြည့်ပြည့်စုံစုံ ကြိုးစားအားထုတ်ထားအပ်သော ကာယပယောဂ, ဝစီပယောဂ, မနောပယောဂတည်းဟူသော **ပယောဂသမ္ပတ္တိ**၌ တည်နေသော ထိုသတ္တဝါ၏သန္တာန်၌ အကျိုးမပေးနိုင်ကုန်လေရာ။ ထိုသို့ပင် အကျိုးမပေးနိုင်ကုန်သေးသော်လည်း ထိုသတ္တဝါသည် ပျက်စီးသော ပယောဂရှိခြင်းတည်းဟူသော **ပယောဂဝိပတ္တိ**၌ တည်နေသည်ဖြစ်၍ သူ့အသက်ကို သတ်ခြင်းအစရှိကုန်သော အကုသိုလ်ကမ္မပထတရား (၁၀)ပါးတို့ကို = ဒုစရိုက် (၁၀)ပါးတို့ကို ပြုကျင့်၏။ ထိုသူ့ကို ခိုးထုပ်ခိုးထည် ခိုးရာပါပစ္စည်းနှင့်တကွ လက်ရဖမ်းယူ၍ ဘုရင်မင်းမြတ်အား ပြကြကုန်၏။ ရှင်ဘုရင်ထံသို့ သွင်းကြကုန်၏။ ဘုရင်မင်းမြတ်ကလည်း များစွာကုန်သော နှိပ်စက်ညှဉ်းပန်းမှုတို့ကို ပြုစေ၍ သတ်ရန် သေဒဏ်အမိန့် ချမှတ်လိုက်၏။ ဤသို့လျှင် **ပယောဂသမ္ပတ္တိ**က တားမြစ်အပ်ကုန်သည်၏အဖြစ်ကြောင့် အကျိုးကိုပေးခြင်းငှာ မစွမ်းနိုင် ဖြစ်နေကြကုန်သော အကုသိုလ်ကံတို့သည် **ပယောဂဝိပတ္တိ**သို့ ရှေးရှုရောက်၍ **ပယောဂဝိပတ္တိ**ကို အစွဲပြု၍ အကျိုးပေးကြကုန်၏။ — ဤသို့လျှင် ဘုရားရှင်သည် သိတော်မူ၏။ —

ဤသို့လျှင် (၄)ပါးကုန်သော **သမ္ပတ္တိ**တို့သည် တားမြစ်ထားအပ်သော မကောင်းမှု အကုသိုလ်-

[၇၉] အဘိ၊ဋ္ဌ၊၂၊၄၂၃။

ကံသည် အကျိုးကို မပေးမူ၍ (၄)ပါးကုန်သော **ဝိပတ္တိ**တို့သို့ ရှေးရှုရောက်မှ (၄)ပါးကုန်သော ဝိပတ္တိတို့ကို အစွဲပြုရပါမှ အကျိုးကို ပေးနိုင်၏။[၉၀]

## ခေတ္တရပ်နား၍ စဉ်းစားကြည့်ပါ

အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ထားခဲ့သော အကုသိုလ်ကံတို့သည်ကား သတ္တဝါတိုင်းဝယ် အနည်းနှင့်အများဆိုသလို ရှိကြ၏။ အသင်သူတော်ကောင်း၏သန္တာန်၌လည်း အနည်းနှင့်အများ-ကား ရှိနေမည်သာ ဖြစ်ပေသည်။ **သမ္ပတ္တိ**တရား (၄)ပါးတို့ကား ထိုအကုသိုလ်ကံတို့ကို အကျိုးမပေး-နိုင်အောင် တားမြစ်ထားနိုင်သော စွမ်းအား ရှိကြ၏။ သို့သော် **ဝိပတ္တိ**တရား (၄)ပါးတို့ကား အကု-သိုလ်ကံတို့ကို မကောင်းကျိုးပေးနိုင်အောင် တံခါးဖွင့်လျက် ဆီးကြိုနေကြ၏။

အကယ်၍ အသင်သူတော်ကောင်းသည် အတိတ်သံသရာအဆက်ဆက်က ပြုစုပျိုးထောင် ခဲ့မိသော အကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာမည့် မကောင်းသည့် ဆင်းရဲသည့် အကျိုးတရားတို့ကို အလိုမရှိခဲ့ပါမူ ယင်းအကုသိုလ်ကံတို့က မကောင်းသည့် ဆင်းရဲသည့် အကျိုးတရားတို့ကို မပေးစွမ်း-နိုင်လောက်အောင် တားမြစ်ထားနိုင်သည့် စွမ်းအားရှိသော **သမ္ပတ္တိ**တရား (၄)ပါးတို့ကို မိမိသန္တာန်၌ ပြည့်စုံနေအောင် ကြိုးပမ်းရပေမည်။

ထို**သမ္ပတ္တိ**တရား (၄)ပါးတို့တွင် ယခုအခါ အသင်သူတော်ကောင်း၏သန္တာန်၌ —

၁။ လူ့ဘဝကို ရရှိထားခြင်းတည်းဟူသော **ဂတိသမ္ပတ္တိ,**

၂။ အလွန်ကြီး အရုပ်မဆိုးခြင်း, ခြေလက်အင်္ဂါ ပြည့်စုံခြင်းတည်းဟူသော **ဥပဓိသမ္ပတ္တိ,**

၃။ ဘုရားရှင်၏ သာသနာတော်ထွန်းကားရာ, သူတော်သူမြတ်တို့ ဖြစ်ထွန်းပေါ်ပေါက်ရာ အချိန် ကာလကောင်းဟူသော **ကာလသမ္ပတ္တိ,**

ဤသမ္ပတ္တိတရား (၃)မျိုးတို့သည် ကမ္ဘာဦးကာလကဲ့သို့, ဘုရားပွင့်ရာကာလကဲ့သို့, စကြဝတေး-မင်းတို့ ဖြစ်ထွန်းရာအခါကာလကဲ့သို့ အလွန်ကြီး အဆင့်မမြင့်စေကာမူ အထိုက်အလျောက် တည်လျက်ပင် ရှိကြ၏။

အသင်သူတော်ကောင်းအနေဖြင့် နောက်ထပ် ဖြည့်စွက်၍ လိုက်နာပြုကျင့်ရမည့် သမ္ပတ္တိမှာ **ပယောဂသမ္ပတ္တိ**ပင် ဖြစ်၏။ ထိုကြောင့် အသင်သူတော်ကောင်းသည် —

၁။ ကာယကံ စင်ကြယ်မှုရှိအောင် ကြိုးပမ်းပါ။

၂။ ဝစီကံ စင်ကြယ်မှုရှိအောင် ကြိုးပမ်းပါ။

၃။ မနောကံ စင်ကြယ်မှုရှိအောင် ကြိုးပမ်းပါ။

ကာယကံ ဝစီကံ မနောကံများ အပြီးတိုင် စင်ကြယ်နိုင်ရေးအတွက် အသင်သူတော်ကောင်း-

---

[၉၀] အဘိ၊ဌ၊၂၊၄၂၃။

သည် အရိယာတို့၏ ဖြူစင်မြင့်မြတ်သော မဂ္ဂင် (၈)ပါး အကျင့်မြတ်တရားကို စံချိန်မီ ဖြည့်ကျင့်ပါ။

၁။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝတည်းဟူသော သီလမဂ္ဂင်ကို ဖြူစင်အောင် ဖြည့်ကျင့်ပါ။

၂။ သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိတည်းဟူသော သမာဓိမဂ္ဂင်ကို စံချိန်မီ ထူထောင်ပါ။

၃။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပတည်းဟူသော ပညာမဂ္ဂင်ကို ပြည့်စုံအောင် ဖြည့်ကျင့်ပါ။

**အနုဗောဓဉာဏ်**တည်းဟူသော **ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်**ဖြင့်လည်းကောင်း, **ပဋိဝေဓဉာဏ်**တည်းဟူသော **အရိယမဂ္ဂသမ္မာဒိဋ္ဌိဉာဏ်**ဖြင့်လည်းကောင်း အရိယသစ္စာလေးပါးတို့ကို ထိုးထွင်းသိမြင်တတ်သည့် **စတုသစ္စသမ္မာဒိဋ္ဌိဉာဏ်**ကို ရရှိအောင် ကြိုးပမ်းပါ။

အသင်သူတော်ကောင်း၏ —

၁။ ဖြူစင်သော သီလ,

၂။ တည်ကြည်သော ဥပစာရသမာဓိ အပ္ပနာသမာဓိ,

၃။ သစ္စာလေးပါးကို အမှန်အတိုင်း ထိုးထွင်းသိမြင်တတ်သော သမ္မာဒိဋ္ဌိဉာဏ်ပညာ —

ဤ သီလ သမာဓိ ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်တို့သည် အသင်သူတော်ကောင်း၏ ကာယကံ ဝစီကံ မနောကံတို့ကို စင်ကြယ်အောင် ဆေးကြောသုတ်သင်ပေးသည့် ဝိပဿနာမဂ်ရေစင် အရိယမဂ်ရေစင်တို့ပင် ဖြစ်ကြသည်။ ဝိပဿနာမဂ်ရေစင်တို့ကား "အဖြူကံ"တို့ပင်တည်း၊ အရိယမဂ်ရေစင်တို့ကား "မဖြူ-မမည်းကံ"တို့တည်း။ ဝိပဿနာမဂ်ရေစင် "အဖြူကံ"တို့ကား တဒင်္ဂအားဖြင့် ကာယကံ, ဝစီကံ, မနောကံတို့ကို ဖြူစင်စေနိုင်ကြ၏။ အရိယမဂ်ရေစင်ဟူသော "မဖြူ-မမည်းကံ"တို့ကား ယင်းကာယကံ, ဝစီကံ, မနောကံတို့ကို တစ်ဆင့်ပြီး တစ်ဆင့် စင်ကြယ်သထက် စင်ကြယ်အောင် ဖြူစင်သထက် ဖြူစင်အောင် ဆေးကြောသုတ်သင်နိုင်ကြပေသည်။

ယင်းသို့ ကာယကံ စင်ကြယ်မှုရှိအောင်, ဝစီကံ စင်ကြယ်မှုရှိအောင်, မနောကံ စင်ကြယ်မှုရှိအောင် ကြိုးစားအားထုတ်ခြင်းကို ကောင်းမွန်မှန်ကန်သော ကြိုးစားအားထုတ်မှု ကာယပယောဂ, ဝစီပယောဂ, မနောပယောဂဟု ဆို၏။ ကောင်းမွန်မှန်ကန်သော ယင်းပယောဂသုံးမျိုးနှင့် ပြည့်စုံခြင်းကို **ပယောဂသမ္ပတ္တိ**ဟု ဆိုသည်။ ယင်းပယောဂသမ္ပတ္တိစက်နှင့်လည်း ပြည့်စုံလျှင် အသင်သူတော်ကောင်း၏သန္တာန်၌ **ဂတိ, ဥပဓိ, ကာလ, ပယောဂ**ဟူသော သမ္ပတ္တိတရား (၄)ပါးလုံး စုံလင်သွားပြီ ဖြစ်၏။ ယင်းသမ္ပတ္တိတရား (၄)ပါးတို့က အတိတ်သံသရာ အဆက်ဆက်က ပြုစုပျိုးထောင်ခဲ့မိသော ဆောက်တည်ထားအပ်သော အကုသိုလ်ကံတို့ကို အကျိုးပေးခွင့် မရအောင် တားမြစ်ထားကြမည် ဖြစ်ပေသည်။ ထို့ကြောင့် အသင်သူတော်ကောင်းသည် ဆင်းရဲသည့် မကောင်းသည့် အကျိုးတရားတို့ကို အလိုမရှိခဲ့ပါလျှင် အသင်သူတော်ကောင်း၏ ကာယကံ ဝစီကံ မနောကံတို့ကို ဖြူစင်အောင် ဆေးကြောသုတ်သင်ပေးနိုင်သည့်, ပြုပြင်ပြောင်းလဲပေးနိုင်သည့် သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို ရိုသေကျိုးနွံစွာ ဖြည့်ကျင့်ပါ၊ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးပါ။ **"လူ မလုံ့လ၊ နတ် မ-မဘူး"**ဟူသော ဆိုရိုးစကားနှင့်အညီ ပယောဂစက် ချို့တဲ့ပျက်စီးခဲ့လျှင် အကုသိုလ်ကံများမှာ

ရှေ့တန်းသို့ တက်လာ၍ ကုသိုလ်ကံတို့မှာ အကျိုးပေးဖို့ရန် အခါအခွင့်မသင့် ရှိတတ်ချေ၏။ သတိ-ပြုလေ. . .။

## ဥပမာဆောင်၍ ထင်ရှားအောင် ပြဆိုပုံ

ယောက်ျားတစ်ဦးသည် တိုင်းပြည်၌ အကျိုးရှိသည့် လုပ်ငန်းရပ်တစ်ခုကို ရွက်ဆောင်ပေး-ခြင်းဖြင့် ရှင်ဘုရင်ကို နှစ်သက်စေရာ၏။ ထိုအခါ၌ ထိုယောက်ျားအား ဘုရင်မင်းက ရာထူးတစ်ခုကို ပေး၍ ဇနပုဒ်တစ်ခုကို မြို့စား ရွာစားအဖြစ် ပေးလေရာ၏။ ထိုယောက်ျားသည် ထိုဇနပုဒ်ကို ကောင်းစွာ သုံးစွဲခြင်းငှာ, တရားသောနည်းလမ်းဖြင့် ရရှိသော အခွန်အတုတ်ဖြင့် ခံစားခြင်းငှာ, ကျေနပ်ရောင့်ရဲခြင်းငှာ မစွမ်းနိုင် ဖြစ်နေ၏။ တောတိရစ္ဆာန်ဖြစ်သော မျောက်သည် ထမင်းထုပ်ကို ရရှိသောအခါ ထမင်းထုပ်အပေါ်က ဖွဲ့ချည်ထားသော ကြိုးကို ဖြေ၍ စားရမှန်းကို မသိသဖြင့် ထမင်းထုပ်၏ ဘေးကဖြစ်စေ, အောက်ကဖြစ်စေ တစ်စုံတစ်ခုသော အရပ်၌ ခွဲ၍ ပျက်စီးစေသကဲ့သို့ ဤဥပမာအတူ နည်းလမ်းဥပါယ်၌ မကျွမ်းကျင်သော ယောက်ျားသည်လည်း တရားသောနည်းလမ်း-ဖြင့် ရရှိသော အခွန်အတုတ် လစာရိက္ခာတည်းဟူသော စည်းစိမ်တို့ကို သုံးဆောင်ခံစားဖို့ရန် မသိပေ၊ မလိုက်နာပေ၊ ပျက်စီးစေ၏။

မိမိ အပိုင်စားရသော ဇနပုဒ်တွင် နေထိုင်သူ တစ်ဦးဦး၏ ကောင်းသော သဘောရှိသော ယာဉ်ရထား ကျွန်ယောက်ျား ကျွန်မိန်းမ အာရာမ် = ဥယျာဉ် လယ်ယာ တစ်ခုခုကို တွေ့မြင်၏၊ တွေ့သမျှအားလုံးကို အနိုင်အထက် လုယူ၏။ ဇနပုဒ်၌ နေထိုင်သူတို့သည် — "ဤသူကား မင်းနှင့် အကျွမ်းဝင်သူတည်း" ဤသို့ စဉ်းစားကြ၍ တစ်စုံတစ်ခုသော စကားကို ပြောဆိုခြင်းငှာ မဝံ့မရဲ ဖြစ်နေကြ၏၊ မစွမ်းနိုင် ဖြစ်နေကြ၏။

ထိုဇနပုဒ်ကို အပိုင်စားရသော ထိုယောက်ျားသည် အခြားသော သာ၍ မင်းကျွမ်းဝင်သော မင်း၏ အမတ်ကြီးအပေါ်၌ စော်ကားပြန်၏။ ထိုအမတ်ကြီးသည် ထိုသူကို ဖမ်းယူ၍ ကောင်းစွာ ထောင်းထုအပ်သည်မည်လောက်အောင် ထောင်းထုစေ၍ မြေကို ကျောက်ကုန်းဖြင့် ပွတ်တိုက်စေ၍ ဆွဲထုတ်စေ၍ မင်းသို့ ချဉ်းကပ်၍ — "အရှင်မင်းမြတ် ဤမည်သောသူသည် အရှင်မင်းမြတ်၏ ဇနပုဒ်ကို ဖျက်ဆီးပါ၏။" ဤသို့ သံတော်ဦးတင်၍ ဖမ်းယူစေရာ၏။ ဘုရင်မင်းကြီးကလည်း အချုပ်-ထောင်၌ ချုပ်နှောင်စေ၍ "ထိုအမည်ရှိသူသည် အဘယ်သူ၏ အဘယ်အရာဝတ္ထုကို ဆောင်ယူအပ်သနည်း"— ဤသို့ မြို့ထဲ၌ စည်ကို လည်စေရာ၏။ လူတို့သည် လာလတ်ကုန်၍ "ကျွန်တော်မျိုး၏ ဤမည်သော ဥစ္စာကို ယူအပ်ပါပြီ၊ ကျွန်တော်မျိုး၏ ဤမည်သော ဥစ္စာကို ယူအပ်ပါပြီ" ဤသို့ အော်ဟစ်သံပေါင်း အထောင်ကို ထစေကုန်ရာ၏။ ဘုရင်မင်းကြီးသည် အတိုင်းထက်အလွန် စိတ်ဆိုးသည်ဖြစ်၍ ထိုသူကို အချုပ်ထောင်၌ နည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ရန် အမိန့်ချလိုက်၏။ သေဒဏ်ပေးလိုက်၏။ အလောင်းကို သုသာန်၌ စွန့်ပစ်ရန် အမိန့်ချလိုက်၏။ ခတ်ထားသော လက်ထိပ် ခြေထိပ်တို့ကို ပြန်ယူဆောင်ခဲ့ရန် အမိန့်ပေးလိုက်၏။ ဤဥပမာအတူ မှတ်ပါ။[၉၁]

[၉၁] အဘိ၊ဋ္ဌ၊၂၊၄၂၃-၄၂၅။

## ဥပမာနှင့် ဥပမေယျ နှီးနှော၍ ပြဆိုပုံ

ထိုယောက်ျား၏ တိုင်းပြည်အတွက် တစ်စုံတစ်ခုသော လုပ်ငန်းဖြင့် ရှင်ဘုရင်ကို နှစ်သက်စေ၍ ရာထူးဌာနန္တရကို ရအပ်ရာအခါကဲ့သို့ ပုထုဇန်၏လည်း တစ်စုံတစ်ခုသော ကောင်းမှုကုသိုလ်ကြောင့် နတ်ပြည်နတ်လောက၌ ဖြစ်ရာအခါကို မှတ်ပါ။ ထိုယောက်ျားသည် ဇနပုဒ်ကို ဖျက်ဆီး၍ ဇနပုဒ်နေသူ လူတို့၏ ဥစ္စာကို ယူလတ်သော် တစ်စုံတစ်ယောက်သော ဥစ္စာရှင်၏ တစ်စုံတစ်ခုသော စကားကို ပြောဆိုခြင်းငှာ မရဲဝံ့ မစွမ်းနိုင်ရာအခါကဲ့သို့ ဤယောက်ျားသည်လည်း နတ်ပြည် နတ်လောက၌ ဖြစ်လတ်သော် အကုသိုလ်ကံ၏ အကျိုးပေးရန် အခွင့်အခါကို မရရာအခါကို မှတ်သားပါ။ ထိုယောက်ျား၏ တစ်နေ့သ၌ တစ်ယောက်သော မိမိထက် သာ၍ မင်းကျွမ်းဝင်သော အမတ်ကြီး၌ စော်ကားမိ၍ ထိုမိမိထက် သာ၍ မင်းကျွမ်းဝင်သော အမတ်ကြီးက စိတ်ဆိုးသည်ဖြစ်၍ ထို ယောက်ျားကို ထောင်းထုစေ၍ ဘုရင်မင်းကြီးအား သံတော်ဦးတင်၍ အချုပ်ထောင်၌ နှောင်ဖွဲ့စေအပ်ရာအခါကိုကဲ့သို့ ဤယောက်ျား၏ နတ်ပြည်မှ စုတေ၍ ငရဲ၌ ဖြစ်ရာအခါကို မှတ်သားပါ။ ဥစ္စာရှင်ဖြစ်ကြကုန်သော ဇနပုဒ်နေသူ လူတို့က – "ကျွန်တော်မျိုး၏ ဤမည်သော ဥစ္စာကို ယူအပ်ပါပြီ၊ ကျွန်တော်မျိုး၏ ဤမည်သော ဥစ္စာကို ယူအပ်ပါပြီ"– ဤသို့ အော်ဟစ်ရာအခါကိုကဲ့သို့ ထိုယောက်ျားသည် ငရဲ၌ ဖြစ်လတ်သော် အလုံးစုံသော အကုသိုလ်ကံတို့၏ ပေါင်းစု၍ ဖမ်းယူရာအခါကို မှတ်ပါ။ သုသာန်၌ စွန့်ပစ်ခဲ့ပြီးနောက် ခတ်ထားသော လက်ထိပ် ခြေထိပ်တို့ကို ပြန်ဆောင်ယူလာရာအခါကိုကဲ့သို့ တစ်ခုတစ်ခုသော ကံသည် ကုန်ပြီးလတ်သော်, အကျိုးပေးပြီးလတ်သော် အခြားသော ကံ၏ အကျိုးကြောင့် ငရဲမှ ဦးခေါင်းကို မမြောက်ချီနိုင်မူ၍ အလုံးစုံသော ကမ္ဘာပတ်လုံး ငရဲ၌ ကျက်ရာအခါကို ငရဲဒုက္ခ ခံစားရရာအခါကို မှတ်ပါ။ မှန်ပေသည် – ကမ္ဘာပတ်လုံး ငရဲ၌ တည်နေရခြင်းသဘောရှိသော ကံကို ပြုကျင့်ခဲ့မိခြင်းကြောင့် တစ်ကမ္ဘာပတ်လုံး ငရဲ၌ ကျက်ရသော ဒုက္ခခံရသော သတ္တဝါတို့သည်ကား တစ်ယောက်လည်း မက, နှစ်ယောက်လည်း မက, တစ်ရာလည်း မက, တစ်ထောင်လည်း မကပေ။ ဤသို့ ငရဲ၌ ကျက်နေရသော ငရဲဒုက္ခ ခံနေရသော သတ္တဝါတို့သည် ရေတွက်ခြင်း ဂဏန်းသင်္ချာ၏လမ်းကို ကျော်လွှားလွန်မြောက်၍ သွားကြကုန်သတတ်။[၉၂]

## (ဂ) အုပ်စု – ကံ (၄) မျိုး

၁။ ဤလောက၌ အချို့သော ပုဂ္ဂိုလ်၏သန္တာန်၌ ပြုစုပျိုးထောင်ထားအပ်ပြီးကုန်သော များစွာကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုကံတို့သည် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် တည်းဟူသော **ဂတိသမ္ပတ္တိ**၌ တည်နေသော ကောင်းမှုရှင်၏သန္တာန်၌ အကျိုးပေးနိုင်ကုန်ရာ၏။ (ထိုကောင်းမှုရှင်သည် ဂတိသမ္ပတ္တိ၌ တည်နေခဲ့လျှင် ထိုကုသိုလ်ကံတို့က အကျိုးပေးနိုင်ကုန်ရာ၏ဟု ဆိုလိုသည်။) သို့သော် ထိုကောင်းမှုရှင်သည် တစ်ခုသော မကောင်းမှု အကုသိုလ်ကံကြောင့် **ဂတိဝိပတ္တိ**ဖြစ်သော ငရဲ၌သော်လည်းကောင်း, အသုရကာယ်ဘုံ၌သော်လည်းကောင်း ဖြစ်နေရပြန်၏။ ထိုကဲ့သို့သော အရပ်ဌာန၌လည်း ကုသိုလ်ကံသည် အကျိုးကို ပေးခြင်းငှာ မစွမ်းနိုင် ဖြစ်နေပြန်၏။

---

၉၂ အဘိ၊ဋ္ဌ၊၂၊၄၂၄။

စင်စစ်မှာမူ အကုသိုလ်ကံကသာလျှင် အကျိုးကို ပေးခြင်းငှာ စွမ်းနိုင်နေ၏။ ဤသို့လျှင် ထိုကောင်းမှု-ရှင်သတ္တဝါ၏ ပြုစုပျိုးထောင်ထားအပ်ပြီးကုန်သော ကုသိုလ်ကံတို့သည် **ဂတိဝိပတ္တိ**သည် တားမြစ်-ထားအပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်ကုန်။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။

၂။ အခြားတစ်ယောက်သော ပုဂ္ဂိုလ်၏သန္တာန်၌ ပြုစုပျိုးထောင်ထားအပ်ပြီးကုန်သော ဆောက်-တည်ထားအပ်ပြီးကုန်သော များစွာကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုကောင်း မှုကုသိုလ်ကံတို့သည် ရုပ်ရည်၏ လှပတင့်တယ်ခြင်း **ဥပဓိသမ္ပတ္တိ**၌ တည်နေသော ကောင်းမှုရှင်၏ သန္တာန်၌ အကျိုးပေးနိုင်ကုန်ရာ၏။ (ထိုကောင်းမှုရှင်သည် **ဥပဓိသမ္ပတ္တိ**၌ တည်နေခဲ့လျှင် **ဥပဓိ-သမ္ပတ္တိ**နှင့် ပြည့်စုံခဲ့လျှင် ထိုကုသိုလ်ကံတို့သည် အကျိုးပေးနိုင်ကုန်ရာ၏။) သို့သော် ထိုကောင်းမှုရှင် သည် တစ်ခုသော မကောင်းမှု အကုသိုလ်ကံကြောင့် ပျက်စီးသော ဥပဓိရုပ်ရည်ရှိခြင်း **ဥပဓိဝိပတ္တိ**၌ တည်နေရသည်ဖြစ်၍ ရုပ်အဆင်း မလှမပ ဖြစ်နေ၏။ တစ္ဆေမြေဘုတ်နှင့် တူနေ၏။ ထိုပုဂ္ဂိုလ်သည် မင်းမျိုးမင်းနွယ်၌ လူဖြစ်လာရသည် အကယ်၍မူလည်း ဖြစ်စေဦးတော့၊ ဤသို့ပင် မင်းမျိုးမင်းနွယ်၌ လူဖြစ်လာရပါသော်လည်း ခမည်းတော် မင်းတရားကြီး ကွယ်လွန်သောအခါ၌ "အသရေ မရှိသော ဤမင်းသားအား တိုင်းပြည်အုပ်ချုပ် မင်းလုပ်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း" . . . ဤသို့ တိုင်းသူပြည်သားတို့က ပြောဆိုခြင်းကြောင့် မင်းအဖြစ်ကို မရနိုင် ရှိတတ်၏။ စစ်သူကြီးအိမ် စသည် တို့၌ အကယ်၍ လူဖြစ်လာရသည် ဖြစ်စေဦးတော့၊ ထိုသို့ပင် ဖြစ်ပါသော်လည်း စစ်သူကြီးရာထူး စသည်တို့ကို မရနိုင် ရှိတတ်၏။ ဤအရာ၌ ဤယခု ပြောဆိုနေသော အနက်အဓိပ္ပာယ်ကို ထင်ရှား-စွာ ဖြစ်စေခြင်းအကျိုးငှာ **ဒီပမင်း**၏ ဝတ္ထုကို ပြောဆိုထိုက်၏။

## ဒီပမင်း၏ ဝတ္ထု

ဒီပမင်း၏ ခမည်းတော် မင်းတရားကြီးသည် သားရတနာ မွေးဖွားလတ်သော် မိဖုရားအပေါ်၌ အားရကြည်ညို လေးစားသဖြင့် ဆုကို ပေးသနား၏။ မိဖုရားကလည်း ဆုကို ယူ၍ထား၏။ မင်းသား-ကလေး ခုနစ်နှစ်ခန့် ရှစ်နှစ်ခန့်အရွယ်သို့ ရောက်ရှိသောအခါ၌ပင် မင်းရင်ပြင်၌ ကြက်တိုက်ပွဲတစ်ခု ကျင်းပလျက် ကြက်တို့ကို ခွပ်စေ၏။ တစ်ကောင်သော ကြက်သည် ပျံတက်၍ မင်းသားငယ်၏ မျက်စိတို့ကို ဖောက်ခွဲလိုက်၏။ မျက်လုံး နှစ်လုံးလုံး ပျက်စီးသွား၏။ မင်းသား၏ မယ်တော်ဖြစ်သော မိဖုရားသည် သားတော်၏ (၁၅)နှစ် (၁၆)နှစ်အရွယ်သို့ ရောက်ရှိရာအခါ၌ မင်းအဖြစ်ကို ဆောင်စေ-အံ့ဟု ကြံစည်စဉ်းစား၍ ရှင်ဘုရင်ထံသို့ ချဉ်းကပ်၍ သံတော်ဦးတင်၏ — "အသို့နည်း အရှင်မင်း-မြတ် . . . အရှင်မင်းမြတ်တို့သည် မင်းသားငယ်၏ မွေးဖွားရာအခါကာလ၌ ဆုကို ပေးသနားတော် မူခဲ့၏။ နှမတော်သည် ထိုဆုကို ယူ၍ထားခဲ့ပြီ၊ ယခုအခါ၌ ထိုဆုကို ယူလိုပါ၏"ဟု ဤသို့ သံတော်ဦး တင်လိုက်၏။ "အရှင်မိဖုရား . . . ကောင်းပြီ၊ အလိုရှိရာဆုကို ယူပေတော့"ဟု ဆို၏။

"အရှင်မင်းမြတ် . . . နှမတော်သည် အရှင်မင်းမြတ်တို့၏အထံမှ တစ်စုံတစ်ခုသော မရဖူး-သေးသော ဆုမည်သည် မရှိပါ၊ ယခုအခါ၌ကား နှမတော်၏ သားတော်အား မင်းအဖြစ်ကို ပေးပါ-

လော့” — ဤသို့ သံတော်ဦးတင်လိုက်၏။

“အရှင်မိဖုရား . . . အသင်၏ သားတော်သည်ကား ကိုယ်အင်္ဂါချို့တဲ့နေ၏။ ထိုသင့်သားတော်အား မင်းအဖြစ်ကို ပေးခြင်းငှာ မတတ်ကောင်းပါ” ဤသို့ ပြောဆိုလိုက်၏။

“အရှင်မင်းမြတ်တို့သည် ကျွန်တော်မ၏ နှစ်သက်သောဆုကို ပေးခြင်းငှာ မစွမ်းနိုင်ကုန်ပါဘဲလျက် အဘယ်ကြောင့် ဆုကို ပေးခဲ့ပါကုန်သနည်း” ဤသို့ သံတော်ဦးတင်လိုက်ပြန်၏။

ဘုရင်မင်းကြီးသည် အလွန်အကဲသာလျှင် စကားဖြင့် နှိပ်စက်အပ်ကုန်သည်ဖြစ်၍ = စကားနာအထိုးခံရသည်ဖြစ်၍ — “သင်၏ သားတော်အား လက်ာဒီပကျွန်း တစ်ကျွန်းလုံး၌ မင်းအဖြစ်ကို ပေးခြင်းငှာ မတတ်ကောင်းပါ၊ နာဂဒီပကျွန်း၌ကား ထီးဖြူကို စိုက်ထူစေ၍ နေစေလော့”ဟု ပြောဆို၍ နာဂဒီပကျွန်းသို့ ပို့လိုက်၏။ ထိုမင်းသားသည် ဒီပမင်းမည်သည် ဖြစ်လေပြီ။ မျက်စိချို့တဲ့သူ အကယ်၍ မဖြစ်ငြားအံ့၊ ဤသို့ မျက်စိမချို့တဲ့လတ်သော် ယူဇနာ (၃၀၀)ရှိသော သီဟိုဠ်ကျွန်း တစ်ကျွန်းလုံး၌ အလုံးစုံသော သမ္ပတ္တိ အခြံအရံရှိသော မင်းအဖြစ်ကို ရရှိလေရာ၏။ ဤသို့လျှင် ဆောက်တည်ထားအပ်ပြီးကုန်သော ပြုစုပျိုးထောင်အပ်ပြီးကုန်သော ကုသိုလ်ကံတို့သည် **ဥပဓိဝိပတ္တိ**သည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်ကုန်။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၉၃]

၃။ အခြားတစ်ယောက်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်း ပြုစုပျိုးထောင်ထားအပ်ပြီးကုန်သော ဆောက်တည်ထားအပ်ပြီးကုန်သော များစွာကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုကောင်းမှုကုသိုလ်ကံတို့သည် **ကာလသမ္ပတ္တိ**၌ တည်နေသော ပုဂ္ဂိုလ်၏သန္တာန်၌ အကျိုးပေးနိုင်ကုန်ရာ၏။ (ထိုကောင်းမှုရှင်သည် **ကာလသမ္ပတ္တိ**၌ လူလာဖြစ်ရလျှင် ထိုကုသိုလ်ကံတို့သည် အကျိုးပေးနိုင်ကုန်ရာ၏။) သို့သော် ထိုကောင်းမှုရှင်သည် တစ်ခုသော မကောင်းမှု အကုသိုလ်ကံကြောင့် (တစ်နည်းအားဖြင့် ဆိုရသော် အကုသိုလ်ကံအမျိုးမျိုးတို့ ရှေ့နောက်ဝယ် ခြံရံထားသည့် အလွန်ယုတ်ညံ့သည့် ဉာဏ်မပါသည့် ဒွိဟိတ်ဩမကကုသိုလ်ကံကြောင့်) မကောင်းသောမင်း, မကောင်းသောလူတို့ ဖြစ်ထွန်းရာကာလ, အဖတ်အကာဖြစ်သော အဆီဩဇာမရှိသော အလွန်တိုတောင်းသော သက်တမ်းရှိသော အကျိုးပေးထိုက်ရာ ဂတိ၏ အစွန်အဖျားဖြစ်သော အချိန်ကာလတည်းဟူသော **ကာလဝိပတ္တိ**၌ လူဖြစ်လာရ၏။ ထိုကဲ့သို့သော **ကာလဝိပတ္တိ**အချိန်အခါမျိုး၌လည်း ကောင်းမှုကုသိုလ်ကံသည် အကျိုးကို ပေးခြင်းငှာ မစွမ်းနိုင်ပေ။ ဤသို့လျှင် ဆောက်တည်ထားအပ်ပြီးကုန်သော ပြုစုပျိုးထောင်အပ်ပြီးကုန်သော ကုသိုလ်ကံတို့သည် **ကာလဝိပတ္တိ**သည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်ကုန်။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၉၄]

၄။ အခြားတစ်ယောက်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်း ဆောက်တည်ထားအပ်ပြီးကုန်သော ပြုစုပျိုးထောင်ထားအပ်ပြီးကုန်သော များစွာကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုကောင်းမှုကုသိုလ်ကံတို့သည် **ပယောဂသမ္ပတ္တိ**၌ တည်နေသောသူ၏သန္တာန်၌ အကျိုးပေးနိုင်-

[၉၃, ၉၄] အဘိ၊၌၊၂၄၂၅။

ကုန်ရာ၏။ (ကောင်းမှုရှင်သည် ကာယကံ စင်ကြယ်မှု, ဝစီကံ စင်ကြယ်မှု, မနောကံ စင်ကြယ်မှု ရှိအောင် သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို ပြည့်ပြည့်စုံစုံ ကြိုးစားအားထုတ်ခြင်း **ပယောဂသမ္ပတ္တိ**ရှိခဲ့လျှင် ထိုကုသိုလ်ကံတို့သည် အကျိုးပေးနိုင်ကုန်ရာ၏။)

သို့သော် ထိုကောင်းမှုရှင်သည်ကား **ပယောဂဝိပတ္တိ**၌ ရပ်တည်လျက် ပါဏာတိပါတစသော အကုသိုလ်ကမ္မပထတရား (၁၀)ပါး ဒုစရိုက်တရားတို့ကို လွန်ကျူးပြုကျင့်ပြန်၏။ အလုံးစုံသော သီလမရှိသူ ဒုဿီလပုဂ္ဂိုလ် ဖြစ်ကြောင်းဖြစ်ရာ မကောင်းမှု အကုသိုလ်ဟူသမျှကို ပြည့်စေ၏။ ထို့ပြင် ထိုဒုဿီလပုဂ္ဂိုလ်နှင့် အတူတကွ ဇာတ်တူနွယ်တူဖြစ်ကုန်သော အမျိုးတို့သော်မှလည်း သမီးဆောင်မှု သမီးပို့မှုတည်းဟူသော ထိမ်းမြားလက်ထပ်ခြင်း မင်္ဂလာမှုတို့ကို မပြုလုပ်ကြကုန်။ မိန်းမကြူးသည့် (= မိန်းမလိုက်စားသည့်) သေသောက်ကြူးသည့် ကြွေအန်ကြူးသည့် ဤသူသည် ယုတ်မာသော ယောက်ျားတည်း၊ ဤသို့ ပြော၍ ဝေးစွာ ရှောင်ကြဉ်ကြကုန်၏။ **ပယောဂသမ္ပတ္တိ**စက် ချို့တဲ့နေသည့်အတွက်ကြောင့် ဆောက်တည်ထားအပ်ပြီးကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် အကျိုးပေးခြင်းငှာ မစွမ်းနိုင်ကြကုန်။ ဤသို့လျှင် ဆောက်တည်ထားအပ်ပြီးကုန်သော ကောင်းမှု ကုသိုလ်ကံတို့သည် **ပယောဂဝိပတ္တိ**သည် တားမြစ်အပ်ကုန်သည်ဖြစ်၍ အကျိုးမပေးနိုင်ကုန်။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။

ဤသို့လျှင် လေးမျိုးကုန်သော **သမ္ပတ္တိ**တို့သို့ ရှေးရှုရောက်၍ လေးမျိုးကုန်သော **သမ္ပတ္တိ**တို့ကို အစွဲပြု၍ အကျိုးပေးတတ်သော ကောင်းမှုကုသိုလ်ကံတို့သည် လေးမျိုးကုန်သော **ဝိပတ္တိ**တို့သည် တားမြစ်အပ်သည်၏အဖြစ်ကြောင့် အကျိုးမပေးနိုင်။[၉၅]

## (ဃ) အုပ်စု ကံ (၄) မျိုး

၁။ အခြားတစ်ယောက်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်း ဆောက်တည်ထားအပ်ပြီးကုန်သော ပြုစုပျိုးထောင်ထားအပ်ပြီးကုန်သော များစွာကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုကောင်းမှုကုသိုလ်ကံတို့သည် အပါယ် (၄)ဘုံတည်းဟူသော **ဂတိဝိပတ္တိ**၌ တည်နေသောသူ၏ သန္တာန်၌ အကျိုးမပေးနိုင်ကုန်ရာ။ သို့သော် ထိုကောင်းမှုရှင်သည် တစ်ခုသော ကောင်းမှုကုသိုလ်ကံ-ကြောင့် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်တည်းဟူသော **ဂတိသမ္ပတ္တိ**၌သာလျှင် ဖြစ်ရ၏။ ထို**ဂတိသမ္ပတ္တိ**၌ ထိုကောင်းမှုရှင်၏ ထိုကောင်းမှုကုသိုလ်ကံတို့သည် ကပ်ရောက်လာကြကုန်၍ အလှည့်ကျ အလှည့်ကျအားဖြင့် ကောင်းကျိုးကို ပေးကြကုန်၏။ တစ်ရံတစ်ခါ၌ လူ့ပြည် လူ့လောက၌ ဖြစ်စေကြကုန်၏။ တစ်ရံတစ်ခါ၌ နတ်ပြည် နတ်လောက၌ ဖြစ်စေကြကုန်၏။ တစ်ရံတစ်ခါ၌ ဗြဟ္မာ့ပြည် ဗြဟ္မာ့လောက၌ ဖြစ်စေကြကုန်၏။ ဤသို့လျှင် **ဂတိဝိပတ္တိ**သည် တားမြစ်အပ်ကုန်သည်၏အဖြစ်ကြောင့် အကျိုးကို ပေးခြင်းငှာ မစွမ်းနိုင်ကြကုန်သော ကုသိုလ်ကံတို့သည် **ဂတိသမ္ပတ္တိ**သို့ ရှေးရှုရောက်၍ ဂတိသမ္ပတ္တိကို အစွဲပြု၍ အကျိုးပေးကြကုန်၏။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၉၆]

---

[၉၅] အဘိ၊ဋ္ဌ၊၂၊၄၂၅-၄၂၆။ [၉၆] အဘိ၊ဋ္ဌ၊၂၊၄၂၆။

၂။ အခြားတစ်ယောက်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်း ဆောက်တည်ထားအပ်ပြီးကုန်သော ပြုစုပျိုးထောင်ထားအပ်ပြီးကုန်သော များစွာကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုကောင်းမှုကုသိုလ်ကံတို့သည် ရုပ်အဆင်း၏ မလှပ မတင့်တယ်ခြင်းတည်းဟူသော **ဥပဓိဝိပတ္တိ**၌ တည်နေသောသူ၏သန္တာန်၌ အကျိုးမပေးနိုင်လေကုန်ရာ။ သို့သော် ထိုကောင်းမှုရှင်သည် တစ်ခု-သော ကောင်းမှုကုသိုလ်ကံကြောင့် **ဥပဓိသမ္ပတ္တိ**၌သာလျှင် တည်နေရ၏၊ အလွန်အဆင်းလှ၏၊ ရှုချင်စဖွယ် တင့်တယ်၏၊ ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်၏။ ဗြဟ္မာ၏ အတ္တဘောနှင့် တူသော အတ္တဘော ရှိ၏။ ထိုကောင်းမှုရှင်၏ **ဥပဓိသမ္ပတ္တိ**၌ တည်နေသည့်အတွက်ကြောင့် ကောင်းမှု-ကုသိုလ်ကံတို့သည် အကျိုးကို ပေးကြကုန်၏။ ထိုကောင်းမှုရှင်သည် အကယ်၍ မင်းမျိုးမင်းနွယ်၌ ဖြစ်ငြားအံ့၊ ဤသို့ ဖြစ်လတ်သော် မိမိမှ တစ်ပါးကုန်သော အခြားအခြားကုန်သော အကြီးဖြစ်ကြကုန်သော နောင်တော်မင်းသားတို့သည် ထင်ရှားရှိပါကုန်သော်လည်း — “ဤမင်းသား၏ ခန္ဓာကိုယ် အတ္တဘောသည် ပြည့်စုံ၏ = ယောကျ်ားမြတ်တို့၏ လက္ခဏာနှင့် ပြည့်စုံ၏။ ဤမင်းသားသည် ထီးဖြူကို စိုက်ထူစေအပ်သော် လူအပေါင်း၏ ချမ်းသာခြင်းသည် ဖြစ်ပေလတ္တံ့.”— ဤသို့ တိုင်ပင်၍ ထိုဥပဓိသမ္ပတ္တိနှင့် ပြည့်စုံသော မင်းသားကိုပင်လျှင် မင်းအဖြစ်၌ အဘိသိက်ရေစင် သွန်းဖျန်းကြကုန်၏။ အကယ်၍ အိမ်ရှေ့မင်း၏ အိမ်စသည်တို့၌ လူဖြစ်လာလတ်သော် ဖခင်အိမ်ရှေ့မင်း၏ ကွယ်လွန်ရာအခါ၌ အိမ်ရှေ့မင်းအဖြစ်ကိုသော်လည်းကောင်း, စစ်သူကြီးရာထူးကိုသော်လည်း-ကောင်း, ဘဏ္ဍာစိုးရာထူးကိုသော်လည်းကောင်း, သူဌေးရာထူးကိုသော်လည်းကောင်း ရရှိနိုင်၏။

ဤသို့လျှင် **ဥပဓိဝိပတ္တိ**သည် တားမြစ်အပ်ကုန်သည်၏အဖြစ်ကြောင့် အကျိုးကို ပေးခြင်းငှာ မစွမ်းနိုင်ကြကုန်သော ကုသိုလ်ကံတို့သည် **ဥပဓိသမ္ပတ္တိ**သို့ ရှေးရှုရောက်၍ **ဥပဓိသမ္ပတ္တိ**ကို အစွဲပြု၍ အကျိုးပေးကြကုန်၏။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၉၇]

၃။ အခြားတစ်ယောက်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်း ဆောက်တည်ထားအပ်ပြီးကုန်သော ပြုစုပျိုးထောင်အပ်ပြီးကုန်သော များစွာကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုကောင်းမှုကုသိုလ်ကံတို့သည် မကောင်းသောမင်း မကောင်းသောလူတို့၏ ဖြစ်ထွန်းပေါ်ပေါက်ရာ **ကာလဝိပတ္တိ**၌ တည်နေရသောသူ၏သန္တာန်၌ အကျိုးမပေးနိုင်လေကုန်ရာ။ သို့သော် ထိုကောင်းမှုရှင်သည်ကား တစ်ခုသော ကောင်းမှုကုသိုလ်ကံကြောင့် မင်းကောင်းမင်းမြတ် သူတော်သူမြတ်တို့ ဖြစ်-ထွန်းရာ ပွင့်ထွန်းပေါ်ပေါက်တော်မူရာ အချိန်ကာလတည်းဟူသော **ကာလသမ္ပတ္တိ**၌ လူဖြစ်လာရ၏။ ထိုကဲ့သို့ ရှုအပ်သော ပြည့်စုံသော ကာလ၌ = **ကာလသမ္ပတ္တိ**၌ လူဖြစ်လာရသော ကောင်းမှုရှင်၏ သန္တာန်၌ ကောင်းမှုကုသိုလ်ကံသည် အကျိုးကို ပေးနိုင်၏။ ထိုအရာ၌ မဟာသောဏမထေရ်မြတ်-ကြီး၏ ဤဝတ္ထုကို ပြောဆိုထိုက်၏။[၉၈]

---

[၉၇, ၉၈] အဘိ၊ဋ္ဌ၊၂၊၄၂၆။

## မဟာသောဏမထေရ်မြတ်ကြီး၏ ဝတ္ထု

လင်္ကာဒီပ အမည်ရသော သီဟိုဠ်ကျွန်းဝယ် ဗြာဟ္မဏတိဿ သူပုန်ဘေးဆိုးကြီး ဖြစ်ရာအခါ၌ စိတ္တလပဗ္ဗတတောင်ကျောင်းတိုက်ကြီး၌ (၁၂၀၀၀)ကုန်သော ရဟန်းတော်တို့သည် သီတင်းသုံးတော်မူကြကုန်၏။ ထို့အတူ တိဿမဟာဝိဟာရကျောင်းတိုက်ကြီး၌လည်း (၁၂၀၀၀)ကုန်သော ရဟန်းတော်တို့သည် မှီတင်းနေထိုင် သီတင်းသုံးတော်မူကြကုန်၏။ ယင်းကျောင်းတိုက်ကြီး နှစ်တိုက်လုံးတို့၌လည်း သုံးနှစ်စာအတွက် ဒါနဝတ်အဖြစ် တည်ထားသော စပါးတို့ကို တစ်ညဉ့်တည်း၌ပင် ကြွက်ကြီးတို့သည် ခဲစား၍ စပါးခွံ ဖွဲမျှကိုသာ ထားရစ်ခဲ့ကြကုန်၏။ စိတ္တလပဗ္ဗတတောင်ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူကြသော ရဟန်းသံဃာတော်တို့သည် — "တိဿမဟာဝိဟာရကျောင်းတိုက်ကြီး၌ ဒါနဝတ်သည် (= ဒါနဝတ်အဖြစ် တည်ထားသော စပါးသည်) ဖြစ်လတ္တံ့ = ရှိပေလတ္တံ့၊ ထိုတိဿမဟာဝိဟာရကျောင်းတိုက်ကြီးသို့ သွားကြ၍ သီတင်းသုံးကြကုန်အံ့"— ဤသို့ တိုင်ပင်ကြ၍ စိတ္တလပဗ္ဗတတောင်ကျောင်းတိုက်ကြီးမှ ထွက်ခွာတော်မူခဲ့ကြကုန်၏။ တိဿမဟာဝိဟာရကျောင်းတိုက်ကြီး၌လည်း သီတင်းသုံးတော်မူကြသော ရဟန်းသံဃာတော်တို့သည် "စိတ္တလပဗ္ဗတတောင်ကျောင်းတိုက်ကြီး၌လည်း ဒါနဝတ်သည် (= ဒါနဝတ်အဖြစ် တည်ထားသော စပါးသည်) ဖြစ်ပေလတ္တံ့ = ရှိပေလတ္တံ့၊ ထိုစိတ္တလပဗ္ဗတတောင်ကျောင်းတိုက်ကြီးသို့ သွားကြ၍ သီတင်းသုံးကြကုန်အံ့"— ဤသို့ တိုင်ပင်ကြ၍ တိဿမဟာဝိဟာရကျောင်းတိုက်ကြီးမှ ထွက်ခွာတော်မူခဲ့ကြကုန်၏။ နှစ်ဖက်ကုန်သော သံဃာတို့သည်လည်း နက်ရှိုင်းလှသော တစ်ခုသော ချောက်ကမ်းပါး၌ ပေါင်းဆုံမိကြ၍ အချင်းချင်း မေးမြန်းလျှောက်ထားကြည့်ကြရာ ဒါနဝတ်၏ ကုန်ဆုံးသည်၏အဖြစ်ကို သိရှိတော်မူကြကုန်၏။ ယင်းသို့ သိရှိတော်မူကြပြီးနောက် "ထိုကျောင်းတိုက်သို့ ပြန်သွား၍ အဘယ်ကို ပြုနိုင်ကုန်အံ့နည်း"... ဤသို့ တိုင်ပင်တော်မူကြ၍ (၂၄၀၀၀)ကုန်သော ရဟန်းတော်တို့သည် နက်ရှိုင်းလှသော ချောက်ကမ်းပါးရှိရာ တောအုပ်ကြီးအတွင်းသို့ ဝင်ရောက်တော်မူကြ၍ ထိုင်နေတိုင်းသော နည်းဖြင့်သာလျှင် = ထိုင်လျက်သာလျှင် အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူကြကုန်၏။

နောက်ပိုင်းကာလဝယ် ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ငြိမ်းအေးလတ်သော် ရဟန်းသံဃာတော်သည် နတ်တို့သနင်း သိကြားမင်းကို ခေါင်ဆောင်၍ ဓာတ်တော်တို့ကို တပေါင်းတည်း ဆောင်ယူ၍ ဓာတ်တော်တို့ ကိန်းဝပ်ရာ စေတီတော်ကို တည်ဆောက်စေတော်မူ၏။[၉၉]

ဤအောက်ပါစကားရပ်ကို မဟာပစ္စရိအဋ္ဌကထာ၌ ဆိုကြောင်းကို မူလဋီကာ၌[၁၀၀] ဖွင့်ဆိုထား၏။

ဗြာဟ္မဏတိဿသူပုန်သည်လည်း ဇနပုဒ်ကို လုယက်ဖျက်ဆီးလေ၏။ ရဟန်းသံဃာတော်သည် စုပေါင်းတိုင်ပင်၍ "သူပုန်ကို တားမြစ်ပေးပါ"ဟု ဤသို့ ပြောဆိုရန် သိကြားမင်း၏ အထံသို့ မထေရ် (၈)ပါးတို့ကို စေလွှတ်တော်မူလိုက်၏။ နတ်တို့သနင်း သိကြားမင်းက — "အရှင်ဘုရားတို့ . . .

---

[၉၉] အဘိ၊ဋ္ဌ၊၂၄၂၆။ [၁၀၀] မူလဋီ၊၂၊၂၁၁။

တပည့် ဒါယကာတော် သိကြားသည် ဖြစ်ပြီးသော သူပုန်ကို တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါ၊ သံဃာ-တော်သည် သမုဒ္ဒရာ၏ တစ်ဖက်ကမ်းသို့ (အိန္ဒိယဘက်သို့) ကြွတော်မူပါ။ တပည့် ဒါယကာတော် သိကြားသည် သမုဒ္ဒရာ၌ စောင့်ရှောက်ခြင်းကို ပြုပါအံ့" — ဤသို့ လျှောက်ထား၏။ အရပ်မျက်နှာ အားလုံးတို့မှ သံဃာတော်သည် နာဂဒီပကျွန်းသို့ ကြွတော်မူ၍ ဇမ္ဗုကောလဆိပ်၌ ဘုံသုံးထပ်ရှိသော ဖောင်ကြီးကို ဖွဲ့စေပြီ။ တစ်ထပ်သည် ရေ၌ နစ်မြုပ်နေ၏၊ တစ်ထပ်၌ ရဟန်းသံဃာ သီတင်းသုံး-တော်မူ၏၊ တစ်ထပ်၌ သပိတ် သင်္ကန်းတို့ကို ထားတော်မူကြ၏။

သံယုတ္တနိကာယ်ကို ဆောင်တော်မူသော **စူဠသီဝမထေရ်, ဣသိဒတ္တမထေရ်, မဟာသောဏ-မထေရ်** — ဤမထေရ်မြတ်ကြီး သုံးပါးတို့ကား ထိုရဟန်းပရိသတ်တို့၏ အကြီးအကဲတို့ ဖြစ်ကြ၏။ ထိုမထေရ်မြတ်ကြီး သုံးပါးတို့တွင် စူဠသီဝမထေရ် ဣသိဒတ္တမထေရ် ဤမထေရ်မြတ်ကြီး နှစ်ပါး တို့က မဟာသောဏမထေရ်မြတ်ကြီးကို —

"ငါ့ရှင် မဟာသောဏ . . . ဖောင်ကြီးပေါ်သို့ တက်ပါ"ဟု မိန့်ဆိုတော်မူကြ၏။

"အရှင်ဘုရားတို့ . . . အရှင်ဘုရားတို့ကော အသို့နည်း"

"ငါ့ရှင် . . . ရေ၌ သေခြင်းသည်လည်းကောင်း, ကုန်းပေါ်၌ သေခြင်းသည်လည်းကောင်း တစ်ခုတည်းသာတည်း၊ ငါတို့သည် မလိုက်ကုန်အံ့၊ သို့သော် သင့်ကို အမှီပြု၍ နောင်အနာဂတ်၌ သာသနာတော်၏ အစဉ်အဆက်သည် တည်လတ္တံ့၊ ငါ့ရှင် . . . သင်သည် လိုက်သွားပေတော့" ဤသို့ မိန့်ဆိုတော်မူကြ၏။

"အရှင်ဘုရားတို့ . . . အရှင်ဘုရားတို့သည် မလိုက်ကုန်လတ်သော် တပည့်တော်သည် မလိုက်တော့ပါ" — ဤသို့ ပြန်လည်လျှောက်ထားလိုက်၏။

သုံးကြိမ်တိုင်တိုင် ပြောဆိုလျှောက်ထား၍လည်း မဟာသောဏမထေရ်ကို ဖောင်ပေါ်သို့ တက်စေခြင်းငှာ မစွမ်းနိုင်ကုန်လတ်သော် နောက်ကြောင်းပြန်တော်မူကြ၏။

ထိုနောင် စူဠသီဝမထေရ်သည် ဣသိဒတ္တမထေရ်ကို — "ငါ့ရှင် ဣသိဒတ္တ . . . နောင်အနာဂတ် ကာလ၌ မဟာသောဏမထေရ်ကို အမှီပြု၍ သာသနာတော်၏ အစဉ်အဆက်သည် တည်ပေလတ္တံ့၊ ထိုမဟာသောဏမထေရ်ကို လက်မလွှတ်ပါနှင့်" ဤသို့ မိန့်ကြားတော်မူ၏။

"အရှင်ဘုရားတို့ . . . အရှင်ဘုရားတို့ကော အသို့နည်း"ဟု မေးမြန်း လျှောက်ထားလိုက်၏။

"ငါသည် မဟာစေတီတော်ကို ရှိခိုးအံ့" — ဤသို့ ပြောဆို၍ ဣသိဒတ္တမထေရ် မဟာသောဏ မထေရ်နှစ်ပါးတို့ကို သွန်သင်ဆုံးမ၍ အစဉ်အတိုင်း ခရီးဒေသစာရီကို ကြွချီတော်မူလတ်သော် မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ကောင်းစွာ ဆိုက်ရောက်တော်မူ၏။ ထိုအခါ၌ မဟာဝိဟာရ ကျောင်းတိုက်ကြီးကား ရဟန်းသံဃာတို့မှ ဆိတ်သုဉ်းလျက်ရှိ၏၊ စေတီရင်ပြင်တော်၌ ကြက်ဆူပင် တို့သည် မင်းမူနေကြ၏၊ စေတီတော်ကို ချုံပုတ်တို့က ဝန်းရံထား၏၊ စေတီတော်ကို ရေညှိမှော်က

မြေးယှက်ထား၏။

အရှင်စူဠသီဝမထေရ်မြတ်ကြီးသည် သက်တော်ထင်ရှား မြတ်စွာဘုရားရှင်၏အပေါ်၌ ရှိသေ-ပျပ်ဝပ်မှု အခြင်းအရာကို ပြသကဲ့သို့ မဟာစေတီတော်ကို ရှိခိုး၍ စေတီတော်၏ အနောက်ဘက် အရပ်၌ တည်ရှိသော ဇရပ်သို့ ဝင်၍ ကြည့်ရှုဖူးမြော်လျက် – "ဤသို့ သဘောရှိသည်မည်သော မြတ်သော လာဘ်လာဘ, မြတ်သော ကျော်စောခြင်းသို့ ရောက်တော်မူသော မြတ်စွာဘုရား၏ သရီရဓာတ်တော် မွေတော်များကို စုပေါင်း၍ပနာရာ ဌာနကြီးသည် ကိုးကွယ်ရာ မရှိ ဖြစ်ရလေပေ့" ဤသို့ ကြံစည်တွေးတောလျက် ထိုင်နေတော်မူ၏။

ထိုအခါ၌ မဝေးလွန်းလှသော သစ်ပင်၌ စိုးအုပ်၍နေသော ရုက္ခဇိုဝ်းနတ်သည် ခရီးသွားသမား လူ့အသွင်ဖြင့် တစ်ကွမ်းစားသော ဆန်ကိုလည်းကောင်း, တင်လဲခဲကိုလည်းကောင်း ယူဆောင်လျက် အရှင်စူဠသီဝမထေရ်မြတ်ကြီး၏ အထံသို့ လာရောက်၍– "အရှင်ဘုရားတို့ . . . အဘယ်အရပ်သို့ ကြွတော်မူကြမှာလဲ"ဟု လျှောက်ထား၏။

ဥပါသက ဒါယကာ . . . ငါသည် တောင်အရပ်သို့ သွားမလို့ပါ"ဟု ပြန်လည်၍ မိန့်တော်မူ-လိုက်၏။

"တပည့်တော်သည်လည်း တောင်အရပ်သို့ပင် သွားလိုပါ၏။ အရှင်ဘုရား . . . အတူတကွ သွားကြပါစို့"ဟု နတ်က လျှောက်ထား၏။

"ဒါယကာ . . . ငါသည် ဆွမ်းမဘုဉ်းပေးရသောကြောင့် အားမရှိ ဖြစ်နေ၏၊ သင် သွားသလို သွားနိုင်စွမ်း မရှိပါ၊ ဥပါသကာ . . . သင်သည် ရှေ့က သွားနှင့်ပေတော့"ဟု မိန့်တော်မူလိုက်၏။

"တပည့်တော်သည်လည်း အရှင်ဘုရား သွားသလိုပင် သွားပေအံ့"ဟု လျှောက်ထား၍ အရှင်-စူဠသီဝမထေရ်မြတ်ကြီး၏ သပိတ် သက်န်းကို လှမ်းယူလိုက်၏။

**တိဿဝါပိ**ရေကန်၏ ကန်ပေါင်ရိုးသို့ တက်ရာအခါ၌လည်း အဖျော်ရည်ကို ပြုလုပ်၍ သပိတ်-တွင် ထည့်၍ အရှင်စူဠသီဝမထေရ်မြတ်ကြီးအား ဆက်ကပ်လှူဒါန်း၏။ မထေရ်မြတ်ကြီး၏သန္တာန်၌ ဖျော်ရည်ကို သောက်သုံးလိုက်ကာမျှ၌ပင်လျှင် အနည်းငယ်သော ခွန်အားသည် ကောင်းစွာ တည်-လာ၏။ ရုက္ခဇိုဝ်းနတ်သည် မြေကြောရှုံ့၍ ခရီးဆက်လေသော် **ဝေဏုမြစ်**အနီး၌ ရဟန်းတို့သည် စွန့်ပစ်ထားအပ်သော ကျောင်းတစ်ကျောင်းသို့ ဆိုက်ရောက်ကြ၍ အရှင်စူဠသီဝမထေရ်မြတ်ကြီး သီတင်းသုံးတော်မူရန် နေရာအရပ်ကို သုတ်သင်ရှင်းလင်း၍ပေး၏။

နောက်တစ်နေ့၌ မထေရ်မြတ်ကြီးသည် မျက်နှာသစ်အပ်ပြီးကာမျှ ဖြစ်လတ်သော် ယာဂုကို ကျိုချက်၍ ဆက်ကပ်လှူဒါန်း၏။ ထိုနောင် ဆွမ်းကို ချက်ပြုတ်၍ ယာဂုသောက်သုံးပြီးသော မထေရ်-မြတ်ကြီးအား ဆွမ်းကို ဆက်ကပ်လှူဒါန်း၏။ မထေရ်မြတ်ကြီးက "ဥပါသကာ . . . သင့်အတွက် ချန်ထားဦးလော့"ဟု ပြောဆို၍ သပိတ်ကို လက်ဖြင့် ပိတ်ထားလိုက်၏။

တပည့်တော်သည် မဝေးလွန်းလှသော အရပ်သို့ သွားရပါမည်၊ ဝေးသောအရပ်သို့ သွားရမည် မဟုတ်ပါ”ဟု လျှောက်ထား၍ ရုက္ခဇိုဝ်းနတ်သည် မထေရ်မြတ်ကြီး၏ သပိတ်၌ ဆွမ်းကို လောင်း- ထည့်၍ မထေရ်မြတ်ကြီးသည် ဆွမ်းဘုဉ်းခြင်းကိစ္စကို ပြုပြီးလတ်သော် သပိတ် သက်န်းကို ယူဆောင် ၍ လမ်းခရီးကို ဆက်လက် ကြွတော်မူလေသော် ရုက္ခဇိုဝ်းနတ်သည် နီးသွားအောင် မြေကြောကို ရှုံ့လိုက်၏၊ **ဇဋ္ဋရမြစ်**၏ အနီးသို့ ဆောင်ပို့လိုက်၏။

“အရှင်ဘုရား . . . ဤအရပ်သည် ဟင်းရွက်ကို စားသော လူတို့၏ နေရာအရပ်ပါတည်း၊ မီးခိုးသည် ထင်ရှားပါ၏၊ တပည့်တော်သည် ရှေ့သို့ သွားပါအံ့”ဟု လျှောက်ထား၍ မထေရ်မြတ်ကြီး- ကို ရှိခိုး၍ မိမိ၏ ဗိမာန်သို့ ရုက္ခဇိုဝ်းနတ်သည် ပြန်သွားလေ၏။ ပြာဟ္မဏတိဿ သူပုန်ဘေးကြီး ဆိုက်ရောက်နေသမျှ ကာလပတ်လုံး အရှင်စူဠသီဝမထေရ်မြတ်ကြီးသည် ဟင်းရွက်ကို စားသော လူတို့ကို အမှီပြု၍ သီတင်းသုံးတော်မူ၏။

အရှင်က္ကသိဒတ္တမထေရ်မြတ်ကြီးသည်လည်း အရှင်မဟာသောဏ မထေရ်မြတ်ကြီးနှင့်အတူ အစဉ်အတိုင်း ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် **အဠဇနပုဒ်**သို့ ချောချောမောမော ဆိုက်- ရောက်တော်မူ၏။ ထိုအဠဇနပုဒ်၌ လူတို့သည် အလွန်မမှည့်ကုန်သေးသော သစ်မည်စည်သီးတို့ကို ခွဲ၍ အစေ့ကို ထုတ်ယူပြီး အခွံကို စွန့်ပစ်၍ သွားကြ၏။ အရှင်က္ကသိဒတ္တမထေရ်မြတ်ကြီးက — “ငါ့ရှင် မဟာသောဏ . . . ဆွမ်းအာဟာရသည် ထင်နေ၏”ဟု မိန့်ဆို၍ သပိတ် သက်န်းကို ယူဆောင်စေ၍ သပိတ်ကို သပိတ်အိတ်မှ ထုတ်ဆောင်၍ ဆွမ်းခံရပ်တော်မူ၏။

ကလေးသူငယ်တို့သည် အရှင်က္ကသိဒတ္တမထေရ်မြတ်ကြီး ဆွမ်းခံရပ်တော်မူသည်ကို မြင်တွေ့ ရ၍ — “ဤသစ်မည်စည်စေ့၏ အခွံဖြင့် တစ်စုံတစ်ခုသော အလိုရှိအပ်သော အကျိုးတရားသည် ထင်ရှားရှိသည် ဖြစ်ပေလတ္တံ့” ဤသို့ စဉ်းစားမိကြ၍ သစ်စေ့အခွံ၌ ပေကျံနေသော သဲကို သုတ်၍ သစ်မည်စည်သီးအခွံကို သပိတ်၌ လောင်းလှူကြကုန်၏။ မထေရ်မြတ်ကြီးတို့သည် ဘုဉ်းပေးတော်- မူကြ၏။ ခုနစ်ရက်မျှပတ်လုံး ထိုသစ်မည်စည်သီးအခွံသည်ပင် မထေရ်မြတ်ကြီးတို့၏ အစာအာဟာရ ဖြစ်သွားခဲ့၏။

အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူရာ **စောရိယအိုင်**သို့ ချောချောမောမော ဆိုက်ရောက် တော်မူကြ၏။ လူဒါယကာ ဒါယိကာမတို့သည် ကုမုဒြာကြာတို့ကို ယူဆောင်၍ ကုမုဒြာကြာရိုးတို့ကို စွန့်ပစ်၍ သွားကြ၏။ အရှင်က္ကသိဒတ္တမထေရ်မြတ်ကြီးသည် — “ငါ့ရှင် မဟာသောဏ . . . ဆွမ်း- အာဟာရသည် ထင်လာ၏၊” ဤသို့ မိန့်တော်မူ၍ သပိတ် သက်န်းကို ဆောင်ယူစေ၏။ သက်န်းကို ရုံ၍ သပိတ်အိတ်မှ သပိတ်ကို ထုတ်ဆောင်တော်မူ၍ ဆွမ်းခံရပ်တော်မူ၏။ ရွာသူသားငယ်တို့သည် ကုမုဒြာကြာရိုးတို့ကို ဆေးကြောသုတ်သင်၍ သပိတ်၌ ထည့်၍ လောင်းလှူကြ၏။ မထေရ်မြတ်ကြီး တို့သည် ဘုဉ်းပေးတော်မူကြကုန်၏။ ခုနစ်ရက်မျှပတ်လုံး ထိုကြာရိုးသည်ပင်လျှင် မထေရ်မြတ်ကြီးတို့ အတွက် အစာအာဟာရ ဖြစ်သွားခဲ့၏။

အစဉ်အတိုင်း ခရီးဒေသစာရီ ကြွချီတော်မူလတ်သော် ဟင်းရွက်ကို စားကုန်သော သူတို့၏

နေရာအရပ်၌ ရွာတံခါးတစ်ခုသို့ ကောင်းစွာ ဆိုက်ရောက်သွားတော်မူကြ၏။ ထိုရွာတံခါး၌ တစ်ယောက်သော သတို့သမီး၏ မိဘတို့သည် တောသို့ သွားခါနီးတွင် — “ချစ်သမီး . . . အရှင်မြတ်တစ်ပါးသည် အကယ်၍ ကြွလာငြားအံ့၊ ဤသို့ ကြွလာသော် တစ်စုံတစ်ခုသော အရပ်သို့ ဆွမ်းအလို့ငှာ သွားခြင်းကို မပေးလင့်၊ အရှင်၏ ခေတ္တသီတင်းသုံးရာ နေရာဌာနကို မေးမြန်းလျှောက်ထားလိုက်ပါလော့” ဤသို့ ပြောဆိုမှာထားသွားကြ၏။

ထိုသတို့သမီးသည် မထေရ်မြတ်ကြီးနှစ်ပါးတို့ကို ဖူးမြင်ရ၍ သပိတ်ကို ယူဆောင်၍ အိမ်၌ ခေတ္တထိုင်၍ သီတင်းသုံးစေတော်မူ၏။ အိမ်၌လည်း စပါးမျိုးမည်သည် မရှိသာ ဖြစ်၏။ သို့သော် ဓားငယ်ကို ယူ၍ ချင်ရွှေးပင်, တောင်ငှက်ပျောပင်တို့၏ အခွံအဖတ်ကို ချင်ရွှေးနွယ် ချင်ရွှေးရွက်တို့နှင့် တကွ တပေါင်းတည်း နုပ်နုပ်စဉ်း၍ အဆုပ် (၃)ဆုပ် ပြုလုပ်၍ တစ်ဆုပ်ကို ဣသိဒတ္တမထေရ်၏ သပိတ်၌, တစ်ဆုပ်ကို မဟာသောဏမထေရ်၏ သပိတ်၌ လောင်းလှူလိုက်၏။ ပိုနေသော တစ်ဆုပ်ကို ထေရ်ကြီးဝါကြီး ဖြစ်တော်မူသော ဣသိဒတ္တမထေရ်မြတ်ကြီး၏ သပိတ်၌ ထည့်၍ လှူအံ့ဟု ကြံစည်၍ လက်ကို ဆန့်တန်းလိုက်၏။ သတို့သမီး၏ လက်သည် ပြန်လည်လာ၍ မဟာသောဏမထေရ်မြတ်ကြီး၏ သပိတ်၌ တည်စေပြီ။

ဣသိဒတ္တမထေရ်မြတ်ကြီးက — “ဗြာဟ္မဏတိဿ သူပုန်ဘေးဆိုးကြီး ဖြစ်ရာအခါ၌ ချင်ရွှေးပင် ငှက်ပျောပင်တို့မှ ဖြစ်သော အဆုပ်အခဲတို့ကို အကျိုးပေးသော ကံသည် **ဒေသသမ္ပတ္တိ ကာလသမ္ပတ္တိ** ဖြစ်ရာအခါ၌ အဘယ်မျှလောက် ပမာဏရှိသော အကျိုးကို ပေးလတ္တံ့နည်း” — ဤသို့ ပြောဆို၏။ ထိုမထေရ်မြတ်ကြီးတို့သည် ထိုအဆုပ်အခဲကို ဘုဉ်းပေးတော်မူပြီး၍ နေရာအရပ်သို့ သွားကြကုန်ပြီ။ ထိုသတို့သမီးသည်လည်း တောမှ ပြန်လာကုန်သော မိဘတို့အား အကျိုးအကြောင်းကို ပြောပြ၏။ မထေရ်မြတ်ကြီးနှစ်ပါးတို့ ဆွမ်းခံကြွလာကြောင်း, ထိုမထေရ်မြတ်ကြီးတို့၏ နေထိုင်သီတင်းသုံးရာ အရပ်ကိုလည်း မေးမြန်းလျှောက်ထားလိုက်ကြောင်းကို ပြောပြ၏။

ထိုမိဘနှစ်ပါးတို့သည် မထေရ်မြတ်ကြီးတို့၏ အထံသို့ သွား၍ ရှိခိုးဝပ်ချ၍—“အရှင်ဘုရားတို့ . . . အကြင်အာဟာရကို တပည့်တော်တို့သည် ရရှိကြပါကုန်၏၊ ထိုအာဟာရဖြင့် အရှင်ဘုရားတို့ကို ပြုစုလုပ်ကျွေးပါကုန်အံ့၊ ဤအရပ်၌သာလျှင် သီတင်းသုံးတော်မူကြပါကုန်ဘုရား” — ဤသို့ လျှောက်ထားတောင်းပန်၍ နေဖို့ရန် ခံဝန်ချက်ပဋိညာဉ်ကို ယူကြ၏။ မထေရ်မြတ်ကြီးနှစ်ပါးတို့သည်လည်း အလုံးစုံသော ဘေးဖြစ်ရာ ကာလပတ်လုံးပင် ထို ဥပါသကာ ဥပါသိကာမတို့ကို အမှီပြု၍ နေထိုင်သီတင်းသုံးတော်မူကြ၏။

ဗြာဟ္မဏတိဿ သူပုန်ကြီးကား ကွယ်လွန်သွားခဲ့၏။ **ပိတုမဟာရာဇာ**သည် ထီးဖြူကို စိုက်ထူစေ၏။ “ဗြာဟ္မဏတိဿ သူပုန်ဘေးကြီး ငြိမ်းအေးသွားပြီ၊ ဇနပုဒ်သည် ပြည့်စုံကြွယ်ဝလာပြီ”— ဟူသော သတင်းကောင်းကို ကြားရ၍ သမုဒ္ဒရာ၏ တစ်ဖက်ကမ်း (အိန္ဒိယဘက်)မှ ရဟန်းသံဃာတော်သည် လှေဖြင့် ပြန်လည် ကြွလာ၏၊ **မဟာတိတ္ထဆိပ်ကမ်း**၌ သက်ဆင်းတော်မူ၏။ **“မဟာသောဏ**မထေရ်မြတ်ကြီးသည် အဘယ်အရပ်၌ သီတင်းသုံးနေထိုင်ပါသနည်း”–ဟု မေးမြန်း၍

မဟာသောဏမထေရ်မြတ်ကြီး၏ အထံသို့ ကြွသွားတော်မူ၏။

အရှင်မဟာသောဏမထေရ်မြတ်ကြီးကား ထိုအချိန်အခါ၀ယ် ရဟန်း (၅၀၀) ခြံရံလျက် **ကာလ-ကစ္ဆာ မက္ကုလာရာမကျောင်းတိုက်**သို့ ကောင်းစွာ ဆိုက်ရောက်တော်မူလာ၏။ ထိုအခါ၌ ကာလကစ္ဆာ၌ အိမ်ခြေပေါင်း (၇၀၀) ရှိနေ၏။ ညဉ့်အခါ၀ယ် နတ်တို့သည် လှည့်လည်၍ "အရှင်မဟာသောဏမထေရ်မြတ်ကြီးသည် ရဟန်း (၅၀၀) ခြံရံလျက် မက္ကုလာရာမကျောင်းတိုက်သို့ ဆိုက်ရောက်တော်မူလာ၏။ တစ်ယောက် တစ်ယောက်သည် (၉)တောင်ရှိသော အ၀တ်နှင့်တကွ အသပြာ တစ်ကျပ်တစ်ကျပ် ထိုက်တန်သော ဆွမ်းကို ပေးလှူလော့"—ဟု လူအပေါင်းတို့ကို ပြောဆိုကြကုန်၏။

တစ်ဖန် နောက်တစ်နေ့၌ မထေရ်မြတ်တို့သည် ကာလကစ္ဆာတွင်းသို့ ဆွမ်းအလို့ငှာ ၀င်ရောက်တော်မူကြကုန်၏။ လူတို့သည် ထိုင်၍ သီတင်းသုံးစေပြီးနောက် ယာဂုကို ဆက်ကပ်လှူဒါန်းကြကုန်၏။ ထိုသံဃာ့ပရိသတ်၌ မက္ကုလာရာမကျောင်းတိုက်၌ သီတင်းသုံးတော်မူသော **အရှင်တိဿဘူတိ** မထေရ်မြတ်ကြီးသည်ကား သံဃာ့ထေရ်ဖြစ်၍ ထိုင်နေတော်မူ၏။ တစ်ယောက်သော ဥပါသကာ ဒါယကာကြီးသည် ထိုအရှင်တိဿဘူတိမထေရ်မြတ်ကြီးကို ရှိခိုး၀ပ်ချ၍ — "အရှင်ဘုရား . . . အရှင်မဟာသောဏမထေရ်မြတ်မည်သည် အဘယ်မထေရ်ပါနည်း" — ဤသို့ မေးမြန်းလျှောက်-ထား၏။ ထိုအချိန်အခါ၌ အရှင်မဟာသောဏမထေရ်မြတ်ကား သီတင်းငယ် ဖြစ်နေ၏။

ထိုရဟန်းပရိသတ်တွင် အငယ်ဆုံး ဖြစ်နေ၏၊ ရဟန်းပရိသတ်၏ အစွန်ဆုံးနေရာ၌ ထိုင်-နေတော်မူ၏။ အရှင်တိဿဘူတိမထေရ်မြတ်ကြီးသည် လက်တော်ကို ဆန့်တန်းတော်မူ၍ — "ဥပါသကာ . . . မဟာသောဏမထေရ်မည်သည် ဤပုဂ္ဂိုလ်တည်း"—ဟု မိန့်ကြားတော်မူလိုက်၏။ ဥပါသကာ ဒါယကာကြီးသည် ထိုမဟာသောဏမထေရ်မြတ်ကြီးကို ရှိခိုး၍ သပိတ်ကို လှမ်းယူ၏။ အရှင်မဟာသောဏမထေရ်မြတ်က သပိတ်ကို မပေးလိုက်ပေ။

အရှင်မဟာသောဏမထေရ်မြတ်က အဘယ်ကြောင့် မပေးသနည်းဟူမူ— ဤဥပါသကာ ဒါယကာကြီးသည် ငါ့ကို ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့် သိလေသနည်း၊ တစ်စုံတစ်ယောက်က တစ်စုံတစ်ခုကို ပြောထားသည် ဖြစ်တန်ရာ၏" — ဤသို့ အမှတ်သညာရှိ၍ မပေးခြင်း ဖြစ်၏။ (ရဟန်းတစ်ပါးပါးက ပြောထားသည်ဟု အမှတ်သညာရှိနေ၍ မပေးခြင်း ဖြစ်၏ဟု ဆိုလိုသည်။)

ထိုအခါ အရှင်တိဿဘူတိမထေရ်မြတ်ကြီးက — "ငါ့ရှင်သောဏ . . . သင်သည် မသိသကဲ့သို့ ငါတို့သည်လည်း အလားတူပင် မသိကြပါကုန်၊ ဘုန်းကံရှိသူတို့အဖို့ နတ်တို့သည် ဆွမ်းတို့ကို ကျက်-စေကြကုန်၏၊ သပိတ်ကို ပေးလိုက်ပါ၊ သီတင်းသုံးဖော်တို့အား ချီးမြှောက်မှုကို ပြုပါလော့"—ဟု မိန့်ကြားတော်မူလိုက်၏။

အရှင်မဟာသောဏမထေရ်မြတ်သည် သပိတ်ကို ပေးတော်မူလိုက်၏၊ ဥပါသကာ ဒါယကာ-ကြီးသည် သပိတ်ကို ယူဆောင်၍ အသပြာတစ်ကျပ် ထိုက်တန်သော ဆွမ်းဖြင့် ပြည့်စေ၍ (၉)တောင် အတိုင်းအရှည်ရှိသော ပိတ်စကို သပိတ်ခြေပြုလုပ်၍ ဆောင်ယူပြီးနောက် အရှင်မဟာသောဏ

မထေရ်မြတ်၏ လက်တော်၌ ဆက်ကပ်တည်ထားလေ၏။ အခြားတစ်ယောက်သော ဥပါသကာ ဒါယကာကြီးသည်လည်း အခြားသော ရဟန်းတော်တစ်ပါး၏ သပိတ်တော်ကို ယူဆောင်သွားပြီးနောက် အသပြာတစ်ကျပ်ထိုက်တန်သော ဆွမ်းဖြင့် ပြည့်စေ၍ (၉)တောင် အတိုင်းအရှည်ရှိသော ပိတ်စကို သပိတ်ခြေ ပြုလုပ်၍ ဆောင်ယူပြီးနောက် အရှင်မဟာသောဏမထေရ်မြတ်၏ လက်တော်၌ ဆက်ကပ်တည်ထားလေ၏။ ဤသို့လျှင် (၇၀၀)သော ပိတ်စတို့ကိုလည်းကောင်း, (၇၀၀)သော ဆွမ်းတို့ကိုလည်းကောင်း အရှင်မဟာသောဏမထေရ်မြတ်အားသာလျှင် ပေးလှူကြကုန်၏။

အရှင်မဟာသောဏမထေရ်မြတ်သည် ရဟန်းသံဃာတော်အား ခွဲခြားဝေဖန်မှုကို ပြု၍ အစဉ်အတိုင်း ခရီးဒေသစာရီ ကြွချီတော်မူလာရာ **မဟာဝိဟာရကျောင်းတိုက်ကြီး**သို့ ဆိုက်ရောက်တော်မူလာ၏။ မျက်နှာကို သစ်တော်မူ၏။ မဟာဗောဓိပင်ကို ရှိခိုးဝတ်ပြုတော်မူ၏။ မဟာစေတီတော်ကို ရှိခိုးတော်မူ၏။ ထူပါရာမ၌ ရပ်တည်တော်မူလျက် သင်္ကန်းကို ရုံ၍ ရဟန်းသံဃာအပေါင်း ခြံရံလျက် မြို့တွင်းသို့ ဝင်တော်မူ၍ တောင်တံခါးမှသည် **ဝဋ္ဋဥနက**မည်သော ဇရပ်သို့တိုင်အောင် ဤအတွင်း၌ အသပြာ (၆၀) ထိုက်တန်သော ဆွမ်းကို ရရှိတော်မူ၏။ တစ်ဖန် ထိုအခါမှစ၍ ကောင်းစွာ ပြုလုပ်အပ်သော ပူဇော်သက္ကာရ၏ အတိုင်းအတာပမာဏကား မရှိဖြစ်ခဲ့၏။ ဤသို့လျှင် **ကာလဝိပတ္တိ**၌ သစ်မည်စည်သီးအခွံသည်လည်းကောင်း, ကုမုဒြာကြာရိုးသည်လည်းကောင်း အလွန်ရခဲသော သဘောရှိသည့် ဒုလ္လဘတရားတစ်ခု ဖြစ်ခဲ့ရ၏။ **ကာလသမ္ပတ္တိ**အခါ၌ကား ဤသို့ သဘောရှိသော များစွာကုန်သော လာဘ်လာဘသည် ထင်ရှားဖြစ်ခဲ့လေပြီ။[၁၀၁]

## ဝတ္တဗ္ဗကနိဂြောဓမထေရ်မြတ်ကြီး၏ ဝတ္ထု

အရှင်ဝတ္တဗ္ဗကနိဂြောဓမထေရ်၏ အကြောင်းအရာကိုလည်း ဤတွင် အဋ္ဌကထာက ဖွင့်ဆိုထားတော်မူ၏ – အရှင်ဝတ္တဗ္ဗကနိဂြောဓမထေရ်၏လည်း သာမဏေဖြစ်ရာအခါ၌ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီးသည် ထင်ရှားဖြစ်ပေါ်ခဲ့၏။ ဝတ္တဗ္ဗကနိဂြောဓသာမဏေသည်လည်းကောင်း, ထိုသာမဏေ၏ ဥပဇ္ဈာယ်ဆရာတော်သည်လည်းကောင်း သမုဒ္ဒရာတစ်ဖက်ကမ်းသို့ = အိန္ဒိယဘက်သို့ မလိုက်ပါကြကုန်။ ဟင်းရွက်ကို စားသုံးကြကုန်သော လူတို့ကို အမှီပြု၍ နေကုန်အံ့ဟု ကြံစည်၍ တိုင်းပြည်၏ အစွန်အဖျား ပစ္စန္တရစ်အရပ်သို့ ရှေးရှုခရီးသွားတော်မူကြ၏။ ရှင်သာမဏေသည် ခုနစ်ရက်မျှပတ်လုံး အစာမစားရသည်ဖြစ်၍ တစ်ခုသော ရွာတည်ရာအရပ်၌ ထန်းသီးရင့်ရင့်ကို တွေ့မြင်ရ၍ ဥပဇ္ဈာယ်ဆရာတော်ကို လျှောက်ထား၏– "အရှင်ဘုရား . . . အနည်းငယ် ဆိုင်းငံ့တော်မူပါ၊ ထန်းသီးရင့်ရင့်ကို မြေသို့ ကျစေပါအံ့"ဟု လျှောက်ထား၏။ "ငါ့ရှင်သာမဏေ . . . သင်ကား အားမရှိဖြစ်နေ၏၊ ထန်းပင်ကို မတက်ပါလင့်"ဟု တားမြစ်တော်မူလိုက်၏။

"အရှင်ဘုရား . . . တပည့်တော် တက်ပါအံ့"ဟု လျှောက်ထား၍ ဓားငယ်ကို ကိုင်ယူပြီးလျှင် ထန်းပင်သို့ တက်၏။ ထန်းပင်ပေါ်သို့ ရောက်သောအခါ ထန်းသီးခိုင်ကို ဖြတ်ချဖို့ရန် ကြိုးစားအားထုတ်တော်မူ၏။ ဓားသွားငယ်သည် ဓားရိုးမှ ကျွတ်ထွက်၍ မြေပေါ်သို့ ကျသွား၏။ ဥပဇ္ဈာယ်

---

[၁၀၁] အဘိ၊ဋ္ဌ၊၂၄၂၆-၄၃၀။

မထေရ်မြတ်ကြီးကား စဉ်းစားတော်မူ၏— "ဤသာမဏေသည် ပင်ပင်ပန်းပန်း ထန်းပင်ပေါ်သို့ ရောက်အောင် တက်ခဲ့ရ၏၊ ယခုအခါ၌ အဘယ်ကို ပြုလုပ်ရလတ္တံ့နည်း" – ဤသို့ စဉ်းစားတော်မူ၏။ ရှင်သာမဏေကား အကြောင်းဥပါယ်၌ လိမ္မာသူဖြစ်၏။ ထန်းရွက်ကို စိတ်၍ စိတ်၍ ဓားရိုး၌ ဖွဲ့ချည်၍ ထန်းရွက်စ တစ်ခုနှင့် ထန်းရွက်စ တစ်ခုကို ဆက်စပ်လျက် ဖွဲ့ချည်ပြီးနောက် မြေ၌ ချပေးလိုက်၏။ "အရှင်ဘုရား . . . ဓားသွားကို ဤဓားရိုး၌ အကယ်၍ သွင်းပေးလိုက်အံ့၊ ဤသို့ သွင်းပေးလိုက်သော် စင်စစ် ကောင်းသည်သာ ဖြစ်ရာပါ၏"—ဟု လျှောက်ထား၏။ ဥပဇ္ဈာယ် မထေရ်မြတ်သည် – "ရှင်သာမဏေကား ဥပါယ်တံမျဉ်၌ ကျွမ်းကျင်၏"—ဟု နှလုံးပိုက်တော်မူ၍ ဓားသွားကို ဓားရိုး၌ သွင်း၍ ပေးတော်မူလိုက်၏။

ထိုသာမဏေသည် ဓားငယ်ကို အပေါ်သို့ ဆွဲတင်၍ ထန်းသီးတို့ကို ခုတ်ချလိုက်၏။ မထေရ်ကြီးသည် ဓားငယ်ကို ရှေးဦးစွာ အောက်သို့ ပစ်ချရန် မိန့်ကြားတော်မူလိုက်၏။ မထေရ်ကြီးသည် မြေကြီးပေါ်၌ လိမ့်သွားသော ထန်းသီးကို ခွဲ၍ ထန်းပင်ပေါ်မှ ဆင်းသက်လာသော ရှင်သာမဏေကို— "သာမဏေ . . . သင်သည် အားမရှိဖြစ်နေ၏၊ ရှေးဦးစွာ ဤထန်းသီးကို စားပါ"—ဟု မိန့်ဆို၏။

"အရှင်ဘုရား . . . တပည့်တော်သည် အရှင်ဘုရားတို့သည် မခဲစားအပ်သေးမီ မခဲစားပါအံ့" ဟု လျှောက်ထား၍ ဓားငယ်ကို ယူ၍ ထန်းသီးတို့ကို ခွဲ၍ သပိတ်ကို သပိတ်အိတ်မှ ထုတ်ဆောင်၍ ထန်းသီးဆန်ကို ထည့်၍ ဥပဇ္ဈာယ်မထေရ်မြတ်ကြီးအား ဦးစွာ ဆက်ကပ်၏။ ထိုနောင်မှ မိမိ ကိုယ်တိုင် ခဲစား၏။ ထန်းပင်တို့၌ ထန်းသီးများရှိနေသေးသမျှကာလပတ်လုံး ထန်းသီးများ မကုန် မချင်း ဆရာတပည့်နှစ်ပါးတို့သည် ထိုအရပ်၌ပင်လျှင် သီတင်းသုံးတော်မူကြ၏။ ထန်းသီးတို့ ကုန်သွားသောအခါ၌ ဆရာတပည့်နှစ်ပါးတို့သည် အစဉ်အတိုင်း ခရီးဒေသစာရီ ကြွချီတော်မူရာ ဟင်းရွက်ကို စားကြကုန်သော လူတို့၏ နေရာအရပ်ဌာန၌ ရဟန်းတို့ စွန့်ပစ်ထားအပ်သော ကျောင်း တစ်ကျောင်းသို့ ဝင်ရောက်သွားကြ၏။ ရှင်သာမဏေသည် ဥပဇ္ဈာယ်မထေရ်မြတ်ကြီး၏ သီတင်းသုံး- ဖို့ရန်နေရာကို သုတ်သင်ရှင်းလင်းပေး၏။ ဥပဇ္ဈာယ်မထေရ်မြတ်ကြီးသည် ရှင်သာမဏေအား အဆုံးအမ ဩဝါဒကို ပေးတော်မူပြီးနောက် ကျောင်းတွင်းသို့ ဝင်သွားတော်မူ၏။ ရှင်သာမဏေကား ဤသို့ စဉ်းစားတော်မူ၏။[၁၀၂]

"သေဖို့ရန် အကြောင်းမဟုတ်သော အရပ်၌, မသေသင့်ဘဲ သေရာအရပ်၌ ပျက်စီးရကုန်သော ခန္ဓာကိုယ်အတ္တဘောတို့၏ အတိုင်းအရှည်ပမာဏသည်ကား မရှိဖြစ်ခဲ့၏ (= သံသရာတစ်ခွင်၌ ကျင်လည်ခဲ့ရစဉ် မသေသင့်ဘဲ သေရသည့်ဘဝ, မသေသင့်ရာအရပ်၌ သေခဲ့ရသည့်ဘဝတို့ကား မရေမတွက်နိုင်အောင် များပြားခဲ့၏။) ဘုရားရှင်တို့အား ပြုစုလုပ်ကျွေးခြင်းကို ငါသည် ပြုပါတော့အံ့" ဤသို့ ကြံစည်စဉ်းစား၍ စေတီရင်ပြင်တော်သို့ သွား၍ စိမ်းလန်းသော မြက်သစ်ပင် မရှိအောင် သုတ်သင်ရှင်းလင်း၏။ ခုနစ်ရက်မျှကာလပတ်လုံး အစာမစားရခြင်းကြောင့် တုန်တုန်လှုပ်လှုပ်ဖြစ်၍ လဲလေ၏။ လျောင်းလျက်သာလျှင် စေတီရင်ပြင်တော်၌ရှိသော မြက်တို့ကို ဆက်လက်၍ နုတ်နေ၏။

---

[၁၀၂] အနာယတနေ နဋ္ဌာနံ အတ္တဘာဝါနံ ပမာဏံ နတ္ထိ၊ ဗုဒ္ဓါနံ ဥပဋ္ဌာနံ ကရိဿာမိ။ (အဘိ႒၊၂၊၄၃၁။)

ထိုအချိန်အခါ၀ယ် အချို့ကုန်သော လူတို့သည် တောထဲ၌ လှည့်လည်ကုန်လတ်သော် ပျားရည်ကို ရရှိ၍ ထင်းတို့ကိုလည်းကောင်း, ဟင်းရွက်တို့ကိုလည်းကောင်း ဆောင်ယူ၍ လာကုန်လတ်သော် စေတီရင်ပြင်တော်၌ရှိသော မြက်များ လှုပ်ရှားနေခြင်းဟူသော အမှတ်သညာဖြင့် "ဤလှုပ်ရှားနေ-သော အရာသည် သားကောင်လေလော"ဟု ကြံ၍ လာလတ်ကုန်သော် ရှင်သာမဏေကို တွေ့ကြကုန်၏။ ရှင်သာမဏေ၏အထံသို့ သွား၍ "သာမဏေ . . . အဘယ်အရာကို ပြုလုပ်နေပါသနည်း" ဟု မေးမြန်းလျှောက်ထားကြကုန်၏။

"ဥပါသကာ ဒါယကာတို့ . . . စေတီရင်ပြင်တော်၌ ပေါက်ရောက်နေကြသော ရှုပ်ပွေနေကြ-သော မြက်ထုံးတို့ကို ဆွဲယူနေပါ၏"— ဤသို့ ပြန်ပြောလိုက်၏။

"အရှင်ဘုရား . . . အရှင်ဘုရားမှ အခြားတစ်ပါးသော ရဟန်းသံဃာတော် တစ်စုံတစ်ဦးသည် ရှိပါသေးသလော"ဟု မေးမြန်းလျှောက်ထားကြ၏။

"ဥပါသကာ ဒါယကာတို့ . . . အိမ်း - ရှိပေ၏။ ကိုရင်၏ ဥပဇ္ဈာယ်ဆရာတော်သည် ကျောင်း-ခန်းအတွင်း၌ ရှိနေသေး၏"ဟု ပြန်လည် မိန့်ဆိုလိုက်၏။

"အရှင်ဘုရား . . . ဥပဇ္ဈာယ်ဆရာတော်မဟာထေရ်မြတ်ကြီးအား ပေးလှူပြီးနောက် အရှင်-ဘုရားလည်း ခဲစားတော်မူပါ ဘုဉ်းပေးတော်မူပါ" ဤသို့ ပြောဆိုလျှောက်ထား၍ ရှင်သာမဏေအား ပျားရည်ကို လှူဒါန်းပြီးနောက် မိမိ၏ (ဒါယကာ၏) နေထိုင်ရာအရပ်ကို လျှောက်ထားခဲ့၍— "အရှင်ဘုရား . . . တပည့်တော်တို့သည် သစ်ခက်များကို ချိုး၍ ချိုး၍ လမ်း၌ ချလျက် ချလျက် လမ်းပြသောအားဖြင့် သွားပါကုန်အံ့၊ လမ်း၌ ချိုး၍ ချထားအံ့သော ဤသစ်ခက်အမှတ်အသားဖြင့် အရှင်ဘုရား၏ ဥပဇ္ဈာယ်ဆရာတော်မထေရ်မြတ်ကြီးကို ပင့်ဆောင်တော်မူ၍ လိုက်ခဲ့တော်မူပါ"ဟု ပြောဆိုလျှောက်ထား၍ သွားကြ၏။

ရှင်သာမဏေသည် ပျားရည်ကို ယူဆောင်၍ ဥပဇ္ဈာယ်မထေရ်မြတ်ကြီး၏ အထံသို့ သွား၏။ အခန်း၏ အပြင်ဘက်၌ ရပ်တည်၍ — "အရှင်ဘုရား . . . ရှိခိုးပါ၏"ဟု လျှောက်ထား၏။ ဥပဇ္ဈာယ် ဆရာတော်မထေရ်မြတ်ကြီးသည် — "ရှင်သာမဏေသည် မွတ်သိပ်ဆာလောင်ခြင်းသည် အဖန်ဖန် လောင်မြိုက်အပ်သည်ဖြစ်၍ ငါ့ထံသို့ လာသည် ဖြစ်လတ္တံ့." ဤသို့ စဉ်းစားပြီး ဆိတ်ဆိတ်နေတော်မူ-လိုက်၏။ ထိုရှင်သာမဏေသည် တစ်ဖန် ထပ်၍လည်း — "အရှင်ဘုရား . . . ရှိခိုးပါ၏"ဟု လျှောက်ထား၏။

"သာမဏေ . . . အဘယ်ကြောင့် အားမရှိသော ရဟန်းတို့အား ချမ်းချမ်းသာသာ လျောင်းစက် နေခြင်းငှာ အခွင့်ကို မပေးသနည်း"ဟု အမိန့်ရှိလိုက်၏။

"အရှင်ဘုရား . . . တံခါးကို ဖွင့်ခြင်းငှာ လျှောက်ပတ်ပါ၏"ဟု လျှောက်ထားလိုက်၏။ မထေရ်မြတ်ကြီးသည် နေရာမှ ထတော်မူ၍ တံခါးကို ဖွင့်ပေးတော်မူလိုက်၏။

"သာမဏေ . . . သင်သည် အဘယ်အရာဝတ္ထုကို ရရှိအပ်ပါသနည်း"ဟု မေးမြန်းလိုက်၏။ "အရှင်ဘုရား . . . လူဒါယကာတို့သည် ပျားရည်ကို ပေးလှူအပ်ပါပြီ၊ ပျားရည်ကို ဘုဉ်းပေးသုံး-ဆောင်တော်မူခြင်းငှာ လျှောက်ပတ်ပါ၏"ဟု လျှောက်ထားလိုက်၏။

"သာမဏေ . . . ပျားရည်အတိုင်း ဘုဉ်းပေးသုံးဆောင်လိုက်လျှင် ပင်ပန်းကြပေလိမ့်မယ်၊ ဖျော်ရည်ကို ပြုလုပ်၍ သောက်ကြစို့"ဟု မိန့်ကြားတော်မူလိုက်၏။

ရှင်သာမဏေသည် ဖျော်ရည်ပြုလုပ်၍ ဆက်ကပ်တော်မူလိုက်၏။ ထိုအခါ မထေရ်မြတ်ကြီးက — "သာမဏေ လူဒါယကာတို့၏ နေထိုင်ရာအရပ်ကို မေးကြည့်လိုက်သေးသလား"ဟု မေးမြန်းလိုက်၏။

"အရှင်ဘုရား . . . သူတို့ကိုယ်တိုင်ပင် ပြောပြသွားကြပါ၏"— ဤသို့ လျှောက်ထားလိုက်၏။

"သာမဏေ . . . နံနက်စောစောကျမှ သွားကြလျှင် ငါတို့ ပင်ပန်းကြလိမ့်မယ်၊ ဒီနေ့ပင် သွားကြစို့"–ဟု မထေရ်မြတ်ကြီးက မိန့်ဆို၍ သပိတ် သင်္ကန်းကို ယူဆောင်စေ၍ ထွက်တော်မူခဲ့ကြ၏။ ထို ဆရာတပည့်တို့သည် သွားကြ၍ လူဒါယကာတို့၏ နေထိုင်ရာအရပ်၏ မနီးမဝေးသော နေရာတစ်ခု၌ ကျိန်းစက်တော်မူကြ၏။

ရှင်သာမဏေသည် ညဥ့်အခါ၌ ဤသို့ စဉ်းစား၏ — "ငါသည် ရှင်သာမဏေဖြစ်သည့်အခါမှ စ၍ ရွာ၏ အနီး၌ = အာရညကင်ခုတင် မရသောနေရာ၌ အရုဏ်မတက်စေအပ်ဖူးပေ။ [ရွာ၏ ဥပစာမှ အနည်းဆုံး ကုလလေးတာ အပြန် (၅၀၀) ကွာဝေးသော တောအရပ်၌သာလျှင် အရုဏ်ကို တက်စေခဲ့ဖူး၏။]" — ဤသို့ စဉ်းစား၍ ထိုရှင်သာမဏေသည် သပိတ်ကို ယူဆောင်၍ အရုဏ်ကို တက်စေခြင်းငှာ အာရညကင်ခုတင်မြောက်သော ရွာဥပစာမှ အနည်းဆုံး ကုလလေးတာ အပြန် (၅၀၀) ကွာဝေးသော တောအရပ်သို့ ကြွသွားတော်မူ၏။

ဥပဇ္ဈာယ်ဆရာတော်မထေရ်မြတ်ကြီးသည် ရှင်သာမဏေကို လျောင်းစက်ရာအရပ်၌ မတွေ့ မမြင်ရသည်ဖြစ်၍ — "လူသားကို စားတတ်ကုန်သော လူတို့သည် ဖမ်းယူသွားသည် ဖြစ်ပေလိမ့်မည်"ဟု စဉ်းစားတော်မူ၏။

ရှင်သာမဏေသည် အာရညကင်ခုတင်မြောက်သော တောအရပ်၌ အရုဏ်ကို တက်စေ၍ သပိတ်ဖြင့် မျက်နှာသစ်ရန် ရေကိုလည်းကောင်း, တံပူကိုလည်းကောင်း ယူဆောင်၍ ပြန်လာခဲ့၏။

"သာမဏေ . . . သင်သည် အဘယ်အရပ်သို့ သွားလေသနည်း? သင်သည် အသက်ကြီး-ကုန်သော ရဟန်းတော်တို့၏ တောင်တောင်ဤဤ ကြံစည်ခြင်းကို ဖြစ်စေအပ်ပြီ၊ သဲဒဏ် ရေဒဏ် စသော ဒဏ်ထမ်းခြင်းအမှုကို ဆောင်လေ့"ဟု မိန့်ကြားတော်မူလိုက်၏။

"အရှင်ဘုရား . . . ဒဏ်ကို ထမ်းဆောင်ပါအံ့"ဟု လျှောက်ထားလိုက်၏။ မထေရ်မြတ်ကြီး-သည် မျက်နှာတော်ကို သစ်တော်မူ၍ သင်္ကန်းကို ရုံတော်မူ၏။ ဆရာတပည့် နှစ်ပါးလုံးတို့သည်လည်း

လူဒါယကာတို့ နေထိုင်ရာ အရပ်သို့ ကြွသွားတော်မူကြ၏။ လူဒါယကာ လူဒါယိကာမတို့သည်လည်း မိမိတို့၏ သုံးဆောင်နေကျဖြစ်သော တောသစ်ဉ သစ်ဖု သစ်မြစ် သစ်သီး သစ်ရွက်ကို ပေးလှူကြ၏။ မထေရ်မြတ်ကြီးသည်လည်း ဘုဉ်းပေးတော်မူပြီး၍ ကျောင်းသို့ ပြန်ကြွတော်မူ၏။ ရှင်သာမဏေသည် ခြေဆေးရေကို ဆောင်ယူ၍ — "အရှင်ဘုရား . . . ခြေတော်တို့ကို ဆေးကြောပေးပါအံ့"ဟု လျှောက်ထား၏။

"သာမဏေ . . . သင်သည် ညဉ့်တုန်းက အဘယ်အရပ်သို့ သွားသနည်း၊ ငါတို့သန္တာန်၌ တောင်တောင်ဤဤ ကြံစည်ခြင်းကို သင်သည် ဖြစ်စေအပ်ပြီ"— ဤသို့ မထေရ်မြတ်ကြီးက မိန့်တော်မူလိုက်၏။

"အရှင်ဘုရား . . . တပည့်တော်သည် ရှင်ဖြစ်သည့်နေ့မှ စ၍ အာရညကင်ခုတင် မမြောက်-သည့် ရွာ၏ အနီး၌ အရုဏ်ကို မတက်စေအပ်ဖူးပါ။ အရုဏ်တက်စေခြင်းအကျိုးငှာ တောအရပ်သို့ သွားပါ၏" — ဤသို့ လျှောက်ထားလိုက်၏။

"သာမဏေ . . . သင့်အား ဒဏ်ထမ်းခြင်းအမှုသည် မလျောက်ပတ်၊ ငါတို့အားသာလျှင် ဒဏ်ထမ်းခြင်းအမှုသည် လျောက်ပတ်၏၊" — ဤသို့ ပြောဆို၍ မထေရ်ကြီးသည် ထိုအရပ်၌ပင်လျှင် နေထိုင်သီတင်းသုံးတော်မူ၏။

ထို့ပြင် ရှင်သာမဏေအား အမှတ်သညာကို ဤသို့ ပေးထားတော်မူ၏။ "သာမဏေ . . . ငါတို့သည်ကား အသက်အရွယ် ကြီးရင့်ကုန်ပြီ၊ 'ဤမည်သော အကြောင်းသည် ဖြစ်ပေါ်လတ္တံ့' ဤသို့ သိဖို့ရန် မတတ်ကောင်းသည်သာ ဖြစ်၏၊ သင်သည် မိမိကိုယ် မိမိ ထိန်းသိမ်းစောင့်ရှောက်-လျက် နေထိုင်ပေတော့"— ဤသို့သော အမှတ်သညာကို ပေးထားတော်မူ၏။ [သင်သည် မိမိကိုယ် မိမိ ထိန်းသိမ်းစောင့်ရှောက်လျက် နေထိုင်ပေတော့၊ ငါတို့ကား အသက်အရွယ် ကြီးကုန်သည့်အတွက် ကြောင့် မိမိကိုယ် မိမိ ထိန်းသိမ်းစောင့်ရှောက်လျှင်လည်း အဘယ်အမှုကို ပြုနိုင်ကုန်တော့အံ့နည်း။ တစ်ဖန် အသက်အရွယ် ကြီးရင့်ကုန်သည့်အတွက်ကြောင့်ပင် မိမိကိုယ် မိမိ ထိန်းသိမ်းစောင့်ရှောက်-ခြင်းငှာ မစွမ်းနိုင်တော့ကုန် = ရှေ့သို့ ဆက်လက်၍ အရဟတ္တဖိုလ်ပေါက် ကြိုးစားအားထုတ်ဖို့ရန် မစွမ်းနိုင်တော့ပေ၊ — ဤကား ဥပဇ္ဈာယ်ဆရာတော်မထေရ်မြတ်ကြီး၏ ဆိုလိုရင်းတည်း။ တစ်နည်း - မထေရ်မြတ်ကြီးကား အနာဂါမ်သူတော်ကောင်းကြီး ဖြစ်ခြင်းကြောင့် နောင်အခါ၌ လူသားကို စားတတ်ကြကုန်သော လူတို့၏ အစားခံခြင်းသို့ ရောက်ရမည်ကို ကြိုတင်၍ သိထားသောကြောင့် ဤသို့ ဆုံးမထားနှင့်သည် ဟူလိုသည်။][၁၀၇]

ဥပဇ္ဈာယ်ဆရာတော် မထေရ်မြတ်ကြီးကား အနာဂါမ်သူတော်ကောင်းကြီး ဖြစ်တော်မူ၏။ နောက်ပိုင်းကာလ၌ လူသားကို စားတတ်ကုန်သော မနုဿခါဒက အမည်ရသော လူတို့သည် မထေရ်မြတ်ကြီးအား သတ်ဖြတ်၍ အသားကို စားကြကုန်၏။

---

[၁၀၇] မူလဋီ၊ ၂၊၂၁၁။

ရှင်သာမဏေသည် ဥပဇ္ဈာယ်ဆရာတော် မှာကြားထားတော်မူခဲ့သည့်အတိုင်း မိမိကိုယ်ကို မိမိ ထိန်းသိမ်းစောင့်ရှောက်လျက် နေထိုင်တော်မူ၏။ ဗြာဟ္မဏတိဿ သူပုန်ဘေးကြီးသည် ငြိမ်းအေးလတ်သော် အကြင်အကြင် သင့်တင့်လျောက်ပတ်သော အရပ်၌ ဥပဇ္ဈာယ်ကို ယူ၍ နေထိုင်၏။ [ဤထုံးကို ထောက်ရှုပါက ရှင်သာမဏေများသည် မူလဥပဇ္ဈာယ် ငြိမ်းသွားခဲ့သော် ဥပဇ္ဈာယ်အသစ် ထပ်ယူနိုင်ခွင့် ရှိသည်ဟု မှတ်ပါ။]

ထိုသို့ ဥပဇ္ဈာယ်ယူ၍ နေထိုင်ပြီးနောက် ရဟန်းပဉ္စင်းအဖြစ်သို့ ရောက်ရှိသောအခါ ဗုဒ္ဓဝစန အမည်ရသော ဘုရားစကားတော် ပါဠိတော်ကြီးများကို သင်ယူတော်မူ၏။ ပိဋကသုံးပုံကို နှုတ်ငုံ ဆောင်နိုင်၏။ **တိပိဋကဓရ ဝတ္တဗ္ဗကနိဂြောဓ**အမည်ရသော မထေရ်မြတ်ကြီးတစ်ပါး ဖြစ်တော်မူ-လာ၏။ **ပိတုမဟာရာဇာ**သည် လင်္ကာဒီပကျွန်းကို ထီးဖြူအုပ်ချုပ် မင်းပြုလုပ်တော်မူ၏။ သမုဒ္ဒရာ၏ တစ်ဖက်ကမ်း (အိန္ဒိယဘက်မှ) လာကုန် လာကုန်သော ရဟန်းတို့သည် — "ဝတ္တဗ္ဗကနိဂြောဓမထေရ် မြတ်သည် အဘယ်မှာနည်း၊ ဝတ္တဗ္ဗကနိဂြောဓမထေရ်မြတ်သည် အဘယ်မှာနည်း"— ဤသို့ မေးမြန်း-၍ ဝတ္တဗ္ဗကနိဂြောဓမထေရ်မြတ်၏ အထံသို့ ကြွရောက်တော်မူကြကုန်၏။ များစွာသော ရဟန်း သံဃာတော်အပေါင်းသည် ဝတ္တဗ္ဗကနိဂြောဓမထေရ်မြတ်ကို ဝန်းရံနေတော်မူ၏။ ထိုဝတ္တဗ္ဗကနိဂြောဓ မထေရ်မြတ်သည် များစွာသော ရဟန်းသံဃာတော်အပေါင်း ခြံရံလျက် အစဉ်သဖြင့် ခရီးဒေသစာရီ ကြွချီတော်မူလာရာ မဟာဝိဟာရကျောင်းတိုက်ကြီးသို့ ဆိုက်ရောက်တော်မူလာ၏။ ရောက်ရှိပြီး-နောက် မဟာဗောဓိကိုလည်းကောင်း, မဟာစေတီတော်ကိုလည်းကောင်း, ထူပါရာမစေတီတော်ကို လည်းကောင်း အသီးအသီး ရှိခိုး၍ မြို့တွင်းသို့ ကြွဝင်တော်မူ၏။ တောင်တံခါးသို့တိုင်အောင် ကြွသွားတော်မူစဉ်ပင်လျှင် (၉)ဌာနတို့၌ တိစီဝရိက်သင်္ကန်းသည် ဖြစ်ပေါ်ခဲ့၏။ မြို့တွင်းသို့ ဝင်ရောက်မိရာ အချိန်ကာလမှ စ၍ များစွာသော ပူဇော်သက္ကာရသည် ဖြစ်ပေါ်ခဲ့၏။

ဤသို့လျှင် **ကာလဝိပတ္တိ**အခါ၌ ထန်းသီး သစ်ဥ သစ်ဖု သစ်မြစ် သစ်ရွက်သည်လည်း အလွန် ရခဲသော ဒုလ္လဘတစ်ခု ဖြစ်ခဲ့၏။ **ကာလသမ္ပတ္တိ**အခါ၌ကား ဤသို့သဘောရှိသော များစွာသော လာဘ်လာဘသည် ဖြစ်ပေါ်ခဲ့လေ၏။

ဤသို့လျှင် **ကာလဝိပတ္တိ**သည် တားမြစ်အပ်ကုန်သည်၏အဖြစ်ကြောင့် အကျိုးကို ပေးခြင်းငှာ မစွမ်းနိုင်ကုန်သော ဆောက်တည်ထားအပ်ပြီးကုန်သော ပြုစုပျိုးထောင်အပ်ပြီးကုန်သော ကုသိုလ်ကံတို့သည် **ကာလသမ္ပတ္တိ**သို့ ရှေးရှုရောက်၍ **ကာလသမ္ပတ္တိ**ကို အစွဲပြု၍ အကျိုးပေးနိုင်ကြကုန်၏။ ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။[၁၀၇]

၄။ အခြားတစ်ယောက်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်း ဆောက်တည်ထားအပ်ပြီးကုန်သော ပြုစုပျိုးထောင်ထားအပ်ပြီးကုန်သော များစွာကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် ရှိကြကုန်၏။ ထိုကောင်းမှုကုသိုလ်ကံတို့သည် **ပယောဂဝိပတ္တိ**၌ တည်နေသောသူ၏သန္တာန်၌ အကျိုးမပေးနိုင်ကုန်လေရာ။ [ထိုကောင်းမှုရှင်သည် ကာယကံ စင်ကြယ်မှု, ဝစီကံ စင်ကြယ်မှု, မနောကံ စင်ကြယ်မှု

[၁၀၇] အဘိ၊ဋ္ဌ၊၂၊၄၃၀-၄၃၃။

ရှိအောင် သီလ, သမာဓိ, ပညာဟူသော သိက္ခာသုံးရပ် အကျင့်မြတ်တို့ကို မဖြည့်ကျင့်ဘဲ အကုသိုလ်ကမ္မပထတရား (၁၀)ပါး ဒုစရိုက်တရားတို့ကို လွန်ကျူး၏။ မိစ္ဆာဒိဋ္ဌိကို ရှေ့သွားပြုလျက် မသမာမှုအမျိုးမျိုးတို့ကို ပြုကျင့်၏။ **ပယောဂသမ္ပတ္တိစက်**ပျက်၍ **ပယောဂဝိပတ္တိ**၌ တည်နေ၏။ ထိုကောင်းမှုရှင်သည် ထိုသို့ **ပယောဂဝိပတ္တိ**၌ ရပ်တည်နေခဲ့သော် အတိတ်က ပြုစုပျိုးထောင်ခဲ့သော ကုသိုလ်ကံ-တို့သည် အကျိုးပေးဖို့ရန် အခွင့်မသာ ဖြစ်နေကုန်၏။]

သို့သော် ထိုကောင်းမှုရှင်သည်ကား **သမ္မာပယောဂ**ဟူသော ကောင်းသော ပယောဂ၌ ရပ်တည်နေ၏။ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်တို့ကို ပြည့်စုံစေ၏၊ ငါးပါးသီလ ဆယ်ပါးသီလတို့ကို ထိန်းသိမ်းစောင့်ရှောက်၏။ **ကာလသမ္ပတ္တိ**၌ လူဖြစ်လာရသော ထိုကောင်းမှုရှင်၏အထံသို့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်သူတို့ကိုယ်တိုင်က အလုံးစုံသော အဆင်တန်ဆာမှန်သမျှတို့ဖြင့် တန်ဆာဆင်ထားအပ်ကုန်သော မင်းသမီးတို့သည် ဤသူအား လျောက်ပတ်ကုန်၏ဟု ပြောဆို၍ ပို့လိုက်ကြကုန်၏။ ယာဉ်အမျိုးမျိုးနှင့် ပတ္တမြား, ရွှေ, ငွေ အစရှိသော ထိုထိုလက်ဆောင်ပဏ္ဏာသည် ဤသူအား လျောက်ပတ်၏ဟု ပြောဆို၍ ပို့ကြကုန်၏။

အကယ်၍ ထိုကောင်းမှုရှင်သည် **ကာလသမ္ပတ္တိ**၌ လူဖြစ်လာရ၍ **ပယောဂသမ္ပတ္တိ**၌ ကောင်းစွာရပ်တည်နိုင်သည့် ရှင်ရဟန်းအဖြစ်သို့ ကပ်ရောက်ခဲ့သည် ဖြစ်ခဲ့ပါမူ (ရှင်ဖြစ်ခဲ့သော် ရဟန်းဖြစ်ခဲ့-သော်) များစွာသော အခြံအရံရှိသူ ဖြစ်ရ၏။ ကြီးမားသော တန်ခိုးအာနုဘော်ရှိသူ ဖြစ်ရ၏။ ထိုသို့ဖြစ်ရာ၌ ဤကား ဝတ္ထုတစ်ခုတည်း။

## စူဠသုဓမ္မမထေရ်

ကူဋကဏ္ဏမင်းသည် ဂိရိဂါမကဏ္ဏအရပ်၌ နေလေ့ရှိသော စူဠသုဓမ္မမထေရ်မြတ်ကြီးကို မြတ်နိုး၏။ မိမိ၏ ကိုယ်ပိုင်ဉစ္စာကဲ့သို့ ပြု၍ အလွန် ကြည်ညိုမြတ်နိုး၏။ ထိုကူဋကဏ္ဏမင်းသည် ဉပ္ပလဝါပိအရပ်၌ နေထိုင်စဉ် စူဠသုဓမ္မမထေရ်မြတ်ကြီးကို သွားရောက်ပင့်ဆောင်စေခဲ့၏။ မထေရ်မြတ်-ကြီးသည် ကြွလာတော်မူ၍ မာလာရာမကျောင်းတိုက်၌ သီတင်းသုံးတော်မူ၏။ ကူဋကဏ္ဏမင်းက စူဠသုဓမ္မမထေရ်မြတ်ကြီး၏ မယ်တော်ကို — "မထေရ်မြတ်ကြီးသည် အဘယ်အရာကို နှစ်သက်တော်မူပါသနည်း"ဟု မေးမြန်းကြည့်၏။ "အရှင်မင်းမြတ် . . . သစ်ဉကို နှစ်သက်တော်မူပါ၏"ဟု သံတော်ဦးတင်လိုက်၏။ ကူဋကဏ္ဏမင်းသည် သစ်ဉကို ဆောင်ယူစေ၍ ကျောင်းတိုက်သို့ သွား၍ အရှင်စူဠသုဓမ္မမထေရ်မြတ်ကြီးအား လျှဒါန်းလေသော် မထေရ်မြတ်ကြီး၏ မျက်နှာတော်ကို မော်၍ ဖူးမြော်ခြင်းငှာ မစွမ်းနိုင် ဖြစ်ခဲ့၏။

ထိုကူဋကဏ္ဏမင်းသည် ကျောင်းမှထွက်၍ ကျောင်းပရိဝုဏ်၏ အပြင်ဘက်၌ မိဖုရားကြီးကို — "မထေရ်မြတ်ကြီးကို အဘယ်ကဲ့သို့ ရှုအပ်ပါသနည်း = မထေရ်မြတ်ကြီး၏ ဉပမိရုပ်အဆင်းသည် အဘယ်သို့ နေပါသနည်း"ဟု မေးကြည့်၏။

"အရှင်မင်းမြတ် . . . အရှင်မင်းမြတ်သည် ယောက်ျားရင့်မကြီး ဖြစ်ပါလျက် မထေရ်မြတ်ကြီး၏ မျက်နှာတော်ကို မော်၍ ဖူးမြော်ခြင်းငှာ မစွမ်းနိုင်တုံသေး၏။ ဘုရားကျွန်တော်မသည် အဘယ်သို့-လျှင် စွမ်းနိုင်ပါအံ့နည်း၊ မထေရ်မြတ်ကြီးကို မည်ကဲ့သို့ ရှုအပ်သည်ဟု မသိပါ" — ဤသို့ သံတော်ဦး တင်လိုက်၏။

ကူဋ္ဋကဏ္ဏမင်းက — "ငါ၏ တိုင်းနိုင်ငံ၌ ငါ့အား အခွန်ဆက်သနေရသော သူကြွယ်၏သားကို မော်၍ ဖူးမြော်ခြင်းငှာ မရဲဝံ့ ရှိခဲ့၏။ အမောင်တို့ . . . မြတ်စွာဘုရား၏ သာသနာတော်မည်သည် ကြီးမြတ်တော်မူပါပေစွ" — ဤသို့ ပြောဆို၍ လက်ခမောင်းခတ်လေ၏။[၁၀၅]

## တိပိဋကစူဠနာဂမထေရ်

ကူဋ္ဋကဏ္ဏမင်းသည် **တိပိဋကစူဠနာဂမထေရ်မြတ်ကြီး**ကိုလည်း မြတ်နိုးတော်မူ၏။ အလွန် ကြည်ညိုလေးစား၏။ ထိုမထေရ်မြတ်ကြီး၏ လက်ချောင်းတော်၌ တစ်ခုသော သွေးစုနာသည် ပေါက်လာ၏။ ကူဋ္ဋကဏ္ဏမင်းသည် မထေရ်မြတ်ကြီးကို ဖူးမြင်ပေအံ့ဟု နှလုံးပိုက်၍ ကျောင်းတော်သို့ သွားလေ၏။ မထေရ်မြတ်ကြီး၌ အလွန်အားကြီးသော ချစ်မြတ်နိုးခြင်းကြောင့် လက်ချောင်းတော်ကို ပါးစပ်ဖြင့် ငုံထားလိုက်၏။ ပါးစပ်၏ အတွင်း၌ပင်လျှင် သွေးစုနာသည် ပေါက်ကွဲသွား၏။ ပြည်သွေး-ကို ထွေးမပစ်ဘဲ မထေရ်မြတ်ကြီး၏အပေါ်၌ ချစ်မြတ်နိုးခြင်းကြောင့် အမြိုက်ရေစင်ကဲ့သို့ မျိုချ-လိုက်၏။

ထိုတိပိဋကစူဠနာဂမထေရ်မြတ်ကြီးသည်ပင် နောက်အဖို့၌ သေရာညောင်စောင်းထက်၌ လျောင်းစက်တော်မူ၏။ ကူဋ္ဋကဏ္ဏမင်းကြီးသည် လာရောက်၍ မစင်ခွက်ကို ဦးခေါင်းထက်၌ ထား၍ (= မထေရ်မြတ်ကြီး မပျံလွန်တော်မီ စွန့်သွားသော မစင်ခွက်ကို ဦးခေါင်းထက်၌ ထား၍)— "တရား-တည်းဟူသော လှည်း၏ဝင်ရိုးကြီးသည် ကျိုးလေပေ့၊ ဝင်ရိုးကြီးသည် ကျိုးလေပေ့" . . . ဤသို့ ပြောဆို ငိုမြည်လျက် လှည့်လည်လေပြီ။ မြေကို အစိုးရသော ရေမြေ့သနင်း ပြည့်ရှင်မင်းသည် မစင်ခွက်ကို ဦးခေါင်းဖြင့် မြှောက်ချီ၍ လှည့်လည်ခြင်းမည်သည် အဘယ်၏ သွားအပ်သော လမ်း-ပါနည်း? **သမ္မာပယောဂ**ဖြင့် ပြီးစီးစေအပ်သော အကျင့်မြတ်၏ သွားအပ်သော လမ်းတည်း။[၁၀၆]

တိပိဋကစူဠနာဂမထေရ်မြတ်ကြီးသည် ကာယကံ စင်ကြယ်မှု, ဝစီကံ စင်ကြယ်မှု, မနောကံ စင်ကြယ်မှုရှိအောင် သိက္ခာသုံးရပ် အကျင့်မြတ်ကို ကြိုးစားဖြည့်ကျင့်တော်မူသည့် သမ္မာပယောဂရှိသူ သူတော်ကောင်းကြီးတစ်ဦး ဖြစ်တော်မူ၏။ ကူဋ္ဋကဏ္ဏမင်းသည် ထိုသမ္မာပယောဂကျင့်စဉ်ကို ကြည်ညိုလေးစားသောအားဖြင့် မစင်ခွက်ကို ဦးခေါင်းဖြင့် ရွက်၍ လှည့်လည်သည်၊ ထိုလှည့်လည်-ခြင်းဖြင့် "တိပိဋကစူဠနာဂမထေရ်မြတ်ကြီး၌ ထိုမျှ ကြည်ညိုလေးစားထိုက်သော **သမ္မာပယောဂ** ရှိသည်"ဟု သိရပေသည်။[၁၀၇]

---

[၁၀၅], [၁၀၆] အဘိ႒၊ ၂၊ ၄၃၃။ [၁၀၇] မူလဋီ၊ ၂၊ ၂၁၁။

ဤသို့လျှင် **ပယောဂဝိပတ္တိ**သည် တားမြစ်အပ်ကုန်သည်၏အဖြစ်ကြောင့် အကျိုးကို ပေးခြင်းငှာ မစွမ်းနိုင်ကုန်သော ကောင်းမှုကုသိုလ်ကံတို့သည် **ပယောဂသမ္ပတ္တိ**သို့ ရှေးရှုရောက်၍ **ပယောဂ-သမ္ပတ္တိ**ကို အစွဲပြု၍ အကျိုးပေးနိုင်ကြကုန်၏။ — ဤသို့လျှင် ဘုရားရှင်သည် ကွဲကွဲပြားပြား သိတော်မူ၏။

ဤသို့လျှင် **ဝိပတ္တိတရား** (၄)ပါးတို့သည် တားမြစ်ထားအပ်သော ကောင်းမှုကုသိုလ်ကံသည် အကျိုးကို မပေးသေးမူ၍ **သမ္ပတ္တိတရား** (၄)ပါးသို့ ရှေးရှုရောက်ပါမှ = **သမ္ပတ္တိ** (၄)ပါးတို့ကို အစွဲပြု၍ အကျိုးပေးနိုင်၏။

## အဘူတောပမာ = မဖြစ်ဖူးသော ဥပမာ

ထို (၄)ပါးသော **သမ္ပတ္တိ**သို့ရောက်၍ အကျိုးပေးရာ၌ ဖြစ်နိုင်သော အနက်အဓိပ္ပာယ်ကို ပြု၍ ဤမဖြစ်ဖူးသော ဥပမာကို = အဘူတောပမာကို ရှေးအဋ္ဌကထာဆရာတော်တို့သည် ပြဆိုတော်မူ-ကြ၏။

ရှင်ဘုရင်တစ်ပါးသည် အမတ်ကြီးတစ်ဦးအား အနည်းငယ်မျှ မပြောပလောက်သည့် အပြစ်-ကြောင့် အမျက်တော်ရှသဖြင့် ထိုအမတ်ကို အချုပ်ထောင်၌ နှောင်ဖွဲ့ထား၏။ ထိုအမတ်၏ ဆွေမျိုးသားချင်းတို့သည် ရှင်ဘုရင် အမျက်တော်ရှသည်၏အဖြစ်ကို သိရှိကြ၍ တစ်စုံတစ်ခုသော စကားကို မပြောဆိုမူ၍ ကြမ်းတမ်းသော အမျက်ဒေါသတရားသည် ဘုရင်မင်းမြတ်၏ သန္တာန်၌ ကင်းရှင်းသွားလတ်သော် ရှင်ဘုရင်ကို ထိုအမတ်၏ အပြစ်မရှိသည်၏အဖြစ်ကို ရှင်ဘုရင်ကြီး သိအောင် သံတော်ဦးတင်ကြကုန်၏။ ဘုရင်မင်းမြတ်သည် ထောင်မှလွှတ်၍ ထိုအမတ်၏ မူလပကတိရာထူးကို တစ်ဖန် ပြန်၍ ခန့်အပ်တော်မူလိုက်၏။ ထိုအခါ၌ ထိုအမတ်၏ ထိုထိုအရပ်ဒေသမှ ရောက်ရှိလာကြ-သော လက်ဆောင်ပဏ္ဏာတို့၏ အတိုင်းအရှည်ပမာဏကား မရှိဖြစ်ခဲ့၏။ ထိုအမတ်၏ ဘဏ္ဍာတော်-ထိန်းလူကြီးတို့သည် များလွန်းသည့်အတွက် လက်ခံခြင်းငှာ မစွမ်းနိုင် ဖြစ်နေကြကုန်၏။

ထိုဥပမာစကားရပ်၌ ရှင်ဘုရင်၏ အနည်းငယ်မျှ မပြောပလောက်သည့် အပြစ်ကြောင့် အမျက်တော်ရှသဖြင့် ထိုအမတ်ကို အချုပ်ထောင်၌ နှောင်ဖွဲ့စေအပ်ရာအခါကို သိအပ်သကဲ့သို့ ပုထုဇန်၏ ငရဲ၌ ဖြစ်ရာအခါကို သိရှိပါ။

ထိုအခါ၌ ထိုအမတ်၏ ဆွေမျိုးသားချင်းတို့သည် ရှင်ဘုရင်ကြီးကို ကောင်းစွာသိစေ၍ ရာထူး ဌာနန္တရကို တစ်ဖန် ပင်ကိုသဘောရှိအောင် ပြုရာအခါကို သိအပ်သကဲ့သို့ ထိုပုထုဇန်၏ နတ်ပြည်-လောက၌ ဖြစ်ရာအချိန်ကာလကို သိရှိပါ။

ဘဏ္ဍာတော်ထိန်းလူကြီးတို့က လက်ဆောင်ပဏ္ဏာကို လက်ခံခြင်းငှာ မစွမ်းနိုင်သည့် အချိန်အခါ ကာလကဲ့သို့ ကုသိုလ်ကောင်းမှုရှင်၏ **သမ္ပတ္တိ** (၄)ပါးတို့သို့ ရှေးရှုရောက်၍ **သမ္ပတ္တိ** (၄)ပါးတို့ကို အစွဲပြု၍ ပြုစုပျိုးထောင်ထားအပ်ပြီးကုန်သော ဆောက်တည်ထားအပ်ပြီးကုန်သော ကောင်းမှုကုသိုလ်

ကံတို့၏ နတ်ပြည်လောကမှ လူ့ပြည်လောကသို့, လူ့ပြည်လောကမှ နတ်ပြည်လောကသို့ — ဤသို့-လျှင် ချမ်းသာရာဌာနတစ်ခုမှ ချမ်းသာရာဌာနတစ်ခုသို့ ဆောင်ယူ၍ ကမ္ဘာတစ်သိန်းတို့ကာလ-ပတ်လုံးလည်း ချမ်းသာသော ကောင်းကျိုးကို ပေး၍ နိဗ္ဗာန်သို့ ရောက်စေခြင်းကို သိရှိပါလေ။

## ပဋိသမ္ဘိဒါမဂ်ပါဠိတော်နည်း

ဤသို့လျှင် ရှေးဦးစွာ ဝိဘင်းပါဠိတော်နည်း၏ အစွမ်းဖြင့် ဘုရားရှင်၏ ဒုတိယဗလဉာဏ်တော်စွမ်းအားကို ပြပြီး၍ ပဋိသမ္ဘိဒါမဂ်ပါဠိတော်[၁၀၈]နည်းအားဖြင့်လည်း ပြထိုက်ပေ၏။

## (၁) အဟောသိ ကမ္မံ အဟောသိ ကမ္မဝိပါကော

အတိတ်ဘဝ၌ အားထုတ်ထားအပ်ပြီးသော ကံသည် အတိတ်ဘဝ၌ပင် ဖြစ်ခဲ့ပြီ၊ ယင်းကံသည်-ကား အတိတ်ဘဝ၌ပင် အကျိုးကို ပေးခဲ့ပြီး ဖြစ်၏။ အတိတ်ဘဝ၌ပင် ဖြစ်ခဲ့ပြီး၍ အတိတ်ဘဝတစ်ခုခု၌ပင် အကျိုးပေးပြီးသော ထိုကံမျိုးကို — **အဟောသိ ကမ္မံ အဟောသိ ကမ္မဝိပါကော**ဟု ဆိုသည်။ အတိတ်ဘဝတစ်ခု၌ ဖြစ်ခဲ့ပြီး၍ အတိတ်ဘဝတစ်ခုခု၌ အကျိုးပေးပြီးသော ကံတည်း။[၁၀၉]

## (၂) အဟောသိ ကမ္မံ နာဟောသိ ကမ္မဝိပါကော

ပုဂ္ဂိုလ်တစ်ဦးသည် ဒိဋ္ဌဓမ္မဝေဒနီယကံစသော များစွာသော ကံတို့ကို အားထုတ်ထား၏။ ကံတစ်ခုကို အားထုတ်ရာ၌ ဇော (၇)တန်တို့တွင် ပထမဇောကား မျက်မှောက်ဘဝ၌ အကျိုးပေးနိုင်-သော ဒိဋ္ဌဓမ္မဝေဒနီယကံတည်း။ သတ္တမဇောကား ဒုတိယဘဝ၌ အကျိုးပေးနိုင်သော ဥပပဇ္ဇဝေဒနီယကံတည်း။ အလယ်ဇော (၅)တန်ကား တတိယဘဝမှ စ၍ နိဗ္ဗာန်ကို ရသည်တိုင်အောင် အကျိုးပေး-နိုင်သော အပရာပရိယဝေဒနီယကံတည်း။

ဒါနကံတစ်ခုကို ပြုစုပျိုးထောင်ရာ၌ ပထမဇောပေါင်း အကြိမ်များစွာ, သတ္တမဇောပေါင်း အကြိမ်များစွာ, အလယ်ဇော (၅)တန်ပေါင်း အကြိမ်များစွာ ဖြစ်နိုင်၏။ ဝီထိပေါင်းများစွာ ဖြစ်နိုင်၏။ ထို့ကြောင့် ဒါနကံတစ်ခုကို ပြုစုပျိုးထောင်ရာ၌ ဒိဋ္ဌဓမ္မဝေဒနီယကံပေါင်းများစွာ, ဥပပဇ္ဇဝေဒနီယ-ကံပေါင်းများစွာ, အပရာပရိယဝေဒနီယကံပေါင်း များစွာ ဖြစ်နိုင်၏။ ဒါနကံများကို အကြိမ်ပေါင်း များစွာ ထူထောင်ရာ၌ကား ဆိုဖွယ်ရာပင် မရှိတော့ပြီ ဖြစ်၏။ သီလကံကို အားထုတ်ရာ ဘာဝနာကံ-ကို အားထုတ်ရာတို့၌လည်း နည်းတူပင် သဘောပေါက်ပါ။ ဘာဝနာကံ၌ ကာမာဝစရကံတို့ကို အထူးရည်ညွှန်း၍ ဆိုလိုသည်ဟု သဘောပေါက်ပါ။ (မဟဂ္ဂုတ်ကံများကို သီးသန့် ဖော်ပြထား-သောကြောင့် ဖြစ်သည်။)

ဒိဋ္ဌဓမ္မဝေဒနီယကံ အစရှိကုန်သော များစွာကုန်သော ကံတို့ကိုလည်း အားထုတ်အပ်ပြီးကုန်-လတ်သော် ဒိဋ္ဌဓမ္မဝေဒနီယကံများစွာတို့တွင် တစ်ခုသော ဒိဋ္ဌဓမ္မဝေဒနီယကံက မျက်မှောက်ဘဝ၌ (ကံကို ပြုစုပျိုးထောင်ရာ ဘဝ၌) အကျိုးပေးလတ်သော် ကြွင်းသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့က အကျိုး

---

[၁၀၈] ခု၊၉၊၂၇၁။ [၁၀၉] အဘိ၊ဋ္ဌ၊၂၊၄၃၄။

မပေးကုန်။ ဒုတိယဘဝ၌ ခံစားထိုက်သော အကျိုးရှိသော ဥပပဇ္ဇဝေဒနီယကံတို့တွင် တစ်ခုသော ဥပပဇ္ဇဝေဒနီယကံက ကံကို ထူထောင်ပြီးနောက် ဒုတိယဘဝ၌ ပဋိသန္ဓေကို ငင်ခဲ့သော် ပဋိသန္ဓေ-အကျိုးကိုပေးခဲ့သော် ကြွင်းကျန်ကုန်သော ဥပပဇ္ဇဝေဒနီယကံတို့သည် အကျိုးမပေးကုန်။ အာနန္တရိယကံများစွာတို့တွင် တစ်ခုသော အာနန္တရိယကံကြောင့် ငရဲ၌ ဖြစ်ရ၏။

ကြွင်းသော အာနန္တရိယကံတို့ကား ငရဲပဋိသန္ဓေအကျိုးကို မပေးကုန်။ (တစ်ခုသော အာနန္တရိယကံက ပဋိသန္ဓေအကျိုးကိုပေးခဲ့သော် ကြွင်းကျန်သော အာနန္တရိယကံတို့က ထပ်ဆင့်၍ အားပေးထောက်ပံ့တတ်ကုန်၏။)[၁၁၀] သမာပတ် (၈)ပါးတို့တွင် တစ်ခုသော သမာပတ်ကြောင့် ဗြဟ္မာ့ပြည်၌ ဖြစ်ရ၏။ ကြွင်းကျန်သော သမာပတ်တို့သည် အကျိုးမပေးကုန်။ ဤသို့ အကျိုးမပေးသော ကံများကို ရည်ရွယ်တော်မူ၍ **အဟောသိ ကမ္မံ နာဟောသိ ကမ္မဝိပါကော** = အားထုတ်ပြီးလျက် အကျိုးမပေး-သောကံဟု ဆိုလိုသည်။[၁၁၁]

အကြင်ပုဂ္ဂိုလ်သည်ကား များစွာလည်းဖြစ်ကုန်သော ကုသိုလ်ကံ အကုသိုလ်ကံတို့ကို ပြုစုပျိုး-ထောင်ပြီး၍ ဘုရားအစရှိသော အရိယာသူတော်ကောင်း မိတ်ကောင်းဆွေကောင်းကို အမှီရ၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သွားတော်မူ၏။ ထိုပုဂ္ဂိုလ်၏သန္တာန်၌လည်း ပရိနိဗ္ဗာနစုတိ၏ နောက်-ဆွယ်၌ တစ်စုံတစ်ခုသောကံ၏ အကျိုးတရားမည်သည် မဖြစ်တော့ပေ။ ဤကဲ့သို့သော ကံမျိုးသည်-လည်း — **အဟောသိ ကမ္မံ နာဟောသိ ကမ္မဝိပါကော** = ကံဖြစ်ပြီးသာဖြစ်၍ အကျိုးမပေးသောကံပင်မည်၏။[၁၁၂]

## (၃) အဟောသိ ကမ္မံ အတ္ထိ ကမ္မဝိပါကော

အကြင်ကံသည် အတိတ်ဘဝ၌ အားထုတ်ခဲ့သည်ဖြစ်၍ ဤဘဝ၌ အကျိုးကို ပေး၏။ ထိုကံသည် — **အဟောသိ ကမ္မံ အတ္ထိ ကမ္မဝိပါကော** = ဖြစ်ခဲ့ပြီး၍ ဤဘဝ၌ အကျိုးပေးနေသောကံမည်၏။[၁၁၃]

## (၄) အဟောသိ ကမ္မံ နတ္ထိ ကမ္မဝိပါကော

အကြင်ကံသည် အားထုတ်ခဲ့ပြီး ဖြစ်၏။ အထက်ပါ အမှတ် (၂)ဖြစ်သည့် **အဟောသိ ကမ္မံ နာဟောသိ ကမ္မဝိပါကော**၌ ဆိုခဲ့သည့်နည်းအတိုင်းပင်လျှင် အကျိုးမရှိသည်၏အဖြစ်သို့ ရောက်ရှိသွား၏။ (ဒိဋ္ဌဓမ္မဝေဒနီယကံများစွာတို့တွင် အကျိုးမပေးသော ဒိဋ္ဌဓမ္မဝေဒနီယကံမျိုး, ဥပပဇ္ဇဝေဒ-နီယကံများစွာတို့တွင် အကျိုးမပေးသော ဥပပဇ္ဇဝေဒနီယကံမျိုး, အာနန္တရိယကံများစွာတို့တွင် ပဋိ-သန္ဓေအကျိုးကို မပေးနိုင်ကြသည့် အာနန္တရိယကံမျိုး, သမာပတ္တိကံများစွာတို့တွင် အကျိုးမပေးသော သမာပတ္တိကံမျိုးတည်း။) ထိုကံမျိုးသည် **အဟောသိ ကမ္မံ နတ္ထိ ကမ္မဝိပါကော** = ဖြစ်ပြီးသာဖြစ်၍ အကျိုးမရှိသော ကံမျိုးတည်း။[၁၁၄]

---

[၁၁၀] မဋ္ဌီ၊၃၊၃၇၄။ [၁၁၁, ၁၁၂, ၁၁၃, ၁၁၄] အဘိဋ္ဌ၊၂၊၄၃၄။

## (၅) **အဟောသိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော**

အကြင်ကံသည် အတိတ်ဘဝထိုထို၌ အားထုတ်ဆည်းပူးထားအပ်၏၊ နောင်အနာဂတ်ကာလ၌ အကျိုးဝိပါက်သည် ဖြစ်ပေါ်လတ္တံ့၊ ထိုကံမျိုးသည် — **အဟောသိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော** = ကံကား ဖြစ်ပြီးဖြစ်၍ အကျိုးတရားကား ဖြစ်လတ္တံ့သော ကံမည်၏။[၁၁၅] (**အပရာပရိယဝေဒနီယ** ကံမျိုးတည်း။)

## (၆) **အဟောသိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော**

အကြင်ကံကို အတိတ်ဘဝတစ်ခုဝယ် ပြုစုပျိုးထောင်ထားခဲ့၏။ ယင်းကံသည် ရှေးနည်းအတိုင်း- ပင်လျှင် နောင်အနာဂတ်ကာလဝယ် အကျိုးမရသည်၏အဖြစ်သို့ အကျိုးမပေးနိုင်သည်၏အဖြစ်သို့ ရောက်ရှိသွားပေလတ္တံ့၊ ထိုကံမျိုးသည် — **အဟောသိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော** = ကံကား ဖြစ်ပြီးဖြစ်၍ ကံ၏ အကျိုးတရားသည် မဖြစ်လတ္တံ့သောကံ မည်၏။[၁၁၆] (နောင်အနာဂတ် ပရိနိဗ္ဗာန- စုတိ၏ နောက်ဆွယ်တွင် အကျိုးပေးနိုင်စွမ်း မရှိတော့သော အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ခဲ့- သော အပရာပရိယဝေဒနီယကံများပင်တည်း။)

ဤသည်တို့ကား အတိတ်က ပြုစုပျိုးထောင်ထားခဲ့သော ကံ (၆)မျိုးတို့တည်း။ ယခုပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်လိုက်သော ကံ (၄)မျိုးတို့ကိုလည်း ပဋိသမ္ဘိဒါမဂ်ပါဠိတော်တွင် ဆက်လက် ဟောကြား- ထားတော်မူ၏။

## (၁) **အတ္ထိ ကမ္မံ အတ္ထိ ကမ္မဝိပါကော**

အကြင်ကံသည် ယခုဘဝ၌ပင် အားထုတ်အပ်သည်ဖြစ်၍ ဤယခုဘဝ၌ပင်လျှင် အကျိုးကို ပေး၏။ ထိုကံသည် — **အတ္ထိ ကမ္မံ အတ္ထိ ကမ္မဝိပါကော** = ကံလည်း ရှိဆဲ, ကံ၏ အကျိုးတရားလည်း ရှိဆဲဖြစ်သော ကံမည်၏။[၁၁၇] (**ဒိဋ္ဌဓမ္မဝေဒနီယ**ကံပင်တည်း။)

## (၂) **အတ္ထိ ကမ္မံ နတ္ထိ ကမ္မဝိပါကော**

အကြင်ကံသည် ယခုဘဝ၌ပင် အားထုတ်ထားအပ်၏၊ ယခုဘဝ၌ပင်လျှင် ပြုစုပျိုးထောင်ထား- အပ်၏။ ယင်းကံတို့တွင် ယခုမျက်မှောက်ဘဝ၌ ခံစားအပ်သော အကျိုးရှိသော ဒိဋ္ဌဓမ္မဝေဒနီယကံတို့ များစွာ ပါဝင်ကြ၏။ မျက်မှောက်ဘဝ၌ပင် ခံစားထိုက်သော အကျိုးရှိသော ယင်းကံသည် အကျိုး- ပေးခြင်းသဘော မရှိသည်၏အဖြစ်သို့ ရောက်ရှိသွား၏။ ထိုကံသည် — **အတ္ထိ ကမ္မံ နတ္ထိ ကမ္မဝိပါကော** = ကံကား ရှိဆဲဖြစ်၍ အကျိုးကား မရှိသော ကံမျိုးမည်၏။[၁၁၈] (**ဒိဋ္ဌဓမ္မဝေဒနီယ**ကံ များစွာတို့တွင် တစ်ခုသော ဒိဋ္ဌဓမ္မဝေဒနီယကံက အကျိုးပေးခဲ့သော် အကျိုးပေးခွင့်မရသော အခြား- သော ကံများတည်း။)

---

[၁၁၅, ၁၁၆] အဘိ၊ဋ္ဌ၊၂၄၃၄။ [၁၁၇, ၁၁၈] အဘိ၊ဋ္ဌ၊၂၄၃၅။

## (၃) အတ္ထိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော

အကြင်ကံသည် ဤယခုပစ္စုပ္ပန်ဘဝ၌ အားထုတ်ထားအပ်သည်ဖြစ်၍ နောင်အနာဂတ်ကာလ၌ အကျိုးကို ပေးလတ္တံ့၊ ထိုကံမျိုးသည် — **အတ္ထိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော** = ကံလည်းရှိ၏ အကျိုးလည်း ဖြစ်လတ္တံ့သော ကံမျိုးမည်၏။[၁၁၉] (ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ-များတည်း။)

## (၄) အတ္ထိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော

အကြင်ကံသည် ယခု ဤပစ္စုပ္ပန်ဘဝ၌ပင်လျှင် အားထုတ်ထားအပ်သည်ဖြစ်၍ ဆည်းပူးထား-အပ်သည်ဖြစ်၍ ကံကား ရှိဆဲဖြစ်နေ၏။ သို့သော် ထိုကံသည် နောင်အနာဂတ်၌ အကျိုးပေးခြင်း သဘော မရှိသည်၏အဖြစ်သို့ ရောက်ရှိပေလတ္တံ့။ ထိုကံမျိုးသည် — **အတ္ထိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော** = ကံကား ရှိဆဲဖြစ်၍ အကျိုးမရှိလတ္တံ့သော ကံမျိုးမည်၏။[၁၂၀]

ဥပပဇ္ဇဝေဒနီယကံများစွာတို့တွင် ဥပပဇ္ဇဝေဒနီယကံတစ်ခုက ပဋိသန္ဓေအကျိုးကို ပေးလိုက်-လျှင် အခြားအခြားသော ဥပပဇ္ဇဝေဒနီယကံတို့သည် ပဋိသန္ဓေအကျိုးကို မပေးနိုင်ကြကုန်၊ အပရာ-ပရိယဝေဒနီယကံများစွာတို့တွင် အပရာပရိယဝေဒနီယကံတစ်ခုက ပဋိသန္ဓေအကျိုးကို ပေးလိုက်-လျှင် အခြားအခြားသော အပရာပရိယဝေဒနီယကံတို့က ပဋိသန္ဓေအကျိုးကို မပေးနိုင်ကုန်။ (အကျိုး မပေးနိုင်သော အပရာပရိယဝေဒနီယကံများကိုသာ ဆိုလိုသည်။ အကျိုးပေးခွင့် ရှိနေသေးသော အပရာပရိယဝေဒနီယကံများကို မဆိုလိုပါ။) ယခုဘဝ၌ ထူထောင်ထားသော သမာပတ္တိကံများစွာ-တို့တွင် သမာပတ္တိကုသိုလ်ကံတစ်ခုက ပဋိသန္ဓေအကျိုးကို ပေးလိုက်လျှင် အခြားအခြားသော သမာ-ပတ္တိကုသိုလ်ကံတို့သည် အကျိုးမပေးကြကုန်။ အာနန္တရိယကံများစွာတို့တွင် ကံတစ်ခုက ပဋိသန္ဓေ အကျိုးကို ပေးလိုက်လျှင် အခြားအခြားသော အာနန္တရိယကံတို့က ပဋိသန္ဓေအကျိုးကို မပေးနိုင်ကုန်။ အကယ်၍ အနာဂတ်ဘဝတွင် ပရိနိဗ္ဗာန်စံရမည်ဖြစ်ပါက ကံအားလုံးတို့သည် ပရိနိဗ္ဗာနစုတိ၏ နောက်ဆွယ်တွင် အကျိုးပေးခွင့် လုံးဝ မရှိကြတော့ပေ။ ဤကံ (၄)မျိုးတို့ကား ပစ္စုပ္ပန်ကံ (၄)မျိုး တို့တည်း။ တစ်ဖန် အနာဂတ်ကံ (၂)မျိုးကိုလည်း ဆက်လက် ဟောကြားထားတော်မူ၏။

## (၁) ဘဝိဿတိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော

အကြင်ကံသည် ကံဟူသော မိမိကိုယ်တိုင်ကလည်း အနာဂတ်ဖြစ်၏။ ထိုကံ၏ အကျိုးသည်-လည်း အနာဂတ်ပင် ဖြစ်၏။ ထိုကံမျိုးသည် — **ဘဝိဿတိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော** = ကံသည်လည်း ဖြစ်လတ္တံ့၊ ကံ၏ အကျိုးတရားသည်လည်း ဖြစ်လတ္တံ့သော ကံမည်၏။[၁၂၁]

---

[၁၁၉], [၁၂၀], [၁၂၁] အဘိ၊ဋ္ဌ၊၂၊၄၃၅။

## (၂) ဘဝိဿတိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော

အကြင်ကံသည် ကံဟူသော မိမိကိုယ်တိုင်ကလည်း အနာဂတ် ဖြစ်နေ၏။ ရှေးနည်းအတိုင်း- ပင်လျှင် အနာဂတ်၌ အကျိုးပေးခြင်းသဘော မရှိသည်၏အဖြစ်သို့ ရောက်ရှိလတ္တံ့။ ထိုကံမျိုးသည် **ဘဝိဿတိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော** = ကံကား ဖြစ်လတ္တံ့ ဖြစ်၍ အကျိုးမပေးလတ္တံ့သော ကံမျိုးမည်၏။[၁၂၂] (နည်းမှီး၍ သိလောက်ပြီ။)

ခပ်သိမ်းဉဿုံ အလုံးစုံကုန်သော ဤအခြင်းအရာတို့ဖြင့် တထာဂတအမည်ရတော်မူသော သမ္မာသမ္ဗုဒ္ဓဘုရားရှင်၏ ကံအထူးအပြား အကျိုးဝိပါက်အထူးအပြားကို သိတော်မူတတ်သော **ကမ္မန္တရ-ဝိပါကန္တရ-ဇာနနဉာဏ်တော်မြတ်ကို** သူတစ်ပါးတို့ မလှုပ်ရှားစေအပ် မလှုပ်ရှားစေနိုင်- သည်၏အဖြစ်ကြောင့် ဒုတိယဗလဉာဏ်တော် = နှစ်ခုမြောက်သော ဉာဏ်တော်အားဟူ၍ သိရှိပါလေ။[၁၂၃]

ဤတွင် အသင်သူတော်ကောင်းသည် အောက်ပါအချက် နှစ်ရပ်တို့ကို သတိပြုပြီး ဖြစ်ပေ- လိမ့်မည်။ —

၁။ **သမ္ပတ္တိစက်** (၄)မျိုးတို့သည် အကုသိုလ်ကံတို့ကို အကျိုးမပေးနိုင်အောင် တားမြစ်ထားနိုင်သော စွမ်းအားရှိကြ၍ ကုသိုလ်ကံတို့ကိုလည်း အကျိုးပေးခွင့်ရအောင် လမ်းဖွင့်ပေးနေသော အမှီ- ကောင်းကြီးများ ဖြစ်ကြသည်ကိုလည်းကောင်း,

၂။ **ဝိပတ္တိစက်** (၄)မျိုးတို့သည်လည်း ကုသိုလ်ကံတို့ကို အကျိုးပေးခွင့် မရအောင် တားမြစ်ထား- နိုင်သော စွမ်းအားရှိကြ၍ အကုသိုလ်ကံတို့ကိုလည်း အကျိုးပေးခွင့်သာအောင် လမ်းဖွင့်ပေး- နေသော အမှီကောင်းကြီးများ ဖြစ်ကြသည်ကိုလည်းကောင်း —

ဤအချက်နှစ်ရပ်ကို သဘောပေါက်ပြီး ဖြစ်ပေလိမ့်မည်။ ယခုအခါတွင် ယင်းသမ္ပတ္တိတရား, ဝိပတ္တိတရားတို့ကို ဖြစ်စေတတ်သော ကံတရားအကြောင်းကို ဆက်လက်၍ ဆွေးနွေးတင်ပြပေအံ့။

### မျိုးစေ့နှင့် အသီး

**ယာဒိသံ ဝပတေ ဗီဇံ၊ တာဒိသံ ဟရတေ ဖလံ။**
**ကလျာဏကာရီ ကလျာဏံ၊ ပါပကာရီ စ ပါပကံ။**[၁၂၄]

**ယာဒိသံ** = အကြင်ကဲ့သို့ ရှုအပ်သောသဘောရှိသော။ **ဗီဇံ** = မျိုးစေ့ကို။ **ဝပတေ** = စိုက်ပျိုး- ပြားအံ့။ **တာဒိသံ** = ထိုကဲ့သို့ ရှုအပ်သောသဘောရှိသော။ **ဖလံ** = အသီးကို။ **ဟရတေ** = ဆောင်နိုင်- ၏။ **ကလျာဏကာရီ** = ကောင်းသောအမှုကို ပြုလေ့ရှိသူသည်။ **ကလျာဏံ** = ကောင်းသောအကျိုးကို။ **လဘတေ** = ရရှိ၏။ **ပါပကာရီ စ** = မကောင်းသောအမှုကို ပြုလေ့ရှိသူသည်လည်း။ **ပါပကံ** = မကောင်းသောအကျိုးကို။ **လဘတေ** = ရရှိ၏။

---

၁၂၂, ၁၂၃ အဘိ၊ဋ္ဌ၊၂၄၃၅။ ၁၂၄ သံ၊၁၊၂၂၉။

တမာစေ့ သပွတ်ခါးစေ့ အစရှိသော မျိုးစေ့တို့သည် ချိုမြိန်ကောင်းမြတ်သော အရသာရှိသော အသီးကို မဖြစ်စေနိုင်ကုန်သကဲ့သို့, မသာယာအပ်သည်သာလျှင်ဖြစ်သော မချိုဆိမ့်သည်သာလျှင် ဖြစ်သော အသီးကို ဖြစ်စေနိုင်ကုန်သကဲ့သို့ — ဤဥပမာအတူ ကာယဒုစရိုက် အစရှိကုန်သော ဒုစရိုက်တို့သည် ချိုမြိန်သော အရသာနှင့် တူသော အကျိုးကို မဖြစ်စေနိုင်ကြကုန်၊ မချိုဆိမ့်သော အရသာနှင့် တူသည်သာလျှင်ဖြစ်သော မကောင်းကျိုးကို ဖြစ်စေနိုင်ကြကုန်၏။

သည်မှုသာမကသေး — ကြံမျိုးစေ့ သလေးမျိုးစေ့ အစရှိသော မျိုးစေ့တို့သည် ချိုမြိန်သော အရသာရှိသည်သာလျှင်ဖြစ်သော, ကောင်းသော အရသာရှိသည်သာလျှင်ဖြစ်သော အသီးကို ဖြစ်စေကြကုန်သကဲ့သို့ မသာယာအပ်သော ခါးစပ်သော အရသာရှိသော အသီးကို မဖြစ်စေကြကုန် သကဲ့သို့ — ဤဥပမာအတူ ကာယသုစရိုက် အစရှိသည်တို့သည် ချိုမြိန်ကောင်းမြတ်သည်သာလျှင် ဖြစ်သော ကောင်းကျိုးကို ဖြစ်စေကြကုန်၏၊ မချိုဆိမ့်သော အရသာနှင့် တူသော မကောင်းကျိုးကို မဖြစ်စေနိုင်ကြလေကုန်။[၁၂၅]

ဤကဲ့သို့သော ကံနှင့် ဆက်စပ်နေသည့် အကျိုးတရားများကို ပိုမို၍ နားလည်သဘောပေါက်-စေရန် ရည်သန်တောင့်တလျက် **"စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးတရားတော်"**ကို ဟောကြားပေးခဲ့၏။ ယင်းတရားကိုပင် စာအုပ်အသွင်သို့ ပြုပြင်ပြောင်းလဲကာ အသစ်မွမ်းမံ ဖြည့်စွက်ပြင်ဆင်ကာ ထပ်မံ တင်ပြလိုက်ပါသည်။ ယောဂီသူတော်စင်အပေါင်းတို့သည်လည်း **ဝိပတ္တိစက်**လေးပါးတို့ကို ရှောင်ရှား နိုင်ကြကုန်လျက် **သမ္ပတ္တိစက်**လေးပါးနှင့် ပြည့်စုံအောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ကြ-ကုန်ပြီးလျှင် အရဟတ္တမဂ် အရဟတ္တဖိုလ် အထွတ်တပ်ထားသော သမထ-ဝိပဿနာဘာဝနာ ကုသိုလ်တို့ကို ပြည့်ပြည့်စုံစုံ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ကြပါစေသောဝ် . . . ဟူသော မွန်မြတ်သော ဦးတည်ချက်ကို ရှေးသွားပြုလျက် . . . ။

ဖားအောက်တောရဆရာတော်
စိတ္တလတောင်ကျောင်း
ဖားအောက်တောရ စကြံ့ကျောင်းတိုက်
မော်လမြိုင်မြို့နယ်။

သာသနာတော်နှစ် ၂၅၅၅-ခုနှစ်
ကောဇာသက္ကရာဇ် ၁၃၇၃-ခုနှစ်
ခရစ်သက္ကရာဇ် ၂၀၁၂-ခုနှစ်

[၁၂၅] အဘိ၊ဋ္ဌ၊၂၊၄၁၉။

# ကံဆန်းကြယ်ပုံအပိုင်း
## (ပထမဂန္ဓုလဗဒ္ဓသုတ္တန်ပိုင်း)

**ကံဆန်းကြယ်ပုံအပိုင်း**

သတ္တဝါတွေကို မတူညီအောင် ပြုပြင်ပေးနေတဲ့ ဒီကံတွေက ထူးထွေကွဲပြားမှု ရှိတယ်။ ဒီလို ထူးထွေကွဲပြားတဲ့အတွက် သတ္တဝါတွေဟာ တစ်ဦးနဲ့ တစ်ဦး မတူညီဘဲ အကျိုးပေးတွေလည်း ထူးထွေကွဲပြားမှု ရှိလာတယ်၊ အဲဒီလို ရှိနေတာကို လောကမှာ မြင်နေရတဲ့ အတွက်ကြောင့် လောကမှာ ကံမရှိဘူးလို့ ဘယ်လိုလုပ်ပြောနိုင်မလဲ၊ လောကမှာ ကံရှိသလား, မရှိဘူးလား? ရှိတယ်။

(စာမျက်နှာ၊ ၂၂၂–၂၂၃။)

ကံတွေကို တည်ထောင်ဖန်ဆင်းနေတဲ့ အချိန်အခါကလေးမှာ မိမိတို့ရဲ့ တည်ထောင်ဖန်ဆင်းမှုက မကျမ်းမကျင် မလိမ္မာလို့ စိတ်ထားတွေက အင်မတန် ညံ့ဖျင်းနေလို့ရှိရင် နောင်တစ်ချိန် ဘဝတစ်ခုလို့ ခေါ်ဆိုအပ်တဲ့ ပန်းချီကားချပ်ထဲမှာ ပေါ်လာမည့် ရုပ်ပုံတွေက ဘယ်လိုရုပ်ပုံတွေ ဖြစ်မလဲ? အင်မတန် အကျည်းတန်တဲ့ အရုပ်ဆိုးတဲ့ ပုံစံကလေးတွေ ပေါ်လာနိုင်တယ်၊ ကံကို ထူထောင်ခဲ့စဉ် တစ်ချိန်က ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာနှင့် မိမိတို့က ရေးဆွဲနိုင်ခဲ့မည်ဆိုရင်တော့ ဘာဖြစ်မလဲ? ဘဝဇာတ်ခုံလို့ ခေါ်ဆိုအပ်တဲ့ ပိတ်ကားချပ်ပေါ်မှာ . . . အင်မတန် ချောမောလှပနေတဲ့ အမျိုးသမီးရုပ်ပုံ သို့မဟုတ် အမျိုးသားရုပ်ပုံကလေးတွေ ပေါ်လာနိုင်တယ်။

(စာမျက်နှာ၊ ၂၂၄–၂၂၅။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

# ကံဆန်းကြယ်ပုံအပိုင်း

# (ပထမဂဒ္ဒုလဗဒ္ဓသုတ္တန်ပိုင်း)

**အစမထင် သံသရာ**

ရှေးဦးစွာ **ပထမဂဒ္ဒုလဗဒ္ဓသုတ္တန်**[၁၂၆]နှင့် တရားနိဒါန်း ပျိုးကြရအောင် . . .။

**အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။**

ဒီစကားရပ်ကတော့ ဟို . . . သံယုတ်ပါဠိတော် **ပထမဂဒ္ဒုလဗဒ္ဓသုတ္တန်**မှာ မြတ်စွာဘုရား ဟောကြားထားတော်မူတဲ့ ဒေသနာတော်ကလေး တစ်ခုပါပဲ။ ဘာပြောသလဲ?

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့။ **အယံ သံသာရော** = ခန္ဓာ အာယတန ဓာတ်တို့၏ အဆက်မပြတ် ဆက်စပ်၍ ဖြစ်ပေါ်နေရာ ရုပ်နာမ်သန္တာန်အစဉ်အတန်းဟု ခေါ်ဆိုအပ်သော ဤသံသရာသည်ကား။ **အနမတဂ္ဂေါ** = ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း မသိအပ် မသိနိုင်သော အစရှိပေ၏။ **ပုဗ္ဗာ ကောဋိ** = သံသရာ၏ ရှေ့အစွန်းသည်။ **န ပညာယတိ** = မထင်ရှားပေ။ (တစ်နည်း) **ပုဗ္ဗာ ကောဋိ** = သံသရာ၏ ရှေ့အစွန်းကို။ **န ပညာယတိ** = မသိအပ် မသိနိုင်ပေ။

သတ္တဝါ တစ်ဦးတစ်ဦးရဲ့ သံသရာခရီး စခဲ့ပုံကို ဉာဏ်ပညာကြီးမားလို့ ဘဝတစ်ခုပြီးတစ်ခု ဉာဏ်နှင့် အစဉ်လျှောက်ပြီး လှမ်းပြီး ကြည့်သော်လည်း ဘယ်ဘဝက စခဲ့တယ်ဆိုတာ မသိအပ် မသိနိုင်လောက်အောင် အလွန်ရှည်လျားတယ်လို့ ဒီလို မြတ်စွာဘုရားက ဟောကြားထားတော်မူတယ်။

**"ပုဗ္ဗာ ကောဋိ န ပညာယတိ"** – သံသရာ၏ ရှေ့အစွန်းသည် မထင်ရှားဘူး သိပ်ရှည်လျားတယ်ဆိုတော့ သံသရာရဲ့ နောက်အစွန်းကကော ထင်ရှားပါသလားလို့ ဒီလိုတော့ မေးစရာ ရှိတယ်။

[၁၂၆] သံ၊၂၊၁၂၁-၁၂၂။

## သံသရာခရီးကို ရှည်လျားအောင်လုပ်နေသူ

**ဒီဃော ဗာလာန သံသာရော၊ သဒ္ဓမ္မံ အဝိဇာနတံ။**[၁၂၇] . . . ဆိုပြီး မြတ်စွာဘုရား ဟောကြား-ထားတော်မူတဲ့ ဒေသနာတော်များ ထင်ရှားရှိနေသည့်အတွက်ကြောင့် လူမိုက်သာ ဖြစ်ခဲ့မယ်ဆိုရင် သံသရာ၏ ရှေ့အစွန်းသည် ရှည်လျားသလို သံသရာ၏ နောက်အစွန်းဟာလည်း ရှည်လျားနေတယ်၊ လူမိုက်ဆိုတာ ဘယ်လို ပုဂ္ဂိုလ်ကို ပြောတာလဲ? **"သဒ္ဓမ္မံ အဝိဇာနတံ"** – သစ္စာလေးပါး သူတော်-ကောင်းတရားကို မသိတဲ့ ပုဂ္ဂိုလ်မျိုးကို ရည်ညွှန်းပြီးတော့ ဘုရားရှင်က ဟောကြားနေတော်မူတယ်။ သူတော်ကောင်းတရား မသိတဲ့ ပုဂ္ဂိုလ်ကို ဘာကြောင့် လူမိုက်လို့ ခေါ်ရသလဲ? တရားနာတဲ့ ပရိသတ်တွေ . . . ဘယ်လို သဘောပေါက်ကြသလဲ။

ဘာကို လူမိုက်ခေါ်သလဲ?

**တီဏိမာနိ ဘိက္ခဝေ ဗာလဿ ဗာလလက္ခဏာနိ**[၁၂၈] . . . စသည်ဖြင့် မြတ်စွာဘုရားက **ဗာလပဏ္ဍိတသုတ္တန်**မှာ လူလိမ္မာပညာရှိဖြစ်ကြောင်း, လူမိုက်ဖြစ်ကြောင်းတရားတွေကို ဟောကြား-ထားတော်မူပါတယ်။ ကိုယ်ဖြင့် မပြုသင့် မပြုထိုက်တဲ့ ကာယဒုစရိုက်တွေကို လွန်ကျူးနေတဲ့ ပုဂ္ဂိုလ်, နှုတ်ဖြင့် မပြောသင့် မပြောထိုက်တဲ့ ဝစီဒုစရိုက်တွေကို လွန်ကျူးနေတဲ့ ပုဂ္ဂိုလ်, စိတ်ဖြင့် မကြံစည်သင့် မကြံစည်ထိုက်တဲ့ မနောဒုစရိုက်တွေကို လွန်ကျူးနေတဲ့ ပုဂ္ဂိုလ်, ဒီလို ပုဂ္ဂိုလ်မျိုးတွေကို လူမိုက်လို့ ဟောကြားထားတော်မူပါတယ်။ အဲဒီလို လူမိုက်အဖို့ သံသရာ၏ ရှေ့အစွန်းသည် ရှည်လျားသလို သံသရာ၏ နောက်အစွန်းဆိုတာလည်း ရှည်လျားပါတယ်။ သစ္စာလေးရပ် တရားမြတ်ဆိုတဲ့ သူတော်-ကောင်းတရားကို မသိမှုရဲ့ အပြစ်တွေပဲ။

သို့သော်လည်း မိမိတို့ရဲ့ စိတ်ဓာတ်ကို လူလိမ္မာ ပညာရှိသူတော်ကောင်း ဖြစ်အောင် ပြုပြင်ပြောင်းလဲပေးလိုက်မယ်ဆိုရင်တော့ သံသရာ၏ ရှေ့အစွန်းဟာ ရှည်ချင်လည်း ရှည်ပါစေ၊ သံသရာရဲ့ နောက်အစွန်းကတော့ တိုမသွားနိုင်ဘူးလား? တိုသွားနိုင်တယ်။ ဒါကြောင့် —

## အဝိဇ္ဇာနှင့် တဏှာ

**အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **အယံ သံသာရော** = ခန္ဓာ အာယတန ဓာတ်တို့၏ အဆက်မပြတ် ဆက်စပ်၍ ဖြစ်ပေါ်နေရာ ရုပ်နာမ်သန္တာန်အစဉ်အတန်းဟု ခေါ်ဆိုအပ်သော ဤ သံသရာသည်ကား။ **အနမတဂ္ဂေါ** = ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း မသိအပ် မသိနိုင်သော အစရှိပေ၏။ **အဝိဇ္ဇာနီဝရဏာနံ** = အဝိဇ္ဇာနီဝရဏတရားသည် ပိတ်ဖုံးကာဆီးအပ်ကုန်သည်ဖြစ်၍။ **တဏှာသံယောဇနာနံ** = တဏှာတည်းဟူသော သံယောဇဉ်ကြိုးက ရစ်ပတ်နှောင်ဖွဲ့ထားအပ်ကုန်-

---

[၁၂၇] ခု၁၊၂၂- ဓမ္မပဒ။ [၁၂၈] မ၃၊၂၀၁။

သည်ဖြစ်၍။ **သန္ဓာဝတံ** = ထိုဘဝမှ ဤဘဝ, ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သံသရတံ** = တစ်ခုသော ဘဝ၌လည်းပဲ ထပ်ကာထပ်ကာ ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သတ္တာနံ** = သတ္တဝါတို့၏။ **ပုဗ္ဗာ ကောဋိ** = သံသရာ၏ ရှေ့အစွန်းကို။ **န ပညာယတိ** = မသိအပ် မသိနိုင်ပေ။

သံသရာခရီး ကျင်လည်နေရတဲ့ ပုဂ္ဂိုလ်တွေကို အများဆုံး ဒုက္ခပေးနေတဲ့ တရားနှစ်ခုက ဘာလဲ? အဝိဇ္ဇာနှင့် တဏှာပဲ။ အဝိဇ္ဇာဆိုတာက ဘာလဲ?

**ပရမတ္ထတော အဝိဇ္ဇမာနေသု ဣတ္ထိပုရိသာဒီသု ဇဝတိ၊ ဝိဇ္ဇမာနေသုပိ ခန္ဓာဒီသု န ဇဝတီတိ အဝိဇ္ဇာ။**[၁၂၉]

**သမ္မောဟဝိနောဒနီ အဋ္ဌကထာ**နှင့်, **ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒုတိယတွဲ**တို့မှာ အထက်ပါအတိုင်း ဖွင့်ဆိုထားကြပါတယ်။ ဘာပြောတာလဲ?

**ပရမတ္ထတော** = ပရမတ္ထတရားကိုယ် အနက်သဘောအားဖြင့်။ **အဝိဇ္ဇမာနေသု** = ထင်ရှားမရှိကြကုန်သော။ **ဣတ္ထိပုရိသာဒီသု** = အမျိုးသမီး, အမျိုးသားစသော ထိုထိုဝေါဟာရတို့၌။ **ဇဝတိ** = လျင်မြန်စွာဖြစ်၍ နေတတ်၏။ **ဝိဇ္ဇမာနေသု** = ပရမတ္ထအားဖြင့် ထင်ရှားရှိ၍ နေကြကုန်သော။ **ခန္ဓာဒီသုပိ** = ခန္ဓာ အာယတန ဓာတ် သစ္စာသဘောတရားတို့၌လည်း။ **န ဇဝတိ** = မဖြစ်တတ်ပေ။ **ဣတိ တသ္မာ** = ထို့ကြောင့်။ **အဝိဇ္ဇာ** = အဝိဇ္ဇာမည်၏။

အဝိဇ္ဇာရဲ့ သဘောက အသိမှားနေတယ်၊ ပြောင်းပြန်ပဲ။

ဒီအပိုင်းမှာ ဝိပဿနာဉာဏ်ရရှိနေတဲ့ သူတော်ကောင်းတစ်ဦးရဲ့ ဉာဏ်ပညာမျက်စိအမြင်ကို ပြောကြရအောင် — သူတော်ကောင်းတစ်ဦးဟာ ပရမတ္ထဉာဏ်ပညာမျက်စိဖြင့် အဇ္ဈတ္တမှာ ဓာတ်လေးပါးကို ဦးတည်ပြီးတော့ ရုပ်တွေ နာမ်တွေကို သိမ်းဆည်းတတ်ပြီ, ရှုပွားတတ်ပြီ။ ဗဟိဒ္ဓမှာလည်း ဓာတ်လေးပါးကို အဦးမူပြီးတော့ ရုပ်တွေ နာမ်တွေကို သိမ်းဆည်းတတ်ပြီ, ရှုပွားတတ်ပြီ ဆိုကြစို့၊ အဲဒီရုပ်နာမ်တွေကို သိမ်းဆည်းပြီးတဲ့အခါ အကြောင်းတရားတွေကို ရှာဖွေပြီး အကြောင်းတရားနှင့် တကွ ဒီရုပ်နာမ်တို့ရဲ့ ဖြစ်ပြီးပျက်နေတဲ့သဘောကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီး "အနိစ္စ"လို့ တွင်တွင်ရှုမယ်၊ ဖြစ်ခြင်းပျက်ခြင်းဒဏ်ချက်ဖြင့် အမြဲမပြတ် အညဉ်းပန်း အနှိပ်စက်ခံနေရတဲ့ သဘောကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီး "ဒုက္ခ"လို့ တွင်တွင်ရှုမယ်၊ ဒီပရမတ္ထတရားတွေမှာ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ အတ္တမရှိတဲ့, အတ္တမဟုတ်တဲ့ အနက်သဘောကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီးတော့ ဒီပရမတ်တရားတွေကို "အနတ္တ"လို့ တွင်တွင်ရှုမယ်ဆိုရင် ထိုအနိစ္စာနုပဿနာဉာဏ်, ဒုက္ခာနုပဿနာဉာဏ်, အနတ္တာနုပဿနာဉာဏ်တွေ ဖြစ်ပေါ်နေတဲ့ သူတော်ကောင်းရဲ့ အသိဉာဏ်ဘက်က ဝိပဿနာမျက်မှန်တပ်ပြီး လှမ်းကြည့်လိုက်တော့ (၃၁)ဘုံအတွင်းမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာဆိုတာ တကယ်ထင်ရှား မရှိဘူး၊

---

[၁၂၉] အဘိ၌၊၂၁၂၇။ ဝိသုဒ္ဓိ၊၂၁၅၇။

ရှိနေတာက ရုပ်တရားအစုအပုံ ရှိတယ်၊ နာမ်တရားအစုအပုံ ရှိတယ်၊ ရုပ်နာမ်အစုအပုံ ရှိတယ်၊ အကြောင်းတရားအစုအပုံ ရှိတယ်၊ အကျိုးတရားအစုအပုံ ရှိတယ်၊ အနိစ္စတရားအစုအပုံ ဒုက္ခ-တရားအစုအပုံ အနတ္တတရားအစုအပုံတွေပဲ ရှိတယ်လို့ သူရဲ့ဝိပဿနာဉာဏ်က မြင်နေတယ်။ ဒါကြောင့် . . . ရုပ်တရားလို့ သိခဲ့ရင်လည်း မှန်တယ်။ နာမ်တရားတွေလို့ သိနေရင်လည်း မှန်တယ်။ ရုပ်တရားအစုအပုံ နာမ်တရားအစုအပုံလို့ သိရင်လည်း မှန်တယ်။ အကြောင်းတရားအစုအပုံ အကျိုးတရားအစုအပုံလို့ သိရင်လည်း မှန်တယ်။ အနိစ္စတရားအစုအပုံတွေပဲ၊ ဒုက္ခတရားအစုအပုံတွေပဲ၊ အနတ္တတရားအစုအပုံတွေပဲလို့ ဒီလို သိခဲ့ရင်လည်း မှန်နေတယ်။ ဒီလို မသိဘဲနဲ့ ပရမတ္ထအားဖြင့် တကယ်ထင်ရှားမရှိတဲ့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ စတဲ့ ပညတ်တွေအပေါ်မှာ သောင်တင်ပြီးတော့ အသိမှားနေတဲ့ သဘောကိုတော့ ဘာလို့ခေါ်သလဲ? **အဝိဇ္ဇာ**လို့ ခေါ်ဆိုတယ်။

ဒီတော့ ယောကျ်ားလို့ သိနေတဲ့ အသိသည် မှားသလား, မှန်သလား? မှားတယ်၊ အဲဒီအသိမှားနေမှုကို ဘာလို့ ခေါ်သလဲ? အဝိဇ္ဇာပဲ။ အမျိုးသမီးလို့ သိနေတဲ့ အသိသည် မှားသလား, မှန်သလား? မှားတယ်၊ ဒီအသိသည် အဝိဇ္ဇာပဲ။ ပရမတ္ထအားဖြင့် တကယ်ထင်ရှားမရှိဘူးဆိုတာက ဒီပရမတ်-တရားတွေက ဖြစ်ပြီးတာနဲ့ ချက်ချင်းပျက်သွားတယ်။ တစ်စက္ကန့်ကို အကြိမ်ကုဋေပေါင်းများစွာပုံရင် ရုပ်လောကမှာ ကုဋေပေါင်း (၅၀၀၀)ကျော်ခန့်ပေါ့၊ ‘ခန့်’လို့ ပြောပါတယ်၊ အတိအကျတော့ မဆိုလိုပါ-ဘူး။ တစ်စက္ကန့်ကို အကြိမ်ကုဋေ (၅၀၀၀)ကျော်ခန့်လောက်ပုံရင် တစ်ပုံလောက်သာ သက်တမ်းရှည်-တယ်။

နာမ်လောကမှာလည်း တစ်စက္ကန့်ဆိုတဲ့ အချိန်ကာလကို ကုဋေတစ်သိန်းလောက်ပုံရင် တစ်ပုံ-ခန့်လောက်သာ သက်တမ်းရှည်တယ်။[၁၃၀] အဲဒီလောက်တောင် အလွန်လျင်လျင်မြန်မြန်ကြီး ဖြစ်ပျက်နေတဲ့ ဓမ္မသဘာဝတွေကို ဒါက ယောကျ်ားပဲ, ဒါက မိန်းမပဲ, ဒါက ငါပဲ, ဒါက သူပဲ, ဒါက သားပဲ, ဒါက သမီးပဲလို့ စွဲယူလောက်တဲ့ အချိန်တောင် ရှိသလား? မရှိဘူး။ မရှိပေမဲ့လို့ သတ္တဝါတွေက စွဲနေကြတယ်၊ ဒါက ယောကျ်ား, ဒါက မိန်းမ, ဒါက သား, ဒါက သမီး, ဒါက ဇနီး, ဒါက မြေး စသည်ဖြင့် စွဲလမ်းနေကြတယ်၊ အသိတွေ မှားနေကြတယ်။ အဲဒီလို အသိမှားမှု အဝိဇ္ဇာ ထင်ရှားရှိနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဒီအမျိုးသားဆိုတဲ့ အာရုံ ဒီအမျိုးသမီးဆိုတဲ့ အာရုံတွေက မိမိ နှစ်သက်မြတ်နိုးဖွယ်ရာ အာရုံဖြစ်ခဲ့မယ်ဆိုရင်လည်း ဒီအာရုံတွေအပေါ်၌ တွယ်တာတပ်မက်မှု တဏှာ ဖြစ်ပေါ်မလာဘူးလား? ဖြစ်ပေါ်လာတယ်။ မိမိ မနှစ်သက်တဲ့ အာရုံဖြစ်ခဲ့မယ်ဆိုရင်လည်း မနှစ်သက်တဲ့အတွက် ဒေါသတရားတွေ ထင်ရှားဖြစ်ပေါ်ပြီးလာတတ်တယ်။

ဒါကြောင့် သံသရာခရီး ကျင်လည်နေတဲ့ သတ္တဝါတွေမှာ သံသရာ ဘာကြောင့် ရှည်ရသလဲ ဆိုတဲ့ အခြေခံအကြောင်းရင်းကို ကြည့်လိုက်တော့ အသိမှားမှု အဝိဇ္ဇာနှင့် ထိုထိုဘဝ ထိုထိုရုပ်နာမ် သန္တာန်အစဉ်အပေါ်မှာ တွယ်တာတပ်မက်နေတဲ့ တဏှာတရားက အဓိကအကြောင်းရင်း ဖြစ်နေ-တယ်။

---

[၁၃၀] ကေဏ္ဍရက္ခဏေ ကောဋိသတသဟဿသင်္ခါ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။ (သံ၊၃၊၂၊၂၉၅။)

အဲဒီအဝိဇ္ဇာနီဝရဏဆိုတဲ့ သံယောဇဉ်ကြိုး, တဏှာဆိုတဲ့ သံယောဇဉ်ကြိုး, ဒီသံယောဇဉ်ကြိုး နှစ်ချောင်းက ရစ်ပတ်နှောင်ဖွဲ့ထားအပ်တဲ့အတွက် ဒီသတ္တဝါတွေသည် သံသရာခရီးမှာ ရှည်လျား နေကြတယ်။ ဘယ်လို ရှည်လျားနေကြသလဲ? ယောက်ျား မိန်းမ လူ နတ် ပြဟ္မာ စသည်ဖြင့် အသိမှားမှု အဝိဇ္ဇာနှင့် တွယ်တာတပ်မက်မှု တဏှာတရားနှစ်ပါးကို အခြေခံ၍ ကုသိုလ် သင်္ခါရ ကံ သို့မဟုတ် အကုသိုလ် သင်္ခါရ ကံဆိုတဲ့ သင်္ခါရ ကံ အမျိုးမျိုးတွေကို ထူထောင်ကြပြန်တယ်။

ဒီကံတွေကြောင့် ပဋိသန္ဓေနေရတဲ့ ဒုက္ခတွေနှင့် အဖန်ဖန် အထပ်ထပ် တွေ့ရတယ်၊ အိုရတဲ့ ဒုက္ခတွေနှင့် အဖန်ဖန် အထပ်ထပ် တွေ့ရတယ်၊ နာရတဲ့ ဒုက္ခတွေနှင့် အဖန်ဖန် အထပ်ထပ် တွေ့ရတယ်၊ သေရတဲ့ ဒုက္ခတွေနှင့် အဖန်ဖန် အထပ်ထပ် တွေ့ရတယ်၊ စိုးရိမ်ရတဲ့ဒုက္ခ ပူဆွေးရတဲ့ ဒုက္ခ ငိုကြွေးရတဲ့ဒုက္ခ ကိုယ်ဆင်းရဲရတဲ့ဒုက္ခ စိတ်ဆင်းရဲရတဲ့ဒုက္ခ ပြင်းစွာပူပန်ရတဲ့ဒုက္ခဆိုတဲ့ ဒီဒုက္ခ အဝဝတွေနှင့် အဖန်ဖန် အထပ်ထပ် အမြဲတမ်း တွေ့နေရတယ်။

အကြောင်းမလှလို့ အခါအခွင့် မသင့်လို့ လမ်းချော်သွားခဲ့ရင်လည်း အကုသိုလ်သင်္ခါရ ကံတွေကြောင့် အပါယ်သံသရာ ဝဋ်ဆင်းရဲဒုက္ခကြီးက မိမိကို လှမ်းပြီးတော့ အမြဲတမ်း ဆီးကြိုနေပြန်တယ်။ ဒါကြောင့် ဒီလောက်တောင် သံသရာခရီးမှာ အိုလို့မဆုံး နာလို့မဆုံး သေလို့မဆုံးဖြစ်နေတဲ့ သတ္တဝါ တွေက ဒီသံသရာခရီးမှ ကျွတ်ရာကျွတ်ကြောင်း လွတ်ရာလွတ်ကြောင်းဖြစ်တဲ့ တရားကောင်းတစ်ခု ထင်ရှားရှိနေတယ်ဆိုရင်, ဒီအိုဘေးဆိုးကြီးမှ လွတ်အောင်, ဒီနာဘေးဆိုးကြီးမှ လွတ်အောင်, ဒီသေ-ဘေးဆိုးကြီးမှ လွတ်အောင်, ဒီအပါယ်ဝဋ်ဆင်းရဲဒုက္ခဘေးဆိုးကြီးမှ လွတ်အောင် ထုတ်ဆောင်-ကယ်တင်ပေးမည့် တရားကောင်းတစ်ခု ထင်ရှားရှိနေတယ်ဆိုရင် ဒီတရားမျိုးကို ရအောင် ယူထားဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ်။ သို့သော် . . .

## ဒါပေမဲ့ဆိုတဲ့ ကွက်လပ်ကလေး

သတ္တဝါတွေက တော်တော်ကလေးတော့ ခက်တယ်၊ ခက်တယ်ဆိုတာက ဘာကို ပြောလိုတာ လဲ? တစ်ခါတုန်းက ဘုန်းကြီး ဒကာလေးတစ်ယောက်နှင့် တွေ့ဖူးတယ်။ ဒကာလေးက စကားပြော ခပ်ကောင်းကောင်းပဲ၊ ပြောပါများလာတော့ သူက ဘာလျှောက်ထားလာသလဲ? "အရှင်ဘုရား . . . လူတွေဟာ မိမိအတွက် ကွက်လပ်ကလေးတစ်ခုကိုတော့ အမြဲတမ်း ချန်ချန်ထားတယ်"တဲ့ ဘာကို ပြောလိုတာလဲ၊ ဆင်ခြေပေးဖို့ရန်အတွက် "ဒါပေမဲ့"ဆိုတဲ့ ကွက်လပ်ကလေး တစ်ခုကို အမြဲတမ်း ချန်ချန်ထားတယ်လို့ သူက လျှောက်တယ်။

မှန်တယ်၊ လူတိုင်းမှာ ဆင်ခြေပေးဖို့ အကွက်ကလေးတွေ အများကြီး ရှိကြပါတယ်။ တပည့်-တော်က တရားကို အားထုတ်ချင်ပါတယ်၊ စိတ်က ပါ,ပါတယ်၊ ဒါပေမဲ့ . . "ဒါပေမဲ့"ဆိုတဲ့ ကွက်လပ် ကလေးထဲကို ပြေးပြေးပြီးတော့ ဝင်သွားကြတယ်။ အဲဒီကွက်လပ်ကလေးထဲမှာ အမြဲနေကြမယ်ဆို-လို့ရှိရင်တော့ ဒီအိုဘေးဆိုးကြီးမှ လွတ်ပါ့မလား၊ မလွတ်နိုင်ဘူး၊ နာဘေးဆိုးကြီးမှလည်း မလွတ် နိုင်ဘူး၊ သေဘေးဆိုးကြီးမှလည်း မလွတ်နိုင်ဘူး၊ အပါယ်ဘေးဆိုးကြီးမှလည်း မလွတ်နိုင်ဘူး။ ဒါကြောင့် မြတ်စွာဘုရားရှင်က . . .

**အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော။ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **အယံ သံသာရော** = ခန္ဓာ အာယတန ဓာတ်တို့၏ အဆက်မပြတ် ဆက်စပ်၍ ဖြစ်ပေါ်နေရာ ရုပ်နာမ်သန္တာန်အစဉ်အတန်းဟု ခေါ်ဆိုအပ်တဲ့ ဤသံသရာသည်။ **အနမတဂ္ဂေါ** = ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း မသိအပ် မသိနိုင်သော အစရှိပေ၏။ **အဝိဇ္ဇာနီဝရဏာနံ** = အဝိဇ္ဇာနီဝရဏတရားသည် ပိတ်ဖုံးကာဆီးအပ်ကုန်သည်ဖြစ်၍။ **တဏှာသံယောဇနာနံ** = တဏှာတည်းဟူသော သံယောဇဉ်ကြိုးက ရစ်ပတ်နှောင်ဖွဲ့ထားအပ်ကုန်-သည်ဖြစ်၍။ **သန္ဓာဝတံ** = ထိုဘဝမှ ဤဘဝ, ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သံသရတံ** = တစ်ခုသော ဘဝ၌လည်းပဲ ထပ်ကာထပ်ကာ ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သတ္တာနံ** = သတ္တဝါတို့၏။ **ပုဗ္ဗာ ကောဋိ** = သံသရာ၏ ရှေ့အစွန်းကို။ **န ပညာယတိ** = မသိအပ် မသိနိုင်ပေ။

အဝိဇ္ဇာနီဝရဏရဲ့ ပိတ်ဖုံးကာဆီးမှုကို ခံနေရမယ်ဆိုရင်, တဏှာတည်းဟူသော သံယောဇဉ်ကြိုးဖြင့်လည်း အနှောင်အဖွဲ့ခံနေရမယ်ဆိုရင်တော့ ဒီလို အဝိဇ္ဇာနီဝရဏက ပိတ်ဖုံးကာဆီးထားအပ်တဲ့, တဏှာတည်းဟူသော သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့ထားအပ်တဲ့ သတ္တဝါတွေရဲ့ သံသရာခရီး-သည် အလွန်မရှည်ဘူးလား? ရှည်နေပြီ။ နောက်ထပ်လည်း ဒီလိုပဲ အဝိဇ္ဇာနီဝရဏက ပိတ်ဖုံးထား-ဦးမယ်ဆိုရင်, တဏှာတည်းဟူသော သံယောဇဉ်ကြိုးတွေနှင့် ရစ်ပတ်နှောင်ဖွဲ့ခံနေရဦးမယ်ဆိုရင်-လည်း သံသရာခရီး မရှည်ဘူးလား? ရှည်နေဦးမယ်။ ဒါကြောင့် ဘုရားရှင်က ဒေသနာတော်ကို ဆက်လက် ဟောကြားတော်မူပြန်တယ်။

## မဟာသမုဒ္ဒရာရေ ခန်းခြောက်ချိန်

**ဟောတိ သော ဘိက္ခဝေ သမယော ယံ မဟာသမုဒ္ဒေါ ဥဿုဿတိ ဝိသုဿတိ န ဘဝတိ၊ န တွေဝါဟံ ဘိက္ခဝေ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **ယံ** = **ယသ္မိံ ကာလေ** = အကြင် အခါကာလ၌။ **မဟာသမုဒ္ဒေါ** = မဟာသမုဒ္ဒရာကြီးသည်။ **ဥဿုဿတိ** = အထက်၌ ခန်းခြောက်၍ သွားပေ၏။ **ဝိဿုဿတိ** = အထူးထူး အပြားပြား ခန်းခြောက်၍ သွားပေ၏။ **န ဘဝတိ** = မဖြစ်မရှိတော့ပေ။ **သော သမယော** = ထိုကဲ့သို့သော အချိန်အခါမျိုးသည်။ **ဟောတိ** = ရှိသေးသည်သာလျှင်တည်း။

တစ်ချိန် ကမ္ဘာပျက်ခါနီးပြီဆိုတဲ့ အချိန်ကာလတစ်ခုသို့ ဆိုက်ရောက်လာပြီ ဆိုကြစို့၊ အလွန်ကြီးကျယ်နေတဲ့ ရေထုထည် များပြားနေတဲ့ မဟာသမုဒ္ဒရာကြီး ရှိတယ်။ နေတွေ တစ်စင်းပြီး တစ်စင်း, တစ်စင်းပြီး တစ်စင်း ထွက်လာရာက, နေငါးစင်းလောက် ထွက်လာပြီဆိုရင် မဟာသမုဒ္ဒရာရေတွေ အားလုံး ခန်းခြောက်သွားတယ်။ အဲဒီလို အချိန်အခါမျိုးဟာ တစ်ချိန် ကြုံကြလိမ့်မယ်၊ သံသရာခရီး

မဆုံးသေးရင်တော့ မိမိတို့ကလည်း လူ့ဘဝမှာပဲ တည်ရှိနေကြသေးတယ်ဆိုရင် ဒီဒုက္ခက မိမိတို့ ရင်ဆိုင်ကြရမည့် ဒုက္ခတစ်ခု ဖြစ်ပါတယ်။ အဲဒီလို မဟာသမုဒ္ဒရာရေတွေ ခန်းခြောက်သွားတဲ့ အချိန်-အခါမျိုးမှာတောင် သတ္တဝါတွေရဲ့ သံသရာခရီးကို ဘုရားရှင်က ဘယ်လို ဟောတော်မူသလဲ?

**န တွေဝါဟံ ဘိက္ခဝေ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **တဒါ** = **တသ္မိံမ္ပိ ကာလေ** = ထိုကဲ့သို့သော အချိန်ခါမျိုး၌-သော်လည်းပဲ။ **အဝိဇ္ဇာနီဝရဏာနံ** = အဝိဇ္ဇာနီဝရဏတရားသည် ပိတ်ဖုံးကာဆီးအပ်ကုန်သည်ဖြစ်၍။ **တဏှာသံယောဇနာနံ** = တဏှာတည်းဟူသော သံယောဇဉ်ကြိုးက ရစ်ပတ်နှောင်ဖွဲ့ထားအပ်ကုန်-သည်ဖြစ်၍။ **သန္ဓာဝတံ** = ထိုဘဝမှ ဤဘဝ, ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည် ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သံသရတံ** = တစ်ခုသော ဘဝ၌လည်းပဲ ထပ်ကာထပ်ကာ ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သတ္တာနံ** = သတ္တဝါတို့၏။ **ဒုက္ခဿ** = သံသရာဝဋ်ဆင်းရဲဒုက္ခ၏။ **အန္တကိရိယံ** = အဆုံးအပိုင်းအခြားကို ပြုခြင်းကို။ **အဟံ** = ငါဘုရားသည်။ **န တွေဝ ဝဒါမိ** = ဟောတော်မမူသည်သာလျှင်တည်း။

နေငါးစင်းထွက်လာလို့ မဟာသမုဒ္ဒရာရေတွေ ခန်းခြောက်သွားတဲ့ အချိန်အခါကာလတစ်ခု တစ်နေ့ ဖြစ်ပေါ်လာလိမ့်မယ်။ အဲဒီအချိန်အခါမျိုးမှာသော်လည်း အဝိဇ္ဇာနီဝရဏတရားက ပိတ်ဖုံး ကာဆီးထားအပ်တဲ့, တဏှာတည်းဟူသော သံယောဇဉ်ကြိုးရဲ့ ရစ်ပတ်နှောင်ဖွဲ့မှုကို ခံနေရတဲ့ ဒီ သတ္တဝါတွေရဲ့ သံသရာဝဋ်ဆင်းရဲဒုက္ခကြီးဟာ ကုန်ဆုံးသွားလိမ့်မယ်လို့ ငါဘုရား မဟောဘူး၊ ဘယ်-ဆက်ရမလဲ? အဝိဇ္ဇာနီဝရဏပိတ်ဖုံးခံနေရတဲ့ သတ္တဝါတွေအဖို့ တဏှာတည်းဟူသော သံယောဇဉ်-ကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့ခံနေရတဲ့ ဒီသတ္တဝါတွေအဖို့ ရှေ့သံသရာခရီးက ဆီးကြိုနေပါတယ်။ ထို အချိန်အခါမှာပေ့ါ ဘဝတစ်ခုကိုတော့ လက်ခံရမည့် အခြေအနေ ရှိပါတယ်။ ဘယ်လို ဘဝဆိုတာ-ကတော့ ပြီးတော့မှ ထပ်ပြောမယ်။ နောက်တစ်ခု မြတ်စွာဘုရားက ဆက်ဟောတော်မူပြန်တယ်။

## မြင်းမိုရ်တောင်မင်း ပြာဖြစ်ချိန်

**ဟောတိ သော ဘိက္ခဝေ သမယော ယံ သိနေရုပဗ္ဗတရာဇာ ဍယှတိ ဝိနဿတိ န ဘဝတိ။ န တွေဝါဟံ ဘိက္ခဝေ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ယံ** = **ယသ္မိံ ကာလေ** = အကြင် အခါကာလ၌။ **သိနေရုပဗ္ဗတရာဇာ** = မြင်းမိုရ်တောင်မင်းသည်။ **ဍယှတိ** = လောင်ကျွမ်း၍သွားပေ၏။ **ဝိနဿတိ** = ပျောက်ပျက်၍သွားပေ၏။ **န ဘဝတိ** = မဖြစ်မရှိတော့ပေ။ **သော သမယော** = ထိုကဲ့သို့သော အချိန်အခါကာလမျိုးသည်။ **ဟောတိ** = ရှိသေးသည်သာလျှင်တည်း။ **ဘိက္ခဝေ** = ချစ်သားရဟန်းတို့။ **တဒါ** = **တသ္မိံမ္ပိ ကာလေ** = ထိုကဲ့သို့သော အချိန်အခါကာလမျိုး၌သော်လည်းပဲ။ **အဝိဇ္ဇာနီဝရဏာနံ**

= အဝိဇ္ဇာနီဝရဏတရားသည် ပိတ်ဖုံးကာဆီးအပ်ကုန်သည်ဖြစ်၍။ **တဏှာသံယောဇနာနံ** = တဏှာတည်းဟူသော သံယောဇဉ်ကြိုးက ရစ်ပတ်နှောင်ဖွဲ့ထားအပ်ကုန်သည်ဖြစ်၍။ **သန္ဓာဝတံ** = ထိုဘဝမှ ဤဘဝ, ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သံသရတံ** = တစ်ခုသော ဘဝ၌လည်းပဲ ထပ်ခါထပ်ခါ ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သတ္တာနံ** = သတ္တဝါတို့၏။ **ဒုက္ခဿ** = သံသရာဝဋ်ဆင်းရဲဒုက္ခ၏။ **အန္တကိရိယံ** = အဆုံးအပိုင်းအခြားကို။ **အဟံ** = ငါဘုရားသည်။ **န တွေဝ ဝဒါမိ** = ဟောတော်မမူသည်သာလျှင်တည်း။

တစ်ချိန် **. . .** နေငါးစင်းကျော်ပြီးတော့ ခြောက်စင်း ထွက်လာပြီ။ အဲဒီအချိန်အခါမှာ မြင်းမိုရ်တောင်မင်းကြီးပေါ့ – အားလုံး မီးလောင်သွားလိမ့်မယ်၊ လုံးလုံး မြင်းမိုရ်တောင်မင်းကြီး ကွယ်ပျောက်သွားလိမ့်မယ်။ အဲဒီလို အချိန်အခါမျိုးမှာသော်လည်းပဲ အဝိဇ္ဇာနီဝရဏတရားက ပိတ်ဖုံးကာဆီးထားအပ်တဲ့ တဏှာတည်းဟူသော သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့ခံနေရတဲ့ ဒီသတ္တဝါတွေရဲ့ သံသရာဝဋ်ဆင်းရဲဒုက္ခကြီးရဲ့ အဆုံးအပိုင်းအခြားကို ထင်ရှားရှိနေတယ်လို့ ငါဘုရား မဟောဘူး။ အဲဒီဒုက္ခကို သံသရာခရီး မဆုံးကြသေးဘူးဆိုရင် တစ်ချိန် တွေ့ကြရဦးမယ်နော်။ နောက်တစ်ခု ရှိသေးတယ်။

## ကမ္ဘာ မီးလောင်ချိန်

**ဟောတိ သော ဘိက္ခဝေ သမယော ယံ မဟာပထဝီ ဍယှတိ ဝိနဿတိ န ဘဝတိ။ န တွေဝါဟံ ဘိက္ခဝေ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ ဒုက္ခဿ အန္တကိရိယံ ဝဒါမိ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ **. . .**။ **ယံ** = **ယသ္မိံ ကာလေ** = အကြင် အခါကာလ၌။ **မဟာပထဝီ** = မဟာပထဝီမြေကြီးသည်။ **ဍယှတိ** = လောင်ကျွမ်း၍သွားပေ၏။ **ဝိနဿတိ** = ပျောက်ပျက်၍သွားပေ၏။ **န ဘဝတိ** = မဖြစ်မရှိတော့ပေ။ **သော သမယော** = ထိုကဲ့သို့သော အချိန်အခါကာလမျိုးသည်။ **ဟောတိ** = ရှိသေးသည်သာလျှင်တည်း။

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ **. . .**။ **တဒါ** = **တသ္မိမ္ပိ ကာလေ** = ထိုကဲ့သို့သော အချိန်အခါမျိုး၌သော်လည်းပဲ။ **အဝိဇ္ဇာနီဝရဏာနံ** = အဝိဇ္ဇာနီဝရဏတရားသည် ပိတ်ဖုံးကာဆီးအပ်ကုန်သည်ဖြစ်၍။ **တဏှာသံယောဇနာနံ** = တဏှာတည်းဟူသော သံယောဇဉ်ကြိုးက ရစ်ပတ်နှောင်ဖွဲ့ထားအပ်ကုန်သည်ဖြစ်၍။ **သန္ဓာဝတံ** = ထိုဘဝမှ ဤဘဝ, ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သံသရတံ** = တစ်ခုသော ဘဝ၌လည်းပဲ ထပ်ကာထပ်ကာ ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သတ္တာနံ** = သတ္တဝါတို့၏။ **ဒုက္ခဿ** = သံသရာဝဋ်ဆင်းရဲဒုက္ခ၏။ **အန္တကိရိယံ** = အဆုံးအပိုင်းအခြားကို ပြုခြင်းကို။ **အဟံ** = ငါဘုရားသည်။ **န တွေဝ ဝဒါမိ** = ဟောတော်မမူသည်သာလျှင်တည်း။

တစ်ချိန် **. . .** နေခုနစ်စင်း ထွက်လာပြီ၊ ကမ္ဘာကြီး ပျက်ခါနီး ပျက်တော့မယ်ဆိုတဲ့ အချိန်ပေါ့၊

နေခုနစ်စင်း ထွက်ပြီဆိုလို့ရှိရင်တော့ မဟာပထဝီမြေကြီးလည်း အားလုံး လောင်ကျွမ်းသွားပြီ၊ ပရမာဏုမြူခန့် သေးငယ်နေတဲ့ အမှုန်ကလေးတွေတောင် မကျန်တော့ဘူး၊ အကြွင်းအကျန်မရှိ အကုန်လုံး လောင်သွားပြီ၊ လဟာပြင် ကွက်လပ်ပဲ ကျန်တော့တယ်။ မဟာပထဝီမြေကြီးကို အမှီပြုနေတဲ့ သတ္တဝါ မှန်သမျှ အားလုံး တစ်ဦးတစ်ယောက်မျှ မရှိတော့ဘူး။ အဲဒီလို အချိန်အခါမျိုး ရောက်တဲ့အခါမှာ-သော်လည်းပဲ အဝိဇ္ဇာနီဝရဏတရားဖြင့် ပိတ်ဖုံးကာဆီးခံနေရတဲ့ သတ္တဝါတွေအဖို့ တဏှာတည်း ဟူသော သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့ခံနေရတဲ့ သတ္တဝါတွေအဖို့ သံသရာဝဋ်ဆင်းရဲဒုက္ခ ကုန်ဆုံးသွားလိမ့်မယ်လို့ ငါဘုရား ဟောကြားတော်မမူပါဘူး။

## ကမ္ဘာပျက်ပုံ တည်ပုံ

ဒီလိုဆိုရင်တော့ တစ်ချိန် ဒီဒုက္ခကြီးတွေနှင့်လည်း တွေ့ရမယ်၊ တွေ့ပြီးတော့လည်း နောက်ထပ် သံသရာခရီးလည်း မကုန်ဆုံးသေးဘူးဆိုရင်တော့ ကြောက်ဖို့မကောင်းဘူးလား? သိပ်ကြောက်ဖို့ ကောင်းတယ်။ သံသရာခရီးမဆုံးသေးသူတို့အတွက် ကမ္ဘာပျက်တဲ့ဘေးဆိုတာက တွေ့ရမှာ ဓမ္မတာ-ပဲနော်၊ သံသရာခရီးကို ဒီကမ္ဘာမပျက်ခင်မှာ မိမိတို့က ဆုံးအောင် ပြုလုပ်နိုင်တဲ့ စွမ်းအား, စိတ်ဓာတ်-တွေကို ပြုပြင်ပြောင်းလဲပေးနိုင်တဲ့စွမ်းအား ရှိခဲ့မည်ဆိုရင်တော့ ဒီဒုက္ခကြီးတွေက လွတ်သွားနိုင်တယ်။ အဲဒီတော့ သံသရာခရီးက မဆုံးသေးရင် ဘယ်သွားကြသလဲ? ဓမ္မတာကလေးတစ်ခုကို နည်းနည်း ပြောမယ်။

ကမ္ဘာဦးက စပြောမှ နည်းနည်း သဘောပေါက်မယ်။ ကမ္ဘာဦးကာလမှာပေါ့ — အခုလို ကမ္ဘာ ပျက်ပြီး လဟာပြင်အတိုင်း တည်နေပြီးနောက် နောက်ထပ် ကမ္ဘာကြီး တည်ဆောက်ဖို့ရန်အတွက် ကမ္ဘာပြုတဲ့ ကမ္ဘာပြုမိုးကြီး စရွာပြီ ဆိုကြစို့နော်၊ ပထမတော့ မိုးသေးမိုးဖွဲပေါ့၊ အဲဒီကနေ တဖြည်းဖြည်း မိုးတွေ ကြီးကျယ်လာပြီးတော့ ဒီရေထုကို အောက်ကလေထုက ခံထားလိုက်တဲ့အခါမှာ တဖြည်းဖြည်း ရေထုရဲ့ အပေါ်ကြောတွေက တင်းမာပြီးတော့ တဖြည်းဖြည်း ကျောက်တွေ ဖြစ်လာတယ်၊ မြေတွေ ဖြစ်လာတယ်၊ တဖြည်းဖြည်း ကမ္ဘာကြီး တည်နေတယ်။

## ကမ္ဘာဦးကာလ

အဲဒီလို ကမ္ဘာကြီးတည်လာပြီးတဲ့ အချိန်အခါကာလကနေ စပြီးတော့ နောက်တော့ သစ်ပင်တွေ ရေမြေတွေ တောတောင်တွေ စသည်ဖြင့် ဖြစ်ထွန်းလာတဲ့ အချိန်အခါမှာ ဟို . . . ဗြဟ္မာ့ပြည်-လောက်မှာ သက်တမ်းကုန်ဆုံးသွားတဲ့ ဗြဟ္မာတချို့ ဗြဟ္မာ့ပြည်မှာ စုတေပြီးတော့ လူ့ပြည် လူ့-လောကမှာ ကိုယ်ထင်ရှား လာဖြစ်ကြတယ်၊ ဗြဟ္မာကြီးတွေ လူ့ပြည်ဆင်းလာကြတာတော့ မဟုတ်-ဘူး၊ ဗြဟ္မာ့ပြည်မှာ သက်တမ်းကုန်လို့ လူ့ပြည်ကို လူအဖြစ်နဲ့ ရောက်ရှိလာကြခြင်း ဖြစ်တယ်။ ဒါပေမဲ့ သူတို့က ဗြဟ္မာကနေ လူ့ပြည်ကို ဖြုန်းခနဲ ရောက်စပုဂ္ဂိုလ်တွေဖြစ်တော့ မင်းကတော်ကျ ပုံစံမျိုးပေါ့၊ အရှိန်အဝါကလေးတွေက ရှိနေကြသေးတယ်၊ ကိုယ်ရောင်ကိုယ်ဝါတွေ ထွန်းလင်း တောက်ပလျက် ရှိနေကြပါသေးတယ်။

## ဆုတ်ကပ်နှင့် တက်ကပ်

အဲဒီကမ္ဘာဦးကာလမှာ ရှိနေကြတဲ့ ပုဂ္ဂိုလ်တွေရဲ့ သက်တမ်းကို ရေတွက်ကြည့်လိုက်မယ်ဆိုရင် လူတို့ရဲ့သက်တမ်းအားဖြင့် ပြောမယ်ဆိုရင် မရေမတွက်နိုင်လောက်အောင် သက်တမ်းရှည်တယ်၊ အသင်္ချေယျတမ်းလို့ ခေါ်ဆိုပါတယ်။ အဲဒီလို မရေမတွက်နိုင်လောက်အောင် သက်တမ်းရှည်နေရာ-ကနေပြီးတော့ ဒီလူသားတွေက ဘာဖြစ်လာကြသလဲ?

တဖြည်းဖြည်း ရာဂ, ဒေါသ, မောဟတို့၏ နှိပ်စက်တဲ့ ဒဏ်ချက်တွေကို ခံလာကြရတယ်။ အဲဒီလို ခံလာကြရတဲ့ အချိန်အခါမှာ ရာဂ, ဒေါသ, မောဟတွေ ထူပြောလာတဲ့အတွက် တဖြည်းဖြည်း သက်တမ်းတွေ တိုသွားလိုက်တာ နောက်ဆုံး ဘယ်ရောက်သွားသလဲ? (၁၀)နှစ်တမ်းရောက်၊ (၁၀)-နှစ်တမ်းကျတော့ အချင်းချင်းသတ်ကြ ဖြတ်ကြတဲ့ သတ္တန္တရကပ်တွေက လွှမ်းမိုးလာကြတယ်၊ အဲဒီ အချိန်အခါမှာ ကြောက်ရွံ့ထိတ်လန့်တတ်တဲ့ ပုဂ္ဂိုလ်တချို့က တောထဲ တောင်ထဲ ပုန်းပြီးတော့ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာလို့ ခေါ်ဆိုအပ်တဲ့ ဗြဟ္မဝိဟာရတရား ဗြဟ္မစိုရ်တရားလေးပါး တို့ကို ပွားများလိုက်တဲ့အခါမှာ တဖြည်းဖြည်း သက်တမ်းတွေက ပြန်ရှည်လာကြပြန်တယ်၊ (၁၀)-နှစ်တမ်းလူတွေက မွေးဖွားတဲ့ သားသမီးတွေက အနှစ် (၂၀), အနှစ် (၂၀)တမ်းလူတွေက မွေးဖွားတဲ့ သားသမီးတွေက အနှစ် (၄၀), အနှစ် (၄၀)တမ်းလူတွေက မွေးဖွားတဲ့ သားသမီးတွေက အနှစ် (၈၀) စသည်ဖြင့် တဖြည်းဖြည်း သက်တမ်းတွေ ရှည်သွားလိုက်ကြတာ, ဗြဟ္မစိုရ်တရား အားကောင်းရင် အားကောင်းသလောက် သက်တမ်းတွေ ရှည်သွားလိုက်ကြတာ နောက်ဆုံးတော့ လူတို့ရဲ့ သက်တမ်းမှာ မရေမတွက်နိုင်တဲ့ အသင်္ချေယျတမ်းအထိ ဆိုက်ရောက်သွားတယ်။

အဲဒီလို အသင်္ချေယျတမ်းကနေပြီးတော့ (၁၀)နှစ်တမ်း, (၁၀)နှစ်တမ်းကနေ အသင်္ချေယျတမ်း အထိ လူတို့ရဲ့ သက်တမ်းမှာ ဆုတ်လိုက် တက်လိုက် ဖြစ်နေပါတယ်။ အဲဒီလို ဆုတ်ကပ် တက်ကပ် တစ်စုံကို အန္တရကပ် တစ်ကပ်လို့ ခေါ်ပါတယ်၊ အဲဒီလို အန္တရကပ်ပေါင်း (၆၄)ကပ်, (၆၄)ကြိမ် ပြည့်ပြီဆိုရင်တော့ ဓမ္မတာအလျောက် ကမ္ဘာကြီး ပျက်တယ်။

## မီး – ရေ – လေ

ကမ္ဘာပျက်တဲ့အခါမှာ မီးကြောင့် ပျက်တာလည်း ရှိတယ်၊ ရေကြောင့် ပျက်တာလည်း ရှိတယ်၊ လေကြောင့် ပျက်တာလည်း ရှိတယ်။ မီးကြောင့် (၇)ကြိမ်တိုင်တိုင် ပျက်ပြီးတဲ့အခါ (၈)ကြိမ်မြောက်-တိုင်း (၈)ကြိမ်မြောက်တိုင်းမှာ ရေကြောင့် ကမ္ဘာကြီး ပျက်ရပြန်တယ်။ ဒီနည်းအတိုင်း မီးကြောင့် (၇)ကြိမ် ရေကြောင့် (၁)ကြိမ်, မီးကြောင့် (၇)ကြိမ်, ရေကြောင့် (၁)ကြိမ် – ဆိုတဲ့ ဓမ္မတာအတိုင်း ကမ္ဘာကြီး ပျက်လာလိုက်တာ (၆၄)ကြိမ်ပြည့်တဲ့အခါ လေကြောင့် တစ်ခါ ကမ္ဘာကြီး ပျက်ရပြန်တယ်။

ဒါကြောင့် ဒီကမ္ဘာကြီးဟာ မီးကြောင့် ပျက်တဲ့အခါလည်း ပျက်တယ်၊ ရေကြောင့် ပျက်တဲ့အခါ-လည်း ပျက်တယ်၊ လေကြောင့် ပျက်တဲ့အခါလည်း ပျက်တယ်။ မီးကြောင့် ပျက်တဲ့အခါ ကာမ(၁၁)ဘုံ နှင့် ရူပါဝစရဗြဟ္မာ့ပြည်ထဲက ပထမဈာန်သုံးဘုံအထိ အကုန်လုံး ပျက်တယ်။ ရေကြောင့် ပျက်တဲ့အခါ

ကာမ (၁၁)ဘုံနှင့် ရူပါဝစရဗြဟ္မာ့ပြည်ထဲက ဒုတိယဈာန်သုံးဘုံအထိ အကုန်လုံး ပျက်တယ်။ လေကြောင့် ပျက်တဲ့အခါ ကာမ (၁၁)ဘုံနှင့် ရူပါဝစရဗြဟ္မာ့ပြည်ထဲက ဝေဟပ္ဖိုလ်ဘုံအောက် တတိယဈာန်သုံးဘုံအထိ အကုန်လုံး ပျက်တယ်။

အဲဒီလို ကမ္ဘာကြီး ပျက်နေတာလည်း အန္တရကပ်ပေါင်း (၆၄)ကြိမ်လောက်ပဲ အချိန်ကာလ ကြာညောင်းပါတယ်၊ **သံဝဋ္ဋကပ်** = ပျက်ဆဲကပ်လို့ခေါ်ဆိုပါတယ်၊ ပရမာဏုမြူခန့် အမှုန်ကလေးတွေ-တောင် မကျန်ရအောင် အားလုံး ပျက်သွားတယ်။ ပျက်သွားပြီးတဲ့အခါ ဘာမျှမရှိဘဲ လဟာပြင် အတိုင်း တည်နေတာလည်း အန္တရကပ်ပေါင်း (၆၄)ကြိမ်လောက်ပဲ အချိန်ကာလ ကြာညောင်းပါ တယ်၊ **သံဝဋ္ဋဋ္ဌာယီကပ်**လို့ ခေါ်ဆိုပါတယ်၊ အပျက်အတိုင်း တည်နေတဲ့ ကပ်ပဲ။ တစ်ခါ ကမ္ဘာပြုမိုး ရွာတဲ့အချိန်အခါက စပြီး နေ, လ, နက္ခတ်တာရာတွေ ထွက်လာတဲ့အချိန်အထိ ကမ္ဘာကြီး တည်လာ တာလည်း အန္တရကပ်ပေါင်း (၆၄)ကြိမ်လောက်ပဲ အချိန်ကာလ ကြာညောင်းပါတယ်၊ **ဝိဝဋ္ဋကပ်**လို့ ခေါ်တယ်၊ ကမ္ဘာတည်နေဆဲကပ်ပဲ။ နေ, လ, နက္ခတ်တာရာတွေ ထွက်တဲ့အချိန်အခါက စပြီး ကမ္ဘာကြီး ပျက်တဲ့အချိန်အထိ ကမ္ဘာကြီး တည်နေတာလည်း အန္တရကပ်ပေါင်း (၆၄)ကြိမ်လောက်ပဲ ကြာညောင်းပါတယ်၊ **ဝိဝဋ္ဋဋ္ဌာယီကပ်**လို့ ခေါ်ဆိုပါတယ်၊ တည်ပြီးအတိုင်း ဆက်လက် တည်ရှိနေတဲ့ ကပ်ပဲ။ ခုပြောခဲ့တဲ့ သံဝဋ္ဋ, သံဝဋ္ဋဋ္ဌာယီ, ဝိဝဋ္ဋ, ဝိဝဋ္ဋဋ္ဌာယီလို့ခေါ်တဲ့ ကပ်လေးကပ်ကို တစ်ကမ္ဘာလို့ ခေါ်ဆိုပါတယ်။

ခု ဟောနေတဲ့ ဂဒ္ဒုလဗဒ္ဓသုတ္တန်မှာတော့ ကမ္ဘာပျက်မှုနဲ့ ပတ်သက်လို့ မီးကြောင့်ပျက်တဲ့ ကမ္ဘာကို စံထားပြီးတော့ ဘုရားရှင်က တရားတော်ကို ဟောကြားတော်မူနေပါတယ်။

## ဗြဟ္မာ့ပြည်က ဆီးကြိုနေပါတယ်

အဲဒီလို ကမ္ဘာပျက်တဲ့ အချိန်အခါမှာ ခုနက နေခုနစ်စင်းထွက်တဲ့ အဆင့်ရောက်လာပြီဆိုရင်-တော့ သတ္တဝါဟူသမျှ မဟာပထဝီမြေကြီးဟူသမျှ ဘာမျှ မကျန်ဘဲ မြူမှုန်မျှမကျန် အကုန်လုံး ပျက်စီးသွားတယ်၊ ပျက်စီးသွားတော့ ဒီသတ္တဝါတွေ ဘယ်ရောက်သလဲလို့ မေးရင်တော့ ထိုအချိန်-အခါမှာပေါ့၊ အပါယ်သားသတ္တဝါတွေက အပါယ်မှ လွတ်ကာ အချို့လည်း လူ့ပြည်လူ့လောက, အချို့လည်း နတ်ပြည်နတ်လောက ရောက်ကြတယ်။ လူ့ပြည်လူ့လောက, နတ်ပြည်နတ်လောက ရောက်ရှိလာတဲ့အခါမှာ . . . သတိသံဝေဂတွေ ရကြတယ်။ တကယ့်သေဘေးနှင့် တွေ့ပြီဆိုတော့ ထိတ်လန့်ကြောက်ရွံ့ပြီးတော့ တရားကလေး ဘာကလေး အားထုတ်ကြတော့ ဈာန်ကလေး ဘာ-ကလေးတွေ ရသွားကြတယ်၊ အဲဒီ ဈာန်အရှိန်ဖြင့် မီးကြောင့် သို့မဟုတ် ရေကြောင့် သို့မဟုတ် လေကြောင့် မပျက်စီးတဲ့ ဗြဟ္မာပြည်တွေကို ရောက်ရှိသွားကြပါတယ်။

## မလွဲမရှောင်သာ အားထုတ်လို့ ရတဲ့ဈာန်ရဲ့ စွမ်းအင်

ခုနေ - ယောဂီတွေ နည်းနည်း စဉ်းစားကြည့်ပေါ့၊ တရားဟောနေတဲ့ ပုဂ္ဂိုလ်ရော တရားနာ နေတဲ့ ပရိသတ်တွေရော ဒီည (၈)နာရီမှာ အားလုံး သေကြတော့မယ်ဆိုရင် မနက်ဖြန် ဘာလုပ်မယ်

ဆိုတဲ့ စီမံကိန်းတွေကို ဖျက်သိမ်းလို့ မရဘူးလား? ရသွားမယ်။ ခုက သေဘေးနှင့် တကယ် မတွေ့-သေးတော့ ဘာဖြစ်လဲ? ခုနက ပြောခဲ့တဲ့အတိုင်း ကွက်လပ်ကလေးထဲကို ဝင်ဝင်ပြီးတော့ ပြေးနေကြ-တယ်၊ "တပည့်တော်က နှစ်ဆန်းတစ်ရက်နေ့လောက်အထိတော့ နေမှာပါ". . . ဆိုပြီးတော့ လျှောက်ထားကြတယ်။ သူက ဒီလောက်နေတာကို သူ့ကိုယ်သူ အတော်ကလေး ဂုဏ်ယူပြီးတော့ စကားပြောနေတယ်။ ဒီတော့ အဲဒီကွက်လပ်ထဲကို ဝင်ဝင်ပြေးနေကြတာပဲ၊ တကယ်သေဘေးနှင့် ရင်ဆိုင်ရပြီဆိုတော့ ဒီကွက်လပ်ထဲကို ဝင်ဦးမလား? မဝင်တော့ဘူး၊ ဝင်ဖို့အချိန်လည်း မရှိတော့ဘူး။ ဒါကြောင့် တကယ့်သေဘေးနှင့် ကြုံလာတဲ့ အချိန်အခါကျမှ အဲဒီမှာ ရမိရရာ တရားတွေ အားထုတ်-လိုက်တော့ ဈာန်ကလေးတွေ ရသွားကြတယ်။ အဲဒီဈာန်တွေရဲ့ အရှိန်အဝါကြောင့် ဗြဟ္မာ့ပြည် တက်သွားကြတယ်။ သို့သော်လည်း မလွှဲမရှောင်သာလို့ အားထုတ်ရတဲ့ ဈာန်မျိုးဖြစ်ခြင်းကြောင့် သက်တမ်းက ခပ်ကြာကြာ ရှည်မလား? မရှည်တော့ဘူး။

## သတ္တဝါတို့ရဲ့ အမြဲနေထိုင်ရာ အိုးအိမ်

သက်တမ်းကုန်တော့လည်း လူ့ပြည်တစ်ပတ် ပြန်ကျော့ရပြန်တယ်။ လူ့ပြည်ရောက်ပြန်တော့လည်း ခုနက ပြောခဲ့တဲ့ ရာဂ, ဒေါသ, မောဟတွေရဲ့ နှိပ်စက်တဲ့ ဒဏ်ချက်ကြောင့် အပါယ်လေးဘုံကို တစ်ခါ ပြန်ပြီးတော့ ဆင်းရပြန်တယ်။ ဒါကြောင့် သတ္တဝါတွေရဲ့ အမြဲတမ်း နေထိုင်ရာအိမ်သည် ဘာလဲလို့မေးတော့ အပါယ်လေးဘုံပဲ၊ အပါယ်လေးဘုံက မိမိ အမြဲတမ်း နေထိုင်တဲ့ အိမ်ပဲ။ အခုလို လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်ဆိုတာက တစ်ခါတစ်ရံ အခါအခွင့်သင့်လို့ အလည်အပတ်ရောက်-လာတဲ့ သဘောမျှသာ ရှိတယ်။

**ပမတ္တဿ စ နာမ စတ္တာရော အပါယာ သကဂေဟသဒိသာ**[၁၃၁] = သမထ-ဝိပဿနာ အစဖြာတဲ့ ကုသိုလ်တရားတွေမှာ မေ့လျော့နေတဲ့ ပုဂ္ဂိုလ်အဖို့ အပါယ်လေးဘုံဟာ မိမိရဲ့ အိုးအိမ်နဲ့ တူတယ်။ ဘာကြောင့်လဲ?

## သတ္တဝါတို့ရဲ့ စိတ်ဓာတ်

သတ္တဝါတွေရဲ့ စိတ်ဓာတ်တွေကို ပြန်ပြီး ဆန်းစစ်ကြည့်လိုက်ရင် — "ဒါ ရှင့်သား မဟုတ်ပါဘူး၊ ဒါ ရှင့်သမီး မဟုတ်ပါဘူး၊ ဒါက ခင်ဗျားသား မဟုတ်ပါဘူး ခင်ဗျားသမီး မဟုတ်ပါဘူး"လို့ ခုနေ လူတစ်ယောက်က ပြောရင် လက်ခံနိုင်ပါ့မလား? လက်မခံနိုင်ဘူး။ ဘာဖြစ်လို့လဲ? အဝိဇ္ဇာနီဝရဏက ပိတ်ဖုံးထားတယ်၊ တဏှာတည်းဟူသော သံယောဇဉ်ကြိုးကလည်း ရစ်ပတ်နှောင်ဖွဲ့ထားတယ်။ "ဒါ ရှင့်ယောကျ်ား မဟုတ်ပါဘူး" ခုနေ လာပြီးပြောရင် ဒကာမကြီးတွေ ဘယ်လိုများ ပြန်ဖြေကြမလဲ? "ဒီမိန်းမနဲ့နော် တော်တော်ခက်တဲ့ မိန်းမပဲ"လို့ ပြောမှာပဲ၊ ဟုတ်တယ် မဟုတ်လား? သင်းဘာစကား-တွေ လာပြောနေပါလိမ့်ဆိုပြီး မကျေနပ်တဲ့ စိတ်ဓာတ်တွေ ဒေါသတွေတောင် ဖြစ်ချင် ဖြစ်ကုန်မယ် ဖြစ်ကုန်မယ်။ ဒါကြောင့် သူက အဝိဇ္ဇာနီဝရဏနှင့် ပျော်မွေ့ပြီးနေရတာကို, တဏှာတည်းဟူသော

---

[၁၃၁] ဓမ္မပဒ၊၌၊၁၆။

သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့ပြီး ခံနေရတာကိုလည်း စိတ်က မပျော်ဘူးလား? ပျော်နေတယ်။

အဲဒီနေရာကိုပဲ ပြန်သွားချင်တယ်၊ ဒီနေရာကနေ ကျွတ်အောင်လွတ်အောင် ရုန်းဖို့လုပ်ငန်းကျ-တော့ စိတ်ထဲမှာ ထက်ထက်သန်သန် ဖြစ်သလား? သိပ်မထက်သန်ဘူး၊ ဟို . . . တစ်လောကပဲ ဆိုပါတော့ ဒီတရားနာပရိသတ်ထဲလည်း ပါပါလိမ့်မယ်ထင်ပါရဲ့ မန္တလေးတက္ကသိုလ်က ကျောင်း-ဆရာတစ်ဦး ကျောင်းရောက်လာတော့ ဘုန်းကြီးက သူ့မိခင်ကို မေးကြည့်တယ်။ “ဒကာမကြီး . . . ဒကာမကြီးသား သူများသားသမီးကို သွားပြီး ကျွန်ခံမယ်ဆိုရင် ဒကာမကြီး သဘောတူမလား”လို့ မေးကြည့်တော့ – “တူတယ်ဘုရား”တဲ့ – ဟော၊ ကဲ - သတ္တဝါတွေကို အိုနာသေရေး ဒုက္ခဘေးမှ လွတ်အောင် အပါယ်ဘေးကြီးမှ လွတ်အောင် ထုတ်ဆောင်ကယ်တင်ပေးမည့် တရားတွေကို ရဟန်း-ဘဝဖြင့် ဟောကြားပြသ ဆိုဆုံးမပြီး လိုက်ပြီး သာသနာပြုမယ်ဆိုရင်တော့ ဒကာမကြီး သဘောမတူ-နိုင်ဘူးလားလို့ မေးကြည့်လိုက်တော့ သဘောမတူနိုင်ဘူးတဲ့၊ သူက အဲဒါ ဘာပြောချင်တာလဲဆိုတော့ အဝိဇ္ဇာနီဝရဏက ပိတ်ဖုံးခံနေရတာကို လွတ်အောင် ရုန်းချင်တဲ့ ဆန္ဒဓာတ် မရှိသလို တဏှာ-တည်းဟူသော သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့ခံနေရတာကိုလည်း လွတ်အောင် ရုန်းချင်တဲ့ ဆန္ဒဓာတ်တွေက မရှိဘူးဆိုတာကို ပြောချင်နေတာ၊ ဘာဖြစ်လို့ ဒီဆန္ဒဓာတ် မရှိသလဲဆိုတာကို မြတ်စွာဘုရားရှင်က ဥပမာကလေးနှင့် ဟောကြားထားတော်မူပါတယ်။

## တောက်ဆွဲခံနေရသော ဘဝ

**သေယျာထာပိ ဘိက္ခဝေ သာ ဂဒ္ဒုလဗဒ္ဓေါ ဒဠှေ ခီလေ ဝါ ထမ္ဘေ ဝါ ဥပနိဗဒ္ဓေါ၊ တမေဝ ခီလံ ဝါ ထမ္ဘံ ဝါ အနုပရိဓာဝတိ အနုပရိဝတ္တတိ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . ။ **သေယျာထာပိ** = ဖြစ်သင့်ဖြစ်ရာ နှိုင်းခိုင်းဖွယ်ရာ လောက ဥပမာသည်ကား။ **ဒဠှေ** = မြဲမြံခိုင်ခံ့သော။ **ခီလေ ဝါ** = ငုတ်၌သော်လည်းကောင်း။ **ထမ္ဘေ ဝါ** = တိုင်၌သော်လည်းကောင်း။ **ဥပနိဗဒ္ဓေါ** = ဖွဲ့ချည်၍ ထားအပ်သော။ **ဂဒ္ဒုလဗဒ္ဓေါ** = လည်ပင်း၌ တောက်ဖြင့် ဖွဲ့ချည်၍ ထားအပ်သော။ **သာ** = ခွေးသည်။ **တမေဝ ခီလံ ဝါ** = ထို ငုတ်ကိုသော် လည်းကောင်း။ **တမေဝ ထမ္ဘံ ဝါ** = ထိုတိုင်ကိုသော်လည်းကောင်း။ **အနုပရိဓာဝတိ** = ရစ်ပတ်၍ ပြေးရာ၏။ **အနုပရိဝတ္တတိ** = လှည့်လည်၍ သွားရာ၏။

တောက်ဆိုတာကတော့ တောင်ဆုပ်လောက်ရှိတဲ့ တုတ်တစ်ချောင်းပါပဲ၊ တုတ်ဆိုသော်လည်း ဝါးရင်းတုတ်ပုံစံမျိုးလို့ ယူဆရပါတယ်၊ အဲဒီတုတ်တစ်ချောင်းကို ချိန်သားကိုက်အောင် အလယ်ခေါင်မှာ ကြိုးကလေးတစ်ချောင်းနှင့် ချည်ထားပြီးတော့ ခွေးရဲ့ လည်ပင်းမှာ ကြိုးတစ်ချောင်းနှင့် ဒီတောက်ကို ဆွဲပြီးတော့ ထားလိုက်တယ်၊ တောက်ရဲ့ပမာဏ အရှည်အတိုက တောင်ဆုပ်လောက် ရှိတယ်၊ ကြိုးရဲ့ အရှည်အတိုက ဘာနှင့် တိုင်းတာထားသလဲဆိုတော့ ခွေးရဲ့ ဒူးဆစ်နှင့် တိုင်းတာထားတယ်၊ ရှေ့လက်နှစ်ဖက်ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ – သူက ခဏခဏ ဟိုအိမ်လည် ဒီအိမ်လည် လည်တတ်လွန်းလို့ ခဏခဏ ဟိုပြေး ဒီပြေး ပြေးတတ်လွန်းလို့၊ ဟိုအိမ်လည် ဒီအိမ်လည် မလည်နိုင်အောင်,

ဟိုအိမ်ပြေး ဒီအိမ်ပြေး သိပ်မပြေးနိုင်အောင် ဆိုပြီးတော့ လည်ပင်းမှာ တောက်ဆွဲပေးလိုက်တယ်။ တောက်ဆွဲပေးလိုက်တော့ ပြေးလိုက်ပြီဆိုလို့ရှိရင် ဒီဆွဲထားတဲ့တောက်က ဒူးနှစ်ဖက်ကို ရိုက်နေတဲ့အတွက် ဒီခွေးသည် ပြေးနိုင်သေးသလား? မပြေးနိုင်တော့ဘူး။

အဲဒါ ဒကာကြီးတွေ ဒကာမကြီးတွေ မပြေးနိုင်တာလည်း ဘာဖြစ်လို့လဲ? အဲဒါ စဉ်းစားကြည့်ကြ၊ ကဲ – မပြေးနိုင်တဲ့အခါကျတော့ ဒီခွေးကို ဘာလုပ်သေးသလဲ? တောက်ဆွဲထားရုံတွင် မဟုတ်သေးဘူး၊ နောက်ထပ်တစ်ခု ပြုလုပ်ထားပြန်သေးတယ်၊ ဘာကို ပြုလုပ်ပြန်သလဲ?

အဲဒီခွေးကို လည်ပင်းမှာ တောက်ကြီးဆွဲထားပြီး မြဲမြဲခိုင်ခံ့တဲ့ ငုတ်တစ်ခု သို့မဟုတ် တိုင်တစ်တိုင်မှာ ခိုင်ခံ့တဲ့ ကြိုးတစ်ချောင်းဖြင့် မြဲမြဲမြံမြံ ရုန်းလို့မရအောင် ထပ်ပြီးတော့ ချည်ထားပြန်တယ်၊ ချည်ထားလိုက်တဲ့အတွက် ဒီခွေးသည် ဘာဖြစ်သလဲ။ ပြေးချင်ရင်လည်း အဲဒီငုတ်ကိုပဲ သို့မဟုတ် အဲဒီတိုင်ကိုပဲ ရစ်ပတ်ပြီးတော့ ပြေးနေရတယ်။ သွားချင်ပြန်လည်း အဲဒီငုတ်ကိုပဲ သို့မဟုတ် အဲဒီတိုင်ကိုပဲ လှည့်ပတ်ပြီးတော့ သွားနေရတယ်။ တခြားအရပ်ကို ပြေးလို့လည်း မရဘူး။ သွားလို့လည်း မရဘူး။

တရားနာနေကြတဲ့ ဒကာကြီးတွေ ဒကာမကြီးတွေ မိမိတို့ရဲ့ ဘဝကို ပြန်စဉ်းစားကြည့်ကြပါ။ မိမိတို့ဟာလဲ မိမိတို့ရဲ့ လည်ပင်းမှာ သက္ကာယဒိဋ္ဌိလို့ ခေါ်ဆိုအပ်တဲ့ တောက်ကြီးကို ဆွဲထားပြီးတော့ မိမိတို့ရဲ့ ခန္ဓာငါးပါးအိုးအိမ်လို့ ခေါ်ဆိုအပ်တဲ့ တိုင်ငုတ်မှာ တဏှာဆိုတဲ့ သံယောဇဉ်ကြိုးနဲ့ အချည်ခံထားကြရလေတော့ ဒီအိမ်လို့ ခေါ်ဆိုအပ်တဲ့ တိုင်ငုတ်ကိုပဲ လှည့်ပတ်ပြီးတော့ ပြေးနေကြရတာပဲ မဟုတ်လား? ဒီတိုင်ငုတ်နားမှာပဲ ရစ်သီရစ်သီနဲ့ လှည့်ပတ်ပြီးတော့ သွားနေကြရတာပဲ မဟုတ်လား? ပြေးလို့ကော ရနိုင်ကြသေးသလား? သို့သော် ဘုရားရှင်ကတော့ ဒီငုတ်ကနေပြီး တခြားအရပ်သို့ ပြေးလို့ရနိုင်တဲ့ နည်းလမ်းကို ညွှန်ကြားလိုသည့်အတွက် ဒီတရားတော်ကို ဟောကြားနေတော်မူခြင်း ဖြစ်ပါတယ်။

## သက္ကာယဒိဋ္ဌိတောက်ကြီးဆိုတာက ဘာလဲ?

သက္ကာယဒိဋ္ဌိအကြောင်းကို ကျကျနန နားလည်သဘောပေါက်လိုပါက အခြေခံ မိစ္ဆာဒိဋ္ဌိအကြောင်းအရာ အချို့ကိုလည်း နားလည်သဘောပေါက်သင့်ပါတယ်။ အဲဒီတော့ တဏှာကြောင့်ဖြစ်ပေါ်လာကြတဲ့ ဥပါဒါန်လေးပါးအကြောင်းကို စတင်ပြီးတော့ ဆွေးနွေးကြရအောင် . . .

## တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်၏

အာရုံတစ်ခုကို သို့မဟုတ် အယူဝါဒ တစ်ခုခုကို ပြင်းပြင်းထန်ထန် စွဲစွဲမြဲမြဲ စွဲယူတတ်တဲ့ သဘောတရားတွေဟာ ဥပါဒါန်တို့ မည်ကြတယ်။ အဲဒီ ဥပါဒါန်တွေဟာ ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်လို့ (၄)မျိုး ရှိကြတယ်။

၁။ ကာမုပါဒါန်ဆိုတာကတော့ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုလို့ ခေါ်ဆိုအပ်တဲ့ ကာမတွေ အပေါ်မှာ စွဲမြဲစွာ ယူတတ်တဲ့ ပြင်းပြင်းထန်ထန် စွဲလမ်းတတ်တဲ့ သဘောတရား ဖြစ်တယ်။

၂။ ဒိဋ္ဌုပါဒါန်ဆိုတာကတော့ မှားယွင်းတဲ့ မိစ္ဆာအယူဝါဒ = မိစ္ဆာဒိဋ္ဌိဝါဒ တစ်ခုခုကို စွဲမြဲစွာ ယူတတ်-တဲ့ ပြင်းပြင်းထန်ထန် စွဲလမ်းတတ်တဲ့ သဘောတရား ဖြစ်တယ်။

၃။ သီလဗ္ဗတုပါဒါန်ဆိုတာကတော့ သီလဗ္ဗတအကျင့်ကို စွဲမြဲစွာ ယူတတ်တဲ့ ပြင်းပြင်းထန်ထန် စွဲလမ်းတတ်တဲ့ သဘောတရား ဖြစ်တယ်။

၄။ အတ္တဝါဒုပါဒါန်ဆိုတာကတော့ အတ္တဝါဒကို စွဲမြဲစွာ ယူတတ်တဲ့ ပြင်းပြင်းထန်ထန် စွဲလမ်းတတ်-တဲ့ သဘောတရား ဖြစ်တယ်။

၁။ **ကာမုပါဒါန်** — သက်ရှိသက်မဲ့ လိုချင်စရာ ကာမဝတ္ထု အစုစုလို့ ခေါ်ဆိုအပ်တဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေဟာ လိုချင်စရာ ဝတ္ထုကာမတို့ ဖြစ်ကြတယ်။ ယင်းဝတ္ထုကာမတို့အပေါ်မှာ တွယ်တာတပ်မက်တတ်တဲ့ တဏှာဟာ ကာမတဏှာ မည်ပါတယ်။ ကိလေသကာမ မည်တယ်။ ရှေးရှေးသော ကာမတဏှာက အားကြီးသော မှီရာ = ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးတဲ့ အတွက် မြဲမြဲခိုင်ခံ့နေတဲ့ မြဲမြဲခိုင်ခံ့တဲ့အဖြစ်သို့ ရောက်ရှိနေတဲ့ နောက်နောက်သော ကာမတဏှာဟာ ကာမုပါဒါန် မည်ပါတယ်။[၁၂]

ရှေးရှေးသော တဏှာက အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးတဲ့ အတွက် မြဲမြဲခိုင်ခံ့နေတဲ့ နောက်နောက်သော တဏှာသည်သာလျှင် **တဏှာဒဠှတ္တ** = မြဲမြဲခိုင်ခံ့နေတဲ့ တဏှာ မည်တယ်၊ ခိုင်မြဲတဲ့ တဏှာ မည်တယ်၊ မြဲစွာ စွဲယူတတ်တဲ့ တဏှာ မည်တယ်။ ယင်းခိုင်မြဲတဲ့ မြဲစွာ စွဲယူတတ်တဲ့ နောက်တဏှာသည်ပင်လျှင် **ကာမုပါဒါန်** မည်ပါတယ်။

အဲဒီ တဏှာနှင့် ဥပါဒါန်တရားနှစ်မျိုးထဲမှာ တဏှာကတော့ အာရုံဘက်သို့ ရှေးရှုမျက်နှာမူ တတ်တဲ့ သဘောတရား ဖြစ်ခြင်းကြောင့် အလိုနည်းခြင်း အပ္ပိစ္ဆတာဂုဏ်ရဲ့ ထိပ်တိုက်ဆန့်ကျင်ဘက် ဖြစ်တယ်။ ဥပါဒါန်ကတော့ ခိုင်မြဲတဲ့ တဏှာအဖြစ်သို့ ရောက်ရှိနေတဲ့အတွက် အလွန်အလိုကြီး တတ်ခြင်း သဘောရှိရကား ရောင့်ရဲလွယ်ခြင်း သန္တုဋ္ဌိဂုဏ်နှင့် ထိပ်တိုက် ဆန့်ကျင်ဘက် ဖြစ်တယ်။

တဏှာဟာ ကာမတို့ကို ရှာမှီးရခြင်း ပရိယေသနဒုက္ခရဲ့ အရင်းခံမူလ ဖြစ်တယ်။ ဥပါဒါန်ဟာ ကာမတို့ကို စောင့်ရှောက်ရခြင်း အာရက္ခဒုက္ခရဲ့ အရင်းခံမူလ ဖြစ်တယ်။ တဏှာရဲ့ ခိုင်မြဲမှုဟာ = ခိုင်မြဲတဲ့အဖြစ်သို့ ရောက်ရှိနေတဲ့ နောက်နောက်တဏှာဟာ ကာမုပါဒါန်ပင် ဖြစ်တယ်။

၂။ **ဒိဋ္ဌုပါဒါန်** — သီလဗ္ဗတုပါဒါန် အတ္တဝါဒုပါဒါန်မှ တစ်ပါး နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိစတဲ့ ကံ-ကံ၏ အကျိုးတရားကို ပစ်ပယ်ထားတဲ့ ဒိဋ္ဌိကြီးတို့နှင့် တကွ မိစ္ဆာဒိဋ္ဌိအယူဝါဒ မှန်သမျှ၌ ပြင်းထန်စွာ စွဲလမ်းတတ်တဲ့ စွဲမြဲစွာ ဆုပ်ကိုင်ထားတဲ့ နောက်နောက် ဒိဋ္ဌိဟာ **ဒိဋ္ဌုပါဒါန်**

[၁၂] တဏှာဒဠှတ္တံ နာမ ပုရိမတဏှာဥပနိဿယပစ္စယေန ဒဠှသမ္ဘူတာ ဥတ္တရတဏှာ ဧဝ။
(အဘိ၊ဋ္ဌ၊၂၊၁၇၂။ ဝိသုဒ္ဓိ၊၂၊၂၀၄။)

မည်တယ်။ ကံ-ကံ၏ အကျိုးတရားကို လက်မခံနိုင်တဲ့ မိစ္ဆာဝါဒမှန်သမျှတွေမှာ စွဲလမ်းမှု စွဲမြဲစွာ ခံယူထားမှု ခံယူချက် အပြည့်အဝရှိမှုဟူသမျှဟာ ဒိဋ္ဌုပါဒါန်ချည်းပင် ဖြစ်တယ်။

**သဿတော အတ္တာ စ လောကော စ။**[၁၇၇] = အတ္တသည်လည်းကောင်း, လောကသည်လည်း-ကောင်း မြဲ၏. . . လို့ ယူထားတဲ့ ရှေးအယူမှားကို တစ်ဖန် ထပ်ပြီးတော့ စွဲမြဲစွာ ယူထားတဲ့ နောက်အယူမှားဟာ ဒိဋ္ဌုပါဒါန်ပင် ဖြစ်တယ်။

ဒီအဋ္ဌကထာက ထုတ်ပြထားတဲ့ — **သဿတော အတ္တာ စ လောကော စ** — ဆိုတဲ့ ပုံစံဟာ ဒိဋ္ဌုပါဒါန်အတွက် ပုံစံ မဟုတ်ပါဘူး။ ရှေးရှေးဒိဋ္ဌိကို နောက်နောက်ဒိဋ္ဌိက ခိုင်မြဲစွာ ယူပုံကို အရိပ်ပြအကောင်ထင်အောင် နိဒဿနနည်းအားဖြင့် ညွှန်ပြထားတဲ့ ပုံစံသာ ဖြစ်ပါတယ်။ **သဿတော အတ္တာ စ** = အတ္တသည် မြဲ၏ = အမြဲတည်ရှိ၏— စတဲ့ စကားဟာ အတ္တစွဲလမ်းမှုကို ဖော်ပြတဲ့ အတ္တဝါဒုပါဒါန်သာ ဖြစ်တယ်။ ဒိဋ္ဌုပါဒါန်၏ ပုံစံပြစကား မဟုတ်ဘူးလို့ မှတ်သားပါ။[၁၇၈]

တစ်နည်းယူပုံ — **သဿတော အတ္တာ စ လောကော စ** — လို့ အတ္တနှင့် လောက ပုံစံနှစ်မျိုးကို ဖော်ပြထားရာမှာ **အတ္တာ စ**-ဖြင့် အတ္တဝါဒုပါဒါန်ရဲ့ ပုံစံကို ဖော်ပြထားတာဖြစ်တယ်။ **လောကော စ**-အရ အတ္တစွဲလမ်းမှုကို **'ရုပ်ကို အတ္တလို့'** ယူလျှင် နာမ်ခန္ဓာ (၄)ပါးကို လောကလို့ ယူနိုင်တဲ့အတွက် **သဿတော လောကော စ**-ဖြင့် ဒိဋ္ဌုပါဒါန်ပုံစံကို ဖော်ပြခြင်း ဖြစ်တယ်။ နာမ်ခန္ဓာ (၄)ပါးကို လောကလို့ စွဲယူထားလေတော့ ရှေးဒိဋ္ဌိကို မြဲတယ်လို့ နောက်ဒိဋ္ဌိနဲ့ စွဲယူပြန်တယ်လို့ ဆိုလိုပါတယ်။

နောက်တစ်နည်း ယူဆပြန်တယ်။ (ဒီနည်းမှာတော့ ခန္ဓာတစ်ပါးပါးကို အတ္တလို့ စွဲယူလျှင်ကျန် ခန္ဓာလေးပါးကို **လောက**လို့ စွဲယူပြန်တယ်။) အဋ္ဌကထာနှင့် မဆန့်ကျင်အောင် ယူတဲ့နည်း ဖြစ်ပါ-တယ်။[၁၇၉]

၃။ **သီလဗ္ဗတုပါဒါန်** — နွားအကျင့် နွားအလေ့, ခွေးအကျင့် ခွေးအလေ့ စသည်ကို ပြုကျင့်ခြင်းဖြင့် ကိလေသာတို့မှ စင်ကြယ်နိုင်တယ်၊ သံသရာမှ လွတ်မြောက်နိုင်တယ်လို့ မှားသောအားဖြင့် သုံးသပ်တတ်တဲ့ စွဲမြဲစွာ ယူတတ်တဲ့ မိစ္ဆာဒိဋ္ဌိဟာ **သီလဗ္ဗတုပါဒါန်** မည်တယ်။

တစ်ဖက်တွင်လည်း ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းတို့ကို မဆည်းကပ်မိဘဲ, တစ်ဖက်တွင်လည်း သံသရာမှ လွတ်မြောက်ခြင်းကို အလိုရှိကြတဲ့ အချို့လူသားတွေဟာ — "ငါတို့သန္တာန်မှာ ရှေးက ပြုခဲ့မိတဲ့ အကုသိုလ်တွေ ရှိချေသေးတယ်၊ အဲဒီအကုသိုလ်တွေကို ယခုဘဝမှာပဲ အလုံးစုံ အကျိုးပေးပြီးဖြစ်အောင် အကြွေးဆပ်ကာ နောက်ထပ် အကုသိုလ်ကို မပြုရင်တော့ ကိလေသာတွေမှလည်း စင်ကြယ်ပြီး သံသရာမှလည်း လွတ်မြောက်ဖွယ် ရှိတယ်"လို့ စဉ်းစားမိကြတယ်။ ဒီလို စဉ်းစားမိကြတဲ့အတွက် ရှေးက အကုသိုလ်အပြစ်ဒဏ်ကို ယခုဘဝမှာပဲ ခံစားရတဲ့အနေနဲ့ အချို့က နွားတို့ရဲ့ အလေ့ နွားတို့ရဲ့ အကျင့်များကို ဆောက်တည်ကာ ကြိုးကြိုးစားစား ကျင့်ကြတယ်၊ အဝတ်မဝတ်ဘဲ နွားလို သွားတယ်၊ နွားလို စားတယ်၊ နွားလို အိပ်တယ်။ အချို့က ခွေးတွေရဲ့အလေ့ ခွေးတွေရဲ့

[၁၇၇] ဒီ၊၁၊၁၂၂။ အဘိ၊ဋ္ဌ၊၂၊၁၇၂။ ဝိသုဒ္ဓိ၊၂၊၂၀၃။ [၁၇၈, ၁၇၉] မူလဋီ၊၂၊၁၂၁။

အကျင့်တွေကို ဆောက်တည်ပြီးတော့ ကြိုးကြိုးစားစား ကျင့်ကြတယ်၊ အဝတ်မဝတ်ဘဲ ခွေးလို သွားတယ်၊ ခွေးလို စားတယ်၊ ခွေးလို အိပ်တယ်။ နွားအကျင့် နွားအလေ့ ခွေးအကျင့် ခွေးအလေ့-တွေကို သာယာတယ်၊ မက်မောတယ်။ အချို့ကတော့ အဲဒီအကျင့်တွေကြောင့် နတ်ရွာသုဂတိကိုပင် ရနိုင်တယ်လို့ အယူရှိကြပြန်တယ်။

ခွေးအကျင့်ကို ပြည့်ပြည့်စုံစုံ ကျကျနန ကျင့်တဲ့သူဟာ သေလျှင် ခွေးဖြစ်တယ်။ နွားအကျင့်ကို ပြည့်ပြည့်စုံစုံ ကျကျနန သေသေချာချာ ကျင့်တဲ့သူဟာ သေလျှင် နွားဖြစ်တယ်။ "ငါဟာ ဒီအလေ့-အထ ဒီဝတ် ဒီအကျင့် ဒီမြတ်တဲ့ အကျင့်ကြောင့် ထင်ရှားတဲ့ နတ်သော်လည်းကောင်း, မထင်ရှားတဲ့ နတ်သော်လည်းကောင်း ဖြစ်ရလိမ့်မယ်"လို့ အကယ်၍ မိစ္ဆာအယူ ရှိခဲ့လျှင်တော့ အဲဒီ မိစ္ဆာဒိဋ္ဌိ အယူဝါဒကြောင့် ငရဲနှင့် တိရစ္ဆာန် နှစ်မျိုး တစ်မျိုးမျိုးသော ဂတိသို့ လျော်သလို ရောက်နိုင်ကြောင်းကို မဇ္ဈိမပဏ္ဏာသ ကုက္ကုရဝတိကသုတ္တန်[၁၃၆]မှာ ဘုရားရှင်က ဟောကြားထားတော်မူပါတယ်။

၄။ **အတ္တဝါဒုပါဒါန်** — အတ္တရှိသည် စသည်ဖြင့် အတ္တကို ပြောဆိုကြောင်း မိစ္ဆာအယူဝါဒမှာ စွဲမြဲစွာ ယူတတ်တဲ့ အယူဟာ **အတ္တဝါဒုပါဒါန်** မည်တယ်။ တရားကိုယ်မှာ ဒိဋ္ဌိစေတသိက်ပင် ဖြစ်တယ်။ ဒီအတ္တဝါဒုပါဒါန် အယူရှိနေသမျှ ရုပ်နာမ်တရားတို့ရဲ့ အနတ္တဖြစ်ပုံကို သဘောမတူနိုင်ဘဲ အတ္တရှိသည်ဟုသာ ပြောဆိုလေ့ရှိနေမှာ ဖြစ်တယ်။ ပုထုဇန်အများစုတို့ စွဲလမ်းထင်မှားအပ်တဲ့ အဲဒီ **အတ္တ**ဟာ —

၁။ **ပရမအတ္တ = ပရမတ္တ,**

၂။ **ဇီဝအတ္တ**-လို့ နှစ်မျိုးရှိတယ်။

၁။ **ပရမအတ္တ** — ပရမတ္တ = ပရမအတ္တဆိုတာ ကမ္ဘာလောကကြီးနှင့် တကွ သတ္တဝါတွေကို စီမံ ဖန်ဆင်းနိုင်သူ ဖန်ဆင်းရှင် တကယ်ထင်ရှားရှိတယ်လို့ စွဲလမ်းထင်မှားအပ်တဲ့ အတ္တစွဲ ဖြစ်ပါ-တယ်။

၂။ **ဇီဝအတ္တ** — ဆိုတာကတော့ သတ္တဝါ တစ်ယောက် တစ်ယောက်ရဲ့ သန္တာန်မှာ **အသက်ကောင်**-လို့ စွဲလမ်းထင်မှားအပ်တဲ့ အဖန်ဆင်းခံ **အတ္တ** ဖြစ်ပါတယ်။

၁။ **ပရမတ္တ = ပရမအတ္တ**စွဲဟာ ဘယ်အချိန်က စခဲ့သလဲ?— ကမ္ဘာပျက်ပြီးနောက် ကမ္ဘာသစ် ပြန်တည်မိပြီးနောက် ပထမစျာန် (၃)ဘုံ စပြီး ဖြစ်တဲ့အခါမှာ အထက်ဗြဟ္မာ့ဘုံက ကံအဟုန် ကုန်တဲ့ အတွက် စုတေ = ကွယ်လွန်ပြီးတော့ ပထမစျာန်ဘုံမှာ ရှေးဦးစွာ ဖြစ်လာတဲ့ ဗြဟ္မာကြီးဟာ တစ်-ယောက်ထီးတည်း နေရတဲ့အတွက် ပျင်းရိလှလေတော့ အခြားဗြဟ္မာများ ဖြစ်လာဖို့ရာ တောင့်တခိုက် မှာပဲ အခြားဗြဟ္မာများလည်း ကံအဟုန် ကုန်ကြတဲ့အတွက် အထက်ဘုံမှ စုတေ = ကွယ်လွန်ကြပြီး-တော့ ပထမစျာန်ဘုံသို့ ရောက်လာကြတယ်။ အဲဒီအခါမှာ မူလရှိရင်း ဗြဟ္မာကြီးက သူတောင့်တတဲ့ အချိန်မှာ ဖြစ်ပေါ်လာကြတဲ့အတွက် နောက်မှ ရောက်ရှိလာကြတဲ့ ဗြဟ္မာများကို သူဖန်ဆင်းတာပဲဟု အထင်ကြီးသွားတယ်။ နောက်မှ ရောက်ရှိလာကြတဲ့ ဗြဟ္မာများကလည်း အဲဒီ ပထမဗြဟ္မာကြီးက

[၁၃၆] မ၊၂၅၀-၅၁။

မိမိတို့ထက် ကိုယ်ရောင်ကိုယ်ဝါ အရာရာ သာလွန်နေတာကို မြင်ရလို့ မိမိတို့ကို အဲဒီဗြဟ္မာကြီးက ဖန်ဆင်းပေးတယ်လို့ အထင်မှားကာ အဲဒီဗြဟ္မာကြီးကို ခစားကြတယ်။ (အမှန်မှာ —**"ထန်းသီး-ကြွေခိုက် ကျီးနင်းခိုက်"** — သဘောမျိုးသာ ဖြစ်ပါတယ်။)

အဲဒီလို ဗြဟ္မာ့ပြည်တုန်းကတည်းက အဲဒီဗြဟ္မာကြီးရဲ့အပေါ်မှာ အထင်အမြင်ကြီးလာခဲ့ပြီး နောက် အချို့ဗြဟ္မာတွေဟာ ကံအဟုန် ကုန်တဲ့အတွက် လူ့ပြည်မှာ လူအဖြစ်နဲ့ ရောက်ရှိလာကြပြန်တယ်။ အချို့ဗြဟ္မာတွေဟာ ဩပပါတိကလူသားအဖြစ်နဲ့ လူ့ပြည်ကို ရောက်ရှိလာသည့်တိုင်-အောင် အဲဒီဗြဟ္မာကြီးမှာ ဗြဟ္မာငယ်များထက် (၃)ပုံ, (၂)ပုံ, (၁)ပုံခန့် ပိုမိုပြီးတော့ အသက်ရှည်-ကာ ကျန်ရစ်ခဲ့လေတယ်။ အဲဒီအခါမှာ လူ့ပြည်ကို လူအဖြစ်နဲ့ ရောက်ရှိလာကြတဲ့သူတွေဟာ ဈာန်အဘိညာဏ်များကို အားထုတ်ကြတဲ့အတွက် ဈာန်အဘိညာဏ်တွေ ရကြပြန်တယ်။ အဘိ-ညာဏ်မျက်စိနဲ့ ယခင်ဗြဟ္မာကြီးကို ပြန်မြင်ကြရတော့ ရှေးကထက် ခိုင်မြဲစွာ အထင်အမြင်ကြီးကြတယ်။ "ဒီကမ္ဘာကြီးနှင့်တကွ သတ္တဝါတွေကို မဟာဗြဟ္မာမင်းကြီးက တည်ထောင်ဖန်ဆင်းတယ်"-ဆိုတဲ့ အယူဝါဒဟာ လူ့ပြည်လောကမှာ ထိုကမ္ဘာဦးကာလကတည်းက တစ်စတစ်စ ပြန့်ပွားလာခဲ့-တယ်။ အဲဒီအယူဝါဒအတိုင်း ပြောရရင် မဟာဗြဟ္မာကြီးဟာ ကမ္ဘာကို ဖန်ဆင်းနိုင်တဲ့ **ပရမတ္တ** = **ပရမအတ္တ** = အလွန်မြတ်တဲ့ မပျက်စီးနိုင်တဲ့ အတ္တတော်ကြီး ဖြစ်တယ်။ အဲဒီဖန်ဆင်းရှင် ပရမတ္တကိုပဲ စွဲမြဲစွာ ယူတဲ့ အတ္တဒိဋ္ဌိဟာ အတ္တဝါဒုပါဒါန် မည်ပါတယ်။ (အကျယ်ကို ဗြဟ္မဇာလသုတ်တွင် ကြည့်ပါ။)

၂။ **ဇီဝအတ္တ** — နောက်တစ်ခုကတော့ ဇီဝအတ္တ ဖြစ်တယ်။ ဒီခန္ဓာကိုယ်အတွင်းထဲမှာ ဖန်ဆင်း-ရှင် ပရမတ္တက တည်ထောင်ဖန်ဆင်းထားတဲ့ **"အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင်"**လို့ ခေါ်ဆိုတဲ့ အတ္တဟာ ရှိတယ်။ ဇီဝအတ္တလို့ ခေါ်ဆိုပါတယ်။ အဲဒီအတ္တဟာ အလွန်သတ္တိကောင်းတယ်။ အဲဒီအတ္တဟာ **ကာရက ဝေဒက သာမီ နိဝါသီ သယံဝသီ အတ္တ**-တည်းလို့ ယူဆကြတယ်။

**ကာရကအတ္တ**ဆိုတာကတော့ — အဲဒီအတ္တဟာ ပြုလုပ်ဖွယ် မှန်သမျှကို ပြုလုပ်တတ်တယ်။ သွားခြင်း လာခြင်း ကွေးခြင်း ဆန့်ခြင်း စတဲ့ ကိုယ်အမူအရာ မှန်သမျှကို အတ္တက ပြုလုပ်တယ်။ အတ္တရဲ့ သတ္တိကြောင့် အတ္တရဲ့ အလိုအတိုင်း ပြုလုပ်ခြင်း ဖြစ်တယ်။ ကောင်းမှု မကောင်းမှု အစုစုကို အဲဒီအတ္တရဲ့ သတ္တိကြောင့် ပြုမိကြတယ်။ အတ္တက ကောင်းမှုကို ပြုချင်ရင် အတ္တရဲ့ အမိန့်အတိုင်း ကိုယ်နှုတ်တို့က ကောင်းမှုကို ပြုကြတယ်။ အတ္တက မကောင်းမှုကို ပြုချင်ရင် အတ္တရဲ့ အမိန့်အတိုင်း ကိုယ်နှုတ်တို့က မကောင်းမှုကို ပြုကြတယ်။ အဲဒီလို စွဲလမ်းယုံကြည်ကြတယ်။

**ဝေဒကအတ္တ**ဆိုတာကတော့ — ကောင်းမှု မကောင်းမှုတွေရဲ့ အကျိုးကိုလည်း အတ္တကပင် ခံစားတယ်။ ယခုအခါ၌ ခံစားဖွယ်မှန်သမျှကို အတ္တကပင် ခံစားသကဲ့သို့ နောင်အခါ၌ ကောင်းကျိုး ဆိုးပြစ်များကိုလည်း အတ္တကပင် ခံစားရလိမ့်မယ်လို့ စွဲလမ်းယုံကြည်တယ်။

**သာမီအတ္တ**ဆိုတာကတော့ — ခန္ဓာအိမ်နှင့် ဆိုင်ရာဝယ် ပိုင်ပိုင်နိုင်နိုင် အုပ်စိုးနိုင်တဲ့အတွက် အဲဒီအတ္တသည် ခန္ဓာအိမ်ရဲ့အရှင် ခန္ဓာအိမ်ရဲ့ပိုင်ရှင် ဖြစ်တယ်လို့ စွဲလမ်းယုံကြည်တယ်။

**နိစ္စသီအတ္တ**ဆိုတာကတော့ — ဒီအတ္တဟာ ခန္ဓာအိမ်မှာ အမြဲနေထိုင်သူ ဖြစ်တယ်၊ ခန္ဓာအိမ် အဟောင်း ဆွေးမြည့်ပျက်စီးတဲ့အခါ ခန္ဓာအိမ်အသစ်သို့ ရွှေ့ပြောင်းနေထိုင်တတ်တဲ့အတွက် ခန္ဓာ-အိမ်သာ ပျက်တယ်၊ အတ္တကတော့ အပျက်အစီး မရှိ၊ အမြဲ တည်တယ်လို့ စွဲလမ်းယုံကြည်တယ်။ အချို့ကတော့ ဤ ဇီဝအတ္တသည် ပရမတ္တ = ပရမအတ္တ၏ ပညတ်တော်အတိုင်း ရှိသေစွာ လိုက်နာ ကျင့်ကြံ နေထိုင်ခဲ့ပါမူ ပရမတ္တ၏ အစိတ်အပိုင်းဖြစ်ပြီးတော့ ခန္ဓာအိမ် ပျက်ချိန်ကြတဲ့အခါ မူလ ဖန်ဆင်းလိုက်တဲ့ ဖန်ဆင်းရှင် ပရမတ္တထံသို့ ပြန်သွားတယ်၊ ပရမတ္တနှင့် ပြန်လည်ပူးပေါင်းမိတယ်လို့ စွဲလမ်းယုံကြည်ကြတယ်။ "ဘုရားသခင်၏ ရင်ခွင်တော်၌ အိပ်ပျော်တော်မူခြင်း"ဆိုတဲ့ အယူဝါဒမျိုး ဖြစ်တယ်။

**သယံဝသီအတ္တ**ဆိုတာကတော့ — အဲဒီအတ္တဟာ ခန္ဓာအိမ်နှင့် ဆိုင်ရာဝယ် မိမိအတ္တရဲ့ အလိုသို့ လိုက်ပါစေနိုင်တယ်လို့ စွဲလမ်းယုံကြည်ကြတယ်။ ခန္ဓာအိမ်နှင့်ဆိုင်တဲ့ မြင်သိ ကြားသိ နံသိ အရသာ-သိ အတွေ့အထိသိ ဓမ္မသဘောသိဆိုတဲ့ အသိကိစ္စဟူသမျှကို မိမိအတ္တရဲ့အလိုသို့ လိုက်ပါစေတတ် တယ်လို့ စွဲလမ်းယုံကြည်တယ်။

ဒီ နိစ္စသီနှင့် သယံဝသီပုဒ်တို့အရ အတ္တဟာ မပျက်မစီးဘဲ အမြဲတည်နေတဲ့ အနှစ်သာရ အမာခံအထည်ကိုယ် ဖြစ်တယ်၊ မိမိအလိုသို့ လိုက်ပါစေနိုင်တဲ့ ဝသဝတ္တနသဘော ရှိတယ်လို့ စွဲလမ်း မှတ်ထင်ကြတယ်။ စွဲလမ်းယုံကြည်ကြတယ်။

ဒီလို မှားယွင်းတဲ့ ခံယူချက်ဒိဋ္ဌိဖြင့် မှတ်ထင်ထားအပ်တဲ့ ပရမတ်အားဖြင့် တကယ်ထင်ရှားလည်း မရှိတဲ့ အတ္တအကြောင်းကို ပြောဆိုမှုကို အတ္တဝါဒလို့ ခေါ်ဆိုပါတယ်။ ဒီပရမအတ္တဝါဒ ဇီဝအတ္တဝါဒ နှစ်မျိုးအပေါ်၌ စွဲလမ်းမှု, စွဲမြဲစွာ ခံယူထားမှု, စွဲလမ်းယုံကြည်မှုကိုပင် **အတ္တဝါဒုပါဒါန်**လို့ ခေါ်ဆို ပါတယ်။

## သက္ကာယဒိဋ္ဌိ (၂၀)

ဒီလို အတ္တဝါဒကို စွဲလမ်းရာ၌ ခန္ဓာ (၅)ပါးလုံးကိုသော်လည်းကောင်း, ခန္ဓာ (၅)ပါးတို့တွင် တစ်ပါးပါးကိုသော်လည်းကောင်း အတ္တလို့ စွဲလမ်းတတ်ကြတယ်။ ဒီလို ခန္ဓာ (၅)ပါးအပေါ်မှာ အတ္တလို့ စွဲလမ်းနေတဲ့အမှုကို **သက္ကာယဒိဋ္ဌိ**လို့ ခေါ်ဆိုပါတယ်။ ပရမတ်အားဖြင့် ထင်ရှားရှိတဲ့ ခန္ဓာ (၅)ပါးအပေါင်းဟာ — **သန္တော ကာယော သက္ကာယော**-ဟူသည်နှင့်အညီ သက္ကာယ မည်ပါတယ်၊ ဒီသက္ကာယမည်တဲ့ ခန္ဓာ (၅)ပါးအပေါင်း၌ဖြစ်တဲ့ အယူမှားမှု = ဒိဋ္ဌိဟာ **သက္ကာယဒိဋ္ဌိ** မည်တယ်။

ယခုလို ရှင်းလင်းတင်ပြထားတဲ့အတိုင်း သက္ကာယဒိဋ္ဌိအကြောင်းအရာကို အကျဉ်းချုပ်အားဖြင့် နားလည်သဘောပေါက်ထားပါက **ပထမဂဒ္ဒုလဗဒ္ဓသုတ္တန်**တွင် ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမ ထားတော်မူတဲ့ **သက္ကာယဒိဋ္ဌိ (၂၀)**အကြောင်းအရာကို နားလည်သဘောပေါက်နိုင်မှာ ဖြစ်ပါတယ်။ ခန္ဓာ တစ်ပါးတစ်ပါး၌ **သက္ကာယဒိဋ္ဌိ (၄)**ပါးစီ ရှိသဖြင့် ခန္ဓာငါးပါးလုံး၌ **သက္ကာယဒိဋ္ဌိ (၂၀)** ဖြစ်တယ်။ ယခု ဆက်လက်ပြီးတော့ ယင်း**သက္ကာယဒိဋ္ဌိ (၂၀)**အကြောင်းကို နာယူကြည့်ကြရအောင် . . .

## ပုထုဇန်ငမိုက်သား၏ ဘဝ

**ဧဝမေဝ ခေါ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော အရိယာနံ အဒဿာဝီ အရိယဓမ္မဿ အကောဝိဒေါ အရိယဓမ္မေ အဝိနီတော သပ္ပုရိသာနံ အဒဿာဝီ သပ္ပုရိသဓမ္မဿ အကောဝိဒေါ သပ္ပုရိသဓမ္မေ အဝိနီတော ရူပံ အတ္တတော သမနုပဿတိ —**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ဧဝမေဝ ခေါ** = ဤဥပမာအတူသာလျှင်။ **အရိယာနံ** = ဘုရားအစရှိကုန်သော အရိယာတို့ကို။ **အဒဿာဝီ** = ဖူးမြော်လေ့မရှိသော။ **အရိယဓမ္မဿ** = ဘုရားအစရှိကုန်သော အရိယာတို့၏ တရားဓမ္မ၌။ **အကောဝိဒေါ** = လိမ္မာကျွမ်းကျင်မှုမရှိသော။ **အရိယဓမ္မေ** = ဘုရားအစရှိကုန်သော အရိယာတို့၏ တရားဓမ္မ၌။ **အဝိနီတော** =ယဉ်ကျေးပြီး မဟုတ်သော။ **သပ္ပုရိသာနံ** = ဘုရားအစရှိကုန်သော သူတော်ကောင်းတို့ကို။ **အဒဿာဝီ** = ဖူးမြော်လေ့မရှိသော။ **သပ္ပုရိသဓမ္မဿ** = ဘုရားအစရှိကုန်သော သူတော်ကောင်းတို့၏ တရားဓမ္မ၌။ **အကောဝိဒေါ** = လိမ္မာကျွမ်းကျင်မှုမရှိသော။ **သပ္ပုရိသဓမ္မေ** = ဘုရားအစရှိကုန်သော သူတော်-ကောင်းတို့၏ တရားဓမ္မ၌။ **အဝိနီတော** = ဆိုဆုံးမထားပြီး ယဉ်ကျေးပြီး မဟုတ်သော။ **အဿုတဝါ** = အာဂမသုတဟုခေါ်ဆိုအပ်သော သင်သိ, အဓိဂမသုတဟု ခေါ်ဆိုအပ်သော ကျင့်သိ = ဤအသိနှစ်မျိုးဖြင့် အကြားအမြင်ဗဟုသုတ မရှိသော။ **ပုထုဇ္ဇနော** = ပုထုဇန်ငမိုက်သားသည်။ **ရူပံ** = ရုပ်တရားကို။ **အတ္တတော** = အတ္တအားဖြင့်။ ဝါ ။ အတ္တဟု။ **သမနုပဿတိ** = ရှု၏။ —

ဘုရားအစရှိကုန်သော အရိယာသူတော်ကောင်းတို့၏ တရားဆိုတာကတော့ သစ္စာလေးပါး တရားကို ဆိုလိုရင်းဖြစ်ပါတယ်။ ဒီသစ္စာလေးပါးထဲက ဒုက္ခသစ္စာအကြောင်းကို ရှေးဦးစွာ ပြောကြရအောင် — ပညာမျက်စိကာဏ်းနေတဲ့ ပုထုဇန်ငမိုက်သားတစ်ဦးဟာ ဒုက္ခသစ္စာ အမည်ရတဲ့ ဥပါဒါ-နက္ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတွေကို သင်သိအနေနဲ့လည်း သိအောင် မသင်ထားဘူး။ ကျင့်သိအနေနဲ့လည်း တကယ်လက်တွေ့ ပရမတ်သို့ ဉာဏ်အမြင် ဆိုက်ရောက်သည်အထိ သိအောင် ကျင့်မထားဘူး။ ဒီလို သင်သိအနေနဲ့ သိအောင် မသင်ထားတာကိုတော့ အကြားဗဟုသုတမရှိဘူးလို့ ဆိုလိုပါတယ်။ ရှေးယခင်ကတော့ ယခုခေတ်မှာလို စာအုပ်စာတမ်းတွေက မရှိသေးလေတော့ ဆရာ-သမားထံမှာ မိမိတို့က သွားရောက်ပြီးတော့ နှုတ်တိုက် အလွတ်သင်ယူရပါတယ်။ ဆရာသမားက လည်း နှုတ်တိုက်ပဲ အလွတ်ရအောင် ချပေးပါတယ်။ ဆရာသမားထံမှ အလွတ်ချပေးတဲ့တရားကို မိမိနားဖြင့် ရိုသေစွာ နားစိုက်ထောင်ပြီး သင်ယူရပါတယ်။ ဒီလို သင်လို့ ရရှိလာတဲ့ အသိမျိုးကိုတော့ ဆရာသမားထံမှ သင်ပေးတဲ့ တရားစကားလုံးကို မိမိနားဖြင့် ကြားအောင် နားစိုက်ထောင်ကာ သင်ယူရတဲ့ ဗဟုသုတဖြစ်လို့ "အာဂမသုတ = အကြားဗဟုသုတ"လို့ ခေါ်ဆိုပါတယ်။

ဒီလို ဆရာသမားထံမှ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို သင်သိအနေနဲ့ သင်ယူပြီးတဲ့အခါမှာ မိမိရဲ့ ဉာဏ်ပညာမျက်စိနဲ့ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် တစ်ဆင့်တက်ပြီးတော့ လက်တွေ့စနစ်တကျ ကျင့်ရပါတယ်။ ဒီလို လက်တွေ့စနစ်တကျ ကျင့်လိုက်လို့ ပရမတ်သို့ ဉာဏ်-အမြင် ဆိုက်ရောက်သည်အထိ မိမိရဲ့ ပညာမျက်စိနဲ့ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီ

ဆိုရင်တော့ "အဓိဂမသုတ = ကျင့်သိဗဟုသုတ"လို့ ခေါ်ဆိုပါတယ်။ ဒီလို ကျင့်သိဗဟုသုတကို မိမိရဲ့ ဉာဏ်ပညာမျက်စိနဲ့ ထိုးထွင်းသိမြင်တဲ့ ဗဟုသုတဖြစ်လို့ အမြင်ဗဟုသုတလို့လည်း ခေါ်ဆိုပါတယ်။ ဒီလို သင်သိ ကျင့်သိဆိုတဲ့ အသိနှစ်မျိုးရှိတဲ့ပုဂ္ဂိုလ်ကို ဒုက္ခသစ္စာနဲ့ ပတ်သက်လို့ အကြားအမြင်ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်လို့ ဆိုလိုပါတယ်။ ဉာဏ်စဉ်နည်းအရ ရုပ်နာမ်ကို ပိုင်းခြားသိတတ်တဲ့ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်ပါတယ်။

နောက်တစ်ခု ထပ်ပြောဦးမယ် — သမုဒယသစ္စာလို့ ခေါ်ဆိုတဲ့ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကိုလည်း အလားတူပဲ သင်သိ ကျင့်သိ အသိနှစ်မျိုးဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးစားအားထုတ်ရပါတယ်။ ဒီလို ကြိုးစားအားထုတ်လိုက်လို့ သင်သိ ကျင့်သိ အသိနှစ်မျိုးဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီဆိုလျှင် သမုဒယသစ္စာနဲ့ ပတ်သက်လို့ အကြားအမြင် ဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ဆိုပါတယ်။ ဉာဏ်စဉ်နည်းအရ သမုဒယသစ္စာဆိုတဲ့ ရုပ်နာမ်တို့ရဲ့ အကြောင်းတရားတွေကို ထိုးထွင်းသိတတ် ပိုင်းခြားယူတတ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပါတယ်။

သို့သော် ပညာမျက်စိကာဏ်းနေတဲ့ ပုထုဇန်ငမိုက်သားကတော့ ဒီဒုက္ခသစ္စာခေါ်တဲ့ ခန္ဓာငါးပါး = ရုပ်နာမ်တရားတွေကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်သည်အထိ သင်သိ ကျင့်သိ အသိနှစ်မျိုးဖြင့် သိအောင်လည်း မကြိုးစားဘူး၊ အလားတူပဲ သမုဒယသစ္စာအမည်ရတဲ့ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကိုလည်း သင်သိ ကျင့်သိ အသိနှစ်မျိုးဖြင့် သိအောင် မကြိုးစားဘူး။ ဒီလို မကြိုးစားတဲ့ ပုထုဇန်ငမိုက်သားကို အကြားအမြင် ဗဟုသုတမရှိတဲ့ ပုထုဇန်လို့ ခေါ်ဆိုပါတယ်။[၃၃] အဲဒီ ပုထုဇန်ငမိုက်သားဟာ ဘုရားအစရှိကုန်တဲ့ အရိယာသူတော်ကောင်းတို့ကို ဖူးမြင်

[၃၃] **ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ**တိ အတ္ထတော စ ကာရဏတော စ ပညာယ သုဋ္ဌု ပဋိဝိဒ္ဓါ ပစ္စက္ခံ ကတာ။
(အံ၊ဌ၊၂၃၆၄။ စာပိုဒ်-၁၉၁။)

တစ်ဖန် အဋ္ဌကထာများက ဤသို့လည်း ဖွင့်ဆိုထားကြ၏။ —

**ဗဟုဿုတာ**တိ ဧတ္ထ ပန ပရိယတ္တိဗဟုဿုတော ပဋိဝေဓဗဟုဿုတောတိ ဒွေ ဗဟုဿုတာ။ (ဒီ၊ဌ၊၂၊၁၁၉။)

**ဗဟုဿုတ**န္တိ ဒုဝိဓော ဗဟုဿုတော တီသု ပိဋကေသု အတ္ထတော နိခိလော ပရိယတ္တိဗဟုဿုတော စ၊ မဂ္ဂဖလဝိဇ္ဇာဘိညာနံ ပဋိဝိဒ္ဓတ္တာ ပဋိဝေဓဗဟုဿုတော စ။
(သုတ္တနိပါတ၊ဌ၊၁၊၉၉။ အပဒါန၊ဌ၊၁၊၂၀၇။ စူဠနိဒ္ဒေသ၊ဌ၊၁၊၁၂၇။)

ဤအထက်ပါ အဋ္ဌကထာတို့၏ ဖွင့်ဆိုချက်အရ — ပြည့်ပြည့်စုံစုံ ပြောရလျှင် —

အဓိဂမသုတ သို့မဟုတ် ပဋိဝေဓဗဟုသုတဟူသည် မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဝိဇ္ဇာ (၃)ပါး, ဝိဇ္ဇာ (၈)ပါး, အဘိညာဉ် (၅)ပါးတို့ကို ရရှိခြင်းကို ဆိုလိုပေသည်။ ဝိဇ္ဇာ (၈)ပါးတို့တွင် ဝိပဿနာဉာဏ်လည်း ပါဝင်ပေသည်။ ထိုကြောင့် အဓိဂမဗဟုသုတဟူသည် သို့မဟုတ် ပဋိဝေဓဗဟုသုတဟူသည် ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဝိဇ္ဇာဉာဏ်, အဘိညာဉ်ဉာဏ်တို့ကို ရရှိသဖြင့် အမြင်ဗဟုသုတ ရှိခြင်းကို ဆိုလိုပေသည်။

**အဿုတဝါ**ဟူသည် ယင်း သုတဝါ၏ ထိပ်တိုက် ဆန့်ကျင်ဘက် ဖြစ်သည်။ ဘုရားရှင်၏ ပိဋကတ်တော်တို့၌ လာရှိသည့် ခန္ဓာ, အာယတန, ဓာတ်, ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို သင်သိအနေဖြင့်လည်း မသိ၊ ကျင့်သိအနေဖြင့်လည်း မသိ၊ ဤအသိနှစ်မျိုး ကင်းမဲ့နေသူကို **အဿုတဝါ ပုထုဇ္ဇန** = ပုထုဇန်ဟု ခေါ်ဆိုပေသည်။

**အဿုတဝါ**တိ ခန္ဓဓာတုအာယတနပစ္စယာကာရသတိပဋ္ဌာနာဒီသု ဥဂ္ဂဟပရိပုစ္ဆာဝိနိစ္ဆယရဟိတော။
(သံ၊ဌ၊၂၊၉၀။ စာပိုဒ်-၆၁။)

လိုတဲ့ စိတ်ထားလည်း မရှိ၊ ဘုရားအစရှိတဲ့ သူတော်ကောင်းတို့ရဲ့ တရားဓမ္မဖြစ်တဲ့ သစ္စာလေးပါး မြတ်တရား၌လည်း လိမ္မာကျွမ်းကျင်မှုကလည်း မရှိ၊ ဆိုဆုံးမထားပြီးလည်း မဟုတ်ဖြစ်နေတယ်။ အဲဒီလို ပညာမျက်စိကာဏ်းနေတဲ့ ဒုက္ခသစ္စာ သမုဒယသစ္စာတရားတွေကို ပညာမျက်စိနဲ့ ထိုးထွင်း မသိထားတဲ့ ပုထုဇန်ငမိုက်သားဟာ ရုပ်တရားကို အတ္တလို့ ရှုတယ်။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တွေကိုလည်း အတ္တလို့ ရှုပြန်တယ်။

ဒီနေရာမှာ သက္ကာယဒိဋ္ဌိ (၂၀)အကြောင်းကို ဆက်လက်ပြီးတော့ ပြောမယ်။ —

## ရူပက္ခန္ဓာ၌ စွဲလမ်းပုံ = သက္ကာယဒိဋ္ဌိ ဖြစ်ပုံ (၄) မျိုး

၁။ **ရူပံ အတ္တတော သမနုပဿတိ** = ရုပ်ကို အတ္တအားဖြင့် = အတ္တအဖြစ်ဖြင့် = အတ္တဟု ရှု၏။ — **"ယံ ရူပံ၊ သော အဟံ။ ယော အဟံ၊ တံ ရူပံ။** = အကြင်ရုပ်သည် ထိုငါတည်း၊ အကြင်ငါသည် ထိုရုပ်တည်း"—ဟု ရုပ်နှင့် အတ္တကို နှစ်မျိုးမဟုတ် တစ်မျိုးတည်းလို့ ရှုမြင်တယ်။ ဥပမာ — မီးတောက်လောင်နေတဲ့ ဆီမီးဝယ် — "အကြင်မီးလျှံသည်ပင် ထိုမီးရောင်တည်း၊ အကြင်မီးရောင် သည်ပင် ထိုမီးလျှံတည်း"လို့ ဆီမီးလျှံနှင့် ဆီမီးရောင်ကို နှစ်မျိုးမဟုတ် တစ်မျိုးတည်းလို့ ရှုမြင်သလို မှတ်ပါ။ ရူပါရုံကိုပင် အတ္တလို့ စွဲယူမှုမျိုး ဖြစ်တယ်။ နောက်တစ်ခု ပြောကြရအောင် —

၂။ **ရူပဝန္တံ ဝါ အတ္တာနံ** = ရုပ်ရှိသော အတ္တဟု ရှုပြန်တယ်။ ဒီနေရာမှာတော့ နာမ်တရားကို အတ္တလို့ စွဲယူထားတယ်။ ရုပ်တရားကိုတော့ ယင်း အတ္တပိုင်ဆိုင်တဲ့ အရာဝတ္ထုကဲ့သို့ ယူဆပြန်တယ်။ ဒါကြောင့် အရိပ်ရှိတဲ့ သစ်ပင်ကိုကဲ့သို့ ထိုအတ္တကို ရုပ်ရှိတယ်လို့ အဖန်ဖန် အထပ်ထပ် ရှုပြန်တယ်။ နောက်တစ်ခု ဆက်ပြောမယ် —

၃။ **အတ္တနိ ဝါ ရူပံ** = အတ္တ၌ ရုပ်ဟု = အတ္တ၌ ရုပ်ရှိ၏ဟု ယူဆပြန်တယ်။ ဒီနေရာမှာလည်း နာမ်တရားကိုပင် အတ္တလို့ စွဲယူထားပြီး ရုပ်တရားကိုတော့ ယင်းအတ္တပိုင်ဆိုင်တဲ့ အရာဝတ္ထုကဲ့သို့ ယူဆပြန်တယ်။ ပန်း၌ အနံ့ရှိသကဲ့သို့ အတ္တမှာ ရုပ်ရှိတယ်လို့ အဖန်ဖန် အထပ်ထပ် ရှုပြန်တယ်။ ပန်းမှာ အနံ့တည်ရှိသလို နာမ်ဆိုတဲ့အတ္တမှာ ရုပ်တည်ရှိတယ် မှီနေတယ်လို့ စွဲယူထားတယ်။ နောက်တစ်ခု ဆက်ပြောမယ် —

၄။ **ရူပသ္မိံ ဝါ အတ္တာနံ** = ရုပ်၌ အတ္တဟု = ရုပ်မှာ အတ္တရှိတယ်လို့ ရှုပြန်တယ်။ ပတ္တမြား ကြုတ်ထဲမှာ ပတ္တမြားရတနာ တည်ရှိနေသလို နာမ်တရားကိုပင် အတ္တလို့ စွဲယူပြီးတော့ ရုပ်မှာ နာမ်ဆိုတဲ့ အတ္တရှိတယ်လို့ အဖန်ဖန် အထပ်ထပ် ရှုပြန်တယ်။ ရုပ်မှာ နာမ်ဆိုတဲ့ အတ္တတည်ရှိတယ်၊ ရုပ်မှာ နာမ်ဆိုတဲ့ အတ္တဟာ မှီနေတယ် မှီဖြစ်နေတယ်လို့ စွဲယူမှုမျိုး ဖြစ်တယ်။[၁၃၈] ဒီနေရာမှာ ပိုပြီးတော့ နားလည်သဘောပေါက်နိုင်အောင် ပုံစံအနည်းငယ်ကို ထပ်ပြီးတော့ ဆွေးနွေးကြရအောင် —

**(ရူပံ) ဧတံ မမ = ရုပ်သည် ငါ၏ဥစ္စာ ဖြစ်၏** — ဒီအယူအဆကတော့ ရုပ်နှင့် အတ္တကို တခြားစီထားပြီးတော့ စွဲယူမှုမျိုး ဖြစ်တယ်။ ဆိုလိုတာကတော့ (ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်

[၁၃၈] အဘိ၊ဋ္ဌ၊၁၊၃၈၇။ မူလဋီ၊၁၊၁၆၃။

ဆိုတဲ့)နာမ်ကို အတ္တလို့ စွဲယူပြီးတော့ ရုပ်ဟာ နာမ်ဆိုတဲ့ အတ္တပိုင်ဆိုင်တဲ့ ပစ္စည်းဥစ္စာ ဖြစ်တယ်လို့ ယူဆတယ်။ နောက်တစ်ခုကတော့ —

**(ရူပံ) ဧသောဟမသ္မိ = ရုပ်သည် ငါ ဖြစ်၏**—ဆိုတဲ့ အယူအဆပဲ။ ဒီအယူအဆကတော့ ရုပ်နှင့် အတ္တကို တစ်မျိုးတည်း တစ်ခုတည်း ပြုကာ စွဲယူမှုမျိုး ဖြစ်တယ်။ ဆိုလိုတာကတော့ ရုပ်သည်ပင် အတ္တဖြစ်တယ်, အတ္တသည်ပင် ရုပ်ဖြစ်တယ်လို့ ရုပ်နှင့် အတ္တကို တစ်ခုတည်း တစ်မျိုးတည်းအဖြစ် စွဲယူထားတယ်။ နောက်အယူအဆတစ်ခုကို ပြောကြရအောင် —

**(ရူပံ) ဧသော မေ အတ္တာ = ရုပ်သည် ငါ၏ အတ္တတည်း**—ဆိုတဲ့ အယူအဆပဲ၊ ဒီအယူအဆမှာတော့ ရုပ်နှင့် အတ္တကို တခြားစီ ခွဲပြီး စွဲယူထားတယ်။ နာမ်တရားတွေကို "ငါ"လို့ စွဲယူပြီးတော့ ရုပ်ကို ငါ ဆိုတဲ့ နာမ်တရားရဲ့ အတ္တပဲလို့ စွဲယူထားပြန်တယ်။

ဒီရူပက္ခန္ဓာအပိုင်းမှာ ဖော်ပြထားခဲ့တဲ့ ဥပမာ (၄)ရပ်ကို သတိပြုပါ။ ပြန်ပြောပြမယ် —

၁။ **ဝဏ္ဏ** = ဆီမီးရောင် (ဆီမီးနှင့် အရောင်)

၂။ **ရုက္ခ** = သစ်ပင် (သစ်ပင်နှင့် အရိပ်)

၃။ **ပုပ္ဖ** = ပန်း (ပန်းနှင့် အနံ့)

၄။ **မဏိ** = ပတ္တမြား (ပတ္တမြားနှင့် ကြုတ်)

ဒီဥပမာ (၄)ရပ်တို့ကို ကျန်နာမ်ခန္ဓာ (၄)ပါးတို့၌လည်း နည်းတူ ယှဉ်စပ်ပါ၊ နည်းတူ သဘောပေါက်ပါလို့ အဋ္ဌကထာများက ဖွင့်ဆိုထားကြပါတယ်။[၁၃၉]

## သဘောပေါက်ရန် ထပ်မံ ရှင်းလင်းချက်

ဒီနေရာမှာ ပိုမိုပြီး သဘောပေါက်အောင် ထပ်မံပြီးတော့ နည်းနည်း ရှင်းပြဦးမယ် —

**ပထဝီဓာတ်** — မာမှု ပျော့မှု ကြမ်းမှု ချောမှု လေးမှု ပေါ့မှု သဘောတရားသည် ပထဝီဓာတ်မည်တယ်။ ယင်းသဘောတရားတွေဟာ ခန္ဓာကိုယ်ထဲမှာ အပြည့်တည်ရှိနေကြတယ်။

၁။ ဒီပထဝီဓာတ်ကိုပဲ ရံခါ "ငါ" ပြုလုပ်ပြီးတော့ — "ငါ မာ၏၊ ငါ ပျော့၏"လို့ စွဲလမ်းပြောဆိုပြန်တယ်။ "ငါ" နှင့် "မာ"တဲ့သဘောကို ထပ်တူ တပေါင်းတည်း တစ်ခုတည်း ပြုလုပ်ပြီးတော့ ပြောဆိုခြင်း ဖြစ်တယ်။

၂။ တစ်ခါတလေကျပြန်တော့လည်း "မာမှု နူးညံ့မှုရှိတဲ့ ငါ"လို့ စွဲလမ်း ပြောဆိုပြန်တယ်။ ခက်မာမှု နူးညံ့မှုနှင့် ငါကို တခြားစီ ထားပြီးတော့ "ငါ့မှာ ခက်မာမှု နူးညံ့မှု ရှိတယ်"လို့ ပြုလုပ်ပြောဆိုခြင်း ဖြစ်တယ်။

---

[၁၃၉] အဘိ၊ဋ္ဌ၊၁၊၃၈၇-၃၈၈။

၃။ တစ်ခါတလေကျပြန်တော့လည်း "ငါ့"မှာ "ခက်မာမှု နူးညံ့မှု" သဘောတရားတွေဟာ "မှီနေ-တယ်"လို့ "ငါ၌ ခက်မာမှု နူးညံ့မှု မှီသည်ကို" ပြုလုပ်ပြောဆိုပြန်တယ်။

၄။ တစ်ခါတလေကျပြန်တော့လည်း "ခက်မာမှု နူးညံ့မှု"မှာ "ငါ" "မှီနေတယ်"လို့ "ခက်မာမှု နူးညံ့မှု၌ ငါ မှီသည်ကို" ပြုလုပ်ပြီးတော့ စွဲလမ်း ပြောဆိုပြန်တယ်။

ပထမစွဲလမ်းချက်မှာ "ခက်မာမှု နူးညံ့မှု"ကိုပဲ "ငါ" ပြုလုပ်ကာ စွဲလမ်း ပြောဆိုခြင်း ဖြစ်တယ်။ "ငါ" နှင့် "ခက်မာမှု နူးညံ့မှု"ကို တစ်ခုတည်းလို့ ယူဆထားတယ်။ နောက် (၃)ချက်မှာတော့ "ငါ" တခြား "ခက်မာမှု နူးညံ့မှု" တခြားထားပြီး စွဲလမ်းခြင်း ဖြစ်တယ်။ ကြွင်းကျန်နေတဲ့ ရုပ် (၂၇)ပါးတို့မှာ-လည်း နည်းတူ သဘောပေါက်ပါ။ ဗဟိဒ္ဓရုပ်တရားတွေမှာလည်း နည်းတူပဲ သဘောပေါက်ပါ။ ဗဟိဒ္ဓ၌ "သူ မာ၏, သူ နူးညံ့၏" — စသည်ဖြင့် စွဲယူမှုမျိုး ဖြစ်တယ်။

## ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး

ဝေဒနာက္ခန္ဓာမှာ သက္ကာယဒိဋ္ဌိ ဖြစ်ပုံအကြောင်းကို ဆက်ပြီး ပြောကြရအောင် — ဝေဒနာက္ခန္ဓာ-နှင့် ပတ်သက်လို့ ဘုရားရှင်က သက္ကာယဒိဋ္ဌိ (၄)မျိုး ဖြစ်ပုံကို ဒီလို ဆက်လက် ဟောကြားထားတော်-မူပြန်တယ်။

၁။ **ဝေဒနံ အတ္တတော သမနုပဿတိ** = ဝေဒနာကို အတ္တဟု ရှု၏။
၂။ **ဝေဒနာဝန္တံ ဝါ အတ္တာနံ** = ဝေဒနာရှိသော အတ္တဟု ရှု၏။
၃။ **အတ္တနိ ဝါ ဝေဒနံ** = အတ္တ၌ ဝေဒနာဟု (ဝေဒနာ ရှိ၏ဟု) ရှု၏။
၄။ **ဝေဒနာယ ဝါ အတ္တာနံ** = ဝေဒနာ၌ အတ္တဟု (အတ္တ ရှိ၏ဟု) ရှု၏။

ဒီ (၄)ချက်ကတော့ ဘုရားရှင်က ဝေဒနာက္ခန္ဓာနဲ့ ပတ်သက်လို့ တိုက်ရိုက် ဟောကြားထားတော်မူခြင်း ဖြစ်ပါတယ်။ နားလည်ဖို့ရန် အဓိပ္ပာယ်ကို နည်းနည်းရှင်းပြဖို့တော့ လိုလိမ့်မယ်ထင်တယ်။

နံပါတ် (၁) ဖြစ်တဲ့ "ဝေဒနာ"ကို "အတ္တ"လို့ ရှုမှုဟာ "ဝေဒနာ"သည်ပင် "အတ္တ", "အတ္တ" သည်ပင် "ဝေဒနာ"လို့ ဝေဒနာနှင့် အတ္တကို နှစ်မျိုးမခွဲဘဲ တစ်ခုတည်း တစ်မျိုးတည်းသာဟု စွဲယူမှုမျိုးဖြစ်တယ်။ (၂-၃-၄)တို့ကတော့ ရုပ်, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ ခန္ဓာ (၄)ပါးတို့ကို အတ္တလို့ စွဲယူပြီးတော့ ဝေဒနာတခြား အတ္တတခြားဟု နှစ်မျိုးခွဲကာ စွဲယူမှုမျိုး ဖြစ်တယ်။ သဘောပေါက်နိုင်ရန် ပုံစံအချို့ကို ပြောကြရအောင် —

## သဘောပေါက်နိုင်ရန် ပုံစံများ

၁။ ငါ ကြည့်လို့ ကောင်းတယ်။ (သုခဝေဒနာအပေါ်မှာ ငါလို့ = အတ္တလို့ စွဲယူပုံ ဖြစ်တယ်။)
၂။ ငါ ကြည့်လို့ မကောင်း။ (ဒုက္ခဝေဒနာမှာ ငါလို့ = အတ္တလို့ စွဲယူပုံ ဖြစ်တယ်။)
၃။ ငါ ကြည့်ကောင်းသည်လည်း မဟုတ်၊ ကြည့်မကောင်းသည်လည်း မဟုတ်။ မြင်တော့

မြင်သည်။ (ဥပေက္ခာဝေဒနာမှာ ငါလို့ = အတ္တလို့ စွဲယူပုံ ဖြစ်တယ်။)

အာရုံ (၆)ပါးလုံးမှာ နည်းတူ သဘောပေါက်ပါ။

ဝေဒနာသည် ငါ ဖြစ်၏လို့ စွဲယူရင် ဝေဒနာနှင့် အတ္တကို တစ်ခုတည်း စွဲယူမှုမျိုး ဖြစ်တယ်။

ဝေဒနာသည် ငါ၏ ဥစ္စာ ဖြစ်၏ = ခံစားမှုသည် ငါ၏ ခံစားမှုတည်း, ငါ၏ ခံစားရချက်သည် ကောင်း၏, ငါ၏ ခံစားရချက်သည် နစ်နာ၏, ငါ၏ ခံစားရချက်သည် အနေတော် ဖြစ်၏လို့ စွဲယူပြန်ရင် ဝေဒနာနှင့် အတ္တကို တစ်မျိုးစီ တခြားစီ ထားကာ စွဲယူမှုမျိုး ဖြစ်တယ်။

နောက်တစ်ခု သညာက္ခန္ဓာမှာ သက္ကာယဒိဋ္ဌိဖြစ်ပုံကို ပြောကြရအောင် —

## သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး

၁။ **သညံ အတ္တတော သမနုပဿတိ** = သညာကို အတ္တဟု ရှု၏။

၂။ **သညာဝန္တံ ဝါ အတ္တာနံ** = သညာရှိသော အတ္တဟု ရှု၏။

၃။ **အတ္တနိ ဝါ သညံ** = အတ္တ၌ သညာဟု (သညာ ရှိ၏ဟု) ရှု၏။

၄။ **သညာယ ဝါ အတ္တာနံ** = သညာ၌ အတ္တဟု (အတ္တ ရှိ၏ဟု) ရှု၏။

ဘုရားရှင်က သညာက္ခန္ဓာမှာလည်း သက္ကာယဒိဋ္ဌိဖြစ်ပုံကို ယခုလို (၄)မျိုး ဟောကြားထားတော်မူခဲ့ပါတယ်။ အဲဒီ (၄)မျိုးထဲက —

နံပါတ် (၁) စွဲယူပုံကတော့ သညာနှင့် အတ္တကို တစ်ခုတည်းယူကာ သညာသည်ပင် အတ္တ, အတ္တသည်ပင် သညာလို့ စွဲယူမှုမျိုး ဖြစ်တယ်။ နံပါတ် (၂-၃-၄)တို့ကတော့ ရုပ် ဝေဒနာ သင်္ခါရ ဝိညာဏ်တို့ကို အတ္တလို့ စွဲယူပြီးတော့ သညာက တခြား, အတ္တက တခြားလို့ စွဲယူမှုမျိုး ဖြစ်တယ်။ သဘောပေါက်နိုင်ရန် ပုံစံအချို့ကို ပြောကြရအောင် —

## သဘောပေါက်နိုင်ရန် ပုံစံများ

သညာသည် ငါ ဖြစ်၏၊ ငါ မှတ်သားတတ်၏၊ ငါ မှတ်မိ၏။ ဒီလို စွဲယူမှုမျိုးကတော့ နံပါတ် (၁) စွဲယူမှုမျိုးဖြစ်တဲ့ — သညာနှင့် အတ္တကို တစ်ခုတည်း ယူကာ သညာသည်ပင် အတ္တ, အတ္တသည်ပင် သညာလို့ စွဲယူမှုမျိုး ဖြစ်တယ်။

သညာသည် ငါ၏ ဥစ္စာ ဖြစ်၏လို့ စွဲယူပြန်တယ်။ ဒီလို စွဲယူမှုမျိုးကတော့ သညာက တခြား, ငါဆိုတဲ့ အတ္တက တခြား — ဒီလို (၂)မျိုးခွဲကာ စွဲယူမှုမျိုး ဖြစ်တယ်။

**ရူပသညာ** — ထိုထိုဝတ္ထုကို မြင်ရာ၌ "ဤသူကို ငါ သိ၏ = ငါ မှတ်မိ၏။ ဤအမှုကို ငါ သိ၏ = ငါ မှတ်မိ၏"လို့ စိတ်ဖြစ်တာကတော့ ရူပသညာမှာ ဖြစ်ပေါ်သွားတဲ့ ဒိဋ္ဌိတစ်မျိုး ဖြစ်တယ်။ သဒ္ဒသညာ စသည်မှာလည်း နည်းတူ သဘောပေါက်ပါ။

သင်္ခါရက္ခန္ဓာမှာ သက္ကာယဒိဋ္ဌိဖြစ်ပုံ အကြောင်းအရာကို ဆက်လက် ဆွေးနွေးကြရအောင် — သင်္ခါရက္ခန္ဓာမှာလည်းပဲ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄)မျိုးကို ဘုရားရှင်က ဒီလို ဆက်လက် ဟောကြားထား-တော်မူပြန်တယ်။

## သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး

၁။ **သင်္ခါရေ အတ္တတော သမနုပဿတိ** = သင်္ခါရတို့ကို အတ္တဟု ရှု၏။

၂။ **သင်္ခါရဝန္တံ ဝါ အတ္တာနံ** = သင်္ခါရရှိသော အတ္တဟု ရှု၏။

၃။ **အတ္တနိ ဝါ သင်္ခါရေ** = အတ္တ၌ သင်္ခါရတို့ဟူ၍ (သင်္ခါရတို့ ရှိ၏ဟူ၍) ရှု၏။

၄။ **သင်္ခါရေသု ဝါ အတ္တာနံ** = သင်္ခါရတို့၌ အတ္တဟူ၍ (သင်္ခါရတို့၌ အတ္တ ရှိ၏ဟူ၍) ရှု၏။

ဒီ (၄)မျိုးထဲမှာ အမှတ် (၁)ဖြစ်တဲ့ — သင်္ခါရတို့ကို အတ္တဟု ရှု၏—ဆိုတဲ့ စွဲလမ်းချက်ကတော့ - သင်္ခါရတို့နှင့် အတ္တကို တစ်ခုတည်းပြုကာ သင်္ခါရတို့သည်ပင် အတ္တ, အတ္တသည်ပင် သင်္ခါရတို့ — ဖြစ်ကြတယ်လို့ သင်္ခါရတို့နှင့် အတ္တကို နှစ်မျိုးမခွဲဘဲ တစ်ခုတည်း တစ်မျိုးတည်းသာဟု စွဲယူမှုမျိုး ဖြစ်တယ်။ အမှတ် (၂-၃-၄)တို့ဖြစ်ကြတဲ့ — သင်္ခါရရှိသော အတ္တဟု ရှု၏၊ အတ္တ၌ သင်္ခါရတို့ဟူ၍ (သင်္ခါရတို့ ရှိ၏ဟူ၍) ရှု၏၊ သင်္ခါရတို့၌ အတ္တဟူ၍ (သင်္ခါရတို့၌ အတ္တ ရှိ၏ဟူ၍) ရှု၏ — ဆိုတဲ့ စွဲလမ်းချက် (၃)မျိုးကတော့ သင်္ခါရတို့နှင့် အတ္တကို တခြားစီယူကာ သင်္ခါရတို့က တခြား, ရုပ်-ဝေဒနာ-သညာ-ဝိညာဏ် ဆိုတဲ့ အတ္တက တခြားလို့ ခွဲခြားပြီး စွဲယူမှုမျိုး ဖြစ်တယ်။ အမှတ် (၁)က-တော့ သင်္ခါရကိုပင် အတ္တလို့ စွဲယူတယ်။ အမှတ် (၂-၃-၄)တို့ကတော့ ရုပ်-ဝေဒနာ-သညာ-ဝိညာဏ် တို့ကို အတ္တလို့ စွဲယူပြီးတော့ အတ္တက တခြား သင်္ခါရတို့က တခြားလို့ စွဲယူတယ်။ နားလည် သဘောပေါက်နိုင်တဲ့ ပုံစံတချို့ကို ထပ်ပြောမယ် —

## သဘောပေါက်နိုင်ရန် ပုံစံများ

သင်္ခါရတို့သည် ငါ၏ ဥစ္စာတို့ ဖြစ်ကုန်၏လို့ စွဲယူခြင်းကတော့ သင်္ခါရတို့နှင့် အတ္တကို တခြားစီ ထားပြီးတော့ စွဲယူမှုမျိုး ဖြစ်တယ်။

ထိုထိုရူပါရုံကို မြင်အောင် ကိုယ်နှုတ်စိတ်တို့ဖြင့် ကြောင့်ကြဗျာပါရ ပြုရာ၌ — ငါ မြင်အောင် သွားသည်၊ ငါ မြင်အောင် လာသည်၊ ငါ မြင်အောင် ပြုပြင်သည် — စသည်ဖြင့် စွဲယူတဲ့အခါ ရူပသဉ္စေတနာမှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ သဒ္ဒသဉ္စေတနာ စသည်မှာလည်း နည်းတူ သဘောပေါက်ပါ။

ငါ ကံကောင်းသည်၊ ငါ စေတနာကောင်းသည်၊ ငါ့ စေတနာက သူများ စေတနာနှင့် မတူ — ဒီလို စွဲယူမှုမျိုးကတော့ — စေတနာအပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ငါ သမာဓိ ကောင်းသည်၊ ငါ စိတ်တည်ငြိမ်သည်။ ငါ စိတ်မတည်ငြိမ်၊ ငါ သမာဓိ မကောင်း။ ဒီလို စွဲယူမှုမျိုး ကတော့ — ဧကဂ္ဂတာ = သမာဓိအပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ထွေထွေလာလာ

ငါ ကြံသည် – ဒီလို စွဲယူမှုမျိုးကတော့ – ဝိတက်အပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ တစ်ရစ်ပတ်ပတ် ငါ ကြံသည်၊ ထပ်ကာထပ်ကာ ငါစဉ်းစားနေသည်– ဒီလို စွဲယူမှုမျိုးကတော့ – ဝိစာရအပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ထိုထိုအမှုကို ငါ ကြိုးစားအားထုတ်သည် - ဒီလို စွဲယူမှုမျိုးကတော့ – ဝီရိယအပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ထိုထိုအရာကို ငါ နှစ်သက်သည် – ဒီလို စွဲယူမှုမျိုးကတော့ – ပီတိအပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ထိုထိုဝတ္ထုကို ထိုထိုအရာကို ငါ လိုချင်သည်၊ ငါ ရချင်သည်၊ ငါ ပြုချင်သည်၊ ငါ သွားချင်သည်၊ ငါ ရောက်ချင်သည်၊ ငါ ပြောချင်သည်၊ ငါ ဆိုချင်သည်၊ ငါ ကြည့်ချင်သည် – စတဲ့ စွဲယူမှုမျိုးတွေကတော့ – ဆန္ဒအပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ပရမတ်တရားနှင့် စပ်၍ ဘယ်တရားကို ငါ မသိ, ငါ မမြင်, ငါ မထင် – ဒီလို စွဲယူမှုမျိုးကတော့ - မောဟအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ မကောင်းမှုနှင့် တွေ့လျှင် ငါ မရှက်တတ် – ဒီလို စွဲယူမှုမျိုးကတော့ – အဟိရိကအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ မကောင်းမှုနှင့် တွေ့လျှင် ငါ မကြောက်တတ် – ဒီလို စွဲယူမှုမျိုးကတော့ – အနောတ္တပ္ပအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ သားမယား စည်းစိမ်ဥစ္စာစသည့် သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့၌ ဘယ်သူ့ကို ဘယ်ဟာကို ငါ လိုချင်သည်၊ ငါ ခင်မင်သည်၊ ငါ ချစ်ခင်စုံမက်သည်၊ ငါ သာယာတွယ်တာသည် – ဒီလို စွဲယူမှုမျိုးကတော့ – လောဘအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ငါ စိတ်ဆိုးသည်၊ ငါ စိတ်ပျက်သည်၊ ငါ စိတ်ညစ်သည်၊ ငါ မုန်းသည်၊ ငါ မြင်ပြင်းကတ်သည်၊ ငါ ဒေါသဖြစ်သည် – ဒီလို စွဲယူမှုမျိုးကတော့ – ဒေါသအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ငါ အညံ့မခံနိုင်၊ ငါ အလျှော့မပေးနိုင်၊ ငါ မနှိမ်ချနိုင်၊ ငါ အနိုင်ယူမည် – ဒီလို စွဲယူမှုမျိုးကတော့ – မာနအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ငါ အယူမှားသည်၊ ငါ၏ အယူသာ မှန်သည်၊ ဤ ငါ၏ အတ္တဝါဒသာ မှန်သည်၊ ငါ၏ သဿတဝါဒသာ မှန်သည်၊ ငါ၏ ဥစ္ဆေဒဝါဒသာ မှန်သည်၊ ဤ ငါ၏ နတ္ထိကဒိဋ္ဌိအယူသာ မှန်သည်၊ ဤ ငါ၏ အဟေတုကဒိဋ္ဌိအယူသာ မှန်သည်၊ ဤ ငါ၏ အကိရိယဒိဋ္ဌိအယူသာ မှန်သည် – ဒီလို စသည်ဖြင့် စွဲယူမှုမျိုးကတော့ – ဒိဋ္ဌိအပေါ်မှာ ထပ်ပြီး စွဲယူထားတဲ့ သက္ကာယဒိဋ္ဌိ တစ်မျိုး ဖြစ်တယ်။

ငါ ပြူစူသည် – ဒီလို စွဲယူမှုမျိုးကတော့ – ဣဿာအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ငါ ဝန်တိုသည်၊ ငါ နှမြောသည် – ဒီလို စွဲယူမှုမျိုးကတော့ – မစ္ဆရိယအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ငါ ပြုခဲ့မိသည့် ဒုစရိုက်အတွက် ငါ စိတ်ပူသည်၊ ငါ နှလုံးပူသည်၊ ငါ စိတ်မကောင်း ဖြစ်နေမိသည်၊ ငါ ဥပုသ်မစောင့်လိုက်ရ၍ စိတ်မကောင်း ဖြစ်မိသည် – ဒီလို စွဲယူမှုမျိုးကတော့ ကုက္ကုစ္စအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ တရားဓမ္မနှင့် စပ်၍ ထိုထို လုပ်ငန်းရပ်နှင့် စပ်၍ ငါ ငြီးငွေ့သည်၊ ငါ ပျင်းရိသည် – ဒီလို စွဲယူမှုမျိုးကတော့ – ထိန မိဒ္ဓ အပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ရတနာသုံးတန်, ကံ-ကံ၏အကျိုး, အတိတ်ဘဝ, အနာဂတ်ဘဝ စသည်တို့၌ ငါ မယုံကြည်နိုင်၊ ငါ ယုံမှားသည်၊ ငါ နှစ်လုံးနှစ်ခွ ရှိသည် — ဒီလို စွဲယူမှုမျိုးကတော့ — ဝိစိကိစ္ဆာအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ငါ စိတ်ပျံ့လွင့်သည်၊ ငါ စိတ်မငြိမ် — ဒီလို စွဲယူမှုမျိုးကတော့ — ဥဒ္ဓစ္စ အပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ရတနာသုံးတန်, ကံ-ကံ၏အကျိုး, အတိတ်ဘဝ, အနာဂတ်ဘဝ စသည်တို့၌ ငါ ယုံကြည်သည်၊ ငါ ကြည်ညိုသည်၊ ငါ ကြည်ဖြူသည်၊ ငါ နှလုံးကြည်သည် — ဒီလို စွဲယူမှုမျိုးကတော့ — သဒ္ဓါ အပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ကောင်းသော အမှုတို့၌ ငါ မမေ့တတ်၊ ငါ သတိ ကောင်းသည်၊ ငါ အမှတ်ရသည်၊ ရုပ်နာမ်တွေကို ငါ ရှုလို့ရသည်၊ အကြောင်းတရား အကျိုးတရား- တွေကို ငါ ရှုလို့ရသည်၊ ရုပ်-နာမ် ကြောင်း-ကျိုး = သင်္ခါရတရားတို့၏ အနိစ္စ ဒုက္ခ အနတ္တအချက်တို့ကို ငါ ရှုလို့ရသည် — ဒီလို စွဲယူမှုမျိုးကတော့ — သတိအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

မကောင်းမှု ဒုစရိုက်တို့၌ ငါ ရှက်တတ်သည် — ဒီလို စွဲယူမှုမျိုးကတော့ — ဟိရီအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ မကောင်းမှု ဒုစရိုက်တို့မှ ငါ ကြောက်တတ်သည် — ဒီလို စွဲယူမှုမျိုး ကတော့ — ဩတ္တပ္ပအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ငါ မတွယ်တာတတ် — ဒီလို စွဲယူမှုမျိုးကတော့ — အလောဘအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ငါ အမျက်မထွက်တတ်၊ ငါ စိတ်မဆိုးတတ် — ဒီလို စွဲယူမှုမျိုးကတော့ — အဒေါသ အပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ရုပ်နာမ်တို့အပေါ်၌ ငါ ဥပေက္ခာထားလို့ရသည် — ဒီလို စွဲယူမှုမျိုးကတော့ — တတြမဇ္ဈတ္တတာအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

တရားရှုရလို့ ငါ အေးချမ်းသည် — ဒီလို စွဲယူမှုမျိုးကတော့ — ပဿဒ္ဓိအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ တရားရှုရတာ ငါ ပေါ့ပါးသည် — ဒီလို စွဲယူမှုမျိုးကတော့ — လဟုတာ အပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ တရားရှုရတာ ငါနူးညံ့သည် — ဒီလို စွဲယူမှုမျိုးကတော့ မုဒုတာအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ တရားရှုရတာ ငါ အဆင်ပြေသည် — ဒီလို စွဲယူမှုမျိုးကတော့ — ကမ္မညတာအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ တရားရှုလို့ ငါ ကျွမ်းကျင်သည် — ဒီလို စွဲယူမှုမျိုးကတော့ — ပါဂုညတာအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ငါ စိတ်ထားဖြောင့်မတ်ဖြူစင်သည် — ဒီလို စွဲယူမှုမျိုးကတော့ — ဥဇုကတာအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ကာယဒုစရိုက်တို့မှ ငါ လုံခြုံသည် — ဒီလို စွဲယူမှုမျိုးကတော့ — သမ္မာကမ္မန္တအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ဝစီဒုစရိုက်တို့မှ ငါ ရှောင်ကြဉ်သည် — ဒီလို စွဲယူမှုမျိုးကတော့ — သမ္မာဝါစာအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ မိစ္ဆာဇီဝမှ ငါ ရှောင်ကြဉ်သည် — ဒီလို စွဲယူမှုမျိုးကတော့ — သမ္မာအာဇီဝအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ ငါ ဥပုသ်သီတင်း စောင့်သုံးသည်၊ ငါ ကိုယ်ကျင့်သီလမြဲသည်၊ သူ့အသက်ကို သတ်ခြင်းမှ ငါ ရှောင်ကြဉ်သည် — ဒီလို စွဲယူမှုမျိုးကတော့ — ဝိရတိအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ဒုက္ခိတသတ္တဝါကို ငါ သနားသည် — ဒီလို စွဲယူမှုမျိုးကတော့ — ကရုဏာအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။ သုခိတသတ္တဝါကို ငါ ဝမ်းမြောက်သည် — ဒီလို စွဲယူမှုမျိုးကတော့ — မုဒိတာအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ရုပ်-နာမ် ကြောင်း-ကျိုး = သင်္ခါရတရားတွေကို ငါ ထွင်းဖောက်သိမြင်သည် — ဒီလို စွဲယူမှုမျိုး-ကတော့ — ပညိန္ဒြေအပေါ်မှာ စွဲနေတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

ခု ပြောခဲ့တာတွေကတော့ သင်္ခါရက္ခန္ဓာ အမည်ရတဲ့ စေတသိက်တို့အပေါ်မှာ သက္ကာယဒိဋ္ဌိ ဖြစ်ပုံ အရိပ်အမြွက်မျှသာ ဖြစ်ပါတယ်။ ဒီအရိပ်အမြွက်ကို နည်းမှီပြီးတော့ သက္ကာယဒိဋ္ဌိ (၄)မျိုးလုံး ဖြစ်ပုံကို သဘောပေါက်ပါ။ ပုံစံတစ်ခု ပြောမယ် —

## ပုံစံ တစ်ခု

၁။ စေတနာသည် ငါပင်တည်း။

၂။ စေတနာရှိသော ငါ။

၃။ ငါ၌ ရှိသော စေတနာ။

၄။ စေတနာတို့၌ တည်ရှိသော ငါ —

ဒီလို အသီးအသီး စွဲယူမယ်ဆိုလျှင် စေတနာအပေါ်မှာ သက္ကာယဒိဋ္ဌိ (၄)မျိုး ဖြစ်တယ်။ သင်္ခါရက္ခန္ဓာ အမည်ရတဲ့ စေတသိက် (၅၀)တို့မှာလည်း သက္ကာယဒိဋ္ဌိ (၄)မျိုးစီ ဖြစ်ပုံကို နည်းတူပဲ သဘောပေါက်ပါ။ သင်္ခါရက္ခန္ဓာအကြောင်းကို ပြောပြီးတော့ ဝိညာဏက္ခန္ဓာမှာ သက္ကာယဒိဋ္ဌိ ဖြစ်ပုံကို ဆက်လက် ပြောကြရအောင် —

## ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄) မျိုး

၁။ **ဝိညာဏံ အတ္တတော သမနုပဿတိ** = ဝိညာဏ်ကို အတ္တဟု ရှု၏။

၂။ **ဝိညာဏဝန္တံ ဝါ အတ္တာနံ** = ဝိညာဏ်ရှိသော အတ္တဟု ရှု၏။

၃။ **အတ္တနိ ဝါ ဝိညာဏံ** = အတ္တ၌ ဝိညာဏ်ဟု (ဝိညာဏ် ရှိ၏ဟု) ရှု၏။

၄။ **ဝိညာဏသ္မိံ ဝါ အတ္တာနံ** = ဝိညာဏ်၌ အတ္တဟု (အတ္တ ရှိ၏ဟု) ရှု၏။

ဝိညာဏက္ခန္ဓာမှာလည်းပဲ သက္ကာယဒိဋ္ဌိ (၄)မျိုးကို ဘုရားရှင်က အခြားခန္ဓာများနည်းတူ ပုံစံတူပဲ ဟောကြားထားတော်မူပြန်တယ်။

အမှတ် (၁)ဖြစ်တဲ့ — ဝိညာဏ်ကို အတ္တဟု ရှု၏—ဆိုတဲ့ စွဲလမ်းမှုကတော့ ဝိညာဏ်နှင့် အတ္တကို တစ်ခုတည်းပြုကာ ဝိညာဏ်သည်ပင် အတ္တ, အတ္တသည်ပင် ဝိညာဏ်လို့ စွဲယူမှုမျိုး ဖြစ်တယ်။ အမှတ် (၂-၃-၄)တို့ဖြစ်ကြတဲ့ — ဝိညာဏ်ရှိသော အတ္တဟု ရှု၏, အတ္တ၌ ဝိညာဏ်ဟု (ဝိညာဏ်

ရှိ၏ဟု) ရှု၏, ဝိညာဏ်၌ အတ္တဟု (အတ္တ ရှိ၏ဟု) ရှု၏–ဆိုတဲ့ စွဲလမ်းမှု (၃)မျိုးကတော့ – ဝိညာဏ်နှင့် အတ္တကို တခြားစီပြုကာ စွဲယူမှုမျိုး ဖြစ်တယ်။

တစ်ဖန် အမှတ် (၁) စွဲယူမှုကား – ဝိညာဏ်ကို အတ္တဟု စွဲယူခြင်း ဖြစ်တယ်။ အမှတ် (၂-၃-၄)တို့ကတော့ ရုပ်-ဝေဒနာ-သညာ-သင်္ခါရတို့ကို အတ္တလို့ စွဲယူပြီးတော့ ဝိညာဏ်က တခြား အတ္တက တခြားလို့ စွဲယူမှုမျိုး ဖြစ်တယ်။ သဘောပေါက်နိုင်ရန် ပုံစံအချို့ကို ထပ်ပြောကြရအောင် –

## သဘောပေါက်လွယ်ရန် ပုံစံများ

၁။ ဝိညာဏ်သည် ငါ ဖြစ်၏ – ဒီလို စွဲယူမှုမျိုးကတော့ ဝိညာဏ်နှင့် အတ္တကို တစ်ခုတည်း ပြုလုပ်ကာ စွဲယူပုံမျိုး ဖြစ်တယ်။

၂။ ဝိညာဏ်သည် ငါ၏ ဉစ္စာ ဖြစ်၏ – ဒီလို စွဲယူမှုမျိုးကတော့ ဝိညာဏ်နှင့် အတ္တကို တခြားစီ ထားပြီးတော့ စွဲယူပုံမျိုး ဖြစ်တယ်။

၁။ အဘယ်သူကို အဘယ်ဝတ္ထုကို ငါ မြင်သည်၊ ငါ ကြည့်သည်၊ ငါ ရှုသည် – ဒီလို စွဲယူမှုမျိုး ကတော့ – စက္ခုဝိညာဏ်အပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

၂။ ဘယ်အသံကို ငါ ကြားသည်၊ ငါ နာယူသည်၊ ငါ နားထောင်သည် – ဒီလို စွဲယူမှုမျိုးကတော့ - သောတဝိညာဏ်အပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

၃။ ဘယ်အနံ့ကို ငါ နံသည်၊ ငါ မွှေးသည် – ဒီလို စွဲယူမှုမျိုးကတော့ – ဃာနဝိညာဏ်အပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

၄။ အချိုအချဉ်အရသာကို ငါ သိသည် – ဒီလို စွဲယူမှုမျိုးကတော့ – ဇိဝှာဝိညာဏ်အပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

၅။ အချမ်းအပူ အကြမ်းအနု လှုပ်ရှားမှုတို့ကို တွေ့ထိ၍ ငါ သိသည် – ဒီလို စွဲယူမှုမျိုးကတော့ - ကာယဝိညာဏ်အပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

၆။ မနောနှလုံး (= စိတ်နှလုံး)နှင့် ငါ ကြံသည်၊ ငါ တွေးသည်၊ ငါ သိသည် – ဒီလို စွဲယူမှု-မျိုးကတော့ – မနောဝိညာဏ်အပေါ်မှာ ဖြစ်ပေါ်သွားတဲ့ သက္ကာယဒိဋ္ဌိ ဖြစ်တယ်။

## ခန္ဓာ (၅) ပါးလုံးအပေါ်၌ စွဲယူမှု

ခု ပြောဆိုခဲ့ပြီးတာကတော့ ခန္ဓာ (၅)ပါး တစ်ပါးပါးအပေါ်မှာ စွဲယူမှုပုံစံများ ဖြစ်ကြပါတယ်။ နောက်ထပ် အပေါင်းအားဖြင့် ခန္ဓာငါးပါးလုံးကို ခြုံပြီးတော့ – ငါဟူ၍လည်းကောင်း၊ ငါ သွားသည်၊ ငါ လာသည်၊ ငါ ပြုသည်၊ ငါ ပြောသည်၊ ငါ ဆိုသည် – စသည်ဖြင့်လည်းကောင်း အပေါင်းကို ခြုံငုံပြီးတော့ စွဲလမ်းပြောဆိုမှု မှန်သမျှဟာလည်း သက္ကာယဒိဋ္ဌိချည်းပင် ဖြစ်ကြတယ်။

ပုဂ္ဂိုလ် အဟုတ် ရှိ၏၊ သတ္တဝါ အဟုတ် ရှိ၏၊ လူ အဟုတ် ရှိ၏၊ နတ် အဟုတ် ရှိ၏၊ မိန်းမ အဟုတ် ရှိ၏၊ ယောက်ျား အဟုတ် ရှိ၏၊ ငါ အဟုတ် ရှိ၏၊ သူတစ်ပါး အဟုတ် ရှိ၏ – လို့ မှတ်

ထင်ခြင်း အရင်းခံရှိကြတဲ့ ပုထုဇန် သတ္တဝါတွေဟာ – "ငါဟူသော စကား, ကိုယ်ဟူသော စကား, သူဟူသော စကားကို" – တစ်လောကလုံး တအုန်းအုန်းလည်း ပြောကြတယ်၊ ပြောတိုင်း ပြောတိုင်းလည်း စိတ်အထင်ပါကြတယ်။ သက္ကာယဒိဋ္ဌိကို ပယ်ထားပြီးကြတဲ့ အရိယာသူတော်ကောင်းကြီးတို့ကျတော့ အပြောမှာ သမုတိသစ္စာ ဝေါဟာရသို့လိုက်ကာ အများနည်းတူပင် ပြောကြတယ်။ ဒါပေမဲ့ "ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ" တကယ် ထင်ရှားရှိပါတယ်ဆိုတဲ့ စိတ်အထင်မှုကား မရှိပြီ ဖြစ်ကြတယ်။ "ငါ"လို့ ပြောဆိုကြကုန်သော်လည်း စိတ်ထဲမှာ တကယ် "ငါ" ဟုတ်သည်ဟု မထင်ကြကုန်ပြီ ဖြစ်ကြတယ်။

ယခု ပြဆိုခဲ့ပြီးတဲ့ သက္ကာယဒိဋ္ဌိအချက်စုမှာ – ဒိဋ္ဌိနှင့် စွဲလမ်းထင်မြင်တာလည်း ရှိတယ်၊ သညာနှင့် စွဲလမ်းထင်မြင်တာလည်း ရှိတယ်၊ စိတ်ဝိညာဏ်နှင့် စွဲလမ်းထင်မြင်တာလည်း ရှိတယ်လို့ မှတ်သားထားပါ။

## သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ

ဒီသက္ကာယဒိဋ္ဌိကို အခြေခံပြီးတော့ မှားယွင်းတဲ့ ခံယူချက်ဆိုတဲ့ မိစ္ဆာဒိဋ္ဌိအမျိုးမျိုးတွေ ထင်ရှားဖြစ်ပေါ်လာကြတာ ဖြစ်တယ်။ ရှေးဦးစွာ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိအကြောင်းကို ဆွေးနွေးကြရအောင် –

ရှေ့ပိုင်းက ရှင်းပြခဲ့တဲ့အတိုင်း ခန္ဓာတစ်ပါးပါးကိုဖြစ်စေ ခန္ဓာအများစုကိုဖြစ်စေ အတ္တလို့ စွဲယူထားတယ် ဆိုကြစို့ – အဲဒီအတ္တသည် သေလျှင် ပြတ်၏–လို့ စွဲယူတဲ့ အယူဝါဒဟာ ဥစ္ဆေဒဒိဋ္ဌိမည်တယ်။ အတ္တသည် မပြတ်မစဲ အမြဲတည်ရှိတယ်လို့ စွဲယူတဲ့ အယူဝါဒဟာ သဿတဒိဋ္ဌိမည်တယ်။

၁။ ရုပ်ကို အတ္တလို့ စွဲယူတယ်။ (= **ရူပံ အတ္တတော သမနုပဿတိ။**)

၂။ ဝေဒနာကို အတ္တလို့ စွဲယူတယ်။ (= **ဝေဒနံ အတ္တတော သမနုပဿတိ**။)

၃။ သညာကို အတ္တလို့ စွဲယူတယ်။ (= **သညံ အတ္တတော သမနုပဿတိ။**)

၄။ သင်္ခါရတို့ကို အတ္တလို့ စွဲယူတယ်။ (= **သင်္ခါရေ အတ္တတော သမနုပဿတိ**။)

၅။ ဝိညာဏ်ကို အတ္တလို့ စွဲယူတယ်။ (= **ဝိညာဏံ အတ္တတော သမနုပဿတိ**။)

ဒီလို အသီးအသီး စွဲယူတဲ့အခါ အဲဒီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ရဲ့ ပျက်စီးမှုဟာ ထင်ရှားနေတဲ့အတွက် – အတ္တသည် ပျက်စီး၏၊ အတ္တသည် ပြတ်၏–လို့ စွဲယူပြန်တယ်။ အဲဒီလို စွဲယူခဲ့မယ်ဆိုရင် ဥစ္ဆေဒဒိဋ္ဌိလည်း ဖြစ်တယ်။ အတ္တဒိဋ္ဌိ = သက္ကာယဒိဋ္ဌိလည်း ဖြစ်တယ်။ အဲဒီ ဥစ္ဆေဒဒိဋ္ဌိကိုပဲ ဝိဘဝဒိဋ္ဌိလို့လည်း ခေါ်ဆိုပြန်တယ်။ ဝိဘဝဒိဋ္ဌိဆိုတာကတော့ ဘဝ ကင်းပြတ်ချုပ်ငြိမ်းသွားတယ်လို့ ဆိုလိုတာပါ။

နောက်တစ်ခု ပြောဦးမယ်၊ ရုပ်ရှိတဲ့ အတ္တ, ဝေဒနာရှိတဲ့ အတ္တ, သညာရှိတဲ့ အတ္တ, သင်္ခါရရှိတဲ့ အတ္တ, ဝိညာဏ်ရှိတဲ့ အတ္တ – စသည်ဖြင့် စွဲယူတဲ့အခါမှာတော့ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်က တခြား အတ္တက တခြားလို့ စွဲယူထားတဲ့အတွက် အဲဒီ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ ပျက်စီးသွားသော်လည်း အတ္တကား မပျက်စီးဘူးလို့ စွဲယူထားတဲ့အတွက်ကြောင့် သဿတဒိဋ္ဌိလည်း ဖြစ်တယ်၊ သက္ကာယဒိဋ္ဌိလည်း ဖြစ်တယ်။ အဲဒီ သဿတဒိဋ္ဌိကိုပဲ ဘဝဒိဋ္ဌိလို့လည်း ခေါ်ဆိုပြန်တယ်။ ဘဝဒိဋ္ဌိဆိုတာကတော့ ဘဝဆိုတဲ့ အတ္တက မပျက်စီးဘဲ ဘဝအဆက်ဆက် တည်ရှိနေတယ်လို့ ဆိုလိုပါတယ်။

ဗြဟ္မဇာလသုတ်စတဲ့ သုတ္တန်များမှာ ဟောကြားတော်မူတဲ့ မိစ္ဆာဒိဋ္ဌိ (၆၂)မျိုးစတဲ့ မိစ္ဆာဒိဋ္ဌိ အယူဝါဒ မှန်သမျှတွေဟာ ဒီသက္ကာယဒိဋ္ဌိမှ ဆက်သွယ်ကာ ဖြစ်ပွားပေါ်ပေါက်ပြီး လာကြတာ ဖြစ်တယ်။ ဒီသက္ကာယဒိဋ္ဌိဟာ မိစ္ဆာဒိဋ္ဌိ မှန်သမျှတွေရဲ့ အရင်းခံမျိုးစေ့ ဖြစ်တယ်။ ဒီမိစ္ဆာဒိဋ္ဌိအယူတွေဟာ သက္ကာယဒိဋ္ဌိရှိမှ ဖြစ်နိုင်ကြတယ်။ သက္ကာယဒိဋ္ဌိ မရှိခဲ့လျှင်တော့ မဖြစ်နိုင်ကြ – လို့ သဠာ-ယတနဝဂ္ဂ သံယုတ်ပါဠိတော် စိတ္တသံယုတ် ဒုတိယဣသိဒတ္တသုတ္တန်မှာ လာရှိပါတယ်။[၄၀]

## မရေရာသော သက္ကာယဒိဋ္ဌိ

ခုအခါမှာ မြန်မာနိုင်ငံအတွင်းမှာရှိကြတဲ့ ဗုဒ္ဓဘာသာဝင်အချို့တို့ဟာလည်း "ဘယ်အရာ"ဟု ကျကျနန မပြောတတ်ကြပေမဲ့ ရုပ်နာမ်ခန္ဓာ တစ်ခုခုအပေါ်မှာ အထူးသဖြင့် ဝိညာဏ်အပေါ်မှာ အတ္တလို့ပဲ စွဲလမ်းလျက် ရှိကြတယ်။ အတ္တဆိုတဲ့အမည်ကို စကားလုံးကို မသုံးကြပေမဲ့လို့ အဲဒီအတ္တ စကားလုံးနှင့် အဓိပ္ပာယ်တူညီနေတဲ့ – အသက်, လိပ်ပြာ, ဝိညာဏ်, အသက်ကောင်, လိပ်ပြာကောင်, ဝိညာဏ်ကောင်–ဆိုတဲ့ စကားလုံးများနှင့် ခေါ်ဝေါ်သုံးစွဲကြတယ်။ လူတစ်ယောက် သေသွားတဲ့အခါ "အသက်ထွက်သွားပြီ"လို့ ပြောကြပြန်တယ်၊ လူတစ်ယောက် ဖျားနာလို့ မေ့မျောသွားတဲ့အခါ လိပ်ပြာ ထွက်သွားပြီ၊ လိပ်ပြာ လွင့်သွားပြီ၊ လိပ်ပြာ ပြန်ခေါ်တတ်တဲ့ ဆရာနှင့် "လိပ်ပြာ ပြန်ခေါ်ရသည်"လို့-လည်း ပြောကြပြန်တယ်။ လူတစ်ဦးတစ်ယောက် အကြောင်းတစ်ခုခုကြောင့် အမှတ်တမဲ့ လန့်သွား-တဲ့အခါမှာလည်း – "လိပ်ပြာကို လွင့်သွားတာပဲ"လို့လည်း ပြောကြပြန်တယ်။ ကလေးများကို တစ်ယောက်ယောက်က ချောက်လှန့်တဲ့အခါမှာလည်း "ကလေးများကို မချောက်လှန့်နဲ့၊ လိပ်ပြာ လွင့်သွားတတ်တယ်"လို့လည်း ပြောကြပြန်တယ်။ သေသွားသူရဲ့ လိပ်ပြာဟာ ချစ်ခင်သူတစ်ဦးဦးရဲ့ လိပ်ပြာကို လာရောက်ခေါ်ယူနေတယ်၊ သေသွားသူရဲ့လိပ်ပြာနှင့် ချစ်ခင်သူရဲ့ လိပ်ပြာနှစ်ဦးတို့ လိပ်ပြာချင်း ပူးနေတယ်၊ ဒါကြောင့် လိပ်ပြာချင်း ခွဲပေးရမယ်လို့လည်း ပြောဆိုတတ်ကြပြန်တယ်။

သေလျှင် ဝိညာဏ်ဟာ = ဝိညာဏ်ဆိုတဲ့ အတ္တဟာ ဘဝတစ်ခုမှ ဘဝတစ်ခုသို့ ပြောင်းရွှေ့ သွားတယ်လို့လည်း ယူဆတတ်ကြပြန်တယ်။ ဒီအတ္တ စွဲလမ်းမှုကတော့ နယ်ကျယ်လှတယ်၊ ခန္ဓာကိုယ် ထဲမှာသာမက အပြင်အပ သက်မဲ့လောက တကယ်စင်စစ်ဖြစ်ကြတဲ့ သစ်ပင် တောတောင် ရေမြေတို့

[၄၀] ယာနိ စိမာနိ ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဗြဟ္မဇာလေ ဘဏိတာနိ၊ ဣမာ ခေါ ဂဟပတိ ဒိဋ္ဌိယော သက္ကာယဒိဋ္ဌိယာ သတိ ဟောန္တိ၊ သက္ကာယဒိဋ္ဌိယာ အသတိ န ဟောန္တိတိ။ (သံ၊၂၊၄၇၈။)

မှာလည်း အသက်ဇီဝ အတ္တာရှိတယ်လို့ စွဲလမ်းတတ်ကြပြန်တယ်။ ဒါကြောင့် ဘုရားရှင်က ဝိနည်းဒေသနာတော်မှာ လာရှိတဲ့ ပါစိတ္တိယပါဠိတော် ဘူတဂါမသိက္ခာပုဒ်မှာ – မဂ်ဖိုလ်နိဗ္ဗာန်မှ အချည်းနှီးဖြစ်ကြကုန်သော ယောက်ျားတို့ . . . လူသားတွေဟာ သစ်ပင်မှာလည်း အသက်ရှိတယ်လို့ မှတ်ထင်ကြတယ်လို့ ဟောကြားထားတော်မူခဲ့ပါတယ်။[၄၅၁]

## မဂ်ကို တားနိုင်သည်[၄၅၂]

ခု ဖော်ပြခဲ့တဲ့ ဘဝဒိဋ္ဌိ (၁၅)မျိုး, ဝိဘဝဒိဋ္ဌိ (၅)မျိုးဆိုတဲ့ သက္ကာယဒိဋ္ဌိ (၂၀)တို့ဟာ မဂ်ဉာဏ်ကို မရအောင် တားထားနိုင်ကုန်တယ်။ ဒါပေမဲ့ ဒီသက္ကာယဒိဋ္ဌိ (၂၀)တို့ဟာ နတ်ရွာသုဂတိကိုတော့ မရောက်အောင် တားမထားနိုင်ကြပါ။ ဒီသက္ကာယဒိဋ္ဌိ (၂၀)တို့ဟာ ပထမမဂ်ဉာဏ်က ပယ်သတ်ရမည့် တရားစုတို့သာ ဖြစ်ကြတယ်လို့ အဋ္ဌကထာများက ဖွင့်ဆိုထားကြပါတယ်။

ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရကြတဲ့ သင်္ခါရတရားတွေကို လက္ခဏာယာဉ်သုံးတန်လုံး တစ်လှည့်စီတင်ကာ ဝိပဿနာ ရှုပွားသုံးသပ်နိုင်ပါမှ အရိယမဂ်သို့ ဆိုက်ရောက်နိုင်တယ်။ အနိစ္စသက်သက် သို့မဟုတ် ဒုက္ခသက်သက် သို့မဟုတ် အနတ္တသက်သက် ဝိပဿနာရှုနေရုံမျှဖြင့်တော့ အရိယမဂ်သို့ မဆိုက်ရောက်နိုင်ပါဘူးလို့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာကတော့ ဖွင့်ဆိုထားပါတယ်။[၄၅၃]

ဒီလက္ခဏာရေးသုံးတန်တွေထဲမှာလည်း အနတ္တာနုပဿနာဉာဏ်လည်း ပါဝင်လျက် ရှိပါတယ်။ အနတ္တာနုပဿနာဉာဏ်ဖြင့်လည်း သင်္ခါရတရားတို့ကို အနတ္တဟု အဖန်ဖန် ရှုနိုင်ပါမှ သိနိုင်ပါမှ ဉာဏ်ဖြင့် မြင်နိုင်ပါမှလည်း မဂ်ဖိုလ်ကို ရနိုင် ဆိုက်ရောက်နိုင်တဲ့အတွက်ကြောင့် သက္ကာယဒိဋ္ဌိဖြင့် သင်္ခါရတရားတွေကို အတ္တလို့ ရှုလေသမျှ ရှုနေသမျှ အနတ္တသို့ ဉာဏ်အမြင် မဆိုက်နိုင်တဲ့အတွက် မဂ်ဖိုလ်ကို မရနိုင် မဂ်ဖိုလ်သို့ မဆိုက်ရောက်နိုင်ခြင်း ဖြစ်တယ်။ ဒါကြောင့် ဒီသက္ကာယဒိဋ္ဌိကို **"မဂ္ဂါဝရဏ** = မဂ်ကို မရအောင် တားထားနိုင်တယ်"လို့ အဋ္ဌကထာများက ဖွင့်ဆိုထားကြခြင်း ဖြစ်တယ်။ ဒါပေမဲ့ ဒီသက္ကာယဒိဋ္ဌိတွေဟာ ထင်လင်းရှိနေကြပေမဲ့လို့ ကောင်းမှုကုသိုလ်ကံ တစ်ခုခုကြောင့် နတ်ရွာသုဂတိကိုတော့ ရောက်နိုင်တဲ့အတွက် နတ်ရွာသုဂတိကို မရောက်အောင် တားထားနိုင်တဲ့ **သဂ္ဂါဝရဏ**တရားတို့တော့ မဟုတ်ကြကုန်လို့ အဋ္ဌကထာက ဖွင့်ဆိုထားတော်မူခြင်း ဖြစ်ပါတယ်။

ဒီသက္ကာယဒိဋ္ဌိ (၂၀)တို့အပေါ်၌ အခြေစိုက်ကာ အတ္တကို ပြောဆိုကြောင်း စွဲမြဲစွာယူကြောင်း သဘောတရားဆိုတဲ့ အတ္တဝါဒုပါဒါန်ဟာ တစ်နည်းပြောရလျှင် အတ္တလို့ စွဲမြဲစွာယူကြောင်းဖြစ်တဲ့ အတ္တဝါဒမျှသာလျှင်ဖြစ်တဲ့ အတ္တဝါဒုပါဒါန်ဟာ ဖြစ်ပေါ်နေပေတယ်။

ဒီနေရာမှာ သက္ကာယဒိဋ္ဌိကို အခြေခံပြီး ဖြစ်ပေါ်လာကြတဲ့ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့ အကြောင်းနှင့်တကွ ကာမုပါဒါန်အကြောင်းကိုပါ ဆက်လက်ပြီးတော့ ပြောကြ

---

[၄၅၁] ဇီဝသညိနော ဟိ မောဃပုရိသာ မနုဿာ ရုက္ခသ္မိံ။ (ဝိ၊၂၊၅၁-၅၂။)
[၄၅၂] တာ သဗ္ဗာပိ မဂ္ဂါဝရဏာ၊ န သဂ္ဂါဝရဏာ၊ ပဌမမဂ္ဂဝဇ္ဈာတိ ဝေဒိတဗ္ဗာ။ (အဘိ၊ဋ္ဌ၊၁၊၃၈၈။)
[၄၅၃] ဝိသုဒ္ဓိ၊၂၊၃၀၁။

ရအောင် — ဥပါဒါန်တွေနှင့် ပတ်သက်လို့ ဥပ္ပတ္တိက္ကမ = ဖြစ်စဉ်, ပဟာနက္ကမ = အရိယမဂ်ဖြင့် ပယ်စဉ်, ဒေသနာက္ကမ = ဒေသနာဟောစဉ် — ဆိုပြီးတော့ အစဉ် (၃)မျိုး ရှိနေပါတယ်။ အဲဒီအစဉ် (၃)မျိုးအကြောင်းကို ဆက်ပြီးတော့ ပြောမယ် —

## ဥပ္ပတ္တိက္ကမ – ပဟာနက္ကမ – ဒေသနာက္ကမ

၁။ **ဥပ္ပတ္တိက္ကမ** = ဖြစ်စဉ်,

၂။ **ပဟာနက္ကမ** = အရိယမဂ်ဖြင့် ပယ်စဉ်,

၃။ **ဒေသနာက္ကမ** = ဒေသနာဟောစဉ်—ဟု အစဉ်သုံးမျိုး ရှိတယ်။

၁။ **ဥပ္ပတ္တိက္ကမ** — ဆိုတာကတော့ အစမထင် သံသရာတစ်ခွင်မှာ . . . ဤကိလေသာကား ရှေးဦးစွာ ဖြစ်ခြင်းထင်ရှား၏လို့ ဆိုဖွယ်မရှိခြင်းကြောင့် အဝိဇ္ဇာ, တဏှာ စတဲ့ ကိလေသာတို့၏ ဖြစ်စဉ်ကိုတော့ = ဥပ္ပတ္တိက္ကမကိုတော့ မုချအားဖြင့် ပြောဆိုလို့ မရနိုင်ဘူး။ သို့သော် ပရိယာယ်အားဖြင့် ဆိုရသော် ယေဘုယျအားဖြင့် ဘဝတစ်ခုဝယ် "အတ္တ ရှိတယ်"လို့ စွဲယူတတ်တဲ့ အတ္တဝါဒုပါဒါန်ဟာ ရှေးဦးစွာ ဖြစ်တတ်ပါတယ်။ သို့သော် ယင်း အတ္တဝါဒဟာ "အတ္တသည် မြဲ၏၊ အတ္တသည် သေလျှင် ပြတ်မသွားဘဲ ဘဝတစ်ခုပြီး တစ်ခု ပြောင်းရွှေ့ကာ အမြဲလိုက်ပါနေတတ်၏"—ဟု စွဲလမ်းယုံကြည်-တတ်သည့် သဿတဒိဋ္ဌိနှင့်သော်လည်း ယှဉ်တွဲနေတတ်၏။ သို့မဟုတ် "အတ္တသည် သေလျှင် ပြတ်၏၊ ဘဝဟူသည် ပုခက်နှင့် ခေါင်းအကြားမှာသာ ရှိ၏"—ဟု စွဲလမ်းယုံကြည်တတ်သည့် ဥစ္ဆေဒ-ဒိဋ္ဌိနှင့်သော်လည်း ယှဉ်တွဲနေတတ်၏။ ယင်း သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့မှာလည်း အတ္တဝါဒကို အခြေခံ၍ ဖြစ်ပေါ်လာကြ၏။ ထိုကြောင့် အဋ္ဌကထာက — **ကေသုိ ဘဝေ အတ္တဂ္ဂါဟပုဗ္ဗင်္ဂမော သဿတုစ္ဆေဒါဘိနိဝေသော** = ယေဘုယျအားဖြင့် ဘဝတစ်ခုဝယ် "အတ္တ ရှိသည်"ဟု စွဲယူတတ်သည့် အတ္တဝါဒကို ရှေ့သွားပြုကာ "အတ္တသည် မြဲ၏"—ဟု စွဲယူ နှလုံးသွင်းတတ်သည့် သဿတဒိဋ္ဌိ, "အတ္တသည် သေလျှင် ပြတ်၏"—ဟု စွဲယူ နှလုံးသွင်းတတ်သည့် ဥစ္ဆေဒဒိဋ္ဌိသည် ဖြစ်ပေါ်လာတတ်၏ ဟု ဖွင့်ဆိုခြင်း ဖြစ်၏။

ထို့နောင်မှ "ဤအတ္တသည် မြဲ၏"—ဟု စွဲယူသည့် သဿတဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်၏သန္တာန်မှာ အတ္တစင်ကြယ်ဖို့ရန်အတွက် "နွားလို ကျင့်ခြင်း, ခွေးလို ကျင့်ခြင်း" စသည့် အတ္တဝါဒုပါဒါန်သည် ဖြစ်ပေါ်လာ၏။ "အတ္တသည် သေလျှင် ပြတ်၏"—ဟု စွဲယူတတ်သည့် ဥစ္ဆေဒဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်၏သန္တာန်ဝယ် တမလွန်လောကအပေါ်၌ ငဲ့ကွက်တွယ်တာမှု ကင်းနေ၏။ တမလွန်လောက အပေါ်၌ ငဲ့ကွက်တွယ်တာမှု ကင်းနေသော်လည်း ထိုပုဂ္ဂိုလ်မျိုးသည် ပစ္စုပ္ပန်တွင် တွေ့ကြုံခံစားနေရသော သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့အပေါ်၌ နှစ်သက်စွဲလမ်းမှု မြတ်နိုးမှု ကာမုပါဒါန်ကား အားကောင်းလာတတ်ပြန်၏။

ထိုကြောင့် ဘဝတစ်ခုဝယ် ရှေးဦးစွာ အတ္တဝါဒုပါဒါန် ဖြစ်တတ်၏၊ ထိုနောင် ဒိဋ္ဌုပါဒါန်, ထိုနောင် သီလဗ္ဗတုပါဒါန်, ထိုနောင် ကာမုပါဒါန်တို့ ဖြစ်တတ်ကြ၏။ ဤကား ယင်းကိလေသာတို့၏

**ဥပ္ပတ္တိက္ကမ** = ဖြစ်စဉ်တည်း။[၄၄]

ယေဘုယျ – တစ်ခါတစ်ရံ – ပကတိဝါဒသမား, အဏုဝါဒသမားတို့၏သန္တာန်ဝယ် သဿတ-ဒိဋ္ဌိ သို့မဟုတ် ဥစ္ဆေဒဒိဋ္ဌိက အလျင်ဖြစ်၍ အတ္တဒိဋ္ဌိက နောက်မှ ဖြစ်တတ်၏။ သဿတဒိဋ္ဌိ အယူရှိသည့် ပုဂ္ဂိုလ်၏သန္တာန်ဝယ် – ဤခန္ဓာအိမ်၏ပိုင်ရှင် = သာမိဖြစ်သည့် တစ်စုံတစ်ခုသော အတ္တ-သည် မသေမပျောက်ဘဲ အမြဲတည်ရှိနေ၏ဟု စွဲလမ်းယုံကြည်တတ်၏၊ အတ္တဒိဋ္ဌိ ဖြစ်ပေါ်လာ-တတ်၏။ ဥစ္ဆေဒဒိဋ္ဌိသမား၏သန္တာန်မှာလည်း သေလျှင် ပြတ်သွားသည့် အတ္တသည် ထင်ရှားရှိ၏ဟု စွဲယူတတ်သည့် အတ္တဝါဒ ဖြစ်ပေါ်လာတတ်၏။

ထိုကြောင့် တစ်ခါတစ်ရံ သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိတို့က အတ္တဒိဋ္ဌိ၏ အလျင်ဖြစ်တတ်ကြ-ပေသည်။[၄၅]

၂။ **ပဟာနက္ကမ** – ဆိုတာကတော့ အရိယမဂ်တရားဖြင့် ဒီကိလေသာတွေကို ပယ်ရှားတဲ့ အပိုင်းမှာ ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်တို့ကို ရှေးဦးစွာ ပယ်ရှားရမှာ ဖြစ်တယ်။ အကြောင်းကတော့ အဲဒီ ဒိဋ္ဌိအမျိုးမျိုးတွေဟာ သောတာပတ္တိမဂ်ဉာဏ်က ပယ်သတ်ထိုက်တဲ့ ကိ-လေသာတရားဆိုးတွေ ဖြစ်ကြတဲ့အတွက်ကြောင့်ပဲ ဖြစ်တယ်။ ကာမုပါဒါန်ကတော့ အရဟတ္တမဂ်ဖြင့် ပယ်သတ်အပ်တဲ့ တရားဖြစ်တဲ့အတွက်ကြောင့် နောက်မှ ပယ်သတ်အပ်တဲ့ ဥပါဒါန်ဖြစ်တယ်။[၄၆]

၃။ **ဒေသနာက္ကမ** – ကာမုပါဒါန်က အရာကျယ်တဲ့အတွက်ကြောင့်လည်းကောင်း, လောကမှာ ထင်ရှားတဲ့အတွက်ကြောင့်လည်းကောင်း ဥပါဒါန် (၄)မျိုးထဲမှာ ကာမုပါဒါန်ကို ရှေးဦးစွာ ဘုရားရှင်က ဟောကြားတော်မူခြင်း ဖြစ်တယ်။ အဲဒီကာမုပါဒါန်တွေဟာ လောဘမူစိတ် (၈)ပါးလုံးနှင့် အမြဲယှဉ်တွဲ ဖြစ်နေတဲ့ တရားဖြစ်တဲ့အတွက် အလွန် အရာကျယ်ပါတယ်။ ကျန်ဥပါဒါန်သုံးမျိုးတို့ကတော့ ဒိဋ္ဌိဂတ-သမ္ပယုတ် လောဘမူစိတ် (၄)မျိုးနှင့်သာ ယှဉ်တွဲဖြစ်တဲ့အတွက် အရာကျဉ်းတယ်။ များသောအားဖြင့်-တော့ ငြိကပ်တွယ်တာရာ ဥပါဒါနက္ခန္ဓာငါးပါးမှာ မွေ့လျော်ခြင်းရှိနေတဲ့ သတ္တဝါတွေရဲ့သန္တာန်မှာ ကာမုပါဒါန်ကတော့ သိပ်ထင်ရှားတယ်။ ကျန်ဥပါဒါန်တွေကတော့ ကာမုပါဒါန်လောက် မထင်ရှား ကြဘူး။ ကာမုပါဒါန် အားကြီးတဲ့ပုဂ္ဂိုလ်ဟာ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတွေကို ရရှိရန်အလို့ငှာ ကံ-ကံ၏အကျိုးကို ယုံကြည်မှု မရှိဘဲ, ရှိသော်လည်း အလေးမမူဘဲ အမြင်မင်္ဂလာ (= ဒိဋ္ဌမင်္ဂလာ), အကြားမင်္ဂလာ (= သုတမင်္ဂလာ), အတွေ့မင်္ဂလာ (= မုတမင်္ဂလာ) စတဲ့ လောကီမင်္ဂလာတွေကိုသာ လေ့လာလိုက်စားမှုများတယ်။ အဲဒီပုဂ္ဂိုလ်ရဲ့ ဒီလောကီမင်္ဂလာတွေအပေါ်မှာ ယုံကြည်မှု စွဲလမ်းမှုဟာ ဒိဋ္ဌုပါဒါန်ပင် ဖြစ်တယ်။ ဒါ့ကြောင့် ကာမုပါဒါန်ကို ဟောကြားတော်မူပြီးနောက် ဒိဋ္ဌုပါဒါန်ကို ဆက်လက် ဟောကြားတော်မူတယ်။

အဲဒီ ဒိဋ္ဌုပါဒါန်ရဲ့ အဆွယ်အပွားဖြစ်တဲ့ ဒိဋ္ဌိ (၂)မျိုးကတော့ သီလဗ္ဗတုပါဒါန်နှင့် အတ္တဝါဒု-ပါဒါန်တို့ ဖြစ်ကြတယ်။ အဲဒီနှစ်မျိုးထဲမှာ နွားတွေရဲ့ အမူအရာကိုသော်လည်းကောင်း, ခွေးတွေရဲ့

[၄၄] အဘိဋ္ဌ၊၂၊၁၇၃။ ဝိသုဒ္ဓိ၊၂၊၂၀၄-၂၀၅။ စာပိုဒ်၊၂၃၃။ [၄၅] မူလဋီ၊၂၊၁၂၂။ စာပိုဒ်-၂၃၃။
[၄၆] အဘိဋ္ဌ၊၂၊၁၇၃။ ဝိသုဒ္ဓိ၊၂၊၂၀၅။

အမှုအရာကိုသော်လည်းကောင်း မြင်ရုံဖြင့်လည်း သိနိုင်တဲ့အတွက်ကြောင့် ပေါ်လွင်ထင်ရှားတယ်။ ဒီလို ပေါ်လွင်ထင်ရှားတဲ့အတွက် သီလဗ္ဗတုပါဒါန်ကို ပထမရှေးဦးစွာ ဟောကြားတော်မူတယ်။ အတ္တအယူအဆဟာ သီလဗ္ဗတုပါဒါန်ထက် သိမ်မွေ့တဲ့အတွက်ကြောင့် နောက်ဆုံးကျမှ အတ္တဝါဒုပါဒါန်ကို ဟောကြားတော်မူတယ်။ ဒါကတော့ ဒေသနာတော်အစဉ် (ဒေသနာက္ကမ) ဖြစ်ပါတယ်။[၁၄၇]

## ဒိဋ္ဌိ၏ သဘောတရား

မှားယွင်းတဲ့ ခံယူချက်ဖြစ်တဲ့ ဒီ မိစ္ဆာဒိဋ္ဌိကိုပဲ အတိုကောက်အားဖြင့် ဒိဋ္ဌိလို့လည်း ခေါ်ဆိုပါတယ်။ ဒီ ဒိဋ္ဌိရဲ့ သဘောတရားဟာ "မရှိသည်ကို အရှိ, ရှိသည်ကို မရှိ, မဟုတ်သည်ကို အဟုတ်, ဟုတ်သည်ကို မဟုတ်"လို့ သိမြင်ရုံသာမက "ငါ့အယူသာ အမှန်, သူတစ်ပါးအယူတွေကား အမှား"လို့ သူတစ်ပါးကိုပင် စွပ်စွဲတတ်ပြန်တယ်။

## "မရှိသည်ကို အရှိ" ပြုလုပ်တတ်ပုံ

စွပ်စွဲပုံကို ထပ်ပြောမယ် — ဒီကမ္ဘာလောကကြီးနှင့်တကွ သတ္တဝါတွေကို ဖန်ဆင်းသူ = က္ကသရ မရှိပါဘဲလျက် ဖန်ဆင်းရှင် ရှိတယ်လို့ သိမြင်ခြင်း, သတ္တဝါတွေရဲ့ ကိုယ်ခန္ဓာအတွင်းမှာ အတ္တခေါ်တဲ့ အသက်ကောင် မရှိပါဘဲလျက် အတ္တ ရှိတယ်၊ အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင် ရှိတယ်လို့ သိမြင်ခြင်းဟာ "မရှိသည်ကို အရှိ"လို့ သိမြင်တဲ့ ဒိဋ္ဌိ ဖြစ်တယ်။

## "ရှိသည်ကို မရှိ" ပြုလုပ်တတ်ပုံ

နောက်တစ်ခု ပြောဦးမယ် — သတ္တဝါတွေရဲ့သန္တာန်မှာ ပြုပြုသမျှ ကုသိုလ်ကံ အကုသိုလ်ကံ မှန်သမျှဟာ နောင်အခါဝယ် (အဟောသိကံ မဖြစ်သေးသမျှ, ပရိနိဗ္ဗာန် မစံရသေးသမျှ) အကျိုးပေးရန် စွမ်းအင်ကမ္မသတ္တိ ကျန်ရှိပါလျက် "ထိုကုသိုလ်ကံ အကုသိုလ်ကံ မရှိ"ဟု သိမြင်ခြင်း, ထိုကံ၏ ကောင်းကျိုးဆိုးပြစ်များကို ခံစားရပါလျက် "ထိုကံ၏ အကျိုး မရှိ"ဟု သိမြင်ခြင်း၊ ရုပ်နာမ်ဓမ္မသင်္ခါရတရားမှန်သမျှတို့၏ အစသတ် ချုပ်ငြိမ်းရာ နိဗ္ဗာန်တရားတော်မြတ်ကြီးသည် ထင်ရှားရှိနေသည် ဖြစ်ပါလျက် "နိဗ္ဗာန် မရှိ"ဟု သိမြင်ခြင်း, နိဗ္ဗာန်သို့ မရောက်ရှိရသေးသမျှ ကာလပတ်လုံး နောက်ထပ် ခံစံရမည့်ဘဝ ထင်ရှားရှိနေပါလျက် "တမလွန်ဘဝ နောက်ဘဝသည် မရှိ ဘဝဟူသည် ပုခက်နှင့် ခေါင်းအကြားမှာသာ ရှိ၏၊ သေလျှင် ပြတ်၏၊ ခေါင်းဟိုဘက် ဘာမျှမရှိ"ဟု သိမြင်ခြင်းတွေဟာ "ရှိသည်ကို မရှိ"လို့ သိမြင်နေတဲ့ ဒိဋ္ဌိဖြစ်တယ်။

## "မဟုတ်သည်ကို အဟုတ်" ပြုလုပ်တတ်ပုံ

သတ္တဝါတွေကို သတ်ပြီးတော့ ယဇ်နတ်ပူဇော်ကြခြင်းဟာလည်း အင်မတန် ကြီးကျယ်မွန်မြတ်တဲ့ ကောင်းမှုကုသိုလ်ကြီး ဖြစ်တယ်၊ အလွန်အေးမြတဲ့ ဆောင်းကာလမှာ ရေချိုးခြင်း, အလွန်ပူအိုက်

[၁၄၇] အဘိ၊ဋ္ဌ၊၂၊၁၇၃။ ဝိသုဒ္ဓိ၊၂၊၂၀၅။

တဲ့ နွေကာလမှာ နေ့လယ်ကြောင်တောင်ဝယ် မိမိရဲ့ ရှေ့နောက်ဝဲယာ အရပ်လေးမျက်နှာတို့၌ မီးဖိုလေးဖို ပြုလုပ်ပြီးတော့ ယင်းမီးလေးဖိုတို့ရဲ့အလယ်မှာ တည်နေပြီးတော့ ခန္ဓာကိုယ်ကို မီးကင်ခြင်း = မီးလေးဖိုနှင့် နေပူဆိုတဲ့ ငါးမျိုးသော အပူ = ပဉ္စာတပအကျင့်ကို ကျင့်ခြင်း, နွားလိုနေခြင်း, ခွေးလိုနေခြင်းစတဲ့ အပြုအမူများဟာ ကိလေသာစင်ကြယ်ဖို့အကြောင်း ကောင်းမြတ်တဲ့ အကျင့်များ ဖြစ်ကြတယ်၊ ကောင်းမြတ်တဲ့ အချိန်အခါဝယ် ဂင်္ဂါမြစ်ရေထဲမှာ မိမိရဲ့ အပြစ်တွေကို မျှောရခြင်းဟာ ပြုမိခဲ့တဲ့ အပြစ်များရဲ့ စင်ကြယ်ဖို့အကြောင်း ကောင်းမြတ်တဲ့ အကျင့်ဖြစ်တယ် — စသည်ဖြင့် သိမြင်ခြင်းတွေဟာ "မဟုတ်သည်ကို အဟုတ်"လို့ သိမြင်တဲ့ ဒိဋ္ဌိ ဖြစ်တယ်။

## "ဟုတ်သည်ကို မဟုတ်" ပြုလုပ်တတ်ပုံ

ဒါန သီလ သမထ ဝိပဿနာ အစဖြာတဲ့ ကောင်းမှုကုသိုလ်များကို, တစ်နည်းပြောရလျှင် ဖြူစင်မြင့်မြတ်တဲ့ မဂ္ဂင် (၈)ပါး အကျင့်မြတ်တရားတွေကို သုဂတိဘဝသို့ ရောက်ကြောင်း နိဗ္ဗာန်သို့ ရောက်ကြောင်း နိယျာနိကတရားကောင်း မဟုတ်လို့ သိမြင်ခြင်းဟာ "ဟုတ်သည်ကို မဟုတ်"လို့ သိမြင်နေတဲ့ ဒိဋ္ဌိ ဖြစ်တယ်။ ခုပြောခဲ့တာတွေကတော့ နမူနာပုံစံအချို့သာ ဖြစ်ပါတယ်။ ဒိဋ္ဌိရဲ့ အမှားသိပုံတွေဟာ လွန်စွာ အရာကျယ်ပါတယ်။

လောကမှာ မဂ္ဂင် (၈)ပါး အကျင့်မြတ်တရားဆိုတဲ့ သံသရာမှ ထွက်မြောက်ကြောင်းဆိုတဲ့ နိယျာနိကတရားကောင်းကို အညီအညွတ် ကောင်းမွန်မှန်ကန်စွာ ကျင့်ကြတဲ့အတွက် ရဟန္တာအဖြစ်သို့ ဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူကြကုန်တဲ့, ဒီလောက တမလွန်လောကအကြောင်းကို ထူးသောဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီးတော့ ဟောကြားနိုင်တဲ့ သူတော်-ကောင်းတွေကို လက်မခံနိုင်တဲ့ အယူအဆမှာလည်း ဒီ မိစ္ဆာဒိဋ္ဌိပင် ဖြစ်ပါတယ်။

## နိယတမိစ္ဆာဒိဋ္ဌိသမား

ဒီ မိစ္ဆာဒိဋ္ဌိအမျိုးမျိုးတွေထဲမှာ နတ္ထိကဒိဋ္ဌိ အကိရိယဒိဋ္ဌိ အဟေတုကဒိဋ္ဌိဆိုတဲ့ မိစ္ဆာဒိဋ္ဌိကြီး သုံးမျိုးကတော့ အဆိုးဝါးဆုံး မိစ္ဆာဒိဋ္ဌိကြီးတွေ ဖြစ်ကြတယ်။ ဒီ (၃)မျိုးလုံးကတော့ — "ဘဝဟူသည် ပုခက်နှင့် ခေါင်းအကြားမှာသာ ရှိတယ်၊ ခေါင်းဟိုဘက် ဘာမှမရှိ"လို့ စွဲယူတတ်တဲ့ ဥစ္ဆေဒဒိဋ္ဌိတွေပဲ ဖြစ်ကြတယ်။ ဒီ (၃)မျိုးကို သေသည့်တိုင်အောင် မစွန့်လွှတ်ဘဲ စွဲမြဲစွာ ဆုပ်ကိုင်ထားခဲ့မယ်ဆိုလျှင် အပါယ်လေးဘုံဆိုတဲ့ အကျိုးတရားက ကျိန်းသေဧကန် မြဲနေတဲ့အတွက် "နိယတမိစ္ဆာဒိဋ္ဌိ"လို့ ခေါ်ဆိုတယ်။

၁။ နတ္ထိကဒိဋ္ဌိကတော့ ကံရဲ့အကျိုးတရားကို မရှိ – လို့ တားမြစ်တဲ့ ဒိဋ္ဌိ ဖြစ်တယ်။

၂။ အကိရိယဒိဋ္ဌိကတော့ အကျိုးကို ဖြစ်စေတတ်တဲ့ အကြောင်းကံကို မရှိ – လို့ တားမြစ်တဲ့ ဒိဋ္ဌိ ဖြစ်တယ်။

၃။ အဟေတုကဒိဋ္ဌိကတော့ ကံ-ကံရဲ့အကျိုး နှစ်မျိုးလုံးကိုပဲ မရှိ – လို့ တားမြစ်တဲ့ ဒိဋ္ဌိ ဖြစ်တယ်။

ဒီသုံးမျိုးထဲမှာ အကြောင်းကံမရှိ – လို့ ကံကို တားမြစ်တဲ့ ပုဂ္ဂိုလ်ဟာလည်း ကံကြောင့် ဖြစ်ပေါ်လာမည့် အကျိုးတရားကိုလည်း တားမြစ်ပြီးပင် ဖြစ်တယ်။ ကံ၏ အကျိုးတရားဝိပါက်ကို မရှိ – လို့ အကျိုးဝိပါက်ကို တားမြစ်တဲ့ လက်မခံတဲ့ ပုဂ္ဂိုလ်ဟာလည်း အကျိုးကို ဖြစ်စေတတ်တဲ့ အကြောင်းကံကိုလည်း တားမြစ်ပြီးပင် ဖြစ်တယ်။

ဒါကြောင့် ဒိဝါဒကြီး သုံးရပ်လုံးတို့ဟာလည်း တရားကိုယ် အနက်သဘောအားဖြင့် ကံ-ကံရဲ့ အကျိုး နှစ်မျိုးလုံးကိုပင် တားမြစ်ကြတဲ့ လက်မခံကြတဲ့ နတ္ထိကဝါဒ အဟေတုကဝါဒ အကိရိယဝါဒတို့ ဖြစ်ကြတယ်။

## နိယတမိစ္ဆာဒိဋ္ဌိအဆင့်သို့ ရောက်ရှိသွားပုံ

အချို့ပုဂ္ဂိုလ်တွေဟာ မိမိတို့ရဲ့ ဂိုဏ်းဆရာကြီးတို့ရဲ့ ယင်းမိစ္ဆာဒိဋ္ဌိ အယူဝါဒဆိုးကြီး တစ်ခုခုကို ဖြစ်စေ အားလုံးကိုဖြစ်စေ နှစ်ခြိုက်စွာ လက်ခံပြီးတော့ ညဥ့်သန့်ရာ နေ့သန့်ရာ နေရာတစ်ခုခုမှာ ထိုင်နေလျက် အဲဒီ အယူဝါဒကို ရွတ်ဖတ်သရဇ္ဈာယ်ကြတယ်၊ စူးစမ်းဆင်ခြင်ကြည့်ကြတယ်။ အဲဒီ ပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ –

၁။ အလှူဒါနရဲ့ အကျိုးတရားဟာ မရှိ၊ (**နတ္ထိ ဒိန္နံ၊**) / အလှူကြီး ပေးလှူရခြင်းရဲ့ အကျိုးတရားဟာ မရှိ။ (**နတ္ထိ ယိဋ္ဌံ၊**)

၂။ မကောင်းမှုကို ပြုသော်လည်း ပြုသည် မမည်။ (**ကရောတော န ကရိယတိ ပါပံ၊**)

၃။ သတ္တဝါတို့ ညစ်နွမ်းဖို့ရန်, သတ္တဝါတို့ ဖြူစင်သန့်ရှင်းဖို့ရန် တိုက်ရိုက် ဖြစ်ပေါ်စေတတ်တဲ့ ဟေတုအကြောင်းတရား, အားပေးထောက်ပံ့တတ်တဲ့ ဥပတ္ထမ္ဘကအကြောင်းတရားဟာ မရှိ။ (**နတ္ထိ ဟေတု၊ နတ္ထိ ပစ္စယာ၊ သတ္တာနံ ဝိသုဒ္ဓိယာ၊ အဟေတူ အပ္ပစ္စယာ သတ္တာ ဝိသုဇ္ဈန္တိ။**)

ဒီလို စသည်ဖြင့် စဉ်းစားတွေးခေါ်နေတဲ့အခါ အဲဒီ အာရုံမှာ မှားယွင်းတဲ့ မိစ္ဆာသတိဟာ ကောင်းစွာ တည်လာတယ်။ စိတ်တည်ကြည်မှု ဧကဂ္ဂတာဟာလည်း ဖြစ်ပေါ်လာတယ်၊ မိစ္ဆာဒိဋ္ဌိ ပြဓာန်းတဲ့ အကုသိုလ် လောဘမူဇောတွေဟာ စောကုန်တယ်၊ ပထမဇောအခိုက်မှာလည်း ကုစားလို့ကား ရနိုင်သေးတယ်၊ အလားတူပဲ ဒုတိယဇောအခိုက် စသည်တို့မှာလည်း ကုစားလို့ကား ရနိုင်သေးတယ်၊ သတ္တမဇောတိုင် ဆိုက်ရောက်သွားတဲ့အခါမှာကား အရိဋ္ဌရဟန်း ကဏ္ဍကသာမဏေတို့လို ဘုရားရှင်တို့သော်မှလည်း ကုစားလို့ မရနိုင်တဲ့ ပြန်လည်ခြင်းသဘောမရှိတဲ့ အပါယ်သို့ရောက်ဖို့ရန် ကျိန်းသေမြဲတဲ့ အဆင့်သို့ ရောက်ရှိသွားတယ်။ ဒီသဘောတရားကိုပဲ နိယတမိစ္ဆာဒိဋ္ဌိအဆင့်သို့ ရောက်ရှိသွားတယ်လို့ ဆိုလိုတယ်။

ဒီ မိစ္ဆာဒိဋ္ဌိကြီး သုံးမျိုးတို့အထဲမှာ တစ်ယောက်ကား မိစ္ဆာဒဿန = မှားသောအမြင်တစ်ခုသို့ သက်ဝင်သွားတယ်၊ တစ်ယောက်ကား မိစ္ဆာဒဿန = မှားသောအမြင်နှစ်ခုတို့သို့ တစ်ယောက်ကား သုံးခုလုံးတို့သို့ သက်ဝင်သွားတယ်၊ တစ်ခု၌သော်လည်းကောင်း, နှစ်ခုတို့၌သော်လည်းကောင်း,

သုံးခုလုံးတို့၌သော်လည်းကောင်း သက်ဝင်တည်နေသော်လည်း နိယတမိစ္ဆာဒိဋ္ဌိဖြစ်သည်သာ ဖြစ်ပါ-တယ်။ ယင်းနိယတမိစ္ဆာဒိဋ္ဌိသို့ ဆိုက်ရောက်ပြီးတဲ့ ပုဂ္ဂိုလ်ကို ယင်းနိယတမိစ္ဆာဒိဋ္ဌိက နတ်ရွာသုဂတိ = ကောင်းရာသုဂတိသို့ မရောက်အောင်လည်း တားထားတယ်။ အဲဒီ နိယတမိစ္ဆာဒိဋ္ဌိဝါဒကို လက်ခံ-ထားတဲ့ အဲဒီ ခန္ဓာကိုယ် အတ္တဘောရဲ့ နတ်ရွာသုဂတိသို့ သွားခြင်းငှာလည်း မစွမ်းနိုင် ဖြစ်နေတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်သို့ ရောက်ရှိရန်ဆိုတာကတော့ အဘယ်မှာလျှင် ပြောဆိုဖွယ်ရာ ရှိနိုင်တော့မှာလဲ။ ဒီသတ္တဝါကား ပထဝီ ဂေါပကအမည်ရတဲ့ မဟာပထဝီမြေကြီးကို အမြဲစောင့်နေရတဲ့ သံသရာဝဋ္ဋဆင်းရဲဒုက္ခရဲ့ သစ်ငုတ်ကြီး မည်ပေတယ်။ ဒီလိုပုဂ္ဂိုလ်ဟာ တစ်ခုသော ဘဝမှာ အပါယ်သို့ ကျရောက်ခြင်းသဘော မြဲလေသလော၊ သို့မဟုတ် အခြားသော ဘဝ၌လည်း ကျရောက်ခြင်းသဘော မြဲလေသလောလို့တော့ မေးရန်ရှိတယ်။ တစ်ခုသော ဘဝမှာသာ မြဲတယ်လို့ အဆိုရှိတယ်၊ သို့သော် အဲဒီ ဝါဒကို အဖန်ဖန် အထပ်ထပ် မှီဝဲခြင်း = အာသေဝန၏ အစွမ်းဖြင့် ဘဝတစ်ပါးမှာလည်း အဲဒီ မိစ္ဆာဒိဋ္ဌိဝါဒကို နှစ်သက်မြတ်နိုးနေသည်သာ ဖြစ်တတ်ပါတယ်။

မှန်ပေတယ် — ဒီလို သဘောရှိနေတဲ့ ပုဂ္ဂိုလ်အား များသောအားဖြင့်တော့ အပါယ်ဘဝမှ ထမြောက်ခြင်းဆိုတာ မရှိနိုင်တဲ့ သဘောတရား ရှိပါတယ်။ အကြောင်းကတော့ အဲဒီ ဝါဒကို အဖန်ဖန် အထပ်ထပ် မှီဝဲခြင်း = အာသေဝန၏ အစွမ်းဖြင့် ဘဝတစ်ပါးမှာလည်း အဲဒီ မိစ္ဆာဒိဋ္ဌိဝါဒကို နှစ်သက်မြတ်နိုးနေသည်သာ ဖြစ်တတ်တဲ့အတွက်ကြောင့် အဲဒီ မိစ္ဆာဒိဋ္ဌိ ဦးဆောင်နေတဲ့ အကုသိုလ် အသစ်အသစ်တွေကလည်း ဆက်ကာဆက်ကာ အကျိုးပေးနေတဲ့အတွက်ကြောင့် ဖြစ်တယ်။

**တသ္မာ အကလျာဏဇနံ၊ အာသီဝိသမိဝေါရဂံ။**
**အာရကာ ပရိဝဇ္ဇေယျ၊ ဘူတိကာမော ဝိစက္ခဏော။**[၁၄၈]

ဒ့်ါကြောင့် မိမိ၏ ကြီးပွားတိုးတက်မှုကို လိုလားတောင့်တလျက်ရှိတဲ့ ပညာရှိသူတော်ကောင်းဟာ မသူတော် မိစ္ဆာဒိဋ္ဌိဝါဒသမား မှန်သမျှကို အဆိပ်ပြင်းထန်တဲ့ မြွေပွေး မြွေဟောက်ကဲ့သို့ ဝေးစွာ ရှောင်ကြဉ်လေရာတယ် . . . လို့ ဘုရားရှင်က နည်းဥပဒေသတစ်ခုကို သတ်မှတ်ပေးသွားတော်မူပါတယ်။

## နတ္ထိကဒိဋ္ဌိသမားကြီး နန္ဒက

ဒီနေရာမှာ နတ္ထိကဒိဋ္ဌိသမားကြီး နန္ဒကအကြောင်းကို ဆက်လက်ပြီးတော့ ပြောဦးမယ် —

သုရဋ္ဌတိုင်းကို အစိုးရတဲ့ ပိင်္ဂလမင်းမှာ နန္ဒကအမည်ရှိတဲ့ စစ်သူကြီးတစ်ဦး ရှိခဲ့တယ်။ ပိင်္ဂလမင်းနှင့် နန္ဒကစစ်သူကြီး နှစ်ဦးတို့ဟာ ကံ-ကံရဲ့အကျိုးတရားကို လုံးဝ လက်မခံကြတဲ့ နိယတမိစ္ဆာဒိဋ္ဌိ = နတ္ထိကဒိဋ္ဌိသမားကြီးတို့ ဖြစ်ခဲ့ကြတယ်။ သူတို့ရဲ့ အယူအဆကတော့ — သတ္တဝါအသီးအသီးရဲ့ သန္တာန်မှာ အတ္တရှိတယ်၊ အဲဒီအတ္တဟာ မပျက်မစီးဘဲ အမြဲတည်တယ်။

သတ္တဝါတစ်ဦးအတွက် မည်သည့်အချိန်အခါမှာ ကောင်းကျိုးများကို ခံစားရမယ်, မည်သည့်

---
[၁၄၈] မဋ္ဌ၊၃၊၈၅။

အချိန်အခါမှာ ဆိုးကျိုးများကို ခံစားရမယ်ဆိုတဲ့ သဘောတရားကို အမြဲသတ်မှတ်ထားပြီး ဖြစ်တယ်လို့ သူတို့မှာ အဲဒီလို အယူဝါဒရှိတယ်၊ မဟာကပ်ပေါင်း (ရှစ်သန်းလေးသိန်း) ကြာတဲ့အခါ သတ္တဝါဟာ အလိုအလျောက် ပြတ်စဲသွားတယ်လို့ ဒီလို ဥစ္ဆေဒဒိဋ္ဌိဝါဒမျိုးကို ယုံကြည်လက်ခံထားသူများ ဖြစ်ကြ-တယ်။ ဒါ့ကြောင့် သူတစ်ပါးတို့ရဲ့ ဒါနစတဲ့ ကောင်းမှုကုသိုလ်တွေကိုလည်း တားမြစ်ခဲ့သူ ကဲ့ရဲ့ရှုတ်ချ-ခဲ့သူများလည်း ဖြစ်ကြတယ်။

တစ်နေ့မှာတော့ နန္ဒကစစ်သူကြီးဟာ ကွယ်လွန်သွားခဲ့တယ်၊ မိမိရဲ့ နတ္ထိကဒိဋ္ဌိဆိုတဲ့ နိယတ-မိစ္ဆာဒိဋ္ဌိကို မစွန့်လွှတ်ဘဲ ရင်ဝယ်ပိုက်ကာ ကွယ်လွန်သွားရှာတယ်၊ ကွယ်လွန်သွားပြီးနောက် ပြိတ္တာဘဝသို့ ရောက်ရှိသွားခဲ့တယ်။ နန္ဒကစစ်သူကြီးမှာ ဥတ္တရာ အမည်ရှိတဲ့ သမီးတစ်ဦးလည်း ရှိခဲ့တယ်။ ဥတ္တရာကတော့ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်တတ်တဲ့ သောတာပန် ဥပါသိကာမတစ်ဦး ဖြစ်တယ်။ ဖခင် နန္ဒကစစ်သူကြီး ကွယ်လွန်သွားတဲ့အခါ မိမိရဲ့ အိမ်ရှေ့သို့ ဣန္ဒြေသိက္ခာ ပြည့်စုံစွာဖြင့် ဆွမ်းခံကြွလာတော်မူတဲ့ ရဟန်းတော်တစ်ပါးကို အိမ်ပေါ်သို့ ပင့်ဆောင်ကာ မုန့်တစ်ပွဲနှင့် သောက်-တော်ရေ တစ်ခွက်ကို ဆက်ကပ်လှူဒါန်းပြီး —

**ပိတာ မေ ကာလကတော ဘန္တေ၊ တဿေတံ ဥပကပ္ပတု။**[၁၄၉] = "အရှင်ဘုရား . . . တပည့်-တော်မ၏ ဖခင်သည် ကွယ်လွန်သွားပါ၏၊ ဤကောင်းမှုသည် ထိုဖခင်အား ကပ်ရောက်ပါစေ သတည်း" —

ဒီလို ကောင်းမှုကုသိုလ်ပြုကာ အမျှအတမ်း ပေးဝေလိုက်တယ်။ အဲဒီခဏမှာပဲ နန္ဒကပြိတ္တာဟာ ပညောင်ပင်ကြီးတစ်ပင်ဝယ် နတ်စည်းစိမ်ကဲ့သို့ ကြီးမားတဲ့စည်းစိမ်သုခကို ရရှိခံစားရလေတယ်။ သို့သော် ပြဿနာကား ရှိနေသေးတယ်။

သုရဋ္ဌတိုင်းရှင် ဘုရင်ပိင်္ဂလမင်းဟာ ဓမ္မာသောကမင်းတို့ရဲ့ မင်းဆက်ဖြစ်တဲ့ မောရိယမင်းတွေကို အခွန်ပဏ္ဏာဆက်သပြီး ခစားပြီး အပြန်မှာ နန္ဒကပြိတ္တာရဲ့ တန်ခိုးကြောင့် စီးလာတဲ့ ရထားဟာ နန္ဒကပြိတ္တာရှိရာ ပညောင်ပင်သို့ ဆိုက်ရောက်သွားခဲ့တယ်။ နန္ဒကပြိတ္တာကလည်း နတ်စည်းစိမ်တမျှ ကြီးမားတဲ့ စည်းစိမ်တွေကို ထင်ရှားပြကာ ဧည့်ခံကျွေးမွေးတယ်။ ပိင်္ဂလမင်းက အကျိုးအကြောင်း မေးမြန်းတဲ့အခါ — မိမိက နတ်မဟုတ်ကြောင်း, နန္ဒကပြိတ္တာဖြစ်ကြောင်း, နန္ဒကစစ်သူကြီးဘဝက လက်ခံခဲ့တဲ့ ဥစ္ဆေဒဒိဋ္ဌိ = နတ္ထိကဒိဋ္ဌိ အကုသိုလ်ကံကြောင့် ပြိတ္တာဘဝသို့ ရောက်ရှိလာခဲ့ကြောင်း, သမီးဥတ္တရာရဲ့ ကောင်းမှုကုသိုလ်ပြုကာ အမျှအတမ်း ပေးဝေမှုကြောင့် ဤမျှ ကြီးကျယ်ခမ်းနားတဲ့ စည်းစိမ်တွေကို ခံစားစံစားရကြောင်း — စသည်တို့ကို ပြောပြတယ်။

သို့သော် — ဒီစည်းစိမ်များကို နောက်ထပ် (၆)လသာ ခံစားရတော့မည်ဖြစ်ကြောင်း, (၆)လ ပြည့်က အဝီစိငရဲသို့ ကျရောက်ရတော့မည်ဖြစ်ကြောင်းတို့ကိုလည်း ဝမ်းနည်းကြေကွဲစွာ ဆက်လက်-ကာ ပြောပြရှာလေတယ်။

---

[၁၄၉] ပေတဝတ္ထု၊ ၂၀၁-၂၀၆။

ပိဂ်လမင်းကိုလည်း ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ရန် ငါးပါးသီလမြဲရန်, ဒါနပြုရန်, ကောင်းမှုကုသိုလ်ပြုရန်တို့ကိုပါ တိုက်တွန်းစကား ပြောကြားလိုက်လေတယ်။ ပိဂ်လမင်းကလည်း မိမိရဲ့ မိစ္ဆာဒိဋ္ဌိဝါဒကို စွန့်လွှတ်ကာ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်မည့်အကြောင်း, ငါးပါးသီလ စောင့်ထိန်းမည့်အကြောင်း, ကောင်းမှုကုသိုလ်ပြုမည့်အကြောင်းတို့ကို ဝန်ခံစကား ပြောကြားကာ ပြန်သွားလေတယ်။[၁၅၀]

ခုပြောခဲ့တာကတော့ နိယတမိစ္ဆာဒိဋ္ဌိဝါဒကို သေသည့်တိုင်အောင် မစွန့်လွှတ်ပါက အပါယ် လေးဘုံသို့ ကျိန်းသေရောက်ရှိသည်ဟူသော ခိုင်လုံတဲ့ သာဓကတစ်ရပ်ပင် ဖြစ်ပါတယ်။

## တိုက်တွန်းပါရစေ

အကယ်၍ ပုဂ္ဂိုလ်တစ်ယောက်ဟာ ကံ-ကံ၏အကျိုးတရားကို လက်မခံလိုဘဲ ပယ်ရှားလိုသည် ဖြစ်အံ့၊ အနည်းဆုံး ပမာဏအားဖြင့် ကြောင်း-ကျိုး- ဆက်နွှယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးစားအားထုတ်ပြီးပါမှ-သာလျှင် ဆုံးဖြတ်ချက်ချပါဟု တိုက်တွန်းပါရစေ။ အလွန်ရခဲသော လူ့ဘဝကို ရခိုက် အလွန် အဖိုးတန်သော သာသနာတော်မြတ်ကြီးနှင့် ဆုံတွေ့ခိုက်ဝယ် အောက်တွင် ဆက်လက် တင်ပြထားတဲ့ အတိုင်း အပဏ္ဏကဓမ္မအမည်ရတဲ့  မလွဲချော်နိုင်တဲ့ သူတော်ကောင်းကျင့်စဉ်များကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တော်မူနိုင်ကြပါစေလို့ တိုက်တွန်းလိုက်ပါတယ်။

## မလွဲချော်နိုင်သော ကျင့်စဉ်

ဒီနေရာမှာ အခါအခွင့်သင့်နေတဲ့အတွက် ဘုရားရှင် ညွှန်ကြားပြသထားတော်မူခဲ့တဲ့ ပညာပေး စနစ်တစ်ခုကို ဆက်လက်ပြီးတော့ တင်ပြပါရစေ . . . တစ်ချိန်မှာ ဘုရားရှင်ဟာ များပြားလှစွာသော ရဟန်းသံဃာနှင့် အတူ ကောသလတိုင်းမှာ ခရီးဒေသစာရီ ကြွချီတော်မူရာ သာလအမည်ရှိတဲ့ ပုဏ္ဏားရွာတစ်ရွာသို့ ဆိုက်ရောက်တော်မူခဲ့ပါတယ်။ အဲဒီ သာလရွာဟာ ကောသလတိုင်းရဲ့ ဗဟို အချက်အချာကျတဲ့ ခရီးလမ်းမကြီးဘေးမှာ တည်ရှိပြီးတော့ တောအုပ်ကြီးတစ်ခုရဲ့ အဝင်ဝမှာ တည်ရှိနေပါတယ်။ သမဏ ဗြာဟ္မဏအမည်ခံ ဝါဒမျိုးစုံ ပုဂ္ဂိုလ်ပေါင်းစုံ ဆရာပေါင်းစုံ ဆိုက်ရောက်-ဖူးတဲ့ နေရာဒေသတစ်ခု ဖြစ်တယ်။ ထိုခေတ်ဆိုင်ရာ အိန္ဒိယရဲ့ ဒဿနိကပညာရှင် အားလုံးလိုလို အဲဒီရွာသို့ ရောက်ဖူးကြတဲ့အတွက် အိန္ဒိယရဲ့ ဒဿနဝါဒအမျိုးမျိုးကို နာကြားခွင့် ရရှိနေကြသူများ ဖြစ်ကြတယ်။ ဘုရားရှင်ကတော့ ဒဿနိကပညာရှင်အားလုံးတို့ရဲ့ နောက်ဆုံးမှ ရောက်ရှိသွားတော်-မူခဲ့ပါတယ်။ ဘုရားရှင်ထံသို့ ဆည်းကပ်ခစားလာကြကုန်တဲ့ သာလရွာသူရွာသားတွေကို ဘုရားရှင်က မေးခွန်းတစ်ခု စတင်ကာ မေးမြန်းတော်မူပါတယ်။ အကြောင်းကတော့ သာလရွာသူရွာသား ပုဏ္ဏား တွေမှာ ခိုင်လုံတဲ့ အကြောင်းပြချက်နှင့် ယုံယုံကြည်ကြည် ကိုးကွယ်ဆည်းကပ်နေတဲ့ ဆရာကောင်း သမားကောင်း မရှိကြသေးဘူးဆိုတာကို သိရှိတော်မူထားပြီးဖြစ်တဲ့အတွက် မေးမြန်းတော်မူခြင်း

[၁၅၀] ပေတဝတ္ထု၊၂၀၁-၂၀၆။

ဖြစ်ပါတယ်။ ဘယ်လို မေးမြန်းတော်မူသလဲ?[၁၅၁]

"ဒါယကာတို့ . . . ခိုင်လုံတဲ့ အကြောင်းပြချက်နှင့် ပြည့်စုံတဲ့ ယုံကြည်မှု သဒ္ဓါတရားကို ရစေနိုင်တဲ့ (= အကြောင်းပြချက် ခိုင်ခိုင်လုံလုံဖြင့် ယုံကြည်ချက် သဒ္ဓါတရား အပြည့်အဝဖြင့်) ကိုးကွယ်ဆည်းကပ်နေတဲ့ တစ်စုံတစ်ယောက်သော နှစ်သက်မြတ်နိုးအပ်တဲ့ ဆရာသမားတစ်ဦးဦး သင်တို့မှာ ရှိပါသလော။"

ဒီလို မေးမြန်းတော်မူလိုက်ပါတယ်။ မရှိသေးပါကြောင်းကို ဒါယကာတွေက ပြန်လည်လျှောက်ထားကြတဲ့အခါ – "ဒါယကာတို့ . . . နှစ်လိုမြတ်နိုးဖွယ်ကောင်းလှတဲ့ ဆရာတစ်ဆူကို မရရှိကြကုန်သေးတဲ့ သင်တို့တစ်တွေဟာ အပဏ္ဏကဓမ္မအမည်ရတဲ့ မလွဲချော်နိုင်တဲ့ ဒီကျင့်စဉ်ကို ဆောက်တည်ပြီးတော့ ကျင့်ထိုက်ပါတယ်။ မှန်တယ် – ဒါယကာတို့ . . . ပြည့်ပြည့်စုံစုံ ကောင်းစွာ ဆောက်တည်ပြီးတော့ ကျင့်အပ်တဲ့ မလွဲချော်နိုင်တဲ့ အပဏ္ဏကဓမ္မတရားဆိုတာ ရှိတယ်၊ အဲဒီ အပဏ္ဏကဓမ္မဟာ သင်တို့အား နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး အစီးအပွားအလို့ငှာ ချမ်းသာအလို့ငှာ ဖြစ်ပေလိမ့်မယ်။ ဒါယကာတို့ . . . အဲဒီ အပဏ္ဏကဓမ္မဆိုတာ ဘာလဲ?" ဘုရားရှင်က အောက်ပါအတိုင်း ဆက်လက်ကာ တရားတော်ကို ဟောကြားပေးတော်မူပါတယ်။

## မိစ္ဆာဒိဋ္ဌိသမားရရှိနိုင်တဲ့အပြစ်

ဒါယကာတို့ . . .

၁။ ပေးလှူအပ်တဲ့ အလှူဒါနရဲ့ အကျိုးတရားဆိုတာ မရှိ။ **(နတ္ထိ ဒိန္နံ၊)**

၂။ အလှူကြီး ပေးလှူခြင်း = ယဇ်ကြီးပူဇော်ခြင်းရဲ့ အကျိုးတရားဆိုတာ မရှိ။ **(နတ္ထိ ယိဋ္ဌံ၊)**

၃။ လက်ဆောင်ပဏ္ဏာပေးခြင်း စတဲ့ အလှူငယ်ရဲ့ အကျိုးဆိုတာ မရှိ။ **(နတ္ထိ ဟုတံ၊)**

၄။ ကောင်းစွာ ပြုထားအပ်ကုန်တဲ့ ကုသိုလ်ကမ္မပထတရား (၁၀)ပါး = သုစရိုက် (၁၀)ပါး ကုသိုလ်တရားတို့ရဲ့, မကောင်းသဖြင့် ပြုထားအပ်ကုန်တဲ့ အကုသိုလ်ကမ္မပထတရား (၁၀)ပါး = ဒုစရိုက် (၁၀)ပါး အကုသိုလ်တရားတို့ရဲ့ အကျိုးဖျား အကျိုးရင်းဆိုတာ မရှိ။ **(နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊)**

၅။ တမလွန်လောကမှ လာရာဖြစ်တဲ့ ဒီလောကဆိုတာ မရှိ = တမလွန် လောကမှ သေပြီးနောက် ဒီလူ့လောကသို့ လူဖြစ်လာတဲ့ သူဆိုတာ မရှိ။ **(နတ္ထိ အယံ လောကော၊)**

၆။ ဒီဘဝ ဒီလောကမှ သေပြီးနောက် သွားရာဆိုတဲ့ တမလွန်လောကဆိုတာ မရှိ။ **(နတ္ထိ ပရော လောကော၊)**

၇။ အမိအပေါ်မှာ ပြုကျင့်အပ်တဲ့ ကောင်းကျိုးဆိုးပြစ်ဆိုတာ မရှိ။ **(နတ္ထိ မာတာ၊)**

၈။ အဖအပေါ်မှာ ပြုကျင့်အပ်တဲ့ ကောင်းကျိုးဆိုးပြစ်ဆိုတာ မရှိ။ **(နတ္ထိ ပိတာ၊)**

[၁၅၁] အတ္ထိ ပန ဝေါ ဂဟပတယော ကောစိ မနာပေါ သတ္ထာ ယသ္မိံ ဝေါ အာကာရဝတီ သဒ္ဓါ ပဋိလဒ္ဓါ။ (မ၊၂၆၃။)

၉။ စုတေပြီးနောက် ပဋိသန္ဓေတည်နေကြကုန်တဲ့ သတ္တဝါတွေဆိုတာ မရှိကုန်။ **(နတ္ထိ သတ္တာ ဩပပါတိကာ၊)**

၁၀။ ဒီလောကကိုလည်းကောင်း, တစ်ပါးသော တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိပြီးတော့ ထူးသောဉာဏ်ဖြင့် မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်တဲ့ ဖြောင့်မှန်တဲ့ အရိယမဂ်သို့ ဆိုက်ရောက်တော်မူကြကုန်တဲ့ ဖြောင့်မှန်စွာ သိတော်မူကြကုန်တဲ့ နိဗ္ဗာန်အားလျော်တဲ့ အကျင့်ကို ကောင်းစွာ ကျင့်တော်မူကြကုန်တဲ့ ထို သမဏ ဗြာဟ္မဏတို့- ဆိုတာ (= ဘုရား ရဟန္တာတို့ဆိုတာ) လောကမှာ မရှိကုန်။ ဒီပစ္စုပ္ပန်လောကကိုရော, တမလွန် လောကကိုရော ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိပြီးတော့ တရားတော်ကို ဟောကြားတော်မူ ကုန်တဲ့ . . . သမဏ ဗြာဟ္မဏတွေဆိုတာ မရှိကြပါဘူး။ **(နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာ ပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။)**

ဒီလို ပြောဆိုလေ့ဝါဒရှိကြကုန်တဲ့ ဒီလို ခံယူချက်ရှိကြကုန်တဲ့ အချို့ကုန်သော သမဏ ဗြာဟ္မဏ တို့ဟာ ရှိကြကုန်တယ်။ [ဒီဝါဒကတော့ နတ္ထိကဒိဋ္ဌိ အယူဝါဒပဲ ဖြစ်ပါတယ်။]

ဒါယကာတို့ . . . အဲဒီ သမဏ ဗြာဟ္မဏတွေထဲမှာပဲ အချို့သော သမဏ ဗြာဟ္မဏတွေဟာ အချင်းချင်း ထိပ်တိုက်ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဝါဒ ရှိကြကုန်ပြန်တယ်၊ အဲဒီ သမဏ ဗြာဟ္မဏ တွေဟာ ဘယ်လို အယူရှိကြပြန်သလဲ? —

၁။ ပေးလှူအပ်တဲ့ အလှူဒါနရဲ့ အကျိုးတရားဆိုတာ ရှိတယ်။ **(အတ္ထိ ဒိန္နံ၊)**

၂။ အလှူကြီး ပေးလှူခြင်း = ယဇ်ကြီး ပူဇော်ခြင်းရဲ့ အကျိုးတရားဆိုတာ ရှိတယ်။ **(အတ္ထိ ယိဋ္ဌံ၊)**

၃။ လက်ဆောင်ပဏ္ဏာပေးခြင်း စတဲ့ အလှူငယ်ရဲ့ အကျိုးတရားဆိုတာ ရှိတယ်။ **(အတ္ထိ ဟုတံ၊)**

၄။ ကောင်းစွာ ပြုကျင့်ထားအပ်ကုန်တဲ့ ကုသိုလ်ကမ္မပထတရား (၁၀)ပါး = သုစရိုက် (၁၀)ပါး ကုသိုလ်တရားတို့ရဲ့, မကောင်းသဖြင့် ပြုကျင့်ထားအပ်ကုန်တဲ့ အကုသိုလ်ကမ္မပထတရား (၁၀)ပါး = ဒုစရိုက် (၁၀)ပါး အကုသိုလ်တရားတို့ရဲ့ အကျိုးဖျား အကျိုးရင်းဆိုတာ ရှိတယ်။ **(အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊)**

၅။ တမလွန်လောကမှ သေပြီးနောက် လာရာဖြစ်တဲ့ ဒီလောကဆိုတာ ရှိတယ်။ **(အတ္ထိ အယံ လောကော၊)**

၆။ ဒီဘဝ ဒီလောကမှ သေပြီးနောက် သွားရာဆိုတဲ့ တမလွန်လောကဆိုတာ ရှိတယ်။ **(အတ္ထိ ပရော လောကော၊)**

၇။ အမိအပေါ်မှာ ပြုကျင့်အပ်တဲ့ ကောင်းကျိုးဆိုးပြစ်ဆိုတာ ရှိတယ်။ **(အတ္ထိ မာတာ၊)**

၈။ အဖအပေါ်မှာ ပြုကျင့်အပ်တဲ့ ကောင်းကျိုးဆိုးပြစ်ဆိုတာ ရှိတယ်။ **(အတ္ထိ ပိတာ၊)**

၉။ စုတေပြီးနောက် ပဋိသန္ဓေတည်နေကြကုန်တဲ့ သတ္တဝါတွေဆိုတာ (နိဗ္ဗာန်သို့ မရောက်သေး-

လျှင်) ရှိတယ်။ **(အတ္ထိ သတ္တာ ဩပပါတိကာ၊)**

၁၀။ ဒီလောကကိုလည်းကောင်း, တစ်ပါးသော တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင်ထူးသောဉာဏ်ဖြင့် သိပြီးတော့ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်တဲ့ ဖြောင့်မှန်တဲ့ အရိယမဂ်သို့ ဆိုက်ရောက်တော်မူကြကုန်တဲ့ ဖြောင့်မှန်စွာ သိတော်မူကြကုန်တဲ့ နိဗ္ဗာန်အားလျော်တဲ့ အကျင့်ကို ကောင်းစွာ ကျင့်တော်မူကြကုန်တဲ့ (ဘုရားအစရှိကုန်တဲ့ အရိယာသူတော်ကောင်းတို့ဆိုတဲ့) သမဏ ဗြာဟ္မဏတွေဟာ လောကမှာ ရှိကြကုန်တယ်။ အဲဒီ သမဏ ဗြာဟ္မဏတွေဟာ ဒီပစ္စုပ္ပန်လောကကိုရော, တမလွန်လောကကိုရော ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိပြီးတော့ တရားတော်ကို ဟောကြားတော်မူကုန်တယ်လို့ — **(အတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာ ပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။)** ဒီလို ပြောဆိုလေ့ဝါဒရှိကြကုန်တဲ့ ဒီလို ခံယူချက်ရှိကြကုန်တဲ့ အချို့ကုန်သော သမဏ ဗြာဟ္မဏတွေဟာလည်း ရှိကြကုန်သည်သာ ဖြစ်တယ်။ ဒါယကာတို့ . . . ထိုအရာကို အဘယ်သို့ မှတ်ထင်ကြသလဲ?

ဒီ သမဏ ဗြာဟ္မဏတွေဟာ အချင်းချင်း ထိပ်တိုက်ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ဝါဒရှိကြကုန်တာ မဟုတ်ဘူးလားလို့ ဘုရားရှင်က မေးမြန်းတော်မူလိုက်ပါတယ်။ ဒါယကာတွေကလည်း "အရှင်ဘုရား . . . မှန်ပါတယ်"လို့ ပြန်လည်ကာ လျှောက်ထားကြတယ်။

ဒါယကာတို့ . . . အဲဒီ အယူနှစ်မျိုးတို့အထဲမှာ ပေးလှူအပ်တဲ့ အလှူဒါနရဲ့ အကျိုးတရားဆိုတာ မရှိ၊ ဒီလို စသည်ဖြင့် ပြောဆိုလေ့ ရှိကြကုန်တဲ့ ယူဆလေ့ ရှိကြကုန်တဲ့ (နတ္ထိကဒိဋ္ဌိ အယူဝါဒသမား) သမဏ ဗြာဟ္မဏတို့အား ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ဆိုတဲ့ ဒီသုံးပါးကုန်သော ကုသိုလ်တရားတွေကို ဖောက်ခွဲဖျက်ဆီးပြီးတော့ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ဆိုတဲ့ ဒီသုံးပါးကုန်သော အကုသိုလ်တရားတွေကို ဆောက်တည်ကာ ကျင့်ကြကုန်လတ္တံ့ဆိုတဲ့ ဒီအပြစ်ကို မချွတ်ဧကန် အလိုရှိအပ်ပေတယ်။ ဘာကြောင့်လဲ — အဲဒီ အရှင် သမဏ ဗြာဟ္မဏတွေဟာ အကုသိုလ်တရားတွေရဲ့ အပြစ်, ယုတ်ညံ့ပုံ, ညစ်ညူးပုံကို မမြင်ကြဘူး။ ကုသိုလ်တရားတွေရဲ့ အကုသိုလ်မှ ထွက်မြောက်ခြင်းရဲ့ အကျိုးတရားကိုရော ဖြူစင်တဲ့အဖို့ကိုရော သူတို့ဟာ မမြင်ကြဘူး။ ဒါ့ကြောင့်ပဲ သူတို့အဖို့မှာ သုစရိုက်တံခါးတွေက အမြဲပိတ်နေပြီးတော့ ဒုစရိုက်တံခါးတွေက အမြဲပွင့်နေကြတဲ့အတွက် ဒုစရိုက်တရားတွေကို လက်သွက်သွက်နှင့် ကျင့်ကြကုန်လတ္တံ့ဆိုတဲ့ ဒီသဘောတရားကို မချွတ်ဧကန် အလိုရှိအပ်ခြင်းဖြစ်တယ်။

ထင်ရှားရှိသည်သာလျှင်ဖြစ်တဲ့ တမလွန်လောကကို "တမလွန်လောကဟာ မရှိ"လို့ အဲဒီပုဂ္ဂိုလ်မှာ အယူရှိတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ အဲဒီအယူဝါဒဟာ မှားယွင်းတဲ့ အယူဝါဒသာ ဖြစ်တယ်။ ထင်ရှားရှိသည်သာလျှင်ဖြစ်တဲ့ တမလွန်လောကကို "တမလွန်လောကဟာ မရှိ"လို့ ကြံစည်စဉ်းစားတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ အဲဒီအကြံအစည်ဟာ မှားယွင်းတဲ့ အကြံအစည်သာ ဖြစ်တယ်။ ထင်ရှားရှိသည်သာလျှင်ဖြစ်တဲ့ တမလွန်လောကကို "တမလွန်လောကဟာ မရှိ"ဆိုတဲ့ စကားကို ပြောဆိုတယ်၊

အဲဒီပုဂ္ဂိုလ်ရဲ့ အဲဒီစကားဟာ မှားယွင်းတဲ့ စကားသာ ဖြစ်တယ်။ ထင်ရှားရှိသည်သာလျှင်ဖြစ်တဲ့ တမလွန်လောကကို "တမလွန် လောကဟာ မရှိ"လို့ ပြောဆိုတယ်၊ ဒီလို ပြောဆိုနေတဲ့သူဟာ တမလွန်လောကကို သိတော်မူ မြင်တော်မူကြကုန်တဲ့ ဘုရား ရဟန္တာအရှင်မြတ်တို့အား ထိပ်တိုက် ဆန့်ကျင်ဘက် အတိုက်အခံပြုခြင်းပင် ဖြစ်တယ်။ ထင်ရှားရှိသည်သာလျှင်ဖြစ်တဲ့ တမလွန်လောကကို "တမလွန်လောကဟာ မရှိ"လို့ သူတစ်ပါးကို သိစေတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ အဲဒီလို သိစေခြင်းဟာ မသူတော်တရားကို သိစေခြင်း ဖြစ်တယ်၊ ဒီလို မသူတော်တရားကို သိစေခြင်းဖြင့်လည်း မိမိကိုယ်ကို ချီးမြှောက်တယ်၊ သူတစ်ပါးကို ရှုတ်ချတယ်၊ ဒီနည်းအားဖြင့် သူ့ရဲ့သန္တာန်မှာ (နတ္ထိကဒိဋ္ဌိသမားရဲ့ သန္တာန်မှာ) ရှေးမဆွကပင်လျှင် ကောင်းတဲ့ သဘောတရားဟာ ပယ်ထားပြီး ဖြစ်နေတယ်။ မကောင်း-တဲ့ သဘောတရားဟာ ရှေးရှုတည်နေတယ်။

၁။ ဒီလို မှားတဲ့ အယူ,
၂။ မှားတဲ့ အကြံ,
၃။ မှားတဲ့ စကား,
၄။ အရိယာသူတော်ကောင်းတို့နှင့် ထိပ်တိုက်ဆန့်ကျင်ဘက် အတိုက်အခံပြုလုပ်ခြင်း,
၅။ မသူတော်တရားကို သူတစ်ပါးတို့အား သိစေခြင်း,
၆။ မိမိကိုယ်ကို ချီးမြှောက်ခြင်း,
၇။ သူတစ်ပါးကို ရှုတ်ချခြင်း —

ဒီလို များပြားလှတဲ့ ယုတ်မာကုန်တဲ့ ဒီအကုသိုလ်တရားတွေဟာ မှားယွင်းတဲ့ အယူဝါဒဆိုတဲ့ အကြောင်းကြောင့် = မှားယွင်းတဲ့ခံယူချက် မိစ္ဆာဒိဋ္ဌိဆိုတဲ့ အကြောင်းတရားကြောင့် အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ ဖြစ်ပေါ်လာကုန်တယ်။

ဒါယကာတို့ . . . ဒီအယူဝါဒနှစ်မျိုးတို့နှင့် ပတ်သက်လို့ ပညာရှိတဲ့ ယောက်ျားတစ်ယောက်ဟာ ဒီလို ဆင်ခြင်တယ်။ —

တမလွန်လောကဟာ အကယ်၍ မရှိသည် ဖြစ်ငြားအံ့၊ ဒီလို မရှိဖြစ်ခဲ့သော် ဒီအရှင် ယောက်ျားဟာ ကိုယ်ခန္ဓာပျက်စီးပြီးတော့ သေပြီးသည်မှ နောက်ကာလမှာ မိမိကိုယ်ကို ချမ်းသာအောင် ပြုနိုင်-ပေလိမ့်မယ်။

တမလွန်လောကဟာ အကယ်၍ ထင်ရှားရှိနေသည် ဖြစ်ငြားအံ့၊ ဒီလို ထင်ရှားရှိခဲ့မယ်ဆိုလျှင် ဒီအရှင် ယောက်ျားဟာ ကိုယ်ခန္ဓာပျက်စီးပြီးတော့ သေပြီးသည်မှ နောက်ကာလမှာ ချမ်းသာဆိုလို့ မြူငွေ့မျှ မရှိတဲ့ မကောင်းမှုပြုသူ ဒုစရိုက်သမားတို့ရဲ့ လားရောက်ရာဖြစ်တဲ့ အလိုအာသာဆန္ဒ ကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်တဲ့ ငရဲသို့ ရောက်ရပေလိမ့်မယ်။

တမလွန်လောကဟာ အကယ်၍ မရှိသည်ပင် ထားဦးတော့ ရှိစေဦးတော့၊ ဒီအရှင် သမဏ ဗြာဟ္မဏတို့ရဲ့ စကားဟာ မှန်သည်ပဲ ဖြစ်စေဦးတော့ ရှိစေဦးတော့၊ ဒီလို မှန်နေပေမဲ့လို့လည်း

ဒီအရှင် ယောက်ျား ပုဂ္ဂိုလ်ဟာ မျက်မှောက်သော ကိုယ်ရဲ့အဖြစ်မှာပဲ "သီလမရှိတဲ့ မှားယွင်းတဲ့ အယူဝါဒရှိတဲ့ နတ္ထိကဝါဒရှိနေတဲ့ ယောက်ျားတစ်ယောက်ပဲ"လို့ သိတော်မူ မြင်တော်မူကြတဲ့ ဘုရားအစရှိကုန်တဲ့ ပညာရှိသူတော်ကောင်းတို့ရဲ့ အကဲ့ရဲ့ကို ခံရမယ်။

တမလွန်လောကဟာ အကယ်၍ ရှိသည်သာလျှင် ဖြစ်ငြားအံ့၊ ဒီလို ရှိခဲ့မယ်ဆိုလျှင် ဒီအရှင် ယောက်ျားပုဂ္ဂိုလ်ဟာ —

၁။ မျက်မှောက်သော ကိုယ်ရဲ့အဖြစ်မှာပဲ သိတော်မူ မြင်တော်မူကြတဲ့ ဘုရားအစရှိကုန်တဲ့ ပညာရှိသူတော်ကောင်းတို့ရဲ့ အကဲ့ရဲ့ခံရခြင်း,

၂။ ကိုယ်ခန္ဓာပျက်စီးပြီးတော့ သေပြီးသည်မှ နောက်ကာလမှာလည်း ချမ်းသာဟူ၍ မြူငွေ့မျှ မရှိတဲ့ မကောင်းမှုပြုသူ ဒုစရိုက်သမားတို့ရဲ့ လားရောက်ရာဖြစ်တဲ့, အလိုအာသာဆန္ဒ ကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်တဲ့ ငရဲသို့ ရောက်ရခြင်း —

ဒီနည်းအားဖြင့် ပစ္စုပ္ပန်သံသရာ နှစ်ပါးစုံမှ ဆုံးရှုံးသွားတယ် = ပစ္စုပ္ပန်မှာလည်း ရှုံးတယ်၊ တမလွန်မှာလည်း ရှုံးတယ်။

ဒီနည်းအားဖြင့် ဒီယောက်ျားရဲ့ မကောင်းသောအားဖြင့် စွဲယူဆောက်တည်ထားအပ်တဲ့ နတ္ထိကဝါဒကို လက်ကိုင်ထားကာ ပြုကျင့်ထားအပ်တဲ့ အကျင့်တရားဟာ မိမိရဲ့ နတ္ထိကဝါဒတစ်ခုသက်သက်အတွက်သာ တစ်ဖက်သတ် နှံ့၍ တည်တယ်၊ ကုသိုလ်အရာကို ဆိတ်သုဉ်းစေတယ် = ကုသိုလ်အရာကို ရှောင်ကြဉ်ပြီး ဖြစ်တယ်။ (သကဝါဒခေါ်တဲ့ မိမိရဲ့ နတ္ထိကဝါဒအတွက်သာ သက်ဝင်တည်နေပြီး-တော့ ပရဝါဒခေါ်တဲ့ သူတစ်ပါးရဲ့ သမ္မာဒိဋ္ဌိ ပြဓာန်းတဲ့ ကံ-ကံရဲ့အကျိုးတရားဟာ တကယ်ထင်ရှားရှိတယ်လို့ လက်ခံယုံကြည်ထားတဲ့ အတ္ထိကအယူဝါဒအတွက်တော့ ပျံ့နှံ့ပြီးတော့ မတည်ပါဘူး။)

## သမ္မာဒိဋ္ဌိအယူဝါဒသမား ရရှိတဲ့အကျိုး

ဒါယကာတို့ . . . ဒီအယူနှစ်မျိုးတို့မှာ —

၁။ ပေးလှူအပ်တဲ့ အလှူဒါနရဲ့ အကျိုးတရားဆိုတာ ရှိတယ်။ **(အတ္ထိ ဒိန္နံ၊)**

၂။ အလှူကြီး ပေးလှူခြင်း = ယဇ်ကြီး ပူဇော်ခြင်းရဲ့ အကျိုးတရားဆိုတာ ရှိတယ်။ **(အတ္ထိ ယိဋ္ဌံ၊)**

၃။ လက်ဆောင်ပဏ္ဏာပေးခြင်း စတဲ့ အလှူငယ်ရဲ့ အကျိုးတရားဆိုတာ ရှိတယ်။ **(အတ္ထိ ဟုတံ၊)**

၄။ ကောင်းစွာ ပြုကျင့်ထားအပ်ကုန်တဲ့ ကုသိုလ်ကမ္မပထတရား (၁၀)ပါး = သုစရိုက် (၁၀)ပါး ကုသိုလ်တရားတို့ရဲ့ အကျိုးဖျား အကျိုးရင်းဆိုတာ ရှိတယ်။ မကောင်းသဖြင့် ပြုကျင့်ထား-အပ်ကုန်တဲ့ အကုသိုလ်ကမ္မပထတရား (၁၀)ပါး = ဒုစရိုက် (၁၀)ပါး အကုသိုလ်တရားတို့ရဲ့ အကျိုးဖျား အကျိုးရင်းဆိုတာ ရှိတယ်။ **(အတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊)**

၅။ တမလွန်လောကမှ သေပြီးနောက် လာရာဖြစ်တဲ့ ဒီလောကဆိုတာ ရှိတယ်။ **(အတ္ထိ အယံ လောကော၊)**

၆။ ဒီဘဝ ဒီလောကမှ သေပြီးနောက် သွားရာဆိုတဲ့ တမလွန်လောကဆိုတာ ရှိတယ်။ **(အတ္ထိ ပရော လောကော၊)**

၇။ အမိအပေါ်မှာ ပြုကျင့်အပ်တဲ့ ကောင်းကျိုးဆိုးပြစ်ဆိုတာ ရှိတယ်။ **(အတ္ထိ မာတာ၊)**

၈။ အဖအပေါ်မှာ ပြုကျင့်အပ်တဲ့ ကောင်းကျိုးဆိုးပြစ်ဆိုတာ ရှိတယ်။ **(အတ္ထိ ပိတာ၊)**

၉။ စုတေပြီးနောက် ပဋိသန္ဓေတည်နေကြကုန်တဲ့ သတ္တဝါတွေဆိုတာ (နိဗ္ဗာန်သို့ မရောက်သေးလျှင်) ရှိတယ်။ **(အတ္ထိ သတ္တာ ဩပပါတိကာ၊)**

၁၀။ ဒီလောကကိုလည်းကောင်း, တစ်ပါးသော တမလွန်လောကကိုလည်းကောင်း ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိပြီးတော့ မျက်မှောက်ပြုကာ ဟောကြားနိုင်ကုန်တဲ့ ဖြောင့်မှန်တဲ့ အရိယ-မဂ်သို့ ဆိုက်ရောက်တော်မူကြကုန်တဲ့ ဖြောင့်မှန်စွာ သိတော်မူကြကုန်တဲ့ နိဗ္ဗာန်အားလျော်တဲ့ အကျင့်ကို ကောင်းစွာကျင့်တော်မူကြကုန်တဲ့ (ဘုရားအစရှိကုန်တဲ့ အရိယာသူတော်ကောင်း တို့ဆိုတဲ့) သမဏ ဗြာဟ္မဏတွေဟာ လောကမှာ ရှိကြကုန်တယ်။ အဲဒီ သမဏ ဗြာဟ္မဏ တွေဟာ ဒီပစ္စုပ္ပန်လောကကိုရော, တမလွန်လောကကိုရော ကိုယ်တိုင် ထူးသောဉာဏ်ဖြင့် သိပြီးတော့ တရားတော်ကို ဟောကြားတော်မူကုန်တယ်လို့ – **(အတ္ထိ လောကေ သမဏ-ဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာ ပဋိပန္နာ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။)** ဒီလို ပြောဆိုယူဆလေ့ရှိကြကုန်တဲ့ သမဏ ဗြာဟ္မဏတို့ရဲ့ သန္တာန်မှာ ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ဆိုတဲ့ ဒီသုံးပါးကုန်သော အကုသိုလ်တရားတို့ကို ဖောက်ခွဲဖျက်ဆီးပြီးတော့ ကာယသုစရိုက် ဝစီသုစရိုက် မနောသုစရိုက်ဆိုတဲ့ ဒီသုံးပါးကုန်သော ကုသိုလ်တရားတို့ကို ဆောက်တည်ကာ ကျင့်ကုန်လတ္တံ့ဆိုတဲ့ အကျိုးတရားကို မချွတ်ဧကန် အလိုရှိအပ်ပေတယ်။ ဘာ့ကြောင့်လဲ?

အဲဒီ အရှင် သမဏ ဗြာဟ္မဏတွေဟာ အကုသိုလ်တရားတို့ရဲ့ အပြစ်ကိုရော, ယုတ်ညံ့ပုံကိုရော, ညစ်ညူးပုံကိုရော သိမြင်ကြပြီးတော့ ကုသိုလ်တရားတို့ရဲ့ မကောင်းမှုတို့မှ ထွက်မြောက်ခြင်းရဲ့ အကျိုးအာနိသင်ကိုရော, ဖြူစင်မြင့်မြတ်တဲ့ အဖို့ဘာဂကိုရော သိမြင်ကြကုန်တဲ့အတွက်ကြောင့် ဖြစ်တယ်။ တစ်ဖန် ထင်ရှားရှိသည်သာလျှင်ဖြစ်တဲ့ တမလွန်လောကကို "တမလွန် လောကဟာ ထင်ရှားရှိတယ်"လို့ အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အယူရှိနေတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ အဲဒီအယူဝါဒဟာ မှန်ကန်တဲ့ သမ္မာဒိဋ္ဌိအယူဝါဒ ဖြစ်တယ်။ ထင်ရှားရှိသည်သာလျှင်ဖြစ်တဲ့ တမလွန်လောကကို "တမလွန်လောကဟာ ရှိတယ်"လို့ ကြံစည်တယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ အဲဒီအကြံဟာ မှန်ကန်တဲ့အကြံ = သမ္မာသင်္ကပ္ပ ဖြစ်တယ်။ ထင်ရှားရှိသည်သာလျှင်ဖြစ်တဲ့ တမလွန်လောကကို "တမလွန်လောကဟာ ရှိတယ်"ဆိုတဲ့ စကားကို ပြောဆိုတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ အဲဒီစကားဟာ မှန်ကန်တဲ့စကား သမ္မာဝါစာ ဖြစ်တယ်။

ထင်ရှားရှိသည်သာလျှင်ဖြစ်တဲ့ တမလွန်လောကကို "တမလွန်လောကဟာ ထင်ရှားရှိတယ်"လို့ ပြောဆိုတယ်၊ အဲဒီပုဂ္ဂိုလ်ဟာ တမလွန်လောကကို သိတော်မူ မြင်တော်မူကုန်တဲ့ ဘုရား ရဟန္တာ-

ပုဂ္ဂိုလ်တို့အား ထိပ်တိုက်ဆန့်ကျင်ဘက် အတိုက်အခံ မပြုလုပ်ဘူး။ ထင်ရှားရှိသည်သာလျှင်ဖြစ်တဲ့ တမလွန်လောကကို "တမလွန်လောကဟာ ရှိတယ်"လို့ သူတစ်ပါးကို သိစေတယ်၊ အဲဒီပုဂ္ဂိုလ်ရဲ့ အဲဒီလို သိစေခြင်းဟာ သူတော်ကောင်းတရားကို သိစေခြင်း ဖြစ်တယ်။ အဲဒီသူတော်ကောင်းတရား-ကို သိစေခြင်းဖြင့်လည်း မိမိကိုယ်ကို မချီးမြှောက် သူတစ်ပါးကိုလည်း မရှုတ်ချ။ ဒီနည်းအားဖြင့် အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ရှေးမဆွကပဲ မကောင်းတဲ့ သီလကင်းမဲ့တဲ့ ဒုဿီလျသဘောဟာ ပယ်ထားပြီး ဖြစ်နေတယ်၊ ကောင်းမြတ်တဲ့ သီလရှိတဲ့ သုသီလျသဘောဟာ ရှေးရှုတည်နေတယ်။

၁။ မှန်ကန်တဲ့ အယူ = သမ္မာဒိဋ္ဌိ,
၂။ မှန်ကန်တဲ့ အကြံအစည် = သမ္မာသင်္ကပ္ပ,
၃။ မှန်ကန်တဲ့ စကား = သမ္မာဝါစာ,
၄။ အရိယာသူတော်ကောင်းတို့နှင့် မဆန့်ကျင်ခြင်း,
၅။ သူတော်ကောင်းတရားကို သိစေခြင်း = သဒ္ဓမ္မသညတ္တိ,
၆။ မိမိကိုယ်ကို မချီးမြှောက်ခြင်း,
၇။ သူတစ်ပါးကို မရှုတ်ချခြင်း —

ဒီလို စသည်ဖြင့် များစွာကုန်သော ဒီကုသိုလ်တရားတွေဟာ မှန်ကန်တဲ့ အယူဝါဒ သမ္မာဒိဋ္ဌိ-ဆိုတဲ့အကြောင်းကြောင့် အဲဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်ပေါ်လာကြကုန်တယ်။

ဒါယကာတို့ ... အဲဒီအယူနှစ်မျိုးတို့ထဲမှာ ပညာရှိတဲ့ ယောက်ျားဟာ ဒီလို ဆင်ခြင်တယ် —

တမလွန်လောကဟာ အကယ်၍ ရှိနေသည် ဖြစ်ငြားအံ့၊ ဒီလို ရှိနေခဲ့သော် ဒီအရှင် ယောက်ျား ပုဂ္ဂိုလ်ဟာ ကိုယ်ခန္ဓာပျက်စီးပြီးတော့ သေပြီးသည်မှ နောက်ကာလမှာ ကောင်းမှုပြုသူတို့ရဲ့ လားရောက်ရာဖြစ်တဲ့ နတ်ပြည်လောကသို့ ရောက်ရပေလိမ့်မယ်။

တမလွန်လောကဟာ အကယ်၍ မရှိသည်ပင် ထားဦးတော့ ရှိစေဦးတော့၊ အဲဒီ အရှင် သမဏ ဗြာဟ္မဏတွေရဲ့ စကားဟာ မှန်သည်ပဲ ဖြစ်စေဦးတော့ ရှိစေဦးတော့၊ ဒီလို မှန်နေပေမဲ့လို့လည်း ဒီအရှင် ယောက်ျားဟာ မျက်မှောက်သော ကိုယ်ရဲ့အဖြစ်မှာပဲ "သီလရှိတဲ့ မှန်ကန်တဲ့ သမ္မာဒိဋ္ဌိ အယူရှိတဲ့ ကံ-ကံရဲ့အကျိုးတရားဟာ ရှိတယ်လို့ သက်ဝင်ယုံကြည်တဲ့ အတ္ထိကဝါဒရှိတဲ့ ယောက်ျား ပုဂ္ဂိုလ်ဖြစ်တယ်"လို့ သိတော်မူ မြင်တော်မူကြတဲ့ ဘုရားအစရှိကုန်တဲ့ ပညာရှိသူတော်ကောင်းတို့ရဲ့ အချီးမွမ်းကို ခံရမယ်။

တမလွန်လောကဟာ အကယ်၍ ရှိနေသည်သာ ဖြစ်ငြားအံ့၊ ဒီလိုရှိခဲ့မယ်ဆိုရင်လည်း ဒီအရှင် ယောက်ျား ပုဂ္ဂိုလ်ဟာ —

၁။ မျက်မှောက်သော ကိုယ်ရဲ့အဖြစ်မှာပဲ သိတော်မူ မြင်တော်မူကြတဲ့ ဘုရားအစရှိကုန်တဲ့ ပညာရှိ သူတော်ကောင်းတို့ရဲ့ အချီးမွမ်းခံရခြင်း,

၂။ ကိုယ်ခန္ဓာပျက်စီးပြီးတော့ သေပြီးသည်မှ နောက်ကာလမှာလည်း ကောင်းမှုပြုသူတို့ရဲ့ လား-ရောက်ရာဖြစ်တဲ့ နတ်ပြည်လောကသို့ ရောက်ရခြင်း —

ဒီနည်းအားဖြင့် နှစ်ပါးစုံ အောင်မြင်တယ်။ ပစ္စုပ္ပန်မှာလည်း ပညာရှိတို့ရဲ့ အချီးမွမ်းကို ခံရတယ်၊ တမလွန်မှာလည်း နတ်ပြည်လောကသို့ ရောက်ရတယ်။ ဒီနည်းအားဖြင့် အဲဒီပုဂ္ဂိုလ်ရဲ့ ကောင်းစွာ စွဲယူဆောက်တည်ထားတဲ့ မလွဲချော်နိုင်တဲ့ အပဏ္ဏကဓမ္မအမည်ရတဲ့ ဒီလို ဧကန်အကျိုးရှိတဲ့ အကျင့်-တရားဟာ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသောအဖို့ကို ပျံ့နှံ့ပြီးတော့ တည်နေတယ်၊ အကုသိုလ်အရာကို ကြဉ်ရှောင်တယ် ဆိတ်သုဉ်းစေတယ်။[၁၂]

## နှစ်ဖက်လုံး၌ အရှုံးမထွက်ပုံ

ခုပြောခဲ့တဲ့ သမ္မာဒိဋ္ဌိပြဓာန်းတဲ့ အတ္ထိကဝါဒကတော့ သကဝါဒပဲ ဖြစ်ပါတယ် = သာသနာတော်တွင်းဝါဒ ဖြစ်တယ်။ မိစ္ဆာဒိဋ္ဌိပြဓာန်းတဲ့ ကံ-ကံရဲ့အကျိုးကို ပစ်ပယ်တဲ့ နတ္ထိကဝါဒကတော့ ပရဝါဒ ဖြစ်တယ် = သာသနာပဝါဒ ဖြစ်တယ်။ သမ္မာဒိဋ္ဌိပြဓာန်းတဲ့ ကံ-ကံရဲ့အကျိုးတရားဟာ ရှိတယ်လို့ လက်ခံတဲ့ အတ္ထိကဝါဒကတော့ သကဝါဒ ပရဝါဒ နှစ်ခုလုံးကို ပျံ့နှံ့သက်ဝင်ပြီးတော့ တည်နေပါ-တယ်။ သကဝါဒအတွက်လည်း ထိခိုက်နစ်နာမှု မရှိဘူး။ ပရဝါဒအတွက်လည်း ထိခိုက်နစ်နာမှု မရှိဘူး။ အကယ်၍ တမလွန်လောကရှိလျှင်လည်း ဒီအတ္ထိကဝါဒက ချမ်းသာသုခကို ရွက်ဆောင်-ပေးမည်သာ ဖြစ်တယ်။ ကြိုတင်ပြင်ဆင်ထားတဲ့အတွက် ကြိုတင်ကျင့်ထားတဲ့အတွက်ကြောင့် ဖြစ်တယ်။

အကယ်၍ တမလွန်လောကဟာ မရှိလျှင်လည်း ဒီအတ္ထိကဝါဒဟာ ပညာရှိသူတော်ကောင်းတို့ရဲ့ အချီးမွမ်းခံရကာ ကိုယ်ကျင့်သီလကောင်းမွန်သည့်အတွက် ချမ်းသာစွာပင် နေထိုင်နိုင်ရကား ချမ်းသာသုခကို ရွက်ဆောင်ပေးနိုင်သည်သာ ဖြစ်ပါတယ်။ ပစ္စုပ္ပန် တမလွန် နှစ်ဖက်လုံး၌ မရှုံးနိုင်တဲ့ ကောင်းကျိုးကိုသာ ဧကန်ရနိုင်တဲ့ မလွဲချော်နိုင်တဲ့ **အပဏ္ဏကဓမ္မ**အမည်ရတဲ့ ကျင့်စဉ်ပင် ဖြစ်ပါတယ်။ ဒီလို မလွဲချော်နိုင်တဲ့ ကျင့်စဉ်မျိုးကို ဆောက်တည်ပြီးတော့ ကျင့်ကြပါလို့ — ဘုရားရှင်က သာလ-ရွာသား ဒါယကာ ဒါယိကာမတို့အား ပညာပေးတော်မူပါတယ်။ ကြွင်းကျန်နေသေးတဲ့ မိစ္ဆာဒိဋ္ဌိဝါဒ-တွေမှာလည်း နည်းမှီးပြီးတော့ သဘောပေါက်ပါ။[၁၃]

ခုပြောခဲ့တာတွေကတော့ ခန္ဓာငါးပါးတို့အပေါ်မှာ သက္ကာယဒိဋ္ဌိ (၂၀) ဖြစ်ပုံ, ဒီသက္ကာယဒိဋ္ဌိတွေကို အခြေခံပြီးတော့ မိစ္ဆာဒိဋ္ဌိအမျိုးမျိုးတွေ ဖြစ်ပေါ်လာပုံနှင့် ဒီမိစ္ဆာဒိဋ္ဌိတွေကြောင့် ရရှိနိုင်တဲ့ အကျိုးအပြစ်တွေကိုရော, မိစ္ဆာဒိဋ္ဌိအယူဝါဒတွေကို ရှောင်ကြဉ်ကာ သမ္မာဒိဋ္ဌိအယူဝါဒတွေကို လက်ခံ ကျင့်သုံးနိုင်တဲ့အတွက် ရရှိနိုင်တဲ့ အကျိုးအာနိသင်တွေကိုပါ အတိုချုပ်ကာ ရှင်းလင်းတင်ပြထားချက်-တွေ ဖြစ်ကြပါတယ်။

ယခုတစ်ဖန် ပထမဂဒ္ဒုလဗဒ္ဓသုတ္တန်ကိုပဲ ဆက်လက်ပြီးတော့ ပြီးဆုံးအောင် နာကြည့်ကြ-

[၁၂] မ၊၂၆၂-၆၆။ [၁၃] မဋ္ဌ၊၃၊၈၂။

ရအောင် . . . ဘုရားရှင်က ဘယ်လို ဆက်လက်ပြီးတော့ ဟောကြားထားတော်မူသလဲ? —

## ဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ပုံ

**သော ရူပညေဝ အနုပရိဓာဝတိ အနုပရိဝတ္တတိ၊ ဝေဒနညေဝ။ ပ ။ သညညေဝ။ သင်္ခါရေ- ယေဝ။ ဝိညာဏညေဝ အနုပရိဓာဝတိ အနုပရိဝတ္တတိ။ သော ရူပံ အနုပရိဓာဝံ အနုပရိဝတ္တံ၊ ဝေဒနံ။ ပ ။ သညံ။ သင်္ခါရေ။ ဝိညာဏံ အနုပရိဓာဝံ အနုပရိဝတ္တံ၊ န ပရိမုစ္စတိ ရူပမှာ၊ န ပရိမုစ္စတိ ဝေဒနာယ၊ န ပရိမုစ္စတိ သညာယ၊ န ပရိမုစ္စတိ သင်္ခါရေဟိ၊ န ပရိမုစ္စတိ ဝိညာဏမှာ၊ န ပရိမုစ္စတိ ဇာတိယာ ဇရာမရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ။ ‘န ပရိမုစ္စတိ ဒုက္ခသ္မာ’တိ ဝဒါမိ”။**

**သော** = (ထိုကဲ့သို့ ခန္ဓာတစ်ပါးပါးကိုဖြစ်စေ ခန္ဓာအများစုကိုဖြစ်စေ အတ္တလို့ စွဲယူနေတဲ့) ထိုပုဂ္ဂိုလ်သည်။ **ရူပညေဝ** = ရုပ်တရားကိုပင်လျှင်။ **အနုပရိဓာဝတိ** = ရစ်ပတ်၍ ပြေးရာ၏။ **အနု- ပရိဝတ္တတိ** = လှည့်လည်၍ သွားရာ၏။ **ဝေဒနညေဝ** = ဝေဒနာတရားကိုပင်လျှင်။ ပ ။ **သညညေဝ** = သညာတရားကိုပင်လျှင်။ ပ ။ **သင်္ခါရေယေဝ** = သင်္ခါရတရားတို့ကိုပင်လျှင်။ ပ ။ **ဝိညာဏညေဝ** = ဝိညာဏ်တရားကိုပင်လျှင်။ **အနုပရိဓာဝတိ** = ရစ်ပတ်၍ ပြေးရာ၏။ **အနုပရိဝတ္တတိ** = လှည့်လည်၍ သွားရာ၏။ **ရူပံ** = ရုပ်တရားကို။ **အနုပရိဓာဝံ** = ရစ်ပတ်၍ ပြေးနေသည်ရှိသော်။ **အနုပရိဝတ္တံ** = လှည့်လည်၍ သွားနေသည်ရှိသော်။ **ဝေဒနံ** = ဝေဒနာကို။ ပ ။ **သညံ** = သညာကို။ ပ ။ **သင်္ခါရေ** = သင်္ခါရတို့ကို။ ပ ။ **ဝိညာဏံ** = ဝိညာဏ်ကို။ **အနုပရိဓာဝံ** = ရစ်ပတ်၍ ပြေးနေသည်ရှိသော်။ **အနုပရိဝတ္တံ** = လှည့်လည်၍ သွားနေသည်ရှိသော်။ **သော** = ထိုပုဂ္ဂိုလ်သည်။ **ရူပမှာ** = ရုပ်တရားမှ။ **န ပရိမုစ္စတိ** = မလွတ်မြောက်နိုင်။ **ဝေဒနာယ** = ဝေဒနာမှ။ **န ပရိမုစ္စတိ** = မလွတ်မြောက်နိုင်။ **သညာယ** = သညာမှ။ **န ပရိမုစ္စတိ** = မလွတ်မြောက်နိုင်။ **သင်္ခါရေဟိ** = သင်္ခါရတို့မှ။ **န ပရိမုစ္စတိ** = မလွတ်မြောက်နိုင်။ **ဇာတိယာ** = ပဋိသန္ဓေတည်နေရခြင်း ဇာတိတရားမှ။ **ဇရာမရဏေန** = အိုခြင်း ဇရာတရား, သေခြင်း မရဏတရားမှ။ **သောကေဟိ** = စိုးရိမ်ရခြင်း သောကတရားတို့မှ။ **ပရိဒေဝေ- ဟိ** = ငိုကြွေးမြည်တမ်းရခြင်း ပရိဒေဝတရားတို့မှ။ **ဒုက္ခေဟိ** = ကိုယ်ဆင်းရဲခြင်း ဒုက္ခတရားတို့မှ။ **ဒေါမနဿေဟိ** = စိတ်ဆင်းရဲရခြင်း ဒေါမနဿတရားတို့မှ။ **ဥပါယာသေဟိ** = ပြင်းစွာပူပန်ရခြင်း ဥပါယာသတရားတို့မှ။ **န ပရိမုစ္စတိ** = မလွတ်မြောက်နိုင်။ **ဒုက္ခသ္မာ** = ဆင်းရဲဒုက္ခအပေါင်းမှ။ **န ပရိမုစ္စတိ** = မလွတ်မြောက်နိုင်။ **ဣတိ** = ဤသို့လျှင်။ **အဟံ** = ငါဘုရားသည်။ **ဝဒါမိ** = ဟောကြား တော်မူပါပေ၏။

ခန္ဓာတစ်ပါးပါးကိုဖြစ်စေ ခန္ဓာအများစုကိုပဲဖြစ်စေ အတ္တလို့ စွဲယူနေတဲ့ ဒီပုဂ္ဂိုလ်ဟာ ဆင်းရဲ ဒုက္ခမှ မလွတ်မြောက်နိုင်ဘူး။ ဘာ့ကြောင့်လဲ? ရုပ်တရားကို အတ္တလို့ စွဲယူနေတဲ့ ပုဂ္ဂိုလ်ဟာ ဒီ ရုပ်တရားကိုပဲ ရစ်ပတ်ပြီးတော့ ပြေးနေတယ်၊ လှည့်လည်ပြီး သွားနေတယ်။ အလားတူပဲ ဝေဒနာ ကို။ ပ ။ သညာကို။ ပ ။ သင်္ခါရတို့ကို။ ပ ။ ဝိညာဏ်ကို အတ္တလို့ စွဲယူနေတဲ့ ပုဂ္ဂိုလ်ဟာလည်း ဒီဝေဒနာကို။ ပ ။ သညာကို။ ပ ။ သင်္ခါရတို့ကို။ ပ ။ ဝိညာဏ်ကိုပဲ ရစ်ပတ်ပြီးတော့ ပြေးနေတယ်၊

လှည့်လည်ပြီးတော့ သွားနေတယ်။ ငါရဲ့ အတ္တပဲလို့ စွဲယူထားတဲ့အတွက် မခွဲရက် မခွာနိုင် ဖြစ်နေ-တယ်။ ဒီလို စွဲလမ်းနေတဲ့ ပုဂ္ဂိုလ်ဟာ ရုပ်တရားမှလည်း မလွတ်မြောက်နိုင်တော့ဘူး။ ဝေဒနာ။ ပ ။ သညာ။ ပ ။ သင်္ခါရ။ ပ ။ ဝိညာဏ်မှလည်း မလွတ်မြောက်နိုင်တော့ဘူး။ ဒီလိုခန္ဓာငါးပါးမှ မလွတ်မြောက်နိုင်တော့ဘူးဆိုလျှင် ဒီခန္ဓာတို့ရဲ့သဘောက ဖြစ်ခြင်း ဇာတိတရား, အိုခြင်း ဇရာတရား, သေခြင်း မရဏတရားတွေက တန်းလန်းရှိနေတဲ့အတွက် ဇာတိ ဇရာ မရဏတရားတွေမှလည်း မလွတ်မြောက်နိုင်ဘူး။ ဒါတွင်လားဆိုတော့ မကသေးဘူး။ ဒီခန္ဓာငါးပါးတို့ရဲ့ ဖောက်ပြန်ပျက်စီးခြင်း-တည်းဟူသော အကြောင်းတရားတွေနဲ့ ရင်ဆိုင်တွေ့ရတဲ့အခါ စိုးရိမ်ရခြင်း သောကတရား, ငိုကြွေးမြည်တမ်းရခြင်း ပရိဒေဝတရား, ကိုယ်ဆင်းရဲခြင်း ဒုက္ခတရား, စိတ်ဆင်းရဲရခြင်း ဒေါမနဿတရား, ပြင်းစွာပူပန်ရခြင်း ဥပါယာသတရားတွေမှလည်း မလွတ်မြောက်နိုင်တော့ဘူး။ ဒီလို မလွတ်မြောက်-နိုင်ဘူးဆိုလျှင် ဆင်းရဲဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ခြင်းဘဲ ဖြစ်တယ်လို့ ဘုရားရှင်က ဟောကြားတော်မူပါတယ်။

အိမ်နားမှာပဲ ရစ်ဝဲရစ်ဝဲ လုပ်ပြီးတော့ အိမ်နဲ့ မခွဲနိုင်တဲ့ ပုဂ္ဂိုလ်တွေ ကောင်းကောင်းကြီး သဘောပေါက်နိုင်တဲ့ ဒေသနာတော်တစ်ခု ဖြစ်ပါတယ်။

## ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရန် နည်းလမ်း

တစ်ဖန် ဆင်းရဲဒုက္ခမှ လွတ်မြောက်ရန် နည်းလမ်းကောင်းကိုလည်း ဘုရားရှင်က ဆက်လက်-ကာ ဟောကြားထားတော်မူပါတယ်။ ဘယ်လို ဟောကြားတော်မူသလဲ? နာကြည့်ကြရအောင် —

**“သုတဝါ စ ခေါ ဘိက္ခဝေ အရိယသာဝကော၊ အရိယာနံ ဒဿာဝီ အရိယဓမ္မဿ ကောဝိဒေါ အရိယဓမ္မေ သုဝိနီတော၊ သပ္ပုရိသာနံ ဒဿာဝီ သပ္ပုရိသဓမ္မဿ ကောဝိဒေါ သပ္ပုရိသဓမ္မေ သုဝိနီတော၊ န ရူပံ အတ္တတော သမနုပဿတိ၊ န ရူပဝန္တံ ဝါ အတ္တာနံ၊ န အတ္တနိ ဝါ ရူပံ၊ န ရူပသ္မိံ ဝါ အတ္တာနံ။ ပ ။ န ဝေဒနံ။ န သညံ။ န သင်္ခါရေ။ န ဝိညာဏံ အတ္တတော သမနုပဿတိ၊ န ဝိညာဏဝန္တံ ဝါ အတ္တာနံ၊ န အတ္တနိ ဝါ ဝိညာဏံ၊ န ဝိညာဏသ္မိံ ဝါ အတ္တာနံ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့။ **အရိယာနံ** = ဘုရားအစရှိကုန်သော အရိယာတို့ကို။ **ဒဿာဝီ** = ဖူးမြော်လေ့ရှိသော။ **အရိယဓမ္မဿ** = ဘုရားအစရှိကုန်သော အရိယာတို့၏ သစ္စာလေးပါးတရား၌။ **ကောဝိဒေါ** = လိမ္မာကျွမ်းကျင်သော။ **အရိယဓမ္မေ** = ဘုရားအစရှိကုန်သော အရိယာတို့၏ သစ္စာ-လေးပါးတရား၌။ **သုဝိနီတော** = ကောင်းစွာ ဆိုဆုံးမပြီး ယဉ်ကျေးပြီးဖြစ်သော။ **သပ္ပုရိသာနံ** = ဘုရားအစရှိကုန်သော သူတော်ကောင်းတို့ကို။ **ဒဿာဝီ** = ဖူးမြော်လေ့ရှိသော။ **သပ္ပုရိသဓမ္မဿ** = ဘုရားအစရှိကုန်သော သူတော်ကောင်းတို့၏ သစ္စာလေးပါးတရား၌။ **ကောဝိဒေါ** = လိမ္မာကျွမ်းကျင်သော။ **သပ္ပုရိသဓမ္မေ** = ဘုရားအစရှိကုန်သော သူတော်ကောင်းတို့၏ သစ္စာလေးပါးတရား၌။ **သုဝိနီတော** = ကောင်းစွာ ဆိုဆုံးမပြီး ယဉ်ကျေးပြီးဖြစ်သော။ **သုတဝါ** = အာဂမသုတဟု ခေါ်ဆို-အပ်သော သင်သိ, အဓိဂမသုတဟု ခေါ်ဆိုအပ်သော ကျင့်သိ, ဤအသိနှစ်မျိုးဖြင့် အကြားအမြင်

ဗဟုသုတရှိသော။ **အရိယသာဝကော** = အရိယာဖြစ်တော်မူသော ငါဘုရားရှင်၏ တပည့်သာဝက-သည်။

၁။ **ရူပံ** = ရုပ်တရားကို။ **အတ္တတော** = အတ္တအားဖြင့်။ ဝါ ။ အတ္တဟု။ **န သမနုပဿတိ** = မရှု။

၂။ **ရူပဝန္တံ ဝါ** = ရုပ်တရားရှိသော။ **အတ္တာနံ** = အတ္တဟု။ **န သမနုပဿတိ** = မရှု။

၃။ **အတ္တနိ ဝါ** = အတ္တ၌မူလည်း။ **ရူပံ** = ရုပ်တရားကို။ ဝါ ။ ရုပ်တရားရှိ၏ဟု။ **န သမနုပဿတိ** = မရှု။

၄။ **ရူပသ္မိံ ဝါ** = ရုပ်တရား၌မူလည်း။ **အတ္တာနံ** = အတ္တဟု။ ဝါ ။ အတ္တရှိ၏ဟု။ **န သမနုပဿတိ** = မရှု။

ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တွေကိုလည်း ပုံစံတူပဲ ဘုရားရှင်က ဆက်လက်ကာ ဟော-ကြားထားတော်မူပါတယ်။ ခန္ဓာငါးပါးတို့အပေါ်မှာ သက္ကာယဒိဋ္ဌိ (၂၀) မဖြစ်ပုံကို တစ်နည်းပြော-ရရင်တော့ ခန္ဓာငါးပါးတို့အပေါ်မှာ သက္ကာယဒိဋ္ဌိ (၂၀) မဖြစ်အောင် ကျင့်ရမည့်ကျင့်စဉ်ကို ညွှန်ကြား ထားတော်မူပါတယ်။

ဒီဒေသနာတော်ကတော့ သံသရာမှ ထွက်မြောက်ကြောင်း နည်းလမ်းကောင်းကို ညွှန်ကြား တော်မူတဲ့ ဒေသနာတော် ဖြစ်ပါတယ်။ ယောဂီသူတော်ကောင်းတစ်ဦးဟာ — ဒုက္ခသစ္စာအမည်ရတဲ့ ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတွေကို သင်သိ ကျင့်သိအနေဖြင့် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်-အောင် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ထားပြီး ဖြစ်-တယ်၊ ကြောင်း-ကျိုး-ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားလို့ ခေါ်ဆိုအပ်တဲ့ သမုဒယသစ္စာ တရားတွေကိုလည်း သင်သိ ကျင့်သိအနေဖြင့် ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ထားပြီး ဖြစ်တယ်၊ (ဒီဒုက္ခသစ္စာ-တရား သမုဒယသစ္စာတရား နှစ်မျိုးတို့ကို မိမိတို့ ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေက ပြုပြင်ပေး-ပါမှ အနိုင်နိုင်ဖြစ်ပေါ်လာကြရတဲ့ တရားတွေဖြစ်ခြင်းကြောင့် သင်္ခါရတရားတွေလို့ ခေါ်ဆိုပါတယ်။) အဲဒီသင်္ခါရတရားတွေရဲ့ ဖြစ်ပြီးပျက်နေတဲ့ အနိစ္စသဘော, ဖြစ်ခြင်း ပျက်ခြင်းဖြင့် အနှိပ်စက်ခံနေရတဲ့ ဒုက္ခသဘော, မပျက်စီးဘဲ အကြိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ အတ္တမဟုတ်တဲ့ အတ္တမရှိတဲ့ အနတ္တသဘောတရားတွေကိုလည်း ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်ထားပြီး ဖြစ်နေတယ် — ဒီလို ယောဂီသူတော်ကောင်းမျိုးကို ကလျာဏပုထုဇန်လို့ ခေါ်ဆိုပါတယ်။ ဒီ ကလျာဏပုထုဇန်နဲ့တကွ အရိယာသူတော်ကောင်းတို့ကို **အရိယသာဝကော** = အရိယာဖြစ်တော်မူသော ဘုရားရှင်၏ တပည့်သာဝကလို့ ဒီသုတ္တန်မှာ ဆိုလို ပါတယ်။ တစ်နည်းပြောရလျှင်တော့ အရိယာဖြစ်တော်မူကြတဲ့ ဘုရားရှင်ရဲ့ တပည့်သာဝကတွေကို တိုက်ရိုက်အားဖြင့် အရိယသာဝကလို့ ခေါ်ဆိုလိုပါတယ်။ သို့သော် ပြောခဲ့ပြီးတဲ့ ကလျာဏပုထုဇန်-များကိုတော့ သွယ်ဝိုက်တဲ့နည်းအားဖြင့် အရိယသာဝကလို့ ခေါ်ဆိုလိုပါတယ်။

ဒီလို အရိယာဖြစ်တော်မူတဲ့ ဘုရားရှင်ရဲ့ တပည့်သာဝကဟာ အကြောင်းတရားနှင့် တကွသော ခန္ဓာငါးပါး ရုပ်နာမ်ပရမတ်တရားတွေကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေး (၃)တန်သို့ တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုပွားသုံးသပ်တော်မူနေတဲ့အခါ အနတ္တဉာဏ်အမြင်သို့ ဆိုက်ရောက်နေတဲ့ အတွက် အတ္တဒိဋ္ဌိ = သက္ကာယဒိဋ္ဌိအစွဲကို အဲဒီဝိပဿနာဉာဏ်က တဒင်္ဂအားဖြင့် ဖယ်ရှားထားပြီး ဖြစ်နေပါတယ်။ သို့သော် သောတာပန်စတဲ့ အရိယာသူတော်ကောင်းတွေကတော့ မိမိတို့ရဲ့ အရိယ-မဂ်ဉာဏ်ဖြင့် ဒီအတ္တဒိဋ္ဌိ = သက္ကာယဒိဋ္ဌိအစွဲကို အကြွင်းမဲ့ ပယ်ရှားထားပြီး ဖြစ်ကြပါတယ်။ ဒီလို အတ္တဒိဋ္ဌိ = သက္ကာယဒိဋ္ဌိအစွဲကို တဒင်္ဂအားဖြင့်ဖြစ်စေ အကြွင်းမဲ့ = သမုစ္ဆေဒအားဖြင့်ဖြစ်စေ ပယ်ရှား-ထားပြီး ဖြစ်နေတဲ့အတွက် အဲဒီ ယောဂီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ — ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ — ဒီခန္ဓာငါးပါးတို့အပေါ်မှာ “ငါပဲ, ငါ့ရဲ့ အတ္တပဲ”လို့ ဒီလို ရစ်ပတ်ပြေးသွားမှုလည်း မရှိတော့ဘူး လှည့်ပတ်သွားနေမှုလည်း မရှိတော့ဘူး။ ဒီလို ရစ်ပတ်ပြေးသွားမှုလည်း မရှိတော့ဘူး ဆိုလျှင် လှည့်ပတ်သွားနေမှုလည်း မရှိတော့ဘူးဆိုလျှင် ဘာဖြစ်မလဲ? ဖြစ်ပေါ်လာပုံကို ဘုရားရှင်က ဒီလို ဆက်လက် ဟောကြားထားတော်မူပါတယ်။

**သော ရူပံ နာနုပရိဓာဝတိ နာနုပရိဝတ္တတိ၊ ဝေဒနံ။ သညံ။ သင်္ခါရေ။ ဝိညာဏံ နာနုပရိဓာဝတိ နာနုပရိဝတ္တတိ။ သော ရူပံ အနနုပရိဓာဝံ အနနုပရိဝတ္တံ၊ ဝေဒနံ။ သညံ။ သင်္ခါရေ။ ဝိညာဏံ အနနုပရိဓာဝံ အနနုပရိဝတ္တံ၊ ပရိမုစ္စတိ ရူပမှာ၊ ပရိမုစ္စတိ ဝေဒနာယ၊ ပရိမုစ္စတိ သညာယ၊ ပရိမုစ္စတိ သင်္ခါရေဟိ၊ ပရိမုစ္စတိ ဝိညာဏမှာ၊ ပရိမုစ္စတိ ဇာတိယာ ဇရာမရဏေန သောကေဟိ ပရိဒေဝေဟိ ဒုက္ခေဟိ ဒေါမနဿေဟိ ဥပါယာသေဟိ။ ‘ပရိမုစ္စတိ ဒုက္ခသ္မာ’တိ ဝဒါမီ”တိ။**[၁၅၄]

**သော** = ထိုယောဂါဝစရပုဂ္ဂိုလ်သည်။ **ရူပံ** = ရုပ်တရားကို။ **နာနုပရိဓာဝတိ** = (“ငါပဲ, ငါ့ဟာပဲ, ငါရဲ့အတ္တပဲ”လို့) ရစ်ပတ်၍ မပြေးတော့ပေ။ **နာနုပရိဝတ္တတိ** = (“ငါပဲ, ငါ့ဟာပဲ, ငါရဲ့အတ္တပဲ”လို့) လှည့်လည်၍ မသွားတော့ပေ။ **ဝေဒနံ** = ဝေဒနာကို။ ပ ။ **သညံ** = သညာကို။ ပ ။ **သင်္ခါရေ** = သင်္ခါရတို့ကို။ ပ ။ **ဝိညာဏံ** = ဝိညာဏ်ကို။ **နာနုပရိဓာဝတိ** = (“ငါပဲ, ငါ့ဟာပဲ, ငါရဲ့အတ္တပဲ”လို့) ရစ်ပတ်၍ မပြေးတော့ပေ။ **နာနုပရိဝတ္တတိ** = (“ငါပဲ, ငါ့ဟာပဲ, ငါရဲ့အတ္တပဲ”လို့) လှည့်လည်၍ မသွားတော့ပေ။

ဒီလို သင်္ခါရတရားတွေကို လက္ခဏာရေး (၃)တန်သို့ တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုနေတဲ့ ယောဂါဝစရပုဂ္ဂိုလ်ရဲ့ အသိဉာဏ်ဟာ ဒီခန္ဓာငါးပါးတို့ အပေါ်မှာ “ငါပဲ, ငါ့ဟာပဲ, ငါရဲ့အတ္တပဲ”လို့ ဒီလို ရစ်ပတ်ပြေးလွှားမှုလည်း မရှိတော့ဘူး၊ လှည့်ပတ်သွားလာမှုလည်း မရှိတော့ဘူး။

**ရူပံ** = ရုပ်တရားကို။ **အနနုပရိဓာဝံ** = (“ငါပဲ, ငါ့ဟာပဲ, ငါရဲ့အတ္တပဲ”လို့) ရစ်ပတ်၍ မပြေးခဲ့သော်။ **နာနုပရိဝတ္တံ** = (“ငါပဲ, ငါ့ဟာပဲ, ငါရဲ့အတ္တပဲ”လို့) လှည့်လည်၍ မသွားခဲ့သော်။ **ဝေဒနံ** = ဝေဒနာကို။ ပ ။ **သညံ** = သညာကို။ ပ ။ **သင်္ခါရေ** = သင်္ခါရတို့ကို။ ပ ။ **ဝိညာဏံ** = ဝိညာဏ်ကို။ **နာနုပရိဓာဝံ** = (“ငါပဲ, ငါ့ဟာပဲ, ငါရဲ့အတ္တပဲ”လို့) ရစ်ပတ်၍ မပြေးခဲ့သော်။ **နာနုပရိဝတ္တံ** = (“ငါပဲ, ငါ့ဟာပဲ,

[၁၅၄] သံ၊၂၊၁၂၂။

ငါရဲ့အတ္တပဲ”လို့) လှည့်လည်၍ မသွားခဲ့သော်။ **သော** = ထို ယောဂါဝစရပုဂ္ဂိုလ်သည်။ **ရူပမှာ** = ရုပ်တရားမှ။ **ပရိမုစ္စတိ** = လွတ်မြောက်ရတော့၏။ **ဝေဒနာယ** = ဝေဒနာမှ။ **ပရိမုစ္စတိ** = လွတ်မြောက်ရတော့၏။ **သညာယ** = သညာမှ။ **ပရိမုစ္စတိ** = လွတ်မြောက်ရတော့၏။ **သင်္ခါရေဟိ** = သင်္ခါရတို့မှ။ **ပရိမုစ္စတိ** = လွတ်မြောက်ရတော့၏။ **ဝိညာဏမှာ** = ဝိညာဏ်မှ။ **ပရိမုစ္စတိ** = လွတ်မြောက်ရတော့၏။

ဒီလို ခန္ဓာငါးပါးမှ လွတ်မြောက်သွားပြီဆိုလျှင် ဘာဖြစ်မလဲ?

**ဇာတိယာ** = ပဋိသန္ဓေတည်နေရခြင်း ဇာတိတရားမှ။ **ဇရာမရဏေန** = အိုရခြင်း ဇရာတရား, သေရခြင်း မရဏတရားမှ။ **သောကေဟိ** = စိုးရိမ်ရခြင်း သောကတရားတို့မှ။ **ပရိဒေဝေဟိ** = ငိုကြွေးမြည်တမ်းရခြင်း ပရိဒေဝတရားတို့မှ။ **ဒုက္ခေဟိ** = ကိုယ်ဆင်းရဲခြင်း ဒုက္ခတရားတို့မှ။ **ဒေါမနဿေဟိ** = စိတ်ဆင်းရဲရခြင်း ဒေါမနဿတရားတို့မှ။ **ဥပါယာသေဟိ** = ပြင်းစွာပူပန်ရခြင်း ဥပါယာသတရားတို့မှ။ **ပရိမုစ္စတိ** = လွတ်မြောက်ရပေတော့၏။ **ဒုက္ခသ္မာ** = သံသရာဝဋ်ဆင်းရဲဒုက္ခအပေါင်းမှ။ **ပရိမုစ္စတိ** = လွတ်မြောက်ရပေတော့၏။

ခန္ဓပရိနိဗ္ဗာန်စံလွန်တော်မူသောအခါ ခန္ဓာငါးပါးတို့ကား အပြီးသတ် ချုပ်ငြိမ်းသွားကြပြီ ဖြစ်တယ်။ ဒီလို ခန္ဓာငါးပါးတို့ အပြီးတိုင် ချုပ်ငြိမ်းသွားသည့်အတွက် ပရိနိဗ္ဗာနစုတိရဲ့ နောက်ဆွယ်တွင် ခန္ဓာငါးပါးတို့ အသစ်တစ်ဖန် ထပ်မံဖြစ်ပေါ်ခြင်း လုံးဝမရှိတော့ဘူး။ အဲဒီအခါမှာ ခန္ဓာငါးပါးတို့မှ ကွင်းလုံးကျွတ် လွတ်မြောက်သွားပြီဖြစ်တယ်။ ဒီလို ကွင်းလုံးကျွတ် လွတ်မြောက်သွားတဲ့အတွက် နောက်ထပ်တစ်ဖန် ဘဝသစ်မှာ ပဋိသန္ဓေတည်နေရခြင်း ဇာတိတရားလည်း ထင်ရှားမရှိတော့တဲ့ အတွက် ဇာတိတရားမှလည်း လွတ်မြောက်သွားပြီ ဖြစ်တယ်။ ဇာတိတရား မရှိတော့တဲ့အတွက် ဇာတိတရား ထင်ရှားရှိမှ ဖြစ်ပေါ်လာနိုင်ကြတဲ့ အိုရခြင်း ဇရာတရား, သေရခြင်း မရဏတရား, စိုးရိမ်ရခြင်း သောကတရား, ငိုကြွေးမြည်တမ်းရခြင်း ပရိဒေဝတရား, ကိုယ်ဆင်းရဲခြင်း ဒုက္ခတရား, စိတ်ဆင်းရဲရခြင်း ဒေါမနဿတရား, ပြင်းစွာပူပန်ရခြင်း ဥပါယာသတရားတို့လည်း မဖြစ်နိုင်ကြတော့သည့်အတွက် အဲဒီ အိုရခြင်း ဇရာတရား, သေရခြင်း မရဏတရား, စိုးရိမ်ရခြင်း သောကတရား, ငိုကြွေးမြည်တမ်းရခြင်း ပရိဒေဝတရား, ကိုယ်ဆင်းရဲခြင်း ဒုက္ခတရား, စိတ်ဆင်းရဲရခြင်း ဒေါမနဿတရား, ပြင်းစွာပူပန်ရခြင်း ဥပါယာသတရားတို့မှလည်း အပြီးတိုင် ကွင်းလုံးကျွတ် လွတ်မြောက်သွားပြီ ဖြစ်တယ်။ ဒီလို လွတ်မြောက်ခဲ့လျှင် သံသရာဝဋ်ဆင်းရဲဒုက္ခအားလုံးမှ လွတ်မြောက်ခြင်းပဲ ဖြစ်ပါတယ်လို့ ဘုရားရှင်က ပထမဂဒ္ဒုလဗဒ္ဓသုတ္တန် ဒေသနာတော်ကို နိဂုံးချုပ်တော်မူလိုက်ပါတယ်။

ပထမဂဒ္ဒုလဗဒ္ဓသုတ္တန် ဒေသနာတော်ကတော့ ဒီနေရာမှာပဲ ပြီးဆုံးသွားပြီ ဖြစ်ပါတယ်။ ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် ဒေသနာတော်ကို ဆက်လက်ပြီးတော့ နာကြားကြရအောင် —

✧ ✧ ✧ ✧ ✧ ✧

# ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် (ရှေ့ပိုင်း) တရားဒေသနာတော်

ဒီ ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန်ကို တရားနိဒါန်းပျိုးထားပုံကတော့ ပဌမဂဒ္ဒုလဗဒ္ဓသုတ္တန်ကို တရားနိဒါန်းပျိုးထားပုံနှင့် အစပိုင်းမှာတော့ တူညီလျက်ပင် ရှိနေပါတယ်။ နာဖူးထပ်မံအနေဖြင့် နာကြည့်ကြရအောင် —

**အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော။ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **အယံ သံသာရော** = ခန္ဓာ အာယတန ဓာတ်တို့၏ အဆက်မပြတ် ဆက်စပ်၍ ဖြစ်ပေါ်နေရာ ရုပ်နာမ်သန္တာန်အစဉ်အတန်းဟု ခေါ်ဆိုအပ်သော ဤသံသရာသည်ကား။ **အနမတဂ္ဂေါ** = ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း မသိအပ် မသိနိုင်သော အစရှိပေ၏။ **အဝိဇ္ဇာနီဝရဏာနံ** = အဝိဇ္ဇာနီဝရဏတရားသည် ပိတ်ဖုံးကာဆီးအပ်ကုန်သည်ဖြစ်၍။ **တဏှာသံယောဇနာနံ** = တဏှာတည်းဟူသော သံယောဇဉ်ကြိုးက ရစ်ပတ်နှောင်ဖွဲ့ထားအပ်ကုန်-သည်ဖြစ်၍။ **သန္ဓာဝတံ** = ထိုဘဝမှ ဤဘဝ, ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သံသရတံ** = တစ်ခုသော ဘဝ၌လည်းပဲ ထပ်ကာထပ်ကာ ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သတ္တာနံ** = သတ္တဝါတို့၏။ **ပုဗ္ဗာ ကောဋိ** = သံသရာ၏ ရှေ့အစွန်းကို။ **န ပညာယတိ** = မသိအပ် မသိနိုင်ပေ။

သက်ရှိအရာဝတ္ထုဖြစ်ကြတဲ့ လိုချင်စရာ ကာမဝတ္ထု အစုစုလို့ခေါ်ဆိုအပ်တဲ့ ထိုထိုအာရုံ ထိုထိုကာမဂုဏ်တွေဟာ — ရုပ်နာမ်ပရမတ်တရားတို့ရဲ့ အစုအပုံတွေသာ ဖြစ်ကြတယ်၊ အနိစ္စတရားအစုအပုံ, ဒုက္ခတရားအစုအပုံ, အနတ္တတရားအစုအပုံတွေသာ ဖြစ်ကြတယ်လို့ အမှန်ကို မသိဘဲ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ စသည်ဖြင့် အသိမှားနေတဲ့, သားပဲ သမီးပဲ ဇနီးပဲ မြေးပဲ စသည်ဖြင့် အသိမှားနေတဲ့, သက်မဲ့အရာဝတ္ထုတွေကိုလည်း ရုပ်တရားအစုံအပုံတွေပဲလို့ မသိဘဲ ရွှေပဲ ငွေပဲ စသည်ဖြင့် အသိမှားနေတဲ့, အဝိဇ္ဇာနီဝရဏရဲ့ ပိတ်ဖုံးကာဆီးထားမှုကို ခံယူနေကြရတဲ့, ထိုထိုအာရုံ ထိုထိုကာမဂုဏ်တွေအပေါ်မှာ တွယ်တာမက်မောမှု နှစ်သက်မြတ်နိုးမှု တဏှာဆိုတဲ့ သံယောဇဉ်ကြိုးနဲ့ ထပ်မံကာ ရစ်ပတ်နှောင်ဖွဲ့ထားမှုကိုလည်း ခံယူနေကြရတဲ့ သတ္တဝါတွေအဖို့ သံသရာရဲ့ရှေ့အစွန်းဆိုတာ မသိအပ် မသိနိုင်တဲ့ သဘောရှိနေတယ်။ အလွန် ရှည်လျားလှတယ်လို့ ဆိုလိုပါတယ်။

ဒီနေရာမှာ အဝိဇ္ဇာဆိုတဲ့ သဘောကတော့ သစ္စာလေးပါး အမှန်တရားကို မသိမှုသဘောပဲ ဖြစ်ပါတယ်။ ဒုက္ခသစ္စာခေါ်တဲ့ ရုပ်နာမ်ပရမတ်တရားတွေကိုလည်း မသိ။ ယင်းရုပ်နာမ်ပရမတ်တရားတို့ကို ဖြစ်ပေါ်စေတတ်တဲ့ အကြောင်းရင်း သမုဒယသစ္စာတရားကိုလည်း မသိ။ ယင်းဒုက္ခသစ္စာ သမုဒယသစ္စာတရားတို့ရဲ့ ချုပ်ငြိမ်းရာ နိရောဓသစ္စာကိုလည်း မသိ။ ယင်းချုပ်ငြိမ်းရာ နိရောဓသို့ ရောက်ကြောင်းကျင့်စဉ်ဖြစ်တဲ့ မဂ္ဂသစ္စာတရားကိုလည်း မသိ။ မသိဆိုတာကလည်း ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ် အရိယမဂ္ဂသမ္မာဒိဋ္ဌိဉာဏ်တို့ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်မသိခြင်းမျိုးကို ဆိုလိုပါတယ်။ ဒီလို သစ္စာလေးပါးကို ဟုတ်တိုင်းမှန်စွာ မသိဘဲ ယောကျ်ားပဲ မိန်းမပဲ သားပဲ သမီးပဲ ဇနီးပဲ မြေးပဲ အမေပဲ အဖေပဲ စသည်ဖြင့် မသိသင့်တဲ့ အရာတွေကို ပြောင်းပြန်လှန်ကာ အသိမှားနေတယ်။ သက်မဲ့ရုပ်တရားတွေကိုလည်း ရုပ်တရားတွေလို့ မသိဘဲ ရွှေပဲ ငွေပဲ စသည်ဖြင့် မသိသင့်တဲ့အရာတွေကို ပြောင်းပြန်လှန်ကာ အသိမှားနေတယ်။ ဒီလို အသိမှားမှု အဝိဇ္ဇာကို အမှီပြုပြီးတော့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါတွေအပေါ်မှာ တွယ်တာမက်မောမှု တဏှာဆိုတဲ့ သံယောဇဉ်ကြိုးက ထပ်မံကာ ရစ်ပတ်နှောင်ဖွဲ့ထားပြန်တယ်။ အလားတူပဲ မိမိပိုင်ဆိုင်နေတဲ့ ရွှေငွေစတဲ့ သက်မဲ့ကာမဝတ္ထု အစုစုတွေကိုလည်း ရုပ်တရားအစုအပုံတွေပဲလို့ မသိဘဲ အနိစ္စတရားအစုအပုံ, ဒုက္ခတရားအစုအပုံ, အနတ္တတရားအစုအပုံတွေပဲလို့ မသိဘဲ ရွှေငွေ စသည်ဖြင့် အသိမှားမှု အဝိဇ္ဇာဆိုတဲ့ မျက်မှန်နဲ့ တပ်ဆင်ပြီးတော့ ကြည့်နေတဲ့အတွက် ငါ့ရွှေ ငါ့ငွေ စသည်ဖြင့် တွယ်တာမက်မောမှု တဏှာဆိုတဲ့ သံယောဇဉ်ကြိုးက ထပ်မံကာ ရစ်ပတ်နှောင်ဖွဲ့ထားပြန်တယ်။ ဒါတွင်လားဆိုတော့ မကသေးဘူး။ ငါရဲ့ အတ္တပဲလို့ အစွဲကြီး စွဲနေတဲ့ သက္ကာယဒိဋ္ဌိလို့ ခေါ်ဆိုတဲ့ "တောက်ကြီး" တစ်ခုကိုလည်း လည်ပင်းမှာ အဆွဲခံထားရပြန်တယ်။ ဒီလို တောက်ဆွဲခံနေရတဲ့ ဘဝရဲ့ အခြေအနေကို လည်ပင်းမှာ တောက်ဆွဲခံနေရတဲ့ ခွေးတစ်ကောင်ရဲ့ ဘဝနဲ့ နှိုင်းယှဉ်ကာ ဘုရားရှင်က ဒီလို ဆက်လက် ဟောကြားထားတော်မူပါတယ်။

## တောက်ဆွဲခံနေရသော ဘဝ

**သေယျထာပိ ဘိက္ခဝေ သာ ဂဒ္ဒုလဗဒ္ဓေါ ဒဠှေ ခီလေ ဝါ ထမ္ဘေ ဝါ ဥပနိဗဒ္ဓေါ။ သော ဂစ္ဆတိ စေပိ တမေဝ ခီလံ ဝါ ထမ္ဘံ ဝါ ဥပဂစ္ဆတိ၊ တိဋ္ဌတိ စေပိ တမေဝ ခီလံ ဝါ ထမ္ဘံ ဝါ ဥပတိဋ္ဌတိ၊ နိသီဒတိ စေပိ တမေဝ ခီလံ ဝါ ထမ္ဘံ ဝါ ဥပနိသီဒတိ၊ နိပဇ္ဇတိ စေပိ တမေဝ ခီလံ ဝါ ထမ္ဘံ ဝါ ဥပနိပဇ္ဇတိ။**[၁၁]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **သေယျထာပိ** = ဖြစ်သင့်ဖြစ်ရာ နှိုင်းခိုင်းဖွယ်ရာ လောကဥပမာသည်ကား။ **ဂဒ္ဒုလဗဒ္ဓေါ** = တောက်ဖြင့် ဖွဲ့ချည်၍ ထားအပ်သော။ **သာ** = ခွေးကို။ **ဒဠှေ** = မြဲမြံခိုင်ခံ့သော။ **ခီလေ ဝါ** = ငုတ်၌သော်လည်းကောင်း။ **ထမ္ဘေ ဝါ** = တိုင်၌သော်လည်းကောင်း။ **ဥပနိဗဒ္ဓေါ** = ဖွဲ့ချည်၍ ထားလေရာ၏။

---
[၁၁] သံ၊ ၂၊၁၂၃။

တောက်ဆိုတာကတော့ တောင်ဆုပ်လောက်ရှိတဲ့ တုတ်တစ်ချောင်းပါပဲ၊ တုတ်ဆိုသော်လည်း ဝါးရင်းတုတ်ပုံစံမျိုးလို့ ယူဆရပါတယ်၊ အဲဒီ တုတ်တစ်ချောင်းကို ချိန်သားကိုက်အောင် အလယ်ခေါင်မှာ ကြိုးကလေးတစ်ချောင်းနှင့် ချည်ထားပြီးတော့ ခွေးရဲ့ လည်ပင်းမှာ အဲဒီကြိုးတစ်ချောင်းနှင့် ဒီတောက်ကို ဆွဲပြီးတော့ ထားလိုက်တယ်၊ တောက်ရဲ့ပမာဏ အရှည်အတိုက တောင်ဆုပ်လောက်ရှိတယ်၊ တွဲလဲဆွဲထားတဲ့ ကြိုးရဲ့အရှည်အတိုက ဘာနှင့် တိုင်းတာထားသလဲဆိုတော့ ခွေးရဲ့ဒူးဆစ်နှင့် တိုင်းတာထားတယ်၊ ရှေ့လက်နှစ်ဖက်ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ —

သူက ခဏခဏ ဟိုအိမ်လည် ဒီအိမ်လည် လည်တတ်လွန်းလို့ ခဏခဏ ဟိုပြေး ဒီပြေး ပြေးတတ်လွန်းလို့ ဟိုအိမ်လည် ဒီအိမ်လည် မလည်နိုင်အောင်, ဟိုအိမ်ပြေး ဒီအိမ်ပြေး သိပ်မပြေးနိုင်အောင်ဆိုပြီးတော့ လည်ပင်းမှာ တောက်ဆွဲပေးလိုက်တယ်။ တောက်ဆွဲပေးလိုက်တော့ ပြေးလိုက်ပြီဆိုလို့ရှိရင် ဒီဆွဲထားတဲ့တောက်က ဒူးနှစ်ဖက်ကို ရိုက်နေတဲ့အတွက် ဒီခွေးသည် စိတ်ရှိတိုင်း ပြေးနိုင်သေးသလား? မပြေးနိုင်တော့ဘူး။

အဲဒါ ဒကာကြီးတွေ ဒကာမကြီးတွေ မပြေးနိုင်တာလည်း ဘာဖြစ်လို့လဲ? အဲဒါ စဉ်းစားကြည့်ကြ၊ ကဲ - မပြေးနိုင်တဲ့အခါကျတော့ ဒီခွေးကို ဘာလုပ်သေးသလဲ? တောက်ဆွဲထားရုံတွင် မဟုတ်သေးဘူး၊ နောက်ထပ်တစ်ခု ပြုလုပ်ထားပြန်သေးတယ်၊ အဲဒီ တောက်ဆွဲထားတဲ့ ခွေးကို ဘာလုပ်သလဲ။ —

## တိုင်ငုတ်မှာ သို့မဟုတ် ချည်တိုင်မှာ ကြိုးချည်စံထားရတဲ့ဘဝ

**ဒဠှေ ခီလေ ဝါ ထမ္ဘေ ဝါ ဥပနိဗဒ္ဓေါ**။

**ဒဠှေ** = မြဲမြံခိုင်ခံ့သော။ **ခီလေ ဝါ** = တိုင်ငုတ်၌သော်လည်းကောင်း။ **ထမ္ဘေ ဝါ** = ချည်တိုင်၌သော်လည်းကောင်း။ **ဥပနိဗဒ္ဓေါ** = ကပ်၍ ဖွဲ့ချည်ထားလေရာ၏။

လည်ပင်းမှာ တောက်ကြီးဆွဲထားပြီး မြဲမြံခိုင်ခံ့တဲ့ ငုတ်တစ်ခု သို့မဟုတ် တိုင်တစ်တိုင်မှာ ခိုင်ခံ့တဲ့ ကြိုးတစ်ချောင်းဖြင့် မြဲမြဲမြံမြံ ခိုင်ခိုင်ခံ့ခံ့ ရုန်းလို့မရအောင် ထပ်ပြီးတော့ ချည်ထားပြန်တယ်၊ ချည်ထားလိုက်တဲ့အတွက် ဒီခွေးသည် ဘာဖြစ်သလဲ။

**သော ဂစ္ဆတိ စေပိ တမေဝ ခီလံ ဝါ ထမ္ဘံ ဝါ ဥပဂစ္ဆတိ**။[၁၅၆]

**သော** = ထိုခွေးသည်။ **စေပိ ဂစ္ဆတိ** = အကယ်၍ သွားမူလည်း သွားငြားအံ့။ **တမေဝ ခီလံ ဝါ** = ထိုငုတ်ကိုသာလျှင်သော်လည်းကောင်း။ **တမေဝ ထမ္ဘံ ဝါ** = ထိုတိုင်ကိုသာလျှင်သော်လည်းကောင်း။ **ဥပဂစ္ဆတိ** = ကပ်၍သွားရပေ၏။

သွားမယ်ဆိုလို့ရှိရင်လည်း ကြိုးဖြင့် ချည်ထားခံရတဲ့အတွက် ချည်တဲ့ကြိုးကလည်း သိပ်ခိုင်ခံ့နေတဲ့အတွက်ကြောင့် ဒီခွေးသည် သွားရင် ဒီတိုင်နားကပ်ပြီးတော့ပဲ သွားရတယ်။

---

[၁၅၆] သံ၊ ၂၊၁၂၃။

**တိဋ္ဌတိ စေပိ တမေဝ ခီလံ ဝါ ထမ္ဘံ ဝါ ဥပတိဋ္ဌတိ။**[၁၅၇]

**စေပိ တိဋ္ဌတိ** = အကယ်၍ ရပ်မူလည်း ရပ်ငြားအံ့။ **တမေဝ ခီလံ ဝါ** = ထိုငုတ်ကိုသာလျှင်သော်လည်းကောင်း။ **တမေဝ ထမ္ဘံ ဝါ** = ထိုတိုင်ကိုသာလျှင်သော်လည်းကောင်း။ **ဥပတိဋ္ဌတိ** = ကပ်၍ ရပ်ရ၏။

ရပ်မယ်ဆိုလည်း ဒီတိုင်နားက သူခွာလို့ရမလား? မရဘူး၊ ဒီငုတ်နားက ခွာလို့မရဘူး၊ ဒီငုတ်နား-မှာ ဒီတိုင်နားမှာပဲ ကပ်ပြီးတော့ ရပ်နေရတယ်။

**နိသီဒတိ စေပိ တမေဝ ခီလံ ဝါ ထမ္ဘံ ဝါ ဥပနိသီဒတိ။**[၁၅၈]

**စေပိ နိသီဒတိ** = အကယ်၍ ထိုင်မူလည်း ထိုင်ငြားအံ့။ **တမေဝ ခီလံ ဝါ** = ထိုငုတ်ကိုသာလျှင်သော်လည်းကောင်း။ **တမေဝ ထမ္ဘံ ဝါ** = ထိုတိုင်ကိုသာလျှင်သော်လည်းကောင်း။ **ဥပနိသီဒတိ** = ကပ်၍ ထိုင်ရပေ၏။

ထိုင်မယ်ဆိုလို့ရှိရင်လည်း ဒီငုတ်နား သို့မဟုတ် ဒီတိုင်နားမှာပဲ ကပ်ပြီးတော့ ထိုင်ရတယ်။

**နိပဇ္ဇတိ စေပိ တမေဝ ခီလံ ဝါ ထမ္ဘံ ဝါ ဥပနိပဇ္ဇတိ။**[၁၅၉]

**စေပိ နိပဇ္ဇတိ** = အကယ်၍ အိပ်မူလည်း အိပ်ငြားအံ့။ **တမေဝ ခီလံ ဝါ** = ထိုငုတ်ကိုသာလျှင်သော်လည်းကောင်း။ **တမေဝ ထမ္ဘံ ဝါ** = ထိုတိုင်ကိုသာလျှင်သော်လည်းကောင်း။ **ဥပနိပဇ္ဇတိ** = ကပ်၍ အိပ်ရပေ၏။

အိပ်မယ်ဆိုလည်း ဘယ်နားကပ်အိပ်သလဲ? ဒီတိုင်နား သို့မဟုတ် ဒီငုတ်နားပဲ ကပ်ပြီးတော့ အိပ်ရတယ်၊ ဒါက ဥပမာစကားပဲ။

## ပညာမျက်စိကာဏ်းနေတဲ့ ပုထုဇန်ငမိုက်သားရဲ့အမြင်

အဲဒီဥပမာကလေးနှင့် တိုင်းတာပြီးတော့ ဒကာကြီးတွေ ဒကာမကြီးတွေဘက်ကို မြတ်စွာဘုရားက လှည့်ပြီးတော့ ဟောတော်မူပြန်တယ်။ တို့ကို ဘုရားက ခွေးနဲ့ နှိုင်းပြီး ဟောတယ်လို့ ဒီလိုတော့ မယူဆနဲ့နော်၊ ပုံစံတူနေလို့ မြတ်စွာဘုရားက ဟောကြားနေတော်မူခြင်း ဖြစ်တယ်။ ဘယ်လို ဆက်လက်ပြီး ဟောကြားတော်မူသလဲ? —

**ဧဝမေဝ ခေါ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ရူပံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'တိ သမနုပဿတိ။**[၁၆၀]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ဧဝမေဝ ခေါ** = ဤဥပမာအတူသာလျှင်။ **အဿုတဝါ** = အာဂမသုတဟုခေါ်ဆိုအပ်သော သင်သိ၊ အဓိဂမသုတဟုခေါ်ဆိုအပ်သော ကျင့်သိ၊ ဤအသိ

---
[၁၅၇], [၁၅၈], [၁၅၉], [၁၆၀] သံ၊၂၊၁၂၃။

နှစ်မျိုးဖြင့် အကြားအမြင် ဗဟုသုတမရှိသော။ **ပုထုဇ္ဇနော** = ပရမတ်ဉာဏ်ပညာမျက်စိကာဏ်းနေတဲ့ အန္ဓဗာလပုထုဇန်ငမိုက်သားသည်။ **ရူပံ** = ရုပ်တရားကို။ **'ဧတံ** = ဤရုပ်တရားသည်ကား။ **မမ** = ငါရဲ့ ရုပ်တရားတည်း။ **ဧသော** = ဤရုပ်တရားသည်ကား။ **အဟမသ္မိ** = ငါတည်း။ **ဧသော** = ဤ ရုပ်တရားသည်ကား။ **မေ** = ငါ၏။ **အတ္တာ** = အတ္တတည်း။**' ဣတိ** = ဤသို့သာလျှင်။ **သမနုပဿတိ** = အဖန်ဖန် အထပ်ထပ် စွဲလမ်းထင်မြင် ရှုဆင်ခြင်၍ နေပေ၏။

ယောက်ျား, မိန်းမ, သား, သမီး စသည်ဖြင့် ခေါ်ဝေါ်သုံးနှုန်းထားအပ်တဲ့ ရုပ်တရားအစုအပုံ ရှိတယ် ဆိုကြစို့၊ အဲဒီရုပ်တရား အနားကပ်လိုက်ပြီဆိုလို့ရှိရင် ဘာဖြစ်သလဲ? ဒါက ငါ့သား, ဒါက ငါ့သမီး, ဒါက ငါ့ဇနီး, ဒါက ငါ့မြေး, ဒါက ငါ့ယောက်ျား စသည်ဖြင့် အနားကို သွားကပ်တယ်။ ဟုတ်သလား, မဟုတ်ဘူးလား? သိပ်မဖြေကြဘူး၊ ဟုတ်သလား, မဟုတ်ဘူးလား? ကဲ - ဒကာကြီး-တွေ ဒကာမကြီးတွေ ဖြေစမ်း၊ ငါ့ဟာ ငါ့ဟာဆိုပြီးတော့ အနားကပ်တယ်နော်။ နောက်တစ်ခု —

**ဧသောဟမသ္မိ** = ဒီရုပ်ဟာ ငါပဲ ဆိုပြီးတော့လည်း အနားကပ်တယ်။ **ဧသော မေ အတ္တာ** = ဒီရုပ်ဟာ ငါရဲ့ အတ္တပဲဆိုပြီးတော့လည်း ဒီလို အနားကပ်တယ်။ တချို့အဖိုးအဖွားတွေ ဘာပြော သလဲ၊ — "ဒီမြေးကလေးက တပည့်တော်ရဲ့ အသက်ပဲ"တဲ့၊ ဟော - ဒီမြေးကိုပဲ သူ့ရဲ့ အသက်လို့ မပြောဘူးလား? ပြောနေတယ်၊ အဲဒါ ဘာလဲ?

**ဧသော မေ အတ္တာ** = ဒီရုပ်ဟာ သူ့ရဲ့ အသက်ကောင်, လိပ်ပြာကောင်တဲ့ – အပြောပဲ၊ ဒီတော့ ရုပ်တရားနားကပ်ရင်လည်း "ငါ့ဟာ ငါ့ဟာ"လို့ ကပ်တယ်၊ "ငါ ငါ"လို့ ကပ်တယ်၊ "ငါ့ရဲ့ အတ္တ ငါ့ရဲ့ အတ္တ"လို့ ပြေးပြီးတော့ ကပ်တယ်။

**ဝေဒနံ။ သညံ။ သင်္ခါရေ။ ဝိညာဏံ 'ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ'တိ သမနုပဿတိ။**[160]

ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခေါ်တဲ့ နာမ်တရားတွေကျပြန်တော့လည်း "ငါ့ဟာပဲ, ငါပဲ, ငါ့ရဲ့ အတ္တပဲ"လို့ ပြေးပြီးတော့ ကပ်တယ်၊ "ငါ့စိတ်"က သူများစိတ်နှင့်တူတာ မဟုတ်ဘူး၊ "ငါ့လောဘ"-က သူများလောဘနှင့် တူတာ မဟုတ်ဘူး၊ "ငါ့ဒေါသ"က သူများဒေါသနှင့် တူတာ မဟုတ်ဘူး၊ "ငါ့မာန"က သူများမာနနှင့် တူတာ မဟုတ်ဘူး၊ "ငါ့သဒ္ဓါတရား"က သူများ သဒ္ဓါတရားနှင့် တူတာ မဟုတ်ဘူး၊ "ငါ့စေတနာ"က သူများစေတနာနှင့် တူတာ မဟုတ်ဘူး — စသည်ဖြင့် ဒီဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ခေါ်တဲ့ နာမ်တရားတွေကိုလည်း "ငါ့ဟာ ငါ့ဟာ"ဆိုပြီးတော့ ပြေး မကပ်ဘူးလား? ကပ်နေတယ်၊ "ငါ"လို့လည်း ကပ်နေတယ်၊ "ငါရဲ့ အတ္တ"လို့လည်း ကပ်တယ်၊ အဲဒီလို စွဲလမ်းထင်မြင် ရှုဆင်ခြင်နေတဲ့ ပုဂ္ဂိုလ်ဟာ ဘာဖြစ်သလဲ?

[160] သံ၊၂၊၁၂၃။

## ပုထုဇန်မိုက်သားရဲ့ ဣရိယာပုထ်လေးပါး

**သော ဂစ္ဆတိ စေပိ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ ဥပဂစ္ဆတိ၊ တိဋ္ဌတိ စေပိ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ ဥပတိဋ္ဌတိ၊ နိသီဒတိ စေပိ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ ဥပနိသီဒတိ၊ နိပဇ္ဇတိ စေပိ ဣမေ ပဉ္စုပါဒါနက္ခန္ဓေ ဥပနိပဇ္ဇတိ။**[၁၆၂]

**သော** = ထိုပရမတ်ဉာဏ်ပညာမျက်စိကာဏ်း၍နေတဲ့ပုဂ္ဂိုလ်သည်။ **စေပိ ဂစ္ဆတိ** = အကယ်၍ သွားမူလည်း သွားငြားအံ့။ **ဣမေ ပဉ္စုပါဒါနက္ခန္ဓေ** = ဤဉပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို သာလျှင်။ **ဥပဂစ္ဆတိ** = ကပ်၍ သွား၏။ **စေပိ တိဋ္ဌတိ** = အကယ်၍ ရပ်မူလည်း ရပ်ငြားအံ့။ **ဣမေ ပဉ္စုပါဒါနက္ခန္ဓေ** = ဤဉပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကိုသာလျှင်။ **ဥပတိဋ္ဌတိ** = ကပ်၍ ရပ်၏။ **စေပိ နိသီဒတိ** = အကယ်၍ ထိုင်မူလည်း ထိုင်ငြားအံ့။ **ဣမေ ပဉ္စုပါဒါနက္ခန္ဓေ** = ဤဉပါဒါ-နက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကိုသာလျှင်။ **ဥပနိသီဒတိ** = ကပ်၍ ထိုင်၏။ **စေပိ နိပဇ္ဇတိ** = အကယ်၍ အိပ်မူလည်း အိပ်ငြားအံ့။ **ဣမေ ပဉ္စုပါဒါနက္ခန္ဓေ** = ဤဉပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရား တို့ကိုသာလျှင်။ **ဥပနိပဇ္ဇတိ** = ကပ်၍ အိပ်ပေ၏။

ဟုတ်သလား မဟုတ်ဘူးလား? သွားရင်လည်း ဒီဉပါဒါနက္ခန္ဓာငါးပါး အနားမှာပဲ ကပ်ပြီးတော့ သွားတယ်၊ တွဲတွဲ တွဲတွဲနဲ့ မသွားဘူးလား? သွားတယ်။ ရပ်တော့လည်း အဲဒီဉပါဒါနက္ခန္ဓာငါးပါး အနားမှာပဲ ကပ်ပြီးတော့ ရပ်တယ်၊ ထိုင်တော့လည်း ဒီဉပါဒါနက္ခန္ဓာငါးပါးအနားမှာပဲ ကပ်ပြီးတော့ ထိုင်တယ်၊ သူများလာထိုင်ရင်တောင် ကြိုက်သလား? အိပ်တော့လည်း ဒီဉပါဒါနက္ခန္ဓာငါးပါးအနား မှာပဲ ကပ်ပြီးတော့ မအိပ်ဘူးလား? အိပ်နေတယ်၊ အဲဒီလို အိပ်နေတဲ့ ပုဂ္ဂိုလ်တွေက ဘယ်လို ဦးတည်ချက်နှင့် ဘယ်လို စွဲလမ်းချက်နဲ့ အိပ်သလဲ၊ "ငါ့ဟာ"ဆိုတဲ့ ဦးတည်ချက် စွဲလမ်းချက်နှင့် အိပ်တယ်၊ "ငါ"ဆိုတဲ့ ဦးတည်ချက် စွဲလမ်းချက်နှင့် အိပ်တယ်၊ "ငါ့ရဲ့ အတ္တပဲ"ဆိုတဲ့ ဦးတည်ချက် စွဲလမ်းချက်နှင့် မအိပ်ဘူးလား၊ အိပ်တယ်။

"ငါ့ဟာ"လို့ စွဲနေတဲ့ အစွဲက တဏှာစွဲ၊ "ငါ, ငါ"လို့ စွဲနေတဲ့ အစွဲက မာနစွဲ၊ "ငါရဲ့ အတ္တ"ပဲလို့ စွဲနေတဲ့ အစွဲက ဒိဋ္ဌိစွဲ၊ ဒီအစွဲသုံးခုသည် ဘာကြောင့် ဖြစ်ပေါ်လာရသလဲလို့ အခြေခံအကြောင်း-အရင်းကို ဆန်းစစ်ကြည့်လိုက်တော့ ဘာကို တွေ့သလဲ?

## အဝိဇ္ဇာနီဝရဏနှင့် တဏှာသံယောဇဉ်ကြိုး

အဝိဇ္ဇာပဲ၊ အဝိဇ္ဇာနီဝရဏတရားက ပိတ်ဖုံးကာဆီးထားတယ်၊ ဒါက ရုပ်တရားအစုအပုံပဲ နာမ်တရားအစုအပုံပဲလို့ မသိဘူး၊ အကြောင်းတရားအစုအပုံ အကျိုးတရားအစုအပုံပဲလို့ မသိဘူး၊ အနိစ္စတရားအစုအပုံတွေပဲ ဒုက္ခတရားအစုအပုံတွေပဲ အနတ္တတရားအစုအပုံတွေပဲလို့လည်း မသိဘူး၊ မသိတဲ့အတွက် ဘယ်လိုသိသလဲ?

---
[၁၆၂] သံ၊ ၂၊၁၂၃။

ယောက်ျားလို့ သိတယ်၊ မိန်းမလို့ သိတယ်၊ လူလို့ သိတယ်၊ နတ်လို့ သိတယ်၊ သားလို့ သိတယ်၊ သမီးလို့ သိတယ်၊ အဲဒီလို အသိမှားနေတဲ့ အဝိဇ္ဇာက ပိတ်ဖုံးထားတဲ့အတွက်ကြောင့် သတ္တဝါတွေသည် ဒီယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါအချင်းချင်း, လူ နတ်အချင်းချင်း တစ်ဦးနှင့် တစ်ဦး တွယ်တာတပ်မက်တဲ့ခေတ်တွေ ကိန်းဝပ်ပြီး မလာဘူးလား? လာတယ်။

မိမိရဲ့ ရုပ်နာမ်သန္တာန်အစဉ်ပေါ်မှာလည်း တွယ်တာတပ်မက်မှုခေတ်တွေ ကိန်းဝပ်လာတယ်၊ သူတစ်ပါးရဲ့ ရုပ်နာမ်အစဉ်ပေါ်မှာရော လှမ်းပြီး တွယ်တာတပ်မက်မှု မရှိဘူးလား? ရှိတယ်၊ တွယ်တာတပ်မက်မှုခေတ်က သိပ်ပြီး ပြင်းထန်လာပြီဆိုရင်တော့ ဘာဖြစ်တတ်သလဲ၊ ကြောက်ဖို့ သိပ်ကောင်း-တယ်။ နည်းနည်းကလေး ပြောချင်တယ်၊ ဒီအထဲမှာ သားသမီးတွေရှိတဲ့ ဒကာကြီးတွေ ဒကာမကြီး-တွေ ရှိပါလိမ့်မယ် ထင်ပါတယ်၊ ဘုန်းကြီး မေးခွန်းကလေး တစ်ခုတော့ မေးကြည့်ချင်တယ်။ သူများ သားသမီးနှင့် ကိုယ့်သားသမီး ဘယ်သူ့ကို ပိုချစ်သလဲ?

"ကိုယ့်သားသမီးကို ပိုချစ်တယ်"

ဘုန်းကြီးကတော့ သိပ်မယုံဘူး၊ မယုံတဲ့အကြောင်းကလေးတစ်ခု ဘုန်းကြီး ပြောလိုက်ဦးမယ်၊ ဘုန်းကြီး "အစင်တောရ"မှာ နေစဉ်အခါတုန်းကပေါ့ —

ဒကာကြီးတစ်ယောက်နှင့် ဒကာမကြီးတစ်ယောက် ရှိပါတယ်။ ဘုန်းကြီးတို့နေတဲ့ ခြံရှင် ကျောင်းဒကာကြီးရဲ့ ယောက္ခမ ဆိုကြပါစို့နော်။ အဖိုးကြီးက အသက် (၉၀)ကျော်သွားပြီ၊ အဖွားကြီးက အသက် (၈၀) ကျော်နေပြီ။ အဖိုးကြီးက တစ်နေ့တော့ တောကျောင်းမှာလာပြီး ဉပုသ်စောင့်မယ်, ကျောင်းမှာပဲ အိပ်တော့မယ်ဆိုပြီးတော့ စောင်ကလေး ခေါင်းအုံးကလေးတွေကို ထုပ်ထားတဲ့ အထုပ်အပိုးကလေးတစ်ခုနဲ့ ရောက်လာတယ်၊ နံနက် (၉)နာရီလောက်, သီလယူပြီးတဲ့ အချိန်လောက်ကျ-တော့ မြေးတွေက လိုက်လာကြတယ်၊ လိုက်လာကြပြီးတော့ မြေးတွေက —

"အဖိုး . . . အိမ်မှာ အဖွားက အဖိုးကို မမြင်လို့ ငိုနေပြီ"လို့ —

ဒီလို လာပြောကြတယ်၊ အဖိုးကြီးလည်း ဒီစကားကို ကြားတာနဲ့ ချက်ချင်းပဲ အထုပ်ကလေးကို ပိုက်ပြီး အိမ်ကို ပြန်ပြေးသွားတယ်၊ ကျောင်းမှာ အိပ်ပြီးတော့ ဉပုသ်စောင့်သုံးမယ် တရားဘာဝနာ ပွားများမယ်ဆိုတဲ့ စိတ်ကူးတွေဟာ အားလုံး အရည်ပျော်သွားတယ်။ အဲဒါ သူများသားသမီးနှင့် ကိုယ့်သားသမီး ဘယ်သူ့ကို ပိုချစ်တယ်ဆိုတာ စဉ်းစားကြည့်ကြ စဉ်းစားကြည့်ကြ၊ ကိုယ့်သားသမီးတွေက အနားမှာ ရှိနေသားပဲ၊ သူ့မှာပြုစုနေတဲ့ သမီးတစ်ယောက် အနားမှာ အမြဲရှိတယ်၊ ဒါပေမဲ့ အဖိုးကြီးကို မမြင်လို့တဲ့ ထိုင်ပြီး ငိုနေတယ်၊ အသက် (၈၀)ကျော်နေကြပြီ၊ မမြင်ရရင် ငိုတုန်းပဲ ရှိသေးတယ်။

အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ဒီဥပါဒါနက္ခန္ဓာငါးပါးအနားမှာ ကပ်ပြီးတော့ သွားနေတယ်၊ ကပ်ပြီးတော့ ရပ်နေတယ်၊ ကပ်ပြီးတော့ ထိုင်နေတယ်၊ ကပ်ပြီးတော့ အိပ်နေတယ်။ အဲဒါနှင့် နည်းနည်း ခွဲလိုက်ရပြီဆိုရင် ခွဲနိုင်တဲ့ စွမ်းအား ရှိသလား? မရှိကြဘူးနော်။ ဒါကြောင့် မြတ်စွာဘုရားက ဘယ်လို ဆက်လက်ပြီးတော့ ဆိုဆုံးမတော်မူသလဲ?

## မိမိတို့ရဲ့ စိတ်ကို မကြာခဏ ဆင်ခြင်ပေးပါ

**တသ္မာတိဟ ဘိက္ခဝေ အဘိက္ခဏံ သကံ စိတ္တံ ပစ္စဝေက္ခိတဗ္ဗံ – 'ဒီဃရတ္တမိဒံ စိတ္တံ သံကိလိဋ္ဌံ ရာဂေန ဒေါသေန မောဟေနာ'တိ။ စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တ-ဝေါဒါနာ သတ္တာ ဝိသုဇ္ဈန္တိ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **တသ္မာ** = ထို့ကြောင့်။ **ဣဟ** = ဤသာသနာတော်မြတ်အတွင်း၌။ **တုမှေ** = သင်ချစ်သားတို့သည် သင်ချစ်သမီးတို့သည်။ **သကံ စိတ္တံ** = မိမိတို့ရဲ့ စိတ်ကို။ **ဣဒံ စိတ္တံ** = ဤငါတို့ရဲ့ စိတ်သည်။ **ဒီဃရတ္တံ** = နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလ-ပတ်လုံး။ **ရာဂေန** = ရာဂကြောင့်။ **ဒေါသေန** = ဒေါသကြောင့်။ **မောဟေန** = မောဟကြောင့်။ **သံကိလိဋ္ဌန္တိ** = ညစ်နွမ်း၍ နေရပေ၏ဟူ၍။ **အဘိက္ခဏံ** = မကြာခဏ အမြဲမပြတ်။ **ပစ္စဝေက္ခိတဗ္ဗံ** = ဆင်ခြင်သင့် ဆင်ခြင်ထိုက်ပေ၏။ **ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **စိတ္တသံကိလေသာ** = စိတ်ဓာတ်ညစ်နွမ်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **သံကိလိဿန္တိ** = ညစ်နွမ်းကြရကုန်၏။ **စိတ္တဝေါဒါနာ** = စိတ်ဓာတ်ဖြူစင်သန့်ရှင်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **ဝိသုဇ္ဈန္တိ** = စင်ကြယ်ကြရကုန်၏။

ဒါကြောင့် သင်ချစ်သားတို့ သင်ချစ်သမီးတို့တစ်တွေဟာ မကြာခဏ မိမိတို့ရဲ့ စိတ်ကို ဆင်ခြင်ပေးပါ၊ ဘယ်လို ဆင်ခြင်ပေးရမလဲ – "နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး ငါတို့ရဲ့စိတ်သည် ရာဂကြောင့် ညစ်နွမ်းနေရတယ်၊ ဒေါသကြောင့် ညစ်နွမ်းနေရတယ်၊ မောဟကြောင့် ညစ်နွမ်းနေရတယ်"လို့ ဒီလို မကြာခဏ ဆင်ခြင်ပေးပါ။

ဘာဖြစ်လို့လဲ? စိတ်ဓာတ်တွေ ညစ်နွမ်းရင် သတ္တဝါတွေ ညစ်နွမ်းကြရတယ်၊ ပင်ပန်းကြရတယ်၊ ဆင်းရဲကြရတယ်။ စိတ်ဓာတ်တွေ ဖြူစင်သန့်ရှင်းလာပြီဆိုရင်လည်း သတ္တဝါတွေ စင်ကြယ်သန့်ရှင်းသွားရတယ်။ ဒီတော့ စိတ်ဓာတ်စင်ကြယ်သန့်ရှင်းအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကတော့ ပြီး-တော့မှ ပြောပါ့မယ်။ ဒီတော့ စိတ်ဓာတ်တွေ ညစ်နွမ်းရင် သတ္တဝါတွေ ညစ်နွမ်းရတဲ့ ပုံစံတွေကိုတော့ ခပ်များများကလေး ပြောဖို့ ရည်ရွယ်ထားပါတယ်၊ ဘာဖြစ်လို့ ဒီစိတ်ဓာတ်တွေ ညစ်နွမ်းရင် သတ္တဝါ-တွေ ညစ်နွမ်းရသလဲ? ခုနက ဥပမာ ကြည့်ပေ့ါလေ။

## စိတ်ဓာတ်တွေ ညစ်နွမ်းရင် သတ္တဝါတွေ ညစ်နွမ်းကြရတယ်

အဝိဇ္ဇာနီဝရဏတရားတွေက ပိတ်ဖုံးထားတယ်၊ အမှန်မသိဘူး၊ အသိမှားနေတယ်။ အသိမှားနေတဲ့ သတ္တဝါတွေဟာ တွယ်တာစရာရှိရင် တွယ်တာမယ်၊ မိမိ နှစ်သက်ဖွယ်ရာ အာရုံတွေနှင့် သွားပြီး တွေ့ခဲ့ရင် တွယ်တာမှုတွေ ဖြစ်လာမယ်၊ မနှစ်သက်ဖွယ်ရာ အာရုံတွေနှင့် တွေ့ခဲ့ရင်လည်း ဒေါသတွေ ဖြစ်တော့မယ်၊ နှလုံးသွင်းမှားမှု = အယောနိသောမနသိကာရကို အခြေခံနေတယ်၊ အသိမှားမှု အဝိဇ္ဇာကို အခြေခံနေတယ်။

အာရုံတွေကို နည်းမှန်လမ်းမှန် နှလုံးမသွင်းတတ်ဘူး။ အာရုံတစ်ခုနှင့် ကြုံကြိုက်လိုက်တဲ့အခါမှာ ဒီအာရုံတွေကို ရုပ်တရားအစုအပုံပဲ နာမ်တရားအစုအပုံပဲ အကြောင်းတရားအစုအပုံပဲ အကျိုးတရား အစုအပုံပဲ အနိစ္စတရားအစုအပုံပဲ ဒုက္ခတရားအစုအပုံပဲ အနတ္တတရားအစုအပုံပဲလို့ ဒီလိုနှလုံး-မသွင်းတတ်ဘူး။ အဲဒီလို နှလုံးသွင်းတတ်ခဲ့မယ်ဆိုရင်တော့ ယောနိသောမနသိကာရလို့ ခေါ်ပါတယ်၊ နည်းမှန်လမ်းမှန် နှလုံးသွင်းခြင်းပဲ။

အဲဒီလို ယောနိသောမနသိကာရကို ရှေ့သွားမပြုမိဘဲ သားပဲ သမီးပဲ ယောကျ်ားပဲ မိန်းမပဲ ပုဂ္ဂိုလ် သတ္တဝါပဲ လူ နတ် ဗြဟ္မာပဲလို့ ဒီလို နှလုံးသွင်းမိမယ်ဆိုရင်တော့ ဒီနှလုံးသွင်းမှုက မှားနေတယ်။ ဒီလို မှားယွင်းနေတဲ့ နှလုံးသွင်းမှားမှု ရှိနေလို့ရှိရင် အယောနိသောမနသိကာရ ရှိနေပြီလို့ ဆိုရတယ်။ ဒီလို မှားယွင်းတဲ့ နှလုံးသွင်းမှု အယောနိသောမနသိကာရ ရှိနေခဲ့မယ်ဆိုရင်တော့ အကုသိုလ်တရား တွေဟာ နောက်ကနေ ဆက်တိုက် ဖြစ်ပေါ်လာတတ်ကြပါတယ်။

အကုသိုလ်တရားတွေ ဖြစ်ပေါ်လာရေးအတွက် အဝိဇ္ဇာ, တဏှာ, ဒိဋ္ဌိတို့ကို အခြေခံနေတဲ့ အယောနိသောမနသိကာရက အနီးကပ်ဆုံး အခြေခံအကြောင်းရင်း ဖြစ်နေတယ်။ အဲဒီတော့ အကုသိုလ်တရားတို့ရဲ့ အခြေခံအကြောင်းရင်းဖြစ်တဲ့ ဒီ အယောနိသောမနသိကာရက ဘာကြောင့် ဖြစ်သလဲလို့ ပြန်ပြောင်းပြီး ဆန်းစစ်ကြည့်လိုက်တော့လည်း အဝိဇ္ဇာနီဝရဏတရားရဲ့ ပိတ်ဖုံးခံနေရ-တာက အကြောင်းတစ်ခု, တဏှာတည်းဟူသော သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့ခံနေရတာက အကြောင်းတစ်ခု ဖြစ်တယ်။

## လည်ပင်းမှာဆွဲထားတဲ့ သက္ကာယဒိဋ္ဌိတောက်ကြီး

ဒီအကြောင်းနှစ်ရပ် ရှိလိုက်တဲ့ ဒီသတ္တဝါတွေရဲ့သန္တာန်မှာ လည်ပင်းမှာ ဘာဆွဲထားသလဲ၊ တောက်ကြီးတစ်ခု ထပ်ဆွဲထားပြန်တယ်၊ အဲဒီတောက်ကို သက္ကာယဒိဋ္ဌိလို့ ဒီလို သတ်မှတ်ထားတယ်၊ သက္ကာယဒိဋ္ဌိဆိုတာက **"သန္တော ကာယော သက္ကာယော"**အရ ထင်ရှားရှိနေတဲ့ ဉပါဒါနက္ခန္ဓာငါးပါးကို သက္ကာယလို့ ခေါ်တယ်၊ အဲဒီ သက္ကာယအမည်ရနေတဲ့ ဉပါဒါနက္ခန္ဓာငါးပါးအပေါ်၌ အတ္တလို့ ခံယူ-ချက်မှားနေတဲ့ ဒိဋ္ဌိတရားကို သက္ကာယဒိဋ္ဌိလို့ ဒီလိုခေါ်ပါတယ်။

အဲဒီတော့ ဒီသက္ကာယဒိဋ္ဌိဆိုတဲ့ တောက်ကြီးက လည်ပင်းမှာ ဆွဲထားတယ်ဆိုတာက ဘာပြော-တာလဲ? ဟိုနားကပ်လိုက်လည်း ငါရဲ့ အတ္တပဲ၊ ဒီနားကပ်လိုက်တော့လည်း ငါရဲ့ အတ္တပဲ၊ ဟိုရုပ်နာမ် အနားကပ်လိုက်လည်း ငါရဲ့ အတ္တပဲ၊ ဒီရုပ်နာမ်အနားကပ်လိုက်လည်း ငါရဲ့ အတ္တပဲ၊ အတ္တဆိုတာက ယောကျ်ားပဲ မိန်းမပဲ ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ လူပဲ နတ်ပဲ ဗြဟ္မာပဲ စသည်ဖြင့် ဒီလိုခံယူချက်မှားနေတဲ့ သဘော, အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင် စသည်ဖြင့် ခံယူချက်မှား-နေတဲ့သဘောပဲ၊ အဲဒီ ခံယူချက်မှားနေတဲ့ သက္ကာယဒိဋ္ဌိ = အတ္တဆိုတဲ့ တောက်ကြီးက လည်ပင်းမှာ ဆွဲထားတယ်။

ခုနက ပြောခဲ့တဲ့အတိုင်းပဲ – အိမ်ရှင်မတစ်ဦးကို ဒီယောက်ျားက ညီးရဲ့ ယောက်ျား မဟုတ်ဘူး-လို့ပြောရင် လက်ခံပါ့မလား? လက်မခံနိုင်ဘူး၊ လက်မခံတဲ့ ပုဂ္ဂိုလ်ဟာ လည်ပင်းမှာ ဘာဆွဲထားလဲ? သက္ကာယဒိဋ္ဌိဆိုတဲ့ တောက်ကြီး ဆွဲထားတယ်။ အိမ်ရှင်တစ်ဦးကို ဒီဒကာမကြီးက မင်းဒကာမကြီး မဟုတ်ပါဘူး၊ ဒကာကြီးရဲ့ ဒကာမကြီး မဟုတ်ပါဘူးလို့ ပြောရင်ကော သူက လက်ခံပါ့မလား? လက်မခံဘူး၊ ဘာဖြစ်လို့လဲ၊ သက္ကာယဒိဋ္ဌိလို့ ခေါ်ဆိုအပ်တဲ့ တောက်ကြီးတစ်ခုက လည်ပင်းမှာ ဆွဲထားတယ်၊ ဆွဲပြီးတော့ တဏှာတည်းဟူသော သံယောဇဉ်ကြိုးက အင်မတန်ခိုင်ခံ့အောင် ချည်-ထားတယ်၊ ဘယ်မှာ ချည်ထားသလဲ၊ ခန္ဓာငါးပါးဆိုတဲ့ငုတ်တစ်ငုတ် သို့မဟုတ် ခန္ဓာငါးပါးဆိုတဲ့ တိုင်တစ်တိုင်မှာ ချည်ထားတယ်။

ချည်ထားခံရတဲ့ ဒီသတ္တဝါတွေဟာ သွားရင်လည်း ဒီခန္ဓာငါးပါးအနားကပ်ပြီးတော့ သွားတယ်၊ ရပ်ရင်လည်း ခန္ဓာငါးပါးအနားမှာပဲ ကပ်ပြီးတော့ ရပ်တယ်၊ ထိုင်ရင်လည်း ဒီခန္ဓာငါးပါးအနားမှာပဲ ကပ်ပြီးတော့ ထိုင်တယ်၊ အိပ်တော့လည်း ဒီခန္ဓာငါးပါးအနားမှာပဲ ကပ်ပြီးတော့ အိပ်တယ်။ ရုန်းလိုတဲ့ ဆန္ဒဓာတ် ပြင်းပြင်းပြပြ ရှိသလား? မရှိကြဘူး။ ဒီတော့ အဲဒီလို ခန္ဓာငါးပါးအနားမှာပဲ ကပ်ပြီးတော့ သွားနေတဲ့, ရပ်နေတဲ့, ထိုင်နေတဲ့, အိပ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ လည်ပင်းမှာလည်း တောက်ကြီးတစ်ခုကို ထပ်ဆွဲထားတယ်၊ တဏှာတည်းဟူသော သံယောဇဉ်ကြိုးကလည်း ရစ်ပတ်ပြီး နှောင်ဖွဲ့ထားတယ်၊ အဲဒီပုဂ္ဂိုလ်တွေဟာ ဘာနှင့်တူသလဲ၊ ခုနက ဥပမာပေးထားတယ် –

## ဥပမာနှင့် ဥပမေယျ

တိုင်ငုတ်တစ်ခု သို့မဟုတ် တိုင်တစ်တိုင်မှာ ခိုင်ခံ့တဲ့ ကြိုးတစ်ချောင်းဖြင့် လည်ပင်းမှာ တောက်-ဆွဲပြီးထားတဲ့ ခွေးတစ်ကောင်ကို ချည်ထားတာနှင့် သိပ်ပြီးတော့တူတယ်လို့ ဒီလို မြတ်စွာဘုရားက ဥပမာပေးထားတယ်၊ အဲဒီစာရင်းထဲမှာ အခု တရားနာနေတဲ့ ပရိသတ်တွေ ပါသလား မပါဘူးလား? အများစုကတော့ ပါနေကြပုံရတယ်၊ မပါအောင် ကြိုးစားဖို့ရော မကောင်းဘူးလား? ပါနေခဲ့ရင်၊ မပါအောင် ကြိုးစားဖို့ သိပ်ကောင်းတယ်။ အဲဒီလို လည်ပင်းမှာ တောက်ဆွဲပြီး တိုင်တစ်တိုင်မှာ အချည်ခံနေရတဲ့ ဘဝတွေက ဘယ်လောက်များခဲ့သလဲ? သိပ်ပြီးတော့များခဲ့တယ်။ ဒါကြောင့် မြတ်စွာဘုရားက တရားအစမှာ –

**အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော။ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။**[၁၆၃]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **အယံ သံသာရော** = ခန္ဓာ အာယတန ဓာတ်တို့၏ အဆက်မပြတ် ဆက်စပ်၍ ဖြစ်ပေါ်နေရာ ရုပ်နာမ်သန္တာန်အစဉ်အတန်းဟု ခေါ်ဆိုအပ်သော ဤ သံသရာသည်။ **အနမတဂ္ဂေါ** = ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း မသိအပ် မသိနိုင်သော အစရှိပေ၏။ **အဝိဇ္ဇာနီဝရဏာနံ** = အဝိဇ္ဇာနီဝရဏတရားသည် ပိတ်ဖုံးကာဆီးအပ်ကုန်သည်ဖြစ်၍။ **တဏှာသံယောဇနာနံ** = တဏှာတည်းဟူသော သံယောဇဉ်ကြိုးက ရစ်ပတ်နှောင်ဖွဲ့ထားအပ်ကုန်-

---

[၁၆၃] သံ၊ ၂၊၁၂၁။

သည်ဖြစ်၍။ **သန္ဓာဝတံ** = ထိုဘဝမှ ဤ ဘဝ, ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သံသရတံ** = တစ်ခုသော ဘဝ၌လည်းပဲ ထပ်ကာထပ်ကာ ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သတ္တာနံ** = သတ္တဝါတို့၏။ **ပုဗ္ဗာ ကောဋိ** = သံသရာ၏ ရှေ့အစွန်းကို။ **န ပညာယတိ** = မသိအပ် မသိနိုင်ပေ။

အဝိဇ္ဇာနီဝရဏတရားက ပိတ်ဖုံးပြီးတော့ တဏှာတည်းဟူသော သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့ခံထားရတဲ့, သက္ကာယဒိဋ္ဌိဆိုတဲ့ တောက်ကြီးလည်း လည်ပင်းမှာ အဆွဲခံထားရတဲ့ ဒီသတ္တဝါ-တွေရဲ့ သံသရာခရီးကို ပြန်ပြောင်းပြီး ဆန်းစစ်ကြည့်လိုက်တော့ ဉာဏ်ဖြင့် အစဉ်လျှောက်၍ လှမ်း၍ ကြည့်တတ်လို့ ကြည့်မယ်ဆိုရင် ဆုံးနိုင်ပါ့မလား? မဆုံးနိုင်ဘူး၊ သိပ်ရှည်တယ်။

သိပ်ရှည်တဲ့အတွက် ဒီအဝိဇ္ဇာနီဝရဏကို မပယ်ဖျက်နိုင်ဘူးဆိုရင်, တဏှာတည်းဟူသော သံယောဇဉ်ကြိုးကိုလည်း မပယ်ဖြတ်နိုင်ဘူးဆိုရင်, သက္ကာယဒိဋ္ဌိဆိုတဲ့ တောက်ကြီးကိုလည်း ဆွဲပြီး-တော့ ဖြုတ်မချနိုင်ဘူးဆိုရင် နောက်ထပ် သံသရာခရီးကလည်း မရှည်နိုင်ဘူးလား? ရှည်နိုင်တယ်။ ရှည်နိုင်တဲ့အခါမှာ ဒီသံသရာခရီးသည် ဒီအဝိဇ္ဇာ, တဏှာ, သက္ကာယဒိဋ္ဌိ ခေါ်ဆိုအပ်တဲ့ ဒီအကုသိုလ်တရားတွေရဲ့ စွမ်းဟုန်က သိပ်ပြီး အားကောင်းလာလို့ရှိရင် ထိုသံသရာခရီးသည် ကောင်းတဲ့ သံသရာခရီးမျိုးဖြစ်ဖို့ရန် အလွန် ခက်ခဲလှတယ်၊ အပါယ်လေးပါးဆိုတဲ့ သံသရာခရီးကသာ မိမိကို ဆီးကြိုနေမှာ ဖြစ်တယ်။

အဲဒီလို ဆီးကြိုနေမှာ ဖြစ်တဲ့အတွက် ဒီလိုအပါယ်ဘေးဆိုးကြီးမှ လွတ်အောင် ကျွတ်အောင်, အိုဘေးဆိုးကြီးမှ လွတ်အောင် ကျွတ်အောင်, နာဘေးဆိုးကြီးမှ လွတ်အောင် ကျွတ်အောင်, သေဘေးဆိုးကြီးမှ လွတ်အောင် ကျွတ်အောင် ရုန်းကန်ထွက်ဖို့ရန်အတွက် ရည်ရွယ်ပြီးတော့ မြတ်စွာဘုရားက ဆက်လက်ပြီးတော့ ဘယ်လို ဆိုဆုံးမတော်မူသလဲ —

**တသ္မာတိဟ ဘိက္ခဝေ အဘိက္ခဏံ သကံ စိတ္တံ ပစ္စဝေက္ခိတဗ္ဗံ "ဒီဃရတ္တမိဒံ စိတ္တံ သံကိလိဋ္ဌံ ရာဂေန ဒေါသေန မောဟေနာ"တိ၊ စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါဒါနာ သတ္တာ ဝိသုဇ္ဈန္တိ။**[၁၆၄]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **တသ္မာ** = ထို့ကြောင့်။ **ဣဟ** = ဤသာသနာတော်မြတ်အတွင်း၌။ **တုမှေ** = သင်ချစ်သားတို့သည် သင်ချစ်သမီးတို့သည်။ **သကံ စိတ္တံ** = မိမိတို့ရဲ့ စိတ်ကို။ **ဣဒံ စိတ္တံ** = ဤငါတို့ရဲ့ စိတ်သည်။ **ဒီဃရတ္တံ** = နေ့ညဉ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလ-တို့ပတ်လုံး။ **ရာဂေန** = ရာဂကြောင့်။ **ဒေါသေန** = ဒေါသကြောင့်။ **မောဟေန** = မောဟကြောင့်။ **သံကိလိဋ္ဌန္တိ** = ညစ်နွမ်း၍နေရပေ၏ဟူ၍။ **အဘိက္ခဏံ** = မကြာခဏ အမြဲမပြတ်။ **ပစ္စဝေက္ခိတဗ္ဗံ** = ဆင်ခြင်သင့် ဆင်ခြင်ထိုက်ပေ၏။

**ဟိ** = အကြောင်းကို ဆိုရသော်။ **ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **စိတ္တသံကိလေသာ** =

---

[၁၆၄] သံ၊၂၊၁၂၃။

စိတ်ဓာတ်ညစ်နွမ်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **သံကိလိဿန္တိ** = ညစ်နွမ်းကြရကုန်၏။ **စိတ္တဝေါဒါနာ** = စိတ်ဓာတ်ဖြူစင်သန့်ရှင်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **ဝိသုဇ္ဈန္တိ** = စင်ကြယ်ကြရကုန်၏။

စိတ်ဓာတ်တွေ ညစ်နွမ်းခဲ့ရင် သတ္တဝါတွေ ညစ်နွမ်းကြရတယ်၊ စိတ်ဓာတ်တွေ ဖြူစင်သန့်ရှင်းခဲ့မယ်ဆိုရင် သတ္တဝါတွေ ဖြူစင်သန့်ရှင်းပြီးတော့ လာကြရတယ်၊ ဒါကြောင့် ငါတို့ရဲ့စိတ်သည် နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလတို့ပတ်လုံး ရာဂကြောင့် ညစ်နွမ်းနေရတယ်၊ ဒေါသကြောင့် ညစ်နွမ်းနေရတယ်၊ မောဟကြောင့် ညစ်နွမ်းနေရတယ်လို့ ဒီလို မကြာခဏ မိမိတို့ရဲ့စိတ်ကို ဆင်ခြင်သုံးသပ်ပေးပါလို့ မြတ်စွာဘုရားက တိုက်တွန်းထားတော်မူပါတယ်။ အဲဒီလို တိုက်တွန်းပြီးတော့ နောက်ထပ် မြတ်စွာဘုရားသည် ဘာကို ဆက်ပြီး ဟောကြားတော်မူသလဲ —

## စရဏ ပန်းချီကားချပ်

**ဒိဋ္ဌံ ဝေါ ဘိက္ခဝေ စရဏံ နာမ စိတ္တန္တိ။ ဧဝံ ဘန္တေ။**[၁၆၅]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **စရဏံ နာမ** = စရဏအမည်ရှိသော။ **စိတ္တံ** = ဆန်းကြယ်တဲ့ ပန်းချီကားချပ်ကို။ **ဝေါ** = သင်ချစ်သားတို့သည်။ **ဒိဋ္ဌံ** = မြင်ဖူးကြပါကုန်သလား?

မြတ်စွာဘုရားက ရဟန်းတော်တို့ကို မေးကြည့်တယ်၊ ချစ်သားရဟန်းတို့ . . . စရဏအမည်ရှိတဲ့ အင်မတန်ဆန်းကြယ်တဲ့ ပန်းချီကားချပ်ကလေးကို သင်ချစ်သားတို့တစ်တွေ မြင်ဖူးကြရဲ့လားလို့ မေးကြည့်တော်မူတယ်။ စရဏဆိုတဲ့ ပန်းချီကားချပ်ကတော့ ဒီလိုပါ — ဗြာဟ္မဏပါသဏ္ဍိကလို့ ခေါ်ဆိုအပ်တဲ့ ဗြာဟ္မဏအယူဝါဒ ကိုးဆယ်ကျော်လောက် ရှိတယ်၊ အဲဒီ အယူဝါဒသမားတွေက သူတို့ရဲ့ ဝါဒပြန့်ပွားရေးအတွက် ဝါဒဖြန့်ဖြူးရေး ပန်းချီကားချပ်ကလေးတွေကို အသုံးပြုကြတယ်၊ စရဏဆိုတာ သူတို့ အသုံးပြုတဲ့ ပန်းချီကားချပ်ပဲ။ ဒီပန်းချီကားချပ်ကလေးတွေက သိပ်ပြီးတော့ ဆန်းကြယ်တယ်။ အဓိက ရည်ရွယ်ချက်ကတော့ ဘာလဲ? "ဒီလို မကောင်းတဲ့အမှုပြုခဲ့ရင် ဒီလို မကောင်းတဲ့အကျိုး ရတယ်၊ ဒီလို ကောင်းမှုကို ပြုခဲ့မယ်ဆိုရင်လည်း ဒီလို ကောင်းကျိုးတွေကို ရတယ်"လို့ ဒီပန်းချီကားချပ်ကို ကြည့်ရှုနေတဲ့ ပုဂ္ဂိုလ်တွေ သဘောပေါက်နိုင်ရန်အတွက် ရည်ရွယ်ပြီးတော့ အင်မတန်ဆန်းကြယ်တဲ့ ပန်းချီကားချပ်ကလေးတွေကို ရေးသားထားကြတယ်။

ရေးသားပြီးတဲ့အခါကျတော့ ဒီပန်းချီကားချပ်ကလေးတွေကို ဝါဒဖြန့်ဖြူးနေတဲ့ တရားဟောဆရာတွေက သွားလေရာကို ယူဆောင်သွားကြတယ်။ ယူဆောင်သွားပြီးတဲ့အခါ တရားနာပရိသတ်တွေ သဘောပေါက်နိုင်အောင် အဲဒီပန်းချီကားချပ်ကလေးတွေကို ထုတ်ဆောင်ပြပြီးတော့မှ သူတို့တရားကို ဟောလေ့ရှိကြတယ်။ အဲဒီလို တရားဟောကြားတဲ့အခါမှာ အသုံးပြုလေ့ရှိတဲ့ ပန်းချီကား-ချပ်ကလေးတွေကို စရဏလို့ ခေါ်ပါတယ်။

[၁၆၅] သံ၊၂၊၁၂၃။

အဲဒီ စရဏအမည်ရတဲ့ ပန်းချီကားချပ်က အလွန်ဆန်းကြယ်တယ်၊ သိပ်အဆန်းတကြယ် ရေးထားတယ်။ ဆန်းဆန်းကြယ်ကြယ် ရေးဆွဲထားတဲ့ ဒီပန်းချီကားချပ်ကို သင်ချစ်သားတို့တစ်တွေ သင်ချစ်သမီးတို့တစ်တွေ မြင်ဖူးကြပါသလားလို့ မြတ်စွာဘုရားက မေးမြန်းတော်မူပါတယ်။ ဒီလို မေးမြန်းတော်မူလိုက်တဲ့ အချိန်အခါမှာ ရဟန်းတော်တွေက **"ဧဝံ ဘန္တေ** = မြတ်စွာဘုရား . . . တပည့်တော်တို့ မြင်ဖူးကြပါတယ်"ဆိုပြီးတော့ ပြန်ပြီးတော့ လျှောက်ထားကြတယ်၊ အဲဒီအချိန်မှာ မြတ်စွာဘုရားက ဘယ်လိုဆက်ပြီးတော့ အမိန့်ရှိတော်မူသလဲ?—

## စရဏပန်းချီကားချပ်ထက် ပိုပြီးဆန်းကြယ်တဲ့စိတ်

**တမ္ပိ ခေါ ဘိက္ခဝေ စရဏံ နာမ စိတ္တံ စိတ္တေနေဝ စိတ္တိတံ။**[၁၆၆]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **စရဏံ နာမ** = စရဏ အမည်ရှိတဲ့။ **တမ္ပိ ခေါ စိတ္တံ** = ထိုဆန်းကြယ်တဲ့ ပန်းချီကားချပ်ကိုလည်းပဲ။ **စိတ္တေနေဝ** = စိတ်ဖြင့်သာလျှင်။ **စိတ္တိတံ** = ကြံစည် စိတ်ကူး၍ ရေးဆွဲအပ်ပေ၏။

အဲဒီလောက် ဆန်းကြယ်နေတဲ့ ပန်းချီကားချပ်ကို ဘာနှင့် ရေးဆွဲသလဲလို့မေးတော့ စိတ်နှင့်. . . , အင်မတန်ဆန်းကြယ်တဲ့ စိတ်ကလေးနှင့် ရေးဆွဲထားတာပဲ၊ ဘယ်လို ရေးဆွဲသလဲလို့ မေးတော့ –

ပထမ ဒီပန်းချီကားချပ်ကို ရေးတော့မည့် ပုဂ္ဂိုလ်က ရှေးဦးစွာ ဘာလုပ်ရသလဲ၊ ဒီနေရာမှာ ယောက်ျားရဲ့ = အမျိုးသားရဲ့ အရုပ်ကလေးကို ရေးမယ်၊ ဒီနေရာကျတော့ အမျိုးသမီးရဲ့ အရုပ်-ကလေးကို ရေးမယ်၊ ဒီနေရာမှာ မျက်လုံးထည့်မယ်၊ ဒီနေရာမှာ မျက်ခုံးထည့်မယ်၊ မျက်လုံးကျလို့ရှိရင် လည်း လိုင်နာဆိုလား ဘာဆိုလား ဟုတ်လား? — ဘယ်နေရာမှာ လိုင်နာကလေးကို ဘယ်လို ဆွဲလိုက်မယ်ဆိုပြီးတော့ စိတ်ကူးမှု ပထမ မရှိရဘူးလား၊ ရှိတယ်ပေါ့။

မှန်ရှေ့မှာ သွားရပ်ပြီဆိုလို့ရှိရင် လိုင်နာကို ဆွဲမယ်ဆိုတဲ့စိတ်ကူး မရှိခဲ့ရင် ဒီအမျိုးသမီး ဆွဲလို့ ရမလား? မရဘူး။ မှန်ရှေ့မှာ သွားရပ်လိုက်၊ ရပ်ပြီးတဲ့အခါမှ သေသေချာချာ ဆွဲလိုက်တာ၊ နှုတ်ခမ်းနီ ကလေးက ဘယ်နေရာမှာ ထည့်မယ်၊ လက်သည်းနီက ဘယ်နေရာမှာ ဆိုးမယ်၊ ဘယ်လိုအရောင် ဆိုးမယ် စသည်ဖြင့် ပထမ ကြံစည်စိတ်ကူးမှု မရှိရဘူးလား? ရှိတယ်။

အဲဒီပုံစံအတိုင်းပဲ ဒီပန်းချီဆရာကလည်း ဒီနေရာမှာ အမျိုးသမီးရုပ်ကလေးတွေ, အမျိုးသား ရုပ်ကလေးတွေကို ရေးတော့မယ်ဆိုရင် မျက်လုံးကို ဘယ်အနေအထား ထားမယ်၊ မျက်ခုံးကို ဘယ်လို အနေအထား ထားမယ်၊ နှုတ်ခမ်းကို ဘယ်လိုအနေအထား ထားမယ်၊ မျက်လုံးကျတော့ ဆေးရောင်-ကို ဘယ်လို ချယ်မယ်၊ မျက်ခုံးကျတော့ ဘယ်လို ဆေးရောင်ချယ်မယ် စသည်ဖြင့် ကြံစည်စိတ်ကူးမှု ရှိရတယ်။ သစ်ပင်ကို ဘယ်လိုအနေအထား ထားမယ်၊ လမ်းကို ဘယ်လိုအနေအထား ထားမယ် စသည်ဖြင့် ပထမမူလ ကြံစည်စိတ်ကူးမှုက အရင်ဖြစ်ရတယ်၊ အဲဒီကြံစည်စိတ်ကူးပြီးတဲ့ အချိန်အခါ ကျတော့မှ မိမိနှစ်ခြိုက်တဲ့ပုံစံအတိုင်း ဒီပန်းချီကားချပ်ကို ရေးဆွဲရတယ်။

---

[၁၆၆] သံ၊ ၂၊၁၂၃။

ရေးဆွဲလိုက်တဲ့ အချိန်အခါမှာ မိမိဖြစ်ချင်တာတွေ အားလုံး ဖြစ်သလားလို့မေးရင် ဘယ်လို ဖြေမလဲ? မဖြစ်ဘူး . . . မဖြစ်ဘူး။ နမူနာကလေး သဘောပေါက်အောင် တစ်ခုပြောမယ်။ အဲဒီ ပန်းချီကားချပ်ထဲမှာ စက္ကဝတ်မင်းဖျားတို့၏ ပတ္တမြားရတနာကဲ့သို့ ယူဇနာတစ်ရာလောက် လင်းထိန် နေတဲ့ ပတ္တမြားကြီးတစ်လုံးကို ရေးဆွဲပြီးတော့ ထည့်မယ်ဆိုကြစို့၊ တကယ်တမ်း ပတ္တမြားရတနာကြီး တစ်ခုကို ပန်းချီကားချပ်ထဲမှာ ရေးထည့်လိုက်တဲ့အခါမှာ ယူဇနာတစ်ရာလောက် လင်းလာသလား? မလင်းဘူး၊ စိတ်ကူးတိုင်း ဖြစ်သလား? မဖြစ်ဘူး၊ ဟုတ်တယ် မဟုတ်လား?

ဒီတော့ ပန်းချီကားချပ် ဆန်းကြယ်ရတာ စိတ်ကြောင့် ဆန်းကြယ်ရတာ ဖြစ်တော့ အကြောင်းရင်း ဖြစ်တဲ့စိတ်သည် ဒီပန်းချီကားချပ်ထက် ပိုပြီးတော့ ဆန်းကြယ်မှု မရှိနိုင်ဘူးလား? ရှိနိုင်တယ်။ စိတ်ဆန်းကြယ်သလောက် ဒီပန်းချီကားချပ်သည် ဆန်းကြယ်သလား? မဆန်းကြယ်သေးဘူး။ စိတ်က သာလျှင် ပိုပြီးတော့ မဆန်းကြယ်ဘူးလား? ဆန်းကြယ်နေတယ်။ ဒါကြောင့် မြတ်စွာဘုရားက –

**တေနပိ ခေါ ဘိက္ခဝေ စရဏေန စိတ္တေန စိတ္တညေဝ စိတ္တတရံ၊ တသ္မာတိဟ ဘိက္ခဝေ အဘိက္ခဏံ သကံစိတ္တံ ပစ္စဝေက္ခိတဗ္ဗံ၊ "ဒီဃရတ္တမိဒံ စိတ္တံ သံကိလိဋ္ဌံ ရာဂေန ဒေါသေန မောဟေ-နာ"တိ၊ စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါဒါနာ သတ္တာ ဝိသုဇ္ဈန္တိ။**[၁၆၇]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **တေနပိ ခေါ စရဏေန စိတ္တေန** = ထိုဆန်းကြယ်တဲ့ စရဏ အမည်ရတဲ့ ပန်းချီကားချပ်ထက်လည်းပဲ။ **စိတ္တညေဝ** = အကြောင်းရင်းဖြစ်တဲ့ စိတ်က သာလျှင်။ **စိတ္တတရံ** = သာလွန်၍ ဆန်းကြယ်လှပေ၏။

**ဘိက္ခဝေ**= ချစ်သားရဟန်းတို့ . . . ။ **တသ္မာ** = ထို့ကြောင့်။ **ဣဟ** = ဤသာသနာတော်မြတ် အတွင်း၌။ **တုမှေ** = သင်ချစ်သားတို့သည် သင်ချစ်သမီးတို့သည်။ **သကံ စိတ္တံ** = မိမိတို့ရဲ့ စိတ်ကို။ **ဣဒံ စိတ္တံ** = ဤငါတို့ရဲ့ စိတ်သည်။ **ဒီဃရတ္တံ** = နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါ ကာလတို့ပတ်လုံး။ **ရာဂေန** = ရာဂကြောင့်။ **ဒေါသေန** = ဒေါသကြောင့်။ **မောဟေန** = မောဟ-ကြောင့်။ **သံကိလိဋ္ဌန္တိ** = ညစ်နွမ်း၍ နေရပေ၏ဟူ၍။ **အဘိက္ခဏံ** = မကြာခဏ အမြဲမပြတ်။ **ပစ္စဝေက္ခိတဗ္ဗံ** = ဆင်ခြင်သင့် ဆင်ခြင်ထိုက်ပေ၏။

**ဟိ** = အကြောင်းကိုဆိုရသော်။ **ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **စိတ္တသံကိလေသာ** = စိတ်ဓာတ်ညစ်နွမ်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **သံကိလိဿန္တိ** = ညစ်နွမ်းကြရကုန်၏။ **စိတ္တဝေါဒါနာ** = စိတ်ဓာတ်ဖြူစင်သန့်ရှင်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **ဝိသုဇ္ဈန္တိ** = စင်ကြယ်ကြရကုန်၏။

ချစ်သားရဟန်းတို့ . . . ဒါကြောင့် ဒီစရဏအမည်ရတဲ့ ဆန်းကြယ်တဲ့ ပန်းချီကားချပ်ထက် အကြောင်းရင်းဖြစ်တဲ့ စိတ်ကသာလျှင် ပိုပြီးတော့ ဆန်းကြယ်ပါတယ်။ အဲဒီလို စိတ်ဓာတ်တွေက အလွန့်အလွန် ဆန်းကြယ်နေတဲ့အတွက်ကြောင့် သင်ချစ်သားတို့တစ်တွေ သင်ချစ်သမီးတို့တစ်တွေ-

[၁၆၇] သံ၊၂၊၁၂၃။

ဟာ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနဲ့ မနေဘဲ ဒီသာသနာတော်မြတ်အတွင်းမှာ မကြာခဏ အမြဲမပြတ် မိမိတို့ရဲ့စိတ်ကို ဆင်ခြင်ပေးကြစမ်းပါ။ ဘယ်လို ဆင်ခြင်ရမလဲ?

"ငါတို့ရဲ့စိတ်သည် နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလတို့ပတ်လုံး ရာဂကြောင့် ညစ်နွမ်းနေရတယ်၊ ဒေါသကြောင့် ညစ်နွမ်းနေရတယ်၊ မောဟကြောင့် ညစ်နွမ်းနေရတယ်"လို့ ဒီလို မကြာခဏ အမြဲမပြတ် ဆင်ခြင်ပေးကြပါ။ ဘာကြောင့်လဲ? စိတ်ဓာတ်တွေ ညစ်နွမ်းကြရင် သတ္တဝါတွေ ညစ်နွမ်းကြရတယ်၊ စိတ်ဓာတ်တွေ ဖြူစင်သန့်ရှင်းကြရင်လည်း သတ္တဝါတွေ ဖြူစင်သန့်ရှင်းကြရတယ်။ ဒါကတော့ မြတ်စွာဘုရားရှင်ရဲ့ ဆိုဆုံးမတော်မူချက်ပဲ ဖြစ်ပါတယ်။

## တိရစ္ဆာန်တွေဆန်းကြယ်တာထက် ပိုဆန်းကြယ်တဲ့စိတ်

နောက်ထပ် မြတ်စွာဘုရားက တရားတော်ကို ဆက်လက် ဟောကြားတော်မူပြန်တယ် —

**နာဟံ ဘိက္ခဝေ အညံ ဧကနိကာယမ္ပိ သမနုပဿာမိ ဧဝံ စိတ္တံ ယထယိဒံ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ၊ တေပိ ခေါ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ စိတ္တေနေဝ စိတ္တိတာ၊ တေဟိပိ ခေါ ဘိက္ခဝေ တိရစ္ဆာနဂတေဟိ ပါဏေဟိ စိတ္တညေဝ စိတ္တတရံ။ တသ္မာတိဟ ဘိက္ခဝေ အဘိက္ခဏံ သကံ စိတ္တံ ပစ္စဝေက္ခိတဗ္ဗံ "ဒီဃရတ္တမိဒံ စိတ္တံ သံကိလိဋ္ဌံ ရာဂေန ဒေါသေန မောဟေနာ"တိ။ စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါဒါနာ သတ္တာ ဝိသုဇ္ဈန္တိ။**[၁၆၈]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ဣဒံ တိရစ္ဆာနဂတာ ပါဏာ** = ဤတိရစ္ဆာန်ဖြစ်တဲ့ သတ္တဝါတို့သည်။ **စိတ္တံ ယထာ** = ဆန်းကြယ်ကြကုန်သကဲ့သို့။ **ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ဧဝံ** = ဤအတူ။ **စိတ္တံ** = ဆန်းကြယ်သော။ **အညံ** = တိရစ္ဆာန်သတ္တဝါတို့မှ အခြားတစ်ပါးသော။ **ဧကနိကာယမ္ပိ** = တစ်ခုသော သတ္တဝါအပေါင်းအစုကိုသော်မျှလည်းပဲ။ **အဟံ** = ငါဘုရားသည်။ **န သမနုပဿာမိ** = မြင်တော်မမူပေ။

တိရစ္ဆာန်ကလေးတွေကို ကြည့်လိုက်ပါ . . . သိပ်ပြီးတော့ ဆန်းကြယ်ကြတယ်။ ဆန်းကြယ်တဲ့ သတ္တဝါတွေရဲ့ အနေအထားကို လှမ်းပြီး ကြည့်ကြပါ။ အခြေလေးချောင်းရှိတဲ့ သတ္တဝါတွေလည်း များစွာ ရှိကြတယ်၊ အခြေများစွာ ရှိတဲ့ သတ္တဝါတွေလည်း များစွာ ရှိကြတယ်၊ အခြေနှစ်ချောင်းရှိတဲ့ သတ္တဝါတွေလည်း များစွာပဲ ရှိကြတယ်၊ အတောင်ရှိတဲ့ သတ္တဝါ, အတောင်မရှိတဲ့ သတ္တဝါ, ရှည်လျားတဲ့ သတ္တဝါ, တိုတဲ့ သတ္တဝါ, ဝိုင်းစက်တဲ့ သတ္တဝါ စသည်ဖြင့် သတ္တဝါတွေ အမျိုးမျိုး ရှိကြတယ်။ အရောင်အဆင်းအားဖြင့် ကြည့်လိုက်ရင်လည်း အရောင်အဆင်း အမျိုးမျိုး မရှိကြဘူး-လား? ရှိကြတယ်။ တိရစ္ဆာန်တွေရဲ့ အမျိုးအနွယ်ကို ကြည့်လိုက်လို့ရှိရင် အင်မတန် ဆန်းကြယ်ကြတယ်တဲ့။ တခြားတခြားသော သတ္တဝါအပေါင်းအစု တစ်ခုကို ငါဘုရား လှမ်းပြီး ကြည့်လိုက်တဲ့အခါ တိရစ္ဆာန်လောကလို ဆန်းကြယ်တဲ့ သတ္တဝါအပေါင်းအစုကို ငါဘုရား မြင်တော်မမူဘူးလို့ ဒီလို ဘုရားရှင်က ဟောကြားတော်မူပါတယ်။

---

[၁၆၈] သံ၊ ၂၊၁၂၃။

လူတွေကို ကြည့်ပါ၊ လူအများစုကို ကြည့်လိုက်ရင် အခြေနှစ်ချောင်း ရှိတာချင်း တူညီကြတယ်၊ လက်နှစ်ချောင်း ရှိတာချင်းလည်း တူညီကြတယ်၊ ပခုံးနှစ်ခုအကြား ခေါင်းပေါက်တာချင်းလည်း တူညီကြတယ်၊ မတ်တတ်ရပ်ပြီး သွားတဲ့ ပုံစံအနေအထားအားဖြင့်လည်း များသောအားဖြင့် တူညီ-ကြတယ်။ ဟို ... ခြေပြတ်လက်ပြတ် ပုဂ္ဂိုလ်တွေကိုတော့ ခဏခေတ္တ ဖယ်ထားလိုက်ပေါ့။

သို့သော် တိရစ္ဆာန်သတ္တဝါတွေကျတော့ ဒီလို အများစုမှာ တူညီမှု ရှိကြသလား? မရှိကြဘူး၊ ပုံစံအမျိုးမျိုး ရှိကြတယ်။ အရောင်ကလေးတွေလည်း အမျိုးမျိုးရှိကြတော့ သိပ်ပြီးတော့ ဆန်းကြယ်-ကြတယ်။ အဲဒီဆန်းကြယ်တဲ့ တိရစ္ဆာန်သတ္တဝါတွေဟာ ဘယ်လိုအကြောင်းကြောင့် ဆန်းကြယ်နေကြရသလဲ? —

## စိတ်ဆန်းကြယ်လို့ သတ္တဝါတွေ ဆန်းကြယ်တယ်

**တေပိ ခေါ ဘိက္ခဝေ တိရစ္ဆာနဂတာ ပါဏာ စိတ္တေနေဝ စိတ္တိတာ။**[၁၆၉]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **တေပိ ခေါ တိရစ္ဆာနဂတာ ပါဏာ** = ထိုတိရစ္ဆာန်ဖြစ်တဲ့ သတ္တဝါတွေသည်လည်းပဲ။ **စိတ္တေနေဝ** = ကမ္မဝိညာဏ်ဟု ခေါ်ဆိုအပ်တဲ့ စိတ်ကြောင့်သာလျှင်။ **စိတ္တိတာ** = ဆန်းကြယ်ကြရကုန်၏။

ဒီသတ္တဝါကလေးတွေ ဆန်းကြယ်ကြတာ ဘာကြောင့် ဆန်းကြယ်ကြရသလဲလို့ မေးရင်-တော့ . . . ဒီသတ္တဝါတွေကို ဖြစ်ပေါ်လာစေတတ်တဲ့ အကြောင်းရင်းဖြစ်တဲ့ ကမ္မဝိညာဏ်လို့ ခေါ်ဆိုအပ်တဲ့ စိတ်ဓာတ်တွေက ဆန်းကြယ်နေကြတဲ့အတွက်ကြောင့် ဒီသတ္တဝါတွေ ဆန်းကြယ်ကြရတာ၊ ဒီတော့ စိတ်ဆန်းကြယ်ရင် သတ္တဝါတွေ ဆန်းကြယ်တယ်။ ဘာကြောင့် စိတ်ဆန်းကြယ်တာနှင့် သတ္တဝါတွေ ဆန်းကြယ်တာ ကွင်းဆက်ဖြစ်နေရသလဲလို့ မေးတော့ —

အဲဒီစိတ်ဓာတ်က **"ကမ္မစိတ္တေနေဝ စိတ္တိတာ"**[၁၇၀]ဆိုပြီး အဋ္ဌကထာက ဒီလို ဖွင့်ဆိုထားပါတယ်။ စိတ်ဓာတ်ဆိုသော်လည်း ဒီနေရာမှာ ကမ္မဝိညာဏ်လို့ ခေါ်ဆိုအပ်တဲ့ စိတ်ဓာတ်ကို ဆိုလိုပါတယ်။ သဘောပေါက်အောင် နည်းနည်းကလေး နမူနာပြောမယ်။ အခု ဒကာကြီးတွေ, ဒကာမကြီးတွေ ဘာဆုတောင်းကြသလဲ? နည်းနည်းကလေး ကိုယ့်စိတ်ကို ပြန်အကဲခတ်ကြည့်ကြပေါ့၊ တချို့က ဘုန်းကြီးဘဝကို ဆုတောင်းကြတယ်။ ဘုန်းကြီးဖြစ်ချင်ကြတဲ့ ဒကာမကြီးတွေ ဒီအထဲမှာ ရှိချင်ရှိကြမယ်၊ ဘုန်းကြီးဖြစ်ချင်ကြတဲ့ ဒကာကြီးတွေလည်း ဒီအထဲမှာ ရှိချင်ရှိကြမယ်။ တချို့က ဘုန်းကြီး မဖြစ်ချင်ကြဘူးတဲ့၊ သီလရှင်ဖြစ်ချင်ကြတယ်တဲ့ — ဟော — စိတ်ထားချင်း တူညီကြသလား? မတူကြဘူး၊ တချို့က ဒီအဖိုးကြီးနှင့် ဒီအဖွားကြီးနှင့် ဒီသားနှင့် ဒီသမီးနှင့် မခွဲချင်ကြဘူး၊ ဘာဖြစ်-လို့လဲ? ကောင်းမှုကုသိုလ်တစ်ခု ပြုတောင်မှ လူစုံမှ ကောင်းမှုကုသိုလ် ပြုချင်ကြတယ်၊ မစုံညီဘူး ဆိုလို့ရှိရင် ဒီကောင်းမှုကုသိုလ်ကို ပြုချင်ကြသလား? မပြုချင်ကြသေးဘူး။ ဘာဖြစ်လို့လဲ?

---

[၁၆၉] သံ၊ ၂၊၁၂၃။ [၁၇၀] သံ၊ဋ္ဌ၊၂၊၂၉၉။

ကောင်းမှုကုသိုလ်တစ်ခု ပြုပြီဆိုရင် သားတွေ သမီးတွေ အားလုံး စုံညီမှ ကောင်းမှုကုသိုလ်တွေကို ပြုချင်ကြတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ အတွင်းအဇ္ဈာသယဓာတ်ခံကို လှမ်းကြည့်လိုက်တော့ နောက်ထပ်လည်း ကြုံချင်ကြတယ် ဆုံချင်ကြတယ်ဆိုတဲ့ ဒီလိုရည်ရွယ်ချက်ကလေးတွေ ရှိကြတယ်။ တစ်ဦးနှင့် တစ်ဦး ကောင်းမှုကုသိုလ်ပြုတဲ့ အချိန်အခါမှာ စိတ်ထားကလေးတွေ မတူညီကြသလိုပဲ အလားတူပဲ ဒီတိရစ္ဆာန်ဖြစ်ကြတဲ့ သတ္တဝါကလေးတွေရဲ့ ဆန်းကြယ်ပုံကို အကြောင်းရင်း ပြန်ဆန်းစစ်ကြည့်လိုက်တော့ တိရစ္ဆာန်ဘဝကို ရောက်စေတတ်တဲ့ အကြောင်းရင်းကံကို ထူထောင်ခဲ့စဉ်က ဖြစ်ပေါ်ခဲ့တဲ့ ကမ္မဝိညာဏ်လို့ ခေါ်ဆိုအပ်တဲ့ စိတ်ဓာတ်ကလေးတွေက မတူညီကြဘဲ တစ်ဦးနှင့် တစ်ဦး ဆန်းကြယ်မှုကလေးတွေ ရှိခဲ့ကြတယ်။

**တံ ပန ကမ္မစိတ္တံ ဣမေ ဝဋ္ဋကတိတ္တိရာဒယော "ဧဝံ စိတ္တာ ဘဝိဿာမာ"တိ အာယူဟန္တာ နာမ နတ္ထိ။**[၁၇၁]

ငုံးဘဝ ခါဘဝ စတဲ့ တိရစ္ဆာန်ဘဝကို ရောက်စေတတ်တဲ့ ကံကို ထူထောင်ခဲ့စဉ်က ဖြစ်ပေါ်ခဲ့တဲ့ ကမ္မဝိညာဏ်လို့ ခေါ်ဆိုအပ်တဲ့ အဲဒီစိတ်မှာ ဒီငုံးကလေးတွေ, ခါကလေးတွေရဲ့သန္တာန်မှာ – "တို့ဟာ ဒီလို အဆန်းတကြယ်ဖြစ်အောင် ကြိုးစားအားထုတ်ကြမယ်"ဆိုတဲ့ ဒီစိတ်ထားမျိုးကတော့ မရှိကြပါဘူး။ ဒါပေမဲ့လို့ ဘာဖြစ်သလဲ?

## ကံနှင့် ယောနိ – ယောနိနှင့် သတ္တဝါဆန်းကြယ်မှု

**ကမ္မံ ပန ယောနိံ ဥပနေတိ၊**[၁၇၂]

သူတို့ ပြုစုပျိုးထောင်လိုက်တဲ့ ကံက ယောနိလို့ခေါ်တဲ့ ပဋိသန္ဓေမျိုးစေ့ ယောနိရှိရာဘက်သို့ ပို့ဆောင်ပေးတယ်။

**ယောနိမူလကော တေသံ စိတ္တဘာဝေါ။**[၁၇၃]

ဒီတိရစ္ဆာန်သတ္တဝါကလေးတွေ အဆန်းတကြယ်ဖြစ်ရခြင်းရဲ့ အခြေခံအကြောင်းရင်းကို ပြန်ပြီး ဆန်းစစ်ကြည့်လိုက်တော့ ယောနိခေါ်တဲ့ ပဋိသန္ဓေက အကြောင်းရင်းမူလတရား ဖြစ်တယ်။

**ယောနိဥပဂတာ ဟိ သတ္တာ တံတံယောနိကေဟိ သဒိသစိတ္တာဝ ဟောန္တိ။**[၁၇၄]

ထိုထိုယောနိလို့ ခေါ်ဆိုအပ်တဲ့ ပဋိသန္ဓေသို့ ကပ်ရောက်သွားတဲ့ သတ္တဝါတွေရဲ့သန္တာန်မှာ ထို ယောနိပဋိသန္ဓေမျိုးစေ့နှင့် တူညီနေတဲ့ အကျိုးတရားတွေ ဆန်းကြယ်မှုတွေ ဖြစ်ပေါ်လာကြတယ်။

**ဣတိ ယောနိသိဒ္ဓေါ စိတ္တဘာဝေါ၊ ကမ္မသိဒ္ဓါ ယောနီတိ ဝေဒိတဗ္ဗာ။**[၁၇၅]

တိရစ္ဆာန်သတ္တဝါကလေးတွေ အမျိုးမျိုးအစားစား ထူးထွေဆန်းပြားရခြင်းသည် ယောနိလို့ ခေါ်ဆိုအပ်တဲ့ ပဋိသန္ဓေလျှင် အကြောင်းရင်း ရှိတယ်။ ဒီပဋိသန္ဓေကလည်း ဘယ်သူ့ကြောင့် ဖြစ်ရ-

---

၁၇၁, ၁၇၂, ၁၇၃, ၁၇၄, ၁၇၅ သံ၊၄၊၂၊၂၉၉။

သလဲလို့မေးတော့ ကံကြောင့် ဖြစ်ရတယ်။ ဒီကံသည် ဘာကြောင့် ဖြစ်ရသလဲ၊ ဘာကြောင့် အဆန်း-တကြယ် ဖြစ်ရသလဲလို့မေးတော့ ကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါတုန်းက ဖြစ်ပေါ်ခဲ့တဲ့ စိတ်ထားကလေးတွေက အဓိကပါပဲ။ အဲဒီစိတ်ဓာတ်ကလေးတွေက မတူညီကြတော့ ကံကလေးတွေက မတူ-ညီကြဘူး၊ ကံတွေက မတူညီကြတဲ့အတွက် ဒီကံကနေပြီးတော့ ပို့ဆောင်ပေးလိုက်တဲ့ ပဋိသန္ဓေမျိုးစေ့ချင်းလည်း မတူကြတော့ဘူး။ ဒီတော့ ကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါမှာ စိတ်ဓာတ်တွေဆန်းကြယ်ခဲ့ရင် ထိုကံတွေသည် ဆန်းကြယ်သွားကြတယ်။ ကံတွေက ဆန်းကြယ်ကြတဲ့အတွက်-ကြောင့် ဘာဖြစ်သလဲ?

အခြေနှစ်ချောင်းဖြစ်ထိုက်တဲ့ ကံမျိုးကို ပြုစုပျိုးထောင်ခဲ့ရင် အခြေနှစ်ချောင်းရှိတဲ့ ပဋိသန္ဓေမျိုးစေ့ရှိရာ မိဘတွေထံသို့ ရောက်အောင် ဒီကံက ပို့ဆောင်ပေးလိုက်တယ်။ အခြေလေးချောင်းဖြစ်ရမည့် ကံမျိုးကို ပြုစုပျိုးထောင်ခဲ့တယ်ဆိုရင်လည်း အခြေလေးချောင်းရှိတဲ့ မိဘတို့ရဲ့ ယောနိခေါ်တဲ့ ပဋိသန္ဓေမျိုးစေ့ရှိရာသို့ ရောက်အောင် ဒီကံက ပို့ဆောင်ပေးလိုက်တယ်။ အခြေများစွာဖြစ်ရမည့် ကံတွေကို ပြုစုပျိုးထောင်ခဲ့တယ်ဆိုရင်လည်း အခြေများစွာဖြစ်နိုင်တဲ့ ပဋိသန္ဓေမျိုးစေ့ရှိရာမိဘတွေထံသို့ ရောက်အောင် ဒီကံက ပို့ဆောင်ပေးလိုက်တယ်။

ဒါကြောင့် သတ္တဝါတွေ ဆန်းကြယ်ရခြင်းသည် ပဋိသန္ဓေမျိုးစေ့က အခြေခံအကြောင်းရင်းဖြစ်တယ်။ ပဋိသန္ဓေမျိုးစေ့က အခြေနှစ်ချောင်းဖြစ်ရမည့် သတ္တဝါကို အခြေနှစ်ချောင်းဖြစ်အောင်, အခြေလေးချောင်းဖြစ်ရမည့် သတ္တဝါကို အခြေလေးချောင်းဖြစ်အောင်, ဖြူရမည့် သတ္တဝါကို ဖြူအောင်, ဝါရမည့် သတ္တဝါကို ဝါအောင်, အဆင်းအမျိုးမျိုးရှိရမည့် သတ္တဝါကို အဆင်းအမျိုးမျိုးရှိအောင် ဒီပဋိသန္ဓေမျိုးစေ့က ပြုစုပျိုးထောင်ပေးလိုက်ပါတယ်။

ဒါကြောင့် သတ္တဝါတွေကို ကြည့်လိုက်ရင် မိဘတွေနှင့် သားသမီးတွေဟာ တူညီမှုများကြတယ်။ တူညီမှုများရခြင်းရဲ့ အကြောင်းအရင်းကို ဆန်းစစ်ကြည့်လိုက်တော့ ပဋိသန္ဓေမျိုးစေ့ကို အခြေခံနေ-တယ်။ မိဘတို့ရဲ့ ပဋိသန္ဓေမျိုးစေ့က သတ္တဝါတွေကို ပုံသွင်းပေးလိုက်တာဖြစ်တော့ ဒီလို ပဋိသန္ဓေမျိုးစေ့ရှိအောင်, ဒီလို ပဋိသန္ဓေမျိုးစေ့ရှိတဲ့နေရာသို့ ရောက်အောင် ဘယ်သူက ပို့ဆောင်ပေးသလဲကြည့်လိုက်တော့ ကံက ပို့ဆောင်ပေးပြန်တယ်။ ဒါကြောင့် —

**ကမ္မသိဒ္ဓါ ယောနီတိ ဝေဒိတဗ္ဗာ။**[၁၇၆]

ဆိုပြီး အဋ္ဌကထာက ဖွင့်ဆိုထားတော်မူတယ်။

ယောနိခေါ်တဲ့ ပဋိသန္ဓေမျိုးစေ့က အဆန်းတကြယ်ဖြစ်ရခြင်းရဲ့ အကြောင်းအရင်းကို ပြန်ဆန်း-စစ်ကြည့်လိုက်တော့ ကံကို အခြေခံနေတယ်။ အဲဒီကံတွေ အဆန်းတကြယ်ဖြစ်ရပုံက စိတ်ဓာတ်ကိုအခြေခံတော့ ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ဆန်းကြယ်သွားရသလဲ. . ဆိုတာကိုအဋ္ဌကထာက နည်းနည်းထပ်ပြီးတော့ ဖွင့်ပြထားတော်မူပြန်တယ်။

---

[၁၇၆] သံ၊ဋ္ဌ၊၂၊၂၉၉။

## နံပါတ် (၁) – သဟဇာတဓမ္မ (= အတူဖြစ်သောတရား) တို့၏ ဆန်းကြယ်မှုကြောင့် ကံဆန်းကြယ်တယ်

**"သဟဇာတဓမ္မစိတ္တတာယ"**[၁၇၇]

ကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါမှာ သတ္တဝါတွေရဲ့သန္တာန်မှာ အတူတကွ ဖြစ်ပေါ်သွားတဲ့ **"သဟဇာတဓမ္မ"**ခေါ်တဲ့ ဒီကံစေတနာတွေနှင့် အတူယှဉ်တွဲပြီး ဖြစ်ပေါ်နေတဲ့ စိတ်စေတသိက်တွေရဲ့ ဆန်းကြယ်မှုကြောင့်လည်း ကံတွေက အဆန်းတကြယ် ဖြစ်ကြရပြန်တယ်။ ဒီတော့ အတူယှဉ်တွဲပြီး ဖြစ်ပေါ်နေတဲ့ စိတ်စေတသိက်ဆိုတာက ပဋိစ္စသမုပ္ပါဒ်ပိုင်းကို ရှုတတ်တဲ့ ယောဂီများဆိုရင်တော့ သဘောပေါက်ပါလိမ့်မယ်။

ပဋိစ္စသမုပ္ပါဒ်ပိုင်းမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုပြီးတော့ ကိလေသဝဋ်ရ သုံးခု ရှိတယ်၊ သင်္ခါရ, ကံ ဆိုပြီးတော့ ကမ္မဝဋ်က နှစ်ခုရှိတယ်။ ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတွေကြောင့် ထင်ရှားဖြစ်ပေါ်လာကြတဲ့ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ ဝိပါကဝဋ်ရ (၅)ခုလည်း ရှိတယ်။

အဲဒီ ကိလေသဝဋ်ရ, ကမ္မဝဋ်, ဝိပါကဝဋ်ရဆိုတဲ့ ဝဋ်ရသုံးပါးရှိတော့ ကိလေသဝဋ်ရခေါ်တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေကို အခြေခံပြီးတော့ ကမ္မဝဋ်ရလို့ ခေါ်ဆိုအပ်တဲ့ သင်္ခါရ, ကံတွေက ဖြစ်ကြရ-တယ်။ ဒီသင်္ခါရ, ကံတွေကို အခြေခံပြီးတော့ တစ်ဖန် ဝိပါကဝဋ်ရဖြစ်တဲ့ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ခေါ်ဆိုအပ်တဲ့ အကျိုးဝိပါက် ရုပ်တရားတွေ နာမ်တရားတွေ ဖြစ်လာကြရပြန်တယ်။ အဲဒီအကျိုးဝိပါက်ရုပ်နာမ်တွေကို အချိန်မီ ဝိပဿနာ မရှုပွားနိုင်တဲ့ ပုဂ္ဂိုလ်တွေအဖို့ ဒီ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ ခေါ်ဆိုအပ်တဲ့ အကျိုးဝိပါက် ရုပ်တရားတွေ နာမ်တရားတွေကို အမှီပြုပြီးတော့ တစ်ခါ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်ရတွေ ထပ်ပြီး ဖြစ်ကြပြန်တယ်။ ဒီ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်ရတွေက လှုံ့ဆော်ပေးလိုက်တဲ့ အတွက် ထိုထိုဘဝကို ရရှိကြောင်းဖြစ်တဲ့ သင်္ခါရ, ကံတွေကို တစ်ဖန် ပြုစုပျိုးထောင်ကြပြန်တယ်၊ ကမ္မဝဋ်ရတွေ ဖြစ်ကြပြန်တယ်။ ဒီ သင်္ခါရ, ကံတွေကြောင့် တစ်ဖန် ဝိပါကဝဋ်ရလို့ခေါ်တဲ့ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေ ထပ်ပြီး ဖြစ်ကြပြန်တယ်။ ဒီ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေကို အချိန်မီ ဝိပဿနာမရှုနိုင်ရင်လည်း ဒီ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာတွေကို စွဲမှီပြီးတော့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေ ထပ်ဖြစ်ကြပြန်တယ်။

နားလည်နိုင်အောင် ပုံစံတစ်ခု ထုတ်ပြီးတော့ ထပ်ပြောပြမယ်။ ဥပမာ မိသားစု တစ်စုတို့က ကျောင်းတစ်ကျောင်းကို ဆောက်လုပ်ကာ လှူဒါန်းပူဇော်ကြသည် ဆိုကြစို့—။ ထိုကျောင်းဒကာ ကျောင်းအမဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့သန္တာန်မှာ ရုပ်တရားတွေ နာမ်တရားတွေ အသီးအသီး တည်ရှိကြ-ပါတယ်။ ဒီရုပ်တရား နာမ်တရားတွေဟာ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်နည်းအရ — ဝိညာဏ်,

---

[၁၇၇] သံ၊၄၊၂၃၀၀။

နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ ဖြစ်ကြတယ်။ ဒီရုပ်တရား နာမ်တရားတွေ မရှိကြဘူးဆိုရင် ကျောင်းတစ်ဆောင်ကို ဆောက်လုပ်လှူဒါန်းခြင်းဆိုတဲ့ သင်္ခါရ, ကံတွေကို ပြုစုပျိုးထောင်ဖို့ရန် ဘယ်လိုမှ မဖြစ်နိုင်ဘူး။ အလားတူပဲ ဒီလို ကျောင်းဆောက်လုပ်လှူဒါန်းခြင်းဆိုတဲ့ ကောင်းမှုကုသိုလ်တွေကြောင့် လူ့ဘဝ နတ်ဘဝစတဲ့ ထိုထိုဘဝတွေကို ရရှိဖို့ရန် ဆုတောင်းပန်ထွာခြင်းဆိုတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေ ဖြစ်ပေါ်လာဖို့ရန်လည်း မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်ဘူး။ ဒါ့ကြောင့် ဒီရုပ်-တရား နာမ်တရားလို့ ခေါ်ဆိုအပ်တဲ့ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာတို့ကို စွဲမှီရပါမှသာလျှင် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်တွေ, သင်္ခါရ, ကံဆိုတဲ့ ကမ္မဝဋ်တွေ ထင်ရှားဖြစ်ပေါ်လာနိုင်ကြပါတယ်။

ဒီလို ဝဋ်သုံးပါးက ချာချာလည်နေတာဖြစ်တော့ ရထားစက်ဘီး, လှည်းဘီးများလို အဆက်မပြတ် လည်ပတ်နေတဲ့သဘော ဖြစ်နေခြင်းကြောင့် အခြေခံအကြောင်းအရင်းဖြစ်တဲ့ ကံရဲ့ ဆန်း-ကြယ်မှုမှာ ဒီကံကို ခြံရံထားတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေရဲ့ ဆန်းကြယ်မှုအပေါ်မှာ မူတည်နေတယ်။ ဒီတော့ ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန်အုပ်စုကို ကြည့်လိုက်မယ်ဆိုရင်လည်း အဝိဇ္ဇာ, တဏှာ, ဥပါဒါန် သုံးခုတည်း ဖြစ်နိုင်တဲ့ စွမ်းအား မရှိဘူး၊ ဦးဆောင်နေတဲ့ ခေါင်းဆောင်ကြီး သုံးဦးကို ပဓာနနည်းအားဖြင့် မြတ်စွာဘုရားက ရွေးထုတ်ပြီး ဟောကြားတော်မူခြင်းသာ ဖြစ်ပါတယ်။

သင်္ခါရ, ကံနေရာမှာ ကြည့်မယ်ဆိုလို့ရှိရင်လည်း စေတနာပြဓာန်းလို့ ပဓာနနည်းအားဖြင့်သာလျှင် သင်္ခါရစေတနာကို ကမ္မဝဋ်အနေနဲ့ မြတ်စွာဘုရားရှင်က ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပါ-တယ်။ ဒီနေရာမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်အကြောင်းကို နည်းနည်း ထပ်ပြောမယ်။

## အဝိဇ္ဇာ, တဏှာ, ဥပါဒါန်အုပ်စု

အဝိဇ္ဇာ, တဏှာ, ဥပါဒါန် အုပ်စုကို ကြည့်လိုက်မယ်ဆိုလို့ရှိရင် ယေဘုယျအားဖြင့် ပဋိသန္ဓေအကျိုးကို ပေးတယ်ဆိုတာက မနောဒွါရိကဇောဝီထိ စိတ်စေတသိက်တွေကသာ အကျိုးပေးတာဖြစ်ခြင်းကြောင့် မနောဒွါရာဝဇ္ဇန်း, ဇော (၇)ကြိမ်အနေနှင့် ယေဘုယျအားဖြင့် ဖြစ်ခဲ့တယ်။ တဒါရုံကျသော်လည်း ရှိမယ်၊ မကျသော်လည်း ရှိနိုင်တယ်။ အဲဒီ ဇော (၇) ကြိမ်မှာ ဇောတစ်ကြိမ် တစ်ကြိမ်ဆိုတဲ့ စိတ္တက္ခဏတစ်ခုတစ်ခုအတွင်းမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဦးဆောင်နေတဲ့ စိတ်စေတသိက်တွေများစွာ ပါပါတယ်။ ယေဘုယျအားဖြင့် ပီတိလည်းပါမယ်ဆိုရင်တော့ စိတ်စေတသိက်အလုံး (၂၀)အထိ ရှိတယ်။ အဲဒီယှဉ်တွဲနေတဲ့ စိတ်စေတသိက်တွေမှာ တစ်ဦးနှင့် တစ်ဦး မတူညီတဲ့ သဘောကလေးတွေ ရှိတတ်ကြတယ်။ ဒီနေရာမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်အကြောင်းကို နည်းနည်း ထပ်ပြောမယ်။

ရှေ့ပိုင်းက အကြိမ်ကြိမ် ပြောခဲ့တဲ့အတိုင်း ပရမတ္ထသစ္စာနယ်မှ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်မျက်စိနှင့် လှမ်းမျှော်ကြည့်လိုက်တဲ့အခါ သက်ရှိလောကမှာ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိဘဲ ရုပ်တရားအစုအပုံ နာမ်တရားအစုအပုံသာ ရှိတယ်။ အကြောင်းတရားအစုအပုံ အကျိုးတရားအစုအပုံသာ ရှိတယ်။ အနိစ္စတရားအစုအပုံ ဒုက္ခတရားအစုအပုံ အနတ္တတရားအစုအပုံတွေသာ

ရှိတယ်။ သို့သော် ဒီလို ပရမတ္ထဉာဏ်ပညာမျက်စိမရှိတဲ့ ပုထုဇန်ငမိုက်သားကတော့ သက်ရှိလောကကို ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ သိနေတယ်။ ဒီလို သိမှုမျိုးကို အသိမှားမှု = အဝိဇ္ဇာလို့ ခေါ်ဆိုပါတယ်။ ဒီလို အသိမှားမှု အဝိဇ္ဇာရှိနေတဲ့ပုဂ္ဂိုလ်က သက်ရှိအရာဝတ္ထု တစ်ခုခုနှင့် ကြုံတွေ့လာတဲ့အခါ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါအနေနဲ့ပဲ အသိမှားနေပြန်တယ်။ ဒီလို အသိမှားမှု အဝိဇ္ဇာကို အမှီပြုပြီးတော့ ယောက်ျားဘဝ မိန်းမဘဝ လူ့ဘဝ နတ်ဘဝစတဲ့ ထိုထိုဘဝအပေါ်မှာ တွယ်တာမက်မောမှု = တဏှာတရား ထင်ရှား ဖြစ်ပေါ်လာပြန်တယ်။ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ထိုထိုဘဝကို တွယ်တာမက်မောနေတဲ့ တဏှာတရားကိုပဲ ခိုင်မြဲတဲ့ အဆင့်သို့ ရောက်ရှိလာ-တဲ့အခါ ကာမုပါဒါန်လို့ ခေါ်ဆိုပါတယ်။ ယင်းကာမုပါဒါန်ကိုပဲ သတ္တဝါတွေမှာ အဖြစ်များတဲ့အတွက် ဥပါဒါန်လို့ ရည်ညွှန်းကာ ဒီပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ ဘုရားရှင်က ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။ များသောအားဖြင့် ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန် (၃)မျိုးတို့ဟာ ဇောဝီထိတစ်ခုအတွင်း စိတ္တက္ခဏတစ်ခုအတွင်းမှာ အတူယှဉ်တွဲပြီး ဖြစ်ကြပါတယ်။ သို့သော် အဝိဇ္ဇာကြောင့် တဏှာဖြစ်တဲ့ အပိုင်း, တဏှာကြောင့် ဥပါဒါန်ဖြစ်တဲ့ အပိုင်းတွေမှာ ရှေးရှေးဇောဝီထိမှာ တည်ရှိတဲ့ အဝိဇ္ဇာက နောက်နောက်ဇောဝီထိမှာ တည်ရှိတဲ့ တဏှာအား, ရှေးရှေးဇောဝီထိမှာ တည်ရှိတဲ့ တဏှာက နောက်နောက်ဇောဝီထိမှာ တည်ရှိတဲ့ ဥပါဒါန်အား အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် အရှိန်အဝါ မြင့်တက်လာအောင် ကျေးဇူးပြုပေးလျက် ရှိပါတယ်။ သို့သော် တစ်ဦးနှင့် တစ်ဦး အဝိဇ္ဇာချင်း တဏှာချင်း ဥပါဒါန်ချင်း မတူညီတဲ့ သဘောတော့ ရှိပါတယ်။

ဥပမာ — ထိုထိုဘဝသို့ ရောက်ကြောင်းဖြစ်တဲ့ ကံတစ်ခုကို ပြုစုပျိုးထောင်စဉ်အခါမှာ — ပုဂ္ဂိုလ်တစ်ဦးက နောင်အနာဂတ်မှာ ယောက်ျားဖြစ်လိုတဲ့ စိတ်ထား ရှိတယ်, ပုဂ္ဂိုလ်တစ်ဦးက မိန်းမဖြစ်လိုတဲ့ စိတ်ထား ရှိတယ် ဆိုကြစို့ — ဒီနေရာမှာ ယောက်ျားဖြစ်လိုတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ သန္တာန်မှာ — ယောက်ျားဘဝလို့ အသိမှားတဲ့ အဝိဇ္ဇာ, ယောက်ျားဘဝကို တွယ်တာတပ်မက်တဲ့ တဏှာ, ယောက်ျားဘဝကို တပ်မက်စွဲလမ်းနေတဲ့ ဥပါဒါန်တွေ ဖြစ်ပေါ်သွားကြတယ်။ မိန်းမဖြစ်လိုတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့သန္တာန်မှာကျတော့ မိန်းမဘဝလို့ အသိမှားတဲ့ အဝိဇ္ဇာ, မိန်းမဘဝကို တွယ်တာတပ်မက်တဲ့ တဏှာ, မိန်းမ ဘဝကို တပ်မက်စွဲလမ်းနေတဲ့ ဥပါဒါန်တွေ ဖြစ်ပေါ်သွားကြတယ်။ နတ်ဘဝ ဗြဟ္မာဘဝ စသည်တို့မှာလည်း ပုံစံတူပဲ သဘောပေါက်ပါ။ သို့သော် ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ဟာ သူတို့ချည်းသက်သက် ဖြစ်နိုင်ကြတဲ့ စွမ်းအားတော့ မရှိကြပါဘူး။ ယှဉ်ဖက်စိတ်-စေတသိက်တွေနှင့် အတူယှဉ်တွဲပြီးမှသာ ဖြစ်နိုင်ကြတဲ့သဘော ရှိကြပါတယ်။ များသောအားဖြင့် ကောင်းမှုကုသိုလ် တစ်ခုခုကို ဝမ်းမြောက်ဝမ်းသာနဲ့ ပြုစုပျိုးထောင်ပြီးတော့ ထိုထိုဘဝတစ်ခုခုကို ဝမ်းမြောက်ဝမ်းသာ စိတ်ပါလက်ပါ ဆုတောင်းပန်ထွာတဲ့အခါမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် အုပ်စု စိတ်စေတသိက် အလုံး (၂၀)တို့ စိတ္တက္ခဏတစ်ခုအတွင်းမှာ အတူယှဉ်တွဲပြီး ဖြစ်ပေါ်သွားကြပါတယ်။ အဲဒီ စိတ်စေတသိက်တွေကို ယောက်ျားဘဝကို တွယ်တာမှုကို စံထားပြီးတော့ ရေတွက်ပြမယ်။

## လောဘဒိဋ္ဌိအုပ်စု စိတ်စေတသိက် အလုံး (၂၀)

၁။ အသိစိတ် = ယောက်ျားဘဝအာရုံကို ရယူခြင်းသဘော၊ (အာရုံယူလို့ရခြင်းကိုပင် သိတယ်လို့ ခေါ်ဆိုပါတယ်—)[၁၇၈] (ဥပမာ — စက္ကူအကြည်ဓာတ်ကို လှမ်းအာရုံယူကြည့်ရာ အာရုံယူလို့ ရရှိပါက စက္ကူအကြည်ဓာတ်ကို သိတယ်လို့ ဆိုရတယ်။ သို့သော် စက္ကူအကြည်ဓာတ်ကို လှမ်းအာရုံယူလိုက်တဲ့အခါ စက္ကူအကြည်ဓာတ်ကို အာရုံယူလို့ မရဖြစ်နေပါက စက္ကူအကြည်-ဓာတ်ကို သိတယ်လို့ မဆိုနိုင်ဘူး။ ဒါ့ကြောင့် အာရုံကို ယူလို့ရခြင်းကိုပဲ သိတယ်လို့ ခေါ်ဆိုပါတယ်။)

၂။ ဖဿ = ယောက်ျားဘဝအာရုံနှင့် အသိစိတ်ကို ဆက်စပ်ပေးခြင်းသဘော၊ (အာရုံကို အသိစိတ်-က တွေ့ထိခြင်းသဘော)

၃။ ဝေဒနာ = သောမနဿဝေဒနာ = ယောက်ျားဘဝအာရုံ၏ အရသာကို ဝမ်းမြောက်ဝမ်းသာ ခံစားခြင်းသဘော၊

၄။ သညာ = ယောက်ျားဘဝဟု မှတ်သားခြင်းသဘော၊

၅။ စေတနာ = ယောက်ျားဘဝအာရုံပေါ် (သို့) စိတ်ကို ယှဉ်ဖက်သမ္ပယုတ်တရားတို့ကို ရောက်-အောင် လှုံ့ဆော်ပေးခြင်းသဘော၊

၆။ ဧကဂ္ဂတာ = ယောက်ျားဘဝအာရုံတစ်ခုတည်းအပေါ်၌ စိတ်ကျရောက်နေခြင်းသဘော၊

၇။ ဇီဝိတ = အတူယှဉ်ဖက် စိတ်စေတသိက်တရားတို့ကို မပျက်မီ တည်အောင် စောင့်ရှောက်ပေး-ခြင်းသဘော၊

၈။ မနသိကာရ = ယောက်ျားဘဝအာရုံကို နှလုံးသွင်းခြင်းသဘော၊

၉။ ဝိတက် = ယောက်ျားဘဝအာရုံပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘော၊

၁၀။ ဝိစာရ = ယောက်ျားဘဝအာရုံကို ထပ်ကာထပ်ကာ သုံးသပ် ဆင်ခြင်ခြင်းသဘော၊

၁၁။ အဓိမောက္ခ = ယောက်ျားဘဝအာရုံကို ယောက်ျားဟု ဆုံးဖြတ်ခြင်းသဘော၊

၁၂။ ဝီရိယ = ယောက်ျားဘဝအာရုံပေါ်သို့ ယှဉ်ဖက်စိတ်စေတသိက်တရားတွေကို ရောက်အောင် ကြိုးစားအားထုတ်ခြင်းသဘော၊

၁၃။ ပီတိ = ယောက်ျားဘဝအာရုံကို နှစ်သက်ခြင်းသဘော၊

၁၄။ ဆန္ဒ = ယောက်ျားဘဝအာရုံကို လိုလားတောင့်တခြင်းသဘော၊

၁၅။ မောဟ = အဝိဇ္ဇာ = ယောက်ျားဘဝဟု အသိမှားခြင်းသဘော၊

၁၆။ အဟိရိက = ယောက်ျားဘဝအာရုံ၌ အကုသိုလ်တရားတို့ ဖြစ်သည်ကို မရှက်မှုသဘော၊ (ယောက်ျားဘဝကို တွယ်တာရမှာ မရှက်တဲ့သဘော, ယောက်ျားလို့ အသိမှားနေတာကို မရှက်တဲ့သဘော စသည်တို့ကို ဆိုလိုပါတယ်။ အနောတ္တပ္ပ၌လည်း နည်းတူ သဘောပေါက်ပါ။)

---

[၁၇၈] ဝိဇာနန္တံ အာရမ္မဏဿ ဥပလဒ္ဓိ။ (မူလ၊ဋီ၊၁၊၈၇။)

၁၇။ အနောတ္တပ္ပ = ယောက်ျားဘဝအာရုံ၌ အကုသိုလ်တရားတို့ ဖြစ်သည်ကို မကြောက်မှုသဘော၊

၁၈။ ဥဒ္ဓစ္စ = ယောက်ျားဘဝအာရုံ၌ စိတ်ပျံ့လွင့်မှုသဘော၊

၁၉။ လောဘ = တဏှာ = ယောက်ျားဘဝအာရုံကို တွယ်တာတပ်မက်မှုသဘော၊

၂၀။ ဒိဋ္ဌိ = ယောက်ျားဘဝဟု ခံယူချက်မှားမှုသဘော၊ (သက္ကာယဒိဋ္ဌိ) —

အမျိုးသမီးဘဝကို တွယ်တာမက်မောရာ၌လည်း ပုံစံတူပဲ သဘောပေါက်ပါ။

## သင်္ခါရနှင့် ကံ (ကမ္မဘဝ)

သင်္ခါရနှင့် ကံအကြောင်းကိုလည်း ဆက်လက်ပြီးတော့ ပြောကြရအောင် — ဒီသင်္ခါရနှင့် ကံတွေမှာလည်း အကြမ်းစားအားဖြင့်တော့ အုပ်စု (၃)မျိုးလောက် ရှိနေပါတယ်။

၁။ အကုသိုလ်သင်္ခါရကံအုပ်စု,

၂။ ကာမာဝစရကုသိုလ်သင်္ခါရကံအုပ်စု,

၃။ ရူပါဝစရဈာန်, အရူပါဝစရဈာန်ဆိုတဲ့ ဈာန်ကုသိုလ်သင်္ခါရကံအုပ်စု -

ဒီလို အကြမ်းစားအားဖြင့်တော့ အုပ်စု (၃)မျိုး ရှိနေပါတယ်။ ဒီသုံးမျိုးထဲက ကာမာဝစရကုသိုလ်သင်္ခါရကံအုပ်စု တစ်ခုကိုပဲ ပုံစံတစ်ခုအဖြစ် ပြောကြရအောင် — ကာမာဝစရကုသိုလ်သင်္ခါရကံတွေက လူ့ဘဝ နတ်ဘဝဆိုတဲ့ ကောင်းတဲ့ သုဂတိဘဝတွေကို ရောက်ရှိစေပါတယ်။ သို့သော် ဒီကာမာဝစရကုသိုလ်သင်္ခါရကံတွေမှာလည်း ဒါနကုသိုလ်သင်္ခါရကံ, သီလကုသိုလ်သင်္ခါရကံ, ဥပစာရသမာဓိတိုင်အောင်သော သမထဘာဝနာကံ, ဘဝတစ်ခုခုကို အကျိုးပေးတတ်တဲ့ တဏှာအစိုဓာတ် အစေးဓာတ်ရဲ့ အထောက်အပံ့ကို ရရှိနေတဲ့ ဝိပဿနာဘာဝနာကံ စသည်ဖြင့် ကံတွေက များစွာ ရှိကြပါတယ်။ အဲဒီကံတွေထဲက နမူနာပုံစံတစ်ခုအဖြစ် နားလည်သဘောပေါက်နိုင်ရန် — အနာဂတ်တွင် ယောက်ျားဘဝကို ရရှိရေးအတွက် ရည်မျှော်ကာ သက်တော်ထင်ရှားဘုရားရှင်၏ ဂုဏ်တော်ကျေးဇူးတော်တို့ကို ရည်မှန်းကာ မိမိ ကြည်ညိုလေးစားနေသည့် ရုပ်ပွားတော်တစ်ဆူ၏ ရှေ့တော်မှောက်တွင် ပန်းများကို ဆက်ကပ်လှူဒါန်းပူဇော်သည့် ကုသိုလ်သင်္ခါရကံတစ်ခုကို ပြုစုပျိုးထောင်စဉ် ဖြစ်ပေါ်သွားကြသည့် ကုသိုလ်သင်္ခါရတရားတို့ကို ရေတွက်ပြမယ်။ အဲဒီ ကုသိုလ်သင်္ခါရကံကို ဝမ်းမြောက်ဝမ်းသာနဲ့ ကျေကျေနပ်နပ် ပြုစုပျိုးထောင်တယ်ဆိုကြစို့ — အဲဒီလို ပြုစုပျိုးထောင်တဲ့အပိုင်းမှာ ဘုရားရှင်၏ ဂုဏ်တော်များစွာထဲက မိမိ နှစ်ခြိုက်ရာ ဂုဏ်တော်တစ်ခုခုကို အာရုံယူကာ ဖြစ်ပေါ်သွားကြတဲ့ ဝမ်းမြောက်ကြည်နူးနေတဲ့ ကုသိုလ်သင်္ခါရတရားတွေလည်း ရှိကြတယ်။ မိမိရဲ့ လှူဖွယ်ဝတ္ထုဖြစ်တဲ့ ပန်းကဲ့သို့သော လှူဖွယ်ဝတ္ထုအာရုံကို အာရုံယူပြီးတော့ ဖြစ်ပေါ်သွားကြတဲ့ ကုသိုလ်သင်္ခါရတရားတွေလည်း ရှိကြတယ်။ ရှေးရှေးကုသိုလ်သင်္ခါရတရားတွေကို အာရုံယူကာ ဖြစ်ပေါ်သွားကြတဲ့ ဝမ်းမြောက်ကြည်နူးနေတဲ့ နောက်နောက်ကုသိုလ်သင်္ခါတရားတွေလည်း ရှိကြတယ်။ အဲဒီ ကုသိုလ်သင်္ခါရတရားတွေထဲက ဘုရားရှင်၏ ဂုဏ်တော်တစ်ခုခုကို အာရုံယူကာ ဝမ်းမြောက်ကြည်နူးစွာ ပန်းလှူနေတဲ့ ကုသိုလ်သင်္ခါရတရား (၃၄)လုံးတို့ကို ပုံစံထုတ်ပြီး

ရေတွက်ပြမယ် —

**ကာမာဝစရကုသိုလ်သင်္ခါရတရား (၃၄) လုံး**

၁။ အသိစိတ် = ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံကို ရယူနေခြင်းသဘော၊

၂။ ဖဿ = ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံနှင့် အသိစိတ်ကို ဆက်စပ်ပေးခြင်းသဘော၊ (ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံနှင့် အသိစိတ်တို့ တွေ့ထိခြင်းသဘော)

၃။ ဝေဒနာ = သောမနဿဝေဒနာ = ဘုရားရှင်အား ပန်းပူဇော်သည့် အာရုံ၌ ကြည်နူးဝမ်းမြောက်-နေခြင်းသဘော၊

၄။ သညာ = ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံကို မှတ်သားနေခြင်းသဘော၊

၅။ စေတနာ = ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံပေါ်သို့ ယှဉ်ဖက် စိတ်စေတသိက်သမ္ပယုတ်-တရားတို့ကို ရောက်အောင် စေ့ဆော်ပေးခြင်းသဘော၊

၆။ ဧကဂ္ဂတာ = ဘုရားရှင်အား ပန်းပူဇော်သည့် အာရုံတစ်ခုတည်းပေါ်သို့ စိတ်ကျရောက်နေခြင်းသဘော၊

၇။ ဇီဝိတ = ယှဉ်ဖက်စိတ်စေတသိက်သမ္ပယုတ်တရားတို့ကို မပျက်မီ တည်တံ့အောင် စောင့်-ရှောက်ပေးခြင်းသဘော၊

၈။ မနသိကာရ = ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံကို နှလုံးသွင်းနေခြင်းသဘော၊

၉။ ဝိတက် = ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘော၊

၁၀။ ဝိစာရ = ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်ခြင်းသဘော၊

၁၁။ အဓိမောက္ခ = ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံကို ဆုံးဖြတ်ချက်ချခြင်းသဘော၊

၁၂။ ဝီရိယ = ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံပေါ်သို့ စိတ်ကို ရောက်အောင် ကြိုးစားအားထုတ်ခြင်းသဘော၊

၁၃။ ပီတိ = ဘုရားရှင်အား ပန်းပူဇော်သည့်အာရုံကို နှစ်သက်မြတ်နိုးခြင်းသဘော၊

၁၄။ ဆန္ဒ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်လိုသည့်သဘော၊

၁၅။ သဒ္ဓါ = ဘုရားရှင်၏ ဂုဏ်တော်အာရုံကို ကြည်ညိုယုံကြည်သည့်သဘော၊ (တစ်နည်း— ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်ရာ၌ ကံ-ကံ၏အကျိုးကို သက်ဝင်ယုံကြည်ခြင်းသဘော၊)

၁၆။ သတိ = ဘုရားရှင်၏ ဂုဏ်တော်အာရုံကို အမှတ်ရခြင်းသဘော၊

၁၇။ ဟိရိ = မကောင်းမှုမှ ရှက်ခြင်းသဘော၊ (ရှေးရှုတည်နေခြင်း သဘောမျှသာ ဖြစ်သည်၊)

၁၈။ ဩတ္တပ္ပ = မကောင်းမှုမှ ကြောက်ခြင်းသဘော၊ (ရှေးရှုတည်နေခြင်း သဘောမျှသာ ဖြစ်သည်၊)

၁၉။ အလောဘ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အာရုံကို မတပ်မက်ခြင်းသဘော၊

၂၀။ အဒေါသ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အာရုံပေါ်၌ စိတ်မခက်ထန် မကြမ်းတမ်း-ခြင်းသဘော၊

၂၁။ တတြမဇ္ဈတ္တတ္တာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အာရုံပေါ်၌ စိတ်ကို အညီအမျှလျစ်လျူထားခြင်းသဘော၊

၂၂။ ကာယပဿဒ္ဓိ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အာရုံပေါ်၌ စေတသိက်တို့၏ ငြိမ်းအေးခြင်းသဘော၊

၂၃။ စိတ္တပဿဒ္ဓိ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အာရုံပေါ်၌ စိတ်၏ ငြိမ်းအေးခြင်းသဘော၊

၂၄။ ကာယလဟုတာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အာရုံပေါ်၌ စေတသိက်တို့၏ ပေါ့ပါးခြင်းသဘော၊

၂၅။ စိတ္တလဟုတာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အာရုံပေါ်၌ စိတ်၏ ပေါ့ပါးခြင်းသဘော၊

၂၆။ ကာယမုဒုတာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အာရုံပေါ်၌ စေတသိက်တို့၏ နူးညံ့ခြင်းသဘော၊

၂၇။ စိတ္တမုဒုတာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အာရုံပေါ်၌ စိတ်၏ နူးညံ့ခြင်းသဘော၊

၂၈။ ကာယကမ္မညတာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အမှု၌ စေတသိက်တို့၏ ခံ့ညားခြင်းသဘော၊

၂၉။ စိတ္တကမ္မညတာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အမှု၌ စိတ်၏ ခံ့ညားခြင်းသဘော၊

၃၀။ ကာယပါဂုညတာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အမှု၌ စေတသိက်တို့၏ ကျွမ်းကျင်လေ့လာနိုင်နင်းခြင်းသဘော၊

၃၁။ စိတ္တပါဂုညတာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အမှု၌ စိတ်၏ ကျွမ်းကျင်လေ့လာနိုင်နင်းခြင်းသဘော၊

၃၂။ ကာယုဇုကတာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အမှု၌ စေတသိက်တို့၏ ဖြောင့်မတ်-ခြင်းသဘော၊

၃၃။ စိတ္တုဇုကတာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်အမှု၌ စိတ်၏ ဖြောင့်မတ်ခြင်းသဘော၊

၃၄။ ပညာ = ဘုရားရှင်အား ပန်းလှူဒါန်းပူဇော်သည့်ကုသိုလ်ကံ ကံ၏အကျိုးတရားကို တတ်သိနားလည်ခြင်းသဘော၊

အားလုံးပေါင်းသော် စိတ်စေတသိက် (၃၄)လုံးတို့ ဖြစ်ကြတယ်။

## သမထပိုင်း ကုသိုလ်သင်္ခါရ

အလားတူပဲ အာနာပါနကဲ့သို့သော သမထဘာဝနာ တစ်ခုခုကို ပွားများအားထုတ်ရာမှာ ဈာန်ရဲ့အနီးအပါးသို့ ကပ်ရောက်နေတဲ့ ဥပစာရသမာဓိသို့တိုင်အောင် ဆိုက်ရောက်နေပြီ ဆိုကြစို့။ အဲဒီအချိန်အခါမှာ ဥပစာရသမာဓိသို့ ဆိုက်ရောက်နေတဲ့ စိတ်စေတသိက်တွေမှာလည်း အထက်က ရှင်းပြခဲ့တဲ့ စိတ်စေတသိက် (၃၄)လုံးသော နာမ်တရားစုတွေ ဖြစ်ကြပါတယ်။ အဲဒီ (၃၄)လုံးသော နာမ်တရားတွေဟာ ကြည်လင်တောက်ပနေတဲ့ အာနာပါန ပဋိဘာဂနိမိတ်အာရုံကိုပဲ အာရုံပြုနေကြပါတယ်။ အဲဒီ နာမ်တရားစုတွေထဲမှာ ဧကဂ္ဂတာခေါ်တဲ့ စေတသိက်က ဈာန်ရဲ့ အနီးအပါးသို့ ကပ်ရောက်နေတဲ့ ဥပစာရသမာဓိအဆင့်သို့ ဆိုက်ရောက်နေတဲ့ စံချိန်မီ သမာဓိတစ်မျိုး ဖြစ်ပါတယ်။ ပညာက အာနာပါနပဋိဘာဂနိမိတ်အာရုံကို ထွင်းဖောက်သိမြင်နေတဲ့သဘော ဖြစ်ပါတယ်။ သဒ္ဓါ-တရားက ဈာန်သမာဓိသိက္ခာကျင့်စဉ်ကို ယုံကြည်မှုသဘောတရား ဖြစ်ပါတယ်။

အလားတူပဲ ယောဂါဝစရပုဂ္ဂိုလ်က အာနာပါနကမ္မဋ္ဌာန်းကို ဆက်လက် ပွားများအားထုတ်ရာ ပထမဈာန်သမာဓိသို့တိုင်အောင် ဆိုက်ရောက်ပြီ ဆိုကြစို့ — အဲဒီ ပထမဈာန်သမာဓိအခိုက်မှာ ဖြစ်ပေါ်သွားကြတဲ့ နာမ်တရားစုတွေဟာလည်း အထက်မှာ တင်ပြရှင်းပြထားတဲ့ (၃၄)လုံးသော နာမ်တရားစုတွေပဲ ဖြစ်ကြပါတယ်။ အဲဒီ နာမ်တရားစုတွေအားလုံးဟာ ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်အာရုံကိုပဲ ထိုးထွင်းသိမြင်နေကြပါတယ်။ အဲဒီ နာမ်တရား (၃၄)လုံးထဲမှာ ပါဝင်နေတဲ့ ဧကဂ္ဂတာခေါ်တဲ့ စေတသိက်က ဈာန်သမာဓိအဆင့်သို့ ဆိုက်ရောက်နေတဲ့ ပထမဈာန်-သမာဓိ ဖြစ်ပါတယ်။ ပညာက ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်ကို ထွင်းဖောက် သိမြင်နေခြင်းသဘော ဖြစ်ပါတယ်။ သဒ္ဓါက ဈာန်သမာဓိသိက္ခာကျင့်စဉ်၌ နစ်နစ်စုပ်စုပ် ယုံကြည် သက်ဝင်ခြင်းသဘော ဖြစ်ပါတယ်။ ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမထားတော်မူသည့်အတိုင်း အာနာပါနကျင့်စဉ်ကို တကယ်လက်တွေ့ စနစ်တကျ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ပါက ဈာန်သမာဓိသို့ ဆိုက်ရောက်နိုင်သည်ဆိုတဲ့ ယုံကြည်ချက်က အလွန်ခိုင်မြဲနေတဲ့ ယုံကြည်ချက် ဖြစ်ပါတယ်။

အလားတူပဲ ကြွင်းကျန်နေတဲ့ သမထကမ္မဋ္ဌာန်းတွေကို ပွားများအားထုတ်လိုက်လို့ ဈာန်သမာဓိသို့ ဆိုက်ရောက်တဲ့အခါမှာလည်း ပုံစံတူပဲ သဘောပေါက်ပါ။ အာရုံသာ ထူးခြားကွဲပြားသွားခြင်း ဖြစ်ပါတယ်။ ဥပမာ — အဖြူရောင်ကသိုဏ်းကို ပွားများအားထုတ်လိုက်လို့ ပထမဈာန်သမာဓိသို့ ဆိုက်ရောက်ပြီ ဆိုကြစို့ — ယင်းပထမဈာန်နာမ်တရား (၃၄)လုံးတို့ဟာ ကြည်လင်တောက်ပနေတဲ့ အဖြူရောင်ကသိုဏ်းပဋိဘာဂနိမိတ်အာရုံကိုပဲ အာရုံပြုနေကြပါတယ်။ ပထဝီကသိုဏ်းကို ပွားများအားထုတ်လိုက်လို့ ပထမဈာန်သမာဓိသို့ ဆိုက်ရောက်သွားတဲ့အခါမှာလည်း ယင်းပထမဈာန်နာမ်-တရား (၃၄)လုံးတို့မှာ ကြည်လင်တောက်ပနေတဲ့ ပထဝီကသိုဏ်းပဋိဘာဂနိမိတ်အာရုံကိုပဲ အာရုံပြုနေကြပါတယ်။ ဤသို့ စသည်ဖြင့် သဘောပေါက်ပါ။

အကယ်၍ ဒုတိယဈာန်သမာဓိသို့ ဆိုက်ရောက်ခဲ့မည်ဆိုလျှင် — ယင်း ဒုတိယဈာန်သမာဓိမှာ

ဝိတက်, ဝိစာရတို့ မယှဉ်ကြတော့တဲ့အတွက် ဒုတိယဈာန် စိတ်+စေတသိက် = နာမ်တရားစုတွေမှာ (၃၂)လုံးသော နာမ်တရားစုတွေသာ ရှိကြပါတယ်။ အလားတူပဲ တတိယဈာန်သမာဓိအခိုက်မှာ ဝိတက်, ဝိစာရ, ပီတိတို့ မယှဉ်ကြတော့တဲ့အတွက် တတိယဈာန် နာမ်တရားတွေမှာ (၃၁)လုံးသော ဈာန်နာမ်တရားတွေသာ ရှိကြပါတော့တယ်။ စတုတ္ထဈာန်သမာဓိအခိုက်မှာကျတော့ အလားတူပဲ ဝိတက်, ဝိစာရ, ပီတိတို့ကား မယှဉ်ကြပါ။ သို့သော် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်တို့မှာ ယှဉ်တွဲနေတဲ့ ဝေဒနာက သုခ = သောမနဿဝေဒနာဖြစ်သော်လည်း စတုတ္ထဈာန်ကျတော့ ဝေဒနာ-မှာ ဥပေက္ခာဝေဒနာဖြစ်ပါတယ်။ ဒါကြောင့် စတုတ္ထဈာန်သမာဓိအခိုက်မှာလည်း ဈာန်နာမ်တရား-တွေဟာ (၃၁)လုံးပဲ ရှိကြပါတယ်။ အာကာသာနဉ္စာယတနဈာန်, ဝိညာဏဉ္စာယတနဈာန်, အာ-ကိဉ္စညာယတနဈာန်, နေဝသညာနာသညာယတနဈာန်ဆိုတဲ့ အရူပဈာန် (၄)မျိုးတို့မှာလည်း ရူပါ-ဝစရစတုတ္ထဈာန်နည်းတူ ဈာန်နာမ်တရား (၃၁)လုံးစီပဲ အသီးအသီး ရှိကြပါတယ်။

သို့သော် အောက်အောက်ဈာန်တွေမှာ ရှိကြတဲ့ နာမ်တရားစုတို့ရဲ့ စွမ်းအင်နှင့် အထက်အထက်ဈာန်တွေမှာ တည်ရှိကြတဲ့ နာမ်တရားစုတို့ရဲ့ စွမ်းအင်မှာ စွမ်းအင်ချင်း မတူညီကြပါ။ အထက်အထက်ဈာန်တွေမှာ တည်ရှိကြတဲ့ ဈာန်နာမ်တရားတို့ရဲ့ အထူးသဖြင့် အထက်အထက်ဈာန်သမာဓိ-တို့ရဲ့ စွမ်းအင်က အောက်အောက်ဈာန်တွေမှာ တည်ရှိကြတဲ့ ဈာန်နာမ်တရားတို့ရဲ့ စွမ်းအင်ထက် အထူးသဖြင့် အောက်အောက်ဈာန်တို့ရဲ့ သမာဓိစွမ်းအင်ထက် ပို၍ ပို၍ နက်ရှိုင်းတဲ့ အားကောင်းတဲ့ သဘော ရှိပါတယ်။ ဒါ့ကြောင့် အောက်အောက်ဈာန်သမာဓိတို့နှင့် ယှဉ်တွဲနေကြတဲ့ ဉာဏ်တွေ-ကြောင့် ဖြစ်ပေါ်လာကြတဲ့ ဉာဏ်အရောင်အလင်းတွေထက် အထက်အထက်ဈာန်သမာဓိတွေနဲ့ ယှဉ်တွဲဖြစ်ပေါ်သွားကြတဲ့ ဉာဏ်တွေကြောင့် ဖြစ်ပေါ်သွားကြတဲ့ ဉာဏ်အရောင်အလင်းတွေက ပို၍ ပို၍ တောက်ပတဲ့သဘော ရှိကြခြင်း ဖြစ်ပါတယ်။ ယှဉ်ဖက်စိတ်စေတသိက်တို့ရဲ့ စွမ်းအင်ချင်း မတူညီကြသောကြောင့် အထူးသဖြင့် သမာဓိစွမ်းအင်ချင်း မတူညီကြသောကြောင့် ဖြစ်ပါတယ်။

## ဝိပဿနာပိုင်း ကုသိုလ်သင်္ခါရ

နောက်တစ်ခု ဆက်ပြောဦးမယ်။ အကယ်၍ ယောဂါဝစရပုဂ္ဂိုလ်က ဝိပဿနာဘာဝနာ ကမ္မဋ္ဌာန်းကို ဆက်လက် ပွားများအားထုတ်လိုက်တဲ့အခါ ဒုက္ခသစ္စာအမည်ရတဲ့ ခန္ဓာငါးပါး = ရုပ်နာမ် တရားတွေကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရောက်သည်အထိ ဟုတ်တိုင်းမှန်စွာ ဝိပဿနာသမ္မာဒိဋ္ဌိ-ဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီ ဆိုကြစို့ — တစ်ဖန် သမုဒယသစ္စာ အမည်ရတဲ့ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကိုလည်း ဝိပဿနာသမ္မာ-ဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီ ဆိုကြစို့ — တစ်နည်းပြောရလျှင် အတိတ်ဘဝတစ်ခုတွင် ပြုစုပျိုးထောင်ခဲ့တဲ့ — အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်း သမုဒယသစ္စာတရားတွေ ထင်ရှားဖြစ်ခြင်းကြောင့် ပစ္စုပ္ပန်ဘဝဝယ် — ဝိညာဏ်, နာမ်-ရုပ်, သဠာ-ယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးခန္ဓာ (၅)ပါး ဒုက္ခသစ္စာတရားတွေ ထင်ရှားဖြစ်ပုံကိုလည်း-ကောင်း, ပစ္စုပ္ပန်ဘဝတွင် ပြုစုပျိုးထောင်လိုက်တဲ့ — အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့

အကြောင်းသမုဒယသစ္စာတရားတွေ ထင်ရှားဖြစ်ခြင်းကြောင့် နောင်အနာဂတ်ဘဝဝယ် — ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာဆိုတဲ့ အကျိုးခန္ဓာ (၅)ပါး ဒုက္ခသစ္စာတရားတွေ ထင်ရှားဖြစ်ပုံကိုလည်းကောင်း, ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီ ဆိုကြစို့ — ထိုအချိန်အခါမှာ ထိုကဲ့သို့ ထိုးထွင်းသိမြင်နေတဲ့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် ပြဓာန်းလျက်ရှိတဲ့ စိတ်စေတသိက် နာမ်တရားစုတို့မှာလည်း များသောအားဖြင့် အထက်က ရှင်းပြထားတဲ့ (၃၄)လုံးသော နာမ်တရားစုတို့ပဲ ဖြစ်ကြပါတယ်။ အဲဒီနာမ်တရားစုတွေထဲမှာ ပါဝင်နေတဲ့ ပညာက ဝိပဿနာသမ္မာဒိဋ္ဌိ ဖြစ်ပါတယ်။

ဒီနေရာမှာ ကံတစ်ခုကို ပြုစုပျိုးထောင်တဲ့ အချိန်အခါမှာ အတူယှဉ်တွဲ ဖြစ်ပေါ်သွားတဲ့ **“သဟဇာတဓမ္မ”** အမည်ရတဲ့ စိတ်စေတသိက် နာမ်တရားစုတွေရဲ့ စွမ်းအင် ကွဲပြားမှုအပေါ်မှာ မူတည်၍လည်း ယင်းကံတရားကြောင့် ထင်ရှားဖြစ်လာရတဲ့ အကျိုးတရားများဟာလည်း ကွာခြားသွားကြပါတယ်။ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးက ယခုလို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် အတိတ်အကြောင်းတရားကြောင့် ပစ္စုပ္ပန်အကျိုးတရားဖြစ်ပုံ, ပစ္စုပ္ပန်အကြောင်းတရားကြောင့် အနာဂတ်အကျိုးတရားဖြစ်ပုံဆိုတဲ့ ကြောင်း-ကျိုး- ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေပြီး ဖြစ်တယ်ဆိုကြစို့။ ဒီလို သိမြင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ကံ-ကံ၏အကျိုးကို တတ်သိနားလည်နေတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ဟာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေတဲ့ ဉာဏ်အမြင် ဖြစ်တယ်။ ဆရာအပြောနဲ့ အလွမ်းကြီးလွမ်း အဆွေးကြီးဆွေးနေရတဲ့ အသိမျိုးတော့ မဟုတ်ဘူး။ သို့သော် ထိုကဲ့သို့ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာမရှိတဲ့ သာမန်ပုဂ္ဂိုလ်တစ်ဦးက ဒါနကဲ့သို့သော ကောင်းမှုကုသိုလ်တစ်ခုကို ပြုစုပျိုးထောင်နေတဲ့အခါမှာ ကံ-ကံ၏အကျိုးကို တတ်သိနားလည်နေတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ဟာ မိဘဆရာသမားတို့ရဲ့ ဆိုဆုံးမမှုဖြင့်သာ တတ်သိနားလည်နေရတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် ဖြစ်တယ်။

ဆရာအပြောနဲ့သာ အလွမ်းကြီးလွမ်း အဆွေးကြီးဆွေးနေရတဲ့ အသိမျိုးသာ ဖြစ်တယ်။ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေတဲ့ အသိမျိုးတော့ မဟုတ်ဘူး။ ဒါ့ကြောင့် ထိုပုဂ္ဂိုလ်နှစ်ဦးတို့ရဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ပညာချင်းဟာ ဒီဂရီစံချိန်ချင်း မတူညီကြဘူး။ အလားတူပဲ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ကံ-ကံ၏အကျိုးတရားအပေါ်၌ ယုံကြည်မှု သဒ္ဓါတရားနှင့် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်အမြင်မရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ကံ-ကံ၏အကျိုးတရားအပေါ်၌ ယုံကြည်မှု သဒ္ဓါတရားမှာလည်း တူညီမှု မရှိနိုင်ဘူး။ ကွဲပြားလျက်သာ ရှိနေပါတယ်။ ဒါ့ကြောင့် ကံတစ်ခုကို ပြုစုပျိုးထောင်နေတဲ့အခါမှာ အတူယှဉ်တွဲဖြစ်ပေါ်နေကြတဲ့ **“သဟဇာတဓမ္မ”** အမည်ရကြတဲ့ စိတ်စေတသိက်တွေရဲ့ ဒီဂရီစံချိန်ချင်း မတူညီဘဲ ကွဲပြားသွားခဲ့မယ်ဆိုလျှင် ယင်းကံကြောင့် ဖြစ်ပေါ်လာကြမည့် အကျိုးတရားချင်းတွေလည်း တူညီမှု မရှိနိုင်ကြဘူး။

နောက်တစ်ခု ထပ်ပြောဦးမယ် — ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးက ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရကြတဲ့ သင်္ခါရတရားတွေကို အနိစ္စ, ဒုက္ခ, အနတ္တလက္ခဏာရေး (၃)တန်သို့ တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုနိုင်တယ် ဆိုကြစို့ — အဲဒီလို ဝိပဿနာဉာဏ်ဖြစ်ပေါ်ခိုက်မှာ ဝမ်းမြောက်ဝမ်းသာ

စိတ်ပါလက်ပါ ရှုပွားသုံးသပ်နိုင်ခဲ့မယ်ဆိုလျှင် များသောအားဖြင့် အထက်မှာ တင်ပြထားတဲ့ (၃၄)မျိုး-သော နာမ်တရားစုတွေဟာ ဝိပဿနာဉာဏ်နဲ့ အတူယှဉ်တွဲလျက် ဖြစ်ပေါ်နေကြပါတယ်။ ထိုနာမ်-တရားစုတို့မှာ ပါဝင်နေတဲ့ ပညာကား ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာ ဖြစ်ပါတယ်။ သဒ္ဓါတရားကား ယင်းသင်္ခါရတရားတို့ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တ အခြင်းအရာတွေကို ထိုးထွင်း သိမြင်နေတဲ့ ပညာသိက္ခာ = ပညာကျင့်စဉ်အပေါ်၌ ယုံကြည်မှု သဒ္ဓါတရား ဖြစ်ပါတယ်။ ဒီသင်္ခါရတရားတွေဟာ အနိစ္စတရား ဧကန်မှန်ကြတယ်၊ ဒုက္ခတရား ဧကန်မှန်ကြတယ်၊ အနတ္တတရား ဧကန်မှန်ကြတယ်။ ဒီလို စုပ်စုပ်နစ်နစ် ဆုံးဖြတ်ချက်ချကာ ယုံကြည်တဲ့ သဒ္ဓါတရားမျိုး ဖြစ်တယ်။ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်မရှိတဲ့ သာမန်လူသားတစ်ဦးရဲ့ ပညာသိက္ခာ = ပညာကျင့်စဉ်အပေါ်၌ ယုံကြည်နေတဲ့ သဒ္ဓါတရားနှင့်တော့ ယုံကြည်မှု ဒီဂရီစံချိန်ချင်းကတော့ မတူညီနိုင်ဘူး။ ဒါ့ကြောင့် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်အမြင်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးက ပြုစုပျိုးထောင်လိုက်တဲ့ ကုသိုလ်သင်္ခါရကံတွေရဲ့ စွမ်းအားနှင့် ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်အမြင်မရှိတဲ့ ပုဂ္ဂိုလ်တစ်ဦးက ပြုစုပျိုးထောင်လိုက်တဲ့ ကုသိုလ်သင်္ခါရကံတွေရဲ့ စွမ်းအားဟာ ဘယ်လိုမှ တူညီမှု မရှိနိုင်ကြဘူး။ ဒါ့ကြောင့် ကုသိုလ်သင်္ခါရကံတစ်ခုကို ပြုစုပျိုးထောင်လိုက်တဲ့ အခါမှာ အတူယှဉ်တွဲ ဖြစ်ပေါ်သွားကြတဲ့ **"သဟဇာတဓမ္မ"** အမည်ရကြတဲ့ တရားစုတွေရဲ့ စွမ်းအင် ဒီဂရီ ကွဲပြားကြလျှင်လည်း ယင်းသင်္ခါရကံတွေကြောင့် ဖြစ်ပေါ်လာကြမည့် အကျိုးတရားချင်းတွေ-ဟာလည်း အမြဲတမ်း ကွဲပြားမှု ရှိနေကြမည်သာ ဖြစ်ကြပါတယ်။

## ကံဟူသည်မှာ

ဒါတွင်လားဆိုတော့ မကသေးဘူး — အထက်က တင်ပြထားခဲ့တဲ့အတိုင်း သင်္ခါရကံအမည်ရကြတဲ့ စိတ်စေတသိက် (၃၄)လုံးထဲက စေတနာကို ခြံရံထားတဲ့ ကြွင်းကျန်နေကြသေးတဲ့ ဝီရိယ, သတိ, သမာဓိ စတဲ့ စေတသိက်တို့ရဲ့ စွမ်းအင်ကွဲပြားမှုအပေါ် မူတည်၍ သင်္ခါရကံတွေရဲ့ စွမ်းအင်ဟာလည်း ကွဲပြားသွားတတ်ပါတယ်။ ဒီသင်္ခါရအမည်ရကြတဲ့ စိတ်စေတသိက် (၃၄)လုံးတို့ဟာလည်း ဖြစ်ပြီးလျှင် ပျက်သွားကြတဲ့ အနိစ္စတရားတွေသာ ဖြစ်ကြပါတယ်။ သို့သော် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်တွေရဲ့ အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးမှု အရှိန်အဝါသတ္တိထူးကို ဆက်ခံထားရတဲ့အတွက် ဒီသင်္ခါရတရားတွေဟာ ချုပ်ပျက်သွားကြသော်-လည်း နောင်တစ်ချိန် မိမိတို့ မျှော်လင့်တောင့်တထားကြတဲ့ ယောကျ်ားဘဝ, မိန်းမဘဝ, အလောင်း-တော်ဘဝ စတဲ့ ဘဝဆိုတဲ့ ခန္ဓာငါးပါး = ရုပ်နာမ်တရားတွေကို ဖြစ်ပေါ်စေနိုင်တဲ့ စွမ်းအင်ကမ္မသတ္တိကို ဒီသင်္ခါရတရားတွေကို ပြုစုပျိုးထောင်နေတဲ့ ရုပ်နာမ်သန္တာန်အစဉ်မှာ မြှုပ်နှံပြီးမှသာလျှင် ချုပ်ပျက်-သွားကြပါတယ်။ ယင်းစွမ်းအင်ကမ္မသတ္တိကိုပဲ ကံလို့ ခေါ်ဆိုပါတယ်။ ပဋ္ဌာန်းဒေသနာတော်မှာတော့ ဘုရားရှင်က နာနာက္ခဏိက ကမ္မပစ္စယသတ္တိလို့ ဟောကြားထားတော်မူခဲ့ပါတယ်။ နာနာက္ခဏိက ကမ္မပစ္စယသတ္တိဆိုတာကတော့ ကံကို ပြုစုပျိုးထောင်တဲ့ အချိန်အခါနှင့် ယင်းကံကြောင့် ဖြစ်ပေါ်လာ-မည့် အကျိုးတရားတို့ ဖြစ်ပေါ်လာရာ အချိန်အခါတို့မှာ အချိန်ကာလချင်း မတူညီဘဲ ကွဲပြားလျက် ရှိနေကြတဲ့အတွက် နာနာက္ခဏိက ကမ္မပစ္စယသတ္တိလို့ ခေါ်ဆိုပါတယ်။ ယင်းကံက အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ ပံ့သွင်းပေးတဲ့အတိုင်း တစ်နည်းပြောရလျှင်တော့ ဆုတောင်းပန်ထွာထားသည့်အတိုင်း

အကျိုးတရားကို ဖြစ်ပေါ်စေမှာ ဖြစ်ပါတယ်။

## ဈာန်ကံတရားတို့၏ အကျိုးကွာခြားပုံ

အောက်အောက်ဈာန်သင်္ခါရတရားတို့ရဲ့ စွမ်းအင်နှင့် အထက်အထက် ဈာန်သင်္ခါရတရားတို့ရဲ့ စွမ်းအင်တွေဟာ မတူကွဲပြားမှု ရှိကြတဲ့အတွက် ဈာန်သင်္ခါရတရားတွေရဲ့ ဈာန်ကံတရားတွေဟာ-လည်း စွမ်းအင်ချင်း မတူကွဲပြားလျက်သာ ရှိကြပါတယ်။

ဥပမာ — ဗြဟ္မာ့ပြည်ကို ရည်ရွယ်တောင့်တပြီးတော့ ဗြဟ္မာဘဝ တစ်ခုခုကို ရရှိရေးအတွက် ဈာန်ကုသိုလ်သင်္ခါရတရားတွေကို ပြုစုပျိုးထောင်ခဲ့မယ်ဆိုလျှင်လည်း ထိုဈာန်ကုသိုလ်သင်္ခါရတရားတွေကို မှီ၍ ဖြစ်ပေါ်လာကြတဲ့ ဈာန်ကံတရားတွေက မိမိတို့ ပြုစုပျိုးထောင်ထားတဲ့ ဈာန်နဲ့လျော်ညီ-နေတဲ့ ဗြဟ္မာဘဝတစ်ခုခုဆိုတဲ့ ရုပ်ခန္ဓာ သို့မဟုတ် နာမ်ခန္ဓာ သို့မဟုတ် ရုပ်နာမ်ခန္ဓာတို့ကို ဖြစ်ပေါ်စေကြမှာ ဖြစ်ကြပါတယ်။ ဘယ်လို ကွာခြားသလဲ? ရူပါဝစရဈာန် စတုက္ကနည်းအားဖြင့် ပြောကြ-ရအောင် —

၁။ ပထမဈာန်ကုသိုလ်သင်္ခါရကံက ရူပါဝစရပထမဈာန်ဘုံသို့ ရောက်အောင် ပို့ဆောင်ပေးမယ်။ ရူပါဝစရပထမဈာန်ဝိပါက်နာမ်တရားအစုနှင့် ဝိပါက်ကမ္မဇရုပ်ကို ဖြစ်စေပါတယ်။

၂။ ဒုတိယဈာန်ကုသိုလ်သင်္ခါရကံက ရူပါဝစရဒုတိယဈာန်ဘုံသို့ ရောက်အောင် ပို့ဆောင်ပေးမယ်။ ရူပါဝစရဒုတိယဈာန်ဝိပါက်နာမ်တရားအစုနှင့် ဝိပါက်ကမ္မဇရုပ်ကို ဖြစ်စေပါတယ်။

၃။ တတိယဈာန်ကုသိုလ်သင်္ခါရကံက ရူပါဝစရတတိယဈာန်ဘုံသို့ ရောက်အောင် ပို့ဆောင်ပေးမယ်။ ရူပါဝစရတတိယဈာန်ဝိပါက်နာမ်တရားအစုနှင့် ဝိပါက်ကမ္မဇရုပ်ကို ဖြစ်စေပါတယ်။

၄။ စတုတ္ထဈာန်ကုသိုလ်သင်္ခါရကံက ရူပါဝစရစတုတ္ထဈာန်ဘုံသို့ ရောက်အောင် ပို့ဆောင်ပေးမယ်။ ရူပါဝစရစတုတ္ထဈာန်ဝိပါက်နာမ်တရားအစုနှင့် ဝိပါက်ကမ္မဇရုပ်ကို ဖြစ်စေပါတယ်။

၅။ အာကာသာနဉ္စာယတနဈာန်ကုသိုလ်သင်္ခါရကံက အာကာသာနဉ္စာယတနဘုံသို့ ရောက်-အောင် ပို့ဆောင်ပေးမယ်။ အာကာသာနဉ္စာယတနဝိပါက်နာမ်တရားအစုကို ဖြစ်စေပါတယ်။

၆။ ဝိညာဏဉ္စာယတနဈာန်ကုသိုလ်သင်္ခါရကံက ဝိညာဏဉ္စာယတနဘုံသို့ ရောက်အောင် ပို့ဆောင်ပေးမယ်။ ဝိညာဏဉ္စာယတနဝိပါက်နာမ်တရားအစုကို ဖြစ်စေပါတယ်။

၇။ အာကိဉ္စညာယတနဈာန်ကုသိုလ်သင်္ခါရကံက အာကိဉ္စညာယတနဘုံသို့ ရောက်အောင် ပို့ဆောင်ပေးမယ်။ အာကိဉ္စညာယတနဝိပါက်နာမ်တရားအစုကို ဖြစ်စေပါတယ်။

၈။ နေဝသညာနာသညာယတနဈာန်ကုသိုလ်သင်္ခါရကံက နေဝသညာနာသညာယတနဘုံသို့ ရောက်အောင် ပို့ဆောင်ပေးမယ်။ နေဝသညာနာသညာယတနဝိပါက်နာမ်တရားအစုကို ဖြစ်စေပါတယ်။

## အကုသိုလ်သင်္ခါရကံတွေရဲ့ စွမ်းအင်နှင့် အကျိုး

တစ်ဖန် အကုသိုလ်သင်္ခါရတရားတွေကလည်း အကုသိုလ်သင်္ခါရချင်း မတူကွဲပြားမှုတော့ ရှိကြ-ပါတယ်။ အထက်တွင် ရှင်းပြထားတဲ့အတိုင်း လောဘ ဒိဋ္ဌိအုပ်စု အကုသိုလ်သင်္ခါရတရားစုတွေရဲ့ စွမ်းအင်သတ္တိက တစ်မျိုး ဖြစ်ပါတယ်။ မာနပြဓာန်းတဲ့ အကုသိုလ်သင်္ခါရတရားစုတွေရဲ့ စွမ်းအင်သတ္တိက တစ်မျိုး ဖြစ်ပါတယ်။ ဒေါသပြဓာန်းတဲ့ အကုသိုလ်သင်္ခါရတရားစုတွေရဲ့ စွမ်းအင်သတ္တိက တစ်မျိုး ဖြစ်ပါတယ်။ ကိုယ့်ထက်သာ မနာလိုတဲ့ ဣဿာတရား, ဝန်တိုတဲ့ ကိုယ့်စည်းစိမ် အထိမခံနိုင်တဲ့ မစ္ဆရိယတရား, နောင်တတစ်ဖန် ပူပန်တတ်တဲ့ ကုက္ကုစ္စတရားစတဲ့ ထိုထိုအကုသိုလ်တရားတို့ ပြဓာန်းတဲ့ အကုသိုလ်သင်္ခါရတရားစုတွေရဲ့ စွမ်းအင်သတ္တိက တစ်မျိုး ဖြစ်ပါတယ်။ ဒါ့ကြောင့် အကုသိုလ်စေတနာနှင့် အတူယှဉ်တွဲ ဖြစ်ပေါ်နေတဲ့ အကုသိုလ်သင်္ခါရတရားတွေရဲ့ စွမ်းအင်သတ္တိက ကွဲပြားသွားခဲ့လျှင် အကုသိုလ်ကံတွေလည်း စွမ်းအင်သတ္တိ ကွဲပြားသွားကြပါတယ်။ အကုသိုလ်ကံတွေက စွမ်းအင်သတ္တိ ကွဲပြားသွားလျှင် အကုသိုလ်ကံရဲ့ အကျိုးဝိပါက်တရားတွေလည်း ကွဲပြား-သွားကြပါတယ်။

စိတ်ပျံ့လွင့်မှု ဥဒ္ဓစ္စနှင့် ယှဉ်တွဲနေတဲ့ အကုသိုလ်စေတနာကလွဲလျှင် ကျန်နေတဲ့ အကုသိုလ်-သင်္ခါရကံအားလုံးကတော့ များသောအားဖြင့် အပါယ်ပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်တဲ့ စွမ်းအား ရှိကြပါတယ်။ အထူးသဖြင့် အကုသိုလ်ပြစ်မှုတစ်ခုခုကို လက်တွေ့လွန်ကျူးနေဆဲ အချိန်အခါမှာ ဖြစ်ပေါ်သွားကြတဲ့ အကုသိုလ်ပြစ်မှု လွန်ကျူးခြင်းလုပ်ငန်းရပ်ကို ပြီးစီးအောင်မြင်စေတဲ့ သန္နိဋ္ဌာန-စေတနာလို့ ခေါ်ဆိုအပ်တဲ့ အကုသိုလ်သင်္ခါရတရားတွေကတော့ အပါယ်ဘုံကို ရောက်စေနိုင်တဲ့ စွမ်းအား ရှိကြသည်ချည်း ဖြစ်ကြပါတယ်။ သို့သော် ထိုအကုသိုလ်ပြစ်မှု တစ်ခုခုကို မလွန်ကျူးမီ ဖြစ်ပေါ်သွားကြတဲ့ အကုသိုလ်စေတနာအချို့နှင့် ပြစ်မှုလွန်ကျူးပြီး နောက်ပိုင်းကာလ ယင်းပြစ်မှုကို အမှတ်ရတိုင်း ထပ်မံဖြစ်ပေါ်နေတဲ့ အကုသိုလ်စေတနာအချို့ကတော့ အပါယ်ဘုံကို မရောက်စေနိုင်-ကြပါဘူး။ အကုသိုလ်စေတနာအချို့ကတော့ အပါယ်ဘုံကို ရောက်စေနိုင်ကြပါတယ်။ သို့သော် ယင်းရှေ့နောက် အကုသိုလ်စေတနာအချို့တွေက တစ်နည်းဆိုရလျှင် ယင်းရှေ့နောက် အကုသိုလ်ကံ အချို့တွေက ယခုလို လူ့ဘဝစတဲ့ သုဂတိဘုံဘဝတွေမှာ ပဋိသန္ဓေနဲ့ စုတိအကြား ပဝတ္တိလို့ ခေါ်ဆိုတဲ့ ဘဝတစ်လျှောက်မှာ ထိုက်သလို မကောင်းကျိုးတွေကို ပေးတတ်ပါတယ်။

ဥပမာ — အတိတ်က လောဘများပြားခဲ့တဲ့ အကုသိုလ်ကံတွေက ယခုဘဝမှာ လောဘကြီးသူ ဖြစ်အောင်, အတိတ်က မာနကြီးမားခဲ့တဲ့ အကုသိုလ်ကံတွေက ယခုဘဝမှာ မာနကြီးသူ ဖြစ်အောင်, အမျိုးယုတ်သူ ဖြစ်အောင်, အတိတ်က ဒေါသများပြားခဲ့တဲ့ အကုသိုလ်ကံတွေက ယခုဘဝမှာ ဒေါသ-ကြီးသူ ဖြစ်အောင်, အကျည်းတန် အရုပ်ဆိုးသူ ဖြစ်အောင်, အတိတ်က ကိုယ့်ထက်သာ မနာလိုတဲ့ ဣဿာတရားထူပြောခဲ့တဲ့ အကုသိုလ်ကံတွေက ယခုဘဝမှာ ကိုယ့်ထက်သာ မနာလိုတဲ့ ဣဿာ တရားများပြားသူ ဖြစ်အောင်, ဆင်းရဲနွမ်းပါးသူ အခြွေအရံနည်းပါးသူ ဖြစ်အောင်, အတိတ်က ကိုယ့်စည်းစိမ်ကို အထိမခံနိုင်တဲ့ ဝန်တိုခြင်း မစ္ဆရိယတရားများပြားခဲ့တဲ့ အကုသိုလ်ကံတွေက

ယခုဘဝမှာလည်း ကိုယ့်စည်းစိမ်ကို အထိမခံနိုင်တဲ့ ဝန်တိုခြင်း မစ္ဆရိယတရားများပြားသူ ဖြစ်အောင် ပြုလုပ်ပေးတတ်ပါတယ်။ သားထိလည်း အထိမခံနိုင်, သမီးထိလည်း အထိမခံနိုင်, မြေးထိလည်း အထိမခံနိုင်, အဖိုးကြီးထိလည်း အထိမခံနိုင်, အဖွားကြီးထိလည်း အထိမခံနိုင်, ပစ္စည်းထိလည်း အထိမခံနိုင်တဲ့ စိတ်ထားတွေ အားကောင်းလာအောင် ဒီ မစ္ဆရိယ အကုသိုလ်ကံက တည်ထောင်ဖန်ဆင်းပေးနေပါတယ်။

## သုရာပါနကံ၏ အကျိုး

ဒီနေရာမှာ အထူးကြောက်စရာကောင်းလှတဲ့ **သုရာပါန** = မူးယစ်ဆေးဝါးသောက်သုံးခြင်း အကုသိုလ်ကံအကြောင်းကို ဆက်ပြီး ပြောဦးမယ်။

**သုရာမေရယပါနံ ဘိက္ခဝေ အာသေဝိတံ ဘာဝိတံ ဗဟုလီကတံ နိရယသံဝတ္တနိကံ တိရစ္ဆာနယောနိသံဝတ္တနိကံ ပေတ္တိဝိသယသံဝတ္တနိကံ။ ယော သဗ္ဗလဟုသော သုရာမေရယပါနဿ ဝိပါကော၊ မနုဿဘူတဿ ဥမ္မတ္တကသံဝတ္တနိကော ဟောတိ။**[၁၃၉]

ဒီပါဠိတော်ကတော့ အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ် ဒုစ္စရိတဝိပါကသုတ္တန်မှာ ဘုရားရှင်ကိုယ်တော်တိုင် ဟောကြားသွားတော်မူတဲ့ ဒေသနာတော်တစ်ခု ဖြစ်ပါတယ်။ ဒီဒေသနာတော်ရဲ့ ဆိုလိုရင်းကတော့ ဒီလိုပါ — ပုဂ္ဂိုလ်တစ်ဦးဟာ သေရည်သေရက်ကို စွဲစွဲမြဲမြဲ ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ အမြဲမပြတ် မှီဝဲနေတယ်။ သေရည်သေရက်ကို မသောက်ရလျှင် မနေနိုင် ဖြစ်နေတယ်။ ဒီလို မှီဝဲသုံးဆောင်နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သေရည်သေရက်အပေါ်မှာ တွယ်တာမက်မောနေတဲ့ စွဲလမ်းနေတဲ့ တဏှာလောဘဟာ အလွန့်အလွန် အားကောင်းလျက် ရှိနေပါတယ်။ ဒီလို အားကောင်းနေတဲ့ တဏှာလောဘက သေခါနီးကာလမှာ နောက်ဆုံးဖြစ်ပေါ်သွားတဲ့ မရဏာသန္နဇောရဲ့ နေရာကို အရယူသွားပြီ ဖြစ်ပါတယ်။ ထို သေရည်သေရက်အပေါ်မှာ တွယ်တာမက်မောနေတဲ့ လောဘဦးဆောင်နေတဲ့ အကုသိုလ်ကံရဲ့ စွမ်းအားကြောင့် ငရဲသို့လည်း ရောက်နိုင်တယ်၊ ပြိတ္တာဘဝသို့လည်း ရောက်နိုင်တယ်၊ တိရစ္ဆာန်ဘဝသို့လည်း ရောက်နိုင်တယ်၊ အပေ့ါဆုံး အပြစ်တစ်ခုကို ပြောပါဆိုလျှင် ထိုအရက်ပေါ်မှာ တွယ်တာမက်မောနေတဲ့ လောဘဦးဆောင်နေတဲ့ သုရာပါနကံကို လွန်ကျူးခဲ့တဲ့ အကုသိုလ်ကံရဲ့ စွမ်းအားကြောင့် လူဖြစ်လာတောင်မှ လူကောင်းမဖြစ်ဘဲ လူရူးသာ ဖြစ်လာရတယ်။ ဒါဟာ သုရာပါနကံရဲ့ အပေ့ါဆုံး အပြစ်ဖြစ်ပါတယ်လို့ — ဒီလို ဘုရားရှင်က ဟောကြားထားတော်မူခဲ့ပါတယ်။

ဘာ့ကြောင့် လူရူးဘဝသို့ ရောက်ရှိသွားရသလဲ? သုရာပါနကံကို လွန်ကျူးခဲ့စဉ်က သေရည်သေရက်ကို ကျေနပ်အောင် အားရပါးရ သောက်ပြီးတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဓာတ်ဟာ မူလ မသောက်ခင်က ပင်ကိုစိတ်ဓာတ်ကဲ့သို့ မဟုတ်တော့ဘဲ အရူးတစ်ယောက်ရဲ့ စိတ်ဓာတ်အသွင်သို့ မသိမသာ သို့မဟုတ် သိသိသာသာ ပြောင်းလဲသွားခဲ့ပါတယ်။ ဒီလို စိတ်ဓာတ်မျိုးကို ဖြစ်ပေါ်လာအောင် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ ဆည်းပူးစုဆောင်းခဲ့တဲ့အတွက် ဒီစိတ်ဓာတ်တွေရဲ့ စွမ်းအားကြောင့် ရူးသွပ်တဲ့

[၁၃၉] အံ၊၃၊၇၈။

ဘဝသို့ ရောက်ရှိလာရခြင်း ဖြစ်ပါတယ်။ သို့သော် ဒီနေရာမှာ အသိအလိမ္မာ ဉာဏ်အမြော်အမြင်ရှိတဲ့ သူတော်ကောင်းဟာ အရူးတစ်ယောက်ရဲ့ ဘဝကို စူးစမ်းဆင်ခြင်ကြည့်သင့်ပါတယ်။ ဒီအရူးဟာ သံသရာမှ ထွက်မြောက်ကြောင်းဖြစ်တဲ့ နိယျာနိကတရားကောင်းလို့ ခေါ်ဆိုအပ်တဲ့ သစ္စာလေးပါးကို ထိုးထွင်းသိမြင်ရေးအတွက် မဂ္ဂင်ရှစ်ပါးကျင့်စဉ်တရားတွေကို ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်း- အားဖြင့် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ပါ့မလဲဆိုတာကို စဉ်းစားကြည့်သင့်ပါတယ်။ သံသရာမှ ထွက်မြောက်ကြောင်းကို ထားလိုက်ဦး — ဒီအရူးဟာ ကုသိုလ်နဲ့ အကုသိုလ်ကိုတောင် ခွဲခြားသိတတ်ဖို့ အလွန်ခက်ခဲနေပြီ ဖြစ်ပါတယ်။ သူရဲ့ အနာဂတ်သံသရာခရီးဟာ မမျှော်မှန်းနိုင်တဲ့ အခြေအနေမှာပဲ ရှိနေပါတယ်။

## နားလည်သဘောပေါက်နိုင်တဲ့ ပုံစံများ

ဒီနေရာမှာ ကံတွေရဲ့ ထူးထွေကွဲပြားမှု အကျိုးတရားတွေရဲ့ ထူးထွေကွဲပြားမှုကို နားလည် သဘောပေါက်နိုင်ရန် ပုံစံအချို့ကို ဆက်လက်ပြီးတော့ ပြောကြရအောင် —

သင်္ခါရ ကံတွေကို ကြည့်လိုက်လို့ရှိရင်လည်း ဆွမ်းလှူတယ်, ပန်းလှူတယ်ပဲ ဆိုကြစို့။ အဲဒီ ဆွမ်းလှူတဲ့ ပန်းလှူတဲ့ အချိန်အခါကလေးမှာ နိဗ္ဗာန်ရနိုင်တဲ့ အမျိုးသားဘဝ, နိဗ္ဗာန်ရနိုင်တဲ့ အမျိုး- သမီးဘဝကို လှမ်းပြီး ဆုတောင်းတယ် ဆိုကြစို့။ နိဗ္ဗာန်ရနိုင်တဲ့ အမျိုးသား, နိဗ္ဗာန်ရနိုင်တဲ့ အမျိုး- သမီးလို့ အသိမှားနေတဲ့ သဘောကလေးက အဝိဇ္ဇာ၊ အဲဒီဘဝကို တွယ်တာတပ်မက်နေတာက တဏှာ၊ စိတ်ကပ်ပြီး စွဲနေတဲ့သဘောက ဥပါဒါန်၊ ဒီ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် ဦးဆောင်နေတဲ့ စိတ်စေတသိက်တွေကို ကြည့်လိုက်ရင် ဝမ်းမြောက်ဝမ်းသာနဲ့ ပြုခဲ့မယ်ဆိုရင် ဇောစိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်းမှာ အထက်မှာ ရှင်းပြခဲ့တဲ့အတိုင်း စိတ်စေတသိက် အလုံး (၂၀)အထိ ရှိပါတယ်။ တစ်ဦးသော ပုဂ္ဂိုလ်ရဲ့ စိတ်စေတသိက် အလုံး (၂၀)တို့တွင် ပါဝင်ကြတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်- တို့က အမျိုးသမီးဘဝကို, တစ်ဦးသော ပုဂ္ဂိုလ်ရဲ့ စိတ်စေတသိက် အလုံး (၂၀)တို့တွင် ပါဝင်ကြတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့က အမျိုးသားဘဝကို တွယ်တာတပ်မက်နေကြတယ်။ ဦးတည်ချက်ချင်း မတူကြဘူး။ သို့သော် များသောအားဖြင့် စိတ်ထားချင်းတွေလည်း စွမ်းအင်ချင်း ဒီဂရီချင်း မတူညီ- ကြတဲ့သဘော ရှိတတ်ကြပါတယ်။

အဲဒီ ယှဉ်တွဲနေတဲ့ စိတ်စေတသိက်တွေရဲ့ စွမ်းအင်သတ္တိနှင့် ဦးတည်ချက် အချိုးအစားက မတူညီခဲ့ဘူးဆိုလို့ရှိရင်လည်း ဒီ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်လို့ ခေါ်ဆိုအပ်တဲ့ ကိလေသဝဋ်ရဲ့ အားပေး ထောက်ပံ့မှု အကူအညီကို အခြေခံပြီး ဖြစ်ပေါ်လာရမည့် သင်္ခါရ, ကံလို့ ခေါ်ဆိုအပ်တဲ့ ကမ္မဝဋ်- တွေမှာ စွမ်းအင် ကွဲပြားသွားကြတယ်။ တစ်ခါ ဒီကမ္မဝဋ် အမည်ရနေတဲ့ သင်္ခါရ, ကံစေတနာတွေကို ပြန်ကြည့်လိုက်တော့လည်း စေတနာတစ်ခုတည်း ဖြစ်နိုင်တဲ့ စွမ်းအား မရှိဘူး။ ဆွမ်းလှူတဲ့ကံပဲ ဖြစ်ဖြစ်, ပန်းလှူတဲ့ကံပဲဖြစ်ဖြစ်ပေါ့၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့မယ်ဆိုရင် ဉာဏ်လည်း ယှဉ်ခဲ့မယ် ဆိုရင်တော့ အထက်က ရှင်းပြခဲ့တဲ့အတိုင်း များသောအားဖြင့် စိတ်စေတသိက် (၃၄)လုံးအထိ ရှိတတ်ပါတယ်။ အဲဒီ စိတ်စေတသိက်တွေရဲ့ စွမ်းအင်ဟာလည်း အထက်တွင် ရှင်းပြခဲ့တဲ့အတိုင်း

ကွဲပြားတတ်တဲ့သဘော ရှိပါတယ်။ တစ်ဦးရဲ့ စိတ်စေတသိက်စွမ်းအင်နှင့် အခြားတစ်ဦးရဲ့ စိတ်စေတသိက်စွမ်းအင်ဟာ မတူကွဲပြားမှုအပေါ်မှာ မူတည်ပြီးတော့ ဒီစိတ်စေတသိက်တွေ ချုပ်ပျက်သွားတဲ့ အချိန်အခါမှာ ကျန်ရစ်ခဲ့တဲ့ စွမ်းအင်ကမ္မသတ္တိလို့ ခေါ်ဆိုအပ်တဲ့ ကံဟာလည်း ထူးထွေကွဲပြားမှု ဖြစ်လာတယ်။

## သုမေဓာရှင်ရသေ့နှင့် သုမိတ္တာအမျိုးသမီး

နည်းနည်းကလေး သဘောပေါက်အောင် ထပ်ပြီးတော့ ပြောမယ်။ လွန်ခဲ့တဲ့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းပဲ ဆိုကြပါစို့၊ ဒီပင်္ကရာမြတ်စွာဘုရား ပွင့်ထွန်းတော်မူတဲ့အချိန်ကို ပြန်ပြောင်းပြီးတော့ အာရုံယူကြည့်ပါ။ သုမေဓာရှင်ရသေ့က နောင်အနာဂတ်ဝယ် သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိရန်အတွက် မိမိခန္ဓာကိုယ်ကို တံတားခင်းပြီးတော့ ဘုရားဆုကို ဆုတောင်းပန်ထွာနေတဲ့၊ နိယတဗျာဒိတ်ပန်းကို ဆင်မြန်းဖို့ရန် ကြိုးပမ်းနေတဲ့ပွဲကို အာရုံပြုကြည့်ပါ။ ဒီပွဲကို ပြန်ကြည့်လိုက်တော့ သုမေဓာရှင်ရသေ့က သဗ္ဗညုတဉာဏ် ရရှိဖို့ရန်အတွက် ဆုထူးပန်ထွာခဲ့တယ်။ နောက်ဆွယ်မှာ တည်ရှိနေကြတဲ့ သုမိတ္တာ အမှူးရှိနေတဲ့ အမျိုးသမီးတွေလည်း ရှိကြတယ်။ သုမိတ္တာက ဘာဆုကို တောင်းသလဲ? ကြာပန်းကို ဒီပင်္ကရာဘုရားရှင်အား လှူဒါန်းပူဇော်ပြီး သုမေဓာရှင်ရသေ့ရဲ့ မြောက်သားတော် ဖြစ်ဖို့ရန် ဆုတောင်းခဲ့တယ်။ သုမိတ္တာရဲ့ နောက်ဆွယ်မှာ ပါနေတဲ့ အမျိုးသမီးပေါင်း နှစ်ထောင်ကျော်ကျတော့ ဘာဆုကို တောင်းကြသလဲ? သုမေဓာရှင်ရသေ့ ဘုရားဖြစ်တဲ့အခါမှာ ကျွတ်တမ်းဝင်ဖို့ ဆုတောင်းခဲ့ကြတယ်။

ရည်ရွယ်ချက် ဦးတည်ချက်ချင်းတွေ တူညီကြသလား? မတူညီကြဘူး။ လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုတဲ့ ခရီးကာလကို ဖြတ်ကျော်ခဲ့ရတာကတော့ အတူတူပဲ၊ ခြံရံထားတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ချင်းတွေက မတူညီတော့ အကျိုးပေးချင်းတွေက တူညီကြသေးသလား? မတူညီကြတော့ဘူး။

သုမေဓာရှင်ရသေ့က သဗ္ဗညုတဉာဏ်ရဖို့ရန် ရည်သန်ပြီးတော့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအတွင်းမှာ ပါရမီတွေ ဖြည့်ခဲ့တဲ့အတွက် နောက်ဆုံး သဗ္ဗညုတဉာဏ်တော်မြတ်ကို ရရှိသွားတော်မူတယ်။ သုမိတ္တာအမျိုးသမီးကျတော့ မြောက်သားတော် ဖြစ်ဖို့ရန်အတွက်သာ ရည်ရွယ်တောင့်တပြီး လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းကို ဖြတ်ကျော်ပြီး ပါရမီဆယ်ပါးကို ဖြည့်ကျင့်ခဲ့တဲ့အတွက် သူက ဘာဖြစ်လာသလဲ? ယသောဓရာဆိုတဲ့ အမည်နှင့် ဘုရားအလောင်းတော်ရဲ့မြောက်သားတော် လာဖြစ်ရတယ်။ သုမိတ္တာအမျိုးသမီးရဲ့ နောက်ဆွယ်မှာ ရှိနေကြတဲ့ အမျိုးသမီးပေါင်း နှစ်ထောင်ကျော်ကျတော့ သုမေဓာရှင်ရသေ့ ဘုရားဖြစ်တော်မူတဲ့ အချိန်အခါကျမှ ကျွတ်တမ်းဝင်ရပါလို၏ဆိုပြီး ဒီဆုထူးကို တောင်းခဲ့ကြတဲ့အတွက် သုမေဓာရှင်ရသေ့လို့ ခေါ်ဆိုအပ်တဲ့ ရှင်ရသေ့သည် ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားအမည်နှင့် ပွင့်ထွန်းပေါ်ပေါက်တော်မူလာတဲ့ အချိန်အခါမှာ ရဟန္တာထေရီမတွေ လာပြီးဖြစ်ကြပါတယ်၊ ယသောဓရာနှင့် တစ်ရက်တည်းမှာပဲ အတူတူ ပရိနိဗ္ဗာန်စံသွားကြတယ်။

လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုတဲ့ ခရီးကာလကို ဖြတ်ကျော်ခဲ့ရတာချင်း အတူတူပဲ၊ ဒါပေမဲ့ သူတို့ ပြုစုပျိုးထောင်နေတဲ့ သင်္ခါရ ကံတွေချင်း တူညီကြသလားလို့မေးတော့ မတူကြဘူး၊

ဒီသင်္ခါရ ကံကို ခြံရံထားတဲ့ ဒီသင်္ခါရ ကံကို အားပေးထောက်ပံ့နေတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ချင်းတွေလည်း တူညီကြသလား? မတူညီကြဘူး။ မတူညီတာက သုမေဓာရှင်ရသေ့က ပါရမီဆယ်ပါး အပြားသုံးဆယ်တွေကို အသက် အိုးအိမ် စည်းစိမ် အရပ်ရပ်တွေကို စွန့်လွှတ်ပြီးတော့ ဖြည့်ကျင့်တော်မူခဲ့ပါတယ်၊ ဘဝပေါင်းများစွာ အသက်ပေါင်းများစွာကို စွန့်လွှတ်ပြီးတော့ ဖြည့်ကျင့်ခဲ့တယ်၊ ဘဝပေါင်းများစွာ ခြေလက်အင်္ဂါတွေကို စွန့်လွှတ်ပြီးတော့ ဖြည့်ကျင့်ခဲ့တယ်၊ ဘဝပေါင်းများစွာ မိမိပိုင်ဆိုင်နေတဲ့ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့ကို စွန့်လွှတ်ပြီးတော့မှ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ခဲ့တယ်။

သုမိတ္တာအမျိုးသမီးရဲ့ နောက်ဆွယ်မှာ တည်ရှိနေကြတဲ့ အမျိုးသမီးပေါင်း နှစ်ထောင်ကျော်ကျတော့ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ကဲ့သို့ ကိုယ်အသက်ကို စွန့်လွှတ်ပြီးတော့, လက်ခြေအင်္ဂါ အရပ်ရပ်တွေကို စွန့်လွှတ်ပြီးတော့, မိမိတို့ပိုင်ဆိုင်တဲ့ သက်ရှိသက်မဲ့ ကာမဝတ္ထုလို့ ခေါ်ဆိုအပ်တဲ့ အိုးအိမ် စည်းစိမ်တွေကို စွန့်လွှတ်ပြီးတော့ ပါရမီ (၁၀)ပါးတို့ကို ဖြည့်ကျင့်ခဲ့တာမျိုး ရှိသလားဆိုတော့ . . . မရှိကြဘူး၊[၁၈၀] ဒါ့ကြောင့် ပြုစုပျိုးထောင်ခဲ့တဲ့ ကံတရားချင်းတွေကော တူညီကြသလားဆိုတော့ — မတူညီကြပါဘူး။ စိတ်နေစိတ်ထားချင်းတွေလည်း မတူညီကြဘူး၊ မတူညီကြတဲ့အတွက် အကျိုးပေးပုံချင်း တူညီကြမလားဆိုတော့ — မတူညီနိုင်ကြဘူး။

ဒီနေ့ တရားနာနေတဲ့ ပရိသတ်တွေ ရွေးချယ်ခွင့်ရှိကြပါတယ်။ သို့သော် ဘဝဆိုတာ ကောင်းတယ်လို့ ဘုန်းကြီးပြောနေတာတော့ မဟုတ်ဘူး။ သံသရာခရီးကို မိမိက ဆုံးအောင် မလုပ်နိုင်သေးလို့ ဘဝတစ်ခုခုကို လက်ခံရမယ်ဆိုရင် မိမိက ဘယ်လိုဘဝမျိုးကို အလိုရှိသလဲ၊ အလိုရှိတဲ့ ဘဝကို ရောက်ရာရောက်ကြောင်းဖြစ်တဲ့ ကံတွေကို ဒီအချိန်အခါမှာ ပြုစုပျိုးထောင်နိုင်ခွင့်ရှိနေတဲ့ အချိန်အခါ ဖြစ်တယ်ဆိုတာကို အသိပေးနေခြင်းသာ ဖြစ်ပါတယ်။ ဒီအချိန်အခါမှာ မိမိတို့က ဘယ်လိုဘဝမျိုးကို ရွေးချယ်ထားတယ် ဘယ်လိုဘဝမျိုးကို အလိုရှိတယ်ဆိုတဲ့ သတ်မှတ်ချက် ရှိထားပြီးပြီဆိုလျှင် ဘယ်လို

---

[၁၈၀] [**မှတ်ချက်** — ဤစာပိုဒ်တွင် — ဘုရားအလောင်း သုမေဓာရှင်ရသေ့ကဲ့သို့ . . . စသည့် ဝိသေသနပုဒ်များများစွာ ပါနေပါသည်၊ ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့ကဲ့သို့ ပါရမီ, ဥပပါရမီ, ပရမတ္ထပါရမီ-ဆိုတဲ့ ပါရမီ (၁၀)ပါး အပြား (၃၀)တို့ကို လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး ဖြည့်ကျင့်ဆည်းပူးမှု မရှိပုံကိုသာ ဦးစားပေး ဖော်ပြထားခြင်း ဖြစ်ပါသည်။ သို့သော်လည်း သူတို့၏ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့က ပံ့သွင်းပေးလိုက်သည့်အတိုင်း သုမေဓာရှင်ရသေ့ ဘုရား ဖြစ်တော်မူသောအခါကျမှ ကျွတ်တမ်းဝင်လိုသည့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကြောင့် သာဝက ပါရမီဉာဏ်အရာ၌ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး ပါရမီဖြည့်ကျင့်ရန် မလိုသော်လည်း လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းခရီးကို ဖြတ်ကျော်ခဲ့ရပုံကိုသာ ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထိုအချိန်ကာလအတွင်း ပါရမီ လုံးလုံး မဖြည့်ကျင့်ခဲ့ဟု ဆိုလိုသည်ကတော့ မဟုတ်ပါ။ အပဒါန်အဋ္ဌကထာတို့၌ လာရှိသည့်အတိုင်း — (ဣမေသံ ပန သဗ္ဗေသမ္ပိ အဓိကာရော စ ဆန္ဒတာတိ ဒွင်္ဂသမန္နာဂတောယေဝ အဘိနီဟာရော ဟောတိ။ အပဒါန၊ဋ္ဌ၊၁၊၁၅၈။)ဟူသည်နှင့်အညီ — သာဝကပါရမီဉာဏ်အရာ၌ အဓိကာရကောင်းမှုကုသိုလ်ဟု ခေါ်ဆိုအပ်သည့် ဝိဇ္ဇာမျိုးစေ့ကောင်း, စရဏမျိုးစေ့ကောင်းဟူသည့် ပါရမီမျိုးစေ့ကောင်းတို့ကိုကား ထိုအမျိုးသမီးတစ်စုတို့သည် ရှေးရှေးဘုရားရှင်တို့၏ သာသနာတော်အတွင်း၌ ဖြည့်ကျင့်ဆည်းပူးခဲ့ကြသည်သာ ဖြစ်ကြပါသည်။ သို့သော် သာဝကပါရမီဉာဏ်အရာ၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရရှိရေးအတွက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းဟူသည့် ထိုမျှလောက် ရှည်လျားလှသော အချိန်ကာလပတ်လုံး ပါရမီဖြည့်ရန် မလိုကြောင်းကိုသာ ဤ၌ ဆိုလိုရင်း ဖြစ်ပါသည်။]

ကံမျိုးကို ပြုစုပျိုးထောင်ရမယ်ဆိုတာကို သဘောပေါက်ဖို့လိုတယ်။

သို့သော် ကျကျနန ရွေးချယ်တတ်ဖို့တော့ လိုတယ်။ မရွေးချယ်တတ်ဘဲနဲ့ အမှတ်တမဲ့ ကံတစ်ခု-ကို ပြုလုပ်လိုက်လို့ ဒီကံက ကံအရာ တည်သွားလို့ရှိရင် နောင်တစ်ချိန် အကျိုးပေးတော့မယ်။ အကျိုးပေးတဲ့ အချိန်အခါကျတော့မှ မိမိက ဒီကံမျိုး, ဒီအကျိုးမျိုး, ဒီကံကြောင့် ဖြစ်ပေါ်လာတဲ့ ဒီအကျိုးတရားမျိုးကို အလိုမရှိပါဘူးလို့ ထိုင်ပြီး ငိုနေသော်လည်း ရဦးမလား? မရတော့ဘူး၊ အချိန်က လွန်သွားပြီ။

အတူယှဉ်တွဲပြီး ဖြစ်ပေါ်နေတဲ့ စိတ်ဓာတ်တွေ = စိတ်စေတသိက်တွေ ဆန်းကြယ်ရင်လည်း ဘာဖြစ်သလဲ? ကံတွေ ဆန်းကြယ်သွားပြန်တယ်။ နောက်တစ်ခု . . .

## နံပါတ် (၂) – တည်ရာဘုံ ဆန်းကြယ်ရင်လည်း ကံတွေ ဆန်းကြယ်ကြတယ်

**"ဘူမိစိတ္တတာယ"**[၁၈၁]

သတ္တဝါတွေရဲ့ တည်နေရာဘုံ ဆန်းကြယ်ခဲ့မယ်ဆိုရင်လည်း စိတ်တွေ ဆန်းကြယ်သွားတယ်။ ဒီနေ့ ကျောင်းဝင်းအတွင်းမှာ လူသားတွေနှင့် အနီးစပ်ဆုံး ပုဂ္ဂိုလ်တွေကြည့်ပေါ့၊ ခွေးတွေ ရှိကြတယ်။ အခု ဒီမှာ ယောဂီအပေါင်း သူတော်ကောင်းတွေက တရားနာနေပေမဲ့လို့ ဒီခွေးတွေမှာ တရားနာလိုတဲ့ စိတ်ထားမျိုး ရှိကြမလား? မရှိကြဘူး။ တရားအားထုတ်လိုတဲ့ စိတ်ထားမျိုး ရှိကြမလား? မရှိကြဘူး။

တိရစ္ဆာန်ဘုံနှင့် လူ့ဘုံဆိုပြီးတော့ ဘဝကွာဟချက် ရှိနေတယ်။ ကွာဟချက်ရှိနေတဲ့ အချိန်အခါကျတော့ ဘုံဘဝကွာခြားမှုရှိရင်လည်း စိတ်ဓာတ်ချင်းတွေ ကွာခြားမှု မရှိနိုင်ဘူးလား? ရှိနိုင်တယ်။ မနေ့ညကလည်း မြတ်စွာဘုရားက ခွေးဥပမာပြပြီး ဟောထားတော့ ဒီနေ့လည်း ဘုန်းကြီးက ခွေးအကြောင်း နည်းနည်းတော့ ထပ်ပြောမယ်။ –

ခွေးတွေ တစ်ကောင်နှင့်တစ်ကောင် မြင်ခဲ့မယ်ဆိုလို့ရှိရင် သွားဖြဲပြီး ပြသလို – ဘယ့်နှယ်တုံး – လူတွေမှာရော ဒီစိတ်ထားမျိုး ရှိကြမလား? မရှိကြဘူး။ ဘုံကွာခြားတဲ့အတွက် စိတ်ဓာတ်ချင်းတွေ ကွာဟမှု မရှိကြဘူးလား? ရှိနေကြတယ်။ ခွေးတွေဟာ အစာကို လုယက်ပြီး စားကြသလို အခု ဒီနေ့ ယောဂီတွေမှာ ဒီလို လုယက်စားမယ်ဆိုတဲ့ စိတ်ထားမျိုး ရှိကြမလား? မရှိကြဘူး။ ဒါကြောင့် ဘုံဘဝကွာခြားမှု ရှိခဲ့ရင်လည်း စိတ်ဓာတ်တွေ ကွာခြားမှု မရှိနိုင်ကြဘူးလား? ရှိကြတယ်။

ဒီခွေးတွေမှာ အဆင့်အတန်းမြင့်မြင့် သံသရာဝဋ်ဆင်းရဲဒုက္ခမှ လွတ်မြောက်ရာ လွတ်မြောက်-ကြောင်းဖြစ်တဲ့ ကံတွေကို တို့ ပြုစုပျိုးထောင်ကြမယ်ဆိုတဲ့ စိတ်ထား မရှိကြဘူး။ ဒီနေ့ ယောဂီသူတော်ကောင်းတွေ ကြည့်လိုက်လို့ရှိရင် သံသရာဝဋ်ဆင်းရဲဒုက္ခကြီးမှ လွတ်မြောက်အောင် ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်ကြမယ်ဆိုတဲ့ စိတ်ထားတော့ ဒီဂရီသာ ကွာချင်ကွာမယ် အများအားဖြင့်တော့ ရှိနေကြတယ်၊ နည်းနည်းရှိတဲ့ပုဂ္ဂိုလ်လည်း ရှိချင်ရှိမယ်၊ များများရှိတဲ့ပုဂ္ဂိုလ်လည်း ရှိချင်ရှိပါလိမ့်မယ်။

---

[၁၈၁] သံ၊၄၊၂၀၀။

ဒါကြောင့် ဘုံဘဝတွေ ကွာခြားမှု ရှိခဲ့မယ်ဆိုလို့ရှိရင်လည်း သတ္တဝါတွေရဲ့ စိတ်ဓာတ်တွေရဲ့ ကွာခြားမှု မရှိနိုင်ဘူးလား? ရှိနိုင်တယ်။

စိတ်ဓာတ်တွေက ကွာခြားမှု ရှိကြမယ်, ထူးထွေကွဲပြားမှု ရှိကြမယ်ဆိုရင် ပြုစုပျိုးထောင်တဲ့ ကံတွေလည်း ထူးထွေကွဲပြားမှု ရှိလာတယ်။ ကံတွေ ကွဲပြားမှု ရှိရင် အကျိုးတရားတွေလည်း ကွဲပြား-ကြတယ်။ စိတ်ဆန်းကြယ်တော့ ကံဆန်းကြယ်တယ်၊ ကံဆန်းကြယ်တော့ သတ္တဝါတွေလည်း ဆန်းကြယ်သွားကြတယ်။

ခွေးဆိုတဲ့ သတ္တဝါတစ်ဦး ပြုစုပျိုးထောင်လိုက်တဲ့ ကံရဲ့အကျိုးတရားနှင့် သမထ-ဝိပဿနာ ဘာဝနာတွေကို အောင်အောင်မြင်မြင် ထူထောင်နိုင်တဲ့ လူသားတစ်ဦးရဲ့ ပြုစုပျိုးထောင်လိုက်တဲ့ ကံရဲ့အကျိုးတရားတွေဟာ တူညီမှု မရှိနိုင်ဘဲ ထူးထွေကွဲပြားမှုသာ ရှိနိုင်တယ်။ ဘုံဘဝကွာခြားတော့ ကံချင်း မတူညီနိုင်၊ ကံချင်း မတူညီတော့ အကျိုးပေးချင်း မတူညီပုံတွေပဲ။ နောက်တစ်ခု ပြောကြ-ရအောင် . . .

## နံပါတ် (၃) – မီရာဝတ္ထုရုပ် ဆန်းကြယ်ရင်လည်း ကံဆန်းကြယ်တယ်

**"ဝတ္ထုစိတ္တတာယ"**[၁၈၂]

မီရာဝတ္ထုရုပ်တွေ ဆန်းကြယ်ခဲ့မယ်ဆိုလို့ရှိရင်လည်း စိတ်ထားကလေးတွေ ဆန်းကြယ်သွားကြ-တယ်၊ စိတ်ဓာတ်တွေ ဆန်းကြယ်ရင် ကံတွေလည်း ဆန်းကြယ်သွားကြပြန်တယ်။ မီရာဝတ္ထုရုပ် ဆိုတာက တချို့သတ္တဝါကလေးတွေ မျက်လုံးမပါကြဘူး။ မျက်လုံးရှိတဲ့ ပုဂ္ဂိုလ်နှင့် မျက်လုံးမရှိတဲ့ ပုဂ္ဂိုလ်တို့ဟာ ရူပါရုံနှင့် ပတ်သက်ပြီး ကြံစည်စိတ်ကူးမှုချင်း တဏှာဖြစ်ပုံချင်း တူညီကြပါ့မလား? မတူညီကြဘူး။ စာမှာ ဥပမာပေးထားတယ်၊ မျက်စိကာဏ်းနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို အင်မတန် ညစ်ပတ်ပေရေနေတဲ့ ဆီအလိမ်းလိမ်းကပ်နေတဲ့ အဝတ်စုတ်တစ်ခုကို အင်မတန်ဖြူစင်တဲ့ သန့်ရှင်းတဲ့ အဝတ်တစ်ခုပါပဲလို့ သွားပြီးတော့ ပေးရင်လည်း သူသိနိုင်မလား? မသိနိုင်ဘူး။ မျက်စိအမြင်ရှိနေတဲ့ ပုဂ္ဂိုလ်ကျတော့ ဒီအဝတ်ဟာ ဖြူစင်တယ်၊ ဒီအဝတ်က မည်းညစ်နေတယ်ဆိုတာကို သူခွဲခြားပြီး မသိနိုင်ဘူးလား? သိနိုင်တယ်။

ဒါကြောင့် စက္ခုဝိညာဏ်ရဲ့ မီရာဝတ္ထုရုပ်က စက္ခုအကြည်ဓာတ် ဖြစ်တယ်။ စက္ခုအကြည်ဓာတ် ရှိတဲ့ပုဂ္ဂိုလ်နှင့် မရှိတဲ့ပုဂ္ဂိုလ်မှာ စိတ်နေစိတ်ထား ဆန်းကြယ်ပုံချင်းတွေ တူညီပါ့မလား? မတူညီ နိုင်ဘူး။ အလားတူပဲ နားပင်းတဲ့ ပုဂ္ဂိုလ်နှင့် နားမပင်းတဲ့ပုဂ္ဂိုလ် စိတ်ဓာတ်ချင်းတွေ တူညီပါ့မလား? မတူညီနိုင်ဘူး၊ မီရာဝတ္ထုရုပ်တွေ ဆန်းကြယ်ခဲ့ရင် စိတ်နေစိတ်ထားကလေးတွေလည်း ဆန်းကြယ်-သွားမယ်၊ နည်းနည်းကလေး ထပ်ပြီးပြောမယ်၊ မျက်စိကာဏ်းနေတဲ့ အမျိုးသမီးတစ်ယောက်အဖို့ လိုင်နာဆွဲချင်တဲ့ စိတ်ထား ပေါ်ပါ့မလား?

မျက်စိကလည်း ရှိနေပြန်ပြီ၊ အမေ အဖေကလည်း လိုင်နာဆွဲဖို့ ပိုက်ဆံခပ်များများ ပို့နေတယ်

---

[၁၈၂] သံ၊၄၊၂၇၀၀။

ဆိုရင်တော့ ဘယ့်နှယ်နေမလဲ၊ မျက်စိကို ဆေးခြယ်ဖို့ဆိုတဲ့ စိတ်ဓာတ်ကလေးတွေ ပေါ်မလာနိုင်ဘူး-လား? ပေါ်လာနိုင်တယ်။ ဒါဟာ မှီရာဝတ္ထုရုပ်တွေ ဆန်းကြယ်ခဲ့ရင် စိတ်နေစိတ်ထားကလေးတွေ ဆန်းကြယ်တဲ့ သဘောပဲ။

စိတ်နေစိတ်ထားတွေ ဆန်းကြယ်တော့ ပြုစုပျိုးထောင်တဲ့ ကံတွေလည်း ဆန်းကြယ်ကြပြန်တယ်၊ ကံဆန်းကြယ်တော့ အကျိုးတရားတွေလည်း ဆန်းကြယ်ကြတဲ့အတွက် သတ္တဝါတွေ ဆန်းကြယ်ကြရပြန်တယ်။ နောက်တစ်ခု —

## နံပါတ် (၄) — ဒွါရတွေ ဆန်းကြယ်ရင်လည်း ကံတွေ ဆန်းကြယ်ပြန်တယ်

**"ဒွါရစိတ္တတာယ"**[၁၈၇]

ဒွါရတွေ ဆန်းကြယ်ကြရင်လည်း စိတ်ထားတွေ ဆန်းကြယ်ကြတယ်။ ဒွါရဆိုတာကတော့ စိတ်စေတသိက်တို့ရဲ့ ဝင်ထွက်နေရာ စက္ခုဒွါရစသည်တို့ကို ဒွါရလို့ခေါ်တယ်။ လူတို့ အိမ်သို့ ဝင်ရာ, အိမ်မှ ထွက်ရာဖြစ်တဲ့ တံခါးကြီးကို ဒွါရလို့ ခေါ်သလို စက္ခုဒွါရစသည်တို့ကိုလည်း စိတ်စေတသိက်တို့ရဲ့ ဝင်ထွက်ရာ တံခါးသဖွယ်ဖြစ်လို့ စက္ခုဒွါရစသည်ဖြင့် ဒွါရလို့ ခေါ်ဆိုပါတယ်။ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှာဒွါရ, ကာယဒွါရ, မနောဒွါရဆိုပြီး ဒွါရ (၆)ပါး ရှိပါတယ်။

ဝတ္ထုကျတော့ စက္ခုဝတ္ထု, သောတဝတ္ထု, ဃာနဝတ္ထု, ဇိဝှာဝတ္ထု, ကာယဝတ္ထု, ဟဒယဝတ္ထုဆိုပြီးတော့ ဝတ္ထု (၆)ပါး ရှိတယ်။ ဟဒယဝတ္ထုကတော့ ဝတ္ထုပဲ အမည်ရတယ်၊ ဒွါရအမည် မရဘူး။ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှာဒွါရ, ကာယဒွါရဆိုတဲ့ ဒွါရ (၅)ခုကတော့ ဝတ္ထုလည်း အမည်ရတယ်၊ ဒွါရလည်း အမည်ရတယ်။ စိတ်စေတသိက်တွေရဲ့ ဝင်ထွက်ရာ တံခါးပေါက်ကြီးနှင့် တူနေလို့ပဲ။ ဟဒယဝတ္ထုကျတော့ မနောဓာတ် မနောဝိညာဏဓာတ် အမည်ရတဲ့ စိတ်စေတသိက်တို့ရဲ့ မှီ၍ဖြစ်ရာ ရုပ်တရားသာ ဖြစ်တဲ့အတွက် ဝတ္ထုသာ အမည်ရတယ်၊ ဒွါရအမည်မရဘူး။ ဒါပေမဲ့ အဲဒီဟဒယဝတ္ထုကို မှီဖြစ်လေ့ရှိတဲ့ ဘဝင်မနောအကြည်ဓာတ်ကတော့ သုတ္တန်နည်းအရ မနောဒွါရ အမည်ရတယ်။ အဲဒီဒွါရတွေ မတူညီခဲ့ရင်လည်း စိတ်ထားတွေ မတူညီကြဘူး။

နာမ့္မနာဆိုလို့ရှိရင် အရူပဘုံပဲ ကြည့်ကြပေါ့။ အဲဒီ အရူပဘုံမှာ မနောဒွါရလို့ ခေါ်ဆိုအပ်တဲ့ ဘဝင်မနောအကြည်ဓာတ်သာ ရှိတယ်။ စက္ခုဒွါရ, သောတဒွါရ, ဃာနဒွါရ, ဇိဝှာဒွါရ, ကာယဒွါရဆိုတဲ့ ရုပ်ဒွါရတွေ မရှိကြဘူး။ ဒီလို မရှိကြတဲ့အတွက် — ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ-ဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေနှင့် ပတ်သက်လို့ ကြံစည်စိတ်ကူးမှုတွေ မရှိကြဘူး။ သို့သော် ကာမဘုံသားတွေမှာကျတော့ ယင်းအာရုံငါးပါး ကာမဂုဏ်တရားတွေကို အပြည့်အဝ ခံစားလို့ရနိုင်တဲ့ စက္ခုဒွါရ စတဲ့ ရုပ်ဒွါရအားလုံးတွေဟာ ထင်ရှားရှိနေကြတယ်။ အာရုံငါးပါး ကာမဂုဏ်တရားတွေနှင့် ပတ်သက်တဲ့ ကြံစည်စိတ်ကူးမှုအမျိုးမျိုးတွေဟာ ကာမဘုံသားတွေရဲ့သန္တာန်မှာ ထင်ရှား ဖြစ်နိုင်ကြ-တယ်။ သို့သော်လည်း အရူပဘုံသားတွေရဲ့သန္တာန်မှာကျတော့ ကာမဂုဏ်တွေကို ခံစားလိုတဲ့ စိတ်နေ

---

[၁၈၇] သံ၊ဋ္ဌ၊၂၊၃၀၀။

စိတ်ထားတွေ မဖြစ်ကြဘူး။ သူတို့သန္တာန်မှာ မနောဒွါရကို အကြောင်းခံကာ ဖြစ်ပေါ်လာကြတဲ့ အရူပဈာန်စိတ်, ဝိပဿနာဘာဝနာစိတ် စတဲ့ စိတ်နေစိတ်ထားမျိုးတွေသာ ဖြစ်ပေါ်နေကြတယ်။ လူသားတွေမှာ "ငါးပိ - ငါးခြောက်" စားချင်တဲ့ စိတ်ဓာတ်တွေ ဖြစ်ပေါ်လာတတ်ကြပေမဲ့လို့ အရူပ-ဘုံသားတွေမှာ "ငါးပိ - ငါးခြောက်" စားလိုတဲ့ စိတ်ထားမျိုးတွေ မဖြစ်ကြဘူး။ ဒါကြောင့် ဒွါရတွေ ဆန်းကြယ်ရင်လည်း စိတ်ဓာတ်တွေက ဆန်းကြယ်သွားတတ်ကြပြန်တယ်။

နောက်တစ်ခု — ရူပါဝစရဗြဟ္မာ့ပြည်မှာ စက္ခုဒွါရ, သောတဒွါရ, မနောဒွါရဆိုတဲ့ ဒွါရ (၃)မျိုးတော့ ရှိကြပါတယ်။ ဒါပေမဲ့ ဃာနဒွါရ, ဇိဝှာဒွါရ, ကာယဒွါရလို့ ခေါ်ဆိုတဲ့ ဒွါရ (၃)မျိုးကတော့ မရှိကြဘူး။ ဒါ့ကြောင့် ရူပါဝစရဗြဟ္မာတွေမှာ အနံ့နဲ့ ပတ်သက်တဲ့, အရသာနဲ့ ပတ်သက်တဲ့, အတွေ့အထိနဲ့ ပတ်သက်တဲ့ ကြံစည်စိတ်ကူးမှုတွေ မရှိကြဘူး။ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ကာမ-ဘုံသားတွေလို သုံးဆောင်ခံစားလိုတဲ့ စိတ်နေစိတ်ထားတွေ လုံးဝ မရှိကြဘူး။ ဘုရားဖူးဖို့ရန် တရားနာယူဖို့ရန် သမထ-ဝိပဿနာဘာဝနာတွေကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ဖို့ရန်ဆိုတဲ့ စိတ်နေစိတ်ထားတွေသာ ရှိကြတဲ့အတွက် စက္ခုဒွါရ, သောတဒွါရ, မနောဒွါရဆိုတဲ့ ဒွါရ (၃)မျိုး-သာ ရှိကြတယ်။ သို့သော် တိရစ္ဆာန်တွေ လူတွေ နတ်တွေမှာတော့ အာရုံငါးပါး ကာမဂုဏ်တရား-တွေကို မြိန်မြိန်ရှက်ရှက် အားရပါးရ တဝကြီး သုံးဆောင်ခံစားလိုတဲ့ စိတ်နေစိတ်ထားတွေက များသောအားဖြင့် ရာနှုန်းပြည့်လိုလို ရှိနေကြပါတယ်။ ဒါ့ကြောင့် ဒွါရတွေ ဆန်းကြယ်လျှင်လည်း စိတ်ဓာတ်တွေက ဆန်းကြယ်ကြပြန်တယ်။ စိတ်ဓာတ်တွေ ဆန်းကြယ်ပြန်လျှင်လည်း ကံတွေက ဆန်းကြယ်ကြပြန်တယ်။ ကံတွေ ဆန်းကြယ်ပြန်လျှင်လည်း ကံကြောင့် ဖြစ်ပေါ်ကြတဲ့ အကျိုးတရားတွေလည်း ဆန်းကြယ်သွားကြပြန်တယ်။

## နံပါတ် (၅) — အာရုံတွေ ဆန်းကြယ်ရင်လည်း ကံတွေ ဆန်းကြယ်ကြပြန်တယ်

**"အာရမ္မဏစိတ္တတာယ"**[၁၈၄]

အာရုံတွေက ဆန်းကြယ်ခဲ့ကြမယ်ဆိုရင်လည်း စိတ်ထားတွေက ဆန်းကြယ်သွားကြတယ်၊ အာရုံတွေ . . . လောကမှာ ကြည့်လိုက်ရင် ခံစား စံစားစရာ အာရုံတွေက အမျိုးမျိုး ရှိတယ်။ ဒီ အာရုံအမျိုးမျိုးကို ခံစားနိုင်တဲ့ ပုဂ္ဂိုလ်တွေအဖို့ စိတ်ဓာတ်တွေလည်း အမျိုးမျိုး မဆန်းကြယ်ဘူးလား? ဆန်းကြယ်လာတယ်။

ပုံစံနမူနာတစ်ခု ဆိုကြပါစို့၊ အရက်တစ်ခုပဲ ကြည့်ပေါ့၊ လောကမှာ အရက်နှင့် ပတ်သက်လို့ ခံစား စံစားစရာ အာရုံတွေက အမျိုးမျိုးရှိနေတော့ အင်မတန်ချမ်းသာကြွယ်ဝနေတဲ့ သူဌေးသူကြွယ်တွေ သောက်တဲ့ အရက်နှင့် အင်မတန်ဆင်းရဲနွမ်းပါးနေတဲ့ သူဆင်းရဲတွေ သောက်နေတဲ့ အရက် တူပါ့မလား? မတူဘူး။ သူဌေးသူကြွယ်တွေကျတော့ အဆင့်အတန်းမြင့်တဲ့ အရက်အပေါ်မှာ တွယ်-

---

[၁၈၄] သံ၊ ၄၊ ၂၃၀၀။

တာတပ်မက်တဲ့ စိတ်ထားတွေ ပိုများတယ်။ အရက်သမားချင်း တူသော်လည်း အဆင့်အတန်းချင်း မတူဘူး၊ အာရုံတွေ ထူးထွေကွဲပြားနေတဲ့အတွက် ဒီအာရုံအပေါ်မှာ တွယ်တာတပ်မက်နေတဲ့ တဏှာ, ဒီအာရုံပေါ်မှာ အသိမှားနေတဲ့ အဝိဇ္ဇာ, စွဲလမ်းနေတဲ့ ဥပါဒါန်ချင်းတွေ တူညီကြပါ့မလား? မတူညီနိုင်ကြဘူး။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေ မတူညီကြတဲ့အတွက် အာရုံတွေ ဆန်းကြယ်နေကြတဲ့အတွက် စိတ်ဓာတ်တွေလည်း ဆန်းကြယ်မသွားကြဘူးလား? ဆန်းကြယ်သွားကြတယ်။ လောကမှာ အာရုံအမျိုးမျိုးကို ခံစားနေတဲ့ ပုဂ္ဂိုလ်တွေအဖို့ စိတ်ဓာတ်တွေရဲ့ ထူးထွေကွဲပြားမှုတွေ တော်တော်ခပ်များများ ရှိကြတယ်။ တချို့တချို့ သတ္တဝါတွေကျတော့ တီကောင်ကို ကြိုက်ကြတယ်၊ တချို့တချို့ ပုဂ္ဂိုလ်တွေက တီကောင်ကို ရွံကြတယ်။

တချို့တချို့ ပုဂ္ဂိုလ်တွေကျတော့ ခွေးသားကို ကြိုက်ကြတယ်၊ တချို့တချို့ ပုဂ္ဂိုလ်တွေကျတော့ ခွေးသားကို ရွံကြတယ်။ တချို့တချို့ ပုဂ္ဂိုလ်တွေကျတော့ ဥဒေါင်းသားကို ကြိုက်ကြတယ်၊ တချို့တချို့ ပုဂ္ဂိုလ်တွေကျတော့ ဥဒေါင်းသားကို အင်မတန်ရွံရှာစက်ဆုပ်ကြတယ်။ တချို့တချို့ ပုဂ္ဂိုလ်တွေကျတော့ အသားငါးကို ကြိုက်ကြတယ်၊ တချို့တချို့ ပုဂ္ဂိုလ်တွေကျတော့ အသားငါးကို ရွံရှာစက်ဆုပ်ကြတယ်။

ဒီတော့ အာရုံတွေ ထူးဆန်းကြသလို သတ္တဝါတွေရဲ့သန္တာန်မှာ ဖြစ်ပေါ်နေကြတဲ့ စိတ်ထားချင်းတွေလည်း တူညီကြမလား? မတူညီကြဘူး။ အာရုံတွေ ဆန်းကြယ်ကြသလို စိတ်ဓာတ်တွေကလည်း လိုက်ပြီးတော့ ဆန်းကြယ်ကြတယ်။ စိတ်ဓာတ်တွေက ဆန်းကြယ်ကြသလို ပြုလုပ်နေတဲ့ ကံချင်းတွေ-လည်း ဆန်းကြယ်ပြီးတော့ မသွားကြဘူးလား၊ ဆန်းကြယ်သွားကြပြန်တယ်၊ မတူကြဘူး။ ကောင်းတဲ့ဘက်ကို ကြည့်လိုက်ပါ၊ ပန်းကလေးလှူမယ် ဆိုကြပါစို့၊ တချို့က ဒီပန်းကလေးကိုတောင်မှ ဘယ်လိုအရောင်မှ ဘယ်လိုအဆင်းမှ ဘယ်လိုအနံ့မှ ဘယ်လိုပန်းမှ ဆိုပြီးတော့ စိတ်ထားကလေးတွေက အမျိုးမျိုး ရှိနေကြပြန်တယ်။

တချို့ကျတော့လည်း တောထဲက သပြေခက်ကလေးကို ချူးပြီးတော့ လှူလိုက်ရတာကလေးကို ကျေနပ်တဲ့ စိတ်ထားကလေးတွေ မရှိနိုင်ကြဘူးလား? ရှိကြတယ်။ နှင်းဆီပန်းကို လှူနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ စိတ်နေစိတ်ထားနှင့် သပြေခက်ကလေးတစ်ခုကို ချူးပြီးတော့ လှူနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဖြစ်ပေါ်နေတဲ့ စိတ်နေစိတ်ထားကို နှိုင်းယှဉ်ကြည့်ပါ။ အာရုံချင်းတွေ ထူးထွေကွဲပြားမှု ရှိနေတဲ့အတွက် စိတ်ဓာတ်ချင်းတွေလည်း တူညီမှု ရှိနိုင်ကြပါ့မလား? မရှိနိုင်ကြဘူးနော်။

ဒါကြောင့် အာရုံတွေ ဆန်းကြယ်ရင်လည်း စိတ်ဓာတ်တွေ ဆန်းကြယ်ကြတယ်၊ စိတ်ဓာတ်တွေ ဆန်းကြယ်ကြရင်လည်း တည်ထောင်ဖန်ဆင်းလိုက်တဲ့ ကံတွေက ဆန်းကြယ်သွားကြပြန်တယ်။ နောက်တစ်ခု —

## နံပါတ် (၆) – လိင်–သညာ–ဝေါဟာရ စသည်တို့ ကွဲပြားရင်လည်း ကံတွေက ဆန်းကြယ်ကြပြန်တယ်

**ကမ္မနာနတ္တမူလကာနံ လိင်္ဂနာနတ္တသညာနာနတ္တဝေါဟာရနာနတ္တာဒီနံ အနေကဝိဓာနံ စိတ္တာနံ နိပ္ဖာဒနတာယပိ တိရစ္ဆာနဂတစိတ္တတော (စိတ္တံ) စိတ္တတရမေဝ ဝေဒိတဗ္ဗံ။**[၁၈၅]

ဒီအဋ္ဌကထာစကားက ဘာကို ပြောဆိုလိုတာလဲ? ဒီကံတွေ ထူးထွေကွဲပြားမှုဟာ ရှေးက ပြောခဲ့တဲ့အတိုင်း စိတ်ဓာတ်ဆန်းကြယ်မှုအပေါ်မှာ အခြေစိုက်ထားတယ်။ အဲဒီစိတ်ဓာတ်တွေရဲ့ ထူးထွေကွဲပြားမှုက ဘာကို အခြေခံသလဲလို့မေးတော့ **"လိင်္ဂနာနတ္တ"** အသွင်သဏ္ဌာန်ကလေးတွေ လိင်အသွင်ကလေးတွေ မတူတာကို အခြေခံထားတယ်။ လိင်အသွင်မတူဘူးဆိုတာက ဘာလဲလို့ မေးလိုက်တော့ အဋ္ဌသာလိနီ အဋ္ဌကထာ စာမျက်နှာ (၁၀၈)မှာ ဖွင့်ဆိုထားပါတယ်။

**ကမ္မတော လိင်္ဂတော စေဝ၊ လိင်္ဂသညာ ပဝတ္တရေ။**
**သညာတော ဘေဒံ ဂစ္ဆန္တိ၊ ဣတ္ထာယံ ပုရိသောတိ ဝါ။**[၁၈၆]

ဒီအဋ္ဌကထာက ဘာကို ပြောဆိုလိုတာလဲ? အတိတ်က တည်ထောင်ဖန်ဆင်းခဲ့တဲ့ ကံတွေက ဆန်းကြယ်တော့ ဒီဘဝမှာ လိင်အသွင်သဏ္ဌာန်ကလေးတွေက တစ်ဦးနှင့် တစ်ဦး မတူညီကြဘူး၊ ဆန်းကြယ်လာကြတယ်။ ရှေ့ပိုင်းက ပြောခဲ့တဲ့ သုမေဓာရှင်ရသေ့တို့ရဲ့ ဗျာဒိတ်ခံပွဲကိုပဲ ကြည့်ပေါ့၊ အမျိုးသမီးတစ်စုက အမျိုးသမီးဖြစ်ချင်တဲ့ စိတ်ထားပဲ မရှိကြဘူးလား? ရှိနေကြတယ်။ သုမေဓာရှင်ရသေ့ကျတော့လည်း သဗ္ဗညုတဉာဏ်ကို ရရှိတဲ့ အမျိုးသားဖြစ်ချင်တဲ့ စိတ်ထား မရှိဘူးလား? ရှိတယ်။ ဒီလို စိတ်ဓာတ်တွေက ထူးထွေကွဲပြားမှု ရှိလေတော့ သူတို့ ထူထောင်တဲ့ ကံတွေလည်း ထူးထွေကွဲပြားသွားကြပြန်တယ်။ အဲဒီကံတွေက ဆန်းကြယ်ခဲ့ကြတဲ့အတွက် အမျိုးသမီးဖြစ်ချင်တဲ့ ပုဂ္ဂိုလ်တွေက ဒီကံကြောင့် အမျိုးသမီး လာဖြစ်ကြတယ်။ အမျိုးသားဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီကံကြောင့် အမျိုးသား လာဖြစ်တယ်။ အမျိုးသမီးဖြစ်ရခြင်း၊ အမျိုးသားဖြစ်ရခြင်းရဲ့ အခြေခံ အကြောင်းရင်းကို ပြန်ပြီး ဆန်းစစ်ကြည့်လိုက်တော့ ဘာကို အခြေခံသလဲ? အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့က ပံ့သွင်းထားတဲ့ အားပေးထောက်ပံ့ထားတဲ့ ကံကို အခြေခံတယ်။ အမျိုးသမီးဖြစ်ချင်တဲ့ စိတ်ဓာတ်ဖြင့် ထူထောင်ထားတဲ့ ကံကြောင့် အမျိုးသမီးအသွင်အပြင် လိင်သဏ္ဌာန် ဖြစ်ပေါ်လာရတယ်၊ အမျိုးသားဖြစ်ချင်တဲ့ စိတ်ဓာတ်ဖြင့် ထူထောင်ထားတဲ့ ကံကြောင့် အမျိုးသားအသွင်အပြင် လိင်သဏ္ဌာန် ဖြစ်ပေါ်လာရတယ်။

ဖြစ်ပေါ်လာရတဲ့ အချိန်အခါကျတော့ ခုလို ဘဝတစ်ခု ရရှိပြီး အာရုံတစ်ခုကို မြင်လိုက်ရတဲ့ အချိန်အခါမှာ အမျိုးသမီးအသွင်သဏ္ဌာန် အမျိုးသားအသွင်သဏ္ဌာန်ကို မြင်လိုက်ရတဲ့ အချိန်အခါ-မှာ ဘာဖြစ်လာသလဲ? ဒါကို အမျိုးသမီးလို့ ခေါ်တယ်၊ ဒါကိုတော့ အမျိုးသားလို့ ခေါ်တယ်၊ ဒီလို အမှတ်သညာကလေးတွေ ဖြစ်ပေါ်မလာကြဘူးလား? ဖြစ်ပေါ်လာကြတယ်။ ဒီလို အသွင်သဏ္ဌာန်-

---

[၁၈၅] သံ၊ဋ္ဌ၊၂၊၃၀၀။ [၁၈၆] အဘိ၊ဋ္ဌ၊၁၊၁၀၈။

ကလေးကျတော့ သားလို့ခေါ်တယ်၊ ဒီလို အသွင်သဏ္ဍာန်ကလေးကျတော့ သမီးလို့ ခေါ်တယ်၊ ဒီလို အသွင်သဏ္ဍာန်ကျတော့ အဖိုးကြီးလို့ ခေါ်တယ်၊ ဒီလို အသွင်သဏ္ဍာန်ကျတော့ အဖွားကြီးလို့ ခေါ်တယ်၊ အဲဒီလို လိင်နှင့် ပတ်သက်တဲ့ အမှတ်သညာကလေးတွေ ထူးထွေကွဲပြားမှုကလေးတွေ ရှိမလာကြဘူးလား? ရှိလာကြတယ်။

အဲဒီလို လိင်နဲ့ပတ်သက်တဲ့ အသွင်သဏ္ဍာန်နှင့် ပတ်သက်နေတဲ့ အမှတ်သညာကလေးတွေ ကွဲပြားလာကြတဲ့အတွက် ဝေါဟာရလို့ ခေါ်ဆိုအပ်တဲ့ ခေါ်ဝေါ်နေတဲ့ အသုံးအနှုန်းကလေးတွေ ကွာဟချက် ရှိမလာကြဘူးလား? ရှိလာကြတယ်။ ဒီလို ပုဂ္ဂိုလ်ကျတော့ ယောက်ျားလို့ ခေါ်တယ်၊ ဒီလို ပုဂ္ဂိုလ်ကျတော့ မိန်းမလို့ ခေါ်တယ်၊ ဒီလို ပုဂ္ဂိုလ်ကျတော့ လူလို့ ခေါ်တယ်၊ ဒီလို ပုဂ္ဂိုလ်ကျတော့ နတ်လို့ ခေါ်တယ်၊ ဒီလို သတ္တဝါကျတော့ တိရစ္ဆာန်လို့ ခေါ်တယ် စသည်ဖြင့် ခေါ်ဝေါ်သုံးစွဲထားတဲ့ အသုံးအနှုန်းကလေးတွေ တူညီကြသေးသလား? မတူညီကြတော့ဘူး။

အဲဒီလို အသုံးအနှုန်း ဝေါဟာရကလေးတွေက မတူညီကြတဲ့အတွက်ကြောင့် ဒီဘဝမှာ ဘာဖြစ်လာသလဲ? မိမိတို့ ပြုလုပ်ဖန်တီးနေတဲ့ ကံကလေးတွေကလည်း မတူညီကြတော့ဘူး။ ဘယ်လို မတူသလဲလို့မေးတော့ ဒါက အမျိုးသမီးပဲလို့ သိနေတဲ့ပုဂ္ဂိုလ် အသိမှားနေတဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်မှာ အမျိုးသမီးဖြစ်ချင်တဲ့ စိတ်ထားကလေးတွေ ပေါ်လာတတ်တယ်၊ ဒါက အမျိုးသားပဲလို့ သိနေတဲ့ ပုဂ္ဂိုလ် အသိမှားနေတဲ့ပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်မှာ အမျိုးသားဖြစ်ချင်တဲ့ စိတ်ထားကလေးတွေ ဖြစ်ပေါ်လာတတ်တယ်။ အမှတ်သညာကွဲတော့ ဝေါဟာရကွဲတယ်၊ ဝေါဟာရကွဲခြင်းကြောင့် စိတ်ဓာတ်ကွဲပြားမှု ဖြစ်မလာဘူးလား? ဖြစ်လာတယ်။ အဲဒီစိတ်ဓာတ်ကလေးက ကွဲပြားလိုက်တဲ့အတွက်ကြောင့် အမျိုး-သမီးဖြစ်ချင်တဲ့ ပုဂ္ဂိုလ်က အမျိုးသမီးဖြစ်ကြောင်း ကံကို ပြုစုပျိုးထောင်ပြန်တယ်။ အမျိုးသားဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ကျတော့ အမျိုးသားဖြစ်ကြောင်းဖြစ်တဲ့ ကံကို ပြုစုပျိုးထောင်ပြန်တယ်။ အဲဒီလို ပြုစုပျိုးထောင်လိုက်တဲ့အတွက် အမျိုးသမီးဖြစ်ကြောင်း ကံကို ပြုစုပျိုးထောင်တဲ့ ပုဂ္ဂိုလ်က ဒီကံက အကျိုးပေးဖို့ အခါအခွင့်သင့်ပြီဆိုရင် အမျိုးသမီးပဲ ဖြစ်တယ်။ အမျိုးသားဖြစ်ဖို့ရန် ကံကို ပြုစုပျိုးထောင်တဲ့ ပုဂ္ဂိုလ်ကျတော့ ဒီကံက အကျိုးပေးဖို့ အခါအခွင့်သင့်လာပြီဆိုရင် ဒီပုဂ္ဂိုလ်ဟာ အမျိုး-သားပဲ ဖြစ်တယ်။ ဒီနည်းအားဖြင့် အမျိုးသမီး ဖြစ်လာတယ်၊ အမျိုးသား ဖြစ်လာတယ်။

လူဖြစ်လိုတဲ့ ဦးတည်ချက်ဖြင့် ကံကို ပြုစုပျိုးထောင်ခဲ့ရင် ဒီကံက အကျိုးပေးတဲ့ အချိန်အခါမှာ လူသားပဲ လာပြီးတော့ ဖြစ်ရတယ်။ နတ်ဖြစ်လိုတဲ့ ဦးတည်ချက်နှင့် နတ်ပြည်ရောက်ကြောင်း ကံကို ပြုစုပျိုးထောင်ခဲ့ရင် ဒီကံက အကျိုးပေးတဲ့ အချိန်အခါမှာ နတ်ပဲ ဖြစ်ရပြန်တယ်။ ဗြဟ္မာဖြစ်လိုတဲ့ ဦးတည်ချက်ဖြင့် ဗြဟ္မာ့ပြည်ကို ရောက်ကြောင်းဖြစ်တဲ့ ဈာန်ကံတွေကို ရအောင် ကြိုးစားအားထုတ်ကြတယ်၊ အဲဒီလို ကြိုးစားအားထုတ်လိုက်တဲ့ အချိန်အခါမှာ ဒီဈာန်ကံက အကျိုးပေးဖို့ရန် အခါအခွင့်သင့်လို့ ရင့်ကျက်လာပြီဆိုရင် ဒီပုဂ္ဂိုလ် ဗြဟ္မာဖြစ်တယ်။ ဒီတော့ စိတ်ဓာတ်တွေ ဆန်းကြယ်တဲ့အတွက် ကံတွေလည်း ဆန်းကြယ်မသွားဘူးလား? ဆန်းကြယ်သွားတယ်။

ဒီကံတွေ ဘာကြောင့် ဆန်းကြယ်ရသလဲလို့မေးတော့ ဒါက လူပဲ, ဒါက နတ်ပဲ, ဒါက ပြဟ္မာပဲ, ဒါက ယောကျ်ားပဲ, ဒါက မိန်းမပဲလို့ ခေါ်ဝေါ်သုံးနှုန်းနေတဲ့ ဝေါဟာရတွေအပေါ်မှာ အခြေစိုက်ပြီး- တော့ စိတ်ဓာတ်တွေက ကွဲပြားသွားကြတယ်၊ စိတ်ဓာတ်တွေ ဆန်းကြယ်သွားကြတယ်။ ဒီဝေါဟာရ တွေက ဘာကို အခြေခံသလဲလို့ ပြန်ဆန်းစစ်ကြည့်လိုက်တော့ ဒါက ယောကျ်ားပဲလို့ မှတ်သားထားတဲ့ အမှတ်သညာ, ဒါက မိန်းမပဲလို့ မှတ်သားထားတဲ့ အမှတ်သညာ, ဒါက လူပဲ, ဒါက နတ်ပဲ, ဒါက ပြဟ္မာပဲ စသည်ဖြင့် ဒီလိုမှတ်သားထားတဲ့ အမှတ်သညာတွေ ကွာဟချက် ရှိကြတဲ့အတွက် အမှတ် သညာ ကွာဟချက် ရှိခြင်းကြောင့် အခေါ်အဝေါ် အသုံးအနှုန်း ဝေါဟာရတွေ ကွာဟလာကြတယ်။

ဒီအမှတ်သညာတွေကလည်း ဘာကြောင့် ကွာဟလာကြသလဲလို့ ပြန်ဆန်းစစ်ကြည့်လိုက်တော့ လိင်အသွင်သဏ္ဌာန်ကလေးတွေ မတူညီမှုအပေါ်မှာ အခြေခံနေတယ်။ လိင်အသွင်သဏ္ဌာန်တွေ မတူညီကြခြင်းကြောင့် အမှတ်သညာ မတူညီကြဘူး၊ အမှတ်သညာ မတူညီကြတဲ့အတွက် ဝေါဟာရ- တွေ မတူညီကြဘူး၊ ကွဲပြားသွားကြတယ်။ ဝေါဟာရကွဲပြားမှုအပေါ်မှာ အခြေတည်ပြီးတော့ စိတ်- ဓာတ်တွေ ထူးထွေကွဲပြားသွားကြတယ်။ စိတ်ဓာတ်တွေ ထူးထွေကွဲပြားမှုအပေါ်မှာ မူတည်ပြီးတော့ စိတ်ထားတွေ ဆန်းကြယ်ကြတဲ့အတွက် ပြုလုပ်ဖန်တီးနေတဲ့ကံတွေလည်း ဆန်းကြယ်သွားကြတယ်။ အဲဒီကံတွေက ဆန်းကြယ်ကြတဲ့အတွက်ကြောင့် ဘာဖြစ်လာသလဲ? နောက်ထပ် ဘဝတစ်ခုကို ရရှိမယ်ဆိုရင် သတ္တဝါတွေသည် တစ်ဦးနှင့် တစ်ဦး တူညီနိုင်မလား? မတူညီနိုင်တော့ဘူး။ အကျိုး- တရားတွေ ဆန်းကြယ်သွားကြပြန်တယ်။ ဒါကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာက ဒီလို ဆက်လက်ပြီး- တော့ ဖွင့်ဆိုထားပြန်တယ်။

## လှည်းနားစောင့်ကဲ့သို့ ကံက သတ္တဝါတွေကို ဖွဲ့ချည်ထားတယ်

**ကမ္မုနာ ဝတ္တတေ လောကော၊ ကမ္မုနာ ဝတ္တတေ ပဇာ။**
**ကမ္မနိဗန္ဓနာ သတ္တာ၊ ရထဿာဏီဝ ယာယတော။**[၁၈၇]

**ကမ္မုနာ** = ကံကြောင့်။ **လောကော** = သတ္တလောကသည်။ **ဝတ္တတေ** = ဖြစ်ပေါ်၍ လာရပေ၏။ (သတ္တလောကလို့ ခေါ်ဆိုအပ်တဲ့ သတ္တဝါ ဖြစ်ပေါ်လာရတာ ဘာတွေကို အခြေစိုက်သလဲ – ကံပဲ၊) **ပဇာ** = သတ္တဝါအပေါင်းသည်။ **ကမ္မုနာ** = ကံကြောင့်။ **ဝတ္တတေ** = ဖြစ်ပေါ်လာရပေ၏။ (သတ္တဝါ အပေါင်း ဖြစ်ပေါ်လာရတာ ဘာကြောင့် ဖြစ်ပေါ်လာရသလဲလို့ အခြေခံ အကြောင်းရင်းကို ဆန်းစစ် ကြည့်လိုက်တော့ ကံကြောင့် ဖြစ်ပေါ်လာရတယ်။) **သတ္တာ** = သတ္တဝါတို့ကို။ **ယာယတော** = သွား- နေသော။ **ရထဿ** = ရထား၏။ **အာဏီဝ** = လှည်းနားစောင့်ကဲ့သို့ –

(လှည်းနားစောင့်ဆိုတာ လှည်းဘီး ကျွတ်ထွက်မသွားအောင် လှည်းဘီးနှင့် လှည်းဝင်ရိုးအစွန်း- ကြားမှာ လှည်းဝင်ရိုးကို အပေါက်ဖောက်ကာ အဲဒီအပေါက်ထဲမှာ ရိုက်သွင်းထားတဲ့ လေးထောင့် ပုံသဏ္ဌာန် စို့ကလေးတစ်ခု ဖြစ်တယ်။ လှည်းနားစောင့်လို့ ခေါ်တယ်။)

---

[၁၈၇] အဘိ႒၊၁၊၁၀၈။

**ယာယတော** = သွား၍နေသော။ **ရထဿ** = ရထား၏။ **အာဏိဝ** = လှည်းနားစောင့်ကဲ့သို့။ **သတ္တာ** = သတ္တဝါတို့ကို။ **ကမ္မနိဗန္ဓနာ** = ကံသည် ဖွဲ့ချည်၍ ထားအပ်ပေ၏။

အကြောင်း သမုဒယသစ္စာတရားနှင့် အကျိုး ဒုက္ခသစ္စာတရားတို့ အကြောင်းနဲ့ အကျိုး ဆက်စပ်ကာ အထပ်ထပ် လည်ပတ်နေတဲ့ သံသရာဝဋ်ဆင်းရဲဒုက္ခကြီးမှ ကျွတ်လွတ်ပြီးတော့ ထွက်မသွား-အောင် ဒီကံတွေက သတ္တဝါတွေကို ဆွဲခေါ်ထားတယ်။ ဒီတော့ မိမိတို့က ဒီကံတွေကို ပြုစုပျိုးထောင်-တဲ့ အချိန်အခါမှာ သံသရာဝဋ်ဆင်းရဲဒုက္ခမှ ကျွတ်လိုလွတ်လိုတဲ့ ဦးတည်ချက်နှင့် ကံကို ပြုစုပျိုး-ထောင်တာ မဟုတ်ဘဲ ယောကျ်ားဖြစ်ချင်တဲ့ စိတ်ထား, မိန်းမဖြစ်ချင်တဲ့ စိတ်ထား, လူဖြစ်ချင်တဲ့ စိတ်ထား, နတ်ဖြစ်ချင်တဲ့ စိတ်ထား, ပြဟ္မာဖြစ်ချင်တဲ့ စိတ်ထား စသည်ဖြင့် ဒီစိတ်ထားတွေနှင့် ကံတွေကို ပြုစုပျိုးထောင်ခဲ့တဲ့အတွက် ဒီလူ့ဘဝ နတ်ဘဝ ယောကျ်ားဘဝ မိန်းမဘဝဆိုတဲ့ ဒီဘဝ-တွေကနေ လွတ်မြောက်ဦးမလား? မလွတ်မြောက်တော့ဘူး။ မလွတ်မြောက်အောင် ဘယ်သူက ဖွဲ့ချည်ထားပေးသလဲ? လှည်းနားစောင့်နှင့် တူနေတဲ့ မိမိတို့ တည်ထောင်ဖန်ဆင်းထားတဲ့ ဒီကံတွေက ဖွဲ့ချည်ထားတယ်။ ဒါကြောင့် ကံတွေကို ရမ်းပြီးတော့ ဒကာကြီးတွေ ဒကာမကြီးတွေ ပြုသင့်ကြ-သလား? မပြုသင့်ကြဘူး။ သတ္တဝါတွေကို ဒီသံသရာဝဋ်ဆင်းရဲဒုက္ခကြီးက မကျွတ်အောင် မလွတ်-အောင် ဘယ်သူက ဆွဲခေါ်ထားသလဲ? ကံက ဆွဲခေါ်ထားတယ်။ မကျွတ်အောင် မလွတ်အောင် ဘယ်သူက ပြုပြင်ပေးနေသလဲ? ဒီကံက ပြုပြင်ပေးနေတာ။ အဲဒီလို ကံက ပြုပြင်ပေးနေလိုက်တဲ့ အချိန်အခါမှာ ဒီနေ့ကြည့်ပေါ့ —

ဒကာကြီး ဒကာမကြီးတွေမှာ အကြောင်းပြချက် အမျိုးမျိုးတွေ ရှိနေကြတယ်။ သံသရာဝဋ်-ဆင်းရဲဒုက္ခမှ ကျွတ်အောင် လွတ်အောင် မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတွေကို စနစ်တကျ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ကြပါလို့ တိုက်တွန်းမယ်ဆိုရင် — တပည့်တော်တို့က အားထုတ်ချင်-ပါတယ်၊ ဒါပေမဲ့ဆိုပြီး “ဒါပေမဲ့ဆိုတဲ့” ကွက်လပ်ထဲကို ပြေးပြေးပြီးတော့ ဝင်သွားကြတယ်၊ အဲဒီ ကွက်လပ်ထဲ ပြေးပြေးပြီး ဝင်သွားတာက ဘာကြောင့်လဲ? တစ်ချိန်က ဒီကွက်လပ်ထဲကို ပြေးဝင်-လောက်အောင် ကံတွေကို ကိုယ်က ထူထောင်ခဲ့တယ်။ အဲဒီကွက်လပ်တွေထဲ ဝင်ပြီးတော့ နေခွင့်ရ-အောင် ကံတွေကို ထူထောင်ခဲ့တဲ့အတွက်ကြောင့် ဒီကံက ဒီကွက်လပ်ကနေ ကျွတ်လွတ်ပြီး ထွက်-မသွားအောင် ပြန်ပြီးတော့ ဆွဲခေါ်ထားတယ်။

ဒါကြောင့် ဒကာကြီးတွေ, ဒကာမကြီးတွေ ကြောက်ဖို့ မကောင်းဘူးလား? ကြောက်ဖို့ ကောင်း-တယ်။ ကိုယ်က ကျွတ်ချင်တဲ့စိတ်ထား လွတ်ချင်တဲ့စိတ်ထားကလေးတော့ ပေါ်လာတာမှန်တယ်။ မကျွတ်အောင် မလွတ်အောင် ဒီကံက ပြန်ပြီးတော့ ဆွဲထားတယ်။ အကျိုးပေးဖို့ရာ သူက အခါအခွင့်သင့်နေပြီ၊ ဒီကံရဲ့ အရှိန်အဝါ မကုန်သေးသမျှ မိမိက ကျွတ်အောင် လွတ်အောင် ရုန်းချင်တဲ့ ဆန္ဒဓာတ် မရှိဘူး။ ကျွတ်အောင် လွတ်အောင် ရုန်းချင်တဲ့ ဆန္ဒဓာတ်တွေ မရှိတဲ့အတွက် ကျွတ်ရာကျွတ်ကြောင်း လွတ်ရာလွတ်ကြောင်းဖြစ်တဲ့ ကံတွေကို တစ်နည်းအားဖြင့် မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားတွေကို စနစ်တကျ လွတ်လွတ်ကျွတ်ကျွတ်ကြီး အားထုတ်နိုင်တဲ့ စွမ်းအားတွေကော ပေါ်လာ

မှာလား? မပေါ်လာတော့ဘူး။ ဒီကံက လှည့်ပတ်ပြီးတော့ ရစ်ပတ်ပြီးတော့ နှောင်ဖွဲ့ထားတယ်။ ဒါကြောင့် အဋ္ဌကထာက ဆက်ပြီးတော့ ဒီလို ဖွင့်ဆိုထားပြန်တယ် —

## ကံကြောင့် ရရှိတဲ့ ကောင်းကျိုး ဆိုးပြစ်

**ကမ္မေန ကိတ္တိံ လဘတေ ပသံသံ၊ ကမ္မေန ဇာနိဉ္စ ဝဓဉ္စ ဗန္ဓံ။**
**တံ ကမ္မနာနာကရဏံ ဝိဒိတွာ၊ ကသ္မာ ဝဒေ နတ္ထိ ကမ္မန္တိ လောကေ။**[၁၈၈]

**ကမ္မေန** = ကုသိုလ်ကံကြောင့်။ **ကိတ္တိံ** = ကျော်စောသတင်းကိုလည်း။ **လဘတေ** = ရရှိအပ်ပါပေ၏။

မျက်ကွယ်မှာ ချီးမွမ်းခံရတယ် — "ဒီပုဂ္ဂိုလ် သိပ်တော်တယ်၊ ဒီပုဂ္ဂိုလ် သိပ်တော်တယ်" စသည်ဖြင့် မိမိရဲ့မျက်ကွယ်မှာ အချီးမွမ်းခံရတယ်၊ ဂုဏ်သတင်းတွေ သိပ်ပြီးတော့ ပျံ့လွှင့်နေတယ်၊ ကျော်စောနေတယ် ထင်ရှားနေတယ်။ ဘာကြောင့်လဲ? ပြုလုပ်ခဲ့တဲ့ ကံတွေပဲ။ အဲဒီကံတွေသည် ဒီဘဝ ပြုလုပ်တဲ့ ကံတွေလည်း ဖြစ်ချင်ဖြစ်မယ်၊ အတိတ်ဘဝထိုထိုက ပြုလုပ်ခဲ့တဲ့ ကံတွေလည်း ဖြစ်ချင်ဖြစ်မယ်၊ အတိတ်ဘဝကံတွေအပေါ်မှာလည်း အခြေစိုက်ပါတယ်၊ ယခုဘဝ ပစ္စုပ္ပန်မှာ ပြုစုပျိုးထောင်နေတဲ့ ကံတွေအပေါ်မှာလည်း အခြေစိုက်ပါတယ်။

ဘုန်းကြီးတို့ရဲ့ ဂေါတမမြတ်စွာဘုရားကို ကြည့်ပေါ့၊ ဒီနေ့ လူ့လောကကို ပြန်ပြီး ဆန်းစစ်ကြည့်မယ်ဆိုရင် သာသနာတော် (၂၅၀၀)ကျော်ခဲ့ပြီဖြစ်တော့ အဲဒီ (၂၅၀၀)အတွင်းမှာ ဘုန်းကြီးတို့ မြတ်စွာဘုရားရှင်ကဲ့သို့ ကျော်စောဂုဏ်သတင်းတွေ ဗြဟ္မာ့ဘုံတိုင်အောင် ပျံ့လွှင့်ကျော်ကြားနေတဲ့ ပုဂ္ဂိုလ်ဆိုတာ ရှိသလား? မရှိဘူး။ ဘာကို အခြေစိုက်တာလဲ? လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ပါရမီတွေကို ဖြည့်ကျင့်ပြီးတော့ သဗ္ဗညုတဉာဏ်ကို ရအောင်ယူခဲ့တဲ့ ကံတွေအပေါ်မှာ အခြေစိုက်တယ်။ ဒီကံတွေကြောင့် မြတ်စွာဘုရားရဲ့ ကျော်စောသတင်းတွေက မဆုံ့ဘဝဂ် ပျံ့နှံ့ပြီးတော့ တက်သွားတယ်။ ဒီတော့ ဒီနေ့ လူ့လောကကြီးမှာ နာမည်ကြီးနေတယ်၊ သင်းကတော့ နာမည်ကြီးမှာပေါ့ ဆိုပြီးတော့ လိုက်ပြီး မေးငေါ့နေဖို့ လိုသေးသလား? မလိုပါဘူး။ သူက နာမည်ကြီးလောက်တဲ့ ကံတွေကို ပြုစုပျိုးထောင်ခဲ့တယ်၊ နာမည်ကြီးလောက်တဲ့ ကံတွေကို ပြုစုပျိုးထောင်ခဲ့တဲ့အတွက်, အချီးမွမ်းခံရမည့် ကံတွေကို ပြုစုပျိုးထောင်ခဲ့တဲ့အတွက် သူချီးမွမ်းခံရတာကို မိမိက မနာလိုဝန်တိုဖြစ်ခဲ့ရင် မိမိမှာ အကုသိုလ်တရား တိုးပွားနေတာပဲ။

နောက်တစ်ခု — **ကမ္မေန** = ကံကြောင့်။ **ပသံသံ** = မျက်မှောက်ချီးမွမ်းခံရခြင်းကို။ **လဘတေ** = ရရှိအပ်ပါပေ၏။

မျက်မှောက်မှာလည်း အချီးမွမ်းခံရတယ်၊ မျက်ကွယ်မှာလည်း အချီးမွမ်းခံရတယ်၊ ဘာကို အခြေစိုက်သလဲ? ကံပဲ။ အတိတ်က ပြုစုပျိုးထောင်ခဲ့တဲ့ကံ, ဒီဘဝမှာ ပြုစုပျိုးထောင်နေတဲ့ကံ, အဲဒီကံတွေကြောင့် အချီးမွမ်းခံရတယ်။

---
[၁၈၈] အဘိ၊ဋ္ဌ၊၁၊၁၀၈။

**ကမ္မေန ဇာနိဥ္စ ဝဓဥ္စ ဗန္ဓံ၊**

**ကမ္မေန** = ကံကြောင့်။ **ဇာနိဥ္စ** = ဆုံးရှုံးပျက်စီးခြင်းကိုလည်း။ **လဘတေ** = ရရှိအပ်ပါပေ၏။ **ဝဓဥ္စ** = သတ်ဖြတ်ညှဉ်းပန်းနှိပ်စက်ခံရခြင်းကိုလည်း။ **လဘတေ** = ရရှိအပ်ပါပေ၏။ **ဗန္ဓဥ္စ** = အနှောင်အဖွဲ့ခံရခြင်းကိုလည်း။ **လဘတေ** = ရရှိအပ်ပါပေ၏။

စည်းစိမ်ဥစ္စာတွေ တချို့ သိပ်ပြီးတော့ ပျက်စီးသွားတယ်၊ ဆုံးရှုံးသွားတယ်။ "ကံဆိုးမ သွားရာ မိုးလိုက်လို့ရွာ"ဆိုတဲ့ ပုံစံအတိုင်းပဲ၊ လုပ်သမျှ တစ်ချက်မှ အဆင်မပြေဘူး၊ ဘာကို အခြေခံသလဲ? ကံကို အခြေခံတယ်။ အသတ်ဖြတ်ခံရတယ်၊ အညှဉ်းပန်းခံရတယ်၊ အနှိပ်စက်ခံရတယ်၊ ဘာကို အခြေခံသလဲ? ကံကို အခြေခံတယ်။ အရှင်မဟာမောဂ္ဂလ္လာန်ကို ကြည့်ပေါ့၊ မိဘကို ပြစ်မှားခဲ့ဖူးတဲ့ ကံတွေကို အခြေခံပြီးတော့ အရှင်မဟာမောဂ္ဂလ္လာန်ဖြစ်တဲ့ဘဝအထိ ဘဝပေါင်း (၂၀၀)ကျော် ဆက်တိုက် အမြဲ ခေါင်းကွဲပြီးတော့ အမြဲ သေခဲ့ရတယ်၊ ဘာကို အခြေခံသလဲ? ကံပဲ။ မိဘတွေ အပေါ်မှာ ပြစ်မှားခဲ့တဲ့ ကံကို အခြေခံပြီးတော့ အသတ်ဖြတ်ခံရတယ်၊ အညှဉ်းပန်းခံရတယ်၊ အနှိပ်စက်ခံရတယ်။ တစ်ခါ ကံကြောင့်ပဲ အနှောင်အဖွဲ့ခံရပြန်တယ်၊ သူတစ်ပါးတွေကို ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ ကံတွေရှိတယ်၊ အဲဒီ သူတစ်ပါးတွေကို ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ ကံတွေကို အခြေခံပြီးတော့ သတ္တဝါတွေဟာ ဒီဘဝမှာလည်း အနှောင်အဖွဲ့ခံရတယ်။

## ထူးဆန်းတဲ့ သတင်းသုံးခု ဘုရားရှင်ထံတော်သို့ ရောက်ရှိလာခြင်း[၁၅၉]

ဝတ္ထုဇာတ်ကြောင်းကလေးတစ်ခုပေါ့ . . . ခဏခဏ ပြောဖူးပါတယ်။ ဘုန်းကြီးတို့ မြတ်စွာ-ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ ဇေတဝန်ကျောင်းတိုက်တော်မှာ သီတင်းသုံးစံနေတော်မူတဲ့ အချိန်မှာ တစ်နေ့တွင် ဓမ္မာသနပလ္လင်ထက်မှာ တရားတော်ကို ဟောကြားနေတော်မူစဉ်အတွင်း သတင်းသုံးခု ဘုရားရှင်ထံတော်သို့ ဆိုက်ရောက်လာပါတယ်၊ သတင်းတစ်ခုကတော့ သာဝတ္ထိမြို့ တံခါးအနီးမှာရှိတဲ့ ရွာကလေးတစ်ရွာကို မီးလောင်တယ်။ မီးလောင်တဲ့ အချိန်အခါကျတော့ မြက်-ကရွတ်ခွေ တစ်ခုက မီးအပူရှိန်ဟပ်ပြီးတော့ ကောင်းကင်ကို ပျံတက်သွားပြီး မီးရဲရဲတောက်နေတဲ့ အချိန် ကျီးကန်းတစ်ကောင်ကလည်း ပျံပြီးတော့အလာ အဲဒီကရွတ်ခွေနှင့် ကျီးကန်းရဲ့လည်ပင်း သွားပြီးတော့ စွပ်မိတယ်၊ ကျီးကန်း သေသွားတယ်။ ဒီသတင်းက တစ်ခု —

နောက်တစ်ခုကတော့ သမုဒ္ဒရာထဲမှာ ရှေးခေတ်က လှေသင်္ဘောတွေ သွားကြတယ်။ လူပေါင်း တော်တော်ခပ်များများပါတဲ့ လှေသင်္ဘောတစ်စင်းက ပင်လယ်ထဲရောက်တော့ ရှေ့ဆက်သွားလို့ မရဘဲနဲ့ လှေသင်္ဘောဟာ ပင်လယ်ခရီးမှာ ငြိမ်ပြီးနေတော့ — "ဧကန္တ . . . ဒီလှေပေါ်မှာတော့ **ကာဠကဏ္ဏီ**ခေါ်တဲ့ သူယုတ်မာတစ်ဦးဦးတော့ ပါနေပြီနဲ့ တူရဲ့"— ဆိုပြီးတော့ မဲနှိုက်ကြတော့ လှေသူကြီးကတော် မဲကျတယ်။

---

[၁၅၉] အဘိ၊ဌ၊၁၊၃၁၃။ စာပိုဒ်-၄၉၈။ ဝိပါကုဒ္ဒါရကထာ။

လှေသူကြီးကတော်ကို လှေသူကြီးလုပ်တဲ့ ပုဂ္ဂိုလ်ကနေပြီးတော့ – "သူ ရေထဲမှာ ကူးခပ်နေတာကို ငါတော့ မကြည့်ရက်ဘူးကွယ်။ ဒါကြောင့် ဒီလိုလုပ်ကြ၊ သူတစ်ဦးအတွက်နဲ့ အားလုံး ပျက်စီးရမယ်ဆိုရင်လည်း မတော်ဘူး၊ သူ့လည်ပင်းမှာ သဲအိုးဆွဲပြီးတော့ ရေထဲသာ တွန်းချလိုက်ပေတော့"လို့ ဒီလို အမိန့်ပေးလိုက်တယ်၊ လည်ပင်းမှာ သဲအိုးကြီးကို ချည်ပြီးတော့ ရေထဲတွန်းချလိုက်တယ်။ သဲအိုးကလည်း ဒီအမျိုးသမီးကို ရေထဲသို့ ရောက်အောင် ဆွဲခေါ်သွားတယ်၊ ရေထဲမြုပ်ပြီး သေသွား-တယ်။ ဒီသတင်းက တစ်ခု –

နောက်သတင်းတစ်ခုကတော့ – ရဟန်းတော်တစ်ပါး ဂူတစ်ခုအတွင်းဝယ် သီတင်းသုံးနေ-ခိုက်မှာ ထိုင်လျက် တရားအားထုတ်နေစဉ် မမျှော်လင့်ဘဲနဲ့ တောင်ပေါ်ကနေ ကျောက်တုံးကြီးတစ်ခုက လိမ့်ကျလာပြီးတော့ သူတရား အားထုတ်နေတဲ့ ဂူဝမှာ လာပြီး ပိတ်နေတယ်။ (၇)ရက်ကြာတော့ ဒီကျောက်တုံးကြီးကလည်း အလိုလို ပွင့်သွားတယ်။ အဲဒီသတင်းက တစ်ခု –

ဒီသတင်း (၃)ခု မြတ်စွာဘုရားထံတော်သို့ ပြိုင်တူ ဆိုက်ရောက်လာပါတယ်။ အဲဒီအချိန်အခါမှာ မြတ်စွာဘုရားက ထိုပုဂ္ဂိုလ်တွေရဲ့ အတိတ်ကံလေးတွေကို ပြန်ပြီးတော့ ဟောပြတော်မူပါတယ်။

## လည်ပင်းမှာ မီးကရွတ်ခွေ စွပ်မိတဲ့ကျီး

ဒီကျီးကန်းက တစ်ချိန်က သူက လူ့ဘဝမှာ လူဖြစ်ခဲ့စဉ် လှည်းမောင်းစဉ်အခါမှာ နွားက ပုံစံမကျတော့ ဒေါသတွေ သိပ်ဖြစ်တာနဲ့ နွားလည်ပင်း ကောက်ရိုးပတ်ပြီး မီးရှို့ပြီးတော့ နွားကို သတ်ခဲ့ဖူးတယ်၊ ဒီကံကြောင့် သေပြီးနောက် ငရဲလည်း ရောက်ခဲ့ပါသေးတယ်။ ငရဲက ကျွတ်လာတော့ ဒီကံကြောင့်ပဲ ကျီးကန်းဘဝသို့ ရောက်ရှိခဲ့တယ်။ တစ်ဖန် ကြွင်းကျန်နေသေးတဲ့ အကျိုးမပေးရသေးတဲ့ ဒီကံက အကျိုးပေးဖို့ရန် အခွင့်သင့်လာတော့ ဒီကျီးကန်းဘဝမှာ လာပြီး အကျိုးပေးပြန်တယ်၊ သာဝတ္ထိမြို့တံခါးအနီးရှိ ရွာကလေးတစ်ရွာကို မီးလောင်တဲ့အခါ ကရွတ်ခွေတစ်ခုက မီးလောင်ထားတဲ့ အပူရှိန်ဖြင့် ကောင်းကင်သို့ လွင့်တက်သွားတဲ့အခါ အဲဒီကျီးကန်းကလည်း ကောင်းကင်ခရီးဖြင့် ပျံသန်းအလာ မီးလောင်နေတဲ့ ကရွတ်ခွေ ထဲကို ကျီးကန်းရဲ့ လည်ပင်းက စွပ်မိရက်သားဖြစ်ပြီး ကျီးကန်း သေသွားပြန်တယ်။

## သဲအိုး လည်ပင်းဆွဲ၍ ရေထဲအနှစ်ခံရတဲ့ အမျိုးသမီး

နောက်တစ်ခု ပြောရအောင် – ဒီအမျိုးသမီးက ဘာဖြစ်လို့ ပင်လယ်ထဲမှာ သူ့ရဲ့ လည်ပင်းကို သဲအိုးဆွဲပြီးတော့ ရေမြုပ်အသတ်ခံရသလဲလို့ ပြန်ဆန်းစစ်ကြည့်လိုက်တော့ – ဘဝတစ်ခု ဆိုကြပါစို့၊ သူ့ရဲ့ အတိတ်ဘဝဟောင်းက ယောကျ်ားဖြစ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်က တိုတိုပြောရရင်တော့ သူ့ပယောဂ လုံ့လကြောင့်ပဲ သေသွားတယ်ဆိုကြပါစို့၊ သေပြီးနောက် ခွေးဘဝသို့ ရောက်ရှိသွားတော့ အဲဒီခွေးက-လည်း အဲဒီအမျိုးသမီးကို ခင်တွယ်နေသည့်အတွက် ဒီအမျိုးသမီး သွားလေရာကို ဒီအမျိုးသမီးရဲ့ နောက်ကနေပြီးတော့ တကောက်ကောက် လျှောက်လိုက်နေတယ်။ တောထဲသွားလည်း လိုက်တယ်၊

ရွာထဲသွားလည်း လိုက်တယ်။ နောက်ဆုံးတော့ လူတွေက ဝိုင်းပြီးတော့ ပြောင်လှောင်တာနဲ့ ဒီခွေးကို လည်ပင်းမှာ သဲအိုးဆွဲပြီးတော့ ခွေးကို ရေထဲတွန်းချလိုက်တယ်။ အဲဒီကံက ဒီအမျိုးသမီးကို အကျိုးပေးဖို့ရာ အခါအခွင့်သင့်လာတော့ ပင်လယ်ထဲမှာ ဒီကံက လိုက်လို့မီသွားတယ်။ လည်ပင်းမှာ သဲအိုးဆွဲပြီးတော့ လှေပေါ်က ပင်လယ်ထဲသို့ တွန်းချခံခဲ့ရတယ်။ ရေထဲမှာ နစ်မြုပ်ပြီးတော့ သေကျေပျက်စီးသွားပြန်တယ်။

## ဂူအတွင်း၌ ကျောက်တုံးဖြင့် ပိတ်ဆို့ခံရတဲ့ ရဟန်း

နောက်တစ်ခုကတော့ ရဟန်းတော်တစ်ပါး အကြောင်းပဲ။ ဂူထဲမှာ တရားအားထုတ်နေတဲ့ ဒီရဟန်းတော်က တစ်ချိန်တုန်းက တစ်ခုသော ဘဝမှာ နွားကျောင်းသားဘဝနဲ့ တူပါရဲ့နော်၊ အဲဒီဘဝ တစ်ခုမှာ သူက ဖွတ်တစ်ကောင်ကို တောင်ပို့ထဲ ဝင်သွားတာမြင်တော့ အဲဒီတောင်ပို့မှာရှိတဲ့ အပေါက်တွေ အကုန်လုံးကို လိုက်ပြီးတော့ သစ်ခက်သစ်ရွက်တွေနှင့် လိမ်ပြီးတော့ ဆို့ပိတ်ထားခဲ့တယ်။ ဒါပေမဲ့ နောက်ခုနစ်ရက်လောက်ကြာတော့ ဒီတောင်ပို့နား တစ်ပတ် ပြန်ရောက်လာတော့ သတိရ-တာနဲ့ တောင်ပို့ရဲ့ အပေါက်တွေကို သူက ဖွင့်ပေးလိုက်တော့ ဖွတ်က မြော့မြော့ကလေးနဲ့ ထွက်လာခဲ့ရတယ်။ အဲဒီအခါကျမှ ဖွတ်ကို သနားတာနဲ့ သူက မသတ်ဘူး၊ လွှတ်လိုက်တယ်။ အဲဒီကံက တစ်ခုပေါ့။ အဲဒီကံကြောင့် သူက ဒီဘဝ ဂူထဲမှာ တရားအားထုတ်နေစဉ် တောင်ပေါ်မှ လိမ့်ကျလာ-တဲ့ အလွန် ကြီးမားတဲ့ ကျောက်တုံးတစ်တုံးဖြင့် (၇)ရက်တိုင်တိုင် လှောင်ပိတ်ပြီးတော့ အနှောင်အဖွဲ့ ခံခဲ့ရတယ်။ သို့သော် သူက ဖွတ်ကို မသတ်ဘဲ လွှတ်ခဲ့ဖူးတဲ့အတွက် သူလည်း မသေဘဲ (၇)ရက်အကြာမှာ သူရဲ့ ဖွတ်ကို မသတ်ဘဲ ပါဏာတိပါတကံမှ ရှောင်ကြဉ်ခဲ့ဖူးတဲ့ ကုသိုလ်ကံကြောင့် ကျောက်တုံးက အလိုလို လိမ့်ဆင်းသွားတဲ့အတွက် ဂူပေါက်ဝပွင့်ကာ အသက်ဘေးမှ ချမ်းသာခွင့် ရရှိခဲ့တယ်။ ဒါကြောင့် အဋ္ဌကထာက —

**ကမ္မေန** = အကုသိုလ်ကံကြောင့်။ **ဇာနိဥ္စ** = စီးပွားဥစ္စာဆုတ်ယုတ်ပျက်စီးခြင်းကိုလည်း။ **လဘတေ** = ရရှိအပ်ပါပေ၏။ **ကမ္မေန** = အကုသိုလ်ကံကြောင့်။ **ဝဓဥ္စ** = သတ်ဖြတ်ညှဉ်းပန်း နှိပ်စက်ခံရခြင်းကိုလည်း။ **လဘတေ** = ရရှိအပ်ပါပေ၏။ **ကမ္မေန** = အကုသိုလ်ကံကြောင့်။ **ဗန္ဓဥ္စ** = အနှောင်အဖွဲ့ခံရခြင်းကိုလည်း။ **လဘတေ** = ရရှိအပ်ပါပေ၏။

ဒီကံကြောင့် စည်းစိမ်ဥစ္စာတွေ ဆုံးရှုံးပျက်စီးရတယ်၊ ဒီကံကြောင့် အသတ်အဖြတ် အညှဉ်းပန်း အနှိပ်စက်ခံရတယ်၊ ဒီကံကြောင့်ပဲ အနှောင်အဖွဲ့ခံရတယ်၊ ဘယ်သူမပြု မိမိမှုပဲ။ ဒါကြောင့် —

**တံ ကမ္မနာနာကရဏံ ဝိဒိတွာ၊ ကသ္မာ ဝဒေ နတ္ထိ ကမ္မန္တိ လောကေ။**

သတ္တဝါတွေကို မတူညီအောင် ပြုပြင်ပေးနေတဲ့ ဒီကံတွေက ထူးထွေကွဲပြားမှု ရှိတယ်။ ဒီလို ထူးထွေကွဲပြားတဲ့အတွက် သတ္တဝါတွေဟာ တစ်ဦးနှင့် တစ်ဦး မတူညီဘဲ အကျိုးပေးတွေလည်း ထူးထွေကွဲပြားမှု ရှိလာတယ်။ အဲဒီလို ရှိနေတာကို လောကမှာ မြင်နေရတဲ့အတွက်ကြောင့် လောက-မှာ ကံမရှိဘူးလို့ ဘယ်လိုလုပ်ပြောနိုင်မလဲ။ လောကမှာ ကံရှိသလား, မရှိဘူးလား? ရှိပါတယ်။

သို့သော် တပည့်တော်တို့ ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ဒီကံကို သိရှိနိုင်ပါသလဲလို့ ဒီလိုတော့ မေးစရာ ရှိတယ်။ တကယ်လက်တွေ့ သိချင်တယ်ဆိုလို့ရှိရင်တော့ ရှေးဦးစွာ ဒုက္ခသစ္စာ အမည်ရတဲ့ ဉပါဒါနက္ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးစားအားထုတ်ပါ။ ထို့နောင် သမုဒယသစ္စာအမည်ရတဲ့ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးစားအားထုတ်ပါ။ တစ်နည်းပြောရလျှင် ပစ္စယပရိဂ္ဂဟ-ဉာဏ်သို့ ရောက်အောင် ကြိုးစားအားထုတ်ပါ။ ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်ဆိုအပ်တဲ့ သမ္မာဒိဋ္ဌိဉာဏ်နှင့် အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးအတွင်းမှာရှိနေတဲ့ အကြောင်းတရား အကျိုးတရားတွေကို မိမိက စနစ်တကျ သိမ်းဆည်းတတ်ပြီဆိုရင်တော့ ကံ-ကံရဲ့အကျိုးဟာ တကယ် ထင်ရှားရှိ-တယ်ဆိုတာ မိမိကိုယ်တိုင် ထိုအချိန်အခါမှာ သိနိုင်တဲ့ အခွင့်အလမ်း ရှိပါတယ်။

## ပန်းချီကားချပ်ကို ရေးဆွဲနေချိန်

ကံဆန်းကြယ်လို့ရှိရင် သတ္တဝါတွေ ဆန်းကြယ်တယ်ဆိုတော့ ဒီကံတရားဆန်းကြယ်အောင် ဘယ်သူက ပြုပြင်ဖန်တီးပေးသလဲလို့မေးတော့ စိတ်ဓာတ်က ပြုပြင်ဖန်တီးပေးနေတာ။ စိတ်ဓာတ်-တွေ ဆန်းကြယ်ပြီဆိုရင် သတ္တဝါတွေ ပြုလုပ်ဖန်တီးနေတဲ့ ကံတွေ ဆန်းကြယ်သွားတယ်။ ကံတွေ ဆန်းကြယ်ပြီဆိုလို့ရှိရင် အကျိုးပေးတာလည်း ဆန်းကြယ်သွားတယ်။ အကျိုးပေးပုံချင်းတွေ တူညီမလား? မတူညီတော့ဘူး။ မတူညီပုံနှင့် ပတ်သက်ပြီးတော့ မြတ်စွာဘုရားရှင်က ဒီဂဒ္ဒုလဗဒ္ဓသုတ္တန်မှာ ဉပမာကလေးနှင့် ဟောကြားထားတော်မူပါတယ်။

**သေယျထာပိ ဘိက္ခဝေ ရဇကော ဝါ စိတ္တကာရကော ဝါ ရဇနာယ ဝါ လာခါယ ဝါ ဟလိဒ္ဒိယာ ဝါ နီလိယာ ဝါ မဉ္ဇိဋ္ဌာယ ဝါ သုပရိမဋ္ဌေ ဖလကေ ဝါ ဘိတ္တိယာ ဝါ ဒုဿပဋ္ဋေ ဝါ ဣတ္ထိရူပံ ဝါ ပုရိသရူပံ ဝါ အဘိနိမ္မိနေယျ သဗ္ဗင်္ဂပစ္စင်္ဂိံ။**[၁၉၀]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **သေယျထာပိ** = ဖြစ်သင့်ဖြစ်ရာ နှိုင်းခိုင်းဖွယ်ရာ လောက ဉပမာသည်ကား။ **ရဇကော ဝါ** = ဆေးဆိုးပန်းရိုက်သမားသည်သော်လည်းကောင်း။ **စိတ္တကာရကော ဝါ** = ပန်းချီဆေးရေးဆရာသည်သော်လည်းကောင်း။ **ရဇနာယ ဝါ** = ဆိုးရည်ဖြင့်သော်လည်းကောင်း။ **လာခါယ ဝါ** = ချိတ်ရည်ဖြင့်သော်လည်းကောင်း။ **ဟလိဒ္ဒိယာ ဝါ** = နနွင်းဖြင့်သော်လည်းကောင်း။ **နီလိယာ ဝါ** = အညိုရောင်ဖြင့်သော်လည်းကောင်း။ **မဉ္ဇိဋ္ဌာယ ဝါ** = ညိုဝါရောပေါင်း မောင်းသော အရောင်ဖြင့်သော်လည်းကောင်း။ **သုပရိမဋ္ဌေ** = ကောင်းစွာ အပြေအပြစ်ပြုပြင်၍ ထားအပ်သော။ **ဖလကေ ဝါ** = ပျဉ်ပြားထက်၌သော်လည်းကောင်း။ **ဘိတ္တိယာ ဝါ** = နံရံပေါ်၌သော်လည်းကောင်း။ **ဒုဿပဋ္ဋေ ဝါ** = ပိတ်ကားချပ်ပေါ်၌သော်လည်းကောင်း။ **သဗ္ဗင်္ဂပစ္စင်္ဂိံ** = အလုံးစုံသော ကိုယ်အင်္ဂါကြီး-ငယ်တို့နှင့် ပြည့်စုံ၍နေသော။ **ဣတ္ထိရူပံ ဝါ** = အမျိုးသမီးရုပ်ပုံကိုသော်လည်းကောင်း။ **ပုရိသရူပံ**

၁၉၀ သံ၊ ၂၊ ၁၂၄။

**ဝါ** = အမျိုးသားရုပ်ပုံကိုသော်လည်းကောင်း။ **အဘိနိမ္မိနေယျ** = ဖန်ဆင်းရိုက်ချယ် ရေးချယ်လေရာ၏။

ကျွမ်းကျင်တဲ့ ဆေးဆိုးပန်းရိုက်သမားတစ်ဦးပေ့ါ၊ များသောအားဖြင့် ဆေးဆိုးပန်းရိုက်သမားတွေကတော့ ပိတ်ကားချပ်ကလေးပေါ်မှာ သို့မဟုတ် ပိတ်စတစ်ခုပေါ်မှာ ဆေးဆိုးပန်းရိုက်လုပ်ငန်း ပြုလုပ်ကြပါတယ်။ ဒီတော့ ပိတ်ကားချပ်တစ်ခုပေါ်မှာ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်က ဆေးဆိုးပန်းရိုက်လုပ်ငန်း ပြုလုပ်တယ်၊ အလားတူပဲ နံရံပေါ်မှာပဲဖြစ်စေ, ပျဉ်ပြားချပ်တစ်ခုပေါ်မှာပဲဖြစ်စေ, ပိတ်ကားချပ်တစ်ခုပေါ်မှာပဲဖြစ်စေ ကျွမ်းကျင်လိမ္မာတဲ့ ပန်းချီဆရာတစ်ဦးကလည်း ပန်းချီရုပ်တွေ ရေးဆွဲတယ်၊ အဲဒီလို ရေးဆွဲလိုက်တဲ့ အချိန်အခါမှာ ကိုယ်အင်္ဂါကြီးငယ်တို့ဖြင့် အလုံးစုံပြည့်စုံနေတဲ့ အမျိုးသမီးရုပ်ပုံ တစ်ခုကို ရေးဆွဲတယ်၊ သို့မဟုတ် အမျိုးသားရုပ်ပုံ တစ်ခုကို ရေးဆွဲတယ်။

အဲဒီလို ရေးဆွဲလိုက်တဲ့ အချိန်အခါမှာ ရေးဆွဲနေတဲ့ ဆေးဆိုးပန်းရိုက်သမား သို့မဟုတ် ပန်းချီဆရာက ကျွမ်းကျင်ရင် ဘာဖြစ်သလဲ? အင်မတန်အချိုးကျအဆင်ပြေတဲ့ အမျိုးသမီးရုပ်ပုံ သို့မဟုတ် အမျိုးသားရုပ်ပုံတွေ ဒီပန်းချီကားချပ်ထဲမှာ ပေါ်လာတယ်။ ရေးဆွဲလိုက်တဲ့ ဆေးဆိုးပန်းရိုက်သမား သို့မဟုတ် ပန်းချီဆရာက မကျွမ်းကျင်တဲ့ပုဂ္ဂိုလ် ဖြစ်ခဲ့မယ်ဆိုရင်တော့ ဘာဖြစ်သလဲ? အင်မတန် အကျည်းတန် အရုပ်ဆိုးနေတဲ့ အမျိုးသမီးရုပ်ပုံ သို့မဟုတ် အမျိုးသားရုပ်ပုံတွေ ဒီပန်းချီကားချပ်ထဲမှာ ပေါ်မလာနိုင်ဘူးလား? ပေါ်လာနိုင်တယ်။

ဒီပုံစံအတိုင်းပဲ၊ ခုအချိန်အခါမှာ သတ္တဝါတွေဟာ ကိုယ်ပိုင်ပန်းချီကားချပ်ကလေးတွေကို ရေးဆွဲနေတဲ့အချိန်ပဲ။ အဲဒီမှာ မိမိတို့ရဲ့ ကိုယ်ပိုင်ပန်းချီကားချပ်ကလေးကို ရေးပြီဆိုလို့ရှိရင် ဒီပန်းချီကားချပ်ထဲမှာ မိမိက ကျွမ်းကျွမ်းကျင်ကျင် ရေးနိုင်မယ်ဆိုရင် အင်မတန်လှပချော‌မောတဲ့ အမျိုးသမီးရုပ်ပုံ သို့မဟုတ် အမျိုးသားရုပ်ပုံ ပေါ်လာမယ်၊ မကျွမ်းမကျင် မလိမ္မာဘဲနှင့် သွားပြီး ရေးဆွဲလိုက်မယ်ဆိုလို့ရှိရင် အင်မတန် အကျည်းတန် အရုပ်ဆိုးနေတဲ့ ရုပ်ပုံတွေ ပေါ်မလာနိုင်ဘူးလား? ပေါ်လာနိုင်တယ်။

အဲဒီပုံစံအတိုင်းပဲ အခု မိမိတို့က ကံတွေကို တည်ထောင်ဖန်ဆင်းနေကြတာ ဖြစ်တယ်။ အဲဒီကံတွေကို တည်ထောင်ဖန်ဆင်းနေတဲ့ အချိန်အခါကလေးမှာ မိမိတို့ရဲ့ တည်ထောင်ဖန်ဆင်းမှုက မကျွမ်းမကျင် မလိမ္မာလို့ စိတ်ထားတွေက အင်မတန် ညံ့ဖျင်းနေလို့ရှိရင် နောင်တစ်ချိန် ဘဝတစ်ခုလို့ ခေါ်ဆိုအပ်တဲ့ ပန်းချီကားချပ်ထဲမှာ ပေါ်လာမည့် ရုပ်ပုံတွေက ဘယ်လိုရုပ်ပုံတွေ ဖြစ်မလဲ? အင်မတန် အကျည်းတန်တဲ့ အရုပ်ဆိုးတဲ့ ပုံစံကလေးတွေ ပေါ်လာနိုင်တယ်။ ကံကို ထူထောင်ခဲ့စဉ် တစ်ချိန်က ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာနဲ့ အလွန် အဆင့်အတန်းမြင့်မားလှတဲ့ အလွန်မွန်မြတ်တဲ့ သတ္တဝါအားလုံးတို့အပေါ်မှာ ချစ်ခင်မြတ်နိုးနေတဲ့ မေတ္တာနှင့်ယှဉ်တဲ့ စိတ်ထား, သတ္တဝါတွေကို သနားကြင်နာတတ်တဲ့ ကရုဏာနှင့်ယှဉ်တဲ့ စိတ်ထား, သူတစ်ပါးတို့ရဲ့ အောင်မြင်မှုတွေကို ဝမ်းမြောက်ကြည်နူးနေတဲ့ မုဒိတာနှင့်ယှဉ်တဲ့ စိတ်ထား, ကံ-ကံရဲ့အကျိုးတရားကို တတ်သိနားလည်နှလုံးသွင်းတတ်တဲ့ ဥပေက္ခာနှင့်ယှဉ်တဲ့ စိတ်ထား စတဲ့ သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ် ဆိုတဲ့ အလွန်မွန်မြတ်တဲ့ စိတ်နေစိတ်ထားတွေ ခြံရံပြီးတော့ ကံတစ်ခုကို ပြုစုပျိုးထောင်ခဲ့မယ်ဆိုရင်

ပန်းချီကားတစ်ချပ်ကို ရေးဆွဲခဲ့မယ်ဆိုရင် . . . ဘဝဇာတ်ခုံလို့ ခေါ်ဆိုအပ်တဲ့ ပိတ်ကားချပ်ပေါ်မှာ အင်မတန်ချောမောလှပနေတဲ့ အမျိုးသမီးရုပ်ပုံ သို့မဟုတ် အမျိုးသားရုပ်ပုံကလေးတွေ ပေါ်လာနိုင်-တယ်။

ခုဒီမှာ ပညာမျက်စိကာဏ်းနေတဲ့ အန္ဓဗာလ ပုထုဇန်ငမိုက်သားဆိုတာ ရှိတယ်။ ပရမတ်ဉာဏ်-ပညာမျက်စိ မရှိဘူး၊ ရုပ်တရားတွေကို ဟုတ်တိုင်းမှန်စွာ မသိဘူး၊ နာမ်တရားတွေကို ဟုတ်တိုင်းမှန်စွာ မသိဘူး၊ အကြောင်းတရား အကျိုးတရားတွေကို ဟုတ်တိုင်းမှန်စွာ မသိဘူး၊ အကြောင်းတရားနှင့်တကွ ဒီရုပ်နာမ်တရားတို့ရဲ့ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်ကို ဟုတ်တိုင်းမှန်စွာ မသိဘူး၊ အဲဒီလို မသိတာတွေကို တစ်ပုံကြီး ထမ်းထားနေတဲ့ ဒီပုထုဇန်ငမိုက်သားက သူတည်ထောင်ဖန်ဆင်း-လိုက်မယ်ဆိုလို့ရှိရင် ဘာကိုသာ သူတည်ထောင်ဖန်ဆင်းလို့ရမလဲ?

## ပုထုဇန်ငမိုက်သား ရေးဆွဲနိုင်တဲ့ ပန်းချီကားချပ်

**ဧဝမေဝ ခေါ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ရူပညေဝ အဘိနိဗ္ဗတ္တေန္တော အဘိနိဗ္ဗတ္တေတိ၊ ဝေဒနညေဝ။ ပ ။ သညညေဝ။ သင်္ခါရေယေဝ။ ဝိညာဏညေဝ အဘိနိဗ္ဗတ္တေန္တော အဘိနိဗ္ဗတ္တေ-တိ။**[၁၉၁]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ဧဝမေဝ ခေါ** = ဤဥပမာအတူသာလျှင်။ **အဿုတဝါ** = အာဂမသုတ အဓိဂမသုတဟု ခေါ်ဆိုအပ်သော အကြားအမြင် ဗဟုသုတ မရှိသော။ **ပုထုဇ္ဇနော** = ပညာမျက်စိကာဏ်း၍နေတဲ့ အန္ဓဗာလ ပုထုဇန်ငမိုက်သားသည်။ **အဘိနိဗ္ဗတ္တေန္တော** = ဖြစ်စေခဲ့သည်ရှိသော် (ဝါ) ဖြစ်အောင်လုပ်ခဲ့သည်ရှိသော်။ **ရူပညေဝ** = ရုပ်တရားကိုသာလျှင်။ **အဘိနိဗ္ဗတ္တေတိ** = ဖြစ်စေနိုင်၏။ (ရုပ်တရားကိုသာ ဖြစ်အောင်လုပ်နိုင်တယ်။) **အဘိနိဗ္ဗတ္တေန္တော** = ဖြစ်စေခဲ့သည်ရှိသော်။ **ဝေဒနညေဝ** = ဝေဒနာတရားကိုသာလျှင်။ **သညညေဝ** = သညာတရားကိုသာလျှင်။ **သင်္ခါရေယေဝ** = စေတသိက်သင်္ခါရတရားစုတို့ကိုသာလျှင်။ **ဝိညာဏညေဝ** = အသိစိတ် ဝိညာဏ်-တရားကိုသာလျှင်။ **အဘိနိဗ္ဗတ္တေတိ** = ဖြစ်စေနိုင်၏။

သူဖြစ်အောင် လုပ်နိုင်တာ ရုပ်ကို ဖြစ်အောင် လုပ်နိုင်တယ်၊ ဝေဒနာကို ဖြစ်အောင် လုပ်နိုင်-တယ်၊ သညာကို ဖြစ်အောင် လုပ်နိုင်တယ်၊ စေတသိက် သင်္ခါရတရားစုတွေကိုသာ ဖြစ်အောင် လုပ်နိုင်တယ်၊ အသိစိတ် ဝိညာဏ်ကိုသာ သူဖြစ်အောင် လုပ်နိုင်တယ်၊ အဲဒီထက်ပိုပြီး ဖြစ်အောင် လုပ်နိုင်တဲ့ စွမ်းအား မရှိဘူး၊ ဘာကြောင့်လဲ?

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခေါ်တဲ့ ဒီခန္ဓာငါးပါးတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ အသင်္ခတ-ဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်သို့ သွားတယ်ဆိုတာက ဒီခန္ဓာငါးပါးကို ဟုတ်တိုင်းမှန်စွာ သိနေတဲ့ သူတော်ကောင်းတို့ရဲ့ အရာသာ ဖြစ်တယ်၊ ဒီခန္ဓာငါးပါးတို့ရဲ့ အကြောင်းရင်း သမုဒယသစ္စာကို ဟုတ်တိုင်း

[၁၉၁] သံ၊ ၂၊၁၂၄။

မှန်စွာ သိနေတဲ့ သူတော်ကောင်းတို့ရဲ့ အရာသာ ဖြစ်တယ်။ ဒီဒုက္ခသစ္စာအမည်ရတဲ့ ခန္ဓာငါးပါး, သမုဒယသစ္စာအမည်ရနေတဲ့ အကြောင်းတရား ဒီနှစ်ရပ်လုံးတို့ရဲ့ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တွေကို ဟုတ်တိုင်းမှန်စွာ သိနေတဲ့ သူတော်ကောင်းတို့ရဲ့ အရာသာ ဖြစ်တယ်။

မိမိက ဒုက္ခသစ္စာအမည်ရတဲ့ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ သမုဒယသစ္စာအမည်ရတဲ့ ဒုက္ခသစ္စာရဲ့ အကြောင်းတရားတွေကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ၊ အကြောင်းတရားနှင့်တကွ ဒီခန္ဓာငါးပါး ရုပ်နာမ်တရားတွေရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်ကိုလည်း ဟုတ်တိုင်းမှန်စွာ မသိ။

အဲဒီလို မသိတာတွေကို တစ်ပုံကြီး ထမ်းထားတဲ့အတွက် ပညာမျက်စိကာဏ်းနေပြီ၊ ပညာမျက်စိကာဏ်းနေတဲ့ပုဂ္ဂိုလ်က သူဖြစ်အောင်လုပ်နိုင်ရင် ဘာကိုသာ သူဖြစ်အောင်လုပ်လို့ရမလဲ? ရုပ်တရားကို ဖြစ်အောင်လုပ်လို့ရမယ်၊ ဝေဒနာ ခံစားမှုတရားတွေကို ဖြစ်အောင်လုပ်လို့ရမယ်၊ မှတ်သားမှု သညာတရားတွေကို ဖြစ်အောင်လုပ်လို့ရမယ်၊ စေတနာဦးဆောင်နေတဲ့ စေတသိက်သင်္ခါရတရားစုတွေကိုသာ ဖြစ်အောင်လုပ်လို့ရမယ်၊ အသိစိတ် ဝိညာဏ်တရားတွေကိုသာ သူဖြစ်အောင်လုပ်လို့ရမယ်၊ ဒါပေမဲ့လို့ သူဖြစ်အောင်လုပ်တဲ့အပိုင်းမှာ ဒီခန္ဓာငါးပါးသည် ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာနှင့် မိမိက ဖြစ်အောင်လုပ်ခဲ့ရင်တော့ အင်မတန် ချောမောလှပနေတဲ့ ခန္ဓာငါးပါး ဖြစ်ပေါ်လာမယ်။

မကျွမ်းကျင်ဘဲနှင့် အကုသိုလ်တရားတွေကို တစ်ပုံကြီး ထမ်းပြီး ခန္ဓာငါးပါးကို ဖြစ်အောင်လုပ်ခဲ့မယ်ဆိုရင်တော့ ဒီဖြစ်ပေါ်လာတဲ့ ခန္ဓာငါးပါးသည် အင်မတန်အကျည်းတန် အရုပ်ဆိုးနေတဲ့ ခန္ဓာငါးပါး ဖြစ်နိုင်တယ်။ ခုကြည့်ပေါ့၊ ခု ဟောကြားတော့မည့် စူဠကမ္မဝိဘင်္ဂသုတ္တန်[၉၂]မှာ တစ်ဖက်က ပုဂ္ဂိုလ်ကို ကြည့်ပေါ့၊ သူ့အသက်ကို သတ်လေ့ရှိတယ်၊ သွေးစွန်းသောလက်တွေ အမြဲတမ်း ရှိတယ်၊ သတ္တဝါတွေအပေါ်မှာ ကြင်နာသနားမှု မရှိဘူး၊ ဒီလိုဆိုရင် သူ့ကို ကျွမ်းကျင်တယ် ခေါ်မလား၊ မကျွမ်းကျင်ဘူး ခေါ်မလား? မကျွမ်းကျင်ဘူးလို့ ခေါ်ရမယ်။ ခန္ဓာငါးပါးကို ဖြစ်အောင် ရေးချယ်တဲ့နေရာမှာ သူက ကျွမ်းကျင်မှု မရှိဘူး။ ကျွမ်းကျင်မှု မရှိတဲ့အတွက်ကြောင့် သူဟာ ငရဲ ရောက်မယ်။ အကယ်၍ ငရဲကို မရောက်ဘူးထား၊ သို့မဟုတ် ငရဲမှ လွတ်မြောက်လာပြီထား။ ကုသိုလ်ကံ တစ်ခုခုက အကျိုးပေးလို့ လူ့ဘဝ လူ့လောက ရောက်လာပြီဆိုရင် ဘာဖြစ်သလဲ? အသက်တိုတယ်။ ဘာကြောင့်လဲ? ဒီခန္ဓာငါးပါးကို တည်ထောင်ဖန်ဆင်းခဲ့စဉ်အခါက မိမိက ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာနှင့် တည်ထောင်ဖန်တီးခဲ့တာ မဟုတ်ဘူးနော်၊ မကျွမ်းမကျင်ဘဲနှင့် မလိမ်မမာနှင့် ဒီခန္ဓာငါးပါးကို ဖြစ်အောင် တည်ထောင်ဖန်ဆင်းခဲ့တယ်၊ သူ့အသက်ကို သတ်ခဲ့တယ်၊ သွေးစွန်းသောလက် ရှိခဲ့တယ်၊ သတ္တဝါတို့အပေါ်မှာ ကြင်နာသနားမှုတွေ ကင်းခဲ့တယ်၊ ရက်စက်ကြမ်းကြုတ်ခဲ့တယ်၊ ဘဝဇာတ်ခုံခေါ်ဆိုတဲ့ ပိတ်ကားချပ်ပေါ်မှာ မကျွမ်းမကျင်ဘဲ ပန်းချီကားချပ်တစ်ခုကို ရေးဆွဲမိတာပဲ။ သူတစ်ပါးကို သတ်ဖြတ်လျက် အသက်တိုအောင် လုပ်ခဲ့မိတဲ့ ဒီအကုသိုလ်ကံတွေကြောင့် မိမိအသက်

---

[၉၂] စာမျက်နှာ၊ ၂၃၁ စသည် . . .

လာတိုရပြန်တယ်။ အသက်တိုတဲ့ အချိန်အခါကျတော့မှ မိမိက အသက်ရှည်ချင်ပါတယ်ဆိုပြီး ထိုင်ငို နေသော်လည်း ရပါဦးမလား? မရနိုင်တော့ဘူး။ တတိယပါရာဇိကသိက္ခာပုဒ်တော်မှာ လာရှိတဲ့ ရဟန်းတော် (၅၀၀)တို့ရဲ့ထုံးကို ကြည့်ပါ။[၁၉၃] သံဝေဂရဖို့ သိပ်ကောင်းပါတယ်။ ရဟန္တာဖြစ်တဲ့ဘဝ အထိ အရိယာသူတော်ကောင်းတွေ ဖြစ်ကြတဲ့ဘဝအထိ အသက်တိုအောင် ဒီအကုသိုလ်ကံတွေက လိုက်ပြီးတော့ အကျိုးပေးတတ်တယ်ဆိုတာကို သတိပြုပါ။

✧ ✧ ✧ ✧ ✧ ✧

[၁၉၃] စာမျက်နှာ၊ ၂၄၄-၂၄၉။

ဆယ်ပါးပညတ်၊ ကုသိုလ်ရပ်ကို၊
ပြုအပ်ပြီးသည့်၊ လူတမည့်ကား၊
လူ့ ပြည့်, နတ်ပွဲ၊ ရမခဲတည့်၊
ယူစွဲမုချ၊ ယွင်းမခွဘူး။

ဒါနသီလ၊ ကုသလဉ္စ၊
လုံ့လလွှတ်လျော့၊ လေးဖင့် ပေါ့၍၊
မေ့လျော့သောသူ၊ **သူသေ**ဟူ၏။

အလျှုသီတင်း၊ မကင်းဘာဝနာ၊
မချာရက်နေ့၊ မမေ့လျော့တတ်၊
ထိုသူမြတ်တို့၊ လူနတ်ခန္ဓာ၊
ပြောင်းလဲကာလျှင်၊ ချမ်းသာသုခ၊
မပျက်ကြကြောင့်၊ ဘဝသဘော၊
ရွှေ့လျောခြင်းဟူ၊ စုတိမူလည်း၊
**သေသူမမည်**၊ ဟူတုံသည့်တည်း။

(မဃဒေဝ၊ စာပိုဒ်၊ ၂၉၁။)

# အကျိုးပေးဆန်းကြယ်ပုံအပိုင်း

## (စုဋ္ဌကမ္မဝိဘင်္ဂသုတ္တန်ပိုင်း)

**အကျိုးပေးဆန်းကြယ်ပုံအပိုင်း**

ပုဂ္ဂိုလ်တစ်ဦးက ဘယ်တရားဟာ ကုသိုလ်လဲ, ဘယ်တရားဟာ အကုသိုလ်လဲ မမေးဘူး၊ ဘယ်တရားဟာ အပြစ်ရှိသလဲ, ဘယ်တရားဟာ အပြစ်မရှိဘူးလဲ မမေးဘူး၊ ဘယ်တရားကို မှီဝဲသင့်သလဲ, ဘယ်တရားကို မမှီဝဲထိုက်ဘူးလဲ မမေးဘူး၊ ဘယ်တရားကို ပြုကျင့်ခဲ့ရင် နေ့ညဉ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး ဆင်းရဲဖို့ရန် အကျိုးစီးပွား ဆုတ်ယုတ်ဖို့ရန် ဖြစ်သလဲ, ဘယ်တရားကို လိုက်နာပြုကျင့်ခဲ့မယ်ဆိုရင် နေ့ညဉ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး အကျိုးစီးပွား ရှိဖို့ရန် ချမ်းသာဖို့ရန် ဖြစ်ပါသလဲ?– ဆိုတဲ့ ဒီမေးခွန်းတွေကို မမေးဘူး၊ မမေးတော့ လိုက်နာပြုကျင့်မှုလည်း မရှိဘူး၊ ကုသိုလ်, အကုသိုလ်ကိုမှ ခွဲခြားမသိတဲ့ ပုဂ္ဂိုလ်တစ်ဦးက ကုသိုလ်ကို ဖြည့်ကျင့်ဖို့, အကုသိုလ်ကိုလည်း ရှောင်ကြဉ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး၊ မဖြစ်နိုင်တော့ သူက ပြုသင့်ပြုထိုက်တဲ့ ကုသိုလ်တရားတွေကိုလည်း မပြုဘဲနေမယ်၊ ရှောင်ကြဉ်သင့် ရှောင်ကြဉ်ထိုက်တဲ့ အကုသိုလ်တရားတွေကိုလည်း မရှောင်ကြဉ်ဘဲ သူ နေတော့မယ်၊ အဲဒီလို နေလိုက်တဲ့အတွက် ထိုပုဂ္ဂိုလ်သည် ဘာဖြစ်မလဲ? —

(စာမျက်နှာ၊ ၃၈၀။)

# အကျိုးပေးဆန်းကြယ်ပုံအပိုင်း

## (စူဠကမ္မဝိဘင်္ဂသုတ္တန်ပိုင်း)

ဒီတော့ ဒီကံတွေက အဆန်းတကြယ် အကျိုးပေးနေပုံနှင့် ပတ်သက်လို့ အဋ္ဌကထာဆရာတော်-က စူဠကမ္မဝိဘင်္ဂသုတ္တန်မှာ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ စကားကလေးတစ်ခုကို ထပ်ပြီး ကိုးကားထားပြန်တယ်။

### ကံသာလျှင် အမွေခံရှိကြတယ်

**ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ။ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယာတိ။**[၁၉၄]

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **သတ္တာ** = သတ္တဝါတို့သည်။ **ကမ္မဿကာ** = ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြကုန်၏။ **ကမ္မဒါယာဒါ** = ကံသာလျှင် အမွေခံဥစ္စာ ရှိကြကုန်၏။ **ကမ္မယောနီ** = ကံသာလျှင် အကြောင်းရင်းစစ် ရှိကြကုန်၏။ **ကမ္မဗန္ဓူ** = ကံသာလျှင် အဆွေခင်ပွန်းစစ် ရှိကြကုန်၏။ **ကမ္မပ္ပဋိသရဏာ** = ကံသာလျှင် ပုန်းအောင်းလဲလျောင်း မှီခိုရာ ရှိကြကုန်၏။ **ယဒိဒံ ဟီနပဏီတတာယ** = **ယော ဟီနပဏီတဘာဝေါ** = အကြင်သတ္တဝါတို့၏ ယုတ်ညံ့မှု မြင့်မြတ်မှုစတဲ့ အဖြစ်သည်။ **အတ္ထိ** = ရှိ၏။ **တံ** = ထိုသတ္တဝါတို့ရဲ့ ယုတ်ညံ့မှု မြင့်မြတ်မှုဆိုတဲ့ သဘောတရားကို။ **ကမ္မံ** = ကံသည်။ **သတ္တေ** = သတ္တဝါတို့ကို။ **ဝိဘဇတိ** = ခွဲခြားဝေဖန်၍ ပေးပေ၏။

သတ္တဝါတွေကို ကြည့်လိုက်တဲ့အခါ လောကမှာ ယုတ်ညံ့တဲ့ သတ္တဝါဆိုတာ ရှိတယ်၊ မွန်မြတ်တဲ့ သတ္တဝါဆိုတာ ရှိတယ်။ အဲဒီ ယုတ်ညံ့တဲ့ သတ္တဝါတစ်ဦး ဖြစ်ပေါ်သွားအောင် မွန်မြတ်တဲ့ သတ္တဝါ တစ်ဦး ဖြစ်ပေါ်သွားအောင် ဘယ်သူက တည်ထောင်ဖန်ဆင်းပေးသလဲလို့မေးရင် ကံကပဲ တည်-ထောင်ဖန်ဆင်းပေးတယ်။

---

[၁၉၄] မ၊၃၊၂၄၄။

## တောဒေယျပုဏ္ဏားကြီး

ဒီစကားရပ်ကလေးက သုဘလုလင်ကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ ဒေသနာတော်တစ်ခု ဖြစ်ပါတယ်။ တစ်ချိန်မှာ သုဘလုလင်က မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ပြီးတော့ မေးခွန်းတွေ မေးခဲ့ဖူးပါတယ်။ မေးခွန်းမေးတာကလည်း အကြောင်း ရှိပါတယ်။

တစ်နေ့ မြတ်စွာဘုရားက လောကကို ကြည့်ရှုတော်မူလိုက်တဲ့ အချိန်အခါမှာ — သုဘလုလင်ဟာ ဒီနေ့ သရဏဂုံ တည်တော့မယ်ဆိုတာကို မြင်တော်မူပါတယ်။ သုဘလုလင်ရဲ့ ဖခင်က တောဒေယျပုဏ္ဏားကြီး ဖြစ်ပါတယ်။ ဒီတောဒေယျပုဏ္ဏားကြီးက ပသေနဒီကောသလမင်းကြီးရဲ့ မင်းဆရာ ပုရောဟိတ်ပုဏ္ဏားကြီး ဖြစ်တယ်။ ပုရောဟိတ်ပုဏ္ဏား မင်းဆရာကြီး ဖြစ်တဲ့အတွက် ပသေနဒီကောသလမင်းကြီးက ဒီတောဒေယျပုဏ္ဏားကြီးကို တုဒိလို့ ခေါ်ဆိုအပ်တဲ့ ရွာကြီးတစ်ရွာကို အပိုင်စားပေးသနားထားပါတယ်။ အဲဒီ တုဒိရွာကို အပိုင်စားရတဲ့အတွက် သူ့ကို တောဒေယျပုဏ္ဏားဆိုပြီးတော့ ဒီလို ခေါ်တယ်။ ဒီတောဒေယျပုဏ္ဏားကြီးမှာ သူ အင်မတန်ချစ်ခင်နှစ်သက်အပ်တဲ့ သုဘလို့ ခေါ်ဆိုအပ်တဲ့ သားငယ်ကလေးတစ်ဦး ရှိပါတယ်။ ငယ်ရွယ်စဉ်အခါကတည်းက ဒီသုဘက အလွန်တင့်တယ်လှပချောမွေ့တဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခြင်းကြောင့် သူ့ကို **သုဘမာဏဝ -** သုဘလုလင်လို့ ခေါ်တယ်။ အသက်အရွယ်ကြီးလာတော့လည်း ငယ်စဉ်ကခေါ်တဲ့ အသုံးအနှုန်းအတိုင်း သုဘမာဏဝဆိုပြီး ဒီလိုပဲ ခေါ်ဝေါ်သုံးနှုန်းထားတယ်။

ခု မြန်မာနိုင်ငံမှာ တချို့ကလေးတွေကို လူကလေးလို့ ခေါ်ဆိုကြတယ်၊ အသက်ကြီးလာတော့လည်း သူ့ကို ဦးလူကလေးလို့ပဲ ခေါ်ဆိုပြန်တယ်။ ဒီပုံစံအတိုင်းပဲ သူ့ကို သုဘလုလင်လို့ ခေါ်တယ်။ ဒါပေမဲ့ ဒီသုဘလုလင်ရဲ့ ဖခင်ဖြစ်တဲ့ တောဒေယျပုဏ္ဏားကြီးက တစ်နေ့ ကွယ်လွန်သွားတယ်။ ကွယ်လွန်သွားတဲ့အချိန်မှာ သူက ဘာဖြစ်သွားသလဲ?

**တောဒေယျဗြာဟ္မဏော မနလောဘေန အတ္တနောဝ ယရေ သုနခေါ ဟုတွာ နိဗ္ဗတ္တော၊**[၁၉၁]

အဋ္ဌကထာက ဒီလို ဖွင့်ဆိုထားပါတယ်။ တောဒေယျပုဏ္ဏားကြီးက **မနလောဘ** = မိမိရဲ့ စည်းစိမ်ဥစ္စာတွေအပေါ်မှာ တွယ်တာတပ်မက်နေတဲ့ တဏှာလောဘကြောင့် မိမိရဲ့အိမ်မှာပဲ ပြန်ပြီးတော့ ခွေးဖြစ်ရတယ်။ သူ့မှာ စည်းစိမ်ဥစ္စာက ဘယ်လောက် ကြွယ်ဝချမ်းသာသလဲ ကြည့်လိုက်တော့ ကုဋေ (၈၀)၊ အဲဒီကုဋေ (၈၀)လောက် ကြွယ်ဝချမ်းသာနေတဲ့ ဒီတောဒေယျပုဏ္ဏားကြီးက မိမိစည်းစိမ်ကို ထိခိုက်တာကို သည်းမခံနိုင်တဲ့ မစ္ဆရိယတရား လွှမ်းမိုးနေတဲ့အတွက် အနည်းငယ်သော်လည်း ပေးလှူမှု မရှိခဲ့ဘူး။ မပေးလှူရုံတွင်လားဆိုတော့ မကသေးဘူး၊ သူ့သားငယ်ဖြစ်တဲ့ သုဘလုလင်ကိုလည်း သူက အမြဲတမ်း ဆိုဆုံးမတယ်။ ဘယ်လို ဆိုဆုံးမသလဲ?

---

[၁၉၁] မ၊ဋ္ဌ၊၄၊၁၇၅။

## တောဒေယျပုဏ္ဏားကြီးရဲ့ ဆုံးမစကား

**အဉ္ဇနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။**
**မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ။**[၁၉၆]

မျက်ရေးကွင်းနေတဲ့ မျက်စဉ်းညိုကျောက်ဆိုတာ ရှေးတုန်းက ရှိတယ်။ အဲဒီမျက်စဉ်းညိုကျောက်က ရှေးတုန်းကတော့ အိန္ဒိယနိုင်ငံမှာ အသုံးများခဲ့ပုံရတယ်။ ဒီကျောက်ကလေးကို သွေးပြီးတော့ ယခုကာလ လိုင်နာဆွဲတဲ့ ပုံစံလိုပေါ့၊ မျက်လုံးကို ကွင်းကြတယ်။ မျက်လုံးကို ကွင်းတဲ့ အဲဒီကျောက်ညိုကလေးကို သွေးပြီးတော့ မျက်လုံးကို ကွင်းကြတယ်။ အဲဒီကျောက်ညိုကို **"အဉ္ဇန"**လို့ ခေါ်ပါတယ်။ မျက်လုံးကလေးကို လိုင်နာဆွဲချင်ပြီဆိုလို့ရှိရင် ကျောက်ကလေးကို သွေးလိုက်, မျက်လုံးကလေးကို ကွင်းလိုက်၊ နောက်တစ်ခါ လိုင်နာဆွဲချင်ပြန်တော့ ထပ်သွေးပြန်တယ်၊ မျက်လုံးကွင်းပြန်တယ်။ သွေးပါများလာရင် ဒီကျောက်ညိုကလေးဟာ ဘာဖြစ်သွားသလဲ? တဖြည်းဖြည်း ကုန်သွားတယ်။

ချစ်သား . . . ဒီအတိုင်းပဲ၊ စည်းစိမ်ဥစ္စာဆိုတာ ပေးလှူဖန်များလာရင် ကုန်တာပဲ၊ ဘာမှ အကျိုးမရှိဘူး။ ဒါကြောင့် ဘာလုပ်ရမလဲ? ပြုလုပ်ရမည့် နည်းလမ်းကို ဒီလို သားကို ဆုံးမတယ်။

**. . . ဝမ္မိကာနဉ္စ သဉ္စယံ။**
**မဓူနဉ္စ သမာဟာရံ၊ . . .**

ချစ်သား . . . ခြတောင်ပို့တစ်ခုကို ကြည့်လိုက်၊ ခြတွေဟာ နည်းနည်း နည်းနည်း စုဖန်များလာရင် တစ်နေ့ ဘာဖြစ်လာသလဲ? တောင်ပို့ ဖြစ်လာတယ်။ ပျားတွေကို ကြည့်လိုက်၊ တစ်နေ့ တစ်နေ့ နည်းနည်း နည်းနည်းနှင့် ပျားရည်တွေကို စုဖန်များလာရင် တစ်နေ့ ပျားရည်တွေ အများကြီး ဖြစ်လာတယ်။

ဒီအတိုင်းပဲ – ပညာရှိတဲ့ ယောကျ်ားတစ်ယောက်ဟာ အိမ်ရာတည်ထောင် လူ့ဘောင်မှာ စိုးအုပ်နေထိုင်ပြီဆိုရင် "ခြကိုပုံပြု ပျားလိုစုရမယ်"– စည်းစိမ်ဥစ္စာကို ဒီလို စုရတယ်၊ ဘယ်တော့မှ မပေးလှူရဘူးလို့ သူက ဒီလို အမြဲတမ်း ဆုံးမတယ်။ အဲဒီလို ဆုံးမနေတဲ့ ပုဂ္ဂိုလ်က တစ်နေ့ ကွယ်လွန်ခါနီးကျတော့ ဒီစည်းစိမ်ဥစ္စာတွေအပေါ်မှာ တွယ်တာတပ်မက်နေတဲ့ လောဘကို အကြောင်းခံပြီးတော့ မိမိအိမ်မှာပဲ ပြန်ပြီးတော့ ခွေးဖြစ်ရတယ်။

ဒီတရားနာပရိသတ်ထဲမှာ မိမိရဲ့ စည်းစိမ်ဥစ္စာတွေအပေါ် တွယ်တာတပ်မက်တဲ့ ပုဂ္ဂိုလ်တွေ မရှိနိုင်ဘူးလား? ရှိနိုင်တယ်။ ခုလို ခေတ္တခဏလာပြီး တရားအားထုတ်တဲ့ အချိန်အခါမှာတောင်မှ နှစ်ဆန်းတစ်ရက်လောက် နှစ်ရက်လောက်ကျရင် ဈေးထွက်ရမယ်ဆိုတဲ့ စိတ်ထားဖြင့် စိတ်စောနေကြတဲ့ ပုဂ္ဂိုလ်တွေ မရှိကြဘူးလား? ရှိနေကြတယ်။ အပြီးအပိုင် ခွဲရတာ မဟုတ်သေးဘူး၊ ခဏခေတ္တ ခွဲရတာ။ ခဏခေတ္တ ခွဲရမှာ ဒီလောက်တောင် စိတ်တွေက စွဲလမ်းနေသေးတယ်ဆိုရင် အပြီး

---

[၁၉၆] မ၊၃၊၄၊၁၇၅။

အပိုင် နောင်တစ်ဖန် မတွေ့သော ခွဲခြင်းဖြင့် ခွဲရတော့မယ်ဆိုရင် စိတ်ဓာတ်တွေ ဘယ်လောက် စွဲလမ်းမလဲ? တွေးကြည့်ပေတော့။ အင်မတန်ကို နှစ်သက်နေတဲ့ စည်းစိမ်ဉစ္စာ, အင်မတန်ကို နှစ်သက်မြတ်နိုးနေတဲ့ သားတွေ သမီးတွေ ဇနီးတွေ၊ ဒီပုဂ္ဂိုလ်တွေနှင့် နောင်တစ်ဖန် မတွေ့တော့သော ခွဲခြင်းဖြင့် ခွဲရတော့မယ်, ဒီသက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတွေနှင့် နောင်တစ်ဖန် မတွေ့တော့သော ခွဲခြင်းဖြင့် ခွဲရတော့မယ်ဆိုရင် ဘယ်လိုဖြစ်မလဲ? စဉ်းစားကြည့်ကြ၊ ကြိုတင်ခွဲထားဖို့ မကောင်းဘူး-လား? ကောင်းတယ်။ ဘာကြောင့်လဲ? မခွဲနိုင်တဲ့ စိတ်ထားနှင့် သေခဲ့ရင် ခုနက တောဒေယျပုဏ္ဏား-ကြီး ခွေးဘဝရောက်သွားသလို မိမိလည်း မရောက်နိုင်ဘူးလား? ရောက်သွားနိုင်တယ်။ သို့သော် ခွေးဆိုတာက ဒါ နည်းနည်းတော်သေးတယ်လို့ ပြောနိုင်တယ်၊ ဒီထက်အဆင့်နိမ့်တဲ့ ငရဲတို့ ဘာတို့-လည်း ရောက်နိုင်ပါတယ်၊ ဒါကြောင့် အဲဒီ တောဒေယျပုဏ္ဏားကြီး သူ့အိမ်မှာ ခွေးဖြစ်နေတဲ့အခါ ဒီခွေးကိုလည်း ဒီသုဘလုလင်က သိပ်ချစ်တယ်၊ ကောင်းကောင်းကျွေးတယ်၊ အိပ်ရာကောင်းကောင်း မှာပဲ အမြဲတမ်း သိပ်ထားတယ်၊ ဘဝချင်းက သိပ်နီးကပ်နေတာကိုး။

## ဘုရားရှင်နှင့် သုဘလုလင်

ဘုရားရှင်က ထိုနေ့မှာ မဟာကရုဏာတော်သမာပတ်ကို ဝင်စားတော်မူပြီးနောက် လောကကို ကြည့်ရှုတော်မူလိုက်တော့ သုဘလုလင်လည်း သရဏဂုံတည်လိမ့်မယ်၊ တောဒေယျပုဏ္ဏားကြီးကနေ-ပြီးတော့ ဘဝပြောင်းသွားတဲ့ ဒီခွေးကြီးက သေပြီးတော့ ငရဲရောက်တော့မယ်ဆိုတာကိုလည်း မြတ်စွာဘုရား မြင်တော်မူတယ်။ မြင်တော်မူတဲ့အတွက် . . သုဘလုလင် အိမ်ကနေ လမ်းလျှောက်-ထွက်တဲ့အချိန်လောက် မှန်းမျှော်ပြီးတော့ မြတ်စွာဘုရားရှင်လည်း ထိုအိမ်ရှေ့သွားပြီးတော့ ဆွမ်းခံ ရပ်တော်မူပါတယ်။ ဆွမ်းရပ်လိုက်တဲ့ အချိန်အခါမှာ ဒီခွေးကြီးက မြတ်စွာဘုရားကို ဟောင်တယ်။ ဟောင်တော့ မြတ်စွာဘုရားကလည်း "တောဒေယျ . . . သင် ရှေးယခင် လူဖြစ်စဉ် အခါတုန်းက-လည်း ငါ့ကို 'ဘော ဘော'နှင့် အော်အော်ပြောတယ်၊ အခုလည်း သင် ငါ့ကို ဟောင်နေပြီ၊ အဝီစိကို သွားလိမ့်မယ်"လို့ အမိန့်ရှိသွားတယ်။ အဲဒီစကားကို ကြားလိုက်ရတဲ့အခါကျတော့ အိမ်မှာရှိနေတဲ့ အလုပ်သမားတွေက သုဘလုလင် ပြန်လာတဲ့အချိန်အခါမှာ အကျိုးအကြောင်းကို အားလုံး ပြန်ပြော ပြကြတယ်။

ဘာဖြစ်လို့ ပြန်ပြောရသလဲဆိုတော့ ဒီခွေးက အဲဒီစကားကြားလိုက်တော့ – "ရဟန်းဂေါတမ-သည် ငါ့ကိုတော့ ကောင်းကောင်းသိလေပေါ့"– လို့ အသိတွေဝင်လာပြီး စိတ်မချမ်းမသာဖြစ်ကာ အိပ်ရာကောင်းကောင်းမှာ မနေတော့ဘဲ အိပ်ရာထက်ကနေဆင်း - ဆင်းပြီးတဲ့ အချိန်အခါမှာ ပြာပုံထဲမှာ သွားပြီးတော့ လူးပြီး အိပ်နေတယ်။ သုဘလုလင် ပြန်လာတဲ့အခါမှာ ခွေး ပြာပုံထဲမှာ အိပ်နေတာမြင်တော့ အိမ်က အလုပ်သမားတွေကို မေးကြည့်တဲ့ အချိန်အခါမှာ အကျိုးအကြောင်းကို အလုပ်သမားတွေက ရှင်းပြတော့ စိတ်ထဲမှာတော့ မကောင်းဘူး။ ဒါပေမဲ့ သူက စိတ်ထဲမှာ မကျေ-မနပ်ဖြစ်နေတာနဲ့ မြတ်စွာဘုရားကို မုသာဝါဒနှင့် စွပ်စွဲမယ်ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရား ထံတော်သို့ သွားလိုက်တယ်။ ဘုရားရှင်ထံတော်သို့ သွားပြီး အကျိုးအကြောင်း မေးမြန်းလျှောက်ထား

တော်မူလိုက်တော့လည်း ဘုရားရှင်က ဟုတ်မှန်တဲ့အကြောင်းကို ပြန်လည်ကာ မိန့်ကြားတော်မူ-လိုက်ပြီး ခိုင်လုံတဲ့ အထောက်အထား သက်သေတစ်ခုကို မြတ်စွာဘုရားက အမိန့်ရှိတော်မူလိုက်ပါတယ်။

"သင့်ဖခင် မကွယ်လွန်ခင်မှာ သင့်ကို မပြောကြားဘဲနှင့် လျှို့ဝှက်ထားတဲ့ ပစ္စည်းဥစ္စာတွေ ရှိတယ်လို့ သင်မကြားဖူးဘူးလား"– လို့ သုဘလုလင်ကို ဘုရားရှင်က မေးမြန်းကြည့်တော်မူလိုက်တဲ့ အခါ သုဘလုလင်က "ကြားဖူးပါတယ်"လို့ ပြန်လည်ကာ လျှောက်ထားတော်မူလိုက်ပါတယ်။ ဘာတွေရှိသလဲ? – လို့ ထပ်မေးတော်မူတဲ့အခါ သုဘလုလင်က ဆက်လျှောက်ထားတော်မူပြန်တယ် — "အဖိုးတစ်သိန်းတန်တဲ့ ရွှေခွက်, အဖိုးတစ်သိန်းတန်တဲ့ တန်ဆာ, အဖိုးတစ်သိန်းတန်တဲ့ ခြေနင်း, အဖိုးတစ်သိန်းတန်တဲ့ အသပြာ၊ အဲဒီ ပစ္စည်းဝတ္ထု အစုစုတွေကို မြှုပ်နှံတော့ ထားခဲ့တယ်၊ ဒါပေမဲ့ ဘယ်နေရာမှာ မြှုပ်နှံသွားတယ်ဆိုတာကို ဖခင်က မပြောကြားသွားခဲ့ဘူး" – လို့ သုဘလုလင်က ပြန်လည်လျှောက်ထားတော်မူလိုက်တယ်။ အဲဒီ ပစ္စည်းဝတ္ထုတွေ ရှိတဲ့အကြောင်းကို သုဘလုလင်က လျှောက်ထားတော့ ဘုရားရှင်က သုဘလုလင်ကို အကြံပေးတော်မူပြန်တယ် — "အဲဒီခွေးကို ရေမရောတဲ့ နို့ယနာထမင်းကို ဝအောင်ကျွေး၊ ကျွေးပြီးတဲ့ အချိန်အခါမှာ အိပ်ရာကောင်းကောင်းမှာ သိပ်၊ သိပ်လို့ သူအိပ်မပျော်တပျော်အချိန်မှာ အဲဒီခွေးကို သင်မေးကြည့်ပါ။ အဲဒီခွေးက ပစ္စည်းတွေ ဘယ်နေရာမှာ မြှုပ်ထားတယ်ဆိုတာကို သူလိုက်ပြီး ပြလိမ့်မယ်"—

အဲဒီလို ဘုရားရှင်က အမိန့်ရှိတော်မူလိုက်တဲ့ အချိန်အခါမှာ သုဘလုလင်က စဉ်းစားတယ် - "ကဲ - ရှင်ဂေါတမ ပြောတဲ့စကား မှန်ခဲ့မယ်ဆိုရင်လည်း ငါ့ပစ္စည်းတွေ ပြန်ရမယ်၊ မမှန်ဘူးဆိုလို့-ရှိရင်လည်း ရှင်ဂေါတမကို မုသာဝါဒနှင့် ငါနှိပ်ကွပ်မယ်" – ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် သူက အိမ်ကို ဝမ်းမြောက်ဝမ်းသာဖြင့် ပြန်သွားလိုက်တယ်။ ပြန်သွားပြီး မြတ်စွာဘုရား အမိန့်ရှိတော်မူလိုက်တဲ့ အတိုင်း ခွေးကို ရေမရောတဲ့ နို့ယနာထမင်းတွေကို ကျွေးတယ်၊ ကျွေးပြီးတဲ့အချိန်အခါကျတော့ အိပ်ရာကောင်းကောင်းမှာ သိပ်တယ်။ အိပ်မပျော်တပျော်အချိန်မှာ ခွေးကို မေးလိုက်တဲ့အခါ ဒီခွေးက နေပြီးတော့ စိတ်မချမ်းမသာနှင့် သုဘလုလင်ကို သူ့ပစ္စည်းတွေ မြှုပ်ထားတဲ့နေရာ အကုန်လုံးကို လိုက်ပြီးတော့ ခြေထောက်နှင့် ယက်ပြီးတော့ ပြတယ်။ အဲဒီအခါမှာ တူးဖော်ကြည့်လိုက်တဲ့ အချိန်-အခါမှာ မြှုပ်နှံထားတဲ့ပစ္စည်းအားလုံး ပြန်ပြီးတော့ ရပါတယ်၊ ရလိုက်တဲ့အခါကျတော့ သုဘလုလင်-လည်း စိတ်ထဲ ကျေနပ်သွားတယ်။ ကျေနပ်မှုရရှိတဲ့အတွက် သူ ဘယ်လို စဉ်းစားသလဲ? —

**ဘဝပဋိစ္ဆန္နံ နာမ ဧဝံ သုခုမံ ပဋိသန္ဓိအန္တရံ ပါကဋံ သမဏဿ ဂေါတမဿ အဒ္ဓါ ဧသ သဗ္ဗညူ။**[၁၉၇]

ဘဝတစ်ခုဖြင့် ဖုံးကွယ်ထားအပ်တဲ့ ပဋိသန္ဓေတစ်ခု ခြားကွယ်နေတဲ့ ဒီလောက်သိမ်မွေ့တဲ့ အကြောင်းအရာတစ်ခုမည်သည် ရှင်ဂေါတမရဲ့ အသိဉာဏ်မှာ ထင်ရှားနေတယ်၊ မချွတ်ဧကန်အား-ဖြင့် ဤရှင်ဂေါတမဟာ သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင် ဖြစ်တော်မူပါပေတယ်လို့ ဆုံးဖြတ်ချက်ချနိုင်တဲ့

[၁၉၇] မ၃၊၄၊၁၇၆။

အတွက် ဘုရားရှင်အပေါ်၌ သိပ်ကြည်ညိုသွားတယ်။ ဒါကြောင့် သူက ပြဿနာ (၁၄)ရပ်ကို ပြုစီရင်လိုက်ပါတယ်။

ဒီသုဘလုလင်ဟာ အင်္ဂဝိဇ္ဇာအတတ်၌ ကျွမ်းကျင်တဲ့သူတစ်ယောက် ဖြစ်ပါတယ်။ ဒါကြောင့် သူ့ရဲ့သန္တာန်မှာ ဒီလို စိတ်အကြံအစည် ဖြစ်နေတယ်။ ဘယ်လိုဖြစ်သလဲ?

**ဣဒံ ဓမ္မပဏ္ဏာကာရံ ဂဟေတွာ သမဏံ ဂေါတမံ ပဥှေ ပုစ္ဆိဿာမိ။**

**ဣဒံ ဓမ္မပဏ္ဏာကာရံ** = ဤတရားလက်ဆောင်ကို။ **ဂဟေတွာ** = ယူဆောင်သွား၍။ **သမဏံ ဂေါတမံ** = ရဟန်းဂေါတမကို။ **ပဥှေ** = ပြဿနာတို့ကို။ **ပုစ္ဆိဿာမိ** = မေးမြန်းလျှောက်ထားပေအံ့။

"ဒီပြဿနာ (၁၄)ရပ်ဆိုတဲ့ တရားလက်ဆောင်ကို သယ်ဆောင်ပြီးတော့ ရဟန်းဂေါတမထံ-တော်သို့ ချဉ်းကပ်ကာ ပြဿနာတို့ကို မေးမြန်းလျှောက်ထားမယ်" ဒီလို နှလုံးပိုက်ကာ ဒုတိယအကြိမ် သွားခြင်းဖြင့် မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်ခဲ့ပါတယ်။ ခွေးလည်း သေပြီးတော့ ငရဲရောက်သွား-တယ် ဆိုကြစို့။

## ဘာကြောင့် သတ္တဝါတွေဟာ ယုတ်ညံ့ကြရသလဲ မြင့်မြတ်ကြရသလဲ?

အဲဒီအချိန်အခါမှာ — သုဘလုလင်ကနေပြီးတော့ မြတ်စွာဘုရားထံ ချဉ်းကပ်ပြီးတော့ ဒီသတ္တဝါတွေ — ယုတ်ညံ့တဲ့ သတ္တဝါတွေ ဖြစ်ရခြင်းရဲ့အကြောင်း, မွန်မြတ်တဲ့ သတ္တဝါတွေ ဖြစ်ရခြင်းရဲ့ အကြောင်း၊ ဘာတွေအပေါ် အခြေခံပြီးတော့ ဖြစ်ပေါ်ရသလဲဆိုတာကို သူက မေးခွန်း (၁၄)ချက် စီရင်ပြီးတော့ မြတ်စွာဘုရားထံ လျှောက်ထားတော်မူပါတယ်။ ဘယ်လို လျှောက်ထားတော်မူသလဲ?

**ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မနုဿာနံယေဝ သတံ မနုဿဘူတာနံ ဒိဿန္တိ ဟီနပ္ပဏီတတာ။**[၁၉၈]

**ဘော ဂေါတမ** = အို အရှင်ဂေါတမ . . . ။ **ယေန** = အကြင်အကြောင်းတရားကြောင့် (ဝါ) အကြင်အထောက်အပံ့ကြောင့်။ **မနုဿာနံယေဝ** = လူတို့သည်သာလျှင်။ **သတံ** = ဖြစ်ကြပါကုန်-လျက်။ **မနုဿဘူတာနံ** = လူသားဖြစ်၍ ဖြစ်ကြကုန်သောသူတို့၏။ **ဟီနပ္ပဏီတတာ** = အယုတ် အမြတ်တို့၏အဖြစ်ကို။ **ဒိဿန္တိ** = တွေ့မြင်၍ နေကြရပါကုန်၏။ **သော ဟေတု** = ထိုယုတ်ညံ့သော သတ္တဝါ ဖြစ်ဖို့ရန်, မွန်မြတ်သော သတ္တဝါ ဖြစ်ဖို့ရန် တိုက်ရိုက် ဖြစ်ပေါ်စေတတ်တဲ့ ဟေတုအကြောင်း-တရား ဇနကအကြောင်းတရားသည်ကား။ **ကော နု ခေါ** = အဘယ်ပါနည်း။ **သော ပစ္စယော** = ထိုယုတ်ညံ့တဲ့ သတ္တဝါ မြင့်မြတ်တဲ့ သတ္တဝါ ဖြစ်ဖို့ရာ အားပေးထောက်ပံ့နေတဲ့ ဥပတ္ထမ္ဘကအကြောင်း တရား ပစ္စယအကြောင်းတရားသည်ကား။ **ကော နု ခေါ** = အဘယ်ပါနည်း။

"မြတ်စွာဘုရား . . . လောကမှာ ယုတ်ညံ့တဲ့ သတ္တဝါတွေလည်း ရှိကြတယ်၊ မွန်မြတ်တဲ့ သတ္တဝါတွေလည်း ရှိကြတယ်။ ယုတ်ညံ့တဲ့ သတ္တဝါတွေ ဖြစ်ဖို့ရာ မွန်မြတ်တဲ့ သတ္တဝါတွေ ဖြစ်ဖို့ရာ

[၁၉၈] မ၊၃၊၂၄၃။

တိုက်ရိုက် ဖြစ်ပေါ်စေတတ်တဲ့ ဟေတုအကြောင်းတရား ဇနကအကြောင်းတရားတွေက ဘာတွေ-ပါလဲ၊ အားပေးထောက်ပံ့နေတဲ့ ဥပတ္ထမ္ဘကအကြောင်းတရား ပစ္စယအကြောင်းတရားတွေက ဘာတွေပါလဲ”လို့ မြတ်စွာဘုရားကို သူက မေးမြန်းလျှောက်ထားတော်မူပါတယ်၊ ဒီလို မေးမြန်းလျှောက်ထားတော်မူရုံတွင်သာ မကသေးဘူး။ ဆက်ပြီးတော့လည်း သူက လျှောက်ထားတော်မူပြန်တယ်။

## ပြဿနာ (၁၄) ချက်

**ဒိဿန္တိ ဟိ ဘော ဂေါတမ မနုဿာ အပ္ပါယုကာ၊ ဒိဿန္တိ ဒီဃာယုကာ။**[၁၉၉]

**ဘော ဂေါတမ** = အို အရှင်ဂေါတမ . . .။ **အပ္ပါယုကာ** = တိုသော အသက်ရှိကြကုန်သော (ဝါ) အသက်တိုကြကုန်သော။ **မနုဿာပိ** = လူသားတို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်နေရပါကုန်၏။ **ဒီဃာယုကာ** = ရှည်သော အသက်ရှိကြကုန်သော (ဝါ) အသက်ရှည်ကြကုန်သော။ **မနုဿာပိ** = လူသားတို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်နေရပါကုန်၏။

“အရှင်ဂေါတမ . . . လောကမှာ အသက်ရှည်ကြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း တွေ့မြင်ကြရတယ်၊ အသက်တိုကြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း တွေ့မြင်ကြရတယ်။”

**ဒိဿန္တိ ဗဝှာဗာဓာ၊ ဒိဿန္တိ အပ္ပါဗာဓာ။**[၂၀၀]

**ဘော ဂေါတမ** = အို ရှင်ဂေါတမ . . .။ **ဗဝှာဗာဓာ** = အနာရောဂါ များပြားကုန်သော လူသားတို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်ကြရပါကုန်၏။ **အပ္ပါဗာဓာ** = အနာရောဂါ ကင်းကုန်သော လူသားတို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်ကြရပါကုန်၏။

“အနာရောဂါ ထူပြောကြတဲ့ ပုဂ္ဂိုလ်တွေ လူသားတွေကိုလည်း တွေ့မြင်ကြရတယ်၊ အနာရောဂါ ကင်းနေကြတဲ့ လူသားတွေကိုလည်း တွေ့မြင်ကြရပါတယ်။”

**ဒိဿန္တိ ဒုဗ္ဗဏ္ဏာ၊ ဒိဿန္တိ ဝဏ္ဏဝန္တော။**[၂၀၁]

**ဘော ဂေါတမ** = အို အရှင်ဂေါတမ . . .။ **ဒုဗ္ဗဏ္ဏာ** = ရုပ်အဆင်း မလှကြကုန်သော လူသားတို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်၍ နေကြရပါကုန် ၏။ **ဝဏ္ဏဝန္တော** = ရုပ်အဆင်းလှပ၍ နေကြကုန်သော လူသားတို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်၍ နေကြရပါကုန်၏။

“အဆင်းလှကြတဲ့ လူသားတွေကိုလည်း တွေ့မြင်ကြရတယ်၊ အဆင်းမလှကြတဲ့ လူသားတွေကိုလည်း တွေ့မြင်ကြရတယ်။”

**ဒိဿန္တိ အပ္ပေသက္ခာ၊ ဒိဿန္တိ မဟေသက္ခာ။**[၂၀၂]

**အပ္ပေသက္ခာ** = အခြေအရံ အကျော်အစော နည်းပါးတဲ့ လူသားတို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်ကြရပါကုန်၏။ **မဟေသက္ခာ** = အခြေအရံ အကျော်အစော ကြီးမားတဲ့ ပုဂ္ဂိုလ်တွေကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်ကြရပါကုန်၏။

၁၉၉, ၂၀၀, ၂၀၁, ၂၀၂ မ၊၃၊၂၄၃။

"အခြေအရံ နည်းပါးကြတဲ့ ပုဂ္ဂိုလ်, တန်ခိုး နည်းပါးကြတဲ့ ပုဂ္ဂိုလ်, ကျော်စောသတင်း နည်းပါးနေကြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း တွေ့မြင်ကြရပါတယ်၊ အခြေအရံ များပြားနေကြတဲ့ ပုဂ္ဂိုလ်, ဘုန်းတန်ခိုးကြီးမားနေကြတဲ့ ပုဂ္ဂိုလ်, ဂုဏ်သတင်း ကျော်ကြားတဲ့ ပုဂ္ဂိုလ် ဒီလိုပုဂ္ဂိုလ်တွေကိုလည်း လောကမှာ တွေ့မြင်နေကြရပါတယ်။"

**ဒိဿန္တိ အပ္ပဘောဂါ၊ ဒိဿန္တိ မဟာဘောဂါ။**[၂၀၃]

**အပ္ပဘောဂါ** = နည်းပါးသော စည်းစိမ်ဥစ္စာရှိကြကုန်သော လူသားတို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်ကြရပါကုန်၏။ **မဟာဘောဂါ** = စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝတဲ့ လူသားတို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်ကြရပါကုန်၏။

"စည်းစိမ်ဥစ္စာ နည်းပါးကြတဲ့ ပုဂ္ဂိုလ် ဆင်းရဲကြတဲ့ ပုဂ္ဂိုလ်တွေကိုလည်း တွေ့မြင်ကြရတယ်, စည်းစိမ်ဥစ္စာ ပေါများကြွယ်ဝကြတဲ့ ချမ်းသာကြတဲ့ လူတွေကိုလည်း တွေ့မြင်နေကြရတယ်"တဲ့။

**ဒိဿန္တိ နီစကုလီနာ၊ ဒိဿန္တိ ဥစ္စာကုလီနာ။**[၂၀၄]

**နီစကုလီနာ** = ယုတ်ညံ့တဲ့ အမျိုးအနွယ်ရှိကြတဲ့ ပုဂ္ဂိုလ်တို့ကိုလည်း (ဝါ) အမျိုးယုတ်ညံ့တဲ့ ပုဂ္ဂိုလ်တို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်နေကြရပါကုန်၏။ **ဥစ္စာကုလီနာ** = အမျိုးမြင့်မြတ်တဲ့ ပုဂ္ဂိုလ်-တို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်နေကြရပါကုန်၏။

"အမျိုးမြတ်တဲ့ လူသားတွေ အမျိုးယုတ်ညံ့တဲ့ လူသားတွေကိုလည်း လောကမှာ တွေ့မြင်နေကြရပါတယ်"တဲ့။

**ဒိဿန္တိ ဒုပ္ပညာ၊ ဒိဿန္တိ ပညဝန္တော။**[၂၀၅]

**ဒုပ္ပညာ** = ပညာနည်းပါးကုန်သော ပုဂ္ဂိုလ်တို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်နေကြရပါကုန်၏။ **ပညဝန္တော** = ဉာဏ်ပညာကြီးမားကုန်သော ပုဂ္ဂိုလ်တို့ကိုလည်း။ **ဒိဿန္တိ** = တွေ့မြင်နေကြရပါကုန်၏။

"လောကမှာ အသိအလိမ္မာဉာဏ်ပညာ အင်မတန် ထူထိုင်းတဲ့ အတဲ့ ပုဂ္ဂိုလ်တွေကိုလည်း တွေ့မြင်ကြရတယ်၊ ဉာဏ်ပညာ အလွန်ကြီးမားတဲ့ ဉာဏ်ပညာ အလွန်ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေကိုလည်း လောကမှာ တွေ့မြင်နေကြရတယ်"တဲ့။

**ကော နု ခေါ ဘော ဂေါတမ ဟေတု ကော ပစ္စယော၊ ယေန မနုဿာနံယေဝ သတံ မနုဿဘူတာနံ ဒိဿန္တိ ဟီနပ္ပဏီတတာတိ။**[၂၀၆]

**ဘော ဂေါတမ** = အို အရှင်ဂေါတမ . . .။ **ယေန** = အကြင်အကြောင်းတရားကြောင့် (ဝါ) အကြင်အထောက်အပံ့ကြောင့်။ **မနုဿာနံယေဝ** = လူသားတို့သည်သာလျှင်။ **သတံ** = ဖြစ်ကြပါ-ကုန်လျက်။ **မနုဿဘူတာနံ** = လူသားတို့ ဖြစ်ကြကုန်သော သူတို့၏။ **ဟီနပ္ပဏီတတာ** = အယုတ်

[၂၀၃, ၂၀၄, ၂၀၅, ၂၀၆] မ၊၃၊၂၄၃။

အမြတ်၏အဖြစ်ကို။ **ဒိဿန္တိ** = တွေ့မြင်၍ နေကြရပါကုန်၏။ **ကော ဟေတု** = ထို ယုတ်ညံ့သော သတ္တဝါ ဖြစ်ဖို့ရန်, မွန်မြတ်သော သတ္တဝါ ဖြစ်ဖို့ရန် တိုက်ရိုက် ဖြစ်ပေါ်စေတတ်သော ဟေတု အကြောင်းတရား ဇနကအကြောင်းတရားသည်ကား။ **ကော နု ခေါ** = အဘယ်ပါနည်း။ **သော ပစ္စယော** = ထိုယုတ်ညံ့သော သတ္တဝါ ဖြစ်ဖို့ရန်, မွန်မြတ်သော သတ္တဝါ ဖြစ်ဖို့ရန် အားပေးထောက်ပံ့နေတဲ့ ဥပတ္ထမ္ဘကအကြောင်းတရား ပစ္စယအကြောင်းတရားသည်ကား။ **ကော နု ခေါ** = အဘယ်ပါ-နည်း။ **ဣတိ** = ဤသို့ မေးမြန်းလျှောက်ထားတော်မူလိုက်လေပြီ။

ပေါင်းလိုက်တော့ ပြဿနာဘယ်နှစ်ချက်လဲ? (၁၄)ချက်။

## ဘုရားရှင်၏ အဖြေ

ယုတ်ညံ့တဲ့သတ္တဝါ ဖြစ်ရခြင်း, မွန်မြတ်တဲ့သတ္တဝါ ဖြစ်ရခြင်းရဲ့ အကြောင်းရင်းတွေဟာ ဘာတွေလဲလို့ ပြန်ပြီးတော့ မေးမြန်းလျှောက်ထားတော်မူတယ်။ အဲဒီလို ပြဿနာ (၁၄)ခုတို့ကို မေးမြန်းလျှောက်ထားတော်မူလိုက်တဲ့ အချိန်အခါကျတော့မှ မြတ်စွာဘုရားရှင်က ရှေးဦးစွာ အကျဉ်းအားဖြင့် ဒီလို ဖြေကြားတော်မူလိုက်ပါတယ် —

**ကမ္မဿကာ မာဏဝ သတ္တာ ကမ္မဒါယာဒါ ကမ္မယောနီ ကမ္မဗန္ဓူ ကမ္မပ္ပဋိသရဏာ၊ ကမ္မံ သတ္တေ ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယာတိ။**[၂၀၇]

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **သတ္တာ** = သတ္တဝါတို့သည်။ **ကမ္မဿကာ** = ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြပေကုန်၏။ **ကမ္မဒါယာဒါ** = ကံသာလျှင် အမွေခံဥစ္စာ ရှိကြပေကုန်၏။ **ကမ္မယောနီ** = ကံသာလျှင် အကြောင်းရင်းစစ် ရှိကြပေကုန်၏။ **ကမ္မဗန္ဓူ** = ကံသာလျှင် အဆွေခင်-ပွန်းစစ် ရှိကြပေကုန်၏။ **ကမ္မပ္ပဋိသရဏာ** = ကံသာလျှင် ပုန်းအောင်းလဲလျောင်း မှီခိုရာ ရှိကြပေကုန်-၏။ **ကမ္မံ** = ကံသည်။ **သတ္တေ** = သတ္တဝါတို့ကို။ **ဟီနပ္ပဏီတတာယ** = အယုတ်အညံ့ဖြစ်ဖို့ အမွန်အမြတ်ဖြစ်ဖို့ရန်။ **ဝိဘဇတိ** = ခွဲခြားဝေဖန်၍ ပေးပေ၏။

"ဒကာတော် သုဘလုလင် . . . သတ္တဝါတွေဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်၊ ကံသာလျှင် အမွေခံဥစ္စာ ရှိကြတယ်၊ ကံသာလျှင် အကြောင်းရင်းစစ် ရှိကြတယ်၊ ကံသာလျှင် အဆွေခင်ပွန်းစစ် ရှိကြတယ်၊ ကံသာလျှင် ပုန်းအောင်းလဲလျောင်း မှီခိုရာ ရှိကြတယ်။ သတ္တဝါတစ်ဦး ယုတ်ညံ့ဖို့ရန်အတွက် ကံက ခွဲတမ်းချပေးပါတယ်။ သတ္တဝါတစ်ဦး မြင့်မြတ်ဖို့ရန်အတွက် ကံကပဲ ခွဲတမ်းချပေးပါတယ်"လို့ — ဒီလို မြတ်စွာဘုရားက အကျဉ်းချုပ် ဖြေတော်မူလိုက်ပါတယ်။

ဘာဖြစ်လို့ ဘုရားရှင်က အကျဉ်းချုပ်အားဖြင့် ဖြေဆိုတော်မူရသလဲဆိုတော့ သတ္တဝါတွေဟာ တော်တော်လေး ခက်တယ်။ အထူးသဖြင့် ပုဏ္ဏားတွေပေါ့။ သူတို့က ဝေဒကျမ်းတွေကို ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြတော့ သူတို့ကိုယ် သူတို့ ပညာရှိလို့ ယူဆကြတယ်။ အဲဒီလို ပညာရှိလို့ ယူဆနေကြတဲ့ ပုဂ္ဂိုလ်တွေကို မြတ်စွာဘုရားက များသောအားဖြင့် မာန်မာနကို ကျသွားအောင်

---

[၂၀၇] မ၊၃၊၂၄၄။

အကျဉ်းချုပ်ကလေးကို ပထမ ဟောပေးတော်မူပါတယ်။ အကျဉ်းချုပ် ဟောတော်မူပြီးမှ အကျယ်ကို နောက်ထပ် ထပ်ပြီးတော့ ဟောပေးတော်မူပါတယ်။ ပထမကတည်းက အကျယ်ကို ဟောလိုက်ရင် သူတို့က ဘာပြောတတ်ကြသလဲ? သြော် . . . ရှင်ဂေါတမ ဟောတော်မူတဲ့တရားတွေဟာ တို့ သိပြီးသားတွေပဲလို့ သူတို့က ဒီလို ပြုလုပ်တတ်ကြတယ်၊ ပြောဆိုတတ်ကြတယ်။

လောကမှာ လူတွေက ခက်သားပဲ၊ စကားပြောကြည့်ရင် တွေ့ကြမှာပေါ့။ တချို့ စကားပြော လိုက်လို့ရှိရင် သူ မသိတာ မရှိဘူး၊ သူ အကုန်သိပြီးသားချည်းပဲ။ အဲဒီလို ပုဂ္ဂိုလ်တွေ လောကမှာ မရှိကြဘူးလား? ရှိကြပါတယ်။ ဒီအတိုင်းပဲ။ ဒါကြောင့် မြတ်စွာဘုရားက ခပ်ကျဉ်းကျဉ်းပဲ ဟောတော် မူလိုက်တော့ သူက နားမလည်ဘူး၊ နားမလည်တဲ့အတွက် – "မြတ်စွာဘုရား . . . ဘုရားရှင် ဟောကြားတော်မူလိုက်တဲ့ တရားက သိပ်ကျဉ်းနေတယ်၊ တပည့်တော် နားမလည် ဖြစ်နေပါတယ်၊ တပည့်တော် နားလည်နိုင်လောက်တဲ့ အခြင်းအရာအားဖြင့် အကျယ်ဝေဖန်ပြီးတော့ ဟောကြားပြသ ဆိုဆုံးမပေးတော်မူပါ"လို့ ထပ်ပြီး ဆိုဆုံးမပေးတော်မူရန်အတွက် မြတ်စွာဘုရားအား လျှောက်ထား တောင်းပန်တော့ ဘုရားရှင်ကလည်း အကျယ်ချဲ့ပြီးတော့ ထပ်ပြီး ဝေဖန်ပြီး ဟောကြားပေးတော်မူ ပါတယ်။ ဘယ်လို ဟောကြားပေးတော်မူသလဲ?

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **တေန ဟိ** = ထိုသို့ ဖြစ်ခဲ့ပါမူကား။ **သုဏာဟိ** = နာကြားပေတော့။ **သာဓုကံ** = ကောင်းမွန်ရိုသေစွာ။ **မနသိကရောဟိ** = နှလုံးသွင်းပေတော့။ **ဘာသိဿာမိ** = ငါဘုရား ဟောကြားပြသ ဆိုဆုံးမပေးတော်မူပေအံ့။

"ဒီလိုဆိုရင်တော့ နာပေတော့ သုဘလုလင် – ငါဘုရား ဟောကြားပေးတော်မူမယ်"လို့ မိန့်ကြားတော်မူပြီးနောက် ဘုရားရှင်က အကျယ်တဝင့်အားဖြင့် တရားတော်ကို ဆက်လက်က ဤသို့ ဟောကြားပေးတော်မူပါတယ်။

## အသက်တိုရခြင်း၏ အကြောင်းရင်း

**ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ပါဏာတိပါတီ ဟောတိ၊ လုဒ္ဒေါ လောဟိတပါဏိ ဟတပဟတေ နိဝိဋ္ဌော အဒယာပန္နော ပါဏဘူတေသု၊ သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**[၂၀၈]

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **ဣဓ** = ဤလောက၌။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်း- ကောင်း။ **ပါဏာတိပါတီ** = သူ့အသက်ကို သတ်လေ့ရှိသည်။ **ဟောတိ** = ဖြစ်၏။ **လုဒ္ဒေါ** = ရက်စက် ကြမ်းကြုတ်သော စိတ်ထားရှိသည်။ **ဟောတိ** = ဖြစ်၏။ **လောဟိတပါဏိ** = သွေးစွန်းသောလက် အမြဲရှိသည်။ **ဟောတိ** = ဖြစ်၏။

အမျိုးသားတစ်ယောက်ပဲဖြစ်ဖြစ် အမျိုးသမီးတစ်ယောက်ပဲဖြစ်ဖြစ် အချို့အချို့သော သူဟာ

---

[၂၀၈] မ၊၃၊၂၄၄။

သူ့အသက်ကို သတ်လေ့ရှိတယ်၊ ဒါတွင်လားဆိုတော့ မကသေးဘူး၊ ရက်စက်ကြမ်းကြုတ်တဲ့ စိတ်ထားလည်း ရှိနေပြန်တယ်၊ သူ့လက်ကို ကြည့်လိုက်လို့ရှိရင်လည်း သတ္တဝါတွေရဲ့ သွေးတွေနှင့် အမြဲတမ်း လိမ်းကျံပေကျံပြီးတော့နေတယ်၊ သွေးစွန်းသောလက် အမြဲရှိနေတယ်။

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **ဣဓ** = ဤလောက၌။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်း-ကောင်း။ **ပါဏာတိပါတီ** = သူ့အသက်ကို သတ်လေ့ရှိသည်။ **ဟောတိ** = ဖြစ်၏။ **လုဒ္ဒေါ** = ရက်စက်ကြမ်းကြုတ်သော စိတ်ထားရှိသည်။ **လောဟိတပါဏိ** = သွေးစွန်းသောလက်ရှိသည်။ **ဟတပဟတေ** = သတ်ဖြတ်ညှဉ်းဆဲခြင်းအမှု၌။ **နိဝိဋ္ဌော** = သက်ဝင်၍တည်နေသည်။ **ဟောတိ** = ဖြစ်၏။ **ပါဏဘူတေ-သု** = သတ္တဝါတို့အပေါ်၌။ **အဒယာပန္နော** = ကြင်နာသော စိတ်ထား မရှိသည်။ **ဟောတိ** = ဖြစ်၏။

သူတစ်ပါးတွေကို သတ်ဖြတ်ဖို့ ပုတ်ခတ်ဖို့ ညှဉ်းပန်းဖို့ နှိပ်စက်ဖို့အတွက် သူ့စိတ်ဓာတ်က အမြဲတမ်း သက်ဝင်တည်နေတယ်။ လောကမှာ လူတွေ ကြည့်ပေါ့ — သူတစ်ပါး စိတ်ဆင်းရဲအောင် ပြောလိုက်ရ ဆိုလိုက်ရရင် အားရကျေနပ်တဲ့ ပုဂ္ဂိုလ်တွေ မရှိကြဘူးလား? ရှိကြတယ်။ သူတစ်ပါးကို ညှဉ်းပန်းနေရတာ နှိပ်စက်နေရတာကိုပဲ စိတ်ထဲမှာ အင်မတန် အားရကျေနပ်နေတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိနေကြပြန်တယ်။ အဲဒီလို သူတစ်ပါးတွေကို သတ်ဖြတ်ဖို့ ညှဉ်းပန်းဖို့ နှိပ်စက်ဖို့ လုပ်ငန်းရပ်တွေ အပေါ်၌ စိတ်ဓာတ်က အမြဲတမ်း သက်ဝင်တည်နေတယ်။ ကလေးဘဝကို ပြန်ကြည့်လိုက်ပေါ့— ပုစဉ်းကလေးတွေကိုဖမ်း, ပုစဉ်းဖင်မြီးကလေးတွေမှာ ကြိုးကလေးချည် ခဲကလေးဆွဲပြီး လွှတ်လိုက်ရမယ်ဆိုရင် စိတ်ထဲမှာ ဘယ့်နှယ်နေမလဲ? တော်တော် ပျော်ကြတယ်၊ ဟုတ်တယ် မဟုတ်လား? ဒီသတ္တဝါကလေးတွေကို ဟိုဟာနှင့် လိုက်ပုတ် ဒီဟာနှင့် လိုက်ပုတ် ဒီဟာနှင့် လိုက်ပစ် ခဲနှင့်ပစ် တုတ်နှင့်ရိုက် စသည်ဖြင့် ဒီလိုပြုလုပ်ရတာကို စိတ်ထဲမှာ အင်မတန် ကျေနပ်ကြတယ်။

အဲဒီလို သတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက်တဲ့အပေါ်၌ စိတ်ဓာတ်က အမြဲတမ်း ကိန်းဝပ်တည်-နေတယ်။ တချို့ သားလိုက်တတ်တဲ့ မုဆိုးကြည့်ပေါ့၊ ဒီလို မုဆိုးလုပ်ငန်းရပ်သည် မကောင်းဘူးဆိုတာကို ဆရာသမားတွေကသော်လည်းကောင်း, မိဘတွေကသော်လည်းကောင်း သွန်သင်ဆုံးမပေမဲ့လို့ သူက ဒီလုပ်ငန်းခွင်အပေါ်၌ စိတ်ဓာတ်က အမြဲတမ်း ကိန်းဝပ်ပြီး တည်နေတယ်ဆိုရင် သူ့ကို ဒီလုပ်ငန်းရပ်တွေက တားမြစ်ဖို့ အင်မတန် ခက်ခဲတယ်။

အဲဒီအတိုင်းပဲ — အခု သတ္တဝါတစ်ဦးကို ကြည့်လိုက်တော့ အမျိုးသမီးပဲဖြစ်ဖြစ် အမျိုးသားပဲဖြစ်ဖြစ် သူများအသက်ကို သတ်ရမှာ သိပ်ဝန်မလေးဘူး၊ ခြင်တစ်ကောင်ကို သတ်လိုက်ရမှာ ဝန်မလေးဘူး၊ သူများ အတင်းအဖျင်း ပြောပြီးတော့ တစ်ယောက်ခေါင်း တစ်ယောက် သန်းရှာပြီး သန်းတုတ်ရမှာလည်း ဝန်မလေးဘူး။ အဲဒီတော့ ရက်စက်ကြမ်းကြုတ်တဲ့ စိတ်ထား အမြဲရှိနေတယ်၊ လက်ထဲမှာ သွေးတွေ အမြဲတမ်း စွန်းနေတယ်၊ သူတစ်ပါးတွေကို သတ်ဖြတ်ဖို့ ညှဉ်းပန်းဖို့ နှိပ်စက်ဖို့ ဆိုတဲ့ လုပ်ငန်းရပ်တွေမှာ သက်ဝင်တည်နေတဲ့ စိတ်ထား ရှိနေတယ်၊ သတ္တဝါတွေရဲ့အပေါ်၌ ကြင်နာတဲ့ စိတ်ထား မရှိဘူး။ မရှိတော့ ဘာဖြစ်သလဲ?

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**[၂၀၉]

**သော** = ထိုပါဏာတိပါတကံ ထူပြော၍နေတဲ့ ပုဂ္ဂိုလ်သည်။ **ဧဝံ** = ဤသို့။ **သမတ္တေန** = ပြည့်စုံ၍နေသော (ဝါ) ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်၍ ထားအပ်သော။ **ဧဝံ** = ဤသို့။ **သမာဒိန္နေန** = ကောင်းစွာ ဆောက်တည်၍ ထားအပ်သော။ **တေန ကမ္မေန** = ထိုပါဏာတိပါတ အကုသိုလ်ကံကြောင့်။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေသေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှ မရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **ဥပပဇ္ဇတိ** = ကပ်ရောက်ရပေ၏။

ပါဏာတိပါတကံ ဦးဆောင်နေတဲ့ သူတစ်ပါးတွေကို ညှဉ်းပန်းနှိပ်စက်တဲ့ကံ၊ သတ္တဝါတွေအပေါ်မှာ ကြင်နာတဲ့စိတ်ထား မရှိတဲ့ ဒီအကုသိုလ်ကံတွေ၊ အဲဒီကံတွေကို ပြည့်ပြည့်စုံစုံ ပြုကျင့်ထား-တဲ့ ပြည့်ပြည့်စုံစုံ ဆောက်တည်ထားတဲ့ လွန်ကျူးထားတဲ့ ပုဂ္ဂိုလ်ဟာ ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်ကာလမှာ ချမ်းသာဟူ၍ မြူငွေ့မျှ မရှိတဲ့ မကောင်းမှုပြုသူ ဒုစရိုက်သမားတို့ရဲ့ လားရောက်ရာဖြစ်တဲ့ အလိုအာသာဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်တဲ့ ငရဲသို့ ရောက်သွားတယ်။ ငရဲကို ဘယ်သူမှ မသွားချင်ဘူး၊ သွားလိုတဲ့ ဆန္ဒဓာတ် တစ်ဦးမှ မရှိဘူး။ ငရဲသွားလိုတဲ့ ဆန္ဒဓာတ် မရှိပေမဲ့ ရောက်မသွားရဘူးလား? ရောက်သွားရတယ်၊ ဘာကြောင့်လဲ?

**သော တေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန . . .**

**ဧဝံ သမတ္တေန** = ဤသို့ ပြည့်ပြည့်စုံစုံ ပြုကျင့်၍ ထားအပ်သော။ **ဧဝံ သမာဒိန္နေန** = ဤသို့ ပြည့်ပြည့်စုံစုံ ကောင်းစွာ ဆောက်တည်၍ ထားအပ်သော။ **တေန ကမ္မေန** = ထိုပါဏာတိပါတ အကုသိုလ်ကံကြောင့် . . .

ပြည့်ပြည့်စုံစုံ မိမိ လွန်ကျူး၍ထားအပ်တဲ့ အကုသိုလ်ကံ၊ ပါဏာတိပါတ ဦးဆောင်နေတဲ့ အကုသိုလ်ကံ၊ ပြည့်ပြည့်စုံစုံ ပြုကျင့်ထားတဲ့ ဆောက်တည်ထားတဲ့ ဒီအကုသိုလ်ကံကြောင့် ကိုယ်ခန္ဓာ ပျက်စီးပြီးသည်မှ နောက်ကာလ၌ ငရဲရောက်ရှိသွားပြီ၊ အကယ်၍ ငရဲမရောက်ခဲ့ဘူးဆိုရင် ဘာဖြစ်-မလဲ? သို့မဟုတ် အကြောင်းမလှလို့ ငရဲက လွတ်လာပြီးတဲ့ အချိန်အခါမှာ ဘာဖြစ်မလဲ? လူ့ဘဝ ခုလို လူ့လောက ရောက်လာတဲ့အခါ —

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ အပ္ပါယုကော ဟောတိ။ အပ္ပါယုကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ပါဏာတိပါတီ ဟောတိ၊ လုဒ္ဒေါ လောဟိတပါဏိ ဟတပဟတေ နိဝိဋ္ဌော အဒယာပန္နော ပါဏဘူတေသု။**[၂၁၀]

---

[၂၀၉, ၂၁၀] မ၊၃၊၂၄၄။

**မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှ မရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **နော စေ ဥပပဇ္ဇတိ** = အကယ်၍ မကပ်ရောက်ရသည် ဖြစ်ငြားအံ့။

(ငရဲသို့ အကယ်၍ ရောက်မသွားဘူးဆိုရင် ဘာဖြစ်သလဲ?)

**မနုဿတ္တံ** = လူအဖြစ်သို့ (ဝါ) လူ့လောကသို့။ **သစေ အာဂစ္ဆတိ** = အကယ်၍ ရောက်ရှိလာခဲ့သည် ဖြစ်ငြားအံ့။ **ယတ္ထ ယတ္ထ** = အကြင်အကြင် ဘဝ၌။ **ပစ္စာဇာယတိ** = ပဋိသန္ဓေအားဖြင့် တစ်ဖန် ဖြစ်ပေါ်၍လာရပေ၏။ **တတ္ထ တတ္ထ** = ထိုထိုပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်၍လာရာ ဤလူ့-လောက၌။ **အပ္ပါယုကော** = တိုသော အသက်ရှိသည် (ဝါ) အသက်တိုသည်။ **ဟောတိ** = ဖြစ်၏။

လူ့လောက အကြောင်းမလှလို့ ရောက်ရှိလာခဲ့မယ်ဆိုရင် — အကြောင်းကတော့ လှသင့်သလောက်တော့ လှပါတယ်။ မလှဘူးဆိုတာက တစ်ဖက်က ပါဏာတိပါတကံတွေကလည်း လွှမ်းကျူးထားလို့ပြောတာ၊ ငရဲ မရောက်ဘဲနှင့် အကယ်၍ လူလောက ရောက်ခဲ့မယ်ဆိုရင် ရောက်-လေရာဘဝမှာ ဘာဖြစ်သလဲ? **အပ္ပါယုကော ဟောတိ** - အသက်တိုတယ်။

**အပ္ပါယုကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ပါဏာတိပါတီ ဟောတိ၊ လုဒ္ဒေါ လောဟိတပါဏိ ဟတပဟတေ နိဝိဋ္ဌော အဒယာပန္နော ပါဏဘူတေသု။**[၂၁၁]

**မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ယော** = အကြင်သူသည်။ **ပါဏာတိပါတီ** = သူ့အသက်ကို သတ်လေ့ရှိသည်။ **ဟောတိ** = ဖြစ်၏။ **လုဒ္ဒေါ** = ရက်စက်ကြမ်းကြုတ်သော စိတ်ထားရှိသည်။ **ဟောတိ** = ဖြစ်၏။ **လောဟိတပါဏိ** = သွေးစွန်းသောလက်ရှိသည်။ **ဟတပဟတေ** = သတ်ဖြတ်ညှဥ်းဆဲခြင်း လုပ်ငန်းရပ်၌။ **နိဝိဋ္ဌော** = သက်ဝင်၍ တည်နေသော စိတ်ထားရှိသည်။ **ပါဏဘူတေသု** = သတ္တဝါတို့အပေါ်၌။ **အဒယာပန္နော** = ကြင်နာခြင်းကင်းသော စိတ်ထားရှိသည်။ **ဟောတိ** = ဖြစ်၏။ **ဧသာ** = ဤကဲ့သို့သော သူ့အသက်ကို သတ်ခြင်း အစရှိသော လုပ်ငန်းရပ်ကျင့်စဥ်သည်။ **အပ္ပါယုကသံဝတ္တနိကာ** = တိုသောအသက်ကို ဖြစ်စေတတ်သော။ **ပဋိပဒါ** = ကျင့်စဥ်သည်။ **ဟောတိ** = ဖြစ်ပါပေ၏။

အသက်တိုကြောင်းဖြစ်တဲ့ ကျင့်စဥ်ဟာ ဘာလဲ? သူ့အသက်ကို သတ်ခြင်း, သူတစ်ပါးတွေကို သတ်ဖြတ်ညှဥ်းပန်းနှိပ်စက်ခြင်း, သွေးစွန်းသောလက်ရှိခြင်း, သတ္တဝါတွေအပေါ်၌ ကြင်နာခြင်းကင်းတဲ့ စိတ်ထားရှိခြင်း၊ အဲဒီစိတ်ထားတွေသည် ဘာဖြစ်သလဲ? အသက်တိုခြင်းရဲ့ အကြောင်းတစ်ခုဖြစ်တယ်။ ဒါကြောင့် အသက်တိုတာဟာလည်း အကြောင်းမရှိဘူးလား? ရှိနေပါတယ်။ ဘာ-အကြောင်းလဲ? သူ့အသက်သတ်ခြင်းဆိုတဲ့ ပါဏာတိပါတ အကုသိုလ်ကံပဲ။

---

[၂၁၁] မ၊၃၊၂၄၄။

ဒီနေရာမှာ ရှေးဦးစွာ အတိုချုပ်ကလေးကိုတော့ ဒီလို မှတ်သားထားပါ။ ဥပရိပဏ္ဏာသ အဋ္ဌကထာက ဒီလို ဖွင့်ဆိုထားပါတယ်။

**သန္နိဋ္ဌာနစေတနာယ ဝါ နိရယေ နိဗ္ဗတ္တတိ၊ ပုဗ္ဗာပရစေတနာဟိ ဝုတ္တနယေန အပ္ပါယုကော ဟောတိ။**[၂၀၂]

သူ့အသက်ကို သတ်ခြင်းစတဲ့ သတ္တဝါတွေကို သေကျေပျက်စီးစေတဲ့ သို့မဟုတ် ဆင်းရဲဒုက္ခ အမျိုးမျိုးကို ရောက်စေတဲ့ ညှဉ်းပန်းနှိပ်စက်ခြင်း စတဲ့ အကုသိုလ်ကံတွေကို လွန်ကျူးနေဆဲ အချိန် အခါမှာ ဖြစ်ပေါ်သွားတဲ့ အကုသိုလ်စေတနာကို သန္နိဋ္ဌာနစေတနာလို့ ခေါ်ဆိုပါတယ်။ ပြစ်မှုကို မလွန်ကျူးမီ ရှေ့ပိုင်းမှာ သတ်ဖြတ်ဖို့ သို့မဟုတ် ညှဉ်းပန်းနှိပ်စက်ဖို့ ကြံစည်စိတ်ကူးနေတဲ့ အကုသိုလ် စေတနာ, ပြစ်မှုကို လွန်ကျူးပြီး နောက်ပိုင်းကာလဝယ် မိမိ ကျူးလွန်ထားတဲ့ပြစ်မှုကို ပြန်လည် သတိရတိုင်း စိတ်မချမ်းမသာဖြစ်နေတဲ့ နောက်ပိုင်း အကုသိုလ်စေတနာ, ဒီလို ရှေ့ပိုင်း နောက်ပိုင်း အကုသိုလ်စေတနာတွေကတော့ ယခုလို လူ့ဘဝမှာ အနာရောဂါ ထူပြောခြင်း အသက်တိုခြင်း စတဲ့ မကောင်းတဲ့ အကျိုးတရားတွေကို ဖြစ်ပေါ်စေပါတယ်။[၂၀၃]

## တတိယပါရာဇိကပါဠိတော်၌ လာရှိကြသည့် ရဟန်းတော် (၅၀၀)

တစ်ခုသော ဝါတွင်းအချိန်ကာလတွင် ဘုရားရှင်သည် ဝေသာလီပြည်အနီးရှိ မဟာဝုန်တော အတွင်းဝယ် ပြာသာဒ်ဆောင်ပေါက်သော ဂန္ဓကုဋီကျောင်းတော်၌ ဝါဆိုဝါကပ်တော်မူပါတယ်။ ထိုဝါတွင်းဝယ် ဘုရားရှင်သည် ရဟန်းတော်တို့အား အသုဘဘာဝနာကမ္မဋ္ဌာန်းကို အကျယ်တဝင့် ဟောကြားပြသပေးတော်မူပါတယ်။ သဝိညာဏကအသုဘလို့ ခေါ်ဆိုတဲ့ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ်-တွေရဲ့ (၃၂)ကောဋ္ဌာသတို့၏ ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောကို အာရုံယူကာ အသုဘဘာဝနာ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများဖို့ရန် အသေးစိတ် ညွှန်ကြားပြသပေးတော်မူပါတယ်။ အကျိုးအာနိသင် တွေကိုလည်း ပြည့်ပြည့်စုံစုံ ဟောကြားပြသပေးတော်မူပါတယ်။ ဒါတွင်လားဆိုတော့ မကသေးဘူး၊ အဝိညာဏကအသုဘလို့ ခေါ်ဆိုတဲ့ သေအသုဘဘာဝနာကမ္မဋ္ဌာန်းကိုလည်း ရှုပွားသုံးသပ်ပုံ နည်း-စနစ်များကိုလည်း ဟောကြားပြသပေးတော်မူပါတယ်။ ခုလို ရှင်အသုဘ, သေအသုဘဆိုတဲ့ အသုဘ ဘာဝနာကမ္မဋ္ဌာန်းတွေကို ပွားများအားထုတ်ကြမယ်ဆိုလျှင် ပထမဈာန်သမာဓိအထိ ဆိုက်ရောက်နိုင် တဲ့အကြောင်းကိုလည်းကောင်း, ဒီပထမဈာန်သမာဓိကို ဝိပဿနာရဲ့ အခြေခံပါဒကဈာန်အဖြစ် သမာဓိကို ထူထောင်ပြီးနောက် ဝိပဿနာသို့ ကူးတက်ခဲ့မယ်ဆိုလျှင် အရဟတ္တဖိုလ်ပန်းကို ဆင်မြန်း-နိုင်ကြကြောင်းကိုလည်းကောင်း အကျယ်တဝင့် ဟောကြားပြသပေးတော်မူပါတယ်။ အသုဘဘာဝ-နာရဲ့ ဂုဏ်ကျေးဇူးတွေကိုလည်း များစွာ ချီးမွမ်းတော်မူပါတယ်။ ဒီလို ဟောကြားတော်မူပြီးတဲ့ နောက်ပိုင်းမှာ ဘုရားရှင်က ရဟန်းသံဃာတော်တွေကို ဒီလို ဆက်လက်ပြီးတော့ မိန့်ကြားတော်မူ-လိုက်ပါတယ် — "ရဟန်းတို့ ငါဘုရားရှင်သည် လဝက် = (၁၅)ရက်တို့ပတ်လုံး တစ်ပါးထီးတည်း ကိန်းအောင်းတော်မူပေအံ့၊ ငါဘုရားရှင်ထံသို့ ငါဘုရားရှင်အတွက် ဆွမ်းကို ဆောင်ယူလာတဲ့

[၂၀၂], [၂၀၃] မဋ္ဌ၊၄၊၁၇၉။

ရဟန်းမှတစ်ပါး မည်သည့်ပုဂ္ဂိုလ်မျှ မချဉ်းကပ်ရ”–လို့ ဒီလို အမိန့်ထုတ်ပြန်တော်မူလိုက်တယ်။ ဒီလို အမိန့်ထုတ်ပြန်တော်မူပြီးနောက် ဘုရားရှင်သည် လဝက်ကာလပတ်လုံး တစ်ပါးထီးတည်း ကိန်းအောင်းတော်မူကာ မိမိသမာပတ်ဖြင့် မျှတတော်မူလျက် သီတင်းသုံး စံနေတော်မူခဲ့ပါတယ်။

## အကြောင်းပြချက်

ထိုဝါတွင်းဝယ် မဟာဝုန်ကျောင်းတိုက်အတွင်း ဝါဆိုဝါကပ်တော်မူကြတဲ့ ရဟန်းတော်တွေထဲက ရဟန်းတော် (၅၀၀)တို့ဟာ လွန်ခဲ့သော အတိတ်ဘဝတစ်ခုမှာ မုဆိုးတွေ ဖြစ်ခဲ့ကြပါတယ်။ သူတို့ဟာ လက်နက်မျိုးစုံတို့ဖြင့် တောထဲကိုဝင်ကာ တောကို ဝိုင်းပြီးတော့ သားသမင်တွေကို ဖမ်းဆီးသတ်ပုတ်-ကာ တပေါင်းတစ်စုတည်း ပျော်ရွှင်စွာဖြင့် အတူ အသက်မွေးခဲ့ကြပါတယ်။ သားသမင်တွေကို သတ်ဖြတ်ခဲ့တဲ့ မကောင်းမှု အကုသိုလ်ကံတွေကြောင့် သေသည်၏ အခြားမဲ့မှာ ငရဲသို့ ရောက်ရှိခဲ့ကြ-ပါတယ်။ ငရဲမှ ကျွတ်လာလွတ်လာတဲ့အခါ ရှေးယခင်က ပြုစုပျိုးထောင်ခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်ကံ တစ်ခုခုကြောင့် လူလာဖြစ်ကြရပြန်တယ်။ မိတ်ကောင်းဆွေကောင်း ဆရာကောင်းသမားကောင်း တွေကို အမှီရကြတဲ့အတွက် အဲဒီ အမျိုးသား (၅၀၀)တို့ဟာ ဘုရားရှင်ရဲ့ထံတော်မှာ ရှင်အဖြစ် ရဟန်းအဖြစ်ကို ရရှိခဲ့ကြပါတယ်။

သို့သော် ထိုရဟန်းတော်တို့ မုဆိုးဘဝက ပြုစုပျိုးထောင်ခဲ့ကြတဲ့ ပါဏာတိပါတကံတွေထဲက အကျိုးမပေးကြရသေးတဲ့ အပရာပရိယဝေဒနီယ ခေါ်တဲ့ အနာဂတ်ဘဝထိုထိုမှာ အကျိုးပေးနိုင်တဲ့ စွမ်းအား ရှိကြတဲ့ ကံကြွင်းကလေးတွေက ရှိနေကြသေးတယ်။ အဲဒီကံကြွင်းကလေးတွေက ဒီလဝက်အတွင်းမှာ မိမိတို့ရဲ့ လုံ့လပယောဂဖြင့်သော်လည်းကောင်း, သူတစ်ပါးတို့ရဲ့ လုံ့လပယောဂဖြင့်သော်လည်း-ကောင်း အသက်ကုန်ဆုံးဖို့ရန် အခွင့်အလမ်း ရှိနေတာကို ဘုရားရှင်က မြင်တော်မူပါတယ်။ ကံရဲ့ အကျိုးတရားဆိုတာကတော့ ဘယ်သူမှ တားမြစ်ဖို့ရန် မစွမ်းနိုင်ပါဘူး။ အဲဒီ ရဟန်းတော် (၅၀၀)တို့ အထဲမှာ တချို့ရဟန်းတော်တွေက ပုထုဇန်ရဟန်းတော်တွေ ဖြစ်ကြတယ်။ တချို့ကတော့ သောတာ-ပန်, တချို့ကတော့ သကဒါဂါမ်, တချို့ကတော့ အနာဂါမ်, တချို့ကတော့ ရဟန္တာအရှင်မြတ်တွေ ဖြစ်ကြပါတယ်။ ထိုရဟန်းတော်တွေထဲမှာ ရဟန္တာအရှင်မြတ်တွေကတော့ ပရိနိဗ္ဗာန်စံလွန်တော် မူကြရမှာ ဖြစ်ကြပါတယ်။ နောက်ထပ်တစ်ဖန် ဘဝသစ်မှာ ပဋိသန္ဓေတည်နေရမှု မရှိကြတော့တဲ့ သူတော်ကောင်းတွေ ဖြစ်ကြပါတယ်။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ဆိုတဲ့ အရိယာသူတော်-ကောင်းတွေကတော့ ပျံလွန်တော်မူပြီးကြတဲ့အခါ နတ်ရွာသုဂတိနှင့် ဗြဟ္မာ့ပြည်သို့ ရောက်ရှိ ကြမည့် သူတော်ကောင်းတွေ ဖြစ်ကြပါတယ်။ သို့သော် ပုထုဇန်ရဟန်းတော်တွေကတော့ လားရာဂတိ မမြဲကြ တဲ့ ရဟန်းတော်တွေ ဖြစ်ကြပါတယ်။ ထိုအခါမှာ ဘုရားရှင်က ဒီလို စဉ်းစားတော်မူပါတယ် —

“ဤပုထုဇန်ရဟန်းတော်တွေဟာ မိမိခန္ဓာကိုယ် အတ္တဘောမှာ တွယ်တာမက်မောနေတဲ့ ဆန္ဒရာဂကြောင့် သေဘေးမှ မကြောက်ရွံ့ဖို့ဆိုတာ စွမ်းနိုင်ကြမှာ မဟုတ်ကြဘူး။ လားရာဂတိကို စင်ကြယ်အောင် ပြုလုပ်ဖို့ရန် စွမ်းနိုင်ကြမှာ မဟုတ်ကြဘူး။ ခုအခါမှာ အဲဒီ ပုထုဇန်ရဟန်းတော်တွေရဲ့ မိမိခန္ဓာကိုယ် အတ္တဘောမှာ တွယ်တာမက်မောနေတဲ့ ဆန္ဒရာဂကို ပယ်ရှားနိုင်ဖို့ရန် အသုဘဘာဝနာ

ကမ္မဋ္ဌာန်း ငါဘုရားရှင် ဟောကြားပေးတော်မူမယ်၊ ဒီအသုဘဘာဝနာကမ္မဋ္ဌာန်းတရားကို နာကြားကြရတဲ့အခါမှာ နာကြားထားတဲ့အတိုင်း အသုဘဘာဝနာကို ပွားများခဲ့မယ်ဆိုလျှင် မိမိခန္ဓာကိုယ်အတ္တဘောအပေါ်မှာ တွယ်တာမက်မောနေတဲ့ ဆန္ဒရာဂကို ပယ်ရှားနိုင်ကြလိမ့်မယ်၊ ဒီလို ပယ်ရှားနိုင်ခဲ့လျှင်တော့ သေသည်၏ အခြားမဲ့မှာ မိမိတို့ ပြုစုပျိုးထောင်ထားတဲ့ ကုသိုလ်ကံတွေကြောင့် နတ်ပြည် နတ်လောကမှာ ပဋိသန္ဓေတည်နေကြရလိမ့်မယ်။ ဒီလို နတ်ရွာသုဂတိမှာ ပဋိသန္ဓေတည်နေကြရမယ်ဆိုလျှင်တော့ ဒီရဟန်းတွေအဖို့ ငါဘုရားရှင်ထံတော်မှောက်သို့ လာရောက်ကာ ရှင်ရဟန်းပြုရခြင်းဟာ အကျိုးရှိတဲ့ ရှင်ရဟန်းပြုခြင်း ဖြစ်ပေလိမ့်မယ်” —

ဒီလို သိမြင်တော်မူသည့်အတွက် ဘုရားရှင်က ထိုရဟန်းတော်တွေကို ချီးမြှောက်တော်မူခြင်းငှာ အသုဘဘာဝနာကမ္မဋ္ဌာန်းကို ဟောကြားပေးတော်မူပါတယ်။ သေခြင်းတရားကို ချီးမွမ်းလိုတဲ့အတွက် ဟောကြားတော်မူတာတော့ မဟုတ်ပါဘူး။ သို့သော် ဘုရားရှင်က ဒီလို အသုဘဘာဝနာကမ္မဋ္ဌာန်းကို ဟောကြားတော်မူပြီးတဲ့အခါမှာ ဒီလိုလည်း ဆက်လက်ပြီးတော့ စဉ်းစားတော်မူပါတယ် —

“အကယ်၍ ဒီရဟန်းတော်တွေဟာ ဒီလဝက်ကာလပတ်လုံး ငါဘုရားရှင်ကို ဖူးတွေ့ခွင့်ရရှိနေကြမယ်ဆိုလျှင် ဘာတွေဖြစ်လာနိုင်မလဲ?— ‘ဒီနေ့တော့ ရဟန်းတော်တစ်ပါး ပျံလွန်တော်မူပါတယ် မြတ်စွာဘုရား — ဒီနေ့တော့ နှစ်ပါး။ ပ ။ ဒီနေ့တော့ ဆယ်ပါး ပျံလွန်တော်မူပါတယ် မြတ်စွာဘုရား’ — စသည်ဖြင့် လာရောက်ကြကာ လျှောက်ထားကြလိမ့်မယ်။ ဒီကံရဲ့ အကျိုးတရားဆိုတာကလည်း ငါဘုရားရှင်လည်း တားလို့ မရနိုင်ဘူး၊ အခြားပုဂ္ဂိုလ်တစ်ယောက်ယောက်ကလည်း ဘယ်လိုမျှ တားလို့ မရနိုင်ဘူး၊ ဒီသတင်းစကားတွေကို ကြားနေရလို့လည်း ငါဘုရားရှင်ဟာ ဘာမျှ လုပ်မပေးနိုင်ဘူး၊ ဒီလို အကျိုးမရှိတာတွေ ပျက်စီးနေတာတွေကို ကြားနေရလို့ ဘာအကျိုးရှိမှာလဲ? ယခုအခါ ငါဘုရားရှင်ဟာ ရဟန်းတော်တို့ မမြင်ခြင်းသို့ ချဉ်းကပ်ကာ မိမိ၏ သမာပတ်ဖြင့် မွေ့လျော်ကာ နေထိုင်တော့မယ်” —

ဒီလို စဉ်းစားဆင်ခြင်တော်မူပြီးနောက် ဘုရားရှင်က “ရဟန်းတို့ . . . ငါဘုရားရှင်သည် လဝက်တို့ ကာလပတ်လုံး တစ်ပါးထီးတည်း ကိန်းအောင်းတော်မူခြင်းငှာ အလိုရှိတော်မူ၏။ ငါဘုရားရှင်ထံတော်သို့ ဆွမ်းကို ဆောင်ယူလာသော ရဟန်းတော်မှတစ်ပါး မည်သူမျှ ငါဘုရားရှင်ထံတော်သို့ မချဉ်းကပ်ရ”— ဟု ရဟန်းတော်တို့အား မိန့်ကြားတော်မူလိုက်ပါတယ်။[၂၁၄]

အချို့အချို့သော အပရေဆရာတို့ကတော့ ဒီလို ပြောကြတယ် —“သူတစ်ပါးတို့ မဟုတ်မတရား စွပ်စွဲကြသည့် လုပ်ငန်းရပ်တွေမှ ရှောင်ကြဉ်ရန် ယခုလို ဘုရားရှင်က တစ်ပါးထီးတည်း ကိန်းအောင်းတော်မူခြင်း ဖြစ်တယ်လို့ ဆိုကြပြန်တယ်။ သာသနာပ အယူအဆရှိကြတဲ့ အခြားအခြားသော ပုဂ္ဂိုလ်တွေဟာ ဘုရားရှင်ကို ဒီလို စွပ်စွဲကြလိမ့်မယ် — ‘ငါဟာ သဗ္ဗညုဘုရားရှင်လို့လည်း ဝန်ခံတယ်, ငါဟာ မွန်မြတ်တဲ့ တရားရတနာ စက္ကဝတ်မင်းဖျား ဖြစ်တယ်လို့လည်း ဝန်ခံတယ်’ — ဒီလို ဝန်ခံပါလျက် မိမိရဲ့ တပည့်သာဝကတွေ အချင်းချင်း သတ်ဖြတ်နေကြတာကိုတောင် တားမြစ်ခြင်းငှာ မစွမ်းနိုင်ပါလား? ဒီနေရာမှာ ပညာရှိတွေကလည်း ပြောဆိုကြဦးမယ် — ‘တစ်ပါးထီးတည်း ကိန်း-

---

[၂၁၄] ဝိ၊၁၊၈၆။ စာပိုဒ်၊၁၆၂။ ဝိ၊ဋ္ဌ၊၂၊၅။

အောင်းဖို့ရန် ကြိုးစားအားထုတ်နေတဲ့ ဘုရားရှင်ဟာ ရဟန်းတော်အချင်းချင်း သတ်ဖြတ်နေတဲ့ ဒီဖြစ်ရပ်ကို မသိပါလား, ထိုဘုရားရှင်အား ပြောဆိုလျှောက်ထားတဲ့ ပုဂ္ဂိုလ်လည်း တစ်ယောက်မျှ မရှိပါလား? အကယ်၍ ဘုရားရှင်သာ သိခဲ့မယ်ဆိုလျှင် ဧကန် တားမြစ်မှာပဲ။'–လို့ ဒီလိုလည်း ပညာရှိတွေကတော့ ပြောကြမယ်" – ဒီလိုလည်း အချို့ဆရာတွေကတော့ ပြောကြတယ်။ သို့သော် ဒီပြောဆိုချက်တွေကတော့ ပြောဆိုတဲ့ ပုဂ္ဂိုလ်တွေရဲ့ အယူအဆမျှသာ ဖြစ်ပါတယ်။ ပထမပြောတဲ့ အယူအဆကသာ ခိုင်လုံတဲ့ အကြောင်းပြချက် ဖြစ်ပါတယ်။[၂၁၅]

ဒီရဟန်းတော် (၅၀၀)တို့ဟာလည်း ဘုရားရှင်၏ထံတော်မှ အသုဘဘာဝနာကမ္မဋ္ဌာန်းတရား-တော်ကို နာကြားတော်မူကြပြီးတဲ့အခါမှာ အသုဘဘာဝနာကမ္မဋ္ဌာန်းကို ဘုရားရှင် ညွှန်ကြားပြသ ဆိုဆုံးမထားတော်မူသည့်အတိုင်း ဘုရားရှင် ချီးမွမ်းတော်မူတဲ့ အသုဘဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်း တော်မူကြပါတယ်။ ဒီလို အသုဘဘာဝနာကမ္မဋ္ဌာန်းတွေကို ပွားများအားထုတ်တော်မူကြတဲ့အခါ မိမိတို့ရဲ့ ခန္ဓာကိုယ်အတ္တဘောအပေါ်မှာ တွယ်တာမက်မောနေတဲ့ ဆန္ဒရာဂတွေဟာ ဝေးကွာသွား-ကြပါတယ်။ အထူးသဖြင့် ပုထုဇန်ရဟန်းတော်တွေရဲ့သန္တာန်မှာ ဒီလို ရွံရှာစက်ဆုပ်ဖွယ်ကောင်းလှတဲ့ မိမိခန္ဓာကိုယ်အတ္တဘောရဲ့ အသုဘအခြင်းအရာတွေကို ဉာဏ်ဖြင့် တွေ့မြင်သိရှိလာကြတဲ့အခါမှာ ဒီခန္ဓာကိုယ်အတ္တဘောကြီးကို ထမ်းဆောင်ထားရတဲ့ မိမိတို့ရဲ့ ဘဝကို – မြွေသေကောင်ပုပ် ခွေးသေ-ကောင်ပုပ်တွေကို လည်ပင်းမှာ ဆွဲထားရသလို ဉာဏ်ထဲမှာ ထင်လာကြတဲ့အတွက် – သိပ်ပြီးတော့ ရှက်လာကြတယ်၊ သေချင်တဲ့ စိတ်ထားတွေ ဖြစ်ပေါ်လာကြတယ်။ ဒါ့ကြောင့် ဒီပုထုဇန်ရဟန်းတွေ-ဟာ မိမိကိုယ်ကိုလည်း မိမိ သတ်သေကြတယ်။ အချင်းချင်းလည်း သတ်ပြီးတော့ သေကြတယ်။

ဒါတွင်မကသေးဘူး – မိဂလဏ္ဍိကခေါ်တဲ့ ရဟန်းတု ရဟန်းယောင်ကြီး တစ်ဦးလည်း ရှိတယ်။ ဒီရဟန်းတု ရဟန်းယောင်ကြီးက စားဝတ်နေရေး မပြေလည်တဲ့အတွက် ရဟန်းတွေ ပိုလျှံတဲ့ စားကြွင်းစားကျန်ကလေးတွေကို တောင်းယူကာ စားသောက်နေထိုင်နေတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ သူက ဦးခေါင်းမှာ ဆံပင်နည်းနည်းလောက် ချန်ထားပြီးတော့ ကျန်နေတဲ့ ဆံပင်တွေကို ရိတ်ထား-တယ်။ ရဟန်းတွေ စွန့်ပစ်ထားတဲ့ သင်္ကန်းကို ကောက်ယူကာ ဝတ်ဆင်ထားတဲ့ ပုဂ္ဂိုလ် ဖြစ်ပါတယ်။ အဲဒီ ရဟန်းတု ရဟန်းယောင်ကြီးကို ချဉ်းကပ်ပြီးတော့ ဒီပုထုဇန်ရဟန်းအချို့က – "ငါ့ရှင် . . . တို့ကို သတ်ပေးပါ၊ ဒီလို သတ်ခဲ့လျှင် ဒီသပိတ် သင်္ကန်းတွေဟာ သင့်အတွက် ဖြစ်ပါလိမ့်မယ်"လို့ ပြောဆိုကာ အသတ်ခိုင်းကြပြန်တယ်။[၂၁၆]

သို့သော် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာအရှင်မြတ်တွေကတော့ မိမိကိုယ်ကို လည်း မိမိကိုယ်တိုင် သတ်ပြီးတော့ မသေကြပါဘူး။ သူတစ်ပါးတွေကိုလည်း အသတ်မခိုင်းကြပါဘူး။ ဒီရဟန်းတု ရဟန်းယောင်ကြီး မိဂလဏ္ဍိကက သင်္ကန်း သပိတ်တွေ ရရှိတဲ့အတွက် ရဟန်းတွေကို လိုက်သတ်နေတာကိုလည်း သဘောတူ ခွင့်ပြုချက် မရှိပါဘူး။ သို့သော်လည်း မာရ်နတ်၏ အသင်း အပင်း ဘက်တော်သားဖြစ်သည့် ဘုမ္မဇိုးနတ်တစ်ဦး၏ လှည့်ဖြားမှုကြောင့် ဒီရဟန်းတု ရဟန်းယောင် ကြီးက အရိယာသူတော်ကောင်းတွေကိုလည်း – ထိုအရိယာရဟန်းတော်တို့ တရားဘာဝနာတွေ

[၂၁၅] ဝိ၊ ဋ္ဌ၊ ၂၊၅။ [၂၁၆] ဝိ၊ ၁၊ ၈၆။

ပွားများနေတုန်း မိမိတို့ဆိုင်ရာ တရားဘာဝနာတွေကို ပွားများနေတုန်းအခိုက်မှာလည်း အရိယာ-သူတော်ကောင်း ရဟန်းတော်အချို့ကို လိုက်ပြီးတော့ သတ်နေပြန်တယ်။ မိမိတို့ဆိုင်ရာ ရရှိထားပြီးဖြစ်ကြတဲ့ သမာပတ်တွေကို ဝင်စားနေတုန်းအချိန်မှာလည်း အရိယာသူတော်ကောင်း ရဟန်းတော်အချို့ကို လိုက်ပြီးတော့ သတ်နေပြန်တယ်။[၂၁၇] သို့အတွက် အဲဒီ လဝက်အတွင်းမှာပဲ ရဟန်းတော်(၅၀၀)တို့ဟာ ပျံလွန်တော်မူကြပါတယ်။ ရဟန္တာအရှင်မြတ်တွေကတော့ ပရိနိဗ္ဗာန်စံလွန်တော်မူကြ-ပါတယ်။ သောတာပန်, သကဒါဂါမ်, အနာဂါမ် အရိယာသူတော်ကောင်းတွေကတော့ နတ်ပြည်

---

[၂၁၇] [**မှတ်ချက်** — ဒီနေရာမှာ ဝိနည်းအဋ္ဌကထာက — တေသု ကိရ ဘိက္ခူသု ကေနစိပိ ကာယဝိကာရော ဝါ ဝစီဝိကာရော ဝါ န ကတော၊ သဗ္ဗေ သတာ သမ္ပဇာနာ ဒက္ခိဏေန ပဿေန နိပဇ္ဇိံသု။ (ဝိ၊ဌ၊၂၆။)

ထိုသူတော်ကောင်း ရဟန်းတော်တို့တွင် တစ်ပါးမျှလည်း ကိုယ်၏ ဖောက်ပြန်မှု = ကာယဝိကာရ, နှုတ်၏ ဖောက်-ပြန်မှု = ဝစီဝိကာရကို အသတ်ခံနေရသည့် အချိန်အခါမှာ မပြုကြပါဘူး။ အလုံးစုံသော ရဟန်းတော်တွေဟာ သတိရှိလျက်, သမ္ပဇဉ်ဉာဏ်ရှိလျက် လက်ျာနံတောင်းဖြင့် လျောင်းစက်ကာ အိပ်နေကြပါတယ်ဟု အဋ္ဌကထာက ဖွင့်ဆိုထားပေသည်။

သမ္ပဇဉ်လေးမျိုးရှိရာ ဂေါစရသမ္ပဇဉ်မှာ သမထပိုင်းဆိုင်ရာ ဈာန်သမာပတ်တို့ကို ဝင်စားနေခြင်းကို ဆိုလိုပါတယ်။ အသမ္မောဟသမ္ပဇဉ်ဆိုတာက ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေရဲ့ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာတွေကို ထိုးထွင်းသိနေတဲ့ ရှုပွားသုံးသပ်နေတဲ့ ဝိပဿနာဉာဏ်ကို ဆိုလိုပါတယ်။ ဒါကြောင့် ထိုရဟန်း-တော်တွေဟာ အသတ်ခံနေရတဲ့အချိန်မှာ သတိရှိလျက် သမ္ပဇဉ်ဉာဏ်တွေရှိလျက် နေကြပါတယ်။ တစ်နည်းပြော-ရလျှင်တော့ အသတ်ခံရတဲ့အချိန်မှာ အချို့က တရားဘာဝနာတွေကို ပွားများနေကြတယ်၊ အချို့က သမာပတ်တွေ-ကို ဝင်စားနေကြပါတယ်။ ယခုလို မရဏာသန္နဇောသို့တိုင်အောင် တရားဘာဝနာတွေကို ဆက်တိုက် ပွားနိုင်ကြတဲ့ အတွက် —

(၁) ရဟန္တာအရှင်မြတ်တွေက ပရိနိဗ္ဗာန်စံသွားတော်မူကြပါတယ်။
(၂) အနာဂါမ်ရဟန်းတော်တွေနှင့် ဈာန်ရတဲ့ အရိယာသူတော်ကောင်းတွေကတော့ ကွယ်လွန်ပြီးနောက် ဗြဟ္မာ့-ပြည်သို့ ရောက်ရှိသွားကြပါတယ်။
(၃) အချို့သော အရိယာသူတော်ကောင်းတွေနှင့် (= သောတာပန်, သကဒါဂါမ်အချို့ကို ဆိုလိုပါသည်။) ပုထုဇန်ရဟန်းတော်တွေကတော့ အများအားဖြင့် နတ်ပြည်နတ်လောကသို့ ရောက်ရှိသွားတော်မူကြပါတယ်။

မာရ်နတ်၏ အသင်းအပင်း ဘုမ္မဇိုးနတ်တစ်ဦးရဲ့ လှည့်ဖြားပုံကတော့ ဒီလိုပါ။ — မိဂလဏ္ဍိကဟာ သပိတ်သင်္ကန်း ရသည့်အတွက် ရဟန်းတော်အချို့ကို သတ်ဖြတ်ပြီးနောက် မိမိသတ်စဉ်က အသုံးပြုခဲ့တဲ့ သန်လျက်ဓားကို ဝဂ္ဂုမုဒါ-မြစ်မှာ သွားပြီးတော့ ဆေးကြောပါတယ်။ အဲဒီလို ဆေးကြောနေစဉ်မှာပဲ နောင်တတစ်ဖန် ပူပန်မှုတွေ စိတ်မချမ်း-သာမှုတွေ ဖြစ်လာကာ ဒီလို စဉ်းစားခဲ့ပါတယ် — "ငါ့ရဲ့ လူ့ဘဝကို ရရှိခြင်းဟာ မကောင်းသော ရရှိခြင်း ဖြစ်-ပေပေ့။ ငါသည် လူ့ဘဝကို အကယ်စင်စစ်အားဖြင့် မကောင်းသောရခြင်းဖြင့် ရအပ်လေပြီပေ့၊ ငါဟာ များစွာသော မကောင်းမှုကို ဆည်းပူးခဲ့ပြီးလေပေ့၊ သီလရှိကြတဲ့ ကောင်းသော တရားဓမ္မရှိကြတဲ့ ရဟန်းတော်တွေကို အသက်-ဇီဝိတိန္ဒြေမှ ခွင်းခဲ့ပြီးလေပေ့"ဟု နောင်တတစ်ဖန် ပူပန်လျက် စိတ်မချမ်းသာလျက် ရှိနေပေသည်။ ထိုအချိန်အခါမှာ မာရ်နတ်၏ အသင်းအပင်းဖြစ်တဲ့ ယင်း ဘုမ္မဇိုးနတ်က —

"သူတော်ကောင်း . . . သာဓု သာဓု = ကောင်းလေစွ ကောင်းလေစွ၊ သူတော်ကောင်း . . . သင့်ရဲ့ လူ့ဘဝကို ရရှိခြင်းဟာ ကောင်းသော ရရှိခြင်း ဖြစ်တယ်၊ သူတော်ကောင်း . . . သင်ဟာ အရတော်လေစွ၊ သူတော်ကောင်း. . . သင်ဟာ များစွာသော ကောင်းမှုကုသိုလ်ကို ဆည်းပူးပြီးဖြစ်တယ်၊ အကြင် သင်ဟာ သံသရာမှ မကူးမြောက်နိုင်ကြ-သေးတဲ့ သူတွေကို သံသရာမှ ကူးမြောက်စေခဲ့ပါတယ်" — ဟု ဤသို့ လာရောက်ကာ လှည့်ဖြားလေသည်။
(ဝိ၊၁၊၈၇။ စာပိုဒ်-၁၆၃။)]

ပြဟ္မာ့ပြည်တို့မှာ ထိုက်သလို ဖြစ်တော်မူကြပါတယ်။ ပုထုဇန်ရဟန်းတော်တွေကတော့ နတ်ရွာသုဂတိသို့ ရောက်ရှိသွားတော်မူကြပါတယ်။[၂၁၈]

သို့သော် ဒီနေရာမှာ စူဠကမ္မဝိဘင်္ဂသုတ္တန် အဋ္ဌကထာ[၂၁၉]က ကံအကြောင်းကို အနည်းငယ် ချဲ့ထွင်ကာ ဖွင့်ဆိုထားပါတယ်။ အဲဒီ ဖွင့်ဆိုထားတဲ့အတိုင်း ကံအကြောင်းကို ထပ်ပြီးတော့ ပြောကြရအောင်[၂၂၀] —

ဒီနေရာမှာ ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ယင်းပါဏာတိပါတ အကုသိုလ်ကံက သတ္တဝါတွေကို အသက်တိုအောင် ပြုလုပ်တတ်ပါသလဲလို့ မေးစရာရှိတယ်။ ကံက (၄)မျိုး ရှိနေပါတယ်။ ဒီကံ (၄)မျိုးအကြောင်းကို ရှေးဦးစွာ နားလည်သဘောပေါက်နိုင်ရန် အဋ္ဌကထာအဖွင့်နှင့်

---

[၂၁၈] ဧတ္ထ စ အရိယာ နေဝ ပါဏာတိပါတံ ကရိံသု န သမာဒပေသုံ၊ န သမနုညာ အဟေသုံ။ ပုထုဇ္ဇနာ ပန သဗ္ဗမကံသု။ (ဝိ၊၁၊၈၆။) (ဝိ၊ဋ္ဌ၊၂၆။)

[၂၁၉] မ၊ဋ္ဌ၊၄၊၁၇၇-၁၇၈။

[၂၂၀] ကထံ ပနေသာ အပ္ပါယုကတံ ကရောတိ? စတ္တာရိ ဟိ ကမ္မာနိ ဥပပီဠကံ ဥပစ္ဆေဒကံ ဇနကံ ဥပတ္ထမ္ဘကန္တိ။ ဗလဝကမ္မေန ဟိ နိဗ္ဗတ္တံ ပဝတ္တေ ဥပပီဠကံ အာဂန္တွာ အတ္ထတော ဧဝံ ဝဒတိ နာမ – "သစာဟံ ပဌမတရံ ဇာနေယျံ၊ န တေ ဣဓ နိဗ္ဗတ္တိတုံ ဒဒေယျံ၊ စတူသုယေဝ တံ အပါယေသု နိဗ္ဗတ္တာပေယျံ။ ဟောတု တွံ ယတ္ထ ကတ္ထစိ နိဗ္ဗတ္တ၊ အဟံ ဥပပီဠကကမ္မံ နာမ တံ ပီဠေတွာ နိရောဇံ နိယူသံ ကသဋံ ကရိဿာမီ"တိ။ တတော ပဋ္ဌာယ တံ တာဒိသံ ကရောတိ။ ကိံ ကရောတိ? ပရိဿယံ ဥပနေတိ၊ ဘောဂေ ဝိနာသေတိ။

တတ္ထ ဒါရကဿ မာတုကုစ္ဆိယံ နိဗ္ဗတ္တကာလတော ပဋ္ဌာယ မာတု အဿာဒေါ ဝါ သုခံ ဝါ န ဟောတိ၊ မာတာပိတူနံ ပီဠာဝ ဥပ္ပဇ္ဇတိ။ ဧဝံ ပရိဿယံ ဥပနေတိ။ ဒါရကဿ ပန မာတုကုစ္ဆိမှိ နိဗ္ဗတ္တကာလတော ပဋ္ဌာယ ဂေဟေ ဘောဂါ ဥဒကံ ပတွာ လောဏံ ဝိယ ရာဇာဒီနံ ဝသေန နဿန္တိ၊ ကုမ္ဘဒေါဟနဓေနုယော ခီရံ န ဒေန္တိ၊ သူရတာ ဂေါဏာ စဏ္ဍာ ဟောန္တိ၊ ကာဏာ ဟောန္တိ၊ ခုဉ္ဇာ ဟောန္တိ၊ ဂေါမဏ္ဍလေ ရောဂေါ ပတတိ၊ ဒါသာဒယော ဝစနံ န ကရောန္တိ၊ ဝါပိတံ သဿံ န ဇာယတိ၊ ဂေဟဂတံ ဂေဟေ၊ အရညဂတံ အရညေ နဿတိ၊ အနုပုဗ္ဗေန ဃာသစ္ဆာဒနမတ္တံ ဒုလ္လဘံ ဟောတိ၊ ဂဗ္ဘပရိဟာရော န ဟောတိ၊ ဝိဇာတကာလေ မာတုထညံ ဆိဇ္ဇတိ၊ ဒါရကော ပရိဟာရံ အလဘန္တော ပီဠိတော နိရောဇော နိယူသော ကသဋော ဟောတိ၊ ဣဒံ **ဥပပီဠကကမ္မံ** နာမ။

ဒီဃာယုကကမ္မေန ပန နိဗ္ဗတ္တဿ ဥပစ္ဆေဒကကမ္မံ အာဂန္တွာ အာယုံ ဆိန္ဒတိ။ ယထာ ဟိ ပုရိသော အဋ္ဌုသဘဂမနံ ကတွာ သရံ ခိပေယျ၊ တမညော ဓနုတော ဝိမုတ္တမတ္တံ မုဂ္ဂရေန ပဟရိတွာ တတ္ထေဝ ပါတေယျ၊ ဧဝံ ဒီဃာယုကကမ္မေန နိဗ္ဗတ္တဿ ဥပစ္ဆေဒကကမ္မံ အာယုံ ဆိန္ဒတိ။ ကိံ ကရောတိ? စောရာနံ အဋဝိံ ပဝေသေတိ၊ ဝါဠမစ္ဆောဒကံ ဩတာရေတိ၊ အညတရံ ဝါ ပန သပရိဿယဋ္ဌာနံ ဥပနေတိ၊ ဣဒံ **ဥပစ္ဆေဒကကမ္မံ** နာမ၊ "ဥပဃာတက"န္တိပိ ဧတဿေဝ နာမံ။

ပဋိသန္ဓိနိဗ္ဗတ္တကံ ပန ကမ္မံ **ဇနကကမ္မံ** နာမ။ အပ္ပဘောဂကုလာဒီသု နိဗ္ဗတ္တဿ ဘောဂသမ္ပဒါဒိကရဏေန ဥပတ္ထမ္ဘကကမ္မံ **ဥပတ္ထမ္ဘကကမ္မံ** နာမ။

ဣမေသု စတူသု ပုရိမာနိ ဒွေ အကုသလာနေဝ၊ ဇနကံ ကုသလမ္ပိ အကုသလမ္ပိ၊ ဥပတ္ထမ္ဘကံ ကုသလမေဝ။ တတ္ထ ပါဏာတိပါတကမ္မံ ဥပစ္ဆေဒကကမ္မေန အပ္ပါယုကသံဝတ္တနိကံ ဟောတိ။ ပါဏာတိပါတိနာ ဝါ ကတံ ကုသလကမ္မံ ဥဠာရံ န ဟောတိ၊ ဒီဃာယုကပဋိသန္ဓိံ ဇနေတုံ န သက္ကောတိ။ ဧဝံ ပါဏာတိပါတော အပ္ပါယုကသံဝတ္တနိကော ဟောတိ။ ပဋိသန္ဓိမေဝ ဝါ နိယာမေတွာ အပ္ပါယုကံ ကရောတိ၊ သန္နိဋ္ဌာနစေတနာယ ဝါ နိရယေ နိဗ္ဗတ္တတိ၊ ပုဗ္ဗာပရစေတနာဟိ ဝုတ္တနယေန အပ္ပါယုကော ဟောတိ။ (မ၊ဋ္ဌ၊၄၊၁၇၇-၁၇၉။)

ဆက်စပ်ပြီးတော့ ထပ်ပြောကြရအောင် —

## လုပ်ငန်းကိစ္စ၏ အစွမ်းဖြင့် ကံ (၄) မျိုး

ကံတွေကို ခွဲတမ်းချလိုက်တဲ့အခါမှာ မိမိတို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းကိစ္စသဘောအားဖြင့် ကံ (၄)မျိုး ရှိပါတယ်။ (၄)မျိုးတို့မှာ —

၁။ ဥပပီဠကကံ = အခြားကံ၏ အကျိုးတရားကို ကပ်၍ ညှဉ်းပန်းနှိပ်စက်တတ်သောကံ,

၂။ ဥပစ္ဆေဒကကံ = အခြားကံ၏ အကျိုးတရားကို ကပ်၍ ဖြတ်တတ်သောကံ,

၃။ ဇနကကံ = ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ဖြစ်စေတတ်သောကံ,

၄။ ဥပတ္ထမ္ဘကကံ = အခြားကံ၏ အကျိုးတရားကို အရှည်ခိုင်ခံ့အောင် ကြီးပွားတိုးတက်အောင် အားပေးထောက်ပံ့တတ်သောကံ — အားလုံးပေါင်းလိုက်တော့ ကံ (၄)မျိုးတို့ ဖြစ်ကြပါတယ်။

## ဇနကကံ = ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို ဖြစ်စေတတ်သောကံ

ဒီလို မိမိတို့ ဆောင်ရွက်နေတဲ့ လုပ်ငန်းကိစ္စ၏ အစွမ်းဖြင့် ကံ (၄)မျိုး ရှိပါတယ်။ နံပါတ် (၃) ဖြစ်တဲ့ ဇနကကံအကြောင်းကို စတင်ပြီးတော့ ပြောမယ်။ ဇနကကံဆိုတာက ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတို့ကို တိုက်ရိုက် ဖြစ်စေတတ်တဲ့ ကံကို ဆိုလိုပါတယ်။ အဲဒီ ဇနကကံမှာ ကုသိုလ်ကံလည်း ရှိပါတယ်၊ အကုသိုလ်ကံလည်း ရှိပါတယ်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ရဲ့ အားပေးထောက်ပံ့မှု အကူအညီကို ရရှိနေတဲ့ ကုသိုလ်ဇနကကံတွေကတော့ သမ္ပတ္တိစက် (၄)ပါးတို့ရဲ့ အထောက်အပံ့ကောင်းကို ရရှိခဲ့မယ်ဆိုလျှင် အကျိုးကို တိုက်ရိုက် ဖြစ်ပေါ်စေတတ်တဲ့သဘော ရှိတယ် = အကျိုးပေးနိုင်တဲ့သဘော ရှိတယ်။ သမ္ပတ္တိစက် (၄)ပါးဆိုတာကတော့ ဒီလိုပါ —

## သမ္ပတ္တိစက် (၄) ပါး

၁။ **ကာလသမ္ပတ္တိ** = ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ရာ, သူတော်သူမြတ်တို့ ဖြစ်ထွန်းပေါ်ပေါက်ရာ, စကြဝတေးမင်းစတဲ့ မင်းကောင်းမင်းမြတ်တို့ စိုးမိုးအုပ်ချုပ်ရာ ခေတ်ကောင်း အခါကောင်းနှင့် ပြည့်စုံခြင်း ဆုံစည်းမိခြင်း,

၂။ **ဥပဓိသမ္ပတ္တိ** = အင်္ဂါခြေလက် မချို့တဲ့ဘဲ ကောင်းမွန်ခံ့ငြားတဲ့ ရုပ်ရည်ဥပဓိနှင့် ပြည့်စုံခြင်း,

၃။ **ဂတိသမ္ပတ္တိ** = လူ့ပြည် နတ်ပြည်စတဲ့ ကောင်းမွန်သော ဂတိတို့၌ လူဖြစ်လာရခြင်း နတ်ဖြစ်လာရခြင်း,

၄။ **ပယောဂသမ္ပတ္တိ** = ကုသိုလ်ကံပိုင်ရှင်က ဒါန, သီလ, သမထ, ဝိပဿနာ အစဖြာတဲ့ ကောင်းမှုကုသိုလ် အရပ်ရပ်တွေကို စနစ်တကျ လုံ့လပယောဂ ပြည့်ပြည့်စုံစုံဖြင့် ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်လျက် ရှိခြင်း။

ပေါင်းလိုက်တော့ သမ္ပတ္တိစက် (၄)ပါးတို့ ဖြစ်ကြပါတယ်။ ဒီသမ္ပတ္တိစက် (၄)ပါးတို့ရဲ့ အကူအညီ-ကို ရရှိနေတဲ့ အတိတ်က ပြုစုပျိုးထောင်ခဲ့တဲ့ ရင့်ကျက်လာတဲ့ ကုသိုလ်ကံတွေဟာ လူ့ဘုံ နတ်ဘုံစတဲ့ ထိုထို ကောင်းတဲ့ဘုံဘဝတွေမှာ ကောင်းမွန်တဲ့ ပဋိသန္ဓေအကျိုး, ပဝတ္တိအကျိုးတို့ကို ဖြစ်ပေါ်စေတတ်ကြပါတယ်။

သို့သော် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ရဲ့ အားပေးထောက်ပံ့မှုကို ရရှိထားကြတဲ့ ရင့်ကျက်လာကြတဲ့ အကုသိုလ်ကံတွေကတော့ ပျက်စီးခြင်း = ဝိပတ္တိစက် (၄)ပါးတို့ရဲ့ အကူအညီကို ရရှိခဲ့ကြမယ် ဆိုလျှင် လွယ်လွယ်ကူကူ ရှောရှောရှူရှူနဲ့ မကောင်းတဲ့ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးဆိုတဲ့ မကောင်းတဲ့ အကျိုးတရားတွေကို ဖြစ်ပေါ်စေတတ်ကြပါတယ်။

## ဝိပတ္တိစက် (၄) ပါး

၁။ **ကာလဝိပတ္တိ** = ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်ရာ, သူတော်သူမြတ်တို့ ဖြစ်ထွန်းပေါ်ပေါက်ရာ, စကြဝတေးမင်းစတဲ့ မင်းကောင်းမင်းမြတ်တို့ စိုးမိုးအုပ်ချုပ်ရာ ခေတ်ကောင်း အခါကောင်းနှင့် မဆုံစည်းမိဘဲ မသူတော်တို့ ထွန်းကားရာ ခေတ်ဆိုး အခါဆိုးနှင့် ဆုံစည်းမိခြင်း,

၂။ **ဥပဓိဝိပတ္တိ** = အင်္ဂါခြေလက် မချို့တဲ့ဘဲ ကောင်းမွန်ခံ့ငြားတဲ့ ရုပ်ရည်ဥပဓိနှင့် မပြည့်စုံဘဲ အင်္ဂါခြေလက် ချို့တဲ့ခြင်းစတဲ့ ပျက်စီးသော ဥပဓိရုပ်ရည်နှင့် ပြည့်စုံခြင်း,

၃။ **ဂတိဝိပတ္တိ** = လူ့ပြည် နတ်ပြည်စတဲ့ ကောင်းမွန်သော ဂတိတို့၌ လူဖြစ်လာရခြင်း နတ်ဖြစ်လာရခြင်း မဟုတ်ဘဲ ပျက်စီးသော လားရာဂတိလို့ ခေါ်ဆိုအပ်တဲ့ အပါယ်လေးဘုံ တစ်ဘုံဘုံမှာ အပါယ်သားသတ္တဝါ ဖြစ်နေရခြင်း,

၄။ **ပယောဂဝိပတ္တိ** = အကုသိုလ်ကံပိုင်ရှင်က ဒါန, သီလ, သမထ, ဝိပဿနာ အစဖြာတဲ့ ကောင်းမှုကုသိုလ် အရပ်ရပ်တွေကို စနစ်တကျ လုံ့လပယောဂ ပြည့်ပြည့်စုံစုံဖြင့် ကျင့်ကြံကြိုးကုတ်ပွားများအားထုတ်မှု မရှိဘဲ ဒုစရိုက် (၁၀)ပါး အကုသိုလ်တရားတွေကို စိတ်ပါလက်ပါ အား-တက်သရော လက်သွက်သွက်ဖြင့် လွန်ကျူးလျက် ရှိခြင်း။

ပေါင်းလိုက်တော့ ပျက်စီးခြင်း = ဝိပတ္တိစက်လည်း (၄)မျိုးပဲ ရှိပါတယ်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ရဲ့ အထောက်အပံ့ကို ရရှိထားပြီးဖြစ်ကြတဲ့ အကုသိုလ်ကံတွေဟာ ဒီလို ပျက်စီးခြင်း = ဝိပတ္တိစက် (၄)ပါးတို့ရဲ့ အကူအညီကို ရရှိတဲ့အခါမှာ လွယ်လွယ်ကူကူ ရှောရှောရှူရှူနဲ့ မကောင်းတဲ့ အကျိုးတရားတွေကို ဖြစ်ပေါ်စေတတ်ကြပါတယ်။

**ဇနကကံ**အကြောင်းကို ပြောပြီးတော့ **ဥပတ္ထမ္ဘကကံ**အကြောင်းကို ဆက်ပြောကြရအောင် —

## ဥပတ္ထမ္ဘကကံ = ကပ်၍ ညှဉ်းပန်းနှိပ်စက်တတ်သောကံ

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ရဲ့ အထောက်အပံ့ကောင်းကို ရရှိထားတဲ့ ကုသိုလ်သင်္ခါရကံ တစ်ခုခုကြောင့် လူ့ဘဝမှာ ပဋိသန္ဓေတည်နေလာရပြီးတော့ လူဖြစ်လာရပြီ ဆိုကြစို့ — အဲဒီအချိန်-

အခါမှာ ဒီလူသား အသစ်စက်စက်တစ်ဦးက လွန်ခဲ့သော အတိတ်ဘဝတစ်ခုခုမှာ စိတ်ပါလက်ပါနဲ့ သတ္တဝါတွေကို သတ်ဖြတ်ခြင်း ညှဉ်းပန်းနှိပ်စက်ခြင်း ဆင်းရဲဒုက္ခရောက်အောင် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခဲ့ခြင်းဆိုတဲ့ ပါဏာတိပါတဦးဆောင်တဲ့ အကုသိုလ်ကံတွေကို လွန်ကျူးခဲ့တယ်ဆိုကြစို့ — ဒီလို ပြည့်ပြည့်စုံစုံ ဆောက်တည်ကျင့်သုံးခဲ့တဲ့ ဒီပါဏာတိပါတ ဦးဆောင်နေတဲ့ အကုသိုလ်ကံတွေဟာ ဥပပီဠကကံ = ကပ်၍ ညှဉ်းပန်းနှိပ်စက်တတ်တဲ့ ကံအရာမှာ တည်လာပြီဆိုကြစို့ —

အဲဒီအချိန်အခါမှာ ဒီဥပပီဠကကံက ဒီလူသားအသစ်စက်စက်ဖြစ်နေတဲ့ သတ္တဝါထံသို့ ဆိုက်ရောက်လာပြီးတော့ အနက်အဓိပ္ပာယ်အားဖြင့် ဒီလို ပြောပြသလို ဖြစ်နေတယ် —

"အကယ်၍ ငါဟာ (ဥပပီဠကကံကို ဆိုလိုပါတယ်) ရှေးဦးစွာ သိရှိခဲ့ရမယ်ဆိုလျှင် နင့်ကို (ကံပိုင်ရှင် ဒီလူသားအသစ်ကို) ဒီလူ့လောကမှာ ဖြစ်ခွင့်ပေးမှာ မဟုတ်ဘူး။ သင့်ကို အပါယ်လေးဘုံတို့မှာပဲ ဖြစ်စေမှာပဲ။ ကဲ - ရှိစေဦးတော့ — သင်ဟာ ဘယ်နေရာမှာပဲဖြစ်ဖြစ် ဥပပီဠကကံအမည်ရှိတဲ့ ငါဟာ သင့်ကို ညှဉ်းပန်းနှိပ်စက်ပြီးတော့ အဆီဩဇာမရှိအောင် ထင်းဖွဲလိုဖြစ်အောင် ပြုလုပ်လိုက်မယ်"လို့ မပြောဆိုသော်လည်း ပြောဆိုသလို ဖြစ်နေတယ်။ အဲဒီအချိန်အခါက စပြီးတော့ သူ့ရဲ့ လုပ်ငန်းတာဝန်တွေကို စတင်ပြီးတော့ ရွက်ဆောင်တော့တာပဲ။ ဘယ်လို ရွက်ဆောင်သလဲ? ဘေးအန္တရာယ် အမျိုးမျိုးတွေကို ကပ်ပြီးဆောင်ယူလာတယ်။ စည်းစိမ်ဥစ္စာတွေကို ပျက်စီးစေတယ် — ဘယ်လို ဘေးအန္တရာယ်တွေကို ဆောင်ယူလာသလဲ — ဘယ်လို စည်းစိမ်ဥစ္စာတွေကို ပျက်စီးဆုံးရှုံးစေသလဲ?

အဲဒီ လူ့ပြည် လူ့လောကမှာ ဒီကလေးသူငယ်ဟာ မိခင်ဝမ်းကြာတိုက်မှာ စတင်ပြီး လူသားဖြစ်လာတဲ့ အချိန်အခါကစပြီးတော့ မိခင်မှာ သာယာမှုဆိုတာလည်း မရှိ ဖြစ်နေတယ်၊ နေရထိုင်ရတာ ချမ်းသာမှုလည်း မရှိ ဖြစ်နေတယ်၊ မိဘနှစ်ပါးတို့မှာ အမြဲတမ်း အညှဉ်းပန်း အနှိပ်စက်ခံရမှုသာ ဖြစ်ပေါ်နေတယ်။ ဒီနည်းအားဖြင့် ဒီအကုသိုလ်ကံက ဘေးရန်အမျိုးမျိုးကို သယ်ဆောင်လာခြင်း ဖြစ်တယ်။ ကလေးသူငယ်ဟာ မိခင်ရဲ့ ဝမ်းကြာတိုက်မှာ လူဖြစ်လာတဲ့ အချိန်အခါက စပြီးတော့ အိမ်မှာရှိတဲ့ စည်းစိမ်ဥစ္စာတွေဟာ — ရေထဲမှာ ထည့်လိုက်တဲ့ ဆားဟာ အရည်ပျော်ပြီး ပျောက်ပျက်သွားသလိုပဲ — မင်းဘေး သူခိုးဘေးစတဲ့ ဘေးအန္တရာယ်တွေကြောင့် ပျက်စီးကုန်တယ်။ နို့ရည်ထွက်နေကြတဲ့ နို့ရည်ပေးနေကြတဲ့ နွားမတွေဟာလည်း နို့ပြတ်ကုန်ကြပြန်တယ်။ ရဲရင့်ကြတဲ့ နွားထီးတွေဟာလည်း ကြမ်းတမ်းတဲ့ နွားတွေ ဖြစ်ကုန်ကြတယ်၊ မျက်စိကာဏ်းကြတဲ့ နွားတွေ ဖြစ်ကုန်ကြတယ်၊ ခြေလက်တွေ ကောက်ကွေးနေကြတဲ့ ခြေလက်တွေ ကျိုးကုန်ကြတဲ့ နွားတွေ ဖြစ်ကုန်ကြတယ်၊ နွားခြံထဲမှာ မမျှော်လင့်တဲ့ နွားရောဂါအမျိုးမျိုးဟာ ဖြစ်ပေါ်လာပြန်တယ်။ ဒါတွင်လားဆိုတော့ မကသေးဘူး —

အိမ်မှာ ခိုင်းစေနေကြတဲ့ ကျွန်ယောကျ်ား ကျွန်မိန်းမတွေ အလုပ်သမားတွေဟာလည်း မိဘတွေရဲ့ စကားကို နားမထောင် ဖြစ်ကုန်ကြတယ်။ စိုက်ပျိုးထားတဲ့ ကောက်စပါးတွေဟာလည်း အပင်ပေါက်မလာ ဖြစ်နေကြတယ်။ အိမ်မှာရှိတဲ့ စည်းစိမ်ဥစ္စာဟာလည်း အိမ်မှာပဲ ပျက်စီးကုန်တယ်။

တောမှာရှိတဲ့ စည်းစိမ်ဥစ္စာဟာလည်း တောမှာပဲ ပျက်စီးဆုံးရှုံးသွားကုန်တယ်။ ဒီလို ပျက်စီးသွားတဲ့အတွက် တဖြည်းဖြည်း ဘယ်လို ဖြစ်လာသလဲ? စားဝတ်နေရေး ဖူလုံဖို့ကိုပဲ အနိုင်နိုင် ဖြစ်လာတယ်။ ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ်တွေ ပဋိသန္ဓေတည်နေလာကြတဲ့အခါ ကိုယ်ဝန်ကို စောင့်ရှောက်ပေးမဲ့ ပုဂ္ဂိုလ်တွေ ပေါ်ပေါက်လာကြတယ်။ ဒါပေမဲ့ ဒီကလေးသူငယ် ကိုယ်ဝန်တည်လာတဲ့ အချိန်အခါမှာ မိခင်ရဲ့ ကိုယ်ဝန်ကို စောင့်ရှောက်ပေးမဲ့ ပုဂ္ဂိုလ်လည်း မရှိ ဖြစ်နေတယ်။ ဒီကလေးသူငယ်ကို မွေးဖွားလာတဲ့အခါမှာလည်း မိခင်ရဲ့ နို့ရည်ဟာ ပြတ်သွားပြန်တယ်။ ကလေးသူငယ်ဟာ နို့ရည်ကို တိုက်ကျွေးမည့် အခြားအစောင့်အရှောက်ကို မရရှိတဲ့အတွက် တပိန်ပိန်တလိမ်လိမ် ဖြစ်လာတယ်။ အဆီသြဇာမရှိ ဖြစ်လာတယ်။ ဖွဲထင်းကဲ့သို့ အနှစ်သာရမရှိတဲ့ ပုဂ္ဂိုလ် ဖြစ်လာတယ်။

ခုပြောခဲ့တာကတော့ အတိတ်က ပြုစုပျိုးထောင်ခဲ့တဲ့ ပါဏာတိပါတကံ စတဲ့ သတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ သွေးစွန်းသောလက် အမြဲရှိနေခဲ့တဲ့ အကုသိုလ်ကံဟာ ကပ်၍ ညှဉ်းပန်းနှိပ်စက်တတ်တဲ့ ဥပပီဠကကံအရာမှာ ရပ်တည်ပြီးတော့ အသက်တိုအောင် ညှဉ်းပန်းနှိပ်စက်ပုံပဲ ဖြစ်ပါတယ်။ နောက်ကံတစ်ခုကတော့ အသက်ကို တိုအောင် ကပ်ဖြတ်သွားတဲ့ ဥပစ္ဆေဒကကံ ဖြစ်ပါတယ်။

## ဥပစ္ဆေဒကကံ = အခြားကံ၏ အကျိုးကို ကပ်၍ ဖြတ်တတ်သောကံ

သတ္တဝါတွေကို သတ်ဖြတ်ခဲ့တဲ့, ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့, သွေးစွန်းသောလက် အမြဲရှိခဲ့တဲ့ အချို့အချို့သော အကုသိုလ်ကံတွေဟာ ဥပပီဠကကံအရာမှာသာ ရပ်တည်နေသည် မဟုတ်၊ အသက်ကို တိုအောင် ကပ်ပြီး ဖြတ်တတ်တဲ့ ဥပစ္ဆေဒကကံအရာမှာလည်း တည်နေကြပါတယ်။ အဲဒီဥပစ္ဆေဒကကံတွေက ဘာလုပ်ကြသလဲ? အသက်ကို ရှည်စေတတ်တဲ့ ကုသိုလ်ကံတစ်ခုခုရဲ့ စွမ်းအားကြောင့် လူဖြစ်လာရတဲ့ လူသားတစ်ဦးရဲ့သန္တာန်မှာ ဒီဥပစ္ဆေဒကကံက လာရောက်ပြီးတော့ ရှည်နေတဲ့ အသက်ကို တိုသွားအောင် ဖြတ်တောက်ပစ်လိုက်ပါတယ်။ ကုသိုလ်ကံရဲ့ အကျိုးတရားကို ဆက်လက်ပြီးတော့ တည်တံ့မနေအောင် ဖြတ်တောက်ပစ်လိုက်ခြင်း ဖြစ်တယ်။

ဥပမာတစ်ခုကို ပြောကြစို့ — ရှစ်ဥသဘလောက်ရှိတဲ့ ခရီးတစ်ခု ဆိုကြပါစို့၊ အဲဒီလို ရှစ်ဥသဘလောက်ခရီးကို သွားနိုင်တဲ့ မြားတစ်စင်းကို ကျွမ်းကျင်တဲ့ လေးသမားတစ်ဦးက ပစ်ပြီးတော့ လွှတ်လိုက်တယ်။ အဲဒီ ပစ်လွှတ်လိုက်တဲ့ မြားကို နောက်ထပ် ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တစ်ဦးက မြားတစ်စင်းနှင့် ထပ်ပြီးတော့ အောက်ကို ကျသွားအောင် ပစ်လွှတ်လိုက်သလိုပဲ ဒီပါဏာတိပါတ ဥပစ္ဆေဒကကံက မူလအကျိုးပေးနေတဲ့ အသက်ရှည်စေတတ်တဲ့ ကုသိုလ်ကံရဲ့ အကျိုးတရားကို ဖြတ်တောက်ပစ်လိုက်တယ်။ တစ်နည်းပြောရရင်တော့ ယောကျ်ားတစ်ယောက်က ရှစ်ဥသဘလောက် ပြေးသွားနိုင်တဲ့ မြားတစ်စင်းကို ပစ်လွှတ်လိုက်ပြီ ဆိုကြစို့ — မြားညို့မှ လွှတ်ကာစဖြစ်နေတဲ့ ဒီမြားကို ဆောက်ပုတ်တစ်ခုဖြင့် ပုတ်ခတ်ပြီးတော့ အဲဒီနေရာမှာပဲ မြားကို မြေသို့ကျစေသလို အလားတူပဲ အသက်ရှည်စေတတ်တဲ့ ကုသိုလ်ကံတစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ လူသားတစ်ဦးရဲ့ အသက်ကို ယင်းဥပစ္ဆေဒကအမည်ရတဲ့ ပါဏာတိပါတ အကုသိုလ်ကံက လာရောက်ပြီးတော့ အသက်ကို တိုသွားအောင် ဖြတ်တောက်ပစ်လိုက်တယ်။

ဘယ်လို ပြုလုပ်ပေးသလဲ? သူခိုး ဓားပြတွေရှိရာ တောအုပ်အတွင်းသို့ ရောက်အောင် ဒီ ဥပစ္ဆေဒကကံက ဒီလူသားကို ပို့ဆောင်ပေးလိုက်တယ်။ ဘေးအန္တရာယ်ရှိတဲ့ ဒီတောအုပ်ထဲကို သွားချင်တဲ့ စိတ်ဓာတ်တွေ တဖွားဖွား ဖြစ်ပေါ်လာအောင် ဒီကံက ဖန်တီးပေးပြန်တယ်။ မသွားရ မနေနိုင် ဖြစ်နေတယ်။ ခြင်္သေ့, သစ်, ကျားတွေပေါတဲ့ တောအုပ်ထဲသို့ ရောက်အောင် ပို့ဆောင်ပေး ပြန်တယ်။ လူကို အသေသတ်နိုင်တဲ့ မိကျောင်း, ငမန်းစတဲ့ ငါး, လိပ်တွေ ထူပြောတဲ့ ရေထဲသို့ ရောက်အောင်လည်း ဒီကံက ပို့ဆောင်ပေးတတ်ပြန်တယ်။ ဘေးအန္တရာယ်အမျိုးမျိုးတွေ ထူပြောလှ တဲ့ နေရာဌာနသို့ ရောက်အောင် ပို့ဆောင်ပေးတတ်ပြန်တယ်။ ဒီလိုနည်းအားဖြင့် အသက်အန္တရာယ် ဘေးနှင့် ရင်ဆိုင်တိုးပြီးတော့ သေကျေပျက်စီးရပြန်တယ်။ ဒီဥပစ္ဆေဒကကံကိုလည်း ဥပဃာတကကံ-လို့လည်း ခေါ်ဆိုပါတယ်။ အဓိပ္ပာယ်ကတော့ အတူတူပဲ ဖြစ်ပါတယ်။

ဒီနေရာမှာ အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့တဲ့ ပါဏာတိပါတကံဟာ ဥပစ္ဆေဒကကံဖြစ်တယ်။ အသက်ကို တိုစေတတ်တဲ့ကံ ဖြစ်ပါတယ်။ နောက်တစ်နည်း ပြောရလျှင်တော့ – သူ့အသက်ကို သတ်ပြီးတော့ ကောင်းမှုကုသိုလ် တစ်ခုပြုတယ်။ (ဥပမာ – ကြက်ကလေးတစ်ကောင်ကို သတ်ပြီး တော့ ဆွမ်းချက်ကာ သံဃာတော်တို့အား ဆွမ်းလောင်းလှူပူဇော်တယ်။) ဒီလို ကုသိုလ်ကံမျိုးဟာ ပြန့်ပြောကြီးကျယ်တဲ့ ကုသိုလ်ကံမျိုး မဖြစ်နိုင်ဘူး။ အသက်ရှည်တဲ့ ပဋိသန္ဓေမျိုးကို ဖြစ်ပေါ်စေဖို့ရန် မစွမ်းနိုင်ဘူး။ ဒီနည်းအားဖြင့် ပါဏာတိပါတ အကုသိုလ်ကံဟာ အသက်တိုခြင်းကို ဖြစ်စေတတ်ပါ-တယ်။ တစ်နည်းပြောရလျှင်တော့ ဒီလို ပါဏာတိပါတအမှုကို ပြုလုပ်ပြီးမှ ရရှိလာတဲ့ ပစ္စည်းဝတ္ထုဖြင့် ကောင်းမှုကုသိုလ်ကို ပြုလုပ်ကာ ကုသိုလ်ကံတစ်ခုကို ပြုစုပျိုးထောင်ခဲ့တယ်။ ဒီလို ကုသိုလ်ကံမျိုးက လူ့ဘဝကဲ့သို့သော သုဂတိဘုံဘဝမှာ ပဋိသန္ဓေအကျိုးကို ပေးခဲ့မယ်ဆိုလျှင် ဒီကုသိုလ်ကံက ပဋိသန္ဓေ ကို သတ်မှတ်ချက်ပေးပြီးတော့ အသက်တိုအောင် ပြုလုပ်ပေးပါတယ်။ နောက်တစ်နည်း ထပ်ပြောရ-လျှင်တော့ ဒီလိုပါ – ပါဏာတိပါတ အကုသိုလ်ကံ တစ်ခုခုကို ပြုစုပျိုးထောင်တဲ့ အချိန်အခါမှာ တကယ်တမ်း သတ်ဖြတ်နေတဲ့, ညှဉ်းပန်းနှိပ်စက်နေတဲ့, သွေးစွန်းသောလက်ရှိနေတဲ့ အချိန်အခါမှာ ဖြစ်ပေါ်သွားကြတဲ့ ပါဏာတိပါတအမှုကို ပြီးစီးအောင် ရွက်ဆောင်ပေးတဲ့ အကုသိုလ်စေတနာ တွေကို သန္နိဋ္ဌာနစေတနာလို့ ခေါ်ဆိုပါတယ်။ ထိုပါဏာတိပါတလုပ်ငန်းရပ်ကို မလွန်ကျူးမီ ရှေ့ပိုင်း နောက်ပိုင်းတွေမှာ ဖြစ်ပေါ်သွားကြတဲ့ ပါဏာတိပါတအမှုနဲ့ ဆက်သွယ်နေတဲ့ အကုသိုလ်တရားတွေ ကတော့ ပုဗ္ဗစေတနာနှင့် အပရစေတနာတို့ ဖြစ်ကြပါတယ်။ သန္နိဋ္ဌာနစေတနာတွေက ငရဲသို့ ရောက် အောင် ပို့ဆောင်ပေးတယ်။ ပုဗ္ဗစေတနာနှင့် အပရစေတနာတွေက ယခုလို လူ့ဘဝမှာ အသက်တို-အောင် ပြုလုပ်ပေးပါတယ်။[၂၂၀]

ဒ့ါကြောင့် ကုသိုလ်သင်္ခါရကံတွေကို ပြုစုပျိုးထောင်တဲ့အပိုင်းမှာ မိမိ ပြုစုပျိုးထောင်လိုက်တဲ့ ကုသိုလ်ကံတွေဟာ စင်ကြယ်ဖို့ သိပ်အရေးကြီးပါတယ်။ ဒီကုသိုလ်ကံတွေရဲ့ ရှေ့နောက်မှာ ပါဏာ-တိပါတကံကဲ့သို့သော အကုသိုလ်ကံတွေက ခြံရံမထားဖို့လည်း လိုအပ်ပါတယ်။ အကယ်၍ အကု-သိုလ်ကံတွေက ဒီကုသိုလ်ကံရဲ့ ရှေ့နောက်မှာ ဝန်းရံနေမည်ဆိုလျှင်တော့ ဒီကုသိုလ်ကံဟာ အလွန်

[၂၂၀] မ၊ဋ္ဌ၊၄၊၁၇၇။

အားပျော့သွားတဲ့ ကုသိုလ်ကံဖြစ်ပြီးတော့ ဝန်းရံနေတဲ့ အကုသိုလ်ကံတွေရဲ့ ကပ်၍ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ကပ်၍ ဖြတ်တောက်မှုကြောင့် အဓွန့်ရှည်စွာ ဆက်လက်ပြီးတော့ ကောင်းကျိုးချမ်းသာတွေကို မဖြစ်စေနိုင်တော့ဘူး။

အသက်ရှည်ဖို့ရန်အတွက် အတိတ်က ကုသိုလ်ကံကလေးက ပို့ပေးလို့ လူ့ပြည် လူ့လောက-တော့ ရောက်လာတာ မှန်တယ်၊ ဒါပေမဲ့လို့ နောက်ထပ် ဥပစ္ဆေဒကကံတစ်ခုက ပေါ်လာပြန်တယ်၊ ဥပစ္ဆေဒကကံဆိုတာကလည်း တခြားဟာတော့ မဟုတ်ဘူး၊ ခုနက အတိတ်က သူတစ်ပါးရဲ့ အသက်တွေကို သတ်ဖြတ်ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ ကံပဲ၊ အဲဒီကံက ရင့်ကျက်လာတဲ့ အချိန်အခါမှာ ခုနက အကျိုးပေးနေတဲ့ လူ့လောက လူဖြစ်အောင် လူ့ခန္ဓာငါးပါး ရရှိအောင် အကျိုးပေးနေတဲ့ ဒီကုသိုလ်ကံရဲ့ အကျိုးတရားကို သူက ကပ်ပြီးတော့ ဖြတ်တောက်နေတယ်၊ အဲဒီကုသိုလ်ကံက အသက်ရှည်စေတတ်တဲ့ ကံပဲ၊ အတိတ်က လွန်ကျူးခဲ့တဲ့ ဒီပါဏာတိပါတကံက ဥပစ္ဆေဒကကံပဲ၊ အဲဒီကံက အသက်တိုစေတတ်တဲ့ ကံပဲ၊ အသက်ရှည်စေတတ်တဲ့ ကံရဲ့စွမ်းအားကို အသက်တိုစေတတ်တဲ့ ဒီကံက လာပြီးတော့ ဖြတ်တောက်ပစ်လိုက်တယ်။

ကဲ - နောက်တစ်ခု — ဥပတ္ထမ္ဘက = မူလအကျိုးပေးနေတဲ့ကံကို အရှည်ခိုင်ခံ့တည်တံ့အောင် အားပေးထောက်ပံ့တတ်တဲ့ ကံအကြောင်းကို ဆက်လက် ပြောကြရအောင် —

## ဥပတ္ထမ္ဘကကံ = အားပေးထောက်ပံ့တတ်သောကံ

ဒီဥပတ္ထမ္ဘကကံဆိုတာကတော့ မူလပဋိသန္ဓေအကျိုးကို ဖြစ်စေတတ်တဲ့ ဇနကကံရဲ့ အကျိုးတရားကို အရှည်ခိုင်ခံ့ တည်တံ့ရေးအတွက် အားပေးထောက်ပံ့နေတဲ့ ကံတစ်မျိုး ဖြစ်ပါတယ်။ တစ်ခုခုသော ကုသိုလ်ကံကြောင့် လူဖြစ်လာရတဲ့ အချို့သော ပုဂ္ဂိုလ်ဟာ တစ်ခါတစ်ရံ စည်းစိမ်ဥစ္စာနည်းပါးတဲ့ အမျိုးအနွယ်မှာ လူလာပြီးတော့ ဖြစ်ရတယ်။ အဲဒီလိုအခါမျိုးမှာ ဒီဥပတ္ထမ္ဘကကံက စည်းစိမ်ဥစ္စာတွေ ပြည့်စုံလာအောင် အားပေးထောက်ပံ့ပေးတတ်ပါတယ်။ (ဥပမာ — ထီပေါက်တဲ့ ကံမျိုး ဖြစ်ပါတယ်။)[၂၂၂]

ခုပြောခဲ့တဲ့ ကံတွေအမျိုးမျိုးထဲမှာ ဥပပီဠကကံနှင့် ဥပဃာတကကံတွေကတော့ အကုသိုလ်ကံ-တွေသာ ဖြစ်ကြပါတယ်။ ဇနကကံကတော့ ကုသိုလ်ဇနကကံလည်း ရှိနိုင်တယ်၊ အကုသိုလ်ဇနကကံ-လည်း ရှိနိုင်တယ်။ ဥပတ္ထမ္ဘကကံကတော့ ကုသိုလ်သက်သက်သာ ဖြစ်ပါတယ်။[၂၂၃]

## ဇနကကံနှင့် ဥပတ္ထမ္ဘကကံ

အထက်က ပြောခဲ့တဲ့အတိုင်း ဇနကကံဆိုတာကတော့ ပဋိသန္ဓေကို တိုက်ရိုက်ဖြစ်စေတဲ့ ကံမျိုး-ကို ဇနကကံလို့ ခေါ်ပါတယ်။ အဲဒီတော့ ဒီဇနကကံကို နောက်ထပ် အားပေးထောက်ပံ့နေတဲ့ကံ တစ်ခု ရှိတယ်၊ အဲဒါကတော့ ဥပတ္ထမ္ဘကကံလို့ ခေါ်ပါတယ်။ အဲဒီ ဥပတ္ထမ္ဘကကံက ဘယ်လို အားပေး

---

၂၂၂၊ ၂၂၃ မ၊ဋ္ဌ၊၄၊၁၇၇။

ထောက်ပံ့သလဲ?— အားပေးထောက်ပံ့ပုံကတော့ ဒီလိုပါ —

အားပေးထောက်ပံ့တယ်ဆိုတာက ခုလူ့လောက လူ့ဘဝ ရောက်လာတာက ကုသိုလ်ကံ-ကြောင့် ရောက်လာတော့ ဒီကုသိုလ်ကံကို ဇနကကံ = ပဋိသန္ဓေစတဲ့ ဝိပါက်တွေကို တိုက်ရိုက်ဖြစ်စေ-တတ်တဲ့ကံလို့ ခေါ်တယ်။ ဒီဇနကကံကို အားကောင်းအောင် အဲဒီ ဥပတ္ထမ္ဘကကံက ထောက်ပံ့ပေး-တယ်၊ အဲဒီလို ထောက်ပံ့ပေးတဲ့အခါမှာ ဘယ်ကံက ထောက်ပံ့ပေးသလဲလို့မေးတော့ အတိတ်က ကုသိုလ်ကံကို ကုသိုလ်ကံအချင်းချင်းက ပြန်ပြီး ထောက်ပံ့ပေးလိုက်တယ်၊ အထောက်အပံ့ခံရတဲ့ကံက ဇနကကံ, အားပေးထောက်ပံ့တဲ့ကံက ဥပတ္ထမ္ဘကကံပဲ။ အဲဒီလို ထောက်ပံ့ပေးလိုက်တဲ့ အချိန်အခါမှာ အကြောင်းမလှလို့ စည်းစိမ်ဥစ္စာ မွဲတေနေတဲ့ မိဘနှစ်ပါးထံမှာ သွားပြီး ပဋိသန္ဓေနေရတယ်ပဲ ထားတော့၊ အတိတ်က သူ့အသက်ကိုသတ်ခြင်း အစရှိတဲ့ ပါဏာတိပါတကံတွေကို ရှောင်ကြဉ်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦး, သတ္တဝါတွေရဲ့ ချမ်းသာအကျိုးစီးပွားကို အမြဲတမ်း စောင့်ရှောက်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦး, သတ္တဝါတွေရဲ့ အကျိုးစီးပွားကို လိုလားတောင့်တနေတဲ့ စိတ်ထားရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး — အဲဒီပုဂ္ဂိုလ်တစ်ဦးရဲ့ အဲဒီစိတ်ထား, အဲဒီကံကလေးက လူ့ဘဝမှာ လူ့ခန္ဓာကိုယ် ဖြစ်စေတဲ့ ကံကို အား-ကောင်းသွားအောင် ထောက်ပံ့ပေးလိုက်တယ်၊ စည်းစိမ်ဥစ္စာ ဆင်းရဲနွမ်းပါးနေတဲ့ မိဘထံမှာ သွားပြီး ပဋိသန္ဓေနေချင် နေရပါစေ၊ စည်းစိမ်ဥစ္စာတွေနှင့် ပြည့်စုံလာတဲ့ ချမ်းသာကြွယ်ဝတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်အောင် ဒီအားပေးထောက်ပံ့နေတဲ့ ဥပတ္ထမ္ဘကကံက လှမ်းပြီးတော့ ထောက်ပံ့နေတယ်၊ သူ့အသက်ကို မသတ်ဘဲနှင့် ရှောင်ကြဉ်ခဲ့တဲ့ စိတ်ထား, သူတစ်ပါးတွေရဲ့ အကျိုးစီးပွားကို လိုလား တောင့်တခဲ့တဲ့ စိတ်ထား, သူတစ်ပါးတွေအပေါ်မှာ ကြင်နာသနားခဲ့တဲ့စိတ်ထား — အဲဒီစိတ်ထား တွေက စည်းစိမ်ဥစ္စာတွေ ချမ်းသာကြွယ်ဝလာအောင် ဝိုင်းပြီးတော့ ထောက်ပံ့ပေးတယ်။ ဒီလိုဆိုရင် ပိုက်ဆံ ဘယ်နှစ်ပြားကုန်သလဲ? စဉ်းစားကြည့်စမ်း၊ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးဖို့ မကောင်း-ဘူးလား? သိပ်ကောင်းတယ်။

သူ့အသက်ကို မသတ်ဘဲနှင့် ရှောင်ကြည်ခဲ့တဲ့ စိတ်ထားက မိမိရဲ့ အသက်ကို ရှည်အောင် တည်ထောင်ဖန်တီးပေးတယ်၊ အထောက်အပံ့တွေပေးတယ်။ သူတစ်ပါးရဲ့ အကျိုးစီးပွားကို လိုလား တောင့်တခဲ့တဲ့ ဒီစိတ်ထားက မိမိရဲ့ အကျိုးစီးပွားကို လိုလားတောင့်တတဲ့ ပုဂ္ဂိုလ်တွေ ဝိုင်းဝိုင်း လည်နေအောင် တည်ထောင်ဖန်တီးပေးတယ်၊ စည်းစိမ်ဥစ္စာတွေနှင့် ပြည့်စုံကြွယ်ဝတဲ့ လူချမ်းသာကြီး တစ်ဦး ဖြစ်အောင် တည်ထောင်ဖန်တီးပေးတယ်၊ အထောက်အပံ့တွေပေးတယ်။ သူတစ်ပါးတို့ကို ချမ်းသာစေလိုတဲ့ ကြီးပွားစေလိုတဲ့ ဒီစိတ်ထားက မိမိချမ်းသာဖို့ ကြီးပွားဖို့ အကြောင်းတစ်ခု ဖြစ်နေ-တယ်။ သူတစ်ပါးတွေကို ကြင်နာသနားခဲ့တဲ့စိတ်ထား, သူတစ်ပါးတို့ရဲ့ အကျိုးစီးပွားကို မပျက်စီး အောင် အစဉ်သနားစောင့်ရှောက်လိုခဲ့တဲ့ ဒီစိတ်ထားက မိမိကို ကြင်နာသနားမည့်သူတွေ ပေါ်များ လာအောင်, မိမိအကျိုးစီးပွားတွေကို မပျက်စီးအောင်, အစဉ်သနားစောင့်ရှောက်ပေးမည့် သူတော်-ကောင်းတွေ ပေါ်များလာအောင် တည်ထောင်ဖန်တီးပေးတယ်၊ အထောက်အပံ့တွေပေးတယ်။

ဒီလိုဆိုရင် – ခုလို မွန်မြတ်တဲ့ စိတ်ထားတွေနှင့် သူတစ်ပါးတွေကို ညှဉ်းပန်းနှိပ်စက်တဲ့ စိတ်ထား ဒီနှစ်မျိုး ဘယ်စိတ်ထားက ပိုကောင်းသလဲ? ကရုဏာနှင့် ယှဉ်နေတဲ့ စိတ်ဓာတ်က ပိုပြီးတော့ ကောင်းတယ်၊ သူတစ်ပါးတွေရဲ့ အကျိုးစီးပွားတွေကို လိုလားတောင့်တနေတဲ့ စိတ်ထားတွေက ပိုကောင်းတယ်။ သူတစ်ပါးတွေကို ချမ်းသာစေလိုတဲ့ စိတ်ထားက မေတ္တာနှင့် ယှဉ်နေတဲ့ စိတ်ထား ဖြစ်တယ်။ သူတစ်ပါးတွေအပေါ်မှာ ကြင်နာသနားတဲ့ စိတ်ထားက ကရုဏာနှင့် ယှဉ်နေတဲ့ စိတ်ထား ဖြစ်တယ်။ သူတစ်ပါးတွေရဲ့ စည်းစိမ်ချမ်းသာတွေအပေါ်မှာ ကြည်ရွှင်ဝမ်းမြောက်တဲ့ စိတ်ထားက မုဒိတာနှင့် ယှဉ်နေတဲ့ စိတ်ထား ဖြစ်တယ်။ သတ္တဝါတွေဟာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်လို့ နှလုံးသွင်းတတ်တဲ့ စိတ်ထားကတော့ ဥပေက္ခာဗြဟ္မစိုရ်နှင့် ယှဉ်တွဲနေတဲ့ စိတ်ထား ဖြစ်တယ်။ ခုလို မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ ခေါ်တဲ့ ဗြဟ္မစိုရ်တရားတွေကို အမြဲတမ်း ပွားများနေတတ်မယ်, သတ္တဝါအချင်းချင်းအပေါ်မှာ ဗြဟ္မစိုရ်မျက်လုံးတွေနှင့် ဗြဟ္မစိုရ်မျက်မှန်တွေနှင့် အမြဲတမ်း တပ်ဆင်ပြီး ကြည့်တတ်မယ်ဆိုလျှင် ကုသိုလ်တရားတွေဟာ ဒီရေအလား တိုးတက်စည်ကား ကြီးပွား နေမည်သာ ဖြစ်ပါတယ်။ ဒီဗြဟ္မစိုရ်ကုသိုလ်တရားတွေက ကံအရာတည်သွားခဲ့လျှင် မိမိကို အသက် ရှည်အောင်, ကြင်နာသနားသူတွေ ပေါများနေအောင်, မိမိကို ချမ်းသာကြွယ်ဝသူ ဖြစ်အောင် အားပေးထောက်ပံ့နေမည်သာ ဖြစ်ပါတယ်။

## ဒါနချင်း မတူညီတဲ့အတွက် အကျိုးပေး မတူညီပုံ

ဒါနပြုတာချင်း တူတယ်ထား၊ ပါဏာတိပါတကံကို လွန်ကျူးနေတဲ့ ပုဂ္ဂိုလ်ရဲ့ ဒါနနှင့် ပါဏာတိပါတကံကို မလွန်ကျူးတဲ့ ပုဂ္ဂိုလ်ရဲ့ဒါန – ဒီနှစ်ခု တိုင်းတာနှိုင်းစာကြည့်လိုက်ရင် ပါဏာတိပါတကံကို လွန်ကျူးနေတဲ့ ပုဂ္ဂိုလ်က ပြုစုပျိုးထောင်ထားတဲ့ ဒါနကုသိုလ်ကံသည် အဆင့်မမြင့်ဘူး။ ပါဏာတိပါတကံကို ကျူးလွန်နေတဲ့ ပုဂ္ဂိုလ်ရဲ့ ဒါနသည် ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးကို မပေးနိုင်ဘူးတဲ့။ ဥပမာ – ကြက်တစ်ကောင်ကို သတ်ပြီးတော့ ဆွမ်းချက်ကာ သံဃာတော်များကို ဆွမ်းလောင်းလှူတယ်။ သားပေါက်နိုင်တဲ့ ကြက်ဥတစ်လုံးကို ပြုတ်ပြီးတော့ သို့မဟုတ် ကြော်ပြီးတော့ ဆွမ်းလောင်းလှူတယ်။ ဒီလို ဒါနမျိုးတွေဟာ သူတစ်ပါးရဲ့ အသက်တွေကို သတ်ဖြတ်ပြီးမှ ကောင်းမှု ကုသိုလ်တစ်ခုကို ပြုစုပျိုးထောင်တဲ့အတွက် ဒီလို ကုသိုလ်ကံဟာ လူ့ဘဝကဲ့သို့သော ဘဝတစ်ခုကို ဖြစ်ပေါ်စေတဲ့အခါမှာ မိမိ လွန်ကျူးခဲ့တဲ့ သူ့အသက်ကို သတ်ခြင်းဆိုတဲ့ ပါဏာတိပါတအကုသိုလ်ကံကို လွန်ကျူးခဲ့ဆဲ အချိန်အခါတုန်းက သူတစ်ပါးတို့ကို သေစေလိုတဲ့ စိတ်ထား အပြည့်အဝ ရှိခဲ့တဲ့အတွက် ထိုအကုသိုလ်ကံက မိမိရဲ့ အသက်ကို တိုသွားအောင် ပြုပြင်ဖန်တီးပေးတယ်။ ဒါ့ကြောင့် ပါဏာတိပါတ စတဲ့ အကုသိုလ်ကံတွေကို လွန်ကျူးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ပြုစုပျိုး-ထောင်တဲ့ ကုသိုလ်ကံဟာ ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးတရားတွေကို ရွက်ဆောင်ပေးနိုင်တဲ့ စွမ်းအား မရှိပါဘူး။ သီလဖြူစင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးရဲ့ ပြုစုပျိုးထောင်လိုက်တဲ့ ကုသိုလ်ကံတွေကသာ ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးတရားတွေကို ရွက်ဆောင်ပေးနိုင်တဲ့ စွမ်းအား ရှိပါတယ်။ "ကြံတိုင်းအောင် ဆောင်တိုင်းမြောက်"တဲ့ ကံမျိုး ဖြစ်ပါတယ်။ ဒါ့ကြောင့် ဘုရားရှင်က ဟို - **ဒါနူပပတ္တိသုတ္တန်**မှာ ဒီလို ဟောကြားထားတော်မူပါတယ်။

## သီလရှိမှသာ တောင်းတဲ့ဆု ပြည့်နိုင်တယ်

**တဉ္စ ခေါ သီလဝတော ဝဒါမိ၊ နော ဒုဿီလဿ။ ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။**[၂၂၄]

**တဉ္စ ခေါ** = ထိုကဲ့သို့ သုဂတိဘုံဘဝတစ်ခုခုသို့ ရောက်ရခြင်းသည်လည်းပဲ။ **သီလဝတော** = သီလရှိတဲ့ ပုဂ္ဂိုလ်အား။ **အဟံ** = ငါဘုရားသည်။ **ဝဒါမိ** = ဟောတော်မူ၏။ **ဒုဿီလဿ** = သီလမရှိတဲ့ ပုဂ္ဂိုလ်အား။ **အဟံ** = ငါဘုရားသည်။ **နော ဝဒါမိ** = ဟောတော်မမူ။

ကုသိုလ်ကံတစ်ခုခုကြောင့် တောင့်တသည့်အတိုင်း သို့မဟုတ် ဆုတောင်းပန်ထွာထားသည့် အတိုင်း လူ့ဘဝ နတ်ဘဝ စတဲ့ ချမ်းသာကြွယ်ဝတဲ့ ဒီလို ဘဝတစ်ခုကို ကပ်ရောက်ခဲ့ရတယ်ဆိုတာ သီလရှိတဲ့ ပုဂ္ဂိုလ်ကိုသာလျှင် ငါဘုရား ဟောကြားတော်မူပါတယ်၊ သီလမရှိတဲ့ ပုဂ္ဂိုလ်ကို ငါဘုရား ဟောကြားတော်မမူပါဘူး၊ ဘာဖြစ်လို့လဲ?

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ဝိသုဒ္ဓတ္တာ** = သီလစင်ကြယ်နေသည့်အတွက်ကြောင့်။ **သီလဝတော** = သီလရှိတဲ့ပုဂ္ဂိုလ်၏။ **စေတောပဏိဓိ** = စိတ်၏ တောင့်တချက်ဟူသမျှသည်။ **ဣဇ္ဈတိ** = မချွတ်ဧကန် ပြီးစီးပြည့်စုံတတ်ပေ၏။

သီလတွေ စင်ကြယ်နေတဲ့အတွက်ကြောင့် သီလရှိတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်၏ တောင့်တချက် မှန်သမျှ-သည် မချွတ်ဧကန် ပြီးစီးပြည့်စုံတတ်တယ်။

အလားတူပဲ — စာတုမဟာရာဇ်, တာဝတိံသာ, ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသ-ဝတ္တီလို့ခေါ်တဲ့ နတ်ပြည်ခြောက်ထပ် ရောက်လိုခဲ့တယ်ဆိုရင် သီလရှိတဲ့ ပုဂ္ဂိုလ်ရဲ့ သီလတည်းဟူသော မြေပေါ်မှာ ရပ်တည်ပြီး ပြုစုပျိုးထောင်လိုက်တဲ့ ဒါနကုသိုလ်ကံ, သီလကုသိုလ်ကံ, ဥပစာရ-သမာဓိတိုင်အောင်သော သမထဘာဝနာကုသိုလ်ကံ, ဝိပဿနာဘာဝနာကုသိုလ်ကံတွေကသာလျှင် နတ်ရွာ သုဂတိသို့ ရောက်စေနိုင်တဲ့ စွမ်းအားရှိတဲ့အကြောင်းကို ဆက်လက်ကာ ဟောကြားထားတော်မူပါတယ်။ အလားတူပဲ — ဗြဟ္မာ့ပြည် ရောက်လိုခဲ့တယ်ဆိုရင်လည်း သီလတည်းဟူသော မြေပေါ်မှာ ရပ်တည်ပြီး ပြုစုပျိုးထောင်လိုက်တဲ့ ဈာန်ကုသိုလ်ကံတွေကသာလျှင် ဗြဟ္မာ့ပြည်သို့ ရောက်စေနိုင်တဲ့ စွမ်းအားရှိတဲ့အကြောင်းကိုလည်း ဆက်လက်ကာ ဟောကြားထားတော်မူပါတယ်။

ဒီတော့ သီလရှိတဲ့ ပုဂ္ဂိုလ်ရဲ့ ကုသိုလ်ကံနှင့် သီလမရှိတဲ့ ပုဂ္ဂိုလ်ရဲ့ ကုသိုလ်ကံသည် တူညီတဲ့ အကျိုး ရှိမလား? မရှိဘူး။ ဒါကြောင့် —

ပါဏာတိပါတအမှုကို လွန်ကျူးနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်က တည်ထောင်ဖန်ဆင်းလိုက်တဲ့ ကုသိုလ်ကံသည် အသက်ရှည်တဲ့ ပဋိသန္ဓေကို ဖြစ်စေနိုင်တဲ့ စွမ်းအား မရှိဘူး။ သူ့အသက်ကို သတ်နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သူတစ်ပါးရဲ့ အသက်ကို တိုသွားစေလိုတဲ့ စိတ်ထားက ရှိနေပြီး

[၂၂၄] အံ၊၃၊၇၃။

ဖြစ်တယ်။ ဒီစိတ်ထားမျိုးက မိမိ အသက်တိုဖို့ရန် အကြောင်းတစ်ခု ဖြစ်နေတယ်။

ဒီလိုဆိုလို့ရှိရင် အသက်ရှည်ချင်ရင် ဘာလုပ်ရမလဲ? ပါဏာတိပါတကံတွေကို ရှောင်ကြဉ်ဖို့ လိုတယ်၊ သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်လိုတဲ့ စိတ်ထားကလေးတွေကို ပြုပြင်ပြောင်းလဲပစ်ဖို့ မလို-ဘူးလား? လိုအပ်တယ်။ အသက်ရှည်တိုင်း ကောင်းတယ်လို့ ဘုန်းကြီး မပြောလိုပါဘူး၊ သို့သော် မိမိက ဘဝကိုလည်း ဆုံးအောင် မလုပ်နိုင်သေးလို့ သံသရာခရီးတစ်ခုကို ဆက်စရာ ရှိနေသေးတယ် ဆိုရင်တော့ အသက်တိုတာနှင့် အသက်ရှည်တာ ဘယ်ဒင်းက ကောင်းမလဲ? အသက်ရှည်တာက ကောင်းတယ်။ ကျန်းမာတာနှင့် မကျန်းမာတာ ဘယ်ဒင်းက ကောင်းမလဲ? ကျန်းမာတာက ကောင်းတယ်။ ဒါကို ပြောလိုရင်းပါ၊ ဘဝတစ်ခုဟာ သိပ်ကောင်းတယ်လို့ ချီးမွမ်းနေတာမျိုးတော့ မဟုတ်ပါဘူး။

သူ့အသက်ကို သတ်တဲ့ ပါဏာတိပါတကံက အသက်တိုစေတယ်ဆိုတာ — ဒီလိုပုံ ဒီနည်းလမ်း အားဖြင့် အသက်တိုစေတာပါ။ ဘာတွေလဲ? ဘေးအန္တရာယ် အမျိုးမျိုးတွေ ကျရောက်အောင် ပို့ဆောင်ပေးတယ်၊ စည်းစိမ်ဥစ္စာတွေ ပျက်စီးအောင် ပို့ဆောင်ပေးတယ်၊ အန္တရာယ်ရှိနေတဲ့ နေရာ-တွေကို ရောက်အောင် ပို့ဆောင်ပေးတယ်၊ သေမည့်နေရာတွေကို ရောက်အောင် ပို့ဆောင်ပေးတယ်၊ ဒီလို ဆိုလိုတာ။ ဘယ်နေရာသွားသွား အန္တရာယ်နှင့် တွေ့တယ်၊ အန္တရာယ်တွေ့အောင် ဒီကံက တည်ထောင်ဖန်ဆင်းပြီးတော့ပေးတယ်။

ပဋိသန္ဓေအချိန်အခါကာလကတည်းကနေပြီးတော့ အသက်တိုအောင်ကို တည်ထောင်ဖန်တီး ပေးလိုက်တယ်၊ တချို့ဆို ကြည့်ပေ့ါ၊ မွေးကတည်းက မသန်မစွမ်းကလေးတွေ ဖြစ်မလာဘူးလား? ဖြစ်လာတယ်၊ မွေးကတည်းကနေပြီးတော့ အနာရောဂါကလေးတွေ ထူပြောလာတယ်၊ အသက်တို စေတတ်တဲ့ ကံကနေပြီးတော့ အသက်တိုအောင် တည်ထောင်ဖန်ဆင်းပေးလိုက်တယ်၊ အသက်တို စေတဲ့ ပဋိသန္ဓေမျိုးစေ့ကို ချပေးလိုက်တယ်၊ တစ်နည်းအားဖြင့် ပြောရရင်တော့ အင်မတန် အနာ-ရောဂါ ထူပြောနေတဲ့ မိဘတွေထံမှာ သွားပြီးတော့ ပဋိသန္ဓေနေရတယ်၊ မိဘတွေရဲ့ရောဂါ ဒီသား-သမီးတွေမှာ ကူးစက်ပြီးမလာဘူးလား? ကူးစက်လာတယ်၊ ဒီပုံစံမျိုး ဖြစ်တယ်။ ဒါ - ကံကနေပြီးတော့ ပို့ဆောင်ပေးလိုက်တာ။

## သန္နိဋ္ဌာနစေတနာနှင့် ပုဗ္ဗ + အပရစေတနာ

နောက်တစ်နည်း ပြောမယ်ဆိုရင်တော့ သူ့အသက်ကို သတ်တဲ့ အချိန်အခါမှာ တကယ်တမ်း သတ်ဖြတ်တဲ့ အချိန်အခါမှာ ဖြစ်ပေါ်နေတဲ့ စိတ်စေတနာကို သန္နိဋ္ဌာနစေတနာလို့ ခေါ်ပါတယ်။ တကယ်သတ်မယ်လို့ ဆုံးဖြတ်ချက်ချပြီး သတ်လိုက်တဲ့ အချိန်အခါမှာ ဖြစ်ပေါ်လာတဲ့ စိတ်စေတနာ တွေပဲ။ အဲဒီ စိတ်စေတနာတွေက ငရဲမှာ ဖြစ်စေတယ်၊ မသတ်မီ ရှေ့ပိုင်းမှာ သတ်ဖို့ရန် ကြံစည်-စိတ်ကူးနေတဲ့ ကြိုးစားအားထုတ်နေတဲ့ စိတ်စေတနာတွေဟာ ပုဗ္ဗစေတနာတွေပဲ။ သတ်ပြီးတဲ့ နောက်ပိုင်းမှာ ထပ်ပြီးတော့လည်း ဒီအကုသိုလ်ကံတွေကို အာရုံယူပြီးတော့ မကောင်းတဲ့ အကုသိုလ်

စိတ်စေတနာတွေ မဖြစ်ကြဘူးလား? ဖြစ်ကြတယ်။ အပရစေတနာတွေပဲ။ အဲဒီ ရှေ့ပိုင်း နောက်ပိုင်း-မှာ ဖြစ်ပေါ်နေတဲ့ အကုသိုလ်စိတ်စေတနာတွေကြောင့်လည်း အသက်တိုရတယ်လို့ ဒီလို မှတ်ရမယ်။ ကဲ - အသက်တိုတဲ့အပိုင်းပြီးတော့ အသက်ရှည်တဲ့အပိုင်းကိုလည်း ဘုရားရှင်က ဆက်လက် ဟော-ကြားထားတော်မူပါတယ်၊ အဋ္ဌကထာကလည်း ဖွင့်ဆိုထားပြန်တယ်။ အဲဒီမှာ အသက်ရှည်ပုံနှင့် ပတ်သက်ပြီးတော့ ဘယ်လို ဖြစ်ပေါ်လာသလဲ?

ကဲ - အသက်တိုတာ အကြောင်းရှိသလို အသက်ရှည်တာကျတော့ကော အကြောင်းမရှိဘူး-လားဆိုတော့ — အကြောင်းရှိပြန်တယ်။ ဘယ်လို အကြောင်းတွေလဲ? — ဘုရားရှင်ရဲ့ အဖြေကို နာကြားကြည့်ကြရအောင် — နောက်ပုဂ္ဂိုလ်တစ်ဦးကျတော့ သူက ပန်းချီကားချပ် ရေးဆွဲတဲ့အပိုင်းမှာ နည်းနည်း ကွဲမ်းကျင်လာပြီ၊ ကွဲမ်းကျင်တဲ့အတွက် ဘာဖြစ်သလဲ?

**အသက်ရှည်ရခြင်း၏အကြောင်း**

**ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ နိဟိတဒဏ္ဍော နိဟိတသတ္ထော၊ လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာ-နုကမ္ပီ ဝိဟရတိ။**[၂၂၅]

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **ဣဓ ပန** = ဤလောက၌ကား။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော် လည်းကောင်း။ **ပါဏာတိပါတံ** = သူ့အသက်သတ်ခြင်းကို။ **ပဟာယ** = စွန့်ပယ်၍။ **ပါဏာတိပါတာ** = သူ့အသက်သတ်ခြင်းမှ။ **ပဋိဝိရတော** = ရှောင်ကြဉ်သည်။ **ဟောတိ** = ဖြစ်၏။ **နိဟိတဒဏ္ဍော** = ချထားအပ်ပြီးသော တုတ်ရှိသည်ဖြစ်၍။ **နိဟိတသတ္ထော** = ချထားအပ်ပြီးသော လက်နက်ရှိသည် ဖြစ်၍။ **လဇ္ဇီ** = မကောင်းမှုအကုသိုလ်ဒုစရိုက်တို့၌ ရှက်သောစိတ်ထားရှိသည်ဖြစ်၍။ **ဒယာပန္နော** = သတ္တဝါတို့အပေါ်၌ သနားခြင်းသို့ ရောက်ရှိသည်ဖြစ်၍။ **သဗ္ဗပါဏဘူတဟိတာနုကမ္ပီ** = အလုံးစုံ-သော သတ္တဝါတို့၏ အကျိုးစီးပွားကို အစဉ်စောင့်ရှောက်ခြင်း ကရုဏာတရားနှင့် ပြည့်စုံသည်ဖြစ်၍။ **ဝိဟရတိ** = နေထိုင်၏။

ပုဂ္ဂိုလ်တစ်ဦးကို ကြည့်လိုက်ပါ၊ အမျိုးသမီးပဲဖြစ်ဖြစ် အမျိုးသားပဲဖြစ်ဖြစ် — ဒီလူ့လောကမှာ နေထိုင်တဲ့ အချိန်အခါမှာ သူ့အသက်ကို ဘယ်တော့မှ မသတ်ဘူး၊ သူ့အသက်သတ်ခြင်းဆိုတဲ့ လုပ်ငန်းရပ်ကို သူက ရှောင်ကြဉ်ထားတယ်၊ ပယ်စွန့်ထားတယ်၊ သူတစ်ပါးတွေကို ညှဉ်းပန်းနှိပ်စက်ဖို့ ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် တုတ်ကို ဘယ်တော့မှ မကိုင်ဘူး၊ တုတ်ကို အမြဲတမ်း ချထားတယ်၊ သူတစ်ပါး တွေကို သတ်ဖြတ်ဖို့ ညှဉ်းပန်းဖို့ နှိပ်စက်ဖို့ဆိုတဲ့ ရည်ရွယ်ချက်ဖြင့် လက်နက်ကို ဘယ်တော့မှ မကိုင်ဘူး၊ လက်နက်ကို အမြဲတမ်း ချထားတယ်၊ သတ္တဝါတွေအပေါ်၌ ကြင်နာသနားတတ်တဲ့ ကရုဏာနှင့် ယှဉ်တဲ့စိတ်ထား အမြဲရှိတယ်၊ သတ္တဝါတွေရဲ့ အကျိုးစီးပွားကို လိုလားတောင့်တနေတဲ့

[၂၂၅] မ၊၃၊၂၄၄။

အစဉ်သနားစောင့်ရှောက်နေတဲ့ စိတ်ဓာတ်တွေ အမြဲတမ်းရှိနေတယ်၊ တစ်ဖက်သားကို အမြဲတမ်း ကူညီဖို့ အသင့်ပဲ၊ တစ်ဖက်သားအပေါ်ကနေပြီးတော့ မိမိက အမြတ်ထုတ်ယူဖို့ဆိုတဲ့ စိတ်ထား မရှိဘူး၊ တစ်ဖက်သားရဲ့ အကျိုးစီးပွားကိုသာ မိမိက အမြဲတမ်း ရွက်ဆောင်ပေးလိုတဲ့ စိတ်ထား ရှိတယ်၊ နှိုင်းယှဉ်ကြည့်စမ်း၊ ဘယ်စိတ်ထားက မွန်မြတ်သလဲ?

တစ်ဖက်သားကို မျက်ရည်ကြီးငယ်ကျစေလိုတဲ့ စိတ်ထားက တစ်ဖက်၊ တစ်ဖက်သားအပေါ်မှာ ဆင်းရဲဒုက္ခမှ ထုတ်ဆောင်ကယ်တင်လိုတဲ့ စိတ်ထားက တစ်ဖက်၊ နှစ်ဖက် ရှိတယ်။ ဘယ်စိတ်ထားက ပိုကောင်းမလဲ? စဉ်းစားကြည့်ပေါ့ – အခုအချိန်အခါမှာ မိမိတို့က ဘာလုပ်နေကြတာလဲ? ကံတွေကို ထူထောင်နေကြတာပဲ၊ ဆန်းကြယ်တဲ့ ပန်းချီကားချပ်ကလေးတွေကို ရေးဆွဲနေကြတာပဲ။ ဒီလို ကံတွေကို ထူထောင်နေကြတာဖြစ်လို့ ကံဆန်းကြယ်ပုံနှင့် ပတ်သက်ပြီး ခုဟောနေတာ။ ဘုရားရှင်ရဲ့ တရားတော်ကို ဆက်လက်ပြီးတော့ နာယူကြည့်ပါ . . .

ဒကာတော် သုဘလုလင် . . . ဤလောကမှာ အချို့သော အမျိုးသမီး, အချို့သော အမျိုးသား ဟာ သူ့အသက်သတ်ခြင်းဆိုတဲ့ လုပ်ငန်းရပ်ကို ပယ်စွန့်ထားတယ်၊ သူ့အသက်သတ်ခြင်းဆိုတဲ့ လုပ်ငန်းရပ်မှ အမြဲတမ်း ရှောင်ကြဉ်တယ်။ သတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက်ဖို့ဆိုတဲ့ ဦးတည်ချက်ဖြင့် တုတ်ကို ဘယ်တော့မှ မကိုင်ဘူး၊ ဓားကို ဘယ်တော့မှ မကိုင်ဘူး၊ တုတ်ကို အမြဲတမ်း ချထားတယ်၊ ဓားကို အမြဲတမ်း ချထားတယ်၊ မကောင်းမှု အကုသိုလ်တရား ဒုစရိုက်တရားတွေကို လွန်ကျူးရမှာ သိပ်ရှက်တတ်တယ်။ သူ့အသက် သတ်ရမှာ ရှက်တယ်၊ သူ့ပစ္စည်း မတရားယူရမှာ ရှက်တယ်၊ သူ့သားမယားကို ဖျက်ဆီးရမှာ ရှက်တယ်၊ မုသားစကား ပြောကြားရမှာ ရှက်တယ်၊ သေရည်သေရက် မူးယစ်ဆေးဝါးတွေကို မှီဝဲစားသောက်ရမှာ ရှက်တယ်။ မကောင်းဘူးလား – သိပ်ကောင်းတယ် သိပ်ကောင်းတယ်။ ဘုန်းကြီးတို့ကတော့ ဒီစိတ်ထားမျိုးကလေးတွေကို သိပ်ပြီးတော့ နှစ်ခြိုက်တယ်။ ဘဝတစ်ခုကို မြင့်သထက်မြင့်အောင် မြှင့်တင်ပေးနေတဲ့ စိတ်ထားကလေးတွေပဲ။ ဒီစိတ်ထားကလေး တွေက သာသနာတော်မှာ ဘုရားရှင်က တပည့်သာဝကတွေ နိဗ္ဗာန်တိုင် တောက်လျှောက် ကောင်း-အောင် ချမှတ်ပေးထားတဲ့ အခြေခံ အုတ်မြစ်ကလေးတွေ ဖြစ်ကြပါတယ်။

ဒါတွင်လားဆိုတော့ မကသေးဘူး၊ သတ္တဝါတွေအပေါ်မှာ ကြင်နာသနားတတ်တဲ့ စိတ်ထား အမြဲရှိတယ်။ သတ္တဝါအချင်းချင်း တစ်ဦးနှင့် တစ်ဦး - “ကျွန်းကိုင်းမှီ - ကိုင်းကျွန်းမှီ” ဆိုသလို မှီတင်းနေထိုင်ကြရတဲ့ ဒီလောကထဲမှာ တစ်ဦးကို တစ်ဦးက ကြင်နာသနားတတ်တယ်ဆိုတဲ့ ဒီစိတ်-ထားကလေးတွေဟာ လူသားအချင်းချင်း အေးချမ်းစွာ အတူယှဉ်တွဲ နေထိုင်လိုကြတယ်ဆိုရင် မရှိမဖြစ်တဲ့ စိတ်ထားကလေးတွေ ဖြစ်ကြပါတယ်။ ဒီကြင်နာသနားတတ်တဲ့ စိတ်ထား မရှိဘဲ ရက်စက် ကြမ်းကြုတ်တဲ့ စိတ်ထားသာ ရှိမယ်ဆိုရင် သတ္တဝါအချင်းချင်း အေးချမ်းသာယာစွာ အတူယှဉ်တွဲ နေထိုင်ဖို့ဆိုတာ အလွန်အလှမ်းကွာဝေးနေမှာပဲ ဖြစ်တယ်။

ဒါတွင်လားဆိုတော့ မကသေးဘူး – **သဗ္ဗပါဏဘူတဟိတာနုကမ္ပီ** – သတ္တဝါအားလုံးတို့ရဲ့ အကျိုးစီးပွားကို အစဉ်သနားစောင့်ရှောက်သော ကရုဏာနှင့် ယှဉ်သော စိတ်ထားရှိပြီးတော့ ဒီ

လောကကြီးမှာ နေထိုင်တယ် — သိပ်ကောင်းတယ် သိပ်ကောင်းတယ်။ တစ်ဦးရဲ့ အကျိုးစီးပွားကို တစ်ဦးက အမြဲလိုလားနေမယ်ဆိုရင် တစ်ဦးကို တစ်ဦးက အမြဲတမ်း ကြင်နာသနားစောင့်ရှောက်နေမယ်ဆိုရင် — ဒီစိတ်ဓာတ်မျိုးရှိသူ အချင်းချင်းသာ အမြဲတမ်း ယှဉ်တွဲပြီး နေထိုင်ရမယ်ဆိုရင် လောကကြီးမှာ နေထိုင်ရတာ အမြဲတမ်း အေးချမ်းပြီးနေလိမ့်မယ်။

ဒီလို မွန်မြတ်တဲ့ စိတ်နေစိတ်ထားတွေကြောင့် မိမိ သူတစ်ပါး နှစ်ဦးသားလုံးတို့ရဲ့သန္တာန်မှာ စိတ်အေးချမ်းသာမှုတွေ ဖြစ်ပေါ်လာနိုင်တယ်။ ဒီလို မွန်မြတ်တဲ့ စိတ်နေစိတ်ထားတွေ ခြံရံပြီးတော့ ကံတစ်ခုကို ပြုစုပျိုးထောင်ခဲ့ရင်လည်း ဒီကံကို ခြံရံထားတဲ့ အေးချမ်းသာယာနေတဲ့ ဓာတ်ငွေ့တွေက အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးလိုက်တဲ့အတွက် ဒီကံမှာ စိတ်အေး-ချမ်းသာတဲ့ အကျိုးတရားတွေကို ဖြစ်စေနိုင်တဲ့ စွမ်းအင်တွေ ကိန်းဝပ်ပြီး တည်နေနိုင်တယ်။ အသက်ရှည်စေနိုင်တဲ့ စွမ်းအင်တွေ ကိန်းဝပ်ပြီး တည်နေနိုင်တယ်။

အထက်က ပြောခဲ့တဲ့ သူ့အသက်ကို သတ်လေ့ရှိတဲ့ ပုဂ္ဂိုလ်ရဲ့ နေထိုင်ပုံစနစ်နှင့် မွန်မြတ်တဲ့ စိတ်နေစိတ်ထားရှိတဲ့ ဒီပုဂ္ဂိုလ်ရဲ့ နေထိုင်ပုံစနစ်ကို နှိုင်းယှဉ်ကြည့်ပါ —

လောကမှာ နေထိုင်မှုစနစ်ကလေးတွေ တူသလား? မတူဘူး။ နေထိုင်ပုံစနစ် မတူတဲ့အတွက်-ကြောင့် အကျိုးပေးချင်းကော တူညီပါ့မလား? မတူညီဘူး။ ဒါကို သတိထားကြပါ။ အခုအချိန်အခါ-မှာ ဘာကို လုပ်နေတာလဲ? ပန်းချီကားချပ်တွေကို ရေးဆွဲနေတာပဲ။ အဲဒီပန်းချီကားချပ်ကို ရေးဆွဲနေတဲ့ အချိန်အခါကလေးမှာ မိမိတို့က ကျွမ်းကျင်လိမ်မာမှုရှိဖို့ သိပ်ပြီးတော့ လိုအပ်နေတယ်။

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။**[၂၂၆]

**သော** = ထိုပုဂ္ဂိုလ်သည်**။ ဧဝံ** = ဤသို့။ **သမတ္တေန** = ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်၍ ထားအပ်သော။ **ဧဝံ** = ဤသို့။ **သမာဒိန္နေန** = ကောင်းစွာ ဆောက်တည်၍ ထားအပ်သော။ **တေန ကမ္မေန** = ထိုပါဏာတိပါတကံမှ ရှောင်ကြဉ်ကြောင်းဖြစ်တဲ့ ကုသိုလ်ကံကြောင့်။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **သုဂတိံ** = ကောင်းမှုပြုသူ သုစရိုက်သမားတို့ရဲ့ လားရောက်ရာဖြစ်သော။ **သဂ္ဂံ လောကံ** = နတ်ပြည်လောကသို့။ **ဥပပဇ္ဇတိ** = ကပ်ရောက်ရပေ၏။

ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာနှင့် ပန်းချီကားတစ်ချပ်ကို ရေးဆွဲလိုက်တဲ့ အချိန်အခါကျတော့ ဒီပုဂ္ဂိုလ်က ဘယ်ရောက်သွားသလဲ? နတ်ပြည်နတ်လောကသို့ ရောက်ပြီးတော့ နတ်သားသို့မဟုတ် နတ်သမီး သွားဖြစ်ရတယ်။ စဉ်းစားကြည့်စမ်း၊ ငရဲရောက်ရတာနှင့် နတ်ပြည်ရောက်ရတာ ဘယ်ဒင်းက ပိုကောင်းသလဲ? ငရဲမှာ ဒုက္ခလည်း ခံရတယ်၊ အကျည်းတန် အရုပ်ဆိုးမှုလည်း ရှိတယ်၊ နတ်ပြည်နတ်လောကကျတော့ ချမ်းသာသုခကိုလည်း အပြည့်အဝ ကံအားလျော်စွာ ခံစားနိုင်ခွင့်

[၂၂၆] မ၊၃၊၂၄၄။

ရှိတယ်၊ လူတို့ရဲ့ ရုပ်ရည် သို့မဟုတ် ငရဲသားတွေရဲ့ ရုပ်ရည်နှင့် နတ်ပြည်နတ်လောက နတ်သားတို့ နတ်သမီးတို့ရဲ့ ရုပ်ရည်ကို တိုင်းတာနှိုင်းစာကြည့်လိုက်တော့ ဘယ်လိုနေသလဲ? အားလုံး ကြားဖူးကြမှာပါ၊ လူ့ပြည်လူ့လောကမှာ ဒုတိယတန်းစား အချောဆုံး အလှဆုံး သတ်မှတ်ထားအပ်တဲ့ ဇနပဒ-ကလျာဏီသည်ပင် နတ်သမီးတွေနှင့် တိုင်းတာနှိုင်းစာကြည့်လိုက်တော့ ဘာဖြစ်နေသလဲ? – အရေ-ခွံဆုတ်ထားတဲ့ မျောက်အိုမကြီးနှင့် တူနေတယ်တဲ့၊ ဟုတ်တယ် မဟုတ်လား? ဒါဟာ ဘာကြောင့် ဒီလို အင်မတန် ချောမောလှပနေတဲ့ ရုပ်ပုံကလေးတွေ ပေါ်လာရသလဲ? ပန်းချီကားချပ်ကို ရေးဆွဲစဉ် အချိန်အခါတုန်းက ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာကလေးနှင့် ရေးဆွဲခဲ့တယ်။ ဒီတော့ တရားနာ ပရိသတ်တွေ ဘယ်လိုတုံး၊ အကျည်းတန် အရုပ်ဆိုးတာနှင့် အကျည်းမတန် အရုပ်မဆိုးတာ ဘယ်ဒင်းက ပိုကောင်းသလဲ? အကျည်းတန် အရုပ်ဆိုးတာက ကောင်းသလား? အကျည်းမတန် အရုပ်မဆိုး-တာက ကောင်းသလား? ကြိုက်တာ ရွေးချယ်ခွင့်ရှိတယ်နော်။

ဒီတော့ သတ္တဝါတွေအပေါ်မှာ ကြင်နာသနားတတ်တဲ့ စိတ်ထားက သိပ်မွန်မြတ်တယ်။ သတ္တဝါတွေရဲ့ အကျိုးစီးပွားကို အမြဲတမ်း လိုလားတောင့်တနေတဲ့ ဒီစိတ်ထားဟာ မကောင်းဘူးလား? ကောင်းပါတယ်။

၁။ သတ္တဝါတွေ ဘေးရန် ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိ၏ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ၊ ကောင်းရာသုဂတိရောက်ရှိကြပါစေ၊ နိဗ္ဗာန်ရောက်ရှိကြပါစေ – ဒီစိတ်ထားမျိုးကတော့ မေတ္တာနှင့် ယှဉ်တဲ့ စိတ်ထားမျိုး ဖြစ်ပါတယ်။

၂။ သတ္တဝါတွေ ဆင်းရဲဒုက္ခမှ လွတ်မြောက်ကြပါစေ – ဒီစိတ်ထားမျိုးကတော့ ကရုဏာနှင့် ယှဉ်တွဲနေတဲ့ စိတ်ထားမျိုး ဖြစ်ပါတယ်။

၃။ သတ္တဝါတွေ မိမိတို့ ရရှိကြပြီးတဲ့ စည်းစိမ်ဥစ္စာမှ မရွေ့လျောကြပါစေနှင့် – ဒီစိတ်ထားမျိုးကတော့ မုဒိတာနှင့် ယှဉ်တွဲနေတဲ့ စိတ်ထားမျိုး ဖြစ်ပါတယ်။

ဒီစိတ်ထားမျိုးတွေဟာ မကောင်းဘူးလား? သိပ်ကောင်းမွန်တဲ့ စိတ်ထားမျိုးတွေ ဖြစ်ကြပါ-တယ်။ ခဏခေတ္တ တစ်ဦးနှင့် တစ်ဦး ဆုံကြတယ် ကြုံကြတယ် တွေ့ဆုံကြတယ်၊ တွေ့တဲ့ ကြုံတဲ့ ဆုံတဲ့ သတ္တဝါအချင်းချင်း ချမ်းသာစေလိုတဲ့ စိတ်ထား, ဆင်းရဲဒုက္ခမှ လွတ်မြောက်စေလိုတဲ့ စိတ်ထား, ရရှိထားပြီးတဲ့ စည်းစိမ်ချမ်းသာတွေမှ မရွေ့လျောစေလိုတဲ့ စိတ်ထား – ဒီစိတ်ထားမျိုးတွေ အမြဲရှိကြမယ်ဆိုရင် အန္တရာယ်ဆိုတာ ပေါ်နိုင်မလား? မပေါ်နိုင်တော့ဘူး၊ သိပ်ကောင်းတယ်၊ သိပ်-ကောင်းတယ်။ ဒါကြောင့် ဒီလို ပြည့်ပြည့်စုံစုံ ပြုကျင့်ထားအပ်တဲ့ ကံကြောင့် ကိုယ်ခန္ဓာပျက်စီးပြီး-သည်မှ နောက်ကာလ၌ ဘယ်ရောက်မလဲ? နတ်ပြည်လောက ရောက်နိုင်တယ်။

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ ယတ္ထ ယတ္ထ ပစ္စာဇာယတိ ဒီဃာယုကော ဟောတိ။ ဒီဃာယုကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ – ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော ဟောတိ နိဟိတ-ဒဏ္ဍော နိဟိတသတ္ထော၊ လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ။**[၂၂၇]

**ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေသေလွန်သည်မှ နောက်ကာလ၌။ **သုဂတိံ** = ကောင်းမှုပြုသူ သုစရိုက်သမားတို့ရဲ့ လားရောက်ရာဖြစ်တဲ့ နတ်ပြည်နတ်လောကသို့။ **နော စေ ဥပပဇ္ဇတိ** = အကယ်၍ မကပ်ရောက်ခဲ့ရသည် ဖြစ်ငြားအံ့။ **မနုဿတ္တံ** = လူ့ပြည်လူ့လောကသို့။ **သစေ အာဂစ္ဆတိ** = အကယ်၍ ဆိုက်ရောက်ခဲ့သည် ဖြစ်ငြားအံ့။ **ယတ္ထ ယတ္ထ** = အကြင်အကြင် ဘုံဘဝ၌ အကြင်အကြင် လူလောက၌ အကြင်အကြင် အမျိုးအနွယ်-၌။ **ပစ္စာဇာယတိ** = ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်လာရ၏။ **တတ္ထ တတ္ထ** = ထိုထိုအမျိုးအနွယ်၌ ထိုထိုလူ့ဘဝ၌။ **ဒီဃာယုကော** = ရှည်သော အသက်ရှိသည်။ **ဟောတိ** = ဖြစ်ရပေ၏။

ပါဏာတိပါတကံမှ ရှောင်ကြဉ်ခဲ့တယ်၊ သတ္တဝါတွေအပေါ်၌ ကြင်နာသနားတတ်တဲ့ စိတ်ထား ရှိတယ်၊ အသက်ရှည်စေလိုတဲ့ စိတ်ထား ရှိတယ်။ အဲဒီလို မွန်မြတ်တဲ့ စိတ်နေစိတ်ထားဆိုတဲ့ ကုသိုလ်ကံကနေပြီးတော့ အသက်ရှည်အောင် တည်ထောင်ဖန်ဆင်းပြီးတော့ ပေးလိုက်တယ်၊ ဒီတော့ သတ္တဝါတစ်ယောက် အသက်ရှည်မှုနှင့် အသက်တိုမှုသည် ဘာအပေါ်မှာ မူတည်နေသလဲ? – ကံအပေါ်မှာ မူတည်နေတယ်။

**မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ယဒိဒံ ပါဏာတိပါတံ** = အကြင် ပါဏာတိပါတအမှုကို။ **ပဟာယ** = ပယ်စွန့်၍။ **ပါဏာတိပါတာ** = သူ့အသက်ကို သတ်ခြင်းမှ။ **ယော ပဋိဝိရတော** = အကြင် ရှောင်ကြဉ်ခြင်းသည်။ **ဟောတိ** = ဖြစ်၏။ **နိဟိတဒဏ္ဍော** = ချထားအပ်သော တုတ်ရှိသည်။ **နိဟိတသတ္ထော** = ချထားအပ်သော ဓားလက်နက် ရှိသည်။ **လဇ္ဇီ** = မကောင်းမှုအကုသိုလ် ဒုစရိုက်တရားတို့အပေါ်၌ ရှက်ခြင်း ရှိသည်။ **ဒယာပန္နော** = ကြင်နာသနားသော စိတ်ထား ရှိသည်။ **သဗ္ဗ-ပါဏဘူတာဟိတာနုကမ္ပီ** = သတ္တဝါအားလုံးတို့ရဲ့ အကျိုးစီးပွားကို အစဉ်သနားစောင့်ရှောက်သော ကရုဏာနှင့်ယှဉ်သော စိတ်ထား ရှိသည်ဖြစ်၍။ **ဝိဟရတိ** = နေထိုင်၏။ **မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ဧသာ ပဋိပဒါ** = ဤကျင့်ဝတ်သည်ကား။ **ဒီဃာယုကသံဝတ္တနိကာ** = ရှည်သော အသက်ကို ဖြစ်စေတတ်ပါပေ၏။

အသက်ရှည်မှုကို ဖြစ်စေတတ်တာက သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်မှုသဘောသာ ဖြစ်တယ်။ အဲဒီတော့ မိမိတို့က အသက်ရှည်ချင်တယ် ဆိုလို့ရှိရင် သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ရမလား မရှောင်ကြဉ်ရဘူးလား? ရှောင်ကြဉ်ရမယ်။ သူ့အသက်ကို မသတ်ခြင်းဟာ သူတစ်ပါးကို အသက်ရှည်စေလိုတဲ့ စိတ်နေစိတ်ထား ဖြစ်ပါတယ်။ သူတစ်ပါးကို အသက်ရှည်စေ-လိုတဲ့ ဒီစိတ်နေစိတ်ထားက မိမိ အသက်ရှည်ဖို့ အကြောင်းတစ်ခု ဖြစ်တယ်ဆိုတာကို သဘော-

[၂၂၇] မ၊၃၊၂၄၄။

ပေါက်ပါ။

## အသက်ရှည်စေတဲ့ ဥပတ္ထမ္ဘကကံ
## အဋ္ဌကထာ၏ ရှင်းလင်းချက်

စူဠကမ္မဝိဘင်္ဂသုတ္တန် အဋ္ဌကထာ[၂၂၈]က ဒီနေရာမှာ ဒီလို ထပ်ပြီးတော့ ရှင်းပြထားတော်မူပါတယ်။

အားပျော့နေတဲ့ ကုသိုလ်ကံတစ်ခုကြောင့် လူ့ဘဝမှာ လာပြီးတော့ ပဋိသန္ဓေနေပြီပဲ ထားဦးတော့၊ အဲဒီလို ပဋိသန္ဓေနေရတဲ့ အချိန်အခါမှာ တစ်ချိန်တုန်းက မိမိက လူ့လောကရှိစဉ်အခါက သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့တယ်၊ ရှောင်ကြဉ်လိုက်တဲ့ ဒီပါဏာတိပါတကံက, ရှောင်ကြဉ်တဲ့ ကုသိုလ်စေတနာကလေးက အနက်အဓိပ္ပာယ်သဘောအားဖြင့် ဒီလို လာပြောပြနေတယ်၊ ဘယ်လို ပြောပြနေသလဲ?

"အကယ်၍ ငါသာ ရှေးဦးစွာ သိခွင့်ရခဲ့မယ်ဆိုရင် သင့်ကို ငါ ဒီလူ့ပြည် လူ့လောကမှာ ဘယ်တော့မှ ဖြစ်ခွင့်မပေးဘူး၊ နတ်ပြည်နတ်လောကမှာပဲ သင့်ကို ငါ ဖြစ်ခွင့်ပေးမယ်"လို့ မပြောသော်လည်း ပြောသလို ဖြစ်နေတယ်။

"ကဲ - ဖြစ်စေတော့၊ သင် ဘယ်နေရာမှာပဲဖြစ်ဖြစ် ဖြစ်ချင်တဲ့နေရာမှာ ဖြစ်ပါစေ၊ ငါဟာ သင့်ကို အားကောင်းလာအောင် အားပေးထောက်ပံ့မယ်"ဆိုပြီးတော့ တိုင်ကြီးတစ်တိုင်က မှီရာ

---

[၂၂၈] ပရိတ္တကမ္မေနပိ နိဗ္ဗတ္တံ ပဝတ္တေ ဧတံ ပါဏာတိပါတာ ဝိရတိကမ္မံ အာဂန္တွာ အတ္ထတော ဧဝံ ဝဒတိ နာမ – "သစာဟံ ပဌမတရံ ဇာနေယျံ၊ န တေ ဣဓ နိဗ္ဗတ္တိတုံ ဒဒေယျံ၊ ဒေဝလောကေယေဝ တံ နိဗ္ဗတ္တာပေယျံ။ ဟောတု တွံ ယတ္ထ ကတ္ထစိ နိဗ္ဗတ္တ (နိဗ္ဗတ္တော)၊ အဟံ ဥပတ္ထမ္ဘကကမ္မံ နာမ ထမ္ဘံ တေ ကရိဿာမီ"တိ ဥပတ္ထမ္ဘံ ကရောတိ။ ကိံ ကရောတိ? ပရိဿယံ နာသေတိ၊ ဘောဂေ ဥပ္ပါဒေတိ။

တတ္ထ ဒါရကဿ မာတုကုစ္ဆိယံ နိဗ္ဗတ္တကာလတော ပဋ္ဌာယ မာတာပိတူနံ သုခမေဝ သာတမေဝ ဟောတိ။ ယေပိ ပကတိယာ မနုဿာမနုဿပရိဿယာ ဟောန္တိ၊ တေ သဗ္ဗေ အပဂစ္ဆန္တိ။ ဧဝံ ပရိဿယံ နာသေတိ။ ဒါရကဿ ပန မာတုကုစ္ဆိမှိ နိဗ္ဗတ္တကာလတော ပဋ္ဌာယ ဂေဟေ ဘောဂါနံ ပမာဏံ န ဟောတိ၊ နိဓိကုမ္ဘိယော ပုရတောပိ ပစ္ဆတောပိ ဂေဟံ ပဝဋ္ဋမာနာ ပဝိသန္တိ။ မာတာပိတရော ပရေဟိ ဌပိတဓနဿာပိ သမ္မုခီဘာဝံ ဂစ္ဆန္တိ။ ဓေနုယော ဗဟုခီရာ ဟောန္တိ၊ ဂေါဏာ သုခသီလာ ဟောန္တိ၊ ဝပ္ပဋ္ဌာနေ သဿာနိ သမ္ပဇ္ဇန္တိ။ ဝဍ္ဎိယာ ဝါ သမ္ပယုတ္တံ၊ တာဝကာလိကံ ဝါ ဒိန္နံ ဓနံ အစောဒိတာ သယမေဝ အာဟရိတွာ ဒေန္တိ၊ ဒါသာဒယော သုဝစာ ဟောန္တိ၊ ကမ္မန္တာ န ပရိဟာယန္တိ။ ဒါရကော ဂဗ္ဘတော ပဋ္ဌာယ ပရိဟာရံ လဘတိ၊ ကောမာရိကဝေဇ္ဇာ သန္နိဟိတာဝ ဟောန္တိ။ ဂဟပတိကုလေ ဇာတော သေဋ္ဌိဋ္ဌာနံ၊ အမစ္စကုလာဒီသု ဇာတော သေနာပတိဋ္ဌာနာဒီနိ လဘတိ။ ဧဝံ ဘောဂေ ဥပ္ပါဒေတိ။ သော အပရိဿယော သဘောဂေါ စိရံ ဇီဝတီတိ။ ဧဝံ အပါဏာတိပါတကမ္မံ ဒီဃာယုကသံဝတ္တနိကံ ဟောတိ။

အပါဏာတိပါတိနာ ဝါ ကတံ အညမ္ပိ ကုသလံ ဥဠာရံ ဟောတိ၊ ဒီဃာယုကပဋိသန္ဓိံ ဇနေတုံ သက္ကောတိ၊ ဧဝမ္ပိ ဒီဃာယုကသံဝတ္တနိကံ ဟောတိ။ ပဋိသန္ဓိမေဝ ဝါ နိယာမေတွာ ဒီဃာယုကံ ကရောတိ။ သန္နိဋ္ဌာနစေတနာယ ဝါ ဒေဝလောကေ နိဗ္ဗတ္တတိ၊ ပုဗ္ဗာပရစေတနာဟိ ဝုတ္တနယေန ဒီဃာယုကော ဟောတိ။ ဣမိနာ နယေန သဗ္ဗပဉှဝိဿဇ္ဇနေသု အတ္ထော ဝေဒိတဗ္ဗော။ (မ႒၄၊၁၇၉။)

အဖြစ်နှင့် ကျေးဇူးပြုပေးသလို ဒီ ပါဏာတိပါတလုပ်ငန်းရပ်မှ ရှောင်ကြဉ်မှုဆိုတဲ့ ကုသိုလ်စေတနာကလည်း အသက်ရှည်သွားအောင် လာပြီးတော့ အားပေးထောက်ပံ့တယ်။ ဘယ်လို အားပေးထောက်ပံ့သလဲလို့မေးတော့ –

ဘေးအန္တရာယ်တွေကို ပျက်စီးစေတယ်၊ စည်းစိမ်ဥစ္စာတွေကို ဖြစ်စေတယ်။ ဘယ်လို ဖြစ်စေသလဲ?

ဒီကလေးသူငယ် မိခင်ဝမ်းတိုက်မှာ ပဋိသန္ဓေတည်နေသည့် အချိန်အခါကာလမှ စ၍ မိဘနှစ်ပါးမှာ ချမ်းသာသုခအမျိုးမျိုးသာ ဖြစ်ပေါ်လာတယ်၊ သာယာဖွယ်အာရုံ, နှစ်သက်ဖွယ်, မြတ်နိုးဖွယ် အာရုံအမျိုးမျိုးသာလျှင် ဖြစ်ပေါ်လာတယ်။

ပင်ကိုပကတိအားဖြင့် ညဉ်းပန်းနှိပ်စက်နေတဲ့ လူတွေ ဘီလူးတွေ အစရှိတဲ့ ဘေးအန္တရာယ်အမျိုးမျိုးတွေ ရှိကြတယ်၊ အဲဒီ အန္တရာယ် အမျိုးမျိုးတွေဟာ အကုန်လုံး ဘေးရှဲသွားကြတယ်။ အမြဲတမ်း ဒုက္ခပေးနေတဲ့ လူတွေက ဒုက္ခမပေးနိုင်ကြတော့ဘူး၊ ဒီကလေးဘုန်းကံကြောင့် အမြဲတမ်း ဒုက္ခပေးနေတဲ့ နတ်တွေ ဘီလူးတွေဟာလည်း ဒုက္ခပေးနိုင်တဲ့ စွမ်းအား မရှိကြတော့ဘူး။ ဒီကလေးရဲ့ ဘုန်းကံကြောင့်ပဲ။ ဘာဘုန်းကံလဲ? သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့တဲ့ ကုသိုလ်ကံရဲ့ ဘုန်းကံပဲ။ ကုသိုလ်ကံကိုပဲ = ပုည = ပုဉ်းကံလို့ ခေါ်ဆိုပါတယ်။ ဒီပုဉ်းကံကိုပဲ ကာလရွေ့လျောလာ-တော့ ဘုန်းကံလို့ ခေါ်ဆိုတာပါ၊ ဘုန်းကံဆိုတာက ပုညာ၊ ကောင်းမှုကုသိုလ်ပဲ။ အဲဒီ ကောင်းမှုကုသိုလ်ရဲ့ စွမ်းအားကြောင့် ဒီအန္တရာယ်တွေ အကုန်လုံး ဘေးရှဲသွားကြတယ်။ ဒီနည်းအားဖြင့် ဒီကုသိုလ်ကံ-က ဘေးအန္တရာယ် အမျိုးမျိုးကို ဖျက်ဆီးပြီးတော့ ပေးပါတယ်။

## အတွေ့အကြုံတစ်ရပ်

ဘုန်းကြီးငယ်စဉ် ဘုန်းကြီးကျောင်းသားဘဝတုန်းက အတွေ့အကြုံကလေးတစ်ခု ရှိခဲ့ဖူးတယ်၊ ဘုန်းကြီးကျောင်းသားဘဝနှင့် ဘုန်းကြီးကျောင်းမှာ ဆွမ်းအုပ် ထမ်းရတယ်။ တစ်နေ့ လယ်တောတစ်ခုမှာ ဆွမ်းအုပ်သွားထမ်းရတယ်၊ အဲဒီနေ့ လယ်တောမှာ တစ်အိမ်တစ်ယောက်ဆိုပြီးတော့ သူကြီးက ဆင့်ခေါ်လို့ လူတွေ ထွက်လာကြတာနှင့် ဆုံမိတယ်။ ရှေးခေတ်ကပေါ့လေ – သူကြီး ရှိတယ်။ သူကြီးကနေ တစ်အိမ်တစ်ယောက် ဓားတွေ, တုတ်တွေနှင့် ထွက်ရမယ်ဆိုပြီး အိမ်တွေဆင့်ခေါ်လိုက်တော့ လူတွေ တစ်အိမ်တစ်ယောက် ဓားတွေ, တုတ်တွေနှင့် ထွက်လာကြတယ်။ ဒါနဲ့ ဆွမ်းချက်တဲ့ ဆွမ်း အမကြီးကို မေးကြည့်တယ်၊ ဘာဖြစ်တာလဲဆိုတော့ အဲဟိုဘက်မှာတဲ့ – လူတစ်ယောက်ကို သတ်သွားလို့ သတ်သွားတဲ့ ပုဂ္ဂိုလ်ကို လိုက်ပြီးတော့ ရှာနေကြတယ်လို့ – ဒီဆွမ်းအမကြီးက ပြောပြတယ်။ ထူးခြားချက်ကလေးတစ်ခုကို ပြောချင်တယ်။ တောနင်းရှာနေကြတဲ့အခါမှာ တစ်အိမ်တစ်ယောက်ကျနှင့် လူတွေဆင့်ပြီး တောနင်းပြီးတော့ လိုက်ရှာတော့ တောလည်း သိပ်မရှိလှဘူး၊ လယ်ကွင်းပဲ၊ အဲဒီ လယ်ကွင်းထဲမှာ ဒီလူကို လိုက်ရှာတာ ရှာလို့ မတွေ့ကြဘူး၊ ဒီသတ်တဲ့ ဒကာကြီးကလည်း ဘုန်းကြီးနှင့် ခင်ပါတယ်၊ နောက်ပိုင်း သူနှင့်ဆုံတော့ မေးကြည့်တယ်၊ ဘာလုပ်နေသလဲ

ဆိုတော့ သူက အဲဒီအချိန်အခါမှာ လယ်တောမှာ လယ်တွေ ရိတ်သိမ်းနေတဲ့အချိန်ဖြစ်တော့ ကောက်ရိုး ရိုးပြတ်တွေ ရှိတယ်၊ ရိုးပြတ်ကလေးတစ်ခုကို အထုံး (၉)ထုံး ထုံးပြီးတော့ ပုတီးလို သူက ကွင်းကလေး လုပ်လိုက်ပြီးတော့ အဲဒီ အထုံး (၉)ထုံးကို ပုတီးလုပ်ပြီး ဂုဏ်တော် (၉)ပါးကို ထိုင်ပြီးတော့ စိပ်နေတာပဲ၊ ဓားတွေ တုတ်တွေနှင့် သူ့အနားမှာ လူတွေ အကုန်လုံး ဖြတ်သွားနေကြတယ်၊ အဲဒီ လူတွေက သူ့ကို မမြင်ကြဘူး၊ သူက ဒီလူတွေကို အကုန်လုံး မြင်နေတယ်လို့ သူက ပြောပြတယ်။ အဲဒါ ဘာလဲ? ဒါပဲ။

ဘုန်းကြီး ပြောချင်တာက ဒီဘဝမှာ ပါဏာတိပါတကံကို လွန်ကျူးတာ မှန်ပေမဲ့လို့ အတိတ်က သူ့မှာ ပါဏာတိပါတကံကို ရှောင်ကြဉ်ခဲ့တဲ့ ကုသိုလ်ကံကလေးက ရှိနေတယ်၊ ဒီကုသိုလ်ကံကလေး-က သူ့ကို အန္တရာယ်ပေးမည့် ဘေးအန္တရာယ်အမျိုးမျိုးကို ဘေးရှဲသွားအောင် ပို့ဆောင်ပေးလိုက်တယ်၊ ဒါကြောင့် အန္တရာယ်ပေးမည့် သတ္တဝါတွေက သူ့ကို မမြင်ကြဘူး၊ သူကသာလျှင် အန္တရာယ်ပေးမည့် သတ္တဝါတွေကို မြင်နေတယ်။ နောက်တစ်ခုကတော့ ဘုရားဂုဏ်တော်ကို ပွားနေတဲ့ ကုသိုလ်ကံပဲ။ ဒီကုသိုလ်ကံကလည်း အတိတ်က ပါဏာတိပါတကံမှ ရှောင်ကြဉ်ခဲ့တဲ့ ကုသိုလ်ကံကို အကျိုးပေးခွင့်သာအောင် လမ်းခင်းပေးနေတယ်၊ အထောက်အပံ့ ပေးနေတယ်။ ပယောဂသမ္ပတ္တိစက်လို့ ခေါ်ပါတယ်။ ဒီပယောဂသမ္ပတ္တိစက်ဆိုတဲ့ ပစ္စုပ္ပန်ကုသိုလ်ကံကို အမှီရတဲ့အတွက် အတိတ်ကံကလည်း အကျိုးပေးဖို့ရန် အခါအခွင့် ပိုပြီး သာသွားတယ်။ ဒါကြောင့် အတိတ်ကုသိုလ်ကံတွေက အကျိုးပေး-ခွင့်သာအောင် ပစ္စုပ္ပန်မှာလည်း ကုသိုလ်ကံတွေကို များများထူထောင်ဖို့ လိုတယ်။ ပယောဂသမ္ပတ္တိ-စက်တွေ များများစုဆောင်းဖို့ လိုပါတယ်။ နောက်တစ်ခု —

## စည်းစိမ်ဥစ္စာတွေရဲ့ တိုးတက်မှု

ကလေးသူငယ် ကိုယ်ဝန်လွယ်တဲ့အချိန်က စပြီးတော့ မိဘရဲ့ အိမ်မှာ စည်းစိမ်ဥစ္စာတွေရဲ့ တိုးတက်မှု အတိုင်းအတာ ပမာဏသည် မရှိတော့ဘူး၊ သိပ်ကြီးပွားလာတယ်၊ မိဘတွေ လုပ်ခင်း ကိုင်ခင်းတွေ သိပ်အောင်မြင်လာတယ်။ မြှုပ်နှံထားတဲ့ ရွှေအိုးငွေအိုးတွေဟာ အိမ်ရဲ့ ရှေ့နောက် ဝဲယာ အရပ်မျက်နှာ အကုန်လုံးမှ အိမ်ထဲကို လှိမ့်ပြီးတော့ ဝင်လာသလို ပေါ်လာကြတယ်။ မိဘ နှစ်ပါးတို့က သူတစ်ပါးတွေထံမှာ ရှေးတုန်းက အပ်နှံထားခဲ့တဲ့ ပစ္စည်းတွေ ရှိကြတယ်။ အဲဒီ ပစ္စည်းတွေကို မရဘဲ ရှိနေရာကနေ ခု ဘုန်းကံရှင် ကလေးသူငယ်တစ်ဦး ကိုယ်ဝန်လွယ်တဲ့ အချိန်အခါ ကာလက စပြီးတော့ ဒီစည်းစိမ်ဥစ္စာတွေဟာ ဒီမိဘတွေရဲ့ မျက်မှောက်ကို အလွယ်တကူ ရောက်ရှိလာကြတယ်၊ မပေးဘဲ မနေနိုင်ကြတော့ဘူး၊ ပေးချင်တဲ့ စိတ်ထားတွေ ပေါ်လာကြတယ်၊ ပေးလည်း ပေးဆပ်ကြတယ်။

နောက်တစ်ခု နွားမတွေ ကြည့်လိုက်မယ်ဆိုလို့ရှိရင် နို့တွေ အများကြီး ထွက်လာတယ်။ နွားတွေ ကြည့်လိုက်ရင် နွားတွေရဲ့ ကိုယ်ကျင့်တရားက သိပ်ကောင်းသွားတယ်၊ ခိုင်းလို့ စေလို့ သိပ်ကောင်းလာတယ်။ လယ်တောကြည့်လိုက်မယ်ဆိုလို့ရှိရင် စိုက်ပျိုးထားတဲ့ လယ်ခင်းမှာ စပါးတွေ အသီးအနှံတွေက သိပ်ပြီးတော့ အောင်မြင်လာတယ်။

အတိုးပေးထားတဲ့ စည်းစိမ်ဥစ္စာတွေ သို့မဟုတ် ခဏခေတ္တ ချေးငှားထားတဲ့ စည်းစိမ်ဥစ္စာတွေဟာလည်း အတိုးချထားတဲ့ ပုဂ္ဂိုလ်တွေက သို့မဟုတ် ချေးငှားထားတဲ့ ပုဂ္ဂိုလ်တွေက အလွယ်တကူနဲ့ လာပြီးတော့ ပေးကြတယ်။

အိမ်မှာ ခိုင်းစေနေတဲ့ ကျွန်ယောကျ်ား ကျွန်မိန်းမတွေကို ကြည့်လိုက်မယ်ဆိုလို့ရှိရင်လည်း ပြောစကား ဆိုစကား သိပ်ပြီးတော့ နားထောင်ကြတယ်၊ ဒါ - ကလေးရဲ့ ဘုန်းကံပဲ။ နောက်တစ်ခု - အလုပ်သမားတွေ ကြည့်လိုက်မယ်ဆိုလို့ရှိရင် လုပ်ခင်းကိုင်ခင်းတွေမှာ ရေသာခိုနေတာမျိုး လုံးလုံး မရှိကြဘူး။ အလုပ်ကို ပြည့်ပြည့်ဝဝ လုပ်ကြတယ်။

ကလေးသူငယ်ကို ကိုယ်ဝန်လွယ်တဲ့ အချိန်အခါကစပြီး ဒီကိုယ်ဝန်မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ပေးမည့်ပုဂ္ဂိုလ်တွေ ဘေးက အမျိုးသမီးတွေ အများကြီး ဖြစ်ပေါ်လာကြတယ်။ ကလေးသူငယ်ကို ဆေးကုသပေးမည့် အမျိုးသမီးဆေးဆရာ အမျိုးမျိုးပေါ့၊ ခုခေတ်အပြောနှင့် ပြောရင်တော့ အမျိုးသမီးဆရာဝန်တွေပေါ့နော်၊ အမျိုးသမီးဆရာဝန် အမျိုးမျိုးတွေဟာ အသင့် စည်းဝေးရောက်-လာကြတယ်။

## ရာထူးဌာနန္တရနှင့် အသက်ရှည်ရမှု

ဒီကလေးသူငယ်ဟာ ဂဟပတိ သူဌေးသူကြွယ်မျိုးမှာ သွားပြီး လူဖြစ်ခဲ့မယ်ဆိုရင် သူဌေးရာထူး ရနိုင်တယ်။ အမတ်မျိုးမှာ မွေးဖွားခဲ့မယ်ဆိုရင် စစ်သူကြီးရာထူးကို ရရှိနိုင်တယ်၊ မင်းမျိုးမှာ မွေးဖွားခဲ့မယ်ဆိုရင် ရှင်ဘုရင်ရာထူး ရနိုင်တယ်၊ ဒီလို ဆိုလိုတယ်။

သူတစ်ပါးအသက်ကို မသတ်ဘဲ ရှောင်ကြဉ်ခဲ့တဲ့ ကုသိုလ်ကံတစ်ခုက ဒီပုံဒီပန်း ဒီနည်းလမ်းအားဖြင့် စည်းစိမ်ဥစ္စာအမျိုးမျိုးကို ဖြစ်စေတယ်၊ ဖြစ်အောင် ပြုပြင်ပေးတယ်။ ဘေးအန္တရာယ်အမျိုးမျိုးလည်း သူ့မှာ ကင်းတယ်၊ စည်းစိမ်ဥစ္စာအမျိုးမျိုးတွေနှင့်လည်း ပြည့်စုံတယ်၊ စည်းစိမ်ဥစ္စာလည်း ပြည့်စုံပြီးတော့ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး အသက်ရှည်ရတယ်။ ဒီလိုဆိုရင် အသက်ရှည်ချင်တဲ့ ပုဂ္ဂိုလ်တွေ သူ့အသက်ကို သတ်ရမလား မသတ်ရဘူးလား? မသတ်ရဘူး။ လိုအပ်တယ်၊ လိုအပ်တယ် – ဒါ - စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးပဲ။

နောက်တစ်မျိုး ပြောဦးမယ် – သူ့အသက်ကို သတ်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ပြုလုပ်တဲ့ ကောင်းမှုကုသိုလ်ကံနှင့် သူ့အသက်ကို မသတ်ဘဲနှင့် ရှောင်ကြဉ်နေတဲ့ သူတော်ကောင်းတစ်ဦးက ပြုစုပျိုးထောင်လိုက်တဲ့ ကုသိုလ်ကံလို့ – ကုသိုလ်ကံနှစ်မျိုး ရှိတယ်။ အဲဒီ ကုသိုလ်ကံနှစ်မျိုး ရှိတဲ့ အနက်က သူ့အသက်ကို မသတ်ဘဲ ရှောင်ကြဉ်နေတဲ့ သူတော်ကောင်းတစ်ဦးက ပြုစုပျိုးထောင်လိုက်တဲ့ အခြားအခြား ကုသိုလ်ကံတွေလည်း ရှိကြပြန်တယ်။ အခြားအခြား ကုသိုလ်ကံဆိုတာက သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်တဲ့ ကံမှတစ်ပါး တခြားတခြား ကုသိုလ်ကံ အားလုံးပဲ။ ဒါနမှု သီလမှု သမထ ဘာဝနာမှု ဝိပဿနာဘာဝနာမှု စတဲ့ ကုသိုလ်ကံတွေကို အားသွန်ခွန်စိုက် ပြုစုပျိုးထောင်ခြင်းပဲ။ ပယောဂသမ္ပတ္တိစက်နှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်ခြင်း ဖြစ်ပါတယ်။

ဒီလို ပြုစုပျိုးထောင်လိုက်တဲ့ ကံတွေသည် – ပဋိသန္ဓေမျိုးစေ့ကလေး စတည်ကတည်းက အသက်ရှည်နိုင်တဲ့ မျိုးစေ့ဓာတ်စွမ်းအားတွေ ဒီပဋိသန္ဓေမျိုးစေ့ထဲမှာ ကပ်ပြီးတော့ ပါလာတယ်။ ဒီပါဏာတိပါတမှ ရှောင်ကြဉ်တဲ့ ကုသိုလ်ကံက အသက်ရှည်စေနိုင်တဲ့ စွမ်းအင်တွေကို ပဋိသန္ဓေမျိုးစေ့ထဲမှာ မြုပ်နှံပေးလိုက်တယ်။ ဒီကံရဲ့စွမ်းအင်များက ပဋိသန္ဓေအကျိုးကို ပေးနေတဲ့ ကုသိုလ်ကံကို အသက်ရှည်စေတဲ့ စွမ်းအင် ပြည့်ဝလာအောင် ထောက်ပံ့ပေးလိုက်တယ်။ ဒါကြောင့် မူလပဋိ-သန္ဓေကို ဖြစ်စေတဲ့ ဒီကံမှာ အသက်ရှည်တဲ့ ပဋိသန္ဓေမျိုးကို ဖြစ်စေဖို့ရန် စွမ်းအင် ပြည့်ဝလာတယ်။ သူ့အသက်ကို မသတ်ဘဲ ရှောင်ကြဉ်နေတဲ့ သူတော်ကောင်းတစ်ဦးက ပြုစုပျိုးထောင်လိုက်တဲ့ ကံသည် ဒီပုံအားဖြင့် အသက်ရှည်တယ်၊ အသက်ရှည်မှုကို ဖြစ်စေတတ်တယ်။

ပဋိသန္ဓေကိုလည်း အသက်ရှည်တဲ့ ပဋိသန္ဓေမျိုးဖြစ်အောင် ဒီကံက သတ်မှတ်ချက် ပေးလိုက်တယ်။ သတ်မှတ်ပြီးတော့ အသက်ရှည်အောင် ပြုပြင်ဖန်တီးပေးလိုက်တယ်။

သတ္တဝါတွေ အမိဝမ်းတွင်းမှာ ပဋိသန္ဓေတည်နေရပြီး မွေးဖွားလာတဲ့ သတ္တဝါနှင့် အမိဝမ်းတွင်းမှာ ပဋိသန္ဓေတည်နေပြီးတော့ အမိဝမ်းတွင်းမှာပဲ သေကျေပျက်စီးရတဲ့ သတ္တဝါ၊ ဒီနှစ်ခု နှိုင်းယှဉ်လိုက်မယ်ဆိုရင် အမိဝမ်းတွင်းမှာ သေကျေပျက်စီးရတဲ့ သတ္တဝါက ပိုပြီး များတယ်လို့ အဆိုရှိပါတယ်။ ခုလို သူတော်ကောင်းတစ်ဦး ဆိုကြပါစို့ ကိုယ်ကျင့်သီလတွေ ဖြူစင်နေတဲ့ သူတော်ကောင်းတစ်ဦးကို ကံတစ်ခုက ပဋိသန္ဓေအကျိုးကို ပေးလိုက်ပြီဆိုရင် အမိဝမ်းတွင်းမှာ သေကျေစေတတ်တဲ့ ကံမျိုး ဘယ်တော့မှ မဖြစ်စေရဘူး၊ အမိဝမ်းတွင်းမှာ မသေကျေ မပျက်စီးရအောင် ဒီကံက သတ်မှတ်ချက် ပေးလိုက်တယ်။

နောက်တစ်နည်း ပြောရမယ်ဆိုလို့ရှိရင်တော့ သူတစ်ပါးအသက်ကို မသတ်ဖြတ်တော့ပါဘူးလို့ ဆုံးဖြတ်ချက်ချပြီး ရှောင်ကြဉ်လိုက်တဲ့ အဲဒီ သန္နိဋ္ဌာနစေတနာက နတ်ပြည်နတ်လောကမှာ ပဋိသန္ဓေအားဖြင့် သွားပြီး ဖြစ်ပေါ်စေနိုင်တဲ့ စွမ်းအား ရှိတယ်။ သူတစ်ပါးအသက်ကို မသတ်တော့ပါဘူးလို့ စိတ်ဆုံးဖြတ်ချက် မချခင် ရှေ့ပိုင်းမှာ ရှောင်ကြဉ်ဖို့ရန် ဖြစ်နေတဲ့ စိတ်စေတနာတွေ, နောက်ပိုင်းမှာ ရှောင်ကြဉ်ပြီးတဲ့အခါမှာလည်း သီလကို ဖြူစင်အောင် ဆက်လက်ကာ ထိမ်းသိမ်းစောင့်ရှောက်ဖို့ရန် ဖြစ်ပေါ်နေတဲ့ စိတ်စေတနာတွေ ရှိတယ်၊ ကုသိုလ်စိတ်စေတနာတွေပဲ။ အဲဒီ စေတနာတွေကလည်း ခုနက ပြောခဲ့တဲ့အတိုင်း လူ့ပြည်လူ့လောကမှာလာပြီးတော့ ပဋိသန္ဓေအားဖြင့် တည်နေခဲ့ရမယ်ဆိုရင် အသက်ရှည်စေတတ်ပါတယ်။

အားလုံးပေါင်း ပြဿနာ (၁၄)ချက်ရှိတဲ့အနက်က ခု (၂)ချက်ပဲ ပြောရသေးတယ်။ ဒီပထမ ပြဿနာကို ပြောဆိုခဲ့တဲ့အဖွင့်အတိုင်း နောက်လာမည့် ကြွင်းကျန်နေသေးတဲ့ ပြဿနာ (၁၂)ချက်တို့မှာလည်း ဒီပုံစံကို နည်းမှီပြီး သိရှိပါလို့ အဌကထာက ဖွင့်ဆိုထားတယ်။

ဒါကြောင့် နည်းနည်း စကားစပ်မိအောင် ပြန်ပြီးတော့ ပြောမယ် . . .။ သုဘလုလင်က မြတ်စွာဘုရားကို ပြဿနာ (၁၄)ခု မေးခဲ့တယ်၊ အဲဒီ (၁၄)ခု မေးတဲ့အထဲမှာ ဘာကြောင့် အသက်ရှည်

ရသလဲ? ဘာကြောင့် အသက်တိုရသလဲ? ဒီမေးခွန်းနှစ်ခုလည်း ပါဝင်ပါတယ်။ အသက်တိုခြင်းသည် ပါဏာတိပါတကံကို လွန်ကျူးခဲ့လို့, အသက်ရှည်ရခြင်းသည် ပါဏာတိပါတကံတွေကို ရှောင်ကြဉ်ခဲ့လို့ ဒီလို မြတ်စွာဘုရားက ပြန်ပြီးတော့ အဖြေပေးပါတယ်။

## ဇာဏုသောဏိပုဏ္ဏားကြီးရဲ့ မေးခွန်း

ဒီနေရာမှာ ကိုယ်ကျင့်သီလ ဖြူစင်မြင့်မြတ်တဲ့ သူတော်ကောင်းတစ်ဦးက ပြုစုပျိုးထောင်လိုက်တဲ့ ဒါနကုသိုလ်ကံနှင့် ကိုယ်ကျင့်သီလပျက်စီးနေတဲ့ ပုဂ္ဂိုလ်တစ်ဦးက ပြုစုပျိုးထောင်လိုက်တဲ့ ဒါနကုသိုလ်ကံတို့ရဲ့ ကွာခြားတဲ့ အကျိုးတရားရှိပုံနှင့် ဆက်စပ်ပြီး ဟောကြားထားတော်မူတဲ့ **ဇာဏု-သောဏိသုတ္တန်**[၂၂၉]ဆိုတဲ့ သုတ္တန်တစ်ခု ရှိပါတယ်။ အဲဒီ သုတ္တန်မှာ လာရှိတဲ့ အကြောင်းအရာ အချို့ကို အတိုချုပ်ပြီး ထပ်ပြောဦးမယ် –

တစ်ချိန်မှာ ဗိမ္ဗိသာရမင်းကြီးရဲ့ ပုရောဟိတ်ဆရာကြီးဖြစ်တဲ့ ဇာဏုသောဏိပုဏ္ဏားကြီးက ဘုရားရှင်ထံတော်သို့ ချဉ်းကပ်ပြီးတော့ မေးခွန်းတစ်ခု မေးပါတယ်။ ဘယ်လို မေးသလဲ? –

အရှင်ဂေါတမ . . . တပည့်တော်တို့ ပုဏ္ဏားတွေဟာ "ဤအလှူသည် ကွယ်လွန်ပြီးကုန်သော ဆွေမျိုးသားချင်းတို့ထံသို့ ကပ်ရောက်ပါစေ၊ ဤအလှူကို ကွယ်လွန်ကုန်သော ဆွေမျိုးသားချင်းတို့သည် သုံးဆောင်ကြပါစေ"ဆိုတဲ့ ဦးတည်ချက်နှင့် အလှူဒါနတွေကို ပြုလုပ်ကြပါတယ်။ သေသူကို ရည်စူးပြီးတော့ ကုဗ္ဘီးထမင်းတို့ကို ပြုလုပ်ကြပါတယ်။ အဲဒီ အလှူဟာ ကွန်လွန်သွားကြတဲ့ ဆွေမျိုးသားချင်းတွေထံသို့ ဆိုက်ရောက်ပါသလား? ကွယ်လွန်သွားကြတဲ့ ဆွေမျိုးသားချင်းတွေဟာ ဒီအလှူကို သုံးဆောင်ကြရပါသလား?

ဒီလို ဇာဏုသောဏိပုဏ္ဏားကြီးက ဘုရားရှင်အား သေသူကို ရည်ညွှန်း၍ လှူဒါန်းအပ်တဲ့ အလှူဒါနနှင့် ပတ်သက်ပြီးတော့ မေးခွန်းတွေကို မေးမြန်းလျှောက်ထားပါတယ်။

## ဘုရားရှင်၏ အဖြေ

အဲဒီအခါမှာ ဘုရားရှင်က –

ဒကာတော်ပုဏ္ဏား . . . ဒီကောင်းမှုကုသိုလ်ဟာ ရောက်သင့်သော အရာဌာန၌ ရောက်တယ်၊ မရောက်သင့်သော အရာဌာန၌ မရောက်ဘူးလို့ ခပ်ကျဉ်းကျဉ်းပဲ အဖြေပေးတော်မူလိုက်ပါတယ်။[၂၃၀] ကျဉ်းလွန်းတော့ ပုဏ္ဏားကြီးက ထပ်ပြီး ရှင်းလင်းဟောကြားတော်မူရန် တောင်းပန်ပြန်တယ်။ ဒီအခါ-မှာ ဘုရားရှင်က အကျယ်ဝေဖန်ပြီး ဟောကြားပေးတော်မူပါတယ်။

ဒီဒေသနာတော်ရဲ့ လိုရင်းကတော့ ဒီလိုပါ . . .။

---

[၂၂၉] အံ၊၃၊၄၇၈။

[၂၃၀] ဌာနေ ခေါ ဗြာဟ္မဏ ဥပကပ္ပတိ၊ နော အဋ္ဌာနေ။ (အံ၊၃၊၄၇၈။)

ငရဲ, တိရစ္ဆာန်, ပြိတ္တာ, လူ့ပြည်, နတ်ပြည်ဆိုတဲ့ သေပြီးနောက် လားရာဂတိငါးတန်ရှိတဲ့ အထဲက – သေလွန်သွားတဲ့ ပုဂ္ဂိုလ်ဟာ မသေခင် လူ့ဘဝတုန်းက ဒုစရိုက်မျိုးစုံကို လက်သွက်သွက် လွန်ကျူးလေ့ရှိတဲ့ ဒုစရိုက်အိုး လူမိုက်မျိုး ဖြစ်ခြင်းကြောင့် သေလွန်သွားတဲ့အခါ ငရဲသို့ ရောက်မယ် ဆိုရင် ထိုငရဲသားသတ္တဝါရဲ့ အကုသိုလ်ကံဆိုတဲ့ စေတနာအာဟာရနှင့်ပဲ မျှတနေရတယ်။ အကယ်၍ တိရစ္ဆာန်ဘဝသို့ ရောက်ခဲ့မယ်ဆိုရင်လည်း တိရစ္ဆာန်ဘဝမှာရှိတဲ့ မြက်သစ်ရွက်စတဲ့ တိရစ္ဆာန်တို့ရဲ့ အာဟာရတွေနှင့်ပဲ မျှတနေရတယ်။ ဒါကြောင့် ဒီငရဲ တိရစ္ဆာန်ဆိုတဲ့ ဘုံဌာနတွေဟာလည်း ဒီလူ့ဘဝ က ဆွေမျိုးသားချင်းတို့က ပြုလုပ်လိုက်တဲ့ ကောင်းမှုကုသိုလ်တွေ ရောက်ရှိနိုင်တဲ့ ဘုံဌာနမျိုး မဟုတ်-တဲ့အတွက် ဒီကောင်းမှုကုသိုလ်ဟာ အဲဒီ ငရဲသားထံသို့ သို့မဟုတ် တိရစ္ဆာန်ထံသို့ မရောက်နိုင်ဘူး၊ အရာဌာန မဟုတ်ဘူးလို့ ဆိုလိုတယ်။

ငရဲသားသတ္တဝါဆိုတာကလည်း သူ့ရဲ့ အကုသိုလ်ကံတွေရဲ့ အရှိန်အဝါတွေ မကုန်သမျှ ကာလ ပတ်လုံး ငရဲမှာ ခံနေရမည့် သဘော ရှိပါတယ်။ ဒီလူ့ပြည်လူ့လောကက သူ့အတွက် ရည်ညွှန်းပြီး ပြုလုပ်ပေးတဲ့ ကုသိုလ်တို့ရဲ့ အရှိန်အဝါကို ခံယူနိုင်တဲ့ သဘော မရှိဘူး။ ဒီကုသိုလ်တွေရဲ့ အကျိုးကို လည်း သုံးဆောင်ခံစားနိုင်ခွင့် မရှိဘူး။

နောက်တစ်ခု – တိရစ္ဆာန်ဘဝဆိုတာကလည်း အလားတူပဲ – တိရစ္ဆာန်ဘဝကို ဖြစ်စေနိုင်တဲ့ စွမ်းအားရှိတဲ့ အကုသိုလ်ကံတို့ရဲ့ အရှိန်အဝါတွေ မကုန်သေးသမျှ ကာလပတ်လုံး တိရစ္ဆာန်ဘဝမှ ကျွတ်နိုင်လွတ်နိုင်တဲ့သဘော မရှိဘူး။ ဒါကြောင့် တိရစ္ဆာန်ဘုံဘဝ ရောက်ရှိသွားတဲ့ ကွယ်လွန်သူကို ရည်ညွှန်းပြီး လူ့ဘဝက ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့က ကောင်းမှုကုသိုလ် ပြုပေးသော်လည်း အဲဒီ တိရစ္ဆာန်ဘဝ ရောက်ရှိနေတဲ့ သူက သိရှိဖို့ သာဓုခေါ်နိုင်ဖို့ဆိုတဲ့ သဘောတရားမှာ အလွန် ဖြစ်နိုင်ခဲတဲ့ သဘောတစ်ခုသာ ဖြစ်နေတယ်။ တိရစ္ဆာန်ဘဝမှာရှိတဲ့ မိခင်တစ်ဦးဦးရဲ့ ဝမ်းထဲမှာ ပဋိသန္ဓေတည်နေဆဲ အချိန်အခါမျိုးမှာ ဒီလူ့ဘဝက ဆွေမျိုးသားချင်းတွေက ကောင်းမှုကုသိုလ် ပြုပေးမယ်ဆိုရင် ထိုသတ္တဝါက သိရှိနိုင်ဖို့ သာဓုခေါ်နိုင်ဖို့ဆိုတဲ့ သဘောတရားဟာလည်း ပိုပြီး အလှမ်းဝေးတဲ့ အခက်အခဲတစ်ရပ်သာ ဖြစ်ဖို့ ရှိတယ်။ ဒါကြောင့် တိရစ္ဆာန်ဘဝဟာလည်း လူ့ပြည် လူ့လောကက ဆွေမျိုးသားချင်းတို့က ပြုလုပ်ပေးလိုက်တဲ့ ကောင်းမှုကုသိုလ်တို့ရဲ့ အရှိန်အဝါတွေ ရောက်နိုင်တဲ့ နေရာဌာနမျိုး မဟုတ်ဘူး။

နောက်တစ်ခု ပြောဦးမယ် – ပုဂ္ဂိုလ်တစ်ဦးဟာ လူ့ပြည်လူ့လောကမှာရှိစဉ် ကိုယ်ကျင့်သီလ တွေက အလွန်ဖြူစင်တယ်၊ ကာယကံ စင်ကြယ်မှု ရှိတယ်၊ ဝစီကံ စင်ကြယ်မှု ရှိတယ်၊ မနောကံ စင်ကြယ်မှု ရှိတယ်၊ ထိုပုဂ္ဂိုလ်ဟာ ကွယ်လွန်သွားတဲ့အခါ လူ့ပြည်လူ့လောက ရောက်ခဲ့ရင် လူတို့ရဲ့ အစာအာဟာရဖြင့် မျှတနေရတယ်၊ နတ်ပြည်နတ်လောက ရောက်ခဲ့ရင်လည်း နတ်တို့ရဲ့ အစာ အာဟာရဖြင့် မျှတနေရတယ်။

ထိုလူ့ပြည် နတ်ပြည် ရောက်သွားတဲ့ ပုဂ္ဂိုလ်တစ်ဦးအတွက် ရည်ညွှန်းပြီး လူ့ပြည်လူ့လောကမှာ ကျန်ရစ်ခဲ့သူ ဆွေမျိုးသားချင်းတို့က ကောင်းမှုကုသိုလ်တွေကို ပြုပေးကြသော်လည်း ထိုကွယ်လွန်

သွားတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ ကုသိုလ်ရဲ့ အကျိုးတရားကို ခံစားဖို့ရန် အရာဌာန မဟုတ်ပြန်ဘူး။

ဒီအချက်ဟာလည်း ထင်ရှားပါတယ်။ ကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်ဟာ လူ့ပြည်လူ့လောကကို ရောက်ရှိနေပြီဆိုကြစို့။ ရက်ပိုင်းလပိုင်းအတွင်းမှာပဲ ထိုကွယ်လွန်သူကို ရည်ညွှန်းပြီးတော့ ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့က ကောင်းမှုကုသိုလ်ပြုခဲ့ရင် ထိုကုသိုလ်ကို ထိုလူသားတစ်ဦးက ရရှိဖို့မှာ အလွန်ခက်ခဲတဲ့ သဘောတစ်ခု ဖြစ်နေတယ်။ ဘာကြောင့်လဲ?— ထိုကွယ်လွန်သွားတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ ရက်ပိုင်းလပိုင်းအတွင်းလောက်မှာဆိုရင် မိခင်တစ်ဦးဦးရဲ့ ဝမ်းကြာတိုက်မှာ တည်ရှိနေတုန်း ဖြစ်နိုင်တယ်။ မိခင်တစ်ဦးဦးရဲ့ ဝမ်းကြာတိုက်မှာရှိနေတဲ့ ဒီကလေးအတွက် ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့က ကောင်းမှုကုသိုလ်ပြုပေးသော်လည်း ထိုကလေးသူငယ်အဖို့ ထိုကုသိုလ်ရဲ့ အကျိုးတရားတွေကို ရရှိဖို့ရန် အရာဌာနမဟုတ် ဖြစ်နေသေးတယ်။ အကယ်၍ ကွယ်လွန်သူဟာ နတ်ပြည်နတ်လောကသို့ ရောက်ရှိသွားခဲ့ရင်လည်း နတ်စည်းစိမ်ကို ခံစားနေဆဲအချိန်သာ ဖြစ်တယ်။ လူဘဝက မကွယ်လွန်မီ မိမိကိုယ်တိုင် ပြုစုပျိုးထောင်ခဲ့တဲ့ ကုသိုလ်ကံတွေရဲ့ အရှိန်အဝါတွေ မကုန်သေးသမျှ နတ်ပြည်နတ်လောကမှာ နတ်စည်းစိမ်တွေကို ခံစားရမည့်သဘောသာ ရှိတယ်။ ဒါကြောင့် နတ်ပြည်နတ်-လောကဟာလည်း ကွယ်လွန်သူကို ရည်ညွှန်းပြီး ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့က ပြုပေးလိုက်တဲ့ ကောင်းမှုကုသိုလ်တို့ရဲ့ အကျိုးတရားတွေကို ရရှိနိုင်တဲ့ အရာဌာနမျိုး မဟုတ်ဘူး။

## ပြိတ္တာဘဝတစ်မျိုးသာ

အကယ်၍ ကွယ်လွန်သူဟာ ပြိတ္တာဘဝသို့ ရောက်ရှိခဲ့မယ်ဆိုရင်, ထို ပြိတ္တာဘဝမှာလည်း ပရဒတ္တူပဇီဝိပြိတ္တာတို့လို သူတစ်ပါးတို့ ပြုပေးလိုက်တဲ့ ကုသိုလ်ကို မှီပြီး အသက်ရှည်ရမည့် ပြိတ္တာမျိုး ဖြစ်ခဲ့မယ်ဆိုရင်တော့ ကျန်ရစ်သူ ဆွေမျိုးသားချင်းတို့က ထိုကွယ်လွန်သူ (ပြိတ္တာဘုံဘဝသို့ ရောက်ရှိသွားသူ)ကို ရည်ညွှန်းပြီး ကောင်းမှုကုသိုလ်ကို ပြုခဲ့ရင် ထိုဒါနဖြင့် ထိုပြိတ္တာဟာ ထိုပြိတ္တာဘုံ၌ မျှတရတယ်၊ ထိုဒါနဖြင့် ထိုပြိတ္တာဟာ ထိုပြိတ္တာဘုံ၌ တည်နေရတယ်။ ဒါကြောင့် ထိုပြိတ္တာဘုံ၌ တည်နေသူအား ထိုဒါနသည် ရောက်ရှိတယ် —

ဒီလို ဘုရားရှင်က အဖြေပေးတော်မူလိုက်တယ်။

## ပုဏ္ဏားကြီးရဲ့ ထပ်ဆင့်မေးခွန်းများ

အကယ်၍ ကွယ်လွန်သွားသူဟာ ထိုပြိတ္တာဘဝသို့ မရောက်ရှိခဲ့ဘူးဆိုရင် ထိုဒါနကို အဘယ်-သူက သုံးဆောင်ရပါသလဲလို့ ထပ်ပြီး မေးပြန်တယ်။

ဘုရားရှင်ကလည်း ထိုပြိတ္တာဘုံဘဝသို့ ရောက်ရှိနေကြတဲ့ ရှေးရှေးက ကွယ်လွန်သွားကြတဲ့ အခြားအခြားသော ဆွေမျိုးသားချင်းတွေက ထိုဒါနကို သုံးဆောင်ခံစားရတဲ့အကြောင်းကို ထပ်ပြီး အဖြေပေးတော်မူပါတယ်။

ကွယ်လွန်သူကလည်း ပြိတ္တာဘဝသို့ မရောက်ရှိခဲ့ဘူးဆိုရင်, ပြိတ္တာဘုံမှာလည်း အခြားအခြားသော ဆွေမျိုးသားချင်းတွေလည်း မရှိကြဘူးဆိုရင် ထိုဒါနကို ဘယ်သူက သုံးဆောင်ခံစားရပါသလဲလို့ ပုဏ္ဏားကြီးက ထပ်မေးပြန်တယ်။

ရှည်လျားလှစွာသော သံသရာခရီးတစ်လျှောက်မှာ ဆွေမျိုးသားချင်းတို့မှ ကင်းဆိတ်ရာ ဘုံဌာနရှိတယ်ဆိုတဲ့ ဒီသဘောတရားဟာ အရာဌာန မဟုတ်ကြောင်းကို ဘုရားရှင်က ပြန်လည်ပြီး အမိန့်ရှိတော်မူပါတယ်။ အဲဒီလို အမိန့်ရှိပြီးတဲ့အခါမှာ ဘုရားရှင်က အလွန်သိသင့်တဲ့ အချက်အလက်တစ်ခုကို ဆက်လက်ပြီး မိန့်ကြားတော်မူပြန်ပါတယ် — ဘယ်လို မိန့်ကြားတော်မူသလဲ?[၂၉၁]

"ဒါယကာတော် ပုဏ္ဏားကြီး . . . အမှန်စင်စစ်အားဖြင့်ပြောဆိုရရင် အလှူရှင်ဟာလည်း အကျိုးမရှိ မဖြစ်နိုင်ပါဘူး၊ အကျိုးရှိသည်သာ ဖြစ်ပါတယ်"လို့ ဘုရားရှင်က အမိန့်ရှိတော်မူတယ်။[၂၉၂]

အကြင် ကွယ်လွန်သူကို ရည်ညွှန်း၍ ထိုဒါနကို ပေးလှူတယ်။ ထို ကွယ်လွန်သူအား ထိုဒါနသည် ကပ်ရောက်သည်ပင်ဖြစ်စေ, မကပ်ရောက်သည်ပင်ဖြစ်စေ အလှူရှင်ကား ထိုဒါန၏ အကျိုးတရားကို ရရှိသည်သာ ဖြစ်ပါတယ်။ ဒီလို ဆိုလိုတယ်လို့ အဋ္ဌကထာက ရှင်းပြထားတယ်။

ဒီအခါမှာ ပုဏ္ဏားကြီးက — သေသူဟာ ဒါန၏ အကျိုးတရား မဖြစ်သင့်တဲ့ နေရာမှာ ဖြစ်နေပေမဲ့ ရှင်ဂေါတမဟာ ဒါနရဲ့ အကျိုးတရားကို ထင်ရှားရှိတယ်လို့ ပညတ်တော်မူပါသလားလို့ — ဆက်ပြီး မေးပြန်တယ်။

အဲဒီအခါမှာ ဘုရားရှင်ကလည်း — သေသွားတဲ့သူဟာ ဒါနရဲ့ အကျိုးတရား မဖြစ်သင့်တဲ့ ဘုံဌာနမှာ သွားဖြစ်နေသော်လည်း ငါဘုရားရှင်က ဒါနရဲ့ အကျိုးတရားတွေကို ထင်ရှားရှိတယ်လို့ပဲ - ပညတ်တော်မူတဲ့အကြောင်းကို မိန့်ကြားတော်မူလိုက်တယ်။

ပုဏ္ဏားကြီးဘက်က — ဒီလို ပေးလှူတဲ့ဒါနဟာ သေသူအတွက် ရည်ညွှန်းပြီးလှူတဲ့ အလှူဒါနဖြစ်လို့ အလှူရှင်က ဒီဒါနရဲ့အကျိုးကို မရသင့်ဘူးလို့ အယူရှိနေတယ်။ ဘုရားရှင်ကလည်း ပုဏ္ဏားကြီးရဲ့ အမေးပြဿနာရဲ့ ဆိုလိုရင်းကို သိရှိပြီးဖြစ်လို့ အလှူရှင်ဟာ ကောင်းမှုကုသိုလ်ရဲ့ အကျိုးတရားကို မှီပြီး အသက်ရှင်ရမည့် ဘုံဌာနမှာ ဘယ်ဘုံမှာပဲဖြစ်ဖြစ် ဒီအလှူရှင်ဟာ ဒါနရဲ့ အကျိုးတရားကို ရရှိနိုင်သည်သာ ဖြစ်တယ်လို့ ဘုရားရှင်ရဲ့ မိန့်တော်မူလိုရင်းကို အဋ္ဌကထာက ရှင်းလင်းတင်ပြထားတယ်။[၂၉၃]

ပြီးတော့ ဘယ်လို အကျိုးတရားတွေ ရှိတယ်ဆိုတာကို ဘုရားရှင်က ဆက်လက်ပြီး ဟောကြားတော်မူပါတယ်။ ဒီ - ဘုရားရှင်ရဲ့ ဟောကြားချက် ဒေသနာတော်တွေဟာ ယခုလို ကံတွေကို

---

[၂၉၁] အပိ စ ဗြာဟ္မဏ ဒါယကောပိ အနိပ္ဖလော။ (အံ၊၃၊၄၈၀။)

[၂၉၂] **ဒါယကောပိ အနိပ္ဖလော**တိ ယံ သန္ဓာယ တံ ဒါနံ ဒိန္နံ၊ တဿ ဥပကပ္ပတု ဝါ မာ ဝါ၊ ဒါယကေန ပန န သက္ကာ နိပ္ဖလေန ဘဝိတုံ၊ ဒါယကော တဿ ဒါနဿ ဝိပါကံ လဘတိယေဝ။ (အံ၊ဋ္ဌ၊၃၊၃၃၉။)

[၂၉၃] အံ၊ဋ္ဌ၊၃၊၃၃၉။

ထူထောင်နေတဲ့ တစ်နည်းပြောရင်တော့ ပန်းချီကားချပ်ကလေးတွေကို ရေးဆွဲနေတဲ့ သံသရာခရီး-သည်တွေအနေနှင့် အလွန်သိထားသင့်တဲ့ အကြောင်းအရာတွေ ဖြစ်ကြတယ်။ ဒီဒေသနာတော်ကို အတိုချုပ်ပြီးတော့ ထပ်ပြောဦးမယ် —

တချို့ပုဂ္ဂိုလ်တွေဟာ — သူ့အသက်ကို သတ်ခြင်း, သူ့ပစ္စည်းကို မတရားယူခြင်း, သူ့သား-မယားကို ဖျက်ဆီးခြင်းဆိုတဲ့ ကာယဒုစရိုက်တွေကိုလည်း လွန်ကျူးလေ့ရှိကြတယ်။ မုသားစကား, ကုန်းစကား, ကြမ်းတမ်းတဲ့စကား, ပြိန်ဖျင်းတဲ့စကားတွေကို ပြောဆိုကြလျက် ဝစီဒုစရိုက်တွေကိုလည်း လွန်ကျူးလေ့ရှိကြတယ်။ သူတစ်ပါးပစ္စည်းတွေကို မတရားသော နည်းလမ်းဖြင့် ရရှိဖို့ရန် ကြံစည်စိတ်ကူးနေကြခြင်း, သူတစ်ပါးတို့ကို သတ်ဖြတ်ဖို့ သေကျေပျက်စီးစေဖို့ ညှဉ်းပန်းနှိပ်စက်ဖို့ကိုလည်း ကြံစည်စိတ်ကူးနေကြခြင်း, ကံ-ကံ၏အကျိုးကို လက်မခံဘဲ မှားယွင်းတဲ့ ခံယူချက်တွေ ရှိနေကြခြင်း ဆိုတဲ့ မနောဒုစရိုက်တွေကိုလည်း လွန်ကျူးလေ့ရှိကြတယ်။

ဒီလို ဒုစရိုက်တွေကို လက်သွက်သွက်နှင့် စိတ်ပါလက်ပါ လွန်ကျူးလေ့ရှိတဲ့ ပုဂ္ဂိုလ်ဟာ တစ်ဖက်က သမဏ ဗြာဟ္မဏအမည်ရှိတဲ့ အလှူခံပုဂ္ဂိုလ် များထိုထိုအား ဆွမ်း-အဖျော်-အဝတ်-ယာဉ်-ပန်း-နံ့သာ-နံ့သာပျောင်း-အိပ်ရာနေရာ-ကျောင်း-ဆီမီးဆိုတဲ့ ဒါနဝတ္ထု အစုစုကို ပေးလှူလေ့ရှိပြန်တယ်။

ထိုပုဂ္ဂိုလ်မျိုးဟာ ကွယ်လွန်သွားတဲ့အခါ ဆင်တို့ရဲ့ အပေါင်းအဖော်အဖြစ်သို့ ရောက်ရှိသွား-တယ် ဆိုကြစို့ — ကာယဒုစရိုက် ဝစီဒုစရိုက် မနောဒုစရိုက်ဆိုတဲ့ ဒုစရိုက်အမျိုးမျိုးတွေကို လွန်ကျူးခဲ့တဲ့အတွက် ဒီအကုသိုလ်ကံတွေကြောင့် ဆင်ဘဝသို့ ရောက်ရှိရတယ်။ သို့သော် သမဏ ဗြာဟ္မဏ အမည်ရှိတဲ့ အလှူခံပုဂ္ဂိုလ် များထိုထိုအား ဆွမ်းသက်န်းအစရှိတဲ့ ဒါနဝတ္ထုအမျိုးမျိုးကို ပေးလှူခဲ့တဲ့အတွက် ထိုဆင်ဘဝမှာ မင်္ဂလာဆင်တော်စသည် ဖြစ်ရပြီး အစားအသောက်, ပန်း, အထူးထူးသော အဆင်တန်ဆာတို့ကို ရလေ့ရှိပြန်တယ်။

အလားတူပဲ မြင်းဘဝသို့ ရောက်ခဲ့ရင်လည်း မင်္ဂလာမြင်းတော် စသည် ဖြစ်ရပြီး အဆင့်မြင့်မြင့် နေထိုင်စားသောက်ရတယ်။ နွားဘဝ ခွေးဘဝ ရောက်ခဲ့ရင်လည်း အလားတူပဲ အဆင့်မြင့်မြင့် နေရတယ်။ အဆင့်မြင့်မြင့် စားရတယ် — စသည်ဖြင့် ဘုရားရှင်က ဆက်လက်ပြီး ဟောပြတော်-မူပါတယ်။

ဒီနေရာမှာ တရားနာပရိသတ်တွေ စဉ်းစားဖို့ အချက်အလက်ကလေးတွေကို ဘုန်းကြီးဘက်ကလည်း ပြောပြချင်တယ် — ခွေးဘဝပဲ ဆိုကြပါစို့ အဆင့်မြင့်မြင့် နေရတယ်ဆိုသော်လည်း ခွေးနေရ အိပ်ရတဲ့နေရာဟာ ဘယ်လောက် အဆင့်မြင့်နိုင်သလဲ? — ပြီးတော့ ခွေးဘဝမှာ အဆင့်မြင့်မြင့် စားရတယ်ဆိုသော်လည်း ဘယ်လောက် အဆင့်မြင့်မြင့် စားရမှာလဲ? – စဉ်းစားကြည့်လေ — ဘယ်လောက်ပဲ အဆင့်မြင့်မြင့် ထားထား, ဘယ်လောက်ပဲ အဆင့်မြင့်မြင့် ကျွေးကျွေး ခွေးဆိုတာက မစင်ပုံမှာ ခေါင်းဆိုက်နေရတာကို ကျေနပ်တဲ့ ဘဝမျိုးသာ ဖြစ်တယ်။

ဒါနဟာ ဘယ်ဘဝရောက်ရောက် အကျိုးပေးတယ်ဆိုသော်လည်း တစ်ဖက်က ကြည့်ရင်တော့ အရှုံးထွက်နေတယ်။ အရောင်းအဝယ်တစ်ခုကို ပြုလုပ်တဲ့အခါမှာ အရှုံးထွက်သလို ခု ဒီနေရာမှာလည်း ဒါနဟာ အရှုံးထွက်နေတယ်။ ဘယ်လို အရှုံးထွက်နေသလဲ?

## ဒါနရဲ့စွမ်းအင်

လောကမှာ ဒါနရဲ့စွမ်းအားသည် သိကြားမင်းရဲ့ စည်းစိမ်ကိုသော်လည်း ပေးစွမ်းနိုင်တယ်၊ မာရ်မင်းရဲ့ စည်းစိမ်ကိုသော်လည်း ပေးစွမ်းနိုင်တယ်၊ ပြဟ္မာမင်းရဲ့ စည်းစိမ်ကိုသော်လည်း ပေးစွမ်းနိုင်တယ်၊ စကြဝတေးမင်းရဲ့ စည်းစိမ်ကိုသော်လည်း ပေးစွမ်းနိုင်တယ်။ အကယ်၍ အလှူဒါနရှင်က ဒီ လောကီချမ်းသာသုခတွေကို အလိုမရှိခဲ့လို့ လောကုတ္တရာချမ်းသာသုခကိုသာ အလိုရှိခဲ့မယ်ဆိုရင် - ဒီဒါနရဲ့စွမ်းအားသည် သာဝကပါရမီဉာဏ် (= ပကတိသာဝကဗောဓိ, မဟာသာဝကဗောဓိ, အဂ္ဂသာဝကဗောဓိဆိုတဲ့ သာဝကပါရမီဉာဏ်)ကိုသော်လည်း ပေးစွမ်းနိုင်တယ်၊ ပစ္စေကဗောဓိဉာဏ်ကိုသော်လည်း ပေးစွမ်းနိုင်တယ်၊ သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်ကြီးကိုသော်လည်း ပေးစွမ်းနိုင်တယ်။[၂၃၄] ဒါနတစ်ခုတည်းက ထိုထိုဗောဓိဉာဏ်တွေကို ပေးတယ်လို့ ဆိုလိုတာတော့ မဟုတ်ဘူး၊ ပါရမီ (၁၀)ပါး ထဲမှာ ဒါနပါရမီလည်း အဝင်အပါဖြစ်လို့ ထိုထိုဗောဓိဉာဏ်တို့ရဲ့ အကြောင်းတရားအဖြစ် ဖွင့်ဆို နေခြင်းဖြစ်တယ်။

ဒါနမှာ ဒီလို အဆင့်အတန်းမြင့်မားတဲ့ အထက်တန်းကျတဲ့ အကျိုးတရားတွေကို ပေးနိုင်တဲ့ စွမ်းအားတွေ ရှိပါတယ်။ ဒါပေမဲ့ ဒီလို အထက်တန်းကျတဲ့ အကျိုးတရားတွေကို ဒီဒါနက ပေးနိုင်တယ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်တွေမှာသာ အကျိုးပေးနိုင်သလဲ?

ဒီလို အဆင့်အတန်းမြင့်မားတဲ့ အထက်တန်းကျတဲ့ အကျိုးတရားတွေကို ဒီဒါနက အကျိုးပေး နိုင်တဲ့ စွမ်းအားရှိတယ်ဆိုတာ — "သီလရှိတဲ့ ပုဂ္ဂိုလ်အားသာ ငါဘုရားဟောတော်မူတယ်။ သီလ မရှိတဲ့ ဒုစရိုက်အိုး လူမိုက်မျိုးအား ငါဘုရား ဟောတော်မမူဘူး။ ရဟန်းတို့ . . . သီလစင်ကြယ်နေတဲ့ အတွက်ကြောင့် သီလရှိတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ရဲ့တောင့်တချက်ဟူသမျှဟာ မချွတ်ဧကန် ပြီးစီးပြည့်စုံတတ် ပါတယ်" . . . ဒီလို ဘုရားရှင်က ဟောကြားထားတော်မူပါတယ်။[၂၃၅]

ဒီဒေသနာတော်ကတော့ အင်္ဂုတ္တိုရ်ပါဠိတော် **ဒါနူပပတ္တိသုတ္တန်**မှာ ဘုရားရှင်ရဲ့ ဟောကြား တော်မူချက် ဖြစ်ပါတယ်။ ဒါကြောင့် အလှူရှင်ဟာ ကိုယ်ကျင့်တရားတွေ ဖြူစင်တဲ့ သီလရှိတဲ့ အလှူရှင် ဖြစ်မယ်ဆိုရင် ဒီဒါနကုသိုလ်ကြောင့် အဆင့်အတန်း မြင့်မားတဲ့ အထက်တန်းကျတဲ့ အကျိုး တရားတွေကို ရရှိနိုင်တယ်။ သို့သော် သီလမရှိတဲ့ အလှူရှင် ဖြစ်မယ်ဆိုလို့ရှိရင်တော့ ဒီဒါနကုသိုလ်-

---

[၂၃၄] ဒါနဉ္စ လောကေ သက္ကသမ္ပတ္တိံ ဒေတိ မာရသမ္ပတ္တိံ ပြဟ္မသမ္ပတ္တိံ၊ စက္ကဝတ္တိသမ္ပတ္တိံ သာဝကပါရမီဉာဏံ ပစ္စေကဗောဓိဉာဏံ အဘိသမ္ဗောဓိဉာဏံ ဒေတိ။ (အံ၊ဌ၊၃၊၂၁၃။)

[၂၃၅] တဉ္စ ခေါ သီလဝတော ဝဒါမိ၊ နော ဒုဿီလဿ။ ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။ (အံ၊၃၊၇၁။)

ကြောင့် ဒီလို အဆင့်အတန်းမြင့်မားတဲ့ အထက်တန်းကျတဲ့ အကျိုးတရားတွေကို မရရှိနိုင်ဘူး။ ဘာတွေကိုသာ ရရှိနိုင်မလဲ? –

တရားနာပရိသတ်တွေ နားကြီးကြီးနှင့် မျက်စိကြီးကြီးနှင့် စဉ်းစားဆင်ခြင်ကြည့်ပါ။ မင်္ဂလာဆင်တော်ဖြစ်ရပြီး စားဖွယ်သောက်ဖွယ်တွေ ပေါပေါများများ ရရှိတယ်ဆိုသော်လည်း ဆင်တွေဟာ ဘာတွေကို စားကြသလဲ?— ဝါးနုနုတွေ မြက်တွေ သစ်ရွက်တွေ နွယ်တွေကို အများအားဖြင့် စားကြတယ်။ သစ်သီးဝလံဆိုတာကတော့ ရံဖန်ရံခါလောက်သာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒီတော့ မိမိ လှူခဲ့စဉ်က ဆင်စားတဲ့ အစားအစာမျိုးတွေ ဟုတ်သလား? မဟုတ်ဘူး။ အရှုံးမထွက်ဘူးလား? အရှုံးထွက်နေတယ်။ ဘာကြောင့် အရှုံးထွက်ရသလဲ? ကိုယ်ကျင့်သီလတွေ ပျက်စီးခဲ့လို့ပဲ။ ကာယကံ စင်ကြယ်မှု ဝစီကံ စင်ကြယ်မှု မနောကံ စင်ကြယ်မှုတွေ မရှိခဲ့လို့ပဲ။ မြင်းတွေ နွားတွေမှာလည်း အလားတူပဲ။

နောက်တစ်ခု ခွေးဘဝကြည့်ပါ။ မြေကြီးပေါ်မှာ အိပ်ရတာ နေရတာကို မွေ့လျော်တဲ့ ဘဝမျိုးသာ ဖြစ်တယ်။ ခွေးဘဝမှာ ကောင်းကောင်းမွန်မွန် စားရတယ်ဆိုပေမဲ့ အဆင့်အတန်းမြင့်မားတဲ့ လူသားတွေစားတဲ့ အစာနှင့် နှိုင်းယှဉ်လိုက်ရင်တော့ အလွန် အဆင့်နိမ့်နေပါသေးတယ်။ ပြီးတော့ ခွေးဆိုတာက ဘယ်လောက်ပဲ ကောင်းကောင်း စားရပါစေ— မစင်ပုံတွေ့ရင်တော့ လွေးရမှ ကျေနပ်တဲ့သတ္တဝါမျိုးသာ ဖြစ်တယ်။ ဒီအချက်တွေ ကြည့်လိုက်ရင်လည်း အရှုံးမထွက်ဘူးလား? ရှုံးနေတယ်။ တစ်ချိန်က လူ့ဘဝမှာ မိမိ လှူဒါန်းခဲ့စဉ်က ဒီလို ခွေးစားတဲ့ အစာမျိုးတွေ ဟုတ်သလား? မဟုတ်ဘူး။ ဘာကြောင့် ဒီလို အဆင့်နိမ့်သွားရတယ်ဆိုတာကို သဘောပေါက်သင့်တယ်။ ကိုယ်ကျင့်သီလ ပျက်စီးခြင်းကြောင့် ဒါနကုသိုလ်ကံရဲ့ အကျိုးတရားတွေဟာ အဆင့်အတန်း နိမ့်သွားခြင်း ဖြစ်တယ်။ ငွေကုန်ကြေးကျခံပြီး အလှူဒါနပွဲကြီးတစ်ခုကို ပြုစုပျိုးထောင်ပါလျက် ဒီဒါနကြောင့် မြက်တွေ သစ်ရွက်တွေကိုသာ ပေါပေါများများ ပြန်စားရမယ်ဆိုရင်တော့ – ဘယ့်နှယ်တုံး ပရိသတ်တွေ ရှုံးချက်က မနာဘူးလား? သိပ်နာတယ်။ ဒါကြောင့် အလှူရေစက် လက်နှင့်မကွာ နေထိုင်နေကြတဲ့ လူမျိုးတွေ ဖြစ်ခြင်းကြောင့် နေ့စဉ်လိုလို ဒါနတွေ ပြုနေကြတဲ့အတွက် နေ့တိုင်း နေ့တိုင်း ကိုယ်ကျင့်သီလတွေ ဖြူစင်နေဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ် – သိပ်ကောင်းတယ် –

ကာယကံ စင်ကြယ်မှု, ဝစီကံ စင်ကြယ်မှု, မနောကံ စင်ကြယ်မှုဆိုတဲ့ သုစရိုက်တရားတွေကို ဖြည့်ကျင့်နေတဲ့ ဖြူစင်တဲ့ ကိုယ်ကျင့်သီလရှိတဲ့ သူတော်ကောင်းတစ်ဦးက ဆွမ်း, သင်္ကန်း စတဲ့ ဒါနဝတ္ထု အမျိုးမျိုးတွေကို သမဏ ဗြာဟ္မဏအမည်ရတဲ့ အလှူခံပုဂ္ဂိုလ်တွေကို လှူဒါန်းပူဇော်ခဲ့မယ်ဆိုရင်တော့ – အကယ်၍ ထိုသူတော်ကောင်းက နောင်အနာဂတ်ဘဝ၌ လူ့ဘဝကို အလိုရှိခဲ့မယ်ဆိုရင် သေပြီးနောက် လူ့ပြည်သို့ တစ်ဖန် ပြန်ရောက်နိုင်တယ်၊ လူတို့ရဲ့ အပေါင်းအဖော်အဖြစ်သို့ ရောက်ရှိနိုင်တယ်။

အကယ်၍ ထိုသူတော်ကောင်းက သေပြီးနောက်ကာလ၌ နတ်ပြည်နတ်လောကကို အလိုရှိခဲ့မယ်ဆိုရင် သေပြီးနောက်ကာလမှာ နတ်တို့ရဲ့ အပေါင်းအဖော်အဖြစ်သို့ ရောက်ရှိနိုင်တယ်။

အကယ်၍ လူ့ဘဝရောက်ခဲ့မယ်ဆိုရင် ယင်း လူ့လောကမှာ လူတို့ရဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ပေါပေါများများ ရရှိခံစားနိုင်တယ်။

အကယ်၍ နတ်ပြည်သို့ ရောက်ရှိသွားခဲ့မယ်ဆိုရင်လည်း ယင်း နတ်ပြည်နတ်လောကမှာ ရှိနေကြတဲ့ နတ်တို့ရဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ပေါပေါများများ သုံးဆောင်ခံစားရ-နိုင်တယ်။

လူ့ဘဝ နတ်ဘဝသို့ ရောက်ရှိခြင်းက သီလစင်ကြယ်ခဲ့လို့ ဖြစ်တယ်၊ လူ့ကာမဂုဏ် နတ်-ကာမဂုဏ်တွေကို ပေါပေါများများ သုံးဆောင်ရခြင်းက ဒါနပြုခဲ့လို့ ဖြစ်တယ် . . . ဒီလို ဇာတ-သောဏိပုဏ္ဏားကြီးကို ဘုရားရှင်က ဆက်လက်ကာ ဟောပြတော်မူပါတယ်။

ဒါကြောင့် လူ့ဘဝ နတ်ဘဝ ရရှိရေးအတွက်လည်း ကိုယ်ကျင့်သီလတွေ ဖြူစင်ဖို့ မလိုဘူးလား? လိုအပ်တယ်၊ လိုအပ်တယ်။ နိဗ္ဗာန်ကို ရရှိရေးအတွက်ရော ကိုယ်ကျင့်သီလတွေ ဖြူစင်ဖို့ မလိုဘူး-လား? ပိုပြီး လိုအပ်ပါတယ်။ မဂ္ဂင် (၈)ပါး စုံညီပါမှ နိဗ္ဗာန်ကို ရရှိနိုင်တယ်လို့ လက်ခံနိုင်ရင် သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝခေါ်တဲ့ သီလမဂ္ဂင်တွေကိုလည်း နိဗ္ဗာန်ရောက်ကြောင်း ကျင့်စဉ်လမ်းအဖြစ် လက်ခံရမှာ ဖြစ်တယ်။ ဒါကြောင့် ကိုယ်ကျင့်သီလ ဖြူစင်ခြင်းဆိုတဲ့ လုပ်ငန်းသဘောတရားဟာ ပစ္စုပ္ပန် သံသရာနှစ်ဖြာ ကြီးပွားရေးအတွက်ရော, နိဗ္ဗာန်ရရှိရေးအတွက်ရော မဖြစ်မနေ ကြိုးစားရမည့် တရားတစ်ခု ဖြစ်တယ်လို့ မှတ်ပါ။ ဒါကြောင့် မန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာမှာ ဒီလို ဆုံးမထားတော်မူပါတယ် —

## သေသူနှင့် ရှင်သူ

ဆယ်ပါးပညတ်၊ ကုသိုလ်ရပ်ကို၊ ပြုအပ်ပြီးသည်၊ လူတမည်ကား၊ လူ့ ပြည်, နတ်ပွဲ၊ ရမခဲတည့်၊ ယူစွဲမုချ၊ ယွင်းမခွဘူး။ ။ ဒါနသီလ၊ ကုသလဥ်၊ လံ့လလွတ်လျော့၊ လေးဖင့်ပေါ့၍၊ မေ့လျော့သောသူ၊ **သူသေ**ဟူ၏။ အလျှုသီတင်း၊ မကင်းဘာဝနာ၊ မချာရက်နေ့၊ မမေ့လျော့တတ်၊ ထိုသူမြတ်တို့၊ လူနတ်ခန္ဓာ၊ ပြောင်းလဲကာလျှင်၊ ချမ်းသာသုခ၊ မပျက်ကြကြောင့်၊ ဘဝသဘော၊ ရွေ့လျောခြင်းဟူ၊ စုတိမူလည်း၊ **သေသူမမည်**၊ ဟူတုံသည်တည်း။[၂၃၆]

ဒီကိုယ်ကျင့်သီလ ဖြူစင်ရမယ်ဆိုတဲ့အထဲမှာ – ပါဏာတိပါတ သူ့အသက်သတ်ခြင်းမှ ရှောင်-ကြဉ်မှုဆိုတာလည်း တစ်ခုအဖြစ် ပါဝင်ပါတယ်။ သူ့အသက်ကို မသတ်တဲ့ ရှောင်ကြဉ်တဲ့ ပုဂ္ဂိုလ်မှာ သူတစ်ပါးတွေကို မသေစေလိုတဲ့ စိတ်ထား အသက်ရှည်စေလိုတဲ့ စိတ်ထားကလေးတွေလည်း ကပ်ပြီး ပါနေတယ်။ သူတစ်ပါးတွေကို အသက်ရှည်စေလိုတယ်ဆိုတဲ့ ဒီစိတ်ထားက မိမိ အသက်ရှည် ဖို့ရန် အကြောင်းတစ်ခု ဖြစ်တယ်။ ဒါကြောင့် စူဠကမ္မဝိဘင်္ဂသုတ္တန်မှာ ပါဏာတိပါတကံတွေကို ရှောင်ကြဉ်ခဲ့လို့ အသက်ရှည်ရကြောင်းကို ဘုရားရှင်က ဟောကြားတော်မူခြင်း ဖြစ်တယ်။

[၂၃၆] မဃဒေဝ၊စာပိုဒ်၊၂၉၁။

## အရှင်ဗာကုလမထေရ်ထုံး

ဒီနေရာမှာ – အရှင်ဗာကုလမထေရ်ရဲ့ အသက်ရှည်ရခြင်း၏ အတုယူဖွယ်ရာ ထုံးဟောင်း တစ်ခုကို ထပ်ပြောဦးမယ်။ အရှင်ဗာကုလမထေရ်အလောင်း အမျိုးကောင်းသားဟာ လွန်ခဲ့တဲ့ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက် အနောမဒဿီ မြတ်စွာဘုရား မပွင့်မီ အချိန်ကာလကလေး မှာ ပြာဟ္မဏတစ်ဦး ဖြစ်ခဲ့တယ်။ ဗေဒင်သုံးပုံ တစ်ဖက်ကမ်းခတ်အောင် တတ်မြောက်ပြီးတဲ့အခါ ဗေဒင်တွေမှာ အနှစ်သာရကို ရှာမတွေ့တဲ့အတွက် တမလွန် အကျိုးစီးပွားကိုသာ ရှာဖွေတော့မယ် ဆိုတဲ့ ဦးတည်ချက်နှင့် ဟိမဝန္တာရှိ တောင်ခြေတစ်ခုမှာ ရသေ့ရဟန်း ပြုလိုက်တယ်။ လောကီစျာန်-သမာပတ် (၈)ပါးနှင့် လောကီအဘိညာဏ် (၅)ပါးတို့ကို ရရှိတဲ့အတွက် စျာန်တွေနှင့်ပဲ မွေ့လျော် ပျော်ပိုက်ပြီး အချိန်ကို ကုန်လွန်စေခဲ့တယ်။ အဲဒီအချိန်လောက်မှာပဲ အနောမဒဿီ မြတ်စွာဘုရား လည်း လောကမှာ ပွင့်ထွန်းတော်မူခဲ့ပါတယ်။

အရှင်ဗာကုလအလောင်း ရသေ့ကြီးကလည်း ရတနာသုံးပါးတို့ လောကမှာ ပွင့်ထွန်းပေါ်ပေါက် တော်မူလာပြီဆိုတဲ့ သတင်းကောင်းကို ကြားရတဲ့အတွက် အနောမဒဿီ မြတ်စွာဘုရားရှင်ထံသို့ သွားကာ တရားတော်ကို နာယူပါတယ်၊ သရဏဂုံကိုလည်း ဆောက်တည်ပါတယ်။ သို့သော် မိမိရဲ့ နေရာ တောင်ခြေကလေးကို မစွန့်လွှတ်နိုင် ဖြစ်နေတယ်။ ဒါကြောင့် မိမိ နေရာမှာပဲ နေထိုင်ပြီး တော့ တစ်ခါတစ်ရံ ဘုရားရှင်အား သွားရောက်ဖူးမြော်လေ့ရှိတယ်။ တရားလည်း နာယူလေ့ရှိတယ်။ ဝိပဿနာဘာဝနာတွေကိုလည်း ဘုရားရှင်ထံတော်မှ သင်ယူကာ ကျင့်ကြံကြိုးကုတ် ပွားများအား-ထုတ်တော်မူခဲ့ပါတယ်။

တစ်နေ့မှာ ဘုရားရှင်ရဲ့ ဝမ်းတွင်းမှာ လေနာရောဂါတစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ အရှင်ဗာကုလ-အလောင်း ရသေ့ကြီးက သိရှိတဲ့အခါ – အော် – ဒီအခါအခွင့်ကတော့ ငါ့အတွက် ကောင်းမှု ကုသိုလ်ပြုရန် အခါအခွင့် ဖြစ်ပေပေါ့–လို့ ကြံစည်ပြီး တောင်ခြေကို သွားပြီးတော့ ဆေးအမျိုးမျိုး တွေကို ဖော်စပ်ကာ – ဤဆေးကို ဘုရားရှင်အား ဆက်ကပ်ပေးတော်မူပါလို့ လျှောက်ထားပြီး ဘုရားရှင်၏ အလုပ်အကျွေး ရဟန်းတော်အား လှူဒါန်းလိုက်ပါတယ်။ ဆေးကို ဘုဉ်းပေးလိုက်သည် နှင့် တစ်ပြိုင်နက် ဘုရားရှင်ရဲ့သန္တာန်မှာ စွဲကပ်နေတဲ့ လေနာရောဂါဟာလည်း "နေခြည်ထိပျောက် နှင်းရည်ပေါက်"လို ပျောက်ပျက်သွားပေတယ်။ အဲဒီရသေ့ကြီးလည်း ဘုရားရှင် ကျန်းမာတော်မူပြီး နောက်ပိုင်းကာလမှာ ဘုရားရှင်ထံသို့ သွားရောက်ကာ ဝမ်းမြောက်ဝမ်းသာနှင့် သူက ဆုတောင်း ပန်ထွာပြုန်တယ် – ပန်းချီကားတစ်ချပ်ကို သူက ရေးဆွဲလိုက်တယ် –[၂၉၇]

"မြတ်စွာဘုရား . . . ဘုရားတပည့်တော် လှူဒါန်းဆက်ကပ်အပ်တဲ့ ဆေးရဲ့စွမ်းအားကြောင့် ဘုရားရှင်၏ ကျန်းမာတော်မူခြင်းသည် ထင်ရှားဖြစ်ပေါ်ခဲ့ပါသည် မြတ်စွာဘုရား။ ဒီကောင်းမှု ကုသိုလ်ရဲ့ အကျိုးဆက်ကြောင့် ဖြစ်လေရာရာ သံသရာဘဝ၌ တပည့်တော်ရဲ့ ခန္ဓာကိုယ်ဝယ်

---

[၂၉၇] ဘန္တေ ယဒိဒံ မမ ဘေသဇ္ဇေန တထာဂတဿ ဖာသုကံ ဇာတံ၊ တဿ မေ နိဿန္ဒေန နိဗ္ဗတ္တနိဗ္ဗတ္တဘဝေ ဂဒ္ဒူဟနမတ္တမ္ပိ သရီရေ ဗျာဓိ နာမ မာ ဟောတု။ (အံ၊ဋ္ဌ၁၊၂၃၆-၂၃၇။)

နွားနို့ တစ်ကြိမ်ညှစ် ကာလမျှလောက်သော်လည်း အနာရောဂါမည်သည် မဖြစ်ပါစေသား”လို့ ဆုတောင်းပန်ထွာတယ်။ ဒါကတော့ ပထမအကြိမ် ရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ်ပဲ။

ပဒုမုတ္တရဘုရားရှင် လက်ထက်တော်မှာတော့ အလွန်ကြီးကျယ်တဲ့ အဓိကာရကောင်းမှုကုသိုလ်တွေ ပြုလုပ်ပြီးတော့ အနာရောဂါကင်းသောအရာဝယ် အသာဆုံး အမြတ်ဆုံးဖြစ်တဲ့ **အပ္ပါဗာဓ-ဧတဒဂ်** = ဘွဲ့ထူးကို ဆင်မြန်းနိုင်ဖို့ရန် ဆုတောင်းပန်ထွာပြန်တယ်။ ဒါကတော့ ဒုတိယအကြိမ် ရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ်ပဲ။ သီလရှိနေတဲ့ ပုဂ္ဂိုလ်၏ စိတ်ရဲ့ တောင့်တချက်ဟူသမျှဟာ သီလစင်ကြယ်နေတဲ့အတွက်ကြောင့် မချွတ်ဧကန် ပြီးစီးပြည့်စုံတတ်တယ်လို့ ဘုရားရှင် ဟောကြား-ထားတော်မူတဲ့အတိုင်း သူ့ရဲ့ တောင့်တချက်တွေဟာ တစ်နေ့တော့ ဒီကံက အကျိုးပေးတဲ့ဘဝမှာ သမ္ပတ္တိစက် (၄)ပါးတို့ရဲ့ အထောက်အပံ့ကောင်းကို ရရှိတဲ့အခါမှာ ပြီးစီးပြည့်စုံကြမှာ ဖြစ်ပါတယ်။

နောက်တစ်ခု ပြောဦးမယ် — ဝိပဿီမြတ်စွာဘုရား ပွင့်ထွန်းတော်မူတဲ့အချိန်မှာ အရှင်ဗာကုလ အလောင်းဟာလည်း ဈာန်အဘိညာဏ်ရ ရသေ့ကြီးပဲ ဖြစ်ပြန်တယ်။ တစ်ချိန် ဘုရားရှင်နှင့်တကွ သံဃာတော်များဟာ ဟိမဝန္တာတောမှာ သီတင်းသုံးတော်မူကြတယ်။ အဲဒီ တစ်ချိန်မှာ – ဟိမဝန္တာမှာလည်း အဆိပ်ပင်တွေက အဆိပ်ပွင့်တွေ ပွင့်နေကြတဲ့အချိန် ဖြစ်တယ်။ အဲဒီ အဆိပ်ပွင့်တို့ရဲ့ အနံ့အသက်တွေနှင့် ရောနှောနေတဲ့ လေတွေကို ရှူရတဲ့အတွက် ဝိပဿီဘုရားရှင်နှင့် အဂ္ဂသာဝကကြီး နှစ်ပါးကလွဲရင် ကျန်တဲ့ရဟန်းသံဃာအားလုံးဟာ ပြင်းထန်တဲ့ ဦးခေါင်းနာရောဂါတွေ စွဲကပ်ဖြစ်ပွား လာကြတယ်။ ရသေ့ကြီးကလည်း ရောဂါအခြေအနေကို သိရှိတဲ့အခါ — “ဒီအခါကတော့ ငါ့အတွက် ရဟန်းသံဃာတော်အား ကိုယ်တိုင်ကိုယ်ကျ ဝေယျာဝစ္စပြုလုပ်၍ ကောင်းမှုကုသိုလ်ကို ဆည်းပူးရန် လျော်ကန်သင့်မြတ်တဲ့အခါပဲ”—လို့ နှလုံးပိုက်ပြီး ဈာန်အဘိညာဏ်တန်ခိုးဖြင့် ဆေးအမျိုးမျိုးကို တစ်ခဏချင်းအတွင်းမှာပဲ စုရုံးကာ ဖော်စပ်လှူဒါန်းပြန်တယ်။ ရဟန်းသံဃာတော်အားလုံးတို့ရဲ့ အနာရောဂါတွေဟာလည်း တစ်ခဏချင်းအတွင်းမှာပဲ အားလုံး ပျောက်ကင်းသွားခဲ့ကြတယ်။ ဒါကတော့ တတိယအကြိမ် ပြုစုပျိုးထောင်လိုက်တဲ့ အနာရောဂါကင်းစေတတ်တဲ့ အသက်ရှည်စေ-တတ်တဲ့ ကုသိုလ်သင်္ခါရကံတွေ ဖြစ်ကြတယ်။

သံသရာတစ်လျှောက်မှာ နောက်ထပ် ကျောင်းလှူခြင်းစတဲ့ ကောင်းမှုကုသိုလ်တွေကိုလည်း များစွာ ပြုစုခဲ့ပါတယ်။ သမထ-ဝိပဿနာဆိုတဲ့ စရဏမျိုးစေ့ကောင်း ဝိဇ္ဇာမျိုးစေ့ကောင်းတွေကိုလည်း ထူထောင်ခဲ့ပါတယ်။

ဒီနေရာမှာ ပြောလိုတဲ့အချက်ကတော့ – ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတော်တို့ရဲ့သန္တာန်မှာ စွဲကပ်နေတဲ့ အနာရောဂါတွေကို ကင်းစေလိုတဲ့ စိတ်ဓာတ် အသက်ရှည်စေလိုတဲ့ စိတ်ဓာတ်တွေနှင့် ဆေးလှူခြင်းစတဲ့ သင်္ခါရ ကံတွေကို ပြုစုပျိုးထောင်ခဲ့တယ်ဆိုတဲ့ အချက်ပဲ ဖြစ်တယ်။

အလှူခံပုဂ္ဂိုလ်တို့ရဲ့သန္တာန်မှာ တည်ရှိတဲ့ အနာရောဂါတွေကို ကင်းရှင်းစေလိုတဲ့ ဒီစိတ်ထားက မိမိ အနာရောဂါကင်းဖို့ရန်အတွက် အကြောင်းတစ်ခု ဖြစ်လာတယ်။ အလှူခံပုဂ္ဂိုလ်တွေကို အနာ-ရောဂါကင်းပြီး အသက်ရှည်စေလိုတဲ့ ဒီစိတ်ထားက မိမိ အနာရောဂါကင်းပြီး အသက်ရှည်ဖို့ရန်

အတွက် အကြောင်းတစ်ခု ဖြစ်လာရပြန်တယ်။ ဒါတွင်လားဆိုတော့ မကသေးဘူး၊ အနာရောဂါကင်းသူ ဖြစ်ဖို့ရန်လည်း သူက ဆုတောင်းပန်ထွာခဲ့သူ ဖြစ်ပြန်တယ်။ သီလစင်ကြယ်တဲ့အတွက်ကြောင့် သီလရှိတဲ့ ပုဂ္ဂိုလ်၏ စိတ်ရဲ့တောင့်တချက်ဟူသမျှဟာ မချွတ်ဧကန် ပြီးစီးပြည့်စုံတတ်တယ်လို့ ဘုရားရှင် ဟောကြားတော်မူတဲ့အတိုင်း သီလတည်းဟူသော မြေပေါ်မှာ ရပ်တည်ပြီး ကြံချစိုက်ပျိုးလိုက်တဲ့ ကောင်းမှုဖြစ်ခြင်းကြောင့် သူ့ရဲ့ တောင့်တချက်တွေဟာလည်း ပြီးစီးပြည့်စုံလာရပြန်တယ်၊ အနာရောဂါကင်းသူ ဖြစ်ရပြန်တယ်၊ အသက်ရှည်သူ ဖြစ်ရပြန်တယ်။

နောက်ဆုံးဘဝရောက်တဲ့အခါ – မွေးဖွားပြီးနောက် ငါးရက်မြောက်နေ့မှာ ဦးခေါင်းဆေးမင်္ဂလာကို ယမုနာမြစ်အတွင်းမှာ ပြုလုပ်ရင်း ငါးကြီးတစ်ကောင်၏ ပါးစပ်အတွင်းသို့ ရောက်ရှိသွားခဲ့တယ်။

သာမန်သတ္တဝါတစ်ဦးအဖို့ ငါးရဲ့ ပါးစပ်ထဲသို့ ရောက်ရှိသွားမယ်ဆိုရင် သေကျေနိုင်ပေမဲ့လို့ အရှင်ဗာကုလအလောင်း သူတော်ကောင်းအဖို့ကား အိပ်ရာတိုက်ခန်းအတွင်းသို့ ဝင်ရောက်ကာ လျောင်းစက်ရသလို ဖြစ်နေတယ်။ ဘာကြောင့်လဲ? – အရှင်ဗာကုလအလောင်းအလျာကား ပဋိသမ္ဘိဒါဉာဏ်လေးပါးတို့နှင့်တကွ အရဟတ္တမင် အရဟတ္တဖိုလ်ကို ကျိန်းသေဧကန်ရမည့် **ပစ္ဆိမဘဝိက** = နောက်ဆုံးဘဝရှိသူ သူတော်ကောင်းတစ်ဦး ဖြစ်တယ်။ အရဟတ္တဖိုလ်သို့ မရောက်မချင်း မသေကျေနိုင်တဲ့ ကံတရား ထင်ရှားရှိနေသူ ဖြစ်ပါတယ်။ အနာကင်းခြင်း = အပ္ပါဗာဓတေဒဂ်ဘွဲ့ထူးကို ဆင်မြန်းရမည့် သူတော်ကောင်း တစ်ဦးလည်း ဖြစ်တယ်။

ပဋိသမ္ဘိဒါဉာဏ်ကို ရရှိမည့် သူတော်ကောင်းတွေမှာ ပြည့်စုံရမည့်အင်္ဂါ ငါးရပ် ရှိတယ်။ အဲဒီ အင်္ဂါရပ်တွေထဲမှာ ပုဗ္ဗယောဂဆိုတဲ့ အင်္ဂါရပ်တစ်ခုလည်း ပါဝင်တယ်။ ပုဗ္ဗယောဂဆိုတာက ဒီလိုပါ –

**ပုဗ္ဗယောဂ**ဆိုတာ – ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ ဆွမ်းခံအသွားအပြန်တို့၌ ကမ္မဋ္ဌာန်းကို ဆောင်ခြင်း ဂတပစ္စာဂတကျင့်ဝတ်ကို ဖြည့်ကျင့်ပြီးတော့ ဂေါတြဘုဉာဏ်ရဲ့ အနီးအပါးမှာရှိတဲ့ အနုလောမအမည်ရတဲ့ သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကို စီးဖြန်းခဲ့ဖူးခြင်းကို ဆိုလိုပါတယ်။[၂၃၈]

အရှင်ဗာကုလအလောင်းဟာလည်း ပဋိသမ္ဘိဒါဉာဏ်တွေကို ရရှိမည့် သူတော်ကောင်းဖြစ်တဲ့အတွက် ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကိုလည်း စီးဖြန်းခဲ့ဖူးသည်သာ ဖြစ်တယ်။ သမထပိုင်းကြည့်လိုက်ရင်လည်း ဈာန်အဘိညာဉ်တွေကို တစ်ဖက်ကမ်းခတ်အောင် ပေါက်ရောက်ခဲ့တဲ့ သူတော်ကောင်းလည်း ဖြစ်တယ်။ ဆေးလှူခြင်း ကျောင်းလှူခြင်းစတဲ့ အများချမ်းသာစေတဲ့ ကံတွေကိုလည်း ထူထောင်ခဲ့သူဖြစ်တယ် –

---

[၂၃၈] **ပုဗ္ဗယောဂေါ** နာမ ပုဗ္ဗဗုဒ္ဓါနံ သာသနေ ဂတပစ္စာဂတိကဘာဝေန ယာဝ အနုလောမံ ဂေါတြဘုသမီပံ၊ တာဝ ဝိပဿနာနုယောဂေါ။ (ဝိသုဒ္ဓိ၊၂၊၇၂။)

ဒီလို အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ခဲ့တဲ့ ဒါန သီလ သမထ ဝိပဿနာ အစဖြာတဲ့ ပါရမီကောင်းမှုကုသိုလ်တို့ရဲ့ စွမ်းအားကြောင့်လည်း တစ်ကြောင်း, မိမိ ကျိန်းသေဧကန်ရတော့မည့် အရဟတ္တမဂ်ရဲ့ စွမ်းအားကြောင့်လည်း တစ်ကြောင်း – ဒီအကြောင်းကြောင်းတွေကြောင့် ဘေးမသီ ရန်မခဘဲ အနာရောဂါ ကင်းရှင်းစွာနှင့် ငါး‌ရဲ့ ဝမ်းဗိုက်ထဲမှ လွတ်မြောက်ခဲ့ရတယ်၊ ချမ်းသာစွာနှင့် ကြီးပွားခဲ့ရတယ်။ အသက် (၈၀)အရွယ်မှာ သာသနာဘောင်သို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုခဲ့တယ်။ ပုထုဇန်ဘဝနှင့် သာသနာဘောင်မှာ (၇)ရက်ပဲ နေထိုင်ရတယ်။ (၇)ရက်မြောက်တဲ့နေ့မှာပဲ ရဟန္တာ ဖြစ်သွားတော်မူပါတယ်။ အသက် (၁၆၀) ရှည်သွားတယ်။ အနာကင်းတဲ့နေရာမှာ ထိပ်တန်းဧတဒဂ်-ဘွဲ့ထူးကိုလည်း ရရှိသွားတော်မူပါတယ်။[၂၃၉]

မိမိရဲ့ စိတ်ဓာတ်ကို အလှဆုံးဖြစ်အောင် ပြုပြင်နိုင်ကြတဲ့အတွက် အလှဆုံး အကျိုးတရားတွေကို ရရှိသွားကြတဲ့ ရှေးထုံးဟောင်းတွေ ဖြစ်ကြတယ်။ အသက်ရှည်ရခြင်းအကြောင်းကို ရပ်နားပြီးတော့ အနာရောဂါ ထူပြောရခြင်းရဲ့ အကြောင်းတွေကို ဆက်လက်ပြီး နာကြားကြည့်ရအောင် –

## အနာရောဂါထူပြောရခြင်း

နောက်တစ်ခု **ဒုတိယအစုံ**အနေနှင့် သုဘလုလင်က ဘာမေးခွန်း မေးခဲ့သလဲ? –

ဒီလူ့ပြည်လူ့လောကမှာ တချို့တချို့ ပုဂ္ဂိုလ်တွေက ဘယ်လို ရှိကြသလဲ? အနာရောဂါ သိပ်ပြီး တော့ ထူပြောကြတယ်၊ တချို့တချို့ ပုဂ္ဂိုလ်တွေကျတော့ ကျန်းမာရေး သိပ်ကောင်းကြတယ်၊ အနာ-ရောဂါ ကင်းကြတယ်။ အနာရောဂါ ထူပြောရခြင်း, အနာရောဂါ ကင်းရှင်းရခြင်းတွေဟာ ဘယ်လို အကြောင်းကြောင့်ပါလဲလို့ – ဒီမေးခွန်းကို မြတ်စွာဘုရားကို မေးတော့ အဲဒီမေးခွန်းကို မြတ်စွာဘုရား က ဆက်ပြီးတော့ ဖြေတော်မူတယ် –

**ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သတ္တာနံ ဝိဟေဌကဇာတိကော ဟောတိ၊ ပါဏိနာ ဝါ လေဍ္ဍုနာ ဝါ ဒဏ္ဍေန ဝါ သတ္ထေန ဝါ။**[၂၄၀]

**မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ဣဓ** = ဤလောက၌။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်း-ကောင်း။ **သတ္တာနံ** = သတ္တဝါတို့ကို။ **ဝိဟေဌကဇာတိကော** = ညှဉ်းပန်းနှိပ်စက်တတ်တဲ့အလေ့ရှိသည်။ **ဟောတိ** = ဖြစ်၏။

သေအောင်တော့ မသတ်ဖြစ်ဘူး၊ သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်ရမယ်ဆိုရင် စိတ်ထဲက သိပ်သဘောကျတယ်၊ သူတစ်ပါး မျက်ရည်တောက်တောက်ကျအောင် ပြောချလိုက်ရမယ်ဆိုရင် အင်မတန် ကျေနပ်တယ်၊ ‘သင်းတော့ ငါပြောထည့်လိုက်တယ်’ဆိုပြီး ဟော – စိတ်ထဲက သိပ်ကျေနပ် သွားတယ်၊ ဒီလို ပြောလိုက်ရတာကို စိတ်ထဲမှာ အင်မတန် မကျေနပ်ကြဘူးလား? သူက ဒီလို ပြောချလိုက်ရတာ သိပ်ပြီးတော့ ကျေနပ်သွားတယ်။

[၂၃၉] အံ၊၄၊၁၊၂၃၇-၂၄၀။ [၂၄၀] မ၊၃၊၂၄၅။

နောက်တစ်ခု . . .

**သတ္တာနံ** = သတ္တဝါတို့ကို။ **ဝိဟေဌကဇာတိကော** = ညှဉ်းပန်းနှိပ်စက်တတ်တဲ့အလေ့ရှိသည်။ **ဟောတိ** = ဖြစ်၏။

ဘာတွေနှင့် ညှဉ်းပန်းနှိပ်စက်သလဲ?

**ပါဏိနာ ဝါ** = လက်ဖြင့်သော်လည်းကောင်း။ **လေဍ္ဍုနာ ဝါ** = ခဲဖြင့်သော်လည်းကောင်း။ **ဒဏ္ဍေန ဝါ** = တုတ်ဖြင့်သော်လည်းကောင်း။ **သတ္ထေန ဝါ** = လက်နက်ဖြင့်သော်လည်းကောင်း။ **ဝိဟေဌကဇာတိကော** = ညှဉ်းပန်းနှိပ်စက်တတ်တဲ့အလေ့ရှိသည်။ **ဟောတိ** = ဖြစ်၏။

အသေတော့ မသတ်ဘူး၊ သူက သတ္တဝါတွေကို အင်မတန် ညှဉ်းပန်းနှိပ်စက်တတ်တယ်။ လက်နှင့် ချလိုက်ရမလား လွယ်လွယ်ကလေးပဲ၊ ခဲနှင့် ပေါက်လိုက်ရမလား, တုတ်နှင့် ရိုက်လိုက်ရမလား, လက်နက်တစ်ခုခုနှင့် ပစ်လိုက်ရမလား — စိတ်ထဲမှာ သိပ်ပြီးတော့ ကျေနပ်တယ်။

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**[၂၄၁]

**သော** = ထိုပုဂ္ဂိုလ်သည်။ **ဧဝံ** = ဤသို့။ **သမတ္တေန** = ပြည့်ပြည့်စုံစုံ ပြုကျင့်၍ထားအပ်သော။ **ဧဝံ** = ဤသို့။ **သမာဒိန္နေန** = ကောင်းစွာ ဆောက်တည်၍ထားအပ်သော။ **တေန ကမ္မေန** = ထိုအကုသိုလ်ကံကြောင့်။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှ မရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာ ဆန္ဒ ကင်းပြတ်လျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **ဥပပဇ္ဇတိ** = ကပ်ရောက်ရပေ၏။

သူတစ်ပါးတွေကို ညှဉ်းပန်းနှိပ်စက်တတ်တဲ့ ဒီအကုသိုလ်ကံကို ပြည့်ပြည့်စုံစုံ ပြုကျင့်ထားတယ်၊ ပြည့်ပြည့်စုံစုံ ဆောက်တည်ထားတယ်။ အဲဒီလို ပြည့်ပြည့်စုံစုံ ပြုကျင့်ဆောက်တည်ထားတဲ့ ဒီအကုသိုလ်ကံကြောင့် ခန္ဓာကိုယ် ပျက်စီးပြီးသည်မှ နောက်ကာလ၌ ဒီသတ္တဝါသည် ဘယ်ရောက်သွားသလဲ၊ မကောင်းမှုပြုသူ ဒုစရိုက်သမားတို့ရဲ့ လားရောက်ရာဖြစ်တဲ့ ချမ်းသာဟူ၍ မြူငွေ့မျှ မရှိတဲ့ ငရဲသို့ ရောက်ရှိသွားတယ်။

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ ယတ္ထ ယတ္ထ ပစ္စာဇာယတိ ဗဝှာဗာဓော ဟောတိ။**[၂၄၂]

**ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှ မရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှု

---

[၂၄၁, ၂၄၂] မ၊၃၊၂၄၅။

ပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာဆန္ဒ ကင်းပြတ်လျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **နော စေ ဥပပဇ္ဇတိ** = အကယ်၍ မကပ်ရောက်ရသည် ဖြစ်ငြားအံ့။ **မနုဿတ္တံ** = လူ့ပြည်လူ့လောကသို့။ **သစေ အာဂစ္ဆတိ** = အကယ်၍ ရောက်ရှိလာခဲ့သည် ဖြစ်ငြားအံ့။ **ယတ္ထ ယတ္ထ** = အကြင်အကြင် ဘုံဘဝ၌။ **ပစ္စာဇာယတိ** = ပဋိသန္ဓေ အားဖြင့် တစ်ဖန် ဖြစ်ပေါ်၍လာရ၏။ **တတ္ထ တတ္ထ** = ထိုထို ပဋိသန္ဓေအားဖြင့် တစ်ဖန် ဖြစ်ပေါ်၍ လာရာ ဘုံဘဝ၌ (ဝါ) ထိုထို ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်၍လာရာ အမျိုးအနွယ်၌။ **ဗဝှာဗာဓော** = အနာရောဂါထူပြောသည်။ **ဟောတိ** = ဖြစ်ပေ၏။

သူတစ်ပါးတွေကို ညှဉ်းပန်းနှိပ်စက်တတ်တဲ့ ဒီကံက ငရဲကို ပို့ဆောင်မပေးခဲ့လို့ လူ့ပြည် လူ့လောက ရောက်ရှိမယ်ဆိုရင် သို့မဟုတ် ငရဲမှ ကျွတ်လာလွတ်လာလို့ လူ့ပြည်လူ့လောက ရောက်ရှိမယ်ဆိုရင် . . . ဘယ်ကံတွေလဲ? ဟိုး – အင်မတန် စိတ်ပါလက်ပါ လွန်ကျူးနေဆဲ အချိန်အခါမှာ ဖြစ်ပေါ်နေတဲ့ ကံတွေကို မဆိုလိုဘူး၊ ကံကို လွန်ကျူးဆဲအချိန်မှ ရှေ့ပိုင်း နောက်ပိုင်း-မှာ ဖြစ်ပေါ်နေတဲ့ကံ, သူတစ်ပါးတွေကို မညှဉ်းပန်း မနှိပ်စက်ခင်မှာ ဖြစ်ပေါ်နေတဲ့ကံ, သူတစ်ပါးတွေကို ညှဉ်းပန်းနှိပ်စက်ပြီးတဲ့ အခါမှာလည်း ပြန်သတိရလို့ ကျေနပ်နေတဲ့အချိန်မှာ ဖြစ်ပေါ်နေတဲ့ကံတွေ – အဲဒီ အကုသိုလ်ကံတွေက လူ့ပြည်လူ့လောကမှာ အခြားကုသိုလ်ကံ တစ်ခုခု၏ စွမ်းအားကြောင့် ပဋိသန္ဓေအားဖြင့် လာပြီးတော့ ပဋိသန္ဓေတည်နေတဲ့ သတ္တဝါကို ဘာလုပ်သလဲ?

**ဗဝှာဗာဓော** = အနာရောဂါ ထူပြောစေတတ်သည်။ **ဟောတိ** = ဖြစ်၏။

အနာရောဂါ ထူပြောအောင် ပြုလုပ်ပေးတယ်။ မနေ့ညက ပြောခဲ့တဲ့အတိုင်းပဲ၊ လူ့ဘဝကို ရောက်ရှိခြင်းသည် ကုသိုလ်ကံကြောင့် ရောက်ရှိလာတယ်။ အဲဒီ ကုသိုလ်ကံရဲ့ အရှိန်အဝါကလေးကို အဲဒီသတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ အကုသိုလ်ကံက ကပ်ပြီးတော့ ညှဉ်းပန်းနှိပ်စက်လိုက်တယ်၊ ဥပပီဠကကံပဲ။ ဒီကုသိုလ်ကံရဲ့ အရှိန်အဝါကလေးကို ကပ်ပြီးတော့ ဖြတ်ပေးတယ်၊ ဥပစ္ဆေဒကကံပဲ။

**ဗဝှာဗာဓသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ သတ္တာနံ ဝိဟေဌကဇာတိကော ဟောတိ ပါဏိနာ ဝါ လေဍ္ဍုနာ ဝါ ဒဏ္ဍေန ဝါ သတ္ထေန ဝါ။**[၂၆၄]

လက်နှင့်ဖြစ်စေ ခဲနှင့်ဖြစ်စေ တုတ်နှင့်ဖြစ်စေ လက်နက်တစ်ခုခုနှင့်ပဲဖြစ်စေ သတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက်တတ်တဲ့ ဒီကံသည် အနာရောဂါ ထူပြောစေတတ်တဲ့ ကံတစ်ခုဖြစ်တယ်။

## ပူတိဂတ္တတိဿမထေရ်

ဒီနေရာမှာ ပူတိဂတ္တတိဿမထေရ် အကြောင်းကို ပြောကြရအောင် – သာဝတ္ထိပြည်သားဖြစ်တဲ့ အမျိုးကောင်းသားတစ်ဦးဟာ ဘုရားရှင်ထံတော်မှောက်၌ တရားတော်ကို နာယူရသည့်အတွက် သဒ္ဓါတရား အပြည့်အဝဖြင့် သာသနာတော်၌ မိမိရဲ့ရင်ကို အပ်နှင်းလှူဒါန်းပြီးတော့ ရှင်ရဟန်း

---

[၂၆၄] မ၊၃၊၂၄၅။

ပြုလာခဲ့တယ်။ ရှင်ရဟန်းအဖြစ်ကို ရရှိပြီးတဲ့နောက် သူ့ရဲ့ ဘွဲ့တော်မှာ တိဿမထေရ် အမည်ရှိပါတယ်။ ရဟန်းဘဝဖြင့် အချိန်ကာလ တော်တော်ခပ်ကြာကြာ လွန်မြောက်သွားတဲ့အခါ တိဿ-မထေရ်ရဲ့ ကိုယ်ခန္ဓာမှာ အနာရောဂါ စွဲကပ်လာပါတယ်။ မုန်ညင်းစေ့ပမာဏလောက်ရှိတဲ့ အဖုက-လေးတွေ ပေါက်လာခဲ့တယ်။ ဒီအဖုကလေးတွေဟာ တဖြည်းဖြည်းကြီးထွားလာလိုက်တာ နောက်ဆုံးတော့ ဥသျှစ်သီးမှည့် ပမာဏလောက်အထိ ကြီးထွားလာကြတယ်။ တဖြည်းဖြည်း ပေါက်ကွဲကုန်ကြတယ်။ တစ်ကိုယ်လုံးဟာ အနာမှ ဖြစ်ပေါ်လာကြတဲ့ အပုပ်ရည်တွေဖြင့် လိမ်းကျံနေတဲ့အတွက် အပုပ်နံ့တွေနှင့် တလှိုင်လှိုင် ဖြစ်နေခဲ့တယ်။ ထိုအချိန်မှ စပြီးတော့ တိဿမထေရ်ကို ကိုယ်အပုပ်နံ့ လိမ်းကျံနေတဲ့ တိဿမထေရ် = ပူတိဂတ္တတိဿမထေရ်လို့ ခေါ်ဆိုကြတယ်။ နောက်ပိုင်းကာလ ရောက်တဲ့အခါမှာ အရိုးတွေ ကျိုးကုန်တယ်။ သူ့ကို ပြုစုလုပ်ကျွေးဖို့ရန် အလွန်ခက်ခဲတဲ့ အခြေအနေမှာ ရှိနေပါတယ်။ ဝတ်ရုံထားတဲ့ အဝတ်သင်္ကန်းဟာလည်း ပြည်သွေးတွေ လိမ်းကျံနေတဲ့အတွက် မုန့်အိုး-ကင်းကပ်လို အပြားအချပ်ကြီး ဖြစ်နေခဲ့တယ်။ သူ့ရဲ့ တပည့်သားမြေးတွေဟာလည်း ပြုစုလုပ်ကျွေးဖို့ရန် မစွမ်းနိုင်ကြတဲ့အတွက် စွန့်ပစ်ထားကြတယ်။ ထိုမထေရ်ကြီးဟာ ကိုးကွယ်အားထားရာမဲ့ ဖြစ်ပြီးတော့ အိပ်ရာထဲမှာပဲ လဲလျောင်းပြီးတော့ နေရတယ်။

ဘုရားရှင်တို့၏ ဓမ္မတာတော်တစ်ခုကတော့ — တစ်နေ့လျှင် နှစ်ကြိမ်ကျ မဟာကရုဏာတော်သမာပတ်ကို ဝင်စားတော်မူပြီးနောက် မဟာကရုဏာတော်သမာပတ်မှ အထ လောကကို ဉာဏ်-တော်မြတ်ဖြင့် ကြည့်ရှုတော်မူခြင်းဆိုတဲ့ လုပ်ငန်းရပ်ကို စွန့်လွှတ်တော်မမူပါဘူး။ မိုးသောက်ထအခါမှာ လောကကို ကြည့်ရှုတော်မူတဲ့အခါ စကြဝဠာအနားစွန်းမှ စ၍ ဂန္ဓကုဋီကျောင်းတော်သို့ ရှေးရှုတော်မူလျက် ဉာဏ်တော်မြတ်ကို စေလွှတ်တော်မူပြီးတော့ ကြည့်ရှုတော်မူပါတယ်။ ညချမ်းအခါ လောကကို ကြည့်ရှုတော်မူတဲ့အခါမှာ ဂန္ဓကုဋီကျောင်းတော်မှ စ၍ အပြင်ဘက်သို့ ရှေးရှုတော်မူလျက် စကြာဝဠာအနားစွန်းသို့တိုင်အောင် ကြည့်ရှုတော်မူပါတယ်။ ထိုနေ့မှာလည်း ဘုရားရှင်က ဉာဏ်တော်မြတ်ဖြင့် လောကကို ကြည့်ရှုတော်မူတဲ့အခါမှာ ပူတိဂတ္တတိဿမထေရ်ကြီးဟာ ဘုရားရှင်ရဲ့ ဉာဏ်တော်ကွန်ယက်အတွင်းမှာ ထင်လာတော်မူပါတယ်။ ဘုရားရှင်က ဆက်လက်ကာ ဆင်ခြင်ကြည့်ရှုတော်မူလိုက်တဲ့အခါမှာ ပူတိဂတ္တတိဿမထေရ်ကြီးရဲ့ အရဟတ္တဖိုလ်ကို ရရှိနိုင်တဲ့ အားကြီးသော မှီရာ ဥပနိဿယ အကြောင်းတရားတွေကို တွေ့မြင်သိရှိတော်မူပါတယ် — "ဒီမထေရ်ကြီးဟာ အတွင်းနေတပည့် စသည်တို့က စွန့်ပစ်ထားခံရတဲ့ မထေရ်ကြီးတစ်ပါး ဖြစ်နေပါပကော — ယခုအခါ၌ ထိုမထေရ်ကြီးအဖို့ ငါဘုရားရှင်မှ တစ်ပါး အခြားကိုးကွယ်အားထားရာ မရှိပါတကား"— ဒီလို ဆင်ခြင်တော်မူမိတဲ့အတွက် ဂန္ဓကုဋီကျောင်းတော်မှ ထွက်ခွာတော်မူပြီးနောက် ကျောင်းစဉ် လှည့်လည်တော်မူသကဲ့သို့ မီးတင်းကုပ်သို့ ကြွသွားတော်မူကာ ရေနွေးအကျိုခိုင်းတော်မူပါတယ်။ ရေနွေးဆူတဲ့အခါ ထိုပူတိဂတ္တတိဿရဟန်းတော်ရဲ့ ကုဋင်ညောင်စောင်းရှိရာအရပ်သို့ ကြွသွားတော်မူပြီးတော့ ကုဋင်ညောင်စောင်းရဲ့ အစွန်းတစ်ဖက်ကို လက်တော်ဖြင့် ကိုင်တွယ်သုံးသပ်တော်မူပါတယ်။ အဲဒီအချိန်အခါမှာ ဘုရားရှင်၏ နောက်တော်မှ လိုက်ပါလာကြတဲ့ ရဟန်းတော်တွေက ဘုရားရှင်-အား တပည့်တော်တို့ ကိုင်တွယ်ကြပါ့မယ်လို့ လျှောက်ထားကြပါတယ်။ ထိုရဟန်းတော်တွေက ကုဋင်

ညောင်စောင်းကို ယူဆောင်ပြီးတော့ မီးတင်းကုပ်ရှိရာသို့ သယ်ဆောင်သွားကြပါတယ်။ ပူတိဂတ္တ-တိဿမထေရ်ကို ပျဉ်ချပ်တစ်ခုပေါ်သို့ ပြောင်းရွှေ့တင်ထားပြီးတော့ ဝတ်ရုံထားတဲ့ သင်္ကန်းကို ရေနွေးဖြင့် ဖွပ်လျှော်ခြင်း, ကုဋ္ဌင်ညောင်စောင်းကို ရေနွေးဖြင့် ဆေးကြောခြင်း စသည်တို့ကို ရဟန်း-တော်တွေက ပြုလုပ်ကြပါတယ်။ သင်္ကန်းကို ဖွပ်လျှော်ပြီးတဲ့အခါ နေပူမှာ လှန်းစေပါတယ်။ ထို့နောင် ပူတိဂတ္တတိဿမထေရ်ကို ရေနွေးဖြင့် ရေချိုးပေးခြင်း, ပွတ်သပ်ပေးခြင်း စသည်တို့ကို ပြုလုပ်တော်မူစေပါတယ်။ ရေချိုးခြင်းကိစ္စ ပြီးဆုံးတဲ့အခါမှာ သင်္ကန်းလည်း ခြောက်သွေ့လာပြီဖြစ်တော့ ပူတိဂတ္တ-တိဿမထေရ်ကြီးကို ဝတ်ရုံပေးကြတယ်။ ထိုအခါမှာ ပူတိဂတ္တတိဿမထေရ်ကြီးဟာလည်း ပေါ့ပါးသောကိုယ်ရှိလာတဲ့အတွက် စိတ်တည်ငြိမ်မှုကို ရရှိလာပါတယ်။ ကုဋ္ဌင်ညောင်စောင်းအထက်မှာပဲ ပြန်လည်ကာ လျောင်းစက်နေတော်မူပါတယ်။ ထိုအခါမှာ ဘုရားရှင်က သစ္စာလေးပါးနှင့်စပ်တဲ့ တရားဒေသနာတော်များကို ဟောကြားပေးတော်မူပါတယ်။ ဒေသနာတော်၏အဆုံးမှာ ပူတိဂတ္တ-တိဿမထေရ်လည်း ပဋိသမ္ဘိဒါဉာဏ်တော်မြတ် (၄)ပါးတို့နှင့် အတူတကွ အရဟတ္တဖိုလ်သို့ ဆိုက်-ရောက်သွားတော်မူခဲ့ပါတယ်။ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူပြီးနောက် ပူတိဂတ္တတိဿမထေရ်မြတ်ကြီးလည်း ပရိနိဗ္ဗာန်စံတော်မူသွားခဲ့ပါတယ်။[၂၄၄]

## ပူတိဂတ္တတိဿမထေရ်မြတ်ကြီး၏ အတိတ်ဇာတ်ကြောင်း

ပူတိဂတ္တတိဿမထေရ်အလောင်းအလျာဟာ ကဿပဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူရာ အချိန်ကာလမှာ ငှက်မုဆိုးတစ်ဦး ဖြစ်ခဲ့ဖူးတယ်။ ငှက်တွေကို သတ်ပြီးတော့ အာဏာရှိကြတဲ့ မင်းစိုးရာဇာတွေကို ပြုစုလုပ်ကျွေးခဲ့ရတယ်။ ပိုလျှံနေတဲ့ ငှက်တွေကို ရောင်းကာ အသက်မွေးခဲ့တယ်။ သို့သော် ရောင်းလို့မကုန်တဲ့ ငှက်တွေကို သတ်ပြီးထားမယ်ဆိုလျှင် ပုပ်ကုန်မှာစိုးတဲ့အတွက် ဘာလုပ်သလဲ?– ငှက်ကလေးတွေ မသွားနိုင် မပျံနိုင်အောင် ခြေထောက်ရိုးတွေကို ရိုက်ချိုးခဲ့တယ်၊ အတောင်ကလေးတွေကို ရိုက်ချိုးခဲ့တယ်၊ ဒီလို ရိုက်ချိုးပြီးတော့ ငှက်ကလေးတွေကို စုပုံပြီးတော့ ထားလိုက်တယ်။ နောက်တစ်နေ့မှာ အဲဒီ ခြေကျိုး အတောင်ကျိုးနေတဲ့ ငှက်ကလေးတွေကို ရောင်းပြန်တယ်။ ငှက်တွေ အတော်များများ ရတဲ့အခါမှာတော့ မိမိအတွက်လည်း စားဖို့ရန် အချက်ခိုင်းတယ်။ ဒီအကြောင်းအရာတွေကတော့ အတိတ်ဘဝက သတ္တဝါတွေကို သတ်ဖြတ်ခဲ့တဲ့ ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ အကုသိုလ်ကံတွေပါပဲ။ ဒီလို ငှက်ကလေးတွေကို အရိုးကျိုးအောင် ရိုက်ချိုးခဲ့တဲ့ အကုသိုလ်ကံရဲ့ စွမ်းအားကြောင့် ပူတိဂတ္တတိဿမထေရ်ဘဝမှာ အရိုးတွေ ကျိုးပြီးတော့ ငှက်ကလေးတွေကဲ့သို့ ကုဋ္ဌင်ညောင်စောင်းပေါ်မှာ မလှုပ်မယှက်နိုင်ဘဲ လျောင်းစက်ပြီး နေခဲ့ရတယ်။ သို့သော် ကံကောင်းထောက်မတာကလေးတစ်ခုကတော့ ရှိနေသေးတယ်။ ဒီကံက ဘာကံလဲ?

ဒီလို အသက်မွေးနေရာက တစ်နေ့မှာ ရဟန္တာအရှင်မြတ်တစ်ပါးဟာ ဆွမ်းခံကြွလာတော်မူတဲ့ အခါမှာ သူ့ရဲ့ အိမ်တံခါးဝမှာ ရပ်တည်နေတာကို တွေ့မြင်ရတဲ့အခါ ကြည်လင်တဲ့ သဒ္ဓါတရားဖြင့် ငှက်သားဟင်းလျာများ ဆွမ်းများကို သပိတ်အပြည့် လောင်းလှူပူဇော်လိုက်ပါတယ်။ ပူဇော်ပြီးတဲ့

[၂၄၄] ဓမ္မပဒ၊၌၁၊၂၀၃။

နောက် ထိခြင်းငါးပါးဖြင့် မထေရ်မြတ်ကို ရှိခိုးပြီးတော့ – “အရှင်မြတ်ဘုရား . . . အရှင်ဘုရားတို့ သိတော်မူအပ် မြင်တော်မူအပ် ရတော်မူအပ် ရောက်တော်မူအပ်တဲ့ တရားထူး တရားမြတ်ကို အထွတ်အထိပ်သို့ ရောက်သည့်တိုင်အောင် တပည့်တော်လည်း သိရပါလို၏၊ မြင်ရပါလို၏၊ ရရပါလို၏၊ ရောက်ရပါလို၏”–လို့ ဒီလို ဆုတောင်းပန်ထွာလိုက်ပါတယ်။ အလှူခံဖြစ်တော်မူတဲ့ ရဟန္တာမထေရ်မြတ်ကြီးကလည်း – “သင် ဆုတောင်းပန်ထွာတဲ့အတိုင်း ဖြစ်ပါစေ”လို့ ဝမ်းမြောက်ဖွယ် အနုမောဒနာစကား ပြောကြားတော်မူကာ ကြွသွားတော်မူပါတယ်။ ဒီကုသိုလ်ကံကြောင့် ဂေါတမမြတ်စွာဘုရား ပွင့်ထွန်းပေါ်ပေါက်တော်မူတဲ့အချိန်ဝယ် လူ့ဘဝမှာ လူလာဖြစ်ရပြီးတော့ ရဟန်းဘဝသို့ ရောက်ရှိကာ သမထ-ဝိပဿနာဘာဝနာတွေကို ကြိုးစားအားထုတ်ခွင့် ရရှိခဲ့ပါတယ်။ ဒီဒါနကုသိုလ်ဆိုတဲ့ အကြောင်းကံကတော့ အနီးကပ်ဆုံး အားပေးထောက်ပံ့နေတဲ့ အကြောင်းကံ တစ်ခု ဖြစ်ပါတယ်။[၂၄၅]

ဒီဝတ္ထုဇာတ်လမ်းမှာ အရှင်ပူတိဂတ္တတိဿမထေရ် အလောင်းအလျာဟာ မိမိသတ်ဖြတ်ထားတဲ့ ငှက်သားတို့ဖြင့် စီမံချက်ပြုတ်ထားသည့် ငှက်သားဟင်းလျာများနှင့်တကွ ဆွမ်းများကို ရဟန္တာအရှင်မြတ်ကြီးတစ်ပါးအား ဆက်ကပ်လှူဒါန်းပူဇော်ခဲ့တယ်။ ဤကဲ့သို့သော ချက်ပြုတ်စီမံထားသည့် ဆွမ်းအာဟာရများသည် ရဟန်းတော်တို့အား ဝိနည်းဒေသနာတော်နည်းအရ အပ်စပ်ပါသလားဟု မေးရန် ရှိပါတယ်။ ဒီလို ဆွမ်းမျိုးဟာ ဝိနည်းကြောင်းအရကတော့ အလှူခံရဟန်းတော်များအဖို့ အပြစ်မရှိပါဘူး။ အကြောင်းကတော့ ဒီငှက်ကလေးများကို သတ်ဖြတ်ခဲ့စဉ်က ရဟန်းတော်အား ဆွမ်းလောင်းလှူမည်ဆိုတဲ့ ဦးတည်ချက် မရှိခဲ့ပါ၊ မိမိ စားဖို့ရန်ဟူသော ဦးတည်ချက်သာ ရှိခဲ့ပါတယ်။ ရဟန်းတော်တို့အတွက် ရည်မှန်းဦးတည်ကာ သတ်ဖြတ်ထားသည့် အသားဟင်းလျာများ မဟုတ်ကြပါဘူး။ ဒါ့ကြောင့် မိမိ စားဖို့ရန် စီမံထားသည့် ဟင်းလျာများကို ကြုံကြိုက်သဖြင့် ရဟန်းတော်အား ဆက်ကပ်လှူဒါန်း ပူဇော်ခြင်းမျှသာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလို အစားအစာမျိုးဟာ ရဟန်းတော်များအတွက် ဝိနည်းကြောင်းအရကတော့ အပြစ်မရှိပါဘူး။ အကယ်၍ အလှူရှင်မှာ မူလသားငှက်တို့ကို သတ်စဉ်ကတည်းက ရဟန်းတော်တို့အား လှူဒါန်းပူဇော်ရန်ဆိုတဲ့ ဦးတည်ချက် ရှိနေခဲ့မယ်ဆိုလျှင်တော့ ဒီလို အာဟာရမျိုးတွေဟာ ရဟန်းတော်တွေအတွက် မအပ်စပ်ပါဘူး – ရဟန်းတော်တွေက မိမိတို့အတွက် ရည်ညွှန်းဦးတည်ကာ သတ်ဖြတ်ကာ စီမံထားတဲ့ အသားငါးဟင်းလျာများ ဖြစ်ကြသည်ဟု သိလျက်နှင့် စားခဲ့လျှင်တော့ ဝိနည်းကြောင်းအရ ရဟန်းတော်တွေမှာ အာပတ်လည်း သင့်ပါတယ်၊ ပါဏာတိပါတကံလည်း ထိုက်ပါတယ်။ ဒါကြောင့် ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်နေကြတဲ့ ဥပါသကာ ဥပါသိကာမတွေဟာ ဒီအကြောင်းအရာများကို သတိပြုသင့်ကြပါတယ်။ သိလည်းသိထားသင့်ကြပါတယ်။

နောက်တစ်ခု ပြောရဦးမယ် – ဒီဝတ္ထုဇာတ်လမ်းမှာ ပူတိဂတ္တတိဿမထေရ်ရဲ့ အလောင်းအလျာဖြစ်တဲ့ အမျိုးကောင်းသားဟာ ငှက်ကလေးတွေကို သတ်ဖြတ်ခြင်းဆိုတဲ့ ပါဏာတိပါတကံ, ငှက်ကလေးတွေကို ခြေထောက် ရိုက်ချိုးခြင်း, အတောင် ရိုက်ချိုးခြင်းဆိုတဲ့ ငှက်တွေကို ညှဉ်းပန်းနှိပ်-

[၂၄၅] ဓမ္မပဒ၊ဋ္ဌ၁၊ ၂၀၃။

စက်ခြင်းဆိုတဲ့ ဥပပီဠကကံတွေကို ပြုစုပျိုးထောင်ကာ ဒါနကုသိုလ်ကို ဆည်းပူးခဲ့တယ်။ သူ့ရဲ့ဒါနဟာ စင်ကြယ်တဲ့ ဒါန မဟုတ်တဲ့အတွက် ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးတရားတွေကို ပေးစွမ်းနိုင်တဲ့ စွမ်းအား မရှိခဲ့ပါဘူး။ ထိုဒါနကုသိုလ်ကံက — သူ ဆုတောင်းပန်ထွာထားခဲ့သည့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့က ပုံသွင်းပေးလိုက်သည့်အတိုင်း – ရဟန္တာဖြစ်တော်မူနိုင်သည့် အမျိုးကောင်းသားဘဝသို့ ရောက်ရှိအောင် ပို့ဆောင်ပေးနိုင်သော်ငြားလည်း သူ့ရဲ့ ပဋိသန္ဓေမျိုးစေ့ကို မိမိ လွန်ကျူးခဲ့တဲ့ ငှက်တွေကို သတ်ဖြတ်ခဲ့တဲ့ ပါဏာတိပါတအကုသိုလ်ကံက အသက်တိုစေတတ်တဲ့ စွမ်းအင်တွေကို မြှုပ်နှံသွတ်သွင်းပေးလိုက်ပါတယ်။ ဒါတွင်မကသေးဘူး၊ ငှက်ကလေးတွေကို ခြေထောက်တွေ အ-တောင်တွေကို ရိုက်ချိုးခဲ့တဲ့ ညှဉ်းပန်းနှိပ်စက်ခဲ့တဲ့ အကုသိုလ်ကံတွေကလည်း အကုသိုလ် ဥပပီဠက-ကံအဖြစ် ရပ်တည်ကာ သူ့ကို အနာရောဂါတွေ ထူပြောအောင် အရိုးတွေကျိုးအောင် ကပ်ပြီးတော့ ညှဉ်းပန်းနှိပ်စက်ပြန်တယ်။ သူလွန်ကျူးခဲ့တဲ့ ပါဏာတိပါတကံတွေကလည်း သူ့ရဲ့ ဒါနကုသိုလ်ကံ-ကြောင့် ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်သန္တာန်အစဉ်ကို ပြတ်စဲသွားအောင် ဥပစ္ဆေဒကကံ = ဥပဃာတကကံ အဖြစ်နှင့် ရပ်တည်ကာ ဖြတ်တောက်ပစ်ကြပြန်တယ်။ ဒ့ါကြောင့် ရဟန္တာဖြစ်တော်မူပြီးနောက် ချက်ချင်းပဲ ပရိနိဗ္ဗာန်စံလွန်တော်မူသွားရပါတယ်။ မိမိ ပြုစုပျိုးထောင်ထားခဲ့တဲ့ ကံတရားက မိမိကို ယုတ်ညံ့သူဖြစ်အောင်, မြင့်မြတ်သူဖြစ်အောင် စီမံရွက်ဆောင်သွားခြင်းပဲ ဖြစ်ပါတယ်။

သို့သော် မထေရ်မြတ်ကြီးဟာ ပဋိသမ္ဘိဒါဉာဏ်တော်မြတ် (၄)ပါးတို့နှင့် အတူတကွ အရဟတ္တ-ဖိုလ်ပန်းကို ဆင်မြန်းသွားရတဲ့ သူတော်ကောင်းကြီးတစ်ဦး ဖြစ်တဲ့အတွက် ပဋိသမ္ဘိဒါဉာဏ်တော်မြတ်-ကို ရရှိတော်မူကြမည့် သူတော်ကောင်းတို့ ဖြည့်ကျင့်ရမည့် အင်္ဂါရပ်တွေကိုလည်း ရှေးရှေးဘုရားရှင် တို့ရဲ့ သာသနာတော်အတွင်းမှာ ဖြည့်ကျင့်ခဲ့ပြီးသူသာ ဖြစ်ပါတယ်။[၂၄၆] ထိုအင်္ဂါရပ်တွေထဲမှာ ပုဗ္ဗ-ယောဂဆိုတဲ့ အင်္ဂါရပ်တစ်ခုလည်း ပါဝင်ခဲ့ပါတယ်။ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်း မှာ သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင်သော ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကို အားထုတ်ခဲ့ဖူးခြင်း ဆိုတဲ့ ဒီပုဗ္ဗယောဂအင်္ဂါရပ်ကိုလည်း ဖြည့်ကျင့်ထားပြီးသူသာ ဖြစ်ပါတယ်။ ထိုပါရမီတော်များက-လည်း ဝိုင်းဝန်းကာ အားပေးထောက်ပံ့ကြသည်ကတစ်ကြောင်း, နောက်ဆုံးဘဝမှာလည်း သာသ-နာတော်ကို အသက်ပေးကာ ဝင်ရောက်လာသူတစ်ဦး ဖြစ်ခြင်းကြောင့် အနာရောဂါမရမီ တစ်ချိန်မှာ သမထ-ဝိပဿနာဘာဝနာတွေကို အောင်အောင်မြင်မြင် အားထုတ်နိုင်သည်ကတစ်ကြောင်း၊ ဒီ အကြောင်းတရားတွေက ဝိုင်းဝန်းကာ အားကြီးသော မှီရာ ဥပနိဿယ ပစ္စယသတ္တိဖြင့် အားပေး ထောက်ပံ့လိုက်သည့်အတွက် ဘုရားရှင်ထံတော်မှ တရားတော်များကို နာကြားပြီးသည့်အဆုံးမှာ ပဋိသမ္ဘိဒါဉာဏ်တော်မြတ် (၄)ပါးနှင့် အတူတကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့ခြင်းပဲ ဖြစ်ပါတယ်။ ကံစီမံရာကို ကျေနပ်စွာ ခံယူသွားတဲ့ သူတော်ကောင်းတစ်ဦးပဲ ဖြစ်ပါတယ်။

အနာရောဂါ ထူပြောရခြင်း၏ အကြောင်းကို ဟောတော်မူပြီးတဲ့အခါ အနာရောဂါ ကင်းရခြင်းရဲ့ အကြောင်းကို ဆက်လက်ပြီးတော့ ဘုရားရှင်က ဟောကြားတော်မူပါတယ်။ အနာရောဂါ ကင်းရှင်း-ချင်တဲ့ ပုဂ္ဂိုလ်တွေ ဘာလုပ်ရမလဲ?

[၂၄၆] ဝိသုဒ္ဓိ၊ ၂၊၇၂။

## အနာရောဂါ ကင်းရှင်းရခြင်း

**ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သတ္တာနံ အဝိဟေဌကဇာတိကော ဟောတိ ပါဏိနာ ဝါ လေဍ္ဍုနာ ဝါ ဒဏ္ဍေန ဝါ သတ္ထေန ဝါ။**[၂၄၇]

ပုဂ္ဂိုလ်တစ်ယောက်ကြည့်လိုက်တော့ တစ်ဖက်သားတွေကို လက်နှင့်ပဲဖြစ်စေ, ခဲနှင့်ပဲဖြစ်စေ, တုတ်နှင့်ပဲဖြစ်စေ, လက်နက်တစ်ခုခုနှင့်ပဲဖြစ်စေ ဘယ်တော့မှ ညှဉ်းပန်းနှိပ်စက်လေ့ မရှိဘူး၊ ညှဉ်းပန်းနှိပ်စက်တတ်တဲ့ ညှဉ်းပန်းနှိပ်စက်လိုတဲ့ စိတ်နေစိတ်ထား လုံးလုံး မရှိဘူး။ မရှိတော့ ဘာဖြစ်သလဲ?

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။**[၂၄၈]

ဒီလို ပြည့်ပြည့်စုံစုံ ဆောက်တည်ထားတဲ့ ပြုကျင့်ထားတဲ့ လိုက်နာပြုကျင့်နေတဲ့ ဒီကံက သေသည်၏ အခြားမဲ့၌ နတ်ပြည်နတ်လောကကို ရောက်အောင် ပို့ဆောင်ပေးတယ်၊ ဒီသီလ-ကုသိုလ်စေတနာပဲ။

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ ယတ္ထ ယတ္ထ ပစ္စာဇာယတိ အပ္ပါဗာဓော ဟောတိ။**[၂၄၉]

အကယ်၍ နတ်ပြည်နတ်လောကကို မရောက်လို့ လူ့ပြည်လူ့လောကကို ရောက်ခဲ့မယ်ဆိုရင် လူ့ပြည်လူ့လောကမှာ ပဋိသန္ဓေအားဖြင့် တည်နေတဲ့ ဒီသတ္တဝါရဲ့သန္တာန်မှာ – **အပ္ပါဗာဓော ဟောတိ**၊ အနာရောဂါ ကင်းရှင်းနေတယ်။ ဘာကြောင့်လဲ? သတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက်တဲ့ လုပ်ငန်းရပ်က ရှောင်ကြဉ်ခဲ့တဲ့ ကုသိုလ်စေတနာကြောင့်ပဲ။

**အပ္ပါဗာဓသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ သတ္တာနံ အဝိဟေဌကဇာတိကော ဟောတိ ပါဏိနာ ဝါ လေဍ္ဍုနာ ဝါ ဒဏ္ဍေန ဝါ သတ္ထေန ဝါ။**[၂၅၀]

လက်နှင့်ဖြစ်စေ, ခဲနှင့်ဖြစ်စေ, တုတ်နှင့်ပဲဖြစ်စေ, လက်နက်အမျိုးမျိုးနှင့်ပဲဖြစ်စေ သတ္တဝါတွေကို မညှဉ်းပန်း မနှိပ်စက်ခြင်းဆိုတဲ့ ဒီစိတ်နေစိတ်ထားသည် အနာရောဂါ ကင်းမှုကို ဖြစ်စေတတ်တယ်။ ဒီလိုဆိုရင် အနာရောဂါ ကင်းရှင်းချင်တဲ့ ပုဂ္ဂိုလ်ဟာ အနာရောဂါ ကင်းရှင်းမှုကို ဖြစ်စေတတ်တဲ့ ဒီလို ကံမျိုးတွေကို ထူထောင်ဖို့ မလိုဘူးလား၊ သတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက်လိုတဲ့ စိတ်နေစိတ်ထားမှ သတ္တဝါတွေကို မညှဉ်းပန်း မနှိပ်စက်လိုတဲ့ စိတ်နေစိတ်ထားသို့ ပြုပြင်ပြောင်းလဲဖို့ မလိုဘူးလား? လိုအပ်တယ်။ ဒီတော့ - အနာရောဂါထူပြောချင်ရင်တော့ ဘာလုပ်ရမလဲ? သူတစ်ပါးတွေကို မျက်-ရည်ကြီးငယ်ကျအောင် ညှဉ်းပန်းနှိပ်စက်ပေတော့၊ အကယ်၍ အနာရောဂါ ကင်းရှင်းချင်တယ်ဆိုရင်တော့ ဘာလုပ်ရမလဲ? သူတစ်ပါးကို ညှဉ်းပန်းနှိပ်စက်လိုတဲ့ စိတ်နေစိတ်ထားတွေကို ပြုပြင်ပြောင်းလဲပြီးတော့ပေးရမယ်။ ဒါ - စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးပဲ။

---

[၂၄၇၊ ၂၄၈၊ ၂၄၉၊ ၂၅၀] မ၊၃၊၂၄၅။

## စဉ်းစားဝေဖန်ကြည့်ပါ

ဒီနေရာမှာ – ဘုန်းကြီး နည်းနည်းတော့ ထပ်ရှင်းပြချင်သေးတယ်။ အကယ်၍ မိမိက သတ္တဝါတစ်ဦးဦးကို တုတ်နှင့်ပဲဖြစ်စေ, ဓားနှင့်ပဲဖြစ်စေ, လက်နက်တစ်ခုခုနှင့်ပဲဖြစ်စေ ညှဉ်းပန်းနှိပ်စက်-လိုက်ရင် ဒီအနှိပ်စက်ခံရတဲ့ သတ္တဝါမှာ အနာရောဂါ တစ်ခုခုတော့ ဧကန်ရတော့မယ်။ သို့သော် ဒီလို ညှဉ်းပန်းနှိပ်စက်တဲ့ လုပ်ငန်းရပ်မျိုးကို သူတော်ကောင်းတစ်ဦးက ရှောင်ကြဉ်ပြီ ဆိုကြစို့၊ ဒီလို ရှောင်ကြဉ်တဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်အစဉ်မှာ သူတစ်ပါးတို့ရဲ့သန္တာန်မှာ အနာရောဂါ မဖြစ်စေလိုတဲ့ စိတ်နေစိတ်ထားကလေးတွေက ကပ်ငြိပါနေတယ်။ အနာရောဂါ ကင်းရှင်းစေလိုတဲ့ စိတ်နေစိတ်ထားကလေးတွေက ကပ်ငြိပါနေတယ်၊ သတ္တဝါတွေအပေါ်မှာ အနာရောဂါ မဖြစ်စေလိုတဲ့ အနာရောဂါ ကင်းရှင်းစေလိုတဲ့ ဒီစိတ်နေစိတ်ထားက ဒီကံတွေက အကျိုးပေးတဲ့ ဘဝမှာ မိမိ အနာရောဂါ ကင်းရှင်းဖို့ အကြောင်းတစ်ခု ဖြစ်လာရတယ်။ ဒီလိုဆိုရင် မွန်မြတ်တဲ့ စိတ်နေစိတ်ထားကလေးတွေ ကိန်းဝပ်နေအောင် မိမိတို့ရဲ့ စိတ်အစဉ်ကို အမြဲတမ်း ပြုပြင်ပေးနေဖို့ ဖြူစင်အောင် ဖွပ်လျှော်ဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ် သိပ်ကောင်းတယ်။ –

## ဖြူစင်အောင် ဖွပ်လျှော်တဲ့နည်းလမ်း

မိမိရဲ့ စိတ်အစဉ်ကို ဖြူစင်အောင်, ကိလေသာအညစ်အကြေးတွေ မလိမ်းကပ်အောင်, ညှဉ်းပန်းနှိပ်စက်လိုတဲ့ စိတ်နေစိတ်ထားတွေ ကင်းရှင်းသွားအောင် ဘယ်လိုဖွပ်လျှော်မလဲ? ဒီလိုတော့ မေးစရာရှိတယ်။

သမထ-ဝိပဿနာရေစင်တို့ဖြင့် မိမိတို့ရဲ့ စိတ်ကို အမြဲတမ်း ဖွပ်လျှော်နေဖို့ လိုပါတယ်။ အထူးသဖြင့် မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားတွေကို ခပ်များများ ပွားပေးပါ၊ စွမ်းနိုင်ပါက ဈာန်သမာဓိသို့ ဆိုက်သည်အထိ ပွားပေးပါ။

လိင်တူသတ္တဝါတစ်ဦးကို အာရုံယူပြီးတော့ – ဤသူတော်ကောင်းသည် . . .

၁။ ဘေးရန် ကင်းပါစေ၊

၂။ စိတ်ဆင်းရဲ ကင်းပါစေ၊

၃။ ကိုယ်ဆင်းရဲ ကင်းပါစေ၊

၄။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိ၏ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ – ဒီလို မေတ္တာ ပွားကြည့်ပါ။

သို့မဟုတ် သတ္တဝါအများစုကို အာရုံယူကာ – ခပ်သိမ်းကုန်သော သတ္တဝါတို့သည် . . .

၁။ ဘေးရန် ကင်းကြပါစေ၊

၂။ စိတ်ဆင်းရဲ ကင်းကြပါစေ၊

၃။ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊

၄။ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိတို့၏ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ —

ဒီလို မေတ္တာပွားကြည့်ပါ။ သတ္တဝါတစ်ဦးအပေါ်မှာဖြစ်စေ သတ္တဝါအားလုံးတို့အပေါ်မှာဖြစ်စေ - ဘေးရန် ကင်းစေလိုတဲ့ စိတ်ထား, စိတ်ဆင်းရဲ ကင်းစေလိုတဲ့ စိတ်ထား, ကိုယ်ဆင်းရဲ ကင်းစေလိုတဲ့ စိတ်ထား, ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိရဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်စေလိုတဲ့ စိတ်ထား, ဒီစိတ်ထားမျိုးတွေက မိမိ ဘေးရန်ကင်းဖို့ စိတ်ဆင်းရဲကင်းဖို့ ကိုယ်ဆင်းရဲကင်းဖို့ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိရဲ့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ဖို့ အကြောင်းတရားတွေ (= ကံတွေ) ဖြစ်ကြတယ်။

အလားတူပဲ ကရုဏာဘာဝနာ, မုဒိတာဘာဝနာ, ဥပေက္ခာဘာဝနာတို့ကို ပွားများခဲ့ရင်လည်း သတ္တဝါတွေကို . . .

၁။ ဆင်းရဲဒုက္ခမှ လွတ်ပါစေဆိုတဲ့ ကရုဏာနှင့် ယှဉ်တဲ့ စိတ်ထား,

၂။ ရရှိပြီး စည်းစိမ်ချမ်းသာမှ မရွေ့လျောပါစေနှင့်ဆိုတဲ့ မုဒိတာနှင့် ယှဉ်တဲ့ စိတ်ထား,

၃။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိကြတယ်ဆိုတဲ့ ဥပေက္ခာနှင့် ယှဉ်တဲ့ စိတ်ထား —

ဒီစိတ်ထားတွေကလည်း မိမိ ဆင်းရဲဒုက္ခ အဝဝမှ လွတ်ဖို့, ရရှိပြီး စည်းစိမ်ချမ်းသာမှ မရွေ့-လျောဖို့, ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ ရှိတယ်ဆိုတဲ့ အမြင်မှန်ရရှိဖို့ အကြောင်းတရားတွေ ဖြစ်ကြပါတယ်။ ဒီလို ပြဟ္မစိုရ်ရေချမ်းတွေ ပက်ဖျန်းကာ မိမိစိတ်ဓာတ်ကို ဖြူစင်အောင် ဖွပ်လျှော်ပေးတတ်ဖို့ သိပ်အရေးကြီးပါတယ်။ ဒီလို ဖွပ်လျှော်ပေးနိုင်မှ နိဗ္ဗာန်တိုင်အောင် တောက်လျှောက် ကောင်းကျိုးတွေကို ခံစားစံစားကြရမှာ ဖြစ်ပါတယ်။

ကဲ - နောက်ပုစ္ဆာတစ်စုံကို ဆက်ကြဦးစို့ . . .။

**နံပါတ် (၃) ပုစ္ဆာတစ်စုံ**ကို သူက ထပ်မေးတယ်။

တချို့ပုဂ္ဂိုလ်တွေဟာ ရုပ်အဆင်း သိပ်လှကြတယ်၊ တချို့ပုဂ္ဂိုလ်တွေကျတော့ ရုပ်မလှကြဘူး၊ ဘယ်လိုအကြောင်းကြောင့် ရုပ်ရည်လှပရသလဲ? ဘယ်လိုအကြောင်းကြောင့် ရုပ်ရည်မလှပရသလဲ? ဒီမေးခွန်းကို မေးထားတယ်။ အဲဒီမေးခွန်းကို မြတ်စွာဘုရားရှင်က ဘယ်လို ပြန်ပြီးတော့ အဖြေပေးသလဲ?

## အကျည်းတန် အရုပ်ဆိုးရခြင်း၏အကြောင်း

**ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ကောဓနော ဟောတိ ဥပါယာသဗဟုလော။ အပ္ပမ္ပိ ဝုတ္တော သမာနော အဘိသဇ္ဇတိ ကုပ္ပတိ ဗျာပဇ္ဇတိ ပတိဋ္ဌီယတိ။**[၂၅]

**မာဏဝ** = သုဘလုလင် . . .။ **ဣဓ** = ဤလောက၌။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** =

[၂၅] မ၊၃၊၂၄၅။

အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်းကောင်း။ **ကောဓ-နော** = အမျက်ထွက်လေ့ရှိသည်။ **ဟောတိ** = ဖြစ်၏။ **ဥပါယာသဗဟုလော** = ကြောင့်ကြပူပန်မှုများပြားလေ့ရှိသည်။ **ဟောတိ** = ဖြစ်၏။

သားအတွက် ပူလိုက်ရတာ, သမီးအတွက် ပူလိုက်ရတာ, အဘိုးကြီးအတွက်လည်း ပူလိုက်ရတာ စိတ်မချလို့, အဖွားကြီးအတွက်ကျတော့လည်း ပူလိုက်ရတာ စိတ်မချဘူး၊ တစ်ဖက်ကြည့်လိုက်-တော့လည်း . .

**ကောဓနော** = ဒေါသက သိပ်ကြီးတယ်။

ဒါတွင်လားဆိုတော့ မကသေးဘူး —

**အပ္ပမ္ပိ ဝုတ္တော သမာနော အဘိသဇ္ဇတိ ကုပ္ပတိ ဗျာပဇ္ဇတိ ပတိဋ္ဌီယတိ။**

**အပ္ပမ္ပိ** = အနည်းငယ်ကိုသော်လည်းပဲ။ **ဝုတ္တော** = ပြောဆိုခဲ့မိသည်။ **သမာနော** = ဖြစ်လတ်-သော်။ **အဘိသဇ္ဇတိ** = ကပ်ငြိ၍နေတတ်၏။ **ကုပ္ပတိ** = စိတ်ဆိုးတတ်၏။ **ဗျာပဇ္ဇတိ** = ဒေါသဖြင့်ဖောက်ပြန်၍ နေတတ်၏။ **ပတိဋ္ဌီယတိ** = ရန်ငြိုးဖွဲ့၍ နေတတ်၏။

သူ့ကို နည်းနည်းကလေးတော့ သွားမပြောလိုက်နဲ့ နည်းနည်းကလေးများ ပြောလိုက်မိမယ်ဆိုရင်-

**အဘိသဇ္ဇတိ** = ငါ့ကို ဒီလိုပြောရကောင်းလားဆိုပြီး စိတ်ထဲမှာ တနုံ့နုံ့နဲ့ ဖြစ်နေတယ် စွဲနေတယ် နည်းနည်းကလေးမှ မကျေနပ်ဘူး။ **ကုပ္ပတိ** = စိတ်ဆိုးတယ်။ **ဗျာပဇ္ဇတိ** = စိတ်ဆိုးနေတဲ့ ဖောက်ပြန်နေတဲ့ အမူအရာအမျိုးမျိုးကို ပြတယ်။ သင်းနော် ငါ ချလိုက်ပြန်ရော့မယ်၊ ငါ့ကို ဘာမှတ်လို့လဲ? ဒီပုံစံမျိုးပဲ -ဟုတ်တယ် မဟုတ်လား? ဒေါသဖြစ်နေတဲ့ အမူအရာတွေကို ပြတယ်။ နောက်တစ်ခု - ဘာလဲ?

**ပတိဋ္ဌီယတိ** = ရန်ငြိုးဖွဲ့ထားတယ်။ ငါ့ကို ဒီလိုပြောရကောင်းလား ဆိုပြီးတော့ ရန်ငြိုးဖွဲ့ထားတယ်။

**ကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတုကရောတိ၊**

**ကောပဉ္စ** = အမျက်ကိုလည်းကောင်း။ **ဒေါသဉ္စ** = ဒေါသကိုလည်းကောင်း။ **အပ္ပစ္စယဉ္စ** = မကျေနပ်မှုကိုလည်းကောင်း။ **ပါတုကရောတိ** = ထင်ရှားပြုလုပ်၍ ပြတတ်၏။

စိတ်ဆိုးမှုကိုလည်း ထင်ထင်ရှားရှားကြီး ဖော်ပြလိုက်တယ်၊ "သင်း ငါ့ လာထိတော့ ဘယ်ရလိမ့်မလဲ၊ ငါက ခံမှာလား၊ ငါ ပြန်ချလိုက်မှာပေါ့"— ဆိုပြီးတော့ မိမိ ဒေါသဖြစ်နေတာကို ထင်ရှားအောင် ဖော်ပြလိုက်တယ်၊ မိမိရဲ့ မကျေနပ်ချက်တွေကိုလည်း ထင်ရှားအောင် ဖော်ပြလိုက်တယ်။

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**[၂၅၂]

[၂၅၂] မ၊၃၊၂၄၅။

**သော** = ထိုပုဂ္ဂိုလ်သည်။ **ဧဝံ** = ဤသို့။ **သမတ္တေန** = ပြည့်ပြည့်စုံစုံ ပြုကျင့်၍ ထားအပ်သော။ **ဧဝံ** = ဤသို့။ **သမာဒိန္နေန** = ပြည့်ပြည့်စုံစုံ ကောင်းစွာ ဆောက်တည်၍ ထားအပ်သော။ **တေန ကမ္မေန** = ထိုဒေါသနှင့် ယှဉ်တွဲ၍နေတဲ့ အကုသိုလ်ကံကြောင့်။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှ မရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှုပြုသူ ဒုစရိုက်သမားတို့ရဲ့ လားရောက်ရာ ဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **ဥပပဇ္ဇတိ** = ကပ်ရောက်ရပေ၏။

သူများအပေါ်မှာ မကျေနပ်တာကလေးတစ်ခုပဲ။ ပိုက်ဆံ ဘယ်လောက် ရရှိလိုက်သလဲ? တစ်ပြားမှ မရလိုက်ဘူး၊ ဒါပေမဲ့ အပါယ်ရောက်ကြောင်း အကုသိုလ်ကံတွေ မိမိမှာ ပြည့်ပြည့်စုံစုံ ရမသွားဘူးလား? ရသွားပြီ။

သူတစ်ပါးအပေါ်မှာ ဒေါသဖြစ်တဲ့စိတ်ထား "ကိုယ့်ဟာကိုယ်, ကိုယ့်ဒေါသ ကိုယ်ဖြစ်တာ ဘာဆိုင်လဲ ညီးနှင့် ဘာဆိုင်လဲ?" ဟော - တချို့က ဒီလို ပြောတတ်ကြတယ်၊ ဒီလို "ငါ့ဟာငါ ဒေါသဖြစ်တာ ညီးနှင့် ဘာဆိုင်လို့ လာပြောရတာလဲ?" — တချို့က ဒီလို ပြောကြတယ်။ ဒီတော့ ကိုယ့်ဟာကိုယ် ဒေါသဖြစ်တာ ဘာမှမဖြစ်ဘူး မဟုတ်ဘူးနော်၊ ဖြစ်တယ်။ ဘာဖြစ်သလဲ? - ငရဲ ရောက်နိုင်တယ်၊ ဒီတော့ မိမိက ငရဲကို အလိုမရှိဘူးဆိုရင် ဒီစိတ်ထားကလေးတွေကို ပြောင်းလဲပစ်ဖို့ မလိုဘူးလား? လိုအပ်နေတယ်။

ဒီနေ့ပဲ - ဒကာမကြီးတစ်ယောက်က လာလျှောက်တယ်, လာကန်တော့တယ်။ လာကန်တော့တဲ့ အခါကျတော့ သူက ငမူးနှင့် အကြောင်းပါနေတော့ သူ့ငမူးအကြောင်းကို ဘုန်းကြီးကမေးတော့ ငမူးကျိုးသွားပြီတဲ့၊ ဘာဖြစ်လို့ ကျိုးသလဲလို့ သူ့ကိုမေးတော့ – သူက ဒေါသထင်ရှားပြလိုက်လို့ပါဆိုပြီး ဘေးက အတူပါလာတဲ့ အဖော်တစ်ဦးက ဝိုင်းပြီးလျှောက်ထားတယ်။ သူကလည်း ဒေါသကို ဘယ်လို ထင်ရှားပြလိုက်သလဲဆိုတော့ — ဒီလိုတဲ့ . . လှေကားမှာ ငမူးနှင့် စကားများရင်း ငမူးကို တွန်းချ လိုက်တော့ လှေကားကနေ ငမူးကျသွားရော၊ အောက်ကျသွားတဲ့အခါ ငမူးလက်ကျိုးသွားသတဲ့၊ လက်ကျိုးသွားတဲ့ အချိန်အခါကျတော့ ပစ်ထားလိုက်ပါလားလို့ဆိုတော့လည်း မပစ်ရက်နိုင်ဘူးတဲ့။ ဘာဖြစ်လို့လဲ? မခွဲရက်နိုင်တဲ့ မပစ်ရက်နိုင်တဲ့ ကံတွေကိုလည်း တစ်ဖက်က ထူထောင်ခဲ့ကြပြန်တယ်။ ကံတွေဟာ သိပ်ဆန်းကြယ်တယ်။

ဒီလိုကံတွေကို ပြုစုပျိုးထောင်ထားခဲ့မယ်ဆိုရင် ဒီကံက လွတ်အောင် ရုန်းလို့မရအောင် ပြုပြင် ဖန်တီးပေးတယ်၊ ဒီအနားက ခွဲလို့မရဘူး။ တကယ်တမ်း ရက်ရက်စက်စက်နှင့် စွန့်ပစ်လိုက်ပါလား ဆိုတော့ မစွန့်ပစ်နိုင်ဘူး။ မစွန့်ပစ်နိုင်တဲ့ ကံတွေကို မိမိတို့က ထူထောင်ထားခဲ့ကြတယ်။ ခုလည်း ဒီအတိုင်းပဲ၊ ဒီဒကာမကြီးက ဒေါသကိုတော့ ထင်ရှားပြလိုက်တယ်။ သို့သော် ခွဲနိုင်သလားဆိုတော့ - မခွဲနိုင်ပြန်ဘူး။

ဒီဒေါသဖြစ်တဲ့ဟာ ဘာမှ မဖြစ်ဘူး မဟုတ်ဘူး၊ ဒီဒေါသကလေးမှာ ငရဲကို ရောက်စေနိုင်တဲ့ စွမ်းအားတွေ ရှိနေတယ်၊ ဒီလိုဆိုရင် ငရဲကို အလိုမရှိခဲ့ရင် မိမိတို့က ဒေါသကို တိုက်ဖျက်ဖို့ မလိုဘူး-လား? လိုတယ်၊ စိတ်နေစိတ်ထားကလေးတွေကို ပြုပြင်ပြောင်းလဲပေးဖို့ လိုတယ်။

နောက်တစ်ခု ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်ကို ကြည့်ပါ၊ အင်မတန် ချောမောလှပနေတဲ့ အမျိုး-ကောင်းသား အမျိုးကောင်းသမီးပဲ ဖြစ်ချင်ဖြစ်ပါစေ၊ ဒေါသဖြစ်နေတဲ့ အချိန်အခါမှာ သူ့ကို သွား-ကြည့်ရင် အရုပ်မဆိုးဘူးလား? – အရုပ်ဆိုးတယ်၊ အဲဒီကံက သူ့ကို အကျိုးပေးဖို့ရန် အခါအခွင့်သင့် လာရင် ဘာဖြစ်သလဲ?

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ ဒုဗ္ဗဏ္ဏော ဟောတိ။**[၂၅၃]

**ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှမရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှု ပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **နော စေ ဥပပဇ္ဇတိ** = အကယ်၍ မကပ်ရောက်ရသည် ဖြစ်ငြားအံ့။ **မနုဿတ္တံ** = လူ့ပြည်လူ့လောကသို့။ **သစေ အာဂစ္ဆတိ** = အကယ်၍ ရောက်ရှိလာခဲ့သည် ဖြစ်ငြားအံ့။ **ယတ္ထ ယတ္ထ** = အကြင်အကြင် အမျိုးအနွယ်၌။ **ပစ္စာဇာယတိ** = ပဋိသန္ဓေအားဖြင့် တစ်ဖန် ဖြစ်ပေါ်၍လာရပေ၏။ **တတ္ထ တတ္ထ** = ထိုထိုအမျိုးအနွယ်၌။ **ဒုဗ္ဗဏ္ဏော** = အဆင်းမလှသည်။ **ဟောတိ** = ဖြစ်၏။

ဒီဒေါသကလေးဖြစ်ခဲ့တဲ့ကံက ငရဲမရောက်ဘူးထား၊ ခုနက သန္နိဋ္ဌာနစေတနာလို့ ခေါ်ဆိုအပ်တဲ့ တကယ်တမ်း ပြစ်မှုတွေ လွန်ကျူးနေတဲ့ အချိန်အခါမှာ ဖြစ်ပေါ်နေတဲ့ ဒေါသအကုသိုလ်စေတနာ-ကိုတော့ ထားလိုက်၊ ရှေ့ပိုင်း နောက်ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ အကုသိုလ်စေတနာတွေကနေပြီးတော့ လူ့ပြည်လူ့လောကမှာ လာပြီးတော့ အကျိုးပေးဖို့ရန် အခါအခွင့်သင့်ပြီဆိုရင် လူ့ပြည်လူ့လောကကို ကုသိုလ်ကံတစ်ခုက ပစ်ချလိုက်လို့ လူဖြစ်လာတဲ့ အချိန်အခါမှာ ခုနက ဒေါသနှင့် ယှဉ်တွဲနေတဲ့ အကုသိုလ်ဓာတ်ငွေ့တွေက ကပ်ပါလာတဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်သည် –**"ဒုဗ္ဗဏ္ဏ"** အဆင်းမလှ တော့ဘူးတဲ့၊ အကျည်းတန် အရုပ်ဆိုးတယ်။

ခဏခဏတော့ ပြောဖူးပါတယ်။ ဘုန်းကြီးတစ်ပါးပြောတဲ့ စကားကလေး ဘုန်းကြီးက မှတ်သား ထားတယ် – "လည်ပင်းကြည့်လိုက်တော့ ဖားလည်ပင်း၊ အသားကြည့်လိုက်တော့ သပိတ်ရောင်၊ ခါးကြည့်လိုက်တော့ လိပ်ခါး"တဲ့။ ဒေါသကြောင့် အဲဒီလို ပုံပန်းမကျတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်လာရတယ်။

ဘာကြောင့်လဲ? ဒေါသနှင့် ယှဉ်တွဲပြီးတော့ ကံတွေကို ပြုစုပျိုးထောင်ခဲ့တယ် သို့မဟုတ် ဒေါသ သိပ်ကြီးခဲ့တယ်။ ဒေါသကြီးခဲ့တဲ့ ပုဂ္ဂိုလ်သည် ဒီကံက အကျိုးပေးပြီဆိုရင် ရုပ်လှသလား မလှဘူး-

[၂၅၃] မ၊၃၊၂၄၅။

လား? မလှတော့ဘူး။ ဒါဖြင့်ရင် မိမိတို့က ရုပ်ရည်ချောမောလှပတဲ့ အမျိုးကောင်းသား ဖြစ်ချင်တယ်ဆိုရင် အမျိုးကောင်းသမီး ဖြစ်ချင်တယ်ဆိုရင် ဒေါသကြီးရမလား မကြီးရဘူးလား? မကြီးရဘူး၊ ဒေါသတွေကို ရှောင်ကြဉ်ပေးရမယ်။ စိတ်ဓာတ်ဆိုတာ ပြုပြင်ပြောင်းလဲလို့ မရဘူးလား? ရပါတယ်။

ဒီဒေါသသည် အမြဲဖြစ်နေတဲ့ တရားမဟုတ်ဘူး – အနိစ္စတရားပဲ၊ ရာဂဟာ အမြဲဖြစ်နေတဲ့ တရား မဟုတ်ဘူး – အနိစ္စတရားပဲ။ အနိစ္စတရားသာဖြစ်တော့ မိမိတို့က ပြုပြင်ပြောင်းလဲပေးမယ်ဆိုရင် မရနိုင်ဘူးလား? ရပါတယ်။ ဒါပေမဲ့ ပြုပြင်ပြောင်းလဲချင်တဲ့ စိတ်ထား မရှိဘူး၊ "ငါ့ဒေါသက သူများဒေါသနှင့် တူတာမဟုတ်ဘူး, ငါ့စိတ်က သူများစိတ်နှင့်တူတာ မဟုတ်ဘူး"ဆိုပြီး ဒါကိုပဲ ဂုဏ်ယူပြီးတော့ ဝင့်ကြွားပြီးတော့ နေတတ်ကြပြန်တယ်။ အဲဒီလို ဂုဏ်ယူဝင့်ကြွားနေတဲ့ ပုဂ္ဂိုလ်တွေ-သည် ဘာဖြစ်မလဲ? ဘယ်ဘဝပဲရောက်ရောက်, ရောက်လေရာဘဝမှာ အကျည်းတန် အရုပ်ဆိုးတဲ့ ပုဂ္ဂိုလ် မဖြစ်ဘူးလား? ဖြစ်လိမ့်မယ်။ ဒါဟာ ဘုရားရှင်ဟောကြားတော်မူတဲ့ အကျည်းတန် အရုပ်ဆိုး စေတတ်တဲ့ ကံတရားပဲ၊ အကျည်းတန် အရုပ်ဆိုးစေတတ်တဲ့ ဆေးစွမ်းကောင်း တစ်လက်ပဲ။

**ဒုဗ္ဗဏ္ဏသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ကောဓနော ဟောတိ ဉပါယာသဗဟုလော၊ အပ္ပမ္ပိ ဝုတ္တော သမာနော အဘိသဇ္ဇတိ ကုပ္ပတိ ဗျာပဇ္ဇတိ ပတိဋ္ဌီယတိ၊ ကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတုကရောတိ။**[၂၅၄]

ရုပ်ရည် မချောမော မလှပရခြင်း အကျည်းတန် အရုပ်ဆိုးရခြင်း၏ အကြောင်းရင်းသည် ဒီဒေါသပဲ။ နည်းနည်းကလေး ပြောရင်တောင်မှ နည်းနည်းကလေးမှ အထိမခံဘူး၊ "သင်းတို့များတော့ သွားမပြောလိုက်စမ်းပါနဲ့၊ သင်းက နည်းနည်းမှ ပြောလို့ဆိုလို့ရတဲ့ လူစားမျိုး မဟုတ်ဘူး"တဲ့၊ တချို့ ဒီလို ပြောကြတယ်၊ နည်းနည်းမှ သူက အထိမခံဘူး။ ပြောလိုက်ပြီဆိုလို့ရှိရင် – "ငါ့ကို ဒီလို ပြောရကောင်းလား"ဆိုပြီး တစ်ခါတည်း မကျေနပ်ချက်တွေကို တစ်ပုံကြီး ထင်ရှားပြတော့တာပဲ။

ဟို - ဘိုးတော်ဘုရားလက်ထက်ကနေပြီးတော့ မင်းတုန်းမင်းလက်ထက်၊ မင်းတုန်းမင်းလက်-ထက်ကနေပြီးတော့ တော်လှန်ရေးအစိုးရလက်ထက်အထိပေါ့လေ၊ ရာဇဝင်နှင့်ချီပြီးတော့ မကျေနပ်-ချက်တွေကို ပြောလိုက်တာ တစ်ပုံတစ်ခေါင်းကြီးပဲ၊ နားထောင်လို့ကို မကုန်နိုင်တော့ဘူး။ ဒါကြောင့် အဲဒီလို ဒေါသတွေ သိပ်ကြီးနေတဲ့ ပုဂ္ဂိုလ်သည် ရောက်လေရာဘဝမှာ ဘာဖြစ်တတ်သလဲ၊ အရုပ်ဆိုး တတ်တယ်။

နောက်ထုံးတစ်ခုကိုလည်း ထပ်ပြောဦးမယ် . . . ။

## နာမည်ကျော် ပဉ္စပါပီ

တစ်ချိန်မှာ ဗာရာဏသီမြို့ရဲ့ အရှေ့တံခါးမှာ နေထိုင်တဲ့ သူဆင်းရဲတစ်ဦးမှာ ပဉ္စပါပီဆိုတဲ့ သမီးကလေးတစ်ဦး ရှိခဲ့ဖူးတယ်။ ဇာတ်အဋ္ဌကထာ ပဉ္စမတွဲ စာမျက်နှာ (၄၇၅)မှာ သူရဲ့ ရှေးဖြစ်-ဟောင်း အောက်မေ့ဖွယ် အတိတ်ဇာတ်လမ်းကလေးကို ဖော်ပြထားပါတယ်။

[၂၅၄] မ၊၃၊၂၄၅။

ဒီပဥ္စပါပီအလောင်းဖြစ်တဲ့ အမျိုးသမီးကလေးဟာ ဘဝတစ်ခုမှာ သူဆင်းရဲမပဲ ဖြစ်ခဲ့ရတယ်။ တစ်နေ့မှာ မြေညက်စိုင်ကို နယ်ပြီးတော့ အိမ်နံရံကို လိမ်းကျံနေတယ်။ အဲဒီနေ့မှာ ပစ္စေကဗုဒ္ဓဘုရားရှင်တစ်ဆူကလည်း မိမိ သီတင်းသုံးတော်မူရာ လိုဏ်ဂူအတွင်းမှာ မြေညက်နှင့် လိမ်းကျံလိုတဲ့အတွက် မြေညက်စိုင်ခဲကို အလှူခံရန် ဗာရာဏသီမြို့တွင်းသို့ သင်္ကန်းကို ဝတ်ရုံကာ သပိတ်ပိုက်-လျက် ကြွဝင်လာတော်မူပါတယ်။ အဲဒီ အမျိုးသမီးကလေးနှင့် မလှမ်းမကမ်းမှာ လာပြီး ရပ်တော်မူပါ-တယ်။ ဒီအမျိုးသမီးကလည်း ဒေါသထွက်ကာ ပြစ်မှားသော စိတ်ဖြင့် ပစ္စေကဗုဒ္ဓဘုရားရှင်အား မော်ကြည့်လျက် "မြေညက်ကိုတောင် အလှူခံရသလား"-လို့ ပြောဆိုလိုက်တယ်။ ပစ္စေကဗုဒ္ဓဘုရားရှင်ကလည်း မတုန်မလှုပ် ရပ်တည်နေတော်မူပါတယ်။

ပစ္စေကဗုဒ္ဓဘုရားရှင်ကို မတုန်မလှုပ် ရပ်တည်တော်မူနေတာကို မြင်တော့ အမျိုးသမီးရဲ့ စိတ်ဓာတ်ဟာ ပြောင်းလဲသွားပြီး ပစ္စေကဗုဒ္ဓဘုရားရှင်အပေါ်၌ ကြည်ညိုသွားတယ်။ "ရဟန်း . . . မြေညက်တောင်မှ မရဘဲကိုး"လို့ ပြောဆိုပြီး — "ကိစ္စအမှု၊ ခွဲဝေရှုသော်၊ အကုသိုလ်, ကုသိုလ်၊ နှစ်ခုကိုလည်း၊ မပြုလိုခဲ၊ ပြုလိုရဲ၏—"ဆိုတဲ့ ဆိုရိုးစကားအတိုင်း မြေညက်စိုင်ခဲကြီးတစ်ခုကို ဆောင်ယူပြီး ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ထဲမှာ လောင်းလှူလိုက်တယ်။ ပစ္စေကဗုဒ္ဓဘုရားရှင်ကလည်း အဲဒီ မြေညက်တွေနှင့် မိမိသီတင်းသုံးတော်မူရာ လိုဏ်ဂူအတွင်းမှာ လိမ်းကျံတော်မူပါတယ်။

မကြာမီ ဒီအမျိုးသမီးလည်း ကွယ်လွန်ပြီး ထို ဗာရာဏသီမြို့ တံခါးပြင်ဘက်က ရွာတစ်ရွာမှာ သူဆင်းရဲမတစ်ဦး ဖြစ်ရပြန်တယ်။ ဒီအမျိုးသမီးရဲ့ အခြေအနေကို အဋ္ဌကထာက ဒီလို ဖော်ပြထားတယ် —

**တဿာ မတ္တိကာပိဏ္ဍဖလေန သရီရံ ဖဿသမ္ပန္နံ အဟောသိ၊ ကုဇ္ဈိတ္ဝာ ဥလ္လောကိတတ္တာ ပန ဟတ္ထပါဒမုခအက္ခိနာသာနိ ပါပါနိ ဝိရူပါနိ အဟေသုံ။ တေန တံ "ပဥ္စပါပီ"တွေဝ သဉ္ဇာနိံသု။**[၂၁၁]

**မတ္တိကာပိဏ္ဍဖလေန** = မြေညက်စိုင်ခဲကို လှူဒါန်းပူဇော်ခဲ့ရသည့် ကုသိုလ်ကံ၏ အကျိုးဆက်ကြောင့်။ **တဿာ သရီရံ** = ထိုအမျိုးသမီးရဲ့ ကိုယ်ခန္ဓာသည်။ **ဖဿသမ္ပန္နံ** = အတွေ့အထိကောင်းနှင့် ပြည့်စုံသည်။ **အဟောသိ** = ဖြစ်ခဲ့လေပြီ။ **ကုဇ္ဈိတ္ဝာ** = ပစ္စေကဗုဒ္ဓဘုရားရှင်အပေါ်၌ အမျက်ဒေါသထွက်၍။ **ဥလ္လောကိတတ္တာ** = မော်ကြည့်ခဲ့မိသည့်အတွက်ကြောင့်။ **တဿာ** = ထိုအမျိုးသမီးရဲ့။ **ဟတ္ထပါဒမုခအက္ခိနာသာနိ** = လက်-ခြေ-မျက်နှာ-မျက်လုံး-နားဆိုတဲ့ အင်္ဂါငါးရပ်တို့သည်။ **ပါပါနိ** = ယုတ်မာကုန်သည်။ **ဝိရူပါနိ** = ဖောက်ဖောက်ပြန်ပြန် မလှမပ မတင့်မတယ်တဲ့ အသွင်သဏ္ဌာန်ရှိကြကုန်သည်။ **အဟေသုံ** = ဖြစ်ကြလေကုန်ပြီ။ **တေန** = ထိုကြောင့်။ **တံ** = ထိုအမျိုးသမီးကို။ **"ပဥ္စပါပီ"တွေဝ** = အင်္ဂါငါးမျိုး ယုတ်မာတဲ့သူဟူ၍သာလျှင်။ **သဉ္ဇာနိံသု** = အသိအမှတ်ပြုကြကုန်၏။

ပစ္စေကဗုဒ္ဓဘုရားရှင်အား မြေညက်စိုင်ခဲကို လှူဒါန်းပူဇော်ခဲ့ရတဲ့ ဒီကောင်းမှုကုသိုလ်ကံရဲ့ အကျိုးကြောင့် ဒီအမျိုးသမီးရဲ့ ခန္ဓာကိုယ်ဟာ အလွန်တွေ့ထိလို့ကောင်းတဲ့ အသားအရေနှင့် ပြည့်စုံ

[၂၁၁] ဇာတက၊ဋ္ဌ၊၅၊၄၇၆။

လာရတယ်။ ဒါပေမဲ့ ဒီကောင်းမှုကုသိုလ်မှာ ပစ္စေကဗုဒ္ဓဘုရားရှင်အပေါ်၌ မြေညက်ကိုတောင် အလှူခံရကောင်းလားဆိုတဲ့ မကျေနပ်ချက်တွေက ဝိုင်းရံထားကြပြန်တယ်။ ဒေါသထွက်ပြီး ပြစ်မှားတဲ့ စိတ်ဓာတ်နှင့် ပစ္စေကဗုဒ္ဓဘုရားရှင်အား မော်ကြည့်ခဲ့မိတဲ့ အကုသိုလ်ကံ, မြေညက်ကိုတောင် အလှူခံရသလားလို့ ပြစ်မှားတဲ့ စိတ်ဓာတ်ဖြင့် ပြောဆိုမိတဲ့ ဝစီဘေဒ အကုသိုလ်ကံတွေကြောင့် — လက်-ခြေ-မျက်နှာ-မျက်လုံး-နားဆိုတဲ့ အင်္ဂါငါးရပ်တို့ဟာ ယုတ်ယုတ်မာမာ ဖောက်ဖောက်ပြန်ပြန် မလှမပ ဖြစ်ကြရပြန်တယ်။ ပဥ္စပါပီဆိုတဲ့ ဘွဲ့ထူးဂုဏ်ထူးဖြင့် ချီးကျူးခံရပြန်တယ်။ ဒီလိုဆိုရင် လှပတင့်တယ်ချင်တဲ့သူတွေဟာ ဒေါသနှင့် ယှဉ်တွဲပြီးတော့ ဒေါသတွေ ခြံရံပြီးတော့ ကံတွေကို ထူထောင်သင့်သ-လား? စဉ်းစားကြနော် - စဉ်းစားကြ - ဒီလို ပုံပန်းမကျတဲ့ ကိုယ်အင်္ဂါရပ်တွေကို ရရှိခြင်းဟာ စိတ်ကြောင့် ဖြစ်ရတယ်ဆိုရင် ဒီစိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးဖို့ မသင့်ဘူးလား? အချောဆုံး အလှဆုံး စိတ်ဓာတ်ကလေးတွေသာ ဆက်တိုက် ဖြစ်နေအောင် သီလ သမာဓိ ပညာဆိုတဲ့ ရေစင်ရေကောင်းတွေနှင့် အမြဲတမ်း ဆေးကြောပေးသင့်တယ်၊ သမထ-ဝိပဿနာလက်နက်ကောင်းတွေနှင့် ပွတ်ပြင်ပေးသင့်တယ်။

ဒါကြောင့် ခုအချိန်အခါမှာ ဒီနေ့ တရားနာပရိသတ်တွေဟာလည်း ပန်းချီကားချပ်ကလေးတွေ-ကို အသီးအသီး ရေးဆွဲနေတဲ့ အချိန်ဖြစ်တယ်။ မကျွမ်းမကျင်နှင့် အကျည်းတန် အရုပ်ဆိုးတဲ့ ပန်းချီကားချပ်တစ်ခုကို ရေးဆွဲလိုက်မိမယ်ဆိုရင် အကျည်းတန် အရုပ်ဆိုးတဲ့ပုံတွေ ပေါ်မလာဘူးလား? ပေါ်လာနိုင်တယ်။ ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာနှင့် ရေးဆွဲတတ်မယ်ဆိုလို့ရှိရင်တော့ အင်မတန် ချောမောလှပတဲ့ ရုပ်ပုံကလေးတွေ ပေါ်မလာနိုင်ဘူးလား? ပေါ်လာနိုင်တယ်။ ဒါကို သတိရှိဖို့ လိုအပ်တယ်။

ဒါကြောင့် ဘုရားရှင်ရဲ့ တရားတော်အရ ရုပ်လှခြင်း, ရုပ်မလှခြင်းဟာ ဘာကို အခြေခံနေသလဲ? မေတ္တာကို အခြေခံတယ်၊ ဒေါသကို အခြေခံတယ်။ ဒေါသကြီးနေတဲ့ ပုဂ္ဂိုလ်သည် ရောက်လေရာ ဘဝမှာ လှသလား မလှဘူးလား? မလှဘူး။ မေတ္တာအားကောင်းနေတဲ့ သူတော်ကောင်းမှန်ခဲ့ရင် ရောက်လေရာဘဝမှာ ဘာဖြစ်မလဲ? ရုပ်အဆင်းလှတယ်။ ဒီတော့ အလှပြင်ဆိုင်တွေ သွားနေဖို့ လိုသေးလား? မလိုတော့ဘူး၊ ဆံပင် အလှပြင်ဆိုင် သွားပြီးတော့ ဆံပင်တွေ ကောက်နေဖို့ကော လိုသေးသလား? မလိုတော့ပါဘူး။

ဆံပင်ကောက်တာနဲ့ စပ်ပြီးတော့ ဘုန်းကြီး စိတ်မကောင်းတာကလေး တစ်ခုတော့ ရှိတယ်။ ဘာမကောင်းသလဲဆိုတော့ — တစ်ချိန်တုန်းက ဒီကျောင်းမှာ ကပ္ပိယဖြစ်သွားဖူးတဲ့ ဒကာသိန်းဟန်ကို ဘုန်းကြီးက စာအုပ်ကပ်ဖို့ တမာစေး တောင်းခဲ့ဖူးတယ်၊ သူက တမာစေး မလှူဘူး။ ဘယ်လောက်ကြာသွားသလဲမေးတော့ တစ်နှစ်နီးပါး ကြာသွားတယ်။ ဘာဖြစ်လို့ပါလိမ့်လို့ စိတ်ထဲက စဉ်းစားနေမိတယ်၊ ကပ္ပိယဆိုတာက ခဏခဏ တောင်းရင်လည်း စိတ်က တစ်မျိုးထင်မှာစိုးလို့ ဘုန်းကြီးကလည်း မပြောမိဘူး၊ ထပ်လည်း မပြောတော့ဘူး၊ သူကလည်း မေ့တာလည်း အကြောင်းရှိပါတယ်၊ ရှားပါးတာလည်း အကြောင်းရှိပါတယ်။ ဒါနဲ့ တစ်နေ့တော့ တမာစေးတွေ ရောက်လာတယ်၊ ရောက်လာတဲ့အခါ

ဘုန်းကြီးက မေးကြည့်တယ် 'ဘာဖြစ်လို့ ဒီလောက်တောင် ကြာသလဲ'လို့ သူ့ကို မေးကြည့်တော့ သူက 'ဆရာတော် . . . တမာစေးက သိပ်ရှားနေတယ်'တဲ့၊ 'ဘာဖြစ်လို့ ရှားနေရသလဲ?' 'ဆံပင်ကောက်ဆိုင်တွေက ဒီတမာစေးကို သိပ်သုံးကြတယ်' – ဒီစကားကို ဘုန်းကြီးကလည်း မကြားဖူးဘူး၊ သူပြောမှ ကြားဖူးတယ်။ 'ဟ - ဆံပင်ကောက်တာနှင့် တမာစေးနှင့် ဘာဆိုင်သလဲ?' အင်မတန်ဆိုင်နေတယ်တဲ့။ ဘယ်လိုဆိုင်နေသလဲ မေးတော့ – ဆံပင်ကောက်ခါနီးမှာ တမာစေးကို ကော်ဖြစ်အောင် ရေဖျော်ပြီး အဲဒီ တမာစေးကော်နှင့် ဆံပင်ကို လူးလိုက်ရတယ်၊ လူးပြီးတော့ အပူငွေ့ပေးလိုက်လို့ရှိရင် ဆံပင်က ဖောင်းပြီးကြွလာတယ်၊ အဲဒီအခါမှာ လိုတဲ့ပုံကို ဖန်တီးလို့ရတယ်၊ အဲဒီအခါကျတော့မှ ဘုန်းကြီးက စိတ်မကောင်းဘူး၊ စာအုပ်ကပ်မည့် ကော်တွေတော့ ဆံပင်တွေကောက်တဲ့နေရာကို ရောက်ကုန်ပြီလို့ သဘောပေါက်ပြီး စိတ်မကောင်း ဖြစ်သွားမိတယ်။ ဘုန်းကြီးတို့ စာအုပ်ကပ်မည့် ကော်တွေက ဆံပင်တွေထံ ရောက်သွားတဲ့အခါကျတော့ စာအုပ်တွေအတွက် ကော်ကောင်းကောင်းကို သုံးလို့မရ ဖြစ်နေတယ်။

ဒီတော့ ခု မြတ်စွာဘုရားရဲ့ အလှပြုပြင်တဲ့ နည်းစနစ်တစ်ခုကတော့ အဲဒီလို ဆံပင်ကို တမာစေးလိမ်းပြီးတော့ အလှပြင်နေဖို့လိုသေးလား? မလိုပါဘူး၊ ကြိုက်တဲ့ဆုကို တောင်းရင် မရဘူးလား? ရနိုင်တယ်။ သို့သော် ကောင်းသလား မကောင်းဘူးလား? မကောင်းပါဘူး။ မကောင်းဘူးဆိုတာကတော့ နောက်ပိုင်းမှ ပြောမယ်၊ ခုတော့ ဖြစ်စေတတ်တဲ့အကြောင်းကို ပြောနေတာပဲ။ နောက်တစ်ခု - ရုပ်ရည်ချောမောလှပရခြင်းရဲ့ အကြောင်းကို ဘုရားရှင်က ဘယ်လို ဟောကြားထားတော်မူသလဲ?-

## ရုပ်ရည်ချောမောလှပတင့်တယ်ရခြင်း၏အကြောင်း

**က္ကမ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ အက္ကောဓနော ဟောတိ အနုပါယာသဗဟုလော၊**[၂၅၆]

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **က္ကမ ပန** = ဤလောက၌ကား။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်းကောင်း။ **အက္ကောဓနော** = အမျက်ထွက်လေ့ မရှိသည်။ **ဟောတိ** = ဖြစ်၏။ **အနုပါယာသဗဟုလော** = ရန်ငြိုးဖွဲ့မှု မများပြားသည် (ဝါ) ပူပန်ကြောင့်ကြမှု မများပြားသည်။ **ဟောတိ** = ဖြစ်၏။

စိတ်ထဲမှာ ဒေါသရယ်လို့ ဖြစ်လာပြီဆိုရင် ပူပန်မှုကလေးတွေ ဝင်လာတတ်ကြတယ်။ ခု ဒီပုဂ္ဂိုလ်ကြည့်လိုက်တဲ့ အခါမှာတော့ ဒေါသလည်း မဖြစ်ဘူး၊ ပူပန်မှုလည်း မရှိဘူး။

**ဗဟုမ္ပိ ဝုတ္တော သမာနော နာဘိသဇ္ဇတိ န ကုပ္ပတိ န ဗျာပဇ္ဇတိ န ပတိဋ္ဌီယတိ၊ န ကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတုကရောတိ၊**[၂၅၇]

**ဗဟုမ္ပိ** = များစွာကိုသော်လည်းပဲ။ **ဝုတ္တော** = ပြောဆိုအပ်သည်။ **သမာနော** = ဖြစ်လတ်သော်။ **နာဘိသဇ္ဇတိ** = စိတ်ထဲ၌ ငြိကပ်၍ မနေ၊ ("ငါ့ကို ပြောရကောင်းလား"ဟု စိတ်ထဲ၌ ငြိကပ်မှုမရှိ။)

[၂၅၆], [၂၅၇] မ၊၃၊၂၄၅။

**န ကုပ္ပတိ** = စိတ်မဆိုး။ **န ဗျာပဇ္ဇတိ** = ဖောက်ပြန်တဲ့ စိတ်အမူအရာ မရှိ။ **န ပတိဋ္ဌီယတိ** = ရန်ငြိုးဖွဲ့မှု မရှိပေ။ **ကောပဉ္စ** = အမျက်ကိုလည်းကောင်း။ **ဒေါသဉ္စ** = ဒေါသတရားကိုလည်းကောင်း။ **အပ္ပစ္စယဉ္စ**= မနှစ်သက်မှုကိုသော်လည်းကောင်း။ **န ပါတုကရောတိ** = ထင်ရှားမပြပေ။

စိတ်ထဲမှာ နည်းနည်း မခံချင်ပေမဲ့လို့ သူတစ်ပါး သိအောင် ထုတ်ဖော်ပြီး ပြောမှုပြုမှု မရှိဘူး၊ ဘယ်လောက်ပဲပြောပြော, ပြောချင်တာပြောပါစေ "သူပြောတာက သူ့ကံပဲ, ကိုယ်ပြောတာက ကိုယ့်ကံပဲ။ ကိုယ်ပြုတာက ကိုယ့်ကံပဲ, သူပြုတာက သူ့ကံပဲ"လို့ ဒီလို ကံ-ကံရဲ့အကျိုးကို နှလုံးသွင်းပြီး တော့ သည်းခံတယ်၊ သူက သူတော်ကောင်းတရားကို နှလုံးသွင်းနိုင်တယ်။

ဒီနေရာမှာ အမျက်မထွက်ဘူးဆိုတာကတော့ ဥတ္တရာ အမျိုးကောင်းသမီးတို့ကဲ့သို့ မေတ္တာဈာန်ကို ဝင်စားနိုင်တဲ့စိတ်ထားသည် အထွတ်အထိပ်သို့ ရောက်နေတဲ့ စိတ်ထားမျိုးပဲ။ တစ်ဖက်သား ပုဂ္ဂိုလ်က ဘယ်လိုပင် ပြောချင်တာ ပြောပါစေ, ပြုလုပ်ချင်တာ ပြုလုပ်ပါစေ၊ မိမိက ထိုသတ္တဝါတွေ အပေါ်၌ ဖြန့်ကြက်ပြီးတော့ မေတ္တာဈာန်တွေ ဝင်စားပြီး နေနိုင်မယ်ဆိုရင် ထိုမေတ္တာဈာန် ဝင်စားနေတဲ့ မျက်နှာအနေအထားကို ထိုအချိန်အခါမှာ ကြည့်စမ်းကြည့်ပါ။ အရုပ်ဆိုးတဲ့ပုဂ္ဂိုလ် ဖြစ်ချင်ဖြစ်ပါစေ မေတ္တာဈာန် ဝင်စားနေတဲ့ အချိန်အခါမှာ တစ်နည်းတစ်ဖုံအားဖြင့် ကြည့်ရှုလို့ အင်မတန်ကောင်းနေတဲ့ အမျိုးကောင်းသား အမျိုးကောင်းသမီး ဖြစ်နေတတ်ပါတယ်။ ကံတွေကို ထူထောင်စဉ် အချိန်အခါတုန်းက တစ်ဖက်သားအပေါ်မှာ အင်မတန် ကြီးမားတဲ့ မေတ္တာ ကရုဏာဓာတ်တွေနှင့် ထူထောင်နေတဲ့ကံ ဖြစ်ခြင်းကြောင့် ဒီကံက အကျိုးပေးတဲ့ အချိန်အခါမှာ ဘာဖြစ်မလဲ?

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။**[၂၅၈]

**ဧဝံ** = ဤသို့။ **သမတ္တေန** = ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်၍ထားအပ်သော။ **ဧဝံ** = ဤသို့။ **သမာဒိန္နေန** = ပြည့်ပြည့်စုံစုံ ဆောက်တည်၍ထားအပ်သော။ **တေန ကမ္မေန** = ထိုကုသိုလ်ကံကြောင့်။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **သုဂတိံ** = ကောင်းမှုပြုသူ သုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **သဂ္ဂံ လောကံ** = နတ်ပြည်နတ်လောကသို့။ **ဥပပဇ္ဇတိ** = ပဋိသန္ဓေအားဖြင့် ကပ်ရောက်ရပေ၏။

ဒီနေရာမှာတော့ – အကယ်၍များ မေတ္တာဈာန် ရရှိခဲ့မယ်ဆိုရင်တော့၊ ထိုမေတ္တာဈာန်ကလည်း သေသည်တိုင်အောင် မလျှောကျခဲ့ဘူးဆိုရင်တော့ ထိုမေတ္တာဈာန်တွေကတော့ ဗြဟ္မာ့ပြည်လို့ ခေါ်ဆိုအပ်တဲ့ နတ်ပြည်နတ်လောကကို ပို့ဆောင်ပေးမှာ ဖြစ်တယ်။ မေတ္တာဈာန်ရဲ့ ရှေ့နောက်မှာ ရှိတဲ့ ဥပစာရသမာဓိ စတဲ့ မေတ္တာဘာဝနာကံတွေကတော့ ကာမာဝစရနတ်ပြည် (၆)ထပ်လို့ ခေါ်ဆိုအပ်တဲ့ နတ်ပြည်နတ်လောကကို ပို့ဆောင်ပေးမှာ ဖြစ်တယ်။

---

[၂၅၈] မ၊၃၊၂၄၅။

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ပါသာဒိကော ဟောတိ။ ပါသာဒိကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ အက္ကောဓနော ဟောတိ အနုပါယာသဗဟုလော၊ ဗဟုမ္ပိ ဝုတ္တော သမာနော နာဘိသဇ္ဇတိ န ကုပ္ပတိ န ဗျာပဇ္ဇတိ န ပတိဋ္ဌီယတိ၊ န ကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတုကရော- တိ။**[၂၅၉]

**မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်း ကြောင့်**။ ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **သုဂတိံ** = ကောင်းမှုပြုသူ သူစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **သဂ္ဂံ လောကံ** = နတ်ပြည်နတ်လောကသို့။ **နော စေ ဥပပဇ္ဇတိ** = အကယ်၍ မကပ်ရောက်ရသည် ဖြစ်ငြားအံ့။

နတ်ပြည် မရောက်ဘူးထား, ဒီမေတ္တာစျာန်တွေကလည်း မသေခင်မှာ အကြောင်းတစ်ခုခု- ကြောင့် လျှောကျသွားလို့ ဒီမေတ္တာစျာန်တွေရဲ့ စွမ်းအားကြောင့် ဗြဟ္မာ့ပြည် မရောက်ဘူးထား—

**သစေ မနုဿတ္တံ အာဂစ္ဆတိ၊**

မေတ္တာစျာန်ရဲ့ ရှေ့ပိုင်းမှာ ဖြစ်ပေါ်နေတဲ့ ပရိကမ္မသမာဓိ ဥပစာရသမာဓိ စတဲ့ ကာမာဝစရ- ကုသိုလ်စိတ်စေတနာတွေလည်း ရှိကြတယ်၊ မေတ္တာစျာန်ကို ပွားများပြီးတဲ့နောက်, နောက်ပိုင်းမှာ သတ္တဝါတွေအပေါ်၌ ထားရှိတဲ့ မေတ္တာနှင့် ယှဉ်နေတဲ့ ကာမာဝစရကုသိုလ်စိတ်စေတနာတွေလည်း ရှိကြတယ်၊ အဲဒီ စိတ်စေတနာတွေက လူ့ပြည်လူ့လောကကို ရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့ စွမ်းအားရှိတယ်။ မေတ္တာစျာန်တွေကတော့ ဗြဟ္မာ့ပြည်ကို ရောက်အောင် ပို့ဆောင်ပေးနိုင်တယ်၊ အကယ်၍ ဗြဟ္မာ့ပြည်ကို မရောက်ဘူးထား၊ လူ့ပြည်လူ့လောကကို ပြန်ပြီး ရောက်ရှိလာခဲ့မယ်ဆိုရင် ဘာဖြစ်မလဲ?

**ယတ္ထ ယတ္ထ** = အကြင် အကြင် အမျိုးအနွယ်၌။ **ပစ္စာဇာယတိ** = ပဋိသန္ဓေအားဖြင့် တစ်ဖန် ဖြစ်ပေါ်၍ လာရ၏။ **တတ္ထ တတ္ထ** = ထိုထို အမျိုးအနွယ်၌။ **ပါသာဒိကော** = ကြည်ညိုဖွယ်ရှိသည်။ **ဟောတိ** = ဖြစ်၏။

**ပါသာဒိကသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ အက္ကောဓနော ဟောတိ အနုပါယာ- သဗဟုလော၊ ဗဟုမ္ပိ ဝုတ္တော သမာနော နာဘိသဇ္ဇတိ န ကုပ္ပတိ န ဗျာပဇ္ဇတိ န ပတိဋ္ဌီယတိ၊ န ကောပဉ္စ ဒေါသဉ္စ အပ္ပစ္စယဉ္စ ပါတုကရောတိ။**[၂၆၀]

ဒကာတော် သုဘလုလင် . . . ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်နိုင်တဲ့ ဥပဓိသမ္ပတ္တိ ရုပ်ရည်နှင့် ပြည့်စုံဖို့အတွက် ဒါဟာ အကျင့်တစ်ခုပဲ။ ဘာအကျင့်လဲ? ဒေါသ မကြီးခြင်း၊ အမျက်ဒေါသ မကြီးခြင်း ဆိုတဲ့ အကျင့်ပဲ၊ ဘယ်လောက်ပဲ သူများတွေက ပြောချင်ပြောပါစေ — ဘယ်တော့မှ စိတ်မဆိုးဘူး, ဘယ်တော့မှ စိတ်ဖောက်ပြန်တဲ့ အမူအရာကို မပြဘူး, ဘယ်တော့မှ ရန်ငြိုးမထားဘူး, အမျက်ကို

[၂၅၉] မ၊၃၊၂၄၅-၂၄၆။

[၂၆၀] မ၊၃၊၂၄၆။

လည်း ဘယ်တော့မှ ထင်ရှားမပြဘူး, ဒေါသကိုလည်း ဘယ်တော့မှ ထင်ရှားမပြဘူး, မကျေနပ်ချက်တွေကိုလည်း ဘယ်တော့မှ ထင်ရှားမပြဘူး၊ အဲဒီလို မပြခြင်းဆိုတဲ့ ကျင့်ဝတ်ပဋိပတ်သည် ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်နိုင်တဲ့ အင်မတန် ချောမောလှပတဲ့ ဥပမိသမ္ပတ္တိခေါ်တဲ့ ရုပ်ရည်နှင့် ပြည့်စုံဖို့ရန် အကြောင်းတစ်ခု ကျင့်ဝတ်တစ်ခု ဖြစ်တယ်လို့ မြတ်စွာဘုရားက ဟောကြားတော်မူလိုက်ပါတယ်။

## အရှင်သုဘူတိမထေရ်

အရှင်သုဘူတိမထေရ် အလောင်းအလျာဖြစ်တဲ့ အမျိုးကောင်းသားဟာ လွန်ခဲ့သော ကမ္ဘာတစ်သိန်းအထက်က ပဒုမုတ္တရဘုရားရှင် ပွင့်တော်မမူခင် အချိန်ကာလမှာ နန္ဒလုလင်အမည်ရှိတဲ့ ပုဏ္ဏားသူကြွယ် အမျိုးကောင်းသားတစ်ဦး ဖြစ်ခဲ့ပါတယ်။ ဝေဒ = ဗေဒင်ကျမ်းတို့၌ အနှစ်သာရကို ရှာဖွေမတွေ့ရှိတဲ့အတွက် တပည့်လုလင်ပေါင်း (၄၄၀၀၀)တို့နှင့်အတူ နိသဘ အမည်ရှိတဲ့ ဟိမဝန္တာရှိ တောင်ခြေတစ်ခုမှာ ရသေ့ရဟန်းပြုကြကာ သမထဘာဝနာတွေကို ပွားများအားထုတ်ခဲ့ကြပါတယ်။ လောကီဈာန်သမာပတ် (၈)ပါးနှင့်တကွ လောကီအဘိညာဏ် (၅)ပါးတို့ကိုပါ ရရှိခဲ့ကြပါတယ်။

ထိုအချိန်အခါတွင် လောက၌ ပဒုမုတ္တရဘုရားရှင်လည်း ပွင့်ထွန်းပေါ်ပေါက်တော်မူလာခဲ့ပါတယ်။ တစ်နေ့မှာတော့ ပဒုမုတ္တရဘုရားရှင်ဟာ နန္ဒရသေ့ကြီးရဲ့ တပည့်ရသေ့ (၄၄၀၀၀)တို့ဟာ အရဟတ္တဖိုလ် တည်ကြတော့မယ်ဆိုတာကို သိမြင်တော်မူသည့်အတွက် ဟိမဝန္တာရှိ နန္ဒရသေ့ကြီးတို့ရဲ့ နေထိုင်သီတင်းသုံးရာဖြစ်တဲ့ သင်္ခမ်းကျောင်းသို့ ဈာန်အဘိညာဏ်တန်ခိုးဖြင့် ကြွရောက်တော်မူလာခဲ့ပါတယ်။ ပဒုမုတ္တရဘုရားရှင်အား ရသေ့တွေက သစ်သီးဆွမ်းစသည်တို့ကို ဆက်ကပ်လှူဒါန်းပူဇော်ကြပါတယ်။ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးတဲ့အခါ ရသေ့တွေဟာ ဘုရားရှင်အား ရိုသေစွာ ရှိခိုးဝတ်ပြုကြပြီးတော့ ဘုရားရှင်၏ အနီးအပါးမှာ ရပ်တည်နေတော်မူကြပါတယ်။ ထိုအချိန်အခါမှာ ဘုရားရှင်ရဲ့ ဆန္ဒတော်အတိုင်း ဘုရားရှင်ရဲ့ တပည့်ရဟန်းတော် တစ်သိန်းတို့လည်း ဟိမဝန္တာ ဘုရားရှင်ရှိတော်မူရာအရပ်သို့ ဈာန်အဘိညာဏ်တန်ခိုးဖြင့် ကြွရောက်တော်မူလာကြပါတယ်။ ရသေ့တွေကလည်း မိမိတို့ရဲ့ ဈာန်အဘိညာဏ်တန်ခိုးဖြင့် ဘုရားအမှူးရှိနေတဲ့ သံဃာတော်တစ်သိန်းတို့အတွက် သင့်တင့်လျောက်ပတ်တဲ့ ထိုင်စရာ ပန်းအခင်းများကို ပြုစီရင်ကြပါတယ်။ ဘုရားရှင်နှင့်တကွ သံဃာတော်တစ်သိန်းတို့ဟာ မိမိတို့နှင့် သင့်လျော်သည့် နေရာများတွင် သီတင်းသုံးတော်မူကာ (၇)ရက်တိုင်တိုင် နိရောဓသမာပတ်ကို ဝင်စားတော်မူခဲ့ကြပါတယ်။ နိရောဓသမာပတ်ဝင်စားနေတော်မူတဲ့ အချိန်အခါမှာ နန္ဒရသေ့ကြီးက ပန်းထီးကြီးကို ကိုင်ဆောင်ကာ ဘုရားရှင်၏အထက်၌ ဆောင်းမိုးကာ ရပ်တည်နေပါတယ်။ တပည့်ရသေ့တွေက သစ်သီးဝလံရှာဖွေချိန်တွင် သစ်သီးဝလံများကို သွားရောက်ရှာဖွေကာ ဆွမ်းကိစ္စကို ဆောင်ရွက်ကြပါတယ်။ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးတဲ့အခါကျမှ ဘုရားရှင်နှင့်တကွ သံဃာတော်တို့အား လက်အုပ်ချီမိုးကာ ရပ်တည်နေခဲ့ကြပါတယ်။

ဒါပေမဲ့ နန္ဒရသေ့ကြီးကတော့ ဆွမ်းရှာဖွေရန်အတွက်လည်း မသွား၊ ဆွမ်းလည်းမစားဘဲ (၇)ရက်တိုင်တိုင် ဘုရားရှင်အား ပန်းထီးဆောင်းမိုးကာ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိသုခတရား, ဘုရားရှင်အား ကြည်ညိုမြတ်နိုးသည့် အဒေါသ = မေတ္တာတရားပြဓာန်းနေတဲ့ သဒ္ဓါတရားတွေဖြင့်

အချိန်ကို ကုန်လွန်စေကာ မလှုပ်မယှက် ပန်းထိုးဆောင်းမိုးကာသာ ရပ်တည်နေခဲ့ပါတယ်။ ဒီအချက်-ကတော့ နန္ဒရသေ့ကြီးဟာ ကောင်းမှုကုသိုလ်တစ်ခုကို ဆည်းပူးစုဆောင်းတဲ့အခါမှာ ဘယ်လောက်လုံ့လဝီရိယကြီးမားတယ် စိတ်အားတွေ ထက်သန်တယ်ဆိုတာကို ဖော်ပြနေတာ ဖြစ်ပါတယ်။ ပဒုမုတ္တရဘုရားရှင်ရဲ့အပေါ်၌ ကြည်ညိုမြတ်နိုးနေတဲ့ အဒေါသ = မေတ္တာတရားတွေက ဘယ်လောက်အားကောင်းနေတယ်ဆိုတာကိုလည်း ဖော်ပြနေတာ ဖြစ်ပါတယ်။ ဒီလို မေတ္တာဓာတ်တွေ ခြံရံထားတဲ့ကုသိုလ်တွေက အကျိုးပေးခဲ့ပြီဆိုလျှင်တော့ သူတစ်ပါးတို့ ကြည်ညိုမြတ်နိုးနေတဲ့ ဥပဓိရုပ်ရည်တွေနဲ့ ပြည့်စုံနေတဲ့ သူတော်ကောင်းတစ်ဦးဖြစ်အောင် ပုံသွင်းပေးမှာ ဖြစ်ပါတယ်။

(၇)ရက်စေ့လို့ ဘုရားရှင်နှင့်တကွ သံဃာတော်တို့ နိရောဓသမာပတ်မှ ထတော်မူကြတဲ့အခါ ဘုရားရှင်က – (၁) ကိလေသာကင်းရှင်း ချမ်းသာစွာ နေခြင်းဆိုတဲ့ အရဏဝိဟာရအင်္ဂါရပ်, (၂) မြတ်သောအလှူကို ခံယူထိုက်ခြင်းဆိုတဲ့ ဒက္ခိဏေယျအင်္ဂါရပ် – ဒီအင်္ဂါရပ်နှစ်ချက်နှင့် ပြည့်စုံနေတဲ့ ရဟန်းတော်တစ်ပါးကို ဝမ်းမြောက်ဖွယ်တရားစကား ပြောကြားခြင်းဆိုတဲ့ အနုမောဒနာတရား-စကားကို ဟောကြားပေးရန် ဘုရားရှင်က တာဝန်ပေးတော်မူလိုက်ပါတယ်။ ထိုရဟန်း တရားဟောတော်မူပြီးတဲ့အခါ ဘုရားရှင်က ဆက်လက်ကာ သစ္စာလေးပါးနှင့်စပ်တဲ့ တရားစကားတော်များကို ဟောကြားပေးတော်မူပါတယ်။ နန္ဒရသေ့ကြီးရဲ့ တပည့်ရသေ့အားလုံးတို့ဟာ ဒေသနာတော်နိဂုံးပြီးဆုံးတဲ့အခါ အရဟတ္တဖိုလ် တည်သွားတော်မူကြပါတယ်။ သို့သော် နန္ဒရသေ့ကြီးကတော့ အနုမောဒနာတရား ဟောကြားပေးတော်မူတဲ့ ရဟန်းတော်ကို အားကျကြည်ညိုနေတဲ့အတွက် ဘုရားရှင်၏ တရားတော်အပေါ်၌ အာရုံသိပ်ပြီးတော့ မစိုက်နိုင်ဖြစ်နေခဲ့တယ်။ ဒါ့ကြောင့် နန္ဒရသေ့ကြီးက (၇)ရက် အတွင်း သူပြုစုပျိုးထောင်ခဲ့တဲ့ ကောင်းမှုကုသိုလ်အရပ်ရပ်တွေကြောင့် နောင်အနာဂတ်ဝယ် တစ်ဆူဆူသော ဘုရားရှင်၏ထံတော်မှောက်၌ – (၁) ကိလေသာကင်းရှင်း ချမ်းသာစွာ နေခြင်းဆိုတဲ့ အရဏဝိဟာရအင်္ဂါရပ်, (၂) မြတ်သောအလှူကို ခံယူထိုက်ခြင်းဆိုတဲ့ ဒက္ခိဏေယျအင်္ဂါရပ် – ဒီ အင်္ဂါရပ်နှစ်ချက်နှင့် ပြည့်စုံနေတဲ့ ဧတဒဂ်ဘွဲ့ထူးရ ရဟန်းတော်တစ်ပါးဖြစ်ဖို့ရန် ဆုထူးပန်ထွာတော်-မူခဲ့ပါတယ်။ သူတောင်းတဲ့ဆုလည်း ဂေါတမဘုရားရှင်၏ သာသနာတော်အတွင်း၌ ပြည့်စုံမည်ဖြစ်ကြောင်းကို ပဒုမုတ္တရဘုရားရှင်က ဗျာဒိတ်တော်စကားများကိုလည်း ပေးသနားတော်မူခဲ့ပါတယ်။

၁။ ကိလေသာကင်းရှင်း ချမ်းသာစွာနေခြင်းဆိုတဲ့ အရဏဝိဟာရအင်္ဂါရပ် ဆိုတာကတော့ တရားဟောတော်မူတဲ့အခါမှာ တစ်ဖက်သားတို့အား ပုတ်ခတ်စော်ကားတဲ့ တရားစကားများကို ဟောကြားတော်မမူဘဲ ရာဂ ဒေါသ မောဟစတဲ့ ကိလေသာအညစ်အကြေးတွေ ကင်းဝေးနေတဲ့ ဓမ္မာဓိဋ္ဌာန်နည်းအားဖြင့်သာ တရားတော်ကို ဟောကြားတော်မူခြင်းကို ဆိုလိုပါတယ်။

၂။ မြတ်သောအလှူကို ခံယူထိုက်ခြင်းဆိုတဲ့ ဒက္ခိဏေယျအင်္ဂါရပ်ဆိုတာကတော့ အလှူရှင်တို့ရဲ့ လှူဖွယ်ဝတ္ထုကို အလှူခံတဲ့အခါမှာ ရှေးဦးစွာ မေတ္တာဈာန်ကို ဝင်စားပြီးပါမှ မေတ္တာဈာန်မှ ထတဲ့အခါမှာ လှူဖွယ်ဝတ္ထုကို အလှူခံခြင်းကို ဆိုလိုပါတယ်။ အလှူရှင်တို့က အလှူခံပုဂ္ဂိုလ်အပေါ်မှာ ကြည်ညိုမြတ်နိုးနေတဲ့ စိတ်ထားတွေဖြင့် ပေးလှူနိုင်ရန်အတွက် အလှူရှင်တို့ကို အာရုံယူကာ မေတ္တာ-ဈာန်ကို ရှေးဦးစွာ ဝင်စားပါတယ်။ ဒီအလှူခံပုဂ္ဂိုလ်ရဲ့ ဒီလို မေတ္တာဓာတ်စွမ်းအားကြောင့် အလှူခံ

ပုဂ္ဂိုလ်အပေါ်မှာ အလှူရှင်တွေက ကြည်ညိုမြတ်နိုးနေတဲ့ အဒေါသ (= မေတ္တာ) ပြဓာန်းနေတဲ့ သဒ္ဓါတရားတွေဟာ အလွန် အားကောင်းလာတတ်ပါတယ်။ ဒီလို ကြည်ညိုမြတ်နိုးနေတဲ့ သဒ္ဓါတရားဖြင့် ပေးလှူခဲ့မယ်ဆိုလျှင် အလှူရှင်တွေမှာ ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့ အကျိုးတရားတွေ ရရှိနိုင်ပါတယ်။ ဒါ့ကြောင့် ဒီလို အလှူရှင်တွေရဲ့ ဒါနကို မေတ္တာဈာန်ဝင်စားပြီးမှ မေတ္တာဈာန်မှထကာ လှူဖွယ်ဝတ္ထုကို အလှူခံခြင်းကို မြတ်သောအလှူကို ခံယူထိုက်ခြင်းဆိုတဲ့ ဒက္ခိဏေယျအင်္ဂါရပ်လို့ ဆိုလိုပါတယ်။

## နောက်ဆုံးဘဝ ရဟန်းပြုတော်မူခြင်း

နန္ဒရသေ့ကြီးဟာ ကြိုးကြားကြိုးကြား ပဒုမုတ္တရဘုရားရှင် ထံတော်မှောက်သို့ သွားရောက်ကာ တရားတော်များကို နာယူလျက် ပဋိသမ္ဘိဒါဉာဏ်တော်မြတ် (၄)ပါးကို ရရှိတော်မူမည့် သူတော်ကောင်းတို့ ဖြည့်ကျင့်အပ်သည့် အင်္ဂါ (၅)ရပ်တို့ကို ပြည့်စုံအောင် စွမ်းအားရှိသမျှ ဖြည့်ကျင့်ဆည်းပူးခဲ့ပါတယ်။ အထူးသဖြင့် တစ်ချိန်တွင် သံသရာဝဋ်ဆင်းရဲဒုက္ခမှ အပြီးတိုင် ကျွတ်လွတ် ထွက်မြောက်ရေးအတွက် ဦးတည်ကာ ပုဗ္ဗယောဂအမည်ရသည့် သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင်သော ဝိပဿနာဘာဝနာတို့ကိုလည်း ပွားများအားထုတ်တော်မူခဲ့ပါတယ်။ သေသည့်တိုင်အောင် မလျှော့ကျသော ဈာန်တရား ထင်ရှားရှိသည်ဖြစ်၍ ကွယ်လွန်သောအခါ ဗြဟ္မာ့ပြည်သို့ လားရောက်ခဲ့ရတယ်။

အရှင်သုဘူတိ အလောင်းအလျာဟာ ကမ္ဘာတစ်သိန်း လွန်မြောက်ပြီးတော့ ဤသာသနာတော်ခေတ်သို့ ရောက်လုဆဲအချိန်တွင် သာဝတ္ထိပြည်ဝယ် သုမနသူဌေးကြီး၏သား အနာထပိဏ်ကျောင်းဒါယကာကြီးရဲ့ ညီတော်ရင်း ဖြစ်လာရပေတယ်။ မေတ္တာဓာတ်နှင့် ယှဉ်တွဲနေသည့် မေတ္တာဓာတ်ရဲ့ အားပေးထောက်ပံ့မှုကို ရရှိနေသည့် ကာမာဝစရကုသိုလ်ကံက အလွန်တင့်တယ်သော ယောက်ျားမြတ်တို့ရဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေနှင့် တင့်တယ်စံပယ်နေတဲ့ ချောမောလှပသူတစ်ဦး ဖြစ်အောင် ပံ့သွင်းပေးလိုက်ကြတယ်။ ဒီလို တင့်တယ်စံပယ်နေတဲ့ ကိုယ်အင်္ဂါအစိတ်အပိုင်းတွေနဲ့ ပြည့်စုံနေတဲ့ အတွက်ကြောင့် သူ့ကို သုဘူတိလို့ အမည်ပေးထားကြတယ်။

ဇေတဝန်ကျောင်းတိုက်တော်ကြီးကို ရေစက်ချလှူဒါန်းတဲ့ ကျောင်းလွှတ်ပူဇော်ပွဲနေ့မှာ ဘုရားရှင်ထံတော်မှ သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ကြောင်းဖြစ်တဲ့ နိယျာနိကတရားကောင်းတွေကို နာကြားခွင့်ရရှိတဲ့အတွက် သူဌေးသားဘဝကို စွန့်လွှတ်ပြီးတော့ သာသနာဘောင်သို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုတော်မူခဲ့ပါတယ်။ သံသရာဝဋ်ဆင်းရဲဒုက္ခမှ ကျွတ်လွတ်ထွက်မြောက်ရေးအတွက် မှန်ကန်သော မွန်မြတ်သော ဦးတည်ချက်ဖြင့် ဖြည့်ကျင့်ဆည်းပူးခဲ့တဲ့ သမထ-ဝိပဿနာဘာဝနာကံတွေက အားပေးထောက်ပံ့လိုက်တဲ့အတွက် သူဌေးသားစည်းစိမ်အပေါ်မှာ ငဲ့ကွက်တွယ်တာမှု မရှိဘဲ ငယ်ရွယ်နုနယ်နေသေးတဲ့ အချိန်အခါမှာပဲ မိမိရဲ့ ဘဝကို တန်ဖိုးရှိနေတဲ့ သီလ သမာဓိ ပညာကျင့်စဉ်တွေကို ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်နိုင်ရေးအတွက် ပယောဂသမ္ပတ္တိစက်နှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်ခဲ့ပါတယ်။ လူ့စည်းစိမ် လူ့ချမ်းသာကို စွန့်လွှတ်နိုင်တဲ့ စိတ်ဓာတ်တွေဖြင့် ကံတွေကို ထူထောင်ခဲ့တဲ့အတွက် ဒီကံတွေက အကျိုးပေးလာတဲ့ဘဝမှာ လူ့ချမ်းသာကို လွယ်လွယ်ကူကူဖြင့် စွန့်လွှတ်နိုင်ခဲ့ခြင်း ဖြစ်ပါတယ်။

ရှင်ရဟန်းပြုတော်မူပြီးနောက် မကြာမီ အချိန်ကာလအတွင်းမှာပင် မေတ္တာစျာန်ကို ဝိပဿနာ၏ အခြေပါဒကစျာန်အဖြစ် ထူထောင်ကာ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကို စီးဖြန်းတော်မူလေရာ အရဟတ္တဖိုလ်ပန်းကို ဆင်မြန်းနိုင်တဲ့ ရဟန်းဘဝကို ရရှိသွားတော်မူခဲ့ပါတယ်။ ဆွမ်းခံကြွတော်မူသည့်အခါ အိမ်တိုင်းအိမ်တိုင်းရဲ့ အိမ်တံခါးဝမှာ ရပ်တည်တော်မူကာ အလှူရှင်များ လာရောက်ကာ ဆွမ်းလောင်းလှူမည့် အချိန်ကာလကို ပိုင်းခြားလျက် အလှူရှင်တို့အား အာရုံယူကာ မေတ္တာစျာန်ကို အမြဲတမ်း ဝင်စားတော်မူလေ့ ရှိပါတယ်။ မေတ္တာစျာန်မှ ထတော်မူပြီးတဲ့အခါကျမှ အလှူရှင်တို့ရဲ့ လှူဖွယ်ဝတ္ထုကို အလှူခံယူတော်မူလေ့ရှိပါတယ်။ ဒါ့ကြောင့် ဘုရားရှင်က အရှင်သုဘူတိကို **ဒက္ခိဏေယျ** = မြတ်သောအလှူဒါနကို ခံယူထိုက်ကြတဲ့ တပည့်သာဝကတွေထဲမှာ အသာဆုံး အမြတ်ဆုံး တပည့်သာဝကအဖြစ် ဧတဒဂ်ဘွဲ့ထူးကို ပေးသနားတော်မူခဲ့ပါတယ်။

နောက်တစ်ခု ပြောရဦးမယ် — **အရဏဝိဟာရီ** ဧတဒဂ်ဘွဲ့ထူး အကြောင်းပဲ။ ရာဂစတဲ့ ကိလေသာတွေကို ငိုကြွေးမြည်တမ်းကြောင်း တရားဆိုးတွေ ဖြစ်ကြတဲ့အတွက် **'ရဏ'**လို့ ခေါ်ဆိုပါတယ်။ ဒီလို ငိုကြွေးမြည်တမ်းကြောင်းဖြစ်တဲ့ ရာဂစတဲ့ ကိလေသာအညစ်အကြေးတွေ ကင်းကင်းရှင်းရှင်းနဲ့ ချမ်းသာစွာ နေထိုင်တော်မူကြတဲ့ ရဟန္တာအရှင်မြတ်တွေကို **အရဏဝိဟာရီ** ပုဂ္ဂိုလ်တွေလို့ ခေါ်ဆိုပါတယ်။ ရဟန္တာမထေရ် အားလုံးကတော့ ကိလေသာ ကင်းကင်းရှင်းရှင်းနဲ့ နေထိုင်နေကြတဲ့ သူတော်ကောင်းတွေချည်း ဖြစ်ကြပါတယ်။ သို့သော် အခြားသော ရဟန္တာအရှင်မြတ်တို့မှာ တရားဟောတော်မူကြလျှင် ပုဂ္ဂလာဓိဋ္ဌာနဓမ္မဒေသနာနည်းဖြင့်လည်း သက်ဆိုင်ရာပုဂ္ဂိုလ်ကို ရည်ညွှန်းထုတ်ဖော်ပြီးတော့ ဂုဏ်ကျေးဇူးကို ဖြစ်စေ, အပြစ်ကို ဖြစ်စေ ဟောကြားတော်မူကြတာလည်း ရှိကြပါတယ်။ အရှင်သုဘူတိမထေရ်ကတော့ ဓမ္မာဓိဋ္ဌာနနည်းအားဖြင့်သာ ဘုရားရှင် ဟောကြားတော်မူအပ်သည့် တရားဓမ္မသက်သက်ကိုသာ ဓမ္မာဓိဋ္ဌာန်ကျကျ ဟောကြားတော်မူပါတယ်။ ဒါ့ကြောင့် **အရဏဝိဟာရီ** = ကိလေသာကင်းကွာ ချမ်းသာစွာနေကြတဲ့ တပည့်သာဝကတွေထဲမှာ အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ရရှိတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

မိမိရဲ့ စိတ်ဓာတ်ကို အလှဆုံးဖြစ်အောင် ပြုပြင်ပြောင်းလဲနိုင်ခဲ့တဲ့အတွက် အလှဆုံးဖြစ်တဲ့ အကျိုးတရားတွေကို ရရှိသွားတော်မူခြင်းပဲ ဖြစ်ပါတယ်။[၂၆၀]

ဥပရိပဏ္ဏာသပါဠိတော် အရဏဝိဘင်္ဂသုတ္တန်နည်းအရ ပြောရမယ်ဆိုရင် အရဏဝိဟာရရဲ့ အဓိပ္ပာယ်ကတော့ ဒီလိုပါ —

၁။ ကာမသုခလ္လိကာနုယောဂလို့ခေါ်ဆိုတဲ့ ကာမဂုဏ်လေ့လာလိုက်စားခြင်းဆိုတဲ့ အယုတ်တရားက တစ်ခု, အတ္တကိလမထာနုယောဂလို့ခေါ်ဆိုတဲ့ မိမိကိုယ်ကို ညှဉ်းပန်းနှိပ်စက်ခြင်းဆိုတဲ့ အယုတ်တရားက တစ်ခု – ဒီအယုတ်တရားနှစ်ခုကို အစွန်းရောက်ကျင့်စဉ်တွေဖြစ်လို့ အစွန်းနှစ်ပါးလို့လည်း ခေါ်ဆိုပါတယ်။ ဒီအယုတ်တရားနှစ်ပါး = အစွန်းနှစ်ဖက်ကို မလိုက်စားဘဲ ရှောင်ရှားပြီးတော့ ဘုရားရှင်ရဲ့ မဂ္ဂင် (၈)ပါး ကျင့်စဉ်တရားလို့ ခေါ်ဆိုအပ်တဲ့ မဇ္ဈိမပဋိပဒါလမ်းသို့သာ

[၂၆၀] အံ၊၄၊၁၊၁၇၃-၁၇၅။

လိုက်ပါပြီး တရားဟောတော်မူတယ်။

၂။ ပုဂ္ဂလာဓိဋ္ဌာနနည်းအားဖြင့် ပုဂ္ဂိုလ်တစ်ယောက်ယောက်ကို ဦးတည်ပြီးတော့ စကားပြောမယ်, တရားဟောမယ်ဆိုလျှင် — "ဒီလို ပုဂ္ဂိုလ်မျိုးဟာ ချီးမွမ်းထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်"လို့ ပြောမိ ဟောမိမယ်ဆိုလျှင် ဒီလို ပြောခြင်း ဟောခြင်းဟာ အဲဒီ ပုဂ္ဂိုလ်ကို "မြှောက်စားခြင်း" မည်ပါတယ်။ အမြှောက်ကြိုက်တဲ့ ပုဂ္ဂိုလ်ကို မြှောက်ပေးတဲ့ သဘောမျိုး ဖြစ်နေပါတယ်။ — "ဒီပုဂ္ဂိုလ်မျိုးဟာ ကဲ့ရဲ့ထိုက်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်"လို့ ပြောမိ ဟောမိမယ်ဆိုလျှင်လည်း ဒီလို ပြောခြင်း ဟောခြင်းဟာ "သူတစ်ပါးကို နှိပ်ကွပ်ခြင်း ကဲ့ရဲ့ရှုံ့ချခြင်း"မည်ပါတယ်။ ဒီလို မြှောက်စားခြင်း = မြှောက်ပင့်ခြင်း, နှိပ်ကွပ်ခြင်း လုံးလုံးမပြုလုပ်ဘဲ ဓမ္မာဓိဋ္ဌာနနည်းအားဖြင့် တရားသဘောကိုသာ ညွှန်ပြပြီးတော့ – "ဒီတရားမျိုးဟာ ချီးမွမ်းအပ်တဲ့ တရားမျိုးဖြစ်တယ်, ဒီတရားမျိုးဟာ ကဲ့ရဲ့အပ်တဲ့ တရားမျိုးဖြစ်တယ်"လို့ ဒီလို ဟောပြတော်မူတယ်။

၃။ သူတော်ကောင်းတရားလို့ ခေါ်ဆိုတဲ့ သမထ-ဝိပဿနာဘာဝနာတရားတွေကို အားထုတ်လို့ရရှိတဲ့ ကိုယ်တွင်းချမ်းသာ = အဇ္ဈတ္တသုခ, အပြင်ဗဟိဒ္ဓအာရုံငါးပါးကို အကြောင်းပြုပြီးတော့ ရရှိတဲ့ အပြင်အပချမ်းသာ = ဗဟိဒ္ဓသုခ — ဒီသုခနှစ်မျိုးကို ခွဲခြားသိမြင်ပြီးတော့ အဇ္ဈတ္တသုခကိုသာ ပွားများအားထုတ်တော်မူတယ်။

၄။ ပုဂ္ဂိုလ်တစ်ယောက်ယောက်ရဲ့ အကြောင်းအရာကို ပြောတော့မယ်ဆိုလျှင် မျက်မှောက်မှာပဲ ဖြစ်ဖြစ် မျက်ကွယ်မှာပဲဖြစ်ဖြစ် နှစ်နေရာလုံးမှာ မှန်လည်းမှန်ကန်မယ်, အကျိုးလည်းရှိမယ်ဆိုလျှင်တော့ ပြောဆိုတယ်။ မှန်တော့မှန်တယ်, အကျိုးမရှိဘူးဆိုလျှင်လည်း မပြောဘူး။ အကျိုးတော့ရှိတယ်, ဒါပေမဲ့ မမှန်ဘူးဆိုလျှင်လည်း ဘယ်တော့မှ မပြောဘူး။ ဒီလို ရှောင်ကြဉ်ပြီးတော့ နေထိုင်တယ်။

၅။ စကားပြောတဲ့အခါ တရားဟောတော်မူတဲ့အခါ အဆောတလျင် ဘယ်တော့မှ မဟောဘူး။ မပြေမပြစ် ဘယ်တော့မှ မဟောဘူး။ ဘယ်လိုသာ ဟောသလဲ? မဆောမလျင် မလျင်မဆော ချောမောပြေပြစ်စွာသာ ပြောဟောလေ့ ရှိတယ်။ ဒါကတော့ မေတ္တာနဲ့ ယှဉ်တွဲနေတဲ့, ကရုဏာနဲ့ ယှဉ်တွဲနေတဲ့, မုဒိတာနဲ့ ယှဉ်တွဲနေတဲ့ စိတ်ဓာတ်တွေရဲ့ စွမ်းအင်တွေ ဖြစ်ကြပါတယ်။

၆။ အခြားအခြားသော အရပ်ဒေသတစ်ခုခုသို့ ရောက်ရှိသွားတဲ့အခါမှာ အဲဒီအရပ်မှာ သုံးစွဲနေတဲ့ အသုံးအနှုန်း ဝေါဟာရစကားတွေနဲ့ မိမိရဲ့ အရပ်သုံးဝေါဟာရစကားတွေဟာ မတူကွဲပြားမှု ရှိနေပေမဲ့လို့ ဘယ်တော့မှ ငြင်းခုံမှုမပြုဘဲ နားလည်နိုင်အောင်သာ ကြိုးစားပြီးတော့ တရားတော်ကို ဟောတော်မူတယ်။

ဒီလိုဟောပြောတဲ့ နည်းစနစ်ကို လိုက်နာကျင့်သုံးနေတဲ့ သူတော်ကောင်းကို အရဏဝိဟာရီ = ငိုကြွေးမြည်တမ်းကြောင်း ရာဂစတဲ့ ကိလေသာများ ကင်းကင်းရှင်းရှင်းနဲ့ ချမ်းသာစွာ နေခြင်းရှိတဲ့ ပုဂ္ဂိုလ်လို့ ခေါ်ဆိုပါတယ်။[၂၆၂]

---

[၂၆၂] မ၃၊၄၊၁၉၃။

ကဲ - နောက်တစ်စုံကို ဆက်လက် ပြောကြရအောင် —

**အခြွေအရံ နည်းပါးရခြင်း**

**နံပါတ် (၄) အစုံ**ပဲ — ဘာဖြစ်သလဲ? အခြွေအရံ နည်းပါးတယ်၊ အခြွေအရံ များပြားတယ်။ ဒီအချက်နှင့် ပတ်သက်ပြီးတော့ မြတ်စွာဘုရားက ပြန်ပြီးတော့ အဖြေပေးတော်မူတယ်။

**ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ဣဿာမနကော ဟောတိ၊ ပရလာဘသက္ကာရဂရုကာရမာနနဝန္ဒနပူဇနာသု ဣဿတိ ဥပဒုဿတိ ဣဿံ ဗန္ဓတိ၊ သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **ဣဓ** = ဤလောက၌။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်းကောင်း။ **ဣဿာမနကော** = ငြူစူစောင်းမြောင်းတဲ့ စိတ်ထားရှိသည်။ **ဟောတိ** = ဖြစ်၏။

'ဒီလိုယုန်တော့ ခြံတိုင်းရှိရဲ့၊ ဒီးဒုတ်လောက်တော့ ငှက်တိုင်းလှရဲ့'ဆိုတဲ့ စိတ်ဓာတ်နှင့် သူတစ်ပါးကို ကြည့်ပြီးတော့ စိတ်ထဲမှာ မကျေမနပ် ဖြစ်နေတယ်၊ ငြူစူစောင်းမြောင်းတဲ့ စိတ်ထား ကိုယ့်ထက်သာ မနာလိုတဲ့ စိတ်ထား ရှိနေတယ်။ သူ့ရုပ်ရည်က ကိုယ့်ရုပ်ရည်ထက် သာနေရင်လည်း တယ်ပြီး ကြည့်လို့ မရဘူး၊ သူ့မျက်လုံးက ကိုယ့်မျက်လုံးထက် သာနေမယ်ဆိုရင်လည်း တယ်ပြီး ကြည့်လို့ မရဘူး၊ သူ့သားက ကိုယ့်သားထက် သာရင်, သူ့သမီးက ကိုယ့်သမီးထက် သာနေမယ်ဆိုရင်လည်း တယ်ကြည့်လို့ မရဘူး၊ သားချင်း ပြိုင်တယ် သမီးချင်း ပြိုင်တယ်၊ နောက်တစ်ခု ဘာတွေ ပြိုင်သေးသလဲ? လင်ချင်းလည်း ပြိုင်ချင်တယ်၊ မယားချင်းလည်း ပြိုင်ချင်တယ်။ ပြိုင်ချင်တဲ့ စိတ်ထားတွေကို **"ဣဿာမာနက"** ငြူစူစောင်းမြောင်းတဲ့ စိတ်ထားလို့ ခေါ်တယ်။

**ပရလာဘသက္ကာရဂရုကာရမာနနဝန္ဒနပူဇနာသု** = သူတစ်ပါးတို့ရဲ့ လာဘ်ရခြင်း အရိုအသေခံရခြင်း အလေးစားခံရခြင်း အမြတ်နိုးခံရခြင်း အရှိခိုးခံရခြင်း အပူဇော်ခံရခြင်းတို့၌။ **ဣဿတိ** = ငြူစူစောင်းမြောင်းတတ်၏။ **ဥပဒုဿတိ** = ကပ်၍ ပြစ်မှားတတ်၏။ **ဣဿံ** = ငြူစူစောင်းမြောင်းမှုကို။ **ဗန္ဓတိ** = ဖွဲ့ချည်၍ ထား၏။

သူတစ်ပါးတွေ လာဘ်လာဘရတယ်ဆိုရင် တယ်ကြည့်လို့ မရဘူး။ သူတစ်ပါးတွေ အရိုသေခံရတယ်, အလေးစားခံရတယ်, အမြတ်နိုးခံရတယ်, အရှိခိုးခံရတယ်, အပူဇော်ခံရတယ်ဆိုရင် တယ်ကြည့်လို့ မရဘူး၊ မျက်မွေးစူးနေတယ်၊ သူများ စိန်နားကပ်ကလေး ဝင်းဝင်း ဝင်းဝင်းနှင့် ပန်နေတာကို ကြည့်ပြီးတော့ မျက်စောင်းထိုးတတ်တဲ့ ပုံစံမျိုးပဲ၊ ဒီတော့ - အဲဒီလို စိတ်ထားကလေးဟာ အိမ်မှာ ထိုင်နေရင်းနှင့် အလကားရတဲ့ အကုသိုလ်စိတ်ထားပဲ။ စိတ်မထားတတ်လို့ အချောင် အကုသိုလ် ဖြစ်ရတာ။ ဒီတော့ မိမိရဲ့ စိတ်နေစိတ်ထားကလေးကို ပြုပြင်ပြောင်းလဲပစ်ဖို့ လိုအပ်တယ်။ ဒီတော့ ဒီစိတ်ထားတွေက ဘာဖြစ်လာနိုင်သလဲ?

**သော** = ထိုပုဂ္ဂိုလ်သည်။ **ဧဝံ** = ဤသို့။ **သမတ္တေန** = ပြည့်ပြည့်စုံစုံ ပြုကျင့်၍ထားအပ်သော။ **ဧဝံ** = ဤသို့။ **သမာဒိန္နေန** = ကောင်းစွာ ဆောက်တည်၍ထားအပ်သော။ **တေန ကမ္မေန** = ထို ပြုစုစောင်းမြောင်းတဲ့ အကုသိုလ်ကံကြောင့်။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှမရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှုပြုသူ ဒုစရိုက်သမားတို့ရဲ့ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **ဥပပဇ္ဇတိ** = ကပ်ရောက်ရပေ၏။

ဒီလို ပြုစုစောင်းမြောင်းတဲ့ စိတ်ထားကလေးကို ပြည့်ပြည့်စုံစုံ ပြုကျင့်နေခဲ့မယ်ဆိုရင် ကောင်းစွာ ဆောက်တည်ထားခဲ့မယ်ဆိုရင် ကောင်းစွာ လိုက်နာပြီး ပြုကျင့်ခဲ့မယ်ဆိုရင် ဒီစိတ်ထားက ငရဲရောက်-အောင် ပို့ဆောင်ပေးနိုင်တယ်။ ကြည့်စမ်း - အချောင် အကုသိုလ်တွေကို ရလိုက်တာပဲ၊ ငရဲရောက်ကြောင်း ကံတွေကို ရလိုက်တာပဲ။ ဒီတော့ မိမိတို့က ဒီငရဲကို အလိုမရှိဘူးဆိုလို့ရှိရင် ဒီလို ပြုစုစောင်း-မြောင်းနေတဲ့ စိတ်ထားကလေးတွေကို ပြုပြင်ပြောင်းလဲပစ်ဖို့ မလိုဘူးလား? လိုအပ်တယ်။

နတ်ပြည်နတ်လောကမှာ တချို့တချို့ နတ်တွေ ရှိကြတယ်၊ **မနောပဒေါသိက**နတ်ဆိုပြီး စာမှာတော့ နာမည်ပေးထားပါတယ်။ အဲဒီနတ်တွေဟာ ပွဲလမ်းသဘင်တစ်ခုခုကို သွားကြပြီ ဆိုကြစို့၊ သူတို့ရဲ့ စည်းစိမ်ဂုဏ်သိန်အားလျော်စွာ အင်မတန် အဆင့်အတန်းမြင့်တဲ့ ရထားတွေ, အဆင့်အတန်းမြင့်တဲ့ အခြွေအရံတွေ, အဆင့်အတန်းမြင့်တဲ့ ဝတ်စားတန်ဆာတွေ, ဝတ်စားဆင်ယင်ပြီးတော့မှ သွားကြတယ်။ ဘုန်းကံနည်းပါးတဲ့ နတ်တွေကျတော့ သူတို့လောက် အဆင့်မမြင့်ဘူး၊ ရထားဆိုလည်း ခပ်ညံ့ညံ့, ကားဆိုလည်း ခပ်ညံ့ညံ့ပေါ့။ အဲဒီလို ခပ်ညံ့ညံ့နှင့် သွားရတော့ အဆင့်အတန်းမြင့်နေတဲ့ နတ်တွေကို ကြည့်ပြီး အဆင့်အတန်းနိမ့်နေတဲ့ နတ်တွေက ပြုစုကြတယ် မေးငေါ့-ကြတယ်။ ဟိုဘက်က အဆင့်အတန်းမြင့်နေတဲ့ ပုဂ္ဂိုလ်တွေကလည်း ဘယ်လိုဖြစ်သလဲ? နင်တို့နဲ့ တို့နဲ့ ဘာဆိုင်လို့လဲ - ဟော - ဖြစ်ပြီ၊ တို့လည်း တို့ကံနဲ့ တို့ ဖြစ်တာပဲ၊ နင်တို့လည်း နင်တို့ကံနဲ့ နင်တို့ ဖြစ်တာပဲ ဘာဆိုင်လဲ? ဘာဆိုင်လဲ? ဘာဆိုင်လဲ? – နဲ့ တစ်ယောက်နှင့် တစ်ယောက် ဒေါသဖြစ်ရင်းနှင့် နှစ်ဖက်လုံး သေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဣဿာကလေးက သူတို့ကို အသေသတ်လိုက်တာပဲ။

ဒီနတ်တွေရဲ့ ခန္ဓာကိုယ်ဟာ အလွန် နူးညံ့သိမ်မွေ့ပါတယ်။ ဒီဒေါသအပူရှိန်ဓာတ်ကို ခံနိုင်ရည်စွမ်းအင် မရှိဘူး။ ဒီဒေါသပြဓာန်းတဲ့ စိတ်တွေကြောင့် ဖြစ်ပေါ်သွားကြတဲ့ စိတ္တဇရုပ်ကလာပ်တွေမှာ ပါဝင်ကြတဲ့ တေဇောဓာတ်တို့ရဲ့ ပူလောင်တဲ့ ဒဏ်ချက်ကို ဒေါသအပူရှိန်လို့ပဲ ခေါ်ဝေါ်ပါတယ်။ အဲဒီဒေါသအပူရှိန်ကို ခံနိုင်ရည်စွမ်းအင် မရှိကြဘူး။ ကျောက်ဖျာပေါ်မှာ တစ်နေ့လုံး နေပူလှမ်းထား-တဲ့ ကြာရိုး ကြာစွယ် ကြာပန်းတွေလိုပဲ သူတို့ရဲ့ ကိုယ်ခန္ဓာဟာ ဒေါသအပူရှိန်ကြောင့် ညှိုးနွမ်းသွားခဲ့ရင် ပြန်ပြီးတော့ မရှင်သန်နိုင်တော့ဘူး။ ဣဿာတရားက = ဣဿာနှင့် ယှဉ်နေတဲ့ ဒေါသတရားက သူတို့ကို အသေသတ်လိုက်တာပဲ။ သတ်ပြီးတော့ ဘယ်ပို့ဦးမလဲ? ငရဲရောက်အောင် ပို့ဦးမယ်။ ဒီတော့ မိမိရဲ့ အကျိုးတရားကို လိုလားတောင့်တနေတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဟာ ဒီလို စိတ်နေ

စိတ်ထားမျိုးကလေးတွေကို ပြုပြင်ပြောင်းလဲပစ်ဖို့ မလိုဘူးလား? လိုအပ်ပါတယ်။ ကိုယ့်ကံနှင့်ကိုယ် ဖြစ်ကြတာပဲ၊ ကိုယ်အကျည်းတန် အရုပ်ဆိုးရတာ ဘယ်သူကြောင့်လဲ? ကိုယ့်ကံကြောင့်ပဲ။ ကိုယ် အခြေအရံ နည်းပါးတာလည်း ကိုယ့်ကံကြောင့်ပဲ။ ဒါကြောင့် —

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ အပ္ပေသက္ခော ဟောတိ။ အပ္ပေသက္ခသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ဣဿာမနကော ဟောတိ၊ ပရလာဘသက္ကာရဂရုကာရမာနနဝန္ဒန- ပူဇနာသု ဣဿတိ ဥပဒုဿတိ ဣဿံ ဗန္ဓတိ။**[၂၆၃]

**မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်း ကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှ မရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှုပြုသူ ဒုစရိုက်သမားတို့ရဲ့ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **နော စေ ဥပပဇ္ဇတိ** = အကယ်၍ မကပ်ရောက်ရသည် ဖြစ်ငြားအံ့။

ဒကာတော် သုဘလုလင် . . . ခန္ဓာကိုယ် ပျက်စီးပြီးနောက် သေလွန်သွားတဲ့အခါ ချမ်းသာ ဟူ၍ မြူငွေ့မျှမရှိတဲ့ မကောင်းမှုပြုသူ ဒုစရိုက်သမားတွေရဲ့ လားရောက်ရာဖြစ်တဲ့ အလိုအာသာဆန္ဒ ကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်တဲ့ ငရဲကို အကယ်၍ မရောက်ခဲ့ရင် ဘယ်လို ဖြစ်မလဲ?

ငရဲကို ပို့ဆောင်လိုက်တာကတော့ သန္နိဋ္ဌာနစေတနာက ပို့ဆောင်လိုက်တာ။ ငြူစူစောင်းမြောင်း တဲ့ စိတ်ထားနှင့် သူတစ်ပါးတို့ရဲ့ လာဘ်ရမှု အရိုအသေခံရမှု အလေးစားခံရမှု အမြတ်နိုးခံရမှု အရှိခိုးခံရမှု အပူဇော်ခံရမှုတို့အပေါ်မှာ ငြူစူစောင်းမြောင်းတဲ့ ပြစ်မှားနေတဲ့ ရန်ငြိုးဖွဲ့နေတဲ့ တကယ်- တမ်း ပြစ်မှုလွန်ကျူးနေတဲ့ စေတနာတွေကို သန္နိဋ္ဌာနစေတနာလို့ခေါ်တယ်။ အဲဒီအကုသိုလ်စေတနာ တွေက ဒီသတ္တဝါကို ငရဲကို ရောက်အောင်ပို့မယ်။ သူတစ်ပါးတွေအပေါ်မှာ ကိုယ့်ထက်သာ မနာ- လိုတဲ့ ငြူစူစောင်းမြောင်းခဲ့တဲ့ ပြစ်မှားခဲ့တဲ့ ဒီစိတ်ထားတွေရဲ့ ရှေ့ပိုင်း နောက်ပိုင်းမှာ ပါနေတဲ့ ဣဿာစေတ်ငွေ့မကင်းတဲ့ အကုသိုလ်စေတနာတွေက အကျိုးပေးဖို့ အခါအခွင့်သင့်လို့ရှိရင် ဘာဖြစ် သလဲ? ကပ်ပြီး ညှဉ်းပန်းနှိပ်စက်တော့မယ် —

**ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှ မရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှုပြုသူ ဒုစရိုက်သမားတို့ရဲ့ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာဆန္ဒကင်း- လျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **နော စေ ဥပပဇ္ဇတိ** = အကယ်၍ မကပ်ရောက်ခဲ့ရသည် ဖြစ်ငြားအံ့။ **မနုဿတ္တံ** = လူ့ပြည်လူ့လောကသို့။ **သစေ အာဂစ္ဆတိ** = အကယ်၍ ရောက်ရှိလာခဲ့သည် ဖြစ်ငြားအံ့။

[၂၆၃] မ၊၃၊၂၄၆။

သေပြီးနောက် ငရဲမရောက်တော့ဘဲ တခြားကုသိုလ်ကံကြောင့် လူ့ပြည်လူ့လောကကို ရောက်ရှိလာပြီ ဆိုကြစို့ . . .

**ယတ္ထ ယတ္ထ** = အကြင်အကြင် အမျိုးအနွယ်၌။ **ပစ္စာဇာယတိ** = ပဋိသန္ဓေအားဖြင့် တစ်ဖန်ဖြစ်ပေါ်လာရ၏။ **တတ္ထ တတ္ထ** = ထိုထို အမျိုးအနွယ်၌။ **အပ္ပေသက္ခော** = နည်းပါးသော အခြွေအရံသည်။ **ဟောတိ** = ဖြစ်ပေ၏။

အခြွေအရံ နည်းပါးတယ်၊ အနားမှာ ကပ်ချင်တဲ့ပုဂ္ဂိုလ် တစ်ယောက်မှ မရှိဘူး၊ မတော်တဆ မလှဲမရှောင်သာလို့ အိမ်ထောင်သည်ဘဝ အိမ်ထောင်ရေးလောကကို ရောက်ရှိသွားရင်တောင် သားသမီး မထွန်းကားချင်ဘူး၊ ဆွေမျိုးသားချင်းတွေထဲက တစ်ယောက်မှ အနားမှာ လာပြီး နေချင်တဲ့ စိတ်ထား မရှိဘူး၊ အနားမှာ ကပ်ပြီး ခြံရံမည့်ပုဂ္ဂိုလ် တစ်ဦးမှ မရှိဘူး။ ဘာကို အခြေခံသလဲ? သူတစ်ပါးတို့ရဲ့ လာဘ်ရမှု အရိုအသေခံရမှု အလေးစားခံရမှု အမြတ်နိုးခံရမှု အရှိခိုးခံရမှု အပူဇော်ခံရမှုတို့အပေါ်၌ ငြူစူစောင်းမြောင်းတဲ့ စိတ်ထားရှိမှုကို အခြေခံနေတယ်၊ သူလည်း သူ့ကံအားလျော်စွာ သူ့စီးပွားရေး အခွင့်အလမ်းတွေ ဖြောင့်တန်းပြီးတော့ ချမ်းသာနေတယ်၊ အဲဒါကို မိမိက ထိုင်ပြီးတော့ မကြည်ဖြူနိုင်ဘူး မနာလိုနိုင်ဘူး၊ ဟိုလူ့သွားတို့ ဒီလူ့သွားတို့, ဟိုနေရာ သွားတို့လိုက် ဒီနေရာ သွားတို့လိုက် လုပ်ပြန်တယ်။ တို့လိုက်တဲ့အခါကျတော့ အဲဒီကံလေးတွေက ခုလိုဘဝမှာ လာပြီး အကျိုးပေးတာပဲ။ မိမိနားမှာ ပြုစုမည့်ပုဂ္ဂိုလ် တစ်ယောက်မှလည်း မရှိဘူး၊ အနားကပ်ပြီး နေချင်တဲ့ ပုဂ္ဂိုလ်လည်း တစ်ယောက်မှ မရှိတော့ဘူး။

ဘုန်းကံ နည်းပါးရခြင်းသည် ဘာကို အခြေခံသလဲ? ငြူစူစောင်းမြောင်းတဲ့ စိတ်ထားကို အခြေခံတယ်၊ အခြွေအရံ နည်းပါးရခြင်းသည် ဘာကို အခြေခံသလဲ? ငြူစူစောင်းမြောင်းတဲ့ စိတ်ထားကို အခြေခံတယ်၊ ငြူစူစောင်းမြောင်းတဲ့ စိတ်ထားကို မွေးမြူခြင်းသည် အခြွေအရံ နည်းပါးစေတတ်တဲ့ ကျင့်ဝတ်ကို ကျင့်နေခြင်းပဲ ဖြစ်တယ်ဆိုတာကို သဘောပေါက်ပါ။ သူတစ်ပါးတွေမှာ အခြွေအရံ များပြားနေတာကို မကြည့်လိုတဲ့ ဒီစိတ်ထားက မိမိ အခြွေအရံ နည်းပါးဖို့ရန် အကြောင်းတစ်ခု ဖြစ်တယ်။ သူတစ်ပါးတို့ အရိုအသေ အလေးအစားခံရမှု အမြတ်နိုးခံရမှု အပူဇော်ခံရမှုကို မကြည့်လိုတဲ့ စိတ်ထားက မိမိကိုလည်း ရိုသေလေးစားမည့် မြတ်မြတ်နိုးနိုး ပြုစုလုပ်ကျွေးမည့်သူ မရှိဖို့ရန် အကြောင်းတစ်ခု ဖြစ်တယ်။ စိတ်မထားတတ်လို့ ရရှိတဲ့ အကျိုးတရားတွေ ဖြစ်ပါတယ်။

ဒါကြောင့် ဘုရားရှင်က ဒီလို ဆက်ဟောကြားတော်မူပါတယ်။

**မာဏဝ** = ဒကာတော် သုဘလုလင်။ **ယော** = အကြင်ပုဂ္ဂိုလ်သည်။ **ပရလာဘသက္ကာရဂရုကာရမာနနဝန္ဒနပူဇနာသု** = သူတစ်ပါးတို့၏ လာဘ်ရခြင်း အရိုအသေခံရခြင်း အလေးစားခံရခြင်း အမြတ်နိုးခံရခြင်း အရှိခိုးခံရခြင်း အပူဇော်ခံရခြင်းတို့၌။ **ဣဿတိ** = ငြူစူစောင်းမြောင်းတတ်၏။ **ဥပဒုဿတိ** = ကပ်၍ ပြစ်မှားတတ်၏။ **ဣဿံ** = ကိုယ့်ထက်သာ မနာလိုခြင်းဆိုတဲ့ ငြူစူစောင်းမြောင်းမှုကို။ **ဗန္ဓတိ** = စိတ်အစဉ်ဝယ် ဖွဲ့ချည်၍ ထား၏။

**ယဒိဒံ ဣဿာမနကော** = ကိုယ့်ထက်သာ မနာလိုခြင်းဆိုတဲ့ ငြူစူစောင်းမြောင်းတဲ့ စိတ်နေစိတ်ထားရှိခြင်းဟူသော အကြင်ကျင့်ဝတ်သည်။ **အတ္ထိ** = ရှိ၏။ **သော ပဋိပဒါ** = ဤကျင့်ဝတ်သည်ကား။ **အပ္ပေသက္ခသံဝတ္တနိကာ** = ဘုန်းတန်ခိုး နည်းပါးခြင်းကို ဖြစ်စေတတ်သည့် ကျင့်ဝတ်ပဋိပတ်သည်။ **ဟောတိ** = ဖြစ်ပါပေ၏။

ဒကာတော် သုဘလုလင် . . . သူတစ်ပါးတို့ လာဘ်ရခြင်း အရိုအသေခံရခြင်း အလေးစားခံရခြင်း အမြတ်နိုးခံရခြင်း အရှိုခိုးခံရခြင်း အပူဇော်ခံရခြင်းတို့၌ ငြူစူစောင်းမြောင်းတဲ့ စိတ်နေစိတ်ထားဖြစ်မှားတတ်တဲ့ စိတ်နေစိတ်ထား ရှိခြင်းဆိုတဲ့ ဒီကျင့်ဝတ်ပဋိပတ်ဟာ မိမိ ဘုန်းကံ နည်းပါးဖို့ရန် ကျင့်ဝတ်ပဋိပတ်တစ်ခုပင် ဖြစ်ပါတယ် – လို့ ဘုရားရှင်က ဆက်လက်ကာ ဟောကြားတော်မူလိုက်ပါတယ်။

## ကာလိင်္ဂမင်း၏ မိဖုရားခေါင်ကြီးတစ်ဦး

ဒီနေရာမှာ ကာလိင်္ဂမင်းရဲ့ မိဖုရားခေါင်ကြီးတစ်ဦး အကြောင်းကို ပြောဦးမယ် — တစ်နေ့မှာ ကာလိင်္ဂမင်းက ရေချိုးခဲ့ပါတယ်။ ရေချိုးပြီးတဲ့ အချိန်အခါမှာ ကာလိင်္ဂမင်းကို မိဖုရားငယ်တစ်ဦးဖြစ်တဲ့ ကချေသည် အမျိုးသမီးတစ်ဦးက ခန္ဓာကိုယ်ပေါ်မှာ ရှိနေတဲ့ ရေပေါက်တွေကို ပုဝါတစ်ခုဖြင့် သုတ်ပေးခဲ့တယ်။ ဒီလို သုတ်ပေးတဲ့အချိန်အခါမှာ ကာလိင်္ဂမင်းနှင့် ဒီမိဖုရားငယ်တို့ဟာ တစ်ဦးနှင့်တစ်ဦး ကြည်နူးစွာ စကားပြောဆိုနေခဲ့ကြတယ်။ ဒီအပြုအမူ အပြောအဆိုကို ကြည့်ပြီးတော့ မိဖုရားခေါင်ကြီးရဲ့သန္တာန်မှာ မရှုစိမ့်နိုင်တဲ့ ကိုယ့်ထက်သာ မနာလိုတဲ့ ဣဿာတရားတွေက လွှမ်းမိုးဖိစီးလာခဲ့ပါတယ်။ ဒီလို လွှမ်းမိုးဖိစီးတဲ့ဒဏ်ကို ခံနိုင်ရည်မရှိတဲ့အတွက် ရှင်ဘုရင် ထွက်ခွာသွားတဲ့အခါမှာ အဲဒီမိဖုရားငယ်ရဲ့ ကိုယ်ပေါ်သို့ မီးကျီးခဲတွေ အပြည့်ထည့်ထားတဲ့ အိုးကင်းတစ်ခုကို ယူဆောင်ကာ သွန်းလောင်းချလိုက်ပါတယ်။ ဒီ ဣဿာတရား လွှမ်းမိုးနေတဲ့ ဒီအကုသိုလ်ကံကြောင့် ဒီမိဖုရားကြီးဟာ ကွယ်လွန်သွားတဲ့အခါ ရာဇဂြိုဟ်မြို့အနီး ဂိဇ္ဈကုဋ်တောင်ယံရဲ့ အထက်ကောင်းကင်ယံမှာ ပြိတ္တာဘုံဘဝသို့ ရောက်ရှိခဲ့ပါတယ်။ အဲဒီ ပြိတ္တာဘဝမှာ မီးကျီးခဲအပုံကြီးထဲမှာ လဲလျောင်းပြီးတော့ လူးလိမ့်အော်ဟစ်ကာ ဆင်းရဲဒုက္ခတွေကို ခံနေရပါတယ်။ အလွန် ကြမ်းတမ်းပြင်းထန်တဲ့ မီးကျီးခဲအစုအပုံထဲမှာ ကျက်နေတဲ့ ဆင်းရဲဒုက္ခကို ခံနေရတယ်။ မီးကျီးခဲမီးပန်းတွေကလည်း သူ့ကိုယ်ပေါ်ကို တဖွားဖွားနဲ့ ကျရောက်နေကြပါတယ်။ သူ့ခန္ဓာကိုယ်ပေါ်မှာ မီးကျီးခဲတွေရဲ့ အပူရှိန်ကြောင့် ဖြစ်ပေါ်လာကြတဲ့ အပူဖုတွေဟာ ပြည့်နှက်နေပါတယ်။ ထိုအပူဖုတွေမှ အရည်ကြည်တွေဟာ စီးဆင်းနေကြပါတယ်။ ဒီပြိတ္တာမဟာ မီးကျီးခဲတွေရဲ့ အစုအပုံထဲမှာ နစ်မြုပ်နေရုံသာမက ကောင်းကင်ယံမှ ပေါက်ပန်းပွင့်အဆင်းရှိနေတဲ့ မီးကျီးခဲမိုးတွေကလည်း အမြဲတမ်း သူ့ကိုယ်အပေါ်သို့ ကျဆင်းလျက် ဒီလို ဆင်းရဲဒုက္ခတွေကို ခံနေရတယ်။[၂၆၄]

ဒီလို ဆင်းရဲဒုက္ခတွေကို ခံစားနေရခြင်းဟာ မိမိ ပြုစုပျိုးထောင်ခဲ့တဲ့ ဣဿာပြဓာန်းနေတဲ့ အကုသိုလ်တရားတို့ရဲ့ စွမ်းအားကြောင့်ပဲ ဖြစ်ပါတယ်။ အကယ်၍ မိမိတို့က ဒီလို အကျိုးတရား

[၂၆၄] ဝိ၊၁၊၁၄၇။ ဝိ၊ဋ္ဌ၊၂၊၁၀၀။ စာပိုဒ်၊၂၃၀။

တွေကို အလိုမရှိခဲ့ဘူးဆိုလျှင် ဘာလုပ်ရမလဲ? မိမိတို့ရဲ့ စိတ်ဓာတ်ကို ကိလေသာတရားတွေ လွှမ်းမိုးဖိစီးမှု မရှိအောင် ပြုပြင်ပြောင်းလဲပေးရမှာ ဖြစ်ပါတယ်။ နောက်ဝတ္ထုတစ်ခုကို ထပ်ပြောဦးမယ် — သံဝေဂရဖွယ်ကောင်းတဲ့ အကြောင်းအရာတစ်ခု ဖြစ်ပါတယ်။

## ပုဏ္ဏားပျက်တစ်ဦး

ဒီပုဏ္ဏားပျက်ကတော့ ကဿပဘုရားရှင်လက်ထက်တော် အချိန်ကာလက ရဟန်းတော်တွေရဲ့ အရှိခိုးခံရမှု အပူဇော်ခံရမှု အမြတ်နိုးခံရမှု အရိုအသေအပြုခံရမှု စသည်တို့အပေါ်မှာ မနာလိုဝန်တိုတဲ့ ကိလေသာတရားတွေ များပြားခဲ့တဲ့ ပုဏ္ဏားပျက်တစ်ဦး ဖြစ်ခဲ့ပါတယ်။ တစ်နေ့မှာ သူက ဘာလုပ်သလဲ? သူက ကဿပဘုရားရှင်၏ တပည့်သာဝက ဖြစ်တော်မူကြတဲ့ ရဟန်းသံဃာတော်တွေကို ဆွမ်းဖြင့် ပင့်ဖိတ်ခဲ့ပါတယ်။ သူ့အိမ်ကို ဆွမ်းစားကြွတော်မူပါရန် ပင့်ဖိတ်ခြင်း ဖြစ်ပါတယ်။ ဒီလို ပင့်ဖိတ်ပြီးတဲ့အခါမှာ စားကျင်းခွက်ကြီးတွေထဲမှာ မစင်တွေကို အပြည့်ထည့်ပြီးတော့ သူ့အိမ်ထဲမှာ ပြင်ဆင်ထားလိုက်တယ်။ ဆွမ်းဘုဉ်းပေးတော်မူရန် အချိန်ကျရောက်ပြီဖြစ်ကြောင်းကို ရဟန်းသံဃာတော်အား အကြောင်းကြားခိုင်းလိုက်ပါတယ်။ ရဟန်းသံဃာတော်များ ဆွမ်းဘုဉ်းပေးတော်မူရန် သူ့အိမ်သို့ ကြွရောက်တော်မူလာတဲ့အခါမှာ — "ဤစားကျင်းခွက်တွေထဲမှ အာဟာရတွေကို အရှင်ဘုရားတို့ အလိုရှိသလောက် ဘုဉ်းပေးတော်မူကြပါ၊ အလိုရှိသလောက် ယူသွားတော်မူကြပါ"လို့ ဒီလို သံဃာတော်အား လျှောက်ထားခဲ့ပါတယ်။ ဒီမကောင်းမှု အကုသိုလ်ကံကြောင့် ဒီပုဏ္ဏားပျက်ဟာ ကွယ်လွန်သွားတဲ့အခါ ဂိဇ္ဈကုဋ်တောင်ယံရဲ့ အထက်ကောင်းကင်ယံမှာ မစင်တွင်းထဲမှာ နစ်မြုပ်နေတဲ့၊ လက်နှစ်ဖက်တို့ဖြင့် ကိုင်ယူကာ မစင်တွေကိုသာ စားသုံးနေရတဲ့ ပြိတ္တာတစ်ဦး ဖြစ်နေခဲ့တယ်။[၂၆၅]

ကိုယ့်ထက်သာ မနာလိုတဲ့ ကိလေသာပြဓာန်းနေတဲ့ အကုသိုလ်ကံတို့ရဲ့ စွမ်းအားကြောင့် ယခုလို ဆင်းရဲဒုက္ခကို ခံစားနေရခြင်း ဖြစ်ပါတယ်။ ဘယ်သူမပြု မိမိမှုဆိုတဲ့ ဆိုရိုးစကားအတိုင်း ကဿပဘုရားရှင်၏ တပည့်သာဝကတွေက သူပြုလုပ်လိုက်သည့်အတိုင်း မစင်ကို မစားကြရသော်လည်း ထိုအကုသိုလ်ကံက သူ မစင်တွေ စားနေဖို့ရန် တည်ထောင်ဖန်တီးပေးလိုက်ပါတယ်။

နောက်တစ်ခုကတော့ ပြောင်းပြန်ပဲ —

## အခြေအရံ များပြားခြင်း

**ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ အနိဿာမနကော ဟောတိ၊ ပရလာဘသက္ကာရဂရုကာရမာနနဝန္ဒနပူဇနာသု န ဣဿတိ န ဥပဒုဿတိ န ဣဿံ ဗန္ဓတိ၊ သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။**[၂၆၆]

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **ပန** = နောက်တစ်မျိုးသော်ကား။ **ဣဓ** = ဤ

---

[၂၆၅] ဝိ၊၁၊၁၄၇။ [၂၆၆] မ၊၃၊၂၄၆။

လောကဌ်၊ **ဧကစ္စော** = အချို့သော၊ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း၊ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်းကောင်း၊ **အနိဿာမနကော** = ငြူစူစောင်းမြောင်းသော စိတ်ထား မရှိသည်၊ **ဟောတိ** = ဖြစ်၏၊ **ပရလာဘသက္ကာရဂရုကာရမာနနဝန္ဒနပူဇနာသု** = သူတစ်ပါးတို့၏ လာဘ်ရခြင်း အရိုအသေခံရခြင်း အလေးစားခံရခြင်း အမြတ်နိုးခံရခြင်း အရှိုးခံရခြင်း အပူဇော်ခံ ရခြင်းတို့၌၊ **န ဣဿတိ** = မငြူစူ မစောင်းမြောင်းတတ်၊ **န ဥပဒုဿတိ** = ကပ်၍ မပြစ်မှားတတ်၊ **ဣဿံ** = ငြူစူစောင်းမြောင်းမှုကို၊ **န ဗန္ဓတိ** = ဖွဲ့ချည်၍ မထားတတ်၊ **သော** = ထို ပုဂ္ဂိုလ်သည်၊ **ဧဝံ** = ဤသို့၊ **သမတ္တေန** = ပြည့်ပြည့်စုံစုံ ပြုကျင့်၍ ထားအပ်သော၊ **ဧဝံ** = ဤသို့၊ **သမာဒိန္နေန** = ကောင်းစွာ ဆောက်တည်၍ ထားအပ်သော၊ **တေန ကမ္မေန** = ထို မငြူစူ မစောင်း မြောင်းတတ်တဲ့ ဖြူစင်ဖြောင့်စင်းတဲ့ စိတ်ထားတည်းဟူသော ကောင်းမှုကုသိုလ်ကံကြောင့်၊ **ကာယဿ** = ကိုယ်-ခန္ဓာ၏၊ **ဘေဒါ** = ပျက်စီးခြင်းကြောင့်၊ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌၊ **သုဂတိံ** = ကောင်းမှုပြုသူ သုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော၊ **သဂ္ဂံ လောကံ** = နတ်ပြည်နတ်လောကသို့၊ **ဥပပဇ္ဇတိ** = ပဋိသန္ဓေအားဖြင့် ကပ်ရောက်တည်နေရပေ၏။

နောက်တစ်ခု ကြည့်စမ်း — မွန်မြတ်လိုက်တဲ့ စိတ်ထားတွေ – ဘာတွေလဲ? တချို့အမျိုးသား တွေ တချို့အမျိုးသမီးတွေ ရှိကြတယ်၊ ငြူစူစောင်းမြောင်းနေတဲ့စိတ်ထား မရှိကြဘူး၊ ကံကို နှလုံးသွင်း တတ်တဲ့ သဘောထား ရှိကြတယ်၊ သူလည်း သူ့ကံကြောင့် ဘုန်းကံကြီးမားရတယ်, အခြွေအရံ များရတယ်၊ ငါလည်း ငါ့ကံကြောင့် အခြွေအရံ နည်းပါးရတယ်, များပြားရတယ်၊ ဒီလို ကံ-ကံ၏ အကျိုးကို နှလုံးသွင်းတယ်၊ အဲဒီလို နှလုံးသွင်းပြီးတော့ သူတစ်ပါးတို့၏ လာဘ်ရမှု သူတစ်ပါးတို့၏ အလေးစားခံရမှု အမြတ်နိုးခံရမှု အပူဇော်ခံရမှုဆိုတဲ့ ဒီလုပ်ငန်းရပ်တွေမှာ ငြူစူစောင်းမြောင်းနေတဲ့ စိတ်ထား ဘယ်တော့မှ မရှိဘူး။ ကြည်နူးဝမ်းမြောက်နေတဲ့ စိတ်ထားပဲ ရှိတယ်။ ကြည်ရွှင်ဝမ်းမြောက် တဲ့ မုဒိတာနှင့်ယှဉ်တဲ့ စိတ်ထားပဲ ရှိတယ်။ မုဒိတာနှင့်ယှဉ်နေတဲ့ ကုသိုလ်စိတ်ဓာတ်ပဲ ဖြစ်တယ်။ အဲဒီလို ပြည့်ပြည့်စုံစုံ ဆောက်တည်ပြီး ပြုကျင့်လိုက်တဲ့ ဒီကုသိုလ်ကံကြောင့် နတ်ပြည်နတ်လောကကို ရောက်နိုင်တယ်။ ပိုက်ဆံ ဘယ်နှစ်ပြား ကုန်သလဲ? — တစ်ပြားမှ မကုန်ဘူး။ စိတ်ဓာတ်ကို ပြုပြင် ပြောင်းလဲလိုက်တဲ့အတွက် ဘဝအဆင့်အတန်းတွေ မြင့်မားမသွားဘူးလား? မြင့်မားသွားတယ်။ သူတစ်ပါးတွေအပေါ်၌ ငြူစူစောင်းမြောင်းတဲ့ စိတ်ထား နည်းနည်းမှ မရှိဘူး။

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ မဟေသက္ခော ဟောတိ။**[၂၆၇]

**ကာယဿ** = ကိုယ်ခန္ဓာ၏၊ **ဘေဒါ** = ပျက်စီးခြင်းကြောင့်၊ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌၊ **သုဂတိံ** = ကောင်းမှုပြုသူ သုစရိုက်သမားတို့၏ လားရောက်ရာ ဖြစ်သော၊ **သဂ္ဂံ လောကံ** = နတ်ပြည်နတ်လောကသို့၊ **နော စေ ဥပပဇ္ဇတိ** = အကယ်၍ မကပ် ရောက်ရသည် ဖြစ်ငြားအံ့၊ **မနုဿတ္တံ** = လူ့ပြည်လူ့လောကသို့၊ **သစေ အာဂစ္ဆတိ** = အကယ်၍

[၂၆၇] မ၊၃၊၂၄၆။

ရောက်ရှိလာသည်ဖြစ်ငြားအံ့။ **ယတ္ထ ယတ္ထ** = အကြင် အကြင် အမျိုးအနွယ်၌။ **ပစ္စာဇာယတိ** = ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်၍လာရပေ၏။ **တတ္ထ တတ္ထ** = ထိုထို အမျိုးအနွယ်၌။ **မဟေသက္ခော** = ကြီးမားသော ဘုန်းကံရှိသည် (ဝါ) အခြွေအရံ များပြားသည်။ **ဟောတိ** = ဖြစ်၏။

နတ်ပြည်နတ်လောကကို မရောက်ဘူးပဲထား၊ လူ့ပြည်လူ့လောကကို အကယ်၍များ ရောက်ရှိခဲ့မယ်ဆိုရင် ဘယ်အမျိုးအနွယ်မှာပဲ ပဋိသန္ဓေအားဖြင့် တည်နေရသည်ဖြစ်စေ ဘုန်းကံကြီးမားတဲ့ ပုဂ္ဂိုလ် အခြွေအရံ များပြားတဲ့ပုဂ္ဂိုလ် ဖြစ်နိုင်တယ်။

**မဟေသက္ခသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ အနိဿာမနကော ဟောတိ၊ ပရလာဘသက္ကာရဂရုကာရမာနနဝန္ဒနပူဇနာသု န ဣဿတိ န ဥပဒုဿတိ န ဣဿံ ဗန္ဓတိ။**[၂၆၈]

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **ယော** = အကြင်ပုဂ္ဂိုလ်သည်။ **အနိဿာမနကော** = ငြူစူစောင်းမြောင်းသော စိတ်ထား မရှိသည်။ **ဟောတိ** = ဖြစ်၏။ **ပရလာဘသက္ကာရဂရုကာရ-မာနနဝန္ဒနပူဇနာသု** = သူတစ်ပါးတို့ရဲ့ လာဘ်ရခြင်း အရိုအသေခံရခြင်း အလေးစားခံရခြင်း အမြတ်-နိုးခံရခြင်း အရှိခိုးခံရခြင်း အပူဇော်ခံရခြင်းတို့၌။ **န ဣဿတိ** = မငြူစူ မစောင်းမြောင်းတတ်ပေ။ **န ဥပဒုဿတိ** = ကပ်၍ မပြစ်မှားတတ်ပေ။ **ဣဿံ** = ငြူစူစောင်းမြောင်းခြင်း ဣဿာတရားကို။ **န ဗန္ဓတိ** = ဖွဲ့ချည်၍ မထားပေ။ **ယဒိဒံ** = အကြင် ဣဿာ မများပြားခြင်းဟု ခေါ်ဆိုအပ်သော အကျင့်သည်။ **အတ္ထိ** = ရှိ၏။ **ဧသာ** = ဤ ဣဿာ မထူပြောခြင်းဟု ခေါ်ဆိုအပ်သော ဤကျင့်ဝတ်သည်ကား။ **မဟေသက္ခသံဝတ္တနိကာ** = ဘုန်းတန်ခိုး ကြီးမားခြင်း အခြွေအရံ များပြားခြင်းကို ဖြစ်စေတတ်သော။ **ပဋိပဒါ** = အကျင့်ပါပေတည်း။

အခြွေအရံ များပြားခြင်း ဘုန်းတန်ခိုး ကြီးမားခြင်းဆိုတဲ့ ကျင့်ဝတ်ပဋိပတ် တစ်ခုသည် ဘာလဲ? ဣဿာ မများပြားရဘူး၊ သူတစ်ပါးအပေါ်မှာ ငြူစူစောင်းမြောင်းတဲ့ စိတ်ထား မရှိရဘူး။ ငြူစူစောင်းမြောင်းတဲ့ စိတ်ထားဆိုတာက ဘာပြောတာလဲ? ကိုယ့်ထက်သာ မနာလိုတဲ့ စိတ်ထားပဲ၊ ဒီစိတ်ထားမျိုး မရှိရဘူး။ ရုပ်အဆင်းမှာပဲဖြစ်စေ, စီးပွားရေးမှာပဲဖြစ်စေ, ပညာရေးမှာပဲဖြစ်စေ ဘယ်-အရေးမှာပဲဖြစ်ဖြစ် ကိုယ့်ထက်သာ မနာလိုတဲ့ စိတ်ထား ရှိရမလား? မရှိရဘူး။ ကိုယ့်ထက်သာ မနာလိုတဲ့ စိတ်ထား ရှိခဲ့မယ်ဆိုရင် ဘာဖြစ်သလဲ? ငရဲသော်လည်း ရောက်နိုင်တယ်။ မရောက်ဘူးထား၊ လူ့ပြည်လူ့လောကမှာ အခြားရင့်ကျက်နေတဲ့ ကုသိုလ်ကံတစ်ခုကြောင့် နောက်တစ်ပတ်လူလာပြီး ပြန်ဖြစ်ခဲ့မယ်ဆိုရင်တောင်မှ ဘာဖြစ်မလဲ?

သူတစ်ပါးတို့ရဲ့ စည်းစိမ်ဥစ္စာ ဂုဏ်သိန်အပေါ်မှာ ဒီဣဿာတရား ထူပြောခဲ့တဲ့ ဒီအကုသိုလ်ကံက ကပ်ပြီး ညှဉ်းပန်းနှိပ်စက်တတ်တဲ့ ဥပပီဠကကံအဖြစ်နဲ့ ဝင်ရောက်ကာ ညှဉ်းပန်းနှိပ်စက်နေတဲ့အတွက် မိမိရဲ့ လူ့ဘဝတစ်လျှောက်မှာ အခြွေအရံ နည်းပါးတယ် ဘုန်းကံ နည်းပါးတယ်ဆိုတဲ့ အကျိုးတရားတွေကို ဖြစ်စေတတ်ပြန်တယ်။ ကူညီမည့်သူ စောင့်ရှောက်မည့်သူ မရှိ ဖြစ်နေတတ်တယ်။ သူတစ်ပါးတို့ရဲ့ အခြွေအရံ များပြားနေတာကို အလိုမရှိခဲ့တဲ့ စိတ်ထားက မိမိ အခြွေအရံ

[၂၆၈] မ၊၃၊၂၄၆။

နည်းပါးဖို့ အကြောင်းတစ်ခု ဖြစ်လာတယ်။ သူတစ်ပါးတို့ စည်းစိမ်ဥစ္စာ ဂုဏ်သိန်အမျိုးမျိုးတို့နှင့် ပြည့်စုံနေတာကို မကြည့်လိုတဲ့ စိတ်ထား, အလိုမရှိခဲ့တဲ့ စိတ်ထားတွေက မိမိ စည်းစိမ်ဥစ္စာ ဂုဏ်သိန် အမျိုးမျိုးတွေနှင့် မပြည့်စုံဖို့ရန် အကြောင်းတစ်ခု ဖြစ်လာတယ်။ ဒါ့ကြောင့် "ဘယ်သူမပြု မိမိမှု"ဆိုတဲ့ ပညာရှိ သူတော်ကောင်းတွေရဲ့ အဆုံးအမအတိုင်း မိမိ ထူထောင်ခဲ့တဲ့ ကံတွေက မိမိကို အကျိုးပေး နေခြင်း ဖြစ်တယ်။ ဒါ့ကြောင့် မိမိက ဒီလို မကောင်းကျိုးတွေကို အလိုမရှိခဲ့ဘူးဆိုလျှင် ဒီလို ဣဿာ ထူပြောတဲ့ စိတ်ထားတွေကို မဖြစ်အောင် မိမိတို့ရဲ့စိတ်ကို သမထ-ဝိပဿနာ အစဖြာတဲ့ ကုသိုလ် လက်နက်ကောင်းတွေဖြင့် ယဉ်ကျေးသွားအောင် ဖြူစင်သွားအောင် သွန်သင်ဆုံးမပေးသင့်ပါတယ်။ အထူးသဖြင့် ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်တရားတွေကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် အဖန်ဖန် အထပ်ထပ် ကြိုးစားအားထုတ်သင့်ပါ တယ်။ ဒီလို ကြိုးစားအားထုတ်ခြင်းဟာ မိမိတို့ရဲ့ ရိုင်းပျနေတဲ့ စိတ်ဓာတ်ကို ယဉ်ကျေးသွားအောင် ပြုပြင်ပြောင်းလဲပေးနေခြင်းပဲ ဖြစ်ပါတယ်။

အကယ်၍ ဣဿာ မထူပြောခဲ့ဘူးဆိုရင် ဖြူစင်စောင်းမြောင်းတဲ့ စိတ်ထား မရှိခဲ့ဘူးဆိုရင် ကိုယ့်ထက်သာ မနာလိုတဲ့ စိတ်ထားတွေ နည်းနည်းမှ မရှိခဲ့ဘူးဆိုလို့ရှိရင် ရောက်လေရာဘဝမှာ ဘုန်းကံ ကြီးမားမယ်၊ ရောက်လေရာဘဝမှာ အခြွေအရံ များပြားမယ်။ သူတစ်ပါးတို့ရဲ့ စည်းစိမ်ဥစ္စာ ကျက်သရေမင်္ဂလာ အဖြာဖြာတို့နှင့် ပြည့်စုံနေတာကို ကြည်ရွှင်ဝမ်းမြောက်တဲ့ မုဒိတာ ပြဓာန်းတဲ့ ကုသိုလ်တရားတွေက မိမိ အတိတ်က ပြုစုပျိုးထောင်ခဲ့တဲ့ ဒါနကုသိုလ်ကံတွေကို ဝိုင်းပြီးတော့ ပံ့ပိုးလိုက်တဲ့အတွက် ထိုကုသိုလ်ကံတွေက အကျိုးပေးတဲ့ဘဝမှာ မိမိမှာလည်း ရေကန်အသင့် ကြာ-အသင့်ဆိုသလို စည်းစိမ်ဥစ္စာတွေဟာ ပေါများပြည့်စုံနေမှာ ဖြစ်ပါတယ်။ ဒါဟာ ဘာလဲ? စိတ်ဓာတ် ကို ပြုပြင်ပြောင်းလဲရေးလုပ်နိုင်လို့ ရရှိတဲ့ အကျိုးတရားတွေပဲ။

**အရှင်ဥရုဝေလကဿပမထေရ်**

အခြွေအရံပရိသတ် များပြားတဲ့နေရာမှာ ဧတဒဂ်ရတော်မူတဲ့ မထေရ်မြတ်ကတော့ အရှင်ဥရု-ဝေလကဿပမထေရ်မြတ်ပဲ ဖြစ်တော်မူပါတယ်။ ဒီမထေရ်မြတ်အလောင်းအလျာဖြစ်တော်မူတဲ့ အမျိုးကောင်းသားဟာ ပဒုမုတ္တရဘုရားရှင်ရဲ့ လက်ထက်တော်အခါမှာ ဟံသာဝတီမင်းနေပြည်ဝယ် ချမ်းသာကြွယ်ဝတဲ့ အမျိုးကောင်းသားတစ်ဦး ဖြစ်ခဲ့ပါတယ်။ အရွယ်ရောက်တဲ့အခါမှာ ပဒုမုတ္တရ ဘုရားရှင်ထံတော်မှ တရားတော်များကို နာယူစဉ် တစ်နေ့မှာ ဘုရားရှင်က တပည့်သာဝက ရဟန်း-တော်တစ်ပါးကို — အခြံအရံပရိသတ် များပြားတဲ့နေရာမှာ အသာဆုံး အမြတ်ဆုံးဆိုတဲ့ ဧတဒဂ်ဘွဲ့-ထူးကို ချီးမြှင့်မြှောက်စားနေတာကို တွေ့မြင်ရတဲ့အတွက် အားကျကာ မိမိလည်း နောင်အနာဂတ် တစ်ဆူဆူသော ဘုရားရှင်တို့ရဲ့ သာသနာတော်မှာ ဒီလို ဧတဒဂ်ဘွဲ့ထူးကို ဆင်မြန်းနိုင်သည့် ရဟန်း-တော်တစ်ပါး ဖြစ်ဖို့ရန်အတွက် ဘာလုပ်သလဲ?— ပဒုမုတ္တရဘုရားရှင် အမှူးရှိနေတဲ့ ရဟန်း သံဃာတော်ကို ပင့်ဖိတ်တော်မူကာ (၇)ရက်တိုင်တိုင် ဆွမ်းမဟာဒါနကြီးတစ်ခုကို ပေးလှူပူဇော်ခဲ့ ပါတယ်။

ဒီနေရာမှာ ရဟန်းသံဃာတော်က ဘယ်လောက်များပြားသလဲလို့ မေးစရာ ရှိပါတယ်။ ပဒုမုတ္တရဘုရားရှင်ရဲ့ နောက်တော်မှ အမြဲတမ်း လိုက်ပါတော်မူတဲ့ ရဟန်းသံဃာတော် အရေအတွက်ဟာ သံဃာတော်တစ်သိန်းဖြစ်ပါတယ်။ ဒီအမျိုးကောင်းသားက ပဒုမုတ္တရဘုရားရှင်နှင့်တကွ သံဃာတော်တစ်သိန်းတို့ကို ပင့်ဖိတ်ပြီးတော့ ဆွမ်းအလှူဒါနကြီး (၇)ရက်တိုင်တိုင် သူ့အိမ်မှာ ကျင်းပခဲ့ပါတယ်။ ဘုရားရှင်နှင့်တကွ သံဃာတော်တစ်သိန်းတို့ ထိုင်သီတင်းသုံးတော်မူပြီးတော့ ဆွမ်းဘုဉ်းပေးလို့ရတယ်ဆိုတဲ့ ဒီအိမ်မျိုးဟာ ဘယ်လောက် ကြီးကျယ်မယ်ဆိုတာ ခန့်မှန်းသာ ကြည့်ပေတော့ — နောက်တစ်ခု ပြောဦးမယ်။ ဘုရားရှင်က ရဟန်းတော် တစ်ပါးကို ပရိသတ်အခြံအရံများပြားတဲ့နေရာမှာ အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ပေးသနားတော်မူလိုက်တဲ့အခါမှာ ဒီအမျိုးကောင်းသားရဲ့ စိတ်ထဲမှာ ဒီရဟန်းတော်အပေါ်၌ ကိုယ့်ထက်သာ မနာလိုတဲ့ စိတ်ထားလုံးဝ မရှိခဲ့ဘူး။ ဒီလို မရှိတဲ့အတွက် ဒီရဟန်းတော်ကို သိပ်ကြည်ညိုသွားတယ်။ ဒီလို အခြံအရံများပြားတဲ့ ရဟန်းတော်ဘဝကိုလည်း အလွန်အားကျသွားတယ်။ ဒါ့ကြောင့် ဒီလို ရဟန်းတော်မျိုး နောင်အနာဂတ်မှာ ဖြစ်ပေါ်လာနိုင်ရေးအတွက် ရည်ရွယ်ကာ ဘုရားအမှူးရှိနေတဲ့ သံဃာတော်တစ်သိန်းအား ဆွမ်းအလှူဒါနကြီး (၇)ရက်တိုင်တိုင် လှူဒါန်းပူဇော်ခဲ့ခြင်း ဖြစ်ပါတယ်။ (၇)ရက်မြောက်သောနေ့မှာတော့ ဘုရားရှင်နှင့်တကွ သံဃာတော်တစ်သိန်းတို့အား တိစီဝရိက်သင်္ကန်းတစ်စုံစီကိုပါ ထပ်မံပြီးတော့ ဆက်ကပ်လှူဒါန်း ပူဇော်ပါတယ်။ တိစီဝရိက်သင်္ကန်းဆိုတာကတော့ — သင်းပိုင်တစ်ထည်, အပေါ်ရုံကိုယ်ဝတ်သင်္ကန်းတစ်ထည်, နှစ်ထပ်သင်္ကန်းကြီးတစ်ထည် — ပေါင်း ဒီသုံးထည်ကို တိစီဝရိက်သင်္ကန်းတစ်စုံလို့ ခေါ်ဆိုပါတယ်။ ဒီနေရာမှာ ဒီလို လှူဒါန်းပူဇော်နိုင်တဲ့ သူ့ရဲ့ ပစ္စည်းအင်အားကို ခန့်မှန်းကြည့်လို့ ရနိုင်ပါတယ်။ ဒီ (၇)ရက်မြောက်တဲ့နေ့မှာတော့ သူက ဘာလုပ်သလဲ? သူနှစ်ခြိုက်တဲ့ ပန်းချီကားတစ်ချပ်ကို စတင်ကာ ရေးဆွဲပြီ ဖြစ်ပါတယ်။ ဤ (၇)ရက်တိုင်တိုင် ပြုစုပျိုးထောင်ရတဲ့ ကောင်းမှုကုသိုလ်ကြောင့် နောင်အနာဂတ် တစ်ဆူဆူသော ဘုရားရှင်၏ သာသနာတော်အတွင်း၌ ပရိသတ်အခြံအရံ များပြားသည့်အရာတွင် ဧတဒဂ်ဘွဲ့ထူးကို ဆင်မြန်းနိုင်သည့် ရဟန်းတော်တစ်ပါး ဖြစ်ရလိုပါကြောင်းကို ဆုတောင်းပန်ထွာခဲ့ပါတယ်။

နောက်ထပ်တစ်ခု ထပ်ပြောရဦးမယ် — ဒီအမျိုးကောင်းသားဟာ ဂေါတမဘုရားရှင်ရဲ့ သာသနာတော်အတွင်းမှာ ပဋိသမ္ဘိဒါဉာဏ်တော်မြတ် (၄)ပါးတို့နှင့် အတူတကွ အရဟတ္တဖိုလ်ပန်းကို ဆင်မြန်းရမည့်, သူမျှော်လင့်ထားတဲ့ ဧတဒဂ်ဘွဲ့ထူးကိုလည်း ဆင်မြန်းရမည့် သူတော်ကောင်းတစ်ဦး ဖြစ်ပါတယ်။ ပဋိသမ္ဘိဒါဉာဏ်တော်မြတ်ကို ရရှိတော်မူကြမည့် သူတော်ကောင်းတို့ ဖြည့်ကျင့်ရမည့် အင်္ဂါရပ်တွေကိုလည်း ထိုပဒုမုတ္တရဘုရားရှင်ရဲ့ သာသနာတော်အတွင်းမှာ စတင်ကာ ဖြည့်ကျင့်ခဲ့တဲ့ သူလည်း ဖြစ်ပါတယ်။ ဒီနေရာမှာ အထူးပြောချင်တဲ့ အချက်တစ်ခုကတော့ ပုဗ္ဗယောဂဆိုတဲ့ အင်္ဂါရပ်ပဲ ဖြစ်ပါတယ်။ အကြိမ်ကြိမ် ပြောခဲ့ဖူးတဲ့အတိုင်း ပုဗ္ဗယောဂဆိုတာက ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ သင်္ခါရုပေက္ခာဉာဏ်သို့ တိုင်အောင်သော ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကို စီးဖြန်းအားထုတ်တော်မူခဲ့ခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီလို အဆင့်အတန်းမြင့်တဲ့ ဧတဒဂ်ဘွဲ့ထူးကို ဆင်မြန်းပန်ဆင်လိုတဲ့ ဒီအမျိုးကောင်းသားဟာလည်း ပဒုမုတ္တရဘုရားရှင်ရဲ့ သာသနာ-

တော်အတွင်းမှာ သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ်တွေကိုလည်း ဖြည့်ကျင့်ခဲ့တဲ့သူသာ ဖြစ်ပါတယ်။ သမထဘာဝနာ ဝိပဿနာဘာဝနာတွေကို သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် ပွားများ အားထုတ်ခဲ့သူသာ ဖြစ်ပါတယ်။ ဘယ်လောက်ကြာကြာ အားထုတ်ခဲ့သလဲ? ဒီလိုတော့ မေးစရာ ရှိတယ်။ ပဒုမုတ္တရဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူတဲ့ အချိန်အခါဟာ လူတို့သက်တမ်း အနှစ် တစ်သိန်းတမ်းရှိတဲ့ အချိန်အခါကာလ ဖြစ်ပါတယ်။ ဒီအနှစ်တစ်သိန်းအတွင်းမှာ ဒီအမျိုးကောင်းသား ဟာလည်း အခါအခွင့်သင့်သလို ဖြူစင်တဲ့ သီလကို အခြေခံကာ သမထ-ဝိပဿနာဘာဝနာတွေကို ဖြည့်ကျင့်ခဲ့တဲ့သူသာ ဖြစ်ပါတယ်။

လွန်ခဲ့သော (၉၂)ကမ္ဘာထက်ကလည်း ဖုဿဘုရားရှင်နှင့် ဖတူမိကွဲ ညီတော်ဖြစ်ခဲ့ဖူးပါတယ်။ ဖုဿဘုရားရှင်အမှူးရှိတဲ့ သံဃာတော်တစ်သိန်းတို့အားလည်း ဝါတွင်းသုံးလ ကာလပတ်လုံး ပစ္စည်း လေးပါးတို့ဖြင့် ထောက်ပံ့လှူဒါန်း ပူဇော်ခဲ့ပါတယ်။ ဝါတွင်းသုံးလပတ်လုံး သစ်ခေါက်ဆိုးအဝတ်ကို ဝတ်ရုံကာ ဆယ်ပါးသီလကို စောင့်ထိန်းလျက် ဘုရားရှင်အား အနီးကပ် ပြုစုလုပ်ကျွေးလျက် တရား နာယူခြင်း, သမထ-ဝိပဿနာတရားဘာဝနာများကို ပွားများအားထုတ်ခြင်းဆိုတဲ့ ပါရမီကုသိုလ်တွေ-ကိုလည်း ဖြည့်ကျင့်ဆည်းပူးခဲ့ပါတယ်။

ဒီလို ကောင်းမှုတွေက ဆက်တိုက် အကျိုးပေးနေတဲ့အတွက် အပါယ်လေးပါးသို့ မကျမရောက် ရဘဲ လူ့ပြည်နတ်ပြည်တွေမှာပဲ ကျင်လည်ကျက်စားလာရာက ဂေါတမဘုရားရှင် ပွင့်ထွန်းပေါ်ပေါက် တော်မူရာ အချိန်ကာလတွင် ဥရုဝေလတောအရပ်၌ ဥရုဝေလကဿပဟူသော အမည်ဖြင့် ရသေ့ (၅၀၀) အခြံအရံရှိတဲ့ ရသေ့ကြီးတစ်ဦး ဖြစ်ခဲ့ပါတယ်။ ဂယာကဿပ, နဒီကဿပ အမည်ရှိတဲ့ ညီငယ်နှစ်ဦးတို့လည်း ထိုတောအရပ်မှာပဲ ပရိသတ် (၃၀၀), ပရိသတ် (၂၀၀)စီ အခြံအရံရှိကြတဲ့ ရသေ့တွေပဲ ဖြစ်နေကြပါတယ်။ အားလုံးပေါင်း ရသေ့ညီနောင် ရှင်တစ်ထောင်တို့ ဖြစ်ကြပါတယ်။

ဘုရားရှင်သည် ဗာရာဏသီပြည် ဣသိပတနအမည်ရတဲ့ မိဂဒါဝုန်တောမှာ ပထမဦးဆုံး ဝါဆို ဝါကပ်တော်မူပြီးနောက် ဝါလကျွတ်တော်မူသောအခါ ဥရုဝေလတောအုပ်သို့ ပြန်လည် ကြွမြန်းတော် မူလာကာ ဂယာသီသအရပ်တွင် ယင်းရသေ့ညီနောင် ရှင်တစ်ထောင်တို့အား အာဒိတ္တသုတ္တန်[၂၆၉]ကို ဟောကြားပေးတော်မူလျက် အရဟတ္တဖိုလ်ပေါက် ချွေချွတ်တော်မူခဲ့ပါတယ်။

နောက်ပိုင်းကာလတွင် အရှင်ဥရုဝေလကဿပမထေရ်မြတ်၏ အခြံအရံဖြစ်တော်မူကြသော ထိုရဟန်းတော်ပေါင်း တစ်ထောင်တို့သည်လည်း မိမိတို့ရဲ့ အလေ့အလာအတိုင်း – "ငါတို့အဖို့ရာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ပြီးကြပြီ ဖြစ်ကြတဲ့အတွက် ရဟန်းတို့ ပြုလုပ်ရမည့်ကိစ္စ အထွတ် အထိပ်သို့ ရောက်ရှိခဲ့ကြလေပြီ။ ဒို့ကြောင့် အပြင်အပ ဟိုဟိုဒီဒီ လှည့်လည်သွားလာနေဖို့ရန် အလုပ်ကိစ္စ မရှိတော့ပြီ"လို့ ဒီလို စဉ်းစားဆင်ခြင်မိကြတဲ့အတွက် အရှင်ဥရုဝေလကဿပမထေရ်-မြတ်ကိုသာလျှင် ဝန်းရံကာ လှည့်လည်သွားလာ နေထိုင်ခဲ့ကြတယ်။ ဒို့ကြောင့် ဘုရားရှင်က တစ်ချိန် တွင် အရှင်ဥရုဝေလကဿပမထေရ်မြတ်အား များပြားတဲ့ ပရိသတ်အခြံအရံရှိကြတဲ့ တပည့်သာဝက

---

[၂၆၉] သံ၊ ၂၊၂၅၁။

တွေထဲမှာ အသာဆုံး အမြတ်ဆုံး အခြံအရံအများဆုံး ရဟန်းတော်တစ်ပါးအဖြစ် ဧတဒဂ်ဘွဲ့ထူးကို ပေးသနားတော်မူခဲ့ပါတယ်။[၂၇၀]

သူတစ်ပါးတို့ အပူဇော်ခံရခြင်း အမြတ်နိုးခံရခြင်း အရှိခိုးခံရခြင်း အရိုအသေအပြုခံရခြင်း အခြွေအရံ များပြားရခြင်းတို့ကို မနာလိုဝန်တိုတဲ့ စိတ်ထား မရှိဘဲ ကြည်ရွှင်ဝမ်းမြောက်တဲ့ စိတ်ထား ကြည်ညိုမြတ်နိုးတဲ့ စိတ်ထား ဒီလို စိတ်ထားမျိုးတွေ ခြံရံကာ ဘုရားအမှူးရှိတဲ့ သံဃာတော်တို့အား ပစ္စည်းလေးပါးဖြင့် ပြုစုလုပ်ကျွေးခြင်းဆိုတဲ့ ပါရမီကောင်းမှု ကုသိုလ်မျိုးစေ့တွေကို ကြဲချစိုက်ပျိုးခဲ့တဲ့ အတွက် ထိုပါရမီကုသိုလ် အရပ်ရပ်တွေက အကျိုးပေးတဲ့ဘဝမှာ သူတစ်ပါးတို့ရဲ့ အပူဇော်ခံရခြင်း အမြတ်နိုးခံရခြင်း အရှိခိုးခံရခြင်း အရိုအသေအပြုခံရခြင်း အခြွေအရံ များပြားရခြင်းဆိုတဲ့ အကျိုး တရားတွေကို ရရှိခဲ့ခြင်းပင် ဖြစ်ပါတယ်။ ကံတရားက ယုတ်ညံ့သူဖြစ်အောင် မြင့်မြတ်သူဖြစ်အောင် တည်ထောင်ဖန်ဆင်းပေးလိုက်ခြင်းပင် ဖြစ်ပါတယ်။

## မလ္လိကာမိဖုရားကြီး၏ အမေး (၇) ထွေ[၂၇၁]

တစ်ချိန်မှာ ဘုရားရှင်သည် သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတိုက်တော်မှာ သီတင်းသုံးစံနေ-တော်မူဆဲ ဖြစ်ပါတယ်။ တစ်နေ့မှာ မလ္လိကာမိဖုရားကြီးဟာ ဘုရားရှင်ထံတော်သို့ ချဉ်းကပ်ကာ ရိုသေစွာ ရှိခိုးပြီးနောက် သင့်တင့်လျောက်ပတ်တဲ့ တစ်နေရာမှာ ထိုင်ပြီးတော့ သူသိလိုတဲ့ မေးခွန်း (၇)ရပ်ကို လျှောက်ထားခဲ့ပါတယ်။ ဒီမေးခွန်းတွေနဲ့ ဘုရားရှင်ရဲ့ ဖြေကြားတော်မူချက်တွေကတော့ အထက်မှာ ရှင်းပြခဲ့တဲ့ အကြောင်းအရာတွေနှင့်လည်း ဆက်စပ်နေပါတယ်။ နောက်လာမည့် အကြောင်းအရာ အချို့နှင့်လည်း ဆက်စပ်နေပါတယ်။ သူ့ရဲ့ ပထမမေးခွန်းကတော့ ဒီလိုပါ —

၁။ မြတ်စွာဘုရား . . . ဒီလောကမှာ အချို့သော အမျိုးသမီးဟာ ရုပ်အဆင်းကလည်း မလှ၊ အသွင်အပြင်ကလည်း မကောင်း၊ ကြည့်ရှုချင်စဖွယ်လည်း မရှိ၊ ဆင်းရဲလည်း ဆင်းရဲတယ်၊ ကိုယ်ပိုင်ဥစ္စာကလည်း မရှိ၊ ကိုယ်ပိုင်အသုံးအဆောင်ကလည်း မရှိ၊ တန်ခိုးလည်း နည်းပါးတယ် = အခြွေအရံကလည်း မရှိ ဖြစ်နေတယ်။ ဒီလို ဘဝမျိုးကို တိုက်ရိုက် ဖြစ်စေတတ်တဲ့ အကြောင်း တရားက ဘယ်လို အကြောင်းတရားပါလဲ? အားပေးထောက်ပံ့နေတဲ့ အကြောင်းတရားက ဘယ်လို အကြောင်းပါလဲ? ဒီမေးခွန်းက တစ်ခု။ နောက် ဒုတိယမေးခွန်းကတော့ —

၂။ မြတ်စွာဘုရား . . . ဒီလောကမှာ အချို့သော အမျိုးသမီးဟာ ရုပ်အဆင်းကလည်း မလှ၊ အသွင်အပြင်ကလည်း မကောင်း၊ ကြည့်ရှုချင်စဖွယ်လည်း မရှိဖြစ်နေတယ်။ သို့သော်လည်း ဒီအမျိုးသမီးဟာ ကြွယ်ဝချမ်းသာတယ်၊ များသော စည်းစိမ်ဥစ္စာလည်း ရှိတယ်။ များသော အသုံးအ-ဆောင်ပရိဘောဂလည်း ရှိတယ်၊ တန်ခိုးလည်း ကြီးမားတယ် = အခြွေအရံလည်း များပြားတယ်။ ဒီလို ဘဝမျိုးကို တိုက်ရိုက် ဖြစ်စေတတ်တဲ့ အကြောင်းတရားက ဘယ်လို အကြောင်းတရားပါလဲ? အားပေးထောက်ပံ့နေတဲ့ အကြောင်းတရားက ဘယ်လို အကြောင်းပါလဲ? ဒီမေးခွန်းက တစ်ခု။ နောက် တတိယမေးခွန်းကတော့ —

---

[၂၇၀] အံ၊၄၊၁၊၂၃၀-၂၃၃။

[၂၇၁] အံ၊၁၊၅၂၃-၅၂၆။

၃။ မြတ်စွာဘုရား . . . ဒီလောကမှာ အချို့သော အမျိုးသမီးဟာ အလွန် အဆင်းလှတယ်၊ ရှုချင်စဖွယ်လည်း ရှိတယ်၊ တွေ့မြင်ရသူတို့ကို စိတ်ကြည်လင်စေတယ် = ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်ထားနိုင်တယ်၊ လွန်မြတ်သော လုံးရပ်သဏ္ဍာန် အသွင်အပြင်နှင့်လည်း ပြည့်စုံတယ်။ သို့သော်လည်း သိပ်ဆင်းရဲပြန်တယ်၊ ကိုယ်ပိုင်ဥစ္စာကလည်း မရှိ၊ ကိုယ်ပိုင်အသုံးအဆောင်ကလည်း မရှိ၊ တန်ခိုးလည်း နည်းပါးတယ် = အခြွေအရံကလည်း နည်းပါးတယ်။ ဒီလို ဘဝမျိုးကို တိုက်ရိုက် ဖြစ်စေတတ်တဲ့ အကြောင်းတရားက ဘယ်လို အကြောင်းတရားပါလဲ? အားပေးထောက်ပံ့နေတဲ့ အကြောင်းတရားက ဘယ်လို အကြောင်းတရားပါလဲ? ဒီမေးခွန်းက တစ်ခု။ နောက် စတုတ္ထမေးခွန်းကတော့ —

၄။ မြတ်စွာဘုရား . . . ဒီလောကမှာ အချို့သော အမျိုးသမီးဟာ အလွန်အဆင်းလှတယ်၊ ရှုချင်စဖွယ်လည်း ရှိတယ်၊ တွေ့မြင်ရသူတို့ကို စိတ်ကြည်လင်စေတယ် = ကြည်ညိုဖွယ်ဂုဏ်ကို ဆောင်ထားနိုင်တယ်၊ လွန်မြတ်သော လုံးရပ်သဏ္ဍာန် အသွင်အပြင်နှင့်လည်း ပြည့်စုံတယ်။ ဒါတွင် မကသေးဘူး၊ ဒီအမျိုးသမီးဟာ ကြွယ်ဝချမ်းသာတယ်၊ များသော စည်းစိမ်ဥစ္စာလည်း ရှိတယ်။ များသော အသုံးအဆောင်ပရိဘောဂလည်း ရှိတယ်၊ တန်ခိုးလည်း ကြီးမားတယ် = အခြွေအရံလည်း များပြားတယ်။ ဒီလို ဘဝမျိုးကို တိုက်ရိုက် ဖြစ်စေတတ်တဲ့ အကြောင်းတရားက ဘယ်လို အကြောင်း-တရားပါလဲ? အားပေးထောက်ပံ့နေတဲ့ အကြောင်းတရားက ဘယ်လို အကြောင်းတရားပါလဲ? ဒီမေးခွန်းက တစ်ခု။ အားလုံးပေါင်း မေးခွန်း (၄)ခုတို့ကို မေးမြန်းလျှောက်ထားခဲ့ပါတယ်။ အဲဒီအခါမှာ ဘုရားရှင်က အဖြေ (၄)ခုတို့ကို တစ်ခုပြီးတစ်ခု ဖြေကြားပေးတော်မူပါတယ်။

## ဘုရားရှင်၏ အဖြေ (၄) ရပ်

### အမှတ် (၁) မေးခွန်း၏ အဖြေ

၁။ မလ္လိကာ . . . ဒီလောကမှာ —

(က) အချို့သော အမျိုးသမီးဟာ အမျက်ဒေါသက သိပ်ကြီးတယ်။ အမျက်ဒေါသကြောင့် စိတ်ပင်ပန်းမှုကလည်း သိပ်များပြားတယ်။ နည်းနည်းလောက် အပြောခံရလိုက်လျှင် “ငါ့ကို ဒီလို ပြောရကောင်းလား”ဆိုပြီးတော့ ဒေါသဖြင့် ကပ်ငြိနေတတ်တယ်၊ အမျက်ထွက်တတ်တယ်၊ ဖောက်-ပြန်တဲ့ ကိုယ်အမူအရာ နှုတ်အမူအရာတွေကို ဖော်ပြတတ်တယ်၊ “ငါ့ကို ဒီလို ပြောရကောင်းလား” ဆိုပြီးတော့ ရန်ငြိုးဖွဲ့ထားတတ်တယ်၊ စိတ်ဆိုးခြင်းကိုရော အမျက်ထွက်ခြင်းကိုရော မနှစ်သက်ခြင်းကိုရော ထင်ရှားစွာ ပြုလုပ်ပြတတ် ပြောဆိုတတ်တယ်။— [ဒီအချက်တွေကတော့ ဒေါသနှင့် ယှဉ်တွဲနေတဲ့ အကုသိုလ်ကံတွေကို ထူထောင်နေပုံကို ပေါ်လွင်အောင် ဘုရားရှင်က မိန့်ကြားနေတော်မူခြင်း ဖြစ်ပါတယ်။ ဒါတွင်မက — ဒီအမျိုးသမီးဟာ တစ်ဖက်ကလည်း ဘာတွေ ချို့တဲ့ပြန်သလဲ?]

(ခ) ဒီအမျိုးသမီးဟာ သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ဆွမ်းကိုလည်းကောင်း, အဖျော်ကိုလည်းကောင်း, အဝတ်သင်္ကန်းကိုလည်းကောင်း, ယာဉ်ကိုလည်းကောင်း, ပန်းကိုလည်း-ကောင်း, နံ့သာကိုလည်းကောင်း, နံ့သာပျောင်းကိုလည်းကောင်း, အိပ်ရာနေရာကိုလည်းကောင်း, ဆီမီးကိုလည်းကောင်း, အဆောက်အဦကိုလည်းကောင်း မပေးလှူတတ်ဘူး။— [ဒီလို ဒါနချို့တဲ့ရုံ-တွင်လားဆိုတော့ မကသေးဘူး။ သူက ဘာတွေ လုပ်ပြန်သလဲ?]

(ဂ) ငြူစူခြင်း 'ဣဿာ'နှင့် ယှဉ်နေတဲ့ စိတ်ထား ရှိပြန်တယ်။ သူတစ်ပါးတို့ လာဘ်ရခြင်း အရိုအသေခံရခြင်း အလေးပြုခံရခြင်း အမြတ်နိုးခံရခြင်း အရှိခိုးခံရခြင်း အပူဇော်ခံရခြင်းတို့မှာလည်း ငြူစူစောင်းမြောင်းတဲ့ စိတ်ထား ရှိတယ်။ "ဒီလိုယုန်တော့ ချုံတိုင်းရှိရဲ့, ဒီးဒုတ်လောက်တော့ ငှက်တိုင်းလှရဲ့"လို့ ပြစ်မှားတတ်ပြန်တယ်။ ငြူစူစောင်းမြောင်းခြင်းကို ဖွဲ့ချည်ထားပြန်တယ်။— [အားလုံးပေါင်းလိုက်တော့ သူဆည်းပူးလိုက်တဲ့ အကုသိုလ်က (၃)မျိုး ဖြစ်နေတယ်။]

ဒီအမျိုးသမီးဟာ အဲဒီဘဝမှ စုတေပြီးတော့ ဒီလူ့ဘဝသို့ အကယ်၍ ရောက်လာသည်ဖြစ်အံ့။ အဲဒီအမျိုးသမီးဟာ ဖြစ်လေရာရာဘဝမှာ — (က) ရုပ်အဆင်းလည်း မလှ၊ အသွင်အပြင်လည်း မကောင်း၊ ရှုချင်စဖွယ်လည်း မရှိ၊ (ခ) ဆင်းရဲလည်း ဆင်းရဲတယ်၊ ကိုယ်ပိုင်ဥစ္စာကလည်း မရှိ၊ အသုံးအဆောင်ကလည်း မရှိ၊ (ဂ) တန်ခိုးကလည်း နည်းပါးတယ် = အခြွေအရံကလည်း နည်းပါးတယ်။

ဘုရားရှင်က ဒီလို နံပါတ် (၁)မေးခွန်းရဲ့ အဖြေကို ဖြေကြားပေးတော်မူလိုက်ပါတယ်။ ဒေါသကြီးခဲ့တဲ့အတွက် ရုပ်အဆင်း မလှပရခြင်း ဖြစ်တယ်၊ ဒါနမပြုခဲ့တဲ့အတွက် ဆင်းရဲနွမ်းပါးရခြင်း ဖြစ်တယ်၊ သူတစ်ပါးတွေအပေါ်မှာ ကိုယ့်ထက်သာ မနာလိုတဲ့ စိတ်ထား ရှိခဲ့တဲ့အတွက် ဒီဣဿာတရားက တန်ခိုးဣဒ္ဓိပါဒ် နည်းပါးအောင် = အခြွေအရံ နည်းပါးအောင် ပြုလုပ်ဖန်တီးပေးပါတယ်။ တစ်ဖန် နံပါတ် (၂)မေးခွန်းရဲ့ အဖြေကိုလည်း ဘုရားရှင်က ဒီလို ဆက်လက် ဖြေကြားပေးတော်မူ-ပါတယ် —

## အမှတ် (၂) မေးခွန်း၏ အဖြေ

၂။ မလ္လိကာ . . . ဒီလောကမှာ —

(က) အချို့သော အမျိုးသမီးဟာ အမျက်ဒေါသက သိပ်ကြီးတယ်၊ အမျက်ဒေါသကြောင့် စိတ်ပင်ပန်းမှုကလည်း သိပ်များပြားတယ်၊ နည်းနည်းလောက် အပြောခံရလိုက်လျှင် "ငါ့ကို ဒီလို ပြောရကောင်းလား"ဆိုပြီးတော့ ဒေါသဖြင့် ကပ်ငြိနေတတ်တယ်၊ အမျက်ထွက်တတ်တယ်၊ ဖောက်-ပြန်တဲ့ ကိုယ်အမူအရာ နှုတ်အမူအရာတွေကို ဖော်ပြတတ်တယ်၊ "ငါ့ကို ဒီလို ပြောရကောင်း လား"ဆိုပြီးတော့ ရန်ငြိုးဖွဲ့ထားတတ်တယ်၊ စိတ်ဆိုးခြင်းကိုရော အမျက်ထွက်ခြင်းကိုရော မနှစ်သက်-ခြင်းကိုရော ထင်ရှားစွာ ပြုလုပ်ပြတတ် ပြောဆိုတတ်တယ်။ —

(ခ) ဒါပေမဲ့ ဒီအမျိုးသမီးဟာ သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ဆွမ်းကိုလည်းကောင်း, အဖျော်ကိုလည်းကောင်း, အဝတ်သင်္ကန်းကိုလည်းကောင်း, ယာဉ်ကိုလည်းကောင်း, ပန်းကိုလည်း-

ကောင်း, နံ့သာကိုလည်းကောင်း, နံ့သာပျောင်းကိုလည်းကောင်း, အိပ်ရာနေရာကိုလည်းကောင်း, ဆီမီးကိုလည်းကောင်း, အဆောက်အဦကိုလည်းကောင်း ပေးလှူတတ်ပြန်တယ်။— ဒါတွင်လား ဆိုတော့ မကသေးဘူး။

(ဂ) ဒီအမျိုးသမီးမှာ ငြူစူခြင်း 'ဣဿာ'တရားနှင့် ယှဉ်တွဲနေတဲ့ စိတ်ထားမျိုးလည်း မရှိပြန်ဘူး။ သူတစ်ပါးတို့ လာဘ်ရခြင်း အရိုအသေခံရခြင်း အလေးပြုခံရခြင်း အမြတ်နိုးခံရခြင်း အရှိခိုးခံရခြင်း အပူဇော်ခံရခြင်းတို့မှာလည်း ငြူစူစောင်းမြောင်းတဲ့ စိတ်ထား မရှိဘူး။ "ဒီလိုယုန်တော့ ချုံတိုင်းရှိရဲ့, ဒီးဒုတ်လောက်တော့ ငှက်တိုင်းလှရဲ့"လို့ ဒီလို သူတစ်ပါးတွေကို မပြစ်မှားတတ်ဘူး။ ငြူစူစောင်း-မြောင်းခြင်းကို ဖွဲ့ချည်မထားဘူး။ —

ဒီလို အင်္ဂါ (၃)ချက်နှင့် ပြည့်စုံညီညွတ်နေတဲ့ ဒီအမျိုးသမီးဟာ ထိုဘဝမှ စုတေကွယ်လွန်ပြီး-တော့ ဒီလူ့ဘဝသို့ အကယ်၍ ပြန်ရောက်လာသည် ဖြစ်ငြားအံ့။ ထိုအမျိုးသမီးဟာ ဖြစ်လေရာရာ ဘဝမှာ (က) ရုပ်အဆင်းလည်း မလှ၊ အသွင်အပြင်လည်း မကောင်း၊ ရှုချင်စဖွယ်လည်း မရှိ ဖြစ်ရ-ပြန်တယ်။ သို့သော်လည်း (ခ) ချမ်းသာကြွယ်ဝတယ်၊ များသော စည်းစိမ်ဥစ္စာလည်း ရှိတယ်၊ များသော အသုံးအဆောင်ပရိဘောဂလည်း ရှိတယ်၊ (ဂ) တန်ခိုးလည်း ကြီးမားတယ် = များသော အခြွေအရံပရိသတ်လည်း ရှိတယ်။— ဒီလို ဘုရားရှင်က အဖြေပေးတော်မူလိုက်ပါတယ်။

ဒီနေရာမှာ (က) ဒေါသကြီးခဲ့တဲ့အတွက် ဒေါသနှင့် ယှဉ်တွဲနေတဲ့ အကုသိုလ်ကံတွေက အကျည်းတန် အရုပ်ဆိုးသူဖြစ်အောင် ပုံသွင်းပေးလိုက်ခြင်း ဖြစ်တယ်။ ဒေါသနှင့် ယှဉ်တွဲနေတဲ့ စိတ်နေစိတ်ထားဟာ တစ်ဖက်သားကို ဖျက်ဆီးလိုတဲ့ စိတ်ထား ကြိတ်ခြေပစ်လိုတဲ့ စိတ်ထား ဖြစ်တဲ့ အတွက် တစ်ဖက်သားအပေါ်၌ မေတ္တာတရားကင်းမဲ့နေတဲ့ စိတ်နေစိတ်ထား ဖြစ်တယ်။ ဒီလို တစ်ဖက်သားအပေါ်မှာ မေတ္တာကင်းမဲ့နေတဲ့ စိတ်ထားက မိမိကို တစ်ဖက်သားတို့က မေတ္တာကင်းမဲ့-သူဖြစ်အောင် အကျည်းတန် အရုပ်ဆိုးတဲ့ ဘဝကို တည်ထောင်ဖန်ဆင်းပေးလိုက်ခြင်း ဖြစ်ပါတယ်။ (ခ) သို့သော် တစ်ဖက်က ဒါနပြုခဲ့တဲ့အတွက် ဒါနကုသိုလ်ကံက ချမ်းသာကြွယ်ဝသူဖြစ်အောင် ဖန်တီးပေးပြန်တယ်။ (ဂ) ကိုယ့်ထက်သာ မနာလိုတဲ့ စိတ်ထား ကင်းရှင်းခဲ့တဲ့, သူတစ်ပါးတို့ရဲ့ အပူဇော်ခံရခြင်း အမြတ်နိုးခံရခြင်း အရှိခိုးခံရခြင်း အရိုအသေပြုခံရခြင်း အခြွေအရံ များပြားခြင်း တို့ကို ကြည်နူးဝမ်းမြောက်နေတဲ့ မုဒိတာနှင့် ယှဉ်တွဲနေတဲ့ စိတ်နေစိတ်ထားတွေက တန်ခိုးကြီးမားသူ ဖြစ်အောင် = အခြွေအရံ များပြားသူဖြစ်အောင် တည်ထောင်ဖန်ဆင်းပေးလိုက်ကြပြန်တယ်။

## အမှတ် (၃) မေးခွန်း၏ အဖြေ

အမှတ် (၃)မေးခွန်းရဲ့ အဖြေကို ဘုရားရှင်က ဒီလို အဖြေပေးတော်မူပါတယ်။

မလ္လိကာ . . . ဒီလောကမှာ —

(က) အချို့သော အမျိုးသမီးဟာ အမျက်ဒေါသ မကြီးဘူး၊ ဒေါသကြောင့် စိတ်ပင်ပန်းဆင်းရဲ-ခြင်း မများပြားဘူး၊ သူ့ကို တစ်ဖက်သားတွေက ဘာကိုပဲပြောပြော ဘယ်လိုပဲပြောပြော စိတ်ထဲမှာ

"ငါ့ကို ဒီလို ပြောရကောင်းလား"ဆိုပြီးတော့ ဘယ်တော့မှ ငြိုကပ်မနေဘူး၊ အမျက်မထွက်တတ်ဘူး၊ မဖောက်ပြန်တတ်ဘူး၊ ရန်ငြိုးမထားတတ်ဘူး၊ စိတ်ဆိုးခြင်းကိုရော, အမျက်ထွက်ခြင်းကိုရော, မနှစ်သက်ခြင်းကိုရော, ဘယ်တော့မှ ထင်ထင်ရှားရှား ပြုလုပ်ပြီးတော့ မပြတတ်ဘူး၊ မပြောတတ်ဘူး။

(ခ) သို့သော်လည်း ဒီအမျိုးသမီးဟာ သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ဆွမ်းကိုလည်း-ကောင်း, အဖျော်ကိုလည်းကောင်း, အဝတ်သင်္ကန်းကိုလည်းကောင်း, ယာဉ်ကိုလည်းကောင်း, ပန်းကိုလည်းကောင်း, နံ့သာကိုလည်းကောင်း, နံ့သာပျောင်းကိုလည်းကောင်း, အိပ်ရာနေရာကိုလည်း-ကောင်း, ဆီမီးကိုလည်းကောင်း, အဆောက်အဦကိုလည်းကောင်း မပေးလှူတတ်ပြန်ဘူး။ [ဒါတွင်-လားဆိုတော့ မကသေးဘူး။]

(ဂ) ဒီအမျိုးသမီးဟာ ငြူစူခြင်း 'ဣဿာ'နှင့် ယှဉ်နေတဲ့ စိတ်ထား ရှိပြန်တယ်။ သူတစ်ပါးတို့ လာဘ်ရခြင်း အရိုအသေခံရခြင်း အလေးပြုခံရခြင်း အမြတ်နိုးခံရခြင်း အရှိခိုးခံရခြင်း အပူဇော်-ခံရခြင်းတို့မှာလည်း ငြူစူစောင်းမြောင်းတဲ့ စိတ်ထားရှိတယ်။ "ဒီလိုယုန်တော့ ချုံတိုင်းရှိရဲ့, ဒီးဒုတ်လောက်တော့ ငှက်တိုင်းလှရဲ့"လို့ တစ်ဖက်သားကို ပြစ်မှားတတ်ပြန်တယ်။ ငြူစူစောင်းမြောင်းခြင်းကို ဖွဲ့ချည်ထားပြန်တယ်။ [ဒီလို အင်္ဂါ (၃)ချက်နှင့် ပြည့်စုံညီညွတ်နေတဲ့ အမျိုးသမီးဟာ ကွယ်လွန်သွားတဲ့ အခါ လူ့ပြည်ရောက်ခဲ့လျှင် ဘယ်လို ဖြစ်မလဲ? ဘုရားရှင်က ဒီလို ဆက်လက် ဟောကြားထားတော်-မူပါတယ်။]

ဒီအမျိုးသမီးဟာ အဲဒီဘဝမှ စုတေကွယ်လွန်ပြီးတော့ ဒီလူ့ဘဝသို့ အကယ်၍ ရောက်ရှိလာခဲ့-မယ်ဆိုလျှင် အဲဒီ အမျိုးသမီးဟာ ဖြစ်လေရာရာ ဘဝမှာ – (က) ရုပ်အဆင်းလည်း လှပတယ်၊ ရှုချင်စဖွယ်လည်း ရှိတယ်၊ တွေ့မြင်ရသူတို့အဖို့ စိတ်ကြည်လင်ဖွယ်လည်း ဖြစ်တယ်၊ မွန်မြတ်သော ရုပ်အဆင်း အသွင်သဏ္ဌာန်နှင့်လည်း ပြည့်စုံတယ်။ (ခ) သို့သော်လည်း ဆင်းရဲပြန်တယ်၊ ကိုယ်ပိုင်-ဥစ္စာလည်း မရှိ၊ ကိုယ်ပိုင်အသုံးအဆောင်လည်း မရှိ ဖြစ်နေပြန်တယ်။ (ဂ) တန်ခိုးလည်း နည်းပါးပြန်တယ် = အခြွေအရံ ပရိသတ်မရှိ ဖြစ်နေတယ်။

ဒီအမျိုးသမီးဟာ အတိတ်ဘဝက သူတစ်ပါးတို့အပေါ်မှာ မေတ္တာတရားတွေကတော့ သိပ်အားကောင်းခဲ့ပါတယ်။ တစ်ဖက်သားအပေါ်မှာ ဒေါသမဖြစ်အောင် စိတ်ကို ချုပ်တည်းနိုင်ခဲ့တယ်။ ဒါ့ကြောင့် ဒီလို ဒေါသမကြီးခဲ့ခြင်းဆိုတဲ့ မေတ္တာနဲ့ ယှဉ်တွဲနေတဲ့ စိတ်ဓာတ်တွေက အားကောင်းခဲ့တဲ့ အတွက် ဒီလို မေတ္တာနဲ့ ယှဉ်တွဲနေတဲ့ ကုသိုလ်ကံကြောင့် လူဖြစ်လာရတဲ့အခါမှာ ရုပ်အဆင်းက လှပတင့်တယ်ခြင်းဖြစ်တယ်။ သူ့ကို တွေ့မြင်ရသူတို့က စိတ်ကြည်လင်ခြင်းဖြစ်တယ်။ ဒါပေမဲ့ တစ်ဖက်က ဒါနက ချို့တဲ့ခဲ့ပြန်တယ်။ တစ်ဖက်သားတွေအပေါ်မှာလည်း ငြူစူစောင်းမြောင်းတဲ့ စိတ်ထားတွေက အားကောင်းခဲ့ပြန်တယ်။ ဒါကြောင့် ဆင်းရဲနွမ်းပါးသူ အခြွေအရံ နည်းပါးသူ ဖြစ်ရပြန်တယ်။

## အမှတ် (၄) မေးခွန်း၏ အဖြေ

အမှတ် (၄)မေးခွန်းရဲ့ အဖြေကို ဘုရားရှင်က ဒီလို အဖြေပေးတော်မူပါတယ်။ —

မလ္လိကာ . . . ဒီလောကမှာ —

(က) အချို့သော အမျိုးသမီးဟာ အမျက်ဒေါသ မကြီးဘူး၊ ဒေါသကြောင့် စိတ်ပင်ပန်းဆင်းရဲခြင်း မများပြားဘူး၊ သူ့ကို တစ်ဖက်သားတွေက ဘာကိုပဲ ပြောပြော ဘယ်လိုပဲ ပြောပြော စိတ်ထဲမှာ "ငါ့ကို ဒီလို ပြောရကောင်းလား"ဆိုပြီးတော့ ဘယ်တော့မှ ငြိကပ်မနေဘူး၊ အမျက်မထွက်တတ်ဘူး၊ မဖောက်ပြန်တတ်ဘူး၊ ရန်ငြိုးမထားတတ်ဘူး၊ စိတ်ဆိုးခြင်းကိုရော, အမျက်ထွက်ခြင်းကိုရော, မနှစ်သက်ခြင်းကိုရော, ဘယ်တော့မှ ထင်ထင်ရှားရှား ပြုလုပ်ပြီးတော့ မပြတတ်ဘူး, မပြောတတ်ဘူး။

(ခ) ဒါတွင်မကသေးဘူး — ဒီအမျိုးသမီးဟာ သမဏအားဖြစ်စေ ဗြာဟ္မဏအားဖြစ်စေ ဆွမ်းကိုလည်းကောင်း, အဖျော်ကိုလည်းကောင်း, အဝတ်သင်္ကန်းကိုလည်းကောင်း, ယာဉ်ကိုလည်းကောင်း, ပန်းကိုလည်းကောင်း, နံ့သာကိုလည်းကောင်း, နံ့သာပျောင်းကိုလည်းကောင်း, အိပ်ရာနေရာကိုလည်းကောင်း, ဆီမီးကိုလည်းကောင်း, အဆောက်အဦကိုလည်းကောင်း ပေးလှူတတ်ပြန်တယ်။ ဒါတွင်လားဆိုတော့ မကသေးဘူး။

(ဂ) ဒီအမျိုးသမီးမှာ ငြူစူခြင်း 'ဣဿာ'တရားနှင့် ယှဉ်တွဲနေတဲ့ စိတ်ထားမျိုးလည်း မရှိပြန်ဘူး။ သူတစ်ပါးတို့ လာဘ်ရခြင်း အရိုအသေခံရခြင်း အလေးပြုခံရခြင်း အမြတ်နိုးခံရခြင်း အရှိခိုးခံရခြင်း အပူဇော်ခံရခြင်းတို့မှာလည်း ငြူစူစောင်းမြောင်းတဲ့ စိတ်ထား မရှိဘူး။ "ဒီလိုယုန်တော့ ချိုတိုင်းရှိရဲ့, ဒီးဒုတ်လောက်တော့ ငှက်တိုင်းလှရဲ့"လို့ ဒီလို သူတစ်ပါးတွေကို မပြစ်မှားတတ်ဘူး၊ ငြူစူစောင်းမြောင်းခြင်းကို ဖွဲ့ချည်မထားဘူး။ —

ဒီအမျိုးသမီးဟာ အဲဒီဘဝမှ စုတေကွယ်လွန်ပြီးတော့ ဒီလူ့ဘဝသို့ အကယ်၍ ရောက်ရှိလာခဲ့မယ်ဆိုလျှင် အဲဒီအမျိုးသမီးဟာ ဖြစ်လေရာရာဘဝမှာ — (က) ရုပ်အဆင်းလည်း လှပတယ်၊ ရှုချင်စဖွယ်လည်း ရှိတယ်၊ တွေ့မြင်ရသူတို့အဖို့ စိတ်ကြည်လင်ဖွယ်လည်း ဖြစ်တယ်၊ မွန်မြတ်သော ရုပ်အဆင်း အသွင်သဏ္ဌာန်နှင့်လည်း ပြည့်စုံတယ်။ [ဒါတွင်လားဆိုတော့ မကသေးဘူး။] ဒီအမျိုးသမီးဟာ (ခ) ချမ်းသာကြွယ်ဝတယ်၊ များသော စည်းစိမ်ဥစ္စာလည်း ရှိတယ်၊ များသော အသုံးအဆောင် ပရိဘောဂလည်း ရှိတယ်။ (ဂ) တန်ခိုးလည်း ကြီးမားတယ် = များသော အခြွေအရံပရိသတ်လည်း ရှိတယ်။ — ဒီလို ဘုရားရှင်က အဖြေပေးတော်မူလိုက်ပါတယ်။[၂၇၂]

ဒီနံပါတ် (၄) အမျိုးသမီးကတော့ အင်္ဂါ (၃)ချက်လုံး ပြည့်စုံညီညွတ်ခဲ့တဲ့အတွက် သုံးနေရာလုံးမှာ အကုန် အကောင်းချည်း ဖြစ်ခဲ့ပါတယ်။ အတိတ်က ဒေါသမကြီးခဲ့တဲ့အတွက်, မေတ္တာဗြဟ္မာစိုရ်နှင့် ယှဉ်တဲ့ စိတ်ထားတွေက တစ်ဖက်သားအပေါ်မှာ အားကောင်းခဲ့တဲ့အတွက် ရုပ်အဆင်း

[၂၇၂] အံ၊၁၊၅၂၃-၅၂၆။

လှပတင့်တယ်သူ ဖြစ်ရပြန်တယ်။ ဒါနကုသိုလ်ကံ အမျိုးမျိုးတွေကို ပြုစုပျိုးထောင်ခဲ့တဲ့အတွက် အဲဒီ ဒါနကုသိုလ်ကံတွေက — "ရေကန်အသင့် ကြာအသင့် ဖြစ်အောင်" ဖန်တီးပေးလိုက်ပြန်တဲ့ အတွက် ချမ်းသာကြွယ်ဝသူ ဖြစ်ရပြန်တယ်။ သူတစ်ပါးတွေရဲ့ အောင်မြင်မှု အရပ်ရပ်တွေကို ကြည်နူး ဝမ်းမြောက်တဲ့ မုဒိတာပြဟ္မစိုရ်နှင့် ယှဉ်တဲ့ စိတ်ထား, တစ်ဖက်သားအပေါ်၌ ကြင်နာသနားတတ်တဲ့ ကရုဏာပြဟ္မစိုရ်နှင့် ယှဉ်နေတဲ့ စိတ်ထား, "သူလည်း သူ့ကုသိုလ်ကံကြောင့်ပဲ ခုလို ကြီးပွားချမ်းသာရ တာပဲ, ဘုန်းကံကြီးမားရတာပဲ = အခြွေအရံ များပြားရတာပဲ"လို့ ဒီလို ကံ-ကံ၏အကျိုးတရားကို နှလုံးသွင်းတတ်တဲ့ ဥပေက္ခာပြဟ္မစိုရ်နှင့် ယှဉ်တွဲနေတဲ့ စိတ်ထား — ဒီလို စိတ်ထားတွေက သူ့ကို ဘုန်းကံကြီးမားသူဖြစ်အောင် အခြွေအရံ များပြားသူဖြစ်အောင် တည်ထောင်ဖန်ဆင်းပေးလိုက် ပြန်တယ်။

ဒီသုတ္တန်မှာ ဘုရားရှင်က ရုပ်အဆင်း မလှရခြင်း, ရုပ်အဆင်း လှပတင့်တယ်ရခြင်း, ဆင်းရဲ ရခြင်း, ချမ်းသာကြွယ်ဝရခြင်း, အခြွေအရံ နည်းပါးရခြင်း, အခြွေအရံ များပြားရခြင်း၏ အကြောင်း တရားတို့ကို ရှင်းလင်းဟောကြားတော်မူပါတယ်။ တရားနာပရိသတ်တွေအနေဖြင့် မိမိတို့ နှစ်သက်တဲ့ လမ်းကို ရွေးချယ်နိုင်ကြပါတယ်။ မိမိတို့ နှစ်ခြိုက်တဲ့ကံကို ထူထောင်နိုင်ခွင့် ရှိကြပါတယ်။

ကဲ - စူဠကမ္မဝိဘင်္ဂသုတ္တန်ကို ပြန်ဆက်ကြရအောင် . . . နံပါတ်လေး အစုံတစ်ခု ပြီးတဲ့အခါ **နံပါတ်ငါး အစုံ**ကို မြတ်စွာဘုရား ဆက်ဟောတော်မူပြန်တယ်။ နာကြားကြည့်ရအောင် . . .

## စည်းစိမ်ဥစ္စာ နည်းပါးရခြင်း = ဆင်းရဲရခြင်း

**ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ န ဒါတာ ဟောတိ သမဏဿ ဝါ ပြာဟ္မဏဿ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာဂန္ဓဝိလေပနံ သေယျာဝသထပဒီပေယျံ၊**[၂၃၄]

စည်းစိမ်ဥစ္စာ များပြားရခြင်း စည်းစိမ်ဥစ္စာ နည်းပါးရခြင်းနှင့် ပတ်သက်လို့ မြတ်စွာဘုရား ဟောကြားတော်မူတဲ့ တရားဒေသနာတော် ဖြစ်ပါတယ်။

**မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ဣဓ** = ဤလူ့လောက၌။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်း-ကောင်း။ **ဒါတာ** = ပေးလှူလေ့ရှိသည်။ **န ဟောတိ** = မဖြစ်။ [အလှူဒါန သူက ပြုလေ့မရှိဘူး။] **သမဏဿ ဝါ** = သမဏအားသော်လည်းကောင်း။ **ပြာဟ္မဏဿ ဝါ** = ပြာဟ္မဏအားသော်လည်း-ကောင်း။ **အန္နံ** = ထမင်းကိုလည်းကောင်း (ဝါ) ဆွမ်းကိုလည်းကောင်း။ **ပါနံ** = အဖျော်ယမကာကို လည်းကောင်း။ **ဝတ္ထံ** = အဝတ်ကိုလည်းကောင်း။ **ယာနံ** = ယာဉ်ကိုလည်းကောင်း။ **မာလာဂန္ဓ-ဝိလေပနံ** = ပန်း, နံ့သာ, နံ့သာပျောင်းကိုလည်းကောင်း။ **သေယျာဝသထပဒီပေယျံ** = အိပ်ရာ နေရာ, ကျောင်း, ဆီမီးကိုလည်းကောင်း။ **ဒါတာ** = ပေးလှူတတ်သည်။ **န ဟောတိ** = မဖြစ်။

---

[၂၃၄] မ၃၊၂၄၆။

ဒီပုဂ္ဂိုလ်ကတော့ ပေးကမ်းစွန့်ကြဲခြင်း အလှူဒါနတစ်ခုမှာ ချို့တဲ့နေတယ်။ လှူဖွယ်ဝတ္ထုတွေက ဘာလဲ?— ဆွမ်း, အဖျော်ယမကာ, အဝတ်, ယာဉ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာနေရာ, ကျောင်း, ဆီမီး - ဆိုပြီးတော့ လှူဖွယ်ဝတ္ထု (၁၀)ခု ရှိပါတယ်။ ဒီ (၁၀)မျိုးသော လှူဖွယ်ဝတ္ထုတွေကို ပေးလှူလေ့ မရှိဘူး။ ပေးလှူလေ့ မရှိတဲ့အတွက်ကြောင့် ဘာဖြစ်သလဲ?

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**[၂၇၄]

မပေးလှူတဲ့အတွက်ကြောင့် ငရဲရောက်တာတော့ မဟုတ်ပါဘူး။ မိမိရဲ့ စည်းစိမ်ဥစ္စာတွေအပေါ်၌ တောဒေယျပုဏ္ဏားကြီးတို့ကဲ့သို့ တွယ်တာတပ်မက်တဲ့ ခနလောဘကို အခြေခံ၍ အပါယ်-ငရဲကို ရောက်ခြင်းဖြစ်တယ်။ ဒါကြောင့် —

**သော** = ထိုပုဂ္ဂိုလ်သည်။ **ဧဝံ** = ဤသို့။ **သမတ္တေန** = ပြည့်ပြည့်စုံစုံ ပြုကျင့်၍ ထားအပ်သော။ **ဧဝံ** = ဤသို့။ **သမာဒိန္နေန** = ကောင်းစွာ ဆောက်တည်၍ ထားအပ်သော။ **တေန ကမ္မေန** = ထိုနှမြောစေးနဲခြင်းဆိုတဲ့ အကုသိုလ်ကံကြောင့်။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှ မရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **ဥပပဇ္ဇတိ** = ကပ်ရောက်တတ်ပေ၏။

မိမိ စည်းစိမ်ဥစ္စာအပေါ်မှာ တွယ်တာတပ်မက်နေတဲ့ နှမြောစေးနဲနေတဲ့ ခနလောဘကို အခြေခံပြီးတော့ ပြည့်ပြည့်စုံစုံ တွယ်တာတပ်မက်မှု လောဘတရားကြောင့် သေသည်၏ အခြားမဲ့၌ အပါယ်ဒုဂ္ဂတိရောက်နိုင်တယ်၊ ငရဲရောက်နိုင်တယ်။ ကိုယ့်စည်းစိမ်အပေါ် ကိုယ်တွယ်တာတပ်မက်တာ ဘာဖြစ်ရမလဲ? ကိုယ့်သား ကိုယ်ချစ်မြတ်နိုးတာ ဘာဖြစ်ရမလဲ? ကိုယ့်သမီး ကိုယ်ချစ်မြတ်နိုးတာ ဘာဖြစ်ရမလဲ? ကိုယ့်ပစ္စည်း ကိုယ်မြတ်နိုးတာ ဘာဖြစ်ရမလဲ? ဒီလို စိတ်ထားမျိုးတွေ မရှိသင့်-ဘူးနော် — သတိထားကြ။

ဘုန်းကြီးတို့ ဒီအဘိဓမ္မာစည်းကမ်းကလေးတစ်ခု ရှိပါတယ်၊ သတ္တဝါတစ်ဦးမှာ မကောင်းတဲ့ဘက်က ကြည့်ရင်လည်း အမိကို သတ်ခြင်း, အဘကို သတ်ခြင်း, ရဟန္တာပုဂ္ဂိုလ်အား သတ်ခြင်း, ဘုရားရှင်အား သွေးစိမ်းတည်စေခြင်း, သံဃာသင်းခွဲခြင်းဆိုတဲ့ ကံကြီးငါးခု ကျူးလွန်ထားမှု မရှိဘူးဆိုကြစို့ — နောက်တစ်ခု ကံ-ကံ၏အကျိုးကို လုံးဝပစ်ပယ်နေတဲ့ နတ္ထိကဒိဋ္ဌိ အဟေတုကဒိဋ္ဌိ အကိရိယဒိဋ္ဌိခေါ်တဲ့ မိစ္ဆာဒိဋ္ဌိကြီးသုံးခုလည်း မရှိဘူးထား၊ (ဒီဒိဋ္ဌိကြီးသုံးခုကို သေသည့်တိုင်အောင် မစွန့်လွှတ်ခဲ့ရင် အကျိုးပေးမြဲတဲ့အတွက်ကြောင့် နိယတမိစ္ဆာဒိဋ္ဌိလို့ ခေါ်တယ်။) ဒီနိယတမိစ္ဆာဒိဋ္ဌိ-လည်း မရှိဘူးထား၊ (မကောင်းတဲ့ဘက်က သေသည့်တိုင်အောင် မစွန့်လွှတ်တဲ့ ဒီနိယတမိစ္ဆာဒိဋ္ဌိနှင့်

---

[၂၇၄] မ၃၊၂၄၆။

တကွ အဲဒီ ကံကြီးငါးခု လွန်ကျူးထားတဲ့ ပုဂ္ဂိုလ်တွေဟာ သေသည်၏ အခြားမဲ့မှာ ကျိန်းသေ အပါယ်ရောက်ကြတယ်၊ ဘုရားသော်မှ တားလို့ မရဘူး၊ ကယ်လို့ မရဘူး။ အဇာတသတ်တို့လိုပေါ့။ နိယတမိစ္ဆာဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်ကတော့ သေသည့်တိုင်အောင် ဒီအယူဝါဒကို မစွန့်လွှတ်ခဲ့ဘူးဆိုရင်တော့ ငရဲ ကျိန်းသေရောက်တယ်။ မသေခင် စပ်ကြားမှာ စွန့်လွှတ်ခဲ့လို့ သမ္မာဒိဋ္ဌိအယူဝါဒကို ပြောင်းပြီး-တော့ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့လို့ ထိုသမ္မာဒိဋ္ဌိ ဦးဆောင်နေတဲ့ ကံတွေက အကျိုးပေးဖို့-ရန် အခါအခွင့်သင့်ရင်တော့ ကောင်းရာသုဂတိ ရောက်နိုင်တဲ့သဘော ရှိတယ်။ အကယ်၍ ဒီနိယတ-မိစ္ဆာဒိဋ္ဌိအယူဝါဒကို စွန့်လွှတ်ပြီးတော့ သမထ-ဝိပဿနာဘာဝနာတွေကို စနစ်တကျ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်မယ်ဆိုလျှင်လည်း **မဇ္ဈိမပဏ္ဏာသပါဠိတော် ဒီဃနခသုတ္တန်**[၂၇၅]မှာ လာရှိတဲ့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ တူတော်မောင်ဖြစ်တဲ့ ဒီဃနခပရိဗိုဇ်ကဲ့သို့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိနိုင်တဲ့သဘော ရှိပါတယ်။)

ဒီတော့ မကောင်းတဲ့ဘက်ကလည်း အဲဒီ ကံကြီးငါးခု သို့မဟုတ် နိယတမိစ္ဆာဒိဋ္ဌိ အပါအဝင် ကံကြီးခြောက်ခု မရှိဘူးထား၊ ကောင်းတဲ့ဘက်ကလည်း ဈာန်တရားတွေကို ခိုင်ခိုင်ခံ့ခံ့ မရရှိဘူး သို့မဟုတ် ဝိပဿနာဉာဏ်တွေကို ခိုင်ခိုင်ခံ့ခံ့ မရခဲ့ဖူးဘူးဆိုရင် ထိုပုဂ္ဂိုလ်အတွက် အရေးအကြီးဆုံး-သော အချိန်ကာလတစ်ခုကို သတ်မှတ်ပြောဆိုပါဆိုရင်တော့ သေခါနီးကာလ ဖြစ်ပါတယ်။ သေခါနီး ကာလမှာ နောက်ဆုံး စောသွားတဲ့ဇောကို မရဏာသန္နဇောလို့ ခေါ်တယ်၊ သေခါနီးကာလမှာ နောက်ဆုံး ဖြစ်ပေါ်သွားတဲ့ ဝီထိစိတ်အစဉ်ကို မရဏာသန္နဇောဝီထိလို့ ခေါ်တယ်။ အဲဒီ မရဏာ-သန္နဇောဝီထိထဲမှာ ပါနေတဲ့ ဇောစိတ်တွေသည် အကုသိုလ်ဇော ဖြစ်ခဲ့မယ်ဆိုရင် ကျိန်းသေ အပါယ် ရောက်တယ်၊ ဘုရားသော်လည်း တားလို့ မရဘူး။ သံသရာခရီးမဆုံးသေးတဲ့ ပုဂ္ဂိုလ်တွေအတွက် အဲဒီ မရဏာသန္နဇောသည် ကုသိုလ်ဇော ဖြစ်ခဲ့မယ်ဆိုလို့ရှိရင်လည်း ကောင်းရာသုဂတိ ကျိန်းသေ ဧကန် ရောက်တယ်၊ ဒီမရဏာသန္နဇောက ကုသိုလ်ဇောဖြစ်ရေး အကုသိုလ်ဇောဖြစ်ရေးအတွက်က ဘာနှင့် ဆက်စပ်နေသလဲဆိုတော့ အကုသိုလ်ဇောဖြစ်ရေးမှာကတော့ ခုနက ပြောခဲ့တဲ့ ရာဂဖြစ်-လောက်တဲ့ အာရုံ သို့မဟုတ် ဒေါသဖြစ်လောက်တဲ့ အာရုံ သို့မဟုတ် မောဟဖြစ်လောက်တဲ့ အာရုံ တွေကို မိမိက သေခါနီးကာလမှာ နှလုံးသွင်းမှားခဲ့မယ်ဆိုရင် ရာဂ, ဒေါသ, မောဟ ဖြစ်ဖို့များတယ်။

ကုသိုလ်ဇော ဖြစ်ဖို့ကျတော့ ကြိုတင်ပြင်ဆင်မှုဆိုတာ လိုအပ်ပါတယ်။ ကြိုတင်ပြင်ဆင်မှုမှာ ဒါနလည်း ရှိတယ်၊ သီလလည်း ရှိတယ်၊ သမထလည်း ရှိတယ်၊ ဝိပဿနာလည်း ရှိတယ်။ ဒါန ကုသိုလ်ကံကတော့ ရင့်ကျက်လာလို့ အကျိုးပေးဖို့ရာ အခါအခွင့် သင့်ရင်တော့ ဒါလည်း ကြိုတင် ပြင်ဆင်ထားခဲ့တဲ့အတွက် သေသည်၏ အခြားမဲ့၌ အကျိုးပေးနိုင်တဲ့ စွမ်းအားရှိတယ်။ အခါအခွင့် မသင့်လို့ မရင့်ကျက်သေးဘူးဆိုရင်တော့ သေသည်၏ အခြားမဲ့၌ အကျိုးမပေးနိုင်သေးဘူး။ သီလ ကုသိုလ်ကံဟာလည်း ရင့်ကျက်လာတဲ့အတွက် အခါအခွင့်သင့်လို့ အကျိုးပေးနိုင်တဲ့ စွမ်းအား ရှိခဲ့ရင် တော့ သေသည်၏ အခြားမဲ့၌ အကျိုးပေးမှာပဲ၊ မရင့်ကျက်သေးလို့ အခါအခွင့်မသင့်ရင်လည်း သူက အကျိုးမပေးဘဲသော်လည်း ရှိချင်ရှိဦးမယ်၊ နောင်တစ်ချိန်တော့ အကျိုးပေးမှာပေါ့။ သမထ-

[၂၇၅] မ၊ ၂၊၁၆၅။

ဈာန်တွေကတော့ သေသည့်တိုင်အောင် မလျှောကျခဲ့ဘူးဆိုရင်တော့ ဒီကုသိုလ်ကံက သေသည်၏ အခြားမဲ့၌ အကျိုးပေး မြဲပါတယ်။ သေခါနီးကာလမှာ ဖြစ်စေ မသေခင်စပ်ကြား တစ်ချိန်မှာ ဖြစ်စေ ဒီဈာန်တွေက လျှောကျသွားခဲ့ရင် သူလည်း အကျိုးပေးဖို့ရာ အခါအခွင့်မသင့်တော့ဘူး။ ဝိပဿနာ-ဉာဏ်တွေက ရင့်ကျက်ခဲ့မယ်ဆိုရင် အနည်းဆုံးအားဖြင့် နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟ-ဉာဏ်လောက် ရရှိခဲ့မယ်ဆိုရင်တော့ **"လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော"**[၂၇၆] စသည်ဖြင့် အဋ္ဌကထာများမှာ ဖော်ပြထားကြပါတယ်၊ သာသနာတော်မှာ သက်သာရာကို ရရှိသွားပြီ ဖြစ်တယ်၊ ထောက်ရာ တည်ရာကို ရရှိသွားပြီ ဖြစ်တယ်လို့ ဖွင့်ဆိုထားကြပါတယ်။

ဒါကြောင့် ကောင်းတဲ့ဘက်ကလည်း အဲဒီလို ကျိန်းသေတဲ့ ကံတွေကို ပြုစုပျိုးထောင်မှု မရှိဘူး၊ မကောင်းတဲ့ဘက်ကလည်း ကံကြီးငါးပါး သို့မဟုတ် ခုနက ပြောခဲ့တဲ့ နိယတမိစ္ဆာဒိဋ္ဌိ အဝင်အပါ ဖြစ်တဲ့ ကံကြီးခြောက်မျိုး မရှိခဲ့ဘူးဆိုရင် — ထိုပုထုဇန်ပုဂ္ဂိုလ်တွေအတွက် မရဏာသန္နဇောအချိန်အခါဟာ အရေးအကြီးဆုံး အချိန်ပဲ။ မရဏာသန္နဇောသည် အကုသိုလ်ဇော ဖြစ်ခဲ့မယ်ဆိုရင် သေသည်၏ အခြားမဲ့၌ ကျိန်းသေ အပါယ်ရောက်တယ်၊ မရဏာသန္နဇောသည် ကုသိုလ်ဇော ဖြစ်ခဲ့-မယ်ဆိုရင် သေသည်၏ အခြားမဲ့၌ ကောင်းရာသုဂတိ ကျိန်းသေ ရောက်မယ်။ တစ်သက်တာကာလ-ပတ်လုံး မိမိကလည်း အင်မတန် နှမြောတယ်၊ ခုနက တောဒေယျပုဏ္ဏားကြီးတို့လိုပေါ့၊ စည်းစိမ်ဥစ္စာ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုအပေါ်၌ တွယ်တာတပ်မက်လို့ ဒီအိုး ဒီအိမ်နှင့် မခွဲမခွာဘဲ တစ်သက် လုံး နေထိုင်လာတဲ့ ပုဂ္ဂိုလ်တစ်ဦးက သေခါနီးကာလမှာ ဒီစည်းစိမ်တွေ, ဒီအိုးအိမ်တွေ, မိမိပိုင်ဆိုင်တဲ့ ဒီသက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတွေနှင့် နောင်တစ်ဖန် မတွေ့သော ခွဲခြင်းဖြင့် ကျိန်းသေ ခွဲရတော့ မယ်ဆိုရင် စိတ်တွေ ဘယ်လို ဖြစ်မလဲ? စဉ်းစားသာကြည့်တော့ — ခုလို ခေတ္တခဏ ကျောင်းလာပြီး သကြ်န်ရက်ကလေးအတွင်းမှာ ခဏဥပုသ်စောင့်တာတောင်မှ အိမ်ကို သိပ်စိတ်မချတဲ့ ပုဂ္ဂိုလ်တွေ ဒီထဲမပါကြဘူးလား? ပါနေတယ်။ ခဏကလေး ခွဲရတာပါ။ ဟိုမှာက နောင်တစ်ဖန် မတွေ့သော ခွဲခြင်းဖြင့် ကျိန်းသေ ခွဲရတော့မယ်၊ ထိုအချိန်အခါမှာ ဘယ်လို ဖြစ်မယ်ဆိုတာ စဉ်းစားကြည့်တော့။

ဒါကြောင့် ခု ဒီနေရာမှာက မလှူရက် မတန်းရက်ဆိုတာက မလှူမတန်းခြင်းကြောင့် အပါယ် ရောက်တာတော့ မဟုတ်ဘူး။ လှူဖွယ်ဝတ္ထု ပစ္စည်းစုလို့ သတ်မှတ်ထားအပ်တဲ့ မိမိရဲ့ စည်းစိမ်ဥစ္စာ-တွေအပေါ်၌ တွယ်တာတပ်မက်နေတဲ့ ဓနလောဘကို အခြေခံပြီးတော့ အပါယ်ရောက်သွားတယ်၊ နှမြောစေးနှဲနေတဲ့ ပုဂ္ဂိုလ်ပဲ။ ကဲ - အကယ်၍ အပါယ်မရောက်ဘူးဆိုလို့ရှိရင် ဘာဖြစ်မလဲ?

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ အပ္ပဘောဂေါ ဟောတိ။ အပ္ပဘောဂသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ န ဒါတာ ဟောတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာဂန္ဓဝိလေပနံ သေယျာဝသထပဒီပေယျံ။**[၂၇၇]

ဒကာတော်သုဘလုလင် . . . အကယ်၍များ သေသည်၏ အခြားမဲ့၌ အပါယ်ဒုဂ္ဂတိကို

[၂၇၆] ဝိသုဒ္ဓိ၊ ၂၊ ၂၄၀။ အဘိ၊ဋ္ဌ၊ ၂၊ ၂၄၂။

[၂၇၇] မ၊၃၊ ၂၄၆-၂၄၇။

မရောက်ဘူးပဲထား၊ အခြားအခြားသော ကောင်းမှုကုသိုလ်ကံ တစ်ခုခုကြောင့် လူ့ပြည်လူ့လောကသို့ အကယ်၍ ရောက်ရှိလာခဲ့မယ်ဆိုရင် ဘယ်အမျိုးအနွယ်မှာပဲ လူဖြစ်ဖြစ်, ဖြစ်လေရာ ဘဝမှာ **"အပ္ပဘောဂ"** စည်းစိမ်ဥစ္စာ နည်းပါးတယ်၊ ဆင်းရဲတဲ့ပုဂ္ဂိုလ် ဖြစ်ရတယ်။ ဒီလို မပေးရက် မလှူရက် မတန်းရက်ခြင်းဆိုတဲ့ ကျင့်ဝတ်ပဋိပတ်သည် ရောက်လေရာဘဝမှာ ဆင်းရဲဒုက္ခရဲ့ သို့မဟုတ် စည်းစိမ်ဥစ္စာ နည်းပါးရခြင်းရဲ့ အကြောင်းရင်းတစ်ခု ဖြစ်တယ်၊ စည်းစိမ်ဥစ္စာ နည်းပါးဖို့ရန်အတွက် ကျင့်ဝတ်တစ်မျိုး ဖြစ်တယ်။ ဒီလို မြတ်စွာဘုရားက ဟောကြားပေးတော်မူလိုက်ပါတယ်။

ဒီနေရာမှာ တရားနာပရိသတ်တွေ စဉ်းစားဖို့ရန် အချက်ကို ဆက်ပြီး တင်ပြရဦးမယ်။ ဒီနေရာမှာ သူတစ်ပါးတို့အား မလှူလို မတန်းလိုတဲ့ ဒီစိတ်ထားကို ပြန်ဆန်းစစ်ကြည့်ပါ။ ဒီလို စိတ်နေစိတ်ထားမျိုးတွေမှာ သူတစ်ပါးတို့မှာ ဒီလာဘ်လာဘတွေ ရရှိသွားမှာကို အလိုမရှိတဲ့ စိတ်ထားတွေက ခြံရံနေတာများတယ်။ သူတစ်ပါးတို့မှာ လာဘ်လာဘတွေကို မရရှိစေလိုတဲ့ ဒီစိတ်ထားက မိမိလာဘ်လာဘမရရှိဖို့ရန် အကြောင်းတစ်ခု ဖြစ်လာရပြန်တယ်။ နောက်တစ်ခုကြည့်ပါ – ဒီလို စိတ်နေစိတ်ထားမျိုးတွေမှာ သူတစ်ပါးတို့ ဆင်းရဲမြဲ ဆင်းရဲနေတာကို ကြည့်လိုတဲ့စိတ်ထား လျစ်လျူရှုလိုတဲ့ စိတ်ထားတွေလည်း ခြံရံကောင်း ခြံရံနေတတ်တယ်။ သူတစ်ပါးတို့ ဆင်းရဲမြဲ ဆင်းရဲနေတာကို ကြည့်လိုတဲ့စိတ်ထား လျစ်လျူရှုလိုတဲ့ စိတ်ထားတွေဟာ မိမိ ဆင်းရဲဖို့ရန် အကြောင်းတစ်ခု ဖြစ်လာရပြန်တယ်။ သူတစ်ပါးတို့ကို မိမိက မ,မစခဲ့တဲ့အတွက် မိမိ ဆင်းရဲတဲ့အခါမှာလည်း မ,စမည့်သူ မရှိ ဖြစ်နေတတ်တယ်၊ သတိရှိဖို့ သိပ်ကောင်းတယ်။

## စည်းစိမ်များပြားရခြင်း

ကဲ - နောက်တစ်ခု . . .

**ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ဒါတာ ဟောတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာဂန္ဓဝိလေပနံ သေယျာဝသထပဒီပေယျံ၊**[၂၇၈]

ဒါနဝတ္ထု – ခုနက (၁၀)မျိုး - ဆွမ်းတွေ, အဖျော်တွေ, အဝတ်တွေ, ယာဉ်တွေ, ပန်းတွေ, နံ့သာတွေ, နံ့သာပျောင်းတွေ, အိပ်ရာနေရာတွေ, ကျောင်းတွေ, ဆီမီးတွေ အားလုံး လှူဒါန်းတယ်၊ သမဏအမည်ရှိတဲ့ ဗြာဟ္မဏအမည်ရှိတဲ့ အလှူခံပုဂ္ဂိုလ်တို့ကို ခုနက လှူဖွယ်ဝတ္ထု (၁၀)မျိုးကို မိမိက လှူဒါန်းတယ်၊ အဲဒီလို လှူဒါန်းပြီးတော့ ဘာဖြစ်သလဲ?[၂၇၉]

[၂၇၈] မ၊၃၊၂၄၇။

[၂၇၉] (ကိလေသာအပူ ငြိမ်းအေးတော်မူကြပြီးတဲ့ အရိယာသူတော်ကောင်းတွေကို သမဏလို့ ခေါ်ဆိုပါတယ်။ ကိလေသာတို့မှ စင်ကြယ်တော်မူကြပြီးတဲ့ ဝိသုဒ္ဓိဗြာဟ္မဏအမည်ရှိကြတဲ့ မကောင်းမှု အကုသိုလ်တို့ကို အပပြုထား အပ်ပြီးကြတဲ့ အရိယာသူတော်ကောင်းတို့ကို ဗြာဟ္မဏလို့ ခေါ်ဆိုပါတယ်။ ပုထုဇန်ရဟန်းတော်များကိုတော့ ကိုယ်ကျင့်သီလအားဖြင့်လည်းကောင်း, သမ္မာဒိဋ္ဌိခေါ်တဲ့ မှန်ကန်တဲ့ အယူဝါဒအားဖြင့်လည်းကောင်း, အရိယာသူတော်ကောင်းတွေနှင့် တူညီနေသည့်အတွက်ကြောင့် သဒိသူပစာရအားဖြင့် တင်စားကာ သမဏဟုလည်းကောင်း, ဗြာဟ္မဏဟုလည်းကောင်း ခေါ်ဆိုပါတယ်။ ပုဏ္ဏားများကတော့ အမျိုးဇာတ်အားဖြင့်သာ ဗြာဟ္မဏအမည်ရကြတယ်။ ဤအရာ၌ဆိုလိုသော ဗြာဟ္မဏ မဟုတ်ပါ။)

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။**[၂၈၀]

ပြည့်ပြည့်စုံစုံ ပြုကျင့်ထားတဲ့ ဆောက်တည်ထားတဲ့ ဒီ ဒါနကုသိုလ်ကံ စေတနာကြောင့် သေ-သည်၏ အခြားမဲ့၌ ကောင်းရာသုဂတိသို့ ရောက်တယ်၊ ဘယ်လို ပုဂ္ဂိုလ်မျိုးလဲ? ယေဘုယျအားဖြင့်ပေါ့– ယေဘုယျအားဖြင့် သတ်မှတ်ချက်ကတော့ သီလရှိတဲ့ ပုဂ္ဂိုလ်အားသာလျှင် ကောင်းရာသုဂတိသို့ ရောက်နိုင်တယ်လို့ မြတ်စွာဘုရားရှင်က – ဟို - ဒါနူပပတ္တိသုတ္တန်များမှာ ဟောကြားထားတော်မူပါတယ်၊ သီလမရှိတဲ့ ပုဂ္ဂိုလ်ရော မရောက်နိုင်ဘူးလားလို့ မေးရင်တော့ တစ်ခါတစ်ရံ အလှူခံပုဂ္ဂိုလ်ဘက်က အလွန်မြင့်မြတ်နေတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ မိမိက အလှူခံပုဂ္ဂိုလ်တို့ရဲ့ ဂုဏ်ကျေးဇူးကို သေခါနီးကာလမှာ အာရုံယူနိုင်တဲ့ စွမ်းအား ရှိခဲ့မယ်ဆိုရင်တော့ ကောင်းရာသုဂတိကို ရောက်တဲ့ ထုံးကလေးတွေ နည်းနည်းတော့ ရှိတယ်၊ ဒက္ခိဏဝိဘင်္ဂသုတ္တန်အဋ္ဌကထာ[၂၈၁]မှာ ဒီဃသောမမထေရ်မြတ်ကြီး-အား ဆွမ်းသုံးကြိမ် လှူဒါန်းဖူးတဲ့ တံငါသည်တစ်ဦး နတ်ရွာသုဂတိသို့ ရောက်သွားတဲ့ ထုံးတစ်ခုကို ဖော်ပြထားပါတယ်။

ဒါပေမဲ့ သီလတည်းဟူသော မြေပေါ်မှာ ရပ်တည်ပြီး ကြဲချစိုက်ပျိုးလိုက်တဲ့ ဒါနမျိုးစေ့နှင့် နှိုင်းယှဉ်လို့တော့ ဘယ်လိုမှ မရနိုင်ဘူး၊ လူတော့ ဖြစ်မယ်၊ ဒါပေမဲ့ အဆင့်အတန်းမြင့်မားတဲ့ လူတန်းစားတော့ မဖြစ်နိုင်ဘူးလို့ ဆိုလိုတယ်။ ခု ဒီနေရာမှာကတော့ သီလတည်းဟူသော မြေပေါ်မှာ ရပ်တည်ပြီးတော့ ကြဲချစိုက်ပျိုးလိုက်တဲ့ ဒါနကို မြတ်စွာဘုရားက ဟောကြားနေတော်မူပါတယ်၊ အကယ်၍ နတ်ပြည်နတ်လောက မရောက်ခဲ့ဘူးဆိုရင် ဘာဖြစ်မလဲ?

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ မဟာဘောဂေါ ဟောတိ။ မဟာဘောဂသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ ဒါတာ ဟောတိ သမဏဿ ဝါ ဗြာဟ္မဏဿ ဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာဂန္ဓဝိလေပနံ သေယျာဝသထပဒီပေယျံ။**[၂၈၂]

ဒီလို ဆွမ်း, အဖျော်ယမကာ, အဝတ်သင်္ကန်း, ယာဉ်, ပန်း, နံ့သာ, နံ့သာပျောင်း, အိပ်ရာနေရာ, ကျောင်း, ဆီမီး – ဆိုတဲ့ ဒါနဝတ္ထု အစုစုကို သမဏ ဗြာဟ္မဏတို့အား ပြုစုလှူဒါန်းနေတဲ့ သူတော်-ကောင်းတစ်ဦးဟာ နတ်ပြည်နတ်လောကကို မရောက်ရှိဘူးပဲထား၊ အကယ်၍ လူ့ပြည်လူ့လော-ကကို ရောက်ရှိခဲ့လို့ရှိရင် ဘယ်အမျိုးအနွယ်မှာပဲ လူဖြစ်ဖြစ်၊ ဖြစ်လေရာ ဘဝမှာ "မဟာဘောဂ" များပြားသော စည်းစိမ်ဥစ္စာရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်နိုင်တယ်၊ ဒီလို အလှူဒါနကျင့်ဝတ်ကို ပြည့်ပြည့်စုံစုံ ဆောက်တည်ခြင်းဆိုတဲ့ ကျင့်ဝတ်ပဋိပတ်သည် စည်းစိမ်ဥစ္စာကို ဖြစ်စေတတ်တဲ့ ကျင့်ဝတ်ပဋိပတ် တစ်ခု ဖြစ်တယ်လို့ မြတ်စွာဘုရားက သုဘလုလင်ကို အဖြေပေးတော်မူပါတယ်။

---

[၂၈၀] မ၊၃၊၂၄၇။ [၂၈၁] မဋ္ဌ၊၄၊၂၂၇။ [၂၈၂] မ၊၃၊၂၄၇။

## ပဉ္စသီလသမာဒါနိယမထေရ်

ဒီနေရာမှာ ကိုယ်ကျင့်သီလ ဖြူစင်မြင့်မြတ်တဲ့ သူတော်ကောင်းတစ်ဦးက ပြုစုပျိုးထောင်လိုက်တဲ့ အနည်းငယ်သော ကောင်းမှုကုသိုလ်က ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးတရားများကို ပေးစွမ်းနိုင်ပုံနှင့် ဆက်စပ်ပြီး ပဉ္စသီလသမာဒါနိယမထေရ် အကြောင်းကို နာကြားကြည့်ရအောင် – အလွန်ကြည်ညိုဖွယ်ရာကောင်းတဲ့ မထေရ်မြတ်တစ်ပါး ဖြစ်ပါတယ်။

**ဇာတိယာ ပဉ္စဝဿောဟံ၊ အရဟတ္တမပါပုဏိံ။**
**ဥပသမ္ပာဒယိ ဗုဒ္ဓေါ၊ ဂုဏမညာယ စက္ခုမာ။**[၂၈၃]

ဒီအပဒါန်ပါဠိတော်မှာ လာရှိတဲ့အတိုင်း – ငါးနှစ်သားအရွယ်မှာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်တော်မူခဲ့တဲ့ ထူးကဲတဲ့ သူတော်ကောင်းတစ်ဦး ဖြစ်ပါတယ်။ အရဟတ္တဖိုလ်ဆိုတဲ့ ဂုဏ်ကျေးဇူးကို ဘုရားရှင်က သိရှိတော်မူတဲ့အတွက် ငါးနှစ်သားအရွယ်မှာပဲ ရဟန်းပဉ္စင်းအဖြစ်ကို ခွင့်ပြုတော်မူခဲ့တဲ့ မထေရ်မြတ်တစ်ပါးလည်း ဖြစ်ပါတယ်။ သူ့ရဲ့ အတိတ်ပါရမီတွေကို နာကြည့်ရအောင် . . . ။

## အောင်မြင်သော ပါရမီမျိုးစေ့တစ်ခု

**အယမ္ပိ ပုရိမဗုဒ္ဓေသု ကတာဓိကာရော တတ္ထ တတ္ထ ဘဝေ ဝိဝဋ္ဋူပနိဿယာနိ ပုညာနိ ဥပစိနန္တော . . .** [၂၈၄]

စသည်ဖြင့် အပဒါန်အဋ္ဌကထာမှာ သူဖြည့်ကျင့်ခဲ့တဲ့ ပါရမီတရားကောင်းတွေကို ရှင်းလင်းတင်ပြထားပါတယ်။

လွန်ခဲ့သော တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က လောကမှာ အနောမဒဿီဘုရားရှင် ပွင့်ထွန်းတော်မူခဲ့ပါတယ်။ အနောမဒဿီမြတ်စွာဘုရား မပွင့်မီ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်တွေမှာလည်း ပဉ္စသီလသမာဒါနိယမထေရ်အလောင်း အမျိုးကောင်းသားဟာ ထိုထိုဘဝတွေမှာ သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်ကြောင်းဖြစ်တဲ့ ကောင်းမှုကုသိုလ်တွေကို ဆည်းပူးစုဆောင်းခဲ့ပါတယ်။ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်တဲ့ အဓိကာရအမည်ရတဲ့ ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းတွေကို ပြုစုပျိုးထောင်ခဲ့တယ်။ ဒီနေရာမှာ ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်း အကြောင်းအရာတွေကို ခပ်တိုတို ထပ်ပြီး ပြောရဦးမယ်။ နိဗ္ဗာန်ကို အလိုရှိတဲ့ သူတော်ကောင်းတိုင်း ပြုစုပျိုးထောင်ရမည့် ပါရမီမျိုးစေ့ကောင်းတွေ ဖြစ်ကြတယ်။ ရှေးဦးစွာ ဝိဇ္ဇာမျိုးစေ့ အကြောင်းကို ပြောမယ်။

---

[၂၈၃] အပဒါန၊၁၊၈၅။ [၂၈၄] အပဒါန၊ဋ္ဌ၊၂၄၀-၄၁။

## ဝိဇ္ဇာမျိုးစေ့ကောင်း

ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး – ဆိုပြီး နှစ်မျိုးလာရှိပါတယ်။ ဝိဇ္ဇာ (၃)ပါးကို **ဘယဘေဝရသုတ္တန်**[၂၈၅]မှာ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားတော်မူခဲ့ပါတယ်။ ဝိဇ္ဇာ (၈)ပါးကို **အမ္ဗဋ္ဌသုတ္တန်**[၂၈၆] မှာ မြတ်စွာဘုရားရှင်ကိုယ်တော်တိုင် ဟောကြားထားတော်မူခဲ့ပါတယ်။ တရားနာပုဂ္ဂိုလ်တို့ရဲ့ အလို အဇ္ဈာသယဓာတ်နှင့် လျော်ညီစွာ နှစ်မျိုး ခွဲခြားပြီး ဘုရားရှင်က ဟောကြားတော်မူခြင်း ဖြစ်တယ်။

ဝိဇ္ဇာသုံးပါးဆိုတာက – ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်, အာသဝက္ခယဉာဏ် ဒီဉာဏ် သုံးပါးကို ခေါ်ဆိုတယ်။ ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ဆိုတာက – ရှေးရှေးဘဝတို့၌ ဖြစ်ခဲ့ဖူးတဲ့ ခန္ဓာ အစဉ်ကို အစဉ်လျှောက်ပြီး အောက်မေ့သိမြင်တတ်တဲ့ဉာဏ် ဖြစ်တယ်။ ဒိဗ္ဗစက္ခုဉာဏ်ဆိုတာက– နတ်မျက်စိလိုပဲ အဝေးအနီးရှိသမျှ အလုံးစုံဖြစ်တဲ့ အဆင်းဟူသမျှကိုရော, တံတိုင်း-နံရံ-တော- တောင် စတဲ့ အရာဝတ္ထု တစ်ခုခုနှင့် ဖုံးကွယ်ထားတဲ့ အဆင်းတွေကိုရော, သိမ်မွေ့နူးညံ့တဲ့ အဆင်း တွေကိုရော - အဲဒီလို အဆင်းတွေကို လင်းလင်းထင်ထင် သိမြင်တဲ့ဉာဏ်ကို ခေါ်ဆိုတယ်။ အာသ- ဝက္ခယဉာဏ်ဆိုတာကတော့ အာသဝေါတရားလေးပါးတို့ အကြွင်းမဲ့ ကုန်ရာကုန်ကြောင်းဖြစ်တဲ့ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်တွေကို ခေါ်ဆိုတယ်။

ဝိဇ္ဇာရှစ်ပါးဆိုတာက ခုပြောခဲ့တဲ့ ဉာဏ်သုံးပါးနှင့်တကွ **ဝိပဿနာဉာဏ်, မနောမယိဒ္ဓိဉာဏ်, ဣဒ္ဓိဝိဓဉာဏ်, ဒိဗ္ဗသောတဉာဏ်, စေတောပရိယဉာဏ်**တွေကို ခေါ်ဆိုပါတယ်။

ဒီဉာဏ်တွေထဲမှာ **ဝိပဿနာဉာဏ်**ဆိုတာက – ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရတဲ့ အကြောင်းတရားနှင့် တကွသော ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တ အချက်တွေကို လင်းလင်းထင်ထင် သိမြင်တဲ့ဉာဏ်ကို ခေါ်ဆိုပါတယ်။

**မနောမယိဒ္ဓိဉာဏ်**ဆိုတာက – ခန္ဓာကိုယ်တွင်း စျာန်စိတ်ကြောင့်ဖြစ်တဲ့ မိမိနှင့် ပုံတူ အခြား သော မနောမယကိုယ်ကို ဖြစ်စေနိုင်တဲ့ ဉာဏ်ကို ခေါ်ဆိုတယ်။ **ဣဒ္ဓိဝိဓဉာဏ်**ကတော့ – မြေလျှိုး မိုးပျံခြင်းစတဲ့ တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်တဲ့ ဉာဏ်ပဲ။ **ဒိဗ္ဗသောတဉာဏ်**ကတော့ – နတ်တွေရဲ့ နားလိုပဲ အဝေးအရပ်၌ တည်ရှိတဲ့ အသံ, တံတိုင်းနံရံ စတဲ့ တစ်စုံတစ်ရာ ခြားကွယ်နေတဲ့ အသံ, သိမ်မွေ့နူးညံ့တဲ့ အသံ – အဲဒီလို အသံအမျိုးမျိုးကို ကြားနိုင်တဲ့ ဉာဏ်ပဲ။ **စေတောပရိယဉာဏ်** ကတော့ – သူတစ်ပါးရဲ့ စိတ်ဖြစ်ဟန်ကို သိတဲ့ဉာဏ်ပဲ။ အားလုံးပေါင်းလိုက်တော့ ဝိဇ္ဇာ (၈)ပါးပဲ။

ဒီဝိဇ္ဇာ (၈)ပါးထဲမှာ သာဝကပါရမီဉာဏ်အရာမှာ အထူးလိုအပ်ချက်ကတော့ ဝိပဿနာဉာဏ် ဖြစ်ပါတယ်။ ခုပြောနေတဲ့ ပဉ္စသီလသမာဒါနိယမထေရ်ကို ကြည့်မယ်ဆိုရင် –

> **ပဋိသမ္ဘိဒါ စတဿော၊ ဝိမောက္ခာပိ စ အဋ္ဌိမေ။**
> **ဆဠဘိညာ သစ္ဆိကတာ၊ ကတံ ဗုဒ္ဓဿ သာသနံ။**[၂၈၇]

---

[၂၈၅] မ၁၊၂၆။ [၂၈၆] ဒီ၁၊၉၄။ [၂၈၇] အပဒါန၁၊၈၆။

မထေရ်မြတ်ကိုယ်တိုင် ဟောကြားထားတော်မူခဲ့တဲ့ အပဒါန်ပါဠိတော်အရ ဒီမထေရ်မြတ်ဟာ -

၁။ ပဋိသမ္ဘိဒါဉာဏ် (၄)ပါး

၂။ ဝိမောက္ခတရား (၈)ပါး = စျာန်သမာပတ် (၈)ပါး

၃။ အဘိညာဉ် (၆)ပါး – တို့ကို

ရရှိတော်မူတဲ့ သူတော်ကောင်းတစ်ဦး ဖြစ်ပါတယ်။ ပဋိသမ္ဘိဒါဉာဏ်တွေကို ရရှိတဲ့ သူတော်ကောင်းတို့မှာ ပြည့်စုံရမည့် အင်္ဂါရပ်ငါးခုထဲမှာ ပုဗ္ဗယောဂခေါ်တဲ့ အင်္ဂါရပ်လည်း တစ်ခု ပါဝင်ပါတယ်။ ရှေ့ပိုင်းက ရှင်းပြခဲ့တဲ့အတိုင်း ပုဗ္ဗယောဂဆိုတာ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကို စီးဖြန်းခဲ့ဖူးခြင်းကို ဆိုလိုပါတယ်။[၂၈၈] ဒါကြောင့် ဒီပဥ္စသီလသမာဒါနိယမထေရ်အလောင်းဟာ ဂေါတမမြတ်စွာဘုရားရဲ့ သာသနာမတိုင်မီ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကို သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် အထက်တန်းကျကျ အားထုတ်ခဲ့ဖူးတယ်ဆိုတဲ့ အချက်ကိုတော့ အလေးအနက် မှတ်သားထားပါ။

## တရားတော်၏ နက်နဲမှု

**အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ။**[၂၈၉]

ဒုက္ခသစ္စာ အမည်ရတဲ့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, အကြမ်း, အနု, အယုတ်, အမြတ်, အဝေး, အနီး ဆိုတဲ့ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေတဲ့ ဥပါဒါနက္ခန္ဓာငါးပါး (= ရုပ်တရား နာမ်တရားတွေ)နှင့် သမုဒယသစ္စာအမည်ရတဲ့ ယင်းရုပ်နာမ်တို့ရဲ့ အကြောင်းတရားဆိုတဲ့ သင်္ခါရတရားတွေကို ယင်းသင်္ခါရတရားတို့ရဲ့ ဖြစ်ပြီး ပျက်နေတဲ့သဘော, ပြိုပြိုပျက်ပျက်နေသည့်သဘောကို ဉာဏ်ဖြင့်မြင်အောင် ကြည့်ပြီးတော့ အနိစ္စလို့ ရှုတယ်။ ဒီသင်္ခါရတရားတွေရဲ့ ဖြစ်ခြင်း ပျက်ခြင်း ဒဏ်ချက်ဖြင့်, အပျက်ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံနေရတဲ့သဘောကို ဉာဏ်နှင့်မြင်အောင် ကြည့်ပြီး ဒုက္ခလို့ ရှုတယ်။ ဒီသင်္ခါရတရားတွေထဲမှာ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ အတ္တ မရှိမှုသဘောကို ဉာဏ်နှင့်မြင်အောင် ကြည့်ပြီး အနတ္တလို့ ရှုတယ်။ အဲဒီလို ဒီသင်္ခါရတရားတွေကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးတန် တင်ပြီး အမျိုးမျိုးသော အခြင်းအရာတို့ဖြင့် သိအောင် မြင်အောင် ရှုတတ်တဲ့ ဉာဏ်ကို ဝိပဿနာဉာဏ်လို့ ခေါ်ဆိုတယ်။[၂၉၀]

ဘုရားရှင်ရဲ့ တရားတော်မှာ ရုပ် (၂၈)ပါး လာရှိပါတယ်။ ဒီရုပ်တရားတွေဟာ ရုပ်ကလာပ်လို့ ခေါ်ဆိုတဲ့ အမှုန်ကလေးတွေအနေနဲ့ ဖြစ်ကြတယ်။ ဒီရုပ်ကလာပ်အမှုန်ကလေးတွေဟာ အဏုမြူမှုန်ထက် အဆပေါင်းများစွာ သေးငယ်ပါတယ်။ အဲဒီလောက် သေးငယ်နေတဲ့ ရုပ်ကလာပ် တစ်မှုန်တစ်မှုန်မှာ ပထဝီ-အာပေါ-တေဇော-ဝါယော-ဝဏ္ဏ-ဂန္ဓ-ရသ-ဩဇာ ဆိုပြီး အနည်းဆုံးအားဖြင့်

[၂၈၈] ဝိသုဒ္ဓိ၊၂၊၇၂။ [၂၈၉, ၂၉၀] အဘိ၊ဋ္ဌ၊၁၊၁၇၅။

သဘောတရား (၈)ခုစီ ရှိတတ်ကြတယ်။ တချို့ရုပ်ကလာပ်တွေကျတော့ ဇီဝိတနှင့်တကွ (၉)ခုအထိ ရှိတတ်ကြတယ်။ တချို့ရုပ်ကလာပ်တွေကျတော့ အကြည်ဓာတ် = ပသာဒရုပ် သို့မဟုတ် ဟဒယရုပ် သို့မဟုတ် ဘာဝရုပ် တစ်မျိုးမျိုးပါခဲ့ရင် သဘောတရား (၁၀)ခုအထိ ရှိတတ်ကြတယ်။

အဲဒီ ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်းမှာ တည်ရှိတဲ့ ခုပြောခဲ့တဲ့ (၈)မျိုး (၉)မျိုး (၁၀)မျိုးသော သဘောတရားကလေးတွေကိုသာ ပရမတ္ထရုပ်တရားလို့ ခေါ်ဆိုပါတယ်။ အဲဒီ ရုပ်တရားတွေကို သိတတ်တဲ့ဉာဏ်ကို ရူပပရိဂ္ဂဟဉာဏ် = ရူပပရိစ္ဆေဒဉာဏ်လို့ ခေါ်ဆိုတယ်။ ဒီရုပ်တရားတွေရဲ့ ကံ-စိတ်-ဥတု-အာဟာရဆိုတဲ့ ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေကို သိတတ်တဲ့ ဉာဏ်ကို ပစ္စယ-ပရိဂ္ဂဟဉာဏ်လို့ ခေါ်ဆိုတယ်။ ဒီရုပ်တရားတွေရဲ့ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာတွေကို ထိုးထွင်း သိတတ်တဲ့ ဉာဏ်ကို ဝိပဿနာဉာဏ်လို့ ခေါ်ဆိုတယ်။

နောက်တစ်ခု — နာမ်လောကအကြောင်းကို ပြောဦးမယ်၊ နာမ်တရားတွေမှာ ဝီထိစိတ်နှင့် ဝီထိမုတ်စိတ် = ဝီထိမှ အလွတ်ဖြစ်သော စိတ်ဆိုပြီး နှစ်မျိုးရှိတယ်။ ဝီထိမုတ်စိတ်မှာလည်း ပဋိသန္ဓေ, ဘဝင်, စုတိစိတ်ဆိုပြီး (၃)မျိုး ရှိတယ်။ ဘဝတစ်ခုမှာ ခေါင်ဆုံးဖြစ်တဲ့ ဘဝင်စိတ်ကို ပဋိသန္ဓေစိတ်လို့ ခေါ်တယ်။ ဘဝတစ်ခုမှာ နောက်ဆုံးဖြစ်သွားတဲ့ ဘဝင်စိတ်ကို စုတိစိတ်လို့ ခေါ်တယ်။ ပဋိသန္ဓေစိတ် ဆိုတာ ဘဝဟောင်းနှင့် ဘဝသစ်ကို, တစ်နည်းပြောရရင်တော့ ဘဝဟောင်းခန္ဓာနှင့် ဘဝသစ်ခန္ဓာကို ဆက်စပ်ပေးတဲ့ စိတ်လို့ ဆိုလိုတယ်။ စုတိစိတ်ဆိုတာကတော့ ဘဝတစ်ခုမှ ရွေ့လျောသွားတဲ့စိတ်လို့ ဆိုလိုတယ်။ အဲဒီ ပဋိသန္ဓေနှင့် စုတိစိတ်တို့ရဲ့ အကြားမှာ ဝီထိစိတ် မဖြစ်ခဲ့ရင် ဘဝတစ်ခုဝယ် စိတ်အစဉ် မပြတ်စဲရေးအတွက်, ဘဝ ဆက်လက်တည်တံ့ရေးအတွက် ဘဝရဲ့ အကြောင်းတရား အဖြစ် ဆက်လက်ဖြစ်ပေါ်နေတဲ့စိတ်ကို ဘဝင်စိတ်လို့ ခေါ်ဆိုတယ်။ ဝီထိစိတ်ကတော့ — စက္ခုဒွါရ-ဝီထိစိတ်, သောတဒွါရဝီထိစိတ်, ဃာနဒွါရဝီထိစိတ်, ဇိဝှာဒွါရဝီထိစိတ်, ကာယဒွါရဝီထိစိတ်, မနော-ဒွါရဝီထိစိတ်ဆိုတဲ့ အဆင်း-အသံ-အနံ့-အရသာ-အတွေ့အထိ-ဓမ္မသဘောဆိုတဲ့ အာရုံ (၆)ပါးကို ထိုက်သလို သိနေတဲ့ စိတ်အစဉ် (၆)မျိုးပဲ။ ဒီဝီထိစိတ်အစဉ်တွေကလည်း စိတ်တို့ရဲ့ ကျိန်းသေဧကန်မြဲတဲ့ ဓမ္မတာလမ်းကြောင်းဆိုတဲ့ စိတ္တနိယာမသဘောတရားအတိုင်း — ရူပါရုံကို မြင်တဲ့အခါ — ပဉ္စဒွါရာဝဇ္ဇန်း, စက္ခုဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော (၇)ကြိမ်, တဒါရုံ (၂)ကြိမ် — စသည်ဖြင့် ဖြစ်ပေါ်သွားကြတယ်။ အသံကို ကြားရာ စသည်တို့မှာလည်း - ပုံစံတူပဲ။

အဲဒီလို စိတ္တနိယာမလမ်းကြောင်းအတိုင်း ဖြစ်ပေါ်သွားကြတဲ့ စိတ်တွေဟာ စေတသိက်တွေနှင့် အမြဲတမ်း ယှဉ်တွဲပြီးသာ ဖြစ်ကြတယ်။ စိတ်တစ်ခုတည်း စေတသိက်တစ်ခုတည်း ဖြစ်နိုင်တဲ့ စွမ်းအား မရှိကြဘူး။ အနည်းဆုံးပမာဏအားဖြင့် စက္ခုဝိညာဏ်-ဖဿ-ဝေဒနာ-သညာ-စေတနာ-ဧကဂ္ဂတာ-ဇီဝိတ-မနသိကာရဆိုပြီး စိတ်+စေတသိက် သဘောတရား (၈)ခု ပေါင်းစပ်မှ ဖြစ်ပေါ်နိုင်တဲ့စွမ်းအား ရှိတယ်။ ဒါကတော့ စက္ခုဝိညာဏ်စိတ္တက္ခဏတစ်ခုရဲ့ အခိုက်အတန့်ကို ရည်ညွှန်းပြီး ပြောတာပါ။ ဇောတို့လို တချို့စိတ္တက္ခဏတွေမှာဆိုရင် ကုသိုလ်ဇောဖြစ်ခဲ့ရင် တစ်ခါတစ်ရံ စိတ်စေတသိက် (၃၄)လုံးအထိ ရှိတတ်ကြပါတယ်။

ဒီနာမ်တရားတွေကို ထိုးထွင်းသိတဲ့ဉာဏ်ကို နာမပရိစ္ဆေဒဉာဏ် = နာမပရိဂ္ဂဟဉာဏ်လို့ ခေါ်ဆို-တယ်။ ဒီနာမ်တရားတွေရဲ့ အတိတ်ဘဝထိုထို စတဲ့ ထိုထို ဘုံဘဝတွေမှာ ထူထောင်ထားခဲ့တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံစတဲ့ အကြောင်းတရား — ယင်းနာမ်တရားတို့ရဲ့ မှီဖြစ်ရာ ဝတ္ထုရုပ်, စွဲမှီ၍ သိစရာ အာရုံ, အတူယှဉ်တွဲဖြစ်တဲ့ ဖဿ စတဲ့ ယှဉ်ဖက်စေတသိက် ဒီလို အကြောင်း-တရားတွေကို ထိုးထွင်းသိတတ်တဲ့ဉာဏ်ကို ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်။ အဲဒီ အကြောင်း-တရားနှင့်တကွ ဒီနာမ်တရားတွေရဲ့ အနိစ္စ ဒုက္ခ အနတ္တအချက်တွေကို ထိုးထွင်းသိတတ်တဲ့ဉာဏ်ကို ဝိပဿနာဉာဏ်လို့ ခေါ်တယ်။

## ခေတ္တရပ်နားကြည့်ပါ

ဒီနေရာမှာ တရားနာပရိသတ်တွေ ခေတ္တရပ်နားကြည့်ပါ။ ခုပြောခဲ့တဲ့ ဝိပဿနာဉာဏ်ဆိုတာ ဒီသာသနာတော်အတွင်းမှာသာ ရနိုင်တဲ့ဉာဏ်မျိုး ဖြစ်တယ်။ ဘုန်းကြီးတို့သာသနာတော်ရဲ့ အပြင်-ဘက်မှာ ဒီလို ဝိပဿနာဉာဏ်မျိုး ရနိုင်ဖို့ဆိုတာ အလွန်ခက်ခဲတဲ့သဘော ရှိတယ်။ သူတော်ကောင်း တစ်ဦးဟာ ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမထားတော်မူတဲ့အတိုင်း သမထ-ဝိပဿနာကျင့်စဉ်တွေကို စနစ်တကျကျင့်လို့ ဒီလို ဝိပဿနာဉာဏ်မျိုးတွေကို ရရှိတယ်ဆိုရင် ဒီလို အသိထူး ဉာဏ်ထူးတွေကို အလွန်အဆင့်အတန်းမြင့်မားတဲ့ အသိဉာဏ်တွေလို့ မပြောနိုင်ဘူးလား? ပြောနိုင်ပါတယ်။ ဒီလို အဆင့်အတန်းမြင့်မားလှတဲ့ အသိဉာဏ်တွေကို ရရှိထားတဲ့ သူတော်ကောင်းတစ်ဦးကို ဒီဉာဏ်တွေက ဒီသူတော်ကောင်းကို သံသရာခရီး မဆုံးသေးလို့ ထင်ရှားရှိနေဦးမယ်ဆိုရင် သံသရာခရီး တစ်လျှောက်လုံးမှာ အသိထူး ဉာဏ်ထူးရှိတဲ့ သူတော်ကောင်းတစ်ဦး ဖြစ်အောင် စွမ်းဆောင်ပေးပါတယ်။ ပဥ္စသီလသမာဒါနိယမထေရ်အကြောင်းကို နာကြားနေတဲ့ ခုလို အချိန်မှာ ဒီအချက်ကိုတော့ သတိပြုထားပါ။

## စရဏမျိုးစေ့ကောင်း

**သီ-ဣန်-ဘော-ဇာ၊ သတ်-စတ္တာ၊ မှတ်ပါ စရဏ-**ဆိုတဲ့ လင်္ကာအတိုင်း —

၁။ သီလသံဝရ

၂။ ဣန္ဒြိယေသု ဂုတ္တဒွါရတာ

၃။ ဘောဇနေ မတ္တညုတာ

၄။ ဇာဂရိယာနုယောဂ

၅-၁၁။ သူတော်ကောင်းတရား (၇)ပါး

၁၂-၁၅။ ရူပါဝစရဈာန် (၄)ပါး —

အားလုံးပေါင်းလိုက်တော့ စရဏတရား (၁၅)ပါးပဲ။

**၁။ သီလသံဝရ**ဆိုတာက — ရဟန်းဖြစ်ရင် ရဟန်းသီလ, လူဖြစ်ရင် လူ့သီလကို စင်ကြယ်အောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းပဲ။

၂။ **ဣန္ဒြိယေသု ဂုတ္တဒွါရတာ** — ဆိုတာကတော့ မျက်စိ-နား-နှာ-လျှာ-ကိုယ်-စိတ်ဆိုတဲ့ ဣန္ဒြေ ခြောက်ပါး တံခါးခြောက်ပေါက်တို့မှာ အကုသိုလ်တရားတွေ မဝင်ရောက်နိုင်အောင် မဖြစ်ရအောင် သမထ-ဝိပဿနာဆိုတဲ့ ကမ္မဋ္ဌာန်းအာရုံတစ်ခုခုထဲမှာ မိမိတို့ရဲ့စိတ်ကို အမြဲတမ်း သွတ်သွင်းထားခြင်းပဲ။ သတိနှင့် ထိန်းသိမ်းစောင့်ရှောက်ကာ လိပ်ခွံနဲ့တူတဲ့ ကမ္မဋ္ဌာန်းအာရုံထဲမှာ သမထဘာဝနာစိတ် သို့မဟုတ် ဝိပဿနာဘာဝနာစိတ်ကို သွတ်သွင်းထားနိုင်ရင်တော့ မြေခွေးနှင့်တူတဲ့ ကိလေသာတွေဟာ ဝင်ရောက်ခွင့် မရနိုင်ဘူးလို့ သဠာယတနဝဂ္ဂ သံယုတ်ပါဠိတော် **ကုမ္မောပမာ-သုတ္တန်**[၂၉၀]မှာ မြတ်စွာဘုရားက ဟောကြားထားတော်မူပါတယ်။

၃။ **ဘောဇနေ မတ္တညုတာ —** ဘောဇဉ်မှာ အတိုင်းအရှည်ပမာဏကို သိရမယ်တဲ့ — ဘယ်လို သိရမှာလဲ? — ခံယူတဲ့ အလှူခံတဲ့အပိုင်း, စားသုံးတဲ့အပိုင်းဆိုတဲ့ နှစ်ပိုင်းလုံးမှာ အတိုင်းအရှည် ပမာဏကို သိဖို့ပဲ။

(က) အလှူရှင်ဒကာက သဒ္ဓါတရား အားကောင်းတယ်။ ဒါပေမဲ့ လှူဖွယ်ဝတ္ထုက နည်းနေရင်တော့ လှူဖွယ်ဝတ္ထုအင်အားကို ငဲ့ပြီးတော့ နည်းနည်းပဲ အလှူခံရတယ်။

(ခ) လှူဖွယ်ဝတ္ထုကတော့ များပါတယ်။ ဒါပေမဲ့ အလှူရှင်ဒကာက နည်းနည်းပဲ လှူချင်တဲ့ သဒ္ဓါတရားရှိတယ်ဆိုရင်လည်း ဒကာရဲ့ သဒ္ဓါတရားကို ငဲ့ပြီးတော့ နည်းနည်းပဲ အလှူခံရတယ်။

(ဂ) အလှူ့ဒကာကလည်း သဒ္ဓါတရား သိပ်အားကောင်းတယ်၊ များများပဲ လှူချင်တယ်၊ လှူဖွယ်ဝတ္ထုတွေကလည်း သိပ်များနေတယ်ဆိုရင် မိမိရဲ့ ပမာဏကို နှိုင်းချိန်ပြီးတော့ မိမိနှင့် မျှတ ရုံလောက်ကိုပဲ အလှူခံရတယ်။

ဒီသုံးမျိုးကတော့ အလှူခံတဲ့နေရာမှာ အလှူခံတဲ့အပိုင်းမှာ အတိုင်းအရှည်ကို သိခြင်းပဲ။

စားသုံးတဲ့အခါမှာတော့ — ဆွမ်းကို ပြီးခါနီးမှာ လေးလုတ် ငါးလုတ်လောက် လျှော့ပြီးစားကာ ပစ္စဝေက္ခဏာဆင်ခြင်လျက် စားသုံးရမယ်။ ဒါကတော့ ဆွမ်းကိုသုံးဆောင်တဲ့အပိုင်းမှာ အတိုင်း အရှည်ကို သိခြင်းပဲ။

၄။ **ဇာဂရိယာနုယောဂ** — နိုးကြားမှု (= နိုးချပ်မှု)နှင့် ယှဉ်ခြင်း = နိုးကြားမှု (= နိုးချပ်မှု)ကို အဖန်ဖန် အထပ်ထပ် အားထုတ်ခြင်း — မအိပ်ဘဲ နေရုံမျှလောက်ကိုတော့ နိုးကြားမှု (=နိုးချပ်မှု)နှင့် ယှဉ်ခြင်းလို့တော့ မဆိုလိုဘူး။ ညဥ့်သုံးယာမ်မှာ တစ်ယာမ်လောက်သာ ကျိန်းစက်ပြီး (လေးနာရီ လောက် ဆိုပါစို့ — အဲဒီလောက်သာ ကျိန်းစက်ပြီး) ကြွင်းကျန်တဲ့ နာရီနှစ်ဆယ်လောက် ကာလပတ်-လုံး စင်္ကြံသွားခြင်း ထိုင်ခြင်းဖြင့် သမထ-ဝိပဿနာဆိုတဲ့ ရဟန်းတရားတွေကို ပွားများအားထုတ်ခြင်း ကို နိုးကြားမှုနှင့် (= နိုးချပ်မှု)နှင့် ယှဉ်ခြင်းလို့ ဆိုလိုတယ်။

---

[၂၉၀] သံ၊ ၂၃၈၅။

**၅-၁၁။ သ-သ-ဟိ-ဩ၊ ဗ-ဝီ-ပေါ၊ မှတ်လော (၇)ဖြာ** – ဆိုတဲ့ လင်္ကာအတိုင်း သဒ္ဓါ, သတိ, ဟိရိ, ဩတ္တပ္ပ, ဗာဟုသစ္စ, ဝီရိယ, ဝိပဿနာပညာဆိုတဲ့ သတ္တသဒ္ဓမ္မခေါ်တဲ့ သူတော်ကောင်းတရား (၇)ပါးပဲ။

**သဒ္ဓါ** – သဒ္ဓါဆိုတာက ရတနာသုံးတန် ကံ-ကံ၏အကျိုးတရားစတဲ့ ယုံကြည်သင့် ယုံကြည်ထိုက်တဲ့ သဒ္ဒေယျဝတ္ထုတို့အပေါ်၌ ယုံကြည်သက်ဝင်မှုကို ဆိုလိုတယ်။ အထက်က ပြောခဲ့တဲ့အတိုင်း ရုပ်နာမ်တရားတွေကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ထိုးထွင်းသိတတ်တဲ့ နာမရူပပရိစ္ဆေဒ-ဉာဏ်, အဲဒီ ရုပ်နာမ်တွေရဲ့ အကြောင်းတရားတွေကို ထိုးထွင်းသိတတ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်တွေနှင့် ယှဉ်တွဲနေတဲ့ သဒ္ဓါတရားကတော့ စံချိန်မီ သဒ္ဓါတရားပဲ ဖြစ်ပါတယ်။ ဝိပဿနာဉာဏ်တွေနှင့် ယှဉ်တွဲနေတဲ့ သဒ္ဓါတရားကတော့ အတိုင်းထက်အလွန်, တံခွန်နှင့် ဘုရားပဲ ဖြစ်ပါတယ်။

**သတိ** – သတိဆိုတာကတော့ ရုပ်-နာမ် ကြောင်း-ကျိုး = သင်္ခါရတရားတွေကို အောက်မေ့အမှတ်ရခြင်း, ဒီသင်္ခါရတရားတွေရဲ့ အနိစ္စ ဒုက္ခ အနတ္တ အခြင်းအရာတွေကို အောက်မေ့အမှတ်-ရခြင်းသဘောကို ဆိုလိုတယ်။

**ဟိရိ, ဩတ္တ ပ္ပ** – ဟိရိဆိုတာက မကောင်းမှု အကုသိုလ်တရား ဒုစရိုက်တရားတို့မှ ရှက်ခြင်းသဘော, **ဩတ္တပ္ပ**ဆိုတာက မကောင်းမှု အကုသိုလ်တရား ဒုစရိုက်တွေမှ ကြောက်လန့်ခြင်းသဘော ဖြစ်တယ်။ ပါရမီရှင် သူတော်ကောင်းတိုင်းမှာ ရှိရမည့်တရားတွေပဲ ဖြစ်ကြတယ်။

**ဗာဟုသစ္စ** – ဗာဟုသစ္စဆိုတာကတော့ – ဘုရားရှင်ရဲ့ တရားတော်တွေမှာ လာရှိတဲ့ ရုပ်-နာမ် ကြောင်း-ကျိုး = သင်္ခါရတရားတွေကို အာဂမသုတခေါ်တဲ့ သင်သိ, အဓိဂမသုတခေါ်တဲ့ ကျင့်သိ – ဒီအသိနှစ်မျိုးဖြင့် သိခြင်းကို ဆိုလိုတယ်။

**တထာရူပါဿ ဓမ္မာ ဗဟုဿုတာ ဟောန္တိ ဓာတာ ဝစသာ ပရိစိတာ မနသာနုပေက္ခိတာ ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ။ ဣဒံ ဝုစ္စတိ ဘိက္ခဝေ သုတဓနံ။**[၂၉]

**အဿ** = ထိုရဟန်းတော်သည်။ **တထာရူပါ ဓမ္မာ** = ထိုသို့ ဟောကြားထားအပ်ကုန်သော သင်္ခါရတရားတို့ကို။ **ဗဟုဿုတာ** = များသော ဗဟုသုတ အကြားအမြင် ရှိကုန်သည်**။ ဟောန္တိ** = ဖြစ်ကုန်၏။ **ဓာတာ** = နှုတ်ငုံဆောင်ထားအပ်ကုန်သည်။ **ဝစသာ ပရိစိတာ** = နှုတ်ဖြင့် အဖန်ဖန် အထပ်ထပ် လေ့ကျက်အပ်ပြီးကုန်သည်။ **မနသာနုပေက္ခိတာ** = စိတ်ဖြင့် အဖန်ဖန် အထပ်ထပ် ရှုပွားအပ်ပြီးကုန်သည်။ **ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ** = သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်း-ဖောက်သိမြင်အပ်ပြီးကုန်သည်။ **ဟောန္တိ** = ဖြစ်ကြကုန်၏။ **ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ဣဒံ** = ဤသဘောတရားကို။ **သုတဓနံ** = သုတဓန သူတော်ကောင်းဥစ္စာဟူ၍။ **ဝုစ္စတိ** = ခေါ်ဆိုအပ်ပါပေ၏။

---

[၂၉] အံ၊၂၊၃၉၉။

ဘုရားရှင် ဟောကြားထားတော်မူတဲ့ တရားတွေကို အထူးသဖြင့် ဒုက္ခသစ္စာအမည်ရတဲ့ ဥပါဒါ-နက္ခန္ဓာငါးပါး = ရုပ်တရား နာမ်တရား, သမုဒယသစ္စာ အမည်ရတဲ့ အကြောင်းတရားတွေကို နှုတ်ငုံဆောင်ထားနိုင်တယ်။ အဖန်ဖန် အထပ်ထပ် အလွတ်ရအောင် လေ့ကျက်ထားတယ်။ — ဒါကတော့ သင်သိအဆင့်ပါ။ ဒါတွင်လား? မကသေးဘူး။ အဲဒီသင်္ခါရတရားတွေကို ကျင့်သိအနေနဲ့ သိအောင် စိတ်နှင့် အဖန်ဖန် အထပ်ထပ် ရှုတယ်။ ရှုတဲ့အတိုင်း သမ္မာဒိဋ္ဌိဉာဏ်ပညာနှင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်တယ်။ ဒါကြောင့် အဋ္ဌကထာက – **ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ** - ဆိုတဲ့ စကားလုံးကို ဒီလိုရှင်းပြထားတယ်။

**ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါတိ အတ္ထတော စ ကာရဏတော စ ပညာယ သုဋ္ဌု ပဋိဝိဒ္ဓါ ပစ္စက္ခံ ကတာ။**[၂၉၃]

ဒီအဋ္ဌကထာမှာ လာရှိတဲ့ အတ္ထဆိုတာက ဒုက္ခသစ္စာအမည်ရတဲ့ ဥပါဒါနက္ခန္ဓာငါးပါးကို ဆိုလိုပါတယ်။ ကာရဏဆိုတာကတော့ သမုဒယသစ္စာအမည်ရတဲ့ အကြောင်းတရားတွေကို ဆိုလိုတယ်။ ဒီဒုက္ခသစ္စာ သမုဒယသစ္စာဆိုတဲ့ သင်္ခါရတရားတွေကို သင်သိ ကျင့်သိ — ဒီအသိနှစ်မျိုးဖြင့် သိရင် အကြားအမြင် ဗဟုသုတ = ဗာဟုသစ္စဆိုတဲ့ သူတော်ကောင်းတရားနှင့် ပြည့်စုံပြီ။

**ဝီရိယ** — ဝီရိယဆိုတာကတော့ သမထ-ဝိပဿနာဆိုတဲ့ ကုသိုလ်တရားတို့၌ တာဝန်မဲ့မနေဘဲ စွမ်းစွမ်းတမံ အပြင်းအထန် ကြိုးစားအားထုတ်မှုကို ဆိုလိုတယ်။ ဒီသမထ-ဝိပဿနာဆိုတဲ့ ကုသိုလ်တရားတို့ကို ပွားများအားထုတ်ခြင်းရဲ့ ဦးတည်ချက်ကတော့ — မဖြစ်ပေါ်သေးတဲ့ အကုသိုလ်တရားတွေကို မဖြစ်အောင်, ဖြစ်ပေါ်ပြီးတဲ့ အကုသိုလ်တွေကို ပယ်နိုင်အောင်, မဖြစ်ပေါ်သေးတဲ့ ကုသိုလ်တွေကို ဖြစ်ပေါ်လာအောင်, ဖြစ်ပေါ်ပြီးတဲ့ ကုသိုလ်တရားတွေကို အရဟတ္တမဂ်ဆိုက်သည်အထိ တိုးပွားလာအောင် ကြိုးစားအားထုတ်ခြင်းပဲ ဖြစ်တယ်။ ဒီလို ဝီရိယမျိုးကို သမ္မပ္ပဓာန်လုံ့လဝီရိယလို့ ဆိုလိုပါတယ်။

**ဝိပဿနာပညာ** — ဝိပဿနာပညာဆိုတာကတော့ ရုပ်-နာမ် ကြောင်း-ကျိုး = သင်္ခါရတရားတွေရဲ့ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာတွေကို ထိုးထွင်းသိတတ်တဲ့ လောဘ-ထုအစိုင်အခဲ ဒေါသထုအစိုင်အခဲ မောဟထုအစိုင်အခဲ စတဲ့ ကိလေသာထုအစိုင်အခဲတွေကို ဖြိုခွဲဖျက်ဆီးနိုင်တဲ့ စွမ်းအားရှိတဲ့ ဝိပဿနာဉာဏ်ပညာတွေကို ဆိုလိုပါတယ်။

**၁၂-၁၅**။ ဈာန်လေးပါးဆိုတာကတော့ စတုက္ကနည်းအားဖြင့် ပထမဈာန် ဒုတိယဈာန် တတိယဈာန် စတုတ္ထဈာန်ဆိုတဲ့ ရူပါဝစရဈာန်လေးပါးကို ဆိုလိုပါတယ်။ အားလုံးပေါင်းလိုက်တော့ စရဏတရား (၁၅)ပါး ဖြစ်တယ်။

ခုပြောခဲ့တဲ့ ဝိဇ္ဇာနှင့် စရဏ ခွဲထားသတ်မှတ်ချက်ကို ကြည့်ရင် ဝိပဿနာဉာဏ်တွေဟာ ဝိဇ္ဇာနှင့် စရဏ နှစ်ဖက်လုံးမှာပဲ ပါဝင်နေတာကို တွေ့နိုင်ပါတယ်။

---

[၂၉၃] အံ၊၄၊၂၃၆၄။

## ဝိဇ္ဇာမျိုးစေ့ – စရဏမျိုးစေ့ နှစ်ဖက်ရတရား

တစ်ခါတစ်ရံမှာ – ဈာန်ရ တိဟိတ်ပုထုဇန်ဖြစ်တဲ့ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းနေဆဲ ပုဂ္ဂိုလ်နှင့် ဈာန်ကို ရရှိထားပြီးတဲ့ သောတာပန် သကဒါဂါမ် အနာဂါမ် သူတော်ကောင်းတွေဟာ သေသည်၏ အခြားမဲ့၌ ဗြဟ္မာ့ပြည်ကို ရောက်ရှိသွားတတ်ကြပါတယ်။ အဲဒီလို ဗြဟ္မာ့ပြည်သို့ ရောက်ရှိသွားကြတယ်ဆိုတာ သူတို့ရရှိထားတဲ့ ဈာန်တို့ရဲ့ စွမ်းအင်ကြောင့် ဈာန်နှင့် လျော်ညီစွာ ရောက်ရှိသွားကြခြင်း ဖြစ်တယ်၊ ဈာန်တွေက ပဋိသန္ဓေအကျိုးကို ပေးကြခြင်း ဖြစ်တယ်။ အဲဒီအခါ-မျိုးမှာ သူတို့ရဲ့ ဝိပဿနာဉာဏ်တွေက ပဋိသန္ဓေအကျိုးကို မပေးနိုင်ကြပါဘူး။

**ဈာနလာဘိနံ ပန အနာဂါမိဿ စ ဗြဟ္မလောကေယေဝ ပဋိသန္ဓာနတော ပစ္စယော န ဟောတိ။**[၂၉၄]

ဒီလို ဝိပဿနာဉာဏ်တွေက ပဋိသန္ဓေအကျိုးကို မပေးခဲ့ရင် ဒီလို ပဋိသန္ဓေအကျိုးကို မပေးတဲ့ ဝိပဿနာဉာဏ်တွေဟာ ဝိဇ္ဇာမျိုးစေ့ထဲမှာပဲ အကျုံးဝင်ပါတယ်၊ နိဗ္ဗာန်ကို ရရှိခြင်းရဲ့ အကြောင်း အထောက်အပံ့ကောင်းသက်သက်သာ ဖြစ်ပါတယ်။ နောက်တစ်ခု စရဏမျိုးစေ့ဖြစ်တဲ့ ဝိပဿနာ အကြောင်း ပြောကြရအောင် . . . ။

နိဒါနဝဂ္ဂသံယုတ်ပါဠိတော် စေတနာသုတ္တန်[၂၉၅]မှာ ဘုရားရှင်က –

**နော စေ ဘိက္ခဝေ စေတေတိ၊ နော စေ ပကပ္ပေတိ၊ အထ စေ အနုသေတိ . . .**

စသည်ဖြင့် အနုသယဓာတ် ထင်ရှားရှိခြင်းတည်းဟူသော အကြောင်းကြောင့် ဝိပဿနာကံတွေ ကလည်း ပဋိသန္ဓေအကျိုးကို ပေးနိုင်ကြောင်းကို ဟောကြားထားတော်မူပါတယ်။[၂၉၆]

သံယုတ်အဋ္ဌကထာ[၂၉၇] ဋီကာ[၂၉၈]တို့မှာ ဖွင့်ဆိုထားတဲ့အတိုင်း အနုသယဓာတ် ထင်ရှားရှိနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်၌ ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ စွမ်းအားရှိတဲ့ ကမ္မဝိညာဏ်ရဲ့ ဖြစ်မှုကို ဘယ်လိုမှ တားမြစ်လို့ မရနိုင်ဘူး။

ယောဂီပုဂ္ဂိုလ်တစ်ဦးက (၃၁)ဘုံအတွင်းမှာရှိတဲ့ အကြောင်းတရားနှင့် တကွသော ဒုက္ခသစ္စာ သမုဒယသစ္စာအမည်ရတဲ့ သင်္ခါရတရားတွေကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာရေးသုံးတန်တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုနိုင်တဲ့အတွက် ဘဝတွေရဲ့အပြစ်ကို ကောင်းကောင်းကြီး ဉာဏ်နှင့် မြင်နေပြီ၊

---

[၂၉၄] ပဋ္ဌာန၊၁၊ ၂၅၀။ [၂၉၅] သံ၊၁၊ ၂၉၅။

[၂၉၆] ပုဗ္ဗဘာဂေ ဘဝနိဗ္ဗတ္တကကုသလာကုသလာယူဟနံ၊ ပကပ္ပနဥ္စ ဝိနာပိ ဘဝေသု ဒိဋ္ဌာဒီနဝဿ ယောဂိနော အနုသယပစ္စယာ ဝိပဿနာစေတနာပိ ပဋိသန္ဓိဇနကာ ဟောတိ။ (သံ၊ဋီ၊၂၊၈၃။)

အနုသယေ သတိ ကမ္မဝိညာဏဿ ဥပ္ပတ္တိယာ အဝါရိတတ္တာ ဧတံ အနုသယဇာတံ ပစ္စယော ဝ ဟောတိ။ (သံ၊ဋ္ဌ၊၂၊၆၆။)

[၂၉၇] သံ၊ဋ္ဌ၊၂၊၆၆။ [၂၉၈] သံ၊ဋီ၊၂၊၈၃။

သင်္ခါရုပေက္ခာဉာဏ်သို့ ဆိုက်အောင်ပင် ဝိပဿနာဘာဝနာကို စီးဖြန်းနိုင်ပြီ။ ဒါပေမဲ့ – ဒီသင်္ခါရု-ပေက္ခာဉာဏ်ကဲ့သို့သော ဝိပဿနာဉာဏ်တွေကို သူက နှစ်သက်မြတ်နိုးနေပြန်တယ်။ ဒီလို ဝိပဿနာဉာဏ်ကို နှစ်သက်မြတ်နိုးမှု **အဘိနန္ဒနကိလေသာ**ဟာ သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့သော ဝိပဿနာဉာဏ်က ကာမာဝစရသုဂတိပဋိသန္ဓေကဲ့သို့သော ပဋိသန္ဓေအကျိုးကို ပေးဖို့ရန်အတွက် အားပေးထောက်ပံ့တတ်တဲ့ အကြောင်းတရား ဖြစ်နေတယ်။ ဒီလို ဝိပဿနာဉာဏ်ကို နှစ်သက်မြတ်နိုးမှုဆိုတဲ့ အထောက်အပံ့ကို ရရှိတဲ့ သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့သော ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲနေတဲ့ ဝိပဿ-နာစေတနာကလည်း ကာမသုဂတိပဋိသန္ဓေအကျိုးကို ပေးစွမ်းနိုင်တဲ့ စွမ်းအား ရှိလာပြန်တယ်။[၂၉၉]

ဝိပဿနာဉာဏ်က တစ်ခါတစ်ရံ ဒီလို ပဋိသန္ဓေအကျိုးကို ပေးတတ်တဲ့သဘော ရှိတယ်။ ဒီ ယောဂီပုဂ္ဂိုလ်က ဝိပဿနာကို စီးဖြန်းနေတဲ့အခါမှာ ဘဝတစ်ခုခုကို ရည်ရွယ်မှန်းထားပြီး လိုလားတောင့်တကာ စီးဖြန်းနေတာတော့ မဟုတ်ပါဘူး၊ နိဗ္ဗာန်ကိုသာ ရည်မျှော်ပြီးတော့ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းနေခြင်း ဖြစ်ပါတယ်။ ဒါပေမဲ့ နိဗ္ဗာန်သို့ မဆိုက်ရောက်မီ တစ်နည်းပြောရရင်တော့ ပရိနိဗ္ဗာန် မဝင်စံမီ ဝိပဿနာဘာဝနာကို စီးဖြန်းရင်း ဝိပဿနာဉာဏ်ပေါ်၌ နှစ်သက်မြတ်နိုးမှု ဖြစ်ခြင်းသာ ဖြစ်ပါတယ်။ ဒီဝိပဿနာဉာဏ်ကို နှစ်သက်မြတ်နိုးမှုဆိုတဲ့ **အဘိနန္ဒန-ကိလေသာ**ရဲ့ အထောက်အပံ့ကို ရရှိတဲ့အတွက် ဝိပဿနာဉာဏ်က ကာမသုဂတိပဋိသန္ဓေအကျိုးကို ပေးခြင်း ဖြစ်ပါတယ်။ ဒီလို ဝိပဿနာကံတွေက ပဋိသန္ဓေအကျိုးကို ပေးတယ်ဆိုတာ ယောဂီပုဂ္ဂိုလ်-က သေခါနီးကာလ မရဏာသန္နဇောသို့တိုင်အောင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို ဆက်တိုက် စီးဖြန်းနေတဲ့အခါ အခြားအခြားသော ကုသိုလ်ကံတွေက ဝိပဿနာကံလောက် စွမ်းအင် မကြီးမားကြဘဲ ထိုအချိန်အခါမှာ ဝိပဿနာကံတွေကသာ အားအကောင်းဆုံး ဖြစ်နေတဲ့အတွက် အခြားအခြားသော ကာမာဝစရကုသိုလ်ကံတွေဟာ ဝိပဿနာကံကို မကျော်လွှားနိုင် ဖြစ်နေကြတယ်။ ဘဝသစ်ကို အကျိုးပေးဖို့ရန် အခါအခွင့်မသင့် ဖြစ်နေကြတယ်။ အားအကောင်းဆုံးဖြစ်တဲ့ ဝိပဿနာကံကသာလျှင် ထိုအချိန်အခါမှာ အင်အားအကြီးမားဆုံး ဖြစ်နေတဲ့အတွက် အကျိုးပေးဖို့ရန် အခါအခွင့်သင့်နေတယ်။

ဒီလို ဝိပဿနာကံက ကာမသုဂတိပဋိသန္ဓေအကျိုးကို ပေးတော့မယ်ဆိုလျှင် သေခါနီးကာလမှာ ယောဂီပုဂ္ဂိုလ်က ဝိပဿနာဘာဝနာကို ဆက်လက်ပြီးတော့ ပွားများလျက်ပင် ရှိနေပါတယ်။ ဒီလိုပွားများနေရင်း မရဏာသန္နဇောလို့ ခေါ်ဆိုအပ်တဲ့ ဘဝတစ်ခုရဲ့ နောက်ဆုံး ဇောဝီထိစိတ်အစဉ်အနီးအပါးသို့ ရောက်ရှိလာတဲ့ အချိန်အခါမှာ နတ်ရွာသုဂတိကဲ့သို့သော ကာမသုဂတိဘုံဘဝတစ်ခုခုသို့ တစ်နည်းပြောရလျှင်တော့ နတ်သားဘဝ သို့မဟုတ် နတ်သမီးဘဝတစ်ခုခုသို့ ညွတ်ကိုင်းရှိုင်းနေတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေဟာ ဖြစ်ပေါ်လာကြပါတယ်။ သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့သော ဝိပဿနာဉာဏ်တွေကို ပြုစုပျိုးထောင်ခဲ့စဉ် အချိန်အခါတုန်းက ဒီလို အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေဟာ ဥပါဒ်-ဋ္ဌီ-ဘင်-အနေနှင့် ထင်ရှားမဖြစ်ခဲ့ပေမဲ့လို့ ယင်း အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေကို အရိယမဂ်တရားဖြင့် မပယ်ရှားရသေးသည့်အတွက် အနုသယဓာတ်အနေအားဖြင့်တော့ ကိန်းဝပ်-

[၂၉၉] ပဋိသံ၊၄၁၁၊ ၂၅၀။

လျက် ရှိနေကြပါသေးတယ်။ ဒီလို အနုသယဓာတ်အနေနှင့် တည်ရှိနေခြင်းသည်ပင်လျှင် သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့သော ဝိပဿနာကံအတွက် နတ်သားဘဝ နတ်သမီးဘဝကဲ့သို့သော ဘဝတစ်ခုကို ဖြစ်ပေါ်လာစေဖို့ရန် အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနိုင်တဲ့ အထောက်အပံ့ကောင်းတစ်ခု ဖြစ်နေပါတယ်။ အဲဒီအခါမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ရဲ့ အထောက်အပံ့ကောင်းကို ရရှိတဲ့ သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့သော ဝိပဿနာကံတွေက နတ်ရွာသုဂတိလို့ ခေါ်ဆိုတဲ့ ဘဝသစ်ကို ဖြစ်ပေါ်စေနိုင်တဲ့ စွမ်းအင်တွေ ကိန်းဝပ်တည်ရှိလာကြပါတယ်။ ဒီလို ဝိပဿနာဉာဏ်တွေက သို့မဟုတ် ဝိပဿနာကံတွေက ပဋိသန္ဓေအကျိုးကို ပေးခဲ့ရင် အဲဒီ ပဋိသန္ဓေအကျိုးကို ပေးတဲ့ ဝိပဿနာဉာဏ်တွေဟာ စရဏမျိုးစေ့ထဲမှာ အကျုံးဝင်သွားပါတယ်။ အင်္ဂုတ္တိုရ်ပါဠိတော် **စတုက္ကနိပါတ် သောတာနုဂတသုတ္တန်**[၁၀၀]နှင့် အညီပင် ဖြစ်ပါတယ်။ ဒီလို ဝိပဿနာကံတွေဟာ သုဂတိဘဝကိုသာ ဖြစ်စေသည် မဟုတ်။ နိဗ္ဗာန်သို့ ရောက်ရှိရေးအတွက်လည်း အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုလျက်ပင် ရှိနေကြပါတယ်။ ဒါကြောင့် ဝိပဿနာဉာဏ်တွေဟာ ဝိဇ္ဇာမျိုးစေ့ စရဏမျိုးစေ့ နှစ်ဖက်လုံး၌ ပါဝင်နေခြင်း ဖြစ်တယ်။

ဒီဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းတွေကို အဓိကာရကောင်းမှု ကုသိုလ်လို့ ခေါ်ပါတယ်။ ပဉ္စသီလသမာဒါနိယမထေရ် အလောင်းအလျာဖြစ်တဲ့ သူတော်ကောင်းဟာ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်တွေမှာ ဒီဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းဆိုတဲ့ အဓိကာရကောင်းမှုကုသိုလ်ပါရမီမျိုးစေ့ကောင်းတွေကို ဆည်းပူးရှာမှီးခဲ့ပါတယ်၊ ပဋိသမ္ဘိဒါဉာဏ်တွေကို ရရှိမည့် သူတော်ကောင်းဖြစ်တဲ့အတွက် သင်္ခါရုပေက္ခာဉာဏ်အထိ ဝိပဿနာဘာဝနာတွေကို အားထုတ်ခဲ့ဖူးတယ်ဆိုတဲ့ အချက်ကိုတော့ မမေ့ပါနဲ့။[၁၀၁]

စရဏမျိုးစေ့ကောင်းတွေက လက်ခြေနှင့် တူတယ်။ ဝိဇ္ဇာမျိုးစေ့ကောင်းတွေက မျက်စိနှင့် တူတယ်။ လက်ခြေရှိတဲ့သူဟာ လိုရာအရပ်ကို သွားနိုင်တယ်၊ မျက်စိရှိတဲ့သူဟာ အရာဝတ္ထုအမျိုးမျိုး အရောင်အဆင်းအမျိုးမျိုးကို မြင်နိုင်တယ်၊ အလားတူပဲ — စရဏမျိုးစေ့ကောင်းတွေက သတ္တဝါတစ်ဦးကို အလိုရှိရာ အထက်တန်းကျတဲ့ ဘုံဘဝတွေကို ရောက်အောင် ပို့ဆောင်ပေးတယ်။ ဝိဇ္ဇာမျိုးစေ့တွေက အဲဒီဘဝတွေမှာ အထက်တန်းကျတဲ့ ပညာမျက်စိအမြင်ကို ဖြစ်စေတယ်။

ဒါနကျင့်စဉ်ဟာလည်း သူတော်ကောင်းတို့ရဲ့ အလေ့အကျင့်ဖြစ်လို့ သီလဆိုတဲ့ စရဏမျိုးစေ့ထဲမှာပဲ အကျုံးဝင်နေတယ်လို့ မှတ်ပါ။ နောက်တစ်ခုကတော့ — သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့သော ဝိပဿနာဉာဏ်တွေကလည်း ရံခါ သံသရာခရီးမဆုံးသေးတဲ့ သတ္တဝါရဲ့ ပဋိသန္ဓေအကျိုးကို ပေးနိုင်ကြောင်းကို **ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်**[၁၀၂]မှာ ဟောကြားထားတော်မူပါတယ်။ ဒါကြောင့် ဝိပဿနာဉာဏ်တွေဟာ ဝိဇ္ဇာမျိုးစေ့ စရဏမျိုးစေ့ နှစ်မျိုးစလုံး၌ ပါဝင်နေကြခြင်း ဖြစ်တယ်။

ခု ဟောနေတဲ့ ပဉ္စသီလသမာဒါနိယမထေရ်ရဲ့ အလောင်းအလျာဟာလည်း အနောမဒဿီ မြတ်စွာဘုရား မပွင့်မီ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာကတည်းက ပဋိသမ္ဘိဒါဉာဏ်

[၁၀၀] အံ၊၁၊၅၀၄။ [၁၀၁] ဝိသုဒ္ဓိ၊၂၊၇၂။ [၁၀၂] ပဋိသံ၊၆၀။

တို့ အထွတ်တပ်ထားတဲ့ အရဟတ္တဖိုလ်နိဗ္ဗာန်ကို ရည်မျှော်မှန်း၍ ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့-ကောင်းလို့ ခေါ်ဆိုအပ်တဲ့ အဓိကာရကောင်းမှုကုသိုလ်တွေကို ဖြည့်ကျင့်ဆည်းပူးခဲ့ပါတယ်။ သို့သော်လည်း ကံမကောင်း အကြောင်းမလှလေတော့ သူဆင်းရဲဘဝသို့ ရောက်အောင် ပြုစုပျိုးထောင်ခဲ့တဲ့ မကောင်းမှု အကုသိုလ်က ဝင်ရောက်ပြီး အားပေးထောက်ပံ့လိုက်တဲ့အခါ အနောမဒဿီမြတ်စွာ-ဘုရား ပွင့်ထွန်းတော်မူတဲ့အချိန်မှာ သူဆင်းရဲအမျိုးမှာ လူလာဖြစ်ရပြန်တယ်၊ အစာအာဟာရ အလွန်ရှားပါးတဲ့ သူတစ်ယောက် ဖြစ်ရတယ်၊ သူတစ်ပါးတို့ထံမှာ သူရင်းငှားလုပ်ပြီး အသက်မွေးရတယ်၊ သံသရာ၌ ငြီးငွေ့ဖွယ်ရာ အပြစ်တွေကို သိမြင်တဲ့အတွက် သာသနာဘောင်သို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုလိုသော်လည်း သူတစ်ပါးတို့ရဲ့ လုပ်ငန်းတာဝန်တွေမှာ အမြဲတမ်း ကြိုးပမ်းနေရတဲ့အတွက် ရှင်ရဟန်းပြုခွင့် မရ ဖြစ်ခဲ့ရတယ်။

## သူ့ရဲ့ စဉ်းစားခန်း

၁။ **နဂရေ စန္ဒဝတိယာ၊ ဘတကော အာသဟံ တဒါ။**
**ပရကမ္မာယနေ ယုတ္တော၊ ပဗ္ဗဇ္ဇံ န လဘာမဟံ။**

၂။ **မဟန္ဓကာရပိဟိတာ၊ တိဝိဓဂ္ဂိဟိ ဍယှရေ။**
**ကေန နု ခေါ ဥပါယေန၊ ဝိသံယုတ္တော ဘဝေ အဟံ။**

၃။ **ဒေယျဓမ္မော စ မေ နတ္ထိ၊ ဝရာကော ဘတကော အဟံ။**
**ယံနူနာဟံ ပဉ္စသီလံ၊ ရက္ခေယျံ ပရိပူရယံ။**[၃၀၃]

၁။ **တဒါ** = ထိုအခါ၌။ **အဟံ** = ငါသည်။ **စန္ဒဝတိယာ နဂရေ** = စန္ဒဝတီအမည်ရှိတဲ့ မင်းနေပြည်-တော်၌။ [**ပုရိမဘဝေ** = ရှေးဘဝ၌။ **ကတာကုသလကမ္မာနုရူပေန** = သူဆင်းရဲဘဝသို့ ရောက်အောင် ပြုစုပျိုးထောင်ခဲ့သော အကုသိုလ်ကံနှင့် လျော်ညီစွာ။][၃၀၄] **ဘတကော** = အခစားလုပ်၍ အသက်မွေးရသော သူဆင်းရဲသည်။ **အာသိံ** = ဖြစ်ခဲ့ရလေပြီ။ **ပရကမ္မာယနေ** = သူတစ်ပါးတို့၏ လုပ်ငန်းကိစ္စအဝဝကို ပြုလုပ်ပေးရခြင်း၌။ **ယုတ္တော** = အစဉ်တစိုက် ကြောင့်ကြစိုက်ကာ ကြိုးစားအားထုတ်နေရ-သည် ဖြစ်၍။ **အဟံ** = ငါသည်။ **ပဗ္ဗဇ္ဇံ** = ရှင်ရဟန်းအဖြစ်ကို။ **န လဘာမိ** = မရရှိနိုင်ပေ။

အနောမဒဿီဘုရားရှင် ပွင့်တော်မူနေတဲ့ ထိုအချိန်အခါမှာ ငါဟာ စန္ဒဝတီ မင်းနေပြည်တော်-

---

[၃၀၃] အပဒါန၊၁၊၈၅။

[၃၀၄] [**မှတ်ချက်** — ပုရိမဘဝေ ကတာကုသလကမ္မာနုရူပေန ဒလိဒ္ဒေါ ဟုတွာ . . . (အပဒါန၊ဋ္ဌ၊၂၄၀။) လူ့ဘဝ လူ့ခန္ဓာငါးပါးတို့ကို ဖြစ်စေတတ်သောကံမှာ ကုသိုလ်ကံသာ ဖြစ်၏။ သို့သော် ယင်းကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာ-သည့် ခန္ဓာငါးပါးတို့ကို ဆင်းရဲနွမ်းပါးသည့် သူဆင်းရဲခန္ဓာငါးပါးဖြစ်အောင် ရှေးဘဝက ပြုစုပျိုးထောင်ခဲ့မိသော အကုသိုလ်ကံတစ်ခုက ကပ်၍ ညှဉ်းပန်းနှိပ်စက်တတ်သည့် ဥပပီဠကကံအဖြစ်နှင့် ဝင်ရောက်ကာ အကျိုးပေးလာ-သဖြင့် ထိုအကုသိုလ်ကံနှင့် လျော်ညီစွာ သူဆင်းရဲဘဝသို့ ရောက်ရှိခဲ့ရသည်ဟု ဆိုလိုရင်း ဖြစ်ပေသည်။ ကုသိုလ်-ကံကြောင့် လူ့ဘဝကို ရရှိခဲ့၏။ လူ့ခန္ဓာငါးပါးတို့ကို ရရှိခဲ့၏။ အကုသိုလ်ကံကြောင့် ယင်းခန္ဓာငါးပါးတို့မှာ ဆင်းရဲနွမ်းပါးသည့် ခန္ဓာငါးပါးတို့ ဖြစ်လာကြရ၏-ဟု ဆိုလိုပေသည်။]

မှာ — ရှေးရှေးဘဝက သူဆင်းရဲဘဝသို့ ရောက်လောက်အောင် ပြုစုပျိုးထောင်ခဲ့မိတဲ့ အကုသိုလ်ကံ-နှင့်လျော်စွာ သူတစ်ပါးတို့အထံမှာ အခစားလုပ်ပြီးတော့ အသက်မွေးရတဲ့ သူဆင်းရဲတစ်ဦး ဖြစ်ခဲ့ပါတယ်။ သူတစ်ပါးတို့ရဲ့ အမှုလုပ်ငန်းကိစ္စ အဝဝတွေမှာ အမြဲတမ်း ကြောင့်ကြစိုက်ကာ ပြုလုပ်နေတဲ့ဘဝ ဖြစ်နေတဲ့အတွက် ငါဟာ အနောမဒဿီဘုရားရှင်ရဲ့ သာသနာတော်သို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုခွင့်ကို မရခဲ့ပါဘူး။

ဒီလို ရှင်ရဟန်းပြုခွင့် မရတဲ့အတွက် သူက ဘယ်လို ဆက်ပြီးတော့ စဉ်းစားသလဲ?

**မံ** = ငါ့ကို။ **မဟန္တကာရပိဟိတာ** = ကြီးမားသော ကိလေသာအမိုက်တိုက်တို့က ပိတ်ဆို့ကာဆီး၍ ထားအပ်ပါကုန်၏။ **တိဝိဓဂ္ဂိဟိ** = ငရဲမီး ပြိတ္တာမီး သံသရာမီးဆိုတဲ့ သုံးမျိုးသော မီးတို့သည်။ **ဍယှရေ** = တဟုန်းဟုန်း တောက်လောင်၍ နေကြပါကုန်၏။ **အဟံ** = ငါသည်။ **ကေန နု ခေါ ဥပါယေန** = အဘယ်မည်သော အကြောင်းဥပါယ်တံမျဉ်ဖြင့်။ **ဝိသံယုတ္တော** = ကွေကွင်းရသည် လွတ်မြောက် **ဘဝေ** = ဖြစ်ရပါအံ့နည်း။

ငါ့ကို ကြီးမားတဲ့ ကိလေသာအမိုက်တိုက်တို့က ပိတ်ဆို့ကာဆီးပြီး ထားတယ်၊ သာသနာတော်သို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုလို့ မရအောင် သံသရာဝဋ်က ရုန်းထွက်လို့ မရအောင် ပိတ်ဆို့ကာဆီးပြီး-တော့ ထားတယ်။ ငရဲမီး, ပြိတ္တာမီး, သံသရာမီး–ဆိုတဲ့ မီးသုံးမျိုးတို့ကလည်း လောင်မြိုက်နေတယ်။ ငါဟာ ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့် ဒီဝဋ်ဆင်းရဲဒုက္ခနှင့် ကွေကွင်းခွဲခွာရပ့်မလဲ? ဒီလို သူက စဉ်းစားတယ်။ နောက်ထပ်လည်း စဉ်းစားပြန်တယ် —

**မေ** = ငါ့အား။ **ဒေယျဓမ္မော စ** = လှူဖွယ်ဝတ္ထုသည်လည်း။ **နတ္ထိ** = မရှိပေ။ **အဟံ** = ငါသည်။ **ဝရာကော** = ဆင်းရဲနွမ်းပါးလှသော။ **ဘတကော** = သူရင်းငှားသည်။ **အမှိ** = ဖြစ်ရပေ၏။ **အဟံ** = ငါသည်။ **ပဉ္စသီလံ** = ပဉ္စသီလကို။ **သမာဒိယိတွာ** = ဆောက်တည်၍။ **ပရိပူရယံ = ပရိပူရေန္တော** = ဖြည့်ကျင့်လျက်။ **ရက္ခေယျံ** = ထိန်းသိမ်းစောင့်ရှောက်ရပါမူကား။ **ယံနူန** = ကောင်းလေစွ။ —

ငါ့မှာ သူများလို အလှူဒါနပြုလောက်အောင် လှူဖွယ်ဝတ္ထုဆိုတာကလည်း မရှိဘူး။ ငါဟာ ဆင်းရဲနွမ်းပါးတဲ့ သူရင်းငှားတစ်ဦးသာ ဖြစ်တယ်။ သူတစ်ပါးကို မှီခိုခယပြီး အသက်မွေးရတဲ့ လူသားတစ်ဦးသာ ဖြစ်တယ်။ ငါဟာ ငါးပါးသီလဆောက်တည်ပြီး ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်ကာ ထိန်းသိမ်းစောင့်ရှောက်ရရင်တော့ သိပ်ကောင်းမှာပဲ — ဒီလို သူက စဉ်းစားခဲ့တယ်။

သူရဲ့ ခုလို စဉ်းစားပုံတွေကို ကြည့်ရင်တော့ သူဟာ ပါရမီတော်တော်လေးတော့ ရင့်ညောင်းလာပြီလို့ ခန့်မှန်းလို့ရပါတယ်။ ဒီလို စဉ်းစားပြီးတော့ အနောမဒဿီမြတ်စွာဘုရားရဲ့ လက်ျာရံ တပည့်ကြီး အရှင်နိသဘမထေရ်မြတ်ထံသို့ သွားရောက်ကာ ငါးပါးသီလကို ခံယူဆောက်တည်လိုက်ပါတယ်။ ထိုအချိန်အခါဟာ လူတို့ရဲ့သက်တမ်း အနှစ်တစ်သိန်းတမ်း ဖြစ်တယ်။ အနှစ်တစ်သိန်းတို့ ကာလပတ်လုံး ဆောက်တည်ထားတဲ့ သူရဲ့ သီလတွေကို မကျိုးမပေါက် မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့ပါတယ်။

ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာကတည်းက ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းဆိုတဲ့ အဓိကာရကောင်းမှုတွေကို ဖြည့်ကျင့်ဆည်းပူးခဲ့တဲ့ သူတော်ကောင်း ဖြစ်ခြင်းကြောင့် အနောမဒဿီဘုရားရှင်ရဲ့ သာသနာတော်အတွင်းမှာ သီလကို ရှေ့တန်းတင်ကာ ပါရမီတွေကို ဖြည့်ကျင့်ခဲ့တာမှန်ပေမဲ့ ရေတစ်ခွက်သော်လည်း မလှူဖူးဘူး၊ ဆွမ်းတစ်ဇွန်းသော်လည်း မလောင်းလှူဖူးဘူး၊ တရားတော်ကိုသော်လည်း တစ်ကြိမ်တစ်ခါမျှ မနာယူဖူးဘူး၊ တရားဘာဝနာကိုသော်လည်း လုံးလုံး အားမထုတ်ဖူးဘူး စတဲ့အချက်တွေကတော့ မဖြစ်နိုင်တဲ့သဘောတော့ ရှိပါတယ်။ ရေတစ်ခွက်လောက်သော်လည်း လှူဖူးကောင်း လှူဖူးနိုင်တယ်၊ ဆွမ်းတစ်ဇွန်းလောက်သော်လည်း လှူဖူးကောင်း လှူဖူးနိုင်တယ်၊ ပန်းတစ်ပွင့်လောက်သော်လည်း လှူဖူးကောင်း လှူဖူးနိုင်တယ်၊ စွမ်းအားရှိသလောက် တရားနာယူခြင်း သမထ-ဝိပဿနာတရားတွေကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခြင်းဆိုတဲ့ သဘောတရားတွေဟာလည်း ဖြစ်ကောင်းဖြစ်နိုင်ပါတယ်၊ ဒီလောက် သီလကို ဖြူစင်အောင် နှစ်ပေါင်းတစ်သိန်းလောက် ထိန်းသိမ်းစောင့်ရှောက်နေတဲ့ သူတော်ကောင်းတစ်ဦးအဖို့ နှစ်ပေါင်းတစ်သိန်းကာလအတွင်းမှာ ဒီလို ကုသိုလ်မျိုးတွေကို ပြုစုပျိုးထောင်ဖို့ရန် အခွင့်အရေးကား ရနိုင်တဲ့သဘောတော့ ရှိကောင်းရှိနိုင်ပါတယ်။

သီလတည်းဟူသော မြေပေါ်မှာရပ်တည်ပြီး ကြဲချစိုက်ပျိုးလိုက်တဲ့ ဒါနကုသိုလ် သမထ-ဝိပဿနာကုသိုလ်တွေဟာ အနည်းငယ်ပင် ဖြစ်ချင်ဖြစ်ပါစေ၊ ကြီးကျယ်ဖွံ့ဖြိုး များမြတ်တဲ့အကျိုးကို ပေးနိုင်တဲ့ စွမ်းအား ရှိပါတယ်။

သေခါနီးကာလသို့ ဆိုက်ရောက်လာပြီ။ ဒီအခါမှာ မိမိရဲ့ သီလတွေကို ပြန်ပြောင်းပြီး ဆင်ခြင်လိုက်တဲ့အခါ အနှစ်တစ်သိန်းတို့ကာလပတ်လုံး ကျိုးမှု, ပေါက်မှု, ပြောက်မှု, ကျားမှု မရှိဘဲ ဖြူဖြူစင်စင် ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်နိုင်ခဲ့တာကို တွေ့မြင်ရတဲ့အခါ အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်။ ဒါဟာ သိပ်အရေးကြီးပါတယ်။ သေခါနီးကာလဆိုတာက နှလုံးသွင်းတစ်ချက်မှားသွားရင် လမ်းလွဲသွားနိုင်တဲ့ အချိန်မျိုး ဖြစ်ပါတယ်။ ဒီလို သေခါနီးကာလမှာ မိမိသီလကို ပြန်ဆင်ခြင်လိုက်လို့ မိမိရဲ့ သီလတွေဟာ ဖြူစင်မှု မရှိတာကို တွေ့ရရင် စိတ်ချမ်းသာမှုဖြစ်ဖို့ရန် အလွန်ခဲယဉ်းတဲ့ သဘောရှိပါတယ်။ ဒီအချက်ကလေးတွေဟာ တရားနာပရိသတ်တွေ သတိပြုသင့်တဲ့ အချက်ကလေးတွေပဲ။

## အလွန်ရနိုင်ခဲသော အကျိုးထူး

ဒီသူတော်ကောင်းဟာ ကွယ်လွန်ပြီးနောက် နတ်ပြည်သို့ ရောက်ရှိသွားတယ်။ ဒီသီလကုသိုလ်တို့ရဲ့ စွမ်းအားကြောင့် — လူမင်းစည်းစိမ်, နတ်မင်းစည်းစိမ်, စကြဝတေးမင်းစည်းစိမ်တွေ အကြိမ်များစွာ ခံစားခဲ့ရတယ်။ အနောမဒဿီမြတ်စွာဘုရားရှင်ရဲ့ သာသနာတော်မှသည် ဂေါတမဘုရားရှင်ရဲ့ သာသနာတော်သို့တိုင်အောင် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး အပါယ်လေးဘုံသို့ တစ်ကြိမ်တစ်ခါမျှ မလားမရောက်ခဲ့ရဘူး။ ဒီလောက်အချိန်ကြာမြင့်စွာ အပါယ်လေးပါးမှ လွတ်မြောက်မှုဆိုတဲ့ အခွင့်အရေးဟာ သံသရာတစ်ခွင်မှာ ကျင်လည်ရစဉ် အလွန်ရနိုင်ခဲတဲ့ အခွင့်အရေးတစ်ခုသာ ဖြစ်ပါတယ်။ ဒီလို အခွင့်ကောင်းကို ဖြူစင်နေတဲ့ ငါးပါးသီလကဲ့သို့သော ကိုယ်ကျင့်သီလ

က ရွက်ဆောင်ပေးနိုင်တယ်ဆိုလျှင် သံသရာခရီးကို ဆက်လက်ရန် ရှိနေသေးတဲ့ သူတော်ကောင်းတိုင်းဟာ ကိုယ်ကျင့်သီလတွေ ဖြူစင်အောင် ဖြည့်ကျင့်သင့်လှပေတယ်။ ဒီကိုယ်ကျင့်သီလကိုလည်း ဖြူစင်သထက် ဖြူစင်အောင် သမထ-ဝိပဿနာဘာဝနာရေစင်တို့ဖြင့် ဆေးကြောသုတ်သင်ပေးသင့်ပါတယ်။

## အကျိုးထူး (၃) ရပ်

ဒီလို သံသရာတစ်ခွင် ကျင်လည်ရစဉ်မှာ သူ့မှာ ဘဝတိုင်း ဘဝတိုင်းမှာ ထူးခြားတဲ့ အကျိုးတရား (၃)မျိုးကို သူ ရရှိတယ်။ ဘာအကျိုးတွေလဲ? –

**ဒီဃာယုကော မဟာဘောဂေါ၊ တိက္ခပညော ဘဝါမဟံ။**[၃၀၅]

၁။ **ဒီဃာယုက** = အသက်ရှည်ခြင်း,

၂။ **မဟာဘောဂ** = စည်းစိမ်ဥစ္စာ များပြားခြင်း,

၃။ **တိက္ခပည** = ထက်မြက်သော ဉာဏ်ပညာရှိခြင်း –

ဒီအကျိုးတရား (၃)မျိုးကို ဘဝတိုင်းမှာ သူ ရရှိတယ်။ သီလတွေကို ဖြူစင်အောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့အတွက် သူ့အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခဲ့တယ်။ သတ္တဝါတွေကို ညှဉ်းပန်းနှိပ်စက်ခြင်းမှ ရှောင်ကြဉ်ခဲ့တယ်။ သတ္တဝါတွေကို စိတ်ဆင်းရဲအောင် ပြုမူပြောဆိုဆက်ဆံခြင်းမှ ရှောင်ကြဉ်ခဲ့တယ်။ ဒီကောင်းမှုကုသိုလ်ကံတွေက သူ့ကို ရောက်လေရာ ဘဝတိုင်းမှာ ကျန်းမာအောင် အနာရောဂါကင်းအောင် စိတ်ချမ်းသာအောင် အသက်ရှည်အောင် အားပေးထောက်ပံ့လျက် ရှိကြတယ်။ သူတစ်ပါး စည်းစိမ်ဥစ္စာတွေကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခဲ့တယ်။ သူတစ်ပါးတို့ရဲ့ စည်းစိမ်ဥစ္စာတွေကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ခဲ့တယ်။ ဒါန သီလစတဲ့ စရဏမျိုးစေ့ကောင်းတွေကို ပြုစုပျိုးထောင်ခဲ့တယ်။ ဒီကောင်းမှုကုသိုလ်ကံတွေက စည်းစိမ်ဥစ္စာ ပေါများအောင် ရပြီးစည်းစိမ်ဥစ္စာတို့ မပျက်စီးအောင် ဆောင်ရွက်ပေးလျက် ရှိကြပါတယ်။ အတိတ်က ထူထောင်ခဲ့တဲ့ စရဏမျိုးစေ့တွေရဲ့ အကျိုးဆက်တွေပဲ။

တစ်ဖန် ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်ရေးအတွက် ရည်ရွယ်တောင့်တလျက် ဝိပဿနာဉာဏ်ဆိုတဲ့ ဝိဇ္ဇာမျိုးစေ့ကောင်းတွေကိုလည်း ထိုထို ဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ ထူထောင်ခဲ့တယ်။ ဒီလို အဆင့်အတန်းမြင့်မားလှတဲ့ အသိထူး ဉာဏ်ထူးတွေက ပါရမီမျိုးစေ့ကောင်းတွေက ရောက်-လေရာဘဝမှာ ဉာဏ်ပညာထက်မြက်စူးရှတဲ့ ကြီးမားတဲ့ဉာဏ်ပညာရှိတဲ့ သူတော်ကောင်းတစ်ဦးဖြစ်အောင် စွမ်းဆောင်ပေးတယ်။ ဒါကြောင့် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းဆိုတဲ့ ကာလအတွင်းမှာ ဘဝတိုင်း ဘဝတိုင်းမှာ အသက်ရှည်ရတယ်၊ စည်းစိမ်ဥစ္စာ ပေါများရတယ်၊ ထက်မြက်တဲ့ ဉာဏ်-ပညာရှိတဲ့ သူတော်ကောင်း ဖြစ်ရတယ်။

---

[၃၀၅] အပဒါန၊၁၊၈၆။

ဒီအသက်ရှည်ခြင်း, စည်းစိမ်ဥစ္စာပေါများခြင်း, ပညာဉာဏ်ကြီးမားခြင်းဆိုတဲ့ ဒီအကျိုးတရားတွေဟာ ဒီနေ့လူသားတွေ အလေးဂရုပြုကာ ရှာဖွေနေတဲ့ လိုအပ်ချက်တွေပဲ မဟုတ်လား? ဒီနေ့လူသားတွေဟာ မိုးလင်းကနေ မိုးချုပ်သည်အထိ ဒီအကျိုးတရားတွေကိုပဲ ရှာဖွေနေကြတာ မဟုတ်လား?

ဒီတော့ ငါးပါးသီလကို ရှေ့တန်းတင်ကာ ဖြည့်ကျင့်ထားအပ်တဲ့ ဒီကောင်းမှုကုသိုလ်တွေက ဒီအကျိုးတရားတွေကို ပေးစွမ်းနိုင်တယ်ဆိုရင် ကိုယ်ကျင့်တရားတွေကို ဖြူစင်အောင် ကြိုးစားဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ် သိပ်ကောင်းတယ်။ သမထ-ဝိပဿနာရေစင်တို့ဖြင့် မိမိတို့ရဲ့ စိတ်အစဉ်တွေကို ဖြူစင်အောင် ဆေးကြောသုတ်သင်ပေးဖို့, ဖြူစင်မြင့်မြတ်တဲ့ စိတ်ဓာတ်တွေဖြစ်အောင် သမထ-ဝိပဿနာဘာဝနာတို့ဖြင့် မိမိတို့ရဲ့ စိတ်ဓာတ်တွေကို မြှင့်တင်ပေးဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ် - သိပ်ကောင်းတယ်။

ခုပြောနေတဲ့ ပဉ္စသီလသမာဒါနိယမထေရ်အလောင်းကို ကြည့်ပါ။ ဘဝတစ်ခုမှာ အနှစ်တစ်သိန်းလောက် ကာလပတ်လုံး မကျိုးမပေါက် မပြောက်မကျားအောင် မိမိရဲ့ စိတ်အစဉ်ကို သီလရေစင်ဖြင့် ဖြူစင်အောင် ဆေးကြောသုတ်သင်ပေးခဲ့တယ်။ သမထ-ဝိပဿနာဘာဝနာတို့ဖြင့် မိမိရဲ့ စိတ်ဓာတ်ကို အထက်တန်းကျတဲ့ စိတ်ဓာတ်ဖြစ်အောင် မြှင့်တင်ပေးခဲ့တယ်။ ဘဝတစ်ခုမှာ ကြိုးစားခဲ့တဲ့ ဒီကောင်းမှုကုသိုလ်ဟာ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်တိုင် ဆက်တိုက်အကျိုးပေးခဲ့တယ်။ အဆက်မပြတ် ဆက်တိုက်ကြိုးစားအားထုတ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေဟာ အကျိုးပေးရင် ဒီလို ဆက်တိုက် အကျိုးပေးတတ်တဲ့သဘော ရှိတယ်။

## အဆင့်အတန်းအမြင့်မားဆုံးသော ဉာဏ်ပညာ

ဒီနေရာမှာ ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမထားတော်မူတဲ့ ဝိပဿနာဉာဏ်ရဲ့ အဆင့်အတန်းမြင့်မားပုံကို ထပ်ပြီးတော့ နည်းနည်း ပြောချင်သေးတယ်။ ယောဂီပုဂ္ဂိုလ်တစ်ဦးဟာ ဈာန်သမာဓိတစ်ခုခုကို ဝိပဿနာရဲ့ အခြေခံအကြောင်းရင်း = ပါဒကဈာန်အဖြစ် ထူထောင်ပြီးနောက် ဓာတ်ကမ္မဋ္ဌာန်းကို စနစ်တကျ ပွားများအားထုတ်လိုက်တဲ့အခါမှာ မိမိရဲ့ ခန္ဓာကိုယ်ကို ရေခဲတုံး ဖန်တုံး မှန်တုံးကဲ့သို့ အကြည်ဓာတ်အတုံးအခဲအဖြစ် ရုပ်တုံးရုပ်ခဲတွေကို ဉာဏ်ဖြင့် မဖြိုခွဲနိုင်မီ ပရမတ်သို့ ဉာဏ်အမြင်မဆိုက်မီမှာ သွားတွေ့ပါတယ်။ ဒီအကြည်ဓာတ်အတုံးအခဲဆိုတာ ဘာလဲ? ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဒီလို ရှင်းပြထားပါတယ်။

**စက္ခာဒိပဉ္စဝိဓံ ရူပါဒီနံ ဂဟဏပစ္စယဘာဝေန အာဒါသတလံ ဝိယ ဝိပ္ပသန္နတ္တာ ပသာဒရူပံ**။[၁၀၆]

ဘုရားရှင်သည် ရုပ်တရားများကို ဟောကြားတော်မူသည့်အပိုင်းမှာ အကြည်ရုပ် = **ပသာဒရုပ်** (၅)မျိုးတို့ကိုလည်း ထည့်သွင်းကာ ဟောကြားထားတော်မူပါတယ်။ ဒီအကြည်ရုပ် (၅)မျိုးဆိုတာကတော့ —

[၁၀၆] ဝိသုဒ္ဓိ၊ ၂၊၈၁။

၁။ စက္ခုပသာဒ = မျက်စိအကြည်,
၂။ သောတပသာဒ = နားအကြည်,
၃။ ဃာနပသာဒ = နှာအကြည်,
၄။ ဇိဝှာပသာဒ = လျှာအကြည်,
၅။ ကာယပသာဒ = ကိုယ်အကြည် —

အားလုံးပေါင်းလိုက်တော့ ပသာဒရုပ် = အကြည်ရုပ် (၅)မျိုးတို့ ဖြစ်ကြပါတယ်။ ဒီအကြည်ရုပ် (၅)မျိုးထဲမှာ မျက်စိအကြည်က မျက်စိမှာ၊ နားအကြည်က နားမှာ၊ နှာအကြည်က နှာခေါင်းမှာ၊ လျှာအကြည်က လျှာမှာပဲ အသီးအသီး တည်ရှိကြပါတယ်။ သို့သော် ကိုယ်အကြည်ကတော့ ထိတာ-ကို သိတဲ့ နေရာတိုင်းမှာ တစ်ကိုယ်လုံး အနှံ့အပြား တည်ရှိနေပါတယ်။ မျက်စိ, နား, နှာ, လျှာ, ကိုယ်, နှလုံး–ဆိုတဲ့ ဒွါရ (၆)ပါးလုံးမှာ တည်ရှိနေပါတယ်။ ယောဂါဝစရပုဂ္ဂိုလ်က ဓာတ်ကမ္မဋ္ဌာန်းကို စနစ်တကျ ရှုပွားလိုက်တဲ့အပိုင်းမှာ ဃနခေါ်တဲ့ ရုပ်တုံးရုပ်ခဲတွေကို ဉာဏ်နဲ့ မဖြိုခွဲနိုင်မီ ယင်းအကြည်ရုပ်တွေကို အတုံးလိုက် အခဲလိုက် အစုလိုက် အပုံလိုက် ရေခဲတုံး ဖန်တုံး မှန်တုံးကဲ့သို့ တွေ့မြင်နေခြင်း ဖြစ်ပါတယ်။ ဒီအကြည်အတုံးအခဲဟာလည်း အထူးသဖြင့် တစ်ကိုယ်လုံးမှာ အနှံ့အပြား တည်ရှိနေတဲ့ ကိုယ်အကြည်ဓာတ်တို့ရဲ့ အတုံးအခဲများ ဖြစ်ကြပါတယ်။ သို့သော် ဒီအကြည်ဓာတ်တွေဟာ အတိတ်ကကံကြောင့် ဖြစ်ပေါ်လာကြတဲ့ အကြည်ဓာတ်တွေသာ ဖြစ်ကြပြီး သက်ရှိသတ္တဝါတွေရဲ့ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်မှာသာ ဖြစ်ပေါ်နိုင်တဲ့ ရုပ်တရားတွေ ဖြစ်ကြပါတယ်။ ယင်းအကြည်ဓာတ်တွေကို ဓာတ်ခွဲခန်းထဲအထိ သယ်ဆောင်သွားလို့တော့ မရနိုင်ကြပါဘူး။ အကြောင်းကတော့ ဒီအကြည်ဓာတ်တွေဟာလည်း ဖြစ်ပြီးပျက်နေတဲ့ အနိစ္စတရားတွေသာ ဖြစ်ကြတဲ့ အတွက် ဓာတ်ခွဲခန်းထဲသို့ သယ်ဆောင်သွားနိုင်လောက်အောင် သက်တမ်းမရှည်ကြပါဘူး။ သို့သော် ယောဂီပုဂ္ဂိုလ်က ပရမတ်သို့ ဉာဏ်အမြင်မဆိုက်မီမှာသာ ဒီအကြည်ဓာတ်တွေကို အတုံးလိုက် အခဲလိုက် တွေ့မြင်နေခြင်းသာ ဖြစ်ပါတယ်။

ဒီနေရာမှာ ပြောချင်တဲ့ အချက်တစ်ခုကတော့ ဒီနေ့ သိပ္ပံပညာရှင်တွေဟာ လကမ္ဘာအထိ သွားနိုင်တဲ့ စွမ်းအားတွေ ရှိနေကြပေမဲ့လို့ ဒီအကြည်ဓာတ်တွေကို ယနေ့အထိ မတွေ့ရှိကြသေးပါဘူး။ အကြောင်းကတော့ သိပ္ပံပညာရှင်တွေရဲ့ အသိဟာ ဓာတ်ခွဲခန်းထဲမှာသာ ရရှိတဲ့အသိ ဖြစ်နေတယ်။ ဒီအကြည်ဓာတ်တွေဟာလည်း ဓာတ်ခွဲခန်းဆိုတဲ့ သက်မဲ့လောကထဲမှာ ဖြစ်နိုင်ကြတဲ့ ရုပ်တရားမျိုးတွေ မဟုတ်ကြပါဘူး။ ဒါ့ကြောင့် ဘုရားရှင်က တပည့်သာဝကတွေကို သင်ပေးလိုက်တဲ့ ပညာပေးစနစ်အတိုင်း သမထ-ဝိပဿနာဘာဝနာကျင့်စဉ်တွေကို နည်းမှန်လမ်းမှန် စနစ်တကျ ကျင့်ကြံကြိုး-ကုတ် ပွားများအားထုတ်လို့ တပည့်သာဝကတစ်ဦး ရရှိတဲ့ ခုလို အကြည်ဓာတ်တွေကို ထွင်းဖောက်သိတဲ့ ဉာဏ်ပညာဟာ ဘယ်လောက်ကြီးမားတဲ့ ဉာဏ်ပညာဖြစ်တယ်ဆိုတာ ခန့်မှန်းလို့ ရပါတယ်။ နောက်ထပ်ပြောဦးမယ် —

ဘုရားရှင်သည် **မဟာရာဟုလောဝါဒသုတ္တန်**[၁၀၇] စသည်တို့၌ ဓာတ် (၆) ပါးကမ္မဋ္ဌာန်းကို ဟော-ကြားတော်မူရာဝယ် **အာကာသဓာတ်**ကိုလည်း မြင်အောင်ရှုရန် ညွှန်ကြားထားတော်မူခဲ့ပါတယ်။ ဒီလိုညွှန်ကြားတော်မူခြင်းနှင့် ပတ်သက်လို့ **မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ**[၁၀၈]က အာကာသဓာတ်ကို ရှုရန် ညွှန်ကြားတော်မူခြင်းမှာ — ဉပါဒါရုပ်ဆိုတဲ့ သဘောလက္ခဏာချင်း တူညီနေတဲ့ ရုပ်တရား အားလုံးကို ပေါင်းစုကာ လက္ခဏာဟာရနေတ္တိနည်းအားဖြင့် — ဓာတ်ကြီး (၄)ပါးကို မှီတွယ်ဖြစ်ပေါ် သွားကြတဲ့ ဉပါဒါရုပ်အားလုံးကို ရှုပွားရန် ညွှန်ကြားတော်မူခြင်း ဖြစ်ကြောင်းကို ဖွင့်ဆိုထားပါတယ်။ တစ်နည်းအားဖြင့်တော့ အာကာသဓာတ်ကို ရှုလို့ရရှိပါက ရုပ်ပရမတ်တရားတွေကို ဉာဏ်ဖြင့် ပိုင်း-ခြားယူရာ ရှုရာ၌ ရုပ်ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရောက်သည်အထိ ရှုနိုင်သည့် လွယ်ကူသော နည်းစနစ်ကို ညွှန်ပြတော်မူလိုသည့်အတွက်ကြောင့် ဘုရားရှင်က အာကာသဓာတ်ကို ရှုပွားသုံးသပ် ရန် ညွှန်ကြားတော်မူခြင်း ဖြစ်ကြောင်းကို ဖွင့်ဆိုထားတော်မူပါတယ်။ ဆိုလိုတာကတော့ — ယောဂီ ပုဂ္ဂိုလ်က ရှေးဦးစွာ ယင်းအကြည်ဓာတ်အတုံးအခဲကြီးမှာ တည်ရှိတဲ့ အာကာသဓာတ်ကို ရှေးဦးစွာ မြင်အောင်ရှုရမှာ ဖြစ်ပါတယ်။ အာကာသဓာတ်ကို မြင်ပါမှ ရုပ်ကလာပ်ကို စမြင်မှာ ဖြစ်ပါတယ်။ ရုပ်ကလာပ်ကို မြင်ပါမှ ရုပ်ကလာပ်တစ်ခုတစ်ခုအတွင်းမှာ တည်ရှိတဲ့ ရုပ်ပရမတ်သဘောတရား တွေကို ဉာဏ်နှင့် ရှုလို့ရမှာ ဖြစ်ပါတယ်။

ဒ့ါကြောင့် ယောဂီပုဂ္ဂိုလ်က ယခုလို ဓာတ်ကမ္မဋ္ဌာန်းကို စနစ်တကျ အားထုတ်လိုက်လို့ အကြည် ဓာတ် အတုံးအခဲကြီးကို တွေ့မြင်တဲ့အခါမှာ ယင်းအကြည်ဓာတ် အတုံးအခဲမှာ တည်ရှိနေတဲ့ အာကာသဓာတ်ကို မြင်အောင် ဆက်ရှုလိုက်ပါက ရုပ်ကလာပ်တွေကို စတင်တွေ့ရှိမည် ဖြစ်ပါတယ်။ အာကာသဓာတ်ဆိုတာကတော့ ရုပ်ကလာပ်တစ်ခုနှင့် အခြားရုပ်ကလာပ်တစ်ခုတို့ ရုပ်ကလာပ် အချင်းချင်း ရောယှက်မှု မရှိအောင် ပိုင်းခြားထားတဲ့ နယ်ခြားဒေသ ဖြစ်ပါတယ်။ အဲဒီလို ရုပ်ကလာပ် တွေကို တွေ့တဲ့အခါမှာ အချို့ရုပ်ကလာပ်တွေမှာ ရုပ်ကလာပ်တစ်ခုတစ်ခုအတွင်းဝယ် — ပထဝီ, အာပေါ, တေဇော, ဝါယော, အဆင်း, အနံ့, အရသာ, ဩဇာ—ဆိုတဲ့ ရုပ်ပရမတ်သဘောတရား (၈)ခု အနည်းဆုံး ရှိကြတယ်။ အချို့ရုပ်ကလာပ်တွေမှာတော့ အသက်ရှင်သန်နေတဲ့ ရုပ်ဇီဝိတနှင့် အတူတကွ ရုပ်ပရမတ်သဘောတရား (၉)မျိုးအထိ ရှိကြပါတယ်။ အချို့ရုပ်ကလာပ်တွေမှာတော့ အကြည်ဓာတ် သို့မဟုတ် ဘာဝရုပ် သို့မဟုတ် ဟဒယရုပ်နှင့် အတူတကွ ရုပ်ပရမတ်သဘော တရား (၁၀)မျိုးအထိ ရှိကြပါတယ်။

ယောဂီပုဂ္ဂိုလ်ဟာ စတုတ္ထဈာန်သမာဓိကဲ့သို့သော ဈာန်သမာဓိတစ်ခုခုနှင့် ယှဉ်တွဲနေတဲ့ ဉာဏ်-ကြောင့် ဖြစ်ပေါ်လာတဲ့ ဉာဏ်အလင်းရောင် အကူအညီ, ဓာတ်ကမ္မဋ္ဌာန်းလမ်းစဉ်မှ ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်းမှာ တည်ရှိနေကြတဲ့ ဓာတ်ကြီးလေးပါးတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူနိုင် ရှုနိုင်တဲ့ အထွတ်အထိပ်သို့ ရောက်နေတဲ့ ဉပစာရသမာဓိနှင့် ယှဉ်တွဲနေတဲ့ ဉာဏ်ကြောင့် ဖြစ်ပေါ်လာတဲ့ ဉာဏ်အလင်းရောင် အကူအညီတို့ဖြင့် ယင်းရုပ်ကလာပ်တစ်ခုတစ်ခုအတွင်းမှာ တည်ရှိနေကြတဲ့ (၈)မျိုး, (၉)မျိုး, (၁၀)မျိုးသော ရုပ်ပရမတ်သဘောတရားတွေကို ဉာဏ်ဖြင့် ပိုင်းခြားယူမယ် ရှုမယ်

[၁၀၇] မ၊ ၂၈၆။ စာပိုဒ်၊၁၁၈။ [၁၀၈] မဋ္ဌ၊၃၊၉၆။ စာပိုဒ်၊၁၁၄-၁၁၈။

ဆိုလျှင် ရှုလို့ ရနိုင်ကြပါတယ်။ ဒီလို ရှုလို့ရတဲ့ ဉာဏ်ပညာဟာ ဘယ်လောက်ကြီးမားတဲ့ ဉာဏ်ပညာဖြစ်တယ်ဆိုတာကို စဉ်းစားကြည့်ပါ။

တစ်ဖန် ယောဂါဝစရပုဂ္ဂိုလ်က ပထမဈာန်ကဲ့သို့သော ဈာန်နာမ်တရားတွေကို ရှုပွားသိမ်းဆည်းတဲ့အပိုင်းမှာ ဈာန်ကို ဝင်စားပြီး ဈာန်မှအထ အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော ဈာန်ရဲ့အာရုံနှင့် ဘဝင်မနောအကြည်ဓာတ်ခေါ်တဲ့ မနောဒွါရတို့ကို ပူးတွဲသိမ်းဆည်းပြီးတော့ ဈာန်နာမ်တရားတွေကို ရှုပွားသိမ်းဆည်းမယ်ဆိုလျှင်လည်း ရှေ့ပိုင်းတုန်းက ရေတွက်ပြထားခဲ့တဲ့ ဈာန်စိတ္တက္ခဏတွေမှာ တည်ရှိကြတဲ့ (၃၄)လုံးသော ပထမဈာန်နာမ်တရားတွေကို ရှုပွားသိမ်းဆည်းမည်ဆိုလျှင် ဉာဏ်ဖြင့် ရှုလို့ရနိုင်ပါတယ်။ ဘယ်လောက်ကြီးမားတဲ့ ဉာဏ်ပညာဖြစ်တယ်ဆိုတာကို စဉ်းစားကြည့်ပါ။

နောက်တစ်ခု ပြောဦးမယ် — ယောဂီပုဂ္ဂိုလ်က ဆက်လက်ပြီးတော့ အကြောင်းတရားတွေကို ရှုပွားသိမ်းဆည်းတဲ့အပိုင်းမှာ ကြောင်း-ကျိုး ဆက်နွှယ်မှု = ပဋိစ္စသမုပ္ပါဒ်တရားတွေကို ရှုပွားသိမ်း-ဆည်းနိုင်တဲ့အခါ —

၁။ ဘယ်ရုပ်တရားတွေက ကံကြောင့် ဖြစ်ကြသည်။

၂။ ဘယ်ရုပ်တရားတွေက စိတ်ကြောင့် ဖြစ်ကြသည်။

၃။ ဘယ်ရုပ်တရားတွေက ဥတုခေါ်တဲ့ တေဇောဓာတ်အပူငွေ့ကြောင့် ဖြစ်ကြသည်။

၄။ ဘယ်ရုပ်တရားတွေက ဩဇာခေါ်တဲ့ အာဟာရကြောင့် ဖြစ်ကြသည်။

ဤသို့ စသည်ဖြင့် ခွဲခြမ်းစိတ်ဖြာပြီးတော့ ကျကျနန သိမ်းဆည်းရှုပွားလို့ ရနိုင်ကြပါတယ်။

သို့သော် — ဒီနေ့ လကမ္ဘာအထိ သွားနိုင်တဲ့ သိပ္ပံပညာရှင်တွေဟာ ဓာတ်ခွဲခန်းထဲမှာ ခန္ဓာကိုယ်ဟာ ရုပ်ကလာပ်အမှုန်တွေနှင့် ပေါင်းစုတည်ဆောက်ထားတယ်ဆိုတာကို သိတန်သလောက် သိကြသော်လည်း ရုပ်ကလာပ်တစ်ခုတစ်ခုအတွင်းမှာ တည်ရှိကြတဲ့ (၈)မျိုး, (၉)မျိုး, (၁၀)မျိုးသော ရုပ်ပရမတ်သဘောတရားတွေကို ခွဲခြမ်းစိတ်ဖြာပြီး မသိကြသေးပါဘူး။ ဓာတ်ခွဲခန်းထဲမှာက ဥတုခေါ်တဲ့ တေဇောဓာတ်အပူငွေ့ကြောင့် ဖြစ်ကြတဲ့ ရုပ်သဘောတရားလောက်သာ ရှိတဲ့အတွက်-ကြောင့် ဖြစ်တယ်။ တစ်ဖန် ဈာန်နာမ်တရား (၃၄)လုံးကဲ့သို့သော နာမ်ပရမတ်တရားတွေကိုလည်း မသိနိုင်ကြသေးပါဘူး။ ဒီနာမ်တရားတွေဟာ ဓာတ်ခွဲခန်းထဲမှာ ရှာဖွေတွေ့ရှိနိုင်တဲ့ တရားမျိုးတွေ မဟုတ်ကြပါဘူး။ ဝိပဿနာဓာတ်ခွဲခန်းထဲမှာသာ ဝိပဿနာဉာဏ်မျက်စိဖြင့် ရှာဖွေတွေ့ရှိနိုင်တဲ့ တရားမျိုးတွေ ဖြစ်ကြပါတယ်။

ဘယ်ရုပ်တရားတွေက ကံကြောင့် ဖြစ်ကြတယ်၊ ဘယ်ရုပ်တရားတွေက စိတ်ကြောင့် ဖြစ်ကြတယ်၊ ဘယ်ရုပ်တရားတွေက ဥတုကြောင့် ဖြစ်ကြတယ်၊ ဘယ်ရုပ်တရားတွေက အာဟာရကြောင့် ဖြစ်ကြတယ်၊ ဘယ်ကံကြောင့် ဖြစ်တယ်၊ ဘယ်စိတ်ကြောင့် ဖြစ်တယ်၊ ဘယ်ဥတုကြောင့် ဖြစ်တယ်၊ ဘယ်အာဟာရကြောင့် ဖြစ်တယ် — စတဲ့ ဒီလို သဘောတရားတွေဟာလည်း သိပ္ပံဓာတ်ခွဲခန်းထဲမှာ ရှာဖွေတွေ့ရှိလို့ရနိုင်တဲ့ သဘောတရားတွေ မဟုတ်ကြပါဘူး။ ဘုရားရှင် ညွှန်ကြားပြသထားတော်မူတဲ့

သမထစောတ်ခွဲခန်းကို အခြေခံကာ ထပ်ဆင့်တက်လာတဲ့ ဝိပဿနာစောတ်ခွဲခန်းထဲမှာသာ ရှာဖွေ တွေ့ရှိလို့ ရရှိနိုင်တဲ့ သဘောတရားတွေ ဖြစ်ကြပါတယ်။

ဒါ့ကြောင့် ဘုရားရှင် သင်ကြားပေးတော်မူခဲ့တဲ့ ဝိပဿနာပညာတွေဟာ အလွန်အဆင့်အတန်း မြင့်မားလှတဲ့ ပညာရပ်တွေ ဖြစ်တယ်ဆိုတာကို သဘောပေါက်ကြစေချင်ပါတယ်။ ဒီလို အဆင့် အတန်းမြင့်မားလှတဲ့ ဝိပဿနာဉာဏ်ပညာတို့ ပြဓာန်းနေတဲ့ ဝိပဿနာကံတို့ရဲ့ စွမ်းအားကြောင့် အရှင်ပဉ္စသီလသမာဒါနိယမထေရ်မြတ်ရဲ့ အလောင်းအလျာဟာ ဖြစ်လေရာဘဝတိုင်းမှာ ဉာဏ်-ပညာကြီးမားခဲ့ရပါတယ်။ ဒီဝိပဿနာကံတို့ရဲ့ စွမ်းအင်ဟာ အရှင်ပဉ္စသီလသမာဒါနိယမထေရ်မြတ် အလောင်းအလျာ၏ ရုပ်နာမ်သန္တာန်အစဉ်တွင် သူ့ရဲ့ အတိတ်သံသရာတစ်လျှောက်မှာ ကိန်းဝပ်ကာ လိုက်ပါတည်နေလျက် ရှိခဲ့ပါတယ်။ ဒါ့ကြောင့် ဒီမထေရ်အလောင်းအလျာဟာ အကြောင်းနှင့် လျော်ညီတဲ့ အကျိုးတရားကိုသာ ရရှိခဲ့ခြင်း ဖြစ်ပါတယ်။ ဒါ့ကြောင့် မိမိတို့လည်း ဉာဏ်ပညာ ကြီးမားချင်ကြတယ်ဆိုလျှင် မိမိတို့ရဲ့ ရုပ်နာမ်သန္တာန်အစဉ်မှာ ဝိပဿနာကံတွေ ကိန်းဝပ်တည်ရှိ လာအောင် ကြိုးပမ်းဖို့ လိုအပ်ပါတယ်။

ကဲ - ပဉ္စသီလသမာဒါနိယမထေရ်အကြောင်းကို ဆက်လက်ပြီးတော့ ပြောကြရအောင် —

## အလွန်ရနိုင်ခဲသော အကျိုးထူးတစ်ရပ်

**အပရိမေယျေ ဣတော ကပ္ပေ၊ ပဉ္စသီလာနိ ဂေါပယိံ။**
**ဒုဂ္ဂတိံ နာဘိဇာနာမိ၊ ပဉ္စသီလာနိဒံ ဖလံ။**[၃၀၉]

ငါသည် တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်က ငါးပါးသီလကို ဆောက်တည်ခဲ့တယ်။ ထိုဘဝကစပြီး ဒီနောက်ဆုံးဘဝအထိ အပါယ်ဒုဂ္ဂတိဘဝဆိုတာကို တစ်ခါမျှ မသိခဲ့စဖူးဘူး။ — သိပ်ကောင်းတယ် - သိပ်ကောင်းတယ်။

အပါယ်ဘေးမှ လွတ်မြောက်ဖို့ဆိုတာ အလွန်ခက်ခဲတဲ့ အခွင့်အရေးကြီး တစ်ခုဖြစ်တယ်။ ဒီလို အပါယ်ဘေးဆိုးကြီးမှ ထုတ်ဆောင်ကယ်တင်ပေးမည့် တရားတစ်ခု ထင်ရှားရှိနေတယ်ဆိုရင် ဒီတရားမျိုးတွေကို ဖြည့်ကျင့်ဆည်းပူးထားဖို့ မကောင်းဘူးလား? — သိပ်ကောင်းတယ် - သိပ်ကောင်း တယ်။ ဘာတရားတွေလဲ? သမထ-ဝိပဿနာဘာဝနာကံတို့ ထုံမွှမ်းထားတဲ့ ဖြူစင်မြင့်မြတ်တဲ့ ကိုယ်ကျင့်သီလဆိုတဲ့ တရားတွေပဲ ဖြစ်ကြပါတယ်။

နောက်ဆုံးဘဝရောက်တဲ့ အချိန်အခါမှာ ဘုန်းကြီးတို့ ဂေါတမမြတ်စွာဘုရားရှင်လည်း ပွင့်ထွန်း ပေါ်ပေါက်တော်မူလာပြီး ဖြစ်တယ်။ ဘုရားရှင်ရဲ့ သာသနာတော်ကြီး နေလအသွင် ထွန်းလင်း တင့်တယ်နေတဲ့အချိန်မှာ — ပဉ္စသီလသမာဒါနိယမထေရ်အလောင်း သူတော်ကောင်းဟာ နတ်ပြည် နတ်လောကမှ စုတေပြီး လူ့ပြည်လူ့လောကဝယ် ဝေသာလီပြည်မှာ ချမ်းသာကြွယ်ဝတဲ့ သူဌေး အမျိုးအနွယ်အိမ်မှာ လာရောက်ပြီး လူဖြစ်ရပြီ။

---

၃၀၉ အပဒါန၊၁၊၈၆။

ပဥ္စသီလသမာဒါနိယမထေရ်အလောင်း အမျိုးကောင်းသားကလေး ငါးနှစ်သားအရွယ်ရောက်တဲ့ အချိန်အခါမှာ – ရှေးယဉ်ကျေးမှု အစဉ်အလာအတိုင်း မိဘနှစ်ပါးတို့ကလည်း ဝါဆိုခါနီး ကာလဝယ် ဒီဝါတွင်းမှာ ကိုယ်ကျင့်သီလဖြူစင်စွာဖြင့် နေထိုင်ကြမယ်ဆိုတဲ့ ဦးတည်ချက်နှင့် – ငါးပါးသီလကို ခံယူဆောက်တည်ကြတယ်။ ဘုရားရှင်ရဲ့ တပည့်သာဝက မထေရ်မြတ်တစ်ပါးထံမှာ ဆောက်တည်ကြတယ်လို့ ယူဆရပါတယ်။

ပါရမီမျိုးစေ့ကောင်းဆိုတဲ့ ကံတွေက ရေကန်အသင့် ကြာအသင့်ဖြစ်အောင် ဖန်တီးပေးနေကြတယ်။ ပါရမီကုသိုလ်ကံတွေဟာ အကျိုးပေးလာပြီဆိုရင် သိပ်အားရဖို့ကောင်းတယ် – ဒီလို မိဘတွေက သီလခံယူနေတဲ့အခါမှာ ငါးနှစ်သားအရွယ်မှာရှိတဲ့ ပဥ္စသီလသမာဒါနိယမထေရ်အလောင်း သူတော်ကောင်းကလည်း အနီးအနားမှာ ထိုင်ပြီး နားထောင်နေပါတယ်။ အဲဒီအချိန်အခါမှာ ဘာဖြစ်လာသလဲ? –

**သဟ သုတွာနဟံ သီလံ၊ မမ သီလံ အနုဿရိံ။**
**ကောသနေ နိသီဒိတွာ၊ အရဟတ္တမပါပုဏိံ။**[၁၁၀]

မိဘတွေက ငါးပါးသီလဆောက်တည်နေတဲ့အသံကို ကြားလိုက်တော့ ဒီသူငယ်ကလေးက ဟို - လွန်ခဲ့တဲ့ တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်က အနောမဒဿီဘုရားရှင်ရဲ့ သာသနာတော်မှာ မိမိ ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ ငါးပါးသီလကို အမှတ်ရပြီ။ အဲဒီအချိန်မှာ ဝမ်းမြောက်တဲ့ ပီတိသောမနဿပန်းတွေကလည်း ပွင့်လန်းပြီး လာကြတယ်။ ထိုအချိန်အခါမှာ သီလပေးနေတဲ့ မထေရ်မြတ်ကလည်း သစ္စာလေးပါးနှင့်စပ်တဲ့ တရားစကားများကို ဟောကြားပြသ ဆိုဆုံးမပေးတယ်လို့ပဲ ယူဆရပါတယ်။ ဘာကြောင့်လဲ?– သာဝကပါရမီဉာဏ်အရာမှာ **ပရတောဃောသ**လို့ ခေါ်ဆိုတဲ့ ဘုရားရှင်ထံမှပဲဖြစ်စေ, ဘုရားရှင်ရဲ့ တပည့်သာဝက တစ်ဦးဦးထံမှပဲဖြစ်စေ သစ္စာလေးပါးနှင့်စပ်တဲ့ တရားစကားကို နာကြားခွင့် ရရှိခြင်းဆိုတဲ့ အင်္ဂါရပ်တစ်ခုဟာ အလွန်အရေးကြီးပါတယ်။ အာဠာရရသေ့ဘဝ, ဥဒကရသေ့ဘဝမှ ကွယ်လွန်ပြီးတဲ့အခါ အရူပဘုံသို့ ရောက်ရှိသွားကြတဲ့ အရူပ-ပြဟ္မာတွေဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ပါရမီမျိုးစေ့ကောင်းတွေ ထင်ရှားရှိကြပေမဲ့လို့ **ပရတောဃောသ** = သူတစ်ပါးတို့ထံမှ သစ္စာလေးပါးနှင့်စပ်တဲ့ တရားစကားကို နာကြားခွင့် ရရှိခြင်းဆိုတဲ့ အကြောင်းအင်္ဂါရပ်ချို့တဲ့လို့ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင် ဖြစ်သွားကြတဲ့ ထုံးတွေ ရှိကြပါတယ်။

ဒီနေရာမှာ ပဥ္စသီလသမာဒါနိယမထေရ်အလောင်း သူတော်ကောင်းကလေးဟာ တစ်အ-သင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်က မိမိ ပြုစုပျိုးထောင်ခဲ့တဲ့ သီလပါရမီတွေကို အမှတ်ရကာ ဆင်ခြင်မိတဲ့အခါ ဝမ်းမြောက်ဝမ်းသာခြင်းဆိုတဲ့ စိတ်ရွှင်လန်းတက်ကြွမှုတွေ ဖြစ်နေတုန်း သစ္စာလေးပါးနှင့်စပ်တဲ့ တရားစကားကိုလည်း နာကြားခွင့်ရရှိတဲ့အတွက် – ဘာဖြစ်သွားသလဲ? –

**ကောသနေ နိသီဒိတွာ၊ အရဟတ္တမပါပုဏိံ။**[၁၁၁]

---

[၁၁၀, ၁၁၁] အပဒါန၊၁၊၈၅။

ထိုတစ်ထိုင်အတွင်းမှာပဲ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ဆိုက်ရောက်သွားတော်မူခဲ့တယ်။ လွယ်လှချည်လားလို့တော့ မထင်လိုက်နှင့်နော် – အနှစ်တစ်သိန်းတို့ကာလပတ်လုံး မကျိုးမပေါက် မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ သီလကျင့်စဉ်တွေကို ပြန်ပြီးတော့ကြည့်ပါ။ ဘယ်လောက် ခက်ခက်ခဲခဲ ကြိုးစားခဲ့ရတဲ့ လုပ်ငန်းခွင် ဖြစ်တယ်ဆိုတာကို စဉ်းစားကြည့်ပါ။ အနှစ်တစ်ရာလောက် မကျိုးမပေါက် မပြောက်မကျားအောင် ထိန်းသိမ်းစောင့်ရှောက်ဖို့ဆိုတာတောင် အလွန်ခက်ခဲတဲ့ လုပ်ငန်းတစ်ခု ဖြစ်ပါတယ်။ အနှစ်တစ်သိန်းဆိုတော့ ပြောဖွယ်ရာတောင် မလိုတော့ဘူး။ ဒါတွင်လား? မကသေးဘူး။ ပဋိသမ္ဘိဒါဉာဏ်တော်မြတ် (၄)ပါးတို့ကို ရရှိတော်မူသည့် = ပဋိသမ္ဘိဒါပတ္တရဟန္တာဖြစ်တော်မူတဲ့အတွက် ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာကတည်းက သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကိုလည်း စီးဖြန်းခဲ့ဖူးပါတယ်။ ဒီလို ခက်ခဲတဲ့ ပါရမီတွေကို အရဟတ္တဖိုလ်ရနိုင်လောက်အောင် အခန့်သင့်ဖြစ်အောင် ကြိုးစားခဲ့တယ်ဆိုတဲ့ အချက်ကိုတော့ မမေ့နဲ့နော် –

## ပဋိသမ္ဘိဒါဉာဏ်တို့ သန့်ရှင်းရန် အကြောင်းအင်္ဂါငါးရပ်

ပဋိသမ္ဘိဒါဉာဏ်တွေ စင်ကြယ်သန့်ရှင်းဖို့ရန်အတွက် – အဓိဂမ, ပရိယတ္တိ, သဝန, ပရိပုစ္ဆာ, ပုဗ္ဗယောဂ – ဆိုတဲ့ အင်္ဂါငါးရပ် ရှိပါတယ်။

**အဓိဂမ**ဆိုတာကတော့ – အရဟတ္တဖိုလ်ကို ဆိုက်ရောက်တော်မူခြင်းပဲ။[၃၀၂] ပဋိသမ္ဘိဒါဉာဏ်ကို ရရှိမည့် သူတော်ကောင်းတွေဟာ အရဟတ္တဖိုလ်ကို ဆိုက်ရောက်ရင် ပဋိသမ္ဘိဒါဉာဏ်တွေကိုပါ တစ်ပါတည်း ရရှိသွားကြတယ်။ ပဋိသမ္ဘိဒါဉာဏ် ရရှိရေးအတွက် ထပ်မံကြိုးစားဖွယ်ရာ မလိုတော့ဘူး။ ဒီအဆိုကတော့ အမြင့်ဆုံးအဆင့်ကို ပြောဆိုတာပါ။ အရှင်အာနန္ဒာမထေရ်မြတ်တို့လို သောတာပတ္တိဖိုလ်ကို ဆိုက်ရောက်တဲ့အခါ ပဋိသမ္ဘိဒါဉာဏ်တွေကို ရရှိတဲ့ သူတော်ကောင်းတွေလည်း ရှိကြပါတယ်။ စိတ္တသူကြွယ်တို့လို အနာဂါမိဖိုလ်ကို ဆိုက်ရောက်တဲ့အခါ ပဋိသမ္ဘိဒါဉာဏ်တွေကို ရရှိတဲ့ သူတော်ကောင်းတွေလည်း ရှိကြပါတယ်။ မင်္ဂဖိုလ်နိဗ္ဗာန်ကို မျက်မှောက်မပြုရဘဲ ပဋိသမ္ဘိဒါဉာဏ်တို့ကို ရရှိတယ်ဆိုတာကတော့ မဖြစ်နိုင်ဘူးလို့ မှတ်ပါ။[၃၀၃]

**ပရိယတ္တိ**ဆိုတာက – ဘုရားဟော ပါဠိတော်တွေကို သင်ယူခြင်းကို ဆိုလိုတယ်။ ဒီနေရာမှာ သင်ယူတယ်ဆိုတာက **သဇ္ဈာယော** – ပါဠိကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို ဆိုလိုတယ်လို့ မဟာဋီကာဆရာတော်က ရှင်းပြထားပါတယ်။[၃၀၄]

ပဥ္စသီလသမာဒါနိယမထေရ်အဖို့ ဘုရားဟော ပါဠိတော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်းဆိုတာကတော့ ဒီနောက်ဆုံးဘဝ ရဟန္တာမဖြစ်မီ အချိန်ကာလအတွင်းမှာ ဖြစ်နိုင်တဲ့သဘော မရှိခဲ့ဘူး။ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာသာ ဖြစ်နိုင်တဲ့သဘော ရှိပါတယ်။[၃၀၅]

---

[၃၀၂] **အဓိဂမ** – တတ္ထ **အဓိဂမော** နာမ အရဟတ္တပ္ပတ္တိ။ (ဝိသုဒ္ဓိ၊၂၊၇၂။)

[၃၀၃] ဝိသုဒ္ဓိ၊၂၊၇၃-ကြည့်ပါ။ [၃၀၄] မဟာဋီ၊၂၊၈၄။

[၃၀၅] **သဝန** – **သဝနံ** နာမ သက္ကစ္စံ အတ္ထံ ကတွာ ဓမ္မဿဝနံ။ (ဝိသုဒ္ဓိ၊၂၊၇၂။)

**သဝန**ဆိုတာကတော့ – အဲဒီဘုရားဟော ပါဠိတော်တွေရဲ့ အနက်အဓိပ္ပာယ် ဆိုလိုရင်းသဘော တရားတွေကို အရိုအသေ အလေးအမြတ်ပြုကာ အလွန်လိုလားတောင့်တတဲ့ စိတ်ဓာတ် အပြည့်အဝ နှင့် နာကြားခြင်းကို ဆိုလိုတယ်။ အဋ္ဌကထာတွေကို သင်ယူခြင်းကို ရည်ညွှန်းထားပါတယ်။ အဲဒီ အခွင့်အရေးဟာလည်း ပဉ္စသီလသမာဒါနိယမထေရ်အဖို့ အရဟတ္တဖိုလ်ဆိုက်ရောက်သည်နှင့် ပဋိသမ္ဘိဒါဉာဏ်တွေကို ရရှိမှာဖြစ်လေတော့ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာသာ ဖြစ်နိုင်တဲ့ အခွင့်အလမ်း ရှိပါတယ်။ ရဟန္တာဖြစ်ပြီးနောက် ဘုရားဟော ပါဠိတော်နှင့် အဋ္ဌကထာတွေ ကို မသင်ယူတော့ဘူးလို့ ဆိုလိုတာတော့ မဟုတ်ပါဘူး။ ပဋိသမ္ဘိဒါဉာဏ်သို့ မဆိုက်ရောက်မီ ရှေးရှေး ဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ ကြိုးပမ်းခဲ့ပုံကို သဘောပေါက်အောင် ပြောတာပါ။[၁၀၆]

**ပရိပုစ္ဆာ**ဆိုတာကတော့ – ပါဠိတော် အဋ္ဌကထာ စသည်တို့မှာ ကြိုးထုံးလိုပဲ ဖြေဖို့ရန် အလွန် ခက်ခဲတဲ့ အလွန်သိဖို့ရန် ခက်ခဲတဲ့ ထုံးဖွဲ့နေတဲ့ ပုဒ်တွေ ခက်ခဲတဲ့ အနက်ပုဒ်တွေ ရှိကြတယ်၊ အဲဒီပုဒ်ပါဌ်တွေရဲ့ အဆုံးအဖြတ်တွေကို သင်ယူခြင်းပဲ။

**ပုဗ္ဗယောဂ** – ပုဗ္ဗယောဂအကြောင်းတော့ ခဏခဏ ပြောခဲ့ပြီးပါပြီ။ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်တွေမှာ ဆွမ်းခံအသွားအပြန်တို့မှာ ကမ္မဋ္ဌာန်းကိုဆောင်ယူလျက် ဂေါတြဘုဉာဏ်ရဲ့ အနီးအပါးဖြစ်တဲ့ အနုလောမအမည်ရှိတဲ့ သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် ဝိပဿနာဘာဝနာကို ပွားများ အားထုတ်ခဲ့ဖူးခြင်းပဲဖြစ်တယ်။[၁၀၇]

ဒီအင်္ဂါရပ်တွေဟာ ပဉ္စသီလသမာဒါနိယ ရဟန္တာမထေရ်မြတ်ရဲ့သန္တာန်မှာလည်း တည်ရှိခဲ့ပြီး ဖြစ်တယ်ဆိုတာကိုတော့ မမေ့ပါနှင့်။ ဒီဘဝမှာ အရဟတ္တဖိုလ်ကို လွယ်လွယ်ကူကူနှင့် ရရှိရေးအတွက် ရှေးရှေးဘဝတွေက ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်တွေမှာ ဘယ်လောက် သူကြိုးစားခဲ့ရ- တယ်ဆိုတာကို ကြည့်ပါ။ နေရောင်ခြည်တွေ့ထိလိုက်တာနဲ့ ပွင့်လာမည့် ပဒုမ္မာကြာပန်းလိုပဲ၊ သစ္စာ လေးပါးနှင့်စပ်တဲ့ တရားစကားဆိုတဲ့ နေရောင်ခြည်ပက်ဖျန်းလိုက်တာနဲ့ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဆိုတဲ့ ပဒုမ္မာကြာပန်းတွေ အသင့်ပွင့်လာအောင် ကြိုးပမ်းခဲ့တဲ့ အချက်တွေက ပိုပြီးခက်ခဲတယ်ဆိုတာကို သဘောပေါက်ပါ။ ဒီလို အရဟတ္တဖိုလ်ကို ဆိုက်ရောက်သွားတဲ့အခါ ဘာဖြစ်လာသလဲ? –

**ဇာတိယာ ပဉ္စဝဿေန၊ အရဟတ္တမပါပုဏိံ။**
**ဥပသမ္ပာဒယိ ဗုဒ္ဓေါ၊ ဂုဏမညာယ စက္ခုမာ။**[၁၀၈]

ငါးနှစ်သားအရွယ်မှာ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ခဲ့ပြီ။ ဆိုက်ရောက်ပြီးတဲ့အခါ စက္ခုငါးတန် ဉာဏ်အမြင်နှင့် ပြည့်စုံတော်မူတဲ့ ဘုရားရှင်က အရဟတ္တဖိုလ်ဆိုတဲ့ ဂုဏ်ကျေးဇူးကို သိရှိတော်မူတဲ့ အတွက် ရဟန်းပဉ္စင်းအဖြစ်ကို ခွင့်ပြုတော်မူလိုက်ပါတယ်။

မိမိတို့ရဲ့ စိတ်ဓာတ်ကို အထွတ်အထိပ်သို့ရောက်အောင် မြှင့်တင်ပေးလိုက်နိုင်တဲ့အတွက် ပြုပြင် ပြောင်းလဲပေးလိုက်နိုင်တဲ့အတွက် သံသရာတစ်လျှောက်မှာသာ ချမ်းသာရုံမက နောက်ဆုံးဘဝမှာ

[၁၀၆] **ပရိပုစ္ဆာ – ပရိပုစ္ဆာ** နာမ ပါဠိအဋ္ဌကထာဒီသု ဂဏ္ဌိပဒအတ္ထပဒဝိနိစ္ဆယကထာ။ (ဝိသုဒ္ဓိ၊ ၂၊၇၂။)
[၁၀၇] ဝိသုဒ္ဓိ၊ ၂၊၇၂။ [၁၀၈] အပဒါန၊၁၊၈၅။

အချမ်းသာဆုံးဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို အရယူသွားတဲ့ ထုံးဟောင်းတစ်ရပ်ပဲ ဖြစ်တယ်။

သီလတည်းဟူသော မြေပေါ်မှာရပ်တည်ပြီး သမထ-ဝိပဿနာဘာဝနာစွမ်းအားတွေ ခြံရံကာ ပြုစုပျိုးထောင်လိုက်တဲ့ ဒါနဟာ — အသက်ရှည်ခြင်း, စည်းစိမ်ဥစ္စာ ပေါများခြင်း, ဉာဏ်ပညာကြီးမားထက်မြက်ခြင်း – ဆိုတဲ့ အကျိုးတရားတွေကို ရရှိနိုင်တယ်ဆိုတာကို သဘောပေါက်ကြပါ၊ အတုယူပြီးတော့လည်း ကျင့်ကြပါလို့ တိုက်တွန်းပါတယ်။ ကိုင်း – စူဠကမ္မဝိဘင်္ဂသုတ္တန်ကို ပြန်ဆက်ကြရအောင် . . .။

အမျိုးယုတ်ညံ့ခြင်း အမျိုးမြင့်မြတ်ခြင်း **နောက်နံပါတ် (၆) အစုံ —**

## အမျိုးယုတ်ညံ့ခြင်း

**ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ ထဒ္ဓေါ ဟောတိ အတိမာနီ — အဘိဝါဒေတဗ္ဗံ န အဘိဝါဒေတိ၊ ပစ္စုဋ္ဌာတဗ္ဗံ န ပစ္စုဋ္ဌေတိ၊ အာသနာရဟဿ န အာသနံ ဒေတိ၊ မဂ္ဂါရဟဿ န မဂ္ဂံ ဒေတိ၊ သက္ကာတဗ္ဗံ န သက္ကရောတိ၊ ဂရုကာတဗ္ဗံ န ဂရုကရောတိ၊ မာနေတဗ္ဗံ န မာနေတိ၊ ပူဇေတဗ္ဗံ န ပူဇေတိ။**[၁၃၉]

**မာဏဝ** = ဒကာတော် သုဘလုလင် . . .။ **ဣဓ** = ဤလောက၌။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်း-ကောင်း။ **ထဒ္ဓေါ** = တင်းမာသော စိတ်ထားရှိသည်။ **ဟောတိ** = ဖြစ်၏။ **အတိမာနီ** = အလွန်မောက်မာသော မာန်မာနတရား ထင်ရှားရှိသည်။ **ဟောတိ** = ဖြစ်၏။

စိတ်ဓာတ်က သိပ်ခက်ထန်တင်းမာတယ်၊ ပျော့ပျောင်းနူးညံ့တဲ့ စိတ်ထား မရှိဘူး၊ သူ့ကို သွားပြီးပြောရင် နည်းနည်းမှ အထိမခံဘူး။ ချော့လို့ လွယ်လွယ်နှင့် မရနိုင်ဘူး၊ သိပ်ပြီး စိတ်ဓာတ်တွေကတင်းမာတယ်။

**အတိမာနီ** = အလွန် မာန်မာနကြီးတယ်။
မာနက နည်းနည်းကြီးတာ မဟုတ်ဘူး၊ တော်တော်လေးကို ကြီးတယ်။

**အဘိဝါဒေတဗ္ဗံ** = ရှိခိုးသင့် ရှိခိုးထိုက်တဲ့ပုဂ္ဂိုလ်ကို။ **န အဘိဝါဒေတိ** = ရှိမခိုး။ **ပစ္စုဋ္ဌာတဗ္ဗံ** = ခရီးဦး ကြိုဆိုသင့် ကြိုဆိုထိုက်တဲ့ ပုဂ္ဂိုလ်ကို။ **န ပစ္စုဋ္ဌေတိ** = ခရီးဦး မကြိုဆို။

ရှိခိုးသင့် ရှိခိုးထိုက်တဲ့ပုဂ္ဂိုလ်ကိုလည်း ဘယ်တော့မှ ရှိမခိုးဘူး၊ ခရီးဦး ကြိုဆိုသင့် ကြိုဆိုထိုက်တဲ့ ပုဂ္ဂိုလ်ကိုလည်း ဘယ်တော့မှ ခရီးဦး မကြိုဆိုဘူး။

**အာသနာရဟဿ** = နေရာပေးသင့်ပေးထိုက်တဲ့ပုဂ္ဂိုလ်အား။ **အာသနံ** = နေရာကို။ **န ဒေတိ** = မပေး။

[၁၃၉] မ၊၃၊၂၄၇။

နေရာပေးသင့် ပေးထိုက်တဲ့ပုဂ္ဂိုလ် နေရာဖယ်ပေးသင့် ဖယ်ပေးထိုက်တဲ့ ပုဂ္ဂိုလ်ကိုလည်း ဘယ်တော့မှ နေရာဖယ်မပေးဘူး၊ ကားစီးတဲ့အခါ ရထားစီးတဲ့အခါ ပိုပြီး ဒီအတွေ့အကြုံတွေ များလိမ့်မယ်ထင်တယ်၊ အသက်အရွယ်ကြီးတဲ့ပုဂ္ဂိုလ် သီလဂုဏ် သမာဓိဂုဏ် ပညာဂုဏ်အားဖြင့် ကြီးမြတ်တော်မူတဲ့ ပုဂ္ဂိုလ်တွေ ကြုံကြိုက်လို့ရှိရင် နေရာကလေး ခဏခေတ္တ ဖယ်ပေးရတာ အင်မတန် ဝန်လေးကြတယ်၊ နေရာအတွက်နှင့် ပတ်သက်ပြီး စကားတောင် များကြသေးတယ်၊ နေရာပေးသင့် ပေးထိုက်တဲ့ ပုဂ္ဂိုလ်ကို နေရာမပေးခြင်းဆိုတာက ဘာကြောင့်လဲ? – မာနပဲ၊ နည်းနည်းကလေးမှ မိမိက အညံ့ခံချင်တဲ့ စိတ်ထား မရှိဘူး၊ နေရာကလေး ဖယ်ပေးလိုက်ရတာ ပိုက်ဆံဘယ်လောက် ကုန်သွားသလဲ? မကုန်ပါဘူး၊ ပိုက်ဆံမကုန်ဘဲနှင့် အင်မတန် မွန်မြတ်တဲ့ ကုသိုလ်တစ်ခု ရနိုင်တယ်၊ ဒါပေမဲ့ ဒီကုသိုလ်မျိုးကို မလိုချင်ကြဘူး။

**အာသနာရဟဿ** = နေရာပေးသင့် ပေးထိုက်တဲ့ ပုဂ္ဂိုလ်အား။ **အာသနံ** = နေရာကို။ **န ဒေတိ** = မပေး။ **မဂ္ဂါရဟဿ** = လမ်းဖယ်ပေးသင့် ဖယ်ပေးထိုက်တဲ့ ပုဂ္ဂိုလ်အား။ **မဂ္ဂံ** = လမ်းကို။ **န ဒေတိ** = ဖယ်မပေး။

မိမိထက် အသက်ဂုဏ်သိက္ခာအားဖြင့် ကြီးမြတ်တဲ့ပုဂ္ဂိုလ်တွေ လာတာမြင်လို့ရှိရင် လမ်းကလေး နည်းနည်း ဖယ်ပေးရမှာကို မဖယ်ပေးချင်ဘူး၊ ဝင်တောင် တိုက်ပစ်လိုက်သေးတယ်၊ ဒီစိတ်ထားပဲနော်၊ လမ်းဖယ်ပေးသင့် ဖယ်ပေးထိုက်တဲ့ပုဂ္ဂိုလ်ကို လမ်းကလေးဖယ်ပြီးတော့ အသာကလေး ဘေးရှဲပေးလိုက်ရတာ ဘယ်လောက်များ တာဝန်ကြီးသလဲ? မကြီးပါဘူး။ ဒါ - ယဉ်ကျေးမှုတစ်ခုပဲ၊ ယဉ်ကျေးမှု-လည်းဖြစ်တယ်၊ လမ်းကလေးကို ခဏခေတ္တ ဖယ်ပေးလိုက်ရခြင်းသည် မိမိမှာ ကုသိုလ်တရားတွေ လည်း များစွာ တိုးပွားပါတယ်၊ ခုတော့ မဖယ်ပေးတဲ့အတွက်ကြောင့် ကုသိုလ်တရား တိုးပွားသေး သလား? ဘာတွေ တိုးပွားနေသလဲ? မာန်မာနတွေပဲ။ ဒီမာန်မာန အကုသိုလ်တရားတွေမှာ ငရဲကို ရောက်အောင် ပို့ဆောင်ပေးနိုင်တဲ့ စွမ်းအားတွေ ရှိနေတယ်။ ဘုရားရှင်ကို လမ်းဖယ်မပေးတဲ့ သုပ္ပဗုဒ္ဓ ထုံးကိုပဲ ကြည့်ပါ။

**သက္ကာတဗ္ဗံ န သက္ကရောတိ၊ ဂရုကာတဗ္ဗံ န ဂရုကရောတိ၊**

**သက္ကာတဗ္ဗံ** = ရိုသေသင့် ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်ကို။ **န သက္ကရောတိ** = မရိုသေ။ **ဂရုကာတဗ္ဗံ** = လေးစားသင့် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကို။ **န ဂရုကရောတိ** = မလေးစား။

ရိုသေသင့် ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်ကို မရိုသေဘူး၊ လေးစားသင့် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကို မလေးစားဘူး၊ လက်ဦးဆရာလို့ ခေါ်ဆိုအပ်တဲ့ အနီးကပ်ဆုံးဖြစ်တဲ့ မိဘတွေဟာ အင်မတန် ရိုသေ-သင့် ရိုသေထိုက်တဲ့ လေးစားသင့် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ ဆရာသမားတွေဟာ ရိုသေသင့် ရိုသေထိုက်တဲ့ လေးစားသင့် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ မိမိထက် အသက်ဂုဏ်သိက္ခာအားဖြင့် ကြီးမြတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ရိုသေသင့် ရိုသေထိုက် လေးစားသင့် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ အဲဒီလို ပုဂ္ဂိုလ်တွေကို မိမိက မရိုသေဘူး မလေးစားဘူး — "ခင်ဗျားကြီး လာရှုပ်မနေနှင့်လေ" ဟော – မိဘကို ပြန်အော်တဲ့ ပုဂ္ဂိုလ်မျိုး မရှိဘူးလား? ရှိတယ်၊ အဲဒီတော့ ရိုသေသင့် ရိုသေထိုက်တဲ့

ပုဂ္ဂိုလ်ကို မရိုသေဘူး၊ လေးစားသင့် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကို မလေးစားဘူး။

**မာနေတဗ္ဗံ န မာနေတိ၊**

**မာနေတဗ္ဗံ** = မြတ်နိုးသင့် မြတ်နိုးထိုက်တဲ့ ပုဂ္ဂိုလ်ကို။ **န မာနေတိ** = မမြတ်နိုး။

မြတ်နိုးသင့် မြတ်နိုးထိုက်တဲ့ ပုဂ္ဂိုလ်ကိုလည်း မမြတ်နိုးဘူး, မြတ်နိုးသင့် မြတ်နိုးထိုက်တဲ့ ပုဂ္ဂိုလ်တွေကို မမြတ်နိုးတော့ ဘာတွေကို သူက သွားမြတ်နိုးနေသလဲ? မမြတ်နိုးသင့် မမြတ်နိုးထိုက်တဲ့ ပုဂ္ဂိုလ်တွေကို သူက သွားပြီးတော့ မြတ်နိုးနေတယ်။

**ပူဇေတဗ္ဗံ** = ပူဇော်သင့် ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို။ **န ပူဇေတိ** = မပူဇော်။

ပူဇော်သင့် ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို မပူဇော်ဘူးဆိုတော့ ဘာကို သွားပူဇော်နေသလဲ? မပူဇော်သင့် မပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်ကို သွားပူဇော်တယ်တဲ့၊ ခုနက ဒကာတစ်ယောက်က လာလျှောက်တယ် "တပည့်တော် မသိလို့ မေးပါရစေ"တဲ့ "မေးခွင့်ပြုပါ"တဲ့၊ "ကဲ - မေးပါ"လို့ ဘုန်းကြီးကလည်း ခွင့်ပေးလိုက်ပါတယ်၊ သူက ဘာမေးသလဲ – (၃၇)မင်းကို သွားပြီးတော့ ကိုးကွယ်ရင် "သရဏဂုံ ပျက်သလား?"တဲ့၊ ဟော – လာမေးတယ် ခုလေးပဲ၊ ကိုးကွယ်အားထားရာအနေနှင့် သွားပြီး ဆည်းကပ်ခဲ့မယ်, ရှိခိုးခဲ့မယ်, မြတ်နိုးခဲ့မယ်, ပူဇော်ခဲ့မယ်ဆိုရင် သရဏဂုံပျက်တယ်၊ အဲဒီ (၃၇)မင်းကို ဒီအထဲ မြင်ဖူးတဲ့သူ ဘယ်နှစ်ယောက်ပါသလဲ? လူတွေက လုပ်ယူတဲ့ နတ်တွေပါ၊ ဟုတ်တယ် မဟုတ်လား? နဂိုက တကယ် အသက်ထင်ရှားရှိတဲ့နတ် ဟုတ်ချင်မှ ဟုတ်မယ်၊ လူတွေကနေပြီးတော့ ကိုယ့်ဖာသာကိုယ် အတွင်း (၃၇)မင်းဆိုလား အပြင်ကလည်း (၃၇)မင်းဆိုလား၊ အဲဒါ ဘယ်သူကများ သတ်မှတ်ထားလိုက်တယ် မပြောတတ်ဘူး၊ လူတွေ လုပ်ယူတဲ့ နတ်တွေပဲ၊ ဒီတော့ မြတ်နိုးသင့် မြတ်နိုးထိုက်တဲ့ ရတနာသုံးပါး ရှိတယ်၊ မိဘတွေ ရှိတယ်၊ ဆရာသမားတွေ ရှိတယ်၊ အသက်ဂုဏ်-သိက္ခာအားဖြင့် ကြီးမြတ်တော်မူတဲ့ ပုဂ္ဂိုလ်တွေ ရှိကြတယ်၊ အဲဒီလို မြတ်နိုးသင့် မြတ်နိုးထိုက် ပူဇော်သင့် ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကျတော့ မပူဇော်ဘူး၊ မမြတ်နိုးသင့် မမြတ်နိုးထိုက် မပူဇော်သင့် မပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကျတော့ သွားပြီးတော့ မြတ်နိုးနေတယ်၊ ပူဇော်နေတယ်၊ အရိုအသေပြုနေတယ်၊ အလေးဂရုပြုနေတယ်၊ ဒီတော့ ရိုသေလေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေကို မရိုသေ မလေးစားခြင်းဆိုတဲ့ ဒီကံတွေက ဘာဖြစ်တတ်သလဲ?

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**[၅၂၀]

**သော** = ထိုပုဂ္ဂိုလ်သည်။ **ဧဝံ** = ဤသို့။ **သမတ္တေန** = ပြည့်ပြည့်စုံစုံ ပြုကျင့်၍ ထားအပ်သော။ **ဧဝံ** = ဤသို့။ **သမာဒိန္နေန** = ကောင်းစွာ ဆောက်တည်၍ ထားအပ်သော။ **တေန ကမ္မေန** = ထိုအကုသိုလ်ကံကြောင့်။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှ မရှိသော။

[၅၂၀] မ၊၃၊၂၄၇။

**ဒုဂ္ဂတိံ** = မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာ ဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **ဥပပဇ္ဇတိ** = ကပ်ရောက်တတ်ပေ၏။

မာနကြီးတဲ့ လုပ်ငန်းတစ်ခုပဲ၊ "ကိုယ့်ဟာကိုယ် မာနကြီးတာ ဘာဖြစ်သလဲ"လို့ ဒီလိုဆင်ခြေ ပေးနေလို့ ရမလား? မရဘူး၊ မာနကြီးခြင်းသည် မာနကြီးနေတာသည် ဘာလဲ? အကုသိုလ်ပဲ၊ ဒီအကုသိုလ်ကံမှာ မကောင်းတဲ့ ဒုဂ္ဂတိဘုံဘဝကို ရောက်စေနိုင်တဲ့ အပါယ်ကို ရောက်စေနိုင်တဲ့ ငရဲကို ရောက်စေနိုင်တဲ့ စွမ်းအား ရှိနေတယ်၊ မိခင်ကို မရိုမသေတဲ့ မလေးမစားတဲ့ စော်ကားတဲ့ မိတ္တဝိန္ဒကထုံးကိုပဲ ကြည့်ပါ။ ငရဲရောက်သွားတဲ့အခါ ငရဲသားရဲ့ ဦးခေါင်းအပေါ်မှာ ရှိနေတဲ့ ဓားစက် လှံစက်ဆိုတဲ့ ငရဲပန်းကို သူက ကြာပန်းလို့ ထင်နေတယ်။ ဒီကံက မျက်စိလှည့်ထားခြင်းဖြစ်တယ်။ ဒီလိုဆိုရင် မိမိက အပါယ်သံသရာကြီးကို ကြောက်ရွံ့တယ်ဆိုရင် မာနကြီးရမလား မကြီးရဘူးလား? မကြီးရဘူး၊ မာနကြီးနေတဲ့ ဒီစိတ်နေစိတ်ထားတွေကို ဘာလုပ်ရမလဲ? ပြုပြင်ပြောင်းလဲပေးရမယ်၊ ဘာတွေနှင့် ပြုပြင်ပြောင်းလဲရမလဲ? သမထ-ဝိပဿနာဆိုတဲ့ ကျင့်စဉ်တွေနှင့် ပြုပြင်ပြောင်းလဲပေး ရမယ်။ အဲဒီနည်းစနစ်ကိုတော့ နောက်ပိုင်းမှာ ဟောပါမယ်။ ဒီတော့ အကယ်၍များ ငရဲမရောက် ခဲ့ဘူးဆိုရင် ဘာဖြစ်မလဲ? —

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ နီစကုလီနော ဟောတိ။**[၁၂၁]

**ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှ မရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှု ပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **နော စေ ဥပပဇ္ဇတိ** = အကယ်၍ မကပ်ရောက်ရသည်ဖြစ်ငြားအံ့။ **မနုဿတ္တံ** = လူ့ပြည်လူ့လောကသို့။ **သစေ အာဂစ္ဆတိ** = အကယ်၍ ရောက်ရှိလာသည်ဖြစ်ငြားအံ့။ **ဧဝံ သတိ** = ဤသို့ဖြစ်ခဲ့သည်ရှိသော်။ **ယတ္ထ ယတ္ထ** = အကြင်အကြင် အမျိုးအနွယ်၌။ **ပစ္စာဇာယတိ** = ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်၍ လာရပေ၏။ **တတ္ထ တတ္ထ** = ထိုထို အမျိုးအနွယ်၌။ **နီစကုလီနော** = ယုတ်ညံ့သော အမျိုးအနွယ်ရှိသည်။ **ဟောတိ** = ဖြစ်၏။

အကယ်၍ ငရဲမရောက်ဘူးထား၊ လူ့ပြည်လူ့လောကကို တစ်ပတ်ပြန်ကျော့ပြီးတော့ ရောက်ရှိ လာခဲ့မယ်ဆိုရင် ဘာဖြစ်မလဲ? ယုတ်ညံ့တဲ့ အမျိုးအနွယ်မှာ သွားပြီး လူဖြစ်ရတယ်၊ အထက်တန်းကျ-တဲ့ အမျိုးအနွယ်မှာ လူဖြစ်ရတာနှင့် ယုတ်ညံ့တဲ့အမျိုးအနွယ်မှာ လူဖြစ်ရတာ ဘယ်ဒင်းက ကောင်း-မလဲ? အထက်တန်းကျတာကတော့ နည်းနည်းတော့ သက်သာတာပေါ့၊ အကောင်းကြီးတော့ မဆိုလို ပါဘူး၊ သို့သော် အမျိုးယုတ်တယ်ဆိုရင်ပဲ ကောင်းသေးလား? မကောင်းတော့ဘူး၊ ဒီအမျိုးယုတ်-အောင် ဘာတွေက ပို့ဆောင်ပေးသလဲ? ဘယ်ကံက ပို့ဆောင်ပေးသလဲ? "မာနကြီးခြင်း"ပဲ။

[၁၂၁] မ၊၃၊၂၄၇။

မာနကြီးခြင်းသည် ဘာကြောင့် ဒီအမျိုးအနွယ်ကို ယုတ်ညံ့စေရသလဲလို့မေးတော့ မာနကြီးတဲ့ ပုဂ္ဂိုလ်ကို ပြန်ပြီးတော့ နည်းနည်းကလေး ဆန်းစစ်ကြည့်ပါ၊ တစ်ဖက်သားအပေါ်မှာ ကိုယ်က အထင်သေးတဲ့ စိတ်ထား မရှိဘူးလား? ရှိတယ်၊ မိမိထက်ကို အင်မတန် ယုတ်ညံ့တယ်လို့ စိတ်ထဲမှာ စွဲမှတ်ထားတယ်၊ လူတစ်ဖက်သားကို မိမိထက် ယုတ်ညံ့တယ်လို့ စွဲမှတ်ထားတဲ့ ဒီစိတ်ထားက မိမိ ယုတ်ညံ့ဖို့ရန်အတွက် အကြောင်းမဖြစ်ဘူးလား? ဖြစ်သွားပြီ၊ မစင်ကို ကိုင်ပြီးတော့ သူတစ်ပါးကို ပစ်ပေါက်ဖို့ ကြိုးစားတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖို့ မိမိ ပစ်ပေါက်လိုက်တဲ့ မစင်သည် သူတစ်ပါးကို ထိ,မထိ တော့ မပြောတတ်ဘူး၊ မိမိလက်ကို ဒီမစင်ပေသွားတာကတော့ ပိုပြီး ကျိန်းမသေဘူးလား? ကျိန်းသေ သွားတယ်။

ဒီပုံစံအတိုင်းပဲ မိမိက တစ်ဖက်သားကို အမျိုးယုတ်ညံ့တဲ့ ပုဂ္ဂိုလ်အဖြစ် စိတ်က စွဲမှတ်လိုက်တယ်၊ အင်မတန် လူညံ့တစ်ဦးအဖြစ် စွဲမှတ်လိုက်တဲ့အတွက် သူတစ်ဖက်သားက လူညံ့ဖြစ်,မဖြစ်တော့ မကျိန်းသေဘူး၊ မိမိ လူညံ့ဖြစ်ဖို့တော့ ပြည့်စုံတဲ့ ခိုင်လုံတဲ့ အကြောင်းတရားတစ်ခုကို ဆည်းပူးစု-ဆောင်းပြီး ထုပ်ပြီးပိုးပြီး ရင်ဝယ်ပိုက်ထွေးပြီး ဖြစ်မသွားဘူးလား? — ဖြစ်သွားပြီ၊ အကြောင်းက သိပ်သေချာသွားတယ်။

ဒါကြောင့် မိမိတို့က အင်မတန် ယုတ်ညံ့တဲ့ အမျိုးအနွယ်ရှိတဲ့ ပုဂ္ဂိုလ်တစ်ဦး မဖြစ်ချင်ဘူး ဆိုလို့ရှိရင် ဘာလုပ်ရမလဲ? မာနကြီးတဲ့ပုဂ္ဂိုလ် မဖြစ်ပါစေနဲ့၊ **"ထဒ္ဓ"** စိတ်ဓာတ် ခက်ထန်တင်းမာတဲ့ ပုဂ္ဂိုလ် ဖြစ်ရမလား? မဖြစ်ရဘူး၊ နူးညံ့ပျော့ပျောင်းတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်၊ အဲဒီ နူးညံ့ပျော့ပျောင်းတဲ့ စိတ်ထား ရှိအောင် ပိုက်ဆံ ဘယ်နှစ်ပြားကုန်သလဲ? မကုန်ပါဘူး၊ ပိုက်ဆံမကုန်ဘဲနှင့် နူးညံ့ပျော့-ပျောင်းတဲ့ပုဂ္ဂိုလ် ဖြစ်အောင် ကြိုးစားလို့ မရဘူးလား? ရပါတယ်။

ရှိခိုးသင့် ရှိခိုးထိုက်တဲ့ ပုဂ္ဂိုလ်ကို ရှိမခိုးဘူး၊ ခရီးဦး ကြိုဆိုသင့် ကြိုဆိုထိုက်တဲ့ပုဂ္ဂိုလ်ကို ခရီးဦး မကြိုဆိုဘူး၊ နေရာဖယ်ပေးသင့် ဖယ်ပေးထိုက်တဲ့ပုဂ္ဂိုလ်ကို နေရာဖယ်မပေးဘူး၊ လမ်းခရီး ဖယ်ပေး-သင့် ဖယ်ပေးထိုက်တဲ့ပုဂ္ဂိုလ်ကို လမ်းခရီး ဖယ်မပေးဘူး၊ ရိုသေသင့် ရိုသေထိုက်တဲ့ပုဂ္ဂိုလ်ကို မရိုသေ-ဘူး၊ လေးစားသင့် လေးစားထိုက်တဲ့ပုဂ္ဂိုလ်ကို မလေးစားဘူး၊ မြတ်နိုးသင့် မြတ်နိုးထိုက်တဲ့ပုဂ္ဂိုလ်ကို မမြတ်နိုးဘူး၊ ပူဇော်သင့် ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်ကို မပူဇော်ဘူး၊ အလွန် မာနကြီးနေတယ်။

စိတ်ဓာတ်တွေက ခက်ထန်တင်းမာနေတယ်၊ အဲဒီလို မာနကြီးခြင်း စိတ်ဓာတ်ခက်ထန်တင်းမာ-ခြင်းသည် ယုတ်ညံ့တဲ့ အမျိုးအနွယ်ကို ဖြစ်စေတတ်တဲ့ ကျင့်ဝတ်ပဋိပတ်ဖြစ်တယ်လို့ ဒီလို မြတ်စွာ-ဘုရားက ဟောကြားထားတော်မူပါတယ် —

အားလုံး ကြားဖူးကြပါလိမ့်မယ်။ ဘုရားရှင်ရဲ့ ဦးရီးတော် **"သုပ္ပဗုဒ္ဓ"**ကို ကြည့်ပါ။ "ငါ၏တူတော် သိဒ္ဓတ္ထမင်းသား ဂေါတမမြတ်စွာဘုရားသည် ငါ၏သမီးတော် ယသောရောကို စွန့်ပစ်ထားခဲ့၍ တောလည်း ထွက်ခဲ့လေပြီ၊ ငါ၏သားတော် ဒေဝဒတ်ကိုလည်း ရဟန်းပြုပေးပြီးနောက် ထိုင်ငါ့သား ဒေဝဒတ်၏ ရန်သူအရာ၌လည်း တည်ခဲ့လေပြီ" – ဆိုပြီး ဒီအကြောင်းနှစ်ရပ်ကြောင့် မြတ်စွာဘုရား အပေါ်၌ ရန်ငြိုးဖွဲ့ခဲ့တယ်၊ မကျေနပ်မှုတွေကို မွေးမြူခဲ့တယ်။

ဒီမကျေနပ်ချက်ကြောင့် ဘုရားရှင်ရဲ့ ဆွမ်းစားကြွမည့်လမ်းကို တမင်ပိတ်ဆို့ပြီး လမ်းပေါ်၌ သေရည်သေရက်သောက်ကာ လမ်းမပေးဘဲ နေခဲ့တယ်။ မကျေနပ်မှုတွေကလည်း သိပ်အားကောင်း နေတယ်၊ စိတ်ဓာတ်ခက်ထန်တင်းမာတဲ့ မာန်မာနတရားတွေကလည်း သူ့ရဲ့ စိတ်အစဉ်မှာ လွှမ်းမိုး ဖိစီးပြီး နေကြတယ်။ ဘာဖြစ်သွားလဲ? ဒီမကောင်းမှုကြောင့် မြေမျိုခံရပြီးတော့ ငရဲသို့ ရောက်ရှိသွား ခဲ့တယ်။

နောက်ဝတ္ထုတစ်ခုကတော့ **ဓမ္မဓဇဇာတ်တော်**မှာ[၉၂] လာရှိတဲ့ **ဒုဋ္ဌကုမာရမင်းသား** အကြောင်းပဲ ဖြစ်တယ်။

## ဒုဋ္ဌကုမာရမင်းသား

အတိတ်ဘဝတစ်ခုဝယ် အရှင်သာရိပုတ္တရာအလောင်း သူတော်ကောင်းဟာ ဗာရာဏသီပြည် ကို ထီးဖြူအုပ်ချုပ်တဲ့ ကိတဝါသအမည်ရှိတဲ့ ရှင်ဘုရင် ဖြစ်ခဲ့ဖူးတယ်။ သူ့မှာ ဒုဋ္ဌကုမာရအမည်ရှိတဲ့ သားရတနာတစ်ဦး ရှိခဲ့တယ်။ ထိုသားကို အရွယ်ရောက်တဲ့အခါ အိမ်ရှေ့မင်းသားအဖြစ် ခန့်အပ်ထား တယ်။

ဒီအိမ်ရှေ့မင်းသားက ဒေါသကလည်း သိပ်ကြီးတယ်၊ မာန်မာနတွေကလည်း သိပ်ကြီးတယ်၊ စိတ်ဓာတ်တွေကလည်း သိပ်ခက်ထန်တင်းမာတယ်။

တစ်နေ့ ဥယျာဉ်တော်သို့အသွား လမ်းခုလတ်တစ်နေရာမှာ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်တစ်ဆူ- နှင့် ရင်ဆိုင်တိုးမိတယ်။ ထိုအချိန်မှာ တိုင်းသူပြည်သား လူအများကလည်း အရှင်ပစ္စေကဗုဒ္ဓဘုရားရှင် ကိုပဲ အရိုအသေပြုကြတယ်၊ ရှိခိုးကြတယ်၊ မြတ်နိုးကြတယ်၊ ပူဇော်ကြတယ်၊ ချီးမွမ်းကြတယ်၊ လက်အုပ်ချီမိုးကာ မတ်တတ်ရပ်လျက် အရိုအသေပြုနေကြတယ်။ ဒုဋ္ဌကုမာရမင်းသားကိုတော့ အဲဒီလို မပြုလုပ်ကြဘူး။

ပြီးတော့ ဒုဋ္ဌကုမာရမင်းသားရဲ့ နောက်တော်က ပါလာကြတဲ့ ပရိသတ်တွေကလည်း ပုံစံတူပဲ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ကိုပဲ အရိုအသေပြုကြတယ်၊ ရှိခိုးကြတယ်၊ မြတ်နိုးကြတယ်၊ ပူဇော်ကြ- တယ်၊ ချီးမွမ်းကြတယ်၊ လက်အုပ်ချီမိုးကာ မတ်တတ်ရပ်လျက် အရိုအသေပြုနေကြတယ်။ မင်းသား- ကိုတော့ အဲဒီလို မပြုလုပ်ကြဘူး။

ဒီအပြုအမူတွေကို ကြည့်ပြီးတော့ မင်းသားက မကျေနပ်မှုတွေကို မွေးမြူနေပြန်တယ်။ – "ငါကဲ့ သို့သော အိမ်ရှေ့မင်းသားနှင့် အတူသွားကြတဲ့ လူတွေဟာ ဒီဦးပြည်းခေါင်းတုံးကိုပဲ ရှိခိုးကြတယ်၊ ချီးမွမ်းကြတယ်၊ လက်အုပ်ချီကြတယ်"–လို့ စဉ်းစားခန်းဝင်နေတယ်။ မြတ်နိုးထိုက်တဲ့ ခရီးဦး ကြိုဆို သင့် ကြိုဆိုထိုက်တဲ့ သူတော်ကောင်းတစ်ဦးကို ရိုသေဖို့ လေးစားဖို့ မြတ်နိုးဖို့ ခရီးဦးကြိုဆိုဖို့ မစဉ်း- စားဘဲ မကျေနပ်မှုတွေ စိတ်ဓာတ်ခက်ထန်တင်းမာမှုတွေ မာန်မာနတရားတွေကိုသာ မွေးမြူနေ တယ်။

---

[၉၂] ဇာတကၒ၊၂၊၁၇၀။

ဒီမာန်မာနတရားတွေက လှုံ့ဆော်တိုက်တွန်းလိုက်တဲ့အတွက် ဒေါသတကြီးနဲ့ ဆင်ပေါ်က ဆင်းပြီး အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ထံကို ချဉ်းကပ်ပြီး — "ရဟန်း . . . ဆွမ်းရပါရဲ့လား"လို့ မေးလိုက်တယ်။ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ထံမှ ဆွမ်းရကြောင်းသတင်းကို ကြားလိုက်တဲ့အခါ ဘုရားရှင်၏ လက်တော်မှ သပိတ်တော်ကို ယူပြီး မြေကြီးပေါ်သို့ ပစ်ချလိုက်တယ်။ ဆွမ်းနှင့် သပိတ်ကိုလည်း မှုန့်မှုန့်ညက်ညက် ကြေသွားအောင် နင်းချေပစ်လိုက်ကာ သူက ထပ်ပြီး ပြစ်မှားပြန်တယ်။ ဒါတွင် မကသေးဘူး —

ပစ္စေကဗုဒ္ဓဘုရားရှင်ကလည်း — **နဋ္ဌော ဝတာယံ သတ္တော** = ဒီသတ္တဝါတော့ ပျက်စီးလေပေါ့လို့ စိတ်တော်က ကြံစည်တော်မူပြီး သူရဲ့မျက်နှာကို လှမ်းမျှော်ကာ ကြည့်တော်မူလိုက်ပါတယ်။ ဒီအခါမှာ ဒီမင်းသားက ဘာပြန်ပြောသလဲ?

**အဟံ သမဏ ကိတဝါသရညော ပုတ္တော၊ နာမေန ဒုဋ္ဌကုမာရော နာမ၊ တွံ မေ ကုဒ္ဓေါ အက္ခီနိ ဥမ္မီလေတွာ ဩလောကေန္တော ကိံ ကရိဿသိ။**[၃၂၃]

**သမဏ** = ရဟန်း . . .။ **အဟံ** = ငါသည်ကား။ **ကိတဝါသရညော** = ကိတဝါသဘုရင်ကြီး၏။ **ပုတ္တော** = သားတည်း။ **နာမေန** = အမည်နာမအားဖြင့်။ **ဒုဋ္ဌကုမာရော နာမ** = ဒုဋ္ဌကုမာရအမည်ရှိ၏။ **တွံ** = သင်သည်။ **မေ** = ငါ့အပေါ်၌။ **ကုဒ္ဓေါ** = အမျက်ထွက်ကာ။ **အက္ခီနိ** = မျက်လုံးတို့ကို။ **ဥမ္မီလေတွာ** = ဖွင့်ပြီး၍။ **ဩလောကေန္တော** = ကြည့်ကာ။ **ကိံ** = အဘယ်အရာကို။ **ကရိဿသိ** = ပြုလုပ်နိုင်လတ္တံ့နည်း?

ရဟန်း . . . ငါဟာ ကိတဝါသဘုရင်ကြီးရဲ့သားပဲ၊ ဒုဋ္ဌကုမာရမင်းသားလို့ခေါ်တယ်။ သင်က ငါ့အပေါ် ဒေါသထွက်ပြီး မျက်လုံးတွေကို ဖွင့်ကြည့်နေတယ်။ ငါ့ကို သင်က ဘာလုပ်နိုင်မလဲ?

ဒီလို သူက ထပ်ပြောပြန်တယ်။ သူ့ရဲ့ ဒီပြောကြားချက်တွေကို ကြည့်ရင်တော့ သူ့ကို အလွန်မောက်မာတဲ့ မာန်မာနတရားတွေက လွှမ်းမိုးနေတာကို တွေ့နိုင်တယ်။ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ကို အထင်သေးပြီး မိမိကိုယ်ကို အထင်ကြီးနေတဲ့ စိတ်နေစိတ်ထားတွေကလည်း သူ့ရဲ့စိတ်အစဉ်ကို ဝိုင်းရံထားတာကို တွေ့နိုင်တယ်။ မကျေနပ်ချက် ဒေါသတရားတွေကလည်း သူ့စိတ်ကို ထပ်ပြီး လွှမ်းမိုးနေတာကို တွေ့နိုင်တယ်။

ထိုနေ့မှာ — ပစ္စေကဗုဒ္ဓဘုရားရှင်လည်း ဆွမ်းပြတ်တော်မူပါတယ်။ ကောင်းကင်ခရီးဖြင့် မြောက်ဟိမဝန္တာမှာ တည်ရှိတဲ့ နန္ဒမူလိုဏ်ဂူတော်သို့ ပြန်ကြွတော်မူပါတယ်။

မင်းသားရဲ့ ပစ္စေကဗုဒ္ဓဘုရားရှင်အပေါ်မှာ ပြစ်မှားမိတဲ့ အကုသိုလ်ကံတွေကလည်း ထိုအချိန်အခါမှာပဲ ရင့်ကျက်လာပါတယ်။ အဝီစိငရဲမီးက တက်ဟပ်တဲ့အတွက် ထိုနေရာမှာပဲ လဲကျကာ သေကျေပျက်စီးပြီး အဝီစိငရဲမှာ သွားဖြစ်ရပြန်တယ်။ အလွန်မာနကြီးသူ အလွန်ဒေါသကြီးသူတို့ ရရှိနိုင်တဲ့ အကျိုးတရားတွေပဲ။

---

[၃၂၃] ဇာတက၊ဋ္ဌ၊၂၊၁၇၈။

ဒီလို စိတ်ဓာတ်ခက်ထန်တင်းမာမှု မာန်မာနကြီးမှုတွေဟာလည်း ဒီလို အဝီစိငရဲကို ရောက်အောင် ပို့ဆောင်ရုံတွင်သာမက ငရဲမှ လွတ်လာရင်လည်း လူ့ဘဝရောက်ခဲ့ရင် အမျိုးယုတ်ညံ့သူတစ်ယောက်ဖြစ်အောင် ရွက်ဆောင်ပေးတတ်ပြန်တယ်။ ဒီနေရာမှာ – အရှင်သုနီတမထေရ်မြတ်ရဲ့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ဇာတ်လမ်းကလေးကို နားဆင်ကြည့်ပါ –

## အရှင်သုနီတအလောင်းရဲ့ မာန်မာန

အရှင်သုနီတအလောင်း အမျိုးကောင်းသားဟာလည်း ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ အရဟတ္တဖိုလ်ကို ရည်မျှော်ကာ ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းလို့ ခေါ်ဆိုအပ်တဲ့ ပါရမီမျိုးစေ့ကောင်းတွေကို ထူထောင်ခဲ့ပါတယ်။ ဒါပေမဲ့ ကံမကောင်း အကြောင်းမလှချင်တော့ ဘဝတစ်ခုဝယ် ကလေးဘဝအရွယ်မှာ လူမိုက် လူငယ်လူရွယ်တွေနှင့် ပေါင်းသင်းခဲ့မိတယ်။ အဲဒီဘဝကတော့ ဘုရားမပွင့်တဲ့ သုညကမ္ဘာတစ်ခုမှာ ဖြစ်တယ်။ အရွယ်ရောက်တဲ့အချိန်မှာ လူမိုက်လူငယ်လူရွယ်တွေနှင့်အတူ မြူးတူးပျော်ပါး ကစားနေခဲ့တယ်။ အဲဒီအချိန်အခါမှာ ပစ္စေကဗုဒ္ဓဘုရားရှင်တစ်ဆူကလည်း ရွာတွင်းသို့ ဆွမ်းခံကြွဝင်တော်မူလာပါတယ်။ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ကို ဖူးမြင်လိုက်ရရင် ကြည်ညိုသဒ္ဓါတရား တိုးပွားရမည့်အစား မသူတော် လူငယ်လူရွယ်တွေနှင့်ပေါင်းဖော်မိတဲ့အတွက် မသူတော်ဓာတ်ငွေ့တွေဝင်ကာ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်အပေါ်၌ ပြစ်မှားလိုက်မိတယ်၊ ဆဲရေးလိုက်မိတယ်။ သူ့ရဲ့ ဆဲရေးပုံကို ကြည့်လိုက်ရင်တော့ သူဟာ မာနအလွန်ကြီးနေတယ်ဆိုတာကို သိနိုင်တယ်။ သူ့ရဲ့ ဆဲရေးတိုင်းထွာပုံကို နားထောင်ကြည့်စမ်းပါ . . . ။

**ကိံ တုယှံ သဗ္ဗသော ဝဏိတသရီရဿ ဝိယ သကလံ ကာယံ ပဋိစ္ဆာဒေတွာ ဘိက္ခာစရဏေန၊ နနု နာမ ကသိဝါဏိဇ္ဇာဒီဟိ ဇီဝိကာ ကပ္ပေတဗ္ဗာ။ တာနိ စေ ကာတုံ န သက္ကောသိ၊ ဃရေ ဃရေ မုတ္တကရီသာဒီနိ နီဟရန္တော ပဥ္စာ ဝတ္ထုသောဓနေန ဇီဝါဟိ။**[၁၂၄]

**သဗ္ဗသော** = အချင်းခပ်သိမ်းအားဖြင့်။ **ဝဏိတသရီရဿ ဝိယ** = အိုင်းအမာနာရှိတဲ့ ခန္ဓာကိုယ်ကဲ့သို့။ **သကလံ ကာယံ** = ခန္ဓာကိုယ် တစ်ကိုယ်လုံးကို။ **ပဋိစ္ဆာဒေတွာ** = ဖုံးလွှမ်း၍။ **ဘိက္ခာစရဏေန** = ဆွမ်းခံလှည့်လည်ခြင်းဖြင့်။ **တုယှံ** = သင့်အဖို့။ **ကိံ** = အဘယ်အကျိုးရှိနိုင်ပါအံ့နည်း။ **ကသိဝါဏိဇ္ဇာဒီဟိ** = လယ်ထွန်ခြင်း ကုန်သွယ်ခြင်းစတဲ့ လုပ်ငန်းရပ်တို့ဖြင့်။ **ဇီဝိကာ** = အသက်မွေးခြင်းကို။ **ကပ္ပေတဗ္ဗာ နာမ နနု** = ပြုသင့်သည် မဟုတ်ပါလား။

အိုင်းအမာနာတွေနှင့်ပြည့်နေတဲ့ ခန္ဓာကိုယ်ကြီးကို ဖုံးအုပ်ထားသလို တစ်ကိုယ်လုံးကို ဖုံးအုပ်ပြီးတော့ ဆွမ်းခံလှည့်လည်နေလို့ သင့်အတွက် ဘာအကျိုးရှိမှာလဲ? လယ်လုပ်ခြင်း ကုန်သွယ်ခြင်းစတဲ့ လုပ်ငန်းရပ်တွေကို ပြုလုပ်ပြီး အသက်မွေးသင့်သည် မဟုတ်လား? –

ဒီအယူအဆတွေကတော့ ဒီနေ့ ရုပ်ဝါဒီသမားတွေနှင့် ဘာသာမဲ့ လူတန်းစားတွေရဲ့သန္တာန်မှာ တော်တော်လေး ရေပန်းစားနေတဲ့ အယူအဆတွေပါပဲ။ ဒါတွင်မကသေးဘူး – သူက ဆက်ပြီး

[၁၂၄] ထေရဂါထာ၊ဋ္ဌ၊၂၊၂၂၃။

ဆဲရေးပြန်တယ် –

**တာနိ** = ထိုလယ်လုပ်ခြင်း ကုန်သွယ်ခြင်း စတဲ့ လုပ်ငန်းရပ်တို့ကို။ **ကာတုံ** = ပြုလုပ်ခြင်းငှာ။ **စေ န သက္ကောသိ** = အကယ်၍ မစွမ်းနိုင်ခဲ့သည် ဖြစ်ငြားအံ့။ **ဃရေ ဃရေ** = အိမ်တိုင်း အိမ်တိုင်း၌။ **မုတ္တကရီသာဒီနိ** = ကျင်ငယ် ကျင်ကြီး စတဲ့ အညစ်အကြေးတို့ကို။ **နီဟရန္တော** = ထုတ်ယူသယ်-ဆောင်လျက်။ **ပစ္ဆာ** = နောက်ကာလ၌။ **ဝတ္ထုသောဓနေန** = ထိုကျင်ငယ် ကျင်ကြီး စွန့်ပစ်ရာနေရာကို စင်ကြယ်အောင် ဆေးကြောသုတ်သင်ခြင်းဖြင့်။ **ဇီဝါဟိ** = အသက်မွေးပါလော့။

အကယ်၍ သင်ဟာ လယ်လုပ်ခြင်း ကုန်သွယ်ခြင်း စတဲ့ ဒီလိုလုပ်ငန်းရပ်တွေကို မလုပ်နိုင်ဘူးဆိုရင် အိမ်တိုင်း အိမ်တိုင်းမှာ မစင်ကျုံးပြီးတော့ အသက်မွေးပါလား၊ မစင်စွန့်တဲ့နေရာတွေကို ရေဆေးခြင်းဆိုတဲ့ လုပ်ငန်းရပ်နှင့် အသက်မွေးပါလား။

သူ့ရဲ့ ဆဲရေးပုံကိုကြည့်ပါ၊ ဘယ်လောက် ရက်စက်ကြမ်းကြုတ်နေတဲ့ စိတ်ထားဆိုတာကို ခန့်မှန်းလို့ရနေတယ်။ သူ့ကိုယ်သူ အထင်ကြီးနေတဲ့စိတ်ထား, အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့အပေါ်၌ အထင်သေးနေတဲ့စိတ်ထား, အောက်တန်းစား လူသားတစ်ဦးလို့ ယူဆနေတဲ့စိတ်ထားတွေကလည်း သူစိတ်အစဉ်မှာ နေရာအပြည့်ယူထားတာကို တွေ့နိုင်တယ်။

ဒီလို မိမိကိုယ်ကို အထင်ကြီးခြင်း, တစ်ဖက်သားကို အထင်သေးခြင်း, စိတ်ဓာတ်ခက်ထန်တင်းမာခြင်းဆိုတဲ့ ဒီသဘောတရားတွေက သူ့ကို တစ်နေ့မှာ ငရဲကိုရောက်အောင် ပို့ဆောင်ပေးလိုက်တယ်။ ငရဲမှ လွတ်မြောက်လာတဲ့အခါ ငရဲမှာ အကျိုးပေးခွင့်မသာတဲ့ ကြွင်းကျန်နေတဲ့ အကု-သိုလ်ကံတွေက လူ့ပြည်လူ့လောကမှာ ဘဝပေါင်းများစွာ ပန်းမှိုက်သွန် မစင်ဘင်ကျုံးသမားဆိုတဲ့ အယုတ်ညံ့ဆုံး အမျိုးအနွယ်တွေမှာ လူဖြစ်အောင် တည်ထောင်ဖန်တီးပေးကြပြန်တယ်။ အရှင်-ပစ္စေကဗုဒ္ဓဘုရားရှင်ကို အဆင့်အတန်းနှိမ့်ကာ ဆက်ဆံပြုမူခဲ့တဲ့ စိတ်ဓာတ်တွေက သူ့ကို အဆင့်အနိမ့်ဆုံး လူသားဖြစ်အောင် တည်ထောင်ဖန်တီးပေးလိုက်ကြတယ်။ ဒါကြောင့် ဘုန်းကြီးတို့ ဂေါတမဘုရားရှင်ရဲ့ သာသနာတော်မှာလည်း မစင်ဘင်ကျုံးသမားပဲ လာဖြစ်ရပြန်တယ်။ ဒါကြောင့် မာနကြီးခြင်းဟာ အမျိုးယုတ်ညံ့ခြင်းရဲ့ အကြောင်းရင်းတစ်ခု ဖြစ်တယ်ဆိုတာကိုတော့ တရားနာပရိသတ်တွေ သဘောပေါက်ကြစမ်းပါ။

သို့သော် အရှင်သုနီတအလောင်း အမျိုးကောင်းသားဟာ တစ်ဖက်ကလည်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြုနိုင်တဲ့ ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းဆိုတဲ့ **အဓိကာရ** = အထိကရကောင်းမှုကုသိုလ်တွေကိုလည်း ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ အောင်အောင်မြင်မြင် ထူထောင်ခဲ့ပါတယ်။ ဒီလို အောင်အောင်မြင်မြင် ထူထောင်ခဲ့တဲ့ ပါရမီကုသိုလ်ကံတွေကလည်း အကျိုးပေးဖို့ရန် ရင့်ကျက်လာကြပြီ ဖြစ်တယ်။

ထိုအချိန်မှာ ဆိုကြစို့ – ဘုန်းကြီးတို့ ဘုရားရှင်ကလည်း ဘုရားရှင်တို့ရဲ့ ဓမ္မတာ အလေ့အကျက်တော်အတိုင်း နံနက်မိုးသောက်ထအခါမှာ မဟာကရုဏာတော်သမာပတ်ကို ဝင်စားတော်မူပြီးနောက်

ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူပါတယ်။ သုနီတအမျိုးကောင်းသားရဲ့ နှလုံးအိမ်အတွင်းမှာ ဆီမီးလို တပြောင်ပြောင် ထွန်းလင်းတောက်ပနေတဲ့ အရဟတ္တဖိုလ်ရဲ့ အားကြီးတဲ့မှီရာ အကြောင်း-တရားတွေကို တွေ့မြင်တော်မူတဲ့အခါ မိုးသောက်ပြီးနောက် နံနက်ပိုင်းကာလမှာ ရဟန်းသံဃာတော်အပေါင်း ခြံရံတော်မူလျက် ရာဇဂြိုဟ်မြို့အတွင်းသို့ ဆွမ်းခံကြွဝင်တော်မူပါတယ်။ သုနီတအမျိုး-ကောင်းသား မစင်ဘင်ကျုံးလုပ်ငန်းကို ပြုလုပ်နေတဲ့လမ်းကိုပဲ ရှေးရှုလျက် ကြွဝင်တော်မူခဲ့တယ်။ သုနီတ အမျိုးကောင်းသားကလည်း တောင်းတွေထဲမှာ မစင်တွေထည့်ပြီး ဆိုင်းထမ်းပိုးနှင့် ထမ်းအလာ လမ်းခုလတ်တစ်နေရာမှာ ဘုရားရှင်နှင့် ဆုံစည်းမိတယ်။ ကြောက်ရွံ့ရှိသေသော စိတ်ထားတုန်လှုပ်သော နှလုံးသားဖြင့် ပုန်းအောင်းဖို့ရန် ကြိုးစားခဲ့တယ်။ သို့သော် ရှောင်ဖို့ရန် လမ်းကလည်း မရှိ ဖြစ်နေတယ်။ ပုန်းအောင်းဖို့နေရာကလည်း မရနိုင် ဖြစ်နေတယ်။ ဒါနဲ့ ဆိုင်းထမ်းပိုးကို နံရံတစ်ခုဘေးမှာ အသာအယာ ချထားလိုက်ပြီးတော့ နံရံတစ်ခုဘေးမှာ ပူးဝင်ကပ်ရပ်ကာ ဘုရားရှင်အား လက်အုပ်ချီပြီးတော့ မတ်တတ်ရပ်နေလိုက်တယ်။ ဘုရားရှင်ကလည်း သုနီတအမျိုးကောင်းသား ရှိရာသို့ ချဉ်းကပ်ကြွသွားတော်မူပါတယ်။

တရားနာပရိသတ်တွေ — ဒီမြင်ကွင်းကို ပြန်ပြီးကြည့်ကြစမ်းပါ၊ မစင်ကျုံးတဲ့လမ်းဆိုတာက နောက်ဖေးလမ်းကြားပဲ ဖြစ်ဖို့ရှိပါတယ်။ ပြီးတော့ ဒီလမ်းကြားထဲမှာ သုနီတကလည်း မစင်တွေထည့်ထားတဲ့ ဆိုင်းထမ်းပိုးကို ချကာ အနားမှာပဲ ရပ်နေတယ်။ ဒီမစင်တောင်းကြီးဟာ ဘုရားရှင်နှင့် သုနီတတို့ရဲ့အကြားမှာ တည်ရှိနေတယ်။ ဘုရားရှင်ရဲ့ ကြီးမြတ်တော်မူတဲ့ မဟာကရုဏာတော်ဟာ ဘယ်လောက် ကြည်ညိုဖွယ်ကောင်းတယ်ဆိုတာကို လှမ်းမျှော်သာကြည့်ပါ။ ဘုရားရှင်ကလည်း သုနီတအမျိုးကောင်းသားရဲ့ အနီးမှာပဲ မတ်တတ်ရပ်တည်နေတော်မူလိုက်တယ်။ သုနီတကလည်း ဘုရားရှင်ရဲ့ ခြေတော်အစုံ ကြာပဒုံကို ရှိခိုးဝတ်ပြုလိုက်ပါတယ်။ ကောင်းမှုကုသိုလ်ဟာ ယူတတ်ရင် နေရာတကာမှာ ရနိုင်တယ်ဆိုတာကိုတော့ သဘောပေါက်ကြပါ။ ထိုအချိန်အခါမှာ ဘုရားရှင်က ဘာအမိန့်ရှိသလဲ? —

**သုနီတ . . . ကိံ ဣမာယ ဒုက္ခဇီဝိကာယ ပဗ္ဗဇိတုံ သက္ခိဿသိ?**[၁၂၅]

**သုနီတ** = သုနီတ . . . ။ **ဣမာယ ဒုက္ခဇီဝိကာယ** = ဤဆင်းရဲပြိုပြင်လှသော အသက်မွေးရခြင်းဖြင့်။ **တေ** = သင့်အဖို့။ **ကိံ** = အဘယ်အကျိုးရှိနိုင်ပါအံ့နည်း။ **တွံ** = သင်သည်။ **ပဗ္ဗဇိတုံ** = သာသနာဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်းပြုခြင်းငှာ။ **သက္ခိဿသိ** = စွမ်းနိုင်လတ္တံ့လော။

ဘုရားရှင်ကလည်း အလွန်ကြီးမြတ်လှတဲ့ မဟာကရုဏာတော်နှင့် ယှဉ်တဲ့ စိတ်ဓာတ်နှင့် ပြဟ္မာ-မင်း၏ အသံနှင့်တူတဲ့ အလွန်ကြင်နာတဲ့ အလွန်ချိုမြိန်တဲ့ အသံတော်နှင့် — သုနီတ . . . ဒီလောက် ဆင်းရဲပြိုပြင်လှတဲ့ အသက်မွေးရခြင်းဖြင့် သင့်အတွက် ဘာအကျိုးရှိမှာလဲ? သင်ဟာ သာသနာ-ဘောင်သို့ ဝင်ရောက်ပြီး ရှင်ရဟန်း မပြုနိုင်ဘူးလား? —

---

[၁၂၅] ထေရဂါထာ၊၅၊၂၊၂၂၄။

ဒီလို ဘုရားရှင်က မေးမြန်းတော်မူလိုက်ပါတယ် — ဒီအခါမှာ သုနီတက ဘယ်လို ပြန်လည်ကာ လျှောက်ထားတော်မူလိုက်သလဲ? —

## သုနီတ၏ ရဲရင့်သော လျှောက်ထားချက်

**သုနီတော တေန သတ္ထု ဝစနေန အမတေန ဝိယ အဘိသိတ္တော ဥဠာရံ ပီတိသောမနဿံ ပဋိသံဝေဒေန္တော "ဘဂဝါ သစေ မာဒိသာပိ ဣမ ပဗ္ဗဇ္ဇံ လဘန္တိ၊ ကသ္မာဟံ န ပဗ္ဗဇိဿာမိ၊ ပဗ္ဗာဇေထ မံ ဘဂဝါ"တိ အာဟ။**[၃၂၆]

**သုနီတော** = သုနီတသည်။ **တေန သတ္ထု ဝစနေန** = ထိုဘုရားရှင်ရဲ့ စကားတော်ဖြင့်။ **အမတေန** = အမြိုက်ရေစင်ဖြင့်။ **အဘိသိတ္တော ဝိယ** = သွန်းလောင်းလိုက်ဘိသကဲ့သို့။ **ဥဠာရံ** = ပြန့်ပြော ကြီးကျယ် မြင့်မြတ်လှစွာသော။ **ပီတိသောမနဿံ** = နှစ်သက်ဝမ်းမြောက်ခြင်း ပီတိသောမနဿကို။ **ပဋိသံဝေဒေန္တော** = အဖန်ဖန်အထပ်ထပ် ခံစားရသည်ဖြစ်၍။ **ဣတိ** = ဤသို့။ **အာဟ** = လျှောက်ထား လေ၏။

သုနီတတို့လို အလွန်အမျိုးယုတ်နေတဲ့ ပုဂ္ဂိုလ်ဘက်က ပြန်ကြည့်ပါ။ ဘုန်းကြီးတို့ ဘုရားရှင်ဟာ တစ်လောကလုံးမှာ အဘက်ဘက်ကကြည့်ရင် ဘယ်ဘက်မှာမဆို အသာဆုံး အမြတ်ဆုံးပုဂ္ဂိုလ် ဖြစ်တော်မူပါတယ်။ တစ်လောကလုံးရဲ့ အသာဆုံး အမြတ်ဆုံး ဖြစ်တော်မူတဲ့ ဘုရားရှင်က ကြင်နာ သနားလှတဲ့ အလွန်ချိုမြိန်တဲ့ အသံတော်ဖြင့် ပြောဆိုဆက်ဆံလိုက်တဲ့အခါ သုနီတရဲ့ စိတ်အစဉ်မှာ အလွန်အဆင့်အတန်းမြင့်မားလှတဲ့ နှစ်သက်ဝမ်းမြောက်ခြင်း ပီတိသောမနဿပန်းတွေဟာ ပွင့်လန်း လာတယ်။ ဘုရားရှင်ရဲ့ နှုတ်ခွန်းဆက်သမှုဟာ အမြိုက်ရေစင်ဖြင့် သွန်းလောင်းလိုက်သလို ဖြစ်သွား-တယ်။

တရားနာပရိသတ်တွေ — ဒီအချက်ကိုတော့ သတိပြုကြပါ။ မတူဘူး မတန်ဘူး အဆင့်အတန်း-ချင်း မတူဘူး မဆက်ဆံနိုင်ဘူးဆိုတဲ့ ဒီစိတ်ထားမျိုးကလေးတွေကို သံသရာခရီးမှာ ခဏခေတ္တ ဆုံခိုက်ကြုံခိုက် တစ်ဦးအပေါ်မှာ တစ်ဦး မထားသင့်ပါဘူး။ အမြတ်ဆုံးဖြစ်တော်မူတဲ့ ဘုရားရှင် သည်ပင် သုနီတတို့လို မစင်ဘင်ကျုံးသမားတစ်ဦးကို ကြင်နာလှတဲ့ စိတ်ဓာတ်ဖြင့် ပြောဆိုဆက်ဆံ-နိုင်သေးတယ်ဆိုရင် ဘုန်းကြီးတို့လိုပုဂ္ဂိုလ်တွေက အကြောင်းမလှလို့ အဆင့်အတန်းနိမ့်ကျနေတဲ့ သူတွေကို ဘာကြောင့် မဆက်ဆံနိုင်ရမှာလဲ?—

ရွှံ့ရှာစက်ဆုတ်ဖွယ် (၃၂)ကောဋ္ဌာသတို့ဖြင့် ပြည့်နှက်နေတဲ့ ခန္ဓာအိမ်ချည်း မဟုတ်ပါလား? အဆင့်မြင့်နေတဲ့သူတွေရဲ့ ကြင်နာတဲ့ ချိုမြိန်တဲ့ စကားတစ်ခွန်းဟာ အဆင့်နိမ့်သူတို့အဖို့ အမြိုက် ရေစင်ဖြင့် အသွန်းလောင်းခံရသလို ခံစားရတယ်ဆိုတဲ့ အချက်ကိုတော့ မမေ့ကြပါနှင့်။

ဒီနေရာမှာ သုနီတကလည်း ဝမ်းသာလွန်းလို့ ဘုရားရှင်ကို ဘယ်လို ပြန်လည်ကာ လျှောက်ထား

---

[၃၂၆] ထေရဂါထာ၊ဠ၊၂၊၂၂၄။

လိုက်သလဲ? —

**ဘဂဝါ** = ဘုန်းတော်နေ၀န်း ထွန်းလင်းတောက်ပတော်မူပါသော မြတ်စွာဘုရား . . .။ **မာဒိသာပိ** = တပည့်တော်တို့ကဲ့သို့ ယုတ်ညံ့တဲ့ အမျိုးအနွယ်ရှိတဲ့သူတို့သည်လည်းပဲ။ **ဣဓ** = ဤသာသနာတော်မြတ်အတွင်း၌။ **ပဗ္ဗဇ္ဇံ** = ရှင်ရဟန်းအဖြစ်ကို။ **သစေ လဘန္တိ** = အကယ်၍ ရရှိနိုင်ကုန်ငြားအံ့။ **ကသ္မာ** = အဘယ်ကြောင့်။ **အဟံ** = ဘုရားတပည့်တော်သည်။ **န ပဗ္ဗဇိဿာမိ** = ရှင်ရဟန်းမပြုဘဲ ရှိရပါအံ့နည်း။ **ဘဂဝါ** = ဘုန်းတော်နေ၀န်း ထွန်းလင်းတောက်ပတော်မူပါပေသော မြတ်စွာဘုရား . . .။ **မံ** = ဘုရားတပည့်တော်ကို။ **ပဗ္ဗာဇေထ** = ရှင်ရဟန်းပြု၍ ပေးတော်မူကြပါကုန်ဘုရား။

ဘုန်းတော်ကြီးမြတ်တော်မူပါသော မြတ်စွာဘုရား . . . တပည့်တော်တို့လို ယုတ်ညံ့တဲ့ အမျိုးဇာတ်ရှိတဲ့ သူတွေလည်းပဲ ဒီသာသနာဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်းပြုခွင့်ကို ရရှိနိုင်ကြမယ်ဆိုရင် တပည့်တော်ဟာ ဘာကြောင့် ရှင်ရဟန်းမပြုဘဲနေရမှာလဲ မြတ်စွာဘုရား၊ ဘုန်းတော်ကြီးမြတ်တော်မူသော ဘုရားရှင်သည် တပည့်တော်ကို ရှင်ရဟန်းပြုပေးတော်မူပါ မြတ်စွာဘုရား — ဒီလို သူက ဘုရားရှင်အား ပြန်လည်ကာ လျှောက်ထားတော်မူလိုက်တယ်။ ဘုရားရှင်ကလည်း လက်ျာလက်တော်ကို ဆန့်တန်းပြီးတော့ —

**ဧဟိ ဘိက္ခု၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။**

"ရဟန်း . . . လာလော့၊ အစ အလယ် အဆုံး သုံးပါးအစုံ ကောင်းခြင်းဂုဏ်နှင့် ပြည့်စုံတော်မူသော တရားတော်ကို ဟောကြားထားတော်မူအပ်၏၊ သံသရာဝဋ်ဆင်းရဲဒုက္ခ၏ အဆုံးအပိုင်း-အခြားကို ပြုခြင်းငှာ သာသနဗြဟ္မစရိယ မဂ္ဂဗြဟ္မစရိယဟု ခေါ်ဆိုအပ်တဲ့ မြတ်သောအကျင့်ကို ကောင်းမွန်ရိုသေစွာ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်လေလော့" —

ဒီလို ဘုရားရှင်က မိန့်တော်မူလိုက်ပါတယ်။ ဒီလို မိန့်ဆိုတော်မူခြင်းကိုပဲ **ဧဟိ ဘိက္ခု**-ခေါ်တော်မူတယ်လို့ ဆိုတယ်။ အဲဒီလို ဘုရားရှင်က မိန့်တော်မူလိုက်သည်နှင့် တစ်ပြိုင်နက်တည်းမှာပဲ ဝါတော်(၆၀)ရပြီး မထေရ်ကြီးကဲ့သို့ ပရိက္ခရာဆင်မြန်းပြီး ရဟန်းတော်တစ်ပါး ဖြစ်သွားတော်မူတယ်။

ဧဟိ ဘိက္ခု ရဟန်းဖြစ်တော်မူပြီးနောက် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတရားကို သင်ယူကာ တောအတွင်းမှာပဲ တစ်ပါးထီးတည်း သီတင်းသုံးကာ ရဟန်းတရားတွေကို အပြင်းအထန် ကြိုးပမ်းတော်မူလိုက်ရာ — ပထမယာမ်၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, ဒုတိယယာမ်၌ ဒိဗ္ဗစက္ခုဉာဏ်, တတိယယာမ်၌ အာသဝက္ခယဉာဏ်ကို ရရှိတော်မူသဖြင့် အာသဝေါကင်းကွာသည့် ရဟန္တာအရှင်မြတ်တစ်ပါး ဖြစ်သွားတော်မူပါတယ်။

ဒီနေရာမှာ ပြောချင်တဲ့အချက်ကတော့ မာန်မာနကြီးခြင်းသည် အမျိုးယုတ်ညံ့ခြင်းရဲ့ အကြောင်းတစ်ခုဖြစ်တယ်ဆိုတဲ့ အချက်ပဲ။ အမျိုးယုတ်ညံ့ရုံတွင်လားဆိုတော့ မကသေးပါဘူး၊ အမျိုးယုတ်ညံ့သူတို့ရဲ့ ခံစားချက်ကလေးတွေကို သူက ရဟန္တာဖြစ်ပြီးတဲ့နောက် သံဃာတော်တွေကို

တင်ပြလျှောက်ထားခဲ့တယ်။ သူ့ရဲ့ ခံစားချက်ကလေးတွေကို သံဝေဂယူနိုင်အောင် ထပ်ပြီး ပြောဦးမယ် —

**နီစေ ကုလမှိ ဇာတောဟံ၊ ဒလိဒ္ဒေါ အပ္ပဘောဇနော။**
**ဟီနကမ္မံ မမံ အာသိ၊ အဟောသိံ ပုပ္ဖဆဍ္ဍကော။**[၃၂၇]

တပည့်တော်ဟာ ပန်းမှိုက်သွန် မစင်ဘင်ကျုံးသမား အမျိုးအနွယ်မှာ လူလာဖြစ်ရပါတယ်။ အလွန်ဆင်းရဲတဲ့ မဝတဝစားရတဲ့ အလွန်ရှားပါးတဲ့ အစာအာဟာရရှိသူ ဖြစ်ခဲ့ရပါတယ်။ မစင်ဘင်ကျုံးဆိုတဲ့ အလွန်ယုတ်ညံ့တဲ့ အလုပ်ကို ပြုလုပ်ကာ အသက်မွေးခဲ့ရပါတယ် —

သူ့ရဲ့ ဒီလျှောက်ထားချက်ကို ပြန်ကြည့်ပါ — ပစ္စေကဗုဒ္ဓဘုရားရှင်အား ဆဲရေးခဲ့စဉ်က ဆွမ်းခံ-ဝတ်ဖြင့် အစာရှာမှီးတာကို အကြောင်းပြုပြီး ကဲ့ရဲ့ရှုတ်ချခဲ့တယ်။ သူတစ်ပါးတို့ရဲ့ အစာအာဟာရ ရှာဖွေစားသောက်မှုနှင့် ပတ်သက်ပြီး ကဲ့ရဲ့ရှုတ်ချခဲ့မိတဲ့ ဒီအကုသိုလ်ကံတွေက မိမိကို အစာအာဟာရ နည်းပါးသူဖြစ်အောင် ရွက်ဆောင်ပေးနေပြန်တယ်။ ပြီးတော့ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်အား မစင်ဘင်ကျုံးသမားလုပ်ပြီး အသက်မွေးရန် ဆဲရေးခဲ့တယ်။ ဒီအကုသိုလ်ကံက မိမိကို မစင်ဘင်ကျုံး-သမားဘဝသို့ ရောက်အောင် ပို့ဆောင်ပေးလိုက်ပြန်တယ်။ နောက်တစ်ခု — သူ့ရဲ့ လျှောက်ထား-ချက်ကို ကြည့်ပါ —

**ဇိဂုစ္ဆိတော မနုဿာနံ၊ ပရိဘူတော စ ဝမ္ဘိတော။**
**နီစံ မနံ ကရိတွာန၊ ဝန္ဒိဿံ ဗဟုကံ ဇနံ။**[၃၂၈]

တပည့်တော်ဟာ သူတစ်ပါးတို့ ရွံရှာစက်ဆုပ်အပ်တဲ့ လူသားတစ်ဦး ဖြစ်ခဲ့ပါတယ်၊ သူတစ်ပါးတို့ရဲ့ အနှိပ်စက်ခံလူတန်းစားတစ်ဦးလည်း ဖြစ်ခဲ့ပါတယ်၊ သူတစ်ပါးတို့ရဲ့ အရှုတ်ချခံလူတန်းစား တစ်ဦးလည်း ဖြစ်ခဲ့ပါတယ်။

ဘာကြောင့်လဲ? — သူရဲ့အတိတ်အကြောင်းကို ပြန်ကြည့်ပါ — အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်က ရွာအတွင်းသို့ ဆွမ်းခံကြွဝင်လာတာကို သူက ရွံရှာစက်ဆုပ်တဲ့စိတ်ထားနဲ့ ပြစ်မှားခဲ့တယ်။ အရှင်-ပစ္စေကဗုဒ္ဓဘုရားရှင်အပေါ်၌ ရွံရှာစက်ဆုပ်ခဲ့တဲ့ ဒီစိတ်ထားက သူ့ကိုလည်း မစင်ဘင်ကျုံးသမား ဘဝမှာ သူတစ်ပါးတို့က ရွံရှာစက်ဆုပ်သူတစ်ဦးဖြစ်အောင် တည်ထောင်ဖန်တီးပေးလိုက်တယ်။ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ကို သူက နှုတ်ဖြင့် စော်ကားနှိပ်စက်ခဲ့တယ်။ အဲဒီအကုသိုလ်ကံက သူ့ကို အနှိပ်စက်ခံလူတန်းစားဘဝသို့ရောက်အောင် ပို့ဆောင်ပေးပြန်တယ်။ ပြီးတော့ – သူက အရှင်-ပစ္စေကဗုဒ္ဓဘုရားရှင်အပေါ်မှာ ဆွမ်းခံဝတ်နှင့် ပတ်သက်ပြီး ကဲ့ရဲ့ရှုတ်ချခဲ့တယ်။ ဒီအကုသိုလ်ကံက သူ့ကို သူတစ်ပါးတို့ရဲ့ အကဲ့ရဲ့ခံလူတန်းစားတစ်ဦးဖြစ်အောင် ပို့ဆောင်ပေးပြန်တယ်။ တရားနာ ပရိသတ်တွေ စိတ်ဓာတ်တွေ ဆန်းကြယ်လို့ ကံတွေက ဆန်းဆန်းကြယ်ကြယ် အကျိုးပေးနေပုံကလေး တွေကို သတိပြုကြစမ်းပါ။ ဒါတွင်လား မကသေးဘူး၊ သူက ဆက်ပြီး လျှောက်ပြန်တယ် —

[၃၂၇, ၃၂၈] ထေရဂါထာ၊ ၄၊ ၂၊ ၂၂၅။

**နီစံ မနံ** = နှိမ်ချတဲ့စိတ်ဓာတ် နိမ့်ကျတဲ့စိတ်ဓာတ်ကို။ **ကရိတ္ဂာန** = ပြုကျင့်ပြီးတော့။ **ဗဟုကံ ဇနံ** = လူများအပေါင်းကို။ **ဝန္ဒိဿံ** = ရှိခိုးခဲ့ရလေပြီ။

တစ်ချိန်က သူက မိမိကိုယ်ကို အထင်ကြီးပြီး အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ကို အထင်သေးကာ နိမ့်ကျတဲ့နေရာမှာထားပြီး ပြုမူပြောဆိုဆက်ဆံခဲ့တယ်။ ဒီအကုသိုလ်ကံတွေက သူ့ကို နိမ့်ကျတဲ့ လူတန်းစားဘဝသို့ရောက်အောင် နိမ့်ကျတဲ့ စိတ်ဓာတ်နှင့် သူတစ်ပါးတို့ကို ဆက်ဆံရသူတစ်ဦး ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးပြန်တယ်။

ဘာကြောင့် ဒီလို သူက လူများအပေါင်းကို အပေါ်ကထားပြီး မိမိကိုယ်ကို အောက်တန်းက ထားကာ နိမ့်ကျတဲ့ စိတ်ဓာတ်နှင့် လက်အုပ်ကလေးတချီချီနှင့် ဆက်ဆံနေရတယ်ဆိုတာကို တရားနာ ပရိသတ်တွေ သဘောပေါက်သင့်တယ်။ ကံတွေဟာ အကျိုးပေးလာပြီဆိုရင် ရှောင်လို့ မလွတ်တဲ့ သဘော ရှိတတ်ကြပါတယ်။

သူ့ရဲ့ လူ့ဘဝ, လူ့ခန္ဓာကို ဖြစ်စေတတ်တဲ့ ကံဟာ ကုသိုလ်ကံ မှန်သော်လည်း ယင်းကုသိုလ်ကံ-ရဲ့ အကျိုးတရားကို – ပစ္စေကဗုဒ္ဓဘုရားရှင်အပေါ်မှာ ပြစ်မှားခဲ့တဲ့ အကုသိုလ်ကံက ပူးတွဲ ညှဉ်းပန်း နှိပ်စက်နေတဲ့အတွက် သူ့ရဲ့ဘဝဟာ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ဘယ်သူ့ကိုမဆို အောက် တန်းကျတဲ့ နှိမ်ချထားတဲ့ စိတ်ဓာတ်နှင့် လက်အုပ်ချီကာ ဆက်ဆံပါမှ ထမင်းစားရမည့်ဘဝမျိုး ဖြစ်နေတယ်၊ မစင်ဘင်ကျုံးတဲ့ လုပ်ငန်းရပ်ကို ပြုလုပ်ခွင့်ရမည့် လူတန်းစားတစ်ဦး ဖြစ်နေတယ်။

ဒါကြောင့် ဘုရားရှင်က ဂဒ္ဒုလဗဒ္ဓသုတ္တန်မှာ ဘယ်လို ဟောကြားထားတော်မူသလဲ? –

**တသ္မာတိဟ ဘိက္ခဝေ အဘိက္ခဏံ သကံ စိတ္တံ ပစ္စဝေက္ခိတဗ္ဗံ “ဒီဃရတ္တမိဒံ စိတ္တံ သံကိလိဋ္ဌံ ရာဂေန ဒေါသေန မောဟေနာ”တိ၊ စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါဒါနာ သတ္တာ ဝိသုဇ္ဈန္တိ။**[၃၂၉]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **တသ္မာ** = ထို့ကြောင့်။ **ဣဟ** = ဤသာသနာတော်မြတ် အတွင်း၌။ **တုမှေ** = သင်ချစ်သားတို့သည် သင်ချစ်သမီးတို့သည်။ **သကံ စိတ္တံ** = မိမိတို့ရဲ့စိတ်ကို။ **ဣဒံ စိတ္တံ** = ဤ ငါတို့ရဲ့ စိတ်သည်။ **ဒီဃရတ္တံ** = နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလ တို့ပတ်လုံး။ **ရာဂေန** = ရာဂကြောင့်။ **ဒေါသေန** = ဒေါသကြောင့်။ **မောဟေန** = မောဟကြောင့်။ **သံကိလိဋ္ဌန္တိ** = ညစ်နွမ်း၍ နေရပေ၏ဟူ၍။ **အဘိက္ခဏံ** = မကြာခဏ အမြဲမပြတ်။ **ပစ္စဝေက္ခိတဗ္ဗံ** = ဆင်ခြင်သင့် ဆင်ခြင်ထိုက်ပေ၏။ **ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **စိတ္တသံကိလေသာ** = စိတ်ဓာတ်တွေ ညစ်နွမ်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **သံကိလိဿန္တိ** = ညစ်နွမ်း ကြရကုန်၏။ **စိတ္တဝေါဒါနာ** = စိတ်ဓာတ်ဖြူစင်သန့်ရှင်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **ဝိသုဇ္ဈန္တိ** = စင်ကြယ်ကြရကုန်၏။

ချစ်သားတို့ . . . ဒါကြောင့် သင်ချစ်သားတို့တစ်တွေ သင်ချစ်သမီးတို့တစ်တွေဟာ ဒီ

[၃၂၉] သံ၊ ၂၊၁၂၃။

သာသနာတော်မြတ်အတွင်းမှာ မိမိတို့ရဲ့ စိတ်ဓာတ်ကို – "ဒီ ငါတို့ရဲ့ စိတ်ဓာတ်ဟာ နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလတို့ပတ်လုံး ရာဂကြောင့် ညစ်နွမ်းနေရတယ်၊ ဒေါသကြောင့် ညစ်နွမ်းနေရတယ်၊ မောဟကြောင့် ညစ်နွမ်းနေရတယ်"-လို့ ဒီလို မကြာခဏ အမြဲမပြတ် ဆင်ခြင်ပေးကြစမ်းပါ။ ဘာကြောင့်လဲ? စိတ်ဓာတ်ညစ်နွမ်းခြင်းကြောင့် သတ္တဝါတွေ ညစ်နွမ်းကြရတယ်၊ ပင်ပန်းကြရတယ်၊ ဆင်းရဲကြရတယ်။ စိတ်ဓာတ်ဖြူစင်သန့်ရှင်းခြင်းကြောင့် သတ္တဝါတွေဟာ စင်ကြယ်သွားကြရတယ်။ ဒီလို ဘုရားရှင်က ဆိုဆုံးမထားတော်မူပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ စိတ်ကို မိမိတို့ မကြာခဏ ဆင်ခြင်ပေးကြပါ၊ ပြုပြင်ပြောင်းလဲပေးကြပါ။

ခု - အရှင်သုနီတမထေရ်ရဲ့ထုံးကို ကြည့်ရင် – စိတ်ဓာတ်တွေ ညစ်နွမ်းခဲ့တဲ့အတွက် အပါယ်-ငရဲမှာ ညစ်နွမ်းခဲ့ရတယ်၊ ပင်ပန်းခဲ့ရတယ်၊ ဆင်းရဲခဲ့ရတယ်၊ လူ့ပြည်လူ့လောက ရောက်ပြန်တော့လည်း ညစ်နွမ်းရပြန်တယ်၊ ပင်ပန်းရပြန်တယ်၊ ဆင်းရဲရပြန်တယ်။ ဒါပေမဲ့ ဘုရားရှင်နှင့် တွေ့ဆုံတဲ့အခါ စိတ်ဓာတ်ကို အရဟတ္တဖိုလ်ရေစင်ဖြင့် ဖြူစင်အောင် ဆေးကြောသုတ်သင်နိုင်တဲ့အတွက် စိတ်ဓာတ်ဖြူစင်သန့်ရှင်းသွားခြင်းကြောင့် စင်ကြယ်တဲ့ သူတော်ကောင်းတစ်ဦး ဖြစ်သွားရတယ်။

သိကြားမင်းနှင့်တကွ နတ်ပြဟ္မာတွေကလည်း လာရောက်ကာ ရှိခိုးပူဇော်ကြတယ်။ ဘုရားရှင်ကလည်း နတ်ပြဟ္မာအပေါင်းတို့ ခြံရံထားတဲ့ အရှင်သုနီတကိုကြည့်ပြီး အလွန် နှစ်ခြိုက်တော်မူတဲ့အတွက် ဂါထာကလေးတစ်ခုကို ဟောကြားတော်မူတယ် –

**တပေန ဗြဟ္မစရိယေန၊ သံယမေန ဒမေန စ။**
**ဧတေန ဗြာဟ္မဏော ဟောတိ၊ ဧတံ ဗြာဟ္မဏမုတ္တမံ။**[၃၃၀]

၁။ **တပ** = ဣန္ဒြိယသံဝရသီလ = ဣန္ဒြေကို စောင့်စည်းခြင်း, တစ်နည်း ဓုတင်ကျင့်ဝတ်ပဋိပတ်ကို ဆောက်တည်ကျင့်သုံးခြင်း၊

၂။ **သံယမ** = ဝိနည်းသိက္ခာပုဒ်တွေကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

၃။ **ဒမ** = သမထ-ဝိပဿနာဉာဏ်ပညာဖြင့် မိမိစိတ်ကို နိုင်နိုင်နင်းနင်း ဆိုဆုံးမခြင်း၊

၄။ **ဗြဟ္မစရိယ** = ကြွင်းကျန်တဲ့ အဓိသီလ အမည်ရတဲ့ ရဟန်းတော်တို့ရဲ့ ဝိနည်းသိက္ခာပုဒ်တော် အရပ်ရပ်တို့ကို ပြည့်ပြည့်စုံစုံ လိုက်နာဖြည့်ကျင့်ခြင်း, အဓိစိတ္တ အမည်ရတဲ့ ဈာန်သမထကျင့်စဉ်တို့ကို အောင်အောင်မြင်မြင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခြင်း, အဓိပညာ အမည်ရတဲ့ ဝိပဿနာကျင့်စဉ်တို့ကို မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကို သိမြင်သည့်တိုင်အောင် အထူးသဖြင့် အရဟတ္တဖိုလ်နိဗ္ဗာန်သို့ ဆိုက်ရောက်သည့်တိုင်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခြင်းကို သာသနာတော်မှာ ပြုကျင့်သင့် ပြုကျင့်ထိုက်တဲ့ မွန်မြတ်တဲ့ကျင့်စဉ်တွေ ဖြစ်နေကြတဲ့အတွက် သာသနဗြဟ္မစရိယလို့ ခေါ်ဆိုပါတယ်။ အဲဒီလို မွန်မြတ်သော ကျင့်စဉ်ဆိုတဲ့ သာသန-ဗြဟ္မစရိယနှင့် အရိယမဂ်ဉာဏ် (၄)ပါးဆိုတဲ့ မဂ္ဂဗြဟ္မစရိယအကျင့်, –

[၃၃၀] ထေရဂါထာ၊ ၄၊ ၂၂၆။

ဒီ တပ-သံယမ-ဒမ-ဗြဟ္မစရိယလို့ ခေါ်ဆိုတဲ့ ကျင့်ဝတ်ပဋိပတ်တွေကြောင့် ဒီကျင့်ဝတ်တွေကို အရဟတ္တဖိုလ်တိုင်အောင် အောင်အောင်မြင်မြင် ကျင့်နိုင်တဲ့ သူတော်ကောင်းကို မကောင်းမှုဟူသမျှ-ကို အပပြုအပ်ပြီးဖြစ်လို့ အသာဆုံး အမြတ်ဆုံး ဗြာဟ္မဏလို့ ခေါ်ဆိုပါတယ်၊ ကိလေသာတို့မှ လုံးဝစင်ကြယ်နေတဲ့အတွက်ကြောင့် ဝိသုဒ္ဓိဗြာဟ္မဏလို့လည်း ခေါ်ဆိုပါတယ်။

အရှင်သုနီတကတော့ ဘုရားရှင် နှစ်ခြိုက်တော်မူတဲ့ ဗြာဟ္မဏတစ်ဦး ဖြစ်သွားပါတယ်။ ဘာကြောင့်လဲ၊ စိတ်ဓာတ်ကို အရဟတ္တဖိုလ်ဆိုက်သည်တိုင်အောင် ပြုပြင်ပြောင်းလဲပေးနိုင်လို့ပဲ။ ကိုင်း - အရှင်သုနီတအကြောင်းကို ဒီနေရာမှာပဲ ရပ်ဆိုင်းပြီး စူဠကမ္မဝိဘင်္ဂသုတ္တန်ကို ပြန်ဆက်ရအောင် . . . ။

## အမျိုးမြတ်သူ ဖြစ်ရခြင်း

**ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ အတ္ထဒ္ဓေါ ဟောတိ အနတိမာနီ – အဘိဝါဒေတဗ္ဗံ အဘိဝါဒေတိ၊ ပစ္စုဋ္ဌာတဗ္ဗံ ပစ္စုဋ္ဌေတိ၊ အာသနာရဟဿ အာသနံ ဒေတိ၊ မဂ္ဂါရဟဿ မဂ္ဂံ ဒေတိ၊ သက္ကာတဗ္ဗံ သက္ကရောတိ၊ ဂရုကာတဗ္ဗံ ဂရုကရောတိ၊ မာနေတဗ္ဗံ မာနေတိ၊ ပူဇေတဗ္ဗံ ပူဇေတိ၊ သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။**[၃၃၁]

**မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ပန** = နောက်တစ်မျိုးသော်ကား။ **ဣဓ** = ဤလောက၌။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်းကောင်း။ **အတ္ထဒ္ဓေါ** = မခက်ထန် မတင်းမာသော စိတ်ထားရှိသည်။ **ဟောတိ** = ဖြစ်၏။ **အနတိမာနီ** = အလွန်မောက်မာသော မာန်မာနတရားမရှိတဲ့ ပုဂ္ဂိုလ်သည်။ **ဟောတိ** = ဖြစ်၏။

စိတ်ဓာတ်တွေက နူးညံ့ပျော့ပျောင်းတယ်၊ ခက်ထန်တင်းမာတဲ့ စိတ်ထား မရှိဘူး၊ အလွန်မောက်မာတဲ့ မာန်မာနတရားတွေလည်း မရှိဘူး၊ မရှိတော့ သူက ဘာလုပ်သလဲ?

**အဘိဝါဒေတဗ္ဗံ** = ရှိခိုးသင့် ရှိခိုးထိုက်တဲ့ပုဂ္ဂိုလ်ကို။ **အဘိဝါဒေတိ** = ရှိခိုး၏။ **ပစ္စုဋ္ဌာတဗ္ဗံ** = ခရီးဦး ကြိုဆိုသင့် ကြိုဆိုထိုက်တဲ့ပုဂ္ဂိုလ်ကို။ **ပစ္စုဋ္ဌေတိ** = ခရီးဦး ကြိုဆို၏။ **အာသနာရဟဿ** = နေရာပေးသင့်ပေးထိုက်တဲ့ပုဂ္ဂိုလ်ကို။ **အာသနံ** = နေရာကို။ **ဒေတိ** = ပေး၏။ **မဂ္ဂါရဟဿ** = လမ်းခရီးဖယ်ပေးသင့် ဖယ်ပေးထိုက်တဲ့ပုဂ္ဂိုလ်ကို။ **မဂ္ဂံ** = လမ်းခရီးကို။ **ဒေတိ** = ပေး၏။ **သက္ကာတဗ္ဗံ** = အရိုအသေ ပြုသင့်ပြုထိုက်တဲ့ပုဂ္ဂိုလ်ကို။ **သက္ကရောတိ** = အရိုအသေပြု၏။ **ဂရုကာတဗ္ဗံ** = လေးစား-သင့် လေးစားထိုက်တဲ့ပုဂ္ဂိုလ်ကို။ **ဂရုကရောတိ** = လေးစား၏။ **မာနေတဗ္ဗံ** = မြတ်နိုးသင့် မြတ်နိုး-ထိုက်တဲ့ပုဂ္ဂိုလ်ကို။ **မာနေတိ** = မြတ်နိုး၏။ **ပူဇေတဗ္ဗံ** = ပူဇော်သင့် ပူဇော်ထိုက်တဲ့ပုဂ္ဂိုလ်ကို။ **ပူဇေတိ** = ပူဇော်၏။ **သော** = ထိုကဲ့သို့ မာန်မာနမကြီးမားတဲ့ပုဂ္ဂိုလ်သည်။ **ဧဝံ** = ဤသို့။ **သမတ္တေန** =

[၃၃၁] မ၊၃၊၂၄၇။

ပြည့်ပြည့်စုံစုံ ပြုကျင့်၍ ထားအပ်သော။ **ဧဝံ** = ဤသို့။ **သမာဒိန္နေန** = ကောင်းစွာ ဆောက်တည်၍ ထားအပ်သော။ **တေန ကမ္မေန** = ထိုကုသိုလ်ကံကြောင့်။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **သုဂတိံ** = ကောင်းမှုပြုသူ သုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **သဂ္ဂံ လောကံ** = နတ်ပြည်လောကသို့။ **ဥပပဇ္ဇတိ** = ပဋိသန္ဓေအားဖြင့် ကပ်ရောက်တည်နေရပေ၏။

မာန်မာနတွေ မကြီးဘူး၊ ရှိခိုးသင့် ရှိခိုးထိုက်တဲ့ ပုဂ္ဂိုလ်ကို ရှိခိုးတယ်၊ ခရီးဦး ကြိုဆိုသင့် ကြိုဆိုထိုက်တဲ့ ပုဂ္ဂိုလ်ကို ခရီးဦးကြိုဆိုတယ်၊ နေရာဖယ်ပေးသင့် ဖယ်ပေးထိုက်တဲ့ ပုဂ္ဂိုလ်ကို နေရာဖယ်ပေးတယ်၊ လမ်းဖယ်ပေးသင့် ဖယ်ပေးထိုက်တဲ့ ပုဂ္ဂိုလ်ကို လမ်းဖယ်ပေးတယ်၊ ရိုသေသင့် ရိုသေထိုက်တဲ့ ပုဂ္ဂိုလ်ကို ရိုသေတယ်၊ လေးစားသင့် လေးစားထိုက်တဲ့ ပုဂ္ဂိုလ်ကို လေးစားတယ်၊ မြတ်နိုးသင့် မြတ်နိုးထိုက်တဲ့ ပုဂ္ဂိုလ်ကို မြတ်နိုးတယ်၊ ပူဇော်သင့် ပူဇော်ထိုက်တဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်တယ်၊ ပြည့်ပြည့်စုံစုံ ပြုကျင့်ဆောက်တည်ထားအပ်တဲ့ ဒီကုသိုလ်ကံကြောင့် သေသည်၏ အခြားမဲ့၌ ကောင်းရာသုဂတိ နတ်ပြည်လောကကို ရောက်ရှိသွားနိုင်ပါတယ်။

## စဏ္ဍာလီအမယ်အို

ခဏခဏတော့ ပြောဖူးပါတယ်၊ ထုံးကလေးတစ်ခုပေါ့၊ ဝိမာနဝတ္ထု[၁၁၂]မှာ လာရှိပါတယ်။ တစ်ချိန် မြတ်စွာဘုရားသခင်သည် နံနက်မိုးသောက်ထ အချိန်အခါမှာ မဟာကရုဏာတော် သမာပတ်ကို ဝင်စားပြီးတော့ လောကကို ကြည့်ရှုတော်မူလိုက်တဲ့အခါ စဏ္ဍာလီအမယ်အိုကြီးဟာ ဉာဏ်ကွန်ယက်ထဲမှာ ထင်လာတယ်၊ ဆက်ပြီးတော့ ဆင်ခြင်ကြည့်တော်မူလိုက်တဲ့အခါ စဏ္ဍာလီ အမယ်အိုကြီး ဒီနေ့ သေတော့မယ်၊ ငရဲရောက်တော့မယ်ဆိုတာကို မြတ်စွာဘုရား မြင်တော်မူတော့ ဒီအမယ်အိုကြီးကို ငါကယ်တင်နိုင်သလားလို့ ကြည့်လိုက်တော့ ကယ်တင်လို့ ရနိုင်သေးတယ်ဆိုတာ ကို မြတ်စွာဘုရား မြင်တော်မူပါတယ်။ စဏ္ဍာလီအမယ်အိုဆိုတာကတော့ သူတောင်းစားတစ်ဦး ဖြစ်ပါတယ်၊ ဒွန်းစဏ္ဍားတစ်ဦးပဲ။ အဲဒီဒွန်းစဏ္ဍားတစ်ဦးကို မြတ်စွာဘုရားရှင်ဘက်က ဒီနေ့ ချီး-မြှောက်ဖို့ အခါအခွင့်ကလေးရသွားတယ်။ ဒီတော့ မြတ်စွာဘုရားလည်း ရဟန်းသံဃာတော်အပေါင်း ခြံရံပြီးတော့ — စဏ္ဍာလီအမယ်အို ရာဇဂြိုဟ်မြို့အတွင်းသို့ ထမင်းတောင်းစားဖို့ရန် ဝင်ရောက်လာ-မည့်အချိန်ကို မှန်းမျှော်ပြီးတော့ ရင်ဆိုင်တိုးရန် မျှော်မှန်းပြီး ဆွမ်းခံကြွတော်မူပါတယ်။ စဏ္ဍာလီ အမယ်အိုကလည်း တုန်တုန်ချည့်ချည့်နှင့် ရာဇဂြိုဟ်မြို့အတွင်းမှာ ထမင်းတောင်းဖို့ရန်အတွက် ဝင်လာ ခဲ့တယ်၊ မြတ်စွာဘုရားနှင့် တစ်နေရာမှာ ရင်ဆိုင်သွားပြီးတော့ တိုးကြတယ်။ တိုးလိုက်တဲ့အခါမှာ မြတ်စွာဘုရားက ရှေ့ကို ခရီးဆက်ပြီး ကြွတော်မမူဘဲ မတ်တတ်ရပ်ပြီး နေတော်မူလိုက်ပါတယ်။

ထိုအချိန်အခါမှာ ဘယ်လိုအကြောင်းကြောင့် ဘုရားရှင်သည် ဒီနေရာမှာ မတ်တတ်ရပ်တော်မူ နေရပါသလဲလို့ နောက်တော်ကပါလာတဲ့ အရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးက ဆင်ခြင်-ကြည့်တော်မူလိုက်တဲ့အခါ စဏ္ဍာလီအမယ်အိုကို ချီးမြှောက်ချင်လို့ မြတ်စွာဘုရားဟာ ဒီနေရာမှာ

---

[၁၁၂] ဝိမာနဝတ္ထု၊ ၂၅။

မတ်တတ်ရပ်တော်မူနေတာကို သိမြင်တော့ ဂါထာကလေးနှစ်ခုနှင့် အရှင်မဟာမောဂ္ဂလ္လာန်ကိုယ်-တော်မြတ်ကြီးက စဏ္ဍာလီအမယ်အိုကို သွားပြီးတော့ တိုက်တွန်းတယ်။ အဲဒီတော့ ဒီဂါထာကလေးတွေရဲ့ ဆိုလိုရင်းကတော့ —

“ဒကာမကြီး . . . ရသေ့ဟူသမျှတို့တွင် အသာဆုံး အမြတ်ဆုံးရသေ့ ဖြစ်တော်မူတဲ့ ဂေါတမနွယ်ဖွား ရှင်တော်မြတ်ဘုရားသည် အသင်စဏ္ဍာလီအမယ်အိုကို သနားစောင့်ရှောက် ချီးမြှောက်တော်မူလိုသည့်အတွက် မတ်တတ်ရပ်ကာ တည်နေတော်မူပါပေတယ်။ ဒါကြောင့် ဂေါတမမြတ်စွာ-ဘုရား၏ ခြေတော်အစုံ ကြာပဒုံကို လျင်မြန်စွာ ဦးတိုက်လိုက်စမ်းပါ။ သင်စဏ္ဍာလီအမယ်အိုအတွက် နောက်ထပ် လူ့လောကမှာနေရမည့် အချိန်ကာလ သက်တမ်းသည် အလွန် တိုတောင်းလှပါတယ်” -

ဒီလို ပြောဆိုပြီးတော့ တိုက်တွန်းလိုက်တယ်၊ အဲဒီတိုက်တွန်းချက်ကလေးအရ သူ့မှာလည်း မာန်မာနက မရှိလေတော့ မြတ်စွာဘုရားကို တုန်တုန်ရီရီနှင့် တောင်ဝှေးကလေး ချပြီးတော့ ခြေတော်အစုံ ကြာပဒုံကို ဦးတိုက်ပါတယ်၊ ရှိခိုးပါတယ်။ ရှိခိုးပြီးတဲ့အခါ မတ်တတ်ရပ် လက်အုပ်ချီပြီးတော့ မြတ်စွာဘုရားအမှူးရှိတဲ့ သံဃာတော်တွေကို ဖူးမြော်ကန်တော့နေတယ်။

ဤမျှလောက်ဆိုရင်တော့ ဒီအမယ်အိုကြီး နတ်ရွာသုဂတိကို ရောက်လောက်တဲ့ အကြောင်း-တော့ လုံလုံလောက်လောက်ရှိပြီလို့ မြတ်စွာဘုရားရှင်လည်း သိတော်မူတဲ့အတွက် ရှေ့ဆက်လက်ပြီး ကြွတော်မူပါတယ်၊ ဘုရားရှင်နှင့် သံဃာတော်များ တော်တော်လေး ဝေးသွားတဲ့အခါပေ့ါ၊ မျက်-ကွယ်လောက်ရောက်တဲ့ အချိန်အခါကျတော့ စဏ္ဍာလီအမယ်အိုလည်း နွားက ဝှေ့ပြီး သတ်လိုက်လို့ သေသွားတယ်၊ နတ်ပြည် ရောက်ရှိသွားတယ်။ ပိုက်ဆံ ဘယ်နှစ်ပြားကုန်သလဲ? တစ်ပြားမှ မကုန်ပါ-ဘူး။ စဏ္ဍာလတစ်ဦးက နတ်သမီး ဖြစ်သွားရတယ်ဆိုရင် ဒီလို ကျင့်ဝတ်ပဋိပတ်မျိုးကို ကျင့်ဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ်။

လူကြီးသူမတွေရှေ့သွားရင် ဘာလုပ်ရမလဲ? ခါးကလေး ကုန်းရမယ်၊ အရိုအသေပေးရမယ်၊ လမ်းဖယ်ပေးရမယ်။ ခုတော့ ဟိုတစ်နေ့ကပဲ ဒကာတစ်ယောက်က လျှောက်တယ်၊ “ခုခေတ်ကလေး-တွေဘုရား လူကြီးရှေ့ ခါးလေးညွတ်ပြီး ကုန်းပြီးသွားရမှာ အင်မတန် ဝန်လေးနေပုံရတယ်”–တဲ့၊ လူကြီးတွေရှေ့ကို ရိုသေတဲ့ အမူအရာကလေးပြပြီး သွားလိုတဲ့စိတ်ထား မရှိဘူး၊ ရိုသေသင့် ရိုသေ-ထိုက်တဲ့ပုဂ္ဂိုလ်ကို ရိုသေရတယ်၊ အနီးကပ်ဆုံး မိမိ အမြဲတမ်း ရိုသေရမည့် ပုဂ္ဂိုလ်တွေဟာ ဘာလဲ? မိဘနှစ်ပါးပဲ။ မိဘနှစ်ပါးတို့ရဲ့ ရှေ့ကို မိမိက ဖြတ်ကျော်ပြီး သွားတော့မယ်ဆိုရင် ဘာလုပ်ရမလဲ? ရှေးယဉ်ကျေးမှု တစ်ခုပေ့ါ . . . ခါးကလေးကုန်းညွတ်ပြီးတော့ သာသာကလေး ဖြည်းဖြည်းကလေး သွားရတယ်၊ ဆောင့်ကြီးအောင့်ကြီးနှင့် သွားရမလား? မဟုတ်ပါဘူး။ ဒါကြောင့် ဒီယဉ်ကျေးမှုကလေးတွေဟာ ကလေးတွေရဲ့သန္တာန်မှာ ကိန်းဝပ်တည်နေခဲ့ရင် ကုသိုလ်တရားတွေ တိုးပွားပြီး မလာနိုင်ဘူးလား? လာနိုင်တယ်၊ ပိုက်ဆံတစ်ပြားမှ မကုန်ဘဲနှင့် ရရှိတဲ့ ကုသိုလ်ပဲ။ သို့သော် အကယ်၍ နတ်ရွာသုဂတိကို အခါအခွင့်မသင့်သေးလို့ မရောက်သေးဘူးထား၊ ရှေ့နောက်မှာ ခြံရံထားတဲ့ ဒီကုသိုလ်စိတ်စေတနာတွေကနေပြီးတော့ ပို့ဆောင်ပေးလိုက်လို့ လူ့ပြည်လူ့လောကကို တစ်ပတ်ပြန်ပြီး လူဖြစ်

ခဲ့မယ်ဆိုရင် ဘာဖြစ်မလဲ?. . . ဖြစ်ပုံကို စူဠကမ္မဝိဘင်္ဂသုတ္တန်မှာ ဒီလို ဆက်လက်ပြီး ဟောကြားထား တော်မူပါတယ်။

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ဥစ္စာကုလီနော ဟောတိ။ ဥစ္စာကုလီနသံဝတ္တနိကာ ဧသာ မာဏဝ ပဋိပဒါ ယဒိဒံ အတ္ထဒ္ဓေါ ဟောတိ အနတိမာနီ – အဘိဝါဒေတဗ္ဗံ အဘိဝါဒေတိ၊ ပစ္စုဋ္ဌာတဗ္ဗံ ပစ္စုဋ္ဌေတိ၊ အာသနာရဟဿ အာသနံ ဒေတိ၊ မဂ္ဂါရဟဿ မဂ္ဂံ ဒေတိ၊ သက္ကာတဗ္ဗံ သက္ကရောတိ၊ ဂရုကာတဗ္ဗံ ဂရုကရောတိ၊ မာနေတဗ္ဗံ မာနေတိ၊ ပူဇေတဗ္ဗံ ပူဇေတိ။**[၃၃၃]

**မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်း ကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **သုဂတိံ** = ကောင်းမှုပြုသူ သုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **သဂ္ဂံ လောကံ** = နတ်ပြည်နတ်လောကသို့။ **နော စေ ဥပပဇ္ဇတိ** = အကယ်၍ မကပ်ရောက်ရသေးသည် ဖြစ်ငြားအံ့။ **မနုဿတ္တံ** = လူ့ပြည်လူ့လောက သို့။ **သစေ အာဂစ္ဆတိ** = အကယ်၍ ဆိုက်ရောက်လာခဲ့သည် ဖြစ်ငြားအံ့။ **ယတ္ထ ယတ္ထ** = အကြင် အကြင် အမျိုးအနွယ်၌။ **ပစ္စာဇာယတိ** = ပဋိသန္ဓေအားဖြင့် တစ်ဖန်ဖြစ်ပေါ်လာရ၏။ **တတ္ထ တတ္ထ** = ထိုထို အမျိုးအနွယ်၌။ **ဥစ္စာကုလီနော** = မြင့်မြတ်သော အမျိုးအနွယ်ရှိတဲ့ပုဂ္ဂိုလ်သည်။ **ဟောတိ** = ဖြစ်ရပေ၏။

လူ့ပြည်လူ့လောကမှာ တစ်ပတ်ပြန်ကြော့ပြီးတော့ လူသားတစ်ဦးအဖြစ်နှင့် ရောက်ရှိလာခဲ့မယ် ဆိုရင် မြင့်မြတ်တဲ့အမျိုးအနွယ်မှာပဲ လာပြီးတော့ လူဖြစ်ရတယ်။ ဒီလိုဆိုရင် ဒီမာန်မာနကလေးတွေ- ကို နှိမ်ချိုးထားဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ်၊ “ငါက ပညာ ဘယ်လောက်တတ်တယ်၊ ငါက စည်းစိမ်ဥစ္စာ ဘယ်လောက်ရှိတယ်၊ ငါက အသိဉာဏ် ဘယ်လောက်ရှိတယ်” ဆိုပြီးတော့ ကိုယ့်ဟာကိုယ် မာနကလေးတွေ ထောင်နေဖို့ လိုသေးသလား? မလိုဘူး၊ ကိုယ့်စည်းစိမ်ရှိလို့ ကိုယ့်- ဟာကိုယ် မာနကြီးတာ ဘာဖြစ်ရမလဲဆိုတဲ့ ဒီစိတ်ထားမျိုးကို မွေးမြူသင့်သလား? မမွေးမြူသင့်ဘူး၊ မွေးမြူလိုက်မယ်ဆိုလို့ရှိရင် ဘာဖြစ်မလဲ? မိမိက နောင်သံသရာခရီးတစ်ခု ဆက်ရန် ရှိနေသေးရင် ယုတ်ညံ့တဲ့ အမျိုးအနွယ်မှာ သွားပြီးတော့ လူဖြစ်ရမယ်၊ သံသရာခရီးဆုံးအောင် လုပ်နိုင်ရင်တော့ ကောင်းပါတယ်၊ မဆုံးသေးဘူးဆိုလို့ရှိရင်တော့ ဘာဖြစ်မလဲ? ဒီခက်ထန်တင်းမာနေတဲ့ စိတ်ထား ကလေးတွေကို ဘာလုပ်ရမလဲ? လျှော့ချပေးရမယ်။

## သာကီဝင်မင်းသား (၆) ဦး

အတုယူထိုက်တဲ့ ထုံးတစ်ခု ရှိပါတယ်၊ ဘုန်းကြီးတို့ သာကီဝင်မင်းသား (၆)ဦးပေါ့၊ **အရှင်- အာနန္ဒာ**လည်း ပါတယ်၊ **အရှင်အနုရုဒ္ဓါ, အရှင်ကိမိလ, အရှင်ဘဒ္ဒိယ, အရှင်ဘဂု, အရှင်ဒေဝဒတ္တ-** အားလုံး သူတို့သာကီဝင်မင်းသား (၆)ဦးပဲ၊ နောက်တစ်ဦးက သူတို့ရဲ့ အခိုင်းအစေဖြစ်တဲ့ ဆတ္တာ-

[၃၃၃] မ၊၃၊၂၄၇-၂၄၈။

သည် **ဥပါလိ** ဖြစ်တယ်။ အဲဒီသာကီဝင်မင်းသား (၆)ဦးတို့ ရှင်ရဟန်းပြုဖို့ရန်အတွက် မြတ်စွာ-ဘုရားထံ ခွင့်တောင်းကြတယ်။ ဘယ်အချိန်အခါမှာလဲဆိုတော့ –

မြတ်စွာဘုရား တစ်ဝါရတော်မူပြီးနောက် ကပိလဝတ်နေပြည်တော်ကို ကြွတော်မူတဲ့ အချိန်အခါမှာ ကပိလဝတ်နေပြည်တော်ဝယ် ခုနစ်ရက် သီတင်းသုံးတော်မူခဲ့ပါတယ်၊ သီတင်းသုံးတော်မူ-ပြီးတဲ့နောက် ရာဇဂြိုဟ်မြို့ကို ပြန်ပြီးအကြွ **"အနုပိယနိဂုံး မေဓာဋ္ဌပသရက်ဥယျာဉ်"** တောအုပ်ကြီးအတွင်းမှာ သီတင်းသုံးတော်မူခိုက် အဲဒီသရက်ဥယျာဉ်အတွင်းမှာပဲ နောက်ကနေ သူတို့ လိုက်လာ-ပြီးတော့ မြတ်စွာဘုရားထံ ရှင်ရဟန်းပြုဖို့ရန် ခွင့်တောင်းကြတယ်၊ ဒီသာကီဝင်မင်းသား (၆)ဦးတို့ခွင့်တောင်းပြီးတဲ့ အချိန်အခါမှာ သူတို့ရဲ့ တစ်သက်လုံး ကျေးကျွန်အဖြစ်နှင့် ခိုင်းစေလာတဲ့ ဆတ္တာ-သည်ဖြစ်တဲ့ ဥပါလိကို သူတို့ရဲ့ လက်ဝတ်လက်စားတွေ အားလုံးချွတ်ပြီးတော့ ဆုလာဘ်အဖြစ်နှင့်ပေးလိုက်ကြတယ်၊ "သင်ပြန်ပေတော့၊ တို့တော့ ရှင်ရဟန်း ပြုလိုက်ပြီလို့သာ အကြောင်းကြားလိုက်ပေတော့"–လို့ မှာလိုက်ကြတယ်။ ထိုအချိန်မှာ ဥပါလိ ဆတ္တာသည်ကလည်း စဉ်းစားတယ် – "သာကီ-ဝင်မင်းသားတွေက အင်မတန် အမျိုးမာန်စိတ်ဓာတ် သိပ်အားကြီးတယ်၊ ဒီတော့ ငါက ဒီလက်ဝတ်လက်စားတွေကို ယူပြီးတော့ ပြန်သွားခဲ့ရင် ငါ့အပေါ်မှာ မယုံသင်္ကာဖြစ်ခဲ့လို့ရှိရင် ငါ့အတွက် အသက်အန္တရာယ်တောင် ဖြစ်နိုင်တယ်၊ ဒီတော့ ငါလည်း ဒီလက်ဝတ်လက်စားတွေအပေါ် တွယ်တာမှုမရှိဘူး၊ ငါလည်း မယူဘူး၊ ငါလည်း ရှင်ရဟန်းပြုမယ်" – ဒီလို စဉ်းစားဆင်ခြင်ပြီးတော့ ရှင်ရဟန်းပြုဖို့ရန်ဆုံးဖြတ်ချက် ချလိုက်တယ်။ အဲဒီအခါမှာ အားလုံး ရှင်ရဟန်းပြုဖို့ (၇)ဦး ဖြစ်သွားကြတယ်၊ (၇)ဦးဖြစ်တဲ့အခါကျတော့ မြတ်စွာဘုရားထံမှာ သူတို့က ဘာလျှောက်ထားကြသလဲ?

"မြတ်စွာဘုရား . . . တပည့်တော်တို့ သာကီဝင်မင်းသားတွေဆိုတာက အင်မတန် ဇာတိမာန်ခက်ထန်တဲ့ မာန်မာနကြီးတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြပါတယ်၊ ဒီ "ဥပါလိ"ဟာ တစ်သက်လုံး တပည့်တော်တို့ ခိုင်းစေလာခဲ့တဲ့ ကျေးကျွန်ဖြစ်တယ်၊ ဒီတော့ တပည့်တော်တို့ကို ရှင်ရဟန်းအရင်ပြုပြီးတော့ "ဥပါလိ"ကို နောက်မှ ရှင်ရဟန်းပြုပေးမယ်ဆိုရင် လူ့ဘဝ လူ့လောကတုန်းက တပည့်တော်တို့က ဥပါလိအပေါ်မှာ မာန်မာနကြီးခဲ့သလို ရဟန်းဖြစ်တော့လည်း ဒီဥပါလိအပေါ်မှာ အပေါ်စီးကပဲနေပြီးတော့ ဆက်ဆံနေကြမှာ ဖြစ်တယ်၊ ဒါ့ကြောင့် တပည့်တော်တို့ရဲ့ တင်းမာနေတဲ့ စိတ်ဓာတ်တွေမြင့်မောက်နေတဲ့ ဒီမာန်မာနတရားတွေကို နှိမ်ချိုးတဲ့အနေနှင့် ဥပါလိကို အလျင်ရှေးဦးစွာ ရှင်ရဟန်းပြုပေးတော်မူပါ၊ တပည့်တော်တို့ သာကီဝင်မင်းသား (၆)ဦးကိုတော့ နောက်မှ ရှင်ရဟန်းပြုပေးတော်မူပါ။ အဲဒီလို ရှင်ရဟန်းပြုလိုက်မယ်ဆိုလို့ရှိရင် တပည့်တော်တို့ထက် ဝါကြီးနေတဲ့ အရှင်ဥပါလိကိုတပည့်တော်တို့က ရိုသေကြမယ်၊ လေးစားကြမယ်၊ မြတ်နိုးကြမယ်၊ အဲဒီအခါမှာ တပည့်တော်တို့ရဲ့မာန်မာနတွေဟာ ကျဆင်းသွားပါလိမ့်မယ်" –

ဒီလို ဘုရားရှင်အား တင်ပြလျှောက်ထားကြတယ်၊ သူတို့ လျှောက်ထားတောင်းပန်တဲ့အတိုင်းပဲအရှင်ဥပါလိကို အလျင်ရှေးဦးစွာ ခေါင်ဆုံး ရှင်ရဟန်းပြုပေးတော်မူလိုက်ပါတယ်၊ သာကီဝင်မင်းသား (၆)ဦးကိုတော့ နောက်မှပဲ ရှင်ရဟန်းပြုပေးတော်မူလိုက်ပါတယ်၊ ဒါဟာ မိမိတို့ရဲ့ မာန်မာနကိုနှိမ်ချိုးတဲ့ "စံ"ထားထိုက်တဲ့ ထုံးတစ်ခု ဖြစ်ပါတယ်။

ဒီတော့ အဲဒီလို မာန်မာနတွေကို နှိမ်ချိုးလိုက်ခြင်းသည် ဘာဖြစ်သလဲ? မာန်မာနကို နှိမ်ချိုးတဲ့ ကံက သံသရာခရီးဆိုတာ အကယ်၍ ထင်ရှားရှိခဲ့မယ်ဆိုရင် မြင့်မြတ်တဲ့အမျိုးအနွယ်မှာ လာပြီးတော့ လူဖြစ်ရမယ်၊ နတ်ဖြစ်လည်း နတ်ထက်နတ်, လူဖြစ်လည်း လူထက်လူ အသာဆုံး အမြတ်ဆုံး အမျိုး-အနွယ်မှာ လာပြီးတော့ လူဖြစ်နိုင်တယ်၊ နတ်ဖြစ်နိုင်တယ်၊ ဘာကြောင့်လဲ? မာန်မာနတွေကို နှိမ်ချ-ထားတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်အစဉ်ကို ကြည့်လိုက်တဲ့အခါ တစ်ဖက်ပုဂ္ဂိုလ်ကို အမြင့်မှာထားပြီး မိမိကိုယ်ကို နှိမ်ချထားတဲ့ အနိမ့်မှာထားတဲ့ စိတ်ထားဖြစ်နေတယ်။ တစ်ဖက်ပုဂ္ဂိုလ်ကို အမြင့်မှာထားပြီး မြတ်မြတ် နိုးနိုး ဆက်ဆံပြုမူခြင်းဟာ မိမိမြင့်မြတ်ဖို့, သူတစ်ပါးတို့က မိမိကို မြတ်နိုးဖို့ အကြောင်းတစ်ခု ဖြစ်နေ-တယ်။ ဒါကြောင့် ဒီကံက အကျိုးပေးတဲ့ဘဝမှာ အမျိုးမြင့်မြတ်ရခြင်း ဖြစ်တယ်။ အကယ်၍ မာန်မာန တွေက သိပ်ပြီး ကြီးခဲ့မယ်ဆိုရင်တော့ ဘာဖြစ်မလဲ? ယုတ်ညံ့တဲ့ အမျိုးအနွယ်မှာ သွားပြီးတော့ လူဖြစ်ရမယ်။

ဒါကြောင့် မိမိတို့က အဆင့်အတန်းမြင့်နေတဲ့ လူ့လောက နတ်လောကနှင့် ရင်ဆိုင်ချင်တယ်၊ ရင်ဆိုင်တိုးချင်ကြတယ်ဆိုလို့ရှိရင်တော့ ဘာလုပ်ရမလဲ? မာန်မာနကို နှိမ်ချိုးပေးပါတဲ့။ ခုနက အရှင်-အာနန္ဒာတို့ကို ကြည့်ပေ့ါ၊ တကယ့်အထက်တန်းကျတဲ့ အမျိုးအနွယ်မှာ လူလာဖြစ်ရပေမဲ့လို့ မိမိတို့ရဲ့ မာန်မာနကို နှိမ်ချိုးမချကြဘူးလား? နှိမ်ချိုးချကြတယ်။ ရှေးရှေးသူတော်ကောင်းတွေရဲ့ထုံးပဲ၊ ဒီ သူတော်ကောင်းတို့ရဲ့ထုံးကို နှလုံးမူပြီးတော့ မိမိတို့လည်း ဒီမာန်မာနတွေကို နှိမ်ချိုးကြမယ်ဆိုရင် ထိုသူတော်ကောင်းတို့ သွားကြတဲ့လမ်းအတိုင်း နောက်က လိုက်သွားကြမယ်ဆိုလျှင် ထိုသူတော်-ကောင်းတို့ ရောက်ရှိသွားကြတဲ့နေရာဖြစ်သည့် နိဗ္ဗာန်တရားတော်မြတ်ကြီးကို မိမိတို့လည်း မရနိုင်-ကြဘူးလား? ရနိုင်ကြပါတယ်။

## အရှင်ဘဒ္ဒိယမထေရ်မြတ်

ခုပြောနေတဲ့ သာကီဝင်မင်းသား ရဟန်းတော် (၆)ပါးတို့အထဲမှာ အရှင်ဘဒ္ဒိယမထေရ်မြတ်-လည်း ပါဝင်ပါတယ်။ ထိုမထေရ်မြတ်ဟာ ပဒုမုတ္တရဘုရားရှင်ရဲ့လက်ထက်တော်က စပြီးတော့ – **ဥစ္စာကုလိကဧတဒဂ်** = အမျိုးကြီးမြတ်သူတို့တွင် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ရရှိရန် ရည်သန်တောင့်တ၍ ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းဆိုတဲ့ အဓိကာရကောင်းမှုကုသိုလ် တို့ကို ဆည်းပူးခဲ့သူဖြစ်ပါတယ်။ သုဒ္ဓေါဒနမင်းကြီးလည်း သက်တော် (၉၀)ကျော်အရွယ်ရောက်တော့ တိုင်းပြည်ရဲ့တာဝန်ကို မထမ်းဆောင်နိုင်တော့တဲ့အတွက် သာကီဝင်မင်းသားတို့ရဲ့ နာယကအကြီး အကဲအဖြစ်နှင့်လောက်သာ နေနိုင်တဲ့အချိန်မှာ သာကီဝင်မင်းတို့အထဲမှ အမျိုးကြီးငယ် အစဉ် အလိုက် မင်းပြုထိုက်သူကို ရွေးချယ်သောအခါ အမျိုးအမြတ်ဆုံး အကြီးဆုံးဖြစ်တဲ့ ဘဒ္ဒိယမင်းသားကို ရွေးချယ်၍ ရှေ့ဆောင်မင်းအဖြစ် ခန့်အပ်ကြတယ်။ ဘဒ္ဒိယမင်းသားဟာ မိမိလက်ဝယ် ရရှိပြီးတဲ့ မင်းစည်းစိမ်ကို စွန့်လွှတ်ကာ ရှင်ရဟန်းပြုလာသူ ဖြစ်တယ်။ ဒါကြောင့် ဥစ္စာကုလိကဧတဒဂ်ကို ရရှိတော်မူပါတယ်။ ထိုကဲ့သို့သော ပုဂ္ဂိုလ်မျိုးတို့သည်ပင် မာန်မာနကို နှိမ်ချိုးနိုင်လျှင် တရားနာ-ပရိသတ်တွေကော ဘာကြောင့် ဒီမာန်မာနတွေကို မနှိမ်ချိုးနိုင်ရမှာလဲ? –

ဒီနေရာမှာ ဆရာတော်တစ်ပါး အမိန့်ရှိတဲ့ ဒကာကလေးတစ်ယောက်အကြောင်းကို ပြောဦးမယ်။ ဘုန်းကြီးတို့နှင့် တောထဲမှာ အတူနေဖူးတဲ့ ဆရာတော်တစ်ပါးက သူ့တပည့်ကလေးတစ်ယောက်အကြောင်းကို ပြောပြဖူးတယ်။ ဒီတပည့်ကလေးက စိတ်ကောင်းကောင်းမနှံ့သလို ဖြစ်နေတယ်။ တစ်နေ့ သူ့ဆရာတော်ကို လာပြီးနှိပ်ပေးကာ ဝတ်ကြီးဝတ်ငယ်ပြုရင်း သူက သူ့ဆရာတော်ကို လျှောက်တယ် – "ဆရာတော် . . . လူတွေက တပည့်တော်ကို အရူးအရူးလို့ ပြောနေကြတယ်။ သူတို့ကတော့ မရူးသလိုဘဲ၊ တကယ်တော့ မြတ်စွာဘုရားက – **ပုထုဇ္ဇနော ဥမ္မတ္တကော** = ပုထုဇန်မှန်သမျှ အကုန်အရူးချည်းပဲလို့ ဟောကြားထားတော်မူတာပါ၊ တပည့်တော်ကိုသာ အရူးလို့ပြောပြီး သူတို့ကတော့ မရူးသလိုဘဲ၊ အမှန်မှာတော့ မထူးပါဘူး၊ အတူတူချည်းပါပဲ၊ ဝ-နှစ်လုံးကို ဆက်လိုက်ရင် **ထ**ဆင်ထူးချည်း ဖြစ်တာပဲ" – ဒီလို သူက လျှောက်ထားတယ်။ သူပြောတာလည်း မှန်သင့်သလောက်တော့လည်း မှန်ပါတယ်။ ဘာ့ကြောင့်လဲ? – အားလုံးဟာ – မစင်ထုတ်ကြီးကို ထမ်းပြီး သံသရာမှာ လမ်းသလားနေသူတွေချည်း မဟုတ်ပါလား?

ကဲ - နောက်တစ်ခု **နံပါတ် ခုနစ်ခုမြောက် အစုံ**ပဲ။

## ပညာဉာဏ်နည်းပါးတဲ့ပုဂ္ဂိုလ်ဖြစ်ရခြင်း

**ဣဓ မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ န ပရိပုစ္ဆိတာ ဟောတိ "ကိံ ဘန္တေ ကုသလံ၊ ကိံ အကုသလံ။ ကိံ သာဝဇ္ဇံ၊ ကိံ အနဝဇ္ဇံ။ ကိံ သေဝိတဗ္ဗံ၊ ကိံ န သေဝိတဗ္ဗံ။ ကိံ မေ ကရီယမာနံ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ ဟောတိ၊ ကိံ ဝါ ပန မေ ကရီယမာနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတီ"တိ။**[၃၃၄]

**မာဏဝ** = ဒကာတော် သုဘလုလင် . . . ။ **ဣဓ** = ဤလောက၌။ **ဧကစ္စော** = အချို့သော။ **ဣတ္ထီ ဝါ** = အမျိုးသမီးသည်သော်လည်းကောင်း။ **ပုရိသော ဝါ** = အမျိုးသားသည်သော်လည်းကောင်း။ **သမဏံ ဝါ** = သမဏသို့သော်လည်းကောင်း။ **ဗြာဟ္မဏံ ဝါ** = ဗြာဟ္မဏသို့သော်လည်းကောင်း။ **ဥပသင်္ကမိတွာ** = ချဉ်းကပ်၍။ **န ပရိပုစ္ဆိတာ ဟောတိ** = မမေးမြန်းတတ်ပေ။

မေးမြန်းစုံစမ်းမှု မပြုလုပ်ဘူး၊ သို့သော် မမေးမြန်းတာတွင်လားဆိုတော့ မကပါဘူး၊ ဒီနေရာမှာ မေးမြန်းပြီးတော့ ကျင့်ဖို့လည်း လိုအပ်ပါတယ်၊ ဘယ်လို မမေးတာလဲ?

**ဘန္တေ** = အရှင်ဘုရား . . . ။ **ကုသလံ** = ကုသိုလ်သည်ကား။ **ကိံ** = အဘယ်ပါနည်း။ **ဘန္တေ** = အရှင်ဘုရား . . . ။ **အကုသလံ** = အကုသိုလ်သည်ကား။ **ကိံ** = အဘယ်ပါနည်း။

ကုသိုလ်ဆိုတာက ဘာလဲ၊ အကုသိုလ်ဆိုတာက ဘာလဲ၊ ဒီလောက်တောင် သူက မမေးဘူး၊ မမေးတော့ သိဦးမလား? မသိဘူး၊ မသိတော့ ကုသိုလ်ဆိုတာ ဘာမှန်းမသိတော့ ကုသိုလ်ကိုရော ဖြည့်ကျင့်ဦးမလား? မဖြည့်ကျင့်တော့ဘူး၊ အကုသိုလ်ဆိုတာ ဘာမှန်းမသိတော့ အကုသိုလ်ကိုရော

[၃၃၄] မ၊၃၊၂၄၈။

သူ ရှောင်ဦးမလား? မရှောင်တော့ဘူး၊ ဒီတော့ ကုသိုလ်ဆိုတာ ဘာလဲ၊ အကုသိုလ်ဆိုတာ ဘာလဲ၊ ဒီလောက်တော့ သိအောင် လေ့ကျင့်ထားဖို့ မကောင်းဘူးလား? ကောင်းပါတယ်။

ဒီနေ့ ဘုန်းကြီးတို့ ဗုဒ္ဓသာသနာမှာတော့ ကုသိုလ်ဟာ ဘာကိုခေါ်တယ်, အကုသိုလ်ဟာ ဘာကိုခေါ်တယ်ဆိုတာကို ဘုရားရှင်ကလည်း အတိအကျ ဟောကြားထားတော်မူပါတယ်၊ ဒီတော့ ဒီကုသိုလ် အကုသိုလ်လို့ သတ်မှတ်ချက်နှင့် ပတ်သက်လို့ အဓိပ္ပာယ်နည်းနည်း ထပ်ပြောမယ်။ ကုသိုလ်ဆိုတာက – **"အနဝဇ္ဇသုခဝိပါကလက္ခဏာ"** ကိုလေသာ အပြစ်အနာအဆာတွေ ကင်းပြီး-တော့ ကောင်းကျိုးချမ်းသာကိုသာ ကျိန်းသေဧကန်ပေးတတ်တဲ့ တရားတွေကို ကုသိုလ်လို့ သတ်မှတ်-ထားတယ်။

အကုသိုလ်နှင့် ပတ်သက်လို့တော့ – **"သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ"** ကိုလေသာ အပြစ်အနာ-အဆာတွေနှင့် အတူတကွ ဖြစ်ပြီးတော့ မကောင်းတဲ့ ဆင်းရဲတဲ့ အကျိုးကို ပေးစေတတ်တဲ့ တရား-တွေကို အကုသိုလ်လို့ ဒီလို ဘုရားရှင်က သတ်မှတ်ပြီး ဟောကြားထားတော်မူပါတယ်၊ အဲဒီလို ဟောကြားတော်မူလိုက်တဲ့ အချိန်အခါမှာ ကောင်းတဲ့အကျိုး မကောင်းတဲ့အကျိုးတွေကို ရမှုနှင့် ပတ်သက်လို့တော့ ဘုရားရှင်က ပဋိသန္ဓေအကျိုးကို တိုက်ရိုက် ရည်ညွှန်းပြီးတော့ ဟောကြားထား-တော်မူပါတယ်။ ပဋိသန္ဓေအကျိုးကို တိုက်ရိုက် ရည်ညွှန်းဟောတယ်ဆိုတာက အကုသိုလ်တရားတို့ မည်သည်မှာ အကျိုးပေးခဲ့ရင် အပါယ်လေးဘုံ တစ်ဘုံဘုံမှာသာလျှင် ပဋိသန္ဓေအကျိုးကို ပေးတယ်၊ ကောင်းရာသုဂတိမှာ ပဋိသန္ဓေအကျိုးကို ပေးရိုးထုံးစံ မရှိဘူး၊ ကုသိုလ်ကံတို့ မည်သည်မှာလည်း အကျိုးပေးခဲ့မယ်ဆိုရင် လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်စတဲ့ ကောင်းရာသုဂတိဘုံတွေမှာသာလျှင် ပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်တဲ့ စွမ်းအား ရှိတယ်၊ အပါယ်လေးဘုံမှာ သွားပြီး ပဋိသန္ဓေကို ဖြစ်စေ-နိုင်တဲ့ စွမ်းအား မရှိဘူး။

ဒါကြောင့် ပဋိသန္ဓေအကျိုးကို တိုက်ရိုက် ရည်ညွှန်းပြီးတော့ ဘုရားရှင်က ဟောကြားထားတော်-မူပါတယ်။ ဒီစကားကလေးကို ဘာကြောင့် ပြောရသလဲဆိုတော့ အကြောင်းနည်းနည်း ရှိပါတယ်၊ လူ့ပြည်လူ့လောကမှာ မကောင်းတဲ့ ပါဏာတိပါတစတဲ့ ဒုစရိုက်တွေ လွန်ကျူးပြီးတော့ ကြီးပွားချမ်း-သာနေတဲ့ ပုဂ္ဂိုလ်တွေလည်း မရှိကြဘူးလား? ရှိကြတယ်၊ ခိုးပြသူခိုးလုပ်ပြီးတော့ ကြီးပွားချမ်းသာ နေတဲ့ ပုဂ္ဂိုလ်တွေလည်း လူ့လောကမှာ ရှိကြတယ်။ သူတို့ဟာ အကုသိုလ်ကံတွေ လွန်ကျူးနေတာပဲ၊ ဘာဖြစ်လို့ ချမ်းသာနေသလဲလို့ ဒီလို တချို့က မေးကြလို့ပါ၊ ဘုရားရှင်က အဲဒီ ပစ္စုပ္ပန်ချမ်းသာ-လောက်ကို ရည်ညွှန်းပြီး ဟောနေတာ မဟုတ်ဘူး၊ ဒီကုသိုလ်ကံ သို့မဟုတ် ဒီအကုသိုလ်ကံက နောင်တစ်ချိန် ဖြစ်ပေါ်စေမည့် ပဋိသန္ဓေအကျိုးကိုသာ အဓိကဦးတည်ကာ ရည်ညွှန်းပြီးတော့ ဘုရားရှင်က ကုသိုလ် အကုသိုလ်လို့ သတ်မှတ်ပြီး ဟောကြားနေတော်မူတာ ဖြစ်ပါတယ်။ သို့သော် ဒီနေရာမှာ အယူအဆတော့ မလွဲစေလိုပါဘူး။ ဒီကုသိုလ် အကုသိုလ်တွေဟာ ပဋိသန္ဓေအကျိုးကိုသာ ပေးတယ်။ ပဝတ္တိအကျိုးကို မပေးဘူးလို့တော့ အယူအဆ မမှားစေလိုပါဘူး။ ယခုလက်ရှိ ပစ္စုပ္ပန် ဘဝမှာ မိမိ ပြုစုပျိုးထောင်နေတဲ့ ကုသိုလ်ကံတွေက အထူးသဖြင့် ကာမာဝစရကုသိုလ်ကံတွေက

မျက်မှောက်ဘဝမှာ အကျိုးမပေးသေးပေမဲ့လို့ တစ်ချိန် ထိုကံတွေက အကျိုးပေးဖို့ရန် ရင့်ကျက်လာတဲ့ အခါမှာ သံသရာခရီး မဆုံးသေးရင်တော့ ထိုက်သင့်တဲ့ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတွေကို ပေးမှာ ဖြစ်ပါတယ်။ အလားတူပဲ ဒီဘဝမှာ ပြုစုပျိုးထောင်နေတဲ့ အကုသိုလ်ကံတွေဟာလည်း မျက်မှောက်ဘဝမှာ ဒိဋ္ဌလက်ငင်း အကျိုးမပေးသေးပေမဲ့လို့ တစ်ချိန် ထိုအကုသိုလ်ကံတွေက အကျိုး ပေးဖို့ရန် ရင့်ကျက်လာတဲ့ အချိန်အခါမှာ သံသရာခရီး မဆုံးသေးရင်တော့ ထိုက်သင့်တဲ့ ပဋိသန္ဓေ အကျိုး ပဝတ္တိအကျိုးတွေကို ပေးမှာ ဖြစ်ပါတယ်။

ဒီတော့ ဒီဘဝမှာ မကောင်းတဲ့ ဒုစရိုက်တွေနှင့် အသက်မွေးလို့ ချမ်းသာချင် ချမ်းသာပါစေ၊ တစ်ချိန် ဒီဒုစရိုက်တွေက ပဋိသန္ဓေအကျိုးတစ်ခုကို ပေးတော့မယ်ဆိုရင် ကောင်းတဲ့ ပဋိသန္ဓေအကျိုး ကို ပေးမလား? မကောင်းတဲ့ ပဋိသန္ဓေအကျိုးကို ပေးမလား? ဒီလို မေးခဲ့မယ်ဆိုရင် မကောင်းတဲ့ ပဋိသန္ဓေအကျိုးကို ကျိန်းသေ ပေးမယ်လို့ပဲ အဖြေပေးရမယ်။ ဘယ်မှာ သွားပေးမလဲ – အပါယ် လေးဘုံမှာ ကျိန်းသေဧကန် ပဋိသန္ဓေအကျိုးကို ပေးမယ်၊ အကယ်၍ အပါယ်ကလွတ်လာလို့ သို့မ- ဟုတ် အပါယ်မရောက်သေးလို့ အခါအခွင့်သင့်လို့ လူ့ပြည်လူ့လောက ရောက်ခဲ့မယ်ဆိုလို့ရှိရင်လည်း ဒီဒုစရိုက်ကံတွေကြောင့် ဘာဖြစ်မလဲ?— အသက်တိုမယ်, စည်းစိမ်ဥစ္စာတွေ ပျက်စီးကုန်မယ်၊ ဒီ အကျိုးမျိုးကို ရနိုင်တယ်။

အခု ဒီနေရာမှာ မြတ်စွာဘုရားက ကုသိုလ်ဆိုတာ ဘာလဲလို့ သိအောင်မေးမြန်းဖို့ တိုက်တွန်း ထားတော်မူတယ်၊ အကုသိုလ်ဆိုတာ ဘာလဲလို့ သိအောင်မေးမြန်းဖို့ တိုက်တွန်းထားတော်မူတယ်၊ ဒါနကုသိုလ်ကို ဒီလို ပြုရတယ်၊ သီလကုသိုလ်ကို ဒီလို ဆောက်တည်ရတယ်လို့ သိထားဖို့ လိုတယ်။ သီလဆိုတာက ဘာမှန်းမသိဘူးဆိုရင် ထိုပုဂ္ဂိုလ်ဟာ ဘာကို ရှောင်ကြဉ်မလဲ?— ရှောင်ကြဉ်လို့ မရနိုင်ဘူး၊ "ငါးပါးသီလ"ဆိုတာ ဘာလဲ၊ မသိဘူး၊ ဘာတွေကို ရှောင်ကြဉ်ရမလဲ၊ မသိဘူး၊ ဒီလိုမသိရင် ဘယ်လိုလုပ် ဒီငါးပါးသီလ ပြည့်စုံမလဲ? မပြည့်စုံနိုင်ဘူး၊ သီလကုသိုလ်ဟာ သူ့သန္တာန်မှာ ဖြစ်မလား? မဖြစ်နိုင်ဘူး၊ ရှစ်ပါးသီလကို ဘယ်လို ဆောက်တည်ရမယ်, ဘယ်လို ရှောင်ကြဉ်ရမယ်, ဘယ်လို လိုက်နာပြုကျင့်ရမယ်ဆိုတာ မသိဘူး၊ ထိုပုဂ္ဂိုလ်မှာ ရှစ်ပါးသီလပြည့်စုံဖို့ မဖြစ်နိုင်ဘူး၊ ကိုးပါး ဆယ်ပါး သီလလည်း ထိုနည်းလည်းကောင်းပဲ၊ တစ်ခါ အဆင့်မြင့်သွားတော့ ရဟန်းတို့ရဲ့သီလ ရှိပါတယ်၊ ဒီတော့ ဒီသီလကုသိုလ်စိတ်စေတနာကလေးတွေ ဖြစ်ဖို့အတွက် မိမိက ဒီသီလကို ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ဖြည့်ကျင့်ရမယ်ဆိုတဲ့ နည်းစနစ်တွေကို ကျကျနန တတ်သိနားလည်ဖို့ မလိုဘူးလား? လိုအပ်တယ်။

နောက်တစ်ဆင့်မြင့်သွားတဲ့ ကုသိုလ်ကျတော့ သမထကုသိုလ်ပဲ၊ ဘယ်ပုံဘယ်ပန်း ဘယ်နည်း- လမ်းအားဖြင့် ဒီသမထကုသိုလ်တရားတွေကို တိုးပွားအောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ် ရမယ်ဆိုတဲ့ နည်းလမ်းကို မသိခဲ့ဘူး၊ ထိုပုဂ္ဂိုလ်ဟာ ဒီသမထကုသိုလ်တရားတွေကို ရနိုင်မလား? မရနိုင်ဘူး၊ ဈာန်ကုသိုလ်ကို ရမလား? မရနိုင်ဘူး၊ ဒီဈာန်တရားတွေကို ရဖို့ရန်အတွက် ဈာန်တရား တွေကို စနစ်တကျ ညွှန်ကြားပြသပေးတဲ့ သမဏ ဗြာဟ္မဏအမည်ရှိတဲ့ သူတော်ကောင်းတွေထံကို မိမိက ချဉ်းကပ်ပြီး လေ့လာဖို့ မလိုအပ်ဘူးလား? လိုအပ်တယ်၊ လေ့လာရုံတွင်တော့ မဟုတ်ဘူးပေါ့၊

လေ့လာပြီးတော့ ကျင့်ဖို့လည်း လိုအပ်ပါတယ်နော်။

နောက်တစ်ခု — ဒီထက် အဆင့်မြင့်လိုက်တော့ ဝိပဿနာကုသိုလ်ပဲ၊ ရုပ်ကို ဘယ်လို ရှုရတယ်၊ နာမ်ကို ဘယ်လို ရှုရတယ်၊ ရုပ်ဆိုတာက ဘာတွေ ဘာတွေကို ခေါ်တယ်၊ နာမ်ဆိုတာက ဘာတွေ ဘာတွေကို ခေါ်တယ်၊ ဒီရုပ်တရား နာမ်တရားတွေကို သိအောင် ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမယ် - စတဲ့ ဒီအချက်တွေကို ဆရာသမားထံ ချဉ်းကပ်ပြီး မေးမြန်းဖို့ မလိုဘူးလား? လိုအပ်တယ်၊ တစ်ခါ ဒီရုပ်တရား နာမ်တရားတွေရဲ့ အကြောင်းတရားတို့ကို ဘယ်လို သိအောင် စနစ်တကျ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမယ်ဆိုတဲ့ နည်းစနစ်ကောင်းတွေကို သိရှိဖို့ရန် ဆရာသမားထံကို ချဉ်းကပ်ဖို့ လိုတယ်၊ နောက်တစ်ခါ အကြောင်းတရားနှင့်တကွ ဒီရုပ်နာမ်တွေရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တွေကို သိတဲ့ ဝိပဿနာ-ဉာဏ်တွေ ဖြစ်ပေါ်လာအောင် ဝိပဿနာကုသိုလ်တရားတွေကို တိုးပွားအောင် ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမယ်ဆိုတဲ့ နည်းစနစ်ကောင်းကလေးတွေကိုလည်း သမဏ ဗြာဟ္မဏအမည်ရှိနေတဲ့ ဆရာသမားများထံမှာ ချဉ်းကပ်ပြီး လေ့လာဖို့ မလိုဘူးလား? လိုအပ်နေတယ်။

အကယ်၍ အဲဒီလို မလေ့လာခဲ့ဘူး၊ မိမွေးတိုင်း ဖမွေးတိုင်းသာ နေခဲ့မယ်ဆိုရင် ဒီသမထကုသိုလ်တရားတွေ မိမိသန္တာန်မှာ ဖြစ်နိုင်မလား? မဖြစ်နိုင်ဘူး၊ ဝိပဿနာကုသိုလ်တရားတွေလည်း မိမိသန္တာန်မှာ ဖြစ်နိုင်မလား? မဖြစ်နိုင်ဘူး၊ ဒီလို အဆင့်မြင့်တဲ့ ကုသိုလ်တွေဖြစ်ဖို့ အင်မတန်ခက်တယ်။

ဒီဝိပဿနာကုသိုလ်မှ မဖြစ်ခဲ့ရင် အလွန်အဆင့်မြင့်တဲ့ ကုသိုလ်တရားတွေထဲမှာ အဆင့်အတန်းအမြင့်မားဆုံးဖြစ်တဲ့ မဂ်ကုသိုလ်တရားတွေဆိုတာရော ပေါ်လာဦးမလား? မပေါ်လာနိုင်တော့ဘူး၊ ဒါကြောင့် ဘာဟာ ကုသိုလ်တရားလဲလို့ သိဖို့ရန်အတွက် အရေးမကြီးဘူးလား? ကြီးတယ်။

မိမိက အဆင့်အတန်းမြင့်မားတဲ့ ဘဝတစ်ခုကို အလိုရှိခဲ့ရင် သို့မဟုတ် အဆင့်အတန်း အလွန်မြင့်နေတဲ့ နိဗ္ဗာန်ကို အလိုရှိခဲ့တယ်ဆိုရင် — ဘာဟာ ကုသိုလ်ခေါ်တယ်၊ ဒီကုသိုလ်တရားတွေကို ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ဖြည့်ကျင့်ရမယ်ဆိုတဲ့ ကျင့်ဝတ်ပဋိပတ်ကိုတော့ ဆရာ-သမားထံမှာ သင်ယူဖို့ မလိုအပ်ဘူးလား? လိုအပ်တယ်။

နောက်တစ်ခု — ဘာဟာ အကုသိုလ်ဖြစ်တယ်ဆိုတာ သိမှ ဒီအကုသိုလ်မှ ရှောင်ကြဉ်နိုင်မယ်၊ အခု – များသောအားဖြင့် ကုသိုလ် အကုသိုလ်ကို ခွဲခြားမသိတဲ့ ပုဂ္ဂိုလ်တွေပဲ ဒေါသတွေ သိပ်ကြီးကြတယ်၊ မာနတွေ သိပ်ကြီးကြတယ်၊ ဣဿာတရားတွေ သိပ်ပြီးတော့ ထူပြောကြတယ်၊ ဣဿာ, မစ္ဆရိယ, မာန်မာနတရားတွေရဲ့ လွှမ်းမိုးမှုဒဏ်ချက်ကို မိမိတို့က အမြဲခံနေရတဲ့အတွက် ဘာဖြစ်သလဲ? “စိတ်ညစ်ပါတယ် လူ့လောကနေရတာ ချမ်းသာတယ်လို့ မရှိဘူး”– ဆိုပြီး တချို့ ဒီလိုငြီးကြ-တယ်၊ စည်းစိမ်ဉစ္စာတွေ ဘယ်လောက်ပဲ ကြွယ်ဝချမ်းသာနေပေမဲ့လို့ တစ်ခါတလေ သားအတွက်, သမီးအတွက်, ဇနီးအတွက်, မြေးအတွက်, ပစ္စည်းအတွက်နှင့် ပူပန်သောကတွေနှင့် တစ်ပုံကြီး

နေနေရတဲ့ ပုဂ္ဂိုလ်တွေ မရှိကြဘူးလား? ရှိကြတယ်၊ ဘာဖြစ်လို့လဲ? ဘယ်ဟာက ကုသိုလ်တရားလို့ ခေါ်တယ်၊ ဘယ်ဟာက အကုသိုလ်တရားလို့ ခေါ်တယ်၊ ဒီကုသိုလ်တရားတွေကို ဘယ်လို ဖြည့်ကျင့်ရမယ်၊ ဒီအကုသိုလ်တရားတွေကို ဘယ်လို ရှောင်ကြဉ်ရမယ်ဆိုတဲ့ ကျင့်ဝတ်ပဋိပတ်ကို စနစ်တကျ နားမလည်ကြဘူး၊ နားလည်ပြန်လည်း မကျင့်ကြဘူး။ အဲဒီလို နားမလည်တဲ့အတွက်၊ အောင်အောင်မြင်မြင် မကျင့်တဲ့အတွက် စိတ်ဆင်းရဲပြီး လောကမှာ နေကြရတာဖြစ်တယ်၊ နောက်တစ်ခု –

**ကိံ သာဝဇ္ဇံ၊ ကိံ အနဝဇ္ဇံ။**

**ဘန္တေ** = အရှင်ဘုရား . . . ။ **သာဝဇ္ဇံ** = အပြစ်ရှိတဲ့တရားတွေကား။ **ကိံ** = အဘယ်ပါနည်း။ **အနဝဇ္ဇံ** = အပြစ်မရှိတဲ့တရားတွေကား။ **ကိံ** = အဘယ်ပါနည်း။

အပြစ်ရှိတဲ့တရားဆိုတာက ဘယ်တရားပါလဲဘုရား၊ အပြစ်မရှိတဲ့တရားက ဘယ်တရားပါလဲဘုရား၊ ဒီလောက်တော့ သိဖို့ မလိုဘူးလား? လိုအပ်တယ်၊ နောက်တစ်ခု –

**ကိံ သေဝိတဗ္ဗံ၊ ကိံ န သေဝိတဗ္ဗံ။**

**သေဝိတဗ္ဗံ** = မှီဝဲသင့် မှီဝဲထိုက်တဲ့တရားတွေကား။ **ကိံ** = အဘယ်ပါနည်း။ **န သေဝိတဗ္ဗံ** = မမှီဝဲသင့် မမှီဝဲထိုက်တဲ့တရားတွေကား။ **ကိံ** = အဘယ်ပါနည်း။

မှီဝဲသင့် မှီဝဲထိုက်တဲ့တရားက ဘယ်တရားတွေလဲဘုရား? မမှီဝဲသင့် မမှီဝဲထိုက်တဲ့တရားတွေက ဘယ်တရားတွေလဲဘုရား? ဒီလောက်တော့ ဗုဒ္ဓဘာသာရယ်လို့ ဖြစ်လာပြီဆိုရင် သိဖို့ မလိုဘူးလား? လိုအပ်တယ်။

**ကိံ မေ ကရီယမာနံ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ ဟောတိ၊**

**မေ** = ဘုရားတပည့်တော်အဖို့။ **ကရီယမာနံ** = ပြုလုပ်အပ်ခဲ့သည်ရှိသော်။ **ဒီဃရတ္တံ** = နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလတို့ပတ်လုံး။ **အဟိတာယ** = အကျိုးစီးပွားမဲ့ရန်အလို့ငှာ။ **ဒုက္ခာယ** = ဆင်းရဲခြင်းငှာ။ **ဟောတိ** = ဖြစ်ပေ၏။ **ဧတံ** = ဤကဲ့သို့သော တရားမျိုးသည်ကား။ **ကိံ** = အဘယ်တရားပါနည်း?

တပည့်တော် ပြုကျင့်ခဲ့မယ်ဆိုရင် နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး တပည့်တော်ရဲ့ အကျိုးစီးပွားဆုတ်ယုတ်ဖို့ရန် ဆင်းရဲဒုက္ခရောက်ဖို့ရန်ဖြစ်တဲ့ တရားမျိုးဟာ ဘယ်-တရားမျိုးလဲဘုရား?

**ကိံ ဝါ ပန မေ ကရီယမာနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတိ၊**

**မေ** = ဘုရားတပည့်တော်အဖို့။ **ကရီယမာနံ** = ပြုလုပ်ခဲ့သည်ရှိသော်။ **ဒီဃရတ္တံ** = နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလတို့ပတ်လုံး။ **ဟိတာယ** = အကျိုးစီးပွားရှိရန်အလို့ငှာ။ **သုခါယ** = ချမ်းသာရန်အလို့ငှာ။ **ဟောတိ** = ဖြစ်၏။ **ဧတံ** = ဤကဲ့သို့သောတရားမျိုးသည်ကား။

**ကိံ ဝါ ပန** = အဘယ်တရားမျိုးပါနည်း။

တပည့်တော် လိုက်နာပြုကျင့်ခဲ့မယ်ဆိုရင်လည်း နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလတို့ပတ်လုံး တပည့်တော်အတွက် အကျိုးစီးပွားရှိဖို့ရန် ချမ်းသာဖို့ရန် ဖြစ်ပေါ်စေနိုင်တဲ့ တရားမျိုးဟာ ဘယ်တရားမျိုးတွေလဲ? ဒီလောက်တော့ သိဖို့မလိုဘူးလား? လိုအပ်တယ်၊ ဘုန်းကြီးတို့ ဘုရားရှင်ရဲ့ ပိဋကတ်သုံးပုံမှာ ဟောကြားနေတော်မူတဲ့ တရားတွေဟာ ဒီတရားတွေပဲ၊ သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ်ဆိုပြီးတော့ ကျင့်စဉ်သုံးရပ် ထူထောင်ပြီးတော့ ဟောကြားထားတော်မူပါတယ်၊ မှီဝဲသင့် မှီဝဲထိုက်တဲ့ တရားတွေ ပွားများသင့် ပွားများထိုက်တဲ့ တရားတွေ လိုက်နာပြုကျင့်-သင့် ပြုကျင့်ထိုက်တဲ့ တရားတွေ ဖြစ်ကြပါတယ်။ ဒီသီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ်တွေကို ဖြည့်ကျင့်လိုက်ခြင်းဟာ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ အထွတ်အထိပ်သို့ ရောက်နေတဲ့ အစီးအပွားတွေ ရရှိဖို့ ချမ်းသာတွေ ရရှိဖို့အတွက် ဖြစ်တယ်။

နိဗ္ဗာန်ဆိုတဲ့ အထွတ်တပ်ထားတဲ့ အထက်တန်းအကျဆုံးဖြစ်တဲ့ စီးပွားချမ်းသာတွေ ရရှိဖို့ရန် အတွက် ဘုရားရှင်သည် ဒီသီလကျင့်စဉ်, ဒီသမာဓိကျင့်စဉ်, ဒီပညာကျင့်စဉ်တွေကို စနစ်တကျ ချမှတ်ပေးသွားတော်မူပါတယ်၊ မှီဝဲသင့် မှီဝဲထိုက်တဲ့တရား, လိုက်နာပြုကျင့်သင့် ပြုကျင့်ထိုက်တဲ့တရားတွေပဲ၊ ဒီတော့ မိမိက ဘယ်တရားဟာ မှီဝဲသင့်တယ်၊ ဘယ်တရားက မမှီဝဲသင့်ဘူးလို့ မသိဘူး။ ဘယ်တရားကို လိုက်နာပြုကျင့်သင့်တယ်၊ ဘယ်တရားကို မလိုက်နာသင့်ဘူးလို့ မသိဘူး။ ဘယ်တရားက အပြစ်ရှိတယ်၊ ဘယ်တရားက အပြစ်မရှိဘူးလို့ မသိဘူး။ အဲဒီလို မသိဘူးဆိုလို့ရှိရင် မိမိအတွက် မသိတာတွေ တစ်ပုံကြီး ထမ်းထားတော့ ဒီကျင့်ဝတ်ပဋိပတ်တွေကို ကောင်းမွန်စွာ ကျင့်နိုင်ပါဦးမလား? မကျင့်နိုင်ဘူး၊ မကျင့်နိုင်တဲ့အခါကျတော့ လမ်းလည်း လွဲမသွားတတ်ဘူးလား? လွဲသွားနိုင်တယ်၊ လမ်းချော်သွားပြီဆိုလို့ရှိရင်တော့ မိမိတို့အတွက် မနစ်နာဘူးလား? နစ်နာတယ်၊ သိပ်နစ်နာ-တယ်။

## ကလျာဏမိတ္တအရေးကြီးပုံ

တစ်ချိန်မှာ အရှင်အာနန္ဒာကိုယ်တော်မြတ်က မြတ်စွာဘုရားထံတော်သို့ ချဉ်းကပ်တော်မူပြီး-တော့ သာဝကများ မဂ်ဖိုလ်နိဗ္ဗာန်ရရှိရေးအတွက် ကလျာဏမိတ္တဆိုတဲ့ ဆရာကောင်း သမားကောင်း ရရှိဖို့ရန် အလွန်အရေးကြီးပုံနှင့် ဆက်စပ်ပြီးတော့ မေးခွန်းတစ်ခုကို လျှောက်ထားတော်မူပါတယ်။ သူက နေ့သန့်စင်တော်မူရာ အရပ်မှာ နေ့သန့်စင်ရာမှ အထ — “သာဝကများ မဂ်ဖိုလ်နိဗ္ဗာန် ရရှိရေးအတွက် နိဗ္ဗာန်သွားရန် လမ်းမှန်ကို ညွှန်ကြားပြသ ဆိုဆုံးမပေးမဲ့ ဆရာကောင်း သမား-ကောင်းဆိုတဲ့ ကလျာဏမိတ္တအပေါ်မှာ တစ်ဝက်လောက် မှီနေတယ်လို့ သူက စဉ်းစားမိတယ်။”

နေ့သန့်စင်တယ်ဆိုတာကတော့ . . . နေ့အခါမှာ မိမိတို့ ရရှိထားတဲ့ သမာပတ်တွေကို ဝင်စားခြင်း, သမထ-ဝိပဿနာဘာဝနာတွေကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခြင်းကို နေ့သန့်စင်တယ် လို့ ခေါ်ပါတယ်။

အဲဒီလို စဉ်းစားမိတဲ့အတွက် နေ့သန့်စင်ရာမှ အထ ညနေချမ်းအခါ ဘုရားရှင်ထံတော်သို့ ချဉ်းကပ်တော်မူပြီးတော့ သူက ဘုရားရှင်အား မေးခွန်းတစ်ခုကို မေးမြန်းလျှောက်ထားတော်မူပါတယ်။ "မြတ်စွာဘုရား . . . လောကမှာ သတ္တဝါတွေ သာဝကတွေ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိရေးအတွက် ကလျာဏမိတ္တလို့ ခေါ်ဆိုအပ်တဲ့ မိတ်ကောင်းဆွေကောင်း ဆရာကောင်းသမားကောင်း အပေါ်၌ တစ်ဝက်လောက် မှီနေတယ်လို့ တပည့်တော် သဘောပေါက်ပါတယ် မြတ်စွာဘုရား"– လို့ လျှောက်ထားတော့ မြတ်စွာဘုရားက –

"အာနန္ဒာ . . . သင် ဒီလို မပြောနှင့် ဆရာသမားအပေါ်မှာ တစ်ဝက်လောက် မှီနေတာ မဟုတ်ဘူး၊ လုံးလုံး မှီနေတယ်၊ အကုန်လုံး ဆရာသမားအပေါ်မှာ မှီနေတယ်၊ ဘာဖြစ်လို့လဲ? ဘုရားတည်းဟူသော ကလျာဏမိတ္တ မိတ်ကောင်းဆွေကောင်းကြီးတစ်ဦးသည် လောကမှာ ပွင့်ထွန်းပေါ်ပေါက်မလာခဲ့ဘူးဆိုရင် ဒီသတ္တဝါတွေဟာ ဘယ်လိုမှ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ကြဘူး" – စသည်ဖြင့် မိန့်ကြားတော်မူလိုက်ပါတယ်။

ဘာကြောင့်လဲ? မဂ္ဂင် (၈)ပါးကျင့်စဉ်တရားဆိုတာကို ဘုရားရှင်တို့ ပွင့်ထွန်းတော်မူလာတဲ့ အခါကျမှ သာဝကတို့ သိရှိခွင့်ကို ရရှိနိုင်ကြတယ်။ ညွှန်ကြားပြသပေးမည့် ဘုရားရှင်ကဲ့သို့သော မိတ်ကောင်းဆွေကောင်း ဆရာကောင်းသမားကောင်းရှိတဲ့ ပုဂ္ဂိုလ်ကသာ မဂ္ဂင် (၈)ပါး ကျင့်စဉ်တရားကို ကျင့်နိုင်မှာ ဖြစ်တယ်။ မဂ္ဂင် (၈)ပါးကျင့်စဉ်ကို စနစ်တကျ ကျင့်ပါမှလည်း နိဗ္ဗာန်ကို ရရှိမှာ ဖြစ်တယ်။ ဒါကြောင့် ဘုရားရှင်က ဒီလို ဆက်လက်ကာ ဟောကြားထားတော်မူပါတယ် –

**မမံ ဟိ အာနန္ဒ ကလျာဏမိတ္တံ အာဂမ္မ ဇာတိဓမ္မာ သတ္တာ ဇာတိယာ ပရိမုစ္စန္တိ၊ ဇရာဓမ္မာ သတ္တာ ဇရာယ ပရိမုစ္စန္တိ၊ ဗျာဓိဓမ္မာ သတ္တာ ဗျာဓိတော ပရိမုစ္စန္တိ၊ မရဏဓမ္မာ သတ္တာ မရဏေန ပရိမုစ္စန္တိ၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာ သတ္တာ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသေဟိ ပရိမုစ္စန္တိ။ ဣမိနာ ခေါ ဧတံ အာနန္ဒ ပရိယာယေန ဝေဒိတဗ္ဗံ၊ ယထာ သကလမေဝိဒံ ဗြဟ္မစရိယံ၊ ယဒိဒံ ကလျာဏမိတ္တတာ ကလျာဏသဟာယတာ ကလျာဏသမ္ပဝင်္ကတာ။**[၁၁၅]

**အာနန္ဒ** = ညီဖွား အာနန္ဒာ . . .။ **ကလျာဏမိတ္တံ** = မိတ်ကောင်းဆွေကောင်းအစစ်အဖြစ်ကြီးဖြစ်ပေသော။ **မမံ ဟိ** = ငါဘုရားကိုသာလျှင်။ **အာဂမ္မ** = အစွဲပြု၍။ **ဇာတိဓမ္မာ** = ပဋိသန္ဓေတည်နေရခြင်း ဇာတိသဘောတရား ထင်ရှားရှိကြကုန်သော။ **သတ္တာ** = သတ္တဝါတို့သည်။ **ဇာတိယာ** = ပဋိသန္ဓေတည်နေရခြင်း ဇာတိသဘောတရားမှ။ **ပရိမုစ္စန္တိ** = လွတ်မြောက်၍ သွားကြရကုန်၏။ **ဇရာဓမ္မာ** = အိုခြင်းဇရာသဘောတရား ထင်ရှားရှိနေကြကုန်သော။ **သတ္တာ** = သတ္တဝါတို့သည်။ **ဇရာယ** = အိုခြင်း ဇရာသဘောတရားမှ။ **ပရိမုစ္စန္တိ** = လွတ်မြောက်၍ သွားကြရကုန်၏။ **ဗျာဓိဓမ္မာ** = ဖျားနာရခြင်း ဗျာဓိသဘောတရား ထင်ရှားရှိနေကြကုန်သော။ **သတ္တာ** = သတ္တဝါတို့သည်။ **ဗျာဓိတော** = ဖျားနာရခြင်း ဗျာဓိသဘောတရားမှ။ **ပရိမုစ္စန္တိ** = လွတ်မြောက်၍ သွားကြရကုန်၏။ **မရဏဓမ္မာ** = သေကျေပျက်စီးရခြင်း မရဏသဘောတရား ထင်ရှားရှိနေကြကုန်သော။

---
[၁၁၅] သံ၊၁၊၈၈-၈၉။

**သတ္တာ** = သတ္တဝါအပေါင်းတို့သည်။ **မရဏေန** = သေကျေပျက်စီးရခြင်း မရဏသဘောတရားမှ။ **ပရိမုစ္စန္တိ** = လွတ်မြောက်၍ သွားကြရကုန်၏။ **သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသဓမ္မာ** = စိုးရိမ်ပူဆွေးရခြင်း သောကတရား, ငိုကြွေးမြည်တမ်းရခြင်း ပရိဒေဝတရား, ကိုယ်ဆင်းရဲရခြင်း ဒုက္ခတရား, စိတ်ဆင်းရဲရခြင်း ဒေါမနဿတရား, ပြင်းစွာပူပန်ရခြင်း ဥပါယာသတရား ထင်ရှားရှိနေကြကုန်သော။ **သတ္တာ** = သတ္တဝါတို့သည်။ **သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသေဟိ** = စိုးရိမ်ပူဆွေးရခြင်း သောကတရား, ငိုကြွေးမြည်တမ်းရခြင်း ပရိဒေဝတရား, ကိုယ်ဆင်းရဲရခြင်း ဒုက္ခတရား, စိတ်ဆင်းရဲရခြင်း ဒေါမနဿတရား, ပြင်းစွာပူပန်ရခြင်း ဥပါယာသတရားတို့မှ။ **ပရိမုစ္စန္တိ** = လွတ်မြောက်၍ သွားကြရကုန်၏။

**အာနန္ဒ** = ညီဖွား အာနန္ဒာ . . . ။ **ယထာ** = အကြင်အခြင်းအရာဖြင့်။ **ယဒိဒံ ကလျာဏမိတ္တတာ** = အကြင် မိတ်ကောင်းဆွေကောင်း ဆရာကောင်းသမားကောင်း ရှိသောသူ၏အဖြစ်သည်။ **ယဒိဒံ ကလျာဏသဟာယတာ** = အကြင် အပေါင်းအဖော်ကောင်း ရှိသောသူ၏အဖြစ်သည်။ **ယဒိဒံ ကလျာဏသမ္ပဝင်္ကတာ** = အကြင် မိတ်ကောင်းဆွေကောင်း သူတော်ကောင်းတို့အပေါ်၌ ညွတ်ကိုင်း-ရှိုင်းသော စိတ်ဓာတ်ရှိသောသူ၏အဖြစ်သည်။ **အတ္ထိ** = ရှိ၏။ **ဣဒံ** = ဤမိတ်ကောင်းဆွေကောင်း ဆရာကောင်းသမားကောင်း အပေါင်းအဖော်ကောင်း ရှိသောသူ၏အဖြစ်, သူတော်ကောင်းတို့အပေါ်၌ ညွတ်ကိုင်းရှိုင်းသော စိတ်ဓာတ်ရှိသောသူ၏အဖြစ်သည်ကား။ **ဗြဟ္မစရိယံ** = **ဗြဟ္မစရိယဿ** = အရိယမဂ်တည်းဟူသော မြတ်သောအကျင့်ကို ကျင့်ရခြင်း၏။ **သကလမေဝ** = အားလုံးကိုပင်လျှင် ပြီးစီးစေနိုင်၏။ **ဧတံ** = ဤအခြင်းအရာကို။ **ဣမိနာ ခေါ ပရိယာယေန** = ဤ ငါဘုရားဟူသော ကလျာဏမိတ္တကိုရ၍ ဆင်းရဲမှလွတ်သော အကြောင်းဖြင့်လည်း။ **ဝေဒိတဗ္ဗံ** = သိအပ်၏။ **ဣတိ** = မိန့်တော်မူ၏။

ဒီဒေသနာတော်အရ အိုနာသေရေး ဒုက္ခဘေး အဝဝတို့မှ လွတ်မြောက်ဖို့ရန်အတွက် သံသရာ-ဝဋ်မှ ထွက်မြောက်ကြောင်း နိယျာနိကတရားကောင်းအစစ်ဖြစ်သော မဂ္ဂင် (၈)ပါး ကျင့်စဉ်တရားတွေကို စနစ်တကျ ညွှန်ကြားပြသပေးမည့် ဆရာကောင်းသမားကောင်း မိတ်ကောင်းဆွေကောင်း ရှိဖို့ဟာ အလွန်အရေးကြီးပါတယ်။ သူတော်ကောင်းတို့အပေါ်၌ ညွတ်ကိုင်းရှိုင်းနေတဲ့ စိတ်ထားရှိဖို့-လည်း အလွန်လိုအပ်ပါတယ်။

ဒီတော့ မိမိတို့က အဆင့်အတန်း အမြင့်မားဆုံးဖြစ်တဲ့ နိဗ္ဗာန်ကို လိုလားတောင့်တခဲ့မယ်ဆိုရင် ကလျာဏမိတ္တခေါ်တဲ့ မိတ်ကောင်းဆွေကောင်း ဆရာကောင်းသမားကောင်းကို ဆည်းကပ်ဖို့ မလိုဘူးလား? လိုအပ်တယ်၊ အဲဒီမိတ်ကောင်းဆွေကောင်း ဆရာကောင်းသမားကောင်းတို့ရဲ့ ညွှန်ကြားပြသ ဆိုဆုံးမတဲ့ နည်းကောင်းလမ်းမှန်ကိုလည်း လိုက်နာပြုကျင့်ဖို့ မလိုဘူးလား? လိုအပ်တယ်၊ ကျင့်စဉ်က လွဲချော်သွားပြီဆိုရင် မိမိတို့ မျှော်လင့်တောင့်တတဲ့ တကယ့်နိဗ္ဗာန်အစစ်ကို ရနိုင်ပါ့မလား? မရနိုင်ဘူးနော်၊ ဒါက ဆရာကောင်းသမားကောင်းတွေကို မှီဝဲဆည်းကပ်ခြင်းကြောင့် မိမိမှာ ဘယ်လို ဉာဏ်ထူးဉာဏ်မြတ်တွေ ရရှိနိုင်တယ်ဆိုတဲ့ သဘောတရားကို ဘုရားရှင်က သရုပ်ပေါ်အောင် ဟောကြားနေတော်မူတာ ဖြစ်ပါတယ်။

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။**[၃၃၆]

ပုဂ္ဂိုလ်တစ်ဦးက ဘယ်တရားဟာ ကုသိုလ်လဲ, ဘယ်တရားဟာ အကုသိုလ်လဲ မမေးဘူး၊ ဘယ်တရားဟာ အပြစ်ရှိသလဲ, ဘယ်တရားဟာ အပြစ်မရှိဘူးလဲ မမေးဘူး၊ ဘယ်တရားကို မှီဝဲသင့်သလဲ, ဘယ်တရားကို မမှီဝဲထိုက်ဘူးလဲ မမေးဘူး၊ ဘယ်တရားကို ပြုကျင့်ခဲ့ရင် နေ့ညဉ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး ဆင်းရဲဖို့ရန် အကျိုးစီးပွား ဆုတ်ယုတ်ဖို့ရန် ဖြစ်သလဲ, ဘယ်တရားကို လိုက်နာပြုကျင့်ခဲ့မယ်ဆိုရင် နေ့ညဉ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလ ပတ်လုံး အကျိုးစီးပွားရှိဖို့ရန် ချမ်းသာဖို့ရန် ဖြစ်ပါသလဲ?–ဆိုတဲ့ ဒီမေးခွန်းတွေကို မမေးဘူး၊ မမေး-တော့ လိုက်နာပြုကျင့်မှုလည်း မရှိဘူး၊ ကုသိုလ်, အကုသိုလ်ကိုမှ ခွဲခြားမသိတဲ့ ပုဂ္ဂိုလ်တစ်ဦးက ကုသိုလ်ကို ဖြည့်ကျင့်ဖို့, အကုသိုလ်ကိုလည်း ရှောင်ကြဉ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး၊ မဖြစ်နိုင်တော့ သူက ပြုသင့်ပြုထိုက်တဲ့ ကုသိုလ်တရားတွေကိုလည်း မပြုဘဲနေမယ်၊ ရှောင်ကြဉ်သင့် ရှောင်ကြဉ်ထိုက်တဲ့ အကုသိုလ်တရားတွေကိုလည်း မရှောင်ကြဉ်ဘဲ သူ နေတော့မယ်၊ အဲဒီလို နေလိုက်တဲ့အတွက် ထိုပုဂ္ဂိုလ်သည် ဘာဖြစ်မလဲ? –

**သော** = ထိုပုဂ္ဂိုလ်သည်။ **ဧဝံ** = ဤသို့။ **သမတ္တေန** = ပြည့်ပြည့်စုံစုံ ပြုကျင့်၍ ထားအပ်သော။ **ဧဝံ** = ဤသို့။ **သမာဒိန္နေန** = ကောင်းစွာ ဆောက်တည်၍ ထားအပ်သော။ **တေန ကမ္မေန** = ထို အကုသိုလ်ကံကြောင့်။ **ကာယဿ** = ကိုယ်ခန္ဓာ၏။ **ဘေဒါ** = ပျက်စီးခြင်းကြောင့်။ **ပရံ မရဏာ** = စုတိပြတ်ကြွေ သေလွန်သည်မှ နောက်ကာလ၌။ **အပါယံ** = ချမ်းသာဟူ၍ မြူငွေ့မျှမရှိသော။ **ဒုဂ္ဂတိံ** = မကောင်းမှုပြုသူ ဒုစရိုက်သမားတို့၏ လားရောက်ရာဖြစ်သော။ **ဝိနိပါတံ** = အလိုအာသာ ဆန္ဒကင်းလျက် ဖရိုဖရဲ ပြိုကွဲပျက်စီးလျက် ကျရောက်ရာဖြစ်သော။ **နိရယံ** = ငရဲသို့။ **ဥပပဇ္ဇတိ** = ကပ်ရောက်ရပေ၏။

ဘာကြောင့် ရောက်သွားရသလဲမေးတော့ ကုသိုလ်, အကုသိုလ်ကို ခွဲခြားမသိတဲ့အတွက် ကုသိုလ်ကို မပြုကျင့်ဘဲ အကုသိုလ်တွေကို ပြုကျင့်မိလို့ ရောက်ရှိသွားတယ်၊ အကယ်၍ ငရဲကို မရောက်ခဲ့ဘူးဆိုရင်တော့ ဘာဖြစ်မလဲ?

**သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ ဒုပ္ပညော ဟောတိ။**[၃၃၇]

အကယ်၍ လူ့ပြည်လူ့လောကကို တစ်ပတ်ပြန်ပြီးတော့ လူလာဖြစ်ခဲ့မယ်ဆိုရင် ကုသိုလ်တရားတွေကို ကုသိုလ်မှန်း မသိလို့ မပြုကျင့်ခဲ့မိတဲ့ ပုဂ္ဂိုလ်, အကုသိုလ်တရားကိုလည်း အကုသိုလ်မှန်း မသိလို့ မရှောင်ကြဉ်ခဲ့မိတဲ့ ထိုပုဂ္ဂိုလ်သည် ဘာဖြစ်မလဲ? **"ဒုပ္ပည"** ပညာဉာဏ်နည်းပါးတဲ့ပုဂ္ဂိုလ် ဖြစ်ရမယ်၊ ဘာဖြစ်လို့လဲ? ပညာဉာဏ်ကြီးမားတဲ့ကံကို သူက မထူထောင်ခဲ့လို့ပဲ၊ ဒါဟာ လူ့လောက မှာ ပညာဉာဏ်မရှိတဲ့ပုဂ္ဂိုလ် ဘာကြောင့် ဖြစ်ရတယ်ဆိုတာကို မြတ်စွာဘုရားက ဟောကြားနေ တော်မူတာ ဖြစ်ပါတယ်။ နောက် - ပြောင်းပြန်လှန်ပြီးတော့ ဘာကို ဆက်လက် ဟောကြားတော်မူ

[၃၃၆, ၃၃၇] မ၊၃၊၂၄၈။

သလဲ? —

## ပညာဉာဏ်ကြီးမားတဲ့ပုဂ္ဂိုလ်ဖြစ်ရခြင်း

**ဣဓ ပန မာဏဝ ဧကစ္စော ဣတ္ထီ ဝါ ပုရိသော ဝါ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဥပသင်္ကမိတွာ ပရိပုစ္ဆိတာ ဟောတိ "ကိံ ဘန္တေ ကုသလံ၊ ကိံ အကုသလံ။ ကိံ သာဝဇ္ဇံ၊ ကိံ အနဝဇ္ဇံ။ ကိံ သေဝိတဗ္ဗံ၊ ကိံ န သေဝိတဗ္ဗံ။ ကိံ မေ ကရီယမာနံ ဒီဃရတ္တံ အဟိတာယ ဒုက္ခာယ ဟောတိ၊ ကိံ ဝါ ပန မေ ကရီယမာနံ ဒီဃရတ္တံ ဟိတာယ သုခါယ ဟောတီ"တိ။**

နောက်ပုဂ္ဂိုလ်တစ်ဦးကျတော့ သမဏ ဗြာဟ္မဏတွေထံကို ချဉ်းကပ်ပြီးတော့ ဘာလုပ်သလဲ? "အရှင်ဘုရား . . . ကုသိုလ်ဆိုတာက ဘာလဲ, အကုသိုလ်ဆိုတာက ဘာလဲ? မေးတယ်၊ ဘယ်-တရားက အပြစ်ရှိသလဲ, ဘယ်တရားဟာ အပြစ်မရှိဘူးလဲ? မေးတယ်၊ ဘယ်တရားကို မှီဝဲရမလဲ, ဘယ်တရားကို မမှီဝဲရဘူးလဲ? မေးတယ်၊ ဘယ်တရားကို လိုက်နာပြုကျင့်ခဲ့ရင် တပည့်တော်အတွက် အကျိုးရှိဖို့ ချမ်းသာဖို့ ဖြစ်နိုင်သလဲ? ဘယ်တရားကို လိုက်နာပြုကျင့်ခဲ့ရင် တပည့်တော်အတွက် အကျိုးမရှိဖို့ ဆင်းရဲဖို့ ဖြစ်နိုင်သလဲ? မေးတယ်၊ မေးပြီးတဲ့အခါ မှီဝဲသင့် မှီဝဲထိုက်တဲ့ ကုသိုလ်တရားကို မှီဝဲတယ်၊ ရှောင်ကြဉ်သင့် ရှောင်ကြဉ်ထိုက်တဲ့ အကုသိုလ်တရားတွေကို ရှောင်ကြဉ်တယ်၊ အဲဒီလို ရှောင်ကြဉ်တဲ့အတွက်ကြောင့် ဘာဖြစ်သလဲ?

**သော တေန ကမ္မေန ဧဝံ သမတ္တေန ဧဝံ သမာဒိန္နေန ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ။**[၃၃၈]

ဒီလို ပြည့်ပြည့်စုံစုံ ပြုကျင့်လိုက်တဲ့ ဆောက်တည်လိုက်တဲ့ ဒီကုသိုလ်ကံ = အကုသိုလ်ကို ရှောင်ကြဉ်တဲ့, ကုသိုလ်ကို လိုက်နာပြုကျင့်တဲ့ အဲဒီကံကြောင့် သေသည်၏ အခြားမဲ့၌ နတ်ပြည် နတ်လောကကို ရောက်ရှိနိုင်တယ်။

**နော စေ ကာယဿ ဘေဒါ ပရံ မရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထ ယတ္ထ ပစ္စာဇာယတိ၊ မဟာပညော ဟောတိ။**[၃၃၉]

အကယ်၍ နတ်ပြည်နတ်လောက မရောက်ရှိလို့ လူ့ပြည်လူ့လောက ပြန်ပြီး လူပြန်ဖြစ်ခဲ့မယ် ဆိုရင် ဘယ်အမျိုးအနွယ်မှာပဲ လူဖြစ်ဖြစ် **"မဟာပညာ"** ကြီးသော ဉာဏ်ပညာရှိတဲ့ပုဂ္ဂိုလ် ဖြစ်နိုင်တယ်၊ ပညာရှိသူတော်ကောင်းတစ်ဦး ဖြစ်နိုင်တယ်၊ ဒီအကြောင်းအရာနှင့် ပတ်သက်ပြီးတော့ စဉ်းစားကြည့်စမ်းပါ —

ရုပ်တို့မည်သည်မှာ ကလာပ်ခေါ်တဲ့ အမှုန်ကလေးတွေအနေနှင့် ဖြစ်တယ်၊ ပရမတ္ထသစ္စာနယ်မှာ ရုပ်တို့ရဲ့ အသေးဆုံး အဖွဲ့အစည်းကလေးတစ်ခုကို ကလာပ်လို့ ခေါ်ပါတယ်၊ ဘယ်လောက်သေးသလဲလို့မေးရင်တော့ ပရမာဏုမြူခန့်လောက်လို့ ဒီလိုတော့ စာမှာ သတ်မှတ်ထားပါတယ်၊

---

[၃၃၈, ၃၃၉] မ၊၃၊၂၄၈။

အလွန့်အလွန်သေးငယ်တဲ့ ဒီနေ့ သိပ္ပံပညာမှာ အက်တမ် (Atom)လို့ ခေါ်ဆိုအပ်တဲ့ အဏုမြူ-ထက် များစွာ သေးငယ်လိမ့်မယ်လို့ ယူဆရတယ်၊ အဲဒီကလာပ်အမှုန်ကလေး တစ်ခုတစ်ခုအတွင်းမှာ ကိုက — ပထဝီ, အာပေါ, တေဇော, ဝါယော, အဆင်း, အနံ့, အရသာ, ဩဇာ-ဆိုပြီး သဘောတရား ရှစ်ခု အနည်းဆုံး ရှိတယ်၊ တချို့ သဘောတရား ကိုးမျိုး, တချို့ သဘောတရား ဆယ်မျိုးအထိ ရှိကြပါတယ်။

အဲဒီလို သဘောတရား ရှစ်မျိုး, ကိုးမျိုး, ဆယ်မျိုး - စသည်ဖြင့် ပေါင်းစုတည်ဆောက်လိုက်ပါမှ ကလာပ်အမှုန်လေးတစ်ခု ဖြစ်လာတယ်၊ ဒီကလာပ်အမှုန်ကလေးတွေများစွာ ပေါင်းစုတည်ဆောက် လိုက်ပါမှ ဆံပင်, မွေးညင်း, ခြေသည်း-လက်သည်း, သွား, အရေ စသည်ဖြင့် သုံးဆယ့်နှစ်ကောဋ္ဌာသ သို့မဟုတ် လေးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးတွေ ဖြစ်ပေါ်လာတယ်။ ထိုသုံးဆယ့်နှစ်ကောဋ္ဌာသ သို့မဟုတ် လေးဆယ့်နှစ်ကောဋ္ဌာသ အစုအဝေးအတွေကို အတိတ်က ကံစီမံသည့်အတိုင်း အချိုးတကျ တပ်ဆင်လိုက်ပါမှ ယောကျ်ား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါဆိုတာ ဖြစ်ပေါ်လာရတယ်၊ မူရင်းတည် ဆောက်ထားတဲ့ ပစ္စည်းတွေကို ကြည့်လိုက်တော့ သဘောတရားကလေးသက်သက်ပဲ။ အဲဒီသဘော တရားသက်သက်တွေကို ပေါင်းစုလိုက်မှ ကလာပ်အမှုန်ကလေးတစ်ခုဖြစ်တော့ ဒီ ကလာပ်အမှုန် ကလေးတစ်ခုအတွင်းမှာ တည်ရှိနေတဲ့ ဒီရုပ်သဘောတရားသက်သက်ကို ပရမတ်လို့ ခေါ်ပါတယ်၊ ရုပ်ပရမတ်တရားကလေးတွေပဲ၊ အဲဒီရုပ်ပရမတ်သဘောတရားကလေးတွေသည် တစ်စက္ကန့်ကို အကြိမ် ကုဋေငါးထောင်ကျော်ခန့်လောက် ပုံခဲ့ရင် တစ်ပုံခန့်လောက်သာ သက်တမ်းရှိမယ်လို့ ဒီလို ဗုဒ္ဓစာပေက ကြေညာခဲ့တယ်။ ဘုရားရှင်ကလည်း သာဝကတွေ သိနိုင်တဲ့ ကျင့်စဉ်တွေကိုပဲ ချမှတ်ပြီး ဟောကြားပြသ ဆိုဆုံးမသွားတော်မူပါတယ်၊ ဆိုဆုံးမတဲ့အတိုင်း လိုက်နာပြုကျင့်လို့ သိတော်မူ မြင်တော်မူတဲ့ သာဝကတွေလည်း (အသင်္ချေနှင့် ချီပြီး ကျွတ်တမ်းဝင်သွားကြတဲ့ ပုဂ္ဂိုလ်တွေ-ရဲ့စာရင်းကို ကြည့်လိုက်ရင်) များစွာပဲ ရှိကြပါတယ်။

အဲဒီလို အသိအလိမ္မာ ဉာဏ်ပညာထက် ကြီးမားတဲ့ ဉာဏ်ပညာ လောကမှာ ရှိနိုင်မလား? မရှိနိုင်ဘူး၊ ရုပ်နှင့်ပတ်သက်လို့ ဒါ - ဘုရားရှင်က လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၅၀၀)ကျော်ကတည်းက ကြေညာခဲ့တာ၊ အဲဒီတရားတွေကို သိနေတဲ့ ဒီရုပ်တရားတွေကို ထွင်းဖောက်သိနေတဲ့ ဉာဏ်ကို ဘာဉာဏ်လို့ ခေါ်သလဲ?

ဝိပဿနာဉာဏ်ပဲ၊ ရူပပရိစ္ဆေဒဉာဏ်လို့လည်း ခေါ်ပါတယ်၊ အဲဒီဉာဏ်သည် ကုသိုလ်လား, အကုသိုလ်လားမေးတော့ ကုသိုလ်ပဲ၊ ပုထုဇန်နှင့် သေက္ခပုဂ္ဂိုလ်များသန္တာန်မှာဆိုရင် ဒီဉာဏ်ပြဓာန်း နေတဲ့ စိတ်စေတသိက်တရားစုတွေဟာ ကုသိုလ်တရားတွေပဲ။ မဟာကုသိုလ် ဝိပဿနာမနောဒွါရိက ဇောဝီထိစိတ်အစဉ်တွေ ဖြစ်ကြတယ်။ ဒီကုသိုလ်တရားတွေကို ဘယ်လိုရအောင် ဆည်းပူးရမလဲ? ဘုရားရှင်က အတိအကျ နည်းလမ်းတွေ ညွှန်ကြားပေးထားတော်မူပါတယ်။ ဘယ်လို ညွှန်ကြားထား တော်မူပါသလဲ?—

## သမာဓိကို ထူထောင်ပါ

အကယ်၍ ယောဂီပုဂ္ဂိုလ်က ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမထားတော်မူခဲ့တဲ့ ရုပ်ပရမတ်တရားတွေကို ဟုတ်တိုင်းမှန်စွာ သိချင်တယ်ဆိုရင် ရှေးဦးစွာ ပြုကျင့်လိုက်နာရမည့် စည်းကမ်းကတော့ ဖြူစင်သော သီလကို ဆောက်တည်ကျင့်သုံးခြင်း ဖြစ်ပါတယ်။ ဖြူစင်တဲ့ သီလတည်းဟူသော မြေပေါ်မှာ ရပ်တည်ပြီးတော့ ဘာကို ဆက်လက်ပြီးတော့ လိုက်နာပြုကျင့်ရမလဲ?— ဘုရားရှင်က ဒီလို ညွှန်ကြားထားတော်မူခဲ့ပါတယ်။

**သမာဓိံ ဘိက္ခဝေ ဘာဝေထ။ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။ ကိဉ္စ ယထာဘူတံ ပဇာနာတိ? 'ဣဒံ ဒုက္ခ'န္တိ ယထာဘူတံ ပဇာနာတိ။**[၃၇၀]

ဒီဒေသနာတော်ကတော့ သစ္စသံယုတ်ပါဠိတော် သမာဓိသုတ္တန်မှာ ဘုရားရှင်ရဲ့ ညွှန်ကြားတော်မူချက် ဖြစ်ပါတယ်။ ဘာကို ဆိုလိုသလဲ?—

"ချစ်သားရဟန်းတို့ . . . သမာဓိကို ထူထောင်ကြပါ။ ချစ်သားရဟန်းတို့ သမာဓိရှိတဲ့ ရဟန်းတော်ဟာ ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိပါတယ်။ ဘာကို ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိပါသလဲ?— ဤကား ဥပါဒါနက္ခန္ဓာ ငါးပါး = ရုပ်တရား နာမ်တရား = ဒုက္ခသစ္စာတရားလို့ ဟုတ်တိုင်းမှန်စွာ ကွဲကွဲပြားပြား သိပါတယ်"—

ဤသို့ စသည်ဖြင့် သစ္စာလေးရပ် တရားမြတ်တို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ရေးအတွက် ဘုရားရှင်က သမာဓိကို ထူထောင်ရန် ညွှန်ကြားထားတော်မူပါတယ်။ သစ္စာလေးပါးထဲမှာ ဒုက္ခသစ္စာအမည်ရတဲ့ ဥပါဒါနက္ခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတွေလည်း ပါဝင်ကြပါတယ်။ ဒီရုပ်ပရမတ်တရားတွေကိုလည်း သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ဟုတ်တိုင်းမှန်စွာ ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ရေးအတွက် သမာဓိကို ထူထောင်ရန် ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။ အကယ်၍ ယောဂီပုဂ္ဂိုလ်က ရုပ်ပရမတ်တရားတွေကို ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်ချင်တယ်ဆိုလျှင် ဘုရားရှင်ရဲ့ ညွှန်ကြားတော်မူချက်ကို လိုက်နာပြုကျင့်သင့်လှပေတယ်။

သမာဓိနှင့် ရုပ်ပရမတ်တရားတွေကို ထိုးထွင်းသိမြင်ရေးဟာ ဘယ်လို ဆက်စပ်နေပါသလဲလို့တော့ မေးစရာရှိပါတယ်။ ဘုရားရှင်ဟာ သုတ္တန်တော်တော်များများမှာတော့ — **သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ -** စသည်ဖြင့် စတုတ္ထစျာန်ကို ဂုဏ်တင်ကာ ချီးမွမ်းတော်မူလေ့ရှိပါတယ်။ အကြောင်းကတော့ ဒီစတုတ္ထစျာန်သမာဓိကြောင့် ပရိယောဒါတ = ပြိုးပြိုးပြက်ပြက်တောက်ပတဲ့ ဉာဏ်အရောင်အလင်းတွေ ဖြစ်ပေါ်လာကြတဲ့အတွက် ယင်းဉာဏ်အရောင်အလင်းရဲ့ အကူအညီကိုယူကာ ရုပ်တရားတွေကို သိအောင် ဆက်လက် ကြိုးစားအားထုတ်မယ်ဆိုလျှင်လည်း ရုပ်ပရမတ်တရားတွေကို သိနိုင်တဲ့သဘော ရှိပါတယ်။

---

[၃၇၀] သံ၊၃၊၃၆၂။

သို့သော် ဒီစတုတ္ထစျာန်သမာဓိကသာ ဉာဏ်အရောင်အလင်းကို ဖြစ်စေတတ်တာတော့ မဟုတ်သေးပါဘူး။ အခြားအခြားသော ကာမာဝစရ ဥပစာရသမာဓိနှင့် တကွသော စျာန်သမာဓိ အားလုံးတို့ဟာ ဉာဏ်အရောင်အလင်းကို ဖြစ်စေတတ်ကြသည်ချည်းသာ ဖြစ်ကြပါတယ်။ ဒါကြောင့် အချို့အချို့ ယောဂီများမှာ ဥပစာရသမာဓိကြောင့် ဖြစ်ပေါ်လာကြတဲ့ ဉာဏ်အရောင်အလင်း အကူ-အညီဖြင့် ရုပ်တရား နာမ်တရားတွေကို ဆက်လက်ပြီးတော့ သိမ်းဆည်းရှုပွားလျှင်လည်း ရရှိနိုင်တဲ့ သဘော ရှိကြပါတယ်။ စျာန်အစေးခန်းခြောက်နေတဲ့ သုက္ခဝိပဿကပုဂ္ဂိုလ်များ ဖြစ်ကြပါတယ်။ အချို့အချို့သော သူတော်ကောင်းတွေကတော့ ပဌမစျာန်သမာဓိကို, အချို့အချို့သော သူတော်-ကောင်းတွေကတော့ ဒုတိယစျာန်သမာဓိကို, အချို့အချို့သော သူတော်ကောင်းတွေကတော့ တတိ-ယစျာန်သမာဓိကို – ဤသို့ စသည်ဖြင့် စျာန်သမာဓိတစ်ခုခုကို ဝိပဿနာ၏ အခြေခံပါဒကစျာန် အဖြစ် သမာဓိကို ထူထောင်ပြီးနောက် ရုပ်နာမ်ပရမတ်တရားတွေကို သိအောင် ဆက်လက် ကြိုးပမ်း ကြပါတယ်။ အကြောင်းကတော့ ဒီသမာဓိတစ်ခုခုကြောင့် ဖြစ်ပေါ်လာတဲ့ ဉာဏ်အရောင်အလင်း အကူအညီကို ရယူလိုတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။

## ဓာတ်ကမ္မဋ္ဌာန်းအရေးကြီးပုံ

သမာဓိကို ထူထောင်ပြီးနောက် ယောဂီပုဂ္ဂိုလ်က ရုပ်ပရမတ်တရားတွေကို ထိုးထွင်းသိမြင်-အောင် ကြိုးပမ်းချင်တယ်ဆိုလျှင် အဘယ်ကဲ့သို့ လိုက်နာပြုကျင့်ရပါမည်နည်း?— လိုက်နာပြုကျင့် ရမည့် နည်းစနစ်ကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဒီလို ညွှန်ကြားထားတော်မူပါတယ်။

**သုဒ္ဓဝိပဿနာယာနိကော ပန အယမေဝ ဝါ သမထယာနိကော စတုဓာတုဝဝတ္ထာနေ ဝုတ္တာနံ တေသံ တေသံ ဓာတုပရိဂ္ဂဟမုခါနံ အညတရမုခဝသေန သင်္ခေပတော ဝါ ဝိတ္ထာရတော ဝါ စတဿော ဓာတုယော ပရိဂ္ဂဏှာတိ။**[၃၄၀]

စျာန်သမာဓိကို အခြေမခံလိုဘဲ ဝိပဿနာသို့ တိုက်ရိုက်သွားလိုတဲ့ ယောဂီသူတော်ကောင်း များကို **သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်** = ဝိပဿနာယာဉ်သက်သက်ရှိသော ပုဂ္ဂိုလ်ဟု ခေါ်ဆိုပါတယ်။ **သုက္ခဝိပဿက** = စျာန်အစေးခန်းခြောက်နေတဲ့ ဝိပဿနာရှုပွားသူလို့လည်း ခေါ်ဆိုပါတယ်။ စျာန်-သမထယာဉ်ရှိသော ယောဂီပုဂ္ဂိုလ်ကိုတော့ **သမထယာနိကပုဂ္ဂိုလ်**လို့ ခေါ်ဆိုပါတယ်။ ယခု ဖော်ပြ-ထားတဲ့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာရဲ့ ဆိုလိုရင်းကတော့ ဒီလိုပါ —

"သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ်ပဲဖြစ်ဖြစ်, သမထယာနိကပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ရုပ်ပရမတ်တရား တွေကို ထိုးထွင်းသိမြင်အောင် ရှုပွားသုံးသပ်တော့မယ်ဆိုလျှင် စတုဓာတုဝဝတ္ထာန်အမည်ရတဲ့ ဓာတ်ကြီးလေးပါးတို့ကို ပိုင်းခြားမှတ်သားကြောင်းဖြစ်တဲ့ ဓာတ်ကမ္မဋ္ဌာန်းအပိုင်းမှာ ဖွင့်ဆိုရေးသား-ထားပြီး ဖြစ်သည့်အတိုင်း ဓာတ်ကြီးလေးပါးတို့ကို သိမ်းဆည်းရှုပွားပုံ နည်းလမ်းအမျိုးမျိုးတို့တွင် တစ်နည်းနည်းဖြင့် အကျဉ်းနည်းအားဖြင့်ဖြစ်စေ အကျယ်နည်းအားဖြင့်ဖြစ်စေ ဓာတ်ကြီးလေးပါးတို့-

[၃၄၀] ဝိသုဒ္ဓိ၊၂၊၂၂၂။

ကို စတင် သိမ်းဆည်းပါ၊ ဉာဏ်ဖြင့် ပိုင်းခြားယူပါ။" ဒါကတော့ အထက်ပါ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာရဲ့ ဆိုလိုရင်းသဘောတရား ဖြစ်ပါတယ်။

ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဘာကြောင့် ယခုလို ညွှန်ကြားနေရပါသလဲလို့တော့ မေးစရာရှိပါတယ်။ အကြောင်းကတော့ ဒီလိုပါ။ မဟာသတိပဋ္ဌာနသုတ္တန် အဋ္ဌကထာများမှာ ဒီလို ဖွင့်ဆိုထားကြပါတယ်။

**ဒုဝိဓဉှိ ကမ္မဋ္ဌာနံ ရူပကမ္မဋ္ဌာနဉ္စ အရူပကမ္မဋ္ဌာနဉ္စ။ ရူပပရိဂ္ဂဟော အရူပပရိဂ္ဂဟောတိပိ ဧတဒေဝ ဝုစ္စတိ။**[၃၄၂]

[သမထပိုင်းမှာ ကမ္မဋ္ဌာန်း (၄၀)ရှိသော်လည်း ဝိပဿနာပိုင်းမှာတော့] ရုပ်ကမ္မဋ္ဌာန်း၊ နာမ်ကမ္မဋ္ဌာန်းဆိုပြီးတော့ ကမ္မဋ္ဌာန်း (၂)မျိုးပဲ ရှိပါတယ်။ ရူပပရိဂ္ဂဟ = ရုပ်တရားကို ဉာဏ်ဖြင့်ပိုင်းခြားယူခြင်း = သိမ်းဆည်းခြင်း, အရူပပရိဂ္ဂဟ = နာမ်တရားကို ဉာဏ်ဖြင့်ပိုင်းခြားယူခြင်း = သိမ်းဆည်းခြင်းလို့လည်း ခေါ်ဆိုပါတယ်။

**တတ္ထ ဘဂဝါ ရူပကမ္မဋ္ဌာနံ ကထေန္တော သင်္ခေပမနသိကာရဝသေန ဝါ ဝိတ္ထာရမနသိကာရဝသေန ဝါ စတုဓာတုဝဝတ္ထာနံ ကထေသိ။**[၃၄၃]

ထိုရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်း (၂)မျိုးတို့တွင် ဘုရားရှင်သည် ရုပ်ကမ္မဋ္ဌာန်းကို ဟောကြားတော်မူတဲ့အခါ ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းနည်း, ဓာတ်ကမ္မဋ္ဌာန်း အကျယ်နည်းဆိုတဲ့ နည်း (၂)နည်းတို့တွင် တစ်နည်းနည်းဖြင့် စတုဓာတုဝဝတ္ထာန်အမည်ရတဲ့ ဓာတ်ကြီး (၄)ပါးတို့ကို ပိုင်းခြားမှတ်သားကြောင်းဖြစ်တဲ့ ဓာတ်ကမ္မဋ္ဌာန်းကို ဟောကြားတော်မူမြဲ ဓမ္မတာဖြစ်ပါတယ်။

ဘုရားရှင်သည် ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းရှုပွားနည်းကို **မဟာသတိပဋ္ဌာနသုတ္တန်**[၃၄၄]တွင် ဟောကြားထားတော်မူပါတယ်။ ဓာတ်ကမ္မဋ္ဌာန်း အကျယ်ရှုပွားနည်းကိုတော့ **မဟာရာဟုလောဝါဒသုတ္တန်,**[၃၄၅] **ဓာတုဝိဘင်္ဂသုတ္တန်,**[၃၄၆] **အဘိဓမ္မာဓာတုဝိဘင်း**[၃၄၇]တို့တွင် ဟောကြားထားတော်မူပါတယ်။ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးကလည်း **မဟာဟတ္ထိပဒေါပမသုတ္တန်**[၃၄၈]တွင် ဒီဓာတ်ကမ္မဋ္ဌာန်း အကျယ်ရှုပွားနည်းကို တစ်နည်းတစ်ဖုံအားဖြင့် ချဲ့ထွင်ကာ ဟောကြားထားတော်မူပါတယ်။

ဒါ့ကြောင့် ယောဂီပုဂ္ဂိုလ်တစ်ဦးဟာ ဘုရားရှင် ဟောကြားပြသထားတော်မူခဲ့တဲ့ ရုပ်ပရမတ်တရားတွေကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရောက်သည်အထိ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်လိုပါက —

၁။ သီလကို ဖြူစင်အောင် ဆောကြောသုတ်သင်ပါ။

၂။ သမာဓိတစ်ခုခုကို ထူထောင်ပါ။

---

[၃၄၂], [၃၄၃] မ၊ဋ္ဌ၊၁၊၂၇၉။ [၃၄၄] မ၊၁၊၇၃။ [၃၄၅] မ၊၂၊၈၄-၈၅။ [၃၄၆] မ၊၃၊၂၈၂။
[၃၄၇] အဘိ၊၂၊၈၃။ [၃၄၈] မ၊၁၊၂၄၁. . .

၃။ ဓာတ်ကမ္မဋ္ဌာန်း အကျဉ်းနည်းကိုဖြစ်စေ, အကျယ်နည်းကိုဖြစ်စေ, အကျဉ်းနည်း အကျယ်နည်း နှစ်နည်းလုံးကိုဖြစ်စေ စနစ်တကျ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ပါ။

သို့သော် သီလကလည်း မဖြူစင်ပြန်၊ သမထသည် သာသနာတွင်းတရား မဟုတ်၊ သာသနာပ တရားသာဖြစ်သည်ဟု သမထကိုလည်း သို့မဟုတ် သမာဓိထူထောင်မှုကိုလည်း ဂျစ်ကန်ကန် လုပ်နေပြန်၊ ဓာတ်ကမ္မဋ္ဌာန်းကိုလည်း စနစ်တကျ မရှုပြန်ဆိုရင်တော့ ဘုရားရှင်ဟောကြားတော်မူတဲ့ ရုပ်ပရမတ်တရားတွေကို ဘယ်လိုနည်းနှင့်မျှ သိရှိနိုင်မှာတော့ မဟုတ်ပါဘူး။ ဘုရားရှင် ချမှတ်ပေးတော်မူသည့် စည်းကမ်းကို မလိုက်နာခြင်းကြောင့် ရုပ်ပရမတ်တရားတွေကို မသိခြင်းသာ ဖြစ်နေမှာပဲ။ နောက်တစ်ခု ဆက်ပြောဦးမယ် —

## နာမ်တရားများကို ပရမတ်သို့ ဆိုက်အောင် ရှုလိုပါက

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးဟာ အကယ်၍ နာမ်ပရမတ်တရားတွေကို ဘုရားရှင် ဟောကြားပြသဆိုဆုံးမထားတော်မူတဲ့အတိုင်း ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရောက်သည်အထိ ရှုပွားသိမ်းဆည်းလိုရင် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက သတ်မှတ်ပေးထားတဲ့ အောက်ပါစည်းကမ်းကို လိုက်နာပြုကျင့်သင့်လှပေတယ်။

**ယသ္မာ စ ဧဝံ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿေဝ တဿ အရူပဓမ္မာ တီဟာကာရေဟိ ပါကဋာ ဟောန္တိ။ တသ္မာ သုဝိသုဒ္ဓရူပပရိဂ္ဂဟေနေဝ အရူပပရိဂ္ဂဟာယ ယောဂေါ ကာတဗ္ဗော၊ န ဣတရေန။ သစေ ဟိ ဧကသ္မိံ ဝါ ရူပဓမ္မေ ဥပဋ္ဌိတေ ဒွီသု ဝါ ရူပံ ပဟာယ အရူပပရိဂ္ဂဟံ အာရဘတိ ကမ္မဋ္ဌာနတော ပရိဟာယတိ၊ ပထဝီကသိဏဘာဝနာယ ဝုတ္တပ္ပကာရာ ပဗ္ဗတေယျာ ဂါဝီ ဝိယ။ သုဝိသုဒ္ဓရူပပရိဂ္ဂဟဿ ပန အရူပပရိဂ္ဂဟာယ ယောဂံ ကရောတော ကမ္မဋ္ဌာနံ ဝုဒ္ဓိံ ဝိရူဠှိံ ဝေပုလ္လံ ပါပုဏာတိ။**[၃၇၉]

ဒီ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာရဲ့ ဆိုလိုရင်းသဘောတရားကိုပဲ ပြောကြရအောင် — နာမ်ကမ္မဋ္ဌာန်းကို ရှုပွားသိမ်းဆည်းလိုတဲ့ ယောဂါဝစရပုဂ္ဂိုလ်ဟာ ရှေးဦးစွာ ရုပ်ပရမတ်တရားတွေကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်သည်အထိ ကောင်းမွန်စင်ကြယ်စွာ ဉာဏ်ဖြင့် ပိုင်းခြားယူထားပြီး သိမ်းဆည်းရှုပွားထားပြီး ဖြစ်ရမယ်။ ရုပ်တရားတွေကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်သည်အထိ သိမ်းဆည်းရှုပွားထားပြီးတဲ့ ယောဂါဝစရပုဂ္ဂိုလ်ရဲ့ အသိဉာဏ်မှာသာလျှင် နာမ်တရားတွေဟာ (၃)မျိုးသော အခြင်းအရာတို့ဖြင့် ထင်ရှားလာကြမှာ ဖြစ်ပါတယ်။

(၃)မျိုးသော အခြင်းအရာဆိုတာကတော့ နာမ်တရားတွေကို သိမ်းဆည်းရှုပွားတဲ့အခါ တချို့ ယောဂါဝစရပုဂ္ဂိုလ်တွေရဲ့ အသိဉာဏ်မှာ ဖဿက ထင်ရှားတယ်။ တချို့ယောဂါဝစရပုဂ္ဂိုလ်တွေရဲ့ အသိဉာဏ်မှာ ဝေဒနာက ထင်ရှားတယ်။ တချို့ယောဂါဝစရပုဂ္ဂိုလ်တွေရဲ့ အသိဉာဏ်မှာ အသိစိတ်ဝိညာဏ်က ထင်ရှားတယ်။ ဒါပေမဲ့ ဖဿတစ်ခုတည်း, ဝေဒနာတစ်ခုတည်း, အသိစိတ်ဝိညာဏ်

[၃၇၉] ဝိသုဒ္ဓိ၊၂၊၂၂၇။

တစ်ခုတည်း သိမ်းဆည်းရှုပွားရမှာတော့ မဟုတ်ပါဘူး။ ဖဿ သို့မဟုတ် ဝေဒနာ သို့မဟုတ် အသိစိတ်ဝိညာဏ်တို့နှင့် စိတ္တက္ခဏတစ်ခုအတွင်းမှာ အတူယှဉ်တွဲ ဖြစ်ပေါ်နေကြတဲ့ စိတ်စေတသိက် နာမ်တရားအားလုံးကို သိမ်းဆည်းရှုပွားရမှာ ဖြစ်ပါတယ်။ အကြောင်းကတော့ ဒီလိုပါ။ —

**သဗ္ဗံ ဘိက္ခဝေ အနဘိဇာနံ အပရိဇာနံ အဝိရာဇယံ အပ္ပဇဟံ အဘဗ္ဗော ဒုက္ခက္ခယာယ။**[၅၁၀]

ဒီအပရိဇာနနသုတ္တန်ရဲ့ ဆိုလိုရင်းကို သဘောပေါက်နိုင်ရန် ပရိညာ (၃)ပါးအကြောင်းကို အကျဉ်းချုပ်ပြီးတော့ ရှေးဦးစွာပြောမယ် — ဒါမှ သုတ္တန်ရဲ့ ဆိုလိုရင်းကို နားလည်မှာ ဖြစ်ပါတယ်။

## ပရိညာ (၃) ပါး

ရုပ်နာမ်ကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ပိုင်းခြားသိတဲ့ နာမရူပပရိစ္ဆေဒဉာဏ်, ယင်း ရုပ်နာမ်တို့ရဲ့ အကြောင်းတရားတွေကို ဟုတ်တိုင်းမှန်စွာ ရှုပွားသိမ်းဆည်းတတ်တဲ့ ပစ္စယပရိဂ္ဂဟ-ဉာဏ် ဒီဉာဏ် (၂)ပါးကို သိသင့်သိထိုက်တဲ့ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံတွေကို ပိုင်းပိုင်းခြားခြား သိတတ်တဲ့ ဉာဏ်ပညာတွေ ဖြစ်ကြတဲ့အတွက် ဉာတပရိညာလို့ ခေါ်ဆိုပါတယ်။ အကြောင်းတရား နှင့် တကွသော ဒီရုပ်နာမ်တွေရဲ့ ဖြစ်မှုပျက်မှုကို ခဏပစ္စုပ္ပန်သို့ ဆိုက်ရောက်သည်အထိ စူးစမ်း ဆင်ခြင် ဆုံးဖြတ်ချက်ချကာ ထိုးထွင်းသိတတ်တဲ့ သမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ် (၂)ပါးကိုတော့ ဒီသင်္ခါရတရားတွေရဲ့ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာတို့ကို စူးစမ်း ဆင်ခြင် ဆုံးဖြတ်ချက်ချကာ ထိုးထွင်းသိတတ်တဲ့ ဉာဏ်ပညာတွေ ဖြစ်ကြခြင်းကြောင့် တီရဏ-ပရိညာလို့ ခေါ်ဆိုပါတယ်။ အကြောင်းတရားနှင့် တကွသော ဒီရုပ်နာမ်ဓမ္မ = သင်္ခါရတရားတွေရဲ့ အပျက်သက်သက်ကိုပင်လျှင် အာရုံယူကာ အနိစ္စပဲ, ဒုက္ခပဲ, အနတ္တပဲလို့ လက္ခဏာယာဉ်တင်ကာ ရှုပွားသုံးသပ်နေတဲ့ ဘင်္ဂဉာဏ် စတဲ့ အထက်ပိုင်းဝိပဿနာဉာဏ်အားလုံးကိုတော့ ကိလေသာတို့ကို တဒင်္ဂအားဖြင့် ပယ်စွန့်နိုင်တဲ့ စွမ်းအားရှိကြတဲ့ ဉာဏ်တွေ ဖြစ်ကြခြင်းကြောင့် ပဟာနပရိညာလို့ ခေါ်ဆိုပါတယ်။ ဒီပရိညာ (၃)ပါးကို နားလည်ထားလျှင်တော့ ဘုရားရှင် ဟောကြားတော်မူတဲ့ အပရိဇာနနသုတ္တန်ရဲ့ ဆိုလိုရင်းကို နားလည်သဘောပေါက်မှာ ဖြစ်ပါတယ်။

## အပရိဇာနနသုတ္တန်ရဲ့ ဆိုလိုရင်း

အလုံးစုံသော ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေကို ဉာတပရိညာပညာဖြင့် ထိုးထွင်းမသိဘဲ, တီရဏပရိညာပညာဖြင့် ပိုင်းပိုင်းခြားခြား မသိဘဲ, ထိုအလုံးစုံသော ခန္ဓာငါးပါး ရုပ်တရား နာမ်တရား တွေအပေါ်၌ တွယ်တာမက်မောနေတဲ့ တဏှာတရားကို ပဟာနပရိညာပညာဖြင့် မပယ်စွန့်နိုင်ဘဲ သံသရာဝဋ်ဆင်းရဲဒုက္ခကုန်ဆုံးရန် မထိုက်တန်ပေ။ (သံသရာဝဋ်ဆင်းရဲဒုက္ခ ကုန်ရာဖြစ်တဲ့ နိဗ္ဗာန်သို့ မရောက်ရှိနိုင်ပေလို့ ဆိုလိုပါတယ်။)[၅၁၁]

ဒီလို ဘုရားရှင် ဟောကြားထားတော်မူတဲ့အတွက် နာမ်တရားတွေကို ရှုပွားသိမ်းဆည်းတဲ့

[၅၁၀, ၅၁၁] သံ၊ ၂၊ ၂၄၉။

အခါမှာ စိတ္တက္ခဏတစ်ခုအတွင်းမှာ အတူယှဉ်တွဲ ဖြစ်နေကြတဲ့ စိတ်စေတသိက်အားလုံးတို့ကို သိမ်းဆည်းရှုပွားကြရမှာ ဖြစ်ပါတယ်။ ဒီလို သိမ်းဆည်းရှုပွားနိုင်ရေးအတွက် ယောဂါဝစရပုဂ္ဂိုလ်ဟာ ရုပ်တရားတွေကို သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် သိမ်းဆည်းရှုပွားထားပြီးဖြစ်ဖို့ လိုပါတယ်။ အကြောင်းကတော့ ဒီလိုပါ။

**ဝတ္ထာရမ္မဏာနံ ပရိဂ္ဂဟိတတာယ။ ထေရေန ဟိ ဝတ္ထု စေဝ အာရမ္မဏဉ္စ ပရိဂ္ဂဟိတံ။**[၃၅၂]

ဒီဖွင့်ဆိုချက်ကတော့ ဥပရိပဏ္ဏာသပါဠိတော် အနုပဒသုတ္တန် အဋ္ဌကထာတွင် လာရှိတဲ့ ဖွင့်ဆိုချက်ဖြစ်ပါတယ်။ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးဟာ ဈာန်နာမ်တရားတွေကို တစ်လုံးစီ တစ်လုံးစီ လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပွားသုံးသပ်တော်မူသည့်အပိုင်းမှာ ဒီဈာန်နာမ်တရားတွေရဲ့ မှီရာဝတ္ထုရုပ်နှင့် အာရုံတွေကို ပူးတွဲသိမ်းဆည်းပြီးမှ ဈာန်နာမ်တရားတွေကို ဝိပဿနာရှုတော်မူပါတယ်။ ဒီလိုရှုတဲ့အတွက်ကြောင့် ဈာန်နာမ်တရား တစ်လုံးစီ တစ်လုံးစီရဲ့ ဖြစ်မှု တည်မှု ပျက်မှုတွေကို ရှင်းရှင်းလင်းလင်း သိမြင်တော်မူခြင်း ဖြစ်ပါတယ်လို့ ဖွင့်ဆိုထားတော်မူပါတယ်။

ဒီနည်းဥပဒေသကတော့ နောင်လာနောက်သားများအတွက် နာမ်ကမ္မဋ္ဌာန်းရှုကွက်မှာ တန်ဖိုးမဖြတ်နိုင်တဲ့ အဖိုးတန်ရတနာတစ်ဆူပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် နာမ်တရားတွေကို သိမ်းဆည်းရှုပွားလိုတဲ့ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးဟာ ရှေးဦးစွာ မိမိရှုပွားလိုတဲ့ နာမ်တရားတို့ရဲ့ မှီ၍ ဖြစ်ရာ ဝတ္ထုရုပ်ကိုလည်းကောင်း အာရုံကိုလည်းကောင်း ပူးတွဲသိမ်းဆည်းပြီးမှ ယင်းနာမ်တရားတွေကို သိမ်းဆည်းရှုပွားရမှာ ဖြစ်ပါတယ်။ ဥပမာ — စက္ခုဒွါရဝီထိအတွင်းမှာ တည်ရှိကြတဲ့ နာမ်တရားတွေကို သိမ်းဆည်းရှုပွားလိုတဲ့ ယောဂီသူတော်ကောင်းဟာ ရှေးဦးစွာ စက္ခုဝတ္ထုလို့ ခေါ်ဆိုအပ်တဲ့ စက္ခုဒွါရနှင့် ဘဝင်-မနောအကြည်ဓာတ်လို့ ခေါ်ဆိုအပ်တဲ့ မနောဒွါရကို ပူးတွဲသိမ်းဆည်းရမှာ ဖြစ်တယ်။ ထို့နောင် ရုပ်ကလာပ်အများစုတို့ရဲ့ ရူပါရုံအရောင်ကို သိမ်းဆည်းရှုပွားရမှာ ဖြစ်တယ်။ ဒီလို သိမ်းဆည်းရှုပွားလိုက်တဲ့အခါ ဒီရူပါရုံက စက္ခုဒွါရ မနောဒွါရဆိုတဲ့ ဒွါရ (၂)ခုတို့မှာ ပြိုင်တူ ရှေးရှုကျရောက်လာမှာ = ထင်လာမှာ ဖြစ်ပါတယ်။ ထိုအခါကျမှ ယောဂါဝစရပုဂ္ဂိုလ်က စက္ခုဒွါရဝီထိအတွင်းရှိ နာမ်တရားစုတွေကို သိမ်းဆည်းရှုပွားလို့ ရရှိမှာ ဖြစ်ပါတယ်။

ဒီစက္ခုဒွါရနာမ်တရားစုတွေထဲမှာ စက္ခုဝိညာဏ်စိတ်နှင့်တကွ အတူယှဉ်တွဲ ဖြစ်နေကြတဲ့ စေတသိက်တွေက စက္ခုဝတ္ထု = စက္ခုအကြည်ဓာတ်ကို မှီဖြစ်ပြီးတော့ ကျန်နာမ်တရားစုတွေက ဘဝင်မနောအကြည်ဓာတ်ကို အစွဲပြု၍ ဟဒယဝတ္ထုရုပ်ကို မှီတွယ်ပြီးတော့ ဖြစ်သွားကြပါတယ်။ ယောဂီပုဂ္ဂိုလ်တစ်ဦးဟာ စက္ခုအကြည်ဓာတ် = စက္ခုဝတ္ထုရုပ်ကိုလည်း မရှုပွားတတ်၊ ဘဝင်မနော-အကြည်ဓာတ်ကိုလည်း မရှုပွားတတ်၊ ဟဒယဝတ္ထုရုပ်ကိုလည်း မရှုပွားတတ်၊ ရုပ်ကလာပ်အများစုတို့ရဲ့ ရူပါရုံအရောင်ကိုလည်း မရှုပွားတတ်။ ဒီလို မသိမှုတွေ မရှုတတ်မှုတွေ တစ်ပုံကြီး မနိုင်မနင်းထမ်းထားတဲ့ ယောဂီပုဂ္ဂိုလ်တစ်ဦးဟာ ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် နာမ်တရားတွေကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် ရှုပွားသိမ်းဆည်းလို့ ရနိုင်တော့မှာလဲ?

---

[၃၅၂] မ၊ဋ္ဌ၊၄၊၆၀။

ဒီလို ရှုမရတဲ့အခါမှာ – ဘုရားရှင် ဟောကြားထားတော်မူတဲ့ နာမ်တရားတွေဟာ – “မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ အကြိမ်ကုဋေတစ်သိန်းမက ဖြစ်ပြီး ပျက်နေကြတယ်။ ဒီလို မျက်စိ တစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ အကြိမ်ကုဋေတစ်သိန်းမက ဖြစ်ပြီး ပျက်နေကြတဲ့ ဒီနာမ်တရား တွေကို ဘယ်လိုလုပ် ရှုမလဲ”ဟု – ဘုရားရှင် ဟောကြားထားတော်မူတဲ့ နာမ်တရားတွေကို ကုဋေ တစ်သိန်းနှင့် ကိုင်ပေါက်နေတဲ့ အုပ်စုထဲမှာ အဲဒီယောဂီပုဂ္ဂိုလ်ဟာလည်း ပါဝင်သွားမှာ ဖြစ်ပါတယ်။

ဒ့ါကြောင့် အထက်မှာ တင်ပြခဲ့တဲ့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက – ကောင်းမွန်စင်ကြယ်စွာ ရုပ်တရား ကို သိမ်းဆည်းပြီးတဲ့ ယောဂါဝစရပုဂ္ဂိုလ်ရဲ့ အသိဉာဏ်မှာသာလျှင် နာမ်တရားတွေဟာ ထင်ရှားလာ ပါတယ်။ ကောင်းမွန်စင်ကြယ်စွာ ရုပ်တရားတွေကို မသိမ်းဆည်းရသေးတဲ့ ယောဂါဝစရပုဂ္ဂိုလ်ရဲ့ အသိဉာဏ်မှာ နာမ်တရားတွေဟာ ထင်ရှားမလာနိုင်ဘူး။ ဒ့ါကြောင့် ရုပ်တရားတစ်လုံးလောက် သိရုံမျှဖြင့် သို့မဟုတ် ရုပ်တရားနှစ်လုံးလောက် သိရုံမျှဖြင့် (ကျန်ရုပ်တရားတွေကို ဆက်လက် မသိမ်း-ဆည်းတော့ဘဲ) ရုပ်တရားကို သိမ်းဆည်းရှုပွားခြင်းလုပ်ငန်းရပ်ကို စွန့်လွှတ်ထားခဲ့ပြီးတော့ နာမ်တရား ကို ပြောင်းပြီး သိမ်းဆည်းရှုပွားခဲ့မယ်ဆိုလျှင် ကမ္မဋ္ဌာန်းမှ ဆုတ်ယုတ်ပျက်စီးသွားတတ်ပါတယ်။

ရုပ်ကမ္မဋ္ဌာန်းရှုကွက်လည်း မပြီး၊ နာမ်ကမ္မဋ္ဌာန်းရှုကွက်လည်း မအောင်မြင် ရှိတတ်ပါတယ်။ မညီညာတဲ့တောင်မှာ ကျက်စားနေတဲ့ မလိမ္မာတဲ့ နွားမိုက်မလို ပျက်စီးသွားတတ်ပါတယ်။ အောက်-အောက်စျာန်ကို ဝသီဘော်ငါးတန် နိုင်နင်းအောင် မလေ့ကျင့်ရသေးဘဲ အထက်အထက်စျာန်ကို ကူးတက်ခဲ့လျှင် အထက်အထက်စျာန်သို့လည်း မရောက်နိုင်, အောက်အောက်စျာန်မှလည်း လျှောကျ ပျက်စီးတတ်ကြောင်းကို ဘုရားရှင်သည် အင်္ဂုတ္တိုရ် ပါဠိတော် **ဂါဝီဥပမာသုတ္တန်**[၅၃၃]တွင် ဟောကြား ထားတော်မူခဲ့ပါတယ်။ အဲဒီဥပမာကိုပဲ ယူဆောင်ပြီးတော့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ရုပ်ကမ္မဋ္ဌာန်းကို ကောင်းမွန်စင်ကြယ်စွာ မသိမ်းဆည်း မရှုပွားရသေးဘဲ နာမ်ကမ္မဋ္ဌာန်းကို ပြောင်းပြီးတော့ သိမ်းဆည်း ရှုပွားခဲ့မယ်ဆိုလျှင် ကမ္မဋ္ဌာန်းမှ ဆုတ်ယုတ်ပျက်စီးသွားနိုင်ကြောင်းကို ဖွင့်ဆိုထားခြင်း ဖြစ်ပါတယ်။

ရုပ်ကမ္မဋ္ဌာန်းလည်း ရှုလို့မရနိုင်, နာမ်ကမ္မဋ္ဌာန်းလည်း ရှုလို့မအောင်မြင် ဖြစ်တတ်တယ်ဟု ဆိုလိုပါတယ်။ သို့သော် ကောင်းမွန်စင်ကြယ်စွာ ရုပ်တရားကို သိမ်းဆည်းရှုပွားပြီးပါမှ နာမ်ကမ္မဋ္ဌာန်း ကို သိမ်းဆည်းရှုပွားခဲ့မယ်ဆိုလျှင် ကမ္မဋ္ဌာန်းသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို ရရှိသည်အထိ တစ်ဆင့်ထက် တစ်ဆင့် မြင့်သထက် မြင့်ကာ တိုးတက်စည်ကား ကြီးပွားသွားလိမ့်မည်လို့ ဖွင့်ဆိုထား ပါတယ်။[၅၃၄]

ဒါကြောင့် ရုပ်နာမ်ပရမတ်တရားတွေကို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ရောက်သည်အထိ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်လိုပါက ခု ဖော်ပြထား ခဲ့တဲ့ စည်းကမ်းဥပဒေသများကို ရိုသေစွာ ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ လိုက်နာပြုကျင့်ဖို့တော့ လိုအပ်ပါတယ်။

---

[၅၃၃] အံ၊၃၊၂၁၅။ [၅၃၄] ဝိသုဒ္ဓိ၊၂၊၂၂၆။

## ဗုဒ္ဓသာသနာတော်က ပေးအပ်တဲ့ စွမ်းအင်ကြီးမားတဲ့ ဉာဏ်ပညာ

ရုပ်နာမ်ပရမတ်လောကအကြောင်းကို နည်းနည်း ထပ်ပြောဦးမယ် — မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ အကြိမ်ကုဋေသိန်းနှင့်ချီပြီးတော့ စိတ်တွေ, နာမ်တရားကလေးတွေ ဖြစ်ပြီး ပျက်နိုင်တယ်၊ ဝီထိခေါ်တဲ့ စိတ္တနိယာမလမ်းကြောင်းအတိုင်း ဖြစ်သွားကြတဲ့ စိတ်တွေလည်း ရှိကြ တယ်၊ ဝီထိမှအလွတ်ဖြစ်တဲ့ ဝီထိမုတ်စိတ်အနေနဲ့ ဖြစ်သွားတဲ့ စိတ်တွေလည်း ရှိကြတယ်။ ဝီထိစိတ်လို့ ခေါ်ဆိုအပ်တဲ့ စိတ္တက္ခဏတစ်ခုတစ်ခုအတွင်း, ဝီထိမုတ်စိတ်လို့ ခေါ်ဆိုအပ်တဲ့ ဘဝင်စိတ်တွေ ပဋိသန္ဓေစိတ်တွေ စုတိစိတ်တွေ — အဲဒီလို စိတ္တက္ခဏတစ်ခုတစ်ခုအတွင်းမှာ ဘယ်စိတ်ကျတော့ စိတ်စေတသိက် ဘယ်နှစ်လုံးရှိတယ်၊ ဘယ်စိတ်ကျတော့ စိတ်စေတသိက် ဘယ်နှစ်လုံး ရှိတယ် စသည်ဖြင့် အတိအကျ ဟောကြားသွားတော်မူပါတယ်၊ ဒီစိတ်စေတသိက်နာမ်တရားကလေးတွေကို သိအောင် ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ရှုပွားရမယ်ဆိုတဲ့ စနစ်တွေကိုလည်း အတိ အကျ ဟောကြားသွားတော်မူပါတယ်၊ အဲဒီစနစ်အတိုင်း လိုက်နာပြုကျင့်လို့ သိတော်မူ မြင်တော်မူတဲ့ ဘုရားရှင်ရဲ့ တပည့်သား သာဝကတွေလည်း များစွာပဲ ရှိခဲ့ကြတယ်။

ဘယ်စိတ္တက္ခဏမှာ စိတ်စေတသိက် ဘယ်နှစ်လုံးရှိတယ်၊ ဘယ်စိတ္တက္ခဏကျတော့ စိတ်-စေတသိက်က ဘယ်နှစ်လုံး ရှိတယ် စသည်ဖြင့် အတိအကျ ဟောကြားထားတော်မူပါတယ်။ ပုံစံတစ်ခု ဆိုလို့ရှိရင် စက္ခုဒွါရဝီထိ ဆိုကြစို့၊ စက္ခုဒွါရဝီထိမှာ ပဉ္စဒွါရာဝဇ္ဇန်း = ဆင်ခြင်စိတ်, စက္ခုဝိညာဏ် = မြင်သိစိတ်, သမ္ပဋိစ္ဆိုင်း= လက်ခံစိတ်, သန္တီရဏ = စုံစမ်းစိတ်, ဝုဋ္ဌော = ဆုံးဖြတ်စိတ်, ဇော = အဟုန်ပြင်းစွာဖြစ်သော ကုသိုလ်စိတ် သို့မဟုတ် အကုသိုလ်စိတ် သို့မဟုတ် ကြိယာစိတ် (၇)ကြိမ်, တဒါရုံ = ဇောယူသော အာရုံကို ဆက်လက် အာရုံယူသည့် အကျိုးဝိပါက်စိတ် (၂)ကြိမ် ဆိုပြီးတော့ ဝီထိစိတ်အရေအတွက် အလွန်များပြားတဲ့ အတိမဟန္တာရုံလို့ ခေါ်ဆိုအပ်တဲ့ စက္ခုဒွါရဝီထိ တစ်ဝီထိ ဖြစ်ကြပြီ ဆိုကြစို့၊ ထိုစက္ခုဒွါရဝီထိမှာ ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ခိုက်မှာ စိတ်စေတသိက် (၁၁)လုံး ရှိတယ်၊ စက္ခုဝိညာဏ်စိတ်ဖြစ်ခိုက်မှာ စိတ်စေတသိက် (၈)လုံး ရှိတယ်၊ သမ္ပဋိစ္ဆိုင်းလို့ ခေါ်ဆိုအပ်တဲ့ အာရုံကို လက်ခံတဲ့စိတ်ဖြစ်ခိုက်မှာ စိတ်စေတသိက်က (၁၁)လုံး ရှိတယ်၊ သန္တီရဏလို့ ခေါ်ဆိုအပ်တဲ့ အာရုံကို စူးစမ်းဆင်ခြင်နေတဲ့စိတ်ဖြစ်ခိုက်မှာ ဝမ်းမြောက်ဝမ်းသာနှင့် စူးစမ်းဆင်ခြင်ခဲ့မယ်ဆိုရင်, သောမနဿ ဝေဒနာနှင့် ယှဉ်မယ်ဆိုရင် စိတ်စေတသိက်က (၁၂) လုံး ရှိတယ်၊ ဝုဋ္ဌောဆိုတဲ့ အာရုံကို ဣဋ္ဌ = ကောင်းတယ်, အနိဋ္ဌ = မကောင်းဘူး စသည်ဖြင့် ဆုံးဖြတ်ချက်ချလိုက်တဲ့ စိတ်အခိုက်မှာ စိတ်စေ-တသိက်က (၁၂)လုံး ရှိတယ်၊ ဇောမှာ ခုနက ပဉ္စဒွါရာဝဇ္ဇန်းနှင့် ဝုဋ္ဌောတို့ရဲ့ ဆုံးဖြတ်ချက်က မှန်နေ-ခဲ့မယ်ဆိုရင် ယောနိသောမနသိကာရဖြစ်လို့ ရူပါရုံကို ရူပါရုံလို့ နှလုံးသွင်းခဲ့မယ်ဆိုရင် သို့မဟုတ် ဒီရူပါရုံကိုပဲ အနိစ္စလို့ ဒုက္ခလို့ အနတ္တလို့ နှလုံးသွင်းခဲ့မယ်ဆိုရင် စိတ်စေတသိက်တွေ (၃၄)လုံးခန့် အထိ ရှိတတ်ပါတယ်။ အဲဒီလို အတိအကျဟောနိုင်တာ ဘုန်းကြီးတို့ရဲ့ ဘုရားရှင်တစ်ဆူပဲ ရှိပါတယ်၊ ဟောတော်မူသည့်အတိုင်း ကျင့်ကြံကြိုးကုတ် အားထုတ်လိုက်လို့ သိရှိခွင့်ရကြတဲ့ သာဝကတွေဟာ-လည်း ကျွတ်တမ်းဝင်သွားကြတဲ့ ပွဲကြီးတွေကို ကြည့်ရင် များစွာရှိတယ်လို့ သိနိုင်ပါတယ်။

ဒီနေ့ ကမ္ဘာလောကမှာ ကြည့်မယ်ဆိုရင် – ဘယ်ဒဿနိကပညာရှင်မှ ဘယ်ဘာသာရေး ခေါင်းဆောင်မှ ဒီလို ဟောကြားသွားနိုင်တဲ့ စွမ်းအားရှိတဲ့ ပုဂ္ဂိုလ်ဆိုတာ မရှိသေးပါဘူး၊ ဘုန်းကြီးတို့ ဘုရားရှင်တစ်ဆူပဲ ရှိခဲ့တယ်၊ ဘုရားရှင်ကို အမှီပြုပြီးတော့လည်း သာဝကတွေ သိရှိခွင့်ရကြတယ်၊ ဒါကြောင့် ဒီလို ရုပ်နာမ်တွေကို ပရမတ်သို့ဆိုက်အောင် ထွင်းဖောက်သိမြင်တတ်တဲ့ ဉာဏ်ပညာမျိုးကို ကြီးမားတဲ့ ဉာဏ်ပညာလို့ မပြောနိုင်ဘူးလား? ပြောနိုင်တယ်။

ဒါလောက်တွင်လားဆိုတော့ မကသေးဘူး၊ ဒီရုပ်တရား ဒီနာမ်တရားတွေဟာ ဘယ်လို အကြောင်းတရားကြောင့် ဖြစ်ရပါတယ်ဆိုတဲ့ ကြောင်း-ကျိုး ဆက်နွှယ်နေတဲ့ ကြောင်း-ကျိုးဆက် ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကို နည်းအမျိုးမျိုးဖြင့် သာဝကတွေ သိရှိနိုင်အောင် ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမသွားတော်မူပါတယ်၊ ဘုရားရှင် ဆိုဆုံးမတော်မူသည့်အတိုင်း လိုက်နာ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တဲ့အတွက် ဒီ ကြောင်း-ကျိုး ဆက်နွှယ်မှု ကြောင်း-ကျိုးဆက် ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကိုလည်း မိမိတို့ရဲ့ နာမရူပပရိစ္ဆေဒဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ် ဝိပဿနာဉာဏ် အစရှိတဲ့ ထိုထိုဉာဏ်တို့ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိသွားကြတဲ့ သာဝကတွေလည်း များစွာ ရှိကြတယ်၊ ဒီလိုရရှိတဲ့ အသိဉာဏ်သည် အင်မတန်ကြီးမားတဲ့ အသိ-ဉာဏ်လို့ မပြောနိုင်ဘူးလားဆိုတော့ ပြောနိုင်ပါတယ်။ ဘာကြောင့်လဲ?

ဒီလို ကြောင်း-ကျိုး ဆက်နွှယ်မှုသဘောတရားကို ဘုန်းကြီးတို့ ဗုဒ္ဓဘာသာလောကကလွဲ၍ ပြင်ပလောကမှာ ရှာဖွေကြည့်ရင် ရှာဖွေလို့ ဘယ်လိုမှ မရနိုင်ဘူး၊ ဗုဒ္ဓဘာသာတစ်ခုတည်းရဲ့ ထူးခြားချက် ကြောင်း-ကျိုး ဆက်နွှယ်မှုသဘောတရား ဖြစ်တယ်၊ အတိတ်က ပြုစုပျိုးထောင်ခဲ့တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတွေကြောင့် ဒီဘဝမှာ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေ လာပြီး ဖြစ်ရတယ်၊ သံသရာခရီးက မဆုံးသေးတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ခဲ့မယ်ဆိုရင် ဒီဘဝမှာ ထပ်ပြီးတော့ ပြုစုပျိုးထောင်နေတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတွေကြောင့် နောင်အနာဂတ်ကာလမှာလည်း ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာလို့ ခေါ်ဆိုအပ်တဲ့ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေ ထင်ရှားဖြစ်လိမ့်မယ်လို့ အတိအကျ ဟောကြားထားတော်မူတယ်၊ ဟောကြားထားတော်မူတဲ့ အတိုင်း လိုက်နာပြုကျင့်တဲ့ သာဝကတွေလည်း သိရှိခွင့် ရရှိကြတယ်၊ ဒီလို အသိဉာဏ်မျိုးဟာလည်း ထူးကဲတဲ့ အသိဉာဏ်လို့ မပြောနိုင်ဘူးလား? ပြောနိုင်ပါတယ်။

နောက်တစ်ခု – အကြောင်းတရားနှင့်တကွ ဒီရုပ်နာမ်တို့ရဲ့ ဖြစ်ပြီး ပျက်နေတဲ့ အနိစ္စသဘော, ဖြစ်ခြင်းပျက်ခြင်းဖြင့် အနှိပ်စက်ခံနေရတဲ့ ဒုက္ခသဘော, မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ အတ္တမဟုတ်တဲ့ အနတ္တသဘောကို ထုတ်ပြန်ကြေညာနိုင်တာ ဘုန်းကြီးတို့ ဘုရားရှင်တစ်ဆူပဲ ရှိပါတယ်၊ ဒီအနိစ္စဆိုတာက အိုးကွဲ ပန်းကန်ကွဲကို သိနေတဲ့ အနိစ္စမျိုး မဟုတ်ပါဘူး၊ ရုပ်လောကမှာလည်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက် တစ်စက္ကန့်လို့ ခေါ်ဆိုအပ်တဲ့ အချိန်ကာလကို ကုဋေငါးထောင်ကျော်ခန့် ပုံခဲ့ရင် တစ်ပုံလောက်သာ သက်တမ်းရှိတဲ့ အလွန် လျင်လျင်မြန်မြန် ဖြစ်ပြီး ပျက်နေတဲ့ သဘာဝ, နာမ်လောကမှာလည်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက်

တစ်စက္ကန့်လို့ ခေါ်ဆိုအပ်တဲ့ အချိန်ကာလကို ကုဋေတစ်သိန်းခန့်လောက် ပုံခဲ့ရင် တစ်ပုံခန့်လောက်-သာ သက်တမ်းရှိတဲ့ ကာလ၊ အဲဒီလောက်တောင် အလွန် လျင်လျင်မြန်မြန်ကြီး ဖြစ်ပျက်နေတယ်လို့ မြတ်စွာဘုရားက ဟောကြားသွားတော်မူပါတယ်၊ ဟောကြားထားတော်မူသည့်အတိုင်း လိုက်နာပြုကျင့်တဲ့ သာဝကတွေလည်း သိရှိခွင့်ရကြတယ်။

ဒီလို အသိဉာဏ်မျိုးကို ရတယ်ဆိုရင် ဒီလို အသိထူး ဉာဏ်ထူးမျိုးကို အင်မတန် ကြီးကျယ်တဲ့ အသိဉာဏ်လို့ မပြောနိုင်ဘူးလား? ပြောနိုင်တယ်၊ ဘာဖြစ်လို့လဲ? ဗုဒ္ဓဘာသာရဲ့ ပြင်ပလောကမှာ ဒီလို အသိဉာဏ်မျိုး ရနိုင်တဲ့ပုဂ္ဂိုလ် ဒီနေ့ ဒီကမ္ဘာလောကမှာ မရှိသေးဘူး၊ ဒီလောက်တွင် ရပ်သလားဆိုတော့ မရပ်သေးဘူး၊ အဲဒီရုပ်နာမ်တို့ရဲ့ ချုပ်ဆုံးရာဖြစ်တဲ့ မဟာအသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးဟာ တကယ်ထင်ရှားရှိတယ်ဆိုတာကိုလည်း ထုတ်ဖော်ပြီး မြတ်စွာဘုရားက ဟောကြားသွားတော်မူတယ်၊ အဲဒီနိဗ္ဗာန်တရားတော်မြတ်ကြီးသို့ ရောက်ကြောင်းဖြစ်တဲ့ မဂ္ဂင်-ရှစ်ပါး ကျင့်စဉ်တရားတွေကိုလည်း အစီအစဉ်တကျ ဟောကြားပြသသွားတော်မူပါတယ်။ ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမတော်မူသည့်အတိုင်း လိုက်နာပြုကျင့်တဲ့ သာဝကတွေလည်း ထိုရုပ်နာမ်ခန္ဓာ သင်္ခါရတရားတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်ပြီး သိမြင်ကြတယ်၊ ဒီလို သိမြင်တယ်ဆိုရင် ဒီလို အသိဉာဏ်မျိုးကို ရော ကြီးမားတဲ့ ဉာဏ်ပညာလို့ မပြောနိုင်ဘူးလား? ပြောနိုင်တယ်၊ အဲဒီလို ဉာဏ်ပညာမျိုးဟာလည်း ဘုန်းကြီးတို့ရဲ့ ဗုဒ္ဓသာသနာတော်အတွင်းမှာသာ ရရှိနိုင်တဲ့ ဉာဏ်ပညာ ဖြစ်ပါတယ်။

ဒီတော့ သာဝကတစ်ဦးက သံသရာခရီး ကျင်လည်စဉ်အခါမှာ ဒီလို ရုပ်နာမ်တွေကို ထွင်း-ဖောက်သိခြင်း, အကြောင်းတရား အကျိုးတရားတွေကို ထွင်းဖောက်သိခြင်း, အကြောင်းတရားနှင့် တကွ ဒီရုပ်နာမ်တို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တအချက်တွေကို ထွင်းဖောက်သိခြင်း, ထို ရုပ်နာမ်ခန္ဓာသင်္ခါရ တရားတို့ရဲ့ ချုပ်ဆုံးရာဖြစ်တဲ့ အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကို ထွင်းဖောက် သိမြင်ခြင်းဆိုတဲ့ ဒီအသိထူး ဉာဏ်ထူးတွေကို ရရှိခဲ့မယ်ဆိုရင် ထိုပုဂ္ဂိုလ်သည် သေသည်၏ အခြားမဲ့၌ သံသရာမဆုံးသေးလို့ ဘဝတစ်ခု လက်ခံရမယ်ဆိုရင် ထိုဘဝမှာ ဒီပုဂ္ဂိုလ်သည် ဉာဏ်ပညာကြီးမားတဲ့ ပုဂ္ဂိုလ် ဖြစ်ဖို့ဆိုတာဟာ ခန့်မှန်းလို့ မရနိုင်ဘူးလား? ရနိုင်တယ်၊ ဘာကြောင့်လဲ?

ဟို - **သောတာနုဂတသုတ္တန်**[၃၅၅]များမှာ မြတ်စွာဘုရား ဟောကြားထားတော်မူပါတယ်၊ သာဝက တစ်ဦးက ဘုရားရှင် ဟောကြားပြသ ဆိုဆုံးမတော်မူတဲ့ အင်္ဂါကိုးတန်နှင့် ပြည့်စုံနေတဲ့ ပိဋကတ်တရား ဒေသနာတော်တွေကို သင်သိအနေနှင့် တကယ်လက်တွေ့သိအောင် ဆရာသမားထံမှာ သင်ယူတယ်၊ သင်ယူပြီးတဲ့အခါမှာ ဒီပိဋကတ်တော်မှာလာရှိတဲ့ ရုပ်တရား နာမ်တရားတွေ, အကြောင်းတရား အကျိုးတရားတွေကို ကျင့်သိအနေနှင့် တကယ်လက်တွေ့ မိမိကိုယ်တိုင် သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တယ်၊ အဲဒီလို သင်သိကျင့်သိ ထိုအသိနှစ်မျိုးဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီးတဲ့ ထို

[၃၅၅] အံ၊၁၊၃၀၄။

သူတော်ကောင်းသည် ဒုက္ခသစ္စာအမည်ရနေတဲ့ ထို ရုပ်တရား နာမ်တရား, သမုဒယသစ္စာအမည်ရ-နေတဲ့ ထို ကြောင်း-ကျိုး ဆက်နွှယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေရဲ့ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာတွေကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီးတော့ တွင်တွင်ကြီး ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းနေတယ်၊ သို့သော်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ် မဆိုက်လို့ ဘဝတစ်ခုကို အဆုံးသတ်သွားခဲ့ရမယ်ဆိုရင် ဘာဖြစ်မလဲ? နတ်ပြည်နတ်လောကကို ထိုသတ္တဝါ ရောက်ရှိသွားနိုင်တယ်၊ နတ်ပြည်နတ်လောကရောက်ရှိသည်နှင့် တစ်ပြိုင်နက်တည်း ဘာဖြစ်နိုင်-သလဲ?

**တဿ တတ္ထ သုခိနော ဓမ္မပဒါ ပ္လဝန္တိ။**[၃၅၆]

**တတ္ထ** = ထိုနတ်ပြည်နတ်လောက၌။ **သုခိနော** = ချမ်းသာခြင်းရှိသော။ **တဿ** = ထိုနတ်သား ဖြစ်တဲ့ သတ္တဝါရဲ့သန္တာန်၌။ **ဓမ္မပဒါ** = တရားပုဒ်အစုတို့သည်။ **ပ္လဝန္တိ** = ပေါလောပေါ်၍ နေကြလေကုန်၏။

ထိုနတ်သားသန္တာန်မှာ လူ့ဘဝ ရဟန်းဘဝတုန်းက ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့တဲ့ တရားပုဒ်အစုတို့သည် ရေပေါ်မှာ ဘူးတောင်းတွေ ပေါ်နေသလို ပေါလောပေါလောနှင့် ပေါ်နေကာ ဉာဏ်ထဲမှာ အလွန်ကြီး ထင်ရှားနေကြတယ်၊ ထင်ရှားကြတဲ့အတွက် ဘာဖြစ်သလဲ?

**ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ သော သတ္တော ခိပ္ပံယေဝ ဝိသေသဂါမီ ဟောတိ။**[၃၅၇]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **သတုပ္ပါဒေါ** = တရားတော်ကို ဉာဏ်ဖြင့် အစဉ်လျှောက်၍ ရှုပွားသုံးသပ်တတ်သော သတိ၏ ဖြစ်ပေါ်ခြင်းသည် (ဝါ) သတိနှင့် တကွသော ဝိပဿနာဉာဏ်၏ ဖြစ်ပေါ်ခြင်းသည်။ **ဒန္ဓော** = နှံ့နှေးလှသေး၏။ **အထ** = တကယ်စင်စစ်မှာမူကား။ **သော သတ္တော** = ထိုနတ်သားဖြစ်သော သတ္တဝါသည်။ **ခိပ္ပံယေဝ** = လျင်မြန်စွာသာလျှင်။ **ဝိသေသဂါမီ** = မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ တရားထူး တရားမြတ်ကို ရလေ့ရှိသည်။ **ဟောတိ** = ဖြစ်၏။

မိမိ လူ့ဘဝ ရဟန်းဘဝတုန်းက ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ခဲ့တဲ့ ဒီရုပ်တရား နာမ်-တရား, အကြောင်းတရား အကျိုးတရား, အကြောင်းတရားနှင့်တကွ ဒီရုပ်နာမ်တို့ရဲ့ အနိစ္စအခြင်း အရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာတွေကို ပြန်လည်သုံးသပ်ရှုပွားနေတဲ့ သတိပြဓာန်းနေတဲ့ သို့မဟုတ် သတိနှင့် တကွသော ဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်နေတာက နှံ့နှေးသေးတယ်၊ တကယ် စင်စစ်တော့ မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်လျင်မြန်မြန်ကြီးကို ရရှိနိုင်တယ် — တဲ့။

ဒီနေရာမှာ ဒီကုသိုလ်တရားတွေရဲ့ စွမ်းအင်ကို သဘောပေါက်အောင် အနည်းငယ် ထပ်ပြော ချင်သေးတယ် . . . ။ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးက သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့သော အထက်တန်းကျ နေတဲ့ ဝိပဿနာဉာဏ်တွေရရှိအောင် ကြိုးစားအားထုတ်ထားနိုင်တယ် ဆိုကြစို့။ ဒါပေမဲ့ ဒီဝိပဿနာ-

[၃၅၆], [၃၅၇] အံ၊၁၊၃၀၅။

ဉာဏ်တွေက မရင့်ကျက်သေးလို့ ဒီဘဝမှာ မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်မပြုနိုင်သေးဘူးပဲ ထားဦး- တော့၊ သို့သော် ဒီသူတော်ကောင်းက ဒီဝိပဿနာဘာဝနာကို မရဏာသန္နဇောသို့တိုင်အောင် နှလုံး- သွင်းနိုင်လို့ ဒီမရဏာသန္နဇောကလည်း ဝိပဿနာဇောဝီထိစိတ်အစဉ်ပဲ ဖြစ်သွားပြီဆိုရင် — ဒီ ဝိပဿနာသည် သံသရာခရီးမှာ အလွန်တန်ဖိုးရှိတဲ့ ဘာဝနာတစ်ခု ဖြစ်သွားပြီ။ ဒီလို ဝိပဿနာ ဘာဝနာမျိုးကို ရည်ညွှန်းပြီးတော့ ဘုရားရှင်က အထက်ပါ သောတာနုဂတသုတ္တန်မှာ လာရှိတဲ့ စကားရပ်များကို ဟောကြားထားတော်မူခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့သော ဝိပဿနာဘာဝနာတွေရဲ့ စွမ်းအားကို ဆက်ပြီး ပြောလိုသေးတယ်။

## ဝိပဿနာဇောတွေကလည်း ပဋိသန္ဓေအကျိုးကိုပေးပုံ

ဝိပဿနာဇောတွေကလည်း ပဋိသန္ဓေအကျိုးကို ပေးတတ်ပုံကို ဘုရားရှင်က နိဒါနဝဂ္ဂသံယုတ် ပါဠိတော် စေတနာသုတ္တန်မှာ ဒီလို ဟောကြားထားတော်မူပါတယ် —

**နော စေ ဘိက္ခဝေ စေတေတိ နော စေ ပကပ္ပေတိ၊ အထ စေ အနုသေတိ၊ အာရမ္မဏမေတံ ဟောတိ ဝိညာဏဿ ဌိတိယာ။ အာရမ္မဏေ သတိ ပတိဋ္ဌာ ဝိညာဏဿ ဟောတိ။ တသ္မိံ ပတိဋ္ဌိ- တေ ဝိညာဏေ ဝိရူဠ္ဟေ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ ဟောတိ။ အာယတိံ ပုနဗ္ဘဝါဘိနိဗ္ဗတ္တိယာ သတိ အာယတိံ ဇာတိဇရာမရဏံ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ။**[၃၅၈]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ယဥ္စ** = အကြင် သံသရာဝဋ်ကို လည်ပတ်စေတတ်သည့် လောကီကုသိုလ်စေတနာ အကုသိုလ်စေတနာကိုလည်း။ **နော စေ စေတေတိ** = **နော စေ ပဝတ္တေတိ** = အကယ်၍ မဖြစ်ပေါ်စေသည် ဖြစ်ငြားအံ့။ **နော စေ ပကပ္ပေတိ** = **နော စေ ပကပ္ပနံ ပဝတ္တေတိ** = "ယောက်ျား ဖြစ်ရလို၏, မိန်းမ ဖြစ်ရလို၏, လူ ဖြစ်ရလို၏, နတ် ဖြစ်ရလို၏" စသည်ဖြင့် တဏှာဒိဋ္ဌိ တို့ဖြင့် ပူးတွဲကြံစည်မှုကို အကယ်၍ မဖြစ်ပေါ်စေသည် ဖြစ်ငြားအံ့။ **အထ** = ထိုသို့ပင်ဖြစ်သော် လည်း။ **စေ အနုသေတိ** = အကယ်၍ အနုသယဓာတ်၏ ကိန်းဝပ်တည်ရှိနေသေးသည် ဖြစ်ငြားအံ့။ **ဧတံ** = ဤအနုသယဓာတ် ကိန်းဝပ်တည်ရှိနေခြင်းသည်ပင်လျှင်။ **ဝိညာဏဿ** = နောင်တစ်ဖန် ဘဝသစ်၌ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ဖြစ်စေနိုင်သော စွမ်းအားရှိသော ကမ္မဝိညာဏ်၏။ **ဌိတိယာ** = တည်ရှိခြင်းငှာ။ **အာရမ္မဏံ** = အကြောင်းတရားသည်။ **ဟောတိ** = ဖြစ်ပေ၏။ **အာရမ္မဏေ** = အနုသယဓာတ်တည်ရှိခြင်းဟူသော အကြောင်းတရားသည်။ **သတိ** = ထင်ရှားရှိခဲ့ပါမူ။ **ဝိညာ- ဏဿ** = နောင်တစ်ဖန် ဘဝသစ်၌ ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးကို ဖြစ်စေနိုင်သော စွမ်းအား ရှိသော ကမ္မဝိညာဏ်၏။ **ပတိဋ္ဌာ** = ထောက်ရာတည်ရာသည်။ **ဟောတိ** = ဖြစ်ပေ၏။

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးက ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းတယ်။ ဒီလို ဝိပဿနာ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းတဲ့အခါ သင်္ခါရတရားတို့ရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက် တို့ကို ပိုင်ပိုင်နိုင်နိုင်သိအောင် ကြိုးစားအားထုတ်တယ်။ သင်္ခါရတရားတွေဆိုတာကတော့ — ဒုက္ခ-

[၃၅၈] သံ၊၁၊၂၉၅။

သစ္စာအမည်ရတဲ့ ဥပါဒါနက္ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေနှင့် သမုဒယသစ္စာအမည်ရတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-စတဲ့ အကြောင်းတရားတွေကို ခေါ်ဆိုတယ်။ ဒီသင်္ခါရတရားတွေကို အာရုံပြုပြီးတော့ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကို စီးဖြန်းတယ်၊ သင်္ခါရုပေက္ခာဉာဏ်ကဲ့သို့သော ဝိပဿနာဉာဏ်တွေကို ရရှိအောင် ကြိုးစားအားထုတ်တယ်၊ ဘဝသုံးထပ် ဘုံသုံးရပ်တို့ရဲ့ အပြစ်အာဒီနဝတွေကိုလည်း ကောင်းကောင်းကြီး သိမြင်နေတယ်။ အပြစ်အာဒီနဝတွေဆိုတာကတော့ ဘုံ (၃)ပါးအတွင်းရှိ ဒီသင်္ခါရတရားတို့ရဲ့ ဖြစ်ပြီးပျက်နေတဲ့ အနိစ္စပြစ်ချက်, ဖြစ်ခြင်းပျက်ခြင်းဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံနေရတဲ့ ဒုက္ခပြစ်ချက်, ဖောက်ပြန်ပျက်စီးတတ်တဲ့ ဝိပရိဏာမဓမ္မပြစ်ချက် ဒီပြစ်ချက်ကြီးတွေကို အပြစ်အာဒီနဝလို့ ခေါ်တယ်။

သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင် ဒီသင်္ခါရတရားတွေကို လက္ခဏာယာဉ်တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုနိုင်တဲ့ သူတော်ကောင်းတစ်ဦးရဲ့သန္တာန်မှာ ဒီသင်္ခါရတရားတို့ရဲ့ အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မဆိုတဲ့ ဒီအပြစ်အာဒီနဝတွေကို တွေ့မြင်နေရတဲ့အတွက် ဒီသင်္ခါရတရားတို့အပေါ်၌ ငြီးငွေ့နေတယ်၊ ရွံမုန်းနေတယ်၊ စက်ဆုပ်နေတယ်။

သို့သော် သံသရာခရီးကို ဆုံးသွားသည့်တိုင်အောင် သို့မဟုတ် အရဟတ္တဖိုလ်သို့တိုင်အောင် ဝိပဿနာဉာဏ်တွေက မရင့်ကျက်သေးလို့ မပို့ဆောင်နိုင်သေးဘူးဆိုရင် သေပြီးနောက် သံသရာခရီးကို ဆက်ရဦးမှာ ဖြစ်တယ်။ သို့သော် ဒီဝိပဿနာဉာဏ်တွေ ဖြစ်နေသည့်အချိန်မှာ (၃၁)ဘုံအတွင်း၌ တည်ရှိသော ဒီသင်္ခါရတရားတို့ရဲ့ အနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မဆိုတဲ့ ဒီပြစ်ချက်ကြီးတွေကို တွေ့မြင်နေတဲ့အတွက် – "ယောကျ်ား ဖြစ်ရလို၏, မိန်းမ ဖြစ်ရလို၏, လူ ဖြစ်ရလို၏, နတ် ဖြစ်ရလို၏"–စတဲ့ ဒီလို ကြံစည်စိတ်ကူးမှု တွယ်တာမက်မောမှုတွေလည်း မရှိဘူး။ ဒီဝိပဿနာဉာဏ် ပြဓာန်းနေတဲ့ ဝိပဿနာကုသိုလ်ကံတွေကိုလည်း ဘဝတစ်ခုခုကို ရည်ရွယ်တောင့်တ၍ ပြုစုပျိုးထောင်နေတာလည်း မဟုတ်ဘူး။ သို့သော် အနုသယဓာတ်တွေက အရိယမဂ်တရားဖြင့် မပယ်ရှားရသေးတဲ့ အတွက် အငုပ်ဓာတ်အနေဖြင့် ကိန်းဝပ်တည်နေလျက်ပဲ ရှိနေကြသေးတယ်။ ဒီလို အနုသယဓာတ် တည်ရှိနေခြင်းဟာလည်း ဒီဝိပဿနာကုသိုလ်ကံတွေမှာ နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ စွမ်းအားရှိတဲ့ ကမ္မဝိညာဏ်ဖြစ်ဖို့ရန် အကြောင်းတစ်ခု ဖြစ်တယ်လို့ ဒီလို ဘုရားရှင်က ဟောကြားထားတော်မူတယ်။

နားရှင်းအောင် နည်းနည်း ထပ်ပြောဦးမယ်။ ဝိပဿနာဉာဏ်တွေ ဆက်တိုက်ဖြစ်နေချိန်မှာ တဏှာဒိဋ္ဌိတို့ဖြင့် ပူးတွဲလျက် "ယောကျ်ား ဖြစ်ရလို၏, မိန်းမ ဖြစ်ရလို၏, လူ ဖြစ်ရလို၏, နတ် ဖြစ်ရ-လို၏"–စတဲ့ ကြံစည်စိတ်ကူးမှု မရှိသော်လည်း – ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဖြဟ္မာ စသည်ဖြင့် အသိမှားမှု အဝိဇ္ဇာနုသယ, ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ စတဲ့ ထိုထိုဘဝကို တွယ်တာမက်မောမှု တဏှာနုသယစတဲ့ အနုသယဓာတ်တွေဟာ အငုပ်ဓာတ်အနေနဲ့ ကိန်းဝပ်လျက်ပဲ ရှိနေသေးတယ်။ ဒီလို အနုသယဓာတ် တည်ရှိနေသေးရင် ဘာဖြစ်နိုင်သလဲ? – အဋ္ဌကထာက ဒီလို ရှင်းထားတယ် –

**အာရမ္မဏမေတံ ဟောတိ အနုသယေ သတိ ကမ္မဝိညာဏဿ ဥပ္ပတ္တိယာ အဝါရိတတ္တာ ဧတံ အနုသယဇာတံ ပစ္စယော ဝ ဟောတိ။**[၃၅]

ဒီအဌကထာက ဘာကို ပြောဆိုလိုသလဲ?— အနုသယဓာတ် ကိန်းဝပ်တည်ရှိနေသေးခြင်းသည် နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ စွမ်းအားရှိတဲ့ ကမ္မဝိညာဏ်ဖြစ်ဖို့ရန် အကြောင်းတရားဖြစ်တယ်ဆိုတာ – အနုသယဓာတ် ထင်ရှားရှိနေခဲ့လျှင် နောင်တစ်ဖန် ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ စွမ်းအားရှိတဲ့ ကမ္မဝိညာဏ်ဖြစ်မှုကို မတားမြစ်နိုင်တဲ့အတွက်ကြောင့် ဒီအနုသယဓာတ် ထင်ရှားတည်ရှိမှုသည် ကမ္မဝိညာဏ်ဖြစ်ဖို့ရန် အကြောင်းတရားတစ်ခု ဖြစ်ကို ဖြစ်တယ်လို့ — ဒီလို အဌကထာက ရှင်းပြထားတယ်။ ဒါကြောင့် ဝိပဿနာကုသိုလ်ဇောတွေ ဆက်တိုက်ဖြစ်နေချိန်မှာ အဝိဇ္ဇာ, တဏှာတို့ဟာ ဥပါဒ်-ဌီ-ဘင်အနေအားဖြင့် ထင်ရှားမဖြစ်ပေါ်ခဲ့ပေမဲ့လို့ အနုသယဓာတ် အငုပ်ဓာတ်အနေနဲ့ ကိန်းဝပ်တည်နေခဲ့တဲ့အတွက် ထိုဝိပဿနာဇောတို့ရဲ့ နောက်ပိုင်းကာလမှာ ဖြစ်စေ သို့မဟုတ် သေခါနီးကာလမှာဖြစ်စေ ထိုထိုဘဝကို ညွှတ်ကိုင်းရှိုင်းနေတဲ့ စိတ်အစဉ်တွေ ပေါ်လာတတ်ကြတယ်။ ဒီလို ပေါ်လာနိုင်တဲ့အတွက် ဒီကိန်းဝပ်နေတဲ့ အနုသယဓာတ်တို့ရဲ့ စွမ်းအားကြောင့် ဒီဝိပဿနာကုသိုလ်ဇောတွေမှာ ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ စွမ်းအင်တွေ ကိန်းဝပ်လာကြတယ်။ ဒါကြောင့် ဘုရားရှင်က ဘယ်လို ဆက်လက် ဟောကြားတော်မူသလဲ? —

**တသ္မိံ ဝိညာဏေ** = ထိုကမ္မဝိညာဏ်သည်။ **ပတိဋ္ဌိတေ** = တည်ခဲ့သည်ရှိသော်။ **ဝိရူဠှေ** = စည်ပင်ခဲ့သည်ရှိသော်။ **အာယတိံ** = နောင်အနာဂတ်ကာလ၌။ **ပုနဗ္ဘဝါဘိနိဗ္ဗတ္တိ** = တစ်ဖန် ဘဝသစ်ဟုဆိုအပ်သော ဖြစ်ခြင်းသည်။ **ဟောတိ** = ထင်ရှားဖြစ်ပေါ်၍ လာပေ၏။ **အာယတိံ** = အနာဂတ်ကာလ၌။ **ပုနဗ္ဘဝါဘိနိဗ္ဗတ္တိယာ** = တစ်ဖန် ဘဝသစ်ဟုဆိုအပ်သော ဖြစ်ခြင်းသည်။ **သတိ** = ထင်ရှားရှိခဲ့သော်။ **အာယတိံ** = နောင်အနာဂတ်ကာလ၌။ **ဇာတိ** = ပဋိသန္ဓေတည်နေရခြင်း ဇာတိသည်လည်းကောင်း။ **ဇရာမရဏံ** = အိုရခြင်း ဇရာ, သေကျေပျက်စီးရခြင်း မရဏတရားသည်လည်း-ကောင်း။ **သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ** = စိုးရိမ်ပူဆွေးရခြင်း သောကတရား, ငိုကြွေးမြည်တမ်းရခြင်း ပရိဒေဝတရား, ကိုယ်ဆင်းရဲရခြင်း ဒုက္ခတရား, စိတ်ဆင်းရဲရခြင်း ဒေါမနဿတရား, ပြင်းစွာပူပန်ရခြင်း ဥပါယာသတရားတို့သည်လည်းကောင်း။ **သမ္ဘဝန္တိ** = ထင်ရှားဖြစ်ပေါ်၍ လာကြ-ကုန်၏။ **ဧဝံ** = ဤသို့လျှင်။ **ဧတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ** = ဤချမ်းသာမဖက် သက်သက်သော ဒုက္ခတုံး ဒုက္ခအစုအပုံ၏။ **သမုဒယော** = ဖြစ်ကြောင်းသဘောတရား ဖြစ်ခြင်းသဘောတရားသည်။ **ဟောတိ** = ဖြစ်ပေ၏။

ဒီကမ္မဝိညာဏ်သည် တည်ခဲ့မယ်ဆိုရင် စည်ပင်ခဲ့မယ်ဆိုရင် နောင်အနာဂတ်မှာ တစ်ဖန်ဘဝသစ်ဟုခေါ်ဆိုတဲ့ ဘဝဖြစ်ခြင်းသဘောတရားဟာ ထင်ရှားဖြစ်ပေါ်လာမှာ သေချာတယ်။ နောင်-တစ်ဖန် ဘဝသစ်ဆိုတာ ဖြစ်ခွင့်ရှိမယ် ထင်ရှားရှိမယ်ဆိုရင် နောင်တစ်ဖန် ပဋိသန္ဓေနေမှု, အိုမှု, နာမှု, သေမှု, စိုးရိမ်ပူဆွေးရမှု, ငိုကြွေးမြည်တမ်းရမှု, ကိုယ်ဆင်းရဲရမှု, စိတ်ဆင်းရဲရမှု, ပြင်းစွာပူပန်ရမှု

---

[၃၅] သံ၊၃၊၂၆၆။

ဆိုတဲ့ ဒုက္ခအစုအပုံတွေဟာ ဆက်တိုက်ဖြစ်လာတော့တယ်လို့ ဘုရားရှင်က ဟောကြားထားတော်မူ-ပါတယ်။ ဒါကတော့ ဝိပဿနာကုသိုလ်ဇောတွေက ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုးတွေကို ပေးနိုင်ပုံနှင့် ဆက်စပ်ပြီး ဟောကြားထားတော်မူတဲ့ ဒေသနာတော်တွေ ဖြစ်တယ်။

## ဝိပဿနာဉာဏ်ပေါ်၌ နှစ်သက်မြတ်နိုးမှု

ဒါတွင်မကသေးဘူး ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်မှာ သင်္ခါရုပေက္ခာဉာဏ်ဆိုတဲ့ ဝိပဿနာကုသိုလ်ကံတွေက ပဋိသန္ဓေအကျိုးကို ပေးနိုင်ပုံကိုလည်း ဟောကြားထားတော်မူတယ်။[၉၆၀] —

အဲဒီ ပါဠိတော်ရဲ့ ဆိုလိုရင်းကို ရှင်းပြမယ် — ဒီနေရာမှာ သေက္ခပုဂ္ဂိုလ်ဆိုတာကတော့ ဈာန်မရတဲ့ သောတာပန်ပုဂ္ဂိုလ်နှင့် သကဒါဂါမ်ပုဂ္ဂိုလ်တို့ကို ဆိုလိုပါတယ်။ ပုထုဇန်ပုဂ္ဂိုလ်ဆိုတာလည်း ဈာန်မရတဲ့ ပုထုဇန်ပုဂ္ဂိုလ်ကိုသာ ဆိုလိုပါတယ်။ ဈာန်ရတဲ့ ပုထုဇန်နှင့် သောတာပန် သကဒါဂါမ် အနာဂါမ် ပုဂ္ဂိုလ်တို့ကတော့ ဖြဟ္မာ့ပြည်မှာပဲ ပဋိသန္ဓေတည်နေကြရမှာမို့ သူတို့ရရှိထားတဲ့ ဈာန်-ကုသိုလ်တရားတွေကသာ သူတို့ ဖြဟ္မာပဋိသန္ဓေရဲ့ အကြောင်းရင်း ကမ္မဝိညာဏ် ဖြစ်တယ်။ သင်္ခါရု-ပေက္ခာကုသိုလ်ကံတို့လို ဝိပဿနာကုသိုလ်ကံတွေက ဖြဟ္မာ့ပြည်မှာ ပဋိသန္ဓေအကျိုးကို မပေးနိုင်ကြဘူး။ ဒါကြောင့် အထက်ပါ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်က ဈာန်မရတဲ့ ပုထုဇန်နှင့် သောတာပန် သက-ဒါဂါမ်ပုဂ္ဂိုလ်တို့ကိုသာ ရည်ညွှန်းထားပါတယ်။

ဈာန်မရတဲ့ ပုထုဇန်နှင့် သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့ရဲ့ သင်္ခါရုပေက္ခာဉာဏ်၌ စိတ်ကို ရွေးရှုဆောင်ယူပုံချင်းဟာ တူညီတယ်။ ဘယ်လို တူသလဲဆိုရင် —

သင်္ခါရုပေက္ခာအမည်ရှိတဲ့ ဝိပဿနာဉာဏ်ကို နှစ်သက်သော ပုထုဇန်ပုဂ္ဂိုလ်ရဲ့ စိတ်ဓာတ်ဟာ ညစ်နွမ်းတယ်၊ ဝိပဿနာဘာဝနာရဲ့ ဘေးရန်လည်း ဖြစ်တယ်၊ ဝိပဿနာဘာဝနာကြောင့် ရသင့်ရထိုက်တဲ့ အရိယမဂ်ဉာဏ်ဖြင့် သစ္စာလေးပါးကို ထိုးထွင်းသိမြင်ခြင်းဆိုတဲ့ သစ္စပဋိဝေဓဉာဏ်ကို ရရှိဖို့ရန်လည်း အန္တရာယ်ဖြစ်တယ်။ နောင်အနာဂတ်၌ ဖြစ်လတ္တံ့သော ကာမသုဂတိပဋိသန္ဓေရဲ့ အကြောင်းတရားလည်း ဖြစ်တယ်။

ဒါကတော့ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ရဲ့ ဆိုလိုရင်းပဲ။ ဒီနေရာမှာ အဋ္ဌကထာက ဆက်ပြီး ရှင်းပြထားသေးတယ်။ **ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ**[၉၆၁]ရဲ့ ရှင်းလင်းချက်ကတော့ ဒီလိုပါ။ —

---

[၉၆၀] ကထံ ပုထုဇ္ဇနဿ စ သေက္ခဿ စ သင်္ခါရုပေက္ခာယ စိတ္တဿ အဘိနီဟာရော ဧကတ္တံ ဟောတိ? ပုထုဇ္ဇနဿ သင်္ခါရုပေက္ခံ အဘိနန္ဒတော စိတ္တံ ကိလိဿတိ၊ ဘာဝနာယ ပရိပန္ထော ဟောတိ၊ ပဋိဝေဓဿ အန္တရာယော ဟောတိ၊ အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတိ။ သေက္ခဿပိ သင်္ခါရုပေက္ခံ အဘိနန္ဒတော စိတ္တံ ကိလိဿတိ၊ ဘာဝနာယ ပရိပန္ထော ဟောတိ၊ ဥတ္တရိပဋိဝေဓဿ အန္တရာယော ဟောတိ၊ အာယတိံ ပဋိသန္ဓိယာ ပစ္စယော ဟောတိ။ ဧဝံ ပုထုဇ္ဇနဿ စ သေက္ခဿ စ သင်္ခါရုပေက္ခာယ စိတ္တဿ အဘိနီဟာရော ဧကတ္တံ ဟောတိ အဘိနန္ဒနဋ္ဌေန။
(ပဋိသံ၊၆၀။)

[၉၆၁] ပဋိသံ၊ဌ၊၁၊၂၅၀။

သင်္ခါရုပေက္ခာဉာဏ်လို့ခေါ်ဆိုတဲ့ ဝိပဿနာကုသိုလ်ဇောနှင့် စိတ္တက္ခဏတစ်ခုအတွင်းမှာ အတူယှဉ်တွဲ ဖြစ်ပေါ်သွားတဲ့ စေတနာကံဆိုတာ ရှိတယ်။ သင်္ခါရုပေက္ခာ ဝိပဿနာကုသိုလ်စေတနာကံပဲ။ ဒီကုသိုလ်စေတနာကံက စွမ်းအင် သိပ်ကြီးမားတယ်။ ဒီသင်္ခါရုပေက္ခာဉာဏ်ကို ရရှိနေတဲ့ ယောဂါဝစရ ပုဂ္ဂိုလ်ကလည်း ဒီသင်္ခါရုပေက္ခာ ဝိပဿနာဉာဏ်ကို သိပ်ပြီးတော့ နှစ်သက်မြတ်နိုးနေပြန်တယ်။ ဒီနှစ်သက်မြတ်နိုးမှုကတော့ လောဘကိလေသာဖြစ်တယ်။ ဒီလောဘကိလေသာရဲ့ အထောက်အပံ့ကို ရရှိနေတဲ့ ဒီသင်္ခါရုပေက္ခာဉာဏ်ဆိုတဲ့ ဝိပဿနာကုသိုလ်စေတနာကံမှာ နောင်တစ်ဖန် ဘဝသစ်ပဋိသန္ဓေအကျိုးကို ဖြစ်စေနိုင်တဲ့ စွမ်းအင်တွေ ကိန်းဝပ်လာတယ်။ သင်္ခါရုပေက္ခာဉာဏ်ကို နှစ်သက်မြတ်နိုးနေတဲ့ လောဘကိလေသာ အပေါင်းအဖော်ကို ရရှိတဲ့ သင်္ခါရုပေက္ခာ ဝိပဿနာကုသိုလ်စေတနာကံဟာ အကျိုးဝိပါကဝဋ်ကို ဖြစ်စေနိုင်ပြန်တယ်။ ဒါကြောင့် သင်္ခါရုပေက္ခာ ဝိပဿနာကုသိုလ်ကံက ပဋိသန္ဓေစတဲ့ အကျိုးဝိပါက်ကို တိုက်ရိုက် ဖြစ်စေတတ်တဲ့ ဇနကအကြောင်းတရားဖြစ်တယ်။ သင်္ခါရုပေက္ခာဉာဏ်ကို နှစ်သက်မြတ်နိုးနေတဲ့ လောဘကိလေသာက အဲဒီဇနကကံကို အားပေးထောက်ပံ့တတ်တဲ့ ဥပတ္ထမ္ဘကအကြောင်းတရားဖြစ်တယ်လို့ ရှင်းပြထားပါတယ်။

ဒါကြောင့် လောဘအပေါင်းအဖော်ရဲ့ အထောက်အပံ့ကို ရရှိတဲ့ ဝိပဿနာကံတွေကလည်း ပဋိသန္ဓေစတဲ့ အကျိုးဝိပါကဝဋ်ကို ဖြစ်စေနိုင်တယ်လို့ မှတ်ပါ။ အလားတူပဲ သောတာပန် သကဒါဂါမ်ဆိုတဲ့ စျာန်မရတဲ့ သေက္ခပုဂ္ဂိုလ်တွေဟာလည်း သင်္ခါရုပေက္ခာဉာဏ်ကို နှစ်သက်ခဲ့ရင် ဒီလောဘကိလေသာရဲ့ အထောက်အပံ့ကို ရရှိတဲ့ သင်္ခါရုပေက္ခာ ဝိပဿနာကုသိုလ်ကံကလည်း ကာမာဝစရ-သုဂတိပဋိသန္ဓေအကျိုးကို ပေးနိုင်တဲ့စွမ်းအား ရှိပါတယ်။

ဒါကြောင့် စျာန်မရတဲ့ ပုထုဇန်ပုဂ္ဂိုလ်နှင့် သောတာပန် သကဒါဂါမ်ပုဂ္ဂိုလ်တို့ရဲ့ သင်္ခါရုပေက္ခာ-ဉာဏ်၌ စိတ်ကို ရှေးရှုဆောင်ယူပုံချင်းဟာ တူညီတယ်လို့ ပါဠိတော်က ဟောဆိုထားတော်မူခြင်း ဖြစ်ပါတယ်။

ကဲ - သောတာနုဂတသုတ္တန်ကို တစ်ဖန် ပြန်ဆက်ကြဦးစို့ — ခုပြောခဲ့တဲ့ စေတနာသုတ္တန်နှင့် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်တို့မှာ လာရှိတဲ့အတိုင်း အနုသယဓာတ် ထင်ရှားရှိနေသူရဲ့သန္တာန်မှာလည်း ဝိပဿနာကုသိုလ်ဇောတွေက ပဋိသန္ဓေစတဲ့ အကျိုးဝိပါကဝဋ်ကို ဖြစ်စေနိုင်တယ်၊ ပြီးတော့ သင်္ခါရု-ပေက္ခာဉာဏ်ကဲ့သို့သော ဝိပဿနာဉာဏ်တွေကို နှစ်သက်မြတ်နိုးခဲ့ရင်လည်း ဒီလောဘကိလေသာရဲ့ အထောက်အပံ့ကို ရရှိတဲ့ ဝိပဿနာကုသိုလ်ကံတွေကလည်း ပဋိသန္ဓေစတဲ့ အကျိုးဝိပါကဝဋ်ကို ဖြစ်စေနိုင်တယ်။ ဒီဆိုလိုရင်းအချက်ကို မှတ်သားထားပါ။

## တရားပုဒ်အစုတွေ ပေါ်လောပေါ်နေပါတယ်

အထက်ကပြောခဲ့တဲ့ **သောတာနုဂတသုတ္တန်**မှာ လာရှိတဲ့ ရဟန်းတော်ကတော့ မရဏာသန္န-ဇောသို့တိုင်အောင် တစ်နည်းပြောရရင်တော့ သေခါနီး နောက်ဆုံးအချိန်သို့ ရောက်သည်တိုင်အောင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းနိုင်ခဲ့တယ်။ ဘဝတစ်ခုမှာ နောက်ဆုံးဖြစ်သွားတဲ့ ဇောစိတ်-

အစဉ်ကို မရဏာသန္နဇောလို့ ခေါ်ပါတယ်။ အဲဒီ မရဏာသန္နဇောသို့တိုင်အောင် ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းနိုင်ခဲ့တယ်။ ဒါကြောင့် အဲဒီ ရဟန်းတော်ရဲ့ မရဏာသန္နဇောတွေက သင်္ခါရတရားတို့ရဲ့ အနိစ္စအခြင်းအရာ သို့မဟုတ် ဒုက္ခအခြင်းအရာ သို့မဟုတ် အနတ္တအခြင်းအရာကို အာရုံယူနေကြတယ်။ သို့သော် ဒီဝိပဿနာဇောတွေက ဘဝသစ်ပဋိသန္ဓေအကျိုးကို ပေးတော့မယ်ဆိုလျှင် ထိုယောဂါဝစရရဟန်းတော်ရဲ့သန္တာန်မှာ မရဏာသန္နဇောသို့ မဆိုက်ရောက်မီ ဆိုက်ရောက်လုဆဲဆဲ အချိန်မှာ နတ်သားဘဝ သို့မဟုတ် နတ်သမီးဘဝဆိုတဲ့ ဘဝတစ်ခုခုကို ညွတ်ကိုင်းရှိုင်းနေတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ ဦးဆောင်နေတဲ့ စိတ်အစဉ်တွေဟာလည်း ဖြစ်ပေါ်ခဲ့ပါတယ်။ သင်္ခါရုပေက္ခာကံကဲ့သို့သော ကံကို ထူထောင်စဉ်မှာ အငုပ်ဓာတ်အနေဖြင့် ကိန်းဝပ်ကာ လိုက်ပါနေတဲ့ အရိယမဂ်ဖြင့် မပယ်ရှားရသေးတဲ့ အနုသယဓာတ်ရဲ့ စွမ်းအားကြောင့် ထိုကဲ့သို့ ညွတ်ကိုင်းရှိုင်းနေတဲ့ စိတ်အစဉ်တွေ ဖြစ်ပေါ်လာခြင်း ဖြစ်တယ်။ သို့သော် မရဏာသန္နဇောကတော့ သင်္ခါရတရားတွေရဲ့ အနိစ္စအခြင်း-အရာ သို့မဟုတ် ဒုက္ခအခြင်းအရာ သို့မဟုတ် အနတ္တအခြင်းအရာဆိုတဲ့ အခြင်းအရာတစ်မျိုးမျိုးကို အာရုံယူလျက် ရှိနေပါတယ်။ အဲဒီ မရဏာသန္နဇောက အာရုံယူထားတဲ့ အာရုံကိုပဲ ဘဝသစ်လို့ခေါ်ဆိုတဲ့ နတ်သားဘဝရဲ့ ပဋိသန္ဓေ ဘဝင် စုတိ နာမ်တရားတို့က ဆက်လက်ပြီး အာရုံယူကြတယ်။ ဘဝတစ်ခုမှာ အများဆုံး ဖြစ်လေ့ရှိတဲ့ ထိုနတ်သားရဲ့ အိမ်ရှင်ဘဝင်စိတ်ကိုယ်တိုင်က သင်္ခါရတရားတို့ရဲ့ အနိစ္စအခြင်းအရာ သို့မဟုတ် ဒုက္ခအခြင်းအရာ သို့မဟုတ် အနတ္တအခြင်းအရာဆိုတဲ့ အခြင်းအရာတစ်ခုခုကို အာရုံပြုနေတဲ့အတွက် = ထိုးထွင်းသိနေတဲ့အတွက် ထိုနတ်သားရဲ့သန္တာန်မှာ သင်္ခါရတရားပုဒ်အစုတို့ဟာ ရေထဲမှာ ဘူးတောင်းတွေပေါ်သလို ပေါလောကြီး ပေါ်နေတယ်။ ဒါကြောင့် ဘုရားရှင်က ဒီလို ဟောကြားတော်မူခြင်း ဖြစ်တယ် —

**သော မုဋ္ဌဿတိ ကာလံ ကုရုမာနော အညတရံ ဒေဝနိကာယံ ဥပပဇ္ဇတိ၊ တဿ တတ္ထ သုခိနော ဓမ္မပဒါ ပ္လဝန္တိ။ ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ သော သတ္တော ခိပ္ပံယေဝ ဝိသေသဂါမီ ဟောတိ။**[၁၆၂]

**သော** = ထိုရဟန်းတော်သည်။ **မုဋ္ဌဿတိ** = သတိလက်လွတ်သည်ဖြစ်၍။ **ကာလံ ကုရုမာနော** = ပျံလွန်တော်မူခဲ့သည်ရှိသော်။ **အညတရံ ဒေဝနိကာယံ** = အမှတ်မထား တစ်ပါးပါးသော နတ်ပြည် နတ်လောကသို့။ **ဥပပဇ္ဇတိ** = ပဋိသန္ဓေအားဖြင့် ကပ်ရောက်တည်နေရပေ၏။

ဒီနေရာမှာ — "သတိလက်လွတ်တယ်"ဆိုတဲ့ အချက်နှင့် ပတ်သက်လို့ အဋ္ဌကထာက ဒီလို ရှင်းပြထားတယ်။[၁၆၃]

ဒီနေရာမှာ သတိလက်လွတ်ပြီး ပျံလွန်တော်မူတယ်ဆိုတာက ဗုဒ္ဓဝစန အမည်ရတဲ့ ဘုရားရှင်ရဲ့ တရားစကားတော်တွေကို အဖန်ဖန် အထပ်ထပ် အောက်မေ့အမှတ်ရတတ် ရှုပွားသုံးသပ်တတ်တဲ့

[၁၆၂] အံ၊၁၊၃၀၅။

[၁၆၃] **မုဋ္ဌဿတိ ကာလံ ကုရုမာနော**တိ နယိဒံ ဗုဒ္ဓဝစနံ အနုဿရဏာဿတိယာ အဘာဝေန ဝုတ္တံ၊ ပုထုဇ္ဇနကာလ-ကိရိယံ ပန သန္ဓာယ ဝုတ္တံ။ ပုထုဇ္ဇနော ဟိ မုဋ္ဌဿတိ ကာလံ ကရောတိ နာမ။ (အံ၊ဋ္ဌ၊၂၊၃၆၄။)

သတိရဲ့မရှိမှုကို ရည်ရွယ်၍ ဟောကြားတော်မူခြင်း မဟုတ်ပါဘူး။ ပုထုဇန်အဖြစ်နဲ့ ကွယ်လွန်သွားရခြင်းကိုသာ ရည်ရွယ်တော်မူ၍ ဘုရားရှင်က ဟောကြားတော်မူခြင်း ဖြစ်တယ်။

မှန်ပေတယ် — ပုထုဇန်ဟာ သစ္စာလေးပါးကို အရိယမဂ်ဉာဏ်ဆိုတဲ့ အရိယမဂ္ဂသမ္မာဒိဋ္ဌိဖြင့် ထိုးထွင်းသိနိုင်လောက်အောင် အားကောင်းတဲ့ သတိက ကင်းနေသေးတဲ့အတွက် သတိလက်လွတ်ပြီး သေလွန်သည် မည်တယ်။ — ဒီလို အဋ္ဌကထာက ရှင်းပြထားတယ်။

ဒီလို သင်္ခါရုပေက္ခာဉာဏ်လောက်အထိ သမထ-ဝိပဿနာဘာဝနာတွေကို အာဂမသုတခေါ်တဲ့ သင်သိ, အဓိဂမသုတခေါ်တဲ့ ကျင့်သိ — ဤအသိနှစ်မျိုးဖြင့် အောင်မြင်စွာ လက်တွေ့ကျကျ ကျင့်သုံးပြီးတဲ့ ရဟန်းတော်တစ်ပါးဟာ မဂ်ဖိုလ်နိဗ္ဗာန်ကို မရရှိသေးမီ ပုထုဇန်ဘဝနှင့်ပဲ ပျံလွန်တော်မူသွားခဲ့မယ်ဆိုရင် နတ်ပြည်နတ်လောကတစ်ခုခုသို့ ရောက်ရှိသွားနိုင်တယ်။ ထိုနတ်ပြည် နတ်လောကမှာ သူဘာဖြစ်နိုင်သလဲ? — ဖြစ်နိုင်ပုံတွေကို ဘုရားရှင်က (၄)မျိုး ဆက်ဟောထားတော်မူပါတယ်။ နံပါတ် (၁)အချက်ကို နာကြည့်ကြရအောင် . . . ။

**တဿ တတ္ထ သုခိနော ဓမ္မပဒါ ပ္လဝန္တိ။**

**တတ္ထ** = ထိုနတ်ပြည်နတ်လောက၌။ **သုခိနော** = ချမ်းသာခြင်းရှိသော။ **တဿ** = ထိုနတ်သားဖြစ်သော သတ္တဝါရဲ့သန္တာန်၌။ **ဓမ္မပဒါ** = တရားပုဒ်အစုတို့သည်။ **ပ္လဝန္တိ** = ထင်ရှားပေါ်လွင်၍ လာကြလေကုန်၏။

ဟို - ရှေ့ပိုင်းက ပြောခဲ့တဲ့အတိုင်းပဲ အတိတ်လူ့ပြည်လူ့လောက ရဟန်းဘဝတုန်းက မရဏာသန္နဇောက သင်္ခါရတရားတွေရဲ့ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာတစ်ခုခုကို အာရုံပြုလေတော့ ဒီနတ်သားဖြစ်တဲ့ သတ္တဝါရဲ့ ပဋိသန္ဓေ ဘဝင် စုတိတို့ကလည်း ဒီသင်္ခါရတရားတွေရဲ့ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာတစ်မျိုးမျိုးကိုပဲ ထပ်ပြီး အာရုံပြုကြတယ်။ ဒီအမွေအနှစ်ကိုပဲ ခံယူကြတယ်။ ဒီတော့ ဘဝတစ်လျှောက်မှာ အများဆုံး ဖြစ်နေတဲ့ ဖြစ်လေ့ရှိတဲ့ အိမ်ရှင်ဘဝင်စိတ်ကိုယ်တိုင်က သင်္ခါရတရားတွေကိုရော ဒီသင်္ခါရတရားတွေရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တွေထဲက တစ်မျိုးမျိုးသော အခြင်းအရာကိုရော သိနေတယ်။ အိမ်ရှင်ဘဝင်စိတ်ကိုယ်တိုင်က သင်္ခါရတရားတွေကို ယခုလို အာရုံယူနိုင်တဲ့အတွက် နတ်ပြည်နတ်လောကသို့ ရောက်သစ်စဖြစ်တဲ့ ကိုယ်ထင်ရှားဘွားကနဲဖြစ်ပေါ်လာတဲ့ ထိုနတ်သားသတ္တဝါရဲ့သန္တာန်မှာ ရေပေါ်မှာ ဘူးတောင်းတွေ ပေါလောပေါ်နေသလို သင်္ခါရတရားပုဒ်အစုတွေဟာ ပေါလောကြီး ပေါ်နေတယ်။ သူရဲ့ အသိဉာဏ်မှာ သင်္ခါရတရားပုဒ်အစုတွေဟာ အလွန်ကြီး ထင်ရှားနေကြတယ်။

နောက်တစ်ခု သတိပြုစရာ ရှိသေးတယ်။ အတိတ်ရဟန်းဘဝ မရဏာသန္နဇောနှင့် နတ်သားဘဝ ပဋိသန္ဓေဘဝင်တို့ဟာ ဘဝခြားနေပေမဲ့လို့ စိတ္တက္ခဏအားဖြင့် ကြည့်ရင်တော့ အလွန်ကြီး မဝေးကွာလှပါဘူး။ စက္ကန့်ပိုင်းလောက်တောင် ရှိချင်မှ ရှိမယ်။ ဒါကြောင့် ဒီသင်္ခါရတရားတွေရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တွေကို သိနေတဲ့ ဝိပဿနာဇောတွေရဲ့ အရှိန်အဝါတွေဟာ

အလွန်အားကောင်းနေသေးတဲ့ အချိန်အခါမျိုးလည်း ဖြစ်နေသေးတယ်ဆိုတာကို သတိပြုထားပါ။ ဒီတော့ ဒီနတ်သားရဲ့ အသိဉာဏ်မှာ သင်္ခါရတရားပုဒ်အစုတို့ဟာ ပေါ်လောကြီး ပေါ်နေတဲ့အတွက် ဘာဖြစ်သွားနိုင်သလဲ? ဘုရားရှင်က ဆက်လက် ဟောတော်မူပြန်တယ်။

**ဒန္ဓော ဘိက္ခဝေ သတုပ္ပါဒေါ၊ အထ သော သတ္တော ခိပ္ပံယေဝ ဝိသေသဂါမီ ဟောတိ။**[၃၆၄]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **သတုပ္ပါဒေါ** = တရားတော်ကို အစဉ်လျှောက်၍ အောက်မေ့တတ် ရှုပွားတတ်သော ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော သတိ၏ဖြစ်ပေါ်ခြင်းသည်။ **ဒန္ဓော** = နှံ့နှေးလှသေး၏။ **အထ** = တကယ်စင်စစ်မှာမူကား။ **သော သတ္တော** = ထိုနတ်သားဖြစ်သော သတ္တဝါသည်။ **ခိပ္ပံယေဝ** = လျင်မြန်စွာသာလျှင်။ **ဝိသေသဂါမီ** = မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ တရားထူး တရားမြတ်ကို ရလေ့ရှိသည်။ **ဟောတိ** = ဖြစ်ပေ၏။

သင်္ခါရတရားပုဒ်အစုတွေက ပေါ်လောကြီး ပေါ်နေတဲ့အတွက် ဒီသင်္ခါရတရားတွေကို တစ်ဖန်ပြန်ပြီး ဝိပဿနာရှုလိုက်တဲ့အခါ ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲနေတဲ့ သတိရဲ့ဖြစ်ပေါ်တာက နှံ့နှေးသေးတယ်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ဆိုတဲ့ တရားထူး တရားမြတ်ကို လျင်လျင်မြန်မြန်ကြီး ရရှိနိုင်တယ်လို့ ဘုရားရှင်က ဟောကြားထားတော်မူပါတယ်။ အလွန်ခိုင်လုံတဲ့ အာမခံချက်တစ်ခု ဖြစ်တယ်။ စိတ်အချရဆုံး အာမခံလုပ်ငန်းတစ်ခုလည်း ဖြစ်တယ်။

ဒါတွင်ပဲလားဆိုတော့ — မကသေးဘူး။ ဘုရားရှင်က ဒုတိယအချက် တစ်မျိုးကိုလည်း ဆက်လက်ကာ ဟောကြားထားတော်မူပါသေးတယ်။

## ဓမ္မကထိကရဟန်းတော် ဟောကြားတဲ့တရားကို နာကြားရလျှင်

အကယ်၍ နတ်သားအသစ်ဖြစ်တဲ့ သတ္တဝါရဲ့သန္တာန်မှာ သင်္ခါရတရားပုဒ်အစုတွေက ပေါ်လောကြီး ပေါ်မလာဘူးဆိုရင် တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံတဲ့ လူသား ဓမ္မကထိကရဟန်းတော်တစ်ပါးက နတ်ပြည်နတ်လောကသို့ တက်၍ တရားဟောတော်မူတဲ့အခါ တရားနာရင်းနဲ့ ထိုနတ်သားဟာ လူ့ပြည်လူ့လောက ရဟန်းဘဝက မိမိဖြည့်ကျင့်ခဲ့တဲ့ သမထ-ဝိပဿနာကျင့်စဉ်တွေကို ပြန်ပြီး အမှတ်ရနိုင်တယ်။ အမှတ်ရတဲ့အတိုင်း သမထ-ဝိပဿနာဘာဝနာတွေကို ဆက်လက်ပြီး ကြိုးစားအားထုတ်လိုက်ရင် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်လျင်မြန်မြန်ကြီး ရနိုင်တယ်လို့ ဘုရားရှင်က ဆက်လက် ဟောကြားထားတော်မူပြန်တယ်။

## ဓမ္မကထိကနတ်သား ဟောကြားတဲ့တရားကို နာကြားရလျှင်

နောက်တစ်ခုက တတိယအာမခံချက်ပဲ — အကယ်၍ ထိုနတ်သားအသစ်ဖြစ်တဲ့ သတ္တဝါရဲ့ သန္တာန်မှာ သင်္ခါရတရားပုဒ်အစုတွေကလည်း ပေါ်လောပေါ်မလာဘူး, ဓမ္မကထိကရဟန်းတော် တစ်ပါးနှင့်လည်း မကြုံကြိုက်၍ တရားမနာရဘူးဆိုရင် သနင်္ကုမာရဗြဟ္မာကဲ့သို့သော နတ်သား

[၃၆၄] အံ၊၁၊၃၀၅။

ဓမ္မကထိကတစ်ဦးဦးရဲ့ တရားတော်ကို နာကြားခွင့်ရတဲ့အခါ လူ့ပြည်လူ့လောက ရဟန်းဘဝတုန်းက မိမိအားထုတ်ခဲ့တဲ့ သမထ-ဝိပဿနာဘာဝနာ လုပ်ငန်းရပ်တွေကို ပြန်ပြီး အမှတ်ရနိုင်တယ်။ အမှတ်ရသည်နှင့် တစ်ပြိုင်နက် သမထ-ဝိပဿနာဘာဝနာတွေကို ဆက်လက် ကြိုးပမ်းလိုက်ရင် သင်္ခါရ-တရားတွေကို အောက်မေ့တတ် ရှုပွားသိမ်းဆည်းတတ်တဲ့ ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲနေတဲ့ သတိရဲ့ ဖြစ်ပေါ်ခြင်းက နှံ့နှေးလှသေးတယ်။ တကယ်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်လျင်မြန်မြန်-ကြီး ရရှိနိုင်တယ်လို့ ဘုရားရှင်က ဆက်လက် ဟောကြားထားတော်မူပြန်တယ်။

## သီတင်းသုံးဖော်နတ်သားတစ်ဦးဦးနှင့် တွေ့ရလျှင်

နောက်တစ်ခုကတော့ စတုတ္ထအာမခံချက်ပဲ — အကယ်၍ နတ်သားအသစ်ဖြစ်တဲ့ သတ္တဝါရဲ့ သန္တာန်မှာ သင်္ခါရတရားပုဒ်အစုတွေက ပေါ်လောကြီး ပေါ်မလာဘူးဆိုရင်, ဓမ္မကထိကရဟန်းတော် ဓမ္မကထိကနတ်သားတို့ရဲ့ တရားတော်ကို နာကြားခွင့်နှင့်လည်း မကြုံကြိုက်ခဲ့ဘူးဆိုရင် — လူ့ပြည်လူ့လောက ရဟန်းဘဝတုန်းက မိမိနှင့် တရားကျင့်ဖော်ကျင့်ဖက် သီတင်းသုံးဖော်ပုဂ္ဂိုလ်တစ်ဦးက မိမိထက်အရင် ပျံလွန်တော်မူပြီး နတ်ပြည်နတ်လောကကို အရင်ရောက်ရှိနေမယ် ဆိုကြစို့၊ ထိုအရင်-ရောက်နှင့်တဲ့ နတ်သားက နောက်မှရောက်လာတဲ့ နတ်သားအသစ်ဖြစ်တဲ့ မိမိကို လူ့ပြည်လူ့လောက ရဟန်းဘဝတုန်းက ကျင့်ခဲ့တဲ့တရားတွေကို ပြန်လည်အမှတ်ရဖို့ရန် သတိပေးလိုက်တဲ့အခါ မိမိ ရှုပွားသုံးသပ်ခဲ့တဲ့ တရားဓမ္မတွေကို လျင်လျင်မြန်မြန်ကြီး ပြန်သတိရနိုင်တယ်။ သတိရတဲ့အတိုင်း သမထ-ဝိပဿနာဘာဝနာတွေကို ဆက်လက် ကြိုးပမ်းလိုက်ရင် သင်္ခါရတရားတွေကို အောက်မေ့-တတ် အမှတ်ရတတ်တဲ့ ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲနေတဲ့ သတိရဲ့ ဖြစ်ပေါ်ခြင်းက နှံ့နှေးသေးတယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို လျင်လျင်မြန်မြန်ကြီး ရရှိနိုင်တယ်လို့လည်း ဘုရားရှင်က ဆက်လက် ဟောကြားထားတော်မူပြန်တယ်။ အလွန် အဆင့်အတန်းမြင့်မားလှတဲ့ အလွန်ခိုင်မာတဲ့ အာမခံ လုပ်ငန်းရပ်တွေပဲ ဖြစ်ကြတယ်။

ဒီအကျိုးတရားတွေဟာ ကုသိုလ်တရား အကုသိုလ်တရားတွေကို ခွဲခြားသိလို့ အကုသိုလ်ကို ရှောင်ကြဉ်ပြီး ကုသိုလ်ကို လိုက်နာပြုကျင့်နိုင်လို့ အားကိုးထိုက်တဲ့ အဆင့်သို့ရောက်အောင် ကြိုးစားနိုင်လို့ ရရှိတဲ့ အကျိုးတရားတွေပဲ။

ဒါတွင်ပဲလားဆိုတော့ – မကသေးပါဘူး။ အကယ်၍ သမထ-ဝိပဿနာဘာဝနာကုသိုလ်တွေကို စနစ်တကျ ကြိုးစားလိုက်လို့ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်အထိ ဆိုက်ခဲ့မယ်ဆိုရင် အဲဒီ သောတာပန်သူတော်ကောင်းဟာ အပါယ်သံသရာကြီးမှ ကွင်းလုံးကျွတ် လွတ်မြောက်ပြီ ဖြစ်တယ်။

**ပမတ္တဿ စ နာမ စတ္တာရော အပါယာ သကဂေဟသဒိသာ၊**[၃၆၅]

သမထ-ဝိပဿနာ အစဖြာသည့် ကုသိုလ်တရားတို့၌ မေ့မေ့လျော့လျော့ နေထိုင်တဲ့ ပုဂ္ဂိုလ်တွေအဖို့ အပါယ်လေးဘုံတို့ဟာ ကိုယ့်အိုးကိုယ့်အိမ်နှင့် တူတယ် — တဲ့။

[၃၆၅] ဓမ္မပဒ၊၌၁၁၆။

သတ္တဝါတွေဟာ သံသရာခရီးကျင်လည်ခိုက်မှာ အပါယ်လေးဘုံသံသရာမှာသာ ယေဘုယျ အားဖြင့် အနေများခဲ့ကြတယ်၊ သုဂတိသံသရာဆိုတာကတော့ တစ်ခါတစ်ရံမှ အလည်အပတ်ရောက် လာတဲ့ သဘောလောက်သာ ရှိပါတယ်။ ဒါကြောင့် အပါယ်လေးဘုံမှ အပြီးတိုင် လွတ်မြောက်ဖို့ ဆိုတာ အလွန်ခက်ခဲတဲ့ လုပ်ငန်းရပ်တစ်ခု ဖြစ်ပါတယ်။ လွတ်မြောက်ဖို့ရန် ဒီလောက်ခက်ခဲတဲ့ အပါယ်လေးဘုံမှ အပြီးတိုင် ကျွတ်လွတ်ထွက်မြောက်ဖို့ရန် သောတာပတ္တိမဂ်ကုသိုလ်ကဲ့သို့သော ကုသိုလ်တရားတစ်ခု ထင်ရှားရှိတယ်ဆိုရင် ဒီကုသိုလ်မျိုးတွေကို ရအောင်ယူထားဖို့ မကောင်းဘူး လား။ သိပ်ကောင်းတယ်၊ သိပ်ကောင်းတယ်။ အရိယမဂ်ကုသိုလ်လို အဆင့်မြင့်တဲ့ ကုသိုလ်တွေကို ရရှိဖို့ဆိုတာ သီလကုသိုလ် သမာဓိကုသိုလ် ဝိပဿနာကုသိုလ်တွေနှင့် ကင်းပြီး ရရှိနိုင်တဲ့သဘော မရှိဘူး။ ဒီသီလကျင့်စဉ် သမာဓိကျင့်စဉ် ဝိပဿနာကျင့်စဉ်တွေကို စနစ်တကျ ကျင့်ဖို့ဆိုတာကလည်း သာဝကတစ်ဦးအဖို့ ဆရာသမားနှင့် ကင်းပြီး ရရှိနိုင်တဲ့ သဘာဝတစ်ခုတော့ မဟုတ်ဘူး။ ဒါကြောင့် ပညာရှိသူတော်ကောင်းတွေထံ ချဉ်းကပ်ပြီး ကုသိုလ် အကုသိုလ်ကို ခွဲခြားသိအောင် ကြိုးစားဖို့လည်း လိုတယ်။ သိပြီးတဲ့အခါ အကုသိုလ်ကိုရှောင်ပြီး ကုသိုလ်ကိုလည်း အရိယမဂ်ဉာဏ်ဆိုတဲ့ အထွတ် အထိပ်ကို ရောက်အောင် ကြိုးစားဖို့ သိပ်ကောင်းတယ်။

နောက်တစ်ခု ပြောဦးမယ် — အကယ်၍ သကဒါဂါမိမဂ်ကုသိုလ်အထိ ဆိုက်အောင် အားထုတ် နိုင်ခဲ့ရင် ဒီလူ့ပြည်လူ့လောကကို တစ်ကြိမ်ပဲ ပြန်လာခွင့် အလွန်ဆုံး ရှိနိုင်တယ်။ အကယ်၍ အနာဂါမိမဂ်ကုသိုလ်ကို ဆိုက်တဲ့အထိ ကြိုးစားနိုင်ခဲ့ရင် ကာမ (၁၁)ဘုံမှ ကွင်းလုံးကျွတ် လွတ်သွား-မယ်။ အကယ်၍ အရဟတ္တမဂ်ကုသိုလ်ကို ဆိုက်တဲ့အထိ ကြိုးစားနိုင်ခဲ့ရင်တော့ (၃၁)ဘုံမှ ကွင်းလုံး ကျွတ်လွတ်ပြီ၊ အိုဘေးဆိုးကြီးမှ အပြီးတိုင် လွတ်ပြီ၊ နာဘေးဆိုးကြီးမှ အပြီးတိုင် လွတ်ပြီ၊ သေဘေး ဆိုးကြီးမှ အပြီးတိုင် လွတ်ပြီ၊ ပဋိသန္ဓေ အဖန်ဖန် အထပ်ထပ် တည်နေရခြင်း ဇာတိဘေးဆိုးကြီး မှ အပြီးတိုင် လွတ်ပြီ၊ သိပ်အားရစရာကောင်းတယ်။ အမွန်မြတ်ဆုံး အာမခံလုပ်ငန်းရပ်တွေပဲ ဖြစ်ကြတယ်၊ အမွန်မြတ်ဆုံး ကုသိုလ်တွေ ဖြစ်ကြတယ်။

အကယ်၍ ကြိုးစားသော်လည်း အရိယမဂ်ဉာဏ်သို့ မဆိုက်ရောက်ခဲ့လို့ ပုထုဇန်အဖြစ်နဲ့ သံသရာခရီးကို ဆက်ရဦးမယ်ဆိုရင် ခုနက ပြောခဲ့တဲ့ **သောတာနုဂတသုတ္တန်**မှာ လာရှိတဲ့အတိုင်း နတ်ပြည်နတ်လောကမှာ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လျင်လျင်မြန်မြန်ကြီး ရရှိနိုင်ပါတယ်။

ဒါကြောင့် — ပုဂ္ဂိုလ်တစ်ဦးက ဘယ်ဟာ ကုသိုလ်တရားလဲ? ဘယ်ဟာ အကုသိုလ်တရားလဲ? စသည်ဖြင့် ကုသိုလ်, အကုသိုလ်တွေကို ခွဲခြမ်းစိတ်ဖြာပြီး သိအောင် ဆရာသမားထံမှာ ချဉ်းကပ် လေ့လာပြီးတော့ ဒီကုသိုလ်တရားတွေကို မိမိသန္တာန်၌ ကိန်းဝပ်တည်နေလာအောင် ကြိုးစားသင့် တယ်။ ဘယ်လိုကုသိုလ်တွေကို ကြိုးစားရမှာလဲ?— ဒါနကုသိုလ်, သီလကုသိုလ်, သမထကုသိုလ်, ဝိပဿနာကုသိုလ်ဆိုတဲ့ ဒီကုသိုလ်တွေကို မိမိရဲ့ ရုပ်နာမ်သန္တာန်အစဉ်မှာ ကိန်းဝပ်တည်နေလာ အောင် ကြိုးစားရမယ်။ ဒီလို ပါရမီဖြည့်နေတဲ့ သူတော်ကောင်းဟာ ဘယ်ဘဝရောက်ရောက် ဉာဏ်ပညာကြီးမားတဲ့ ပုဂ္ဂိုလ်, ဉာဏ်ပညာကြီးမားတဲ့ သူတော်ကောင်းဖြစ်ဖို့ သိပ်လွယ်သွားပြီ၊ ဒါဟာ

ဉာဏ်ပညာကြီးမားခြင်းရဲ့ အကြောင်းပဲ။

ဒီလိုဆိုရင် မိမိက သံသရာခရီး ဆက်ရဦးမှာ ရှိနေသေးလို့ သံသရာခရီးတစ်ခုက မိမိကို ဆီးကြိုမယ်ဆိုရင် ဉာဏ်ပညာထုံထိုင်းတဲ့ပုဂ္ဂိုလ် ဖြစ်ရတာနှင့် ဉာဏ်ပညာကြီးမားတဲ့ပုဂ္ဂိုလ် ဖြစ်ရတာ ဘယ်ဒင်းက ကောင်းသလဲ? ဉာဏ်ပညာကြီးမားတာက ကောင်းတယ်၊ ဒီလိုဆို ဉာဏ်ပညာကြီးမားတဲ့ သူတော်ကောင်းတစ်ဦး ဖြစ်ချင်တယ်ဆိုရင် ဘာလုပ်ရမလဲ? ဒါနကုသိုလ် သီလကုသိုလ် သမထ-ကုသိုလ် ဝိပဿနာကုသိုလ်ဟု ခေါ်ဆိုအပ်တဲ့ ဒီကုသိုလ်တရားတွေကို မိမိ၏ ရုပ်နာမ်သန္တာန်အစဉ်မှာ ကိန်းဝပ်လာအောင် ကြိုးစားပါလို့ ဘုရားရှင်က တိုက်တွန်းထားတော်မူပါတယ်။ ဒီလို လုပ်ငန်းမျိုးဟာ ပါရမီဖြည့်နေတဲ့ လုပ်ငန်းပဲ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်တော့ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲနေ-တာပဲ၊ မိမိတို့ရဲ့ စိတ်ဓာတ်က **“ပါပသ္မိံ ရမတိ မနော”** – ဆိုတဲ့အတိုင်း မကောင်းမှုအကုသိုလ်တွေနှင့် မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်နေတဲ့ စိတ်ဓာတ် ဖြစ်ပါတယ်၊ ဒီစိတ်ဓာတ်ကို ကောင်းမှုကုသိုလ်တရား ဘက်မှာ မွေ့လျော်ပျော်ပိုက် နှစ်ခြိုက်လာအောင် မိမိတို့က ဘာလုပ်ရမလဲ? ပြုပြင်ပြောင်းလဲပေးဖို့ လိုတယ်၊ အဲဒီလို ပြုပြင်ပြောင်းလဲမှု မလုပ်ခဲ့ဘူးဆိုလို့ရှိရင် မိမွေးတိုင်း ဖမွေးတိုင်း နေခဲ့မယ်ဆိုရင်တော့ ဘာဖြစ်မလဲ? မကောင်းတဲ့ ဒီအကုသိုလ်တရားတွေက ဘာလုပ်မလဲ?

**န ဟိ ဓမ္မော အဓမ္မော စ၊ ဥဘော သမဝိပါကိနော။**
**အဓမ္မော နိရယံ နေတိ၊ ဓမ္မော ပါပေတိ သုဂ္ဂတိံ။**[၃၆၆]

ဓမ္မနှင့် အဓမ္မ, ကုသိုလ်နှင့် အကုသိုလ် နှစ်မျိုးရှိတဲ့အနက်က အဓမ္မလို့ ခေါ်ဆိုအပ်တဲ့ မသူတော်တရား အကုသိုလ်တရားတွေက ငရဲသို့ ရောက်အောင် ပို့ဆောင်ပေးမယ်၊ ဓမ္မလို့ ခေါ်ဆိုအပ်တဲ့ ကုသိုလ်တရားတွေက ကောင်းရာသုဂတိသို့ ရောက်အောင် ပို့ဆောင်ပေးမှာ ဖြစ်တယ်။ ဒီတော့ မိမိတို့က ကောင်းရာသုဂတိကို လိုလားတောင့်တခဲ့တယ်ဆိုရင် ထိုကောင်းရာသုဂတိမှာလည်း ဉာဏ်-ပညာကြီးမားတဲ့ သူတော်ကောင်း အဆင့်အတန်းမြင့်မားတဲ့ သူတော်ကောင်းတစ်ဦး ဖြစ်ချင်ပါတယ်ဆိုရင် မိမိတို့ရဲ့ စိတ်ဓာတ်တွေမှာ အကုသိုလ်တရားတွေ ကိန်းဝပ်တည်နေမှု မရှိအောင်၊ ဒါန, သီလ, သမထ, ဝိပဿနာ အစဖြာသည့် ကုသိုလ်တရားတွေသာ အမြဲတမ်း ကိန်းဝပ်တည်နေမှု ရှိအောင် ပြုပြင်ပြောင်းလဲပေးဖို့ မလိုဘူးလား? လိုအပ်နေတယ်၊ အကယ်၍ မပြုပြင်ဘဲ နေခဲ့မယ်ဆိုရင် ဘာဖြစ်မလဲ?

ဒီတရားအစတုန်းက နိဒါန်းချီခဲ့တဲ့ တရားစကားကလေးကို အမှတ်ရပါ။ ဒီစကားရပ်နှင့် ဆက်စပ်ပြီးတော့ **အဋ္ဌကထာ**[၃၆၇]က ဖွင့်ဆိုထားပါတယ်၊ လည်ပင်းမှာ ဘာဖြစ်သလဲ – ဒိဋ္ဌိဆိုတဲ့ တောက်ကြီးကို ဆွဲထားတယ်၊ ငါပဲ သူပဲ ယောက်ျားပဲ မိန်းမပဲ ပုဂ္ဂိုလ်ပဲ သတ္တဝါပဲ သားပဲ သမီးပဲ ဇနီးပဲ မြေးပဲ မြစ်ပဲ စတဲ့ ဒီလို စွဲလမ်းယုံကြည်ချက် သက္ကာယဒိဋ္ဌိတောက်ကြီးကို လည်ပင်းမှာ

---

[၃၆၆] ခု၊၅၊၃၅၇။ ခု၊၁၀၊၁၅၇။
[၃၆၇] ယသ္မာ ဒိဋ္ဌိဂဒ္ဒုလနိဿိတာယ တဏှာရဇ္ဇုယာ သက္ကာယထမ္ဘေ ဥပနိဗဒ္ဓေါ ဝဋ္ဋနိဿိတော ဗာလပုထုဇ္ဇနော သဗ္ဗိရိယာပထေသု ခန္ဓပဉ္စကံ နိဿာယေဝ ပဝတ္တတိ။ (သံ၊ဋ္ဌ၊၂၊၂၉၉။)

ဆွဲထားတယ်၊ ဆွဲထားပြီးတော့ ငါ့သား ငါ့သမီး ငါ့ဇနီး ငါ့မြေး ငါ့ပစ္စည်း ဆိုတဲ့ တဏှာတည်းဟူသော ကြိုးဖြင့်လည်း ထပ်ပြီးတော့ တိုင်တစ်တိုင်မှာ ချည်ထားတယ်၊ ဘယ်တိုင်လဲ? ခန္ဓာငါးပါးလို့ ခေါ်ဆို အပ်တဲ့ သက္ကာယတိုင်ကြီးမှာ ချည်ထားတယ်၊ အဲဒီလို အချည်ခံနေရတဲ့, ခန္ဓာငါးပါး ရုပ်နာမ်တရား တို့ရဲ့ ပရမတ္ထဓမ္မသဘာဝကို ဟုတ်တိုင်းမှန်စွာ ထွင်းဖောက်မသိတဲ့ ဒီပုထုဇန်ငမိုက်သားဟာ လျောင်း, ထိုင်, ရပ်, သွား, လေးပါးသော ဣရိယာပုထ်တွေမှာ သူဖြစ်အောင် ကြိုးစားအားထုတ်နိုင်ခဲ့ရင် ဘာကိုသာဖြစ်အောင် ကြိုးစားအားထုတ်နိုင်သလဲ? ခန္ဓာငါးပါး ရုပ်နာမ်တရားပဲ၊ အဲဒီ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကိုသာဖြစ်အောင် ကြိုးစားအားထုတ်နိုင်မှာဖြစ်တယ်၊ ဘာကြောင့်လဲ? ဒိဋ္ဌိဆိုတဲ့ တောက်ကြီးကို လည်ပင်းမှာ ဆွဲထားပြီး ခန္ဓာငါးပါးဆိုတဲ့ ချည်တိုင်မှာ တဏှာဆိုတဲ့ ကြိုးနှင့် ခိုင်ခိုင်ခံ့ခံ့ ချည်ထားတဲ့အတွက် နေ့စဉ် သူပြုသမျှ ပြောသမျှ ကြံစည်သမျှ ကာယကံမှု ဝစီကံမှု မနောကံမှု တွေဟာ ခန္ဓာငါးပါးကိုသာ ဖြစ်စေနိုင်တဲ့ စွမ်းအား ရှိတယ်။ အဲဒီလို ခန္ဓာငါးပါးကိုဖြစ်အောင် ကြိုးစား အားထုတ်တဲ့အပိုင်းမှာ မိမိတို့ဘက်က လိမ္မာကျွမ်းကျင်မှု မရှိခဲ့ဘူးဆိုရင် ဘာဖြစ်မလဲ? မီးများတော့ မီးနိုင်တယ်၊ ရေများတော့ ရေနိုင်တယ်၊ အဲဒီ ပုံစံကလေးတစ်ခုကို **အဋ္ဌကထာ**[၃၆၈]က ဖွင့်ဆိုထား ပါတယ်။

✧ ✧ ✧ ✧ ✧ ✧ ✧

---

[၃၆၈] အဘိ၊ဋ္ဌ၊၁၊၃၀၈။

လူတို့ကိစ္စ၊ လူ့လောကဌ်၊ ပြုသမျှမျိုး၊ ပြစ်, အကျိုးတို့၊ ကောင်းဆိုး အတိ၊ မြဲ မရှိဘူး၊ လောကီထုံးစံ၊ လောကဓံကား၊ မကြိုလည်း ဖြစ်၊ ကြိုလည်း နစ်၏၊ စင်စစ် မှတ်သား မယုံမှားနှင့်၊ ယောက်ျားတကာ၊ အားထုတ် ရာသည့်၊ ကြီးစွာ လုံ့လ၊ ဝါယာမမူ၊ မချ ကောင်းချေ၊ မသေမချင်း၊ ပြုအပ်လျှင်း၏၊ မယွင်းမှန်လှ၊ ဤလောကဌ်၊ လုံ့လမမူ၊ နတ် မကူဘူး၊ လူလည်းလုံ့လ၊ နတ်လည်းမ၏။

(မဃဒေဝ၊ စာပိုဒ်၊ ၂၁၂။)

# ဥဿဒကိတ္တနကထာပိုင်း

**ဥဿဒကိတ္တနကထာပိုင်း**

လူ့ဘဝရောက်ကြောင်း ကံတွေကို တစ်ချိန်က ပြုစုပျိုးထောင်ခဲ့ကြတယ်၊ အဲ့ဒီလို ကံတွေကို ပြုစုပျိုးထောင်စဉ် အချိန်အခါတည်းက လောဘထူပြောတဲ့ သတ္တဝါတွေဖြစ်အောင်, ဒေါသထူပြောတဲ့ သတ္တဝါတွေဖြစ်အောင်, မောဟထူပြောတဲ့ သတ္တဝါတွေဖြစ်အောင် ဒါ မကောင်းတဲ့ဘက်က၊ ကောင်းတဲ့ဘက်ကဆိုရင်လည်း . . . အလောဘဓာတ်တွေ ထူပြောတဲ့ သတ္တဝါဖြစ်အောင်, အဒေါသဓာတ် မေတ္တာဓာတ်တွေ ထူပြောတဲ့ သတ္တဝါဖြစ်အောင်, အမောဟဓာတ် ပညာဓာတ်တွေ အားကောင်းတဲ့ သတ္တဝါဖြစ်အောင် ဒီကံတွေမှာ စွမ်းအင်သတ္တိတွေက ထူးထွေကွဲလွဲမှု ရှိလာတယ်။ လူ့ဘဝရောက်ကြောင်းကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါတည်းက ဒီ ကွဲပြားမှု ရှိနေတယ်။

(စာမျက်နှာ၊ ၄၁၁–၄၁၂။)

# ဥဿဒကိတ္တနကထာပိုင်း

## မီးများတော့ မီးနိုင်, ရေများတော့ ရေနိုင်

ဥဿဒကိတ္တနကထာဆိုပြီး အဋ္ဌသာလိနီ အဋ္ဌကထာ,[၃၆၉] ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ[၃၇၀]တို့မှာ ဖွင့်ဆိုထားကြပါတယ်။ ဒီအပိုင်းကလေးကတော့ စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးအပိုင်းမှာ အင်မတန်မှတ်သားဖွယ်ကောင်းတဲ့ အပိုင်းကဏ္ဍတစ်ခု ဖြစ်ပါတယ်။ ဥဿဒကိတ္တနသဘောဆိုတာကတော့ မီးများရင် မီးနိုင်တယ်၊ ရေများရင် ရေနိုင်တယ်ဆိုတဲ့သဘောကို ဖော်ပြတာပဲ၊ အဘိဓမ္မာစည်းကမ်းတစ်ခုပဲပေါ့။ အဲဒီတော့ အဋ္ဌကထာတို့ရဲ့ ဖွင့်ဆိုချက်ကို နာကြည့်ကြရအောင် . . . ။

**ကမ္မာယူဟိ သတ္တာနံ လောဘောပိ ဥဿန္နော ဟောတိ၊ ဒေါသောပိ မောဟောပိ အလော-ဘောပိ အဒေါသောပိ အမောဟောပိ။**[၃၇၁]

သတ္တဝါတွေရဲ့သန္တာန်မှာ လောဘတရားတွေ ထူပြောနေတာလည်း ရှိတယ်၊ ဒေါသတရားတွေ ထူပြောနေတာလည်း ရှိတယ်၊ မောဟတရားတွေ ထူပြောနေတာလည်း ရှိတယ်။ လောဘ ဒေါသ မောဟဆိုတာ မကောင်းတဲ့ဘက်က အကုသိုလ်တရားတို့ရဲ့ မူလအခြေခံအကြောင်းရင်းတရား သုံးခုပဲ။ ကောင်းတဲ့ဘက်ကျတော့လည်း အလောဘ အဒေါသ အမောဟ ထူပြောတာလည်း ရှိတယ်။ ငါ့သား ငါ့သမီး ငါ့ဇနီး ငါ့ပစ္စည်း စသည်ဖြင့် သိပ်ပြီး လိုလားတပ်မက်နေတဲ့ သဘောကို ဘာခေါ်သလဲ? **လောဘ**၊

**အလောဘ**ဆိုတာက ဒီလိုတွယ်တာတပ်မက်မှု မရှိဘူး၊ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုအပေါ်မှာ တွယ်တာတပ်မက်မှု မရှိဘူး၊ ရက်ရက်ရောရော စွန့်လွှတ်နိုင်တဲ့ စွမ်းအား ရှိတယ်။ လောဘက တစ်ဖက်, အလောဘက တစ်ဖက် — ဆန့်ကျင်ဘက် တစ်စုံ ဖြစ်တယ်။ နောက်တစ်ခု —

**ဒေါသ**ဆိုတာက စိတ်ဓာတ်ခက်ထန်ကြမ်းတမ်းတဲ့သဘော၊ **အဒေါသ**က မေတ္တာဓာတ်နှင့် ယှဉ်နေတယ်၊ မည်သည့်သတ္တဝါကိုမဆို တွေ့လိုက်တိုင်း မိမိက နည်းမှန်လမ်းမှန် နှလုံးသွင်းတတ်တဲ့ ယောနိသောမနသိကာရကို ရှေ့ထားပြီးတော့ အမြဲတမ်း နှလုံးသွင်းမှန်နေတယ်၊ မေတ္တာတရား ရှိတယ်။ သတ္တဝါတစ်ဦးနှင့် တွေ့ကြုံလိုက်ပြီး “ဘေးရန် ကင်းပါစေ၊ စိတ်ဆင်းရဲ ကင်းပါစေ၊ ကိုယ်ဆင်းရဲ ကင်းပါစေ၊ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာဖြင့် မိမိ၏ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ပါစေ”လို့

[၃၆၉] အဘိဋ္ဌ၊၁၊၃၀၈ [၃၇၀] ဝိသုဒ္ဓိ၊၁၊၉၉-၁၀၁။ [၃၇၁] အဘိဋ္ဌ၊၁၊၃၀၈။ ဝိသုဒ္ဓိ၊၁၊၉၉-၁၀၁။

ဆိုတဲ့ အဲဒီစိတ်ထားကလေးတစ်ခု ဖြစ်ပေါ်လာတယ်။ ပြန်စဉ်းစားကြည့်စမ်း၊ အဲဒီစိတ်ထားရှိနေတဲ့ သူတော်ကောင်းရဲ့ နှလုံးအိမ်အတွင်းမှာ အေးချမ်းမှု ပေါ်မလာနိုင်ဘူးလား? ပေါ်လာနိုင်တယ်။

"သင်း သေခြင်းဆိုးနဲ့ သေပါစေ" ဟော - ဒီစိတ်ထားတစ်ခုကို ကြည့်ပါ။ ဘယ်ဒင်းက ပိုကောင်းသလဲ? အဲဒီသေခြင်းဆိုးနဲ့ သေပါစေဆိုတဲ့ ဒီစိတ်ထားရှိလာပြီဆိုရင် အဲဒီစိတ်ထားရှိနေတဲ့ နှလုံးအိမ်အတွင်းမှာ ပူပန်မှုတွေ ပေါ်မလာဘူးလား? ပေါ်လာပြီ၊ နောက်ထပ် ကြည့်ပါဦး၊ သားအတွက် ပူတယ်၊ သမီးအတွက် ပူတယ်၊ ပစ္စည်းတွေအတွက် ပူတယ်၊ အဲဒီလို ပူပန်မှုတွေသည် ဒေါသရဲ့ စွမ်းအား, ဒေါသနှင့် ယှဉ်တွဲနေတဲ့ ဒေါမနဿဝေဒနာရဲ့ စွမ်းအား, သောကရဲ့ စွမ်းအားတွေပဲ။ ဒါကြောင့် တစ်ဖက်က ဒေါသတရား ရှိတယ်၊ တစ်ဖက်ကျတော့ အဒေါသ မေတ္တာဓာတ် ရှိတယ်၊ ဒေါသနှင့် အဒေါသ နှစ်ခု တစ်တွဲ ဖြစ်တယ်။

နောက်တစ်ခု **မောဟ** — ရုပ်တရား နာမ်တရားတွေကို ဟုတ်တိုင်းမှန်စွာ ထွင်းဖောက် မသိဘူး၊ အကြောင်းတရား အကျိုးတရားတွေကို ဟုတ်တိုင်းမှန်စွာ ထွင်းဖောက် မသိဘူး၊ အကြောင်းတရားနှင့် တကွ ဒီရုပ်နာမ်တို့ရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တွေကို ဟုတ်တိုင်းမှန်စွာ ထွင်းဖောက် မသိဘူး၊ အကြောင်းတရားနှင့် တကွသော ရုပ်နာမ်တို့ရဲ့ ချုပ်ငြိမ်းရာကိုလည်း မသိဘူး။ ချုပ်ငြိမ်း-ကြောင်းကျင့်စဉ်ကိုလည်း မသိဘူး။ အဲဒီလို အမှန်ကို မသိတဲ့အတွက် သူက ပြောင်းပြန်လှန်ပြီးတော့ အမှားကို သိတယ်၊ ဘယ်လို သိလဲ? သားလို့ သိတယ်၊ သမီးလို့ သိတယ်၊ ဇနီးလို့ သိတယ်၊ ယောကျ်ား လို့ သိတယ်၊ မိန်းမလို့ သိတယ်၊ လူလို့ သိတယ်၊ နတ်လို့ သိတယ်၊ ဗြဟ္မာလို့ သိတယ်၊ ရွှေပဲ ငွေပဲလို့ စသည်ဖြင့် ပစ္စည်းတွေလို့ သိတယ်၊ အဲဒီလို အသိမှားနေတာက တစ်ဖက်။

တစ်ဖက်ကျတော့ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါဆိုတာ မရှိဘူး၊ ရှိတာက ရုပ်တရားအစုအပုံ ရှိတယ်၊ နာမ်တရားအစုအပုံ ရှိတယ်၊ ရုပ်တရား နာမ်တရားအစုအပုံပဲ ရှိတယ်၊ အကြောင်းတရား အကျိုးတရားအစုအပုံပဲ ရှိတယ်၊ အနိစ္စတရားအစုအပုံ ဒုက္ခတရားအစုအပုံ အနတ္တတရားအစုအပုံ တွေပဲ ရှိတယ်လို့ ဒီလို သိတယ်၊ အဲဒီအသိဉာဏ်က **အမောဟ**၊ ဒါက တစ်ဖက်။ ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ စသည်ဖြင့် သားပဲ သမီးပဲ ဇနီးပဲ မြေးပဲ စသည်ဖြင့် အသိမှားနေတဲ့ သဘောက **မောဟ**၊ အဲဒီမောဟနှင့် အမောဟလည်း အကျိုးပေးချင်း တူညီပါ့မလား? မတူနိုင်ဘူး၊ အဲဒီတော့ သတ္တဝါတွေရဲ့သန္တာန်မှာက လောဘထူပြောနေတဲ့ သတ္တဝါလည်း ရှိတယ်၊ ဒေါသထူပြော နေတဲ့ သတ္တဝါလည်း ရှိတယ်၊ မောဟထူပြောနေတဲ့ သတ္တဝါလည်း ရှိတယ်၊ ဒါက မကောင်းတဲ့ ဘက်က။

ကောင်းတဲ့ဘက်က ပြန်ကြည့်ပြန်တော့လည်း အလောဘထူပြောနေတဲ့ သတ္တဝါတွေလည်း ရှိကြတယ်၊ အဒေါသတရား မေတ္တာတရားတွေ ထူပြောနေတဲ့ သတ္တဝါတွေလည်း ရှိကြတယ်၊ အမော-ဟခေါ်တဲ့ ရုပ်နာမ်ကြောင်းကျိုး သင်္ခါရတရားတို့ကို ဟုတ်တိုင်းမှန်စွာ သိနေတဲ့, အကြောင်းတရားနှင့် တကွသော ဒီရုပ်နာမ်တို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ အခြင်းအရာကို ဟုတ်တိုင်းမှန်စွာ သိနေတဲ့ ပညာဓာတ်ထူပြောနေတဲ့ သတ္တဝါတွေလည်း ရှိကြတယ်။ အဲဒီလို ထူပြောနေတဲ့ အချိန်အခါကျတော့

ဘာဖြစ်သလဲ?

**တံ နေသံ ဥဿန္နဘာဝံ ကော နိယာမေတိ။**[၄၄၂]

လောဘထူပြောတဲ့ လောဘကြီးတဲ့ သတ္တဝါဖြစ်အောင်, ဒေါသထူပြောတဲ့ ဒေါသကြီးနေတဲ့ သတ္တဝါတစ်ဦး ဖြစ်ပေါ်လာအောင်, မောဟထူပြောတဲ့ မောဟဓာတ်တွေ သိပ်အားကောင်းတဲ့ သတ္တဝါတစ်ဦး ဖြစ်ပေါ်လာအောင် ဘယ်တရားက သတ်မှတ်ချက်ပေးသလဲ?

နောက်တစ်ခု — အလောဘထူပြောအောင်, အဒေါသတရားတွေ ထူပြောလာအောင်, အမောဟတရားတွေ ပညာဉာဏ်တွေ ကြီးမားလာအောင် ဘယ်တရားက သတ်မှတ်ချက်ပေးသလဲ? ဒါကို ပြန်ဆန်းစစ်ကြည့်ဖို့ လိုတယ်၊ ဒီဘဝမှာ သိပ်လောဘကြီးတယ်ဆိုတာ ကိုယ့်ဟာကိုယ်တော့ မသိနိုင်ဘူးလား? သိတယ်၊ ဘာဖြစ်လို့ ငါ လောဘကြီးရသလဲ? ငါဟာ သိပ်ဒေါသကြီးတယ်ဆိုတာလည်း ကိုယ့်ဟာကိုယ် မသိဘူးလား? သိတယ်၊ ဘာဖြစ်လို့ ငါဟာ ဒေါသကြီးရသလဲ?

ဒီဓာတ် (၆)မျိုး များပြားရခြင်း နည်းပါးရခြင်းကို မိမိက စနစ်တကျ သိခဲ့ရင် မိမိရဲ့စိတ်ဓာတ်ကို မိမိ ပြုပြင်ပြောင်းလဲပေးဖို့ရန်, မကောင်းစိတ်ဓာတ်တွေနေရာမှာ အကောင်းစိတ်ဓာတ်တွေကို အစားထိုးကုသပေးဖို့ရန် ဘုရားရှင်ရဲ့ ပညာပေးစနစ်တွေကို သိရှိခွင့် ရနိုင်ပါတယ်၊ သိရှိခဲ့ရင် မိမိရဲ့ စိတ်ဓာတ်ကို မိမိကိုယ်တိုင် ပြုပြင်ပြောင်းလဲပေးလို့ ရနိုင်ပါတယ်၊ "ကြိုးစားက ဘုရားဖြစ်နိုင်တယ်"ဆိုတဲ့ စိတ်ဓာတ်ရဲ့ ကြီးမားတဲ့စွမ်းအားကို ယုံကြည်တတ်ဖို့ အားကိုးတတ်ဖို့ မြတ်နိုးတတ်ဖို့သာ လိုပါတယ်၊ နောင်သံသရာခရီးအတွက် ပြောတာပါ။

နောက်ထပ် သံသရာခရီးဆိုတာ မရှိဘူး၊ ဒီဘဝမှာ အဆုံးသတ်တော့မည်ဆိုရင်တော့ ဒီလောဘ ဒေါသ မောဟဆိုတဲ့ မကောင်းဓာတ်တွေကို အမြစ်ပြတ်ဖြေရှင်းဖို့ လိုအပ်တယ်။ နောက်ထပ် သံသရာခရီးဆိုတာက ရှိနေဦးမည်ဆိုရင်တော့ မိမိရဲ့ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးဖို့ မလိုဘူးလား? လိုအပ်တယ်။ လိုအပ်တယ်ဆိုရင် — ဒီတရားတွေ ထူပြောအောင်, များပြားအောင် ဘာက သတ်မှတ်ချက်ပေးသလဲလို့မေးရင် **"ပုဗ္ဗဟေတု နိယာမေတိ"** ရှေးအတိတ်အကြောင်းတရားတွေက သတ်မှတ်ချက်ပေးတယ်တဲ့၊ ဘယ်လိုလဲ?

**ကမ္မာယူဟနက္ခဏေယေဝ နာနတ္တံ ဟောတိ။**[၄၄၃]

လူ့ဘဝရောက်ကြောင်းကံတွေကို တစ်ချိန်က ပြုစုပျိုးထောင်ခဲ့ကြတယ်၊ အဲဒီလို ကံတွေကို ပြုစုပျိုးထောင်စဉ် အချိန်အခါတည်းက လောဘထူပြောတဲ့ သတ္တဝါတွေဖြစ်အောင်, ဒေါသထူပြောတဲ့ သတ္တဝါတွေဖြစ်အောင်, မောဟထူပြောတဲ့ သတ္တဝါတွေဖြစ်အောင် - ဒါ မကောင်းတဲ့ဘက်က၊ ကောင်းတဲ့ဘက်ကဆိုရင်လည်း အလောဘဓာတ်တွေ ထူပြောတဲ့ သတ္တဝါဖြစ်အောင်, အဒေါသဓာတ် = မေတ္တာဓာတ်တွေ ထူပြောတဲ့ သတ္တဝါဖြစ်အောင်, အမောဟဓာတ် = ပညာဓာတ်တွေ အားကောင်းတဲ့ သတ္တဝါဖြစ်အောင် ဒီကံတွေမှာ စွမ်းအင်သတ္တိတွေက ထူးထွေကွဲလွဲမှု ရှိလာတယ်။ လူ့ဘဝ

[၄၄၂, ၄၄၃] အဘိ၊ဋ္ဌ၁၊၁၃၀၈။

ရောက်ကြောင်းကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါတည်းက ဒီကွဲပြားမှု ရှိနေတယ်။ ကွဲပြားမှုရှိရင် ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ကွဲပြားသလဲလို့ မေးစရာ ရှိတယ်။ ကွဲပြားပုံတွေကို ဆက်လက်ပြီး နာကြည့်ကြရအောင် . . . ။

## အမှတ် (၁) ပုဂ္ဂိုလ်အမျိုးအစား

**ယဿ ဟိ ကမ္မာယူဟနက္ခဏေ လောဘော ဗလဝါ ဟောတိ၊ အလောဘော မန္ဒော၊ အဒေါ-သာမောဟာ ဗလဝန္တော၊ ဒေါသမောဟာ မန္ဒာ၊**[၃၃၄]

**ယဿ** = အကြင်ပုဂ္ဂိုလ်၏။ **ကမ္မာယူဟနက္ခဏေ** = လူ့ဘဝရောက်ကြောင်းဖြစ်တဲ့ကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါခဏ၌။ [အတိတ်ဘဝတစ်ခု ဆိုကြစို့ လွန်ခဲ့တဲ့ဘဝပဲ ဆိုကြပါစို့ အဲဒီဘဝက ဒီလူ့ဘဝရောက်ကြောင်းဖြစ်တဲ့ကံကို ပြုစုပျိုးထောင်ခဲ့စဉ်အခါမှာ ဘာဖြစ်သလဲ?] **လောဘော** = လောဘတရားသည်ကား။ **ဗလဝါ** = အားကောင်းသည်။ **ဟောတိ** = ဖြစ်၏။

ပုဂ္ဂိုလ်တစ်ဦးမှာ လူ့ဘဝရောက်ကြောင်းကံကို ထူထောင်စဉ် လောဘက အားကောင်းတယ်။

**အလောဘော** = အလောဘတရားသည်ကား။ **မန္ဒော** = နုံ့၏။

အလောဘတရားက အင်မတန် အားပျော့နေတယ်။ လောဘဆိုတဲ့ တွယ်တာတပ်မက်မှုတွေ သိပ်အားကောင်းတယ်။ အလောဘခေါ်တဲ့ မတွယ်တာ မတပ်မက်တဲ့ သဘောတရားက သိပ်ပြီးတော့ အားပျော့နေတယ်။ နောက်တစ်ခု —

**အဒေါသာမောဟာ ဗလဝန္တော၊**

အဒေါသတရား မေတ္တာစာတ်ကလည်း အားကောင်းတယ်၊ အမောဟ ပညာစာတ်ကလည်း အားကောင်းတယ်။

ဒီတော့ သူက အကောင်းဘက်ကဆိုရင်တော့ မေတ္တာလည်း သိပ်ကြီးမားတယ်၊ ပညာဉာဏ်-ကလည်း သိပ်ကြီးမားတယ်၊ ဒါပေမဲ့ လောဘတော့ သိပ်အားကြီးတယ်နော်။ အားကောင်းတာက ဘယ်နှစ်ခုလဲ? သုံးခု၊ လောဘရယ်, အဒေါသရယ်, အမောဟရယ် အဲဒီသုံးခု အားကောင်းတယ်။

**ဒေါသမောဟာ မန္ဒာ၊**

ဒေါသတရားက သူ့မှာ နည်းနည်းပဲ ရှိတယ်။ မောဟ — ငတုံးမဟုတ်ဘူး၊ အသိအလိမ္မာ ဉာဏ်ပညာကလည်း ရှိတယ်၊ မောဟတရားလည်း နည်းပါးတယ်။ ဒါပေမဲ့ လောဘကျတော့ သိပ်-အားကောင်းနေတယ်၊ တွယ်တာတပ်မက်မှုက သိပ်များနေတယ်။

ခုနက ဒကာတစ်ယောက်က လျှောက်သေးတယ် “တပည့်တော် သိတော့ သိပါတယ်ဘုရား၊ ဒါပေမဲ့ ကွက်လပ်က တဖြည်းဖြည်း ကျဉ်းလာပြီဘုရား”တဲ့၊ ဟော - သူပြောနည်းကလေးက

---

[၃၃၄] အဘိ၊ဋ္ဌ၊၁၊၃၀၈။

ကွက်လပ်ကလေး တဖြည်းဖြည်း ကျဉ်းလာပြီတဲ့။ တပည့်တော် သိတယ်ဆိုတာက သူ့မှာ ဒေါသတရား သိပ်မရှိဘူး မပြင်းထန်ဘူး၊ မောဟထူပြောတဲ့ ငတုံးလည်း မဟုတ်ဘူး၊ အသိအလိမ္မာ ဉာဏ်-ပညာလည်း ရှိတန်သလောက် ရှိတယ်။ ဒါပေမဲ့ လောဘဆိုတဲ့ ကွက်လပ်ကလေး တစ်ခုတည်းမှာ-တော့ နည်းနည်းငြိနေသေးတယ်လို့ သူက ပြောချင်နေတယ်၊ လောဘကတော့ ရှိနေတယ်၊ ဒါပေမဲ့ ဒေါသကတော့ သိပ်မရှိဘူး၊ မောဟလည်း သိပ်ပြီး ထူထူထဲထဲ မရှိဘူး၊ အဒေါသ မေတ္တာဓာတ်တွေက အားကောင်းတယ်၊ အမောဟ ပညာဓာတ်တွေက အားကောင်းနေတယ်။ ဘာကြောင့်လဲ?

သူက ရုပ်-နာမ် ကြောင်း-ကျိုး = သင်္ခါရတရားတို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာတွေကို သိတန်သလောက် သိနေတယ်၊ ဝိပဿနာဉာဏ်တွေပဲ။ ဒါက ကံတစ်ခုကို ပြုစုပျိုးထောင်စဉ်အချိန်မှာ တည်ရှိနေပုံပဲ။ ခု ယောဂီတွေဟာလည်း ဒီကနေ့ ဘာလုပ်နေတာလဲ? ကံတွေကို ထူထောင်နေကြ-တာပဲ။ မိမိတို့ တတ်အားသမျှ ဒါနကံတွေကိုလည်း ထူထောင်နေကြတယ်၊ သီလကံတွေကိုလည်း ထူထောင်နေကြတယ်၊ သမထကံတွေကိုလည်း ထူထောင်နေကြတယ်၊ ဝိပဿနာကံတွေကိုလည်း ထူထောင်နေကြတာ ဖြစ်တယ်။

အဲဒီတော့ ဒါဟာ တစ်နည်းတစ်ဖုံအားဖြင့်တော့ **'ဂဒ္ဒုလဗဒ္ဓသုတ္တန်'**အရ ပြောရင်တော့ ဘာလုပ်နေတာလဲ? ပန်းချီကားတစ်ချပ် ရေးဆွဲနေကြတာပဲ။ အဲဒီလို ရေးဆွဲတဲ့အပိုင်းမှာ ခုနက ပုဂ္ဂိုလ်တစ်-ယောက်က လောဘ သိပ်အားကောင်းတယ်၊ အဒေါသ မေတ္တာတရားလည်း သိပ်အားကောင်းတယ်၊ အမောဟ ပညာဓာတ်တွေလည်း သိပ်အားကောင်းပါတယ်။ အားကောင်းလိုက်တဲ့အတွက် ဒီပုဂ္ဂိုလ်-ဟာ ဒီကံတွေက အကျိုးပေးပြီဆိုရင် ဘာဖြစ်မလဲ?

**တဿ မန္ဒော အလောဘော လောဘံ ပရိယာဒါတုံ န သက္ကောတိ၊**[၇၇]

**တဿ** = ထိုပုဂ္ဂိုလ်၏။ **မန္ဒော** = နုံ့၍နေသော အားနည်း၍နေသော အားပျော့၍နေသော။ **အလောဘော** = အလောဘတရားသည်။ **လောဘံ** = တွယ်တာတပ်မက်မှု လောဘတရားကို။ **ပရိယာဒါတုံ** = သိမ်းကျုံးယူငင်အံ့သောငှာ (ဝါ) အနိုင်ယူအံ့သောငှာ။ **န သက္ကောတိ** = မစွမ်းနိုင်ပေ။

ဒီပုဂ္ဂိုလ်ရဲ့ အင်မတန်အားကောင်းနေတဲ့ လောဘတရားကို အားပျော့နေတဲ့ အလောဘတရား-က အနိုင်ယူဖို့ရန် မစွမ်းနိုင်ဖြစ်နေပြီ။ ဒီလို ဘာကြောင့်ဖြစ်ရသလဲ? ကံကို ထူထောင်ခဲ့စဉ် အချိန်-အခါက လောဘက သိပ်ကြီးခဲ့တယ်။ ယခုခေတ်ပုံစံမျိုးနဲ့ ပြောရရင်ပေါ့ ဘုန်းကြီးတို့ ဆွမ်းခံကြွပြီ၊ ချဲဖွင့်မည့်နေ့ဆိုလို့ရှိရင်တော့ ဆွမ်းလောင်းတဲ့သူတွေ တော်တော်ပိုများတယ်၊ ဘာဖြစ်လို့လဲ? ဆွမ်း-လောင်းလှူနေတဲ့ အလှူရှင်ရဲ့သန္တာန်မှာ ချဲပေါက်ချင်တဲ့ စိတ်ထားတွေက အားကောင်းနေတယ်။ ချဲပေါက်ချင်တယ်ဆိုတော့ လောဘရှိတယ် ပြောမလား, မရှိဘူး ပြောမလား? ရှိနေပြီ။ ဒါပေမဲ့ ဒီလိုကံကလေးကို ထူထောင်ခဲ့ရင် ဒီလိုအကျိုးများရနိုင်တယ်ဆိုတဲ့ ကံ-ကံရဲ့အကျိုးကို တတ်သိနားလည်နေတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ပညာကလေးရော မရှိဘူးလား? ရှိနေတယ်။ မိဘဆရာသမားတို့ရဲ့ ဆိုဆုံးမမှုဖြင့် တတ်သိနားလည်နေတဲ့ ကံ-ကံ၏အကျိုးကို သင်သိအနေနှင့်

[၇၇] အဘိ၊ဋ္ဌ၊၁၊၃၀၈။

သိမှုမျိုးကို ဆိုလိုပါတယ်။ ကြောင်း-ကျိုး ဆက်နွှယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကို ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်သိမြင်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကဲ့သို့သော ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်-ပညာကတော့ ပိုပြီးတော့ အဆင့်မြင့်ပါတယ်။ ထိုအချိန်အခါမှာ အလှူခံပုဂ္ဂိုလ်အပေါ်မှာ မေတ္တာ-ဓာတ်ကလေးကော မရှိဘူးလား? ရှိတန်သလောက်တော့ ရှိနေပါတယ်၊ ဘယ်လို မေတ္တာဓာတ်-ကလေးလဲဆိုရင်တော့ ဒီဘုန်းကြီး လှူရင်တော့ ဒီလိုအကျိုးတော့ ရကောင်းရနိုင်တယ်ဆိုတဲ့ မျှော်-လင့်ချက်ကလေးနဲ့ ဘုန်းကြီးအပေါ်မှာ ထားရှိတဲ့ ကြည်ညိုလေးစားတဲ့ မေတ္တာဓာတ်ပဲ ဖြစ်ပါတယ်။

ဒီတော့ ဘုန်းကြီးအပေါ်မှာလည်း အဒေါသမေတ္တာစေတနာကလေးတွေလည်း ရှိတန်သ-လောက်ရှိတယ်၊ သင်သိအနေနဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိခေါ်တဲ့ ဉာဏ်ပညာကလေးကလည်း ရှိတန် သလောက် ရှိတယ်။ ဒါပေမဲ့လို့ တစ်ဖက်က ချဲပေါက်ချင်တယ်ဆိုတဲ့ လောဘကို သူက သိပ်ပြီး အားမွေးထားတဲ့အတွက် လောဘက အားကောင်းတယ်၊ အဒေါသက အားကောင်းတယ်၊ အမောဟ ကလည်း အားကောင်းပါတယ်။ ဒါပေမဲ့ ဒီကံက အကျိုးပေးတဲ့ဘဝမှာ အားကောင်းနေတဲ့ သူ့ရဲ့ လောဘကို အားပျော့နေတဲ့ အလောဘတရားက အနိုင်ယူဖို့ရန် စွမ်းနိုင်မလား? မစွမ်းနိုင်ဘူး၊ မစွမ်းနိုင်တဲ့အတွက် ဘာဖြစ်သလဲ? ပြီးတော့မှ ပြောမယ်၊ နောက်တစ်ခု ထပ်ပြောဦးမယ်။

**အဒေါသာမောဟာ ပန ဗလဝန္တော ဒေါသမောဟေ ပရိယာဒါတုံ သက္ကောန္တိ။**[၃၇၆]

သူ့မှာ အားကောင်းနေတဲ့ အဒေါသမေတ္တာတရားက အားပျော့နေတဲ့ ဒေါသတရားကိုတော့ အနိုင်ယူဖို့ရန် စွမ်းနိုင်တယ်၊ အားကောင်းနေတဲ့ အမောဟ ပညာတရားကလည်း အားပျော့နေတဲ့ မောဟတရားကို အနိုင်ယူဖို့ရန် စွမ်းနိုင်တယ်။ စွမ်းနိုင်လိုက်တဲ့အတွက် ဘာဖြစ်မလဲ?

**တသ္မာ သော တေန ကမ္မေန ဒိန္နပဋိသန္ဓိဝသေန နိဗ္ဗတ္တော လုဒ္ဓေါ ဟောတိ၊ သုခသီလော အက္ကောဓနော၊ ပညဝါ ပန ဟောတိ ဝဇိရူပမဉာဏော။**[၃၇၇]

**တသ္မာ** = ထို့ကြောင့်။ **သော** = ထိုပုဂ္ဂိုလ်သည်။ **တေန ကမ္မေန** = ထို မိမိပြုစုပျိုးထောင်ခဲ့တဲ့ ကံကြောင့်။ **ဒိန္နပဋိသန္ဓိဝသေန** = ပေးအပ်သော ပဋိသန္ဓေ၏ အစွမ်းဖြင့် (ဝါ) အကျိုးပေးလာသော ပဋိသန္ဓေ၏ အစွမ်းဖြင့်။ **နိဗ္ဗတ္တော** = ဖြစ်ပေါ်လာရသည်ရှိသော်။ **လုဒ္ဓေါ** = လောဘကြီးတဲ့ ပုဂ္ဂိုလ်-သည်။ **ဟောတိ** = ဖြစ်၏။

အတိတ်က ကံတွေကို ထူထောင်ခဲ့စဉ်အချိန်က လောဘတွေ သိပ်အားကောင်းခဲ့တယ်။ လောဘ တွေ သိပ်အားကောင်းခဲ့တဲ့အတွက်ကြောင့် ဒီကံက အကျိုးပေးရင် ဘာဖြစ်လာသလဲ? လောဘ ကြီးတဲ့လူ ဖြစ်လာရတယ်။ အတိတ်က ကံတွေကို ထူထောင်ခဲ့စဉ် အချိန်အခါတုန်းက အဒေါသ မေတ္တာဓာတ်တွေက အားကောင်းခဲ့တဲ့အတွက် ဒီကံက အကျိုးပေးတဲ့အချိန်အခါမှာ ဒီပုဂ္ဂိုလ်သည် ဘာဖြစ်လာသလဲ? **သုခသီလ** – စိတ်ချမ်းချမ်းသာသာကလေး နေရတယ်။ ဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ဓာတ်ကို အကဲခတ်ကြည့်ပါ။ ထိုအချိန်အခါမှာ ထိုပုဂ္ဂိုလ်သည် စိတ်ဆင်းရဲနေမလား, စိတ်ချမ်း-

[၃၇၆], [၃၇၇] အဘိ႒၊၁၊၃၀၈။

သာနေမလား? စိတ်ဆင်းရဲနေမယ်။ လူ့ဘဝရောက်ကြောင်းကံတွေကို ပြုစုပျိုးထောင်စဉ်အချိန်အခါမှာ စိတ်ဆင်းရဲမှုတွေက ခြံရံထားတော့ ဒီကံက အကျိုးပေးပြီဆိုရင် ဘာဖြစ်မလဲ? စိတ်ဆင်းရဲရ-တယ်နော်။

ဒါ နည်းနည်းကလေးတော့ သတိထားကြ။ ဘုန်းကြီးကို ဆွမ်းလောင်းပြီဆိုရင် ဒေါသတကြီးနဲ့ ဆောင့်ကြီးအောင့်ကြီး လာပြီးတော့ ဆွမ်းလောင်းဖို့ ကောင်းသလား? မကောင်းဘူး၊ မိမိဆွမ်းလောင်းနေတဲ့ ကံကလေးတစ်ခုမှာ ဒီလိုဒေါသစေတတ်တွေ ခြံရံထားရင် ဘာဖြစ်မလဲ? ဒေါသကြီးတဲ့ ပုဂ္ဂိုလ်ဖြစ်တတ်တယ်။ အဒေါသ မေတ္တာစေတတ်တွေ ခြံရံပြီးတော့ ဒီကံတစ်ခုကို ပြုစုပျိုးထောင်လိုက်ရင် စိတ်ချမ်းချမ်းသာသာ နေရတတ်တဲ့ပုဂ္ဂိုလ် ဖြစ်တတ်တယ်။ အဒေါသ = မေတ္တာစေတတ် အားကောင်းတဲ့ ပုဂ္ဂိုလ် ဖြစ်တတ်တယ်။ နေရာတကာမှာ ကြည့်ပေါ့၊ တချို့ လူ့လောကမှာ သူကျေနပ်တဲ့ပုဂ္ဂိုလ်ဆိုတာ တစ်ယောက်မှ မရှိဘူး၊ သူကျေနပ်သူ လောကမှာ တစ်ဦးတစ်ယောက်မှ မရှိဘူး၊ ဒီလိုလူစားတွေ မရှိကြဘူးလား? ရှိကြတယ်။ ဟိုလူ့အပေါ်လည်း သူက ကျေနပ်တယ်လို့ တစ်ခွန်းမှ မပြောချင်ဘူး၊ ဒီလူနှင့်တွေ့လည်း ကျေနပ်တယ်လို့ တစ်ခွန်းမှ မပြောချင်ဘူး၊ ဘုန်းကြီး ငယ်စဉ်အခါက ဘုန်းကြီးရဲ့ မိတ်ဆွေ ဘုန်းကြီးတစ်ပါးရဲ့ ပြောဆိုချက်ကလေးတစ်ခုကို သတိရလို့ ပြောရဦးမယ်။ ကလေးမလေး တစ်ယောက် ရှိတယ်၊ ဘုန်းကြီးတို့ ဆရာတော်ရဲ့ မြေးကလေးပါပဲ၊ အဲဒီ ကလေးမလေးကို သူ ခဏခဏ ပြောတယ်၊ "မင်း - ဟောဒီ ကလေးမလေးကို ကြည့်စမ်းတဲ့၊ သိမ်ကြီးဈေး တစ်ဈေးလုံး သူလိုက်ရှာတာ သူကြိုက်တဲ့ လုံချည် တစ်ထည်မှ မတွေ့ဘူး"တဲ့ - ဟော။

လူ့လောကမှာ တစ်လောကလုံးရှိတဲ့ လူတွေ သူနှစ်ခြိုက်တဲ့သူ, သူကျေနပ်တဲ့သူ တစ်ယောက်မှ မတွေ့ဘူး၊ ဘာဖြစ်လို့လဲ? အတိတ်က ကံကို ပြုစုပျိုးထောင်ခဲ့စဉ် အချိန်တုန်းက သူက မကျေနပ်ချက်-တွေ တစ်ပုံကြီး ထမ်းပြီးတော့မှ ဒီကံကို ထူထောင်ထားခဲ့တယ်။ ဒါကြောင့် ဘယ်ပုဂ္ဂိုလ်နှင့်ပဲတွေ့တွေ့ သူကျေနပ်နိုင်တဲ့ ပုဂ္ဂိုလ်ကို တစ်ယောက်မှ ရှာလို့ မရဘူး၊ ဘယ့်နှယ်တုံး၊ ကောင်းသလား? မကောင်း-ဘူး။ ဒီလိုဆိုရင် ကံတစ်ခု - ခုလိုပေါ့ - တရားနာနေတဲ့ကံ, တရားအားထုတ်နေတဲ့ကံ, ဒါနပြုတဲ့ကံ, သီလဆောက်တည်တဲ့ကံ ဒီကံတွေကို ထူထောင်စဉ်အချိန်အခါမှာ ဟိုလူ့လည်း မကျေနပ်၊ ဒီလူ့လည်း မကျေနပ်၊ "ဟိုယောဂီကိုလည်း နည်းနည်းမှ ကြည့်လို့မရဘူး၊ ဒီယောဂီကိုလည်း နည်းနည်းမှ ကြည့်လို့မရဘူး" ဟိုသီလရှင်ကိုလည်း ကြည့်လို့မရ၊ ဒီသီလရှင်ကိုလည်း ကြည့်လို့မရ၊ အဲဒီစိတ်ထား-သည် မွေးရမည့် စိတ်ထားမျိုးလား? မွေးကော မွေးကြသလား? ဒီစိတ်ထားမျိုးကို မမွေးမှ ဒီကံက အကျိုးပေးရင် စိတ်ချမ်းချမ်းသာသာ နေရတဲ့ပုဂ္ဂိုလ် ဖြစ်မှာ။

အဲဒီလို မကျေနပ်ချက်တွေကို တစ်ပုံကြီး ထမ်းပြီးတော့ ရိပ်သာက ပြန်ထွက်သွားတယ်၊ "ဒီရိပ်-သာဟာ အလကားပဲ၊ စည်းကမ်းလည်း မရှိဘူး၊ ဘာမှလည်း မရှိဘူး" ဟော - ဒီလို မကျေနပ်မှုတွေ-နှင့် ထွက်သွားလိုက်တော့ ဒီကံတွေကို ထူထောင်စဉ်အချိန်မှာ မကျေနပ်ချက်တွေ တစ်ပုံကြီးနဲ့ ထူထောင်ခဲ့တဲ့အတွက် ဒီကံက အကျိုးကို တစ်နေ့ ပေးမှာပဲ၊ သံသရာခရီး မဆုံးသေးလို့ အကျိုးပေးပြီဆိုလို့ရှိရင် မိမိ ဘာဖြစ်မလဲ? မကျေနပ်ချက်တွေ ထုပြောနေတဲ့ပုဂ္ဂိုလ် ဖြစ်သွားလိမ့်မယ်။ စိတ်စေတတ်ကို ပြုပြင်ပြောင်းလဲဖို့ မလိုဘူးလား? သိပ်လိုတယ်။ နောက်တစ်ခု —

**ပညဝါ ပန ဟောတိ ဝဇိရူပမဉာဏောတိ။**[၃၃၈]

ပညာဉာဏ် သိပ်ကြီးတယ်၊ ဘာဖြစ်လို့လဲ? အတိတ်က ကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါမှာ သူက ဉာဏ်ပညာတွေ သိပ်အားကောင်းခဲ့တယ်။ ဒီနေရာမှာဆိုလိုတဲ့ ဉာဏ်ပညာကတော့ ရုပ်တွေ နာမ်တွေကို ဟုတ်တိုင်းမှန်စွာသိတဲ့, ယင်းရုပ်နာမ်တို့ရဲ့ အကြောင်းတရားတွေကို ဟုတ်တိုင်းမှန်စွာ သိတဲ့, အကြောင်းတရားနှင့် တကွသော ယင်းရုပ်နာမ်တို့ရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက် တွေကို ဟုတ်တိုင်းမှန်စွာသိတဲ့ အဆင့်အတန်း မြင့်မားနေတဲ့ ဝိပဿနာဉာဏ်ပညာတွေကို ဆိုလို-ပါတယ်။ သူတော်ကောင်းတစ်ဦးဟာ ဒီလို ဝိပဿနာဉာဏ်ပညာနှင့် ယှဉ်ပြီးတော့ ကောင်းမှုကုသိုလ် တွေကို ပြုခဲ့တယ်။ ဘာကောင်းမှုကုသိုလ်လဲလို့မေးတော့ ဒါနကုသိုလ်, သီလကုသိုလ်, သမထ-ဝိပဿနာဘာဝနာကုသိုလ်, ဝေယျာဝစ္စကုသိုလ် စတဲ့ ကုသိုလ်အရပ်ရပ်တွေပဲ၊ ဘယ်ကုသိုလ်တရား-ကို အားထုတ် အားထုတ် မိမိက ရုပ်တွေ နာမ်တွေကို ထွင်းဖောက်သိတဲ့ ဉာဏ်ပညာတွေ ခြံရံပြီးတော့ ပြုစုပျိုးထောင်ထားတယ်၊ အကြောင်းတရားတွေ အကျိုးတရားတွေကို ထွင်းဖောက်သိတဲ့ ဉာဏ်ပညာ တွေ ခြံရံပြီးတော့ ပြုစုပျိုးထောင်ထားတယ်၊ အကြောင်းတရားနှင့်တကွ ဒီရုပ်နာမ်တို့ရဲ့ အနိစ္စအခြင်း-အရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာကို ထွင်းဖောက်သိနေတဲ့ ဝိပဿနာဉာဏ်ပညာတွေနှင့် ခြံရံပြီးတော့ ဒီကံတွေကို ပြုစုပျိုးထောင်ထားတယ်။ အဲဒီလို ပြုစုပျိုးထောင်ထားခဲ့မည်ဆိုရင် ဒီကံက အကျိုးပေးတဲ့အချိန်အခါမှာ ဘယ်ဘဝပဲရောက်ရောက် ဉာဏ်ပညာကြီးမားတဲ့ ပုဂ္ဂိုလ် ဖြစ်ရတယ်။ ဘယ်လောက်ထိ ဉာဏ်ပညာကြီးမားသလဲမေးတော့ – **'ဝဇိရူပမဉာဏော'** ဝရဇိန်လက်နက် မိုးကြိုး စက်ကဲ့သို့ အလွန်ထက်မြက်တဲ့ ဉာဏ်ပညာကြီးမားတဲ့ သူတော်ကောင်း ဖြစ်ရတယ်။ ဒီလိုဆိုရင် ရောက်လေရာဘဝမှာ ဉာဏ်ပညာကြီးမားတဲ့ သူတော်ကောင်းတစ်ဦး ဖြစ်ရတာနဲ့ "ငတုံး" ဖြစ်ရတာ ဘယ်ဒင်းက ကောင်းသလဲ? ဉာဏ်ပညာကြီးမားတာကတော့ ကောင်းပါတယ်။

## ဂူထပါဏဇာတ်

ဒီနေ့ "ငတုံး"အကြောင်းနှင့် ပတ်သက်လို့ ဇာတ်တော်ကလေးတစ်ခုကို သွားဖတ်မိတယ်၊ **ဂူထပါဏဇာတ်**[၃၃၉]လို့ ခေါ်တယ်။ ဇေတဝန်ကျောင်းတိုက်မှ သုံးဂါဝုတ်လောက်ဝေးတဲ့ နိဂုံးရွာတစ်ရွာ မှာ ရဟန်းတွေအတွက် စာရေးတံဆွမ်းတို့, ပက္ခိကဘတ်ခေါ်တဲ့ လဆန်းပက္ခ လဆုတ်ပက္ခမှာ ကျွေးတဲ့ ဆွမ်းတို့ စသည်ဖြင့် ဒါနဝတ်တည်ထားတဲ့ ဆွမ်းတွေ ရှိကြတယ်။ အဲဒီလို ဆွမ်းတွေလှူဒါန်းနေတဲ့ အဲဒီရွာကို သွားချင်တဲ့ ရဟန်းတွေ ကိုရင်တွေ မရှိကြဘူး၊ ဘာဖြစ်လို့လဲ? အဲဒီရွာမှာ ငတုံးတစ်-ယောက် ရှိတယ်တဲ့၊ စာမှာ ဖော်ပြထားတယ်။ အဲဒီငတုံးက ရောက်လာတဲ့ရဟန်းတွေကို ရွာထိပ်ကနေ ဆီးပြီး မေးခွန်းတွေ ဟိုမေးသည်မေးနဲ့ မေးလေ့မေးထ ရှိတယ်၊ မဖြေနိုင်ဘူးဆိုရင် ပြောချင်ရာတွေ ပြောထည့်ပြီး ပြန်လွှတ်လိုက်တယ်။ ဒီအချက်ကို စိတ်ညစ်တာနှင့်ပဲ ရဟန်းတော်တွေက ထိုရွာကို မသွားချင်ကြဘူး။ တစ်နေ့တော့ ကိုယ်တော်တစ်ပါးကလည်း ခပ်ကျွတ်ကျွတ်နဲ့ တူပါတယ်၊ ဒီသတင်း-ကို ကြားနေတဲ့အတွက် စာရေးတံမဲယူတဲ့နေရာကို သွားပြီး ဒီစာရေးတံမဲကို သူ့ပေးရန် တောင်းဆို

[၃၃၈] အဘိ၊ဋ္ဌ၁၊၃၀၈။ [၃၃၉] ဇာတက၊ဋ္ဌ၊၂၊၁၉၂။

လိုက်တယ်။ ရဟန်းတော်တွေက ငတုံးပြဿနာကို ရှင်းပြကြတယ်။ အဲဒီရဟန်းတော်က – "တပည့်-တော်ဟာ ဒီငတုံးကို ဆုံးမမယ်၊ အဆိပ်မရှိအောင် ယဉ်ကျေးအောင် ပြုလုပ်မယ်၊ အဲဒီနေ့ကစပြီး အရှင်ဘုရားတို့ကို မြင်လျှင် ထွက်ပြေးအောင် ဆုံးမပြမယ်"လို့ ရဟန်းတော်တွေကိုလည်း သူက လျှောက်ထားလိုက်တယ်။

ရဟန်းတော်တို့ကလည်း သာဓုခေါ်ပြီးတော့ စာရေးတံမဲကို ထိုကိုယ်တော်ကို ချပေးလိုက်ကြ-တယ်။ ထိုကိုယ်တော်ကလည်း ထိုရွာကို သွားပြီး ရွာတံခါးဝနားမှာ သင်္ကန်းရုံတော်မူတယ်။ ငတုံးက ရွာထိပ်ကနေ ဆီးကြိုနေတယ်၊ "အရှင်ဘုရားကို တပည့်တော် ပြဿနာမေးချင်တယ်"လို့ ငတုံးက စကားစလာတယ်။

"ဒကာ . . . မေးချင်တဲ့ပြဿနာ မေးလို့ရပါတယ်၊ ခဏတော့ ဆိုင်းပါ၊ ဆွမ်းခံပြီးရုံလောက် ဆိုင်းပါ၊ ယာဂုသောက်ပြီးရုံလောက် ဆိုင်းပါ" စသည်ဖြင့် ချော့မော့ပြီး ပြောလိုက်တယ်။ နောက်ဆုံး ဆွမ်းခံပြီးလို့ ဆွမ်းခံရွာကအထွက် ရောက်တဲ့အခါကျလျှင် မေးချင်ရာမေးတော့လို့ သဘောတူလိုက်-တယ်။ အဲဒါနဲ့ ငတုံးက သပိတ်ကလေးလွယ်ပြီး နောက်ကနေ လိုက်လာတာဖြစ်တော့ ရွာထိပ်လည်း ရောက်ရော ကိုယ်တော်က သပိတ်ကို လှမ်းယူလိုက်တယ်၊ ယူပြီးတဲ့အခါကျတော့ – "ကဲ . . . မင်းမေးချင်တဲ့ပြဿနာ မေးတော့"ဆိုပြီး အဲဒီငတုံးကို ဒီကိုယ်တော်ကလေးက ဝင်ဖက်ပြီး နပန်းလုံး လိုက်တယ်၊ နပန်းလုံးလိုက်ပြီးတော့ တစ်ခါတည်း ထိုးကြိတ်ပစ်လိုက်တယ်။ ထိုးလိုက်ကြိတ်လိုက် ပြီးတဲ့အခါ အနီးအပါးမှာ တွေ့ရတဲ့ မစင်အခြောက်တွေကို ယူပြီးတော့ ငတုံးရဲ့ ပါးစပ်ထဲ ထည့်ပစ်ခဲ့ တယ်၊ "နင် နောက်ထပ် ဒီကိုယ်တော်တွေလာခဲ့လို့ နင် ဒီလိုလုပ်ရင်တော့ နောက်ထပ် နင် ဒီလိုပဲ မစင်တုံး စားရမယ်လို့" ပြောခဲ့တယ်။

ကောင်းတော့ မကောင်းပါဘူး၊ ဒါပေမဲ့ "ငတုံး" ဖြစ်ရတဲ့ဘဝဟာ အဲဒီပုံစံမျိုးကို ရောက်နိုင်တယ်၊ ရောက်လေရာဘဝမှာ ငတုံးဖြစ်ရတာတော့ မကောင်းဘူးပေါ့။ သို့သော်လည်း ဒီနေရာမှာ ဒီကိုယ်-တော်နှင့် ဒီငတုံးတို့ရဲ့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ဇာတ်လမ်းကလေးကိုတော့ ထပ်ပြီး ပြောချင် သေးတယ်။ အတိတ်က မွေးမြူခဲ့တဲ့ စိတ်နေစိတ်ထားတို့ရဲ့ ဓာတ်ငွေ့အရှိန်အဝါတွေဟာ သံသရာ တစ်လျှောက်မှာ အရိပ်ပမာ ထက်ကြပ်မကွာ ကပ်ပါတတ်တယ်ဆိုတဲ့ သဘောတရားကို သဘော-ပေါက်စေချင်လို့ ဒီဇာတ်ကြောင်းကို ပြောပြခြင်း ဖြစ်ပါတယ်။

ဒီသတင်းက ရဟန်းတော်တွေထဲမှာ ပျံ့နှံ့သွားလေတော့ ဘုရားရှင်ရဲ့ ရွှေနားတော်အထိ ဆိုက်-ရောက်သွားတယ်။ ဘုရားရှင်က ထိုပုဂ္ဂိုလ်တို့ရဲ့ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် ဇာတ်လမ်းကို ဟောပြတော်မူပါတယ်။

"ရဟန်းတို့ . . . ဒီရဟန်းဟာ ဒီငတုံးကို ခုအခါမှာသာ မစင်တုံးဖြင့် ခြိမ်းခြောက်မောင်းမဲခဲ့တာ မဟုတ်ဘူး။ ရှေးအတိတ်ဘဝတုန်းကလည်း မစင်တုံးဖြင့် ခြိမ်းခြောက်ခဲ့ဖူးသည်သာ ဖြစ်တယ်"လို့ မိန့်တော်မူပြီး ဘုရားရှင်က အတိတ်ကြောင်းကို ဆောင်တော်မူပါတယ်။

လွန်လေပြီးတဲ့အခါမှာ အင်္ဂတိုင်းသား မဂဓတိုင်းသားတို့ဟာ အချင်းချင်း တစ်နိုင်ငံမှ တစ်နိုင်ငံသို့ လှည်းတွေနှင့် ကုန်ရောင်းကုန်ဝယ် သွားကြတဲ့အခါ တစ်နေ့မှာ တိုင်းပြည် နှစ်ပြည်တို့ရဲ့ နယ်ခြားဒေသတစ်နေရာမှာ ဆုံကြတယ်။ အဲဒီနယ်ခြားဒေသမှာ အိုင်ကြီး တစ်အိုင်လည်း ရှိနေတယ်။ အဲဒီအိုင်နားမှာ ခေတ္တတည်းခိုနေထိုင်ကြပြီး စခန်းတစ်ထောက်နားကြရင်း သားငါးတွေကို စားပြီးတော့ သေရည်သေရက်တွေကို သောက်ကြတယ်။ နောက်တစ်နေ့ နံနက်စောစောကျတော့ လှည်းတွေတပ်ပြီး ထွက်ခွာသွားကြတယ်။ အဲဒီအခါမှာ ခုနက ပြောခဲ့တဲ့ ငတုံးက မစင်ကိုစားတဲ့ ဂူထပါဏက ခေါ်တဲ့ ပိုးကောင်တစ်ကောင် ဖြစ်နေတယ်။ ဒီပိုးကောင်က လူတို့ စွန့်သွားတဲ့ မစင်နံ့ကို ရရှိတဲ့အခါ ဒီမစင်နံ့က သူ့ကို ဖိတ်ခေါ်နေတဲ့အတွက် မစင်ပုံရှိရာကို ဆိုက်ရောက်လာတယ်။ လူတို့စွန့်သွားတဲ့ သုရာအနည်းငယ်ကိုလည်း တွေ့မြင်တော့ ငတ်တတ်နဲ့ သုရာကို သောက်လိုက်တယ်။ မူးလာတဲ့အခါကျတော့ မစင်ပုံပေါ်ကို သူက တက်လိုက်တယ်။ မစင်ပုံကလည်း ပျော့တဲ့မစင်ပုံဖြစ်လေတော့ အောက်သို့ နည်းနည်း နိမ့်ကျသွားတယ်။ ဒီပိုးကောင်က ဘယ်လိုထင်သလဲ? မိမိကိုယ်ကို မိမိ အထင်ကြီးပုံက — "ဒီမဟာပထဝီမြေကြီးဟာ ငါ့ကို ဆောင်ထားဖို့ မစွမ်းနိုင်ပါလား"လို့ သူက အော်လိုက်တယ်။ အဲဒီအချိန်မှာပဲ အကြောင်းတိုက်ဆိုင်ချင်တော့ မုန်ရစ်နေတဲ့ ဆင်ကြီးတစ်ကောင်က အဲဒီနေရာကို ဆိုက်ရောက်လာတယ်။ မစင်နံ့ကိုရလေတော့ ရွံရှာစက်ဆုပ်တာနဲ့ နောက်ဆုတ်သွားလိုက်တယ်။ ဒီပိုးကောင်က ဒီဆင်ကြီး ခုလို နောက်ဆုတ်သွားတာကို မြင်လိုက်တော့ — "ဒီဆင်ကြီးတော့ ငါ့ကို ကြောက်လို့ ပြေးလေပေါ့"လို့ ဒီလို သူက ထင်လိုက်တယ်။ "သင်းနဲ့ ငါနဲ့ စစ်ထိုးသင့်တယ်" လို့ သဘောပိုက်ပြီးတော့ ဖိတ်ခေါ်လိုက်တယ်။ ဘယ်လို ဖိတ်ခေါ်လိုက်သလဲ?

"သူရဲကောင်းဖြစ်တဲ့ သင်ဟာ သူရဲကောင်းဖြစ်တဲ့ ငါနှင့် ဆုံစည်းမိကြတယ်။ ခုလို ဆုံစည်းမိတဲ့အခါမှာ ရဲရင့်တဲ့ ဝီရိယစွမ်းအားနှင့် ရဲရင့်တဲ့ စစ်ထိုးခြင်းကို ပေးနိုင်တဲ့ စွမ်းအားရှိတဲ့ စစ်ထိုးခြင်းဖြင့် စစ်မထိုးဘဲနှင့် ဘာကြောင့် နောက်ဆုတ်သွားရသလဲ? တစ်ကြိမ်တစ်ခါလောက်တော့ စစ်ထိုးမှုကို ပေးသင့်တယ်မဟုတ်လား? ဒါကြောင့် အို - ဆင်ပြောင်ကြီး . . . လာစမ်းပါ၊ ပြန်လှည့်ခဲ့စမ်းပါ။ ငါနှင့် ဒီလောက်တွေ့ရရုံကလေးနှင့် သေဘေးဖြင့် ခြိမ်းခြောက်ခံရလို့ ဘာကြောင့် ကြောက်ရွံ့ပြီး ထွက်ပြေးရသလဲ? ဒီအင်္ဂတိုင်း မဂဓတိုင်းတို့ရဲ့ နယ်ခြားဒေသမှာ နေထိုင်ကြတဲ့သူတွေ ကြည့်ကြပါစေ၊ အင်္ဂတိုင်း မဂဓတိုင်းသားတွေဟာ ငါ့ရဲ့ ရဲစွမ်းသတ္တိ သင့်ရဲ့ ရဲစွမ်းသတ္တိဆိုတဲ့ ရဲစွမ်းသတ္တိကိုရော တို့နှစ်ဦးလုံးတို့ရဲ့ လုံ့လဝီရိယကိုရော တွေ့မြင်ကြပါစေ" —

ဒီလို သူက ဖိတ်ခေါ်လိုက်တယ်။ မိမိရဲ့ အတိုင်းအတာပမာဏကို မသိတတ်တဲ့ ငတုံးတို့ရဲ့ ဖိတ်ခေါ်သံတစ်ခုပဲ။ ဒီစကားကို ဆင်ကြီးက ကြားလိုက်တော့ ပြန်လှည့်လာပြီး အဲဒီမစင်စားတဲ့ ပိုးကောင်ကို ပြန်ပြောတယ်။ ဘယ်လို ပြောသလဲ?

"သင့်ကို ခြေထောက်တွေနှင့် နင်းချေပြီးတော့ ငါ မသတ်ဘူး။ အစွယ်တွေနှင့်လည်း ထိုးမသတ်ဘူး။ နှာမောင်းနှင့်လည်း ရိုက်ပုတ်မသတ်ဘူး။ သင်နှင့် လျော်လျောက်ပတ်တဲ့ မစင်နှင့်ပဲ နင့်ကို ငါ သတ်မယ်" —

အဲဒီလို ပြောဆိုပြီးတော့ – “မစင်ပုပ်ကို စားတဲ့ ပိုးကောင်ဟာ မစင်ပုပ်ကြောင့်ပဲ သေပါစေ”- ဆိုပြီး အဲဒီပိုးကောင်အပေါ်ကို အလွန်ကြီးတဲ့ မစင်တုံးကြီးတစ်တုံးကို စွန့်ချလိုက်တယ်။ ကျင်ငယ်တွေကိုလည်း စွန့်ချလိုက်တယ်။ မစင်စားတဲ့ ပိုးကောင်လည်း အဲဒီနေရာမှာပဲ သေကျေပျက်စီးသွားတယ်။ ဆင်ကြီးလည်း ကြိုးကြာသံကို အော်ပြီးတော့ တောထဲကိုပဲ ဝင်သွားတယ်။

ဒီဇာတ်တော်မှာ – ရဟန်းတော်တွေကို မေးခွန်းတွေမေးပြီး အနှောင့်အယှက်ပေးတတ်တဲ့ ငတုံးဟာ ထိုအချိန်က မစင်စားတဲ့ပိုး ဖြစ်ခဲ့တယ်။ ဆင်ကြီးကတော့ ငတုံးရဲ့ပါးစပ်ထဲကို မစင်တွေ ထည့်ပေးလိုက်တဲ့ ရဟန်းတော်ရဲ့ အလောင်းပဲ ဖြစ်တယ်။ ဒါကြောင့် ငတုံးဖြစ်ရတဲ့ဘဝဟာ သိပ်မကောင်းဘူးလို့ ပြောတာပါ။

သို့သော် ဝါသနာစတင်ပွေ့ကလေးတွေကို သတိပြုသင့်ပါတယ်။ ငတုံးကို ကြည့်လိုက်ရင် မစင်စားတဲ့ ပိုးကောင်ဘဝတုန်းကလည်း မိမိပမာဏကို မသိဘဲ ပါးစပ်ကို မစောင့်စည်းခဲ့ဘူး။ ငတုံးဘဝရောက်တော့လည်း မိမိပမာဏကို မသိဘဲ ပါးစပ်ကို မစောင့်စည်းတဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ပြန်တယ်။ တစ်ဖန် ရဟန်းတော်ကို ကြည့်လိုက်ရင် ဆင်ဘဝတုန်းကလည်း သူတစ်ပါးကို မစင်နှင့် အနိုင်ယူခဲ့တယ်။ ရဟန်းဘဝရောက်ပြန်တော့လည်း မစင်နှင့်ပဲ သူတစ်ပါးကို အနိုင်ယူပြန်တယ်။ ဒီလိုစိတ်နေစိတ်ထား ကလေးတွေကို အထူးသတိပြုသင့်ပါတယ်။ ကဲ - နောက်တစ်ခု ပြောကြရအောင် –

## အမှတ် (၂) ပုဂ္ဂိုလ်အမျိုးအစား

**ယဿ ပန ကမ္မာယူဟနက္ခဏေ လောဘဒေါသာ ဗလဝန္တော ဟောန္တိ၊**[၃၈၀]

ကံတစ်ခုကို ပြုစုပျိုးထောင်စဉ် အချိန်အခါမှာ လောဘတွေက သိပ်အားကောင်းတယ်၊ ဒေါသတွေက သိပ်အားကောင်းတယ်၊ ပုံစံတစ်ခု ဆိုကြစို့ – ခုလို ကောင်းမှုကုသိုလ်ပြုတဲ့ အချိန်အခါမှာ လူ့ဘဝ နတ်ဘဝ စတဲ့ ထိုထိုဘဝတွေကို တွယ်တာတပ်မက်တဲ့ စိတ်ထားတွေနှင့် ပြုစုပျိုးထောင်ခဲ့တယ်၊ “ဒီနေရာတွေမှာ ဒီဘုန်းကြီးကို တို့လာလှူမယ်ဆိုလို့ရှိရင် စီးပွားရေး အဆင်ပြေလေရဲ့”ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာလှူတယ်၊ အဲဒါ ဘာခြံရံထားလဲ? လောဘတွေ ခြံရံနေတယ်။ ကံ-ကံ၏အကျိုးကို သက်ဝင်ယုံကြည်ပြီးတော့ ဒီကောင်းမှုကြောင့် နိဗ္ဗာန်ချမ်းသာကြီးကိုသာ ရပါစေဆိုရင်တော့ ဒါ - လောဘခြံရံတဲ့သဘော မဟုတ်ဘူး။

လူစည်းစိမ်, နတ်စည်းစိမ်, လူ့ဘဝ, နတ်ဘဝ, ထိုထိုဘဝ တစ်ခုခုကို တွယ်တာတပ်မက်တတ်တဲ့ စိတ်ထားနှင့် ဒီကုသိုလ်ကံတွေကို ပြုစုပျိုးထောင်တယ်။ ခုလက်ငင်းဘဝမှာလည်း ရာထူးဌာနန္တရတွေ တိုးတက်ရေး, စည်းစိမ်ဥစ္စာဂုဏ်သိန်တွေ ကြီးပွားရေးအတွက် ရည်ရွယ်ပြီးတော့ ဒီနေရာ လာလှူရင်တော့ တို့ ဒီလိုအကျိုးတွေကို တို့ ချက်ချင်းရလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်နှင့် လာလှူတယ်၊ ဒါ - လောဘဦးစီးနေပြီ။ ဒီလင် ဒီသား ဒီမယားနှင့် နောက်ထပ်လည်း ကြုံပါရစေ ဆုံပါရစေဆိုတဲ့ ခံယူချက်နှင့် လှူရင်လည်း လောဘ ဦးစီးနေတယ်။ သက်န်းတစ်စုံကို လှူတာတောင်မှ နှစ်ယောက်

---

[၃၈၀] အဘိ၊ဌ၊၁၊၃၀၈။

အတူ ကိုင်ပြီးတော့ လှူရမှ ကျေနပ်တယ်။ သားတွေ သမီးတွေ မြေးတွေရှိခဲ့လျှင်လည်း မိသားစု အားလုံး အတူတူကိုင်ပြီးတော့ လှူရမှ ကျေနပ်တယ်။ အားလုံးညီတူညီမျှ ကုသိုလ်ရစေချင်တဲ့ စိတ်ထားဖြင့် လှူရင်တော့ ကောင်းမွန်တဲ့ ဦးတည်ချက် ဖြစ်ပါတယ်။ သို့သော် ဘဝဆက်တိုင်းမှာ "ဥမကွဲ သိုက်မကွာ" နေလိုတယ်ဆိုတဲ့ ဦးတည်ချက်မျိုးတွေ ရှိနေလျှင်တော့ လောဘ ဦးစီးနေတဲ့ ဒါန ဖြစ်နေပါတယ်။

နောက်တစ်မျိုးကတော့ အဲဒီလို ဒါနတစ်ခု ပြုတဲ့အချိန်အခါမှာ ဒေါသတွေ, မကျေနပ်ချက်-တွေက သိပ်များနေတယ်၊ ဟိုလူ့လည်း မကျေနပ်, ဒီလူ့လည်း မကျေနပ်နှင့် ကောင်းမှုကုသိုလ်တစ်ခုကို ပြုစဉ်အချိန်အခါမှာ မကျေနပ်ချက်တွေက သိပ်အားကောင်းနေတယ်။ သူ့ရဲ့ ကုသိုလ်ကို မကျေ-နပ်ချက်တွေက ခြံရံထားပြီ။ အလှူခံပုဂ္ဂိုလ်တွေအပေါ်မှာ မကျေနပ်မှု အားမရမှုတွေကလည်း ရှိနေပြန်တယ်။ လှူဖွယ်ဝတ္ထုအပေါ်မှာလည်း မကျေနပ်မှု အားမရမှုတွေ ရှိနေပြန်တယ်။ ဝေယျာဝစ္စ ဆောင်ရွက်နေကြတဲ့ ပုဂ္ဂိုလ်တွေအပေါ်မှာလည်း မကျေနပ်မှု အားမရမှုတွေ ရှိနေပြန်တယ်။ ဒီလို အားမရမှု မကျေနပ်မှုတွေဟာ ဒေါသပြဓာန်းနေတဲ့ စိတ်အစဉ်တွေသာ ဖြစ်ကြပါတယ်။ နောက်-တစ်ခု ပြောရဦးမယ် —

**အလောဘာဒေါသာ မန္ဒာ၊**[၃၈၁]

ဒီလို ကောင်းမှုကုသိုလ်တစ်ခုကို ပြုစုပျိုးထောင်နေတဲ့အခါမှာ လောဘနှင့် ဒေါသတို့က အရှိန်အဝါ အားကောင်းနေတဲ့အတွက် အလောဘတရားနှင့် အဒေါသ မေတ္တာတရားတွေက သိပ်အား-နည်းနေပြန်တယ်၊ မရှိကြဘူးတော့ မဆိုလိုပါဘူး၊ အားပျော့တာ ပြောတာ။ ကောင်းမှုကံတစ်ခုကို ပြုကတည်းက အလောဘ အဒေါသ အနည်းအကျဉ်းတော့ ရှိမယ်၊ ဒါပေမဲ့ အားပျော့တယ်။ အလှူခံ ပုဂ္ဂိုလ်တွေအပေါ်မှာ အသင့်အတင့်တော့ ကျေနပ်မှု ရှိတယ်၊ အလွန်ကြီးတော့ အားမရဘူး။ အလား-တူပဲ လှူဖွယ်ဝတ္ထုတွေအပေါ်မှာလည်း နည်းနည်းလောက်တော့ ကျေနပ်သလိုလို ရှိတယ်၊ သိပ်တော့ အားအရကြီး မဟုတ်လှဘူး။ ဒါပေမဲ့ —

**အမောဟော ဗလဝါ၊ မောဟော မန္ဒော၊**[၃၈၂]

ဒါပေမဲ့ သိပ်ဉာဏ်ပညာကြီးတယ်၊ ဉာဏ်ပညာကြီးမားတဲ့အတွက် မောဟတရားက အားပျော့ နေတယ်။ ဒီတော့ နည်းနည်းကလေး နမူနာဆိုရရင်တော့ ဒီပုံစံမျိုးတွေက ဘုန်းကြီးတို့ ဘုန်းကြီး-ရဟန်းတွေမှာလည်း နည်းနည်းကလေးတော့ တွေ့ရှိတတ်ပါတယ်။ ဘုန်းကြီးတွေဟာ သိလျက်နဲ့ ဒေါသကြီးတဲ့ ဘုန်းကြီးတွေလည်း ရှိတတ်ကြပါတယ်၊ အဲဒီပုံစံပဲ။ ပညာဉာဏ်မရှိလို့တော့ မဟုတ်ဘူး ရှိတယ်။ ဒါပေမဲ့ သူ့ဒေါသကို သူထိန်းနိုင်တဲ့ စွမ်းအား မရှိဘူး၊ သူ့လောဘကို သူထိန်းနိုင်တဲ့ စွမ်းအား မရှိဘူး၊ လောဘ သိပ်ကြီးတယ်၊ ဒေါသလည်း သိပ်ကြီးတယ်။ ဒါပေမဲ့ ပညာဉာဏ် သူ့မရှိတာတော့ မဟုတ်ဘူး၊ ရှိနေတယ်။ ဘာပညာတွေလည်းလို့ မေးရင်တော့ ဘုရားရှင်ရဲ့ တရားတော်

---

[၃၈၁, ၃၈၂] အဘိ၊ဋ္ဌ၊၁၊၃၀၈။

များကို သင်သိအနေနှင့် ထိုးထွင်းသိနေတဲ့ အာဂမသုတခေါ်တဲ့ ဗဟုသုတပညာကတော့ ရှိနေကြတဲ့ ဘုန်းတော်ကြီးတွေ များကြပါတယ်။ တချို့ဘုန်းတော်ကြီးများကျတော့ သမထ-ဝိပဿနာဘာဝနာတွေကို ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်တော်မူနိုင်ကြတဲ့အတွက် ရုပ်နာမ်ပရမတ်တရားတွေကို ထိုးထွင်းမြင်သိတတ်တဲ့ ဗဟုသုတပညာတွေလည်း ရှိကြပါတယ်။ အချို့ဘုန်းတော်ကြီးများကျတော့ ရုပ်နာမ်ပရမတ်တရားတွေတွင်သာမက ရုပ်နာမ်တို့ရဲ့ အကြောင်းတရားလို့ ခေါ်ဆိုအပ်တဲ့ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေကိုလည်း ထိုးထွင်းသိမြင်တော်မူကြတဲ့ ဗဟုသုတပညာတွေလည်း ရှိကြပါတယ်။ အချို့ဘုန်းတော်ကြီးများကျတော့ ယင်း ရုပ်-နာမ် ကြောင်း-ကျိုး = သင်္ခါရတရားတို့ရဲ့ အနိစ္စအချက်, ဒုက္ခအချက်, အနတ္တအချက်တွေကိုပါ ထိုးထွင်းပြီးတော့ သိတန်သလောက် သိတော်မူကြတဲ့ ဝိပဿနာဉာဏ်ပညာတွေလည်း ရှိတန်သလောက်တော့ ရှိကြပါတယ်။ သို့သော် လောဘနှင့် ဒေါသကတော့ နေရာ အတော်ခပ်များများ ယူထားကြပါတယ်။ ဒီတော့ ဒီလိုကုသိုလ်ကံမျိုးကို ပြုစုပျိုးထောင်နေတဲ့ ဒီပုဂ္ဂိုလ်သည် ဒီကုသိုလ်ကံက အကျိုးပေးတဲ့ဘဝမှာ ဘာဖြစ်လာသလဲ?

**သော ပုရိမနယေနေဝ လုဒ္ဓေါ စေဝ ဟောတိ ဒုဋ္ဌော စ။**[၁၈၃]

ဒီကံက အကျိုးပေးပြီဆိုရင် အဲဒီဘဝမှာ သူ ဘာဖြစ်မလဲ? **လုဒ္ဓ** - လောဘသိပ်ကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရပြန်တယ်၊ **ဒုဋ္ဌ** - ဒေါသလည်း သိပ်ကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရပြန်တယ် - ဟော - ဒီလိုဆိုရင် ဒီဘဝမှာ လောဘကြီးခြင်း, ဒေါသကြီးခြင်းဟာ အတိတ်က လူ့ဘဝကို ရောက်ကြောင်းကံကို ပြုစုပျိုးထောင်စဉ် အချိန်က လောဘတွေ ခြံရံပြီးတော့ ပြုခဲ့လို့, ဒေါသတွေ ခြံရံပြီးတော့ ပြုခဲ့လို့ဆိုတာကိုလည်း သိနိုင်ပြန်တယ်။

လောဘ ဒေါသတွေ ခြံရံပြီး အတိတ်က ထူထောင်ခဲ့တဲ့ ဒီလိုကံမျိုးက အကျိုးပေးခဲ့ရင် ဒီဘဝမှာ လောဘကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရတယ်၊ ဒေါသကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရတယ်၊ ကောင်းသလား? မကောင်းဘူး။ မကောင်းဘူးဆိုရင် မိမိတို့က နောက်ထပ် ဘဝတစ်ခုကို မျှော်လင့်ချက် ရှိသေးတယ်၊ မမျှော်လင့်သော်လည်း အကြောင်းအားလျော်စွာ လက်ခံရဦးမည်ဆိုရင်, လောဘကြီးတဲ့ပုဂ္ဂိုလ်လည်း မဖြစ်ချင်ဘူးဆိုရင် ဘာလုပ်ရမလဲ? ဒီလိုကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါမှာ လောဘစိတ်တွေ လျော့အောင် ကြိုးစားဖို့လိုတယ်။

ဒေါသမကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ချင်တယ်ဆိုရင် ဒီဘဝမှာ ဘာဖြစ်ရမလဲ? ဘယ်သူ့ကိုမှ စိတ်မဆိုးရဘူး၊ ဘယ်သူ့အပေါ်ကိုမှ မကျေနပ်ချက်တွေ မထားရဘူး။ မကျေနပ်ချက်တွေ ထားနေသမျှ ဒေါသတွေက ဖြစ်နေပြီ၊ ဒေါသခြံရံပြီးတော့ ဒီကံတွေကို ပြုစုပျိုးထောင်လိုက်ရင် တစ်ချိန်အကျိုးပေးပြီဆိုရင် ဘာဖြစ်မလဲ? မကျေနပ်ချက်တွေ အားကောင်းတဲ့ပုဂ္ဂိုလ်, ဒေါသကြီးတဲ့ပုဂ္ဂိုလ်သာ မိမိက ဖြစ်နေရမယ်။ သို့သော် ကုသိုလ်ကံတစ်ခုကို ပြုစုပျိုးထောင်တဲ့အပိုင်းမှာ တစ်ဖက်သားအပေါ်မှာ မကျေနပ်ချက်တွေလည်း အားမကောင်းဘူး၊ ဒေါသတွေကလည်း မရှိဘူး၊ မေတ္တာတရားတွေသာ

[၁၈၃] အဘိ၊ဋ္ဌ၊၁၊၃၀၈။

အားကောင်းနေတယ်၊ ကြင်နာသနားတတ်တဲ့ ကရုဏာတရား, တစ်ဖက်သားတွေရဲ့ အောင်မြင်မှုကို ကြည်ရွှင်ဝမ်းမြောက်တဲ့ မုဒိတာတရားတွေ ခြံရံကာ ကုသိုလ်ကံတစ်ခုကို ပြုစုပျိုးထောင်ခဲ့မယ်ဆိုလျှင် ဒီကံက အကျိုးပေးတဲ့ဘဝမှာ မိမိဟာ ဒေါသမကြီးတဲ့ပုဂ္ဂိုလ်, မေတ္တာဓာတ် အားကောင်းတဲ့ပုဂ္ဂိုလ်, ကရုဏာဓာတ် အားကောင်းတဲ့ပုဂ္ဂိုလ်, မုဒိတာဓာတ် အားကောင်းတဲ့ပုဂ္ဂိုလ်မျိုး ဖြစ်ရပါလိမ့်မယ်။

ဒါကြောင့် – ကိုယ့်စိတ်ဓာတ်ကို ကိုယ်ပြုပြင်ပြောင်းလဲပေးဖို့ မလိုဘူးလား? လိုအပ်တယ်၊ အချောဆုံး အလှဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်ချင်တယ်ဆိုရင် မိမိရဲ့စိတ်ကလေးကို အချောဆုံး အလှဆုံး ဖြစ်အောင် ပြုပြင်ပြောင်းလဲပေးရမယ်။ ဘယ်လို ပြုပြင်ပြောင်းလဲပေးရမလဲ?

## စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပုံ နည်းစနစ်ကောင်းများ

ပြုပြင်ပြောင်းလဲပုံ နည်းစနစ်များကို ဘုရားရှင်က ဥဒါန်းပါဠိတော် **မေဃိယသုတ္တန်**[၃၈၄]တွင် ဒီလို ဆိုဆုံးမထားတော်မူခဲ့ပါတယ် —

သက်ရှိသက်မဲ့ လိုချင်စရာ ကာမဝတ္ထု အစုစုတွေအပေါ်မှာ တွယ်တာမက်မောနေတဲ့ ရာဂ ခေါ်တဲ့ တဏှာလောဘတရားကို ပယ်ရှားနိုင်ရေးအတွက် အသုဘဘာဝနာကို ခပ်များများ ပွားပေးဖို့ ရန် ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။ ဒီအသုဘဘာဝနာကတော့ သဝိညာဏကအသုဘ = ရှင်အသုဘနှင့် အဝိညာဏကအသုဘ = သေအသုဘဟု အသုဘဘာဝနာနှစ်မျိုးတို့ကို ဘုရားရှင်-က ဟောကြားပြသထားတော်မူခဲ့ပါတယ်။

ရှင်အသုဘဆိုတာကတော့ ကိုယ်တွင်းအဇ္ဈတ္တမှာရှိတဲ့ (၃၂)ကောဋ္ဌာသတွေရဲ့ ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောကို အာရုံယူကာ "အသုဘ အသုဘ"ဟု ရှုခဲ့လျှင် ပဌမဈာန်သမာဓိအဆင့်သို့ တိုင်အောင် ဆိုက်ရောက်နိုင်ပါတယ်။ ဒီရှုကွက်ကိုတော့ ဘုရားရှင်က မဟာသတိပဋ္ဌာနသုတ္တန် ပဋိကူလမနသိကာရအပိုင်း[၃၈၅]တွင် ဟောကြားထားတော်မူပါတယ်။ အလားတူပဲ ယောဂါဝစရပုဂ္ဂိုလ်က မိမိ ရာဂဖြစ်နေတဲ့ အပြင်ဗဟိဒ္ဓ သက်ရှိသတ္တဝါတစ်ဦးရဲ့သန္တာန်မှာ တည်ရှိနေကြတဲ့ (၃၂)-ကောဋ္ဌာသတွေရဲ့ ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောကို သေနေတဲ့ အလောင်းကောင်မှာရှိကြတဲ့ (၃၂)ကောဋ္ဌာသတွေကဲ့သို့ သဘောထားကာ ရှုပွားတတ်မယ်ဆိုလျှင် ဥပစာရသမာဓိအထိ ဆိုက်-ရောက်နိုင်ပါတယ်။ ဒီရှင်အသုဘဘာဝနာကလည်း ရာဂကို တိုက်ဖျက်ပေးနိုင်တဲ့ စွမ်းအား ရှိပါတယ်။ သို့သော် ဒီသမထဘာဝနာကတော့ ရာဂကို ခပ်ကြာကြာ တစ်နာရီ နှစ်နာရီ စသည်ဖြင့် မဖြစ်ပေါ်လာအောင် ပယ်ခွာထားနိုင်တဲ့ သဘောမျှသာ ရှိပါတယ်။ အမြစ်ပြတ်တော့ မဖြေရှင်းနိုင်သေးပါဘူး။ အမြစ်ပြတ် ဖြေရှင်းနိုင်ရေးအတွက်ကတော့ ဝိပဿနာဘာဝနာကို မဂ်ပေါက်ဖိုလ်ဝင် နိဗ္ဗာန်ကို မြင်သိသည့်တိုင်အောင် ဆက်လက်ပြီးတော့ ပွားများအားထုတ်ရမှာ ဖြစ်ပါတယ်။

---

[၃၈၄] အသုဘာ ဘာဝေတဗ္ဗာ ရာဂဿ ပဟာနာယ၊ မေတ္တာ ဘာဝေတဗ္ဗာ ဗျာပါဒဿ ပဟာနာယ၊ အာနာပါနဿတိ ဘာဝေတဗ္ဗာ ဝိတက္ကုပစ္ဆေဒါယ၊ အနိစ္စသညာ ဘာဝေတဗ္ဗာ အသ္မိမာနသမုဂ္ဃါတာယ။ အနိစ္စသညိနော ဟိ မေဃိယ အနတ္တသညာ သဏ္ဌာတိ၊ အနတ္တသညီ အသ္မိမာနသမုဂ္ဃါတံ ပါပုဏာတိ ဒိဋ္ဌေဝ ဓမ္မေ နိဗ္ဗာနံ။ (ဥဒါန၊၁၂၀။)

[၃၈၅] မ၊၁၊၇၂။

နောက်တစ်ခုကတော့ အဝိညာဏကအသုဘ = သေအသုဘ ဖြစ်ပါတယ်။ သေနေတဲ့ လိင်တူ အလောင်းကောင်တစ်ခုကို အာရုံယူကာ ယင်းအလောင်းကောင်မှာ တည်ရှိနေတဲ့ ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောကို အာရုံယူကာ "အသုဘ အသုဘ"ဟု ရှုခဲ့လျှင်တော့ ပထမဈာန်သမာဓိအဆင့်သို့ တိုင်အောင် ရောက်ရှိနိုင်ပါတယ်။ ဒီအသုဘဘာဝနာကလည်း တပ်မက်တွယ်တာမှုရာဂကို ခပ်ကြာကြာခွာထားနိုင်တဲ့ စွမ်းအား ရှိပါတယ်။ သို့သော် အမြစ်ပြတ်တော့ မဖြေရှင်းနိုင်သေးပါဘူး။ အမြစ်ပြတ် ဖြေရှင်းနိုင်ရေးအတွက် ဝိပဿနာပိုင်းသို့ကူးကာ အကြောင်းတရားနှင့် တကွသော ရုပ်နာမ် ပရမတ်တရားတွေရဲ့ အနိစ္စပြစ်ချက်, ဒုက္ခပြစ်ချက်, အနတ္တပြစ်ချက်တွေနှင့် ပြည့်နှက်နေတဲ့အတွက် ရွံရှာစက်ဆုပ်ဖွယ်ကောင်းတဲ့ အသုဘသဘောကို ဆက်လက်ပြီးတော့ ပွားများအားထုတ်ရမှာ ဖြစ်ပါတယ်။

နောက်ထပ် ရှုကွက်တစ်မျိုး ရှိနေသေးတယ်။ မဟာသတိပဋ္ဌာနသုတ္တန်[၃၈၆] စသည်တို့တွင် ညွှန်ကြားထားတော်မူတဲ့ အာဒီနဝါနုပဿနာ[၃၈၇]လို့ ခေါ်ဆိုတဲ့ မိမိ သူတစ်ပါး နှစ်ဦးသားတို့ရဲ့ ခန္ဓာအိမ်မှာ ရှိနေကြတဲ့ အပြစ်အာဒီနဝတွေကို ရှုတဲ့ အသုဘရှုကွက် ဖြစ်ပါတယ်။ ဒီရှုကွက်ကို ဘုရားရှင်သည် သုတ္တနိပါတ် ပါဠိတော် ဝိဇယသုတ္တန်[၃၈၈]တွင်လည်း ဟောကြားထားတော်မူခဲ့ပါတယ်။ ထိုသုတ္တန်တွင် သိရိမာရဲ့အလောင်းကောင်ကို အာရုံယူကာ အသုဘဘာဝနာရှုကွက်ကို ရဟန်းယောကျ်ား ပရိသတ် ရဟန်းမိန်းမပရိသတ် လူဥပါသကာ ယောကျ်ားပရိသတ် လူဥပါသိကာမ အမျိုးသမီးပရိသတ်ဆိုတဲ့ ပရိသတ် (၄)ပါးတို့ကို ရှုပွားရန် ဘုရားရှင်က ဒီလို ညွှန်ကြားထားတော်မူခဲ့ပါတယ် –

သိရိမာအလောင်းရဲ့ ပုပ်ပွနေသည့်အတွက် ရွံရှာစက်ဆုပ်ဖွယ် အသုဘသဘောကို အာရုံယူကာ "အသုဘ အသုဘ"ဟု ရှုပါ။ အလားတူပင် မိမိ၏ ခန္ဓာအိမ်သို့လည်း ဉာဏ်ဖြင့် ရှေးရှုကပ်ဆောင်ယူပြီးတော့ "သိရိမာအလောင်းကဲ့သို့ ငါလည်း တစ်နေ့တော့ သေရမယ်"လို့ ဉာဏ်နှင့် ကပ်ဆောင်ပြီး ယူကာ မိမိ ပုပ်ပွပြီး သေနေတဲ့ မိမိရဲ့ အလောင်းကောင်ကို မြင်အောင် ကြည့်ပြီးလျှင် "အသုဘ အသုဘ"ဟု ရှုပါ။ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် = မိမိအလောင်းကို တစ်လှည့် သိရိမာ အလောင်းကို တစ်လှည့် "အသုဘ အသုဘ" ဟု ရှုပါ။ အကြိမ်ကြိမ် ရှုလို့ အောင်မြင်မှု ရရှိပါက နောက်ထပ် မိမိ နှစ်သက်မြတ်နိုးနေတဲ့ သက်ရှိသတ္တဝါတွေကို ယောကျ်ား မိန်းမ ခွဲခြားမနေတော့ဘဲ တစ်ယောက်ပြီး တစ်ယောက် ပြောင်းကာ အဇ္ဈတ္တတစ်လှည့် ဗဟိဒ္ဓတစ်လှည့် = မိမိအလောင်းကို တစ်လှည့် သူတစ်ပါးအလောင်းကို တစ်လှည့် အာရုံယူကာ "အသုဘ အသုဘ"ဟု ရှုပါ။ အဲဒီလို ရှုတဲ့အခါမှာ ဘယ်သူ့ကိုပဲ ရှုရှု ရှုလိုက်တဲ့သူတိုင်းကို သေပြီး ပုပ်ပွနေတဲ့ပုံပေါ်အောင် ရှုပါ။ ဒီလို ရှုဖန်များလာလို့ ဘာဝနာက အရှိန်အားကောင်းလာပြီဆိုရင်တော့ ထိုထို သက်ရှိသတ္တဝါတို့အပေါ်၌ တွယ်တာမက်မောနေတဲ့ တဏှာရာဂတရားကို တဒင်္ဂအားဖြင့်တော့ ပယ်ရှားထားနိုင်မှာ ဖြစ်ပါတယ်။ လောဘမှ အလောဘအဆင့်သို့ ရောက်အောင် မိမိရဲ့ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပေးနေခြင်း

---

[၃၈၆] မ၊၁၊၇၃။ [၃၈၇] မဋ္ဌ၊၁၊၃၀၄။

[၃၈၈] ယထာ ဣဒံ တထာ ဧတံ၊ ယထာ ဧတံ တထာ ဣဒံ။
အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ၊ ကာယေ ဆန္ဒံ ဝိရာဇယေ။ (သုတ္တနိပါတ၊၃၀၈။)

ဖြစ်ပါတယ်။

ဒီလို မိမိ သူတစ်ပါး နှစ်ဦးသားတို့ရဲ့ ခန္ဓာအိမ်၏အပြစ်ကို မြင်အောင်ရှုတဲ့ အာဒီနဝါနုပဿနာပိုင်းမှာ မူလအရှုခံအာရုံဖြစ်တဲ့ အလောင်းကောင်မှာ လိင်တူအလောင်းကောင်ဖြစ်ဖို့ မလိုပါ။ လိင်တူသည်ဖြစ်စေ မတူသည်ဖြစ်စေ ရှုနိုင်သည်သာ ဖြစ်ပါတယ်။ သိရိမာရဲ့ အလောင်းတစ်ခုတည်းကို အာရုံယူပြီးတော့ ပရိသတ် (၄)ပါးလုံးက အသုဘဘာဝနာရှုသည့်ထုံးကို သာဓကအဖြစ် ထောက်ရှုပါ။ သို့သော် ယောဂီပုဂ္ဂိုလ်က ပထမဈာန်သမာဓိကဲ့သို့သော ဈာန်သမာဓိကို အလိုရှိလို့ အသုဘဘာဝနာကို ရှုပွားချင်တယ်ဆိုလျှင်တော့ လိင်တူအလောင်းကောင်ကို အာရုံယူကာ အသုဘဘာဝနာကို ရှုပွားရမှာ ဖြစ်ပါတယ်။

ကဲ - နောက်တစ်မျိုး ပြောကြရအောင် — ဒေါသမှ အဒေါသဖြစ်အောင် မိမိတို့ရဲ့ စိတ်ဓာတ်ကို ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ပြုပြင်ပြောင်းလဲပေးရမလဲဆိုလျှင် ဘုရားရှင်က မေဃိယသုတ္တန်[၃၉]မှာ မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းဖို့ရန် နည်းလမ်းကို ညွှန်ကြားထားတော်မူပါတယ်။

ပုဂ္ဂိုလ်တစ်ယောက်ယောက်ရဲ့အပေါ်မှာ မကျေနပ်ချက် ဒေါသတွေက တားမရ ဆီးမနိုင် တဖွားဖွား တန့်နှံ့ ဖြစ်နေပြီဆိုလျှင်တော့ မေတ္တာဘာဝနာရေစင်ဖြင့် အေးမြသွားအောင် မိမိရဲ့ စိတ်အစဉ်ကို သွန်းလောင်းပေးရန် ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။ ဒါ့ကြောင့် — “သမထသည် သာသနာတွင်းတရားမဟုတ်၊ သာသနာပတရားသာ ဖြစ်သည်၊ ဝိပဿနာသာလျှင် သာသနာတွင်းတရား ဖြစ်သည်” – ဟု သမထကို သိပ်ပြီးတော့ ဂျစ်ကန်ကန် မလုပ်သင့်လှပါဘူး။ ဘုရားရှင်၏ အဆုံးအမတော်များကို ဖျက်ဆီးခြင်းဆိုတဲ့ လုပ်ငန်းရပ်သည် ဘုရားရှင်၏ အဆုံးအမ သာသနာတော်ကြီး ဆုတ်ယုတ်ပျက်စီးခြင်းရဲ့ အကြောင်းတစ်ခု ဖြစ်သည်ဆိုတာကိုတော့ သဘောပေါက်ပါ။

နောက်တစ်စုံကို ပြောကြရအောင် — မောဟနှင့် အမောဟ — မောဟနေရာမှာ အမောဟကို အစားထိုးချင်လျှင်တော့ အကြောင်းတရားနှင့် တကွသော ရုပ်နာမ်ပရမတ်တရားတွေကို လက္ခဏာယာဉ် (၃)တန် တင်ပြီးတော့ တွင်တွင်ကြီးသာ ဝိပဿနာရှုပါ။ ဒီလို ဝိပဿနာရှုနိုင်လျှင်တော့ အနိစ္စာနုပဿနာဉာဏ်က “ငါ ငါ”လို့ ထောင်လွှားတက်ကြွနေတဲ့ မာနစွဲကို ပယ်စွန့်နိုင်ပါတယ်။ ဒုက္ခာနုပဿနာဉာဏ်က “ငါ့ဟာ ငါ့ဟာ”လို့ စွဲနေတဲ့ တဏှာစွဲကို ဖြိုခွဲလိုက်မှာ ဖြစ်ပါတယ်။ အနတ္တာနုပဿနာဉာဏ်ကလည်း “ငါရဲ့ အတ္တ”လို့ စွဲနေတဲ့ အတ္တစွဲကို ဖြိုခွဲလိုက်မှာ ဖြစ်ပါတယ်။ ဒီလို ဝိပဿနာရှုနေတဲ့ အနုပဿနာဉာဏ်တွေက အကြောင်းတရားနှင့် တကွသော ရုပ်နာမ်ဓမ္မသင်္ခါရတရားတွေကို မသိအောင် ဖုံးလွှမ်းထားတဲ့ မောဟ, ယင်းသင်္ခါရတရားတို့ရဲ့ အနိစ္စအချက် ဒုက္ခအချက် အနတ္တအချက်တွေကို မသိအောင် ဖုံးလွှမ်းထားတဲ့ မောဟ — ဒီမောဟတရားတွေကိုပါ တစ်ပါတည်း ပယ်ရှားသွားမှာ ဖြစ်ပါတယ်။

---

[၃၉] ဥဒါန၊၁၂၀။

အလားတူပဲ ရွှေငွေစတဲ့ သက်မဲ့အရာဝတ္ထုတွေအပေါ်မှာ တွယ်တာတပ်မက်မှု လောဘတရားတွေ ထင်ရှားဖြစ်နေခဲ့မယ်ဆိုလျှင်လည်း တွင်တွင်ကြီးသာ ဝိပဿနာရှုပေးပါ။ ဘယ်လို ရှုမလဲ?- ရှေးဦးစွာ ပရမတ်သို့ ဉာဏ်အမြင်ဆိုက်ဖို့က အရေးကြီးပါတယ်။ ဥပမာ – ငွေအပေါ်မှာ တွယ်တာမက်မောမှုတွေက သိပ်အားကောင်းတယ်ဆိုလျှင် ထိုငွေမှာ တည်ရှိနေတဲ့ ဓာတ်ကြီးလေးပါးကို စတင် သိမ်းဆည်းရှုပွားပါ။ ယင်းဓာတ်ကြီးလေးပါးတို့ကိုပင် အာရုံယူကာ သမာဓိကို ဆက်လက်ပြီးတော့ ထူထောင်လိုက်ပါက ရုပ်ကလာပ်များကိုသာ တွေ့ရှိမည် ဖြစ်ပါတယ်။ ရုပ်ကလာပ်များကို တွေ့မြင်သောအခါ ယင်းရုပ်ကလာပ်တွေမှာ တည်ရှိနေတဲ့ – ပထဝီ, အာပေါ, တေဇော, ဝါယော, အဆင်း, အနံ့, အရသာ, ဩဇာ–ဆိုတဲ့ ရုပ်ပရမတ်တရားတွေကို ဉာဏ်ဖြင့် ပိုင်းခြားယူပါ သိမ်းဆည်းပါ။ အလားတူပဲ ရွှေအပေါ်မှာ နှစ်သက်မြတ်နိုးမှုတွေက သိပ်အားကောင်းနေလျှင်လည်း ယင်းရွှေမှာ တည်ရှိနေတဲ့ ဓာတ်ကြီးလေးပါးကို သိမ်းဆည်းကာ ယင်းဓာတ်ကြီးလေးပါးကိုပဲ အာရုံယူပြီးတော့ သမာဓိကို ဆက်လက် ထူထောင်လိုက်ပါက ရုပ်ကလာပ်များကိုသာ တွေ့ရှိမည် ဖြစ်ပါတယ်။ အဲဒီအခါမှာ ရုပ်ပရမတ်တရားတွေကို ဆက်လက်ပြီးတော့ ရှုပွားသိမ်းဆည်းပါ။ အလားတူပဲ စိန်အပေါ်မှာ တွယ်တာမက်မောမှုတွေက သိပ်အားကောင်းလို့ သေတ္တာကို ခဏခဏ ဖွင့်ကြည့်နေရမည်ဆိုလျှင် အဲဒီအချိန်အခါမျိုးမှာလည်း ဒီတွယ်တာမှုတွေကို ပယ်ရှားနိုင်ရေးအတွက် ဘာလုပ်ရမလဲ?- အဲဒီစိန်မှာ တည်ရှိနေတဲ့ ဓာတ်ကြီးလေးပါးတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူပြီးတော့ ယင်းဓာတ်ကြီးလေး-ပါးတို့ကိုပင် အာရုံယူကာ သမာဓိကို ဆက်လက် ထူထောင်လိုက်ပါက ရုပ်ကလာပ်အမှုန်များကိုသာ တွေ့ရှိမည် ဖြစ်ပါတယ်။ အဲဒီအခါမှာ ယင်းရုပ်ကလာပ်တွေမှာ တည်ရှိနေတဲ့ ရုပ်ပရမတ်သဘောတရားတွေကို ဆက်လက်ပြီးတော့ သိမ်းဆည်းရှုပွားပါ။ မည်သည့်သက်မဲ့အရာဝတ္ထုကိုမဆို ပုံစံတူပင် ရှုကြည့်ပါ။ ရုပ်ပရမတ်သဘောတရားတွေကိုသာ တွေ့ရှိမည် ဖြစ်ပါတယ်။

အဲဒီလို ရုပ်ပရမတ်သဘောတရားသက်သက်တွေကိုသာ ဉာဏ်အမြင်ဆိုက်ရောက်သွားပါက ယင်းရုပ်ပရမတ်သဘောတရားတို့ရဲ့ ဖြစ်ပြီးပျက်နေတဲ့ အနိစ္စသဘော, ဖြစ်ခြင်းပျက်ခြင်းဖြင့် အနှိပ်-စက်ခံနေရတဲ့ ဒုက္ခသဘော, မပျက်စီးဘဲ အကြိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ အတ္တမရှိမှု သဘောတရားတွေကိုသာ တွေ့ရှိနေမည် ဖြစ်ပါတယ်။ အဲဒီလို အသိဉာဏ်တွေ ဖြစ်ပေါ်နေတဲ့အခါမှာ ငွေဆိုတာ ရှာလို့ မတွေ့တော့ဘူး၊ ရွှေဆိုတာ ရှာလို့ မတွေ့တော့ဘူး၊ စိန်ဆိုတာ ရှာလို့ မတွေ့တော့ဘူး။ လယ်ယာအိုးအိမ်ဆိုတာလည်း ရှာလို့ မတွေ့တော့ဘူး။ ဖြစ်ပြီးပျက်နေတဲ့ ရုပ်ပရမတ်သဘောတရားသက်သက်ကိုသာ တွေ့ရှိနေမည် ဖြစ်ပါတယ်။

ဒီလို ပရမတ်သို့ ဉာဏ်အမြင်ဆိုက်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးအဖို့ နောက်ထပ် သိနိုင်တာ တစ်မျိုး ရှိနေသေးတယ်။ ဒီသက်မဲ့ရုပ်ကလာပ် တစ်ခုတစ်ခုအတွင်းမှာ တည်ရှိနေတဲ့ တေဇောဓာတ်ခေါ်တဲ့ အပူငွေ့က နောက်ထပ် ရုပ်ကလာပ်အသစ်အသစ်ကို ဆင့်ကာဆင့်ကာ အထပ်ထပ် ဖြစ်စေမှုသဘောကိုလည်း ဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိမြင်နေမည်သာ ဖြစ်ပါတယ်။ ဒီတေဇောဓာတ်ရဲ့ ကျေးဇူးပြုပေးမှု အရှိန်အဝါသတ္တိ မကုန်သေးသမျှ ကာလပတ်လုံး ဒီရုပ်တရားတွေဟာ ဖြစ်ပျက်အစဉ်အတန်းအနေအားဖြင့် ဆက်လက် တည်ရှိနေမည်သာ ဖြစ်ပါတယ်။ ဒီဝိပဿနာဉာဏ်တွေ

ကလည်း ရှေ့ပိုင်းက ပြောခဲ့တဲ့အတိုင်း ဒီရွှေ ငွေ စိန် ကျောက် စသည်တို့အပေါ်မှာ တွယ်တာမက်မောနေတဲ့ တဏှာစွဲ, မာနစွဲ, ဒိဋ္ဌိစွဲတွေကိုသာမက ရွှေ ငွေ စိန် ကျောက် စသည်ဖြင့် အသိမှားနေတဲ့ မောဟတရားကိုပါ ပယ်ရှားသွားမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် လောဘထုပြောနေတဲ့ မိမိတို့ရဲ့ စိတ်ဓာတ်ကို အလောဘထုပြောနေတဲ့ စိတ်ဓာတ်ဖြစ်အောင်, ဒေါသထုပြောနေတဲ့ မိမိတို့ရဲ့ စိတ်ဓာတ်ကို အဒေါသ မေတ္တာဓာတ်တွေ ထုပြောနေတဲ့ စိတ်ဓာတ်တွေ ဖြစ်အောင်, မောဟထုပြောနေတဲ့ မိမိတို့ရဲ့ စိတ်ဓာတ်ကို အမောဟခေါ်တဲ့ ပညာ-ဓာတ်တွေ ထုပြောတဲ့ စိတ်အစဉ်တွေ ဖြစ်အောင် မိမိတို့ရဲ့ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲဖို့ရန်အတွက် ဘုရားရှင်က နည်းစနစ်ကောင်းတွေကို ညွှန်ကြားပြသ ဆိုဆုံးမထားတော်မူခဲ့ပါတယ်။ မိမိတို့ဘက်က လိုက်နာပြုကျင့်ဖို့သာ လိုအပ်ပါတယ်။ ဒီလို လိုက်နာပြုကျင့်လို့ မိမိတို့ရဲ့ စိတ်အစဉ်မှာ မောဟဓာတ်တွေက မထုပြောဘဲ အမောဟ ပညာဓာတ်တွေကသာ ထုပြောနေခဲ့မယ်ဆိုလျှင် ဒီလို အမောဟ ပညာဓာတ်တွေ ခြံရံထားတဲ့ ကုသိုလ်ကံတစ်ခုက ဘဝတစ်ခုကို ဖြစ်စေခဲ့မည်ဆိုလျှင် ထိုဘဝမှာ ဘာဖြစ်မလဲ?

**ပညဝါ ပန ဟောတိ ဝဇိရူပမဉာဏော ဒတ္တာဘယတ္ထေရော ဝိယ။**[၃၉၀]

ဒတ္တာဘယမထေရ်ဆိုတဲ့ ဘုန်းတော်ကြီးတစ်ပါးကို အဋ္ဌကထာက ပုံစံထုတ်ပြထားပါတယ်။ အဲဒီဘုန်းတော်ကြီးရဲ့ ဝတ္ထုဇာတ်ကြောင်းကတော့ စာမှာ ကြည့်ရတာ မတွေ့ဘူး၊ ဒီတော့ ဉာဏ်ပညာတော့ သိပ်ကြီးမားတယ်၊ ဝရဇိန်လက်နက် မိုးကြိုးစက်ကဲ့သို့ ထက်မြက်တဲ့ ဉာဏ်ပညာ ရှိတယ်၊ ဒါပေမဲ့ ဒီကံတစ်ခုကို သူ ပြုစုပျိုးထောင်စဉ် အချိန်အခါက လောဘကို ထိန်းသိမ်းနိုင်တဲ့ စွမ်းအားမရှိခဲ့ဘူး၊ ဒေါသကို ချုပ်တည်းနိုင်တဲ့ စွမ်းအား မရှိခဲ့ဘူး၊ မရှိခဲ့တဲ့အတွက် လောဘကြီးတဲ့ပုဂ္ဂိုလ်, ဒေါသကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရတယ်။ ဒါပေမဲ့ ဉာဏ်ပညာတွေက သိပ်အားကောင်းခဲ့တဲ့အတွက်ကြောင့် ဉာဏ်ပညာတွေ ကြီးမားတဲ့ပုဂ္ဂိုလ်တော့ လာဖြစ်ရတယ်၊ ဒါက ပုဂ္ဂိုလ်ပုံစံတစ်မျိုးပဲ။ နောက်ပုံစံတစ်မျိုးကတော့ ဘယ်လိုလဲ? —

## အမှတ် (၃) ပုဂ္ဂိုလ်အမျိုးအစား

**ယဿ ပန ကမ္မာယူဟနက္ခဏေ လောဘာဒေါသမောဟာ ဗလဝန္တော၊**[၃၉၀]

ကံတစ်ခုကို ပြုစုပျိုးထောင်တဲ့အခါမှာ လောဘက အားကောင်းနေပြန်တယ်၊ မောဟကလည်း အားကောင်းနေပြန်တယ်၊ သို့သော် အဒေါသ မေတ္တာဓာတ်ကတော့ အလွန်အားကောင်းတယ်။ သူက ပုံစံတစ်မျိုးပဲ။

ကံတစ်ခုကို ပြုစုပျိုးထောင်စဉ် အချိန်အခါမှာ အဒေါသ မေတ္တာဓာတ်ကတော့ သိပ်အားကြီးနေတယ်၊ အလျှုခံ အစရှိတဲ့ ပတ်ဝန်းကျင်ပုဂ္ဂိုလ် အားလုံးအပေါ်၌ မေတ္တာဓာတ်က သိပ်အားကောင်း

---

[၃၉၀, ၃၉၀] အဘိ၊ဋ္ဌ၊၁၊၃၀၈။

တယ်။ ဒါပေမဲ့ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့အပေါ်မှာ တွယ်တာတပ်မက်နေတဲ့ လောဘက သိပ်အားကောင်းတယ်။ လှူဖွယ်ဝတ္ထု တစ်ခုခုကို ပေးလှူတော့မယ်ဆိုလျှင် လှူရလျှင် ကောင်းမလား, မလှူဘဲ နေရလျှင် ကောင်းလေမလား စသည်ဖြင့် စိတ်တွေက ဝေခွဲလို့မရ ဖြစ်နေတတ်တယ်၊ လွယ်လွယ်နှင့် မစွန့်လွှတ်နိုင် ဖြစ်နေတတ်တယ်။ ဒါတွင်လားဆိုတော့ မကသေးဘူး၊ အသိအလိမ္မာ ဉာဏ်ပညာကလည်း သိပ်မရှိလှဘူး၊ အသိအလိမ္မာ ဉာဏ်ပညာ မရှိဘူးဆိုတော့ ကံကို ထူထောင်တဲ့ အချိန်အခါမျိုးမှာ ရုပ်နာမ်ပရမတ်ကို ထွင်းဖောက်ပြီး သိတဲ့ ဉာဏ်ပညာ မပါဘူး၊ အကြောင်းတရား အကျိုးတရားတွေကို ထွင်းဖောက်သိတဲ့ ဉာဏ်ပညာ မပါဘူး၊ အကြောင်းတရားနှင့်တကွ ဒီရုပ်နာမ် တို့ရဲ့ အနိစ္စ, ဒုက္ခ, အနတ္တအချက်တွေကို ထွင်းဖောက်သိမြင်နေတဲ့ ဉာဏ်ပညာက မပါပြန်ဘူး။ အောက်ထစ်ဆုံးအားဖြင့် ပြောရရင် ကံ-ကံ၏အကျိုးကို တတ်သိနားလည်နေတဲ့ ကမ္မဿကတာ-သမ္မာဒိဋ္ဌိဆိုတဲ့ အသိဉာဏ်တောင် မပါရှိဘူး။ ဒီလို အသိဉာဏ် မရှိတာကိုဘဲ မောဟထူပြောနေတယ်လို့ ဆိုလိုပါတယ်။ ဒီလို အသိအလိမ္မာ ဉာဏ်ပညာ မရှိဘဲ မပါဘဲနဲ့ ဒီကံတစ်ခုကို ပြုစုပျိုးထောင်လိုက်တော့ ဘာဖြစ်သလဲ?

**သော ပုရိမနယေနေဝ လုဒ္ဓေါ စေဝ ဟောတိ ဒန္ဓော စ၊ သုခသီလကော ပန ဟောတိ အက္ကောဓနော။**[၁၉၂]

ဒီကံက အကျိုးပေးပြီဆိုရင် ထိုပုဂ္ဂိုလ်သည် ဘာဖြစ်မလဲ? အတိတ်က ဒီကံကို ပြုစုပျိုးထောင်စဉ် အခါက လောဘအားကောင်းခဲ့တဲ့အတွက် လောဘကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရပြန်တယ်။ အတိတ်က ဒီကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါတုန်းက မေတ္တာဓာတ် အားကောင်းခဲ့တဲ့အတွက် ဒီဘဝမှာ သူဟာ စိတ်ချမ်းသာတဲ့ပုဂ္ဂိုလ်, ဒေါသမကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရပြန်တယ်။ အတိတ်က ဒီကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါတုန်းက ဉာဏ်ပညာနုံ့ခဲ့တဲ့အတွက် ဒီဘဝမှာ ဘာဖြစ်သလဲ? **ဒန္ဓော** = ဉာဏ်ပညာနုံ့နှေးတဲ့ ပုဂ္ဂိုလ် ထိုင်းအတဲ့ပုဂ္ဂိုလ် လာဖြစ်ရပြန်တယ်။ ဒါကလည်း သူက ကံတစ်မျိုး ပုဂ္ဂိုလ်တစ်ဦးပဲ။

အလားတူပဲ — ပုဂ္ဂိုလ်တစ်ဦးက သုဂတိဘုံသို့ ရောက်ကြောင်းဖြစ်တဲ့ ကောင်းမှုကုသိုလ်ကံတွေကို ဒီဘဝမှာ အားပါးတရ ထူထောင်နေတယ် ဆိုကြစို့။ ဒီကံကို ထူထောင်စဉ်အခါမှာ ဒီကံကို လောဘဓာတ် မောဟဓာတ်တွေကလည်း ခြံရံနေတယ်၊ အဒေါသ မေတ္တာဓာတ်တွေကလည်း ခြံရံနေတယ်ပဲ ဆိုကြစို့၊ ဒီကံကြောင့် သုဂတိဘဝတစ်ခုခုကို ရရှိပြီ ဆိုကြစို့။ လောဘခြံရံထားတဲ့ ဒီကံက လောဘကြီးသူ ဖြစ်အောင်, မောဟခြံရံထားတဲ့ ဒီကံက ပညာဉာဏ်နုံ့နှေးတဲ့သူ ဖြစ်အောင်, အဒေါသ မေတ္တာဓာတ်ခြံရံထားတဲ့ ဒီကံက မေတ္တာတရားကြီးမားသူ ဖြစ်အောင် တည်ထောင်ဖန်တီးပေးမှာ ဖြစ်တယ်။

မိမိတို့က ဘယ်လို ပန်းချီကားမျိုးကို ရေးဆွဲလိုသလဲ? ခုအချိန်အခါဟာ ပုံဆွဲနေတဲ့ အချိန်အခါ-မျိုးဖြစ်လေတော့ မိမိတို့ နှစ်ခြိုက်တဲ့ ရုပ်လုံးများပေါ်လာအောင် ရေးဆွဲတတ်ဖို့တော့ လိုတယ်။ ခု ရေးဆွဲလိုက်တဲ့ပုံကတော့ မေတ္တာတရားကြီးမားတဲ့, စိတ်ချမ်းချမ်းသာသာနေတတ်တဲ့ပုံတော့ မှန်-

[၁၉၂] အဘိဋ္ဌ၊၁၊၃၀၈။

တယ်။ ဒါပေမဲ့ ဘာမှတော့ နားမလည်ဘူး၊ လောဘကလည်း သိပ်ကြီးတဲ့ပုံမျိုး ဖြစ်တယ်။

## အမှတ် (၄) ပုဂ္ဂိုလ်အမျိုးအစား

နောက်ပုဂ္ဂိုလ်တစ်ဦး နံပါတ်လေး ပုဂ္ဂိုလ်ပေါ့ –

**တထာ ယဿ ကမ္မာယူဟနက္ခဏေ တယောပိ လောဘဒေါသမောဟာ ဗလဝန္တော ဟောန္တိ၊ အလောဘာဒယော မန္ဒာ၊**[၁၉၃]

နောက်တစ်ခု – ပုဂ္ဂိုလ်တစ်ဦးက ကံတစ်ခုကို ပြုစုပျိုးထောင်တယ်၊ ပြုစုပျိုးထောင်စဉ် အချိန်အခါမှာ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့ကို တွယ်တာတပ်မက်တဲ့ လောဘတွေကလည်း သိပ်အားကြီးတယ်၊ ဒေါသတရားတွေကလည်း သိပ်အားကြီးတယ်၊ အသိအလိမ္မာ ဉာဏ်ပညာကလည်း မရှိဘူး၊ အားပျော့တယ်၊ မောဟတရားက သိပ်အားကောင်းနေတယ်။ သူက ကံတစ်ခုကို ပြုစုပျိုး-ထောင်စဉ်အချိန်အခါမှာ မကောင်းတာ သုံးခုလုံး ဆုံနေတယ်၊ ဘယ်လိုဟာလဲ – "ဟေ့ကောင် ဟေ့ကောင် . . . သွား သွား . . . ဟိုမှာ ဟိုမှာ သီလရှင်တွေ လာနေတယ်၊ သွား သွား . . . ဆန်လောင်းလိုက်စမ်း" မကျေနပ်ချက်တွေ တစ်ပုံတစ်ခေါင်းကြီးနဲ့ ကိုယ်ကိုယ်တိုင်လည်း မလောင်းဘူး၊ သူများကို လောဘတကြီး ဒေါသတကြီးနဲ့ အော်ပြောပြီး လောင်းခိုင်းလိုက်တယ်။

မနေ့ကပဲ ဒကာမကြီးတစ်ယောက်လာတော့ စပ်မိလို့ လျှောက်သေးတယ်။ သူ့အိမ်ရှင်-ယောကျ်ားရှိလို့ရှိရင် အိမ်ရှင်မက ဘယ်တော့မှ သီလရှင်တွေကို ဆန်မလောင်းရဲဘူး၊ အိမ်ရှင်ယောကျ်ားမရှိတဲ့ အချိန်အခါကျမှသာ သီလရှင်တွေကို ခိုးခိုးပြီး ဆန်လောင်းရတယ်၊ ဒကာရှိနေခဲ့ရင် မကျေနပ်ဘူး။ ဒီလိုလောင်းလှူရတဲ့အတွက် အကျိုးရှိမယ်ဆိုတဲ့ အသိအလိမ္မာ ဉာဏ်ပညာလည်း သူ့မှာ မရှိဘူး၊ လောင်းလှူတဲ့ ဆန်ဆိုတဲ့ လှူဖွယ်ဝတ္ထု အစုစုကိုလည်း သူက မပေးချင်ဘူး၊ တွယ်တာတယ်၊ တပ်မက်မှု အားကောင်းတယ်။ ဒီတော့ လောဘလည်း အားကောင်းတယ်၊ ဒေါသလည်း အားကောင်းတယ်၊ မောဟလည်း အားကောင်းတယ်။ အဲဒီလို လောဘ, ဒေါသ, မောဟတွေ ခြံရံပြီးတော့ ဆန်လောင်းခြင်းဆိုတဲ့ ကံတစ်ခုကို ပြုစုပျိုးထောင်လိုက်ပြီ၊ ပြုစုပျိုးထောင်လိုက်တော့ ဒီကံက အကျိုးပေးပြီဆိုရင် ဘာဖြစ်တတ်သလဲ?

**သော ပုရိမနယေနေဝ လုဒ္ဓေါ စေဝ ဟောတိ ဒုဋ္ဌော စ မူဠှော စ။**[၁၉၄]

အဲဒီပုဂ္ဂိုလ်ဟာ ကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါက အကောင်းအုပ်စုဖြစ်တဲ့ အလောဘ အဒေါသ အမောဟတွေက အားပျော့နေတယ်၊ မကောင်းဓာတ် အဆိုးဓာတ်လို့ ခေါ်ဆိုတဲ့ လောဘ ဒေါသ မောဟတွေက သိပ်အားကောင်းနေခဲ့တဲ့အတွက် ဒီကံက အကျိုးပေးပြီဆိုရင် လောဘကြီးတဲ့ ပုဂ္ဂိုလ် ဖြစ်ရတယ်၊ ဒေါသကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရတယ်၊ ဉာဏ်ပညာထုံထိုင်းတဲ့ပုဂ္ဂိုလ် ဖြစ်ရပြန်တယ်။

ဒီတော့ ကံတွေကို ရမ်းပြီး ထူထောင်သင့်သလား? မထူထောင်သင့်ဘူး။ ကံတစ်ခုသည် ကံအရာ

---

၁၉၃, ၁၉၄ အဘိ၊ဋ္ဌ၊၁၊၃၀၈။

တည်သွားပြီးပြီဆိုလို့ရှိရင် ပြန်ပြီး နုတ်လို့ မလွယ်ဘူး။ အရိယမဂ်ဆိုတဲ့ မွေးညှပ်နှင့် နုတ်မှသာ ရနိုင်တဲ့ သဘော ရှိတယ်။ ဒါပေမဲ့ ပရိနိဗ္ဗာန် မစံသေးဘူးဆိုရင် ရင့်ကျက်လာတဲ့ တစ်ချိန်တော့ ဒီကံက အကျိုးပေးမှာပဲ၊ ဒီတော့ ဒီအကျိုးတရားတွေကို မိမိတို့က အလိုမရှိပါဘူးဆိုလို့ရှိရင်တော့ ဒီကံကို ထူထောင်စဉ် အချိန်အခါမှာ မိမိရဲ့ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲဖို့ လိုတယ်၊ ဒါက တစ်ချက်။

နောက်တစ်ခုကတော့ — ဒီကံတွေကို ကုန်စေတတ်တဲ့ ကမ္မက္ခယကံလို့ ခေါ်ဆိုအပ်တဲ့ ဝိပဿနာဉာဏ်တွေကို ရင့်ကျက်လာအောင် ကြိုးစားဖို့ လိုအပ်ပါတယ်။ ကဲ - နောက် နံပါတ်ငါး ပုဂ္ဂိုလ်တစ်ဦး —

## အမှတ် (၅) ပုဂ္ဂိုလ်အမျိုးအစား

**ယဿ ပန ကမ္မာယူဟနက္ခဏေ အလောဘဒေါသမောဟာ ဗလဝန္တော ဟောန္တိ, ဣတရေ မန္ဒာ၊**[၉၅]

ကံတစ်ခု အားထုတ်စဉ် အချိန်အခါမှာ ပုဂ္ဂိုလ်တစ်ဦးက အလောဘက အားကောင်းတယ်၊ ဘာမှ မျှော်လင့်ချက် မရှိဘူး၊ တွယ်တာတပ်မက်မှု မရှိဘူး၊ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့ အပေါ်မှာ တွယ်တာတပ်မက်တဲ့စိတ်ထား မရှိဘူး။ ဒါပေမဲ့ ဒေါသနှင့် မောဟတရားတွေကျတော့ သိပ်အားကောင်းတယ်။ ဒီအချက်နှင့် ပတ်သက်ပြီးတော့ ဒကာကြီးတစ်ဦးရဲ့ အကြောင်းကို ပြောဦး-မယ်။

ဒကာကြီးက ရုပ်ဝါဒီသမားတစ်ဦး ဖြစ်တယ်။ သူက ဘုန်းကြီး အစင်တောထဲနေစဉ်အခါ တုန်းက ဆွမ်းလာလှူဖူးပါတယ်။ တပည့်တော်က ဒီကောင်းမှုကြောင့် အကျိုးတစ်စုံတစ်ရာကို ရရှိလိမ့်မည်လို့ မျှော်လင့်ချက် မထားပါဘူး၊ ဒီလိုကောင်းတဲ့ အကျင့်ကို ကျင့်နေတဲ့ ပုဂ္ဂိုလ်တွေကို တို့ လှူဒါန်းသင့်တယ်ဆိုတဲ့ ရည်ရွယ်ချက်ကလေးတစ်ခုပဲ ရှိတယ်လို့ သူက လျှောက်ထားတယ်။ သူက ဘုန်းကြီးတိုင်းလည်း ရှိမခိုးဘူး။ သူ့ကြည့်လိုက်ပြန်တော့ ဒေါသစရိုက်ကလည်း အားကောင်းတဲ့ပုဂ္ဂိုလ် ဖြစ်နေတဲ့အတွက် ဒေါသဓာတ်တွေကလည်း ထူပြောနေပြန်တယ်။ ဘာမှလည်း အကျိုးပေးလိမ့်မယ်လို့ ယုံကြည်ချက် မရှိဘူးဆိုတော့ မောဟဓာတ်လည်း မများဘူးလား? များတယ်။

ဒါပေမဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းစုတို့အပေါ်မှာ တွယ်တာတပ်မက်တဲ့ စိတ်ထားလည်း မရှိဘူး၊ ဒီအလှူဒါနကြောင့် နောက်ထပ် အကျိုးတစ်စုံတစ်ရာ ရရှိလိမ့်မည်ဆိုတဲ့ မျှော်လင့်ချက်ကော ရှိ-သလား? မရှိဘူး။ ဘာဖြစ်လို့ မရှိသလဲလို့မေးတော့ နောက်ထပ် ဘဝတစ်ခုရှိတာကို သူက လက်မခံဘူး၊ လက်မခံတဲ့အတွက် နောက်ထပ် ဒီသက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတွေကို ရလိုပါကြောင်းဆိုတဲ့ တွယ်တာတပ်မက်မှု လောဘလည်း မရှိဘူး။ ဒါကြောင့် အလောဘ အားကောင်းတယ်၊ ဒေါသက-လည်း အားကောင်းတယ်၊ မောဟကလည်း အားကောင်းနေတယ်၊ အဲဒီလို အားကောင်းနေတဲ့ အတွက် ကျန်နေတဲ့ ဓာတ်သုံးမျိုးက အားပျော့နေတယ်၊ အားပျော့တော့ ဘာဖြစ်မလဲ?

[၉၅] အဘိ၊ဋ္ဌ၁၊၃၀၉။

**သော ပုရိမနယေနေဝ အပ္ပကိလေသော ဟောတိ ဒိဗ္ဗာရမ္မဏမ္ပိ ဒိသွာ နိစ္စလော၊ ဒုဋ္ဌော ပန ဟောတိ ဒန္ဓပညော စ။**[၃၉၆]

**သော** = ထိုပုဂ္ဂိုလ်သည်။ **ပုရိမနယေနေဝ** = ရှေ့၌ဖွင့်ဆိုအပ်ပြီးသည့် နည်းအတိုင်းပင်လျှင်။ **အပ္ပကိလေသော** = နည်းပါးတဲ့ ရာဂကိလေသာရှိသည်။ **ဟောတိ** = ဖြစ်၏။

သူက သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့အပေါ်မှာ တွယ်တာတပ်မက်တဲ့ စိတ်ထား လုံးလုံး မရှိဘဲနဲ့ ဒါနတစ်ခု သို့မဟုတ် ကောင်းမှုကုသိုလ်တစ်ခုကို ပြုခဲ့တယ်၊ အလောဘဓာတ်ခြံရံပြီးတော့ ကံတစ်ခုကို ပြုစုပျိုးထောင်လိုက်တဲ့အတွက် ဒီကံက အကျိုးပေးပြီဆိုလို့ရှိရင် —

**ဒိဗ္ဗာရမ္မဏမ္ပိ** = နတ်၌ဖြစ်တဲ့ အာရုံကိုသော်လည်းပဲ။ **ဒိသွာ** = တွေ့မြင်ရသည်ရှိသော်။ **နိစ္စလော** = တုန်လှုပ်မှုမရှိသည်။ **ဟောတိ** = ဖြစ်၏။

ဘယ်လောက်ပဲ အဆင့်အတန်းမြင့်နေတဲ့ အာရုံတွေပဲ ဖြစ်နေပါစေ၊ နတ်ပြည်နတ်လောကမှာ ဖြစ်နေတဲ့ နတ်အာရုံ ကာမဂုဏ်အာရုံပဲ ဖြစ်ချင်ဖြစ်ပါစေ၊ အဲဒီလို အာရုံတွေနှင့် တွေ့သော်လည်း စိတ်ထဲမှာ နည်းနည်းမှ တုန်လှုပ်မှု မရှိဘူး။ ဘာဖြစ်လို့လဲ? အတိတ်က ကံကို ပြုစုပျိုးထောင်စဉ် အချိန်အခါတုန်းက သူက အလောဘ - တွယ်တာတပ်မက်တဲ့ စိတ်ထားတွေ လုံးလုံး မရှိခဲ့ဘူး၊ ဒါကြောင့် တွယ်တာစရာ အာရုံအမျိုးမျိုးနှင့် တွေ့ဆုံရရင်လည်း တွယ်တာမှု သူ့မှာ မရှိဘူး၊ ဒီတော့ 'ဒါပေမဲ့'ဆိုတဲ့ ကွက်လပ်ထဲ ပြေးမဝင်ချင်ဘူးဆိုရင်တော့ ဘာလုပ်ရမလဲ? အခုလို ကံတွေကို ထူ-ထောင်စဉ် အချိန်အခါမှာ တွယ်တာတပ်မက်တဲ့ လောဘတရား မရှိဘဲ မတွယ်တာ မတပ်မက်တဲ့ အလောဘတရားတွေ ပြဓာန်းပြီးတော့ ကံတစ်ခုကို ပြုစုပျိုးထောင်ဖို့ မလိုဘူးလား? လိုအပ်နေတယ်၊ တွယ်တာတပ်မက်တာနှင့် မတွယ်တာ မတပ်မက်တာ ဘယ်ဒင်းက ကောင်းသလဲ? မတွယ်တာ မတပ်မက်တာက ကောင်းတယ်လို့တော့ ပြောကြတာပဲ၊ ဒါပေမဲ့ ကောင်းတော့ကောင်းတယ် မလိုက်နာနိုင်ဘူး၊ ဟုတ်ပြီလား၊ ဘာဖြစ်လို့လဲ?

အဲဒါပဲ - တစ်ချိန်က ကံကို ထူထောင်စဉ် အချိန်အခါတုန်းက မိမိက အလောဘ မခြံရံဘဲနဲ့ လောဘတွေ ခြံရံပြီးတော့ ဒီကံကို ပြုစုပျိုးထောင်ခဲ့လို့ရှိလျှင်တော့ ဒီအမေကို တွယ်တာတယ်၊ ဒီအဖေကို တွယ်တာတယ်၊ ဒီသားကို တွယ်တာတယ်၊ ဒီသမီးကို တွယ်တာတယ် စသည်ဖြင့် သက်ရှိ သက်မဲ့ ကာမဝတ္ထု အစုစုတို့ကို တွယ်တာတပ်မက်တဲ့ စိတ်တွေ အားကောင်းနေမှာ ဖြစ်တယ်။ ဒီလိုကံမျိုးတွေကို ပြုစုပျိုးထောင်ခဲ့တဲ့အတွက် 'ဒါပေမဲ့'ဆိုတဲ့ ဒီကွက်လပ်ထဲက ရုန်းထွက်လို့ မရတာ ဖြစ်တယ်။

ဒါပေမဲ့လို့ အထက်မှာ တင်ပြခဲ့တဲ့ ပုဂ္ဂိုလ်ဟာ ကံကို ထူထောင်စဉ် အချိန်အခါမှာ အလောဘက အားကောင်းနေတာတော့ မှန်တယ်။ ဒါပေမဲ့လို့ ကံကို ထူထောင်စဉ် အချိန်အခါမှာ တစ်ဖက်က ဒေါသတွေ မောဟတွေက အားကောင်းပြန်တဲ့အတွက် ဘာဖြစ်မလဲ?

---

[၃၉၆] အဘိ၊ဋ္ဌ၁၊၃၀၉။

**ဒုဌ္ဌော ပန ဟောတိ ဒန္ဓပညော စ။**

ဒေါသကြီးတဲ့ပုဂ္ဂိုလ်လည်း ဖြစ်တယ်၊ ဉာဏ်ပညာထုံထိုင်းတဲ့ပုဂ္ဂိုလ် ဉာဏ်ပညာထုံအတဲ့ပုဂ္ဂိုလ် လည်း ဖြစ်တယ်၊ သူ့ကို တချို့ပုဂ္ဂိုလ်တွေက ဘာပဲပြောပြော, ဘယ်လိုပဲ ဆိုဆုံးမ ဆိုဆုံးမ နားလည်တဲ့ စိတ်ထား ရှိသလား? မရှိဘူး၊ ဘာဖြစ်လို့လဲ? ကံကို ထူထောင်ခဲ့စဉ်အခါက ဒေါသကလည်း သိပ်-ကြီးခဲ့တယ်၊ ဉာဏ်ပညာကလည်း မပါခဲ့ဘူး၊ သိပ်ကြောက်ဖို့ မကောင်းဘူးလား? ကောင်းတယ်နော်။ နောက် - နံပါတ်ဘယ်လောက်ရောက်သွားပြီလဲ? နံပါတ်ခြောက်။

## အမှတ် (၆) ပုဂ္ဂိုလ်အမျိုးအစား

**ယဿ ပန ကမ္မာယူဟနက္ခဏေ အလောဘာဒေါသမောဟာ ဗလဝန္တော ဟောန္တိ, ဣတရေ မန္ဒာ၊**[၉၉၇]

ကံတစ်ခုကို ပြုစုပျိုးထောင်ပြီ၊ အလောဘ - တွယ်တာတပ်မက်မှုလည်း မရှိဘူး၊ အဒေါသ - မေတ္တာစာတ်ကလည်း အားကောင်းတယ်။ ဒီလိုဆိုတော့ ဒီကံကို ထူထောင်စဉ်အခါမှာ အလောဘက လည်း အားကောင်းတယ်၊ အဒေါသကလည်း အားကောင်းတယ်လို့ ဆိုရတယ်။ ဒါပေမဲ့ မောဟက အားကောင်းနေပြန်တယ်။ အသိအလိမ္မာ ဉာဏ်ပညာတော့ ဘာမှ မရှိဘူး။ တချို့ပုဂ္ဂိုလ်တွေဟာ သိပ်ရိုးသားကြတယ်၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကျွေးချင်တယ် မွေးချင်တယ် ကျွေးတယ် မွေးတယ်၊ ဒါပေမဲ့ သူ့မှာ အသိအလိမ္မာ ဉာဏ်ပညာတော့ ရှိသလား? မရှိဘူး။ အဲဒီလို ပုဂ္ဂိုလ်တွေလည်း လောကမှာ ရှိကြတယ်၊ အဲဒီ ပုံစံပဲ။ အသိအလိမ္မာ ဉာဏ်ပညာ မရှိဘူးဆိုတာက ရုပ်တွေ နာမ်တွေကို ထွင်းဖောက် သိတဲ့ဉာဏ်, အကြောင်းတရား အကျိုးတရားတွေကို ထွင်းဖောက်သိတဲ့ဉာဏ် ဒီလို အဆင့်မြင့်တဲ့ ဉာဏ်လည်း မရှိဘူး၊ အနည်းဆုံးအားဖြင့်တော့ မိဘ ဆရာသမားတွေရဲ့ အဆုံးအမဖြင့် ကံ-ကံ၏ အကျိုးကို ယုံကြည်သက်ဝင်နေတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဆိုတဲ့ အသိဉာဏ်လည်း မရှိဘူး။

တစ်နည်းအားဖြင့် ဒီသဘောတရားတွေဟာ ကလေးတွေမှာ တော်တော်အဖြစ်များကြပါတယ်။ တချို့ကလေးတွေဟာ ကိုယ့်မိတ်ဆွေအချင်းချင်း ပေးရကမ်းရမှာ မနှမြောတဲ့ ကလေးတွေ ရှိကြ-တယ်။ ကိုယ့်မိတ်ဆွေအပေါင်းအသင်းချင်းအပေါ်မှာ အင်မတန်ပဲ မေတ္တာစာတ်ကြီးမားတဲ့ ကလေး-တွေလည်း ရှိကြတယ်။ ဒါပေမဲ့ ဒီကလေးမှာ ဒီလိုပေးတာ ကမ်းတာ, ဒီလိုလှူတာ တန်းတာနှင့် ပတ်သက်လို့ ကံ-ကံ၏အကျိုးကို တတ်သိနားလည်တဲ့ အသိဉာဏ်ကော, ကံ-ကံ၏အကျိုးကို ယုံကြည်တဲ့ သဒ္ဓါတရားကော သူ့မှာ ဘာမှ မရှိဘူး၊ အဲဒီ ပုံစံပဲ။ ဒီတော့ ဒီလိုပုံစံနှင့် ကံတစ်ခုကို ပြုစုပျိုးထောင်တော့ ကျန်တဲ့ လောဘရယ် ဒေါသရယ် အမောဟရယ် ဒီသုံးခုက အားပျော့နေတယ်၊ အားပျော့နေတော့ ဘာဖြစ်သလဲ?

**သော ပုရိမနယေနေဝ အလုဒ္ဓေါ စေဝ ဟောတိ သုခသီလကော စ၊ ဒန္ဓော ပန ဟောတိ။**[၉၉၈]

[၉၉၇, ၉၉၈] အဘိ၊ဋ္ဌ၊၁၊၃၀၉။

ကံကို ထူထောင်ခဲ့စဉ်က တွယ်တာတပ်မက်မှုမရှိတဲ့ အလောဘခါတ်တွေ ရှိခဲ့တဲ့အတွက်ကြောင့် ဒီပုဂ္ဂိုလ်ဟာ ဒီကံက အကျိုးပေးပြီဆိုလျှင် လောဘ ဘယ်တော့မှ မကြီးဘူး၊ ဘာပစ္စည်းဝတ္ထုပဲဖြစ်ဖြစ်, သက်ရှိပဲဖြစ်ဖြစ် သက်မဲ့ပဲဖြစ်ဖြစ်, ဒီသက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့အပေါ်၌ တွယ်တာတပ်မက်မှု စိတ်ထားတွေ မရှိဘူး၊ ဒါတွင်လား မကသေးဘူး၊ ဒီကံက အကျိုးပေးတဲ့ဘဝမှာ — သုခသီလက = စိတ်ချမ်းချမ်းသာသာ နေရတယ်၊ ဘာဖြစ်လို့လဲ? ကံကို ထူထောင်ခဲ့စဉ် အချိန်အခါက မေတ္တာခါတ်တွေ သိပ်အားကောင်းခဲ့တဲ့အတွက်ကြောင့် ဖြစ်တယ်။

နောက်တစ်ခု — ကံကို ထူထောင်စဉ် အချိန်အခါတုန်းက မောဟခါတ်တွေ အားကောင်းတယ်၊ ဉာဏ်ပညာ မပါခဲ့ဘူး၊ မပါခဲ့တဲ့အတွက်ကြောင့် အကျိုးပေးတော့ ဘာဖြစ်သလဲ?

**ဒန္ဓော ပန ဟောတိ** - ဉာဏ်ပညာထုံထိုင်းတဲ့ပုဂ္ဂိုလ် ဖြစ်ရပြန်တယ်၊ ပညာ မရှိဘူး။ နောက် - နံပါတ်ခုနစ်ပုဂ္ဂိုလ်။

## အမှတ် (၇) ပုဂ္ဂိုလ် အမျိုးအစား

**တထာ ယဿ ကမ္မာယူဟနက္ခဏေ အလောဘဒေါသာမောဟာ ဗလဝန္တော ဟောန္တိ, ဣတရေ မန္ဒာ၊**[၉၉၉]

နောက်ပုဂ္ဂိုလ်တစ်မျိုးက — ကံကို ထူထောင်စဉ် အချိန်အခါတုန်းက အလောဘ = တွယ်တာတပ်မက်တဲ့ လောဘ မရှိဘူး။ ဒါပေမဲ့ ဒေါသ - ဒေါသကတော့ သိပ်ကြီးတယ်။ အမောဟ - ပညာခါတ်တွေကတော့ သိပ်အားကောင်းတယ်၊ ရုပ်တွေ နာမ်တွေကို ထွင်းဖောက်သိတဲ့ ဉာဏ်ပညာတွေ ရှိတယ်၊ အကြောင်းတရား အကျိုးတရားတွေကို ထွင်းဖောက်သိတဲ့ ဉာဏ်ပညာတွေ ရှိတယ်၊ အကြောင်းတရားနှင့်တကွ ဒီရုပ်နာမ်တွေရဲ့ အနိစ္စ ဒုက္ခ အနတ္တအချက်ကို ထွင်းဖောက်သိတဲ့ ဉာဏ်ပညာတွေ ရှိတယ်။ ပစ္စည်းဥစ္စာတွေအပေါ်မှာလည်း တွယ်တာတပ်မက်မှုတွေ မရှိဘူး။ ဒါပေမဲ့ ဒေါသက သိပ်ကြီးတယ်၊ ဟိုလူ့လည်း မကျေနပ်၊ ဒီလူ့လည်း မကျေနပ်၊ အဲဒီ မကျေနပ်ချက်တွေ တစ်ပုံကြီးဖြင့် ဒီကံတွေကို သူက ပြုစုပျိုးထောင်လိုက်တယ်။ ပြုစုပျိုးထောင်လိုက်တော့ ဘာဖြစ်သလဲ?

**သော ပုရိမနယေနေဝ အလုဒ္ဓေါ စေဝ ဟောတိ ပညဝါ စ၊**[၁၀၀၀]

ဒီကံက အကျိုးပေးပြီဆိုရင် — ကံကို ထူထောင်ခဲ့စဉ် အချိန်အခါက လောဘမကြီးခဲ့တဲ့အတွက် ဒီကံက အကျိုးပေးတဲ့ဘဝမှာ လောဘမကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရပြန်တယ်။ ကံကို ထူထောင်ခဲ့စဉ် အချိန်အခါတုန်းက ဉာဏ်ပညာကြီးမားခဲ့တဲ့ပုဂ္ဂိုလ် ဖြစ်တဲ့အတွက် ဒီကံက အကျိုးပေးတဲ့အခါမှာ ပညာဉာဏ်ကြီးမားတဲ့ပုဂ္ဂိုလ် ဖြစ်ရပြန်တယ်။ ဒါပေမဲ့လို့ ကံကို ပြုစုပျိုးထောင်ခဲ့စဉ် အချိန်အခါက မကျေနပ်ချက်တွေ တစ်ပုံကြီးနှင့် ဒေါသတွေ တစ်ပုံကြီးနှင့် ဒီကံတွေကို ပြုစုပျိုးထောင်ခဲ့တဲ့အတွက် ဘာဖြစ်မလဲ?

---

၉၉၉, ၁၀၀၀ အဘိ၊ဋ္ဌ၊၁၊၃၀၉။

**ဒုဋ္ဌော စ ပန ဟောတိ ကောဓနော။**[၄၀၁]

တစ်ဖက်သားကို ကြိတ်ခြေပစ်ချင်တဲ့စိတ်ထား သိပ်အားကောင်းတယ်။ ဒါကြောင့် တစ်ဖက်သား အပေါ်မှာ ချေမှုန်းချင်တယ်ဆိုတဲ့ ဒီစိတ်ထားမျိုးဟာ ကောင်းသလား? မကောင်းဘူး။ ဒေါသဖြစ်ပြီ ဆိုရင် ဒီဒေါသဖြစ်နေတဲ့ ပုဂ္ဂိုလ်သည် စိတ်ချမ်းသာမလား စိတ်ဆင်းရဲမလား? စိတ်ဆင်းရဲမယ်၊ ကောင်းသလား? မကောင်းဘူး။ ဒီလိုဆိုရင် မိမိတို့က ဒီလိုကံတွေကို ပြုစုပျိုးထောင်စဉ် အချိန်မှာ မေတ္တာစာတ်တွေ ခြံရံပြီး ပြုစုပျိုးထောင်တတ်ဖို့ မလိုဘူးလား? လိုအပ်တယ်။ နောက်တစ်ခု – နံပါတ်ရှစ်ပုဂ္ဂိုလ်၊ သူကတော့ အကောင်းဆုံးပဲ။

## အမှတ် (၈) ပုဂ္ဂိုလ် အမျိုးအစား

**ယဿ ပန ကမ္မာယူဟနက္ခဏေ တယောပိ အလောဘာဒယော ဗလဝန္တော ဟောန္တိ, လောဘာဒယော မန္ဒာ၊**[၄၀၂]

ကံကို ထူထောင်စဉ် အချိန်အခါတုန်းက ပုဂ္ဂိုလ်တစ်ဦးက အလောဘ တွယ်တာတပ်မက်တဲ့ စိတ်ထားတွေလည်း မရှိဘူး၊ နိဗ္ဗာန်ပဲ လိုချင်တယ်ပေါ့။ ဒါထက် ပွင့်ပွင့်လင်းလင်းပြောရရင် လူ့ဘဝ, နတ်ဘဝ, လူချမ်းသာ, နတ်ချမ်းသာ, ဗြဟ္မာချမ်းသာ စတဲ့ ဒီချမ်းသာတွေကို တွယ်တာတပ်မက်တဲ့စိတ် လုံးလုံး မရှိဘူး။ အဒေါသ - မေတ္တာစာတ်တွေကလည်း သိပ်အားကောင်းတယ်။ အမောဟ - ဉာဏ်ပညာတွေကလည်း သိပ်အားကြီးတယ်။ ရုပ်တွေ နာမ်တွေကို ထွင်းဖောက်သိတဲ့ဉာဏ်ပညာ, အကြောင်းတရား အကျိုးတရားတွေကို ထွင်းဖောက်သိတဲ့ ဉာဏ်ပညာ, အကြောင်းတရားနှင့်တကွ ဒီရုပ်နာမ်တို့ရဲ့ အနိစ္စ ဒုက္ခ အနတ္တအခြင်းအရာကို ထိုးထွင်းသိတဲ့ ဉာဏ်ပညာ - အဲဒီ ဉာဏ်ပညာတွေ ကလည်း သိပ်အားကောင်းတယ်၊ အကောင်းချည်းပဲ။ အကောင်းတွေချည်းပဲ ခြံရံထားတော့ မကောင်းတဲ့ဘက်က လောဘ, ဒေါသ, မောဟ လုံးလုံး မရှိဘူးတော့ မဟုတ်ဘူး၊ သိပ်အားပျော့နေ တယ်။ အဲဒီလို ကံတစ်ခုကို ပြုစုပျိုးထောင်လိုက်တော့ ဘာဖြစ်လဲ?

**သော မဟာသံဃရက္ခိတတ္ထေရော ဝိယ အလုဒ္ဓေါ အဒုဋ္ဌော ပညဝါ စ ဟောတီတိ။**[၄၀၃]

အဲဒီကံက အကျိုးပေးပြီဆိုရင် ဒီပုဂ္ဂိုလ် ဘာဖြစ်မလဲ? မဟာသံဃရက္ခိတမထေရ်ကြီးတို့ကဲ့သို့ **အလုဒ္ဓ** - လောဘမကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရတယ်၊ **အဒုဋ္ဌ** - ဒေါသမကြီးတဲ့ပုဂ္ဂိုလ် ဖြစ်ရတယ်၊ **ပညဝါ** - ဉာဏ်ပညာကြီးမားတဲ့ပုဂ္ဂိုလ်လည်း ဖြစ်ရတယ်။ ဒီနံပါတ်ရှစ်ပုဂ္ဂိုလ်ကတော့ အကောင်းဆုံး ဖြစ်မနေ ဘူးလား? ဖြစ်နေတယ်။ ဒါကြောင့် ဖြစ်လေရာဘဝမှာ လောဘကြီးတာ မကောင်းဘူး၊ ဒေါသကြီးတာ လည်း မကောင်းဘူး၊ မောဟကြီးတာလည်း မကောင်းဘူး။ ဖြစ်လေရာဘဝမှာ [ဘဝမှာ-ဆိုတာ လက်ခံဖွယ်ရာရှိလို့ ရှိခဲ့မယ်ဆိုရင်ပေါ့] အလောဘ - လောဘမကြီးတဲ့ပုဂ္ဂိုလ် ဖြစ်တာ သိပ်ကောင်း တယ်။ ဘယ်သူ့မှ မတွယ်တာဘူးဆိုရင် ဘယ်သတ္တဝါတစ်ဦးဦးကို အကြောင်းပြုပြီး မိမိမှာ စိတ် ဆင်းရဲမှု ဖြစ်ရဦးမလဲ? မဖြစ်တော့ဘူး၊ ဘယ်ပုဂ္ဂိုလ်အပေါ်မှာမဆို မိမိက အဒေါသ မေတ္တာစာတ်ကို

[၄၀၁], [၄၀၂], [၄၀၃] အဘိ႒၁၁၃၀၉။

ထားနိုင်တဲ့အတွက် မကျေနပ်ချက်တွေ မိမိသန္တာန်မှာ ဖြစ်ဦးမလား? မဖြစ်တော့ဘူး။ မိမိက အသိအလိမ္မာ ဉာဏ်ပညာကြီးမားတဲ့ပုဂ္ဂိုလ် ဖြစ်တဲ့အတွက် ဉာဏ်စခန်းနှင့် ပတ်သက်ရင် မိမိအတွက် လမ်းတွေက အမြဲတမ်း ပွင့်မနေဘူးလား? ပွင့်နေပြီ၊ သိပ်ကောင်းတယ်။ ရှေ့ပိုင်းက ပြောခဲ့တဲ့ သောတာနုဂတသုတ္တန်မှာလာတဲ့ ရဟန်းတော်များလိုပဲ သဒ္ဓါရုပေက္ခာဉာဏ်သို့တိုင်အောင် ဉာဏ်ပညာကြီးမားခဲ့မယ်ဆိုရင် ဒီလို သူတော်ကောင်းများအတွက် မဂ်တံခါး ဖိုလ်တံခါး နိဗ္ဗာန်တံခါးကြီးတွေဟာ အမြဲတမ်း ဟင်းလင်းပွင့်နေပါလိမ့်မယ်။ ဘုရားရှင်ရဲ့ တရားတော်တွေဟာ တကယ်လက်တွေ့ အောင်အောင်မြင်မြင် ကျင့်သူတို့အဖို့ သိပ်အားရဖို့ သိပ်ကျေနပ်ဖို့ ကောင်းတယ်၊ တကယ်လက်တွေ့ လာရှုကြည့်စမ်းပါဆိုတဲ့ ဧဟိပဿိကဂုဏ်တော်တွေနှင့် တကယ်ပြည့်စုံတော်မူပါတယ်။

ဒါကြောင့် နံပါတ်ရှစ်ပုဂ္ဂိုလ်မျိုးကတော့ အကောင်းစားပုဂ္ဂိုလ် ဖြစ်ပါတယ်။ မိမိတို့ရဲ့ စိတ်ဓာတ်ကို မိမိတို့ကိုယ်တိုင် အလောဘဓာတ် အဒေါသဓာတ် အမောဟဓာတ်တို့ဖြင့် မြှင့်တင်ပေးနိုင်တဲ့အတွက် ပြုပြင်ပြောင်းလဲပေးနိုင်တဲ့အတွက် ဒီလို အဆင့်အတန်းမြင့်မားတဲ့ သူတော်ကောင်းတစ်ဦး ဖြစ်လာရတာပဲ။ ဒါဟာ မိမိတို့ရဲ့ စိတ်ဓာတ်ကို မိမိတို့က ပြုပြင်ပြောင်းလဲဖို့အတွက် အခြေခံအကြောင်းရင်းတရားပဲ၊ ဒီတရားတွေက မိမိတို့ရဲ့ ဘဝတစ်ခုကို သတ်မှတ်ပေးတယ်ဆိုတာကို သဘောပေါက်ဖို့ ပြောတာပါ၊ အဲဒီတော့ ဒီလောက်နဲ့ သဘောပေါက်တဲ့ ပုဂ္ဂိုလ်လည်း ရှိချင်လည်း ရှိမယ်၊ သဘောမပေါက်တဲ့ ပုဂ္ဂိုလ်တွေအတွက် ဘုန်းကြီး နည်းနည်းကလေး ထောက်ပြမယ်၊ ဥပ္ပလဝဏ်ထေရီမအလောင်းဖြစ်တဲ့ နာမည်ကျော် **ဥမ္မာဒန္တီ**ကို ကြည့်ပေါ့—

## ဥမ္မာဒန္တီ

ဥမ္မာဒန္တီအမျိုးသမီးလောင်းကလေးကို ကြည့်လိုက်ရင် သူက ဘဝတစ်ခုမှာ ဆင်းရဲတဲ့ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ရတယ်။ ဆင်းရဲတဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်တော့ ခုလို "ရိုးရိုး"ပွဲလို ပုံစံမျိုး ဖြစ်ချင်လည်း ဖြစ်မှာပေါ့၊ မပြောတတ်ဘူး၊ တောင်ထိပ်ပွဲဆိုတဲ့ ပွဲတစ်ခုရှိတယ်။ အဲဒီတောင်ထိပ်ပွဲမှာ . . . သူတို့ကဟို - သေတ္တာအောက်ဆုံးထပ်မှာ ရှိနေတဲ့ အဝတ်အစားတွေကို အကုန်လုံးကို ထုတ်ဝတ်တဲ့ ပွဲနဲ့တူတယ်၊ သူများတွေကနေပြီးတော့ အဲဒီ "ဝတ်ပန်းပုဆိုး"လို့ ခေါ်ဆိုအပ်တဲ့ (ခန့်မှန်းကြည့်ရတာပေါ့ ပန်းရောင်ကလေးနဲ့ တူပါတယ်၊ ဒီပန်းရောင်လို) လုံချည်မျိုး အင်္ကျီမျိုးတွေကို ဝတ်ဆင်ကြတော့ ဒီကလေးမလေးကလည်း ဝတ်ဆင်ချင်တဲ့အတွက် မိဘတွေထံ ပူဆာတယ်၊ မိဘတွေကလည်း အင်မတန် ဆင်းရဲနွမ်းပါးတဲ့ မိဘတွေ ဖြစ်ခြင်းကြောင့် သူလိုချင်တဲ့ ဝတ်ပန်းပုဆိုးကို ရှာမပေးနိုင်ဘူး။

"ချစ်သမီး . . . တို့ဟာ အင်မတန် ဆင်းရဲတယ်၊ သမီးလိုချင်နေတဲ့ ဝတ်ပန်းပုဆိုးကို ဝယ်ပေးနိုင်တဲ့စွမ်းအား မရှိကြဘူး"ဆိုပြီး ပြောပြကြတယ်။ ဒါနဲ့ ဒီဝတ်ပန်းပုဆိုးကို ဝတ်ချင်လွန်းတော့ သူဌေးအိမ်တစ်အိမ် သွားပြီး သူဌေးတစ်ဦးထံမှာ ကျွန်ခံရတယ်၊ သူဌေးကလည်း ဘယ်လောက်ညစ်ပတ်သလဲဆိုတော့ သုံးနှစ် ကျွန်ခံမှ ဒီအဝတ်ပေးမယ်တဲ့၊ ကဲ - ခက်လိုက်ပုံက၊ သူက ဒီအဝတ်ကို လိုချင်တဲ့အတွက် သုံးနှစ် ကျွန်ခံလိုက်ပါတယ်။ ဒါပေမဲ့ သူ့ရဲ့ လုပ်ဆောင်ချက်တွေကို အားရကျေနပ်တဲ့အတွက် သုံးနှစ် မပြည့်ခင်မှာပဲ သူဌေးကလည်း ဒီဝတ်ပန်းပုဆိုးကို ချီးမြှင့်ပေးလိုက်တယ်။ ဒီဝတ်-

ပန်းပုဆိုးကလေးကို ဝတ်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ရေဆိပ်ကို ယူသွားပြီးတော့ ရေဆိပ်မှာ ရေချိုး-တယ်၊ ရေချိုးပြီး ပြန်တက်မယ်အလုပ်မှာ ကဿပဘုရားရှင်ရဲ့ တပည့်သားသာဝက ရဟန်းတော်-တစ်ပါးကလည်း အဲဒီနေရာကို ကြွလာတော်မူပြန်တယ်။ အဲဒီရဟန်းတော်ဟာ တောထဲမှာနေရင်းနဲ့ သူခိုးဓားပြတွေက သင်္ကန်းကို လုယူလိုက်တဲ့အတွက် သင်္ကန်းလုယက်ခံရလို့ သင်္ကန်းမရှိဘူး၊ နီးစပ်ရာ သစ်ခက်သစ်ရွက်ကလေးတွေကို ချိုးပြီးတော့ ကိုယ်မှာ ပတ်ပြီးတော့ ဒီရေချိုးနေတဲ့ ဆိပ်ကမ်းနားကို ကြွလာတော်မူခြင်း ဖြစ်တယ်။ ဒီအမျိုးသမီးကလေးကလည်း ဒီရဟန်းတော်ကလေး အဝတ်မပါ ဗလာကိုယ်တည်းဖြင့် ကြွလာတာကို မြင်တော့ စိတ်ထဲမှာ သဒ္ဓါတရား ဖြစ်သွားတယ်။ ဒီအမျိုးသမီး-ကလေးက သဒ္ဓါတရား ဖြစ်တာနဲ့ သူ့ရဲ့ ဝတ်ပန်းပုဆိုးကလေးကို ထက်ပိုင်း ပိုင်းပြီးတော့ တစ်ပိုင်းကို ဒီရဟန်းတော်ကို လှူလိုက်တယ်။ လှူလိုက်တဲ့အချိန်အခါမှာ ဒီရဟန်းတော်က သင့်တင့်လျောက်ပတ်-တဲ့ တစ်နေရာမှာ ဒီဝတ်ပန်းပုဆိုးကလေးကို သွားပြီးတော့ ဝတ်လိုက်တယ်။ တစ်စကို ဝတ်ပြီး တစ်စကို အပေါ်ကနေ ရုံလိုက်တော့ အသားရောင်နှင့် ဝတ်ပန်းပုဆိုးရောင်တို့ ဟပ်မိပြီး အလွန် တင့်တယ်စမွယ်သွားတာကို ဒီအမျိုးသမီးကလေးက ဖူးတွေ့နေရတယ်။ ဒီလို ဖူးလိုက်ရတဲ့အခါ ဒီအမျိုးသမီးကလေးရဲ့ စိတ်ထဲမှာ အင်မတန် ကြည်နူးသွားတယ်။ နေလုလင်ကဲ့သို့ အင်မတန် အရောင်အဝါတွေ ထွန်းလင်းတောက်ပနေတာ မြင်ရတော့ စိတ်ထဲ သိပ်ကျေနပ်သွားတော့ ကျန်နေ-တဲ့ တစ်ပိုင်းကိုပါ ဆက်ပြီး လှူလိုက်တယ်။ လှူပြီးတော့ သူက ဘာလုပ်သလဲ? သူက ပန်းချီကားချပ်-ကလေးတစ်ခုကို ရေးဆွဲပြန်တယ်။ သူရေးဆွဲလိုက်တဲ့ ပန်းချီကားချပ်ကလေးတစ်ခုက ဘယ်လိုလဲ?

**ဘန္တေ အဟံ ဘဝေ ဘဝေ ဝိစရန္တီ ဥတ္တမရူပဓရာ ဘဝေယျံ၊**

**ဘန္တေ** = အရှင်ဘုရား . . .။ **အဟံ** = တပည့်တော်မသည်။ **ဘဝေ ဘဝေ** = ဘဝကြီးငယ် အသွယ်သွယ်၌။ **ဝိစရန္တီ** = ကျင်လည်ကျက်စား လှည့်လည်သွားလာရသည်ရှိသော်။ **ဥတ္တမရူပဓရာ** = အသာဆုံး အမြတ်ဆုံးဖြစ်တဲ့ ရုပ်အဆင်းကို ဆောင်နိုင်တဲ့ အမျိုးကောင်းသမီးသည်။ **ဘဝေယျံ** = ဖြစ်ရပါလို၏။

"သံသရာခရီး ကျင်လည်စဉ်အခါမှာ ဘဝတိုင်း ဘဝတိုင်းမှာ အသာဆုံး အမြတ်ဆုံးဖြစ်တဲ့ ရုပ်အဆင်းကို ဆောင်နိုင်တဲ့ အမျိုးသမီး ဖြစ်ပါရစေ"— ဒီဆုကို တောင်းတယ်။ ကံကို ထူထောင်စဉ် အခါမှာ ဘာတွေ ခြံရံနေသလဲ? လောဘ လောဘ - အင်မတန် ရုပ်ရည်ချောမောလှပတဲ့ အမျိုး-သမီးဘဝကို တွယ်တာတပ်မက်တဲ့ လောဘ မခြံရံထားဘူးလား? ခြံရံတယ်။ ပရမတ္ထသစ္စာနယ် ဘက်က ပြောတော့ အဲဒီလို အလွန်ချောမောလှပတဲ့ အမျိုးသမီးဆိုတာ ရှိသလား? မရှိဘူး၊ အလွန် ချောမောလှပတဲ့ အမျိုးသမီးလို့ အသိမှားနေတဲ့ သဘောကလေးက **အဝိဇ္ဇာ,** အဝိဇ္ဇာ ခြံရံထားတယ်။

အဲဒီအမျိုးသမီးဘဝကို လှမ်းပြီး တွယ်တာတပ်မက်နေတဲ့ သဘောကလေးက **တဏှာ**၊ စိတ်ကပ် ပြီး စွဲနေတဲ့သဘောက **ဥပါဒါန်**၊ ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန် သုံးခု ခြံရံပြီးတော့ ရဟန်းတော်တစ်ပါး အား ဝတ်ပန်းပုဆိုးကို လှူဒါန်းခြင်းဆိုတဲ့ ကုသိုလ်စေတနာ သင်္ခါရတရားတွေကို ပြုစုပျိုးထောင်လိုက် တယ်။ ဒါလောက်နဲ့ ရပ်သွားရင်တော့လည်း အတော်သားပဲ၊ သူက မရပ်သေးဘူး၊ ကျေနပ်ပုံ မရဘူး။

ဘယ်လိုကြောင့်များ သူ့စိတ်ထဲက ယောက်ျားတွေအပေါ်မှာ တော်တော်ကလေး နာကြည်းထား သလဲ မပြောတတ်ဘူး၊ ထပ်ပြီး ဆုတောင်းပြန်တယ်။

**မံ ဒိသွာ ကောစိ ပုရိသော သကဘာဝေန သဏ္ဌာတုံ မာ အသက္ခိ၊**[၄၀၄]

**မံ** = တပည့်တော်မကို။ **ဒိသွာ** = မြင်တွေ့ခဲ့ရသည်ရှိသော်။ **ကောစိ ပုရိသော** = တစ်စုံ တစ်ယောက်သော ယောက်ျားသည်။ **သကဘာဝေန** = မိမိ၏ စိတ်သဘောအလိုဆန္ဒအားဖြင့်။ **သဏ္ဌာတုံ** = ရပ်တည်နေနိုင်သောငှာ။ **မာ အသက္ခိ** = မစွမ်းနိုင်ပါစေသတည်း။

ဟော - "တပည့်တော်မကို မြင်တဲ့ယောက်ျားတိုင်း ဘယ်ယောက်ျားမဆို မိမိရဲ့ စိတ်သဘော အလိုအတိုင်း ရပ်တည်နေခြင်းငှာ မစွမ်းနိုင်တဲ့ အမျိုးသမီး ဖြစ်ပါရစေ"တဲ့၊ ဘာပြောလိုတာလဲ မေးတော့ သူ့ကို မြင်လို့ရှိရင် မြင်တဲ့ယောက်ျားတိုင်း အကုန်လုံး ရူးပါစေတဲ့ – ဟော - ယောက်ျားတွေ ကို သူက ဘယ်လောက်စိတ်နာထားသလဲ မပြောတတ်ဘူး။ နောက်တစ်ခု –

**မယာ အဘိရူပတရာ နာမ အညာ မာ ဟောတု။**[၄၀၅]

**မယာ** = ဘုရားတပည့်တော်မထက်။ **အညာ** = အခြားတစ်ပါးသော။ **အဘိရူပတရာ နာမ** = သာလွန်၍ ရုပ်အဆင်းလှပတဲ့ အမျိုးသမီးမည်သည်။ **မာ ဟောတု** = မဖြစ်ပါစေသတည်း။

"လောကမှာ တပည့်တော်မထက် ပိုပြီး လှပတဲ့အမျိုးသမီး တစ်ယောက်မှ မရှိပါစေနဲ့"တဲ့ – ဟော - ခက်ပုံက ဆုတောင်းပုံကြည့် - ဒီတော့ သူ့ရဲ့ ဆုတောင်းခန်းကလေးကို ကြည့်လိုက်လို့ရှိရင် လောဘတွေက သိပ်အားကောင်းတယ်၊ သူတစ်ပါးတွေအပေါ်၌ အသာယူလိုတဲ့ မာနတရားတွေက- လည်း အားမကောင်းဘူးလား? အားကောင်းတယ်။ ယောက်ျားတွေအပေါ်၌ မေတ္တာဓာတ်ကော ရှိသလား? မရှိဘူး၊ ဒီကောင်တွေ အကုန်လုံး ရူးပါစေဆိုတဲ့ စိတ်ထား ရှိနေတယ်။

ဒီတော့ အဲဒီလို လောဘ, ဒေါသ, မောဟတွေခြံရံပြီးတော့ ဒီကံတစ်ခုကို ပြုစုပျိုးထောင်လိုက်တဲ့ အချိန်အခါမှာ ဘာဖြစ်လာသလဲ? ဘဝတစ်ခုမှာ သူ ဥမ္မာဒန္တီ လာပြီး ဖြစ်ရတယ်။ ဥမ္မာဒန္တီ ဖြစ်ရတဲ့ အခါကျတော့ ဘုန်းကြီးတို့ ဘုရားအလောင်း သိဝိမင်းကြီး အဝင်အပါဖြစ်တဲ့ ယောက်ျားတွေ အကုန်- လုံး ရူးမကုန်ဘူးလား? ရူးကုန်ရတယ်။ အလှဆုံးတော့ ဖြစ်ပါတယ်၊ ဒါဟာ သူရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ်ပဲ။ ဒီလိုပန်းချီကားတစ်ချပ်ကို ရေးဆွဲပြီးတဲ့အခါ ရေးဆွဲထားတဲ့အတိုင်းပဲ ဒီကံ ကလေးက ရင့်ကျက်လို့ အကျိုးပေးလိုက်တဲ့အခါ ရုပ်လုံးပေါ်လာတဲ့ ပန်းချီကားချပ်ကို ကြည့်လိုက် တော့ ဥမ္မာဒန္တီဆိုပြီး အလှဆုံးအမျိုးသမီးတော့ လာပြီး ဖြစ်ရတယ်။ ဒါပေမဲ့ သူ့ကိုမြင်တဲ့ ယောက်ျား အားလုံး ရူးမသွားရဘူးလား? ရူးသွားရတယ်။ ဘာများဆိုင်သလဲ? ဒီဆုမျိုး တောင်းသင့်သလား စဉ်းစားကြည့်စမ်းပါဦး။ သူဟာ ယောက်ျားတစ်ယောက် နှစ်ယောက်အပေါ်မှာ စိတ်နာတာတော့ ဖြစ်ချင်ဖြစ်မယ်။ ဒါပေမဲ့ – သူ့ကို မြင်တဲ့ယောက်ျားတိုင်း ရူးပါစေဆိုတဲ့ ဆုမျိုးကိုတော့ တောင်းသင့် သလား? စဉ်းစားကြည့်ပေါ့၊ ကိုယ့်ကို အကြောင်းပြုပြီး သူတစ်ဖက်သားတွေ ရူးသွားရတယ်ဆိုတော့

[၄၀၄], [၄၀၅] ဇာတက၊၄၊၅၊၂၂၃။

ကောင်းပဲ့မလား? စဉ်းစားကြည့်, စဉ်းစားကြည့်။

ထမင်းစားတာတောင်မှ မိမိသဘောအရ မတည်နိုင်တဲ့ ပုဂ္ဂိုလ်ဖြစ်ရတယ်ဆိုတာက ထမင်းစား-တာတောင်မှ ထမင်းလုတ်ကို ပါးစပ်ထဲ မသွင်းဘူး၊ သူ့မြင်တာနဲ့ ထမင်းလုတ်ကို နဖူးကို သွားပြီး ထည့်တဲ့သူက ထည့်, နားရွက်ထဲ သွားထည့်တဲ့သူက ထည့်, နှာခေါင်းထဲ ထည့်တဲ့သူက ထည့်, ဆံပင်ထဲ ထည့်တဲ့သူက ထည့် ဖြစ်ကုန်တယ်၊ ကိုယ့်သဘောအတိုင်းကို စိတ်ကို ဆောက်တည်နိုင်တဲ့ စွမ်းအား မရှိတော့ဘူး။ နောက်တစ်ခု —

သူ့ထက် သာလွန်လှပတဲ့ပုဂ္ဂိုလ် ရှိတော့ကော ဘာဖြစ်ဦးမှာလဲ? ကြည့် - စိတ်များဆန်းကြယ်ပုံ ပြောပါတယ်၊ "သူ့ထက် သာလွန်လှပနေတဲ့ ပုဂ္ဂိုလ်လည်း မရှိပါစေနဲ့" - တဲ့၊ ဒီဆုကို တောင်းပြန်တယ်၊ သူရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ်ပဲ။

ဒီကံက အကျိုးပေးတော့ သူမျှော်လင့်တောင့်တတဲ့ ပုံစံကလေးတော့ ပေါ်မလာဘူးလား? ပေါ်လာပြီ၊ ပေါ်လာတော့ ဘာထူးသလဲ? စဉ်းစားကြည့်စမ်း၊ ဘာထူးသလဲ? သိဝိမင်းကြီး ရှူးတာ ထူးတယ်၊ မြင်တဲ့ယောက်ျားတွေ ရှူးတာ ထူးတယ်၊ ဒါလောက်ပဲ။ သူ့ထက်ပိုပြီး လှပတဲ့သူလည်း မရှိစေချင်ပြန်ဘူး။ ကိုယ့်ထက်သာ မနာလိုတဲ့ ဣဿာတရား ခြံရံပြီးတော့ ကံကို ထူထောင်ခဲ့တဲ့ အတွက် ဒီကံက အခြေအရံ နည်းပါးခြင်းဆိုတဲ့ အကျိုးတရားတွေကို ရအောင် ရွက်ဆောင်ပေးပြန် တယ်၊ ဘုန်းကံနည်းပါးသူ ဖြစ်အောင် ရွက်ဆောင်ပေးပြန်တယ်။ ဒီစိတ်ဓာတ်အမျိုးမျိုးတွေက သူ့ကို သိဝိဘုရင်ကြီးရဲ့ မိဖုရားကြီး မဖြစ်အောင် လမ်းလွှဲပေးလိုက်ကြတယ်။

ဒါပေမဲ့ တစ်ဖက်က သူပြုစုခဲ့တဲ့ ကုသိုလ်ကံကြောင့် သူ့အဆင်းလှတော့ နောက်ဆုံး အဲဒီဘဝမှာ အရှင်သာရိပုတ္တရာရဲ့ အလောင်းအလျာဖြစ်တဲ့ အဘိပါရကစစ်သူကြီးဆိုတဲ့ စစ်သူကြီးရဲ့ကတော်တော့ ဖြစ်ရပါတယ်၊ ဒါလောက်ပဲ။ ဒီထက် ပိုလွန်တဲ့ အကျိုးတရားတွေ သူ့မှာ ဘာရဦးမလဲ? မရနိုင်ပါဘူး။

ဒါကြောင့် ခုလိုအချိန်အခါမှာ မိမိတို့ရဲ့ စိတ်ဓာတ်ကလေးတွေကို မိမိတို့က ပြုပြင်ပြောင်းလဲ ပေးဖို့ လိုတယ်။ ဒီလိုဆုတောင်းလို့ ဒီလိုကောင်းမှုကုသိုလ်ပြုပြီး ဒီလိုပန်းချီကားတစ်ချပ် ရေးဆွဲခဲ့ရင် ဒီလိုပုံစံအတိုင်းတော့ မပေါ်နိုင်ဘူးလား? ပေါ်နိုင်ပါတယ်၊ ဘာဖြစ်လို့လဲ? သက္ကာယဒိဋ္ဌိခေါ်တဲ့ ဒိဋ္ဌိဆိုတဲ့ "တောက်"ကြီးတစ်ခုကို လည်ပင်းမှာ ဆွဲထားတယ်၊ တဏှာတည်းဟူသော ကြိုးဖြင့်လည်း ရစ်ပတ်နှောင်ဖွဲ့ပြီးတော့ ခန္ဓာငါးပါးဆိုတဲ့ ချည်တိုင်မှာ ချည်ထားတယ်။ ချည်ထားတဲ့အတွက် ဒီ သတ္တဝါက ဖြစ်အောင်လုပ်နိုင်ရင် ဘာကိုသာ လုပ်နိုင်မလဲ? ခန္ဓာငါးပါးပဲ၊ ဒါပေမဲ့ ကျွမ်းကျွမ်းကျင်ကျင် နှင့် လုပ်နိုင်ခဲ့ရင်တော့ အင်မတန်လှပတဲ့ ခန္ဓာငါးပါးတော့ ဖြစ်လာမယ်၊ ဒါလောက်ပဲ။

ဒီထက်တော့ မပိုနိုင်တော့ဘူး၊ နောက်ဆုတောင်းကလေးတစ်ခုကို ကြည့်ကြစို့၊ နာမည်ကျော် ဖြစ်တဲ့ ပဘာဝတီတို့ရဲ့ ဆုတောင်းခန်းကလေးပဲ —

## မင်းကုသနှင့် ပဘာဝတီ

ပဘာဝတီနှင့် မင်းကုသအကြောင်းပဲ။ ပဘာဝတီကို ကြည့်လိုက်မယ်ဆိုလို့ရှိရင်တော့ (၁၂)- တောင်တိုက်ခန်းမှာ ဘာဖြစ်သလဲ? မီးမထွန်းဘဲနဲ့ လင်းတယ်တဲ့၊ ဒီပရိသတ်ထဲမှာတော့ ဒီလိုပုံစံမျိုး ပါပုံတော့ မရဘူး။ ဒီတော့ သူရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်ပေါ့၊ ဘဝတစ်ခုမှာ သူတို့ဟာ ဗာရာဏသီရဲ့ မြို့တံခါးရွာကလေးမှာ နေထိုင်ကြတယ်။ အဲဒီရွာကလေးမှာ အထက်လမ်းမ အောက်လမ်းမဆိုပြီးတော့ လမ်းမကြီးနှစ်ခု ရှိတယ်။ ပဘာဝတီအလောင်းနဲ့ မင်းကုသအလောင်း တို့ဟာ လမ်းတစ်လမ်းစီ နေကြတယ်။ မင်းကုသအလောင်းတို့မှာ ညီအစ်ကိုနှစ်ယောက် ရှိကြတယ်။ အမျိုးချင်းဆက်လိုက်တော့ မင်းကုသအလောင်းရဲ့ အစ်ကိုတော်နှင့် ပဘာဝတီအလောင်းကို အ- ကြောင်းဆက်ကြတယ်။ ဆက်လိုက်တဲ့အခါ တစ်နေ့ အင်မတန် အရသာရှိတဲ့ မုန့်တစ်ခုကို ပြုလုပ်ကြ တယ်၊ ဘာမုန့်ရယ်လို့တော့ စာထဲမှာ မဖော်ပြထားဘူး။ အင်မတန် အရသာရှိတဲ့ မုန့်တစ်ခုကို စီမံ ပြီးတော့ စားကြသောက်ကြတော့ ဘုရားအလောင်းဖြစ်တဲ့ မင်းကုသအလောင်း ညီငယ်က အဲဒီ အချိန်မှာ အလုပ်သွားနေတယ်။ သူ့အတွက် မုန့်ဝေစုကို ချန်ထားကြတယ်၊ ကျန်တာကို စားလိုက်ကြ တယ်။ စားလည်းပြီးရော အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်တစ်ဆူက ဆွမ်းခံရပ်တော်မူလာပါတယ်။ ဒီလို ဆွမ်းခံရပ်တော်မူလာတာကို တွေ့မြင်တဲ့အခါမှာ အစ်ကိုရဲ့ ဇနီးဖြစ်တဲ့ မရီးဖြစ်သူ ပဘာဝတီအလောင်း ကနေ မင်းကုသအလောင်း ညီငယ်အတွက် ချန်ထားတဲ့မုန့်ကို သဒ္ဓါတရားနဲ့ ယူပြီးတော့ လောင်းလှူ လိုက်တယ်၊ လောင်းလှူပြီးစပဲ ရှိသေးတယ်၊ ခုနက မင်းကုသအလောင်းဖြစ်တဲ့ ညီငယ်ကလည်း ပြန်ရောက်လာတယ်။ မင်းကုသအလောင်းက ပြန်လာတဲ့အချိန်အခါကျတော့ သူ့အတွက် ချန်ထား တဲ့မုန့်ကို လှူလိုက်တယ်ဆိုတဲ့ သတင်းစကားကို ကြားလိုက်တော့ ဒေါသတကြီးနဲ့ အရှင်ပစ္စေကဗုဒ္ဓ ဘုရားရှင်ရဲ့ သပိတ်ထဲကနေ ချက်ချင်း ပြန်ယူလိုက်တယ်။

ကောင်းမှုကုသိုလ်တစ်ခု ပြုစဉ်အချိန်အခါမှာ သူ့ဘက်က ဘာဖြစ်သလဲ? ဒေါသ ခြံရံတယ်၊ ဒါလေးကို သဘောပေါက်ပါ။ အဲဒီတော့ မရီးလုပ်တဲ့ပုဂ္ဂိုလ် (အစ်ကိုရဲ့ဇနီး) ပဘာဝတီအလောင်းက- လည်း မကျေနပ်ဘူး၊ မကျေနပ်တော့ သူ့မိခင်အိမ်ပြန်ပြီးတော့ အင်မတန် ကောင်းပေ့ဆိုတဲ့ ထော- ပတ်တွေ ယူလာတယ်၊ စကားပန်းပွင့်အဆင်းလို့ စာထဲမှာတော့ ဖော်ပြထားတယ်။ ခန့်မှန်းကြည့်ရတာ တော့ ဘုန်းကြီးတို့ခေါ်တဲ့ စကားဝါပန်းလို့ ယူဆရပါတယ်။ အဲဒီ စကားဝါပန်းအဆင်းနှင့် တူတဲ့ အင်မတန် ကောင်းမွန်တဲ့ ထောပတ်တွေ ယူလာပြီး အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ထဲကို တစ်ဖန် လောင်းလှူလိုက်ပြန်တယ်။

ထောပတ်တွေကို အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ထဲကို လောင်းထည့်လိုက်တဲ့ အချိန် အခါမှာ ထောပတ်တွေက အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ ဘုန်းကံတော်ကလည်း အကြောင်းတစ်ခု အဖြစ် ပါပါလိမ့်မယ်၊ လှူဒါန်းသူရဲ့ ကုသိုလ်စိတ်စေတနာကလည်း အကြောင်းတစ်ခုအဖြစ် ပါပါ လိမ့်မယ်၊ ထောပတ်တွေက အရောင်တဖျတ်ဖျတ်နဲ့ ထွက်လာတယ်။ အဲဒီ အချိန်အခါမှာ သူက သဒ္ဓါတရားဖြစ်ပြီးတော့ ဒီဆုကို တောင်းတယ်၊ အဲဒီ ဆုတောင်းပုံကလေးကို ကြည့်ပါ။ သူရေးဆွဲလိုက် တဲ့ ပန်းချီကားတစ်ချပ်က ဘယ်လိုလဲ?

**ဘန္တေ ဣမိနာ ဒါနဖလေန နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ မေ သရီရံ ဩဘာသဇာတံ ဟောတု၊**[၄၀၆]

**ဘန္တေ** = အရှင်မြတ်ဘုရား . . .။ **ဣမိနာ ဒါနဖလေန** = ဤဒါနကုသိုလ်ကံစေတနာ၏ စွမ်းအားကြောင့်။ **နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ** = ဖြစ်လေရာ ဖြစ်လေရာ ဘုံဌာန၌။ **မေ** = ဘုရားတပည့်တော်မ ၏။ **သရီရံ** = ခန္ဓာအိမ်သည်။ **ဩဘာသဇာတံ** = အရောင်အလင်း ထွက်ပေါ်၍လာသည် (ဝါ) အရောင်အလင်း ဖြစ်ပေါ်၍လာသည်။ **ဟောတု** = ဖြစ်ပါစေသတည်း။

"ဒီဒါနကုသိုလ်ရဲ့ စွမ်းအားကြောင့် ဘုရားတပည့်တော် ဖြစ်လေရာဌာန ဘုံဘဝမှာ ဘုရား-တပည့်တော်မရဲ့ ခန္ဓာကိုယ်မှ အရောင်အလင်းတွေ ထွက်ပေါ်လာပါစေသတည်း"လို့ ဒီဆုကို တောင်းတယ်။

အရောင်အလင်း ထွက်ပေါ်လာတဲ့ အမျိုးသမီးဘဝလို့ အသိမှားနေတဲ့ သဘောက အဝိဇ္ဇာ, ထိုအမျိုးသမီးဘဝကို တွယ်တာတပ်မက်တဲ့ သဘောကလေးက တဏှာ, စိတ်ကပ်ပြီး စွဲနေတဲ့သဘောကလေးက ဥပါဒါန်၊ ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန် သုံးခု ခြံရံပြီးတော့ ဒါနတစ်ခုကို ပြုလိုက်ပြီ၊ ဒါနကုသိုလ်စေတနာ သင်္ခါရအုပ်စုကို ပြုစုပျိုးထောင်လိုက်တယ်၊ ပြုစုပျိုးထောင်ပြီးတော့ ဒါလောက်နှင့်ပဲ ရပ်သွားသလား? — မရပ်သေးဘူး။ အရောင်အလင်းတော့ ထွက်ပါရဲ့ သူက အကျည်းတန် အရုပ်ဆိုးနေရင် ပုံစံက သိပ်ကျမှာ မဟုတ်ဘူး၊ ဒါကြောင့် သူက ဆက်ပြီးတော့ ဘာဆုကို တောင်းသလဲ?

**ဥတ္တမရူပဓရာ စ ဘဝေယျံ၊**[၄၀၇]

**ဥတ္တမရူပဓရာ စ** = အသာဆုံး အမြတ်ဆုံးဖြစ်တဲ့ ရုပ်အဆင်းကို ဆောင်နိုင်တဲ့ အမျိုးသမီးသည်-လည်း။ **ဘဝေယျံ** = ဖြစ်ရပါလို၏။

အလှဆုံးဖြစ်တဲ့ အသာဆုံး အမြတ်ဆုံးဖြစ်တဲ့ ရုပ်အဆင်းကို ဆောင်ထားနိုင်တဲ့ အမျိုးသမီး ဖြစ်ရပါလို၏၊ ဟော - ထပ်ဆင့်ပြီး ဆုတောင်းလိုက်တယ်၊ **"မြဲရာမှာ သံပတ်၊ တင်းရာမှာ သပ်ပင်း"** လိုက်တယ်၊ သေချာသည်ထက် သေချာအောင် ထပ်ပြီး ဆုတောင်းလိုက်တယ်။ အဲဒီလို ဆုတောင်းတဲ့ ပုဂ္ဂိုလ်တွေ ဒီအထဲမှာ ပါများပါနေမလား? ကဲ - ကြည့်ဦး၊

**ဣမိနာ စ မေ အသပ္ပုရိသေန သဒ္ဓိံ ဧကဋ္ဌာနေ ဝါသော မာ အဟောသိ။**[၄၀၈]

**မေ** = ဘုရားတပည့်တော်မအား။ **ဣမိနာ စ အသပ္ပုရိသေန** = ဤ မသူတော်နှင့်။ **သဒ္ဓိံ** = အတူတကွ။ **ဧကဋ္ဌာနေ** = တစ်ခုသောနေရာအရပ်၌။ **ဝါသော** = နေထိုင်ရခြင်းသည်။ **မာ အဟောသိ** = မဖြစ်ပါစေလင့်။

ဒီ မသူတော်နှင့် တပည့်တော်မ နေရာဒေသအရပ်တစ်ခုမှာ အတူတကွ နေထိုင်ရခြင်းမည်သည် မဖြစ်ပါစေသတည်း၊ ဒီဆုကို တောင်းပြန်တယ်။ အဲဒီဆုကို တောင်းနေတဲ့ပုဂ္ဂိုလ်က ဘယ်သူလဲလို့ ပြန်ကြည့်လိုက်ပြန်တော့လည်း ယသောဓရာထေရီအလောင်းပါပဲ။ သူ မကျေနပ်ချက်တွေ တစ်ပုံကြီး

---

[၄၀၆, ၄၀၇, ၄၀၈] ဇာတကာ၊ဋ္ဌ၊၅၊၃၀၆။

ရှိနေတဲ့ ပုဂ္ဂိုလ်ကလည်း ဘယ်သူလဲလို့မေးတော့ ဘုန်းကြီးတို့ ဘုရားအလောင်း (မင်းကုသအ-လောင်း)ပဲ ဖြစ်ပါတယ်၊ ဟိုတစ်ချိန် လေးအသချေ်နဲ့ ကမ္ဘာတစ်သိန်းကာလတုန်းက သုမိတ္တာအမည်ရှိတဲ့ အမျိုးကောင်းသမီးတစ်ဦးအဖြစ်နဲ့ ဘုန်းကြီးတို့ ဘုရားအလောင်းရဲ့ မြောက်သားတော်အဖြစ် သူက ဆုတောင်းပန်ထွာခဲ့တဲ့ ပုဂ္ဂိုလ်ပဲ။ ခုတစ်ချိန် မကျေနပ်ချက်တွေ အားကောင်းလာတော့ ဘာဖြစ်ပြန်သလဲ၊ "ဒီမသူတော်နဲ့ တစ်နေရာတည်းမှာ ဘယ်တော့မှ မနေထိုင်ပါရစေနဲ့"ဆိုတဲ့ ဒီဆုကို ပြန်-တောင်းပြန်တယ်။ စိတ်ဓာတ်ကလေးတွေ မဆန်းကြယ်ဘူးလား? သိပ်ဆန်းကြယ်တယ်။

စိတ်ဓာတ်ကလေးတွေ ဆန်းကြယ်တဲ့အတွက် ကံကလေးတွေက ဆန်းကြယ်သွားတယ်၊ ကံဆန်းကြယ်တဲ့အတွက် အကျိုးပေးတွေ ဘယ်လို ဖြစ်လာမလဲ? အကျိုးပေးတွေလည်း ဆန်းကြယ်ပါလိမ့်မယ်။ ဒီတော့ ဒီဆုတောင်းချက်ကို ဘေးက မတ်လို့ခေါ်တဲ့ မင်းကုသအလောင်းက ကြားလိုက်တော့ ဘာလုပ်သလဲ? သူ့အတွက် မုန့်ကို မစားဘဲနဲ့ ပဘာဝတီအလောင်းက လောင်းလှူထားတဲ့ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်တော်ထဲမှာ တည်ရှိနေတဲ့ ထောပတ်တွေအပေါ်မှာ သူ့မုန့်တွေကို သွားပြီးတော့ ထပ်ဆင့် လောင်းလှူလိုက်ပါတယ်။ လောင်းလှူပြီးတော့ သူက ဘာဆုတောင်းပြန်သလဲ? သူရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်ပါ –

**ဘန္တေ ဣမံ ယောဇနသတေ ဝသန္တိမ္ပိ အာနေတွာ မမ ပါဒပရိစာရိကံ ကာတုံ သမတ္ထော ဘဝေယျံ**။[၄၇၉]

**ဘန္တေ** = အရှင်ဘုရား . . . ။ **ယောဇနသတေ** = ယူဇနာတစ်ရာ ကွာခြားတဲ့အရပ်၌။ **ဝသန္တိမ္ပိ** = နေထိုင်သည်လည်းဖြစ်သော။ **ဣမံ** = ဤအမျိုးသမီးကို။ **အာနေတွာ** = ဆောင်ယူနိုင်၍။ **မမ** = ဘုရားတပည့်တော်၏။ **ပါဒပရိစာရိကံ** = ခြေရင်းအလုပ်အကျွေးကို။ **ကာတုံ** = ပြုခြင်းငှာ။ **သမတ္ထော** = စွမ်းနိုင်သော ယောက်ျားသည်။ **ဘဝေယျံ** = ဖြစ်ရပါလို၏။

ဟော - သူက ဒီဆုတောင်းပြန်တယ်၊ အရှင်ဘုရား . . . ဒီအမျိုးသမီးဟာ ယူဇနာတစ်ရာ ဝေးကွာတဲ့နေရာမှာ ရှိချင်လည်း ရှိပါစေ၊ ယူဇနာတစ်ရာ ဝေးကွာနေတဲ့နေရာမှာ နေထိုင်နေတဲ့ ဒီအမျိုးသမီးကို တပည့်တော် ဆောင်ယူပြီးတော့ တပည့်တော်ရဲ့ ခြေရင်းအလုပ်အကျွေးအဖြစ် ပြုလုပ်ခြင်းငှာ စွမ်းနိုင်တဲ့ ယောက်ျားတစ်ယောက် ဖြစ်ရပါလို၏။ ဒီဆုကို တောင်းပြန်တယ်။ ပဘာဝတီအလောင်းဖြစ်တဲ့ အမျိုးသမီးကို အလိုရှိတဲ့ စိတ်ဓာတ်နှင့် သူက ကံကို ထူထောင်ပြန်တယ်။

တောင်းတဲ့ဆုတွေဟာ မပြည့်ဘူးလားဆိုတော့ ပြည့်ကြတယ်၊ ဘာကြောင့်လဲ? အလှူခံပုဂ္ဂိုလ်ကို ကြည့်လိုက်တော့ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင် ဖြစ်တော်မူတယ်။ ကိလေသာ အာသဝေါကင်းစင်နေတဲ့ ရဟန္တာအရှင်မြတ်ကြီးတစ်ပါး ဖြစ်တော်မူပါတယ်။ သိပ်ပြီး အဆင့်အတန်း မြင့်တယ်။ အလှူပေးတဲ့ ပုဂ္ဂိုလ်တွေဟာ တစ်ဦးနှင့် တစ်ဦး မကျေနပ်ချက်တွေ ရှိကြတာ မှန်ကြပေမဲ့လို့ အလှူခံပုဂ္ဂိုလ်အပေါ်၌ မကျေနပ်မှုကတော့ မရှိကြဘူး၊ အလှူခံပုဂ္ဂိုလ်အပေါ်မှာတော့ စိတ်ဓာတ်တွေက ဖြူစင်သန့်ရှင်း

[၄၇၉] ဇာတကဋ္ဌ၊၅၊၃၀၆။

ကြည်လင်လျက်ပဲ ရှိကြပါတယ်။ ပြီးတော့ သူတို့နှစ်ဦးလုံးဟာ သီလစင်ကြယ်နေတဲ့ သူတော်ကောင်းတွေလည်း ဖြစ်ကြတယ်။ တရားသော နည်းလမ်းအားဖြင့် ရှာဖွေရရှိတဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းစုကလည်း ဖြစ်နေကြပြန်တယ်။ ဒီလိုကောင်းမှုကုသိုလ်ကို ပြုပြီး ဒီလိုဆုကိုတောင်းရင် ဒီလိုအကျိုးတရားတွေ ရနိုင်တယ်ဆိုတဲ့ ကံ-ကံ၏အကျိုးကို ယုံကြည်မှုတွေကလည်း ရှိနေကြတယ်။ ဘာ့ကြောင့်လဲ? ဘုရားအလောင်းတော်ဟာ ဒီပင်္ကရာဘုရားရှင်၏ ရှေ့တော်မှောက်၌ ဘုရားဖြစ်ရန် နိယတဗျာဒိတ်ပန်းကို မဆင်မြန်းရမီ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာကတည်းက သင်္ခါရုပေက္ခာဉာဏ်သို့ တိုင်အောင်သော ဝိပဿနာဘာဝနာတွေကို စီးဖြန်းထားခဲ့ပြီးသူ သူတော်ကောင်းတစ်ဦး ဖြစ်ခဲ့ပါတယ်။ အလားတူပဲ ဒီပင်္ကရာဘုရားရှင်၏ နောက်ပိုင်း ဘုရားရှင်တို့၏ သာသနာတော်အတွင်းမှာလည်း (၉)ကြိမ်တိုင်တိုင် ဘုရားရှင်တို့၏ မျက်မှောက်တော်မှာ ရှင်ရဟန်းအဖြစ်ကို ရရှိတော်မူခဲ့ပါတယ်။ ထိုရဟန်းဘဝတွေမှာလည်း —

၁။ သီလကြီးလေးပါးတို့ကို စင်ကြယ်အောင် ဆေးကြောသုတ်သင်ခြင်း၊

၂။ ပိဋကသုံးပုံဆိုတဲ့ ဘုရားစကားတော်ကို နှုတ်ငုံရအောင် သင်ယူခြင်း၊

၃။ ဓုတင် (၁၃)ပါးကို ဆောင်ကာ တောရဆောက်တည်နေခြင်း၊

၄။ ဆွမ်းခံသွားရာ, ဆွမ်းခံရွာမှ ကျောင်းသို့ ပြန်လာရာတို့၌ ကမ္မဋ္ဌာန်းတရားကို ဆောင်ယူလျက်သာ သွားခြင်း ပြန်ခြင်း၊

၅။ ဈာန်အဘိညာဏ်တို့ကို ရရှိအောင် ပွားများအားထုတ်ခြင်း၊ သင်္ခါရုပေက္ခာဉာဏ်သို့ တိုင်အောင်သော ဝိပဿနာဘာဝနာကို ပွားများအားထုတ်ခြင်း။[၄၀၀]

ဒီအကြောင်းအင်္ဂါရပ်တွေကိုလည်း သဗ္ဗညုတဉာဏ် ရရှိရေးအတွက် ရည်ရွယ်တော့်တကာ ဖြည့်ကျင့်ခဲ့သူ ဖြစ်ပါတယ်။ ဒါ့ကြောင့် ကံ-ကံ၏အကျိုးကို တတ်သိနားလည်နေတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်ပညာဟာ ဘုရားအလောင်းတော်ရဲ့သန္တာန်မှာ အများအားဖြင့် တည်ရှိလျက် ရှိနေပါတယ်။ အလားတူပဲ ယသောဓရာအလောင်းအလျာဟာလည်း ပဋိသမ္ဘိဒါဉာဏ်တော်မြတ် (၄)ပါးကို ရရှိမည့် ကြီးမားသော အဘိညာဏ်ကို ရရှိသည့်အရာဝယ် မဟာဘိညာပတ္တရဟန္တာထေရီမဘွဲ့ထူးကိုလည်း ရရှိမည့် သူတော်ကောင်းဖြစ်သည့်အတွက် ပဋိသမ္ဘိဒါဉာဏ်တော်ကို ရရှိမည့် သူတော်ကောင်းတို့ ဖြည့်ကျင့်ရမည့် ပုဗ္ဗယောဂအင်္ဂါရပ်အဝင်အပါ အင်္ဂါရပ် (၅)မျိုးတို့ကိုလည်း ဖြည့်ကျင့်ထားပြီးသူ ဖြစ်ပါတယ်။ ရှေ့ပိုင်းက ရှင်းပြခဲ့တဲ့အတိုင်း ပုဗ္ဗယောဂအင်္ဂါရပ်ဆိုတာကတော့ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင်သော ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့ဖူးခြင်းကို ဆိုလိုပါတယ်။ ဒါ့ကြောင့် ယသောဓရာထေရီအလောင်းဖြစ်တဲ့ ပဘာဝတီအလောင်းအလျာဟာလည်း ကံ-ကံ၏အကျိုးကို တတ်သိနားလည်နေတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ်အမြင်နှင့် အများအားဖြင့် ပြည့်စုံသူတစ်ဦး ဖြစ်ပါတယ်။ ဒီလို အကြောင်းအင်္ဂါရပ်ကလေးတွေက စုံညီနေတော့ သူတို့တောင်းတဲ့ဆု မပြည့်ဘူးလား? ပြည့်လာကြတယ်။

---

[၄၀၀] မ၊ဋ္ဌ၊၃၊၁၉၄။

**ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။**[၄၁၁]

သီလစင်ကြယ်နေသည့်အတွက်ကြောင့် သီလရှိတဲ့ပုဂ္ဂိုလ်ရဲ့ စိတ်ရဲ့ တောင့်တချက်ဟူသမျှသည် မချွတ်ဧကန် ပြီးစီးပြည့်စုံတတ်တယ် - ဆိုတဲ့ ဒေသနာတော်နှင့်အညီ တောင်းတဲ့ဆုတွေ ပြည့်စုံလာကြတယ်။ သူတို့ ထူထောင်ခဲ့တဲ့ ကံတွေက အကျိုးပေးတဲ့ဘဝမှာ ပဘာဝတီကလည်း တစ်ဆယ့်နှစ်တောင်တိုက်ခန်းမှာ မီးမထွန်းဘဲလင်းတဲ့ အမျိုးကောင်းသမီးတစ်ဦး ဖြစ်လာရပါတယ်။ ဒါပေမဲ့လို့ တစ်ချိန်မှာ မင်းကုသအလောင်းရဲ့ ဘုန်းကံကြောင့် မင်းကုသအလောင်းရဲ့ ခြေရင်းအလုပ်အကျွေး လာပြီးတော့ ဖြစ်ရပြန်တယ်။ ဖြစ်ပေမဲ့ သူတို့ ဘာဖြစ်နေကြသလဲ?

**တတ္ထ ယံ သော ကုဒ္ဓေါ ဂန္ဒွာ ပူဝံ ဂဏှိ၊ တဿ ပုဗ္ဗကမ္မဿ ဝသေန ဝိရူပေါ အဟောသိ။**[၄၁၂]

တစ်ချိန်မှာ မင်းကုသအလောင်းကို ပြန်ကြည့်လိုက်တော့ —

**သော** = ထိုမင်းကုသအလောင်းသည်။ **ကုဒ္ဓေါ** = အမျက်ထွက်ခဲ့သည်ဖြစ်၍။ **ဂန္ဒွာ** = သွား၍။ **ပူဝံ** = အရှင်ပစ္စေကာဗုဒ္ဓ၏ သပိတ်ထဲ၌ တည်ရှိတဲ့မုန့်ကို။ **ဂဏှိ** = ယူခဲ့လေပြီ။

သူ့အတွက် မုန့်တွေ လှူရကောင်းလားဆိုပြီး ဒေါသထွက်ပြီးတော့ အရှင်ပစ္စေကဗုဒ္ဓါဘုရားရှင်ရဲ့ သပိတ်တော်ထဲမှာ တည်ရှိနေတဲ့မုန့်ကို ပြန်ယူလိုက်တယ်။

**တဿ** = ထိုမင်းကုသအလောင်း၏။ **ပုဗ္ဗကမ္မဿ** = ရှေးကံ၏။ **ဝသေန** = စွမ်းအားကြောင့်။ **ဝိရူပေါ** = အဆင်းမလှတဲ့ပုဂ္ဂိုလ်သည်။ **အဟောသိ** = ဖြစ်ခဲ့ရလေပြီ။

သူဒါနပြုစဉ်အချိန်အခါတုန်းက သူ့ရဲ့ ဒါနကံကလေးကို ပြန်ပြီး ဆန်းစစ်ကြည့်လိုက်တော့ ဒေါသတွေ ခြံရံမထားဘူးလား? ခြံရံထားတယ်။ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်အပေါ်မှာ မကျေနပ်ချက်တွေကတော့ မရှိပါဘူး။ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်အပေါ်မှာတော့ စိတ်ဓာတ်တွေက ကြည်လင်လျက်ပဲ ရှိပါတယ်။ မရီးလုပ်သူအပေါ်၌သာ မကျေနပ်ချက်တွေက သိပ်ပြီးတော့ အားကောင်းနေတယ်၊ ဒေါသတွေက သိပ်ခြံရံထားတယ်။ အဲဒီဒေါသတွေ ခြံရံပြီးတော့မှ သူက ကံတစ်ခုကို ပြုစုပျိုးထောင်တော့ ဒေါသကြီးတဲ့, ဒေါသဓာတ်တွေ ခြံရံထားတဲ့ စိတ်ထားနှင့် ကံတစ်ခုကို ပြုစုပျိုးထောင်ခဲ့တဲ့အတွက် ဒီပုဂ္ဂိုလ်သည် ဘာဖြစ်ရသလဲ?

ဒီကံက ရင့်ကျက်လာလို့ အကျိုးပေးဖို့ရန် အခါအခွင့်သင့်လာတဲ့ဘဝမှာ အကျည်းတန် အရုပ်ဆိုးရတယ်။ အကျည်းတန် အရုပ်ဆိုးရုံတွင်လားဆိုတော့ မဟုတ်သေးဘူး၊ ဘာတွေဖြစ်ရသလဲ? စိတ်မချမ်းမသာ ဖြစ်ရပြန်တယ်၊ စိတ်ချမ်းချမ်းသာသာ မနေရဘူး၊ ဘာကြောင့်လဲ? ပဘာဝတီအပေါ် အစွဲကြီးစွဲပြီး ဒုက္ခတွေ အကြီးအကျယ် ရောက်ခဲ့တယ်၊ သောကတွေ အကြီးအကျယ် ရောက်ခဲ့ရတယ်။ အကယ်၍သာ ဒီလို ဒေါသဓာတ်တွေ ခြံရံပြီးတော့ ကံတစ်ခုကို မပြုစု မပျိုးထောင်ခဲ့ဘူးဆိုရင် ဒီလို စိတ်ဆင်းရဲတဲ့ ဒုက္ခတွေနှင့် တွေ့ပါ့မလား? မတွေ့နိုင်ဘူး၊ လေးအသချေနှင့် ကမ္ဘာတစ်သိန်းချီပြီး

[၄၁၁] အံ၊၃၊၇၁။ [၄၁၂] ဇာတက၊၄၊၅၊၃၀၆။

ပါရမီဖြည့်နေတဲ့ သူတော်ကောင်းအချင်းချင်း ဖြစ်ကြပါတယ်။

ဒါပေမဲ့ တစ်ချိန်မှာ အကြောင်းမလှတဲ့အခါကျတော့ စိတ်ဓာတ်တွေက ဖောက်ပြန်ပြီး တစ်ဦးနှင့် တစ်ဦး ဆုတောင်းကလေးတွေကြားထဲမှာ မှားသွားကြတယ်၊ ဒါကြောင့် ခုကာလမှာ နည်းနည်း ဆန်းစစ်ကြည့်စမ်းပါ၊ တချို့သားသမီးတွေ – တချို့မိဘတွေ – ကြည့်ပါ။ သားသမီးတွေကို ဆိုဆုံးမလို့ မရတဲ့အခါ မိဘတွေရဲ့သန္တာန်မှာ တစ်ခါတလေ ဘာဖြစ်တတ်ကြသလဲ? ကြိမ်ဆဲတဲ့သဘောကလေးတွေ ရှိလာတတ်ကြတယ်၊ "နင်တို့နှင့် ဒီဘဝပဲ တွေ့ပါရစေ၊ နောက်ထပ် ဘယ်တော့မှ မတွေ့ပါရစေနဲ့" စသည်ဖြင့် ပြောတတ်ကြတယ်၊ ဒီလိုစိတ်ထားမျိုး ခြံရံပြီးတော့ တစ်ဦးနှင့် တစ်ဦး ကောင်းမှုကုသိုလ်တွေကို ပြုခဲ့မယ်ဆိုရင် ဒီကံက အကျိုးပေးပြီဆိုရင် တစ်ဦးနှင့် တစ်ဦး တွေ့ကြုံတဲ့ အခါ ဘာဖြစ်မလဲ၊ လာပြီ –

**ပုဗ္ဗပတ္ထနာယ သာ စ တံ န က္ခစ္ဆိ။**[၄၁၃]

**သာ စ** = ထိုပဘာဝတီသည်လည်းပဲ။ **ပုဗ္ဗပတ္ထနာယ** = ရှေးဘဝက တောင့်တခဲ့တဲ့ ဆုထူးကြောင့်။ **တံ** = ထိုမင်းကုသကို။ **န က္ခစ္ဆိ** = အလိုမရှိခဲ့ပေ။

ရှေးဘဝတုန်းက, သူက ကံကို ပြုစုပျိုးထောင်စဉ်အခါတုန်းက မင်းကုသအပေါ်မှာ လိုလားတောင့်တတဲ့ စိတ်ထားနှင့် ပြုခဲ့သလား? မပြုခဲ့ဘူး၊ မလိုလားမတောင့်တတဲ့ မတွေ့ရ မကြုံရ မဆုံရ-လိုတဲ့ စိတ်ထားနှင့် ဒီကံကို ပြုစုပျိုးထောင်ခဲ့တဲ့အတွက် ဒီကံက ရင့်ကျက်လာလို့ အကျိုးပေးလာတဲ့ ဘဝမှာ မင်းကုသကို မြင်တာနဲ့ ဘာဖြစ်သွားသလဲ? စိတ်ဓာတ်တွေ အကြီးအကျယ် ကျဆင်းသွားပြီးတော့ လန့်တောင် လန့်သွားတယ်။ လန့်သွားရုံတင် မဟုတ်ဘူး၊ သူ့ရဲ့ မိဘရပ်ထံဖြစ်တဲ့ မဒ္ဒရာဇ်တိုင်းကို ပြန်ပြေးတော့တာပဲ။ ဒီလိုယောကျ်ားအနားမှာ တစ်ခဏမျှ နေချင်တဲ့ စိတ်ဆန္ဒ မရှိဘူး။ ဒါဖြင့်ရင် ဒီလိုယောကျ်ားအနားမှာ မခွဲရက် မခွာနိုင်ဖြစ်နေတာတွေ ဘာဖြစ်လို့လဲ? ဟော - အဖြေပေါ်လာပြီ၊ ခွဲချင်တဲ့စိတ်ဓာတ်နှင့် ကံကို ပြုစုပျိုးထောင်ခဲ့ရင် ခွဲနိုင်မလား, မခွဲနိုင်ဘူးလား? ခွဲနိုင်တယ်။ မခွဲချင်တဲ့ စိတ်ဓာတ်နှင့် ကံကို ပြုစုပျိုးထောင်ခဲ့ရင်တော့ ခွဲနိုင်ဦးမလား? ဒီကံက အကျိုးပေးတဲ့အချိန်အခါမှာ မခွဲနိုင်ဘူး၊ မင်းကုသကိုပဲ ကြည့်ပါ။ သူက ကံကို ထူထောင်ခဲ့စဉ်က ပဘာဝတီအပေါ်မှာ အလိုရှိတဲ့ စိတ်ဓာတ်နှင့် ကံကို ထူထောင်ခဲ့တဲ့အတွက် ဒီကံက အကျိုးပေးတဲ့ဘဝမှာ ပဘာဝတီအပေါ်မှာ အစွဲကြီး စွဲနေရပြန်တယ်၊ မခွဲရက် မခွာနိုင် ဖြစ်နေရပြန်တယ်။ သို့သော် ပဘာဝတီအလောင်းကတော့ မင်းကုသကို အလိုမရှိတဲ့ စိတ်ဓာတ်နှင့် ကံကို ထူထောင်ခဲ့မိတဲ့အတွက် ဒီကံက အကျိုးပေးတဲ့ဘဝမှာ မင်းကုသကို အလိုမရှိ ဖြစ်နေရပြန်တယ်။ စိတ်ဓာတ်တွေ ဆန်းကြယ်တော့ ကံတွေ ဆန်းကြယ်ကြပြန်တယ်၊ ကံတွေက ဆန်းကြယ်ကြတော့ အကျိုးပေးတွေလည်း ဆန်းကြယ်နေတဲ့ ထုံးတွေပဲ။

ဒီကနေ့ပဲ အမှတ် (၈) ကျောင်းအုပ်ဆရာမကြီးဆိုလား ရောက်ရှိလာပါတယ်။ သူ့အစ်မကြီး တစ်ယောက်အကြောင်းနှင့် ပတ်သက်ပြီး သူ ဘယ်လိုမှ ခွဲခွာထားနိုင်ခဲ့တဲ့ စွမ်းအား မရှိဘူး။ ဒီလို စွမ်းအား မရှိတဲ့အတွက် တရားဘာဝနာတွေကို ပွားများအားထုတ်ချင်ပေမဲ့လို့ အားထုတ်ဖို့ အခွင့်

[၄၁၃] ဇာတက၊ဋ္ဌ၊၅၊၃၀၆။

အရေး မရနိုင်ဘူးဆိုတဲ့အကြောင်းကို ပြောသွားတယ်၊ ဘာဖြစ်လို့လဲ? သူတို့ ပြုစုပျိုးထောင်ခဲ့တဲ့ကံက ဒီလိုခဲ့လို့မရနိုင်လောက်တဲ့ ကံမျိုးကို တစ်ချိန်က ပြုစုပျိုးထောင်ခဲ့ကြတယ်၊ ဒီကံက အကျိုးပေးနေလို့ ရှိရင် ဘယ်လိုမှ ခွဲလို့မဖြစ်နိုင်ဘူး၊ ခွဲခွာလို့ မရနိုင်တဲ့ အခြေအနေကလည်း ရှိတယ်၊ အစ်မကြီး လုပ်သူက အိပ်ရာထဲမှာ လဲနေတယ်၊ ကျွေးမှ စားနိုင်တဲ့ဘဝ, ကျင်ကြီးကျင်ငယ်ကို သိမ်းဆည်းပေးမှ ရနိုင်တဲ့ဘဝမျိုး ဖြစ်နေတယ်၊ အနားက ခွာသွားလို့ ဘယ်လိုမှ မဖြစ်နိုင်ဘူး။ ရက်ရက်စက်စက် ပစ်ထားခဲ့ပါလားဆိုတော့ ဒီလိုပစ်သွားနိုင်တဲ့ စွမ်းအား စိတ်ဓာတ်ကလည်း မရှိပြန်ဘူး၊ ဘယ်လောက် ကြောက်ဖို့ကောင်းသလဲ? ကံတွေ, ကံတွေ –

ကံက အကျိုးပေးလာပြီဆိုလို့ရှိရင် မိမိ တရားအားထုတ်ချင်တဲ့ လုပ်ငန်းခွင်တွေကိုတောင် လာပြီး အနှောင့်အယှက် မဖြစ်တတ်ဘူးလား? ဖြစ်တတ်တယ်။ ဒါကြောင့် ခုအချိန်အခါဟာ မိမိတို့ ကံတွေကို ပြုစုပျိုးထောင်နေတဲ့ အချိန်အခါဖြစ်နေတော့ မကျေနပ်ချက်တွေ တစ်ပုံကြီးနှင့်, ဒေါသတွေ တစ်ပုံကြီးနှင့် ဒီကံကို ထူထောင်သင့်သလား? မထူထောင်သင့်ဘူး။

နေ့စဉ် ကံတွေကို ပြုလုပ်နေကြတာ ဖြစ်တယ်၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေလည်း ဖြစ်ကြတယ်၊ အလှူရေစက် လက်နှင့်မကွာ နေထိုင်တဲ့ အမျိုးကောင်းသားတွေ အမျိုးကောင်းသမီးတွေလည်း ဖြစ်ကြတယ်၊ ဒါနကံတွေကို နေ့စဉ်လိုလို ပြုစုပျိုးထောင်နေကြတယ်၊ အနည်းဆုံးအားဖြင့် ဘုရားကို ရေတစ်ခွက် ပူဇော်မယ်၊ ဆီမီးတစ်တိုင် ပူဇော်မယ်၊ ဒါဟာ အောက်ထစ်ဆုံးပဲ။ ဒီလို ကုသိုလ်ကောင်းမှုတွေကို ထူထောင်နေကြတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ကြရုံတွင် မကသေးဘူး နေ့စဉ် သီလတွေ ဆောက်တည်နေကြတယ်။ နေ့စဉ် တတ်အားသမျှ သမထ-ဝိပဿနာဘာဝနာတွေကို ပွားများနေကြတယ်၊ ဒါ - ကံတွေကို ထူထောင်နေကြတာပဲ။ အဲဒီလို ကံတွေကို ထူထောင်နေတဲ့ အချိန်အခါမှာ တစ်နေ့တာပတ်လည်မှာ မိမိရဲ့ စိတ်ထားကလေးတွေဟာ ဖြူစင်သန့်ရှင်းနေမည်ဆိုရင် ဒီကံတွေဟာ အကျိုးပေးတဲ့ အချိန်အခါမှာ ဘာဖြစ်မလဲ? အကျိုးတရားတွေဟာ ဖြူစင်သန့်ရှင်းသွားကြလိမ့်မယ်။ အကယ်၍ စိတ်ဓာတ်တွေက ညစ်နွမ်းခဲ့မယ်ဆိုရင်တော့ ဘာဖြစ်မလဲ? ညစ်နွမ်းတဲ့အကျိုးတွေကို ပေးတတ်ပါတယ်။

ဒီတော့ ကံတစ်ခုကို ပြုစုပျိုးထောင်စဉ် အချိန်အခါမှာ စိတ်ဓာတ်တွေ ညစ်နွမ်းခဲ့တဲ့အတွက် ညစ်နွမ်းတဲ့အကျိုးပေးပုံနှင့် ပတ်သက်လို့ အထူးသဖြင့် ကံတစ်ခုကို ပြုစုပျိုးထောင်စဉ် အချိန်အခါမှာ ကြွသာလို့ ခေါ်ဆိုအပ်တဲ့ ကိုယ့်ထက်သာ မနာလိုတဲ့ စိတ်ဓာတ်တွေခြံရံပြီး ကံတစ်ခုကို ပြုစုပျိုး-ထောင်ခဲ့လို့ သံဝေဂရဖွယ်ကောင်းတဲ့ ဝတ္ထုဇာတ်ကြောင်းကလေးတစ်ခုကတော့ ဇမ္ဗုကမထေရ်ရဲ့ အကြောင်းအရာပဲ ဖြစ်ပါတယ်။

## ဇမ္ဗုကမထေရ်အလောင်း

ဇမ္ဗုကမထေရ်အလောင်းရဲ့ ဇာတ်ကြောင်းကတော့ ကဿပဘုရားရှင်ရဲ့ လက်ထက်တော် အချိန်အခါကို မြစ်ဖျားခံခဲ့တယ်ပဲ ဆိုကြပါစို့။ ကဿပဘုရားရှင်ရဲ့ သာသနာတော်ဟာ လူတို့ရဲ့

သက်တမ်းအားဖြင့် အနှစ် နှစ်သောင်းတမ်းမှာ ပွင့်ထွန်းပေါ်ပေါက်ခဲ့တဲ့ သာသနာဖြစ်ခြင်းကြောင့် ဇမ္ဗုကမထေရ်အလောင်းကလည်း ကဿပဘုရားရှင်ရဲ့ သာသနာတော်မှာ နှစ်ပေါင်း နှစ်သောင်းတိုင်တိုင် သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တွေကို ဖြည့်ကျင့်နိုင်တဲ့ အခွင့်အလမ်းတွေ ရရှိခဲ့ပါတယ်၊ တောကျောင်းတစ်ကျောင်းမှာ သီတင်းသုံးနေခဲ့တယ်၊ ကျောင်းနေကိုယ်တော် ကျောင်း-ထိုင်ကိုယ်တော်တစ်ဦး ဖြစ်ခဲ့ပါတယ်။ ကျောင်းဒကာလုပ်တဲ့ ပုဂ္ဂိုလ်ကလည်း ကျောင်းဒကာဝတ္တရား ကျေပါတယ်၊ သူ့ကို အိမ်မှာ အမြဲတမ်း ဆွမ်းဝတ်တည်ပြီးတော့ ဆွမ်းဖြင့် ပြုစုလုပ်ကျွေးပါတယ်။

တစ်ချိန် သူတို့ရွာထဲကို ဣရိယာပုထ် ပြည့်ပြည့်စုံစုံနှင့် ကြည်ညိုဖွယ် ဣန္ဒြေသိက္ခာဂုဏ်တွေကို ဆောင်ပြီးတော့ ဆွမ်းခံကြွဝင်တော်မူလာတဲ့ ရဟန္တာမထေရ်မြတ်တစ်ပါး (ရဟန္တာမှန်းသိလို့တော့ မဟုတ်ဘူးပေါ့၊ မထေရ်တစ်ဦး)ရဲ့ ဣန္ဒြေသိက္ခာ ပြည့်စုံပုံကို ကြည့်ပြီးတော့ ကျောင်းဒကာက အလွန် ကြည်ညိုသွားတယ်။ ဒီလိုကြည်ညိုသွားတဲ့အတွက် ကျောင်းဒကာက အဲဒီဆွမ်းခံကြွလာတော်မူတဲ့ ကိုယ်တော်ကို သူ့ရဲ့ အိမ်ပေါ်သို့ ကြွရောက်တော်မူပါရန် ပင့်ဖိတ်ပြီးတော့ ဆွမ်းများကို ဆက်ကပ် လှူဒါန်းပူဇော်ပါတယ်။ သူ့ရဲ့ ကျောင်းထိုင်ကိုယ်တော် ဇမ္ဗုကမထေရ်အလောင်းကိုလည်း အတူတူပဲ ဆွမ်းဆက်ကပ်လှူဒါန်းပူဇော်ပါတယ်။ ရိုရိုသေသေနဲ့ အာဂန္တုကိုယ်တော်ကို ဆွမ်းဖြင့် ပြုစုလုပ်ကျွေး ပါတယ်။ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးတဲ့အခါမှာ အာဂန္တုကိုယ်တော်ကို မိမိ လှူဒါန်းပူဇော်ထားတဲ့ ကျောင်းမှာပဲ ကျောင်းထိုင်ကိုယ်တော်ဖြစ်တဲ့ ဇမ္ဗုကမထေရ်အလောင်းအလျာနှင့်အတူ သီတင်းသုံး တော်မူရန် ပင့်ဖိတ်လျှောက်ထားတော်မူပါတယ်။ နောက်ထပ်လည်း ကျောင်းဒကာက ထပ်မံပြီးတော့ လျှောက်ထားပြန်သေးတယ် –

အာဂန္တုကိုယ်တော်မှာ ဆံပင်တွေက ရှည်နေတော့ "ဆတ္တာသည်ကို တပည့်တော် လွှတ်လိုက်-ပါမယ်ဘုရား"လို့ ဒကာက လျှောက်ထားတယ်။ ဒကာက ဆတ္တာသည်ကို ကျောင်းသို့ ခေါ်ဆောင် သွားပြီးတော့ ဆံတွေ အချခိုင်းတယ်၊ သင်္ကန်းအသစ်တွေ လှူဒါန်းတယ်၊ ကျိန်းစက်ဖို့ရန်အတွက် ကုဋ္ဌင် ညောင်စောင်းတွေလည်း ပို့ပေးတယ်၊ ကျောင်းမှာ ကျကျနန နေရာခင်းပြီးတဲ့အခါ ကျောင်းမှာ ဆက်လက် သီတင်းသုံးဖို့ရန်လည်း ရိုသေစွာ လျှောက်ထားတယ်၊ နောက်နေ့ကျတော့ ကျောင်းထိုင် ကိုယ်တော်နှင့်အတူ သူ့ရဲ့ အိမ်၌ ဆွမ်းဘုဉ်းပေးဖို့ရန်အတွက်လည်း ပင့်ဖိတ်ခဲ့တယ်။

အဲဒီအချက်တွေကို ဇမ္ဗုကမထေရ်အလောင်းအလျာဖြစ်တဲ့ ကိုယ်တော်က ငြူစူစောင်းမြောင်း တယ်၊ "ကြည့်စမ်း - ခုမှတွေ့ရတဲ့ ကိုယ်တော်ကို သူက သိပ်ကြည်ညိုနေလိုက်တာ၊ နှစ်ပေါင်းများစွာ ငါ့ကို ကိုးကွယ်ဆည်းကပ်ပြီး ငါ့အပေါ်မှာ ဒီလောက် မကြည်ညိုဘူး၊ သင်းကိုယ်တော်ကျတော့ ဒီလောက် ကြည်ညိုရသလား၊"— ပန်းချီကားကလေးတစ်ချပ်ကို စတင်ရေးဆွဲပြီ။

ကိုယ့်ထက်သာ မနာလိုတဲ့ စိတ်ဓာတ်ကလေးတွေက ပေါ်လာတယ်၊ ပေါ်လာတော့ ဒီလောက် ပေါ်ရုံနဲ့ စိတ်ကို ချုပ်တည်းနိုင်ခဲ့ရင်တော့ အကြောင်းမဟုတ်ဘူးပေါ့၊ စိတ်ဓာတ်ကို မချုပ်တည်းနိုင် ဖြစ်သွားတယ်၊ မချုပ်တည်းနိုင် ဖြစ်သွားတဲ့အတွက် ညနေချမ်းအခါကျတော့ ဘာလုပ်သလဲ? အဲဒီ အာဂန္တုကိုယ်တော်ထံ သွားပြီးတော့ လေးမျိုးသော ဆဲရေးခြင်းဖြင့် ဆဲရေးတယ်၊ ဘယ်လိုလဲ?

## အမှတ် (၁) – ဆဲရေးခြင်း

**အာဝုသော အာဂန္တုက ကုဋုမ္ဗိကဿ တေ ဂေဟေ ဘတ္တံ ဘုဥ္ဇနတော ဝရတရံ မိဋ္ဌံ ခါဒိတုံ၊**[၁၁၄]

ဒါက နံပါတ်တစ် ဆဲရေးခြင်းပဲ —

**အာဝုသော အာဂန္တုက** = ငါ့ရှင် အာဂန္တုက . . .။ **တေ** = ငါ့အရှင်အဖို့။ **ကုဋုမ္ဗိကဿ ဂေဟေ** = ကျောင်းဒကာ၏ အိမ်၌။ **ဘတ္တံ** = လျှုအပ်သော ဆွမ်းကို။ **ဘုဥ္ဇနတော** = ဘုဉ်းပေး သုံးဆောင်ခြင်းထက်။ **မိဋ္ဌံ** = မစင်ကို။ **ခါဒိတုံ** = ခဲစားခြင်းငှာ (ဝါ) ခဲစားခြင်းက။ **ဝရတရံ** = သာလွန်၍ မြတ်လှပါသေး၏။

“ငါ့ရှင် အာဂန္တု . . . အရှင်ဘုရားအဖို့ ကျောင်းဒါယကာ သူကြွယ်ရဲ့အိမ်မှာ ဆွမ်းကို စားသုံး ခြင်းထက် မစင်ကို စားနေရတာက ပိုကောင်းတယ်”တဲ့ - ဟော - ဒါက ဆဲရေးခြင်းတစ်မျိုးလို့ စာက သတ်မှတ်ပါတယ်၊ နံပါတ်တစ်ပဲ။ နံပါတ်နှစ် ဆဲရေးခြင်းက ဘာလဲ? —

## အမှတ် (၂) – ဆဲရေးခြင်း

**ကုဋုမ္ဗိကေန အာနီတနှာပိတေန ကေသောဟာရာပနတော ဝရတရံ တာလဋ္ဌိကေန ကေသေ လုဥ္စာပေတုံ၊**[၁၁၅]

**ကုဋုမ္ဗိကေန** = ကျောင်းဒကာသူကြွယ်က။ **အာနီတနှာပိတေန** = ခေါ်ဆောင်လာတဲ့ ဆတ္တာ သည်ဖြင့်။ **ကေသောဟာရာပနတော** = ဆံပင်ကို ရိတ်ချခြင်းထက်။ **တာလဋ္ဌိကေန** = ထန်းစေ့ဖြင့်။ **ကေသေ** = ဆံပင်တို့ကို။ **လုဥ္စာပေတုံ** = နုတ်စေအံ့သောငှာ (ဝါ) နုတ်ယူခြင်းက။ **ဝရတရံ** = သာ လွန်၍ မြင့်မြတ်လှပါသေး၏။

အရှင်ဘုရားဦးခေါင်းက ဆံပင်တွေကို ကျောင်းဒကာ ခေါ်လာတဲ့ ဆတ္တာသည်က ရိတ်ပေးခြင်း ထက် အရှင်ဘုရားဦးခေါင်းမှာရှိတဲ့ ဆံပင်တွေကို ထန်းစေ့ နှစ်စေ့ဖြင့် ညှပ်ပြီးတော့ တစ်ပင်စီ တစ်ပင်စီ နုတ်တာက မြတ်သေးတယ်။

ဒါလည်း ဆဲရေးခြင်းတစ်မျိုးပဲ – ကျောင်းဒကာက ဆတ္တာသည်ကလေးတစ်ယောက်ကို ခေါ်ပြီး ဆံပင်ကလေးကို ရိပ်ခိုင်းတာများ ဘယ်လောက်များ ကြီးကျယ်လို့လဲ? စဉ်းစားကြည့်စမ်း၊ စိတ်ထား ပြောပါတယ် မထားတတ်တာ။

နောက်တစ်ခု — အမှတ် (၃) ဆဲရေးခြင်းပဲ —

## အမှတ် (၃) – ဆဲရေးခြင်း

**ကုဋုမ္ဗိကေန ဒိန္နသာဋကနိဝါသနတော ဝရတရံ နဂ္ဂေန ဝိစရိတုံ။**[၁၁၆]

---

၁၁၄, ၁၁၅, ၁၁၆ ဓမ္မပဒ၊ ဋ္ဌ၊၁၊၃၁၃။

**ကုဋ္ဋမ္ဗိကေန** = ကျောင်းဒကာ သူကြွယ်က။ **ဒိန္နသာဋကနိဝါသနတော** = ပေးလှူအပ်တဲ့ အဝတ်သင်္ကန်းကို ဝတ်ရုံခြင်းထက်။ **နဂ္ဂေန** = အဝတ်မဆီး အချည်းနှီးသာလျှင်။ **ဝိစရိတုံ** = လှည့်လည် ကျက်စား၍နေခြင်းငှာ (ဝါ) လှည့်လည်ကျက်စား၍နေခြင်းက။ **ဝရတရံ** = သာလွန်၍ မြင့်မြတ် လှပါသေး၏။

ကျောင်းဒကာသူကြွယ်က လှူဒါန်းတဲ့သင်္ကန်းကို ဝတ်ဆင်မည့်အစား အရှင်ဘုရားဟာ အဝတ် မပါ ဗလာကိုယ်ထီး လှည့်လည်နေတာက ပိုကောင်းပါတယ်။ ဒါလည်း ဆဲရေးခြင်းတစ်ခုပဲ။ သင်္ကန်း- ကလေးတစ်စုံကို သူများက ကြည်ညိုလို့ လှူလိုက်တယ်။ ဝမ်းမြောက်ဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ် သိပ်ကောင်းတယ်။ ဒါပေမဲ့ ဝမ်းမမြောက်နိုင်ဘူး၊ စိတ်ထဲက မကျေနပ်ချက်တွေကို ထုတ်ဖော်ပြောနေတယ်၊ မကျေနပ်ချက်တွေ တစ်ပုံကြီးနှင့် ကံကို ထူထောင်နေလိုက်ပြန်တယ်။ နောက်တစ်ခု ဆဲရေးပြန်တယ်။

## အမှတ် (၄) – ဆဲရေးခြင်း

**ကုဋ္ဋမ္ဗိကေန အာဘတမဉ္စကေ နိပဇ္ဇနတော ဝရတရံ ဘူမိယံ နိပဇ္ဇိတုံ။**[၁၃၇]

**ကုဋ္ဋမ္ဗိကေန** = ကျောင်းဒကာသူကြွယ်က။ **အာဘတမဉ္စကေ** = ဆောင်ယူ၍လာတဲ့ ကုဋင် ညောင်စောင်းထက်၌။ **နိပဇ္ဇနတော** = အိပ်၍နေခြင်းထက်။ **ဘူမိယံ** = မြေကြီးပေါ်၌။ **နိပဇ္ဇိတုံ** = အိပ်ခြင်းငှာ (ဝါ) အိပ်ခြင်းက။ **ဝရတရံ** = သာလွန်၍ မြင့်မြတ်လှပါသေး၏။

အရှင်ဘုရား . . . ကျောင်းဒကာ ယူဆောင်လာတဲ့ ကုဋင် ညောင်စောင်းပေါ်မှာ အရှင်ဘုရား အိပ်မည့်အစား မြေကြီးပေါ်အိပ်တာက ပိုပြီး မြတ်သေးတယ်တဲ့၊ ကြည့်စမ်း - ဘယ်နှစ်ချက်လဲ? ဆဲရေးလိုက်တာ၊ လေးချက် ရှိသွားပြီ။

အဲဒီကံတွေကို ထူထောင်လိုက်တော့ ဘာဖြစ်လာသလဲ? အနှစ် နှစ်သောင်းတိုင်တိုင် သူဖြည့်- ကျင့်ထားတဲ့ သီလကျင့်စဉ်, သမာဓိကျင့်စဉ်, ပညာကျင့်စဉ်လို့ ခေါ်ဆိုအပ်တဲ့ သီလကုသိုလ်စေတနာ ကံ, သမာဓိကုသိုလ်စေတနာကံ, ဘာဝနာကုသိုလ်စေတနာကံတွေက သူ့ကို အကျိုးပေးဖို့ရန် အခါ အခွင့်မသင့် ဖြစ်သွားကြတယ်၊ ဒီလိုအခါအခွင့်မသင့်အောင် နောက်ထပ်ကံတွေကို ထပ်ပြီး ထူထောင် ပြန်သေးတယ်။ မြရာမှာသံပတ်, တင်းရာမှာ သပ်ပင်းလိုက်တဲ့သဘောပဲ။

နောက်တစ်နေ့ နံနက်စောစော သူက အိပ်ရာက ထ၊ ကျောင်းသေနာသနဝတ်တွေ ပြုပြီးတဲ့ အခါ ဆွမ်းခံချိန်ရောက်တော့ သူက ဘာလုပ်သလဲ? "ခုအချိန်အထိတောင်မှ အာဂန္တုကိုယ်တော်ဟာ အိပ်စက်နေတုန်းပဲ ရှိနေသေးတယ်။ အကယ်၍ ဆွမ်းခံသွားဖို့ အချက်ပေးတဲ့ ခေါင်းလောင်းကို တီးလိုက်ရင် ဒီကိုယ်တော် အိပ်ရာမှ နိုးချင်နိုးသွားမယ်။" ဒီလို အမှတ်သညာရှိတဲ့အတွက် လက်သည်း ကလေးနှင့်ပဲ ခေါင်းလောင်းကို ပုတ်ခတ်လိုက်တယ်။ အဲဒီလို ပုတ်ခတ်ပြီး ရွာထဲကို ဆွမ်းခံကြွဝင် သွားတယ်။

---

[၁၃၇] ဓမ္မပဒ၊၌၁၊၃၁၃။

တကယ်တော့ ခေါင်းလောင်းကို တင်းပုတ်နှင့် ထုလည်း အဲဒီအချိန်အခါမှာ အာဂန္တုကိုယ်တော်က မရှိတော့ပါဘူး။ "ဒီလူမိုက်တစ်ဦးတော့ ငါ့ကို အကြောင်းပြုပြီးတော့ မပျက်စီးပါစေနဲ့" — ဒီလို နှလုံးပိုက်ပြီးတော့ ကျောင်းဒါယကာရဲ့ ဖိတ်ကြားမှုကိုတောင် မခံယူတော့ဘဲ နံနက်စောစောကပဲ အိပ်ရာမှ ထတော်မူပြီး ချမ်းသာရာ အရပ်တစ်ပါးသို့ ကြွသွားတော်မူပြီး ဖြစ်ပါတယ်။

ကျောင်းထိုင်ကိုယ်တော်ကလည်း အာဂန္တုကိုယ်တော် ကြွသွားပြီဆိုတာကို မသိဘူး။ မသိတော့ နောက်ထပ် အကုသိုလ်တွေကို ထပ်လွန်ကျူးပြန်တယ်။ ဘယ်လို လွန်ကျူးသလဲ?

ကျောင်းဒါယကာကလည်း လှူဒါန်းပူဇော်ဖွယ်ရာတွေကို စီမံပြီးတော့ မထေရ်မြတ်တွေ ကြွလာတော်မူမည့်လမ်းကို မျှော်လျက်ရှိနေပါတယ်။ ကျောင်းထိုင်ကိုယ်တော်တစ်ပါးတည်းသာ ကြွလာတာကို မြင်ပြီး အာဂန္တုကိုယ်တော်ကို မတွေ့ရတဲ့အတွက် — "အာဂန္တုကိုယ်တော် ဘယ်မှာလဲ ဘုရား?"–လို့ မေးမြန်းလျှောက်ထားလိုက်ပါတယ်။ အဲဒီအခါမှာ ကျောင်းထိုင်ကိုယ်တော်က ဘာပြောသလဲ?

"ဒကာ . . . ဘာမှတော့ ပြောမနေနဲ့တော့ . . . သင့်ကိုယ်တော်ဟာ မနေ့က သင်ပြန်သွားတဲ့အချိန်ကစပြီးတော့ အခန်းထဲဝင်ပြီး အိပ်နေလိုက်တာ . . . မနက်စောစော အိပ်ရာထပြီး ကျောင်းပရိဝုဏ်အတွင်း ငါ - တံမြက်လှည်းနေတဲ့ အသံ, သောက်ရေ သုံးရေအိုးထဲ ရေထည့်တဲ့ အသံ, ခေါင်းလောင်းတီးတဲ့ အသံ — အဲဒီ အသံမျိုးစုံကို သူ ဘာမှ မကြားဘူး။ ဒကာကြီး ကိုယ်တော်က ခေါင်းလောင်းတီးတာတောင်မှ နိုးတဲ့ ကိုယ်တော် မဟုတ်ပါဘူး။ သိပ်အအိပ်ကြီးတာပဲ၊ ဘာပဲ ညာပဲ ပြောတော့ ကျောင်းဒကာကလည်း လူပါးဖြစ်တော့ သူက နားလည်သွားလိုက်ပါတယ်။ နားလည်တော့ ဘာလုပ်သလဲ? သူ့ကျောင်းထိုင်ကိုယ်တော်ကို ဆွမ်းတွေကပ်၊ ဆွမ်းစားပြီးတဲ့အခါ ကျောင်းထိုင်ကိုယ်တော်ရဲ့ သပိတ်ကို စင်ကြယ်အောင်ဆေး, ဆေးပြီးတဲ့ အချိန်အခါကျတော့မှ မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တွေကို သပိတ်ထဲထည့်, ထည့်ပြီးတော့ "အရှင်ဘုရား . . . ဒီဆွမ်းတွေကို အာဂန္တုကိုယ်တော်ထံ ဆက်ကပ်လိုက်ပါ"–ဆိုပြီးတော့ လှူဒါန်းပေးလိုက်တယ်။

လမ်းခုလတ်တစ်နေရာရောက်တော့ သပိတ်ကို ဖွင့်ကြည့်လိုက်တယ်၊ "ဒီလောက်ကောင်းတဲ့ဆွမ်းတွေကို ဒီကိုယ်တော်သာ စားရရင်တော့ ဒီကျောင်းက ဒီကိုယ်တော် ဘယ်တော့မှ သွားမှာမဟုတ်တော့ဘူး" ဟော - စိတ်ထားက, စိတ်ထားက – ဒီတော့ အဲဒီဆွမ်းတွေကို သွန်ထားခဲ့တယ်။ ကျောင်းရောက်တဲ့အခါကျတော့ ဒီအာဂန္တုကိုယ်တော်ကြည့်တော့ မရှိတော့ဘူး။ အဲဒီကျတော့မှ စိတ်က မကောင်း ဖြစ်တယ်၊ နောင်တရသွားတယ်၊ အချိန်လွန်မသွားဘူးလား? လွန်သွားပြီ။ ပိုက်ဆံတစ်ပြားမှ မကုန်ကျရဘဲနဲ့ ပြုစုပျိုးထောင်လိုက်တဲ့ ကံတွေကတော့ အောင်မြင်သွားပြီ၊ ကံအရာမှာ တည်သွားပြီ။ အနှစ် နှစ်သောင်းတိုင်တိုင် ဖြည့်ကျင့်ထားတဲ့ သူ့ရဲ့ ကုသိုလ်စေတနာတွေကို ဒီဣဿာ တရား ကိုယ့်ထက်သာ မနာလိုတဲ့ ဒီစိတ်ထားက ဝန်းရံထားတယ်၊ ဝန်းရံထားလိုက်တဲ့ အချိန်အခါ ကျတော့ ဘာဖြစ်သလဲ? ငရဲရောက်တယ်။ ငရဲကနေ ကျွတ်လာလွတ်လာတော့ ဘုန်းကြီးတို့ မြတ်စွာဘုရား မပွင့်ခင် ပတ်ဝန်းကျင်လောက်လို့ ယူဆရပါတယ်၊ အဲဒီအချိန်အခါမှာ လူလောကမှာ ဟို - ကဿပဘုရားရှင်လက်ထက်က ဖြည့်ကျင့်ခဲ့တဲ့ ကုသိုလ်ကံကလေးတွေက အကျိုးပေးဖို့ရန် အခါ

အခွင့်သင့်လာတော့ သာဝတ္ထိမှာ အမျိုးကောင်းသားကလေးတစ်ဦး လာပြီးဖြစ်တယ် – ဆိုကြပါစို့။

သာဝတ္ထိမှာ ဖြစ်ပြီးတော့ ကလေးဘဝကတည်းက သူ့ကို အစာကျွေးရင် သူက မစားဘူး၊ သူ့ မစင်ကိုပဲ သူ ပြန်စားတယ်။ ငယ်လို့ပဲလို့ မိဘတွေက ဒီလိုပဲ သဘောပေါက်ပါတယ်။ ကြီးလာရင်တော့ ဒီအကျင့်ကို ပျောက်အောင် ဆိုဆုံးမလို့ ရလိမ့်မယ်လို့ မျှော်လင့်ထားကြတယ်။ ကြီးလာတဲ့အချိန်မှာ လည်း ကိုယ့်မစင်ကိုပဲ ကိုယ်စားတယ်။ အဝတ်ဝတ်ပေးရင်လည်း အဝတ်ကို ဘယ်တော့မှ မဝတ်ဘူး၊ အမြဲတမ်း ချွတ်ပစ်တယ်။ ကုဋင်ပေါ်မှာ သိပ်ရင် ကုဋင်ပေါ်မှာ ဘယ်တော့မှ မအိပ်ဘူး၊ မြေကြီးမှာပဲ အမြဲအိပ်တယ်။ ဟော - ကံမဆန်းကြယ်ဘူးလား? ဆန်းကြယ်တယ်။

သူတစ်ပါးကို မစင်စားဖို့ရန်အတွက် ကျိန်ဆဲခဲ့တဲ့ ကံဟာ မိမိ မစင်စားဖို့ရန်အတွက် အကြောင်း တစ်ခု မဖြစ်ဘူးလား? ဖြစ်တယ်။

ဒကာကြီးတွေ ဒကာမကြီးတွေ ကျိန်ဖူးလား? နင် ချေးစားနေပါလား ဆိုပြီးတော့ ကျိန်များ ကျိန်ဖူးကြသလား? အဲဒါပဲ သူများစားရ မစားရတော့ မသေချာဘူး၊ ကိုယ်စားရဖို့တော့ မသေချာ ဘူးလား? သေချာနေတယ်။

ဒါကြောင့် **"ဝစီဘေဒ မြွက်တိုင်းရှတယ်"**တဲ့ –

**ပုရိသဿ ဟိ ဇာတဿ၊ ကုဌာရီ ဇာယတေ မုခေ။**
**ယာယ ဆိန္ဒတိ အတ္တာနံ၊ ဗာလော ဒုဗ္ဘာသိတံ ဘဏံ။**[၄၁၈]

အရှင်ကောကာလိကကို အကြောင်းပြုပြီးတော့ မြတ်စွာဘုရား ဟောကြားထားတော်မူတဲ့ ဒေသနာတော်ကလေးပဲ။ အရှင်ကောကာလိကက အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန် တို့အပေါ်မှာ မကျေနပ်ချက်တွေ အားကောင်းနေတဲ့ ပုဂ္ဂိုလ်ပဲ။ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာ-မောဂ္ဂလ္လာန် ကိုယ်တော်မြတ်ကြီးနှစ်ပါးဟာ အင်မတန် စိတ်ထား ယုတ်မာတယ်ဆိုပြီး ဘုရားရှင်ကို သူက လာလျှောက်တယ်။ ဘုရားရှင်က ဒီလိုမလျှောက်ထားနဲ့လို့ သုံးကြိမ်တိုင်တိုင် တားမြစ်တော်မူ ပါတယ်၊ ဒါပေမဲ့ တားမြစ်လို့မရဘူး။ မြတ်စွာဘုရားရဲ့ မျက်ကွယ်လောက်ရောက်တော့ သူမှာ အနာ တွေ နောက်ဆုံးပေါက်လာတယ်။ ပဲစေ့လောက်ကနေ တဖြည်းဖြည်း ကြီးလာတယ်၊ နောက် - ခုနစ်ရက်လောက်လည်းကြာရော အနာတွေဟာ တဖြည်းဖြည်း ကြီးလာလိုက်တာ ထန်းသီးလုံးခန့် ပမာဏအထိ ဖြစ်လာတယ်။ ဒီအနာရောဂါနှိပ်စက်တာနဲ့ သေကျေပျက်စီးပြီး ငရဲရောက်သွားရတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ခုနက ဂါထာကလေးကို ဟောကြားတော်မူပါတယ်။

"မွေးလာတဲ့ ယောကျ်ားရဲ့ ပါးစပ်ထဲမှာ ဓားမကြီးတစ်လက် ပါလာတယ်။ ယင်းဓားမကြီးဖြင့် လူမိုက်သည် မကောင်းပြောလျှက် မိမိကိုယ်ကို မိမိ ပိုင်းဖြတ်တတ်တယ်"တဲ့ –

ဒကာကြီးတွေ ဒကာမကြီးတွေရဲ့ ပါးစပ်ထဲမှာ ဓားမတစ်လက် မပါဘူးလား? ပါပါတယ်၊ ဒီဓားမက အသုံးချတတ်ရင်တော့ အကျိုးကျေးဇူး ရှိပါတယ်။ အသုံးမချတတ်ရင်တော့ ဒီဓားမသည်

---

[၄၁၈] သံ၊၁၊၁၅၄။

ဘာဖြစ်တတ်သလဲ? မိမိကိုယ်ကို မိမိ ပိုင်းဖြတ်သွားတတ်တယ်တဲ့၊ ဒါ - သတိထားကြ။ ခုဒီမှာ ကြည့်ပေါ့၊ ဒီမစင်ကို သူစားနေတာ ဘယ်လောက်ကြာသလဲလို့ မေးရင်တော့ –

**ဇဝံ သော ပဥ္စပညာသ ဝဿာနိ နဂ္ဂေါ ဂူထံ ခါဒန္တော ကေသေ လုဉ္စန္တော ဘူမိယံ သယမာနော ဝီတိနာမေသိ။**[၁၃၉]

နှစ်ပေါင်း ငါးဆယ်ငါးနှစ်တိုင်တိုင် မစင်ကိုပဲ စားနေရတယ်။ ဘယ်လို ဖြစ်လာသလဲဆိုတော့ အသက်အရွယ်ကြီးလာတဲ့ အချိန်အခါကျတော့ – မိဘတွေက ဂုဏ်သိက္ခာကျဆင်းလာပြီဖြစ်တော့ မထူးတော့ဘူးဆိုပြီးတော့ သူ့ကို ပရိဗိုဇ်ကျောင်းအာရာမ်တစ်ခုကို သွားပြီး ပို့ဆောင်ပေးလိုက်တယ်။ ပို့ဆောင်ပေးလိုက်တဲ့ အချိန်အခါမှာ သူက စိတ်ထားကလည်း ခပ်ထက်ထက်ပုဂ္ဂိုလ်ဖြစ်တော့ ပရိဗိုဇ် တွေက သူ့ကို မေးတယ် – "ငါ့ရှင် . . . ရှင်ရဟန်းပြုမည်ဆိုရင် အမြတ်စားပြုမလား, အညံ့စား ပြုမလား, အလတ်စားပြုမလား?–လို့ မေးလိုက်တဲ့အခါမှာ သူက စိတ်ထက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ အမြတ်စားပြုမယ်လို့ ပြောဆိုလျှောက်ထားလိုက်တယ်။ အမြတ်စားပြုရင် သူတို့ရဲ့ စည်းကမ်းက ဘာလုပ်ရမလဲ? ပခုံးလောက်အထိ တွင်းကို နက်အောင် တူးရတယ်။ တူးပြီးတဲ့ အချိန်အခါမှာ တွင်းထဲကို သူ့ကို အဆင်းခိုင်းလိုက်တယ်။ ဆင်းပြီးတော့ တွင်းနှင့် ပခုံး ညီလောက်ပြီဆိုရင် သူ့ပခုံး- ပေါ်ဖြတ်ပြီးတော့ ပျဉ်ချပ်နှစ်ခုကို ခင်း၊ ပရိဗိုဇ်တွေက အဲဒီပျဉ်ချပ်ပေါ်မှာထိုင်၊ ထိုင်ပြီးတဲ့အခါကျ- တော့ သူ့ခေါင်းက ဆံပင်တွေကို ထန်းစေ့ နှစ်စေ့နှင့် ညှပ်ပြီးတော့ တစ်ပင်စီ တစ်ပင်စီ နုတ်ကြတယ်။ ဟော . . . ကြည့်စမ်း။

ခုနက ကျိန်ဆဲစဉ်အခါက ရဟန္တာမထေရ်မြတ်ကြီးဟာ သူကျိန်ဆဲလိုက်တဲ့အတိုင်း ထန်းစေ့နှင့် ဆံပင်ကို အနုတ်ခံရသလား? မခံရဘူး။ ဒါပေမဲ့ သူ အနုတ်ခံရဖို့ကတော့ မသေချာဘူးလား? သေချာသွားပြီ။ အဲဒီကံက ဖန်တီးပေးလိုက်တာ၊ ထန်းစေ့နှင့် နုတ်တဲ့ ကံမျိုးကို သူက သဘောကျ တယ်။

ပရိဗိုဇ်တွေ ဆွမ်းခံသွားပြီဆိုရင် သူ့ကိုပါခေါ်တယ်၊ သူက မလိုက်ဘူး။ တပည့်တော်အတွက် စားစရာ ရှိပါတယ်၊ ကိစ္စမရှိပါဘူး၊ အရှင်ဘုရားတို့သာ ကြွကြပါလို့ သူက လျှောက်လေ့ရှိတယ်။ သူက ဘာလုပ်သလဲဆိုတော့ အဲဒီပရိဗိုဇ်တွေအားလုံး ဆွမ်းခံကြွပြီဆိုလို့ရှိရင် အဲဒီပရိဗိုဇ်တွေ စွန့်ထား တဲ့ ကျင်ကြီးတွင်းထဲ ဆင်းပြီးတော့ သူက ကျင်ကြီးတွေကို စားတယ်။

အဲဒါ ဟုတ်မဟုတ်တော့ မသိပါဘူး၊ ဓမ္မကထိကဆရာတော်တစ်ပါးက ဟောတဲ့တရားတစ်ခုကို ဘုန်းကြီးကြားဖူးတယ်၊ ကောင်းပေ့ဆိုတဲ့ စမြင်းတုံးကြီးတွေကို သူက ရွေးစားတယ်တဲ့ – အကျိုးပေး ဆန်းကြယ်ပုံပဲ။

အဲဒီလို စားနေတာဖြစ်တော့ သူ့ကို ပရိဗိုဇ်တွေကလည်း နည်းနည်း သံသယဖြစ်လာတယ်။ ကျွေးလို့ရှိရင် ဆွမ်းလည်း မစားဘူး၊ ဆွမ်းခံလည်း မသွားဘူး၊ ဒီတော့ ဘာလုပ်သလဲလို့ တစ်နေ့

---

[၁၃၉] ဓမ္မပဒ၊၂၁၊၁၃၆။

ချောင်းဖမ်းတာ မိသွားရော၊ မိသွားတဲ့ အချိန်အခါကျတော့မှ သူ့ကို ပရိဗိုဇ်အာရာမ်က မောင်းထုတ်လိုက်တယ်။

မောင်းထုတ်လိုက်တဲ့ အချိန်အခါကျတော့မှ ရာဇဂြိုဟ်မြို့ရဲ့အပြင်ဘက် ကျောက်ဖျာတစ်ခုမှာ ရာဇဂြိုဟ်မြို့သူမြို့သားတွေ မစင်စွန့်တဲ့ နေရာတစ်ခု ရှိတယ်။ အဲဒီနေရာမှာ သူက ခြေထောက်တစ်ဖက်တည်း မတ်တပ်ရပ်နေတယ်။ အဲဒီမတ်တပ်ရပ်ထားတဲ့ ခြေထောက်ရဲ့ ဒူးပေါ်မှာ အခြားခြေထောက်တစ်ဖက်ကို တင်ထားလိုက်တယ်၊ ပါးစပ်ကို ဟထားလိုက်တယ်။ ဒီလိုပုံစံအနေအထားနဲ့ အဲဒီကျောက်ဖျာပေါ်မှာ နေပြလိုက်တယ်၊ သူဟာ လေကို စားတယ်ပေါ့လေ။ အဲဒီစနစ်နဲ့ နေထိုင်ပြီးတော့ ညအခါကျမှ သူက အဲဒီမစင်တွေကို စားတယ်၊ ဘယ်လောက် စားရသလဲ? **ပဥ္စပညာသဝဿာနိ** = နှစ်ပေါင်း ငါးဆယ့်ငါးနှစ် ကြာတယ်။ သူက ကံတစ်ခုကို လွန်ကျူးခဲ့စဉ် အချိန်အခါက နှစ်ပေါင်း ငါးဆယ့်ငါးနှစ်ကြာသလား? မကြာဘူး၊ တစ်ကြိမ်ပဲ – အဲဒီတစ်ကြိမ်လောက် ပြုစုပျိုးထောင်လိုက်တဲ့ ဒီကံသည် အကျိုးပေးတဲ့ အချိန်အခါမှာ ငရဲလည်း ရောက်ရသေးတယ်။ သန္နိဋ္ဌာနစေတနာခေါ်တဲ့ ဆုံးဖြတ်ချက်ချတဲ့ အကုသိုလ်စေတနာတွေကြောင့် (ဝစီဘေဒကံကို လွန်ကျူးတော့မယ်လို့ ဆုံးဖြတ်ချက်ချပြီး ပြောဆိုနေတဲ့ ဒီအကုသိုလ်ကံ စေတနာတွေကြောင့်) ငရဲမှာ ခံရတယ်။ ငရဲသို့ရောက်အောင် ပို့ဆောင်ပေးတဲ့ အကုသိုလ်ကံတို့ရဲ့ ရှေ့နောက်မှာရှိနေကြတဲ့ ရှေးအကုသိုလ်-စေတနာကံ, နောက်အကုသိုလ်စေတနာကံတို့ကြောင့် ခုလို နှစ်ပေါင်း ငါးဆယ့်ငါးနှစ်တိုင်တိုင် လာပြီးတော့ ကျင်ကြီးတွေ စားနေရတယ် မစင်တွေ စားနေရတယ်။

အဝတ်မဝတ်ဘဲ နေတာလည်း ငါးဆယ့်ငါးနှစ် ကြာတယ်၊ မစင်တွေ စားနေရတာ နှစ်ပေါင်း ငါးဆယ့်ငါးနှစ် ကြာတယ်၊ ဆံပင်တွေ ထန်းစေ့နှင့် ဒီလိုပဲ အနုတ်ခံနေရတာ နှစ်ပေါင်း ငါးဆယ့်ငါးနှစ် ကြာတယ်၊ ကုရှင် ညောင်စောင်းပေါ် မအိပ်ဘဲ မြေကြီးမှာပဲ အိပ်စက်နေရတာ နှစ်ပေါင်း ဘယ်-လောက်ကြာသလဲ? ငါးဆယ့်ငါးနှစ်ပဲ ကြာတယ်။ ဒါက ကျောက်ဖျာထက်မှာနေရတဲ့ သက်တမ်းကို ပြောတာပါ။

ဒီတော့ ဒီကံကို ကြည့်မယ်ဆိုလို့ရှိရင် မိမိက ကဿပဘုရားရှင်လက်ထက်တော်က သီလ, သမာဓိ, ပညာခေါ်ဆိုတဲ့ အဆင့်အတန်းမြင့်တဲ့ ကံတွေကို ပြုစုပျိုးထောင်ခဲ့စဉ် အချိန်အခါမှာ မိမိ ပြုစုပျိုးထောင်လိုက်တဲ့ ကံမှာ ဘာခြံရံသွားသလဲ? က္လေသာတရားပြဓာန်းတဲ့ ဒေါသတရားတွေပဲ။ ဒေါသနှင့် ယှဉ်တွဲနေတဲ့ ကိုယ့်ထက်သာ မနာလိုတဲ့ က္လေသာလို့ခေါ်တဲ့ စိတ်ထားကလေးတစ်ခု ခြံရံပြီးတော့ ကံတွေကို ပြုစုပျိုးထောင်ခဲ့တဲ့အတွက်ကြောင့် ဒီကံက အကျိုးပေးဖို့ရန် အခါအခွင့်သင့်တဲ့အခါမှာ ပုံပန်းလှသေးလား? မလှဘူး၊ ဘာဖြစ်လို့လဲ? မိမိက ပန်းချီကားချပ်တစ်ခုကို ရေးဆွဲခဲ့စဉ်အခါက အချိုးမကျတဲ့, ပုံပန်းမကျတဲ့ ပန်းချီကားတစ်ချပ်ကို ရေးဆွဲခဲ့မိတယ်။ ဒေါသနှင့် ယှဉ်တွဲနေတဲ့ ကိုယ့်ထက်သာ မနာလိုတဲ့ က္လေသာပြဓာန်းတဲ့ အကုသိုလ်ကံကြောင့် ငရဲရောက်ရတယ်။ သို့သော် ဒီက္လေသာခြံရံထားတဲ့ ကဿပဘုရားရှင်လက်ထက်က သူထူထောင်ခဲ့တဲ့ ကုသိုလ်ကံတွေက လူ့ဘဝမှာ ပဋိသန္ဓေစတဲ့ အကျိုးဝိပါကဝဋ်အချို့ကို လာပေးတယ်။ က္လေသာပြဓာန်းတဲ့ ဒီသန္နိဋ္ဌာန အကုသိုလ်စေတနာကံရဲ့ ရှေ့နောက်မှာရှိတဲ့ ယင်းအကုသိုလ်ကံတွေက ယခုလို ပဝတ္တိအခါမှာ

မစင်ကို စားရခြင်းစတဲ့ မကောင်းကျိုးတွေကို လာပြီးပေးနေတယ်။ သတိရှိဖို့လိုတယ်။

ဒါပေမဲ့လို့ အဲဒီကံကို မထူထောင်ခင်မှာ ကဿပဘုရားရှင် သာသနာတော်အတွင်းမှာကတော့ သူက သီလ, သမာဓိ, ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တွေကို ဖြူဖြူစင်စင်နဲ့ ဖြည့်ကျင့်ခဲ့တဲ့ အချိန်အခါတွေလည်း ရှိခဲ့ပါတယ်။ ရှိခဲ့တဲ့အတွက် ဒီဖြူစင်နေတဲ့ ကံတွေကလည်း အကျိုးပေးဖို့ရန် အခါအခွင့်သင့်လာတော့ နှစ်ပေါင်း ငါးဆယ့်ငါးနှစ်လောက် ကြာညောင်းလာတဲ့အခါ မြတ်စွာဘုရား-က လောကကို မဟာကရုဏာတော်သမာပတ်ဝင်စားပြီး ကြည့်ရှုတော်မူလိုက်တော့ ဇမ္ဗုကသည် ဒီနေ့ ကျွတ်တမ်းဝင်တော့မယ်ဆိုတာကို သိတော်မူတယ်၊ မြင်တော်မူတယ်။

သူကလည်း ထိုအချိန်အခါမှာ ဘုန်းတန်ခိုးကြီးမားနေတဲ့ ပုဂ္ဂိုလ်ပါ။ အင်္ဂတိုင်း, မဂဓတိုင်းမှာ ရှိနေတဲ့ လူတွေက သူ့ကို အမြဲလာပြီးတော့ ပူဇော်နေတာ၊ ပူဇော်နေတဲ့ အချိန်အခါမှာလည်း သူက "သင်တို့ကို ကုသိုလ်ရရုံလောက်သာ ငါ ချီးမြှောက်မယ်" ဆိုပြီးတော့ သမန်းမြက်ကလေးနှင့် အဲဒီလှူတဲ့ လှူဖွယ်ဝတ္ထုတွေကို တို့တို့ပြီး နည်းနည်းကလေး လျှာနဲ့ လျက်ပေးတယ်၊ ဒါလောက်ပဲ၊ ဘာဖြစ်လို့လဲ? စားချင်တဲ့စိတ်ဓာတ် မရှိဘူး၊ သူက မစင်ပဲ မက်မောနေတယ်။ ကံတရားက အကျိုး-ပေးလာပြီဆိုရင် သိပ်ကြောက်ဖို့ မကောင်းဘူးလား? ကောင်းတယ်။

သို့သော် ငါးဆယ့်ငါးနှစ်လောက်ကြာတော့ မြတ်စွာဘုရားက သူ့ကို ချေချွတ်ဖို့ရန်, ကျွတ်တမ်းဝင်ဖို့ရန် အချိန်ကျပြီဆိုတာကိုသိလို့ မြတ်စွာဘုရား ကြွပြီး တရားဟောပေးတော်မူပါတယ်။ ထိုအချိန်မှာ ရဟန္တာ ဖြစ်သွားတော်မူပါတယ်။ ရဟန္တာ ဖြစ်ရမည့်ဘဝအထိ အကုသိုလ်ကံများက ဖိစီးနှိပ်စက်တတ်တယ်ဆိုလို့ရှိရင် ဒီကံမျိုးတွေကို မိမိတို့ ထူထောင်သင့်သလား? မထူထောင်သင့်ဘူး၊ ဒါ သတိရှိဖို့ သိပ်ကောင်းတယ်။

စိတ်ဓာတ်ညစ်နွမ်းခဲ့တဲ့အတွက် သတ္တဝါတွေ ညစ်နွမ်းရတယ်၊ စိတ်ဓာတ်တွေ ဖြူစင်သန့်ရှင်းသွားပြန်တော့လည်း နောက်ဆုံး ဘာဖြစ်သလဲ? သတ္တဝါတွေ ဖြူစင်သန့်ရှင်းသွားရတယ်။ ဒါကြောင့် စောစောက ပြည်တည်ခဲ့တဲ့ ဒီဂဒ္ဒုလဗဒ္ဓသုတ္တန်မှာ မြတ်စွာဘုရားက ဘာအမိန့်ရှိတော်မူသလဲ?

**တသ္မာတိဟ ဘိက္ခဝေ အဘိက္ခဏံ သကံ စိတ္တံ ပစ္စဝေက္ခိတဗ္ဗံ "ဒီဃရတ္တမိဒံ စိတ္တံ သံကိလိဋ္ဌံ ရာဂေန ဒေါသေန မောဟေနာ"တိ၊ စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တ-ဝေါဒါနာ သတ္တာ ဝိသုဇ္ဈန္တိ။**[၄၂၀]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **တသ္မာ** = ထို့ကြောင့်။ **ဣဟ** = ဤသာသနာတော်မြတ်အတွင်း၌။ **တုမှေ** = သင်ချစ်သားတို့သည်, သင်ချစ်သမီးတို့သည်။ **သကံ စိတ္တံ** = မိမိတို့ရဲ့ စိတ်ကို။ **ဣဒံ စိတ္တံ** = ဤငါတို့ရဲ့ စိတ်သည်။ **ဒီဃရတ္တံ** = နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလ ပတ်လုံး။ **ရာဂေန** = ရာဂကြောင့်။ **ဒေါသေန** = ဒေါသကြောင့်။ **မောဟေန** = မောဟကြောင့်။ **သံကိလိဋ္ဌန္တိ** = ညစ်နွမ်း၍ နေရပေ၏ဟူ၍။ **အဘိက္ခဏံ** = မကြာခဏ အမြဲမပြတ်။ **ပစ္စဝေက္ခိတဗ္ဗံ** = ဆင်ခြင်သင့် ဆင်ခြင်ထိုက်ပေ၏။

[၄၂၀] သံ၊၂၊၁၂၃။

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **စိတ္တသံကိလေသာ** = စိတ်ဓာတ်ညစ်နွမ်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **သံကိလိဿန္တိ** = ညစ်နွမ်းကြကုန်၏။ **စိတ္တဝေါဒါနာ** = စိတ်ဓာတ်ဖြူစင်သန့်ရှင်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **ဝိသုဇ္ဈန္တိ** = စင်ကြယ်ကြရကုန်၏။

စိတ်ဓာတ်တွေ ညစ်နွမ်းခဲ့ရင် သတ္တဝါတွေ ညစ်နွမ်းကြရတယ်၊ စိတ်ဓာတ်တွေ ဖြူစင်သန့်ရှင်းခဲ့မယ်ဆိုရင် ဘာဖြစ်သလဲ? သတ္တဝါတွေ ဖြူစင်သန့်ရှင်းကြတယ်။ ဒါကြောင့် မိမိတို့ရဲ့ စိတ်ဓာတ်မှာ ရာဂတွေနှင့် ညစ်နွမ်းနေရင် ဒီရာဂတွေကို စင်ကြယ်သွားအောင်, ဒေါသတွေနှင့် ညစ်နွမ်းနေရင် ဒေါသတွေကို စင်ကြယ်သွားအောင်, မောဟတွေကြောင့် ညစ်နွမ်းနေခဲ့မယ်ဆိုရင်လည်း မောဟတွေကို စင်ကြယ်သွားအောင် ဆေးကြောသုတ်သင်ဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ်၊ ဘာတွေနှင့် ဆေးကြောမလဲ? — သီလကျင့်စဉ်, သမာဓိကျင့်စဉ်, ပညာကျင့်စဉ်ဆိုတဲ့ ရေစင်ရေကောင်းတွေနှင့် ဆေးကြောသုတ်သင်ရမယ်။ ဒီ သီလ သမာဓိ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်တွေကို လက်တွေ့ကျင့်ခြင်းဖြင့် စိတ်ဓာတ်ကို ဖြူစင်အောင်တော့ ဆေးကြောရမယ်။ ဆေးတော့ ဆေးချင်ပါတယ်ဘုရား ဒါပေမဲ့ဆိုပြီးတော့ ဘာလုပ်သလဲ? ဒါပေမဲ့ဆိုတဲ့ ကွက်လပ်ထဲကို ပြေးပြေးဝင်ကြတယ်။ နက်ဖြန်မှာလည်း ဒါပေမဲ့ဆိုတဲ့ ကွက်လပ်ထဲကို ပြေးဝင်မည့်ပုဂ္ဂိုလ်တွေ အများကြီး ရှိနေတယ်၊ ဘာဖြစ်လို့လဲ? အဲဒီကွက်လပ်ထဲကို ပြေးဝင်နိုင်လောက်အောင် တစ်ချိန်က ကံတွေကို ထူထောင်ခဲ့ကြပြန်တယ်၊ ကြောက်ဖို့ မကောင်းဘူးလား? သိပ်ကြောက်ဖို့ ကောင်းတယ်။

အားပျော့နေတဲ့ အဒေါသ = မေတ္တာတရားက အားကောင်းနေတဲ့ ဒေါသကို အနိုင်ယူဖို့ရန် မစွမ်းနိုင်သည့် ထုံးတစ်ရပ်အကြောင်းကို ဆက်ပြောဦးမယ် —

## မယ်မင်းကြီးမ သုဘဒ္ဒါ

ဒီနေရာမှာ ဘုန်းကြီး သတိရလို့ ရန်ငြိုးဖွဲ့မှုနှင့် ပတ်သက်ပြီးတော့ — သုဘဒ္ဒါအကြောင်းကို ပြောချင်ပါတယ်။ စလေ ဦးပုညရဲ့ စကားလုံးနှင့် သုံးရင်တော့ မယ်မင်းကြီးမ သုဘဒ္ဒါပဲ။ တစ်ချိန် - ဘုန်းကြီးတို့ မြတ်စွာဘုရားသခင်ဟာ ဇေတဝန်ကျောင်းတိုက်အတွင်း ဓမ္မာသနပလ္လင်ထက်မှာ တရားတော်ကို ဟောကြားတော်မူနေပါတယ်။ ဘုရားရှင် တရားဟောတော်မူတဲ့ အချိန်အခါမှာ တရားနာပရိသတ်ထဲမှာ ဘိက္ခုနီမတွေလည်း ပါကြတယ်။ အဲဒီ ဘိက္ခုနီမတွေထဲက ဘိက္ခုနီမကလေးတစ်ပါးက စိတ်ထဲ ဘယ်လို ဖြစ်လာသလဲ?

တရားဟောတော်မူတဲ့ ဘုရားရှင်ရဲ့ (၃၂)ပါးသော ယောကျ်ားမြတ်တို့ရဲ့ လက္ခဏာ, (၈၀)သော လက္ခဏာတော်ငယ်, ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်စံပယ်ပြီး အင်မတန် သာယာတဲ့ ဗြဟ္မာမင်းရဲ့ အသံနှင့် တူနေတဲ့ အသံတော်နဲ့ ချိုမြိန်ကောင်းမြတ်လှတဲ့ အနှစ်သာရ ပြည့်ဝစုံလင်နေတဲ့ တရားတော်ကို ဟောကြားနေတော်မူတာကို ကြားနာရတော့ စိတ်ထဲမှာ အင်မတန် ကြည်နူးနေတယ်၊ ဒီလောက်တောင် ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံနေတဲ့ ယောကျ်ားမြတ်တစ်ဦးကို "ငါသည် တစ်ချိန်တုန်းကများ သူ့ရဲ့ ခြေရင်းအလုပ်အကျွေးများ ဖြစ်ခဲ့ဖူးသလား"လို့ စိတ်ကူးကြည့်

သတဲ့။ ပါဒပရိစာရိကာခေါ်ပါတယ်။ ခြေရင်းအလုပ်အကျွေးဆိုတာ ဒကာကြီးတွေ ဒကာမကြီးတွေ နားလည်ကြသလား? ပါရမီဖြည့်ဖက်ကို ပြောတာပါပဲ။

သူ့ခြေရင်းမှာ သူ့ရဲ့အိမ်ရှင်မအဖြစ်နှင့် ပါရမီများ ဖြည့်ကျင့်ခဲ့ဖူးရဲ့လားလို့ သူက တရားနာနေရင်းနဲ့ စိတ်ကူးကြည့်သတဲ့။ အဲဒီတော့ အဲဒီလို စိတ်ကူးကြည့်လိုက်တဲ့ အချိန်အခါမှာ စိတ်ကူးနေရင်းနှင့် သူ့ရဲ့ ပါရမီအားလျော်စွာ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ဇာတ်လမ်းကို ပြန်ပြောင်းကာ သိရှိနိုင်တဲ့ ဇာတိဿရဉာဏ်ကလေးကို ရရှိလာတယ်၊ အတိတ်ဘဝတွေကို လှမ်းပြီးတော့ ဆန်းစစ်ကြည့်လိုက်တဲ့ အချိန်အခါမှာ တစ်ဘဝပြီး တစ်ဘဝ လိုက်ပြီးကြည့်လိုက်တော့ နောက်ဆုံး ဆဒ္ဒန်ဆင်မင်းဘဝမှာ ဘုရားအလောင်းတော်ရဲ့ ပါဒပရိစာရိကာလို့ခေါ်တဲ့ ခြေရင်းအလုပ်အကျွေးဖြစ်ခဲ့ဖူးတဲ့ဘဝကို သွားပြီးတွေ့တယ်၊ တွေ့လိုက်တဲ့ အချိန်အခါကျတော့ ဝမ်းသာလိုက်တာ – 'ဒီလိုယောက်ျားမြတ်တို့ရဲ့ ပါရမီကို ငါဖြည့်ကျင့်ခဲ့ရတာ ငါ့ရဲ့ဘဝဟာ အင်မတန် တန်ဖိုးရှိတယ်'လို့ သူ့စိတ်ထဲ သဘောပေါက်ပြီးတော့ အင်မတန် ဝမ်းသာတယ်။ ဝမ်းသာပေမဲ့လို့ သူက နည်းနည်းကလေး ထပ်ပြီး စဉ်းစားပြန်တယ်၊ ဒီအချိန်မှာ တရားကလည်း အင်မတန် ရင့်ညောင်းလာပြီနှင့် တူပါတယ်၊ ရင့်ညောင်းလာတဲ့ အချိန်အခါမှာ သူစဉ်းစားပုံက ဒီလိုပါ – စာမှာ ပါတာကို ပြောတာနော်၊ ဒကာမကြီးတွေကို စောင်းပြောတာ မဟုတ်ဘူး၊ ကြိုပြီးတော့ နည်းနည်း သတိပေးထားရမယ်၊ စာမှာ ဘယ်လို ပါသလဲ?

**ပါဒပရိစာရိကာ နာမ သာမိကာနံ ဟိတဇ္ဈာသယာ အပ္ပကာ၊**[၉၂၁]

**ပါဒပရိစာရိကာ နာမ** = ခြေရင်းအလုပ်အကျွေး အမျိုးသမီးတို့မည်သည်ကား။ **သာမိကာနံ** = အိမ်ရှင်ယောကျ်ားတို့၏။ **ဟိတဇ္ဈာသယာ** = အကျိုးစီးပွားကို လိုလားတောင့်တသည့် အဇ္ဈာသယ-ဓာတ်ရှိသူတို့သည်ကား။ **အပ္ပကာ** = နည်းပါးလှကုန်၏။

ခြေရင်းအလုပ်ကျွေး အမျိုးသမီးတို့ဆိုတာ အိမ်ရှင်ယောကျ်ားရဲ့ အကျိုးစီးပွားကို လိုလားတောင့်တနေတဲ့ အဇ္ဈာသယဓာတ်ရှိသူက သိပ်နည်းတယ်၊ ဟုတ်သလား မဟုတ်သလား? ကိုယ့်ဟာကိုယ် စဉ်းစားကြည့်ကြ။

**အဟိတဇ္ဈာသယာဝ ဗဟုတရာ၊**[၉၂၂]

**အဟိတဇ္ဈာသယာဝ** = အကျိုးစီးပွားကို မလိုလား မတောင့်တတဲ့ စိတ်ထား (အဇ္ဈာသယ) ရှိနေတဲ့ ပုဂ္ဂိုလ်တို့ကသာလျှင်။ **ဗဟုတရာ** = အလွန့်အလွန် များလှကုန်၏။

မရှိဘူးလို့ ပြောတာ မဟုတ်ဘူး၊ အိမ်ရှင်ယောကျ်ားတို့ရဲ့ အကျိုးစီးပွားကို မလိုလား မတောင့်တတဲ့ အဇ္ဈာသယဓာတ်ခံရှိနေတဲ့ ပုဂ္ဂိုလ်တွေက သိပ်များကြတယ်။

**ဟိတဇ္ဈာသယာ နု ခေါ အဟံ ဣမဿ မဟာပုရိသဿ အဟောသိံ, အဟိတဇ္ဈာသယာ၊**[၉၂၃]

---

[၉၂၁], [၉၂၂], [၉၂၃] ဇာတက၊ဋ္ဌ၊၅၊၃၇။

**အဟံ** = ငါသည်။ **ဣမဿ မဟာပုရိသဿ** = ဤယောက်ျားမြတ်၏။ **ဟိတဇ္ဈာသယာ** = အကျိုးစီးပွားကို လိုလားတောင့်တတဲ့ အဇ္ဈာသယဓာတ်ခံရှိနေတဲ့ အမျိုးကောင်းသမီးသည်။ **အဟော-သိံ နု ခေါ** = ဖြစ်ခဲ့လေသလော။ **အဟိတဇ္ဈာသယာ** = အကျိုးစီးပွားကို မလိုလားမတောင့်တတဲ့ အဇ္ဈာသယဓာတ်ခံရှိနေတဲ့ အမျိုးသမီးသည်။ **အဟောသိံ နု ခေါ** = ဖြစ်ခဲ့လေသလော။

ဒီအိမ်ရှင်ယောက်ျားရဲ့ အကျိုးစီးပွားကို လိုလားတောင့်တတဲ့ အမျိုးကောင်းသမီးပဲ ဖြစ်ခဲ့လေသလား? အကျိုးစီးပွားကို မလိုလား မတောင့်တတဲ့ အမျိုးကောင်းသမီးပဲ ဖြစ်ခဲ့လေသလား? — လို့ သူက တစ်ဆင့်တက်ပြီးတော့ စဉ်းစားတယ်၊ စဉ်းစားခန်းဝင်ပြန်တယ်။

ဒီစဉ်းစားပုံကို ကြည့်လိုက်ရင်တော့ သူဟာ ပါရမီတော်တော်ကလေး ရင့်ညောင်းနေပြီလို့တော့ ယူဆရပါတယ်။

အဲဒီလို စဉ်းစားလိုက်တဲ့ အချိန်ခါကျတော့ ဘာအဖြေထွက်လာသလဲ? **အဟိတဇ္ဈာသယ -** အိမ်ရှင်ယောက်ျားရဲ့ အကျိုးစီးပွားကို လိုလားတောင့်တနေတဲ့ အဇ္ဈာသယဓာတ်ခံမရှိတဲ့ အမျိုးသမီး ဖြစ်ခဲ့တဲ့အဖြစ်ကို သွားတွေ့လိုက်တယ်၊ တွေ့လိုက်တဲ့ အချိန်အခါကျတော့ အဲဒီမှာ ဘာဖြစ်လာသလဲ? ဝမ်းနည်းကြေကွဲမှု သောကမီးတွေက တဟုန်းဟုန်းတောက်လောင်လာပြီး ဖြေမဆည်နိုင်တဲ့အတွက် ထိုဘိက္ခုနီမကလေးဟာ တရားပွဲထဲမှာ ရှိုက်ကြီးတငင် ငိုချလိုက်ပါလေရော။ ဒီငိုပွဲကြောင့် တရားနာပရိသတ်တွေလည်း လှုပ်လှုပ်ရှားရှားတော့ နည်းနည်းဖြစ်သွားပုံပေါ်ပါတယ်။

ထိုငိုပွဲကို မြင်တွေ့ရတဲ့အခါ ဘုရားရှင်လည်း ပြုံးရယ်တော်မူခဲ့ပါတယ်။ ပြုံးရယ်တော်မူရခြင်း၏ အကြောင်းကို သံဃာတော်က မေးမြန်းလျှောက်ထားတော်မူတဲ့အခါ ဘုရားရှင်က ဆဒ္ဒန်ဆင်မင်းဇာတ်တော်ကို ဟောကြားပေးတော်မူပါတယ်။ အဲဒီတော့ ဆဒ္ဒန်ဆင်မင်းဇာတ်မှာ အတိုချုပ်ပြောရ-မယ်ဆိုရင် သူက မပြောပလောက်တဲ့ အကြောင်းအရာကလေးတစ်ခုနှင့် ဘုရားအလောင်းတော် အပေါ်မှာ ရန်ငြိုးဖွဲ့ခဲ့တယ်။ ခုနကပြောခဲ့တဲ့ **ပတိဋ္ဌိယတိ** = စိတ်ဓာတ်က ရန်ငြိုးဖွဲ့ထားတယ်၊ ရန်ငြိုးဖွဲ့တယ်ဆိုတာက စိတ်ထဲမှာ တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေတယ်။ ဘာတွန့်ဆုတ်သလဲ?— 'တော်စမ်းပါ၊ သင်းအကြောင်း မပြောစမ်းနှင့်၊ သင်းနဲ့ မျက်နှာချင်းဆိုင်ရမှာကိုက စိတ်ထဲမှာ အင်မတန် ဝန်လေး-တယ်၊ သင်းကို ငါမျက်နှာချင်းမဆိုင်ချင်ဘူး' မျက်နှာချင်းမဆိုင်ချင်တဲ့ စိတ်ထားတွေက သူနှင့် မျက်နှာချင်းဆိုင်လိုတဲ့ စိတ်ဓာတ်ကနေ တွန့်ဆုတ်သွားတာ၊ မလွှဲမရှောင်သာလို့ တွေ့ရတောင်မှ မျက်နှာက ရှောင်လွှဲပစ်လိုက်တယ်၊ ဒါ တွန့်ဆုတ်နေတာ၊ ဒါကိုပဲ ရန်ငြိုးဖွဲ့ထားတယ်လို့ ဘာသာပြန်ထားတယ်။

အဲဒီတော့ သူက ဘာရန်ငြိုးဖွဲ့သလဲဆိုတော့ မပြောပလောက်တဲ့ အကြောင်းအရာကလေး တစ်ခုကို ကြည့်ပြီးတော့ ရန်ငြိုးဖွဲ့တယ်။ ဘယ်လိုမပြောပလောက်တဲ့ အကြောင်းအရာလည်းဆိုတော့ ဒီလိုပါ။ ဆဒ္ဒန်ဆင်မင်းမှာ စူဠသုဘဒ္ဒါနှင့် မဟာသုဘဒ္ဒါလို့ခေါ်ဆိုတဲ့ မိဖုရားနှစ်ဦးတို့ ရှိကြတယ်။ မဟာသုဘဒ္ဒါကတော့ ယသောဓရာထေရီမရဲ့ အလောင်းအလျာဖြစ်တဲ့ ဘုရားအလောင်းတော်ရဲ့ ပါရမီဖြည့်ဖက် မိတ်ဟောင်းကြီးတစ်ဦးပဲ ဖြစ်ပါတယ်။ စူဠသုဘဒ္ဒါကတော့ ငိုပွဲဆင်နေတဲ့ ဘိက္ခုနီမ

ကလေးရဲ့ အလောင်းအလျာပဲ ဖြစ်ပါတယ်။

ဆဒ္ဒန်ဆင်မင်းတို့ နေတဲ့နေရာပတ်ဝန်းကျင်က အင်မတန် သာယာတဲ့ တောတောင်လို့ စာက ဖွဲ့ထားပါတယ်။ ဒီနေရာမှာ ပြောလိုရင်းကတော့ အင်ကြင်းတောကြီးတစ်ခုရှိတဲ့ အကြောင်းပဲ။ သူတို့နေရာဝန်းကျင်ကို ဝိုင်းထားတဲ့ အင်ကြင်းတောကြီးတစ်ခုရှိတော့ တစ်နေ့မှာ တစ်တောလုံးမှာ ရှိကြတဲ့ အင်ကြင်းပင်တွေက ပွင့်လန်းနေကြပြီဆိုတဲ့ သတင်းကောင်းတစ်ခုကို ကြားရတော့ ဆဒ္ဒန် ဆင်မင်းအမှူးရှိနေတဲ့ ရှစ်သောင်းသော ဆင်တွေက ဒီအင်ကြင်းတောမှာ သွားပြီးတော့ ပျော်ပါးကြ တယ်၊ ဥယျာဉ်ကစားကြတယ်။ အဲဒီလို ပျော်ပါးတဲ့အချိန်အခါမှာ မယ်မင်းကြီးမ စူဠသုဘဒ္ဒါက တစ်ဖက်၊ မယ်မင်းကြီးမ မဟာသုဘဒ္ဒါက တစ်ဖက်ပေါ့လေ၊ စူဠသုဘဒ္ဒါက ဘယ်ဘက်ကနေသလဲ ဆိုတော့ လေအထက်ဘက်က နေတယ်၊ မဟာသုဘဒ္ဒါက လေအောက်ဘက်က နေတယ်၊ အဲဒီတော့ လေအထက်ဘက် နေနေတဲ့ စူဠသုဘဒ္ဒါက တစ်ဖက်၊ လေအောက်ဘက်က နေနေတဲ့ မဟာသုဘဒ္ဒါ က တစ်ဖက်၊ နှစ်ဖက်ရှိတဲ့အနက်က အင်ကြင်းပန်းတွေကို နှာမောင်းနှင့် လှမ်းဆွတ်ပြီးတော့ မြူးထူး ပျော်ပါးကြတဲ့အပိုင်းမှာ ဟိုသစ်ပင်ကို ကိုယ်ဖြင့်တိုးလိုက် ဒီသစ်ပင်ကို ကိုယ်ဖြင့်တိုးလိုက် စသည်ဖြင့် တောကစားကြတဲ့အခါ အင်ကြင်းပင်တွေကိုလည်း တိုးဒွေမိတော့ ခြောက်သွေ့နေတဲ့ တချို့သစ်ကိုင်း ကလေးတွေ အနည်းငယ် ကျလာကြတယ်၊ ခြောက်သွေ့နေတဲ့ အင်ကြင်းရွက်တွေကလည်း ကြွေကျ လာကြတယ်။ အဲဒီလို ကြွေကျလာတဲ့ အချိန်အခါမှာ လေအထက်ဘက်မှာ နေနေတဲ့ စူဠသုဘဒ္ဒါရဲ့ ကိုယ်ပေါ်ကို အဲဒီသစ်ကိုင်းခြောက် အနည်းငယ်နှင့် သစ်ရွက်တွေက ကျကြတယ်၊ မဟာသုဘဒ္ဒါရဲ့ ကိုယ်ပေါ်ကိုတော့ အင်ကြင်းပန်းဝတ်မှုန်ကလေးတွေ ကျသွားကြတယ်။

ဒါပေမဲ့ ဆဒ္ဒန်ဆင်မင်းကလည်း – နည်းနည်းကလေးတော့ မျက်နှာလိုက်တယ်လို့ မယူဆနှင့် နော် – မဟာသုဘဒ္ဒါက ပါရမီဖြည့်ဖက် မိတ်ဟောင်းကြီး ဖြစ်နေတဲ့အတွက် ဆဒ္ဒန်ဆင်မင်းအနေနဲ့ မဟာသုဘဒ္ဒါအပေါ်မှာ ထားရှိတဲ့ မေတ္တာဓာတ်က ပိုလွန်လိမ့်မယ်ဆိုတာကတော့ ခန့်မှန်းလို့ ရနေ ပါတယ်။

ဆဒ္ဒန်ဆင်မင်းကလည်း သူက အင်ကြင်းပန်းတွေကို နှာမောင်းနှင့် ဆွတ်ခူးပြီးတော့ မဟာ- သုဘဒ္ဒါရဲ့ ကျောပေါ်ကို ဖြန့်ကျဲပြီးတော့ ချပေးလိုက်ပြန်တယ်၊ အဲဒီအခါမှာ မယ်မင်းကြီးမ စူဠ- သုဘဒ္ဒါက ရန်ငြိုးဖွဲ့ပြန်တယ် – "ကြည့်စမ်း - ငါ့ကိုယ်ပေါ်ကိုတော့ သစ်ကိုင်းခြောက်တွေ သစ်ရွက် တွေ ခြွေချတယ်၊ သူ့ မဟာသုဘဒ္ဒါကိုယ်ပေါ်ကျတော့ အင်ကြင်းပန်းပွင့်တွေကို ခြွေချတယ်"– ဆိုပြီးတော့ ရန်ငြိုးတစ်ချက် ဖွဲ့လိုက်တယ်။

ဒါနဲ့ မပြီးသေးဘူး၊ နောက်တစ်ခါ ဘာလုပ်ကြပြန်သလဲ? နောက်တစ်ခါ သူတို့ဟာ ရေအိုင်ကြီး တစ်ခုထဲမှာ ရေကစားကြပြန်တယ်။ အိုင်ထဲမှာ ရေကစားနေစဉ် အချိန်အခါမှာ – ဒီအိုင်က အင်မတန် ထူးဆန်းနေတဲ့ ပဒုမ္မာကြာပန်းတွေ ပွင့်လန်းတဲ့ အိုင်ကြီးတစ်ခုဖြစ်တော့ အဲဒီအိုင်ထဲမှာ အင်မတန် သတ္တဝါတွေရဲ့ စိတ်နှလုံးကို သိမ်းကျုံးယူစေနိုင်တဲ့ စွမ်းအားရှိတဲ့ အလွန်တင့်တယ်နေတဲ့ ပဒုမ္မာကြာပန်းကြီးတစ်ခုကို ဆင်တစ်ကောင်က ဆွတ်ခူးပြီးတော့ ဆဒ္ဒန်ဆင်မင်းကို လာဆက်သတယ်၊

အဲဒီလို ဆက်သလိုက်တဲ့ အချိန်အခါမှာလည်း ဆဒ္ဒန်ဆင်မင်းက ဒီ အင်မတန် လှပနေတဲ့ ပဒုမ္မာကြာပန်းကြီးကို မဟာသုဘဒ္ဒါကို လှမ်းပြီးတော့ ကမ်းလိုက်တယ်၊ ဝတ်မှုန်တွေကို စုပ်ယူပြီးတော့ မဟာသုဘဒ္ဒါကိုပဲ ပေးလိုက်တယ်၊ အဲဒီအခါမှာ မယ်မင်းကြီးမ စူဠသုဘဒ္ဒါက – 'ငါ့တော့ မပေးဘူး၊ ကြည့်စမ်း သင်းတော့ သူက ပေးတယ်' ဆိုပြီးတော့ ရန်ငြိုးဖွဲ့လိုက်ပြန်တယ်။ ဘယ်လောက်များ ကြီးကျယ်သလဲ? – ကြည့်စမ်း၊ သိပ်ပြီးတော့ မကြီးကျယ်ဘူး။ အဲဒီလို ရန်ငြိုးဖွဲ့လိုက်တဲ့ အချိန်အခါမှာ ဘာဖြစ်လာသလဲ?

အကြောင်းတစ်ခု ရှိတယ်၊ ဆဒ္ဒန်ဆင်မင်း ဦးဆောင်နေတဲ့ ဒီဆင်အပေါင်းတို့ဟာ ဥပ္ပလဝဏ်ထေရီမရဲ့ အလောင်းအလျာဖြစ်တဲ့ ပဒုမဝတီမိဖုရားရဲ့ သားတော်ငါးရာ ဖြစ်တော်မူကြတဲ့ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ငါးရာတို့ကို မကြာခဏ သစ်သီးဆွမ်းဖြင့် ဝတ်ကြီးဝတ်ငယ် ပြုစုနေကြတဲ့ ဒါနဝတ်တွေ ပြုနေကြတဲ့ ဆင်သူတော်ကောင်းတွေ ဖြစ်ကြပါတယ်။ တစ်နေ့မှာ ဆဒ္ဒန်ဆင်မင်း ဦးဆောင်နေတဲ့ ဆင်အပေါင်းတို့က အရှင်ပစ္စေကဗုဒ္ဓငါးရာတို့အား သစ်သီးကြီးငယ်တို့ဖြင့် ပူဇော်ကန်တော့နေကြတဲ့ ပွဲမှာ မယ်မင်းကြီးမ စူဠသုဘဒ္ဒါကလည်း သူရရှိလာတဲ့ သစ်သီးကြီးငယ်တို့ကို အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်တို့အား ဆက်ကပ်လှူဒါန်းပါတယ်၊ အရှင်ပစ္စေကဗုဒ္ဓတွေကို ဆက်ကပ်လှူဒါန်းပြီးတော့ သူက ဘာလုပ်သလဲ? – ပန်းချီကားကလေးတစ်ချပ်ကို သူက ရေးဆွဲတယ်၊ ဘယ်လို ရေးဆွဲသလဲ?

## မယ်မင်းကြီးမသုဘဒ္ဒါ ရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ်

**ဘန္တေ ဣတော စဝိတွာ မဒ္ဒရာဇကုလေ နိဗ္ဗတ္တိတွာ သုဘဒ္ဒါ နာမ ရာဇကညာ ဟုတွာ ဝယပ္ပတ္တာ ဗာရာဏသိရညော အဂ္ဂမဟေသိဘာဝံ ပတွာ တဿ ပိယာ မနာပါ . . .** [၄၂၄]

**ဘန္တေ** = အရှင်မြတ်တို့ဘုရား . . . ။ **ဣတော** = ဤဆင်ဘဝမှ။ **စဝိတွာ** = စုတေခဲ့သည်ရှိသော်။ **မဒ္ဒရာဇကုလေ** = မဒ္ဒရာဇ်မင်းမျိုး၌။ **နိဗ္ဗတ္တိတွာ** = ဖြစ်ခဲ့ရ၍။ **သုဘဒ္ဒါ နာမ** = သုဘဒ္ဒါအမည်ရှိတဲ့။ **ရာဇကညာ** = မင်းသမီးသည်။ **ဟုတွာ** = ဖြစ်ရ၍။ **ဝယပ္ပတ္တာ** = အရွယ်သို့ရောက်ခဲ့သည်ရှိသော်။ **ဗာရာဏသိရညော** = ဗာရာဏသီမင်း၏။ **အဂ္ဂမဟေသိဘာဝံ** = အဂ္ဂမဟေသီမိဖုရားကြီးဘဝသို့။ **ပတွာ** = ရောက်ရှိရသည်ဖြစ်၍။ **တဿ** = ထိုဗာရာဏသီ ရှင်ဘုရင်၏။ **ပိယာ** = ချစ်မြတ်နိုးအပ်တဲ့။ **မနာပါ** = စိတ်နှလုံးကို တိုးပွားစေတတ်တဲ့ အမျိုးသမီးသည်။ **ဘဝေယျံ** = ဖြစ်ရပါလို၏။

သူရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ်ကို ကြည့်ပါ –

၁။ ဒီဆင်ဘဝကနေ စုတေပြီးတဲ့ အချိန်အခါမှာ မဒ္ဒရာဇ်မင်းမျိုးမှာ လူသွားပြီးတော့ ဖြစ်ပါရစေ,

၂။ သုဘဒ္ဒါ အမည်ရှိတဲ့ မင်းသမီး ဖြစ်ပါရစေ၊

၃။ အရွယ်ရောက်တဲ့ အချိန်အခါမှာတော့ ဗာရာဏသီမင်းရဲ့ အဂ္ဂမဟေသီမိဖုရားကြီး ဖြစ်ပါရစေ၊

၄။ အဲဒီအဂ္ဂမဟေသီမိဖုရားကြီးဟာလည်း ဗာရာဏသီမင်းက အလွန်ချစ်မြတ်နိုးအပ်တဲ့ အဂ္ဂမဟေသီမိဖုရားကြီးသာ ဖြစ်ပါရစေ၊

[၄၂၄] ဇာတက၊၄၊၅၊၄၀။

ဒီဆုတွေကို သူက တောင်းတယ်။ ဒီတော့ ဒီနေရာမှာ ဟိုတစ်နေ့က ပြောခဲ့တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် အကြောင်းကို နည်းနည်း ပြန်ပြီး ဆန်းစစ်ကြည့်ပါ။ ဂဒ္ဒုလဗဒ္ဓသုတ္တန်ကို ဘယ်လို တရား နိဒါန်းပျိုးခဲ့သလဲ?

**အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာ ကောဋိ န ပညာယတိ အဝိဇ္ဇာနီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။**[၄၂]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **အယံ သံသာရော** = ခန္ဓာ အာယတန ဓာတ်တို့ရဲ့ အဆက်မပြတ် ဖြစ်ပေါ်၍နေရာ ရုပ်နာမ်သန္တာန်အစဉ်အတန်းဟု ခေါ်ဆိုအပ်တဲ့ ဤသံသရာသည်။ **အနမတဂ္ဂေါ** = ဉာဏ်ဖြင့် အစဉ်လျှောက်၍သော်လည်း မသိအပ် မသိနိုင်သော အစရှိပေ၏။ **အဝိဇ္ဇာနီဝရဏာနံ** = အဝိဇ္ဇာ နီဝရဏတရားသည် ပိတ်ဖုံးကာဆီးအပ်ကုန်သည်ဖြစ်၍။ **တဏှာ-သံယောဇနာနံ** = တဏှာတည်းဟူသော သံယောဇဉ်ကြိုးက ရစ်ပတ်နှောင်ဖွဲ့ထားအပ်ကုန်သည် ဖြစ်၍။ **သန္ဓာဝတံ** = ထိုဘဝမှ ဤဘဝ, ဤဘဝမှ ထိုဘဝသို့ တပြောင်းပြန်ပြန် ကျင်လည်ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သံသရတံ** = တစ်ခုသောဘဝ၌လည်းပဲ ထပ်ကာထပ်ကာ ကျင်လည် ကျက်စား ပြေးသွား၍ နေကြရကုန်သော။ **သတ္တာနံ** = သတ္တဝါတို့၏။ **ပုဗ္ဗာ ကောဋိ** = သံသရာ၏ ရှေ့အစွန်းကို။ **န ပညာယတိ** = မသိအပ် မသိနိုင်ပေ။

အဝိဇ္ဇာနီဝရဏတရားက ပိတ်ဖုံးကာဆီးထားတယ်၊ တဏှာတည်းဟူသော သံယောဇဉ်ကြိုးက ရစ်ပတ်နှောင်ဖွဲ့ပြီးတော့ထားတယ်။ အဲဒီလို အဝိဇ္ဇာနီဝရဏက ပိတ်ဖုံးကာဆီးပြီးတော့ တဏှာ တည်းဟူသော သံယောဇဉ်ကြိုးဖြင့် ရစ်ပတ်နှောင်ဖွဲ့ခံနေရတဲ့ ဒီသတ္တဝါတွေရဲ့ သံသရာခရီးအစကို လှမ်းမျှော်ပြီး ဉာဏ်နှင့် အစဉ်လျှောက်၍ ကြည့်ခဲ့မယ်ဆိုရင် မသိအပ် မသိနိုင်တဲ့ အစ ရှိတယ်၊ အခု ကြည့်ပေ့ါ ဆဒ္ဒန်ဆင်မျိုးဘဝကနေပြီးတော့ ဘိက္ခုနီဘဝ ရောက်ရှိလာပြီ၊ ဘယ်လောက် သံသရာ ခရီးကြောရှည်ခဲ့တယ်ဆိုတာ ပြန်ကြည့်၊ ဘာကို အခြေခံခဲ့သလဲ? အဝိဇ္ဇာနှင့် တဏှာကို အခြေခံ ခဲ့တယ်။

ဒီတော့ ဒီနေရာမှာ ဘာအဝိဇ္ဇာလဲမေးလိုက်တော့ မဒ္ဒရာဇ်မင်းမျိုးမှာ မင်းသမီး ဖြစ်ပါရစေဆိုပြီး သူက ဒီဆုကို တောင်းထားတယ်။ သုဘဒ္ဒါ အမည်ရှိတဲ့ မဒ္ဒရာဇ်မင်းသမီး ဖြစ်ပါရစေလို့ ဆုတောင်း တယ်။ ပရမတ္ထသစ္စာနယ်ဘက်က ကြည့်လိုက်တော့ သုဘဒ္ဒါ အမည်ရှိတဲ့ မဒ္ဒရာဇ်မင်းသမီးဆိုတာ ရှိသလား? မရှိဘူး။ အဲဒီ သုဘဒ္ဒါ အမည်ရှိတဲ့ မင်းသမီးဘဝကို ရတယ်ပဲထား၊ အဲဒီ မင်းသမီးဘဝမှာ တည်ရှိတဲ့ ဓာတ်လေးပါးကို စိုက်ပြီးရှုနိုင်ရင် ရုပ်ကလာပ်အမှုန်ကလေးတွေကို တွေ့နိုင်တယ်၊ ဒီရုပ်-ကလာပ်တွေကို ခွဲခြမ်းနိုင်ရင် ပရမတ်အစစ် ရုပ်တရားတွေကို တွေ့နိုင်တယ်၊ ရုပ်တရားတွေကို သိမ်းဆည်းပြီးတဲ့အခါမှာ ဒီရုပ်တရားကို အာရုံပြုပြီး ဒီရုပ်တရားတွေကို မှီဖြစ်နေတဲ့ နာမ်တရားတွေကို သိမ်းဆည်းနိုင်တယ်။ ရုပ်နာမ်ကို သိမ်းဆည်းနိုင်လို့ ရုပ်နာမ်ခွဲနိုင်ရင် ရုပ်တရားအစုအပုံ နာမ်တရား အစုအပုံတွေကိုပဲ တွေ့မယ်။ ဒီတော့ ရုပ်တရားအစုအပုံ နာမ်တရားအစုအပုံလို့ မသိဘဲ – သုဘဒ္ဒါ

[၄၂] သံ၊ ၂၊၁၂၀။

အမည်ရှိတဲ့ မဒ္ဒရာဇ်မင်းသမီးလို့ အသိမှားနေတဲ့ သဘောက ဘာလဲ? – အဝိဇ္ဇာ၊ အဲဒီ သုဘဒ္ဒါမင်းသမီးဘဝကို လှမ်းပြီးတော့ တွယ်တာတပ်မက်တဲ့ သဘောက - တဏှာ၊ စိတ်ကပ်ပြီး စွဲနေတဲ့သဘောက - ဥပါဒါန်၊ ဒီအဝိဇ္ဇာ တဏှာ ဥပါဒါန်တွေ ခြံရံပြီးတော့ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်တို့အား သစ်သီးဆွမ်းလှူဒါန်းတဲ့ ကုသိုလ်စေတနာသင်္ခါရကံတွေကို ပြုစုပျိုးထောင်လိုက်တယ်၊ နောက်တစ်ခု -

အရွယ်ရောက်တဲ့ အချိန်အခါမှာ ဗာရာဏသီမင်းရဲ့ အဂ္ဂမဟေသီမိဖုရားကြီး ဖြစ်ပါရစေ — ဒီဆုကိုလည်း တောင်းထားပြန်တယ်။ အဂ္ဂမဟေသီမိဖုရားကြီးဆိုတာက မိဖုရားထဲမှာ အထွတ်အထိပ်သို့ရောက်နေတဲ့ မိဖုရားပဲ။ အဲဒီ အထွတ်အထိပ်သို့ရောက်နေတဲ့ အကြီးဆုံး မိဖုရားကြီးဆိုတာ ပရမတ္ထသစ္စာနယ်မှာ ရှိသလား? မရှိဘူး။ မိဖုရားလို့ အသိမှားနေတဲ့ သဘောက အဝိဇ္ဇာ၊ ဒီမိဖုရားဘဝကို တွယ်တာတပ်မက်နေတဲ့ သဘောက တဏှာ၊ စိတ်ကပ်ပြီး စွဲနေတဲ့သဘောက ဥပါဒါန်၊ ဒီအဝိဇ္ဇာ တဏှာ ဥပါဒါန် သုံးခုတို့ ခြံရံပြီးတော့ ဘာကံကို ထူထောင်လိုက်သလဲ? အရှင်ပစ္စေက-ဗုဒ္ဓဘုရားရှင်တို့အား သစ်သီးဆွမ်းလှူဒါန်းခြင်းဆိုတဲ့ ကုသိုလ်စေတနာသင်္ခါရကံတွေကို ပြုစုပျိုးထောင်လိုက်တယ်။ နောက်တစ်ခု —

**“တဿ ပိယာ မနာပါ”**

အဂ္ဂမဟေသီမိဖုရားဆိုသော်လည်း တစ်ခါတလေ ရှင်ဘုရင်တို့ရဲ့ သဘောတံထွာက မိဖုရားတွေက သိပ်များတော့ မိဖုရားကြီးကို ချစ်ချင်မှ ချစ်တာ၊ ဒါ့ကြောင့် သူက ဒီသဘောတရားမျိုး ဖြစ်မှာစိုးတဲ့အတွက် ကြိုတင်ပြီး ကာကွယ်တဲ့အနေနှင့် ပိယမနာပ - အဲဒီလို အဂ္ဂမဟေသီမိဖုရားကြီး ဖြစ်ရင်လည်း ဒီဗာရာဏသီမင်းက အင်မတန် ချစ်မြတ်နိုးအပ်တဲ့ မိဖုရားကြီး ဖြစ်ပါရစေ – တဲ့။

အင်မတန် သေချာအောင် ရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ်ပဲ။ အဲဒီပန်းချီကား ရေးဆွဲပြီးတော့ နောက်ထပ် သူက ဘာဆုတောင်းပြန်သလဲ?

**တံ အတ္တနော ရုစိ ကာရေတုံ သမတ္ထာ ဟုတွာ တဿ အာစိက္ခိတွာ ဇာကံ လုဒ္ဒကံ ပေသေတွာ ဣမံ ဟတ္ထိ ဝိသပီတေန သလ္လေန ဝိဇ္ဈာပေတွာ ဇီဝိတက္ခယံ ပါပေတွာ ဆဗ္ဗဏ္ဏရံသိ ဝိသဒ္ဒေ့နွေ ယမကဒန္တေ အာဟရာပေတုံ သမတ္ထာ ဟောမိ။**[၄၂၆]

တောင်းလိုက်တဲ့ဆုက တော်တော်ရှည်တယ်။

**တံ** = ထိုဗာရာဏသီဘုရင်ကို။ **အတ္တနော** = မိမိရဲ့။ **ရုစိ** = အလိုဆန္ဒသို့။ **ကာရေတုံ** = လိုက်နာအောင် ပြုလုပ်စေအံ့သောငှာ။ **သမတ္ထာ** = စွမ်းနိုင်တဲ့ အမျိုးကောင်းသမီးသည်။ **ဟုတွာ** = **ဟောမိ** = ဖြစ်ရပါလို၏။

နောက်ဆုတောင်းပုံက — ရှင်ဘုရင်ကြီးက သူ့ကိုချစ်တာတော့ မှန်ပြီ၊ ဒီဆု တောင်းပြီးပြီ။ နောက်ထပ် ဘာဆုထပ်တောင်းသေးသလဲ? သူ့ရဲ့ အလိုဆန္ဒကို လိုက်လျောနိုင်အောင် ဒီရှင်ဘုရင်ကို ပြုလုပ်နိုင်တဲ့ မိဖုရား ဖြစ်ပါရစေ၊ သူ့စိတ်ကြိုက်ကို အကုန်လုံး ရွက်ဆောင်ပေးနိုင်တဲ့ ရှင်ဘုရင် ဖြစ်ပါစေတဲ့၊ ဒီဆုကို သေချာအောင် တောင်းထားတယ်။

---
[၄၂၆] ဇာတက၊၄၊၅၊၄၀။

**အတ္တနော** = မိမိ၏။ **ရုစိံ** = အလိုဆန္ဒကို။ **ကာရေတုံ** = လိုက်နာအောင် ပြုစေအံ့သောငှာ။ **သမတ္ထာ** = စွမ်းနိုင်သော မိဖုရားကြီးသည်။ **ဟုတွာ** = ဖြစ်ရ၍။ **တဿ** = ထိုဗာရာဏသီမင်းအား။ **အာစိက္ခိတွာ** = ပြောကြားပြီး၍။ **ဧကံ လုဒ္ဒကံ** = မုဆိုးတစ်ယောက်ကို။ **ပေသေတွာ** = စေခိုင်း၍။ **ဣမံ ဟတ္ထိံ** = ဤဆဒ္ဒန်ဆင်မင်းကို။ **ဝိသပီတေန သလ္လေန** = အဆိပ်လူးထားတဲ့မြားဖြင့်။ **ဝိဇ္ဈာပေတွာ** = ပစ်ခွင်းစေ၍။ **ဇီဝိတက္ခယံ** = အသက်ကုန်ခြင်းသို့။ **ပါပေတွာ** = ရောက်စေ၍။ **ဆဗ္ဗဏ္ဏရံသိံ** = ရောင်ခြည်တော်ခြောက်သွယ်ကို။ **ဝိဿဇ္ဇေန္တေ** = လွှတ်၍နေကြကုန်သော။ **ယမကဒန္တေ** = ဆင်စွယ်အစုံတို့ကို။ **အာဟရာပေတုံ** = ဆောင်ယူစေခြင်းငှာ။ **သမတ္ထာ** = စွမ်းနိုင်တဲ့ အမျိုးကောင်းသမီးသည်။ **ဟောမိ** = ဖြစ်ရပါလို၏။

ဒီဗာရာဏသီရှင်ဘုရင်ဟာလည်း မိမိ၏ အလိုဆန္ဒအတိုင်း လိုက်ပါဆောင်ရွက်ပေးနိုင်တဲ့ ရှင်ဘုရင် ဖြစ်ပါစေ။ ဒီဆုက တစ်ခု။ နောက်တစ်ခု အဲဒီ ရှင်ဘုရင်ကို စေခိုင်းမယ်။ ဘယ်လို ခိုင်းမလဲ? မုဆိုးတစ်ယောက်ကို ရှင်ဘုရင်ရဲ့ အမိန့်နဲ့ စေခိုင်းပြီးတော့ ဒီဆဒ္ဒန်ဆင်မင်းကို အဆိပ်လူးတဲ့ မြားဖြင့် ပစ်ခွင်းနိုင်ပါရစေ၊ အဆိပ်လူးမြားဖြင့် ပစ်ခွင်းကာ ဆဒ္ဒန်ဆင်မင်းကို အသေသတ်နိုင်ပါရစေ။ ဒီဆုကို-လည်း တောင်းပြန်တယ်။

ဆဒ္ဒန်ဆင်မင်းကို အသေသတ်ပြီးတဲ့ အချိန်အခါမှာ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် ရွှမ်းရွှမ်းဝေ တောက်ပနေတဲ့ ဆဒ္ဒန်ဆင်မင်းရဲ့ အစွယ်နှစ်ချောင်းကိုလည်း အရယူနိုင်ပါစေတဲ့။ ဒီဆုကိုလည်း တောင်းပြန်တယ်။ များလိုက်တဲ့ အဝိဇ္ဇာ, များလိုက်တဲ့ တဏှာ။ ဘာကို အခြေခံခဲ့သလဲ? မပြောပလောက်တဲ့ ရန်ငြိုးဖွဲ့မှုကလေးကို အခြေခံထားတယ်။ ဒါကြောင့် ဒကာကြီးတွေ ဒကာမကြီးတွေ စိတ်ဓာတ်တွေကို ပြုပြင်ပြောင်းလဲပေးဖို့ မလိုဘူးလား? လိုအပ်တယ်။

အဲဒီဆုတောင်းလိုက်တဲ့ အချိန်အခါကျတော့ အလှူခံပုဂ္ဂိုလ်တွေ ကြည့်လိုက်တော့ အရှင်-ပစ္စေကဗုဒ္ဓဘုရားရှင်တွေ ဖြစ်ကြတယ်။ အင်မတန် ကိလေသာအာသဝေါစင်ကြယ်နေတဲ့ တကယ့်သူတော်ကောင်းအစစ်ကြီးတွေ ဖြစ်ကြတယ်။ လှူဖွယ်ဝတ္ထု ပစ္စည်းစုကို ကြည့်လိုက်တော့ – ဓမ္မိယ-လဒ္ဓ = တောထဲတောင်ထဲမှာ တရားသော နည်းလမ်းဖြင့် ရှာဖွေရရှိတဲ့ လှူဖွယ်ဝတ္ထု ပစ္စည်းစု ဖြစ်တယ်။ ထိုအချိန်အခါမှာ သူ့ရဲ့ စိတ်နေစိတ်ထားကလေးမှာ အမျက်ဒေါသကြီးမားတဲ့ ရန်ငြိုးဖွဲ့ထားတာကလွဲရင် သူတို့ဟာ သီလစင်ကြယ်နေတဲ့ ဆင်တွေ ဖြစ်ကြတယ်။ သီလတည်းဟူသော မြေပေါ်မှာ ရပ်တည်ပြီးတော့ ကြံချစိုက်ပျိုးလိုက်တဲ့ ဒီဒါနသည် ခုလို ပန်းချီကားတစ်ချပ်ရေးဆွဲလိုက်တဲ့အခါမှာ သူ့စိတ်တိုင်းကျ ရေးဆွဲလိုက်တဲ့အတိုင်း ပေါ်မလာဘူးလား? ပေါ်လာတယ် —

သူမျှော်လင့်တောင့်တတဲ့အတိုင်း ဆင်ဘဝက ကွယ်လွန်သွားတဲ့အခါ သုဘဒ္ဒါ အမည်ရှိတဲ့ မဒ္ဒရာဇ်မင်းသမီးလည်း လာဖြစ်ရတယ်၊ သူမျှော်လင့်တောင့်တခဲ့တဲ့အတိုင်း အချိန်တန်အရွယ်ရောက်တော့ ဗာရာဏသီမင်းရဲ့ အဂ္ဂမဟေသီမိဖုရားကြီးလည်း လာဖြစ်ရတယ်၊ သူမျှော်လင့်တောင့်တခဲ့တဲ့အတိုင်း ရှင်ဘုရင်ကို သူ့ရဲ့ အလိုအကြိုက်သို့ လိုက်ပါစေနိုင်တဲ့ စွမ်းအားရှိတဲ့ မိဖုရားကြီးလည်း ဖြစ်ရတယ်၊ သူမျှော်လင့်ထားခဲ့တဲ့အတိုင်း နာမည်ကျော်ဖြစ်တဲ့ သောနုတ္တိုရ်မုဆိုးကို စေလွှတ်ပြီးတော့

ဆဒ္ဒန်ဆင်မင်းကို အဆိပ်လူးမြားနှင့် ပစ်ခွင်းစေနိုင်တဲ့ စွမ်းအားရှိတဲ့ အမျိုးသမီးလည်း ဖြစ်ရပြန်တယ်၊ ဆဒ္ဒန်ဆင်မင်းကိုလည်း အသေသတ်နိုင်တယ်၊ ဆဒ္ဒန်ဆင်မင်းရဲ့ အစွယ်နှစ်ချောင်းကိုလည်း အရယူနိုင်ခဲ့တယ်။ ကောင်းသလား? အဲဒါ မကောင်းဘူးဆိုတာ ဘယ်ကျမှ သိသလဲ? ဘုရားရှင် တရားဟောတော်မူနေတဲ့ အချိန်အခါကျတော့မှ တရားတော်ကိုလည်း နာယူနေတဲ့ အချိန်အခါကျတော့မှ သြော် - မှားပြီပေါ့ဆိုပြီး သိတယ်၊ အဲဒီအချိန်အခါကျတော့ လွန်မသွားဘူးလား? လွန်သွားပြီ။

## သတိပြုသင့်တဲ့အချက်များ

ခုလို ကံတစ်ခုကို ထူထောင်တဲ့အခါ သတိပြုသင့်တဲ့ အချက်ကလေးတွေကို ထပ်ပြောဦးမယ် - ခု ဒီဝတ္ထုမှာ ကြည့်ပါ။ သုဘဒ္ဒါဟာ မိမိ ဆုတောင်းပန်ထွာခဲ့တဲ့အတိုင်း မဒ္ဒရာဇ်မင်းသမီးလည်း ဖြစ်လာရပြီ၊ ဘာဖြစ်လို့ မဒ္ဒရာဇ်မင်းသမီးဘဝကို သူက ရွေးချယ်ရသလဲလို့ ဆန်းစစ်ကြည့်လိုက်တော့ အကြောင်းကလေးတွေ ရှိနေပြန်တယ်။ ဗာရာဏသီဘုရင်ရဲ့ မိဖုရားဖြစ်တဲ့အခါ ဗာရာဏသီဘုရင်ကြီးကို မိမိရဲ့ အလိုအကြိုက်သို့ လိုက်ပါအောင် ဆွဲဆောင်လိုတဲ့ ဆန္ဒစာတ်တွေက သူ့မှာ ပြင်းပြနေတယ်။ ဒီလိုအင်ဆန္ဒတွေ ပြည့်ဝဖို့ဆိုတာက ဥပဓိသမ္ပတ္တိဆိုတဲ့ လှပတင့်တယ်တဲ့ ဥပဓိရုပ်ရည်နှင့်လည်း ပြည့်စုံပါမှ အမျိုးဇာတ်ကလည်း မြင့်မြတ်ပါမှ လိုအင်ဆန္ဒ ပြည့်ဝနိုင်မယ်၊ ဗာရာဏသီဘုရင်ကဲ့သို့သော တစ်ဖက်ပုဂ္ဂိုလ်ကလည်း မိမိ အလိုအကြိုက်သို့ လိုက်လျောနိုင်လိမ့်မယ်ဆိုတာကိုလည်း သူက သဘောပေါက်တယ်။ မဒ္ဒရာဇ်တိုင်းဆိုတာကလည်း အချောအလှမှာ သရဖူဆောင်းတဲ့သူတွေ တည်ရှိတဲ့ဒေသဆိုတာကိုလည်း သူက သဘောပေါက်နေတယ်။ ဒါကြောင့် မဒ္ဒရာဇ်မင်းသမီးဖြစ်ဖို့ကို ရှေးဦးစွာ ဆုတောင်းယူရတယ်။ ဒီဆုတောင်းပွဲကို ကြည့်လိုက်ရင် သူရေးဆွဲလိုက်တဲ့ ပန်းချီကားချပ်ဟာ အလွန်စေ့စပ်သေချာနေတာကို တွေ့ရတယ်။

သို့သော် စေ့စပ်လွန်တဲ့အတွက် အခက်အခဲတစ်ရပ်တော့ ထပ်ပြီး ကြုံရပြန်တယ်။ သူဆုတောင်းတဲ့အတိုင်း မဒ္ဒရာဇ်မင်းရဲ့ သမီးရတနာလည်း ဖြစ်ရပြီ၊ ဗာရာဏသီဘုရင်ကြီးရဲ့ အဂ္ဂမဟေသီမိဖုရား- ခေါင်ကြီးလည်း ဖြစ်ရပြီ၊ ဗာရာဏသီဘုရင်ကြီးက အလွန်ချစ်မြတ်နိုးအပ်တဲ့ မိဖုရားလည်း ဖြစ်ရပြီ၊ ဗာရာဏသီဘုရင်ကြီးကို မိမိရဲ့ အလိုအကြိုက်သို့ လိုက်ပါနိုင်အောင် ဆွဲဆောင်နိုင်တဲ့ မိဖုရားကြီးလည်း ဖြစ်ရပြီ။ ဒီလောက်ဆိုရင်တော့ မတော်သင့်ဘူးလား? မကျေနပ်သင့်ဘူးလား? – တော်သင့်တာပေါ့ ကျေနပ်သင့်တာပေါ့။ မိမိက အဆင့်မြင့်တဲ့ လူသားတစ်ဦး ဖြစ်နေရပြီဖြစ်လေတော့ ဟိုတောထဲမှာရှိနေတဲ့ တိရစ္ဆာန်တစ်ကောင်အပေါ်၌ ထားရှိခဲ့ဖူးတဲ့ ရန်ငြိုးတွေကိုလည်း မေ့ပျောက်သင့်ပြီပေါ့။ ဒါပေမဲ့ မမေ့ပျောက်နိုင် ဖြစ်နေတယ်၊ ဆဒ္ဒန်ဆင်မင်းကို မသတ်ရ မနေနိုင် ဖြစ်နေတယ်၊ ရောင်ခြည်တော် ခြောက်သွယ်တို့ဖြင့် တင့်တယ်စမ္မယ်နေတဲ့ ဆဒ္ဒန်ဆင်မင်းရဲ့ စွယ်တော်တွေကို ဖြတ်မယူရရင် မနေနိုင် ဖြစ်နေတယ်။ ဘာကြောင့်လဲ? ကံကြောင့်ပဲ။ သူ့ရဲ့ ကောင်းမှုကုသိုလ်ကို ပြန်ကြည့်ပါ။ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်တို့အား သစ်သီးဆွမ်းတွေကို လှူဒါန်းပူဇော်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေမှာ ဆဒ္ဒန်ဆင်မင်းကို သတ်ဖြတ်လိုတဲ့ စိတ်ထား ဆဒ္ဒန်ဆင်မင်းရဲ့ စွယ်တော်အစုံကို ရယူလိုတဲ့ စိတ်ထားတွေက ခြံရံထားတယ်။ ဒါကြောင့် ဒီကုသိုလ်ကံကို ထူထောင်ခဲ့စဉ်က ဒီလို စိတ်နေစိတ်ထားတွေ

ခြံရံထားခဲ့တဲ့အတွက် ဒီကံက အကျိုးလာပေးတဲ့ ဗာရာဏသီဘုရင်ကြီးရဲ့ မိဖုရားဘဝမှာ ဆဒ္ဒန်ဆင်မင်းကို မသတ်ရ မနေနိုင် ဖြစ်နေတယ်၊ ဆဒ္ဒန်ဆင်မင်းရဲ့ စွယ်တော်အစုံကိုလည်း ဖြတ်မယူရ မနေနိုင် ဖြစ်နေတယ်။ ဆဒ္ဒန်ဆင်မင်းအပေါ်မှာ ထားရှိတဲ့ အဒေါသ = မေတ္တာဓာတ်က အားပျော့နေတယ်။ ဆဒ္ဒန်ဆင်မင်းကို ဖျက်ဆီးလိုတဲ့ ဒေါသတရားက သိပ်အားကောင်းနေတယ်။ အားပျော့နေတဲ့ အဒေါသ = မေတ္တာတရားက အားကောင်းမောင်းသန်နေတဲ့ ဒေါသတရားကို အနိုင်ယူဖို့ရန် မစွမ်းနိုင် ဖြစ်နေတယ်။ ဒါ့ကြောင့် သူက ဒီလို ဆုမျိုးတွေကို ဆုတောင်းပန်ထွာနေခြင်း ဖြစ်ပါတယ်။

စိတ်ဆန်းကြယ်တော့ ကံတွေက ဆန်းကြယ်တယ်၊ ကံတွေက ဆန်းကြယ်ပြန်တော့ သတ္တဝါတွေလည်း ဆန်းကြယ်ကြပြန်တယ်။ သူ့ဆုတောင်းအတိုင်းပဲ ဗာရာဏသီဘုရင်ကြီးကို မိမိရဲ့ အလိုအကြိုက်သို့ လိုက်ပါနိုင်အောင် ဆွဲဆောင်နိုင်တဲ့အခါ ဗာရာဏသီဘုရင်ကြီးရဲ့ အမိန့်တော်ဖြင့် တိုင်းပြည်အတွင်းရှိ မုဆိုးတွေကို ဆင့်ခေါ်ခိုင်းလိုက်ပါတယ်။ ပါရမီဖြည့်ဖက် မိတ်ဟောင်းကြီးဖြစ်တဲ့ အရှင်ဒေဝဒတ်အလောင်း သောနုတ္တိုရ်မုဆိုးက ရှေ့တန်းကနေ ဦးဆောင်ပြီးတော့ မုဆိုးအပေါင်းတို့ဟာ နန်းတွင်းသို့ ဆိုက်ရောက်လာကြပါတယ်။ နောက်ဆုံးတော့ သောနုတ္တိုရ်မုဆိုးကိုပဲ ရွေးချယ်ပြီးတော့ ဆဒ္ဒန်ဆင်မင်း ရှိရာအရပ်ကို ခရီးလမ်းညွှန်မြေပုံနှင့်တကွ အသေးစိတ် ညွှန်ကြားပြီးတော့ ဆဒ္ဒန်ဆင်မင်းကို အဆိပ်လူးမြားဖြင့် ပစ်ခွင်းကာ အသေသတ်ပြီးနောက် ရောင်ခြည်တော် ခြောက်သွယ်တို့ ကွန့်မြူးစံပယ်လျက်ရှိကြတဲ့ စွယ်တော်အစုံတို့ကို ဖြတ်ယူကာ ဗာရာဏသီသို့ ပြန်လည်ကာ သယ်ဆောင်ယူလာရန် အမိန့်ပေးခိုင်းလိုက်ပါတယ်။ သို့သော် ဆဒ္ဒန်ဆင်မင်း အစရှိတဲ့ ဆင်အပေါင်းတို့ရဲ့ အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဆဒ္ဒန်ဆင်မင်းကို အဆိပ်လူးမြားဖြင့် ပစ်ခွင်းတဲ့အခါ ဝတ်ဆင်ထားရန် ဖန်ရည်စွန်းတဲ့ အဝတ်သင်္ကန်းအစုံတို့ကိုလည်း တစ်ပါတည်း သယ်ဆောင်သွားရန်ကိုလည်း အကြံပေးလိုက်ပါတယ်။ အကြောင်းကတော့ ဆဒ္ဒန်ဆင်မင်း ဦးဆောင်နေတဲ့ ဆင်အပေါင်းတို့ဟာ ဖန်ရည်စွန်းတဲ့ အဝတ်သင်္ကန်းကို ဝတ်ရုံသုံးဆောင်တော်မူကြတဲ့ ပစ္စေကဗုဒ္ဓဘုရားရှင်တို့အား အလွန်ကြည်ညိုလေးစားကြတဲ့ ဆင်အပေါင်းတို့ ဖြစ်ကြပါတယ်။ ဖန်ရည်စွန်းတဲ့ အဝတ်သင်္ကန်းကို သောနုတ္တိုရ်မုဆိုးက ဝတ်ရုံထားတာကို တွေ့မြင်တဲ့အခါ ဆင်အပေါင်းတွေဟာ သောနုတ္တိုရ်မုဆိုးကို အန္တရာယ်ပြုကြမှာ မဟုတ်ကြဘူးလို့ ယူဆတဲ့အတွက်ကြောင့် ယခုလို ဖန်ရည်စွန်းတဲ့ အဝတ်သင်္ကန်းတွေကို တစ်ပါတည်း သယ်ဆောင်သွားရန် အကြံပေးလိုက်ခြင်း ဖြစ်ပါတယ်။

သောနုတ္တိုရ်မုဆိုးကလည်း ဝမ်းမြောက်ဝမ်းသာဖြင့် ခိုင်းစေလိုက်တဲ့ အမှုတော်ကို ရိုသေလေးမြတ်စွာ ခံယူကာ အခက်အခဲပေါင်းများစွာကို ကျော်လွှားပြီးနောက် ဆဒ္ဒန်ဆင်မင်းကို အဆိပ်လူးမြားဖြင့် ပစ်ခွင်းကာ ရောင်ခြည်တော်ခြောက်သွယ် ကွန့်မြူးစံပယ်လျက်ရှိကြတဲ့ စွယ်တော်အစုံတို့ကို ဖြတ်ယူပြီးနောက် ဗာရာဏသီပြည်သို့ ပြန်လာကာ စွယ်တော်အစုံတို့ကို မယ်မင်းကြီးမ သုဘဒ္ဒါအား ဆက်သလိုက်ပါတယ်။

မယ်မင်းကြီးမ သုဘဒ္ဒါဟာ သောနုတ္တိုရ်မုဆိုးကို ဒီလိုစေခိုင်းပြီး ဆဒ္ဒန်ဆင်မင်းကို သတ်ပြီး အစွယ်တွေကို အရယူဖို့ရန် ပြုလုပ်လို့ရနိုင်တဲ့ ကံမျိုးကို ထူထောင်ခဲ့တဲ့အတွက် ဒီလိုရက်ရက်စက်စက် ပြုလုပ်ရမှု ကျေနပ်သွားတယ်။ မပြောပလောက်တဲ့ အကြောင်းအရာကလေးကို အခြေခံပြီးတော့

ဘုရားအလောင်းတော်အပေါ်၌ ရန်ငြိုးဖွဲ့ခြင်းဆိုတဲ့ မကျေနပ်ချက် ဒေါသတရားတွေကို ခြံရံပြီး ကုသိုလ်ကံတစ်ခုကို ထူထောင်ခဲ့မိတဲ့အတွက် ဒီကံတွေရဲ့ စွမ်းအင်ကြောင့် ဒီကံတွေက ရင့်ကျက်လာလို့ အကျိုးပေးတဲ့ဘဝမှာ ဒီလို စိတ်နေစိတ်ထားတွေကို မတွန်းလှန်နိုင် ဖြစ်နေတယ်။ သို့သော် တကယ်တမ်း ဆဒ္ဒန်ဆင်မင်းရဲ့ အစွယ်တွေကို မြင်တွေ့လိုက်ရပြန်တော့လည်း ဆဒ္ဒန်ဆင်မင်းရဲ့ ဂုဏ်တော်ကျေးဇူးတော်တွေကို ပြန်ပြောင်းပြီး အမှတ်ရပြန်တယ်။ အကြီးအကျယ် ဝမ်းနည်းကြေကွဲပြီး နှလုံးကွဲကာ သေပွဲဝင်ရရှာပြန်တယ်။

ဒါကြောင့် ကံတွေကို ထူထောင်တဲ့အခါမှာ သတိရှိဖို့ အလွန်လိုအပ်ပါတယ်။ ဒေါသနှင့် ယှဉ်တွဲနေတဲ့ ကံတွေက ဒေါသနှင့် ထိုက်တန်တဲ့ အကျိုးကို ပေးသလို မေတ္တာနှင့် ယှဉ်တွဲနေတဲ့ ကံတွေကလည်း မေတ္တာနှင့်ယှဉ်တဲ့ အကျိုးတွေကို ပေးတတ်ပါတယ်။ ဒါကြောင့် ဘုန်းကြီး ခု ရွတ်ပြမည့် မန်လည်ဆရာတော်ဘုရားကြီးရဲ့ အဆုံးအမကလေးကို အရကျက်ပြီး မိမိတို့ရဲ့စိတ်ကို ဆုံးမပေးသင့်တယ် –

**တန်ခိုးပေါ်ထင်၊ ကုသိုလ်ရှင်မှ၊ လူတွင်မညိုး၊ စည်းစိမ်ဖြိုး၏။ ကျင့်ရိုးအရှိ၊ လမ်းမှန်သိလော့၊ လောကီချမ်းသာ၊ နောင်ဖို့ရှာသည့်၊ ပညာရှိပေါင်း၊ သူမြတ်ကောင်းတို့၊ နှစ်ထောင်းဝမ်းသာ၊ ပြုအပ်စွာရှင့်၊ လူ့ရွာနောက်နောင်၊ ကြံတိုင်းအောင်လိမ့်၊ သားမောင်သက်နှင်း၊ ကျင့်မပျင်းနှင့်။ – ကြောင်းရင်းကြမ္မာ၊ ကံမပါလျှင်၊ ကြံရာမပြီး၊ အချည်းနှီးဖြင့်၊ ပျက်စီးတတ်စွာ၊ မချွတ်ရာတည်း။ – ကလျာဏာကလျာဏ၊ ကျင့်ကမ္မဖြင့်၊ ပုည,ပါပ၊ ကံမွဲမပြောင်၊ ကံမဆောင်လျှင်၊ ဂုဏ်ရောင်မလှ၊ မထွန်းပဘူး၊ ဒုက္ခလူ့ဘောင်၊ ဆင်းရဲခေါင်လိမ့်၊ ကျင့်ဆောင်မယုတ်၊ စောင့်ကိုယ်နှုတ်နှင့်၊ ဥပုသ်ဖြဟ္မ၊ စရိယလည်း၊ ကာလအစဉ်၊ အမြဲယှဉ်လော့။ –**[၄၂၇]

ဒီဆိုဆုံးမချက်ကလေးတွေကို ခဏခဏရွတ်ဖတ်ပြီး မိမိတို့ရဲ့ စိတ်ဓာတ်ကလေးတွေကို လှပအောင် ပြုပြင်ပြောင်းလဲပေးဖို့ လိုပါတယ်။ ဒေါသနှင့် ယှဉ်တွဲပြီး ကံတွေကို ထူထောင်ခဲ့မိတဲ့အတွက် မိမိသူတစ်ပါး နှစ်ဦးသားလုံး ပျက်စီးရတဲ့ ထုံးတစ်ခုပဲ။ နောက်ထပ်ပြောမည့် ဝတ္ထုဇာတ်လမ်းကတော့ – အရောရော အနှောနှော ကံတွေကို ထူထောင်မိခဲ့တဲ့အတွက် အရောရော အနှောနှောသော အကျိုးတရားတွေကို ခံစားရတဲ့ ဝေမာနိကပြိတ္တာမတစ်ဦးရဲ့အကြောင်း ဖြစ်ပါတယ်။

## ကဏ္ဏမုဏ္ဍပြိတ္တာအမျိုးသမီး

ဒီဝတ္ထုဇာတ်ကြောင်းကတော့ ကဿပဘုရားရှင်လက်ထက်တော်က စတင်ခဲ့တဲ့ ဝတ္ထုဇာတ်ကြောင်း ဖြစ်ပါတယ်။ အရောရောအနှောနှောဖြစ်တဲ့ ကံတွေကို ထူထောင်ခဲ့မိတဲ့အတွက် အရောရော အနှောနှော အကျိုးတရားတွေကို ရရှိတဲ့ ဝတ္ထုဇာတ်လမ်းတစ်ခု ဖြစ်ပါတယ်။

ကဿပဘုရားရှင်လက်ထက်တော်အခါက ကိမိလမြို့မှာ မထင်ရှားတဲ့ သောတာပန် ဥပါသကာ

[၄၂၇] မဃဒေဝ၊စာပိုဒ်၊၂၈၉။

တစ်ဦးဟာ မိတ်ဆွေ ဥပါသကာ (၅၀၀)တို့နှင့်အတူ တူမျှသော ကုသိုလ်ဆန္ဒ ရှိကြတဲ့အတွက် အာရာမ် ဥယျာဉ် စိုက်ပျိုးခြင်း, တံတားတည်ဆောက်ခြင်း, စင်္ကြံလမ်းများဆောက်လုပ်ခြင်း စတဲ့ ကောင်းမှု ကုသိုလ်တွေကို အတူပြုလုပ်ကြပါတယ်။ သံဃာတော်အတွက် ကျောင်းတိုက်တစ်ခုလည်း တည်-ဆောက်ပြီးတော့ လှူဒါန်းပူဇော်ကြတယ်။ ထိုကျောင်းတိုက်သို့ မိတ်ဆွေတစ်စုတို့ ကြိုးကြားကြိုးကြား သွားခဲ့ကြပါတယ်။ ထိုဥပါသကာတို့ရဲ့ အိမ်ရှင်မတွေကလည်း အချင်းချင်း အညီအညွတ် ပန်း, နံ့သာ, နံ့သာပျောင်း စသည်တို့ကို လက်စွဲကာ ရံခါရံခါ ကျောင်းတော်သို့ သွားကြပါတယ်။ သို့သော် ဒီလို ကျောင်းတော်သို့ သွားတဲ့အခါ လမ်းခုလတ်မှာရှိတဲ့ အာရာမ်ဥယျာဉ် သဘင်စတဲ့ အပန်းဖြေ ရိပ်သာတွေမှာ ခေတ္တခဏ အပန်းဖြေပြီးတော့မှ ကျောင်းတိုက်သို့ ဆက်လက် သွားကြပါတယ်။

သို့သော် ပြဿနာတစ်ခု ဖြစ်လာပုံကတော့ ဒီလိုပါ။ ဒီအမျိုးသမီးတွေဟာ သီလကို ရိုသေစွာ စောင့်ထိန်းနေကြတဲ့ အမျိုးသမီးတွေ ဖြစ်ကြပါတယ်။ သူတို့ ခေတ္တအပန်းဖြေရာဖြစ်တဲ့ အပန်းဖြေ ရိပ်သာတွေမှာ သေသောက်ကြူးတွေက ရှိနေကြပါတယ်။ ဒီအမျိုးသမီးတွေရဲ့ ဥပဓိသမ္ပတ္တိနှင့် တင့်တယ်စံပယ်ပုံကို ကြည့်ပြီးတော့ ဒီအမျိုးသမီးတွေအပေါ်မှာ တွယ်တာမက်မောလာကြတယ်။ ဒီလိုတွယ်တာမက်မောတဲ့အတွက် သူတို့အချင်းချင်း လောင်းကစားတစ်ခု ပြုလုပ်ခဲ့ကြတယ် – "ဒီ အမျိုးသမီးတွေထဲက အမျိုးသမီးတစ်ယောက်ယောက်ကို ဖျက်ဆီးနိုင်တဲ့လူကို အသပြာတစ်ထောင် ပေးမယ်"လို့ ဒီလိုလောင်းကစား ပြုလုပ်ကြတယ်။ အဲဒီသေသောက်ကြူးတွေထဲက တစ်ယောက်က သူ ရအောင်ဖျက်ဆီးမယ်လို့ ပြောဆိုပြီးတော့ စောင်းသီချင်းနှင့် စတင်ကာ အဲဒီအမျိုးသမီးတွေကို မြူဆွယ်ပါတယ်။ ကာမဂုဏ်နှင့်စပ်တဲ့ သီချင်းတွေကို ချိုမြိန်တဲ့အသံဖြင့် သီဆိုကာ ချိုမြိန်တဲ့ စောင်းသံ ဖြင့် မြူဆွယ်ပါများလာတဲ့အခါ ထိုစောင်းသမားက အမျိုးသမီးတစ်ဦးကို ဖျက်ဆီးနိုင်ခဲ့ပါတယ်။

ဒီအမျိုးသမီးတွေဟာ သီလကို စင်စင်ကြယ်ကြယ် စောင့်ထိန်းနေတဲ့ အမျိုးသမီးတွေ ဖြစ်ကြပါ တယ်။ ကျောင်းကန်ဘုရားတွေ ဆောက်လုပ်လှူဒါန်းနေတဲ့ အလောဘသမားတွေ ဖြစ်ကြပါတယ်။ သို့သော် သူတို့ရဲ့ အားပျော့နေတဲ့ အလောဘက အားကောင်းမောင်းသန်နေတဲ့ ကာမဂုဏ်၌ တွယ်တာမက်မောမှုဆိုတဲ့ လောဘတရားကို အနိုင်မယူနိုင် ဖြစ်ခဲ့ပါတယ်။ ဒါတွင်မကသေးဘူး၊ နောက်ထပ် အကုသိုလ်အပြစ်တစ်ခု ရှိနေပြန်သေးတယ်။

လောင်းကစားမှုမှာ ရှုံးသွားကြတဲ့ သေသောက်ကြူးတွေက နိုင်တဲ့သေသောက်ကြူး စောင်း-သမားကို အသပြာတစ်ထောင် ပေးလိုက်ရတဲ့အတွက် မကျေနပ်ကြဘူး။ ဒါ့ကြောင့် အဖျက်ဆီးခံရတဲ့ အမျိုးသမီးရဲ့ အိမ်ရှင်ယောက်ျားကို သွားရောက်ကာ တိုင်ကြပြန်တယ်။ ထိုအမျိုးသားက သူ့ရဲ့ အမျိုးသမီးကို စစ်ဆေးမေးမြန်းလိုက်တဲ့အခါ ဒီအမျိုးသမီးက ဘာပြောသလဲ?— "ကျွန်မဟာ – ဒီလိုလုပ်ငန်းရပ်မျိုးကို သိတောင်မသိခဲ့ပါဘူး"လို့ ပယ်ရှားလိုက်တဲ့အခါ ယောက်ျားလုပ်သူက မယုံ-ကြည်တဲ့အတွက် အနီးအနားမှာ ရပ်တည်နေတဲ့ ခွေးကို လက်ညှိုးထိုးပြပြီးတော့ ကျိန်စာဆိုပြန်တယ်။ ဘယ်လိုဆိုသလဲ? – "အကယ်၍ ကျွန်မဟာ ဒီလိုယုတ်မာတဲ့အမှုကို ပြုခဲ့မိတယ်ဆိုလျှင် ဒီနားရွက် ပြတ်နေတဲ့ ခွေးနက်ကြီးဟာ ဖြစ်လေရာဘဝမှာ ကျွန်မကို ခဲစားနိုင်ပါစေ"လို့ ဒီလို သူက ကျိန်စာဆို

လိုက်တယ်။ အဖော်ဖြစ်ကြတဲ့ အမျိုးသမီး (၅၀၀)တို့ကလည်း ဒီအမျိုးသမီးဟာ ကာမေသုမိစ္ဆာစာရဆိုတဲ့ ယုတ်မာတဲ့လုပ်ငန်းရပ်ကို လွန်ကျူးခဲ့သူ ဖြစ်တယ်ဆိုတာကို သိပါလျက် "ဒီအမျိုးသမီးဟာ ဒီလိုယုတ်မာတဲ့ အမှုကို ပြုလုပ်လွန်ကျူးသလား, မလွန်ကျူးဘူးလား"လို့ ဒီလိုမေးလိုက်တဲ့အခါ သူတို့တစ်တွေက ဘာပြန်ပြောကြသလဲ? "ကျွန်မတို့ဟာ ဒီလိုယုတ်မာတဲ့အမှုကို မသိကြပါဘူး"လို့ ဒီလိုမုသားစကား ပြောပြီးတော့ သူတို့တစ်တွေကလည်း ကျိန်စာဆိုကြပြန်တယ်။ ဘယ်လို ဆိုကြသလဲ? – "အကယ်၍ ကျွန်မတို့တစ်တွေဟာ ဒီလိုပြစ်မှုကို လွန်ကျူးတာကို သိကြတယ်ဆိုလျှင် ဘဝတိုင်း ဘဝတိုင်းမှာ ဒီအမျိုးသမီးရဲ့ ကျွန်မတွေ ဖြစ်ကြရပါစေ"လို့ ဒီလိုကျိန်စာဆိုကြတယ်။

ဒီအချက်တွေကတော့ ဒီအမျိုးသမီးတစ်စုတို့ ဆည်းပူးစုဆောင်းခဲ့ကြတဲ့ ကုသိုလ်တွေနှင့် အကုသိုလ်တွေ ဖြစ်ကြပါတယ်။ ကုသိုလ်တရားတွေမှာ အလောဘ, အဒေါသ, အမောဟဆိုတဲ့ အကောင်းစေတ်တွေက ဦးဆောင်နေကြပေမဲ့လို့ နည်းနည်းတော့ အားပျော့နေပါတယ်။ ဒီလို အား-ပျော့တဲ့အတွက် လောဘ, ဒေါသ, မောဟဆိုတဲ့ မကောင်းစေတ်တွေက အားကောင်းလာခဲ့ကြတယ်။ ကာမေသုမိစ္ဆာစာရအမှုကို မလွန်ကျူးရ မနေနိုင်ဖြစ်လာတယ်။ ဒါကတော့ လောဘရဲ့ စွမ်းအားပဲ။ ဒီအပြစ်ကိုလည်း လိမ်လည်ကာ ဖုံးလွှမ်းကြပြန်တယ်။ ဒါလည်း လောဘတစ်မျိုး ပြဓာန်းလျက် ရှိနေပါတယ်။ ဒီလိုပြစ်မှုကို လွန်ကျူးခဲ့တဲ့ အမျိုးသမီးဟာ မိမိရဲ့ ပြစ်မှုကို အမှတ်ရတိုင်း နောင်တတစ်ဖန်ပူပန်မှုဆိုတဲ့ စိတ်နှလုံးမသာယာမှု ဒေါသပြဓာန်းနေတဲ့ ဒေါမနဿဝေဒနာက နှလုံးအိမ်အတွင်းမှာ လောင်မြိုက်နေတဲ့အတွက် တဖြည်းဖြည်း အသားအရေတွေ ခြောက်သွေ့လာခဲ့တယ်။ ဒီစိတ်မချမ်း-သာမှု အကုသိုလ်တရားက လွှမ်းမိုးဖိစီးခံရတဲ့အတွက် မကြာမီအချိန်ကာလမှာပဲ ကွယ်လွန်သွားတယ်။ အားပျော့နေတဲ့ အဒေါသတရားက အားကောင်းနေတဲ့ ဒေါသတရားကို တစ်နည်းပြောရလျှင်တော့ ဒေါသပြဓာန်းနေတဲ့ ဒေါမနဿဝေဒနာကို အနိုင်ယူဖို့ရန် မစွမ်းနိုင် ဖြစ်ခဲ့ရပါတယ်။

ကွယ်လွန်ပြီးတဲ့အခါ မိမိလွန်ကျူးခဲ့တဲ့ အကုသိုလ်ကံတွေရဲ့ စွမ်းအားကြောင့် ဟိမဝန္တာတောင်အရပ်ဝယ် အိုင်ကြီး (၇)အိုင်တို့တွင် တစ်ခုအဝင်အပါဖြစ်တဲ့ ကဏ္ဏမုဏ္ဍအိုင်အနီးအရပ်မှာ ဝေမာနိကပြိတ္တာမ ဖြစ်သွားခဲ့ရပါတယ်။ သူ့ရဲ့ ဗိမာန်အနီးအနားမှာလည်း သူ့ရဲ့ အကုသိုလ်ကံနှင့် လျော်ညီစွာ ရေကန်တစ်ခု ဖြစ်ပေါ်ခဲ့ပါတယ်။ ကြွင်းကျန်ကြတဲ့ အမျိုးသမီး (၅၀၀)တို့ဟာလည်း ကွယ်လွန်သွားကြတဲ့အခါ မုသားပြောဆိုကြကာ ကျိန်စာဆိုခဲ့ကြတဲ့အတွက် ထိုပြိတ္တာအမျိုးသမီးရဲ့ ကျွန်မတွေပဲ ဖြစ်လာကြရတယ်။ သို့သော် ဒီပြိတ္တာမဟာ တစ်ချိန်က လူ့ဘဝမှာ တစ်ဖက်က ကောင်းမှုကုသိုလ်တွေကိုလည်း ပြုစုပျိုးထောင်ခဲ့တဲ့အတွက် နေ့အခါမှာ နတ်စည်းစိမ်တမျှကြီးမားတဲ့ ချမ်းသာသုခတွေကို ခံစားရပါတယ်။ သို့သော် ညဉ့်တစ်ဝက်လောက် ရောက်လာတဲ့အခါမှာ မိမိ လွန်ကျူးခဲ့တဲ့ အကုသိုလ်-ကံရဲ့ စွမ်းအားက လှုံ့ဆော်တိုက်တွန်းလိုက်တဲ့အတွက် အိပ်ရာမှ ထပြီးတော့ ရေကန်အနီး ကမ်းပါးသို့ သွားခဲ့တယ်။ အဲဒီရေကန်အနားမှာ သူ့ရဲ့ အကုသိုလ်ကံကြောင့်ပဲ ဆင်ပေါက်လောက်ရှိတဲ့ ခွေးနက်ကြီး တစ်ကောင်ဟာ ဖြစ်ပေါ်လာခဲ့တယ်။ အဲဒီခွေးနက်ကြီးက နားရွက်ကလည်း ပြတ်နေတယ်။ ကြောက်မက်ဖွယ်ကောင်းလှတဲ့ အသံနှင့် ဟောင်ပြီးတော့ ဒီအမျိုးသမီးထံကို ပြေးလာတယ်။ ထက်မြက်တဲ့ အစွယ် ထက်မြက်တဲ့ ခြေသည်း လက်သည်း ကြီးမားတဲ့လျှာတွေကို ထုတ်ပြီးတော့ ဒီအမျိုးသမီးကို

အတင်းဝင်ကိုက်တော့တယ်။ မြေပေါ်မှာ လဲကျစေတယ်။ အလွန်ဆာလောင်မွတ်သိပ်ခြင်းဖြင့် အနှိပ်စက်ခံနေရသလို ဒီအမျိုးသမီးကို အရိုးမျှသာ ကြွင်းကျန်တဲ့အထိ ခဲစားလေတော့တယ်။ စားပြီးတာနှင့် အရိုးတွေကို ရေကန်ထဲကို ပစ်ချလိုက်တယ်။ အဲဒီလို ပစ်ချပြီးတာနှင့် ဒီခွေးကြီးဟာ ပျောက်ကွယ်သွားခဲ့တယ်။ ဒီခွေးဟာ တကယ့်ခွေးအစစ် မဟုတ်ပါဘူး၊ ဒီအမျိုးသမီးရဲ့ လွန်ကျူးခဲ့တဲ့ အကုသိုလ်ကံကြောင့် ဖြစ်ပေါ်လာတဲ့ အကုသိုလ်ကံက ဖန်တီးပေးလိုက်တဲ့ ခွေးသာ ဖြစ်ပါတယ်။ ဒီလိုခွေးကြီးက အရိုးတွေကို ရေကန်ထဲ ပစ်ချပြီးတော့ ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ဒီအမျိုးသမီးဟာ ပင်ကိုပကတိ ဝေမာနိကပြိတ္တာမအသွင်သို့ ပြန်လည်ရောက်ရှိသွားပါတယ်။ ဒါလည်း မိမိလွန်ကျူးခဲ့တဲ့ အကုသိုလ်အရှိန်အဝါတွေက မကုန်သေးတဲ့အတွက် နောက်ထပ် ဝဋ်ကြွေးတွေ ခံရဖို့ရန် မိမိ လွန်ကျူးခဲ့တဲ့ အကုသိုလ်ကံက ထပ်မံကာ ဖန်တီးပေးလိုက်ခြင်း ဖြစ်ပါတယ်။ ဒီပြိတ္တာမကတော့ "နေ့စံ၊ ညခံ"ဆိုတဲ့ ဝေမာနိကပြိတ္တာမျိုး ဖြစ်ပါတယ်။ ပကတိပြိတ္တာမအသွင်ကို ရရှိပြီးတဲ့အခါ အိပ်ရာထဲသို့ သွားရောက်ကာ တစ်ဖန် အိပ်စက်ပြန်တယ်။ ဒီလို သုခ ဒုက္ခတွေကို ဘယ်လောက်ကြာကြာ ခံနေရသလဲ? နှစ် ရာပေါင်းများစွာ ခံနေရပါတယ်။ အဖော်ဖြစ်ကြတဲ့ အမျိုးသမီး (၇၀၀)တို့ကတော့ သူ့ရဲ့ ကျွန်မတွေဖြစ်ကာ ဆင်းရဲဒုက္ခကို ခံစားနေကြရပါတယ်။[၄၂၈]

## မစင်တွင်းမှာ နစ်မြုပ်နေရသူ

ဒီနေရာမှာ ဒီလို သူ့သားမယားကို ဖျက်ဆီးနေတဲ့ ယောကျ်ားယုတ်တွေကကော အပြစ်မရှိတော့ဘူးလားလို့တော့ မေးစရာရှိပါတယ်။ အပြစ်ရှိပါတယ်။ ဒီမကောင်းမှု အကုသိုလ်ကံတွေဟာလည်း သေသည်၏ အခြားမဲ့၌ ငရဲသို့ရောက်အောင် ပို့ဆောင်ပေးနိုင်ပါတယ်။ ပြိတ္တာဘုံဘဝသို့ ရောက်-အောင် တိရစ္ဆာန်ဘုံဘဝသို့ ရောက်အောင်လည်း ပို့ဆောင်ပေးနိုင်ပါတယ်။ ဟို — အင်္ဂုတ္တိုရ်ပါဠိတော် အဋ္ဌကနိပါတ် ဒုစ္စရိတဝိပါကသုတ္တန်[၄၂၉]မှာ ဘုရားရှင်က ဟောကြားထားတော်မူခဲ့ပါတယ်။ ဒီနေရာမှာတော့ ကဏ္ဏမုဏ္ဍပြိတ္တာအမျိုးသမီးကဲ့သို့ ပြိတ္တာဘုံဘဝရောက်ရှိသွားတဲ့ ပြိတ္တာတစ်ဦးကို စတုတ္ထပါရာဇိကသိက္ခာပုဒ်[၄၃၀]မှာ ဖော်ပြထားပါတယ်။

အဲဒီ ပြိတ္တာဟာ လူ့ဘဝတုန်းက သူ့သားမယားတွေကို ဖျက်ဆီးခဲ့ဖူးတဲ့ မစင်ဘင်ပုပ်နဲ့တူတဲ့ သူ့သားမယားတွေရဲ့ အတွေ့ဖောဋ္ဌဗ္ဗာရုံ ချမ်းသာသုခကို မက်မောတဲ့စိတ်ဓာတ်ဖြင့် ကာမဂုဏ်ချမ်း-သာကို မွေ့လျော်ပျော်ပိုက်ခဲ့တဲ့သူ ဖြစ်ပါတယ်။ ဒီမကောင်းမှု အကုသိုလ်ကံနှင့် တူညီစွာ မစင်ဘင်ပုပ်အတွေ့အထိလို့ဆိုတဲ့ ဆင်းရဲဒုက္ခကို ခံစားဖို့ရန်အတွက် မစင်တွင်းထဲမှာ နစ်မြုပ်နေရတဲ့ ပြိတ္တာတစ်ဦးဖြစ်နေခဲ့ပါတယ်။[၄၃၁]

သူ့ရဲ့ အလောဘက အားကောင်းမောင်းသန်နေတဲ့ ကာမဂုဏ်၌ မတရားသော နည်းလမ်းဖြင့် မွေ့လျော်ပျော်ပိုက်ခြင်းဆိုတဲ့ လောဘတရားကို အနိုင်ယူဖို့ရန် မစွမ်းနိုင်ခဲ့တဲ့အတွက် ဒီလိုလောဘဦးဆောင်နေတဲ့ အကုသိုလ်တရားရဲ့ စွမ်းအားကို ခံစားနေရခြင်းပဲ ဖြစ်ပါတယ်။

---

[၄၂၈] ပေတဝတ္ထု၊၁၆၃။ ပေတဝတ္ထု၊၅၊၁၄၀။ [၄၂၉] အံ၊၃၊၇၇။ [၄၃၀] ဝိ၊၁၊၁၄၄။ [၄၃၁] ဝိ၊၁၊၁၄၄။ ဝိ၊၅၊၂၉၉။

## ကောက်ကျစ်စဉ်းလဲတဲ့ ကျေးရွာတရားသူကြီး

ဒီတရားသူကြီးအကြောင်းကလည်း စတုတ္ထပါရာဇိကသိက္ခာပုဒ်မှာပဲ လာရှိပါတယ်။ သူက တရားဆုံးဖြတ်တဲ့နေရာမှာ အကြီးအကဲ အမတ်တစ်ဦး ဖြစ်ခဲ့ပါတယ်။ ဒီတရားသူကြီးဟာ ဆိတ်ကွယ်ရာမှာ တံစိုးလက်ဆောင်တွေကို တစ်နည်းပြောရလျှင်တော့ လာဘ်ပေးလာဘ်ယူလုပ်ငန်းတွေကို လျှို့ဝှက်ပြုလုပ်ပြီးတော့ ကောက်ကျစ်စဉ်းလဲတဲ့ တရားစီရင်ဆုံးဖြတ်တဲ့ လုပ်ငန်းရပ်ကို ပြုလုပ်ခဲ့ပါတယ်။ ဒီလုပ်ငန်းရပ်မျိုးကတော့ အဒိန္နာဒါနအကုသိုလ်ကံတစ်မျိုး ဖြစ်ပါတယ်။ ခိုးခြင်း (၂၅)ပါးထဲမှာ ပသယှာဝဟာရလို့ခေါ်ဆိုတဲ့ တစ်ဖက်သားအပေါ်မှာ နိုင်ထက်ကလူ ပြုမူဆက်ဆံကာ မတရားသော နည်းလမ်းဖြင့် သူတစ်ပါးတို့ရဲ့ ပစ္စည်းကို ရယူခဲ့ခြင်း ဖြစ်ပါတယ်။ ဒီလိုလျှို့ဝှက်တဲ့ လုပ်ငန်းရပ်တွေကို ပြုကျင့်ခဲ့တဲ့အတွက် ဒီအကုသိုလ်ကံက အကျိုးပေးတဲ့ဘဝမှာ ယောက်ျားတွေရဲ့ လျှို့ဝှက်အပ်တဲ့ ပစ္စည်းတစ်ခုဖြစ်တဲ့ – "ဝှေးစေ့"ကို ဖော်ပြတဲ့အနေဖြင့် အိုးစရည်းကြီးပမာဏလောက် ကြီးနေတဲ့ သူ့ရဲ့ ဝှေးစေ့ကို သူ့ပခုံးပေါ်မှာ ထမ်းပြီးတော့ လမ်းသွားနေရတယ်။ ထိုင်ရင်လည်း အဲဒီဝှေးစေ့ကြီးကို ပခုံးပေါ်မှ အောက်သို့ချပြီးတော့ ဝှေးစေ့ပေါ်မှာပဲ ထိုင်နေရတယ်။ သူတစ်ပါးတို့ သည်းမခံနိုင်လောက်တဲ့ ဒဏ်တပ်ခြင်း ဒဏ်ထားခြင်းဆိုတဲ့ လုပ်ငန်းရပ်တွေကို အနိုင်အထက်ပြုကျင့်ပြီးတော့ သူတစ်ပါးတို့ မထမ်းဆောင်နိုင်တဲ့ အလွန်ကြီးလေးတဲ့ ဝန်ထုပ်ဝန်ပိုးတွေကို ထမ်းရွက်စေခဲ့တဲ့အတွက် ထိုကံနှင့် လျော်ညီစွာ မနိုင်မနင်းနဲ့ မိမိရဲ့ ဝှေးစေ့ကို ထမ်းပြီးတော့ သွားလာနေရတယ်။ ဒါတွင်လား ဆိုတော့ မကသေးဘူး။ အဲဒီလို ထမ်းသွားတဲ့အခါမှာ ကျီးတွေ, စွန်ရဲတွေ, လင်းယုန်တွေ, လင်းတတွေ, ငှက်တွေက အဲဒီဝှေးစေ့ကြီးကို လိုက်လိုက်ပြီးတော့ ထိုးဆိတ်ကြတယ် ထိုးဆွကြတယ်။ ဒီလို ထိုးဆိတ်တဲ့ဒဏ် ထိုးဆွတဲ့ဒဏ်တွေကို ခံနေရတဲ့အတွက် နာကျင်တဲ့ အသံတွေကို အမြဲတမ်း အော်မြည်နေရတယ်။ တရားဆုံးဖြတ်ချက်ချစဉ်က ဥပဒေနဲ့ လျော်ညီစွာ အညီအမျှ ဆုံးဖြတ်ချက် ချပေးသင့်ပါလျက် မညီမမျှ ဆုံးဖြတ်ချက် ချမိတဲ့အတွက် မိမိရဲ့ မညီညွတ်တဲ့ ထိုင်ခုံဖြစ်တဲ့ ဝှေးစေ့ပေါ်မှာပဲ ထိုင်ခဲ့ရတယ်။[၄၃၂]

ဒီပုဂ္ဂိုလ်ကတော့ လောဘကို အတောမသတ်နိုင်ခဲ့တဲ့ ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်။ သူ့ရဲ့ အလောဘက အားကောင်းမောင်းသန်နေတဲ့ လောဘကို အနိုင်ယူဖို့ရန် မစွမ်းနိုင် ဖြစ်နေတယ်။ ဒါတွင်လား ဆိုတော့ မကသေးဘူး။ တစ်ဖက်သားတွေအပေါ်မှာ ထားရှိတဲ့ အဒေါသ = မေတ္တာတရားက အလွန်ခေါင်းပါးခဲ့ပါတယ်။ ဒါ့ကြောင့် မတရားသော တရားစီရင်မှုဖြင့် သူတစ်ပါးတွေကို ဆင်းရဲဒုက္ခရောက်အောင် မနိုင်တဲ့တာဝန်တွေကို ထမ်းဆောင်ဖို့ရန် ဒဏ်အမျိုးမျိုးတွေကို ပေးခဲ့ပါတယ်။ သူ့ရဲ့ အားပျော့နေတဲ့ အဒေါသ = မေတ္တာတရားက အားကောင်းမောင်းသန်နေတဲ့ ဒေါသတရားကို အနိုင်ယူဖို့ရန်လည်း မစွမ်းနိုင် ဖြစ်ခဲ့ရပြန်တယ်။ မိဘဆရာသမားတို့ရဲ့ ဆိုဆုံးမမှုကြောင့် ကံ-ကံရဲ့အကျိုးတရားကို တတ်သိနားလည်မှု ရှိကောင်းရှိနိုင်သော်လည်း ဒီအကုသိုလ်ကြောင့် ရရှိမည့်အပြစ်ကို ထည့်သွင်းပြီးတော့ မစဉ်းစားနိုင်ခဲ့တဲ့အတွက် မောဟတရားရဲ့ လွှမ်းမိုးမှုကိုလည်း ခံယူခဲ့ရသူ ဖြစ်ပါတယ်။ ဒါ့ကြောင့် အလောဘ, အဒေါသ, အမောဟတွေက အားပျော့နေတဲ့အတွက် အားကောင်းနေတဲ့

---

[၄၃၂] ဝိ၊၁၊၁၄၄။ ဝိ၊ဋ္ဌ၊၂၉၉။

လောဘ, ဒေါသ, မောဟတွေကို အနိုင်ယူဖို့ရန် မစွမ်းနိုင် ဖြစ်ခဲ့ရတယ်။ ဒါ့ကြောင့် ယခုလို ဆင်းရဲဒုက္ခ ရောက်ရှိနေရခြင်း ဖြစ်ပါတယ်။ ဒီလိုအကျိုးတရားမျိုးကို အလိုမရှိပါက မိမိတို့လည်း ဒီလိုအကြောင်း တရားမျိုးတွေကို ရှောင်ရှားသင့်လှပေတယ်။

## ကုဏ္ဍလကေသီရဟန္တာထေရီမ၏ သံဝေဂရဖွယ်ဇာတ်လမ်း

ကုဏ္ဍလကေသီရဟန္တာထေရီမ အလောင်းအလျာကား ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော် အတွင်းမှာ အမျိုးသားဘဝဖြင့် ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းလို့ ခေါ်ဆိုအပ်တဲ့ အဓိကာရ ကောင်းမှုကုသိုလ်တွေကို သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်စေရမည်ဟူသော မွန်မြတ်သော ဦးတည် ချက်ဖြင့် ဖြည့်ကျင့်ဆည်းပူးခဲ့ပြီးသူ သူတော်ကောင်းတစ်ဦး ဖြစ်ပါတယ်။ အထူးသဖြင့် အရဟတ္တဖိုလ် သို့ ဆိုက်ရောက်သောအခါ ပဋိသမ္ဘိဒါဉာဏ်တော်မြတ် (၄)ပါးတို့ကိုပါ ရရှိတော်မူမည့် သူတော်-ကောင်းတစ်ဦး ဖြစ်ပါတယ်။ ပဋိသမ္ဘိဒါဉာဏ်တော်မြတ်ကို ရရှိမည့် သူတော်ကောင်းတို့ ဖြည့်ကျင့်ရ မည့် အင်္ဂါ (၅)ရပ်တို့ကိုလည်း ဖြည့်ကျင့်ဆည်းပူးခဲ့သူတစ်ဦး ဖြစ်ပါတယ်။ အဲဒီ အင်္ဂါ (၅)ရပ်ထဲမှာ ပါဝင်တဲ့ — သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင်သော ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကို ပွားများ အားထုတ်ခြင်းဆိုတဲ့ ပုဗ္ဗယောဂအင်္ဂါရပ်နှင့်လည်း ပြည့်စုံအောင် ကြိုးစားအားထုတ်ထားခဲ့သူ ဖြစ်ပါ တယ်။

သို့သော် လွန်ခဲ့သော (၇)ဘဝက မသူတော်တွေနှင့် ပေါင်းဖော်ယှဉ်တွဲမှီဝဲခဲ့သဖြင့် သူ့သား-မယားများကို ဖျက်ဆီးခြင်းဆိုတဲ့ ပရဒါရကံကို လွန်ကျူးခဲ့ပါတယ်။ ဒီအကုသိုလ်ကံကြောင့် သေသည် ၏အခြားမဲ့မှာ ငရဲသို့ ရောက်ရှိသွားခဲ့ပါတယ်။ နှစ် ထောင်ပေါင်းများစွာ ငရဲမှာ ငရဲဒုက္ခ အဝဝကို ခံစားခဲ့ရပါတယ်။ ငရဲမှ ကျွတ်လာလွတ်လာပြန်တော့လည်း (၃)ဘဝတိုင်တိုင် တိရစ္ဆာန်ဘဝမှာ ကျင်လည်ကျက်စားခဲ့ရပြန်တယ်။ အဲဒီတိရစ္ဆာန် (၃)ဘဝထဲမှာ မျောက်ဘဝလည်း တစ်ခု ပါဝင်ခဲ့ပါ တယ်။ အဲဒီမျောက်ဘဝမှာ အခြားအင်အားကြီးမားတဲ့ မျောက်ထီးကြီးက သူ့ရဲ့ ဝှေးစေ့ကို ကိုက်ဖြတ် ကာ ထုတ်ပစ်ခံရခဲ့ဖူးပါတယ်။ ဒါဟာလည်း ပရဒါရကံရဲ့ အကျိုးဆက်တွေပဲ ဖြစ်ပါတယ်။ အဲဒီ တိရစ္ဆာန်ဘဝမှ ကွယ်လွန်ခဲ့တဲ့အခါ ကျွန်မတစ်ယောက်ရဲ့ ဝမ်းကြာတိုက်မှာ ယောကျ်ားလည်း မဟုတ် မိန်းမလည်း မဟုတ်တဲ့ နပုန်းပဏ္ဍုက်အဖြစ်နှင့် လူဖြစ်လာရပြန်တယ်။ အဲဒီဘဝမှ စုတေကွယ်လွန်တဲ့ အခါမှာ ဆင်းရဲသား လှည်းသမားတစ်ယောက်ရဲ့သမီး ဖြစ်ရပြန်တယ်။ ဒီအမျိုးသမီး အရွယ်ရောက် တဲ့အခါမှာ လှည်းကုန်သည်တစ်ယောက်ရဲ့ သားက မိမိရဲ့ မယားအဖြစ်နှင့် သူ့အိမ်ကို ခေါ်ဆောင် သွားပြန်တယ်။ သို့သော် ဒီယောကျ်ားမှာ မယားကြီးတစ်ယောက်လည်း ရှိပြီး ဖြစ်ပါတယ်။ ဒီမယားကြီး ဖြစ်သူဟာ သီလရှိတဲ့ ကောင်းသော တရားဓမ္မနှင့် ပြည့်စုံနေတဲ့ အမျိုးကောင်းသမီးတစ်ဦး ဖြစ်ပါ-တယ်။ သို့သော် ဒုတိယမယားဖြစ်တဲ့ ကုဏ္ဍလကေသီအလောင်းဖြစ်တဲ့ အမျိုးသမီးက မယားကြီးအပေါ်မှာ ငြူစူစောင်းမြောင်းတဲ့ ဣဿာတရားရှိခဲ့တဲ့အတွက် အိမ်ရှင်ယောကျ်ားနှင့် မယားကြီးတို့ နှစ်ဦး အကြားမှာ အဆင်မပြေမှုတွေဖြစ်အောင် ပြုလုပ်ခဲ့ပြန်တယ်။ ဒုတိယအကြိမ် ထပ်မံလွန်ကျူးလိုက်တဲ့ မှားကွက်တစ်ခု ဖြစ်ပြန်တယ်။ အဲဒီဘဝမှ စုတေကွယ်လွန်တဲ့အခါကျတော့ ဉာဏ်ဂေါတမဘုရားရှင် ပွင့်ထွန်းပေါ်ပေါက်တော်မူရာ အချိန်ကာလမှာ ဥဇ္ဇေနီပြည်မှာ အမျိုးအနွယ်ရဲ့ ကောင်းခြင်း, သီလ

အကျင့်တွေရဲ့ ကောင်းခြင်းစတဲ့ ကောင်းခြင်းဂုဏ်မျိုးစုံနှင့် ပြည့်စုံနေတဲ့ ချမ်းသာကြွယ်ဝတဲ့ သူဌေး တစ်ဦးရဲ့ သမီးရတနာတစ်ဦး ဖြစ်ခဲ့ရပါတယ်။ သူ့ကို ဣသိဒါသီလို့ အမည်ပေးထားခဲ့တယ်။

အရွယ်ရောက်လာတဲ့ အချိန်အခါမှာ မိဘတွေက အမျိုးအနွယ်အားဖြင့်လည်းကောင်း, အရွယ် အားဖြင့်လည်းကောင်း, ရုပ်အဆင်းအားဖြင့်လည်းကောင်း, စည်းစိမ်ဥစ္စာအားဖြင့်လည်းကောင်း တူညီ နေတဲ့ သူဌေးသားတစ်ယောက်နှင့် လက်ထပ်ပေးလိုက်ကြပါတယ်။ ဒီအမျိုးသမီးကလည်း အိမ်ရှင် ယောက်ျားကို နတ်သားတစ်ဦးကဲ့သို့ ရိုသေစွာဖြင့် ပြုစုလုပ်ကျွေးပါတယ်။ ယောက္ခမတွေကိုလည်း ရိုသေစွာဖြင့် နေ့စဉ် နေ့စဉ် ညဥ့်အခါမှာရော နံနက်အခါမှာရော ရှိခိုးဝပ်ချကာ ရိုသေစွာ ပြုစုလုပ် ကျွေးပါတယ်။ အိမ်ရှင်ယောက်ျား မနှစ်ခြိုက်တဲ့ လုပ်ငန်း, ယောက္ခမများ မနှစ်ခြိုက်တဲ့ လုပ်ငန်းရပ် တွေကို အမြဲတမ်း ရှောင်ရှားကာ သူတို့ နှစ်ခြိုက်တဲ့ အပြုအမူ အပြောအဆိုကို အမြဲတမ်း လိုက်နာ ပြုကျင့်ခဲ့တယ်။ သို့သော် ထိုအိမ်မှာ တစ်လမျှသာ နေထိုင်ခဲ့ရတယ်။ တစ်လကျော်တဲ့အခါ သူပြုစုပျိုး-ထောင်ခဲ့တဲ့ သူတစ်ပါး သားမယားကို ဖျက်ဆီးခဲ့တဲ့ အကုသိုလ်ကံကြွင်းနှင့် လင်တူမယားအပေါ်၌ မနာလိုဝန်တိုသည့် ဣဿာတရား ထူပြောခဲ့ခြင်းဆိုတဲ့ အကုသိုလ်ကံတွေက အားကောင်းလာတဲ့ အတွက် သူ့အပေါ်မှာ အိမ်ရှင်ယောက်ျားက တွယ်တာခြင်းကင်းမဲ့တဲ့ စိတ်ထားတွေ ဖြစ်ပေါ်လာခဲ့ တယ်။ မုန်းတီးတဲ့ စိတ်ထားတွေ ဖြစ်ပေါ်လာခဲ့တယ်။ ဒါ့ကြောင့် သူ့ကို အိမ်မှ နှင်ထုတ်လိုက်ပါတယ်။

မိဘတွေက ဣသိဒါသီကို ဒုတိယအကြိမ် အခြားကြွယ်ဝချမ်းသာသူ သူဌေးသားတစ်ဦးနှင့် လက်ဆက် ပေးကြပြန်တယ်။ ဒုတိယအိမ်ရှင်ယောက်ျားကိုလည်း ဣသိဒါသီက မိမိကိုယ်ကို ကျွန်မ တစ်ယောက်လို သဘောထားကာ ရိုရိုသေသေနှင့် ဝတ္တရားကျေပွန်စွာ ပြုစုလုပ်ကျွေးခဲ့ပါတယ်။ ဒါပေမဲ့ ဒီဒုတိယအိမ်ရှင်ယောက်ျားကလည်း သူ့ကို မုန်းတီးရွံရှာတဲ့ စိတ်ထားတွေ ဖြစ်ပေါ်လာတဲ့ အတွက် အိမ်ကနေ နှင်ထုတ်လိုက်ပြန်တယ်။ မိဘတွေက ဣသိဒါသီကို တတိယအကြိမ် သူတောင်း-စားတစ်ယောက်နှင့် လက်ဆက်ပေးလိုက်ပြန်တယ်။ ဒီသူတောင်းစားကလည်း လဝက်လောက်အကြာ မှာ သူနှင့်အတူ နေလိုတဲ့စိတ်ထား လုံးဝမရှိတဲ့အတွက် အိမ်ကနေ ထွက်ပြေးသွားခဲ့ပြန်တယ်။ သူတစ်ပါးတို့ မုန်းတီးရွံရှာတဲ့ ကံတွေကို ပြုစုပျိုးထောင်ခဲ့မိတဲ့အတွက် ဒီကံတွေက အကျိုးပေးတဲ့ ဘဝမှာ အိမ်ရှင်ယောက်ျား (၃)ဦးလုံးက မိမိအပေါ်မှာ ရွံရှာစက်ဆုပ်ကြခြင်း ဖြစ်ကြတယ်။

အိမ်ရှင်ယောက်ျားတွေရဲ့ မိမိအပေါ်မှာ နှစ်သက်မြတ်နိုးမှု မရှိကြတော့တဲ့အတွက် သံဝေဂ ဖြစ်ကာ ဖခင်ထံမှ ခွင့်ပြုချက်ကို ရယူပြီးတော့ ဇိနဒတ္တာထေရီမရဲ့ ထံတော်မှောက်၌ ဘိက္ခုနီ ရဟန်းမ အဖြစ် ခံယူကာ ဝိပဿနာဘာဝနာကမ္မဋ္ဌာန်းတွေကို အပြင်းအထန် ကျင့်ကြံကြိုးကုတ် ပွားများ အားထုတ်တော်မူလေရာ မကြာမီ အချိန်ကာလအတွင်းမှာပဲ ပဋိသမ္ဘိဒါဉာဏ်တော်မြတ် (၄)ပါးတို့နှင့် အတူတကွ အရဟတ္တဖိုလ်ပန်းကို ဆင်မြန်းတော်မူနိုင်ခဲ့ပါတယ်။ အတိတ်ဘဝထိုထိုက ရှေးရှေး ဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ ပြုစုပျိုးထောင်ခဲ့တဲ့ ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ ကောင်းဆိုတဲ့ ပါရမီမျိုးစေ့ကောင်းတွေက အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြု ပေးလိုက်တဲ့အတွက် အရဟတ္တဖိုလ်သို့ လျင်မြန်စွာ ဆိုက်ရောက်တော်မူခဲ့ခြင်းပဲ ဖြစ်ပါတယ်။[၅၃၃]

---

[၅၃၃] ထေရီဂါထာ၊ ၄၂၄-၄၂၈။ စာပိုဒ်၊ ၄၀၂-၄၄၉။ ထေရီဂါထာ၊ဋ္ဌ၊၂၆၆-၂၇၆။

သူတစ်ပါးရဲ့ သားမယားတွေအပေါ်၌ တွယ်တာမက်မောခဲ့တဲ့ လောဘတရားက အားကောင်းခဲ့တဲ့အတွက် ဆင်းရဲဒုက္ခ အဝဝတွေကို ခံစားခဲ့ရခြင်း ဖြစ်တယ်။ သို့သော် ယင်းလောဘ, ဒေါသ, မောဟတွေကြောင့် မကောင်းတဲ့ အကျိုးတရားတွေကို ရရှိပုံကို သဘောပေါက်နားလည်လာတဲ့အခါ ယင်းလောဘ, ဒေါသ, မောဟတို့ကို အမြစ်ပြတ် ဖြေရှင်းနိုင်ရေးအတွက် အလောဘ, အဒေါသ, အမောဟဆိုတဲ့ အကောင်းဓာတ်တွေ ဦးဆောင်နေကြတဲ့— သီလကျင့်စဉ် သမာဓိကျင့်စဉ် ပညာကျင့်စဉ်လို့ ခေါ်ဆိုအပ်တဲ့ ဖြူစင်တဲ့ ကိုယ်ကျင့်သီလအပေါ်မှာ ရပ်တည်ပြီးတော့ သမထ-ဝိပဿနာဘာဝနာတွေကို အပြင်းအထန် ကြိုးစားအားထုတ်လိုက်တဲ့အခါ အဆင့်ဆင့်သော အရိယမဂ်ဉာဏ်တွေနှင့် ယှဉ်တွဲနေကြတဲ့ အလောဘ, အဒေါသ, အမောဟဆိုတဲ့ အားကောင်းမောင်းသန်နေတဲ့ အကောင်းဓာတ်တွေက အားပျော့နေတဲ့ လောဘ, ဒေါသ, မောဟဆိုတဲ့ မကောင်းဓာတ်တွေကို အနိုင်ယူသွားနိုင်တဲ့အဆင့်သို့ ရောက်ရှိသွားခဲ့ပါတယ်။

ဒီနေ့ ကံကို ထူထောင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီအချက်တွေကို သတိပြုဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ်။ မိမိတို့က ခုအချိန်အခါမှာ ပန်းချီကားချပ်တစ်ခု ရေးဆွဲနေတာ ဖြစ်ပါတယ်။ အဲဒီပန်းချီကားချပ်ကလေးတွေထဲမှာ အင်မတန် နာကြည်းဖွယ်ကောင်းတဲ့ ပန်းချီကားချပ်တစ်ခုကတော့ အရှင်ဒေဝဒတ်အလောင်းပဲ . . . ။

## အရှင်ဒေဝဒတ်အလောင်းရဲ့ ပန်းချီကားချပ်များ

ပြန်ပြီးဆန်းစစ်ကြည့်လိုက်လို့ရှိရင် အရှင်ဒေဝဒတ်က ပစ္စေကဗောဓိဉာဏ်ကို ရရှိဖို့ရန်အတွက် နောက်ထပ် ကမ္ဘာတစ်သိန်းပဲ ပါရမီဖြည့်ရမည့် သူတော်ကောင်းတစ်ဦး ဖြစ်ပါတယ်၊ ကမ္ဘာပေါင်း နှစ်အသင်္ချေတိုင်တိုင် [တစ်အသင်္ချေ တစ်အသင်္ချေမှာ သင်္ချာကျမ်းဆရာတို့ရဲ့ အယူအဆအရ ပြောရင်တော့ တစ်နောက်မှာ သုညအလုံးပေါင်း (၁၄၀) ရှိတယ်၊ ကမ္ဘာပေါင်း အဲဒီလို နှစ်ပြန်ပေါ့၊ အဲဒီလောက်အထိ] ပစ္စေကဗောဓိဉာဏ်ကို ရရှိရေးအတွက် ပါရမီဖြည့်ခဲ့တဲ့ သူတော်ကောင်းကြီးတစ်ဦး ဖြစ်ပါတယ်၊ အားလုံး ကြားဖူးတဲ့အတိုင်းပဲ လွန်ခဲ့တဲ့ ငါးကမ္ဘာအထက်က ရွှေကုန်သည်ဘဝမှာ ရွှေခွက်တစ်ခုကို အကြောင်းပြုပြီးတော့ ဘုရားအလောင်းအပေါ်မှာ ရန်ငြိုးဖွဲ့ခဲ့မိတယ်၊ မကျေနပ်ချက်တွေ စတင် ထူထောင်ခဲ့တယ်။

အဲဒီ တစ်ဦးအပေါ် တစ်ဦး မကျေနပ်တဲ့ ဒေါသတရား လွှမ်းမိုးပြီးတော့ ကံတွေကို ထူထောင်လိုက်တော့ ဘာဖြစ်သလဲ? ဘုန်းကြီးတို့ ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော်တွေ လှမ်းကြည့်လိုက်ရင် အရှင်ဒေဝဒတ်နှင့် ဘုရားအလောင်းတို့ တွေ့တိုင်းတွေ့တိုင်း အရှင်ဒေဝဒတ်အနေနှင့် ဘုရားအလောင်းတော်အပေါ်မှာ ကျေနပ်မှုရှိခဲ့သလား? မရှိခဲ့ဘူး။ ဘုရားအလောင်းတော်ဘက်ကတော့ ကျေနပ်ပါတယ်။ အရှင်ဒေဝဒတ်အလောင်းဘက်ကသာ မကျေနပ်တာပါ။

## နန္ဒိယမျောက်မင်း

ဟော - ဘဝတစ်ခုမှာ မကျေနပ်ချက်တွေကို ထူထောင်ခဲ့လိုက်တော့ ဒေါသတရားကို လက်ကိုင်ထားပြီး ကံတွေကို ထူထောင်ခဲ့တဲ့အတွက် နောက်ဘဝကျတော့လည်း တစ်ဦးနှင့် တစ်ဦး ဆုံပြန်ရင် အရှင်ဒေဝဒတ်ဘက်က အမြဲတမ်း မကျေနပ်တဲ့ပုဂ္ဂိုလ်ပဲ ဖြစ်နေခဲ့တယ်၊ နန္ဒိယဇာတ်ကိုပဲ ကြည့်ပေါ့။ အရှင်ဒေဝဒတ်အလောင်း ပုဏ္ဏားကြီးက တောထဲမှာ မျက်စိလည်ပြီး ချောက်ထဲကျနေတယ်။ ဘုရား-အလောင်း နန္ဒိယမျောက်ကနေ ဘာလုပ်သလဲ? ချောက်ထဲကနေ ထုတ်ဆောင်ကယ်တင်ပေးခဲ့တယ်၊ လူတို့ဌာနသွားတဲ့လမ်းကို လိုက်ပြီးတော့လည်း ပြသပေးသေးတယ်။ လမ်းခုလတ်တစ်နေရာမှာ – မောပန်းတော့ အရှင်ဒေဝဒတ်အလောင်းဖြစ်တဲ့ ပုဏ္ဏားရဲ့ ပေါင်ပေါ်မှာ ခေတ္တခဏ အပန်းဖြေပြီး အိပ်စက်လိုက်တယ်။ ထိုအချိန်အခါမှာ အရှင်ဒေဝဒတ်အလောင်းဖြစ်တဲ့ ပုဏ္ဏားက ဘာလုပ်သလဲ? နန္ဒိယမျောက်ရဲ့ ခေါင်းကို ကျောက်ခဲနှင့် ထုတယ်၊ မိမိကို ကယ်တင်ခဲ့တဲ့ ကျေးဇူးရှင်တစ်ဦးကို ကျေးဇူးတင်ဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ်။ ပြစ်မှားလိုတဲ့ စိတ်ဓာတ်တွေသာ တဖွားဖွား ပေါ်လာတယ်၊ ဘာဖြစ်လို့လဲ? အတိတ်က ဘုရားအလောင်းတော်အပေါ်မှာ မကျေနပ်တဲ့ စိတ်ဓာတ်, အနိုင်ယူလိုတဲ့ စိတ်ဓာတ်နဲ့ သူက ကံကို ထူထောင်ခဲ့တယ်၊ ထူထောင်ခဲ့လိုက်တဲ့အတွက် ဒီကံက အကျိုးပေးဖို့ရန် အခါအခွင့်သင့်လာတဲ့ဘဝမှာ ကျေးဇူးရှင်ရယ်လို့တောင် စိတ်ထဲမှာ ထားနိုင်တဲ့ စိတ်ထား ရှိသေးသလား? မရှိတော့ဘူး၊ ပြစ်မှားတယ်။

ဒါပေမဲ့ ဘုရားအလောင်းဘက်ကတော့ မေတ္တာ ရှိပါတယ်။ သွေးစက်ကို ခြေရာခံပြီး နောက်ကနေ လိုက်ခဲ့ပေတော့ဆိုပြီး လူတို့ဌာနေကို သွားတဲ့လမ်းအထိ လိုက်တော့ မပို့ခဲ့ဘူးလား? ပို့ခဲ့တယ်။

## စူဠဓမ္မပါလသတို့သား

နောက်တစ်ခု ပြောဦးမယ် – စူဠဓမ္မပါလဇာတ်တော်ကို ကြည့်လိုက်ရင် ဘုန်းကြီးတို့ ဘုရားအလောင်းတော်က အရှင်ဒေဝဒတ်ရဲ့သား သွားဖြစ်ခဲ့တယ်။ အရှင်ဒေဝဒတ်က ထိုအချိန်အခါမှာ တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ရှင်ဘုရင်ပါ၊ အဲဒီရှင်ဘုရင်တစ်ဦး ဖြစ်နေတဲ့အချိန်အခါမှာ ဘုရား-အလောင်း သားတော်ကလေး မွေးဖွားလာပြီးလို့ နောက်မကြာခင်အတွင်း မိဖုရားရတနာရဲ့ အဆောင်တော်ကို သူက သွားတဲ့အခါ မိဖုရားက သားရတနာကလေးကို မြူဆွယ်နေတာနဲ့ ရှင်ဘုရင်လာတာကို ဂရုမစိုက်မိဘူး။ အဲဒီအချိန်အခါမှာ – ဘာလုပ်သလဲ? “သင်းသားဖြင့် ခုမှ ငယ်ငယ် ရှိသေးတယ်၊ ငါ့ကို ပမာမခန့်လုပ်တယ်၊ သိစေရမယ်” – ဆိုပြီးတော့ အာဏာတော်သားတွေကို ခေါ်ပြီးတော့ သူက အဲဒီဘုန်းကြီးတို့ ဘုရားအလောင်း စူဠဓမ္မပါလသတို့သားကလေးကို သူ့ရဲ့ရှေ့မှာ ဓားပန်းကစားခိုင်းတယ်။ သွေးတွေကို ဖြာထွက်သွားတယ်။ ဒီကလေးက မုန်းတီးနေအောင် ဘာလုပ်တတ်သလဲ? မလုပ်တတ်သေးဘူး။ ဒါပေမဲ့ ဘုရားလောင်းအပေါ်မှာ အရှင်ဒေဝဒတ်ဘက်က မကျေ-နပ်ချက်တွေ ခြံရံပြီးတော့ ကံတစ်ခုကို ပြုစုပျိုးထောင်ခဲ့တဲ့အတွက် ဘုရားအလောင်းနှင့် တွေ့တဲ့အချိန်အခါမှာ အရှင်ဒေဝဒတ်မှာ ရက်စက်ကြမ်းကြုတ်တဲ့ စိတ်ထားတွေ ရှိမလာဘူးလား? ရှိနေတယ်။

ဘုရားအလောင်းဘက်ကတော့ ဒီလိုစိတ်ထားမျိုး မရှိပါဘူး။ အရှင်ဒေဝဒတ်အလောင်းဘက်ကသာ ဒီလိုစိတ်ထားမျိုးရှိတာ ဖြစ်ပါတယ်၊ သေးကွေးနုနယ်နေသေးတဲ့ ကိုယ့်သားကို ကိုယ်သတ်ရဲတယ်ဆိုတဲ့ စိတ်ထားကို ကြည့်စမ်း . . . ကိုယ့်သားသမီးကို သတ်ဖြတ်ရဲတယ်ဆိုတဲ့ စိတ်ထားသည် သာမန်စိတ်ထားမျိုး ဟုတ်နိုင်သလား? မဟုတ်နိုင်ဘူး။ ကံတွေကို ရမ်းပြီး ထူထောင်သင့်သလား? မထူထောင်သင့်ဘူး။ မိမိတို့က ကောင်းမှုကုသိုလ်ပြုတဲ့ အချိန်အခါမှာ တစ်ဦးအပေါ် တစ်ဦး မကျေနပ်ချက်တွေနှင့် ဝေယျာဝစ္စကံတွေကို ပြုလုပ်ကြတယ်၊ တစ်ဦးအပေါ် တစ်ဦး မကျေနပ်တဲ့ စိတ်ထားတွေနှင့် ဒါနကံတွေ သီလကံတွေ သမထကံတွေ ဝိပဿနာကံတွေကို ပြုစုပျိုးထောင်ကြတယ်။ ဒီကံတွေက တစ်ချိန် အကျိုးပေးဖို့ရန် အခါအခွင့်သင့်လို့ တစ်ဦးနှင့် တစ်ဦး ပြန်ပြီး ကြုံကြဆုံကြမယ်ဆိုရင် တစ်ဦးအပေါ် တစ်ဦး ကျေနပ်မှု ရှိနိုင်မလား? ဘယ့်နှယ်တုံး ပရိသတ်တွေ? သတိရှိသင့်လှပါတယ်။

## ခန္တိဝါဒီရသေ့ကြီး

ဒီလိုဆိုရင် တစ်ဦးနှင့် တစ်ဦး ပြန်တွေ့လို့ မကျေနပ်ချက်တွေ ရှိနိုင်တယ်ဆိုရင် ခုချိန်အခါမှာ မကျေနပ်တဲ့ စိတ်ထားတွေထားဖို့ ကောင်းမလား? မကောင်းဘူး။ ကံတွေကို ထူထောင်နေကြတာ၊ တစ်ဦးအပေါ် တစ်ဦး မကျေနပ်တဲ့ စိတ်ထားတွေနှင့် ကံကို ထူထောင်ခဲ့ရင် ဒီကံက အကျိုးပေးတဲ့အခါ တစ်ဦးနှင့် တစ်ဦး တွေ့ကြုံခဲ့ရင် ခုလိုပဲ မကျေနပ်တဲ့ပွဲတွေပဲ တွေ့နေကြမှာ။ နောက်တစ်ခု — ခန္တိဝါဒီဇာတ်ကို ကြည့်လိုက်ဦး — အရှင်ဒေဝဒတ်အလောင်းက ကလာဗုအမည်ရှိတဲ့ ရှင်ဘုရင် ဖြစ်တယ်၊ ငမူးသမားကြီးပဲ။ ဘုရားအလောင်းတော်က ခန္တိဝါဒီရသေ့ကြီး ဖြစ်ပါတယ်။ အရက်မူးနေတဲ့ ကလာဗုမင်းက တစ်နေ့မှာ မောင်းမမိဿံတွေနှင့်အတူ ဥယျာဉ်ကစားတယ်။ မောင်းမမိဿံတစ်ဦးရဲ့ ရင်ခွင်ထဲမှာ မူးပြီး အိပ်ပျော်သွားတယ်။ ဖျော်ဖြေနေတဲ့ မောင်းမမိဿံတွေက ဥယျာဉ်တော်မှာ သီတင်းသုံးနေတဲ့ ခန္တိဝါဒီရသေ့ကြီးထံမှာ ကလာဗုမင်း အိပ်ပျော်နေတုန်း သွားတရားနာကြတယ်။ ကလာဗုမင်း နိုးလာတဲ့အခါ သိတော့ ဒေါသထွက်ပြီး ခန္တိဝါဒီရသေ့ထံကို သွားတယ်၊ ရန်မူချင်လို့ သွားတာပဲ။ ဘာကြောင့် ရန်မူချင်ရသလဲ? အတိတ်က ဘုရားလောင်းအပေါ်၌ ရန်ငြိုးဖွဲ့တဲ့ဓာတ်ကို မွေးမြူခဲ့တဲ့ စွမ်းအားတွေကြောင့် ဘုရားအလောင်းတော်နှင့် ခုလို တစ်ဖန် ပြန်တွေ့တဲ့အခါမှာလည်း ဒီဒေါသတရားတွေဟာ ထပ်မံပြီး ဖြစ်ပေါ်လာခဲ့ကြပြန်တယ်။

ခန္တိဝါဒီရသေ့က ဘာလုပ်သလဲ? ဘာမှ မလုပ်ပါဘူး။ တရားဟောတာပဲ ရှိပါတယ်။ အားလုံး ကြားဖူးကြပါလိမ့်မယ် — "အရှင်ရသေ့ ဘာဝါဒရှိသလဲ"လို့ မေးတော့ — "သည်းခံတဲ့ ခန္တိဝါဒ ရှိတယ်"လို့ ပြောလိုက်တယ်။ အဲဒီအခါမှာ "သင့်ရဲ့ ခန္တိဝါဒဆိုတာ ဘာလဲလို့" ကလာဗုမင်းက ထပ်ပြီးမေးပြန်တယ်။ ရသေ့ကြီးက "သူတစ်ပါးတို့က ဆဲရေးကုန်သည်ရှိသော် ချုပ်ချယ်စောင်းမြောင်းကုန်သည်ရှိသော် ပုတ်ခတ်ကြကုန်သည်ရှိသော် အမျက်မထွက်ခြင်းသဘောကို သည်းခံခြင်း ခန္တိဝါဒ-လို့ ခေါ်ဆိုကြောင်း"ကို ရှင်းပြလိုက်ပါတယ်။ အဲဒီအခါမှာ ကလာဗုမင်းက "သင့်ရဲ့ ခန္တိဝါဒကို ငါ ကြည့်ရှုမယ်"ဆိုပြီးတော့ အာဏာသားတွေကို ခေါ်ပြီးတော့ ရသေ့ကို မြေပေါ်သို့ ဆွဲချခိုင်းကာ ကျောဘက်မှာရော ရင်ဘက်မှာရော နှစ်ဖက်စလုံးမှာ ကြိမ်ဆူးတို့ဖြင့် ရိုက်နှက်ခိုင်းတယ်။ အသား

အရေတွေအားလုံး စုတ်ပြတ်ကုန်အောင် အရိုက်ခိုင်းတယ်။

တစ်ဖန် ကလာဗုမင်းက "ဘာဝါဒရှိသလဲ"လို့ ထပ်မေးပြန်တယ်။ အဲဒီအခါမှာ "ငါ့ရဲ့ အရေအသားတွေထဲမှာ ခန္တီဝါဒဆိုတာ မရှိပါဘူး၊ သင်မမြင်နိုင်တဲ့ ငါ့ရဲ့ နှလုံးအိမ်အတွင်းမှာသာ ခန္တီဝါဒဟာ တည်ရှိနေပါတယ်လို့ ရသေ့ကြီးက ပြန်ပြောလိုက်တဲ့အခါ ကလာဗုမင်းက ဒေါသတွေ အကြီးအကျယ်ထွက်ပြီးတော့ ဆက်လက်ကာ လက်တွေဖြတ် ခြေတွေဖြတ် နှာခေါင်းတွေဖြတ် နားရွက်တွေဖြတ် နောက်ဆုံး နှလုံးအိမ်ရှိရာ ရင်ဘတ်ကို ဖနောင့်နဲ့ ဆောင့်ကန်ပြီးတော့ ထွက်ခွာသွားလိုက်တယ်။

ဒီလို ညှင်းပန်းနှိပ်စက်တဲ့ ဒဏ်ချက်တွေကြောင့် ထိုနေ့မှာပဲ ရသေ့ကြီးလည်း ကွယ်လွန်သွားခဲ့-ပါတယ်။

သည်းခံတဲ့ဝါဒ ရှိပါတယ်လို့ စကားကလေးတစ်ခွန်းလောက် ပြောတာလေးနဲ့များ သတ်ဖြတ်-ပစ်ရတယ်ဆိုတော့ ဒီစိတ်ထားကို ကြည့်ပါ။ တစ်ဦးအပေါ်မှာ တစ်ဦးက မကျေနပ်ချက်ကို အကြောင်းပြုပြီးတော့ ဒီလို စိတ်ထားတွေ ပေါ်လာတာဟာ တစ်ချိန်က ကံကို ထူထောင်ခဲ့စဉ် အချိန်အခါက မကျေနပ်ချက်တွေနှင့် ကံကို ထူထောင်ခဲ့ကြလို့ပဲ၊ နောက်တစ်ခု ပြောဦးမယ် —

**မဟာကပိမျောက်မင်း**

မဟာကပိဇာတ်တော်ကို ပြန်ကြည့်လိုက်ဦး၊ အားလုံး ကြားဖူးကြမယ်။ သရက်ပင်က သရက်သီး-ကို အကြောင်းပြုပြီးတော့ မျောက်တွေမှာ တစ်နေ့ အန္တရာယ်ပေါ်နိုင်တယ်ဆိုတာကို ဘုရား-အလောင်းတော် မျောက်မင်းက မျောက်တွေကို သတိပေးထားတယ်၊ အထက်ဂင်္ဂါမြစ်ကမ်းပါးမှာ ဒီသရက်ပင်က ရှိနေတယ်။ ဒီတော့ ဒီသရက်သီးကို ဂင်္ဂါမြစ်ထဲ မကျအောင် မျောက်အပေါင်းက ထိန်းသိမ်းစောင့်ရှောက်ရမယ်ဆိုပြီး ဘုရားအလောင်း မျောက်မင်းကလည်း သတိပေးထားတယ်၊ သတိပေးထားပေမဲ့လို့ ပြဿနာပေါ်ချင်လာတော့ ဘာဖြစ်လာသလဲ? — သရက်သီးတစ်လုံးကို ခါချဉ်ထုပ်က အုံထားတယ်၊ ဒီတော့ ခါချဉ်ထုပ်ပဲ ထင်ပြီးတော့ ဒီသရက်သီးကို ဘယ်မျောက်ကမှ ခူးမစားမိဘူး၊ မျောက်တွေ ခူးမစားမိတော့ ဒီသရက်သီးက ကျန်နေတယ်၊ ခါချဉ်ထုပ်အအုံခံရတဲ့ ဒီသရက်သီးက တစ်ချိန် မှည့်လာတော့ ကြွေကျပြီးတော့ ဂင်္ဂါမြစ်ထဲ မျောသွားတယ်။

ဂင်္ဂါမြစ်ရဲ့ ဗာရာဏသီရေချိုးဆိပ်မှာပေ့ါလေ — ဗာရာဏသီရှင်ဘုရင်က ရေချိုးဆင်းတော့မယ်ဆိုတော့ ပိုက်တွေဘာတွေ ကာပြီးမှ ရေဆင်းပြီး ချိုးတယ်ဆိုပါတော့၊ အဲဒီပိုက်မှာ ဒီသရက်သီးက လာငြိနေတော့ ရှင်ဘုရင်ထံ ဆက်သလိုက်တော့ ဒီသရက်သီးရဲ့ အရသာကိုတွေ့တာနဲ့ ရှင်ဘုရင်က သရက်သီး ရှာပုံတော်ကျူးတော့တာပဲ။ အထက်ဂင်္ဂါကို တပ်တွေခြံရံပြီးတော့ ချီတက်လိုက်တဲ့အခါ နောက်ဆုံး ဒီသရက်ပင်အောက် ရောက်သွားပြီ။ ရောက်သွားတဲ့ အချိန်အခါကျတော့ ဒီသရက်ပင် အောက်မှာ တပ်စခန်းချနားနေတုန်း မျောက်တွေကလည်း စစ်တပ်တွေ ဒီရောက်နေတယ်ဆိုတာ လည်း မသိကြဘူး။ မသိကြတော့ ဘာလုပ်ကြသလဲ? သရက်ပင်မှာ စားနေကျအတိုင်း လာပြီး စားကြတာပေ့ါ၊ စားလည်းစားရော လေးတော်သားတွေကို အဝိုင်းခိုင်းလိုက်တယ်၊ ဝိုင်းလိုက်တော့ မျောက်-

တွေ ပြေးလို့ မရတော့ဘူး။ ပြေးမရတဲ့ အချိန်အခါကျတော့ – ဘုရားအလောင်း မျောက်မင်းက ဘာလုပ်သလဲ? ဟိုဘက် ဂင်္ဂါတစ်ဖက်ကမ်းကို သူ့ခွန်အားနှင့် လှမ်းပြီးတော့ ခုန်လိုက်တယ်၊ ခုန်တဲ့ အချိန်အခါမှာ ဒီသရက်ကိုင်းကနေ ဟိုဘက် ဂင်္ဂါမြစ်တစ်ဖက်ကမ်းမှာရှိတဲ့ သစ်ပင်ဟာ ဘယ်လောက် ဝေးမယ်ဆိုတာကို သူက ဉာဏ်နှင့် တိုင်းတာသွားတယ်။

တိုင်းတာပြီးတော့ တောထဲမှာ နွယ်ကြိုးတွေ လိုက်ရှာတယ်။ နွယ်ကြိုးတွေ လိုက်ရှာပြီးတော့ ဂင်္ဂါမြစ်တစ်ဖက်ကမ်းမှာရှိတဲ့ သစ်ပင်ကို နွယ်တစ်စ ချည်ခဲ့တယ်။ ပြီးတော့ သူ့ခါးမှာ နွယ်တစ်စကို ချည်ပြန်တယ်။ ချည်ပြီးတော့ ဟိုဘက်ကမ်းသစ်ပင်ကနေ ဒီဘက်ကမ်းသရက်ပင်ကို ပြန်ခုန်တယ်။ ရှင်ဘုရင်ကလည်း အောက်ကနေ ဒီမျောက်ရဲ့ ပြုမူနေပုံ အခြေအနေအရပ်ရပ်ကို သေသေချာချာ စောင့်ကြည့်နေတယ်။ လေးတော်သားတွေကို အပစ်မခိုင်းဘူး၊ ဒီမျောက်တွေဟာ ဘာလုပ်ကြမလဲ ဆိုတာကို အတုယူချင်လို့ ကြည့်နေတာ။ ဘုရားအလောင်း မျောက်မင်းကလည်း ဒီဘက်ကမ်းကို လှမ်းခုန်လိုက်တဲ့ အချိန်ခါမှာကျတော့ ဟိုဘက်ကမ်းက သစ်ပင်ကို ချည်ဖို့ရန်အတွက် အတိုင်း အတာကို ထည့်ပြီး မစဉ်းစားခဲ့မိဘူး၊ သစ်ပင်ကို ပတ်လိုက်တဲ့ ကြိုးအတိုင်းအတာလောက် လိုသွား တယ်။ လိုသွားတဲ့အခါကျတော့ လိုနေတဲ့ နေရာကလေးကို ကွက်လပ်ဖြည့်တဲ့အနေနဲ့ ဘုရားလောင်း မျောက်မင်းက ဘာလုပ်သလဲ? သရက်ကိုင်းတစ်ခုကို သူ လှမ်းပြီး ကိုင်ထားလိုက်တယ်၊ “ကဲ - ငါ့ အပေါ် ခုန်ချပြီး ဟိုဘက်ကမ်းကို ဒီကြိုးအတိုင်း ကူးကြ” – အဲဒီလို အကူးခိုင်းလိုက်တဲ့အခါ မျောက်တွေ တစ်ကောင်ပြီး တစ်ကောင် ကူးလိုက်တော့ ဟိုဘက်ကမ်း ရောက်ကုန်ပြီ၊ ရှင်ဒေဝဒတ်- အလောင်း မျောက်က နောက်ဆုံး ကျန်နေတယ်။

အရှင်ဒေဝဒတ်အလောင်း မျောက်ရဲ့ ရက်စက်ပုံမြင်ကွင်းကို ကြည့်ပေတော့ – မိမိတို့ရဲ့ အသက်ကို ကယ်တင်ပေးနေတဲ့ ကျေးဇူးရှင်တစ်ဦးကို ကြင်နာသနားဖို့ မကောင်းဘူးလား?– ကြင်နာ သနားဖို့ ကောင်းတယ်၊ ဒါပေမဲ့ အဲဒီ ကြင်နာသနားတတ်တဲ့ စိတ်ထား ရှိသလား? မရှိဘူး၊ ဘာလုပ်- သလဲ? အမြင့်ဆုံးဖြစ်တဲ့ သစ်ကိုင်းပေါ် တက်၊ အဲဒီကနေ ဘုရားလောင်း မျောက်မင်းရဲ့ ကျောတည့်- တည့်ပေါ်ကို တအားခုန်ချလိုက်တယ်၊ ကျောတည့်တည့်ပေါ်ကို တအားခုန်ချလိုက်တော့ ခေတ် အပြောနှင့် ပြောရရင်တော့ အဆုပ်ကွာသွားတယ်နဲ့ တူတယ်။ ဒါပေမဲ့ စာမှာကတော့ နှလုံးနည်းနည်း ကွဲသွားတယ်လို့ ဆိုတယ်။ အဲဒီမှာ အရှင်ဒေဝဒတ်အလောင်း မျောက်ကတော့ ကူးတော့ကူးလို့ ရသွားတယ်၊ ဘုရားအလောင်းကတော့ အဲဒီမှာ နှလုံးကွဲပြီး သေသွားရှာတယ်။ ရှင်ဘုရင်က ကြည်ညို လွန်းလို့ ဘုရားအလောင်းကို မီးသင်္ဂြိုဟ်ပြီးတော့ အရိုးတွေကို ဗာရာဏသီ ယူသွားပြီးတော့ ပူဇော် ထားတယ်။

ဒီဇာတ်တော်မှာကြည့်ပေါ့ – မိမိရဲ့ အသက်ကို ထုတ်ဆောင်ကယ်တင်ပေးနေတဲ့ မိမိရဲ့ ဆွေမျိုး သားချင်းတွေရဲ့ အသက်ကို ထုတ်ဆောင်ကယ်တင်ပေးနေတဲ့ ဒီဘုရားအလောင်းကို ကျေနပ်ဖို့ မကောင်းဘူးလား? သိပ်ပြီး ကျေနပ်ဖို့ ကောင်းတယ်၊ ဒါပေမဲ့ ကျေနပ်တဲ့စိတ်ထား ရှိသလား? မရှိ ဘူး၊ ဘာဖြစ်လို့လဲ? အတိတ်က ကံကို ပြုစုပျိုးထောင်ခဲ့စဉ် အချိန်အခါမှာ ဘုရားလောင်းအပေါ် မှာ မကျေနပ်တဲ့ စိတ်ထားနှင့် ဒီကံကို ပြုစုပျိုးထောင်ခဲ့တယ်။ ဒီတော့ နောက်ထပ် တွေ့ကြ ကြုံကြ

ဆုံကြပြီဆိုရင်ကော ကျေနပ်ဦးမလား? မကျေနပ်တော့ဘူး။ ဒီလိုဆိုရင် မိမိတို့ရဲ့ မကျေနပ်တဲ့ ဒီ စိတ်ဓာတ်ကလေးတွေကို ပြုပြင်ပြောင်းလဲပေးဖို့ မလိုဘူးလား? ဘယ့်နှယ်တုံး ယောဂီတွေ မလိုဘူး-လား? လိုအပ်တယ်၊ စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးဟာ သိပ်လိုအပ်ပါတယ်။ နောက်ဆုံးဘဝ ကြည့်ပေ့ါ —

အရှင်ဒေဝဒတ်အလောင်းက ငါးကမ္ဘာတိတိ မိမိရဲ့ စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲမှု မလုပ်ခဲ့ဘူး။ ဘုန်းကြီးတို့ မြတ်စွာဘုရားလည်း — သုံးလောကထွတ်ထား သဗ္ဗညုသမ္မာသမ္ဗုဒ္ဓဘုရားရှင်အဖြစ်သို့ ရောက်ရှိသွားပြီ။ ညီအစ်ကို တစ်ဝမ်းကွဲတော်စပ်ပြီးတော့ လာပြီး လူဖြစ်ကြပါတယ်။ ရှင်ဒေဝဒတ် အလောင်းက ယသောဓရာရဲ့ မောင်အရင်းပဲ။ ဘုရားရှင်အပေါ်မှာ ကျေနပ်ချက် ရှိသလား? မရှိပြန် ဘူး။ ကြည့်စမ်း — တစ်လောကလုံးမှာ အသာဆုံး အမြတ်ဆုံးဖြစ်တဲ့ သူတော်ကောင်းတစ်ဦးအပေါ် တောင် သူ့စိတ်ထားက ကျေနပ်နိုင်တဲ့စိတ်ထား ရှိသလား? မရှိဘူး။ မကျေနပ်ချက်ကို အကြောင်းခံ-ပြီး ဘာလုပ်သလဲ? ဘုရားရှင်ကို ကျောက်မောင်းဆင်ပြီးတော့ သတ်ခဲ့တယ်၊ သွေးစိမ်းတည်စေခဲ့-တယ်၊ သံဃာသင်းခွဲခဲ့တယ်၊ ဒီသံဃာသင်းခွဲတဲ့ကံက နောက်ဆုံး သူ့ကို အကျိုးပေးတာပဲ။ အကျိုးပေး လိုက်တော့ — ဒီနေ့ ဘယ်ရောက်သွားလဲ? အဝီစိငရဲကို ရောက်သွားတယ်။

အလျား ယူဇနာ တစ်ရာ၊ အနံ ယူဇနာ တစ်ရာ၊ အစောက် ယူဇနာ တစ်ရာရှိတဲ့ အဝီစိငရဲထဲမှာ အောက်က သံမြေပြင်က ဆယ်ယူဇနာ၊ အထက်က အမိုးကလည်း ဆယ်ယူဇနာ၊ တံတိုင်းတွေက-လည်း ဆယ်ယူဇနာထုထူတဲ့ သံထုထည်၊ မီးလျှံ ဟုန်းဟုန်းတောက်နေတယ်၊ အပြင်ဘက်ကို ယူဇနာ ပေါင်းများစွာအထိ မီးလျှံ ဟုန်းဟုန်းတောက်နေတဲ့ ဒီအဝီစိငရဲထဲမှာ ခံနေရတယ်။ အောက်က နင်းထားတဲ့ ခြေထောက်ကို ကြည့်လိုက်ရင် ခြေဖမိုးအထိ အောက်က သံမြေပြင်ထဲမှာ မြုပ်နေတယ်၊ နုတ်လို့ မရဘူး။ အပေါ်က အမိုးကို သူ့နဖူးက သွားထိတော့ နဖူးအထိ ခေါင်းပါ မြုပ်သွားတယ်။ လှုပ်လို့ မရဘူး၊ ဘယ်ဘက်လက်ဖဝါးက ဘယ်ဘက်သံတံတိုင်းထဲမှာ မြုပ်နေတယ်၊ ညာဘက် လက်ဖဝါးက ညာဘက်သံတံတိုင်းထဲမှာ မြုပ်သွားတယ်၊ အရှေ့အနောက် ထန်းပင်လုံးခန့် ပမာဏ ရှိတဲ့ သံတံကျင်တစ်ခုက သူ့ကိုယ်ကို ထုတ်ချင်းလျှိုပြီး အရှေ့တံတိုင်းနှင့် အနောက်တံတိုင်းကို ထိုးဖောက်ပြီး စိုက်ထားတယ်၊ လှုပ်လို့ မရဘူး၊ ဘာဖြစ်လို့လဲ? မတုန်မလှုပ်တဲ့ မြတ်စွာဘုရားအား ပြစ်မှားခဲ့တဲ့ အတွက် မတုန်လှုပ်တဲ့ အကျိုးတွေကို ရရှိနေတယ်လို့ အဆိုရှိတယ်။

ဘာကို အခြေခံခဲ့သလဲ? ဘုရားလောင်းအပေါ်မှာ မကျေနပ်ချက်ကို အခြေခံကာ ကံကို ထူထောင်မိခဲ့တယ်၊ ဒါကြောင့် ယောဂီတွေ — တစ်ဦးနှင့် တစ်ဦး ကျေနပ်ဖို့ မကောင်းကြဘူးလား? သိပ်ကောင်းတယ်။ ကျေကျေနပ်နပ်ကလေးနှင့် ဒါနကံတွေကို ပြုစုပျိုးထောင်ဖို့ ကောင်းကြတယ်၊ သီလကံတွေကို ပြုစုပျိုးထောင်ဖို့ ကောင်းကြတယ်၊ သမထကံတွေ ဝိပဿနာကံတွေကို ပြုစုပျိုး-ထောင်ဖို့ ကောင်းကြတယ်၊ ဝေယျာဝစ္စကုသိုလ်ကံကလေးတွေကိုလည်း တစ်ဦးအပေါ် တစ်ဦး ကျေ-ကျေနပ်နပ်နှင့် ပြုစုပျိုးထောင်ဖို့ မကောင်းကြဘူးလား? သိပ်ကောင်းကြတယ်။ မကျေနပ်ချက်တွေနှင့် ပြုစုပျိုးထောင်ခဲ့ကြရင်တော့ မကျေနပ်တဲ့ ပုဂ္ဂိုလ်တွေ သွားတဲ့လမ်းကို ကိုယ်မသွားရဘူးလား?

သွားရလိမ့်မယ်။ ဒါကြောင့် မိမိတို့ရဲ့ စိတ်ဓာတ်ကလေးတွေကို ပြုပြင်ပြောင်းလဲပေးဖို့ မလိုဘူးလား? လိုအပ်တယ်။

## အမ္ဗပါလီ ရဟန္တာထေရီမ

နောက်တစ်ခု ကြည့်ပေါ့ – စိတ်ဆန်းကြယ်တဲ့အတွက် ကံဆန်းကြယ်တယ်၊ ကံဆန်းကြယ်တဲ့အတွက် အကျိုးပေးတွေလည်း အဆန်းတကြယ်ဖြစ်သွားတဲ့ ထုံးတစ်ခုပဲ။ အမ္ဗပါလီပြည့်တန်ဆာမရဲ့ အကြောင်းပဲ။ အမ္ဗပါလီပြည့်တန်ဆာမအလောင်းကို ပြန်ပြီး ဆန်းစစ်ကြည့်ပါ။ ဖုဿဘုရားရှင်ရဲ့ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးတဲ့နောက် ကျန်ရစ်ခဲ့တဲ့ ဓာတ်တော်မွေတော်တွေဟာ သက်တော်ရှည်ဘုရားရှင်တို့ရဲ့ ဓမ္မတာအတိုင်း ဓာတ်တော်များက ရွှေတုံးရွှေခဲလို တစ်လုံးတစ်ခဲတည်း ကျန်ရစ်ခဲ့ပါတယ်၊ ရွှေတုံးရွှေခဲကဲ့သို့ ကြွင်းကျန်နေတဲ့ ယင်းဓာတ်တော်များကို တည်ထားကိုးကွယ်ရန် စေတီတော်တစ်ဆူကို တည်ထားကြတယ်။ ထိုစေတီတော်ကြီးကို ဘိက္ခုနီမတွေ တစ်နေ့ သွားပြီး ဖူးမြော်ကန်တော့ကြတယ်၊ ဖူးမြော်ကန်တော့ရင်း ရဟန္တာထေရီမကြီးတစ်ပါးက ရှေ့ကနေ ကြွသွားတော်မူတဲ့အခါ မတော်တဆ ချေဆတ်မိတဲ့အတွက် ပါးစပ်ထဲကနေ သလိပ်ချွဲခန်းတွေ အပြင်ထွက်ကျသွားတယ်၊ စေတီရင်ပြင်ပေါ်မှာ သလိပ်ချွဲခန်းတွေ ကျသွားတာကို ဒီရဟန္တာထေရီမကြီးကလည်း မသိလိုက်ပါဘူး။

မသိတဲ့အတွက် စေတီတော်ကို လှည့်လည်ပြီး ဖူးမြော်ကန်တော့ကြတယ်။ အမ္ဗပါလီရဲ့ အလောင်းအလျာဖြစ်တဲ့ ဘိက္ခုနီမကလေးက နောက်ကလိုက်လာတော့ ဘာပြောသလဲ? “ဘယ်-ပြည့်တန်ဆာမက ဒီနေရာမှာ လာပြီးတော့ ချွဲခန်းသလိပ်တွေ, တံတွေးတွေ ထွေးသွားရသလဲ”လို့ ပြောလိုက်တယ်။ ဒီလို ပြောဆိုခြင်းဟာ – ဘာလုပ်လိုက်တာလဲ?

ပန်းချီကားချပ်တစ်ချပ် ရေးဆွဲလိုက်တာပဲ၊ ဒီတော့ တကယ်တမ်း သလိပ်ချွဲခန်းတွေ မတော်တဆကျသွားတဲ့ ဘိက္ခုနီမကြီးက သူပြောတဲ့အတိုင်း ပြည့်တန်ဆာမ ဖြစ်သလား? မဖြစ်ဘူး၊ သူသာ ဖြစ်သွားတယ်၊ ဘယ်လို ဖြစ်သွားသလဲ? အဲဒီဘဝမှာ နှစ်ပေါင်းသောင်းနဲ့ချီပြီး သူဖြည့်ကျင့်ထားတဲ့ သီလ, သမာဓိ, ပညာဂုဏ်ကျေးဇူးတွေက သူ့ကို ကယ်တင်နိုင်စွမ်းမရှိဖြစ်သွားကြတယ်။

ဒီဘိက္ခုနီမကြီးကို ပြစ်မှားခဲ့တဲ့ ဝစီဘေဒကံက သူ့ကို ငရဲကိုရောက်အောင် ပို့ဆောင်ပေးလိုက်တယ်၊ ငရဲကနေ ကျွတ်လာလွတ်လာပြန်တော့လည်း နောက်ဆုံး အမ္ဗပါလီရဟန္တာထေရီမကြီးဖြစ်တဲ့ ဘဝအထိ ဘဝပေါင်း နှစ်ရာကျော် ဆက်တိုက် ပြည့်တန်ဆာမပဲ ဖြစ်ရတယ်၊ စဉ်းစားကြည့်စမ်း ပြောလိုက်တာက စကားတစ်ခွန်းတည်း၊ ဒီစကားတစ်ခွန်းကို ပြောလိုက်မိတာနဲ့ ဒီလောက် ဘဝပေါင်း များစွာ ဘာကြောင့် အကျိုးပေးနေရသလဲလို့တော့ မေးစရာ ရှိတယ်။ အဲဒီလို သူတစ်ပါးကို ပက်ပက်စက်စက် ပြောဖို့ရန် ကြံစည်စိတ်ကူးနေတယ်၊ ပြောဆိုနေတယ်၊ ပြောဆိုနေတာကို ပြန်သတိရတယ်။ အဲဒီအချိန်အခါမှာ အကုသိုလ်စိတ်စေတနာတွေ များစွာ ဖြစ်တယ်။ မျက်စိတစ်မှိတ် လျှပ်တစ်ပျက်အတွင်းမှာ နာမ်တရားတို့မည်သည် ကုဋေတစ်သိန်းမက ဖြစ်ပြီးပျက်နိုင်တဲ့ စွမ်းအား ရှိခြင်းကြောင့် သူတစ်ပါးကို ရက်ရက်စက်စက် ပက်ပက်စက်စက် ပြောလိုတဲ့ ဒေါသပြဓာန်းနေတဲ့ အကုသိုလ်ဇော

စိတ်အစဉ်တွေဟာလည်း ဝီထိပေါင်း များစွာ ဖြစ်နိုင်တယ်။

အဲဒီဝီထိတွေထဲက အင်အားပြည့်ဝနေတဲ့ အကုသိုလ်ဇောစေတနာတွေက အပါယ်မှာ ပဋိသန္ဓေ အကျိုးကို ပေးတယ်။ ရှေ့နောက်မှာ ခြံရံထားတဲ့ အင်အားအနည်းငယ် လျော့နေတဲ့ အကုသိုလ် စေတနာတွေက ခုလို လူ့ဘဝမှာ လူလာဖြစ်တဲ့ အချိန်အခါမှာ ပြည့်တန်ဆာမ ဖြစ်ဖို့ရန်အတွက် လာပြီးတော့ အကျိုးပေးတယ်။ စိတ်စေတနာတစ်ခုက ဘဝတစ်ခုကို ပဋိသန္ဓေအကျိုးပေးနိုင်တဲ့ စွမ်းအား ရှိတယ်။ သူပြောလိုက်တာ တစ်မိနစ်ကြာတယ်ထားတော့ – နာမ်တရားတွေရဲ့ တစ်စက္ကန့် မှာ ကုဋေတစ်သိန်းမက ဖြစ်ပြီးပျက်နိုင်တဲ့ စွမ်းအား ရှိခြင်းကြောင့် တစ်မိနစ်လောက်အတွင်းမှာ အကုသိုလ်ဇောစိတ်စေတနာတွေသည် ဘယ်လောက် ဖြစ်သွားမလဲ?

မရေမတွက်နိုင်အောင် များနေပြီ၊ အကယ်၍များ ငါးမိနစ်လောက် ရန်ဖြစ်နေကြမယ်ဆိုရင် ဘယ့်နှယ်နေကြမလဲ? စဉ်းစားကြည့်စမ်း – ကြောက်ဖို့ မကောင်းဘူးလား? သိပ်ကြောက်ဖို့ ကောင်းတယ်။ ဒါဟာ အမျိုးသားတွေပဲဖြစ်ဖြစ်, အမျိုးသမီးတွေပဲဖြစ်ဖြစ်ပေါ့၊ တစ်ဦးနှင့် တစ်ဦး မကျေနပ်လို့ ရန်ပွဲစပြီလို့ဆိုရင်တော့ ဟုတ်သည်ဖြစ်စေ, မဟုတ်သည်ဖြစ်စေ ပါးစပ်ထဲရှိတာတွေ အကုန်သွန်ချလိုက်တာပဲ၊ ဟုတ်တယ်မဟုတ်လား?

ဒီတော့ မိမိတို့က မကောင်းတဲ့အကျိုးတရားတွေကို မလိုလားခဲ့ဘူးဆိုရင် မိမိတို့ရဲ့ စိတ်ဓာတ်-တွေကို ပြုပြင်ပြောင်းလဲပေးဖို့ မလိုဘူးလား? လိုအပ်နေတယ်၊ ဒီအမ္ဗပါလီရဲ့ ထုံးကို ကြည့်ပါ။ စကား တစ်ခွန်း ပက်ပက်စက်စက် မပြောမိ ပြောပြီး ပြောဆဲအချိန်တွေမှာ အကုသိုလ်ဇောစေတနာတွေ ဘယ်လောက် အမှုတော်ထမ်းရွက်နေမယ်ဆိုတာကို ခန့်မှန်းကြည့်ပါ။ ဖုဿဘုရားရှင် လက်ထက်-တော်က သူပြုစုပျိုးထောင်ခဲ့တဲ့ ကုသိုလ်ကံတွေလည်း ရှိကြပါတယ်။ သို့သော် ဒီကုသိုလ်ကံတွေကို ရဟန္တာထေရီမကြီးတစ်ပါးအပေါ်၌ ပက်ပက်စက်စက် ပြည့်တန်ဆာမဆိုပြီး စွပ်စွဲကဲ့ရဲ့လိုက်မိတဲ့ ဒေါသပြစာန်းနေတဲ့ အကုသိုလ်ကံတွေက ဝန်းရံနေတယ်။ သူပြုစုပျိုးထောင်ခဲ့တဲ့ ကုသိုလ်ကံတွေက လူ့ဘဝ ပဋိသန္ဓေအကျိုးကို ပေးတဲ့အခါ အကုသိုလ်ကံတွေကလည်း ပဋိသန္ဓေမျိုးစေ့ထဲမှာ ပြည့်တန်-ဆာမ ဖြစ်ဖို့ရန် စွမ်းအင်ကလေးတွေကို တစ်ပါတည်း မြှုပ်နှံပေးလိုက်တယ်။

နောက်ဆုံးဘဝမှာ သူဖြည့်ကျင့်ခဲ့တဲ့ ကုသိုလ်ကံတွေကြောင့် ဝေသာလီပြည်မှာ လိစ္ဆဝီမင်းသား တွေပိုင်တဲ့ ဘုံဆိုင်ဥယျာဉ်ထဲမှာရှိတဲ့ သရက်ပင်ရင်းမှာ ဩပပါတိကပဋိသန္ဓေအဖြစ်နဲ့ ဘွားကနဲ (၁၆)နှစ်အရွယ် လူလာပြီး ဖြစ်ရတယ်။ အတိတ်က ဖုဿဘုရားရှင် လက်ထက်တော်က ပြုစုပျိုးထောင် ခဲ့တဲ့ စင်ကြယ်တဲ့ သီလကုသိုလ်ကံတွေကြောင့် အလွန် ချောမောလှပတဲ့ အမျိုးသမီးတစ်ဦး ဖြစ်လာ ရတယ်။ သို့သော် ရဟန္တာထေရီမအပေါ်၌ ပြစ်မှားခဲ့တဲ့ ဝစီဘေဒအကုသိုလ်ကံကလည်း လှပနေတဲ့ သူတစ်ဦးကို ပြည့်တန်ဆာမဖြစ်အောင် ဖန်တီးပေးလိုက်ပြန်တယ်။ လိစ္ဆဝီမင်းသားတို့ရဲ့ အများပိုင် ဥယျာဉ်အတွင်းမှာ အလွန်လှပတဲ့ အမျိုးသမီးတစ်ဦး လာဖြစ်ရတော့ ဘသားချော လိစ္ဆဝီမင်းသားတို့ ကလည်း သူပိုင်ထိုက် ငါပိုင်ထိုက်နှင့် အကြိတ်အနယ် လုကြပြန်တယ်။ နောက်ဆုံးတော့ – တရား သူကြီးတွေက လိစ္ဆဝီမင်းသားအားလုံး ပိုင်ဆိုင်တဲ့ ဘုံဆိုင်ပစ္စည်းအဖြစ် သတ်မှတ်ပေးလိုက်ကြတယ်။

ပြည့်တန်ဆာမဘဝသို့ ရောက်ရှိသွားရပြန်တယ်။ ကံတစ်ခုက လှပသူတစ်ဦး ဖြစ်အောင်လည်း ဖန်တီးပေးလိုက်တယ်၊ အခြားကံတစ်ခုကလည်း ပြည့်တန်ဆာမဖြစ်အောင် ပဋိသန္ဓေမှာ သတ်မှတ်ချက် ပြုလုပ်ပေးလိုက်ပြန်တယ်။ ကံဆန်းကြယ်တော့ သတ္တဝါတွေ ဆန်းကြယ်ရတဲ့ ထုံးတစ်ခုပဲ။

## ကပိလရဟန်း

နောက်ထုံးတစ်ခု – ဘုန်းကြီးတို့ ရဟန်းဘက်က ထုံးကလေးတစ်ခုပါပဲ၊ ကပိလရဟန်း ဆိုကြပါစို့။ ကဿပဘုရားရှင်ရဲ့ လက်ထက်တော်က စာတတ်ပေတတ် ရဟန်းတော်တစ်ပါး ဖြစ်တယ်၊ စာပေပို့ချခဲ့တဲ့ ရဟန်းတော်တစ်ပါးလည်း ဖြစ်ပါတယ်။ သူ့ရဲ့ မိခင်ကလည်း ဘိက္ခုနီမ, သူ့ရဲ့ ညီမတစ်ဦးကလည်း ဘိက္ခုနီမ ဖြစ်ပါတယ်။ ဒါပေမဲ့ သာသနာတော်နောက်ပိုင်းရောက်လာတဲ့ အချိန်အခါကျတော့ သူက ပညာမာန်တွေ ပရိယတ္တိမာန်တွေ ထက်သန်ပြီးတော့ ဘာတွေ ဖြစ်လာသလဲ? ဓမ္မကို အဓမ္မလုပ်, အဓမ္မကို ဓမ္မလုပ်ပြီးတော့ ရဟန်းတွေနှင့် ငြင်းခုံပြီး ဆဲရေးတယ်။ ဒီလို ဓမ္မကို အဓမ္မ, အဓမ္မကို ဓမ္မပြုလုပ်ခြင်းနှင့် ဆက်စပ်လို့ ဘုရားရှင်က အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဒီလို ဟောကြားထားတော်မူခဲ့ပါတယ် –

"ချစ်သားရဟန်းတို့ . . . အကြင် ရဟန်းတို့ဟာ အဓမ္မကို ဓမ္မလို့ ထင်ရှားပြကြတယ်၊ ချစ်သားရဟန်းတို့ . . . အဲဒီ ရဟန်းတွေဟာ လူများအပေါင်းရဲ့ (လူ-နတ်-နိဗ္ဗာန် သုံးတန်သော) အစီးအပွားမဲ့ခြင်းငှာ, လူများအပေါင်းရဲ့ (လူ-နတ်-နိဗ္ဗာန် သုံးတန်သော) ချမ်းသာမဲ့ခြင်းငှာ, လူများအပေါင်းရဲ့ (လူ-နတ်-နိဗ္ဗာန် သုံးတန်သော) အကျိုးမဲ့ခြင်းငှာ, နတ်လူတို့ရဲ့ (လူ-နတ်-နိဗ္ဗာန် သုံးတန်သော) အစီးအပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ ကျင့်နေသည် မည်ကုန်တယ်။ ချစ်သားရဟန်းတို့ . . . အဲဒီ ရဟန်းတွေဟာ များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွားစေသည် မည်ကုန်တယ်၊ အဲဒီ ရဟန်းတွေ-ဟာ ဒီသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်တယ်"။[၄၃၄]

"ချစ်သားရဟန်းတို့ . . . အကြင် ရဟန်းတွေဟာ ဓမ္မကို အဓမ္မလို့ ထင်ရှားပြကြတယ်၊ ချစ်သားရဟန်းတို့ . . . အဲဒီ ရဟန်းတွေဟာ လူများအပေါင်းရဲ့ (လူ-နတ်-နိဗ္ဗာန် သုံးတန်သော) အစီးအပွားမဲ့ခြင်းငှာ, လူများအပေါင်းရဲ့ (လူ-နတ်-နိဗ္ဗာန် သုံးတန်သော) ချမ်းသာမဲ့ခြင်းငှာ, လူများအပေါင်းရဲ့ (လူ-နတ်-နိဗ္ဗာန် သုံးတန်သော) အကျိုးမဲ့ခြင်းငှာ, နတ်လူတို့ရဲ့ (လူ-နတ်-နိဗ္ဗာန် သုံးတန်သော) အစီးအပွားမဲ့ခြင်းငှာ ဆင်းရဲခြင်းငှာ ကျင့်သည် မည်ကုန်တယ်။ ချစ်သားရဟန်းတို့ . . . အဲဒီ ရဟန်းတွေဟာ များစွာသော အကုသိုလ်ကိုလည်း ဖြစ်ပွားစေသည် မည်ကုန်တယ်၊ အဲဒီ ရဟန်းတွေဟာ ဒီသာသနာတော်ကိုလည်း ကွယ်ပျောက်စေသည် မည်ကုန်တယ်"–[၄၃၅]

[၄၃၄] ယေ တေ ဘိက္ခဝေ ဘိက္ခူ အဓမ္မံ "ဓမ္မော"တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ။ (အံ၊၁၊၁၈။)

[၄၃၅] ယေ တေ ဘိက္ခဝေ ဘိက္ခူ ဓမ္မံ "အဓမ္မော"တိ ဒီပေန္တိ၊ တေ ဘိက္ခဝေ ဘိက္ခူ ဗဟုဇနအဟိတာယ ပဋိပန္နာ ဗဟုဇနအသုခါယ ဗဟုနော ဇနဿ အနတ္ထာယ အဟိတာယ ဒုက္ခာယ ဒေဝမနုဿာနံ။ ဗဟုဉ္စ တေ ဘိက္ခဝေ ဘိက္ခူ အပုညံ ပသဝန္တိ၊ တေ စိမံ သဒ္ဓမ္မံ အန္တရဓာပေန္တိ။ (အံ၊၁၊၁၈-၁၉။)

ဒီလို ဘုရားရှင်က ဟောကြားထားတော်မူခဲ့ပါတယ်။ ဒီလို ဓမ္မကို အဓမ္မ, အဓမ္မကို ဓမ္မလို့ ပြုလုပ်ပြောဆိုနေတဲ့ လုပ်ငန်းရပ်ဟာ အဲဒီအချိန်အခါမှာ ဘုရားရှင် ဆိုဆုံးမထားတော်မူခဲ့တဲ့ အဆုံးအမသာသနာတော်ကြီး ကွယ်ပျောက်အောင် ပြုလုပ်နေတဲ့ လုပ်ငန်းရပ်တစ်ခု ဖြစ်နေရုံတွင်သာမက ဘုရားရှင်ရဲ့ အဆုံးအမလို့ခေါ်ဆိုတဲ့ သာသနာတော်မြတ်ကြီးကို ကွယ်ပျောက်စေလိုတဲ့ အကုသိုလ်တရားတွေကလည်း များစွာတိုးပွားလျက် ရှိနေပါတယ်။

ဒါ့ကြောင့် ဒီလို ဓမ္မကို အဓမ္မ, အဓမ္မကို ဓမ္မလို့ ပြောင်းပြန်ပြုလုပ်ကာ ဆဲရေးလိုက်တဲ့အတွက် ဒီအကုသိုလ်ကံက သူ့ကို အကျိုးပေးဖို့ရန် အခါအခွင့်သင့်လာတော့ သေပြီးနောက် ငရဲကို ပို့လိုက်တယ်။ ငရဲကနေ ကျွတ်လာလွတ်လာတော့ ဘုန်းကြီးတို့ မြတ်စွာဘုရား ပွင့်တဲ့အချိန်လောက်ကျတော့ ဘာဖြစ်လာသလဲ? ဂင်္ဂါမြစ်ထဲမှာ ငါးတစ်ကောင် ဖြစ်လာတယ်၊ အဲဒီ ငါးကို တံငါသည်တစ်ဦးရဲ့ ပိုက်ကွန်နှင့် မိပြီဆိုကြစို့၊ အရောင်အဆင်းကို ကြည့်လိုက်တော့ ငါးက ရွှေရောင်လိုတောက်နေတယ်၊ ရွှေရောင်လိုတောက်နေပေမဲ့ ဒီငါးရဲ့ ပါးစပ်က ထွက်လာတဲ့အနံ့ကျတော့ အင်မတန်ပုပ်တဲ့ အနံ့ ဖြစ်နေတယ်။ သူဌေးကတော်တစ်ဦးက ဒီငါးကို ဝယ်လိုက်တယ် ဆိုကြပါစို့။ နောက်ဆုံး — ဒီငါးရဲ့ ဂုဏ်သတင်း အကြောင်းအရာက မြတ်စွာဘုရား ရွှေနားတော်အထိ ပေါက်ကြားလာတယ်၊ ဒီငါးဟာ ဘုရားရှင် ရှေ့တော်မှောက်အထိ ရောက်ရှိလာတယ်။ ဘုရားရှင်က ဒီငါးရဲ့ အတိတ်ဇာတ်ကြောင်းကလေးတွေကို အဲဒီအခါကျမှ ပြန်ပြီးတော့ ဟောပြတော်မူပါတယ်။

**ယံ ပန သော ဒီဃရတ္တံ ဗုဒ္ဓဝစနံ ဝါစေသိ၊ ဗုဒ္ဓဿ စ ဂုဏံ ကထေသိ၊ တဿ နိဿန္ဒေန ဣမံ သုဝဏ္ဏဝဏ္ဏံ ပဋိလဘိ။**[၄၇၆]

**သော** = ထိုကပိလရဟန်းသည်။ **ဒီဃရတ္တံ** = နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး။ **ယံ ဗုဒ္ဓဝစနံ** = အကြင် ကဿပဘုရားရှင်၏ တရားစကားတော်ကို။ **ဝါစေသိ** = ပို့ချတော်မူ၏။ **ဗုဒ္ဓဿ စ** = သဗ္ဗညုဘုရားရှင်၏လည်း။ **ဂုဏံ** = ဂုဏ်ကျေးဇူးစကားတော်ကို။ **ကထေသိ** = ဟောကြားပြသ ဆိုဆုံးမခဲ့၏။ **တဿ** = ထိုကောင်းမှုကုသိုလ်ကံ၏။ **နိဿန္ဒေန** = အကျိုးဆက်ကြောင့်။ **ဣမံ သုဝဏ္ဏဝဏ္ဏံ** = ဤရွှေရောင်အဆင်းနှင့်တူတဲ့ အရောင်အဆင်းကို။ **ပဋိလဘိ** = ရရှိခဲ့ပေပြီ။

ကပိလငါးကြီးဟာ ရွှေအဆင်းနှင့်တူတဲ့ အရောင်အဆင်းကို ရရှိခဲ့တာ ဘာကြောင့်လဲ? ရဟန်းဘဝတုန်းက နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး ကဿပဘုရားရှင်ရဲ့ တရားစကားတော်တွေကို ပို့ချပေးခဲ့တယ်၊ စာချဘုန်းကြီးအဖြစ်နဲ့ပေါ့၊ သူတစ်ပါးတွေကို စာပေကျမ်းဂန်တွေ ပို့ချသင်ကြားပေးခဲ့တယ်။ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးတော်တွေကိုလည်း နေ့ညဥ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလပတ်လုံး ဟောကြားပြသ ဆိုဆုံးမပေးခဲ့ပါတယ်။ အဲဒီကုသိုလ်ကံတွေရဲ့ စွမ်းအားကြောင့် ရွှေအဆင်းနှင့်တူတဲ့ အဆင်းကို ရရှိတယ်။ ဒါပေမဲ့လို့ —

**ယံ ဘိက္ခူနံ အက္ကောသကပရိဘာသကော အဟောသိ၊ တေနဿ မုခတော ဒုဂ္ဂန္ဓော ဝါယတိ။**[၄၇၇]

[၄၇၆], [၄၇၇] ဓမ္မပဒ၊ဌ၊ ၂၊၃၂၉။

**ဘိက္ခူနံ** = ရဟန်းတို့အား။ **ယံ အက္ကောသကပရိဘာသကော** = အကြင် ဆဲရေးတတ် ခြိမ်း-ခြောက်တတ်တဲ့စကားသည်။ **အဟောသိ** = ဖြစ်ခဲ့လေပြီ။ **တေန** = ထိုကဲ့သို့သော အကုသိုလ်ကံကြောင့်။ **အဿ** = ထိုကပိလရဟန်း၏။ **မုခတော** = ခံတွင်းမှ။ **ဒုဂ္ဂန္ဓော** = ပုပ်နံတဲ့အနံ့သည်။ **ဝါယတိ** = လှိုင်၍ ထွက်ခဲ့လေ၏။

ကပိလငါးကြီးရဲ့ ပါးစပ်က မကောင်းတဲ့အနံ့ထွက်တာက ဘာဖြစ်လို့လဲ? ရဟန်းတွေကို – "ဓမ္မကို အဓမ္မ, အဓမ္မကို ဓမ္မ" – ပြုလုပ်ကာ ဆဲရေးခဲ့တယ်၊ ခြိမ်းခြောက်ခဲ့တယ်။ အဲဒီမကောင်းမှုအကုသိုလ်ကံတွေကြောင့် သူ့ရဲ့ ပါးစပ်ကနေပြီး အပုပ်နံ့တွေ ထွက်နေတယ်။ တစ်ဦးနှင့် တစ်ဦး မျက်နှာချင်းဆိုင် စကားပြောခဲ့ရင် အနံ့မခံနိုင်လောက်အောင် အပုပ်နံ့ရှိတဲ့ ပုဂ္ဂိုလ်တွေကို တွေ့ဖူးကြလိမ့်မယ်၊ ဘာဖြစ်လို့လဲ? အဲဒါပဲ – အဖြေကို သိနိုင်ပါတယ်။ ကြမ်းတမ်းတဲ့ ဖရုသဝါစာစကားတွေကို တစ်ဖက်သား နားမခံနိုင်အောင် ပြောကြားခဲ့မိတဲ့အတွက် – သြော် - ဒီပုဂ္ဂိုလ်ဟာတော့ တစ်ချိန်က ဒီကံတွေကို လွန်ကျူးခဲ့ပြီဆိုတာ ခန့်မှန်းလို့ မရနိုင်ဘူးလား? ခန့်မှန်းလို့ရတယ်။

ဒါကြောင့် မိမိတို့က ရွှေအဆင်းနှင့် တူတဲ့အဆင်း ဖြစ်ချင်တယ်ဆိုရင်တော့ ဘာလုပ်ရမလဲ? စိတ်ထား ဖြူဖြူစင်စင်ဖြင့် ဘုရားရှင်ရဲ့ တရားစကားတွေကို တစ်ဖက်သားအား သွန်သင်ပြသ ဆိုဆုံးမပေးဖို့ လိုတယ်၊ ဟောကြားပြသပေးဖို့ လိုတယ်။ မကောင်းတဲ့ အနံ့အသက်တွေကို အလိုမရှိခဲ့ဘူးဆိုရင် ဘာဖြစ်ရမလဲ? သူတစ်ပါးတွေကို ကြမ်းတမ်းခက်ထန်နေတဲ့ စကားမျိုး, နားမဝင်နိုင်လောက်တဲ့ စကားမျိုးတွေကို ပြောကြားရမလား? မပြောကြားသင့်ဘူး၊ သိမ်မွေ့နူးညံ့နေတဲ့ စကားမျိုးကို ပြောဖို့လိုတယ်။ ဒီတော့ - ဒီသိမ်မွေ့နူးညံ့နေတဲ့ စကားတစ်ခွန်း ဖြစ်လာရေးအတွက် အခြေခံအကြောင်း-အရင်းက ဘာလဲ? သိမ်မွေ့နူးညံ့နေတဲ့ စိတ်ထား ဖြစ်ပါတယ်၊ နူးညံ့သိမ်မွေ့တဲ့ စိတ်ဓာတ်ကြောင့် နူးညံ့သိမ်မွေ့တဲ့ စကားတွေက ဖြစ်ပေါ်လာမှာ။ ဒီတော့ မိမိတို့ရဲ့ စိတ်ဓာတ်ကို နူးညံ့သိမ်မွေ့တဲ့ စိတ်ထားရှိအောင် ပြုပြင်ပြောင်းလဲပေးဖို့ မလိုအပ်ဘူးလား? လိုအပ်နေတယ်။

ဘယ်လို ပြုပြင်ပြောင်းလဲပေးမလဲ? – မေတ္တာဘာဝနာကမ္မဋ္ဌာန်းကို မေတ္တာဈာန်များကို ရရှိသည်အထိ ခပ်များများ ပွားပေးပါ။ ကရုဏာဘာဝနာကမ္မဋ္ဌာန်းကိုလည်း ကရုဏာဈာန်များကို ရရှိသည်အထိ ခပ်များများ ပွားပေးပါ။ မုဒိတာဘာဝနာကမ္မဋ္ဌာန်းကိုလည်း မုဒိတာဈာန်များကို ရရှိသည့်တိုင်အောင် ခပ်များများ ပွားပေးပါ။ ဥပေက္ခာဘာဝနာကမ္မဋ္ဌာန်းကိုလည်း ဥပေက္ခာဗြဟ္မဝိဟာရဈာန်ကို ရရှိသည်အထိ ခပ်များများ ပွားပေးပါ။ ဒီလို ဗြဟ္မဝိဟာရခေါ်တဲ့ ဗြဟ္မာတို့နှင့်တူတဲ့ မွန်မြတ်သောဈာန်တွေကို ပွားများပြီး နေထိုင်ခြင်းကို ဗြဟ္မဝိဟာရ = ဗြဟ္မာတို့နှင့်တူတဲ့ မွန်မြတ်သော နေထိုင်ခြင်းဖြင့် နေထိုင်နေခြင်းလို့ ခေါ်ဆိုပါတယ်။ ဒီလို ဗြဟ္မစိုရ်တရားတွေကို အမြဲတမ်း ပွားများနေခဲ့မယ်ဆိုလျှင် မိမိတို့ရဲ့ စိတ်ဓာတ်တွေသည် တဖြည်းဖြည်း နူးညံ့ပျော့ပျောင်းလာမည် ဖြစ်ပါတယ်။ ဒီလိုသိမ်မွေ့နူးညံ့ပျော့ပျောင်းတဲ့ စိတ်ဓာတ်ရှိနေတဲ့ သူတော်ကောင်းတစ်ဦးဟာ မေတ္တာဗြဟ္မစိုရ်မျက်မှန်ကို တပ်ဆင်ပြီးတော့ ကြည့်သင့်တဲ့ မေတ္တာထားရမည့် သတ္တဝါကို မေတ္တာဗြဟ္မစိုရ်မျက်မှန် တပ်ဆင်ပြီးတော့ မေတ္တာဗြဟ္မစိုရ်မျက်လုံးနှင့် ကြည့်ပါ။ ကရုဏာဗြဟ္မစိုရ်မျက်မှန်ကို တပ်ဆင်ပြီးတော့ ကြည့်သင့်

တဲ့ ဒုက္ခိတသတ္တဝါကို ကရုဏာပြဟ္မစိုရ်မျက်မှန်ကို တပ်ဆင်ပြီးတော့ ကရုဏာပြဟ္မစိုရ်မျက်လုံးနှင့် ကြည့်ပါ။ မုဒိတာပြဟ္မစိုရ်မျက်မှန်ကို တပ်ဆင်ပြီးတော့ ကြည့်သင့်တဲ့ သုခိတသတ္တဝါကို မုဒိတာ ပြဟ္မစိုရ်မျက်မှန်ကို တပ်ဆင်ပြီးတော့ မုဒိတာပြဟ္မစိုရ်မျက်လုံးနှင့် ကြည့်ပါ။ ဥပေက္ခာပြဟ္မစိုရ်မျက်မှန် ကို တပ်ဆင်ပြီးတော့ ကြည့်သင့်တဲ့ လျစ်လျူရှုသင့်တဲ့ သတ္တဝါကို ဥပေက္ခာပြဟ္မစိုရ်မျက်မှန်ကို တပ်ဆင်ပြီးတော့ ဥပေက္ခာပြဟ္မစိုရ်မျက်လုံးနှင့် ကြည့်ပါ။ ဒီလို ကြည့်တတ်ခဲ့မယ်ဆိုလျှင် မိမိတို့ရဲ့ သန္တာန်မှာ ပြဟ္မစိုရ်ကုသိုလ်တရားတွေဟာ ဒီရေအလား တိုးတက်စည်ကား ကြီးပွားနေမည်သာ ဖြစ်ပါတယ်။

သို့သော် ကပိလရဟန်းကတော့ ထိုကဲ့သို့ မဟုတ်ဘဲ သက်သက် ဓမ္မကို အဓမ္မ, အဓမ္မကို ဓမ္မ လုပ်ကာ ရဟန်းတော်တွေကို ချုပ်ချယ်စောင်းမြောင်း ပြောဆိုကာ ဆဲရေးတိုင်းထွာခဲ့သူ ဖြစ်ခဲ့ပါတယ်။ မိမိရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ်ပဲ။ ခုကြည့်ပေါ့ — ဒီကပိလရဟန်းက ကဿပဘုရားရှင် လက်ထက်တော်ကနေ ကွယ်လွန်သွားခဲ့ပြီးတဲ့အခါ ငရဲရောက်၊ ဂေါတမဘုရားရှင် လက်ထက်တော် ကျတော့ ငါးဖြစ်၊ ငါးဘဝကနေ စုတိပြန်တော့ ဘယ်ပြန်ရောက်သလဲ? ငရဲတစ်ခေါက် ရောက်ရပြန် တယ်။ ဘာကို အခြေခံသလဲ? စိတ်ဓာတ်တွေ ညစ်နွမ်းခဲ့မှုကို အခြေခံနေတယ်။

ဒါကြောင့် ဘုရားရှင်က ဟို . . ပထမ အစပျိုးခဲ့တဲ့ ဂဒ္ဒုလဗဒ္ဓသုတ္တန်မှာ ဆိုကြစို့၊ ဘယ်လို ဟောကြားထားတော်မူသလဲ?

**တသ္မာတိဟ ဘိက္ခဝေ အဘိက္ခဏံ သကံ စိတ္တံ ပစ္စဝေက္ခိတဗ္ဗံ "ဒီဃရတ္တမိဒံ စိတ္တံ သံကိလိဋ္ဌံ ရာဂေန ဒေါသေန မောဟေနာ"တိ၊ စိတ္တသံကိလေသာ ဘိက္ခဝေ သတ္တာ သံကိလိဿန္တိ၊ စိတ္တဝေါ- ဒါနာ သတ္တာ ဝိသုဇ္ဈန္တိ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **တသ္မာ** = ထို့ကြောင့်။ **ဣဓ** = ဤသာသနာတော်မြတ် အတွင်း၌။ **တုမှေ** = သင်ချစ်သားတို့သည် သင်ချစ်သမီးတို့သည်။ **သကံ စိတ္တံ** = မိမိတို့ရဲ့ စိတ်ကို။ **ဣဒံ စိတ္တံ** = ဤ ငါတို့ရဲ့ စိတ်သည်။ **ဒီဃရတ္တံ** = နေ့ညဉ့်သံသရာ ရှည်မြင့်စွာသော အချိန်အခါကာလ ပတ်လုံး။ **ရာဂေန** = ရာဂကြောင့်။ **ဒေါသေန** = ဒေါသကြောင့်။ **မောဟေန** = မောဟကြောင့်။ **သံကိလိဋ္ဌန္တိ** = ညစ်နွမ်း၍ နေရပေ၏ဟူ၍။ **အဘိက္ခဏံ** = မကြာခဏ အမြဲမပြတ်။ **ပစ္စဝေက္ခိတဗ္ဗံ** = ဆင်ခြင်သင့် ဆင်ခြင်ထိုက်ပေ၏။

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **စိတ္တသံကိလေသာ** = စိတ်ဓာတ်ညစ်နွမ်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **သံကိလိဿန္တိ** = ညစ်နွမ်းကြရကုန်၏။ **စိတ္တဝေါဒါနာ** = စိတ်ဓာတ် ဖြူစင်သန့်ရှင်းခြင်းကြောင့်။ **သတ္တာ** = သတ္တဝါတို့သည်။ **ဝိသုဇ္ဈန္တိ** = စင်ကြယ်ကြရကုန်၏။

စိတ်ဓာတ်တွေ ညစ်နွမ်းခဲ့ရင် ဘာဖြစ်မလဲ? သတ္တဝါတွေ ညစ်နွမ်းကြရတယ်၊ စိတ်ဓာတ်တွေ ဖြူစင်သန့်ရှင်းရင် သတ္တဝါတွေ ဖြူစင်သန့်ရှင်းသွားရတယ်၊ ခုနက ပြောခဲ့တဲ့ အမ္ဗပါလီကို ပြန်ကြည့်- ပေါ့ — နောက်ဆုံးဘဝရောက်တော့လည်း လိစ္ဆဝီမင်းသားတွေ အများပိုင်ဆိုင်တဲ့ သရက်ဥယျာဉ်

အတွင်း သရက်ပင်တစ်ပင်ရဲ့အကြားမှာ လာပြီး အင်မတန်ချောမောလှပတဲ့ (ဩပပါတိကပဋိသန္ဓေ အဖြစ်နဲ့ပေါ့လေ) အမျိုးသမီးကလေးတစ်ဦး လာဖြစ်ရတယ်။

လိစ္ဆဝီမင်းသားတွေအားလုံး ပိုင်ဆိုင်တဲ့ သရက်ဥယျာဉ်အတွင်းမှာ ဖြစ်ပေါ်လာရတဲ့အတွက် ကြောင့် လိစ္ဆဝီမင်းသားတွေက အားလုံး ဝိုင်းလုကြတယ်၊ နောက်ဆုံးတော့ တရားသူကြီးတွေကလည်း ဆုံးဖြတ်ချက် မချနိုင်တဲ့အတွက် ဘုံဆိုင်အဖြစ်နဲ့ ခွင့်ပြုလိုက်ရတယ်၊ ပြည့်တန်ဆာမဘဝ ရောက်ရှိ သွားပြန်တယ်။ ပြည့်တန်ဆာဘဝမှာ လိစ္ဆဝီမင်းသားတွေကို အသုံးတော်ခံရာကနေ နောက်ဆုံးတော့ အသက်အရွယ်ကြီးရင့်လာတဲ့အခါ ဘယ်သူမှ အနားမကပ်ကြတော့ဘူး၊ အဲဒီအခါကျတော့မှ သံဝေဂ ရပြီးတော့ သာသနာဘောင်သို့ ဝင်ရောက်ပြီး ရှင်ရဟန်းပြုလာတယ်၊ ရဟန္တာထေရီမ ဖြစ်သွားတယ်။ စိတ်ဓာတ်ကို ဖြူစင်သန့်ရှင်းအောင် ပြုလုပ်နိုင်ခဲ့တဲ့အတွက် ဘာဖြစ်သလဲ? စင်ကြယ်သန့်ရှင်းသွား တယ်။ ဒါပေမဲ့ တစ်ချိန်က စိတ်ဓာတ်ကို ညစ်နွမ်းစေခဲ့တဲ့အတွက်ကြောင့်လည်း ဘာဖြစ်သလဲ? ညစ်နွမ်းရပြန်တယ်၊ သံသရာခရီးမှာ ဆင်းရဲခဲ့ရပြန်တယ်။

ဒါကြောင့် – မိမိတို့ရဲ့ စိတ်ဓာတ်ကလေးတွေကို ဖြူစင်သန့်ရှင်းသွားအောင် မိမိတို့ ပြုပြင် ပြောင်းလဲပေးဖို့ မလိုဘူးလား? လိုအပ်တယ်၊ စိတ်ထဲမှာ ရှိတာတွေကို, သူတစ်ဖက်သားအကြောင်း တွေကို အကုန်ထုတ်ပြောဖို့ လိုနေသေးသလား? မလိုပါဘူး။ လက်နှစ်လုံးလောက်ရှိတဲ့ ပါးစပ်ကို ဘာလုပ်ဖို့ လိုသလဲ? လုံခြုံစွာ ပိတ်ထားဖို့ လိုအပ်ပါတယ်။ အခုလို အများနှင့် စုပေါင်းနေထိုင်နေတဲ့ အချိန်အခါမျိုးမှာ ပိုပြီးတော့ အရေးကြီးတယ်၊ တစ်ဦးနှင့် တစ်ဦး စိတ်ကလေး ချမ်းသာသွားအောင် ကာယကံမေတ္တာနှင့် စကားပြောတတ်ဖို့ လိုတယ်၊ ဝစီကံမေတ္တာနှင့် စကားပြောတတ်ဖို့ လိုတယ်၊ မနောကံမေတ္တာ အပြည့်အဝနှင့် စကားပြောတတ်ဖို့ မလိုဘူးလား? လိုအပ်တယ်။

## ဝါသနာဘာဂီ ဆက်တိုင်းမှီ

ဘဝတစ်ခုတွင် လက်ခံကျင့်သုံးခဲ့တဲ့ ဝါသနာဓာတ်ငွေ့တို့ကား – ကောင်းမွန်သည့် ဝါသနာ ဓာတ်ငွေ့ပင်ဖြစ်စေ, မကောင်းသည့် ဝါသနာဓာတ်ငွေ့ပင်ဖြစ်စေ သံသရာခရီး မဆုံးသေးသူတို့ အတွက် ဘဝအဆက်ဆက်ဝယ် အစဉ်တစိုက် လိုက်ပါကာ နေတတ်ပေတယ်။ ဒီအကြောင်းအရာနှင့် ပတ်သက်လို့ ရှေးဦးစွာ အရှင်ကောကာလိက၏ လောဘအကြောင်းကို ပြောဦးမယ် –

## အရှင်ကောကာလိက၏ လောဘ

အခါတစ်ပါးမှာ ဘုန်းတော်ကြီးမြတ်တော်မူတဲ့ ဘုရားရှင်ဟာ သာဝတ္ထိပြည်မွန်၏ တောင်အစွန် တွင် ဇေတဝန်ကျောင်းတော်မှာ ကိန်းအောင်းမွေ့လျော် နေစံပျော်တော်မူခဲ့ပါတယ်။ အဲဒီအချိန် အခါမှာ တစ်နေ့မှာတော့ အရှင်ကောကာလိကဟာ မြတ်စွာဘုရားရှင်ထံတော်သို့ ချဉ်းကပ်တော်မူ လာပါတယ်။ အဘယ်အကြောင်းကြောင့် ချဉ်းကပ်လာရပါသလဲ?

အကြောင်းကတော့ ဒီလိုပါ။ – ခုပြောမည့် အရှင်ကောကာလိကကတော့ ကောကာလိကတိုင်း

ကောကာလိကမြို့မှာနေတဲ့ ကောကာလိကသူဌေးကြီးရဲ့ သားရတနာတစ်ဦးပင် ဖြစ်ပါတယ်။ သာ-သနာတော်အတွင်းသို့ ဝင်ရောက်ကာ ရှင်ရဟန်းပြုတော်မူပြီးနောက် ဖခင်သူဌေးကြီးက ဆောက်လုပ်လှူဒါန်းထားအပ်တဲ့ ကျောင်းတိုက်မှာပဲ **စူဠကောကာလိက**ဆိုတဲ့ အမည်နှင့် သီတင်းသုံးနေထိုင်လျက်ရှိခဲ့ပါတယ်။ အရှင်ဒေဝဒတ်ရဲ့ တပည့်ကျော်ကြီး အရှင်ကောကာလိကတော့ မဟုတ်ပါဘူး။ အရှင်-ဒေဝဒတ်၏ တပည့်ကျော် အရှင်ကောကာလိကကတော့ ပုဏ္ဏားမျိုး **မဟာကောကာလိက** အမည်ရှိပါတယ်။

ဘုရားရှင် သာဝတ္ထိပြည်တော်မှာ သီတင်းသုံးစံနေတော်မူစဉ် ဘုရားရှင်ရဲ့ အဂ္ဂသာဝက တပည့်-ကြီးနှစ်ပါးဖြစ်ကြတဲ့ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလ္လာန်ကိုယ်တော်မြတ်ကြီးတို့ဟာ တပည့်အခြံအရံ (၅၀၀)တို့နှင့် အတူတကွ ဇနပုဒ်တို့၌ လှည့်လည်တော်မူကြလျက် သာသနာပြုခရီးစဉ်ကို ကြွချီတော်မူခဲ့ကြပါတယ်။ ဝါဆိုဝါကပ်ဖို့ရန် နီးကပ်လာတဲ့အခါမှာ —

၁။ ကာယဝိဝေက = တစ်ကိုယ်ရေ တစ်ကာယ ကင်းဆိတ်စွာ နေလိုခြင်း,

၂။ စိတ္တဝိဝေက = ဈာန်သမာပတ်တို့ကို ဝင်စားလျက် နေလိုခြင်း,

၃။ ဥပဓိဝိဝေက = ဥပဓိလေးဖြာတို့၏ ကင်းဆိတ်ရာ နိဗ္ဗာန်ကို အာရုံပြုလျက် အရဟတ္တဖိုလ်သမာပတ်ကို ဝင်စားကာနေလိုခြင်းဆိုတဲ့ —

ဒီ ဝိဝေကသုံးဖြာဖြင့် နေထိုင်တော်မူလိုကြတဲ့အတွက် နောက်လိုက် တပည့်ရဟန်းတော်တို့ကို ပြန်လွှတ်လိုက်တော်မူကြပြီးတော့ သပိတ်သင်္ကန်းကို ယူဆောင်တော်မူကာ ထိုကောကာလိကဇနပုဒ်ထိုကောကာလိကမြို့ အရှင်စူဠကောကာလိက သီတင်းသုံးရာ ကျောင်းတိုက်သို့ ကြွရောက်သွားတော်မူခဲ့ကြပါတယ်။ အဂ္ဂသာဝက အရှင်မြတ်ကြီးနှစ်ပါးတို့ ထိုကျောင်းတိုက်သို့ ဆိုက်ရောက်တော်မူလာကြတဲ့အခါမှာ အရှင်ကောကာလိကကိုယ်တော်ကလည်း ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို ဖြည့်ကျင့်ပေးတော်မူပါတယ်။ ထိုအဂ္ဂသာဝကကြီး နှစ်ပါးတို့ဟာ ထိုအရှင်ကောကာလိကနှင့် ဝမ်းမြောက်ဝမ်းသာစကားများ ပြောကြားတော်မူကြပြီးနောက် — "ငါ့ရှင် ကောကာလိက တပည့်တော်တို့နှစ်ပါးဟာ ဒီနေရာမှာ ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်လျက် နေထိုင်လိုကြပါတယ်။ တစ်စုံတစ်-ယောက်သောသူအားမျှ တပည့်တော်တို့ဟာ ဘုရားရှင်ရဲ့ အဂ္ဂသာဝကကြီးနှစ်ပါး ဖြစ်ကြောင်းကို မပြောကြားပါလင့်" ဒီလိုပဋိညာဉ်ဝန်ခံချက်ကို ရယူပြီးနောက် ဝါဆိုဝါကပ်တော်မူကြပါတယ်။ ဝါကျွတ်လို့ ပဝါရဏာနေ့ရောက်တဲ့အခါ ပဝါရဏာပြုပြီးနောက် "တပည့်တော်တို့ ပြန်ကြွကြတော့မည်ဘုရား" ဟု အရှင်ကောကာလိကအား ပန်ကြားတော်မူကြပါတယ်။ အရှင်ကောကာလိကကလည်း ယနေ့တစ်ရက်မျှ သီတင်းသုံးတော်မူပြီးနောက် နောက်နေ့သို့ ရောက်ရှိပါမှ ပြန်လည် ကြွတော်မူကြပါရန် လျှောက်ထားတောင်းပန်ပါတယ်။ ဒီလို တောင်းပန်ပြီးနောက် နောက်တစ်နေ့သို့အရောက်မှာ အရှင်-ကောကာလိကက မြို့တွင်းသို့ စောစောဝင်ပြီးတော့ ဒါယကာ ဒါယိကာမတို့ကို ဒီလို ပြောဆိုတယ် —

"ဒကာ ဒကာမတွေ . . . သင်တို့ဟာ အဂ္ဂသာဝကကြီးနှစ်ပါး ဒီမြို့ ဒီကျောင်းသို့ လာပြီးတော့ ဝါဆိုဝါကပ်တော်မူကြသော်လည်း မသိကြကုန်၊ သင်တို့အထဲက တစ်စုံတစ်ယောက်သောသူမျှလည်း

ပစ္စည်းလေးဖြာဖြင့် ဖိတ်ကြားမှု မရှိ" ဒီလို ပြောဆိုခဲ့ပါတယ်။ အဲဒီလို ပြောလိုက်တော့ မြို့သူ မြို့သားတွေကလည်း — "မထေရ်မြတ်ကြီးနှစ်ပါးတို့ဟာ အဘယ်သူတွေပါလဲ — အရှင်ဘုရား၊ အဘယ်ကြောင့် တပည့်တော်တို့ကို မပြောကြားကြပါကုန်သလဲဘုရား" — လို့ ဒီလို လျှောက်ထား-ကြတယ်။

"ပြောပြနေလို့ ဘာထူးတော့မှာလဲ၊ မထေရ်မြတ်ကြီးများနေထိုင်ရာ ထေရာသနနေရာထက်မှာ သီတင်းသုံးထိုင်နေလျက်ရှိကြတဲ့ ရဟန်းတော်မြတ်ကြီးနှစ်ပါးကို သင်တို့ မတွေ့ကြဘူးလား? အဲဒီ နှစ်ပါးတို့ဟာ အဂ္ဂသာဝကကြီးနှစ်ပါးတို့ပဲ"လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

ဒကာ ဒကာမတွေကလည်း လျင်မြန်စွာ စုဝေးကြပြီးတော့ ထောပတ်တင်လဲစတဲ့ စားဖွယ် သောက် ဖွယ်တွေကိုရော သင်္ကန်းချုပ်ရန် ပိတ်စတွေကိုရော စုဆောင်းယူလာကြ သယ်ဆောင်လာကြတယ်။

## အရှင်ကောကာလိကရဲ့ အကြံ

"အဂ္ဂသာဝကမထေရ်မြတ်ကြီးတွေဟာ အလွန့်အလွန် အလိုနည်းပါးခြင်း အပ္ပိစ္ဆဂုဏ်နှင့် ပြည့်စုံ တော်မူကြတယ်၊ ပစ္စည်းလေးပါး လှူချင်လာအောင် ဆွဲဆောင်ညွှန်ပြခြင်း ပယုတ္တဝါစာ[၄၃၈] စကား ကြောင့် ဖြစ်ပေါ်လာတဲ့ လာဘ်လာဘကို သာယာတော်မူကြမည်ကား မဟုတ်ကုန်။ မသာယာကုန် လတ်သော် အလိုမရှိလတ်သော် ကျောင်းထိုင်ကိုယ်တော်အား လှူလိုက်ကြပါဟု မိန့်ကြားတော်မူကြ ပေလတ္တံ့" — ဒီလို စိတ်အကြံအစည်ရှိတဲ့အတွက် ယင်းလှူဖွယ်ဝတ္ထု ပစ္စည်းစုတွေကို ယူဆောင်ပြီး တော့ အဂ္ဂသာဝကမထေရ်မြတ်ကြီးတွေထံသို့ ရောက်ရှိလာခဲ့တယ်။

အဂ္ဂသာဝကမထေရ်မြတ်ကြီးတို့ကလည်း ဒီပစ္စည်းများဟာ ပယုတ္တဝါစာကြောင့် ဖြစ်ပေါ်လာ ကြတဲ့ ပစ္စည်းများဖြစ်ကြောင်းကို ကောင်းကောင်းကြီး သိတော်မူကြတဲ့အတွက် — "ဤပစ္စည်းဝတ္ထု တို့သည် ငါတို့အားလည်း မအပ်စပ်ကုန်၊ ကောကာလိကအားလည်း မအပ်စပ်ကုန်"ဟု နှလုံးပိုက် တော်မူကာ အာဝါသိက = ကျောင်းထိုင်ကိုယ်တော် အရှင်ကောကာလိကအား ပေးလှူလိုက်ကြပါလို့ မပြောဆိုမူကုန်ဘဲ အဲဒီလှူဖွယ်ဝတ္ထုတွေကို အလှူမခံဘဲ ပယ်ရှားကာ ကြွသွားတော်မူကြတယ်။ အဲဒီအခါမှာ အရှင်ကောကာလိကရဲ့သန္တာန်မှာ — "မိမိကိုယ်တိုင် အလှူမခံခဲ့လျှင်လည်း ဘာဖြစ်လို့ ငါ့အား မပေးကြတာလဲ"လို့ စိတ်မချမ်းသာမှု ဒေါမနဿတရားဟာ ထင်ရှားဖြစ်ပေါ်ခဲ့ပါတယ်။ "မိမိတို့ကိုယ်တိုင်က အလှူမခံယူလျှင်လည်း အဘယ်ကြောင့် ငါ့အား မပေးဘဲ ထွက်ခွာသွားကြရကုန် သလဲ?" — ဒီလို ရန်ငြိုးဖွဲ့ထားလိုက်တယ်။

---

[၄၃၈] [**ပယုတ္တဝါစာ** — ဆွေမျိုးမတော်စပ်သူ ဒါယကာ ဒါယိကာမများ၏အထံ၌လည်းကောင်း, ပစ္စည်းလေးပါး တောင်းခံရန် မဖိတ်ကြားထားသူ ဒါယကာ ဒါယိကာမတို့၏အထံ၌လည်းကောင်း ပစ္စည်းလေးပါးကို လှူချင်လာ အောင် ဆွဲဆောင်မှု ပြောဟောမှု အရိပ်အယောင်ပြမှု စတဲ့ ပစ္စည်းလေးပါးကို လှူစေလိုမှုနှင့် စပ်ယှဉ်တဲ့စကားသည် ပယုတ္တဝါစာ မည်တယ်။ ဒီလို ပယုတ္တဝါစာစကားကြောင့် ရရှိတဲ့ ပစ္စည်းလေးပါးဟာ သီတင်းသုံးဖော် (၅)ဦးလုံး တို့အားပင် ဝိနည်းတော်အရ မအပ်စပ်ပါဘူး။]

အဂ္ဂသာဝကကြီးနှစ်ပါးတို့ဟာလည်း ဘုရားရှင်ထံတော်သို့ ပြန်ကြွတော်မူကြပါတယ်။ နောက်တစ်ကြိမ် မိမိတို့ရဲ့ ပရိသတ်တွေကို ခေါ်ဆောင်တော်မူပြီးတော့ ဇနပုဒ်အရပ်ဒေသတွေမှာ လှည့်လည်ပြီးတော့ သာသနာပြု ကြွတော်မူကြပါတယ်။ အစဉ်အတိုင်း ခရီးဒေသစာရီ ကြွချီတော်မူလာရာ ထိုကောကာလိကတိုင်း ထိုကောကာလိကမြို့သို့ပင် တစ်ဖန် ဆိုက်ရောက်တော်မူလာကြတယ်။ ဒီတစ်ကြိမ်မှာတော့ မြို့သူမြို့သားတွေက အဂ္ဂသာဝကမထေရ်မြတ်ကြီးနှစ်ပါးတို့ကို ကောင်းစွာ မှတ်မိကြတယ်။ မြို့လယ်မှာ မဏ္ဍပ်ကြီးဆောက်လုပ်ကာ ပရိက္ခရာတို့နှင့် အတူတကွ လှူဖွယ်ဒါနဝတ္ထုအစုစုကို စီရင်ပြီးတော့ အလှူဒါနကို ပေးလှူကြတယ်။ အဂ္ဂသာဝကမထေရ်မြတ်ကြီးတို့အားလည်း ပရိက္ခရာတို့ကို ဆက်ကပ်လှူဒါန်းကြတယ်။ မထေရ်မြတ်ကြီးတို့ကလည်း ရဟန်းသံဃာတော်အား အပ်နှင်းလှူဒါန်းစေကုန်တယ်။ အဲဒီအပြုအမူကို မြင်တွေ့ရတဲ့အခါ အရှင်ကောကာလိကက ဒီလို စဉ်းစားမိပြန်တယ် —

“ဒီရဟန်းတွေဟာ ရှေးယခင်အခါတုန်းက အလိုနည်းပါးခဲ့ကြတယ်၊ ယခုအခါမှာတော့ လောဘတရားက နှိပ်စက်အပ်ကုန်တဲ့အတွက် ယုတ်မာတဲ့အလိုဆိုးရှိသူတွေ ဖြစ်ကြတယ်၊ ရှေးယခင်တုန်းကလည်း အလိုနည်းသူနှင့် တူအောင်, ရောင့်ရဲလွယ်သူနှင့် တူအောင်, ကင်းဆိတ်မှု ဝိဝေကတရားကို အလိုရှိသူနှင့် တူအောင် နေထိုင်ခဲ့ကြပုံပေါ်တယ်။ ဒီရဟန်းတွေဟာ ယုတ်မာတဲ့အလိုဆိုး ရှိကြတယ်။ မိမိမှာ ထင်ရှားမရှိတဲ့ဂုဏ်ကို ထင်ရှားဖော်ပြတတ်ကုန်တဲ့ ရဟန်းယုတ်တွေ ဖြစ်ကြတယ်” — ဒီလို စိတ်အကြံအစည် ဖြစ်ခဲ့တယ်။

ဒီလောက်နှင့် သူက ရပ်တန့်ပြီးတော့မနေဘဲ အရှင်ကောကာလိကဟာ အဂ္ဂသာဝကမထေရ်-မြတ်ကြီးနှစ်ပါးထံသို့ ချဉ်းကပ်ပြီးတော့ — “ငါ့ရှင်တို့ အရှင်ဘုရားတို့ဟာ ဟိုရှေးယခင်အခါက အလိုနည်းပါးသူတို့ကဲ့သို့ ရောင့်ရဲလွယ်သူတို့ကဲ့သို့ ကင်းဆိတ်မှု ဝိဝေကသုံးပါးကို လိုလားသူတို့ကဲ့သို့ ဖြစ်ခဲ့ကြတယ်၊ ခုအခါမှာတော့ အရှင်ဘုရားတို့ဟာ ရဟန်းယုတ်တို့ ဖြစ်နေကြပါကုန်ပကော” — ဒီလိုပြောဆိုပြီးနောက် သပိတ်သင်္ကန်းကို ယူဆောင်ကာ ချက်ချင်းပဲ ခပ်မြန်မြန် ထွက်ခွာသွားတယ်။ “ဒီအကြောင်းအရာကို မြတ်စွာဘုရားအား တင်ပြလျှောက်ထားပေအံ့” — ဒီလို နှလုံးပိုက်ပြီးတော့ သာဝတ္ထိသို့ ရှေးရှုခရီးထွက်ခွာခဲ့တယ်၊ အစဉ်အတိုင်း ကြွချီလာလေရာ ဘုရားရှင် ရှိတော်မူရာသို့ ချဉ်းကပ်ဆိုက်ရောက်လာခဲ့တယ်။ ဒါကတော့ အရှင်ကောကာလိက ဘုရားရှင်ထံတော်သို့ ဆိုက်-ရောက်လာရခြင်းရဲ့ အကြောင်းရင်းပဲ ဖြစ်ပါတယ်။

ကောကာလိကရဟန်းဟာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီးတော့ မြတ်စွာဘုရားကို ရှိခိုးလျက် တစ်ခုသောနေရာမှာ ထိုင်ပြီးတဲ့အခါ မြတ်စွာဘုရားအား ဒီလို လျှောက်ထားတယ်။

“မြတ်စွာဘုရား . . . သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့ဟာ အလိုဆိုး ရှိကြပါတယ်။ ယုတ်မာကုန်တဲ့ အလိုဆိုးတို့ရဲ့နောက်သို့ လိုက်ပါနေကြပါတယ်” ဒီလို လျှောက်ထားလိုက်တယ်။ အဲဒီအခါမှာ ဘုရားရှင်က — “ကောကာလိက . . . ဒီလိုမပြောနဲ့၊ ကောကာလိက . . . ဒီလိုမပြောနဲ့၊ ကောကာလိက . . . သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့ဟာ သီလကို ချစ်မြတ်နိုးကြတယ်၊ သာရိပုတ္တရာ

မောဂ္ဂလ္လာန်တို့အပေါ်မှာ သင်ရဲ့စိတ်ကို ကြည်လင်နေပါစေ” ဒီလိုမိန့်ကြားတော်မူလိုက်ပါတယ်။ နှစ်ကြိမ်မြောက်လည်း ကောကာလိကရဟန်းက မြတ်စွာဘုရားအား နည်းတူ လျှောက်ထားတယ်၊ သုံးကြိမ်မြောက်လည်း နည်းတူ လျှောက်ထားတယ်။ ဘုရားရှင်ကလည်း သုံးကြိမ်တိုင်တိုင်ပင် နည်းတူ တားမြစ်တော်မူပါတယ်။[၄၃၉]

အဲဒီအခါမှာ ကောကာလိကရဟန်းဟာ နေရာမှ ထပြီးတော့ မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် အရိုအသေပြုကာ ဖဲခွာသွားပါတယ်၊ ဖဲခွာသွားပြီးလို့ မကြာမြင့်မီပဲ ကောကာလိကရဟန်းအား မုန်ညင်းစေ့ပမာဏမျှလောက်ရှိကုန်တဲ့ အဖုတွေဟာ တစ်ကိုယ်လုံး အနှံ့အပြား ဖြစ်ပေါ်ပြီးတော့ လာကြတယ်။ မုန်ညင်းစေ့ပမာဏမှ ပဲနောက်စေ့မျှလောက်၊ ပဲနောက်စေ့ပမာဏမှ ကုလားပဲစေ့မျှလောက်၊ ကုလားပဲစေ့ပမာဏမှ ဆီးစေ့မျှလောက်၊ ဆီးစေ့ပမာဏမှ ဆီးသီးမျှလောက်၊ ဆီးသီးပမာဏမှ သျှိသျှားသီးမျှလောက်၊ သျှိသျှားသီးပမာဏမှ ဥသျှစ်သီးနုမျှလောက်၊ ဥသျှစ်သီးနုပမာဏမှ ဥသျှစ်သီးကြီးမျှလောက် ဖြစ်ပေါ်လာကြတယ်၊ ဥသျှစ်သီးကြီးမျှလောက် ဖြစ်လာတဲ့အခါ ပေါက်ကွဲပြီးတော့ ပြည်သွေးတွေဟာ ယိုစီးထွက်လာကြတယ်။ အဲဒီအခါမှာ ကောကာလိကရဟန်းဟာ ဒီအနာကြောင့်ပဲ သေသွားခဲ့တယ်။ သေပြီးတော့ ကောကာလိကရဟန်းဟာ အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်တို့အပေါ်မှာ ပြစ်မှားခဲ့တဲ့ အကုသိုလ်ကံကြောင့် ပဒုမငရဲမှာ သွားဖြစ်ရတယ်။[၄၄၀]

ဒီကောကာလိကကို အကြောင်းပြုပြီးတော့ ဘုရားရှင်က ရဟန်းတော်တွေကို ဒီလို ဆုံးမထားတော်မူပါတယ် —

“မွေးလာတဲ့ ယောက်ျားရဲ့ ပါးစပ်ထဲမှာ ဓားမကြီးတစ်လက် ပါလာတယ်၊ ယင်းဓားမကြီးဖြင့် လူမိုက်ဟာ မကောင်းပြောလျှက် မိမိကိုယ်ကို မိမိ ပိုင်းဖြတ်တတ်တယ်။ အကြင်သူဟာ ကဲ့ရဲ့ထိုက်တဲ့ သူကို ချီးမွမ်းတယ်၊ ချီးမွမ်းထိုက်တဲ့ သူကို ကဲ့ရဲ့တယ်၊ အဲဒီသူမိုက်ဟာ ပါးစပ်ဖြင့် အပြစ်ကို ဆည်းပူးနေသည်မည်တယ်၊ အဲဒီသူမိုက်ဟာ အဲဒီအပြစ်ကြောင့် ချမ်းသာသုခကို မရနိုင်ဘူး။ ကြွေအန်လောင်းကစားရာမှာ မိမိခန္ဓာကိုယ်နှင့်တကွ စည်းစိမ်ဥစ္စာအားလုံးရဲ့ ဆုံးရှုံးခြင်းဟာ အနည်းငယ်မျှ မပြောပလောက်တဲ့ ဆုံးရှုံးခြင်းသာ ဖြစ်တယ်။ မဂ္ဂင် (၈)ပါးတည်းဟူသော ညီညွတ်သောအကျင့်ကို ကျင့်တော်မူကြတဲ့အတွက် နိဗ္ဗာန်သို့ ကောင်းစွာ ဆိုက်ရောက်တော်မူကြပြီးကုန်တဲ့, ဗုဒ္ဓ ပစ္စေကဗုဒ္ဓ

---

[၄၃၉] [**မှတ်ချက်**။ ။ ဘုရားရှင်ဟာ အဆောတလျင် ဆိုက်ရောက်လာတဲ့ ဒီကောကာလိကရဟန်းကို မြင်ကတည်းက ဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်တော်မူလိုက်တဲ့အခါ – “ဒီကောကာလိကဟာ အဂ္ဂသာဝကနှစ်ပါးတို့ကို ဆဲရေးပြစ်မှားလိုတဲ့အတွက် ဆိုက်ရောက်လာတယ်” – လို့ ကောင်းကောင်းကြီးပင် သိတော်မူပါတယ်။ ငါဘုရားရှင်ဟာ တားမြစ်နိုင်မလားလို့ ဆင်ခြင်ကြည့်တော်မူလိုက်တဲ့အခါ – မတားမြစ်နိုင်လို့ သိမြင်တော်မူပါတယ်။ “အဂ္ဂသာဝကမထေရ်တွေကို ပြစ်မှားမိတဲ့အတွက် သေခဲ့သော် ကျိန်းသေဧကန် ပဒုမငရဲမှာ ဖြစ်လတ္တံ့.”ဆိုတာကိုလည်း မြင်တော်မူတဲ့အတွက် - “သာရိပုတ္တရာ မောဂ္ဂလ္လာန်တို့အပေါ်၌သော်လည်း ပြစ်မှားခြင်းမည်သည်ကို ကြား၍သော်လည်း တားမြစ်တော်မမူပါလား”–လို့ သူတစ်ပါးတို့ ပြောကြားခြင်းမှ လွတ်မြောက်ရန်အလို့ငှာလည်းကောင်း, အရိယူပဝါဒကံ၏ ကြီးမားသောအပြစ်ရှိသည်၏အဖြစ်ကိုလည်းကောင်း ထင်ရှားပြတော်မူခြင်းငှာ ကောကာလိကရဟန်းတော်ကို ဘုရားရှင်က ဒီလို သုံးကြိမ်တိုင်တိုင် တားမြစ်တော်မူခဲ့ခြင်း ဖြစ်ပါတယ်။]

[၄၄၀] သံ၊၁၊၁၅၂။ သံ၊၄၊၁၊၁၉၈-၁၉၉။ သုတ္တနိပါတ၊၄၊၁၊၁၉၄-၁၉၅။

ဗုဒ္ဓသာဝကဆိုတဲ့ ကြီးကျယ်မြင့်မြတ်တဲ့ အရာဌာနသို့ ရောက်တော်မူကြပြီးကုန်တဲ့ သုဂတ အမည်ရှိ-တော်မူကြကုန်တဲ့ သူတော်ကောင်းတို့အပေါ်မှာ ပြစ်မှားမိတဲ့ ဒီအပြစ်ကသာ ကြီးလေးတဲ့ အပြစ်မည်တယ်။[၅၅၀]

ဒီလို ဘုရားရှင်က တပည့်သာဝကတွေကို ဆိုဆုံးမထားတော်မူပါတယ်။ အရှင်ကောကာလိကဟာ အဂ္ဂသာဝကကြီးနှစ်ပါးတို့အပေါ်မှာ မဟုတ်မတရား စွပ်စွဲမိတဲ့ အရိယူပဝါဒကံကြောင့် ပဒုမမည်တဲ့ နှစ်အရေအတွက်နှင့် အညီအမျှ အဝီစိငရဲမှာ ကြီးစွာသော ဆင်းရဲဒုက္ခကို ခံနေရပါတယ်။ အခြေခံအကြောင်းရင်းကို ဆန်းစစ်ကြည့်လိုက်တော့ ပစ္စည်းလေးဖြာအပေါ်တွင် တွယ်တာတပ်မက်ခဲ့တဲ့ တဏှာလောဘပဲ ဖြစ်ပါတယ်။ အနုသယဓာတ်အဖြစ် ကိန်းဝပ်နေတဲ့ တဏှာလောဘဟာ စိတ်အစဉ်တွင် ထင်ရှားဖြစ်ပေါ်လာတဲ့ ပရိယုဋ္ဌာနကိလေသာအဆင့်သို့ တစ်ဆင့်တက်လာတယ်။ အဲဒီပရိယုဋ္ဌာနအဆင့်တွင် မနှိမ်နင်းနိုင်သည့်အတွက် ယင်းလောဘဟာ ဒေါသအပေါင်းအဖော်ကိုပါ ရရှိတဲ့အခါ ရန်ငြိုးဖွဲ့ခြင်း မဟုတ်မတရား စွပ်စွဲခြင်းဆိုတဲ့ ဝီတိက္ကမကိလေသာအဆင့်သို့တိုင်အောင် ကူးစက်သွားခဲ့တယ်။ ယင်းအကုသိုလ်ကံက အဝီစိငရဲသို့ရောက်အောင် အရှင်ကောကာလိကကို ပို့ဆောင်ပေးလိုက်ပါတယ်။ လောဘနှင့် ယှဉ်တွဲနေတဲ့ စိတ်ဓာတ်ရဲ့ စွမ်းအားကား ကြီးမားလှပါတယ်။ ရဟန်းဘဝဖြင့် သူပြုစုပျိုးထောင်နေတဲ့ အလောဘ, အဒေါသ, အမောဟတရားတွေက အလွန်အား-ပျော့နေခဲ့တယ်။ ဒီလိုအားပျော့နေတဲ့ အလောဘ, အဒေါသ, အမောဟတရားတွေက အားကောင်းမောင်းသန်နေတဲ့ လောဘ, ဒေါသ, မောဟတရားတွေကို အနိုင်ယူဖို့ရန် မစွမ်းနိုင် ဖြစ်ခဲ့ရတယ်။

တရားနာပရိသတ်ဖြစ်ကြတဲ့ ယောဂီတွေရဲ့ ပါးစပ်ထဲမှာလည်း မွေးကတည်းက ဓားမကြီးတစ်လက် ပါလာပါတယ်၊ အဲဒီ ဓားမကြီးက မိမိကိုယ်ကို ပိုင်းဖြတ်မသွားအောင် သတိပြုသင့်လှကြပါတယ်။

## အရှင်ကောကာလိက၏ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ဓာတ်လမ်း

အရှင်ကောကာလိကဟာ ယခုဘဝမှာသာ ပါးစပ်ကို အမှီပြုပြီးတော့ ပျက်စီးရတာ မဟုတ်သေးဘူး၊ ရှေးရှေးဘဝတုန်းကလည်း ပါးစပ်ကို အမှီပြုပြီးတော့ ပျက်စီးခဲ့ရဖူးသည်သာ ဖြစ်ပါတယ်။ ဘဝတစ်ခုမှာ လက်ခံကျင့်သုံးခဲ့တဲ့ ဝါသနာဓာတ်ငွေ့တွေဟာ ဘဝအဆက်ဆက် လိုက်ပါနေတဲ့ ထုံးဟောင်းတစ်ခု ဖြစ်ပါတယ်။ အရှင်ကောကာလိက အလောင်းအလျာဟာ အတိတ်ဘဝတစ်ခုဝယ် ဟိမဝန္တာအရပ် အိုင်တစ်အိုင်မှာ လိပ်တစ်ကောင် ဖြစ်ခဲ့ဖူးတယ်။ အဲဒီအိုင်မှာ လာရောက်ကျက်စားနေကျ ဟင်္သာငယ်နှစ်ကောင်တို့ဟာ အဲဒီလိပ်နှင့် ချစ်ကျွမ်းဝင်ကာ မြဲမြံတဲ့မိတ်ဆွေများ ဖြစ်သွားကြတယ်။ တစ်နေ့မှာတော့ ဟင်္သာငယ်နှစ်ကောင်တို့က လိပ်ကို – "မိတ်ဆွေ . . . ငါတို့ရဲ့ ဟိမဝန္တာဝယ် စိတ္တကုဋ်တောင်ယံမှာ ရွှေဂူအတွင်းဝယ် နေထိုင်စရာနေရာရှိတယ်၊ မွေ့လျော်ဖွယ်ကောင်းတဲ့ နေရာတစ်ခု ဖြစ်တယ်၊ ငါတို့နှင့်အတူ သွားမလား"လို့ မေးမြန်းကြတယ်။ "မိတ်ဆွေတို့ . . . ငါ ဘယ်လိုသွားရမှာလဲ"လို့ မေးလိုက်တဲ့အခါမှာ ဟင်္သာတွေက – "အကယ်၍ သင်ဟာ ပါးစပ်ကို စောင့်စည်း

[၅၅၀] သံ၊၁၊၁၅၄။ သုတ္တနိပါတ၊၄၊၁၊၁၉၇-၁၉၈။

နိုင်ပါမူ ငါတို့ဟာ သင့်ကို သယ်ဆောင်သွားကြမယ်”လို့ ပြန်ပြောကြတယ်။ လိပ်ကလည်း ပါးစပ်ကို စောင့်စည်းပါမည်လို့ ဝန်ခံကတိပေးလိုက်တယ်၊ မိမိကို သယ်ဆောင်သွားရန် တောင်းပန်စကားလည်း ပြောလိုက်တယ်။ ဟင်္သာတို့ကလည်း ကောင်းပြီလို့ ပြောဆိုကာ လိပ်ကို ပါးစပ်ဖြင့် တုတ်တစ်ချောင်းကို ကိုက်ထားခိုင်းလိုက်ကြတယ်။ မိမိတို့ ဟင်္သာနှစ်ကောင်က အဲဒီတုတ်ချောင်းရဲ့ အစွန်းနှစ်ဖက်တို့ကို တစ်ဖက်စီ ကိုက်ချီပြီးတော့ ကောင်းကင်သို့ ပျံတက်သွားကြတယ်။

ဟင်္သာတို့ရဲ့ ပျံသန်းသွားနေတဲ့အဟုန်က အလွန်လျင်မြန်လှတယ်။ ရွာသူသားငယ်တို့က မြင်-တွေ့ကြတဲ့အခါ – “ဟင်္သာနှစ်ကောင်တို့က လိပ်တစ်ကောင်ကို တုတ်တစ်ချောင်းဖြင့် သယ်ဆောင်သွားကြတယ်”လို့ အော်ပြောကြတယ်။ လိပ်ကလည်း – “ငါ့ကို ငါ့မိတ်ဆွေတွေက သယ်ဆောင်သွားတာ နင်တို့နှင့် ဘာဆိုင်လဲ”လို့ ပြန်ပြောချင်နေတယ်။ သို့သော် ဟင်္သာတို့ ပျံသန်းနေတဲ့ အရှိန်အဟုန်က အလွန်လျင်မြန်တဲ့အတွက်ကြောင့် ဗာရာဏသီမင်းနန်းတော်ရဲ့ အထက်ကောင်းကင်ယံသို့ ရောက်မှ ပြန်ပြောဖို့ရန် တုတ်ချောင်းကို ကိုက်ထားတဲ့နေရာမှ လွှတ်လိုက်မိတယ်။ မင်းရင်ပြင်တော်မှာပဲ ကျပြီးတော့ ကြေမွပျက်စီးသွားရတယ်။[၄၄၂]

ဘဝတစ်ခုမှာ မွေးမြူမိတဲ့ နှုတ်ကို မစောင့်စည်းနိုင်ခြင်းဆိုတဲ့ မကောင်းဓာတ်တွေဟာ နောက်-နောက်ဘဝများအထိ လိုက်ပါတတ်ပုံကို တရားနာနေကြတဲ့ ပရိသတ်တွေ သတိပြုသင့်ကြတယ်။ နောက်တစ်ခု ထပ်ပြောရဦးမယ် – သာကီဝင်မင်းသား အရှင်ဥပနန္ဒရဲ့ လောဘအကြောင်းပဲ။

## သာကီဝင်မင်းသား အရှင်ဥပနန္ဒ၏ လောဘ

အရှင်ဥပနန္ဒမထေရ်ဟာ ဘုရားရှင်ရဲ့ ဆွေတော်မျိုးတော် သာကီဝင်မင်းသားတစ်ဦးလည်း ဖြစ်ပါတယ်၊ ဥပဓိသမ္ပတ္တိနှင့်လည်း ပြည့်စုံပါတယ်၊ တရားအဟောအပြောမှာလည်း လိမ္မာကျွမ်းကျင်တော်မူပါတယ်။ ခေတ်စကားနှင့် ပြောရရင်တော့ အရှင်ဥပနန္ဒဟာ နိုင်ငံကျော် ဓမ္မကထိကတစ်ပါး ဖြစ်ပါတယ်။ အဲဒီအရှင်ဥပနန္ဒကို အကြောင်းပြုပြီးတော့ ပညတ်တော်မူရတဲ့ သိက္ခာပုဒ်တွေဟာလည်း များပြားလှပါတယ်။ ရဟန်းတော်များ ရွှေငွေကို အလှူမခံရလို့ ပညတ်ထားတော်မူတဲ့ ရူပိယသိက္ခာ-ပုဒ်ဟာလည်း အရှင်ဥပနန္ဒရဲ့ ငွေအလှူခံမှုကို အကြောင်းပြုပြီးတော့ ပညတ်တော်မူရတဲ့ သိက္ခာပုဒ်တော် ဖြစ်ပါတယ်။ ရဟန်းတစ်ပါးဟာ ဝါဆိုကျောင်း တစ်ကျောင်းမှာသာ ဝါဆိုရမယ်၊ ဝါဆိုကျောင်းနှစ်ကျောင်း သုံးကျောင်း စသည် ခွပြီးတော့ ဝါမဆိုရ၊ ဒီလိုပညတ်တော်မူရတဲ့ သိက္ခာပုဒ်များမှာလည်း အရှင်ဥပနန္ဒကိုပင် အကြောင်းပြုပြီးတော့ ပညတ်တော်မူရခြင်း ဖြစ်ပါတယ်။ ဒီလို သူ့ကို အကြောင်းပြုပြီးတော့ ပညတ်တော်မူရတဲ့ သိက္ခာပုဒ်တွေဟာ များလှပါတယ်။

တစ်ချိန် အရှင်ဥပနန္ဒဟာ တောကျောင်းတစ်ကျောင်းမှာ တရားဟောတော်မူပါတယ်။ ပစ္စည်းလေးပါးနှင့် စပ်ပြီးတော့ အလိုနည်းပါးခြင်း = အပ္ပိစ္ဆတာဂုဏ်, ရောင့်ရဲလွယ်ခြင်း = သန္တုဋ္ဌိဂုဏ် စတဲ့ ရဟန်းတော်များရဲ့ ခြိုးခြံစွာ ပစ္စည်းလေးပါးကို သုံးစွဲပုံနှင့် စပ်ယှဉ်နေတဲ့ အရှင်ဥပနန္ဒရဲ့ တရားစကား

---

[၄၄၂] ဓမ္မပဒ၊ဋ္ဌ၊ ၂၊၃၆၃။

များကို ကြားနာကြရတဲ့ ရဟန်းများစွာတို့ဟာ အရှင်ဥပနန္ဒကို တိစီဝရိက်သက်န်းသုံးထည်တို့ဖြင့် ပူဇော်ကြတယ်။ ဓုတင်ကျင့်ဝတ်ပဋိပတ်များကို ဆောက်တည်တော်မူကြကုန်တယ်။ အဲဒီဓုတင်-ဆောင် ရဟန်းတော်တို့က စွန့်ပစ်လိုက်ကြတဲ့ ပရိက္ခရာအားလုံးတို့ကို အရှင်ဥပနန္ဒကပဲ သိမ်းကျုံးပြီးတော့ အားလုံး ယူလိုက်တယ်။ အရှင်ဥပနန္ဒဟာ ဝါဆိုဝါကပ်ဖို့ရန် နီးကပ်လာတဲ့အခါ ဇနပုဒ်တစ်ခုသို့ ကြွသွားတော်မူပါတယ်။ ဒီလိုကြွသွားတဲ့အခါ ထိုအရှင်ဥပနန္ဒကို ကျောင်းတိုက်တစ်ခုမှာ သီတင်းသုံး-နေထိုင်လျက်ရှိတော်မူကြတဲ့ ရဟန်းငယ် သာမဏေငယ်တို့က တရားဟောကောင်းတဲ့ ဓမ္မကထိက ကောင်းဆိုတဲ့ ချစ်မြတ်နိုးခြင်းဖြင့် "အရှင်ဘုရား ဒီကျောင်းတိုက်မှာပဲ ဝါဆိုဝါကပ်တော်မူပါ"လို့ လျှောက်ထားကြတယ်။ "ဒီကျောင်းတိုက်မှာ ဝါဆိုသင်္ကန်း ဘယ်၍ ဘယ်မျှ ရရှိပါသလဲ"လို့ မေးမြန်းကြည့်လိုက်တဲ့အခါ သံဃာတစ်ပါးလျှင် ဝါဆိုသင်္ကန်း တစ်စုံစီသာ ရကြောင်း ပြန်လည်လျှောက်ထားကြတဲ့အခါ အဲဒီကျောင်းမှာ ဖိနပ်ထားခဲ့ပြီးတော့ အခြားကျောင်းတစ်ခုသို့ သွားပြန်တယ်။ ဒုတိယ ကျောင်းတိုက်သို့ ရောက်တဲ့အခါ ဝါဆိုသင်္ကန်းနှင့် စပ်ပြီးတော့ မေးမြန်းကြည့်ပြန်တဲ့အခါ ဝါဆိုသင်္ကန်း နှစ်စုံရကြောင်း သတင်းကောင်းကို ပြောဆိုလျှောက်ထားကြတဲ့အတွက် အဲဒီကျောင်းမှာ တောင်ဝှေးကို ထားခဲ့ပြန်တယ်။ တတိယကျောင်းတိုက်တစ်ခုသို့ ရောက်တဲ့အခါ ဝါဆိုသင်္ကန်း သုံးစုံရကြောင်း သတင်းကောင်းကို ကြားသိရပြန်တဲ့အတွက် အဲဒီကျောင်းမှာ ရေဘူးကို ထားခဲ့ပြန်တယ်။ စတုတ္ထ ကျောင်းတိုက်တစ်ခုသို့ ရောက်တဲ့အခါ ဝါဆိုသင်္ကန်း လေးစုံရကြောင်း သတင်းကောင်းကို ကြားသိရတဲ့အတွက် "ကောင်းပြီ . . . ဒီကျောင်းတိုက်မှာ ဝါဆိုပေအံ့"လို့ ဆုံးဖြတ်ချက်ချပြီးတော့ အဲဒီကျောင်းတိုက်မှာ ဝါဆိုဝါကပ်လျက် လူဒါယကာ ဒါယိကာမတွေကိုရော ရဟန်းတော်တွေကိုရော တရားစကားများကို ဟောကြားပြသ ဆိုဆုံးမပေးတော်မူပါတယ်။ အဲဒီ ရှင်ရဟန်းတွေနှင့် လူဒါယကာ ဒါယိကာမအပေါင်းတို့က အရှင်ဥပနန္ဒကို များပြားလှတဲ့ အဝတ်သင်္ကန်းတွေဖြင့် ပူဇော်ကြတယ်။ အရှင်ဥပနန္ဒဟာ ဝါကျွတ်တဲ့အခါ ဖိနပ် တောင်ဝှေး စသည်တို့ ထားခဲ့ရာ အခြားကျောင်းတိုက်တွေမှာ "ငါသည် ပရိက္ခရာကို ထားခဲ့သည့်အတွက် ဝါဆိုသင်္ကန်းကို ရထိုက်တယ်။ အဲဒီ ဝါဆိုသင်္ကန်းကို ငါ့ထံသို့ ပို့လိုက်ကြပါ"လို့ သတင်းစကား ပို့လိုက်တယ်။ ဝါကျွတ်တဲ့အခါမှာ အဲဒီသင်္ကန်းအားလုံး ဆောင်ယူကာ လှည်းတစ်ခုလုံး အပြည့်တင်ပြီးတော့ သာဝတ္ထိဘက်သို့ တာစူကာ ခရီးထွက်ခဲ့ပါတယ်။

လမ်းခုလတ်တစ်နေရာရောက်တော့ ကျောင်းတိုက်တစ်ခု တည်ရှိနေတာကို တွေ့ရပြန်တယ်။ အဲဒီကျောင်းတိုက်နားသို့အရောက်တွင် ခြေထောက်ကို နွယ်တစ်ချောင်းက ငြိမိသဖြင့် လာဘ်ရလိမ့်မည်လို့ အတိတ်ကောက်ကာ အဲဒီကျောင်းတိုက်အတွင်းသို့ ဝင်သွားလိုက်တယ်။ ကံဆိုးမိုးမှောင်ကျချင်တော့ ပြဿနာတစ်ခုနှင့် ရင်ဆိုင်တိုးမိပြန်တယ်။ ပြဿနာကတော့ ဒီလိုပါ – အဲဒီကျောင်းမှာ ရဟန်းနှစ်ပါးတို့ ဝါဆိုဝါကပ်ကြရာ ဖျင်ကြမ်းသင်္ကန်း = ပိတ်သင်္ကန်းနှစ်စုံနှင့် ကမ္ဗလာသင်္ကန်းတစ်စုံ ရရှိကြတယ်။ အဝေမတည့် ဖြစ်နေကြတယ်။ ရဟန်းနှစ်ပါးတို့ဟာ လမ်းခရီးအနီးမှာ ထိုင်ကာ ငြင်းခုံနေကြတယ်။ အဲဒီရဟန်းငယ်တွေဟာ အရှင်ဥပနန္ဒထေရ် ကြွလာတာကို မြင်ကြရတဲ့အခါ သင်္ကန်းများကို ဝေခြမ်းပေးပါရန် တင်ပြလျှောက်ထားကြတယ်။ အရှင်ဥပနန္ဒက အရှင်ဘုရားတို့ပဲ ဝေဖန်ယူကြပါလို့ ပြန်လည်မိန့်ကြားပါတယ်။ "အရှင်ဘုရားတို့ကသာ ဝေဖန်၍ ပေးတော်မူကြပါ၊ တပည့်တော်

တို့ ဝေခြမ်း၍ မရနိုင် ဖြစ်နေကြပါတယ်”လို့ ထပ်မံပြီးတော့ လျှောက်ထားကြတယ်။ ဒီလိုဆိုလျှင် “တပည့်တော်ရဲ့ စကားမှာ ရပ်တည်နိုင်ကြပ့ါမလား”လို့ မေးမြန်းလိုက်တဲ့အခါ ရပ်တည်နိုင်ပါကြောင်း ဝန်ခံစကား လျှောက်ထားကြတယ်။ အဲဒီအခါမှာ အရှင်ဥပနန္ဒက ကောင်းပြီလို့ ပြောဆိုပြီးတော့ အဲဒီ ရဟန်းငယ်တို့အား ပိတ်သက်န်းတစ်စုံစီ ပေးကာ – “ဒီကမ္ဗလာသက်န်းကတော့ တရားဟော ဓမ္မကထိကဖြစ်ကုန်တဲ့ ငါတို့အား ဝတ်ရုံခြင်းငှာ လျောက်ပတ်တယ်” – ဒီလို ပြောဆိုပြီးတော့ များစွာ အဖိုးထိုက်တန်တဲ့ ကမ္ဗလာသက်န်းကိုပါ ယူဆောင်ပြီးတော့ သွားပြန်တယ်။ ရဟန်းငယ်တို့လည်း စိတ်မကောင်းကြ စိတ်မကြည်လင်ကြတဲ့အတွက် ဘုရားရှင်ထံသို့သွားကာ ထိုအကြောင်းအရာကို တင်ပြလျှောက်ထားကြတယ်။ ထိုအခါ ဘုရားရှင်က – “ရဟန်းတို့ . . . ဒီဥပနန္ဒဟာ ယခုအခါ၌သာ လျှင် သင်တို့၏ ဥစ္စာပစ္စည်းကို ယူ၍ သင်တို့ကို စိတ်မချမ်းမြေ့အောင် ပြုသည် မဟုတ်သေး၊ ဟိုရှေးယခင်အခါကလည်း ပြုခဲ့ဖူးသည်သာတည်း”လို့ မိန့်တော်မူပြီးနောက် အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်း၍ ဟောကြားတော်မူခဲ့ပါတယ်။ အတိတ်ဇာတ်ကြောင်းကတော့ ဒီလိုပါ –

အတိတ်ဘဝတစ်ခုဝယ် မြစ်ကမ်းပါးအနီးမှာ ကျင်လည်ကျက်စားလေ့ရှိတဲ့ ဖျံတစ်ကောင်, ရေနက်မှာ ကျင်လည်ကျက်စားလေ့ရှိတဲ့ ဖျံတစ်ကောင်, ဒီဖျံနှစ်ကောင်တို့ဟာ ငါးကြင်းကြီးတစ်ကောင်ကို အတူဝိုင်းဖမ်းလိုက်လို့ ရရှိကြတဲ့အခါ အဝေမတည့် ဖြစ်နေကြတယ်။ ဂင်္ဂါမြစ်ကမ်းတစ်နေရာတွင် ဖြစ်ပါတယ်။ ဒီဖျံနှစ်ကောင်ကတော့ သက်န်းအဝေမတည့် ဖြစ်နေကြတဲ့ ရဟန်းငယ်နှစ်ပါးရဲ့ အလောင်းအလျာများပင် ဖြစ်ကြတယ်။ အရှင်ဥပနန္ဒအလောင်းကတော့ ဂင်္ဂါမြစ်ကမ်းပါးမှာပဲ ကျက်စားနေတဲ့ မြေခွေးတစ်ကောင် ဖြစ်ခဲ့တယ်။ မာယာဝီအမည်ရှိတဲ့ မြေခွေးမငယ်တစ်ကောင်လည်း သူ့မှာ ရှိနေတယ်။ အဲဒီ မာယာဝီက ငါးကြင်းသားကို စားချင်ပါတယ်လို့ ချင်ခြင်းတပ်နေတဲ့အတွက် ဥပနန္ဒအလောင်း မြေခွေးဓမျာလည်း ငါးကြင်းသား အရှာထွက်ခဲ့ရတယ်။

တရားနာပရိသတ် ဒါယကာကြီးတွေမှာလည်း မာယာဝီတစ်ဦးတော့ ရှိကောင်း ရှိနိုင်ပါတယ်။ စိန်နားကပ် ဝတ်ချင်ပါတယ်လို့ ပူဆာနေတဲ့အတွက် စိန်နားကပ် ရှာပုံတော်ကျူးရတဲ့ ပုံစံမျိုးလို့ပင် မှတ်ပါ။

အဲဒီမြေခွေးဟာ ဂင်္ဂါမြစ်ကမ်းပါးတစ်လျှောက်မှာ ငါးကြင်းသား အရှာထွက်လာရာက တစ်နေရာရောက်တော့ ခြေထောက်ကို နွယ်တစ်ချောင်းက ငြိနေတဲ့အတွက် – “ဒီနေရာမှာတော့ လာဘ်ရလိမ့်မယ်”လို့ အတိတ်ကောက်ကာ ဂင်္ဂါမြစ်ကမ်းဘက်သို့ ဆင်းသွားလိုက်တယ်။ ဖျံနှစ်ကောင်တို့ကလည်း ငါးကြင်းသားကို ဝေဖန်ပေးရန် တောင်းပန်ကြပြန်တယ်။ မြေခွေးကလည်း – “ငါဟာ ဘုရင်မင်းမြတ်ရဲ့ တရားစီရင်ရာ တရားရေးရာဌာနမှာ ဘုရင်မင်းမြတ် တရားသူကြီးအဖြစ် ရာထူးခန့်အပ်ထားသူ ဖြစ်တယ်၊ အဲဒီတရားရေးရာဌာန တရားစီရင်ရာဌာနမှာ ကြာမြင့်စွာ ထိုင်ခဲ့ရတဲ့အတွက် အညောင်းပြေ လမ်းလျှောက်လာခြင်း ဖြစ်တယ်၊ ယခုအခါ ငါ့မှာ တရားဆုံးဖြတ်ပေးရန် အချိန်မရှိပါ”လို့ ပြန်ပြောလိုက်တယ်။ ဖျံနှစ်ကောင်တို့ကလည်း အတန်တန် တောင်းပန်ပြန်တဲ့အခါ – “ငါ၏စကားမှာ ရပ်တည်နိုင်ကြပ့ါမလား”လို့ မေးမြန်းလိုက်တဲ့အခါ ရပ်တည်နိုင်ကြောင်းကို ဖျံနှစ်ကောင်တို့က ပြန်ပြောင်းပြောဆိုကြတယ်။ အဲဒီအခါမှာ ငါးကြင်းကို သုံးပိုင်း ပိုင်းလိုက်တယ်။ ဖျံတစ်-

ကောင်အား အမြီးပိုင်းကို ဖျံတစ်ကောင်အား ခေါင်းပိုင်းကို ပေးလိုက်တယ်။ "ဒီအလယ်ပိုင်းကတော့ တရားစီရင်ရာ ဝိနိစ္ဆယဌာနမှာ ရပ်တည်နေတဲ့ ငါတရားသူကြီးနှင့် သက်ဆိုင်တယ်"လို့ ပြောဆိုကာ ကိုက်ချီပြီးတော့ ထွက်ပြေးသွားတယ်။ အဲဒီဖျံနှစ်ကောင်တို့လည်း စိတ်မချမ်းသာခြင်း စိတ်နှလုံး မသာယာခြင်း ရှိကြကုန်လျက် ထိုမြေခွေးကိုကြည့်ကာ ရပ်တည်နေရစ်ကြရကုန်တယ်။[၁၁၃]

## ဝါသနာဓာတ်ငွေ့

ရဟန်းငယ်နှစ်ပါးတို့ဟာ ဖျံဘဝကလည်း ငါးကြင်းသားကို အဝေမတည့် လုခဲ့ဖူးကြတယ်၊ ယခုလည်း ကမ္ဗလာသက်န်းကို အဝေမတည့်ဖြစ်ကာ လုယက်ကြရပြန်တယ်။ တစ်ဖန် အရှင်ဥပနန္ဒဟာလည်း မြေခွေးဘဝကလည်း ငါးကြင်းသားကို ခေါင်းပုံဖြတ်ခဲ့ဖူးတယ်။ ယခုတစ်ဖန် ရဟန်းဘဝသို့ ရောက်ရှိပြန်တော့လည်း ကမ္ဗလာသက်န်းကို ခေါင်းပုံဖြတ်ပြန်တယ်။ သာကီဝင်မင်းသားလည်း ဖြစ်ပြီးတော့ ရှင်ရဟန်းလည်း ဖြစ်ပါလျက် ဘုရားရှင်နှင့်လည်း တွေ့ကြုံရပါလျက် တရားထူး တရားမြတ်ကို မရှာဖွေဘဲ ဓမ္မကထိကဘဝမျှဖြင့် အားရကျေနပ်ကာ ပစ္စည်းလေးဖြာ ရရှိရေးကိုသာ ကြိုးပမ်းခဲ့တဲ့အတွက် သာသနာတော်က **"လောလုပ္ပစာရ** = ပစ္စည်းလေးပါး၌ လျှပ်ပေါ်လော်လည်တဲ့ရဟန်း"လို့ မှတ်ချက်ချခြင်းကို ခံယူရပေတယ်။ ဒီစိတ်ဓာတ်များက တရားထူး တရားမြတ်နှင့် အလှမ်းဝေးအောင် တည်ထောင်ဖန်ဆင်းပြီးတော့ ပေးလိုက်တဲ့အတွက် သာသနာတော်နှင့် ကြုံတွေ့ရသော်လည်း တရားထူး တရားမြတ်နှင့် အလွဲကြီး လွဲသွားရရှာတယ်။

ဘုရားရှင်ဟာ ဒီအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူပြီးတော့ "ဤသို့လျှင် ဤဥပနန္ဒဟာ သင်ချစ်သားတို့ကို အတိတ်ဘဝတုန်းကလည်း စိတ်မချမ်းသာအောင် ပြုလုပ်ခဲ့ဖူးသည်သာလျှင်-တည်း"လို့ ထိုရဟန်းတို့ကို အသိပေးပြီးနောက် အရှင်ဥပနန္ဒကို ကဲ့ရဲ့လိုတဲ့အတွက် ဆက်လက်ပြီးတော့ ဒီလို မိန့်ကြားတော်မူပါတယ်။

"ရဟန်းတို့ . . . သူတစ်ပါးကို ဆိုဆုံးမတဲ့သူဟာ ရှေးဦးစွာ မိမိကိုယ်ကိုသာလျှင် သင့်တင့်လျောက်ပတ် ကောင်းမြတ်တဲ့အရာမှာ တည်စေအပ်တယ်"လို့ ဟောတော်မူပြီးနောက် အောက်ပါ ဂါထာဒေသနာတော်ကို ဟောတော်မူပါတယ်။

**အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။**
**အထညမနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။**[၁၁၄]

ဒီဒေသနာတော်ရဲ့ ဆိုလိုရင်းကတော့ ဒီလိုပါ —

"ပညာရှိသူတော်ကောင်းဆိုတာ မိမိကိုယ်ကိုသာလျှင် ရှေးဦးစွာ သင့်တင့်လျောက်ပတ်ကောင်းမြတ်တဲ့ ဂုဏ်ကျေးဇူးမှာ တည်ရှိနေအောင် သွတ်သွင်းထားရမယ်၊ နောက်မှ သူတစ်ပါးကို ဆိုဆုံးမရမယ်၊ ပညာရှိသူတော်ကောင်းဆိုတာ ကိလေသာအညစ်အကြေးတို့ဖြင့် လူးလဲပေကျံမှု မရှိရဘူး။"[၁၁၅]

---

[၁၁၃] ဓမ္မပဒ၊ဋ္ဌ၊၂၈၉။ [၁၁၄] ဓမ္မပဒ၊၁၅၈။ ဓမ္မပဒ၊ဋ္ဌ၊၂၈၈-၉၀။ [၁၁၅] ဓမ္မပဒ၊၁၅၈။

မိမိကိုယ်ကို မိမိ ဟောကြားမည့် ဂုဏ်ကျေးဇူးမှာ တည်ရှိနေအောင် သွတ်သွင်းမထားရသေးဘဲ သက်သက် သူတစ်ပါးကိုသာ ဆိုဆုံးမနေတဲ့သူဟာ သူတစ်ပါးထံမှ ကဲ့ရဲ့မှုကို ရရှိပြီးတော့ စိတ်အစဉ် ညစ်နွမ်းရတတ်ပါတယ်။ အဲဒီဂုဏ်ကျေးဇူးမှာ မိမိကိုယ်ကို ရှေးဦးစွာ တည်နေအောင် သွတ်သွင်းပြီးမှ သာလျှင် သူတစ်ပါးကို ဆိုဆုံးမတဲ့သူဟာ နောက်ပိုင်းကာလမှာ ချီးမွမ်းခြင်းကို ရရှိနိုင်တယ်။ ဒါ့ကြောင့် စိတ်မညစ်နွမ်းရသည် မည်ပါတယ်။ ဒီလို ပြုကျင့်နိုင်ခဲ့မယ်ဆိုလျှင် ပညာရှိသူတော်ကောင်းဟာ ကိလေသာအညစ်အကြေးတို့ဖြင့် လူးလဲပေကျံမှု မရှိနိုင်တော့ပါ။[၄၄၆] ဒါကတော့ ဒီဒေသနာတော်ရဲ့ ဆိုလိုရင်း ဖြစ်ပါတယ်။

အရှင်ဥပနန္ဒဟာ ရဟန်းတော်တစ်ပါးပင် ဖြစ်ရလင့်ကစား — သူ့ရဲ့ အားပျော့နေတဲ့ အလောဘ တရားက အားကောင်းမောင်းသန်နေတဲ့ လောဘတရားကို အနိုင်ယူဖို့ရန် မစွမ်းနိုင်တဲ့အတွက်— မဂ်ဖိုလ်နိဗ္ဗာန်မှ လွဲချော်သွားခဲ့ရခြင်း ဖြစ်ပါတယ်။

## ထုလ္လနန္ဒာဘိက္ခုနီမ၏ လောဘ

အရှင်ဥပနန္ဒကို အကြောင်းပြုကာ သိက္ခာပုဒ်များစွာကို ပညတ်တော်မူရသလို အလားတူပင် ထုလ္လနန္ဒာဘိက္ခုနီမကို အကြောင်းပြုပြီးတော့လည်း ပညတ်တော်မူရတဲ့ သိက္ခာပုဒ်တွေမှာလည်း များစွာပင် ရှိပါတယ်။ အဲဒီသိက္ခာပုဒ်များစွာထဲက သိက္ခာပုဒ်တစ်ခုမှာ ထုလ္လနန္ဒာဘိက္ခုနီမရဲ့ လောဘ ကြီးမှုနှင့် ပတ်သက်ပြီးတော့ ပညတ်တော်မူရတဲ့ **လသုဏသိက္ခာပုဒ်**ပင် ဖြစ်ပါတယ်။

တစ်ချိန် ဘုရားရှင်ဟာ သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းတော်မှာ ကိန်းအောင်းမွေ့လျော် နေစံပျော်တော်မူတဲ့အခါ ဒါယကာတစ်ဦးက ဘိက္ခုနီသံဃာကို ကြက်သွန်ဖြူဖြင့် ဖိတ်ကြားထားပါ တယ်။ "အရှင်မတို့ အလိုရှိသလောက် လှူဒါန်းပါရစေ"လို့ ပန်ကြားလျှောက်ထားတယ်။ လယ်စောင့် ယောက်ျားကိုလည်း — "အကယ်၍ ဘိက္ခုနီမတို့လာခဲ့သော် ဘိက္ခုနီမ တစ်ပါးတစ်ပါးအား ကြက်သွန် ဖြူ နှစ်ထုပ် သုံးထုပ် လှူဒါန်းလိုက်ပါ"လို့ မှာကြားထားတယ်။

တစ်ချိန်မှာတော့ သာဝတ္ထိမှာ ပွဲလမ်းသဘင်တစ်ခုက ရှိနေပြန်တယ်၊ အဲဒီဒါယကာရဲ့ လယ်-တောမှ သယ်ဆောင်ယူလာသမျှ ကြက်သွန်ဖြူတွေဟာ ရောင်းလို့ အားလုံးကုန်သွားတယ်။ ဘိက္ခုနီမ တို့ကလည်း အဲဒီဒါယကာထံသို့ ချဉ်းကပ်ပြီးတော့ ကြက်သွန်ဖြူကို အလိုရှိကြောင်း တောင်းခံလာကြ ပြန်တယ်။ ဒါယကာကလည်း ကြက်သွန်ဖြူများ အိမ်မှာ မရှိတော့ကြောင်း ကုန်သွားကြောင်းကို လျှောက်ထားကာ လယ်တောသို့ သွားရောက်အလှူခံယူရန် ဆက်လက် လျှောက်ထားလိုက်ပါတယ်။ ထုလ္လနန္ဒာဘိက္ခုနီမဟာ လယ်တောသို့ သွားကာ အတိုင်းအရှည်ပမာဏကို မသိဘဲ အများကြီး အလှူ ခံလိုက်တယ်။ လယ်စောင့်ယောက်ျားက စပြီးတော့ လူအပေါင်းတို့က ကဲ့ရဲ့ရှုတ်ချစကား အပြစ်တင် စကား ပြောကြားကြတယ်။ ဒီသတင်းဟာ ဘုရားရှင်ရဲ့ ရွှေနားတော်အထိ ပေါက်ရောက်သွားတယ်။ အဲဒီအခါမှာ ဘုရားရှင်က ထုလ္လနန္ဒာဘိက္ခုနီမအား ကဲ့ရဲ့ပြစ်တင်စကားကို မိန့်ကြားတော်မူပြီးနောက် ထုလ္လနန္ဒာရဲ့ အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းပြီးတော့ ဟောကြားတော်မူပါတယ်။

[၄၄၆] ဓမ္မပဒ၊၌၊ ၂၉၀။

ရဟန်းတို့ . . . ထုလ္လနန္ဒာဘိက္ခုနီမဟာ ရှေးတစ်ခုသော ဘဝတုန်းက မထင်ရှားတဲ့ ပုဏ္ဏားတစ်ဦးရဲ့ မယားဖြစ်ခဲ့ဖူးတယ်။ နန္ဒာ နန္ဒဝတီ သုန္ဒရီနန္ဒာ ဆိုတဲ့ သမီးသုံးယောက် ရှိခဲ့တယ်။ ရဟန်းတို့ . . . တစ်နေ့မှာ အိမ်ရှင်ပုဏ္ဏားကြီးဟာ ကွယ်လွန်ပြီးနောက် မထင်ရှားတဲ့ ဟင်္သာမျိုးမှာ ဟင်္သာသွားဖြစ်ခဲ့တယ်။ အဲဒီဟင်္သာမှာ အတောင်အားလုံးတို့ဟာ ရွှေဖြင့်ပြီးနေတဲ့ အတောင်တို့သာ ဖြစ်ကြတယ်၊ အဲဒီဟင်္သာဟာ လူ့ဘဝက ဇနီးမယားနှင့် သမီးတို့အား တစ်နေ့လျှင် ရွှေဖြင့်ပြီးနေတဲ့ ဟင်္သာတောင် တစ်ခုတစ်ခုကို ပေးတယ်။ ရဟန်းတို့ . . . အဲဒီအခါမှာ ထုလ္လနန္ဒာအလောင်းဟာ — "ဒီဟင်္သာဟာ ငါတို့အား ရွှေတောင် တစ်ခုတစ်ခုကိုသာ နေ့စဉ်ပေးတယ်"လို့ အားမရတဲ့အတွက် ဒီဟင်္သာကို ဖမ်းယူပြီးတော့ အတောင်အားလုံးကို နုတ်ယူလိုက်တယ်။ ဒီဟင်္သာရဲ့ကိုယ်မှာ နောက်ထပ် ပေါက်လာကြတဲ့ အတောင်တွေဟာ အားလုံး အဖြူချည်းသက်သက် ပြီးစီးဖြစ်ပေါ်လာကုန်တယ်။ ရဟန်းတို့ . . . ထိုဘဝတုန်းကလည်း ထုလ္လနန္ဒာဘိက္ခုနီမဟာ အလွန်လောဘကြီးခဲ့တဲ့အတွက် ရွှေမှ ဆုတ်ယုတ်ပျက်စီးခဲ့ရဖူးတယ်၊ ယခုအခါမှာလည်း ကြက်သွန်ဖြူမှ ဆုတ်ယုတ်ပျက်စီးရပေလတ္တံ့–လို့ ဟောကြားတော်မူပြီးနောက် ဂါထာကလေးကို ဆက်လက်ပြီးတော့ ရဟန်းတော်တို့အား ဟောကြားပေးတော်မူပါတယ်။

**ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ၊ အတိလောဘော ဟိ ပါပကော။**
**ဟံသရာဇံ ဂဟေတွာန၊ သုဝဏ္ဏာ ပရိဟာယထ။**[၇၇၇]

ဒီဂါထာရဲ့ ဆိုလိုရင်းကတော့ ဒီလိုပါ —

ရဟန်းဆိုတာ "အကြင် ဝတ္ထုကို ရရှိတယ်၊ ထိုဝတ္ထုဖြင့် နှစ်သက်ကျေနပ်သင့်တယ်။ အလွန်လောဘကြီးသူကား ယုတ်မာသူသာ ဖြစ်တယ်။ ဟင်္သာမင်းကို ဖမ်းယူပြီးတော့ အတောင်တွေကို အကုန်နုတ်ယူမိတဲ့အတွက် ရွှေမှ ဆုတ်ယုတ်ပျက်စီးခဲ့ရတယ်"ဒီလို ဘုရားရှင်က ဆုံးမတော်မူပါတယ်။

ထုလ္လနန္ဒာဘိက္ခုနီမဟာလည်း သူ့ရဲ့ အားပျော့နေတဲ့ အလောဘတရားက အားကောင်းမောင်းသန်နေတဲ့ လောဘတရားကို အနိုင်ယူဖို့ရန် မစွမ်းနိုင်တဲ့အတွက် ဘိက္ခုနီမတစ်ပါးပင် ဖြစ်သော်လည်း မဂ်ဖိုလ်နိဗ္ဗာန်မှ လွဲချော်သွားခဲ့ရပါတယ်။ နောက်ထပ် အလားတူ လွဲချော်သွားတဲ့ ရဟန်းတော်တစ်ပါးလည်း ရှိသေးတယ်။ ဆက်လက်ပြီး နားထောင်ကြည့်ပါ။

## ရသတဏှာရဲ့ စွမ်းအား

ဘုရားရှင်ဟာ ရာဇဂြိုဟ်မြို့ကို အမှီပြုပြီးတော့ ဝေဠုဝန်ကျောင်းတိုက်တော်မှာ သီတင်းသုံးစံနေတော်မူတဲ့အခါ စည်းစိမ်များစွာ ကြွယ်ဝချမ်းသာနေတဲ့ သူဌေးကြီးတစ်ဦးရဲ့ တစ်ဦးတည်းသော သားဖြစ်တဲ့ တိဿသတို့သားဟာ ဝေဠုဝန်ကျောင်းတိုက်တော်သို့ သွားကာ ဘုရားရှင်၏ တရားတော်ကို နာယူရတဲ့အခါ ရှင်ရဟန်းပြုလိုတဲ့ စိတ်များ တဖွားဖွား ပေါ်ပေါက်လာခဲ့ပါတယ်၊ မိဘတို့ထံမှာ ခွင့်ပန်သော်လည်း ရှင်ရဟန်းပြုခွင့် မရတဲ့အတွက် ရဋ္ဌပါလအမျိုးကောင်းသားလိုပဲ (၇)ရက်တိုင်တိုင်

[၇၇၇] ဝိ၊၂၊၃၃၉-၃၄၀။ လသုဏသိက္ခာပုဒ်။

အစာငတ်ခံပြီးတော့ ဆန္ဒပြပါမှ မိဘတို့က ရှင်ရဟန်းပြုဖို့ရန် ခွင့်ပြုခဲ့ကြတယ်။ ဘုရားရှင်ထံမှာပဲ ရှင်ရဟန်းပြုတော်မူပါတယ်။ ဘုရားရှင်ကလည်း အဲဒီတိဿကို ရှင်ရဟန်းပြုပေးစေပြီးနောက် လဝက်ခန့်မျှ ဝေဠုဝန်ကျောင်းတိုက်တော်မှာ သီတင်းသုံးတော်မူပြီးတော့ ဇေတဝန်ကျောင်းတိုက်တော်သို့ ကြွချီတော်မူပါတယ်။ အဲဒီအမျိုးကောင်းသား တိဿရဟန်းတော်ဟာ ဓုတင် (၁၃)ပါးတို့ကို ကောင်းစွာ ဆောက်တည်ပြီးတော့ သာဝတ္ထိမြို့တွင်းမှာ အိမ်စဉ်အတိုင်း ဆွမ်းခံကြွခြင်း သပဒါနဓုတင်ကို ဆောက်တည်ကာ ဆွမ်းအလို့ငှာ လှည့်လည်တော်မူလျက် အချိန်ကို ကုန်လွန်စေခဲ့ပါတယ်။ **စူဠပိဏ္ဍပါတိကတိဿမထေရ်**ဟူသော အမည်ဖြင့် ကောင်းကင်ပြင်၌ လပြည့်ဝန်းကဲ့သို့ ဗုဒ္ဓသာသနာတော်မှာ ထင်ရှားကျော်ကြားတော်မူခဲ့တယ်။ ဒါပေမဲ့ ပြဿနာတစ်ခု ဖြစ်ချင်တော့ ဘာဖြစ်လာသလဲ?

အဲဒီအချိန်အခါမှာ ရာဇဂြိုဟ်မြို့မှာ နက္ခတ်ပွဲသဘင်တစ်ခု ဆင်ယင်ကျင်းပတဲ့အခါ စူဠပိဏ္ဍပါတိကတိဿမထေရ်ရဲ့ မိဘတွေဟာ သားဖြစ်သူ လူဘဝတုန်းက ဝတ်ဆင်ခဲ့တဲ့ လက်ဝတ်တန်ဆာဟူသမျှတွေကို ရတနာလင်ပန်းတစ်ခုမှာ ထည့်ပြီးတော့ ရင်ခွင်မှာပိုက်ကာ 'အခြားသော နက္ခတ်ပွဲသဘင်တွေမှာ နက္ခတ်ပွဲသဘင် ကစားကြတဲ့အခါ ငါတို့ရဲ့သားဟာ ဒီတန်ဆာအမျိုးမျိုးဖြင့် တန်ဆာဆင်ပြီးတော့ နက္ခတ်ပွဲသဘင်ကို ကစားခဲ့တယ်၊ ရဟန်းဂေါတမဟာ ငါတို့ရဲ့ ဒီတစ်ဦးတည်းသောသားကို ခေါ်ဆောင်ပြီးတော့ သာဝတ္ထိမြို့သို့ ကြွတော်မူခဲ့တယ်၊ ဒီသားဟာ ယခုအခါမှာ အဘယ်နေရာမှာ နေထိုင်နေသလဲ၊ အဘယ်နေရာမှာ ရပ်တည်နေလေသလဲ' – ဒီလို စကားမျိုးတွေကို ပြောဆိုပြီးတော့ ငိုကြွေးမြည်တမ်းနေကြတယ်။

အဲဒီအချိန်အခါမှာ ရုပ်ရည်အတော်အသင့်ပြည့်စုံတဲ့ ဝဏ္ဏဒါသီအမည်ရတဲ့ ပြည့်တန်ဆာမတစ်ဦးဟာ အဲဒီအိမ်သို့ သွားပြီးတော့ သူဌေးကတော်ကြီးထံသို့ ချဉ်းကပ်ကာ ငိုကြွေးရခြင်းအကြောင်းရင်းကို ထောက်လှမ်းလိုက်တဲ့အခါ အကျိုးအကြောင်း အစုံအလင်ကို ကုန်စင်အောင်သိရှိတဲ့အတွက် ပြည့်တန်ဆာမက သူဌေးကတော်ကြီးအား – "ဒီအိမ်မှာရှိတဲ့ စည်းစိမ်ဥစ္စာအားလုံးကို ရှင်တို့က ကျွန်မအား ပေးကြမယ်ဆိုလျှင် ကျွန်မဟာ အရှင်တို့ရဲ့သားကို ခေါ်ဆောင်ပေးပါမည်"လို့ ပြောဆိုလိုက်တယ်။

သူဌေးကတော်ကြီးကလည်း ကောင်းပြီလို့ ဝန်ခံကာ ရိက္ခာအားလုံး လုံလောက်အောင် ပေးလိုက်တယ်။ များစွာသော အခြွေအရံ ပရိသတ်နှင့်တကွ ထိုပြည့်တန်ဆာမကို – "သွားချေ၊ မိမိ၏စွမ်းအားဖြင့် ငါ့သားကို အပါခေါ်ဆောင်ခဲ့ချေ"–လို့ အခေါ်လွှတ်လိုက်တယ်။ အဲဒီအမျိုးသမီးဟာ ဖုံးအုပ်ထားတဲ့ ယာဉ်အတွင်းက ထိုင်ကာ သာဝတ္ထိသို့ အရောက်သွားခဲ့တယ်။ စူဠပိဏ္ဍပါတိကတိဿမထေရ် ဆွမ်းခံကြွရာလမ်းမှာ အိမ်တစ်လုံးကို ယူလိုက်တယ်။ စူဠပိဏ္ဍပါတိကတိဿမထေရ်ရဲ့ မိဘသူဌေးအိမ်မှ လိုက်ပါလာကြတဲ့သူတွေကို မထေရ်မမြင်အောင် ထားပြီးတော့ မိမိရဲ့ အခြွေအရံတို့ဖြင့်သာ ခြံရံလျက် ဆွမ်းခံဝင်လာတဲ့ တိဿမထေရ်အား မွန်မြတ်တဲ့ ယာဂု မွန်မြတ်တဲ့ ဆွမ်းဆိုတဲ့ ရသတဏှာဖြင့် စတင်ပြီးတော့ နှောင်ဖွဲ့ပါတယ်။

ဒီလို မဘုဉ်းပေးရသည်မှာ ကြာပြီဖြစ်တဲ့ တိဿကိုယ်တော်မြတ်ဟာလည်း ဒီလမ်းကို ဆွမ်းခံမကြွရ မနေနိုင်တဲ့အတွက် နေ့စဉ်ပင် ဒီလမ်းကို ကြွတော်မူပါတယ်။ တဖြည်းဖြည်း ရပ်ကိုယ်တော်အဆင့်မှ  ထိုင်ကိုယ်တော်အဆင့်သို့ ရောက်အောင် သွေးဆောင်ဖြားယောင်းကာ အိမ်တွင်းသို့ပင့်ဆောင်ပြီးတော့ ဆွမ်းလှူပြန်တယ်။ တိဿကိုယ်တော်မြတ်ကလည်း ရသတဏှာဖြင့် နှောင်ဖွဲ့မိ-နေတဲ့အတွက် အသာတကြည်ပင် ကြည်ဖြူစွာ ထိုင်ကိုယ်တော်အဖြစ်သို့ ကူးပြောင်းလိုက်ပါတယ်။ တစ်နေ့မှာတော့ ဒီအမျိုးသမီးကလည်း တိဿကိုယ်တော်မြတ်ရဲ့ မိမိ၏အလိုသို့ လိုက်လျောနိုင်-လောက်တဲ့သဘောကို သိရှိတဲ့အခါ ဖျားနာနေတဲ့ လူနာယောင်ဆောင်ပြီးတော့ အိပ်ခန်းအတွင်းမှာ အိပ်နေလိုက်တယ်။

တိဿမထေရ်မြတ်ကလည်း ဆွမ်းခံချိန်မှာ အိမ်စဉ်အတိုင်း ဆွမ်းခံကြွလာတော်မူတဲ့အခါ အိမ်-တံခါးသို့ ဆိုက်ရောက်တော်မူလာတယ်၊ ဆွမ်းဖြင့် ပြုစုလုပ်ကျွေးနေသူတို့ဟာ မထေရ်မြတ်ရဲ့ သပိတ်ကို လှမ်းယူပြီးတော့ မထေရ်ကို အိမ်တွင်းမှာ နေထိုင်စေတယ်။ မထေရ်မြတ်ကလည်း ဥပါသိကာမကို မမြင်တဲ့အတွက် ထိုင်လျှင်ထိုင်မိချင်း — "ဥပါသိကာမဟာ ဘယ်မှာလဲ"လို့ မေးမြန်းတော်မူပါတယ်။ "အရှင်ဘုရား . . . ဥပါသိကာမဟာ ဖျားနာနေပါတယ်၊ အရှင်ဘုရားကို ဖူးတွေ့လိုနေပါတယ်-ဘုရား"-လို့ အိမ်ဖော်တွေက လျှောက်ထားကြတယ်။ စူဠပိဏ္ဍပါတိကတိဿမထေရ်ဟာ ရသတဏှာဖြင့် အနှောင်အဖွဲ့ခံနေရတဲ့အတွက် မိမိရဲ့ ဆောက်တည်ထားတဲ့ ကျင့်ဝတ်ပဋိပတ်ကို ဖျက်ဆီးကာ ဥပါသိကာမရဲ့ လဲလျောင်းရာ အိပ်ခန်းအတွင်းသို့ တစ်ပါးတည်း ဝင်ရောက်တော်မူခဲ့ပါတယ်။ ဥပါ-သိကာမဟာ မိမိရဲ့ လာခဲ့ရင်း အကြောင်းစစ်ကို ပြောင်းလှစ်လျှောက်ထားကာ တိဿမထေရ်ကို အမျိုးသမီးတို့ရဲ့ ပရိယာယ်မာယာဖြင့် ဖြားယောင်းသွေးဆောင်ပါတယ်။

ရသတဏှာ အစိုဓာတ်ဖြင့် ရစ်ပတ်နှောင်ဖွဲ့မှုကို ခံနေရတဲ့ ကိုယ်တော်ချောရဲ့သန္တာန်မှာ လူ-ထွက်လိုတဲ့ စိတ်အစဉ်တို့ဟာ မြစ်ရေအယဉ်ကဲ့သို့ တသွင်သွင် စီးဆင်းလာတော့တယ်။ အနုသယ-ဓာတ်အဖြစ် ကိန်းဝပ်လျက်ရှိတဲ့ တဏှာလောဘ ကာမောဃရေယဉ်ကြောကြီးဟာ ထကြွလာလေ-တော့တယ်၊ အဲဒီအခါမှာ ဥပါသိကာမက ရှေ့ကိုယ်တော်ကို လူဝတ်လဲခိုင်းပြီးနောက် မိမိရဲ့ အလို-ဆန္ဒ၌ ရပ်တည်စေတယ်။ ယာဉ်ထက်၌ ထိုင်နေစေကာ များစွာသော အခြံအရံနှင့်တကွ ရာဇဂြိုဟ်မြို့သို့သာလျှင် ပြန်လည်ခေါ်ဆောင်သွားလေတယ်။ သူဌေးသမီးပုံအသွင် ဖန်ဆင်းထားတဲ့ ပြည့်တန်-ဆာမတစ်ယောက်ရဲ့ နောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါသွားလေတယ်။

ဒီသတင်းကား သာသနာရေးလောကတွင် အလွန် ထင်ရှားသွားပေတယ်။ အဲဒီအခါမှာ ဘုရားရှင်ကလည်း — "ရဟန်းတို့ . . . ဒီရဟန်းဟာ ယခုအခါ၌သာလျှင် ရသတဏှာဖြင့် နှောင်ဖွဲ့ခံရပြီးတော့ ဒီအမျိုးသမီးရဲ့အလိုသို့ လိုက်ပါခဲ့ရသည် မဟုတ်သေး၊ ရှေးယခင် အတိတ်ဘဝတုန်းကလည်း ဒီအမျိုးသမီးရဲ့အလိုသို့ လိုက်ပါခဲ့ဖူးသည်သာ ဖြစ်ခဲ့တယ်"လို့ မိန့်မြွက်တော်မူပြီးနောက် ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ် အတိတ်ဇာတ်ကြောင်းကို ပြန်ပြောင်းကာ ဆောင်တော်မူပါတယ်။

## ပျားလူးမြက်အပေါ်မှာ တွယ်တာတပ်မက်တဲ့ လောဘ

လွန်လေပြီးတဲ့ အတိတ်ဘဝတစ်ခုဝယ် ဗာရာဏသီပြည့်ရှင် ဗြဟ္မဒတ်မင်းမှာ သဥ္စယ (= သိဥ္စည်း) အမည်ရှိတဲ့ ဥယျာဉ်စောင့်တစ်ဦး ရှိခဲ့ပါတယ်။ တစ်ချိန်မှာ လေကဲ့သို့ လျင်မြန်တဲ့ အဟုန်ဖြင့် ပြေးသွားနိုင်တဲ့အတွက် ဝါတမိဂလို့ခေါ်ဆိုတဲ့ သမင်တစ်ကောင်ဟာ မင်းဉယျာဉ်ထဲသို့ လာလာပြီးတော့ အစာစားလေ့ရှိတယ်။ သဥ္စယဉယျာဉ်စောင့်ကို မြင်လျှင် ထွက်ပြေးလေ့ရှိတယ်။ သဥ္စယ ဥယျာဉ်မှူးကလည်း ဒီလေသမင် = ဝါတမိဂကို ခြိမ်းခြောက်၍ မောင်းမထုတ်လိုက်ပါဘူး။ ဒီသမင်ဟာ အကြိမ်ကြိမ်လာပြီးတော့ ဥယျာဉ်တော်မှာပဲ ကျက်စားနေခဲ့တယ်။ ဥယျာဉ်မှူးကလည်း အထူးထူး အပြားပြားသော အပွင့်အသီးတွေကို ဆွတ်ခူးပြီးတော့ နေ့တိုင်း နေ့တိုင်း ဘုရင်မင်းမြတ်အား ဆက်သနေရတယ်။ တစ်နေ့မှာတော့ ဥယျာဉ်မှူးကို ဗာရာဏသီဘုရင်က — "အချင်း ဥယျာဉ်မှူး . . . ဥယျာဉ်တော်မှာ တစ်စုံတစ်ခုသော အံ့သြဖွယ်ကို တွေ့မြင်ပါသလား"လို့ မေးကြည့်တယ်။ "အရှင်မင်းမြတ် အခြားတစ်စုံတစ်ရာကိုတော့ မမြင်ရပါ၊ သို့သော် ဝါတမိဂအမည်ရတဲ့ လေသမင် တစ်ကောင်ဟာ လာရောက်ပြီးတော့ ဥယျာဉ်တော်အတွင်းမှာ ကျက်စားနေပါတယ်၊ ဒီသမင်ကိုတော့ တွေ့မြင်နေရပါတယ်"လို့ သံတော်ဦးတင်လိုက်တယ်။ "ဒီလေသမင်ကို ဖမ်းယူခြင်းငှာ စွမ်းနိုင်မလား"လို့ ဘုရင်မင်းမြတ်ကြီးက မေးမြန်းတော်မူတဲ့အခါ — "အရှင်မင်းကြီး . . . ပျားရည် အနည်းငယ်ကို ရခဲ့ပါမူ နန်းတော်အတွင်းသို့တိုင်အောင်သော်လည်း ဒီသမင်ကို ဆောင်ကြဉ်းခြင်းငှာ စွမ်းနိုင်လေရာပါတယ်"လို့ သံတော်ဦးတင်လိုက်တယ်။

ဗာရာဏသီဘုရင်ကလည်း ဥယျာဉ်မှူးအလိုရှိသလောက် ပျားရည်များကို ပေးသနားတော်မူ-လိုက်ပါတယ်။ သဥ္စယဟာ ဒီပျားရည်ကို သယ်ဆောင်ပြီးတော့ ဥယျာဉ်တော်သို့သွားကာ ဝါတမိဂ လေသမင်ရဲ့ ကျက်စားရာနေရာမှာ တည်ရှိကြတဲ့ မြက်တွေကို ပျားရည်ဖြင့် လိမ်းကျံပြီးနောက် တစ်နေရာတွင် ပုန်းအောင်းကာ စောင့်ဆိုင်းကြည့်ရှုနေတယ်။ ဝါတမိဂသမင်ဟာ ပျားလူးမြက်တို့ကို လာစားလိုက်တဲ့အခါ ရသတဏှာဖြင့် နှောင်ဖွဲ့ခံရတဲ့အတွက် အခြားအရပ်တစ်ပါးသို့ မသွားနိုင်တော့ဘဲ ဥယျာဉ်တော်သို့သာလျှင် သွားပြီး ကျက်စားနေတော့တယ်။

ဥယျာဉ်မှူးကလည်း ဒီသမင်ရဲ့ ပျားလူးမြက်တို့အပေါ်မှာ လောလုပ္ပတဏှာဖြင့် မခွဲရက် မခွာနိုင်အောင် စွဲမက်လာတာကို သိရှိတဲ့အခါ တဖြည်းဖြည်း မိမိကို သမင်မြင်အောင် ကိုယ်ယောင်ပြပေးလိုက်တယ်။ ဒီဝါတမိဂသမင်ဟာ ဥယျာဉ်မှူးကို မြင်တဲ့အခါ နှစ်ရက် သုံးရက်ခန့်လောက်တော့ ထွက်ပြေးသေးတယ်။ သို့သော် ခဏခဏ တွေ့ရဖန်များလာတဲ့အခါမှာ ထွက်မပြေးတော့ဘဲ ဥယျာဉ်-မှူးနှင့် တစ်စတစ်စ ချစ်ကျွမ်းဝင်ခြင်းသို့ ရောက်ရှိသွားတယ်။ တဖြည်းဖြည်း ဥယျာဉ်မှူးရဲ့ လက်ပေါ်မှာ တင်ထားတဲ့ ပျားလူးမြက်တို့ကိုပင် စားဖို့ရန် ကြိုးစားအားထုတ်လေတော့တယ်။

ဥယျာဉ်မှူးဟာ ဝါတမိဂသမင်ရဲ့ ချစ်ကျွမ်းဝင်လာမှုသဘောကို ကောင်းကောင်းကြီး မြင်သိလာတဲ့အခါ ဥယျာဉ်တော်ကနေ မင်းနန်းတော်အထိ လမ်းဘေးနှစ်ဖက်တို့မှာ နီးဖျာတွေနှင့် ဝန်းရံကာပြီးတော့ အချို့နေရာတွေမှာ သစ်ကိုင်းအခက်အလက်တွေကို ချထားလိုက်တယ်။ ပျားရည်ဘူးကို

ပခုံးထက်မှာ လွယ်ပြီးတော့ မြက်စည်းတစ်စည်းကို ပွေ့ပိုက်ကာ ပျားလူးမြက်တွေကို သမင်ရဲ့ ရှေ့မှ ရှေ့မှ ကြဲဖြန့်ချပေးပြီးတော့ မင်းနန်းတော်အထိ ခေါ်ဆောင်သွားတယ်။ နန်းတွင်းသို့ ဝါတမိဂသမင် ဝင်လိုက်သည်နှင့် တစ်ပြိုင်နက် တံခါးကို ပိတ်လိုက်ကြတယ်။ ဝါတမိဂသမင်ဟာ လူတွေကို မြင်တွေ့ ရတဲ့အခါ မင်းရင်ပြင်တော်အတွင်းမှာ ဟိုဟိုဒီဒီ လှည့်ပတ်ပြီးတော့ ပြေးနေတယ်။ ဗာရာဏသီ ဘုရင်ဟာ ပြာသာဒ်ထက်မှ သက်ဆင်းခဲ့ပြီးတော့ တုန်တုန်ရီရီ ကြောက်ကြောက်လန့်လန့်ဖြစ်နေတဲ့ ဝါတမိဂသမင်ကို တွေ့မြင်တဲ့အခါမှာ – "ဝါတမိဂသမင်ဆိုတာ လူကို တစ်ကြိမ်မြင်ဖူးက ဒီလူကို မြင်ရုံမြင်မိရာအရပ်သို့ (၇)ရက်တိုင်တိုင် ဘယ်တော့မှ မလာဘူး၊ ကြောက်လန့်ပြီးတော့ ပြေးဖူးတဲ့ နေရာဆိုလျှင် တစ်သက်လုံး ဘယ်တော့မှ မလာဘူး။ တကယ်တော့ ဒီလိုသဘောရှိနေတဲ့ တောအုပ်ကြီးထဲမှာသာ မှီတင်းနေထိုင်လေ့ရှိတဲ့ ဒီဝါတမိဂသမင်ဟာ ရသတဏှာဖြင့် အနှောင်အဖွဲ့ခံရတဲ့ အတွက် ယခုအခါမှာ ဒီလိုသဘောရှိတဲ့ မင်းရင်ပြင်တော်အရပ်အထိ ရောက်ရှိလာခဲ့တယ်၊ အချင်းတို့ လောကမှာ ရသတဏှာထက် သာလွန်ယုတ်မာတဲ့အရာဆိုတာ စင်စစ်တော့ မရှိပါဘူး"လို့ ဒီလို ပြောဆိုပြီးနောက် အောက်ပါ ဂါထာတရားဒေသနာတစ်ပုဒ်ကို ဟောကြားပါတယ် –

**န ကိရတ္ထိ ရသေဟိ ပါပိယော၊ အာဝါသေဟိ ဝ သန္ထဝေဟိ ဝါ။**
**ဝါတမိဂံ ဂဟနနိဿိတံ၊ ဝသမာနေသိ ရသေဟိ သဉ္စယော။**

ဒီဂါထာရဲ့ ဆိုလိုရင်းကတော့ ဒီလိုပါ –

"အမြဲနေထိုင်ရာ အရပ်တွေမှာ ဇနီးမယား သမီးသား စသူတို့နှင့် အမြဲယှဉ်တွဲပြီးတော့ နေထိုင်ရမှုကို လိုလားတပ်မက်မှု = သမ္ဘောဂရသဟာလည်း ယုတ်မာတယ်၊ ဒီသမ္ဘောဂရသထက်လည်း အဆအရာ,အထောင်,အသိန်းမက ဇိဝိတိန္ဒြေဟု ခေါ်ဆိုအပ်တဲ့ အသက်ကိုသာ ထိန်းသိမ်းစောင့်-ရှောက်လိုတဲ့ ဦးတည်ချက်မရှိဘဲ ရသတဏှာဖြင့် အစာအာဟာရကို မှီဝဲခြင်းဆိုတာကတော့ ပိုပြီးတော့ ယုတ်မာတယ်။ ဝါတမိဂသမင်ဟာ တောအုပ်ကြီးအတွင်းမှာ မှီတင်းနေထိုင်တဲ့ သားကောင်ပင် ဖြစ်လင့်ကစား ရသတဏှာဖြင့် အနှောင်အဖွဲ့ခံရတဲ့အတွက် သဉ္စယဥယျာဉ်မှူးရဲ့ လက်တွင်းသို့ ကျဆင်းသက်ရောက်ရပေတယ်။ လိုလားတပ်မက်ခြင်း ဆန္ဒရာဂဖြင့် ရသာရုံအမျိုးမျိုးတို့ကို မှီဝဲသုံး-ဆောင်ခြင်းထက် သာလွန်၍ ယုတ်မာတဲ့အရာမည်သည် မရှိတော့ပါ" – ဒီလိုတရားစကားကို ဟောကြားကာ ဝါတမိဂသမင်ကို တောတွင်းသို့ပင် ပြန်ပို့စေတယ်။

ဒီဝတ္ထုဇာတ်လမ်းမှာ ဝဏ္ဏဒါသီအမည်ရတဲ့ ပြည့်တန်ဆာမဟာ ထိုအချိန်က သဉ္စယဥယျာဉ်မှူးပင် ဖြစ်ခဲ့တယ်။ ဝါတမိဂသမင်ဟာ စူဠပိဏ္ဍပါတိကတိဿမထေရ်ပင် ဖြစ်ခဲ့တယ်။[၄၄၈]

တရားနာပရိသတ်တွေလည်း ပျားလူးမြက်ကိုတော့ စားဖူးကောင်း စားဖူးကြပါလိမ့်မယ်၊ ပျားလူးမြက်ကြောင့် မခွဲရက်မခွာနိုင် ဖြစ်နေပုံကို သံဝေဂယူသင့်ပါတယ်။ ဒီရသတဏှာကြောင့်ပဲ အရက်အမျိုးမျိုးကို သောက်ကြတယ်။ ဒီရသတဏှာကြောင့်ပဲ သတ္တဝါတွေရဲ့အသက်ကို သတ်ဖြတ်ကာ စားသောက်ကြတယ်။ ဒီရသတဏှာကိုပဲ အကြောင်းခံပြီးတော့ ဒုစရိုက်အမျိုးမျိုးတွေကို လွန်ကျူး

[၄၄၈] ဇာတက၊၄၊၁၊၁၇၂-၁၇၅။

မိတတ်ကြတယ်။ ဒီအကုသိုလ်ကံတွေကြောင့် ငရဲသို့ ရောက်ကြရပြန်တယ်။ ဒါ့ကြောင့် ရသတဏှာရဲ့ ဆိုးဝါးပုံကို အထက်ပါ ဇာတ်တော်မှာ ဗာရာဏသီဘုရင်ဖြစ်တဲ့ ဘုရားအလောင်းတော်က မိန့်ဆိုခြင်း ဖြစ်ပါတယ်။

ဒု-သ-န-သောလို့ အသိများတဲ့ သူဌေးသားလေးဦးတို့ဟာလည်း ကာမဂုဏ်ရေယဉ်ကြောဝယ် တဏှာစုန်နစ်မျောပြီးတော့ အပျော်ကြီး ပျော်ခဲ့ကြတဲ့အတွက် ယနေ့ လောဟကုမ္ဘီငရဲမှာ ခံနေရတုန်းပဲ ရှိပါသေးတယ်။ ယခု တင်ပြထားတဲ့ စူဠပိဏ္ဍပါတိကတိဿမထေရ်ကတော့ **ဒါရုက္ခန္ဓောပမသုတ္တန်**[၄၄၉] အရ ပြောဆိုရပါမူ – နိဗ္ဗာန်ဆိုတဲ့ သမုဒ္ဒရာသို့ ညွှတ်ကိုင်းရှိုင်းနေတဲ့ စီးဆင်းနေတဲ့ မဂ္ဂင် (၈)ပါး အကျင့်မြတ်တရားဆိုတဲ့ ဂင်္ဂါမြစ်ရေယဉ်ကြောမှာ မျောပါလာတဲ့ သစ်တုံးတစ်တုံးပဲ ဖြစ်ပါတယ်။ ရသာရုံဆိုတဲ့ ထိုမှာဘက်ကမ်းသို့ ကပ်မိတဲ့အတွက် လူဆယ်သွားသဖြင့် နိဗ္ဗာန်ဆိုတဲ့ မဟာသမုဒ္ဒရာ-သို့ မရောက်ရှိသွားခြင်းဘဲ ဖြစ်ပါတယ်။ ပျားလူးမြက်ရဲ့ အစွမ်းထက်မြက်ပုံကို သတိပြုသင့် လှပေ-တယ်။ အားပျော့နေတဲ့ အလောဘကို အားကောင်းမောင်းသန်နေတဲ့ တဏှာလောဘက အနိုင်ယူ-သွားတဲ့ ပွဲတစ်ခုပဲ ဖြစ်ပါတယ်။

## ကုသိုလ်အကူအညီရလျှင် အပါယ်မချနိုင်ပုံ

တစ်ယောက်နှင့် တစ်ယောက် ချစ်ခင်မြတ်နိုးမှု တဏှာပေမတရား ထင်ရှားဖြစ်နေကြပေမဲ့ ကုသိုလ်ကောင်းမှု အကူအညီကို ရခဲ့မယ်ဆိုလျှင် ဒီတဏှာပေမက အပါယ်သို့ ပစ်ချနိုင်လောက် အောင် စွမ်းအား မကောင်းတော့ပါဘူး။ ဥပမာ – ကျောက်ခဲဟာ သူ့ချည်းသက်သက်ဆိုလျှင် ရေထဲကို ပစ်ချလိုက်က နစ်မြုပ်သွားနိုင်ပေမဲ့ လှေရဲ့ အကူအညီကို ရမယ်ဆိုလျှင် ရေထဲမှာ မနစ်မြုပ် တော့ဘဲ လှေရဲ့အလိုကျ လှေပေါ်မှာ ပါရသကဲ့သို့ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဇာတ်နိပါတ်တွေမှာ တဏှာပေမ မကင်းသူ အချင်းချင်း ရင်းနှီးစွာ အကျိုးပေးလျက် ပါရမီဖြည့်ဖက်များ ဖြစ်ကြသည်ကို များစွာပင် တွေ့နိုင်ပါတယ်။ သုမေဓာရှင်ရသေ့နှင့် သုမိတ္တာအမျိုးသမီးတို့ရဲ့ ထုံးကိုပဲ ကြည့်ပါ။

## သုမေဓာ ရှင်ရသေ့

လွန်ခဲ့တဲ့ လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းထက်က သုမေဓာပညာရှိ သူတော်ကောင်းဟာ မြတ်သော ပြာသာဒ်ထက်သို့ တက်ပြီးတော့ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကာ ဒီလို စဉ်းစားခဲ့တယ်။ –

"ပညာရှိသူတော်ကောင်း . . . တစ်ဖန်ဘဝသစ်မှာ ပဋိသန္ဓေတည်နေရခြင်းဆိုတာ ဆင်းရဲလှ တယ်။ အလားတူပဲ ဖြစ်လေရာ ဖြစ်လေရာ ဘုံဘဝမှာ ခန္ဓာကိုယ်ရဲ့ သေကျေပျက်စီးရခြင်းဟာလည်း ဆင်းရဲလှတယ်။ ငါဟာလည်း ပဋိသန္ဓေတည်နေခြင်း ဇာတိသဘောတရား ထင်ရှားရှိနေတဲ့ သူသာ ဖြစ်တယ်၊ အိုခြင်း ဇရာတရား ထင်ရှားရှိနေတဲ့ သူသာ ဖြစ်တယ်၊ ဖျားနာရခြင်း ဗျာဓိတရား ထင်ရှားရှိ နေတဲ့ သူသာ ဖြစ်တယ်။ သေခြင်း မရဏတရား ထင်ရှားရှိနေတဲ့ သူသာ ဖြစ်တယ်။ ဒီလိုပဋိသန္ဓေ, အို, နာ, သေဆိုတဲ့ ဘေးဆိုးကြီးတို့ ထင်ရှားရှိနေသေးတဲ့ ငါဟာ ပဋိသန္ဓေမနေရာ, မအိုရာ, မနာရာ,

---
[၄၄၉] သံ၊၂၃၇-၃၈၈။

ဆင်းရဲမရှိရာ, ချမ်းသာရာ, အေးမြရာ, မသေရာ, အမြိုက်နိဗ္ဗာန် တရားတော်မြတ်ကြီးကို ရှာမှီးခြင်းငှာ သင့်လှပေတယ်၊ မချွတ်ဧကန် အမှန်အားဖြင့် ဘဝမှ လွတ်မြောက်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း တစ်ခုသော လမ်းကောင်းသည် ရှိသင့်လေရာတယ်။

ဥပမာတစ်ခုကတော့ — မစင်တွင်းထဲမှာ နစ်မြုပ်နေတဲ့ ယောက်ျားဟာ ခပ်လှမ်းလှမ်းမှာ အရောင်ငါးမျိုးရှိနေတဲ့ ပဒုမ္မာကြာပန်းတို့ဖြင့် ဖုံးလွှမ်းလျက်ရှိတဲ့ တစ်ဖက်ဆည်ကန်အိုင်ကြီးတစ်ခုကို မြင်တွေ့နေရပါလျှင် "အဘယ်လမ်းခရီးဖြင့် ဒီအိုင်ကြီးသို့ သွားရပ့ါမလဲ"လို့ ဒီအိုင်ကြီးသို့ သွားရာလမ်းကို ရှာဖွေသင့်တယ်။ ဒီယောက်ျားရဲ့ ဒီအိုင်ကြီးသို့ သွားရာလမ်းကို မရှာဖွေခြင်းဟာ ဒီအိုင်ကြီးရဲ့ အပြစ်တော့ မဟုတ်ဘူး။ ဒီယောက်ျားရဲ့ အပြစ်သာ ဖြစ်လေရာတယ်။ ဒီဥပမာအတူပဲ ကိလေသာ အညစ်အကြေးတို့ကို ဖြူစင်သန့်ရှင်းအောင် ဆေးကြောသုတ်သင်ရာဖြစ်တဲ့ မသေရာ အမြိုက်နိဗ္ဗာန် တရားတော်မြတ်ကြီးဆိုတဲ့ တစ်ဖက်ဆည်ကန်အိုင်ကြီးဟာ ထင်ရှားရှိနေပါလျက် ဒီမသေရာ အမြိုက် နိဗ္ဗာန်တရားတော်မြတ်ကြီးသို့ သွားကြောင်းဖြစ်တဲ့ လမ်းကောင်းကြီးကို မရှာဖွေခြင်းဟာ မသေရာ အမြိုက်နိဗ္ဗာန်တရားတော်မြတ်ကြီးဆိုတဲ့ တစ်ဖက်ဆည်ကန်အိုင်ကြီးရဲ့ အပြစ်တော့ မဟုတ်ဘူး။

နောက်ဥပမာတစ်ခုကတော့ — ခိုးသားဓားပြတွေရဲ့ ဝန်းရံခံနေရတဲ့ ယောက်ျားဟာ ထွက်ပြေးဖို့ရန် လမ်းပေါက် ထင်ရှားရှိနေပါလျက် အကယ်၍ မပြေးခဲ့ဘူးဆိုလျှင် ဒီလိုမပြေးခြင်းဟာ လမ်းခရီးရဲ့ အပြစ်တော့ မဟုတ်ဘူး၊ ယောက်ျားရဲ့ အပြစ်သာ ဖြစ်တယ်။ ဒီဥပမာအတိုင်းပဲ ကိလေသာတွေက ဝန်းရံပြီးတော့ အဖမ်းခံနေရတဲ့ ယောက်ျားဟာ ကိလေသာတွေမှ လွတ်မြောက်ရာ အေးမြလှပေတဲ့ နိဗ္ဗာန်သို့ သွားရာလမ်းကြောင်းကြီးဟာ ထင်ရှားရှိနေပါလျက် နိဗ္ဗာန်သို့ သွားရာလမ်းကို မရှာဖွေခြင်း ဟာ နိဗ္ဗာန်သို့ သွားရာလမ်းရဲ့ အပြစ်တော့ မဟုတ်ဘူး၊ နိဗ္ဗာန်သို့သွားရာ လမ်းကို မရှာဖွေသူရဲ့ အပြစ်သာ ဖြစ်တယ်။

နောက်ဥပမာတစ်ခုကတော့ — ဖျားနာခြင်း ဗျာဓိတရားဖြင့် အနှိပ်စက်ခံနေရတဲ့ ယောက်ျား ဟာ ဖျားနာခြင်း ဗျာဓိတရားကို ကုစားတတ်တဲ့ အနာရောဂါပျောက်ကြောင်း ဆေးဆရာကောင်း တစ်ဦး ထင်ရှားရှိနေပါလျက် ဒီဆေးဆရာကို ရှာမှီးပြီးတော့ ဖျားနာခြင်း ဗျာဓိရောဂါကို အကယ်၍ မကုစားဘူးဆိုလျှင် ဒီလိုမကုစားခြင်းဟာ ဆေးဆရာရဲ့ အပြစ်တော့ မဟုတ်ဘူး၊ ဒီယောက်ျားရဲ့ အပြစ်သာ ဖြစ်တယ်။ ဒီဥပမာအတိုင်းပဲ ကိလေသာဆိုတဲ့ အနာရောဂါဖြင့် အညှဉ်းပန်း အနှိပ်စက်ခံ နေရတဲ့ ယောက်ျားဟာ ကိလေသာတွေရဲ့ ငြိမ်းအေးကြောင်း အကျင့်လမ်းကောင်းမှာ ကျွမ်းကျင် လိမ္မာတဲ့ ဆရာသမားတစ်ဦးဟာ ထင်ရှားရှိနေပါလျက် အကယ်၍ ဆရာသမားကို မရှာဖွေခဲ့ဘူး ဆိုလျှင် ဒီယောက်ျားရဲ့ အပြစ်သာ ဖြစ်တယ်။ ကိလေသာကို ဖျက်ဆီးတတ်တဲ့ လမ်းကောင်းကို ညွှန်ကြားပြသ ဆိုဆုံးမတတ်တဲ့ ဆရာသမားရဲ့ အပြစ်တော့ မဟုတ်ဘူး။

နောက်ထပ် ဥပမာတစ်မျိုးကတော့ — လှလှပပ တန်ဆာဆင်ထားတဲ့ ယောက်ျားဟာ လည်ပင်း မှာ ဆွဲထားတဲ့ သူသေကောင်ပုပ်ကို စွန့်ပစ်နိုင်ခဲ့မယ်ဆိုလျှင် ချမ်းသာခြင်း သုခရှိသူအဖြစ်သို့ ရောက်ရှိ လေရာတယ်။ ဒီဥပမာအတိုင်းပဲ ငါဟာလည်းပဲ ငါရဲ့ခန္ဓာကိုယ်ဆိုတဲ့ အပုပ်ကောင်ကြီးကို စွန့်ပစ်ပြီး-

တော့ ငဲ့ကွက်တွယ်တာမှုမရှိဘဲ နိဗ္ဗာန်ဆိုတဲ့ ရွှေမြို့တော်ကြီးသို့ ဝင်ရောက်ထိုက်လှပေတယ်။

နောက်ထပ် ဥပမာတစ်မျိုးကတော့ – အမျိုးသား အမျိုးသမီးတို့ဟာ မစင်စွန့်ရာအရပ်မှာ ကျင်ကြီးကျင်ငယ်ကို စွန့်ပြီးနောက် အဲဒီကျင်ကြီးကျင်ငယ်ကို ခါးပုံစထဲမှာ ထည့်ယူပြီးတော့ ဒါမှ မဟုတ် ပုဆိုးစွန်းဖြင့် ထုပ်ယူပြီးတော့ မသွားကြပါဘူး၊ ရွံရှာစက်ဆုပ်ကြကာ ငဲ့ကွက်တွယ်တာမှု မရှိကြကုန်ဘဲ စွန့်ပစ်ပြီးတော့သာ သွားကြတယ်။ ဒီဥပမာအတိုင်းပဲ ငါဟာလည်းပဲ ဒီခန္ဓာကိုယ် အပုပ်ကောင်ကြီးကို ငဲ့ကွက်တွယ်တာမှုမရှိဘဲ စွန့်ပစ်ထားခဲ့ပြီးတော့ မသေရာအမြိုက်နိဗ္ဗာန်မြို့ကြီး အတွင်းသို့ ဝင်ရောက်သင့်လှပေတယ်။

နောက်ထပ် ဥပမာတစ်မျိုးကတော့ – လှေသူကြီးတွေဟာ ယိုယွင်းဆွေးမြည့်လျက်ရှိတဲ့ လှေ-အိုကြီးကို ငဲ့ကွက်တွယ်တာမှုမရှိဘဲ စွန့်ပစ်ပြီးတော့ သွားကြကုန်သလို ဒီဥပမာအတိုင်းပဲ ငါဟာ-လည်းပဲ ကိုးပေါက်ဒွါရ အမာဝတို့မှ တစီစီယိုကျလျက်ရှိနေတဲ့ လှေအိုကြီးနှင့် တူတဲ့ ဒီကိုယ်ကောင်ကြီးကို စွန့်ပစ်ပြီးတော့ ငဲ့ကွက်တွယ်တာမှုမရှိဘဲ နိဗ္ဗာန်ဆိုတဲ့ မြို့ကြီးရဲ့အတွင်းသို့ ဝင်ရောက်သွားပေတော့အံ့။

နောက်ထပ် ဥပမာတစ်မျိုးကတော့ – ရတနာအမျိုးမျိုးတို့ကို ယူဆောင်ပြီးတော့ ခိုးသားဓားပြတွေနှင့် အတူတကွ လမ်းခရီးတစ်ခုကို သွားမိတဲ့ ယောက်ျားဟာ မိမိနှင့် အတူပါလာတဲ့ ရတနာအမျိုးမျိုးတို့ရဲ့ ပျက်စီးဆုံးရှုံးမည့်ဘေးမှ ကြောက်တဲ့အတွက် ဒီခိုးသားဓားပြတွေကို စွန့်ပစ်ပြီးတော့ ဘေးကင်းတဲ့လမ်းကို ယူပြီးတော့ သွားသလို ဒီဥပမာအတိုင်းပဲ ကရဇကာယအမည်ရတဲ့ ဒီရူပကာယ-ကြီးဟာလည်း ရတနာအမျိုးမျိုးကို လုယက်ဖျက်ဆီးတတ်တဲ့ ခိုးသားဓားပြနှင့် တူလှတယ်။ ငါဟာ အကယ်၍ ခိုးသားဓားပြနှင့်တူတဲ့ ဒီခန္ဓာအိမ်ကြီးမှာ တွယ်တာမက်မောမှု တဏှာတရားကို ထင်ရှား ပြုနေမယ်ဆိုလျှင် နိဗ္ဗာန်သို့သွားရာလမ်းကြောင်းဖြစ်တဲ့ အရိယမဂ်ကုသိုလ်တရားရတနာကြီးဟာ ငါရဲ့သန္တာန်မှာ ပျောက်ပျက်ပြီးတော့ သွားပေတော့မယ်၊ ဒါ့ကြောင့် ငါဟာ ခိုးသားဓားပြနှင့်တူတဲ့ ဒီရူပကာယ ခန္ဓာကိုယ်ကြီးကို စွန့်ပစ်ထားခဲ့ပြီးတော့ နိဗ္ဗာန်ဆိုတဲ့ မြို့ကြီးအတွင်းသို့ ဝင်ရောက်ခြင်းဌာ သင့်တော်တော့သည်သာ ဖြစ်ပါတယ်။

ဒီလို သုမေဓာရှင်ရသေ့ဟာ ဥပမာအမျိုးမျိုးတို့ဖြင့် နေက္ခမ္မဓာတ်နှင့် ဆက်စပ်နေတဲ့ အနက် သဘောကို စဉ်းစားဆင်ခြင်တော်မူပြီးနောက် မိမိနေအိမ်အတွင်းမှာ အတိုင်းအတာပမာဏမရှိတဲ့ စည်းစိမ်ဥစ္စာစုကို စွန့်လွှတ်ခဲ့ပြီးတော့ ကြီးမားတဲ့ အလှူဒါနကို ပြုလုပ်ကာ ဝတ္ထုကာမ ကိလေသာ ကာမတို့ကို ပယ်ရှားပြီးတော့ အမရဝတီမည်တဲ့ နေပြည်တော်မှ ထွက်ခွာခဲ့ပါတယ်။ တစ်ဦးထီးတည်း ပဲ ဟိမဝန္တာအရပ်မှာ ဓမ္မိကမည်တဲ့တောင်ကို အမှီပြုပြီးတော့ သခ်မ်းကျောင်းဆောက်လုပ်ကာ အဲဒီ နေရာမှာပဲ သစ်ရွက်မိုးကျောင်းကိုရော, စင်္ကြံကိုရော ဖန်ဆင်းတည်ထောင်ပြီးတော့ ဈာန်အဘိညာဏ် တို့ကို ကြိုးစားအားထုတ်တော်မူရာ ဈာန်သမာပတ် (၈)ပါး လောကီအဘိညာဏ် (၅)ပါးတို့ကို ရရှိ တော်မူခဲ့ပါတယ်။[၅၅၀]

[၅၅၀] ဇာတက၌၁၁၃-၇။

တစ်ချိန် သုမေဓာရှင်ရသေ့ဟာ ဒီပင်္ကရာဘုရားရှင်နှင့် သံဃာတော် (၄)သိန်းတို့ ကြွတော်မူမည့် လမ်းပေါ် ဝယ် ရွှံ့ညွှန်အထက်မှာ မိမိကိုယ်ကို တံတားအသွင် ခင်းထားလိုက်တယ်။ အလျားမှောက် လျက်သာ နေလိုက်တယ်။ မျက်လုံးတို့ကို ဖွင့်ပြီးတော့ ဒီပင်္ကရာဘုရားရှင်ရဲ့ ဗုဒ္ဓအသရေတော်ကို ကောင်းစွာ ဖူးမြော်နေပါတယ်။ ဒီလို ဖူးမြော်လိုက်ရတဲ့အခါ သုမေဓာရှင်ရသေ့က ဒီလို စဉ်းစားတော် မူပါတယ် —

"အကယ်၍ ငါဟာ အလိုရှိငြားအံ့၊ ကိလေသာတွေအားလုံးကို လောင်ကျွမ်းအောင် ရှို့မြိုက်ပြီး တော့ ဒီပင်္ကရာဘုရားရှင်ရဲ့ အငယ်ဆုံး တပည့်သာဝက သံဃာငယ်တစ်ပါး ဖြစ်ရမယ်၊ ရမ္မမြို့ထဲသို့ ဒီပင်္ကရာဘုရားရှင်ရဲ့ နောက်တော်မှ အငယ်ဆုံး တပည့်ရဟန်းအဖြစ်နှင့် ဆွမ်းခံကြွဝင်ရပေမယ်၊ မထင်ရှားတဲ့အသွင်ဖြင့် ငါ့အား ကိလေသာတို့ကို လောင်ကျွမ်းရှို့မြိုက်စေပြီးတော့ နိဗ္ဗာန်သို့ သွား- ရောက်ခြင်းကိစ္စဟာ မရှိသင့်ဘူး၊ ကိုယ်တော်အား (၁၀)ပါး, ဉာဏ်တော်အား (၁၀)ပါးတို့နှင့် ပြည့်စုံ တော်မူတဲ့ ဒီပင်္ကရာဘုရားရှင်ကဲ့သို့ အသာဆုံး အမြတ်ဆုံးဖြစ်တဲ့ သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်သို့ ရောက်ရှိပြီးမှ တရားဓမ္မစက်ဆိုတဲ့ လှေထက်သို့ တက်ရောက်ပြီးတော့ လူများအပေါင်းကို သံသရာ သမုဒ္ဒရာထဲမှ ထုတ်ဆောင်ကယ်တင်မယ်။ နောက်မှ ပရိနိဗ္ဗာန်စံတော်မူရသော် ကောင်းလေစွ၊ ဒီလို သဗ္ဗညုတဉာဏ် သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်ကို ရရှိအောင် ပြုခြင်းသည်သာလျှင် ငါ့အား သင့်တင့်လျောက်ပတ် ကောင်းမြတ်လှပေတယ်။"[၅၁၁]

ဒီအချက်တွေကတော့ သုမေဓာရှင်ရသေ့ရဲ့ မွန်မြတ်တဲ့ ဦးတည်ချက်တွေ ဖြစ်ကြပါတယ်။ အဲဒီအချိန်အခါမှာ အကယ်၍ သုမေဓာရှင်ရသေ့က အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်တို့ကို အလိုရှိခဲ့မယ်ဆိုလျှင် သစ္စာလေးပါးနှင့် စပ်နေတဲ့ တရားဒေသနာတော် ဂါထာတစ်ပုဒ်မျှလောက်ကို နာကြားခွင့် ရရှိခဲ့မယ်ဆိုလျှင် ဂါထာဒေသနာတော် မဆုံးမီမှာပဲ အရဟတ္တဖိုလ်ပန်းကို ဆင်မြန်းနိုင်တဲ့ ပါရမီမျိုးစေ့ကောင်းတွေ ရှိထားပြီး ဖြစ်နေပါတယ်။ ဒီပင်္ကရာဘုရားရှင် မပွင့်မီ ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ သင်္ခါရုပေက္ခာဉာဏ်သို့တိုင်အောင်သော ဝိဇ္ဇာမျိုးစေ့ စရဏမျိုးစေ့ဆိုတဲ့ ပါရမီမျိုးစေ့ကောင်းတွေကို ပြုစုပျိုးထောင်ထားခဲ့ပြီးသူ သူတော်ကောင်းတစ်ဦး ဖြစ်ပါတယ်။ ဒီလို ပါရမီမျိုးစေ့တွေကို ထူထောင်ခဲ့စဉ်ကလည်း သဗ္ဗညုတဉာဏ်တော်မြတ် သမ္မာသမ္ဗောဓိဉာဏ်တော်- မြတ်တွေကို ဦးတည်ကာ ပါရမီမျိုးစေ့တွေကို ပြုစုပျိုးထောင်ခဲ့သူ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီပင်္ကရာ ဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ ဒီလို စဉ်းစားဆင်ခြင်တော်မူခဲ့ခြင်း ဖြစ်တယ်။

ဒီသုမေဓာရှင်ရသေ့ရဲ့ စဉ်းစားခန်းမှာ မွန်မြတ်တဲ့ အလွန့်အလွန် အဆင့်အတန်း မြင့်မားလှတဲ့ ကုသိုလ်ဆန္ဒတော်များကား ကိန်းဝပ်လျက်ပင် ရှိနေပါတယ်။ ဒီကုသိုလ်ဆန္ဒတော်များရဲ့ လှုံ့ဆော်မှု ကြောင့် သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်ကြီးကို ဆုထူးပန်ထွာတော်မူခြင်း ဖြစ်ပါတယ်။ ဒီပင်္ကရာ ဘုရားရှင်ကလည်း နောင်လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းအထက်မှာ ဂေါတမအမည်ရှိတဲ့ ဘုရား- ရှင် ဖြစ်တော်မူမည့်အကြောင်း နိယတဗျာဒိတ်စကားများကို မိန့်ကြားတော်မူလျက် ရှိပါတယ်။ ဒီ

---

[၅၁၁] ဇာတကာ၊၄၊၁၊၁၇။

ကုသိုလ်ဆန္ဒတော်တို့ရဲ့ နောက်ဆွယ်မှာရော, လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းမတိုင်မီမှာရော, နိယတဗျာဒိတ် ရပြီးနောက် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတို့ကာလပတ်လုံး ဖြည့်ကျင့်ဆည်းပူး တော်မူအပ်တဲ့ ပါရမီတော်မြတ်အပေါင်းတို့ရဲ့ နောက်ဆွယ်မှာရော သဗ္ဗညုတဉာဏ် သမ္မာသမ္ဗောဓိ ဉာဏ်တော်မြတ်ကြီးကို ရရှိနိုင်သည့်ဘဝကို တွယ်တာတပ်မက်မှု တဏှာလောဘတရားကား အဝိဇ္ဇာ နှင့် တွဲလျက် ကပ်ပါနေပါတယ်။ ဒီတဏှာလောဘမှာ သဗ္ဗညုတဉာဏ်တော်မြတ်ကြီးကို ရကြောင်း ပါရမီ အဆောက်အဦအပေါင်းတို့ကို ဖြည့်ကျင့်ဆည်းပူးနိုင်တဲ့ဘဝကို ရစေရောက်စေနိုင်သည့် စွမ်းအားမျှသာ ရှိပါတယ်၊ အပါယ်သို့ ပစ်ချနိုင်လောက်အောင် အားကောင်းတဲ့ တဏှာလောဘ ကတော့ မဟုတ်ပါဘူး။

## သုမိတ္တာအမျိုးကောင်းသမီး၏ လောဘ

သုမိတ္တာအမျိုးကောင်းသမီးကလည်း ဒီပင်္ကရာဘုရားရှင်ရဲ့ ခြေတော်ရင်းမှာပဲ ဝပ်စင်းပြီးတော့ သုမေဓာရှင်ရသေ့ရဲ့ သဗ္ဗညုတဉာဏ်, သမ္မာသမ္ဗောဓိဉာဏ် ရရှိရေးအတွက် ကူညီ၍ ပါရမီဖြည့်ရလို ကြောင်း ဆုတောင်းပန်ထွာခဲ့ပါတယ်။ သုမေဓာရှင်ရသေ့ရဲ့ မြောက်သားတော်ဖြစ်လိုတဲ့ မြောက်-သားတော်ဘဝကို တွယ်တာတပ်မက်တဲ့ တဏှာလောဘတရားဟာ သုမိတ္တာအမျိုးကောင်းသမီး = ယသောဓရာထေရီမရဲ့ အလောင်းအလျာသန္တာန်မှာ ထင်ရှားရှိခဲ့တာ မှန်သော်လည်း ဒီလို တဏှာ လောဘကတော့ အပါယ်သို့ ပစ်ချနိုင်လောက်အောင် အားမကောင်းပါဘူး။ သုမေဓာရှင်ရသေ့ရဲ့ ပါရမီဆယ်ပါး အပြားသုံးဆယ် စွန့်ခြင်းကြီးငါးရပ် စရိယသုံးသွယ်စတဲ့ သဗ္ဗညုတဉာဏ်တော် သမ္မာ-သမ္ဗောဓိဉာဏ်တော်မြတ်ကို ရရာရကြောင်း ပါရမီအဆောက်အဦ တရားအပေါင်းတို့ကို ကူညီပြီး တော့ ဖြည့်ဆည်းပေးလိုတဲ့ ကုသိုလ်ဆန္ဒတော်များရဲ့ အထောက်အကူ အကြောင်းတရားမျှသာ ဖြစ်ပါတယ်။

ယသောဓရာထေရီ အပဒါန်အရ ပြောဆိုရမယ်ဆိုလျှင် — ဒီမြောက်သားတော်ဘဝကို ဆု-တောင်းပန်ထွာတော်မူခဲ့သည်မှာ ဒီပင်္ကရာဘုရားရှင်ရဲ့ ရှေ့တော်မှောက်သို့ ရောက်ရှိတဲ့အခါမှ စတင် ပြီးတော့ ဆုတောင်းခဲ့တာတော့ မဟုတ်ပါဘူး၊ ဒီပင်္ကရာဘုရားရှင် မပွင့်မီ ပွင့်သွားတော်မူပြီးကြတဲ့ ဘုရားရှင် သိန်းပေါင်းများစွာတို့ထံမှာလည်း ဆုတောင်းပန်ထွာခဲ့ကြောင်း လာရှိပါတယ်။ ဒီလို ပါရမီ ဖြည့်ကျင့်စဉ် ဘဝများစွာတွေမှာ — အလောင်းတော်ရဲ့ သမ္မာသမ္ဗောဓိဉာဏ် သဗ္ဗညုတဉာဏ် ရရှိရေးအတွက် —

၁။ အသက်ကို စွန့်လွှတ်လှူဒါန်းခဲ့ရတဲ့ ဘဝတွေလည်း များစွာ ရှိခဲ့တယ်။

၂။ မျက်လုံးအစုံကို ထုတ်ပြီးတော့ လှူဒါန်းခဲ့ရတဲ့ ဘဝတွေလည်း များစွာပင် ရှိခဲ့တယ်။

၃။ ကိုယ်အင်္ဂါကြီးငယ် အသွယ်သွယ်တို့ကို စွန့်လွှတ်လှူဒါန်းခဲ့ရတဲ့ ဘဝတွေလည်း များစွာပင် ရှိခဲ့တယ်။

၄။ သားငယ်သမီးငယ်တို့ကို စွန့်လွှတ်လှူဒါန်းခဲ့ရတဲ့ ဘဝတွေလည်း များစွာပင် ရှိခဲ့တယ်။

၅။ မိမိကိုယ်တိုင်က အလိုအာသာဆန္ဒ မရှိပါဘဲလျက် အလောင်းတော်ရဲ့ အလိုဆန္ဒအတိုင်း သူ-တစ်ပါးတို့အား သားမယားအဖြစ် စွန့်လွှတ်လှူဒါန်းလိုက်တဲ့အတွက် သူတစ်ပါးရဲ့ သားမယားဘဝသို့ ရောက်ရှိသွားရတဲ့ ဘဝတွေလည်း များစွာပင် ရှိခဲ့တယ်။

၆။ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့ကို စွန့်လွှတ်လှူဒါန်းခဲ့ရတဲ့ ဘဝတွေလည်း များစွာပင် ရှိခဲ့တယ်။

၇။ သီလပါရမီ နေက္ခမ္မပါရမီ စတဲ့ အခြားအခြားသော ပါရမီတွေကို ဖြည့်ကျင့်ဆည်းပူးတော်မူခဲ့ရတဲ့ ဘဝတွေလည်း များစွာပင် ရှိခဲ့တယ်။[၅၁၂]

ဒါ့ကြောင့် မြောက်သားတော်ဘဝကို တွန်းအားပေးနေတဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ဟာ အထက်ပါ ကုသိုလ်သင်္ခါရအမျိုးမျိုးတွေကို ဖြစ်ပေါ်လာအောင် တွန်းအားပေးနေတဲ့ အခြေခံအကြောင်းရင်းတစ်ရပ်သာ ဖြစ်ပါတယ်။ အလောင်းတော် သုမေဓာရဲ့ သမ္မာသမ္ဗောဓိဉာဏ် သဗ္ဗညု-တဉာဏ် ရရှိရေးအတွက် ကူညီပြီးတော့ ပါရမီဖြည့်ပေးနိုင်တဲ့ ပါရမီတရားအပေါင်းကို ပြည့်ဝစုံလင်စေလိုတဲ့ အခြေခံအကြောင်းရင်းတစ်ရပ်မျှသာ ဖြစ်ပါတယ်။

ဒါ့ကြောင့် တရားနာပရိသတ်တွေဟာလည်း ဘုရားရှင်ကို မိမိတို့ရဲ့ ဖခင်အဖြစ် သတ်မှတ်နိုင်လျှင် ယသောဓရာထေရီကိုလည်း မိခင်အဖြစ် သတ်မှတ်သင့်လှပါတယ်။ အလောင်းတော်မြတ်ရဲ့ သဗ္ဗညုတဉာဏ် သမ္မာသမ္ဗောဓိဉာဏ် ရရှိရေးအတွက် သူ့ကျေးဇူးတွေကား များလှပါတယ်။ လူသာ-မန်အမျိုးသမီးတို့ ပြုနိုင်ခဲ့တဲ့ အရာများကို မကြောက်မရွံ့ ရဲဝံ့စွာ ပြုစွမ်းနိုင်သူတစ်ဦးပင် ဖြစ်ပါတယ်။

## အဂ္ဂသာဝက, မဟာသာဝကကြီးများ

အလားတူပင် အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလ္လာန်, အရှင်မဟာကဿပ, အရှင်အနု-ရုဒ္ဓါ, အရှင်အာနန္ဒာ, အရှင်ရာဟုလာ, ခေမာထေရီ, ဥပ္ပလဝဏ်ထေရီ စတဲ့ သူတော်ကောင်းကြီးတွေဟာလည်း အလောင်းတော်ရဲ့ ပါရမီကို မိမိတို့ ဆိုင်ရာ ကဏ္ဍအသီးအသီးမှ ပါဝင်ပြီးတော့ ကူညီဖြည့်ခဲ့ သူများပင် ဖြစ်ကြပါတယ်။ ဒီလို ပါရမီဖြည့်ဆည်းပူးပေးနိုင်တဲ့ ဘဝမျိုးကိုလည်း လိုလားတပ်မက်ခဲ့ကြတယ်။ သို့သော် ဒီလို ဘဝတဏှာမှာ မိမိ မိမိတို့ မျှော်မှန်းထားတဲ့ အဂ္ဂသာဝကဗောဓိဉာဏ်, မဟာသာဝကဗောဓိဉာဏ်, ပကတိသာဝကဗောဓိဉာဏ်တို့ကို ရရှိဖို့ရန် အခြေခံအကြောင်းရင်းတစ်ရပ်မျှသာ ဖြစ်ပါတယ်။ ပုညာဘိသင်္ခါရ အာနေဉ္ဇာဘိသင်္ခါရ အမည်ရတဲ့ ပါရမီအဆောက်အဦတို့ရဲ့ အကြောင်းရင်းတစ်ခုမျှသာ ဖြစ်ပါတယ်။

## အရှင်မဟာကဿပအလောင်းအလျာနှင့် မယ်ဘဒ္ဒါအလောင်းအလျာ

အရှင်မဟာကဿပအလောင်း သူတော်ကောင်းနှင့် မယ်ဘဒ္ဒါအလောင်း အမျိုးကောင်းသမီးတို့ဟာလည်း ပဒုမုတ္တရဘုရားရှင်ရဲ့ သာသနာတော်မှသည် ဂေါတမဘုရားရှင်ရဲ့ သာသနာတော်သို့တိုင်အောင် ကမ္ဘာပေါင်း သိန်းနှင့် ချီပြီးတော့ ပါရမီကို အတူဖြည့်ခဲ့သူများ ဖြစ်ကြပါတယ်။ အရှင်-

[၅၁၂] အပဒါန၊ ၂၊ ၂၆၇။

မဟာကဿပရဲ့ ခုတင် (၁၃)ပါးကို ဆောင်သည့်အရာတွင် အသာဆုံး အမြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ဆင်မြန်းနိုင်တဲ့ မဟာသာဝကဗောဓိဉာဏ်ကို ရည်သန်၍ ပါရမီဖြည့်ကျင့်ခဲ့သူများ ဖြစ်ကြပါတယ်။ သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထုတ်ဆောင်ကယ်တင်နိုင်တဲ့ စွမ်းအားအပြည့်အဝရှိတဲ့ ဗောဓိဉာဏ်တော်-မြတ်ကို ရရာရကြောင်း ရောက်ရာရောက်ကြောင်း ပါရမီတရားအပေါင်းတို့ကိုသာ အတူစုဆောင်း ရှာဖွေလိုတဲ့ စိတ်ဓာတ်မျှသာ ဖြစ်ပါတယ်။ ထိုထိုဘဝကို တွယ်တာမှု ထင်ရှားရှိတာမှန်သော်လည်း ဒီဘဝတွယ်တာမှု တဏှာလောဘဟာ ကုသိုလ်ဆန္ဒတော်ရဲ့ နောက်လိုက်သာ ဖြစ်ရပါတယ်။ ဒီ ကုသိုလ်ဆန္ဒဓာတ်တော်တို့ရဲ့ စွမ်းအား, ပါရမီတော်တို့ရဲ့ စွမ်းအားကြောင့် တစ်ဦးကို တစ်ဦး စွန့်လွှတ်-နိုင်တဲ့ စွမ်းအား, အလွန်ကြီးကျယ်တဲ့ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတို့ကို စွန့်လွှတ်နိုင်တဲ့ စွမ်းအားများလည်း တစ်ပါတည်း ကိန်းဝပ်လာကြပါတယ်။ ဒီလို ကိန်းဝပ်လာတဲ့အတွက် နောက်ဆုံးဘဝမှာ တစ်ဦးနှင့် တစ်ဦး ချစ်ကြည်နူးတဲ့ စိတ်ဓာတ်မျှ လုံးဝ မကိန်းခဲ့စဖူးပါဘူး။

အရှင်မဟာကဿပအလောင်း ပိပ္ပလိလုလင်ကလည်း ရွှေအဆင်းကဲ့သို့ ဝါဝင်းတဲ့အဆင်းရှိတဲ့ အလွန်လှပတင့်တယ်သူ ချမ်းသာကြွယ်ဝသူတစ်ဦး ဖြစ်ခဲ့ပါတယ်။ မယ်ဘဒ္ဒါကလည်း (၁၂)တောင် တိုက်ခန်းမှာ မီးမထွန်းဘဲ လင်းနေတဲ့ ကိုယ်ရောင်ကိုယ်ဝါရှိတဲ့ အလွန်အဆင်းလှတဲ့ အလွန်ချမ်းသာ ကြွယ်ဝသူတစ်ဦးပဲ ဖြစ်ခဲ့ပါတယ်။ မိဘတို့ရဲ့ စီမံဆောင်ရွက်ပေးမှုကြောင့် ဇနီးမောင်နှံဘဝသို့ ရောက်-ရှိရသော်လည်း တစ်အိမ်တည်းမှာ အတူပင် နေထိုင်ရလင့်ကစား တစ်ဦးကို တစ်ဦး ချစ်ကြည်နူးတဲ့ စိတ်ထားဖြင့် တစ်ကြိမ်တစ်ခါမျှ မကြည့်ခဲ့ဖူးသူများ ဖြစ်ကြပါတယ်။

တစ်နေ့မှာတော့ အလွန်ကြီးကျယ်တဲ့ သက်ရှိသက်မဲ့ ကာမဝတ္ထု အစုစုတွေကို စွန့်လွှတ်ပြီးတော့ ဘုရားရှင်တို့အား ရည်ညွှန်းကာ နှစ်ဦးသဘောတူ ရသေ့ရဟန်းပြုပြီးတော့ တောထွက်ခဲ့ကြတယ်။ လမ်းခုလတ် တစ်နေရာရောက်တော့ လမ်းနှစ်ခွကို တွေ့တဲ့အခါ တစ်ဦးနှင့် တစ်ဦး လမ်းခွဲရန် တူညီတဲ့ ဆန္ဒဖြင့် လမ်းခွဲသွားခဲ့ကြတယ်။ ပိပ္ပလိလုလင်က လက်ျာလမ်းသို့ မယ်ဘဒ္ဒါက လက်ဝဲလမ်းသို့ လိုက်ကာ လမ်းခွဲသွားခဲ့ကြတယ်။ တစ်ဦးအပေါ် တစ်ဦး ငဲ့ကွက်မှု တွယ်တာမှု စိတ်ဓာတ်တုန်လှုပ်မှုကား လုံးဝမရှိ ဖြစ်ခဲ့တယ်။ ဒီမဟာပထဝီမြေကြီးဟာ စက္ကဝါဠဂိရိလို့ခေါ် ဆိုတဲ့ မြင်းမိုရ်တောင်ကြီး ကိုပင် ဆောင်ထားခြင်းငှာ စွမ်းနိုင်သော်လည်း ဒီသူတော်ကောင်းကြီး နှစ်ဦးသားတို့ရဲ့ ဂုဏ်ကျေးဇူးကို ဆောင်ထားခြင်းငှာ မစွမ်းနိုင်တဲ့အတွက် သွက်သွက်ခါအောင် တုန်လှုပ်ခဲ့လေတယ်။[၅၃၄]

ဒီသူတော်ကောင်းတွေကတော့ သူတော်ကောင်းဥစ္စာ (၇)ဖြာတို့နှင့် ပြည့်ဝစုံလင်နေကြတဲ့ သူတော်စင်ကြီးတို့သာ ဖြစ်ကြပါတယ်။ သူတော်ကောင်းနှင့် အဆင့်ဆင့် ပေါင်းသင်းရလိုခြင်းမှာ တမင်တကာ ဆုတောင်းယူရတဲ့ ကုသိုလ်ဆန္ဒကောင်း ဖြစ်ပါတယ်။ ဒီအရှင်မြတ်တွေဟာ မိမိတို့ မျှော်မှန်းထားတဲ့ ဗောဓိဉာဏ်အသီးအသီးကို ရရှိစေနိုင်တဲ့ ပါရမီတရားအပေါင်းတွေကို ဖြည့်ကျင့် ဆည်းပူးနေတော်မူကြတဲ့ သီလရှိသူများလည်း ဖြစ်ကြပါတယ်။

**ကုဇ္ဇတိ ဘိက္ခဝေ သီလဝတော စေတောပဏိဓိ ဝိသုဒ္ဓတ္တာ။**[၅၃၅]

---

[၅၃၄] အံ၊၆၊၁၊၁၄၁။ [၅၃၅] အံ၊၃၊၇၁။

ဒီလို ဘုရားရှင် ဟောကြားထားတော်မူတဲ့အတိုင်း ဒီသူတော်ကောင်းတွေဟာ သီလစင်ကြယ်နေတဲ့အတွက်ကြောင့် သီလရှိကြတဲ့ ဒီသူတော်ကောင်းတို့ စိတ်က တောင့်တတဲ့အတိုင်း ပြည့်စုံလာကြပါတယ်။ ကုသိုလ်သမ္မာဆန္ဒရှိတဲ့အတိုင်းလည်း ပြီးစီးပြည့်စုံလာကြပါတယ်။

ဒ့ါကြောင့် ဒီသူတော်ကောင်းတွေမှာ တစ်ယောက်နှင့် တစ်ယောက် မကွဲကွာရအောင် တွယ်တာတဲ့ တဏှာပေမ ရှိကြမည်ဖြစ်သော်လည်း ဒီတဏှာပေမတရားက သူတို့ ဖြည့်ကျင့်နေကြတဲ့ ပါရမီကုသိုလ်တို့အား အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးနေတဲ့ အထောက်အကူ အကြောင်းတရားမျှသာ ဖြစ်ကြပါတယ်။ ဒ့ါကြောင့် ပါရမီကုသိုလ်တွေကသာ အကျိုးပေးနိုင်တဲ့ စွမ်းအားတွေ ရှိခြင်းကြောင့် ဒီလို ကြီးမားတဲ့ ကုသိုလ်ဆန္ဒတော်အတိုင်း အလောင်းအလျာတို့၏ အလိုကျအောင် ပြုသမျှ ပါရမီကုသိုလ်ကံတို့က တွဲဖက်ပြီးတော့ စီမံကြတဲ့အတွက် ဥမကွဲ သိုက်မကွာ ပါရမီဖြည့်ဖက်များ ဖြစ်ခဲ့ကြရတယ်။ ဒါပေမဲ့ တစ်ဦးနှင့် တစ်ဦး စွန့်လွှတ်နိုင်သူတွေလည်း ဖြစ်ကြရပါတယ်။ သူတို့ရဲ့ အလွန်အားကောင်းနေတဲ့ ပါရမီမျိုးစေ့တွေနှင့် ယှဉ်တွဲနေတဲ့ အလောဘ, အဒေါသ, အမောဟစာတ်တွေက အားပျော့နေတဲ့ လောဘ, ဒေါသ, မောဟတွေကို အနိုင်ယူနိုင်တဲ့ စွမ်းအား-တွေ ရှိခဲ့ကြပါတယ်။

## နကုလပိတာနှင့် နကုလမာတာ

ဘုရားရှင်ရဲ့ လက်ထက်တော်အခါမှာ ဘဂ္ဂတိုင်း သုသုမာရဂိရိမြို့မှာ နကုလပိတာလို့ ထင်ရှားတဲ့ သူကြွယ်နှင့် နကုလမာတာလို့ ခေါ်တွင်တဲ့ သူကြွယ်ကတော်တို့ဟာ ရှေးရှေးဘဝများစွာကပဲ မကွဲမကွာ ဖြစ်လာကြပြီးတော့ ဘုရားရှင်လက်ထက်တော်အခါမှာလည်း ဘုရားရှင်ကို ပထမဆုံး ဖူးမြင်ရတဲ့အချိန်ကပင် သောတာပန် ဖြစ်ခဲ့ကြတယ်။ ဒီဇနီးမောင်နှံ နှစ်ဦးလုံးဟာ ဘဝပေါင်းများစွာက ဘုရားအလောင်းတော်ရဲ့ မိဘအဖြစ်, ဦးကြီး မိကြီးအဖြစ်, ဦးလေး ဒေါ်လေးအဖြစ်ဖြင့် အတူနေခဲ့ရတဲ့အတွက်ကြောင့် ဘုရားရှင်ကို သားအသွင် ချစ်ခင်ကာ လွန်စွာ အကျွမ်းဝင်ပါတယ်။ ဘုရားရှင်ကို လျှောက်ထားလိုရာကို ချွင်းချက်မရှိ လျှောက်ထားလေ့ ရှိကြပါတယ်။ ဒ့ါကြောင့် တစ်ချိန်မှာ သူကြွယ်က ဘုရားရှင်ကို ဒီလို လျှောက်ထားတယ် —

“အရှင်ဘုရား . . . တပည့်တော်ဟာ ငယ်ရွယ်စဉ်အခါကပဲ ငယ်ရွယ်သူ နကုလမာတာသူကြွယ်မကို ထိမ်းမြားလက်ထပ်ကာ ဆောင်ယူခဲ့ပါတယ် မြတ်စွာဘုရား၊ သူ့ကို သိမ်းပိုက်ခဲ့သည်မှစပြီးတော့ စိတ်မျှဖြင့်သော်လည်း နကုလမာတာသူကြွယ်မကို လွန်ကျူးပြီးတော့ အခြားအမျိုးသမီးတို့အပေါ်မှာ ကျင့်မှားမိတယ်လို့ တပည့်တော်ဟာ မသိခဲ့စဖူးပါဘူး။ ကိုယ်ထိလက်ရောက် လွန်ကျူးဖို့ဆိုတာ ဘယ်မှာ ဖြစ်နိုင်ပါ့မလဲ ပြောဆိုဖွယ်ရာ ရှိနိုင်ပါ့မလဲ။ အရှင်ဘုရား . . . တပည့်တော်တို့ဟာ ယခုဘဝမှာလည်း အချင်းချင်း ရှုမြင်လိုကြပါတယ်၊ နောင်တမလွန်ဘဝမှာလည်း အချင်းချင်း ရှုမြင်လိုကြပါတယ်ဘုရား . . . ”။[၅၁၁]

[၅၁၁] အံ၊၁၊၃၇၂။ အံ၊၄၊၁၊၃၀၈။

ဒါကတော့ နကုလပိတာ ဒါယကာကြီးရဲ့ လျှောက်ထားချက် ဖြစ်ပါတယ်၊ ဒီစကားကို နကုလမာတာ ဒါယိကာမကြီးက ကြားတော့ အားကျမခံ သူ့စိတ်ရင်းအတိုင်း ဒီလို လျှောက်ထားပြန်တယ် -

"အရှင်ဘုရား . . . နကုလပိတာသူကြွယ်ဟာ ငယ်ရွယ်စဉ်ကပင် ငယ်ရွယ်သူဖြစ်တဲ့ တပည့်တော်မကို ထိမ်းမြားလက်ထပ်ပြီးတော့ ဆောင်ယူခဲ့ပါတယ် မြတ်စွာဘုရား၊ တပည့်တော်မကို သူက သိမ်းပိုက်ခဲ့တဲ့အချိန်မှ စပြီးတော့ စိတ်မျှဖြင့်သော်လည်း နကုလပိတာသူကြွယ်ကို လွန်ကျူးပြီးတော့ အခြားယောက်ျားတို့အပေါ်မှာ ကျင့်မှားမိတာကို တပည့်တော်မဟာ မသိခဲ့စဖူးပါ၊ ကိုယ်ထိလက်ရောက် ကျူးလွန်ဖို့ဆိုတာ ဘယ်မှာ ဖြစ်နိုင်ပါ့မလဲ ပြောဆိုဖွယ်ရာ ရှိနိုင်ပါ့မလဲ။ အရှင်ဘုရား . . . တပည့်တော်တို့ဟာ ယခုဘဝမှာလည်း အချင်းချင်း ရှုမြင်လိုကြပါတယ်၊ နောင်တမလွန်ဘဝမှာလည်း အချင်းချင်း ရှုမြင်လိုကြပါတယ်" ဒီလို လျှောက်ထားလိုက်တယ်။[၄၅၆]

အဲဒီအခါမှာ ဘုရားရှင်က အောက်ပါစကားတော်ကို မိန့်ကြားတော်မူပါတယ် — "ဒါယကာတို့ . . . ဇနီးမောင်နှံနှစ်ဦးတို့ဟာ ယခုဘဝမှာလည်း အချင်းချင်း ရှုမြင်ကြရန်, တမလွန်ဘဝမှာလည်း အချင်းချင်း ရှုမြင်ကြရန် အကယ်၍ အလိုရှိကြတယ်ဆိုလျှင် ဇနီးမောင်နှံနှစ်ဦးလုံးတို့ဟာ —

၁။ တူမျှတဲ့သဒ္ဓါတရား ရှိရမယ်၊

၂။ တူမျှတဲ့ ကိုယ်ကျင့်သီလ ရှိရမယ်၊

၃။ တူမျှတဲ့ ပေးကမ်းစွန့်ကြဲမှု စာဂတရား ရှိရမယ်၊

၄။ တူမျှတဲ့ ဝိပဿနာပညာ မဂ်ပညာဆိုတဲ့ ပညာတရား ရှိရမယ်။

ဒီလိုတူမျှတဲ့ သဒ္ဓါ, သီလ, စာဂ, ပညာ ရှိခဲ့မယ်ဆိုလျှင် ဒီဇနီးမောင်နှံနှစ်ဦးတို့ဟာ ယခုဘဝမှာလည်း အချင်းချင်း ရှုမြင်နိုင်ကြတယ်။ နောင်တမလွန်ဘဝမှာလည်း အချင်းချင်း ရှုမြင်နိုင်ကြလိမ့်မယ်"[၄၅၇] —လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

အိမ်ရှင်က သဒ္ဓါတရားကောင်းသလို အိမ်သူကလည်း သဒ္ဓါတရားကောင်းရမယ်။ အိမ်ရှင်က သီလစင်ကြယ်သလို အိမ်သူကလည်း သီလစင်ကြယ်စေရမယ်၊ တစ်ယောက်ယောက်က စွန့်ကြဲပေးကမ်းလှူဒါန်းလိုလျှင် တစ်ယောက်က မတားမြစ်ရဘူး၊ "မယ်ကလှူမူ မောင်ကြည်ဖြူပြီးတော့, မောင်ကလှူဒါန်း မယ်ရွှင်လန်းရမည်၊" အသိအလိမ္မာ ဉာဏ်ပညာချင်းလည်း တူညီရမယ်။ အထူးသဖြင့် ဝိပဿနာဉာဏ်ပညာချင်းလည်း တူညီနေရမယ်။ ဒီထက်ပိုပြီးတော့ စွမ်းနိုင်ပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်ချင်းလည်း အရာရာ တူညီစေရမယ်လို့ ဆိုလိုရင်း ဖြစ်ပါတယ်။ ဒီလိုအဓိပ္ပာယ်ကို ရည်ရွယ်ပြီးတော့ ပဥ္စာဝုဓပျို့မှာ အောက်ပါအတိုင်း မိန့်ဆိုထားပါတယ်။

---

[၄၅၆] အံ၊၁၊၃၇၂-၃၇၃။

[၄၅၇] အာကင်္ခေယျုံ စေ ဘိက္ခဝေ ဥဘော ဇာနိပတယော ဒိဋ္ဌေ စေဝ ဓမ္မေ အညမညံ ပဿိတုံ အဘိသမ္ပရာယဉ္စ အညမညံ ပဿိတုံ၊ ဥဘောဝ အဿု သမသဒ္ဓါ သမသီလာ သမစာဂါ သမပညာ၊ တေ ဒိဋ္ဌေ စေဝ ဓမ္မေ အညမညံ ပဿန္တိ အဘိသမ္ပရာယဉ္စ အညမညံ ပဿန္တိ။ (အံ၊၁၊၃၇၃။)

**လူ့မြေရပ်ခွင်၊ အိမ်ရှင်အိမ်သူ၊ မြတ်ရည်တူလျက်၊ ဆုယူညီမျှ၊ လှူဒါနနှင့်၊ သီလမယိုင်၊ သဒ္ဓါပြိုင်မူ၊ ဘုန်းလှိုင်ကျော်ကြား၊ မိုးနတ်သားနှင့်၊ ဆွေဝါးအနီး၊ နတ်သမီးသို့၊ သောင်းချီး အံ့ရာ၊ စုမိရှာလျက်၊ သံသာနောင်လည်း၊ ချစ်စည်းမပြေ၊ ရှည်ကြာလေ၏။**[၉၅၈]

ဒီဝတ္ထုမှာ သောတာပန် ဖြစ်ပြီးကြတဲ့ ဇနီးမောင်နှံတို့ရဲ့ အပြန်အလှန် ချစ်ခင်ကြပုံကို စဉ်းစား ကြည့်ပါ။ ဒီလို လုံလုံလောက်လောက် ချစ်ခင်ကြသည့်အတွက် မိမိတို့ အချင်းချင်းမှ လွဲပြီးတော့ အခြားသူနှင့် ဖောက်ပြားဖို့ရန် စိတ်မျှဖြင့်သော်လည်း မကြံစည်မိကြဘူး။ ဒီလောက် သီလရှိရှိဖြင့် စိတ်ထားဖြူစင်မြင့်မြတ်ကြသဖြင့်လည်း တစ်ဦးအပေါ် တစ်ဦး ပိုမို၍ မြတ်နိုးကာ တစ်သံသရာလုံးမှာ မခွဲမခွာလိုဘဲ အမြဲတွေ့မြင်လိုကြတယ်။ ဒီလို တွေ့မြင်လိုကြရာမှာ လောဘအရင်းခံတဲ့ ဆန္ဒပင် ဖြစ်လင့်ကစား ဒီသူတော်စင်တို့ရဲ့ တဏှာပေမ လောဘဟာ သူတို့ချင်း မကွဲမကွာအောင် ချည်နှောင် ပြီးလျှင် ပြုပြုသမျှ ဒါန သီလ သမထ ဝိပဿနာ ဘာဝနာကုသိုလ်အပေါင်းက အရဟတ္တဖိုလ်တိုင်- အောင်သော ကောင်းမြတ်ရာဘဝသို့ရောက်အောင် ပို့ဆောင်ပေးကြလိမ့်မည်သာ ဖြစ်ပါတယ်။

သို့သော် — မစင်ဟူသမျှသည် အနည်းငယ်ပင် ဖြစ်ချင်ဖြစ်ပါစေ၊ ရွံရှာစက်ဆုပ်ဖွယ် သဘော- သာ ဧကန်ရှိသလို ဘဝဟူသမျှသည် အနည်းငယ်ပင် ဖြစ်ချင်ဖြစ်ပါစေ မည်သည့်ဘဝကိုမျှ ငါဘုရား မချီးမွမ်းပါ[၉၅၉] –လို့ တစ်ဖက်ကလည်း ဘုရားရှင်ဟာ အသိဉာဏ် ပေးသနားထားတော်မူပါတယ်။ အကြောင်းကတော့ ဘဝဟူသမျှဟာ ယေဘုယျအားဖြင့် ဇာတိ ဇရာ ဗျာဓိ မရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ-ဆိုတဲ့ ဒုက္ခတုံး ဒုက္ခအစုအပုံကြီးက အထွတ်တပ်လျက် ရှိနေတဲ့အတွက် ကြောင့်ပဲ ဖြစ်ပါတယ်။

## ဥပနိဿယပစ္စည်း၏ စွမ်းအင်

**အကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော။ ပကတူပနိဿ- ယော — ရာဂံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ ပ ။ ရာဂေါ သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ ဥပနိဿယပစ္စယေန ပစ္စယော။**[၉၆၀]

အကုသိုလ်တရားက ကုသိုလ်တရားအား အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးတယ်၊ ဘယ်လို ကျေးဇူးပြုပေးသလဲ?

**ပကတူပနိဿယ** — ရာဂကို အားကြီးသော မှီရာ ပြုပြီးတော့ ဒါနကို ပေးလှူတယ်၊ သီလကို ဆောက်တည်ကျင့်သုံးတယ်၊ ဥပုသ်ကံကို ကျင့်သုံးတယ်၊ ဈာန်တရားကို ဖြစ်စေတယ်၊ ဝိပဿနာဉာဏ် ကို ဖြစ်စေတယ်၊ မဂ်ဉာဏ်ကို ဖြစ်စေတယ်၊ အဘိညာဉ်ကို ဖြစ်စေတယ်၊ သမာပတ်အမျိုးမျိုးကို ဖြစ်စေတယ်။ ဒီရာဂက သဒ္ဓါတရားအား သီလတရားအား သုတတရားအား (= နာမရူပပရိစ္ဆေဒ- ဉာဏ် ပစ္စယပရိဂ္ဂဟဉာဏ်အား) စာဂတရားအား ပညာတရားအား (= ဝိပဿနာပညာ မဂ်ပညာ

[၉၅၈] ပဉ္စာဝုဓပျို့။ [၉၅၉] အံ၊၁၊၃၆။ [၉၆၀] ပဋ္ဌာန၊၁၊၁၄၉။

အဘိညာဏ်ပညာ သမာပတ္တိပညာအား) အားကြီးသော မှီရာ ဥပနိဿယယပစ္စယသတ္တိဖြင့် ဖြစ်ပေါ် လာအောင် ကျေးဇူးပြုပေးတယ်။

အလားတူပဲ ရာဂကိုပင် တရားကိုယ်ကောက်ယူရတဲ့ ဆုတောင်းပန်ထွာမှု ပတ္ထနာတရားက လည်း သဒ္ဓါ, သီလ, သုတ, စာဂ, ပညာတရား အသီးအသီးအား အားကြီးသော မှီရာ ဥပနိဿယ-ပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသည်သာ ဖြစ်ပါတယ်။

ထိုထိုဘုံဘဝ, ထိုထိုအာရုံ, ထိုထိုသတ္တဝါတို့အပေါ်မှာ တွယ်တာမက်မောမှု ရာဂတရားကို အခြေတည်ပြီးတော့ အကြောင်းခံပြီးတော့ ဒါန, သီလ, ဥပေါသထ, ဈာန, ဝိပဿနာ, မဂ္ဂ, အဘိညာ-ဏ, သမာပတ္တိ-ဆိုတဲ့ အလွန်အဆင့်အတန်း မြင့်မားလှတဲ့ ကုသိုလ်တရားတွေကို ဆည်းပူးရှာမှီးခဲ့မယ် ဆိုလျှင် ဆည်းပူးရှာမှီးလို့လည်း ရရှိခဲ့တယ်ဆိုလျှင် ဒီရာဂတရားက ယင်းပါရမီကုသိုလ်အလီလီအား ပင်ကိုပကတိအားဖြင့် အလွန်ကြီးမားတဲ့ စွမ်းအားဖြင့် ဥပနိဿယပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးတယ်။

အထက်မှာ ပြောခဲ့တဲ့ သမ္မာသမ္ဗောဓိအလောင်းတော်, အဂ္ဂသာဝက, မဟာသာဝက, ပကတိ-သာဝကအလောင်းတော်ကြီးများရဲ့ ပါရမီဖြည့်ကျင့်တော်မူတဲ့ ထုံးဟောင်းများကိုပင် သက်သေအရာ ထားပြီးတော့ သဘောကျပါ။

သုမေဓာအလောင်းတော်မြတ်ကတော့ သမ္မာသမ္ဗောဓိဉာဏ်တော်မြတ်ကြီး ရနိုင်သည့်ဘဝကို ရည်သန်တောင့်တတော်မူခဲ့တယ်။ သုမိတ္တာ အမျိုးကောင်းသမီးကတော့ သုမေဓာရှင်ရသေ့ရဲ့ သဗ္ဗညုတဉာဏ်ရဖို့ရန် အကြောင်းပါရမီတရားအပေါင်းတို့ကို ကူညီပြီးတော့ ဖြည့်စွက်ပေးနိုင်တဲ့ ဘဝကို တွယ်တာမက်မောခဲ့ပြန်တယ်။

အရှင်သာရိပုတ္တရာအလောင်း သူတော်ကောင်းက လက်ျာရံ အဂ္ဂသာဝကဘဝ, အရှင်မဟာ-မောဂ္ဂလ္လာန်အလောင်း သူတော်ကောင်းက လက်ဝဲရံ အဂ္ဂသာဝကဘဝ, အရှင်အာနန္ဒာအလောင်း သူတော်ကောင်းက ဘုရားရှင်အား ပြုစုလုပ်ကျွေးခွင့် ရနိုင်တဲ့ဘဝ, အရှင်ရာဟုလာအလောင်း သူတော်ကောင်းက ဘုရားရှင်ရဲ့ သားတော်ဘဝ — စသည်ဖြင့် ဒီသူတော်ကောင်းတို့ရဲ့သန္တာန်မှာ ဖြစ်ပေါ်ခဲ့တဲ့ ထိုထိုဘဝကို တွယ်တာတပ်မက်တဲ့ ရာဂဟာ ထိုထိုဗောဓိဉာဏ်သို့ ရောက်ကြောင်း ပါရမီကုသိုလ်တရားအပေါင်းတို့ကို ဖြစ်ပေါ်လာဖို့ရန် အားကြီးသော မှီရာ ဥပနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုပေးလျက်ရှိတဲ့ ရာဂမျိုးသာ ဖြစ်ပါတယ်။ အမြတ်ဆုံးသော ကုသိုလ်တရားတို့ကို များစွာ အထောက်အကူပြုပေးတဲ့ ရာဂတစ်မျိုးပင် ဖြစ်ပါတယ်။ ဒါကြောင့် မဟာပဒုမပစ္စေကဗုဒ္ဓအလောင်း-အလျာရဲ့ ဇာတ်ကြောင်းကို ဆက်လက်ပြီးတော့ နားဆင်ကြည့်ပါ —

**မဟာပဒုမပစ္စေကဗုဒ္ဓအလောင်း**

ပစ္စေကဗောဓိဉာဏ်တော်မြတ်ကို ရရှိရေးအတွက် နှစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ရပါတယ်၊ အဲဒီလို ပါရမီဖြည့်ကျင့်စဉ် အချိန်အခါမှာလည်း ပါရမီတွေက တော်တော်ကလေး ရင့်-ညောင်းလာပြီလို့ ယူဆရပါတယ်။ အဲဒီအချိန်အခါမှာ ဘဝတစ်ခုမှာ ဒီမဟာပဒုမပစ္စေကဗုဒ္ဓအလောင်းက ဘာဖြစ်သွားသလဲဆိုတော့ ပရဒါရကံလို့ ခေါ်ဆိုအပ်တဲ့ သူတစ်ပါးတို့ရဲ့ သားမယားတွေကို ဖျက်ဆီးတဲ့ ကံတစ်ခုကို လွန်ကျူးမိတယ်၊ အမည်းစက်တစ်ခု ထင်သွားတယ်။ အဲဒီ အမည်း-စက်တစ်ခု ထင်သွားတော့ သေခါနီးကာလမှာ ဒီအမည်းစက်ကလေးက အကျိုးပေးဖို့ရန် အခါအခွင့်သင့်တဲ့အခါကျတော့ ဘယ်ရောက်သွားသလဲ? ငရဲရောက်သွားတယ်၊ ငရဲကနေ ကျွတ်လာလွတ်လာတော့ လူ့ပြည်လူ့လောကမှာ လူရယ်လို့ လာဖြစ်သော်လည်း အမျိုးသား မဖြစ်ဘဲနဲ့ အမျိုးသမီးဖြစ်ရတယ်၊ အမျိုးသမီးဖြစ်လိုက်တဲ့ အချိန်အခါကျတော့ အမိဝမ်းတွင်းမှာ သူ ပဋိသန္ဓေတည်နေတဲ့အခါ ကိုယ်ဝန်လွယ်ရတဲ့ မိခင်ဟာလည်း အင်မတန် ပူလောင်တယ်။ ငရဲကလာတဲ့ သတ္တဝါတွေကို ကိုယ်ဝန်လွယ်ရတဲ့ မိခင်သည် အင်မတန် ပူလောင်တယ်လို့ ဆိုတယ်။

ကိုယ်ဝန်သားသတ္တဝါဖြစ်တဲ့ ဒီအမျိုးသမီးကလေးကလည်း အင်မတန် ဆင်းရဲတဲ့ဒုက္ခကို မိခင်ရဲ့ဝမ်းထဲမှာ ခံရတယ်။ ခံခဲ့ရပြီးတဲ့ အချိန်အခါကျတော့ မွေးလာပြီးပြီ။ မွေးလာတဲ့အချိန်အခါမှာ မွေးတာနဲ့ တစ်ပြိုင်နက် မိဘတွေက ဒီသမီးကလေးကို မြင်တွေ့လိုက်တဲ့အခါမှာ ဘယ်လို ဖြစ်လာသလဲ? **"ဒေဿာ"**တဲ့ — စာမှာ ဖော်ပြထားတယ်၊ သိပ်မုန်းတာပဲတဲ့၊ ဟော - ဒီကလေးက မုန်းတာတွေ ဘာများလုပ်တတ်သေးသလဲ? မလုပ်တတ်သေးဘူး၊ ပြောတတ်ပလား? မပြောတတ်သေးဘူး။ ဒါပေမဲ့ အမိအရင်း အဘအရင်းတွေကိုယ်တိုင်က ဒီကလေးကို အင်မတန် မုန်းတယ်တဲ့၊ ကြောက်ဖို့မကောင်းဘူးလား? သိပ်ကောင်းတယ်။

ပစ္စေကဗောဓိဉာဏ်အတွက် ဖြည့်ကျင့်ခဲ့တဲ့ ပါရမီအရှိန်အဝါတွေကလည်း တစ်ဖက်က အကျိုးပေးဖို့ရန် အခါအခွင့်သင့်နေပါတယ်။ အင်မတန် ချောမောလှပတဲ့ အမျိုးသမီးကလေး ဖြစ်ပါတယ်။ ဒါပေမဲ့လို့ ဆွေမျိုးသားချင်းတွေကလည်း မြင်လိုက်ရင် မုန်းတယ်၊ မိဘနှစ်ပါးကလည်း မြင်လိုက်ရင် မုန်းတယ်၊ မလွှဲမရှောင်သာလို့ သားသမီးအဖြစ်နဲ့ ဆက်ဆံနေရပေမဲ့လို့ ချစ်ခင်တဲ့စိတ်နှင့် မဆက်ဆံဘူး၊ မုန်းတီးတဲ့စိတ်ထားနှင့်ပဲ ဆက်ဆံတယ်။ လူ့လောကမှာ ရှိကြပါတယ်၊ တချို့မိဘတွေဟာ တချို့သားသမီးကို ပိုချစ်တဲ့သဘော ရှိတယ်၊ တချို့သားသမီးကျတော့ သိပ်ပြီးတော့ မုန်းတီးချင်တဲ့ ဆန္ဒစာတ် မရှိဘူးလား? ရှိတယ်၊ ဒီလို ဖြစ်ရခြင်းဟာ ဘယ်လို အကြောင်းတရားနှင့် ဆက်စပ်နေသလဲဆိုတော့ — ကံပဲ။

ဘာဖြစ်လို့ မုန်းတီးရသလဲဆိုတော့ ဒီသူတစ်ပါးသားမယားကို လိုက်ဖျက်ဆီးတဲ့ ပုဂ္ဂိုလ်ကို အဖျက်ဆီးခံရတဲ့ ပုဂ္ဂိုလ်ကလည်း မမုန်းဘူးလား? မုန်းတယ်၊ ဘေးကကြားတဲ့ ပုဂ္ဂိုလ်ကလည်း မမုန်းဘူးလား? မုန်းတယ်။ အဖျက်ဆီးခံရတဲ့ ပုဂ္ဂိုလ်နှင့် ဆက်စပ်နေကြတဲ့ ဆွေမျိုးသားချင်း အစရှိသူတို့ကလည်း မမုန်းကြဘူးလား? မုန်းကြပါတယ်။ သူတစ်ပါးတို့ မုန်းတီးရွံရှာစက်ဆုပ်တဲ့ ကံတစ်ခုကို

အားရပါးရ စိတ်ကျေကျေနပ်နပ်ကြီး ပြုစုပျိုးထောင်ခဲ့တယ်၊ ဒီကံက အကျိုးပေးဖို့ရန် အခါအခွင့် သင့်လာတဲ့အချိန်အခါမှာ သူတစ်ပါးမုန်းတီးတဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ရပြန်တယ်၊ ကြောက်ဖို့သိပ်ကောင်းတယ်။

အချိန်တန် အရွယ်ရောက်လာတဲ့အခါကျတော့ အမျိုးတူ အနွယ်တူ အမျိုးကောင်းသားတစ်ဦးနှင့် လက်ထပ်ထိမ်းမြားပေးလိုက်ပါတယ်။ ဒီအမျိုးသားကလည်း ဒီအမျိုးသမီးကို မြင်တာနဲ့ မုန်းတယ်၊ ယောက္ခမတွေကလည်း မုန်းတယ်၊ ဘယ်သူကမှ သူ့ကို မချစ်ကြဘူး။ မချစ်တဲ့အချိန်အခါကျတော့ တစ်နေ့ ဘာဖြစ်လာသလဲ? ရိုးရိုးဘုရားပွဲပုံစံနှင့် တူပါရဲ့ တောင်ထိပ်ပွဲ ကျင်းပပြန်ပြီ။ အဲဒီတောင်ထိပ်ပွဲသဘင်ကျင်းပတဲ့အခါကျတော့ မိမိတို့ရဲ့ စည်းစိမ်ဂုဏ်သိန်ဥစ္စာ အဆင့်အတန်းနှင့် တူညီစွာပေါ့ တောင်ထိပ်ပွဲသွားပြီး ဆင်နွှဲကြတယ်။ အဲဒီအချိန်အခါမှာ သူ့ရဲ့အိမ်ရှင်ယောကျ်ားက တခြားအမျိုးသမီးတစ်ယောက်ကို ခေါ်ပြီးတော့ သွားပျော်ပါးတယ်။ ပျော်ပါးတဲ့အချိန်အခါကျတော့ သူက မျက်နှာငယ်ကလေးနဲ့ ယောကျ်ားလုပ်သူ ပြန်လာတဲ့အချိန်အခါမှာ တောင်းပန်စကားပြောတယ်၊ ဘယ်လို ပြောသလဲ?

“အရှင့်သား . . . ကျွန်တော်မကို အလိုမရှိခဲ့ဘူးဆိုရင်လည်း မိဘအိမ်, အမျိုးအိမ်ကိုပဲ ပြန်ပါရစေ ခွင့်ပြုပါ၊ အလိုမရှိဘူးဆိုရင်လည်း အလိုမရှိဘူးလို့ပဲ ပွင့်ပွင့်လင်းလင်း ပြောပါ၊ ယောကျ်ားတွေက မခေါ်ဘဲနဲ့ ယခုလို နေခဲ့မယ်ဆိုရင် အိမ်ရှင်မအမျိုးသမီးလုပ်ရတဲ့ ပုဂ္ဂိုလ်တွေရဲ့ ရင်ထဲမှာ လှံနှင့် အထိုးခံရသလို အင်မတန် ပူလောင်တဲ့ ပြင်းထန်တဲ့ ဒဏ်ကို ခံရပါတယ်။”

အဲဒီလို သနားစဖွယ် သူက ပြောပြလိုက်တော့ — ကဲ - ဒီလိုဆိုရင် မနက်ဖြန်ကျလို့ရှိရင် တို့ တောင်ထိပ်ပွဲ သွားကြတာပေါ့၊ ကဲ - မနက်ဖြန်သွားဖို့ ဟိုမှာ စားဖို့သောက်ဖို့တွေ ပြင်ကြဆင်ကြပေတော့၊ ဒီလို အမျိုးသားလုပ်သူက အမိန့်ပေးလိုက်တော့ ဒီစကားတစ်ခွန်းကြားရတာ ဝမ်းသာလိုက်တာ ဝမ်းသာလိုက်တာ၊ အဲဒီစကားတစ်ခွန်းကို ကြားရတဲ့အခါကျတော့ ဘာလုပ်သလဲ? မီးဖိုချောင်မှာ ချွေးတစ်လုံးလုံးနဲ့ ပြင်ဆင်ရတယ်၊ မနက်ဖြန်သွားဖို့ဆိုပြီး ပန်းအမျိုးမျိုးတွေပေါ့လေ ပြင်ဆင်တယ်၊ ကြာပန်းတွေလည်းပါတယ်။ နောက်နေ့ရောက်ပြန်တော့လည်း သူမီးဖိုချောင်မှာ အလုပ်ရှုပ်နေတုန်း ဘသားချောကလည်း နောက်အမျိုးသမီးတစ်ယောက်ကို ခေါ်ပြီးတော့ တောင်ထိပ်ပွဲ ထွက်သွားပြန်တယ်၊ သူ့ကို မခေါ်ဘူး။ အဲဒီအခါကျတော့မှ ကဲ - ဒီတစ်ချီတော့ သိရောပေါ့ဆိုပြီးတော့ သူက မြင်းရထားနှင့် နောက်ကနေ အပြေးလိုက်တော့တာပဲ။

လိုက်တဲ့အချိန်အခါမှာ ထိုနေ့ ပစ္စေကဗုဒ္ဓဘုရားရှင်တစ်ဆူကလည်း နန္ဒမူလိုဏ်ဂူမှာ နိရောဓ-သမာပတ် ခုနစ်ရက်ဝင်စားပြီး နိရောဓသမာပတ်မှ အထ – “ဘယ်သတ္တဝါကို ငါ ဒီနေ့ ချီးမြှောက်ရမလဲ, ချီးမြှောက်သင့်သလဲ?”လို့ လှမ်းမျှော်ပြီး ဉာဏ်နှင့် ကြည့်ရှုတော်မူလိုက်တဲ့ အချိန်အခါမှာ ဒီအမျိုးသမီးကလေးဟာ ဉာဏ်ကွန်ယက်ထဲမှာ ထင်လာတယ်။ ထင်လာတဲ့အချိန်အခါမှာ ဆက်ပြီး စဉ်းစားတော်မူပြန်တယ်၊ ဒီပုဂ္ဂိုလ်ကို ငါ ချီးမြှောက်ခဲ့ရင် ဒီပုဂ္ဂိုလ်သည် ငါ့ရဲ့ ချီးမြှောက်မှုကို ခံနိုင်ပါ့မလား?

ဒီလို ဆက်စဉ်းစားတော်မူတယ်၊ ဘာဆိုလိုတာလဲ? ငါက သူ့ဆီ သွားအလှူခံတယ်၊ သူက ငါ့လှူပဲ့မလား, မလှူဘူးလား? ဒါကို ဆက်ပြီး ကြည့်တော်မူတယ်၊ ကြည့်လိုက်တဲ့အချိန်အခါမှာ ဒီအမျိုးကောင်းသမီးကလေးရဲ့ ဟဒယဝတ္ထု နှလုံးအိမ်အတွင်းမှာ ရဲရဲတောက်နေတဲ့ သဒ္ဓါတရားကိုလည်း တွေ့တယ်။ အဲဒီအခါမှာ ငါကဲ့သို့ ပစ္စေကဗုဒ္ဓဖြစ်မည့် ပုဂ္ဂိုလ်တစ်ဦးဟာ ဒီလို ဆင်းရဲဒုက္ခမှ လွတ်မြောက်စေရမယ်ဆိုတဲ့ ဒီကရုဏာစိတ်ဖြင့် အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်က ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပါတယ်။ သူနှင့် ရင်ဆိုင်တိုးလောက်တဲ့ တစ်နေရာကျတော့ ကောင်းကင်ခရီးမှ ဆင်းသက်တော်မူပြီးတော့ ဆွမ်းခံကြွလာတယ်၊ သဒ္ဓါတရားပြည့်ဝနေတဲ့ အမျိုးကောင်းသမီးကလေးဖြစ်ခြင်းကြောင့် မြင်းရထားပေါ်ကနေ ခပ်မြန်မြန်ဆင်း၊ ဆင်းပြီးတော့ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ကို ရိုသေစွာ ရှိခိုး၊ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်တော်ကို လှမ်းယူကာ အင်မတန် မွန်မြတ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်တွေ သပိတ်အပြည့်ထည့်၊ ထည့်ပြီးတော့မှ သပိတ်ရဲ့အောက်က ကြာပန်းတွေ ခံပြီးတော့ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ကို ဆက်ကပ်လှူဒါန်းပူဇော်ပါတယ်၊ အဲဒီလို ဆွမ်းတွေ ဆက်ကပ်ပြီးတဲ့အခါကျတော့ သူက ဘာဆုကို တောင်းသလဲ? – သူက ဒီမှာ ပန်းချီကားချပ်တွေ ရေးဆွဲပြန်တယ်။

## ရေးဆွဲလိုက်တဲ့ ပန်းချီကားချပ်များ

**ဘန္တေ ယထာ ဣဒံ ပုပ္ဖံ၊ ဧဝါဟံ ယတ္ထ ယတ္ထ ဥပ္ပဇ္ဇာမိ၊ တတ္ထ တတ္ထ မဟာဇနဿ ပိယာ ဘဝေယျံ မနာပါ။**[၄၆၁]

**ဘန္တေ** = အရှင်မြတ်ဘုရား . . . ။ **ဣဒံ ပုပ္ဖံ** = ဤပန်းကို။ **မဟာဇနဿ** = လူများအပေါင်းသည်။ **ပိယာ ယထာ** = ချစ်မြတ်နိုးအပ်သကဲ့သို့။ **မနာပါ ယထာ** = စိတ်နှလုံးကို တိုးပွားစေအပ်သကဲ့သို့။ **ဧဝံ** = ဤအတူ။ **အဟံ** = ဘုရားတပည့်တော်မသည်။ **ယတ္ထ ယတ္ထ** = အကြင် အကြင် ဘုံဘဝ၌။ **ဥပ္ပဇ္ဇာမိ** = ပဋိသန္ဓေအားဖြင့် ဖြစ်ပေါ်ရပါ၏။ **တတ္ထ တတ္ထ** = ထိုထိုဘုံဘဝ၌။ **မဟာဇနဿ** = လူများအပေါင်း၏။ **ပိယာ** = ချစ်မြတ်နိုးအပ်တဲ့ပုဂ္ဂိုလ်သည်။ **မနာပါ** = စိတ်နှလုံးကို တိုးပွားစေအပ်တဲ့ပုဂ္ဂိုလ်သည်။ **ဘဝေယျံ** = ဖြစ်ရပါလို၏။

သူတောင်းတဲ့ဆုကို ကြည့်ပါ — "အရှင်ဘုရား . . . ဒီပဒုမ္မာကြာပန်းကို လူသားသတ္တဝါအပေါင်းက ချစ်မြတ်နိုးအပ်သကဲ့သို့ အလားတူပဲ တပည့်တော်မသည် ဖြစ်လေရာဌာန ဘုံဘဝမှာ လူများအပေါင်း၏ ချစ်ခင်မြတ်နိုးခြင်းကို ရရှိတဲ့ပုဂ္ဂိုလ် ဖြစ်ရပါလို၏" — ဒီဆုကို တောင်းတယ်၊ ဘာဖြစ်လို့လဲ? သူ့မှာ နာကြည်းချက်ကလေးက လူများအပေါင်းရဲ့ မုန်းတီးမှုကို ခံနေရတယ်၊ ဒါကြောင့် လူများအပေါင်းရဲ့ ချစ်မြတ်နိုးမှုကိုတော့ သူက သိပ်ပြီးတော့ အလိုရှိနေတယ်။ သို့သော် အကုန်လုံးက ဝိုင်းချစ်မယ်ဆိုရင်ကော ဘယ့်နှယ်နေမလဲ? စဉ်းစားပြီးတော့သာ တောင်းပေတော့၊ ကဲ - နောက်တစ်ခု —

---

[၄၆၁] သုတ္တနိပါတဋ္ဌ၊၁၊၆၉။

**ဘန္တေ ဒုက္ခော ဂဗ္ဘဝါသော၊ တံ အနုပဂမ္မ ပဒုမပုပ္ဖေ ဧဝ ပဋိသန္ဓိ ဘဝေယျ။**[၄၆၂]

**ဘန္တေ** = အရှင်ဘုရား . . . ။ **ဂဗ္ဘဝါသော** = အမိဝမ်းတိုက်၌ ပဋိသန္ဓေတည်နေရခြင်းသည် ကား။ **ဒုက္ခော** = ဆင်းရဲလှပါ၏။ **တံ** = ထိုအမိဝမ်းတိုက်၌ ပဋိသန္ဓေတည်နေရခြင်းကို။ **အနုပဂမ္မ** = မကပ်ရောက်ရမူ၍။ **ပဒုမပုပ္ဖေ ဧဝ** = ပဒုမ္မာကြာပန်း၏အတွင်း၌သာလျှင်။ **ပဋိသန္ဓိ** = ပဋိသန္ဓေသည်။ **ဘဝေယျ** = ဖြစ်ရပါလို၏။

မိခင်ဝမ်းတွင်းမှာ ပဋိသန္ဓေတည်နေရတဲ့ ဒုက္ခကို သူနားလည်တယ်။ ဆင်းရဲတယ်ဆိုတာကို သိပ်သဘောပေါက်နေတဲ့အတွက် နောက်ထပ် ဒီအမိဝမ်းတွင်းမှာ ပဋိသန္ဓေတည်နေမှုမရှိဘဲ ပဒုမ္မာကြာပန်းအတွင်းမှာသာလျှင် ပဋိသန္ဓေတည်နေရပါလို၏ဆိုတဲ့ - ဒီဆုကို တောင်းတယ်။

ကဲ - ဒီနေရာမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ အကြောင်းကို နည်းနည်း ထပ်ပြောကြ-ရအောင် . . . ။ လူများအပေါင်း ချစ်ခင်မြတ်နိုးအပ်တဲ့ အမျိုးကောင်းသား, အမျိုးကောင်းသမီးလို့ အသိမှားနေတဲ့ သဘောက - အဝိဇ္ဇာ၊ အဲဒီဘဝကို တွယ်တာတပ်မက်နေတဲ့ သဘောက - တဏှာ၊ ဒီမှာတော့ သူက အမျိုးသားဘဝကို တွယ်တာနေတယ်၊ စိတ်ကပ်စွဲနေတဲ့ သဘောကလေးက - ဥပါဒါန်၊ ဒီ အဝိဇ္ဇာ, တဏှာ, ဥပါဒါန် သုံးခု ခြံရံပြီးတော့ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်အား မွန်မြတ်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်တွေနှင့် ပဒုမ္မာကြာပန်းကို လှူဒါန်းနေတယ်၊ ကုသိုလ်စေတနာသင်္ခါရတွေ ဖြစ်သွားကြတယ်၊ ဒီသင်္ခါရတရားတွေ ချုပ်ပျက်သွားတဲ့အခါ ရုပ်နာမ်အစဉ်မှာ မြုပ်နှံထားခဲ့တဲ့ သူမျှော်လင့်တောင့်တထားတဲ့ဘဝကို ဖြစ်စေနိုင်တဲ့ စွမ်းအင်သတ္တိကလေးက - ကံ ပေါင်းလိုက်တော့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်းတရား ငါးခု စုံသွားတယ်။ နောက်တစ်ခု —

အမိဝမ်းတိုက်မှာ ပဋိသန္ဓေတည်နေရတဲ့ပုဂ္ဂိုလ် မဖြစ်ချင်ဘူး၊ ပဒုမ္မာကြာပန်းအတွင်းမှာ ပဋိ-သန္ဓေတည်နေရတဲ့ ပုဂ္ဂိုလ်သာ ဖြစ်ချင်တယ်။ ပဒုမ္မာကြာပန်းအတွင်းမှာ ပဋိသန္ဓေတည်နေရတဲ့ ပုဂ္ဂိုလ်လို့ အသိမှားနေတဲ့ သဘောက - အဝိဇ္ဇာ, အဲဒီဘဝကို တွယ်တာတပ်မက်တဲ့ သဘောကလေး-က - တဏှာ, စိတ်ကပ်ပြီး စွဲနေတဲ့သဘောကလေးက - ဥပါဒါန် ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန် သုံးခု ခြံရံပြီးတော့မှ အရှင်ပစ္စေကဗုဒ္ဓအား ဆွမ်းနှင့် ပဒုမ္မာကြာပန်း လှူဒါန်းခဲ့တယ်၊ ကုသိုလ်စေတနာ-သင်္ခါရအုပ်စုတွေ ပြုစုပျိုးထောင်လိုက်တယ်၊ ဒီသင်္ခါရတရားတွေ ချုပ်ပျက်သွားတဲ့အခါ ရုပ်နာမ် အစဉ်မှာ မြုပ်နှံထားခဲ့တဲ့ စွမ်းအင်ကမ္မသတ္တိကလေးကတော့ - ကံ — ပေါင်းလိုက်တော့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ အကြောင်းတရားငါးခု စုံသွားတယ်။ ကဲ - နောက်တစ်ခု —

သူက ဘာဆက်ဆုတောင်းသလဲ?

**ဘန္တေ ဇိဂုစ္ဆနီယော မာတုဂါမော၊ စက္ကဝတ္တိဓီတာပိ ပရဝသံ ဂစ္ဆတိ၊ တသ္မာ အဟံ ဣတ္ထိဘာဝံ အနုပဂမ္မ ပုရိသော ဘဝေယျ။**[၄၆၃]

---

[၄၆၂, ၄၆၃] သုတ္တနိပါတ၊ဋ္ဌ၊၁၊၆၉။

**ဘန္တေ** = အရှင်မြတ်ဘုရား . . .။ **မာတုဂါမော** = မာတုဂါမ မင်းမိန်းမသည်ကား။ **ဇိဂုစ္ဆနီယော** = စက်ဆုပ်ရွံရှာဖွယ်ကောင်းလှပါပေ၏။ **စက္ကဝတ္တိဓီတာပိ** = စကြဝတေးမင်း၏ သမီးပင် ဖြစ်သော်ငြား လည်း။ **ပရဝသံ** = ယောက်ျားဟု ခေါ်ဆိုအပ်တဲ့ သူတစ်ပါးရဲ့ အလိုဆန္ဒသို့။ **ဂစ္ဆတိ** = လိုက်ပါ၍ နေရတတ်ပါ၏။ **တသ္မာ** = ထို့ကြောင့်။ **အဟံ** = ဘုရားတပည့်တော်မသည်။ **ဣတ္ထိဘာဝံ** = အမျိုးသမီး အဖြစ်သို့။ **အနုပဂမ္မ** = မကပ်ရောက်ရမူ၍။ **ပုရိသော** = ယောက်ျားစင်စစ်သည်။ **ဘဝေယျံ** = ဖြစ်ရပါလို၏။

"အရှင်ဘုရား . . . မာတုဂါမဆိုတာက အလွန်ရွံရှာစက်ဆုပ်ဖွယ် ကောင်းပါတယ်၊ စကြဝတေး မင်း၏ သမီးရတနာပင် ဖြစ်ချင်ဖြစ်ပါစေ၊ ယောက်ျားလို့ ခေါ်ဆိုအပ်တဲ့ သူတစ်ပါးရဲ့ အလိုဆန္ဒသို့သာ လိုက်လျောနေရတဲ့ပုဂ္ဂိုလ်မျိုး ဖြစ်ပါတယ်ဘုရား၊ ဒါကြောင့် တပည့်တော်မသည် အမျိုးသမီးအဖြစ်သို့ မကပ်ရောက်ရဘဲ ယောက်ျားစင်စစ်သာ ဖြစ်ရပါလို၏"– လို့ ဒီဆုကို တောင်းတယ်။ ဘာဖြစ်လို့ သူက ယောက်ျားဘဝ ဆုတောင်းရသလဲ? အကြောင်းရှိတယ်။

အမျိုးသမီးဘဝနဲ့ သူလက်ရှိခံစားနေရတဲ့ ဒုက္ခကိုလည်း သူ သဘောပေါက်ထားတယ်၊ ဒါ အနီးကပ်ဆုံး အကြောင်းပေ့ါ၊ ဝေးတဲ့ အကြောင်းတစ်ခုကတော့ ပစ္စေကဗောဓိဉာဏ်အတွက် ပါရမီ တွေ ဖြည့်ကျင့်ခဲ့စဉ် အချိန်အခါတုန်းက သူယောက်ျားဘဝနဲ့ အကြိမ်များစွာ ဖြည့်ကျင့်ခဲ့တယ်။ ယောက်ျားဘဝတွေ ကြိမ်ဖန်များစွာ ဖြစ်ခဲ့ဖူးတဲ့အတွက် ယောက်ျားဘဝကို ပြန်ပြီးတော့ တွယ်တာ တပ်မက်တဲ့သဘော ပေါ်လာတယ်။

အကယ်၍ အမျိုးသမီးဘဝတွေ ဆက်တိုက်ဖြစ်ခဲ့ရရင် အမျိုးသမီးဘဝပဲ တွယ်တာတပ်မက်တဲ့ သဘောရှိပါတယ်၊ တချို့ ဒီထဲမှာ ဒကာကြီးတွေ ဒကာမကြီးတွေ ကိုယ့်စိတ်ကို ကိုယ်ပြန်အကဲခတ် ကြည့်ပါ။ နောက်ဘဝတစ်ခု ရှိခဲ့မယ်ဆိုရင် အမျိုးသမီးပဲ ဖြစ်ချင်သလား, အမျိုးသားပဲ ဖြစ်ချင်သ- လား? ဟော - ဒီဆန္ဒဓာတ် ကိုယ့်ဟာကိုယ် မေးကြည့်၊ သိနိုင်ပါတယ်၊ တချို့က အမျိုးသမီးပဲ ဖြစ်ချင်တယ်၊ အမျိုးသားဖြစ်ချင်တဲ့ စိတ်ဓာတ်ဘက်သို့ မညွတ်ကိုင်းဘူး၊ တချို့က အမျိုးသားပဲ ဖြစ်ချင်တယ်၊ အမျိုးသမီးဖြစ်ချင်တဲ့ စိတ်ဓာတ်ဘက်သို့ မညွတ်ကိုင်းဘူး၊ အမျိုးသမီးသည် အမျိုးသမီး ဖြစ်ချင်နေသမျှကာလပတ်လုံး အမျိုးသမီးဘဝမှ ဘယ်တော့မှ မလွတ်မြောက်နိုင်ဘူး။ အမျိုးသား သည် အမျိုးသားဖြစ်ချင်နေသမျှကာလပတ်လုံး အမျိုးသားဘဝမှ ဘယ်တော့မှ မလွတ်မြောက်နိုင်ဘူး လို့ မြတ်စွာဘုရားရှင်က ဟောကြားထားတော်မူတဲ့ သုတ္တန်တွေလည်း ရှိကြပါတယ်။ ဒါကြောင့် ဘဝတစ်ခုမှ လွတ်မြောက်ချင်တယ်ဆိုရင်တော့ မိမိ ရရှိထားတဲ့ ဘဝအပေါ်မှာ တွယ်တာတပ်မက်တဲ့ တဏှာကို ဖြတ်တောက်နိုင်ဖို့ မလိုဘူးလား? လိုအပ်နေတယ်။

ခု ဒီနေရာမှာ အမျိုးသမီးဘဝကိုတော့ သူရွံရှာစက်ဆုပ်တာ မှန်တယ်၊ အမျိုးသမီးဘဝမှ လွတ်- မြောက်ချင်တယ်၊ ဒါပေမဲ့ ဘယ်ဘဝကို သွားတွယ်တာပြန်သလဲ? အမျိုးသားဘဝကို တွယ်တာပြန် တယ်။ အမျိုးသားလို့ အသိမှားနေတဲ့ သဘောကလေးက - အဝိဇ္ဇာ, အဲဒီအမျိုးသားဘဝကို တွယ်- တာတပ်မက်တဲ့ သဘောကလေးက - တဏှာ, စိတ်ကပ်ပြီးစွဲနေတဲ့ သဘောကလေးက - ဥပါဒါန်၊

ဒီ အဝိဇ္ဇာ, တဏှာ, ဉပါဒါန် သုံးခု ခြံရံပြီးတော့ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်အား ဆွမ်းခဲဖွယ်ဘောဇဉ်နှင့် ပဒုမ္မာကြာပန်းကို လှူဒါန်းတဲ့ ကုသိုလ်စေတနာအုပ်စုတွေကို ပြုစုပျိုးထောင်လိုက်တယ်၊ သင်္ခါရတရားတွေပဲ၊ ဒီသင်္ခါရတရားတွေ ချုပ်ပျောက်သွားတဲ့ အချိန်အခါမှာ ရုပ်နာမ်အစဉ်မှာ မြုပ်နှံခဲ့တဲ့ စွမ်းအင်ကမ္မသတ္တိကလေးက - ကံ၊ — ပေါင်းလိုက်တော့ အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, သင်္ခါရ, ကံ ဆိုတဲ့ အကြောင်းတရား ငါးခု စုံသွားပြန်တယ်။ သို့သော် ဒါလောက်နဲ့ သူက မကျေနပ်ပြန်ဘူး၊ နောက်ထပ် သူက ဘာဆုတောင်းသလဲ? နံပါတ်လေး ဆုတောင်းခန်းကို ကြည့်ပါ —

**ဘန္တေ ဣမံ သံသာရဒုက္ခံ အတိက္ကမ္မ ပရိယောသာနေ တုမ္ဟေဟိ ပတ္တံ အမတံ ပါပုဏေယျံ။**[၅၆၄]

**ဘန္တေ** = အရှင်မြတ်ဘုရား . . . ။ **ဣမံ သံသာရဒုက္ခံ** = ဤသံသရာဝဋ်ဆင်းရဲဒုက္ခကို။ **အတိက္ကမ္မ** = ကျော်လွှားလွန်မြောက်ရသည်ဖြစ်၍။ **ပရိယောသာနေ** = နောက်ဆုံးဘဝ၌။ **တုမှေဟိ** = အရှင်ဘုရားတို့သည်။ **ပတ္တံ** = ရတော်မူအပ် ရောက်တော်မူအပ် သိတော်မူအပ် မြင်တော်မူအပ်သော။ **အမတံ** = မသေရာ အမြိုက်နိဗ္ဗာန်တရားတော်မြတ်ကို။ **ပါပုဏေယျံ** = ရောက်ရ ရရပါလို၏။

ဒီဆုကတော့ ကောင်းပါတယ် - ကောင်းပေမဲ့ သူက ဘယ်ကျမှလို့ ဆုတောင်းသလဲ? **ပရိယောသာနေ** - နောက်ဆုံးဘဝကျမှ အဆုံးစွန်သော ဘဝကျမှတဲ့ — ခုဘဝလိုချင်တာ ဟုတ်သလား? မဟုတ်ပြန်သေးဘူး။ နောက်ထပ် သံသရာခရီးကို သူက ဆက်ချင်တယ်ဆိုတဲ့ ဦးတည်ချက်ကလေး ရှိမနေဘူးလား? ရှိနေတယ်။ ဒါကြောင့် ဒီသံသရာဝဋ်ဆင်းရဲဒုက္ခမှ ကျော်လွှားလွန်မြောက်တဲ့အခါ နောက်ဆုံးဘဝ ရောက်လို့ရှိရင် အရှင်ဘုရားတို့ သိတော်မူအပ် မြင်တော်မူအပ် ရတော်မူအပ် ရောက်တော်မူအပ်တဲ့ မသေရာ အမြိုက်နိဗ္ဗာန် တရားတော်မြတ်ကြီးကို တပည့်တော်မလည်း ရောက်ရ ရရ သိရပါလို၏လို့ ဒီဆုကို တောင်းတယ်။ မသေရာ အမြိုက်နိဗ္ဗာန်ကို သိနိုင်တဲ့ ရနိုင်တဲ့ ရောက်နိုင်တဲ့ ဘဝတစ်ခုကို တွယ်တာတပ်မက်တဲ့ ဓာတ်ငွေ့ကလေးက ဒီဆုတောင်းခန်းထဲမှာ ကပ်ပြီး ပါမနေဘူးလား? ပါနေပြန်တယ်။ သူက ဘဝတစ်ခုကို မျှော်လင့်ချက် ရှိနေသေးတယ်၊ လက်ငင်းချက်ချင်း မသေရာ အမြိုက်နိဗ္ဗာန်ကို ယူချင်တာမျိုးကော ဟုတ်သလား? မဟုတ်ဘူး။ အဲဒါ သတိထားကြ၊ ဆုတောင်းတဲ့အခါ နိဗ္ဗာန်ကို ရနိုင်တဲ့ဘဝကို လှမ်းမျှော်လင့်တောင့်တနေတာက အဓိပ္ပာယ်တစ်မျိုး၊ နိဗ္ဗာန်ကို သက်သက် တောင့်တနေတာက အဓိပ္ပာယ်တစ်မျိုးပဲ။

ကဲ - နောက်တစ်ခု၊ ဒီဆုတောင်းလောက်နဲ့ သူက မကျေနပ်သေးပြန်ဘူး၊ နောက်ထပ် သူက ဘဝတစ်ခုကို ဆက်ချင်နေသေးတော့ ဘာဆုတောင်းပြန်သလဲ? နံပါတ် (၅)ဆုတောင်းခန်း —

အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်အောက်ကနေ ကြာပန်းခံတာကို သူက အားရကျေနပ်မှု မရှိသေးဘူး။ အရှင်ပစ္စေကဗုဒ္ဓဘုရားရှင်ရဲ့ သပိတ်ပေါ်ကို ကြာပန်းတစ်စီး ထပ်တင်ပြီးတော့မှ သူက ထပ်ပြီး ဆုတောင်းပြန်တယ် —

**ပုပ္ဖသဒိသော ဇဝ မေ ဂန္ဓော စေဝ ဝဏ္ဏော စ ဟောတု။**[၅၆၅]

---

[၅၆၄, ၅၆၅] သုတ္တနိပါတ၊ဌ၊၁၊၆၉။

**မေ** = ဘုရားတပည့်တော်၏။ **ဂန္ဓော စေဝ** = ကိုယ်ရဲ့ရနံ့သည်လည်းကောင်း။ **ဝဏ္ဏော စ** = ရုပ်အဆင်းသည်လည်းကောင်း။ **ပုပ္ဖသဒိသော ဧဝ** = ပဒုမ္မာကြာပန်းနှင့် တူသည်သာလျှင်။ **ဟောတု** = ဖြစ်ပါစေသတည်း။

ဟော - သူက တစ်ချိန်မှာ ယောကျ်ားဘဝကိုတော့ မျှော်လင့်တာ မှန်တယ်၊ ဒါပေမဲ့ အဲဒီ ယောကျ်ားဘဝမှာ ဘယ်လိုယောကျ်ားမျိုး ဖြစ်ရမလဲ? "သူ့ရဲ့ ခန္ဓာကိုယ်က ထွက်ပေါ်လာတဲ့ အနံ့သည် ပဒုမ္မာကြာပန်းအနံ့ရှိတဲ့ ယောကျ်ားမျိုး ဖြစ်ပါရစေ၊ သူ့ရဲ့ အသားအရေ အရောင်အဆင်းဟာလည်း ပဒုမ္မာကြာပန်းအဆင်းနှင့်တူတဲ့ အရေအဆင်းရှိတဲ့ ယောကျ်ားသာ ဖြစ်ပါရစေ" — ဒီဆုကို တောင်းပြန်တယ်။ ပဒုမ္မာကြာပန်းအဆင်းအနံ့နှင့် တူညီနေတဲ့ အဆင်းအနံ့ရှိတဲ့ ယောကျ်ားလို့ အသိမှားနေတဲ့ သဘောက - အဝိဇ္ဇာ၊ အဲဒီယောကျ်ားဘဝကို တွယ်တာတပ်မက်နေတဲ့ သဘောက - တဏှာ၊ စိတ်ကပ်ပြီး စွဲနေတဲ့ သဘောက - ဥပါဒါန် — ဒီ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် သုံးခု ခြံရံပြီးတော့ ကံတစ်ခုကို ပြုစုပျိုးထောင်လိုက်တယ်၊ ဆွမ်းလှူခြင်း၊ ပဒုမ္မာကြာပန်းလှူခြင်းဆိုတဲ့ ကုသိုလ်စေတနာတွေကို ပြုစုပျိုးထောင်တယ်၊ သင်္ခါရတရားတွေပဲ၊ ဒီသင်္ခါရတရားတွေက ချုပ်ပျက်သွားကြတဲ့ အခါ သူမျှော်လင့်တောင့်တနေတဲ့ ပဒုမ္မာကြာပန်းအဆင်းအနံ့နှင့် တူညီနေတဲ့ အမျိုးသားဘဝလို့ ခေါ်ဆိုအပ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို ဖြစ်စေနိုင်တဲ့ စွမ်းအင်ကမ္မသတ္တိကလေးကို သူ့ရဲ့ ရုပ်နာမ်သန္တာန်အစဉ်မှာ မြှုပ်နှံပြီးမှ ချုပ်ပျက်သွားတယ်၊ အဲဒီစွမ်းအင်ကမ္မသတ္တိကလေးက - ကံ၊ — ပေါင်းလိုက်တော့ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ သင်္ခါရ၊ ကံ-ဆိုတဲ့ အကြောင်းတရား ငါးခု စုံသွားတယ်။ ဒီအကြောင်းတရား (၅)ခုကတော့ သမုဒယသစ္စာတရားတွေ ဖြစ်ကြပါတယ်။ သူမျှော်လင့်တောင့်တနေတဲ့ ဘဝဆိုတဲ့ ဥပါဒါနက္ခန္ဓာ (၅)ပါးတို့ကတော့ ဒုက္ခသစ္စာတရားတွေ ဖြစ်ကြပါတယ်။ သို့သော် ဒီလို အဆင့်အတန်း မြင့်မားလှတဲ့ ဒုက္ခသစ္စာအမျိုးမျိုးတွေကို ရရှိရေးအတွက် အကြောင်းသမုဒယ-သစ္စာတရားတွေကို ပြည့်ပြည့်စုံစုံဖြစ်အောင် ထူထောင်လိုက်ပါတယ်။ ဒီလို စုံညီတဲ့အတွက်ကြောင့် ဘာဖြစ်သလဲ?

အဲဒီနေ့ကစပြီးတော့ သူ့ရဲ့ မကောင်းတဲ့ အတိတ်က အကုသိုလ်ကံတွေလည်း ကုန်သွားပါတယ်။ ကုန်သွားတဲ့အခါကျတော့မှ အကုသိုလ်ကံတွေက အကျိုးပေးဖို့ အခါအခွင့် ကုန်သွားပြီဖြစ်တဲ့ အတွက် ကုသိုလ်ကံတွေကလည်း အကျိုးပေးဖို့ရန် အခါအခွင့် အလှည့်ရောက်လာတော့ အိမ်ရှင် ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်ကလည်း သိပ်ပြီး ချစ်မြတ်နိုးတယ်၊ ယောက္ခမတွေကလည်း ချစ်မြတ်နိုးတယ်၊ မိဘတွေကလည်း ချစ်မြတ်နိုးတယ်၊ ဆွေမျိုးသားချင်းတွေကလည်း ချစ်မြတ်နိုးတယ်၊ မြင်မြင်သမျှ ပုဂ္ဂိုလ်တွေကလည်း သူ့ကို ချစ်မြတ်နိုးလာကြတယ်။ ဒါပေမဲ့လို့ အဲဒီဘဝမှာ သူက အဆုံးမသတ်ဘူး၊ ကွယ်လွန်သွားတဲ့အခါ လူ့ပြည် နတ်ပြည် အစုန်အဆန် ကျင်လည်ခဲ့ရပါတယ်။ ကျင်လည်တဲ့အချိန် အခါမှာ လူ့ပြည်ပဲရောက်ရောက် နတ်ပြည်ပဲရောက်ရောက် ဘယ်ဘဝမှာမဆို ပဒုမ္မာကြာပန်းအတွင်း မှာသာ ပဋိသန္ဓေတည်နေခဲ့ရတဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ခဲ့ရတယ်။ နောက်ဆုံးဘဝမှာတော့ လူ့လောကကို ပြန်ပြီး ရောက်ရှိလာပြန်တယ်။ အဲဒီဘဝမှာလည်း မင်းဥယျာဉ်အတွင်းရှိ ရေကန်ကြီးအတွင်းမှာရှိတဲ့ ပဒုမ္မာကြာပန်းကြီးထဲမှာ ပဋိသန္ဓေ လာပြီး တည်နေရတယ်။ မင်းနှင့် မိဖုရားတို့ကနေ သားရတနာ

အဖြစ်နဲ့ ကောက်ယူပြီး မွေးထားကြတယ် ဆိုကြပါစို့ –

မင်းနှင့် မိဖုရားတို့ကလည်း ထီးနန်းကို ဆက်ခံမည့်သူ မရှိလေတော့ သားရင်းအဖြစ်နှင့် အလွန်ချစ်မြတ်နိုးကြတယ်၊ နန်းညွန့်နန်းလျာအဖြစ်နှင့် သိမ်းပိုက်ထားကြတယ်။ လူအများရဲ့ ချစ်ခင်မြတ်နိုးမှုကို အလိုရှိတဲ့ စိတ်ဓာတ်နှင့် ကံကို ထူထောင်ခဲ့တဲ့အတွက် ဒီကံက အကျိုးပေးနေတဲ့ဘဝမှာ မောင်းမမိသံ နှစ်သောင်းတို့နှင့်တကွ လူအများအပေါင်းရဲ့ ချစ်ခင်မြတ်နိုးမှုကို အမြဲတမ်း ခံယူနေရတယ်။ ရှင်ဘုရင်ကြီးက မင်းသားငယ်ကလေးကို တစ်ခုခု စားအောင် ကျွေးနိုင်လျှင် ဆုတော်ငွေတစ်ထောင် သတ်မှတ်ထားတဲ့အတွက် ကျွေးမည့်သူတွေက ဝိုင်းဝိုင်းလည်နေတယ်။ ကြင်နာယုယသူတွေက များလွန်းတော့လည်း အလွန် ငြီးငွေ့လာပြန်တယ်။ တစ်နေ့မှာ ပစ္စေကဗုဒ္ဓဘုရားရှင်တစ်ဆူကို ဖူးတွေ့ခွင့် ရရှိခဲ့ပါတယ်။ ဒီလို ဖူးတွေ့ရခြင်းက ပစ္စေကဗောဓိဉာဏ်ကို ရရှိဖို့ရန် အထောက်အပံ့ကောင်းတစ်ခု ဖြစ်သွားတယ်။ အတိတ်က ပါရမီကံတွေကလည်း ရင့်ညောင်းလာပြီဖြစ်တဲ့အတွက် အဲဒီဘဝမှာ သူလိုလားတောင့်တနေတဲ့ ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားခဲ့ပါတယ်။

ဒီအချက်ဟာလည်း တစ်နည်းအားဖြင့် ပြန်ကြည့်လိုက်တော့ သူ့ရဲ့ စိတ်ဓာတ်ဆန်းကြယ်ခဲ့တဲ့အတွက် သူပြုစုပျိုးထောင်ခဲ့တဲ့ ကံတွေက ဆန်းကြယ်သွားခဲ့တယ်၊ ကံတွေ ဆန်းကြယ်သွားတဲ့အတွက်ကြောင့် အကျိုးပေးတာ မဆန်းကြယ်ဘူးလား? ဆန်းကြယ်သွားတယ်။ ပဒုမ္မာကြာပန်းအတွင်းမှာပဲ ပဋိသန္ဓေတည်နေရတယ်၊ ပဒုမ္မာကြာပန်းနှင့် တူနေတဲ့ အဆင်းအနံ့ရှိတဲ့ ပုဂ္ဂိုလ်ပဲ ဖြစ်ရတယ်၊ ယောကျ်ားလည်း မဖြစ်ရဘူးလား? ဖြစ်ရတယ်၊ သူမျှော်လင့်တောင့်တနေတဲ့ ပစ္စေကဗောဓိဉာဏ်ကိုလည်း မရဘူးလား? ရရှိသွားတယ်။ စိတ်ဆန်းကြယ်တဲ့အတွက် ကံဆန်းကြယ်တယ်၊ ကံဆန်းကြယ်တော့ သတ္တဝါတွေ ဆန်းကြယ်သွားကြတယ်။ သို့သော် သူ့ရဲ့ ဆုတောင်းခန်းမှာ ပါဝင်နေကြတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေဟာ သူအလိုရှိတဲ့ ဘဝအသီးအသီးကို ဖြစ်စေနိုင်တဲ့ စွမ်းအားရှိတဲ့ ကုသိုလ်သင်္ခါရကံတွေကို အထောက်အကူပြုပေးနေတဲ့ ဥပနိဿယအကြောင်းတရားတွေသာ ဖြစ်ကြပါတယ်။ အကုသိုလ်ဆိုသော်လည်း အပါယ်ကို ပစ်ချနိုင်တဲ့ စွမ်းအားရှိတဲ့ အကုသိုလ်မျိုးတွေတော့ မဟုတ်ကြပါဘူး။

ဒီနေ့ ကံကို ထူထောင်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီအချက်တွေကို သတိပြုဖို့ မကောင်းဘူးလား? သိပ်ကောင်းတယ်။ မိမိတို့က ခုအချိန်အခါမှာ ပန်းချီကားချပ်တစ်ခု ရေးဆွဲနေတာ ဖြစ်ပါတယ်။ ကဲ - နောက်တစ်ခု စိတ်ဆန်းကြယ်လို့ ကံဆန်းကြယ်ပုံအကြောင်းနှင့် ပတ်သက်ပြီးတော့ ပြောကြရအောင် – အနောဇာဒေဝီမိဖုရားရဲ့ အကြောင်းပဲ –

## အနောဇာဒေဝီ

အနောဇာဒေဝီရဲ့ အနီးစပ်ဆုံး အတိတ်အကြောင်းတစ်ခုကို ပြောရရင်တော့ သူ့ရဲ့ ရှေးဆုတောင်းကလေးက ကဿပဘုရားရှင် လက်ထက်တော်ကပဲ ဖြစ်ခဲ့ပါတယ်။ သူတို့ မိတ်ဆွေတစ်စု စုပေါင်းပြီးတော့ ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်းခဲ့ကြတယ်။ အဲဒီ ကျောင်းရေစက်ချပွဲမှာ အနောဇာ-

ပန်းတွေကို သူက လင်ပန်းကြီးနှင့် အပြည့်ထည့်တယ်၊ အနောဇာပန်းဆိုတာကတော့ လိပ်ဆူးရွှေပန်း ဆိုပြီး ရှေးရှေးဆရာတော်ကြီးများက ဒီလို ဘာသာပြန်ဆိုထားတော်မူကြပါတယ်၊ လိပ်ဆူးရွှေဆိုတာက ဆူးရှိတဲ့ ဆီးကောင်းတယ်ဆိုတဲ့ ဆေးပင်တစ်မျိုးပဲ၊ သူ့ရဲ့အပွင့်က ကြက်ဥအရောင်နှင့် သို့မဟုတ် နံ့သာရောင်နှင့် နည်းနည်း ဆင်သလိုတော့ ရှိတယ်၊ ဒါပေမဲ့ တော်တော်ကလေးလှတဲ့ ပန်းတစ်မျိုးပါ။ ဝါတယ်လို့လည်း မပြောနိုင်ဘူး၊ နီတယ်လို့လည်း မပြောနိုင်ဘူး၊ ဖြူတယ်လို့လည်း မပြောနိုင်ဘူး၊ သူက အရောင်ရောထွေးနေတဲ့ ပန်းတစ်မျိုးပဲ။ ဒီအနောဇာပန်းကို သူက အတော်ကလေး ချစ်ခင် မြတ်နိုးပုံရတယ်။ အဲဒီအနောဇာပန်းကလေးတွေကို လင်ပန်းကြီးထဲ အပြည့်ထည့်၊ အပေါ်မှာ သက်န်း တစ်စုံ တင်ပြီးတော့ ကဿပဘုရားရှင် ခြေတော်ရင်းမှာ ချပြီးတော့ သူက ဘာဆုကို တောင်းသလဲ?

**ဘန္တေ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ အနောဇပုပ္ဖဝဏ္ဏံယေဝ မေ သရီရံ ဟောတု၊ အနောဇာ ဧဝ စ မေ နာမံ ဟောတု။**[၄၆၆]

**ဘန္တေ** = မြတ်စွာဘုရား . . . ။ **နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ** = ဖြစ်လေရာ ဖြစ်လေရာဌာန ဘုံဘဝ၌။ **မေ** = ဘုရားတပည့်တော်မ၏။ **သရီရံ** = ခန္ဓာကိုယ်သည်။ **အနောဇပုပ္ဖဝဏ္ဏံယေဝ** = အနောဇာပန်း အဆင်းနှင့် တူသည်သာလျှင်။ **ဟောတု** = ဖြစ်ရပါစေသတည်း။ **မေ** = ဘုရားတပည့်တော်မ၏။ **နာမံ စ** = အမည်နာမသည်လည်း။ **အနောဇာ ဧဝ** = အနောဇာအမည်ရှိသည်သာလျှင်။ **ဟောတု** = ဖြစ်ပါစေသတည်း။

"အရှင်ဘုရား . . . ဖြစ်လေရာဌာန ဘုံဘဝမှာ ဘယ်ဘဝမှာမဆို တပည့်တော်ရဲ့ခန္ဓာကိုယ် အသားအရေ အရောင်အဆင်းသည် အနောဇာပန်းအဆင်းရှိတဲ့ ပုဂ္ဂိုလ်သာ ဖြစ်ရပါလို၏"တဲ့ - စိတ်ဓာတ်ဆန်းကြယ်မှု တစ်မျိုးပေါ့။

နောက်တစ်ခု — နာမည်ကလည်း အနောဇာအမည်ရှိတဲ့ အမျိုးသမီးသာ ဖြစ်ရပါလို၏တဲ့– ဒီဆုကို တောင်းတယ်၊ သူတောင်းတဲ့ဆုဟာ မပြည့်ဘူးလားဆိုတော့ ပြည့်ပါတယ်၊ လူ့ပြည် နတ်ပြည် ကျင်လည်ရာကနေ နောက်ဆုံးဘဝ ရောက်လာပြီ၊ အနောဇာဒေဝီဆိုတဲ့ အမည်နဲ့ မဟာကပ္ပိန မင်းကြီးရဲ့ မိဖုရားတစ်ဦး လာဖြစ်ပြီး ဘုန်းကြီးတို့ မြတ်စွာဘုရား သာသနာတော်မှာ လာပြီး ကျွတ်တမ်းဝင်ပါတယ်။

သူ့ရဲ့ အသားအရောင်အဆင်းက သူ ဆုတောင်းပန်ထွာခဲ့သည့်အတိုင်း အနောဇာပန်းအဆင်း နှင့်တူတဲ့ အမျိုးသမီး ဖြစ်တယ်၊ နာမည်ကလည်း အနောဇာလို့ အမည်ရှိခဲ့ပါတယ်၊ ရှင်ဘုရင့် မိဖုရား တစ်ဦးပဲ ဖြစ်ပါတယ်။

ဒီတော့ ဒီနေရာမှာ အနောဇာပန်းအဆင်းနှင့် တူတဲ့ အမျိုးသမီးလို့ အသိမှားတဲ့ သဘော ကလေးက ဘာလဲ? **အဝိဇ္ဇာ,** အဲဒီ အမျိုးသမီးဘဝကို တွယ်တာတပ်မက်တဲ့ သဘောက - **တဏှာ,** စိတ်ကပ်စွဲနေတဲ့ သဘောက - **ဥပါဒါန်**၊ ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန် ခြံရံပြီးတော့ ကျောင်းလှူခြင်း,

---

[၄၆၆] ဓမ္မပဒ၊ဋ္ဌ၊၁၊၃၅၃။

သက်န်းလှူခြင်း, အနောဇာပန်းလှူခြင်းဆိုတဲ့ ကုသိုလ်စေတနာသင်္ခါရတွေကို ပြုစုပျိုးထောင်လိုက်တယ်။ ဒီသင်္ခါရတရားတွေက အနိစ္စတရားတွေဖြစ်တဲ့အတွက် ဖြစ်ပြီးချုပ်ပျက်သွားကြတယ်။ ချုပ်-ပျက်သွားပေမဲ့လို့ နောင်တစ်ချိန်မှာ သူမျှော်လင့်တောင့်တနေတဲ့ အနောဇာပန်းအဆင်းနှင့် တူတဲ့ အနောဇာအမည်ရှိတဲ့ အမျိုးသမီးတစ်ဦးဖြစ်ဖို့ရန် စွမ်းအင်ကမ္မသတ္တိကလေးကို ရုပ်နာမ်အစဉ်မှာ မြှုပ်နှံပြီးမှ ချုပ်ပျက်သွားတယ်။ အဲဒီ သတ္တိကလေးက ဘာလဲ? ကံပဲ။ ပေါင်းလိုက်တော့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်းတရားငါးခု စုံညီသွားတယ်။ သမုဒယသစ္စာတရားတွေပဲ ဖြစ်ပါတယ်။

အကြောင်းတရားငါးခု စုံညီသွားတဲ့အတွက် တစ်ချိန် – ဒီကံက အကျိုးပေးဖို့ရန် အခါအခွင့်သင့်လာတဲ့အခါ သူမျှော်လင့်ထားတဲ့အတိုင်း လာပြီး အကျိုးမပေးဘူးလား? ပေးတယ်၊ သူရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ် သူ့စိတ်တိုင်းကျ ဖြစ်ပေါ်မလာဘူးလား? ဖြစ်ပေါ်လာတယ်။ ဒါပေမဲ့ သူက အားပျော့နေတဲ့ လောဘတရားကို အားကောင်းမောင်းသန်နေတဲ့ အလောဘတရားက အနိုင်ယူဖို့ရန် စွမ်းနိုင်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ အနောဇာပန်းအဆင်းနှင့် တူတဲ့ အမျိုးသမီးဘဝကို တွယ်-တာတပ်မက်တဲ့ တဏှာ = လောဘတရား ထင်ရှားရှိခဲ့တာ မှန်ပေမဲ့လို့ တစ်ဖက်ကလည်း သံသရာ-ဝဋ္ဋဒုက္ခမှ ထွက်မြောက်ကြောင်းဖြစ်တဲ့ ဝိဇ္ဇာမျိုးစေ့ကောင်း စရဏမျိုးစေ့ကောင်းတွေကို ရှေးရှေးဘုရားရှင်တို့ရဲ့ သာသနာတော်အတွင်းမှာ ဖြည့်ကျင့်ခဲ့သူတစ်ဦး ဖြစ်ပါတယ်။ ဒီမျိုးစေ့တွေက အောင်-အောင်မြင်မြင် ကြဲချစိုက်ပျိုးခဲ့တဲ့အတွက် အထူးသဖြင့် သင်္ခါရတရားတို့ရဲ့ အနိစ္စအခြင်းအရာ ဒုက္ခအခြင်းအရာ အနတ္တအခြင်းအရာတွေကို ထိုးထွင်းသိတတ်တဲ့ ဝိပဿနာမျိုးစေ့တွေကို အောင်အောင်မြင်မြင် ကြဲချစိုက်ပျိုးခဲ့တဲ့အတွက် ထိုမျိုးစေ့တွေက လောဘ, ဒေါသ, မောဟ စတဲ့ ကိလေသာတွေကို အနိုင်ယူနိုင်အောင် အားပေးထောက်ပံ့လျက် ရှိနေကြပါတယ်။ ဒါ့ကြောင့် မိဖုရားစည်းစိမ်အပေါ် နန်းစည်းစိမ်အပေါ်တွေမှာ တွယ်တာမက်မောနေတဲ့ တဏှာတရားကို ပယ်ရှားကာ တောထွက်ပြီး ရှင်ရဟန်းပြုခဲ့ပါတယ်။ အရဟတ္တဖိုလ်ပန်းကိုလည်း ဆင်မြန်းနိုင်ခဲ့ပါတယ်။ အရဟတ္တဖိုလ်သို့ ဆိုက်-ရောက်တဲ့အခါ မိမိ ရရှိထားခဲ့တဲ့ (၄)ဆင့်သော အရိယမဂ်ဉာဏ်တို့က ကိလေသာတွေကို အဆင့်ဆင့် ပယ်သတ်လိုက်ကြတဲ့အတွက် လောဘ, ဒေါသ, မောဟတို့ ဦးဆောင်နေတဲ့ ကိလေသာအစိုင်အခဲတွေကို အလောဘ, အဒေါသ, အမောဟ ဦးဆောင်နေတဲ့ အရိယမဂ်ရေစင်တို့က အပြီးတိုင် ငြိမ်းသတ်လိုက်ကြပါတယ်။ ဒါ့ကြောင့် ဒီပွဲကတော့ အလောဘ, အဒေါသ, အမောဟတရားတွေက လောဘ, ဒေါသ, မောဟ တရားတွေကို အပြီးတိုင် အနိုင်ယူသွားတဲ့ ပွဲကြီးတစ်ခုပဲ ဖြစ်ပါတယ်။

အခုအချိန်အခါက ခဏခဏ ဒီတရားမှာ ဟောနေတဲ့အတိုင်း ဘာလုပ်နေတဲ့အချိန်လဲ? ပန်းချီ-ကားတစ်ချပ် ရေးဆွဲနေတဲ့အချိန် ဖြစ်တယ်။ ကျွမ်းကျွမ်းကျင်ကျင်နဲ့ ဒီပန်းချီကားတစ်ချပ်ကို ရေးဆွဲနိုင်ခဲ့မယ်ဆိုရင် ဘာဖြစ်မလဲ? အင်မတန် ချောမောလှပနေတဲ့ ရုပ်ပုံသဏ္ဌာန်ကလေးတွေ တစ်ချိန်မှာ ပေါ်လာမယ်၊ မကျွမ်းမကျင်ဘဲနဲ့ ပန်းချီကားတစ်ချပ်ကို သွားပြီးတော့ မိုက်မိုက်ကန်းကန်းနဲ့ ရေးဆွဲမိခဲ့မယ်ဆိုရင် အင်မတန် အကျည်းတန် အရုပ်ဆိုးတဲ့ ပန်းချီကားတစ်ချပ် ပေါ်လာလိမ့်မယ်၊ သို့သော် ချောမောလှပတဲ့ ပန်းချီကားတစ်ချပ်ပဲ ဖြစ်ချင်ဖြစ်ပါစေ၊ အကျည်းတန် အရုပ်ဆိုးနေတဲ့ ပန်းချီကား

တစ်ချပ်ပဲ ဖြစ်ချင်ဖြစ်ပါစေ၊ ဉာဏ်ပညာမျက်စိမရှိတဲ့ အန္ဓဗာလ ပုထုဇန်ငမိုက်သားက ရေးဆွဲလိုက်ခဲ့လို့ရှိရင် ဒီကျွမ်းကျင်နေတဲ့ ပန်းချီကားချပ် ရုပ်လုံးဟာလည်း, မကျွမ်းကျင်တဲ့ အင်မတန် အကျည်းတန် အရုပ်ဆိုးနေတဲ့ ပန်းချီကားချပ်ဟာလည်း ပရမတ္ထသစ္စာနယ်ဘက်က ခွဲခြားလိုက်တော့ ဘယ်လိုသာ ဖြစ်မလဲ?

**ဧဝမေဝ ခေါ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ရူပညေဝ အဘိနိဗ္ဗတ္တေန္တော အဘိနိဗ္ဗတ္တေတိ။ ဝေဒနညေဝ။ ပ ။ သညညေဝ။ သင်္ခါရေယေဝ။ ဝိညာဏညေဝ အဘိနိဗ္ဗတ္တေန္တော အဘိနိဗ္ဗတ္တေတိ။**

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ဧဝမေဝ ခေါ** = ဤဥပမာအတူသာလျှင်။ **အဿုတဝါ** = အာဂမသုတ အဓိဂမသုတဟု ခေါ်ဆိုအပ်သော အကြားအမြင် ဗဟုသုတ မရှိသော။ **ပုထုဇ္ဇနော** = ပရမတ္ထဉာဏ်ပညာမျက်စိ အမြင်ကာဏ်းနေတဲ့ အန္ဓဗာလ ပုထုဇန်ငမိုက်သားသည်။ **အဘိနိဗ္ဗတ္တေန္တော** = ဖြစ်စေအပ်သည်ရှိသော် (ဝါ) ဖြစ်အောင်လုပ်နိုင်ခဲ့သည်ရှိသော်။ **ရူပညေဝ** = ရုပ်တရားကိုသာလျှင်။ **အဘိနိဗ္ဗတ္တေတိ** = ဖြစ်ပေါ်စေနိုင်၏။ **ဝေဒနညေဝ, သညညေဝ, သင်္ခါရေယေဝ, ဝိညာဏညေဝ** = ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တရားတို့ကိုသာလျှင်။ **အဘိနိဗ္ဗတ္တေတိ** = ဖြစ်ပေါ်အောင် လုပ်နိုင်၏။

သူလုပ်နိုင်တဲ့ စွမ်းအားက ဘာလဲ? — ကျွမ်းကျွမ်းကျင်ကျင်နှင့်ပဲဖြစ်ဖြစ်, မကျွမ်းမကျင်နှင့်ပဲ ဖြစ်ဖြစ်, လိမ်လိမ်မာမာနှင့်ပဲဖြစ်ဖြစ်, မိုက်မိုက်ကန်းကန်းနှင့်ပဲဖြစ်ဖြစ် သူရေးဆွဲလို့ ဖြစ်ပေါ်လာမဲ့ ပန်းချီကားတစ်ချပ်သည် ချောမောလှပတဲ့ ပန်းချီကားပဲ ဖြစ်ချင်ဖြစ်ပါစေ, အကျည်းတန် အရုပ်ဆိုးတဲ့ ပန်းချီကားပဲ ဖြစ်ချင်ဖြစ်ပါစေ သူ ဖြစ်အောင်လုပ်နိုင်တဲ့ ဒီပန်းချီကားချပ်ကို ပရမတ္ထသစ္စာနယ်ဘက်က ခွဲခြားလိုက်တော့ ဘာတွေသာ ရှိသလဲ? ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဆိုတဲ့ ခန္ဓာငါးပါးပဲ၊ သူ ဖြစ်အောင်လုပ်နိုင်တဲ့ စွမ်းအားသည် ဘယ်လိုသဘောသာ ရှိမလဲ? – ခန္ဓာငါးပါးပဲ။

သို့သော် ဘုရားရှင်ရဲ့ အမြတ်ဆုံးဥက္ကဋ္ဌ ဆန္ဒတော်ကတော့ မိမိရဲ့ တပည့်သာဝကတွေကို အကျည်းတန် အရုပ်ဆိုးတဲ့ ခန္ဓာငါးပါးပဲဖြစ်ဖြစ်, အလွန်ချောမောလှပတဲ့ ခန္ဓာငါးပါးပဲဖြစ်ဖြစ်, ဘယ်ခန္ဓာငါးပါးမှမဆို ခန္ဓာငါးပါး အားလုံးမှ လွတ်မြောက်သွားစေတော်မူလိုပါတယ်။ ဘာ့ကြောင့်လဲ?— ခန္ဓာငါးပါးတွေ ဖြစ်နေခြင်းဟာ ဒုက္ခတွေ ဖြစ်နေခြင်းသာ ဖြစ်ကြပါတယ်။ ဒီဒုက္ခတွေမှ လွတ်မြောက်စေလိုသော ဦးတည်ချက်ဖြင့် ဘုရားရှင်က ဒီသာသနာတော်မြတ်ကြီးကို တည်ထောင်ထားတော်မူခဲ့ခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီခန္ဓာငါးပါးဆိုတဲ့ ဒုက္ခတွေမှ လွတ်အောင်ကျွတ်အောင် ဘယ်ပုံဘယ်ပန်း ဘယ်နည်းလမ်းဖြင့် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမှာလဲ? —

ကျင့်စဉ်ပိုင်းကို ဆက်လက်ပြီးတော့ နာယူကြည့်ပါ —

✧ ✧ ✧ ✧ ✧ ✧ ✧

ဖြင်ညီးများစွာ၊ သတ္တဝါနှင့်၊ ကမ္ဘာဖြစ်ဟန်၊
ဗြဟ္မာဘန်ဟု၊ ဖောက်ပြန်ချွတ်ယွင်း၊ မမှတ်လျှင်းနှင့်၊
ခပင်းလောက၊ လူထိုမျှကား၊ ပြုက အသစ်၊ ဖြစ်က
အဟောင်း၊ ကျိုးနှင့် ကြောင်းတည့်၊ ဆိုး,ကောင်းဟူထ၊
ဤနှစ်ဝကို၊ ကမ္မသကာ၊ မှတ်တို့ရာ၏၊ သည်သာမှန်ဘိ၊
ယွင်းမရှိဘူး၊ မိမိကမ္မ၊ ကိလေသဖြင့်၊ သုခလိုငြား၊
ဒုက္ခပွား၏၊ ရှေ့ကားသုခ၊ နောက်ဒုက္ခနှင့်၊ စိတ်က
လိုရေး၊ အအေး တောင့်တ၊ အပူ ခလျက်၊ ပူက အေးမြ၊
မှန်မလွဲရှင့်၊ ဆင်းရဲ ရှေးရှိ၊ နောက်ပြီး ချမ်းသာ၊
ဖြစ်မြဲစွာတည့်၊ ဓမ္မတာအပြီး၊ လူထုံးတီးကို၊ ဘုန်းမီး
တောက်ပ၊ ချစ်မဝသည်၊ သားလုရွှေချည်၊ မောင်
မှတ်တည်လော့၊ ဆံခြည်ဆယ်ခြမ်း၊ မွေးဘဝမ်း၊
မချမ်းနိုင်ဖွယ်၊ လောင်တိုက်နှယ်သို့၊ အကယ်ထင်ရည်၊
စိတ်ဝယ်တည်ကြောင့်၊ သည်ပြည်, တိုင်းခန်း၊ သည်နန်း,
သည်ထီး၊ သည်လောင်မီးနှင့်၊ မမိုး, မစပ်၊ ငါမအပ်
သည်။ ။ နီးကပ် မခံ တို့နိုင်တည်း။

(မဃဒေဝ၊ စာပိုဒ်၊ ၂၂၆။)

# ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တာန် (နောက်ပိုင်း)

**ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် (နောက်ပိုင်း)**

စိတ်ဓာတ်တွေ ညစ်နွမ်းတော့ သတ္တဝါတွေ ညစ်နွမ်းရတယ်၊ စိတ်ဓာတ်တွေ ဖြူစင်သန့်ရှင်းခဲ့ရင် သတ္တဝါတွေ ဖြူစင်သန့်ရှင်းတယ်။ ဘာဖြစ်လို့ ညစ်နွမ်းရသလဲလို့မေးတော့ ဒီ ခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေကို ငါပဲ, ငါ့ဟာပဲ, ငါ့ရဲ့ အတ္တပဲလို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်နေတဲ့အတွက် သတ္တဝါတွေရဲ့ စိတ်ဓာတ်တွေက ညစ်နွမ်းနေရတယ်။

ဒီတော့ သတ္တဝါတွေက ဒီနေရာမှာ ဒီခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေကို ငါပဲ, ငါ့ဟာပဲ, ငါ့ရဲ့ အတ္တပဲလို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်မှု မရှိဘဲ အနိစ္စပဲလို့, ဒုက္ခပဲလို့, အနတ္တပဲလို့ တွင်တွင်ကြီး ဝိပဿနာရှုနိုင်ကြမည်ဆိုရင်တော့ စိတ်ဓာတ်တွေ ဖြူစင်သန့်ရှင်း မသွားနိုင်ဘူးလား?သွားနိုင်တယ်။ ဒါ စိတ်ဓာတ် ဖြူစင်သန့်ရှင်း စေတတ်တဲ့ နည်းလမ်းပဲ။

(စာမျက်နှာ၊ ၅၃၅။)

# ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် (နောက်ပိုင်း)

## မဟာသတိပဋ္ဌာနသုတ္တန်

## ကာယာနုပဿနာ အာနာပါနပဗ္ဗ

**အာနာပါန – သမထပိုင်း**

ကထဉ္စ ပန ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ? ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ၊ သော သတောဝ အဿသတိ, သတောဝ ပဿသတိ။

၁။ ဒီဃံ ဝါ အဿသန္တော 'ဒီဃံ အဿသာမီ'တိ ပဇာနာတိ၊
ဒီဃံ ဝါ ပဿသန္တော 'ဒီဃံ ပဿသာမီ'တိ ပဇာနာတိ။

၂။ ရဿံ ဝါ အဿသန္တော 'ရဿံ အဿသာမီ'တိ ပဇာနာတိ၊
ရဿံ ဝါ ပဿသန္တော 'ရဿံ ပဿသာမီ'တိ ပဇာနာတိ။

၃။ 'သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီ'တိ သိက္ခတိ၊
'သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီ'တိ သိက္ခတိ။

၄။ 'ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီ'တိ သိက္ခတိ၊
'ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီ'တိ သိက္ခတိ။

သေယျထာပိ ဘိက္ခဝေ ဒက္ခော ဘမကာရော ဝါ ဘမကာရန္တေဝါသီ ဝါ ဒီဃံ ဝါ အဉ္ဆန္တော 'ဒီဃံ အဉ္ဆာမီ'တိ ပဇာနာတိ၊ ရဿံ ဝါ အဉ္ဆန္တော 'ရဿံ အဉ္ဆာမီ'တိ ပဇာနာတိ၊ ဧဝမေဝ ခေါ ဘိက္ခဝေ ဘိက္ခု –

၁။ ဒီဃံ ဝါ အဿသန္တော 'ဒီဃံ အဿသာမီ'တိ ပဇာနာတိ၊
ဒီဃံ ဝါ ပဿသန္တော 'ဒီဃံ ပဿသာမီ'တိ ပဇာနာတိ။

၂။ ရဿံ ဝါ အဿသန္တော 'ရဿံ အဿသာမီ'တိ ပဇာနာတိ၊
ရဿံ ဝါ ပဿသန္တော 'ရဿံ ပဿသာမီ'တိ ပဇာနာတိ။

၃။ ‘သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီ’တိ သိက္ခတိ၊
‘သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီ’တိ သိက္ခတိ။

၄။ ‘ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီ’တိ သိက္ခတိ၊
‘ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီ’တိ သိက္ခတိ။

**ဝိပဿနာပိုင်း ပထမအဆင့်**

၁-၁။ **ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊**

၁-၂။ **ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊**

၁-၃။ **အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။**

**ဝိပဿနာပိုင်း ဒုတိယအဆင့်**

၂-၁။ **သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊**

၂-၂။ **ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊**

၂-၃။ **သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။**

**ဝိပဿနာပိုင်း တတိယအဆင့်**

‘အတ္ထိ ကာယော’တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။

**ဝိပဿနာပိုင်း စတုတ္ထအဆင့်**

အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။

**ဒေသနာတော်နိဂုံး**

ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။[၄၆၇]

**အာနာပါန – သမထပိုင်း**

ရဟန်းတို့ . . . အဘယ်သို့လျှင် ရဟန်းသည် ကာယ၌ ကာယဟု အကြိမ်ကြိမ် ရှုလေ့ရှိသည် ဖြစ်၍ နေသနည်း?

ရဟန်းတို့ . . . ဤသာသနာတော်၌ ရဟန်းသည် တောသို့ သွားရောက်၍ဖြစ်စေ, သစ်ပင်ရင်းသို့ သွားရောက်၍ဖြစ်စေ, ဆိတ်ငြိမ်ရာအရပ်သို့ သွားရောက်၍ဖြစ်စေ, တင်ပလ္လင်ခွေ ထိုင်ပြီးလျှင်

[၄၆၇] မ၊၁၊၇၀-၇၁။

အထက်ပိုင်းကိုယ်ကို ဖြောင့်မတ်စွာ ထား၍ သတိကို ဝင်သက်လေ-ထွက်သက်လေဟူသည့် ကမ္မဋ္ဌာန်းအာရုံသို့ ရှေးရှုဖြစ်စေလျက် ထိုင်၏။ ထိုရဟန်းသည် သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူသွင်း၏၊ သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှူထုတ်၏။

၁။ ဝင်သက်လေကို ရှည်ရှည် ရှူသွင်းလျှင်လည်း ရှည်ရှည် ရှူသွင်းသည်ဟု သိ၏၊ ထွက်သက်လေကို ရှည်ရှည် ရှူထုတ်လျှင်လည်း ရှည်ရှည် ရှူထုတ်သည်ဟု သိ၏။

၂။ ဝင်သက်လေကို တိုတို ရှူသွင်းလျှင်လည်း တိုတို ရှူသွင်းသည်ဟု သိ၏၊ ထွက်သက်လေကို တိုတို ရှူထုတ်လျှင်လည်း တိုတို ရှူထုတ်သည်ဟု သိ၏။

၃။ ဝင်သက်လေ၏ အစ-အလယ်-အဆုံး = အကုန်လုံးကို ထင်ထင်ရှားရှား သိလျက် ရှူသွင်းမည်ဟု ကျင့်၏၊ ထွက်သက်လေ၏ အစ-အလယ်-အဆုံး = အကုန်လုံးကို ထင်ထင်ရှားရှား သိလျက် ရှူထုတ်မည်ဟု ကျင့်၏။

၄။ ရုန့်ရင်းသော ဝင်သက်လေကို ငြိမ်းစေလျက် ဝင်သက်လေကို ရှူသွင်းမည်ဟု ကျင့်၏၊ ရုန့်ရင်းသော ထွက်သက်လေကို ငြိမ်းစေလျက် ထွက်သက်လေကို ရှူထုတ်မည်ဟု ကျင့်၏။

ရဟန်းတို့ . . . ဥပမာသော်ကား — ကျွမ်းကျင်သော ပွတ်သမားသည်လည်းကောင်း, ပွတ်-သမား၏ တပည့်သည်လည်းကောင်း ပွတ်ကြိုးကို ရှည်ရှည်ဆွဲငင်လျှင်လည်း ရှည်ရှည်ဆွဲငင်သည်ဟု သိ၏။ ပွတ်ကြိုးကို တိုတိုဆွဲငင်လျှင်လည်း တိုတိုဆွဲငင်သည်ဟု သိ၏။ ရဟန်းတို့ . . . ဤဥပမာ အတူပင်လျှင် ရဟန်းသည် —

၁။ ဝင်သက်လေကို ရှည်ရှည် ရှူသွင်းလျှင်လည်း ရှည်ရှည်ရှူသွင်းသည်ဟု သိ၏၊ ထွက်သက်လေကို ရှည်ရှည် ရှူထုတ်လျှင်လည်း ရှည်ရှည် ရှူထုတ်သည်ဟု သိ၏။

၂။ ဝင်သက်လေကို တိုတို ရှူသွင်းလျှင်လည်း တိုတို ရှူသွင်းသည်ဟု သိ၏၊ ထွက်သက်လေကို တိုတို ရှူထုတ်လျှင်လည်း တိုတို ရှူထုတ်သည်ဟု သိ၏။

၃။ ဝင်သက်လေ၏ အစ-အလယ်-အဆုံး = အကုန်လုံးကို ထင်ထင်ရှားရှား သိလျက် ရှူသွင်းမည်ဟု ကျင့်၏၊ ထွက်သက်လေ၏ အစ-အလယ်-အဆုံး = အကုန်လုံးကို ထင်ထင်ရှားရှားသိလျက် ရှူထုတ်မည်ဟု ကျင့်၏။

၄။ ရုန့်ရင်းသော ဝင်သက်လေကို ငြိမ်းစေလျက် ဝင်သက်လေကို ရှူသွင်းမည်ဟု ကျင့်၏၊ ရုန့်ရင်း-သော ထွက်သက်လေကို ငြိမ်းစေလျက် ထွက်သက်လေကို ရှူထုတ်မည်ဟု ကျင့်၏။

## ဝိပဿနာပိုင်း ပထမအဆင့်

ဤသို့လျှင် ယောဂါဝစရ ရဟန်းသည် —

၁-၁။ မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌မူလည်း ကာယကို = (ရူပကာယ + နာမကာယ = ရုပ်တရားအပေါင်းအစု, နာမ်တရားအပေါင်းအစုကို) ကာယဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

၁-၂။ အပြင်ဗဟိဒ္ဓ၌မူလည်း ကာယကို = (ရူပကာယ + နာမကာယ = ရုပ်တရားအပေါင်းစု, နာမ်-တရားအပေါင်းအစုကို) ကာယဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

၁-၃။ အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံး၌မူလည်း ကာယကို = (ရူပကာယ + နာမကာယ = ရုပ်တရားအပေါင်းအစု, နာမ်တရားအပေါင်းအစုကို) ကာယဟု အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ဝိပဿနာပိုင်း ဒုတိယအဆင့်

၂-၁။ ကာယ၌ (= ရူပကာယ + နာမကာယ = ရုပ်တရားအပေါင်းအစု, နာမ်တရားအပေါင်းအစု၌) ဖြစ်ကြောင်း သမုဒယသဘောနှင့် ဖြစ်ခြင်း သမုဒယသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

၂-၂။ ကာယ၌ (= ရူပကာယ + နာမကာယ = ရုပ်တရားအပေါင်းအစု, နာမ်တရားအပေါင်းအစု၌) ချုပ်ကြောင်း ဝယသဘောနှင့် ချုပ်ခြင်း ဝယသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

၂-၃။ ကာယ၌ (= ရူပကာယ + နာမကာယ = ရုပ်တရားအပေါင်းအစု, နာမ်တရားအပေါင်းအစု၌) ဖြစ်ကြောင်း + ချုပ်ကြောင်း = သမုဒယ + ဝယသဘောနှင့် ဖြစ်ခြင်း + ချုပ်ခြင်း = သမုဒယ + ဝယသဘောကို အကြိမ်ကြိမ် ရှုလေ့ရှိသည်ဖြစ်၍ နေ၏။

## ဝိပဿနာပိုင်း တတိယအဆင့်

ထို့အပြင် — "ရူပကာယ + နာမကာယ = ရုပ်တရားအပေါင်းအစု + နာမ်တရားအပေါင်းအစုသည်သာလျှင် ရှိ၏"ဟု ထိုရဟန်းအား သတိသည် ရှေးရှုတည်နေ၏။ ထိုသတိသည် ဝိပဿနာ-ဉာဏ်၏ အဆင့်ဆင့် တိုးပွားခြင်းငှာသာလျှင် ဖြစ်၏။ ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက်ရှိသော သတိ၏ အဆင့်ဆင့် တိုးပွားခြင်းငှာသာလျှင် ဖြစ်၏။

## ဝိပဿနာပိုင်း စတုတ္ထအဆင့်

ထိုရဟန်းသည် ဉပါဒါနက္ခန္ဓာငါးပါးတည်းဟူသော ရုပ်လောက နာမ်လောက၌ တစ်စုံတစ်ခုသော တရားကိုမျှ — "ငါ, ငါ့ဟာ"ဟု စွဲလည်း မစွဲလမ်း။

### ဒေသနာတော်နိဂုံး

ရဟန်းတို့ . . . ဤသို့လျှင် ယောဂါဝစရရဟန်းသည် ကာယ၌ ကာယဟု အကြိမ်ကြိမ် ရှုလေ့-ရှိသည်ဖြစ်၍ နေ၏။[၄၆၈]

## ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် (နောက်ပိုင်း)

ကျွမ်းကျင်နေတဲ့ ပန်းချီဆေးရေးဆရာပဲဖြစ်ဖြစ် မကျွမ်းကျင်တဲ့ ပန်းချီဆေးရေးဆရာပဲဖြစ်ဖြစ် သူရေးဆွဲလိုက်လို့ ဖြစ်ပေါ်လာတဲ့ ပန်းချီကားချပ်ဟာ ပရမတ္ထသစ္စာနယ်မှ ခွာတ်ခွဲကြည့်လိုက်တော့ ခန္ဓာငါးပါးပဲ ရှိပါတယ်။ ရုပ်တရား နာမ်တရားတွေပဲ ရှိကြပါတယ်။ ဘုရားရှင်ရဲ့ ဆန္ဒတော်ကတော့ မိမိရဲ့ တပည့်သာဝကတွေကို ဒီခန္ဓာငါးပါးမှ လွတ်မြောက်သွားစေချင်တော်မူပါတယ်။ ဒီလို ခန္ဓာ-ငါးပါးမှ လွတ်မြောက်ရေးအတွက် မဂ္ဂင် (၈)ပါး ကျင့်စဉ်တရားတွေကို အောင်အောင်မြင်မြင် စနစ်-တကျ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ဖို့ လိုအပ်ပါတယ်။

သမထပိုင်းကို ကျင့်နေဆဲအခါမှာလည်း မဂ္ဂင် (၈)ပါး၊ ဝိပဿနာပိုင်းကို ကျင့်နေဆဲအခါ-မှာလည်း မဂ္ဂင် (၈)ပါးတို့ ရှိကြပါတယ်။ သမထပိုင်းနှင့် ဝိပဿနာပိုင်း မဂ္ဂင်တွေကတော့ လောကီ မဂ္ဂသစ္စာတရားတွေ ဖြစ်ကြပါတယ်။ ဝိပဿနာဉာဏ်တို့ရဲ့ အဆုံးမှာ ဖြစ်ပေါ်လာတဲ့ အရိယမဂ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို သိမြင်တဲ့အခါမှာလည်း မဂ္ဂင် (၈)ပါး ရှိကြပါတယ်။ အရိယမဂ်ဉာဏ်နှင့် ယှဉ်တွဲနေ-ကြတဲ့ မဂ္ဂင်တွေကတော့ လောကုတ္တရာ မဂ္ဂသစ္စာတရားတွေ ဖြစ်ကြပါတယ်။

ယောဂါဝစရရဟန်းတော်ဟာ မိမိရဲ့သန္တာန်မှာ လောကုတ္တရာ မဂ္ဂသစ္စာတရားများ ထင်ရှား ဖြစ်ပေါ်လာရေးအတွက် လောကီ မဂ္ဂသစ္စာတရားတွေကို ပွားများအားထုတ်ရမှာ ဖြစ်ပါတယ်။[၄၆၉]

ယောဂါဝစရ ရဟန်းတော်ဟာ သမထပိုင်းကို ကျင့်စဉ်အခါမှာ သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ–ဆိုတဲ့ သီလမဂ္ဂင် (၃)ပါးကို ဖြူစင်အောင် ကြိုတင်ကာ ဆောက်တည်ကျင့်သုံးရပါ-တယ်။ ဖြူစင်တဲ့ သီလတည်းဟူသော မြေပေါ်မှာ ရပ်တည်ပြီးတော့ – သမ္မာသမာဓိဆိုတဲ့ သမာဓိ-မဂ္ဂင် (၃)ပါးနှင့် ပြည့်စုံအောင် ဥပစာရသမာဓိကို ဖြစ်စေ၊ ဈာန်သမာဓိတစ်မျိုးမျိုးကို ဖြစ်စေ၊ သို့မဟုတ် ဥပစာရသမာဓိနှင့်တကွ ဈာန်သမာပတ် (၈)ပါးလုံးကို ဖြစ်စေ ရရှိအောင် ကြိုးစား အားထုတ်ရပါတယ်။ ခုလို သမထပိုင်းကျင့်စဉ်ကို ကျင့်နေဆဲအခါမှာတော့ သမ္မာဒိဋ္ဌိက အာနာပါန ပဋိဘာဂနိမိတ်ကဲ့သို့သော ဈာန်သမာဓိရဲ့ အာရုံနိမိတ်ကို ထွင်းဖောက်သိမြင်ခြင်းသဘော ဖြစ်တယ်။ သမ္မာသင်္ကပ္ပကတော့ အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထအာရုံနိမိတ်ပေါ်သို့ စိတ်ကို ရှေးရှု တင်ပေးနေခြင်းသဘော ဖြစ်တယ်။ အားလုံးပေါင်းလိုက်တော့ သမထပိုင်း ကျင့်နေဆဲအခါမှာလည်း မဂ္ဂင် (၈)ပါး ဖြစ်ကြပါတယ်။

---

[၄၆၈] မ၊၁၊၇၀-၇၁။

[၄၆၉] "အယံ လောကိယော အယံ လောကုတ္တရော"တိ အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ ယထာဘူတံ န ပဇာနာတိ။ အဇာနန္တော လောကိယမဂ္ဂေ အဘိနိဝိသိတွာ လောကုတ္တရံ နိဗ္ဗတ္တေတုံ န သက္ကောတိ။ (မဋ္ဌ၊၂၊၁၆၅။ မဟာဂေါပါလကသုတ္တန်။)

ဝိပဿနာပိုင်း ကျင့်နေဆဲအခါမှာလည်း အလားတူပင် မဂ္ဂင် (၈)ပါးပဲ ရှိကြပါတယ်။ ဝိပဿနာ-ပိုင်း ကျင့်နေဆဲအခါမှာလည်း ယောဂါဝစရ ရဟန်းတော်ဟာ ဖြူစင်သော သီလတည်းဟူသော မြေပေါ်မှာ ရပ်တည်ပြီးတော့ ကြိုးစားအားထုတ်ရမှာ ဖြစ်တယ်။ စတုတ္ထဈာန်သမာဓိကဲ့သို့သော ဈာန်သမာဓိတစ်ခုခုကိုလည်း ဝိပဿနာရှုတိုင်း သို့မဟုတ် တရားထိုင်တိုင်းထိုင်တိုင်း ကြိုတင် ထူထောင်ရမယ်။ သမာဓိကြောင့် ဖြစ်ပေါ်လာတဲ့ လင်းရောင်ခြည်စွမ်းအင်တွေ အားကောင်းလာတဲ့ အခါမှ ဝိပဿနာပိုင်းကို ဆက်လက် ပွားများအားထုတ်ရမှာ ဖြစ်ပါတယ်။ ဒုက္ခသစ္စာ သမုဒယသစ္စာ အမည်ရကြတဲ့ သင်္ခါရတရားတွေကို အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်သုံးတန်သို့ တင်ကာ ဝိပဿနာရှုရမှာ ဖြစ်တယ်။ ဒီလို ဝိပဿနာရှုနေဆဲအခါမှာ ဝိပဿနာဉာဏ်နှင့် ယှဉ်တွဲလျက် မဂ္ဂင်တရားကိုယ် (၅)ပါးတို့ ဖြစ်နေကြပါတယ်။ ဘာတွေလဲ?

၁။ **သမ္မာဒိဋ္ဌိ** = သင်္ခါရတရားတွေရဲ့ အနိစ္စအခြင်းအရာ, သို့မဟုတ် ဒုက္ခအခြင်းအရာ, သို့မဟုတ် အနတ္တအခြင်းအရာကို ထိုးထွင်းသိမြင်နေခြင်းသဘော၊

၂။ **သမ္မာသင်္ကပ္ပ** = သင်္ခါရတရားတွေရဲ့ အနိစ္စအခြင်းအရာ, သို့မဟုတ် ဒုက္ခအခြင်းအရာ, သို့မဟုတ် အနတ္တအခြင်းအရာ တစ်မျိုးမျိုးပေါ်သို့ ဝိပဿနာစိတ်ကို ရှေးရှုတင်ပေးနေခြင်းသဘော၊

၃။ **သမ္မာဝါယာမ** = သင်္ခါရတရားတွေရဲ့ အနိစ္စအခြင်းအရာ, သို့မဟုတ် ဒုက္ခအခြင်းအရာ, သို့မဟုတ် အနတ္တအခြင်းအရာကို ထိုးထွင်းသိမြင်အောင် ကြိုးစားအားထုတ်နေခြင်းသဘော၊

၄။ **သမ္မာသတိ** = သင်္ခါရတရားတွေရဲ့ အနိစ္စအခြင်းအရာ, သို့မဟုတ် ဒုက္ခအခြင်းအရာ, သို့မဟုတ် အနတ္တအခြင်းအရာကို အဖန်ဖန် အထပ်ထပ် အမှတ်ရနေခြင်းသဘော၊

၅။ **သမ္မာသမာဓိ** = သင်္ခါရတရားတွေရဲ့ အနိစ္စအခြင်းအရာ, သို့မဟုတ် ဒုက္ခအခြင်းအရာ, သို့မဟုတ် အနတ္တအခြင်းအရာဆိုတဲ့ အခြင်းအရာတစ်မျိုးမျိုးမှာ ဝိပဿနာဘာဝနာစိတ် လှုပ်မရအောင် ကောင်းစွာ တည်နေခြင်းသဘော —

အားလုံး ပေါင်းလိုက်တော့ ကြိုတင် ဆောက်တည်ကျင့်သုံးနေဆဲဖြစ်တဲ့ သီလမဂ္ဂင် (၃)ပါးနှင့် ပေါင်းလိုက်လျှင် မဂ္ဂင် (၈)ပါး ဖြစ်ပါတယ်။ သမထနှင့် ဝိပဿနာဘာဝနာတွေကို ပွားများနေဆဲ အခိုက်မှာတော့ သီလမဂ္ဂင် (၃)ပါးတို့ဟာ သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်တွေနှင့် စိတ္တက္ခဏတစ်ခုအတွင်းမှာ အတူယှဉ်တွဲပြီးတော့ မဖြစ်နိုင်ကြပါဘူး။ အကြောင်းကတော့ သီလမဂ္ဂင်-တွေရဲ့ အာရုံနှင့် သမထဘာဝနာ ဝိပဿနာဘာဝနာတို့ရဲ့ အာရုံတွေဟာ မတူညီကြတဲ့အတွက်-ကြောင့် ဖြစ်ပါတယ်။

သီလမဂ္ဂင်တွေက သူ့အသက်ကို သတ်ခြင်း စသည်မှ ရှောင်ကြဉ်တဲ့ မဂ္ဂင်တွေ ဖြစ်ကြတယ်။ ဒါကြောင့် သီလမဂ္ဂင်တွေဟာ သူ့အသက် သူ့ပစ္စည်း စတဲ့ အာရုံတွေကို အာရုံပြုကြတယ်။ သမထ-ဘာဝနာစိတ်တွေက အာနာပါနပဋိဘာဂနိမိတ်ကဲ့သို့သော သမထအာရုံနိမိတ်တွေကို အာရုံပြုကြ-တယ်။ ဝိပဿနာဘာဝနာစိတ်တွေက သင်္ခါရတရားတွေရဲ့ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာ တစ်မျိုးမျိုးကို အာရုံပြုကြတယ်။ ဒီလို အာရုံတွေ ကွဲပြားကြတဲ့အတွက် လောကီ

မဂ္ဂင်တွေကို ပွားများနေတဲ့အခါမှာ သီလမဂ္ဂင်တွေဟာ သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်-တွေနှင့် စိတ္တက္ခဏတစ်ခုအတွင်းမှာ အတူယှဉ်တွဲ မဖြစ်နိုင်ကြပါဘူး။ သို့သော် လောကုတ္တရာ အရိယမဂ်ဉာဏ်အခိုက်မှာတော့ အရိယမဂ်နှင့် ယှဉ်တွဲဖြစ်သွားကြတဲ့ မဂ္ဂင်တရားကိုယ် (၈)ပါးတို့ဟာ အသင်္ခတနိဗ္ဗာန်တစ်ခုတည်းကိုသာ အာရုံပြုနေကြတဲ့အတွက် မဂ္ဂင် (၈)ပါးလုံး ပြိုင်တူ မဂ်စိတ္တက္ခဏ တစ်ခုအတွင်းမှာ ယှဉ်တွဲ ဖြစ်နိုင်ကြပါတယ်။

ဒီ ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန်ကို နာယူနေကြတဲ့ ရဟန်းတော်တွေဟာ သီလကို ဖြူဖြူစင်စင်ဖြင့် ဖြည့်ကျင့်ထားတော်မူကြတဲ့ သီလမဂ္ဂင် (၃)ပါးနှင့် ပြည့်စုံနေတဲ့ ရဟန်းတော်များလည်း ဖြစ်ကြတယ်။ သမာဓိကျင့်စဉ်ပိုင်းကို အောင်အောင်မြင်မြင် ကျင့်ထားတော်မူပြီးကြတဲ့ သမာဓိမဂ္ဂင်တွေနှင့်လည်း ပြည့်စုံနေကြတဲ့ ရဟန်းတော်များလည်း ဖြစ်တော်မူကြတယ်။

ဒါတွင်လားဆိုတော့ မကသေးဘူး။ ထိုရဟန်းတော်တွေဟာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပဆိုတဲ့ ပညာမဂ္ဂင်တွေနှင့် ပြည့်စုံရေးအတွက် ဆက်လက် ဖြည့်ကျင့်နေကြဆဲ ဖြစ်ကြတယ်။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက (= အကြမ်း), သုခုမ (= အနု), ဟီန (= အယုတ်), ပဏီတ (= အမြတ်), ဒူရ (= အဝေး), သန္တိက (= အနီး)–ဆိုတဲ့ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေကြတဲ့ ဒုက္ခသစ္စာအမည်ရတဲ့ ဉပါဒါနက္ခန္ဓာငါးပါး = ရုပ်နာမ်တရားတွေကို သမ္မာဒိဋ္ဌိဉာဏ်-ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ပြီး ဖြစ်ကြတယ်။

တစ်ဖန် ယင်း ဒုက္ခသစ္စာတရားတို့ရဲ့ အကြောင်းရင်းဖြစ်ကြတဲ့ အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, သင်္ခါရ, ကံ–ဆိုတဲ့ သမုဒယသစ္စာတရားတွေကိုလည်း သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ထားပြီး ဖြစ်ကြတယ်။ တစ်နည်းပြောရရင်တော့ အတိတ်ဘဝက ပြုစုပျိုးထောင်-ခဲ့တဲ့ အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, သင်္ခါရ, ကံ–ဆိုတဲ့ အကြောင်းသမုဒယသစ္စာတရားကြောင့် ဒီဘဝမှာ ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ–ဆိုတဲ့ အကျိုးခန္ဓာငါးပါး = ဒုက္ခသစ္စာတရား ထင်ရှားဖြစ်နေပုံကိုလည်း သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေ-ကြတယ်။ အလားတူပဲ ဒီဘဝမှာ ထပ်မံထူထောင်လိုက်တဲ့ အဝိဇ္ဇာ, တဏှာ, ဉပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်းသမုဒယသစ္စာတရားကြောင့် နောင်အနာဂတ်ဘဝတွင် ဝိညာဏ်, နာမ်-ရုပ်, သဠာ-ယတန, ဖဿ, ဝေဒနာ–ဆိုတဲ့ အကျိုးခန္ဓာငါးပါး = ဒုက္ခသစ္စာတရား ထင်ရှားဖြစ်ပေါ်လာလတ္တံ့-သည်ကိုလည်း သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်နေကြတယ်။

ဒါတွင်လားဆိုတော့ မကသေးဘူး။ ဒီရဟန်းတော်တွေဟာ ခုပြောခဲ့တဲ့ ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားဆိုတဲ့ သင်္ခါရတရားတွေကိုလည်း အနိစ္စ ဒုက္ခ အနတ္တ–ဆိုတဲ့ လက္ခဏာယာဉ် သုံးတန်သို့ တင်ကာ တွင်တွင်ကြီး ဝိပဿနာရှုနေကြပြီ ဖြစ်ကြတယ်။ သို့သော် ဒီလို ဝိပဿနာ ရှုနိုင်ကြသော်လည်း သူတို့ မျှော်မှန်းထားကြတဲ့ အရဟတ္တဖိုလ်ပန်းကိုတော့ မဆင်မြန်းနိုင်ကြသေး ဖြစ်နေကြတယ်။ ဘာဖြစ်လို့လဲ? သူတို့ရဲ့ ဝိပဿနာဉာဏ်တွေက အရဟတ္တဖိုလ်သို့ ဆိုက်ရောက်-နိုင်လောက်အောင် မရင့်ကျက်ကြသေး ဖြစ်နေကြတယ်။ ဒါကြောင့် ဘုရားရှင်က သူတို့ရဲ့ ဝိပဿနာ-

ဉာဏ်တွေ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်နိုင်လောက်အောင် ရင့်ကျက်လာနိုင်ရေးအတွက် ရည်မျှော်ကာ ဒီ ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန်ရဲ့ နောက်ပိုင်းမှာ တေပရိဝဋ္ဋဓမ္မဒေသနာနည်းဖြင့် ဝိပဿနာရှုကွက်ကို ဆက်လက် ဟောကြားပေးတော်မူပါတယ်။ နာကြားကြည့်ကြရအောင် . . .

## တေပရိဝဋ္ဋဓမ္မဒေသနာ

**တံ ကိံ မညထ ဘိက္ခဝေ၊ ရူပံ နိစ္စံ ဝါ အနိစ္စံ ဝါတိ။ အနိစ္စံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။ ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ။**[၄၃၀]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **တံ** = ထို ငါဘုရားမေးမည့် မေးခွန်းကို။ **တုမှေ** = သင်ချစ်သားတို့သည် (သင်ချစ်သမီးတို့သည်)။ **ကိံ မညထ** = အဘယ်သို့ အောက်မေ့မှတ်ထင် ယူဆကြကုန်သနည်း။ **ရူပံ** = ရုပ်တရားသည်။ **နိစ္စံ ဝါ** = နိစ္စလေလော။ **အနိစ္စံ ဝါ** = အနိစ္စလေလော။ **ဣတိ** = ဤသို့ မေးတော်မူသည်ရှိသော်။ **ဘန္တေ** = မြတ်စွာဘုရား . . . ။ **အနိစ္စံ** = အနိစ္စဖြစ်ရိုးအမှန်ပါဘုရား။ **ဣတိ** = ဤသို့ လျှောက်ထားတော်ကြားအောင် လျှောက်ထားကြလေကုန်ပြီ။

ချစ်သားရဟန်းတို့ . . . ကျွမ်းကျင်တဲ့ ပန်းချီဆေးရေးသမားတစ်ဦးကပဲဖြစ်ဖြစ်, မကျွမ်းကျင်မလိမ္မာတဲ့ ပန်းချီဆေးရေးသမားတစ်ဦးကပဲဖြစ်ဖြစ် ရေးဆွဲလိုက်တဲ့ ပန်းချီကားချပ်ကို ဓာတ်ခွဲကြည့်လိုက်တော့ ခန္ဓာငါးပါးပဲ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ခေါ်တဲ့ ခန္ဓာငါးပါးပဲ၊ အဲဒီခန္ဓာငါးပါးသာ ရှိတဲ့အတွက် သင်ချစ်သားတို့ကို ငါဘုရား မေးခွန်းတစ်ခု မေးမယ်၊ အဲဒီရုပ်တရားသည် နိစ္စလား, အနိစ္စလား? ဒီလို မေးတော်မူလိုက်တယ်။ အဲဒီလို မေးတော်မူလိုက်တဲ့အခါ ရဟန်းတွေက ဘယ်လိုဖြေကြသလဲ? အနိစ္စပါဘုရား – လို့ ဖြေကြတယ်၊ နောက်တစ်ခု –

**ယံ ပနာနိစ္စံ ဒုက္ခံ ဝါ တံ သုခံ ဝါတိ။ ဒုက္ခံ ဘန္တေ။**

အဲဒီ အနိစ္စမှန်နေတဲ့ ဒီရုပ်တရားသည် ဒုက္ခလား သုခလားလို့ ဒီလို မေးတော်မူလိုက်တယ်။ အဲဒီလို မေးတော်မူလိုက်တော့ ဒုက္ခပါလို့ ဖြေကြတယ်။

**ယံ ပနာနိစ္စံ ဒုက္ခံ ဝိပရိဏာမဓမ္မံ၊ ကလ္လံ နု တံ သမနုပဿိတုံ "ဧတံ မမ၊ ဧသောဟမသ္မိ၊ ဧသော မေ အတ္တာ"တိ။ နော ဟေတံ ဘန္တေ။**[၄၃၁]

**ယံ** = အကြင်ရုပ်တရားသည်။ **အနိစ္စံ** = အနိစ္စတရားသာတည်း။ **ဒုက္ခံ** = ဒုက္ခတရားသာတည်း။ **ဝိပရိဏာမဓမ္မံ** = ဖောက်ပြန်ပျက်စီးတတ်တဲ့ ဝိပရိဏာမသဘောတရားသာတည်း။

ဒီရုပ်တရားဟာ ဘာဖြစ်လို့ အနိစ္စ ဖြစ်နေရသလဲ?— ဘာဖြစ်လို့ ဒုက္ခ ဖြစ်နေရသလဲ?— ဒီရုပ်တရားဟာ ဖြစ်ပြီးတာနဲ့ ချက်ချင်း ပျက်သွားတယ်။ ဒါ့ကြောင့် ဒီရုပ်တရားဟာ အနိစ္စ ဖြစ်တယ်၊ ဒီရုပ်တရားဟာ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံနေရတယ်၊

---

[၄၃၀], [၄၃၁] သံ၊ ၂၊၁၂၄။

ဒ့်ါကြောင့် ဒီရုပ်တရားဟာ ဒုက္ခလည်း ဖြစ်တယ်။ ဒါကတော့ သမ္မသနဉာဏ်ပိုင်းနှင့် ဥဒယဗ္ဗယဉာဏ်-ပိုင်းကို ရည်ရွယ်ပြီးတော့ ရှင်းလင်းတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။ သို့သော် ဘင်္ဂဉာဏ် စတဲ့ အထက်ပိုင်း ဝိပဿနာဉာဏ်တွေ ရောက်ခဲ့လျှင်တော့ အဲဒီအပိုင်းတွေမှာ — အနိစ္စဆိုတာကတော့ ဒီရုပ်တရားတွေဟာ ကုန်ကုန်သွားတတ်တဲ့ အနက်သဘောကြောင့် ပြိုပြိုပျက်ပျက်နေတဲ့ အနက်သဘောကြောင့် အနိစ္စ မည်ကြတယ်။ ပြိုပြိုပျက်ပျက်နေတဲ့အတွက် ကြောက်လန့်ဖွယ်ကောင်းတဲ့ အနက်သဘော-ကြောင့် ဒုက္ခ မည်ကြတယ်။

နောက်တစ်ခု ထပ်ပြောဦးမယ် — ဒီရုပ်တရားတွေဟာ ဖောက်ပြန်ပျက်စီးတတ်တဲ့ အနက်သဘောကြောင့် ဝိပရိဏာမဓမ္မလည်း ဖြစ်ကြပြန်တယ်။ ဘယ်လို ဖောက်ပြန်ပျက်စီးသလဲ? ဖြစ်ပြီးတဲ့-နောက် မပျက်ဘဲနဲ့ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နိုင်တဲ့ စွမ်းအား မရှိဘူး၊ ဌီကာလကနေပြီး ပျက်မည့်ဘင်ကာလဘက်သို့ အမြဲတမ်း ယိုင်လဲနေတဲ့ သဘောကလေးပဲ။ ဒါကို ဝိပရိဏာမဓမ္မ ဖောက်ပြန်ပျက်စီးတတ်တဲ့သဘော ဇရာ မရဏတို့ဖြင့် ဖောက်ပြန်ပျက်စီးတယ်ဆိုပြီး ဘာသာပြန်ထား တယ်။ ဒါကြောင့် —

**ယံ** = အကြင်ရုပ်တရားသည်။ **အနိစ္စံ** = အနိစ္စတရားသာတည်း။ **ဒုက္ခံ** = ဒုက္ခတရားသာတည်း။ **ဝိပရိဏာမဓမ္မံ** = ဖောက်ပြန်ပျက်စီးတတ်တဲ့ ဝိပရိဏာမသဘောတရားသာတည်း။ **တံ** = ထိုအနိစ္စ ဒုက္ခ ဝိပရိဏာမဓမ္မ ဖြစ်၍နေတဲ့ ရုပ်တရားကို။ **ဧတံ** = ဤရုပ်တရားသည်။ **မမ** = ငါရဲ့ ရုပ်တရား တည်း။ **ဧသော** = ဤရုပ်တရားသည်။ **အဟမသ္မိ** = ငါတည်း။ **ဧသော** = ဤရုပ်တရားသည်။ **မေ** = ငါ၏။ **အတ္တာတိ** = အတ္တတည်းဟူ၍။ **သမနုပဿိတုံ** = စွဲလမ်းထင်မြင် ရှုဆင်ခြင်ခြင်းငှာ။ **ကလ္လံ နု** = သင့်တင့်လျောက်ပတ်ပါမည်လော?

အဲဒီရုပ်တရားဟာ အနိစ္စလည်း မှန်တယ်၊ ဒုက္ခလည်း မှန်တယ်၊ ဖောက်ပြန်ပျက်စီးတတ်တဲ့ ဝိပရိဏာမဓမ္မလည်း မှန်နေတယ်၊ ဒါကြောင့် ဒီရုပ်တရားကြီးကို သင်ချစ်သားတို့တစ်တွေ (သင်ချစ်-သမီးတို့တစ်တွေ)ဟာ ဒီရုပ်တရားဟာ ငါ့ရဲ့ ရုပ်တရားပဲ, ဒီရုပ်တရားဟာ ငါပဲ, ဒီရုပ်တရားဟာ ငါ့ရဲ့ အတ္တပဲလို့ ဒီလို စွဲလမ်းထင်မြင် ရှုဆင်ခြင်ဖို့ သင့်တင့်ပါမလားလို့ မြတ်စွာဘုရားက မေးမြန်းတော် မူတယ်၊ အဲဒီအချိန်အခါမှာ ရဟန်းတော်များကလည်း — **နော ဟေတံ ဘန္တေ** = မသင့်ပါဘူး မြတ်စွာဘုရား . . . လို့ ပြန်လျှောက်ထားကြတယ်၊ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တရားတွေကို လည်း ပုံစံတူပဲ မေးမြန်းတော်မူပါတယ်။ ဒီလို မေးမြန်းတော်မူတဲ့အခါမှာလည်း ရဟန်းတော်တွေက ပုံစံတူပဲ အဖြေပေးတော်မူကြပါတယ်။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တရားတွေကိုလည်း "ငါပဲ, ငါ့ဟာပဲ, ငါရဲ့ အတ္တပဲ"လို့ မရှုသင့်ပါကြောင်းကို ပြန်လည်ကာ လျှောက်ထားတော်မူကြတယ်။

အနိစ္စတစ်ကျော့, ဒုက္ခတစ်ကျော့, အနတ္တတစ်ကျော့ အမေးအဖြေ ပြုလုပ်နေတာပဲ၊ ပုံစံတူ မေးတော်မူတဲ့အခါမှာလည်း ရဟန်းတော်တွေက ပုံစံတူပဲ ပြန်ပြီးတော့ အဖြေပေးကြတော့ ခန္ဓာငါးပါး ရှုကွက် အမေးအဖြေ ပြီးသွားပြီ။

ဒီအမေးအဖြေကို ကြည့်လိုက်တော့ ရဟန်းတော်တွေက — ဒီရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခေါ်တဲ့ ခန္ဓာငါးပါးကိုလည်း သိတယ်၊ ဒီခန္ဓာငါးပါးတို့ရဲ့ အနိစ္စသဘော, ဒုက္ခသဘော, အနတ္တသဘောကိုလည်း သိတယ်လို့ ဒီလို အဓိပ္ပာယ်ထွက်လာတယ်။ အဲဒီအခါကျတော့မှ မြတ်စွာ-ဘုရားက ရှေ့ဆက်ပြီး ဝိပဿနာရှုရမည့် လုပ်ငန်းခွင်ကို ညွှန်ကြားတော်မူပါတယ်။ ဘယ်လို ညွှန်ကြားတော်မူသလဲ?

**တသ္မာတိဟ ဘိက္ခဝေ ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ အဇ္ဈတ္တံ ဝါ ဗဟိဒ္ဓါ ဝါ ဩဠာရိကံ ဝါ သုခုမံ ဝါ ဟီနံ ဝါ ပဏီတံ ဝါ ယံ ဒူရေ သန္တိကေ ဝါ၊ သဗ္ဗံ ရူပံ "နေတံ မမ၊ နေသောဟမသ္မိ၊ န မေသော အတ္တာ"တိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ။**[၁၃၂]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . .။ **တသ္မာ** = ထို့ကြောင့်။ **ဣဟ** = ဤသာသနာတော်မြတ်အတွင်း၌။ **တုမှေ** = သင်ချစ်သားတို့သည် (သင်ချစ်သမီးတို့သည်)။ **အတီတာနာဂတပစ္စုပ္ပန္နံ** = အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော။ **ယံ ကိဉ္စိ ရူပံ** = အလုံးစုံသော ရုပ်တရားသည်လည်းကောင်း။

အတိတ်ရုပ်တရား, ပစ္စုပ္ပန်ရုပ်တရား, အနာဂတ်ရုပ်တရား, အဲဒီရုပ်တရားကို ဘယ်လောက်-တဲ့လဲ? **ယံ ကိဉ္စိ ရူပံ** = အလုံးစုံသော ရုပ်တရားသည်လည်းကောင်း၊ ရုပ်ကလေးတစ်လုံးဟုတ်သလား? မဟုတ်ဘူး၊ အတိတ်ရုပ်တရား (၂၈)မျိုး ရှိတယ်၊ အမျိုးအစားက (၂၈)မျိုးပဲနော်၊ တစ်မျိုးတစ်မျိုးမှာ အရေအတွက်ကတော့ မရေမတွက်နိုင်အောင် များပြားပါတယ်၊ အတိတ်ရုပ် (၂၈)မျိုး အကုန်လုံး, အနာဂတ်ရုပ် (၂၈)မျိုးလည်း အကုန်လုံး, ပစ္စုပ္ပန်ရုပ် (၂၈)မျိုးလည်း အကုန်လုံးပဲ။ ဒါကြောင့် —

**အတီတာနာဂတပစ္စုပ္ပန္နံ** = အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်သော။ **ယံ ကိဉ္စိ ရူပံ** = အလုံးစုံသော ရုပ်တရားသည်လည်းကောင်း။ **အဇ္ဈတ္တံ ဝါ** = မိမိ၏ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌မူလည်းဖြစ်သော။ **ဗဟိဒ္ဓါ ဝါ** = အပြင်အပ ဗဟိဒ္ဓလောက၌မူလည်းဖြစ်သော။ **ယံ ကိဉ္စိ ရူပံ** = အလုံးစုံသော ရုပ်တရား-သည်လည်းကောင်း။

အဇ္ဈတ္တရုပ်တရား (၂၈)မျိုး, ဗဟိဒ္ဓရုပ်တရား (၂၈)မျိုး၊ ဒါက ယောကျ်ား, မိန်းမ မခွဲဘဲ ပြောတာ၊ ခွဲခြားပြီး ပြောမယ်ဆိုရင်တော့ အဇ္ဈတ္တမှာ အမျိုးသမီးများအတွက် (၂၇)မျိုး, အမျိုးသားများအတွက် (၂၇)မျိုးပဲ၊ ဘာဝရုပ်က တစ်မျိုးစီပဲ ယေဘုယျအားဖြင့် ရှိကြတယ်၊ ဗဟိဒ္ဓမှာကတော့ ယောကျ်ား မိန်းမ မခွဲခြားဘဲ သာမန်ပေါင်းစုခြုံငုံပြောရင် ဘာဝရုပ်က နှစ်မျိုး ရှိနိုင်တဲ့အတွက် ဗဟိဒ္ဓမှာတော့ ရုပ် (၂၈)မျိုးပဲ၊ ဒီတော့ အဲဒီရုပ်တရားကိုလည်း ဘယ်လောက်လဲ? **ယံ ကိဉ္စိ ရူပံ** = အလုံးစုံသော ရုပ်တရားသည်လည်းကောင်း၊ ရုပ်အားလုံးလို့ ပြောတယ်။

**ဩဠာရိကံ ဝါ** = ရုန့်ရင်းကြမ်းတမ်းသည်မူလည်းဖြစ်သော။ **သုခုမံ ဝါ** = သိမ်မွေ့သည်မူလည်းဖြစ်သော။ **ယံ ကိဉ္စိ ရူပံ** = အလုံးစုံသော ရုပ်တရားသည်လည်းကောင်း။

---

[၁၃၂] သံ၊ ၂၊၁၂၄။

**စက္ခုပသာဒ** = မျက်စိအကြည်, **သောတပသာဒ** = နားအကြည်, **ဃာနပသာဒ** = နှာခေါင်းအကြည်, **ဇိဝှာပသာဒ** = လျှာအကြည်, **ကာယပသာဒ** = ကိုယ်အကြည်၊ အကြည်ရုပ်က (၅)ခု၊ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ (ဖောဋ္ဌဗ္ဗာရုံကတော့ ပထဝီ, တေဇော, ဝါယော) ပေါင်းလိုက်တော့ အာရုံရုပ် (၇)ခု၊ အကြည်ရုပ် (၅)ခုနှင့် အာရုံရုပ် (၇)ခုကို ပေါင်းလိုက်ရင် ရုပ် (၁၂)မျိုး၊ အဲဒီ (၁၂)မျိုးသော ရုပ်တရားတွေကတော့ ရှုနေတဲ့ ယောဂီရဲ့အသိဉာဏ်ထဲမှာ ထင်ရှားတဲ့အတွက်ကြောင့် သိလွယ်မြင်လွယ်တဲ့ ရုပ်တွေဖြစ်ခြင်းကြောင့် သူတို့ကို ဩဠာရိကရုပ်လို့ ခေါ်ထားပါတယ်၊ အဲဒီဩဠာရိကရုပ်က ဘယ်လောက် ရှိသလဲ? (၁၂)မျိုး။

သုခုမဆိုတာက ရုပ် (၂၈)ပါးမှာ ဩဠာရိကရုပ်မှတစ်ပါး ကျန်နေတဲ့ ရုပ်တွေကို သုခုမရုပ်လို့ ခေါ်ပါတယ်၊ အဲဒီတော့ ဩဠာရိကရုပ်ပဲဖြစ်ဖြစ်, သုခုမရုပ်ပဲဖြစ်ဖြစ်, ရုပ်အကုန်လုံးကို **ယံ ကိဉ္စိ ရူပံ** = အလုံးစုံသော ရုပ်တရား လို့ ဆိုလိုတယ်၊ အဲဒီရုပ်တရားအကုန်လုံးကို ဒီမှာ ဝိပဿနာရှုဖို့ ဘုရားရှင်က ညွှန်ကြားတော်မူနေပါတယ်။

**ဟီနံ ဝါ** = ယုတ်ညံ့သည်မူလည်းဖြစ်သော။ **ပဏီတံ ဝါ** = မွန်မြတ်သည်မူလည်းဖြစ်သော။ **ယံ ကိဉ္စိ ရူပံ** = အလုံးစုံသော ရုပ်တရားသည်လည်းကောင်း။

ယုတ်ညံ့တဲ့ ရုပ်ပဲဖြစ်ဖြစ်, မွန်မြတ်တဲ့ ရုပ်ပဲဖြစ်ဖြစ်၊ အကုန်လုံးကို ဝိပဿနာရှုပါလို့ ဘုရားရှင်က ညွှန်ကြားနေတော်မူပါတယ်။ အကုသိုလ်ရဲ့အကျိုးဖြစ်တဲ့ ရုပ်တွေကိုတော့ ယုတ်ညံ့တယ်, ကုသိုလ်ရဲ့ အကျိုးတရားဖြစ်တဲ့ ရုပ်တွေကိုတော့ မွန်မြတ်တယ် စသည်ဖြင့် ဒီလို ခွဲပါတယ်။ ဒီအယုတ်အမြတ်ကတော့ အဆင့်အတန်း ဘုံကိုလိုက်ပြီး ခွဲမယ်ဆိုရင်တော့ အပါယ်ဘုံသား သတ္တဝါတွေရဲ့ ရုပ်တွေက သုဂတိဘုံသား သတ္တဝါတွေရဲ့ ရုပ်တွေထက် ပိုပြီးတော့ အဆင့်နိမ့်တယ်, ယုတ်ညံ့တယ်၊ သုဂတိဘုံသား သတ္တဝါတွေရဲ့ ရုပ်တွေကိုတော့ မွန်မြတ်တယ်၊ သုဂတိဘုံသား သတ္တဝါတွေမှာလည်း အဆင့်ဆင့် ခွဲလိုက်ရင်တော့ — တစ်ဆင့်နှင့် တစ်ဆင့် ယုတ်တာ မြတ်တာတွေ ဖြစ်သွားပါတယ်၊ ဒီတော့ (၃၁)ဘုံအတွင်းရှိ ရုပ်အကုန်လုံးလို့ ဆိုလိုပါတယ်။

**ဟီနံ ဝါ** = ယုတ်ညံ့သည်မူလည်းဖြစ်သော။ **ပဏီတံ ဝါ** = မွန်မြတ်သည်မူလည်းဖြစ်သော။ **ယံ ကိဉ္စိ ရူပံ** = အလုံးစုံသော ရုပ်တရားသည်လည်းကောင်း။ **ဒူရေ ဝါ** = အသိဉာဏ်နှင့် ဝေးသည်မူလည်းဖြစ်သော။ **သန္တိကေ ဝါ** = အသိဉာဏ်နှင့် နီးသည်မူလည်းဖြစ်သော။ **ယံ ကိဉ္စိ ရူပံ** = အလုံးစုံသော ရုပ်တရားသည်လည်းကောင်း။ **အတ္ထိ** = ရှိချေ၏။

အသိဉာဏ်နှင့် ဝေးကွာတဲ့ ရုပ်တရားဆိုတာကတော့ အရှုရခက်တဲ့ သုခုမရုပ် (၁၆)မျိုးကို ဆိုလိုပါတယ်။ အသိဉာဏ်နှင့် နီးတဲ့ ရုပ်တရားဆိုတာကတော့ ရှုလို့ နည်းနည်း လွယ်ကူတဲ့ ဩဠာရိက ခေါ်တဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့ ရုပ် (၁၂)မျိုးကို ဆိုလိုပါတယ်။ — ပေါင်းလိုက်တော့ ဘယ်နှစ်မျိုးလဲ?

အတိတ်ရုပ်တရား, ပစ္စုပ္ပန်ရုပ်တရား, အနာဂတ်ရုပ်တရား, အဇ္ဈတ္တရုပ်တရား, ဗဟိဒ္ဓရုပ်တရား, ဩဠာရိကခေါ်တဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့ ရုပ်တရား, သုခုမခေါ်တဲ့ သိမ်မွေ့နူးညံ့တဲ့ ရုပ်တရား, ဟီန-ခေါ်တဲ့ ယုတ်ညံ့တဲ့ ရုပ်တရား, ပဏီတခေါ်တဲ့ မွန်မြတ်တဲ့ ရုပ်တရား, ဒူရခေါ်တဲ့ ရှုနေတဲ့ ယောဂါ-ဝစရပုဂ္ဂိုလ်ရဲ့ အသိဉာဏ်နှင့် ဝေးတဲ့ ရုပ်တရား (သုခုမရုပ်တွေပဲ) သန္တိကခေါ်တဲ့ ရှုနေတဲ့ ယောဂါ-ဝစရပုဂ္ဂိုလ်ရဲ့ အသိဉာဏ်နှင့် နီးကပ်နေတဲ့ ရုပ်တရား (ဩဠာရိကခေါ်တဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့ ရုပ်တရားတွေပဲ) ပေါင်းလိုက်တော့ ဘယ်နှစ်မျိုးလဲ? (၁၁)မျိုး၊ အဲဒီလို (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေတဲ့ ဒီရုပ်တရားတွေကို ဘာလုပ်ရမလဲ?

**သဗ္ဗံ ရူပံ** = ဤအလုံးစုံသော ရုပ်တရားကို။ **ဧတံ** = ဤ (၁၁)မျိုးသော ရုပ်တရားသည်။ **န မမ** = ငါရဲ့ ရုပ်တရားမဟုတ်။ **ဧသော** = ဤ (၁၁)မျိုးသော ရုပ်တရားသည်။ **န အဟမသ္မိ** = ငါ မဟုတ်။ **ဧသော** = ဤ (၁၁)မျိုးသော ရုပ်တရားသည်။ **န မေ အတ္တာတိ** = ငါရဲ့ အတ္တ မဟုတ်ဟူ၍။ **ဧဝံ** = ဤသို့လျှင်။ **ဧတံ** = ဤ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေတဲ့ အလုံးစုံသော ရုပ်တရားကို။ **ယထာဘူတံ** = မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ **သမ္မပ္ပညာယ** = ရုပ်တုံးရုပ်ခဲ နာမ်တုံးနာမ်ခဲ ဖြိုခွဲဖောက်ထွင်း ဝိပဿနာဉာဏ်အလင်းဓာတ်ဖြင့်။ **ဒဋ္ဌဗ္ဗံ** = ရှုပွားသုံးသပ်အပ်ပေ၏။

ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံအဖြစ် မြတ်စွာဘုရားက ရုပ်တရားတွေကို စာရင်းထုတ်ပြလိုက်တာ ဘယ်နှစ်မျိုးရှိသွားပြီလဲ? (၁၁)မျိုး၊ အဲဒီ (၁၁)မျိုးသော ရုပ်တရားတွေကို — **နေတံ မမ** = ငါရဲ့ ရုပ်တရား မဟုတ်ဘူး၊ **နေသောဟမသ္မိ** = ငါ မဟုတ်ဘူး၊ **န မေသော အတ္တာ** = ငါရဲ့ အတ္တ မဟုတ်ဘူးလို့ ဒီလို ရှုပါတဲ့။

ဟို ဆန္နောဝါဒသုတ္တန် အဋ္ဌကထာ[၄၃၃]များမှာတော့ 'အနိစ္စ'လို့ ရှုပါ, 'ဒုက္ခ'လို့ရှုပါ, 'အနတ္တ'လို့ရှုပါ ဆိုတာနဲ့ အတူတူပဲ ဖြစ်တဲ့အကြောင်း ဖွင့်ဆိုထားပါတယ်။

"ငါ့ဟာ ငါ့ဟာ"လို့ စွဲနေတာက တဏှာစွဲ၊ ဒုက္ခာနုပဿနာဉာဏ်က ဒီတဏှာစွဲကို ဖြိုခွဲနိုင်တဲ့ စွမ်းအားရှိတယ်၊ "ငါ ငါ"လို့ ထောင်လွှားနေတဲ့ အစွဲက မာနစွဲ၊ အဲဒီမာနစွဲကို အနိစ္စာနုပဿနာ-ဉာဏ်က ဖြိုခွဲနိုင်တဲ့ စွမ်းအား ရှိတယ်၊ ငါရဲ့ အတ္တပဲလို့ စွဲနေတဲ့ အစွဲကတော့ ဒိဋ္ဌိစွဲ၊ အဲဒီဒိဋ္ဌိစွဲကို အနတ္တာနုပဿနာဉာဏ်က ဖြိုခွဲနိုင်တဲ့ စွမ်းအား ရှိတယ်။ ဒါကြောင့် ဒီ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေတဲ့ ရုပ်တရားတွေကို အနိစ္စ ဒုက္ခ အနတ္တလို့ လက္ခဏာရေးသုံးတန် တင်ပြီးတော့ တွင်တွင်ကြီး ဝိပဿနာရှုပါလို့ ဒီလို ညွှန်ကြားထားတော်မူပါတယ်။[၄၃၄]

အလားတူပဲ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ခေါ်တဲ့ ကျန်နာမ်ခန္ဓာလေးပါးမှာလည်း ပုံစံတူပဲ ညွှန်ကြားထားတော်မူပါတယ်၊ ဒီတော့ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံဖြစ်တဲ့ ပရမတ္ထဓာတ်သားတွေကို ကြည့်လိုက်တော့ အတိတ် ခန္ဓာငါးပါး, ပစ္စုပ္ပန် ခန္ဓာငါးပါး, အနာဂတ် ခန္ဓာငါးပါး, အဇ္ဈတ္တ ခန္ဓာငါးပါး, ဗဟိဒ္ဓ ခန္ဓာငါးပါး, ဩဠာရိက ခန္ဓာငါးပါး, သုခုမ ခန္ဓာငါးပါး, ဟီန ခန္ဓာငါးပါး, ပဏီတ ခန္ဓာငါးပါး, ဒူရ ခန္ဓာငါးပါး, သန္တိက ခန္ဓာငါးပါး — ပေါင်းလိုက်တော့ (၁၁)မျိုးသော အခြင်းအရာအား

[၄၃၃] မ၊ဌ၊၄၊၂၃၂။ [၄၃၄] ဝိသုဒ္ဓိ၊၂၊၂၆၃။ စာပိုဒ်၊၇၂၁။

ဖြင့် တည်နေတဲ့ ခန္ဓာငါးပါး, ဥပါဒါနက္ခန္ဓာတွေပဲ။

အဲဒီဥပါဒါနက္ခန္ဓာငါးပါးတွေကို အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာရေးသုံးတန် တင်ပြီးတော့ တွင်တွင်ကြီး ဝိပဿနာရှုပါ၊ အဲဒီလို ဝိပဿနာရှုနိုင်ရင် ဘာဖြစ်မလဲ? ဒီလိုဝိပဿနာဉာဏ်တွေက မိမိတို့ရဲ့ စိတ်ဓာတ်ကို ဖြူစင်သန့်ရှင်းသွားအောင် ပြုပြင်ပေးမယ်။ စိတ်ဓာတ်တွေ ညစ်နွမ်းတော့ သတ္တဝါတွေ ညစ်နွမ်းရတယ်၊ စိတ်ဓာတ်တွေ ဖြူစင်သန့်ရှင်းခဲ့ရင် သတ္တဝါတွေ ဖြူစင်သန့်ရှင်းတယ်။ ဘာဖြစ်လို့ ညစ်နွမ်းရသလဲလို့မေးတော့ ဒီခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေကို ငါပဲ, ငါ့ဟာပဲ, ငါ့ရဲ့ အတ္တပဲလို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်နေတဲ့အတွက် သတ္တဝါတွေရဲ့ စိတ်ဓာတ်တွေက ညစ်နွမ်းနေရတယ်။

ဒီတော့ သတ္တဝါတွေက ဒီနေရာမှာ ဒီခန္ဓာငါးပါး = ရုပ်တရား နာမ်တရားတွေကို ငါပဲ, ငါ့ဟာပဲ, ငါ့ရဲ့ အတ္တပဲလို့ စွဲလမ်းထင်မြင် ရှုဆင်ခြင်မှုမရှိဘဲ အနိစ္စပဲလို့, ဒုက္ခပဲလို့, အနတ္တပဲလို့ တွင်တွင်ကြီး ဝိပဿနာရှုနိုင်ကြမယ်ဆိုရင်တော့ စိတ်ဓာတ်တွေ ဖြူစင်သန့်ရှင်းမသွားနိုင်ဘူးလား? သွားနိုင်တယ်။ ဒါ - စိတ်ဓာတ်ဖြူစင်သန့်ရှင်းစေတတ်တဲ့ နည်းလမ်းပဲ။

အဲဒီနည်းလမ်းကို ဘုရားရှင်က ညွှန်ကြားထားတော်မူလေတော့ ဘုရားရှင်ရဲ့ တရားတော်ကို နာယူနေကြတဲ့ ရဟန်းတော်တွေကလည်း တစ်နည်းအားဖြင့် ပရိသတ်လေးပါးလုံးကလည်း သဘောပေါက်ကြတယ် နားလည်ကြတယ် ရှုတတ်ကြတယ်၊ ဒီနေ့ ဒီတရားနာပရိသတ်ထဲမှာ ရှုတတ်တဲ့ ပုဂ္ဂိုလ်လည်း ရှိချင်ရှိမယ်၊ မရှုတတ်သေးတဲ့ ပုဂ္ဂိုလ်တွေလည်း ရှိချင်ရှိကြလိမ့်မယ်၊ မရှုတတ်သေးတဲ့ ပုဂ္ဂိုလ်တွေအတွက် နည်းနည်း အတိုချုပ်ပြီး ဒီည ဝိပဿနာရှုပုံ စနစ်ကလေးကို ပြောကြရအောင် . . . ။

## သမာဓိကို ထူထောင်ပါ

**သမာဓိံ ဘိက္ခဝေ ဘာဝေထ၊ သမာဟိတော ဘိက္ခဝေ ဘိက္ခု ယထာဘူတံ ပဇာနာတိ။**[၉၇၅]

ဒီအထက်ပါစကားရပ်ကို ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် သမာဓိသုတ္တန်[၉၇၆]မှာလည်း မြတ်စွာဘုရား ဟောကြားထားတော်မူပါတယ်၊ သစ္စသံယုတ်ပါဠိတော် သမာဓိသုတ္တန်[၉၇၇]မှာလည်း ဟောကြားထားတော်မူပါတယ်။

ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် သမာဓိသုတ္တန်မှာတော့ ဘုရားရှင်က —

၁။ ဥပါဒါနက္ခန္ဓာငါးပါးကိုလည်းကောင်း,

၂။ ယင်းဥပါဒါနက္ခန္ဓာငါးပါးတို့၏ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘောကိုလည်းကောင်း,

၃။ ယင်းဥပါဒါနက္ခန္ဓာငါးပါးတို့၏ ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘောကိုလည်းကောင်း–

ဟုတ်တိုင်းမှန်စွာ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်ရေးအတွက် သမာဓိကို ထူထောင်ရန် ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။ ဒီနေရာမှာ

[၉၇၅] သံ၊၂၊၁၂။ သံ၊၃၊၃၆၃။ [၉၇၆] သံ၊၂၊၁၂။ [၉၇၇] သံ၊၃၊၃၆၃။

ခန္ဓာငါးပါးတို့ရဲ့ ဖြစ်ကြောင်းသဘောနှင့် ဖြစ်ခြင်းသဘော, ချုပ်ကြောင်းသဘောနှင့် ချုပ်ခြင်းသဘော ဆိုတာကတော့ — အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်းသမုဒယသစ္စာတရားတွေ ထင်ရှားဖြစ်ခြင်းကြောင့် ထင်ရှားရှိနေခြင်းကြောင့် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ - ဆိုတဲ့ အကျိုးခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၏ ထင်ရှားဖြစ်ခြင်းကိုလည်းကောင်း, အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ–ဆိုတဲ့ အကြောင်းသမုဒယသစ္စာတရားတွေ ချုပ်ငြိမ်းသွားခြင်းကြောင့် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ–ဆိုတဲ့ အကျိုးခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့၏ ချုပ်ငြိမ်းခြင်းကိုလည်းကောင်း, အကြောင်းတရားနှင့် တကွသော ခန္ဓာငါးပါးတို့၏ ဖြစ်မှုပျက်မှုကိုလည်းကောင်း - ဆိုလိုပါတယ်။

တစ်ဖန် သစ္စသံယုတ်ပါဠိတော် သမာဓိသုတ္တန်[၄၃၈]မှာတော့ အရိယသစ္စာလေးပါးတို့ကို ဟုတ်- တိုင်းမှန်စွာ ထိုးထွင်းသိမြင်ရေးအတွက် သမာဓိကို ထူထောင်ရန် ဘုရားရှင်က ညွှန်ကြားထားတော် မူပါတယ်။ သစ္စာလေးပါးတို့တွင် ဒုက္ခသစ္စာနှင့် သမုဒယသစ္စာတရား (၂)မျိုးတို့ကား ဝိပဿနာဉာဏ် ၏ အရှုခံအာရုံ သင်္ခါရတရားတို့ ဖြစ်ကြပါတယ်။

**တတ္ထ ပုရိမာနိ ဒွေ သစ္စာနိ ဝဋ္ဋံ၊ ပစ္ဆိမာနိ ဝိဝဋ္ဋံ။ တေသု ဘိက္ခုနော ဝဋ္ဋေ ကမ္မဋ္ဌာနာဘိနိဝေသော ဟောတိ။ ဝိဝဋ္ဋေ နတ္ထိ အဘိနိဝေသော။**[၄၃၉]

ရှေ့ပိုင်းက ပြောခဲ့တဲ့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ စသည်ဖြင့် (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေတဲ့ ဒီခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေက ဒုက္ခသစ္စာတရားစုတွေ ဖြစ်ကြတယ်။ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေက သမုဒယသစ္စာတရား တွေ ဖြစ်ကြတယ်။[၄၄၀] ဒီသစ္စာတရား (၂)ပါးတို့ကို သံသရာထဲမှာ လည်ပတ်နေတဲ့ သစ္စာတရားတွေ ဖြစ်ကြတဲ့အတွက် ဝဋ္ဋသစ္စာတရားတွေလို့ ခေါ်ဆိုပါတယ်။ ဒုက္ခသစ္စာအမည်ရတဲ့ ဥပါဒါနက္ခန္ဓာငါးပါး တို့ကို အမှီပြုပြီးတော့ အစွဲပြုပြီးတော့ သမုဒယသစ္စာတရားတွေကို ထူထောင်ကြတယ်၊ သမုဒယ- သစ္စာတရားတွေ ထပ်ပြီးတော့ ဖြစ်ပေါ်လာကြတယ်။ ဒီသမုဒယသစ္စာတရားတွေကြောင့် ဒုက္ခသစ္စာ တရားတွေက ထပ်ပြီတော့ ဖြစ်ကြပြန်တယ်။ တစ်ဖန် ဒီဒုက္ခသစ္စာတရားတွေကို အစွဲပြုပြီးတော့ သမုဒယသစ္စာတရားတွေကို ထပ်ပြီး ထူထောင်ကြပြန်တယ်၊ သမုဒယသစ္စာတရားတွေ ထပ်ပြီးတော့ ဖြစ်ကြပြန်တယ်။ ဒီသမုဒယသစ္စာတရားတွေကြောင့် တစ်ဖန် ဒုက္ခသစ္စာတရားတွေက ထပ်ပြီးတော့ ဖြစ်ကြပြန်တယ်။ ဒါ့ကြောင့် ဒီသစ္စာတရား (၂)ပါးတို့ကို လှည်းဘီးကဲ့သို့ သံသရာထဲမှာ အဆက်မပြတ် အထပ်ထပ် လည်ပတ်နေတဲ့တရားတွေ ဖြစ်ကြခြင်းကြောင့် ဝဋ္ဋသစ္စာတရားတွေလို့ ခေါ်ဆိုပါတယ်။

ဒီဝဋ္ဋသစ္စာတရား (၂)ပါးတို့က ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံဖြစ်ကြတဲ့ သစ္စာတရားတွေ ဖြစ်ကြပါတယ်။ ဒီသစ္စာတရား (၂)ပါးတို့ကို ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေက ပြုပြင်ပေးပါမှ အနိုင်နိုင်ဖြစ်ပေါ်လာကြရတဲ့ တရားတွေ ဖြစ်ကြခြင်းကြောင့် သင်္ခါရတရားတွေလို့ ခေါ်ဆိုပါတယ်။ ဒီသင်္ခါရတရားတွေအပေါ်မှာ ငြီးငွေ့သွားအောင် ရွံမုန်းသွားအောင် စက်ဆုပ်သွားအောင် ဒီသင်္ခါရ-

[၄၃၈] သံ၊၃၊၃၆၃။ [၄၃၉] အဘိ၊ဋ္ဌ၊၂၊၁၀၉။ [၄၄၀] အံ၊၁၊၁၇၇-၁၇၈။

တရားတွေကို အနိစ္စ, ဒုက္ခ, အနတ္တ-ဆိုတဲ့ လက္ခဏာယာဉ်သုံးတန်သို့ တင်ကာ ဝိပဿနာရှုရန် ဘုရားရှင်က ညွှန်ကြားနေတော်မူပါတယ်။ ဒါ့ကြောင့် ဝိပဿနာဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို အဋ္ဌသာလိနီ အဋ္ဌကထာက ဒီလို ရှင်းပြထားပါတယ်။

**အနိစ္စာဒိဝသေန ဝိဝိဓေဟိ အာကာရေဟိ ဓမ္မေ ပဿတီတိ ဝိပဿနာ။**[၄၈၁]

ဒီဒုက္ခသစ္စာ, သမုဒယသစ္စာ အမည်ရတဲ့ သင်္ခါရဓမ္မတွေကို — ယင်းသင်္ခါရတရားတို့ရဲ့ ဖြစ်ပြီး ပျက်နေတဲ့သဘောကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီးတော့ အနိစ္စလို့ ရှုတယ်၊ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အမြဲမပြတ် အညှဉ်းပန်း အနှိပ်စက်ခံနေရတဲ့သဘောကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီး-တော့ ဒုက္ခလို့ ရှုတယ်၊ ယင်းသင်္ခါရတရားတွေထဲမှာ ဖြစ်ပြီးနောက် မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်ရှိနေတဲ့ အတ္တမရှိတဲ့သဘောကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီး တော့ အနတ္တလို့ ရှုတယ်။ ဒီလိုရှုနေတဲ့ ဉာဏ်ကို ဝိပဿနာလို့ ခေါ်ဆိုပါတယ်။ ဒါကတော့ သမ္မသန-ဉာဏ်ပိုင်းနှင့် ဥဒယဗ္ဗယဉာဏ်ပိုင်းတို့ကို ဦးတည်ပြီးတော့ ရှင်းလင်းတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။

ယောဂီပုဂ္ဂိုလ်က ဒီသမ္မသနဉာဏ်နှင့် ဥဒယဗ္ဗယဉာဏ်တို့ကို ကျော်လွှားလွန်မြောက်ပြီးတော့ ဘင်္ဂဉာဏ် စတဲ့ အထက်ပိုင်း ဝိပဿနာဉာဏ်တွေကို ရောက်ရှိသွားပြီဆိုလျှင် — ယင်းသင်္ခါရတရား တွေရဲ့ အပျက်သက်သက်ကိုသာ အာရုံယူပြီးတော့ ပြိုပြိုပျက်ပျက်နေတဲ့ သဘောကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီးတော့ အနိစ္စလို့ ရှုတယ်၊ ပြိုပြိုပျက်ပျက်နေတဲ့အတွက် ယင်းသင်္ခါရတရားတို့ရဲ့ ကြောက်လန့်ဖွယ်ကောင်းတဲ့ အနက်သဘောကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီးတော့ ဒုက္ခလို့ ရှုတယ်၊ ယင်းခါရတရားတွေမှာ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ အတ္တမရှိတဲ့ သဘော အတ္တမဟုတ်တဲ့ သဘောကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီးတော့ အနတ္တလို့ ရှုတယ်။ ဒီလိုလက္ခဏာယာဉ် (၃)တန်သို့ တင်ကာ ရှုနေတဲ့ ဉာဏ်ကိုသာ ဝိပဿနာလို့ ခေါ်ဆိုပါ တယ်။[၄၈၂]

ဘယ်လို ဦးတည်ချက်နှင့် ယခုလို ဝိပဿနာရှုနေရပါသလဲလို့တော့ မေးစရာ ရှိတယ်။ ဦးတည် ချက်ကတော့ ဒီသင်္ခါရတရားတွေရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ လောကုတ္တရာ နိရောဓသစ္စာအစစ်ဖြစ်တဲ့ အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကို အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် ထွင်းဖောက်သိမြင်ရေး မျက်မှောက်ပြုနိုင်ရေး ဆိုက်ရောက်နိုင်ရေးအတွက် ဒီလို ဝိပဿနာရှုနေခြင်း ဖြစ်ပါတယ်။ ဒီလို ဝိပဿနာရှုနေခြင်းဟာ တစ်နည်းတစ်ဖုံအားဖြင့် ပြောရမယ်ဆိုလျှင် အရိယမဂ်-ဉာဏ်နှင့် ယှဉ်တွဲနေတဲ့ လောကုတ္တရာ မဂ္ဂသစ္စာသို့ ဆိုက်ရောက်ရေးအတွက် လောကီ မဂ္ဂသစ္စာ-တရားတွေကို ပွားများအားထုတ်နေခြင်းပင် ဖြစ်ပါတယ်။ သို့သော် လောကုတ္တရာ နိရောဓသစ္စာ-တရားတော်မြတ်နှင့် လောကုတ္တရာ မဂ္ဂသစ္စာတရားတွေကတော့ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံ တရားတွေ မဟုတ်ကြပါဘူး။ အကြောင်းကတော့ — ဝိပဿနာရှုနေဆဲမှာ အဲဒီလောကုတ္တရာသစ္စာ (၂)ပါးသို့ ယောဂီပုဂ္ဂိုလ်က မဆိုက်ရောက်သေးတဲ့အတွက် မရရှိသေးတဲ့အတွက် ရှုလို့ မရနိုင်ပါဘူး။

---

[၄၈၁] အဘိ၊ဋ္ဌ၁၊၁၇၅။ [၄၈၂] မ၊ဋ္ဌ၂၊၁၆၅။

ဒါကလည်း အကြောင်းတစ်ခု ဖြစ်ပါတယ်။ နောက် အကြောင်းတစ်ခုကတော့ ဒီလောကုတ္တရာသစ္စာတရား (၂)ပါးကို အကယ်၍ ရရှိထားပြီးတဲ့ အရိယာပုဂ္ဂိုလ်ဖြစ်ခဲ့လျှင်လည်း ဒီလောကုတ္တရာသစ္စာ-တရား (၂)ပါးကို ဝိပဿနာရှုလို့လည်း နိဗ္ဗိန္ဒာဉာဏ် စတဲ့ သင်္ခါရတရားတွေအပေါ်မှာ ငြီးငွေ့ရွံမုန်းနေတဲ့ ဝိပဿနာဉာဏ်တွေ ဖြစ်ပေါ်ပြီးတော့ မလာနိုင်ပါဘူး။ ဒါ့ကြောင့် ဒီလောကုတ္တရာသစ္စာတရား (၂)ပါးကတော့ ဝိပဿနာမရှုရမည့် ဝိပဿနာဉာဏ်ဖြင့် နှလုံးမသွင်းရမည့် တရားတွေ ဖြစ်ကြပါတယ်။[၄၈၃]

## ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်တဲ့ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ

ဒီနေရာမှာ ဥဒယဗ္ဗယဉာဏ်ကဲ့သို့သော ဝိပဿနာဉာဏ်ကလည်း သစ္စာ (၄)ပါးကို ထိုးထွင်းသိမြင်ပါကြောင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ[၄၈၄] စသည်တို့တွင် ဖွင့်ဆိုထားကြပါတယ်။ ဒီနိရောဓသစ္စာကိုလည်း ဘုရားရှင်ကိုယ်တော်တိုင်က အင်္ဂုတ္တိုရ်ပါဠိတော် တိကနိပါတ် တိတ္ထာယတနသုတ္တန်[၄၈၅]မှာ ဟောကြားထားတော်မူခဲ့ပါတယ်။ ကြောင်း-ကျိုး ဆက်နွှယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေရဲ့ ဖြစ်စဉ်ကို သမုဒယသစ္စာဟုလည်းကောင်း, ကြောင်း-ကျိုး ဆက်နွှယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေရဲ့ ချုပ်စဉ်ကိုလည်း နိရောဓသစ္စာဟုလည်းကောင်း ဘုရားရှင်က အဲဒီသုတ္တန်မှာ ဟောကြားထားတော်မူခဲ့ပါတယ်။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်းသမုဒယသစ္စာတရားတွေ ထင်ရှားဖြစ်ခြင်းကြောင့် ထင်ရှားရှိနေခြင်းကြောင့် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဆိုတဲ့ ဥပါဒါနက္ခန္ဓာ (၅)ပါး ဒုက္ခသစ္စာတရားတွေရဲ့ ထင်ရှားဖြစ်ပုံကို ဝိပဿနာဉာဏ်ဖြင့် သိအောင်မြင်အောင် ရှုတဲ့အပိုင်းကို သမုဒယသစ္စာကို သိအောင် ရှုတဲ့အပိုင်းလို့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ[၄၈၆]က ရှင်းလင်းတင်ပြထားပါတယ်။ တစ်ဖန် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်းသမု-ဒယသစ္စာတရားတွေရဲ့ နောင်အနာဂတ် တစ်ချိန်ချိန်တွင် ယောဂါဝစရပုဂ္ဂိုလ်ရရှိတော့မည့် အရဟတ္တမဂ်ရဲ့ စွမ်းအားကြောင့် အကြွင်းအကျန်မရှိ ကုန်စင်အောင် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားကြတဲ့အတွက် ဝိညာဏ်, နာမ်-ရုပ်, သဠာယတန, ဖဿ, ဝေဒနာ-ဆိုတဲ့ ဥပါဒါ-နက္ခန္ဓာ (၅)ပါး ဒုက္ခသစ္စာတရားတွေရဲ့ ပရိနိဗ္ဗာနစုတိအခိုက်တွင် အကြွင်းအကျန်မရှိ ကုန်စင်အောင် နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားပုံကို ဝိပဿနာဉာဏ်ဖြင့် သိအောင်မြင်အောင် ရှုတဲ့အပိုင်းကို နိရောဓသစ္စာကို သိအောင် ရှုတဲ့အပိုင်းလို့လည်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ[၄၈၇]နှင့် မဟာ-ဋီကာ[၄၈၈]တို့က ရှင်းလင်းတင်ပြထားပါတယ်။ ဒီနိရောဓသစ္စာကတော့ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံဖြစ်တဲ့ နိရောဓသစ္စာ ဖြစ်ပါတယ်။

တစ်ဖန် ယောဂါဝစရပုဂ္ဂိုလ်က အရူပသတ္တကရှုနည်းခေါ်တဲ့ နာမ်တရားတွေကို (၇)ပိုင်းပိုင်းကာ ဝိပဿနာရှုတဲ့အခါမှာရော, ဘင်ဉာဏ် စတဲ့ အထက်ပိုင်း ဝိပဿနာဉာဏ်တွေကို ရှုတဲ့အပိုင်းမှာရော

---

[၄၈၃] အဘိ၊ဋ္ဌ၊၂၊၁၀၉။
[၄၈၄] ဝိသုဒ္ဓိ၊၂၊၂၆၈။ စာပိုဒ်၊၇၂၇။
[၄၈၅] အံ၊၁၊၁၇၇-၁၇၈။
[၄၈၆] ဝိသုဒ္ဓိ၊၂၊၂၆၈။ စာပိုဒ်၊၇၂၇။
[၄၈၇] ဝိသုဒ္ဓိ၊၂၊၂၆၈။ စာပိုဒ်၊၇၂၇။
[၄၈၈] မဟာဋီ၊၂၊၄၂၁။

ယောဂါဝစရပုဂ္ဂိုလ်က ဝိပဿနာဉာဏ်ကိုလည်း တစ်ဖန်ပြန်ပြီးတော့ ဝိပဿနာရှုရမှာ ဖြစ်ပါတယ်။ အဲဒီအခါမှာတော့ ယောဂီပုဂ္ဂိုလ်က လောကီဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိရမည့် လောကီမဂ္ဂသစ္စာ ခေါ်တဲ့ မဂ္ဂင်တရားကိုယ်တွေကိုလည်း သိရှိမှာ ဖြစ်ပါတယ်။[၄၈၉] ယောဂါဝစရပုဂ္ဂိုလ်ဟာ ဝိပဿနာ-ဉာဏ်ဖြင့်လည်း အရိယသစ္စာလေးရပ် တရားမြတ်တွေကို ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်-အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမှာ ဖြစ်ပါတယ်။ အလားတူပဲ အရိယမဂ်ဉာဏ်ဖိုလ်-ဉာဏ်တို့ဖြင့်လည်း အရိယသစ္စာလေးရပ် တရားမြတ်တို့ကို ထွင်းဖောက်သိမြင်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရမှာ ဖြစ်ပါတယ်။ အကြောင်းကတော့ အရိယသစ္စာလေးရပ် တရားမြတ်တို့ကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အရိယမဂ္ဂသမ္မာဒိဋ္ဌိဉာဏ်တို့ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်မသိခဲ့လျှင် သံသရာဝဋ်ဆင်းရဲဒုက္ခရဲ့ အဆုံးအပိုင်းအခြားဖြစ်တဲ့ နိဗ္ဗာန်ကို ဘယ်လိုမှ မရရှိနိုင်ဘူး မရောက်ရှိနိုင်ဘူးလို့ ဘုရားရှင်ကိုယ်တော်တိုင်က သစ္စသံယုတ်ပါဠိတော် ကူဋာဂါရသုတ္တန်[၄၉၀] စသည်တို့မှာ ဟောကြားထားတော်မူခဲ့ပါတယ်။ ဒါ့ကြောင့် သံသရာဝဋ်ဆင်းရဲဒုက္ခမှ ထွက်မြောက်လိုတဲ့ သူတော်ကောင်းတိုင်းဟာ သစ္စာလေးရပ် တရားမြတ်တို့ကို ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် အရိယမဂ္ဂ-သမ္မာဒိဋ္ဌိဉာဏ်တို့ဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးစားအားထုတ်ရမှာ ဖြစ်ပါတယ်။

ဒီလို ဟုတ်တိုင်းမှန်စွာ ထွင်းဖောက်သိမြင်ရေးအတွက် ဘာလိုအပ်သလဲ? သမာဓိတစ်ခုကို ကြိုတင်ထူထောင်ရမှာ ဖြစ်တယ်။ မဂ္ဂင်ရှစ်ပါးထဲမှာ ဘုရားရှင်က သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်တစ်ခုကို ထည့်သွင်းကာ ဟောကြားထားတော်မူပါတယ်။ ဒီလိုထည့်သွင်းကာ ဟောကြားထားတော်မူတဲ့ အတွက်ကြောင့် ဒီခန္ဓာငါးပါး ရုပ်တရား နာမ်တရားတွေရဲ့ အနိစ္စ, ဒုက္ခ, အနတ္တအခြင်းအရာတွေကို ဟုတ်တိုင်းမှန်စွာ သိရေးအတွက် သမာဓိတစ်ခုကို ကြိုတင်ပြီး ထူထောင်ဖို့ မလိုဘူးလား? လိုအပ်-တယ်။ အဲဒီတော့ သမာဓိထူထောင်တဲ့အပိုင်းက မဂ္ဂင်ရှစ်ပါးထဲမှ သမ္မာသမာဓိမဂ္ဂင်နှင့် ပြည့်စုံအောင် ကြိုးစားတဲ့အပိုင်း ဖြစ်တယ်။ ဝိသုဒ္ဓိ (၇)ပါးကျင့်စဉ်အရ စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံအောင် ကြိုးစားခြင်းပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက —

**စိတ္တဝိသုဒ္ဓိ နာမ သဉပစာရာ အဋ္ဌ သမာပတ္တိယော။**[၄၉၁]

စိတ်ဓာတ်စင်ကြယ်ခြင်း = စိတ္တဝိသုဒ္ဓိဆိုတာ ဥပစာရသမာဓိနှင့်တကွ ဈာန်သမာပတ် (၈)ပါး တို့ကို ဆိုလိုပါတယ်လို့ ဖွင့်ဆိုထားပါတယ်။ ဒါ့ကြောင့် ယောဂါဝစရပုဂ္ဂိုလ်က ဈာန်အနားကပ်နေတဲ့ ဈာန်ရဲ့ဥပစာမှာ ဖြစ်နေတဲ့ ဥပစာရသမာဓိကိုဖြစ်စေ, ဈာန်သမာပတ် (၈)ပါးဆိုတဲ့ ဈာန်သမာဓိ တစ်ခုခုကိုဖြစ်စေ ထူထောင်ရမှာ ဖြစ်ပါတယ်။ ဘာ့ကြောင့်လဲ? သမာဓိရှိပါမှသာလျှင် ဘုရားရှင် ဟောကြားထားတော်မူတဲ့ ဒုက္ခသစ္စာအမည်ရတဲ့ ရုပ်ပရမတ်တရား နာမ်ပရမတ်တရားတွေကို သိရှိနိုင်မှာ ဖြစ်တယ်။ သမုဒယသစ္စာအမည်ရတဲ့ ကြောင်း-ကျိုး ဆက်နွှယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘော-တရားတွေရဲ့ ဖြစ်စဉ်ကိုလည်း သိရှိနိုင်မှာ ဖြစ်ပါတယ်။ အလားတူပဲ ကြောင်း-ကျိုး ဆက်နွှယ်မှု =

---

[၄၈၉] ဝိသုဒ္ဓိ၊၂၊၂၆၁-၂၆၃။ ၂၆၈။ ၂၇၈။ [၄၉၀] သံ၊၃၊၃၉၄။ စာပိုဒ်၊၁၁၁၄။ [၄၉၁] ဝိသုဒ္ဓိ၊၂၊၂၂၂။

ပဋိစ္စသမုပ္ပါဒ်သဘောတရားတွေရဲ့ ချုပ်စဉ်ဖြစ်တဲ့ နိရောဓသစ္စာကိုလည်း သိရှိနိုင်မှာ ဖြစ်တယ်။ အရိယမဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ရဲ့အာရုံဖြစ်တဲ့ လောကုတ္တရာ နိရောဓသစ္စာကိုလည်း မျက်မှောက်ပြုနိုင်မှာ ဖြစ်တယ်။ လောကီ မဂ္ဂသစ္စာ, လောကုတ္တရာ မဂ္ဂသစ္စာတရားတွေကိုလည်း ဟုတ်တိုင်းမှန်စွာ ထိုးထွင်းသိမြင်နိုင်မှာ ဖြစ်ပါတယ်။ ဒီလိုသိရှိပါမှလည်း အရိယမဂ်ဉာဏ်တို့က ကိလေသာတွေကို အဆင့်ဆင့် ပယ်သတ်လိုက်တဲ့အခါ လောဘ, ဒေါသ, မောဟ ဦးဆောင်နေတဲ့ ကိလေသာတွေဟာ စင်ကြယ်သွားကြမှာ ဖြစ်ပါတယ်။ ကိလေသာအညစ်အကြေးတွေ စင်ကြယ်သွားပါမှ စိတ်ဓာတ်တွေ-လည်း စင်ကြယ်သန့်ရှင်းသွားမှာ ဖြစ်ပါတယ်။ ဒီလိုစိတ်ဓာတ်တွေ စင်ကြယ်ရေးအတွက် ရှေးဦးစွာ ပြုလုပ်ဖို့ရန် လုပ်ငန်းရပ်ကို ဘုရားရှင်က သီလတည်းဟူသော မြေပေါ်မှာ ရပ်တည်ကာ သမာဓိကို စတင်ထူထောင်ရန် တိုက်တွန်းထားတော်မူပါတယ်။ အကြောင်းကတော့ ဒီသစ္စာ (၄)ပါးတရားဆိုတာက သမာဓိရှိမှသာလျှင် သိရှိနိုင်တဲ့တရားတွေ ဖြစ်ကြပါတယ်။

## အာနာပါနကျင့်စဉ်အကျဉ်း

အဲဒီတော့ ဒီသမာဓိထူထောင်တဲ့အပိုင်းမှာ ကမ္မဋ္ဌာန်းလေးဆယ်ရှိတဲ့အနက် မိမိ ကြိုက်နှစ်သက်တဲ့ ကမ္မဋ္ဌာန်းနှင့် သမာဓိကို ထူထောင်နိုင်ပါတယ်။ ဒီညတော့ မဟာသတိပဋ္ဌာနသုတ္တန်မှာ ဘုရားရှင် ညွှန်ကြားသွားတော်မူခဲ့တဲ့ အာနာပါနပဗ္ဗ = အာနာပါနပိုင်းကို အခြေတည်ပြီးတော့ အာနာပါနကျင့်စဉ်ကိုပဲ အတိုချုပ်ပြီး သမာဓိထူထောင်ပုံကို ပြောဖို့ ရည်ရွယ်ထားပါတယ်၊ ဒီတော့ ဘုရားရှင်က ဒီအာနာပါနကမ္မဋ္ဌာန်းကို ဘယ်လို ညွှန်ကြားထားတော်မူခဲ့သလဲ?— နာကြည့်ကြရအောင် . . . ။

## အာနာပါန သမထပိုင်း

**ဣဓ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ ဥဇုံ ကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ၊ သော သတောဝ အဿသတိ, သတောဝ ပဿသတိ။**

**၁။ ဒီဃံ ဝါ အဿသန္တော 'ဒီဃံ အဿသာမီ'တိ ပဇာနာတိ၊**
**ဒီဃံ ဝါ ပဿသန္တော 'ဒီဃံ ပဿသာမီ'တိ ပဇာနာတိ။**

**၂။ ရဿံ ဝါ အဿသန္တော 'ရဿံ အဿသာမီ'တိ ပဇာနာတိ၊**
**ရဿံ ဝါ ပဿသန္တော 'ရဿံ ပဿသာမီ'တိ ပဇာနာတိ။**

**၃။ 'သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီ'တိ သိက္ခတိ၊**
**'သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီ'တိ သိက္ခတိ။**

**၄။ 'ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီ'တိ သိက္ခတိ၊**
**'ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမီ'တိ သိက္ခတိ။**[၉၉၂]

---

[၉၉၂] မ၁၊၇၀-၇၁။

ဒီညွှန်ကြားချက်ကတော့ အာနာပါန သမထကျင့်စဉ်ပိုင်းဆိုင်ရာ ဘုရားရှင်ရဲ့ ညွှန်ကြားထားတော်မူချက် ဖြစ်ပါတယ်။ ရှေးဦးစွာ ဘုရားရှင်က အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်သင့်တဲ့ နေရာဌာနနှင့် အားထုတ်သင့်တဲ့ ဣရိယာပုထ်အနေအထားကို ညွှန်ကြားတော်မူပါတယ်။ ဘယ်လို ညွှန်ကြားတော်မူသလဲ? အာနာပါနကမ္မဋ္ဌာန်းကို အားထုတ်တော့မည့်ရဟန်းဟာ ရှေးဦးစွာ တော-အရပ်သို့ဖြစ်စေ, သစ်ပင်ရင်းသို့ဖြစ်စေ, ဆိတ်ငြိမ်ရာအရပ်သို့ဖြစ်စေ ချဉ်းကပ်ပြီးတော့ တင်ပလ္လင်ခွေထိုင်ပြီးတော့ အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်ထားကာ ဝင်သက်လေ-ထွက်သက်လေဆိုတဲ့ ကမ္မဋ္ဌာန်းအာရုံမှာ သတိကို ရှေးရှုကပ်ပြီးတော့ သတိရှိလျက်သာလျှင် ဝင်သက်လေကို ရှူသွင်းပါ၊ သတိရှိလျက်သာလျှင် ထွက်သက်လေကို ရှူထုတ်ပါ။

ဒါကတော့ ဘုရားရှင်ရဲ့ ရှေးဦးစွာ ညွှန်ကြားတော်မူချက် ဖြစ်ပါတယ်။ ဆက်လက်ပြီးတော့လည်း ဘုရားရှင်က —

၁။ နံပါတ်တစ် — **ဒီဃ** = ဝင်သက်လေ-ထွက်သက်လေက ရှည်လျှင် ရှည်တဲ့အတိုင်း သိအောင် ကျင့်ရန်,

၂။ နံပါတ်နှစ် — **ရဿ** = ဝင်သက်လေ-ထွက်သက်လေက တိုလျှင် တိုတဲ့အတိုင်း သိအောင် ကျင့်ရန်,

၃။ နံပါတ်သုံး — **သဗ္ဗကာယပဋိသံဝေဒီ** = ဝင်သက်လေ-ထွက်သက်လေရဲ့ အစ-အလယ်-အဆုံး = အကုန်လုံး ထင်ထင်ရှားရှားသိအောင် ကျင့်ရန်,

၄။ နံပါတ်လေး — **ပဿမ္ဘယ** = ဝင်သက်လေ-ထွက်သက်လေကို ငြိမ်းအောင် ကျင့်ရန် —

ဒီလို အဆင့်လေးဆင့် ပိုင်းခြားပြီးတော့ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ရန် ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။ ဝင်သက်လေ-ထွက်သက်လေတို့ရဲ့ ချုပ်ငြိမ်းသွားတဲ့အဆင့်အထိ အာနာပါနကမ္မဋ္ဌာန်းကို ရှုပွားရန် ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။ ဘယ်အခါမှာ ဝင်သက်လေ-ထွက်သက်လေတွေဟာ ချုပ်ငြိမ်းသွားကြမှာလဲ? အင်္ဂုတ္တိုရ်ပါဠိတော် နဝကနိပါတ် အနုပုဗ္ဗနိရောဓသုတ္တန်မှာ ဘုရားရှင်က ဒီလို ဟောကြားထားတော်မူခဲ့ပါတယ် —

## အနုပုဗ္ဗနိရောဓသုတ္တန်

**"နဝယိမေ ဘိက္ခဝေ အနုပုဗ္ဗနိရောဓာ။ ကတမေ နဝ?**

**၁။ ပဌမံ ဈာနံ သမာပန္နဿ ကာမသညာ နိရုဒ္ဓါ ဟောတိ၊**

**၂။ ဒုတိယံ ဈာနံ သမာပန္နဿ ဝိတက္ကဝိစာရာ နိရုဒ္ဓါ ဟောန္တိ၊**

**၃။ တတိယံ ဈာနံ သမာပန္နဿ ပီတိ နိရုဒ္ဓါ ဟောတိ၊**

**၄။ စတုတ္ထံ ဈာနံ သမာပန္နဿ အဿာသပဿာသာ နိရုဒ္ဓါ ဟောန္တိ၊**

**၅။ အာကာသာနဉ္စာယတနံ သမာပန္နဿ ရူပသညာ နိရုဒ္ဓါ ဟောတိ၊**

၆။ **ဝိညာဏဉ္စာယတနံ သမာပန္နဿ အာကာသာနဉ္စာယတနသညာ နိရုဒ္ဓါ ဟောတိ၊**

၇။ **အာကိဉ္စညာယတနံ သမာပန္နဿ ဝိညာဏဉ္စာယတနသညာ နိရုဒ္ဓါ ဟောတိ၊**

၈။ **နေဝသညာနာသညာယတနံ သမာပန္နဿ အာကိဉ္စညာယတနသညာ နိရုဒ္ဓါ ဟောတိ၊**

၉။ **သညာဝေဒယိတနိရောဓံ သမာပန္နဿ သညာ စ ဝေဒနာ စ နိရုဒ္ဓါ ဟောန္တိ။**

**ဣမေ ခေါ ဘိက္ခဝေ နဝ အနုပုဗ္ဗနိရောဓာ"တိ။**[၄၉၄]

ဒီသုတ္တန်မှာ ဘုရားရှင်က အစဉ်အတိုင်း ချုပ်ငြိမ်းသွားတဲ့ တရား (၉)မျိုးကို ဟောကြားထား-တော်မူပါတယ်။ ဒီ (၉)မျိုးက ဘာတွေလဲ?

၁။ ပထမဈာန်သို့ ဆိုက်ရောက်နေတဲ့ ပထမဈာန်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ကာမဂုဏ်နှင့် ဆက်စပ်နေတဲ့ အမှတ်သညာဟာ ချုပ်ငြိမ်းသွားတယ်။

၂။ ဒုတိယဈာန်သို့ ဆိုက်ရောက်နေတဲ့ ဒုတိယဈာန်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဝိတက် ဝိစာရတွေဟာ ချုပ်ငြိမ်းသွားကြတယ်။

၃။ တတိယဈာန်သို့ ဆိုက်ရောက်နေတဲ့ တတိယဈာန်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ပီတိဟာ ချုပ်ငြိမ်းသွားတယ်။

၄။ စတုတ္ထဈာန်သို့ ဆိုက်ရောက်နေတဲ့ စတုတ္ထဈာန်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဝင်သက် လေ-ထွက်သက်လေတို့ဟာ ချုပ်ငြိမ်းသွားကြတယ်။

၅။ အာကာသာနဉ္စာယတနဈာန်သို့ ဆိုက်ရောက်နေတဲ့ အာကာသာနဉ္စာယတနဈာန်ကို ဝင်စား နေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ရုပ်တရားနှင့် ပတ်သက်တဲ့ အမှတ်သညာဆိုတဲ့ = ရူပသညာဟာ ချုပ်ငြိမ်းသွားတယ်။

၆။ ဝိညာဏဉ္စာယတနဈာန်သို့ ဆိုက်ရောက်နေတဲ့ ဝိညာဏဉ္စာယတနဈာန်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ် ရဲ့သန္တာန်မှာ အာကာသာနဉ္စာယတနဈာန်နှင့် ပတ်သက်တဲ့ အမှတ်သညာဟာ ချုပ်ငြိမ်း သွားတယ်။

၇။ အာကိဉ္စညာယတနဈာန်သို့ ဆိုက်ရောက်နေတဲ့ အာကိဉ္စညာယတနဈာန်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဝိညာဏဉ္စာယတနဈာန်နှင့် ပတ်သက်တဲ့ အမှတ်သညာဟာ ချုပ်ငြိမ်းသွား တယ်။

၈။ နေဝသညာနာသညာယတနဈာန်သို့ ဆိုက်ရောက်နေတဲ့ နေဝသညာနာသညာယတနဈာန်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ အာကိဉ္စညာယတနဈာန်နှင့် ပတ်သက်တဲ့ အမှတ်သညာဟာ ချုပ်ငြိမ်းသွားတယ်။

၉။ သညာဝေဒယိတနိရောဓလို့ ခေါ်ဆိုအပ်တဲ့ သညာ ဝေဒနာတို့ရဲ့ ချုပ်ငြိမ်းရာဖြစ်တဲ့ နိရောဓ သမာပတ်သို့ ဆိုက်ရောက်နေတဲ့ နိရောဓသမာပတ်ကို ဝင်စားနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ သညာ

[၄၉၄] အံ၊၃၊၂၀၈-၂၀၉။

ဝေဒနာတွေဟာ ချုပ်ငြိမ်းသွားကြတယ်။

တကယ်တော့ ဒီနိရောဓသမာပတ်အခိုက်မှာ သညာ ဝေဒနာတွေသာ ချုပ်ငြိမ်းကြတာ မဟုတ်ပါဘူး။ သညာ ဝေဒနာတို့နှင့် အတူယှဉ်တွဲနေကြတဲ့ စိတ်စေတသိက်အားလုံးတို့ဟာ ချုပ်ငြိမ်းသွားကြပါတယ်။ စိတ်စေတသိက်တွေ ချုပ်ငြိမ်းသွားကြတဲ့အတွက် စိတ်စေတသိက်တွေကြောင့် ဖြစ်ပေါ်ကြရမည့် စိတ္တဇရုပ်တွေဟာလည်း ချုပ်ငြိမ်းသွားကြပါတယ်။ ဒါကတော့ အစဉ်အတိုင်း ချုပ်ငြိမ်းသွားကြတဲ့ (၉)မျိုးသောတရားတို့ ဖြစ်ကြပါတယ်။

ဘုရားရှင်က ခု ပြောနေဆဲဖြစ်တဲ့ မဟာသတိပဋ္ဌာနသုတ္တန် အာနာပါနကျင့်စဉ်ပိုင်းမှာ ဝင်သက်လေ-ထွက်သက်လေတို့ ချုပ်ငြိမ်းသွားကြတဲ့အဆင့်အထိ ရှုပွားသုံးသပ်ရန် ညွှန်ကြားထားတော်မူပါတယ်။ ဒီညွှန်ကြားချက်ကတော့ အာနာပါနကျင့်စဉ်ကို ကျင့်တဲ့အခါမှာ သမထပိုင်းမှာ စတုတ္ထ-ဈာန်သို့ ဆိုက်သည်အထိ ရှုပွားသုံးသပ်ရန် ညွှန်ကြားတော်မူခြင်း ဖြစ်ပါတယ်။ အကြောင်းကတော့ စတုတ္ထဈာန်သို့ ဆိုက်ရောက်တဲ့အခါကျမှသာ ဝင်သက်လေ-ထွက်သက်လေတွေဟာ ချုပ်ငြိမ်းသွားကြမှာဖြစ်တဲ့အတွက် စတုတ္ထဈာန်အထိ ဆိုက်ရောက်အောင် ရှုရန် ဘုရားရှင်က ညွှန်ကြားတော်မူနေ-တယ်လို့ မှတ်ပါ။

ဒီတော့ အဲဒီလေးဆင့်စလုံးမှာ ယောဂါဝစရပုဂ္ဂိုလ်က ဘယ်လို အားထုတ်ရမလဲ?

**သော သတောဝ အဿသတိ သတောဝ ပဿသတိ။**[၄၉၄]

သတိမြဲဖို့ - အရှည်မှာလည်း သတိမြဲရမယ်၊ အတိုမှာလည်း သတိမြဲရမယ်၊ အစ-အဆုံး အကုန်လုံးမှာလည်း သတိမြဲနေရမယ်၊ ငြိမ်းအောင်ကျင့်တဲ့ နေရာမှာလည်း သတိမြဲရမယ်လို့ ဒီလို သတ်မှတ်ပေးတော်မူပါတယ်။

ဒီတော့ အရှည်မှာလည်း ဝင်သက်က တစ်မျိုး, ထွက်သက်က တစ်မျိုး, အတိုကျတော့လည်း ဝင်သက်က တစ်မျိုး, ထွက်သက်က တစ်မျိုး, အစ-အဆုံး အကုန်လုံး ထင်ထင်ရှားရှား သိရာမှာလည်း ဝင်သက်က တစ်မျိုး, ထွက်သက်က တစ်မျိုး, ငြိမ်းအောင်ကျင့်တဲ့အပိုင်းမှာလည်း ဝင်သက်က တစ်မျိုး, ထွက်သက်က တစ်မျိုး, ပေါင်းလိုက်တော့ ဘယ်နှစ်မျိုး ရှိသွားသလဲ? ရှစ်မျိုး၊ ဒါက သမထပိုင်းအတွက် ကွက်ပြီး ပြောတာပါ။

ဒီတော့ အရှည်, အတို, အစ-အဆုံး အကုန်လုံးကို ထင်ထင်ရှားရှား သိအောင် ပထမ လေ့ကျင့်ရမှာဖြစ်တော့ ယောဂါဝစရပုဂ္ဂိုလ်က အဲဒီ ဝင်လေထွက်လေကို ရှုပွားသုံးသပ်တဲ့အပိုင်းမှာ —

**"ဖုဋ္ဌဖုဋ္ဌောကာသေ ပန သတိံ ဌပေတွာ ဘာဝေန္တဿေဝ ဘာဝနာ သမ္ပဇ္ဇတိ"**[၄၉၅] - လို့

ဝိသုဒ္ဓိမဂ်အဋ္ဌကထာက ညွှန်ကြားထားတဲ့အတိုင်း — ဝင်တဲ့လေ ထွက်တဲ့လေရဲ့ ထိမှုထင်ရှားတဲ့ တစ်နေရာကနေ စောင့်ပြီးတော့ စိတ်နှင့် စိုက်ရှုဖို့ စိုက်ကြည့်နေဖို့ လိုအပ်ပါတယ်။ ကြည့်ရမှာက

---

[၄၉၄] မ၊၁၊၇၀။ [၄၉၅] ဝိသုဒ္ဓိ၊၁၊၂၇၁။

ဘာကို ကြည့်ရမှာလဲ? ဝင်သက်လေ-ထွက်သက်လေကို ကြည့်ရမယ်။ ထိတာကို ကြည့်ရမှာလား? ဝင်လေ-ထွက်လေကို ကြည့်ရမှာလား? ဝင်လေ-ထွက်လေကို ကြည့်ရမယ်။

အဲဒီလေသည် နှာခေါင်းရဲ့ အတွင်းဘက် အထဲဘက်သို့ ဝင်သွားတဲ့အခါ နှာခေါင်းအတွင်းဘက် အထဲအထိလည်း လိုက်မကြည့်နဲ့၊ နှာခေါင်းရဲ့ အပြင်ဘက်သို့ ထွက်သွားတဲ့အခါ အထက်နှုတ်ခမ်းရဲ့ အပြင်ဘက်သို့လည်း လိုက်မကြည့်နဲ့၊ နှာသီးဖျားနှင့် အထက်နှုတ်ခမ်းအကြားရှိ ဝင်သက်လေ-ထွက်သက်လေ ထိမှုထင်ရှားတဲ့နေရာက စောင့်ပြီး ဒီ ဝင်သက်လေ-ထွက်သက်လေဆိုတဲ့ လေကလေးကိုသာ စိုက်ရှုနေပါ။ အဲဒီ လေကလေးမှာ စိတ်ကို ငြိမ်အောင်ကပ်ကြည့်၊ ကပ်လို့မှ မရဘူးဆိုရင်တော့ အဋ္ဌကထာများက ရေတွက်တဲ့နည်းကို အသုံးပြုဖို့ ညွှန်ကြားထားကြပါတယ်။ ဘယ်လို ရေတွက်ရမလဲ? ဝင်လေ-ထွက်လေ နှစ်ခုပေါင်းကို "တစ်" စသည်ဖြင့် ရေတွက်ရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် -

ဝင်လေ-ထွက်လေ "တစ်"
ဝင်လေ-ထွက်လေ "နှစ်"
ဝင်လေ-ထွက်လေ "သုံး"
ဝင်လေ-ထွက်လေ "လေး"
ဝင်လေ-ထွက်လေ "ငါး"
ဝင်လေ-ထွက်လေ "ခြောက်"
ဝင်လေ-ထွက်လေ "ခုနစ်"
ဝင်လေ-ထွက်လေ "ရှစ်"

အဲဒီလို ရေတွက်တဲ့အခါမှာ တစ်ကနေ ရှစ်အထိ ငါ့စိတ် ဘယ်မှ မထွက်ရဘူးလို့ ဆုံးဖြတ်ချက်ချကာ စိတ်ကို တင်းတင်းထားပြီးတော့ လေ့ကျင့်ရတယ်၊ လေ့ကျင့်ဖန်များလာပြီဆိုရင်တော့ တဖြည်းဖြည်း စိတ်က ဝင်လေ-ထွက်လေ အာရုံပေါ်မှာ ငြိမ်သွားတတ်ပါတယ်။ တစ်ကနေ တစ်ဆယ်အထိလည်း ရေတွက်နိုင်တယ်။ တစ်ကနေ ငါးအထိလည်း ရေတွက်နိုင်တယ်။ ငါးအောက် မလျော့စေနဲ့၊ တစ်ဆယ်ထက်လည်း မပိုစေနဲ့၊ ဒီလိုသတ်မှတ်ချက် ရှိပါတယ်။

ရှစ်အထိကတော့ မဂ္ဂင်ရှစ်ပါး အကျင့်မြတ်တရားကို ပူဇော်တဲ့အနေနှင့်ဆိုပြီး ဆရာသမားများက ဒီလိုညွှန်ကြားပေးတဲ့အတွက် ဘုန်းကြီးလည်း ဒီဌာနမှာ ရှစ်အထိပဲ သင်ပေးပါတယ်၊ ဘုရားဂုဏ်တော်ကိုးပါးကို ပူဇော်တဲ့အနေနဲ့ ကိုးအထိ ရေတွက်လည်း ရတယ်၊ ကိုယ်တော်အား ဆယ်ပါး, ဉာဏ်တော်အား ဆယ်ပါးနှင့် ပြည့်စုံတော်မူတဲ့ ဘုရားရှင်အား ပူဇော်တဲ့အနေနဲ့ တစ်ဆယ်အထိ ရေတွက်လည်း ရပါတယ်၊ ကိုယ်ကြိုက်သလို ယူလို့ရပါတယ်။ သို့သော် (၁၀)ထက်လည်း မပိုရ၊ (၅)ထက်လည်း မနည်းရဆိုတဲ့ သတ်မှတ်ချက်တော့ ရှိပါတယ်။ (၁၀)ထက်ပိုလျှင် ဝင်လေ-ထွက်လေအပေါ်မှာ အာရုံအရောက်နည်းပြီးတော့ ဂဏန်းသင်္ချာ အရေအတွက်အပေါ်မှာ စိတ်အရောက်များတတ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်။ (၅)အောက် နည်းသွားလျှင်လည်း ခဏခဏ ခေါက်တုံ့ခေါက်ပြန် ပြုလုပ်နေရတဲ့အတွက် စိတ်ကျဉ်းကျပ်ကာ သမာဓိအဖြစ်နည်းတတ်ပါတယ်။

အဲဒီတော့ တစ်ကနေ ရှစ်အထိ ရေတွက်ပြီဆိုကြစို့၊ အဲဒီတစ်ကနေ ရှစ်အထိ စိတ်ကို ဘယ်မှ မထွက်အောင် လေ့ကျင့်ရတယ်၊ လေ့ကျင့်တဲ့အခါ နာရီဝက်လောက် သို့မဟုတ် တစ်နာရီလောက် အထိတော့ ငြိမ်အောင် လေ့ကျင့်ရတယ်၊ အောင်မြင်မှုရပြီဆိုရင်တော့ အရှည်-အတိုကို ကူးနိုင်တယ်။ အရှည်ဆိုတာက အသက်ရှူနှေးတာ, အတိုဆိုတာက အသက်ရှူမြန်တာကို ဆိုလိုတယ်၊ နှေးလည်း နှေးတဲ့အတိုင်း ဝင်သက်လေ-ထွက်သက်လေကို သိအောင် ကျင့်ပါ၊ မြန်လည်း မြန်တဲ့အတိုင်း ဝင်သက်လေ-ထွက်သက်လေကို သိအောင် ကျင့်ပါ။ နှေးအောင် မြန်အောင် ရှည်အောင် တိုအောင် သက်သက် မကြိုးစားပါနှင့်၊ အရှည်-အတိုလို့လည်း မမှတ်နှင့်၊ အနှေး-အမြန်လို့လည်း မမှတ်နှင့်၊ မမှတ်ဘဲ မနေနိုင်ရင်တော့ ဘယ်လိုသာမှတ်ရမလဲ? 'ဝင်လေ' 'ထွက်လေ' ဒါလောက်ပဲ မှတ်ပါ။

အဲဒီ လေကလေးအပေါ်မှာ စိတ်ကလေးငြိမ်အောင် ကပ်ထား၊ ရှည်လည်း ရှည်တဲ့အတိုင်း ဝင်သက်လေ-ထွက်သက်လေကို သိအောင် ကျင့်ပါ၊ တိုလည်း တိုတဲ့အတိုင်း ဝင်သက်လေ-ထွက် သက်လေကို သိအောင် ကျင့်ပါ၊ အဲဒီလို ရှုရတဲ့အပိုင်းမှာ အာနာပါနရဲ့ စည်းကမ်းတစ်ခုကတော့ ရှေ့-နောက် ဝဲ-ယာ ခန္ဓာကိုယ်ကို နည်းနည်းကလေးမှ မလှုပ်အောင် ထိန်းရမယ်ဆိုတဲ့ အချက်ပဲ၊ ဣရိယာပုထ် မပြင်ကောင်းဘူးလို့တော့ မဆိုလိုပါဘူး၊ မခံနိုင်ရင်တော့ ပြင်ပါ၊ ဆင်းရဲနေတဲ့ ဝေဒနာကို အောင့်အည်းသည်းခံရမယ်လို့တော့ မဆိုလိုဘူး၊ ဆင်းရဲနေတဲ့ ဝေဒနာကြောင့် ငြိမ်သက်မှု သမာဓိကို မရဘူးဆိုရင်တော့ ဣရိယာပုထ် ပြင်နိုင်ပါတယ်။

ဒါပေမဲ့လို့ မိမိက နာရီဝက်အဓိဋ္ဌာန်ပြီးတော့ ငြိမ်အောင်ရှုမယ်လို့ အဓိဋ္ဌာန်ပြီးထိုင်ခဲ့ရင် နာရီဝက် တော့ မလှုပ်ရှားဘဲ ထိုင်နိုင်ရင် ပိုကောင်းတယ်၊ တစ်နာရီအဓိဋ္ဌာန်ရင်လည်း တစ်နာရီထိုင်နိုင်ရင် တော့ ပိုကောင်းတယ်၊ အဲဒီတော့ ဒီ ဝင်သက်လေ-ထွက်သက်လေရဲ့ အရှည်အတိုပေါ်မှာ စိတ် ကလေး ငြိမ်အောင် ကပ်ထားလိုက်တဲ့အချိန်အခါမှာ ဒီအပိုင်းမှာ ထိုင်တိုင်း ထိုင်တိုင်း ဝင်လေ-ထွက်လေ, အရှည်-အတိုအာရုံမှာ ဘာဝနာစိတ်က တစ်နာရီလောက် အနည်းဆုံး ကပ်အောင်တော့ လေ့ကျင့်ရပါတယ်၊ ထိုင်တိုင်း ထိုင်တိုင်း ကပ်ပြီဆိုရင်တော့ လေး, ငါး, ခြောက်ထိုင်အတွင်းမှာ, အချို့ ပါရမီရင့်ညောင်းရင်လည်း တစ်ထိုင် နှစ်ထိုင်အတွင်းလောက်မှာ နိမိတ် စပေါ်တတ်ပါတယ်။

ဆယ်ကြိမ်, တစ်ဆယ့်ငါးကြိမ်လောက်၊ နှစ်ရက်, သုံးရက်လောက် ဒီအရှည်အတိုမှာ ရှုနေလို့မှ နိမိတ်က မပေါ်ရင်တော့ အစ-အဆုံးကျင့်စဉ်ကို ကူးကြည့်ပါ။ ဝင်လေ-ထွက်လေက ရှည်ရင်လည်း ထိုလေရဲ့ အစ-အဆုံး အကုန်လုံးကို တောက်လျှောက်သိဖို့, ဝင်လေ-ထွက်လေက တိုရင်လည်း ထိုလေရဲ့ အစ-အဆုံး အကုန်လုံးကို တောက်လျှောက်သိဖို့ ကြိုးစားပါ။ နှာခေါင်းအထဲသို့လည်း လိုက်မကြည့်ရဘူး၊ အထက်နှုတ်ခမ်းရဲ့ အပြင်ဘက်သို့လည်း လိုက်မကြည့်ရဘူး၊ နှာသီးဖျားနဲ့ အထက်နှုတ်ခမ်းအကြားရှိ ဝင်လေ-ထွက်လေ ထိမှုထင်ရှားတဲ့ နေရာကလေးမှာ စပြီး ထိတဲ့အချိန်မှ ဝင်လေ-ထွက်လေ ဆုံးသွားတဲ့အထိ ထိတဲ့နေရာကလေးက စောင့်နေပြီး အစ-အဆုံး တောက်-လျှောက်သိအောင် အစ-အလယ်-အဆုံး = အကုန်လုံးကို ထင်ထင်ရှားရှား သိနေအောင် ရှုရပါတယ်။

အဲဒီလို အစ-အဆုံးကို တောက်လျှောက်သိအောင် ရှုတာကို — **သဗ္ဗကာယပဋိသံဝေဒီ** -

လို့ ခေါ်ပါတယ်၊ ဝင်သက်လေ-ထွက်သက်လေရဲ့ အစ-အလယ်-အဆုံး = အကုန်လုံးကို ထင်ထင်ရှားရှား သိအောင် ရှုတာပဲ။

အဲဒီအပိုင်းမှာလည်း ဒါက အစ, ဒါက အလယ်, ဒါက အဆုံး – ဒီလို မမှတ်နဲ့၊ မှတ်ရင်တော့ ဉာဏ်က မလိုက်နိုင်တော့ မောလာတတ်တယ်၊ မမှတ်ဘဲ မနေနိုင်ရင် ဘယ်လိုသာ မှတ်မလဲ? ဝင်လေ-ထွက်လေ ဒီလောက်ပဲ မှတ်ပါ။ ဝင်သက်လေ-ထွက်သက်လေလို့ မှတ်ချင်လည်းမှတ် ရတယ်၊ အဲဒီတော့ ဒီလေအာရုံအပေါ်မှာ စိတ်က ကပ်နေဖို့ လိုတယ်၊ မမှတ်ဘဲ မနေတတ်သူကိုသာ မှတ်ခိုင်းတာပါ။ မမှတ်ဘဲ နေနိုင်ခဲ့ရင်တော့ မမှတ်နဲ့၊ ဝင်လေ-ထွက်လေအပေါ်မှာ စိတ်က တောက်လျှောက် သိနေဖို့ လိုရင်းပဲ။ အဲဒီလေကလေးမှာ တောက်လျှောက် သိနေတော့ လေကလေးမှာ ဘာဝနာစိတ်က ငြိမ်သက်စွာ ကပ်ပြီးတည်လာပြီဆိုရင်တော့ အရှည်-အတိုအပိုင်းမှာပဲဖြစ်ဖြစ်, အခု အစ-အဆုံးအပိုင်းမှာပဲဖြစ်ဖြစ် များသောအားဖြင့် အလင်းရောင်တွေ စပြီး ပေါ်တတ်ပါတယ်၊ အဲဒီအလင်းရောင်တွေကိုတော့ သွားပြီး မကြည့်ရဘူး။

## သဗ္ဗကာယ အယူအဆ

**ဗဟိနိက္ခမနဝါတဿ ဟိ နာဘိ အာဒိ၊ ဟဒယံ မဇ္ဈံ၊ နာသိကဂ္ဂံ ပရိယောသာနံ။ အဗ္ဘန္တရံ ပဝိသနဝါတဿ နာသိကဂ္ဂံ အာဒိ၊ ဟဒယံ မဇ္ဈံ၊ နာဘိ ပရိယောသာနံ။ တဉ္စဿ အနုဂစ္ဆတော ဝိက္ခေပဂတံ စိတ္တံ သာရဒ္ဓါယ စေဝ ဟောတိ ဣဉ္ဇနာယ စ။ ယထာဟ – "အဿာသာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော အဇ္ဈတ္တံ ဝိက္ခေပဂတေန စိတ္တေန ကာယောပိ စိတ္တမ္ပိ သာရဒ္ဓါ စ ဟောန္တိ ဣဉ္ဇိတာ စ ဖန္ဒိတာ စ။ ပဿာသာဒိမဇ္ဈပရိယောသာနံ သတိယာ အနုဂစ္ဆတော ဗဟိဒ္ဓါ ဝိက္ခေပဂတေန စိတ္တေန ကာယောပိ စိတ္တမ္ပိ သာရဒ္ဓါ စ ဟောန္တိ ဣဉ္ဇိတာ စ ဖန္ဒိတာ စာ"တိ။**[၄၉၆]

အထက်ပါ ဝိသုဒ္ဓိမဂ္ဂ အဋ္ဌကထာက အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး ဟောကြားပြသထားတော်မူတဲ့ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီးကို ကိုးကားပြီးတော့ သဗ္ဗကာယဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ်ကို ရှင်းလင်းတင်ပြထားတာ ဖြစ်ပါတယ်။ ဒီရှင်းလင်းချက်ရဲ့ ဆိုလိုရင်းကတော့ ဒီလိုပါ –

အပြင်ကို ထွက်သွားတဲ့ ထွက်သက်လေရဲ့ အစကတော့ ချက် ဖြစ်ပါတယ်။ အလယ်ကတော့ ဟဒယ = ရင်ချိုင့် ဖြစ်ပါတယ်။ အဆုံးကတော့ နှာသီးဖျား ဖြစ်ပါတယ်။ ဝင်သက်လေရဲ့ အစကတော့ နှာသီးဖျား ဖြစ်ပါတယ်။ အလယ်ကတော့ ဟဒယ = ရင်ချိုင့် ဖြစ်ပါတယ်။ အဆုံးကတော့ ချက် ဖြစ်ပါတယ်။ ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးဟာ အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်တဲ့အခါမှာ – ချက်-ရင်ချိုင့်-နှာသီးဖျား, နှာသီးဖျား-ရင်ချိုင့်-ချက်ဆိုတဲ့ ထွက်သက်လေ ဝင်သက်လေတို့ရဲ့ သွားရာလမ်းကြောင်းအတိုင်း တောက်လျှောက် လိုက်ပြီးတော့ ရှုနေမယ်ဆိုလျှင် တဖြည်းဖြည်း စိတ်တွေဟာ ပူပန်လည်းလာတတ်တယ်၊ တုန်လှုပ်လည်းလာတတ်တယ်။ ဒါ့ကြောင့် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီးမှာ ဒီလို ဟောကြားထားတော်မူခဲ့ပါတယ် –

---

[၄၉၆] ပဋိသံ၊၁၊၁၅၇။ ဝိသုဒ္ဓိ၊၁၊၂၇၂။

“နှာသီးဖျား-ရင်ချိုင့်-ချက် – ဆိုတဲ့ ဝင်သက်လေရဲ့ အစ, အလယ်, အဆုံးဖြစ်တဲ့ နေရာဒေသတွေကို တောက်လျှောက် အစဉ်တစိုက် လိုက်ပြီးတော့ သတိနှင့် ရှုနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ခန္ဓာကိုယ်အတွင်းဘက်သို့ စိတ်က ပျံ့လွင့်သွားတယ်။ ဒီလို စိတ်က ပျံ့လွင့်နေတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ရော စိတ်ရော နှစ်မျိုးလုံးဟာ ပင်ပန်းနွမ်းနယ်ကာ ပူပန်လာတတ်တယ် တုန်လှုပ်လာတတ်တယ်။ တစ်ဖန် — ချက်-ရင်ချိုင့်-နှာသီးဖျား – ဆိုတဲ့ ထွက်သက်လေရဲ့ အစ-အလယ်-အဆုံးဖြစ်တဲ့ နေရာဒေသတွေကို တောက်လျှောက် အစဉ်တစိုက် လိုက်ပြီးတော့ သတိနှင့် ရှုနေတဲ့ ပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ခန္ဓာကိုယ်အပြင်ဘက်သို့ စိတ်က ပျံ့လွင့်သွားတယ်။ ဒီလို စိတ်က ပျံ့လွင့်နေတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ်ရော စိတ်ရော နှစ်မျိုးလုံးဟာ ပင်ပန်းနွမ်းနယ်ကာ ပူပန်လာတတ်တယ် တုန်လှုပ်လာတတ်တယ်။”

ဒီညွှန်ကြားချက်ကတော့ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ရဲ့ ညွှန်ကြားတော်မူချက် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယောဂီပုဂ္ဂိုလ်က ဝင်သက်လေ-ထွက်သက်လေကို သတိမြဲအောင် ရှုတဲ့အပိုင်းမှာ — နှာသီးဖျား-ရင်ချိုင့်-ချက်, ချက်-ရင်ချိုင့်-နှာသီးဖျား - ဆိုတဲ့ ဝင်သက်လေ-ထွက်သက်လေတို့ရဲ့ သွားရာလမ်းကြောင်းကို အစဉ်တစိုက် လိုက်ပြီးတော့ မရှုပါနှင့်။ ဘယ်လို ရှုရမလဲ? —

ရှည်တဲ့ ဝင်သက်လေ-ထွက်သက်လေ, တိုတဲ့ ဝင်သက်လေ-ထွက်သက်လေတွေကို ရှုတဲ့အပိုင်းမှာရော, အစ-အလယ်-အဆုံး = အကုန်လုံးကို ထင်ထင်ရှားရှား သိအောင် ရှုတဲ့အပိုင်းမှာရော— **ဖုဋ္ဌဖုဋ္ဌောကာသ** – ဆိုတဲ့ ဝင်သက်လေ-ထွက်သက်လေ ထိမှုထင်ရှားတဲ့ နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းအရပ်မှာသာ စောင့်ပြီးတော့ ဝင်သက်လေ-ထွက်သက်လေကို ရှုနေပါ။ နှာသီးဖျား-ရင်ချိုင့်-ချက်, ချက်-ရင်ချိုင့်-နှာသီးဖျား – ဆိုတဲ့ ထိုထိုအရပ်ဒေသတွေကို အစဉ်လိုက်ပြီးတော့ မရှုပါနှင့်၊ ရှုခဲ့မယ်ဆိုလျှင် ကိုယ်ရော စိတ်ရော ပင်ပန်းနွမ်းနယ်ကာ ပူပန်လာလိမ့်မည် တုန်လှုပ်လာလိမ့်မည်။ ဒီလို ပူပန်တုန်လှုပ်လာမယ်ဆိုလျှင် သမာဓိလည်း မတိုးတက်ဘဲ ပျက်ပြားသွားတတ်ပါတယ်။

## အခက်အခဲ (၄) ရပ်

၁။ ဒီနေရာမှာ သတိပြုသင့်တဲ့ အခက်အခဲ (၄)ရပ် ရှိပါတယ်။ နံပါတ် (၁) အခက်အခဲကတော့ နှာသီးဖျားနှင့် အထက်နှုတ်ခမ်းအကြားမှာရှိတဲ့ ဝင်လေ-ထွက်လေကို စိတ်နှင့်သာ စိုက်ပြီးတော့ ရှုပါ။ မျက်လုံးနှင့် စိုက်မကြည့်ပါနှင့်။ အကယ်၍ မျက်လုံးနှင့် ဝင်လေ-ထွက်လေကို စိုက်ကြည့်နေပါက ယခုလို သမာဓိက အတော်အသင့် အားကောင်းလာလို့ အလင်းရောင်တွေ ပေါ်လာတဲ့အချိန်အခါမှာ ဒီအလင်းရောင်တွေက မျက်လုံးကို လာလာပြီးတော့ ရိုက်ခတ်နေတဲ့အတွက် မျက်ရည်များကျကာ သမာဓိမှာလည်း လျှောကျသွားတတ်ပါတယ်။ ဒါ့ကြောင့် မျက်လုံးနှင့် ဝင်လေ-ထွက်လေကို စိုက်ကြည့်တဲ့ အလေ့အကျင့်ကို မပြုလုပ်ပါနှင့်၊ စိတ်နှင့်သာ စိုက်ကြည့်ပါ၊ စိုက်ရှုနေပါ။

၂။ သမာဓိက ဝင်လေ-ထွက်လေအာရုံ၌ အတော်အသင့် အားကောင်းလာတဲ့အခါ ဝင်လေ-ထွက်လေဟာ သိမ်မွေ့သွားတတ်ပါတယ်။ ဒီလို သိမ်မွေ့သွားခြင်းဟာ အာနာပါနကမ္မဋ္ဌာန်းရဲ့ ထူးခြားချက်တစ်ခု ဖြစ်ပါတယ်။ အခြားအခြား ကမ္မဋ္ဌာန်းတွေမှာ သမာဓိက အားကောင်းလာလေလေ ကမ္မဋ္ဌာန်းအာရုံက ပိုပိုပြီးတော့ ထင်ရှားလာလေလေ ဖြစ်တတ်ပါတယ်။ ဒါပေမဲ့ ဒီ အာနာပါနကမ္မဋ္ဌာန်းမှာတော့ ဝင်လေ-ထွက်လေအာရုံအပေါ်၌ သမာဓိက အားကောင်းလာလေလေ ဝင်လေ-ထွက်လေအာရုံမှာ သိမ်မွေ့လေလေ ဖြစ်တတ်ပါတယ်။ အဲဒီအချိန်အခါမှာ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာဆိုတဲ့ ဣန္ဒြေငါးပါးတို့က မရင့်ကျက်သေးတော့ အထူးသဖြင့်တော့ သမာဓိကလည်း အလွန်ကြီး အားမကောင်းသေးတော့ ဝင်လေ-ထွက်လေဟာ သိမ်မွေ့ရာမှ မထင်ရှားတဲ့အဆင့်သို့ ရောက်ရှိသွားတတ်ပါတယ်။ အဲဒီအခါမှာ ဝင်လေ-ထွက်လေက နှာခေါင်းအတွင်း၌ ပိုပြီးတော့ ထင်ရှားနေတဲ့အတွက် နှာခေါင်းအတွင်းဘက်သို့ လိုက်လိုက်ပြီးတော့ ကြည့်တတ်ကြပါတယ်။ သို့သော် နှာခေါင်းအတွင်းမှာက ဝင်လေ-ထွက်လေရဲ့ တွန်းကန်နေတဲ့သဘောက ပိုပြီး ထင်ရှားတဲ့အတွက် ဝင်လေ-ထွက်လေဆိုတဲ့ ပညတ်ကို အာရုံယူကာ သမာဓိကို ထူထောင်နေရာမှ ဝင်လေ-ထွက်လေရဲ့ တစ်နည်းပြောရလျှင်တော့ ဝါယောဓာတ်လွန်ကဲနေတဲ့ ဝင်လေ-ထွက်လေရဲ့ တွန်းကန်တဲ့သဘောအပေါ်မှာ ဘာဝနာစိတ်က အရောက်များနေတတ်ပါတယ်။ အဲဒီအခါမှာ တွန်းကန်တဲ့ ဓာတ်သဘောကို ရှုဖန်များလာခဲ့သော် တွန်းကန်တဲ့ ဝါယောဓာတ်နဲ့ အတူယှဉ်တွဲ ဖြစ်နေကြတဲ့ ပထဝီဓာတ်ရဲ့ မာမှုသဘော, အာပေါဓာတ်ရဲ့ ဖွဲ့စည်းမှုသဘောတရားတွေကိုပါ တစ်စတစ်စ တွေ့ရှိလာတတ်ပါတယ်။ အဲဒီလို တွန်းကန်တဲ့သဘော, မာတဲ့သဘော, ဖွဲ့စည်းတဲ့သဘောတွေအပေါ်မှာ ဘာဝနာစိတ်က အရောက်များနေခဲ့လျှင် တဖြည်းဖြည်း အာနာပါနကမ္မဋ္ဌာန်းကို ရှုနေရာမှ ဓာတ်ကမ္မဋ္ဌာန်းကို ရှုမိလျက်သား ဖြစ်နေတတ်ပါတယ်။ အဲဒီအခါမှာ ဓာတ်တွေကို ရှုဖန်များလာပါက တဖြည်းဖြည်း မျက်နှာတစ်ခုလုံး ဦးခေါင်းတစ်ခုလုံး တင်းမာလာတတ်ပါတယ်။ ထိုအခါမှာ ယောဂီပုဂ္ဂိုလ်တချို့ဟာ မျက်စိမှိတ်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း မျက်နှာတွေ ခေါင်းတွေ တင်းမာကာ ခဲခဲလာသဖြင့် တဖြည်းဖြည်း တရားမရှုရဲ ဖြစ်လာတတ်ပါတယ်။ ဒါ့ကြောင့် အာနာပါနကို ရှုပွားရာ၌ သမာဓိအတော်အသင့် အားကောင်းလာတဲ့အခါ ဝင်လေ-ထွက်လေက သိမ်မွေ့လာသဖြင့် မထင်မရှား ဖြစ်လာတဲ့အခါ နှာခေါင်းအတွင်းသို့ လိုက်မကြည့်ဘဲ မူလရှုနေမြဲဖြစ်တဲ့ ဝင်လေ-ထွက်လေ ထိမှုထင်ရှားတဲ့ နှာသီးဖျားနှင့် အထက်နှုတ်ခမ်းအကြား ထင်ရှားတဲ့ တစ်နေရာမှာသာ ဘာဝနာစိတ်ကို ကပ်ထားပြီးတော့ ဝင်လေ-ထွက်လေ ရှိနေပါတယ်လို့ နှလုံးသွင်းကာ စိုက်ရှုနေပါ။ နောက်တစ်ခု သတိပြုစရာ ရှိနေသေးတယ်။ ခုလို ဝင်လေ-ထွက်လေက သိမ်မွေ့သွားတဲ့အခါ ဝင်လေ-ထွက်လေ ထင်ရှားလာအောင် အသက်ကို ပြင်းပြင်း မရှူပါနှင့်။ အကယ်၍ အသက်ကို အားစိုက်ကာ ပြင်းပြင်း ရှူနေပါက မူလသမာဓိမှာ — ဝီရိယလွန်သော် ဥဒ္ဒစ္စ - ဆိုတဲ့ စည်းကမ်းဥပဒေသအတိုင်း ဝီရိယက လွန်ကဲသွားသဖြင့် စိတ်ပျံ့လွင့်ကာ ရရှိထားပြီးတဲ့ သမာဓိမှာလည်း ပျက်ပြားသွားတတ်ပါတယ်။

၃။ နောက်တစ်ခု သတိပြုရမည့်အချက်ကတော့ ဝင်လေ-ထွက်လေ ထိမှုထင်ရှားတဲ့နေရာက စောင့်ပြီးတော့ ဝင်လေ-ထွက်လေကို ရှုရမည်ဟူသော စည်းကမ်းကို နားလည်မှုလွဲကာ ဝင်လေ-

ထွက်လေ ထိမှုထင်ရှားတဲ့ နှုတ်ခမ်းရဲ့ အရေပြားအတွင်းသို့ ဘာဝနာစိတ်ကို စိုက်ပြီးတော့ ရှုနေတတ်ကြပြန်တယ်။ အဲဒီလို ယောဂီပုဂ္ဂိုလ်များမှာ များသောအားဖြင့် နှုတ်ခမ်းရဲ့ အရေပြားအတွင်းမှာ တည်ရှိနေကြတဲ့ ဓာတ်သဘောတရားတွေကိုသာ ရှုမိလျက်သား ဖြစ်နေတတ်ကြတယ်။ နှုတ်ခမ်းရဲ့ အရေပြားအတွင်းမှာ ဓာတ်ကြီး (၄)ပါးတို့ကား အမြဲတည်ရှိနေကြပါတယ်။ နှုတ်ခမ်းရဲ့ အရေပြားအတွင်းကို စိုက်ရှုဖန်များလာတဲ့အခါ ယင်းဓာတ်ကြီး (၄)ပါးတို့ရဲ့ သဘာဝလက္ခဏာတွေကို တစ်စတစ်စ ရှုမိလျက်သား ဖြစ်နေတတ်ကြပါတယ်။ အထူးသဖြင့် ဝါယောဓာတ်ရဲ့ လှုပ်လှုပ်ရွရွနဲ့ တွန်းကန်နေတဲ့သဘော, ပထဝီဓာတ်ရဲ့ မာတဲ့သဘော, တေဇောဓာတ်ရဲ့ ပူတဲ့သဘော, အာပေါဓာတ်ရဲ့ ဖွဲ့စည်းတဲ့သဘောတွေကို ရှုမိလျက်သား ဖြစ်နေတတ်ကြပါတယ်။ အဲဒီလို ရှုဖန်များလာတဲ့အခါ တဖြည်းဖြည်း မျက်နှာတစ်ခုလုံး ခေါင်းတစ်ခုလုံး တင်းမာလာတတ်ပါတယ်။ အာနာပါနကို ရှုရာမှ ဓာတ်ကမ္မဋ္ဌာန်း ဖြစ်နေတတ်ပါတယ်။ အကယ်၍ မိမိက အာနာပါနကိုသာ ရှုလိုပါက အထက်နှုတ်ခမ်းရဲ့ အရေပြားအပေါ် စပါးလုံးတစ်ထောက်ခန့် သို့မဟုတ် နှမ်းစေ့တစ်လုံးခန့် အရပ်တွင် ဝင်ထွက်နေတဲ့ လေအာရုံအပေါ်၌သာ ဘာဝနာစိတ်ကို ကပ်ပြီးတော့ ရှုတတ်ဖို့ လိုပါတယ်။ အကယ်၍ မိမိက ဓာတ်ကမ္မဋ္ဌာန်းကို ရှုလိုတယ်ဆိုလျှင်တော့ ဓာတ်ကမ္မဋ္ဌာန်းစည်းကမ်းအတိုင်းသာ လိုက်နာပြုကျင့်သင့်ပါတယ်။ ဓာတ်ကမ္မဋ္ဌာန်းစည်းကမ်းကတော့ ဓာတ်ကြီးလေးပါးတို့ကို ရှုတဲ့အပိုင်းမှာ ဝင်သက်လေ-ထွက်သက်လေ ထိမှုထင်ရှားတဲ့ နှာသီးဖျားနှင့် အထက်နှုတ်ခမ်းအရပ်တွေမှာသာ တည်ရှိကြတဲ့ ဓာတ်ကြီးလေးပါးလောက်ကိုသာ ရှုရတာတော့ မဟုတ်ပါဘူး။

**သကလမ္ပိ အတ္တနော ရူပကာယံ အာဝဇ္ဇေတွာ**[၉၉၇] –

ဒီလို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဖွင့်ဆိုထားတဲ့အတွက် ရူပကာယ = ခန္ဓာကိုယ်တစ်ခုလုံးမှာ တည်ရှိနေတဲ့ ဓာတ်ကြီးလေးပါးတို့ကို ဉာဏ်နှင့်မြင်အောင် လိုက်ရှုရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အာနာပါနကမ္မဋ္ဌာန်းနှင့် ဓာတ်ကမ္မဋ္ဌာန်းကို မရောယှက်အောင် သတိပြုပါ။

၄။ အာနာပါနကမ္မဋ္ဌာန်းကို ရှုရာ၌ နောက်ထပ် သတိပြုသင့်တဲ့ အချက်တစ်ခု ရှိနေသေးတယ်။ ဝင်လေ-ထွက်လေအာရုံပေါ်၌ ဘာဝနာစိတ်ကို ငြိမ်ဝပ်အောင် စိုက်ရှုနေတဲ့အခါမှာ အပေါ်သွားနှင့် အောက်သွားနှစ်ခုတို့ကို ထိမထားပါနှင့်၊ အကယ်၍ ထိထားခဲ့မယ်ဆိုလျှင် ဝင်လေ-ထွက်လေကို သတိမြဲအောင် သမာဓိအားကောင်းအောင် စူးစူးစိုက်စိုက် ရှုနေတဲ့အပိုင်းမှာ မသိမသာ အပေါ်သွားနှင့် အောက်သွားကို ဖိမိတတ်ကြပါတယ်။ အဲဒီအခါမှာ သွားနှစ်ခုကို ဖိလိုက်တဲ့အတွက် ယောဂီရဲ့ အာရုံထဲမှာ တွန်းကန်မှုသဘော, မာမှုသဘော, ဖွဲ့စည်းမှုသဘော စတဲ့ ဓာတ်သဘောတရားတွေဟာ တဖြည်းဖြည်း ထင်ရှားလာတတ်ပါတယ်။ အဲဒီအခါမှာ ယောဂါဝစရပုဂ္ဂိုလ်က ဝင်လေ-ထွက်လေ အာရုံကို ရှုနေရာက ဓာတ်သဘောတရားတွေဆိုတဲ့ အာရုံအပေါ်သို့ ဘာဝနာစိတ်က ပြောင်းရွှေ့သွားတတ်ပါတယ်။ ဒါ့ကြောင့် အာနာပါနကို ရှုတဲ့အခါမှာ သွားနှစ်ခုကို ထိမထားဘဲ စေ့မထားဘဲ မသိမသာ အနည်းငယ် ခွာထားပါ။

---

[၉၉၇] ဝိသုဒ္ဓိ၊၁၊၃၄၆။

ဒီအခက်အခဲ (၄)ရပ်ကို ကျော်လွှားပြီးတော့ အလွန်သိမ်မွေ့နေတဲ့ ဝင်လေ-ထွက်လေအာရုံမှာပဲ ဘာဝနာစိတ်ကို ကပ်ပြီးတော့ သိမ်မွေ့နေတဲ့ ဝင်လေ-ထွက်လေရဲ့ အစ-အလယ်-အဆုံး အကုန်လုံးကို ထင်ထင်ရှားရှား သိအောင် ကြိုးစားပြီးတော့ ယင်း ဝင်လေ-ထွက်လေအာရုံမှာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ထားနိုင်လို့ သမာဓိကို ခိုင်ခံ့သထက် ခိုင်ခံ့အောင် ဆက်လက် ထူထောင်နိုင်ခဲ့မယ်ဆိုလျှင် ရှေ့ပိုင်းက ပြောခဲ့တဲ့အတိုင်း နိမိတ်များလည်း ပေါ်လာမှာ ဖြစ်ပါတယ်။ အလင်းရောင်တွေလည်း ခန္ဓာကိုယ်ရဲ့ ဝန်းကျင်ပတ်ချာမှာ ထွက်ပေါ်လာမှာ ဖြစ်ပါတယ်။

အလင်းရောင်နှင့် နိမိတ်ကတော့ တခြားစီပဲ ဖြစ်ပါတယ်၊ နိမိတ်ဆိုတာကတော့ အဲဒီ အာနာပါန လေကြောင်းကလေးပဲ၊ များသောအားဖြင့် လေကြောင်းလို့ ပြောတာကတော့ အချောင်း စပေါ်တတ်လို့သာ ပြောတာပါ။ ယောဂီပုဂ္ဂိုလ်တို့ရဲ့ နိမိတ်မပေါ်မီမှာ သမာဓိအားကောင်းနေတဲ့အချိန်မှာ အဲဒီ သမာဓိနှင့် ယှဉ်တွဲပြီး ဖြစ်ပေါ်နေတဲ့ အမှတ်သညာကို ဘာဝနာသညာလို့ ခေါ်တယ်။

အဲဒီ ဘာဝနာသညာ ကွဲပြားမှုကို အခြေခံပြီးတော့ နိမိတ်တွေက ပုံသဏ္ဍာန်အမျိုးမျိုး, အရောင်အမျိုးမျိုး ပြောင်းလဲတတ်ပါတယ်၊ ဒါကြောင့် ဒီအပိုင်းမှာ ယောဂီတို့ကို စိတ်မကစားဖို့ကိုတော့ သတိပေးထားရပါတယ်၊ နှာသီးဖျားနှင့် အထက်နှုတ်ခမ်းအကြားရှိ လေအပေါ်မှာသာ စိတ်ငြိမ်-အောင် ကပ်ပါလို့သာ ဒီလောက်ပဲ သတိပေးရတယ်။ "အကယ်၍ နိမိတ်က ခိုင်ခံ့လာလို့ နိမိတ်မှာ ဘာဝနာစိတ်က ကပ်နေခဲ့လျှင်လည်း နိမိတ်မှာ ဘာဝနာစိတ်ကို ကပ်သာထားလိုက်ပါ။ နိမိတ်ရဲ့ ပုံသဏ္ဍာန်ကိုလည်း နှလုံးမသွင်းပါနှင့်၊ အရောင်ကိုလည်း နှလုံးမသွင်းပါနှင့်၊ နိမိတ်အနေနှင့်သာ နှလုံးသွင်းပြီးတော့ စိုက်ရှုနေပါ"လို့ သတိပေးထားရတယ်။ အဲဒီလို ဝင်သက်လေ-ထွက်သက်လေ အာရုံပေါ်မှာဖြစ်စေ, နိမိတ်ကခိုင်နေလို့ နိမိတ်အာရုံအပေါ်မှာဖြစ်စေ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ တည်နေအောင် ကပ်ထားလိုက်တဲ့ အချိန်အခါမှာ လင်းရောင်ခြည်တွေက သိပ်အားကောင်းလာတော့ မျက်လုံးက ဒီလင်းရောင်ခြည်ရဲ့ဒဏ်ကို မခံနိုင်တဲ့အတွက် မျက်ရည်တွေ ကျတတ်ပါတယ်၊ အောင့်အည်းသည်းခံပြီးတော့ မျက်လုံးဘက်ကို အာရုံမရောက်စေဘဲ လေအပေါ်မှာသာ စိတ်ကလေးကို ငြိမ်အောင် ကပ်နေပါ။ သို့မဟုတ် နိမိတ်က ခိုင်နေလျှင်လည်း နိမိတ်ပေါ်မှာသာ စိတ်ကို ကပ်ထားပါ။ အကယ်၍ လေအပေါ်မှာ စိတ်ကလေးက ငြိမ်အောင် ကပ်ထားလိုက်ပြီဆိုလို့ရှိရင် တဖြည်းဖြည်း ဒီလင်းရောင်ခြည်စွမ်းအင် အကူအညီနှင့် ဒီလေကြောင်းကလေးကို စတွေ့တတ်ပါတယ်၊ အများအားဖြင့်တော့ မီးခိုးရောင်နိမိတ်ကို စတွေ့တတ်ပါတယ်။

မီးခိုးရောင်နိမိတ်အပေါ်မှာ ဘာဝနာသမာဓိက ငြိမ်သထက် ငြိမ်လာပြီ ဆိုလို့ရှိရင် နိမိတ်မှာ မီးခိုးရောင်နိမိတ်မှ ဝါဂွမ်းဆိုင်လို ဖြူနေတဲ့ အဖြူနိမိတ်သို့ ပြောင်းသွားတတ်ပါတယ်။ အဲဒီဝါဂွမ်းဆိုင်လို ဖြူနေတဲ့ အဖြူကလည်း အချို့လည်း အချောင်း, အချို့ကလည်း အဝိုင်း စသည်ဖြင့် ပုံသဏ္ဍာန်အမျိုးမျိုး ရှိတတ်ပါတယ်။ အဲဒီလို ဖြူနေတဲ့ အဖြူချောင်းကို တွေ့ပြီဆိုရင် တစ်ခါတစ်ရံ ယောဂီက အဲဒီအဖြူချောင်းအပေါ်မှာ ဘာဝနာစိတ်ကလေးကို ငြိမ်ဝပ်စွာ တည်နေအောင် ကြိုးစားရင် ကြိုးစားလို့ ရပါတယ်၊ ဒါပေမဲ့ စပေါ်စမှာ နိမိတ်က မခိုင်တဲ့သဘောတော့ ရှိတတ်ပါတယ်၊ ယောဂီအများစုမှာတော့ နိမိတ်က မခိုင်တဲ့အတွက် ပေါ်လိုက်ပျောက်လိုက် ပေါ်လိုက်ပျောက်လိုက် ဖြစ်တတ်ပါတယ်။

အဲဒီလို နိမိတ်က မခိုင်ခံ့သေးတဲ့ အချိန်အခါမှာ ဒီနိမိတ်ချောင်းအပေါ်မှာ ဘာဝနာစိတ်ကို မကပ်ဘဲ မူလရှုမြဲဖြစ်တဲ့ ဝင်သက်လေ-ထွက်သက်လေအာရုံအပေါ်မှာသာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ပြီးတည်နေအောင် ကြိုးစားရတယ်၊ အဲဒီလို ကြိုးစားရင်းကနေပြီးတော့ ဒီနိမိတ်ပေါ်လာလို့ နိမိတ်ပေါ်မှာ ဘာဝနာစိတ်က ကပ်နေပြီဆိုရင်လည်း မခွာချနဲ့၊ ကပ်မြဲသာ ကပ်ထားလိုက်တော့၊ အဲဒီဘာဝနာစိတ်က ဒီနိမိတ်အာရုံအပေါ်မှာ ကပ်နေတဲ့အချိန်အခါမှာ ပကတိ ဝင်လေ-ထွက်လေကို ပြန်မကြည့်နဲ့၊ ပကတိ ဝင်လေ-ထွက်လေကို ကြည့်လိုက်, နိမိတ်ကို ကြည့်လိုက် ခေါက်တုံ့ခေါက်ပြန် ပြုလုပ်နေခဲ့ရင် ဒီသမာဓိသည် ငြိမ်ဝပ်မှု မရှိတဲ့အတွက် စိတ်သည် အာရုံတစ်ခုအပေါ်မှာ ကျရောက်နေတာ မဟုတ်တဲ့အတွက်ကြောင့် သမာဓိပျက်သွားတတ်တယ်။

အကယ်၍ ဒီနိမိတ်ချောင်းက မခိုင်သေးဘူးဆိုရင်တော့ ပကတိ ဝင်လေ-ထွက်လေကိုသာ ရှုနေပါ၊ ရှုနေရာကနေ နိမိတ်က ခိုင်ပြီး နာရီဝက်လောက် တစ်နာရီလောက် မပျောက်တော့ဘူးဆိုရင်တော့ အဲဒီနိမိတ်မှာ ပြောင်းကပ်ပါ၊ ထိုနိမိတ်သည် ဝေးနေခဲ့ရင်တော့ အကပ်မခံဘူး၊ နှာသီးဖျားနှင့် အနီးကပ်ဆုံး နေရာမှာ ဒီနိမိတ်က ဖြစ်ပေါ်လာပါမှ များသောအားဖြင့် အကပ်ခံတယ်။ အထူးသဖြင့်တော့ ဝင်လေ-ထွက်လေနှင့် နိမိတ်ဟာ တစ်သားတည်း ဖြစ်ပြီးတော့ ဝင်လေ-ထွက်လေသည်ပင် နိမိတ်, နိမိတ်သည်ပင် ဝင်လေ-ထွက်လေ ဖြစ်နေပါမှ ဘာဝနာစိတ်ကို နိမိတ်မှာ ကပ်ထားလိုက်လျှင် အကပ်ခံတဲ့ သဘောရှိပါတယ်။ နိမိတ်ဖြစ်ပေါ်လာတဲ့ အချိန်အခါမှာလည်း နိမိတ်ချောင်းက သိပ်ရှည်နေရင်လည်း ရှည်တဲ့အတိုင်း တောက်လျှောက် လိုက်မကပ်နဲ့၊ နှာသီးဖျားနှင့် အနီးကပ်ဆုံး နေရာမှာ တည်ရှိနေတဲ့ နိမိတ်အပေါ်မှာသာ ရှုနေတဲ့ စိတ်ကလေးကို ကပ်သာထားလိုက်ပါ။

အဲဒီလို ကပ်ထားလိုက်လို့ ဘာဝနာစိတ်က ဒီအာနာပါနနိမိတ်အာရုံမှာ တစ်နာရီ နှစ်နာရီ စသည်ဖြင့် ငြိမ်ပြီး ကပ်လာပြီဆိုရင်တော့ တဖြည်းဖြည်း ဒီနိမိတ်သည် ဖြူရာကနေ ကြည်ပြီး တောက်ပလာတတ်ပါတယ်။

ဖြူနေတဲ့နိမိတ်ကိုတော့ ဥဂ္ဂဟနိမိတ်လို့ ခေါ်ပါတယ်၊ ကြည်ပြီး အရောင်ထွက်လာတဲ့ နိမိတ်ကိုတော့ ပဋိဘာဂနိမိတ်လို့ ခေါ်ပါတယ်၊ အဲဒီ ပဋိဘာဂနိမိတ်ဆိုတဲ့အာရုံမှာ ဘာဝနာစိတ်ကို တစ်နာရီ နှစ်နာရီ စသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်ပြီး တည်နေအောင် ထိုင်တိုင်း ထိုင်တိုင်း ရအောင် လေ့ကျင့်ရတယ်၊ ထိုအချိန်အခါမှာ သွားရင်လည်းရှု, ရပ်လည်းရှု, ထိုင်လည်းရှု, အိပ်လည်းရှု လေ့ကျင့်ပေးရပါတယ်။ ဘာကို ရှုရမလဲ? ဣရိယာပုထ်လေးပါးလုံးမှာပဲ နိမိတ်ကိုသာ ရှုနေပါ။

## နိမိတ်ဆိုတာ ဘာလဲ?

**အဿာသပဿာသာ စိတ္တသမုဋ္ဌာနာဝ။**[၃၉၈]

**စိတ္တဇေ အဿာသပဿာသကောဋ္ဌာသေပိ ဩဇဋ္ဌမကဒ္ဓေဝ သဒ္ဒေါ စာတိ နဝ။**[၃၉၉]

အဿာသပဿာသ = ဝင်သက်လေ-ထွက်သက်လေဆိုတာ စိတ်ကြောင့် ဖြစ်ကြတဲ့ စိတ္တဇရုပ်ကလာပ်တွေရဲ့ အပေါင်းအစုမျှသာ ဖြစ်ပါတယ်။ ရုပ်ကလာပ်တစ်ခုတစ်ခုမှာ — ပထဝီ, အာပေါ,

[၃၉၈] ဝိသုဒ္ဓိ၊၁၊၃၄၅-၃၄၆။ [၃၉၉] ဝိသုဒ္ဓိ၊၂၊၂၂၃။

တေဇော, ဝါယော, အဆင်း, အနံ့, အရသာ, ဩဇာ, အသက်ရှုသံ — ဆိုပြီးတော့ ရုပ်သဘောတရား (၉)မျိုးစီ ရှိကြပါတယ်။ အဲဒီ ရုပ်ကလာပ်တိုင်းမှာ ပါနေတဲ့ ဝဏ္ဏဓာတ် = ရူပါရုံ = အရောင်အဆင်းတို့ရဲ့ အပေါင်းအစုကိုပဲ နိမိတ်လို့ ခေါ်ဆိုပါတယ်။

စိတ်ကြောင့် ဖြစ်ကြတဲ့ စိတ္တဇရုပ်ကလာပ်တိုင်းမှာ တေဇောဓာတ် ပါဝင်ပါတယ်။ အဲဒီ တေဇော-ဓာတ် အပူငွေ့ကို ဥတုလို့ ခေါ်ဆိုပါတယ်။ အဲဒီ တေဇောဓာတ် ဥတုက ရုပ်ကလာပ်အသစ်အသစ်တွေကို ဆင့်ကာဆင့်ကာ အထပ်အထပ် ဖြစ်စေပါတယ်။ ခုလို အဆင့်အတန်းမြင့်မားနေကြတဲ့ သမထဘာဝနာစိတ်တွေကြောင့် ဖြစ်ပေါ်လာကြရတဲ့ စိတ္တဇရုပ်ကလာပ်တွေဟာ မွန်မြတ်တဲ့ = ပဏီတ စိတ္တဇရုပ်ကလာပ်တွေ ဖြစ်ကြပါတယ်။ ဒီပဏီတ စိတ္တဇရုပ်ကလာပ်တိုင်းမှာ ပါဝင်နေတဲ့ ဝဏ္ဏဓာတ် = ရူပါရုံတိုင်းဟာလည်း ကြည်လင်တောက်ပတဲ့သဘော ရှိပါတယ်။ အလားတူပဲ ဒီစိတ္တဇရုပ်ကလာပ်တိုင်းမှာ ပါဝင်နေတဲ့ တေဇောဓာတ် = ဥတုကြောင့် ဖြစ်ပေါ်လာတဲ့ ဥတုဇရုပ်ကလာပ်တိုင်းမှာ ပါဝင်တဲ့ ဝဏ္ဏဓာတ် = ရူပါရုံအရောင်အဆင်းကလည်း ကြည်လင်တောက်ပတဲ့သဘော ရှိပါတယ်။ ဒီစိတ္တဇရုပ်-ကလာပ်တွေနှင့် ဥတုဇရုပ်ကလာပ်တွေဟာ —"ဆန်မှုန့်နှင့် နနွင်းမှုန့်တို့ကို သမအောင် ရောစပ်ထားသကဲ့သို့" — ပေါင်းစပ်ရောထွေးပြီးတော့ ဖြစ်နေကြပါတယ်။

ဒီလို အဆင့်အတန်းမြင့်မားနေတဲ့ သမထဘာဝနာစိတ်တွေထဲမှာ စိတ္တက္ခဏ တစ်ခုတစ်ခုဟာ စိတ္တဇရုပ်ကလာပ်ပေါင်း များစွာကို ဖြစ်စေနိုင်တဲ့ စွမ်းအား ရှိပါတယ်။ အလားတူပဲ စိတ္တဇရုပ်ကလာပ်တိုင်းမှာ ပါဝင်နေတဲ့ တေဇောဓာတ် = ဥတုတိုင်းကလည်း ဥတုဇရုပ်ကလာပ်ပေါင်း များစွာကို ဖြစ်စေနိုင်တဲ့ စွမ်းအား ရှိပါတယ်။ သို့သော် စိတ်ကြောင့် ဖြစ်ပေါ်လာကြရတဲ့ စိတ္တဇရုပ်ကလာပ်တွေကတော့ ယောဂီပုဂ္ဂိုလ်ရဲ့ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်မှာသာ ပျံ့နှံ့ဖြစ်ပွားနိုင်တဲ့ စွမ်းအား ရှိကြပါတယ်။ ခန္ဓာကိုယ်ရဲ့ အပြင်ဘက် ဗဟိဒ္ဓသို့တိုင်အောင် ပျံ့နှံ့ဖြစ်ပွားနိုင်တဲ့ စွမ်းအား မရှိကြပါဘူး။ ဒါပေမဲ့ ခုလို အဆင့်အတန်းမြင့်မားနေတဲ့ သမထဘာဝနာစိတ်ကြောင့် ဖြစ်ပေါ်လာကြရတဲ့ ဒီစိတ္တဇရုပ်-ကလာပ်တိုင်းမှာ ပါဝင်နေတဲ့ တေဇောဓာတ် = ဥတုကြောင့် ဖြစ်ပေါ်လာကြတဲ့ ဥတုဇရုပ်ကလာပ်တွေကတော့ ယောဂီပုဂ္ဂိုလ်ရဲ့ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်မှာလည်း ပျံ့နှံ့ပြီးတော့ ဖြစ်ပွားနေကြတယ်၊ ခန္ဓာကိုယ်ရဲ့ အပြင်ဘက် ဗဟိဒ္ဓလောကသို့တိုင်အောင်လည်း ပျံ့နှံ့ပြီးတော့ ဖြစ်ပွားနေကြတယ်။ သမာဓိအားကောင်းလျှင် အားကောင်းသလို အဝေးသို့တိုင်အောင် ပျံ့နှံ့ပြီးတော့ ဖြစ်ပွားနေကြတယ်။

နိမိတ်ဆိုတာကတော့ ခုပြောခဲ့တဲ့ စိတ္တဇရုပ်ကလာပ်တွေမှာ ပါဝင်ကြတဲ့ ဝဏ္ဏဓာတ် = ရူပါရုံတို့ရဲ့ အရောင်အဆင်းနှင့် ယင်းဥတုဇရုပ်ကလာပ်တွေမှာ ပါဝင်ကြတဲ့ ဝဏ္ဏဓာတ် = ရူပါရုံတို့ရဲ့ အရောင်အဆင်းတွေ၏ အပေါင်းအစု အတုံးအခဲပဲ ဖြစ်ပါတယ်။ ဒါပေမဲ့ ခန္ဓာကိုယ်ရဲ့ အပြင်ဘက်လို့ ခေါ်ဆိုအပ်တဲ့ နှာသီးဖျား၏ အပြင်ဘက် အထက်နှုတ်ခမ်းအပေါ်ဝန်းကျင်တွင် တွေ့ရှိနေရတဲ့ နိမိတ်ကတော့ ယင်းစိတ္တဇရုပ်ကလာပ်တွေကို အမှီပြုပြီးတော့ ဖြစ်ပေါ်လာကြရတဲ့ ဥတုဇရုပ်ကလာပ်တို့ရဲ့ ဝဏ္ဏဓာတ် = ရူပါရုံအရောင်အဆင်းတို့ရဲ့ အစုအပုံသာ ဖြစ်ပါတယ်။ အလားတူပဲ ယောဂီပုဂ္ဂိုလ်ရဲ့ ခန္ဓာကိုယ် ဝန်းကျင်ပတ်ချာမှာ လင်းနေတဲ့ အရောင်အလင်းဟာလည်း ယင်းဥတုဇရုပ်ကလာပ်-တွေမှာ တည်ရှိကြတဲ့ ဝဏ္ဏဓာတ် = ရူပါရုံတို့ရဲ့ အရောင်အဆင်းတွေသာ ဖြစ်ကြပါတယ်။

## နိမိတ်ကို မကစားပါနှင့်

**တေသု ဟိ အာနာပါနနိမိတ္တံ တာဝ ဝဍ္ဎယတော ဝါတရာသိယေဝ ဝဍ္ဎတိ၊ ဩကာသေန စ ပရိစ္ဆိန္နံ။ ဣတိ သာဒီနဝတ္တာ ဩကာသေန စ ပရိစ္ဆိန္နတ္တာ န ဝဍ္ဎေတဗ္ဗံ။**[၅၀၀]

ဒီအာနာပါနနိမိတ်ကို တိုးပွားအောင် ပြုလုပ်ခဲ့မယ်ဆိုလျှင် လေအစုအပုံသည်သာလျှင် တိုးပွားလာမှာ ဖြစ်ပါတယ်။ အာနာပါနကမ္မဋ္ဌာန်းကို ဝင်လေ-ထွက်လေ ထိမှုထင်ရှားရာ နေရာမှာ သတိကိုထားပြီးတော့ ပွားများရမည်လို့ ယင်းအာနာပါနကမ္မဋ္ဌာန်းကို နေရာဖြင့်လည်း ပိုင်းခြားထားတယ်။ ဒီလို လေအစုအပုံသာ တိုးပွားခြင်းဆိုတဲ့ အပြစ်ရှိသည့်အတွက်ကြောင့်လည်း တစ်ကြောင်း, ထိမှုထင်ရှားရာ နေရာမှာသာ ရှုရမယ်လို့ နေရာဖြင့် ပိုင်းခြားသတ်မှတ်ထားတာကလည်း တစ်ကြောင်း ဒီအကြောင်းတွေကြောင့် အာနာပါနနိမိတ်ကို တိုးပွားအောင် မပြုလုပ်ပါနှင့်လို့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ-က ညွှန်ကြားထားပါတယ်။

ဒီစည်းမျဉ်းဥပဒေသမှာလည်း ရိုသေစွာ ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ လိုက်နာရမည့် စည်းမျဉ်းဥပဒေသတစ်ခုပင် ဖြစ်ပါတယ်။ ဒါ့ကြောင့် ယောဂီပုဂ္ဂိုလ်ဟာ ဒီအာနာပါနနိမိတ်ကို ကြီးအောင် သေးအောင် ရှည်အောင် တိုအောင် ဝေးအောင် နီးအောင် ဖြူအောင် ဝါအောင် နီအောင် ပြာအောင် စသည် ဖြစ်အောင် မကြိုးစားပါနှင့်။ ဒီလိုကြိုးစားနေခဲ့မယ်ဆိုလျှင် မိမိ အလိုရှိနေတဲ့ အာနာပါနစျာန်-သို့ကား ရောက်ရှိနိုင်မှာ မဟုတ်ပေ။ မယုံကြည်လျှင် လက်တွေ့ စမ်းသပ်ကြည့်ပါ။ ယောဂီကိုယ်တိုင် သိရှိနိုင်ပါလိမ့်မည်။

## နိမိတ်အမျိုးမျိုး

ဒီအာနာပါနနိမိတ်ဟာ ယောဂီအားလုံးတို့မှာ တစ်ထပ်တည်း တူညီကြတာတော့ မဟုတ်ဘူး၊ နိမိတ်အမျိုးမျိုးတော့ ပေါ်တတ်တယ်။ အချို့သော ယောဂါဝစရပုဂ္ဂိုလ်အား ချမ်းသာသော အတွေ့ကို ဖြစ်စေလျက် —

၁။ လဲဝါဂွမ်းကဲ့သို့ (ဥဂ္ဂဟနိမိတ်)
၂။ ဗိုင်းဝါဂွမ်းကဲ့သို့ (ဥဂ္ဂဟနိမိတ်)
၃။ လေအလျဉ်ကဲ့သို့ (ဥဂ္ဂဟနိမိတ်)
၄။ သောက်ရှူးကြယ်ရောင်ကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)
၅။ ပတ္တမြားလုံးကဲ့သို့ (ပဋိဘာဂနိမိတ်)
၆။ ပုလဲလုံးကဲ့သို့ (ပဋိဘာဂနိမိတ်) ထင်လာတတ်၏။

အချို့သော ယောဂါဝစရပုဂ္ဂိုလ်အား ကြမ်းသော အတွေ့ရှိသည်ဖြစ်၍ —

၇။ ဝါရိုးကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)
၈။ သစ်သားနှစ်တံကျင်ကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်) ထင်လာတတ်တယ်။

---

[၅၀၀] ဝိသုဒ္ဓိ၊၁၊၁၀၉။

အချို့သော ယောဂါဝစရပုဂ္ဂိုလ်အား —

၉။ ရှည်စွာသော ဆောက်လုံးကြိုးမျှင်ကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)
၁၀။ ပန်းဆိုင်းကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)
၁၁။ မီးခိုးညွှန့်ကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)
၁၂။ ကျယ်ပြန့်သော ပင့်ကူချည်မျှင်ကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)
၁၃။ တိမ်တိုက်လွှာကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)
၁၄။ ပဒုမ္မာကြာပွင့်ကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)
၁၅။ ရထားဘီးစက်ကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)
၁၆။ လဝန်းကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်)
၁၇။ နေဝန်းကဲ့သို့ (ဥဂ္ဂဟနိမိတ်+ပဋိဘာဂနိမိတ်) ထင်လာတတ်တယ်။[၅၀၁]

တစ်ခုတည်းသာလျှင်ဖြစ်တဲ့ တစ်မျိုးတည်းသာလျှင်ဖြစ်တဲ့ ဒီအာနာပါနကမ္မဋ္ဌာန်းဟာ နိမိတ်မထင်မီ နိမိတ်ထင်သည်မှ ရှေးမဆွက ဖြစ်ကုန်တဲ့ သညာတွေရဲ့ ထူးထွေကွဲလွဲတဲ့ သဘောရှိတဲ့အတွက်ကြောင့် = တစ်ဦးနှင့် တစ်ဦး တစ်ချိန်နှင့် တစ်ချိန် မတူညီဘဲ သညာတွေရဲ့ ထူးထွေကွဲပြားမှုရှိတဲ့အတွက်ကြောင့် နိမိတ်အမျိုးမျိုး ထင်လာခြင်း ဖြစ်တယ်။ ဒီအာနာပါနနိမိတ်ဟာ အာနာပါနဿတိသမာဓိဘာဝနာသညာကြောင့် ဖြစ်ပေါ်လာရတယ်။ ဘာဝနာသညာဖြင့် မှတ်အပ်ကြံဆအပ်ကာမျှ ဖြစ်တယ်။ ဘာဝနာသညာဆိုတဲ့ အကြောင်းရင်း ရှိတယ်။ ဘာဝနာသညာဆိုတဲ့ အမွန်အစ ရှိတယ်။ ဒါ့ကြောင့် ဘာဝနာသညာ ထူးထွေကွဲပြားမှုရှိတဲ့အတွက်ကြောင့် နိမိတ်အမျိုးမျိုး ထင်လာရခြင်း ဖြစ်ပေတယ်။[၅၀၂]

အာနာပါနဿတိသမာဓိဘာဝနာဟာ ရင့်ကျက်လာတဲ့အခါ နိမိတ်မပေါ်မီ ယောဂါဝစရပုဂ္ဂိုလ်ရဲ့သန္တာန်မှာ နိမိတ်နှင့် ပတ်သက်ပြီးတော့ တစ်ဆင့်ကြားဖူးလို့ဖြစ်စေ, စာပေကို ဖတ်ဖူးလို့ဖြစ်စေ "ဒီလို နိမိတ် - ဒီလို နိမိတ်" စသည်ဖြင့် နိမိတ်နှင့် ပတ်သက်တဲ့ အယူအဆ အတွေးအခေါ်များ အမှတ်သညာများဟာ ရံခါ ကြိုးကြားကြိုးကြား ဖြစ်ပေါ်တတ်ပါတယ်။ ဒီအမှတ်သညာတို့ရဲ့ ထူးထွေကွဲပြားမှုကြောင့် နိမိတ်အမျိုးမျိုး ပုံသဏ္ဌာန်အမျိုးမျိုး အရောင်အမျိုးမျိုး ဖြစ်ပေါ်လာရခြင်း ဖြစ်တယ်။ နိမိတ်ပေါ်လာပြီး နောက်ပိုင်းမှာလည်း ဘာဝနာသညာက ထပ်မံပြီးတော့ ကွဲပြားနေပြန်လျှင်လည်း နိမိတ်မှာ ပုံသဏ္ဌာန်အမျိုးမျိုး အရောင်အမျိုးမျိုး ပြောင်းလဲနေတတ်ပါတယ်။ ဒီလို အပြောင်းအလဲများနေပါက ဈာန်သမာဓိသို့ ရောက်ရှိဖို့ရန် များစွာ အခက်အခဲ ရှိနိုင်ပါတယ်။

ဒါ့ကြောင့် ယောဂီပုဂ္ဂိုလ်ဟာ နိမိတ်နှင့် ပတ်သက်တဲ့ အမှတ်သညာများကို နည်းနိုင်သမျှ နည်းအောင် ကြိုးစားပါ။ နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းတွင် ကပ်၍ ပေါ်နေတဲ့ နိမိတ်မှာသာ

---

[၅၀၁] ဝိသုဒ္ဓိ၊၁၊၂၇၇။

[၅၀၂] သညဇဥ္စိ ဧတံ သညာနိဒါနံ သညာပဘဝံ။ တသ္မာ သညာနာနတာယ နာနတော ဥပဋ္ဌာတီတိ ဝေဒိတဗ္ဗံ။ (ဝိသုဒ္ဓိ၊၁၊၂၇၇။)

**သညာနာနတာယာ**တိ နိမိတ္တုပဋ္ဌာနတော ပုဗ္ဗေ ပဝတ္တသညာနံ နာနာဝိဓဘာဝတော။ (မဟာဋီ၊၁၊၃၃၅။)

ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ပြီးတော့ တည်နေအောင် ကြိုးစားပါ။ ရေပြည့်နေတဲ့ ဖန်ခွက်တစ်ခု အတွင်းသို့ ပတ္တမြားတစ်လုံးကို သို့မဟုတ် ပုလဲတစ်လုံးကို နှစ်ထားသလို နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းတွင် ကပ်ပြီးတော့ တည်နေတဲ့ နိမိတ်အတွင်းမှာသာ ဘာဝနာစိတ်ကို နှစ်ထားပါ။ ဒီနိမိတ်ကိုသာ စူးစူးစိုက်စိုက် မြဲမြဲမြံမြံ ရှုနေပါ။ တစ်နာရီ နှစ်နာရီ စသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်ပြီးတော့ တည်နေအောင် ကြိုးစားအားထုတ်ပါ။

## ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ်

များသောအားဖြင့်တော့ ဝါဂွမ်းစိုင်လို ဆွတ်ဆွတ်ဖြူနေတဲ့ နိမိတ်မှာ ဥဂ္ဂဟနိမိတ် ဖြစ်တယ်။ ဥဂ္ဂဟနိမိတ်ကတော့ မကြည်ပါဘူး။ ဆွတ်ဆွတ်ဖြူရာမှ သောက်ရှူးကြယ်လို တောက်ပနေတဲ့, ဖန်တုံး မှန်တုံးလို အလွန်ကြည်လင်တောက်ပနေတဲ့ နိမိတ်ကတော့ ပဋိဘာဂနိမိတ် ဖြစ်ပါတယ်။ ပတ္တမြားလုံးလို ထင်လာရာမှာ မကြည်တဲ့ပတ္တမြားလုံးလို နိမိတ်ကတော့ ဥဂ္ဂဟနိမိတ် ဖြစ်ပါတယ်၊ ကြည်လင်တောက်ပနေတဲ့ ပတ္တမြားလုံးလို နိမိတ်ကတော့ ပဋိဘာဂနိမိတ် ဖြစ်ပါတယ်။ ကြွင်းကျန်တဲ့ အရောင်နိမိတ်တွေမှာလည်း ပုံစံတူပဲ သဘောပေါက်ပါ။

ဒီနိမိတ်အမျိုးမျိုးတွေထဲမှာ အမှတ် (၁၁)အဖြစ် ဖော်ပြထားတဲ့ နိမိတ်မှာ မီးခိုးညွန့်လို နိမိတ် ဖြစ်ပါတယ်။ အဲဒီနိမိတ်မှာ ညစ်ထပ်ထပ် မီးခိုးရောင်နိမိတ်တွေကတော့ ပရိကမ္မနိမိတ် ဖြစ်တယ်။ ဝါဂွမ်းစိုင်လို ဆွတ်ဆွတ်ဖြူနေတဲ့ မီးခိုးညွန့်ရောင်နိမိတ်ကတော့ ဥဂ္ဂဟနိမိတ် ဖြစ်တယ်။

ဒီနိမိတ်တွေ ပေါ်လာတဲ့အခါမှာ ဆင်စွယ်လို ပုံသဏ္ဌာန်ဖြင့် နှာသီးဝမှ စပြီးတော့ အပြင်ဘက်သို့ အတန်းလိုက် ပေါ်လာတဲ့အခါ အဲဒီနိမိတ်နောက်သို့ စိတ်ကို မလိုက်ဘဲ နှာသီးဝနှင့် အနီးကပ်ဆုံးနေရာမှာ တည်ရှိနေတဲ့ နိမိတ်အတွင်းမှာသာ ဘာဝနာစိတ်ကို သွတ်သွင်းထားပါ၊ စိုက်ကြည့်နေပါ။ အတွင်းဘက်သို့ အချောင်းလိုက် တည်ရှိရာ၌လည်း အတွင်းဘက်သို့ လိုက်မကြည့်ဘဲ နှာသီးဝနှင့် အနီးကပ်ဆုံးနေရာမှာ တည်ရှိတဲ့ နိမိတ်မှာသာ စိတ်ကပ်ထားပါ။ ဒီနိမိတ်အားလုံးကို သိတန်သလောက် သိမှုကား ရှိကောင်း ရှိနိုင်ပါတယ်။ သို့သော် နှာသီးဝတွင် ကပ်နေတဲ့ နိမိတ်အတွင်းမှာသာ ဘာဝနာစိတ်နစ်မြုပ်နေဖို့သာ လိုရင်းဖြစ်တယ်။ ဒီနိမိတ်ရဲ့အတွင်းမှာ ဘာဝနာစိတ်ဟာ တစ်နာရီ နှစ်နာရီ စသည်ဖြင့် ထိုင်တိုင်းလိုလို ငြိမ်ဝပ်စွာ ကပ်ပြီးတော့ တည်လာပါက နိမိတ်မှာလည်း တစ်စ တစ်စ တဖြည်းဖြည်း ကြည်လင်သည်ထက် ကြည်လင်, တောက်ပသည်ထက် တောက်ပလာပါလိမ့်မည်။ အထူးကြည်လင်တောက်ပလာတဲ့ နိမိတ်ကတော့ ပဋိဘာဂနိမိတ် ဖြစ်ပါတယ်။

## အချို့ယောဂီများ၌ ဖြစ်တတ်ပုံ သဘာဝတစ်ခု

အချို့ယောဂီပုဂ္ဂိုလ်တွေမှာ ပကတိ ဝင်သက်လေ-ထွက်သက်လေကို ရှုနေလိုက်လို့ သမာဓိက အလွန်အားကောင်းလာတဲ့အခါမှာဖြစ်စေ, ခုလို နိမိတ်ပေါ်လာတဲ့အခါမှာ အာနာပါနပဋိဘာဂနိမိတ် အာရုံအပေါ်မှာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ပြီး တည်နေအောင် ကြိုးစားတဲ့အပိုင်းမှာဖြစ်စေ ခန္ဓာကိုယ်ကြီးကို မတွေ့တော့ဘဲ, နှာသီးဖျား အထက်နှုတ်ခမ်းဆိုတဲ့ ဝင်သက်လေ-ထွက်သက်လေ

ထိတဲ့နေရာကိုလည်း မတွေ့တော့ဘဲ အာကာသလေဟာပြင်ထဲမှာ ဝင်သက်လေ-ထွက်သက်လေနှင့် ရှုနေတဲ့ အသိစိတ်ကလေးသာ ရှိတော့တာကို တွေ့နေတတ်တယ်။ နိမိတ်ပေါ်နေလျှင်လည်း နိမိတ်နှင့် ရှုနေတဲ့ ဘာဝနာစိတ်ကလေးသာ လေဟာပြင်ထဲမှာ တည်ရှိနေတာကို တွေ့မြင်နေတတ်ပါတယ်။ အဲဒီအခါမျိုးမှာ ယောဂီပုဂ္ဂိုလ်တချို့က ဝင်သက်လေ-ထွက်သက်လေရဲ့ ထိမှုထင်ရှားရာ နေရာဆိုတဲ့ နှာသီးဖျား အထက်နှုတ်ခမ်းတွေကို လိုက်လိုက်ပြီးတော့ ရှာဖွေနေတတ်ကြပါတယ်။ အလားတူပဲ နိမိတ်တည်ရှိရာ နေရာကိုလည်း လိုက်လိုက်ပြီးတော့ ရှာဖွေနေတတ်ကြပါတယ်။ အဲဒီလို ရှာဖွေနေမယ်ဆိုလျှင် တဖြည်းဖြည်း သမာဓိမှာ ပျက်ပြားသွားတတ်ပါတယ်။ ဒါကြောင့် အဲဒီအခါမျိုးမှာ ဝင်သက်လေ-ထွက်သက်လေ ထိမှုထင်ရှားရာ နေရာကို လိုက်ပြီးတော့ မရှာဖွေဘဲ လေဟာပြင်ထဲမှာ တည်ရှိနေတဲ့ ဝင်သက်လေ-ထွက်သက်လေအာရုံမှာပဲ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ပြီးတော့ တည်နေအောင်သာ ကြိုးစားပါ။ အလားတူပဲ အကယ်၍ အာနာပါနနိမိတ်ပေါ်နေလျှင်လည်း ဒီ အာနာပါနပဋိဘာဂနိမိတ်အာရုံမှာပဲ ဘာဝနာစိတ်ကို ငြိမ်ဝပ်သထက် ငြိမ်ဝပ်စွာ ကပ်ပြီးတော့ တည်နေအောင်သာ ဆက်လက် ကြိုးစားနေပါ။ အဲဒီအချိန်အခါမှာ ခန္ဓာကိုယ်ကို ရှာမတွေ့တော့ဘဲ ဝင်သက်လေ-ထွက်သက်လေကိုသာ တွေ့နေမည်ဆိုလျှင် သို့မဟုတ် အာနာပါနပဋိဘာဂနိမိတ်ကို သာ တွေ့နေမည်ဆိုလျှင် ပိုပြီးတော့ ကောင်းပါတယ်။ ဘာကြောင့်လဲ? ယောဂီပုဂ္ဂိုလ်ဟာ အဲဒီလို အခါမျိုးမှာ မပင်မပန်းဘဲ မနာမကျင်ဘဲ ခပ်ကြာကြာ ထိုင်နိုင်ပါတယ်။ နှစ်နာရီ သုံးနာရီလောက်ကို သက်သက်သာသာနဲ့ ထိုင်ပြီးတော့ ဆက်လက် ရှုပွားနေနိုင်ပါတယ်။

ဒီလို ပဋိဘာဂနိမိတ် ထင်သည့်အခါမှ စပြီးတော့ ယောဂါဝစရပုဂ္ဂိုလ်ရဲ့သန္တာန်မှာ နီဝရဏ ကိလေသာအညစ်အကြေးတွေဟာ ခွာအပ်ပြီးသာလျှင် ဖြစ်ကုန်တယ်။ နီဝရဏမှ ကြွင်းတဲ့ ကိလေသာတွေဟာလည်း အနည်ထိုင်သွားကြမှာ ဖြစ်တယ်။ အာနာပါနဿတိဟာလည်း ဒီအာနာပါနပဋိဘာဂနိမိတ်အာရုံမှာ ရှေးရှုတည်နေသည်သာ, ကပ်ပြီးတော့ တည်နေသည်သာ ဖြစ်ပါလိမ့်မယ်။ ဘာဝနာစိတ်ဟာ ဥပစာရသမာဓိဖြင့် အာနာပါနပဋိဘာဂနိမိတ်အာရုံမှာ ကောင်းစွာ တည်နေသည် သာလျှင် ဖြစ်ပါလိမ့်မယ်။[၁၀၊]

---

[၁၀၊] ဝိသုဒ္ဓိ၊၁၊၂၇၈။

[**သတိပြုရန်** — ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်ဆိုတဲ့ နှစ်ဆင့်လုံးမှာ နိမိတ်နှစ်မျိုးလုံးတို့ဟာ ခိုင်ခံ့လာတဲ့အတွက် လေနှင့် နိမိတ်တို့ဟာ တစ်သားတည်းဖြစ်လာပြီးတော့ နိမိတ်မှာပဲ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ပြီးတော့ တည်နေအောင် ကြိုးစားအားထုတ်တဲ့အပိုင်းမှာ . . . နိမိတ်ကို ကြည့်လိုက်, ဝင်သက်လေ-ထွက်သက်လေကို ကြည့်လိုက် — ဒီလို မပြုလုပ်ပါနှင့်။ ဝင်သက်လေ-ထွက်သက်လေကို လုံးဝ မကြည့်တော့ဘဲ အာနာပါနနိမိတ်မှာသာ ဘာဝနာစိတ်ကို တစ်ဖက်သတ် စိုက်ရှုနေပါ။ အကယ်၍ နိမိတ်က ပျောက်ပျက်သွားခဲ့သော် အဲဒီအခါမှာ ဝင်သက်လေ-ထွက်သက်လေကို တစ်ဖန် ပြန်ရှုပါ။ တစ်ဖန် နိမိတ်ပြန်ပေါ်လာပြီးတော့ နိမိတ်က ခိုင်ခံ့လာတဲ့အခါ နိမိတ်ကိုသာ တစ်ဖန် ပြန်ပြီးတော့ ရှုနေပါ။ ဒီနည်းအတိုင်း လေ့ကျင့်ခဲ့မည်ဆိုလျှင် နိမိတ်လည်း ခိုင်လာပြီးတော့ တဖြည်းဖြည်း ဥပစာရသမာဓိသို့လည်း ဆိုက်လာမှာ ဖြစ်တယ်။ လေနှင့် နိမိတ် နှစ်မျိုးလုံးကို ဂရုစိုက်နေပါက ကြည့်နေပါက သမာဓိမှာ မစူးရှဘဲသော်လည်း ရှိတတ်တယ်၊ လျှော၍သော်လည်း ကျသွားတတ်ပါတယ်။ သတိရှိပါစေ။]

အဲဒီအခါမှာ ယောဂါဝစရပုဂ္ဂိုလ်ဟာ ဒီအာနာပါနနိမိတ်ကို ဝါဂွမ်းစိုင် သောက်ရှူးကြယ် စသည်တို့မှာလို ထင်လာတဲ့ အဖြူရောင် စတဲ့ အရောင်အဆင်းအားဖြင့်လည်း နှလုံးမသွင်းပါနှင့်၊ သဘာဝလက္ခဏာ, သာမညလက္ခဏာအားဖြင့်လည်း နှလုံးမသွင်းပါနှင့်။[၅၀၄]

စင်စစ်သော်ကား ခတ္တိယမဟေသီ မိဖုရားခေါင်ကြီးဟာ စကြဝတေးမင်းလောင်းကိုယ်ဝန်ကို (ဖန်ပေါင်းချောင်အတွင်းမှာ တည်နေသလို မြင်တွေ့နေရတဲ့အတွက် မပျက်စီးအောင်) စောင့်ရှောက်သလို ဒီနိမိတ်ကို စောင့်ရှောက်ရမှာ ဖြစ်တယ်။ လယ်သမားဟာ သလေးမုယောစပါးဖုံးကို စောင့်ရှောက်သလို ဒီအာနာပါနပဋိဘာဂနိမိတ်ကို စောင့်ရှောက်ပါ။ ဒီပဋိဘာဂနိမိတ်ကိုပင် ကြိမ်ဖန်များစွာ ထပ်ကာထပ်ကာ နှလုံးသွင်းပါ။ ဒီလို နှလုံးသွင်းခြင်းဖြင့် ဒီဥပစာရသမာဓိကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ပါ။ ဝီရိယနှင့် သမာဓိ, သဒ္ဓါနှင့် ပညာတို့ကို ညီမျှအောင် သတိဖြင့် ထိန်းကွပ်လျက် ဣန္ဒြေ (၅)ပါးညီမျှအောင် ကြိုးစားပါ။ ဒီလို ကြိုးစားအားထုတ်ခဲ့မည်ဆိုလျှင် ဒီအာနာပါနပဋိဘာဂနိမိတ်အာရုံမှာ စတုက္ကစျာန် ပဉ္စကစျာန်တွေဟာ ဖြစ်ပေါ်လာကြမှာ ဖြစ်ပါတယ်။[၅၀၅]

## ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၏ မိန့်ဆိုချက်

အချို့ဆရာမြတ်တို့ကား အာနာပါန သမထပိုင်းဆိုင်ရာ ကျင့်စဉ်ပိုင်း၌ စျာန်ရရှိဖို့ရန်အတွက် နိမိတ်မလိုဟု ဆိုကြပြန်၏။ ထိုဆရာမြတ်တို့၏ အကြောင်းပြချက်ကား — ဘုရားရှင်သည် အာနာပါန ကျင့်စဉ်ပိုင်း၌ နိမိတ်နှင့် ပတ်သက်လို့ ဟောကြားချက်မရှိ၊ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ၏ အယူအဆမျှသာ ဖြစ်သည်ဟု ဆိုကြပြန်၏။ သို့သော် ဘုရားရှင်၏ တရားတော်များကို အတုလိုက်ကာ လည်ပတ်တော်မူစေနိုင်သည့် စွမ်းအားရှိခြင်းကြောင့် ပညာအရာတွင် ဧတဒဂ်ဘွဲ့ထူးကို ဆင်မြန်းတော်မူသည့် လက်ျာရံ အဂ္ဂသာဝက ဖြစ်တော်မူသည့် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက မိမိရဲ့ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီးတွင် ဒီလို မိန့်ဆိုထားတော်မူခဲ့ပါတယ်။

**နိမိတ္တံ အဿာသပဿာသာ၊ အနာရမ္မဏမေကစိတ္တဿ။**
**အဇာနတော စ တယော ဓမ္မေ၊ ဘာဝနာနုပလဗ္ဘတိ။**

**နိမိတ္တံ အဿာသပဿာသာ၊ အနာရမ္မဏမေကစိတ္တဿ။**
**ဇာနတော စ တယော ဓမ္မေ၊ ဘာဝနာ ဥပလဗ္ဘတီတိ။**[၅၀၆]

**ဧတ္ထ စ အညမေဝ အဿာသာရမ္မဏံ စိတ္တံ၊ အညံ ပဿာသာရမ္မဏံ၊ အညံ နိမိတ္တာရမ္မဏံ။ ယဿ ဟိ ဣမေ တယော ဓမ္မာ နတ္ထိ၊ တဿ ကမ္မဋ္ဌာနံ နေဝ အပ္ပနံ၊ န ဥပစာရံ ပါပုဏာတိ။ ယဿ ပန ဣမေ တယော ဓမ္မာ အတ္ထိ၊ တဿေဝ ကမ္မဋ္ဌာနံ ဥပစာရဉ္စ အပ္ပနဉ္စ ပါပုဏာတိ။**[၅၀၇]

ဒီပါဠိတော်ရဲ့ ဆိုလိုရင်းကိုပဲ ပြောကြရအောင် —

အာနာပါနကျင့်စဉ်ကို ဘုရားရှင် ဟောကြားတော်မူသည့်အတိုင်း ကျင့်ကြံကြိုးကုတ် ပွားများအား

---

[၅၀၄], [၅၀၅] ဝိသုဒ္ဓိ၊၁၊၂၇၈။ [၅၀၆] ပဋိသံ၊၁၊၁၆၉။ [၅၀၇] ဝိသုဒ္ဓိ၊၁၊၂၇၇။

ထုတ်လိုက်တဲ့အခါ အားထုတ်စမှာတော့ ယောဂီပုဂ္ဂိုလ်က ခုပြောနေတဲ့ နိမိတ်မျိုးတွေကို မတွေ့သေးပါဘူး။ အားထုတ်စပုဂ္ဂိုလ်ဟာ နှာသီးဖျားနိမိတ် (နာသိကဂ္ဂနိမိတ္တ) သို့မဟုတ် အထက်နှုတ်ခမ်းနိမိတ် (မုခနိမိတ္တ)ဆိုတဲ့ နိမိတ်နေရာမှာပဲ လာလာထိနေတဲ့ ဝင်သက်လေ-ထွက်သက်လေကို အာရုံယူပြီးတော့ အာနာပါနကမ္မဋ္ဌာန်းကို ပွားများအားထုတ်ရပါတယ်။ အဲဒီလို ပွားများအားထုတ်တဲ့အခါမှာ –

၁။ **နိမိတ်** – ဆိုတာကတော့ နှာသီးဖျားနိမိတ် သို့မဟုတ် အထက်နှုတ်ခမ်းနိမိတ်ကို ဆိုလိုပါတယ်။

၂။ **အဿာသ** – ဆိုတာကတော့ ဝင်သက်လေကို ဆိုလိုပါတယ်။

၃။ **ပဿာသ** – ဆိုတာကတော့ ထွက်သက်လေကို ဆိုလိုပါတယ်။

အားထုတ်စပုဂ္ဂိုလ်အဖို့ – နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းဆိုတဲ့ နိမိတ်ကို သိတဲ့စိတ်က တစ်မျိုး ဖြစ်ပါတယ်၊ အဿာသကို သိတဲ့စိတ်က တစ်မျိုး ဖြစ်ပါတယ်၊ ပဿာသကို သိတဲ့စိတ်က တစ်မျိုး ဖြစ်ပါတယ်။ စိတ်တစ်ခုတည်းက ဒီ (၃)မျိုးလုံးကို ပြိုင်တူ မသိနိုင်ပါဘူး။ သို့သော် ဒီ (၃)မျိုးလုံးကို တစ်ခုတည်းသော စိတ်က မသိရှိခဲ့ပါမူ ဥပစာရသမာဓိသို့လည်းကောင်း, အပ္ပနာစျာန်သမာဓိသို့လည်းကောင်း မဆိုက်ရောက်နိုင်ပေ။

ဒါပေမဲ့ ယောဂါဝစရပုဂ္ဂိုလ်က နှာသီးဖျား သို့မဟုတ် အထက်နှုတ်ခမ်းဆိုတဲ့ ဒီနိမိတ်မှာ လာရောက်ထိထိနေတဲ့ ဝင်သက်လေ-ထွက်သက်လေကို ရှည်လည်း ရှည်တဲ့အတိုင်း သိအောင်, တိုလည်း တိုတဲ့အတိုင်း သိအောင်, ဝင်သက်လေ-ထွက်သက်လေရဲ့ အစ-အလယ်-အဆုံး = အကုန်လုံးကို ထင်ထင်ရှားရှား သိအောင်, ဝင်သက်လေ-ထွက်သက်လေကို သိမ်မွေ့ရာမှ တစ်ဆင့် ချုပ်ငြိမ်းသည်အထိ – အဆင့်ဆင့် သမာဓိကို ထူထောင်ကာ ကျင့်နိုင်တဲ့အခါမှာ သမာဓိအားကောင်းလာတဲ့အခါ ပကတိသော ဝင်လေ-ထွက်လေရဲ့ အရောင်အဆင်းဆိုတဲ့ နိမိတ်အပေါ်မှာ ဘာဝနာစိတ်က ငြိမ်ဝပ်စွာ ကပ်ပြီးတော့ တည်ရှိနေပါတယ်။ အဲဒီနိမိတ်ကိုပဲ အာရုံယူကာ သမာဓိကို ဆက်လက် ထူထောင်လိုက်တဲ့အခါ နိမိတ်မှာ သောက်ရှူးကြယ် သောကြာကြယ်ကဲ့သို့ ကြည်လင်တောက်ပနေတဲ့ ပဋိဘာဂနိမိတ်အဆင့်သို့ ရောက်ရှိသွားပါတယ်။ အဲဒီအချိန်အခါမှာ –

၁။ **နိမိတ်** – ဟူသည်မှာ ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်ပဲ ဖြစ်ပါတယ်။

၂။ **အဿာသ = ဝင်သက်လေ** – ဟူသည်မှာ ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂ-နိမိတ်ပဲ ဖြစ်ပါတယ်။

၃။ **ပဿာသ = ထွက်သက်လေ** – ဟူသည်မှာ ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂ-နိမိတ်ပဲ ဖြစ်ပါတယ်။

အဲဒီအချိန်အခါမှာ တစ်ခုတည်းသော ဘာဝနာစိတ်က – နိမိတ်, အဿာသ, ပဿာသဆိုတဲ့ (၃)ခုကို တစ်ပြိုင်နက်တည်း သိရှိနေပါတယ်။ ဒီ (၃)မျိုးလုံးကို တစ်ခုတည်းသော စိတ်က ပြိုင်တူ တစ်ပြိုင်နက်တည်း သိရှိခဲ့မယ်ဆိုလျှင် ဥပစာရသမာဓိသို့လည်း ဆိုက်ရောက်နိုင်တယ်။ အပ္ပနာစျာန်သမာဓိသို့လည်း ဆိုက်ရောက်နိုင်တယ် – ဒါကတော့ အထက်မှာ တင်ပြထားတဲ့ ပဋိသမ္ဘိဒါမဂ္ဂ

ပါဠိတော်နှင့် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတို့ရဲ့ ဆိုလိုရင်း ဖြစ်ပါတယ်။

အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီး၏ ဟောကြားတော်မူချက်အရ နိမိတ်ဆိုတာ အာနာပါန ကျင့်စဉ်မှာ ထင်ရှားရှိနေပါတယ်။ ဒီလိုထင်ရှားရှိနေတဲ့အတွက်ကြောင့် ပါရာဇိကဏ်အဋ္ဌကထာ, ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာတို့က အာနာပါနကျင့်စဉ်မှာ နိမိတ်ထင်ရှားရှိတဲ့အကြောင်းကို ဖွင့်ဆိုထားတော်-မူကြခြင်း ဖြစ်ကြပါတယ်။

**ပထမဈာန်သမာဓိ**

ဒီလိုကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်ကို အာရုံယူပြီးတော့ သမာဓိကို ဆက်လက်ထူထောင်မှုကို အဆက်မပြတ် လေ့ကျင့်လိုက်တဲ့ အချိန်အခါမှာ ဘာဝနာသမာဓိက ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်အာရုံအပေါ်မှာ ငြိမ်ဝပ်စွာ ကပ်ပြီး တည်နေပြီ ဆိုလျှင်တော့ အဓိဋ္ဌာန်တစ်ခုကိုတော့ ပြုလုပ်ပါ။ ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂ နိမိတ်အာရုံအပေါ်၌ ဘာဝနာစိတ်သည် တစ်နာရီ ငြိမ်ဝပ်စွာ ကပ်တည်နေပါစေ၊ တစ်မိနစ် ငြိမ်ဝပ်စွာ ကပ်တည်နေပါစေ — စသည်ဖြင့် အဓိဋ္ဌာန်ပြုပါ။ တစ်နာရီအဓိဋ္ဌာန်ရင် တစ်နာရီ, တစ်မိနစ်အဓိဋ္ဌာန် ရင် တစ်မိနစ် ရပြီ၊ နှစ်နာရီအဓိဋ္ဌာန်ရင် နှစ်နာရီ ရပြီ၊ အဓိဋ္ဌာန်တဲ့အတိုင်း အောင်မြင်မှု ရှိနေပြီဆိုရင် တော့ ထိုအချိန်အခါမှာ ထိုယောဂီပုဂ္ဂိုလ်က ဈာန်အင်္ဂါကို ဆင်ခြင်လို့ရပြီ။

အားထုတ်စပုဂ္ဂိုလ်သည် ဈာန်အင်္ဂါဆင်ခြင်မှု နည်းပါစေ၊ ဝင်စားမှု များပါစေလို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် မဟာဋီကာ[၅၀၈]တို့က သတ်မှတ်ပေးထားကြတယ်။ အားထုတ်စဖြစ်တဲ့ အခုလို နိမိတ် ရစပုဂ္ဂိုလ်က နိမိတ်အပေါ်မှာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာကပ်ပြီး တစ်နာရီ, နှစ်နာရီ စသည်ဖြင့် တည်နေအောင် လေ့ကျင့်ပေးရတယ်၊ အဲဒီလို လေ့ကျင့်တဲ့လုပ်ငန်းကို 'စိုက်စိုက်စူးစူး အထူးမြဲမြဲ ရှုအားသန် ဈာန်ဟုခေါ်သတတ်' — ဒီလို လယ်တီဆရာတော်ဘုရားက မိန့်ဆိုထားတယ်၊ အာရမ္မ-ဏူပနိဇ္ဈာနဈာန်လို့ ခေါ်ပါတယ်။ အလွန်ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်အာရုံ ကို စိုက်စိုက်စူးစူးနှင့် မြဲမြဲမြံမြံ တည်တံ့နေအောင် စိတ်ကလေးကို ကပ်ပြီး တည်နေအောင် ရှုနေတဲ့ လုပ်ငန်းဖြစ်လို့ ဒါကို ဈာန်လို့ ခေါ်တယ်။

မြေလျှိုး မိုးပျံနေတာကို ဈာန်လို့ခေါ်တာ မဟုတ်ဘူး၊ မြေလျှိုး မိုးပျံတဲ့ လုပ်ငန်းကတော့ အဘိညာဏ်နှင့် ဆိုင်တယ်၊ အဲဒါက အဘိညာဏ်ပိုင်း။ အခု ပြောနေတာက ဈာန်ပိုင်းပဲ။ အဲဒီတော့ ဈာန်ဝင်စားမှုများရမယ်၊ ဈာန်အင်္ဂါကို ဆင်ခြင်တာ နည်းရမယ်။ ဒီတော့ ဒီအာနာပါနပဋိဘာဂနိမိတ်-အာရုံမှာ အနည်းဆုံး လေး ငါး ဆယ်ထိုင်လောက် ဘာဝနာစိတ်က အဓိဋ္ဌာန်တဲ့အတိုင်း တစ်နာရီ အဓိဋ္ဌာန်ရင် တစ်နာရီ, နှစ်နာရီ အဓိဋ္ဌာန်ရင် နှစ်နာရီ ငြိမ်ဝပ်စွာ ကပ်ပြီး တည်နေပြီဆိုရင်တော့ ထိုပုဂ္ဂိုလ်ဟာ ဈာန်အင်္ဂါကို ဆင်ခြင်နိုင်တယ်။ သို့သော် မှတ်ကျောက်တစ်ခုကတော့ အဲဒီအာနာပါန ပဋိဘာဂနိမိတ်မှာ တစ်နာရီ အဓိဋ္ဌာန်ပြီး တစ်နာရီ ထိုင်လိုက်လို့ တစ်နာရီလုံး စိတ်က ကပ်နေတယ်

[၅၀၈] ဝိသုဒ္ဓိ၊၁၊၁၄၈။ မဟာဋီ၊၁၊၁၇၈။

ဆိုရင် အဲဒီအချိန်မှာ မိမိက ဘေးအသံတွေကို ကြား-မကြား နည်းနည်း အကဲခတ်ကြည့်ပါ။

ကြားနေသေးတယ်ဆိုရင်တော့ ဒီဈာန်သည် ဆက်တိုက် မရသေးဘူး၊ ကြိုးကြားကြိုးကြား ဈာန်က လျှောလျှောနေတဲ့သဘော ရှိတယ်၊ ဆက်တိုက် ရပြီ၊ ဘာသံမှလည်း မကြားတော့ဘူး၊ အလွန်ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်ကလေးနှင့် မိမိရဲ့ဘာဝနာစိတ် ဒီနှစ်ခုပဲ ရှိတော့တယ်လို့လည်း သိနေပြီ၊ ဘာဝနာစိတ်ကလည်း အာနာပါနပဋိဘာဂနိမိတ်အာရုံမှာပဲ ငြိမ်ဝပ်စွာ ကပ်ပြီး တည်နေပြီ၊ အာနာပါနပဋိဘာဂနိမိတ်အာရုံထဲမှာပဲ ဘာဝနာစိတ်က နစ်မြုပ်နေပြီဆိုရင်တော့ ထိုအချိန်အခါမှာ ဈာန်အင်္ဂါကို ဆင်ခြင်လို့ ရနိုင်ပါပြီ။

ဒီဈာန်အင်္ဂါတွေက ဘယ်မှာ ဖြစ်သလဲလို့မေးတော့ ရှုနေတဲ့ယောဂီပုဂ္ဂိုလ်ရဲ့ နှလုံးအိမ်အတွင်းမှာ တည်ရှိနေတဲ့ ဟဒယဝတ္ထုရုပ်ကို မှီတွယ်ပြီး ဖြစ်ကြပါတယ်၊ ဒီလိုဖြစ်ပေါ်သွားတဲ့အတွက် ထိုယောဂီပုဂ္ဂိုလ်က ဈာန်အင်္ဂါကို ဆင်ခြင်တယ်ဆိုလို့ရှိရင် ဟဒယဝတ္ထုရုပ်ရှိရာဘက်ကို ခဏခေတ္တ လှမ်း-အာရုံစိုက်ရတယ်၊ ဥပမာ — တစ်နာရီလောက် အာနာပါနပဋိဘာဂနိမိတ်အာရုံမှာ ဘာဝနာစိတ်ကို ငြိမ်ဝပ်စွာ ကပ်ပြီးတည်နေပါစေလို့ အဓိဋ္ဌာန်လိုက်တယ်၊ အဓိဋ္ဌာန်ပြီးတဲ့အခါ တစ်နာရီပြည့်တဲ့အခါ ကျတော့မှ ဟဒယဝတ္ထုရုပ်ရှိရာ နှလုံးအိမ်ဘက်ကို လှမ်းပြီး ကြည့်ရတယ်၊ တစ်နာရီ မပြည့်သေးရင်-တော့ မကြည့်နဲ့၊ နောက်တစ်ခု ဒီအပိုင်းမှာ သတိထားရမည့်အချက်ကတော့ ဒီအာနာပါနပဋိဘာဂနိမိတ်ကို အာရုံယူနေတဲ့အပိုင်းမှာ ဈာန်မဆိုက်ခင် အပိုင်းကလေးကိုတော့ ဥပစာရသမာဓိနယ်မြေလို့ သတ်မှတ်ပါတယ်၊ ဈာန်ဆိုက်သွားတဲ့အပိုင်းကိုတော့ အပ္ပနာသမာဓိနယ်မြေလို့ သတ်မှတ်ပါတယ်၊ ဒီလိုသမာဓိနှစ်မျိုးကို ခွဲခြားသတ်မှတ်ထားတော့ ဥပစာရသမာဓိနယ်မြေအပိုင်းကလေးမှာ ခဏခဏ ဘဝင်ကျနေတတ်တယ်။

ဘဝင်ဆိုတာကတော့ အတိတ်ဘဝ သေခါနီးကာလ မရဏာသန္နဇောက ယူထားတဲ့ အာရုံကိုသာ လှမ်းသိတယ်၊ ပစ္စုပ္ပန် ယခုလက်ရှိ ရှုနေတဲ့အာရုံဆိုရင်တော့ ဘာအာရုံကိုမှ မသိဘူး၊ အခု အာနာပါနပဋိဘာဂနိမိတ်ကို ရှုတယ်၊ အဲဒီ နိမိတ်ကိုလည်း မသိတော့ဘူး၊ ပစ္စုပ္ပန်အာရုံဆိုလျှင် ဘယ်အာရုံကိုမှ ဘာမှုမသိတော့ဘူး၊ အဲဒီ ဘာမှုမသိတဲ့ ဒီစိတ်က အတိတ်မရဏာသန္နဇောရဲ့အာရုံကိုတော့ သိတယ်၊ ပစ္စုပ္ပန်အာရုံမှန်သမျှသာ မသိတာ၊ အဲဒီ ပစ္စုပ္ပန်အာရုံမှန်သမျှ ဘာမှုမသိတဲ့ စိတ်-ကလေးတွေကို ဘဝင်လို့ ခေါ်တယ်။ ဘယ်ကမ္မဋ္ဌာန်းနှင့်ပဲ ရှုရှုပေါ့လေ၊ များသောအားဖြင့် သမာဓိ အတော်အသင့် ဖြစ်လာရင်တော့ နည်းနည်း ဒီဘဝင်ကျမှုကလေးတွေတော့ ဖြစ်တတ်ပါတယ်။ အဲဒီ ဘဝင်ကျနေတာကိုပဲ မဂ်ဆိုက်ပြီ ဖိုလ်ဆိုက်ပြီလို့ ယူဆရင်တော့ လမ်းဆုံးသွားပြီ၊ သာသနာနှင့် တွေ့တာ ဘဝတစ်ခု ရှုံးသွားတာပဲ၊ မဂ် ဖိုလ် နိဗ္ဗာန်နှင့် အဝေးကြီး ရှိသေးတယ်၊ ရုပ်နာမ်တောင် မသိသေးတဲ့အဆင့်ပဲ ဖြစ်ပါသေးတယ်။

ဒီတော့ ဒီအာနာပါနပဋိဘာဂနိမိတ်အာရုံမှာ ဘာဝနာစိတ်က တစ်နာရီ နှစ်နာရီ စသည်ဖြင့် ငြိမ်ဝပ်စွာ ကပ်ပြီး တည်နေပြီဆိုလို့ရှိရင် ထိုယောဂီပုဂ္ဂိုလ်က ဘာလုပ်ရမလဲ? — ဟဒယဝတ္ထု ရှိရာဘက်ကို မိမိ အဓိဋ္ဌာန်ထားတဲ့ တစ်နာရီပြည့်တဲ့ အချိန်အခါလောက် ဆိုကြစို့၊ အဲဒီအချိန်လောက်

မှာ လှမ်းပြီး ကြည့်ရတယ်၊ အဲဒီလို လှမ်းပြီးကြည့်လိုက်ရင် အိမ်ရှင်ဘဝင်မနောအကြည်ဓာတ်ကို တွေ့နိုင်ပါတယ်၊ ဒီဘဝင်အကြည်ဓာတ်ကို မနောဒွါရလို့ ခေါ်တယ်။ အဲဒီဘဝင်မနောအကြည်ဓာတ်မှာ အလွန်ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်အာရုံက ရှေ့ရှုကျရောက်နေတဲ့အခါ ထင်နေတဲ့အခါမှာ အဲဒီ ဒွါရနှင့် အာရုံကို ပူးတွဲသိမ်းဆည်းပြီး ဈာန်အင်္ဂါတွေကို ဆင်ခြင်ကြည့်-လိုက်လို့ရှိရင် ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ ခေါ်တဲ့ ဈာန်အင်္ဂါ ငါးပါးကို ထင်ထင်ရှားရှား တွေ့လိမ့်မယ်။

## ဘဝင်စိတ်ဆိုတာ ဘာလဲ? ဘဝင်မနောအကြည်ဆိုတာ ဘာလဲ?

ဘဝင် = ဘဝင်္ဂ = ဘဝ + အင်္ဂ = ဘဝမှာ စိတ်အစဉ် မပြတ်စဲရေးအတွက် ဘဝရဲ့ အကြောင်း-တရားအဖြစ်နှင့် ဖြစ်ပေါ်နေတဲ့ ဝိပါက်စိတ်တစ်မျိုး ဖြစ်ပါတယ်၊ ပဋိသန္ဓေစိတ်နှင့် မျိုးတူစိတ်ဖြစ်ပါတယ်။ ဒီဘဝင်စိတ်ဟာ အတိတ်က ပြုစုပျိုးထောင်ခဲ့တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်းတရားတွေကြောင့် ဖြစ်ပေါ်လာတဲ့ ဝိပါက်စိတ်တစ်မျိုး ဖြစ်ပါတယ်။ လူသားတွေအတွက် ကွက်ပြောမယ်ဆိုလျှင် အတိတ်သင်္ခါရကံတွေဟာ ကုသိုလ်သင်္ခါရကံတွေသာ ဖြစ်ကြပါတယ်။

ဘဝတစ်ခုမှာ ခေါင်ဆုံးဖြစ်တဲ့ ဘဝင်စိတ်ကိုတော့ ပဋိသန္ဓေစိတ်, နောက်ဆုံးဖြစ်တဲ့ ဘဝင်စိတ်ကိုတော့ စုတိစိတ်လို့ ခေါ်ပါတယ်။ ပဋိသန္ဓေနှင့် စုတိအကြား ဘဝတစ်လျှောက်မှာ ဝီထိစိတ်မဖြစ်လျှင် ဒီဘဝင်စိတ်တွေက ဖြစ်နေကြပါတယ်။ အချို့သော ပဋိသန္ဓေနှင့် အချို့သော ပဋိသန္ဓေနှင့် ကပ်နေတဲ့ ဘဝင်ကလွဲလျှင် [အကယ်၍ မရဏာသန္နဇောရဲ့အာရုံက ရုပ်တရား ဖြစ်နေလို့ရှိလျှင် မရဏာသန္နဇောရဲ့နောင်မှာလည်း စုတိစိတ်ကျခဲ့မယ်ဆိုလျှင် ပဋိသန္ဓေအာရုံ, ယင်းပဋိသန္ဓေနှင့် ကပ်နေတဲ့ အချို့သော ဘဝင်အာရုံတွေဟာ ယင်းသက်တမ်းမကုန်ဆုံးသေးတဲ့, မရဏာသန္နဇောရဲ့ အာရုံဖြစ်တဲ့ ရုပ်ကိုပဲ ဆက်လက်ပြီး အာရုံပြုကြပါတယ်။ ဒီလို ရုပ်အာရုံမျိုးဖြစ်လျှင်တော့ ပဋိသန္ဓေနှင့် ယင်းဘဝင်အချို့တို့ရဲ့အာရုံကို ပစ္စုပ္ပန်လို့ပဲ ပြောရပါတယ်။] ပဋိသန္ဓေ ဘဝင် စုတိစိတ်တို့က ယေဘုယျအားဖြင့် အတိတ်ဘဝက သေခါနီးကာလမှာ မရဏာသန္နဇောက ယူထားခဲ့တဲ့အာရုံကိုပဲ သိပါတယ်၊ အာရုံပြုနေပါတယ်။

ဥပမာ အတိတ်ဘဝ သေခါနီးကာလမှာ မရဏာသန္နဇောက ဝိပဿနာကုသိုလ်ဇောဖြစ်လို့ အထက်ကပြောခဲ့တဲ့ သောတာနုဂတသုတ္တန်မှာ လာရှိတဲ့အတိုင်း သင်္ခါရတရားတို့ရဲ့ အနိစ္စအချက်ကို အာရုံပြုနေတယ် ဆိုကြစို့၊ ယခု လက်ရှိဘဝ ပဋိသန္ဓေ ဘဝင် စုတိတို့ကလည်း အဲဒီသင်္ခါရတရားတို့ရဲ့ အနိစ္စအချက်ကိုပဲ အာရုံပြုကြပါတယ်၊ သိနေကြပါတယ်၊ ပစ္စုပ္ပန်အာရုံဟူသမျှကိုတော့ မသိကြပါဘူး။

ဒီဘဝင်ကိုပဲ မနောဒွါရလို့ သုတ္တန်နည်းအရ ခေါ်ဆိုပါတယ်။ ဒီဘဝင်ကို ခုလို ဈာန်အင်္ဂါတွေကို သိမ်းဆည်းတော့မည့် ယောဂီက လှမ်းပြီး အာရုံယူလိုက်တဲ့အခါ သိမ်းဆည်းလိုက်တဲ့အခါ ဘယ်လို တွေ့တတ်သလဲ? ဒီအပိုင်းကိုတော့ ရှင်းပြဖို့ လိုပါလိမ့်မယ်။

ဒီဘဝင်ကို အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘုရားရှင်က —

**ပဘဿရမိဒံ ဘိက္ခဝေ စိတ္တံ။**[၅၀၉]

ဒီလိုဟောကြားထားတော်မူပါတယ်။ အဋ္ဌကထာကလည်း —

**စိတ္တန္တိ ဘဝင်္ဂစိတ္တံ။**[၅၁၀]

ဒီလို ဖွင့်ဆိုထားပါတယ်။ ဒီဖွင့်ဆိုချက်အရ အထက်ပါ ပါဠိတော်မှာ လာရှိတဲ့ စိတ္တ (= စိတ်)အရ ဘဝင်စိတ်ကို ရည်ညွှန်းကာ ဘုရားရှင် ဟောကြားတော်မူတယ်လို့ သိရပါတယ်။ ဒီဘဝင်စိတ်က ဘယ်လိုသဘော ရှိသလဲ? **ပဘဿရံ** = ပြိုးပြိုးပြက် တလက်လက် တောက်ပတယ်လို့ ဒီလို ဘုရားရှင်က ဟောကြားထားတော်မူပါတယ်။

ဒီလိုဆိုလျှင် စိတ်မှာ အရောင်ရှိပါသလားလို့တော့ မေးစရာ ရှိတယ်။ အရောင်တော့ မရှိပါဘူး။[၅၁၁]

သို့သော် စိတ်သည် တစ်နည်းပြောလျှင် ဘဝင်စိတ်အဝင်အပါဖြစ်တဲ့, ဟဒယဝတ္ထုရုပ်ကို မှီတွယ်ဖြစ်နေတဲ့ စိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေနိုင်တဲ့ စွမ်းအား ရှိပါတယ်။ ဒီစိတ်ကြောင့်ဖြစ်တဲ့ စိတ္တဇရုပ်ကလာပ်တွေကို ဓာတ်ခွဲကြည့်လိုက်လျှင် ကလာပ်တစ်ခုတစ်ခုမှာ ပထဝီ အာပေါ တေဇော ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ-ဆိုပြီး သဘောတရား (၈)မျိုးစီ ရှိတတ်ပါတယ်။ စိတ်တစ်ခုတစ်ခုဟာ စိတ္တဇရုပ်ကလာပ်ပေါင်းများစွာကို ဖြစ်စေနိုင်တဲ့ စွမ်းအား ရှိတယ်။ အထူးသဖြင့် ခုပြောနေတဲ့ သမထဘာဝနာစိတ်တို့လို အဆင့်အတန်းမြင့်နေတဲ့ စိတ်မျိုးတွေ, နောက်ပြောမည့် ဝိပဿနာစိတ်မျိုးတွေဟာ ယင်းစိတ္တက္ခဏတစ်ခုတစ်ခုက စိတ္တဇရုပ်ကလာပ်ပေါင်း များစွာကို ဖြစ်စေနိုင်တဲ့ စွမ်းအား ရှိပါတယ်။ အထူးသဖြင့် သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်တို့လို အဆင့်အတန်းမြင့်မားနေတဲ့ စိတ်တွေကြောင့် ဖြစ်ပေါ်သွားကြတဲ့ စိတ္တဇရုပ်ကလာပ်တွေမှာ ပါဝင်တဲ့ ဝဏ္ဏဓာတ် (= ရူပါရုံ) ဟာ **ဘာသုရရူပ** = အလွန်တောက်ပတဲ့သဘော ရှိပါတယ်။[၅၁၂]

သမထဘာဝနာစိတ် ဝိပဿနာဘာဝနာစိတ်တို့နှင့် ယှဉ်တွဲနေတဲ့ ဉာဏ်က ထက်လျှင်ထက်သလို ပိုတောက်ပတဲ့သဘော ရှိပါတယ်။ အလားတူပဲ ဘဝင်စိတ်ကလည်း စိတ္တဇရုပ်ကလာပ်တွေကို ဖြစ်စေနိုင်တော့ ဒီဘဝင်စိတ်ကြောင့် ဖြစ်ပေါ်တဲ့ စိတ္တဇရုပ်ကလာပ်တိုင်းမှာ ပါဝင်တဲ့ ဝဏ္ဏဓာတ် (= ရူပါရုံ)ဟာလည်း တောက်ပတဲ့သဘော ရှိတတ်ပါတယ်၊ ဘဝင်စိတ်နှင့် ယှဉ်တွဲနေတဲ့ ဉာဏ်က ထက်လျှင်ထက်သလို နုံ့လျှင်လည်း နုံ့သလို တောက်ပတဲ့သဘောတော့ ရှိပါတယ်။

ဒီနေရာမှာ ဘဝင်စိတ်ကို ဖြစ်စေတတ်တဲ့ အကြောင်းရင်းကံနှင့် ယှဉ်တွဲနေတဲ့ဉာဏ်က ထက်လျှင်ထက်သလို ဘဝင်စိတ်နှင့် ယှဉ်တွဲနေတဲ့ ဉာဏ်ကလည်း ထက်မြက်တတ်ပါတယ်။ သောတာနုဂတသုတ္တန်မှာ လာတဲ့အတိုင်း အကြောင်းရင်းကံက ဝိပဿနာကံဖြစ်လို့ သင်္ခါရတရားတို့ရဲ့ အနိစ္စအချက်ကို သိနေတဲ့ ကံမျိုးဖြစ်နေလျှင် ဘဝင်စိတ်ကလည်း ဒီသင်္ခါရတရားတို့ရဲ့ အနိစ္စအချက်ကိုပဲ

[၅၀၉] အံ၊၁၊၉။ [၅၁၀, ၅၁၁] အံ။၊၁၊၄၅။ [၅၁၂] မဟာဋီ၊၂၄၂၈-၄၂၉။

သိနေပါတယ်။ ဒီလို ဉာဏ်မျိုးတွေကိုတော့ ထက်မြက်တဲ့ဉာဏ်တွေလို့ ဆိုရပါတယ်။ ဒီလို ဘဝင်စိတ်တစ်ခုတစ်ခုဟာ စိတ္တဇရုပ်ကလာပ်ပေါင်းများစွာကို ဖြစ်စေနိုင်တဲ့အတွက် ကလာပ်တစ်ခုမှာ တည်ရှိတဲ့ ရူပါရုံအရောင်အဆင်းနှင့် အခြားကလာပ်တစ်ခုမှာ တည်ရှိတဲ့ ရူပါရုံအရောင်အဆင်းတို့ဟာ အလွန်နီးကပ်စွာ ပွတ်ချုပ်ထိခိုက်ပြီးဖြစ်တဲ့အခါ ယောဂီပုဂ္ဂိုလ်က ဒီဘဝင်စိတ်ရှိရာ ဟဒယဝတ္ထုဘက်ကို လှမ်းကြည့်လိုက်လျှင် အဲဒီ ရူပါရုံတို့ရဲ့ အပေါင်းအစုကြီးကို လှမ်းပြီးတော့ မြင်တတ်ပါတယ်။ ဒီရူပါရုံအပေါင်းအစုတွေက ကြေးမုံမှန်အပြင်ကဲ့သို့ ကြည်လင်နေတဲ့သဘော ရှိပါတယ်။ ဒီကြည်လင်နေတဲ့သဘောကိုပဲ ဘဝင်မနောအကြည်လို့ တင်စားကာ (အကျိုးရဲ့အမည်ကို အကြောင်း၌ တင်စားကာ) ခေါ်ဝေါ်သုံးစွဲခြင်း ဖြစ်ပါတယ်။ ယောဂီပုဂ္ဂိုလ်က အဲဒီ ဘဝင်မနောအကြည်ဓာတ်ကိုတော့ ပထမသိမ်းဆည်းတတ်ဖို့ လိုပါတယ်။

ဒီဘဝင်မနောအကြည်ဓာတ်ကို သိမ်းဆည်းတဲ့အခါမှာ ခဏခဏ လှမ်းပြီးတော့ နှလုံးအိမ်ဘက်ကိုတော့ မကြည့်ပါနဲ့။ အနည်းဆုံး အာနာပါနပဋိဘာဂနိမိတ်အာရုံမှာ တစ်နာရီ သို့မဟုတ် နှစ်နာရီလောက် ဘာဝနာစိတ်က ငြိမ်ကပ်စွာ ကပ်ပြီး တည်နေပြီးမှ ဟဒယဝတ္ထုရှိရာ နှလုံးအိမ်ဘက်သို့ စက္ကန့်ပိုင်းလောက်သာ စိုက်ကြည့်ပါ။

အကယ်၍ မတွေ့ပါက ကြာကြာမကြည့်ဘဲ အာနာပါနပဋိဘာဂနိမိတ်အာရုံကိုပဲ ထပ်ပြီး ရှုပါ။ သမာဓိကို ပြန်လည်ထူထောင်ပါ။ အာနာပါနပဋိဘာဂနိမိတ်အာရုံမှာ ဘာဝနာစိတ်က နစ်မြုပ်သွားပြီ အနည်းဆုံး (၁၀)မိနစ် (၁၅) မိနစ်လောက် ထပ်ပြီး နစ်မြုပ်သွားပြီဆိုပါမှ တစ်ဖန် ပြန်ကြည့်ပါ။ ဒီနည်းအတိုင်း လေ့ကျင့်ပါက ကြေးမုံမှန်အပြင်ကဲ့သို့ ကြည်လင်တောက်ပနေတဲ့ ဘဝင်မနော-အကြည်ဓာတ်ကို ဉာဏ်နှင့် တွေ့မြင်နိုင်ပါတယ်။

အဲဒီလို ဘဝင်မနောအကြည်ဓာတ်ကို သိမ်းဆည်းနိုင်တဲ့အခါ အာနာပါနပဋိဘာဂနိမိတ်ကိုပဲ ပြန်အာရုံယူကာ ပထမဈာန်ကို ထပ်ပြီးတော့ ဝင်စားပါ။ ဈာန်မှ ထတဲ့အခါ ဘဝင်မနောအကြည်ဓာတ်ကို ထပ်ပြီး သိမ်းဆည်းကြည့်ပါ။

ဒီလို သိမ်းဆည်းလိုက်တဲ့အခါ ဘဝင်မနောအကြည်ဓာတ်ဆိုတဲ့ မှန်ထဲမှာ မိမိရှုပွားနေတဲ့ အာနာပါနပဋိဘာဂနိမိတ်အာရုံက ရှေးရှုကျရောက်နေတာ ထင်နေတာကို တွေ့ပြီဆိုလျှင် ဈာန်အင်္ဂါတွေကို သိမ်းဆည်းနိုင်ပြီ ဖြစ်ပါတယ်။

**ဈာန်အင်္ဂါငါးပါး**

ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ — ဆိုပြီး ပထမဈာန်မှာ ဈာန်အင်္ဂါငါးပါး ရှိပါတယ်။

**ဝိတက်** = ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်အာရုံအပေါ်သို့ စိတ်ကို ရှေးရှုတင်ပေးခြင်းသဘော၊

**ဝိစာရ** = အာနာပါနပဋိဘာဂနိမိတ်အာရုံကို ထပ်ကာထပ်ကာ သုံးသပ်ဆင်ခြင်နေခြင်းသဘော၊

**ပီတိ** = အာနာပါနပဋိဘာဂနိမိတ်အာရုံကို နှစ်သက်နေခြင်းသဘော၊

**သုခ** = အာနာပါနပဋိဘာဂနိမိတ်အာရုံ၏ အရသာကို ချမ်းချမ်းသာသာ ခံစားနေခြင်းသဘော၊

**ဧကဂ္ဂတာ** = အာနာပါနပဋိဘာဂနိမိတ်အာရုံတစ်ခုတည်းပေါ် သို့ စိတ် ကျရောက်တည်ငြိမ်နေခြင်းသဘော —

ပေါင်းလိုက်တော့ — သဘောတရားငါးခု။ သဘောတရားငါးခုတို့ရဲ့ အပေါင်းကိုတော့ ဈာန်လို့ ခေါ်တယ်၊ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ တစ်လုံးစီ တစ်လုံးစီကိုတော့ ဈာန်အင်္ဂါလို့ ခေါ်တယ်။

လှည်းတစ်စီး ဆိုကြစို့၊ ဝင်ရိုးတို့ လှည်းဘီးတို့ ထမ်းပိုးတို့ စသည်ဖြင့် အားလုံး ပေါင်းစုထားတဲ့ အပေါင်းအစုကိုတော့ လှည်းလို့ခေါ်တယ်၊ တစ်ခုစီ တစ်ခုစီ ဖြုတ်ထားလိုက်တော့ ဒါက ဝင်ရိုး, ဒါက လှည်းဘီး, ဒါက ထမ်းပိုး, စသည်ဖြင့် တစ်ခုစီ ခွဲခြားပြီးတော့ ခေါ်ရတယ်။ အဲဒီပုံစံအတိုင်းပဲ ဒီဈာန်အင်္ဂါငါးခုတို့ရဲ့ အပေါင်းကို ဈာန်လို့ ခေါ်တယ်၊ မြေလျှိုးမိုးပျံနေတာကို ဈာန်လို့ ခေါ်တာ မဟုတ်ပါဘူး၊ အဲဒီ ဈာန်အင်္ဂါငါးခုတို့ရဲ့ အပေါင်းအစုကို ဈာန်လို့ ခေါ်တယ်၊ တစ်ခုစီ တစ်ခုစီကိုတော့ ဈာန်အင်္ဂါလို့ ခေါ်ပါတယ်။

ဈာန်အင်္ဂါငါးပါးက ဆင်ခြင်စမှာ များသောအားဖြင့် ယောဂီပုဂ္ဂိုလ်တို့ရဲ့ ဉာဏ်က မထက်သေး-တော့ ဉာဏ်မှာ တစ်လုံးစီ ပေါ်တတ်ပါတယ်၊ ယောဂီက ထပ်ကာထပ်ကာ လေ့ကျင့်ဖန်များလာလို့ ရှိရင် ထပ်ကာထပ်ကာ လေ့ကျင့်ရင်တော့ ဉာဏ်ထဲမှာ ပြိုင်တူ ပေါ်ပါတယ်၊ အကယ်၍ ဒီဈာန်အင်္ဂါ တွေက ဉာဏ်ထဲမှာ မထင်မရှား ဖြစ်နေသေးရင်တော့ မိမိ ရှုမြဲဖြစ်တဲ့ အာနာပါနပဋိဘာဂနိမိတ်အာရုံ မှာပဲ စိတ်ကို ငြိမ်ဝပ်စွာ ကပ်ပြီးတော့ တည်နေအောင် ကြိုးစားရတယ်၊ ကြိုးစားလိုက်တဲ့ အချိန်အခါ-မှာ ငြိမ်ပြီဆိုမှ တစ်ခါ ပြန်ကြည့်ပါ။ ဈာန်ဝင်စားမှုအချိန် တစ်နာရီကျော်မှ လေ့ကျင့်ပါ၊ အဲဒီလို လေ့ကျင့်ဖန်များလာရင် ဒီဈာန်အင်္ဂါတွေကို ပြိုင်တူပေါ်တာ တွေ့နိုင်ပြီ၊ တွေ့လိုက်တဲ့ အချိန်အခါမှာ ယောဂီပုဂ္ဂိုလ်က ဒီပထမဈာန်သမာဓိကို ခိုင်ခံ့အောင် ဝသီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်ရပါတယ်။

၁။ မနောဒွါရာဝဇ္ဇန်းစိတ်ဖြင့် ဈာန်အင်္ဂါကို အချိန်မရွေး ဆင်ခြင်လို့ရအောင် လေ့ကျင့်ရတယ်၊ အာဝဇ္ဇနဝသီလို့ ခေါ်တယ်။

၂။ ဒီဈာန်ကို ဝင်စားချင်တဲ့ အချိန်အခါမှာ အချိန်မရွေး ဝင်စားလို့ရအောင် လေ့ကျင့်ရတယ်၊ သမာပဇ္ဇနဝသီလို့ ခေါ်တယ်။

၃။ ဈာန်မှ ထချင်တဲ့ အချိန်အခါမှာ အချိန်မရွေး ထလို့ရအောင် လေ့ကျင့်ရတယ်၊ ဝုဋ္ဌာနဝသီလို့ ခေါ်တယ်။

၄။ တစ်နာရီအဓိဋ္ဌာန်ရင် တစ်နာရီရအောင်, တစ်မိနစ်အဓိဋ္ဌာန်ရင် တစ်မိနစ်ရအောင် လေ့ကျင့်ထားရတယ်၊ အဓိဋ္ဌာနဝသီလို့ ခေါ်တယ်။

၅။ ပစ္စဝေက္ခဏာဇောစိတ်များဖြင့် ဈာန်အင်္ဂါကို အချိန်မရွေး ဆင်ခြင်လို့ရအောင် လေ့ကျင့်ရတယ်။ ပစ္စဝေက္ခဏာဝသီလို့ ခေါ်တယ်။

အဲဒီ ဈာန်အင်္ဂါကို ဆင်ခြင်တဲ့အပိုင်းမှာ မနောဒွါရာဝဇ္ဇန်းနှင့် ဆင်ခြင်တဲ့အပိုင်း, ပစ္စဝေက္ခဏာဇောနှင့် ဆင်ခြင်တဲ့အပိုင်းဆိုပြီးတော့ ကဏ္ဍနှစ်ရပ်ရှိတယ်။ ကဏ္ဍနှစ်ရပ်ရှိတဲ့အနက်က မနောဒွါရာဝဇ္ဇန်းနှင့် ဆင်ခြင်တာပဲဖြစ်ဖြစ်, ဇောနှင့် ဆင်ခြင်တာပဲဖြစ်ဖြစ် အားလုံး အတူတူပဲ၊ အာဝဇ္ဇနဝသီနှင့် ပစ္စဝေက္ခဏာဝသီဆိုပြီးတော့ ဒီလို နှစ်ခု ခွဲထားတယ်၊ မနောဒွါရာဝဇ္ဇန်းစိတ်နှင့် ဈာန်အင်္ဂါကို ဆင်ခြင်တာကို အာဝဇ္ဇနဝသီ၊ ပစ္စဝေက္ခဏာဇောစိတ်နှင့် ဈာန်အင်္ဂါကို ဆင်ခြင်တာကို ပစ္စဝေက္ခဏာဝသီလို့ ဒီလို နှစ်ခု ခွဲခြားသတ်မှတ်ထားတယ်။ ဒီမနောဒွါရာဝဇ္ဇန်းနှင့် ပစ္စဝေက္ခဏာဇောတို့ဟာ ဇောဝီထိစိတ်အစဉ် တစ်ခုတည်းအတွင်းမှာ တည်ရှိကြတဲ့ စိတ္တက္ခဏတွေ ဖြစ်ကြပါတယ်။

ပေါင်းလိုက်တော့ ဝသီဘော်ငါးတန်ပဲ၊ အဲဒီ ဝသီဘော်ငါးတန် နိုင်နင်းအောင်တော့ လေ့ကျင့်ပေးရပါတယ်။

## ဒုတိယဈာန်သမာဓိ

လေ့ကျင့်လို့ ကျေနပ်ပြီဆိုရင်တော့ ဒုတိယဈာန်ကို ကူးနိုင်တယ်၊ ပဉ္စကနည်းအရ ဉာဏ်နုံ့တဲ့ ပုဂ္ဂိုလ်များကတော့ ဝိတက်နှင့် ဝိစာရ နှစ်ခုကို တစ်လုံးစီ ဖြုတ်ရတယ်၊ ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်များ ဖြစ်ခဲ့ရင်တော့ ဝိတက်နှင့် ဝိစာရကို ပြိုင်တူ ဖြုတ်လို့ရတယ်။ အဲဒီတော့ ဘယ်လို ဖြုတ်မလဲမေးတော့ ဖြုတ်ပုံနည်းစနစ်တော့ ရှိပါတယ်၊ ဒီဝသီဘော်ငါးတန် နိုင်နင်းအောင် ပထမဈာန်ကို လေ့ကျင့်ပြီးတဲ့ သူတော်ကောင်းက —

၁။ ဒီပထမဈာန်သည် နီဝရဏရန်သူနှင့် နီးကပ်တယ်လို့ ပထမ ဆင်ခြင်ပါ။

နီဝရဏရန်သူဆိုတာက စိတ်ကလေးက အာနာပါနပဋိဘာဂနိမိတ်အာရုံအပေါ်မှာ တော်တော်ကလေး ငြိမ်ဝပ်စွာ ကပ်ပြီးတော့ တည်သွားပါမှ ဒီရာဂ ဒေါသ မောဟစတဲ့ နီဝရဏအညစ်အကြေးတွေက ကွာကျသွားတယ်၊ မငြိမ်ခင်မှာ ဒီရာဂ ဒေါသ မောဟစတဲ့ နီဝရဏတွေက တစ်လှည့်စီ ဝင်ဝင်ပြီးတော့ နှောင့်ယှက်တတ်တဲ့သဘော ရှိတယ်၊ ဒါကြောင့် ဒီပထမဈာန်သည် နီဝရဏရန်သူနှင့်လည်း နီးကပ်တယ်။

၂။ ဒုတိယဈာန်လောက်လည်း မငြိမ်သက်ဘူး၊

၃။ ဝိတက် ဝိစာရတွေကလည်း ရုန့်ရင်းကြမ်းတမ်းတဲ့သဘော ရှိတယ်၊ ဒါကြောင့် ကျိုးပျက်လွယ်တဲ့ သဘော ရှိတယ်၊ ကျိုးပျက်လွယ်တဲ့အတွက် အားနည်းသော ဈာန်အင်္ဂါလည်း ရှိတယ်။

ဘယ်လို ရုန့်ရင်းကြမ်းတမ်းသလဲလို့မေးတော့ မိမိတို့က ငြိမ်သက်တဲ့ သမာဓိကို လိုချင်နေတဲ့ သူတော်ကောင်းတွေ ဖြစ်ကြတယ်၊ ဒီလို ငြိမ်သက်မှုသမာဓိကို အလိုရှိနေတဲ့ သူတော်ကောင်းတစ်ဦး အဖို့၊ ဒီအာရုံအပေါ်သို့ စိတ်ကလေးကို တင်တင်ပေးနေရတာကိုက ပင်ပန်းနေတယ်၊ ဒီအာရုံကို

ထပ်ကာထပ်ကာ သုံးသပ်နေရတာကိုက ပင်ပန်းနေတယ်၊ ဒါကြောင့် အဲဒီ ပင်ပန်းမှု ရှိနေတဲ့အတွက် စိတ်ရဲ့ ကြမ်းတမ်းနေတဲ့ အမူအရာတစ်မျိုးပဲလို့ ဒီလို သဘောပေါက်ပြီးတော့ –

၄။ ဝိတက်, ဝိစာရကို အလိုမရှိတဲ့ စိတ်ထားနှင့်၊ မတင်ရဘဲနှင့် ငြိမ်နေရင် ပိုကောင်းမှာပဲ, မသုံးသပ်ရဘဲနှင့် ငြိမ်နေရင် ပိုကောင်းမှာပဲဆိုတဲ့ ဒီလို စိတ်ထားမျိုးနှင့် အလွန်ကြည်လင်တောက်ပနေတဲ့ ဒီအာနာပါနပဋိဘာဂနိမိတ်ကို စိတ်ကလေးက စိုက်ပြီး ကပ်ကြည့်ပေးရတယ်၊ ရှုနေရတယ်။

အဲဒီလို ရှုနေတဲ့အပိုင်းမှာ ယောဂီပုဂ္ဂိုလ်က ရှေးတုန်းက ဒီဒုတိယစျာန်ကို မရောက်ဖူးသေးတဲ့ ပုဂ္ဂိုလ် ဖြစ်ခဲ့မယ်ဆိုလျှင်တော့ ပထမစျာန်ကိုပဲ ပြန်ပြီးတော့ ဆိုက်ရောက်သွားတတ်ပါတယ်။ အကယ်၍ ဒုတိယစျာန်ကို ရှေးယခင်က ရောက်ဖူးထားပြီးတဲ့ ယောဂီ ဖြစ်ခဲ့မယ်ဆိုလျှင်တော့ ဒုတိယစျာန်သို့ လွယ်လွယ်ကူကူနဲ့ပဲ ဆိုက်ရောက်သွားတတ်ပါတယ်။ အကယ်၍ မိမိက ပထမစျာန်သို့ပဲ ပြန်လည် ဆိုက်ရောက်နေတာကို သဘောပေါက်ပါက ယင်းပထမစျာန်မှ ထပြီးတော့ စျာန်အင်္ဂါတွေကို ဆင်ခြင်ကြည့်လိုက်တဲ့အခါ ဝိတက်, ဝိစာရတို့ရဲ့ ရုန့်ရင်းတဲ့သဘော၊ ပီတိ, သုခ, ဧကဂ္ဂတာတို့ရဲ့ ငြိမ်သက်တဲ့ သဘောကို တွေ့ရှိပါလိမ့်မယ်။

အဲဒီအခါမှာ ရုန့်ရင်းကြမ်းတမ်းတဲ့ ဝိတက်, ဝိစာရတို့ကို ကျော်လွှားလွန်မြောက်ရေး၊ ငြိမ်သက်တဲ့ ပီတိ, သုခ, ဧကဂ္ဂတာခေါ်တဲ့ စျာန်အင်္ဂါ (၃)ပါးရှိတဲ့ ဒုတိယစျာန်ကို ရရှိရေးဆိုတဲ့ ဦးတည်ချက်ဖြင့် အာနာပါနပဋိဘာဂနိမိတ်ကိုပဲ စူးစူးစိုက်စိုက် ဆက်လက်ပြီးတော့ ရှုလိုက်ပါက ဒုတိယစျာန်သို့ ဆိုက်ရောက်သွားနိုင်ပါတယ်။

ဒုတိယစျာန်သို့ ဆိုက်ရောက်တဲ့အချိန်အခါမှာ ဝိတက်, ဝိစာရပြုတ်သွားလိမ့်မယ်၊ ပီတိ, သုခ, ဧကဂ္ဂတာဆိုတဲ့ စျာန်အင်္ဂါသုံးပါးတို့သာ ကျန်ရှိတာကိုလည်း တွေ့ရှိပါလိမ့်မယ်၊ အဲဒီ ဒုတိယစျာန်ကိုလည်း ဝသီဘော်ငါးတန် နိုင်နင်းအောင် ဆက်လက်ပြီးတော့ လေ့ကျင့်ပါ။

## တတိယစျာန်သမာဓိ

ဒုတိယစျာန်ကို ဝသီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပြီးတဲ့အခါ တတိယစျာန်ကို ကူးချင်-ရင် ဒုတိယစျာန်ကို ဝင်စားပြီးနောက် ဒုတိယစျာန်မှ ထကာ ဒီလို ဆင်ခြင်ပါ။ –

၁။ ဒီဒုတိယစျာန်သမာပတ်ဟာ ဝိတက်, ဝိစာရဆိုတဲ့ နီးကပ်တဲ့ ရန်သူ ရှိတယ်။

၂။ (ပီတိကို ပြန်သိမ်းဆည်းပြီး ဆင်ခြင်ကြည့်ပါ။) ဒီပီတိဟာ စိတ်လှုပ်ရှားမှုကို အများဆုံး ဖြစ်စေ-တတ်တဲ့အတွက် ရုန့်ရင်းကြမ်းတမ်းရကား ကျိုးပျက်လွယ်တဲ့သဘော ရှိတယ်။

၃။ (သုခနှင့် ဧကဂ္ဂတာကို သိမ်းဆည်းပြီး ပြန်ဆင်ခြင်ကြည့်ပါ။) ဒီ သုခ, ဧကဂ္ဂတာဆိုတဲ့ စျာန်အင်္ဂါ နှစ်ပါးရှိတဲ့ တတိယစျာန်က ပိုငြိမ်သက်တယ်။

အဲဒီလို ဆင်ခြင်ပြီးနောက် ဒုတိယစျာန်ကို အလိုမရှိတဲ့စိတ်ထား ပီတိကို ဖြုတ်ပစ်ချင်တဲ့စိတ်ထား ပိုငြိမ်သက်တဲ့ သုခ, ဧကဂ္ဂတာခေါ်တဲ့ စျာန်အင်္ဂါ (၂)ပါးရှိတဲ့ တတိယစျာန်ကို အလိုရှိတဲ့စိတ်ထားနှင့်

ဒီအာနာပါနပဋိဘာဂနိမိတ်အာရုံကိုပဲ စိုက်ရှုရတယ်။ အဲဒီလို ရှုလိုက်တဲ့အခါမှာ ရှေးတုန်းက တတိယ ဈာန်ကို မရောက်ဖူးခဲ့သေးတဲ့ ယောဂီပုဂ္ဂိုလ် ဖြစ်ခဲ့မယ်ဆိုလျှင် သမာဓိအားကောင်းလာတဲ့အခါ ဒုတိယဈာန်သို့ပဲ ပြန်ပြီး ဆိုက်ရောက်သွားတတ်ပါတယ်။ သို့သော် တတိယဈာန်သို့ ရှေးယခင်က ရောက်ရှိထားပြီးတဲ့ ယောဂီပုဂ္ဂိုလ်ကတော့ တတိယဈာန်သို့ပဲ တန်းပြီးတော့ ဆိုက်ရောက်သွားတတ် ပါတယ်။ အကယ်၍ ဒုတိယဈာန်သို့ပဲ ပြန်လည်ဆိုက်ရောက်သွားတယ်ဆိုလျှင် ယောဂီပုဂ္ဂိုလ်က ဒုတိယဈာန်နှင့် ပတ်သက်လို့ အတွေ့အကြုံ ရှိထားပြီးဖြစ်တဲ့အတွက် ဒုတိယဈာန်သို့ ပြန်လည် ဆိုက်ရောက်နေတာကို လွယ်လွယ်ကူကူပင် သိရှိတတ်ပါတယ်။ အကယ်၍ ဒုတိယဈာန်သို့ ပြန်လည် ဆိုက်ရောက်နေတာကို သိရှိခဲ့မယ်ဆိုလျှင် ယင်းဒုတိယဈာန်မှာ ကြာကြာမနေတော့ဘဲ ဒုတိယဈာန်မှ ထပြီးတော့ ဈာန်အင်္ဂါတွေကို ဆင်ခြင်ကြည့်လိုက်တဲ့အခါ ပီတိရဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့သဘော၊ သုခ, ဧကဂ္ဂတာတို့ရဲ့ ငြိမ်သက်တဲ့သဘောကို တွေ့ရှိနိုင်ပါတယ်။

၄။ အဲဒီအခါမှာ ရုန့်ရင်းကြမ်းတမ်းနေတဲ့ ပီတိကို ပယ်ရှားနိုင်ရေး, ပိုပြီး ငြိမ်သက်နေတဲ့ သုခ, ဧကဂ္ဂတာခေါ်တဲ့ ဈာန်အင်္ဂါ (၂)ပါးရှိတဲ့ တတိယဈာန်ကို ရရှိရေးဆိုတဲ့ ဦးတည်ချက်ဖြင့် အာနာပါနပဋိဘာဂနိမိတ်ကိုပဲ စူးစူးစိုက်စိုက် ဆက်လက်ပြီးတော့ ရှုပါ။ မကြာမီ အချိန်ကာလ အတွင်းမှာပဲ တတိယဈာန်သို့ ဆိုက်ရောက်သွားပါလိမ့်မယ်။

တတိယဈာန်သို့ ဆိုက်ရောက်သွားတဲ့အခါ ယောဂီပုဂ္ဂိုလ်က ပီတိဆိုတဲ့ ဈာန်အင်္ဂါပြုတ်သွား တာကိုလည်း သိရှိနေပါလိမ့်မယ်။ သုခ, ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါနှစ်ပါးသာ ရှိနေတာကိုလည်း သိရှိပါလိမ့်မယ်။ အဲဒီအခါမှာ တတိယဈာန်ကို ဝသီဘော်ငါးတန် နိုင်နင်းအောင် ဆက်လက်ပြီးတော့ လေ့ကျင့်ပါ။

## စတုတ္ထဈာန်သမာဓိ

တတိယဈာန်ကို ဝသီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပြီးတဲ့အခါ စတုတ္ထဈာန်ကို ကူးချင် ရင် တတိယဈာန်ကို ဝင်စားပြီးနောက် တတိယဈာန်မှ ထကာ ဒီလို ဆင်ခြင်ပါ။

၁။ ဒီတတိယဈာန်သမာပတ်ဟာ ပီတိဆိုတဲ့ နီးကပ်တဲ့ ရန်သူ ရှိတယ်။

၂။ (သုခကို ပြန်သိမ်းဆည်းပြီး ဆင်ခြင်ကြည့်ပါ။ စိတ်ချမ်းသာရင် စိတ်ထဲမှာ တသိမ့်သိမ့်နှင့် နည်းနည်းတော့ လှုပ်ရှားနေတတ်တယ်။) ဒါကြောင့် သုခဟာ ရုန့်ရင်းကြမ်းတမ်းတဲ့သဘော ရှိတယ်၊ ရုန့်ရင်းကြမ်းတမ်းတဲ့အတွက် ပျက်စီးလွယ်တဲ့သဘော ရှိတယ်။

၃။ ဥပေက္ခာ, ဧကဂ္ဂတာခေါ်တဲ့ ဈာန်အင်္ဂါနှစ်ပါးရှိတဲ့ စတုတ္ထဈာန်ကတော့ ပိုပြီး ငြိမ်သက်တယ်။

ဒီလို ဆင်ခြင်ပြီးနောက် သုခကို အလိုမရှိတဲ့ (= တတိယဈာန်ကို အလိုမရှိတဲ့)စိတ်နှင့် ပိုပြီး ငြိမ်သက်တဲ့ ဥပေက္ခာ, ဧကဂ္ဂတာဆိုတဲ့ ဈာန်အင်္ဂါနှစ်ပါးရှိတဲ့ စတုတ္ထဈာန်ကို လိုချင်တဲ့စိတ်နှင့် ဒီ အာနာပါနပဋိဘာဂနိမိတ်အာရုံကိုပဲ ထပ်ပြီး အာရုံပြုရတယ်။

အဲဒီလို အာနာပါနပဋိဘာဂနိမိတ်ကို စူးစူးစိုက်စိုက် ရှုလိုက်တဲ့အပိုင်းမှာ ရှေးယခင်က စတုတ္ထ-ဈာန်သို့ မဆိုက်ရောက်ဖူးသေးတဲ့ ယောဂီပုဂ္ဂိုလ် ဖြစ်ခဲ့မယ်ဆိုလျှင် သမာဓိအားကောင်းလာတဲ့အခါ တတိယဈာန်သို့ပဲ တစ်ဖန်ပြန်ပြီးတော့ ဆိုက်ရောက်နေတတ်ပါတယ်။ သို့သော် ရှေးယခင်က စတုတ္ထ-ဈာန် အတွေ့အကြုံ ရှိထားပြီးတဲ့ ယောဂီပုဂ္ဂိုလ် ဖြစ်ခဲ့မယ်ဆိုလျှင်တော့ စတုတ္ထဈာန်သို့ တိုက်ရိုက် ဆိုက်ရောက်သွားတတ်ပါတယ်။ အကယ်၍ တတိယဈာန်သို့ပဲ ပြန်ဆိုက်ရောက်နေတာကို ယောဂီ ပုဂ္ဂိုလ်က တတိယဈာန် အတွေ့အကြုံ ရှိထားပြီး ဖြစ်နေသည့်အတွက် အလွယ်တကူ သိရှိနေပါက ယင်းတတိယဈာန်မှာ ကြာကြာမနေတော့ဘဲ ယင်းတတိယဈာန်မှ ထကာ ဈာန်အင်္ဂါတွေကို ဆင်ခြင် ကြည့်လိုက်တဲ့အခါ သုခရဲ့ ရုန့်ရင်းကြမ်းတမ်းတဲ့သဘောကိုလည်း တွေ့ရှိနိုင်တယ်။ စတုတ္ထဈာန်ရဲ့ ဈာန်အင်္ဂါများဖြစ်ကြတဲ့ ဉပေက္ခာ ဧကဂ္ဂတာတို့ရဲ့ ပိုပြီးတော့ ငြိမ်သက်နေတဲ့သဘောကိုလည်း တွေ့ရှိနိုင်ပါတယ်။

၄။ အဲဒီအခါမှာ ရုန့်ရင်းကြမ်းတမ်းနေတဲ့ သုခကို ပယ်ရှားနိုင်ရေး, ပိုပြီး ငြိမ်သက်နေတဲ့ ဉပေက္ခာ ဧကဂ္ဂတာခေါ်တဲ့ ဈာန်အင်္ဂါ (၂)ပါးရှိတဲ့ စတုတ္ထဈာန်သို့ ဆိုက်ရောက်ရေးဆိုတဲ့ ဦးတည်ချက်ဖြင့် ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်ကိုပဲ တစ်ဖန်ပြန်ပြီးတော့ စူးစူးစိုက်စိုက် ရှုနေပါ။ မကြာမီ အချိန်ကာလအတွင်းမှာပင် စတုတ္ထဈာန်သို့ ဆိုက်ရောက်သွားပါလိမ့်မယ်။

သုခပြုတ်သွားချင်တဲ့ စိတ်ထားနှင့် ဒီအာနာပါနပဋိဘာဂနိမိတ်ကိုပဲ ထပ်ပြီး ရှုနေတဲ့အတွက် သုခပြုတ်သွားတဲ့အခါမှာ ဉပေက္ခာခေါ်တဲ့ အလွန်ငြိမ်သက်နေတဲ့ ဝေဒနာတစ်မျိုး ဝင်လာကာ ဉပေက္ခာ, ဧကဂ္ဂတာခေါ်တဲ့ ဈာန်အင်္ဂါနှစ်ပါးရှိတဲ့ စတုတ္ထဈာန်သို့ ဆိုက်ရောက်သွားခြင်း ဖြစ်တယ်။

ဒီစတုတ္ထဈာန်ကို ဆိုက်-မဆိုက်ကို သိနိုင်တဲ့ အင်မတန် ထင်ရှားတဲ့ အမှတ်အသားကတော့ အသက်မရှူခြင်းဘဲ ဖြစ်ပါတယ်။ အသက်ရှူနေသေးရင်တော့ စတုတ္ထဈာန်ကို မဆိုက်သေးဘူး၊ အသက်လုံးလုံးမရှူတော့ဘူးဆိုလို့ရှိရင်တော့ စတုတ္ထဈာန်ကို ဆိုက်သွားပြီ။ အဲဒီ စတုတ္ထဈာန်ကိုလည်း ဝသီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပြီးတဲ့ အချိန်အခါမှာ ထိုယောဂီသူတော်ကောင်းက ဘယ်ကမ္မဋ္ဌာန်းကို ကူးချင်သလဲ? ကမ္မဋ္ဌာန်းလေးဆယ်ထဲက ကူးချင်တဲ့ကမ္မဋ္ဌာန်းကို ကူးပါ၊ ကူးလို့ ရနိုင်ပါတယ်။ ဒီစတုတ္ထဈာန်သမာဓိရဲ့ ထူးခြားတဲ့ မှတ်ကျောက်တစ်ခုကတော့ ဝင်သက်လေ-ထွက် သက်လေဆိုတဲ့ အာနာပါနရဲ့ ချုပ်ငြိမ်းခြင်းပဲ ဖြစ်ပါတယ်။ ဘုရားရှင်က မဟာသတိပဋ္ဌာနသုတ္တန်ဝယ် အာနာပါနကျင့်စဉ်ပိုင်းတွင် သမထပိုင်းကို အာနာပါနချုပ်ငြိမ်းတဲ့အထိ ကျင့်ရန် ညွှန်ကြားတော် မူပြီးနောက် ဝိပဿနာပိုင်းကျင့်စဉ်ကို ဆက်လက်ပြီးတော့ ညွှန်ကြားထားတော်မူပါတယ်။ ဘယ်လို ညွှန်ကြားထားတော်မူသလဲ?

## အာနာပါနကျင့်စဉ် ဝိပဿနာပိုင်း ပထမအဆင့်

၁-၁။ **ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊**

၁-၂။ **ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊**

၁-၃။ **အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။**[၁၃၄]

ဒီညွှန်ကြားတော်မူချက်ရဲ့ ဆိုလိုရင်းသဘောတရားကို ပြောကြရအောင် — ယောဂါဝစရပုဂ္ဂိုလ်က မိမိရရှိထားပြီးတဲ့ အာနာပါနစတုတ္ထစျာန်သမာဓိကို တစ်ဖန်ပြန်ပြီးတော့ ထူထောင်ပါ။ ဒီလို သမာဓိထူထောင်ခြင်းဟာ ထိုင်တိုင်း ထိုင်တိုင်း လိုက်နာပြုကျင့်ရမည့် လုပ်ငန်းခွင် ဖြစ်ပါတယ်။ စတုတ္ထစျာန်သမာဓိကြောင့် ဉာဏ်အလင်းရောင်တွေက ပြိုးပြိုးပြက်ပြက် တလက်လက် တောက်ပလာတဲ့အခါ ယင်းစတုတ္ထစျာန်သမာဓိမှ ထပြီးတော့ အထက်ပါ ဘုရားရှင် ညွှန်ကြားထားတော်မူတဲ့အတိုင်း —

၁-၁။ ဤသို့လျှင် ယောဂါဝစရရဟန်းသည် မိမိရဲ့ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်၌မူလည်း ရူပကာယ နာမကာယ = ရုပ်တရားအပေါင်းအစု နာမ်တရားအပေါင်းအစုကို အဖန်ဖန် အထပ်ထပ် ရှုနေပါ။

၁-၂။ အပြင်ဗဟိဒ္ဓ၌မူလည်း ရူပကာယ နာမကာယ = ရုပ်တရားအပေါင်းအစု နာမ်တရားအပေါင်းအစုကို အဖန်ဖန် အထပ်ထပ် ရှုနေပါ။ (သက်ရှိ သက်မဲ့ နှစ်မျိုးလုံးမှာ ရှုနေပါ။)

၁-၃။ ကိုယ်တွင်းအဇ္ဈတ္တသန္တာန်မှာရော အပြင်ဗဟိဒ္ဓမှာရော နှစ်မျိုးလုံး၌ ရူပကာယ နာမကာယ = ရုပ်တရားအပေါင်းအစု နာမ်တရားအပေါင်းအစုကို အဖန်ဖန် အထပ်ထပ် ရှုနေပါ။

## ကာယ၏အဓိပ္ပာယ် ဖွင့်ဆိုချက်

**ကာယောတိ ဒွေ ကာယာ — နာမကာယော စ ရူပကာယော စ။ ကတမော နာမကာယော? ဝေဒနာ၊ သညာ၊ စေတနာ၊ ဖဿော၊ မနသိကာရော၊ နာမဉ္စ နာမကာယော စ၊ ယေ စ ဝုစ္စန္တိ စိတ္တသင်္ခါရာ — အယံ နာမကာယော။ ကတမော ရူပကာယော? စတ္တာရော စ မဟာဘူတာ၊ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယရူပံ၊ အဿာသော စ ပဿာသော စ၊ နိမိတ္တဉ္စ ဥပနိဗန္ဓနာ၊ ယေ စ ဝုစ္စန္တိ ကာယသင်္ခါရာ — အယံ ရူပကာယော။**[၁၃၅]

ဒီပဋိသမ္ဘိဒါမဂ္ဂပါဠိတော်အရ ကာယအရ —

၁။ ရူပကာယ = ဘူတရုပ် ဥပါဒါရုပ်ဟု ခေါ်ဆိုအပ်တဲ့ ရုပ်တရားအပေါင်းအစု,

၂။ နာမကာယ = ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်ဟု ခေါ်ဆိုအပ်တဲ့ နာမ်တရားအပေါင်းအစု,

၃။ အဿာသ-ပဿာသကာယ = ဝင်သက်လေ-ထွက်သက်လေဟု ခေါ်ဆိုအပ်တဲ့ စိတ္တဇရုပ်တို့ရဲ့ အပေါင်းအစု,

[၁၃၄] မ၁၊၇၁။ [၁၃၅] ပဋိသံ၊၁၈၁။

၄။ ဈာန်စိတ်ကို ဖွဲ့ချည်ထားကြောင်းဖြစ်တဲ့ အာနာပါနပဋိဘာဂနိမိတ်ဟု ခေါ်ဆိုအပ်တဲ့ ရုပ်တရားအပေါင်းအစု,

ဒီ (၄)မျိုးသော ရုပ်တရားအစုအပုံ နာမ်တရားအစုအပုံတွေဟာ ဒီနေရာမှာ ကာယအမည်ရှိပါတယ်။ အဿာသ-ပဿာသကာယနှင့် အာနာပါနပဋိဘာဂနိမိတ်တို့ဟာလည်း အထက်က ရှင်းပြခဲ့တဲ့အတိုင်း ရုပ်တရားအစုအပုံတွေသာ ဖြစ်ကြပါတယ်။ အာနာပါနကမ္မဋ္ဌာန်းပိုင်းဖြစ်တဲ့ အတွက် သီးသန့်ဖော်ပြခြင်းသာ ဖြစ်ပါတယ်။ ယောဂါဝစရပုဂ္ဂိုလ်က ဒုက္ခသစ္စာအမည်ရတဲ့ ဒီရုပ်-တရားအစုအပုံ နာမ်တရားအစုအပုံတွေကို အဇ္ဈတ္တမှာရော ဗဟိဒ္ဓမှာရော သိမ်းဆည်းရှုပွားရမှာ ဖြစ်ပါတယ်။ ဒီရုပ်တရား နာမ်တရားတွေဟာ လက္ခဏာယာဉ် (၃)တန် တင်ကာ ဝိပဿနာရှုပွားသုံးသပ်ရမည့် ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံတရားတွေ ဖြစ်ကြပါတယ်။ ရုပ်တရားက စပြီးတော့ သိမ်းဆည်းရှုပွားပုံအပိုင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ[၁၅၅]က ညွှန်ကြားထားတဲ့အတိုင်း ဓာတ်ကမ္မဋ္ဌာန်းက စပြီးတော့ ရှုပွားပုံစနစ်ကို ပြောမယ် —

## ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းနည်း

ဝိပဿနာသွားချင်တယ်ဆိုလို့ရှိရင်တော့ ထိုပုဂ္ဂိုလ်သည် ဘာလုပ်ရမလဲ? ရုပ်ကမ္မဋ္ဌာန်းကနေ စတင်၍ ရုပ်နာမ်တို့ကို သိမ်းဆည်းတဲ့ စနစ်တစ်ခု, နာမ်ကမ္မဋ္ဌာန်းကနေ စတင်၍ ရုပ်နာမ်တို့ကို သိမ်းဆည်းတဲ့ စနစ်တစ်ခု — နှစ်ခုရှိတဲ့အနက်က ကြိုက်တဲ့စနစ်ဖြင့် ရုပ်နာမ်ကို သိမ်းဆည်းနိုင်ပါတယ်။ ဒီတော့ ဓာတ်ကမ္မဋ္ဌာန်းကနေ စသိမ်းဆည်းတဲ့ စနစ်ကလေးကို နည်းနည်း အတိုချုပ်ပြောမယ်— တရားထိုင်တိုင်း ထိုင်တိုင်း အာနာပါနစတုတ္ထဈာန်သမာဓိကို ထူထောင်ပါ။ လင်းရောင်ခြည်စွမ်းအင်တွေ အားကောင်းလာတဲ့အခါ ဓာတ်လေးပါးကို ရှုပါ။ ဓာတ်ဘယ်နှစ်ပါးရှိသလဲ? လေးပါး၊ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်။

မာမှုထင်ရှားတဲ့ တစ်နေရာကစပြီးတော့ မာတဲ့သဘောကို တစ်ကိုယ်လုံး မြင်အောင် ရှုရတယ်၊ ကြမ်းမှုထင်ရှားတဲ့ တစ်နေရာကစပြီးတော့ ကြမ်းတဲ့သဘောကို တစ်ကိုယ်လုံး မြင်အောင် ရှုရတယ်၊ လေးမှုထင်ရှားတဲ့ တစ်နေရာကစပြီးတော့ လေးတဲ့သဘောကို တစ်ကိုယ်လုံးမြင်အောင် ရှုရတယ်။ အောင်မြင်မှုရခဲ့ရင်တော့ ပျော့မှုထင်ရှားတဲ့ တစ်နေရာပေါ့၊ အောက်အတွင်းနှုတ်ခမ်းသားကလေးကို လျှာနှင့် ထိထားကြည့်ပါ။ ပျော့နေတာကို တွေ့နိုင်ပါတယ်။ အဲဒီလို ပျော့မှုထင်ရှားတဲ့ တစ်နေရာက စပြီး ပျော့တဲ့သဘော, ချောမှုထင်ရှားတဲ့ တစ်နေရာကစပြီး ချောတဲ့သဘော, ပေါ့မှုထင်ရှားတဲ့ တစ်နေရာကစပြီး ပေါ့တဲ့သဘော — အဲဒီ သဘောတရားတွေကို တစ်ကိုယ်လုံးမြင်အောင် ရှုရတယ်၊ မာ, ကြမ်း, လေး, ပျော့, ချော, ပေါ့ - ဒါ **ပထဝီဓာတ်**သဘောတရား ခြောက်ခုပဲ။[၁၅၆]

အောင်မြင်မှုရပြီဆိုရင်တော့ နည်းနည်း ကျော်လိုက်၊ ပူမှုထင်ရှားတဲ့ တစ်နေရာကစပြီး ပူတဲ့သဘော, အေးမှုထင်ရှားတဲ့ တစ်နေရာကစပြီး အေးတဲ့သဘောကို တစ်ကိုယ်လုံး မြင်အောင် ရှုပါ၊ **တေဇောဓာတ်**ပဲ။

[၁၅၅] ဝိသုဒ္ဓိ၊၂၊၂၂၂။

[၁၅၆] အဘိ၊၁၊၁၇၀။ အဘိ၊၄၊၁၃၆၈။

အောင်မြင်မှုရရင် ဝါယောဓာတ် ကူးလိုက်၊ ထောက်ကန်မှု ထင်ရှားတဲ့ တစ်နေရာကနေပြီး ထောက်ကန်တဲ့သဘောကို တစ်ကိုယ်လုံး မြင်အောင်ရှု၊ တွန်းကန်မှုထင်ရှားတဲ့ တစ်နေရာကနေပြီး တွန်းကန်တဲ့သဘောကို တစ်ကိုယ်လုံး မြင်အောင် ရှုရတယ်။ ထောက်တယ်ဆိုတာကတော့ ခန္ဓာအိမ်ကို ငြိမ်အောင်ထိန်းထားတဲ့ သဘောကလေးပဲ၊ အိမ်တစ်အိမ် ပြိုတော့မယ်ဆိုရင် ကျားခေါ်တဲ့ တုတ်တစ်ချောင်းနှင့် ကန်ထားသလို ထောက်ထားတဲ့ သဘောကလေးပဲ။ တွန်းကန်မှုဆိုတာက ခုနက ဝင်လေ-ထွက်လေထဲမှာလည်း ရှိပါတယ်၊ ဦးခေါင်းအလယ်လောက်မှာ စိတ်ကလေး စိုက်ထားပါ၊ သွားကလေးကို နည်းနည်း ဖိထား၊ အသက်ရှူကြည့်ပါ။ တွန်းမှုအားတွေ ထင်ရှားနေတာ တွေ့ရပါတယ်။ အဲဒီ တွန်းကန်မှု, ထောက်ကန်မှုသဘောက **ဝါယောဓာတ်** ဖြစ်တယ်။

ပေါင်းလိုက်တော့ ဓာတ်သဘောတရား ဆယ်ခု၊ ပထဝီဓာတ်သဘောတရားက ခြောက်မျိုး၊ တေဇောဓာတ်သဘောတရားက ပူမှု, အေးမှု နှစ်မျိုး၊ ဝါယောဓာတ်သဘောတရားက ထောက်မှု, တွန်းမှု နှစ်မျိုး ပေါင်းလိုက်တော့ ဆယ်မျိုး၊ အဲဒီ ဆယ်မျိုးကို ထပ်ကာထပ်ကာ ရှုရင် ဖွဲ့စည်းတဲ့သဘောတရား ပေါ်လာမယ်၊ သွားအရင်းတို့ လျှာအရင်းတို့ လျှာဖျားတို့ အဲဒီလို ယိုစီးမှုထင်ရှားတဲ့ တစ်နေရာကစပြီး ယိုစီးတဲ့သဘောကို တစ်ကိုယ်လုံး အသားကြား အရိုးကြား အရေကြား အကြော-ကြား စိုက်ကြည့်။ တစ်ကိုယ်လုံး မြင်အောင် ကြည့်လိုက်တဲ့အခါ ယိုစီး, ဖွဲ့စည်းတဲ့သဘော ထင်ရှားပြီဆိုရင် ဒီယိုစီး, ဖွဲ့စည်းသဘောက **အာပေါဓာတ်** – ပေါင်းလိုက်တော့ ဓာတ်ဘယ်နှစ်ပါး ဖြစ်သွားပြီလဲ? လေးပါး။

အဲဒီ ဓာတ်လေးပါးကို ရှုတတ်ပြီဆိုရင်တော့ ဘုရားဟော ဒေသနာတော် အစဉ်အတိုင်း ပြန်ရှုရတယ်၊ ပထဝီဓာတ် အာပေါဓာတ် တေဇောဓာတ် ဝါယောဓာတ်ဆိုတဲ့ ဒေသနာတော် အစဉ်အတိုင်း မာ, ကြမ်း, လေး, ပျော့, ချော, ပေါ့, ယိုစီး, ဖွဲ့စည်း, ပူ, အေး, ထောက်, တွန်း – အဲဒီ သဘောတရား ဆယ့်နှစ်ခုကို ခြေဆုံးခေါင်းဆုံး သွက်အောင် ရှုပါ။

## ခြုံငုံ၍ တစ်ကိုယ်လုံးကို ကြည့်ပါ

သွက်ပြီဆိုရင် ခြုံကြည့်ပါ။ မိမိ ထိုင်နေတာကို အပေါ်က စီးကြည့်တဲ့ပုံစံဖြင့် တစ်ကိုယ်လုံးကို ငုံကြည့်ရတယ်။

အဲဒီလို ငုံကြည့်လိုက်တဲ့ အချိန်အခါမှာ ဓာတ်တွေက ပြိုင်တူလိုလို ပေါ်နေပြီဆိုရင်တော့ မာ, ကြမ်း, လေး, ပျော့, ချော, ပေါ့ကို ကြည့်ပြီးတော့ ပထဝီဓာတ်၊ ယိုစီး, ဖွဲ့စည်းကို ကြည့်ပြီးတော့ အာပေါဓာတ်၊ ပူ, အေးကို ကြည့်ပြီးတော့ တေဇောဓာတ်၊ ထောက်, တွန်းကို ကြည့်ပြီးတော့ ဝါယောဓာတ် – အဲဒီလို လေးချက်ရှုပါ။

ဓာတ်လေးပါးအာရုံ၌ စိတ်ကို ငြိမ်အောင်ထိန်းပါ၊ သမာဓိကို ထူထောင်ပါ။ ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ် အဲဒီလို ထပ်ကာထပ်ကာ ရှုလိုက်ပြီဆိုရင် ဘာဖြစ်လာမလဲ? တဖြည်းဖြည်း စိတ်က ဓာတ်လေးပါးအာရုံ၌ ငြိမ်ဝပ်စွာ ကပ်ပြီးတည်နေလိမ့်မည်။ ဘာကြောင့်လဲ?

ဟိုဘက်က အာနာပါနဖြင့် မိမိက စတုတ္ထဈာန်ဆိုက်အောင် သမာဓိထူထောင်ပြီးမှ ဓာတ်ကြီးလေးပါး ကို အာရုံပြု၍ သမာဓိကို ဆက်လက် ထူထောင်လို့ပဲ ဖြစ်တယ်။

ထိုင်တိုင်း ထိုင်တိုင်းတော့ သမာဓိထူထောင်ရပါတယ်၊ အာနာပါနပဋိဘာဂနိမိတ်ကို အာရုံယူပြီး တော့ စတုတ္ထဈာန်သမာဓိဆိုက်အောင် သမာဓိထူထောင်ပြီးမှ ဒီဓာတ်လေးပါးကို ရှုလာတဲ့အတွက် ဟိုဘက်က အာနာပါနစတုတ္ထဈာန်သမာဓိက ကျေးဇူးပြုပေးလိုက်တော့ ဒီဘက်မှာ ဓာတ်လေးပါး ပေါ်မှာ စိတ်က ငြိမ်ဝပ်မှု လွယ်လွယ်ကလေးနဲ့ ရလာတယ်၊ ဓာတ်လေးပါးအာရုံ၌ စိတ်က ငြိမ်ဝပ်စွာ ကပ်ပြီး တည်လာပြီဆိုလို့ရှိရင် ထိုယောဂီပုဂ္ဂိုလ်က ဘာလုပ်ရမလဲ? ဓာတ်လေးပါးအာရုံမှာ ငြိမ်သ- ထက် ငြိမ်အောင် ကပ်ပြီးတော့ ရှုရတယ်။

## အဖြူပြင်နှင့် အကြည်ပြင်

ရှုလို့ ငြိမ်ပြီဆိုရင်တော့ ပထဝီဓာတ်မှာ မာတဲ့သဘော၊ အာပေါဓာတ်မှာ ယိုစီးတဲ့သဘော၊ တေဇောဓာတ်မှာ ပူတဲ့သဘော၊ ဝါယောဓာတ်မှာ ထောက်တဲ့သဘော၊ အဲဒီ လေးခုကို ဦးစားပေး ရှုလိုက်၊ ရှုလို့ ငြိမ်လာပြီဆိုလို့ရှိရင် ဘာဖြစ်လာတတ်သလဲ? – အဖြူ စပေါ်တတ်ပါတယ်၊ ဘာဖြစ်လို့ ဒီအဖြူက ပေါ်နေရသလဲဆိုတာကတော့ ရေခဲတုံး တစ်တုံး ကြည့်ပေါ့၊ အမှတ်တမဲ့ ဖြုန်းခနဲ ခပ်လှမ်း- လှမ်းက ကြည့်လိုက်ရင်တော့ ဖြူနေတယ်လို့ ထင်ရတယ်၊ သေသေချာချာ အနားကပ်ကြည့်လိုက် တော့ ကြည်နေပါတယ်။ အဲဒီတော့ အကြည်ဓာတ်ကို မတွေ့ခင်ကလေးမှာ အဖြူပြင်ကို စတွေ့ခြင်း ဖြစ်တယ်။

အဲဒီ အဖြူမှာလည်း တည်ရှိနေတဲ့ ဓာတ်လေးပါးကို မြင်အောင် ဆက်ပြီး စိုက်ရှုရပါတယ်။ စိုက်ရှုလိုက်လို့ရှိရင် ရေခဲတုံး မှန်တုံး ဖန်တုံးလို ကြည်နေတဲ့ အကြည်ဓာတ်ကို တွေ့တတ်ပါတယ်၊ ဘာအကြည်လဲလို့မေးတော့ – ခုနက ပြောခဲ့တဲ့ ရုပ်လောကမှာ ဘုရားရှင်က အကြည်ဓာတ် ဘယ်နှစ်မျိုး ဟောတော်မူခဲ့သလဲ? ငါးမျိုး၊ မျက်စိအကြည်, နားအကြည်, နှာခေါင်းအကြည်, လျှာ- အကြည်, ကိုယ်အကြည်ဆိုပြီး အကြည်ရုပ် ဘယ်နှစ်မျိုး ဟောထားတော်မူသလဲ? ငါးမျိုး။

အဲဒီ ကိုယ်အကြည်ဆိုတာက တစ်ကိုယ်လုံး နေရာအနှံ့အပြားမှာ ရှိတယ်၊ ဒွါရ (၆)ပါးလုံးမှာ ဘယ်နေရာမှာမဆို မရှိတဲ့နေရာ မရှိဘူး၊ ထိမှုကို သိတဲ့နေရာတိုင်းမှာ ရှိနေတယ်။ ဒီလို တစ်ကိုယ်လုံး အနှံ့အပြားရှိနေတော့ ဒီအကြည်ရုပ်ကို ကလာပ်အမှုန်ကလေးတွေကို မတွေ့ခင် အပြင်လိုက် အတုံးလိုက် အခဲလိုက်ကြီး သွားတွေ့ခြင်း ဖြစ်ပါတယ်၊ အဲဒီ အကြည်ပြင် အကြည်တုံးမှာလည်း တည်ရှိနေတဲ့ ဓာတ်လေးပါးကို မြင်အောင် ဆက်စိုက်ရှုရတယ်။

**စက္ခာဒိပဉ္စဝိဓံ ရူပါဒီနံ ဂဟဏပစ္စယဘာဝေန အာဒါသတလံ ဝိယ ဝိပ္ပသန္နတ္တာ ပသာဒ- ရူပံ။**[၁၇၇]

---

[၁၇၇] ဝိသုဒ္ဓိ၊ ၂၊၈၁။

စက္ခုစတဲ့ ငါးမျိုးသော ရုပ်တွေဟာ ရူပါရုံစတဲ့ အာရုံငါးမျိုးကို အာရုံယူဖို့ရာ စက္ခုဝိညာဏ်စတဲ့ ဆိုင်ရာ ဝိညာဏ်ငါးမျိုးတို့ရဲ့ မှီရာ နိဿယ အကြောင်းတရားအဖြစ်ဖြင့် ကျေးဇူးပြုပေးနေပြီး **ကြေးမုံ (= မှန်)အပြင်ကဲ့သို့ ကြည်လင်နေတဲ့အတွက်ကြောင့် ပသာဒရုပ် မည်ပါတယ်**လို့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဖွင့်ဆိုထားပါတယ်။

## ရုပ်ကလာပ်အမှုန်များ

ဓာတ်ကြီးလေးပါးကို စိုက်ရှုလိုက်ပြီဆိုလို့ရှိရင်တော့ ပါရမီတွေရင့်ညောင်းတဲ့ သူတော်ကောင်း ဖြစ်ခဲ့မယ်ဆိုရင် ဒီရုပ်ကလာပ်အမှုန်ကလေးတွေကို လွယ်လွယ်ကလေးနဲ့ တွေ့ရတတ်ပါတယ်၊ အကြည်တုံးကြီးက ပြိုကွဲသွားတတ်ပါတယ်။ လွယ်လွယ်ကလေးနဲ့ ဒီအကြည်ပြင်ကြီးက ကွဲထွက်မသွားဘူးဆိုရင်တော့ ဒီအကြည်ပြင်မှာ အာကာသဓာတ် ရှိနေလေရဲ့လို့ အာရုံယူပြီးတော့ ဒီလင်း-ရောင်ခြည်စွမ်းအား အကူအညီနှင့် အာကာသဓာတ်ကို စိုက်ရှုလိုက်ရင် အမှုန်ကလေးတွေကို စတွေ့တတ်ပါတယ်။

မဟာရာဟုလောဝါဒသုတ္တန်[၁၁၈] စတဲ့ ထိုထိုသုတ္တန်တို့မှာ “အာကာသဓာတ်ကို ရှုရန်” ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။ လက္ခဏာဟာရနေတ္တိနည်းအရ ဟောကြားသွားတော်မူခြင်း ဖြစ်ပါတယ်။ အာကာသဓာတ်ကို ဦးတည်၍ ဥပါဒါရုပ်တွေကို ရှုပွားသိမ်းဆည်းရန် ဘုရားရှင်က ညွှန်ကြား-တော်မူခြင်းဖြစ်ကြောင်းကို အဋ္ဌကထာ[၁၁၉]က ရှင်းပြထားပါတယ်။

ဒီအမှုန်ကလေးတွေကို ရုပ်ကလာပ်တွေလို့ ခေါ်တယ်၊ ရုပ်ကလာပ်ဆိုတာ ရုပ်တို့ရဲ့ အသေးဆုံး အဖွဲ့အစည်းကလေးပဲ။ အဲဒီအမှုန်ကလေးတွေကို စတွေ့ပြီဆိုလို့ရှိရင်လည်း တစ်မှုန်တစ်မှုန်မှာ တည်ရှိတဲ့ ပထဝီ, အာပေါ, တေဇော, ဝါယော – ဆိုတဲ့ ဓာတ်လေးပါးကို မြင်အောင် စစိုက်ရှုရတယ်။ ရုပ်ကလာပ် တစ်ခုတစ်ခုမှာ ဓာတ်လေးပါးကို သိမ်းဆည်းနိုင်ပြီ ရှုလို့ရပြီဆိုလျှင် ပရမတ္ထသစ္စာနယ်သို့ စတင် ရောက်ရှိပြီ ဖြစ်ပါတယ်။ ရုပ်ကလာပ်ဆိုတာ ရုပ်ပရမတ်တရားတို့ရဲ့ အသေးဆုံး အဖွဲ့အစည်း-ကလေး တစ်ခုပဲ။ ပညတ်နယ်မှာပဲ ရှိနေပါသေးတယ်။

အဲဒီ ဓာတ်လေးပါးကို မြင်အောင် စိုက်ရှုလို့ မရဘူး၊ အမှုန်ကလေးတွေက ပေါ်တာပျောက်တာ သိပ်ပြီး မြန်နေပြီဆိုလို့ရှိရင် ထိုပုဂ္ဂိုလ်ဟာ ဘာလုပ်ရသလဲ? တစ်ကိုယ်လုံး ရှုနေကျအတိုင်း ခြုံပြီးတော့ ‘မာ’တာကို စိုက်ရှုလိုက်၊ အမှုန်ကလေးတစ်ခုမှာ ‘မာ’တာကို စိုက်ရှုလိုက်၊ ပျောက်သွားရင် နောက်တစ်မှုန် ပြောင်းစိုက်ပြီးရှု၊ ပျောက်သွား နောက်တစ်မှုန် ပြောင်းစိုက်ပြီးရှု၊ အဲဒီလို ထပ်ကာထပ်ကာ ရှုလိုက်လို့ ရှုလိုက်တဲ့ အမှုန်တိုင်းမှာ မာတဲ့သဘောကို သဘောပေါက်ရင် မာတာ ကြမ်းတာ နှစ်ခုပေါ့၊ နှစ်ခုသဘောပေါက်ရင် သုံးခု စသည်ဖြင့် တဖြည်းဖြည်း ပြောင်းစိုက်ရှုရပါတယ်၊ စိုက်ရှုလိုက်လို့ ဒီအမှုန်တိုင်းမှာ ဓာတ်လေးပါးကို မြင်ပြီဆိုလို့ရှိရင် ဘာဖြစ်မလဲ?

---

[၁၁၈] မ၊၂၊၈၆။ [၁၁၉] မဋ္ဌ၊၃၊၉၇။

## ဥပါဒါရုပ်များကို သိမ်းဆည်းပုံ

**ဣမေ စတ္တာရော မဟာဘူတေ ပရိဂ္ဂဏှန္တဿ ဥပါဒါရူပံ ပါကဋံ ဟောတိ။**[၁၂၀]

ဟို . . . သမ္မောဟဝိနောဒနီအဋ္ဌကထာကြီးက ဖွင့်ထားတယ်၊ ဒီရုပ်ကလာပ်တိုင်း ရုပ်ကလာပ်-တိုင်း, အမှုန်တိုင်း အမှုန်တိုင်းမှာ ဓာတ်ကြီးလေးပါးကို မြင်အောင် စိုက်ရှုနိုင်ရင် ကြွင်းကျန်နေတဲ့ ဥပါဒါရုပ်တွေ ထင်ရှားလာပြီ၊ အဲဒီလို ကြွင်းကျန်နေတဲ့ ဥပါဒါရုပ်တွေကို သိမ်းဆည်းပုံကတော့ ဆရာသမားနှင့်သာ စနစ်တကျ ချဉ်းကပ်လေ့လာပေတော့ . . .။

အဲဒီတော့ ဥပါဒါရုပ်က (၂၄)မျိုး ရှိပါတယ်၊ ရုပ်တို့မည်သည် ကလာပ်ခေါ်တဲ့ အမှုန်ကလေးတွေ အနေနဲ့ဖြစ်တော့ အမှုန်တိုင်း အမှုန်တိုင်းမှာ ဓာတ်လေးပါးကို ဦးဆောင်ပြီးတော့ အဆင်း, အနံ့, အရသာ, ဩဇာ အစရှိတဲ့ ဥပါဒါရုပ်တွေကို ဆက်လက်ပြီး သိမ်းဆည်းရတယ်။ အဲဒီရုပ်တရားတွေကို သိမ်းဆည်းတဲ့လုပ်ငန်း အောင်မြင်ပြီဆိုလို့ရှိရင်တော့ နာမ်တရားတွေကို ဆက်လက်ပြီး သိမ်းဆည်းနိုင်ပါတယ်။

## နာမ်တရားများကို သိမ်းဆည်းပုံ

အဲဒီ နာမ်တရားတွေကို သိမ်းဆည်းတဲ့အပိုင်းမှာ ဖဿကစပြီး သိမ်းဆည်းတဲ့နည်း, ဝေဒနာက စပြီး သိမ်းဆည်းတဲ့နည်း, အသိစိတ် ဝိညာဏ်ကစပြီး သိမ်းဆည်းတဲ့နည်းဆိုပြီးတော့ ရိုးရိုး သုဒ္ဓဝိ-ပဿနာယာနိကပုဂ္ဂိုလ်တွေအတွက် ညွှန်ကြားထားတာ ရှိတယ်၊ ဒါပေမဲ့ သမထယာနိကပုဂ္ဂိုလ် ဖြစ်ခဲ့ ရင်လည်း ကာမာဝစရနာမ်တရားတွေကို သိမ်းဆည်းတဲ့နေရာမှာ ဒီစနစ်သုံးခုအတိုင်းပဲ သိမ်းဆည်းရ ပါတယ်။ သမထယာနိကပုဂ္ဂိုလ်ကတော့ ဈာန်နာမ်တရားကနေ စသိမ်းဆည်းလိုရင် သိမ်းဆည်းလို့ ရတယ်။ ဈာန်နာမ်တရားတွေကို သိမ်းဆည်းတဲ့အပိုင်းမှာ ခုနက ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာခေါ်တဲ့ ဈာန်အင်္ဂါတွေကို မိမိက သမထပိုင်းမှာကတည်းက ရှုတတ်ခဲ့ပြီး ဖြစ်တဲ့အတွက် နာမ်ကမ္မဋ္ဌာန်းပိုင်း ကူးပြီဆိုလို့ရှိရင်လည်း အဲဒီ ဈာန်အင်္ဂါတွေကနေ စပြီးတော့ ဈာန်နာမ်တရားတွေ ကို သိမ်းဆည်းရပါတယ်။

သိမ်းဆည်းတဲ့အခါမှာ ခုလို အာနာပါနပဋိဘာဂနိမိတ်ကို အာရုံယူပြီး ဖြစ်ပေါ်နေတဲ့ ပဌမဈာန် နာမ်တရားဆိုရင် (၃၄)လုံးအထိ ရှိပါတယ်။ အဲဒီ နာမ်တရားတွေကိုလည်း စနစ်တကျ ဆရာသမားနှင့် ချဉ်းကပ်လေ့လာရပါတယ်၊ သိမ်းဆည်းရပါတယ်။ ဒွါရ (၆)ပါးလုံးမှာ ဖြစ်ပေါ်နေကြတဲ့ နာမ်တရား အားလုံးကို သိမ်းဆည်းရပါတယ်။

ဒီနေရာမှာ ယောဂီပုဂ္ဂိုလ်က လိုက်နာပြုကျင့်ရမည့် လုပ်ငန်းခွင် (၄)ဆင့် ရှိနေပါတယ်။

၁။ **ရူပပရိစ္ဆေဒ** = ရုပ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း = ပိုင်းခြားမှတ်သားခြင်း, သို့မဟုတ်
**ရူပပရိဂ္ဂဟ** = ရုပ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း = ဉာဏ်ဖြင့် သိမ်းဆည်းခြင်း။

---

[၁၂၀] အဘိ၊ဋ္ဌ၊၂၊၂၄၁။

၂။ **နာမပရိစ္ဆေဒ** = နာမ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း = ပိုင်းခြားမှတ်သားခြင်း, သို့မဟုတ် **အရူပပရိဂ္ဂဟ** = နာမ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း = ဉာဏ်ဖြင့် သိမ်းဆည်းခြင်း။

၃။ **နာမရူပပရိစ္ဆေဒ** = နာမ်ရုပ်ကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း = ပိုင်းခြားမှတ်သားခြင်း, သို့မဟုတ် **ရူပါရူပပရိဂ္ဂဟ** = ရုပ်တရားနာမ်တရားကို ဉာဏ်ဖြင့် ပိုင်းခြားယူခြင်း = ဉာဏ်ဖြင့် သိမ်းဆည်းခြင်း။

၄။ **နာမရူပဝဝတ္ထာန** = နာမ်ရုပ်ကို ပရမတ်သို့ဆိုက်အောင် သိမ်းဆည်းရှုပွားပြီးသည့်အခါ ယင်းနာမ်ရုပ်တို့၌ "ပုဂ္ဂိုလ် သတ္တဝါ ဇီဝ အတ္တ မရှိ၊ ရုပ်နာမ်မျှသာ ရှိ၏"ဟု နာမ်ရုပ်ကို ပိုင်းခြားမှတ်သားခြင်း။[၁၂၁]

ဒီလုပ်ငန်းခွင် (၄)ခုတို့ကို အစဉ်အတိုင်း ပြုလုပ်ရမှာ ဖြစ်ပါတယ်။ အကယ်၍ ယောဂီပုဂ္ဂိုလ်က ရုပ်တရားတွေကိုလည်း ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းရှုပွားပြီးပြီ, နာမ်တရားတွေကိုလည်း ပရမတ်သို့ ဉာဏ်အမြင်ဆိုက်အောင် သိမ်းဆည်းရှုပွားပြီးပြီဆိုလျှင် ရှေ့ဆက်ပြီးတော့ ဘာတွေကို လိုက်နာပြုကျင့်ရမှာလဲ?

အဲဒီ ရုပ်တွေ နာမ်တွေကို သိမ်းဆည်းပြီးတဲ့ အချိန်အခါ ရုပ်တရား နာမ်တရားဆိုပြီး ရုပ်နာမ်ခွဲရတယ်၊ ရုပ်နာမ်ကို ပူးတွဲသိမ်းဆည်းရတယ်။ ရူပါရူပပရိဂ္ဂဟလုပ်ငန်းရပ် ဖြစ်တယ်။ နာမ်နှင့်ရုပ်ကို ပိုင်းခြားယူတဲ့ နာမရူပပရိစ္ဆေဒဉာဏ်ပဲ။ တစ်ခါ ဒီရုပ်နာမ်ကလွဲရင် ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ လူ နတ် ဗြဟ္မာ မရှိဘူး၊ အသက်ကောင် လိပ်ပြာကောင် ဝိညာဏ်ကောင် အတ္တကောင် မရှိဘူး၊ ရုပ်တရားအစုအပုံ နာမ်တရားအစုအပုံပဲ ရှိတယ်ဆိုတာကို ဉာဏ်နှင့် မြင်အောင်ကြည့်ပြီး "ပုဂ္ဂိုလ် သတ္တဝါ ဇီဝ အတ္တ မရှိ၊ ရုပ်နာမ်မျှသာ ရှိတယ်"ဆိုပြီး ရုပ်နာမ်ကို ပိုင်းခြားမှတ်သားရပါတယ်၊ နာမရူပဝဝတ္ထာနလုပ်ငန်းလို့ ခေါ်ဆိုတယ်။

အဲဒီလို အဇ္ဈတ္တမှာ ရုပ်သိမ်းဆည်းခြင်း, နာမ်သိမ်းဆည်းခြင်း, ရုပ်နာမ်သိမ်းဆည်းခြင်း, ရုပ်နာမ်ပိုင်းခြားမှတ်သားခြင်းဆိုတဲ့ ဒီလုပ်ငန်းရပ်လေးခုကို ပြုလုပ်ပြီးတဲ့ အချိန်အခါကျတော့ ထိုယောဂီပုဂ္ဂိုလ်က ဗဟိဒ္ဓကို ပြောင်းပြီးတော့ အလားတူပဲ ရုပ်သိမ်းဆည်းခြင်း, နာမ်သိမ်းဆည်းခြင်း, ရုပ်နာမ်သိမ်းဆည်းခြင်း, ရုပ်နာမ်ပိုင်းခြားမှတ်သားခြင်းဆိုတဲ့ ဒီလုပ်ငန်းခွင်လေးခုကို တစ်ဆင့်တက်ပြီး ပြုလုပ်ရပါတယ်။ အဲဒီ လုပ်ငန်းခွင်ကို ဘုရားရှင်က မဟာသတိပဋ္ဌာနသုတ္တန် ဒီအာနာပါနပဗ္ဗအပိုင်းမှာ ဘယ်လို ဟောကြားထားတော်မူသလဲ?

## အဇ္ဈတ္တနှင့် ဗဟိဒ္ဓ

**ဣတိ အဇ္ဈတ္တံ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ ဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ၊ အဇ္ဈတ္တဗဟိဒ္ဓါ ဝါ ကာယေ ကာယာနုပဿီ ဝိဟရတိ။**[၁၂၂]

---

[၁၂၁] အဘိ၊ဌ၊၁၊၂၆၀။ မူလဋီ၊၁၊၁၁၂။ အနုဋီ၊၁၊၁၁၉။ ဝိသုဒ္ဓိ၊၂၊၂၂၂-၂၂၅။

[၁၂၂] မ၊၁၊၇၁။

ဒီလို ဟောကြားထားတော်မူပါတယ်၊ အဇ္ဈတ္တမှာလည်း ရူပကာယ, နာမကာယ[၁၂၃] တစ်နည်း- အားဖြင့် – အဿာသ-ပဿာသကာယ, ရူပကာယ, နာမကာယဆိုတဲ့ ရုပ်တရား နာမ်တရားတွေ ကို[၁၂၄] သိမ်းဆည်းဖို့၊ ဗဟိဒ္ဓမှာလည်း ရုပ်တရား နာမ်တရားတွေကို သိမ်းဆည်းဖို့ ဘုရားရှင်က ညွှန်ကြားထားတော်မူတယ်။ အဲဒီ ရုပ်နာမ်တွေကို အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်မျိုးလုံးတို့မှာ ဉာဏ်ဖြင့် ပိုင်းခြားယူတဲ့ သိမ်းဆည်းတဲ့အပိုင်းမှာ တဖြည်းဖြည်း ချဲ့ထွင်ပြီးတော့ (၃၁)ဘုံကုန်စင်အောင် ခြုံငုံ- ပြီးတော့ သိမ်းဆည်းရှုပွားရမှာ ဖြစ်ပါတယ်။ အဲဒီလို သိမ်းဆည်းတဲ့အပိုင်းမှာ သက်မဲ့လောကမှာ တည်ရှိကြတဲ့ ဥတုဇရုပ်တွေကိုပါ ရောနှောပြီးတော့ သိမ်းဆည်းရှုပွားရမှာ ဖြစ်ပါတယ်။ သို့သော် (၃၁)ဘုံဆိုတာကတော့ နားလည်လွယ်အောင်သာ ပြောဆိုတဲ့ စကားတစ်ခု ဖြစ်ပါတယ်။ ယောဂီ ပုဂ္ဂိုလ်အနေနှင့် ဘုံတွေကို အဆင့်ဆင့် ခွဲခြားသတ်မှတ်ဖို့ကတော့ မလွယ်ကူတဲ့သဘော ရှိပါတယ်။ အကယ်၍ မိမိက စွမ်းနိုင်ပါက အနန္တစကြဝဠာလို့ ခေါ်ဆိုအပ်တဲ့ (၃၁)ဘုံအဖွဲ့အစည်းပေါင်း များစွာကို ခြုံငုံပြီးတော့ သိမ်းဆည်းရှုပွားရမှာ ဖြစ်ပါတယ်။ ဒီလိုသိမ်းဆည်းတဲ့အပိုင်းမှာလည်း – ယောကျ်ား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ မည်သူမည်ဝါဟု ပိုင်းခြားမှတ်သားမှုမပြုဘဲ ဗဟိဒ္ဓချင်း တူညီနေတဲ့ အတွက် သာမန်ပေါင်းစုခြုံငုံပြီးတော့သာ သိမ်းဆည်းရှုပွားပါ။[၁၂၅] တဖြည်းဖြည်း ချဲ့ထွင်ပြီး (၃၁)ဘုံ- ကုန်အောင် သိမ်းဆည်းတတ်ပြီဆိုရင် ထိုယောဂီပုဂ္ဂိုလ်က ရှေ့တစ်ဆင့်တက်ပြီး ဘာလုပ်ရမလဲ?

## ဝိပဿနာပိုင်း ဒုတိယအဆင့်

### သမုဒယ, ဝယ, သမုဒယဝယ

၂-၁။ **သမုဒယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊**

၂-၂။ **ဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ၊**

၂-၃။ **သမုဒယဝယဓမ္မာနုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ။**[၁၂၆]

၂-၁။ **ကာယသ္မိံ** = ကာယ၌။ ဝါ ။ ရူပကာယ နာမကာယ၌။[၁၂၇] တစ်နည်း – **ကာယသ္မိံ** = အဿာသ- ပဿာသကာယ, ကရဇကာယ (= ရူပကာယ), နာမကာယ၌။[၁၂၈] **သမုဒယဓမ္မာနုပဿီ ဝါ** = သမုဒယဓမ္မကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း။ **ဝိဟရတိ** = နေလေ၏။

၂-၂။ **ကာယသ္မိံ** = ကာယ၌။ ဝါ ။ ရူပကာယ နာမကာယ၌။[၁၂၉] တစ်နည်း – **ကာယသ္မိံ** = အဿာသ- ပဿာသကာယ, ကရဇကာယ (= ရူပကာယ), နာမကာယ၌။[၁၃၀] **ဝယဓမ္မာနုပဿီ ဝါ** = ဝယဓမ္မကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း။ **ဝိဟရတိ** = နေလေ၏။

၂-၃။ **ကာယသ္မိံ** = ကာယ၌။ ဝါ ။ ရူပကာယ နာမကာယ၌။[၁၃၁] တစ်နည်း – **ကာယသ္မိံ** = အဿာသ- ပဿာသကာယ, ကရဇကာယ (= ရူပကာယ), နာမကာယ၌။[၁၃၂] **သမုဒယဝယဓမ္မာနုပဿီ ဝါ** = သမုဒယဓမ္မနှင့် ဝယဓမ္မကို အဖန်ဖန် အထပ်ထပ် ရှုလေ့ရှိသည်ဖြစ်၍မူလည်း။ **ဝိဟရတိ** = နေလေ၏။

---

[၁၂၃] ပဋိသံ၊၁၈၁။ [၁၂၄] မဟာဋီ၊၁၊၃၂၀။ [၁၂၅] မဋီ၊၄၊၂၇၄။ [၁၂၆] မ၊၁၊၇၁။ [၁၂၇] ပဋိသံ၊၁၈၁။
[၁၂၈] မဟာဋီ၊၁၊၃၂၀။ [၁၂၉] ပဋိသံ၊၁၈၁။ [၁၃၀] မဟာဋီ၊၁၊၃၂၀။ [၁၃၁] ပဋိသံ၊၁၈၁။ [၁၃၂] မဟာဋီ၊၁၊၃၂၀။

ဒီနေရာမှာ သမုဒယဓမ္မနှင့် ဝယဓမ္မကို အဋ္ဌကထာများက ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီးကို ရည်ညွှန်းကာ ဒီလို ဖွင့်ဆိုထားကြတယ်။ —

**သမုဒယဓမ္မာနုပဿီ ဝါတိအာဒီသု ပန "အဝိဇ္ဇာသမုဒယာ ရူပသမုဒယောတိ"အာဒိနာ နယေန ပဉ္စဟာကာရေဟိ ရူပက္ခန္ဓဿ သမုဒယော စ ဝယော စ နီဟရိတဗ္ဗော။ တဥ္စ သန္ဓာယ ဣဓ "သမုဒယဓမ္မာနုပဿီ ဝါ"တိအာဒိ ဝုတ္တံ။**[၅၃၃]

ဒီအဋ္ဌကထာများက ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်[၅၃၄]မှာ လာရှိတဲ့ ဥဒယဗ္ဗယဉာဏ် အကျယ်ရှုပွားနည်းများကို ရည်ညွှန်းကာ ဖွင့်ဆိုတော်မူကြခြင်း ဖြစ်ကြတယ်။

ဒီအပိုင်းကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက[၅၃၅]—

၁။ **ပစ္စယတော ဥဒယဗ္ဗယ**

၂။ **ခဏတော ဥဒယဗ္ဗယ** —

ဆိုပြီး နှစ်မျိုး ဖွင့်ဆိုထားပါတယ်။ ပိုမိုပြီးတော့ သဘောပေါက်အောင် ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်မှာ လာရှိတဲ့ ရူပက္ခန္ဓာ၌ ဥဒယနှင့် ဝယရှုပုံ ပါဠိတော်ကို ပုံစံထုတ်ကာ နာယူကြည့်ကြရအောင် . . . ။

**ရူပက္ခန္ဓဿ ဥဒယံ ပဿန္တော ကတမာနိ ပဉ္စ လက္ခဏာနိ ပဿတိ?**

၁။ **အဝိဇ္ဇာသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။**

၂။ **တဏှာသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။**

၃။ **ကမ္မသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။**

၄။ **အာဟာရသမုဒယာ ရူပသမုဒယောတိ ပစ္စယသမုဒယဋ္ဌေန ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။**

၅။ **နိဗ္ဗတ္တိလက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ဥဒယံ ပဿတိ။**

**ရူပက္ခန္ဓဿ ဥဒယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။**[၅၃၆]

ဒီပါဠိတော်ရဲ့ ဆိုလိုရင်းကို ပြောကြရအောင် . . . ။

ရူပက္ခန္ဓာရဲ့ ဖြစ်ခြင်း (= ဥဒယ)ကို ရှုတဲ့သူဟာ အဘယ်ငါးပါးသော လက္ခဏာတို့ကို ရှုမြင်သလဲ?

၁။ အဝိဇ္ဇာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏။

၂။ တဏှာဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏။

၃။ ကံဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏။

၄။ အာဟာရဖြစ်ခြင်းကြောင့် ရုပ်ဖြစ်၏။

ဒီလို အကြောင်းတရားတို့ရဲ့ ထင်ရှားဖြစ်ခြင်းဆိုတဲ့ အနက်သဘောကြောင့် အကျိုးရုပ်တရားရဲ့ ဖြစ်ပုံကို ရှုတယ်။ ဒီလို ရှုကွက်ကိုတော့ ပစ္စယတော ဥဒယဒဿန (= အကြောင်းတရားအားဖြင့်

[၅၃၃] ဒီ၊ဋ္ဌ၊၂၊၃၅၈။ မ၊ဋ္ဌ၊၁၊၃၅၇။ [၅၃၄] ပဋိသံ၊၅၃။ [၅၃၅] ဝိသုဒ္ဓိ၊၂၊၂၆၇။ [၅၃၆] ပဋိသံ၊၅၃။

အဖြစ်ကို ရှုခြင်း)လို့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဖွင့်ဆိုထားပါတယ်။[၃၇၇]

ဒီလောက်တွင် မကသေးဘူး —

၅။ ဒီရုပ်တရားရဲ့ ဖြစ်ခြင်း နိဗ္ဗတ္တိလက္ခဏာကိုလည်း မြင်အောင် ရှုရမယ်လို့ ညွှန်ကြားတော်မူပြန်တယ်။ ဒီရုပ်တရားရဲ့ ဖြစ်ခြင်း နိဗ္ဗတ္တိလက္ခဏာကို ရှုခြင်းကိုတော့ ခဏတော ဥဒယဒဿန (= ခဏအားဖြင့် အဖြစ်ကို ရှုခြင်း)လို့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဖွင့်ဆိုထားပါတယ်။[၃၇၈]

ဝေဒနာက္ခန္ဓာစတဲ့ နာမ်ခန္ဓာလေးပါးကိုလည်း ပုံစံတူ ဟောကြားထားတော်မူပါတယ်။

ဒီနေရာမှာ အဝိဇ္ဇာနှင့် တဏှာကို ယူလိုက်လျှင် ယင်းအဝိဇ္ဇာ တဏှာတို့နှင့် ကိလေသဝဋ်ချင်း တူညီနေတဲ့ ဥပါဒါန်ကိုလည်း ထည့်သွင်းယူရပါတယ်။ တစ်ဖန် ကံကို ယူလိုက်လျှင် ယင်းကံနှင့် ကမ္မဝဋ်ချင်း တူညီနေတဲ့ သင်္ခါရကိုလည်း ထည့်သွင်းယူရပါတယ်။ ပေါင်းလိုက်တော့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်းတရားငါးခု ဖြစ်ပါတယ်။

တစ်ဖန် အာဟာရဖြစ်ခြင်းကြောင့် ရုပ်ဖြစ်ပုံကို ရှုရန် ညွှန်ကြားထားတော်မူပြန်တယ်။ ပဝတ္တိ-ပစ္စယခေါ်တဲ့ ပစ္စုပ္ပန်အကြောင်းတရားတွေထဲမှာ အာဟာရဆိုတဲ့ အကြောင်းတရားက အလွန်အား-ကောင်းတဲ့အတွက် အာဟာရကို ရွေးထုတ်ကာ ဟောကြားတော်မူခြင်း ဖြစ်ပါတယ်။[၃၇၉]

အာဟာရကိုယူပြီး ဟောတော်မူလိုက်လျှင် ပဝတ္တိအကြောင်း (= ပစ္စုပ္ပန်အကြောင်း)ချင်း တူညီနေတဲ့ စိတ်ဆိုတဲ့ အကြောင်းတရား, ဥတုဆိုတဲ့ အကြောင်းတရားတွေကိုလည်း ထည့်သွင်းယူ-သင့်ကြောင်းကို ဋီကာဆရာတော်များက ဖွင့်ဆိုထားတော်မူကြပါတယ်။[၃၈၀]

ဒါကြောင့် ယောဂီပုဂ္ဂိုလ်က —

၁။ စိတ်ဖြစ်ခြင်းကြောင့် စိတ္တဇရုပ်ဖြစ်ပုံ,

၂။ ဥတုဖြစ်ခြင်းကြောင့် ဥတုဇရုပ်ဖြစ်ပုံ,

၃။ အာဟာရဖြစ်ခြင်းကြောင့် အာဟာရဇရုပ်ဖြစ်ပုံ —

တွေကိုလည်း ဆက်လက်ရှုရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ရဲ့အကြောင်းကို နည်းနည်းတော့ ထပ်ပြောချင်သေးတယ်။ ယောဂီပုဂ္ဂိုလ်တို့ရဲ့ လက်ရှိခန္ဓာငါးပါးကို ဖြစ်စေတဲ့ အကြောင်းရင်းဖြစ်တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတွေဟာ ဘယ်တုန်း-က ဖြစ်ခဲ့တဲ့ တရားတွေလဲလို့တော့ မေးစရာ ရှိတယ်။ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီးကတော့ ဒီလို ဟောကြားထားတော်မူပါတယ်။ —

၁။ **ပုရိမကမ္မဘဝသ္မိံ မောဟော အဝိဇ္ဇာ၊**

၂။ **အာယူဟနာ သင်္ခါရာ၊**

---

[၃၇၇, ၃၇၈] ဝိသုဒ္ဓိ၊ ၂၊ ၂၆၇။ [၃၇၉, ၃၈၀] မဟာဋီ၊ ၂၄၂၁။

၃။ **နိကန္တိ တဏှာ၊**

၄။ **ဥပဂမန် ဥပါဒါန်၊**

၅။ **စေတနာ ဘဝေါတိ**

**ဣမေ ပဉ္စ ဓမ္မာ ပုရိမကမ္မဘဝသ္မိံ ဣဓ ပဋိသန္ဓိယာ ပစ္စယာ။**[၅၅၀]

**တတ္ထ ပုရိမကမ္မဘဝသ္မိန္တိ ပုရိမေ ကမ္မဘဝေ၊ အတီတဇာတိယံ ကမ္မဘဝေ ကိရိယမာနေတိ အတ္ထော။**[၅၅၁]

ဒီပါဠိတော်နှင့် အဋ္ဌကထာအဖွင့်တို့ရဲ့ ဆိုလိုရင်းသဘောကို ပြောကြရအောင် . . .။

ရှေးအတိတ်ဘဝဝယ် . . . ကမ္မဘဝအမည်ရတဲ့ ယခုဘဝ လူ့ပြည်လူ့လောကသို့ ရောက်ကြောင်းဖြစ်တဲ့ ကံကို ပြုစုပျိုးထောင်ခဲ့စဉ်က —

၁။ သစ္စာလေးပါး အမှန်တရားကို မသိဘဲ ယောက်ျား မိန်းမ ပုဂ္ဂိုလ် သတ္တဝါ စသည်ဖြင့် အသိမှားမှု သဘောက အဝိဇ္ဇာ၊

၂။ ထိုထိုယောက်ျားဘဝ သို့မဟုတ် မိန်းမဘဝသို့ ရောက်ကြောင်းဖြစ်တဲ့ ကံကို ပြုစုပျိုးထောင်ခြင်း သဘောက သင်္ခါရ၊

၃။ ထိုထိုယောက်ျားဘဝ သို့မဟုတ် မိန်းမဘဝကို တွယ်တာတပ်မက်ခြင်းသဘောက တဏှာ၊

၄။ ထိုထိုယောက်ျားဘဝ သို့မဟုတ် မိန်းမဘဝသို့ စိတ်ကပ်ရောက်စွဲနေခြင်းသဘောက ဥပါဒါန်၊

၅။ သင်္ခါရကို ပြုစုပျိုးထောင်စဉ်က ဖြစ်ခဲ့သော ထိုထိုကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာက ကမ္မဘဝ၊ တစ်နည်း — ထိုထိုစေတနာ ဦးဆောင်နေတဲ့ သင်္ခါရတရားစုတို့ရဲ့ ထိုထိုဘဝကို ဖြစ်စေနိုင်တဲ့ စွမ်းအင်ကမ္မသတ္တိက ကမ္မဘဝ (= ကံ) ဖြစ်ကြတယ်။

ဒီအကြောင်းတရားငါးပါးတို့ဟာ လက်ရှိပစ္စုပ္ပန်ဘဝ ပဋိသန္ဓေခန္ဓာငါးပါးတို့ရဲ့ အကြောင်းတရားများ ဖြစ်ကြတယ်။[၅၅၃]

ဒီနေရာမှာ သင်္ခါရနှင့် ကမ္မဘဝ (= ကံ)တို့ရဲ့အထူးကို အဋ္ဌကထာကြီးများက ဒါနကုသိုလ်တစ်ခုကို ပုံစံထားပြီးတော့ အဓိပ္ပာယ်ဖွင့်ဆိုထားကြတယ်။ ဘယ်လိုလဲ? — ဒါနကံတစ်ခုကို ပြုစုပျိုးထောင်တော့မယ် ဆိုကြစို့၊ ဒါနပြုတော့မယ်ဆိုတဲ့ စိတ်ကို ဖြစ်ပေါ်စေပြီးနောက် တကယ်လှူတော့မယ်လို့ စိတ်ကို ဆုံးဖြတ်ချက်ချပြီးနောက် တစ်လပတ်လုံးသော်လည်းကောင်း, တစ်နှစ်ပတ်လုံးသော်လည်းကောင်း ဒါနရဲ့ အဆောက်အဦဖြစ်တဲ့ လှူဖွယ်ဝတ္ထု အစုစုစသည်တို့ကို စီစဉ်နေတဲ့ အလှူရှင်ရဲ့သန္တာန်မှာ ဖြစ်ပေါ်နေကြတဲ့ မလှူမီ ရှေးအဖို့၌ ဖြစ်ပေါ်နေကြတဲ့ ပုဗ္ဗစေတနာ (= ပုရိမစေတနာ)တွေကိုတော့ သင်္ခါရလို့ ခေါ်ဆိုတယ်။ အလှူခံပုဂ္ဂိုလ်တို့ရဲ့ လက်ဝယ် လှူဖွယ်ဝတ္ထုကို တည်စေတဲ့ ပေးလှူနေဆဲ ကုသိုလ်စေတနာတွေကိုတော့ ကမ္မဘဝလို့ ခေါ်ဆိုတယ်။

---

[၅၅၀] ပဋိသံ၊၅၀။ [၅၅၂] ဝိသုဒ္ဓိ၊၂၊၂၁၄။ [၅၅၃] ပဋိသံ၊၅၀။

နောက်တစ်နည်း ဖွင့်ဆိုထားတာကတော့ မလျှမ်း, လျှဆဲ, လျှပြီးကာလတို့မှာ ကုသိုလ်ဇောဝီထိ စိတ်အစဉ်တွေ အကြိမ်ပေါင်းများစွာ ဖြစ်ပေါ်သွားကြပါတယ်။ အဲဒီ ဇောဝီထိပေါင်းများစွာထဲမှာ ဇောဝီထိတစ်ခုတစ်ခုမှာ ဇော (၇)ကြိမ်စီ ယေဘုယျအားဖြင့် စောကြပါတယ်။ အထူးသဖြင့် ဘဝ တစ်ခုကို ဖြစ်စေနိုင်တဲ့ စွမ်းအားရှိတဲ့ မနောဒွါရိကဇောဝီထိစိတ်အစဉ်တွေကို ရည်ညွှန်းထားပါတယ်။ အဲဒီ ဇော (၇)တန်တို့အနက် ရှေးဇော (၆)တန်တို့မှာရှိတဲ့ စေတနာက ကံကို ပြုစုပျိုးထောင်ကြောင်း ဖြစ်တဲ့ သင်္ခါရ ဖြစ်တယ်။ သတ္တမဇောစေတနာကတော့ ကမ္မဘဝ (= ကံ) ဖြစ်ပါတယ်။

တစ်နည်းပြောရလျှင်တော့ ကံကို ပြုစုပျိုးထောင်စဉ်အခါမှာ အထူးသဖြင့် ဒါနတစ်ခုကို ဝမ်း-မြောက်ဝမ်းသာနှင့် ကံ-ကံရဲ့အကျိုးကို တတ်သိနားလည်နေတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိဉာဏ် ပြဓာန်းပြီး ပြုစုပျိုးထောင်ခဲ့တဲ့အခါမှာ ထိုထိုဇောစိတ္တက္ခဏတိုင်းမှာ ယှဉ်ဖက်စိတ်စေတသိက်တွေ (၃၄)လုံးခန့် ယှဉ်တွဲပြီး ဖြစ်ကြပါတယ်။ ဖဿ ဝေဒနာစတဲ့ အညသမာန်းစေတသိက် (၁၃)လုံး၊ သဒ္ဓါ သတိစတဲ့ သောဘဏသာဓာရဏစေတသိက် (၁၉)လုံး၊ ပညိန္ဒြေစေတသိက် (၁)လုံး၊ အသိစိတ် (၁)လုံး – ပေါင်း (၃၄)လုံးတို့ ဖြစ်ကြပါတယ်။

အဲဒီ တရားစုတွေထဲက စေတနာက ကမ္မဘဝ၊ ထိုစေတနာနှင့် ယှဉ်ဖက်စိတ်စေတသိက် (၃၃)-လုံးတို့က သင်္ခါရဖြစ်ကြပါတယ်။ ဒီရှင်းလင်းချက်တွေကတော့ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံဖြစ်တဲ့ သင်္ခါရနှင့် ကမ္မဘဝအတွက် ရှင်းလင်းချက် ဖြစ်ပါတယ်။ သမ္မောဟဝိနောဒနီ အဋ္ဌကထာ[၅၄၄], ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ ဒုတိယတွဲ[၅၄၅]တို့၌ လာရှိတဲ့ ရှင်းလင်းချက် ဖြစ်ပါတယ်။

သို့သော် ပဋ္ဌာန်းဒေသနာတော် ကမ္မပစ္စည်းပိုင်းမှာတော့ အတိတ်ဘဝတစ်ခုခုက ပြုစုပျိုးထောင် ခဲ့တဲ့ သို့မဟုတ် ပစ္စုပ္ပန်မှာ ပြုစုပျိုးထောင်လိုက်တဲ့ သို့မဟုတ် အနာဂတ်မှာ ပြုစုပျိုးထောင်လတ္တံ့ဖြစ်တဲ့ ထိုထိုကုသိုလ်စိတ်စေတသိက် အကုသိုလ်စိတ်စေတသိက်တရားတွေက သင်္ခါရဖြစ်တယ်။ ထိုသင်္ခါရ တရားတွေ ချုပ်ပျက်သွားတဲ့အခါ ထိုထိုဘဝကို ဖြစ်စေနိုင်တဲ့ စွမ်းအင်ကမ္မသတ္တိကို ရုပ်နာမ်အစဉ်မှာ မြှုပ်နှံပြီးမှ ချုပ်ပျက်သွားကြတယ်၊ အဲဒီ စွမ်းအင်ကမ္မသတ္တိကိုတော့ ကံလို့ ခေါ်ဆိုပါတယ်။ ဒီကံ ကတော့ အနိစ္စ, ဒုက္ခ, အနတ္တ လက္ခဏာယာဉ်သုံးတန်သို့ တင်ကာ ဝိပဿနာရှုလို့ မရနိုင်တဲ့ ကမ္မ-သတ္တိ ဖြစ်ပါတယ်။ သို့သော် ကြောင်း-ကျိုး ဆက်နွှယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားတို့ကို ရှုတဲ့ အပိုင်းမှာတော့ ဒီကမ္မသတ္တိကြောင့် ဝိပါက်ဒုက္ခသစ္စာတရားတွေ ထင်ရှားဖြစ်ပုံကိုတော့ မြင်အောင် ရှုရမှာ ဖြစ်ပါတယ်။

ဒီနေရာမှာ ပြောလိုရင်းကတော့ လက်ရှိဘဝ ပဋိသန္ဓေခန္ဓာငါးပါး အစရှိတဲ့ ဝိပါကဝဋ် ရုပ်နာမ် တွေကို ဖြစ်ပေါ်စေတတ်တဲ့ စွမ်းအင်ရှိတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်း တရားတွေဟာ အတိတ်ဘဝတစ်ခုခုက ပြုစုပျိုးထောင်ခဲ့တဲ့ တရားတွေသာ ဖြစ်ကြတယ်ဆိုတဲ့ အချက် ပါပဲ။

---

[၅၄၄] အဘိ၊ဋ္ဌ၊၂၊၁၈၂-၁၈၃။ [၅၄၅] ဝိသုဒ္ဓိ၊၂၊၂၁၄-၂၁၅။

## နာနာက္ခဏိကကမ္မသတ္တိ

ဒီအချက်ကို ခိုင်လုံအောင် ပဋ္ဌာန်းဒေသနာတော်မှာ လာရှိတဲ့ ကမ္မပစ္စည်းအကြောင်းကို နည်းနည်း ထပ်ပြောမယ်။ အထူးသဖြင့် နာနာက္ခဏိကကမ္မပစ္စည်းအကြောင်းတရား အကြောင်းကို ထပ်ပြောဦးမယ် . . .။

**ကမ္မပစ္စယောတိ ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။**[၅၄၆]

ကမ္မပစ္စည်းအကြောင်းတရားဆိုတာက ကုသိုလ်ကံ အကုသိုလ်ကံဟာ အကျိုးဝိပါက်နာမ်ခန္ဓာတို့ကိုလည်းကောင်း, ကဋတ္တာရုပ် (= ကမ္မဇရုပ်)တို့ကိုလည်းကောင်း ကမ္မပစ္စယသတ္တိဖြင့် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးတယ်။ ဘယ်လို ကမ္မပစ္စယသတ္တိက ကျေးဇူးပြုပေးသလဲ? ပဋ္ဌာန်းအဋ္ဌကထာက ဒီလို ဖွင့်ဆိုထားတယ်။[၅၄၇]

ဒီအဋ္ဌကထာအဖွင့်ရဲ့ ဆိုလိုရင်းကို ပြောကြရအောင် . . .။

ဒီနေရာမှာ ဆိုလိုတဲ့ **ကမ္မပစ္စည်း**အကြောင်းတရားဆိုတာကတော့ အတိတ်ဘဝထိုထိုက ပြုစုပျိုးထောင်ခဲ့တဲ့ ကံတရားကို ဆိုလိုပါတယ်။

ဒီကံဟာ လွန်ခဲ့တဲ့အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့တဲ့ ကံလည်း ဖြစ်နိုင်တယ်၊ ကမ္ဘာပေါင်းများစွာက ပြုစုပျိုးထောင်ခဲ့တဲ့ ကံလည်း ဖြစ်နိုင်တယ်၊ ကမ္ဘာပေါင်း ကုဋေအထက်က ပြုစုပျိုးထောင်ခဲ့တဲ့ ကံလည်း ဖြစ်နိုင်တယ်။ အဲဒီ ကံမှာ မိမိရဲ့အကျိုးကို ဖြစ်စေနိုင်တဲ့ စွမ်းအင်ကမ္မသတ္တိဆိုတာရှိတယ်။ ကံကို ပြုစုပျိုးထောင်စဉ် အချိန်ကာလနှင့် ကံရဲ့အကျိုးဝိပါက်တို့ ဖြစ်ပေါ်လာတဲ့ အချိန်ကာလဟာ မတူ ထူးခြားကာ ကွဲပြားနေကြတယ်။ ဒီလို အကြောင်းကံနှင့် အကျိုးဝိပါက်တရားတို့ရဲ့ မတူထူးခြား ကွဲပြားတဲ့ ကာလရှိတဲ့ အကြောင်းတရားကို နာနာက္ခဏိကကမ္မပစ္စည်းအကြောင်းတရားလို့ ခေါ်ဆိုပါတယ်။

## အကြောင်းပြချက်

ကုသိုလ်ကံ အကုသိုလ်ကံဆိုတာ မိမိရဲ့ ဥပါဒ်-ဌီ-ဘင်အားဖြင့် ဖြစ်ပေါ်နေဆဲခဏမှာ အကျိုးဝိပါက်ကို ဖြစ်စေနိုင်တဲ့ စွမ်းအား မရှိသေးပါဘူး။ ကုသိုလ်ကံ အကုသိုလ်ကံဟာ မိမိရဲ့ ဖြစ်ဆဲခဏမှာပဲ အကယ်၍ အကျိုးပေးမယ်ဆိုလျှင် လူသားတစ်ဦးဟာ နတ်ပြည်သို့ ရောက်ကြောင်းဖြစ်တဲ့ ကုသိုလ်ကံတစ်ခုကို ပြုစုပျိုးထောင်မယ်ဆိုလျှင် ဒီကံရဲ့အာနုဘော်ကြောင့် ဒီကံကို ပြုစုပျိုးထောင်နေဆဲခဏမှာပဲ နတ်သား ဖြစ်လေရာတယ်၊ သို့သော် ဖြစ်ကော ဖြစ်သလား? မဖြစ်ပါဘူး။

တကယ်တမ်း ပြောကြစို့ဆိုလျှင် — ကံတစ်ခုကို ပြုစုပျိုးထောင်တယ် ဆိုကြစို့၊ အဲဒီ ကံကို ပြုစုပျိုးထောင်ဆဲခဏမှ အခြားတစ်ပါးသော ခဏမှာသာ ဒီကံက ဥပါဒ်-ဌီ-ဘင်အားဖြင့် ထင်ရှား

[၅၄၆] ပဋ္ဌာန၊၁၊၇။ [၅၄၇] အဘိ၊ဋ္ဌ၊၃၊၃၇၄။ နိဒါနကထာ စာမျက်နှာ(၇)သို့ ပြန်ကြည့်ပါ။

မရှိသော်လည်း သက်သက် ကံကို ပြုစုပျိုးထောင်ပြီးတဲ့အတွက်ကြောင့် . . .

၁။ အဲဒီကံက ဒိဋ္ဌလက်ငင်း အကျိုးပေးတတ်တဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံဖြစ်မယ်ဆိုလျှင် မျက်မှောက်ဘဝမှာ အကျိုးပေးမယ်။

၂။ အဲဒီကံက အနီးကပ်ဆုံး အနာဂတ်ဘဝမှာ အကျိုးပေးတတ်တဲ့ ဥပပဇ္ဇဝေဒနီယကံ ဖြစ်မယ်ဆိုလျှင် လာမည့်အနာဂတ်ဘဝ (= ဒုတိယဘဝ)မှာ အကျိုးပေးမယ်။

၃။ အဲဒီကံက အဆက်ဆက် ရောက်ထိုက်တဲ့ ဘဝတွေမှာ အကျိုးပေးတတ်တဲ့ အပရာပရိယဝေဒနီယကံ ဖြစ်မယ်ဆိုလျှင် တတိယဘဝကစပြီး အဆက်ဆက် ရောက်ထိုက်သော အနာဂတ်ဘဝမှာ အကျိုးပေးမယ်။

ဒီလို အကျိုးပေးတဲ့အခါမှာလည်း ကုသိုလ်ကံ ဖြစ်မယ်ဆိုလျှင် —

၁။ **ဂတိသမ္ပတ္တိ** = လူ့ပြည် နတ်ပြည်စတဲ့ ကောင်းသောဂတိနှင့် ပြည့်စုံခြင်း,

၂။ **ဥပဓိသမ္ပတ္တိ** = ဥပဓိရုပ်အဆင်းနှင့် ပြည့်စုံခြင်း,

၃။ **ကာလသမ္ပတ္တိ** = သူတော်သူမြတ် မင်းကောင်းမင်းမြတ်တို့ ပေါ်ထွန်းရာ အချိန်ကာလကောင်းနှင့် ပြည့်စုံခြင်း,

၄။ **ပယောဂသမ္ပတ္တိ** = မဂ္ဂင်ရှစ်ပါး ကျင့်စဉ်တရား စတဲ့ ကုသိုလ်တရားတွေကို အားထုတ်ခြင်း စတဲ့ ကောင်းမွန်တဲ့ လုံ့လပယောဂနှင့် ပြည့်စုံခြင်း —

ဆိုတဲ့ ဒီသမ္ပတ္တိစက်လေးပါးတို့ကို အမှီရတဲ့အခါမှာ ဒီကုသိုလ်ကံက အကျိုးပေးတတ်ပါတယ်။

အလားတူပဲ အကုသိုလ်ကံ ဖြစ်မယ်ဆိုလျှင် —

၁။ **ဂတိဝိပတ္တိ** = အပါယ်လေးဘုံစတဲ့ မကောင်းတဲ့ဂတိနှင့် ပြည့်စုံခြင်း,

၂။ **ဥပဓိဝိပတ္တိ** = ဥပဓိရုပ်အဆင်းနှင့် မပြည့်စုံခြင်း အင်္ဂါခြေလက်ချို့တဲ့ခြင်း,

၃။ **ကာလဝိပတ္တိ** = သူတော်သူမြတ် မင်းကောင်းမင်းမြတ်တို့ ပေါ်ထွန်းရာအခါ မဟုတ်ခြင်း,

၄။ **ပယောဂဝိပတ္တိ** = မဂ္ဂင်ရှစ်ပါးကဲ့သို့သော အထက်တန်းကျတဲ့ ကုသိုလ်တရားတွေကို မဖြည့်ကျင့်ဘဲ မသူတော်တရား ဒုစရိုက်တရားတွေကို လက်သွက်သွက်နှင့် ကျူးလွန်နေခြင်း —

ဆိုတဲ့ ဒီဝိပတ္တိစက်လေးပါးတို့ကို အထောက်အပံ့ရတဲ့အခါမှာ ဒီအကုသိုလ်ကံက အကျိုးဝိပါက်ကို ဖြစ်စေပါတယ်။

ဒီနေရာမှာ အကြောင်းကံနှင့် အကျိုးဝိပါက်တို့ဟာ မတူထူးခြား ကွဲပြားတဲ့ အချိန်ကာလခဏ ရှိနေပါတယ်။ ဥပမာ — လက်မှုအတတ်ပညာတစ်ခုကို သင်ယူတယ် ဆိုကြစို့၊ ရှေးရှေးသင်ယူထားတဲ့ အတတ်သင်ယူမှုဟာ နောက်နောက်အတတ်သင်ယူမှုအား အခြေခံ အကြောင်းအထောက်အပံ့အဖြစ် ကျေးဇူးပြုရာမှာ ကာလချင်း မတူဘဲ ကာလတစ်ပါးသို့ ရောက်မှ ကျေးဇူးပြုတယ်။ နည်းနည်းရှင်းအောင်တော့ ထပ်ပြောဦးမယ်၊ ကွန်ပျူတာလို အတတ်ပညာတစ်ခုကို သင်ယူတယ်ဆိုလျှင်—

ရက်ပေါင်းများစွာ လပေါင်းများစွာ နှစ်ပေါင်းများစွာ လေ့ကျင့်မယ်ဆိုလျှင် တစ်စထက်တစ်စ တစ်နေ့ထက်တစ်နေ့ ပိုပိုပြီးတော့ ကျွမ်းကျင်လာတယ်၊ ရှေးရှေးသင်ယူမှုက နောက်နောက်သင်ယူမှုကို အဆင့်မြင့်အောင် ကျွမ်းကျင်အောင် ကျေးဇူးပြုပေးနေတယ်။

ဒီပုံစံအတိုင်းပဲ ကံဆိုတဲ့ စေတနာဟာလည်း ကံကို ပြုစုပျိုးထောင်ရာခဏမှာ အကျိုးတရားကို ဖြစ်ပေါ်လာအောင် ကျေးဇူးမပြုဘဲ နောက်နောက်သော ခဏသို့ ရောက်ပါမှသာလျှင်, တစ်နည်းပြော ရလျှင်တော့ ရင့်ကျက်လာပါမှသာလျှင် အကျိုးတရားကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးပါတယ်။ ဒါကြောင့် ဒီကံကို = ဒီစေတနာကို **နာနာက္ခဏိက** = အကျိုးဖြစ်ပေါ်လာရာခဏမှ မတူကွဲပြားတဲ့ ခဏမှာဖြစ်တဲ့ စေတနာလို့ ခေါ်ဆိုရတယ်။

ဒီတော့ အကျိုးတရားဖြစ်ပေါ်လာတဲ့ အချိန်အခါမှာ ဒီကုသိုလ်စေတနာကံ သို့မဟုတ် အကုသိုလ်စေတနာကံဟာ ဥပါဒ်-ဌီ-ဘင်အားဖြင့်တော့ ထင်ရှားမရှိတော့ဘူး။ ဥပါဒ်-ဌီ-ဘင်အားဖြင့် ထင်ရှားမရှိပေမဲ့လို့ အကျိုးကို ဖြစ်စေနိုင်တဲ့ စွမ်းအင်ကမ္မသတ္တိကတော့ ကံကို ပြုစုပျိုးထောင်လိုက်တဲ့ ရုပ်နာမ်သန္တာန်အစဉ်မှာ ကိန်းဝပ်လျက်ပဲ ရှိပါတယ်။ အဲဒီ စွမ်းအင်ကမ္မသတ္တိကိုပဲ ကံလို့ ခေါ်ဆိုပါတယ်။

သင်္ခါရ, ကံတို့လိုပဲ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ကိုလည်း ပုံစံတူပဲ သဘောပေါက်ပါ။ အကျိုးတရားတွေ ဖြစ်ပေါ်လာတဲ့အချိန်မှာ ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေဟာလည်း ဥပါဒ်-ဌီ-ဘင်အားဖြင့်တော့ မရှိကြတော့ပါဘူး။ သို့သော် ဒီ သင်္ခါရ, ကံတွေက အကျိုးပေးနိုင်အောင် သင်္ခါရ, ကံတွေကို အားပေးထောက်ပံ့နိုင်တဲ့ စွမ်းအင်သတ္တိကတော့ တည်ရှိနေကြပါတယ်။

ပေါင်းလိုက်လျှင်တော့ အကြောင်းတရားပိုင်းမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုပြီး အကြောင်းတရားငါးခု ဖြစ်ပါတယ်။ အတိတ်အကြောင်းတရား (၅)ပါး ပစ္စုပ္ပန်အကြောင်းတရား (၅)ပါး အနာဂတ်အကြောင်းတရား (၅)ပါးတွေကို ပုံစံတူ သဘောပေါက်ပါ။

ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေဟာလည်း နာမ်ပရမတ်တရားတို့ရဲ့ ဓမ္မတာအတိုင်း အုပ်စုအလိုက်သာ ဖြစ်ကြပါတယ်၊ သောမနဿဝေဒနာနှင့် ယှဉ်တွဲဖြစ်တဲ့ သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ဖြစ်မယ်ဆိုလျှင် ဖဿ ဝေဒနာစတဲ့ အညသမာန်းစေတသိက် (၁၃)လုံးနှင့် မောဟ အဟိရိက အနောတ္တပ္ပ ဥဒ္ဓစ္စ လောဘ ဒိဋ္ဌိဆိုတဲ့ အကုသိုလ်စေတသိက် (၆)လုံး၊ အသိစိတ် (၁)လုံး၊ ပေါင်း အလုံး (၂၀) အုပ်စုအနေနှင့် ဖြစ်ကြပါတယ်။

အဲဒီ နာမ်တရားအလုံး (၂၀)ထဲမှာ —

၁။ ဝေဒနာက ဝေဒနာက္ခန္ဓာ

၂။ သညာက သညာက္ခန္ဓာ

၃။ ကျန်စေတသိက် (၁၇)လုံးက သင်္ခါရက္ခန္ဓာ

၄။ အသိစိတ်က ဝိညာဏက္ခန္ဓာ –

ပေါင်းလိုက်တော့ နာမ်ခန္ဓာလေးပါး ဖြစ်ပါတယ်။

ဒီနာမ်ခန္ဓာလေးပါးကလည်း အတိတ်မှာ ဖြစ်ခဲ့တဲ့ ဆိုင်ရာဟဒယဝတ္ထုရုပ်ကို မှီတွယ်ပြီးတော့ ဖြစ်ခဲ့ရတဲ့အတွက် နှလုံးအိမ်အတွင်းမှာ တည်ရှိတဲ့ ဟဒယဝတ္ထုနှင့် တကွသော ဟဒယဒသက-ကလာပ်စတဲ့ ရုပ်တရားစုတွေက ရူပက္ခန္ဓာ ဖြစ်ကြပါတယ်။

အားလုံးပေါင်းလိုက်တော့ ခန္ဓာငါးပါး ဖြစ်ပါတယ်။ အလားတူပဲ သင်္ခါရ ကံတွေကလည်း အထက်ကပြောခဲ့သလို နာမ်တရား (၃၄)လုံး ဖြစ်ခဲ့မယ်ဆိုလျှင် ယင်းနာမ်တရားစုတွေထဲက –

၁။ ဝေဒနာက ဝေဒနာက္ခန္ဓာ

၂။ သညာက သညာက္ခန္ဓာ

၃။ ကျန်စေတသိက် (၃၁)လုံးက သင်္ခါရက္ခန္ဓာ

၄။ အသိစိတ်က ဝိညာဏက္ခန္ဓာ – ဖြစ်ကြပါတယ်။

ဒီနာမ်တရားတွေဟာလည်း အတိတ်က ဆိုင်ရာဟဒယဝတ္ထုရုပ်ကို မှီတွယ်ပြီးတော့မှ ဖြစ်ခဲ့ရတဲ့အတွက် ဟဒယဝတ္ထုနှင့် တကွသော မှီရာရုပ်တွေက ရူပက္ခန္ဓာ ဖြစ်ကြပါတယ်။ အားလုံးပေါင်းလိုက်တော့ ခန္ဓာငါးပါးပဲ ဖြစ်ကြပါတယ်။

ခု ပြောခဲ့တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန်အုပ်စုနှင့် မှီရာဝတ္ထုရုပ်ဆိုတဲ့ ခန္ဓာငါးပါး, သင်္ခါရ ကံအုပ်စုနှင့် မှီရာဝတ္ထုရုပ်ဆိုတဲ့ ခန္ဓာငါးပါး – ဒီခန္ဓာငါးပါးတွေဟာ အတိတ်ဘဝခန္ဓာငါးပါးတွေထဲမှာ အကျုံးဝင်နေတဲ့ အတိတ်ခန္ဓာငါးပါးတို့ရဲ့ အစိတ်အပိုင်း တစ်စိတ်တစ်ဒေသဖြစ်တဲ့ ခန္ဓာငါးပါးတို့သာ ဖြစ်ကြပါတယ်။

ဒါကြောင့် ဒီဃဒ္ဒုလဗဒ္ဓသုတ္တန်မှာ ဘုရားရှင်က –

**ယံ ကိဉ္စိ ရူပံ အတီတာနာဂတပစ္စုပ္ပန္နံ . . .**

စသည်ဖြင့် အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို ဝိပဿနာရှုရန် ညွှန်ကြားတော်မူတဲ့ အပိုင်းမှာ ယောဂီပုဂ္ဂိုလ်က ခုပြောခဲ့တဲ့ ကိလေသဝဋ်, ကမ္မဝဋ်တို့နှင့် ဆက်နွယ်နေတဲ့ ခန္ဓာငါးပါးတို့ကို-ပါ ထည့်သွင်းကာ ဝိပဿနာရှုသွားရမှာ ဖြစ်ပါတယ်။ ဒီကိလေသဝဋ် ကမ္မဝဋ်ခန္ဓာတွေဟာ ပစ္စုပ္ပန် ဝိပါကဝဋ်ခန္ဓာတို့ရဲ့ အကြောင်းတရားတွေ အကြောင်းခန္ဓာတွေ ဖြစ်ကြပါတယ်။

ခု ပစ္စုပ္ပန်ဘဝမှာ ယောဂီပုဂ္ဂိုလ်က ဘုရားရုပ်ပွားတော်တစ်ဆူရဲ့ ရှေ့မှောက်မှာ ပန်း, ဆီမီးတွေကို လှူဒါန်းပြီးတော့ နောင်အနာဂတ်ကာလမှာ ဓမ္မကထိကနတ်သားဖြစ်ရန် ဆုတောင်းပန်ထွာတယ် ဆိုကြပါစို့။

ဓမ္မကထိကနတ်သားလို့ အသိများမှု အဝိဇ္ဇာ, ဓမ္မကထိကနတ်သားဘဝကို တွယ်တာတပ်မက်မှု တဏှာ, ဓမ္မကထိကနတ်သားဘဝကို စိတ်ကပ်စွဲလမ်းမှု ဥပါဒါန်ဆိုတဲ့ ကိလေသဝဋ်ခန္ဓာတွေနှင့် ပန်း, ဆီမီး လှူဒါန်းပူဇော်ခြင်းဆိုတဲ့ သင်္ခါရ ကံအုပ်စု ကမ္မဝဋ်ခန္ဓာတွေ ဖြစ်သွားကြတယ်။ ဒီကိလေသဝဋ် ကမ္မဝဋ်ခန္ဓာတွေဟာ ထိုယောဂီပုဂ္ဂိုလ်ရဲ့ လက်ရှိ ပစ္စုပ္ပန်ခန္ဓာတွေထဲမှာ အကျုံးဝင်နေတဲ့ နောင် အနာဂတ်ဝိပါကဝဋ်ခန္ဓာတွေ ရရှိရေးအတွက် ပြုစုပျိုးထောင်နေတဲ့ ခန္ဓာတွေ ဖြစ်ကြသလို, ပစ္စုပ္ပန် ခန္ဓာတို့ရဲ့ အစိတ်အပိုင်း အကြောင်းခန္ဓာတွေသာ ဖြစ်ကြသလို အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့တဲ့ ကိလေသဝဋ် ကမ္မဝဋ်ခန္ဓာတွေကိုလည်း အတိတ်ဘဝက ပြုစုပျိုးထောင်ခဲ့တဲ့ ခန္ဓာတွေသာ ဖြစ်ကြ- တယ်ဆိုတာကို သဘောပေါက်ဖို့ လိုပါတယ်။

ဆိုလိုတာကတော့ အတိတ်ခန္ဓာတွေကို ဝိပဿနာရှုတဲ့အပိုင်းမှာ အတိတ်က ဖြစ်ခဲ့တဲ့ ဝိပါက- ဝဋ်ခန္ဓာတွေနှင့်တကွ ယခုပြောနေတဲ့ ဒီအတိတ်က ပြုစုပျိုးထောင်ခဲ့တဲ့ ကိလေသဝဋ်ခန္ဓာတွေ, ကမ္မဝဋ်ခန္ဓာတွေကိုပါ ထည့်သွင်းပြီးတော့ ဝိပဿနာရှုရမယ်ဆိုတဲ့အချက်ကို ဆိုလိုရင်း ဖြစ်ပါတယ်။

**အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။**
**ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ။**[၁၄၈]

ဆိုတဲ့ အဋ္ဌကထာကြီးများရဲ့ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် စတဲ့ ပါဠိတော်ကြီးများနှင့် အညီ ညွှန်ကြား ထားတော်မူတဲ့အတိုင်း ယောဂီပုဂ္ဂိုလ်က ဒီသမုဒယဓမ္မာနုပဿီပိုင်းမှာ —

၁။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အတိတ်အကြောင်းတရားငါးပါး သမုဒယသစ္စာ- တရားကြောင့် ပစ္စုပ္ပန်တွင် ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာဆိုတဲ့ အကျိုးခန္ဓာ ငါးပါး ဒုက္ခသစ္စာတရားတွေ ထင်ရှားဖြစ်ပုံကိုလည်းကောင်း,

၂။ ပစ္စုပ္ပန်ယခုလက်ရှိဘဝတွင် ပြုစုပျိုးထောင်လိုက်တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ- ဆိုတဲ့ ပစ္စုပ္ပန်အကြောင်းတရားငါးပါး သမုဒယသစ္စာတရားကြောင့် ဝိညာဏ်, နာမ်ရုပ်, သဠာ- ယတန, ဖဿ, ဝေဒနာ-ဆိုတဲ့ အနာဂတ်ခန္ဓာငါးပါး အကျိုးဒုက္ခသစ္စာတရားတွေ ထင်ရှားဖြစ်ပုံ ကိုလည်းကောင်း,

၃။ အကျိုးခန္ဓာတို့ရဲ့ ဖြစ်မှု ဥဒယကိုလည်းကောင်း, တစ်နည်းပြောရလျှင် အကြောင်းခန္ဓာ အကျိုး ခန္ဓာတို့ရဲ့ ဖြစ်မှု ဥဒယကိုလည်းကောင်း မြင်အောင် ရှုရမှာ ဖြစ်ပါတယ်။

**သပ္ပစ္စယနာမရူပဝသေန တိလက္ခဏံ အာရောပေတွာ ဝိပဿနာပဋိပါဋိယာ "အနိစ္စံ ဒုက္ခံ အနတ္တာ"တိ သမ္မသန္တော ဝိစရတိ။**[၁၄၉]

ဒီအဋ္ဌကထာကြီးများရဲ့ ညွှန်ကြားချက်အတိုင်း အကြောင်းတရားနှင့် တကွသော ရုပ်နာမ်ခန္ဓာ တွေကို လက္ခဏာရေးသုံးတန်သို့ တင်ကာ ဝိပဿနာရှုပွားသုံးသပ်ရမှာ ဖြစ်ပါတယ်။

[၁၄၈] အဘိ၊ဋ္ဌ၊၂၊၁၈၂။ ဝိသုဒ္ဓိ၊၂၊၂၁၄။ [၁၄၉] မ၊ဋ္ဌ၊၁၊၂၈၁။

ဒါကြောင့် ဒီသမုဒယဓမ္မာနုပဿီပိုင်းမှာ ဘုရားရှင်က —

၁။ အကြောင်းတရားတွေကို သိမ်းဆည်းတတ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်,

၂။ အကြောင်းတရားနှင့် တကွသော ရုပ်နာမ်ခန္ဓာတွေကို လက္ခဏာရေးသုံးတန် တင်ကာ ရှုပွားသုံးသပ်တတ်တဲ့ သမ္မသနဉာဏ်,

၃။ (က) အကြောင်းတရားတွေ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးခန္ဓာတွေ ထင်ရှားဖြစ်ပုံ, အကြောင်းခန္ဓာတွေ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးခန္ဓာတွေ ချုပ်ငြိမ်းပုံကို ရှုနေတဲ့ ပစ္စယတော ဥဒယဗ္ဗယဒဿနဉာဏ် = အကြောင်းတရားအားဖြင့် ဖြစ်မှုပျက်မှုကို ရှုသောဉာဏ်,

(ခ) အကြောင်းတရားနှင့် တကွသော ရုပ်နာမ်ခန္ဓာတို့ရဲ့, တစ်နည်းပြောရလျှင်တော့ အကြောင်းခန္ဓာ အကျိုးခန္ဓာတို့ရဲ့ ခဏအားဖြင့် ဖြစ်မှုပျက်မှုကို ရှုမြင်တတ်တဲ့ ခဏတော ဥဒယဗ္ဗယဒဿနဉာဏ် —

ဒီဝိပဿနာဉာဏ်သုံးမျိုးကို စုပေါင်းပြီးတော့ ဟောကြားထားတော်မူတယ်လို့ မှတ်ပါ။

## ဝယဓမ္မာနုပဿီ

သမုဒယဓမ္မာနုပဿီပိုင်းကို ဒီလောက်နှင့် ရပ်ပြီးတော့ ဝယဓမ္မာနုပဿီပိုင်းကို ဆက်ပြောကြရအောင် . . .။

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီးက ဘယ်လို ညွှန်ကြားထားတော်မူသလဲ? နာကြည့်ကြရအောင် . . .။

**ဝယံ ပဿန္တော ကတမာနိ ပဉ္စ လက္ခဏာနိ ပဿတိ?**

၁။ **အဝိဇ္ဇာနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။**

၂။ **တဏှာနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။**

၃။ **ကမ္မနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။**

၄။ **အာဟာရနိရောဓာ ရူပနိရောဓောတိ ပစ္စယနိရောဓဋ္ဌေန ရူပက္ခန္ဓဿ ဝယံ ပဿတိ။**

၅။ **ဝိပရိဏာမလက္ခဏံ ပဿန္တောပိ ရူပက္ခန္ဓဿ ဝယံ ပဿတိ။**

**ရူပက္ခန္ဓဿ ဝယံ ပဿန္တော ဣမာနိ ပဉ္စ လက္ခဏာနိ ပဿတိ။ ဥဒယဗ္ဗယံ ပဿန္တော ဣမာနိ ဒသ လက္ခဏာနိ ပဿတိ။**[၅၅၀]

ဒီပါဠိတော်ကြီးရဲ့ ဆိုလိုရင်းအချက်ကို ပြောဆိုကြရအောင် . . .။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်းသမုဒယသစ္စာတရားတွေရဲ့ နောင်-တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းလို့ ခေါ်ဆိုအပ်တဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့်

---

[၅၅၀] ပဋိသံ၊၅၃။

ချုပ်ငြိမ်းခြင်းကြောင့် အကျိုးခန္ဓာငါးပါး ဒုက္ခသစ္စာတရားတို့ရဲ့ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းလို့ ခေါ်ဆိုအပ်တဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းပုံကိုလည်းကောင်း,

စိတ်ချုပ်ခြင်းကြောင့် စိတ္တဇရုပ်ချုပ်ငြိမ်းပုံကိုလည်းကောင်း,

ဥတုချုပ်ခြင်းကြောင့် ဥတုဇရုပ်ချုပ်ငြိမ်းပုံကိုလည်းကောင်း,

အာဟာရချုပ်ခြင်းကြောင့် အာဟာရဇရုပ်ချုပ်ငြိမ်းပုံကိုလည်းကောင်း,

ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့ရဲ့ ပျက်မှု (= ဘင်)ကိုလည်းကောင်း —

ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုပါလို့ ဆိုလိုပါတယ်။ နာမ်ခန္ဓာလေးပါးကိုလည်း ပုံစံတူပဲ ဆက်လက် ဟောကြားထားတော်မူပါတယ်။

## အနုပ္ပါဒနိရောဓ

ဘယ်အချိန်အခါမှာ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-စတဲ့ အကြောင်းတရားတွေဟာ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းလို့ ခေါ်ဆိုအပ်တဲ့ အနုပ္ပါဒနိရောဓသဘောအား-ဖြင့် ချုပ်ငြိမ်းကြပါသလဲလို့ မေးစရာ ရှိပါတယ်။ ဒီအပိုင်းကို ပရမတ္ထမဉ္ဇူသာအမည်ရှိတဲ့ ဝိသုဒ္ဓိမဂ္ဂ မဟာဋီကာဆရာတော်က ဒီလို ဖွင့်ဆိုထားတော်မူပါတယ်။

**အဝိဇ္ဇာနိရောဓာ ရူပနိရောဓောတိ အဂ္ဂမဂ္ဂဉာဏေန အဝိဇ္ဇာယ အနုပ္ပါဒနိရောဓတော အနာဂ-တဿ ရူပဿ အနုပ္ပါဒနိရောဓော ဟောတိ ပစ္စယာဘာဝေ အဘာဝတော။**[၅၅၁]

ဆိုလိုရင်းကို ပြောကြရအောင် . . . ။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေဟာ ဘယ်အချိန်အခါမှာ ချုပ်မလဲ? အရဟတ္တမဂ်ဆိုက်တဲ့ အချိန်အခါမှာ ချုပ်မယ်။ ဘယ်လိုချုပ်မလဲ? အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်မယ်။

## ဥပ္ပါဒနိရောဓ – အနုပ္ပါဒနိရောဓ

ဒီနေရာမှာ ဥပ္ပါဒနိရောဓနှင့် အနုပ္ပါဒနိရောဓအကြောင်းကို နည်းနည်း ထပ်ပြောမယ်။ ဒုက္ခ-သစ္စာအမည်ရတဲ့ ဥပါဒါနက္ခန္ဓာငါးပါး, သမုဒယသစ္စာအမည်ရတဲ့ အကြောင်းတရားတွေကို သင်္ခါရ-တရားတွေလို့ ခေါ်ဆိုပါတယ်။ သင်္ခတတရားတွေလို့လည်း ခေါ်ဆိုပါတယ်။ ဒီသင်္ခါရတရားတွေဟာ သင်္ခါရတရား (= သင်္ခတတရား)တို့ရဲ့ ဓမ္မတာအတိုင်း ဖြစ်ပြီးတာနှင့် ပျက်သွားကြတယ်။ သို့သော် ဒီသင်္ခါရတရားတွေကို ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးနေတဲ့ အကြောင်းတရားတွေက မချုပ်ငြိမ်း ကြသေးဘူး၊ ဆက်လက်ပြီးတော့ ကျေးဇူးပြုပေးနေသေးတယ်ဆိုလျှင် အကျိုးသင်္ခါရတရားတွေဟာ ထပ်ဖြစ်ကြမှာ ဖြစ်တယ်။ ထပ်ဖြစ်လျှင်လည်း ထပ်ပြီးတော့ ပျက်သွားကြပြန်တယ်။ ဥပါဒ်-ဌီ-ဘင် ဆိုတဲ့ သက်တမ်းကာလစေ့လျှင် ချုပ်ပျက်သွားကြရတာ ဓမ္မတာပဲ။ ဒီလို ဥပါဒ်-ဌီ-ဘင်ဆိုတဲ့

---

[၅၅၁] မဟာဋီ၊ ၂၊၄၂၁။

သက်တမ်းစေ့လို့ ချုပ်ပျက်သွားသော်လည်း အကြောင်းတရားတွေက ကျေးဇူးပြုနေသေးလို့ နောင်-တစ်ဖန် ထပ်ဖြစ်ခွင့်ရှိနေသေးတဲ့ ချုပ်ပျက်ပုံကိုတော့ **ဥပ္ပါဒနိရောဓ** = နောင်တစ်ဖန် ဖြစ်ခွင့်ရှိသော ချုပ်ငြိမ်းမှုလို့ ခေါ်ဆိုတယ်။

ခု ဒီနေရာမှာ ချုပ်ငြိမ်းမှုကတော့ ဒီဥပ္ပါဒနိရောဓမျိုး မဟုတ်တဲ့အတွက် အနုပ္ပါဒနိရောဓလို့ ဖွင့်ဆိုထားတယ်။

**အနုပ္ပါဒနိရောဓ**ဆိုတာက နောင်တစ်ဖန် ဖြစ်ခွင့်မရှိသော ချုပ်ခြင်းကို ဆိုလိုပါတယ်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသာတွေဟာ အရဟတ္တမဂ်ကြောင့် ချုပ်ငြိမ်းသွားတဲ့အခါ နောက်ထပ် တစ်ဖန် ဘယ်တော့မှ ဖြစ်ခွင့်မရှိတဲ့ ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားကြတယ်။ အကြွင်းအကျန်မရှိ ကုန်စင်-အောင် ချုပ်ငြိမ်းသွားတဲ့အတွက် အကြွင်းမဲ့ ချုပ်ငြိမ်းခြင်း (= အသေသဝိရာဂနိရောဓ)လို့လည်း ခေါ်ဆိုတယ်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေ အကြွင်းမဲ့ ချုပ်ငြိမ်းသွားတဲ့အတွက် နောက်ထပ် ဘယ်တော့မှ ပြန်မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားတဲ့အတွက် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်ဆိုတဲ့ ကိလေသာအပေါင်းအဖော်ကို ရရှိမှ အကျိုးပေးနိုင်တဲ့ စွမ်းအားရှိတဲ့ သင်္ခါရ, ကံတွေလည်း အကျိုး-ပေးနိုင်တဲ့ စွမ်းအင်တွေ ကုန်ခန်းသွားကြတယ်၊ နောက်ထပ် ပဋိသန္ဓေခန္ဓာငါးပါးစတဲ့ အနာဂတ် အကျိုးတရားတွေကို ဖြစ်စေနိုင်တဲ့ စွမ်းအင်တွေ လုံးဝ ကုန်ခန်းသွားကြတယ်။ ဒါကြောင့် အရဟတ္တ-မဂ် မဆိုက်မီ ထူထောင်ခဲ့တဲ့ သင်္ခါရ, ကံတွေဟာလည်း ပရိနိဗ္ဗာနစုတိနောက်တွင် တစ်နည်းပြောရ-လျှင်တော့ ပရိနိဗ္ဗာန်စံတော်မူပြီးတဲ့နောက် ဘဝသစ်ကို ဖြစ်စေနိုင်တဲ့ စွမ်းအင်တွေ ကုန်ခန်းကာ နောင်တစ်ဖန် ဖြစ်ခွင့်မရှိသော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွားတယ်လို့ပဲ ပြောရတယ်။[၁၁၂]

ဒီလိုအကြောင်းတရားတွေက နောက်ထပ်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းလို့ ခေါ်ဆိုအပ်တဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားတဲ့အတွက် အကျိုးခန္ဓာငါးပါးတို့လည်း ပရိနိဗ္ဗာနစုတိကို နောက်ဆုံးထားပြီးတော့ နောင်တစ်ဖန် ဖြစ်ခွင့်မရှိသော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းသွား ကြတယ်၊ အနုပ္ပါဒနိရောဓပဲ ဖြစ်ပါတယ်။

ဒီလို အကြောင်းအကျိုးနှစ်ရပ်လုံးတို့ရဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းပုံကို မြင်-အောင်ရှုရန် ဘုရားရှင်က ဒီသတိပဋ္ဌာန်ကျင့်စဉ် ဝယဓမ္မာနုပဿီပိုင်းမှာ ညွှန်ကြားနေတော်မူပါတယ်။ ဒီအပိုင်းကို ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီး ဥဒယဗ္ဗယဉာဏနိဒ္ဒေသပိုင်းမှာ ထည့်သွင်းပြီးတော့ ဟော-ကြားထားတော်မူပါတယ်။[၁၁၃]

ဥဒယဗ္ဗယဉာဏ်ကို အားသစ်နေဆဲဖြစ်တဲ့ ပုထုဇန်အဆင့်တွင်သာ ရှိသေးတဲ့ ယောဂီပုဂ္ဂိုလ် တစ်ဦးကို အစထားကာ ဥဒယဗ္ဗယဉာဏ်ကို အားသစ်နေတဲ့ ပုထုဇန်ပဲဖြစ်ဖြစ် အရိယာပဲဖြစ်ဖြစ် ဘယ်ပုဂ္ဂိုလ်မဆို ဝိပဿနာရှုရန် ညွှန်ကြားနေတဲ့ ညွှန်ကြားလွှာ ဖြစ်ပါတယ်။ အကယ်၍ ဥဒယဗ္ဗယ-ဉာဏ်ကို အားသစ်ဆဲဖြစ်နေတဲ့ ယောဂီပုဂ္ဂိုလ်က ပုထုဇန်အဆင့်တွင်သာ ရှိနေသေးတယ်ဆိုလျှင်

---

၁၁၂ ဝိသုဒ္ဓိ၊ ၂၊၃၂၉။ စာပိုဒ်၊ ၈၃၆။ ၁၁၃ ပဋိသံ၊ ၅၃။

အရဟတ္တမဂ်ကို ရရှိမည့်အချိန်သည် ပစ္စုပ္ပန်လို့တော့ မပြောနိုင်တော့ဘူး၊ အနာဂတ်လို့သာ ပြောရတော့မယ်။ ဒါကြောင့် ဋီကာဆရာတော်က **အနာဂတဿ ရူပဿ အနုပ္ပါဒနိရောဓော** စသည်ဖြင့် ဖွင့်ဆိုသွားပါတယ်။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာကြီးကလည်း ပုံစံတူ အဓိပ္ပာယ်တူ ဖွင့်ဆိုထားပါတယ်။[၁၁၄] အဲဒီအနာဂတ်ဟာလည်း ဒီမျက်မှောက်ဘဝမှာပဲ အရဟတ္တဖိုလ်ဆိုက်မည့် ယောဂီပုဂ္ဂိုလ်အတွက်တော့ ဒီဘဝအနာဂတ်ပဲ ဖြစ်ပါတယ်။ သို့သော် နောင်အနာဂတ်ဘဝတစ်ခုခုကျမှ အရဟတ္တဖိုလ်ဆိုက်ရောက်မည့် ယောဂီပုဂ္ဂိုလ်အတွက်ကတော့ ထိုဆိုက်ရောက်မည့် အနာဂတ်ဘဝ အနာဂတ်ခန္ဓာတွေသာ ဖြစ်ကြပါတယ်။

ဒီတော့ အရဟတ္တမဂ် ဆိုက်ရောက်မည့်ဘဝမှာ အရဟတ္တမဂ်ကြောင့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတွေရဲ့ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းလို့ ခေါ်ဆိုအပ်တဲ့ အနုပ္ပါဒ-နိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားတဲ့အခါ ပရိနိဗ္ဗာနစုတိကို နောက်ဆုံးထားပြီးတော့ အကျိုးဥပါဒါနက္ခန္ဓာတို့ရဲ့ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းလို့ ခေါ်ဆိုအပ်တဲ့ အနုပ္ပါဒ-နိရောဓသဘောအားဖြင့် ချုပ်ငြိမ်းပုံကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုရန် ဘုရားရှင်က ညွှန်ကြား-နေတော်မူပါတယ်လို့ မှတ်ပါ။

ဒါတွင်မကသေးဘူး၊ အကျိုးခန္ဓာတို့ရဲ့ ခဏမစဲ ချုပ်ပျက်မှုကိုလည်း မြင်အောင် ရှုရန် ညွှန်ကြားထားတော်မူပါတယ်၊ ခဏတော ဝယဒဿနဉာဏ် ဖြစ်ပါတယ်။

အကြောင်းတရားတွေရဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းသွားတဲ့အတွက် အကျိုးခန္ဓာတို့ရဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းပုံကို မြင်အောင် ရှုတဲ့ဉာဏ်ကိုတော့ ပစ္စယတော ဝယဒဿနဉာဏ်လို့ ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက[၁၁၅] ဖွင့်ဆိုထားပါတယ်။

ဒီအပိုင်းကတော့ အနာဂတ်ခန္ဓာတွေနှင့် ဆက်စပ်နေတယ်လို့ သဘောပေါက်ပါ။

အကြောင်းခန္ဓာတွေရဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းကြောင့် အကျိုးခန္ဓာတို့ရဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းပုံကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ရှုရမည့်အပိုင်း ဖြစ်ပါတယ်၊ အနာဂတ်ခန္ဓာပိုင်းမှာ အကျုံးဝင်နေပါတယ်၊ အနာဂတ်ခန္ဓာငါးပါးရှုကွက်မှာ အကျုံးဝင်နေပါတယ်။

အနာဂတ်ဘဝကို အကျိုးပေးမည့် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတွေဟာ ပစ္စုပ္ပန်ဘဝတွင် ပြုစုပျိုးထောင်လိုက်တဲ့ ခန္ဓာတွေ ဖြစ်နိုင်စရာရှိသော်လည်း ယင်းတို့ ချုပ်ငြိမ်းမည့် အချိန်ကတော့ အနာဂတ်ခန္ဓာပိုင်းနှင့် ဆိုင်နေပါတယ်၊ အရဟတ္တမဂ် ဆိုက်ရောက်ခါနီးအချိန်အထိ ဖြစ်ခွင့်ရှိနိုင်တဲ့ ခန္ဓာတွေ ဖြစ်ကြပါတယ်။

---

[၁၁၄] ပဋိသံ၊ဋ္ဌ၊၁၊၂၃၆။ [၁၁၅] ဝိသုဒ္ဓိ၊၂၊၂၆၇။

## ဓမ္မဋ္ဌိတိဉာဏ်

ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် စာမျက်နှာ (၄၈) စသည်တို့တွင် **"ပစ္စယပရိဂ္ဂဟေ ပညာ ဓမ္မဋ္ဌိတိဉာဏံ** = အကြောင်းတရားတို့ကို သိမ်းဆည်းခြင်း၌ ပညာသည် ဓမ္မဋ္ဌိတိဉာဏ် မည်၏" စသည်ဖြင့် အကြောင်းတရားတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူတတ် သိမ်းဆည်းတတ်သောဉာဏ်ကို ဓမ္မဋ္ဌိတိဉာဏ်ဟု ဟောကြားထားတော်မူပါတယ်။ နာမရူပပစ္စယပရိဂ္ဂဟဉာဏ် = နာမ်ရုပ်တို့ရဲ့ အကြောင်းတရား အကျိုးတရားတို့ကို ပိုင်းခြားမှတ်သားတတ်သောဉာဏ်ဟု မခေါ်ဝေါ် မသုံးစွဲဘဲ အဘယ်ကြောင့် ဓမ္မဋ္ဌိတိဉာဏ်လို့ ခေါ်ဝေါ်သုံးစွဲထားရပါသလဲလို့ မေးစရာ ရှိတယ်။ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာက ဒီလို ဖြေဆိုထားပါတယ်။ —

**"နာမရူပပစ္စယပရိဂ္ဂဟေ ဉာဏ"န္တိ အဝတွာ ဧဝ ကသ္မာ "ဓမ္မဋ္ဌိတိဉာဏ"န္တိ ဝုတ္တန္တိ စေ? ပစ္စယပရိဂ္ဂဟေနေဝ ပစ္စယသမုပ္ပန္နပရိဂ္ဂဟဿ သိဒ္ဓတ္တာ။ ပစ္စယသမုပ္ပန္နေ ဟိ အပရိဂ္ဂဟိတေ ပစ္စယပရိဂ္ဂဟော န သက္ကာ ဟောတိ ကာတုံ။ တသ္မာ ဓမ္မဋ္ဌိတိဉာဏဂဟဏေနေဝ တဿ ဟေတုဘူတံ ပုဗ္ဗေ သိဒ္ဓံ နာမရူပပစ္စယပရိဂ္ဂဟဉာဏံ ဝုတ္တမေဝ ဟောတီတိ ဝေဒိတဗ္ဗံ။**[၅၅၆]

နာမရူပပစ္စယပရိဂ္ဂဟဉာဏ်လို့ ဟောကြားတော်မမူဘဲ ဘာကြောင့် ဓမ္မဋ္ဌိတိဉာဏ်လို့ ဟောကြားထားတော်မူရပါသလဲ? ဒါကတော့ မေးခွန်းပဲ။ ဒီမေးခွန်းကို အဋ္ဌကထာဆရာတော်က ဒီလို အဖြေပေးထားပါတယ်၊ ဆိုလိုရင်းကို သဘောပေါက်အောင် ပြောမယ် . . . ။

အကြောင်းတရားတွေကို သိမ်းဆည်းခြင်းဖြင့် အကျိုးတရားကို သိမ်းဆည်းခြင်းလုပ်ငန်းကိစ္စရပ်လည်း ပြီးစီးသွားတဲ့အတွက်ကြောင့် ဓမ္မဋ္ဌိတိဉာဏ်လို့ ဟောကြားထားတော်မူခြင်း ဖြစ်ပါတယ်။ မှန်ပါတယ်၊ အကျိုးရုပ်နာမ်တွေကို မသိမ်းဆည်းနိုင်လျှင် အကြောင်းရုပ်နာမ်ကို သိမ်းဆည်းဖို့ရန် ဘယ်လိုမှ မဖြစ်နိုင်ဘူး။

အကြောင်းတရားဆိုတာက အကျိုးတရားကို ဖြစ်စေနိုင်တဲ့ စွမ်းအင်သတ္တိရှိတဲ့တရားကို ဆိုလိုတယ်။ ထိုစွမ်းအင်သတ္တိကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးတရားကို မြင်ပါမှ ဒီစွမ်းအင်သတ္တိရှိတဲ့တရားဟာ အကြောင်းတရားပဲလို့ ယောဂီပုဂ္ဂိုလ်က သမ္မာဒိဋ္ဌိဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက်ထွင်းဖောက်သိမြင်နိုင်မှာ ဖြစ်တယ်။

အကျိုးပစ္စယုပ္ပန်တရားတွေဟာ အကြောင်းတရားတွေအပေါ်၌ တည်နေကြပါတယ်။ တည်နေတယ်ဆိုတာကတော့ ဒီလိုပါ — အကြောင်းတရားတွေ ထင်ရှားရှိကြပါမှ အကြောင်းတရားတွေက ဖြစ်ပေါ်လာအောင် ကျေးဇူးပြုပေးကြပါမှ အကျိုးပစ္စယုပ္ပန်တရားတွေဟာ ဖြစ်ပေါ်လာနိုင်ခွင့် ရှိကြတယ်။ အကြောင်းတရားတွေက ကျေးဇူးပြုမပေးလျှင် ဖြစ်ပေါ်လာနိုင်တဲ့ စွမ်းအင်တွေ မရှိကြဘူး။ အဲဒီလို အကျိုးပစ္စယုပ္ပန်တရားတို့ရဲ့ တည်နေကြောင်း ဖြစ်ပေါ်လာကြောင်းဖြစ်တဲ့ အကြောင်းတရားစုတွေကို **ဓမ္မဋ္ဌိတိ**လို့ ခေါ်ဆိုပါတယ်။ အဲဒီ အကျိုးပစ္စယုပ္ပန်တရားစုတို့ရဲ့ တည်ရာ ဖြစ်ပေါ်လာရာ

---

[၅၅၆] ပဋိသံ၊ဋ္ဌ၊၁၊၁၈။

အကြောင်းတရားစုကို ထိုးထွင်းသိတတ်တဲ့ ဉာဏ်ကိုလည်း **ဓမ္မဋ္ဌိတိဉာဏ်**လို့ပဲ ခေါ်ဆိုပါတယ်။

တစ်ဖန် အကြောင်းတရားတို့ဆိုတာလည်း အထက်က အကြိမ်ကြိမ် ရှင်းပြခဲ့တဲ့အတိုင်းပဲ ကိလေသဝဋ်အမည်ရတဲ့ ခန္ဓာငါးပါး (= ရုပ်နာမ်တရား), ကမ္မဝဋ်အမည်ရတဲ့ ခန္ဓာငါးပါး (= ရုပ်နာမ်တရား)သာ ဖြစ်ကြတယ်။ ရုပ်နာမ်မှ အလွတ်ဖြစ်တဲ့ အကြောင်းတရားဆိုတာ မရှိစကောင်းဘူး။ ဒါကြောင့် အကြောင်းရုပ်နာမ်တို့ကို သိမ်းဆည်းတတ်တဲ့ ပိုင်းခြားယူတတ်တဲ့ ဉာဏ်ကိုလည်း **နာမရူပ-ဝဝတ္ထာနဉာဏ်**လို့ ခေါ်ဆိုသင့်တယ်။ ဒီလို ခေါ်ဆိုသင့်ပါလျက် မခေါ်ဆိုဘဲ **ဓမ္မဋ္ဌိတိဉာဏ်**ဆိုတဲ့ စကားလုံးကိုယူကာ ဟောကြားထားတော်မူတဲ့အတွက်ကြောင့်ပင် ထိုဓမ္မဋ္ဌိတိအမည်ရတဲ့ အကြောင်း-တရားစုရဲ့ အကြောင်းရင်းဖြစ်တဲ့ ရှေးက ပြီးစီးပြီးဖြစ်တဲ့ နာမရူပဝဝတ္ထာနဉာဏ် (= နာမ်ရုပ်ကို ပိုင်းခြားမှတ်သားတတ်တဲ့ဉာဏ်)ကို ဟောတော်မူပြီးသာ ဖြစ်တယ်လို့ သိပါ။[၅၅၇]

နည်းနည်းတော့ ထပ်ပြီးရှင်းပြဖို့ လိုဦးမယ်ထင်တယ်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တို့ ဦးဆောင်ပြခန်းတဲ့ ကိလေသဝဋ်အမည်ရတဲ့ ခန္ဓာငါးပါး (= ရုပ်နာမ်တရား), ကုသိုလ်သင်္ခါရစေတနာ ဦးဆောင်ပြခန်းတဲ့ ကမ္မဝဋ်အမည်ရတဲ့ ခန္ဓာငါးပါး (= ရုပ်နာမ်တရား)ဆိုတဲ့ ကိလေသဝဋ် ကမ္မဝဋ် အမည်ရတဲ့ နာမ်ရုပ်တရားတွေဟာလည်း ယင်းနာမ်ရုပ်တို့ကို ဖြစ်ပေါ်စေတတ်တဲ့ ဆိုင်ရာအကြောင်း တရားတွေ ထင်ရှားရှိကြတဲ့ တရားမျိုးတွေသာ ဖြစ်ကြတယ်။ အကြောင်းကင်းပြီးတော့ အကြောင်း မရှိဘဲ အလိုအလျောက် ဖြစ်ပေါ်လာကြတဲ့ တရားမျိုးတွေတော့ မဟုတ်ကြဘူး။ သင်္ခတပရမတ်-နယ်မှာ အကြောင်းမရှိဘဲ အလိုအလျောက် ဖြစ်ပေါ်လာတဲ့ တရားဆိုတာ မရှိစကောင်းတဲ့အတွက် ကြောင့် ဖြစ်တယ်။

ဒီလိုဆိုလျှင် ကိလေသဝဋ် ကမ္မဝဋ်အမည်ရတဲ့ ဒီနာမ်တရားစုတို့ဟာလည်း ဆိုင်ရာဆိုင်ရာ အကြောင်းတရားစုတို့ကို စွဲမှီ၍သာ ဖြစ်ပေါ်လာကြရတဲ့ သဘာဝဓမ္မ သင်္ခတပရမတ်တရားများသာ ဖြစ်ကြတဲ့အတွက် ဒီကိလေသဝဋ် ကမ္မဝဋ် နာမ်တရားစုတို့ဟာလည်း အကြောင်းတရားများဘက်က ကြည့်လျှင် အကျိုးပစ္စယုပ္ပန္နဓမ္မအမည်ရကြသည်သာ ဖြစ်ကြပါတယ်။

## အကြောင်းတရားများ

ဒီလိုဆိုလျှင် ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ရဲ့ အကြောင်းတရားတွေက ဘာတွေ လဲ? ဒီလိုတော့ မေးစရာရှိတယ်၊ အဖြေကို နားထောင်ကြည့်ပါ . . . ။

၁။ **အာသဝသမုဒယာ အဝိဇ္ဇာသမုဒယော**[၅၅၈] = အာသဝေါတရားတို့ကို အကြောင်းခံ၍ အဝိဇ္ဇာ သည် ထင်ရှားဖြစ်ပေါ်လာ၏လို့ ဒီလို ဘုရားရှင်က ဟောကြားထားတော်မူတဲ့အတွက် ကာမာ-သဝ ဘဝါသဝ ဒိဋ္ဌာသဝ အဝိဇ္ဇာသဝဆိုတဲ့ အာသဝေါတရားတွေက အကြောင်းပစ္စည်းတရား, အဝိဇ္ဇာက အကျိုးပစ္စယုပ္ပန်တရား ဖြစ်တယ်။

၂။ **ဝေဒနာပစ္စယာ တဏှာ** = ဝေဒနာကို အကြောင်းခံပြီးတော့ တဏှာ ဖြစ်ပေါ်လာတယ်လို့

[၅၅၇] ပဋိသံ၊၄၊၁၁၈။ [၅၅၈] မ၊၁၊၆၇။

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ ဘုရားရှင် ဟောကြားထားတော်မူတဲ့အတွက် ဝေဒနာက အကြောင်းပစ္စည်းတရား, တဏှာက အကျိုးပစ္စယုပ္ပန်တရား ဖြစ်တယ်။

၃။ **တဏှာပစ္စယာ ဥပါဒါနံ** = တဏှာကို အကြောင်းခံကာ ဥပါဒါန်ဟာ ဖြစ်ပေါ်လာတယ်လို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ မြတ်စွာဘုရား ဟောကြားထားတော်မူတဲ့အတွက် တဏှာက အကြောင်းပစ္စည်းတရား, ဥပါဒါန်က အကျိုးပစ္စယုပ္ပန်တရား ဖြစ်တယ်။

၄။ **အဝိဇ္ဇာပစ္စယာ သင်္ခါရာ** = သစ္စာလေးပါး အမှန်တရားကို မသိမှု ယောက်ျား မိန်းမစသည်ဖြင့် အသိမှားမှု အဝိဇ္ဇာကို အကြောင်းခံကာ ကုသိုလ်သင်္ခါရ အကုသိုလ်သင်္ခါရတရားတွေ ထင်ရှား ဖြစ်ပေါ်လာကြတယ်လို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာ ဘုရားရှင် ဟောကြားထားတော်မူတဲ့ အတွက် အဝိဇ္ဇာက အကြောင်းပစ္စည်းတရား, သင်္ခါရက အကျိုးပစ္စယုပ္ပန်တရား ဖြစ်တယ်။

၅။ **ဥပါဒါနပစ္စယာ ဘဝေါ** = ဥပါဒါန်ကို အကြောင်းခံကာ ကမ္မဘဝ = ကံနှင့် (ဥပပတ္တိဘဝ)တို့ ဖြစ်ပေါ်လာကြတယ်လို့ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်မှာပဲ ဘုရားရှင် ဟောကြားထားတော်မူတဲ့ အတွက် ဥပါဒါန်က အကြောင်းပစ္စည်းတရား, ကမ္မဘဝ = ကံက အကျိုးပစ္စယုပ္ပန်တရား ဖြစ်တယ်။

ဒါကြောင့် အတိတ်အကြောင်းတရားများအဖြစ် သတ်မှတ်ထားတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ဟာလည်း တစ်နည်းပြောရလျှင်တော့ — အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ ဦးဆောင်ပြဓာန်းနေတဲ့ နာမ်ရုပ်တရားစုတို့မှာလည်း မိမိတို့ရဲ့ စွဲမှီရာ အတိတ်ဘဝကဖြစ်ခဲ့တဲ့ ဆိုင်ရာ ဆိုင်ရာ အတိတ်အကြောင်းတရားတွေ ထင်ရှားရှိကြသည်သာ ဖြစ်ကြပါတယ်။ ဒါကြောင့် ဒီအတိတ် အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကို ဖြစ်ပေါ်စေတတ်တဲ့ ဆိုင်ရာဆိုင်ရာ အကြောင်းတရားများ ဘက်က ကြည့်ခဲ့မယ်ဆိုလျှင် ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ ဦးဆောင်ပြဓာန်းနေတဲ့ နာမ်ရုပ်အစုအပုံတို့ဟာလည်း ပစ္စယုပ္ပန္နဓမ္မ (= ပစ္စယသမုပ္ပန္နဓမ္မ = အကြောင်းတရားတို့ကို စွဲမှီကာ ဖြစ်ပေါ်လာကြတဲ့ အကျိုးတရား)ဆိုတဲ့ အမည်ကို ရကြသည်သာ ဖြစ်ပါတယ်။

အကယ်၍ ယောဂီပုဂ္ဂိုလ်က ပစ္စယသမုပ္ပန္န အမည်ရတဲ့ ဆိုင်ရာအကြောင်းတရားတို့ကို စွဲမှီကာ ဖြစ်ပေါ်လာကြတဲ့ ကိလေသဝဋ္ဋ ကမ္မဝဋ္ဋဆိုပြီး နာမည်တပ်ထားတဲ့ ဒီအဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ ဦးဆောင်နေတဲ့ နာမ်ရုပ်တရားစုတို့ကို ရှေးဦးစွာ မသိမ်းဆည်းနိုင်သေးဘူးဆိုလျှင် အဲဒီ နာမ်ရုပ်တရားစုဖြစ်တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကြောင့် ဒီပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေဝိပါက်ဝိညာဏ် စတဲ့ ဝိပါက်နာမ်ရုပ်တွေ ထင်ထင်ရှားရှား ဖြစ်ပွားပေါ်ပေါက်လာတာကို ဘယ်လိုမှ သိရှိနိုင်မှာ မဟုတ်ဘူး။ အကြောင်းတရားနှင့် အကျိုးတရားတို့ရဲ့ ကြောင်း-ကျိုး ဆက်နွှယ်မှု သဘောတရားကို ဘယ်လိုမှ သိရှိနိုင်မှာ မဟုတ်ဘူး။ အကြောင်းတရားနှင့် အကျိုးတရားတို့ကို ကြောင်း-ကျိုးစပ်ကာ — ဤကား အကြောင်းတရား, ဤကား အကျိုးတရား စသည်ဖြင့် ဘယ်လိုမှ သိမ်းဆည်းနိုင်မှာလည်း မဟုတ်ဘူး။ အကြောင်းတရားနှင့် အကျိုးတရားတို့ကို မသိမ်းဆည်းနိုင်ပါက လည်း ပစ္စယပရိဂ္ဂဟဉာဏ်ကိုလည်း ဘယ်လိုမှ ရရှိနိုင်မှာ မဟုတ်ဘူး။

တစ်ဖန် – ပစ္စုပ္ပန်တွင် နောင်အနာဂတ်ဘဝတစ်ခုခုအတွက် ရည်မျှော်ကာ ပြုစုပျိုးထောင်နေတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတွေဟာ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို စွဲမှီကာ ဖြစ်ပေါ်လာကြသလို အလားတူပင် အတိတ်အကြောင်းတရားများအဖြစ် သတ်မှတ်ထားတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတွေဟာ အတိတ်ဘဝမှာ တည်ရှိခဲ့တဲ့ ခန္ဓာငါးပါးတို့ကို စွဲမှီပြီးတော့မှသာလျှင် ဖြစ်ပေါ်ခဲ့ကြပါတယ်။ ပစ္စုပ္ပန်တွင် နောင်အနာဂတ်ဘဝတစ်ခုခုအတွက် ရည်မျှော်ကာ ပြုစုပျိုးထောင်နေတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကို သိမ်းဆည်းရှုပွားလိုသော ယောဂီပုဂ္ဂိုလ်သည် ရှေးဦးစွာ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို သိမ်းဆည်းရှုပွားထားပြီးဖြစ်ဖို့ လိုပါတယ်။ ဒီလို သိမ်းဆည်းနိုင်ပါမှသာလျှင် ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို စွဲမှီကာ ဖြစ်ပေါ်လာကြတဲ့ နောင်အနာဂတ်ဘဝတစ်ခုခုအတွက် ရည်မျှော်ကာ ပြုစုပျိုးထောင်နေတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကို သိမ်းဆည်းရှုပွားလို့ ရရှိနိုင်မည် ဖြစ်ပါတယ်။

အလားတူပင် အတိတ်ခန္ဓာငါးပါးတို့ကို သိမ်းဆည်းရှုပွားနိုင်တဲ့ ယောဂီပုဂ္ဂိုလ်သည်သာလျှင် ယင်းအတိတ်ခန္ဓာငါးပါးတို့ကို စွဲမှီကာ ဖြစ်ပေါ်လာကြတဲ့ ပစ္စုပ္ပန်ဘဝတွင် ဝိပါကဝဋ် ခန္ဓာငါးပါး ဖြစ်ပေါ်လာရေးအတွက် ရည်မျှော်ကာ ပြုစုပျိုးထောင်ခဲ့တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတို့ကို သိမ်းဆည်းရှုပွားလို့ ရရှိနိုင်မည် ဖြစ်ပါတယ်။ သို့အတွက် အတိတ်အကြောင်းတရားများကို သိမ်းဆည်းရှုပွားသည့်အခါဝယ် ဆိုင်ရာဆိုင်ရာ အတိတ်အကြောင်းတရားများကြောင့် ထင်ရှားဖြစ်နေကြရတဲ့ အကျိုးပစ္စယုပ္ပန္နအမည်ရတဲ့ အတိတ်ခန္ဓာငါးပါးတို့ကို သိမ်းဆည်းရှုပွားခြင်း လုပ်ငန်းရပ်လည်း ပူးတွဲပါဝင်လျက် ရှိနေပါတယ်။ အတိတ်အကြောင်းတရားတို့၏ စွဲမှီရာ ရပ်တည်ရာ ဖြစ်ကြတဲ့ အတိတ်ခန္ဓာငါးပါးတို့ကို သိမ်းဆည်းရှုပွားနိုင်ပါမှ အတိတ်အကြောင်းတရားငါးပါးတို့ကိုလည်း သိမ်းဆည်းရှုပွားလို့ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက မိမိရဲ့ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီးတွင် အကြောင်းတရားများကို သိမ်းဆည်းတဲ့အပိုင်းဝယ် နာမရူပ-ဝဝတ္ထာနဉာဏ်လို့ ခေါ်ဝေါ်သုံးစွဲခြင်း မပြုဘဲ ဓမ္မဋ္ဌိတိဉာဏ်လို့ ခေါ်ဝေါ်သုံးစွဲခြင်း ပြုတော်မူခဲ့ခြင်း ဖြစ်ပါတယ်။[၁၃၉]

## ကိလေသဝဋ် – ကမ္မဝဋ် – ဝိပါကဝဋ်

နောက်တစ်နည်း ပြောဦးမယ်၊ အတိတ်က အဝိဇ္ဇာ တဏှာ ဥပါဒါန်တို့ ဦးဆောင်ပြဓာန်းနေတဲ့ ကိလေသဝဋ် နာမ်ရုပ်တရားစုတို့ကို မသိမ်းဆည်းနိုင်သေးပါက အဲဒီ ကိလေသဝဋ်ကြောင့် အဲဒီ အတိတ်မှာ သင်္ခါရ ကံဆိုတဲ့ ကမ္မဝဋ်နာမ်ရုပ်တရားစုတို့ ဖြစ်ပေါ်လာရတာကို ဘယ်လိုမှ သိရှိနိုင်မှာ မဟုတ်ဘူး။ ပြီးတော့လည်း ဒီသင်္ခါရ ကံဆိုတဲ့ ကမ္မဝဋ်နာမ်ရုပ်တရားစုတွေကို မသိမ်းဆည်းနိုင်သေး-ဘူးဆိုလျှင် ယင်းကမ္မဝဋ်ကြောင့် ဒီပစ္စုပ္ပန်ဘဝမှာ ပဋိသန္ဓေဝိညာဏ်ဆိုတဲ့ ဝိပါကဝဋ် ဖြစ်ပေါ်လာတာကို ဘယ်လိုမှ သိရှိနိုင်မှာ မဟုတ်ဘူး။ အလားတူပဲ ဝိညာဏ်ကြောင့် နာမ်ရုပ်ဖြစ်ပုံစတဲ့ ကြောင်း-ကျိုး ဆက်နွယ်မှုသဘောတရားတွေကိုလည်း သိရှိနိုင်မှာ မဟုတ်တော့ဘူး။

---

၁၃၉ ပဋိသံ၊၁၊၁၁၈။

ဆိုင်ရာ အတိတ်အကြောင်းတရားတွေကြောင့် ဆိုင်ရာ အတိတ်အကျိုးတရားတွေ ဖြစ်ပုံ, ပစ္စုပ္ပန်အကြောင်းတရားတွေကြောင့် အနာဂတ်အကျိုးတရားတွေ ဖြစ်ပုံ, အနာဂတ် သံသရာခရီး မဆုံးသေးသူတို့အတွက် ဆိုင်ရာ အနာဂတ်အကြောင်းတရားတွေကြောင့် ဆိုင်ရာ အနာဂတ်အကျိုးတရားတွေ ဖြစ်ပုံတို့ကိုလည်း သိရှိနိုင်မှာ သိမ်းဆည်းလို့ ရနိုင်မှာ မဟုတ်တော့ဘူး။ ဒါ့ကြောင့် သံသရာ တစ်လျှောက် နည်းတူ သဘောပေါက်ပါ။

ဒါကြောင့် နာမရူပပရိစ္ဆေဒညာဏ်လို့ မသုံးစွဲလိုက်ဘဲ ဓမ္မဋ္ဌိတိညာဏ်လို့ သုံးစွဲလိုက်ခြင်းဖြင့် ဒီဓမ္မဋ္ဌိတိညာဏ် ဖြစ်ပေါ်လာရခြင်းရဲ့ အကြောင်းရင်းဖြစ်တဲ့ ဓမ္မဋ္ဌိတိညာဏ် မဖြစ်မီ ဓမ္မဋ္ဌိတိညာဏ်ကို ရအောင် အားမထုတ်မီ ရှေးအဖို့မှာ ကြိုတင်ပြီးစီးထားပြီးဖြစ်ရမည့် အတိတ်နာမ်ရုပ် ပစ္စုပ္ပန်နာမ်ရုပ် နှစ်မျိုးလုံးကို ပိုင်းခြားမှတ်သားခြင်း, ပစ္စုပ္ပန်နာမ်ရုပ် အနာဂတ်နာမ်ရုပ် နှစ်မျိုးလုံးကို ပိုင်းခြားမှတ်သားခြင်းစတဲ့ နာမရူပပရိစ္ဆေဒညာဏ်ကို ဟောပြီးသာ ဖြစ်တယ်လို့ သိရှိပါ။[560] ဒီရှင်းလင်းချက်-တွေကတော့ အထက်က တင်ပြခဲ့တဲ့ ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာရဲ့ ဆိုလိုရင်းသဘောတရားတွေ ဖြစ်ကြပါတယ်။

## သစ္စာဒေသနာတော်နည်း

အင်္ဂုတ္တိုရ်ပါဠိတော် ပထမတွဲ တိကနိပါတ် တိတ္ထာယတနသုတ္တန်မှာ – အဝိဇ္ဇာကြောင့် သင်္ခါရ ဖြစ်ပုံ, သင်္ခါရကြောင့် ဝိညာဏ်ဖြစ်ပုံ စတဲ့ အနုလောမပဋိစ္စသမုပ္ပါဒ်သဘောတရား (= အကြောင်းတရားနှင့် အကျိုးတရားတို့ရဲ့ ကြောင်း-ကျိုး ဆက်နွယ်ကာ အထပ်ထပ် ဖြစ်မှုသဘောတရား)ကို သမုဒယသစ္စာဆိုတဲ့အမည်နှင့် ဟောကြားထားတော်မူပါတယ်။[561] သတိပဋ္ဌာန်ဒေသနာတော်မှာ လာရှိတဲ့ သမုဒယဓမ္မာနုပဿီပိုင်း ဖြစ်ပါတယ်၊ သံသရာရဲ့ ဖြစ်စဉ် ဖြစ်ပါတယ်။

နောက်တစ်ခု – အဝိဇ္ဇာရဲ့ နောင်တစ်ဖန် မဖြစ်သော ချုပ်ခြင်းဖြင့် ချုပ်ငြိမ်းခြင်းလို့ ခေါ်ဆိုအပ်တဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းမှုကြောင့် သင်္ခါရရဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းပုံစတဲ့ သံသရာစက်ရဟတ်ရဲ့ ချုပ်ငြိမ်းပုံအစဉ်ကို ဖော်ပြတဲ့ ပဋိလောမပဋိစ္စသမုပ္ပါဒ်သဘော-တရားကိုလည်း နိရောဓသစ္စာအမည်နှင့် မြတ်စွာဘုရားက ဟောကြားထားတော်မူပါတယ်။[562]

ဒီနိရောဓသစ္စာကတော့ ဥဒယဗ္ဗယဝိပဿနာညာဏ်ထဲမှာ အကျုံးဝင်တဲ့ ပစ္စယတော ဝယဒဿ-နညာဏ် (= အကြောင်းတရားအားဖြင့် ချုပ်ငြိမ်းမှုကို ရှုမြင်တတ်တဲ့ ဝိပဿနာညာဏ်)နှင့် ထိုးထွင်းသိတဲ့ နိရောဓသစ္စာ ဖြစ်ပါတယ်။[563]

အဲဒီ နိရောဓသစ္စာကို သိတဲ့ ဝိပဿနာညာဏ်နှင့် တကွသော မဂ္ဂင်တရားကိုယ်တွေကတော့ လောကီမဂ္ဂသစ္စာတရားတွေ ဖြစ်ကြပါတယ်။ ဝိပဿနာညာဏ်ကို တစ်ဖန်ပြန်ပြီးတော့ ဝိပဿနာ ရှုနိုင်တဲ့အခါ ယောဂီပုဂ္ဂိုလ်က ဒီလောကီမဂ္ဂသစ္စာကိုလည်း ထိုးထွင်းသိနိုင်ပါတယ်။ သတိပဋ္ဌာန်-ဒေသနာတော်နည်းအရ ဝယဓမ္မာနုပဿီပိုင်း ဖြစ်ပါတယ်။

---

[560] ပဋိသံ၊၄၊၁၁၈။ [561], [562] အံ၊၁၊၁၇၈။ [563] ဝိသုဒ္ဓိ၊၂၊၂၆၇။

ဝိပဿနာဉာဏ်တို့ရဲ့အဆုံးမှာ ဖြစ်ပေါ်လာတဲ့ အရိယမဂ်ဉာဏ် (ဖိုလ်ဉာဏ်)တို့ဖြင့် ထိုးထွင်းသိတဲ့ အသင်္ခတဓာတ် အငြိမ်းဓာတ် နိဗ္ဗာန်တရားတော်မြတ်ကြီးကတော့ လောကုတ္တရာ နိရောဓ-သစ္စာတရား ဖြစ်ပါတယ်။

အဲဒီ လောကုတ္တရာ နိရောဓသစ္စာကို ထိုးထွင်းသိတဲ့ အရိယမဂ်ဉာဏ်နှင့် ယှဉ်တွဲနေတဲ့ မဂ္ဂင်တရားကိုယ်တွေကတော့ လောကုတ္တရာ မဂ္ဂသစ္စာတရားတွေ ဖြစ်ကြပါတယ်။

**သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခာ -** ဆိုတဲ့အတိုင်း အတိတ် အနာဂတ် ပစ္စုပ္ပန် စတဲ့ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေတဲ့ ဥပါဒါနက္ခန္ဓာငါးပါးတို့ကတော့ ဒုက္ခသစ္စာတရားစုတွေ ဖြစ်ကြပါတယ်။

ပေါင်းလိုက်တော့ လောကီဝိပဿနာဉာဏ်နှင့် ထိုးထွင်းသိအပ်တဲ့ သစ္စာတရားတွေက ဒုက္ခ-သစ္စာ သမုဒယသစ္စာ နိရောဓသစ္စာ မဂ္ဂသစ္စာဆိုတဲ့ သစ္စာလေးပါး ဖြစ်ကြတယ်။

လောကုတ္တရာဖြစ်တဲ့ အရိယမဂ်ဉာဏ်ဖြင့် ထိုးထွင်းသိအပ်တဲ့ သစ္စာတွေကလည်း လေးပါးပဲ ဖြစ်ကြပါတယ်။ သို့သော် လောကုတ္တရာ အရိယမဂ်ဉာဏ်က အသင်္ခတဓာတ် အငြိမ်းဓာတ်နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာ နိရောဓသစ္စာတရားတော်မြတ်ကိုသာ အာရမ္မဏပဋိဝေဓ (= အာရုံမျက်မှောက်တိုက်ရိုက်ပြုကာ ထိုးထွင်းသိခြင်း)ဖြင့် ထိုးထွင်းပြီး သိတယ်၊ ဒုက္ခ-သမုဒယ-မဂ္ဂဆိုတဲ့ ကျန်သစ္စာသုံးပါးကိုတော့ မသိအောင် ဖုံးလွှမ်းထားတဲ့ မောဟကို ပယ်သတ်သောအားဖြင့် ထိုးထွင်းသိခြင်းဆိုတဲ့ အသမ္မောဟပဋိဝေဓသဘောအားဖြင့် ထိုးထွင်းသိတယ်။ ဒီလိုလောကီဝိပဿနာဉာဏ် လောကုတ္တ-ရာမဂ်ဉာဏ်တို့ဖြင့် သစ္စာလေးပါးကို ထိုးထွင်းမသိပါက မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါသလားလို့ မေးစရာရှိတယ်။ သစ္စသံယုတ်ပါဠိတော်မှာ လာရှိတဲ့ ကူဋာဂါရသုတ္တန် ကောက်နုတ်ချက်ကလေးကို နာကြားကြည့်ပါ။ မြတ်စွာဘုရားရှင်သည် ဘယ်လို ဟောကြားထားတော်မူသလဲ?-

## ကူဋာဂါရသုတ္တန်တရားတော် ကောက်နုတ်ချက်

**ယော စ ခေါ ဘိက္ခဝေ ဧဝံ ဝဒေယျ - "အဟံ ဒုက္ခံ အရိယသစ္စံ ယထာဘူတံ အနဘိသမေစ္စ၊ ဒုက္ခသမုဒယံ အရိယသစ္စံ ယထာဘူတံ အနဘိသမေစ္စ၊ ဒုက္ခနိရောဓံ အရိယသစ္စံ ယထာဘူတံ အနဘိသမေစ္စ၊ ဒုက္ခနိရောဓဂါမိနိံ ပဋိပဒံ အရိယသစ္စံ ယထာဘူတံ အနဘိသမေစ္စ၊ သမ္မာ ဒုက္ခဿန္တံ ကရိဿာမီ"တိ နေတံ ဌာနံ ဝိဇ္ဇတိ။**[၅၆၄]

**အနဘိသမေစ္စာတိ ဉာဏေန အနဘိသမာဂန္တွာ။ အပ္ပဋိဝိဇ္ဈိတွာတိ အတ္ထော။**[၅၆၅]

**ဘိက္ခဝေ** = ချစ်သားရဟန်းတို့ . . . ။ **ယော စ ခေါ** = အကြင် အမှတ်မထား တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သတ္တဝါသည်ကား။ **ဧဝံ** = ဤသို့။ **ဝဒေယျ** = ပြောဆိုလာငြားအံ့။ **ကိံ ဝဒေယျ** = အသို့ပြောဆိုလေရာသနည်း။

---

[၅၆၄] သံ၊၃၊၃၉၄။ သံ၊၃၊၃၈၃။ [၅၆၅] သံ၊ဋ္ဌ၊၃၊၃၃၀။

**"အဟံ** = ငါသည်။ **ဒုက္ခံ အရိယသစ္စံ** = ဒုက္ခအရိယသစ္စာတရားကို။ ပ ။ **ဒုက္ခသမုဒယံ အရိယ-သစ္စံ** = ဒုက္ခဖြစ်ကြောင်း ဒုက္ခသမုဒယအရိယသစ္စာတရားကို။ ပ ။ **ဒုက္ခနိရောဓံ အရိယသစ္စံ** = ဒုက္ခချုပ်ကြောင်း ဒုက္ခချုပ်ရာ ဒုက္ခနိရောဓအရိယသစ္စာတရားကို။ ပ ။ **ဒုက္ခနိရောဓဂါမိနိံ ပဋိပဒံ အရိယသစ္စံ** = ဒုက္ခချုပ်ရာ နိရောဓသို့ ရောက်ကြောင်းကျင့်စဉ်ဖြစ်သည့် မဂ္ဂအရိယသစ္စာတရားကို။ **ယထာဘူတံ** = မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ **အနဘိသမေစ္စ** = သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင် မျက်မှောက် ထွင်းဖောက်မသိမမြင်မူ၍။ **သမ္မာ** = ကောင်းမွန်မှန်ကန်စွာ။ **ဒုက္ခဿန္တံ** = သံသရာဝဋ်-ဆင်းရဲဒုက္ခ၏ အဆုံးအပိုင်းအခြားကို။ **ကရိဿာမိ** = ပြုလုပ်ပေအံ့။" **ဇဝံ** = ဤသို့။ **ဝဒေယျ** = ပြောဆိုလာငြားအံ့။ **ဇတံ ဌာနံ** = ဤပြောဆိုသည့်အတိုင်း ဖြစ်နိုင်ရာသော အကြောင်းအရာမျိုးသည်။ **န ဝိဇ္ဇတိ** = မရှိသည်သာတည်း။

ရဟန်းတို့ . . . ပုဂ္ဂိုလ်တစ်ယောက်က ပြောလာပြီဆိုကြစို့၊ ဘယ်လို ပြောသလဲ? "ငါဟာ ဒုက္ခအရိယသစ္စာ, ဒုက္ခသမုဒယအရိယသစ္စာ, ဒုက္ခနိရောဓအရိယသစ္စာ, ဒုက္ခချုပ်ရာနိဗ္ဗာန် (= ဒုက္ခ-နိရောဓ)သို့ ရောက်ကြောင်းကျင့်စဉ်ဖြစ်တဲ့ မဂ္ဂအရိယသစ္စာတရားကို မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်ကာ မသိဘဲ မမြင်ဘဲ သံသရာဝဋ်-ဆင်းရဲဒုက္ခကုန်အောင်, သံသရာဝဋ်ဆင်းရဲဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ဆိုက်ရောက်အောင် ပြုလုပ်မယ်လို့ ဒီလို လာပြောမယ် ဆိုကြစို့။

အဲဒီ ပုဂ္ဂိုလ်ရဲ့ ပြောဆိုချက်ဟာ ပြောဆိုတဲ့အတိုင်း ဖြစ်နိုင်ရာသော အကြောင်းအရာဟာ ဘယ်လိုမှ မရှိနိုင်ဘူး။[၅၆၆]

ဒီလို ဟောကြားထားတော်မူတဲ့ သစ္စာဒေသနာတော်များနှင့် အညီ အရိယသစ္စာလေးပါးတို့ကို ဟုတ်တိုင်းမှန်စွာ သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်ကာ မသိပါက မမြင်-ပါက သံသရာဝဋ်ဆင်းရဲဒုက္ခကုန်ဆုံးရာ နိဗ္ဗာန်သို့ မရောက်နိုင်တဲ့အတွက် သံသရာဝဋ်ဆင်းရဲဒုက္ခ-ကုန်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုလိုတဲ့ ရလိုတဲ့ ရောက်လိုတဲ့ပုဂ္ဂိုလ် မှန်ခဲ့လျှင်တော့ အရိယသစ္စာ လေးပါးတို့ကို သမ္မာဒိဋ္ဌိဉာဏ်ပညာဖြင့် ကိုယ်တိုင်မျက်မှောက် ထွင်းဖောက်သိမြင်အောင် ကြိုးပမ်း ရတော့မှာ ဖြစ်ပါတယ်။

ဒီသစ္စာလေးပါးထဲမှာ ဒီနေရာမှာ အထူးပြောလိုတာကတော့ လောကီဝိပဿနာဉာဏ်ဖြင့် ထိုးထွင်းသိရမည့် —

၁။ သမုဒယသစ္စာဖြစ်ခြင်းကြောင့် ဒုက္ခသစ္စာဖြစ်ပုံအပိုင်း

၂။ သမုဒယသစ္စာချုပ်ငြိမ်းခြင်းကြောင့် ဒုက္ခသစ္စာချုပ်ငြိမ်းပုံအပိုင်း —

ဒီအပိုင်း နှစ်ပိုင်း ဖြစ်ပါတယ်။ သမုဒယသစ္စာဖြစ်ခြင်းကြောင့် ဒုက္ခသစ္စာဖြစ်ပုံကို ဘုရားရှင်က မဟာသတိပဋ္ဌာနသုတ္တန်တွင် သမုဒယဓမ္မာနုပဿီပိုင်းတွင် ထည့်သွင်းကာ ဟောကြားထားတော်မူ

---

[၅၆၆] သံ၊၃၊၃၉၄။ သံ၊၃၊၃၈၃။

ပါတယ်။

သမုဒယသစ္စာရဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းခြင်းကြောင့် ဒုက္ခသစ္စာတရားစုတို့ရဲ့ အနုပ္ပါဒနိရောဓသဘောအားဖြင့် ချုပ်ငြိမ်းပုံအပိုင်းကိုတော့ သတိပဋ္ဌာန်ဒေသနာတော်မှာ ဘုရားရှင်က ဝယဓမ္မာနုပဿီပိုင်းတွင် ထည့်သွင်းကာ ဟောကြားထားတော်မူပါတယ်။

နောက်တစ်ခုကတော့ . . . **သပ္ပစ္စယနာမရူပဝသေန တိလက္ခဏံ အာရောပေတွာ**[၅၆၇] စတဲ့ အဋ္ဌကထာကြီးများရဲ့ ညွှန်ကြားချက်အတိုင်း ဒီဒုက္ခသစ္စာ သမုဒယသစ္စာတရားတို့ရဲ့ ဥပါဒ်အားဖြင့် ဘင်အားဖြင့် တစ်နည်း – ခဏအားဖြင့် ဖြစ်မှုပျက်မှုကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင်ကြည့်ပြီး လက္ခဏာရေးသုံးတန်သို့ တင်ကာ ဆက်လက်ပြီးတော့ ဝိပဿနာရှုရမှာ ဖြစ်ပါတယ်။

အထက်က ကိုးကားတင်ပြထားခဲ့တဲ့ ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်ကြီးအတိုင်း ဖြစ်မှုကို ရှုခြင်းက နိဗ္ဗတ္တိလက္ခဏာကို ရှုခြင်း ဖြစ်တယ်၊ ပျက်မှုကို ရှုခြင်းကတော့ ဝိပရိဏာမလက္ခဏာ (= ခန္ဓာတို့ရဲ့ ဖောက်ပြန်ပျက်စီးတဲ့လက္ခဏာ)ကို ရှုခြင်း ဖြစ်တယ်။ နိဗ္ဗတ္တိလက္ခဏာကို သမုဒယဓမ္မ, ဝိပရိဏာမ-လက္ခဏာကို ဝယဓမ္မဆိုတဲ့အမည်နှင့် သတိပဋ္ဌာန်ဒေသနာတော်မှာ ဘုရားရှင်က ဟောကြားထား-တော်မူပါတယ်။

ခု ပြောခဲ့တာတွေကို တစ်နည်းထပ်ပြီးတော့ ပြောဦးမယ် . . . ။

အတိတ်ခန္ဓာငါးပါးထဲမှာ ဆိုင်ရာအတိတ်အကြောင်းတရားတွေကြောင့် ဖြစ်ပေါ်ခဲ့တဲ့ ဝိပါကဝဋ်ခန္ဓာငါးပါးတွေလည်း ပါဝင်ကြတယ်၊ ပစ္စုပ္ပန်ဝိပါကဝဋ်ခန္ဓာ စသည်တို့ရဲ့ အကြောင်းရင်းဖြစ်တဲ့ အဝိဇ္ဇာ တဏှာ ဥပါဒါန် ဦးဆောင်တဲ့ ကိလေသဝဋ်ခန္ဓာ, သင်္ခါရ ကံဦးဆောင်တဲ့ ကမ္မဝဋ်ခန္ဓာတွေ-လည်း ပါဝင်ကြတယ်။

အလားတူပဲ ပစ္စုပ္ပန်ခန္ဓာငါးပါးထဲမှာလည်း အတိတ်ကိလေသဝဋ်ခန္ဓာ ကမ္မဝဋ်ခန္ဓာတို့ကြောင့် ဖြစ်ပေါ်နေတဲ့ ဝိပါကဝဋ်ခန္ဓာတွေလည်း ပါဝင်ကြတယ်၊ နောင်အနာဂတ်ဝိပါကဝဋ်ခန္ဓာတို့ရဲ့ အ-ကြောင်းရင်းဖြစ်ကြတဲ့ ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်နေတဲ့ ကိလေသဝဋ်ခန္ဓာ ကမ္မဝဋ်ခန္ဓာတွေလည်း ပါဝင်ကြတယ်။

အလားတူပဲ အနာဂတ်ခန္ဓာတွေထဲမှာလည်း ပစ္စုပ္ပန်ကိလေသဝဋ်ခန္ဓာ ကမ္မဝဋ်ခန္ဓာတွေကြောင့် ဖြစ်ပေါ်လာမည့် ဝိပါကဝဋ်ခန္ဓာတွေလည်း ပါဝင်ကြတယ်။ နောက်ထပ် ဒုတိယအနာဂတ် စတဲ့ ထိုထိုလာလတ္တံ့သော အနာဂတ်အတွက် ရည်ရွယ်ပြုစုပျိုးထောင်လတ္တံ့ဖြစ်တဲ့ ကိလေသဝဋ်ခန္ဓာ ကမ္မဝဋ်ခန္ဓာတွေလည်း ပါဝင်ကြတယ်။

ဒါကြောင့် ဒီဂဒ္ဒုလဗဒ္ဓသုတ္တန်မှာ ဘုရားရှင် ညွှန်ကြားတော်မူတဲ့ – **ယံ ကိဉ္စိ ရူပံ အတီတာနာဂ-တပစ္စုပ္ပန္နံ** - စတဲ့ ရှုကွက်မှာ — အတိတ်, အနာဂတ်, ပစ္စုပ္ပန်ခန္ဓာငါးပါးထဲမှာ ကိလေသဝဋ် ကမ္မဝဋ် ဝိပါကဝဋ်ခန္ဓာတွေ အားလုံး ပါဝင်ကြတယ်လို့ သဘောပေါက်ပါ။

---

[၅၆၇] မဋ္ဌ၊၁၊၂၈၁။

## အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာတွေကို သိမ်းဆည်းခြင်း

ဒီဂဒ္ဒုလဗဒ္ဓသုတ္တန်ပိုင်းမှာ မြတ်စွာဘုရားက အတိတ် အနာဂတ် ပစ္စုပ္ပန်ဖြစ်တဲ့ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ဝိပဿနာရှုရန် ညွှန်ကြားနေတော်မူပါတယ်။ အတိတ်ခန္ဓာငါးပါးတို့ကို ဝိပဿနာရှုလိုတဲ့ ယောဂီပုဂ္ဂိုလ်က ရှေးဦးစွာ အတိတ်ခန္ဓာငါးပါးတွေကို ဉာဏ်ဖြင့် ပိုင်းခြားယူတတ် သိမ်းဆည်းတတ်ဖို့ လိုပါတယ်။ ပစ္စုပ္ပန်ခန္ဓာငါးပါးတို့ကို ဝိပဿနာရှုလိုတဲ့ ယောဂီပုဂ္ဂိုလ်ဟာလည်း ရှေးဦးစွာ ပစ္စုပ္ပန်ခန္ဓာငါးပါးတွေကို ဉာဏ်ဖြင့် ပိုင်းခြားယူတတ် သိမ်းဆည်းတတ်ဖို့ လိုပါတယ်။ အနာဂတ်ခန္ဓာငါးပါးတို့ကို ဝိပဿနာရှုလိုတဲ့ ယောဂီပုဂ္ဂိုလ်ဟာလည်း ရှေးဦးစွာ အနာဂတ်ခန္ဓာငါးပါးတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူတတ် သိမ်းဆည်းတတ်ဖို့ လိုပါတယ်။ ဉာဏ်စဉ်နည်းအရ နာမရူပပရိစ္ဆေဒဉာဏ် နာမရူပဝဝတ္ထာနဉာဏ် ဖြစ်ပါတယ်။ ပစ္စုပ္ပန်အကျိုးတရားဝိပါကဝဋ္ဋခန္ဓာတွေဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင်ရှုလိုတဲ့ ယောဂီပုဂ္ဂိုလ်ဟာလည်း အကြောင်းတရားဖြစ်တဲ့ အတိတ်ကိလေသဝဋ္ဋခန္ဓာ အတိတ်ကမ္မဝဋ္ဋခန္ဓာတို့ကိုရော အကျိုးဖြစ်တဲ့ ပစ္စုပ္ပန်ဝိပါကဝဋ္ဋခန္ဓာတွေကိုရော ဉာဏ်ဖြင့် ပိုင်းခြားယူတတ် သိမ်းဆည်းယူတတ်ဖို့ လိုပါတယ်။

အလားတူပဲ ပစ္စုပ္ပန်အကြောင်းတရားတွေကြောင့် အနာဂတ်အကျိုးတရားတွေ ဖြစ်ပုံကို ဝိပဿနာဉာဏ်ဖြင့် ရှုမြင်လိုတဲ့ ယောဂီပုဂ္ဂိုလ်ဟာလည်း အကြောင်းရင်းဖြစ်တဲ့ ပစ္စုပ္ပန်ကိလေသဝဋ္ဋခန္ဓာ ကမ္မဝဋ္ဋခန္ဓာတွေကိုရော အကျိုးဖြစ်တဲ့ အနာဂတ်ဝိပါကဝဋ္ဋခန္ဓာတွေကိုရော ဉာဏ်ဖြင့် ပိုင်းခြားယူတတ် သိမ်းဆည်းယူတတ်ဖို့ လိုပါတယ်။ ဉာဏ်စဉ်နည်းအရ နာမရူပပရိစ္ဆေဒဉာဏ်, နာမရူပဝဝတ္ထာနဉာဏ်ပဲ ဖြစ်ပါတယ်။

ဒီလို သိမ်းဆည်းပြီးတော့မှ ယောဂီပုဂ္ဂိုလ်က ရှေ့တစ်ဆင့်တက်ကာ အတိတ်က ပြုစုပျိုးထောင်ခဲ့တဲ့ ကိလေသဝဋ္ဋခန္ဓာ ကမ္မဝဋ္ဋခန္ဓာတို့ကြောင့် ပစ္စုပ္ပန်ဝိပါကဝဋ္ဋခန္ဓာတွေ ဖြစ်ပုံကို ဉာဏ်ဖြင့် မြင်အောင် ရှုရပါတယ်။ ဉာဏ်စဉ်နည်းအရ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပါတယ်။ တစ်နည်းပြောရလျှင်တော့ ဓမ္မဋ္ဌိတိဉာဏ် ဖြစ်ပါတယ်။

အလားတူပဲ ပစ္စုပ္ပန်တွင် ပြုစုပျိုးထောင်ထားတဲ့ ကိလေသဝဋ္ဋခန္ဓာ ကမ္မဝဋ္ဋခန္ဓာတို့ကြောင့် အနာဂတ်ဝိပါကဝဋ္ဋခန္ဓာတွေ ထင်ရှားဖြစ်ပုံကိုလည်း ဉာဏ်ဖြင့် မြင်အောင် ရှုရပါတယ်။ ပစ္စယပရိဂ္ဂဟဉာဏ် (= ဓမ္မဋ္ဌိတိဉာဏ်)ပင် ဖြစ်ပါတယ်။

ဒီလို အကြောင်းခန္ဓာ အကျိုးခန္ဓာတို့ကို ဉာဏ်ဖြင့် ပိုင်းခြားယူတတ် သိမ်းဆည်းယူတတ်တဲ့ ပုဂ္ဂိုလ်တွေသည်သာလျှင် —

၁။ အတိတ် အကျိုးခန္ဓာ အကြောင်းခန္ဓာ

၂။ ပစ္စုပ္ပန် အကျိုးခန္ဓာ အကြောင်းခန္ဓာ

၃။ အနာဂတ် အကျိုးခန္ဓာ အကြောင်းခန္ဓာ —

ဆိုတဲ့ အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာတွေကို လက္ခဏာယာဉ် (၃)တန်သို့ တင်ကာ ဝိပဿနာ ရှုပွားသုံးသပ်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ဒီသမုဒယဓမ္မာနုပဿီ - ဝယဓမ္မာနုပဿီပိုင်းမှာ —

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ အစရှိတဲ့ အကြောင်းတရားတွေ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးရုပ်တရား နာမ်တရားတွေ ထင်ရှားဖြစ်ပုံ၊ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ အစရှိတဲ့ အကြောင်းတရားတွေ ချုပ်ငြိမ်းခြင်းကြောင့် အကျိုးရုပ်တရားတွေ နာမ်တရားတွေ ချုပ်ငြိမ်းပုံကို မြင်အောင် တစ်ဆင့်တက်ပြီးတော့ ရှုရပါတယ်။

အဲဒီ သမုဒယဝယဓမ္မာနုပဿီအပိုင်းမှာ မြတ်စွာဘုရားက ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်ဆိုတဲ့ ဒီဉာဏ်သုံးပါးကို ပေါင်းစုပြီးတော့ ဟောကြားထားတော်မူပါတယ်၊ ဒီတော့ အတိတ်က မိမိက ဘယ်လို အဝိဇ္ဇာ, တဏှာ, ဥပါဒါန်တွေ ခြံရံပြီးတော့ သင်္ခါရ, ကံတွေကို ထူထောင်ခဲ့တယ်ဆိုတာကိုတော့ မိမိကိုယ်တိုင် ဒီအပိုင်းမှာ သိအောင် မြင်အောင် ရှုရပါတယ်။ အဲဒီအပိုင်းကို သမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ပုံကို သိအောင် ရှုတဲ့အပိုင်းဆိုပြီး စာပေကျမ်းဂန်များက ဖော်ပြထားပါတယ်၊ အရိယာသူတော်ကောင်းမှန်ခဲ့ရင် ဒီသစ္စာလေးပါးကို သိသလား, မသိဘူးလား? သိကြတယ်။ သစ္စာလေးပါးထဲမှာ ဒီသမုဒယသစ္စာကြောင့် ဒုက္ခသစ္စာဖြစ်ခြင်းဆိုတာကိုတော့ သိရမလား, မသိရဘူးလား? သိရမယ်။ ဒါကြောင့် ဘုရားရှင်က ခုနက ဂဒ္ဒုလဗဒ္ဓသုတ္တန်မှာ ရဟန်းတွေကို အတိတ်ခန္ဓာငါးပါး, ပစ္စုပ္ပန်ခန္ဓာငါးပါး, အနာဂတ်ခန္ဓာငါးပါးတွေကိုပါ ထည့်သွင်းပြီး ဝိပဿနာရှုဖို့ ညွှန်ကြားထားပါတယ်။

အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ ဒီဘဝကို ဖြစ်ပေါ်လာအောင် ပြုစုပျိုးထောင်ပေးတတ်တဲ့ သို့မဟုတ် ဒီဘဝခန္ဓာငါးပါးကို ဖြစ်စေတတ်တဲ့ အကြောင်းရင်းဖြစ်တဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတွေက ဘယ်တုန်းက ဖြစ်ခဲ့သလဲ? အတိတ်က ဖြစ်ခဲ့တယ်၊ ဒါကြောင့် အတိတ်က ကံကို သိချင်ရင်တော့ အတိတ်ခန္ဓာငါးပါးကို လှမ်းပြီးရှုဖို့ မလိုဘူးလား?— လိုအပ်တယ်။

တစ်ခါ ပစ္စုပ္ပန်မှာ ထူထောင်နေတဲ့ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံတွေကြောင့် နောင် အနာဂတ်ခန္ဓာငါးပါး ဖြစ်မှာကိုလည်း မြင်အောင် ရှုဖို့ ဘုရားရှင်က ဒီသတိပဋ္ဌာန်ကျင့်စဉ်ထဲမှာ ထည့်သွင်းကာ ဟောကြားထားတော်မူတယ်။ ဒါကြောင့် အနာဂတ်ခန္ဓာငါးပါးကိုလည်း လှမ်းရှုဖို့ မလိုဘူးလား? လိုအပ်နေတယ်။ အတိတ်, အနာဂတ်ရှုကွက်တွေက ဒီသတိပဋ္ဌာန်ကျင့်စဉ်ထဲမှာလည်း ပါပါတယ်၊ အဲဒီလို — အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, သင်္ခါရ, ကံ-ဆိုတဲ့ အကြောင်းတရားတွေကြောင့် အကျိုးခန္ဓာငါးပါး ထင်ရှားဖြစ်ပုံကို အတိတ်မှာရော, အနာဂတ်မှာရော, ပစ္စုပ္ပန်မှာရော အတိတ် အနာဂတ် ပစ္စုပ္ပန် ကာလသုံးပါးလုံးမှာ ယောဂီပုဂ္ဂိုလ်က မြင်အောင် သိမ်းဆည်းရပါတယ်၊ ရှုရပါတယ်။

## ဝိပဿနာပိုင်း

အဲဒီလို သိမ်းဆည်းပြီးတဲ့အချိန်အခါကျတော့မှ အကြောင်းတရားနှင့်တကွ ဒီ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကလို့ ခေါ်ဆိုအပ်တဲ့ (၁၁)မျိုးသော အခြင်းအရာအားဖြင့်တည်နေတဲ့ ဒီခန္ဓာငါးပါးတွေကို ဘာလုပ်ရမလဲ? ဖြစ်နေပျက်နေ-တာကို ဉာဏ်နှင့် မြင်အောင် ကြည့်ပြီး အနိစ္စလို့ တွင်တွင်ကြီး ရှုရတယ်၊ ဖြစ်ခြင်းပျက်ခြင်း ဒဏ်ချက်ဖြင့် အနှိပ်စက်ခံနေရတဲ့သဘောတွေကို ဉာဏ်နှင့် မြင်အောင် ကြည့်ပြီးတော့ ဒုက္ခလို့ တွင်တွင် ရှုရတယ်၊ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ အတ္တမဟုတ်တဲ့ အနတ္တသဘောတွေကို ဉာဏ်နှင့် မြင်အောင် ကြည့်ပြီးတော့ အနတ္တလို့ တွင်တွင်ရှုရတယ်။ အဲဒီလို အနိစ္စ ဒုက္ခ အနတ္တလို့ လက္ခဏာရေးသုံးတန် တင်ပြီး တွင်တွင်ရှုလိုက်လို့ ဝိပဿနာဉာဏ်တွေက ရင့်ကျက်ခဲ့ရင် ဘာဖြစ်မလဲ?

## ဝိပဿနာပိုင်း တတိယအဆင့်

**‘အတ္ထိ ကာယော’တိ ဝါ ပနဿ သတိ ပစ္စုပဋ္ဌိတာ ဟောတိ။ ယာဝဒေဝ ဉာဏမတ္တာယ ပဋိဿတိမတ္တာယ။**[၅၆၈]

ယင်းခန္ဓာငါးပါးတို့ရဲ့ အဖြစ်ကို မြင်အောင် မရှုတော့ဘဲ အပျက်သက်သက်ကိုသာ တစ်ဖက်-သတ်မြင်အောင် ဆက်ရှုကာ — ယင်းသင်္ခါရတရားတို့ရဲ့ ပြိုပြိုပျက်ပျက်နေတဲ့သဘောကို ကြည့်ပြီးတော့ အနိစ္စလို့ ရှုပါ။ ပြိုပြိုပျက်ပျက်နေတဲ့အတွက် ယင်းသင်္ခါရတရားတို့ရဲ့ ကြောက်လန့်ဖွယ်ကောင်းတဲ့သဘောကို ကြည့်ပြီးတော့ ဒုက္ခလို့ ရှုပါ။ ယင်းသင်္ခါရတရားတို့မှာ မပျက်စီးဘဲ အကျိတ်အခဲ အခိုင်အမာ အနှစ်သာရအားဖြင့် တည်နေတဲ့ အတ္တမရှိမှုသဘောကို ဉာဏ်နှင့် မြင်အောင် ကြည့်ပြီးတော့ အနတ္တလို့ ရှုပါ။ အဲဒီလို ရှုခဲ့မယ်ဆိုလျှင် ဝိပဿနာဉာဏ်စဉ်များ တစ်ဆင့်ထက်တစ်ဆင့် ရင့်သထက်ရင့်ကာ မြင့်သထက်မြင့်ကာ ဖြစ်ပေါ်လာကြမှာ ဖြစ်ပါတယ်။ အဲဒီလို ဝိပဿနာဉာဏ်တွေက ရင့်ကျက်လာလို့ အထွတ်အထိပ်သို့ ရောက်ရှိခဲ့လျှင် ဘာဖြစ်မလဲ?

ယောဂီပုဂ္ဂိုလ်ဟာ အဲဒီအချိန်အခါမှာ ပရမတ္ထဓာတ်သားသက်သက်ကိုသာ တွေ့မြင်နေတော့-မှာ ဖြစ်ပါတယ်။ ရုပ်ကလာပ်တွေကိုတောင် မတွေ့နိုင်တော့ဘူး။ ရုပ်ပရမတ်သက်သက် နာမ်ပရမတ်သက်သက်ကိုသာ တွေ့ရှိနေမှာ ဖြစ်တယ်။ အဲဒီအချိန်အခါမှာ ယောဂီရဲ့ ဉာဏ်ထဲမှာ ထင်လာပုံအခြင်းအရာကို ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ဒီလို ဖွင့်ဆိုထားပါတယ်။[၅၆၉]

---

[၅၆၈] မ၊၁၊၇၁။

[၅၆၉] ဉာဏေ တိက္ခေ ဝဟန္တေ သင်္ခါရေသု လဟုံ ဥပဋ္ဌဟန္တေသု ဥပ္ပါဒံ ဝါ ဌိတိံ ဝါ ပဝတ္တံ ဝါ နိမိတ္တံ ဝါ န သမ္ပာပုဏာတိ။ ခယဝယဘေဒနိရောဓေယေဝ သတိ သန္တိဋ္ဌတိ။ (ဝိသုဒ္ဓိ၊၂၊၂၇၇။)

**န သမ္ပာပုဏာ**တိ အဂ္ဂဟဏတော။ (မဟာဋီ၊၂၊၄၃၉။)

**နိမိတ္တ**န္တိ သင်္ခါရနိမိတ္တံ။ ယံ သင်္ခါရာနံ သမူဟာဒိဃနဝသေန၊ သကိစ္စပရိစ္ဆေဒတာယ စ သဝိဂ္ဂဟာနံ ဝိယ ဥပဋ္ဌာနံ၊ တံ သင်္ခါရနိမိတ္တံ။ (မဟာဋီ၊၂၊၄၃၉။)

အဲဒီအချိန်အခါမှာ ယောဂါဝစရပုဂ္ဂိုလ်က သင်္ခါရတရားတွေရဲ့ ဖြစ်မှု = ဥပါဒ်ကိုလည်း နှလုံး မသွင်းတော့တဲ့အတွက် ဖြစ်မှု (= **ဥပ္ပါဒ**)ကိုလည်း ဉာဏ်နဲ့ မတွေ့တော့ဘူး။ သင်္ခါရတရားတို့ရဲ့ တည်မှု = ဌီကာလကို နှလုံးမသွင်းတော့တဲ့အတွက် တည်မှု = (**ဌိတိ**)ကိုလည်း ဉာဏ်နဲ့ မတွေ့တော့ ဘူး။ ရုပ်ကလာပ်ကဲ့သို့သော သင်္ခါရတရားတို့ရဲ့ ပုံသဏ္ဌာန်နိမိတ် (**နိမိတ္တ**)ကိုလည်း ဉာဏ်နဲ့ မတွေ့ တော့ဘူး။ အကြောင်းတရားတွေ ထင်ရှားဖြစ်ခြင်းကြောင့် အကျိုးတရားတွေ ထင်ရှားဖြစ်ပုံဆိုတဲ့ (**ပဝတ္တ**)သဘောကို နှလုံးမသွင်းတော့တဲ့အတွက် ယင်းသင်္ခါရတရားတို့ရဲ့ ပဝတ္တသဘောကိုလည်း ဉာဏ်နဲ့ မတွေ့တော့ဘူး။ ပြိုပြိုပျက်ပျက်နေတဲ့ ပရမတ္ထဓာတ်သားသက်သက်ကိုသာ ဉာဏ်နဲ့ တွေ့မြင် နေတော့တယ်။ အဲဒီလို တွေ့ရှိနေတဲ့အခါမှာ လက္ခဏာယာဉ် (၃)တန် တစ်လှည့်စီ တင်ပြီးတော့ ဆက်လက်ကာ ဝိပဿနာရှုခဲ့မယ်ဆိုလျှင် ဝိပဿနာဉာဏ်စဉ်တွေက တစ်ဆင့်ထက်တစ်ဆင့် ရင့်-သထက်ရင့်ကာ ဖြစ်ပေါ်လာကြမှာ ဖြစ်ပါတယ်။

ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ် - ဆိုတဲ့ အဆင့်ဆင့်သော ဝိပဿနာဉာဏ်တွေဟာလည်း တိုးတက်လာကြမှာ ဖြစ်ပါတယ်။ ဝိပဿနာဉာဏ်တွေတွင်သာမက ဝိပဿနာဉာဏ်နဲ့ ယှဉ်တွဲနေတဲ့ လက္ခဏာယာဉ် သုံးတန်တင်ကာ ရှုပွားသုံးသပ်တတ်တဲ့ သတိဟာလည်း ဝိပဿနာဉာဏ်တွေနဲ့အတူ အဆင့်ဆင့် တိုးပွားလာမှာ ဖြစ်ပါတယ်။

အဲဒီလို ဘင်္ဂဉာဏ်ပိုင်း ရောက်လာပြီဆိုလျှင် ယောဂါဝစရပုဂ္ဂိုလ်က ရှုနေတဲ့ ဝိပဿနာဉာဏ်ကို လည်း တစ်ဖန်ပြန်ပြီးတော့ ဝိပဿနာရှုရန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ညွှန်ကြားထားပါတယ်။[၅၇၀]

ဉာတလို့ခေါ်ဆိုတဲ့ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံဖြစ်ကြတဲ့ ဒုက္ခသစ္စာအမည်ရတဲ့ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓစတဲ့ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်ရှိနေတဲ့ ဥပါဒါ-နက္ခန္ဓာငါးပါးနဲ့ သမုဒယသစ္စာအမည်ရကြတဲ့ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘော-တရားတို့ရဲ့ အင်္ဂါရပ်တွေကိုလည်း ဝိပဿနာရှုပါ။ ဒီလို ဝိပဿနာရှုနေတဲ့ ဝိပဿနာဉာဏ် ပြဓာန်း-နေတဲ့ ဝိပဿနာဇောဝီထိစိတ်အစဉ် နာမ်တရားစုတွေကိုလည်း တစ်ဖန်ပြန်ပြီးတော့ ဝိပဿနာရှုပါ။

သို့သော် ရှေးသမ္မသနဉာဏ်ပိုင်း အရူပသတ္တက ဝိပဿနာရှုနည်းအပိုင်းမှာလည်း အလားတူပဲ ရှေးရှေးသော ဝိပဿနာဇောဝီထိ နာမ်တရားစုတွေကို နောက်နောက်သော ဝိပဿနာဇောဝီထိ နာမ်တရားစုတွေက တစ်ဖန်ပြန်ပြီးတော့ ဝိပဿနာရှုရန်ကိုလည်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက ညွှန်ကြား ထားပါတယ်။[၅၇၁] ဒါပေမဲ့ သမ္မသနဉာဏ်ပိုင်းမှာတော့ အရှုခံသင်္ခါရတရားတို့ရဲ့ ဖြစ်မှုပျက်မှု, ရှုနေတဲ့ ဝိပဿနာဉာဏ်ပြဓာန်းတဲ့ ဝိပဿနာဇောဝီထိ နာမ်တရားစုတို့ရဲ့ ဖြစ်မှုပျက်မှုနှစ်ခုလုံးကို အာရုံယူ-ပြီးတော့ လက္ခဏာယာဉ်သုံးတန်သို့ တင်ကာ ဝိပဿနာရှုရပါတယ်။ ဘင်္ဂဉာဏ်စတဲ့ အထက်ပိုင်း ဝိပဿနာဉာဏ်တွေအခိုက်မှာတော့ ယင်းသင်္ခါရတရားတို့ရဲ့ အပျက်သက်သက်ကို, ရှုနေတဲ့ ဝိပဿ-

---

[၅၇၀] ဉာတဉ္စ ဉာဏဉ္စ ဥဘောပိ ဝိပဿတိ။ (ဝိသုဒ္ဓိ၊၂၊၂၇၈။)

[၅၇၁] ဝိသုဒ္ဓိ၊၂၊၂၆၂-၂၆၃-၂၆၄။ မဟာဋီ၊၂၊၄၁၅-၄၁၆-ကြည့်ပါ။

နာဉာဏ်ပြခန်းတဲ့ ဝိပဿနာဇောဝီထိ နာမ်တရားစုတို့ရဲ့ အပျက်သက်သက်ကိုသာ အာရုံယူပြီးတော့ လက္ခဏာယာဉ်သုံးတန်သို့ တင်ကာ ဝိပဿနာရှုရပါတယ်။

ခု ပြောခဲ့တာတွေကတော့ မဟာသတိပဋ္ဌာနသုတ္တန်မှာ လာရှိတဲ့ ကာယာနုပဿနာသတိပဋ္ဌာန်ပိုင်း အာနာပါနခန်းမှာ ဘုရားရှင် ဟောကြားထားတော်မူတဲ့ သမထ-ဝိပဿနာရှုကွက်များ ဖြစ်ကြပါတယ်။ ပါရာဇိကဏ်ပါဠိတော် တတိယပါရာဇိကသိက္ခာပုဒ်[၅၃၂] ဥပရိပဏ္ဏာသပါဠိတော် အာနာပါနဿတိသုတ္တန်[၅၃၃] မဟာရာဟုလောဝါဒသုတ္တန်[၅၃၄] မဟာဝဂ္ဂသံယုတ်ပါဠိတော် အာနာပါနသံယုတ် ကိမိလသုတ္တန်[၅၃၅] စသည်တို့မှာ အာနာပါနကမ္မဋ္ဌာန်းကို စတုက္ကလေးမျိုးတို့ဖြင့် တန်ဆာဆင်ပြီးတော့ တစ်နည်းတစ်ဖုံအားဖြင့် အာနာပါနကမ္မဋ္ဌာန်းကို ဟောကြားထားတော်မူခဲ့ပါတယ်။ ဒီလို ဟောကြားထားတော်မူခဲ့တဲ့ ဒေသနာတော် ဟောနည်း နှစ်နည်းတို့မှာ ဟောပုံအခြင်းအရာ ကွာခြားသော်လည်း ရှုကွက်အဓိပ္ပာယ်ကတော့ အားလုံး အတူတူပဲ ဖြစ်ပါတယ်။

တူညီပုံကို နည်းနည်း ရှင်းပြမယ်။ မဟာသတိပဋ္ဌာနသုတ္တန် အာနာပါနပိုင်းမှာ သမထပိုင်း ဝိပဿနာပိုင်းဆိုပြီးတော့ အပိုင်းနှစ်ပိုင်းခွဲကာ ဘုရားရှင်က ဟောကြားထားတော်မူခဲ့ပါတယ်။ သမထပိုင်းကတော့ အာနာပါန စတုက္ကလေးမျိုးတို့တွင် ပထမစတုက္ကနှင့် အဓိပ္ပာယ်အားလုံး တူညီ-လျက် ရှိပါတယ်။ ဝိပဿနာပိုင်းကတော့ ဒုတိယစတုက္က တတိယစတုက္က ဝိပဿနာကျင့်စဉ်ပိုင်းနှင့် စတုတ္ထစတုက္က ဝိပဿနာကျင့်စဉ်ပိုင်းတို့ဟာ အဓိပ္ပာယ်တူညီလျက် ရှိကြပါတယ်။ သို့သော် ဒုတိယ-စတုက္ကနှင့် တတိယစတုက္ကတို့မှာတော့ ဘုရားရှင်က သမထနဲ့ ဝိပဿနာ နှစ်ခုရောယှက်ပြီးတော့ ဟောကြားထားတော်မူပါတယ်။ ပထမစတုက္ကကတော့ သမထပိုင်းသက်သက်ဖြစ်ပြီး စတုတ္ထစတုက္က-ကတော့ ဝိပဿနာပိုင်းသက်သက်သာ ဖြစ်ပါတယ်။

နောက်ထပ် သတိပြုစရာ အချက်တစ်ခုကတော့ မဟာသတိပဋ္ဌာနသုတ္တန် အာနာပါန ဝိပဿ-နာပိုင်းမှာ ဝိပဿနာဉာဏ်ရဲ့ အရှုခံအာရုံဖြစ်ကြတဲ့ ဥပါဒါနက္ခန္ဓာငါးပါးထဲမှာ ဈာန်နာမ်တရားတွေလည်း ပါဝင်ကြတယ်ဆိုတာကိုတော့ သဘောပေါက်ပါ။ ဒီစတုက္ကလေးခုကို စပြီးတော့ နာကြည့်ကြရ-အောင် . . . ။

**အာနာပါန – ပထမစတုက္က**

၁-၁။ **ဒီဃံ ဝါ အဿသန္တော “ဒီဃံ အဿသာမီ”တိ ပဇာနာတိ၊**
**ဒီဃံ ဝါ ပဿသန္တော “ဒီဃံ ပဿသာမီ”တိ ပဇာနာတိ။**

၁-၂။ **ရဿံ ဝါ အဿသန္တော “ရဿံ အဿသာမီ”တိ ပဇာနာတိ၊**
**ရဿံ ဝါ ပဿသန္တော “ရဿံ ပဿသာမီ”တိ ပဇာနာတိ။**

၁-၃။ **“သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီ”တိ သိက္ခတိ၊**
**“သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီ”တိ သိက္ခတိ။**

---

[၅၃၂] ဝိ၊၁၊၈၈။ [၅၃၃] မ၊၃၊၁၂၅-၁၂၆။ [၅၃၄] မ၊၂၊၈၈။ [၅၃၅] သံ၊၃၊၂၇၉-၂၈၁။

၁-၄။ **“ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမိ”တိ သိက္ခတိ၊**
**“ပဿမ္ဘယံ ကာယသင်္ခါရံ ပဿသိဿာမိ”တိ သိက္ခတိ။**[၃၃၆]

၁-၁။ ဝင်သက်လေကို ရှည်ရှည် ရှူသွင်းလျှင်လည်း ရှည်ရှည် ရှူသွင်းတယ်လို့ သိပြီးတော့ အသက်ရှူသွင်းပါ၊ ထွက်သက်လေကို ရှည်ရှည် ရှူထုတ်လျှင်လည်း ရှည်ရှည် ရှူထုတ်တယ်လို့ သိပြီးတော့ အသက်ရှူထုတ်ပါ။

၁-၂။ ဝင်သက်လေကို တိုတို ရှူသွင်းလျှင်လည်း တိုတို ရှူသွင်းတယ်လို့ သိပြီးတော့ အသက်ရှူသွင်းပါ၊ ထွက်သက်လေကို တိုတို ရှူထုတ်လျှင်လည်း တိုတို ရှူထုတ်တယ်လို့ သိပြီးတော့ အသက်ရှူထုတ်ပါ။

၁-၃။ ဝင်သက်လေရဲ့ အစ-အလယ်-အဆုံး = အကုန်လုံးကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူသွင်းနိုင်အောင် ကျင့်ပါ၊ ထွက်သက်လေရဲ့ အစ-အလယ်-အဆုံး = အကုန်လုံးကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူထုတ်နိုင်အောင် ကျင့်ပါ။

၁-၄။ ရုန့်ရင်းသော ဝင်သက်လေကို ငြိမ်းစေပြီးတော့ ဝင်သက်လေကို ရှူသွင်းနိုင်အောင် ကျင့်ပါ၊ ရုန့်ရင်းသော ထွက်သက်လေကို ငြိမ်းစေပြီးတော့ ထွက်သက်လေကို ရှူထုတ်နိုင်အောင် ကျင့်ပါ။

ဒီပထမစတုက္ကတွင် ဘုရားရှင်က —

၁-၁။ **ဒီဃ** = အရှည် (= ဝင်လေ-ထွက်လေ၏ အရှည်)ကို သိအောင် ကျင့်ရန်,

၁-၂။ **ရဿ** = အတို (= ဝင်လေ-ထွက်လေ၏ အတို)ကို သိအောင် ကျင့်ရန်,

၁-၃။ **သဗ္ဗကာယ** = အကုန်လုံး (= ဝင်လေ-ထွက်လေ၏ အစ-အလယ်-အဆုံး အကုန်လုံး)ကို သိအောင် ကျင့်ရန်,

၁-၄။ **ပဿမ္ဘယ** = ဝင်လေ-ထွက်လေကို ငြိမ်အောင် သိမ်မွေ့အောင် ငြိမ်းအောင် ကျင့်ရန် ညွှန်ကြားထားတော်မူပါတယ်။

ဒီအာနာပါန ပထမစတုက္ကကျင့်စဉ်ကို သမထကမ္မဋ္ဌာန်းပိုင်းတွင် အာနာပါနချုပ်ငြိမ်းသည့် စတုတ္ထဈာန်သို့ ဆိုက်သည့်တိုင်အောင် အပြည့်အစုံ ဆွေးနွေးခဲ့ပြီး ဖြစ်ပါတယ်။ ယခုအခါမှာ ယင်းအာနာပါန ပထမစတုက္ကကျင့်စဉ်အတိုင်း စတုတ္ထဈာန်သို့တိုင်အောင် ကျင့်ပြီးကြတဲ့ သူတော်ကောင်းများအတွက် ဒုတိယစတုက္က စသည်တို့မှာ လာရှိတဲ့ ရှုကွက်ကို အကျဉ်းချုပ်ပြီးတော့ ဆက်လက် တင်ပြပါမယ်။

ယောဂါဝစရပုဂ္ဂိုလ်က မိမိရရှိထားပြီးတဲ့ အာနာပါနစတုတ္ထဈာန်သမာဓိကို ဝသီဘော်ငါးတန် နိုင်နင်းအောင် လေ့ကျင့်ပြီးတဲ့အခါ ယင်းအာနာပါန စတုတ္ထဈာန်ကို ဝိပဿနာ၏ အခြေပါဒကပြု၍ = တရားထိုင်တိုင်း ထိုင်တိုင်း ယင်းဈာန်ကို ရှေးဦးစွာ ဝင်စားပါ။ ယင်းဈာန်မှ ထတဲ့အခါ —

[၃၃၆] မ၊၁၊၇၁။ မ၊၃၊၁၂၅။

(က) **ရူပပရိဂ္ဂဟ** = ရုပ်တရားကို သိမ်းဆည်းပါ၊

(ခ) **အရူပပရိဂ္ဂဟ** = နာမ်တရားကို သိမ်းဆည်းပါ၊

(ဂ) **ရူပါရူပပရိဂ္ဂဟ** = ရုပ်နာမ်ကို သိမ်းဆည်းပါ၊

(ဃ) **နာမရူပဝဝတ္ထာန** = နာမ်ရုပ်ကို ပိုင်းခြားမှတ်သားပါ၊

(င) **ပစ္စယပရိဂ္ဂဟ** = ပစ္စုပ္ပန်ရုပ်နာမ်တို့၏ အကြောင်းတရားကို သိမ်းဆည်းပါ၊

(စ) **အဒ္ဓါနပရိဂ္ဂဟ** = အတိတ် အနာဂတ်ရုပ်နာမ်တွေနှင့် ယင်းရုပ်နာမ်တို့ရဲ့ အကြောင်းတရားကို သိမ်းဆည်းပါ။

ဒီလုပ်ငန်းခွင်များကို အဆင့်ဆင့် ပြုလုပ်ပါ။ အကြောင်းတရားနှင့် တကွသော ရုပ်နာမ်တို့ကို သမ္မသနဉာဏ် ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ်တို့ဖြင့် တွင်တွင်ကြီး ဝိပဿနာရှုပွားနိုင်တဲ့အခါ ဒုတိယစတုက္က စသည်တို့မှာ လာရှိတဲ့ ရှုကွက်တွေကို ဆက်လက်ပြီးတော့ လေ့ကျင့်ပါ။

## အာနာပါန – ဒုတိယစတုက္က

၂-၁။ **ပီတိပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊**
**ပီတိပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

၂-၂။ **သုခပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊**
**သုခပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

၂-၃။ **စိတ္တသင်္ခါရပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊**
**စိတ္တသင်္ခါရပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

၂-၄။ **ပဿမ္ဘယံ စိတ္တသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ၊**
**ပဿမ္ဘယံ စိတ္တသင်္ခါရံ ပဿသိဿာမီတိ သိက္ခတိ။**[၁၃၃]

ဒီလို လေးဆင့် ဟောထားတော်မူပါတယ်။

ဒီပါဠိတော်က ဘာကို ဆိုလိုပါသလဲ? နံပါတ် (၁)ကို စပြောမယ်။

၂-၁။ ပီတိကို ထင်ထင်ရှားရှား သိပြီးတော့ ဝင်သက်လေကို ဖြစ်အောင် ကျင့်ပါ၊ ပီတိကို ထင်ထင်ရှားရှား သိပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ . . . တဲ့။ နံပါတ် (၂)ကတော့ . . .

၂-၂။ သုခကို ထင်ထင်ရှားရှား သိပြီးတော့ ဝင်သက်လေကို ဖြစ်အောင် ကျင့်ပါ၊ သုခကို ထင်ထင်ရှားရှား သိပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ . . . တဲ့။ နံပါတ် (၃)ကတော့ . . .

၂-၃။ စိတ္တသင်္ခါရကို ထင်ထင်ရှားရှား သိပြီးတော့ ဝင်သက်လေကို ဖြစ်အောင် ကျင့်ပါ၊ စိတ္တသင်္ခါရကို

[၁၃၃] သံ၊၃၊၂၇၁။ ဝိ၊၁၊၈၉။ မ၊၃၊၁၂၅။

ထင်ထင်ရှားရှား သိပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ . . . တဲ့။ နံပါတ် (၄)က-တော့ . . .

၂-၄။ စိတ္တသင်္ခါရကို ငြိမ်းစေပြီးတော့ ဝင်သက်လေကို ဖြစ်အောင် ကျင့်ပါ၊ စိတ္တသင်္ခါရကို ငြိမ်းစေပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ . . . တဲ့။

နံပါတ် (၁) - ပီတိကို ထင်ထင်ရှားရှား သိပြီးတော့ ဝင်သက်လေကို ဖြစ်အောင်, ပီတိကို ထင်ထင်ရှားရှား သိပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ဘယ်လို ကျင့်မလဲ? . . .

၂-၁။ အာနာပါနပဋိဘာဂနိမိတ်ကို အာရုံပြုပြီးတော့ ပီတိနှင့်ယှဉ်တဲ့ ပထမဈာန် ဒုတိယဈာန်တို့ကို ဝင်စားပါ။ ဒီယောဂါဝစရပုဂ္ဂိုလ်ရဲ့သန္တာန်ဝယ် ဈာန်သမာပတ်ကို ဝင်စားဆဲခဏမှာ ဈာန်ကို ရရှိနေတဲ့အတွက် အာနာပါနပဋိဘာဂနိမိတ်အာရုံကို ထင်ထင်ရှားရှား သိနေတယ်။ ဒီလို အာရုံကို ထင်ထင်ရှားရှား သိနေတဲ့အတွက်ကြောင့် အာရုံကို ထင်ထင်ရှားရှား သိမှုကို အကြောင်းပြုပြီးတော့ ယောဂါဝစရပုဂ္ဂိုလ်ဟာ ဈာနပီတိကိုလည်း ထင်ထင်ရှားရှား သိနေတယ်။ ဒီလို ဈာနပီတိကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူနေခဲ့မယ်ဆိုလျှင် အာရုံသဘောအားဖြင့် ပီတိကို ထင်ထင်ရှားရှား သိနေသည် မည်ပါတယ်။ ဒီလို ပီတိကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူနေပါလို့ ဘုရားရှင်က ညွှန်ကြားတော်မူနေပါတယ်။ ဒါကတော့ သမထပိုင်း ဖြစ်ပါတယ်။[၅၃၈]

ပရမတ်တရားတို့ကို ပရမတ်သို့ဆိုက်အောင် သဘာဝမှန်အတိုင်း ထိုးထွင်းသိတတ်တဲ့ ဉာဏ်ဟာ အသမ္မောဟမည်တယ်။ မတွေမဝေသိခြင်းလို့ ဆိုလိုပါတယ်။ ယောဂါဝစရပုဂ္ဂိုလ်ဟာ ဒီအာနာပါန ပထမဈာန်ကို ဝင်စားပြီးတော့ ဈာန်မှ ထတယ်။ ထပြီးတော့ ဒီဈာန်နှင့်ယှဉ်တဲ့ ပီတိကို, တစ်နည်း - ပီတိကို ဦးတည်ပြီးတော့ ပထမဈာန်နာမ်တရားအားလုံးကို ယင်းတို့ရဲ့ ပြိုပြိုပျက်ပျက် ကုန်ကုန် ပျောက်ပျောက်သွားတဲ့သဘောကို ဉာဏ်နဲ့ မြင်အောင် ကြည့်ပြီးတော့ လက္ခဏာရေးသုံးတန် တစ်-လှည့်စီ တင်ကာ ဝိပဿနာရှုပွားသုံးသပ်တယ်။ အလားတူပဲ ဒုတိယဈာန်ကို ဝင်စားတယ်။ ဈာန်မှ ထပြီးတော့ ဒီဒုတိယဈာန်နှင့်ယှဉ်တဲ့ ပီတိကို, တစ်နည်း – ပီတိကို ဦးတည်ပြီးတော့ ဒုတိယဈာန်နာမ်-တရားအားလုံးကို – ယင်းတို့ရဲ့ ကုန်ကုန်ပျက်ပျက် ပြိုပြိုပျောက်ပျောက်သွားတဲ့သဘောကို ဉာဏ်နှင့် မြင်အောင် ကြည့်ပြီးတော့ လက္ခဏာရေးသုံးတန် တစ်လှည့်စီ တင်ကာ ဝိပဿနာရှုပွားသုံးသပ်တယ်။ ယောဂါဝစရပုဂ္ဂိုလ်ဟာ ဝိပဿနာဉာဏ်အခိုက်မှာ ဒီပီတိရဲ့, တစ်နည်း – ပီတိနှင့် တကွသော ဈာန်နာမ်တရားစုတို့ရဲ့ သဘာဝလက္ခဏာ သာမညလက္ခဏာကို ထိုးထွင်းသိမြင်နေတယ်။ ဒီလို သိခြင်းကို အသမ္မောဟသဘောအားဖြင့် = မတွေမဝေသောသဘောအားဖြင့် ပီတိကို ထင်ထင်ရှားရှား သိအပ်သည် မည်တယ်။ ဒီလို ပီတိရဲ့ တစ်နည်းပြောရလျှင်တော့ ပီတိနှင့် တကွသော ဈာန်နာမ်တရားစုတို့ရဲ့ သဘာဝလက္ခဏာ သာမညလက္ခဏာကို ထင်ထင်ရှားရှား သိလျက် အသက်ရှူနေပါလို့ ဘုရားရှင်က ညွှန်ကြားနေပါတယ်။ ဒါကတော့ ဝိပဿနာပိုင်း ဖြစ်ပါတယ်။[၅၃၉]

[၅၃၈], [၅၃၉] ဝိသုဒ္ဓိ၊၁၊၂၇၉။

ကဲ - နောက်တစ်ခု ဆက်ပြောရအောင် . . . သုခကို ထင်ထင်ရှားရှား သိပြီးတော့ ဝင်သက်လေကို ဖြစ်အောင်, သုခကို ထင်ထင်ရှားရှား သိပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ဘယ်ပုံ ဘယ်ပန်း ဘယ်နည်းလမ်းအားဖြင့် ကျင့်ရမှာလဲ? . . .

၂-၂။ သမထပိုင်းမှာ ပထမစျာန် ဒုတိယစျာန် တတိယစျာန်တွေကို အစဉ်အတိုင်း အသီးအသီး ဝင်စားပြီးတော့ အသက်ရှူနေခဲ့မယ်ဆိုလျှင် အဲဒီလို စျာန်ဝင်စားနေတဲ့ အချိန်အခါမှာ ယောဂီပုဂ္ဂိုလ်ဟာ သုခကို ထင်ထင်ရှားရှား သိနေပါတယ်။ အကြောင်းကတော့ အာနာပါနပဋိဘာဂနိမိတ်အာရုံက ထင်ရှားနေတဲ့အတွက် ဒီလို ထင်ရှားနေတဲ့ အာနာပါနပဋိဘာဂနိမိတ်အာရုံကို ကြည့်နေရတာ ယောဂီမှာ ချမ်းသာနေတဲ့ ခံစားမှုက ဖြစ်နေပါတယ်။ ဒီလို ချမ်းသာတဲ့ သုခဝေဒနာက အာနာပါနပဋိဘာဂနိမိတ်အာရုံကို အကြောင်းပြုပြီးတော့ ထင်ရှားနေတဲ့အတွက်ကြောင့် ပထမစျာန် ဒုတိယစျာန် တတိယစျာန်တွေကို အစဉ်အတိုင်း အသီးအသီး ဝင်စားနေတဲ့အခါမှာ သုခဝေဒနာက ထင်ရှားလာခြင်း ဖြစ်ပါတယ်။ ဒီလို သုခကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူနေပါလို့ ဘုရားရှင်က ညွှန်ကြားတော်မူနေပါတယ်။ ဒါကတော့ သမထပိုင်း ဖြစ်ပါတယ်။

ဝိပဿနာပိုင်းမှာတော့ ယင်းစျာန်နှင့် ယှဉ်သော သုခကို, တစ်နည်း — သုခကို အဦးမူသဖြင့် စျာန်နာမ်တရားစုတွေကို ယင်းတို့ရဲ့ အပျက်ကို အာရုံယူပြီးတော့ အသီးအသီး အစဉ်အတိုင်း ဝိပဿနာရှုလျက် အသက်ရှူနေခဲ့မယ်ဆိုလျှင် သုခကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူနေသည် မည်ပါတယ်။ ဒီလိုသုခကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူနေပါလို့ ဘုရားရှင်က ညွှန်ကြားတော်မူနေပါတယ်။ ဒါကတော့ ဝိပဿနာပိုင်း ဖြစ်ပါတယ်။[၅၈၀]

ကဲ - နောက်တစ်ခု ဆက်ပြောကြရအောင် . . . စိတ္တသင်္ခါရအမည်ရတဲ့ ဝေဒနာ သညာ တရားနှစ်ပါးကို ထင်ထင်ရှားရှား သိပြီးတော့ ဘယ်လို ဝင်သက်လေကို ဖြစ်အောင်, ထွက်သက်လေကို ဖြစ်အောင် ကျင့်ရမလဲ? အသက်ရှူနေရမလဲ?. . . ဒီအပိုင်းမှာလည်း သမထပိုင်း ဝိပဿနာပိုင်း ဆိုပြီးတော့ နှစ်ပိုင်း ရှိနေပါတယ်။

၂-၃။ သမထပိုင်းမှာ အာနာပါနစျာန်လေးပါးလုံးကို အသီးအသီး အစဉ်အတိုင်း ဝင်စားလျက် အသက်ရှူနေခဲ့မယ်ဆိုလျှင် ယောဂီပုဂ္ဂိုလ်ဟာ အာနာပါနပဋိဘာဂနိမိတ်ကို အာရုံယူပြီးတော့ ဒီ အာနာပါနပဋိဘာဂနိမိတ်အာရုံပေါ်မှာ ခံစားနေတဲ့ ဝေဒနာ, မှတ်သားနေတဲ့ သညာတွေဟာ သိပ် ထင်ရှားနေပါတယ်။ ဒါကြောင့် ဒီစျာန်တွေကို တစ်ခုပြီး တစ်ခု ဝင်စားပြီးတော့ နေခြင်းဟာလည်း စိတ္တသင်္ခါရအမည်ရတဲ့ ဝေဒနာ သညာတွေကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူနေခြင်းပဲ ဖြစ်ပါတယ်။ ဒါကြောင့် အာနာပါနစျာန်တွေကို ဝင်စားပြီးတော့ အသက်ရှူနေပါလို့ ဘုရားရှင်က ညွှန်ကြားတော်မူနေပါတယ်။ ဒါကတော့ သမထပိုင်း ဖြစ်ပါတယ်။

[၅၈၀] ဝိသုဒ္ဓိ၊၁၊၂၈၀။

ဝိပဿနာပိုင်းမှာတော့ စိတ္တသင်္ခါရအမည်ရတဲ့ ဝေဒနာ သညာတရားနှစ်ပါးကို, တစ်နည်း- သညာနှင့်ယှဉ်တဲ့ ဝေဒနာကို, တစ်နည်း — ဝေဒနာ ဦးဆောင်နေတဲ့ ဈာန်နာမ်တရားအားလုံးကို ယင်းတို့၏ အပျက်ကို အာရုံယူပြီးတော့ ဝိပဿနာရှုလျက် အသက်ရှူနေခဲ့မယ်ဆိုလျှင် စိတ္တသင်္ခါရ တရားကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူနေသည် မည်ပါတယ်။ ဒီလို စိတ္တသင်္ခါရတရားကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူနေပါလို့ ဘုရားရှင်က ညွှန်ကြားတော်မူပါတယ်။ ဒီလို အသက်ရှူနိုင်အောင် ကျင့်ပါ. . . တဲ့။[၁၈၁]

ကဲ - နောက်တစ်ခု နံပါတ် (၂-၄) ပြောကြရအောင် . . . ရုန့်ရင်းရုန့်ရင်းတဲ့ ဒီစိတ္တသင်္ခါရ အမည်ရတဲ့ ဝေဒနာ သညာတွေကို ငြိမ်းစေလျက် ချုပ်စေလျက် ဘယ်လို အသက်ရှူနေရမှာ လဲ?. . . ဒီအပိုင်းမှာလည်း သမထပိုင်းနဲ့ ဝိပဿနာပိုင်းဆိုပြီးတော့ နှစ်ပိုင်းပဲ ရှိနေပါတယ်။

၂-၄။ သမထပိုင်းမှာ အာနာပါနဈာန်လေးပါးတို့ကို အစဉ်အတိုင်း အသီးအသီး တစ်ခုပြီး တစ်ခု ဝင်စားပြီးတော့ အသက်ရှူနေခဲ့သော် ရုန့်ရင်းရုန့်ရင်းသော စိတ္တသင်္ခါရတရားကို ငြိမ်းစေလျက် ချုပ်စေလျက် အသက်ရှူနေသည် မည်ပါတယ်။ အောက်အောက်ဈာန်တွေမှာ ရှိကြတဲ့ ဝေဒနာ သညာတွေဟာ အထက်အထက်ဈာန်တွေမှာ ရှိကြတဲ့ ဝေဒနာ သညာတွေနဲ့ တိုင်းတာနှိုင်းစာကြည့် လိုက်မယ်ဆိုလျှင် အောက်အောက်ဈာန်တွေမှာ ရှိကြတဲ့ ဝေဒနာ သညာတွေက ရုန့်ရင်းကြမ်းတမ်းပြီး တော့ အထက်အထက်ဈာန်တွေမှာ ရှိကြတဲ့ ဝေဒနာ သညာတွေက ပိုပိုပြီးတော့ သိမ်မွေ့ကြပါတယ်။ ဒါကြောင့် ရုန့်ရင်းရုန့်ရင်းကြတဲ့ ဝေဒနာ သညာတွေဟာ တစ်ဆင့်ပြီး တစ်ဆင့် ချုပ်ငြိမ်းသွားကြတယ်။ ဒါကြောင့် ဘုရားရှင်က ရုန့်ရင်းရုန့်ရင်းကြတဲ့ ဝေဒနာ သညာတွေ ချုပ်ငြိမ်းသွားအောင် အာနာပါန- ဈာန်တွေကို တစ်ဆင့်ပြီး တစ်ဆင့် ဝင်စားပြီးတော့ အသက်ရှူနေရန် ညွှန်ကြားတော်မူခြင်း ဖြစ်ပါ- တယ်။ ဒါကတော့ သမထပိုင်း ဖြစ်ပါတယ်။

ဝိပဿနာပိုင်းမှာတော့ ယင်းဈာန်လေးပါးတို့ကို အသီးအသီး တစ်ခုပြီး တစ်ခု ဝင်စားပြီးတော့ ယင်းဈာန်အသီးအသီးမှ ထတိုင်း ထတိုင်း ဝေဒနာကို ဦးတည်ပြီးတော့ ယင်းဈာန်နာမ်တရားတွေကို သိမ်းဆည်းပြီးတော့ ယင်းဈာန်နာမ်တရားတွေရဲ့ ကုန်ကုန်ပျက်ပျက် ပြိုပြိုပျောက်ပျောက် ချုပ်ချုပ်နေ- တဲ့ **ခယ-ဝယ-ဘေဒ-နိရောဓ**သဘောကို အာရုံယူပြီးတော့ ဝိပဿနာရှုနေခဲ့မယ်ဆိုလျှင် ရုန့်ရင်း ရုန့်ရင်းတဲ့ စိတ္တသင်္ခါရတရားကို ငြိမ်းစေလျက် ချုပ်စေလျက် အသက်ရှူနေသည် မည်ပါတယ်။ ဒီလို အသက်ရှူနိုင်အောင် ကျင့်ပါလို့ . . ဘုရားရှင်က ညွှန်ကြားတော်မူပါတယ်။[၁၈၂]

ပီတိပဋိသံဝေဒီပုဒ်မှာ ပီတိကို ဦးတည်ပြီးတော့ ဝေဒနာကို ဟောကြားထားတော်မူပါတယ်။ သုခပဋိသံဝေဒီပုဒ်မှာတော့ သုခဝေဒနာကို တိုက်ရိုက် ဟောကြားထားတော်မူပါတယ်။ စိတ္တသင်္ခါရ နှစ်ပုဒ်တို့မှာတော့ သညာ ဝေဒနာ တရားနှစ်ပါးဟာ စိတ္တသင်္ခါရအမည်ရတဲ့အတွက် သညာနှင့် ယှဉ်တဲ့ ဝေဒနာကို ဦးတည်ပြီးတော့ ဟောကြားထားတော်မူပါတယ်။ ဒါကြောင့် ဒီဒုတိယစတုက္ကကို ဝေဒနာနုပဿနာနည်းဖြင့် ဘုရားရှင်သည် ဟောကြားထားတော်မူတယ်လို့ မှတ်ပါ။[၁၈၃]

---

၁၈၁, ၁၈၂, ၁၈၃ ဝိသုဒ္ဓိ၊၁၊ ၂၈၀။

**အာနာပါန – တတိယစတုက္က**

၃-၁။ **စိတ္တပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊**
**စိတ္တပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။**

၃-၂။ **အဘိပ္ပမောဒယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊**
**အဘိပ္ပမောဒယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။**

၃-၃။ **သမာဒဟံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊**
**သမာဒဟံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။**

၃-၄။ **ဝိမောစယံ စိတ္တံ အဿသိဿာမီတိ သိက္ခတိ၊**
**ဝိမောစယံ စိတ္တံ ပဿသိဿာမီတိ သိက္ခတိ။**[၃၈၄]

၃-၁။ ဈာန်စိတ်ကို ထင်ထင်ရှားရှား သိပြီးတော့ ဝင်သက်လေကို ဖြစ်အောင် ကျင့်ပါ။
ဈာန်စိတ်ကို ထင်ထင်ရှားရှား သိပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ။

၃-၂။ ဈာန်စိတ်ကို လွန်စွာ ရွှင်လန်းတက်ကြွ ဝမ်းမြောက်စေပြီးတော့ ဝင်သက်လေကို ဖြစ်အောင် ကျင့်ပါ။
ဈာန်စိတ်ကို လွန်စွာ ရွှင်လန်းတက်ကြွ ဝမ်းမြောက်စေပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ။

၃-၃။ ဈာန်စိတ်ကို အာရုံ၌ အညီအညွတ် ကောင်းစွာထားပြီးတော့ ဝင်သက်လေကို ဖြစ်အောင် ကျင့်ပါ။
ဈာန်စိတ်ကို အာရုံ၌ အညီအညွတ် ကောင်းစွာထားပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ။

၃-၄။ ဈာန်စိတ်ကို ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်စေပြီးတော့ ဝင်သက်လေကို ဖြစ်အောင် ကျင့်ပါ။
ဈာန်စိတ်ကို ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်စေပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ။

ဘယ်လိုကျင့်ရမှာလဲ? ဒီစတုက္ကမှာလည်း သမထပိုင်း ဝိပဿနာပိုင်းဆိုပြီးတော့ အပိုင်းနှစ်ပိုင်းပဲ ရှိပါတယ်။

၃-၁။ သမထပိုင်းမှာ အာနာပါနဈာန်လေးပါးတို့ကို အစဉ်အတိုင်း တစ်ခုပြီးတစ်ခု အသီးအသီး ဝင်စားပြီးတော့ အသက်ရှူနေခဲ့မယ်ဆိုလျှင် ဈာန်စိတ်ကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူနေသည် မည်ပါတယ်။ အဲဒီလို အသက်ရှူနိုင်အောင် ဘုရားရှင်က ညွှန်ကြားနေတော်မူပါတယ်။ ဒါကတော့ သမထပိုင်းကျင့်စဉ် ဖြစ်ပါတယ်။

[၃၈၄] သံ၊၃၊၂၇၁။ ဝိ၊၁၈၉။

ဝိပဿနာပိုင်းမှာတော့ ယင်းစျာန်အသီးအသီးကို တစ်ခုပြီး တစ်ခု ဝင်စားပြီးတော့ စျာန်အသီး-အသီးမှ ထတိုင်း ထတိုင်း ယင်းစျာန်စိတ်ကို တစ်နည်း – စျာန်စိတ်ကို ဦးတည်ကာ စျာန်နာမ်တရားအားလုံးကို ယင်းတို့၏ အပျက်ကို မြင်အောင်ကြည့်ပြီးတော့ ဝိပဿနာရှုလျက် အသက်ရှူနေခဲ့မယ်ဆိုလျှင် စျာန်စိတ်ကို ထင်ထင်ရှားရှား သိပြီးတော့ အသက်ရှူနေသည် မည်ပါတယ်။ ဒီလို အသက်ရှူနိုင်အောင် ကျင့်ပါလို့ ဘုရားရှင်က ညွှန်ကြားတော်မူနေပါတယ်။[၁၈၅]

ကဲ - နောက်တစ်ခု ပြောကြရအောင် . . .

၃-၂။ သမထပိုင်းမှာ ပီတိနှင့် ယှဉ်နေတဲ့ အာနာပါနပဌမစျာန်ကို ဝင်စားပြီးတော့ အသက်ရှူနေပါ။ ပီတိနှင့် ယှဉ်သော အာနာပါနဒုတိယစျာန်ကို ဝင်စားပြီးတော့ အသက်ရှူနေပါ။ ဒီစျာန်တွေကို ဝင်စားနေဆဲခဏမှာ စျာန်စိတ်နှင့် ယှဉ်နေတဲ့ ပီတိကြောင့် စျာန်စိတ်ဟာ လွန်စွာ ရွှင်လန်းတက်ကြွဝမ်းမြောက်လျက် ရှိနေပါတယ်။ ဒီလို စျာန်ပီတိဖြင့် စျာန်စိတ်ကို လွန်စွာ ရွှင်လန်းတက်ကြွဝမ်းမြောက်စေပြီးတော့ အသက်ရှူနေပါ။ အသက်ရှူနိုင်အောင် ကျင့်ပါလို့ ဘုရားရှင်က ညွှန်ကြားတော်မူနေပါတယ်။ ဒါကတော့ သမထပိုင်း ဖြစ်ပါတယ်။

ဝိပဿနာပိုင်းမှာတော့ ပီတိနှင့် ယှဉ်နေတဲ့ အာနာပါနပဌမစျာန်ကို ဝင်စားပြီးတော့ ယင်းပဌမစျာန်မှ ထကာ ယင်းစျာန်နှင့် ယှဉ်နေတဲ့ ပီတိကို, တစ်နည်း – ပီတိကို ဦးတည်ပြီးတော့ စျာန်နာမ်တရားအားလုံးတို့ကို ယင်းတို့ရဲ့ အပျက်ကို မြင်အောင် ကြည့်ပြီးတော့ ဝိပဿနာရှုပါ။ ပီတိနှင့် ယှဉ်နေတဲ့ အာနာပါနဒုတိယစျာန်ကို ဝင်စားပြီးတော့ ယင်းစျာန်မှ ထကာ ယင်းစျာန်နှင့် ယှဉ်နေတဲ့ ပီတိကို, တစ်နည်း – ပီတိကို ဦးတည်ပြီးတော့ ယင်းဒုတိယစျာန်နာမ်တရားအားလုံးတို့ကို ယင်းတို့ရဲ့ အပျက်ကို မြင်အောင် ကြည့်ပြီးတော့ ဝိပဿနာရှုပါ။ ဒီလို ဝိပဿနာရှုနေတဲ့အခိုက်မှာ စျာန်နှင့် ယှဉ်နေတဲ့ ပီတိကို အာရုံပြုနေရတဲ့အတွက် ဒီပီတိကို အာရုံပြုနေရတဲ့ ရှုနေတဲ့ ဝိပဿနာ-စိတ်ဟာလည်း လွန်စွာ ရွှင်လန်းတက်ကြွ ဝမ်းမြောက်လျက် ရှိနေပါတယ်။ ဒီလို စိတ်ကို လွန်စွာ ရွှင်လန်းတက်ကြွ ဝမ်းမြောက်စေလျက် အသက်ရှူနိုင်အောင် ကျင့်ပါ, အသက်ရှူနေပါလို့ ဘုရားရှင်က ညွှန်ကြားတော်မူနေပါတယ်။[၁၈၆]

အလွန်ချစ်ခင်မြတ်နိုးအပ်တဲ့ ပြုံးရွှင်နေတဲ့ မိတ်ဆွေတစ်ဦးကို တွေ့မြင်ရတဲ့အခါ တွေ့မြင်နေရ-သူ မိမိရဲ့သန္တာန်မှာလည်း အပြုံးပန်းများ ပွင့်လန်းလာသလို မှတ်ပါ။

၃-၃။ **သမာဒဟံ စိတ္တံ** – စိတ်ကို အာရုံပေါ်မှာ ကောင်းစွာတည်အောင် ထားပြီးတော့ အသက်ရှူပုံ နည်းစနစ်မှာလည်း သမထပိုင်း ဝိပဿနာပိုင်းလို့ နှစ်ပိုင်းပင် ရှိပါတယ်။

သမထပိုင်းကို ရှေးဦးစွာ ပြောမယ်။ အာနာပါနပဌမစျာန်ကို ဝင်စားပြီးတော့ အသက်ရှူနေခဲ့-မယ်ဆိုလျှင်, ဒုတိယစျာန်ကို ဝင်စားပြီးတော့ အသက်ရှူနေခဲ့မယ်ဆိုလျှင်, တတိယစျာန်ကို ဝင်စားပြီးတော့ အသက်ရှူနေခဲ့မယ်ဆိုလျှင်, စတုတ္ထစျာန်ကို ဝင်စားပြီးတော့ အသက်ရှူနေခဲ့မယ်ဆိုလျှင်–

---

[၁၈၅] ဝိသုဒ္ဓိ၊၁၊၂၈၀။ [၁၈၆] ဝိသုဒ္ဓိ၊၁၊၂၈၀-၂၈၁။

ဒီဈာန်တွေရဲ့ အာရုံဖြစ်တဲ့ အလွန်ကြည်လင်တောက်ပနေတဲ့ အာနာပါနပဋိဘာဂနိမိတ်အာရုံမှာ ဒီဈာန်စိတ်ကို အညီအညွတ် ကောင်းစွာထားပြီးတော့ အသက်ရှူနေသည် မည်ပါတယ်။ ဒီလိုအသက်ရှူနိုင်အောင် ကျင့်ပါ, အသက်ရှူနေပါ . . လို့ ဘုရားရှင်က ညွှန်ကြားတော်မူနေပါတယ်။[၅၇၇]

ဝိပဿနာပိုင်းမှာတော့ ဒီလို လာရှိပါတယ်[၅၇၈]. . .

အာနာပါနပထမဈာန်ကို ဝင်စားပါ။ ပြီးတော့ ယင်းဈာန်မှ ထပြီးလျှင် ယင်းပထမဈာန်နှင့် ယှဉ်နေတဲ့ ဈာန်စိတ်ကို, တစ်နည်း – ဈာန်စိတ်ကို ဦးတည်ပြီးတော့ ဈာန်နာမ်တရားအားလုံးကို ယင်းတို့ရဲ့ အပျက်ကို မြင်အောင် ကြည့်ပြီးတော့ လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုပါ။ ဒီလို ဝိပဿနာရှုရာမှာ ဝိပဿနာအခိုက်ဝယ် ယင်းဈာန်စိတ်ရဲ့, တစ်နည်း – ယင်းဈာန်စိတ်နှင့် တကွသော ဈာန်နာမ်တရားတို့ရဲ့ သဘာဝလက္ခဏာ သာမညလက္ခဏာကို ထိုးထိုးထွင်းထွင်း ရှင်းရှင်းလင်းလင်း သိမြင်နေပါတယ်။ ဒီလို စိတ္တက္ခဏတိုင်း စိတ္တက္ခဏတိုင်းမှာ ထိုးထွင်းသိမြင်နေတဲ့အတွက် ယင်းဈာနဓမ္မအမည်ရတဲ့ သင်္ခါရတရားတို့ရဲ့ အနိစ္စအခြင်းအရာ သို့မဟုတ် ဒုက္ခအခြင်းအရာ သို့မဟုတ် အနတ္တအခြင်းအရာဆိုတဲ့ တစ်မျိုးမျိုးသော အခြင်းအရာအပေါ်မှာ ဝိပဿနာဘာဝနာစိတ်ဟာ ကောင်းစွာ တည်နေပါတယ်။ ဒီလို ကောင်းစွာ တည်နေတဲ့ ဝိပဿနာဉာဏ်နှင့် ယှဉ်နေတဲ့ သမာဓိကို **ခဏိကစိတ္တေကဂ္ဂတာ = ခဏိကသမာဓိ** - လို့ ခေါ်ဆိုပါတယ်။ ဒီ **ခဏိကစိတ္တေကဂ္ဂတာ = ခဏိကသမာဓိ**ရဲ့ အစွမ်းဖြင့် ဈာန်စိတ်ကို ဦးတည်ပြီးတော့ သိမ်းဆည်းထားအပ်တဲ့ ဈာနဓမ္မသင်္ခါရတရားစုတို့ရဲ့ အနိစ္စအခြင်းအရာ, သို့မဟုတ် ဒုက္ခအခြင်းအရာ, သို့မဟုတ် အနတ္တအခြင်းအရာဆိုတဲ့ တစ်မျိုးမျိုးသော အခြင်းအရာအပေါ်မှာ ဝိပဿနာဘာဝနာစိတ်ကို အညီအညွတ် ကောင်းစွာထားပြီးတော့ အသက်ရှူနေပါ, အသက်ရှူနိုင်အောင် ကျင့်ပါ. . . လို့ ဘုရားရှင်က ညွှန်ကြားတော်မူနေပါ

---

[၅၇၇] ဝိသုဒ္ဓိ၊၁၊၂၈၁။

**[မှတ်ချက်** – အာနာပါနစတုတ္ထဈာန်သမာပတ်အခိုက်၌ အသက်မရှူပါ။ ထိုသို့ အသက်မရှူပါဘဲလျက် အဘယ်ကြောင့် အာနာပါနစတုတ္ထဈာန်ကို ဝင်စား၍ အာနာပါနပဋိဘာဂနိမိတ်အာရုံ၌ ဈာန်စိတ်ကို ကောင်းစွာထားလျက် အသက်ရှူရန် ညွှန်ကြားနေရပါသနည်းဟု မေးရန် ရှိ၏။ အဖြေမှာ ဤသို့ ဖြစ်၏ – အဿာသပဿာသေ နိဿာယ ဥပ္ပန္နနိမိတ္တမ္ပေတ္ထ အဿာသပဿာသသမညမေဝ ဝုတ္တံ။ (မဟာဋီ၊၁၊၃၁၉။)ဟူသော ဋီကာအဖွင့်နှင့်အညီ အဿာသပဿာသကို အမှီပြု၍ ဖြစ်ပေါ်လာသော အာနာပါနပဋိဘာဂနိမိတ်သည်လည်း အာနာပါန အမည်ရသည်သာ ဖြစ်သောကြောင့် အာနာပါနပဋိဘာဂနိမိတ်ကို အာရုံပြုနေခြင်းသည်လည်း အာနာပါနကိုပင် အာရုံပြုနေသည်မည်ရကား အထက်ပါအတိုင်း အဋ္ဌကထာက ဖွင့်ဆိုသွားခြင်းပင် ဖြစ်ပေသည်။]**

[၅၇၈] တာနိ ဝါ ပန ဈာနာနိ သမာပဇ္ဇိတွာ ဝုဋ္ဌာယ ဈာနသမ္ပယုတ္တံ စိတ္တံ ခယတော ဝယတော သမ္မသတော ဝိပဿနာက္ခဏေ လက္ခဏပဋိဝေဓေန ဥပ္ပဇ္ဇတိ ခဏိကစိတ္တေကဂ္ဂတာ။ ဧဝံ ဥပ္ပန္နာယ ခဏိကစိတ္တေကဂ္ဂတာယ ဝသေနပိ အာရမ္မဏေ စိတ္တံ သမံ အာဒဟန္တော သမံ ဌပေန္တော "သမာဒဟံ စိတ္တံ အဿသိဿာမိ ပဿသိဿာမီတိ သိက္ခတီ"တိ ဝုစ္စတိ။ (ဝိသုဒ္ဓိ၊၁၊၂၈၁။)

**ခဏိကစိတ္တေကဂ္ဂတာ**တိ ခဏမတ္တဋ္ဌိတိကော သမာဓိ။ သောပိ ဟိ အာရမ္မဏေ နိရန္တရံ ဧကာကာရေန ပဝတ္တမာနော ပဋိပက္ခေန အနဘိဘူတော အပ္ပိတော ဝိယ စိတ္တံ နိစ္စလံ ဌပေတိ။ တေန ဝုတ္တံ **"ဧဝံ ဥပ္ပန္နာယာ"**တိအာဒိ။ (မဟာဋီ၊၁၊၃၄၂။)

တယ်။ ဒုတိယစျာန် စသည်တို့မှာလည်း နည်းတူပင် သဘောပေါက်ပါ။[၁၈၉]

ဒီနေရာမှာ အာနာပါနစျာန်အသီးအသီးကို ဝင်စားပြီးတော့ ယင်းစျာန်မှ ထကာ စျာန်စိတ်ကို ဦးတည်ပြီးတော့ စျာနဓမ္မအမည်ရတဲ့ စျာန်သင်္ခါရတရားတွေကို ဝိပဿနာရှုခိုက်မှာ ဒီသင်္ခါရတရား-တို့ရဲ့ အနိစ္စအခြင်းအရာစတဲ့ အခြင်းအရာတစ်မျိုးမျိုးမှာ ငြိမ်ဝပ်စွာကပ်ပြီးတော့ တည်နေတဲ့ ဝိပဿနာသမာဓိကို **ခဏိကစိတ္တေကဂ္ဂတာ = ခဏိကသမာဓိ** - လို့ ခေါ်ဆိုပါတယ်ဆိုတဲ့ အချက်ကို သတိပြုပါ။ ဝိပဿနာပိုင်းမှာဆိုလိုတဲ့ ခဏိကသမာဓိမှာ မည်မျှ အဆင့်မြင့်မားနေတယ်ဆိုတာကို မှတ်သားထားစေလိုပါတယ်။ ယောဂီပုဂ္ဂိုလ်တစ်ဦးဟာ ဘုရားရှင် ဟောကြားထားတော်မူတဲ့ ရုပ်-ပရမတ်တရားလည်း မသိ၊ နာမ်ပရမတ်တရားလည်း မသိ၊ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ် သဘောတရားတွေကိုလည်း မသိ၊ ခု ပြောခဲ့တဲ့ ရုပ်-နာမ် ကြောင်း-ကျိုး = သင်္ခါရတရားတွေရဲ့ အနိစ္စအခြင်းအရာ, ဒုက္ခအခြင်းအရာ, အနတ္တအခြင်းအရာတွေကိုလည်း မသိ။ ဒီလို မသိမှုတွေကို တစ်ပုံကြီး ထမ်းထားတဲ့ ယောဂီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ ဝိပဿနာနယ်မှာရှိနေတဲ့ ခဏိကသမာဓိမျိုးဟာ ဘယ်နည်းနဲ့မှ ဖြစ်ပေါ်မလာနိုင်ဘူးဆိုတာကိုတော့ သဘောပေါက်ပါ။

ကဲ - နောက်တစ်ခု ပြောကြရအောင် . . .

၃-၄။ **ဝိမောစယံ စိတ္တံ -** စိတ်ကို ဆန့်ကျင်ဘက်တရားတို့မှ လွတ်မြောက်စေလျက် အသက်ရှူ နေပါ. . . တဲ့။ ဒီနေရာမှာလည်း သမထပိုင်း ဝိပဿနာပိုင်းလို့ အပိုင်းနှစ်ပိုင်းပဲ ရှိပါတယ်။ သမထပိုင်း မှာ အာနာပါနပဌမစျာန်ကို ဝင်စားနေမယ်ဆိုလျှင် နီဝရဏတရားတို့မှ ပဌမစျာန်စိတ်ဟာ လွတ်-မြောက်သွားမယ်။ ဒုတိယစျာန်ကို ဝင်စားနေမယ်ဆိုလျှင် ဒုတိယစျာန်စိတ်ဟာ ဝိတက် ဝိစာရ တို့မှ လွတ်မြောက်သွားမယ်။ တတိယစျာန်ကို ဝင်စားနေမယ်ဆိုလျှင် တတိယစျာန်စိတ်ဟာ ပီတိမှ လွတ်မြောက်သွားမယ်။ စတုတ္ထစျာန်ကို ဝင်စားနေမယ်ဆိုလျှင် စတုတ္ထစျာန်စိတ်ဟာ သုခ ဒုက္ခတို့မှ လွတ်မြောက်သွားမယ်။ ဒီလို ဆန့်ကျင်ဘက်တရားတွေမှ လွတ်မြောက်သွားအောင် စျာန်တွေကို ဝင်စားပြီးတော့ အသက်ရှူနေပါ၊ အသက်ရှူနိုင်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ပါလို့ ဘုရားရှင်က ညွှန်ကြားတော်မူပါတယ်။ ဒါကတော့ သမထပိုင်း ဖြစ်ပါတယ်။[၁၉၀]

ဝိပဿနာပိုင်းမှာတော့ အာနာပါနပဌမစျာန်ကို ဝင်စားပြီး ထိုစျာန်မှ ထကာ ယင်းပဌမစျာန်-နှင့် ယှဉ်နေတဲ့ စျာန်စိတ်ကို = စျာန်စိတ်ကို ဦးတည်ပြီးတော့ ပဌမစျာန်နာမ်တရားအားလုံးကို ယင်းတို့၏ ကုန်တတ် ပျက်တတ်တဲ့ ခယ ဝယသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်ပြီး တော့ လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုပါ။ အလားတူပင် — ဒုတိယစျာန်ကို ဝင်စားပြီးတော့, တတိယစျာန်ကို ဝင်စားပြီးတော့, စတုတ္ထစျာန်ကို ဝင်စားပြီးတော့ အဲဒီစျာန်အသီးအသီးမှ ထတိုင်း ထတိုင်း ယင်းစျာန်အသီးအသီးနှင့် ယှဉ်တဲ့ စျာန်စိတ်ကို = စျာန်စိတ်ကို ဦးတည်ပြီးတော့ စျာန်နာမ်-တရားအားလုံးကို ယင်းတို့ရဲ့ ကုန်တတ် ပျက်တတ်တဲ့ ခယ ဝယသဘောကို ဝိပဿနာဉာဏ်ဖြင့် မြင်အောင် ကြည့်ပြီးတော့ လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုနေပါ။ ဒီလို ရှုနိုင်ခဲ့မယ်ဆိုလျှင်...

[၁၈၉] ဝိသုဒ္ဓိ၊၁၊၂၈၁။ မဟာဋီ၊၁၊၃၄၂။ [၁၉၀] ဝိသုဒ္ဓိ၊၁၊၂၈၁။

အဲဒီ ယောဂါဝစရပုဂ္ဂိုလ်ဟာ အနိစ္စာနုပဿနာဖြင့် နိစ္စသညာမှ လွတ်မြောက်သွားမယ်။ ဒုက္ခာနုပဿနာဖြင့် သုခသညာမှ လွတ်မြောက်သွားမယ်။ အနတ္တာနုပဿနာဖြင့် အတ္တသညာမှ လွတ်မြောက်သွားမယ်။ ဒီလို လက္ခဏာရေးသုံးတန်တင်ကာ ဝိပဿနာရှုနေတဲ့အတွက် သင်္ခါရတရားတို့အပေါ်မှာ ငြီးငွေ့တဲ့အခြင်းအရာအားဖြင့် ဖြစ်ပေါ်လာတဲ့ နိဗ္ဗိဒါနုပဿနာဖြင့် သင်္ခါရတို့အပေါ်မှာ နှစ်သက်ရွှင်လန်း ဝမ်းမြောက်စွာဖြင့် တွယ်တာမက်မောတတ်တဲ့ နန္ဒီရာဂမှ လွတ်မြောက်သွားမယ်။ သင်္ခါရတရားတို့ရဲ့ ပျက်ခြင်းဘင်ကို အာရုံယူကာ အဖန်ဖန် အထပ်ထပ် လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုနေသည့်အတွက် သင်္ခါရတို့အပေါ်မှာ တပ်မက်ခြင်းကင်းတဲ့ အခြင်းအရာအားဖြင့် ဖြစ်လာတဲ့ ဝိရာဂါနုပဿနာဖြင့် သင်္ခါရတို့အပေါ်မှာ တွယ်တာငြိကပ်တတ်တဲ့ ရာဂမှ လွတ်မြောက်သွားမယ်။ သင်္ခါရတို့ရဲ့ ချုပ်ခြင်းဘင်ကို ရှုနေတဲ့ နိရောဓာနုပဿနာဖြင့် သမုဒယမှ လွတ်မြောက်သွားမယ်။ သင်္ခါရတို့ရဲ့ ပျက်ခြင်းဘင်ကို လက္ခဏာယာဉ်တင်ကာ အဖန်ဖန် အထပ်ထပ် ဝိပဿနာရှုနေတဲ့အတွက် ကိလေသာတို့ကို တဒင်္ဂအားဖြင့် စွန့်ပယ်သော အခြင်းအရာအားဖြင့်ဖြစ်တဲ့ နိဗ္ဗာန်သို့ ညွတ်ကိုင်းရှိုင်းသောအားဖြင့် ပြေးဝင်တတ်တဲ့ ပဋိနိဿဂ္ဂါနုပဿနာဖြင့် သင်္ခါရတို့ကို နိစ္စ စသည်ဖြင့် စွဲယူခြင်း အာဒါနမှ လွတ်မြောက်သွားမယ်။ ဒီလို ဆန့်ကျင်ဘက်တရား အသီးအသီးမှ စိတ်ကို လွတ်မြောက်စေလျက် အသက်ရှူနေပါလို့ ဘုရားရှင်က ညွှန်ကြားနေတော်မူပါတယ်။ ဒီလို အသက်ရှူနိုင်ခဲ့မယ်ဆိုလျှင် ဆန့်ကျင်ဘက်တရားတွေမှ စိတ်ကို လွတ်မြောက်စေပြီးတော့ အသက်ရှူနေသည် မည်ပါတယ်။ ဒီလို အသက်ရှူနိုင်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်ပါ။ ဒီတတိယစတုက္ကကိုတော့ စိတ္တာနုပဿနာ၏ အစွမ်းဖြင့် ဘုရားရှင်က ဟောကြားထားတော်မူပါတယ်။[၃၉၀]

**အာနာပါန – စတုတ္ထစတုက္က**

၄-၁။ **အနိစ္စာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊**
**အနိစ္စာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။**

၄-၂။ **ဝိရာဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊**
**ဝိရာဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။**

၄-၃။ **နိရောဓာနုပဿီ အဿသိဿာမီတိ သိက္ခတိ၊**
**နိရောဓာနုပဿီ ပဿသိဿာမီတိ သိက္ခတိ။**

၄-၄။ **ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမီတိ သိက္ခတိ၊**
**ပဋိနိဿဂ္ဂါနုပဿီ ပဿသိဿာမီတိ သိက္ခတိ။**

၄-၁။ သင်္ခါရတရားတို့ကို အနိစ္စလို့ အဖန်ဖန် အထပ်ထပ် ရှုပြီးတော့ ဝင်သက်လေကို ဖြစ်အောင် ကျင့်ပါ။ သင်္ခါရတရားတို့ကို အနိစ္စဟု အဖန်ဖန် အထပ်ထပ် ရှုပြီးတော့ ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ။

[၃၉၀] ဝိသုဒ္ဓိ၊၁၊၂၈၁။

၄-၂။ သင်္ခါရတရားတို့ရဲ့ ပျက်ခြင်းဘင်နှင့် ရာဂ၏ ကင်းပြတ်ရာ နိဗ္ဗာန်ကို အဖန်ဖန် အထပ်ထပ် ရှုပြီးတော့ ဝင်သက်လေကို ဖြစ်အောင်, ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ။ (**ဝိရာဂါ-နုပဿနာ**)

၄-၃။ သင်္ခါရတရားတို့ရဲ့ ခဏအားဖြင့် ချုပ်ခြင်း = ခဏဘင်နှင့် ရာဂရဲ့ ချုပ်ရာ နိဗ္ဗာန်ကို အဖန်ဖန် အထပ်ထပ် ရှုပြီးတော့ ဝင်သက်လေကို ဖြစ်အောင်, ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ။ (**နိရောဓာနုပဿနာ**)

၄-၄။ ကိလေသာတို့ကို တဒင်္ဂအားဖြင့် စွန့်လွှတ်တတ်တဲ့ ဝိပဿနာဉာဏ်, သမုစ္ဆေဒအားဖြင့် အကြွင်းမဲ့ စွန့်လွှတ်တတ်တဲ့ အရိယမဂ်ဉာဏ်နှင့် ပြည့်စုံအောင် သင်္ခါရတရားတို့ရဲ့ ပျက်ခြင်းဘင်နှင့် သင်္ခါရတရားတို့ရဲ့ ချုပ်ရာ သင်္ခါရတရားတို့ကို စွန့်လွှတ်ရာ နိဗ္ဗာန်ကို အဖန်ဖန် အထပ်ထပ် ရှုပြီးတော့ ဝင်သက်လေကို ဖြစ်အောင်, ထွက်သက်လေကို ဖြစ်အောင် ကျင့်ပါ။[၃၉၂]

## အနိစ္စဆိုတာ ဘာလဲ?

**အနိစ္စန္တိ ကိံ အနိစ္စံ? ပဉ္စက္ခန္ဓာ အနိစ္စာ။**[၃၉၃] **အနိစ္စန္တိ ပဉ္စက္ခန္ဓာ။**[၃၉၄]

၄-၁။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက - ဆိုတဲ့ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေတဲ့ (အကြောင်းတရားနှင့် တကွသော) ဥပါဒါနက္ခန္ဓာငါးပါးတို့ဟာ အနိစ္စတရားတို့ ဖြစ်ကြတယ်။ အဲဒီခန္ဓာငါးပါးတို့ဟာ ရုပ်နာမ်တရားများ အဝင်အပါ ပကိဏ္ဏကသင်္ခါရ = ပြိုးပွမ်းတဲ့ သင်္ခါရအမည်ရကြတဲ့ ရုပ်နာမ်မဟုသင်္ခါရတရားတွေပဲ ဖြစ်ကြတယ်။ သစ္စာဒေသနာတော်နည်းအရ ဒုက္ခသစ္စာတရား သမုဒယသစ္စာတရားတွေပဲ ဖြစ်ကြပါတယ်။ ဒီသင်္ခါရတရားတွေကို . . . ဖြစ်ပြီး ပျက်နေကြတဲ့အတွက် အနိစ္စတရားတွေလို့ ဆိုလိုပါ-တယ်။ အဲဒီ သင်္ခါရတရားတွေကို အနိစ္စလို့ အဖန်ဖန် အထပ်ထပ် ရှုတတ်တဲ့ ဝိပဿနာဉာဏ်ဟာ အနိစ္စာနုပဿနာဉာဏ်မည်တယ်။ ဒီအနိစ္စာနုပဿနာဉာဏ်နှင့် ပြည့်စုံပြီးတော့ အသက်ရှူနေပါ = အသက်ရှူနိုင်အောင် ကျင့်ပါလို့ ဆိုလိုတယ်။

၄-၂။ **ဝိရာဂါနုပဿီ = ဝိရာဂ**သဘောကို အဖန်ဖန် အထပ်ထပ် ရှုပြီးတော့ အသက်ရှူနေရန် ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။ ဒီနေရာမှာ ဝိရာဂက — **ခယဝိရာဂ, အစ္စန္တဝိရာဂ** ဆိုပြီးတော့ ဝိရာဂနှစ်မျိုး ရှိနေပါတယ်။ **ခယဝိရာဂ**ဆိုတာကတော့ သင်္ခါရတရားတွေရဲ့ ခဏအားဖြင့် ပျက်နေတဲ့ ဘင်ကာလသဘောကို ဆိုလိုပါတယ်။ ယောဂါဝစရပုဂ္ဂိုလ်ဟာ ဒီသင်္ခါရတရားတွေရဲ့ ခဏအားဖြင့် ပျက်နေတဲ့သဘောကို ဉာဏ်နဲ့ မြင်အောင် ကြည့်ပြီးတော့ လက္ခဏာယာဉ်သုံးတန် တစ်လှည့်စီ တင်ပြီးတော့ ဝိပဿနာရှုရပါတယ်။ ဒီလို ဝိပဿနာရှုနေတဲ့အခါမှာ ဒီဝိပဿနာဉာဏ်က ကိလေသာတွေကို တဒင်္ဂအားဖြင့် ကင်းပြတ်စေပါတယ်။ ဒီလို ကိလေသာတွေကို တဒင်္ဂအားဖြင့် ကင်းပြတ်စေပြီးတော့ ဝင်သက်လေ-ထွက်သက်လေကို ဖြစ်အောင် ကျင့်ရန်, အသက်ရှူနေရန်

[၃၉၂] သံ၊၃၊၂၇၉။ ဝိ၊၁၊၈၈။ [၃၉၃] ပဋိသံ၊၁၉၁။ စာပိုဒ်၊၁၈၀။ [၃၉၄] ဝိသုဒ္ဓိ၊၁၊၂၈၁။

ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။

**အစ္စန္တဝိရာဂ -** ဆိုတာကတော့ အကယ်စင်စစ် ကိလေသာတွေရဲ့ ကင်းပြတ်ရာ နိဗ္ဗာန်ကို ဆိုလိုပါတယ်။ အရိယမဂ်ဉာဏ်ဟာ ကိလေသာတွေကို အကြွင်းမဲ့ သမုစ္ဆေဒအားဖြင့် ပယ်စွန့်ပြီးတော့ နိဗ္ဗာန်ကို အာရုံပြုကာ ဖြစ်ပေါ်လာပါတယ်။ ဒီလို ကိလေသာတွေကို ကင်းပြတ်စေတဲ့ အရိယမဂ်-ဉာဏ်အမြင်နဲ့ ပြည့်စုံပြီးတော့ နိဗ္ဗာန်ကို အာရုံပြုကာ အသက်ရှူနေရန်, ဝင်သက်လေ-ထွက်သက်လေကို ဖြစ်အောင်ကျင့်ရန် ဘုရားရှင်က ညွှန်ကြားတော်မူပါတယ်။

၄-၃။ **နိရောဓာနုပဿီ** = **နိရောဓ**သဘောကို အဖန်ဖန် အထပ်ထပ် ရှုပြီးတော့ အသက်ရှူနေရန် ဘုရားက အလားတူ ညွှန်ကြားတော်မူနေပါတယ်။ ဒီနေရာမှာလည်း နိရောဓက — **ခဏ-နိရောဓ**နှင့် **အစ္စန္တနိရောဓ** - ဆိုပြီးတော့ နိရောဓနှစ်မျိုး ရှိနေပါတယ်။ **ခဏနိရောဓ** - ဆိုတာကတော့ သင်္ခါရတရားတွေရဲ့ ခဏအားဖြင့် ချုပ်ပျက်နေတဲ့ ဘင်ကာလသဘောကို ဆိုလိုပါတယ်။ ယောဂါ-ဝစရပုဂ္ဂိုလ်ဟာ ဒီသင်္ခါရတရားတွေရဲ့ ခဏအားဖြင့် ချုပ်ပျက်နေတဲ့သဘောကို ဉာဏ်နဲ့ မြင်အောင် ကြည့်ပြီးတော့ လက္ခဏာယာဉ်သုံးတန် တစ်လှည့်စီ တင်ပြီးတော့ ဝိပဿနာရှုရပါတယ်။ ဒီလို ဝိပဿနာရှုနေတဲ့အခါမှာ ဒီဝိပဿနာဉာဏ်က ကိလေသာတွေကို တဒင်္ဂအားဖြင့် ချုပ်ငြိမ်းစေပါတယ်။ ဒီလို ကိလေသာတွေကို တဒင်္ဂအားဖြင့် ချုပ်ငြိမ်းစေပြီးတော့ ဝင်သက်လေ-ထွက်သက်လေကို ဖြစ်အောင် ကျင့်ရန်, အသက်ရှူနေရန် ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။

**အစ္စန္တနိရောဓ -** ဆိုတာကတော့ အကယ်စင်စစ် ကိလေသာတွေရဲ့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို ဆိုလိုပါတယ်။ အရိယမဂ်ဉာဏ်ဟာ ကိလေသာတွေကို အကြွင်းမဲ့ သမုစ္ဆေဒအားဖြင့် ချုပ်ငြိမ်းစေပြီးတော့ နိဗ္ဗာန်ကို အာရုံပြုကာ ဖြစ်ပေါ်လာပါတယ်။ ဒီလို ကိလေသာတွေကို ချုပ်ငြိမ်းစေတဲ့ အရိယ-မဂ်ဉာဏ်အမြင်နဲ့ ပြည့်စုံပြီးတော့ နိဗ္ဗာန်ကို အာရုံပြုကာ အသက်ရှူနေရန်, ဝင်သက်လေ-ထွက်သက်-လေကို ဖြစ်အောင် ကျင့်ရန် ဘုရားရှင်က ညွှန်ကြားတော်မူပါတယ်။[၁၉၅]

၄-၄။ **ပဋိနိဿဂ္ဂါနုပဿီ = ပဋိနိဿဂ္ဂ**သဘောကို အဖန်ဖန် အထပ်ထပ် ရှုပြီးတော့ အသက်ရှူရန် ဘုရားရှင်က ညွှန်ကြားတော်မူပါတယ်။ ဒီနေရာမှာလည်း **ပဋိနိဿဂ္ဂ**က — **ပရိစ္စာဂပဋိနိဿဂ္ဂ, ပက္ခန္ဒနပဋိနိဿဂ္ဂ** - ဆိုပြီးတော့ နှစ်မျိုးပဲ ရှိနေပါတယ်။ သင်္ခါရတရားတွေရဲ့ အပျက်ကိုသာ အာရုံယူပြီးတော့ လက္ခဏာယာဉ်သုံးတန် တစ်လှည့်စီ တင်ကာ ရှုနေတဲ့ ဝိပဿနာဉာဏ်ဟာ တဒင်္ဂအားဖြင့် အသစ်ဖြစ်ပေါ်ခွင့်ရှိကြတဲ့ ခန္ဓာတွေကိုလည်း တဒင်္ဂအားဖြင့် ပယ်စွန့်တယ်၊ ခန္ဓာအသစ် ဖြစ်ပေါ်လာအောင် ပြုပြင်ပေးတတ်တဲ့ ကုသိုလ် သို့မဟုတ် အကုသိုလ် အဘိသင်္ခါရတရားတွေကိုလည်း တဒင်္ဂ-

[၁၉၅] **ဝိရာဂါနုပဿီ**တိ ဧတ္ထ ပန ဒွေ ဝိရာဂါ ခယဝိရာဂေါ စ အစ္စန္တဝိရာဂေါ စ။ တတ္ထ **ခယဝိရာဂေါ**တိ သင်္ခါရာနံ ခဏဘင်္ဂေါ။ **အစ္စန္တဝိရာဂေါ**တိ နိဗ္ဗာနံ။ **ဝိရာဂါနုပဿနာ**တိ တဒုဘယဒဿနဝသေန ပဝတ္တာ ဝိပဿနာ စ မဂ္ဂေါ စ။ တာယ ဒုဝိဓာယပိ အနုပဿနာယ သမန္နာဂတော ဟုတွာ အဿသန္တော ပဿသန္တော စ "ဝိရာဂါနုပဿီ အဿသိဿာမိ ပဿသိဿာမီတိ သိက္ခတီ"တိ ဝေဒိတဗ္ဗော။ **နိရောဓာနုပဿီ**ပဒေပိ ဧသေဝ နယော။
(ဝိသုဒ္ဓိ၊၁၊၂၈၂။)

အားဖြင့် ပယ်စွန့်တယ်။ ကိလေသာတွေကိုလည်း တဒင်္ဂအားဖြင့် ပယ်စွန့်တယ်။ ဒီလိုပယ်စွန့်ရုံတွင်-သာမက ဒီသင်္ခါရတရား = သင်္ခတတရားတွေရဲ့ အနိစ္စ, ဒုက္ခ, အနတ္တ, အသုဘ, ဖောက်ပြန်ပျက်စီး-တတ်တဲ့ ဝိပရိဏာမဆိုတဲ့ အပြစ်ဒေါသတွေကို ရှုမြင်နေတဲ့အတွက် ယင်းခန္ဓာ, အဘိသင်္ခါရ, ကိလေသာတွေရဲ့ ပြောင်းပြန် ဆန့်ကျင်ဘက်ဖြစ်တဲ့ နိဗ္ဗာန်အာရုံဘက်သို့လည်း ပြေးသွားလျက်ရှိနေပါတယ်။ ဒါကြောင့် ဝိပဿနာဉာဏ်ဟာ ခန္ဓာ, အဘိသင်္ခါရ, ကိလေသာတွေကို တဒင်္ဂအားဖြင့် ပယ်စွန့်တဲ့အတွက် ပရိစ္စာဂပဋိနိဿဂ္ဂလည်း မည်တယ်။ နိဗ္ဗာန်ဘက်သို့ ပြေးသွားနေတဲ့အတွက်ကြောင့် ပက္ခန္ဒနပဋိနိဿဂ္ဂလည်း မည်တယ်။ ဒီလို ပဋိနိဿဂ္ဂသဘောတွေကို အဖန်ဖန် အထပ်ထပ်ဖြစ်ပေါ်လာအောင် ကျင့်ပြီးတော့ = ဝိပဿနာဘာဝနာတွေကို ပွားများပြီးတော့ အသက်ရှုနေရန် ဘုရားရှင်က ညွှန်ကြားတော်မူနေပါတယ်။

အရိယမဂ်ဉာဏ်ဟာ အကြွင်းမဲ့ သမုစ္ဆေဒအားဖြင့် အသစ်ဖြစ်ပေါ်ခွင့်ရှိကြတဲ့ ခန္ဓာ, ဘဝသစ်ခန္ဓာတွေကို ဖြစ်စေနိုင်တဲ့ စွမ်းအားရှိကြတဲ့ ကုသိုလ် အဘိသင်္ခါရ, အကုသိုလ် အဘိသင်္ခါရတရား-တွေနဲ့ အတူတကွ ကိလေသာတွေကိုပါ ပယ်စွန့်လိုက်တယ်။ ဒါကြောင့် အရိယမဂ်ဉာဏ်ဟာ ပရိစ္စာ-ဂပဋိနိဿဂ္ဂလည်း မည်တယ်။ အာရုံမျက်မှောက် ထွင်းဖောက်သိမြင်ပြီးတော့ နိဗ္ဗာန်အာရုံဘက်သို့-လည်း ပြေးသွားသက်ဝင်သွားတယ်။ ဒါကြောင့် အရိယမဂ်ဉာဏ်ဟာ ပက္ခန္ဒနပဋိနိဿဂ္ဂလည်း မည်ပါတယ်။ ဒီလိုအရိယမဂ်ဉာဏ်အမြင်နှင့် ပြည့်စုံပြီးတော့ ဝင်သက်လေ-ထွက်သက်လေကို ဖြစ်အောင် ကျင့်ရန် = အသက်ရှုနေရန် ဘုရားရှင်က ညွှန်ကြားတော်မူပါတယ်။[၁၉၆]

သင်္ခါရတရားတို့၏ အပျက်ကို အာရုံယူပြီးတော့ လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုလျက် အသက်ရှုပါ။ သင်္ခါရတို့၏ ချုပ်ရာ နိဗ္ဗာန်ကို အာရုံပြုလျက် အသက်ရှုနေပါ၊ အသက်ရှုနိုင်အောင် ကျင့်ပါ. . . လို့ ဆိုလိုပါတယ်။

ဒီအာနာပါန စတုတ္ထစတုက္ကကို သုဒ္ဓဝိပဿနာရဲ့ အစွမ်းဖြင့် ဘုရားရှင်က ဟောကြားထားတော်မူပါတယ်။ ရှေးစတုက္ကသုံးမျိုးတို့ကိုတော့ သမထ-ဝိပဿနာ၏ အစွမ်းဖြင့် ဘုရားရှင်က ဟောကြားထားတော်မူပါတယ်။

---

[၁၉၆] **ပဋိနိဿဂ္ဂါနုပဿီ**တိ ဧတ္ထာပိ ဒွေ ပဋိနိဿဂ္ဂါ ပရိစ္စာဂပဋိနိဿဂ္ဂေါ စ ပက္ခန္ဒနပဋိနိဿဂ္ဂေါ စ။ ပဋိနိဿဂ္ဂေါယေဝ အနုပဿနာ ပဋိနိဿဂ္ဂါနုပဿနာ။ ဝိပဿနာမဂ္ဂါနံ ဧတမဓိဝစနံ။

**ဝိပဿနာ** ဟိ တဒင်္ဂဝသေန သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ ကိလေသေ ပရိစ္စဇတိ၊ သင်္ခတဒေါသဒဿနေန စ တဗ္ဗိပရီတေ နိဗ္ဗာနေ တန္နိန္နတာယ ပက္ခန္ဒတီတိ **ပရိစ္စာဂပဋိနိဿဂ္ဂေါ** စေဝ **ပက္ခန္ဒနပဋိနိဿဂ္ဂေါ**တိ စ ဝုစ္စတိ။ **မဂ္ဂေါ** သမုစ္ဆေဒဝသေန သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ ကိလေသေ ပရိစ္စဇတိ၊ အာရမ္မဏကရဏေန စ နိဗ္ဗာနေ ပက္ခန္ဒတီတိ **ပရိစ္စာဂပဋိနိဿဂ္ဂေါ** စေဝ **ပက္ခန္ဒနပဋိနိဿဂ္ဂေါ**တိ စ ဝုစ္စတိ။ ဥဘယမ္ပိ ပန ပုရိမပုရိမဉာဏာနံ အနုအနု-ပဿနတော **အနုပဿနာ**တိ ဝုစ္စတိ။ တာယ ဒုဝိဓာယပိ ပဋိနိဿဂ္ဂါနုပဿနာယ သမန္နာဂတော ဟုတွာ အဿသန္တော ပဿသန္တော စ "ပဋိနိဿဂ္ဂါနုပဿီ အဿသိဿာမိ ပဿသိဿာမီတိ သိက္ခတီ"တိ ဝေဒိတဗ္ဗော။ (ဝိသုဒ္ဓိ၊၁၊၂၈၂။)

ပထမစတုက္ကကို အာနာပါနကမ္မဋ္ဌာန်းကို အားသစ်စ အာဒိကမ္မိကပုဂ္ဂိုလ်ရဲ့ သမထကမ္မဋ္ဌာန်း အဖြစ် ဘုရားရှင် ဟောကြားထားတော်မူပါတယ်။ ကာယာနုပဿနာသတိပဋ္ဌာန် ဖြစ်ပါတယ်။ ဒုတိယ စတုက္က တတိယစတုက္က စတုတ္ထစတုက္កဆိုတဲ့ စတုက္ကသုံးမျိုးတို့ကိုတော့ ဒီပထမစတုက္ကမှာ ဈာန်ရအပ်ပြီးတဲ့ ယောဂါဝစရပုဂ္ဂိုလ်အတွက် ဝေဒနာနုပဿနာသတိပဋ္ဌာန်, စိတ္တာနုပဿနာသတိပဋ္ဌာန်, ဓမ္မာနုပဿနာသတိပဋ္ဌာန်၏ အစွမ်းဖြင့် ဘုရားရှင်က ဟောကြားထားတော်မူအပ်ပါတယ်။[၃၉၇]

ဒီအဋ္ဌကထာအဖွင့်များနှင့်အညီ ပထမစတုက္ကမှာ ဈာန်ကို ရရှိအောင် အားထုတ်ပြီးပါမှ ဒုတိယ စတုက္က တတိယစတုက္က စတုတ္ထစတုက္ကတို့ကို အဆင့်ဆင့် ကူးတက်ရမှာ ဖြစ်ပါတယ်။ ဒုတိယစတုက္က တတိယစတုက္ကမှာတော့ အာနာပါနဈာန်များကို သမထပိုင်း ဝိပဿနာပိုင်း နှစ်ပိုင်းခွဲကာ ဟောကြားထားတော်မူပါတယ်။ အချို့အချို့သော ယောဂီတွေကတော့ အာနာပါနဈာန်တွေတွင်သာမက အခြားအခြားသော ဈာန်တရားတွေကိုလည်း ပွားများအားထုတ်ကြပါတယ်။ ကသိုဏ်းဈာန်တွေ ဗြဟ္မဝိဟာရဈာန်တွေ စတဲ့ ဈာန်အမျိုးမျိုးတွေကိုလည်း ကြိုးစားအားထုတ်ကြပါတယ်။ အဲဒီ အာနာပါနဈာန်တွေမှတစ်ပါး အခြားအခြားသော ဈာန်တရားတွေကတော့ ဒီစတုတ္ထစတုက္ကထဲမှာပဲ ပကိဏ္ဏကသင်္ခါရ = ပြိုးပြွမ်းသင်္ခါရဆိုတဲ့အမည်နဲ့ ပါဝင်နေကြပါတယ်။ ဒါကြောင့် စတုတ္ထစတုက္ကမှာတော့ ဘုရားရှင်က အာနာပါနဈာန်တွေမှတစ်ပါး အခြားအခြားသော ဈာန်နာမ်တရားတို့ကိုရော ကာမာဝစရရုပ်တရား နာမ်တရားတွေကိုရော အားလုံးပေါင်းစုကာ ပကိဏ္ဏကသင်္ခါရဆိုတဲ့အမည်နဲ့ ရုပ်နာမ်ဓမ္မသင်္ခါရတရားအားလုံးတို့ကို ဝိပဿနာရှုရန် ညွှန်ကြားထားတော်မူပါတယ်။ ဒါကြောင့် ယောဂီပုဂ္ဂိုလ်ဟာ ဒုက္ခသစ္စာအမည်ရကြတဲ့ အတိတ်, အနာဂတ်, ပစ္စုပ္ပန် စတဲ့ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်ရှိနေကြတဲ့ ဥပါဒါနက္ခန္ဓာငါးပါး, သမုဒယသစ္စာအမည်ရတဲ့ ကြောင်း-ကျိုး ဆက်နွယ်မှု = ပဋိစ္စသမုပ္ပါဒ်သဘောတရားဆိုတဲ့ သင်္ခါရတရားအားလုံးတို့ကို ဝိပဿနာရှုပြီးတော့ အသက်ရှုနေရမှာ ဖြစ်ပါတယ်။

ဒီရှင်းလင်းချက်များကို ကြည့်လျှင် မဟာသတိပဋ္ဌာနသုတ္တန် ကာယာနုပဿနာပိုင်းမှာ လာရှိတဲ့ အာနာပါန သမထ-ဝိပဿနာကျင့်စဉ်နှင့် ခု ဖော်ပြနေတဲ့ အာနာပါနစတုက္ကလေးမျိုးတို့မှာ လာရှိတဲ့ သမထ-ဝိပဿနာကျင့်စဉ်တွေဟာ ဆိုလိုရင်း သဘောအဓိပ္ပာယ်မှာ တူညီလျက် ရှိနေတာကို သဘောပေါက်နိုင်ပါတယ်။

ဒီအာနာပါနကမ္မဋ္ဌာန်းကို ဘုရားရှင် ဟောကြားထားတော်မူတဲ့အတိုင်း စတုက္က (၄)မျိုးတို့ဝယ် ဝင်လေ၌ (၁၆)မျိုး, ထွက်လေ၌ (၁၆)မျိုး — ဒီ (၃၂)မျိုးသော အခြင်းအရာတို့ဖြင့် ပြည့်ပြည့်စုံစုံ ဖြည့်ကျင့်နိုင်ခဲ့သော်, ဘုရားရှင် သင်ပြပေးတော်မူသည့်အတိုင်း အသက်ရှုတတ်ခဲ့သော် — **သတောဝ အဿသတိ သတောဝ ပဿသတိ** = သတိမြဲလျက် ဝင်သက်လေကို ဖြစ်စေသူ, သတိမြဲလျက် ထွက်သက်လေကို ဖြစ်စေသူ မည်ပါတယ်။[၃၉၈] ဒီလို သတိမြဲနေတဲ့ ပုဂ္ဂိုလ်ကို ရည်ရွယ်ပြီးတော့

[၃၉၇] ယသ္မာ ပနေတ္ထ ပဌမံ စတုက္កံ အာဒိကမ္မိကဿ ကမ္မဋ္ဌာနဝသေန ဝုတ္တံ။ ဣတရာနိ ပန တီဏိ စတုက္ကာနိ ဧတ္ထ ပတ္တဇ္ဈာနဿ ဝေဒနာစိတ္တဓမ္မာနုပဿနာဝသေန ဝုတ္တာနိ။ (ဝိသုဒ္ဓိ၊၁၊၂၆၉။)

[၃၉၈] ဗာတ္တိံသာယ အာကာရေဟိ သတော ကာရီ ဟောတိ။ (ပဋိသံ၊၁၇၄။ စာပိုဒ်-၁၆၅။ ဝိသုဒ္ဓိ၊၁၊၂၆၅။)

အာနာပါနကမ္မဋ္ဌာန်းကို အောင်အောင်မြင်မြင် ကျင့်တဲ့ပုဂ္ဂိုလ်ဟာ အောက်ပါ အကျိုးတရားတွေကို ရရှိနိုင်ကြောင်းကို ဘုရားရှင်က ဒီလို ဟောကြားထားတော်မူပါတယ်။

**အကျိုးဂုဏ်အင် အာနိသင်**

**အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေတိ။ စတ္တာရော သတိပဋ္ဌာနာ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂေ ပရိပူရေန္တိ။ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။**[၅၉၉]

ရဟန်းတို့ . . . (၁၂)မျိုးသော အခြင်းအရာတို့ဖြင့် ပြည့်ပြည့်စုံစုံ ပွားများထားအပ်ပြီးတဲ့ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်ပြီးတဲ့ အာနာပါနဿတိသည် လေးပါးကုန်သော သတိပဋ္ဌာန်-တရားတို့ကို ပြီးစီးပြည့်စုံစေနိုင်တယ်။ ပြည့်ပြည့်စုံစုံ ပွားများထားအပ်ပြီးကုန်တဲ့ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်ပြီးကုန်တဲ့ သတိပဋ္ဌာန်တရားလေးပါးတို့ဟာ ဗောဇ္ဈင်မြတ်တရား ခုနစ်ပါးတို့ကို ပြီးစီးပြည့်စုံစေနိုင်ကုန်တယ်။ ပြည့်ပြည့်စုံစုံ ပွားများထားအပ်ပြီးကုန်တဲ့ ကြိမ်ဖန်များစွာ အလေ့အလာပြုအပ်ပြီးကုန်တဲ့ ဗောဇ္ဈင်မြတ်တရား ခုနစ်ပါးတို့ဟာ အရိယမဂ်ဉာဏ်လေးပါးတည်းဟူသော **ဝိဇ္ဇာ,** အရိယဖိုလ်ဉာဏ်လေးပါးတည်းဟူသော **ဝိမုတ္တိ** — ဤ **ဝိဇ္ဇာ, ဝိမုတ္တိ** တရားနှစ်ပါးကို ပြီးစီးပြည့်စုံစေနိုင်ကုန်တယ် . . . ဒီလို ဟောကြားထားတော်မူပါတယ်။

အသင်သူတော်ကောင်းသည် မဟာကရုဏာတော်ရှင် ဘုရားရှင်၏ အလိုတော်ကျအတိုင်း အသက်ရှူတတ်သော လူသားတစ်ဦး ဖြစ်အောင် ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ပါစေ-သောဝ်။

**အရေးကြီးလှသော ဖြတ်ထုံးတစ်ခု**

ဒီ**ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန်**မှာ အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ စတဲ့ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်ရှိနေကြတဲ့ ဉပါဒါနက္ခန္ဓာငါးပါးတွေကို ဝိပဿနာရှုပွားသုံးသပ်ရန် ဘုရားရှင်က ညွှန်ကြားထားတော်မူပါတယ်။ အဘယ်အကြောင်းကြောင့် ယခုလို ဘုရားရှင်က ညွှန်-ကြားတော်မူနေရပါသလဲလို့ မေးစရာ ရှိတယ်။ အဋ္ဌသာလိနီအဋ္ဌကထာက[၆၀၀] ဒီလို ဖြေကြားထားပါတယ်။

ယောဂါဝစရပုဂ္ဂိုလ်တစ်ဦးဟာ ဝိပဿနာရှုတဲ့အခါမှာ အဇ္ဈတ္တခန္ဓာငါးပါးကို စတင်ပြီးတော့ ဝိပဿနာရှုရင်လည်း ရနိုင်ပါတယ်။ ဗဟိဒ္ဓခန္ဓာငါးပါးကို စတင်ပြီးတော့ ဝိပဿနာရှုရင်လည်း ရနိုင်ပါတယ်။ သို့သော် အဇ္ဈတ္တခန္ဓာငါးပါးသက်သက်ကို ဝိပဿနာရှုနေရုံမျှနှင့်တော့ အရိယမဂ်သို့ ဘယ်လို-မျှ မဆိုက်ရောက်နိုင်ဘူး၊ ဝုဋ္ဌာနဂါမိနီဝိပဿနာ ဘယ်လိုမျှ ဖြစ်ပေါ်မလာနိုင်ဘူး။ ဝုဋ္ဌာနဂါမိနီ-ဝိပဿနာ ဆိုတာကတော့ အရိယမဂ္ဂဝီထိ စိတ်အစဉ်နှင့်တကွ အဲဒီ အရိယမဂ္ဂဝီထိရဲ့ ရှေ့မှာရှိနေတဲ့

[၅၉၉] မ၊၃၊၁၂၄။ [၆၀၀] အဘိ၊ဋ္ဌ၊၁၊၂၇၀-၂၇၁။

နှစ်ခု သုံးခုသော ဝိပဿနာဇောဝီထိ စိတ်အစဉ်တွေကို နိဗ္ဗာန်အာရုံဘက်သို့ တစ်ဟုန်ထိုး ထမြောက်ပြေးသွားတဲ့ စိတ်အစဉ်တွေ ဖြစ်ကြခြင်းကြောင့် ဝုဋ္ဌာနဂါမိနိဝိပဿနာလို့ ခေါ် ဆိုပါတယ်။ အဇ္ဈတ္တခန္ဓာငါးပါးသက်သက်ကို ဝိပဿနာရှုနေရုံမျှနှင့်တော့ ဝုဋ္ဌာနဂါမိနိဝိပဿနာဟာ ဘယ်လိုမျှ ဖြစ်ပေါ်မလာနိုင်ဘူး။ ဒါကြောင့် သက်ရှိသက်မဲ့ဖြစ်ကြတဲ့ ဗဟိဒ္ဓခန္ဓာငါးပါးတွေကိုလည်း ဝိပဿနာရှုရမှာဖြစ်ပါတယ်။ အဲဒီလို ရှုတဲ့အခါမှာ ရံခါ အဇ္ဈတ္တခန္ဓာငါးပါးကို, ရံခါ ဗဟိဒ္ဓခန္ဓာငါးပါးကို, ရံခါ အနိစ္စလက္ခဏာယာဉ် တင်ပြီးတော့, ရံခါ ဒုက္ခလက္ခဏာယာဉ် တင်ပြီးတော့, ရံခါ အနတ္တလက္ခဏာယာဉ်တင်ပြီးတော့ ဝိပဿနာရှုရမှာ ဖြစ်ပါတယ်။ ဒါတွင်မကသေးဘူး နောက်ထပ်လည်း အဋ္ဌကထာက ထပ်ပြောထားပြန်သေးတယ်။

ဝိပဿနာရှုတဲ့အပိုင်းမှာ ရုပ်ကမ္မဋ္ဌာန်း နာမ်ကမ္မဋ္ဌာန်းဆိုပြီးတော့ ကမ္မဋ္ဌာန်းနှစ်မျိုး ရှိနေပါတယ်။ ယောဂါဝစရပုဂ္ဂိုလ်ဟာ ရုပ်တရားက စပြီးတော့ ဝိပဿနာရှုရင်လည်း ဖြစ်နိုင်ပါတယ်။ မိမိက သမထစျာန်ယာဉ်ရှိတဲ့ ပုဂ္ဂိုလ်ဖြစ်လို့ နာမ်တရားက စပြီးတော့ ဝိပဿနာရှုရင်လည်း ဖြစ်နိုင်ပါတယ်။ အကယ်၍ ရုပ်တရားက စပြီးတော့ ဝိပဿနာရှုမယ်ဆိုလျှင် ရှေးဦးစွာ ရုပ်ကလာပ်တစ်ခုတစ်ခုအတွင်းမှာ တည်ရှိနေတဲ့ ဓာတ်ကြီးလေးပါးနှင့် ဒီဓာတ်ကြီးလေးပါးကိုပဲ မှီတွယ်ပြီးတော့ ဖြစ်ပေါ်နေကြတဲ့ အဆင်း အနံ့ အရသာ ဩဇာ - စတဲ့ ဥပါဒါရုပ်တွေကို ခွဲခြားစိတ်ဖြာပြီးတော့ ပရမတ်သို့ဉာဏ်အမြင်ဆိုက်ရောက်သည်အထိ ရုပ်တရားတွေကို သိမ်းဆည်းရှုပွားရတယ်။ ပြီးတော့မှ ဒီရုပ်-တရားတွေကို လက္ခဏာယာဉ်တင်ကာ ဝိပဿနာရှုပွားသုံးသပ်ရပါတယ်။ သို့သော် ရုပ်တရားသက်-သက်ကို ဝိပဿနာ ရှုနေရုံမျှဖြင့်တော့ ဝုဋ္ဌာနဂါမိနိဝိပဿနာဟာ ဘယ်လိုမျှ ဖြစ်ပေါ်မလာနိုင်ဘူး။ ဒါကြောင့် နာမ်တရားတွေကိုလည်း ဝိပဿနာရှုပွားသုံးသပ်ရမှာ ဖြစ်ပါတယ်။ နာမ်တရားတွေကို ဝိပဿနာရှုတော့မည့် ပုဂ္ဂိုလ်ဟာ ရှေးဦးစွာ ရုပ်တရားကို အာရုံယူပြီးတော့ ဖြစ်ပေါ်လာကြတဲ့ စိတ္တက္ခဏတိုင်းမှာ တည်ရှိနေတဲ့ ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ခေါ်တဲ့ နာမ်တရားတွေကိုလည်း ဉာဏ်နဲ့ပိုင်းခြားယူပြီးတော့ အဲဒီ နာမ်တရားတွေကို လက္ခဏာယာဉ် တင်ကာ ဝိပဿနာရှုပွားသုံးသပ်ရပါတယ်။ ဝိပဿနာရှုတဲ့အခါမှာလည်း ရံခါ ရုပ်တရားကို, ရံခါ နာမ်တရားကို, ရံခါ အနိစ္စလက္ခဏာ, ရံခါ ဒုက္ခလက္ခဏာ, ရံခါ အနတ္တလက္ခဏာ တင်ပြီးတော့ ရှုပွားသုံးသပ်ရပါတယ်။

ခု ပြောခဲ့သလို ရံခါ အဇ္ဈတ္တခန္ဓာငါးပါးကို, ရံခါ ဗဟိဒ္ဓခန္ဓာငါးပါးကို, အဲဒီမှာလည်း ရံခါ ရုပ်တရားကို, ရံခါ နာမ်တရားကို, ရံခါ အနိစ္စလက္ခဏာ, ရံခါ ဒုက္ခလက္ခဏာ, ရံခါ အနတ္တလက္ခဏာတင်ပြီးတော့ ရှုပွားသုံးသပ်ပါမှ ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်ဟာ ဖြစ်ပေါ်လာနိုင်ပါတယ်။ အရိယမဂ်ဉာဏ်သို့ ဆိုက်ရောက်နိုင်ပါတယ်။ အတိတ်ခန္ဓာငါးပါး အနာဂတ်ခန္ဓာငါးပါးတွေကိုလည်း ပုံစံတူပဲ ဝိပဿနာရှုပွားသုံးသပ်ရပါတယ်။ ခုပြောခဲ့တာကတော့ အဋ္ဌသာလိနီအဋ္ဌကထာ[၆၀၁]ရဲ့ အဆုံးအဖြတ် ဖြစ်ပါ

[၆၀၁] ဣဓေကစ္စော အာဒိတောဝ အဇ္ဈတ္တံ ပဉ္စသု ခန္ဓေသု အဘိနိဝိသတိ၊ အဘိနိဝိသိတွာ တေ အနိစ္စာဒိတော ပဿတိ၊ ယသ္မာ ပန န သုဒ္ဓအဇ္ဈတ္တဒဿနမတ္တေနေဝ မဂ္ဂဝုဋ္ဌာနံ ဟောတိ၊ ဗဟိဒ္ဓါပိ ဒဋ္ဌဗ္ဗမေဝ၊ တသ္မာ ပရဿ ခန္ဓေပိ အနုပါဒိန္နသင်္ခါရေပိ အနိစ္စံ ဒုက္ခမနတ္တာတိ ပဿတိ။ သော ကာလေန အဇ္ဈတ္တံ သမ္မသတိ ကာလေန ဗဟိဒ္ဓါတိ။ တဿေဝံ သမ္မသတော အဇ္ဈတ္တံ သမ္မသနကာလေ ဝိပဿနာ မဂ္ဂေန သဒ္ဓိံ ဃဋီယတိ။ ဧဝံ အဇ္ဈတ္တံ

တယ်။ အဓိပ္ပာယ်တူ အဆုံးအဖြတ်မျိုးတစ်ခုကိုလည်း ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာ[၆၀၂]မှာ ဖော်ပြထားပါတယ်။

ဒီအဋ္ဌကထာတွေရဲ့ ညွှန်ကြားချက်အတိုင်း ယောဂီပုဂ္ဂိုလ်ဟာ ရံခါ အဇ္ဈတ္တခန္ဓာငါးပါး, ရံခါ ဗဟိဒ္ဓခန္ဓာငါးပါး, ရံခါ အတိတ်ခန္ဓာငါးပါး, ရံခါ အနာဂတ်ခန္ဓာငါးပါး အဲဒီမှာလည်း ရံခါ ရုပ်တရားကို, ရံခါ နာမ်တရားကို, ရံခါ အနိစ္စလက္ခဏာ, ရံခါ ဒုက္ခလက္ခဏာ, ရံခါ အနတ္တလက္ခဏာ တင်ပြီးတော့ လှည့်လည်ကာ ဝိပဿနာရှုပွားသုံးသပ်ပါ။ အဲဒီလို ရှုပွားသုံးသပ်တဲ့အခါမှာ ဝိပဿနာဉာဏ်တွေက ရင့်ကျက်လာလို့ သင်္ခါရုပေက္ခာဉာဏ်ပိုင်းသို့ ရောက်ရှိလာပြီဆိုလျှင် ယောဂီပုဂ္ဂိုလ်အနေနဲ့ ဝိပဿနာရှုကွက်တွေကလည်း စုံလာပြီဖြစ်တဲ့အတွက် ဒီသင်္ခါရတရားတွေကို အနတ္တလက္ခဏာကို ဦးစားပေး-ပြီးတော့ ရှုပွားသုံးသပ်ရန် ဝိသုဒ္ဓိမဂ္ဂအဋ္ဌကထာက အကြံပေးထားပါတယ်။ အဲဒီလို ရှုတဲ့အပိုင်းမှာ-လည်း မိမိက သမထယာနိကပုဂ္ဂိုလ် ဖြစ်နေလို့ရှိလျှင် ဝိပဿနာရှုကွက်တွေကလည်း နည်းမျိုးစုံနေပြီ ဖြစ်တဲ့အတွက် မိမိ ကြိုက်နှစ်သက်ရာ ဈာန်နာမ်တရားတွေကိုသာ ဦးစားပေးပြီးတော့ အနတ္တလက္ခ-ဏာယာဉ် တင်ကာ တွင်တွင်ကြီးသာ ဆက်လက်ပြီးတော့ ဝိပဿနာရှုနေပါ။

ဒီလို ရှုပွားသုံးသပ်နေတဲ့အခါ တစ်နေ့မှာ ဝိပဿနာဉာဏ်တွေက ရင့်ကျက်လာပြီဆိုလျှင်တော့ အရိယမဂ်ဉာဏ် ဖိုလ်ဉာဏ်တွေဟာ နိဗ္ဗာန်ကို အာရုံယူပြီးတော့ ဖြစ်ပေါ်လာကြမှာ ဖြစ်ပါတယ်။ ဒီအပိုင်းကို မဟာသတိပဋ္ဌာနသုတ္တန်က ဒီလို ဖော်ပြထားပါတယ်။

## ဝိပဿနာပိုင်း စတုတ္ထအဆင့်

**အနိဿိတော စ ဝိဟရတိ၊ န စ ကိဉ္စိ လောကေ ဥပါဒိယတိ။ ဧဝမ္ပိ ခေါ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ။**[၆၀၃]

ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်-ဆိုတဲ့ ဥပါဒါနက္ခန္ဓာငါးပါးတည်းဟူသော လောကမှာ

---

အဘိနိဝိသိတွာ အဇ္ဈတ္တံ ဝုဋ္ဌာတိ နာမ။ သစေ ပနဿ ဗဟိဒ္ဓါ သမ္မသနကာလေ ဝိပဿနာ မဂ္ဂေန သဒ္ဓိံ ယဋ္ဌိယတိ၊ ဧဝံ အဇ္ဈတ္တံ အဘိနိဝိသိတွာ ဗဟိဒ္ဓါ ဝုဋ္ဌာတိ နာမ။ ဧသေဝ နယော ဗဟိဒ္ဓါ အဘိနိဝိသိတွာ ဗဟိဒ္ဓါ စ အဇ္ဈတ္တဉ္စ ဝုဋ္ဌာနေပိ။

အပရော အာဒိတောဝ ရူပေ အဘိနိဝိသတိ အဘိနိဝိသိတွာ ဘူတရူပဉ္စ ဥပါဒါရူပဉ္စ ပရိစ္ဆိန္ဒိတွာ အနိစ္စာဒိတော ပဿတိ၊ ယသ္မာ ပန န သုဒ္ဓရူပဒဿနမတ္တေနေဝ ဝုဋ္ဌာနံ ဟောတိ အရူပမ္ပိ ဒဋ္ဌဗ္ဗမေဝ၊ တသ္မာ တံ ရူပံ အာရမ္မဏံ ကတွာ ဥပ္ပန္နံ ဝေဒနံ သညံ သင်္ခါရေ ဝိညာဏဉ္စ ဣဒံ အရူပန္တိ ပရိစ္ဆိန္ဒိတွာ အနိစ္စာဒိတော ပဿတိ။ သော ကာလေန ရူပံ သမ္မသတိ ကာလေန အရူပံ။ တဿေဝံ သမ္မသတော ရူပသမ္မသနကာလေ ဝိပဿနာ မဂ္ဂေန သဒ္ဓိံ ယဋ္ဌိယတိ။ ဧဝံ ရူပေ အဘိနိဝိသိတွာ ရူပါ ဝုဋ္ဌာတိ နာမ။ သစေ ပနဿ အရူပသမ္မသနကာလေ ဝိပဿနာ မဂ္ဂေန သဒ္ဓိံ ယဋ္ဌိယတိ၊ ဧဝံ ရူပေ အဘိနိဝိသိတွာ အရူပါ ဝုဋ္ဌာတိ နာမ။ ဧသ နယော အရူပေ အဘိနိဝိသိတွာ အရူပါ စ ရူပါ စ ဝုဋ္ဌာနေပိ။

"ယံ ကိဉ္စိ သမုဒယဓမ္မံ၊ သဗ္ဗံ တံ နိရောဓဓမ္မ"န္တိ။ ဧဝံ အဘိနိဝိသိတွာ ဧဝမေဝ ဝုဋ္ဌာနကာလေ ပန ဧကပ္ပဟာရေန ပဉ္စဟိ ခန္ဓေဟိ ဝုဋ္ဌာတိ နာမာတိ။ အယံ တိက္ခဝိပဿကဿ မဟာပညဿ ဘိက္ခုနော ဝိပဿနာ။

(အဘိ၊ဋ္ဌ၁၊၂၇၀-၂၇၁။)

[၆၀၂] ဝိသုဒ္ဓိ၊၂၃၀၀-၃၀၁။ [၆၀၃] မ၊၁၊၇၁။

တစ်စုံတစ်ခုသော တရားကိုမျှ "ငါ, ငါဟာ"ဟု စွဲယူမှု မရှိတော့ဘူးလို့ ဟောကြားထားတော်မူပါတယ်။ ဒီအပိုင်းကတော့ အရိယမဂ်ဉာဏ်တွေက ဆိုင်ရာဆိုင်ရာ ကိလေသာတွေကို တစ်ဆင့်ပြီး တစ်ဆင့် ပယ်သတ်လိုက်တဲ့အတွက် တဏှာစွဲ မာနစွဲ ဒိဋ္ဌိစွဲဆိုတဲ့ အစွဲအမျိုးမျိုးတွေ ချုပ်ငြိမ်းသွားပုံကို ဖော်ပြတဲ့ ဒေသနာတော် ဖြစ်ပါတယ်။

ဒီအပိုင်းကို **ဂဒ္ဒုလဗဒ္ဓသုတ္တန်**မှာတော့ ဘုရားရှင်က ဒီလို ဟောကြားထားတော်မူပါတယ်။

**ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ သညာယပိ နိဗ္ဗိန္ဒတိ၊ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ။ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ၊ ဝိရာဂါ ဝိမုစ္စတိ။ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ။ 'ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ'တိ ပဇာနာတီတိ။**[၆၀၄]

အဲဒီလို ဝိပဿနာဉာဏ်တွေဖြင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကလို့ ခေါ်ဆိုအပ်တဲ့ (၁၁)မျိုးသော အခြင်းအရာအားဖြင့် တည်နေတဲ့ ဒီခန္ဓာငါးပါးတွေကို တွင်တွင်ကြီး ဝိပဿနာရှုနိုင်မယ်ဆိုရင် ခန္ဓာငါးပါးတို့အပေါ်မှာ ငြီးငွေ့လာမယ်၊ ရွံမုန်းလာမယ်၊ စက်ဆုပ်လာမယ်၊ ငြီးငွေ့ခဲ့ရင် နိဗ္ဗိန္ဒဉာဏ်တွေ ရင့်သန်ခဲ့မယ်ဆိုရင် တစ်နည်းအားဖြင့် ဝိပဿနာဉာဏ်တွေအားလုံး ရင့်ကျက်ခဲ့မယ်ဆိုရင် ဝိပဿနာဉာဏ်တို့ရဲ့အဆုံးမှာ မဂ်ဉာဏ်ပေါ်လာမယ်၊ ထိုအဆင့်ဆင့်သော မဂ်ဉာဏ်တွေက ဆိုင်ရာဆိုင်ရာ ကိလေသာတွေကို အဆင့်ဆင့် ပယ်သတ်လိုက်တဲ့အခါမှာ နောက်ဆုံး တဏှာရာဂသည် လုံးဝ ချုပ်ငြိမ်းသွားမယ်၊ တဏှာချုပ်ငြိမ်းခဲ့ရင် တဏှာဦးဆောင်တဲ့ ကိလေသာအားလုံးလည်း ချုပ်ငြိမ်းသွားပြီ။

ရာဂကုန်ရင် အရဟတ္တဖိုလ်ဆိုက်ပြီ။ အရဟတ္တဖိုလ်ဆိုက်တဲ့အခါမှာ ကိလေသာတို့မှ လွတ်မြောက်သွားပြီ။ ကိလေသာတို့မှ လွတ်မြောက်ခဲ့ရင် ငါ ကိလေသာတို့မှ လွတ်မြောက်ရပေပြီဆိုတဲ့ အသိဉာဏ်တွေ ပစ္စဝေက္ခဏာဇောတွေ စောလာတော့မယ်။ အဲဒီ ပစ္စဝေက္ခဏာဇောတို့ရဲ့ အဆုံးမှာ — "ငါဟာ ပဋိသန္ဓေနေမှုတွေ ကုန်ပြီ၊ ငါသည် သာသနာတော်၌ ကျင့်သင့်ကျင့်ထိုက်တဲ့ မဂ်အကျင့်ကို ကျင့်ပြီးပြီ၊ သာသနာတော်၌ ပြုသင့်ပြုထိုက်တဲ့ မဂ်ကိစ္စကိုလည်း ငါ ပြုပြီးပြီ၊ နောက်ထပ် တစ်ဖန် ဒီအရိယမဂ်ဉာဏ် ရရှိဖို့ရန်အတွက် ငါ့အတွက် ကြိုးစားအားထုတ်ဖို့ရန် မရှိတော့ပြီ" . . . ဆိုတာ ဒီအချိန်အခါမှာ ကိုယ်တိုင် သိသွားပြီလို့ ဒီလို ဘုရားရှင်က ဒေသနာတော်ကို အဆုံးသတ်တော်မူလိုက်ပါတယ်။

အဲဒါကြောင့် မိမိတို့က အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို အလိုရှိခဲ့ပါတယ်ဆိုရင် ဘာလုပ်ရမလဲ? - အတိတ်, အနာဂတ်, ပစ္စုပ္ပန်, အဇ္ဈတ္တ, ဗဟိဒ္ဓ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိကခေါ်တဲ့ (၁၁)မျိုးသော အခြင်းအရာအားဖြင့်တည်နေတဲ့ ဒီခန္ဓာငါးပါးတွေကို ဘာလုပ်ရမလဲ? အနိစ္စ ဒုက္ခ အနတ္တလက္ခဏာရေးသုံးတန် တင်ပြီးတော့ တွင်တွင်ကြီး ဝိပဿနာရှုရမယ်၊ ခန္ဓာငါးပါးသက်သက်လား? မဟုတ်ဘူး၊ အကြောင်းတရားနှင့်တကွပဲ။ အကြောင်းတရားနှင့်တကွ ဒီ (၁၁)မျိုးသော

---
[၆၀၄] သံ၊ ၂၊၁၂၄။

အခြင်းအရာအားဖြင့်တည်နေတဲ့ ခန္ဓာငါးပါးတို့ကို အနိစ္စ ဒုက္ခ အနတ္တလက္ခဏာရေးသုံးတန် တင်ပြီး တွင်တွင်ကြီး ဝိပဿနာရှုနိုင်ခဲ့မယ်ဆိုရင် အရဟတ္တဖိုလ်ပေါက် ရောက်နိုင်တယ်လို့ မြတ်စွာဘုရားရှင်က ဒီဂဒ္ဒုလဗဒ္ဓသုတ္တန်မှာ ဟောကြားထားတော်မူပါတယ်။

ဒါကြောင့် ဒီဒေသနာတော်ကို ဦးထိပ်ရွက်ပန်ဆင်ပြီးတော့ ကျင့်ကြံကြိုးကုတ် ပွားများအားထုတ်နိုင်ကြပါစေလို့ ဆုတောင်းရင်း တရားသိမ်းကြစို့ . . .။

## တရားဒေသနာတော်နိဂုံး

**ဟိတွာ ကာမေ ပဗ္ဗဇိံသု၊ သန္တော ဂမ္ဘီရစိန္တကာ။**
**တေ တုမှေပျနုသိက္ခာဝေါ၊ ပဗ္ဗဇိတာ သုပေသလာ။**

**သန္တော** = ဘုရားအလျာ ပစ္စေကာနှင့် အရိယာနွယ်လောင်း ဟို . . တို့ရှေ့က သူတော်ကောင်းတို့သည်။

**ဂမ္ဘီရစိန္တကာ** = နက်နဲသည့် ဓာတ်သဘောတွေကို နက်နဲစွာ ကြံဆင် အကြံကောင်း ဝင်တော်မူကြကုန်သည်ဖြစ်၍။

**ကာမေ** = ရှေးကပြုဖန် ကုသိုလ်ကံတို့ စီမံထောက်မ လက်ရောက်ရသား များလှဇနီးသည် ကြီးကြီးငယ်နှင့် နှီးနွှယ်ရောယူ ကိုယ်တော်တို့ ပိုင်သသည့် ကာမဝတ္ထု အစုစုတို့ကို။

**ဟိတွာ** = ငါတို့ပိုင်ငြား ဤကာမတရားတို့သည် အများနှင့် ဆက်ဆံ ဘေးတွေက ဝန်းရံရန်တွေက မြောက်မြား တကယ်ကို ကြောက်လန့်ဖွယ်တွေပါတကားဟု ကြောက်အားတော်ဉာဏ်ကြွယ် လွတ်လွတ်ကြီး စွန့်ပယ်တော်မူကြကုန်သည်ဖြစ်၍။

**ပဗ္ဗဇိံသု** = ဃရာဝါသ သမ္ဗာဓဟု ကိစ္စများမြောင် လူတို့ဘောင် ဝဋ်နှောင်ကို လွတ်အောင်ကြိုးလျက် ရှန်းကန်ထွက်၍ နှစ်သက်ရွှင်လန်း ရှင်ရဟန်းပြု၍ တောထွက်တော်မူကြလေကုန်ပြီ။

**တုမှေပိ** = မြတ်နေကွမ့္မ ဓာတ်အာသယဟု ဆန္ဒကိန်းအောင်း သင်သူတော်ကောင်းတို့သည်လည်းပဲ။

**ပဗ္ဗဇိတာ** = ဝတ္ထုကာမ ဟူသမျှမှ မရအရ ကြိုးလျက် ရှန်းကန်ထွက်ကြကုန်သည်ဖြစ်၍။

**သုပေသလာ** = စာမရီသား မြီးဖျားခုံမင် ပုံအသွင်သို့ ချစ်ခင်လေးမြတ် နှစ်သက်အပ်သော သီလကိုယ်စီကိုယ်င ရှိကြကုန်သည်ဖြစ်၍။

**တေ** = ထိုဘုရားအလျာ ပစ္စေကာနှင့် အရိယာနွယ်လောင်း ဟို တို့ရှေ့က သူတော်-ကောင်းတို့ကို။

**အနုသိက္ခာဝေ့ါ** = အတုလိုက်ကာ ကျင့်တတ်ရာကို ကျင့်ကာမသွေ့. . အားထုတ်နိုင်ကြပါစေကုန်သတည်း. . . ။

သာဓု သာဓု သာဓု. . .

✧ ✧ ✧ ✧ ✧ ✧

## စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေးတရားဒေသနာတော်

## မှတ်သားဖွယ်ရာ အက္ခရာစဉ်အညွှန်း

### အက္ခရာစဉ်အညွှန်း – မာတိကာ


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ အ ]** | |
| အက္ကောသ | ၄၇၉ |
| အကဏှ-အသုက္က | ၂၇ |
| အကဏှအသုက္က-အကဏှအသုက္ကဝိပါက | ၂၅ |
| အကနိဋ္ဌ တုမရ | ၆၂ |
| အကနိဋ္ဌာ | ၅၇ |
| အကိရိယဒိဋ္ဌိ | ၁၃၅, ၁၅၇ |
| အကုသိုလ်သင်္ခါရကံတွေရဲ့ စွမ်းအင်နှင့် အကျိုး | ၂၀၅ |
| အကျိုးကား ဖြစ်ဆဲမဟုတ်သော အဟောသိကံ | ၁၉ |
| အကျိုးကား ဖြစ်ပြီးမဟုတ်သော အဟောသိကံ | ၁၈ |
| အကျိုးကား ဖြစ်လတ္တံ့ မဟုတ်သော အဟောသိကံ | ၁၉, ၂၀ |
| အကျိုးခန္ဓာငါးပါး | ၅၉၉ |
| အကျိုးဂုဏ်အင် အာနိသင် | ၆၁၇ |
| အကျိုးထူး (၃)ရပ် | ၃၄၂ |
| အကျိုးပေးဆန်းကြယ်ပုံအပိုင်း | ၂၃၀, ၂၃၁ |
| အကျိုးပေးရာ အချိန်ကာလနှင့် စပ်၍ ကံ (၄)မျိုး | ၉ |
| အကျိုးပေးရာ ဘုံဌာန၏ အစွမ်းဖြင့် ကံ (၄)မျိုး | ၅၈ |
| အကျိုးရုပ်တရား နာမ်တရားတွေ | ၅၉၉ |
| အကျည်းတန် အရုပ်ဆိုးရခြင်း၏ အကြောင်း | ၂၉၀ |
| အကြောင်းပြချက် | ၈, ၂၄၅, ၅၈၁ |
| အကြောင်းတရားများ | ၅၉၁ |
| အကြည်ဓာတ် | ၅၇၂ |
| အကြည်ပြင် | ၅၇၂, ၅၈၉ |
| အကြည်ရုပ် (၅)ခု | ၅၃၃ |
| အခက်အခဲ (၄)ရပ် | ၅၄၇ |
| အချို့ယောဂီများ၌ ဖြစ်တတ်ပုံ သဘာဝတစ်ခု | ၅၅၅ |
| အဂ္ဂမဟေသီ | ၄၅၇, ၄၅၉ |
| အဂ္ဂသာဝက, မဟာသာဝကကြီးများ | ၅၀၃ |
| အင်္ဂတိုင်း | ၄၁၈, ၄၅၂ |
| အင်္ဂဝိဇ္ဇာ | ၂၃၆ |
| အငုပ်ဓာတ် | ၃၉၅ |
| အစမထင် သံသရာ | ၁၂၂ |
| အစ္စန္တနိရောဓ | ၆၁၄ |
| အစ္စန္တဝိရာဂ | ၆၁၄ |
| အဆင့်အတန်း အမြင့်မားဆုံးသော ဉာဏ်ပညာ | ၃၄၃ |
| အဇ္ဈတ္တ | ၅၂၉ |
| အဇ္ဈတ္တနှင့် ဗဟိဒ္ဓ | ၅၇၅ |
| အဇ္ဈတ္တရုပ်တရား | ၅၃၂ |
| အဇ္ဈတ္တံ | ၅၂၄ |
| အဇ္ဈာသယဓာတ်ခံ | ၄၅၄ |

**အက္ခရာစဉ်** **စာမျက်နှာ**

အဉ္ဇန ၂၃၃
အညသမာန်း ၅၈၀
အဋ္ဌကထာ၏ ရှင်းလင်းချက် ၂၆၅
အတ္တဒိဋ္ဌိ ၁၅၁
အတ္တနိ ဝါ ရူပံ ၁၄၂
အတ္တဝါဒုပါဒါန် ၁၃၇
အတ္ထဒွေါ ၃၆၆
အတ္ထိ ကမ္မံ အတ္ထိ ကမ္မဝိပါကော ၁၁၅
အတ္ထိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော ၁၁၆
အတ္ထိ ကမ္မံ နတ္ထိ ကမ္မဝိပါကော ၁၁၅
အတ္ထိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော ၁၁၆
အတပ္ပာ ၅၇
အတိမာနီ ၃၅၁
အတီတာနာဂတပစ္စုပ္ပန္နံ ၅၈၄, ၅၉၇
အတိတ် အနာဂတ် ပစ္စုပ္ပန်ခန္ဓာတွေကို
 သိမ်းဆည်းခြင်း ၅၉၈
အတိတ်ခန္ဓာငါးပါး ၅၉၈
အတိတ်မရဏာသန္နဇော ၅၆၀
အတိတ်ရုပ်တရား ၅၃၂
အတွေ့အကြုံတစ်ရပ် ၂၆၆
အတွင်း (၃၇)မင်း ၃၅၃
အဒယာပန္နော ၂၄၁
အဒုဋ္ဌ ၄၃၃
အဒေါသ ၄၀၉
အဒ္ဓါနပရိဂ္ဂဟ ၆၀၄
အဓိကာရ ၃၅၉
အဓိဂမ ၃၄၉
အဓိဂမသုတ ၁၆, ၁၄၁, ၁၇၈, ၃၃၄
အဓိဋ္ဌာနဝသီ ၅၆၄
အဓောဘာဂိယသံယောဇဉ် ၂၉
အနတ္တာနုပဿနာဉာဏ် ၁၂၃, ၄၂၄
အနတိမာနီ ၃၆၆
အန္ဓဗာလ ပုထုဇန်
 ငမိုက်သား ၁၇၉, ၂၂၅, ၅၁၉
အနမတဂ္ဂေါ ၁၂၁
အနဝဇ္ဇသုခဝိပါကလက္ခဏာ ၃၇၃
အနာဂါမိမဂ်ကုသိုလ် ၄၀၃
အနာဂတ်ခန္ဓာငါးပါး ၅၈၅, ၅၈၉, ၅၉၈
အနာဂတ်ရုပ်တရား ၅၃၂
အနာရောဂါ ကင်းရှင်းရခြင်း ၂၈၈
အနာရောဂါ ထူပြောရခြင်း ၂၈၁
အနိစ္စဆိုတာ ဘာလဲ? ၆၁၃
အနိစ္စာနုပဿနာဉာဏ် ၁၂၃, ၄၂၄
အနိဿာမနကော ၃၁၀
အနုပ္ပါဒနိရောဓ ၅၈၆, ၅၈၇, ၅၈၈
အနုပိယနိဂုံး ၃၇၀
အနုပုဗ္ဗနိရောဓသုတ္တန် ၅၄၁
အနုဗောဓဉာဏ် ၉၁
အနုဗျဉ္ဇနဂ္ဂါဟ ၃၃
အနုလောမပဋိစ္စသမုပ္ပါဒ် ၇၄
အနုသယဓာတ် ၃၃၆
အနုသိက္ခာပုေါ ၆၂၂
အနောဇာဒေဝီ ၅၁၆
အနောဇာပန်း ၅၁၇
အနောမဒဿီ ၂၇၈, ၃၂၈
အန္ဝယဉာဏ် ၇
အပ္ပကိလေသော = နည်းပါးတဲ့
 ရာဂကိလေသာ ၄၃၀
အပ္ပနာသမာဓိနယ်မြေ ၅၆၀
အပ္ပဘောဂ ၂၃၈, ၃၂၆
အပ္ပမာဏသုဘာ ၅၇
အပ္ပမာဏာဘာ ၅၇
အပရစေတနာ ၂၅၄
အပရာပရိယဝေဒနီယကံ ၁၇

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အပရိဇာနနသုတ္တန်ရဲ့ ဆိုလိုရင်း | ၃၈၇ |
| အပ္ပါဗာဓဧတဒဂ်ဘွဲ့ထူး | ၂၈၀ |
| အပ္ပါဗာဓ | ၂၃၇ |
| အပ္ပါယုက | ၂၃၇ |
| အပ္ပေသက္ခာ | ၂၃၇ |
| အပါယ်သားသတ္တဝါ | ၂၅၁ |
| အဗ္ဘူတောပမာ = မဖြစ်ဖူးသော ဥပမာ | ၁၁၂ |
| အဘယသုတ္တန် | ၄၄ |
| အဘိညာဏ် | ၁၃၈, ၃၃၀ |
| အဘိဓမ္မာဓာတုဝိဘင်း | ၃၈၅ |
| အဘိနန္ဒနကိလေသာ | ၃၃၇ |
| အဘိပါရက စစ်သူကြီး | ၄၃၇ |
| အဘိဝါဒေတဗ္ဗံ | ၃၅၁, ၃၆၆ |
| အဘိသင်္ခါရဝိညာဏ် | ၁ |
| အမစ္စကုလာ | ၂၆၅ |
| အမ္ဗဋ္ဌသုတ္တန် | ၃၂၉ |
| အမ္ဗပါလီ | ၄၇၆ |
| အမောဟ | ၄၁၀ |
| အမျိုးယုတ်ညံ့ခြင်း | ၃၅၁ |
| အမျိုးမြတ်သူ ဖြစ်ရခြင်း | ၃၆၆ |
| အမြိုက်ရေစင် | ၃၆၁ |
| အမွန်မြတ်ဆုံး အာမခံလုပ်ငန်း | ၄၀၃ |
| အမှတ် (၁) ဆဲရေးခြင်း | ၄၄၆ |
| အမှတ် (၁) ပုဂ္ဂိုလ်အမျိုးအစား | ၄၁၂ |
| အမှတ် (၁) မေးခွန်း၏ အဖြေ | ၃၁၇ |
| အမှတ် (၂) ဆဲရေးခြင်း | ၄၄၆ |
| အမှတ် (၂) ပုဂ္ဂိုလ်အမျိုးအစား | ၄၁၉ |
| အမှတ် (၂) မေးခွန်း၏ အဖြေ | ၃၁၈ |
| အမှတ် (၃) ဆဲရေးခြင်း | ၄၄၆ |
| အမှတ် (၃) ပုဂ္ဂိုလ်အမျိုးအစား | ၄၂၆ |
| အမှတ် (၃) မေးခွန်း၏ အဖြေ | ၃၁၉ |
| အမှတ် (၄) ဆဲရေးခြင်း | ၄၄၇ |
| အမှတ် (၄) ပုဂ္ဂိုလ်အမျိုးအစား | ၄၂၈ |
| အမှတ် (၄) မေးခွန်း၏ အဖြေ | ၃၂၁ |
| အမှတ် (၅) ပုဂ္ဂိုလ် အမျိုးအစား | ၄၂၉ |
| အမှတ် (၆) ပုဂ္ဂိုလ် အမျိုးအစား | ၄၃၁ |
| အမှတ် (၇) ပုဂ္ဂိုလ် အမျိုးအစား | ၄၃၂ |
| အမှတ် (၈) ပုဂ္ဂိုလ် အမျိုးအစား | ၄၃၃ |
| အယောနိသောမနသိကာရ | ၁၈၂ |
| အရဟတ္တဖိုလ်ပေါက် | ၆၂၀ |
| အရဟတ္တမဂ်ကုသိုလ် | ၄၀၃ |
| အရဟန္တဃာတကကံ | ၂၀ |
| အရိယမဂ္ဂသမ္မာဒိဋ္ဌိဉာဏ် | ၉၁ |
| အရိယသာဝကော | ၁၇၂ |
| အရိယာနွယ်လောင်း | ၆၂၂ |
| အရူပပရိဂ္ဂဟ | ၃၈၅, ၅၇၅, ၆၀၄ |
| အရူပရာဂသံယောဇဉ် | ၂၈ |
| အရူပါဝစရကုသိုလ်ကံ | ၅၉ |
| အရူပါဝစရကုသိုလ်ဈာန် (၄)မျိုး | ၅၆ |
| အရူပါဝစရဈာန်နှင့် လျော်ညီသည့် အရူပဘုံ (၄)ဘုံ | ၅၈ |
| အရေးကြီးလှသော ဖြတ်ထုံးတစ်ခု | ၆၁၇ |
| အရှင်ဥရုဝေလကဿပမထေရ် | ၃၁၃ |
| အရှင်ကောကာလိက | ၄၄၉ |
| အရှင်ကောကာလိကရဲ့ အကြံ | ၄၈၄ |
| အရှင်ကောကာလိက၏ ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ဇာတ်လမ်း | ၄၈၇ |
| အရှင်ကောကာလိက၏ လောဘ | ၄၈၂ |
| အရှင်တိဿဘူတိမထေရ် | ၁၀၃ |
| အရှင်ဒေဝဒတ်အလောင်းရဲ့ ပန်းချီကားချပ်များ | ၄၇၀ |
| အရှင်နိသဘမထေရ် | ၃၄၀ |
| အရှင်ဗာကုလမထေရ်ထုံး | ၂၇၈ |
| အရှင်ဘဒ္ဒိယမထေရ်မြတ် | ၃၇၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အရှင်မဟာကဿပအလောင်းအလျာနှင့် | |
| မယ်ဘဒ္ဒါအလောင်းအလျာ | ၅၀၃ |
| အရှင်မဟာမောဂ္ဂလ္လာန် | ၂၂၀, ၄၄၉, ၄၈၃ |
| အရှင်သာရိပုတ္တရာ | ၅၀၃ |
| အရှင်သုနီတအလောင်းရဲ့ မာန်မာန | ၃၅၈ |
| အရှင်သုဘူတိမထေရ် | ၃၀၀ |
| အလုဒ္ဓေါ် | ၄၃၁, ၄၃၂ |
| အလောဘ | ၄၀၉ |
| အလင်းရောင်နှင့် နိမိတ် | ၅၅၀ |
| အလယ်ဇော (၅)တန် | ၁၁၃ |
| အလွန်ရနိုင်ခဲသော အကျိုးထူး | ၃၄၁ |
| အလွန်ရနိုင်ခဲသော အကျိုးထူးတစ်ရပ် | ၃၄၇ |
| အဝိဇ္ဇာ | ၁၂၄, ၄၃၅, ၅၁၇ |
| အဝိဇ္ဇာ၏ အဓိပ္ပာယ် | ၇၃ |
| အဝိဇ္ဇာဆိုတဲ့ မျက်မှန် | ၁၇၆ |
| အဝိဇ္ဇာ, တဏှာ, ဥပါဒါန်အုပ်စု | ၁၉၄ |
| အဝိဇ္ဇာနီဝရဏနှင့် | |
| တဏှာသံယောဇဉ်ကြိုး | ၁၈၀ |
| အဝိဇ္ဇာနှင့် တဏှာ | ၁၂၂ |
| အဝိဇ္ဇာ (= မောဟ)သံယောဇဉ် | ၂၈ |
| အဝိဟာ | ၅၇ |
| အဝီစိငရဲ | ၂၂, ၃၅၇ |
| အသင်္ချေယျတမ်း | ၁၃၀ |
| အသညသတ် | ၅၇ |
| အသမ္မောဟပဋိဝေဓ | ၅၉၅ |
| အဿကဇာတ်တော် | ၄၁ |
| အဿသတိ | ၅၂၃ |
| အဿာသ = ဝင်သက်လေ | ၅၅၈ |
| အဿုတဝါ | ၁၄၀ |
| အသုဘဘာဝနာကမ္မဋ္ဌာန်း | ၂၄၆ |
| အသက်တိုရခြင်း၏ အကြောင်းရင်း | ၂၄၀ |
| အသက်မရှူခြင်း | ၅၆၈ |
| အသက်ရှည်စေတဲ့ ဥပတ္ထမ္ဘကကံ | ၂၆၅ |
| အသက်ရှည်ရခြင်း၏အကြောင်း | ၂၆၀ |
| အသက်ရှူနှေးတာ | ၅၄၅ |
| အသက်ရှူမြန်တာ | ၅၄၅ |
| အဟေတုကဒိဋ္ဌိ | ၃၂၃ |
| အဟောသိ ကမ္မံ အတ္ထိ ကမ္မဝိပါကော | ၁၁၄ |
| အဟောသိ ကမ္မံ အဟောသိ | |
| ကမ္မဝိပါကော | ၁၁၃ |
| အဟောသိ ကမ္မံ န ဘဝိဿတိ | |
| ကမ္မဝိပါကော | ၁၁၅ |
| အဟောသိ ကမ္မံ နတ္ထိ ကမ္မဝိပါကော | ၁၁၄ |
| အဟောသိ ကမ္မံ နာဟောသိ | |
| ကမ္မဝိပါကော | ၁၁၃ |
| အဟောသိ ကမ္မံ ဘဝိဿတိ | |
| ကမ္မဝိပါကော | ၁၁၅ |
| အဟောသိကံ | ၁၈ |
| အဋ္ဌဇနပုဒ် | ၁၀၁ |
| အခြေအရံ နည်းပါးရခြင်း | ၃၀၅ |
| အခြေအရံ များပြားရခြင်း | ၃၁၀ |
| အငုပ်ဓာတ် | ၃၉၅, ၃၉၉ |
| အဖြူပြင်နှင့် အကြည်ပြင် | ၅၇၂ |

[ **အာ** ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| အာကာသဓာတ် | ၃၄၅, ၅၇၃ |
| အာကာသာနဉ္စာယတနစျာန် | ၅၈ |
| အာကိဉ္စညာယတနစျာန် | ၅၈ |
| အာဂန္တုက | ၄၄၆ |
| အာဂမသုတ | ၁၆, ၁၄၀, ၃၃၄ |
| အာဏာ | ၂၁၈ |
| အာဒိတ္တပရိယာယသုတ္တန် | ၃၃, ၃၄ |
| အာနာပါနကျင့်စဉ်အကျဉ်း | ၅၄၀ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| အာနာပါနကျင့်စဉ် ဝိပဿနာပိုင်း | |
| ပထမအဆင့် | ၅၆၉ |
| အာနာပါန - စတုတ္ထစတုက္က | ၆၁၂ |
| အာနာပါန - တတိယစတုက္က | ၆၀၈ |
| အာနာပါန - ဒုတိယစတုက္က | ၆၀၄ |
| အာနာပါန - ပထမစတုက္က | ၆၀၂ |
| အာနာပါန - သမထပိုင်း | ၅၂၃, ၅၂၄, ၅၄၀ |
| အာပေါဓာတ် | ၅၇၁ |
| အာဘဿရာ | ၅၇ |
| အာယူဟနသမင်္ဂီတာ | ၇၈ |
| အာရမ္မဏစိတ္တတာယ | ၂၁၃ |
| အာရမ္မဏပဋိဝေဓ | ၅၉၅ |
| အာရမ္မဏူပနိဇ္ဈာနစျာန် | ၅၅၉ |
| အာရုံရုပ် (၇)ခု | ၅၃၃ |
| အာဝဇ္ဇနဝသီ | ၅၆၄ |
| အာသန္နကံ | ၃၀ |
| အာသနာရဟာသ | ၃၅၁, ၃၆၆ |
| အာသဝက္ခယဉာဏ် | ၃၂၉ |
| အာသဝက္ခယသုတ္တန် | ၆ |
| အာသေဝနပစ္စယသတ္တိ | ၁၅ |
| [ ဣ ] | |
| ဣဒ္ဓိဝိဓဉာဏ် | ၃၂၉ |
| ဣန္ဒြိယေသု ဂုတ္တဒွါရတာ | ၃၃၃ |
| ဣရိယာပုထ် | ၅၄၁ |
| ဣသိဒါသီရဟန္တာထေရီမ၏ | |
| သံဝေဂရဖွယ်ဇာတ်လမ်း | ၄၆၈ |
| ဣဿာ | ၂၀၅, ၄၄၈ |
| ဣဿာမာနက | ၃၀၅ |
| [ ဥ ] | |
| ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂနိမိတ် | ၅၅၅ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| ဥစ္စာကုလိကဇာတေဒင် | ၃၇၁ |
| ဥတ္တမရူပဓရော | ၄၁၅ |
| ဥတ္တရာ | ၁၃ |
| ဥတ္တရာအမျိုးကောင်းသမီး | ၂၉၈ |
| ဥဒ္ဓစ္စသံယောဇဉ် | ၂၈ |
| ဥဒ္ဓံဘာဂိယသံယောဇဉ် | ၂၈ |
| ဥဒယဗ္ဗယဉာဏ် | ၅၃၇, ၅၉၉ |
| ဥပဃာတကကံ | ၆၆, ၆၈ |
| ဥပစာရသမာဓိနယ်မြေ | ၅၆၀ |
| ဥပစ္ဆေဒကကံ = အခြားကံ၏ အကျိုးကို | |
| ကပ်၍ ဖြတ်တတ်သောကံ | ၂၅၃ |
| ဥပဋ္ဌာက | ၆၁ |
| ဥပဋ္ဌာနသမင်္ဂီတာ | ၇၉ |
| ဥပတ္ထမ္ဘကအကြောင်း | ၂၃၆ |
| ဥပတ္ထမ္ဘကကံ | ၆၅, ၆၇, ၂၅၅ |
| ဥပဓိဝိပတ္တိ | ၈, ၅၂, ၂၅၁, ၅၈၂ |
| ဥပဓိဝေက | ၄၈၃ |
| ဥပဓိသမ္ပတ္တိ | ၈, ၅၂, ၅၈၂ |
| ဥပနိသသုတ္တန် | ၆ |
| ဥပနိဿယပစ္စည်း၏ စွမ်းအင် | ၅၀၇ |
| ဥပနိဿယပစ္စယသတ္တိ | ၁၂ |
| ဥပပဇ္ဇဝေဒနီယကံ | ၁၅ |
| ဥပပတ္တိဘဝ | ၇၅ |
| ဥပပီဠကကံ | ၆၅, ၆၈, ၂၅၁ |
| ဥပပီဠကကံနှင့် ဥပဃာတကကံ | ၆၆ |
| ဥပမာဆောင်၍ ထင်ရှားအောင် ပြဆိုပုံ | ၉၂ |
| ဥပမာနှင့် ဥပမေယျ | ၁၈၄ |
| ဥပမာနနှင့် ဥပမေယျ နှီးနှော၍ ပြဆိုပုံ | ၉၃ |
| ဥပရိ | ၄၂ |
| ဥပါဒါနက္ခန္ဓာငါးပါး | ၅၉၅ |
| ဥပါဒါရုပ်များကို သိမ်းဆည်းပုံ | ၅၇၄ |
| ဥပါဒါန် | ၇၃, ၄၁၅, ၅၁၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဥပါဒါန်လေးပါး | ၁၃၄ |
| ဥပါယာသဗဟုလော | ၂၉၁ |
| ဥပေက္ခာ | ၁၃၀, ၂၅၇ |
| ဥပေက္ခာဘာဝနာ | ၂၉၀ |
| ဥပ္ပတ္တိက္ကမ - ပဟာနက္ကမ - ဒေသနာက္ကမ | ၁၅၄ |
| ဥပ္ပါဒ | ၆၀၁ |
| ဥပ္ပါဒနိရောဓ - အနုပ္ပါဒနိရောဓ | ၅၈၇, ၅၈၈ |
| ဥမ္မာဒန္တီ | ၄၃၄ |
| ဥဿဒကိတ္တနကထာပိုင်း | ၄၀၇, ၄၀၉ |
| **[ ဧ ]** | |
| ဧကဂ္ဂတာ | ၅၆၁, ၅၆၄ |
| ဧဟိပဿိကဂုဏ်တော် | ၄၃၄ |
| ဧဟိ ဘိက္ခု | ၃၆၂ |
| **[ ဩ ]** | |
| ဩတ္တပ္ပ | ၃၃၄ |
| ဩပပါတိကပဋိသန္ဓေ | ၄၇၇ |
| ဩဠာရိကရုပ် | ၅၃၃ |
| **[ အံ ]** | |
| အက်တမ် | ၃၈၂ |
| အောင်မြင်သော ပါရမီမျိုးစေ့တစ်ခု | ၃၂၈ |
| အိမ်ရှင်ဘဝင်မနောအကြည်ဓာတ် | ၅၆၁ |
| **[ က ]** | |
| (က) အုပ်စု ကံ (၄)မျိုး | ၈၄ |
| ကဋတ္တာကံ | ၅၀ |
| ကဋတ္တာရုပ် = ကမ္မဇရုပ် | ၆၇ |
| ကဏ္ဍမုဏ္ဍပြိတ္တာအမျိုးသမီး | ၄၆၃ |
| ကဏှ | ၂၆ |
| ကဏှ-ကဏှဝိပါက | ၂၄ |
| ကဏှသုက္က | ၂၆ |
| ကဏှသုက္က-ကဏှသုက္ကဝိပါက | ၂၅ |
| ကပိလငါးကြီး | ၄၇၉ |
| ကပိလရဟန်း | ၄၇၈ |
| ကပိလဝတ်နေပြည်တော် | ၃၇၀ |
| ကမ္ဘာဦးကာလ | ၁၂၉ |
| ကမ္ဘာပျက်ခါနီးပြီဆိုတဲ့ အချိန်ကာလ | ၁၂၆ |
| ကမ္ဘာပျက်ပုံ တည်ပုံ | ၁၂၉ |
| ကမ္ဘာပြုမိုးကြီး | ၁၂၉ |
| ကမ္ဘာ မီးလောင်ချိန် | ၁၂၈ |
| ကမ္မစိတ္တောနေဝ စိတ္တိတာ | ၁၉၀ |
| ကမ္မဋ္ဌာန်း (၂)မျိုး | ၃၈၅ |
| ကမ္မဒါယာဒါ | ၂၃၁ |
| ကမ္မန္တရ - ဝိပါကန္တရ | ၆၉, ၇၀ |
| ကမ္မပစ္စည်း | ၇, ၅၈၁ |
| ကမ္မပ္ပဋိသရဏာ | ၂၃၁ |
| ကမ္မဗန္ဓူ | ၂၃၁ |
| ကမ္မဘဝ | ၇, ၃၄ |
| ကမ္မယောနီ | ၂၃၁ |
| ကမ္မဝဋ် | ၁၉၃, ၅၇၈, ၅၈၄ |
| ကမ္မဝိညာဏ် | ၁၉၀ |
| ကမ္မသတ္တိ | ၅၁၄ |
| ကမ္မသမင်္ဂီတာ | ၇၉ |
| ကမ္မဿကတာသမ္မာဒိဋ္ဌိ | ၁၄ |
| ကမ္မသိဒ္ဓိ ယောနီ | ၁၉၂ |
| ကရုဏာ | ၁၃၀, ၂၂၄, ၂၅၇, ၄၂၂, ၅၁၁ |
| ကရုဏာဘာဝနာ | ၂၉၀ |
| ကလျာဏမိတ္တအရေးကြီးပုံ | ၃၇၇ |
| ကလျာဏသမ္ပဝင်္ကတာ | ၃၇၉ |
| ကဿပဘုရားရှင် | ၄၄၄ |
| ကာကဝလိယသူဌေး | ၁၃ |
| ကာဏာ | ၂၄၉ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ကာမ (၁၁)ဘုံ | ၁၃၁ |
| ကာမဇော (၇)တန် | ၁၇ |
| ကာမရာဂသံယောဇဉ် | ၂၉ |
| ကာမာဝစရကုသိုလ်ကံ | ၅၈ |
| ကာမာဝစရကုသိုလ်သင်္ခါရတရား (၃၄)လုံး | ၁၉၈ |
| ကာမာဝစရနာမ်တရား | ၅၇၄ |
| ကာမုပါဒါန် | ၇၃, ၁၃၅ |
| ကာယ၏အဓိပ္ပာယ် ဖွင့်ဆိုချက် | ၅၆၉ |
| ကာယကံမေတ္တာ | ၄၈၂ |
| ကာယဒုစရိုက် | ၁၂၂ |
| ကာယဒွါရ | ၂၁၂ |
| ကာယပသာဒ | ၅၃၃ |
| ကာယဝတ္ထု | ၂၁၂ |
| ကာယဝိဝေက | ၄၈၃ |
| ကာယာနုပဿနာ အာနာပါနပဗ္ဗ | ၅၂၃ |
| ကာယာနုပဿီ | ၅၂၄ |
| ကာရကအတ္တ | ၁၃၈ |
| ကာလဝိပတ္တိ | ၈, ၅၂, ၂၅၁, ၅၈၂ |
| ကာလသမ္ပတ္တိ | ၈, ၅၂, ၁၀၂, ၅၈၂ |
| ကာလိင်္ဂမင်း၏ မိဖုရားခေါင်ကြီးတစ်ဦး | ၃၀၉ |
| ကာဠုဒါယီ | ၂၂၀ |
| ကိစ္စနှင့်စပ်၍ ကံ (၄)မျိုး | ၆၄ |
| ကိတဝါသ | ၃၅၆ |
| ကိလေသဝဋ္ဋ - ကမ္မဝဋ္ဋ - ဝိပါကဝဋ္ဋ | ၅၉၃ |
| ကုမ္ဘဃောသက | ၄၄၆ |
| ကုဋေတစ်သိန်း | ၁၂၄ |
| ကုဋေပေါင်း (၅၀၀၀)ကျော်ခန့် | ၁၂၄ |
| ကုဏ္ဍာရီ | ၄၄၉ |
| ကုဒ္ဒေါ | ၄၄၂ |
| ကုဗ္ဘီး | ၂၇၀ |
| ကုမ္မောပမာသုတ္တန် | ၃၃၃ |
| ကုလလေးတာ အပြန် (၅၀၀) | ၁၀၇ |
| ကုသိုလ်အကူအညီရလျှင် အပါယ်မချနိုင်ပုံ | ၄၉၈ |
| ကူဋ္ဌကဏ္ဏမင်းကြီး | ၁၁၁ |
| ကူဋ္ဌာဂါရသုတ္တန်တရားတော် ကောက်နုတ်ချက် | ၅၉၅ |
| ကောတလဝါပီရွှာ | ၈၈ |
| ကောခနော | ၂၉၁, ၄၃၃ |
| ကောပ | ၂၉၁ |
| ကောမာရိကဝေဇ္ဇာ | ၂၆၅ |
| ကံကို ကုန်စေတတ်သည့် အရိယမဂ်စေတနာတို့၏ စွမ်းအား | ၂၈ |
| ကံကြောင့် ရရှိတဲ့ ကောင်းကျိုး ဆိုးပြစ် | ၂၁၉ |
| ကံဆန်းကြယ်ပုံအပိုင်း | ၁၂၁ |
| ကံနှင့် ယောနိ - ယောနိနှင့် သတ္တဝါဆန်းကြယ်မှု | ၁၉၁ |
| ကံ (၄)မျိုး | ၂၄၉ |
| ကံသာလျှင် အမွေခံရှိကြတယ် | ၂၃၁ |
| ကံဟူသည်မှာ | ၂၀၃ |
| ကောက်ကျစ်စဉ်းလဲတဲ့ ကျေးရွာတရားသူကြီး | ၄၆၇ |
| ကပ်ပြီး ညှဉ်းပန်းနှိပ်စက်တတ်တဲ့ ဉပပီဠကကံ | ၃၁၂ |
| ကပ်၍ ဖြတ်တတ်သောကံ | ၂၅၀ |
| ကိုယ်အကြည် | ၅၃၃ |
| ကြံတိုင်းအောင် ဆောင်တိုင်းမြောက် | ၂၅၇ |
| ကြိတ်ခြေပစ်ချင်တဲ့စိတ်ထား | ၄၃၃ |
| ကျွန်းကိုင်းမှီ - ကိုင်းကျွန်းမှီ | ၂၆၁ |

[ ခ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| (ခ) အုပ်စု ကံ (၄)မျိုး | ၈၈ |
| ခဏတော ဥဒယဗ္ဗယ | ၅၇၇ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ခဏိကစိတ္တေကဂ္ဂတာ = ခဏိကသမာဓိ | ၆၁၀ |
| ခန္တိဝါဒီရသေ့ကြီး | ၄၇၂ |
| ခန္ဓပရိနိဗ္ဗာန် | ၁၇၄ |
| ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် သမာဓိသုတ္တန် | ၅၃၅ |
| ခန္ဓာငါးပါးဆိုတဲ့ ချည်တိုင် | ၄၃၇ |
| ခန္ဓာ (၅)ပါးလုံးအပေါ်၌ စွဲယူမှု | ၁၅၀ |
| ခယ-ဝယ-ဘေဒ-နိရောဓသဘော | ၆၀၇ |
| ခီလေ | ၁၇၆ |
| ခိုးသားဓားပြတွေရဲ့ ဝန်းရံခံနေရတဲ့ ယောက်ျား | ၄၉၉ |
| ခုဇ္ဇာ | ၂၄၉ |
| ခေတ္တရပ်နားကြည့်ပါ | ၃၃၂ |
| ခေတ္တရပ်နား၍ စဉ်းစားကြည့်ပါ | ၉၀ |
| ခေါင်းဆောင်ကြီး သုံးဦး | ၁၉၄ |
| ခြကိုပုံပြု ပျားလိုစုရမယ် | ၂၃၃ |
| ခြေရင်းအလုပ်အကျွေး | ၄၄၀ |
| ခြုံငုံ၍ တစ်ကိုယ်လုံးကို ကြည့်ပါ | ၅၇၁ |

## [ ဂ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| (ဂ) အုပ်စု ကံ (၄)မျိုး | ၉၃ |
| ဂင်္ဂါမြစ် | ၄၇၃ |
| ဂတပစ္စာဂတကျင့်ဝတ် | ၂၈၀ |
| ဂတိ | ၃၆ |
| ဂတိဝိပတ္တိ | ၈, ၅၂, ၂၅၁, ၅၈၂ |
| ဂတိသမ္ပတ္တိ | ၈, ၅၂, ၅၈၂ |
| ဂဒ္ဒုလဗဒ္ဓသုတ္တန် | ၃၆၄, ၄၁၃ |
| ဂဒ္ဒူဟနမတ္တမ္ပိ | ၂၇၈ |
| ဂန္ဓာရုံ | ၅၃၃ |
| ဂဗ္ဘပရိဟာရော | ၂၄၉ |
| ဂမ္ဘီရစိန္တကာ | ၆၂၁ |
| ဂရုကကံ | ၂၀ |
| ဂရုကာတဗ္ဗံ | ၃၅၁ |
| ဂဟပတိသူဌေးသူကြွယ် | ၂၆၈ |
| ဂါဝီဥပမာသုတ္တန် | ၃၈၉ |
| ဂါဟ | ၃၃ |
| ဂုဏာတိရေကတာ | ၁၀ |
| ဂူအတွင်း၌ ကျောက်တုံးဖြင့် ပိတ်ဆို့ခံရတဲ့ ရဟန်း | ၂၂၂ |
| ဂူထပါဏဇာတ် | ၄၁၆ |
| ဂေါတြဘုဉာဏ် | ၂၈၀ |
| ဂေါမဏ္ဍလေ | ၂၄၉ |

## [ ဃ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| (ဃ) အုပ်စု ကံ (၄)မျိုး | ၉၆ |
| ဃဋီကာရဗြဟ္မာကြီး | ၆၁ |
| ဃရာဝါသ သမ္ဗာဓ | ၆၂၁ |
| ဃာနဒွါရ | ၂၁၂ |
| ဃာနပသာဒ | ၅၃၃ |
| ဃာနဝတ္ထု | ၂၁၂ |

## [ င ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ငါးကမ္ဘာတိတိ | ၄၇၅ |
| ငါးရာ့ငါးဆယ် ဇာတ်နိပါတ်တော် | ၄၇၀ |

## [ စ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| စက္ကဝတ္တိဓီတာ | ၅၁၃ |
| စက္ခုဒွါရ | ၂၁၂ |
| စက္ခုပသာဒ | ၅၃၃ |
| စက္ခုဝတ္ထု | ၂၁၂ |
| စကားဝါပန်း | ၄၃၈ |
| စဏ္ဍာလီအမယ်အို | ၃၆၇ |
| စတုက္ကနည်း | ၂၀၄ |
| စတုတ္ထဈာန်သမာဓိ | ၅၂၈, ၅၆၇ |
| စတုသစ္စသမ္မာဒိဋ္ဌိဉာဏ် | ၉၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| စရဏတရား (၁၅)ပါး | ၃၃၂ |
| စရဏ ပန်းချီကားချပ် | ၁၈၆ |
| စရဏပန်းချီကားချပ်ထက် ပိုပြီးဆန်းကြယ်တဲ့စိတ် | ၁၈၇ |
| စရဏမျိုးစေ့ကောင်း | ၂၇၉, ၃၃၂ |
| စရဏမျိုးစေ့ဖြစ်တဲ့ ဝိပဿနာ | ၃၃၆ |
| စာမရီသား မြီးဖျားခုံမင် ပုံအသွင်သို့ | ၆၂၁ |
| စိတ္တကာရကော | ၂၂၃ |
| စိတ္တနိယာမလမ်းကြောင်း | ၃၃၁ |
| စိတ္တဝိဝေက | ၄၈၃ |
| စိတ္တဝိသုဒ္ဓိ | ၅၃၉ |
| စူဠကမ္မဝိဘင်္ဂသုတ္တန် | ၂၂၆, ၂၃၁, ၂၄၉ |
| စူဠကောကာလိက | ၄၈၃ |
| စူဠဓမ္မပါလသတို့သား | ၄၇၁ |
| စူဠပိဏ္ဍပါတိကတိဿမထေရ် | ၄၉၄ |
| စူဠသုဓမ္မမထေရ် | ၁၁၀ |
| စူဠသုဘဒ္ဒါ | ၄၅၅ |
| စေတနာမဟတ္တံ | ၁၀ |
| စေတနာသမင်္ဂီတာ | ၇၈ |
| စေတနာသုတ္တန် | ၃၃၆, ၃၉၄ |
| စေတောပဏိဓိ | ၂၅၈, ၄၄၂ |
| စေတောပရိယဉာဏ် | ၃၂၉ |
| စောရိယအိုင် | ၁၀၁ |
| "စံ"ထားထိုက်တဲ့ ထုံးတစ်ခု | ၃၇၀ |
| စဉ်းစားဝေဖန်ကြည့်ပါ | ၂၈၉ |
| စည်းစိမ်ဥစ္စာတွေရဲ့ တိုးတက်မှု | ၂၆၇ |
| စည်းစိမ်ဥစ္စာ နည်းပါးရခြင်း = ဆင်းရဲရခြင်း | ၃၂၂ |
| စည်းစိမ်များပြားရခြင်း | ၃၂၆ |
| စိတ်ဆန်းကြယ်လို့ သတ္တဝါတွေ ဆန်းကြယ်တယ် | ၁၉၀ |
| စိတ်ဓာတ်၏ စွမ်းအင် | ၁ |
| စိတ်ဓာတ်ကို ပြုပြင်ပြောင်းလဲပုံ နည်းစနစ်ကောင်းများ | ၄၂၂ |
| စိတ်ဓာတ်တွေ ညစ်နွမ်းရင် သတ္တဝါတွေ ညစ်နွမ်းကြရတယ် | ၁၈၂ |

[ ဆ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဆတ္တာသည် ဥပါလိ | ၃၆၉ |
| ဆဒ္ဒန်ဆင်မင်းဇာတ် | ၄၅၅ |
| ဆန္ဒ | ၄၅ |
| ဆန္ဒောဝါဒသုတ္တန် | ၅၃၄ |
| ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ရန် နည်းလမ်း | ၁၇၁ |
| ဆုတ်ကပ်နှင့် တက်ကပ် | ၁၃၀ |

[ ဇ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဇမ္ဗုရမြစ် | ၁၀၂ |
| ဇနကအကြောင်း | ၃၉၈ |
| ဇနကကံ | ၆၄, ၆၇, ၂၅၀ |
| ဇနကကံနှင့် ဥပတ္ထမ္ဘကကံ | ၂၅၅ |
| ဇမ္ဗုကမထေရ်အလောင်း | ၄၄၄ |
| ဇာဂရိယာနုယောဂ | ၃၃၃ |
| ဇာဏုသောဏိပုဏ္ဏားကြီးရဲ့ မေးခွန်း | ၂၇၀ |
| ဇာဏုသောဏိသုတ္တန် | ၂၇၀ |
| ဇာတိဿရဉာဏ် | ၄၅၄ |
| ဇာနိဠ | ၂၂၀ |
| ဇိတဒွါရ | ၂၁၂ |
| ဇိတပသာဒ | ၅၃၃ |
| ဇိတဝတ္ထု | ၂၁၂ |
| ဇိဝအတ္တ | ၁၃၇, ၁၃၈ |
| ဇေတဝန်ကျောင်းတိုက် | ၂၂၀ |
| ဇောနှင့် ဆင်ခြင်တာ | ၅၆၅ |
| ဇော (၇)ကြိမ် | ၁၉၄ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| [ ဈ ] | |
| ဈာန်အင်္ဂါ ငါးပါး | ၅၆၁, ၅၆၃ |
| ဈာန်အဘိညာဏ် | ၄၄၁ |
| ဈာန်ကုသိုလ် | ၁ |
| ဈာန်ကံတရားတို့၏ အကျိုးကွာခြားပုံ | ၂၀၄ |
| ဈာန်ရ တိဟိတ်ပုထုဇန် | ၃၃၆ |
| [ ဌ, ဍ ] | |
| ဌိတိ | ၆၀၁ |
| ဍယှတိ | ၁၂၇ |
| [ တ ] | |
| တဏှာ | ၄၅, ၇၃, ၄၃၅, ၅၁၇ |
| တဏှာစွဲ | ၅၃၄ |
| တဏှာတည်းဟူသော ကြိုး | ၄၃၇ |
| တဏှာဒဠှတ္တ | ၁၃၅ |
| တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်၏ | ၁၃၄ |
| တတိယဈာန်သမာဓိ | ၅၆၆ |
| တတိယဈာန်သုံးဘုံအထိ | ၁၃၁ |
| တတိယပါရာဇိကပါဠိတော်၌ လာရှိကြသည့် ရဟန်းတော် (၅၀၀) | ၂၄၄ |
| တတိယယာမ်၌ အာသဝက္ခယဉာဏ် | ၃၆၂ |
| တပ | ၃၆၅ |
| တမ္ဗဒါဌိက လူသတ်သမားကြီး | ၃၀ |
| တရားတော်၏ နက်နဲမှု | ၃၃၀ |
| တရားဒေသနာတော်နိဂုံး | ၆၂၁ |
| တရားပုဒ်အစုတွေ ပေါ်လောပေါ်နေပါတယ် | ၃၉၈ |
| တိက္ခပည | ၃၄၂ |
| တိတ္ထာယတနသုတ္တန် | ၇၂ |
| တိပိဋကဓရ စူဠနာဂမထေရ် | ၁၁၁ |
| တိပိဋကဓရ ဝတ္တဗ္ဗကနိဂြောဓ | ၁၀၉ |
| တိရစ္ဆာန်တွေဆန်းကြယ်တာထက် ပိုဆန်းကြယ်တဲ့စိတ် | ၁၈၉ |
| တိဝိဓဂ္ဂိဟိ | ၃၄၀ |
| တိဿဝါပိ | ၁၀၁ |
| တိဿသတို့သား | ၄၉၃ |
| တုဒိရွာ | ၂၃၂ |
| တေဇော | ၅၃၃, ၅၅၂ |
| တေပရိဝဋ္ဋဓမ္မဒေသနာ | ၅၃၀ |
| တောဒေယျပုဏ္ဏားကြီး | ၂၃၂ |
| တောဒေယျပုဏ္ဏားကြီးရဲ့ ဆုံးမစကား | ၂၃၃ |
| တောက်ဆွဲခံနေရသော ဘဝ | ၁၃၃, ၁၇၆ |
| တိုက်တွန်းပါရစေ | ၁၆၁ |
| တိုင်ငုတ်မှာ သို့မဟုတ် ချည်တိုင်မှာ ကြိုးချည်ခံထားရတဲ့ဘဝ | ၁၇၇ |
| တောင်ထိပ်ပွဲ | ၄၃၄ |
| တစ်အသင်္ချေနှင့် ကမ္ဘာတစ်သိန်း | ၃၄၃ |
| တစ်ကမ္ဘာ | ၁၃၁ |
| တစ်ဆယ်အထိ ရေတွက် | ၅၄၄ |
| တစ်ထိုင် နှစ်ထိုင်အတွင်း | ၅၄၅ |
| တစ်နည်း ကံလေးမျိုး အယူအဆ | ၆၇ |
| တစ်နောက်မှာ သုညအလုံးပေါင်း(၁၄၀) | ၄၇၀ |
| [ ထ ] | |
| ထဒ္ဓ | ၃၅၅ |
| ထမ္ဘော | ၁၇၆ |
| ထုလ္လနန္ဒာဘိက္ခုနီမ၏ လောဘ | ၄၉၂ |
| ထူးဆန်းတဲ့ သတင်းသုံးခု ဘုရားရှင်ထံတော်သို့ ရောက်ရှိလာခြင်း | ၂၂၀ |
| ထောက်ရာတည်ရာကို ပေးစွမ်းနိုင်သော ဉာဏ်အမြင် | ၆၃ |
| ထန်းလုံးပမာဏခန့် | ၁၄ |
| ထန်းသီးကြွေခိုက် ကျီးနင်းခိုက် | ၁၃၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဒ ] | |
| ဒက္ခိဏာဝိဘင်္ဂသုတ္တန် | ၃၂၇ |
| ဒတ္တာဘယမထေရ် | ၄၂၆ |
| ဒန္ဓော = ဉာဏ်ပညာနှံ့နှေးတဲ့ ပုဂ္ဂိုလ် | ၄၂၇ |
| ဒမ | ၃၆၅ |
| ဒယာပန္နော | ၂၆၀ |
| ဒါနချင်း မတူညီတဲ့အတွက် အကျိုးပေး မတူညီပုံ | ၂၅၇ |
| ဒါနရဲ့စွမ်းအင် | ၂၇၅ |
| ဒါနဝတ် | ၉၈ |
| ဒါနူပပတ္တိသုတ္တန် | ၂၅၇, ၂၇၅ |
| ဒါပေမဲ့ဆိုတဲ့ ကွက်လပ်ကလေး | ၁၂၅ |
| ဒါရုက္ခန္ဓောပမသုတ္တန် | ၄၉၈ |
| ဒိဋ္ဌဓမ္မဝေဒနီယကံ | ၁၀ |
| ဒိဋ္ဌမင်္ဂလာ | ၁၅၅ |
| ဒိဋ္ဌိ၏ သဘောတရား | ၁၅၆ |
| ဒိဋ္ဌိစွဲ | ၅၃၄ |
| ဒိဋ္ဌိဆိုတဲ့ "တောက်"ကြီး | ၄၃၇ |
| ဒိဋ္ဌိယာ သုပ္ပဋိဝိဒ္ဓါ | ၃၃၅ |
| ဒိဋ္ဌုပါဒါန် | ၁၃၅ |
| ဒိဗ္ဗစက္ခုဉာဏ် | ၃၂၉ |
| ဒိဗ္ဗသောတဉာဏ် | ၃၂၉ |
| ဒိဗ္ဗာရမ္မဏမ္ပိ | ၄၃၀ |
| ဒီဃ | ၅၄၁, ၆၀၃ |
| ဒီဃနခသုတ္တန် | ၃၂၄ |
| ဒီဃသောမမထေရ် | ၃၂၇ |
| ဒီဃာယုက | ၂၃၇, ၃၄၂ |
| ဒီဃော ဗာလာန သံသာရော | ၁၂၂ |
| ဒီပမင်း၏ ဝတ္ထု | ၉၄ |
| ဒုက္ခအပေါင်းမှ မလွတ်မြောက်နိုင်ပုံ | ၁၇၀ |
| ဒုက္ခအရိယသစ္စာ | ၄, ၅ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဒုက္ခနိရောဓအရိယသစ္စာ | ၄, ၅ |
| ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စာ | ၄, ၅ |
| ဒုက္ခပေးနေတဲ့ တရားနှစ်ခု | ၁၂၃ |
| ဒုက္ခသစ္စာ | ၅၂၉ |
| ဒုက္ခသစ္စာနှင့် သမုဒယသစ္စာ | ၅ |
| ဒုက္ခသမုဒယအရိယသစ္စာ | ၄ |
| ဒုက္ခာနုပဿနာဉာဏ် | ၁၂၃ |
| ဒုက္ခာနုပဿနာဉာဏ် | ၅၃၄ |
| ဒုဋ္ဌကုမာရမင်းသား | ၃၅၆ |
| ဒုဋ္ဌော | ၄၂၁, ၄၂၈ |
| ဒုတိယက္ကသိဒတ္တသုတ္တန် | ၁၅၂ |
| ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် | ၆၁၇ |
| ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် (နောက်ပိုင်း) | ၅၂၇ |
| ဒုတိယဂဒ္ဒုလဗဒ္ဓသုတ္တန် (ရှေ့ပိုင်း) တရားဒေသနာတော် | ၁၇၅ |
| ဒုတိယဈာန်သမာဓိ | ၅၆၅ |
| ဒုတိယဈာန်သုံးဘုံ | ၁၃၁ |
| ဒုတိယဗလဉာဏ်တော် | ၈၀ |
| ဒုတိယယာမ်၌ ဒိဗ္ဗစက္ခုဉာဏ် | ၃၆၂ |
| ဒုပ္ပည | ၂၃၈, ၃၈၀ |
| ဒုဗ္ဗဏ္ဏ | ၂၃၇, ၂၉၃ |
| ဒုဿပဋ္ဋေ | ၂၂၃ |
| ဒုဿီလျအကုသိုလ်ကံ | ၂၂ |
| ဒူရ | ၅၂၉, ၅၃၃ |
| ဒေသနာက္ကမ | ၁၅၅ |
| ဒေသနာတော်နိဂုံး | ၅၂၄, ၅၂၇ |
| ဒေသသမ္ပတ္တိ | ၁၀၂ |
| ဒေဿာ | ၅၀၉ |
| ဒေါမနဿဝေဒနာရဲ့ စွမ်းအား | ၄၁၀ |
| ဒေါသ | ၄၀၉ |
| ဒေါသရဲ့ စွမ်းအား | ၄၁၀ |
| ဒေါ်ဆာဝါ (= ဒေါ်စာပါ) | ၅၉ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| ဒွါရ (၆)ပါး | ၂၁၂, ၃၄၄ |
| ဒွါရစိတ္တတာယ | ၂၁၂ |
| ဒွန်းစဏ္ဍား | ၃၆၇ |
| [ ဓ ] | |
| ဓမ္မကထိကနတ်သား ဟောကြားတဲ့ တရားကို နာကြားရလျှင် | ၄၀၁ |
| ဓမ္မကထိကရဟန်းတော် ဟောကြားတဲ့တရားကို နာကြားရလျှင် | ၄၀၁ |
| ဓမ္မဋ္ဌိတိဉာဏ် | ၅၉၀, ၅၉၈ |
| ဓမ္မဓဇဇာတ်တော် | ၃၅၆ |
| ဓမ္မိကတာ | ၁၀ |
| ဓမ္မိယလဒ္ဓ | ၄၆၀ |
| ဓာတုဝိဘင်္ဂသုတ္တန် | ၃၈၅ |
| ဓားပန်းကစား | ၄၇၁ |
| ဓားမကြီးတစ်လက် | ၄၄၉ |
| ဓေနုယော | ၂၆၅ |
| ဓာတ်ကမ္မဋ္ဌာန်းအကျဉ်းနည်း | ၅၇၀ |
| ဓာတ်ကမ္မဋ္ဌာန်းအရေးကြီးပုံ | ၃၈၄ |
| ဓာတ်တော်မွေတော် | ၄၇၆ |
| ဓာတ် (၆)မျိုး | ၄၁၁ |
| [ န ] | |
| နကုလပိတာနှင့် နကုလမာတာ | ၅၀၅ |
| နင်္ဂေါ | ၄၅၀ |
| နဋ္ဌော ဝတာယံ သတ္တော | ၃၅၇ |
| နတ္ထိကဒိဋ္ဌိ | ၃၂၃ |
| နတ္ထိကဒိဋ္ဌိသမားကြီး နန္ဒက | ၁၅၉ |
| နန္ဒမူလိုဏ်ဂူ | ၃၅၇, ၅၁၀ |
| နန္ဒိယမျောက်မင်း | ၄၇၁ |
| နာနာက္ခဏိက | ၅၈၃ |
| နာနာက္ခဏိကကမ္မပစ္စယ | ၇ |
| နာနာက္ခဏိကကမ္မသတ္တိ | ၅၈၁ |
| နာနာက္ခဏိကကမ္မ၏ စွမ်းအင် | ၇ |
| နာမည်ကျော် ဥပကကြီး | ၅၉ |
| နာမည်ကျော် ပဋာစာရီ | ၂၉၄ |
| နာမရူပပရိစ္ဆေဒဉာဏ် | ၆၃, ၅၇၅, ၅၉၈ |
| နာမရူပဝဝတ္ထာန | ၅၇၅, ၅၉၀, ၆၀၄ |
| နာမဝိရာဂသညာဘာဝနာ | ၅၇ |
| နားအကြည် | ၅၃၃ |
| နားလည်သဘောပေါက်နိုင်တဲ့ ပုံစံများ | ၂၀၇ |
| နိဒါနကထာ - အကြောင်းပြစာတမ်းလွှာ | ၁ |
| နိဒါနဝဂ္ဂသံယုတ် | ၃၃၆ |
| နိမိကုမ္ဘိယော | ၂၆၅ |
| နိဗ္ဗုတ္တနိဗ္ဗုတ္တဋ္ဌာနေ | ၄၃၉ |
| နိဗ္ဗုတ္တိလက္ခဏာ | ၅၇၈, ၅၉၇ |
| နိဗ္ဗိန္ဒဉာဏ် | ၅၃၈, ၆၂၀ |
| နိမိတ္တ | ၆၀၁ |
| နိမိတ္တဂ္ဂါဟ | ၃၃ |
| နိမိတ် | ၅၅၈ |
| နိမိတ်အမျိုးမျိုး | ၅၅၃ |
| နိမိတ်ကို မကစားပါနှင့် | ၅၅၃ |
| နိမိတ်ဆိုတာ ဘာလဲ? | ၅၅၁ |
| နိယတဗျာဒိတ်စကား | ၅၀၁ |
| နိယတမိစ္ဆာဒိဋ္ဌိ | ၃၂၃ |
| နိယတမိစ္ဆာဒိဋ္ဌိအဆင့်သို့ ရောက်ရှိသွားပုံ | ၁၅၈ |
| နိယတမိစ္ဆာဒိဋ္ဌိကံ | ၂၁ |
| နိယတမိစ္ဆာဒိဋ္ဌိသမား | ၁၅၇ |
| နိရယံ | ၂၄၂ |
| နိရောဓသေမာပတ် | ၅၁၀ |
| နိရောဓာနုပဿနာ | ၆၁၃ |
| နိဝါသီအတ္တ | ၁၃၉ |
| နိဟိတသတ္တော | ၂၆၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| နိစကုလိနာ | ၂၃၈ |
| နိစံ မနံ | ၃၆၄ |
| နီဝရဏရန်သူ | ၅၆၅ |
| နီးကပ်နေတဲ့ ရုပ်တရား | ၅၃၄ |
| နော ဟေတံ ဘန္တေ | ၅၃၀ |
| နို့ယနာထမင်း | ၂၃၅ |
| နေခုနစ်စင်း ထွက်လာပြီ | ၁၂၈ |
| နေငါးစင်းထွက်လာ | ၁၂၇ |
| နေထိုင်မှုစနစ် | ၂၆၂ |
| နေဝသညာနာသညာယတနစျာန် | ၅၈ |
| နံပါတ် (၁) သဟဇာတဓမ္မ (= အတူဖြစ်သောတရား)တို့၏ ဆန်းကြယ်မှုကြောင့် ကံဆန်းကြယ်တယ် | ၁၉၃ |
| နံပါတ် (၂) တည်ရာဘုံ ဆန်းကြယ်ရင်လည်း ကံတွေ ဆန်းကြယ်ကြတယ် | ၂၁၀ |
| နံပါတ် (၃) မိုရာဝတ္ထုရုပ် ဆန်းကြယ်ရင်လည်း ကံဆန်းကြယ်တယ် | ၂၁၁ |
| နံပါတ် (၄) ဒွါရတွေ ဆန်းကြယ်ရင်လည်း ကံတွေ ဆန်းကြယ်ပြန်တယ် | ၂၁၂ |
| နံပါတ် (၅) အာရုံတွေ ဆန်းကြယ်ရင်လည်း ကံတွေ ဆန်းကြယ်ကြပြန်တယ် | ၂၁၃ |
| နံပါတ် (၆) လိင်-သညာ-ဝေါဟာရ စသည်တို့ ကွဲပြားရင်လည်း ကံတွေက ဆန်းကြယ်ကြပြန်တယ် | ၂၁၅ |
| နောက်ဆုံးဘဝ ရဟန်းပြုတော်မူခြင်း | ၃၀၂ |
| နတ်ပြည်ခြောက်ထပ် | ၂၅၈ |
| နာမ်တရားများကို ပရမတ်သို့ ဆိုက်အောင် ရှုလိုပါက | ၃၈၆ |
| နာမ်တရားများကို သိမ်းဆည်းပုံ | ၅၇၄ |
| နွားချေးပိုး | ၄၃ |
| နွားမှဖြစ်သော အရသာ (၅)မျိုး | ၈၉ |
| နှာခေါင်း အကြည် | ၅၃၃ |
| နှစ်အသင်္ချေတိုင်တိုင် | ၄၇၀ |

[ ပ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ပကတူပနိဿယ | ၅၀၇ |
| ပစ္စက္ခဉာဏ် | ၇ |
| ပစ္စယအကြောင်း | ၂၃၆ |
| ပစ္စယတော ဉဒယဒဿနံ | ၅၇၇ |
| ပစ္စယပရိဂ္ဂဟ | ၆၀၄ |
| ပစ္စယပရိဂ္ဂဟဉာဏ် | ၆၃, ၂၂၃, ၅၈၆, ၅၉၈, ၅၉၉ |
| ပစ္စဝေက္ခဏာဇော | ၅၆၅ |
| ပစ္စဝေက္ခဏာဝသီ | ၅၆၅ |
| ပစ္စုဒ္ဓာတပွဲ | ၃၅၁, ၃၆၆ |
| ပစ္စုပ္ပန်ခန္ဓာငါးပါး | ၅၉၈ |
| ပစ္စုပ္ပန်ရုပ်တရား | ၅၃၂ |
| ပစ္စေကဗောဓိဉာဏ် | ၂၇၅, ၄၇၀ |
| ပစ္ဆိမဘဝိက | ၆၂, ၂၈၀ |
| ပဉ္စကနည်း | ၅၆၅ |
| ပဉ္စပညာသ ဝဿာနိ | ၄၅၀, ၄၅၁ |
| ပဉ္စသီလသမာဒါနိယမထေရ် | ၃၂၈ |
| ပဉ္စာတပအကျင့် | ၁၅၇ |
| ပဉ္စာနန္တရိယကံ | ၂၀ |
| ပညဝန္တော | ၂၃၈ |
| ပညဝါ | ၄၁၄, ၄၁၆, ၄၂၆, ၄၃၂, ၄၃၃ |
| ပညာဉာဏ်ကြီးမားတဲ့ ပုဂ္ဂိုလ် ဖြစ်ရခြင်း | ၃၈၁ |
| ပညာဉာဏ်နည်းပါးတဲ့ ပုဂ္ဂိုလ် ဖြစ်ရခြင်း | ၃၇၂ |
| ပညာမျက်စိကာဏ်းနေတဲ့ ပုထုဇန်ငမိုက်သားရဲ့အမြင် | ၁၇၈ |
| ပဋိဃသံယောဇဉ် | ၂၉ |
| ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်နည်းအရ အကြောင်းသမုဒယသစ္စာနှင့် အကျိုးဒုက္ခသစ္စာ | ၅ |
| ပဋိနိဿဂ္ဂါနုပဿီ | ၆၁၄ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ပဋိဘာဂနိမိတ် | ၅၅၁ |
| ပဋိလောမပဋိစ္စသမုပ္ပါဒ် | ၅၉၄ |
| ပဋိဝေဓဉာဏ် | ၉၁ |
| ပဋိသမ္ဘိဒါဉာဏ် | ၂၈၀, ၃၁၄, ၃၃၀, ၃၄၉ |
| ပဋိသမ္ဘိဒါဉာဏ်တို့ သန့်ရှင်းရန် အကြောင်းအင်္ဂါရပ် | ၃၄၉ |
| ပဋိသမ္ဘိဒါမဂ္ဂ | ၅၄၆ |
| ပဋိသမ္ဘိဒါမဂ္ဂအဋ္ဌကထာ | ၃၉၇ |
| ပဋိသမ္ဘိဒါမဂ္ဂပါဠိတော် | ၃၃၈ |
| ပဋိသမ္ဘိဒါမဂ္ဂပါဠိတော်၏ မိန့်ဆိုချက် | ၅၅၇ |
| ပဋိသမ္ဘိဒါမဂ်ပါဠိတော်နည်း | ၁၁၃ |
| ပဏီတစျာန် | ၅၇ |
| ပဏီတံ | ၅၃၃ |
| ပတိဋ္ဌိယတ | ၄၅၅ |
| ပထမဂဒ္ဒုလဗဒ္ဓသုတ္တန် | ၁၂၁ |
| ပထမဇောစေတနာစွမ်းအား | ၁၃ |
| ပထမစျာန်သမာဓိ | ၅၅၉ |
| ပထမစျာန်သုံးဘုံအထိ | ၁၃၀ |
| ပထမယာမ်၌ ပုဗ္ဗေနိဝါသာ-နုဿတိဉာဏ် | ၃၆၂ |
| ပထဝီဓာတ် | ၁၄၃, ၅၇၀ |
| ပဒုမုတ္တရဘုရားရှင် | ၃၀၀, ၃၇၁ |
| ပဒုမ္မာကြာပန်း | ၄၅၆ |
| ပဘဿရံ | ၅၆၂ |
| ပဘာဝတီအလောင်း | ၄၃၈ |
| ပယောဂဝိပတ္တိ | ၈, ၅၂, ၂၅၁, ၅၈၂ |
| ပယောဂသမ္ပတ္တိ | ၈, ၅၂, ၅၈၂ |
| ပရတောဃောသ | ၃၄၈ |
| ပရဒါရကံ | ၄၆၈ |
| ပရမအတ္ထ | ၁၃၇ |
| ပရမတ္ထ = ပရမအတ္ထ | ၁၃၈ |
| ပရမတ္ထဉာဏ်ပညာမျက်စိ | ၁၉၅ |
| ပရမတ္ထမဉ္ဇူသာ | ၅၈၇ |
| ပရမတ္ထသစ္စာနယ် | ၄၃၅ |
| ပရဝါဒ | ၁၆၆ |
| ပရိညာ (၃)ပါး | ၃၈၇ |
| ပရိတ္တစျာန် | ၅၇ |
| ပရိတ္တသုဘာ | ၅၇ |
| ပရိတ္တာဘာ | ၅၇ |
| ပရိပုဏ္ဏ | ၃၅၀ |
| ပရိဘာသကော | ၄၇၉ |
| ပရိယတ္တိဆိုတာက | ၃၄၉ |
| ပရိယောသာနေ | ၅၁၄ |
| ပရိဠာဟ | ၄၅ |
| ပဝတ္တ | ၆၀၁ |
| ပသာဒရုပ် (၅)မျိုး | ၃၄၃ |
| ပဿမ္ဘယ | ၅၄၁, ၆၀၃ |
| ပဿသတိ | ၅၂၃ |
| ပဿာသ = ထွက်သက်လေ | ၅၅၈ |
| ပဟာနက္ကမ | ၁၅၅ |
| ပါကဒါနပရိယာယ = အကျိုးပေးရာ အလှည့်အကြိမ် အစဉ်အားဖြင့် ကံ (၄)မျိုး | ၂၀ |
| ပါဏိနာ | ၂၈၂ |
| ပါဒကစျာန် | ၃၄၃ |
| ပါဒပရိစာရိက | ၄၄၀, ၄၅၄ |
| ပါပသ္မိံ ရမတိ မနော | ၄၀၄ |
| ပါရမီရင့်ညောင်းရင် | ၅၄၅ |
| ပါးစပ်က မကောင်းတဲ့အနံ့ | ၄၈၀ |
| ပိတုဃာတကကံ | ၂၀ |
| ပိတုမဟာရာဇာ | ၁၀၂ |
| ပိပါသ | ၄၅ |
| ပီတိ | ၅၆၁, ၅၆၄ |
| ပုဏ္ဏသီဟသူဌေး | ၁၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ပုဏ္ဏားကြီးရဲ့ ထပ်ဆင့်မေးခွန်းများ | ၂၇၂ |
| ပုဏ္ဏားပျက်တစ်ဦး | ၃၁၀ |
| ပုထုဇ္ဇနော ဥမ္မတ္တကော | ၃၇၂ |
| ပုထုဇန်ငမိုက်သား၏ ဘဝ | ၁၄၀ |
| ပုထုဇန်ငမိုက်သား ရေးဆွဲနိုင်တဲ့ ပန်းချီကားချပ် | ၂၂၅ |
| ပုထုဇန်ငမိုက်သားရဲ့ ဣရိယာပုထ် လေးပါး | ၁၈၀ |
| ပုပ္ဖသဒိသော | ၅၁၄ |
| ပုဗ္ဗစေတနာ | ၂၅၄ |
| ပုဗ္ဗယောဂ | ၂၈၀, ၂၈၇, ၃၀၂, ၃၅၀ |
| ပုဗ္ဗဟေတု နိယာမေတိ | ၄၁၁ |
| ပုဗ္ဗာ ကောဋ္ဋိ န ပညာယတိ | ၁၂၁ |
| ပုဗ္ဗေနိဝါသာနုဿတိဉာဏ် | ၃၂၉ |
| ပူဇေတဗ္ဗံ | ၃၆၆ |
| ပူတိဂတ္တတိဿမထေရ် | ၂၈၃ |
| ပူတိဂတ္တတိဿမထေရ်မြတ်ကြီး၏ အတိတ်ဇာတ်ကြောင်း | ၂၈၅ |
| ပေမ | ၄၅ |
| ပန်းချီကားချပ်ကို ရေးဆွဲနေချိန် | ၂၂၃ |
| ပန်းမှိုက်သွန် | ၃၅၉ |
| ပုံစံ တစ်ခု | ၁၄၉ |
| ပျားလူးမြက်အပေါ်မှာ တွယ်တာ တပ်မက်တဲ့ လောဘ | ၄၉၆ |
| ပြဿနာ (၁၄)ချက် | ၂၃၇ |
| ပြိတ္တာဘဝတစ်မျိုးသာ | ၂၇၂ |
| ပြီးသေ သေကြရသည့် ပုဂ္ဂိုလ် (၄)မျိုး | ၅၀ |
| ပြီးသေနှင့် မဲ့သေ | ၄၄ |

[ ဖ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဖုဋ္ဌဖုဋ္ဌောကာသ | ၅၄၇ |
| ဖုဿဘုရားရှင် | ၄၇၆, ၄၇၇ |
| ဖောဋ္ဌဗ္ဗာရုံ | ၅၃၃ |
| ဖြူစင်အောင် ဖွပ်လျှော်တဲ့နည်းလမ်း | ၂၈၉ |

[ ဗ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဗန္ဓဉ္စ | ၂၂၀ |
| ဗဝှာဗာဓော | ၂၈၃ |
| ဗဟိဒ္ဓ | ၅၂၉ |
| ဗဟိဒ္ဓရုပ်တရား | ၅၃၂ |
| ဗဟုခီရာ | ၂၆၅ |
| ဗဟုလကံ = (အာစိဏ္ဏကံ) | ၂၂ |
| ဗာရာဏသီရေချိုးဆိပ် | ၄၇၃ |
| ဗာလပဏ္ဍိတသုတ္တန် | ၁၂၂ |
| ဗာလလက္ခဏာနိ | ၁၂၂ |
| ဗာဟုဿစ္စ | ၃၃၄ |
| ဗိမ္ဗိသာရမင်းကြီး | ၂၇၀ |
| ဗုဒ္ဓဝစန | ၃၉၉ |
| ဗုဒ္ဓသာသနာတော်က ပေးအပ်တဲ့ စွမ်းအင်ကြီးမားတဲ့ ဉာဏ်ပညာ | ၃၉၀ |
| ဗျာဓိ | ၂၇၈ |
| ဗြဟ္မစရိယ | ၃၆၅ |
| ဗြဟ္မစိုရ်တရား | ၂၅၇, ၁၃၀ |
| ဗြဟ္မပါရိသဇ္ဇာ | ၅၇ |
| ဗြဟ္မပုရောဟိတာ | ၅၇ |
| ဗြဟ္မဝိဟာရတရား | ၁၃၀ |
| ဗြဟ္မာ့ပြည်က ဆီးကြိုနေပါတယ် | ၁၃၁ |
| ဗြာဟ္မဏတိဿ သူပုန်ဘေးဆိုးကြီး | ၁၀၂ |
| ဗြာဟ္မဏပါသဏ္ဍိက | ၁၈၆ |

[ ဘ ]

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဘယဘေဝရသုတ္တန် | ၃၂၉ |
| ဘဝဒိဋ္ဌိ (၁၅)မျိုး | ၁၅၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဘဝိဿတိ ကမ္မံ န ဘဝိဿတိ ကမ္မဝိပါကော | ၁၁၇ |
| ဘဝိဿတိ ကမ္မံ ဘဝိဿတိ ကမ္မဝိပါကော | ၁၁၆ |
| ဘဝင်ကျနေတတ်တယ် | ၅၆၀ |
| ဘဝင်စိတ်ဆိုတာ ဘာလဲ? | ၅၆၁ |
| ဘဝင်မနောအကြည်ဆိုတာ ဘာလဲ? | ၅၆၁ |
| ဘဝင်မနောအကြည်ဓာတ် | ၅၆၃ |
| ဘာကြောင့် သတ္တဝါတွေဟာ ယုတ်ညံ့ကြရသလဲ မြင့်မြတ်ကြရသလဲ | ၂၃၆ |
| ဘာတိကမင်း | ၈၅ |
| ဘာသုရရုပ | ၅၆၂ |
| ဘိက္ခုနီမတွေ | ၄၅၃ |
| ဘိတ္တိယာ | ၂၂၃ |
| ဘုရားရှင်၏ အဖြေ | ၂၃၉, ၂၇၀ |
| ဘုရားရှင်၏ အဖြေ (၄)ရပ် | ၃၁၇ |
| ဘုရားရှင်၏ တရားအနှစ်ချုပ် | ၃ |
| ဘုရားရှင်နှင့် သုဘလုလင် | ၂၃၄ |
| ဘုရားဟော ဒေသနာတော် အစဉ်အတိုင်း | ၅၇၁ |
| ဘူမိစိတ္တတာယ | ၂၁၀ |
| ဘောဇနေ မတ္တညုတာ | ၃၃၃ |
| ဘုံဆိုင်ဥယျာဉ် | ၄၇၇ |
| ဘယ်သူမပြု မိမိမှု | ၃၁၃ |
| ဘွားကနဲ (၁၆)နှစ်အရွယ် | ၄၇၇ |
| [ မ ] | |
| မဂ္ဂပြဟ္မစရိယ | ၃၆၂ |
| မဂ္ဂင်တရားကိုယ် (၅)ပါး | ၅၂၈ |
| မဂ္ဂင် (၈)ပါး | ၃၀၃ |
| မဂဓတိုင်း | ၄၁၈, ၄၅၂ |
| မင်္ဂါရဟာသ | ၃၆၆ |
| မင်္ဂါဝရဏ | ၁၅၃ |
| မဃဒေဝ | ၂၇၇ |
| မစ္ဆရိယ | ၂၀၅, ၃၇၅ |
| မစင်တွင်းထဲမှာ နစ်မြုပ်နေတဲ့ ယောက်ျား | ၄၉၉ |
| မစင်တွင်းမှာ နစ်မြုပ်နေရသူ | ၄၆၆ |
| မစင်ဘင်ကျုံးသမား | ၃၅၉ |
| မဇ္ဈိမစျာန် | ၅၇ |
| မဇ္ဈိမပဏ္ဏာသအဋ္ဌကထာ | ၃၄၅ |
| မဍ္ဍိဋ္ဌာယ | ၂၂၃ |
| မဒ္ဒရာဇ်မင်းမျိုး | ၄၅၇ |
| မနောကံမေတ္တာ | ၄၈၂ |
| မနောဒုစရိုက် | ၁၂၂ |
| မနောဒွါရ | ၂၁၂, ၅၆၁ |
| မနောဒွါရာဝဇ္ဇန်း | ၅၆၄ |
| မနောမယိဒ္ဓိဉာဏ် | ၃၂၉ |
| မရဏာသန္နဇော | ၃၂၄, ၅၆၀ |
| မရေရာသော သက္ကာယဒိဋ္ဌိ | ၁၅၂ |
| မရှိသည်ကို အရှိ ပြုလုပ်တတ်ပုံ | ၁၅၆ |
| မလ္လိကာမိဖုရားကြီး၏ အမေး (၄)ထွေ | ၃၁၆ |
| မလွဲချော်နိုင်သော ကျင့်စဉ် | ၁၆၀ |
| မလွှဲမရှောင်သာ အားထုတ်လို့ ရတဲ့စျာန်ရဲ့ စွမ်းအင် | ၁၃၁ |
| မသေရာအမြိုက်နိဗ္ဗာန် | ၅၀၀ |
| မဟဂ္ဂတ | ၅၈ |
| မဟာကပိမျောက်မင်း | ၄၇၃ |
| မဟာကရုဏာတော်သမာပတ် | ၄၅၂ |
| မဟာကုသိုလ် | ၁ |
| မဟာကောကာလိက | ၄၈၃ |
| မဟာဇာနီယ | ၆၃ |
| မဟာတိတ္ထဆိပ်ကမ်း | ၁၀၂ |
| မဟာပည | ၃၈၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မဟာပဒုမပစ္စေကဗုဒ္ဓအလောင်း | ၅၀၉ |
| မဟာဖြဟ္မာ | ၅၇ |
| မဟာဘိညာပတ္တရဟန္တာထေရီမဘွဲ့ထူး | ၄၄၁ |
| မဟာဘောဂ | ၂၃၈, ၃၄၂ |
| မဟာရာဟုလောဝါဒသုတ္တန် | ၃၄၅, ၃၈၅ |
| မဟာဝိဟာရကျောင်းတိုက်ကြီး | ၁၀၄ |
| မဟာသတိပဋ္ဌာနသုတ္တန် | ၃၈၅, ၅၂၃ |
| မဟာသမုဒ္ဒရာရေ ခန်းခြောက်ချိန် | ၁၂၆ |
| မဟာသုဘဒ္ဒါ | ၄၅၅ |
| မဟာသောဏမထေရ်မြတ်ကြီး၏ဝတ္ထု | ၉၈ |
| မဟာဟတ္ထိပဒေါပမသုတ္တန် | ၃၈၅ |
| မဟေသက္ခော | ၃၁၂ |
| မဟုတ်သည်ကို အဟုတ် ပြုလုပ်တတ်ပုံ | ၁၅၆ |
| မာ အသက္ခိ | ၄၃၆ |
| မာတုကုစ္ဆိမှိ | ၂၄၉ |
| မာတုဃာတကကံ | ၂၀ |
| မာတုထည် | ၂၄၉ |
| မာနစွဲ | ၅၃၄ |
| မာနသံယောဇဉ် | ၂၈ |
| မာနေတဗ္ဗံ | ၃၅၁, ၃၆၆ |
| မိစ္ဆာဒဿန | ၁၅၈ |
| မိစ္ဆာဒိဋ္ဌိကြီး သုံးမျိုး | ၁၅၈ |
| မိစ္ဆာဒိဋ္ဌိသမားရရှိနိုင်တဲ့အပြစ် | ၁၆၂ |
| မိမိတို့ရဲ့ စိတ်ကို မကြာခဏ ဆင်ခြင်ပေးပါ | ၁၈၂ |
| မိဋ္ဌံ | ၄၄၆ |
| မီးများတော့ မီးနိုင်, ရေများတော့ ရေနိုင် | ၄၀၉ |
| မီး - ရေ - လေ | ၁၃၀ |
| မုတမင်္ဂလာ | ၁၅၅ |
| မုဒိတာ | ၁၃၀, ၂၂၄, ၂၅၇ |
| မုဒိတာဘာဝနာ | ၂၉၀ |
| မူဋ္ဌော | ၄၂၈ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| မေဃိယသုတ္တန် | ၄၂၂ |
| မေတ္တာ | ၁၃၀, ၂၂၄, ၂၅၇ |
| မေဓာဠူပ | ၃၇၀ |
| မောဟ | ၄၁၀ |
| မင်္ဂကို တားနိုင်သည် | ၁၅၃ |
| မင်္ဂဆိုက်ပြီ ဖိုလ်ဆိုက်ပြီ | ၅၆၀ |
| မင်္ဂတံခါး ဖိုလ်တံခါး နိဗ္ဗာန်တံခါးကြီး | ၄၃၄ |
| မင်္ဂ ဖိုလ် နိဗ္ဗာန်နှင့် အဝေးကြီး | ၅၆၀ |
| မင်းကုသနှင့် ပဘာဝတီ | ၄၃၈ |
| မာန်မာနတရား | ၃၅၁ |
| မယ်မင်းကြီးမ သုဘဒ္ဒါ | ၄၅၃ |
| မယ်မင်းကြီးမသုဘဒ္ဒါ ရေးဆွဲလိုက်တဲ့ ပန်းချီကားတစ်ချပ် | ၄၅၇ |
| မျိုးစေ့နှင့် အသီး | ၁၁၇ |
| မျက်စိအကြည် | ၅၃၃ |
| မျက်စဉ်းညိုကျောက် | ၂၃၃ |
| မြေလျှိုး မိုးပျံ | ၅၅၉ |
| မြရာမှာ သံပတ်၊ တင်းရာမှာ သပ်ပင်း | ၄၃၉, ၄၄၇ |
| မြင်းမိုရ်တောင်မင်း ပြာဖြစ်ချိန် | ၁၂၇ |
| မွန်မြတ်တဲ့ ရုပ်တရား | ၅၃၄ |


## [ ယ ]


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ယထာဘူတံ | ၅၃၄ |
| ယသောဓရာရဲ့ မောင်အရင်း | ၄၇၅ |
| ယောနိမူလကော | ၁၉၁ |
| ယင်းကံ (၄)မျိုးတို့၏ စွမ်းအား | ၅၅ |
| ယုတ်ညံ့တဲ့ ရုပ်တရား | ၅၃၄ |


## [ ရ ]


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ရဇကော | ၂၂၃ |
| ရသတဏှာရဲ့ စွမ်းအား | ၄၉၃ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ရဿ = အတို | ၆၀၃ |
| ရသာရုံ | ၅၃၃ |
| ရဟန္တာထေရီမကြီး | ၄၇၆ |
| ရာဂ | ၄၅ |
| ရာဂကုန်ရင် အရဟတ္တဖိုလ် | ၆၂၀ |
| ရာဇဂြိုဟ်မြို့ | ၁၀၉, ၄၅၁ |
| ရာထူးဌာနန္တရနှင့် အသက်ရှည်ရမှု | ၂၆၈ |
| ရူပက္ခန္ဓာ၌ စွဲလမ်းပုံ = သက္ကာယဒိဋ္ဌိ ဖြစ်ပုံ (၄)မျိုး | ၁၄၂ |
| ရူပပရိဂ္ဂဟ | ၃၈၅, ၅၇၄, ၆၀၄ |
| ရူပပရိစ္ဆေဒ | ၅၇၄ |
| ရူပရာဂသံယောဇဉ် | ၂၈ |
| ရူပဝန္တံ ဝါ အတ္တာနံ | ၁၄၂ |
| ရူပသဉ္စေတနာ | ၁၄၆ |
| ရူပသညာ | ၁၄၅ |
| ရူပသ္မိံ ဝါ အတ္တာနံ | ၁၄၂ |
| ရူပါရူပပရိဂ္ဂဟ | ၅၇၅, ၆၀၄ |
| ရူပါရူပပရိဂ္ဂဟလုပ်ငန်း | ၅၇၅ |
| ရူပါရုံ | ၅၃၃ |
| ရူပါဝစရကုသိုလ်ကံ | ၅၉ |
| ရူပါဝစရကုသိုလ်စျာန် (၄)မျိုး (စတုက္ကနည်း) | ၅၆ |
| ရူပါဝစရကုသိုလ်စျာန် (၅)မျိုး (ပဉ္စကနည်း) | ၅၅ |
| ရူပါဝစရစျာန်နှင့် လျော်ညီသည့် ရူပါဝစရဘုံ (၁၆)ဘုံ | ၅၇ |
| ရူပါဝစရဗြဟ္မာ့ပြည် | ၁၃၀ |
| ရူပံ အတ္တတော သမနုပဿတိ | ၁၄၂ |
| ရေခဲတုံး မှန်တုံး ဖန်တုံး | ၅၇၂ |
| ရေစင်ရေကောင်း | ၄၅၃ |
| ရေတွက်တဲ့နည်း | ၅၄၄ |
| ရေများတော့ ရေနိုင် | ၄၀၉ |
| ရေးဆွဲလိုက်တဲ့ ပန်းချီကားချပ်များ | ၅၁၁ |
| ရောဂေါ | ၂၄၉ |
| ရုန့်ရင်းကြမ်းတမ်းတဲ့ ရုပ်တရား | ၅၃၄ |
| ရုပ်ကမ္မဋ္ဌာန်းကနေ | ၅၇၀ |
| ရုပ်ကလာပ်အမှုန်များ | ၅၇၃ |
| ရုပ်ကလာပ်ဆိုတာ | ၅၉၀ |
| ရုပ်နာမ်သန္တာန်အစဉ် | ၄၀၃ |
| ရုပ်နာမ်သန္တာန်အစဉ်အတန်း | ၁၂၂ |
| ရုပ်ပရမတ်သဘောတရား (၁၀)မျိုး | ၃၄၅ |
| ရုပ်ပရမတ်သဘောတရား (၈)ခု | ၃၄၅ |
| ရုပ်ပရမတ်သဘောတရား (၉)မျိုး | ၃၄၅ |
| ရုပ်ရည်ချောမောလှပတင့်တယ်ရခြင်း၏ အကြောင်း | ၂၉၇ |
| ရုပ် (၂၈)ပါး | ၅၃၃ |
| ရှေးရှေးအတတ်ပညာနှင့် နောက်နောက်အတတ်ပညာ | ၈ |
| ရှိသည်ကို မရှိ ပြုလုပ်တတ်ပုံ | ၁၅၆ |
| ရှစ်ဥသဘ | ၂၅၃ |
| ရွှေအဆင်းနှင့် တူတဲ့အဆင်း | ၄၈၀ |
| [ လ ] | |
| လဇ္ဇီ | ၂၆၀ |
| လဒ္ဓပတိဋ္ဌော | ၃၂၅ |
| လဒ္ဓဿာသော | ၃၂၅ |
| လသုဏသိက္ခာပုဒ် | ၄၉၂ |
| လာခါယ | ၂၂၃ |
| လိင်္ဂနာနတ္တ | ၂၁၅ |
| လိစ္ဆဝီမင်းသား | ၄၇၇ |
| လုဉ္စာပေတုံ | ၄၄၆ |
| လုဒ္ဒေါ | ၂၄၀ |
| လုဒ္ဓေါ | ၄၁၄, ၄၂၀ |
| လူမလုံ့လ၊ နတ် မ-မဘူး | ၉၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| လူမိုက် | ၁၂၂ |
| လေဍူနာ | ၂၈၂ |
| လေသမင် = ဝါတမိဂ | ၄၉၆ |
| လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း | ၄၄၂ |
| လေးမျိုး လေးလီသော ကံများ (ကမ္မစတုက္က) | ၉ |
| လောက | ၁၃၆ |
| လောကသမညာအတ္တ | ၂၈ |
| လောကီ မဂ္ဂသစ္စာတရား | ၅၂၇ |
| လောကုတ္တရာ မဂ္ဂသစ္စာတရား | ၅၂၇ |
| လောဘ | ၄၀၉ |
| လောဘဒိဋ္ဌိအုပ်စု စိတ်စေတသိက် အလုံး (၂၀) | ၁၉၆ |
| လောလုပ္ပစာရ | ၄၉၁ |
| လောဟကုမ္ဘီငရဲ | ၂၂ |
| လောဟိတပါဏိ | ၂၄၀ |
| လောဟိတုပ္ပါဒကကံ | ၂၀ |
| လိင်အသွင်သဏ္ဌာန် | ၂၁၇ |
| လိင်-သညာ-ဝေါဟာရ စသည်တို့ ကွဲပြားရင်လည်း ကံတွေက ဆန်းကြယ်ကြပြန်တယ် | ၂၁၅ |
| လည်ပင်းမှာ ဆွဲထားတဲ့ သက္ကာယဒိဋ္ဌိတောက်ကြီး | ၁၈၃ |
| လည်ပင်းမှာ မီးကရွတ်ခွေ စွပ်မိတဲ့ကျီး | ၂၂၁ |
| လုပ်ငန်းကိစ္စ၏ အစွမ်းဖြင့် ကံ (၄) မျိုး | ၂၅၀ |
| လှည်းနားစောင့်ကဲ့သို့ ကံက သတ္တဝါတွေကို ဖွဲ့ချည်ထားတယ် | ၂၁၇ |
| လျှာအကြည် | ၅၃၃ |


[ ဝ ]


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| ဝစီကံမေတ္တာ | ၄၈၂ |
| ဝစီဒုစရိုက် | ၁၂၂ |
| ဝစီဘေဒကံ | ၄၅၁ |
| ဝစီဘေဒ မြွက်တိုင်းရှုတယ် | ၄၄၉ |
| ဝဇိရူပမညာဏော | ၄၁၄, ၄၁၆ |
| ဝဏ္ဏဝန္တော | ၂၃၇ |
| ဝတ္တဗ္ဗကနိဂြောဓမထေရ်မြတ်ကြီး၏ ဝတ္ထု | ၁၀၄ |
| ဝတ္ထု (၆)ပါး | ၂၁၂ |
| ဝတ္ထုစိတ္တတာယ | ၂၁၁ |
| ဝတ္ထုသမ္ပတ္တိ | ၁၀ |
| ဝဍ္ဎ | ၂၁၉ |
| ဝပ္ပဋ္ဌာနေ | ၂၆၅ |
| ဝယဓမ္မာနုပဿီ | ၅၇၆, ၅၈၆ |
| ဝရဇိန်လက်နက် မိုးကြိုးစက် | ၄၂၆ |
| ဝရတရံ | ၄၄၆ |
| ဝသီဘော်ငါးတန် | ၅၆၄, ၅၆၆ |
| ဝဋ္ဋနက | ၁၀၄ |
| ဝါတမိဂ | ၄၉၆ |
| ဝါယောဓာတ် | ၅၇၁ |
| ဝါသနာဓာတ်ငွေ့ | ၄၉၁ |
| ဝါသနာဘာဂီ ဆက်တိုင်းမှီ | ၄၈၂ |
| ဝါဋမဏ္ဍောဒကံ | ၂၄၉ |
| ဝိစာရ | ၅၆၁, ၅၆၃ |
| ဝိစိကိစ္ဆာသံယောဇဉ် | ၂၈ |
| ဝိစိကိစ္ဆာဖြစ်ရာ ၈-ဌာန | ၄၆ |
| ဝိဇ္ဇာမျိုးစေ့ကောင်း | ၂၇၉, ၃၂၉ |
| ဝိဇ္ဇာမျိုးစေ့ - စရဏမျိုးစေ့ နှစ်ဖက်ရတရား | ၃၃၆ |
| ဝိဇ္ဇာရှစ်ပါး | ၃၂၉ |
| ဝိဇ္ဇာသုံးပါး | ၃၂၉ |
| ဝိညာဏက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄)မျိုး | ၁၄၉ |
| ဝိညာဏဉ္စာယတနစျာန် | ၅၈ |

**အက္ခရာစဉ်** **စာမျက်နှာ**

ဝိတက် ၅၆၁, ၅၆၃
ဝိနယသတိ ၁၂၇
ဝိပတ္တိစက် (၄)ပါး ၁၁၇, ၂၅၁, ၅၈၂
ဝိပရိဏာမ ၃၉၅, ၅၃၀
ဝိပရိဏာမလက္ခဏာ ၅၉၇
ဝိပဿနာကံတွေကလည်း
ပဋိသန္ဓေအကျိုးကို ပေးနိုင် ၃၃၆
ဝိပဿနာဇောတွေကလည်း
ပဋိသန္ဓေအကျိုးကိုပေးပုံ ၃၉၄
ဝိပဿနာဉာဏ် ၃၂၉
ဝိပဿနာဉာဏ်၏ အရှုခံအာရုံဖြစ်တဲ့
နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ ၅၃၈
ဝိပဿနာဉာဏ်ပေါ်၌
နှစ်သက်မြတ်နိုးမှု ၃၃၇, ၃၉၇
ဝိပဿနာဓာတ်ခွဲခန်း ၃၄၆
ဝိပဿနာပညာ ၃၃၅
ဝိပဿနာပိုင်း ၆၀၀
ဝိပဿနာပိုင်း ကုသိုလ်သင်္ခါရ ၂၀၁
ဝိပဿနာပိုင်း စတုတ္ထအဆင့် ၅၂၄, ၅၂၆, ၆၁၉
ဝိပဿနာပိုင်း တတိယအဆင့် ၅၂၄, ၅၂၆, ၆၀၀
ဝိပဿနာပိုင်း ဒုတိယအဆင့် ၅၂၆, ၅၇၆
ဝိပဿနာပိုင်း ပထမအဆင့် ၅၂၄, ၅၂၆
ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ် ၉၁
ဝိပဿီမြတ်စွာဘုရား ၂၇၉
ဝိပါကန္တရ ၆၉
ဝိပါကဝဋ္ဋ ၁၉၃, ၅၈၄
ဝိပါကသမင်္ဂီတာ ၇၉
ဝိဘဝဒိဋ္ဌိ ၁၅၁, ၁၅၃
ဝိမုတ္တိ ၆၁၇
ဝိမောက္ခတရား ၃၃၀
ဝိရာဂါနုပဿနာ ၆၁၃
ဝိရာဂါနုပဿီ ၆၁၃

**အက္ခရာစဉ်** **စာမျက်နှာ**

ဝိဝဋ္ဋကပ် ၁၃၁
ဝိဝဋ္ဋဋ္ဌာယီကပ် ၁၃၁
ဝိဝဋ္ဋသဘော ၂
ဝိသုဒ္ဓိ (၇)ပါးကျင့်စဉ် ၅၃၉
ဝိသေသဂါမီ ၃၉၃
ဝိဟေဌကဇာတိကော ၂၈၁
ဝီရိယ ၃၃၅
ဝုဋ္ဌာနဝသီ ၅၆၄
ဝေဏုမြစ် ၁၀၂
ဝေဒကအတ္တ ၁၃၈
ဝေဒနာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ
(၄)မျိုး ၁၄၄
ဝေမာနိကပြိတ္တာ ၂၇
ဝေဟပ္ဖိုလ်ဗြဟ္မာဘုံ ၅၇
ဝေးတဲ့ ရုပ်တရား ၅၃၄
ဝေါဟာရနာနတ္တ ၂၁၅
ဝင်စားမှု များပါစေ ၅၅၉
ဝတ်ပန်းပုဆိုး ၄၃၄, ၄၃၅

[ သ ]

သက္ကာတပ္ပံ ၃၅၁, ၃၆၆
သက္ကာယဒိဋ္ဌိတောက်ကြီးဆိုတာက
ဘာလဲ? ၁၃၄
သက္ကာယဒိဋ္ဌိ (၂၀) ၁၃၉
သက္ကာယဒိဋ္ဌိသံယောဇဉ် ၂၈
သကဒါဂါမိမဂ်ကုသိုလ် ၄၀၃
သကဝါဒ ၁၆၆
သဂ္ဂါဝရဏ ၁၅၄
သင်္ခါရက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ
(၄)မျိုး ၁၄၆
သင်္ခါရနှင့် ကမ္မဘဝ = ကံ ၇၆
သင်္ခါရနှင့် ကမ္မဘဝ (= ကံ)တို့ရဲ့အထူး ၅၇၉

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| သင်္ခါရနှင့် ကံ (ကမ္မဘဝ) | ၁၉၇ |
| သင်္ခါရုပေက္ခာဉာဏ် | ၃၉၇, ၄၃၄ |
| သစ္စသံယုတ်ပါဠိတော် ကူဋာဂါရသုတ္တန် | ၅၃၉ |
| သစ္စသံယုတ်ပါဠိတော် သမာဓိသုတ္တန် | ၅၃၅ |
| သစ္စာဒေသနာတော်နည်း | ၅၉၄ |
| သဇ္ဈာယော | ၃၄၉ |
| သညာက္ခန္ဓာ၌ သက္ကာယဒိဋ္ဌိဖြစ်ပုံ (၄)မျိုး | ၁၄၅ |
| သညာနာနတ္တ | ၂၁၅ |
| သတ္တမဇောစေတနာ | ၁၆ |
| သတ္တဝါတို့ရဲ့ အမြဲနေထိုင်ရာ အိုးအိမ် | ၁၃၂ |
| သတ္တဝါတို့ရဲ့ စိတ်ဓာတ် | ၁၃၂ |
| သတ္ထန္တရကပ် | ၁၃၀ |
| သတိ | ၃၃၄ |
| သတိပဋ္ဌာန်ကျင့်စဉ် | ၅၈၈ |
| သတိပြုသင့်တဲ့အချက်များ | ၄၆၁ |
| သတောဝ | ၅၂၃ |
| သဒ္ဒသဉ္စေတနာ | ၁၄၆ |
| သဒ္ဒါရုံ | ၅၃၃ |
| သဒ္ဓမ္မံ အဝိဇာနတံ | ၁၂၂ |
| သဒ္ဓါ | ၃၃၄, ၅၀၆ |
| သန္တိကေ | ၅၃၃ |
| သန္တော ကာယော သက္ကာယော | ၁၃၉, ၁၈၃ |
| သန္နိဋ္ဌာနစေတနာ | ၂၀၅, ၂၅၄, ၄၅၁ |
| သန္နိဋ္ဌာနစေတနာနှင့် ပုဗ္ဗ + အပရ- စေတနာ | ၂၅၉ |
| သပရိဿယဋ္ဌာနံ | ၂၄၉ |
| သဗ္ဗကာယ | ၆၀၃ |
| သဗ္ဗကာယ အယူအဆ | ၅၄၆ |
| သဗ္ဗကာယပဋိသံဝေဒီ | ၅၂၄, ၅၄၁ |
| သဗ္ဗညုသမ္မာသမ္ဗုဒ္ဓ | ၂၃၅ |
| သဗ္ဗဋ္ဌက | ၁၅ |
| သဗ္ဗပါဏဘူတဟိတာနုကမ္ပီ | ၂၆၀, ၂၆၁ |
| သဘောပေါက်နိုင်ရန် ပုံစံများ | ၁၄၄, ၁၄၅, ၁၄၆, ၁၅၀ |
| သဘောပေါက်ရန် ထပ်မံ ရှင်းလင်းချက် | ၁၄၃ |
| သမင်္ဂီတာ = သမင်္ဂီ (၅)ပါး | ၇၈ |
| သမထပိုင်း ကုသိုလ်သင်္ခါရ | ၂၀၀ |
| သမထယာနိကပုဂ္ဂိုလ် | ၃၈၄, ၅၇၄ |
| သမ္ပတ္တိစက် | ၁၁၇, ၅၈၂, ၂၅၀ |
| သမ္ပတ္တိနှင့် ဝိပတ္တိ | ၈၃ |
| သမ္ဗာဓ | ၆၂၁ |
| သမ္ဘောဂရသ | ၄၉၇ |
| သမ္မပ္ပညာယ | ၅၃၄ |
| သမ္မသနဉာဏ် | ၅၃၇, ၅၉၉ |
| သမာဓိကို ထူထောင်ပါ | ၃၈၃, ၅၃၅ |
| သမာပဇ္ဇနဝသီ | ၅၆၄ |
| သမ္မာအာဇီဝ | ၅၂၇ |
| သမ္မာကမ္မန္တ | ၅၂၇ |
| သမ္မာဒိဋ္ဌိ | ၅၂၈ |
| သမ္မာဒိဋ္ဌိအယူဝါဒသမား ရရှိတဲ့အကျိုး | ၁၆၆ |
| သမ္မာဝါစာ | ၅၂၇ |
| သမ္မာဝါယာမ | ၅၂၈ |
| သမ္မာသတိ | ၅၂၈ |
| သမ္မာသမာဓိ | ၅၂၇, ၅၂၈ |
| သမ္မာသမ္ဗောဓိဉာဏ် | ၂၇၅ |
| သမ္မာသင်္ကပ္ပ | ၅၂၈ |
| သမုဒယအရိယသစ္စာ | ၅ |
| သမုဒယ, ဝယ, သမုဒယဝယ | ၅၇၆ |
| သမုဒယသစ္စာ | ၅၂၉ |
| သမုဒယသစ္စာဖြစ်သည့် အနုလောမ- ပဋိစ္စသမုပ္ပါဒ် တရားဒေသနာတော် | ၇၂ |
| သယံဝသီအတ္တ | ၁၃၉ |
| သရီရံ = ခန္ဓာအိမ်သည် | ၄၃၉ |
| သဝန | ၃၅၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သ-သ-ဟိ-ဩ၊ စွ-ဝိ-ပေါ၊ မှတ်လော (၇)ဖြာ | ၃၃၄ |
| သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ | ၁၅၁ |
| သဟဇာတဓမ္မ | ၁၉၃ |
| သဟမ္ပတိဗြဟ္မာကြီး | ၆၀ |
| သာကီဝင်မင်းသား (၆)ဦး | ၃၆၉ |
| သာကီဝင်မင်းသား အရှင်ဥပနန္ဒ၏ လောဘ | ၄၈၈ |
| သာမီအတ္တ | ၁၃၈ |
| သာဝကပါရမီဉာဏ် | ၂၇၅, ၃၂၉ |
| သာဝဇ္ဇဒုက္ခဝိပါကလက္ခဏာ | ၃၇၃ |
| သာသနဗြဟ္မစရိယ | ၃၆၂ |
| သာသနာပဝါဒ | ၁၆၉ |
| သိနေရုပဗ္ဗတရာဇာ | ၁၂၇ |
| သိဝိမင်းကြီး | ၄၃၇ |
| သီ-ဣန်-ဘော-ဇာ၊ သတ်-စတ္တာ၊ မှတ်ပါ စရဏ | ၃၃၂ |
| သီတင်းသုံးဖော်နတ်သားတစ်ဦးဦးနှင့် တွေ့ရလျှင် | ၄၀၂ |
| သီလဗ္ဗတပရာမာသသံယောဇဉ် | ၂၈ |
| သီလဗ္ဗတုပါဒါန် | ၁၃၆ |
| သီလမဂ္ဂင် (၃)ပါး | ၅၂၇ |
| သီလရှိမှသာ တောင်းတဲ့ဆု ပြည့်နိုင်တယ် | ၂၅၈ |
| သီလဝတော | ၂၅၈ |
| သီလသံဝရ | ၃၃၂ |
| သီသပါဝနသုတ္တန် | ၃ |
| သုက္က | ၂၆ |
| သုက္က-သုက္ကဝိပါက | ၂၅ |
| သုက္ခဝိပဿက | ၃၈၄ |
| သုခ | ၅၃၀, ၅၆၁, ၅၆၄ |
| သုခသီလာ | ၂၆၅, ၄၁၄ |
| သုခုမရုပ် | ၅၃၃ |
| သုဂတိဘုံသား သတ္တဝါ | ၅၃၃ |
| သုဂတိသံသရာ | ၄၀၃ |
| သုညကမ္ဘာ | ၃၅၈ |
| သုတမင်္ဂလာ | ၁၅၅ |
| သုဒဿာ | ၅၇ |
| သုဒဿီ | ၅၇ |
| သုဒ္ဓဝိပဿနာယာနိကပုဂ္ဂိုလ် | ၃၈၄, ၅၇၄ |
| သုဒ္ဒေါဓနမင်းကြီး | ၃၇၁ |
| သုနီတ၏ ရဲရင့်သော လျှောက်ထားချက် | ၃၆၁ |
| သုပေသလာ | ၆၂၀ |
| သုပ္ပဗုဒ္ဓထုံး | ၃၅၂ |
| သုဘကိဏှာ | ၅၇ |
| သုဘမာဏဝ | ၂၃၂ |
| သုမနမာလာကာရပန်းသည် | ၁၃ |
| သုမိတ္တာ | ၂၀၈ |
| သုမိတ္တာအမျိုးကောင်းသမီး၏ လောဘ | ၅၀၂ |
| သုမေဓာရှင်ရသေ့ | ၄၉၈ |
| သုမေဓာရှင်ရသေ့နှင့် သုမိတ္တာ အမျိုးသမီး | ၂၀၈ |
| သုရာပါနကံ၏ အကျိုး | ၂၀၆ |
| သုသီလျကုသိုလ်ကံ | ၂၂ |
| သုသီလျသဘော | ၁၆၈ |
| သူသေ | ၂၂၈, ၂၇၇ |
| သူ့ရဲ့ စဉ်းစားခန်း | ၃၃၉ |
| သေက္ခပုဂ္ဂိုလ် | ၃၈၂ |
| သေဝိတဗ္ဗ | ၃၇၂ |
| သေသူနှင့် ရှင်သူ | ၂၇၇ |
| သေသူမမည် | ၂၇၇ |
| သဲအိုး လည်ပင်းဆွဲ၍ ရေထဲအနှစ်ခံရတဲ့ အမျိုးသမီး | ၂၂၁ |
| သောကရဲ့ စွမ်းအား | ၄၁၀ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| သောဏကာယနသုတ္တန် | ၂၃ |
| သောတဒ္ဓါရ | ၂၁၂ |
| သောတပသာဒ | ၅၃၃ |
| သောတဝတ္ထု | ၂၁၂ |
| သောတာနုဂတသုတ္တန် | ၃၃၈, ၃၉၈, ၄၃၄ |
| သောတာပတ္တိမဂ်ကုသိုလ် | ၄၀၃ |
| သောတာပန်ညီထွေး | ၆၄ |
| သောနုတ္တိုရ်မှုဆိုး | ၄၆၂ |
| သံဃဘေဒကကံ | ၂၁ |
| သံဃာသင်းခွဲ | ၄၇၅ |
| သံယမ | ၃၆၅ |
| သံဝဋ္ဋကပ် | ၁၃၁ |
| သံဝဋ္ဋဌာယီကပ် | ၁၃၁ |
| သံသရာခရီးကို ရှည်လျားအောင် လုပ်နေသူ | ၁၂၂ |
| သိမ်မွေ့နူးညံ့တဲ့ ရုပ်တရား | ၅၃၄ |
| သွေးစွန်းသောလက်တွေ | ၂၂၆ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ဟ ] | |
| ဟတပဟတေ | ၂၄၁ |
| ဟဒယဝတ္ထု | ၂၁၂ |
| ဟဒယဝတ္ထု နှလုံးအိမ်အတွင်း | ၅၁၁ |
| ဟဒယဝတ္ထုရုပ် | ၅၆၀ |
| ဟလိဒ္ဒိယာ | ၂၂၃ |
| ဟိမဝန္တာတော | ၂၇၉ |
| ဟိရိ | ၃၃၄ |
| ဟီန | ၅၂၉ |
| ဟီနပဏီတတာယာ | ၂၃၁ |
| ဟေတုအကြောင်း | ၂၃၆ |
| ဟုတ်သည်ကို မဟုတ် ပြုလုပ်တတ်ပုံ | ၁၅၇ |
| [ သင်္ချာ ] | |
| (၁၀)နှစ်တမ်း | ၁၃၀ |
| (၁၂)တောင်တိုက်ခန်း | ၄၃၈ |
| (၃၁)ဘုံ | ၅၃၃, ၅၇၆ |


**မှတ်သားဖွယ်ရာ အက္ခရာစဉ်အညွှန်း ပြီး၏။**

✧✧✧